အရှင်ဇနကာဘိဝံသ

၏

နဝမ ကျမ်းစာ

# ကစ္စည်းဘာသာဋီကာ

## ပထမအုပ်

[ဤကျမ်းကို နိဿယအဓိပ္ပာယ် စုံလင်စွာ တန်ဆာဆင်ထားသဖြင့်
ဆိုင်ရာ စာမေးပွဲများအတွက် တာဝန်ယူပါလိမ့်မည်။]

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ-၂၅၂၇ ကောဇာ-၁၃၄၅ ခရစ်-၁၉၈၃

၁၆၃၉၀

အရှင်ဇနကာဘိဝံသ

၏

နဝမကျမ်းစာ

# ကစ္စည်းဘာသာဋီကာ

## ပထမအုပ်

[ကစ္စည်းကျမ်းကို နိဿယအဓိပ္ပာယ် စုံလင်စွာ တန်ဆာဆင်ထားသဖြင့် ဆိုင်ရာ စာမေးပွဲများအတွက် တာဝန်ယူပါလိမ့်မည်။]


ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ—၂၅၂၇ ကောဇာ--၁၃၄၅ ခြိုဟ်—၁၉၈၃

၁၉၇၃-ခုနှစ်၊ ဩဂုတ်လ

——

အုပ်ရေ ၄၀၀၀

——

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန အတွက် အမှတ် ၉၀, အေ,ဘီ ဝေဇယန္တာလမ်း (၇) ရပ်ကွက်၊ တောင်ဥက္ကလာပ ရန်ကုန်မြို့ စာပေပေါင်းကူး စာပုံနှိပ်တိုက် (၀၂၅၆) တွင် ဦးတင်မောင်က ပုံနှိပ်၍ ဒုတိယ ညွှန်ကြားရေးမှူး-ဦးမြင့်မောင် မှတ်ပုံတင်အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။
ဖုန်း-၅၅၉၁၅။



# ကစ္စည်း ဘာသာဋီကာ

## အခြေခံ နိဒါန်း

ကစ္စေ ဝတ သဒ္ဒမ္မော, သတ္တု သာတ္တသဗျဥ္ဇနော၊
သဗ္ဗိတော ကစ္စာနုဒ္ဒီဟိ, မင်္ဂုလူဘိ နိသေဝိတော။
ဂတာ နော ပါဠ္ဓဝံ တတ္တ, သတ္တသ ယဿ တေဇသာ၊
တက္ကစ္စာနသယံ ဗျာချံ, သဇ္ဇောသံ သောတုနံ ဟိတံ။

သတ္တု-အနု အကြမ်း, ၂ စုပြွမ်းလျက်, နည်းလမ်းသွန်သင်, ရှင်တော်မြတ်ဘုရား၏၊ သာတ္တ သဗျဥ္ဇနော- အနက်အဓိပ္ပာယ်, သွယ်သွယ်ပြည့်စုံ, သဒ္ဒါစုံသဖြင့်, ကုံလုံ မြင့်ကြွယ်, တင့်တယ် သားနား ပေထသော၊ ကစ္စာနဒ္ဒီဟိ-တေဒဂ်ရ, မဟာကစ္စာ နထေရ်, စသည်နောက်လည်း, အရှင် ကစ္စည်းစသော ပုဂ္ဂိုလ်တို့သည်၊ သဗ္ဗိတော- အကျဉ်း အကျယ်, နည်းသွယ်သွယ်ဖြင့်, ခြယ်လှယ်ပြုပြင်, တန်ဆာဆင်အပ်သည်လည်း ဖြစ်ပေထသော၊ မင်္ဂုလူဘိ-ကျော်ထီးတမျှ, လေးစားရသည့်, ငါ့ကျေးဇူးရှင်, ဆရာ ရှင်တို့သည်၊ နိသေဝိတော-နေ့စဉ် အမြဲ, အာရုံစွဲ၍, မှီဝဲပို့ချအပ်သည်လည်း ဖြစ်ပေ ထသော၊ သဒ္ဒမ္မော-သူတော်တိုင်းပင်, လွန်ခင်မင်သည့်, ၃ အင် ပိဋကတ် တရား တော်မြတ်သည်၊ ကစ္စေ ဝတ-ပါဠိ အနက်,စုံ မပျက်ပဲ, ဆက်လက် ခုတိုင်, ထွန်းတောက်နိုင်ပေသည် တကား။

ယဿ သတ္တသ-ခုခါ ခေါ်မှီး, သဒ္ဒါကြီးဟု, ကစ္စည်းထေရ်ရှင်, စီရင်လက်စွမ်း, အကြင် ကစ္စည်းကျမ်း၏၊ တေဇသာ-ရွှေပိုင်းကျခြင်း, သိလွယ်ခြင်းဟု, ကြောင်းရင်း ၂ ပါး,အစွမ်းအားကြောင့်၊ နော - အများထိုထို, ဒို့လို နောက်ပွား, စာသင်သား တို့သည်၊ တတ္တ သဒ္ဒမ္မေ-အက္ခရာပုဒ် ဗျည်း, သဒ္ဒါနည်းဖြင့်, သီးသီးပြည့်စုံ, ထို ပိဋကတ် ၃ ပုံ၌၊ ပါဠ္ဓဝံ-ဘုရားအလိုတော်, ကောင်းစွာ ပေါ်အောင်, မြင်မြော် စိစစ်, ကျွမ်းကျင် သူ့အဖြစ်သို့၊ ဂတာ-ဝီရိယ ဉာဏ်, အခြေခံ အလိုက်, အထိုက်အလျောက်, ပေါက်ရောက်ကြရပေပြီ၊ တက္ကစ္စာနသယံ-ထို ကစ္စည်းကျမ်းလျှင်, မူရင်းတင်၍, အစဉ် မှီကာ, တည်ရာရှိသော၊ သောတုနံ ဟိတံ-ကြည့်ရှုပို့ချ, များလှ စာသင်, သူတော်စင်တို့, ဉာဏ်တွင် ရွှင်မြူး, ကျေးဇူးများလောက်သော၊ ဗျာချံ- အကျယ်တဝင့်, ဖွင့်၍ပြရာ, ဘာသာဋီကာကို၊ သဇ္ဇောသံ-ဆရာ သီးသီး, နည်းစုံမှီး၍, အပြီးတည်တွင်, စီရင်ပေအံ့ သတည်း။

**သတ္တု**။ ။ဘုရားရှင်၏ မဟာကရုဏာတော်သည် သတ္တဝါတို့ အပေါ်၌ လွန်စွာ ပြင်းပြတော်မူ၏၊ သတ္တဝါတို့အတွက် အရှည်ကို မြင်မြော်သော ဉာဏ်တော်ကလည်း ကြီးမားတော်မူ၏၊ ထို မဟာကရုဏာနှင့် ဉာဏ်တော်ကြီးကြောင့် သတ္တဝါများ၏ လက်ရှိ ဆင်းရဲပုံကိုလည်းကောင်း, နောက်နောင်အခါ သံသရာတလျှောက်လုံး ဆင်းရဲ ရဦးမည့် အချက်တွေကိုလည်းကောင်း မြော်မြင်တော်မူကာ ကျွတ်ထိုက်သော သတ္တဝါ တွေကို နေ့မအား ညဥ့်မအား မနားမနေ သွန်သင်ပြသ ဆုံးမတော်မူသည်၊ (သားသွီး

တယောက်ကို လိမ္မာအောင် စောင့်ရှောက်ရာ၌ အချော့နည်းဖြင့်ချည်း စောင့်ရှောက်၍ မဖြစ်နိုင်- ကြိမ်းသင့်ရာဝယ် ကြိမ်းပေးရသကဲ့သို့လည်းကောင်း, သူနာတယောက်ကို ရောဂါကင်းပျောက်အောင် သမားတော်ကြီးက ဆေးကုရာ၌ ချိုချို ဧဧ မွှေးကြိုင်သော အားတိုးဆေးချည်း ပေး၍မဖြစ်, ဆေးခါးကြီးများကိုလည်း ပေးကာ ခွဲတန်ခွဲ ဖြတ်တန် ဖြတ်ကာ ကုသရသကဲ့သို့လည်းကောင်း) ထို့အတူ ဘုရားရှင်လည်း သတ္တဝါများကို မြှောက်ကာ ပင့်ကာ အချိုနည်းဖြင့်သာ ဆုံးမတော်မူသည် မဟုတ်၊ သတ္တဝါများ၏ ခေတ်ခံလိုက်၍ ခြောက်တန်လျှင် ခြောက် ငေါက်တန်လျှင်လည်း ငေါက်၍ ဆုံးမတော်မူရပေသည်၊ [အာဠဝကဘီလူး စသည် ဆုံးမတော်မူရပုံကို သတိပြုပါ၊] ထိုသို့ နည်းအမျိုးမျိုးဖြင့် ဆုံးမတော်မူပြီးနောက် (ရောဂါပျောက်သည့်အခါ သူနာအားလုံး ပင် သမားတော်ကို ကျေးဇူးတင်သကဲ့သို့) ကိလေသာရောဂါပျောက်၍ တရားထူးသို့ ရောက်ကြသည့်အခါ ဝေနေယျအားလုံးပင် ဘုရားရှင်ကို "ဒို့ဆရာမှ ဆရာ" ဟု အရာရာ ကျေနပ်၍ လေးမြတ် ကြည်ညို ရိုသေ အားကိုးကြလေရကား "သတ္ထာ ဒေဝ မနုဿာနံ" ဟူသော ဂုဏ်တော်ကြီးဖြင့် မြဟ္မာ့ပြည်တိုင်အောင် ပြန့်လှိုင် ကျော်စော တော်မူရပေသည်။

**ယခုခေတ်ဖြစ်ပုံ။** ။ယခုအခါကား လောကီကျောင်းများ၌ ရိုက်နှက်ငေါက်ငန်း၍ ဆုံးမနည်းကို လုံးဝအပြစ်တင်၍ ချိုချိုသာသာ ဆုံးမရသောနည်းသစ်ကို ထွင်ကြလေပြီ၊ သာသနာတော်၌လည်း စာသင်သားအများပင် အကြိမ်းဆုံးမ မခံချင်ကြ၊ အုပ်ချုပ် သော ဆရာတော်များကို ဂရုမစိုက်ပဲ သူတို့၏ ဥပဒေကျူးကျော်စော်ကားပြစ်ကိုမှု လစ်လျူ ရှုစေလိုကြဟန် တူ၏၊ များစွာသော အုပ်ချုပ်သူတို့လည်း ငယ်ရွယ်သူတို့၏ ချို့ယွင်းမှုကို တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေး၍ မရနိုင်ကြောင်းကိုလည်း သိရ, ခပ်ထန်ထန်လည်း မဆုံးမပံ့ကြတော့သဖြင့် သူ့ထိုက်နှင့်သူ့ကံ ပေယျာလကန် ကြရလေတော့သည်၊ မိမိသည်ကား ဆရာတော်တို့၏ အဆုံးအမကို လေးစားစွာ လိုက်နာခဲ့ရ၏၊ ထိုအဆုံးအမကြောင့်ပင် ပညာရေးဆိုင်ရာဝယ် ကောင်းစွာ အထ မြောက်၍ ယခု အခြေအနေ တိုင်အောင် သာသနာ့ဝန်ကို ဆောင်နိုင်ပေသည်၊ ထို့ ကြောင့် မည်သည့် စာသင်သား မဆို မိမိ ဆရာသွား၏မေတ္တာ ကရုဏာရင်းကို နားလည်လျှင် အကြိမ်းဆုံးမနည်းကိုလည်း လက်ခံသင့်ကြပေသည်၊ မိမိအပေါ်၌ ကရုဏာနှင့် မေတ္တာနည်းပါးသည်ဟု ထင်လျှင်ကား ထို ဆရာ့အထံမှ ခပ်မြန်မြန် ခွါသင့်ကြပေသည်။

**သာတ္ထံ သဗျဉ္ဇနံ။** ။ကျွတ်ထိုက်သော ဝေနေယျတို့ကို သွန်သင် ပြသကြောင်း တရားတော်အပေါင်းသည် အနက်အဓိပ္ပာယ်လည်း စုံ, သဒ္ဒါအရေးအရာလည်း စုံလှ ပေ၏၊ ရှေ့ဦးအံ့–သတိပဋ္ဌာန် အကြောင်းကို ဟောတော်မူရာ၌ သတိပဋ္ဌာန်နှင့် သက်ဆိုင်သော အနက်အဓိပ္ပာယ် ဟူသမျှ ကြွင်းကျန်နေသည်ဟူ၍ မရှိရ, ဆိုင်ရာ အနက်အဓိပ္ပာယ်တွေ အပြည့်အစုံ ပါဝင်နေကြသည်ကို "သာတ္ထံ" ဟု ဆိုလိုသည်၊ ပြတော်မူလိုရာ အနက်အဓိပ္ပာယ်ကို စကားပရိယာယ်အမျိုးမျိုး လဲလှယ်၍ပြသဖြင့် ကြားနာသူတို့ နားလည်လောက်အောင် စကားလုံး သဒ္ဒါတွေ စုံလင်နေခြင်းကို "သဗျဉ္ဇနံ" ဟု ဆိုလိုသည်။

**နိုင်းယှဉ် အာရုံပြုဖွယ်** ။ ။ ယခုကာလ၌ များစွာသော စာချပုဂ္ဂိုလ် ကျမ်းပြုပုဂ္ဂိုလ်တို့သည် ဆိုင်ရာကျမ်းစာ၏ စာသားအဓိပ္ပာယ်ကို အကုန်အစင် နားမလည်ကြ၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့၏ ပို့ချ ရေးသားအပ်သော ကျမ်းစာ၌ ဆိုင်ရာအဓိပ္ပာယ်များ မစုံမလင် ရှိတတ်၍ သာဋ္ဌ မဖြစ်နိုင်၊ ထို့ပြင်—မိမိသိသမျှ အဓိပ္ပာယ်ကိုပင် နာယူကြည့်ရှုသူတို့ နားလည်အောင် စကားပရိယာယ် လဲလှယ်၍ မပြောပြနိုင် မရေးသားနိုင် ကြသဖြင့် သဗျာဉ္ဇနလည်း မဖြစ်နိုင်၊ ထိုသို့ အချက်ပိုင်ပိုင် နိုင်နိုင်နင်းနင်း စကားပရိယာယ် မသုံးခြင်းကြောင့်ပင် စကားမရှည်တန်ပဲနှင့်လည်း ရှည်မျောနေတတ်၏၊ အချို့သူတို့က ဓာတုဗေဒ အကြောင်းအရာတွေကို မြန်မာလို စုံလင်စွာ ပြန်ဆို၍ မဖြစ်၊ ထို့ကြောင့် မြန်မာစကား၌ စကားပရိယာယ် မပြည့်စုံ-ဟု စွပ်စွဲကြ၏၊ အမှန်မှာ-မြန်မာစကား၏ ပရိယာယ်မပြည့်စုံမှုမဟုတ်, သူတို့၏ မြန်မာစကားလုံးကို နှံ့နှံ့စပ်စပ် ဖြစ်စေ အလားတူ ထွင်၍ဖြစ်စေ မသုံးတတ်မှုသာဖြစ်ပေလိမ့်မည်။ ဤသို့လျှင်ယခုခေတ် ဖြစ်နေပုံကို စဉ်းစားကြည့်လိုက်သောအခါ ဘုရားတရားတော်၏ သာဋ္ဌသဗျာဉ္ဇန ဖြစ်ပုံမှာ လွန်စွာ အားရဖွယ်ရှိကြောင်း ကောင်းကောင်းထင်လာပေမည်။

**သင်္ဂီတော ကစ္စာနေ့ာဒီဟိ**။ ။ဤသဒ္ဒါကြီး ကစ္စည်းကျမ်းကို အရှင်ကစ္စာယနထေရ် စီရင်သောကြောင့် ဌာနအားလျော်စွာ အရှင်မဟာကစ္စည်းထေရ်ကိုထုတ်ဖော် ချီးကြူးရပေသည်၊ ရှေးဦးအံ့—"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ, ယဒိဒံ မဟာကစ္စာနော" ဟု ဧတဒဂ်ရ မဟာကစ္စာနထေရ်သည်ပင် ဤကစ္စာယန (သဒ္ဒါကြီး) ကျမ်းကို စီရင်အပ်သည်-ဟုလည်းကောင်း, သာသနာသကရာဇ် ၆၀၀ (ခြောက်ရာ) ကျော် ၉၀၀ (ကိုးရာ) အတွင်း လောက်မှ ပေါ်ပေါက်သော အရှင် ကစ္စာယနမည်သော ထေရ်တပါး စီရင်အပ်သည်ဟု လည်းကောင်း ဝါဒကွဲပြား၏၊ ထိုတွင်"ကစ္စာနာဝ – ကျမ်းပြုပုဂ္ဂိုလ်မည်သည်၊ပေ၊ဧတဒဂ္ဂေ ထပိတော အာယသ္မာမဟာကစ္စာယနော"ဟူသော နျာသ၌လည်းကောင်း,"ကစ္စာယနဉ္စာ စရိယံ နမိတွာ" ဟူသော ရူပသိဒ္ဓိနှင့်"ဧတဒဂ္ဂေ ထပိတံ မဟာသာဝကာနံ နိရုတ္တိ လက္ခဏာစရိယဘူတံ မဟာကစ္စာယနထေရဉ္စ" ဟု ဖွင့်ပြသော ထိုဋီကာ၌လည်းကောင်း ဧတဒဂ်ရ ရဟန္တာ အရှင်မဟာကစ္စည်း ဟုပင် ဆိုလိုကြသည်။

**သဒ္ဒနီတိအယူ**။ ။သဒ္ဒနီတိပဒမာလာဝယ် ပုရိသပုဒ်ကို ရုပ်စဉ်ရာ၌ "ဘောပုရိသ"ဟု အာလုပ် ဧကဝုစ် တရုပ်သာပြ၍ "အယံ အာယသ္မတာ မဟာကစ္စာယနေန ပဘိန္နပဋိသမ္ဘိဒေန ကတသ္မာ နိရုတ္တိပိဋကတော ဥဒ္ဓရိတော၊ပေ၊ပဒမာလာနယော" ဟု မိန့်ပြီးလျှင်...."ယမကတ္ထေရေန ကတာယ ပန စူဠနိရုတ္တိယံ"ဘောပုရိသ" ဣတိ ရဿဝသေန အာလပနေကဝစနံ ဝတွာ"ဘောပုရိသာ"ဣတိ ဒီဃဝသေန အာလပန ဗဟုဝစနံဝုတ္တံ"ဟုမိန့်၏၊ ထို့နောက် ကစ္စာယနပ္ပကရဏေ ပန"ဘောပုရိသ– ဘောပုရိသာ"ဣတိ ပဒဒွယံ အာလပနေကဝစနဝသေန (အကာရပိတာဒျန္တာနမာသုတ်, အာကာရော ဝါ သုတ်တို့၌) ဝုတ္တံ" ဟုမိန့်ပြန်၏၊ ဤသို့ ရဟန္တာ အရှင်မဟာကစ္စည်း စီရင်အပ်သော "မဟာနိရုတ္တိ" ခေါ် နိရုတ္တိပိဋကကျမ်း, ယမက မဟာထေရ် စီရင်အပ်သော စူဠနိရုတ္တိကျမ်း, ကစ္စည်းကျမ်း-ဟု ကျမ်း၃ မျိုးကို ပြထားသဖြင့် ဤကစ္စာ

ယန (ကစ္စည်း) ကျမ်းကား တေဒဂ်ရ အရှင်မဟာကစ္စည်း စီရင်သည်- ဟု သဒ္ဒနီတိဆရာ မယူဆချေ [မဟာနိရုတ္တိ-စူဠနိရုတ္တိကျမ်းများကား သဒ္ဒနီတိဆရာတို့ လက်ထက်လောက်က မြန်မာနိုင်ငံ၌ ရှိသေးသော်လည်း ရုပ်စဉ် ပဒမာလာလောက်ကိုသာ ပြ၍ သုတ်နှင့် ရုပ်စီရင်ပုံကို မပြသောကြောင့် ကစ္စည်းသဒ္ဒါကြီးကျမ်းက ဖုံးလွှမ်း ကွယ်ပစေခဲ့ဟန်တူသည်။]

ဆက်ဦးအံ့—"ပဘိန္နပဋိသမ္ဘိဒေန" ဟူသော စကားကို ထောက်၍သာ နိရုတ္တိပိဋကကျမ်းကို တေဒဂ်ရ ပဌမ မဟာကစ္စည်းထေရ် စီရင်တော်မူသည်- ဟု ဆိုကြသော်လည်း ထို နိရုတ္တိပိဋကကိုပင် ထိုအရှင်မြတ် စီရင်မည် ဟု မထင်ပေ၊ ဘာကြောင့်နည်း....တေဒဂ်ရ အရှင်မဟာကစ္စည်းထေရ်မြတ်သည် နေ့တွင်ကို မိမိတပည့်တို့အား ဇမ္ဗူတောအုပ်၌ ဟောပြတော်မူပြီးနောက် ထို ဟောအပ်သည့်အတိုင်း မြတ်စွာဘုရားအား ထပ်၍ လျှောက်လေရာ, မြတ်စွာဘုရားက "သာဓု သာဓု ကစ္စာန, သာဓု ခေါ တံ ကစ္စာန ဗ္ဗာမံ မွေသံဝဏ္ဏာနံ အဘာသိ" ဟု ချီးမွမ်းတော်မူသည်၊ နိရုတ္တိပိဋကကိုလည်း ထို အရှင်မြတ် ဟောရိုးမှန်လျှင် ဘုရားရှင်ထံလျှောက်၍ ဘုရားရှင် ချီးမွမ်းတော်မူခြင်းကို ခံရလေရာ၏၊ ထို့ပြင်—အရှင်မဟာကစ္စည်းကို အကျယ်ဝေဖန်နိုင်သည့် အရာဝယ် တေဒဂ် ထားတော်မူရကား နိရုတ္တိပိဋကကို ဟောရိုးမှန်လျှင် နောက်ထပ် မဖြည့်စွက်သာအောင် ပြည့်စုံစွာ ဟောထားခဲ့ရာ၏၊ ထို့ပြင်-ဘုရားလက်ထက်တော်၌ ယခုကာလလောက် သဒ္ဒါကို စိစစ်ဖွယ်မလို၊ ပြောရိုးဆိုစဉ်ဖြင့်ပင် ထင်ရှားပြီးဖြစ်ရာ၏၊ မည်သည့်ကျမ်းစာ မဆို ထိုအချိန် ထိုအခါဝယ် အသုံးဝင်မှသာလည်း ပေါ်လာမြဲဖြစ်၏၊ ထို့ကြောင့် ဤသဒ္ဒါကြီးထက် ရှေးကျသော နိရုတ္တိပိဋကကိုပင်တေဒဂ်ရ မဟာကစ္စည်းထေရ် စီရင်သည်-ဟု ယူဆဘို့ ခဲယဉ်းလေသည်။

မဇ္ဈုရူဘိ နိသေဝိတော။ ။ဤစကားဖြင့် မိမိ၏ ကျေးဇူးတော်ရှင် ဆရာတော်အားလုံးပင် သဒ္ဒမ္မကို အမြဲအစွဲ ပို့ချတော်မူကြသော စာချဆရာတော်များချည်းဖြစ်ကြောင်း ပြ၏၊ ချဲ့ဦးအံ့—ပိဋကတ်တော်ကို စာချဆရာတော် အဆက်ဆက်တို့ အပင်ပန်းခံ၍ဆောင်ရွက်ခြင်းကြောင့်သာ ယခုလက်ရှိသာသနာတော်ကို ငါတို့တွေ့မြင်ကြရပေသည်၊ အရှင်မဟာကဿပ အရှင်ဥပါလိစသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပိဋကတ်တော်ကို ပို့ချတော်မမူခဲ့ကြလျှင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာဝက တဆက်လောက်သာ သာသနာတော် တည်တံ့၍ အမြန်ဆုံးကွယ်ပခဲ့ရာ၏၊ ထိုသို့ မကွယ်နိုင်စေခြင်းငှာ ပဌမသံဂါယနာ တင်စဉ်ကပင် ရဟန္တာအရှင်မြတ်တို့သည် ဒီဃနိကာယ်ကို အရှင်အာနန္ဒာ အားလည်းကောင်း, မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတြာ၏ တပည့်တို့အားလည်းကောင်း, သံယုတ္တနိကာယ်ကို အရှင်မဟာကဿပ အားလည်းကောင်း, အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါအားလည်းကောင်း မိမိတို့ တပည့်များကို ပို့ချဖို့ရန် အသီးသီး တာဝန်လွှဲခဲ့ ကြပေသည်၊ ဝိနည်းကိုကား ဘုရားလက်ထက်တော်မှစ၍ အရှင် ဥပါလိသည်ပင် တာဝန်ယူခဲ့ပေသည်။

ဆက်ပါဦးအံ့—နောက်နောင်အခါ သာသနာ့ဝန်ဆောင်လုပ်ရမည့် ယခုလက်ရှိ သာသနာ့ အညွန့်အညှောက် ကလေးများသည် စာချဆရာတော်တို့ အထံ၌ မှီခိုကြ

မှသာ ကြီးပွား တိုးတက်နိုင်ကြပေမည်၊ "စာချဆရာတော်" ဟူရာ၌လည်း ဖုန်းကံကြီးမား၍ ထိုထို၌ အသွားအလာများနေသော စာချဆရာတော် ဖြစ်နေပြန်လျှင်, သို့မဟုတ် ကျောင်းတိုက်၌ ပရိသတ်ရှုပ် အလုပ်အပျက်များနေပြန်လျှင် ထိုဆရာတော်၏ ဖုန်းဒဏ်ကို တပည့်များခံရတတ်သောကြောင့်ထိုကဲ့သို့ ဒဏ်မသင့်နိုင်မည့် ဆရာတော်ကို မူလ အရပ်ဆရာများက ရွေးချယ်ပို့အပ်ဖို့ အရေးကိုလည်း မတွေးပဲ မနေထိုက်ချေ၊ မိမိဆရာတော်များကား မိမိကို ထိုဖုန်းဒဏ် မသင့်စေပဲ ပရိယတ် ပို့ချရေးကိုသာ အလေးဂရု ပြုတော်မူကြသော သာသနာ့ တာဝန်ဆောင်များချည်း ဖြစ်ပေရကား မိမိ၏ ဆရာတော်များကို ရဟန်း ရှင် လူ ခပ်သိမ်းသူကပင် ရိုသေ ခံ့ငြားကြရပေသည်။

**ကစ္စတေ ဝတ သဒ္ဒမ္ဘော။** ။ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်မှာ ဤ နိဒါန်း ရေးချိန်၌ ၂၄၉၀ (နှစ်ထောင့်လေးရာ့ကိုးဆယ်) ရှိခဲ့ပြီ၊ ဓမ္မစကြာတရားတော် စသော သဒ္ဒမ္မများသည် ပါဠိအားဖြင့်လည်းကောင်း, အနက်အဓိပ္ပာယ် အားဖြင့်လည်း ကောင်း ချို့ယွင်း ပျက်စီးခြင်း မရှိသေးချေ၊ အရာဝတ္ထုတမျိုး၏ ကြာရှည်ခံခြင်းသည် ထို အရာဝတ္ထု၏ အနှစ်သာရရှိကြောင်း သက်သေခံတရပ် ဖြစ်၏၊ ဘုရားရှင်၏ သဒ္ဒမ္မတော်များသည် များလည်း အလွန်များ၏၊ အခြားသော ဘုရားအမည်ခံ ပုဂ္ဂိုလ်များ၏ ဓမ္မကား ဤမျှလောက် မများချေ၊ ထို များလှစွာသော သဒ္ဒမ္မတိုင်းကိုပင် အဋ္ဌကထာ ဋီကာ အမျိုးမျိုးတို့ဖြင့် ခေတ်အလိုက် ပေါ်ပေါက်ကြသော ပညာရှိတို့ တန်ဆာဆင်ထားပြန်၏၊ ထို ပညာရှိ အများ၏ လက်ခံလေးစားခြင်း မပျောက်ကွယ်နိုင်ခြင်းသည် သဒ္ဒမ္မ၏အဖိုးတန်ကြောင်း သတ္တဝါတို့အား အကျိုးများကြောင်း သက်သေခံတရပ် ဖြစ်ပြန်၏၊ ထိုသို့ အဖိုးတန်၍ အကျိုးများသောကြောင့်ပင် ရဟန္တာအဆက်ဆက် မင်းအဆက်ဆက်နှင့် စာချဆရာတော် အဆက်ဆက်တို့ အသက်နှင့်လဲ၍ စွဲစွဲမြဲမြဲ ဆောင်တော်မူခဲ့ကြလေရာ ယနေ့တိုင်အောင်ပင် ထွန်းလင်း တောက်ပလျက် ရှိပါပေသည်။

**ဂတာ၊ ပေ၊ တေဇသာ။** ။သက္ကတဗျာကရဏ်းကျမ်းတို့သည် ဘုရားပွင့်တော်မမူမီ အလွန်ရှေးကျသော ကာလ၌ပင် "အဋ္ဌက ဝါမက" စသော ရသေ့တို့ စီရင်ထားသဖြင့်လည်းကောင်း, နောက်နောက်အခါ ပါဏိနီဆရာကြီးစသော ရသေ့တို့ စီရင်ထားသဖြင့်လည်းကောင်း အများအပြားပင် ထင်ရှားရှိခဲ့ကြသော်လည်း မာဂဓ ဘာသာဖြင့် စီရင်အပ်သော ဗျာကရဏ်းကျမ်းမျိုးကား သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ ခေတ်ကျမှ ဖြစ်ရသောကြောင့် သက္ကတသဒ္ဒါကျမ်းတို့ထက် များစွာ နောက်ကျပေသည်၊ ထို မာဂဓသဒ္ဒါကျမ်းတို့တွင်ကား ဤ ကစ္စည်းကျမ်းသည် ရှေ့ပိုင်းအတော်ကျ၏-ဟု ဆိုရပေမည်၊ ထို့ထက် ရှေးကျသော မဟာနိရုတ္တိ-စူဠနိရုတ္တိ စသည် တို့ ရှိသော်လည်း ထိုအချိန် အခါမှာ ကစ္စည်းကျမ်းလောက် စုံလင်ဟန် မတူသောကြောင့် ကွယ်ပခဲ့ကြလေပြီ။ [ဤကစ္စည်းကျမ်း၏ ပေါ်ပေါက်ရာကာလကို သကမန္တာတာဒီနည္ဆသုတ်၌ ခန့်မှန်းထားသည်၊] ထိုသို့ ကစ္စည်းကျမ်းသည် ရှေးခေတ်အားလျော်စွာ အတော်စုံလင်သည့်ပြင် ဝုတ္တိ ဥဒါဟရုဏ်တို့ဖြင့် နောက်ဆရာတို့ တန်ဆာဆင်ထားခြင်း, န္യာသ စသည်တို့က ထပ်၍ဖွင့်ပြခြင်းတို့ကြောင့် သိလွယ်ရကား အများသုံးဖြစ်ကာ သီဟိုဠ်ကျွန်းမှာ ထင်ရှားခဲ့ပေသည်၊ ငါတို့မြန်မာနိုင်ငံသို့လည်း ဝုတ္တိ ဥဒါဟရုဏ် န္യာသစသည်တို့ဖြင့် စုံစုံလင်လင် တန်ဆာဆင်၍ ဝင်ရောက်လာသောအခါ မြန်မာဆရာ

တော်တို့လည်း ကြိုဆို လက်ခံခဲ့ကြရကား ယခုခေတ်တိုင်အောင် နှောင်လာနောက်သားတို့လည်း ဤကစ္စည်းကျမ်း၏ စွမ်းပကားကြောင့်ပင် ဘုရားတရားတော်ကို သိမြင်ကြရပေသည်။

**တက္ကစ္စာနာသယံ ဗျာချံ**။ ။ယခုအခါ၌ ငါတို့၏ကျေးဇူးရှင်တပါး အပါအဝင်ဖြစ်သော အဘယာရာမဆရာတော်၏ ဉာဏ် ဝီရိယတော်အစွမ်းကြောင့် မောဂ္ဂလ္လာန်မည်သော သဒ္ဒါကျမ်းကား မြန်မာနိုင်ငံ၌ ပညာရှိကြီးတို့၏လက်ဝယ် တင့်တယ်စပြုလာလေပြီ၊ ထို မောဂ္ဂလ္လာန် သဒ္ဒါကျမ်းသည် ကစ္စည်းကျမ်းထက် များစွာစုံလင်သည်ကား မှန်၏၊ သို့ရာတွင် မိမိ၏ အာသီသမှာ လက်ရှိပုဂ္ဂိုလ်အများ လေးစား သင်ယူကြရာ၌ လွယ်လွယ်ကူကူ အချိန်မကြာစေပဲ ပေါက်ရောက်စေလိုခြင်းသာ ဖြစ်၏၊ ထို့ကြောင့် အများသုံးဖြစ်နေသော ကစ္စည်းကျမ်းကိုပင် မိမိမှည့်နေကျ "**ကစ္စည်းဘာသာဋီကာ**" ဟူသော အမည်ဖြင့် ဖွင့်ပြရပေတော့မည်။

**သဒ္ဒေသံ**။ ။ထိုသို့ဖွင့်ပြရာ၌ " ကလာပ " ဟု နာမည်တွင်သော ကာတန္တဗျာကရုဏ်း-မုဒ္ဓဗောဓဗျာကရုဏ်း- 'သာရသ္သတဗျာကရုဏ်းများနှင့် သဒ္ဒနီတိ ဉာသစသော အဖွင့်ဋီကာများအပြင် မောဂ္ဂလ္လာန် စာကိုယ် ပဉ္စိကာနိဿယသစ် ကိုလည်းကောင်း,သပြေကန် နိဿယသစ်ကိုလည်းကောင်း အမှီပြုကာ ထိုကျမ်းတို့မှ အဓိပ္ပာယ်ကို ကစ္စည်းကျမ်းတွင်းသို့ သက်ဆိုင်ရာ ထည့်သွင်း၍ ခေတ်အလိုက် ရှင်းလင်းစွာ စီရင်ပါမည်။ [သက္ကတဋီကာများကို မိမိကိုယ်တိုင် စုံလင်စွာမကြည့်အား၍လည်းကောင်း, မောဂ္ဂလ္လာန်နိဿယ သပြေကန် နိဿယတို့၌ စုံလင်စွာ ပါရှိပြီးဖြစ်၍လည်းကောင်း ပါဏိနီ-မဟာဘာဿ-တတ္တဗောဓိနီစသော တချို့သာဓကတို့မှာ ထိုနိဿယများမှ သာဓကများသာ ဖြစ်ပါသည်။]

**စီစဉ်ပုံ**။ ။ဤကစ္စည်းဘာသာဋီကာကို စီစဉ်ချိန်၌ ရူပသိဒ္ဓိဘာသာဋီကာ ပြီးစီးနေပြီ၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ တိုက်ရိုက်ရှိသော အဓိပ္ပာယ်များကို ဤ ကစ္စည်းဘာသာဋီကာ၌ ပြမည်မဟုတ်၊ သုတ်နက် သုတ်အဓိပ္ပာယ်နှင့် ရုပ်တွက်ပုံကိုလည်း အခြေပြုသဒ္ဒါ၌ ပြပြီးဖြစ်၍ ဤ၌ ထူးရာလောက်ကိုသာ ပြထားတော့၏၊ ရှင်းပြဦးအံ့-မိမိသည် အဆင့်အတန်း မခွဲခြားပဲ စာသင်နည်းကို ကြာမြင့်သော ကာလကပင် ရှုံ့ချခဲ့၏၊ ထို့ကြောင့် မိမိကျမ်းစာများကို အခြေပြုသူတို့အတွက် တမျိုး, အခြေရပြီးသူတို့အတွက် တမျိုး ဟု ခွဲခြား စီစဉ်ထားပါသည်၊ ထိုသို့ စီစဉ်ထားသဖြင့် အကျိုးများကြောင်းကို ကြည့်ရှုသူတိုင်း စဉ်းစားမိပါလိမ့်မည်၊ ဤသို့ မိမိဆိုင်ရာ လေးနက်သော အဓိပ္ပာယ်ကိုသာ အပြည့်သိပ်လျက် ကျိတ်လိတ် ကျစ်လျစ်စွာ အထူးသတိပြု၍ စီစဉ်ပါသော်လည်း မိမိဉာဏ်၏ မန္ဒစပ်မှု သတိချွတ်ယွင်းမှုများကြောင့် မပြည့်မတင်း အမှားအယွင်း တွေ့ပါလျှင် ပြင်ဆင် ဖြည့်စွက်ကာ ကြည့်ရှုကြပါစေသတည်း။

ယဒိ ဉတ္တံ အယုတ္တေတ္တ, ပမာဒေန ဘမေန ဝါ၊
ဝစော မယာ ဒယာဝန္တော,သန္တော သံသောဓယန္တု တံ။

၁၃၀၈-ခု
သီတင်းကျွတ်လ

အရှင်ဇနကာဘိဝံသ

# ကစ္စည်းဘာသာဋီကာ

## ဂန္ထာရမ္ဘ အဖွင့်

**ပဏာမနှင့် ပဋိညာဉ်** (အဟံ- ငါသည်၊) သေဋ္ဌံ- အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူပေထသော၊ တိလောကမဟိတံ- ၃-ပါးသော လောကသည် ပူဇော်အပ်တော်မူပေထသော၊ အဂ္ဂံ-အမျိုးဇာတ်အားဖြင့်မြတ်တော်မူပေထသော၊ ဗုဒ္ဓဉ္စ- မြတ်စွာဘုရားကိုလည်းကောင်း၊ အမလံ- ကိလေသာ အညစ်အကြေး ရှိတော်မမူသော၊ ဓမ္မဉ္စ- တရားတော်ကိုလည်းကောင်း၊ ဥတ္တမံ- မြတ်သော၊ ဂဏဉ္စ- အရိယာသံဃာတော်အပေါင်းကိုလည်းကောင်း၊ အဘိဝန္ဒိယ- အထူးအားဖြင့် ရှိခိုးပြီး၍၊ သတ္ထုဿ- နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော၊တဿ(ဗုဒ္ဓဿ)-ထိုမြတ်စွာဘုရား၏၊ ဝစနတ္ထဝရံ-ပါဠိတော်၏ အနက်မြတ်ကို၊ သုဗုဒ္ဓုံ- လွယ်ကူစွာ သိဖို့အကျိုးငှာ၊ သုတ္တဟိတံ-ပိဋကတ ၃-ပုံ၏ အစီးအပွားဖြစ်သော၊ သုသန္ဓိကပ္ပံ- ကောင်းသော သန္ဓိကျမ်းကို၊ ဝက္ခာမိ-ဆိုပေအံ့။

---

**အနုသန္ဓေ**။ ။ကျမ်း၏ အစ၌ ပဏာမ စသော ပုဗ္ဗကိစ္စကို ပြုတော်မူလိုသော အရှင် ကစ္စည်းဆရာသည် "သေဋ္ဌံ တိလောကမဟိတံ"စသော ဂါထာ ၂ ရပ်ကို မိန့်တော်မူ၏၊ (ဤကား အနုသန္ဓေခေါ် စကားဆက်သွယ်၍ ပြခြင်းတည်း၊) [ဤ ၂ ဂါထာကို အရှင်ကစ္စည်းဆရာ၏ ဂါထာမဟုတ်, ဝုတ္တိဆရာ၏ ဂါထာ ဟုလည်း ယူကြသေး၏၊ သို့သော် အရှင် ကစ္စည်းဆရာ၏ ဂါထာအဖြစ်ဖြင့် ချာသ ဖွင့်သော ကြောင့် ထိုအတိုင်းပင် ဤ၌ ဖွင့်ရတော့မည်။]

**မဏာမ မင်္ဂလာ**။ ။ထို ဂါထာတို့၌ "သေဋ္ဌံ၊ပေ၊ ဂဏမုတ္တမဉ္စ" ပါဌ်ဖြင့် ပဏာမ မင်္ဂလာကို ပြ၏၊ ထိုတွင် "သေဋ္ဌံ, တိလောကမဟိတံ, အဂ္ဂံ"တို့သည် ဗုဒ္ဓ ၏ ဝိသေသနပုဒ်များတည်း၊ "အမလံ"သည် ဓမ္မ၏ ဝိသေသန၊ "ဥတ္တမံ"ကား ဂဏ၏ ဝိသေသနတည်း၊ထိုဝိသေသနဟူသည် ထူးအောင်ပြုတတ်သော ဂုဏ်ပုဒ်ပင်ဖြစ်ရကား "သေဋ္ဌ, တိလောကမဟိတ, အဂ္ဂ, ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဘုရားရှင် ကိုလည်းကောင်း, အမလဂုဏ်တော်နှင့် ပြည့်စုံတော်မူသော တရားတော်ကိုလည်း ကောင်း, ဥတ္တမဂုဏ်တော်နှင့် ပြည့်စုံတော်မူသော အရိယာဂိုဏ်း သံဃာတော်ကို လည်းကောင်း ရှိခိုးပါ၏" ဟု ဆိုလိုသည်။

**သေဋ္ဌ-** သေဋ္ဌပုဒ်သည် ပသတ္ထ သဒ္ဒါနောင် ဣဋ္ဌ ပစ္စည်း သက်၍ပြီးသော ပုဒ်တည်း၊ ထို့ကြောင့် ''သေဋ္ဌ- အထူးသဖြင့် ချီးမွမ်းအပ်'' ဟု သဒ္ဒါနက် ပေးရ၏၊ အထူး ချီးမွမ်းလောက်အောင် မြင့်မြတ်သောပုဂ္ဂိုလ် ဖြစ်ရကား ''သေဋ္ဌ- မြတ်သော'' ဟု သင်္ကေတ အနက် (အများပြောရိုးဖြစ်သော ဝေါဟာရ အနက်) လည်း ပေးနိုင်သည်၊ ဘာ့ကြောင့် အထူး ချီးမွမ်းအပ် မြတ်သနည်း...'' ဟု မေးလျှင် ''သီလသမာဓိ ပညာ ဂုဏ်တော်အားဖြင့် သတ္တဝါ အများထက် သာလွန်သောကြောင့် အထူး ချီးမွမ်းအပ် မြတ်သည်'' ဟု ဖြေ။

**တိလောကမဟိတံ-** လောကဟူသည် သတ္တလောက (သတ္တဝါအပေါင်း) တည်း၊ ငါတို့ ဘုရားရှင်သည် လူ့လောက, နတ်လောက, ဗြဟ္မာ့လောက အားဖြင့် ၃ ပါးသော လောက၏ ပူဇော်ခြင်းကို ခံတော်မူရ၏၊ ''ဘာ့ကြောင့် ပူဇော် ခံတော်မူရသနည်း'' ဟု မေးလျှင် ''ရှေးကောင်းမှု ပါရမီတော်၏ ကြီးကျယ်ခြင်း (ရှေးဘုန်း ရှေးကံ ကြီးမားခြင်း) ကြောင့် အပူဇော်ခံရသည်'' ဟု ဖြေ။

**အဂ္ဂံ-** သေဋ္ဌနှင့် အဂ္ဂသဒ္ဒါသည် ''အမြတ်'' ဟောချင်းတူသော်လည်း ဤဂါထာ၌ အမျိုးအားဖြင့် မြတ်သည်ကို ''အဂ္ဂ'' ဟု ဆိုလို၏၊ ထင်ရှားစေအံ့- တချို့ပုဂ္ဂိုလ်များသည် သီလ သမာဓိ ပညာရှိကြ၍ ရှေးဘုန်း ရှေးကံလည်း ကြီးမားရကား ချီးမွမ်းလည်းခံရ, ပူဇော်လည်းခံရတတ်၏၊ သို့သော် အမျိုးအားဖြင့်မူ အောက်တန်းကျ နေတတ်သေး၏၊ ငါတို့ ဘုရားရှင်ကား လူ့လောကဝယ် အမြတ်ဆုံးဖြစ်သော ခတ္တိယဇာတ်၌လည်းကောင်း, ထို ခတ္တိယဇာတ်တွင်လည်း အမြင့်ဆုံး သာကီယမျိုး၌လည်းကောင်း ဖြစ်တော်မူရကား အမျိုးအားဖြင့်လည်း မြင့်မြတ်တော် မူပေသည်။

**ဆောင်** ဗုဒ္ဓပဏာမ, ဝစနဝယ်, သေဋ္ဌပုဒ်ဖြင့်, ဂုဏ်ကြီးမြင့်ကြောင်း၊ ထပ်လောင်း တိလောက- မဟိတဖြင့်, ပုညရှေးကံ, ကြီးမားဟန်တည်း၊ အဂ္ဂံဖြင့်ကား, မျိုးဇာတ်အားဖြင့်, မြင့်မားဘိဟူ, ပြတော်မူသည်, သုံးဆူဝိသေသ အထူးတည်း။

**ဓမ္မမမလံ-** ''ဓမ္မ'' ဟူသည် ပရိယတ်တရား, မဂ် ၄ ပါး, ဖိုလ် ၄ ပါး, နိဗ္ဗာန် အားဖြင့် ၁၀ ပါးသော တရားတော်တည်း၊ ထို တရားတော်အားလုံးပင် ကိလေသာ မြူ အညစ်တို့ကို ဆေးကြောဖို့ရာ ရေစင် ရေကောင်းသဖွယ် ဖြစ်ရကား ရေစင် ရေကောင်းဝယ် အနယ်မြူမှုန် မပါသကဲ့သို့ တရားတော်၌လည်း ကိလေသာ မြူအညစ် အကြေး မပါသဖြင့် အမလဂုဏ်နှင့် ပြည့်စုံပါပေသည်။

**ဂဏမုတ္တမဉ္စ-** အရိယာ သံဃာဂိုဏ်းကြီးသည် သီလ စသော ဂုဏ်အားဖြင့်လည်းကောင်း, ကိလေသာတို့မှ စင်ကြယ်ခြင်း ဂုဏ်အားဖြင့်လည်းကောင်း လောက၌ ရှိသမျှသောဂိုဏ်း (အသင်းအဖွဲ့) များထက် သာလွန်မြင့်မြတ်ရကား ''ဥတ္တမ'' ဂုဏ်နှင့် ပြည့်စုံပါပေသည်၊ ဤနည်း၌ ဥတ္တမသဒ္ဒါသည် အမြတ် အနက်ကို ဟောသော အနိပ္ဖန္န ပါဋိပဒိကပုဒ်တည်း၊ [ဓာတ်ပစ္စည်းခွဲ၍ ပြီးစေဖို့မလို- နဂိုရ်အတိုင်း

အထည်ကိုယ်ပြီးပြီးသားဖြစ်သော နာမ်ပုဒ်တမျိုးကို ''အနိပ္ဖန္န= ခေတ်ပစ္စည်းတို့ဖြင့် ပြီးစေအပ်သည်မဟုတ်သော+ပါဋိပဒိက=နာမ်ပုဒ်တမျိုး''ဟု ခေါ်သည်။]

**တနည်း**- ဥတ္တမံ၌ ''ဥ+တမ'' ဟု ခွဲ၍ ဥသဒ္ဒါသည် ဥဒ္ဓတအနက်ကို ဟော၏၊ မနောဂိုဏ်းဝင် ပုလ္လိင် တမ သဒ္ဒါကား အဝိဇ္ဇာ တည်းဟူသော အမှောင် အနက်ကို ဟော၏၊ [ဥဒ္ဓတံ+တမော+ယေနာတိ-ဥတ္တမော၊ ယေန- အကြင် အရိယာသံဃာ အပေါင်းသည်၊ ဥဒ္ဓတံ- ပယ်နုတ် အပ်ပြီးသော၊တမော- အဝိဇ္ဇာမှောင်သည်၊ အတ္ထိ- ရှိ၏။] ဤနည်း၌ ''ဥတ္တမံ- ပယ်နုတ်အပ်ပြီးသော အဝိဇ္ဇာမှောင် ရှိတော်မူသော (အဝိဇ္ဇာမှောင်ကို ပယ်နုတ်တော်မူပြီးသော)'' ဟု ပေး။

**အဘိဝန္ဒိယ**။ ။အဘိဝန္ဒိယကို ဝက္ခာမိ ၌စပ်၊ ''အထူးအားဖြင့် ရှိခိုးပြီး၍+ဆိုပေအံ့'' ဟူလို၊ ဤ၌ အဘိ၏ အနက်အဓိပ္ပာယ်ကိုလည်းကောင်း, ပဏာမ မင်္ဂလာ၏ အကျိုးစသည်ကိုလည်းကောင်း သဒ္ဒိဟ်ဘာသာဋီကာ အဘိဝါဒိယပုဒ် အဖွင့်မှာ ရှု။

**သတ္ထုဿ၊ ပေ၊ သုသန္နိကပ္ပံ**—ရတနတ္တယ ပဏာမကို ပြုပြီး၍ ကျမ်း၏အမည် စသည်ကို ပြတော်မူလိုရကား ''သတ္ထုဿ၊ပေ၊ သုသန္နိကပ္ပံ'' ဟူသော ၂ ပါဒကို မိန့်၊ ''ထို ဘုရားစကားတော်၏ အနက်မြတ်ကို လွယ်ကူစွာ သိကြဖို့ အကျိုးငှါ ပိဋက ၃ ပုံ၏ စီးပွားဖြစ်သော ကောင်းသော သန္နိကျမ်းကို ဆိုပေအံ့'' ဟူလို။ ဤပါဌ်၌ ''သတ္ထုဿ'' သည် တဿ၏ ဝိသေသနတည်း၊ တဿ၌ ''တ'' သဒ္ဒါကား ဆိုခဲ့ပြီးသော ''သေဋ္ဌံ တိလောကမဟိတံ အဂ္ဂံ ဗုဒ္ဓံ'' ကို ပြန်၍ ညွှန်ပြ၏၊ ''သေဋ္ဌစသော ဂုဏ်နှင့် ပြည့်စုံတော်မူသော ထို ဘုရားရှင်'' ဟူလို။

**ဝစနတ္ထဝရံ သုဗုဒ္ဓုံ**—''ဝစန'' ဟူသည် ဘုရားစကားတော်တည်း၊ ထို ဘုရားစကားတော်ကိုပင် ''ပါဠိတော်'' ဟု လည်းကောင်း, ''ပိဋက'' ဟု လည်းကောင်း ခေါ်သည်၊''အတ္ထဝရ''ဟူသည် ဘုရားစကားတော်ဖြင့်ပြအပ်သောမြတ်သောအနက် အဓိပ္ပာယ်တည်း၊ ဥပမာ- ''အသေဝနာစ ဗာလာနံ'' သည် ဝစန၊ ''လူမိုက်တို့ကို မပေါင်းရခြင်း'' သည် အတ္ထဝရ ဖြစ်သကဲ့သို့တည်း၊ ယို ဗုဒ္ဓဝစန၏ အတ္ထဝရစုကို အကျဉ်းချုပ်လိုက်လျှင် သီလ သမာဓိ ပညာ (သိက္ခာ ၃ပါး) ၌ အတွင်းဝင်၏၊ ထပ်မံ၍ ချုံးလိုက်လျှင် လောကီ အနက် (လောကီ သီလ သမာဓိ ပညာ) လောကုတ္တရာအနက် (လောကုတ္တရာ သီလ သမာဓိ ပညာ) ဟု ၂ မျိုးမျှသာ ထွက်သည်၊ သုဗုဒ္ဓုံ၌ သု သဒ္ဒါသည် သုခ (လွယ်ကူ ဟူသော) အနက်ကို ဟော၏၊ ဗုဒ္ဓုံကား ဗုဓဓာတ် တုံ ပစ္စည်းတည်း၊ ဤ သုဗုဒ္ဓုံကို ဝက္ခာမိ၌စပ်၍ ''စာသင်သားတို့၏ လွယ်ကူစွာ သိဖို့ အကျိုးငှါ+ဆိုပေအံ့''ဟု မှတ်။

**သုတ္တဟိတံ**-သုတ္တသဒ္ဒါသည် ပိဋက ၃ပုံ ပါဠိတော်အားလုံးကို ဟော၏၊သုတ္တဿ- ပိဋက ၃ ပုံ၏၊ ဟိတံ-စီးပွားတည်း၊ သုတ္တဟိတံ-ပိဋက ၃ ပုံ၏ စီးပွား၊ ဤ သုတ္တဟိတံ ကို သုသန္ဓိကပ္ပံ၌ စပ်၍ ''ပိဋက ၃ ပုံ၏ စီးပွားဖြစ်သော ကောင်းသော သန္ဓိကျမ်း'' ဟု မှတ်၊ ''ရွှေ ငွေစသော စီးပွားသည် ဥစ္စာရှင်၏ ချမ်းသာခြင်းဟူသော အကျိုးကို ဆောင်နိုင်သကဲ့သို့ သန္ဓိကျမ်းတည်းဟူသော စီးပွားလည်း ပိဋက ၃ ပုံ၏ အနက်

**ဥယျောဇဥ် ဥယျောဇနဟေတု**

ဧတ္ထ-ဤပါဠိတော်၏ အနက်မြွတ်၌၊ သေယျံ- အမြွတ်ဆုံ တရား လောကုတ္တရာ ၉-ပါးကို၊ ဇိနေရိတနယေန- ဘုရားဟောတော်မူအပ်သော နည်းဖြင့်၊ ဗုဓာ- ပညာရှိတို့သည်၊ လဘန္တိ- ရနိုင် သိနိုင်ကြကုန်၏၊ ဟဉ္စာပိ- ထိုဘုရား ဟောတော်မူအပ်သော နည်းကိုလည်း၊ တဿ- ထိုမြွတ်စွာဘုရား၏ ၊ ဝစနတ္ထသုဗောဓနေန-

---

အဓိပ္ပာယ်ကို သိလွယ်ခြင်းဟူသော အကျိုးကို ဆောင်နိုင်သည်'' ဟူလို၊ဤသို့ ပိဋကၕ စီးပွားဖြစ်ခြင်းသည်ပင် ပိဋက ၃ ပုံအား သင့်လျော်ခြင်း ဖြစ်သောကြောင့် သုတ္တဟိတံ ကို ''သုတ္တာနုကုလံ–ပိဋက ၃ ပုံအား လျောက်ပတ်သော'' ဟု ဖွင့်ကြသည်။

**သုသန္ဓိကပ္ပံ-** သု သဒ္ဒါသည် ''သောဘန သုန္ဒရ'' အနက်ကို ဟော၏၊ ''သဒ္ဒါငယ် ကျမ်းကလေးများကဲ့သို့ ကျဉ်းလည်း မကျဉ်း, ပါဏိနီ စသော သက္ကတ သဒ္ဒါကျမ်းကြီးများကဲ့သို့ ကျယ်လည်း မကျယ်ပဲ အလယ် အလတ် ကျမ်းဖြစ်၍ တင့်တယ် ကောင်းမြွတ်သည်'' ဟူလို၊ သန္ဓာခန်း-ပုဒ် ၂ ပါးကို စပ်ခြင်းသည်၊ သန္ဓိ- သန္ဓိမည်၏၊ သန္ဓိစ-သရ သန္ဓိလည်း၊သန္ဓိစ-ဗျဉ္ဇနသန္ဓိလည်း၊ သန္ဓိစ-ဝုတ္တသန္ဓိလည်း၊ သန္ဓယော- တို့၊ ဧတ္ထ- ဤကျမ်း၌၊ ကပ္ပိယတိ- ပြုစီရင်အပ်၏၊ ဣတိ- ထို့ကြောင့်၊ ကပ္ပေါ- မည်၏၊ သန္ဓီနံ-သန္ဓိတို့၏၊ ဝါ- သန္ဓိတို့ကို၊ ကပ္ပေါ- ပြုစီရင်ရာ ကျမ်းသည်၊ သန္ဓိကပ္ပေါ- မည်၏၊ သောဘနော- တင့်တယ်သော၊ (တနည်း) သုန္ဒရော- ကောင်းသော+သန္ဓိကပ္ပေါ-သန္ဓိကျမ်းသည်၊ သု သန္ဓိကပ္ပေါ- မည်၏၊ [သုတ္တဟိတ မေတ္တ၌ ဧတ္ထကား နောက်ဂါထာနှင့် တွဲရမည့်ပုဒ်တည်း၊ ဂါထာဖြစ်၍ ရှေ့ပိုင်းမှာ ပါနေသည်။]

**ဥယျောဇဥ် ဥယျောဇနဟေတု။** ။ပထမဂါထာဖြင့် ပဏာမမင်္ဂလာ စသည်ကို ပြပြီး၍ ယခုအခါ၌ ဥယျောဇဥ်နှင့် ဥယျောဇနဟေတုကို ပြလိုသောကြောင့် သေယျံစသောဂါထာကို မိန့်၊ ဘုရားစကားတော်၏ အနက်စုတွင် အမြွတ်ဆုံး အနက်ကား– (သေယျခေါ်) လောကုတ္တရာ ၉ ပါးတည်း၊ ထို လောကုတ္တရာ အနက်ကို ဘုရား ဟောတော်မူအပ်သော နည်းဖြင့်သာ ရနိုင်၏၊ ဘုရားဟောတော်မူအပ်သော နည်းလမ်းကိုလည်း ဘုရားပါဠိတော်၏ အနက်ကို ကောင်းစွာ သိပြီးသူမှသာ တဆင့် တိုးတက်၍ သိနိုင် ရနိုင်၏၊ ဘုရားပါဠိတော်၏ အနက်ကိုလည်း အက္ခရာ၌လည်း ကောင်း၊ပုဒ်၌လည်းကောင်း မတွေဝေပဲ ခွဲခွဲခြားခြား သိမှသာ တဆင့် တိုးတက်၍ သိနိုင် ရနိုင်၏၊ ''ဤသို့လျှင် အက္ခရပဒကို သိရခြင်းသည် အကြောင်း, ပါဠိတော်၏ အနက် အဓိပ္ပာယ်ကို သိရခြင်းသည် အကျိုး, အနက် အဓိပ္ပာယ်ကို သိရခြင်းသည် အကြောင်း–ဘုရားဟော နည်းလမ်းကို သိရခြင်းသည် အကျိုး, နည်းလမ်းကို သိရခြင်းသည် အကြောင်း- အမြွတ်ဆုံးဖြစ်သော လောကုတ္တရာ တရားကို သိရခြင်းသည် အကျိုးဟု အကြောင်းအမျိုးမျိုး အကျိုးအဆက်ဆက် ရှိရာတွင် အက္ခရပဒကို သိခြင်းသည် အရင်းခံ မူလအကြောင်း ဖြစ်သောကြောင့် သေယျမည်သော အထွဋ်အထိပ် အကျိုးကို သိလို ရလိုသော အမျိုးသား အမျိုးသမီးသည် အက္ခရာပုဒ်ကို နားလည်အောင် သင်ယူလေ့ကျက် ဆောင်ရွက် မှတ်သားပါလေ'' ဟု တိုက်တွန်းသည်။

ပါဠိတော်၏ အနက်ကို ကောင်းစွာ သိခြင်းဖြင့်၊ ဗုဓာ လဘန္တိ၊ အတ္တဉ္ဇ- ပါဠိတော်၏ အနက်ကိုလည်း၊ အက္ခရပဒေသု- အက္ခရာပုဒ်တို့၌၊ အမောဟဘာဝါ- တွေဝေခြင်း မရှိသူ၏အဖြစ်ဖြင့်၊ ဗုဓာ လဘန္တိ၊ တတော- ထို့ကြောင့်၊ (ဝါ-ထိုဆိုအပ်ခဲ့သောအကြောင်းအမျိုးမျိုး အကျိုးအဆက်ဆက်ကြောင့်၊ (သေယျတ္ထိ-

---

**သေယျံ**—[ ဈေဂါထာမှ "ဇ္ဇေ"ကို ဤဂါထာ၌ ယူ၍ အနက်ပေး၊ ] သေယျံသည် ဝိသေသအနက်၌ သက်သော ဇ္ဇယပစ္စည်းနှင့် ပသတ္ထကို (သ) ပြု၍ပြီးသော အံဝိဘတ်ဆုံးသော ပုဒ်တည်း၊ ဤ"သေယျံ"ကို လဘန္တိ၌ ကံအဖြစ်ဖြင့် စပ်၊ နျာသစသည်၌ကား သေယျံကို သိဝိဘတ်ဆုံးသောပုဒ်ဟု ယူ၍ "ယံသေယျံ-သည်၊ အတ္ထိ-ရှိ၏"ဟု ဖွင့်ကြ၏၊ သို့သော် "ဇ္ဇေ-ဤဝစနတ္ထဝရ၌"ဟု ဝစနတ္ထဝရကို စွဲခဲ့သောကြောင့် သေယျံ အရလည်း ဝစနတ္ထဝရပင် ရသင့်၏၊ ဝစနတ္ထဝရကား ပုလ္လိင်ဖြစ်၍ သိဝိဘတ်ဆုံးရိုးမှန်လျှင် "သေယျော"ဟုသာ ရှိရလိမ့်မည်၊ ထို့ကြောင့် နျာသအကြံကို စဉ်းစားကြပါကုန်။

**ဇိနေရိတနယေန ဗုဓာ လဘန္တိ** = [ဇိန-ဘုရား+ဤရိတနယ- ဟောတော်မူအပ်သော နည်း။] သီလကို ရှေးဦးစွာ ဖြည့်ကျင့်ရခြင်း, ထို့နောက် သမာဓိကိုဖြည့်ကျင့်ရခြင်း,ထို့နောက် ဝိပဿနာကို အားထုတ်ရခြင်း,ဤသို့ စသော နည်းကို "ဇိနေရိတနယ"ဟု ခေါ်၏၊ ဘုရား ဟောတော်မူအပ်သော နည်းအတိုင်း ကျင့်သော်လည်း နဂိုရ်က တိဟိတ်ပဋိသန္ဓေ တည်နေခဲ့၍ ဉာဏ်ရှိသူတို့သာ ရနိုင်ကြ၏၊ ဉာဏ်မရှိသော ဒွိဟိတ်-အဟိတ်ပုဂ္ဂိုလ်များ မရနိုင်၊ ထို့ကြောင့် "ဗုဓာ လဘန္တိ"ဟု ဆိုသည်၊ မဂ်ဖိုလ်ကို ရခြင်းဟူသည် ထိုးထိုးထွင်းထွင်းသိခြင်းပင် ဖြစ်သောကြောင့် "လဘန္တိ = ပဋိဝိဇ္ဈန္တိ—ထိုးထွင်း၍ သိကြကုန်၏"ဟု အဓိပ္ပာယ်နက် ဖွင့်ကြ၏၊ သို့သော် "မဂ်ရသည်, ဖိုလ်ရသည်, နိဗ္ဗာန်ရသည်"ဟု ပြောရိုးအတိုင်း "လဘန္တိ—ရနိုင်ကုန်၏" ဟူသော သဒ္ဒါနက်ဖြင့်ပင် ယခုအခါ အဓိပ္ပာယ် ထင်ရှားပြီ။ ]

**တဠ္ဌာပိတသ ဝစနတ္ထသုဗောဓနေန**—တဠ္ဌာပိ၌ စ-အပိ ၂ ပုဒ်လုံးပင်ဆိုခဲ့ပြီးသော ဇိနေရိတနယကိုငဲ့သော အပေက္ခာအနက်ရှိ၏၊ ထို ဇိနေရိတနယဟု ခေါ်အပ်သော နည်းမှန် လမ်းမှန်ကိုလည်း ထို ဘုရားစကားတော်၏ အနက် အဓိပ္ပာယ်ကို မှန်ကန်စွာ သိခြင်းဖြင့်သာ သိနိုင်ကြသည်၊ ခြုဦးအံ့— "အသေဝနာစ ဗာလာနံ" စသော ပါဠိ (ဘုရားစကား) တော်ကို မြင်ရ ကြားရသည့်အခါ "လူမိုက်တို့ကို မပေါင်းရခြင်း" ဟူသော အနက် အဓိပ္ပာယ် အမှန်ကို လွယ်ကူစွာ သိသော ဉာဏ်သည် (အနက်ဉာဏ်ကြီးခြင်း, အဓိပ္ပာယ်မှန် သိခြင်းသည်) ဝစနတ္ထသုဗောဓန မည်၏၊ ထိုဝစနတ္ထသုဗောဓနေဉာဏ်ရှိမှသာ ဘုရားအလိုတော်ကျဖြစ်သော နည်းမှန်ကို ကောင်းစွာ သိနိုင်မည်၊ဤ၌လည်း"ဗုဓာ လဘန္တိ" ပုဒ်တို့ကိုလိုက်၍ စပ်စေ၊ သို့သော် ဗုဓာအရ၌ကား တိဟိတ်ပုဂ္ဂိုလ်သာမက, ဆရာ့အထံ သင်ယူ၍သိသော ဒွိဟိတ်ပုဂ္ဂိုလ်လည်း ပါဝင်နိုင်သည်။

ကော၊ ၉-ပါးသော လောကုတ္တရာတရားကို အလိုရှိသော အမျိုးသားသည်။ ၀ိ၀ိဓံ၊ အထူးထူး အပြားပြားရှိသော။ ၀ါ၊ များသော။ ပဒံ (အက္ခရပဒံ)၊ အက္ခရာပုဒ်ကို။ သုဏေယျ၊ နာယူပါလော။ ၀ါ၊ နာယူလေ့ကျက် ဆောင်ရွက်ပါလော။

---

**အတ္ထဥ္စ အက္ခရပဒေသု အမောဟဘာ၀ါ**—အတ္ထဉ္စ၌ စ သဒ္ဒါသည် ၀စနတ္ထ သမ္ဗောဓနေန ပုဒ်၌လာသော အတ္ထကို ပြန်၍ငဲ့သော အပေက္ခာအနက်ရှိ၏၊ "အတ္ထဉ္စ-၀စနတ္ထ သမ္ဗောဓနေနပုဒ်၌ ပြခဲ့သော အတ္ထကိုလည်း" ဟု ဆိုလိုသည်၊ "အမောဟ-တွေဝေခြင်း မရှိသူ၏၊ ဘာ၀ေါ— ဖြစ်ကြောင်း" ဟူသည် အက္ခရာကိုလည်းကောင်း, ပုဒ်ကိုလည်းကောင်း မြင်ရ ကြားရသောအခါ အမှား အမှန် ဝေဖန်သိတတ်သော ဉာဏ်တည်း၊ ထို ဉာဏ်မျိုးရှိမှလည်း ဘုရားစကားတော်၏ အနက် အဓိပ္ပာယ်ကို သိနိုင်သည်၊ အက္ခရာပုဒ်တို့၌ တွေဝေနေသေး၍ သဒ္ဒါနည်းကို နားမလည်သေးလျှင်ကား....

"ယော နိရုတ္တိံ န သိက္ခေယျ, သိက္ခန္တော ပိဋကတ္တယံ၊
ပဒေ ပဒေ ဝိသီဒေယျ, ဝနေ အန္ဓဂဇော ယထာ။

အကြင်သူသည် နိရုတ္တိ (သဒ္ဒါနည်း) ကို မသင်၊ (ထိုသူသည်) ပိဋကတ် ၃ ပုံ ကို သင်နေသော်လည်း တောတည်း၌ ဆင်ကန်းသည် ခြေလှမ်းတိုင်း တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေသကဲ့သို့, ပုဒ်တိုင်း တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေရာ၏" ဟု ရှေး ဆရာတို့ မိန့်သည့်အတိုင်းပင် ဖြစ်နေပေလိမ့်မည်။

**အက္ခရပဒ အမောဟဘာဝ**။ ။အက္ခရပဒေသု အမောဟဘာဝါ၌ အက္ခရ အမောဟဘာဝ— ပဒ အမောဟဘာဝ ဟု ၂ မျိုးခွဲ၊ သန္ဓိ ပထမခန်း၌ ပြထားသည့် အတိုင်း အ အာ စသည်ကို "သရ"ဟု လည်းကောင်း,က ခ စသည်ကို "ဗျဉ္ဇန" ဟု လည်းကောင်း, ဤသို့ စသည်ဖြင့် ရဿ ဒီဃ-ဝဂ္ဂ အဝဂ္ဂ ပဂ္ဂဟိတ ဃောသ စသည်တို့၌ ရေးနည်း ရွတ်နည်းနှင့်တကွ ခွဲခြားနားလည်သော ဉာဏ်သည် အက္ခရ အမောဟဘာဝမည်၏၊ နာမ်ကျမ်းစသည်၌ ပြထားသည့်အတိုင်း အကာရန္တပုဒ် စသည်, ဣတ္ထိလိင်— ပုလ္လိင် စသည်, သုဒ္ဓနာမ် သမာသ်နာမ် တဒ္ဓိတ်နာမ် ကိတ်နာမ် နှင့် အာချာတ်ပုဒ် ဥပသာရပုဒ် နိပါတ်ပုဒ် စသည်ဖြင့် ခွဲခြားသိတတ်သော ဉာဏ် သည် ပဒအမောဟဘာဝ မည်၏။ [သန္ဓိစပ်ပုံကို နားလည်ခြင်းလည်း အက္ခရာ နားလည်ခြင်းဖြစ်သောကြောင့် အက္ခရအမောဟဘာဝ၌ ပါဝင်၏၊] အချုပ်မှာ သဒ္ဒါကျမ်းဆိုင်ရာကို နားလည်သော ဉာဏ်သည် အက္ခရပဒအမောဟဘာဝဉာဏ် မည်၏-ဟု မှတ်။

**အက္ခရ[အ]အမောဟ စသည်ပုံစံ**။ ။"အသေဝနာစ ဗာလာနံ" စသော ဂါထာ၌ "အ"သည် သရ-ရဿ-အဝဂ်-ကဏ္ဌဋ္ဌာန်၌ဖြစ်၍ သကဋ္ဌာနကရိုဏ်း သံဝုဋပယတ် တည်း၊ (အ) ကို ဤပုံရေး၍ လည်ချောင်းကို မဖွင့်မဟပဲ ပိတ်၍ ရွတ်ရသည်၊ ဤသို့ စသည်ဖြင့် ခွဲခြား၍သိခြင်းသည် အက္ခရာ၌ မတွေမဝေသော အက္ခရအမောဟ ဘာဝ

တည်း၊ သေဝနာ၌ သေဝခေတ် ယုပစ္စည်းကို အနုပြု, အာပစ္စည်းလည်း သက်၍ပြီးသော ဇုတ္တိလိင် အာကာရန္တ ကိတ် နာမ်ပုဒ်တည်း၊ “နု+သေဝနာ,အသေဝနာ” ဟု နနိပါတ ပုဗ္ဗပဒကမ္မဓာရဲ တွဲသည့်အခါ သမာသ်နာမ်ဖြစ်၏၊ ဤသို့စသည်ဖြင့် ခွဲခြားနားလည်ခြင်းသည် ပဒ အမောဟဘာဝတည်း။

[ဆောင်] သရ-ဗျဉ္ဇန,ရဿ-ဒီဃ, ဝဂ္ဂါ-ဝဂ္ဂ, နိဂ္ဂဟိတနှင့်, ဃောသစတည်း, ခွဲခြားပြီး၍,ရေးနည်းရွတ်ပုံ, အဖုံဖုံဖြင့်, အစုံသိဟန်, ထိုသည့်ဉာဏ်ကို, မှတ်ရန် အက္ခရ-အမောဟတည်း၊ထိုမှ တဖန်, အကာရန္တ, အာကာရနှင့်, လိင်ခွဲထုတ်, နာမ်ပုဒ်စသည်,အလီလီကို, ထို၍ခွဲဝေ, သိနိုင်ပေက, ပဒအမောဟ— ပညာ၍ပြသည်, မှတ်ကြ ချာသ အဆိုတည်း။

**သေယျတ္ထိကော ပဒမတော**—အတ္တော ယဿ အတ္ထိတိ အတ္ထိကော—အလိုရှိသူ၊ သေယံ့ အတ္ထိကော သေယျတ္ထိကော—အမြတ်ဆုံးအနက်ကို အလိုရှိသူ၊ “သေယျတ္ထိကော”ဟု ယောကျ်ားစုကို အရှေ့ကောက်ရသော ပုလ္လိင်ပုဒ်ဖြင့် ပြထားခြင်းသည် ပဓာနနည်းအားဖြင့် ပြထားခြင်းတည်း၊ ထို့ကြောင့် အမျိုးသမီးများလည်း သေယျတ္ထိကော အရတွင် အပဓာနအားဖြင့် ပါဝင်နိုင်သည်၊ ပဒမတောကို “ပဒံ+အတော”ဟု ပုဒ်ခွဲ၊ ပဒံ၌ “အက္ခရပဒံ” ဟု ဆိုလိုလျက် ဆန်းပျက်မည် စိုးသောကြောင့် အက္ခရသဒ္ဒါကို ဝဏ္ဏနာသ နိရုတ္တိနည်းဖြင့်(သုတ်ကြီးဖြင့်) ချေထားသည်၊ မှန်၏- ဤ ၂ ဂါထာသည် ၁၄ လုံးဖွဲ့ သက္ကရီဆန်း(ဝံသဋ္ဌာဂါထာ)တည်း၊ “အက္ခရပဒံ” ဟု အက္ခရ သဒ္ဒါကို ထည့်၍ဆိုထားလျှင် ၁၄ လုံးဖွဲ့ သက္ကရီဆန်း ပျက်ဖွယ်ရှိ၏၊ ထို့ကြောင့် ဆန်းမပျက်စေခြင်းငှာ အက္ခရသဒ္ဒါကို ချေထားရ၏၊အနက်ပေးသည့် အခါ၌ကား“ပဒံ-အက္ခရာ, ပုဒ်ကို” ဟု အက္ခရာအနက်ကို ဆောင်ယူ၍ ပေးရသည်။

**ဝိဝိခံ သုဏေယျ**—ဤဝိဝိခံကို ပဒံ၌စပ်၊ အက္ခရအမောဟဘာဝ၌ ပြခဲ့သည့်အတိုင်း သရ ဗျဉ္ဇန ရဿ ဒီဃ စသည်ဖြင့် အမျိုးမျိုး ကွဲပြားခြင်းကို “ဝိဝိဓအက္ခရ” ဟု ဆို၏၊ ပုရိသစသော ဘူ စသော ပကတိနှင့် သိ- တိ- ဏာ စသော ဝိဘတ်ပစ္စည်းတို့ ကွဲပြားများပြားခြင်း, ပဒအမောဟဘာဝ၌ ပြခဲ့သည့်အတိုင်း အကာရန္တပုဒ် စသည်ဖြင့် ကွဲပြား များပြားခြင်းကို “ဝိဝိဓ ပဒ” ဟု ဆိုသည်၊ သုဏေယျ၌ ယျေ ဝိဘတ်သည် အဇ္ဈေသ(တိုက်တွန်းခြင်း) အနက်ကို ဟော၏၊ “သုဏေယျ-ဆရာ့ထံ၌ နာယူပါလော, သင်ယူပါလော” ဟု သင်ယူခြင်းကို ပြသော်လည်း သင်ယူရုံသာ မက, အရကျက်၍ နှုတ်တက်ဆောင်ခြင်း မှတ်ထားခြင်းတိုင်အောင် ကာရဏူပစာရအားဖြင့် ယူရသည်၊ သို့သော် စာအုပ်ပေါ်များသော ယခုကာလဝယ် သင်ယူပြီးနောက် အရမကျက်သော်လည်း ထပ်ကာထပ်ကာ ကြည့်ရှု မှတ်သားခြင်းဖြင့် အက္ခရအမောဟဉာဏ် ပဒအမောဟဉာဏ်များကို ရနိုင်သောကြောင့် ထပ်ကာထပ်ကာ ကြည့်ရှုခြင်း မှတ်သားခြင်းတို့ကိုလည်း “သုဏေယျ” အရ၌ ယူထိုက်သည်။

## သညာပဋ္ဌက စသည်

သညာ နိမိတ္တံ ကတ္တာရံ, ပရိမာဏံ ပယောဇနံ၊
တာဝုတွာ သမ္ဗတန္တြာနံ, အတ္ထံ ဝဒေ ဝိစက္ခဏော။

''ပညာရှိလည်း ကျမ်း၏ အမည်ကိုလည်းကောင်း, ကျမ်းပြုခြင်း၏ အကြောင်းကို လည်းကောင်း, ကျမ်းပြု ပုဂ္ဂိုလ်ကိုလည်းကောင်း, ကျမ်း၏ အတိုင်းအရှည်ကိုလည်း ကောင်း, ကျမ်း၏ အကျိုးကိုလည်းကောင်း (တာဝ) ရှေးဦးစွာ (ဥတွာ) ဆိုပြီး၍ အလုံးစုံသော ကျမ်းဂန်တို့၏ အနက်ကို ဖွင့်ဆိုရာ၏'' ဟူသော ရှေးဆရာတို့၏ ဥပဒေသနှင့်အညီ ထို သညာစသည်ကို ဖွင့်ပြဦးအံ့။

**သညာ**။ ။သုသန္ဓိကပ္ပံဖြင့် ကျမ်း၏ အမည်ကိုပြ၏၊ ဤကျမ်းသည် ''သန္ဓိကပ္ပ, ဝါ- သန္ဓိကျမ်း'' မည်၏- ဟူလို၊ ဤ''သန္ဓိကပ္ပ'' ဟူသော နာမည်သည် သန္ဓိ နာမ် ၂ ပိုင်းလုံး၏ နာမည်တည်း၊ ပါရာဇိက သံဃာဒိသေသ်တို့ကို ပြရာကဏ္ဍကို အစဖြစ် သော ပါရာဇိက နာမည်ဖြင့် ''ပါရာဇိကကဏ္ဍ''ဟု ခေါ်ရသကဲ့သို့,သန္ဓိ နာမ် ၂ ကျမ်း လုံးပြရာ ကဏ္ဍကိုလည်း အစဖြစ်သော သန္ဓိနာမည်ဖြင့် ''သန္ဓိကပ္ပ'' ဟု ခေါ်ရသည်— ဟူလို၊ အချို့က ''သန္ဓိကပ္ပဟူသော နာမည်သည် ကစ္စည်းတကျမ်းလုံး၏ နာမည်'' ဟုလည်း ဆိုကြသေး၏၊ ထိုအဆိုကိုကား စဉ်းစားသင့်သည်၊ ဘာ့ကြောင့်နည်း.... အာချာတ်ကျမ်း၏ ဂန္ထာရမ္ဘ၌''ဇုဒံ အာချာတသဒ္ဒံ''ဟုလည်းကောင်း, ကိတ်ကျမ်း ၏ ဂန္ထာရမ္ဘ၌ ''ကိတကပ္ပံ'' ဟုလည်းကောင်း သီးခြားနာမည် ပြလတ္တံ့ဖြစ်ရကား အာချာတ်ကျမ်းနှင့် ကိတ်ကျမ်းများကို ဤ ''သုသန္ဓိကပ္ပံ'' အရတွင် မပါဝင်သော ကြောင့်တည်း၊ နာမ်ကျမ်းအတွက်ကား ဂန္ထာရမ္ဘဂါထာ အထူးမပြတော့သဖြင့် ဤသုသန္ဓိကပ္ပံဟူသော နာမည်အတွင်း၌ နာမ်ကျမ်းကိုလည်း သွင်းထားသည်ဟု ယူဆသင့်သည်။

**ချာသ**။ ။အယံပန—ဤသန္ဓိကျမ်းကိုကား၊ အာဒိဝသေန— အစဖြစ်သော သန္ဓိ ပုဒ်၏ အစွမ်းဖြင့်၊ လဒ္ဓနာမော တိ— ရအပ်သော နာမည်ရှိသောကျမ်းဟူ၍၊ ဝေဒိ တဗ္ဗော၊ (ကသ္မာ) ဥပရိ—အထက်၌၊ နာမကပ္ပဿ—နာမ်ကျမ်း၏ အတွက်၊ အာရမ္ဘန္တရာဘာဝါ-ဂန္ထာရမ္ဘတမျိုး မရှိတော့သည်၏အဖြစ်ကြောင့်တည်း။ [သန္ဓိ ကပ္ပ နာမကပ္ပ အာချာတကပ္ပ ကိတကပ္ပ ဟု ၄ ကျမ်းကိုပေါင်း၍ ''ကစ္စည်းကျမ်း'' ဟုလည်း အပေါင်းနာမည်ကို မှတ်သင့်သေး၏၊ ''ကစ္စာယနဿ+ဇုဒံ,ကစ္စာယနံ''ဟု ဇုဒံ တဒ္ဓိတ်ပြု၊ ''ဇုဒံ-ဤကျမ်းသည်၊ ကစ္စာယနဿ— ကစ္စည်းဆရာ၏၊ [သန္တကံ- ဥစ္စာတည်း]'' ဟု အနက်ပေး။]

**နိမိတ်**။ ။ ကျမ်းပြုခြင်း၏အကြောင်းကို ''နိမိတ္တ''ဟု ခေါ်၏၊ ထို နိမိတ်သည် အဇ္ဈတ္တနိမိတ် ဗဟိဒ္ဓနိမိတ် ဟု ၂ မျိုးရှိ၏၊ အပြင်ပ၌ စာသင်သားအပေါင်းသည် ဗဟိဒ္ဓနိမိတ်, အဇ္ဈတ္တသန္တာန် (စိတ်အစဉ်) ၌ ဖြစ်သော ကရုဏာအကြောင်းသည် အဇ္ဈတ္တနိမိတ်တည်း၊ ထို နိမိတ် ၂ ပါးကို ''သုဗုဒ္ဓါ'' ပါဠိဖြင့် ပြ၏၊ သဒ္ဒါအရာ၌ မကျွမ်းကျင်ကြသော စာသင်သားအပေါင်းကိုမြင်၍ သနားကရုဏာ ဖြစ်သောကြောင့် ထို စာသင်သားတို့ လွယ်ကူစွာ သိကြဖို့ အကျိုးငှာ ဤ ကစ္စည်းကျမ်းကို စီရင်ရသည်— ဟူလို၊ [ချာသ၌ တမျိုးဆိုထားသေး၏။]

**ကတ္တား။** ။ ကျမ်းပြုပုဂ္ဂိုလ်ဟူသော ကတ္တားကား အရှင်မဟာကစ္စည်းဆရာတည်း၊ ''ဝက္ခာမိ- ငါဆိုအံ့'' ဟု ဆိုသဖြင့် ဆိုတတ်သူ ကျမ်းပြုပုဂ္ဂိုလ်ကို လိုက်၍ရှာလျှင် အရှင် ကစ္စည်းကိုပင် တွေ့ရမည်၊ ထို့ကြောင့် ဝက္ခာမိဖြင့် ဆိုတတ်သူ ကျမ်းပြုပုဂ္ဂိုလ်ကိုပြ၏ ဟု ဖွင့်ကြသည်၊ သို့သော် ထို ဝက္ခာမိပုဒ်က အရှင်ကစ္စည်းဆရာတည်းဟူသော ကျမ်းပြုပုဂ္ဂိုလ်ကို မပြနိုင်, သာမညတတ် ဟောအပ်သော (အဟံဟူသော) ကတ္တားသာမန်ကိုသာ ပြနိုင်သောကြောင့် ထိုစကားကို စဉ်းစားသင့်သည်။

**ပရိမာဏ။** ။ ကျမ်း၏ အကျယ်အဝန်း အတိုင်းအရှည်ကို ''ပရိမာဏ'' ဟု ခေါ်၏၊ ထို ပရိမာဏသည် ပရိစ္ဆေဒပရိမာဏ, သမူဟပရိမာဏဟု ၂ မျိုးရှိ၏၊ ထိုတွင် အပိုင်းအခန်း၏ အတိုင်းအရှည်သည် ပရိစ္ဆေဒပရိမာဏမည်၏၊ သန္ဓိ၌ ၅ ပိုင်း, နာမ်၌ ၈ ပိုင်းသည် ဤ သန္ဓိကပ္ပ၏ ပရိမာဏတည်း၊ [''နာမ်အပိုင်း'' ဟူရာ၌ ကာရက သမာသ် တဒ္ဓိတ်တို့ပါ ပါဝင်ကြသည်၊ထို့ကြောင့် ''ဇုတိ နာမကပ္ပေ ကာရကကပ္ပေါ ဆဋ္ဌော'' စသည်ဖြင့် နိဂုံးဝါကျများကို ပြလိမ့်မည်၊] ကစ္စည်း တကျမ်းလုံး၏ ပရိစ္ဆေဒ ပရိမာဏသည် သန္ဓိ ငါးပိုင်း, နာမ် ၈ ပိုင်း, အာချာတ် လေးပိုင်း, ကိတ် (ဥဏာဒ်ပါ) ၆ ပိုင်းအားဖြင့် ၂၃ ပိုင်းရှိ၏- ဟု ဗျာသ ဆို၏၊ သမူဟပရိမာဏ အားဖြင့်ကား ကစ္စည်းတကျမ်းလုံး၌ သုတ်ပေါင်း ၇၁၀ (ခုနစ်ရာ့တဆယ်) ရှိသည်ဟု ဗျာသ ဆို၏၊ သို့သော် ယခုကာလသုတ်စဉ်၌ ထိုမျှလောက်မရှိ, ၆၇၂ (ခြောက်ရာ့ ခုနစ်ဆယ်နှစ်) သုတ်သာ ရှိတော့ရကား တချို့ သုတ်များကို နောက်ဆရာတို့ ဖြုတ်ပယ်ထားဟန် တူ၏၊ ဗျာသ သုတ်စဉ်မှာပင် ကာရက၌ (ယခုကာလ သုတ်စဉ်တွင် မပါသော) သုတ်ပို များစွာတွေ့ရသည်၊ ထိုပရိမာဏကို သုသန္ဓိကပ္ပံဝယ် သုန္ဒရအနက်ဟော သု သဒ္ဒါဖြင့် ပြ၏- ဟု ဖွင့်ကြ၏၊ ဆိုင်ရာ ပရိစ္ဆေဒတို့ကို တကန့်စီ တကန့်စီ ကန့်သတ်ထားသောကြောင့် လည်းကောင်း သုတ်ပေါင်း မနည်းမများ ရှိသောကြောင့်လည်းကောင်း ''သု— ကောင်းသည်'' ဟူလို။

**မှတ်ချက်။** ။ ဗျာသ၌ ပရိစ္ဆေဒပရိမာဏကို ပြရာဝယ် သန္ဓိတပိုင်း, နာမ်တပိုင်း, အာချာတ်တပိုင်း, ကိတ်တပိုင်း ဟု ၄ ပိုင်း ကန့်သတ်ပြီးလျှင် ''တေ့ာနိယေဝ- ဤ ၄ ပိုင်းတို့ကိုပင်၊ စတ္တာရိပကရဏာနီတိ- ၄ ကျမ်းတို့ဟူ၍၊ ဝုစ္စန္တိ—ဆိုအပ်ကုန်၏'' ဟု မိန့်၏၊ ထိုစကားကို ကောက်ချက်ချလျှင် အရှင် ကစ္စည်းဆရာသည် ရှေးဦးစွာ သန္ဓိကျမ်းနှင့် နာမ်ကျမ်းကို တတွဲ တွဲ၍ စီရင်လိုသောကြောင့် ထို ၂ ကျမ်းလုံး အတွက် ''သေဋ္ဌံ တိလောက မဟိတံ'' စသော ဂန္ထာရမ္ဘ ဂါထာကိုပြ၏၊ ထို့နောက် အာချာတ်ကျမ်းကို စီရင်ပြန်လိုသည့်အခါ ''အာချာတသာဂရ'' စသော ဂန္ထာရမ္ဘ ဂါထာကို ပြ၏၊ ထို့နောက် ကိတ်ကျမ်းကို စီရင်ပြန်လိုသည့်အခါ ''ဗုဒ္ဓံ ဉာဏသမုဒ္ဒံ'' စသော ဂန္ထာရမ္ဘကို ပြ၏၊ ဤသို့ ပြပုံကိုထောက်၍ ''သုသန္ဓိကပ္ပံ''ဟူသော နာမည်သည် သန္ဓိနှင့် နာမ် ၂ ကျမ်းလုံး၏ နာမည်ဖြစ်ကြောင်း သာ၍ ထင်ရှားပြန်သည်။ [ကာရက သမာသ် တဒ္ဓိတ်တို့ကား နာမ်ကျမ်းတွင် ပါဝင်ကြ၏။]

**ပယောဇဉ်။** ။ ဤကျမ်းကို သင်ယူသဖြင့် ရနိုင်မည့်အကျိုးကို ''ပယောဇဉ်'' ဟု ခေါ်၏၊ ထို ပယောဇဉ်သည် မုချပယောဇဉ် အနုသင်္ဂိကပယောဇဉ် ဟု ၂ မျိုး ရှိ၏၊ ထိုတွင် ကေန်မုချ ရနိုင်မည့်အကျိုးသည် မုချပယောဇဉ် မည်၏၊ ဆက်သွယ်၍

ရနိုင်မည့် အကျိုးသည် အနုသင်္ဂိက ပယောဇဉ် မည်၏၊ [အနု– အစဉ်လိုက်၍၊ သင်္ဂိက- ငြိကပ်ပါလာသောအကျိုး။] ထိုတွင် မုချပယောဇဉ်သည် အက္ခရာပုဒ်ပါဠိတို့ကို နားလည်၍ ထိုပုဒ်ပါဠိတို့၏ အနက်အဓိပ္ပာယ်ကို နားလည်ခြင်းတည်း၊ ထိုမုချပယောဇဉ်ကို "သုဗုဒ္ဓိ" ပါဠိဖြင့် ပြ၏၊ ပုဒ် အနက်တို့ကို နားလည်ခြင်းကြောင့် ပါဠိတော်၌ မပြုကျင့်အပ် ဟု တားမြစ်ထားသော အရာကို ရှောင်ခြင်း-ပြုကျင့်ရမည် ဟု ညွှန်ပြထားသော အရာကို ပြုကျင့်ခြင်းသည်လည်းကောင်း, ထိုသို့ရှောင်ကြဉ်-ပြုကျင့်ခြင်းကြောင့် "ငါသည် ရှောင်သင့်သည်ကို ရှောင်၍, ကျင့်သင့်သည်ကို ကျင့်ရပေပြီတကား"ဟု နှသော ရွှင်လန်းမှု ပါမောဇ္ဇသည်လည်းကောင်း, ထို ပါမောဇ္ဇမှ ရင့်သန် တိုးတက်၍ နှစ်သက်ခြင်း ပီတိသည်လည်းကောင်း, ထို ပီတိကြောင့် ကိုယ်စိတ် ၂ ပါး၏ ငြိမ်းအေးမှု ပဿဒ္ဓိသည်လည်းကောင်း, ထို ပဿဒ္ဓိကြောင့် ကိုယ်စိတ် ၂ ဖြာ ချမ်းသာမှု သုခသည်လည်းကောင်း, ထို သုခကြောင့် စိတ်တည်ကြည်မှု သမာဓိသည်လည်းကောင်း,ထို သမာဓိကြောင့် ယထာဘူတဉာဏ် (အဟုတ် အမှန်ကို သိခြင်း) သည်လည်းကောင်း, ထို ယထာဘူတဉာဏ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်း၍ သိရခြင်းသည်လည်းကောင်း အနုသင်္ဂိက အကျိုးတည်း၊ ထို အနုသင်္ဂိက အကျိုးကို "သေယံ့ ဗိနေရိတနယေန" စသော ဒုတိယ ဂါထာဖြင့် ပြသည်။

> [ဆောင်] အက္ခရပဒ, ယင်းအတ္ထကို, သိရမှုလျှင်, ပယောဇဉ် မုချ, ထိုမှတဆင့်, ရှောင်သင့်ပြုဖွယ်, မရှောင်ဖယ်ပြုရေး, ယင်းကိုတွေး၍, နှသေးရွှင်ပျ, ပါမောဇ္ဇတည်း၊ ယင်းမှ တိုးတက်, နှစ်သက်ပီတိ, ပဿဒ္ဓိနှင့်,ဆက်ဘိ သုခ, နောက်မှ သမာ—ဓိပညာတက်,ဖိုလ်မဂ် နိဗ္ဗာန်,အတန်တန်ထိ, သင်္ဂိအနု, ပယောဇဉ် ပြုသည်, မှတ်ရှု နောင်လာအချုပ်တည်း။

ဥပယော္ဂဇနစသည်။ ။ "သေယျတ္ထိကော ပဒမတော ဂိဝိဓံ သုဏေယျ"ဖြင့် ဥပယော္ဂဇဉ်ကို ပြ၍ "သေယံ့ ၊ပေ၊ အဓေါဟတဘာဝါ" ဖြင့် ဥပယော္ဂဇနဟေတုကို ပြ၏၊ "အက္ခရာပုဒ်တို့၌ တွေဝေမှုကင်း နားလည်ခြင်းမှစ၍ သေယျတိုင်အောင် အကျိုးကို ရနိုင်သောကြောင့်+အက္ခရပဒကို သင်ယူဖို့ရာ တိုက်တွန်းရပါသည်" ဟူလို၊ ထို့ပြင် တကျမ်းလုံးဖြင့် ပြအပ်သောအနက်ကို "အဘိဓေယျ"ဟု ခေါ်၏၊ အဘိဓီယတေ—ဟောပြောအပ်၏၊ ဣတိ အဘိဓေယျော၊ထိုအဘိဓေယျကို သုသန္ဓိကပ္ပံ ဝယ် သန္ဓိဟူသောပါဠိ"ပဒမတော" ဝယ်"ပဒံ" ဟူသော ပါဠိတို့ဖြင့် ပြ၏၊ ဤ တကျမ်းလုံးဖြင့် ပြမည့်အနက်များကား သန္ဓိစပ်ပုံနှင့် အာချာတ်ကွနစသော ပုဒ် အမျိုးမျိုးများ ဖြစ်သည်—ဟူလို၊ [သဉ္ဇာစသည်ဘို့ကို ကျမ်းအစ၌ ပြရခြင်း၏ အကျိုးကို လည်းကောင်း, ကြွင်းသော ပြဖွယ် အနက်များနှင့် ဥဒါန်း လက်ာကို လည်းကောင်း ရူပသိဒ္ဓိဘာသာဋီကာ၌ ဆိုထားပြီ၊ထိုအဆိုကို နည်းမှီ၍ ဤကျမ်း၌လည်းသိပါလေ။]

## ဂန္ထာရမ္ဘအဖွင့် ပြီး၏။

# သန္ဓိ ပဌမပိုင်း

**အတ္ထော အက္ခရသညာတော**

၁။ သဗ္ဗဝစနာနံ-ခပ်သိမ်းသော သဒ္ဒါတို့၏၊ အတ္ထော-ကို၊ အက္ခရေဟေဝ - တို့ဖြင့်သာ၊ သညာယတေ-ကောင်းစွာ သိအပ်၏၊ ဟိ - မှန်၏၊ အက္ခရဝိပတ္တိယံ-အက္ခရာ ပျက်ခြင်းသည်၊ (သတိ- ဖြစ်လတ်သော်၊) အတ္ထဿ- အနက်၏၊ ဝါ-ကို၊ ဒုန္နယတာ- မသိအပ်သည်၏ အဖြစ်သည်၊ ဝါ- ခဲယဉ်းစွာ သိအပ်သည်၏ အဖြစ်

---

၁။ **အတ္ထော အက္ခရသညာတော**—''ဝက္ခာမိ သုသန္ဓိကပ္ပံ''ဟူသော ပဋိညာဉ်အားလျော်စွာ ယခုအခါ၌ ပဋိညာတပကရဏကို ပြတော်မူလိုသော အရှင် မဟာကစ္စည်းဆရာသည် ''အတ္ထော အက္ခရသညာတော''စသည်ကို မိန့်။ [ပဋိညာတ=ဝန်ခံအပ်သော+ပကရဏ=ကျမ်းဂန်၊] ဤအတ္ထော အက္ခရသညာတောကို တချို့က ''ပရိဘာသာသုတ်''ဟု ဆို၍ အချို့ကမူ ''ပုဗ္ဗဝါကျ''ဟု ဆို၏၊ [ပုဗ္ဗေ-သုတ်အားလုံးတို့၏ ရှေ့၌+ထပိတံ-(ကျမ်း၏ အကျိုးကို ပြဖို့ရာ) အရှင်ကစ္စည်းဆရာ ထားအပ်သော+ဝါကျံ-ဝါကျသည်၊ ပုဗ္ဗဝါကျံ-မည်၏၊ ရူပသိဒ္ဓိ၌ ''အဘိဓေယျ ပယောဇနေ ဝါကျံ''ဟု ဆို၏၊ ပုဗ္ဗဝါကျဟုဆိုသော ဝါဒနှင့် သဘောတူပင်၊ နိဒ္ဒေသ၌ကား ဤဝါကျကို ဘုရားဟော ပါဠိတော်ရင်းမှ အရှင်ကစ္စည်းဆရာ ယူထားသည်ဟု ဖွင့်သေး၏၊ ပါဠိတော် အရပ်ရပ်၌ မတွေ့အပ်သောကြောင့် နိဒ္ဒေသ စကားကို စဉ်းစားကြပါလေ။]

ထိုတွင် ပုဗ္ဗဝါကျဆိုသော ဆရာတို့၏ အလိုကား—ပရိဘာသာ ဟူသည် ''ပရ သမညာ ပယောဂေ-နယေ ပရံ ယုတ္တေ''စသော သုတ်များကဲ့သို့ တနေရာ၌ ဆိုထားရုံမျှဖြင့် ဟိုနေရာ သည်နေရာမှာ သုံးစွဲရသော သုတ်မျိုးတည်း၊ ဥပမာ—ကပ်ဖိုက်စွကြိုလာတိုင်း ''နယေ ပရံ ယုတ္တေ''သုတ်ကို သုံးစွဲရသကဲ့သို့တည်း၊ ဤအတ္ထော အက္ခရသညာတောသည် ထိုကဲ့သို့ နောက်ထပ် သုံးစွဲစရာမရှိသောကြောင့် ပရိဘာသာသုတ် မဟုတ်နိုင်၊ (သညာသုတ်စသည် မဟုတ်နိုင်ကြောင်းမှာ ဆိုဖွယ်မရှိပြီ၊) ထို့ကြောင့် ''ခပ်သိမ်းသော သဒ္ဒါတို့၏ အနက်ကို မှန်ကန်သော အက္ခရာတို့ဖြင့်သာ သိနိုင်၏၊ သို့ဖြစ်၍ အနက် အဓိပ္ပာယ်အမှန်ကို သိဖို့ရာ အက္ခရာ အမှား အမှန်ကို သိတတ်သော အက္ခရ ကောသလ္လဉာဏ်ကို မိမိသန္တာန်၌ ဖြစ်စေကြပါလော''ဟု တိုက်တွန်းရာ ရောက်အောင် သုတ်အားလုံးတို့၏ ရှေ့က ''အတ္ထော အက္ခရသညာတော''ဟူသော ဝါကျကို အရှင်ကစ္စည်းဆရာ မိန့်တော်မူသည်ဟု ဆိုလိုကြသည်။

**သဗ္ဗဝစနာနမတ္ထော။** ။''သဗ္ဗဝစနာန၊ပေ၊ သုတ္တန္တေသု''တို့ကား အတ္ထော အက္ခရသညာတော၏ အဖွင့်တည်း၊ ထိုအဖွင့်၌ ''သဗ္ဗဝစနာနမတ္ထော အက္ခရေဟေဝ သညာယတေ''သည် တဝါကျ၊ ''အက္ခရဝိပတ္တိယံ၊ ပေ၊ ဟောတိ''သည် တဝါကျ၊ ''တသ္မာ၊ပေ၊ သုတ္တန္တေသု''သည် တဝါကျ၊ ဤသို့အားဖြင့် ၃ ဝါကျ ရှိ၏၊ ထိုတွင် ၁ နံပါတ် ဝါကျသည် အတ္ထော အက္ခရသညာတော၏ တိုက်ရိုက် အဖွင့်တည်း၊ ၂-၃ နံပါတ် ဝါကျတို့ကား ဆက်သွယ်၍ပြအပ်သော အဖွင့်တည်း၊ ဆက်ဦးအံ့—(၁) ဝါကျ အတ္ထောကို ''သဗ္ဗဝစနာနံ အတ္ထော''ဟု ဖွင့်၍ အက္ခရ

သည်၊ ဟောတိ· တသ္မာ- ထို့ကြောင့်၊ အက္ခရကောသလ္လံ- အက္ခရကောသလ္လ ဉာဏ်သည်၊ သုတ္တန္တေသု- ပိဋက သုံးပုံတို့၌၊ ဗဟူပကာရံ- များသော ကျေးဇူး ရှိ၏။ [ထိုထို သုတ်များ၏ အနက်ကို အခြေပြုသဒ္ဒါ၌ ပြခဲ့ပြီးဖြစ်သောကြောင့် ဤ၌ သုတ်နက်ကို ပြတော့မည် မဟုတ်၊ ပို့ချသော ဆရာတို့ကမူ သုတ်နက်ကိုပါ ထည့်သွင်း ပို့ချကြပါလေ။]

---

သညာတောကို "အက္ခရေဟေဝ သညာယတေ"ဟု ဖွင့်၏၊ ထိုသို့ ဖွင့်ရာ၌ "အတ္ထော"ပုဒ်က "မည်သည့် အရာ၏+အနက်"ဟု သမ္ဗန်ကို ငဲ့သောကြောင့် "ဝစနာနံ"ဟု သမ္ဗန်ပုဒ်ကို ထည့်၍ ဖွင့်ရသည်၊ ထို ဝစနဟူသည် ပါဠိစကားဖြစ်စေ, မြန်မာစကားဖြစ်စေ, အခြားလူမျိုး၏ စကားဖြစ်စေ ပြောအပ်သမျှ စကားလုံး (သဒ္ဒါ)တွေတည်း၊ ထိုသို့သဒ္ဒါ (စကား) အားလုံးနှင့် သက်ဆိုင်အောင် "သဗ္ဗ ဝစနာနံ"ဟု သဗ္ဗသဒ္ဒါကို ထည့်ရပြန်သည်၊ ထိုတွင် ဗုဒ္ဓေါသည် ပါဠိသဒ္ဒါ (ပါဠိ စကား) "ဘုရား"သည် မြန်မာသဒ္ဒါ (မြန်မာစကား), သက်တော်ထင်ရှား မြတ်စွာ ဘုရားသာ "အတ္ထ"ဟုခေါ်ရသော အနက်တည်း၊ ဤသို့ စသည်ဖြင့် ဝစနနှင့် အတ္ထကို ခွဲခြားပါ။ [ရူပသိဒ္ဓိ၌ တမျိုး ဖွင့်သေး၏, ရှုလေတော့။]

**အက္ခရေဟေဝ။** ။"အက္ခရသညာတောသည်"အက္ခရေဟိ"ပုဒ်နှင့်"သညာ တော"ပုဒ်ကို စပ်ထားသော တတိယာ တပ္ပုရိသ် သမာသ်ဟု သိစေလိုသောကြောင့် "အက္ခရေဟိ"ဟု ဖွင့်သည်၊ ထို့နောက် "သဗ္ဗဝါကျံ-အလုံးစုံသော ဝါကျသည်၊ သာဝဓာရဏံ-အဝဓာရဏနှင့် တကွဖြစ်၏"ဟူသော ပရိဘာသာနှင့်အညီ, ဝါကျ တိုင်း၌ ဧဝပါနိုင်သောကြောင့် "အက္ခရေဟေဝ"ဟု ဧဝသဒ္ဒါထည့်၍ ဖွင့်၏၊ အက္ခရေဟေဝ၌ "အက္ခရ"အရ ဝိပတ္တိမဖြစ်သော (မမှားမယွင်း ပီပီသသရှိသော) အက္ခရာကိုယူ၍ ဧဝဖြင့် ဝိပတ္တိဖြစ်သော အက္ခရာ မပီမသအက္ခရာများကို ကန့်သည်။

**သညာတော။** ။"သညာယတေ"ဟု ဖွင့်သဖြင့် သညာတော၌ တပစ္စည်း သည် ကံအနက်ဟောဟု သိစေပြန်၏၊ ထို "အက္ခရေဟေဝ+သညာယတေ" ဟူသော အဖွင့်ကို ကြည့်၍ "သညာယတေတိ သညာတော၊ အက္ခရေဟေဝ+ သညာတော—အက္ခရသညာတော"ဟု ဝိဂ္ဂြိုဟ်ပြုပါ၊ "သဗ္ဗဝစနာနမတ္ထော"စသော ဝါကျ၏ အချုပ်မှာ—"ပါဠိသဒ္ဒါ-သက္ကတသဒ္ဒါ-မြန်မာသဒ္ဒါ-အခြားလူမျိုးတို့သဒ္ဒါ, ဤသဒ္ဒါအားလုံးတို့၏ အနက်ကို ပါဠိ-သက္ကတ-မြန်မာဆိုင်ရာ (ဘာသာစကား ဖြစ်သော) မှန်ကန်သော ပီသသော အက္ခရာတို့ဖြင့်သာ သိရ မှတ်သားရသည်" ဟူလို။

**အက္ခရဝိပတ္တိယံ ဟိ၊ပေ၊ဟောတိ—**"အက္ခရာတို့ဖြင့်သာ အနက်ကို သိရ၏" ဟူသော ရှေးဝါကျ၏ မှန်ကန်ကြောင်းကို ခိုင်မြဲအောင် ထောက်ခံလိုသောကြောင့် "အက္ခရဝိပတ္တိယံ ဟိ"စသော ဝါကျကို မိန့်သည်၊ [ဒဠှီကရဏဝါကျဟု ခေါ်၏၊ သဘာဝဒဠှီ ဗျတိရေကဒဠှီ နှစ်မျိုးတွင် ဗျတိရေကဒဠှီတည်း၊ ဒဠှ-ခိုင်မြဲအောင်+ ကရဏ-ပြုသောဝါကျ၊] အက္ခရဝိပတ္တိဟူသည် က အက္ခရာဖြင့် ရွတ်ဆို ရေးသား ရမည့်အရာ၌ ခဖြင့် ရွတ်ဆိုရေးသားခြင်းစသည်ဖြင့် ရူပသိဒ္ဓိ ဘာသာဋီကာအတိုင်း သိလေ။

**အက္ခရအရတွင် ပုဒ်ပါဝင်ပုံ။** ။လက် ခြေ နား နှာ စသော အင်္ဂါသည် လူတကိုယ်လုံး၏ အစိတ်အပိုင်းဖြစ်၍ ထိုလက် ခြေ စသော အင်္ဂါတခုခု ချို့ယွင်းလျှင် လူတကိုယ်လုံးလည်း နဂိုရ်အတိုင်းမှ ဖောက်ပြန်တော့သကဲ့သို့, ထို့အတူ အက္ခရာသည် ပုဒ်၏အစိတ်အပိုင်းဖြစ်၍ အစိတ်အပိုင်း အက္ခရာပျက်လျှင် အက္ခရာ အပေါင်းဖြစ်သော ပုဒ်လည်း ပျက်တော့သည်၊ ထို့ကြောင့် "အက္ခရသညာတော-အက္ခရဝိပတ္တိယံ-အက္ခရကောသလ္လံ"တို့၌ အက္ခရအရတွင် ပုဒ်သည်း ပါဝင်သည်ဟု မှတ်။

**အတ္ထသ ဒုန္နယတာ**—"အတ္ထသ—အနက်၏"ဟု ပေးရာ၌ တာပစ္စည်းမှာ စပ်၊ "အနက်၏+အဖြစ်" ဟူလို၊ "အနက်ကို" ဟု ပေးရာ၌ "ဒုန္နယ" တွင်စပ်၊ "အနက်ကို+မသိနိုင်" ဟူလို၊ ဒုန္နယ၌ နယသည် နီဓာတ် ကံဟော (အ) ပစ္စည်းဖြင့် ပြီး၏၊ နီဓာတ်လည်း သိခြင်းအနက်ကို ဟော၏၊ "နိယတေ— သိအပ်၏၊ ဣတိ နယော" ဟု ပြု၊ ဒုကနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ကား နီဓာတ်၏ ဆောင်ခြင်း အနက်ကိုပင် ယူ၍"ဒုန္နယာ ဒုန္နီဟာရာ ဒုက္ကထာ" ဟု ဖွင့်၏၊ ဒု သဒ္ဒါသည် အဘာဝ (သိမှု မရှိခြင်း) အနက်ကို ဟော၏၊ ထို့ကြောင့် "နနိယတေ—မသိအပ်၊ (အမှန်ကို မသိလျှင် အမှားကို သိအပ်၏၊) ဣတိ ဒုန္နယော" တနည်း- ဒုအတွက် ကိစ္ဆ (ခဲယဉ်းစွာ) ဟူသောအနက်ကို ယူ၍ "ကိစ္ဆေန- ခဲယဉ်းသဖြင့်+နိယတေ-သိအပ်၏၊ ဣတိ ဒုန္နယော၊ ဒုန္နယသ—၏၊ ဘာဝေါ—ဖြစ်ကြောင်းတည်း" ဤ ဝိဂ္ဂဟ်အရ "လုံးလုံး မသိခြင်း,သို့မဟုတ် အမှန် မသိပဲ အမှားသိရခြင်း,သို့မဟုတ် ခဲခဲယဉ်းယဉ်း ကြံစည်မှ သိရခြင်းသည် ဒုန္နယတာမည်၏" ဟု မှတ်။

**ထင်ရှားစေအံ့**— "အသေဝနာစ ဗာလာနံ" ဂါထာ၌ "အာသေဝနာစ ဗာလနံ, ပန်ဒိတာနင်းစ သေဝနာ"ဟု ရွတ်ဆိုရေးသားလျှင်"အာ-လ-ပန်-ဒိ-နင်း" ဟူသော အက္ခရာတို့သည် ပျက်ကုန်၏၊ အက္ခရာပျက်လျှင် အာသေဝနာပုဒ် ဗာလနံပုဒ် ပန်ဒိတာနင်းပုဒ်တို့လည်း ပုဒ်ပျက်များပင် ဖြစ်ကြတော့၏၊ ထိုသို့ အက္ခရာပျက်၍ ပုဒ်ပျက်သောကြောင့် အာသေဝနာ၌ "မမှီဝဲ မပေါင်းသင်းရခြင်း" ဟူသော အနက်ကို မသိနိုင်၊ "မှီဝဲ ပေါင်းသင်းရခြင်း" ဟူသော အနက်မှားကိုသာ သိရတော့၏၊ ဗာလနံ၌လည်း "လူမိုက်တို့ကို" ဟူသောအနက်ကို ခဲယဉ်းစွာ ကြံစည်မှ သိရပေလိမ့်မည်။ "ပန်ဒိတာနင်း" ဟူသော ပျက်ပုံမျိုး၌ကား လုံးလုံးပင် အနက်ထင်တော့မည် မဟုတ်။

[ဆောင်] အက္ခရာပျက်, ပုဒ်လည်း ပျက်သော်, အနက် အမှန်, မသိဟန်နှင့်, သိပြန်ကလည်း, အမှားချည်းသာ၊ တနည်းမှာမူ, လွန်စွာ ခဲကပ်, ကြံစည်တတ်မှ, သိနိုင်ရ, အတ္ထဒုန္နယ ခေါ်။

**တသ္မာ အက္ခရကောသလ္လံ၊ပေ၊ သုတ္တန္တေ သု**—"သမ္ဗဝစနာန၊ ပေ၊ သညာယတေ" ဟူသော မူလဝါကျ၏ အကျိုးဖလကို ပြလိုသောကြောင့် "တသ္မာ" စသော ဝါကျကို မိန့်သည်၊ တသ္မာ၌ တ သဒ္ဒါဖြင့် မူလဝါကျကို ပြန်၍ ညွှန်းသည်၊ "ခပ်သိမ်းသော သဒ္ဒါတို့၏ အနက်ကို အက္ခရာတို့ဖြင့်သာ သိအပ်၏" ဟု ဆိုသဖြင့် အက္ခရာပုဒ် အမှား အမှန်ကို ဝေဖန်၍ သိတတ်သော အက္ခရကောသလ္လဉာဏ်သည် ပိဋကတ ၃ ပုံ၌

များစွာ ကျေးဇူး ရှိပေသည်ဟူသော အဓိပ္ပာယ်ကို သိရသည်၊ ထိုသို့ သိရခြင်းကား "သဗ္ဗဝစနာနမတ္ထော အက္ခရေဟေဝ သညာယတေ" ဝါကျ၏ အကျိုးဖလပင်တည်း၊ အက္ခရပဒေသု အမောဟဘာဝါ၌ ပြခဲ့သည့်အတိုင်း သရ ဗျဉ္ဇန ရဿ ဒီဃ စသည်ဖြင့် အက္ခရာတို့ကို ခွဲခြားနားလည်သော ဉာဏ်သည်လည်းကောင်း, လိင်ဓာတ် ဟူသော ပကတိနှင့် ဝိဘတ်ပစ္စည်းကို ခွဲခြား၍သိခြင်း— အကာရန္တပုဒ် စသည်ကို ခွဲခြား၍သိခြင်း စသည်ဖြင့် ပုဒ်တို့ကိုခွဲခြား၍သိသော ဉာဏ်သည်လည်းကောင်း အက္ခရကောသလ္လဉာဏ် မည်၏၊ အချုပ်မှာ— သဒ္ဒါကျမ်းတို့၌ ဆိုသမျှကို စွမ်းနိုင် သလောက် နားလည်သောဉာဏ်ကို "အက္ခရကောသလ္လဉာဏ်" ခေါ်သည်ဟု မှတ်။

[ဆောင်] အက္ခရ-ပဒ, အမောဟ၌ ပြခဲ့သည့် အတိုင်း, မဆိုင်း မတွ, သရဗျဉ္ဇန, ရဿ ဒီဃာ, ဝဂ္ဂါဝဂ္ဂ, နိဂ္ဂဟီတနှင့်, ဃောသ စတည်း, ရေးနည်း ရွတ်ဟန်, အကာရန္တ, အာကာရတည့်, စရှိ ခွဲထုတ်, နာမ်ပုဒ် အာချာတ်, နိပါတ် ဥပသာ, ကောင်းစွာသိမှ, အက္ခရ-ကောသလ္လ ဟု ခေါ်။

**ဆိုလိုရင်း။** ။ "အတ္ထော အက္ခရသညာတော" ဟု မိန့်တော်မူသော အရှင် ကစ္စည်း ဆရာ၏ ဆိုလိုရင်းကား— မည်သည့်သဒ္ဒါ မဆို, ထိုထို သဒ္ဒါတို့၏ အနက် အဓိပ္ပာယ်ကို အက္ခရာပုဒ်တို့ဖြင့် သိရသောကြောင့် ပါဠိတော်အတွက် ပါဠိအက္ခရာ၌ ကျွမ်းကျင် နားလည်သောဉာဏ်သည် ကျေးဇူးများ၏၊ သက္ကတကျမ်းစာအတွက် သက္ကတအက္ခရာ၌ ကျွမ်းကျင်သော ဉာဏ်သည် ကျေးဇူးများ၏၊ မြန်မာကျမ်းစာ အတွက် မြန်မာအက္ခရာ၌ကျွမ်းကျင်သောဉာဏ်သည် ကျေးဇူးများ၏၊ဤနေရာ၌ကား ပါဠိသဒ္ဒါကိုသာ ပြလိုသော ကျမ်းဖြစ်၍ သေယျမည်သော လောကုတ္တရာ ၉ ပါးကို အလိုရှိသော အမျိုးသား အမျိုးသမီးတို့သည် ထို လောကုတ္တရာ တရားကိုပြရာ ပါဠိ အက္ခရာ၌ ကျွမ်းကျင်သောဉာဏ်ကို မိမိသန္တာန်၌ ဖြစ်လာအောင် ယခုပြမည့် ပါဠိသဒ္ဒါကျမ်းကို ကြိုးပမ်းကြပါ- ဟု ဆိုလိုသည်။

**မှတ်ချက်။** ။ကုသလဿ-ကျွမ်းကျင်သူ၏၊ ဘာဝေါ—ဖြစ်ကြောင်းဉာဏ်သည်၊ ကောသလ္လံ—မည်၏၊ အက္ခရေသု—အက္ခရာပုဒ်တို့၌+ကောသလ္လံ- ကျွမ်းကျင် နားလည် သူ၏ ဖြစ်ကြောင်းဉာဏ်သည်၊အက္ခရကောသလ္လံ-မည်၏၊ ဗဟူပကာရံကို " ဗဟု+ဥပ ကာရံ" ဟု ပုဒ်ဖြတ်၊ သုတ္တန္တအရလည်း သုတ္တန်ပါဠိတော်သာမက "အတ္ထေ—အနက် တို့ကို၊သူစေတိ-ပြကတ်၏"ဟူသော ဝိဂ္ဂြိုဟ်အရ ဆိုင်ရာ အနက်အဓိပ္ပာယ်ကို ပြတတ် သော သုတ် ဝိနည်း အဘိဓမ္မာ အားလုံးကိုပင် "သုတ္တန္တ" ဟု ခေါ်သည်၊ "ဥပကာ ရသဒ္ဒါသည် သမ္ပဒါန်ကို ငဲ့၏" ဟု အယူရှိ၍ "သုတ္တန္တေသု သုတ္တန္တာနံ— ပိဋက ၃ ပုံ တို့အား" ဟု ပေးကြ၏၊ နဂိုရ်ကပင် အာဓာရကိုငဲ့၍ "သုတ္တန္တေသု" ဟု ကျမ်းဆရာ ကိုယ်တိုင် ထားခဲ့ပါလျက် "သုတ္တန္တာနံ" ဟု ပြင်၍ အနက်ပေးကြရာ၌ ကျမ်းဆရာ၏ အာဘော်ကျမည်မထင်၊ [အက္ခရေဟေဝ သညာယတေ- စသော ၃ ဝါကျတွင် ၂ နံပါတ် ဝါကျကို ကာရဏဝါကျ, ၁ နံပါတ်ကို ဖလဝါကျ, ၃ နံပါတ်ကို လဒ္ဓဂုဏ ဝါကျ ဟု ကြံ၍ တမျိုးအနက်ပေးကြသေး၏၊ ဝါကျဉာဏ် မရင့်သန်သေးသူတို့မှာ ရှုပ်ထွေးစရာ ဖြစ်သောကြောင့် ထိုအနက်ပေးပုံကို လျစ်လျူရှုရတော့သည်။]

**အက္ခရပါဒယော ကေစတ္တာလီသံ**

၂။ တေ စ ခေါ် အက္ခရာအပိ- ထို အက္ခရာတို့ မည်သည်လည်း၊ သုတ္တန္တေသု- ပိဋကသုံးပုံတို့၌၊ သောပကာရာ (သု+ဥပကာရာ)- လွန်စွာ ကျေးဇူး ပြုတတ်ကုန်သော၊ အကာရာဒယော-အ အက္ခရာ အစရှိကုန်သော၊ ကေစတ္တာလီသံ-၄၁-လုံးတည်း၊ တံ ယထာ-ထိုအက္ခရာတို့ဟူသည် အဘယ်နည်း၊ အ- အလည်းကောင်း၊ (ဤနည်း အတိုင်း ပေး ) ဋ-ဋလည်းကောင်း၊ အံ-အံလည်းကောင်းတည်း၊ ဣတိ-ဤ ၄၁ လုံးတို့သည်၊ အက္ခရာနာမ-အက္ခရာတို့မည်၏၊ တေန-ထို အက္ခရာဟု အမည်မှည့်

---

၂။ **တေစခေါ် အက္ခရာ အပိ**—အဋ္ဌော အက္ခရသညာတော ဝါကျ၌“အက္ခရ” ဟူသော စကားကို သုံးစွဲခဲ့၏၊ထိုအက္ခရာဟူသည် အဘယ်အရာများနည်း ဟု မေးဖွယ် ရှိသောကြောင့် ဤအက္ခရာပါဒယော စသော သုတ်ကိုမိန့်သည်၊ အဋ္ဌော အက္ခရ သညာတောဝါကျ၌ ပြခဲ့သော အက္ခရာဟူသည် ယခုပြမည့် အ အစရှိသော ၄၁ လုံး ပင်ဖြစ်သည်-ဟူလို၊ ဤသုတ်၌“အက္ခရာ+အပိ+အာဒယော+ကေစတ္တာလီသံ” ဟု ၄ ပုဒ်ရှိ၏၊ထိုတွင် အက္ခရာအပိကို“တေစ ခေါ် အက္ခရာ'အပိ”ဟု ထည့်၍ဖွင့်ခြင်းသည် အပိသဒ္ဒါ၏ အပေက္ခာအနက် ထင်ရှားအောင် ဖွင့်ခြင်းတည်း၊ ချဲ့ဦးအံ့၊ အပေက္ခာ ဟူသည် ရှုငဲ့ခြင်းတည်း၊ “အက္ခရာ အာဒယော ကေစတ္တာလီသံ” ဟု အပိသဒ္ဒါ မပါဲဆိုလျှင် တဋ္ဌောဒန္တာ စသော သုတ်တို့ကဲ့သို့ ရှေ့ကို ငဲ့သံ မပါ၊ အပိ သဒ္ဒါနှင့် တကွ ဆိုခြင်းကြောင့်ကား အဋ္ဌော အက္ခရသညာတောဝါကျ၌ ဆိုခဲ့သော အက္ခရာ ကို ပြန်၍ ငဲ့သံပါ၏၊ ထို့ကြောင့် “တေစ—ထို အဋ္ဌော အက္ခရသညာတော၌ ပြအပ် ခဲ့သော အက္ခရာတို့ဟူသည်လည်း” ဟု အပေက္ခအနက် ထင်ရှားအောင် လက်ညှိုး ညွှန်သကဲ့သို့ “တေစ”ဟု ထည့်၍ဖွင့်သည်၊ တေစနှင့် အက္ခရာ အပိသည် အတူပင် ဟူလို။ [တေစ၌ စသဒ္ဒါကို သမ္ပိဏ္ဍန အနက်ရှိ၏-ဟု ဆိုကြသေး၏,စဉ်းစားပါလေ၊ ခေါကား အနက် ထူး မရှိ, စကားချောမောအောင် အပိုထည့်အပ်သော နိပါတ် မျှသာ။]

**အကာရာဒယော သောပကာရာ**— သုတ်၌ပါသော အာဒယောကို “အကာရာ ဒယော” ဟု ဖွင့်၏၊ ထိုသို့ ဖွင့်ပြသဖြင့် “အာဒယော— အစတို့သည်” ဟု အနက် မပေးရဟု လည်းကောင်း, “အ+အာဒယော”ဟု ပုဒ်ဖြတ်၍ “အ အစရှိကုန်သော” ဟု အနက်ပေးရမည်ဟု လည်းကောင်း သိစေသည်၊ အာဒယောပုဒ်၏ ဝိဂ္ဂြိဟ်မှာ ရူပသိဒ္ဓိ၌ ပါလေပြီ၊ သောပကာရာကို ကေစတ္တာလီသံ၌စပ်၊ ဤ ကစ္စည်းကျမ်း၌ပြမည့် အက္ခရာသည် ပိဋက ၃ ပုံတို့၌ ကျေးဇူးများသော ၄၁ လုံးသာတည်း၊ သက္ကတ၌ “ရိ, ရီ, လိ, လီ, အိုက်, အောက်” သရများနှင့် တာလုဇ မုဒ္ဓဇ (သ) ဗျည်းများ ရှိသေး၏၊ ထိုသရ ထိုဗျည်းများကား ပိဋကတော်၌ အသုံးမရှိ၍ ကျေးဇူးမများသော ကြောင့် ဤ ကျမ်း၌ မပြတော့ပြီ- ဟူလို။

**တံယထာ၊ပေ၊ အက္ခရာနာမ**— “တံ ယထာ” သည် ပုစ္ဆာဝါကျ တဝါကျ၊ “အအာ၊ ပေ၊ ဋအံ” သည် ဝိသဇ္ဇနဝါကျ တဝါကျ၊ “ဣတိ အက္ခရာနာမ”ကား ထိုအဖြေကို ပြန်၍ဖုံးသော နိဂုံးဝါကျ တဝါကျတည်း၊ထို ၃ ဝါကျတွင် “တံယထာ” သည် ၄၁ လုံး သရုပ်ကိုမေးသော ပုစ္ဆာဝါစက နိပါတ်တည်း၊ “တံ ယထာတိ—

ခြင်းဖြင့်၊ က္ဝ- အဘယ်သုတ်၌၊ အဋ္ဌော- အကျိုးသည်၊ (အတ္တိ- ရှိသနည်း၊) အဋ္ဌော အက္ခရသညာတော- အဋ္ဌော အက္ခရသညာတော သုတ်၌ အက္ခရာဟု ခေါ်ရခြင်း အကျိုးရှိ၏။

---

ဥဒါဟရဏ နိဒဿနေ နိပါတော''ဟူသော ရူပသိဒ္ဓိ(ယောဓာရော တမောကာသံ သုတ်၏) ဋီကာအဖွင့်၌ ''နိပါတော''ဟု ကေဝုစ်ထားပုံကို ထောက်၍ တံယထာသည် နိပါတ်ပုဒ် တပုဒ်တည်းသာတည်း- ဟု သိ၊ သို့ဖြစ်၍ ''တံယထာ'' ကို ''တေ+ကတမေ'' ဟု ၂ပုဒ် ခွဲ၍ ဖွင့်ရာ၌ အဓိပ္ပာယ်ဖွင့်သာ မှတ်၊ တနည်း—တံနိပါတ် ယထာ နိပါတ်ဟု ခွဲ၊တံကို ''တေ'' ဟု လည်းကောင်း, ယထာကို''ကတမေ'' ဟု လည်းကောင်း ဖွင့်သည်ဟုသော်လည်း ကြံ။

**အ အာ၊ ပေ၊ ဋ္ဌ အံ ဣတိ အက္ခရာနာမ။** ။တံယထာဖြင့် ၄၁ လုံး သရုပ်သကောင်ကို မေးသောကြောင့် ''အ-အလည်းကောင်း'' စသည်ဖြင့် သရုပ်သကောင်ပေါ်အောင် တလုံးစီခွဲ၍ပေးမှ အာဘော်ကျမည်၊ (အ) နောင် သိသက် ချေ၊ ဤသို့လျှင် (အ) သည် တပုဒ်, (အာ) သည် တပုဒ် စသည်ဖြင့် ၄၁ ပုဒ်ဟု မှတ်။ [ရှေးဆရာတို့ကား ''အ အာ ၊ပေ၊ ဋ္ဌ အံ ဟူသည်တည်း''ဟု တပုဒ်တည်းကြံ၍ ပေးကြ၏၊ ထိုရှေးနည်းလည်း ''သိယော အံ ယော နာ ဟိ သ နံ၊ ပေ၊ သ္မိံ သု'' ဟူသော ဝိဘတ် ၁၄ လုံး သရုပ်ပြဝါကျကို သမာဟာရဒွန်သမာသ် တပုဒ်တည်း ဟု ဖွင့်သော ချာသနှင့် ညီပါပေသည်။] ဣတိလည်း နိပါတ်ပုဒ်ဖြစ်၍ ''ဣတိ-ဤ ၄၁ လုံးတို့သည်'' ဟု ပေးနိုင်သည်၊ နာမသဒ္ဒါလည်း ပဌမာသိ ဆုံးသော နိပါတ်ပင်၊ ထို့ကြောင့် ''အက္ခရာ+နာမ— အက္ခရာတို့+မည်၏'' ဟု ပေးသည်၊ က ခ စသည်၌ အသရ ပါ၏၊ ထို အသရကို ရှတ်၍ဖြစ်ရုံ ထည့်ထားအပ်သည်၊ အက္ခရာကား သရမဘက် ''က်-ခ်'' စသော ဗျဉ်းသက်သက်သာတည်း၊ [ဇေ လဒ္ဓသညော အကာရာ-ဒယော သရူပတော အာဟ အ အာ ဣစ္စာဒိ၊ ကကာရာဒိသု အကာရော ဥစ္စာ-ရဏတ္ထော'' မောဂ္ဂလ္လာန် ပဉ္စိကာ။]

**တေန က္ဝတ္ထော ၊ပေ၊ သညာတော—** က္ဝတ္ထောကို ''ကိသ္မိံ သုတ္တေ ပယောဇနံ'' ဟု မောဂ္ဂလ္လာန်ပဉ္စိကာ ဖွင့်သောကြောင့် ''က္ဝ+အတ္ထော'' ဟု ပုဒ်ဖြတ်၍ အနက် ပေးလိုက်သည်၊ တချို့ကျမ်း၌ ''ကိံပယောဇနံ'' ဟု ဖွင့်ပုံကိုထောက်လျှင် ''ကော+အတ္ထော'' ဟု ပုဒ်ဖြတ်၍ ''အဘယ်အကျိုးသည် (အတ္ထိ-နည်း)''ဟု ပေးရလိမ့်မည်၊ ဤ ''တေနက္ဝတ္ထော'' ကား အက္ခရာအမည်ကို အဘယ်သုတ်မှာ သုံးစွဲသနည်း'' ဟု အက္ခရာအမည် မှည့်ရခြင်း အကျိုးကို မေးသောပုစ္ဆာဝါကျတည်း၊ ''အတ္ထော အက္ခရသညာတော'' ကား ဝိသဇ္ဇနဝါကျတည်း၊ ဤသုတ်က အက္ခရာ ဟု အမည်မှည့်သဖြင့် အတ္ထော အက္ခရ သညာတောသုတ်၌ အက္ခရာ ဟု ခေါ်ဝေါ်သုံးစွဲရခြင်း အကျိုးရှိသည် ဟူလို။ [အက္ခရသဒ္ဒါ၏ ဝစနတ္ထနှင့် အအာ စသည်တို့၏ ရှေ့နောက်စဉ်ပုံကို ရူပသိဒ္ဓိမှာ ရှု။]

**မှတ်ချက်။** ။ ''တေန က္ဝတ္ထော အတ္ထော အက္ခရသညာတော''ဟု အက္ခရာအမည် မှည့်ရကျိုးကိုပြသော ဤစကား အလိုအားဖြင့် ဤ အက္ခရာပါဒယောသုတ်ကို ''အက္ခရာ'' ဟု နာမည်မှည့်သော သညာသုတ် ဟု ဆိုလို၏၊သို့သော် ကလာပ်ကျမ်း၌

**တတ္တောဒန္တာ သရာ အဋ္ဌ**

၃။ အကာရာဒိသု- အ အက္ခရာ အစရှိကုန်သော၊ တတ္ထ အက္ခရေသု- ထို အက္ခရာတို့တွင်၊ ဩဒန္တာ အဋ္ဌ အက္ခရာ-တို့သည်၊ သရာနာမ- သရတို့မည်သည်၊ ဟောန္တိ- ကုန်၏၊ တံ ယထာ- ထိုသရတို့ဟူသည် အဘယ်နည်း၊ အ- အ လည်းကောင်း၊ပေ၊ ဩ- ဩ လည်းကောင်းတည်း၊ ဣတိ- ဤရှစ်လုံးသော အက္ခရာတို့သည်၊ သရာနာမ- သရတို့မည်၏၊ တေန- ထို သရဟူသော အမည်မှည့်ခြင်းဖြင့်၊ ကွ-၌၊ အတ္တော- သည်၊(အတ္ထ၊နည်း။) သရာ သရေ လောပံ- သရာ သရေ လောပံ စသောသုတ်၌ သရဟု ခေါ်ဝေါ်ရခြင်း အကျိုးရှိ၏။ (၃)

---

အက္ခရာနာမည် ဝဏ္ဏနာမည်မှည့်သောသုတ် မပါ၊ အ အာစသည်တို့၏ အက္ခရဝဏ္ဏဟူသော နာမည်သည် တမင်လာ မှည့်ရသော နာမည်မဟုတ်၊ လူကလေး မွေးလာရာ၌ "လူ"ဟု နာမည်မမှည့်ပဲ လူဖြစ်ကြောင်း ထင်ရှားသကဲ့သို့ ထို့အတူ အ အာ စသည်တို့၏ ဝဏ္ဏဖြစ်ကြောင်း အက္ခရာ ဖြင်ကြောင်းမှာလည်း နဂိုရ်အတိုင်းပင် ထင်ရှားပြီးဖြစ်သည်၊ အက္ခရာပါဒယော၏ စာသွားနှင့် (နာမသဒ္ဒါ မထည့်ပဲ ဖွင့်ပြသော)ဝုတ္တိ၌လည်း နာမည်မှည့်ပုံ မထင်ရှား၊ ထို့ကြောင့် နျာသစသော နောက်ဆရာတို့က သညာသုတ်ဟု ဆိုကြသော်လည်း အရှင်ကစ္စည်းအလို "သညာသုတ်" မဟုတ်တန်ရာ၊ အက္ခရာသရုပ်ကို ပြသော သုတ်သာ ဖြစ်မည် ထင်သည်၊ သို့ဖြစ်လျှင် "တေနက္ကွတ္တော" စသော စကားလည်း နောက်ဆရာတို့ ထည့်ထားအပ်သော စကားများသာ ဖြစ်တန်ရာသည်ဟု ကြံမိပေသည်။

၃။ **သုတ်လက္ခဏာ ၆ ပါး။** ။"အက္ခရာပါဒယော" စသော ဝါကျကို "အတ္တေ+သူစေတီတိ သုတ္တံ"အရ ဆိုင်ရာအနက်ဘို့ကို ပြတတ်သောကြောင့် သုတ်ဟုခေါ်၏၊ ထိုသုတ်၏ အမှတ်လက္ခဏာ (ဂုဏ်အင်္ဂါ) ကား ၆ ပါးရှိသည်။

(က) **အပ္ပ အက္ခရ-အက္ခရာနည်းပါးခြင်း။** ။["သုတ်" ဟူသည် နှုတ်တက်အရ ကျက်ရမည့် ဝါကျတိုကလေး ဖြစ်၏၊ထို့ကြောင့် ကျက်ရာ၌ လွယ်ကူစေခြင်းငှာ အက္ခရာ နည်းနိုင်သမျှ နည်းအောင် သုတ်ကို တည်ထားရသည်၊ ထိုသို့ အက္ခရာနည်းပါးစေလိုသောကြောင့်ပင် သရ-ရသဿ စသော နာမည်ကို တင်ကြို၍ မှည့်ထားရသည်၊ မှန်၏-ထိုသို့ နာမည် မမှည့်လျှင်"သရာ သရေ လောပံ"ဟု သုတ်တည်၍ မဖြစ် "အာဒယော အဋ္ဌ အက္ခရာ အကာရာဒိသု အဋ္ဌသု လောပံ"ဟု ရှည်လျားစွာ တည်ရ လိမ့်မည်။]

(ခ) **အသန္ဒိဒ္ဓ (အသန္ဒေဟ)-ယုံမှားဖွယ်မရှိရခြင်း။** ။[အက္ခရာ နည်းပါးသော်လည်း အနက်အဓိပ္ပာယ်ယူဆရာ၌ ယုံမှားဖွယ် မရှိစေရ၊ ထို"သရာ သရေ လောပံ" သုတ်သည်ပင် အက္ခရာနည်းသော်လည်း "သရ ရှစ်လုံးတွင် ဘယ်အလုံးမဆို-နောင်းလျှင် ရှေ့သရကို ချေ" ဟူသော အနက်

အမိပ္ပာယ်ကား ယုံမှားဖွယ်မရှိ, သိသာ ထင်ရှားလေသည်၊ ထို့အတူ "သိံ-သော-သျာစ" စသော သုတ်တို့၌ အက္ခရာ အလွန်နည်းသော်လည်း ယုံမှားဖွယ်မရှိကြချေ၊ ထို့ပြင်—သမ္ဘောစိတိ သုတ်၌ "(တ) ဗျည်းကိုသာ စ ပြုသည်"ဟု ယုံမှားမည်စိုး၍ "တိ တခုလုံးကို စ ပြု"ဟု သိသာရန်"သမ္ဘော"ဟု ထည့်ခြင်း, သိလာဃ သုတ်လာ "ပစ္စာသုဏ"၌ သုဝေတ်၏ ဂတိအနက်စသည်၌ ယုံမှားဖွယ် ရှိသောကြောင့် "သုဏ"ဟု ကြားနာခြင်း အနက်ဟောသော သွာဒိဂိုဏ်း ထင်ရှားအောင် ဏအက္ခရာ ထည့်ခြင်း စသည်များလည်း သန္ဒိဒ္ဓမဖြစ်အောင် ထည့်ခြင်းပင်တည်း။]

(ဂ) **သာရဝ္ဂ—(သာရ+အဝ္ဂ)—အနှစ်သာရ ရှိခြင်း။** ။[အနက် အမိပ္ပာယ် မရသော အပို အကာ အက္ခရာတွေ ပေါစေပဲ သုတ်တိုင်းမှာ အနှစ်ချည့် ဖြစ်စေရခြင်း။]

(ဃ) **သဗ္ဗတောမုခ**—ထက်ဝန်းကျင် အစီအရင်သို့ လှည့်နေသော အပေါက်ဝလည်း ရှိစေရခြင်း။ ။[သရာ သရေ လောပံ သုတ်သည်ပင် (အ) နှောင်းရာစသည်၌ (အ) ကို (အာ) ကို ချေခြင်းစသည်ဖြင့်လည်းကောင်း, ဒိဃ-ရဿ-ပြုသောသုတ်တို့၌ ရဿအမျိုးမျိုးကို ဒိဃပြုနိုင်ခြင်းစသည်ဖြင့်လည်းကောင်း ထိုထို အစီအရင်သို့ လမ်းပေါက်လှည့်နေပုံကို သိပါ။]

(င) **အဂေ္ဘာဘ**—စောဒက လှုပ်ချောက်ခြား၍ မရနိုင်ခြင်း။ ။ ["ဤသုတ်၌ ဤပုဒ်ကို အဘယ့်ကြောင့် ထည့်ရသနည်း, ဤပုဒ်ကို ပယ်ထိုက်သည် မဟုတ်ပါလော" စသည်ဖြင့် လှုပ်ချောက်ခြား၍ မရ, အားလုံးပုဒ်တွေ ဆိုင်ရာ အနက် အမိပ္ပာယ်ကို ပြသောကြောင့် နုတ်ပယ်၍ မဖြစ်အောင် (စ-ဗိ-ဝါ တို့သော်မှ သူ့ဆိုင်ရာအနက်ကို ပြနိုင်လောက်အောင်) သုတ်တည်ရသည်၊ "ဝါတိကိမတ္တံ" စသည်ဖြင့် ကိံ ထုတ်ရခြင်းများလည်း စောဒကတို့ လှုပ်ရှားမည့်အချက်ကို ပယ်ဖျက်လို၍ ထုတ်ခြင်းဖြစ်သည်၊ မုခ္ခမောဓဋီကာ သစ်၌ "အဂေ္ဘာဘံ—အနက်မရသောပုဒ် မပါရခြင်း" ဟု ရှိ၏။]

(စ) **အနုဝဇ္ဇ**—အပြစ်မရှိခြင်း။ ။[အလိုမရှိအပ်သော အနက် အမိပ္ပာယ်များ မပါစေရခြင်း၊] ဤသို့ သုတ်လက္ခဏာ ၆ ပါး ရှိသည် ဟု ရှေးဆရာတို့ ဖွင့်ကြသည်။

အပ္ပက္ခရ မသန္ဒိဒ္ဓံ, သာရဝ္ဂံ သဗ္ဗတော မုခံ၊
အဂေ္ဘာဘ-မနဝဇ္ဇဉ္စ, ဝိဒူ သုတ္တန္တိ တမ္ဗိဒူ။

[အပ္ပက္ခရံ—နည်းသောအက္ခရာ ရှိသော၊ အသန္ဒိဒ္ဓံ—ယုံမှားဖွယ်လည်း မရှိသော၊ သာရဝ္ဂံ—ကောင်းမြတ်သော အနက်ရှိသော၊ သဗ္ဗတောမုခံ—အလုံးစုံ ထက်ဝန်းကျင်၌ လှည့်သော အဝရှိသော၊ အဂေ္ဘာဘံ-သူတပါးတို့ မချောက်ခြားအပ်သော၊ အနဝဇ္ဇဉ္စ-အပြစ်လည်းမရှိသော ဝါကျကို၊ သုတ္တန္တိ-သုတ်ဟူ၍၊ တမ္ဗိဒူ-ထိုသုတ်ကို သိသော ပညာရှိတို့သည်၊ ဝိဒူ-ဆိုကုန်၏။]

**သုတ် ၆ မျိုး။** ။ပြခဲ့သောဂုဏ်နှင့် ပြည့်စုံသော သုတ်သည် သညာ–ပရိဘာသာ-ဝိဓိ-နိယမ-အတိဒေသ–အဓိကာရ ဟု ၆ မျိုး ရှိ၏၊ ထိုတွင် "သမ္မာ ဉာယတိ ဧတာယာတိ သညာ" ဟူသည်နှင့်အညီ ကောင်းစွာ သိကြောင်းဖြစ်သော အမှတ်သင်္ကေတသည် (ဝါ–နာမည်သည်) သညာ မည်၏၊ မှန်၏–နာမည် ဟူသည် (လူတယောက်ကို ခေါ်ဝေါ်ဖို့ရာ မောင်ဖြူ, မောင်မဲစသည်ဖြင့် မှတ်သားထားရသကဲ့သို့) တစုံတခုသော ဒြပ်ကို ခေါ်ဝေါ်ဖို့ရာ သင်္ကေတ (အမှတ်အသား) ထားရသည်၊ ထိုသညာကို ပြသောကြောင့် တတ္ထော ဒန္တာ စသောသုတ်သည် သညာသုတ် မည်၏။ [ပရိဘာသာစသည်တို့၏ သဘောကို ဆိုင်ရာသုတ်ကျမှ ပြအံ့။]

သညာ စ ပရိဘာသာစ, ဝိဓိ နိယမောပိ စ၊
အတိဒေသာ-ဓိကာရောတိ, ဆဗ္ဗိဓံ သုတ္တလက္ခဏံ။

**သညာ ပြရကျိုး။** ။ထိုသို သဒ္ဒါကျမ်းတို့၌ သညာခန်းကို ရှေးဦးစွာ ပြလေ့ရှိ၏၊ ထိုသညာကိုပြရခြင်း နာမည် မှည့်ရခြင်းသည် စာသား နည်းသွားသဖြင့် ကျမ်းဂန်ကို ပေါ့ပါးစေခြင်း အကျိုးရှိ၏၊ မှန်၏–(အ) စသည်ကို "သရ ဟု နာမည် မမှည့်လျှင် "သရာ သရေ လောပံ"ဟု သုတ်တည်၍ မဖြစ် "အာဒယော အဋ္ဌ အက္ခရာ အကာရာ ဒီသု အဋ္ဌသု လောပံ" စသည်ဖြင့် တည်ရလိမ့်မည်၊ ထိုသို့ တည်ရသဖြင့် ကျမ်းဂန်ကြီးလေး ကျယ်ဝန်းဖွယ် ရှိ၏၊ ထိုသို့ ဂန္ထဂရု (ကျမ်း၏ ကြီးလေးမှု) မဖြစ်ပဲ ဂန္ထလ ဟု (ကျမ်း၏ ပေါ့ပါးမှု) ဖြစ်စေခြင်းငှာ သညာသုတ်များကို ပြထားလေ့ ရှိကြသည်၊ "သဒ္ဒသတ္ထဿ - သဒ္ဒါကျမ်း၏၊ လာဃဝေန - ပေါ့ပါးသည်၏ အဖြစ်ဖြင့်၊ ပဝတ္တနတ္ထံ -ဖြစ်ခြင်းအကျိုးငှာ၊ သညာဝိဓာနံ–နာမည် စီရင်မှုကို၊အာရဒ္ဓံ- အားထုတ်အပ်၏"-မောဂ္ဂလ္လာန် ပဉ္စိကာ၊ ရူပသိဒ္ဓိ၌ကား "အခေါ်အဝေါ် အသုံးအစွဲကို နားလည်စေဖို့ရာ သညာဝိဓာနခန်းကို အားထုတ်ရသည်" ဟု ဆို၏။

**ဝုတ္တိ ၃ မျိုး။** ။ဝုတ္တိသဒ္ဒါသည် ဖြစ်ခြင်းအနက်- အသက်မွေးခြင်းအနက်- ဖွင့်ခြင်းအနက် စသည်ဖြင့် အနက်များစွာကို ဟောနိုင်၏၊ဤနေရာ၌ ဖွင့်ခြင်း အနက်ဟောတည်း၊ ဝတုဝတ္တေ တိပစ္စည်းဖြင့် ပြီးသောကြောင့်"သုတ္တတ္ထံ-သုတ်အနက်ကို၊ ဝတ္တတိ–ဖွင့်တတ်၏၊ ဣတိ ဝုတ္တိ" ဟု ဝိဂြိုဟ်ပြု၊ ထိုဝုတ္တိသည် သုတ္တဝုတ္တိ ပကြိပနဝုတ္တိ အနုဝတ္တနဝုတ္တိဟု ၃ မျိုးရှိ၏၊ ထိုတွင် သုတ်၌ပါသောပုဒ်ကို ဖွင့်သောဝုတ္တိသည် သုတ္တဝုတ္တိမည်၏၊ ရှေ့သုတ် နောက်သုတ်တို့မှ လိုက်လာသောဝုတ္တိသည် အနုဝတ္တန ဝုတ္တိ မည်၏၊ ရသင့်၍ ထည့်ရသော ဝုတ္တိသည် ပက္ခိပနဝုတ္တိ မည်၏၊ ဤဝုတ္တိ၌ "တတ္ထ, ဩဒန္တာ, အဋ္ဌ, သရာနာမ" တို့သည် သုတ်ပုဒ်အတိုင်း ဖွင့်ပြသော သုတ္တဝုတ္တိတည်း၊ " အက္ခရေသု, အကာရာဒီသု, အက္ခရာ" တို့ကား ရှေ့သုတ်၌လာသော "အက္ခရာ အာဒယော" တို့ကို ဝိဘတ်ပြင်၍ လိုက်စေသော အနုဝတ္တနဝုတ္တိတည်း၊ "ဟောန္တိ" ကား ရသင့်၍ ထည့်ရသော ပက္ခိပန ဝုတ္တိတည်း၊ ဤသို့လျှင် ဝုတ္တိ ၃ မျိုး ရှိသည်ဟု-ပြောစမှတ် ပြုကြသည်။

[**ဆောင်**] သုတ်–ပက်-အနု, ဝုစ် ၃ ခု, ကြည့်ရှု တွေ့တိုင်းသုတ်။

**လဟုမတ္တာ တယောရဿာ**

၄။ အဌသု- ရှစ်လုံးကုန်သော၊ တတ္ထ သရေသု- ထိုသရတို့တွင်၊ လဟုမတ္တာ- လျင်မြန်သော ရွတ်ရာကာလ ရှိကုန်သော၊ တယော သရာ ရဿာ နာမ ဟောန္တိ၊ တံ တယာ- ထို ရဿတို့ ဟူသည် အဘယ်နည်း၊ အ- လည်းကောင်း၊ ဣ- လည်းကောင်း၊ ဥ- လည်းကောင်းတည်း၊ ဣတိ- ဤ ၃ လုံးသော သရတို့သည်၊ ရဿာနာမ- တို့ မည်၏၊ တေန-ထိုရဿဟု အမည်မှည့်ခြင်းဖြင့်၊ ကွ, အတ္တော (အတ္ထိ)၊ ရဿံ- ရဿံ စသော သုတ်တို့၌ ရဿဟု ခေါ်ဝေါ်ရခြင်း အကျိုးရှိ၏။ (၄)

---

၄။ လဟုမတ္တာ—လဟု သဒ္ဒါသည်"အလျင်အမြန်"ဟူသောအနက်ကို ဟော၏၊ ဇုတ္တိလိင် "မတ္တာ" သဒ္ဒါကား ဤနေရာ၌ ရွတ်ရာကာလအနက်ကို ဟော၏၊ ထို့ကြောင့် "လျင်မြန်သော ရွတ်ရာကာလ ရှိကုန်သော" ဟု အနက်မှန် ပေးပါ၊ ထို မတ္တာကို (သက္ကတသံလိုက်၍) "မာတြာ" ဟု ခေါ်ကြ၏၊ ထို မာတြာသည် "၁ မာတြာဖြစ်လျှင် လက်ဖြောက်တချက်တီးခန့် ကာလ—သို့မဟုတ် တကြိမ် လျှပ်ပစ်ခန့်-သို့မဟုတ် မျက်စိ တမှိတ်ခန့် ကာလနှင့် ညီမျှ၏"ဟု မှန်းဆကြသည်။

သက္ကတကျမ်းတို့၌ကား—ထိုင်၍ နေသူသည် ဆိုင်းတီးရာ၌ စီးလိုက်သကဲ့သို့ လက်ဖြင့် ဒူးကို ပုတ်ကာပုတ်ကာ (အ) ဆိုလျှင် တချက်ပုတ်, ဣ ဆိုလျှင် တချက်ပုတ်, ဥ ဆိုလျှင် တချက်ပုတ်၍ ရွတ်ဆိုရာ၌ လက်၏ ဒူးပေါ်သို့ရောက်ရာ အချိန်အခါနှင့် အ-ဟု ရွတ်ဆိုရာ အချိန်အခါသည် ညီမျှ၏၊ ထိုမျှလောက် တိုသောကာလကို "မတြာ"ခေါ်သည်ဟု ဆိုသည်။

ကာလေန ယာဝတာ ပါဏိ, ပယ်ျေတိ ဇာဏုမဏ္ဍလံ၊
သ မတ္တာ ကဝိဘိ ဉေယျာ, တျုတ္တဥ္စာ-မရဝေဒိဘိ။

ယာဝတာ ကာလေန—အကြင်မျှလောက် ကာလဖြင့်၊ ပါဏိ-လက်သည်၊ ဇာဏုမဏ္ဍလံ-ပုဆစ်ဒူးဝန်းပေါ်သို့၊ ပယ်ျေတိ (ပရိ+ဧတိ)-တဖန် ရောက်၏၊ သ-ထိုမျှလောက် ကာလကို၊ မတ္တာ-မာတြာဟူ၍၊ ကဝိဘိ-ပညာရှိတို့သည်၊ ဉေယျာ-သိအပ်၏၊ ဣတိ-ဤသို့၊ အမရဝေဒိဘိစ-အမရ ပညာရှိတို့သည်လည်း၊ ဥတ္တံ-ဆိုအပ်ပြီ။ [ဇာဏုမဏ္ဍလေ ဟုလည်း ပါဌ်ရှိသေး၏၊ "ပယ်ျေတိ-မှောက်ရာက လှန်, လှန်ရာက မှောက်၏"ဟုလည်း အနက်ပေးကြသေး၏၊] လဟုမတ္တာပုဒ်၏ ဝိဂြိုဟ်နှင့် လဟုသဒ္ဒါ ဆိုရကျိုးကို ရူပသိဒ္ဓိ၌ ပါရှိလေသည်၊ ဤ၌ကား ရဿသရတို့ကို ရွတ်ဆိုရာကာလသည် လက်ဖြောက်တချက်တီးခန့်, သို့မဟုတ် မျက်စိတမှိတ်ခန့်ကြာ၏ ဟု အချုပ်မှတ်ခဲ့ပါ။

**တယောရဿာ။** ။သက္ကတ၌ "ရိ,လိ"ဟု ရဿ အပိုရှိသေး၏၊ ထိုရဿများသည် ပါဠိ၌ ကျေးဇူးမများ (အသုံး မရှိ)၊ ပါဠိသုံး ရဿကား ၃ လုံးသာ ရှိ၏ဟု သိစေလို၍"တယော"ဟု ဂဏန်းပိုင်းခြားထားသည်၊ တယောဟူသော သချာဖြင့် ရိ-လိ ရဿတို့ကို တားမြစ်သည်ဟု ဆိုလိုသည်၊ မောဂ္ဂလ္လာန်၌ကား "ဧတ်,ဩတ်" ရဿကိုလည်း ပြသေး၏၊ ထိုအဆိုကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထားသည်။

**အညေ ဒီဃာ** ၅။ အဋ္ဌသု တတ္ထ သရေသု- တို့တွင်၊ ရဿေဟိ- တို့မှ၊ အညေ- တခြားကုန်သော၊ ပဉ္စသရာ ဒီဃာနာမ ဟောန္တိ၊ တံ ယထာ - ထို ဒီဃတို့ဟူသည် အဘယ်နည်း၊ အာ - အာလည်းကောင်း၊ ပေ၊ ဩ-ဩလည်းကောင်းတည်း၊ ဣတိ-ဤ ငါးလုံးသော သရတို့သည်၊ ဒီဃာနာမ- ဒီဃတို့ မည်၏၊ တေန- ထိုဒီဃဟု အမည်မှည့်ခြင်းဖြင့်၊ ကွ အတ္ထော-(အတ္ထ)၊ ဒီဃံ- ဒီဃံစသောသုတ်တို့၌ ဒီဃဟု ခေါ်ဝေါ်ရခြင်း အကျိုးရှိ၏။ (၅)

---

**သညာသညီဝိသေသန**။ ။သညာသုတ်ဟူသမျှ၌ သညာပုဒ် သညီပုဒ် ဝိသေသနပုဒ်ဟု ၃ မျိုးကို ရသင့်သမျှ ခွဲပြလေ့ရှိကြ၏၊ ထိုတွင် သညာ ဟူသည် နာမည်တည်း၊ သညီ ဟူသည် ထိုနာမည်ရှိသော ဒြပ်တည်း၊ [သညာ ယဿ အတ္ထိတိ သညီ၊] ထို သညာ သညီတို့ကို အထူးပြုသော ပုဒ်သည် ဝိသေသနတည်း၊ သညာကို အထူးပြုလျှင် သညာ၏ ဝိသေသန, သညီကို အထူးပြုလျှင် သညီ၏ ဝိသေသန၊ ဤသုတ်၌ ရဿာသည် သညာ, တယောသည် (တယောအရ သရ ၃ လုံးသည်) သညီ၊ လဟုမတ္တာသည် သညီ၏ ဝိသေသန၊ ရွှေသုတ်၌ သရာသည် သညာ၊ အဋ္ဌသည် သညီ၊ ဩဒန္တာသည် သညီ၏ ဝိသေသန၊ (တတ္ထလည်း) ထို ၄ လုံးတို့တွင် ရှစ်လုံးဟု သညီကိုပင် အထူးပြုရာ ရောက်သောကြောင့် သညီ၏ ဝိသေသန၌ သွင်းရသည်။

[ဆောင်] သညာ သညီ, တလီ ဝိသေသန, ဤသုံးဝ, ခွဲထ သညာသုတ်။

၅။ **တတ္ထ၊ ပေ၊ ဟောန္တိ**—တတြော ဒန္တာသုတ်မှ တတ္ထပုဒ်သည်လည်းကောင်း, ဝိဘတ် ပြောင်း၍ အဋ္ဌ-သရာပုဒ်တို့ သည်လည်းကောင်း လိုက်လာ သောကြောင့် "တတ္ထ+အဋ္ဌသု သရေသု-သရာ" ပုဒ်တို့သည် အနုဝတ္တနဝုတ္တိ၊ အညေပုဒ်သည် အပါဒါန်ကို ငဲ့သောပုဒ် ဖြစ်ရကား "ဘာမှ+တပါး တခြားနည်း" ဟု မေးဖွယ်ရှိ၏၊ ထို့ကြောင့် ရှေ့သုတ်မှ ရဿာသည် ဝိဘတ်ပြောင်း၍ အပါဒါန်အဖြစ်ဖြင့် လိုက်လာသောကြောင့် ရဿေဟိလည်း အနုဝတ္တနဝုတ္တိပင်၊ အညေ+ဒီဃာနာမတို့ကား သုတ်၌ ပါသော ပုဒ်တို့ကို ဖွင့်သောကြောင့် သုတ္တဝုတ္တိ၊ ပဉ္စ+ဟောန္တိ တို့သည် ပက္ခိပနဝုတ္တိ။

**ဒီဃာ**။ ။ဒီဃတို့ကို ရွတ်ဆိုရာကာလသည် ရဿထက် ၂ ဆကြာသောကြောင့် ၂ မာတြာကာလ ရှိ၏ ဟု သဒ္ဒါကျမ်းတို့၌ ဆို၏၊ ဒီဃ အမည်ရခြင်း၏ အကြောင်းကိုလည်းကောင်း အညေသဒ္ဒါ ဆိုခြင်း၏ အကျိုးကိုလည်းကောင်း ရူပသိဒ္ဓိ၌ ပြထား၏၊ သဒ္ဒနီတိ၌ကား—"အက္ခရာနံပိ သဏ္ဌာနဘာဝတော သဏ္ဌာနဝသေန ဒီဃ ရဿတာ နုပလဗ္ဘတိ၊ ဥစ္စာရဏကာလဝသေန ပန လဗ္ဘတိ=အက္ခရာတို့၏ (အတို, အရှည်) ပုံသဏ္ဌာန် မရှိသောကြောင့် ပုံသဏ္ဌာန်နှင့် စပ်၍ ဒီဃရဿ နာမည်ကို ရအပ်သည် မဟုတ်, ရွတ်ရာကာလနှင့် စပ်၍သာ ရအပ်သည်" ဟု ဆို၏၊ အက္ခရာ ဟူသည် နှုတ်ဖြင့် ရွတ်ဆိုအပ်သောအသံနှင့် ထိုအသံ၏ (က-ခ စသော) နာမည် ပညတ်တည်း၊ ထိုအသံ ထိုပညတ်၌ ပုံသဏ္ဌာန် မရကောင်းသည်ကား မှန်ပါပေ၏၊ သို့သော် ထိုရွတ်သံကို အတုလိုက်၍ ရေးသားအပ်သော စာလုံးအက္ခရာတို့ကား (လူအစစ်၏ လူရုပ်ကဲ့သို့) အက္ခရာအစစ်၏ အရုပ်များတည်း၊ လူရုပ်ရေးရာ၌

၁၉၃၈၀

**သေသာ ဗျဉ္ဇနာ** ၆။ အဌ- ရှစ်လုံးကုန်သော၊ သရေ- တို့ကို၊ ထပေတွာ- ထား၍၊ သေသာ- ကြွင်းကုန်သော၊ ကကာရာဒယော- က အက္ခရာ အစရှိကုန်သော၊ နိဂ္ဂဟီတန္တာ-နိဂ္ဂဟိတ်အဆုံးရှိကုန်သော၊ အက္ခရာ- အက္ခရာတို့သည်၊ ဗျဉ္ဇနာနာမ- ဗျည်းတို့မည်သည်၊ ဟောန္တိ- တံ ယထာ-ထိုဗျည်း

---

လူအစစ်နှင့် တူနိုင်သမျှ တူအောင် ရေးရသကဲ့သို့, အက္ခရာအရုပ် ရေးရာ၌လည်း အက္ခရာအစစ်နှင့် တူနိုင်သမျှတူအောင် ရေးဖို့ တာဝန်ရှိ၏၊ ထို့ကြောင့် ရဿရုပ် ရေးရာ၌ "အ-ဣ-ဥ"ဟု တိုတိုသေးသေးရေး၍ ဒီဃရုပ်ရေးရာ၌ "အာ-ဤ"စသည် ဖြင့် ရှည်ရှည်ကြီးကြီးရေးကြရသဖြင့် စာလုံးအရုပ်မှာ အရှည် အတို ပုံသဏ္ဌာန် ရှိရ ပြန်သည်။

**ပရိဝါအဌကထာ။** ။(ကမ္မဝဂ္ဂ)အဌကထာ၌ သိထိလ ဓနိတ စသည်ကို ခွဲပြ ရာဝယ် ရှည်သော ကာလဖြင့် ရွတ်ဆိုထိုက်သော "အာ ဤ" စသည်ကို ဒီဃ, ထိုဒီဃကို ရွတ်ရာကာလ၏ ထက်ဝက်သောကာလဖြင့် ရွတ်ဆိုထိုက်သော "အ ဣ" စသည်ကို "ရဿ"ဟု ဆို၏၊ ဒီဃကိုပင် ဂရုဟုလည်းကောင်း, ရဿကိုပင် လဟု ဟု လည်းကောင်း မိန့်၏၊ဒီဃန္တိ-ဒီဃေန ကာလေန ဝတ္တဗ္ဗံ အာကာရာဒိ၊ ရဿန္တိ- တတော ဥပဍ္ဎေန ကာလေန ဝတ္တဗ္ဗံ အာကာရာဒိ၊ ဂရုကန္တိ-ဒီဃမေဝ၊ ပေ၊ လဟုကန္တိ-ရဿမေဝ။ ["ဗုဒ္ဓရက္ခိတဏ္ဍေရော-နက္ခမတိ"ဟု သံယုဂ်နှောင်းရာ၌ ဂရုကား "ဒုမှိ ဂရု"သုတ်အရာတည်း။]

**မှတ်ချက်။** ။ဤ အဌကထာ၌ (မာတြာ မည်မျှ ကြာအောင် ရွတ်ရမည်-ဟု မသတ်မှတ်ပဲ) ရှည်သော ကာလဖြင့် ရွတ်ဆိုအပ်သော အာ စသည်ကို ဒီဃ, ထို၏ ထက်ဝက်ကာလဖြင့် ရွတ်ဆိုအပ်သော အာ စသည်ကို ရဿ ဟု ဆိုထားသဖြင့် "ဒီဃ ရွတ်ရာဝယ် ၂ မတြာ, ရဿကို ရွတ်ရာဝယ် ၁ မတြာကြာ၏"ဟု သတ်မှတ် ချက်သည် လောကီသဒ္ဒါဆရာတို့ အလိုသာ၊ သာသနာတော်ကျမ်းဂန် အလိုအားဖြင့် ကား နဂိုရ်က လေးလေးရွတ်တတ်သူဖြစ်လျှင် ရဿ သက်သက်ကို ၁-မတြာထက်ပို၍ ဖျည်းနှင့် ရဿကို ၁ မတြာခွဲထက်ပို၍ ကြာသော်လည်းကောင်း, ဒီဃ သက်သက် ရွတ်ရာ၌ ၂ မတြာထက်ပို၍ ဖျည်းနှင့် ဒီဃတွဲရာ၌ ၂ မတြာထက်ပို၍ ကြာသော်လည်း ကောင်း, ကမ္မဝါစာ၌ ကံမပျက် ဟု သိသာ၏၊ ဤသို့ သာသနာတော်ကျမ်းဂန်၌ မတြာသတ်မှတ်ချက် မပါသောကြောင့် အရှင်ကစ္စည်းဆရာလည်း "ဧကမတ္တာ တယော ရဿာ ဒွိမတ္တာ ဒီဃာ"ဟု မဆိုပဲ "လဟုမတ္တာ တယော ရဿာ, အညေ ဒီဃာ" ဟု ဆို၍, လဟုသဒ္ဒါဖြင့် က ကိ ကု စသည်ကိုလည်းကောင်း,အညေသဒ္ဒါဖြင့် ကာကီ စသည်ကို လည်းကောင်း သွင်းယူလေသည်၊ ထို သွင်းယူခြင်းသည် အဌ ကထာနှင့် တထပ်တည်းကျသောကြောင့် အရှင်ကစ္စည်းဆရာ၏ ဉာဏ်သည် ရှိခိုးပူဇော် ရန် ထိုက်တန်ပါပေသည်။

၆။ **ထပေတွာ အဌသရေ သေသာ**—အညေနှင့် သေသာပုဒ်ဘို့သည် အပါဒါန် ကို ငဲ့သော အပါဒါနီပုဒ်တို့တည်း၊ ထို့ကြောင့် "အညေ, သေသာ" ရှိရာတိုင်း၌ အပါဒါန်သော်လည်း ထည့်ရသည်၊ အပါဒါန်ကို တိုက်ရိုက် မထည့်လိုလျှင် အပါဒါန် အစား ကံပုဒ်နှင့် ထပေတွာဖြစ်စေ ဝဇ္ဇေတွာ ဖြစ်စေ ထည့်ရသည်၊ ထိုသို့ဥပဒေသ

တို့ဟူသည် အဘယ်နည်း၊ က- က လည်းကောင်း၊ပေ၊ အံ-အံလည်းကောင်း တည်း၊ ဣတိ- ဤ ၃၃ လုံးသော အက္ခရာတို့သည်၊ ဗျဉ္ဇနာ နာမ- ဗျည်းတို့ မည်၏၊ တေန- ထိုဗျည်းဟု နာမည်မှည့်ခြင်းဖြင့်၊ ကွ အတ္ထော-(အတ္ထ)၊ သရ ပကတိဗျဉ္ဇနေ- သရပကတိဗျဉ္ဇနေ စသော သုတ်၌ "ဗျည်း"ဟု ခေါ်ဝေါ် ရခြင်း အကျိုးရှိ၏။ (ဂ)

---

ရှိသောကြောင့် ရှေ့သုတ်၌ အပဒါန်ကို တိုက်ရိုက်ထည့်၍ "ရဿေပတိ အဿ" ဟု ဖွင့်ခဲ့ပြီးလျှင် ဤ သုတ်၌ "ထပေတွာ အဋ္ဌ သရေ သေသာ"ဟု တမျိုးဖွင့်ပြသည်၊ ရှေ့သုတ်၌ "ရဿေပတိ အဿ"ဟု အပဒါန် ထည့်ပုံကိုထောက်၍ ဤသုတ်၌လည်း "အဋ္ဌပတိ သရေပတိ သေသာ"ဟု ဖွင့်နိုင်၏၊ ဤသုတ်၌ ထပေတွာ ထည့်ပုံကိုထောက်၍ ရှေ့သုတ်၌လည်း "ထပေတွာ ရဿေ အဿ" ဟု ဖွင့်နိုင်သည်၊ ဤသို့လျှင် အရာရာ၌ ရှေ့ထောက်၍ နောက်ကိုသိရ, နောက်ထောက်၍ ရှေ့ကို သိရပုံကို သတိပြုပါ။

[နိယာမ] အဿေ သေသာ, ပုဒ်နှစ်ဖြာ၏, ရှေ့မှာ မယုတ်, ဝဇ္ဇေတွာ ထပေတွာ ထုတ်မူ, ထိုပုဒ်၏ကံ, တသံ မသွေ, အဿေ သေသာ, ပုဒ်နှစ်ဖြာ၏, အပါဒါန်ဖြစ်မြဲ။

**ဗျဉ္ဇနာ။** ။ဗျဉ္ဇီယတိ ဧတေဟီတိ ဗျဉ္ဇနာနိ၊ ဧတေဟိ—ဤ အက္ခရာတို့သည်၊ အတ္ထော—အနက်ကို၊ ဗျဉ္ဇီယတိ—ထင်ရှားပြုအပ်၏၊ ဣတိ—ထိုသို့ အနက်ကို ထင်ရှား ပြုတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ ဗျဉ္ဇနာနိ—တို့မည်၏၊ "အနက်ကို ထင်ရှားပြု" ဟူရာ၌ ဗျည်းတို့ကိုယ်တိုင် အနက်ကို ဟောနိုင်သည် မဟုတ်, သရတို့က အနက်ကို ဟောရာဝယ် ဗျည်းတို့က ထိုအနက်ကို ထင်ရှားအောင် ကူညီ၍ ထွန်းပြကြသည်—ဟု သဒ္ဒတ္ထဋီကာတို့ ဆိုကြ၏၊ ဥပမာ—ထမင်းစားရာ၌ ဟင်းကောင်း ဟင်းလျာသည် ထမင်းဝင်အောင် ကူညီ ထောက်ပံ့သကဲ့သို့တည်း၊ ထို့ကြောင့်ပင် ဟင်းလျာကိုလည်း "ဗျဉ္ဇန" ဟု ခေါ်ရသည်၊ ဤစကားအရ "ပုရိသ" ဝယ် "ဥ ဣ အ" သရတို့က ယောကျ်ားဟူသော အနက်ကို ဟော၍ "ပ်-ရ်-သ်"ဗျည်းတို့က ထိုအနက်ကို ထင်ရှား အောင် ကျေးဇူးပြုကြသည်-ဟု မှတ်၊ ဤကား သဒ္ဒတ္ထဋီကာ-ပဉ္စိကာတို့ အဆိုတည်း။

[ကစ္စိရာဇဋီကာ] ၁။ ဗျဉ္ဇီယန္တိ ဧတေဟီတိ—သရပဋိပဇ္ဇာ (သရတို့ဖြင့် သိအပ် ကုန်သော) အတ္ထာ ဇောတိယန္တေ့တျတ္ထော၊ -၂-ဗျဉ္ဇီယန္တိ ဧတေဟီတိ ဗျဉ္ဇနာနိ သရာနမတ္တပဋိပါဒနေ (သရတို့က အနက်ကို သိစေရာ၌) ဥပ ကာရကာနိ၊ ယထာ—သူပါဒီနိ (ပဲဟင်း စသည်တို့သည်) သြဒနဿေ တျတ္ထော၊ (ကာတန္တ ဝုတ္တိ ပဉ္စိကာ)။

**သဒ္ဒါ၏ဟူသမျှကို ဗျဉ္ဇနခေါ်နည်း။** ။ဤသညာခန်း၌ ကစသော ၃၃ လုံးကို သာ "ဗျဉ္ဇန"အမည် ပေးထားသော်လည်း "သာတ္ထံ သဗျဉ္ဇနံ" ဟူသော ပါဠိတော်, "ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါ" စသော အဋ္ဌကထာတို့၌ သရရော ဗျည်းပါ သဒ္ဒါ အားလုံးကိုပင်"ဗျဉ္ဇန"ဟု ခေါ်၏၊ဝိဂြိုဟ်ကိုလည်း "ဗျဉ္ဇီယတိ ဧတေဟီတိ ဗျဉ္ဇနာနိ"

ဝဂ္ဂါပဉ္စ ပဉ္စသော မန္တာ

၇။ တေသံ ခေါ ဗျဉ္ဇနာနံ·ထို ၃၃ လုံးသော ဗျည်းတို့တွင်၊ ကကာရာဒယော- ကုန်သော၊ မကာရန္တာ- မအက္ခရာ အဆုံး ရှိသော ဗျည်းတို့သည်၊ ပဉ္စ ပဉ္စ အက္ခရဝန္တော-ငါးလုံး ငါးလုံး အက္ခရာရှိကုန်သော၊ ဝဂ္ဂါနာမ-ဝဂ်တို့မည်သည်၊ ဟောန္တိ၊ တံ ယထာ- ထိုဝဂ်တို့

---

ဟုပင် ပြုရသည်၊ ဤ၌ ''အနက်ကို ပြတတ်''ဟူသည့် ထွန်းပြရုံပြသော ''အပြ''မဟုတ်, ဟောတတ်သော ''အပြ''ပင်တည်း၊ သို့ဖြစ်လျှင် က ခ စသော ဗျဉ်းတို့လည်း အနက်ကို ထွန်းပြရုံ မက ဟောလည်း ဟောပြတတ်သောကြောင့် ပြခဲ့သော ကဝိရာဇဋီကာနှင့် ပဋ္ဌိကာတို့ အဆိုကို ပါဠိကျမ်းဂန် တို့၏ အလိုမှ တမျိုးဟု မှတ်သင့်သည်။

[ဝိမတိဋီကာ] ဒသဓာ ဗျဉ္ဇန ဗုဒ္ဓိယာ ပဘေဒေါတိ-ယထာဓိပ္ပေတတ္ထ ဗျဉ္ဇနတော (လိုအပ်သော အနက်ကို ပြတတ်ကုန်သည်၏ အဖြစ်ကြောင့်) ဗျဉ္ဇနသဒ္ဒါ တာနံ အက္ခရာနံ ဇနိကာ ဗုဒ္ဓိ (စိတ်) ဗျဉ္ဇနဗုဒ္ဓိ၊ တာယ ဗျဉ္ဇနဗုဒ္ဓိယာ အက္ခရသမုဋ္ဌာပကစိတ္တဘေဒေန ဝေါတိ အတ္ထော၊ (ပရိဝါ ကမ္မဝဂ္ဂ)။

**သရတို့ကို ဗျည်းမခေါ်ရ။** ။အနက်ကို ထင်ရှားပြတတ်သောကြောင့် ''ဗျဉ္ဇန'' ဟု ခေါ်လျှင် သရတို့လည်း အနက်ကို ထင်ရှားပြတတ်ရကား'' ဗျဉ္ဇန''မည်သင့်သည် မဟုတ်ပါလော၊ အဖြေကား—သရဟူသော နာမည်ထူးကို ရပြီးဖြစ်သောကြောင့် ''ဗျဉ္ဇန'' အမည်ကို (ရနိုင်သော်လည်း) မယူကြတော့ပြီ၊ မှန်၏—ဗျဉ္ဇန ဟူသော နာမည်သည် အက္ခရာအားလုံးနှင့် ဆိုင်၏၊ သရဟူသော နာမည်ကား အ စသော အက္ခရာ ရှစ်လုံးနှင့်သာ ဆိုင်၏၊ အများနှင့် မဆိုင်သော နာမည်ထူးကို ရပြီးသူသည် အများနှင့်ဆိုင်သော နာမည်ကို မယူလိုတော့ချေ၊ ဥပမာ—''ရဟန်း'' ဟူသော နာမည် ရပြီးသူသည် ''လူ'' ဟူသော နာမည်ကို မယူလိုသကဲ့သို့တည်း။

ဧကမတ္တော ဘဝေ ရဿော, ဒွိမတ္တော ဒီဃ ဥစ္စတေ၊
တိမတ္တောတု ပ္လုတော ဉေယျော, ဗျဉ္ဇနဍ္ဎမတ္တကံ၊
ဒူရာဝှါနေစ ဂါနေစ, ရောဒနေစ ပ္လုတော မတော။

ဧကမတ္တော-၁ မတြာရှိသော သရသည်၊ ရဿော- ရဿမည်သည်၊ ဘဝေ—၏၊ ဒွိမတ္တော- ၂ မတြာရှိသော သရကို၊ ဒီဃ (ဒီဃော)—ဟူ၍၊ ဥစ္စတေ-ဆိုအပ်၏၊ တိမတ္တောတု-၃ မတြာရှိသော အက္ခရာကိုကား၊ ပ္လုတော—ပလုတ်ဟူ၍ ဉေယျော-၏၊ ဗျဉ္ဇနဍ္ဎ-ဗျည်းသည်ကား၊ အဍ္ဎမတ္တကံ-မတြာဝက်၏ရှိ၊ ဒူရာဝှါနေစ-အဝေးကို ဟစ်၍ ခေါ်ရာ၌လည်းကောင်း၊ ဂါနေစ—ဆွဲဆွဲငင်ငင် သီချင်းဆိုရာ၌လည်းကောင်း၊ ရောဒနေစ-ငိုရာ၌လည်းကောင်း၊ ပ္လုတော-ပလုတ်သံဟူ၍၊ မတော-သိအပ်၏၊ -မုဒ္ဓဗောဓဋီကာ။

၇။ **ပဉ္စ ပဉ္စ အက္ခရဝန္တော။** ။ပဉ္စ ပဉ္စသော အက္ခရဝန္တောဟု ပါဌ်ပျက်တတ်၏၊ ပဉ္စပဉ္စသော၏ အဖွင့်ဖြစ်သောကြောင့် ''ပဉ္စ ပဉ္စ အက္ခရဝန္တော''ဟု ရှိရမည်၊ မှန်၏၊- ပဉ္စ ပဉ္စသော၌ ''ပဉ္စ ပဉ္စ''အရ ငါးလုံး ငါးလုံးသော အက္ခရာကို ယူ-ဟု သိစေလို၍ ''ပဉ္စ ပဉ္စ အက္ခရ'' ဟုလည်းကောင်း, သောပစ္စည်းသည် တဒဿတ္ထိတိ ဝိစ၌ စသဒ္ဒါဖြင့် အဿတ္ထိအနက်၌ သက်၏ဟု သိစေလို၍''ဝန္တော''ဟုလည်းကောင်း

ဟူသည်အဘယ်နည်း၊ က-ကလည်းကောင်း၊ပေ၊ မ- မလည်းကောင်းတည်း၊ ဇာတိ- ဤ ၂၅ လုံးသော ဗျည်းတို့သည်၊ ဝဂ္ဂါနာမ- တေန- ထိုဝဂ်ဟု အမည်မှည့်ခြင်းဖြင့်၊ကတ္တ အတ္တော- (အတ္ထိ)၊ ဝဂ္ဂန္တံ ဂါ ဝဂ္ဂေ- ဝဂ္ဂန္တံ ဂါ ဝဂ္ဂေသုတ်၌ ငဂ်ဟု ခေါ်ဝေါ်ရခြင်း အကျိုးရှိ၏။ (၉)

---

ဖွင့်သည်၊ "ပဉ္စ ပဉ္စ ယေသံတိ ပဉ္စ ပဉ္စသော" ဟု ဝိဂြိုဟ်ပြု၊ ယေသံ—အကြင် ဝဂ်တို့၏၊ ပဉ္စ ပဉ္စ—ငါးလုံး ငါးလုံးသော အက္ခရာတို့သည်၊ သန္တိ—ရှိကုန်၏၊ ဇာတိ—ထို့ကြောင့်၊ တေ—ထို ဝဂ်တို့သည်၊ ပဉ္စ ပဉ္စသော—ပဉ္စ ပဉ္စသောတို့ မည်၏။ ရူပသိဒ္ဓိ၌ ဤနည်းအပြင် ဝိဘာဂ အနက်၌ "သော" ပစ္စည်း သက်သောနည်းလည်း ရှိသေး၏၊ထို ၂ ရပ်လုံးပင် ပဉ္စ ပဉ္စသောကို ဝဂ္ဂါ၌စပ်၍ "ငါးလုံးငါးလုံးစီရှိသော ဝဂ်" ဟု အဓိပ္ပာယ်မှတ်ပါ၊ အချို့ကား"ပဉ္စ ပဉ္စ"ကို မန္တာ၌လည်းကောင်း,ပဉ္စ ပဉ္စအက္ခရဝန္တောကို မကာရန္တာ၌လည်းကောင်း စပ်ကြသေး၏၊ ထိုသို့ စပ်ရာ၌ "ငါးလုံး ငါးလုံးရှိကုန်သော မ အဆုံးရှိသောဗျည်း"ဟု အနက်အဓိပ္ပာယ် မဟပ်သောကြောင့် စဉ်းစားသင့်သည်၊ ဤကား ကစ္စည်းဝုတ္တိရှိတိုင်း ဖွင့်ပြခြင်းတည်း။

**ဝိစစ်ပွယ်။** ။ဤ ကစ္စည်းဝုတ္တိဖွင့်ပုံ၌ အပြစ်မကင်းတတ်ချေ၊ ထင်ရှားစေအံ့—နျာသ၌ ပဉ္စ ပဉ္စကို ဝိစ္ဆာဟု ဆို၏၊ ဝိစ္ဆာတို့မည်သည် "ဂါမေ ဂါမေ" ကဲ့သို့ ဝိဘတ်တူ ၂ ပုဒ်ရှိရိုးတည်း၊ ဤ၌ "ပဉ္စပဉ္စ"ဟု တပုဒ်တည်းရှိသောကြောင့် "ဝိစ္ဆာ" ဟု ဆိုသော နျာသကို ပဌမ စဉ်းစားသင့်၏ ၊ရူပသိဒ္ဓိဋီကာ၌ "ပဉ္စစ ပဉ္စစ ပဉ္စ ပဉ္စ"ဟု ဒွန်သမာသ်ပြု၏၊ ဒွန်ဆိုလျှင် ပဉ္စငါးခုလုံး မရ,ပဉ္စ ၂ ခုသာ ရသောကြောင့် ထို ဋီကာကိုလည်း စဉ်းစားသင့်၏၊ ထို့နောက် "အဿတ္ထိအနက်၌ သောပစ္စည်းသက်သည်" ဟု ဆိုရာ၌လည်း ထို အဿတ္ထိအနက်၌ သော ပစ္စည်းလည်း မဟုတ်, သ ပစ္စည်းသာ ဖြစ်သင့်ကြောင်းကို ရူပသိဒ္ဓိ တဒဿတ္ထိတိဝိစသုတ်အဖွင့် ကြည့်ပါ။

**ကလာပ်။** ။တေ ဝဂ္ဂါ ပဉ္စ ပဉ္စ ပဉ္စ (သုတ်)-တေကာဒယော မာဝသာနာ ဝဏ္ဏာ ပဉ္စ ပဉ္စ ဟုတွာ ပဉ္စေဝ တေ ဝဂ္ဂသညာ ဘဝန္တိ (သုတ်နက်)၊ ဤကလာပ် ပဉ္စ ပဉ္စ ၂ ခုသည် ဝိစ္ဆာတည်း၊ ပဉ္စတခုကား ဝဂ္ဂါ၏ ဝိသေသနတည်း၊က အစ မ အဆုံး ရှိကုန်သော ထို ဝဏ္ဏာတို့သည် ၅လုံးစီ ၅လုံးစီ ဖြစ်ကုန်၍ ထို ပဉ္စကတို့သည်ပင် ဝဂ်အမည် ရှိကုန်၏-ဟူလို၊ ဤ သုတ်ဝုတ္တိကိုထောက်၍ ကစ္စည်း၌လည်း "ဝဂ္ဂါ+ပဉ္စ+ပဉ္စသော+မန္တာ" ဟု ၄ ပုဒ်ခွဲ၍ "မန္တာ-မ အဆုံးရှိသော ၂၅ လုံးသောဗျည်းတို့သည်၊ ပဉ္စသော+ ၅ လုံး ၅ လုံး အစုအားဖြင့်၊ ပဉ္စ—၅ပါးကုန်သော၊ ဝဂ္ဂါ—ဝဂ်တို့ မည်၏"ဟု သုတ်နက်ပေးပါ၊ ပဉ္စသော၌ သော ပစ္စည်းက ဝိစ္ဆာအနက်၌ သက်သောကြောင့် ကလာပ်၌ "ပဉ္စ ပဉ္စ"ဝိစ္ဆာကို ဤကစ္စည်း၌ "ပဉ္စသော" ဟု ဆိုထားသည်၊ ဝိစ္ဆာအနက်၌ သောပစ္စည်း သက်နိုင်ကြောင်းကိုလည်း "သော ဝိစ္ဆာပကာရေသု" ဟူသော မောဂ္ဂလ္လာန် ဓာတ်ကြိုသုတ်ဖြင့် သိပါ၊ ထို့ကြောင့် တေသံ ခေါ ဗျဉ္စနာနံ ကကာရာ ဒယော မကာရန္တာ ပဉ္စ ပဉ္စ ဟုတွာ ပဉ္စေဝ တေ ဝဂ္ဂါနာမ ဟောန္တိ" ဟု ဝုတ္တိဖွင့်သင့်၏၊ ဤသို့ ဖွင့်မှလည်း ဝဂ် ၅ ဝဂ်ရှိကြောင်း, တ ဝဂ်လျှင် ၅ လုံးစီရှိကြောင်း ထင်ရှားသည်။

**အံ ဣတိ နိဂ္ဂဟိတံ**

၇။ အံဣတိ-အံ ဟု ရွတ်ဆိုအပ်သော ဤ ဗိန္ဒုသည်၊ နိဂ္ဂဟီတံနာမ ဟောတိ၊ တေန-ထိုနိဂ္ဂဟိတ်ဟု အမည် မှည့်ခြင်းဖြင့်၊ ကွ အတ္ထော (အတ္ထ)၊ အံဗျဉ္ဇနေ နိဂ္ဂဟီတံ- အံဗျဉ္ဇနေ နိဂ္ဂဟီတံ သုတ်၌ နိဂ္ဂဟိတ်ဟု ခေါ်ဝေါ်ရခြင်း အကျိုးရှိ၏။ (၁၀)။

**ပရသမညာ ပယောဂေ**

၉။ ပန-အဖို့တပါးကား၊ သက္ကတဂန္ထေသု-သက္ကတကျမ်းတို့၌၊ ဃောသာတိဝါ- ဃောသဟူသည်လည်းဖြစ်သော၊ [“ဃောသဝန္တောတိဝါ”ဟု သီဟိုဠ်မူ ရှိ၏။] အဃောသာတိဝါ- အဃောသ ဟူသည်လည်းဖြစ်သော၊ ယာ သမညာ- အကြင် အမည်တို့သည်၊ (သန္တိ-

---

၇။ အံဣတိ—ဣတိ သဒ္ဒါသည် ညွှန်ပြခြင်း (နိဒဿန) အနက် ရှိ၏၊ ထို့ကြောင့် ဣတိသဒ္ဒါက (သဒ္ဒါစည်းကမ်းကျအောင် ရေးလျှင် “အံ-ဣတိ” ဟု ရေးရသဖြင့် မိမိ အနား၌ ကပ်လျက်ရှိသော) ဗိန္ဒုပျောက်ကလေးကိုသာ လက်နှင့်ထောက်၍ ပြသကဲ့သို့ ညွှန်ပြသည်၊ “ဤ ဗိန္ဒုပျောက်ကလေးသာ နိဂ္ဂဟိတ်မည်၏, အံ ၌ အ သရကား ရွတ်၍ ဖြစ်ဖို့ရာ အပို ထည့်ထားအပ်သည်” ဟူလို၊ ဤ ဗိန္ဒုပျောက်သည် မကိုဋ် ဥဿျှောင်ဝယ် ကြယ်ပွင့်သဏ္ဌာန်ရှိ၏၊ ပုံစံကိုကား ယခုကာလရေးသည့်အတိုင်း အပျောက်လုံးကလေး ကိုပင် သက္ကတ၌ ပြသည်။

ဗိန္ဒု ၊ စူဠာမဏာကာရော, နိဂ္ဂဟီတန္တိ ဝုစ္စတေ၊
ကေဝလဿ ပယောဂတ္တာ, အကာရော သန္နိဓိယတေ။

စူဠာမဏာကာရော (စူဠာမဏိ+အာကာရော)—မကိုဋ် ဥဿျှောင်ဝယ် ကြယ်ပွင့်ငယ် သဏ္ဌာန်ရှိသော၊ ဗိန္ဒု—အပျောက်လုံးကို၊ နိဂ္ဂဟီတန္တိ—ဟူ၍၊ ဝုစ္စတေ—ဆိုအပ်၏၊ ကေဝလဿ—အသရမဘက် သက်သက် သူ့ချည်း၊ အပယောဂတ္တာ—သုံးစွဲ၍ မဖြစ်နိုင်ခြင်းကြောင့်၊ ဝါ-ရွတ်၍ မဖြစ်ခြင်းကြောင့်၊ အကာရော—အသရကို၊ သန္နိဓိယတေ—အနီး၌ ထားအပ်၏။

**ပုဗ္ဗာသယ, ပရာသယဗျည်း။** ။က-အစ, ဠ—အဆုံး ၃၂ လုံးသော ဗျည်းသည် မှီရာသရ နောက်မှာရှိသောကြောင့် “ပရာသယ” ဗျည်း မည်၏၊ အမှန်အတိုင်း ရေးလျှင် ဗျည်းကိုရှေ့, သရကို နောက်ထား၍ ရေးရသည်၊ နိဂ္ဂဟိတ်ကား ရှေ့၌ မှီရာသရရှိသော ကြောင့် ပုဗ္ဗာသယ မည်၏၊ အမှန်အတိုင်း ရေးလျှင် နိဂ္ဂဟိတ်ကို နောက်, သရကို ရှေ့ထား၍ ရေးရသည်၊ အခြေပြု၌ ပြထားသော ရေးပုံဇယားကို ကြည့်ပါ၊ [ပုဗ္ဗော အာသယော ယဿာတိ ပုဗ္ဗာသယော၊ ပရော အာသယော ယေသံတိ ပရာသယာ၊ “ယဿ-အကြင် နိဂ္ဂဟိတ်ဗျည်း၏၊ပုဗ္ဗော—ရှေ့ဖြစ်သော၊အာသယော မှီရာသရသည်၊ အတ္ထိ-ရှိ၏၊ယေသံ-အကြင်ကစသော ဗျည်းတို့၏၊ပရော-နောက်ဖြစ်သော”ဟုပေး။]

၉။ **ပရသမညာပယောဂေ**-အရှင် ကစ္စည်းဆရာသည် မိမိကစ္စည်းကျမ်း၌ အသုံးများမည်ဖြစ်သော သရ စသော, ဃ—ပ စသော, ပရဿပဒစသော နာမည်တို့ကို သန္ဓိ, နာမ်, အာချာတ် ကျမ်းတို့၌ အတော်များစွာ နာမည် မှည့်ထား၏၊ ထို နာမည်များ

ရှိကုန်၏၊) တာ သမညာ- ထိုအမည်တို့ကိုလည်း၊ ပယောဂေ-ယှဉ်စပ်သင့်သည့်၊ ဝါ- သုံးစွဲသင့်သည့်၊ သတိ- ရှိသော်၊ ဧတ္ထာပိ- ဤကစ္စည်းကျမ်း၌လည်း၊ ယုဇ္ဇန္တေ-ယှဉ်စပ်အပ်ကုန်၏၊ ဝါ-သုံးစွဲအပ်ကုန်၏၊ တတ္ထ-ထိုဃောသ အဃောသတို့တွင် - ဃောသာနာမ - ဃောသတို့မည်သည်၊ [“ဃောသဝန္တောနာမ-ဃောသဝန္တတို့ မည်သည်”ဟု သီဟိုဠ်မူ ရှိ၏၊ သက္ကတနှင့်လည်း ညီ၏၊] ဂ- ဂ လည်းကောင်း၊ပေ၊ ဠ- ဠ လည်းကောင်းတည်း၊ ဣတိ- ဤ ၂၁ လုံးတို့သည်၊ ဃောသာနာမ- ဃောသတို့မည်၏၊ အဃောသာနာမ- အဃောသတို့ မည်သည်၊ က- က လည်းကောင်း၊ပေ၊ သ- သလည်းကောင်းတည်း၊ ဣတိ- ဤ ၁၁ လုံးတို့သည်၊ အဃောသာနာမ- အဃောသတို့ မည်၏၊ ဧတေန- ထို ဃောသ အဃောသဟု နာမည်မှည့်ခြင်းဖြင့်၊ ဂုဏ အဝ္ဂော (အတ္ထိ)၊ ဝဂ္ဂေ

---

လည်း သက္ကတကျမ်းတို့၌လာသော နာမည်များပင်ဖြစ်၏၊ ထိုနာမည်များအပြင် ကစ္စည်းကျမ်း၌ မပြအပ်သော “ဃောသ, အာဃောသ, ဥပဓာ, လိင်္ဂ, ပဒ, သဝဏ္ဏ” စသော နာမည်တွေ ရှိသေး၏၊ ထို နာမည်များကိုလည်း ဤ ကစ္စည်း၌ သုံးစွဲခွင့်ကြိုသျှင် သုံးစွဲပါလေဟု ပရိဘာသာပြုသော သုတ်တည်း။

**ပရသမညာ၏ ဝိဂ္ဂဟ**။ ။ပရ သဒ္ဒါသည် အညအနက်ဟော၊ ပရာ—တိုက်ရိုက်မှည့်ထားအပ်သောနာမည်မှတခြားကုန်သော၊ သမညာ-အမည်တို့တည်း၊ ပရသမညာ-တိုက်ရိုက်မှည့်အပ်သော နာမည်မှ တခြားဖြစ်သော နာမည်တို့၊ ဤကား ဤကျမ်း၏ အလိုတည်း၊ ရူပသိဒ္ဓိနှင့် ချာသတို့၌ “ပရ၏ အပါဒါန်ကို ကစ္စည်းကျမ်း, ကစ္စည်းဆရာ ခံ၍“ပရသ္မိံ + သမညာ, ပရေသံဝါ သမညာ ပရသမညာ”ဟု ဆို၏၊အနက်ကို ရူပသိဒ္ဓိ ဘာသာဋီကာမှာ ရှု၊ ထို့ပြင်-အက္ခရ, သရစသော နာမည်ကို သကသမညာ, ဃောသ စသည်ကို ပရသမညာ” ဟု ချာသ၌ ခွဲသေး၏၊ သရစသော နာမည်လည်း သက္ကတကျမ်း၏ နာမည်များပင် ဖြစ်ရကား ထိုစကားကို စဉ်းစားကြပါလေ။

**ယာစ ပန၊ ပေ၊ အဃောသာတိဝါ**—သညာသုတ်များကို ပြပြီး၍ ပရိဘာသာ သုတ်များကို ပြကြောင်း ထင်ရှားစေလိုသောကြောင့် “ပန” ထည့်၍ဖွင့်သည်၊ ယာစ၌ စကို တာနှင့်တွဲ၍ “တာစ” ဟု အနက်ပေး၊ အနိယမ၌ရှိသော “စ” ကို နိယမနှင့် တွဲရခြင်းသည် ထုံးစံတည်း၊ ထိုစသဒ္ဒါဖြင့် ဆိုအပ်ပြီးသော အက္ခရ သရစသော နာမည်များကို ပေါင်းသည်၊ သက္ကတကျမ်းဟူသည် “ပါဏိနီကျမ်း, ကလာပ်ခေါ် ကာတန္တကျမ်း, စန္ဒြခေါ် စန်းကျမ်း, သာရသ္ဝတကျမ်း, မုဒ္ဓဗောဓကျမ်း” စသည်တည်း၊ ဃောသာတိဝါ အဃောသာတိဝါ၌ ဝါသဒ္ဒါကို“အဇ္ဈန္တရဝိကပ္ပန”အနက်ဟော ဟု ကြံ။ [အဇ္ဈန္တရ=အနက်တမျိုးကို+ဝိကပ္ပန=သီးခြား စီရင်ခြင်း၊ ဃောသ အဃောသ ဟူသော အနက်အပြင် ပဒ-လိင်္ဂ-ဥပဓာ စသော အနက်များ (အမည်များ) ကို ဝါ သဒ္ဒါက ပြသည်-ဟူလို၊ အချို့ကား ဝါသဒ္ဒါကို “အဝုတ္တ သမုစ္စည်း” ဟု ဆိုကြ၏၊ အဓိပ္ပာယ်မှာ သဘောတူပင်၊ သို့ရာတွင် ဝါသဒ္ဒါဖြင့် ပြသမျှ၌ သမုစ္စည်း သုံးရမည့် အရာဝယ် အဇ္ဈန္တရဝိကပ္ပနဟု သုံးစွဲလေ့ရှိ၏၊ ဝါဗျာပ္ပဒ္ဓမောသုတ်ကို ကြည့်ပါ။]

ဃောသာ ဃောသာနံ တတိယ ပဉ္စမာ-ဝဂ္ဂေ၊ပေ၊ ပဉ္စမသုတ်၌ ဃောသ အဃောသဟုခေါ်ဝေါ်ရခြင်း အကျိုးရှိ၏။ (၁၁)။

---

## ပရသမညာ အချို့ကား

(က) ဒသ သမာနာ=သရ ဆယ်လုံးတို့သည် "သမာန"တို့ မည်၏။

(ခ) တေသံ ဒွေဒွေ အညောညဿ သဝဏ္ဏာ=ထို သရဆယ်လုံးတို့တွင် ၂လုံး ၂လုံးတို့သည် အချင်းချင်း၏ "သဝဏ္ဏ" တို့ မည်၏။

(ဂ) ဝဂ္ဂါနံ ပဌမ ဒုတိယာ သ စ အဃောသာ=ဝဂ်တို့တွင် ပဌမ ဒုတိယနှင့် သ တို့သည် "အဃောသ" တို့ မည်၏။

(ဃ) ဃောသဝန္တော သေသာ=အခြားအက္ခရာတို့သည်"ဃောသဝန္တ" တို့မည်၏။

(င) အနုနာသိကာ ငဉဏနမာ=ငဉဏနမ တို့သည်"အနုနာသိက"တို့ မည်၏။

(စ) အန္တဋ္ဌာ ယ ရ လ ဝါ=ယ ရ လ ဝ တို့သည်"အန္တဋ္ဌာ"တို့ မည်၏။

(ဆ) ဓာတုဝိဘတ္တိဝဇ္ဇိတ မတ္ထဝံ လိင်္ဂံ=ဓာတ် ဝိဘတ် (ပစ္စည်း) သည် ကြဉ်အပ်သော အနက်ရှိသော သဒ္ဒါသည် "လိင်" မည်၏။

(ဇ) ပုဗ္ဗပရာ အဇ္ဈော ပသဒ္ဒါ ပဒံ=ရအပ်သော အနက်ရှိကုန်သော ရှေ့ပကတိနှင့် နောက်ဝိဘတ်တို့သည် (ဝိဘတျန္တ တို့သည်) ပုဒ်မည်၏။

(ဈ) အာမန္တနေ သိ သမ္ဗုဒ္ဓိ=ခေါ်ခြင်းအနက်၌ သိသည် "သမ္ဗုဒ္ဓိ" မည်၏။

(ည) ဤ ဦတ် ဣတ္ထိချာ နဒီ=ဣတ္ထိလိင်ကို ဟောကုန်သော ဤ ဦတို့သည် "နဒီ" မည်၏။

(ဋ) အန္တော ပုဗ္ဗော ဥပဓာ=အဆုံးဝဏ္ဏမှ ရှေ့ဝဏ္ဏသည်"ဥပဓာ" မည်၏။

(ဌ) ကြိယာ ဘာဝေါဓာတု=ကြိယာကို ထင်ရှားပြသော သဒ္ဒါသည်"ဓာတ်" မည်၏။

(ဍ) အဒဿနံ လောပေါ (ပါဏိနီ)=မမြင်ရခြင်းသည် "လောပ" မည်၏။

တာ ပယောဂေ၊ ပေ၊ ယုဇ္ဇန္တေ—ပယုဇ္ဇနံ-ယှဉ်စပ်သုံးစွဲခြင်းသည်၊ပယောဂေါ-မည်၏၊ ထိုထိုသုတ်၌ ယှဉ်စပ်ထားခြင်း ဟူသည် ထိုနာမည်များကို သုံးစွဲထားခြင်းပင် တည်း၊ဥပမာ-ဃောသ အဃောသနာမည်ကို"ဝဂ္ဂေ ဃောသာ ဃောသာနံ တတိယ ပဉ္စမာ"သုတ်၌ ယှဉ်စပ်ထားခြင်း သုံးစွဲထားခြင်း ကဲ့သို့တည်း၊ ဧတ္ထာပိ၌ အပိသည် သက္ကတကျမ်းတို့အပေါ်၌ ဤကျမ်းကို ပေါင်းပေးခြင်း သမ္ပိဏ္ဍနအနက် ရှိ၏၊ "ထို သက္ကတကျမ်းတို့၌သာ သုံးစွဲရသည် မဟုတ်သေး၊ ဤ ကစ္စည်းကျမ်း၌လည်း ဤ ပရိ ဘာသာသုတ်အရ သုံးစွဲနိုင်သည်"ဟူလို၊ထို ပြခဲ့သော ပရသမညာတို့တွင် သဝဏ္ဏ၏

ပြောင်းပြန်ဖြစ်သော အသဝဏ္ဏအမည်, ဃောသ အဃောသအမည်, ပဒအမည်, လိင်အမည်,(နဒိမှာစသုတ်၌) နဒီအမည်, (ဂဟာဿုပဓေဿဧ ဝါသုတ်၌) ဥပဓာ အမည်, ဓာတ်အမည်များကို ဆိုင်ရာသုတ်၌ သုံးစွဲထားလိမ့်မည်။

**ဃောသ အဃောသ**—'ပရတော ဃောသ=သူတပါးထံမှ တရားသံ'' စသည်၌ ဃောသ သဒ္ဒါသည် ''အသံရိုးရိုး'' ကို ဟောသော်လည်း ''ဃောသေတွာ-ကြွေးကျော်၍၊ ဃောသနသီလော-ကြွေးကျော်ခြင်း အလေ့ရှိသူ'' စသည်၌ကား ခပ်ကျယ်ကျယ် အသံကို ''ဃောသ'' ဟု ခေါ်သည်၊ ထို့ကြောင့် ပင်ကိုယ်သဘော အတိုင်း (အားမစိုက်ရပဲ) ကျယ်ကျယ် လောင်လောင် ထွက်သော အသံသည် ဃောသ မည်၏၊ ပင်ကို....သဘောအတိုင်း မကျယ်မလောင် ထွက်သော အသံသည် အဃောသမည်၏။ ''က ခ-ဂ ဃ င''တို့ကို အသံမှန်အတိုင်း ရွတ်ကြည့်ပါ၊ ''က ခ'' တို့၏ အသံသည် တိမ်၍ ဂ ဃ ငတို့၏ အသံက ကျယ်ကြောင်း သိသာပါလိမ့်မည်၊ ဃောသော ဧတေသံ အတ္ထီတိ ဃောသဝန္တော၊ နတ္ထိ ဃောသော ဧတေသံတိ အဃောသာ၊ ''ဧတေသံ-ဤ အက္ခရာတို့၏၊ ဃောသော=ကျယ်လောင် မြည်ဟိန်းသော အသံသည်'' ဟု ပေး။ ဝန္တု ပစ္စည်းဖြင့် ''ဃောသဝန္တ'' ဟု သက္ကတ နာမည်မှည့်၏၊ အဃောသ၌ကား (နတ္ထိ+ဃောသော+ဧတေသံ ဟု ဗဟုဗ္ဗိဟိ ပြုနိုင်သော ကြောင့်) ဝန္တုမပါပဲ ''အဃောသ'' ဟုသာ မှည့်သည်၊ [ဤ ဃောသ အဃောသ နှင့် စပ်၍ မှတ်ထိုက်သော သိထိလ ဓနိတ စသည်ကို ရူပသိဒ္ဓိ၌ ရှုကြလေ။]

**ပရိဘာသာသုတ်။** ။ပရိတော-ထက်ဝန်းကျင်၌၊ဖျာပိတာ-ပျံ့နှံ့သော၊ဘာသာ-စကားသည်၊ ပရိဘာသာ-မည်၏၊ ဤဝိဂြိုဟ်အရ တနေရာ၌ ပြလိုက်လျှင် တကျမ်းလုံး ပျံ့နှံ့သွားသော စကားသည် ပရိဘာသာ မည်၏၊ [ရူပသိဒ္ဓိ ဘာသာဋီကာ ပရသမညာသုတ်၌''သမန္တတော ဘာသီယတီတိ ပရိဘာသာ'' ဟု ပြုသော ဝိဂ္ဂဟ လည်း ဤ သဘောပင်။] ဤ ပရသမညာ-ပုဗ္ဗမဓော-နယေ ပရံယုတ္တေ သုတ်တို့သည် တကျမ်းလုံး ပျံ့နှံ့၏၊ ခွင်းစရာ ကပ်စရာ ရှိသမျှနှင့် တိုက်ရိုက်မပါသော နာမည်များကို ယူလိုသမျှ၌ ဤသုတ်တို့၏ အရာချည်းတည်း၊ [''ပရိ သံခိတ္တစိဟနေန-ထက်ဝန်းကျင် ချုံးအပ်သော အမှတ်အသားဖြင့်၊ ဘာသီယတေ-ဆိုအပ်၏၊ ဣတိ ပရိဘာသာ'' ဟု မုဒ္ဓဗောဓဋီကာ ဝိဂြိုဟ်ပြုသေး၏၊ ထိုဝိဂြိုဟ်ကား ဤ၌မလျော် ''ကဝဂ်ကို ကု, စဝဂ်ကို စု'' စသည်ဖြင့် အကျဉ်းချုပ် မှတ်သားပြုသော မုဒ္ဓဗောဓသုတ်များနှင့်သာလျော် သည်။] သညာ ပရိဘာသာစသော ပရိဘာသာ ၃ မျိုးကို ပုဒ်စစ်မှာ ရှုလေတော့။

**မှတ်ချက်။** ။ဤ ''ပရသမညာ ပယောဂေ'' သုတ်ကိုထောက်လျှင် အရှင် ကစ္စည်း ဆရာသည် ကစ္စည်းကျမ်းကို စီရင်ခိုက်၌ သက္ကတဗျာကရိုဏ်းတို့ကို ကြည့်ရှု၍ စီရင်ကြောင်း သိသာ၏၊ ဤသို့ ပါဠိသဒ္ဒါ ကျမ်းတို့တွင် ရှေးအကျဆုံး ကစ္စည်းကျမ်း သော်မှ သက္ကတကို မှီရသောကြောင့် အဋ္ဌကထာ ဋီကာတို့၌ ပြလေ့ရှိသော သဒ္ဒ-ဝိနိစ္ဆယတို့၏အခြေအမြစ်ကို အနှစ်ကျအောင် သိဖို့အရေးမှာ သက္ကတ ဗျာကရိုဏ်းနှင့် ဝေး၍ မဖြစ်နိုင်ကြောင်း- သက္ကတ ဗျာကရိုဏ်းကိုလည်း သင်ယူထိုက်ကြောင်းကို ပရသမညာသုတ်ကပင် ညွှန်ပြလေသည်။

ပုဗ္ဗမခေ.... သရေန ဝိယောဇယေ

၁၀။ တွေ-ထို တတြအယံ အစရှိသော ပြယုဂ်၌၊ သန္ဓိကတ္တုကာမော-သန္ဓိစပ်မှုကို ပြုလိုသော အမျိုးသားသည်၊ ပုဗ္ဗဗျဉ္ဇနံ-ကို၊ အခေဋ္ဌိတံ-အောက်၌ တည်သည်ကိုလည်းကောင်း၊ အဿရံ-သရမရှိသည်ကိုလည်းကောင်း၊ ကတွာ-ပြု၍၊ [သရဋ္ဌ-သရကိုလည်း၊ ဥပရိ-အထက်၌၊ ကတွာ-ပြု၍၊] သရေန-သရမှ၊ ဝ ါ-သရနှင့်၊ ဝိယောဇယေ-ခွင်းရာ၏၊ တတြာယမာဒိ - တတြာယမာဒိ အစရှိသည်တည်း၊ [တတြ-ထို နိဗ္ဗာန်ကို ရခြင်း၌၊အယံ- ဤသိလသည်၊အာဒိ-အစတည်း။](၁၂)။

---

၁၀။ တဿ သန္ဓိကတ္တုကာမော။ ။ဤ ၂ ပုဒ်ကား ဝိယောဇယေ၏ အာခေရနှင့် ကတ္တားကိုပြလို၍ ထည့်ရသော ပက္ခိပနဝုတ္တိတည်း၊ တဿကို "တတြာယမာဒိ အာဒိ ပယောဂေ" ဟု နိဒ္ဒေသဖွင့်၏၊ သို့သော် "သန္ဓိကတ္တုကာမော-သန္ဓိစပ်လိုသော" ဟု နောက်စကားထောက်လျှင် "တတြာယ" ဟု သန္ဓိစပ်ပြီး ပြယုဂ်ကို မစွဲပဲ "တတြ+အယံ" ဟူသော သန္ဓိစပ်ဖို့ရာ (ပုဒ်ဖြတ်) ပြယုဂ်ကိုသာ စွဲသင့်၏၊ "သန္ဓိကပ္ပေ သရသဟိတံ"စသည်ဖြင့် လာသော ရူပသိဒ္ဓိအလိုမှု "တဿ-ထိုသန္ဓိကျမ်း၌" ဟု စွဲသင့်သည်၊ သန္ဓိ°-ပုဒ် ၂ ပါးတို့၏ စပ်ခြင်းကို+ကတ္တုကာမော-ပြုလိုသူသည်၊ သန္ဓိကတ္တုကာမော-မည်၏၊ "သန္ဓိစပ်မှုကို ပြုလိုသူ" ဟူသည် ရှေ၌ ပြခဲ့သော "သေယျတ္တိက" ပင်တည်း-ဟု နှလုံးပြု၍ "အမျိုးသားသည်" ဟု အနက်ပေးလိုက်သည်၊ "သန္ဓိစပ်လိုသော တပည့်သည်" ဟုလည်းကောင်း, "သန္ဓိစပ်လိုသော ဆရာသည်" ဟုလည်းကောင်း ဖွင့်ကြသေး၏၊ ထို့နောက် "ပုဗ္ဗဗျဉ္ဇနံ"သည် သုတ်၌ ပါသော ပုဗ္ဗံကိုဖွင့်သော သုတ္တဝုတ္တိတည်း၊ "ပုဗ္ဗံ=ပုဗ္ဗဗျဉ္ဇနံ"ပုဒ်တို့ဖြင့် သရနှင့် ဗျည်းပူးတွဲနေရာဝယ် သရ၏ ရှေ့ကနေသော က အစ ဠ အဆုံး ဗျည်းစုကိုသာ ခွင်းရမည်-ဟု လည်းကောင်း, နိဂ္ဂဟိတ်ကား သရ၏နောက်၌ နေသောကြောင့် မခွင်းရ ဟုလည်းကောင်း ပြသည်။

အဓောဋ္ဌိတံ အဿရံကတွာ--အဓောဋ္ဌိတံ အဿရံတို့သည် သုတ္တဝုတ္တိ၊ ကတွာကား ပက္ခိပနဝုတ္တိတည်း၊ "အခေ+ဋ္ဌိတံ-အောက်၌တည်" ဟု ဆိုသော်လည်း "စာရေးရာ၌ စာကြောင်း၏အောက်" မဟုတ်၊ ရှုက္ခာရဇ္ဇနည်းအားဖြင့် ရှေ့ကိုပင် "အောက်" ဟု ခေါ်ရသည်၊ ထိုသို့ ရှေ့ဟူသောအောက်၌ ထားသည့်အခါ အစဉ်မပျက်စေရ ဟု သိစေလို၍ ကလာပ်၌ "အနတိက္ကမယံ ဝိသိလေသယေ" ဟု သုတ်တည်လေသည်။ [အနတိက္ကမယံ-အစဉ်ကို မလွန်စေပဲ၊ ဝိသိလေသယေ-ခွင်းရာ၏။] "တတြ" ၌ တြဗျည်းကို ရှေ့သို့ ခွင်းသည့်အခါ တ၏ ရှေ့ရောက်အောင် အစဉ်ကို လွန်မသွားစေရ-ဟူလို၊ ထိုကဲ့သို့ ခွင်းရာ၌ သရ အစစ်လည်း မပါစေရ (ဗျည်းချည်းသက်သက် ခွင်းထားရသည်) ဟု သိစေလို၍ "အဿရံ" ဟု မိန့်ရပြန်သည်။ [သက္ကတ၌ "သွရ" သည် ပါဠိ၌ "သရ" ဟု ဖြစ်၏၊ ရှေ့ကပုဒ်နှင့် တွဲသည့်အခါ ပျောက်နေသော ဝ အက္ခရာအစား ဒွေးဘော်ရောက်၍ "ဿရ" ဟု ဖြစ်ရသည်၊ "နတ္ထိ သရော ယဿာတိ အဿရံ (ဗျဉ္ဇနံ)" ဟု ပြု။]

**နယေ ပရံ ယုတ္တေ** ၁၁။ ယုတ္တေ - ဆောင်ကပ်သင့်ရာ၌သာနည်၊ အဃရံ-သော၊ အခေဒွိတံ-သော၊ ဗျဥ္ဇနံ-ကို၊ ပရက္ခရံ-သို့၊ နယေ-ဆောင်ကပ်ရာ၏၊ တတြာဘိရတိ မိစ္ဆေယျ-တတြာဘိရတိ မိစ္ဆေယျ, စသည်တည်း၊

---

**သရန္တ ဥပရိကတ္တာ။** ။"တတြ"၌ အသရမှ ြဗျည်းကို ခွင်းသည့်အခါ အသရကို အထက်၌ ထားသည်ကိုပြ၍ ခွင်းပါ-ဟူလို၊ ဤ ဥပရိလည်း ရုက္ခာရုဠှနည်းပင်တည်း၊ နောက်ကိုပင် "အထက်" ဟု ဆိုသည်၊ "သရဥ္စ ဥပရိကတွာ" ဟူသော ဤပါဠ်သည် မူလ ပါဠ်ဟောင်း မဟုတ်, နောက်မှထည့်ပါဠ်ဟု နိရုတ္တိမဥ္ဇူသာ ဆိုသည်၊ ထိုသို့ ဆိုသင့်၏-"ရွာမှ+ဖဲ့"ဟူရာဝယ် ရွာလည်း နဂိုရှိသဘောမှ မရွေ့ သကဲ့သို့, ထို့အတူ "သရမှ+ခွင်း" ဟူရာ၌လည်း သရကို နဂိုရှိသဘောမှ ရွေ့၍ (ရွှေ့တိုး၍) ထားဖွယ် မလို၊ နျာသနှင့် ရူပသိဒ္ဓိတို့၌လည်း ဤစကား၏အဖွင့် မပါ၊ ထို့ကြောင့် နိရုတ္တိမဥ္ဇူသာ စကားသည် သင့်မြတ်ပါပေ၏၊ [သစ်ပင်တက်ရာ၌ လွန်ပြီး တက်ပြီး အရပ်ကို "အဓော=အောက်" ဟု ခေါ်၍, မတက်ရသေးသော အရပ်ကို "ဥပရိ=အထက်" ဟု ခေါ်ရသကဲ့သို့,ရှေ့ဖြစ်၍ လွန်ပြီးကို အဓော, နောက်မှတွေ့ရမည် အရာကို "ဥပရိ" ဟု ခေါ်ခြင်းသည် ရုက္ခာရုဠှနည်း (သစ်ပင်တက်နည်း) မည်၏၊] သရေန ဝိယော ဇယေတို့၏ အဖွင့်ကို ရူပသိဒ္ဓိ ဘာသာဋီကာမှာ ရှု။

**ဤသုတ်ဆိုရကျိုး။** ။ဤသုတ် မရှိသော်လည်း "သရာ သရေ လောပံ" စသော သုတ်ဖြင့် ဗျည်း၏ မိရာသရကို ချေခြင်း, ဒီဃပြုခြင်း, စသည် စီရင်နိုင်၏၊ သို့သော် မခွင်းပဲထားလျှင် သရရှိကြောင်း မထင်ရှား၍ ညက်နုသော စာသင်သားတို့ တွေဝေဖွယ်ရှိ၏၊ ထိုသူတို့ မတွေဝေစေခြင်းငှာ ဤ ခွင်းသုတ်ကို ဆိုရကြောင်းဖြင့်"အသံမောဟတ္ထော-ယံယောဂေါ=ဤသုတ်သည် မတွေဝေခြင်း အကျိုးရှိ၏" ဟု ကလာပ် ဝုတ္တိ ဖွင့်၏၊ သဒ္ဒနီတိ၌လည်း ဤ အဓိပ္ပာယ်ပင်၊ မောဂ္ဂလ္လာန်နှင့် အချို့ သက္ကတကျမ်းများ၌ကား ညက်ကြီးသူများ တွေဝေဖွယ် မရှိသောကြောင့် ဤခွင်းသုတ်မျိုးကို မပြကြ၊ ထို့ကြောင့် ရုပ်တွက်၍ အတော်နားလည်သောအခါ ဤ ခွင်းသုတ်ကို လည်းကောင်း,နောက်လာမည့် ကပ်သုတ်ကို လည်းကောင်း ဆိုဖွယ်မလို-ဟု မှတ်။ [တတြာယမာဒိ၌ "တတြာယံ" သာ ဤသုတ်ဆိုင်ရာ ပုံစံဖြစ်၏၊အာဒိကား ဓမ္မပဒပါဠိတော်၌ တွဲဖက်ဖြစ်၍ အပိုပါနေသည်၊ ရုပ်ကို ဒီဃံသုတ်ကျမှ တွက်။]

၁၁။ **ပုံစံနက်။** ။တတြ-ထို ဝိဝေက၌၊ အဘိရတိံ- အလွန်မွေ့ လျော်ခြင်းကို ဣစ္ဆေယျ-အလိုရှိရာ၏၊မံ-ငါ့ကို၊အကောန္တိ-ဆဲဖူးပြီ၊မံ-ကို၊အဝဓိ-ညှဉ်းဆဲဖူးပြီ၊မံ-ကို၊ အဇိနိ-အောင်ဖူးပြီ၊ မေ-ငါ၏ (ဥစ္စာကို၊) အဟာသိ-ဆောင်ယူဖူးပြီ၊ "တတြာဘိရတိံ" သာ ပုံစံထုတ် လိုရင်းတည်း၊ "ဣစ္ဆေယျ" ကိုကား တွဲဖက်၍ ဓမ္မပဒပါဠိတော်အတိုင်း ထည့်ထားသည်၊ ရုပ်ကို ဒီဃံသုတ်ကျမှတွက်။ [ဤ သန္ဓိကျမ်း၌ ပုဒ်စပ် ပုဒ်ဖြတ်ကို နားလည်ခြင်းသာ လိုရင်းဖြစ်၍ ပုံစံများကို အနက်ထင်နိုင်ခြင်းသည် လိုရင်းမဟုတ်၊ ထို့ကြောင့် ပုံစံနက်များကို အလိုရှိသူတို့ ယူဖို့ရာ အဓိပ္ပာယ်၌ သွင်းပြ

ယုတ္တေတိ - ယုတ္တေပုဒ်ကို၊ ကသ္မာ - အဘယ့်ကြောင့်၊ ဝုတ္တံ - ဆိုအပ်သနည်း၊ အက္ကောစ္ဆိမံ အဝဓိမံ အဗ္ဗိမိမံ အဟာသိမေ-အက္ကောစ္ဆိမံ+အဝဓိမံ+အဇိနိမံ+ အဟာသိမေ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ (ဝုတ္တံ ဆိုအပ်၏၊) ပန-မှန်၏၊ ထွေ-ဤ ပြယုဂ်တို့၌၊ယုတ္တံ-ဆောင်ကပ်သင့်ရာ ဌာနသည်၊ န ဟောတိ-မဟုတ်။ (၁၃)။....သန္ဓိကပ္ပေ-သန္ဓိကျမ်း၌၊ ပဥ္စမော ကဏ္ဍော, ဍ္ဍတိ-ပြီးပြီ။

---

ထားသည်၊ ထို ပုံစံနက်များသည် အနက်ဉာဏ် မကြီးသေးသူအတွက် အလွန် ခက်သောကြောင့် ပုံစံနက်ကို ထည့်၍မချပဲ ပုဒ်စပ် ပုဒ်ဖြတ်ကိုသာ နားလည်အောင် ပို့ချသင့်ပါသည်၊ သိဟိုဠ်နိဿယများ၌လည်း ပုံစံကို အနက်မပေးကြပါ။]

**ဝုတ္တိဖွင့်ပုံ။** ။"အဿရံ အဓေဝဋီတံ"တို့သည် ရှေ့သုတ်မှ လိုက်လာသော အနုဝတ္တနဝုတ္တိတည်း၊ ခေါကား စကားချောအောင် ထည့်အပ်သော ပက္ခိပနဝုတ္တိ, အနက်ထူး မရှိ၊ "အဿရံ-သရ မရှိသော အက္ခရာ" ဟု ဆိုသဖြင့် ဗျည်းဖြစ်ကြောင်း ထင်ရှားရကား ထို အဿရံသဒ္ဒါ၏ အစွမ်းကြောင့် ရအပ်သော "ဗျဥ္ဇနံ" လည်း ပက္ခိပနဝုတ္တိပင်၊ ပရက္ခရံကား ပရံကိုဖွင့်သော သုတ္တဝုတ္တိတည်း၊ နောက်သို့ ကပ်ရာ၌ "တတြ+အယံ" ကဲ့သို့ သရသို့ ကပ်ရသော ရုပ်လည်းရှိ၏, မျာယံကဲ့သို့ ဗျည်းသို့ ကပ်ရသော ရုပ်လည်းရှိ၏၊ ["မ်+ယ်+အာယံ" ဟု ဖြစ်ရာဝယ် ယ်ကို အာသို့ ကပ်ပြီးမှ (မ်) ကို ယဗျည်းသို့ တဆင့်ကပ်ရသည်။] "ပရသရံ"ဟု ဖွင့်လျှင် သရသို့ ကပ်ခြင်းနှင့်သာ ဆိုင်၍ ဗျည်းသို့ကပ်ခြင်းနှင့် မဆိုင်ရကား သရအက္ခရာ ဗျည်းအက္ခရာ ၂ မျိုးလုံး ကပ်နိုင်အောင် ပရကို "ပရသရံ" ဟု မဖွင့်ပဲ "ပရက္ခရံ" ဟု ဖွင့်သည်။

**နယေ ယုတ္တေ။** ။နယေ၌ နီဓာတ် ယောဇိဘာတ်၊ နီဓာတ်၏ "ဆောင်ခြင်း" အနက်ကိုပင် "ကပ်" ဟု အဓိပ္ပာယ် ဆိုကြ၏၊ ယောဇိဘာတ်လည်း စီမံခြင်း (ဓိမိ) အနက်ကိုဟော၏၊ နယေ၏ ကတ္တားကိုလည်း "သန္ဓိကတ္တုကာမော" ဟု ထည့်၊ ယုတ္တေကို "ယုတ္တေ ဌာနေ"ဟု ရူပသိဒ္ဓိဖွင့်၏၊ ယုတ္တသဒ္ဒါသည် "ဟိယုတ္တံ-သင့်၏" ဟူရာ၌ကဲ့သို့ "သင့်-လျော်-တော်-တန်" ဟူသော အနက်ကိုဟော၏၊ "နောက် အက္ခရာသို့ကပ်ရာဝယ် ကပ်သင့်ရာဌာန၌သာ ကပ်၊ ကပ်သင့်မှ ကပ်၊ မကပ်သင့်လျှင်-ကပ်၍ မလျော်လျှင် မကပ်ရ" ဟု ဆိုလိုသည်။

**ရူပသိဒ္ဓိနည်း။** ။သစ်ပင် ၂ ပင်ရှိရာဝယ် တပင်၌ ငှက်နားနေ၏၊ ထိုငှက် နားရာ သစ်ပင်ကိုပင် ခုတ်လှည်းလိုက်လျှင် ငှက်သည် အခြားသစ်ပင်သို့ အလိုလို ပျံသွားသကဲ့သို့, ရှေ့နောက်သရရှိရာတွင် ဗျည်း၏မှီရာ ရှေ့သရကို ချေလိုက်လျှင် ဗျည်းသည် နောက်သရ (နောက်အက္ခရာ) သို့ အလိုလို ကပ်၏၊ ကပ်ဖို့ရာသုတ်ဖြင့် တမင်သာ စီမံနေဖွယ် မလို-ဟု အယူရှိသော မောဂ္ဂလ္လာန်နှင့် မုဒ္ဓဗောဓ စသော သဒ္ဒါကျမ်းတို့၌ ဤကဲ့သို့ ကပ်သုတ်လည်း မပါ၊ သို့ရာတွင် ကလာပ်ကျမ်း၌ ခွင်းသုတ် ကပ်သုတ် ၂ မျိုးလုံး ပါသောကြောင့် ကလာပ်ကျမ်းကိုမှီသော ဤကစ္စည်းကျမ်းလည်း ခွင်းသုတ် ကပ်သုတ်များကို ပြထားလေသည်။

**ယုတ္တေတိ ကသ္မာ၊ ပေ၊ အဟာသိမေ**—ကလာပ်၌ "ဗျဉ္ဇနမသာရံ ပရံ ဝဏ္ဏံ နယေ=သရမရှိသောဗျည်းကို နောက်ဝဏ္ဏသို့ ဆောင်ရာ၏" ဟု ယုတ္တေသဒ္ဒါမပါပဲ သုတ်တည်သကဲ့သို့ ဤကစ္စည်းကျမ်း၌လည်း ယုတ္တေမပါပဲ သုတ်တည်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ယုတ္တေသဒ္ဒါကို ဆိုရပါသနည်း ဟူသော ပုစ္ဆာကို ဝုတ္တိဆရာကိုယ်တိုင် "ယုတ္တေတိ ကသ္မာ" ဟု ထုတ်ပြ၍ "အက္ကောစ္ဆိ မံ စသော ပြယုဂ်ဝယ် (မ) သုံးလုံး၏ နောက်၌ရှိသော နိဂ္ဂဟိတ်ကို နောက်သရသို့ ဆောင်ကပ်ဖို့ရာ မသင့်" ဟု ပြခြင်းအကျိုးငှာ ယုတ္တေသဒ္ဒါကို ဆိုရပါသည်ဟု အဖြေကိုပြသည်၊ "အက္ကောစ္ဆိမံ+အဝဓိ"၌ (မ) နောက်ရှိ နိဂ္ဂဟိတ်ကို နောက် အသရသို့ မကပ်သင့်၊ ဘာ့ကြောင့်နည်း....နိဂ္ဂဟိတ်မည်သည် ရှေ့သရကိုသာ မှီသော ပုဗ္ဗာသယဗျဉ်း ဖြစ်သောကြောင့်တည်း၊ "အဝဓိမံ+အဇိနိ" ၌လည်းကောင်း, "အဇိနိ မံ+အဟာသိ"၌လည်းကောင်း နည်းတူ၊ ဤသို့လျှင် နောက်သရသို့ ဆောင်ကပ်ခြင်း၌ နိဂ္ဂဟိတ်ကို တားမြစ်ခြင်း အကျိုးငှာ ယုတ္တေသဒ္ဒါကို ထည့်၍ အရှင် ကစ္စည်းဆရာဆိုတော်မူသည်၊ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ ရူပသိဒ္ဓိ၌လည်း "ယုတ္တဂ္ဂဟဏံ နိဂ္ဂဟီတနိသေဓနတ္ထံ" ဟု မိန့်လေသည်။

**ဗာလာဝတာရဋီကာဟောင်း**။ ။"ဗုဒ္ဓမ်+သရဏမ်+ဂစ္ဆာမိ"၌ (မ်) ဗျည်းသည် သရမရှိသောကြောင့် အဃောသလည်း ဟုတ်, ပုဗ္ဗဗျဉ္ဇနလည်း ဟုတ်၏၊ သို့သော် ထို (မ်) ဗျည်းကို နောက် သ-ဂ တို့သို့ မကပ်သင့်၍ ယုတ္တမဖြစ်သကဲ့သို့, အက္ကောစ္ဆိ မံ၌ နိဂ္ဂဟိတ်ကို မဒါ သရေသုတ်ဖြင့် (မ်) ပြုလိုက်လျှင် "အက္ကောစ္ဆိမမ်+အဝဓိမမ်+အဇိနိမမ်" ဟု ဖြစ်၏၊ ထိုသို့ နိဂ္ဂဟိတ်မှ ဖြစ်သော (မ်) တချို့ကို နောက်အက္ခရာသို့ မကပ်ဖို့ရာ ယုတ္တေသဒ္ဒါကို ထည့်ရသည်၊ နိဂ္ဂဟိတ်သက်သက်ကို နောက်သရသို့ ကပ်ဖို့ရာမှာ နဂိုရ်ကပင် ယုံမှားစရာမရှိ၊ ဘာ့ကြောင့်နည်း....နိဂ္ဂဟိတ်မည်သည် ရှေ့သရကို မှီလေ့ရှိသော ပုဗ္ဗာသယဗျည်းဖြစ်သောကြောင့်တည်းဟု ပြ၍ "ယုတ္တဂ္ဂဟဏံ နိဂ္ဂဟီတနိသေဓနတ္ထံ" ဟူသော ရူပသိဒ္ဓိ အဆိုကို ပယ်ချလေသည်။

[ဆောင်] အက္ကောစ္ဆိမံ, နိဂ္ဂဟီတံကို, မြစ်ရန် မှန်းဆ, ယုတ္တေပြဟု, ရူပသိဒ်မှာ
ဖွင့်တုံပါလည့်, ဗာလာဋီဉာဏ်, တနည်းကြံ၍, ဗုဒ္ဓမ်ကို ရှု, (မ်) ဗျည်း
စုသို့, မိန္ဒုမှဖြစ်, (မ်) ဗျည်းသစ်ကို, ရှိလစ် နောက်နှင့်, မကပ်သင့်ဟု,
ပယ်လှည့်လိုသော်, ယုတ္တေမျှော်သည်, စာတော်ပြန်တို့ မှတ်ဖွယ်ကို။

**မှတ်ချက်**။ ။"အသာရံ ဗျဉ္ဇနံ နယေ-သရကင်းသောဗျည်းကို နောက်အက္ခရာသို့ ကပ်" ဟု သုတ်ကဆိုထား၏၊ "အက္ကောစ္ဆိမံ" ၌ နိဂ္ဂဟိတ်သည် သရမကင်းသောကြောင့် နိဂ္ဂဟိတ်ကို နောက်သို့ ကပ်ခြင်း၌ အသာရံဖြင့်ပင် တားမြစ်နိုင်ရကား ယုတ္တေဖြင့် တားမြစ်ဖွယ်မလို၊ ထို့ကြောင့် "ယုတ္တေတိ ကသ္မာ-အက္ကောစ္ဆိမံ" စသည်ဖြင့် ဖွင့်သော ဝုတ္တိဆရာ့စကားသည် သုတ်တည်သော အရှင်ကစ္စည်းဆရာ၏ အာဘော်ကျမည်မထင်၊ ထို အက္ကောစ္ဆိမံ စသည်ကို အတည်ပြု၍ ဖွင့်ရသော ရူပသိဒ္ဓိလည်း ဝုတ္တိဆရာ့ နောက်လိုက်ပင် ဖြစ်သည်၊ ဗာလာဝတာရဋီကာဟောင်း၏ အဆိုကား သုတ်တည်သော အရှင် ကစ္စည်း၏ အလိုကျဖွယ်ရှိ၏၊ သို့ရာတွင် "အက္ကောစ္ဆိမံ" ဟုသာ ပါဠိရှိ၍ "အက္ကောစ္ဆိမံ" ဟု ပါဠိမရှိသောကြောင့် ပိုစံကိုကား စဉ်းစားသင့်၏၊ "ယုတ္တေတိ ကသ္မာ၊ ဗုဒ္ဓမ်+သရဏမ်+ဂစ္ဆာမိ"

**သရာ သရေ လောပံ**

၁၂။ ပရေ-နှောင်းသော၊ သရေ-သရကြောင့်၊ သရာ-ရှေ့ သရတို့သည်၊ လောပံ ပပ္ပေါန္တိ၊ ယဿ-ဣန္ဒြိယာနိ သမထင်္ဂတာနိ, နော ဟောတံ ဘန္တေ, သမေတာ°ယသ္မာ သံဃေန- ယဿိန္ဒြိယာနိ၊ပေ၊ သံဃေန, စသည်တည်း။ (၁၃)

---

ဟု ရှိမှ အရာရာ သင့်ဖွယ်ရှိသည်၊ [နိဒ္ဒေသ၌ တမျိုး ဖွင့်ထားသေးသည်ကား လုံးလုံး အမှားပင်၊ "ဧတ္ထ ပန ယုတ္တံ န ဟောတိ" ဝါကျလည်း ရှေးပါဌ်ဟုတ်ဟန်မတူ၊ ဘာ့ကြောင့်နည်း... နောက်နောက်များ၌ ဤဝါကျမျိုး မပါ, ချာသစသည်မှာလည်း အဖွင့် မတွေ့ရ,စာသွားလည်း မကောင်းလှသောကြောင့်တည်း၊ သို့ရာဝယ် ပါဌ်ရှိနေသောကြောင့် ဒဋ္ဌိဝါကျ ကြံ၍ "ပန-မှန်၏" စသည်ဖြင့် အနက် ပေးရတော့သည်။]

**ဉတိ သန ္ဓိကပ္ပေ၊ ပေ၊ ကဏ္ဍော**—ဤကား နိဂုံးဝါကျတည်း၊ ဂန္ထာရမ္ဘခန်း၌ သန္ဓိကျမ်း နာမ်ကျမ်း အာချာတ်ကျမ်း ကိတ်ကျမ်းဟု ၄ ကျမ်းရှိကြောင်းကို ချာသ ဖွင့်ခဲ့သောကြောင့် ဤ၌ သန္ဓိကပ္ပကို "သန္ဓိကျမ်း" ဟု ဆိုရတော့သည်၊ အိမ်တဆောင်ဝယ် အခန်းငယ် အသီးသီး ရှိသကဲ့သို့ ဤ သန္ဓိကျမ်း၌လည်း အခန်းငယ် ၅ ခန်း ရှိ၏၊ ထို အိမ်ခန်း၌ သဘောတူသော အိမ်ထောင် ပရိဘောဂများကို ပေါင်း၍ထားသကဲ့သို့ ဤ အခန်းငယ်များ၌လည်း သဘောတူ အနက်များကို ပေါင်း၍ ပြထား၏၊ ဤ ပဌမခန်းကား သညာနှင့် ပရိဘာသာသုတ်တို့ကို ပေါင်း၍ပြရာ အခန်းတည်း၊ ဉတိကား ပရိသမာပနတ္ထ (အပြီးဟူသော အနက်ပြ) နိပါတ်တည်း၊ သညာနှင့် ပရိဘာသာကို ပြရာ ပဌမခန်း ပြီးပြီ-ဟူလို။

**၁၂။ ပုံစံနက်နှင့်ရုပ်တွက်။** ။ [ယဿ+ဣန္ဒြိယာနိ၊ သမထံ+ဂတာနိ၊ နောဟိ+ဧတံ ဘန္တေ၊ သမေတု+အာယသ္မာ သံဃေန။] ယဿ-အကြင်သူ၏၊ ဣန္ဒြိယာနိ-ဣန္ဒြေတို့သည်၊ သမထံ-ငြိမ်သက်ခြင်းသို့၊ ဂတာနိ-ရောက်ကုန်၏၊ ဘန္တေ-မြတ်စွာဘုရား၊ ဧတံ-ဤသို့ ဖြစ်ခြင်းသည်၊ နောဟိ-မသင့်ပါ၊ အာယသ္မာ-အရှင်သည်၊ သံဃေန-သံဃာနှင့်၊ သမေတု-ညီညွတ်ပါလော၊ ယဿိ-န္ဒြိယာနိကို အခြေပြု၍ ရုပ်တွက်ခဲ့ပြီ။ ["သမထင်္ဂတာနိ=သမထံ+ဂတာနိ" ကား ဤသုတ်နှင့် မဆိုင်၊ "ယဿိ-န္ဒြိယာနိ သမထင်္ဂတာနိ" ဟု တွဲဖက် ပါဌ်ဖြစ်၍ အပိုပါနေသည်၊] "နောဟေတံ, သမေတာယသ္မာ" တို့ကိုလည်း ရုပ်တွက်ပါစေ၊ အခြေပြု၌ပင် ညွှန်ပြခဲ့ပြီးဖြစ်၍ ဤ၌ မထူးသော ရုပ်များကို တွက်ပြတော့မည် မဟုတ်၊ ဤ ကစ္စည်းဝုတ္တိကို လေ့လာသူများသည် အခြေပြု သဒ္ဒါကိုဖြစ်စေ, အလားတူ သုတ်နက်နှင့် ရုပ်တွက်ကိုပြသော ကျမ်းကိုဖြစ်စေ လေ့လာပြီးမှသာ ဤ ကစ္စည်းဝုတ္တိကို လေ့လာသင့်ကြောင်းကို နိဒါန်း၌ ပြခဲ့ပြီ။

**ကာရိ, ကာရိယ, နိမိတ်။** ။ ဝိဓိသုတ် ရှစ်မျိုးရှိကြောင်းကို အခြေပြု၌ ပြခဲ့ပြီ၊ ထို ရှစ်မျိုး၌ ကာရီ-ကာရိယ-နိမိတ္တ-ဝိသေသန, ဤ ၄ မျိုးကို ခွဲနိုင်၏၊ [ကရဏံ ကာရော=ပြုခြင်း၊ ကာရော ယဿ အတ္ထီတိ ကာရီ၊ ဤ ကာရီကို ကာရိယီ ဟုလည်း

ဆို၏၊ ကာရိယံ-ပြုဖွယ်၊ ကာရိယံ ယဿ အတ္တိတိ ကာရိယီ၊ ကာရိယတေ-ပြုစီရင်ခြင်း၊ ကာရိယံ-ပြုစီရင်ခြင်း။ ] ဆက်ဦးအံ့-ယဿ+ဇုန္တိယာနိဝယ် ဿဒ္ဒ ပါသော အဿရသည် ချေမှုကို ပြုဖွယ်ရှိသောကြောင့် ကာရီ (ကာရိယံ) မည်၏၊ သရာ သရေ လောပံဖြင့် ထိုအဿရကို ချေခြင်းသည် ကာရိယ (ပြုခြင်း) မည်၏၊ နောက်ဇကား ယို ကာရိယ၏ အကြောင်းဖြစ်သောကြောင့် နိမိတ္တ မည်၏၊ ထိုတွင် သုတ်၌ပါသော သရာပုဒ်သည် ကာရီကို ညွှန်ပြသောပုဒ်တည်း၊ အနက်၏ ကာရီဟူသော အမည်ကို ပုဒ်၌ တင်စား၍ သရာဟူသောပုဒ်ကိုလည်း ကာရီပုဒ်ဟု ခေါ်ရသည်၊ (နောက်နောက်၌လည်းနည်းတူ) လောပံသည် ကာရိယကို ညွှန်ပြသောပုဒ်တည်း၊ သရေသည် နိမိတ်ကို ညွှန်ပြသော ပုဒ်တည်း၊ ဤသုတ်၌ ဝိသေသန မပါ။

အနိဋ္ဌိတံ ပဒံ ကာရီ, နိဋ္ဌိတံ ကာရိယံ ဘဝေ၊
တဿ ဟေတု နိမိတ္တန္တိ, တဗ္ဘေဒကံ ဝိသေသနံ။

အနိဋ္ဌိတံ-ပြုစီရင်၍ မပြီးသေးသော၊ ပဒံ-ပြုစီရင်ရာပုဒ်သည်၊ ကာရီ-ကာရီ မည်၏၊ နိဋ္ဌိတံ-ပြု၍ပြီးသော၊ ပဒံ-ပုဒ်သည်၊ (ချေဟု ပြုစီရင်ခြင်းကို ညွှန်ပြသော ပုဒ်သည်-ဟူလို) ၊ ကာရိယံ-ကာရိယမည်သည်၊ ဘဝေ-ဖြစ်၏၊ တဿ-ထို ကာရိယ၏၊ ဟေတု-အကြောင်းသည် (အကြောင်းကိုပြသော သရေပုဒ်မျိုးသည်) ၊ နိမိတ္တံ-နိမိတ် မည်၏၊ တဗ္ဘေဒကံ-ထို ကာရီ ကာရိယ နိမိတ်တခုခုကို အထူးပြုသောပုဒ်သည်၊ ဝိသေသနံ-ဝိသေသနမည်၏၊ [ဤဂါထာ၌ ''အနိဋ္ဌိတံ-ပြု၍ မပြီးသေး'' စသော စကားကို ထောက်၍ ''ချေမှု အာဒေသပြုမှု ဒီဃရဿပြုမှုရှိသော သုတ်တို့၌သာ ကာရီ ကာရိယ နိမိတ္တတို့ကို ခွဲဝေကောင်း၏'' ဟု ယူဆလျက် ''ကာရီ ကာရိယ, နိမိတ္တ-ဝိသေ, ခွဲစိတ်ဝေ, လော ဒေ ဒီ ရယ်သုတ်'' ဟု နိယာမ် ဆိုကြဟန်တူသည်။]

**ပစ္စယ-အာဂမဝိဓိ၌လည်း ခွဲနိုင်ပုံ။** ။မုခ္ခမောဓဋီကာ၌ကား ပစ္စယဝိဓိ အာဂမဝိဓိတို့၌လည်း ကာရီ ကာရိယ နိမိတ္တကိုရ၏ဟုဆို၏၊ ချဲဦးအံ့-''ဇုတ္တိယ မတော အာပစ္စယော'' ၌ အကာရန္တမှ နောက်ဖြစ်သော နေရာကွက်လပ်သည် အာ ပစ္စည်းကို စီရင်ခြင်းရှိသောကြောင့် ကာရီမည်၏၊ ''ဂေါသရေ ပုထဿာဂမော'' ၌ ပုထ၏အဆုံးကွက်လပ်သည် (ဂ) လာမှုကို စီရင်ခြင်းရှိသောကြောင့် ကာရီ မည်၏၊ အာပစ္စည်း ဂ အက္ခရာတို့ကား ပြုစီရင်အပ်သောကြောင့် ကာရိယ မည်၏၊ ဤသို့လျှင် လော,ဒေ, ဒီ,ရယ် ၄ သုတ်အပြင် ပစ္စယဝိဓိ အာဂမဝိဓိတို့၌လည်း ဤ ကာရီ ကာရိယ နိမိတ္တကို ရနိုင်၏၊ ပစ္စယဖြင့် ဝိဘတ်သက်သော ဝိဘတ္တိဝိဓိကိုလည်းကောင်း, အာဒေသဖြင့် ပကတိဝိဓိကိုလည်းကောင်း ယူလျှင် ဝိဓိရှစ်မျိုးလုံး၌ပင် ဤ ကာရီ ကာရိယ နိမိတ္တ အခွဲကို ရနိုင်သည် ဟု မှတ်။

**နိမိတ် ၂ မျိုး။** ။''ဝါပရော အသရူပါ'' ကဲ့သို့ ပဉ္စမီနိမိတ်, ''သရာ သရေ လောပံ'' သုတ်၌ သရေကဲ့သို့ သတ္တမီနိမိတ် ဟု ၂ မျိုးရှိ၏၊ ထိုတွင် ပဉ္စမီနိမိတ်ဖြင့် ညွှန်ပြရာ၌ နောက်ဘက်ကို (ရှေ့သရမှ နောက်သရ စသည်ကို) စီရင်ရ၏၊ သတ္တမီနိမိတ်ဖြင့် ညွှန်ပြရာ၌ ရှေ့ဘက်ကိုသာ (နောက်သရကြောင့် ရှေ့သရ) စသည်ကို စီရင်ရ၏၊ ထို့ကြောင့် မောဂ္ဂလ္လာန်၌ ''ပဉ္စမိယံ ပရဿ, သတ္တမိယံ ပုဗ္ဗဿ'' ဟု ပရိဘာသာသုတ်ကို ပြထားသည်။

ဝါပရော
အသရူပါ

၁၃။ အသရူပါ-မသော၊ သရမှာ-ရှေ့သရမှ၊ပရော-သော၊ သရော-သည်၊ ဝါ-ဝိကပ်အားဖြင့်၊ လောပံ ပပ္ပေါတိ၊ စတ္တာရော မေ ဘိက္ခဝေ ဓမ္မာ, ကိန္နု°မာဝ သမဏိယော-စတ္တာရော မေ၊ပေ၊ သမဏိယော စသည်တည်း၊ဝါတိ-ဝါ ဟူသောပုဒ်ကို၊ ကသ္မာ-အဘယ့်ကြောင့်၊

---

ယဿ နိဒ္ဒိဿေ ကာရိယံ, သ ကာရိယီ ပဝုစ္စတိ၊
ယံ ကာရိယတေ တံ ကာရိယံ, အာဒေသပစ္စယာဂမံ၊
ယမှာ ပရံ ပရေ ယသ္မိံ, တံ နိမိတ္တံ ဒွိဓာ မတံ။

ယဿ-အကြင် အရာ၏ (အတွက်)၊ ကာရိယံ-ပြုစီရင်ဖွယ်ကို၊ နိဒ္ဒိဿေ-ညွှန်ပြအပ်၏၊ သ-ထိုအရာကို၊ ကာရိယီ-ကာရိယီ ဟူ၍၊ ပဝုစ္စတိ-ဆိုအပ်၏၊ ယံ-အကြင် အရာကို၊ကာရိယတေ-ပြုစီရင်အပ်၏၊ အာဒေသပစ္စယာဂမံ-အာဒေသ, ပစ္စည်း,အာဂုံ ဖြစ်သော၊တံ-ထိုအရာကို၊ (အာဒေသဖြင့် လောပ စသည် အားလုံးကို ယူ၊) ကာရိယံ-ဟူ၍၊ ပဝုစ္စတိ-၏၊ ယမှာ-အကြင် ပဌမနိမိတ်မှ၊ ပရံ-နောက်၌၊ ကာရိယံ ဟောတိ-ကာရိယ ဖြစ်၏၊ ယသ္မိံ-အကြင် သတ္တမီနိမိတ်သည်၊ ပရေ-နှောင်းလသော်၊ ကာရိယံဟောတိ-၏၊ တံ နိမိတ္တံ-ထို နိမိတ်ကို၊ ဒွိဓာ-ရှေ့နိမိတ် နောက်နိမိတ် (ပဉ္စမီ နိမိတ် သတ္တမီနိမိတ်) အားဖြင့် ၂ ပါးပြား၏ ဟူ၍၊ မတံ-သိအပ်၏။ [မုခ္ခမောဓဋီကာ အဆိုကို မှီသော ဆရာတို့၏ ဂါထာ။]

သုတ်တည်ပုံ။ ။သုတ်တို့ကို တည်သည့်အခါ ၌ သရာ သရေ လောပံ သုတ်ကဲ့သို့ ကာရီ ကာရိယ နိမိတ္တ ၃ ပါးကိုပြ၍ သုတ်တည်တတ်၏၊ နိမိတ်ကို အလိုက်ခံ၍ "ယမေဒန္တဿာဒေသော" သုတ်ကဲ့သို့ ကာရီ ကာရိယ ၂ မျိုးမျှဖြင့် သော်လည်း သုတ်တည်တတ်၏၊ ကာရီကို အလိုက်ခံ၍ "ကွစာ သဝဏ္ဏံ လုတ္တေ" သုတ်ကဲ့သို့ ကာရိယ နိမိတ္တ ၂ မျိုးမျှဖြင့် သော်လည်း သုတ်တည်တတ်၏၊ ကာရီ နိမိတ်တို့ကို အလိုက်ခံ၍ "ဒီဃံ" သုတ်ကဲ့သို့ ကာရိယတခုတည်း ဖြင့်သော်လည်း သုတ်တည် တတ်၏၊ "ယောသုစ" သုတ်ကဲ့သို့ နိမိတ်တခုတည်းဖြင့်သော်လည်း သုတ်တည်တတ်၏၊ "ဇ္ဈမသဒ္ဒဿစ" ကဲ့သို့ ကာရီ တခုတည်းဖြင့်သော်လည်း သုတ်တည်တတ်သည်။

ကာရီ ကာရိယံ နိမိတ္တံ, တီဟိ သုတ္တမုဒါဟဋံ၊
ကွစိ ကာရီ ကာရိယေဟိ, ကာရီဝဇ္ဇေဟိဝါ ကွစိ။

ကာရီ-ကာရီလည်းကောင်း၊ ကာရိယံ-လည်းကောင်း၊ နိမိတ္တံ-လည်းကောင်း၊ (ဇုတိ-၌သို့၊) တီဟိ-၃ မျိုးတို့ဖြင့်၊ သုတ္တံ-သုတ်ကို၊ ဥဒါဟဋံ-တုတ်ပြအပ်၏၊ ကွစိ-အချို့အရာ၌၊ ကာရီကာရိယေဟိ-ကာရီ ကာရိယတို့ဖြင့်၊ ဥဒါဟဋံ-၏၊ ကွစိ-၌၊ ကာရီဝဇ္ဇေဟိဝါ-ကာရီ ကြဉ်အပ်သော ကာရိယ နိမိတ်တို့ဖြင့်လည်း၊ (ဝါ သဒ္ဒါဖြင့် ကာရိယ တခုတည်းကိုယူ၊) သုတ္တံ-ကို၊ ဥဒါဟဋံ-၏။ [သရေ၌ နိမိတ္တ သတ္တမီဟု လည်းကောင်း, ဩပသိလေသိကာဓာရသတ္တမီဝိဘတ်ဟု လည်းကောင်း အဆို ကွဲပြားပုံကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု။]

၁၃။ ပုံစံနက်နှင့် ရုပ်တွက်။ ။စတ္တာရော+ဣမေ၊ ကိန္နု+ဣမာဝ၊ ပဉ္စ+ဣန္ဒြိယာနိ၊ တယော+အဿု။ [ဘိက္ခဝေ-ရဟန်းတို့၊ ဣမေ ဓမ္မာ-၌ တရားတို့သည်၊

ဝုတ္တံ-ဆိုအပ်သနည်း၊ ပဋိန္ဒြိယာနိ, တယဿ ဓမ္မာ ဇဟိတာ ဘဝန္တိ-ပဋိန္ဒြိယာနိ၊ပေ၊ ဘဝန္တိ-အစရှိသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ-ဆိုအပ်၏။ (၁၅)

---

စတ္တာရော - ၄ ပါးတို့တည်း၊ ဣမာဝ - ဤမိန်းမတို့သည်သာ၊ သမဏဿယောကိန္နု - ရဟန်းမတို့တဲ့လော! ပဉ္စ-ငါးပါးကုန်သော၊ ဣန္ဒြိယာနိ-ဣန္ဒြေတို့၊ တယော-၃ ပါးကုန်သော၊ ဓမ္မာ-တရားတို့သည်၊ (အဿ-အနက်မရှိ၊) ဇဟိတာ-စွန့်အပ်ကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။] စတ္တာရောမေ, ကိန္နုမာဝတို့သာ ပုံစံရင်းတည်း၊ ဘိက္ခဝေ ဓမ္မာ, သမဏယောတို့ကား တွဲဖက်ပါဠိဖြစ်၍ ထည့်ရသည်၊ ရှပ်ကို အခြေပြု ကြည့်တွက်၊ ကိ° ရုပ်၌လည်း "ပဋိန္ဒြိယာနိ-တယဿ"တို့သာ ပုံစံတည်း၊ "ဓမ္မာ ဇဟိတာ ဘဝန္တိ"တို့ကား တယဿ၏ တွဲဖက်ဖြစ်၍ အပိုထည့်ရသော ပုဒ်များ ဖြစ်သည်၊ "ပဋိန္ဒြိယာနိကို ပဉ္စ+ဣန္ဒြိယာနိ"ဟု ပုဒ်ဖြတ်၊ ဝါပရော အသရူပါ သုတ်ဖြင့် နောက် ဣသရကို ချေသင့်သော်လည်း ဝါသဒ္ဒါမြစ်သောကြောင့် မချေရ၊ သရာ သရေ လောပံ သုတ်ဖြင့် ရှေ့သရကို ချေ၊ ဥ္စကို နောက်ဣသို့ ကပ်, ပြီး၏။ [တယဿကို"တယော+အဿ"တည်၍ ဤနည်းအတိုင်း တွက်ပါ၊ နောက် သရကို ချေသင့်သော်လည်းဟု ဆိုရုံသာ ထူး၏။]

**အသရူပါ**—ရူပသဒ္ဒါသည် ဤကျမ်းအလို "ရုပ်သွင်သဏ္ဌာန်" ဟူသော အနက်ကိုပင် ဟော၏၊ တူသော ရုပ်သွင်ရှိသော သရသည် "သရူပမည်၏၊ သမာနံ ရူပံ ယေသံတိ သရူပါ=တူသော ရုပ်သွင်ရှိသော သရတို့၊ (သမာနကို တေသုဝုဒ္ဓိဖြင့် သ ပြု)၊ န+သရူပါ အသရူပါ-တူသော ရုပ်သွင်ရှိသော သရမှ တပါးသော သရတို့၊ ရုပ်သွင် တူ မတူကိုလည်း ပြယုဂ်ထည်း၌ ကြည့်ရမည်၊ ဘာ့ကြောင့်နည်း … "သရူပ မဟုတ်သော ရှေ့သရမှ+နောက်သရကို ချေ"ဟု ဆိုထားသဖြင့် ရှေ့သရနှင့် နောက် သရကိုကြည့်ရမှ သရူပ ဟုတ် မဟုတ်ကို ဆုံးဖြတ်ခွင့်ရှိသောကြောင့်တည်း၊တို့ကြောင့် ပြယုဂ်ထည်း၌ "စတ္တာရော+ဣမေ"ကဲ့သို့ ပုဒ်စပ်ရာဌာန၏ ရှေ့ နောက် သရ ၂ လုံးသည် ရုပ်သွင်မတူလျှင် အသရူပဟုမှတ်။ [သဒ္ဒနီတိ၌ သရူပပုဒ်ကို တမျိုးဖွင့်၏, ရူပသိဒ္ဓိဘာသာဋီကာ ပရသမညာသုတ်၌ ပြထားသည်။]

**ဆက်ဦးအံ့**—အလွန်တူသော ညီနောင် ၂ ယောက်တို့ အကြီး အငယ်သာ ကွာ ခြားသကဲ့သို့, အ နှင့် အာလည်း ရဿ-ဒီဃ အသံလိုက်၍ ရေးသားရသဖြင့် အကြီး အငယ် ပုံသဏ္ဌာန်သာ ကွဲပြား၏, ရုပ်ချင်းကား အတူပင်၊ ရှေ့နောက် သရတို့ (အ) ချည်း ဖြစ်နေရာ အာ ချည်း ဖြစ်နေရာတို့၌ သရူပ ဖြစ်ပုံမှာ ဆိုဖွယ်မရှိပြီ၊ ဣ နှင့် ဤ, ဥနှင့် ဦတို့လည်း နည်းတူ၊ ရှေ့နှေင့် နောက်ေ, ရှေ့ဩနှင့် နောက်ဩတို့လည်း ပြယုဂ်တွင်း၌ သရူပတို့ပင်တည်း၊ ထို့ကြောင့် အ အာ ဣ ဤ ဥ ဦ တို့သည် မိမိတို့နှင့် ရုပ်သွင်မတူသော အသရူပ သရ ၆ လုံးစီရှိရကား "အ နောင် ၆ လုံး, အာ နောင် ၆ လုံး" စသည်ဖြင့် ၆ လုံးစီ ချေနိုင်၏၊ ဧ ဩ တို့ နောင်ကား ၇ လုံးစီ ချေနိုင်၏၊ အားလုံးပေါင်းလျှင် ဤသုတ်ဖြင့် ချေနိုင်သောသရပေါင်း ၅၀ ရှိသည်ဟုယူသင့်သည်။ [အဝဏ္ဏံ့ာဒီနံ သေသာ ဆ ဆ အသရူပါ၊ ဧကာရဿ သတ္တ, တထောကာရဿ၊…, သဒ္ဒနီတိ)။]

ပုဒ်စစ်၌ကား ''ဧ နှင့် ဧ, ဩ နှင့် ဩ''တို့ကို အသရူပဟု ယူ၍ ဧ နောင် ရှစ်လုံး, ဩနောင် ရှစ်လုံး ချေနိုင်၏- ဟု ဆိုထား၏၊ ထိုစကားကို ''ဧကာရဿ သတ္တ,တထာ ဩကာရဿ''ဟူသော သဒ္ဒနီတိ စကားဖြင့် စဉ်းစားကြပါလေ။

**ပဉ္စမီဝိဘတ်၏ အဓိပ္ပာယ်။** ။သတ္တမီ ဝိဘတ်ဖြင့် ညွှန်ပြရာ၌ သတ္တမီ နိမိတ်ကို (ဩပသိလေသိကာဓာရကို) ယူခြင်း၏အစွမ်းကြောင့် ဝဏ္ဏကာလ ခြားရာတို့၌ သန္ဓိအစီအရင်ဟူသမျှ မဖြစ်သကဲ့သို့ ထို့အတူ ''အသရူပါ''ကဲ့သို့ ပဉ္စမီဝိဘတ်ဖြင့် ညွှန်ပြရာ၌လည်း ဝဏ္ဏကာလခြားနေလျှင် သန္ဓိအစီအရင် မဖြစ်ပင်၊ မှန်၏—လူ ၂-၃-၄ ယောက် စီတန်းသွားရာဝယ် ပထမလူ နောက်လူဟု ဆိုလျှင် ပထမလူနှင့် အခြားမရှိသော ဒုတိယလူကို ဆိုဘိသကဲ့သို့ ''မှ''ဟု ပေးရသော ပဉ္စမီဖြင့် ညွှန်ပြရာ၌လည်း မိမိနောက်၌ အခြားမရှိသော သရ-ဗျည်းကိုသာ ယူရသည်။ [ပဉ္စမီနိဒ္ဒေသေန-ပဉ္စမီဝိဘတ်ကို ညွှန်ပြသဖြင့်၊ ကာရိယမာနံ-ပြုအပ်လတ္တံ့သော၊ ကာရိယံ-အပြု အစီအရင်ကို၊ ဝဏ္ဏန္တရေန-ဝဏ္ဏံတပါးသည်၊ အဗျဝဟိတဿ-မခြားအပ်သော၊ ပရဿ-နောက်၏ (ကာရိယ ဟူ၍)၊ ဉေယျံ-သိအပ်၏၊....သိဒ္ဓန္တကောမုဒီ။]

**ဝါ၏အနက်။** ။ဤသုတ်၌ ဝါသဒ္ဒါကို ချသည်၌ ဝိကပ်အနက်, ရူပသိဒ္ဓိ၌ ဝဝတ္ထိတ ဝိဘာသာအနက်ရှိ၏-ဟု ဖွင့်၏၊ ချသအလိုကား ရှေ့နောက် သရ ၂ လုံး ရှိလျှင် သရာ သရေ သုတ်က သရူပဖြစ်စေ, အသရူပဖြစ်စေ ရှေ့သရကို ချေသော ကြောင့် ဤသုတ်ဖြင့် နောက်သရကို ချေခြင်းသည် သရာ သရေသုတ်မှ တမျိုးတဖုံ စီရင်ခြင်းသာ ဖြစ်၏၊ ထို့ကြောင့် ဤသုတ်လာ ဝါသဒ္ဒါကို ဝိကပ်အနက် ရှိ၏-ဟု ဆိုလိုဟန် တူသည်၊ [ဝိသိဋ္ဌေန-အခြားသုတ် အစီအရင်မှ ထူးခြားသောအားဖြင့်၊ ဝါ-အခြားသုတ် အစီအရင်မှ တမျိုးတဖုံအားဖြင့်၊ ကပ္ပနံ-ပြုစီရင်ခြင်းသည်၊ ဝိကပ္ပနံ-ဝိကပ်မည်၏၊ [ရူပသိဒ္ဓိအလိုကား ပြယုဂ်တခုတည်းဝယ် ရုပ် ၂ မျိုးရှိရာ၌သာ ဝိကပ် အနက် ရထိုက်၏၊ ဥပမာ—ဤသုတ်ကစီရင်၍ ''စတ္တာရော မေ''ဟုလည်းကောင်း, ဤသုတ် မစီရင်ပဲ ''စတ္တာရော+ဣမေ''ဟုလည်းကောင်း ရုပ် ၂ မျိုးရှိရာ၌သာ ဝိကပ် အနက် ရထိုက်သည်၊ ထိုသို့ ၂ မျိုး မရှိရာ၌ ဝဝတ္ထိတ ဝိဘာသာအနက်ရှိသော ဝါသဒ္ဒါသာ ဖြစ်သင့်၏-ဟု ဆိုလိုသည်၊ ဤ ဘာသာဋီကာ၌ ဝိကပ်အနက်ကိုသာ ပြထား၏၊ ရူပသိဒ္ဓိအလိုကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထားသည်၊ ဝါသဒ္ဒါ၏ ဤပြခဲ့သော ၂ နက်အပြင် သမုစ္စယ, ပဒပူရဏ, သမ္ဘာဝန, အဝဓာရဏ, ဝိကပ္ပန, ကွစိ, နိဝတ္တာပန အဝဓာရဏ, အနုကဍ္ဎန အနက်များလည်း ထိုထိုသုတ်၌ အနည်းငယ် တွေ့ရသေး၏၊ ဆိုင်ရာသုတ်ကျလျှင် ထင်ရှားလိမ့်မည်။

[**ဆောင်**] သမုစ္စယ, ပဒပူရဏ်, သမ္ဘာဝ်ဝိကပ်, အဝဓာရ, ကွစာနိဝတ်, ဝဝတ်
တရပ်, အနုကဍ္ဎ်, ကိုးရပ် ဝါအနက်။....(သပြေကန် နိဿယ)။

**ဝုတ္တိဖွင့်ပုံ။** ။သရမှာ သရော လောပံတို့သည် ရှေ့သုတ်မှ လိုက်သော အနုဝတ္တန ဝုတ္တိများတည်း၊ ချဲ့ဦးအံ့—ကာရိ ကာရိယ နိမိတ္တ ဝိသေသနတို့တွင် နောက်သုတ်၌ ပါသော ကာရီ စသည်တို့က ရှေ့သုတ်၌ရှိသော ကာရီစသည်ကို သတ်ဖြတ်တားမြစ်ခဲ့သောကြောင့် နောက်သုတ်၌ မပါသော ကာရီ စသည်သာ လိုက်ရိုးရှိ၏၊ ဤ ဝါပရော သုတ်၌ကား ''အသရူပါ ပရော''ဟု ဝိသေသနတို့သာ ပါသောကြောင့်

ရှေ့သုတ်လာ သရ သရေတို့သည် ဤသုတ်သို့ ဝိသေသျ အဖြစ်ဖြင့် လိုက်လာကြရသည်၊ ထိုသို့ လိုက်လာရာ၌ နောက်သုတ်က ပုဒ်များနှင့် ဝိဘတ်တူအောင် လိုက်မြဲထုံးစံရှိရကား သရပုဒ်က သရော ဟု ကေဝုစ် ပြောင်း၍လည်းကောင်း, သရေပုဒ်က ''သရမှာ''ဟု ပဉ္စမီဝိဘတ်ပြောင်း၍လည်းကောင်း လိုက်လာခဲ့ကြရသည်။

ကာရိနာ ဟညတေ ကာ႑ိ, ကာရိယံ ကာရိယေနစ၊
နိမိတ္တံတု နိမိတ္တေန, တသေ်ာသ မနုဝတ္တတေ။

ကာရိနာ-နောက်သုတ်လာ ကာ႑ိသည်၊ ကာ႑ိ-ရှေ့သုတ်ရှိ ကာ႑ိကို၊ ဟညတေ-(မလိုက်နိုင်အောင်) သတ်အပ်၏၊ ကာရိယေန-သည်၊ ကာရိယံ-ကို၊ ဟညတေ-၏၊ နိမိတ္တေန-သည်၊ နိမိတ္တံ-ကို၊ ဟညတေ-၏၊ တသေ်ာသံ-ထိုသတ်အပ်သည်မှကြွင်းသောပုဒ်သည်၊ အနုဝတ္တတေ-နောက်သုတ်သို့လိုက်၏၊ [ဤကာ႑ိ ယေဘုယျသာ, အဝံမှိစ သုတ်၌ကား ''အဝ''အပြုဟူသော ကာရိယရှိပါလျက် ရှေ့သုတ်မှ''အာဝ''ဟူသော ကာရိယ လိုက်လာသည်။]

**ဝါတိ၊ ပေ၊ ဘာဝတ္ထံ**—''ပဉ္စ+ဇုန္နိယာနိ''၌ ရှေ့ အသရနှင့် နောက် ဇုသရတို့သည် အသရူပတို့တည်း၊ ''တယော+အသုံ''၌ ရှေ့ ဩနှင့် နောက် (အ) တို့လည်း အသရူပတို့ပင်တည်း၊ ထိုသို့ အသရူပဖြစ်သော်လည်း နောက်သရကို မချေရ-ဟု တားမြစ်ခြင်း အကျိုးငှာ ဝါသဒ္ဒါကိုထည့်၍ သုတ်တည်ရသည်။ [''အသရူပဖြစ်သော ရှေ့သရမှ+နောက်သရကို ချေ'' ဟု ဤသုတ်က စီရင်ခြင်းသည် သရ သရေသုတ်မှ တမျိုးတဖုံ စီရင်ခြင်းသာ ဖြစ်၏-ဟု ဝါသဒ္ဒါက ဆိုသဖြင့် အသရမှ နောက်ပင်ဖြစ်သော်လည်း ဤသုတ်က မစီရင်သော ရုပ်တွေ ရှိသေး၏-ဟု စကားတမျိုး ထွက်ပေါ်လာသည်၊ ထိုသို့ ဤသုတ်က မစီရင်သောရုပ်များ ရှိသေး၏ဟု ဝါသဒ္ဒါက ပြခြင်းကိုပင် ''ထိုရုပ်များ၌ ဤသုတ်က မစီရင်ရ-ဟု ဝါသဒ္ဒါက တားမြစ်ရာရောက်သည်''ဟု ဆိုလိုသည်။]

**ယောဂဝိဘာဂ။** ။[ယောဂဝိဘာဂ ၃ မျိုးကို အခြေပြုသန္ဓိအဆုံး၌ ပြထားပြီ၊] ဤသုတ်က အသရူပါကိုဖြုတ်၍ ''ဝါပရော'' ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ ပြုလျှင်''သရမှာ-ရှေ့သရမှ၊ ပရော-နောက်သရသည်၊ လောပံ ဝါ ပပ္ပေါတိ'' ဟု သုတ်နက် ပေးရသောကြောင့် အသရူပ မဟုတ်သော (သရူပဖြစ်သော်လည်း) နောက်သရကို ချေနိုင်၏၊ ထို့ကြောင့် ''ပပံ-များသောရေကို၊ အဝိန္ဒုံ-ရကုန်ပြီ'' ဤ၌ ပပံကို ''ပ+အာပံ'' ဟု ပုဒ်ဖြတ်၊ ''ဝါပရော'' ယောဂဝိဘာဂဖြင့် ပ၏(အ)မှ နောက်ဖြစ်သော အာကိုချေ၊ ကဗဋ္ဌ-ထမင်းလုတ်ပမာ ဆင်၏အစာဖြစ်သော မြက်ဆုပ်ကို၊ ပဒါတဝေ=ပ+အာဒါတဝေ-ယူခြင်းငှာ၊ နာလံ-မစွမ်းနိုင်၊ ဤ၌လည်း ပ၏ (အ)မှ နောက်ဖြစ်သော အာကိုချေ၊ အာဒယောကို ''အ+အာဒယော'' ပုဒ်ဖြတ်၊ ရှေ့(အ)ကို ချေလျှင် မူလ(အ) ပျောက်၍ ''အာဒယော-အစတို့သည်''ဟု အနက် ပေးရလိမ့်မည်၊ ထို့ကြောင့် ရှေ့ (အ) ကို မချေပဲ ဤယောဂဝိဘာဂဖြင့် နောက် အာကို ချေပြီးမှ, ပုဗ္ဗောစဖြင့် ရှေ့ အကို ဒီဃပြု၊ ''ဇုတိ (ဇု+ဇုတိ) ဇုဟု၍'' ၌လည်း နောက်ဇုကို ချေ-ဟု သဒ္ဒနီတိ မိန့်သည်။

**ကွစာ·သဝဏ္ဏံ လုတ္တေ** ၁၄။ ပုဗ္ဗသရေ-သည်၊ လုတ္တေ-သော်၊ ပရော-သော၊ သရော-သည်၊ ကွစိ-၌၊ အသဝဏ္ဏံပပ္ပေါတိ-၏၊ သင်္ချံ နော·ပေတိ ဝေဒဂူ,ဗန္ဓုဿေ·ဝ သမာဂမော-သင်္ချံ နောပေတိ၊ပေ၊ သမာဂမော စသည်တည်း၊ ကွစီတိ-ကွစိဟူသော ပုဒ်ကို၊ ကသ္မာ ဝုတ္တံ၊ ယဿိ·န္ဒြိယာနိ, တ·ထူ-ပမံ ဓမ္မဝရံ အဒေသယိ-ယဿိ·န္ဒြိယာနိ၊ပေ၊ အဒေသယိ စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ (၁၆)။

---

ဝါပရောတိ ဝိဘာဂေန, သရူပါဝိ ပရော လောပေါ၊
ပပံ ပဒါတဝေ ဇုတိ,' အာဒယောတိ နိဒဿနံ။

ဝါပရောတိ ဝိဘာဂေန-ဝါပရောဟူသော ယောဂဝိဘာဂဖြင့်၊ သရူပါဝိ-သရူပ သရမှလည်း၊ ပရောလောပေါ-နောက်သရကိုချေ၊ ပပံ၊ ပေ၊ အာဒယောတိ-ပပံ, ပဒါတဝေ, ဇုတိ,အာဒယော ၄ ပုဒ်တို့ကား၊ နိဒဿနံ-ဥဒါဟရုဏ်တည်း။ [“ပဿရာ သရူပေ” (၃၂) “ကွစိ ဇုသ္မာ ဇုတိဿ” (၃၃) သဒ္ဒနီတိ သန္ဓိသုတ်၊ ပဿရာ-ပ၏ အသရမှ၊ ပရော-သော၊ သရူပေ-သရူပ သရသည်၊ လောပံ ပပ္ပေါတိ၊ ကွစိ-၌၊ ဇုသ္မာ-ဇုသရမှ၊ ပရော-သော၊ ဇုတိဿ-ဇုတိသဒ္ဒါ၏၊ဇု-ဇုသည်၊လောပံ-ပပ္ပေါတိ။] အချို့ကား-နာလံကို “န+အလံ”ဟု ပုဒ်ဖြတ်၍ နောက်(အ) ကို ဤယောဂဝိဘာဂ ဖြင့် ချေပြီးမှ ရှေ့ အကို ဒီဃပြုကြသေး၏၊ ရိုးရာအတိုင်း ရှေ့ အကို ချေ၍ နောက် အကို ဒီဃပြုလျှင် အပြစ်မရှိသောကြောင့် ထိုနည်းကို ဆင်ခြင်ပါ။

၁၄။ **ပုံစံနက်နှင့် ရုပ်တွက်။** ။[န+ဥပေတိ၊ ဗန္ဓုဿ+ဧဝ၊ တထာ+ဥပမံ၊ ဝေဒဂူ- ၄ ပါးသော မဂ်ဉာဏ်ဖြင့် သစ္စာတို့ကို သိပြီးသော ရဟန္တာပုဂ္ဂိုလ်သည်၊ သင်္ချံ ရတ္တ မုဋ္ဌ ပုဂ္ဂိုလ်ဟူသော နာမည်ပညတ်သို့၊ န ဥပေတိ-မကပ်ရောက်၊ ဗန္ဓုဿ-ဆွေမျိုး၏၊ သမာဂမော ဧဝ-ပေါင်းသင်းခြင်းကဲ့သို့၊ တထာ ဥပမံ-ထို တောအုပ်လျှင် ဥပမာရှိသော၊ ဓမ္မဝရံ-တရားတော်မြတ်ကို၊အဒေသယိ-ဟောတော်မူပြီ၊] “နောပေ-တိ, ဗန္ဓုဿေဝ” တို့သာ ပုံစံထုတ်လိုရင်းတည်း၊ ကြွင်းပုဒ်စုမှာ ပါဠိ၌ တွဲဖက်ဖြစ်၍ ထည့်ရသည်၊ ရုပ်ကို အခြေပြု ကြည့်တွက်၊ ဧ-ဩ အစဉ်ကျအောင် ဗန္ဓုဿေဝကို ရှေ့, နောပေတိကို နောက်ထားလျှင် သာ၍ အဆင်ပြေမည်၊ အလားတူ ရုပ်များကို ရူပသိဒ္ဓိ စာကိုယ်နှင့် ဘာသာဋီကာမှာ ရှု၊ “ကွစီတိ ကသ္မာ”စသည်၌လည်း “ယဿိန္ဒြိယာနိ, တထူပမံ” တို့သာ ပုံစံတည်း၊ “ယဿ+ဣန္ဒြိယာနိ” ဟု ပုဒ်ဖြတ်၊ သရာ သရေ ဖြင့် ရှေ့သရကို ချေ၊ကွစာသဝဏ္ဏံလုတ္တေ သုတ်ဖြင့် နောက် ဣသရကို ဧအသဝဏ် ပြုသင့်သော်လည်း ကွစိသဒ္ဒါ မြစ်သောကြောင့် မပြုရ, ဿဗျဉ်းကို နောက်ဣသို့ကပ်-ဟု ဆို၍တွက်၊ “တထူပမံ-တထာ+ဥပမံ” တည့်၍လည်း နည်းတူ၊ “ဥကို ဩအသဝဏ် ပြုသင့်သော်လည်း” ဟု ဆိုရုံနှင့် ဥကို ဒီဃံသုတ်ဖြင့် ဒီဃပြုရုံသာ။

**ပုဗ္ဗသရေ လုတ္တေ**–သုတ်၌ “လုတ္တေ” ဟုသာ ရှိသော်လည်း သရာသရေသုတ်မှ လိုက်လာသော သရေပုဒ်နှင့်တကွ ပုဗ္ဗသဒ္ဒါကိုထည့်၍“ပုဗ္ဗသရေ လုတ္တေ”ဟုဖွင့်သည်၊ “ရှေ့သရကြေ” ဟူရာ၌လည်း ရူပသိဒ္ဓိ၌ ရှေ့အသဝဏ် သရ ၂ လုံး ကြေခြင်းကိုသာ

အလိုရှိ၏၊ သို့သော် "အတေဝ=အတိ+ဧဝ, ဝေါဒကံ=ဝိ+ဥဒကံ, ဘာဂီရထော-ဒကံ=ဘာဂီရထီ+ဥဒကံ"စသော ပြယုဂ်များ၌ ရှေ့ ဣဝဏ် ကြေခြင်းကိုလည်း မောဂ္ဂလ္လာန်၌ ပြ၍ ရူပသိဒ္ဓိဝါဒကို မပြည့်စုံဟု ဆိုလေသည်။

**ပရော သရော**—သရာ သရေနှင့် ဝါပရောသုတ်တို့မှ (ကေဝုစ် ဝိဘတ်ပြောင်း၍) သရောနှင့် ပရောပုဒ်တို့ လိုက်လာကြ၏၊ "နောက်သရ"ဟူရာ၌ အယုဝဏ္ဏာနဉ္စာ-ယော ဝုဒ္ဓိသုတ်နှင့်အညီ ဧပြုရာဌာနသည် ဣဝဏ်, ဩပြုရာဌာနက ဥဝဏ် ဖြစ်သော ကြောင့် ဣဝဏ် ဥဝဏ် ၄ လုံးကို ယူ။ [ရူပသိဒ္ဓိ၌ ဣဝဏ်နှင့် ဥသရကိုသာ ယူသည် မှာ မပြည့်စုံကြောင်း ရူပသိဒ္ဓိဘာသာဋီကာ၌ ဆိုထားပြီ။] ထို ၄ လုံးတွင်လည်း ဣဝဏ်သည် ဧနှင့်, ဥဝဏ်သည် ဩနှင့် ဌာနာသန္နဖြစ်သောကြောင့် ဣဝဏ်ကို ဧ, ဥဝဏ်ကို ဩပြုရသည်၊ [ဌာနာသန္န၏အဓိပ္ပာယ်ကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု။]

**အသဝဏ္ဏံ**—အသဝဏ္ဏပုဒ်၏ ဝစနတ္ထနှင့်အဓိပ္ပာယ်ကို ရူပသိဒ္ဓိစာကိုယ်နှင့် ဘာသာဋီကာ၌ ပြထားပြီ၊ သဒ္ဒနီတိ၌ကား "ဝဏ္ဏဓာတ်သည် ဝစန (ရွတ်ဆိုခြင်း) အနက် ဟော"ဟု ယူ၍ "ဝဏ္ဏေန္တိ ဥစ္စာရေန္တိ (ရွတ်ဆိုရကုန်၏) ဧတ္ထာတိ ဝဏ္ဏော"ဟု ဝိဂြိုဟ်ပြု၏၊ ထိုဝိဂြိုဟ်အရ ရွတ်ဆိုရာဌာနကို "ဝဏ္ဏ"ဟု ယူပြီးလျှင် "သမာနော ဝဏ္ဏော ယေသံတိ သဝဏ္ဏာ"ဟု ဝိဂြိုဟ်ပြု၍ တူသောဌာနရှိသော ရှေ့သရ ခြောက် လုံးကို "သဝဏ္ဏ"ဟုလည်းကောင်း "န သဝဏ္ဏော အသဝဏ္ဏော"ဟု ဝိဂြိုဟ်ပြု၍ သဝဏ္ဏ မဟုတ်သော ဧ ဩ သရကို "အသဝဏ္ဏ"ဟုလည်းကောင်း ဆို၏၊ အရ ကောက်ချင်းမှာ ရူပသိဒ္ဓိနှင့် မထူးခြားသော်လည်း ဝိဂြိုဟ်ပြုပုံကား ရူပသိဒ္ဓိနှင့် မတူချေ။

**ကွစိသဒ္ဒါဆိုရကျိုး**။ ။ယဿိန္ဒြိယာနိ စသော ပြယုဂ်၌ ဧ မပြုဖို့ရာ ရှေ့ သုတ်မှ ဝါသဒ္ဒါလည်း တားမြစ်နိုင်သည် မဟုတ်ပါလော, အဘယ့်ကြောင့် ထို ဝါသဒ္ဒါကို မလိုက်စေပဲ ကွစိသဒ္ဒါကို ဆိုရသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား— "တချို့တလေ အနည်းငယ်၌သာ ဤသုတ်၏ ဧ-ဩ အပြုဖြစ်သည်"ဟု ပြလိုသော ကြောင့် ဝါသဒ္ဒါကို အလိုက်မခံပဲ ကွစိသဒ္ဒါကို ဆိုရသည်၊ ချဲ့ဦးအံ့—"ကောစိ-အချို့ သူသည်၊ ကေစိ-အချို့ဆရာတို့သည်" ဟူရာ၌ စိနိပါတ်ဆုံးသော ပုဒ်များသည် အပ္ပဝါစက (နည်းနည်းပါးပါးဟူသော အနက်ဟော) ဖြစ်သကဲ့သို့, ထို့အတူ "ကွစိ"နိပါတ်လည်း အပ္ပဝါစကတည်း၊ ထို့ကြောင့် "ရှေ့သရ ကြေလျှင် နောက် ဣဝဏ် ဥဝဏ်ကို ဧ-ဩ ပြုရသော ဤသုတ်အစီအရင်သည် ပိဋကတ်၌ နည်းနည်း ပါးပါးသာ ရှိ၏၊ ရှေ့သရကြေသော်လည်း ဣဝဏ် ဥဝဏ်ရှိလျက် ဧ-ဩ မပြုရသော ပုံစံတွေကား "ယဿ+ဣန္ဒြိယာနိ, တထာ+ဥပမံ, ယဿ+ဣဒါနိ, သညာ+ဣတိ, ဆာယာ+ဣဝ, မာတု+ဥပဋ္ဌာနံ, မဓု+ဥဒကံ"စသည်ဖြင့် များပြားစွာရှိ၏"ဟူသော အဓိပ္ပာယ်ကို ကွစိသဒ္ဒါက ပြသည်၊ ဝါသဒ္ဒါကား ဤကဲ့သို့ မပြနိုင်၊ ဝိကပ်အနက်နှင့် ဝဝတ္ထိတဝိဘာသာအနက်ကိုသာ ပြနိုင်၏။ ထို့ကြောင့် ဝါသဒ္ဒါကို အလိုက်မခံပဲ ကွစိသဒ္ဒါကို သီးခြား ထည့်ထားရပေသည်၊ ဤစကားအရ "ကွစိ-အချို့အရာ၌ (တချို့တလေ နည်းနည်းပါးပါး၌)"ဟု ပေး၍ "ဝါ-ဝိကပ်အားဖြင့်၊ တနည်း, ဝါ-ပါဠိတော်မြတ် သတ်မှတ်ပြီးသော ရုပ်အားလျော်စွာ"ဟု အနက် ပေးသင့်

ကြောင်း "ဝါ-အချို့"ဟု မပေးသင့်ကြောင်းကို သတိပြုပါ။ [ကွစိ နဝါနှင့်, ဝါ ဝိဘာသာတို့ အထူးကို ချာသစသည်၌ တမျိုးပြသေး၏၊ ဇုဝတ္တော ယံ နဝါ သုတ်ကျမှ ပြဦးမည်။]

[ဆောင်] ဝါသဒ္ဒါ၏, ဝဝတ္ထိတ, ဝိကပ္ပနက်, တချက်ချက်ပြ,ကွစိက လျှင်, စီရင်ဖွယ်မှာ, နည်းငယ်သာဟု,ဆိုင်ရာသုတ်နေ, ပြဆိုလေ၏၊ ၂ ထွေသဒ္ဒါ, နက်ချင်းကွာသဖြင့်, ရှေ့ဝါသဒ္ဒံ, လိုက်မခံပဲ, ထပ်မံ သီးခြား, ကွစိ ထားသည်, မှတ်သား ဆရာ့အလိုတည်း။

**လုဗ္ဘေ သဒ္ဒါဒိ။** ။သရာ သရေ လောပံသုတ်မှ လောပ သဒ္ဒါကို လိုက်စေလျှင် "ကွစာသဝဏ္ဏံ လုတ္တေ"ဟု လုတ္တေသဒ္ဒါထည့်ခြင်းသည် ဝိ၏၊ ထို့ကြောင့် "ထို လုတ္တေသဒ္ဒါဝိဖြင့် နောက်သရကြေရာ၌ ရှေ့ဗ္ဗဝဏ် ဥဝဏ်ကိုလည်း ဧ-ဩ အသဝဏ်ပြုရခြင်းဟူသော အနက်ဝိကို သိရသည်"ဟု ရှေးဆရာတို့ မိန့်ကြသည်၊ ပုံစံကား—"ဗ္ဗသေလယော, မုနေလယော, ရထေသဘော, သောတ္တိ"တည်း၊ "ဗ္ဗသိ+အာလယော, မုနိ+အာလယော, ရထိ+အာသဘော, သု+ဗ္ဗတ္တိ"ဟု ပုဒ်ဖြတ်၊ ဝါပရော အသရူပါဖြင့် နောက်သရကို ချေ၊ ဤသုတ်၌ လုတ္တေ သဒ္ဒါဝိဖြင့် ရှေ့ ဣ ဤကို ဧ,သု၌ ဥကို ဩပြု။

[ဆောင်] ကွစာသဝဏ်ဆို, လုတ္တေဝိဖြင့်, ထိုထို နောက်သရ, ကြေပြန်ကလျှင်, ရှေ့မှတဖန်, ဣ ဥဝဏ်, ပြုရန် အသဝဏ် တဲ့။

**သုတ်၏အာဘော်။** ။"ကွစာသဝဏ္ဏံ လုတ္တေ=သရ ကြေပြီးသော် တချို့အရာ၌ အသဝဏ်ပြု"ဟု သာမညဆိုထား၏၊ "လုတ္တေ"အရ ရှေ့သရ ကြေခြင်း နောက်သရ ကြေခြင်း ၂ မျိုးလုံးနှင့် ဆိုင်၏၊ "ထို့ကြောင့် ရှေ့သရကြေလျှင် နောက်သရကို အသဝဏ်ပြု, နောက်သရကြေလျှင် ရှေ့သရကို အသဝဏ်ပြု"ဟု အဓိပ္ပာယ်ရသည်၊ ဤအတိုင်းမှန်လျှင် "ဗ္ဗသေလယော"စသော ပုံစံများကို လုတ္တေ သဒ္ဒါဝိဖြင့် စီရင်ဖွယ်မလို၊ သုတ်ရင်းဖြင့်ပင် စီရင်နိုင်သည်၊ ဤအယူသည် ပုံစံအားလုံးကို သိမ်းကျုံးမိ၍ အရှင်ကစ္စည်း၏ အာဘော်လည်း ကျမည်ထင်၏၊ ထို့ကြောင့်.... "သရော ခေါ သခရ ပုဗ္ဗေဝါ ပရေဝါ လုတ္တေ ကွစိ အသဝဏ္ဏံ ပပ္ပေါတိ"ဟု ဝုတ္တိ ဖွင့်သင့်သည်။

**ယောဂဝိဘာဂ။** ။လုတ္တေကိုဖြုတ်၍"ကွစာသဝဏ္ဏံ"ဟူသော ယောဂဝိဘာဂဖြင့် ရှေ့သရ မကြေပဲလည်း နောက် ဥကို ဩအသဝဏ်ပြုသေး၏၊ ပုံစံကား—"ပစ္စောရသ္မိံ=ပတိ+ ဥရသ္မိံ—ရင်အလယ်၌၊ ဗဝှေါဒကေ=ဗဟု+ ဥဒကေ—များသောရေ၌" တည်း၊ ရှေ့ပုံစံ၌ တိကို စ ပြုပြီးနောက် ဤယောဂဝိဘာဂဖြင့် ဥကို ဩပြု, စဒွေးဘော်လာ နောက်ပုံစံ၌ ဤယောဂဝိဘာဂဖြင့် ဥကို ဩပြု,ဟု၌ဥကို ဝမောဒုဒန္တာနံသုတ်ဖြင့် ဝ-ပြု၊ ဒေါဓဿစသုတ်၌ စသဒ္ဒါဖြင့် ဟနှင့် ဝကို ရှေ့နောက်ပြန်။

[ဆောင်] ကွစာသဝဏ္ဏ,ဝိဘာဂဖြင့်, သရမကြေ, ဖြစ်တုံလေလည်း, အထွေထွေ ဥ-ဩ,ပြုနိုင်သောဟု, ဗဝှေါဒက, ပစ္စောရသ္မိံ, ပုံစံရှိ, သတိပြုကြဘွယ်။

**ဒီဃံ** ၁၅။ ပုဗ္ဗသရေ လုတ္တေ သရော ပရော ကွစိ ဒီဃံ ပပ္ပေါတိ၊ (အနက်ထင်လောက်ပြီ)၊သဒ္ဓိံ၊ မ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ အနာဂါရေဟိ စူ-ဘယံ-သဒ္ဓိမ်၊ပေ၊ စူဘယံ, စသည်တည်း၊ ကွစီတိ ကသ္မာ ဝုတ္တံ၊ ပဉ္စဟု-ပါလိ အင်္ဂေဟိ သမန္နာဂတော, နတ္ထ-ညံ ကိဉ္စိ-ပဉ္စဟု ပါလိ၊ပေ၊ ကိဉ္စိ,စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ-၏။ (၁၇)

---

**၁၅။ ပုံစံနက်။** ။[သဒ္ဓါ+ဣဓ၊ စ+ဥဘယံ၊ ပဉ္စဟိ+ဥပါလိ၊ နတ္ထိ+အညံ၊] ဣဓ—ဤလောက၌၊ ပုရိသဿ-ယောကျ်ားအား၏၊ သေဋ္ဌံ-မြတ်သော၊ ဝိတ္တံ-ဥစ္စာကား၊ သဒ္ဓါ—သဒ္ဓါတည်း၊ အနာဂါရေဟိစ—အိမ်ရာ မထောင်သော ရဟန်းတို့နှင့် လည်းကောင်း၊ ဥဘယံ (ဥဘယေဟိ) - ၂ ပါးစုံတို့နှင့်၊ (အသံသဌော - မရောနှော၊) ဥပါလိ-ဥပါလိ၊ ပဉ္စဟိ-၅ ပါးကုန်သော၊ အင်္ဂေဟိ-အင်္ဂါတို့နှင့်၊ သမန္နာဂတော—ပြည့်စုံသူသည်၊ အညံ-တပါးသော၊ ကိဉ္စိ-တစုံတခုသည်၊ နတ္ထိ-မရှိ၊ "သဒ္ဓီ-ဓ, စူ-ဘယံ"တို့သာ ပုံစံရင်းတည်း၊ "ဝိတ္တံ ပုရိသဿ သေဋ္ဌံ-အနာဂါရေဟိ" တို့ကား တွဲဖက်ဖြစ်၍ ပါနေသည်၊ ရုပ်ကို အခြေပြုအတိုင်း တွက်၊ ကိ°ရုပ်များနောက်၌ လာလိမ့်မည်။

**ပုဗ္ဗသရေ လုတ္တေ**-"ပုဗ္ဗောစ"သုတ်က ရှေ့သရကို ဒီဃပြုသောကြောင့်ဤသုတ်က နောက်သရကို ဒီဃပြုကြောင်း သိသာ၏၊ နောက်သရကို ဒီဃပြုလျှင် လုတ္တေအရ ရှေ့သရ ကြေခြင်းကို ယူရကြောင်း ထင်ရှား၏၊ ထို့ကြောင့်"ပုဗ္ဗသရေ"ဟု သရလိုက်ပုဒ်နှင့်တကွ ပုဗ္ဗသဒ္ဒါကို ထည့်၍ဖွင့်နိုင်သည်၊ ဤ ပုဗ္ဗသရေအရ၌ သရ ၈ လုံးပါဝင်၏၊ ဘာ့ကြောင့်နည်း – ရှေ့၌ ရဿ ကြေကြေ၊ ဒီဃ ကြေကြေ, နောက်ရဿကို ဒီဃပြုရသောကြောင့်တည်း၊ ပရော သရော အရ၌ကား ရဿ ၃ လုံးသာရ၏၊ "ဒီဃ" ပြုဟူရာလည်း ဌာနာသန္နဖြစ်သော သဝဏ္ဏသရချင်းသာ ဒီဃပြုရ၏၊ အ ကို အာ, ဣကို ဤ, ဥကို ဦဒီဃပြုရသည်-ဟူလို၊ ထို့ကြောင့် ဒီဃအရ အာ ဤ ဦ သုံးလုံးကိုသာ ရတော့သည်။ [ဌာနာသန္န အဓိပ္ပာယ်ကို ရူပသိဒ္ဓိဘာသာဋီကာ ကွစာသဝဏ္ဏံသုတ်မှာ ရှု။]

[**ဆောင်**] ရဿ ၃ ခု, ဒီဃပြုဟု, မိန့်မှု သာမန်, ဖြစ်တုံပြန်လည်း, ဌာန်အာသန္န, စွမ်းဗလကြောင့်, သဝဏ္ဏချင်း, ဒီဃသွင်း, မယွင်း မှန်အောင်ပြု။

**ကွစီတိ ကသ္မာ။** ။ရှေ့သုတ်မှလိုက်လာသော ကွစိသဒ္ဒါကိုပင် ရည်ရွယ်၍ "ကွစီတိ ကသ္မာ"ဟု ပုစ္ဆာထုတ်သည်၊ "ပဉ္စဟိ+ဥပါလိ"၌ ရှေ့ဣကို ချေ၍ နောက် ဥကို ဒီဃ ပြုသင့်သော်လည်း ကွစိသဒ္ဒါမြစ်သောကြောင့် မပြုရ၊ဥသို့ကပ်၊ "နတ္ထိ+အညံ"၌ လည်း နည်းတူဆို၍တွက်၊ ကွစိသဒ္ဒါက"တချို့ပြယုဂ်၌သာ ဒီဃပြု"ဟု ဆိုသဖြင့် ဒီဃမပြုနိုင်ရာ ပြယုဂ်တွေများစွာ ရှိလေသည်-ဟု ပြသည်၊ "ပဉ္စဟိ+ဥပါလိ"၌ ဥပါလိသဒ္ဒါသည် "အရှင် ဥပါလိ"ဟူသော နာမည်ကို ဟောသော သဒ္ဒါဖြစ်သောကြောင့် ဥကို ဒီဃပြုလိုက်လျှင်"ဥပါလိ" နာမည် မထင်ရှားပဲ "ဦပါလိ"ဟု ထင်မှားဖွယ်ရှိ၏၊ ထို့ကြောင့် နာမည်ဟောသဒ္ဒါဖြစ်၍ ဒီဃမပြုပဲထားရသည်၊"နတ္ထိ+အညံ" ၌လည်း ညံ့ဝယ် သံယုဂ်နှောင်းလျက် ရှိ၏, သံယုဂ်နှောင်းရာ၌ကား နဂိုရ် ဒီဃကိုပင်

ပုဗ္ဗော စ ၁၆။ ပရသရလောပေ-နောက်သရ ကြေခြင်းကို၊ ကတေ-ပြုအပ် ပြီးသော်၊ ပုဗ္ဗော-သော၊ သရောစ-ရဿ သရသည်လည်း၊ ကွစိ ဒီဃံ ပပ္ပေါတိ၊ ကိံသူ-ဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ, သာဓူ-တိ ပဋိဿုဏိတွာ-ကိံ သူဓ၊ပေ၊ ပဋိဿုဏိတွာ, စသည်တည်း၊ ကွစီတိ ကသ္မာ ဝုတ္တံ၊ဣတိယမုဟုတ္တမ္ပိ= ဣတိယမုဟုတ္တမ္ပိစသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ဝုတ္တံ-၏။ (၁၈)။

---

ရဿ ပြုရတတ်သေး၏၊ သို့ဖြစ်၍ အ ကို ဒီဃမပြုဖို့ရန် တားမြစ်ရသည်။ [ကသ္မာ ပုဒ်သည် ကိံသဒ္ဒါမှ ဖြစ်လာသောပုဒ်တည်း၊ ထို့ကြောင့် ''ကွစီတိ ကသ္မာ''စသည် ပုဆ္ဆာထုတ်၍ ပြထားသောရုပ်များကို''ကိံရုပ်=ကိံပုံစံ''ဟု ခေါ်ရသည်။]

**သဒ္ဒနီတိသုတ်။** ။''န သံယောဂပုဗ္ဗော ဝိနာ အကာရိကွေဟိ တဗ္ဗာဝံ'' [အကာရိကွေဟိ-အ အက္ခရာ ဣက္ခသဒ္ဒါတို့ကို၊ ဝိနာ-ကြဉ်၍၊ သံယောဂပုဗ္ဗော— သံယုဂ်၏ ရှေ့ဖြစ်သော သရသည်၊ တဗ္ဗာဝံ-ထို ဒီဃအဖြစ် အသဝဏ်အဖြစ်သို့၊ န— မရောက်၊] သံယုဂ်နှောင်းရာ၌ အသရနှင့် ဣက္ခပုဒ်၏ ဣသရမှတပါး အခြားသရကို ဒီဃနှင့်အသဝဏ်မပြုရ၊ ''ပညာဝါ-ဿ=ပညာဝါ+အဿ'' ၌ အသရမျိုးကိုကား သံယုဂ်နှောင်းသော်လည်း ဒီဃပြုတော့၊ ''ဥပေက္ခတိ=ဥပ+ဣက္ခတိ''၌ သံယုဂ် နှောင်းသော်လည်း ဣကို ဧအသဝဏ်ပြုတော့-ဟူလို၊ [''အဝေစ္စ=အဝ+ဣစ္စ''၌ လည်း စ္စ သံယုဂ်နှောင်းလျက် ဣကို ဧအသဝဏ် ပြုသည်ပင်။]

**သံယုဂ်နှောင်းလျက် ဒီဃပြုရာ။** ။သံယုဂ်နှောင်းလျက် ရဿကို ဒီဃပြုရသော အသရပုံစံ အနည်းငယ်ရှိကြောင်းကို သဒ္ဒနီတိ၌ ထုတ်ပြထားပုံကား-န-မာ-ဒါ-ဝါ-ဿွာ-တြ-ဏှာ-တွာ-သတို့၏ သရကို ချေပြီး၍, အယျ-အညဉ-အဋ္ဌ-အဿု-အဿ-အန္တေဝါသိက-အတ္တတို့၏ အသရကို သံယုဂ်နှောင်းသော်လည်း ဒီဃပြု၊ ပုံစံကား-နာ-ယျော=န+အယျော, နာ-ညမညဿ=န+အညမညဿ,နာဋ္ဌိ =န+အဋ္ဌိ, နာ-ဿုစ=န+အဿုစ, နာ-ဿ=န+အဿ,မာ-ယျော=မာ+အယျော, မာ-ဿု= မာ+အဿု, တဒါ-ဿု= တဒါ+အဿု, ကုဒါ-ဿု=ကုဒါ+အဿု, ကဒါ-ဿု= ကဒါ+အဿု, သဗ္ဗဟာရကံဝါ-ဿ = သဗ္ဗဟာရကံဝါ + အဿ, တသ္မာဿု= တသ္မာ+ အဿု, တတြ-ဿ = တတြ+အဿ, တဏှာ-ဿ = တဏှာ + အဿ, ကတွာ-တြ= ကတွာ+ အတြ,သာ- န္တေဝါသိကော= သ+ အန္တေဝါသိကော,သာ-တ္တံ=သ+အတ္တံ,သာ-တ္တိကာ=သ+အတ္တိကာ, စသည်တည်း၊ ဤပြခဲ့သော ပုံစံသည် များလှပြီဟုထင်ရသော်လည်း ဝိဋကသမုဒ္ဒရာဝယ် ဤမျှလောက်သောပုံစံကို ဒီဃပြုနိုင် ရုံမျှဖြင့် များသည်ဟုမဆိုသာ,သံယုဂ်နှောင်းရာဝယ် ဒီဃမပြုရသောပုံစံတွေသာ မရေ မတွက်နိုင်အောင် ရှိပေသည်။

[ဆောင်] န-မာ-ဒါ-ဝါ, တြ-ဿွာနှင့်, ဏှာ တွာ-သ၏, သရရှိသို့,ချေဘိပြီးမှ, အယျ-ညတည့်, အဋ္ဌအဿု, အဿရှုလေ, အန္တေဝါသိ, အတ္တရှိ တောင်း, သရပေါင်းကို, နှောင်းလျက်သံယုဂ်, ဒီဃလုပ်, ပြယုဂ် တွေ့ တိုင်းသာ။

**ယမေဒန္တဿာဒေသော**

၁၇။ ပရေ သရေ, အန္တဘူတဿ-ပုဒ်အဆုံးဖြစ်၍ ဖြစ်သော၊ ကောရဿ-ဧ အက္ခရာ၏၊ ကွစိ-၌၊ ယကာရာဒေသော-ယ အပြု သည်၊ ဟောတိ၊ အဓိဂတော ခေါ မျာ-ယံ ဓမ္မော, တျာဟံ ဧဝံ ဝဒေသျံ,တျ-ဿ ပဟီနာ ဟောန္တိ-အဓိဂတော ခေါ မျာယံ၊ပေ၊တျဿ ပဟီနာ ဟောန္တိ, စသည်တည်း၊ ကွစီတိ ကသ္မာ ဝုတ္တံ၊ နေ-နာဂတာ ဉာတိ, နေတ္ထ-နေ-နာဂတာ ဉာတိ, နေတ္ထ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ-၏။ (၁၉)။

---

၁၆။ ပုံစံနက်နှင့်ရုပ်ကွက်။ ။[ကိံသု+ဣဓ+၊ သာဓု+ဣတိ၊ ဣတိ+အဿ၊] ဣဓ—၌၊ ပုရိသဿ-၏၊ သေဋ္ဌံ—သော၊ ဝိတ္တံ—ကား၊ ကိံသု-အဘယ်ပါနည်း၊ သာဓု ဣတိ-ကောင်းပြီဟူ၍၊ပဋိဿုဏိတွာ-ဝန်ခံ၍၊ [ကိံ ရုပ်ကိုအနက်ပေးခဲ့ပြီ၊ ]၊ "ကိံသူဓ-သာဓူတိ"တို့သာ ပုံစံတည်း၊ ရုပ်ကို အခြေပြုအတိုင်း တွက်၊ ကိံ ရုပ်၌"ဣတိဿ"သာ လိုရင်း၊ "ဣတိ+အဿ" ဟု ပုဒ်ဖြတ်၊ နောက် (အ) ချေ, ပုဗ္ဗေဝါစဖြင့် ရှေ့ဣကို ဒီဃ ပြုသင့်သော်လည်း ကွစိသဒ္ဒါ မြစ်သောကြောင့် မပြုရ။

**ပရသရလောပေ ကတေ**— "ရှေ့ ၂ သုတ်မှ လုတ္တေနှင့် ဒီဃံပုဒ်တို့ကို စသဒ္ဒါဖြင့် ငင်သည်"ဟု နျာသ ရူပသိဒ္ဓိတို့ဖွင့်ကြ၏၊ထို့ကြောင့်"ပုဗ္ဗသရေလုတ္တေ"ဟုရှေ့သုတ်၌ ဖွင့်သကဲ့သို့,ဤသုတ်၌လည်း "ပရသရေ လုတ္တေ"ဟု ရူပသိဒ္ဓိအတိုင်းဖွင့်သင့်၏၊"ပရ သရလောပေ ကတေ"ဟု ဖွင့်ခြင်းကား စနစ်မကျ၊ သို့သော် သုတ်၏ အနက်ကို နားလည်ခြင်းသာ လိုရင်းဟု သဘောထား၍ "ပရသရလောပေ ကတေ"ဟု ဖွင့်ဟန် တူသည်။ [လုတ္တေ ဒီဃံပုဒ်တို့ကို ငင်ရခြင်း၏ အကျိုးမှာ ရူပသိဒ္ဓိ၌ ပြထားပြီ။]

၁၇။ ပုံစံနက်နှင့် ရုပ်တွက်။ ။[မေ+အယံ၊ တေ+အဟံ၊ တေ+အဿ၊ နေ+အနာဂတာ၊ နေ+ဧတ္ထ။] မေ-ငါသည်၊အဓိဂတော-ရအပ်သော၊အယံဓမ္မော-ဤတရားသည်၊ တေ-သင့်အား၊အဟံ-ငါသည်၊ဧဝံ-ဤသို့၊ ဝဒေယျံ-ဆိုရာ၏၊အဿ-ထို ရဟန္တာ၏၊ တေ-ထို ကိလေသာတို့သည်၊ ပဟီနာ- ပယ်အပ်ကုန်သည်၊ဟောန္တိ-ဖြစ်ကုန်၏၊ နေ—ထို ကုန်သည်တို့သည်၊ အနာဂတာ—မလာကုန်၊ ဣတိ—ဤသို့ ဆို၏။ "နေ-နာဂတာဣတိ"ဟု ဣတိကို ရှေ့ဘက်မှာရှိစေ၊ "ဣတိ ဇနော ဝဒတိ"ဟု နိရုတ္တိမဉ္ဇူဖွင့်သည်၊ နေ - ထိုကုန်သည်တို့သည်၊ ဧတ္ထ - ဤအရပ်သို့၊ (အာဂတာ-လာ ကုန်၏)။] မေ တေ သဒ္ဒါတို့၏ အဆုံးဖြစ်သော သရကို ယ ပြုရသောကြောင့် "မျာ ယံ, တျာ ဟံ, တျာ ဿ"ပုံစံတို့ကိုပြသည်၊ "ပဗ္ဗတျာ-ဟံ=ပဗ္ဗတေ + အဟံ" ၌လည်း ပဗ္ဗတေ၌ တေ၏အဆုံး ဧကိုပင် ယ ပြုရသည်၊ ရုပ်ကို အခြေပြုကြည့် တွက်၊ ယေ ကေ စေ တို့၏ ဧ ကို ယ ပြုသော ပုံစံများကို ရူပသိဒ္ဓိဘာသာဋီကာမှာရှု။ [ကွစိ သဒ္ဒါက "အချို့အရာ၌ ယ ပြု"ဟု ဆိုခြင်းသည် "မေ တေတို့၏ ဟူသော အနည်း ငယ်ကိုသာယပြု"ဟုဆိုရာရောက်၍"အခြားသရကို ယ မပြုရ"ဟုတားမြစ်ရာလည်း ရောက်၏၊ ထို့ကြောင့် "နေ+အနာဂတာ"၌ ဤသုတ်ဖြင့် နေ၏အဆုံးဧကို ယပြုသင့် သော်လည်း ကွစိသဒ္ဒါမြစ်သောကြောင့် မပြုရ၊ ဝါပရော အသရူပါသုတ်ဖြင့် နောက်

(အ) ကို ချေ, နေ-နာဂတာ ပြီး၏၊ ''နေ+ဧထွ''၌လည်း နည်းတူ, ရှေ့ သေရချေဟု ဆိုရုံသာထူး၏၊

**နေဧတ္ထအတွက်မှတ်ချက်။** ။''နေ့တ္ထ=နေ+ဧတ္ထ''၌ ၂ လုံးရှိ၏၊ ''ဒသသမာနာ'' ဟူသော ကလာပ်သုတ်၌ ရှေ့သရ ၁၀လုံး (အ အာ, ဣဤ, ဥဦ, ရိရီ, လိလီ) တို့သာ ''သမာန''မည်၏ဟုဆိုသောကြောင့် ထို ဧ ၂လုံးသည် အသမာန (အသရူပ) မည်၏ဟု ယူဆ၍ ''ဝါပရော အသရူပါ''သုတ်ဖြင့် နောက် ဧကို ချေရိုးပြုကြသည်၊ သို့သော် ထို ကလာပ်သုတ်၏ ဆိုလိုရင်းမှာ ''ဧ ဧ, ဩဩ''တို့သည် အချင်းချင်းအသံမတူ, (ဧ-အိုက်, ဩ-အောက်) ဟု ရွတ်ရသောကြောင့် သမာနတွင်း မသွင်းပဲ ထားခြင်း ဖြစ်သည်၊ ထို သရ ၄လုံးကို အသရူပဟု ဆိုလိုရင်းမဟုတ်၊ ဧ=ဧဟု ၂လုံး ယှဉ်နေရာ၌ ထို ၂ လုံး အချင်းချင်းသည် အဘယ်မှာ သရူပ မဟုတ်ပဲ ရှိအံ့နည်း၊ သဒ္ဒနီတိ၌လည်း ''သုတံ မေတံ, တေတေ အာဂန္တုကာ ဘိက္ခူ''တို့၌ ''မေ+ဧတံ, တေ+ဧတေ''ဟု ပုဒ်ဖြတ်၍''သရာ လောပံ ပပ္ပေါန္တိ သရေ''သုတ်ဖြင့် ရှေ့ ဧကိုသာ ချေ၏၊ ရူပသိဒ္ဓိ-သရေကွစိ သုတ်၌လည်း ရှေ့ သေရကို ပကတိမပြုပဲ သရာသရေဖြင့် ချေပုံကိုပြရာဝယ် ဤနေတ္ထပုံစံလည်း ပါ၏၊ ထို့ကြောင့် နေတ္ထ၌ ဝါပရောဖြင့် ချေခြင်းကို စဉ်းစားကြပါကုန်။

**ကောရဿ ယကာရာဒေသော**-သုတ်၌ ''ယံ+ဧ+အန္တဿ+အာဒေသော'' ဟု ပုဒ်ဖြတ်၊ ဒေန္တဿကို''ကောရဿ အန္တဘူတဿ''ဟုဖွင့်၍ ယံ+အာဒေသောကို ''ယကာရာဒေသော''ဟုဖွင့်သည်၊''အန္တဘူတဿ-အစိတ်ဖြစ်၍ဖြစ်သော''ဟု အန္တ အတွက်''အစိတ်''ဟူသောအနက်ကို ပေးရိုးရှိသော်လည်း ရူပသိဒ္ဓိ၌''အန္တဂ္ဂဟဏံတိ ကိံ-ဓမ္မစက္ကံပဝတ္တေန္တော''စသည်ကိုထောက်၍''အဆုံး''ဟူသောအနက်သာသင့်၏၊ အကျယ်ကို ရူ-ဘာသာဋီကာမှာ ရှု၊ဒေန္တ၌''ဒ''ကား သက္ကတကို နည်းမှီ၍ အပိုလာ ထားသော အာဂမ အက္ခရာတည်း၊ မှန်၏-သက္ကတ၌ ''ဇော်-ဥတ်-ဩတ်''ဟု (တ) အနုဗန်နှင့်တကွပြရာဝယ် သဝဏ္ဏသရကိုမယူရ,ဧလုံး ဥတလုံးဩတလုံးသာယူရ၏၊ ''အဝဏ္ဏ ဧဝဏ္ဏ ဩဝဏ္ဏ''စသည်ဖြင့် ဝဏ္ဏသဒ္ဒါနှင့်တကွ ဆိုရာ၌ကား ''အအာ, ဧ ဧ, ဩ ဩ'' စသည်ဖြင့် သဝဏ္ဏဖြစ်သော ဒွာန်တူ သရ ၂ လုံးကို ယူရသည်၊ ဇော်-ဥတ်-ဩတ်တို့မှ (တ်) လည်း သန္ဓိစပ်သည့်အခါ ''ဒေန္တ,ဩဒုဒန္တ'' ဟု ဒ်) အဖြစ်ဖြင့် စပ်၏၊ ဤ ကစ္စည်း၌လည်း ထိုသက္ကတထုံးစံ လိုက်၍ သဝဏ္ဏ ၂ လုံးတွင် တလုံးထည်းကိုသာ ယူစေလိုရာဝယ် ''တဗ္ဗောဒန္တာ, ယမေဒန္တဿာ, ဝမောဒု ဒန္တာနံ'' ဟု ဩတ်-ဥတ်၌ (တ်) အနုဗန်အစား ဒလာ၍ သုတ်တည်ထား၏၊ သဝဏ္ဏသရ ၂လုံးကို ယူလိုရာ၌ကား''ဇုဝဏ္ဏောယံ နဝါ,အယုဝဏ္ဏာနဉ္စ''စသည်ဖြင့် ဝဏ္ဏသဒ္ဒါနှင့်တကွ ပြလတ္တံ့။

[**ဆောင်**] ကျမ်းသက္ကတ, နုဗန် (တ) ကား, သရ တလုံး, ယူစေထုံးတည်း, ၂လုံးသရ, ယူလိုကမူ, ဝဏ္ဏသဒ္ဒါ, တွဲကပ်ပါ၏၊ မကွာ သက္ကက, အညီပြုဖို့, (တ) ၏ကိုယ်စား, (ဒ) လာ ထားသည်, မှတ်သား ကစ္စည်း, သုတ်တိုင်းတည်း။

**ဝမောဒုဒန္တာနံ** ၁၈။ ပရေ သရေ, အန္တဘူတာနံ-ပုဒ်အဆုံးဖြစ်၍ ဖြစ်ကုန်သော၊ ဩကာရူ ကာရာနံ-ဩအက္ခရာ ဥအက္ခရာတို့၏၊ ကွစိ-၌၊ ဝကာရာဒေသော ဟောတိ၊ အထခွ ဿ, သွ-ဿ ဟောတိ, ဗဟွာ-ဗာဓော, ဝတ္ထွ-တ္ထ ဝိဟိတံ နိစ္စံ, စက္ခွာ-ပါတ မာဂစ္ဆတိ-အထခွဿ ၊ ပေ ၊ စက္ခွာပါတ မာဂစ္ဆတိ, စသည်တည်း၊ ကွစိတိ ကသ္မာ၊ စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ, ကိန္နု မာဝ သမဏိယော-စတ္တာရော၊ပေ၊သမဏိယော, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ-၏။ (၂၀)။

---

**ယံ အာဒေသော**—သုတ်၌ ယံနှင့် အာဒေသောသည် ဝိသေသန ဝိသေသျအဖြစ်ဖြင့် အရတူ၏၊ထို့ကြောင့်“အာဒေသော”နှင့် လိင်ချင်းတူအောင်“ယောဒန္တဿာဒေသော”ဟုဆိုလျှင် သဒ္ဒါသွားနှ သင့်မြတ်ဖွယ် ရှိသော်လည်း ယံ၌ နိဂ္ဂဟိတ် (မ်) ပြု၍ သန္ဓိစပ်လျက် “ယမေဒန္တဿာဒေသော”ဟုထားမှ သာ၍ ချောမောသောကြောင့် “ယော”ဟု မထားပဲ ဝါစာသိလိဋ္ဌ (စကားချောမောခြင်း) အကျိုးငှာ ယံဟု နပုလ္လိင်ဖြင့်ထားသည်၊ [ဗာလာဝတာရ၌ကား “ယမေ”ကို “ယံ+ဧ”ဟု ပုဒ်မဖြတ်ပဲ “ယော+ဧ”ဟု ပုဒ်ဖြတ်၏၊ ယဝမဒနဖြင့် (မ်) လာလျှင် “ယော+မေ”ဟု ဖြစ်၏၊ လောပဥ္စ တတြာကာရောဖြင့် (မ်) မျဉ်းကြောင့် ယော၏ ဩကို ချေ, ထိုကြေရာ၌ (အ) လာလျှင် ယမေဖြစ်သည်ဟု ဗာလာဝတာ ဋီကာဟောင်း ရှုပ်တွက်ပြသည်။] “အာဒေသော”ဟု မထည့်ပဲ “ယမေဒန္တဿ”လောက်သာ သုတ်တည်လျှင် “ယံ-ယ လာသည်”ဟု အနက်ပေး၍ အာဂမဝိဓိသုတ်ဟု ထင်မှားမည်စိုးသောကြောင့် “အာဒေသဝိဓိ” သုတ်ဟု ထင်ရှားစေခြင်းငှာ “အာဒေသော”ဟု ထည့်ရသည်၊ အာဒေသောပုဒ်၏ ဝိဂ္ဂဟကို ရူပသိဒ္ဓိမှာ ရှု။

**၁၈။ပုံစံနက်နှင့်ရုပ်တွက်။** ။[ အထ ခေါ + အဿ၊ သော + အဿ၊ ဗဟု + အာဗာဓော၊ ဝတ္ထု+ဧတ္ထ၊ စက္ခု+အာပါတံ၊ ကိန္နု+ဣမာဝ၊ ] အထခေါ-ထိုအခါ၌၊ အဿ-ထိုသူအား၊ သော-ထိုသဘောသည်၊ အဿ-ထိုသူအား၊ ဟောတိ-ဖြစ်၏၊ ဗဟုအာဗာဓော-များသောအနာရှိ၏၊ ဧတ္ထ-ဤအရပ်၌၊ ဝတ္ထု-တည်ရာမြေကို၊ နိစ္စံ-အမြဲ၊ ဝိဟိတံ-စီရင်အပ်၏၊ စက္ခုအာပါတံ-စက္ခု၏ ရှေ့ရှုကျခြင်းသို့၊ အာဂစ္ဆတိ-ရောက်၏၊ စတ္တာရောမေ စသည်ကို ရှေး၌ အနက်ပေးခဲ့ပြီ၊ ရုပ်ကို အခြေပြုကြည့်တွက်၊ စတ္တာရော-ကိန္နုတို့၌ ဩဥတို့ကို ကွစိသဒ္ဒါမြစ်သောကြောင့် ဝ မပြုရ-ဟု ဆို။

**ဩကာရူကာရာနံ**—[ ဩကာရ+ဥကာရာနံ၊ ] ဩကို ဝပြုရာ၌ ရူပသိဒ္ဓိဝယ်“က ခ ယ သ တ”စသည်တို့၏ ဩကိုသာ ဝပြု-ဟု သတ်မှတ်၍ ဥအတွက်ကား များပြားသည့်အတွက် အထူး မသတ်မှတ်ချေ၊ သဒ္ဒနီတိ၌ကား “ခ တ ထ ဒ န သ ဟ”တို့၏ ဥကို ဝပြု ဟု ဥ အတွက်လည်း သတ်မှတ်၏၊ ထို့ပြင်-ဟေတု ဓာတု စသည်တို့၏ ဥကို (ပါဠိတော်နှင့် ရှေးအဋ္ဌကထာတို့၌) ဝ ပြုရုပ်ကို မတွေ့ရ, အချို့ဆရာတို့ အလိုအားဖြင့်သာ ဟေတု စသည်တို့၏ ဥကို ဝပြု၍“ဟေတွတ္ထေ,ဓာတွတ္ထေ,ခလွာ ဘိဓာဝတိ=

ခလု+အဘိဓာဝတိ,စိတြဂွါ့ဒယော=စိတြဂု+အာဒယော, ဘွာ့ပါနလာနိလံ=ဘူ+အာပ+အနလ+အနိလံ—မြေ ရေ မီး လေ၊ မဃွာ-သဝေါ=မဃ+အာသဝေါ''စသည်ဖြင့် တွေ့ရသည်-ဟု သဒ္ဒနီတိဆိုသည်။

မောဂ္ဂလ္လာန်၌ကား ''ယဝါ သရေ''ဟု သုတ်တည်၍ ဥသာ မက ဦကိုပါ ဝပြုရပ်ကို ''ဘွာ-ပါနလာနိလံ''ကိုပင် ထုတ်၏၊ မည်သည့်သြ-မည်သည့် ဥဝဏ်ကို ဝပြုရမည်-ဟု သတ်မှတ်ချက်မပါ၊ ''ရူပသိဒ္ဓိ-သဒ္ဒနီတိ သတ်မှတ်ချက်တက်ပို၍ ဝပြုဖွယ်ရပ်ရှိလျှင်လည်း ပြုလေ''ဟု ဆိုလိုဟန်တူသည်၊ [ကစ္စည်းသုတ်ရင်းဖြင့် ဥကို ဝမပြုနိုင်၊ ''ဝမောဒုဒန္တာနံဝယ်''ဝံ''ဟူသော ယောဂဝိဘာဂဖြင့် ဦကိုလည်း ဝပြု''ဟု ကြံ။]

[ဆောင်] က ခ ယ သ, တ စသည် ဩ, ဝပြုလော ဟု, ရှုမှတ်ပြုလျက်,ဥ အတွက်ကား,အလွန်များသဖြင့်,မှတ်သားမပြု၊နီတိရှုရာ,ခ တ ထာနှင့်,ဒ နာ သ ဟ, ခုနစ်ဝ ဥလဲ, ဝပြုပဲဟု, မှတ်စွဲပြု၍, ဟေတုဓာတု, စိတြဂုနှင့်, ခလု တဆူ, မဃဘူမှ, ဉဦဝကား, ဋ္ဌကထာမရှိ,ပါဠိမသုံး, နောက်ရေးထုံးဟု, ပေါင်းရုံးခွဲခြား, စနစ်ထားလည်း, မှတ်သားတဖန်, မောဂ္ဂလ္လာန်ဝယ်, ကေန်မှတ်ချက်, မရှိတွက်ကြောင့်, ထို့ထက်ပို၍, ပြုခွင့်တွေ့က, ဇဝေ့ဇဝါ, မရှိရာသည်, ရဲစွာပြုစေလိုသတည်း။

အန္တသဒ္ဒါ။ ။ရှေ့သုတ်မှ အန္တသဒ္ဒါအလိုက်ခံ၍''ဝမောဒုဒါနံ''ဟုဆိုလျှင် ဒါ၌ အာသဒ္ဒါ ပိုနေ၏၊ ''ဝမောဒုနံ''ဟုဆိုပြန်လျှင် သရ တလုံးတည်းကို ယူလိုရာ၌''တ'' အနုဗန် ပါရိုးဖြစ်သောသက္ကတထုံးစံနှင့် မညီ၊ ဤသို့ အန္တသဒ္ဒါမပါလျှင် အဆင်မပြေသောကြောင့် ရှေ့သုတ်မှ အန္တသဒ္ဒါအလိုက်မခံပဲ ''ဝမောဒုဒန္တာနံ''ဟု အန္တသဒ္ဒါ ထည့်ရတော့သည်၊ ဤသို့ ကြံခြင်းသာ အရှင်ကစ္စည်းဆရာ၏ ရည်ရွယ်ရင်းဖြစ်ဖွယ်ရှိ၏၊သို့သော် နောက်ဆရာတို့ကား ရှေ့သုတ်၌ အန္တသဒ္ဒါရှိလျက် အန္တသဒ္ဒါကို ထပ်၍ဆိုခြင်းကြောင့် အန္တသဒ္ဒါ ပို၏၊ ထိုသဒ္ဒါဖြင့် ဇုတိ-ဟောတိ-ဝိလပတိ-စသည်တို့၏ ဇုကိုလည်း ဝပြု-ဟု ကြံကြသည်၊ ''သမန္တပါသာဒိကာ-တွေ-ဝ=သမန္တပါသာဒိကာ+ဇုတိ + ဧဝ, ဟောတွေ-ဝ—ဟောတိ + ဧဝ, ဝိလပတွေ-ဝ သောဒိဇော= ဝိလပတိ+ဧဝ သောဒိဇော, အနုသေတွေ-ဝ=အနုသေတိ+ဧဝ '' စသည်တည်း၊ [ရူပသိဒ္ဓိအလိုမှု ''ပုထသု ဗျဥ္ဇနေ''သုတ်၌ လိုက်လာသော အန္တသဒ္ဒါပိုဖြင့် ''တိ၌ ဇုကို ဥပြုပြီးမှ ဝမောဒုဒန္တာနံ သုတ်ရင်းဖြင့် ဥကို ဝပြုသည်။] မောဂ္ဂလ္လာန်၌ကား ဝိတိဿေဝေဝါ=ဧဝကြောင့် ဇုဟိ၏ ဇုကို ဝိကပ် ဝပြု''ဟုသုတ်တည်၍ ဇုတိသဒ္ဒါ၏ တိမှ ဇုမဟုတ်သော (ဟောတိ+ဧဝစသည်) ၌ကား ယောဂဝိဘာဂဖြင့် ဝပြုဟု ဆိုရင်သည်။

[ဆောင်] ဝမောဒုဒ, သုတ်အန္တဖြင့်, ဧဝသဒ္ဒါ, နှောင်းလေရာဝယ်, ရှေ့မှာဇုတိ, ဟောတိ စရ, ဇု-ဝပြု၏၊ ရူပသိဒ္ဓိတတ်, တမျိုးမှတ်ဖို့, ပုထသု၌,အန္တ အလိုက်ဖြင့်, သိုက်မြိုက်စေမှု,ဇု-ဥပြု၍,ဥကိုထပ်လော,သုတ်ဝမောဖြင့်, ဝပြုသင့်၏၊ မောဂ္ဂလ္လာန် ကြည့်သော်, ဝိတိဿေဝေဝါ, သုတ်တည်ပါ သည်, ရုပ်သာအပြီး လိုရင်းတည်း။

**သမ္ဗောစိတိ** ၁၉။ ပရေ သရေ သမ္ဗော-သော၊ တိဋ္ဌတိ-တိ ဟူသော၊ သော တိသဒ္ဒေါ-၌ တိသဒ္ဒါသည်၊ ဗျဉ္ဇနော-ဗျည်းသည်၊ (ဟုတွာ—ဖြစ်၍၊) ကွစိ စကာရံ ပပ္ပေါတိ၊ ဣစ္စေတံ ကုသလံ, ဣစ္စဿ ဝစနီယံ, ပစ္စုတ္တရိတွာ, ပစ္စာ-ဟရတိ, စသည်တည်း၊ ကွစိတိ ကသ္မာ ဝုတ္တံ၊ ဣတိ-ဿ မဟုတ္တမ္ပိ-ဣတိ-ဿ မဟုတ္တမ္ပိ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ၊ (၃၂)။

---

၁၉။ ပုံစံနက်နှင့် ရုပ်ကွက်။ ။ဣစ္စေတံ=ဣတိ+ဧတံ၊ ဣစ္စဿ=ဣတိ+အဿ၊ ပစ္စုတ္တရိတွာ=ပတိ+ဥတ္တရိတွာ၊ ပစ္စာဟရတိ=ပတိ+အာဟရတိ၊ ဣတိဿ=ဣတိ+အဿ၊ ဣတိဧတံ—ဤသို့ ဖြစ်ခြင်းသည်၊ ကုသလံ—ကောင်း၏၊ ဣတိ—ဤသို့၊ ဝစနီယံ-ဆိုဖွယ်သည်၊ အဿ—ဖြစ်၏၊ ပတိဥတ္တရိတွာ—တဖန် တက်၍၊ ပတိအာဟရတိ-တဖန် ဆောင်၏၊ ဣတိ—ဤသို့၊ အဿ—ထိုရဟန်း၏၊ မဟုတ္တမ္ပိ—တမဟုတ်မျှလည်း၊ ရုပ်ကို အခြေပြုကြည့်တွက်၊ "ပတိ+ဥတ္တရိတွာ စသည်၌ ပတိ၏ တိကို စပြု"ဟု ဆို၊ကိ ရုပ်၌ ဣတိဿကို "ဣတိ+အဿ"ဟု တည်,ဤသုတ်ဖြင့် တိကို စ ပြုသင့်သော်လည်း ကွစိ သဒ္ဒါ မြစ်သောကြောင့် မပြုရ, ဝါပရောဖြင့် နောက် အ-ကို ချေ။

**တိဋ္ဌစ္စေသော ကိ သဒ္ဒေါ**—ယခုစာမူများ၌"ဣစ္စေသော တိသဒ္ဒေါ"ဟုသာရှိ၏၊ ဗာလာဝတာရဋီကာဟောင်း၌ကား "တိဋ္ဌစ္စေသော တိသဒ္ဒေါ"ဟု တွေ့ရ၏၊ ဣစ္စေသောကို"ဣတိ+ဧသော"ဟု ပုဒ်ဖြတ်၍ ဣတိသဒ္ဒါသည် (အံဣတိ နိဂ္ဂဟီတံသုတ်လာ ဣတိသဒ္ဒါကဲ့သို့) အခြားမဲ့ ဆိုခဲ့ပြီးသော တိသဒ္ဒါကို ပြန်၍ ညွှန်ပြခြင်း နိဒဿနအနက်ရှိသောကြောင့်"တိ ဣစ္စေသော"ဟု ရှိသော ထိုဋီကာဟောင်းပါ၌သာ မှုမှန်ဖြစ်ရာ၏၊ မှန်၏—ကစ္စည်းဝုတ္တိ၌ "ဣစ္စေသော, ဣစ္စေတေ" စသည်ဖြင့် များစွာတွေ့ရသော ဣတိ အားလုံးပင် ဆိုခဲ့ပြီး သဒ္ဒါစုကိုသာ ပြန်၍ ညွှန်ပြလေ့ရှိ၏၊ ဥပမာ—" ဣဝဏ္ဏုဝဏ္ဏာ ဣစ္စေတေ,သမ္ဘိ သဣစ္စေတေသံ"စသည်တည်း၊"တိဣစ္စေသော တိသဒ္ဒေါ-တိဟု ဆိုအပ်သော ဤ (တိ) သဒ္ဒါ" ဟူရာ၌လည်း အခြားပုဒ်ကို ပြုစီရင်၍ဖြစ်လာသော "တိ" မဟုတ်, "တိဟု ဆိုအပ်သော နဂိုရ် တိသဒ္ဒါ"ဟု ဆိုလိုသည်။

**ဆက်ဦးအံ့**—သမ္ဗောသည် သုတ္တဝုတ္တိ၊ (တိ ဟူသော သုတ်ပုဒ်ကိုဖွင့်သော) တိ ဣစ္စေသော တိ သဒ္ဒေါပုဒ်, (စံကိုဖွင့်သော) စကာရံပုဒ်တို့လည်း သုတ္တဝုတ္တိ၊ဗျဉ္ဇနော-ပက္ခိပနဝုတ္တိ၊ဤ"ဗျဉ္ဇနော"ဟူသော ပက္ခိပနဝုတ္တိကို ထောက်၍ ချာသဝယ် တိ၌ ဣကို ယ ပြု၍ "တျ"ဟု သရမဖက် ဗျဉ်းချည်း သက်သက်ဖြစ်မှ (စ) ပြု၏၊ ထို စီရင်ပုံသည် "ယဝတံ ကလန ဒကာရာနံ ဗျဉ္ဇနာနိ"သုတ်၌ တျ လျ ဒျ ဒျ တို့ကို "ဗျည်း"ဟု ဝုတ္တိ ဆရာ ဆိုပုံနှင့်လည်းကောင်း, "ထွေစ တိသဒ္ဒဗျဉ္ဇနောတိ တျကာရသံယောဂေါ ဝုစ္စတိ"ဟု သဒ္ဒနီတိ ဆိုပုံနှင့်လည်းကောင်း ညီပါပေ၏၊ သို့သော် "ဗျဉ္ဇနော"ဟု ထည့်ဖွင့်သော ဝုတ္တိနှင့်တကွ ချာသဆိုပုံသည် သုတ်တည်သော အရှင်ကစ္စည်း၏ အာဘော် ကျမည်မဟုတ်၊ ဘာ့ကြောင့်နည်း....အရှင် ကစ္စည်းဆရာသည်"ဗျဉ္ဇနော" ကဲ့သို့ ထူးခြားသောပုဒ်မျိုးကို ရှေ့သုတ်မှ လိုက်စရာမရှိလျှင် သုတ်၌ တိုက်ရိုက်ထည့်၍ သုတ်တည်လေ့ရှိသောကြောင့်တည်း။

ရူပသိဒ္ဓိ၌ကား ဗျဥ္စနေဝါဟု အဖွင့်မပါပဲ ''တိ''အတိုင်းကိုပင် စ ပြု၏၊ ထို ရူပသိဒ္ဓိဖွင့်ပုံသာ အရှင်ကစ္စည်း၏ အာဘော် ကျဖွယ်ရှိ၏၊ ဤ ကစ္စည်းဝုတ္တိဖွင့်တိုင်း ရုပ်တွက်ရလျှင် ''ဇုတိ တော်''ဟု ပုဒ်ဖြတ်, ဇုဝဏ္ဏော ယံနဝါဖြင့် တိ၏ ဇကို ယပြု (တျ) ဤ သုတ်ဖြင့် တျ ဗျည်းကို စ ပြု-ဟု ဆို၍ တွက်ရမည်။

**ချာ သ**။ ။ဇုမသဿပန-ဤသုတ်ကိုကား၊ စံတိတိ-စံတိဟူ၍၊ ဝတ္တမွေ-သမ္ဗောမပါပဲ ဆိုလိုက်ပါလျက်၊ သမ္ဗောစံတိတိ-ဟူ၍၊ ဝစနံ-ဆိုခြင်းသည်၊ တကာရ ပဋိဗဒ္ဓဿ-တနှင့် စပ်သော၊ (တချို့စာ၌''တိကာရ ပဋိဗဒ္ဓဿ—တိနှင့်စပ်သော''ဟု ရှိ၏၊) ယကာ ရဿပိ-ယ၏လည်း၊ (တနှင့်စပ်သော''ယ''ဟူသည်''တျ''ပင်တည်း၊) အာပဇ္ဇနတ္ထံ-စအဖြစ်သို့ ရောက်ရခြင်းအကျိုးရှိ၏၊ ဤကား ချာသအဆိုတည်း၊ဤသို့ ချာသဆိုသော်လည်း''သမ္ဗော''ထည့်ထားခြင်းမှာ ''ယမေဒန္တ, ဝမောဒု''သုတ်တို့ကဲ့သို့ ဇုသရကိုသာ စပြုရမည်လောဟု ယုံမှားဖွယ်ရှိ၍ ''သမ္ဗော-တ်ဗျည်းရော ဇုသရပါ စပြု'' ဟု ဆိုလိုရင်းဖြစ်သည်။

**ဇစ္စန္ဓော စ သည်ပြီးပုံ**။ ။ရူပသိဒ္ဓိ၌''အတိ, ပတိ, ဇုတိသဒ္ဒါတို့၏တိကိုသာစပြု'' ဟု ဆို၏၊ တချို့ကား ဇာတိစသည်တို့၏ တိကိုလည်း ဤသုတ်ဖြင့် စပြု၍ ''ဇစ္စန္ဓော= ဇာတိ+အန္ဓော-သန္ဓေကာဏ်း''စသော ရုပ်များကိုလည်း ပြီးစေကြ၏၊ရူပသိဒ္ဓိ၌ကား ဇစ္စန္ဓောကို ယဝတံသုတ်၌ပြ၏၊မောဂ္ဂလ္လာန် ပြအပ်သော''အပုစ္စဏ္ဍတာယ=အပုတိ+ အဏ္ဍတာယ—မပုပ်သော အု ရှိသည်၏အဖြစ်သို့''ဟူသော ရုပ်လည်း ဇစ္စန္ဓောကဲ့သို့ ဖြစ်နိုင်၏၊ ဇစ္စဗဓိရော စသည်၌ကား နောက်သရ မရှိသောကြောင့် သရေ ဟူသော အလိုက်ကို ကြည့်၍ ''သမ္ဗော စံတိ''ဟူသော ဝိနာဓိကာရယောဂ ဝိဘာဂဖြင့် သရ မနောင်းသော်လည်း ဇာတိ၏ တိကို စပြု,ဒွေဘော်လာ, ကွစာဒိ မဇ္ဈေတ္တရာနံသုတ်ဖြင့် ဇာ၌ အာကို ရဿပြု၍''ဇစ္စ ဗဓိရော=ဇာတိ+ဗဓိရော-ပဋိသန္ဓေအားဖြင့်နားပင်းသူ၊ ဇစ္စမူဂေါ=ဇာတိ+မူဂေါ—ပဋိသန္ဓေအားဖြင့် (အ) သူ၊ ဇစ္စဇဠော=ဇာတိ+ဇဠော- ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းသူ''ဟူသော ပြယုဂ်ကိုလည်း ထုတ်ပြကြသေး၏။

မဏိမဥ္ဇူသာ၌မူ''ဗဓိရေယေဝ အဗဓိရော''ဟု (အ) ကိုတဒ္ဓိတဝုတ္တိ (ထို ဗဓိရ အနက်၌ ဖြစ်၏) ဟု ကြံ၍ ဇာတိအဗဓိရော ဖြစ်ပြီးမှ တိ ကို စ ပြု၏၊ (ရူပသိဒ္ဓိအလို ယဝတံဖြင့်စီရင်၊) ဇစ္စမူဂေါဇစ္စဇဠောတို့၌လည်းနည်းတူ၊သဒ္ဒနီတိ၌ကား''ဇာတိယာ ဇန္ဓော ကွစိ ဗျဥ္စနေ''ဟုသုတ်တည်၍ ဗျည်းနောင်းရာ၌ ဇာတိကို ဇစ္စပြု၏၊ဤဆိုပုံသည် ရှင်းလည်းရှင်း၍ ''မြာဟ္မဏဇစ္စာတိ-မြာဟ္မဏဇာတိကာ''ဟု ဖွင့်သော ပါထေယျ— အဋ္ဌကထာနှင့် ညီ၏ဟု ထင်သည်၊ဤသို့လျှင် ရှေးဆရာတို့နည်းအမျိုးမျိုး ပြကြသော်လည်း ''ခွေးကိုက်လို့သေသေ, တုတ်နှင့်ပစ်လို့သေသေ၊ ယုန်ရသည်သာ ပဓာန''ဟူသကဲ့သို့ ဇာတိနှင့်ဇစ္စတို့ အနက်တူဟုသိရခြင်းသာပဓာနဖြစ်သောကြောင့် ရှေးနည်းများကို မှတ်သားထားဖို့သာ နောက်စာသင်သားတို့ တာဝန်ဖြစ်သည်။

[**ဆောင်**] ဇစ္စ ဗဓိရော, ပြီးစေသောဟု, သမ္ဗောစံတိ, ယောဂဝိဘာ,တချို့မှာ၏, မဥ္ဇူသာမူ,တဒ္ဓိတဝုတ်, (အ) ကိုလုပ်၍,ဖော်ထုတ်တဖန်, နည်းသစ်ကြံဆ, ဇစ္စန္ဓသို့, ယဝတံဖြင့်, ပြီးအောင် ချင့်၏၊ တဆင့်နီတိ, ဗျည်းနောင်းဘိလည်း, ဇာတိကိုရှု,ဇစ္စပြုဟု, နယပဒေ,မျိုးစုံဖွေသည်, မှတ်စေငါတို့ သိဖွယ်ကို့။

ဒေါ်ဓသာစ ၂၀။ ပရေ သရေ, ဓဠ္ဘာတိ-ဓ ဟူသော၊ တေသံ-ဤ အက္ခရာ၏၊ ကွစိ-၌၊ ဒကာရာဒေသော - ဒ အပြုသည်၊ ဟောတိ၊ ကေမိဒါ-ဟံ ဘိက္ခဝေ သမယံ-ကော၊ပေ၊သမယံ,ဟူသည်တည်း၊ ကွစိတိ ကသ္မာ ဝုတ္တံ၊ ဠမေဝ မရဏံ ဘဝိဿတိ - ဠမေဝ ၊ပေ၊ ဘဝိဿတိ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်း အကျိုးငှာ' ဝုတ္တံ - ၏၊ စဂ္ဂဟဏေန - စ သဒ္ဒါဖြင့်၊ ဓ ကာရဿ - ဓ အက္ခရာ၏၊ ဟကာရာဒေသော - ဟ အပြုသည်၊ ဟောတိ၊ သာဟု ဒဿန မရိယာနံ - သာဟု ဒဿန မရိယာနံ, စသည်တည်း။

သုတ္တဝိဘာဂေန - သုတ်ကို ဝေဖန်ခြင်းဖြင့်၊ ဗဟုဓာ - များသော အစီအရင်သည်၊ သိယာ - ဖြစ်နိုင်၏၊ ဒဿ - ဒ၏၊ တော - တ အပြုသည်၊ (ဟောတိ-ဖြစ်၏၊) [နောက်၌သည်း "ဟောတိ"ကို ထည့်၊] ယထာ - ဥဒါဟရဏ်ကား၊

---

၂၀။ ပုံစံနက်နှင့် ရှုပ်တွက်။ ။ဘိက္ခဝေ-တို့၊ဠမေ-ဤလောက၌၊အဟံ-သည်၊ ကော်သမယံ-အခါတပါး၌၊ဠမေဝ-ဤအရပ်၌ပင်၊မရဏံ-သေခြင်းသည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ အရိယာနံ-အရိယာတို့ကို၊ ဒဿနံ-မြင်ရခြင်းသည်၊ သာဓု-ကောင်း၏၊ "ကေမိဒါဟံ"ကဲ့သို့ "ကေသဒ္ဒါ၏ နောက်၌ရှိသော ဠမသဒ္ဒါ၏ ဓ ကို ဒ အမြဲပြု"ဟု သဒ္ဒနီတိ ဆို၏၊ သို့သော် အဋ္ဌသုတ် အဋ္ဌကထာ၌ကား "ကေမိဒါဟန္တိ ဧတ္ထ ဠဒါတိ နိပါတမတ္တံ,ကော် အဟံတိ အတ္ထော=ဠဒသည် (ဠမမှ ဖြစ်လာသည်မဟုတ်) အနက် မရှိသော နိပါတ်ပုဒ်မျှသာတည်း"ဟု ဖွင့်သည်၊ "ဠမေဝ=ဠမ+ဝေ"စသည်၌ကား ကွစိသဒ္ဒါမြစ်သောကြောင့် ဒ မပြုရ, ("ဠမေဝ"ဟု မဖြစ်—ဟူလို)။

စဂ္ဂဟဏေန ၊ ပေ ၊ မရိယာနံ — "ဒေါ်ဓသာစ"၌ စ သဒ္ဒါကို "ဒေါ်စ"ဟု ရွှေ့ပြီးလျှင် "ဒေါ်စ-ဒလည်းပြု"ဟု ဆိုသဖြင့် "ဒမှတပါး အခြားအရာလည်း ပြု"ဟု ဆည်းယူရာရောက်၏၊ထို သမုစ္စည်းအနက်ရှိသော စသဒ္ဒါဖြင့် "သာဟုဒဿနံ" ဟု ပြီးသည်၊ သဒ္ဒနီတိ၌ "ရုမိရံ"မှ ဓကို ဟ ပြု၍ "ရုဟိရံ—သွေး"ဟူသော ပုံစံကိုလည်း ထုတ်သေး၏၊ဓမ္မပဒအဋ္ဌကထာ"သာဟု ဒဿန မရိယာနံ"အဖွင့်၌ကား"သာဟူတိ-သုန္ဒရံ ဘဒ္ဒကံ"ဟု ဖွင့်၏၊ ထိုအလို "သာဓုမှ သာဟုဖြစ်လာခြင်း မဟုတ်, သာဟု ပုဒ်ရင်းသည်ပင် သုန္ဒရ အနက်ဟော"ဟု ဆိုလိုသည်။

သုတ္တဝိဘာဂေန ဗဟုဓာ သိယာ—[သုတ္တ-သုတ်ကို၊ ဝိဘာဂ-ဝေဖန်ခြင်း၊] သုတ် တသုတ်တည်းမှ ၂ သုတ် ၃ သုတ် စသည်ဖြင့် အများအပြားဖြစ်အောင် ခွဲခြား ဝေဖန်မှုကို သုတ္တဝိဘာဂ"ဟု လည်းကောင်း, ယောဂဝိဘာဂ ဟု လည်းကောင်း ခေါ်၏၊ ထို ဝိဘာဂသည် ဝိနာဓိကာရ, ဋ္ဌိဝေကရဏ,ဝိသုံကရဏ ဟု ၃ မျိုးရှိ၏၊ အကျယ်ကိုအခြေပြု၌ ပြခဲ့ပြီ၊ ယခု ပြအပ်လတ္တံ့သော "တော ဒဿ, ဋ္ဌော တဿ" စသော သုတ်ကလေးများသည်"ဒေါ်ဓသာစ"သုတ်နှင့် မဆက်သွယ်ပဲ သီးခြားပြုအပ်သော သုတ်ကလေးများဖြစ်၍ "ဝိသုံ ကရဏ ယောဂဝိဘာဂ"မည်၏။ [ဝိသုံ=

သုဂတော - သုဂဒေါ, ဟူသည်တည်း၊ တဿ - တ၏၊ ဋ္ဌော - ဋ္ဌ အပြုသည်၊ (ဟောတိ)၊ ယထာ - ကား၊ ဒုက္ကဋ္ဌံ - ဒုက္ကတံ ဟူသည်တည်း၊ ဓဿ - ၏၊ တော - သည်၊ ဟောတိ၊ ယထာ, ဂန္ဓဗ္ဗော-ဂန္တဗ္ဗော ဟူသည်တည်း၊ တ္တဿ - တ ၂ လုံး၏၊

---

သီးခြား+ကရဏ=ပြုအပ်သော ယောဂဝိဘာဂ၊] ထို"တော ဒဿ"စသော သုတ္တဝိဘာဂဖြင့် အစီအရင် အများအပြားပင် ဖြစ်နိုင်၏၊ ထို့ကြောင့် ထို များပြားသော အစီအရင်ကို ပြဦးအံ့-ဟူလို။

မှတ်ချက်။ ။ချာသ ရူပသိဒ္ဓိတို့၌ သုတ္တဝိဘာဂဟု မဆိုကြ၊ "ဒေါ ဓဿစ"၌ စ သဒ္ဒါဖြင့် ဒကို တ,တကို ဋ္ဌ စသည်ပြုနိုင်၏ဟု ဆိုကြသည်၊ ["စသဒ္ဒဂ္ဂဟဏေန-ဖြင့်၊ ဣမဿ-ဤ အက္ခရာ၏၊အညံ့-အခြားသော ဟာအဖြစ်ကိုလည်းကောင်း၊ဒဿဋ္ဌော သာဟု ဒဿန မရိယာနန္တိ အာဒိမာဟ"ဤကား ချာသ ဆိုပုံတည်း၊ ရူပသိဒ္ဓိ ဆိုပုံကို လည်း ဝဂ္ဂေ ဃောသာဃောသာနံသုတ်အဆက်မှာ ရှု။] ထို့ကြောင့်ထိုကျမ်းဆရာတို့ လက်ထက်က "သုတ္တဝိဘာဂေန ဗဟုဓာ သိယာ"ဟူသော ဝါကျနှင့်"တော ဒဿ, ဋ္ဌော တဿ"စသော သုတ်ကလေးများလည်း ရှိသေးဟန် မတူ၊ နောက်မှ ထည့်ဟန် တူသည်၊ သို့သော် ယခုအခါ၌ သုတ္တဝိဘာဂ (သုတ်ကလေးများ) ရှိနေပြီ ဖြစ်သဖြင့် ထိုသုတ်ကလေးများဖြင့်ပင် ရုပ်ပြီးပုံကို ပြတော့အံ့၊ ချာသနှင့် ရူပသိဒ္ဓိတို့ အလိုအတိုင်း "စသဒ္ဒါဖြင့် ဒကို တပြု"စသည်ဖြင့်လည်း ရုပ်တွက်နိုင်သည်ဟု မှတ်။ [သံပျင်ဋီကာ၌ သုတ္တဝိဘာဂနှင့် စ သဒ္ဒါကို သဘောတူဟု ဆိုထားသော်လည်း ထိုစကားကို မမှတ်ထိုက်၊ ချာသ ရူပသိဒ္ဓိတို့ အလိုအားဖြင့် ဝိသုံကရဏ ယောဂဝိဘာဂလည်း မရှိ၊ (ဝိနာဓိကာရ,ဋ္ဌိဓာကရဏ) ယောဂဝိဘာဂ ၂ မျိုးသာ ရှိသည်ဟု မှတ်။]

**တောဒဿ,ယထာ-သုဂတော**—["တောဒဿ"သည် သုတ်၊"ယထာ"ကား ဥဒါဟရဏ်ကို မေးသော ပုစ္ဆာဝါကျ၊ "သုဂတော"ကား ပုံစံတည်း။] သုဂတ ဂုဏ်တော်ကို ဖွင့်ရာ၌ "သမ္မာ ဂဒတ္တာတိ သုဂတော"ဟူသော အဖွင့်လည်း ပါ၏၊ ထိုအဖွင့်အလို "သမ္မာ-ကောင်းစွာ၊ ဂဒတိ-ဆိုတော်မူတတ်၏၊ ဣတိ, သုဂဒေါ-သုဂဒ မည်တော်မူ၏"ဟု ဖြစ်သင့်လျက် ဒကို တ ပြု၍ "သုဂတော"ဟု ဖြစ်ရသည်၊ သုဂတောကို "သုဂဒေါ"တည်, တော ဒဿ သုတ်ဖြင့် ဒကို တ ပြုဟု ဆို၍တွက်၊ "ကုန္တိတံ-စက်ဆုပ်အပ်စွာ၊သီဒတိ-ဆုတ်နစ်တတ်၏"နှင့်အညီ ကု ပုဗ္ဗ သီဒဓာတ်ဖြင့် ပျင်းရိသူကို"ကုသီဒေါ"ဟု ခေါ်၏၊ ဒကို တ ပြု,"ကုသီတော"ဟု ပြီးသည်။ [သီဒ္ဓိဿဖြင့်သာ သဒ္ဒါကျမ်းတို့၌ ရှိ၏။]

ဒုက္ကဋ္ဌံ—ဒုပုဗ္ဗ ကရဓာတ် တ ပစ္စည်းဖြင့် ဒုက္ကတံဟု ပြီးရင်းတည်း၊"ဋ္ဌောတဿ" သုတ်ဖြင့် တကို ဋ္ဌပြု၍"ဒုက္ကဋ္ဌံ"ဟုပြီးရသည်၊ [ဒုက္ကဋ္ဌံ-မကောင်းသဖြင့် ပြုအပ်၏၊ပပုဗ္ဗ ဟရဓာတ် တ ပစ္စည်းဖြင့် ပြီးသော "ပဟဋ္ဌော-ပုတ်ခတ်အပ်၏"လည်း နည်းတူ။] ဆက်ဦးအံ့—သဒ္ဒါကျမ်းတို့မည်သည် ရွတ်ဆိုသံသို့ လိုက်၍ ပြီးအောင် စီရင်ပေးရ၏၊ နောက်လူတို့ ရွတ်ဆိုနေသော အသံ (သဒ္ဒ-သဒ္ဒါ) လည်း မူလပဌမ (ရှေးလူကြီးတို့ သုံးစွဲအပ်သော) အသံ သဒ္ဒနှင့် မတူပဲလည်း ရှိတတ်၏၊ ဤ၌လည်း မူလပဌမတုန်းက

ဗြော-ဗြအပြုသည်၊ ပောတိ၊ ယထာ, အဗြဇော-အတ္တဇော ဟူသည်တည်း၊ ဂဿ-၏၊ ကော-က အပြုသည်၊ ပောတိ၊ ယထာ, ကုလူပကော-ကုလူပဂေါ်, ဟူသည်တည်း၊ ရဿ လော ပောတိ, ယထာ၊ မဟာသာလော-မဟာသာရော,

---

''ဒုက္ကတံ''ဟုဒန္တဇ (တ) အက္ခရာဖြင့်ရွတ်ဆိုခဲ့သော်လည်း ကာလကြာသောကြောင့်ဖြစ်စေ,ဒေသ (ရေမြေ) ကွဲပြားသောကြောင့်ဖြစ်စေ မုဒ္ဓဇ (ဋ) ဖြင့် ရွတ်ဆိုကြပြန်လေသည်၊ ထိုအသံကိုလိုက်၍ သဒ္ဒါဆရာတို့က တကို ဋပြုဟု စီရင်ပေးရသည်၊ ''မသိဘူး'' ဟူသောအသံကို တချို့အရပ်၌''မဆိဘူး''ဟုပြော၏၊မြန်မာသဒ္ဒါ ကျမ်းသစ်ထွင်လျှင် ''ဆော သဿ=သကိုဆပြု၍ (မဆိဘူး)''ပြီးကြောင်းကိုစီရင်ရလိမ့်မည်ကဲ့သို့တည်း၊ နောက်၌လည်း ဤနည်းမှတ်ပါ။

**ဂန္ဓဗ္ဗော**—ဂမုဓာတ် တဗ္ဗ မစ္စည်းဖြင့် ''ဂန္တဗ္ဗော'' ပုဒ်ရင်းဘည်း၊ အမိဝမ်းသို့ သွားထိုက်သူ (ပဋိသန္ဓေ နေမည့်သူ) ကို ပောရာ၌ကား '' ဂန္ဓဗ္ဗော '' ဟု သုံးစွဲရိုး ရှိပြန်၏၊ထို့ကြောင့်''ဂန္တဗ္ဗော''တည်''ဓောတဿ''ဖြင့် တကို ဓပြု။ [''ဓော တဿ ဂဗ္ဘောက္ကမနာသန္ဓေ သတ္တေ''- (သဒ္ဒနီတိသုတ်)၊ ဂဗ္ဘောက္ကမနာသန္ဓေ-အမိဝမ်းသို့ သက်ရောက်ခါနီးသော၊ သတ္တေ-သတ္တဝါကို ပောရာ၌၊ တဿ-ကို၊ ဓော-ဓ ပြု ] ဤသို့လျှင် တကို ဓပြုရာ ရှိသည် တချို့တလေ နည်းနည်းပါးပါးသာရှိ၍ ဓ မပြုရာ ရှိသာ များသောကြောင့် ဤသုတ္တဝိဘာဂများ၌လည်း ''ကွစိ''သဒ္ဒါ အမြဲလိုက်ပါ လျက်ရှိသည် ဟုမှတ်။ [ကချေသည် နတ်သား စောင်းသမား အနက်ကို ပောသော ဂန္ဓဗ္ဗပုဒ်၌ကား ''ဂေါမှိ - နတ်ပြည်၌၊ ဂါယန နဋနာဒိဝသေန - သီချင်းဆိုမှု ကမှု စသည်၏အစွမ်းဖြင့်၊ ဓုနာတိ-တုန်လှုပ်တတ်၏''ဟု ဝိဂ္ဂြိဟ်ပြု၍ ''ဂေါသဒ္ဒူပ ပဒ, ဓုဓာတ် ဏ ပစ္စည်း, ဓု၏ ဥကို ဩပြု, ဩကို အဝပြု, ဝကို ဗပြု, ဂေါ၏ ဩကိုချေ, ထိုကြေရာ၌ (အ) လာ, နိဂ္ဂဟိတ်လည်း လာ၍ ပြီးသည်။]

**အဗြဇော**—''အတ္တတော-မိမိမှ၊ ဇာတော-ဖြစ်သော သားအရင်း''ဟူသော ဝိဂ္ဂြိဟ်အရ''အတ္တဇ''သာပုဒ်ရင်း၊''ဗြော တ္တဿ''ဖြင့် တ ၂-လုံးကို ဗြပြု၍ ''အဗြ ဇော''ကား နည်းနည်းပါးပါးသာ ရှိ၏၊ ဂေါဗြဘူပုဒ်မှ ''ဂေါတြဘူ''ဖြစ်ပုံလည်း နည်းတူ၊ဆက်ဦးအံ့—သန္ဓိဟူသည် ပြေပြစ် ချောမောအောင် စီရင်ခြင်းတည်း၊ ထိုသန္ဓိ သည် ''ပဒသန္ဓိ,ဝဏ္ဏသန္ဓိ''ဟု ၂-မျိုးရှိ၏၊ ယဿိန္ဒြိယာနိ စသည်ကဲ့သို့ ၂-ပုဒ် ၃-ပုဒ် စပ်ခြင်းသည် ပဒသန္ဓိ မည်၏၊ သုဂတောစသည်ကဲ့သို့ အက္ခရာ ပြောင်းလွဲခြင်းသည် ဝဏ္ဏသန္ဓိမည်၏၊ ဤအက္ခရာပြောင်းလွဲရာ၌ ဆက်စပ်ခြင်း မရှိသော်လည်း စကား ချောမောခြင်းရှိ၏၊ထို့ကြောင့် ပုဒ် ၂-ခုစပ်ရာ၌ ချောမောသကဲ့သို့ အက္ခရာပြောင်းလွဲ ခြင်းလည်း ချောမောရကား အက္ခရာပြောင်းလွဲခြင်းကိုပင် သန္ဓိ ဟု ခေါ်ရသည်။

**ကုလူပကော**—''ကုလံ-အမျိုးသို့၊ဝါ-အမျိုးရှိရာအိမ်သို့+ဥပဂစ္ဆတိ-ကပ်တတ်၏'' ဟူသော ဝိဂ္ဂြိဟ်အရ ဥပ ရှေးရှိသော ဂမုဓာတ်, ကွိပစ္စည်းဖြင့်ပြီးသော''ကုလူပဂေါ'' သာ ပုဒ်ရင်း၊တချို့အရာ၌''ကော ဂဿ''သုတ်ဖြင့် ဂကို ကပြု၍''ကုလူပကော''ဟု ဖြစ်ရသည်။ [''ကုလံ+ဥပဂေါ''မှ လ၏ အသရချေ, နောက် ဥကို ဒီဃပြု၊]

ဟူသည်တည်း၊ ယဿ ဇော ဟောတိ, ယထာ၊ ဂဝဇော-ဂဝယော,ဟူသည်
တည်း၊ဝိဿ-ဝ ၂-လုံး၏၊ဗ္ဗော-ဗ ၂-လုံးအပြုသည်၊ဟောတိ,ယထာ၊ကုဗ္ဗတော-
ကုဝ္ဝတော ဟူသည်တည်း၊ ယဿ ကော ဟောတိ, ယထာသကေ-သယေဟူသည်

---

"ဒိရုပကော-နို့ရည်ရှိသော အမိန္ဒွားမသိုကပ်တတ်သော နွားငယ်"လည်း နည်းတူ၊ ဤကဲ့သို့ ဝဏ္ဏသန္ဓိများဝယ် "နောက်၌ မည်သည့်နိမိတ် နှောင်းမှ"ဟု နိမိတ်ကို မငဲ့ရတော့ပြီ။ ["သုဂတောတျာဒီသု-တို့၌၊ အနိမိတ္တာဒေသ သံသိဒ္ဓိ-နိမိတ် မရှိသော အာဒေသ၏ ပြီးခြင်းသည်၊ (ဟောတိ)"-သံပျင်ဋီကာ။]

**မဟာသာလော**—"မဟန္တော သာရော (ဥစ္စာနှစ်) ယဿဟူသော ဝိဂြိုဟ်အရ များသောဥစ္စာနှစ်ရှိသူကို "မဟာသာရော"ဟု ခေါ်ရင်းစွဲတည်း၊ တချို့ဒေသ၌ ရနှင့် လ ပြောင်းလွဲ၍ "မဟာသာလော"ဟု ခေါ်၏၊ "ပင်္ကေ-ညွန်၌၊ပလိပန္နော-နစ်မြုပ် ပြီ၌" "ပရိပန္နော"ဟု တည့်, ရကို လပြု၊ "ပလိဗောဓော-ထက်ဝန်းကျင် နှောင့်ယှက်တတ်သော အန္တရာယ်"၌လည်း "ပရိဗောဓော"ဟုတည့်, ရကို လပြု, စသည်တည်း။

**ဂဝဇော**—ဂေါဝိယ-နွားကဲ့သို့၊ အယတိ-ဖြစ်တတ်၏၊ ဣတိ ဂဝယော-မည်၏၊ ဂေါသဒ္ဒါုပပဒ အယဓာတ် အပစ္စည်း၊ (ချာသ၌"ဏ"ပစ္စည်းဟု ဆို၏၊ သို့သော် "နိဿယော"စသည်ကဲ့သို့ ဝုဒ္ဓိမထင်ရှားရာ၌ အပစ္စည်းသာမှတ်၊) "ဂေါအယ"ဟု ဖြစ်သည့်အခါ ဩသရေစသုတ်ဖြင့် ဩကို အဝပြု "ဂဝယ"ဟု ဖြစ်၏၊ ဇော ယဿ သုတ်ဖြင့် ယကို ဇပြုပြန်လျှင် "ဂဝဇော"ဟုပြီး၏၊ သက္ကတအဘိဓာန်၌ "ဂဝယော" တပုဒ်သာရှိ၍ ပါဠိ၌ "ဂဝယ-ဂဝဇ"ဟု ၂-ပုဒ်ရှိသောကြောင့် "ဂဝယ"ပုဒ်ရင်းမှ "ဂဝဇ" ဖြစ်လာသည်ဟု ကြံဟန်တူသည်၊ "ဂေါသဒိသေ-နွားနှင့် တူသော၊ ဂလကမ္ဗလ ဟီနေ-လည်မျို၌ တွဲလျားကျသော အသားဆိုင် မပါသော၊ ပသုဘေဒေ-သားကောင် အထူး၌"ဟု ထောမနိဓိ ဖွင့်၏၊ ဤအဖွင့် အလိုအားဖြင့် လည်ပင်းက နွားနှင့်မတူပဲ နောက်ပိုင်းသာတူသောကြောင့် "နွားနောက်"ဟု ရှေးက မြန်မာပြန်ကြ၏၊ ဆရာတို့ကား "တောနွား"ဟု ပြန်သည်။

**ကုဗ္ဗတော**—ကရဓာတ် အန္တပစ္စည်း, တနာဒိ ဩပစ္စည်း၊ ဩကို ဥပြု, က၏ အကိုလည်း ဥပြု, (ကုရုအန္တ) ရ၌ ဥကို လမှည့်, ဝပြု,ရချေ(ကုဝန္တ),ဝဒ္ဓေဘော်လာ, ဝ ၂-လုံးကိုဗ ၂-လုံးပြု၍(ကုဗ္ဗန္တ),နာမ်ငဲ့,သသက်,ဂစ္ဆတောကဲ့သို့စီရင်၍"ကုဗ္ဗတော" ဟုဖြစ်၏၊ "ပါပကမ္မံ ပကုဗ္ဗတော=မကောင်းမှုပြုသူ၏"ဟူသောပါဠိမှ ယူထားသောကြောင့်"ကုဗ္ဗတော"ဟု ပုံစံထုတ်သည်၊ကုဗ္ဗန္တော-ဟု သိဝိဘတ်ဖြင့် ထုတ်လျှင်လည်း ဖြစ်နိုင်သည်သာ၊ ရုပ်တွက်ရာ၌ကား "ကုဝ္ဝတော"ဟု တည့်, ဗ္ဗောဝ္ဝဿသုတ်ဖြင့် ဝ ၂-လုံးကို ဗ ၂-လုံးပြုဟု ဆိုပါ၊ကု-စက်ဆုပ်အပ်သော၊ဝတ-အကျင့်ရှိသူ၊"ကုဝတ"မှ ဝဒ္ဓေဘော်လာ,ဗ္ဗပြု၍"ကုဗ္ဗတော-စက်ဆုပ်အပ်သောအကျင့်ရှိသူ"ဟု တနည်းကြံကြသေး၏၊"သီလဗ္ဗတ (သီလ+ဝတ) ပရာမာသော၊ ဥဒယဗ္ဗယော (ဥဒယ+ဝယော) လည်းနည်းတူ၊ [ဝ ၂-လုံးဖြစ်မှ ဗ ၂-လုံးပြုခြင်းသည် ရူပသိဒ္ဓိ အလိုတည်း၊ သို့သော်

တည်း၊ ဇဿ ယော ဟောတိ, ယထာ၊ နိယံပုတ္တံ- နိဇံပုတ္တံဟူသည်တည်း၊ တဿ ကော ဟောတိ, ယထာ၊နိယကော နိယတော,ဟူသည်တည်း၊ တ္တဿ-တ ၂ လုံး၏၊စ္စော-စ ၂လုံးအပြုသည်၊ ဟောတိ, ယထာ၊ ဘစ္စော-ဘတ္တော,ဟူသည်တည်း၊ ပဿ ဖော ဟောတိ, ယထာ၊ နိပ္ဖတ္တိ—နိပတ္တိ, ဟူသည်တည်း၊ ကဿ ခေါ ဟောတိ, ယထာ၊ နိက္ခမတိ-နိကမတိ, ဟူသည်တည်း၊ ဣစ္စေဝမာဒီ-ဤသို့အစရှိသော ပြယုဂ်တို့ကို၊ ယောဇေတဗ္ဗာ—ယှဉ်စေထိုက်ကုန်၏။ (၂၇)။

---

ဝ ၂ လုံးကို ဗ ၂ လုံးပြုခြင်းထက် ဝ တလုံးကို ဗ တလုံးပြုခြင်းက "ဗျာကရဏံ-ဗျာကတောဗျဉ္ဇနံ"စသည်ဖြင့် သာ၍များ၏၊ သဒ္ဒနီတိ၌လည်း "ဗော ဝဿ"ဟု ဝ တလုံးကို ဗ တလုံးပြုခြင်းသာ ပြသည်၊ ဝ ၂ လုံး လိုရာဝယ် ဝကို ဗပြုပြီးမှ ဒွေးဘော်လာ။]

**သကေ**—"ကမ္မသကာ" ကို "ကမ္မဿယာ—ကံသာလျှင် မိမိဥစ္စာရှိကုန်၏"ဟု ဓမ္မသင်္ဂဏီ မူလဋီကာဖွင့်၏၊ ထိုအဖွင့်အတိုင်း သိဓာတ် အပစ္စည်းဖြင့်"သယ"ဟုဖြစ်ပြီးမှ "ကော ယဿ"ဖြင့် ယကို ကပြု၍"သက"ပြီးသည်ဟုဆိုနိုင်သည်၊ဤအလို"သကေ=သယေ—မိမိဥစ္စာတို့ကို"ဟု ပေးသင့်မည် ထင်သည်၊ ချာသ၌ကား "သဿ+ဣဒံ" တဒ္ဓိတ်ဝိဂ္ဂြိုဟ်ပြု၍ ဣဒံ အနက်၌ ဏပစ္စည်းသက်,ဏ် အနုဗန်ချေ၊ယဝမဒနဖြင့် ယ ဗျည်းလာ, (သယ) နာမ်ငဲ့, ဒုတိယာယောသက်၍ "သယေ"ဟု ဖြစ်ပြီးမှ ယကို ကပြု၍ "သကေ"ဖြစ်သည်ဟု ဆိုသည်၊ သို့ဝိဘတ်ဖြင့်လည်း "သကေ"ဖြစ်နိုင်၏။

**နိယံပုတ္တံ**—နိဿာယ—မိမိကိုမှီ၍၊ ဇာတော—ဖြစ်သောသား၊ (သားရင်းသည်)၊ နိဇော—နိဇမည်၏၊ ဤ၌ "နိဇံ"ကား အံဝိဘတ်ဆုံးသော ပုဒ်တည်း၊ နိဇံသာလိုရင်း၊ ပုတ္တံကား အနက်ထင်ရှားအောင် ထည့်အပ်သော တွဲဘက်ပုဒ်သာ၊ နိယံကို"နိဇံ" တည်၊ "ယော ဇဿ"သုတ်ဖြင့် ဇကို ယပြု။

**နိယကော**—နိပုဗ္ဗ ယမုဓာတ် တပစ္စည်းဖြင့် "နိယတော"ဟု ပုဒ်ရင်းတည်း၊ [ချာသ၌ နိပုဗ္ဗ ယတိဓာတ် ဏပစ္စည်းဖြင့် "နိယတော"ပြီးသည်ဟု ဆို၏၊] ကော တဿဖြင့် တကို ကပြု၍ "နိယကော"ဟု ဖြစ်သည်၊ "နိယကော—မြဲ၏"ဟု ပေး။]

**ဘစ္စော**—"သူခစား-စာရင်းငှား"ဟူသော အနက်ကို ဟောရာ၌ ဘရဓာတ်, ကတ္တားဟော တပစ္စည်းဖြင့် ပြီးသည်၊ ထို့ကြောင့် "ဘတ"ဟု ဖြစ်သည့်အခါ တ ဒွေးဘော်လာ၍ "ဘတ္တော"ဟု ပုဒ်ရင်းဖြစ်၏၊ ဘစ္စောကို "ဘတ္တော" တည်,စ္စော တ္တဿသုတ်ဖြင့် တ ၂ လုံးကို စ ၂ လုံးပြု၊ ["ဘစ္စော—မွေးစားအပ်သူ" ဟူရာ၌ ကံဟော ရိစ္စပစ္စည်းသက်၍ ဘစ္စောဟု ပြီးသည်၊ ရူပသိဒ္ဓိ ရိစ္စပစ္စည်းမှာ ရှု။]

နိပ္ဖတ္တိ—နိပုဗ္ဗ ပဒဓာတ် တိပစ္စည်းဖြင့် "နိပတ္တိ"သာ ပုဒ်ရင်းတည်း၊ နိပ္ဖတ္တိကို "နိပတ္တိ"ဟု တည်၊ "ဖောပဿ"သုတ်ဖြင့် ပကို ဖပြု(နိဖတ္တိ), ဝဂ္ဂေ ဃောသာဃောသာနံ သုတ်ဖြင့် အသဒိသဒွေဘော်(ပ်)လာ၊ (နိပ္ဖတ္တိ-ပြီးခြင်း၊) ချာသ၌ကား "နိပတ္တိ"တည်၍ သဒိသဒွေဘော်(ပ်)လာပြီးမှ ရှိရင်း ပကို ဖပြုသည်။

**နိဂ္ဂမတိ**—နိပုဗ္ဗ ကမုဓာတ် တိဝိဘတ် အပစ္စည်းဖြင့် "နိက္ကမတိ-ထွက်သွား၏" ဟု ပြီးရာ၌ ရူပသိဒ္ဓိအလို ကကို ခင့်ပြီးမှ (ဂ်) လာ၊ ဆရာသအလိုအားဖြင့် ကဒွေဘော် လာပြီး၍ "နိက္ခမတိ"ဟု ဖြစ်မှ မူလ (က) ကို ခပြု၊ [ဤ နိက္ခမတိရုပ်ကို ဇူဧွဝမာဒီ၌ အာဒိအဟွက်ပြုသော ရုပ်ဟု ဆရာသဆို၏၊ဆရာသလက်ထက်က မူနှင့် ယခု ကစ္စည်းမူမှာ မတူတော့ပြီဖြစ်၍ ထိုစဉ်က မူအတိုင်း ဆရာသဖွင့်သည်-ဟုသာ မှတ်။]

**ဇူဧွဝမာဒိ**-"ဤသို့စသောပုံစံများကိုယူ၍စပ်သုံးစွဲလေ"ဟု ညွှန်ပြသောကြောင့် သဒ္ဒနီတိလာ အချို့သုတ်နှင့် ပုံစံများကို ပြဦးအံ့။

ဗြော ဒဿ။ ။ဒကို ဗြ ပြု၊ ဇုဒ္ဒိယံ=ဇုဗ္ဗိယံ၊ ဒုဒ္ဒဒါမော=ဒုဗြ ဒါမော၊ ဘဒ္ဒေါ= ဘဗြော။ ["ဗြော ဒဿ"သည် သုတ်၊ ရှေးရှေးရုပ်သည်တည်ရုပ်, နောက် နောက် ရုပ်ကား အပြီးရုပ်။]

ဃော ခဿ။ ။ခကို ဃပြု၊ နိခဏ္ဍု=နိဃဏ္ဍု။

ဒေါ ဇဿ။ ။ဇကို ဒပြု၊ ပဃေနဇိ=ပဃေနဒိ။

ပညတ္တိ ပညာသာနံ ညဿ ဏ္ဏော။ ။ပညတ္တိ ပညာသပုဒ်တို့၏ ညကို ဏ္ဏပြု၊ ပညတ္တိ=ပဏ္ဏတ္တိ၊ ပညာသံ=ပဏ္ဏာသံ။

ပဥ္စဝီသတိယာ ပဉ္စဿ ပဏ္ဏော။ ။ပဉ္စဝီသတိသဒ္ဒါ၏ ပဉ္စကို ပဏ္ဏပြု၊ ပဉ္စဝီသတိ= ပဏ္ဏဝီသတိ။ [ရူပသိဒ္ဓိ၌ တေသုဝုဒ္ဓိဖြင့် ပဏ္ဏပြု၏။]

ဏော နဿ။ ။နကို ဏပြု၊ပနိဓာနံ=ပဏိဓာနံ၊ ပနိဒိ=ပဏိဓိ၊ ပနိပါတော= ပဏိပါတော၊ [ပ+နိပုဗ္ဗ ဓာဓာတ်၊ ပ ဥပသာရသည် သက္ကတ၌ "ပြ"တည်း၊ ပြ၌ ရနောက်ဖြစ်၍ နိ၌ နကို ဏပြုန်စေရသည်၊ "ရဟာဒိတော ဏ"သုတ် လာ ဥပဒေမျိုးတည်း၊ထိုသုတ်က ဓာတ်နောင်သာစီရင်၍ ဤပုံစံ၌ ပဥပသာရ နောက်ဖြစ်သောကြောင့် ထိုသုတ်ဖြင့် မစီရင်နိုင်၊ "ဏော နဿ" သုတ်မျိုး မပါသော ကစ္စည်းအလို ဒေါဃေစ၌ စသဒ္ဒါဖြင့် စီရင်။]

ဏဿစ နော။ ။ဏကိုလည်း နပြု၊ တရုဏော=တလုနော-တရုဏံ=တလုနံ၊ [ရကိုကား မဟာသာလောကဲ့သို့ လပြု။]

ဓော ဒဿ။ ။ဒကို ဓပြု၊ ကမ္မာသဒမ္မံ=ကမ္မာသဓမ္မံ။ [ဓော ဟဿ—ဟကို ဓပြု၊ တံဟိတံ=တံဓိတံ၊ထို့နောက် နိဂ္ဂဟိတ်ကို မဒါသရေ၌ မဂါယောဂဝိဘာဂဖြင့် (ဒ်) ပြု၊ တဒ္ဓိတံဟု ပြီး၏၊သဒ္ဒနီတိ၌ မလာ, ဖြစ်သင့်၍ထည့်အပ်သောသုတ်။]

ဝေါ ယဿ။ ။ယကို ဝပြု။အာယုဓံ=အာဝုဓံ၊ [အာယုဿ ယဿ ဝေါ ပဏ္ဏတ္တိ ယံ=နာမည်ပညတ်ကို ဆိုလိုရာ၌ အာယု၏ ယကို ဝပြု၊ဒီဃာယု ကုမာရော= ဒီဃာဝု ကုမာရော။] "ဇရံ-ဆွေးမြေ့ခြင်းသို့+အယတိ-ရောက်တတ်၏" နှင့် အညီ ဏုပစ္စည်းသက်၍ "ဇရာယု"ပုဒ်ရင်းမှ ရကို လ, ယကို ဝ, ဝကို ဗပြု၍ "ဇလာဗု-သားအိမ်"ဟု ဖြစ်၏။

ဣဝဏ္ဏောဃံ နဝါ ၂၁။ ပရေ သရေ-အသရူပသရကြောင့်၊ ပုဗ္ဗော-သော၊ ဣဝဏ္ဏော-သည်၊ နဝါ-အချို့အရာ၌၊ ယကာရံ-ယအဖြစ်သို့၊ ပပ္ပေါတိ၊ ပဋိသန္ထာရဝုတျ-ဿ, သဗ္ဗာဝိတျာ-နုဘူယတေ-ပဋိသန္ထာရ၊ပေ၊

---

လဿု ဋ္ဌော။ ။လကို ဋ္ဌပြု၊ သီဟလော=သီဟဋ္ဌော၊ ဂရုလော=ဂရုဋ္ဌော။

ဝနပ္ပတိဿ ပဿ မော။ ။ဝနပတိသဒ္ဒါ၏ ပကို မ ပြု, ဝနပ္ပတိ=ဝနမ္ဗတိ၊ [ယခုစာများ၌ကား''ဝနပ္ပတိ'' ဟုသာ ရှိ၏၊ သက္ကတ၌ သ နှင့် ပ တွဲလျက် ရှိသောကြောင့် (သ်) အစား ပတလုံး ထွေးဘော်လာ၏သည်။]

ပေါ ဝိဿ ဝဿစ။ ။ဝိ ဝတို့ကို ပပြု၊ဝိစေဿတိ=ပစေဿတိ၊ (ကစ္စည်းဝုတ္တိ၌ကား နိဂ္ဂဟီတဥ္စသုတ်၌ ပြလတ္တံ့၊ ပစ္စဝေက္ခဏာ=ပစ္စပေက္ခဏာ၊ [ယခု ပါဠိများ၌ ပစ္စဝေက္ခဏာဟုချည်း ရှိ၏၊ပတိ+အဝပုဗ္ဗ ဣက္ခဓာတ် ယုပစ္စည်း၊ နကို ဏပြု။] ဝေါ ပဿ-ပကို ဝ ပြု ၊ ကာပည့်=ကာဝည့်။

ဋ္ဌတော မုခဿ မုဂေါ။ ။[ဋ္ဌနောက် မုခကို မုဂပြု၊ ဋ္ဌမုခေါ=ဋ္ဌမုဂေါ၊] မုခကို မုကပြု၍ ''ဋ္ဌမုကော'' ဟုလည်း ရှိသတတ်။

နဿ နိဂ္ဂဟီတံ,တယာနမေကောစော။ ။နကို နိဂ္ဂဟိတ်ပြု၊တ-ယတို့တွင် တခုသောတကို စပြု၊ အာကာသာနန္တာယတန်-အာကာသာနဥ္စာယတနံ၊ [အာကာသာနံ စာယတနံ၌ နိဂ္ဂဟိတ်ကို (ဉ်)ပြု၊ ရူပသိဒ္ဓိ ပရဋ္ဌေဘာဝေါ သုတ်နှင့် သွတ္တတဒ္ဓိတ်ခန်း၌ တမျိုးစီရင်၏။]

ဋ္ဌာနံ ဋ္ဌယုဂံ။ ။ဋ္ဌတို့ကို ဋ္ဌ အစုံပြု၊အဋ္ဌကထာ=အဋ္ဌကထာ၊ပိဋ္ဌနဋ္ဌော=ပိဋ္ဌနဋ္ဌော အဋ္ဌိံ ကတွာ=အဋ္ဌိံကတွာ၊ဝေါဋ္ဌပနံ=ဝေါဋ္ဌပနံ၊ ကေနဋ္ဌေန=ကေနဋ္ဌေန ဤသို့ စသည်ဖြင့် များ၏၊

ဇာတိယာ ဇစ္စော ကွစိ ဗျဥ္ဇနေ။ ။ဗျည်းနှောင်းရာ၌ ဇာတိကို တချို့ ဇစ္စပြု၊ ဇာတိဗဓိရော=ဇစ္စဗဓိရော၊ ဇာတိမူဂေါ= ဇစ္စမူဂေါ။

ဇဝံ ခေါန္တရေ ဝိယဗျာ။ ။ဇဝံ+ခေါတို့၏ အကြားရှိ ဝိယကို ဗျာပြု၊ဇဝံ ဝိယခေါ=ဇဝံဗျာခေါ၊ [''ဝိယာသိဥ္စတိ=ဗျာသိဥ္စတိ'' စသည်ဖြင့် ပါဠိရှိသောကြောင့် ''ဇဝံ+ခေါန္တရေ'' ကို ဥပလက္ခဏနည်းသာဟု သဒ္ဒနီတိနိဿယဆို၏၊ ''ဇဝံ ခေါန္တရေ'' ဟု မှတ်သားဖွယ်တခုကိုသာ ပြသော်လည်း အလားတူ အခြားနေရာ၌ ဇဝံနှင့် ခေါတို့၏ အကြား မဟုတ်သော်လည်း ဝိယကို ဗျာ ပြုနိုင်သေး၏-ဟူလို။]

ဝါစာယ ဗျောပထေ။ ။ပထနှောင်းရာ၌ ဝါစာကို ဗျ ပြု၊ ဝါစာပထော=ဗျပ္ပထော (ပ ထွေဘော်လာ)။ [သံ+နိပုဗ္ဗ သဒကို သီဒပြု၍''သန္နိသီဒေသု=သန္နိသိဝေသု'' ဟု ဖြစ်ရာ၌ သီမှ ဤကို ရဿ, ဒကို ဝပြု၊] ဤသို့ စသည်ဖြင့် သဒ္ဒနီတိလာ ပုံစံများကို ဒေါသဿစသုတ်လာ စ သဒ္ဒါဖြင့် ဖြစ်စေ, သုတ္တဝိဘာဂ (သုတ်သီခြား) လုပ်၍ ဖြစ်စေ စီရင်နိုင်သည်။

အနုဘူယတေ စသည်တည်း၊ နဝါတိ ကသ္မာ ဝုတ္တံ၊ ပဥ္စဟ-ဂေဟိ သမန္နာ-ဂတော, မုတ္တစာဂ်+အနုဒ္ဓတော ပဥ္စ၊ပေ၊ အနုဒ္ဓတော စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ၊ (၂၀)။

---

၂၀။ ပုံစံနက်။ ။ဝုတျသ=ဝုတ္တိ+အဿ၊ ဝိတျာနုဘူယတေ=ဝိတ္တိ+အနုဘူယတေ၊ ပဋိသန္ဓာရဝုတ္တိ-ပဋိသန္ဓာရ ၂ ပါးဖြင့် အသက်မွေးခြင်း ရှိသူသည်၊ အဿ-ဖြစ်ရာ၏၊ သဗ္ဗာဝိတ္တိ-အလုံးစုံသော စည်းစိမ်ကို၊ အနုဘူယတေ- ခံစားအပ်၏၊ ပဥ္စဟိ-ကုန်သော၊ အင်္ဂေဟိ-အင်္ဂါတို့နှင့်၊ သမန္နာဂတော-ပြည့်စုံသူ၊ မုတ္တစာဂီ-လွှတ်လွှတ် ကျွတ်ကျွတ် စွန့်လေ့ရှိသူသည်၊ အနုဒ္ဓတော-မတုန်လှုပ်၊ (၅) ကို ယ ပြုရသော ပုံစံမပါ၊ သေးရကား "နဒျာသန္နေ=နဒီ+အာသန္နေ, ဒါသျာဟံ=ဒါသီ+အဟံ" တို့ကိုထုတ်၊ ရုပ်ကို အခြေပြု ကြည့်တွက်။

ကွစိ, နဝါ။ ။ကွစိနှင့် နဝါသည် အနက်အဓိပ္ပာယ် တူ၏၊ ထို ကွစိ နဝါ သဒ္ဒါတို့ဖြင့် ရုပ်တမျိုးတည်းသာ ရှိကြောင်းကို ပြ၏၊ ဆိုလိုရင်းကား-ကွစိပါရှိရာ သုတ်ဖြင့် စီရင်အပ်သော ရုပ်တို့သည် (၎င်းသုတ်စီရင်ထားသော ရုပ်က တမျိုး, ၎င်းသုတ် မစီရင် အပ်သော ရုပ်က တမျိုးဟု ၂ မျိုးမရှိ, ၎င်းသုတ်ဖြင့် စီရင်ထားသော) ရုပ်တမျိုးသာ ရှိကြောင်းကို ပြသည်-ဟူလို၊ ဥပမာ-ကွစာသဝဏ္ဏံ လုတ္တေသုတ်၌ ထို ကွစိသဒ္ဒါသည် "နောပေတိ, ဗန္ဓုဿေဝ" စသည်ဖြင့် ရုပ်တမျိုးစီသာ ရှိကြောင်း, "န+ဥပေတိ, ဗန္ဓုဿ+ဣဝ" ဟု ပုဒ်ဖြတ်ရုပ်မျိုး ပါဠိမှာ မရှိကြောင်း ပြသကဲ့သို့တည်း။ နဝါသဒ္ဒါဖြင့် ပြရာ၌လည်း နည်းတူ၊ သို့သော် "ဣဝဏ္ဏော ယံနဝါ" သုတ်၏ ပုံစံ ဖြစ်ထိုက်သော "ဗျာကာသိ" ၌ "ဝိယာကာသိ" ဟုလည်း ဝိကပ်ရုပ် ရှိသောကြောင့် ရုပ်တမျိုးသာပြ၏" ဟူသော ထိုစကားကို ယေဘုယျနည်းအားဖြင့် ဆိုထားသည် ဟု မှတ်။

ဝါ, ဝိဘာသာ။ ။ဝါနှင့် ဝိဘာသာလည်း အနက်အဓိပ္ပာယ် တူ၏၊ ရုပ် ၂ မျိုး ရှိကြောင်းကိုပြ၏၊ ရုပ် ၂ မျိုးဟူသည်ကား-ဝါသဒ္ဒါ ပါရှိရာသုတ်ဖြင့် စီရင် ထားသော ရုပ်က တမျိုး, မစီရင်ပဲ အခြားနည်းဖြင့် ပြီးသော ရုပ်က တမျိုးဟု ၂ မျိုး ရှိကြောင်းကို ပြသည်-ဟူလို၊ ဥပမာ- "ဝါပရော အသရူပါ" သုတ်ဖြင့် စီရင်၍ "စတ္တာရောမေ" ဟု လည်းကောင်း, ထိုသုတ်က မစီရင်ပဲ ပုဒ်ဖြတ်ထားတိုင်း "စတ္တာရော+ဣမေ" ဟု လည်းကောင်း ရုပ် ၂ မျိုး ရှိနိုင်ခြင်းမျိုးတည်း၊ ၎င်းစကား လည်း များရာလိုက်၍ ယေဘုယျ နည်းအားဖြင့်ပင် ဆိုသည်ဟု မှတ်။ ["ဝါ"ဟူသည် ဝိကပ် အနက်ရှိသော ဝါတည်း၊ ယထာဝ ဝတ္ထိတရူပပရိဂ္ဂဟ အနက်ရှိသော ဝါ သဒ္ဒါကား ထိုကဲ့သို့ ရုပ် ၂ မျိုးကို မပြ၊ ပါဠိတော်နှင့် လျော်အောင် နိစ္စဝိဓိ စသည်ကို ပြသည်၊]

ကွစိ နဝါစ ဧကတ္ထာ, ယေဘုယျေနေ-က ရူပကာ၊
ဝါ ဝိဘာသာ သမာနတ္ထာ, ပါယေနော-ဘယ ရူပကာ။

ကွစိ-ကွစိ သဒ္ဒါသည်လည်းကောင်း၊ နဝါစ-နဝါ သဒ္ဒါသည်လည်းကောင်း၊ ဧကတ္ထာ-တူသော အနက်ရှိကုန်၏၊ ယေဘုယျေန- များသောအားဖြင့်၊ ဧကရူပကာ-

**ဧဝါဒိသရှိ, ပုဗ္ဗာစ ရသော** ၂၂။ သရမှာ-မှ၊ ပရသ-သော၊ ဧဝသ-၏၊ အာဒိသ-အစဖြစ်သော၊ ဧကာရသ-၏၊ နဝါ-အချို့အရာ၌၊ ရိကာ-ရော-ရိ ဒါပြုသည်၊ ဟောတိ၊ ပုဗ္ဗော-သော၊ သရောစ-သည်လည်း၊ ရဿော ဟောတိ၊ ယထရိဝ ဝသုဓာတလဥ္စ သဗ္ဗံ, တထရိဝ ဂုဏ-ဝါ သုပူဇနီယော-ယထရိဝ၊ပေ၊သုပူဇနီယော စသည်တည်း၊ နဝါတိ ကသ္မာ ဝုတ္တံ၊ ယထာဧဝ, တထာဧဝ-ယထာဧဝ, တထာဧဝ ပြယုဂ်တို့၌ တားမြစ်ခြင်း အကျိုးငှာ၊ ဝုတ္တံ။ (၂၇)။

သန္ဓိကပ္ပေ-သန္ဓိကျမ်း၌၊ ဒုတိယော ကဏ္ဍော ဠတိ-ပြီးပြီ။

---

ရုပ်တမျိုးကို ပြတတ်ကုန်၏၊ ဝါ-ဝါသဒ္ဒါသည်လည်းကောင်း၊ ဝိဘာသာ-ဝိဘာသာ သဒ္ဒါသည်လည်းကောင်း၊ သမာနတ္ထာ - တူသော အနက်ရှိကုန်၏၊ ပါဃေန-များသောအားဖြင့်၊ ဥဘယရူပကာ-ရုပ် ၂ မျိုးကို ပြတတ်ကုန်၏၊ [ဤကား ဈာသ ဖွင့်ပုံကိုမှီသော ကစ္စာယနဝဏ္ဏနာ ဂါထာတည်း။] ဤစကားကို ထောက်၍ ကွစာ သဝဏ္ဏံသုတ်မှ လိုက်သော ကွစိသဒ္ဒါရှိပါလျက်, ကွစိနှင့် နဝါတို့ ပရိယာယ် ဖြစ်ကြောင်း ပြခြင်းအကျိုးငှာ ဤသုတ်၌ "နဝါ"သဒ္ဒါကို ထပ်၍ မိန့်ရပြန်သည်၊ ထိုသို့ အနက်တူ နဝါသဒ္ဒါရှိသောကြောင့်ပင် ကွစိ သဒ္ဒါလည်း ဤသုတ်သို့ မလိုက်ပဲ ဆုတ်နစ်လေတော့သည်—ဟု မှတ်။

၂၂။ **ပုံစံနက်နှင့် ရုပ်ထွက်။** ။ယထရိဝ (ယထာဧဝ) -အကြင် အခြင်းအရာ ဖြင့် သာလျှင်၊ သဗ္ဗံ-အလုံးစုံသော၊ ဝသုဓာတလဉ္စ-မြေအပြင်သည်လည်း၊ (အတ္ထိ-ရှိ၏၊) တထရိဝ (တထာဧဝ) -ထို အခြင်းအရာဖြင့်သာလျှင်၊ ဂုဏဝါ-ဂုဏ်ရှိသူကို၊ သုပူဇနီယော-ကောင်းစွာ ပူဇော်ထိုက်၏၊ ယထာဧဝ-အကြင် အခြင်းအရာဖြင့် သာလျှင်၊ တထာဧဝ-ထို အခြင်းအရာဖြင့် သာလျှင်၊ ဤသုတ်သည် ရိပြုခြင်းဟူသော အာဒေသဝိဓိ-ရဿဝိဓိ ၂ မျိုးကိုပြသော ဝိဓိသုတ်တည်း၊ သုတ်အဓိပ္ပာယ်နှင့် ရုပ်ကို အခြေပြု၌ ပြခဲ့ပြီ၊ "ယထာ+ဧဝ, တထာ+ဧဝ"တို့၌ ဤသုတ်ဖြင့် ဧဝ၏ အစ ဧကို ရိပြုပြီးလျှင် ရှေ့အာကို ရဿပြုသင့်သော်လည်း နဝါသဒ္ဒါမြစ်သောကြောင့် မပြုရဟု ဆိုရုံသာ။ [မောဂ္ဂလ္လာန်၌ကား ယထရိဝ တထရိဝတို့သည် "ယထာ+ဧဝ,တထာ+ဧဝ"မှ ဖြစ်လာသောပုဒ်များ မဟုတ်, သီးခြား နိပါတ်များသာတည်းဟု ဆို၏၊ အဘိဓာန် အဗျယဝဂ်၌လည်း သီးခြားနိပါတ်ပုဒ်အဖြစ်ဖြင့် လာပေသည်၊ ထိုအတိုင်း ဆိုလျှင် ဤသုတ် အပိုသာတည်း။]

**စသဒ္ဒါ ၃ မျိုး။** ။ကစ္စည်းကျမ်း၌ စ သဒ္ဒါ၏ အနက်များကို "အနုကဍ္ဎန, သမုစ္စယနှင့်, သမုစ္စယ တဖြာ, အဝဓာ, ဝါစာသိလိဋ္ဌ"ဟု ၅ မျိုး တွေ့ရ၏၊ ထိုတွင် အနုကဍ္ဎနတ္ထစသဒ္ဒါကို ပုဗ္ဗောစသုတ်၌ ရူပသိဒ္ဓိဝယ် ပြခဲ့ပြီ၊ သုတ်တသုတ်တည်း၌ ဝါကျ ၂ ခု (စကား ၂ ရပ်)ရှိရာ နောက်ဝါကျ၌ ထိုင်၍ ရှေ့ဝါကျ အနက်ပေါ်သို့ ပေါင်းပေးသော စသဒ္ဒါသည် သမုစ္စယနတ္ထ စသဒ္ဒါ မည်၏၊ ဤသုတ်၌"ဧဝါဒိသရှိ" သည် တဝါကျ၊ နောက်ဝါကျ၌ ထိုင်သော "စ"သည် ရှေ့ဝါကျ၏"ရိပြုခြင်း"

ဟူသော ဒုတိယအနက်ကို ပေါင်း၍ပေးသောကြောင့် သမ္ပိဏ္ဍနတ္ထ စသဒ္ဒါ မည်၏၊ [ရှေ့နောက် ၂ သုတ်ရှိရာ၀ယ် နောက်သုတ်၌ စ ဖြင့် ရှေ့သုတ် အနက်ပေါ်သို့ ပေါင်းပြန်လျှင်လည်း သမ္ပိဏ္ဍနပင်။] ဒေါဃေစ သုတ်လာ စ သဒ္ဒါကဲ့သို့ သုတ်၌ တိုက်ရိုက်မဆိုအပ်သော အနက်တမျိုးကို တိုးလာအောင် ဆည်းယူသော စ သဒ္ဒါသည် သမုစ္စယတ္ထ စ သဒ္ဒါမည်၏၊ ဤသို့လျှင် အနုကခုန သမ္ပိဏ္ဍန သမုစ္စယတ္ထ ဟု စ သဒ္ဒါ ၃ မျိုးကို မှတ်ပါ။

[ဆောင်] ရှေ့နောက်ဆက်ပြ, ၂ ဝါကျတွင်,နောက်က ဝါကျေ,စ ထိုင်နေလျက်, ရှေ့နက် ငုံစောင်း, နောက်နက် ပေါင်းက, သမ္ပိဏ္ဍတည်း၊ သမုစ္စယဖြစ်, အနက်သစ်ကို, ဆည်းလစ်ပေတတ်၊ အနုကဉ်လျှင်, ရှေ့ပါဌ် ငင်သည်, သုံးအင် (စ) နက် အထူးတည်း။

အမှာ။ ။အဋ္ဌကထာဋီကာ၌ကား သမုစ္စယနှင့် သမ္ပိဏ္ဍနကို ခွဲခြားလေ့ မရှိကြ၊ ဤသမ္ပိဏ္ဍနမျိုးကို (ဆိုအပ်ပြီးသော အနက်ကို ဆည်းသော) ဝုတ္တသမုစ္စည်းဟုလည်းကောင်း, ဤသမုစ္စည်းမျိုးကို (မဆိုအပ်သော အနက်ကို ဆည်းသော) အဝုတ္တသမုစ္စည်းဟုလည်းကောင်း, သမဏောစ ဗြာဟ္မဏောစ၌ကဲ့သို့ သမုစ္စည်းကို (အပြန်အလှန် ဆည်းယူသော) အညမည သမုစ္စည်းဟုလည်းကောင်း ခေါ်ကြသည်၊ သမုစ္စည်းကိုလည်း သမ္ပိဏ္ဍနတ္ထဟု ဖွင့်လေ့ရှိ၏။ [အဝခေရဏတ္ထနှင့် ဝါစာသိလိဋ္ဌ စသဒ္ဒါတို့မှာ ဤသမုစ္စယအနက်နှင့် ယှဉ်မှားဖွယ်မရှိ, နောက်၌ ထင်ရှားလတ္တံ့။]

**ဒုတိယော ကဏ္ဍော**—သဘောတူ အနက်တို့ကို ပြရာ သုတ်များကို တခန်း ခွဲခြားထားသည်ဟု ဆိုခဲ့ပြီ၊ ဤ ဒုတိယခန်းသည် သရသန္ဓိတို့ကို ပြရာ အခန်းတည်း၊ ခွဲဦးအံ့—သန္ဓိယန္တိ ဧတ္ထ ပဒါနိ အက္ခရာနိစာတိ သန္ဓိ၊ ဧတ္ထ-ဤပုဒ်အပေါင်း၌၊ ပဒါနိ-ရှေ့ပုဒ် နောက်ပုဒ်တို့ကို၊ သန္ဓိယန္တိ-စပ်ထားအပ်ကုန်၏၊ (ဤ ဝိဂ္ဂဟဖြင့် ပဒသန္ဓိကို ပြ၏၊) ဧတ္ထ-ဤတပုဒ်တည်း၌၊ အက္ခရာနိ-အက္ခရာတို့ကို၊ သန္ဓိယန္တိ-ချောမောအောင် ကောင်းစွာ ထားအပ်ကုန်၏၊ (ဤဝိဂ္ဂဟဖြင့် ဝဏ္ဏသန္ဓိကို ပြ၏၊ သုဂတော၌ ဒ ကို တ ပြုသဖြင့် ချောမောသည်—ဟူလို၊) ဣတိ-ထို့ကြောင့်၊ သန္ဓိ-မည်၏။

သရာနံ-သရတို့၏၊ တနည်း-သရေသု-သရတို့ကြောင့်၊ သန္ဓိ-သန္ဓိသည်၊သရသန္ဓိ-မည်၏၊ ယဿိန္ဒြိယာနိ စသည်ကဲ့သို့ ရှေ့+နောက် သရတို့တွင် တခုခုကို ချေခြင်း, အာဒေသပြုခြင်း တမျိုးမျိုးကို စီရင်၍ စပ်ခြင်းသည်"သရာနံ+သန္ဓိ"အရ"သရသန္ဓိ" မည်၏၊ "ကေမိဒါဟံ"ကဲ့သို့ နောက်သရကြောင့် ရှေ့ဗျည်းကို စီရင်ခြင်းသည် "သရေသု+သန္ဓိ"အရ "သရသန္ဓိ"မည်၏၊ ထိုသရသန္ဓိတို့ကို ပြရာ ဒုတိယကဏ္ဍကား ဤတွင် ပြီးပြီ—ဟူလို။ [သုဂတော စသော ရုပ်တို့၌ ဝုတ္တိဆရာ၏ လက်ထက်မှ ယောဂဝိဘာဂဖြင့် ထည့်စွက်ရသောပုံစံဖြစ်၍ လုံးဝ သရမပါပဲ ရှိရသည်၊ အရှင်ကစ္စည်း၏ ဒုတိယခန်း သုတ်အားလုံးကား သရနှင့်ဆိုင်ရာကို စီရင်သော သုတ်များ ချည်းသာတည်း။]

**သရာ ပကတိ ဗျဉ္ဇနေ**

၂၃။ ပရေ ဗျဉ္ဇနေ သရာ (ခေါ် အနက်မရှိ၊) ပကတိရူပါနိ-ပကတိ ရုပ်တို့သည်၊ ဟောန္တိ၊ မနောပုဗ္ဗင်္ဂမာ ဓမ္မာ, ပမာဒေါ မစ္စုနော ပဒံ, တိဏ္ဏော ပါရင်္ဂတော အဟု-မနော၊ပေ၊ ပါရင်္ဂတော အဟု, စသည်တည်း။ (၃၆)။

---

၂၃။ **ပုံစံနက်နှင့် ရုပ်တွက်။** ။ဓမ္မာ-စေတသိက် ခန္ဓာ တရားတို့သည်၊မနောပုဗ္ဗင်္ဂမာ-စိတ်သာ ရှေ့သွားရှိကုန်၏၊ ပမာဒေါ-မေ့လျော့ခြင်းသည်၊ မစ္စုနော-သေခြင်း၏၊ ပဒံ-အကြောင်းတည်း၊ တိဏ္ဏော-ကူးပြီးသည်၊ ပါရင်္ဂတော-ကမ်းတဘက်သို့ရောက်ပြီးသည်၊ အဟု-ဖြစ်ပြီ၊ ရုပ်ကို အခြေပြုနည်းမှီ၍ တွက်၊ "ပါရင်္ဂတော+အဟု" ၌ ဝါပချော်ဖြင့် နောက်သရချေဖို့ရန် တားမြစ်သည်ဟု ချာသ ဖွင့်သေး၏၊ ဤသုတ်က ရှေ့သရကိုသာ စီရင်သောကြောင့် ထိုအဖွင့်ကို စဉ်းစားပါလေ။

**ပကတိရူပါနိ**—"ပကတိရူပါနိ" ဟု ဖွင့်သောကြောင့် သုတ်၌ "ပကတိ" ဟု ကေဝုစ်မရှိရ "ပကတိ" ဟု (ရတ္တိ ကဲ့သို့) ဗဟုဝုစ်ရှိရမည်ဟု ကြံကြ၏၊ သို့သော် "ပကတိရူပါနိ" ဟု ဖွင့်ခြင်းမှာ ပကတိပြုရမည့် သရတွေ များကြောင်း ထင်ရှားအောင် ဗဟုဝုစ်ဖြင့် ဖွင့်ခြင်းဖြစ်သည်၊ သုတ်၌ "ပကတိ" ဟု (ရတ္တိ-ကဲ့သို့) ကေဝုစ်ထားခြင်းကား သရတွေ များသော်လည်း ပကတိအတိုင်း ဖြစ်ရခြင်းအားဖြင့် သဘောတူ တခုတည်းဖြစ်သောကြောင့် ထားခြင်းတည်း၊ ထို့ကြောင့် သုတ်၌ "ပကတိ" ဟု ကေဝုစ်ဖြင့်သာ ရှိရမည်၊ ဥပမာ-"ပကတိ စဿ သရန္တဿ" သုတ်၏ ဝုတ္တိ၌ "ပကတိရူပါနိ" ဟု ဗဟုဝုစ် ဖွင့်သော်လည်း သုတ်၌ "ပကတိ" ဟု ကေဝုစ်သာ ရှိသကဲ့သို့တည်း၊ [သရလောပေါ် သုတ်၌ကား သုတ် ဝုတ္တိ ၂ ဌာနလုံးပင် "ပကတိ" ဟု ကေဝုစ်ချည်း ရှိသည်။]

**ပကတိရုပ်နှင့် ပဒိသေဓ။** ။ပကတိ၌ ပပုဗ္ဗ ကရဓာတ် တိပစ္စည်း၊ ပ ဥပသာရသည် အစပဌမဟူသောအနက်ကို ဟော၏၊ ပဌမံ-ရှေးဦးစွာ+ကရီယတိ- ပြုအပ်၏၊ ဣတိ-ထို့ကြောင့်၊ ပကတိ-မည်၏၊ မနော+ပုဗ္ဗင်္ဂမာ၌ မနောဝယ် ဩသရသည် အစပဌမ ပြုအပ်သော (နဂိုရ် ရှိနေသော) ပကတိ သရတည်း၊ ဤသုတ်ကလည်း "ထိုဩသရကို ပကတိအတိုင်း ရှိပါစေ" ဟု ဆိုသဖြင့် "ရဿံသုတ်ဖြင့် ဥရဿကိုလည်းကောင်း, လောပဉ္စတတြာကာရော သုတ်ဖြင့် ချေခြင်းကို လည်းကောင်း မပြုနှင့်" ဟု တားမြစ်ရာ ရောက်၏၊ ထို့ကြောင့် ဤ သုတ်သည် ဗျည်းနှောင်းရာ၌ ရှေ့သရကို စီရင်မည့် ဒီဃံ-ရဿံ-လောပဉ္စတတြာကာရော သုတ်တို့၏ အစီအရင်ကို တားမြစ်သော သုတ်တည်းဟု မှတ်။

**တားမြစ်ရကျိုး။** ။ဒီဃံစသော သုတ်များ၌ လိုက်လာသော ကွစိသဒ္ဒါက ဒီဃစသည်ကို နေရာတိုင်း မပြုဖို့ရန် တားမြစ်ပြီး ဖြစ်သော်လည်း ကွစိ၏ တားမြစ်မှုမှာ မိမိသုတ်ဖြင့် မစီရင်ရုံသာ တားမြစ်နိုင်၏၊ အခြားသုတ်ဖြင့် စီရင်မှုကို မတားမြစ်နိုင်၊ ဥပမာ-မနော၌ ဩကို ရဿံသုတ်လာ ကွစိသဒ္ဒါက ရဿ မပြုဖို့ရန် တားမြစ်နိုင်သော်လည်း လောပဉ္စသုတ်ဖြင့် ချေမှုကို မတားမြစ်နိုင် သကဲ့သို့တည်း၊ ထို့ကြောင့် ဗျည်းနှောင်းရာ ထို ၃ သုတ်လုံးဖြင့် မစီရင်ဖို့ရန် ဤသုတ်က ပကတိပြု၍ တားမြစ်ရပြန်သည်။

**သရေကွစိ** ၂၄။ ပရေ သရေ သရာ ကွစိ ပကတိရူပါနိ ဟောန္တိ၊ ကောဇ္ဇမံ ပထဝိံ ဝိစေဿတိ-ကော+ဣမံ-ပထဝိံ ဝိစေဿတိ, စသည်တည်း၊ ကွစီတိ ကသ္မာ ဝုတ္တံ၊အပ္ပဿုတာ-ယံ ပုရိသော-အပ္ပဿုတာ.ယံ ပုရိသော စသော ပြယုဂ်တို့၌ တားမြစ်ခြင်း အကျိုးငှာ၊ ဝုတ္တံ-၏။ (၃၅)။

---

၂၄။ **ပုံစံနက်နှင့် ရုပ်တွက်။** ။ကော-အဘယ်သူသည်၊ ဣမံ ပထဝိံ-ဤမြေကို၊ ဝိစေဿတိ-စိစစ်နိုင်မည်နည်း၊ အပ္ပဿုတော-နည်းသော သုတရှိသော၊ အယံပုရိသော-ဤယောကျ်ားသည်၊ "ကော+ဣမံ" ဟုတည်, သရာ သရေဖြင့် ရှေ့သြကိုချေ၍ ကကို ဣသို့ကပ်လျက် "ကိမံ"ဟု လည်းကောင်း, ဣကို ဧ အသဝဏ်ပြု၍ "ကေမံ" ဟုလည်းကောင်း, ဒီဃပြု၍ "ကီမံ" ဟု လည်းကောင်း, ဝမောဒုဒန္တာနံသုတ်ဖြင့် သြကို ဝပြု၍ "ကွိမံ" ဟု လည်းကောင်း ဖြစ်သင့်သော်လည်း သရေကွစိသုတ်ဖြင့် ရှေ့သရကို ချေလည်း မချေ, ဝလည်း မပြုရ (ပကတိအတိုင်း ထားဟု) တားမြစ်၍ "ကော ဣမံ" ဟု ပြီး၏၊ ဤသို့စသည်ဖြင့် ရူပသိဒ္ဓိ စသည်၌ ပြသော ပုံစံများဝယ် ရှေ့သရ အစီအရင် တားမြစ်ပုံကိုသိပါ၊ ကိံရုပ်၌ "အပ္ပဿုတော+အယံ" ဟု ပုဒ်ဖြတ်, သရာ သရေ လောပံသုတ်ဖြင့် ရှေ့သြကို ချေရာ၌ "သရေ ကွစိ" သုတ်က တားမြစ်သင့်သော်လည်း ကွစိသဒ္ဒါ မြစ်သောကြောင့် မတားမြစ်ရ၊ သရာ သရေ လောပံသုတ်ဖြင့် ချေမြဲ ချေ, ဒီဃံသုတ်ဖြင့် နောက် အကို အာဒီဃပြု။

**ပတိသေဓပင်။** ။နောက်သရ နှောင်းရာ၌ ရှေ့သရကို စီရင်သော သုတ်များကား ဒုတိယကဏ္ဍ၌ ပြခဲ့သော "သရာ သရေ လောပံ, ပုဗ္ဗောဝစ, ယမေဒန္တဿာ ဒေသော, ဝမောဒုဒန္တာနံနှင့် ဧဝဏ္ဏော ယံနဝါ" သုတ်များတည်း၊ "ထိုသုတ်များ၏ အစီအရင်ကို အချို့အရာ၌ မပြုပါနှင့်, ပကတိရုပ်အတိုင်း ရှိပါစေ" ဟု တားမြစ်သော ပတိသေဓ ဝိဓိ သုတ်ပင်တည်း။ [ဝါပရော, ကွစာသဝဏ္ဏံ, ဒီဃံ တို့ကိုပါ တားမြစ်သည်-ဟု ဆိုကြသေးသော်လည်း ဤသုတ်က ရှေ့သရ အစီအရင် ကိုသာ တားမြစ်သဖြင့် နောက်သရကို ချေသော ဝါပရောနှင့် မဆိုင်၊ ကွစာသဝဏ္ဏံ ဒီဃံ တို့ကား သရာ သရေ၏ နောက်လိုက်သာဖြစ်၍ သရာ သရေကို တားမြစ်ရုံမျှဖြင့် "အရင်းလဲ, အဖျားထင်း" ဖြစ်တော့သည်။] ဤသုတ်၌ ကွစိပါ၍ ရှေ့သုတ်၌ ကွစိ မပါခြင်း၏ အကြောင်းကို ရူပသိဒ္ဓိ ဘာသာဋီကာမှာ ရှု။

**ဤသုတ်ဆိုရကျိုး။** ။ပုဗ္ဗောဝစ-စသော သုတ်များ၌ ကွစိသဒ္ဒါ ရှိကြပြီးဖြစ်၍ ထိုသုတ်တို့က အချို့အရာ၌ မစီရင်ဖို့ရန် ကွစိသဒ္ဒါက တားမြစ်ပြီး မဟုတ်ပါလော, ဤသုတ်ဖြင့် တားမြစ်ရခြင်းသည် အဘယ်အကျိုးထူး ရှိသေးသနည်း-ဟု မေးဖွယ် ရှိ၏၊ အဖြေကား—ထို ကွစိသဒ္ဒါသည် မိမိဆိုင်ရာ သုတ်ဖြင့် စီရင်မှုကိုသာ တားမြစ်နိုင်၏၊ အခြားသုတ်တို့ဖြင့် စီရင်မှုကို မတားမြစ်နိုင်၊ ဥပမာ—ဒီဃံသုတ်ဖြင့် ကိံရုပ်ဖြစ်သော "ပဉ္စဟိ+ဥပါလိ"၌ ဣကို ဒီဃမပြုဖို့ရန် ကွစိသဒ္ဒါက တားမြစ်နိုင်၏၊ သရာသရေဖြင့် ရှေ့သရ မချေဖို့ရန် မတားမြစ်နိုင်၊ ထို့ကြောင့် ပဉ္စဟိ၌ ဣသရသည် ပကတိအတိုင်း မတည်ရပဲ သရာ သရေဖြင့် ချေခြင်းကို ခံရသကဲ့သို့တည်း၊ ဤ "သရေ

ဒီဃံ ၂၅။ ပဂေ ဗျဉ္ဇနေ သရာ ကွစိ ဒီဃံ ပပ္ပေါန္တိ၊ သမ္မာ ဓမ္မံ ဝိပဿတော ဧဝံ ဂါမေ မုနိ စရေ, ခန္တိ ပရမံ တပေါ တိတိက္ခာ-သမ္မာ ဓမ္မံ၊ပေ၊ တပေါ တိတိက္ခာ, စသည်တည်း၊ ကွစီတိ ကသ္မာ ဝုတ္တံ၊ ဠစ မောဒတိ, ပစ္စ မောဒတိ, ပတိ-လီယတိ, ပဋိ-ဟညတိ-ဠစ မောဒတိ၊ပေ၊ ပဋိဟညတိ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်း အကျိုးငှာ၊ ဝုတ္တံ။ (၃၇)။

---

ကွစိ''ဖြင့် တားမြစ်ရာ ပုံစံတို့၌ကား ''ထို သရာ သရေ စသော သုတ်အားလုံးဖြင့်ပင် သုတ်အင်္ဂါညီညွတ်သော်လည်း မစီရင်ရ,ပကတိအတိုင်းနေပါစေ''ဟု တားမြစ်သည်၊ ဤသို့ သရနှောင်းရာ၌ ရှေ့သရကို စီရင်သော သုတ်အားလုံး၏ အစီအရင်ကို တားမြစ်နိုင်ခြင်း အကျိုးထူးရှိ၍ ဤပတိသေဓဝိဓိသုတ်ကို အားထုတ်ရပေသည်။

**မောဂ္ဂလ္လာန်။** ။ဤ သရေကွစိသုတ်၌ ရူပသိဒ္ဓိဝယ် ပကတိပြုရာ ဌာနများကို သတ်မှတ်ထားသော်လည်း မောဂ္ဂလ္လာန်၌ကား အထူးသတ်မှတ်၍ မပြ၊ ''ကတမာ စာနန္ဒ+အနိစ္စသညာ''ဝယ် အာနန္ဒနှင့် အနိစ္စသညာတို့ကို ရွတ်ဆိုရာကာလ၏ အကြား၌ ခေတ္တရပ်နားရာ ကာလခြားသောကြောင့် သန္ဓိ မစပ်ရ၊ အာနန္ဒ၌ အဆုံး အသရကို ပကတိပြုရသည်—ဟူလို၊ ''ရာဇပုတ္တော ဇရာမရော=ရာဇပုတ္တ+အဇရာ မရော''၌ ''ရာဇပုတ္တ-မင်းသား''ဟု အာလုပ်ပုဒ်ဖြစ်သော်လည်း ထို ခေတ္တရပ်နားရာ ကာလ မခြားသောကြောင့် ရှေ့သရချေ, နောက်သရ ဒီဃပြု-ဟု မိန့်၏။

**သဒ္ဒနီတိ။** ။သဒ္ဒနီတိ၌ကား ''ယတ္ထ သန္ဓိတေ သရေ န ပဒံ သုခုစ္စာရဏီယံ, န တတ္ထ သရာနံ သန္ဓိ=အကြင်အရာ၌ သရကို သန္ဓိစပ်အပ်သော် ပုဒ်သည် ရွတ်၍ မချောမော, ထိုအရာ၌ သရတို့၏ သန္ဓိမဖြစ်''ဟု သုတ်တည်၏၊ ''ဧဝမေဝ အဇ္ဈတ္တ အရူပသညီ''၌ သန္ဓိစပ်လျှင် ''ဧဝမေဝ အဇ္ဈတ္တ မရူပသညီ''ဟု ရွတ်၍ မချောမောပဲ ရှိသောကြောင့် သန္ဓိမစပ်ရ၊ ''ပကတိပြုရမည်''ဟူလို၊ ထို့ပြင်—''ယတ္ထ သန္ဓိတော သရော အတ္ထံ ဒူသေတိ, န တတ္ထ သန္ဓိ=အကြင်အရာ၌ သန္ဓိစပ်အပ်သော သရသည် အနက်ကို ဖျက်ဆီးတတ်၏၊ (အနက် မထင်နိုင်)၊ ထိုအရာ၌ သန္ဓိမဖြစ်''ဟု ဆို၍ ''အာယသ္မာ+အာနန္ဒော''ကို ထုတ်၏၊ သန္ဓိစပ်လိုက်လျှင် ''အာယသ္မာနန္ဒော''ဟု ''အရှင်အာနန္ဒ''ဟူသော အနက် ပျက်သွားလိမ့်မည်၊ ထို့ကြောင့် သန္ဓိမစပ်ပဲ ပကတိပြုရသည်—ဟူလို၊ အချုပ်မှာ သန္ဓိစပ်သည့်အတွက် အရွတ်ခက်လျှင်လည်း ကောင်း, အနက် ပျက်သွားလျှင်လည်းကောင်း သန္ဓိမစပ်ပဲ ပကတိပြုရမည်-ဟုမှတ်၊ [မောဂ္ဂလ္လာန်၌ ''ခေတ္တရပ်နားရာ ကာလခြားသောကြောင့် သန္ဓိမစပ်ရခြင်း''လည်း ဤအရွတ်ခက်သောကြောင့် မစပ်ရခြင်း၌ ပါဝင်သည်။]

[ဆောင်] ရွတ်ခိုက်ရပ်နား, ကာလခြားနှင့်, တဆင့်ရွတ်ခက်, အနက် ပျက်မည်,
ဤ ၃ လီကြောင့်, ထို ဤ သန္ဓိ, မလိုဘိ, ပကတိသာပြု။

၂၅။ **ပုံစံနက်နှင့်ရုပ်တွက်။** ။[သမ္မ+ဓမ္မံ,မုနိ+စရေ,ခန္တိ+ပရမံ။] သမ္မဓမ္မံ-ကောင်းသော တရားကို၊ ဝိပဿတော-ရှုသောသူ၏၊ ဧဝံ-ဤ့အတူ၊ ဂါမေ-ရွာ၌၊

မုနိ-ရဟန်းသည်၊ စရေ-ကျင့်ရာ၏၊ တိတိက္ခာ-သည်းခံခြင်းဟူသော၊ ခန္တိ-အဓိဝါသန ခန္တီသည်၊ ပရမံ-မြတ်သော၊ တပေါ-အကျင့်တည်း၊ ဣဓ-ဤလောက၌၊ မောဒတိ-ဝမ်းမြောက်ရ၏၊ ပေစ္စ-တမလွန် ဘဝ၌၊ မောဒတိ-၏၊ ပတိလီယတိ-တွန့်ဆုတ်၏၊ ပဋိဟညတိ-ညှဉ်းဆဲ၏၊ "သမ္မ+ဓမ္မံ"ဟု ပုဒ်ဖြတ်, ဤသုတ်ဖြင့် ဓ ဗျည်းကြောင့် မ္မ၏ (အ)ကို အာဒေသပြု၊ "မုနိ+စရေ"စသည်ကို အခြေပြု မှီ၍ တွက်၊ ကိုပိုစံများ၌ "ဣဓ+မောဒတိ"ဟု တည်, ဤသုတ်ဖြင့် ဓ၏ အကို အာဒေသပြုသင့်သော်လည်း ကွစိသဒ္ဒါမြစ်သောကြောင့် မပြုရ, ပြီး၏၊ "ပေစ္စ+ပတိ+ပဋိ" တို့၌လည်း နည်းတူ၊ "အာ-ဤ" ဒေသမပြုရ-ဟု ဆို။ [ဒေသပြုရာ ဌာနများကို "သုခုစ္စာရဏ, ဆန္ဒာနုရက္ခဏ"ဟု ရူပသိဒ္ဓိ၌ ၂ ဌာနပြ၏၊ အကျယ်ကို ရှုမှာရှုပါ။]

**မှတ်ချက်။** ။သမ္မာသည် အကာရန္တနိပါတ်ဟု ဉာသဆို၏၊ [ထိုအဆိုအတိုင်း မှန်လျှင် သုခုစ္စာရဏဖြစ်အောင်"မ္မာ"ဟု ဒေသပြုထားသည်-ဟု ကြံသင့်၏၊ သို့သော် "အမာနုသီ ရတိ ဟောတိ, သမ္မာ ဓမ္မံ ဝိပဿတော"ဟူသော ဝိသုဒ္ဓိမဂ်၏ ဋီကာ၌ "သမ္မာ=ဉာယေန-အသင့်အားဖြင့်"ဟု ဖွင့်သောကြောင့် "သမ္မ"ပုဒ်ရင်း မဟုတ်, "သမ္မာ"ဟု အာကာရန္တ နိပါတ်ပုဒ်သာ ဖြစ်သင့်သည်၊ ရူပသိဒ္ဓိ၌လည်း ဤပြယုဂ်ကို ဤသုတ်၌ မထုတ်ထိုက်ဟု သဘောရ၍ ဤသုတ်၌ မပြပဲ နောက်သုတ်ကျမှ "မ္မာ"၌ အာကို ရဿပြုဖို့ရာ "သမ္မ-ဒက္ခာတော"ဟု ထုတ်သည်၊ "မုနိ"သည် ဣပစ္စည်းဖြစ်၍ လည်းကောင်း, "ခန္တိ"သည် တိပစ္စည်းဖြစ်၍လည်းကောင်း, နဂ်ရိက ရဿပုဒ်ရင်း တည်း၊ ပိုစံ ၂ မျိုးလုံးပင် ဂါထာပါဒဖြစ်သောကြောင့် ဆန်းစောင့်ခြင်းငှာ "နီ-န္တီ" ဟု ဂရုရှိမှ ဂါထာတဲ့သောကြောင့် ဂါထာစောင့်ခြင်းငှာ လဟုရဿကို ဂရုဒီဃ ပြုရသည်။

**ဗျဉ္ဇနေ ပရေ။** ။"သရေ ကွစိ"သုတ်မှ သရေသဒ္ဒါ မလိုက်ပဲ"သရာ ပကတိ ဗျဉ္ဇနေ"သုတ်မှ ဗျဉ္ဇနေသဒ္ဒါသည် မဏ္ဍူက ဂတိက အဓိကာရနည်းဖြင့် (သရေ ကွစိ သုတ်ကို ခုန်ကျော်၍) လိုက်လာသည်၊ မေးဖွယ်—သရာ ပကတိ ဗျဉ္ဇနေသုတ်မှ ဗျဉ္ဇနေသဒ္ဒါ လိုက်မည်ဖြစ်လျှင် "သရေ ကွစိ, သရာ ပကတိ ဗျဉ္ဇနေ, ဒီဃံ ရဿံ" ဟု သုတ်အစဉ် ထားသင့်သည် မဟုတ်ပါလော, အဘယ့်ကြောင့် "သရာ ပကတိ ဗျဉ္ဇနေ"သုတ်ကို ရှေးဦးစွာ စဉ်ရပါသနည်း—ဟု မေးဖွယ်ရှိ၏၊ အဖြေကား—"သရာ သရေ လောပံ"သုတ်မှ"သရေ"ဟူသော နိမိတ်သည် ဒုတိယ တပိုင်းလုံး (အဓိကာရ နည်းအားဖြင့်) လိုက်သကဲ့သို့, "ဗျဉ္ဇနေ"ဟူသော ဤနိမိတ်လည်း (သရေ ကွစိကို ချန်၍) တတိယပိုင်း တပိုင်းလုံးလိုက်ကြောင်းကို သိစေခြင်းငှာ "သရာ ပကတိ ဗျဉ္ဇနေ"သုတ်ကို အစဆုံး တည်ထားရသည်။ [ဉာသ။]

[ဆောင်] အဓိကာရာ, နည်းအလာဖြင့်, သရာ သရေသုတ်, သရေပုဒ်သို့,
ဤသုတ်၌ပေ, ဗျဉ္ဇနေလည်း, မသွေစိုက်စိုက်, တပိုင်းလုံးလိုက်ဖို့,
သိုက်မြိုက်စွာဘိ, သရာ ပကတိ, အာဒိ တည်လေသည်။

အက္ခရာစဉ်ရာ၌ သရကို ရှေ့-ဗျည်းကို နောက်ထား၍ ပြခဲ့သည်အားလျော်စွာ သုတ်ကို စဉ်ရာ၌လည်း "သရေ ကွစိ, သရာ ပကတိ ဗျဉ္ဇနေ"ဟု သရနိမိတ်ကို ပြသော "သရေ ကွစိ"သုတ်ကို ရှေးဦးစွာ ပြသင့်သည် မဟုတ်ပါလော-ဟု မေးရာ

ရဿံ　၂၆။ ပရေ ဗျဉ္ဇနေ သရာ ကွစိ ရဿံ ပပ္ပေါန္တိ၊ ဘောဝါဒိ နာမ သော ဟောတိ, ယထာဘာဝိ ဂုဏေန　သော-ဘောဝါဒိ နာမ၊ပေ၊ ဂုဏေန သော, စသည်တည်း၊ ကွစီတိ ကသ္မာ ဝုတ္တံ၊ သမ္မာသမာဓိ, သာဝိတ္တိ ဆန္ဒသော မုခံ, ဥပနီယျတိ ဇီဝိတ မပ္ပမာယု-သမ္မာ၊ပေ၊ဇီဝိတမပ္ပမာယု စသော ပြယုဂ်တို့၌ တားမြစ်ခြင်း အကျိုးငှာ၊ ဝုတ္တံ။ (၃၀)။

---

၌လည်း "အဓိကာရနည်းအားဖြင့် ဗျဉ္ဇနေဟူသော ပုဒ်၏ တတိယ တပိုင်းလုံး လိုက်ရမည့် ပုဒ်ဖြစ်ကြောင်း သိစေခြင်းငှာ သရာပကတိ ဗျဉ္ဇနေသုတ်ကို ရှေးဦးစွာ တည်ထားရသည်"ဟု ဤ အဖြေအတိုင်းပင် ဖြေရသည်။]

၂၆။ **ပုံစံနက်နှင့်ရုပ်တွက်။**　။[ဘောဝါဒိ+နာမ၊ ယထာဘာဝိ+ဂုဏေန၊] သော-ထိုသူသည်၊ ဘောဝါဒိနာမ-ဘော ဘောဟု ဆိုလေ့ရှိသူ မည်သည်၊ ဟောတိ-၏၊ သော-ထိုသူသည်၊ ဂုဏေန-ဂုဏ်အားဖြင့်၊ ယထာဘာဝိ-ယထာဘာဝိ မည်၏၊ သမ္မာသမာဓိ-ကောင်းသော သမာဓိ၊ သာဝိတ္တိ-သာဝိတ္တိ ဆန်းဂါထာသည်၊ ဆန္ဒသော- ဗေဒင်ဆန်း၏၊ မုခံ-အဦးအစတည်း၊ ဇီဝိတံ-ဇီဝိတဟု ဆိုအပ်သော၊ အပ္ပံ-အနည်းငယ်သော၊ အာယု-အသက်ကို၊ ဥပနီယျတိ-မရဏာသို့ ရောက်အောင် ပို့ဆောင်အပ်၏၊ ဝါဒိ-ဘာဝိတို့သည် ဏီ ပစ္စည်းဖြင့်ပြီးသော ဤကာရန္တတို့တည်း၊ ဂါထာဖြစ်၍ ဆန္ဒာနုရက္ခဏာ အကျိုးငှာ ဤသုတ်ဖြင့် ရဿပြုရသည်၊သမ္မာ,သာဝိတ္တိ, ဥပနီတို့၌ကား ကွစိသဒ္ဒါ မြစ်သောကြောင့် ရဿ မပြုရ၊ ရုပ်ကို အခြေပြု၍ တွက်ခဲ့ပြီ၊ "သမ္မာ+သမာဓိ"ဟု တည်, ရဿံ သုတ်ဖြင့် နောက် သ ဗျည်းကြောင့် မ္မာ၌ အာကို ရဿ ပြုသင့်သော်လည်း ကွစိသဒ္ဒါ မြစ်သောကြောင့် မပြုရ, ပြီး၏၊ နောက် ရုပ်များကိုလည်း ဤနည်းအတိုင်းဆို၍တွက်။ [ရဿပြုရာ ၃ ဌာနကို ရူပသိဒ္ဓိ ဘာသာဋီကာ၌ ပြထားသည်။]

**မှတ်ချက်။**　။ပါဠိကျမ်းစာကို ရွတ်အံသူတို့သည် "နမော တဿ" စသော ဘုရားရှိခိုး ပါဠိတော်ကို ရှေးဦးစွာ ရွတ်ဆိုကြသကဲ့သို့ ဝေဒကျမ်းကို ရွတ်အံသင်ယူသော ပြာဟ္မဏလူမျိုးတို့လည်း "သာဝိတ္တိ"ခေါ်သော ဂါထာကို ရှေးဦးစွာ ရွတ်ဆိုရသတဲ့၊ ထို့ကြောင့် "သာဝိတ္တိ ဆန္ဒသော မုခံ"ဟု မဇ္ဈိမပဏ္ဏာသ-သေလသုတ် စသည်၌ ဘုရားရှင် မိန့်တော်မူသည်၊ [ဝေဒေ အဇ္ဈာယန္တေဟိ ပဌမံ အဇ္ဈယိတဗ္ဗတော သာဝိတ္တိ ဆန္ဒသော မုခံတိ-သုတ္တနိပါတ် သုန္ဒရိက ဘာရဒ္ဒါဇ သုတ်ဖွင့်၊] ထို သာဝိတ္တိ ဆန်းဂါထာသည် ဂ လုံးဖွဲ့အားဖြင့် ၃ ပါဒသာရှိ၍ အက္ခရာ ၂၄ လုံး ရှိရကား "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ" ဟူသော ၃ ပါဒ ၂၄ လုံးရှိသော သရဏဂုံ ဂါထာနှင့် တိုက်ဆိုင်လျက် ရှိလေသည်၊ ထို့ကြောင့် ဗုဒ္ဓံ သရဏံ"စသော သရဏဂုံဂါထာလည်း ပရမတ္ထ ပြာဟ္မဏဖြစ်သော ဘုရားရှင်တို့၏ အရိယာသာဝိတ္တိ ဂါထာတော်ပင်တည်း။

[သုတ္တနိပါတဋ္ဌ]　ဇွေစ ဘဂဝါ ပရမတ္ထဝေဒါနံ တိဏ္ဏံ ပိဋကာနံ အာဒိဘူတံ ပရမတ္ထ ပြာဟ္မဏေဟိ သဗ္ဗဗုဒ္ဓေဟိ ပကာသိတံ အတ္ထသမ္ပန္နံ ဗျဉ္ဇနသမ္ပန္နံ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ"တိ အရိယံ သာဝိတ္တိံ သန္ဓာယ ပုစ္ဆတိ။

**လောပဥ္စ တတြာကာရော**

၂၇။ ပရေ ဗျဉ္ဇနေ သရာ ကွစိ လောပံ ပပ္ပေါန္တိ၊ တတြ လောပေ-ထိုကြေခြင်းကို၊ကတေ-ပြုအပ်ပြီးသော်၊အကာရာဂမော၊ စ-အ အက္ခရာ လာသည်လည်း၊ဟောတိ-၏၊သ သီလဝါ, သ ပညဝါ, ဧသဓမ္မော သန္တနော, သ ဝေကာသာဝ-မရဟတိ, သ မာနကာမောပိ ဘဝေယျ, သ ဝေ မုနိ ဇာတိဘယံ အဒဿိ-သ သီလဝါ၊ပေ၊သဝေ မုနိ ဇာတိဘယံ အဒဿိ စသည်တည်း၊ ကွစိတိ ကသ္မာ ဝုတ္တံ၊သော မုနိ, တေန သော မုနိ, ဧသော ဓမ္မော ပဒိဿတိ, နသော ကာသာဝ မရဟတိ-သော မုနိ၊ပေ၊မရဟတိစသော ပြယုဂ်တို့၌ တားမြစ်ခြင်း အကျိုးငှာ၊ ဝုတ္တံ။ (၃၉)။

---

၂၇။ **ပုံစံနက်နှင့်ရုပ်တွက်။** ။သော-ထိုသူသည်၊ သီလဝါ-သီလရှိသူတည်း၊ ပညဝါ-ပညာရှိသူတည်း၊ ဧသော ဓမ္မော-ဤသဘောသည်၊ သန္တနော-ရှေး၌ဖြစ်သော ထုံးစံတည်း၊ သော-ထိုသူသည်၊ ဝေ-စင်စစ်၊ ကာသာဝံ-သင်္ကန်းကို၊ အရဟတိ- ယိုက်တန်၏၊ သော- သည်၊ မာနကာမောပိ- မြတ်နိုးလိုသည်လည်း၊ ဘဝေယျ-ဖြစ်ရာ၏၊ သောမုနိ-ထိုရဟန်းသည်၊ ဝေ-စင်စစ်၊ ဇာတိဘယံ-ဇာတိဘေးကို၊ အဒဿိ-ရှုပြီ၊ သော-ထိုသူသည်၊ မုနိ-မုနိမည်၏၊ တေန-ထို့ကြောင့်၊ သော-ထိုသူသည်၊ မုနိ-မည်၏၊ သော-ထိုသူသည်၊ ဝေ-စင်စစ်၊ ကာသာဝံ-ကို၊ န အရဟတိ-မထိုက်၊ ရုပ်ကို အခြေပြု နည်းမှီ၍တွက်၊ ကိံရုပ်ကိုလည်း''သော+မုနိ''ဟု တည်, ဤသုတ်ဖြင့် သော၏ ဩကို ချေ၍ ထို ကြေရာ၌ (အ) လာသင့်သော်လည်း ကွစိသဒ္ဒါဖြစ်သောကြောင့် မချေ, မလာရဟု ဆို၍ တွက်။

**သမုစ္စည်း တမျိုး။** ။[လောပဥ္စ၌ စ သဒ္ဒါကို ''ဗျဥ္ဇနေစ''ဟု ဗျဥ္ဇနေ နောင်ထိုင်စေ၍ ထို စ ဖြင့် သရကိုဆည်းသောနည်းကို ရူပသိဒ္ဓိ၌ ပြထားပြီ၊ ဤ၌ တနည်းပြအံ့၊] ''အကာရောစ-အ လည်း လာသည်''ဟု အကာရောနောင် ရွှေ့၍ထိုင်သော စ သဒ္ဒါဖြင့် ''အ လာရုံသာမက, ဩ ဥ လည်းလာ''ဟု ဆည်း၍ ''ကစ္စိနော တွံ, ဇာနေမု တံ''ရုပ်များကို ဗာလာဝတာရ ပြ၏၊ ရူပနိရုတ္တိ၌ကား ''ဤ လည်းလာ''ဟု ဆည်း၍ ''အာသီဝိသော''ရုပ်ကို ထုတ်လေသတဲ့၊ ကစ္စိ-အသို့နည်း၊ အာသီဝိသော (အာသုဝိသော)—လျင်သော အဆိပ်ရှိသော မြွေ၊ ''ကစ္စိနု+တွံ, ဇာနေမ+တံ, အာသု+ဝိသော''ဟု တည်, လောပဥ္စ တတြာကာရော သုတ်ဖြင့် နောက်ဗျည်းကြောင့် ရှေ့ ဥ-အ တို့ကိုချေ၊ တတြာကာရောစ၌ စ သဒ္ဒါဖြင့် ထိုကြေရာ၌ ဩ-ဥ-ဤ လာ၊ ကစ္စိနော တွံ, ဇာနေမု တံ, အာသီဝိသော ဟု ပြီး၏။ [မောဂ္ဂလ္လာန်၌ ယျောမ ဝိဘတ်ကို မေ ပြု၍ ''ဇာနေမု''ကို ပြီးစေ၏၊ သဒ္ဒနီတိ၌ကား ဥကို ဤပြု၍ ''အာသီဝိသော''ဟု ဆိုသည်။]

**ယောဂဝိဘာဂ။** ။''ဗျဥ္ဇနေ''ဟူသော လိုက်ပုဒ်ကို ကြည့်၍''လောပဥ္စ တတြာကာရော''ဟု ဝိနာဓိကာရ ယောဂဝိဘာဂလုပ်လျှင် ဘာမျှ မနှောင်းသော်လည်း ချေနိုင်ပြန်၏၊ ထို့ကြောင့် ''အဘိလာပမတ္တဘေဒေါ သေ=ဤ တေန သမယေန

**ပရဒွေဘာဝေ ဌာနေ**

၂၀။ ဌာနေ-သင့်လျော်ရာ ဌာန၌၊ သရမှာ- သရမှ၊ ပရဿ- သော၊ ဗျဉ္ဇနဿ-၏၊ ဒွေဘာဝေါ-သဒိသ ဒွေဘော်သည်၊ ဟောတိ၊ ဣဓပ္ပမာဒေါ ပုရိသဿ ဇန္တုနော, ပဗ္ဗဇ္ဇံ ကိတ္တ ယိဿာမိ, စာတုဒ္ဒသိံ ပဉ္စဒသိံ, အဘိက္ကန္တတရော စန္ဒော-ဣဓပ္ပမာဒေါ၊ပေ၊ အဘိက္ကန္တတရော စန္ဒော စသည်တည်း၊ ဌာနေတိ-ဌာနေပုဒ်ကို၊ ကသ္မာ ဝုတ္တံ,

---

စသော သဒ္ဒါအပေါင်းသည် ရွတ်ဆိုအပ်သော သဒ္ဒါမျှဖြင့်သာ ကွဲပြား၏၊ ဝစန ဘေဒေါ သေ=ဤအရာသည် ဝုစ်အားဖြင့်သာ ကွဲပြား၏''စသည်တည်း၊ သေကို ''ဧသော''ဟု တည်၊ လောပဥ္စ တတြာကာရော''ဟူသော ဝိနာဓိကာရယောဂ ဝိဘာဂဖြင့် ဘာမျှ မနှောင်းသော်လည်း ဩကိုချေ, ထိုကြေရာ၌ (အ)လာ၊ လောပဥ္စကို ဖြုတ်၍ ''တတြာကာရော''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ လုပ်လျှင်ကား အခြားသုတ်ဖြင့် ချေပြီးနောက် ဤသုတ်ဖြင့် (အ)လာရုံလည်း ဖြစ်နိုင်၏ ဟု ရူပသိဒ္ဓိ သန္ဓိ အဆုံး၌ ဆို၏၊ ပုံစံကား—''တဒမိနာပိ=တံ ဣမိနာပိ'' တည်း၊ ရုပ်ပြီးပုံကို ထိုမှာ ရှုလေ။

[ဆောင်] သုတ်လောပဥ္စ, စ သဒ္ဒကို, ဗျဉ္ဇနေ နောင်, တိုင်အောင်ရွေ့ပြီး, သရေ ဆည်း၏၊ တနည်းမှတ်လော, အကာရောစ, ထိုင်သော စရူ, ဩ-ဤ-ဥတို့, လာမှု တဖြာ, ဆည်းယူရာတည်း၊ ဝိနာယောဂ, ဝိဘာဂဖြင့်, ဘာမျှမနှောင်း, စိရင်ကောင်း၏၊ တကြောင်း ဒွိဓာ, ဝိဘာဂါဟု, တတြာကာရော, သုတ်သဘောတုံ, လာရုံသက်သက်, အစွန်း ထွက်သည်, မှတ်ချက် လေးနည်း အသုံးတည်း။

**မောဂ္ဂလ္လာန်။** ။ရူပသိဒ္ဓိ၌ ကစ္စည်းပုံစံအတိုင်း ဧတ-တ တို့၏ အဆုံး ဩကို သာ ဤသုတ်ဖြင့် ချေဖို့ရန် မှတ်ချက်ချသော်လည်း, မောဂ္ဂလ္လာန်၌မူ ''ဧဩနမ- ဝဏ္ဏေ''ဟု သုတ်တည်၍ ကစ္စည်း ပြယုဂ်များအပြင် ''ဒိသွာ ယာစကေ မာဂတေ (ယာစကေ+အာဂတေ), အကရမှသ တေ ကိစ္စံ (အကရမှသေ+တေ), အဂ္ဂ မက္ခာယတိ (အဂ္ဂေါ+အက္ခာယတိ), သွာတနံ (သွေ+တနံ) တ ဗျည်းကြောင့် ဒီဃလည်းပြု၊ ဟိယျတ္တနံ (ဟိယျော+တ္တနံ), ကရဿု (ကရောဿု)'' ပုံစံများနှင့် တကွ, သရ နှောင်းရာ၌ ''သေ+အတ္တော''စသော ပုံစံများကိုလည်း ထုတ်ပြလေ သည်၊ [ဝဏ္ဏေ-အက္ခရာ နှောင်းရာ၌ (သရဖြစ်စေ ဗျည်းဖြစ်စေ နှောင်းရာ၌—ဟူလို၊) ဧ ဩနံ-ဧ ဩတို့၏၊ အ-အ အပြုသည်၊ ဟောတိ။] ကစ္စည်းအလိုသော် ဧ ဩ တို့ကို ချေ၍ ထို ကြေရာ၌ (အ)လာဟု ဆို၊ ဒီဃံသုတ်ဖြင့် (တ) ဗျည်းကြောင့် အ ကို အာဒီဃပြု, သွာတနံ ပြီး၏၊ ကွဲင်းရုပ်များ ထင်ရှားပြီ။

[ဆောင်] ဧတ—တနော, အဆုံး ဩမျှ, ချေကုန်ကြဟု, ရူပသိဒ္ဓိ, အဆိုရှိလည်း, ထို၏ နောက်ကြိ, မောဂ္ဂလ္လာန်-နီတိ, ပုံစံကြည့်၍, ထို၏ အပြင်, ဧဩ မြင်မူ, အစဉ် မသွေ, ချေသင့် ချေ၍, ထို ကြေရာ၌, အ-လာထိုက် သည်, သိုက်မြိုက်ဖွင့်နည်း တမျိုးတည်း။

ဣူမ မောဒတိ, ပေစ္စ မောဒတိ-ဣူမ မောဒတိ, ပေစ္စ မောဒတိ စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ။ (၄၀)။

---

၂၈။ **ပုံစံနက်နှင့်ရုပ်တွက်။** ။[ဣူမ+ပမာဒေါ,စသည်ဖြင့် ဒွေဘော် အက္ခရာကို ဖြုတ်၍ ပုဒ်ဖြတ်။] ဣူမ-ဤလောက၌၊ ဇန္တုနော-သတ္တဝါဟု ဆိုအပ်သော၊ ပုရိသဿ- သတ္တဝါ၏၊ ပမာဒေါ- မေ့လျော့ခြင်း၊ ပဗ္ဗဇ္ဇံ- ရဟန်းဖြစ်ပုံကို၊ ကိတ္တယိဿာမိ-ပြောပြပေအံ့၊ စာတုဒသိံ-၁၄ ရက်မြောက်၌လည်းကောင်း၊ ပဥ္စဒသိံ-၁၅ ရက်မြောက်၌လည်းကောင်း၊ အဘိက္ကန္တတရော - အလွန် နှစ်သက်ဖွယ်သော၊ စန္ဒော-လ၊ ကိံရုပ် အနက်ပေးခဲ့ပြီ၊ ဣူမပ္ပမာဒေါ ရုပ်ကို အခြေပြု၍ တွက်ခဲ့ပြီ။ ပဗ္ဗဇ္ဇံ (ပ+ဝဇ္ဇံ) ဒေါမဿစ၌ "ဗော၀ဿ"ဟူသော သုတ္တဝိဘာဂဖြင့် ၀ ကို ဗပြု, ဤသုတ်ဖြင့် ဗ ဒွေဘော်လာ၊ စာတုဒ္ဒသိံ အဘိက္ကန္တတရော တို့ကိုလည်း နည်းမှီ၍ တွက်၊ "ပဥ္စဒသိံ"ကား ပုံစံထုတ်လိုရင်း မဟုတ် "စာတုဒ္ဒသိံ ပဥ္စဒသိံ, ယာစ ပက္ခဿ အဋ္ဌမီ"ဟူသော ပါဠိတော်၌ တွဲဖက်ဖြစ်၍ ထည့်အပ်သော ပုဒ်တည်း၊ စာတုဒ္ဒသိံလည်း "စတု+ဒသ"တုန်းက ဒွေဘော်ပြု၍ "စတုဒ္ဒသ-၁၄ ရက်တို့"ဟု ဖြစ်သည်၊ ထို့နောက် "စတုဒ္ဒသန္နံ+ပူရဏီ—စာတုဒ္ဒသီ"ဟု ဖြစ်၏၊ သို့သော် လွယ်ကူစေခြင်းငှာ စာတု+ဒသိံ"ဟု တည်, ပရဒွေဘာဝေါဌာနေ သုတ်ဖြင့် ဒ၏ ဒွေဘော် (ဒ်) လာဟု ဆို၍ တွက်ပါ။

**ကိံရုပ်။** ။"ရှေ့သရရှိခြင်း,နောက်ဗျည်းရှိခြင်း"ဟု အင်္ဂါ ၂ ပါးရှိရာ, "ဣူမ+မောဒတိ"၌လည်း မ၌ အသရရှိခြင်း, နောက်၌ (မ်) ဗျည်းရှိခြင်းဟု အင်္ဂါ ၂ ပါး ညီညွတ်လျက် ရှိ၏၊ သို့သော် (မ်) ဗျည်းက ဒွေဘော်လာသင့်ရာဌာန မဟုတ်ရကား ဌာနေသဒ္ဒါ မြစ်သောကြောင့် ဒွေဘော်မလာရ၊ "ဣူမ + မောဒတိ" ဟု တည်, ပရဒွေဘာဝေါ ဌာနေ သုတ်ဖြင့် မ်၏ ဒွေဘော် (မ်) လာသင့်သော်လည်း ဌာနေ သဒ္ဒါ မြစ်သောကြောင့် မလာရဟု ဆို၍တွက်၊ "ပစ္စ+မောဒတိ"လည်း နည်းတူ၊ တချို့ကား="ရှေ့သရမှ နောက်ဗျည်းဖြစ်ခြင်း, ဒွေဘော်ပြုရာဌာန ဖြစ်ခြင်း" ဟု သုတ်အင်္ဂါ ၂ ပါး ဆို၍ "ဣူမ+မောဒတိ"သည် နဂိုရ်ကပင် ဒွေဘော်ပြုရာဌာန၌ မပါဝင်သောကြောင့် ကိံပုံစံ မဖြစ်ထိုက်ဟု ကြံကြ၏၊ သို့သော် သုတ်၌ပါသော ဌာနေသဒ္ဒါသည် သုတ်အင်္ဂါမဟုတ်, ကွစိသဒ္ဒါ ဝါသဒ္ဒါတို့ကဲ့သို့ သုတ်အစီအရင်ကို ဝိသေသနပြုသော သဒ္ဒါတမျိုးသာ ဖြစ်သည်၊ ထို ဌာနေ သဒ္ဒါ ရှိသောကြောင့်ပင် သရေ ကွစိ သုတ်မှ ကွစိသဒ္ဒါလည်း ဤသုတ်သို့ မလိုက်ပဲ ဆုတ်နစ်ခဲ့လေသည်၊ ဌာနေပုဒ်နှင့်စပ်၍ ဒွေဘော်ပြုရာဌာနများကို အခြေပြု၍ လက်ဘဖြင့် ပြထား၏၊ ရူပသိဒ္ဓိ၌ ပုံစံအကျယ် ရှိလေသည်။

**သရမှာ ပရဿ ဗျဥ္ဇနဿ**—"ဣူမ+ပမာဒေါ"၌ မ ဝယ် အသရရှိ၏၊ ထိုကဲ့သို့သော သရမှ နောက်ဗျည်းကို ဒွေဘော်ပြုရသည်၊ "ပရဿ"သည် သုတ်၌ပါသော ပရ၏ အဖွင့်တည်း၊ ထို့ကြောင့် သုတ်၌ ပရဿ ဒွေဘာဝေါ"ဟု ဆိုသင့်လျက် တေသုဝုဒ္ဓိ သုတ်ကြီးဖြင့် (တနည်း "ပရ"ဟူသော ဤနိပါတနဖြင့်)သ ဝိဘတ်ချေ၊ "ပရဒွေဘာဝေါ"ဟု ဖြစ်၏၊ထို့ပြင်—ဒွေဘော်လာရာ၌ လာသောအက္ခရာဝယ်

သရပါရဦးမည်လားဟု ယုံမှားဖွယ်ရှိသောကြောင့် "ဗျဥ္ဇနသ"ဟု မိန့်သည်၊ "ဇူဓ+ပမာဒေါ"၌ ပ ဝယ် အသရ ပါသော်လည်း ဒွေဘော်လာသည့်အခါ (ဝ်)ဗျည်း၏ ဒွေဘော် (ဝ်) ဗျည်းသာ လာပါ, ထိုလာသောဗျည်း၌ သရ မပါစေရဟု ဆိုသည်။

**ဒွေဘော်နှင့် အာဂမဝိဓိ။** ။ဒွိန္နံ-၂ လုံးတို့၏၊ ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာသည်၊ ဒွိဘာဝေါ-မည်၏၊ ဒွိဘာဝေါဧဝ-သည်ပင်၊ (သွတ္တ၌ ဏ ပစ္စည်းသက်၍) ဒွေဘာဝေါ-မည်၏၊ "၂ လုံးတို့၏ဖြစ်ကြောင်း"ဟူသည် နောက်ထပ်တလုံး အပိုလာခြင်း ပင်တည်း၊မှန်၏ "ဒုတိယော-၂ ခုတို့၏ပြည့်ကြောင်း"ဟူရာ၌ ပဌမတခုကို မရ, ဒုတိယတခုကိုသာ ရသကဲ့သို့ ဒွိဘာဝအရလည်း နောက်ထပ်တခု လာခြင်းကိုသာ ရသည်၊ ထို့ကြောင့်ပင် ဥပက္ခဋ သိက္ခာပုဒ်အဖွင့် တေရသကဏ်ဋီကာ၌ "စီဝရံ စေတာပေန္တိ ပရိဝတ္တေန္တိ စေတေနာတိ စီဝရစေတာပနံ၊ နကာရာဂမံ ကတ္ွာ စီဝရစေတာပန္နန္တိ ဝုတ္တံ"ဟု မိန့်သည်၊ ဤဋီကာ၌ (န်) ဒွေဘော် ပြုခြင်းကိုပင် "နကာရာဂမံ ကတ္ွာ"ဟု ဆိုသည်၊ ပဋိစ္စသမုပ္ပါဒ် အဋ္ဌကထာ၏ မူလဋီကာ၌လည်း အဝိဇ္ဇာ၌ ဇ ဒွေဘော်ပြုခြင်းကိုပင် "ဇကာရဿစ ဒုတိယဿ အာဂမံ ကတ္ွာ အဝိဇ္ဇာတိ ဝုတ္တာ"ဟု မိန့်သည်၊ ထို့ကြောင့် ဒွေဘော်ပြုခြင်းသည် ဝိဓိ ၅ မျိုးတွင် အာဂမဝိဓိလည်းဟု မှတ်။

**ဝါဒတမျိုး။** ။"ဒွိန္နံ-၂ လုံးတို့၏၊ ဘာဝေါ-ဖြစ်ခြင်း"ဟု ဝိဂ္ဂြိုဟ်နက် ပေး၍ ပ တလုံး၏ ပ ၂ လုံးဖြစ်ခြင်း (ပ ကို ပ္ပ ပြုခြင်း)ကို "ဒွေဘာဝ"ဟု ယူပြီးလျှင် "ဗျဥ္ဇန ဒွေဘာဝ, ဝိဘတျန္တပဒ ဒွေဘာဝ, ဓာတု ဒွေဘာဝ"ဟု ဒွေဘာဝ ၃ မျိုး ရှိကြောင်းကို ဆိုကြ၏၊ ထိုတွင် ဤသုတ်လာ ဒွေဘာဝသည် သရမပါ-ဗျည်းချည်းသာ ဒွေဘော်လာရသောကြောင့် ဗျဥ္ဇန ဒွေဘာဝ မည်၏၊ "ဝိဿာဘိက္ခုသေသု ဒွေ" ဟူသော မောဂ္ဂလ္လာန်သုတ် စသည်ဖြင့်"ရုက္ခံ"ဟူသော ဝိဘတျန္တပုဒ်ကို"ရုက္ခံရုက္ခံ" ဟု ၂ ပုဒ်ပြုခြင်းသည် ဝိဘတျန္တပဒဒွေဘာဝ မည်၏၊ "တိတိက္ခတိ"၌ တိဇ ဓာတ်မှ တိကို တိတိဟု ဒွေဘော်ပြုခြင်းသည် ဓာတုဒွေဘာဝ မည်၏ဟု ပုံစံ ပြကြသည်။

**စိစစ်ချက်။** ။"ဘာဝေါ-ဖြစ်ခြင်း"ဟု အနက်ပေးမှုကို ပဌမ စဉ်းစားသင့်၏၊ ဘာ့ကြောင့်နည်း... "ဒွေဘာဝေါ"ပုဒ်၏ ပရိယာယ် "ဒွိတ္တံ"ပုဒ်ကို ရူပသိဒ္ဓိ၌ များစွာ သုံးစွဲထား၏၊ ထိုဒွိတ္တံ၌ တ္တ ပစ္စည်းကား သဒ္ဒပဝတ္တိနိမိတ် ဖြစ်သော ("ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ"ဟု အနက်ပေးရသော) ဘာဝအနက်၌ သက်သော ကြောင့်တည်း၊ ထို့ပြင်—"ရုက္ခံ-ရုက္ခံ"ကို ဒွေဘာဝ ဟု ဆိုခြင်းလည်း စဉ်းစား သင့်၏၊ ဘာ့ကြောင့်နည်း...."ဝိဿာဘိက္ခုသေသု-ဝိဿာ, အာဘိက္ခုည အရာတို့၌၊ ဒွေ-၂ ပုဒ်တို့သည်၊ ဟောန္တိ"ဟု ဒွေ သဒ္ဒါဖြင့် ပြ၍ ဒွေဘာဝသဒ္ဒါဖြင့် မပြသော ကြောင့်တည်း၊ မှန်၏—"ဒွေ"ဟု ဆိုရာ၌ ၂ ပုဒ်လုံး ဒြပ်ကို ရ၍ "ဒွေဘာဝ"ဟု ဆိုရာ၌ကား ၂ ခု၏ ဖြစ်ကြောင်း နောက်တခု လာခြင်း ကြိယာသာ ရသည်၊ ထို့ကြောင့် ထို ဆရာတို့ဝါဒကို ပြခဲ့သော စိစစ်ချက်ဖြင့်လည်းကောင်း, မူလဋီကာ တေရသကဏ် ဋီကာတို့၌ "နကာရာဂမံ, ဇကာရဿစ ဒုတိယဿ အာဂမံ" ဟူသော စကားဖြင့်လည်းကောင်း စဉ်းစားကြပါကုန်။

**သဒိသဒွေဘော်လာရာ အက္ခရာများ။** ။နောက်၌ အသဒိသ ဒွေဘော်ကို ပြလတ္တံ့ဖြစ်၍ ဤသုတ်၌ သဒိသဒွေဘော်ဖြစ်ကြောင်း သိသာ၏၊ နောက်သုတ်၌

**ဝဂ္ဂေ ဃောသာ-ဃောသာနံ တတိယ ပဉ္စမာ**

၂၉။ ဉာနေ-၌၊ ဝဂ္ဂေ-ဝဂ်၌၊ သရမှာ-မိမိမှီရာ သရမှ၊ ပုဗ္ဗေသံ-ရှေ့ဖြစ်ကုန်သော၊ ဃောသာ ဃောသ ဘူတာနံ-ဃောသ အဃောသဖြစ်၍ ဖြစ်ကုန်သော၊ ဗျဉ္ဇနာနံ-ဗျည်းတို့၏၊ ယထာသင်္ချံ-သင်္ချာအစဉ်အတိုင်း၊ တတိယ ပဉ္စမက္ခရာ- တတိယက္ခရာ, ပဉ္စမက္ခရာတို့သည်၊ ဒွေဘာဝံ- အသဒိသဒွေဘော် အဖြစ်သို့၊ ဂစ္ဆန္တိ-ရောက်ကုန်၏၊ဧသော ဝ စဇ္ဈာနပ္ပလော, ယတြဋ္ဌိတံ နပ္ပသဟေ ယျ မစ္စု,သေလေ ယထာ ပဗ္ဗတမုဒ္ဓနိ ဋ္ဌိတော, စတ္တာရိ ဉာနာနိ နရော ပမတ္တော ဧသော ဝ စဇ္ဈာန၊ ပေ၊ ဉာနာနိ နရော ပမတ္တော, စသည်တည်း၊ ဉာနေတိ ကသ္မာ ဝုတ္တံ၊ ဣဓ စေတသော, ဒဠှံ ဂဏှာတိ ထာမသာ-ဣဓ စေတသော ဒဠှံ ဂဏှာတိ ထာမသာ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်း အကျိုးငှာ၊ ဝုတ္တံ-၏၊ (၄၂)။

သန္ဓိကပ္ပေ-၌၊ တတိယော-သော၊ ကဏ္ဍော-သည်၊ ဣတိ-ပြီ။

---

"ဒုတိယက္ခရာ ရှိရာဝယ် ပဉ္စမက္ခရာလာ၍, စတုတ္ထက္ခရာရှိရာဝယ် တတိယက္ခရာလာ" ဟု ဆိုလတ္တံ့ဖြစ်သောကြောင့် ဒုတိယက္ခရာ စတုတ္ထက္ခရာတို့ကို ချန်လှပ်၍ ဤသုတ်၌ ဒွေဘော်လာရာ အက္ခရာတို့သည် ဝဂ် တခု တခု၌ ပထမ တတိယ ပဉ္စမ အက္ခရာ ၃ လုံးစီနှင့် အဝဂ်တွင် ယ-လ-ဝ-သ, ၄ လုံးတို့တည်း-ဟု မှတ်၊ ပုံစံများကို ရှုပသိဒ္ဓိမှာ ရှုပါ။ [ရ-ဟ-ဠ-အံနှင့် သရတို့မှာ ဒွေဘော်လာသော ပြယုဂ်မရှိ။]

[ဆောင်] ဝဂ်တွင် ပ-တ, ပဉ္စမနှင့်, ယ လ ဝ သာ, ဗျည်းတို့မှာ, ဒွေဘာ သဒိသပြု။

၂၉။ **ပုံစံနက်နှင့် ရုပ်တွက်။** ။[အနက်ပေးပုံကြည့်၍ ပုဒ်ဖြတ်ပုံကို သိလောက်ပြီ။] ဧသော ဝေစ- ဤတရားသည်ပင်၊ ဈာနပ္ပလော- ဈာန်ဟူသောအကျိုးရှိ၏၊ ယတြ-အကြင်အရပ်၌၊ ဋ္ဌိတံ-တည်သူကို၊ မစ္စု-သေမင်းသည်၊ နပ္ပသဟေယျ-မလွှမ်း မိုးနိုင်ရာ၊ သေလေ-ကျောက်အတိပြီးသော၊ ပဗ္ဗတမုဒ္ဓနိ-တောင်ထိပ်၌၊ ဋ္ဌိတော ယထာ- တည်သူကဲ့သို့၊ စတ္တာရိ ဉာနာနိ-၄ ဉာနတို့ကို၊ ပမတ္တော- မေ့လျော့သော၊ နရော-လူသည်၊ ဣဓ-ဤသာသနာတော်၌၊ စေတသော-စိတ်၏၊ ဒဠှံ-မြဲစွာ၊ ထာမသာ- အစွမ်းဖြင့်၊ ဂဏှာတိ-ယူ၏၊ "စဇ္ဈာနပ္ပလော, ယတြဋ္ဌိတံ, မုဒ္ဓနိဋ္ဌိတော, စတ္တာရိ ဉာနာနိ" တို့သာ ပုံစံလိုရင်းတည်း၊ ကျန်ပုဒ်တို့မှာ တွဲဖက်ဖြစ်၍ ပါနေသည်၊ [ဈာနပ္ပလော=ဈာနဖလောလည်း ပ ဒွေဘော်လာဖို့ရာ ပုံစံဖြစ်ထိုက်၏။]

"ဋ္ဌ" ဟု ရေးရာ၌ ဋနှင့် ဌ ဆင့်ထားကြောင်း, "ဋ္ဌ" ဟု ရေးရာ၌ ဋ မပါကြောင်း ကို နားလည်ပြီး ဖြစ်ပါလိမ့်မည်၊ "န+ပသဟေယျ=နပ္ပသဟေယျ" ကား ရှေ့သုတ်၏ အရာတည်း၊ ရုပ်ကို အခြေပြု မှီ၍ တွက်၊ ကိံ ရုပ်ကို "ကိမှဒါဟရဏာနိ-ကိံ ဥဒါဟရဏတို့" ဟု ဗဟုဝုစ်ဖြင့်ဆိုသော ချာသအလိုအားဖြင့် "၁-ဣဓ စေတသော, ၂-ဒဠှံ ဂဏှာတိ ထာမသာ" ဟု ၂ ရုပ်ဖြစ်ဟန်တူ၏၊ သို့ဖြစ်လျှင် ဣဓကို "ဣဓ" ဟု တည်, ဝဂ္ဂေ ဃောသာ စသော သုတ်ဖြင့် ဣသရမှ နောက်ဖြစ်သော ဓ၏ အသဒိသ ဒွေဘော် (ဒ) လာသင့်သော်လည်း ဉာနေသဒ္ဒါ မြစ်သောကြောင့် မလာရ-ဟု ဆို၍

တွက်ရလိမ့်မည်၊ သို့သော် ဝိဘတျန္တ "ဇူဓ" တပုဒ်တည်းကို သန္ဓိရုပ် လျဉ်းပါးရ ခြင်းကား မကောင်းလှ၊ အားလုံးမှ ပုံစံတခုတည်း ဆိုဖို့ရာလည်း ကျမ်းရင်းရှာဖို့ လိုပါသေးသည်၊ သဒ္ဒနီတိ၌ကား—"ဌာနေတိ ကဿာ၊ ဒဠှ ဂဏှာတိ ထာမသာ"ဟု ပုံစံတခုတည်း ပြသဖြင့် ရှင်းပေ၏၊ "ဂဏှာတိ+ထာမသာ"ဟု တည်၊ ဇူသရမှ နောက်ဖြစ်သော ထ၏ အသဒိသဒွေဘော် (တ်) လာသင့်သော်လည်း စသည်ဆို။

**ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမာ**—ဝဂ္ဂေသဒ္ဒါဖြင့် အဝဂ်တို့ကို (ဤသုတ်ဖြင့် ဒွေဘော်လာရာ မဟုတ်)ဟု တားမြစ်၏၊ ထို ဝဂ္ဂေပုဒ်ကို "ဝဂ္ဂေ ဃောသာ ဃောသာနံ, ဝဂ္ဂေ တတိယ ပဌမာ"ဟု ၂ ချက်စပ်၍ "အကြင်ဝဂ်၌ရှိသော ဃောသ အဃောသ တို့သည် ဒွေဘော်လာရာ ဌာနဖြစ်၏၊ ထိုဝဂ်၌ရှိသော တတိယ ပဌမက္ခရာ တို့သာ ဒွေဘော်လာကြ၏" စသည်ဖြင့် သိလေ၊ [ရူပသိဒ္ဓိ၌ကား "ဌာနာသန္န အားဖြင့် ကဝဂ် ဃောသ အဃောသရှိရာ၌ ကဝဂ်ထည်းက တတိယ ပဌမက္ခရာသာ ဒွေဘော်ဖြစ်၏"ဟု ဆို၏၊ နောက်ဝဂ်များ၌လည်း သိလေ။] ထိုသို့ ဒွေဘော် လာရာ၌ "ဃောသာ ဃောသာနံ"ဟု လာရာ ဌာနဘက်ကလည်း ၂ ခု, "တတိယ ပဌမာ"ဟု လာမည့်ဘက်ကလည်း ၂ ခု ပြသောကြောင့် သင်္ချာ ၂ ခု ညီမျှရကား သင်္ချာ အစဉ်ကျအောင် ဒွေဘော်လာရမည်—ဟု သိစေလို၍ "ယထာ သင်္ချံ"ဟု ဝုတ္တိ၌ ထည့်၍ ဖွင့်ရသည်၊ "သင်္ချာစဉ်"ဟူသည် ၁—ဃောသအက္ခရာ ရှိရာ၌ (၁) တတိယက္ခရာ လာ, ၂—အဃောသ ရှိရာ၌ (၂) ပဌမက္ခရာလာ—ဟူလို။

**ဃောသာ ဃောသာနံ**—ဝဂ်တခု တခု၌ ဂ ဃ င စသည်ဖြင့် ဃောသ ၃ လုံးစီ, က-ခ-စသည်ဖြင့် အဃောသ ၂ လုံးစီ ရှိကြောင်းကို ပရသမညာပယောဂေ သုတ်၌ ပြခဲ့ပြီ၊ ဤသုတ်သည် သဒိသဒွေဘော် ရောက်မည်စိုး၍ သတ်မှတ်ပြသော နိယမသုတ် ဖြစ်ရကား သဒိသဒွေဘော် မရောက်ဖို့ရန် ရှောင်ကြဉ်၍ ဃောသ အဃောသ အရကို ယူရလိမ့်မည်၊ ထို့ကြောင့် လာမည့် အက္ခရာက တတိယက္ခရာဖြစ်၍ လာရာဌာနဝယ် တတိယက္ခရာကို ယူလျှင် သဒိသဒွေဘော် ဖြစ်လိမ့်မည်၊ ထို့ကြောင့် ဃောသ အရ တတိယက္ခရာကို မယူရ၊ ပဉ္စမက္ခရာလည်း တတိယက္ခရာ လာဖို့ရာ ဌာန မဟုတ်၊ ထို့ကြောင့် ပဉ္စမက္ခရာကိုလည်း ရှေ့သုတ်မှလိုက်လာသော ဌာနေသဒ္ဒါဖြင့် ဖယ်ထုတ်ရမည်၊ ဤစကားအရ "ဃောသ ၃ လုံးတွင် စတုတ္ထက္ခရာ ၁ လုံးကိုသာ ယူရမည်" ဟု သိသာပြီ၊ အဃော ၂ လုံးတွင်လည်း လာမည့် အက္ခရာက ပဌမ ဖြစ်သော ကြောင့် သဒိသဒွေဘော် မဖြစ်ဖို့ရန် ဒုတိယက္ခရာ တလုံးကိုသာ အဃောသ အရ ယူရတော့သည်၊ ဤကား ရူပသိဒ္ဓိကိုမှီသော အဓိပ္ပာယ်တည်း။

[ဆောင်] တဝဂ် တဝဂ်, စိစစ်တွက်က, ဃောသ ၃ လုံး, အဃော ၂ လုံးဟု, စံထုံးမူလ, ရှိကုန်ကြလည်း, သဒိသဒွေး, ရောက်မည့်ရေးကို, မြော်တွေး ပယ်လို, ဤသုတ်ဆိုသဖြင့်, ထိုသဒိသ, မရောက်ရအောင်, တတိယ ပဌမာ, လာမည့်တာကို, ဦးစွာ ပယ်လျက်, ပဉ္စမက်ကား, လိုက်ငြား ဌာန, သဒ္ဒါပြ၍, ပယ်ချလေလော၊ သို့ဖြစ်သောကြောင့်, ဃောသအရ, စတုတ္ထနှင့် အဃောသမှု, ဒုတိယက်ယူသည်....ကျမ်းရှု-ပသိဒ် အဖွင့် တည်း။

**ပုဗ္ဗေသံ ဗျဉ္ဇနာနံ၊ပေ၊ သရမှာ**—သရမှာကို ပုဗ္ဗေသံ၌ စပ်၍ ''မိမိသရမှ+ ရှေ့ဖြစ်ကုန်သော''ဟု ချာသစသည်၌ ဖွင့်ကြ၏၊ ''စ+ဗျာနပ္ပလော''၌ ဗျာသည် ဒွေဘော်လာရာ ဌာနတည်း၊ ထိုဒွေဘော်လာရာဖြစ်သော မိမိ၏+သရဟူသည် အာသရတည်း၊ ထိုသို့ မိမိ၏ အာသရမှ ရှေ့ဖြစ်သော ဗျဉ်းကို ''သရမှာ ပုဗ္ဗေသံ ဗျဉ္ဇနာနံ''ဟု ဆိုလိုသတတ်၊ ဤအဖွင့်အတိုင်းမှန်လျှင် သူ့နည်းနှင့်သူ အဓိပ္ပာယ် ရသော်လည်း စည်းကမ်းကား မကျချေ၊ ထင်ရှားစေအံ့—''ပရဒွေဘာဝေါဌာနေ'' သုတ်၌ ''ရှေ့သရမှ နောက်ဗျည်းကိုသာ ဒွေဘော်ပြု''ဟု တိုက်ရိုက် ဆိုထား၏၊ ထို့ကြောင့် ဤသုတ်၌ မိမိသရမှ ရှေ့ဗျည်းကို ဟု ပြောင်းပြန်ဆိုခြင်းသည် မကောင်း၊ ပုဗ္ဗေသံလည်း မည်သည့်သုတ်ကမှ လိုက်ခြင်းမရှိ, သက်သက်ထည့်ရသော ပက္ခိပန ဝုတ္တိသာ ဖြစ်၏၊ သူ့အတွက် အဓိပ္ပာယ် မလှသည့်ပြင် အဓိပ္ပာယ်ပင် ကောက်ကွေ့ နေသေး၏၊ ထို့ပြင် ''ပဉ္စမိယံ ပရဿ''ဟူသော သဒ္ဒတကျမ်းတို့၏ ပရိဘာသာ အရ ''သရမှာ''ကဲ့သို့ ပဉ္စမီဝိဘတ်ဖြင့် နိမိတ်ကိုပြလျှင် ''ရှေ့ကို မစီရင်ရ, နောက်ကို သာ စီရင်ရမည်''ဟူ-သာ ထုံးစံနှင့်လည်း ပြောင်းပြန်ဖြစ်နေ၏။ ထို့ကြောင့် ချာသ စသည်တို့ ဖွင့်တိုင်းမှန်လျှင် ''ပုဗ္ဗေသံ''စသော ကစ္စည်းဝုတ္တိစကားသည် စည်းကမ်း မကျချေ။

**ဝုတ္တိအာဘော်။** ။သို့သော် ကစ္စည်းဝုတ္တိဆရာ၏ အာဘော်ကား ချာသစသည် တို့ ဖွင့်သလို ဟုတ်ဟန် မတူ၊ ဝဂ္ဂေကို ''ပုဗ္ဗေသံ ဗျဉ္ဇနာနံ''၌ စပ်၍ တဝဂ် တဝဂ်၌ ပဉ္စမက္ခရာကို ချန်ပြီးလျှင် ''ထို ပဉ္စမက္ခရာမှ ရှေ့ဖြစ်ကုန်သော ဗျည်းများ''ဟု ဆိုလို ဟန် တူသည်၊ ထိုရှေ့ဗျည်းတို့တွင်ကား ပဌမ တတိယတို့က လာမည့်အက္ခရာဖြစ်သော ကြောင့် ထို ပဌမ တတိယက္ခရာကို ပယ်၍ စတုတ္ထ ဒုတိယကိုသာ ဆိုလိုသည်၊ သရမှာ၏ နောက်၌ ''ပရေသံ''ဖြစ်စေ, ''ပရဘူတာနံ''ဖြစ်စေ ဝုတ္တိဖွင့်စဉ်က ပါဖွယ်ရှိ၏၊ နောက်ဆရာတို့ လက်ထက်ကျမှ''ပုဗ္ဗေသံ''ကို အကြံလွန်၍ (ပရေသံ= ပရဘူတာနံတို့ကို) ဖြုတ်ပစ်ခဲ့ဟန် တူသည်၊ ဤသို့ ကြံရလျှင် ဝုတ္တိဆရာ၌ အပြစ်မရ သည့်ပြင်—အမြော်အမြင်ကြီးစွာ ဖွင့်ပါပေသည်—ဟုသာ ချီးမွမ်းဖွယ် ရှိပေလိမ့်မည်၊ ရူပသိဒ္ဓိဆရာကမူ မိမိတို့ လက်ထက်၌ တွေ့ရသော ကစ္စည်းဝုတ္တိကိုလည်းကောင်း, ချာသဖွင့်ပုံကိုလည်းကောင်း သဘောမတူသဖြင့် ဝုတ္တိကို တမျိုးပြင်၍ ဖွင့်ထား၏, ရှုစားကြလေတော့။

**တတိယော ကဏ္ဍော။** ။အခြားသဒ္ဒါကျမ်းတို့၌ ပကတိသန္ဓိသုတ်များကို ကဏ္ဍ တခု သီးခြားပြု၍ ပြလေ့ရှိ၏၊ ဤကစ္စည်းကျမ်းကား ပကတိသန္ဓိနှင့် ဗျဉ္ဇနသန္ဓိကို ပူးတွဲ၍ တကဏ္ဍဖွဲ့ထားသည်၊ ဒီဃမှစ၍ ဗျည်းနှောင်းရာ၌လည်းကောင်း, ဒွေဘော် သုတ်တို့က ဗျည်းတို့ကိုလည်းကောင်း စီရင်ခြင်းကြောင့်''ဗျဉ္ဇနာနံ ဗျဉ္ဇနေသု ဝါ သန္ဓိ'' ဟူသော ဝိဂ္ဂြိုဟ်အရ ဗျဉ္ဇနသန္ဓိချည်းတည်း၊ဝိဂ္ဂြိုဟ်နက်ကို သရသန္ဓိ နည်းမှီး၍ ပေးပါ။

**အံ ဗျဉ္ဇနေ နိဂ္ဂဟိတံ**

၃၀။ ပရေ ဗျဉ္ဇနေ,နိဂ္ဂဟိတံ-နိဂ္ဂဟိတ်သည်၊အံ ဣတိ-အံဟု ရွတ်ဆိုအပ်သော ဤ ဗိန္ဒုသည်၊ဟောတိ-၏၊ဧဝံ ဝုတ္တေ,တံ သာဓူတိ ပဋိဿုဏိတွာ-ဧဝံ၊ပေ၊ပဋိဿုဏိတွာ စသည်တည်း။(၅၈)။

---

**၃၀။ ပုံစံအနက်။** ။ဧဝံ-ဤသို့၊ဝုတ္တေ-ဆိုအပ်သော်၊ တံ-ထိုစကားကို၊သာဓူတိ (သာဓု ဣတိ (-ကောင်းပါပြီဟူ၍၊ ပဋိဿုဏိတွာ-ဝန်ခံ၍၊ ''ဧဝံ+ဝုတ္တေ, တံ+သာဓု''ဟု ပုံစံ ၂ ခုတည်း၊ ရုပ်ကို အခြေပြု မှီးတွက်၊ ဤသုတ်ဖြင့် နိဂ္ဂဟိတ်ကို အံပြုရာ၌ အသရမပါပဲ ဗိန္ဒုပျောက်ချည်း ပြုရသောနည်း, အသရနှင့်တကွ ''အံ'' ပြုရသောနည်းဟု ရူပသိဒ္ဓိ၌ ၂ နည်း ပြ၏၊ ထိုတွင် ''အံ ဣတိ''ဟု ဣတိသဒ္ဒါထည့်၍ ဖွင့်သော ဝုတ္တိအလိုအားဖြင့် (အံ ဣတိ နိဂ္ဂဟိတံ သုတ်၌ကဲ့သို့ ဤ၌ ဣတိသဒ္ဒါလည်း အံ၌ပါသော ဗိန္ဒု ပျောက်ကိုသာ ညွှန်ပြသည်၊ ''အံ၌ အသရကိုကား ရွတ်ဖြစ်ရုံ အကျိုးငှာ ထည့်ထားသည်''ဟူလို၊ သို့ဖြစ်လျှင် ဤသုတ်သည် နိဂ္ဂဟိတ်ကို ဗိန္ဒု (နိဂ္ဂဟိတ်) ထပ်ပြုသော ပကတိပြုခြင်းမျိုးပင်တည်း၊ ရူပသိဒ္ဓိ နောက်နည်းကို ရူပသိဒ္ဓိမှာ ရှု။

**နိဂ္ဂဟိတ် ထပ်၍ ပြုရကျိုး။** ။''နိဂ္ဂဟိတ်ကို နိဂ္ဂဟိတ် ထပ်၍ ပြုခြင်းသည် (ကျက်ပြီး ထမင်းကို ထပ်၍ ချက်ခြင်းကဲ့သို့) အကျိုး မရှိသည် မဟုတ်လော''ဟု မေးဖွယ် ရှိ၏၊ အဖြေကား—နိဂ္ဂဟိတ်ကို နိဂ္ဂဟိတ် ထပ်၍ ပြုခြင်းသည် အခြားသုတ်များ၏ အစီအရင်ကို တားမြစ်ရခြင်း အကျိုး ရှိပါသည်၊ ချဲ့ဦးအံ့—ဤသုတ် မရှိလျှင် ''နတံ+ကမ္မံ''၌ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေသုတ်ဖြင့် ဝါ မြစ်၍ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ မပြုပဲ ထားနိုင်သော်လည်း ဗျဉ္ဇနေစ သုတ်ဖြင့် ချေခွင့်ရှိပြန်၏၊ ထိုသို့ ဗျဉ္ဇနေစ သုတ်ဖြင့် မချေဖို့ရာ နိဂ္ဂဟိတ် ထပ်ပြုရသည်၊ ''ဧတံမင်္ဂလမုတ္တမံ''၌ ဧတံဝယ် ကွစိသဒ္ဒါ မြစ်သောကြောင့် ဗျဉ္ဇနေစဖြင့် မချေပဲ ထားရသော်လည်း ဝဂ္ဂန္တံ ဝါ ဝဂ္ဂေဖြင့် ဝဂ္ဂန္တ (မ်) ပြုခြင်းကို မတားမြစ်နိုင်၊ ထို ဝဂ္ဂန္တံသုတ် အစီအရင်ကို တားမြစ်ခြင်းငှာ နိဂ္ဂဟိတ်ရုပ်များဝယ် ထိုသုတ်တို့၌ လိုက်လာသော ဝါသဒ္ဒါက တားမြစ်ပြီးပါဟု ဆိုသော်လည်း ဝါသဒ္ဒါ သည် ''ဧဝံ+ဟိ=ဧဝဉှိ, သံ+ယောဇနံ=သညောဇနံ''စသည်ဖြင့် ဒွိရုပ် (ရုပ် ၂ မျိုး)ရှိကြောင်းသာ များသောအားဖြင့် ပြတတ်သောကြောင့် ဧဝံ, သရဏံ တို့၌ ထို ၂ သုတ် အစီအရင်ကို တားမြစ်ခြင်းငှာ နိဂ္ဂဟိတ် ထပ်၍ ပြုရသေးသည်။

[ဆောင်] ဝဂ္ဂံ ဝဂ္ဂေ, ဗျဉ္ဇနေနှင့်, ဧဟေ တဝ, သယေစတို့, မြစ်ချဖို့ရန်, တည်ရပြန်, အံ ဗျဉ္ဇနေသုတ်။

**အချို့ကား**—''ဧဝံ ဝုတ္တေ, တံ သာဓု'' ပုံစံလောက်ကိုသာ ရှု၍ အံဗျဉ္ဇနေ၌ ဗျဉ္ဇနေ အရ(ဝ) ဗျည်း, (သ) ဗျည်းကိုသာ ယူပြီးလျှင် နောက် ၃ သုတ်ဆိုင်ရာ ဝဂ်ဗျည်းနှင့် ဧ-ဟ-ယ ဗျည်းတို့ကို မယူစေလိုကြ၊ သို့ဖြစ်လျှင် ဤသုတ်သည် ဗျဉ္ဇနေစ သုတ်ဖြင့် ချေခြင်း အစီအရင် တခုကိုသာ တားမြစ်ရာရောက်သဖြင့် ချာသနှင့် လည်းကောင်း, လောပါ ဒေသကာရိယေ (ချေခြင်း ဝဂ္ဂန္တ စသည်ကို ပြုခြင်းသည်) သမ္ဘဝေ တဒပဝါဒတ္တံ'' ဟူသော ရူပသိဒ္ဓိနှင့် လည်းကောင်း မညီ။

ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ ၃၁။ ပရေ-သော၊ ဝဂ္ဂဘူတေ-ဝဂ်ဖြစ်၍ဖြစ်သော၊ ဗျဥ္ဇနေ-ကြောင့်၊ နိဂ္ဂဟီတံ ဝဂ္ဂန္တံ, ဝါ-ဝိကပ်အားဖြင့်၊ ပပ္ပေါတိ၊ တန္နိစ္စုတံ, ဓမ္မဥ္စရေ သုစရိတံ, စိရပ္ပဝါသိံ ပုရိသံ, သန္တံ တဿ မနံ ဟောတိ, တဏှံ ကရဏီကံ, ဧဝံ ဘက္ခဝေ သိက္ခိတဗ္ဗံ–တန္နိစ္စုတံ၊ပေ၊ ဧဝံ ဘိက္ခဝေ သိက္ခိတဗ္ဗံ, စသည်တည်း၊ ဝါဂ္ဂဟဏေန-ဝါသဒ္ဒါဖြင့်၊ နိဂ္ဂဟီတံ-နိဂ္ဂဟိတ်သည်၊

---

၃၁။ ပုံစံနက်နှင့် ရုပ်တွက်။ ။တံ–ထို နိစ္စုတံ–စုတေရခြင်း မရှိ၊ [သီမူ၌"တံနိစ္စုတံ-ထိုနိဗ္ဗာန်သည်+ငြိမ်းအေး၏" ဟု မူကွဲရှိ၏၊] သုစရိတံ ဓမ္မံ-သုစရိုက် တရားကို၊ စရေ-ကျင့်ရာ၏၊ စိရပ္ပဝါသိံ (စိရံ+ပဝါသိံ) =ကြာရှည်စွာ ကွဲနေသော၊ ပုရိသံ-ကို၊ တဿ-ထိုသူ၏၊ မနံ-စိတ်သည်၊ သန္တံ-ငြိမ်သက်သည်၊ ဟောတိ၊ ကာရဏိကံ-ကရုဏာရှိသော၊ တံ-ထိုသူ့ကို၊ ဘိက္ခဝေ-တို့၊ ဧဝံ-ဤသို့၊ သိက္ခိတဗ္ဗံ-ကျင့်ရာ၏၊ ပုဂ္ဂလံ-ပုဂ္ဂိုလ်ကို၊ [သီမူတချို့၌ "ပုလ္လိင်္ဂ-ပုလ္လိင်"ဟု ရှိ၏၊] ကတံ-ပြုအပ်သော၊ တံ ကမ္မံ-ထိုအမှုသည်၊ န သာဓု-မကောင်း၊ "တံ+နိစ္စုတံ" စသည်ဖြင့် တည်၍ အခြေပြု ရုပ်တွက်ပုံအတိုင်း တွက်ပါ၊ စိရပ္ပဝါသိံ၌ကား "စိရံ+ပဝါသိံ"ဟု တည်၍ နိဂ္ဂဟိတ်ကို ပဝဂ္ဂန္တ (မ်) ပြု, မ် ကို ပ သို့ကပ် (စိရမ္ပဝါသိံ), ယ ဝ မ ဒ န သုတ်၌ စ သဒ္ဒါဖြင့် မကိုပ ပြု,ပြီး၏။ [ဤကား ကစ္စည်းဝုတ္တိ တွက်ပုံတည်း၊ ရူပသိဒ္ဓိ၌ကား ပ ဒွေဘော် လာပြီးနောက် ဗျဥ္ဇနေစသုတ်ဖြင့် နိဂ္ဂဟိတ်ကိုချေသည်။]

ဝဂ္ဂန္တံ ဝဂ္ဂေ–ဝဂ္ဂဿ-ဝဂ်၏၊ အန္တော-အဆုံး ဗျည်းတည်း၊ ဝဂ္ဂန္တော-ဝဂ်၏ အဆုံးဗျည်း၊ ဤ ဝိဂ္ဂဟအရ "ဝဂ်၏အဆုံးဗျည်း" ဟူသည် "င်, ဉ်, ဏ်, န်, မ်" တို့တည်း၊ [ဝဂ္ဂန္တမည်သော အက္ခရာသည် ငါးလုံးရှိ၍ များသော်လည်း ဝဂ္ဂန္တချင်း သဘောတူသောကြောင့် (ဝဂ္ဂန္တဇာတ်ကိုငဲ့၍) ဝဂ္ဂန္တံ ဟု ဧကဝုစ်ဖြင့် ပြထားသည်၊] ဝဂ္ဂန္တ ပြုရာ၌ အမှတ်မရှိ ဝဂ်ဗျည်းနောင်းလျှင် အမှတ်မရှိသော ဝဂ္ဂန္တ ပြုရမည်လော၊ ဥပမာ-က-ခ စသော ဝဂ်ဗျည်းနောင်းလျှင်"င်,ဉ်" စသည် ပြုချင်ရာ ပြုရမည်လောဟု တွေးတောဖွယ် ရှိသောကြောင့် "ဝဂ္ဂန္တံ, ဝဂ္ဂေ"ဟု ဝဂ္ဂသဒ္ဒါတခုကို အပိုထည့်ထားသည်၊ ["ဝဂ္ဂေ-ဝဂ်ဗျည်းကြောင့်၊ ဝဂ္ဂန္တံ-ထိုဝဂ်၏ အဆုံးဗျည်းသို့"ဟု အနက်ပေးစေလိုသည်။]

ချဲ့ဦးအံ့– "ဝဂ္ဂေန္တံဝါ" ဟု ဝဂ္ဂသဒ္ဒါ တခုတည်းဆိုလျှင် "ဝဂ္ဂေ-ငဂ်ဗျည်းကြောင့်၊ နိဂ္ဂဟီတံ-သည်၊ အန္တံ-ဝဂ်၏ အဆုံးဖြစ်သော င-ဉ-န-ဏ-မ အဖြစ်သို့၊ ပပ္ပေါတိ" ဟု အနက်အဓိပ္ပာယ် ပြီးနိုင်၏၊ သို့ပါလျက် "ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ"ဟု ဝဂ္ဂသဒ္ဒါတခုကို အပို ဆိုထားခြင်းကြောင့် "အကြင် ဝဂ်၏ အက္ခရာသည် နောင်း၏, ထို ဝဂ်၏သာ ဝဂ္ဂန္တပြုပါ" ဥပမာ="ကဝဂ်ထည်းက တလုံးလုံးနောင်းလျှင် ကဝဂ်၏ ဝဂ္ဂန္တ (င်) ပြုပါ"ဟူလို၊ ဤကား-ဉာသကိုမှီသော အဓိပ္ပာယ်တည်း၊ ရူပသိဒ္ဓိ၌ကား "ဌာနာသန္န၏ အစွမ်းဖြင့် ကဝဂ်နောင်းရာ၌ ကဝဂ္ဂန္တ (င်) ပြု" ဟု ဆို၏၊ အကျယ်ကို ရူပသိဒ္ဓိမှာ ရှု။

[ဆောင်] ဝဂ္ဂေန္တံဝါ, ဤမျှသာပေ, မဆိုလေပဲ, ဝဂ္ဂေတခု, အပိုပြုပုံ, ဆင်ခြင်တုံလျှင်, အကြင်ဝဂ်တည့်, နောင်းလျက်ရှိက, ထိုသည့် ဝဂ္ဂန်, ပြုဖို့ရန်သာ, ဧကန် တိတိ, ထင်ရှားဘိ, မှတ်သိ ဉာသဆို။

လ ကာရာဒေသော-လ အပြုသည်၊ ယောတိ-၏၊ ပုဂ္ဂလံ-ပုဂ္ဂလံ, ဟူသည်တည်း၊ ဝါ-ပုဒ်ကို၊ ဟ.သ္မာ ဝုတ္တံ၊ နတံ ကမ္မံ ကတံ သာဓု နတံ ကမ္မံ ကတံ သာဓု စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ-၏။ (၄၉)။

---

**ဝါဂ္ဂဟဏေန၊ပေ၊ လကာရာဒေသော**—အထက်၌ "ပရော ဝါသရော"သုတ်ရှိ၏၊ ထိုသုတ်မှ ဝါသဒ္ဒါကို သီဟဂတိက အဓိကာရနည်းအားဖြင့် ဤသုတ်သို့ပြန်၍ လိုက်စေရလျှင် ဤသုတ်၌ ဝါသဒ္ဒါ မပါဘဲ "ဝဂ္ဂန္တံ ဝဂ္ဂေ"ဟု ပြီးနိုင်၏၊ ထိုသို့ပြီးနိုင်ပါလျက် ဝါသဒ္ဒါကိုဆိုခြင်းကြောင့် ဝါသဒ္ဒါပို၏၊ သဒ္ဒါပိုလျှင် အနက်ပိုမြဲဖြစ်ရကား ထို ဝါသဒ္ဒါပို၏ အနက်ပိုကို ပြလိုသောကြောင့် "ဝါဂ္ဂဟဏေန"စသည်ကို မိန့်၊ "ထို ဝါသဒ္ဒါပိုဖြင့် နိဂ္ဂဟိတ်ကို လ-ပြုခြင်းဟူသော အနက်ပိုကို သိရသည်"ဟူလို၊ ဤစကားအရ "အပိုဖြစ်သော ဝါသဒ္ဒါသည် အဋ္ဌကရိကပ္ပန (လ-ပြုခြင်းဟူသော အနက်တမျိုးကို စီရင်ခြင်း) အနက်ရှိသည်"ဟု မှတ်၊ လ-အပြုကို ဆည်းခြင်း (သမုစ္စည်း) အနက်ရှိသည်ဟုလည်း ကြံကြ၏၊ သို့သော် ဝါသဒ္ဒါဖြင့် လာလျှင် အဋ္ဌကရိကပ္ပန အနက်ကသာ သင့်လျော်သည်။ [ယံ ကရောတိ တံ ကမ္မံ သုတ်၌ "အဋ္ဌကရိကပ္ပန ဝါဓိကာရတော"ဟု ရူပသိဒ္ဓိဆိုပုံနှင့် ဝါယောပ္ပဋ္ဌမေသုတ်၌ ကစ္စည်းဝုတ္တိ ဖွင့်ပုံများကို ယောက်ပါ။]

**ပုဂ္ဂလံ**။ ။ပုံသဒ္ဒါရူပ ပဒ ဂမုဓာတ်, ဏ္ဍပစ္စည်း, ဓာတွန်(မ်)ကိုချေ, ဗျဉ္ဇနေစဖြင့် နိဂ္ဂဟိတ်ချေ, ဂ ဒွေဘော်လာ, ဏ္ဍပစ္စည်းချေ(ပုဂ္ဂ)၊နာမ်ငဲ့, အံသက် (ပုဂ္ဂံ၊ံ) နိဂ္ဂဟီတဉ္စ သုတ်ဖြင့် နိဂ္ဂဟိတ်လာ (ပုဂ္ဂံ၊ံ)ဟု ဖြစ်၏၊ ဤအနေတိုင်အောင် ကိုတ်ရုပ်တွက်ပြီး ဖြစ်ရမည်၊ ထို့နောက် သန္ဓိရုပ်သက်သက် တွက်သည့်အခါ "ပုဂ္ဂလံ"ကို "ပုဂ္ဂံ၊ံ (ပုဂ္ဂံ အံ)"တည်၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေသုတ်၌ ဝါသဒ္ဒါဖြင့် ဂ္ဂံ၌ နိဂ္ဂဟိတ်ကို (လ)ပြု, လကို အံသို့ကပ်, ပုဂ္ဂလံ ပြီး၏ဟု ဆို၍တွက်၊ ဤကား ဆရာသအဖွင့်အတိုင်းတည်း။

**စိစစ်ချက်**။ ။ဝိသုဒ္ဓိမဂ် ဗြဟ္မဝိဟာရနိဒ္ဒေသ၌လည်း "ပုံ ဝုစ္စတိ နိရယော (ငရဲကို ပုံဟု ခေါ်အပ်၏)၊ တသ္မိံ ဂလန္တီတိ ပုဂ္ဂလာ၊ ဂစ္ဆန္တီတိ အတ္ထော"ဟု ရှိ၏၊ ထို အလို ပုံသဒ္ဒါရူပ ပဒ ဂလဓာတ် (အ)ပစ္စည်းဖြင့် "ပုဂ္ဂလ"သဒ္ဒါ ပြီး၏၊ ထို့နောက် သိ စသည် သက်လျှင် ပုဂ္ဂလော, ပုဂ္ဂလာ, ပုဂ္ဂလံ စသည် ဖြစ်၏၊ ဆရာသ စီရင်သလို ပုဂ္ဂလံ ပြီးအောင် ရုပ်စီရင်နေဖွယ်မလို၊ ထို့ကြောင့် ဝုတ္တိဝယ် "ပုဂ္ဂလံ" ဟူသော ပါဠ်ပျက်ကို တွေ့၍ "ပုဂ္ဂံ+အံ"မှ ပုဂ္ဂလံ ဖြစ်အောင် ဆရာသ၌ ပြဟန်တူ၏၊ ဤ ဆရာသအလိုအားဖြင့် သိကို ဩ,ယောကို အာ ဧ စသည်ပြု၍ "ပုဂ္ဂံ+ဩ, ပုဂ္ဂံ+အာ, ပုဂ္ဂံ+ဧ"စသည်မှ "ပုဂ္ဂလော"စသည် ဖြစ်နိုင်ကြောင်းကို ကြံရတော့မလို ဖြစ်နေ၏၊ အချို့ သီဟိုဠ်မူ ကစ္စည်းဝုတ္တိ၌ကား "ပုဂ္ဂလံ"ဟု မရှိဘဲ "ပုလ္လိင်ံ"ဟု ရှိ၏၊ ထိုသို့ရှိမှလည်း "ပုမ+လိင်ံ"မှ "ပုမဿ လိင်္ဂါဒီသု သမာသေသု"စသော သုတ်တို့ဖြင့် "ပုံ+လိင်ံ" ဖြစ်အောင် စီရင်၍ ထို (ပုံ) ၏အဆုံး နိဂ္ဂဟိတ်ကို (လ်) ပြုရသောကြောင့် သာ၍ အဓာင်ပြေဖွယ် ရှိ၏၊ ရူပသိဒ္ဓိမှာလည်း "ပုလ္လိင်ံ"ရုပ် ပါသည်။

မေဟဉ် ၃၂။ ပရေ-သော၊ ကောရ ဟကာရေ-ဧ အက္ခရာ ဟ အက္ခရာ ကြောင့်၊ နိဂ္ဂဟီတံ, ဉ ကာရံ-ဉ အဖြစ်သို့၊ ဝါ, ပပ္ပေါတိ-ဝိကပ် ရောက်၏၊ ပစ္စတ္တသ္မေဝ ပရိနိဗ္ဗာယိဿာမ်, တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ,

ဝါတိကသ္မာ, န တံ ကမ္မံ—သုတ်၌ပါသော ဝါသဒ္ဒါအပိုဖြင့်ပြခဲ့သော အတ္ထန္တရ ဝိကပ္ပန အနက်အပြင် ဝိကပ်အနက်ကိုလည်း ပြနိုင်သောကြောင့် "ဝါတိ ကသ္မာ"ဟု မိန့်ရပြန်သည်၊ ဤစကားအရ သုတ်၌ အပိုဆိုအပ်သော ဝါသဒ္ဒါသည် သမုစ္စည်းဟု ခေါ်ကြသော အတ္ထန္တရ ဝိကပ္ပနအနက်, တစုံတခု အနက်ထူးကို မပြပဲ ရုပ် ၂ မျိုး ရှိကြောင်းကိုသာ ပြသော ကေဝလဝိကပ္ပန အနက်အားဖြင့် အနက် ၂ မျိုး ရှိသည်ဟု မှတ်။ [ကေဝလ=အတ္ထန္တရ မဖက် သက်သက်+ဝိကပ္ပန=ထူးအောင် စီရင်ခြင်း, တမျိုးတဖုံ စီရင်ခြင်း။] "ဤသုတ်ဖြင့် နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြုခြင်းမှာ တမျိုးတဖုံ စီရင်ခြင်းသာ ဖြစ်၏၊ ဤသုတ်ဖြင့် ဝဂ္ဂန္တမပြုပဲလည်း ရုပ် ရှိနိုင်သည်"ဟု ဝိကပ်အနက် ရှိသော ဝါသဒ္ဒါက ပြ၏၊ ထို့ကြောင့် "တံ+ကမ္မံ"ကို "တံ+ကမ္မံ" ဟုပင် တည်၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ သုတ်ဖြင့် နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ (င်) ပြုသင့်သော်လည်း ဝါသဒ္ဒါမြစ် သောကြောင့် မပြုရ၊ အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ သုတ်ဖြင့် နိဂ္ဂဟိတ်ကို အံပြု၊ (အ ကား ရွတ် ဖြစ်ရုံသာ, နိဂ္ဂဟိတ် ထပ်ပြုခြင်းဖြစ်သည်၊) တံ ကမ္မံ ပြီး၏၊ "ကတံ သာဓု"ကား ဝဂ်ဗျည်းမနှောင်း, သဗျည်း နှောင်းသောကြောင့် ဤသုတ်၏ ပုံစံမဟုတ်, တွဲဖက် ဖြစ်၍ ပါနေသည်၊ [ရူပသိဒ္ဓိ၌ ဝိကပ္ပနတ္ထဝါကို မပြပဲ နိစ္စဝိဓိ စသည်ကို ပြသော ဝဝတ္ထိတဝိဘာသတ္ထဝါနှင့် အတ္ထန္တရဝိညာပနတ္ထဝါဟု ဝါ အနက် ၂မျိုးကိုပြသည်။]

[ဆောင်] ဤသုတ်၌ပြ, ဝါသဒ္ဒကား, သမုစ္စယဟု, ခေါ်ရိုး ပြု၍, ယခု တဖန်, ခေါ်ဖို့ကြံသည့်, အတ္ထန္တရ, ဝိကပ္ပနနှင့်, ကေဝလဝိကပ်, ဤနှစ်ရပ်, ပြအပ်နိုင်လေသည်။

အရှင်ကစ္စည်းအာဘော်။ ။ချာသနှင့် ရူပသိဒ္ဓိ စသည်တို့က "ပရော ဝါ သရော"သုတ်၌ ဝါသဒ္ဒါရှိပြီးဖြစ်သောကြောင့် ဤသုတ်လာ ဝါသဒ္ဒါကို "သဒ္ဒါပို" ဟု ယူပြီးလျှင် ထို သဒ္ဒါပိုဖြင့် နိဂ္ဂဟိတ်ကို (လ) လည်းပြုဟု ကစ္စည်းဝုတ္တိကို ထောက်ခံ ဖွင့်ဆိုကြသော်လည်း အရှင်ကစ္စည်းဆရာ၏ အာဘောဂ (နှလုံးသွင်း) မှာ ထိုအတိုင်း ဟုတ်ဟန်မတူ၊ ကာတန္တ၌ ဝဂ္ဂေ တဒ္ဓဂ္ဂပဉ္စမံ ဝါ"ဟု ဝါနှင့်တကွ ရှိသောကြောင့် ထိုသုတ်အတိုင်းပင် "ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ"ဟု ဝါသဒ္ဒါနှင့်တကွ တည်ဟန်တူသည်၊ ကာတန္တ၌ ဝါသဒ္ဒါကား ဖွင့်ရိုးဖွင့်စဉ် ဝိကပ္ပနတ္ထ ပင်တည်း၊ ထို့ကြောင့် "တွက်-ရောသိ=တွံ+ကရောသိ"စသည်ဖြင့် ဝိကပ်ရုပ်နှင့်တကွ ပုံစံ ၂ ခု တွဲ၍ပြသည်၊ သို့ဖြစ်လျှင်"ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ"သုတ်လာ ဝါသဒ္ဒါလည်း အပိုမဟုတ်, ထုံးစံအတိုင်း ဝိကပ္ပနတ္ထပင် ဖြစ်သင့်သည်။ ["ဝဂ္ဂေ-ဝဂ်ဗျည်းကြောင့်၊ အနုသွရော-နိဂ္ဂဟိတ်သည်၊ တဒ္ဓဂ္ဂပဉ္စမံ (တဗ္ဗဂ္ဂပဉ္စမံ) - ထို နှောင်းသော ဝဂ်၏ ပဉ္စမအက္ခရာအဖြစ်သို့၊ ဝါ အာပဇ္ဇတေ - ဝိကပ်ရောက်၏"ဟု ကာတန္တ သုတ်နက်ပေး။] သဒ္ဒနီတိ၌လည်း ဝါသဒ္ဒါကို ဝိကပ်ရိုးရိုးသာ ကြံ၏၊ "သလ္လီနော=သံ+လီနော, ပုလ္လိင်္ဂ=ပုံ+လိင်္ဂ" စသော ရုပ်များ ပြီးဖို့ရန်ကား "လေ လကာရံ=လ နှောင်းရာ၌ နိဂ္ဂဟိတ်ကို လ ပြု" ဟု သီးခြား သုတ်တည်လေသည်။

ဧဝဍ္ဍိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ, တဍ္ဍိ တဿ မုသာ ဟောဟိ-ပစ္စတ္တသုဒ္ဓဝါပေါ၊ တဍ္ဍိ တဿ မုသာ ဟောတိ, စသည်တည်း၊ ဝါတိ ကသ္မာ ဝုတ္တံ၊ ဧဝမေတံ အဘိညာယ, ဧဝံ ဟောတိ သုဘာသိတံ-ဧဝမေတံ၊ပေ၊ သုဘာသိတံ, စသော ပြယုဂ်တို့၌၊ပေ၊ ၄၁၊ ဝုတ္တံ-၏။ (၅၀)။

**သ-ယေစ** ၃၃။ ပရေ-သော၊ ယကာရေ-ယ အက္ခရာကြောင့်၊ နိဂ္ဂဟီတံ-သည်၊ ယကာရေန-နိမိတ်ဖြစ်သော ယ အက္ခရာနှင့်၊ သဟ-တကွ၊ ဉ ကာရံ-သို့၊ ဝါ, ပပ္ပေါတိ-၏၊ သညောဂေါ, သညုတ္တံ-သညောဂေါ, သံယုတ္တံ, စသည်တည်း၊ ဝါတိ ကသ္မာ ဝုတ္တံ၊ သံယောဂေါ, သံယုတ္တံ-သံယောဂေါ, သံယုတ္တံ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုး၄၁၊ ဝုတ္တံ-၏။ (၅၁)။

---

**၃၂။ ပုံစံနက်နှင့် ရုပ်တွက်။** ။[အနက်ကို ကြည့်၍ ပုဒ်ဖြတ်ပုံကို သိပါ။] ပစ္စတ္တံဧဝ-မိမိကိုယ်တိုင်ပင်၊ ပရိနိဗ္ဗာယိဿာမိ-ပရိနိဗ္ဗာန် ပြုအံ့၊ ဧွ-၌ သင်မေးအပ်သော အချက်၌၊တံ ဧဝ-သင့်ကိုပင်၊ ပဋိပုစ္ဆိဿာမိ-ပြန်မေးအံ့၊ ဘိက္ခဝေ-တို့၊ဧဝံဟိ-၌သို့သာ၊ ဝေါ-သင်တို့သည်၊ သိက္ခိတဗ္ဗံ-ကျင့်ရာ၏၊ တဿ-ထိုသူ၏၊ တံ-ထိုစကားသည်၊ (ဟိ-အနက်မရှိ၊) မုသာ-ချွတ်ယွင်းသည်၊ ဟောတိ၊ ဧဝံ-၌သို့၊ ဧတံ-၌အကြောင်းကို၊ အဘိညာယ-သိ၍၊ ဧဝံ-၌သို့ ဆိုအပ်သော်၊ သုဘာသိတံ-ကောင်းစွာ ဆိုအပ်သည်၊ ဟောတိ၊ [ရုပ်ကို အခြေပြု ကြည့်၍ တွက်၊ ကိံ ရုပ်၌ "ဧဝံ+ဧတံ"တည်, ၌သုတ်ဖြင့် ဧ နှောင်းသောကြောင့် နိဂ္ဂဟိတ်ကို ဉ ပြုသင့်သော်လည်း ဝါသဒ္ဒါမြစ်သောကြောင့် မပြုရ၊ မဒါသရေသုတ်ဖြင့် နိဂ္ဂဟိတ်ကို (မ်)ပြု, မ ကို ဧ သို့ကပ်၊ ဧဝံ+ဟောတိ၌ ဟ နှောင်းသောကြောင့်ဟု ဆို၍ ဝါမြစ်, အံဗျဉ္ဇနေ နိဂ္ဂဟီတံ သုတ်ဖြင့် နိဂ္ဂဟိတ်ကို အံပြု, ပြီး၏။] ၶ္ဓသုတ်မှလိုက်သော ဝါသဒ္ဒါကို ၶ္ဓာသ၌ ဝိကပ်အနက်ရှိ၏ဟု ဆို၏၊ ထိုအတိုင်း ပေးလိုက်သည်၊ ရူပသိဒ္ဓိ၌ကား ဝဝတ္ထိတဝိဘာသတ္ထ ဟု ဆို၏, ရူလေတော့။

**၃၃။ ပုံစံနက်နှင့် ရုပ်တွက်။** ။သံယောဂေါ-ယှဉ်ခြင်း၊ သံယုတ္တံ-ယှဉ်စပ်အပ်၏၊ ရုပ်ကို အခြေပြု၍ တွက်ခဲ့ပြီ၊ ကိံ ရုပ်၌ သံယောဂေါကို "သံ+ယောဂေါ" ဟု တည်, သယေစ သုတ်ဖြင့် ယကြောင့် နိဂ္ဂဟိတ်ကို ဉ ပြုသင့်သော်လည်း ဝါသဒ္ဒါ မြစ်သောကြောင့် မပြုရ, အံဗျဉ္ဇနေ နိဂ္ဂဟီတံသုတ်ဖြင့် နိဂ္ဂဟိတ်ကို အံပြု၊ သံယုတ္တံလည်း နည်းတူ။

**သဟယကာရေန**—သဟသည် သ၏ အဖွင့် (သုတ္တဝုတ္တိ) တည်း၊ ရူပသိဒ္ဓိအလို သဟမှ ဟကို တေသုဝုဒ္ဓိသုတ်ကြီးဖြင့် ချေ၍, ၶ္ဓာသ-အလို တေသုဝုဒ္ဓိသုတ်ဖြင့် သဟကို သပြု၍ ပြီးသည်၊ထိုသို့ ဟကိုချေခြင်း, သို့မဟုတ် သဟကို (သ) ပြုခြင်းသည် ရွတ်ဆိုရာ၌ ချောမောခြင်း သုခုစ္စာရဏ အကျိုးရှိ၏၊ သဟသဒ္ဒါသည် "နှင့်"ဟု အနက်ပေးရသော သဟယောဂပုဒ်ကို ငဲ့၏၊ ထို့ကြောင့် သဟယောဂပုဒ်ကို ရှာသည့်အခါ ၌သုတ်၌ပင် "ယေ-ယကြောင့်"ဟူသော နိမိတ်ပုဒ်ကို တိုက်ရိုက် တွေ့ရ၏၊ "တိုက်ရိုက်တွေ့ရသောအရာနှင့် မှန်းဆ ရှာဖွေအပ်သော အရာ ၂ မျိုးတွင် တိုက်ရိုက်

မဒါသရေ ၃၄။ ပရေ သရေ နိဂ္ဂဟီတဿ-၏၊ မကာရ ဒကာရာဒေသာ-မ အပြု, ဒ အပြုတို့သည်၊ ဝါ, ဟောန္တိ-ဝိကပ်ဖြစ်ကုန်၏၊ တ-မဟံ ဗြူမိ ဗြာဟ္မဏံ, တေဒဝေါစ သတ္ထာ တမဟံ၊ပေ၊ တေဒဝေါစ သတ္ထာ-စသည် တည်း၊ ဝါတိ ကသ္မာ ဝုတ္တံ၊ အကောစ္ဆိမံ၊ပေ၊ အဟာသိ မေ-အက္ကောစ္ဆိမံ၊ပေ၊ အဟာသိ မေ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ၊ (၅၂)။

---

တွေ့ရသော အရာသည် သာ၍ သေချာ၏, သာ၍ အားရှိ၏”ဟု ပရိဘာသာရှိသော ကြောင့် ထို “ယေ”ဟူသော နိမိတ်ကိုပင် “သဟယောဂ”လုပ်၍ “ယကာရေန” ဟု ပက္ခ်ပနဝုတ္တိကို ဖွင့်ရသည်၊ [“သုတာ-နုမိတေသု သုတမေဝ ဗလဝံ=ကြားသိ အပ်ပြီးနှင့် မှန်းဆအပ်သော အနက် ၂ မျိုးတွင် ကြားသိအပ်ပြီးက အားရှိ၏” (ပရိဘာသာ)။]

**ဝါနှင့် စသဒ္ဒါ**။ ။ချာသ၌ ဝါသဒ္ဒါကို ဝိကပ်အနက်ရှိသည်-ဟုပင် ဆို၏၊ “ဝါတိ ကသ္မာ၊ သံယောဂေ”ဟု မူလပုံစံ၏ ဝိကပ်ရုပ်ကိုပြသော ဝုတ္တိလည်း ဝါကို ဝိကပ်အနက်ပင် ဆိုလိုသည်၊ ရူပသိဒ္ဓိ၌ကား ပြယုဂ်များကို တထစ်ချ သတ်မှတ်၍ ရကောင်းလျှင် ဝါသဒ္ဒါကို ဝဝတ္ထိတဝိဘာသာ အနက်ရှိ၏-ဟုချည်း ဖွင့်လေ့ရှိ၍ ဤသုတ်လာ ဝါသဒ္ဒါကိုလည်း ဝဝတ္ထိတဝိဘာသာဟုပင် ဖွင့်သည်၊ ထိုအဖွင့်၏ အဓိပ္ပာယ်ကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု၊ယေစ၌ စသဒ္ဒါသည် ရှေ့သုတ်မှ “ဥ”ကို ငင်ယူခြင်း အနုကဍ္ဎန အနက်ရှိ၏-ဟု ဖွင့်ကြ၏၊ [စ ဖြင့် ငင်ရကျိုး အကျယ်ကို ရူပသိဒ္ဓိဘာသာဋီကာ ပုဗ္ဗောစသုတ်၌ ဖွင့်ထားပြီ။]

**၃၄။ ပုံစံနက်နှင့် ရုပ်တွက်**။ ။အဟံ-ငါသည်၊ တံ-ထိုသူ့ကို၊ ဗြာဟ္မဏံ-ဗြာဟ္မဏဟူ၍၊ ဗြူမိ-မိန့်တော်မူ၏၊ သတ္ထာ-သည်၊ တံ-ဤစကားကို၊ အဝေါစ-မိန့်တော်မူပြီ၊ [အက္ကောစ္ဆိမံ,စသည်ကို အနက်ပေးခဲ့ပြီ ရုပ်ကို အခြေပြု၍ တွက်ခဲ့ပြီ။] ကိံရုပ်၌ “အက္ကောစ္ဆိမံ+အဝဓိမံ+အဇိနိမံ+အဟာသိမေ”ဟု တည်, မဒါ သရေ သုတ်ဖြင့် အသရကြောင့် မ ၃ လုံးနောက်ရှိ နိဂ္ဂဟိတ်ကို (မ်) ပြုသင့်သော်လည်း ဝါသဒ္ဒါ မြစ်သောကြောင့် မပြုရ, ပြီး၏။

**ဝါဟောန္တိ**—ဤသုတ်၌ လိုက်လာသော ဝါကို ချာသ၌ ဝိကပ်ဟုပင် ဖွင့်၏၊ ရူပသိဒ္ဓိ၌ကား ဝဝတ္ထိတဝိဘာသတ္တဟု ဖွင့်၏၊ ရူပသိဒ္ဓိ သတ်မှတ်ပုံကို ရူမှာ ရှုလေ၊ သဒ္ဒနီတိ၌ကား “နပုံသကေ ယတေတေဟိ ဒေါ သရေ ပါယေန=နပုံလိင်၌ သရ နှောင်းရာဝယ် များသောအားဖြင့် ယ တ တေတို့မှ နောက်၌ နိဂ္ဂဟိတ်ကို (ဒ) ပြု” ဟု (၁၄၂) သုတ် တည်၍ ယ-ဒမြဝိ-ယံ+အမြဝိ-အကြင်စကားကို ဆိုပြီ၊ တဒေဝါ ရမဏံ-တံ+ဧဝ အာရမဏံ-ထို အာရုံကိုပင်၊ တေ-ဒဝေါစ သတ္ထာ, စသည်ကို ပုံစံ ထုတ်၏၊ [များသောအားဖြင့် ဒပြု”ဟု ဆိုသောကြောင့် “ယမေတံ ဝါရိဇံ”၌ ပုပ္ဖံကိုငဲ့၍ နပုံလိင်, “ယ မဟံ ဝဒါမိ=အကြင် စကားကို ငါဆို၏”၌ ဝစနံကိုငဲ့၍ နပုံလိင်ဖြစ်သော ယ အက္ခရာ၏ နောက်၌ နိဂ္ဂဟိတ်ကို ဒ မပြုပဲ (မ) အပြုလည်း အနည်းငယ်ရှိသေး၏—ဟု မှတ်။]

**ယ ဝ မ ဒ န တ ရ လာစာဂမာ**

၃၅။ ပရေ သရေ, ယကာရော-ယ အက္ခရာသည်လည်းကောင်း၊ [ဤအတိုင်းပေး၊] လကာရော - သည်လည်းကောင်း၊ ဣမေ-ဤအက္ခရာတို့သည်၊ အာဂမာ-လာကုန်သည်၊ ဝါ, ဟောန္တိ-ဝိကပ်ဖြစ်ကုန်၏၊ နယိမဿ ဝိဇ္ဇာ, ယထယိဒံ စိတ္တံ, မိဂိဘန္တာ ဝုဒိက္ခတိ, သိတ္တာ တေ လဟု မေဿတိ, အသိတ္တာ တေ ဂရု မေဿတိ, အဿော ဘဒြော ကဿာမိဝ, သမ္မာ ဒညာ ဝိမုတ္တာနံ, မနသာ ဒညာ ဝိမုတ္တာနံ,

---

၁၄၃။ မော ဇုတခရေ=အခြား ပုလ္လိင် ဇုတ္တိလိင်ဖြစ်သော ယ တ ဧတတို့ နောက်ရှိ နိဂ္ဂဟိတ်ကို (မ) ပြု၊ယမာဟု ဒေဝေသု သုဇမ္ပတီတိ=အကြင်သူ့ကို နတ်တို့၌ သုဇမ္ပတိဟု ခေါ်ကြ၏၊ [“ယံ” ပုလ္လိင်၊] ”တမတ္ထံ (တံ+အတ္ထံ) ပကာသေန္တော, ဧတ-မတ္ထံ (ဧတံ+အတ္ထံ) ဝိဒိတွာ,ဒုတိယမ္ပိ ဧတ-မတ္ထံ ဝဒါမိ” တို့၌လည်း အတ္ထနှင့်လိင်တူသော ပုလ္လိင်တည်း၊ တ-မဗြဝိ မဟာရာဇာ=သိဥ္စည်းမင်းကြီးသည်၊ တံ မဒ္ဒိံ—ထို မဒ္ဒီကို၊ အဗြဝိ-ပြီ၊ ဤ၌ “တံ”သည် ဇုတ္တိလိင်တည်း။

၁၄၄။ သမာသေ ဒေါ တိလိင်ေ=သမာသ်၌ကား လိင် ၃ ပါး၌ပင် နိဂ္ဂဟိတ်ကို ဒပြု၊ ယဿ သဒ္ဒဿ ပဒဿဝါ အနန္တရံ ယဒနန္တရံ၊ ဤ၌ သဒ္ဒဿငဲ့၍ ယဿ၌ ယသည် ပုလိင်, ပဒဿငဲ့လျှင် နပုလ္လိင်၊ “ယဿာ ဂါထာယ အနန္တရံ ယဒနန္တရံ” ၌ကား ဂါထာကိုငဲ့၍ ဇုတ္တိလိင်၊ ယံ+အနန္တရံ—အကြင်သဒ္ဒါ, ပုဒ်, ဂါထာ၏ အခြားမဲ့၌၊ ထို့အတူ “တဒနန္တရံ-တံ+အနန္တရံ”လည်း သိလေ၊ ဧတဒဝေါစ-ဧတံ+အဝေါစ-ထိုသဒ္ဒါ, ပုဒ်, ဂါထာ၏အနက်၊ [သမာသ်ရုပ်တွက်ရာ၌ “ယ+အနန္တရ” ဟု ပကတိ ပြုပြီးသည့်အခါ နိဂ္ဂဟီတဇုသုတ်ဖြင့် နိဂ္ဂဟိတ်လာ၍ ထို နိဂ္ဂဟိတ်ကို ဒပြုသည်။]

၁၄၅။ သေသတော မောဒေါစ သရေဝါ ဗျဉ္ဇနေဝါ=သရနှောင်းသည်ဖြစ်စေ, ဗျည်းနှောင်းသည် ဖြစ်စေ ယ တ ဧတတို့မှ ကြွင်းသော သဒ္ဒါတို့၏ နောက်၌ရှိသော နိဂ္ဂဟိတ်ကို (မ်-ဒ်) ၂ မျိုးလုံး သင့်သလိုပြု၊ ဝေမေတံ အဘိညာယ, အဟမေဝ, တွမေဝ, ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ, ဓမ္မမ်၊ ပေ၊ သံဃမ် သရဏမ် ဂစ္ဆာမိ, သဒ္ဓါ, သဒ္ဒဟနာ, တဒ္ဓိတံ-စသည်တည်း၊ ဤ၌ “ဗုဒ္ဓံ+သရဏံ+ဂစ္ဆာမိ (စသည်) သံ+ဓာ, သံ+ဒဟနာ, တံ+ ဓိတံ” ဟု တည်၍ ဗျည်းနှောင်းရာ၌ နိဂ္ဂဟိတ်ကို (ဒ်) ပြုသည်၊ [ရူပသိဒ္ဓိ၌ကား “မဒါ” ယောဂဝိဘာဂဖြင့် ဗျည်းနှောင်းရာ၌ “မ-ဒ”ပြု၏၊ ရှုအဖွင့်၌ ရှုလေ။] မောဂ္ဂလ္လာန်၌မူ “မယဒါသရေ” ဟု သုတ်တည်၍ “တယိဒံ=တံ+ဣဒံ”၌ နိဂ္ဂဟိတ်ကို ယပြု ဟုလည်း မိန့်သေးသည်။

[ဆောင်] နိတိ ထုတ်သမျှ, အချုပ်ပြုပိမ့်၊ ဝါကျ၌မှာ, နပုံသာတည်း, သမာသဝယ်, သုံးသွယ်လိင်, ယ တ ဧတာ, သဒ္ဒါနောက်ရှိ, နိဂ္ဂဟိကို, ဒပြုဆို၏၊ ထိုမှ ကြွင်းတောင်း, ပုဒ်ပေါင်း ယ-တ, ဧတ တို့ဝယ်, (မ်) ပြုဖွယ်သာ, သွယ်သွယ် ကြွင်းသမျှ, ပုဒ်နောင်မှကား, သရဗျဉ္ဇနနှောင်းတိုင်းရလျက်, မ-ဒ ၂ ခု,သင့်ရာပြုသည်, မှတ်ရူ ယောဘုယျချည်းတည်း။

အတ္တ ဒတ္ထ မဘိညာယ, စိရံ နာယတိ, ဠတော နာယတိ, ယသ္မာ တိဟ ဘိက္ခဝေ, တသ္မာ တိဟ ဘိက္ခဝေ အဇ္ဇတဂ္ဂေ ပါဏုပေတံ, သဗ္ဗိရေဝ သမာ သေထ, အာရဂ္ဂေရိဝ သာသပေါ, သာသပေါရိဝ, အာရဂ္ဂေ, ဆဠဘိညာ, သဠာယတန်-နယိမဿာပေ၊ သဠာယတနံ, စသည်တည်း။

---

၃၅။ ယဝမဒနတရလာ။ ။''ယောဝ+ ဝေါဝ+ မောဝ+ ဒေါဝ+ နောဝ+ တောဝ+ရောဝ+လောဝာတိ ယဝမဒနတရလာ'' ဟု အသမာဟာရဒွန်သမာသ် ဝိဂြိုဟ်ပြု၊ ရှေ့မှ လိုက်လာသော ဝါသဒ္ဒါကို ရူပသိဒ္ဓိ၌ ဝဝတ္ထိတဝိဘာသာဟု ဆို၍ ''မည်သည့်သဒ္ဒါနောင်သာ ယ-ဝ စသည် လာရမည်ဟု သတ်မှတ်ပြ၏၊ ချာသဒ္ဒကား (ဝါ၏အနက်ကို အထူးမဆိုသဖြင့်) ဆိုရိုးဆိုစဉ် ဝိကပ်ပင် ဆိုလိုဟန်တူသည်၊''န+ ဣမဿ'' စသည်တည်၍ ရုပ်ကို အခြေပြုနည်းအတိုင်း တွက်၊ ဆ+အဘိညာ၌''လ-ဠ'' မထူးသောကြောင့် သုတ်၌ လရှိသော်လည်း ဠကြီး လာနိုင်သည်၊ ကိံရုပ်၌ ''မဟိဒ္ဓိ ယာ+သော''ဟု တည်၊ ယဝမဒန စသောသုတ်ဖြင့် ယ စသည်နောင် တခုခု လာသင့်သော်လည်း ဝါသဒ္ဒါ မြစ်သောကြောင့် မလာရ, ပြီး၏၊ ''မံ+အဝမိ'' တည်, အသရကြောင့် ယ စသည် လာသင့်သော်လည်း, စသည်ဆို၊ မံ+အဇိနိ၌လည်းကောင်း, မံ+အဟာသိ'' ၌လည်းကောင်း နည်းတူ။

**ယ-လာပုံ။** ။[အနက်ပေးပုံကြည့်၍ ပုဒ်ဖြတ်ရပုံကိုလည်း သိပါ။] ဣမဿ-၏ သူ၏၊ ဝိဇ္ဇာ-အတတ်သည်၊ န-မရှိ၊ ဣဒံ ယထာ-၏စိတ်ကဲ့သို့။

**ဝ-လာပုံ။** ။မိဂီ—သမင်မသည်၊ ဘန္တာ-တုန်လှုပ်လျက်၊ ဥဒိက္ခတိ-ကြည့်၏။

**မ-လာပုံ။** ။တေ-သင်၏၊ သိတ္တာ-ကိလေသာ ရေဝန်ကို သွန်ပြီးသော အတ္တဘော လှေသည်၊ လဟု-လျင်စွာ၊ ဧဿတိ-နိဗ္ဗာန်ရောက်လတ္တံ့၊တေ-သင်၏၊ အသိတ္တာ-မသွန်ရသေးသော လှေသည်၊ ဂရု—လေးစွာ၊ ဧဿတိ-လတ္တံ့၊ ဘဒြော-ကောင်းသော၊ အဿော-မြင်းသည်၊ ကသာ—ကြိမ်မှ၊ အပဝင္ဇေတိ ဣဝ-ရှောင်သကဲ့သို့၊ [မြင်းကောင်းသည် ကြိမ်မှ ရှောင်ရှား၍ ကြိမ်အတို့ မခံ ရအောင် သွားသကဲ့သို့, အကြင်သူသည် ကဲ့ရဲ့ဖွယ်ကို ရှောင်၏၊''ယော နိန္ဒံ အပဝင္ဇေတိ, အဿော ဘဒြော ကသာမိဝ'' ပါဠိရင်းတည်း။]

**ဒ-လာပုံ။** ။သမ္မာ-ကောင်းစွာ၊ အညာ— သိ၍၊ ဝိမုတ္တာနံ— ကိလေသာမှ လွတ်သူတို့၏၊ မနသာ-စိတ်ဖြင့်၊ အညာ-သိ၍၊ ဝိမုတ္တာနံ—တို့၏၊ အတ္တအတ္ထံ-မိမိအကျိုးကို၊ အဘိညာယ—သိ၍။

**န-လာပုံ။** ။စိရံ-ကြာမြင့်စွာ၊အာယတိ—နောက်ကာလ၌၊ ဣတော—၏အခါမှ၊ အာယတိ—၌၊ [''န ခေါ နေတန္တိ ဓတ္တေ-နခေါ တော၊ နကာရော ပနေတ္ထ ဗျဉ္ဇန သန္ဓိ မတ္တမေဝ''ပဲသော မဟာဝဂ္ဂသံယုတ် ဆဠဝဂ္ဂဋ္ဌကထာ၌လည်း ''နိ'' ဖျည်းလာ။]

ဝါတိ ကသ္မာ ဝုတ္တံ၊ ဧဝံ မဟိဒ္ဓိယာ သော, အက္ကောစ္ဆိမံ၊ပေ၊ ဧဟာသိ မေ, အဇေယျော အနုဂါမိယော-ဧဝံ မဟိဒ္ဓိယာ၊ပေ၊ အနုဂါမိယော, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ-၏၊ ဣဓေဝ-ဤသုတ်၌ပင်၊ စဂ္ဂဟဏေန-ဖြင့်၊ မကာရဿ-မ အက္ခရာ၏၊ ပကာရော-ပ အပြုသည်၊ ဟောတိ၊ [ယထာ-ဥဒါဟရဏ်ကား၊(အချို့ စာ၌မပါ)]၊စိရပ္ပဝါသိံ ပုရိသံ-စိရပ္ပဝါသိံ ပုရိသံ, စသည်တည်း၊ ကကာရဿစ-က အက္ခရာ၏လည်း၊ ဒကာရော-ဒ အပြုသည်၊ ဟောတိ၊ ယထာ-ကား၊ သဒတ္ထ ပသုတော သိယာ-သဒတ္ထ ပသုတော သိယာ, စသည်တည်း- ဒ ကာရဿ-ဒ အက္ခရာ၏လည်း၊ တ ကာရော-တ အပြုသည်၊ ဟောတိ၊ ယထာ-ကား၊ သုဂတော-သုဂတော, စသည်တည်း။(၃၄)။

---

တ-လာပုံ။ ။ဘိက္ခဝေ-တို့၊ ယသ္မာ-အကြင့်ကြောင့်၊ ဣဟ-ဤလောက၌၊ တသ္မာ-ထို့ကြောင့်၊ပေ၊ အဇ္ဈတဂ္ဂေ-ယနေ့ကို အစပြု၍၊ ပါဏုပေတံ-အသက်တို့ဖြင့် ဆည်းကပ်သည် မည်လောက်အောင်၊ [ပါဏေဟိ-အသက်တို့ဖြင့်၊ ဥပေတော-ဆည်းကပ်သူတည်း၊ ပါဏုပေတော-သူ၊ တံ ပါဏုပေတံ-ထို အသက်တို့ဖြင့် ဆည်းကပ်သူ မည်လောက်အောင်၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂတံ-ဆည်းကပ်သော၊ ဤသို့ အဋ္ဌကထာဖွင့်သည်။]

ရ-လာပုံ။ ။သဏ္ဍိဝေ-သူတော်ကောင်းတို့နှင့်သာ၊ သမာသေထ- ပေါင်းသင်းရာ၏၊ အာရဂ္ဂေ-အပ်ဖျား၌၊ သာသပေါဣဝ-မုန်ညင်းစေ့ကဲ့သို့၊ [“အာရာ” သဒ္ဒါသည် အပ်ကိုလည်းကောင်း, အပ်နဖားထွင်းသော စူးကိုလည်းကောင်း ဟော၏။]

လ-လာပုံ။ ။ဆ အဘိညာ-၆ ပါးသော အဘိညာဉ်တို့၊ သ အာယတနံ-၆ ပါးသော အာယတန။

ဝါ-ပုံစံ။ ။သော-ဤ ကောင်းမှုသည်၊ ဧဝံ မဟိဒ္ဓိယာ-ဤသို့ ကြီးသော တန်ခိုးရှိ၏၊ သကတ္တပသုတော-မိမိအကျိုး၌ လေ့ကျက်သည်၊ သိယာ-ဖြစ်ရာ၏၊ ကျန်ပုဒ်များကို အနက်ပေးခဲ့ပြီ။

မှတ်ချက်။ ။“မိဂီ ဘန္တာ ဝုဒိက္ခတိ”ကို “လုဒ္ဒံ ဥဒိက္ခန္တိ မိဂီဝ မံ ဥဒိက္ခတိ” ဟု ဥမ္မာဒန္တီ ဇာတက ဋ္ဌကထာဖွင့်သောကြောင့် (ဝ) အာဂုံ မဟုတ် “ဘန္တာဝ= ဘန္တာ ဣဝ”ဟု ဥပမာဇောတက ဣဝသာ ဖြစ်သင့်၏၊ ထို့ကြောင့် ဝလာရာ၌ “တိဝင်္ဂိကံ=တိ+အင်္ဂိကံ”စသည်ကိုသာ ပုံစံထုတ်သင့်သည်၊ “တသ္မာတိဟာတိ-တသ္မာဇ္ဇစ္စေဝ ဝုတ္တံ ဟောတိ, တိကာရ ဟကာရာ နိပါတာ”ဟူသော မူလပဏ္ဏာသ မူလပရိယာယသုတ္တ ဋ္ဌကထာအလိုအားဖြင့် တိနှင့် ဟအက္ခရာတို့သည် နိပါတ်သာ ဖြစ်သောကြောင့် “တ”သည် အာဂုံမဟုတ်၊ “အဇ္ဇတဂ္ဂေတိ အဇ္ဇတံ+အာဒိံ ကတွာ”ဟု ဖွင့်သော ပါရာဇိကဏ်အဋ္ဌကထာ စသည် အလိုအားဖြင့် အဇ္ဇတံ၌ “တ”လည်း အာဂုံမဟုတ်, ဘော အနက်ဟော တာ ပစ္စည်း၏ ဒုတိယန္တ‌ဖြစ်သော

**ကစ္စိ ဩ ဗျဉ္ဇနေ**

၃၆။ ပရေ ဗျဉ္ဇနေ ကွစိ, ဩကာရာဂမော ဩ လာသည်၊ ဟောတိ-၏၊ အတိပ္ပဂေါ ခေါ၊ တာဝ သာဝတ္ထိယံ ပိဏ္ဍာယ စရိတုံ, ပရောသဟဿံ-အတိပ္ပါ၊ပေ၊ ပရောသဟဿံ, စသည်တည်း၊ ကွစီတိ ကသ္မာ ဝုတ္တံ၊ ဧဝေ ပဿထိမံ လောကံ၊ အန္ဓိဘူတော အယံ လောကော-ဧဝေ

---

''တံ''ကို နိဂ္ဂဟိတ်ချေ၍ သန္ဓိစပ်ခြင်းသာတည်း၊ ထို့ကြောင့် မဟာဝဂ္ဂသံယုတ် ဝေဠုဝဂါမသုတ်၌''တမတဂ္ဂေ မေတိ-တမအဂ္ဂေ၊ မဇ္ဈေတကာရော ပဒသန္ဓိဝသေန ဝုတ္တော''ဟု အဋ္ဌကထာ ဖွင့်သောကြောင့် (တ) လာရာ ပုံစံအတွက် ''တမအဂ္ဂေ'' ကို ထုတ်ထိုက်၏—ဟု မောဂ္ဂလ္လာန် နိဿယ မိန့်သည်၊ [ဇုမေ-ဤသူတို့သည်၊ တမတဂ္ဂေ=အဂ္ဂတမာ-အမြတ်ဆုံး တို့သည်။] ''အဇ္ဈဒဂ္ဂေ,'ဟုလည်း ပါဌ်ရှိ၏၊ ''အဇ္ဈ+အဂ္ဂေ''ဟု ပုဒ်ဖြတ်၊ (ဒ်) လာရာ ပုံစံဖြစ်သည်၊ထို့ကြောင့် ''အဇ္ဈဒဂ္ဂေတိပိ ပါဌော ဒကာရော ပဒသန္ဓိကရော''ဟု အဋ္ဌကထာ မိန့်သည်။

**စ သဒ္ဒါ။** ။လာစာဂမာ၌ စ သဒ္ဒါဖြင့် မ ကို ပ ပြု, က ကို ဒ ပြု, ဒ ကို တ ပြု-ဟု ဆို၏၊ သုတ်ရင်းက အာဂမဝိဓိသုတ်ဖြစ်ပါလျက် သုတ်စွန်းဖြစ်သော စသဒ္ဒါက အာဒေသဝိဓိကို စီရင်ခြင်းမှာ အဆင်မပြေသကဲ့သို့ ရှိ၏၊ ထိုအတိုင်း တွက်လိုလျှင်ကား—''သကတ္ထ ပသုတော''ဟု တည်, ယဝမဒနသုတ်၌ စ သဒ္ဒါဖြင့် က ကို ဒ ပြု, ပြီး၏၊ [အနုပ္ပတ္တသဒတ္ထော ပုဒ်ဖွင့် မူလပံ အဋ္ဌကထာ၌လည်း ''ကကာရဿာယံ ဒကာရော ကတော''ဟု ဖွင့်သည်။] ''သုဂဒေါ''တည်၊ ယဝမဒနစသော သုတ်၌ စ သဒ္ဒါဖြင့် ဒကို တပြု, ပြီး၏၊ [ဒေါဓဿစ-သုတ်၌ ဆိုပြီး သုဂတောကို ထပ်၍ ဆိုရာ၌ အကျိုးထူးကို သွာနာသုတ် ''အတြဇော''ပုဒ်ကျမှ ပြအံ့၊ စိရပ္ပဝါသိံကို ဝဂ္ဂန္တံ ဝါ ဝဂ္ဂေသုတ်၌ တွက်ခဲ့ပြီ။]

**စဖြင့် ဆည်းသော အခြားအက္ခရာများ။** ။ဤ စသဒ္ဒါဖြင့် ရူပသိဒ္ဓိ၌ (ဂ) လည်း လာ-ဟု ဆည်း၏၊ ''အတိပ္ပဂေါ ခေါ''ဟု နောက်သုတ်၌ တွေ့ရလတ္တံ့၊ ''သုဟုဇုစ=သု+ဥဇုစ''၌လည်း (ဟ) လာ-ဟု သဒ္ဒနီတိ ဆို၏၊ ''မမေဝ တုဝံ သိက္ခသိ=ဇုက္ခသိ''ဟူသော အလမ္ဗုသာဇာတ်၌ သ လည်း လာဟုလည်းကောင်း, ''တေစ နဝါ ဘိက္ခူ''၏ အဖွင့်ဖြစ်သော ဥပရိပဏ္ဏာသ အာနာပါနဿတိသုတ် အဋ္ဌကထာ၌ ''တေ စာတိ စကာရော အာဂမသန္ဓိမတ္တံ''ဟု ဖွင့်သောကြောင့် (စ) လည်း လာဟုလည်းကောင်း, မောဂ္ဂလ္လာန်နိဿယ မိန့်၏၊ထိုတွင် ယ ဝ စသော အက္ခရာတို့ လာရာ၌ ဗျည်းချည်းသာ လာရ၏၊ စ အက္ခရာလာရာ၌ကား သရပါမှ ရုပ်ပြီးနိုင်သောကြောင့် ကစ္စည်းအလို တေသုဝုဒ္ဓိဖြင့် လာသင့်၏၊ ထို့ပြင်—ဟ လာရာ၌လည်း အဋ္ဌကထာတို့ဝယ် ဟ အာဂံဟု မဆိုကြ၊ ''တတ္ထ မာဟေဝန္တိ—ဟကာရော နိပါတမတ္တံ''ဟု ဟနိပါတ် အဖြစ်ဖြင့်သာ ဆိုကြသည်။

[ဆောင်] ယ ဝ မ ဒ, သုတ်၌ စဖြင့်, ဂ-သ-ဟ-စာ, အက္ခရာ လေးလုံး, လာရိုးထုံးဟု, အသုံးပါဠိ, ရှိတုံဘိလည်း, ဟ၏ နိပါတ်, တမျိုး မှတ်လျက်, စ အတွက်မှာ, သရပါ၍, တဖြာ ခွဲထုတ်, တေသုဝုစ်ဖြင့်, လုပ်လေ လာနည်း သင့်အောင်တည်း။

၊ပေ၊ အယံ လောကော, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ-၏။ (၄၇)။

၃၆။ **ပုံစံနက်နှင့် ရုပ်တွက်။** ။သာဝတ္ထိယံ-သာဝတ္ထိမြို့၌၊ ပိဏ္ဍာယ-ဆွမ်းအလို့ငှာ၊ စရိတုံ-လှည့်လည်ခြင်းငှာ၊ တာဝ အတိပ္ပဂေါ-အလွန်စောသေး၏၊ ပရော သဟဿံ-တထောင်ထက် အလွန်၊ ထေ-လာကြကုန်၊ ဧဝံ လောကံ-ဤလောကကို၊ ပဿထ- ကြည့်လှည့်ကုန်၊ အယံ လောကော- ဤသတ္တဝါအပေါင်းသည်၊ အန္ဓီဘူတော-အကန်းကဲ့သို့ ဖြစ်၍ ဖြစ်၏၊ အတိပ္ပဂေါခေါ်ကို အခြေပြုအတိုင်းတွက်၊ ပရော သဟဿံ၌ "ပရ+သဟဿံ"တည်, ဩ လာ, ရှ္ခင်း, ချေ ကပ်၊ ကိ° ရုပ်၌ "ထေ+ပဿထ"ဟု တည်၊ ကွစိ ဩ မျဉ္ဈနေသုတ်ဖြင့် ပ မျည်းကြောင့် ရှေ့၌ ဩ လာသင့်သော်လည်း ကွစိသဒ္ဒါမြစ်သောကြောင့် မလာရ, ပြီး၏၊ အန္ဓီဘူတောကို "အန္ဓ+ဘူတော"ဟု တည်၊ ကွစိ ဩ မျဉ္ဈနေသုတ်ဖြင့် ဘ မျည်းကြောင့် ရှေ့၌ ဩ လာသင့်သော်လည်း ကွစိသဒ္ဒါ မြစ်သောကြောင့် မလာရ၊ ပစ္စယာ ဒနိဋ္ဌာ နိပါတနာ သိဇ္ဈန္တိ သုတ်ဖြင့် (ဤ) ပစ္စည်းသက်, န္ဓ ခွင်း, ချေ ကပ်, အန္ဓီဘူတော ပြီး၏၊ [အချို့ကား=အယံ+လောကော"ကိုလည်း ကိ° ရုပ်ဟု ဆိုကြသေး၏၊ လ မျည်းကြောင့် ဩ လာသင့်သော်လည်း-ဟု ဆို၊ သို့သော် နိဂ္ဂဟိတ်သည် နောက်သရကို မမှီသောကြောင့် ဩ လာဖို့ရန် မသင့်ရကား ကိ° ရုပ် မဖြစ်ထိုက်။]

**ကွစိတိ ကသ္မာ**—ကွစိသဒ္ဒါ ဆိုသောကြောင့် တဒနုပရောဓေနနှင့်အညီ "အတိပ္ပ, ပရဟူသော တချို့တလေ သဒ္ဒါတို့မှ နောက်၌သာ ဩ လာရမည်"ဟု ရုပသိဒ္ဓိ၌ မိန့်၏၊ ပရော သဟဿံကဲ့သို့ "ပရောသတံ-တရာကျော်, ပရောပဏ္ဏာသံ-ငါးဆယ်ကျော်" စသည်ကိုလည်း သိလေ၊ [သဟဿတော-တထောင်ထက်+ပရံ-အလွန်တည်း"ဟူသော တပ္ပုရိသ်ဝိဂြိုဟ်အရ "သဟဿပရံ"ဟု ပြီးသင့်လျက် တေသုဝုဒ္ဓိသုတ်ကြီးဖြင့် သဟဿနှင့် ပရကို ရှေ့နောက်ပြန်၍ "ပရသဟဿ"ဟု ပြီးမှ ဩလာ၊ "သရဒေါသတံ-အနှစ်တရာပတ်လုံး"ကိုလည်း သဒ္ဒနီတိ၌ ထုတ်သေး၏၊ သို့သော် ထို"သရဒေါ"သည် မနောဂဏာဒိဂိုဏ်းဝင် ဖြစ်၍ သမာသ်အလယ်၌ "ဧတေသမော လောပေ"သုတ်ဖြင့် အ ကို ဩ ပြု ရုပ်သာ ဖြစ်သင့်သည်။]

**အတိပ္ပဂေါ ဝိနိစ္ဆယ။** ။ကစ္စည်းစသည်တို့၌ "ဂ နှင့် ဩ လာ၍ အတိပ္ပဂေါ ပြီးသည်"ဟု ဆိုကြသော်လည်း မောဂ္ဂလ္လာန်၌မူ "အတိပ္ပဂေါခေါ တာဝါတိ—ပဂေါ သဒ္ဒေါ ပဋ္ဌမန္တော၀"ဟု ဆို၏၊ ပဂေါသည် အတိပုဗ္ဗ ပဂသဒ္ဒါနောင် သိသက်, ဩ ပြု-ပ ဒ္ဓေဘော်လာ၍ ပြီးသော ပဌမန္တ နာမ်ပုဒ်ဖြစ်သည်-ဟု ဆိုလိုသည်၊ သဒ္ဒနီတိ၌ကား "ပဂေါသဒ္ဒေါ ပါတောသဒ္ဒေန သမာနတ္ထော နိပါတော=နံနက်စောစော အနက်ကိုဟောသော ပါတောသဒ္ဒါနှင့် အနက်တူ နိပါတ်ပုဒ်"ဟု ဆို၏၊ သက္ကတ အဘိဓာန်၌မူ "ပြဂေ=ပဂေ"နိပါတ်ကို တွေ့ရ၏၊ထိုတွင်"အတိပ္ပဂ ဘာဝမေဝ-အလွန် စောသေးသည်၏ အဖြစ်ကိုပင်၊ ဒိဿာ-မြင်၍"ဟု ပဂ-ပုဒ်ကို ပြထားသော ပေါဋ္ဌပါဒသုတ္တဋ္ဌကထာ အလိုအားဖြင့် အတိပ္ပဂေါ၌ ပဌမန္တ နာမ်ပုဒ်ဟု

**နိဂ္ဂဟီတဥ္စ** ၃၇။ [မဒါ သရေ-စသော သုတ်များမှ သရေ-စသော ပုဒ်တို့ လိုက်ကြသည်။] ပရေ-သော၊ သရေဝါ-ကြောင့်လည်းကောင်း၊ ဗျဥ္ဇနေဝါ-လည်းကောင်း၊ ကွစိ, နိဂ္ဂဟီတဥ္စ-သည်လည်း၊ အာဂမော-လာသည်၊ ယောတိ၊ စက္ခုံ ဥဒပါဒိ, အဝံသိရော, ယာဝဥ္စိဓ ဘိက္ခဝေ, ပုရိမံ ဇာတိံ

---

ဆိုသော မောဂ္ဂလ္လာန်ဝါဒကပင် ပါဠိသုံးနှင့် သာ၍ သင့်၏၊ နိပါတ်ဆိုလျှင် နဂိုရ် ဩကာရန္တအတိုင်း "အတိပ္ပဂေါ ဘာဝမေဝ"ဟု ရှိရလိမ့်မည်။

ပဌမံ—တနေ့လုံးတွင် ရှေးဦးစွာ၊ ဂန္တတိ ပဝတ္တတိ-ဖြစ်၏၊ ဇုတိ, ပဂေါ-မည်၏၊ နံနက်စောစောရစေ၊ ပဉပသာရသည် ပဌမ အနက်ဟောတည်း၊ ထိုသို့ (ပ) ဥပသာရ ဖြစ်သောကြောင့်ပင် "အတိပ္ပဂ"ဟု ပ ဒွေဘော်လာရသည်ဟု ကြံ၊ ပဂေဝ ပုဒ်ကဲ့သို့ ပါဥပသာရနောင် ပါဿစန္တော ရသောဖြင့် ဂ လာ,ရသပြုပြီးမှ ဩလာ၍ အတိပ္ပဂေါ ပြီးသည်ဟုလည်း ကြံကြသေး၏၊ ပေါင်ပဒသုတ် ဋီကာသစ်၌ကား ပဂသဒ္ဒါကို နာမ်-ဥပသာရ-နိပါတ်ဟု ၃ မျိုးခွဲ၍ "အတိပ္ပဂဘာဝမေဝ"၌ နာမ်, ပဂေဝ (ပါ+ဧဝ)၌ ဥပသာရ,သက္ကတအလို"ပဂေ"နိပါတ်-ဟုဆိုလိုသည်၊ "ပါတောဝ= ပဂေယေဝ=အတိပဂေဝ"ဟူသော အလင်္ကာသာဇာတကဋ္ဌကထာ၌လည်း"ပဂေ" နိပါတ်ပင်။

[ဆောင်] အတိပ္ပဂေါ, ပုဒ်သဘောဝယ်, ပြောဟောဝါဒ, ကွဲပြားကြလည်း, ပဂ ဘာဝ, ဋ္ဌကထာ ပြသည့်, ပဂကို ထုတ်, သက်သေလုပ်သော်, နာမ်ပုဒ် ဟု ကြံ, မောဂ္ဂလ္လာန်, လျော်ကန် သင့်ပေသည်။

**သီးခြားသုတ်တည်ပုံ။** ။ရှေ့သုတ်၌ စ သဒ္ဒါဖြင့် ဂ လာသကဲ့သို့ ထို့အတူ ဩလည်း လာလျှင် ဖြစ်နိုင်သည် မဟုတ်လော, အဘယ့်ကြောင့် သီးခြားလုပ်၍ ဤသုတ်ကို တည်ရသနည်း ဟု မေးဖွယ် ရှိ၏၊ အဖြေကား—ရှေ့သုတ်၌လာသော ယ-ဝ စသည်တို့သည် ဗျည်းချည်းသာ ဖြစ်၍ စ သဒ္ဒါလည်း ဗျည်းသာလာထိုက် ဗျည်းသာပြုထိုက်၏၊ ဥပမာ—အစားကြီးသူသည် ထမင်း တပွဲပြင်ကို အကုန်စားပြီး နောက်, သည့်ပြင် ရှိသေးလျှင် ယူခဲ့ဟု ဆိုရာ၌ "သည့်ပြင်"ဟူသော စကားသည် သာမည ဖြစ်နေသော်လည်း စားပြီးနှင့် အလားတူ "ထမင်း"ဟူ၍ သိရသကဲ့သို့, ထို့အတူ စ သဒ္ဒါဖြင့် အပိုလာရာ-ပြုရာ၌လည်း သုတ်ရင်းနှင့် အလားတူသော "ဗျည်းသာ"လာထိုက် ပြုထိုက်၏၊ ဩကား ဗျည်းမဟုတ်ချေ၊ ထို့ကြောင့် ရှေ့သုတ်၏ စ သဒ္ဒါဖြင့် မလာနိုင်ရကား ဩ လာသော သုတ်ကို သီးခြား တည်ရသည်။

[ဆောင်] ရှေ့သုတ်၌လာ, စ သဒ္ဒါဖြင့်, ပမာသုဘ်ရင်း, လာသည့်ခင်းသို့,မယွင်း ဗျည်းမျှ, လာသင့်စွာတည်း၊ သရဩမူ, ဇာတ်မတူ၍, တဆူ ကွဲပြား, သုတ် သီးခြားသည်, မှတ်သား ကွစိဩသုတ်တည်း။

၃၇။ **ပုံစံနက်။** ။[အနက်ပေးပုံကြည့်၍ ပုဒ်ဖြတ်ရပုံကို သိပါ၊] စက္ခု-ပညာ မျက်စိသည်၊ ဥဒပါဒိ-ထင်ရှားဖြစ်ပြီ၊ အဝသိရော-ဦးခေါင်းစောက်ထိုး၊ ဘိက္ခဝေ-တို့၊ ယာဝစ-အတိုင်းထက်အလွန်သာလျှင်၊ ဣဓ-ဤလောက၌၊ ပုရိမဇာတိံ-ရှေးဘဝကို၊

သရာမိ, အဏုံ ထူလာနိ သဗ္ဗသော, မနောပုဗ္ဗင်္ဂမာ ဓမ္မာ-စကျွံ ဥဒပါဒိ၊ပေ၊ မနော ပုဗ္ဗင်္ဂမာ, စသည်တည်း၊ ကွစိတိ ကသ္မာ ဝုတ္တံ၊ ဣဓေဝ နံ ပသံသန္တိ, ပေစ္စ သဂ္ဂေ ပမောဒတိ, နယိ ဧတေဟိ ယာနေဟိ ဂစ္ဆေယျ အဂတံ ဒိသံ-ဣဓေဝ၊ပေ၊ နဟိ ဧတေဟိ ယာနေဟိ ဂစ္ဆေယျ အဂတံ ဒိသံ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ-၏၊ စဂ္ဂဟဏေန-ဖြင့်၊ ဝိသဒ္ဒဿ-ဝိသဒ္ဒါ၏လည်း၊ ပကာရော-ပ အပြုသည်၊ ဟောတိ-၏၊ ပစေဿတိ-ပစေဿတိ ဟူသည်တည်း၊ ဝိစေဿတိဝါ-ဝိစေဿတိ ဟုလည်း ရှိသေး၏။ ၅၇)။

---

သရာမိ—မှတ်မိ၏၊ သဗ္ဗသော-အလုံးစုံအားဖြင့်၊ အဏုထူလာနိ-အငယ် အကြီးတို့ကို၊ [နောက် ပြယုဂ်အနက် ပေးခဲ့ပြီ၊] ဣဓေဝ-ဤဘဝ၌ပင်၊ နံ—ထိုသူ့ကို၊ ပသံသန္တိ-ချီးမွမ်းကြကုန်၏၊ပေစ္စ-တမလွန်ဘဝ၌၊သဂ္ဂေ—နတ်ပြည်၌၊ပမောဒတိ-မွေ့လျော်ရ၏၊ ဧတေဟိ ယာနေဟိ—ဤ ယာဉ်တို့ဖြင့်၊ အဂတံ-မရောက်အပ်ဖူးသော၊ ဒိသံ—နိဗ္ဗာန်အရပ်သို့၊နဟိ ဂစ္ဆေယျ-မရောက်နိုင်ရာ၊ ပစေဿတိ ဝိစေဿဟိ-စိစစ်နိုင်လတ္တံ့။

**ရုပ်တွက်။** ။"ယာဝ+ဓိဓ" ၌ စဗျည်းကြောင့် ဝနောက်၌ နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တံ ဝါ ဝဂ္ဂေသုတ်ဖြင့် နိဂ္ဂဟိတ်ကို (ဉ်) ပြု, ဉ်ကို စသို့ကပ်၊ "မနောပုဗ္ဗ+ဂမာ" ၌ ဂဗျည်းကြောင့် နိဂ္ဂဟိတ်လာ, နိဂ္ဂဟိတ်ကို (င်) ပြု, ဂသို့ကပ်၊ ကြွင်းရုပ်များကို အခြေပြု၍ရုပ်တွက်ပုံ မှီ၍တွက်၊ ကိံရုပ်၌ "ဣဓ+ဧဝ" တည်, နိဂ္ဂဟီတဉ္စသုတ်ဖြင့် သရေကြောင့် နိဂ္ဂဟိတ်လာသင့်သော်လည်း ကွစိသဒ္ဒါ မြစ်သောကြောင့် မလာရ၊ ဓ ခွင်း, ချေ, ကပ်, ပြီး၏၊ "ပေစ္စ+သဂ္ဂေ" ၌ သဗျည်းကြောင့် စ္စ နောက် နိဂ္ဂဟိတ် လာသင့်သော်လည်း ဟု ဆို၊ "နဟိ+ဧတေဟိ" ဟု တည်၍ သရေကြောင့် ဟိနောက်၌ နိဂ္ဂဟိတ် လာသင့်သော်လည်းဟု ဆို၊ "ဂစ္ဆေယျ+အဂတံ" ဟု တည်၍လည်း ရုပ်တွက်ကြသေး၏၊ သို့သော် "ဂစ္ဆေယျ အဂတံ ဒိသံ" မှာ တွဲဖက်ပါဠိဖြစ်၍ ပါနေဟန်တူ၏, ပုံစံထုတ်လိုရင်း ဟုတ်ဟန်မတူ။

**စဂ္ဂဟဏေန၊ပေ။ဝိစေဿတိဝါ**—နိဂ္ဂဟီတဉ္စ၌ စသဒ္ဒါသည် ဝိသဒ္ဒါ၏ ပ အပြုကို ဆည်းယူခြင်း သမုစ္စည်းအနက်ရှိ၏ ဟု ပြလိုသောကြောင့် "စဂ္ဂဟဏေန" စသည်ကို မိန့်၊ "ဝိ+စေဿတိ" ဟု တည်, နိဂ္ဂဟီတဉ္စ၌ စသဒ္ဒါဖြင့် ဝိကို ပပြု၊ ပစေဿတိပြီး၏၊ "ဝိစေဿတိဝါ" ကား ဝိကို ပ မပြုပဲလည်း ဝိကပ်ရုပ်ရှိသေး၏ ဟု ပြသော ပုံစံတည်း၊ [ဝိစေဿတိကို ဝိစခေတ်ကြံ၍ ချာသရုပ်တွက်၏၊ သို့သော် "ကော ဣမံ ပထဝိံ ဝိစေဿတိ" ဟူသော ဓမ္မပဒအဋ္ဌကထာ၌ ဝိစေဿတိကို "ဝိစိနိဿတိ"ဟု ဖွင့်သောကြောင့် ဝိပုဗ္ဗစိဓာတ်သာ ဖြစ်သင့်သည်၊ "ဝိစ္ဆ" ဟု စ္ဆ ဒွေဘော် မရှိသင့်။]

**မှတ်ချက်။** ။ဝိကို ပ ပြုခြင်းသည် ဒေါဿစ သုတ်၌ စသဒ္ဒါ (သို့မဟုတ် သုတ္တဝိဘာဂ) ဖြင့် ပြီးနိုင်၏၊ ပစ္စဝေက္ခဏာ၌ ဒေါဿစဖြင့်ပင် ဝကို ပပြု၍ "ပစ္စဝေက္ခဏာ" ဟု ပြီးသည်၊ ထို့ကြောင့် ဤစသဒ္ဒါသည် ယဝမဒနသုတ်မှ အာဂမပုဒ်ကို ငင်ခြင်း အနုကဍ္ဎနအနက် ရှိ၏ ဟု ကစ္စာယန သံခိပ်ဆရာတော် မိန့်၏၊ ထိုသို့ ငင်သဖြင့် နောက်သုတ်သို့ "အာဂမ" ပုဒ် မလိုက်တော့ဟု သိစေခြင်းအကျိုး ရှိသောကြောင့် အနုကဍ္ဎနတွ ကြံသော ထိုဝါဒသည် ဝုတ္တိထက်ပင် ကောင်းသကဲ့သို့ ထင်ရပေသည်။

**ကစ္စိ လောပံ**

၃၈။ ပရေ သရေ, နိဂ္ဂဟီတံ-သည်၊ ကွစိ လောပံ ပပ္ပေါတိ၊ တာသာ-ဟံ သန္တိကေ, ဝိဒူနံ-ဂ္ဂမိတံ-တာသာဟံ၊ပေ၊ ဝိဒူနဂ္ဂမိတိ, စသည်ဟည်း၊ ကွစိတိ ကသ္မာ ဝုတ္တံ၊ အဟ-မေဝ နူန ဗာလာ၊ ဧတမတ္ထံ ဝိဒိတွာန-အဟမေဝ၊ပေ၊ ဧတမတ္ထံ ဝိဒိတွာန, စသော ပြယုဂ်တို့၌ တားမြစ်ခြင်း အကျိုးငှာ၊ ဝုတ္တံ-၏။ (၅၃)။

---

**နိဂ္ဂဟိတ် လာရာဌာန**။ ။နဂိုရ်ပုဒ်ရင်း၌ နိဂ္ဂဟိတ် မရှိပါပဲ နိဂ္ဂဟိတ် အပိုလာခြင်းသည် အနက်ထင်မှားဖွယ်ပင် ရှိသေး၏၊ ထို့ကြောင့် တွေ့ကရဌာန၌ နိဂ္ဂဟိတ် မလာရ၊ နိဂ္ဂဟိတ်လာသည့်အတွက် ရွတ်ဆိုရာ၌ ချောမောမည့် သုခုစ္စာရဏဌာန တခု၌သာ နိဂ္ဂဟိတ်လာရသည်ဟု ရူပသိဒ္ဓိ၌ ဆို၏၊ ထို့ကြောင့် ဥဒပါဒိ၏ ကတ္တားဖြစ်သော စက္ခုပုဒ်, အဝံသိရော၌ "အဝ" ဥပသာရပုဒ်, ယာဝဉ္စိဓ၌ ယာဝနိပါတ်ပုဒ်တို့ဝယ် ရွတ်၍ ချောမောစေခြင်းအကျိုးငှာ နိဂ္ဂဟိတ်လာရသည်၊ [အဝံသိရော၌ အမြဲ နိဂ္ဂဟိတ် လာဟု မောဂ္ဂလ္လာန် ဆို၏၊] "အဏုစ ထူလဥ္စ အဏုထူလာနိ" ဟု ဒွန်သမာသ်ပြီးသည့်နောက် နိဂ္ဂဟိတ်လာ၍ "အဏုံ ထူလာနိ"ဟု ပြီးသည်၊ "ပုဗ္ဗင်္ဂမာ" ၌လည်း ပုဗ္ဗသဒ္ဒါုပပဒ ဂမုဓာတ်ဖြင့် "ပုဗ္ဗဂမာ" ဟု ပြီးသည့်နောက်မှ နိဂ္ဂဟိတ်လာသည်။

**ပုရိမံဇာတိ**။ ။"ပုရိမံဇာတိံ" ဟု ယခုတွေ့ရသောပါဠိ၌ ချာသဝယ် "ပုရိမံဇာတိ" ဟု ပဌမန္တ အဖြစ်ဖြင့်ပြ၏၊ "သရာမိ" ဟူသော ကြိယာလည်း ချာသအလို မပါသင့်၊ ယိုချာသဆိုတိုင်း "ပုရိမံဇာတိ"ပုဒ်သာ ကောင်း၏၊ ဘာ့ကြောင့်နည်း.... သရာမိနှင့်တကွ "ပုရိမံဇာတိံ" ဟု ဆိုလျှင် အံဝိဘတ်ဆုံးသောကြောင့် ပုရိမံ၌လည်း နိဂ္ဂဟိတ်ဟု မဆိုသာ၊ ပုရိမံ ရှေးဖြစ်သော၊ ဇာတိံ-ကို" ဟု အနက်ပေးရသော အံဝိဘတ်ပင် ထင်ဖွယ်ရှိ၏၊ ထို့ကြောင့် "ပုရိမာစ သာ ဇာတိစာတိ ပုရိမာဇာတိ" ဟု သမာသ် ပြီးသည့်နောက်မှ နိဂ္ဂဟိတ်လာ၍ "ပုရိမံဇာတိ" ဟု ပြီးသော သမာသ်ပုဒ်သာ (ချာသအတိုင်း) သင့်သည်၊ နိဿယ၌ကား ပါဠိရှိအတိုင်းပင် ပေးလိုက်ရတော့သည်။

**၃၈။ ပုံစံနက်နှင့် ရုပ်ဖွက်**။ ။တာသံ—ထိုရဟန်းမတို့၏၊ သန္တိကေ—အထံ၌၊ ဝိဒူနံ—ပညာရှိတို့ထက်၊ အဂ္ဂံဇ္ဇတိ-မြတ်၏ဟူ၍၊ အဟံဧဝ-ငါသည်သာ၊ ဗာလာနန—မိုက်သပဲ့လော၊ [ဘိက္ခုနီကုမာရိဘူတဝဂ် ဆင္ဃသိက္ခာပုဒ်ပါဠိဖြစ်၍ "ဗာလာ" ဟု ဇတ္တိလိင်ဖြင့်ရှိ၏၊] ဧတံအတ္ထံ-ဤအကြောင်းကို၊ ဝိဒိတွာန-သိ၍၊ ရုပ်ကို အခြေပြုမှီ၍ ဖွက်၊ [အဂ္ဂမိတိ=အဂ္ဂံ+ဇ္ဇတိ" ကား မဒါသရေသုတ်၏ အရာဘည်း၊] ကိံရုပ်၌ "အဟံ+ဧဝ"တည်၊ ကွစိလောပံသုတ်ဖြင့် နိဂ္ဂဟိတ်ကို ချေသင့်သော်လည်း ကွစိသဒ္ဒါ မြစ်သောကြောင့် မချေရ, မဒါသရေဖြင့် နိဂ္ဂဟိတ်ကို (မ်) ပြု၊ သို့ကပ် "ဧတ-မတ္ထံ" လည်း နည်းတူ။

**ဗျဉ္ဇနေနှင့် ကွစိတို့မလိုက်ပုံ**။ ။နိဂ္ဂဟီတဉ္စသုတ်၌" သရေ-ဗျဉ္ဇနေ" ဟူသော နိမိတ် ၂ ခုတို့ လိုက်ပါကြသကဲ့သို့ ဤသုတ်၌ ထို"သရေ-ဗျဉ္ဇနေ" ၂ ပုဒ်လုံးကိုလိုက်စေလျှင် "ဗျဉ္ဇနေစ" ဟူသော နောက်သုတ်ပင် မတည်ရပဲ ပြီးနိုင်သည် မဟုတ်လော,

ဗျဥ္ဇနေစ　၃၉။ ပရေ ဗျဥ္ဇနေ နိဂ္ဂဟီတံ-ကွစိလောပံ ပပ္ပေါတိ၊ အရိယသစ္စာန ဒဿနံ ဧတံ ဗုဒ္ဓါနသာသနံ-အရိယသစ္စာန ဒဿနံ, ဧတံ ဗုဒ္ဓါန သာသနံ, စသည်တည်း၊ ကွစိတိ ကသ္မာ ဝုတ္တံ၊ ဧတံ မင်္ဂလ မုတ္တမံ, တံ ဝေါ ဝဒါမိ ဘဒ္ဒန္တေ-ဧတံ မင်္ဂလ၊ပေ၊ ဘဒ္ဒန္တေ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်း အကျိုးငှာ၊ ဝုတ္တံ-၏၊ (၃၄)။

---

သို့ပါလျက် အဘယ့်ကြောင့် ဗျဥ္ဇနေသဒ္ဒါ မလိုက်သနည်း—ဟု မေးဖွယ်ရှိ၏၊ အဖြေကား... ကွစိ သြ ဗျဥ္ဇနေသုတ်မှ ဗျဥ္ဇနေသဒ္ဒါကို အလိုက်ခံလျှင် (ဤသုတ်၌ ကာရိ မရှိရကား) သြ-ဟူသော ကာရိပါ လိုက်လာလိမ့်မည်၊ ထိုသို့ ''သြ'' ဟူသော ကာရိကို မလိုက်စေလို၍ ''ဗျဥ္ဇနေ'' နိမိတ်ကိုပါ အလိုက်မခံပဲ ချန်လှပ်လိုက်ရသည်၊ ထို''ကွစိ သြ ဗျဥ္ဇနေ'' သုတ်၌ရှိသော ကွစိသဒ္ဒါကို ထပ်မံ၍ ထည့်ရခြင်းမှာလည်း ကွစိလိုက်လာလျှင် သြပါ လိုက်မည်စိုး၍ ထိုသြကို မလိုက်စေလိုသောကြောင့်ပင် ဖြစ်သည်။ (ချာသ)။

[ဆောင်] နိဂ္ဂဟီတဋ္ဌ, သုတ်၌ပြသည့်,သရဗျဥ္ဇနေ, နိမိတ်နှစ်ထွေသို့,မသွေစိုက်စိုက်, ဗျဥ္ဇနေ လိုက်က, ထိုမျှ မပြီး, သြလည်းလိုက်ရော, စိုးရိမ်သောကြောင့်, ထိုသြနှင့်ရှပ်, ဗျဥ္ဇနေပုဒ်မျှ, မလိုက်စေရ, ကွစိ ဤနည်းပင်။

၃၉။ **ပုံစံနက်နှင့် ရုပ်တွက်။** ။အရိယသစ္စာနံ—အရိယသစ္စာတို့ကို၊ ဒဿနံ—မြင်ခြင်း၊ ဧတံ-ဤသည်ကား၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ သာသနံ-ဆုံးမတော်တည်း၊ ဧတံ-ဤတရားသည်။ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ-မင်္ဂလာတည်း၊ ဘဒ္ဒန္တေ-အရှင်တို့၊ တံ-ထိုတရားကို၊ ဝေါ-အရှင်တို့အား၊ ဝဒါမိ-ဟောအံ့၊ ရုပ်ကို အခြေပြုမှီ၍ တွက်၊ ကိံရုပ်၌ ''ဧတံ မင်္ဂလံ'' ဟု တည်, ဗျဥ္ဇနေစသုတ်ဖြင့် (မ) ဗျည်းကြောင့် တံ၌ နိဂ္ဂဟိတ်ကို ချေသင့်သော်လည်း ကွစိသဒ္ဒါမြစ်သောကြောင့် မချေရ,ပြီး၏၊ [''မင်္ဂလံ+ ဥတ္တမံ''ကား မဒါသရေ၏ အရာတည်း၊] ''တံ+ဝေါ'' ဟု တည်၍ နောက်ရုပ်ကိုလည်း တွက်။

**စသဒ္ဒါ အနက်။** ။စသဒ္ဒါသည် ကွစိ သြ ဗျဥ္ဇနေသုတ်မှ ကွစိသဒ္ဒါကို ငင်ခြင်း အနုကဍ္ဎန အနက်ရှိ၏၊ ထိုသို့ငင်သဖြင့် နောက်နောက်သုတ်သို့ ကွစိသဒ္ဒါ မလိုက်တော့ ဟု သိစေရခြင်း အကျိုးရှိသည်-ဟု ချာသ ဆိုလိုသည်၊ စ သဒ္ဒါက မငင်သော်လည်း ပရောဝါသရောသုတ်၌ ဝါသဒ္ဒါရှိသောကြောင့် ထိုဝါသဒ္ဒါဖြင့် ကွစိကို နစ်စေနိုင်သည် မဟုတ်ပါလော- ဟု တဆင့် မေးဖွယ်ရှိ၏၊ အဖြေကား ပရောဝါသရော သုတ်အတွက်ကား ဝါသဒ္ဒါဖြင့် တားမြစ်နိုင်ပါ၏၊ သို့သော် ဗျဥ္ဇနေစ ဝိသညောဂေါ သုတ်သို့ မဏ္ဍူက ဂတိကနည်းအားဖြင့် ကွစိသဒ္ဒါခုန်၍ လိုက်မည်စိုးသောကြောင့် ထိုသို့ မလိုက်ဟုလည်း သိစေဖို့ရာ စသဒ္ဒါ ငင်ရသည်၊-(ချာသ)။ [နိဂ္ဂဟိတ်ချေခြင်း၏ အကြောင်းကို ရူပသိဒ္ဓိ၌ ပြထား၏။]

[ဆောင်] ပရောဝါ၏, ဝါအရှိကြောင့်, ကွစိသဒ္ဒါ, မလိုက်ပါလည်း, နောက်လာ ဗျဥ္ဇနော, ဝိသညောတွင်, လိုက်မည့်အင်ကြောင့်, သည်တွင် ရပ်လော, ဆိုသဘောဖြင့်, လိုက်သောကွစိ, စ-ငင်ဘိ, မှတ်သိ ဗျဥ္ဇနေစ။

**ပရော ဝါ သရော** ၄၀။ နိဂ္ဂဟီတမှာ-မှ၊ ပရော သရော-သည်၊ လောပံ-သို့၊ ဝါ, ပပ္ပေါတိ-၏၊ အဘိနန္ဒုံ-တိ သုဘာသိတံ, ဥတ္တတ္တံ-ဝ, ယထာဗီဇံ-ဝ, ယထာဓညံ-ဝ—အဘိနန္ဒုံတိ၊ပေ၊ ယထာဓညံ-ဝ, စသည်တည်း၊ ဝါတိ ကသ္မာ ဝုတ္တံ၊ အဟ-မေဝ နူန ဗာလာ, တေ-ဒဟောသိ-အဟမေဝ၊ပေ၊ တေ ဒဟောသိ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ-၏၊(၅၅)။

**ဗျဉ္ဇနောစ ဝိသညောဂေါ** ၄၁။ နိဂ္ဂဟီတမှာ-မှ၊ ပရသ္မိံ-နောက်ဖြစ်သော၊ သရေ-သည်၊ လုတ္တေ- ကြေပြီးသော်၊ ဗျဉ္ဇနောစ - ဗျည်းသည်လည်း၊ သသညောဂေါ-သံယုဂ်နှင့် တကွဖြစ်သည်၊ ယဒိပိ (ဟောတိ)-အကယ်၍မူလည်း ဖြစ်အံ့၊ ဝိသညောဂေါ-ကင်းသောသံယုဂ်ရှိသည်၊ ဟောတိ-၏၊ ဧဝံ-သတေ အာသဝါ, ပုပ္ဖံ-သာ ဥပ္ပဇ္ဇတိ-ပုပ္ဖံ-သာ ဥပ္ပဇ္ဇတိ ဧဝံသ၊ပေ၊

---

၄၀။ **ပုံစံနက်နှင့် ရုပ်တွက်။** ။သုဘာသိတံ-ကောင်းစွာဆိုအပ်သော စကားကို၊ အဘိနန္ဒုံ-လွန်စွာ နှစ်သက်ကုန်ပြီ၊ ဣတိ-အပြီးတည်း၊ [''အဘိနန္ဒုန္တိ သုဘာသိတံ''ဟု စာအများ ရှိ၏, ၉ လုံးဖြစ်၍ဂါထာပါဒလည်း မဟုတ်နိုင်။ ၉ လုံးဖွဲ့ ဆန်းမှာလည်း ဤပါဒမျိုး မပါ၊ စုဏ္ဏိယဝါကျဖြစ်လျှင်လည်း ဤသို့ ပါဠိ မစီထိုက်၊အချို့ကား အဘိနန္ဒုန္တိကို ''အဘိနန္ဒုံ+ဣတိ'' ဟု ပုဒ်ဖြတ်၍''အလွန်နှစ်သက်၏ ဟူ၍''ဟု အနက်ပေးကြ၏, သဒ္ဒါအနက် ၂ မျိုးလုံး ယုတ္တိမရှိ၊ ထို့ကြောင့် ''ဘဂဝတော ဘာသိတံ အဘိနန္ဒုံတိ'' ဟု ဓမ္မစကြာစသော ပါဠိတော်များ၌ လာသည့်အတိုင်း ''အဘိနန္ဒုံတိ'' သာ ပါဠ်မှန်တည်း၊ ထိုအတိုင်းမှန်လျှင် ''သုဘာသိတံ'' လည်း အပိုပင်။]

**ဥတ္တတ္တံ** ဣဝ—လှော်အပ် ဦးအပ်ပြီးသော ရွှေကဲ့သို့၊ ယထာဗီဇံ ဣဝ-မျိုးစေ့ကဲ့သို့၊ ယထာ ဓညံ ဣဝ-စပါးကဲ့သို့၊ တေံ-ဤအကြံသည်၊ အဟောသိ-ဖြစ်ပြီ၊ [အဟံ ဧဝ-စသည်ကို အနက်ပေးခဲ့ပြီ၊] ရုပ်ကို အခြေပြုမှီ၍ ဆို၊ ကိံရုပ်၌ ''အဟံ+ဧဝ''ဟု တည်၊ ပရောဝါသရောသုတ်ဖြင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော ဧကို ချေသင့်သော်လည်း ဝါသဒ္ဒါမြစ်သောကြောင့် မချေ၊ နိဂ္ဂဟိတ်ကို (မ်) ပြု၊ ''တေဒဟောသိ'' ကို''တေံ+အဟောသိ'' တည်၊ ဝါမြစ်၍ (ဒ်) ပြု၊ ဤသုတ်လာ ဝါသဒ္ဒါက နျာသ၌ ဝိကပ်ပင်ဆိုလိုဟန်တူ၏၊ ရူပသိဒ္ဓိ၌ကား ''ဝဝတ္ထိတဝိဘာသတ္ထ'' ဟု ဆိုသည်၊ ရှုလေတော့။

၄၁။ **ပုံစံနက်နှင့် ရုပ်တွက်။** ။ဧဝံ-ဤသို့လျှင်၊ အသ-ထိုပုဂ္ဂိုလ်၏၊ တေ အာသဝါ-ထို အာသဝေါတို့သည်၊ အဿာ-ထိုမိန်းမ၏၊ ပုပ္ဖံ-ဥတုပန်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ဧဝံ-ဤသို့၊ အသ-ဖြစ်ရာ၏၊ အဂ္ဂိ အာဂါရံ-မီး၏တည်ရာ အိမ်၊ ဝါ-မီးတင်းကုပ်၊ ကြွင်းပုဒ်များကို အနက်ပေးခဲ့ပြီ၊ ''ဧဝံသ'' ကို အခြေပြု၍ တွက်ခဲ့ပြီ၊ ပုပ္ဖံသာကိုလည်း ''ပုပ္ဖံ+အဿာ'' ဟု တည်၍ ထိုအတိုင်းတွက်၊ ''သစေ ဘုတ္တော ဘဝေယျာဟံ, သာဇီဝေါ ဂရဟိတော မမ=ဘဝေယျာဟံ+အသ အာဇီဝေါ''ဟု ဖြတ်၊ဤသုတ်ဖြင့် သ တလုံးချေ။

ဥပ္ပဇ္ဇတိ, စသည်တည်း၊ လုတ္တေတိ-လုတ္တေပုဒ်ကို၊ ကသ္မာ ဝုတ္တံ၊ ဧဝ-မဿ, ဝိဒူနဂ္ဂမိတိ ဧဝမဿ, ဝိဒူနဂ္ဂမိတိ, စသော ပြုယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ ၏၊ စဂ္ဂဟာဏေန-ဖြင့်၊ တံဏ္ဍံ-၃ လုံးကုန်သော၊ ဗျဉ္ဇနာနံ-ဗျည်းတို့၏၊ အန္တရေ-အလယ်၌၊ ယေ-အကြင် ဗျည်းတို့သည်၊ သရူပ၊-တူသော ရုပ်သွင်

---

ကိုးရုပ်၌ ဧဝမဿကို "ဧဝံ+အဿ" ပုဒ်ဖြတ်, ပရော ဝါ သရော သုတ်ဖြင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော အသရကို ချေသင့်သော်လည်း ဝါသဒ္ဒါမြစ်သောကြောင့် မချေရ, ထိုသို့ သရမကြေသောကြောင့် "ဗျဉ္ဇနေ စ ဝိသညောဂေါ"သုတ်ဖြင့် သကို သံယုဂ်ဗျည်းဖြစ်သော်လည်း သံယုဂ်ကင်းသော "သ"မပြုရ, မဒါသရေဖြင့် နိဂ္ဂဟိတ်ကို (မ်)ပြု, ပြီး၏။ ဝိဒူနဂ္ဂကိုလည်း "ဝိဒူနံ+အဂ္ဂ"တည်၊ ရှေ့အတိုင်းဆို၍တားမြစ်၊ ထို့နောက် ကွစိလောပံသုတ်၌ တွက်ခဲ့သည့်အတိုင်း တွက်လေ။ [ပရော ဝါ သရော" သုတ်ဖြင့် နောက်သရချေ၍ လုတ္တေဖြစ်ခြင်း, သံယုဂ်ဗျည်းရှိခြင်း, ဤအင်္ဂါ ၂ ပါး ညီမှ ဤသုတ်က ဝိသညောဂပြုနိုင်သည်၊ ဧဝမဿ-ဝိဒူနဂ္ဂတို့၌ကား "ဿ-ဂ္ဂ" သံယုဂ်ဗျည်းဖြစ်သော်လည်း နောက်သရကို မချေရ၊ "လုတ္တေ"အင်္ဂါနှင့် မညီသောကြောင့် ဝိသညောဂ မပြုနိုင်၊ ထို့ကြောင့် "လုတ္တေတိ ကသ္မာ"ဟု ပုစ္ဆာ ထုတ်သည်။]

**ယ၁၁ ဗျဉ္ဇနော သသညောဂေါ**—သုတ်၌ ဗျဉ္ဇနေ စ ဝိသညောဂေါ"ဟု သသညောဂ မပါဘဲ "ဗျဉ္ဇနော"ဟုသာ ရှိသော်လည်း ဝိသညောဂပြုရမည့် ဗျည်း ဖြစ်ရကား ဗျဉ္ဇနော အရ၌ သသညောဂဗျည်း ဖြစ်ကြောင်း သိသာ၏၊ ထို့ကြောင့် "သသညောဂေါ"ဟု ထည့်၍ ပက္ခိပနဝုတ္တိ ဖွင့်နိုင်သည်၊ ဥပမာ—"ထေရော အဘိဓမ္မံ ဘာသတု=ထေရ်သည် အဘိဓမ္မာကို ဟောတော်မူပါ"ဟု တိုက်တွန်းရာ၌ "ထေရော" အရ ကြီးရင့်သော ထေရ်အားလုံးနှင့် ဆိုင်သော်လည်း "အဘိဓမ္မံ ဘာသတု"ဟူသော နောက်စကားကိုထောက်လျှင် "ထေရော"အရ အဘိဓမ္မာ တတ်သော ထေရ်ဖြစ်ကြောင်း သိသာသကဲ့သို့တည်း။ [ဤအရာမျိုးကို "သဒ္ဒန္တရ သန္နိဓာန=အနီး၌တည်သော သဒ္ဒါတမျိုးဖြင့် သိရသောအနက်, ဝါ-သဒ္ဒန္တရိတ် ထောက်၍ သိရသော အနက်"ဟု ဆိုရသည်။]

**သသညောဂေါ ဝိသညောဂေါ**—["သသညောဂေါ"၌ သ မပါဘဲ "သညော ဂေါ"ဟုလည်း မူကွဲရှိ၏၊ ဤ၌ သ ပါသော မူအတိုင်း ပြအံ့၊] သံယုဇ္ဇတိ-ယှဉ်စပ် ကပ်အပ်၏၊ ဣတိ သညောဂေါ-မည်၏၊သဿ ၂ လုံးတွဲ၍ နေရာ၌ ရှေ့ သ သည် နောက် သသို့ ယှဉ်ကပ်အပ်သောကြောင့် "သံယောဂ=သညောဂ" မည်၏၊ ယညောဂေန သဟ ဝတ္တတီတိ သ သညောဂေါ-သညောဂ ခေါ်သော ရှေ့ဗျည်းနှင့်တကွ ဖြစ်သော နောက်ဗျည်းတည်း၊ ဤစကားအရ သဿ ၂ လုံး ရှိရာ၌ ရှေ့ သသည် သညောဂ,နောက် သသည် သသညောဂဟု မှတ်၊ ဝိဂတော သညောဂေါ ယဿာတိ ဝိသညောဂေါ၊ ယဿ-အကြင် နောက်ဗျည်း၏၊ ဝိဂတော-ကင်းသော၊ သညောဂေါ-သညောဂ ဗျည်းသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ ဝိသညောဂေါ-မည်၏၊ နဂိုရ်က သသညောဂ ဖြစ်နေသော "ဿ" ဗျည်းသည် ကင်းသောသညောဂ ရှိရကား

ရှိကုန်၏၊ တေသံပိ-ထိုဗျည်းတို့၏လည်း၊ (အာဒိဿ-အစတလုံး၏၊) လောပေါ-ကြေခြင်းသည်၊ ဟောတိ-၏၊ အဂျာဂါရိ၊ ပဋိသန္ထာရ ဝုတ္တိဿ-အဂျာဂါရိ၊ ပဋိသန္ထာရ ဝုတ္တိဿ, စသည်တည်း။ (၃၆)။

သန္ဓိကပ္ပေ-၌၊ စတုတ္ထော-သော၊ ကပ္ပော-သည်၊ ဋ္ဌိတိ-ပြီ။

---

(သညောဂ အဖြစ်မှ ကင်းရကား) သ တလုံးတည်း ဖြစ်သွားရတော့သည်-ဟူလို။ [ဤသို့ "သ သညောဂေါ" ဟု သ ပါနေခြင်းသည် ချာသ ဖွင့်ပုံနှင့်ကား မထပ်မိချေ၊ ချာသ အလို "သ" မပါပဲ "သညောဂေါ" ဟုသာ ရှိဟန်တူသည်၊ ရူပသိဒ္ဓိမှာလည်း သ ပါပုံမရ၊ ထို သ မပါသော "သညောဂေါ" ၏ အဓိပ္ပာယ်ကို ရူပသိဒ္ဓိ ဘာသာဋီကာမှာ ရှု။]

**မှတ်ချက်။** ။မည်သည့်နည်းနှင့်ဖြစ်စေ အစဗျည်း တလုံးကြေခြင်းကိုပင် "လောပေါ"ဟု စကားမသုံးပဲ ယဉ်ကျေးအောင်"ဝိသညောဂေါ-ဝိသညောဂပြု"ဟု သုံးနှုန်းခြင်း ဖြစ်သည်၊ ဥပမာ-ရှင်ဘုရင် သေသည်ကို"သေသည်"ဟု မဆိုပဲ"နတ်ရွာ စံတော်မူသည်" ဟု သုံးနှုန်းသကဲ့သို့တည်း၊ ဤ၌ "နတ်ရွာစံလျှင် သေပြီးမှ စံရသကဲ့ သို့, ဝိသညောဂ ဖြစ်ရာ၌လည်း တလုံးကို ချေပြီးမှ ဖြစ်ရသောကြောင့် နတ်ရွာ စံခြင်း နှင့် ဝိသညောဂဖြစ်ခြင်း, သေခြင်းနှင့် တလုံးကြေခြင်း တူသည်" ဟု ဆိုလိုသည်၊ ထို့ ပြင်- ဿ ၂ လုံးရှိရာ၌ ရှေ့သကို (သာဂမောသေ သုတ်ဖြင့် နောက်မှ လာရသော ကြောင့်) "အာဂန္တုကဗျည်း" ဟု ခေါ်၍ နောက်သကို မူလ ရှိရင်းဖြစ်သောကြောင့် "အာဝါသိက ဗျည်း" ဟု မြန်မာအခေါ် ရှိသေး၏၊ အဂ္ဂဓာတ် ဗူပစ္စည်းဖြင့်ပြီးသော (အဂျာဂါရိယ်) အဂ္ဂိ စသည်၌ ထိုကဲ့သို့ (အာဂန္တုက, အာဝါသိက) ခွဲ၍ မရ သောကြောင့် ထိုစကားကို အရာတိုင်း၌ နှံ့သောစကား မဟုတ်ဟု မှတ်။

**စဂ္ဂဟဏေန၊ပေ၊ဝုတ္တိဿ**—ဗျဥ္ဇနေ၁စ၌ စ သဒ္ဒါသည် ဗျည်း ၃ လုံး ပူးတွဲနေသော သံယုဂ်ကို ဆည်းခြင်း သမုစ္စည်းအနက် ရှိ၏-ဟု ပြလိုသောကြောင့် "စဂ္ဂဟဏေန" စသည်ကို မိန့်၊ "တိဏ္ဏံ ဗျဥ္ဇနာနံ" ဟူသည် "ဂ္ဂျ" ၌ ဂဗျည်း ၂ လုံး ယဗျည်း တလုံး အားဖြင့် ဗျည်း ၃ လုံးတို့တည်း၊ ဤစကားအရ "တိဏ္ဏံ ဗျဥ္ဇနာနံ ဧကေ တြဝိဝိသိ"လည်း သံယောဂပင်တည်း၊-ဟု မှတ်၊ "အန္တရေ" ကား မဇ္ဈေ၏ ပရိယာယ်တည်း၊ ထို့ ကြောင့် "သရူပါနမေကသေသွသကိံ" သုတ်၌ "သရူပါနံ သမာနရူပါနံ ပဒဗျဥ္ဇနာနံ မဇ္ဈေ" ဟု အန္တရေ၏အစား "မဇ္ဈေ" ထည့်၍ဖွင့်သည်၊ ထို အန္တရေ မဇ္ဈေ ၂ ပုဒ် လုံးပင် နိဒ္ဒါရဏ သုံးရမည့်အရာဝယ် နိဒ္ဒါရဏမသုံးပဲ သမ္ဗန္ဓနှင့်တွဲ၍ "ဗျဥ္ဇနာနံ+အန္တ ရေ, ဗျဥ္ဇနာနံ+မဇ္ဈေ" ဟု သုံးလေ့ရှိ၏၊ ထိုကဲ့သို့ သုံးလေသမျှ၌ အန္တရေ မဇ္ဈေ မထည့်လျှင် "ဗျဥ္ဇနာနံ-ဗျည်းတို့တွင်" ဟု နိဒ္ဒါရဏ ပေးရသည် ဟု ချည်းမှတ်၊ ထို့ကြောင့် "ဗျဥ္ဇနာနံ အန္တရေ- ဗျည်းတို့၏အလယ်၌" ဟူသော စကားသည် သဒ္ဒါ အသုံးတမျိုးသာတည်း၊ တကယ့်ကိုယ် အလယ်တည့်တည့်က သန္တပဗျည်းကို ယူရ မည်-ဟု မမှတ်ရ၊ ဂ္ဂျ၁၌ ဂ, ၂-လုံးကဲ့သို့ ရှေ့က သရူပဗျည်း ၂ လုံးကို ယူရမည်-ဟုသာ မှတ်ပါ။

ဂေါသရေပေ၊ ကွစိ　၄၂။ ပရေ သရေ, ပုထ ဠစ္စေတသာ (ပုထ ဠတိ တေသာ) - ပုထဟူသော ဤ နိပါတ်ပုဒ်၏၊ အန္တေ- အဆုံး၌၊ ကွစိ-၌၊ ဂကာရာဂမော-ဂ အက္ခရာ လာသည်၊ ဟောတိ၊ ပုထဂေဝ

**တေသံပိ လောပေါ။**　။"တေသံပိ လောပေါ"ဟု စာအများရှိကြ၏၊ ချာသ ၌ကား တပ္ပလံ-ထိုစသဒ္ဒါ၏ အကျိုးကို၊ ဒသေယန္တော "တိဏ္ဏမ္ပိ ဖျူနာန မန္တရေ ယေ သရူပါ, တေသံပိ အာဒိယ လောပေါ ဟောတီတိ အာဟ"ဟု ပါဌ်ရှိ၏၊ ထိုပါဌ်၌ တိဏ္ဏမ္ပိဟု ပိ သဒ္ဒါသည်လည်းကောင်း, အာဒိယပါဌ်သည်လည်းကောင်း ယခုရှိသော စာမူများမှ ပို၏၊ ရူပသိဒ္ဓိဋီကာ၌လည်း "ပိသဒ္ဒေါဂဂ္ဂဟဏေန စေတ္ထ သဒ္ဒေါဂါနံ အာဒိလောပ မာဟ"ဟု အာဒိသဒ္ဒါ ပါသည်၊ တလုံးကိုချေရာ၌လည်း သ ကဲ့သို့ ရှိရာတွင် ရှေ့တလုံးကို ချေ၊ မြန်မာစာရေးအားဖြင့် အထက် အောက် ဆင့်၍ "ဂ္ဂ-တ္တ"ဟု ရေးလေ့ရှိရာ၌လည်း အထက် တလုံးကို ချေ၊ မှန်၏—မြန်မာ ရေးနည်း၌ အထက်ကနေသော အက္ခရာသည် သီဟိုဠ် သက္ကတ စသော ရေးနည်း အားဖြင့် ရှေ့ကနေမည့် အက္ခရာပင်တည်း၊ ရုပ်ကို အခြေပြု၍ တွက်ခဲ့ပြီ၊ "ရတ္တျာ- ညဥ္စတ္တိသည်"စသော နာမ်ပုဒ်များလည်း ဤသုတ်၏ စ သဒ္ဒါဖြင့် တ-တလုံးကို ချေသည်။

**ဝိသညောဂ တနည်းပြပုံ။**　။သဒ္ဒနီတိ၌ "သညုတ္တော ဖျူနော ဝိသညော ဂေါ"ဟု သုတ်တည်၍"ဂါထာ အရာ၌ သံယုဂ်ဖျည်းကို သံယုဂ်ကင်းသော ဖျည်းပြု" ဟု ဆို၏၊ ပုတ္တာနံ ဟိ ဝဓေ ဒုခေါ=သားတော် သမီးတော်တို့ကို ညှဉ်းဆဲခံရ ခြင်းသည် ဆင်းရဲ၏၊ နိရယမှိ အပစ္စိသံ ငရဲ၌ ကျက်ခဲ့ရပြီ (ပုံစံ)၊ မောဂ္ဂလ္လာန်၌ ကား "အာဟိတော-ဂိနိ"ဟု ပြ၏၊ ထိုပုံစံများ၌ ရှေ့သုတ်မှ လိုက်လာသော "နိဂ္ဂဟီတမှာ ပရသ္မိံ သရေ လုတ္တေ"ပုဒ်တို့ကို ကြည့်၍ "ဖျူနော ဝိသညောဂေါ" ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် "ဒုက္ခော, အပစ္စိသံ, အာဟိတော+ အဂ္ဂိနိ"မှ "က်-သ်-ဂ်" ဖျည်းတို့ကို ချေ၊ ဒုက္ခ၌ သရူပ မဟုတ်သော်လည်း ချေ သည်ကို သတိပြု၊ အဂ္ဂိနိ၌ကား ဝါပရော အသရူပါဖြင့် ဩမှ နောက်ဖြစ်သော အသရကိုလည်း ရှေးဦးစွာ ချေရဦးမည်။

[**ဆောင်**] သုတ် ဖျူနော, ဝိသညော၌, အလိုက်ကြည့်ရွာ, ဝိဘာဂါဖြင့်, ဂါထာ၌ သုံး, သံယုဂ် ၂ လုံးတွင်, ရုပ်သွင်တူသော,မတူသောတည့်, ဝိသညော ဂါ, ပြုသင့်ရာ, လျော်စွာ ကြည့်၍ပြု။

**စတုတ္ထော ကဏ္ဍော**—ဤစတုတ္ထပိုင်းသည် နိဂ္ဂဟိတ်နှင့်စပ်သော နိဂ္ဂဟီတသန္ဓိနှင့် ယဝမဒန စသော သုတ်တို့၌ အာဂမသန္ဓိများလည်း ပါဝင်သောကြောင့် မိဿက သန္ဓိကို ပြရာအခန်းဟု ဆိုထိုက်၏၊ ရူပသိဒ္ဓိ၌မူ အာဂမဝိဓိသုတ်များကို ရှေ့၌ ပို့၍ နိဂ္ဂဟိတ်ဆိုင်ရာ သက်သက်ကိုပြသော "နိဂ္ဂဟီတသန္ဓိခန်း"ဟု တခန်းခွဲခြားလျက် ရှိသည်။

---

**၄၂။ ပုထဋ္ဌေတသ အန္တေ**—[ပုထ ဝေ-တသီးတခြားသာ၊] ရုပ်ကို အခြေပြု အတိုင်းတွက်၊ "အန္တေ"ဟု ထည့်၍ ဖွင့်နိုင်ခြင်း၏အကြောင်းကား ရူပသိဒ္ဓိ၌

ပုထဂေဂ, ဟူသည်တည်း၊ ကွစိတိ ကသ္မာ ဝုတ္တံ၊ ပုထဇေ-ပုထဇေ, ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ။ (၃၂)။

**ပါသ စန္တောရဿော** ၄၃။ ပရေ သရေ, ပါလ္လစ္စေတဿ-ပါ ဟူသော ဤနိပါတ်ပုဒ်၏၊ အန္တေ-၌၊ ကွစိ-၌၊ ဂကာရာဂမော-ဟောတိ၊ အန္တော-ပါ၏ အဆုံးဖြစ်သော၊ သရောစ-သရသည်လည်း၊ ရဿော ဟောတိ၊ ပဂေဝ ဝုတျဿ-ပဂေဝ ဝုတျဿ, စသည်တည်း၊ ကွစိတိ ကသ္မာ ဝုတ္တံ၊ ပါဇေဝ ဝုတျဿ-ပါဇေဝ ဝုတျဿ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်း အကျိုးငှာ၊ ဝုတ္တံ-၏။ (၃၃)။

---

တိုက်ရိုက်ပါသည်၊ သက္ကတ၌ ကွဲပြားခြင်း (ဘိန္န) အနက်, ဝိနာအနက်, နာနာ အနက်ကို ဟောသော "ပြိထက်" အဗျယပုဒ် ရှိ၏၊ (က်)သည် နောက်ပုဒ်နှင့် သန္ဓိစပ်သောအခါ (ဂ်)ဖြစ်၏၊ ထို့ကြောင့် ထို"ပြိထ"သည် ပါဠိ၌ "ပုထ"ဖြစ်၍ နောက်ပုဒ်နှင့်စပ်သောအခါ (ဂ) လာရသည်၊ ယ ဝ မ ဒ န သုတ်၌ စ သဒ္ဒါဖြင့် (ဂ်)လာနိုင်ရိုးမှန်လျှင် ဤသုတ် ပိုသကဲ့သို့ ထင်ရ၏၊ ဤသုတ် မပိုလျှင်လည်း ထို စ သဒ္ဒါဖြင့် ဂ-လာဖို့မလို၊ ဤသုတ်ကို ယောဂဝိဘာဂလုပ်လျှင် မည်သည့်ပုဒ်နောင် မဆို ဂ-လာနိုင်သည်။

**ကွစိတိ ကသ္မာ**—"သရနှောင်းရာ၌ ပုထနိပါတ်၏ အဆုံး"ဟု ဆိုထားသဖြင့် (ဂ)လာရာဌာနသည် "သရနှောင်းရာ ပုထ၏အဆုံး"ဟူသော ဤ ဌာနတခုသာ ရှိသဖြင့် "ကွစိ-အချို့အရာ၌"ဟု အထူးပြုဖွယ်မလို၊ ထို့ကြောင့် ဤသုတ်လာ ကွစိ သဒ္ဒါသည် "ပုထဂေဝ=ပုထဇေ"ဟု ရုပ် ၂ မျိုး ရှိကြောင်းကို ပြသော ဝါဓ္ဓ (ဝါသဒ္ဒါ၏ အနက်ရှိ၏)ဟု နှာသဖွင့်သည်၊ ထိုအတိုင်းဆိုလျှင် "ကွစိ-ဝိကပ် အားဖြင့်"ဟု ပေးရလိမ့်မည်၊ ဤနိဿယ၌ကား (ဂ)လာရာဌာန နည်းပါးကြောင်း ထင်ရှားစေဖို့ရာ (ထင်ရှားအောင် ပြောပြသော ဘူတကထနဝိသေသန အနေ အားဖြင့်) "ကွစိ-အချို့အရာ၌"ဟုပင် အနက်ပေးလိုက်သည်၊ [ပုထဇေကို "ပုထ+ ဧဝ"ဟုပင် တည်၊ ဝေါသရေ စသောသုတ်ဖြင့် ဧ သရကြောင့် (ဂ်) လာသင့်သော် လည်း ကွစိသဒ္ဒါမြစ်သောကြောင့် မလာရ, ပြီး၏။]

၄၃။ ပါဇေ-ရှေးဦးကပင်၊ ဝုတ္တိ-ဖြစ်ခြင်းသည်၊ အဿ-ဖြစ်ရာ၏၊ "ဝုတျဿ" ကား တွဲဖက်ဖြစ်၍ ပါနေသည်၊ "ပဂေဝ"သာ လိုရင်းတည်း၊ ရုပ်ကို အခြေပြု ကြည့်၍ တွက်၊ ဤသုတ်လာ ကွစိသဒ္ဒါလည်း နှာသအလို ဝါဓ္ဓ (ဝါသဒ္ဒါ၏ အနက် ဟော)တည်း၊ ထို့ကြောင့် "ပဂေဝ=ပါဇေ"ဟု ၂ ရုပ်ရှိရသည်-ဟူ၏၊ ဤနိဿယ အလိုသော် ကွစဓ္ဓ (ကွစိ၏ အနက်ဟောပင်)တည်း၊ ကိံရုပ်၌ "ပါဇေ"ဟုပင် တည်၊ ပါသစန္တော ရဿော သုတ်ဖြင့် ပါ၏အဆုံး၌ ဂ လာ၍ ပါ၏ အာကိုလည်း ရဿပြုသင့်သော်လည်း ကွစိသဒ္ဒါမြစ်သောကြောင့် မပြုရ, ပြီး၏။

**စသဒ္ဒါ၏အနက်။** ။"ပါသ"တဝါကျ, "စန္တောရဿော"သည် တဝါကျ ဟု ခွဲ၍ နောက်ဝါကျ၌ စသဒ္ဒါသည် ရှေ့ဝါကျ လာပါ၏ အဆုံး၌ ဂလာခြင်းဟူသော

**အဗ္ဘောအဘိ**
**အဇ္ဈောအဓိ**

၄၄။ ပရေ သရေ, အဘိဣစ္စေတဿ-အဘိဟူသော ဤ ဥပသာရပုဒ်၏၊ အဗ္ဘာဒေသော-အဗ္ဘ အပြုသည်၊ ဟောတိ-၏၊ အဗ္ဘုဒီရိတံ, အဗ္ဘုဂ္ဂစ္ဆတိ-အဗ္ဘုဒီရိတံ, အဗ္ဘုဂ္ဂစ္ဆတိ, စသည်တည်း။....(၄၅) ပရေ သရေ, အဓိဣစ္စေတဿ-အဓိဟူသော ဤ ဥပသာရပုဒ်၏၊ အဇ္ဈာဒေသော-အဇ္ဈအပြုသည်၊ ဟောတိ၊ အဇ္ဈောကာသေ, အဇ္ဈာဂမာ-အဇ္ဈောကာသေ, အဇ္ဈာဂမာ, စသည်တည်း။ (၂၄, ၂၅)။

---

ပဥ္စမအနက်ပေါ်ဝယ် ရဿပြုခြင်းဟူသော ဒုတိယအနက်ကို ပေါင်းသော သမ္ပိဏ္ဍနအနက်ရှိ၏-ဟု ဆရာသဆို၏၊ သို့သော် နောက်သုတ်များသို့ "အာဂမော ကွစိ" တို့ မလိုက်ရအောင် ရှေ့သုတ်မှ "အာဂမော-ကွစိ" ပုဒ်တို့ကို ငင်သော အနုကဍ္ဎန ဟု ကြံရလျှင် "ပါဿစ"ဟု ရှေ့ဝါကျ၌ စထိုင်လျက်ရှိပုံနှင့် သာ၍ သင့်လျော်မည် ထင်သည်၊ "ဤနည်းအလို "ပါဿစ-ပါနိပါတ်၏လည်း" ဟု သုတ်နက်ပေးရမည်၊ [အလင်္ကာရကျမ်းတို့၌ "စ-ဝါ-ဗိ"စသော နိပါတ်များကို ရှေ့ပုဒ်၌မှီသော ပုဒ်များဟု ဆို၏၊ ထို့ကြောင့် ဤ(စ)လည်း "ပါဿစ" ဟု ရှေ့ပုဒ်နှင့် တွဲမှီကာ ရှေ့ဝါကျ၏ အဆုံးသာ ဖြစ်သင့်သည်၊သို့ဖြစ်လျှင် ၂ ဝါကျရှိရာတွင် ရှေ့ဝါကျ၌ ထိုင်သောကြောင့် သမ္ပိဏ္ဍန လုံးဝ မဟုတ်သင့်ပြီ။]

မှတ်ချက်။ ။သက္ကတ၌ "ပြဂေ" နိပါတ်, အတိပါတောကာလတ္ထ (အလွန် စောသေးဟူသော အနက်ဟော) ဟု ဆို၏၊ ထို "ပြဂေ" ပုဒ်သည် ပါဠိ၌ "ပဂေ" ဖြစ်၍ ဧနှင့် တွဲသောအခါ "ပဂေဧဝ=ပဂေဝ" ဖြစ်ရသည်ဟု ကြံလျှင် ဤသုတ် အပိုပင်ဖြစ်သည်၊ နိပါတ်ပုဒ်ဖြစ်သော်လည်း "ပြဂီယတေ အတြေတိ ပြဂေ" ဟု ဝိဂ္ဂြိုဟ် ပြုသေး၏၊ အတြ-ဤအချိန်၌၊ ပြဂီယတေ-အပြားအားဖြင့် အသံပြုအပ်၏၊ (တိတ်ဆိတ် နေသော အိပ်ချိန်မှ အိပ်ရာထ သူတို့ ဆူညံအပ်၏-ဟူလို၊) ဣတိ-ထို့ကြောင့်၊ ပြဂေ-မည်၏၊ အတိပ္ပဂေါတုန်းက "ပဂေါ" ၌လည်း ဤဝိဂ္ဂြိုဟ် ဖြစ်နိုင်၏။

၄၄,၄၅။ ။ဤ ၂ သုတ်ကို တားမြစ်မည့် "တေနာ ဝါ ဗျဝဏ္ဏေ" သုတ် ရှိသောကြောင့် ဤ၂ သုတ်၌ ကွစိသဒ္ဒါ မလိုက်ပဲ ရှိရသည်၊အဘိ ဥဒီရိတံ-အလွန် ဆိုအပ်၏၊ အဘိ ဥဂ္ဂစ္ဆတိ-ပျံ့နှံ့၍ တတ်၏၊ အဓိဩကာကာသေ- လွင်တီးခေါင်၌၊ အဓိအာဂမာ-လွှမ်းမိုးခြင်းငှာ လာပြီ၊ ရပ်ကို အခြေပြု၍ ပြခဲ့ပြီ။

အဗ္ဘော အဘိသုတ် မရှိသော်။ ။အဘိ+ဥဒီရိတံ၌ ဘ ခွင်း, ချေ ကပ် (အဘုဒီရိတံ), အသဒိသဒွေဘော် လာလျှင် "အဗ္ဘုဒီရိတံ" ဟု ပြီးနိုင်၏၊ သို့သော် တရံ တခါ "ဣဝဏ္ဏော ယံနဝါ" သုတ်ဖြင့် ဣကို ယ ပြု၍ "အဘျုဒီရိတံ" စသည်ဖြင့် ဖြစ်သွားလိမ့်မည်၊ ထိုသို့ မဖြစ်အောင် "အဗ္ဘောအဘိ" ဟု သုတ်တည်ရသည်ဟု ဆရာသ ကြံ၏၊ ဤ ဆရာသကြံသလိုကြံလျှင် "အဓိဩကာသေ" ဟု တည့်, ဣကို ယပြု, ယဝတံသုတ်ဖြင့် ဓျကို ဈပြု, အသဒိသဒွေဘော် လာ၍"အဇ္ဈောကာသေ"စသည်ဖြင့် ပြီးနိုင်သော်လည်း တရံတခါ ဓျ ကို ဈ မပြုပဲ "အဓျောကာသေ" စသည်ဖြင့် ဖြစ်နေ

**တေ န ဝါ ဣဝဏ္ဏော** ၄၆။ ပရေ, ဣဝဏ္ဏော-ကြောင့်၊ တေစ အသိ အမိ ဣစ္စေတေ-ထို အသိ အမိ ဟူကုန်သော ဤ ဥပသာရတို့သည်လည်း၊ အဇ္ဈော အဇ္ဈော ဣတိဝုတ္တရူပါ အဇ္ဈော အဇ္ဈောဟူ၍ ဆိုအပ်ပြီးသော ရုပ်ရှိကုန်သည်၊ ဝါ-ဝိကပ်အားဖြင့်၊ န ဟောန္တိ၊ အဘိစ္ဆိတံ, အမိရိ

---

မည် စိုးသောကြောင့် "အဇ္ဈော အမိ" သုတ်ကို တည်ရသည်-ဟု ကြံဖွယ်ရှိ၏၊ သို့သော် မောဂ္ဂလ္လာန်၌ကား ဤ ၂ သုတ်လုံး မရှိ၊ ပြခဲ့သည့်အတိုင်း ဒွေဘော်ပြု၍လည်းကောင်း, ဈကို ဈပြု, ဒွေဘော်လည်း ပြု၍လည်းကောင်း,အဇ္ဈုဂ္ဂတော-အဇ္ဈုဏှာ မုဒ္ဓောတို့ကို ပြီးစေသည်။

**ဗျည်းနှောင်းရာ၌ အဇ္ဈ အဒ္ဓပြု။** ။သဒ္ဒနီတိ၌ ဗျည်းနှောင်းရာဝယ် အမိကို သရနှင့်တကွ အဇ္ဈပြု၍ "အဂါရံ အဇ္ဈသော ဝသိ" ဟု ထုတ်၏၊ သော-ထိုမင်းသည်၊ အဂါရံ-အိမ်ကို၊-အဇ္ဈဝသိ-စိုးအုပ်နေပြီ၊ "အဇ္ဈသော"ကို "အမိ+သော" တည်, "အမိသ ဇ္ဈော" သုတ်ဖြင့် သ ဗျည်းကြောင့် အမိကို အဇ္ဈပြု-ဟူလို၊ "ဘူဓာတ်မှ ဖြစ်သော ပုဒ်နှောင်းရာ၌ အမိကို အဒ္ဓပြု" ဟုလည်း ဆိုသေး၏၊ အဒ္ဓဘူတော စသည် တည်း၊ အဒ္ဓဘူတောကို "အမိ+ဘူတော"ဟု တည်၊ "အဒ္ဓေါ ဘူမယေ ပရေ" သုတ်ဖြင့် ဘူဓာတ်မှဖြစ်သော ဘူတောပုဒ် နှောင်းရာ၌ အမိကို အဒ္ဓပြု=ဟူလို။ [ဂါထာ၌သာ ဗျည်းနှောင်းရာ၌ အဇ္ဈပြုနိုင်၏၊ ဂါထာမဟုတ်လျှင် ဗျည်းနှောင်းရာ၌ မပြုနိုင်-ဟု သဒ္ဒနီတိ ဆိုသည်။]

[ဆောင်] ဂါထာ၌ရှိ, ဗျည်းနှောင်းဘိလည်း, အမိကိုရှု, အဇ္ဈပြုလော၊ ဓာတုဘူမှ, ဖြစ်ရပုဒ်တုံ, နှောင်းလျက် ကြုံသော်, တဖုံကွဲလစ်, အဒ္ဓ ဖြစ်သည်, နည်းသစ်နီတိ အမိန့်တည်း။

၄၆။ အဘိစ္ဆိတံ—အလွန် အလိုရှိအပ်၏၊ အမိရိတံ-အလွန် ဆိုအပ်၏၊ ရုပ်ကို အခြေပြုအတိုင်း တွက်၊ ကိ ရုပ်၌ အဘိ+ဣရိတံ-လွှမ်းမိုး၍ ဆိုအပ်ပြီ၊ အမိ+ဣဏှာ မုဒ္ဓော-လွန်ကဲသော ကြွေးမြီမှလွတ်၏၊ "အဘ္ဘီရိတံ" ကို "အဘိ+ဤရိတံ" ဟု ပုဒ်ဖြတ်၊ တေန ဝါ ဣဝဏ္ဏေ သုတ်ဖြင့် ဤသရကြောင့် အဘ္ဘ အပြုကို တားမြစ်သင့်သော်လည်း ဝါသဒ္ဒါ မြစ်သောကြောင့် မတားမြစ်ရ၊ အဇ္ဈော အဘိသုတ်ဖြင့် အဘိကို အဗ္ဘပြု, ဗ္ဘခွင်း, ချေ, ကပ်, ပြီး၏၊ အမိ+ဣဏာမုဒ္ဓော" တည်၍ နည်းတူဆို တွက်၊ အဇ္ဈောအမိသုတ်ဖြင့် အမိကို အဇ္ဈပြုရုံသာ။

**တေစခေါ၊ပေ၊ဣစ္စေတေ**—"တေ" ကား သုတ်၌ပါသော"တေ"တည်၊စသဒ္ဒါ ကား ရှေး၌ ဆိုအပ်ပြီးသော အဘိ အမိတို့ကို ညွှန်ပြကြောင်း ထင်ရှားဖို့ရာ အပေက္ခာ အနက်ရှိသော ပက္ခိပနဝုတ္တိတည်း၊ "အဘိ အမိ ဣစ္စေတေ" ကား "တေ"၏ အနက် ကို ဖွင့်ပြသော သုတ္တဝုတ္တိတည်း၊ ထို့ကြောင့် "တေ-ဧတေ" ၂ ပုဒ်လုံး၏ အနက်ပါ အောင် "ထို...ဤ" ဟု ပေးလိုက်သည်၊ ရှေးဆရာတို့ကား "သဗ္ဗနာမ်ပုဒ်, ဆင့်၍ ထုတ်မူ, နောက်ပုဒ်တခု အနက်မဲ့သာ များသတည်း"ဟူသော နိယာမ်အရ"တေ+ ဧတေ"ဟုရှိရာ၌ ဧတေဟူသောနောက်သဗ္ဗနာမ်၏အနက်ကို မဆိုလိုကြချေ၊"အဇ္ဈော

တံ-အဘိစ္ဆိတံ, အဓိရိတံ, စသည်တည်း၊ ဝါတိ ကသ္မာ ဝုတ္တံ၊ အဗ္ဘိရိတံ, အဗ္ဘိုဏ္ဍမုတ္တော-အဗ္ဘိရိတံ, အဗ္ဘိုဏ္ဍမုတ္တော, စသော ပြယုဂ်တို့၌ တားမြစ်ချက်ကို ပြန်နှုတ်ခြင်း အကျိုးငှာ၊ ဝုတ္တံ-၏၊ (၂၆)။

---

အဇ္ဈော ဇာတိ ဝုတ္တ ရူပါ''ကား ၆၅ ၂ သုတ်မှ လိုက်လာသော ''အဇ္ဈော-အဇ္ဈော'' ကို ဖွင့်သော အနုဝတ္တနဝုတ္တိတည်း၊ [ရူပသိဒ္ဓိ၌ကား ၅၂ ၂ သုတ်မှ ''အဘိ အဓိ'' ၂ ပုဒ်လည်း လိုက်၏ဟု ဆို၏၊ ထိုအတိုင်းဆိုလျှင် ''အဘိ အဓိ ဣစ္စေတေ''လည်း အနုဝတ္တနဝုတ္တိပင်၊ တေ သဒ္ဒါဖြင့် ''အဘိ အဓိ''ဟူသော ကာရီကိုလည်းကောင်း, အဗ္ဘ အဇ္ဈ အပြုဟူသော ကာရိယကိုလည်းကောင်း, ပြန်၍ ညွှန်ပြသည်-ဟုလည်း ဆိုကြသေး၏၊ သို့သော် ဝုတ္တိ၌ကား တေကို အဇ္ဈော အဇ္ဈော ဇာတိ ဝုတ္တရူပါနှင့်တွဲ၍ အနက်ပေးလို့ မဖြစ်။]

**အဇ္ဈော၊ပေ၊ ဝုတ္တရူပါ။** ။အဇ္ဈော အဘိ သုတ်၌ ''အဇ္ဈော''ဟု လည်းကောင်း' အဇ္ဈော အဓိသုတ်၌ ''အဇ္ဈော''ဟုလည်းကောင်း ဆိုခဲ့၏၊ ထို့ကြောင့် ''အဇ္ဈော အဇ္ဈောတိ ဝုတ္တရူပ=အဇ္ဈော အဇ္ဈောဟု ဆိုအပ်ပြီးသော ရုပ်''ဟူသည် အဗ္ဘ အဇ္ဈရုပ်တည်း၊ ''အဘိ အဓိ ဟူသော ဤသဒ္ဒါတို့သည် အဗ္ဘ အဇ္ဈရုပ် ရှိကြသည် မဟုတ်'' ဟူရာ၌ ''အဘိ အဓိကို အဇ္ဈ အဗ္ဘ မပြုရ''ဟု ဆိုလိုရင်းဖြစ်သည်။ [အဇ္ဈော အဇ္ဈော ဇာတိ+ဝုတ္တာနိ+ရူပါနိ+ယေသံတိ အဇ္ဈော အဇ္ဈော ဇာတိ ဝုတ္တရူပါ၊ ယေသံ-အကြင် အဘိ အဓိ သဒ္ဒါတို့၏၊ အဇ္ဈော အဇ္ဈော ဇာတိ-အဇ္ဈော အဇ္ဈောဟူ၍၊ ဝုတ္တာနိ-ဆိုအပ်ခဲ့ကုန်သော၊ ရူပါနိ-အဗ္ဘ အဇ္ဈ ရုပ်တို့သည်၊ အတ္ထိ-ရှိကုန်၏၊ ဇာတိ, တေ-ထို အဘိ အဓိ သဒ္ဒါတို့သည်၊အဇ္ဈော အဇ္ဈော ဇာတိ ဝုတ္တရူပါ-တို့ မည်၏၊] (ဤအဇ္ဈော အဇ္ဈော တို့သည် ၅၂ ၂သုတ်၌ ပါသော အဇ္ဈော အဇ္ဈောတို့ကို အတုပြုသော အနုကရဏသဒ္ဒါများတည်း။)

**ဝါတိ ကသ္မာ။** ။''ဗျဉ္ဇနာ်နှောင်းရာ၌ အဗ္ဘ အဇ္ဈ မပြုရဟု တားမြစ်သော်လည်း အမြဲမဟုတ်, ဝိကပ်သာ''ဟု ဝါသဒ္ဒါကဆိုသောကြောင့် အချို့ ဗျဉ္ဇနာ် နှောင်းရာဝယ် အဗ္ဘ အဇ္ဈ ပြုနိုင်သေး၏ဟု ချွင်းချက်ပြုရာရောက်၏၊ ထို့ကြောင့် ''အဗ္ဘိရိတံ-အဗ္ဘိုဏ္ဍမုတ္တော''တို့၌ ဗျဉ္ဇနာ်နှောင်းပါလျက် ဤသုတ်လာ ဝါသဒ္ဒါ၏ ခွင့်ပြုချက်ကြောင့် အဗ္ဘ အဇ္ဈ ပြုခွင့်ရသည်။

**ဤသုတ်ဆိုရကျိုး။** ။''တေန ဗျဉ္ဇနေ'' သုတ်၏ တားမြစ်ချက်ကို ဝါသဒ္ဒါက ထပ်၍ ကန့်ကွက်မည့်အစား, ဤသုတ်ကို လုံးဝ မဆိုတော့ပဲ ''အဇ္ဈော အဘိဝါ''ဟု ထိုသုတ်၌ ဝါသဒ္ဒါထည့်လျှင် အဘိစ္ဆိတံ၌ အဗ္ဘ မပြုပဲလည်းကောင်း, ထို ဝါကို အဇ္ဈော အဓိသုတ်သို့ လိုက်စေ၍ ''အဓိရိတံ''၌ အဇ္ဈ မပြုပဲလည်းကောင်း ပြီးနိုင်သည် မဟုတ်ပါလော..., အဘယ့်ကြောင့် အဗ္ဘ အဇ္ဈ အပြုကို တားမြစ်သော ဤ ပတိသေဓဝိဓိသုတ်ကို ဆိုရပါသနည်း—ဟု မေးဖွယ်ရှိ၏၊ အဖြေကား—ဤသုတ်ကို မဆိုပဲ ''အဇ္ဈော အဘိဝါ''ဟု ဝါသဒ္ဒါထည့်ထားလျှင် ဗျဉ္ဇနာ်မှတပါး အဝဏ် ဥဝဏ် ဧ-ဩ နှောင်းရာတို့၌လည်း အဗ္ဘ အဇ္ဈ အပြုကို ဝိကပ်ဟုချည်း ထင်မှတ်ဖွယ်ရှိ၏၊ စင်စစ်မှာ-ဗျဉ္ဇနာ်မှတပါး အဝဏ် စသည် နှောင်းရာ၌ ဝိကပ် မဟုတ်, အမြဲပင် အဗ္ဘ အဇ္ဈ ပြုရသည်၊ ဤသို့လျှင် ဗျဉ္ဇနာ်နှောင်းရာ၌သာ ဝိကပ် အဗ္ဘ အဇ္ဈ ပြုရ

**အတိသယစန္တသ** ၄၇။ ပရေ ဣဝဏ္ဏော, အတိ ဣစ္စေတသ္မာ-အတိ ဟူသော ဤ ဥပသာရပုဒ်၏၊ အန္တဘူတသ္မာ-အဆုံးဖြစ်၍ ဖြစ်သော၊ တိသဒ္ဒသ္မာ-တိသဒ္ဒါ၏၊သဗ္ဗောစံတီတိ ဝုတ္တရူပံ-သဗ္ဗောစံတိ သုတ်၌ ဆိုအပ်ခဲ့သော စ ပြုရုပ်သည်၊န ဟောတိ-မဖြစ်၊ အတိ-သိဂဏော, အတီ-ရိတံ-အတိ သိဂဏော, အတ်ရိတံ, စသည်တည်း၊ ဣဝဏ္ဏေတိ ဣဝဏ္ဏေပုဒ်ကို၊ ကသ္မာ ဝုတ္တံ၊ အစ္စန္တံ-အစ္စန္တံ စသော ပြယုဂ်တို့၌ တားမြစ်ချက်ကို ပြန်၍နုတ်ခြင်း အကျိုးငှာ၊ ဝုတ္တံ-၏၊ (၂၇)။

---

ကြောင်းကို သိစေခြင်းအကျိုးငှာ ''အဇ္ဈော အဘိဝါ'' ဟု ဝါသဒ္ဒါဖြင့် သုတ်မတည်ခဲ့ပဲ ''တေနဝါ ဣဝဏ္ဏေ''ဟူသော ပဋိသေဓဝိဓိသုတ်ကို သီးခြား ထုတ်ဆိုရသည်။

[ဆောင်] တေနဝါသုတ်, သီးခြား ထုတ်သဖြင့်, အချုပ် မှတ်ရန်, ဣဝဏ်ဒွေးမှ, ကြွင်းသရကြောင့်, အဇ္ဈဇ္ဈပြု, အမြဲရှုလော၊ ၂ ခု ဣဝဏ်, နှောင်းလေ ပြန်မှု, ရံဖန်ဝိကပ်, စီရင်အပ်သည်, မှတ်ဖွယ်ဤသုတ် ဆိုကျိုးတည်း။

နသဒ္ဒါဖြင့် ဆိုရကျိုး။ ။''တေဝါ ဣဝဏ္ဏေ'' ဟု ဆိုလျှင် ဣဝဏ်နှောင်းရာ၌ ဝိကပ် အဇ္ဈ အဇ္ဈပြုကြောင်း သိသာသည် မဟုတ်ပါလော၊ ယခုမှု (မီးစ တဘက်, ရေမှုတ် တဘက်ကဲ့သို့) န ဖြင့်လည်း တားမြစ်, ဝါဖြင့်လည်း ခွင့်ပြုထားသောကြောင့် စကားရှုပ်လျက်ရှိရာ, အဘယ်အကျိုးငှာ နသဒ္ဒါကို ထည့်ရပါသနည်း ဟု မေးဖွယ်ရှိ၏၊ အဖြေကား-''ဟဲ့ သို့း....တချို့လူမှတပါး လူတွေနှင့် စကားမပြောနဲ့'' ဟု တားမြစ်ရာ၌ ပြောရမည့်လူမှာ နဲနဲပါးပါးသာရှိ၍ မပြောရမည့် လူတွေသာ'' များသကဲ့သို့, ထို့အတူ ဣဝဏ်နှောင်းရာ၌ အဇ္ဈ အဇ္ဈ မပြုရသော ရုပ်တွေသာများ၍ ပြုရသော ရုပ်က နည်းပါးကြောင်း သိစေခြင်း အကျိုးငှာ နသဒ္ဒါဖြင့် တေနဝါ ဣဝဏ္ဏေ'' ဟု ဆိုသည်။ (ချာသ)။

·[ဆောင်] ဣဝဏ်သရ, နှောင်းသမျှ၌, အဇ္ဈဇ္ဈဟု, အပြုနည်းပါး, မပြုများဟု, မှတ်သားစေလို, စိတ်၌သို၍, မိန့်ဆိုအပ်စွာ, တေနဝါ, မှတ်ပါ (န) ထည့်ကျိုး။

၄၇။ အတိ ဣသိဂဏော-လွန်ကဲ များပြားသော ရသေ့အပေါင်း၊အတိ ဤရိတံ-အလွန် ဆိုအပ်၏၊ အစ္စန္တံ-အပိုင်းအခြားကို လွန်သည်၊ ရုပ်ကို အခြေပြုမှီ၍ တွက်၊ အစ္စန္တံကို ''အတိ+အန္တံ'' တည်, အတိသယစန္တသသုတ်ဖြင့် တိ၏ စ အပြုကို တားမြစ်သင့်သော်လည်း ဣဝဏ် မနှောင်းသောကြောင့် မတားမြစ်ရ၊ ထို့နောက် သဗ္ဗောစံတိ သုတ်ဖြင့် စီရင်။

**အတိ ဣစ္စေတသ္မာ၊ ပေ၊ ဝုတ္တရူပံ**—''တေနဝါ ဣဝဏ္ဏေ'' သုတ်မှ တေသဒ္ဒါသည် ဝိဘတ်ပြင်၍ ''တံ'' ဟု လိုက်၏၊ ထို့ကြောင့် သုတ်နက်ပေးရာ၌ ''တံ-ထို သဗ္ဗောစံတိ သုတ်၌ ဆိုအပ်ပြီးသော စ အပြုသည်''ဟု ပေးရသည်၊ ဝုတ္တိ၌ကား ထို''တံ''၏ ကိုယ်စား''သဗ္ဗောစံတီတိ ဝုတ္တရူပံ''ဟု အနုဝတ္တနဝုတ္တိ ဖွင့်ရသည်၊အန္တသကိုလည်း

**ကွစိ ပတိ ပဋိသ**

၄၀။ သရေဝါ-ကြောင့်လည်းကောင်း၊ ဗျဉ္ဇနေဝါ-လည်းကောင်း၊ ပတိဣစ္စေတဿ-ပတိဟူသော ဤ ဥပသာရပုဒ်၏၊ ကွစိ ပဋိ အာဒေသော ဟောတိ၊ ပဋိဂ္ဂိဒါတဗ္ဗော, ပဋိဟညတိ-ပဋိဂ္ဂိ၊ပေ၊ ပဋိဟညတိ, စသည်တည်း၊ ကွစိတိ ကသ္မာ ဝုတ္တံ၊ ပစ္စန္တိ မေသု ဇနပဒေသု, ပတိလီယတိ, ပတ်ရူပ ဒေသဝါသောစ—ပစ္စန္တိမေသု၊ပေ၊ ဝါသောစ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ ၏။ (၄၃)။

---

"အန္တ ဘူတဿ တိသဒ္ဒဿ" ဟု ဖွင့်၏၊ ထို အန္တကို "အစိတ်" ဟု ပေးရိုးရှိသော်လည်း "အစိတ်" ဆိုလျှင် (အ) လည်း အစိတ်အပိုင်း, တိလည်း အစိတ်အပိုင်း ဖြစ်၍ ရောထွေးနေ၏၊ အဆုံးဟု ဆိုလျှင်ကား အတိ၌ "တိ" သာ ရတော့၍ သန့်ရှင်းသည်၊ ထို့ကြောင့် ချာသ၌ "အန္တဿာတိ ဝစနံ သကလဿဝါ အာဒိဿဝါ ပရိဝဇ္ဇနတ္ထံ"ဟု မိန့်သည်။ ["အန္တဿသဒ္ဒါသည် (အတိ) တပုဒ်လုံးကိုလည်းကောင်း အစဖြစ်သော (အ) ကိုလည်းကောင်း ရှောင်ကြဉ်ရခြင်း အကျိုးရှိသည်" ဟု ဆိုသဖြင့် "အဆုံး" ဖြစ်ကြောင်း သိသာသည်—ဟူလို။]

**စ သဒ္ဒါ၏ အနက်။** ။အဘိဿစ၌ စသဒ္ဒါ၏ အနက်ကို ရူပသိဒ္ဓိ၌ အဝုတ္တသမုစ္စည်းဟု ဆို၍ ထိုစဖြင့် တိုက်ရိုက်မဆိုအပ်သော ဇာတိ-ပတိတို့ကို ဆည်း၏ဟု ဆို၏၊ သို့သော် "တေန ဝါ ဇာဝဏ္ဏော, အတိဿစန္တဿ" ဟု သုတ်စဉ် ပုံကြည့်လျှင် စသဒ္ဒါသည် ရှေ့သုတ်မှ "တေ+န+ဇာဝဏ္ဏော" တို့ကို ငင်သော အနုကဍ္ဎနဟု ထင်ရသည်၊ "ဇာဝဏ်နှောင်းရာ၌ အဘိအမိတို့၏ အန္တ-အဆုံးအပြု မဖြစ်သကဲ့သို့ အတိ၏ အဆုံးဖြစ်သော တိ၏ စ အပြုလည်း မဖြစ်" ဟူလို၊ ထိုသို့ ငင်သောကြောင့်ပင် နောက်သုတ်သို့ ထိုပုဒ်များ မလိုက်ကြတော့ပြီ၊ ထို့ပြင်-"အတိဿ" ဟု အတိတခုကိုသာ ပြခြင်းသည် ဥပလက္ခဏ (မှတ်ပြခြင်း) သာတည်း၊ ထို့ကြောင့် အဘိဿ အရ၌ ဇာတိ-ပတိတို့ကိုပါ သွင်းယူနိုင်သည်၊ ဤကား ရူပသိဒ္ဓိမှ တမျိုးကြံရသော နည်းတည်း။

**ဝါသဒ္ဒါကို မလိုက်စေရ။** ။တေနဝါ ဇာဝဏ္ဏောသုတ်မှ ဝါသဒ္ဒါကို ဤသုတ်သို့ မလိုက်စေရ၊ ဘာ့ကြောင့်နည်း ...ဇာဝဏ်နှောင်းရာ၌ စ မပြုရခြင်းသည် ဝိကပ်မဟုတ်, အမြဲ မပြုရသောကြောင့်တည်း၊ ထို့ကြောင့် "အတိသိဂဏော"ကဲ့သို့ "အစ္စိသိဂဏော" စသည်ဖြင့် တချို့တလေမျှ (စ) ပြုရုပ် မရှိနိုင်ချေ၊ အချို့ကား မြစ်အပ်သော သဗ္ဗောစံတိ သုတ်၌ ကွစိသဒ္ဒါ လိုက်ပြီးရှိသောကြောင့် ဤသုတ်၌ ဝါသဒ္ဒါ မလိုက်ရ-ဟု အကြောင်းပြကြသေး၏၊ လုံလောက်မည် မထင်၊ ဘာ့ကြောင့်နည်း ... ထို သဗ္ဗောစံတိ သုတ်၌ လိုက်သော ကွစိသဒ္ဒါက ဇာဝဏ်နှောင်းရာ၌ ကွစိဟု မဆိုလို, "ဇာတိ+အဿ"ကဲ့သို့ ဇာဝဏ်မှတပါး အခြား သရနှောင်းရာ၌သာ ကွစိဟု ဆိုလိုသောကြောင့်တည်း။

၄၀။ ["မည်သည့် နိမိတ်ကြောင့်"ဟု မဆိုသောကြောင့် "သရေ ဝါ ဗျဉ္ဇနေ ဝါ"ဟု နိမိတ် ၂ ခုကို ထည့်၍ ဖွင့်နိုင်သည်။] အတိအဂ္ဂိ-မီးကြီးကို၊ (တောမီး လောင်လာသောအခါ တောကျောင်းကလေး၏ အနီးအပါးရှိ သစ်ပင်များကို ကြိုတင်၍ ရှို့ထားလျှင် ကျောင်းသို့ တောမီး မကူးနိုင်၊ ထိုသို့ မကူးနိုင်အောင် ကြိုတင်၍

**ပုထုသုံ ဗျဉ္ဇနေ** ၄၉။ ပရေ ဗျဉ္ဇနေ, ပုထဂ္ဂစ္စေတဿ-ပုထဟူသော ဤ နိပါတ်ပုဒ်၏၊ အန္တော-အဆုံးဖြစ်သော၊ သရော-အသရသည်၊ ဥကာရော-ဥ အပြုသည်၊ ဟောတိ၊ ပုထုဇ္ဇနော, ပုထုဘူတံ-ပုထုဇ္ဇနော, ပုထုဘူတံ, စသည်တည်း၊ အန္တဂ္ဂဟဏေန-လိုက်သော အန္တသဒ္ဒါပိုဖြင့်၊ ပရေ, သရေ-ကြောင့်၊ အပုထဿာပိ-ပုထ မဟုတ်သော သဒ္ဒါ၏လည်း၊ အန္တဿ—အဆုံးသရ၏၊ ဥ ကာရော-ဥ အပြုသည်၊ ဟောတိ၊ မနုညံ-မနုညံ,စသည်တည်း။ (၄၄)။

---

ရှိ့အပ်သော မီးကို၊) ဒါတဗ္ဗော-ပေးထိုက်၏၊ ပဋိဟညတိ-ထိပါး နှိပ်စက်အပ်၏၊ ပတိအန္တိမေသု-မဇ္ဈိမဒေသ၏ အစွန်အဖျားဖြစ်ကုန်သော၊ ဇနပဒေသု-ဇနပုဒ်တို့၌၊ ပတိလီယတိ - တွန့်ဆုတ်၏၊ ပတိရူပဒေသဝါသော - သင့်တင့်လျောက်ပတ်သော အရပ်၌ နေရခြင်းသည်လည်းကောင်း၊ ရပ်ကို အခြေပြု၍ တွက်ခဲ့ပြီ၊ ကိံရပ်၌ "ပတိ+ အန္တိမေသု"ဟု တည်၊ ကွစိ ပဋိ ပတိဿ သုတ်ဖြင့် ပတိကို ပဋိပြုသင့်သော်လည်း ကွစိသဒ္ဒါမြစ်သောကြောင့် မပြုရ၊ (ထို့နောက် သဗ္ဗောစံတိစသော သုတ်ဖြင့် စီရင်၊) ပတိလီယတိကို "ပတိ+လီယတိ"ဟုပင် တည်, စသည် တွက်၊ ပတိရူပဒေသဝါသောစလည်း နည်းတူ။

**ပဋိအပြုနည်းပုံ။** ။ဥပသာရပုဒ် ၂၀ တွင် ဒန္တဇ (တ) ဖြင့် "ပတိ" ဟုသာ ရှိ၏။ ထို ပတိကို မုဒ္ဓဇ (ဋ) ဖြင့် ပဋိပြုဖို့ရန် သက္ကတ၌ စည်းကမ်း မရှိ၊ ပတိဟညတိ (ပတိဃော) ပုဒ်များ၌သော်မှ ဒန္တဇ (တ) ဖြင့် သက္ကတ၌ ရှိ၏၊ ပါဠိ၌ကား မုဒ္ဓဇ (ဋ) ဖြင့် အနည်းငယ်တွေ့ရသောကြောင့် "ကွစိ ပဋိ ပတိဿ" ဟု ကွစိ သဒ္ဒါနှင့် တကွ တည်ဟန် ရှိသည်၊ ထို့ကြောင့် ပါဠိ၌ ပတိဥပသာရ အတိုင်းသာ အရှိများစေ၍ ပဋိ အပြုကား နည်းနည်းပါးပါးသာ ရှိစေရမည်၊ ပတိသန္ဓိ-ပတိဿန္ဒ-ပတိပတ္တိ-ပတိဝေဓတို့၌ ပတိပုဒ်ရင်းအတိုင်းရှိမှ သာ၍ ကောင်း၏၊ သို့သော် မုဒ္ဓဇ "ပဋိ" ဖြင့် ရှိပြန်လျှင်လည်း ပါဠ်ပျက်ဟုကား မဆိုရ။

[ဆောင်] ကွစိ ပဋိ, သုတ်ဆို ရှိလည်း, ကွစိသဒ္ဒ, သုတ်၌ ပြသဖြင့်, မူလ ပတိ, များစွာရှိ, ပဋိ ပြုနဲစေ။

၄၉။ [ပုထုဇနော-အရိယာတို့မှ သီးခြားဖြစ်သော လူ၊ ဝါ-ပုထုဇဉ်၊ ပုထုဘူတံ၊ များစွာဖြစ်၍ ဖြစ်သည်၊ မနောအညံ့-စိတ်ကို လွန်စွာ နှစ်သက်စေတတ်သော အာရုံ၊ ပုထုဇ္ဇနော ပုထုဘူတံကို အခြေပြု အတိုင်းတွက်။] "ပုထဂ္ဂစ္စေတဿ" ဟု (နိပါတလည်း မဆို, ပါဠိပဒိကလည်း မဆိုပဲ) သာမည ဆိုထားသော်လည်း ဂေါသရေ ပုထဿာဂမော သုတ်၌ "နိပါတဿ" ဟု ရူပသိဒ္ဓိ ဖွင့်သောကြောင့် ဤပုထလည်း နိပါတ်ပင်၊ ထိုသုတ်၌ကဲ့သို့ သရမနှောင်းပဲ ဤသုတ်၌ ဗျည်းနှောင်းသဖြင့် ပုထ၏ (အ) ကို ဥ ပြုရသည်၊ ဤသို့ အ ကို ဥပြုခြင်းမှာလည်း သက္ကတပုဒ်ရင်းနှင့် ဆက်သွယ်၍ ပြလိုခြင်းကြောင့် ဖြစ်ဟန်တူ၏၊ ထင်ရှားစေအံ့-သက္ကတ၌ "ပြိထက်"ဟု နိပါတ်ပုဒ် ရှိ၍ ဇနောနှင့် တွဲသောအခါ "ပြိထက်ဇနော" ဟု ဖြစ်၏၊ ထို "ပြိထက်" သည်

**ဩ အဝ ဿ** ၅၀။ ပရေ ဗျဉ္ဇနေ, အဝဏ္ဏစွေတဿ-အဝဟူသော ဤ ဥပသာရပုဒ်၏၊ ကွစိ-၌၊ ဩကာရာဒေသော-ဩ အပြုသည်၊ ဟောတိ၊ အန္ဓကာရေန ဩနဒ္ဓါ-အန္ဓါ၊ပေ၊ဩနဒ္ဓါ, စသည်တည်း၊ကွစီတိ ကသ္မာ

---

ပါဠိ၌ ''ပုထ'' ဟု ဖြစ်၍ အ ကို ဥ ပြုပြီးလျှင် ပျောက်လေသော (က်) အစားနောက်ပုဒ်ကို ဒွေဘော် ပြုလျက် ''ပုထုဇ္ဇနော'' ဟု ပါဠိ ဖြစ်ရသည်၊ ဤသို့လျှင် သက္ကတနှင့် ပါဠိ ပုဒ်နေပုံ ဆက်သွယ်မိအောင် အရှင်ကစ္စည်းဆရာလည်း ''ပုထဿု ဗျဉ္ဇနေ'' ဟု သုတ်တည်လေသည်။

**တနည်း ကြံဖွယ်။** ။သက္ကတ၌ အများအနက်, အဝ အဖြိုးအနက်, လိမ္မာသူ အနက်ဟော ''ပြိထု'' နာမ်ပုဒ် ရှိသကဲ့သို့, ပါဠိ၌လည်း ''မြဟာ မဟန္တံ ဝိပုလံ, ဝိသာလံ ပုထုလံ ပုထု'' ဟု ဝိသေသျ မိနဝဂ်၌ ''ပုထု'' နာမ်ပုဒ်ကိုလည်း တွေ့ရ၏၊ ''ဝဇ္ဇနေတု ဝိနာ နာနာ, အန္တရေန ရိတေ ပုထု'' ဟု ကြဉ်ဖဲခြင်း အနက်ဟော ပုထုနိပါတ်ကိုလည်း တွေ့ရ၏၊ ''ပုထူနံ ဇနနာ ဒီဟိ, ကာရဏေဟိ ပုထုဇ္ဇနော'' ဟူသော အဋ္ဌကထာတို့၌ကား ဝိဘတ်မကြေပဲ ''ပုထူနံ'' ဟု ရှိရာဝယ် နာမ်ပုဒ်ပင်တည်း၊ ဤသို့ ပုထုနာမ်ပုဒ်-နိပါတ်ပုဒ် ကြံသော နည်းအလို ''ပုထဿု ဗျဉ္ဇနေ'' ဟူသော ဤသုတ်သည် အပိုပင် ဖြစ်တော့၏၊ သို့ရာတွင် ''ပုထုဇ္ဇနော'' ဟု ဇ္ဇ ဒွေဘော်ရှိရခြင်းမှာ သက္ကတ (က်) အစားပင် ဖြစ်၍ သက္ကတနှင့် အဆက်အသွယ် မကင်းဟုကား မှတ်ရပေလိမ့်မည်၊ ထို့ပြင်- ''ပုထုဇ္ဇနန္တော ဂတ္တော, ပုထဂါယံ ဇနော ဣတိ'' ဟူသော အဋ္ဌကထာ၌ ''ပုထဂါယံ'' ဟု မရှိစေရ, ပျောက်လေသော (က်) အစား (ဂ်) လာထားသော ''ပုထဂါယံ'' ပါဌ်သာ ပါဌ်မှန် ဖြစ်သင့်၏၊ ပုထုဘူတံ၌ကား ဘူ၌ ဒွေဘော်မရှိသောကြောင့် ''ပြိထက်''မှ ဆက်သွယ်လာသောပုဒ်ဟု မဆိုထိုက်၊ ပြိထု=ပုထုပုဒ်သာ ဖြစ်ထိုက်ရကား ဤသုတ်နှင့် မဆိုင်ချေ။

**အန္တဂ္ဂဟဏေန**—အတိဿစန္တဿသုတ်မှ လိုက်လာသော အန္တသဒ္ဒါသည် ပို၏၊ ဘာ့ကြောင့် ပိုသနည်း-''ပုထဿ-ပုထ၏+အ-အ တည်း၊ ပုထ-ပုထ၏ အ'' ဤသို့ ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြုလျှင် အန္တသဒ္ဒါ မပါပဲပင် ''ပုထဿ-ပုထ၏ အ၏'' ဆိုလိုရင်းအနက် ထွက်နိုင်သောကြောင့်တည်း၊ ထို အန္တပိုဖြင့် ပုထမှ တပါးသော အခြား (မနေ) စသော သဒ္ဒါတို့၏ အဆုံးသရကိုလည်း သရနှောင်းရာ၌ ဥ ပြုခြင်း ဟူသော အနက်ပိုလည်း ရနိုင်သည်၊ [အညံ၌ အာပုဗ္ဗ ဉာဓာတ်, သံဟနညာယဝါ ရောဿ-သုတ်ဖြင့် ရပစ္စည်းသက်, ရ် အနုဗန်ချေ, ဉ ဒွေဘော်လာ, ရဿံသုတ်ဖြင့် အာကို ရဿပြု၍ ''အညံ'' ဟု ပြီး၏၊ အာ (ဘုသော) -လွန်စွာ၊ ဉာတိတောသေတိ-နှစ်သက်စေတတ်၏၊ ဣတိ, အညံ-မည်၏၊ မနံ-စိတ်ကို+အညံ-လွန်စွာ နှစ်သက်စေတတ်သော အာရုံသည် မနုညံ-မည်၏၊ ''မန အည'' ဟု ပြီးသောအခါ န၏ အ ကို ဩပြု၊ ထိုဩကို ဤ အန္တသဒ္ဒါဖြင့် ဥ ပြု၍ပြီးသည်၊ ရူပသိဒ္ဓိ၌ ''ဇေုမံ'' စသော ရုပ်များကိုလည်း ရှုလေဦး။]

၅၀။ အန္ဓကာရေန- မောဟတည်း ဟူသော အမိုက်မှောင်သည်၊ ဩနဒ္ဓါ- မြေးယှက် ဖုံးကွယ်အပ်ပါကုန်လျက်၊ (ပဒိပံ-ဉာဏ်ရောင် ဓာတ်မီးကို၊ နဂဝေသထ- မရှာမှီးပဲ နေကြကုန်ဘိသနည်း'' ဟူသော ဓမ္မပဒပါဠိတော် ဝိသာခါသဟာယိကာ

ဝုတ္တံ၊ အဝဿုဿတု မေ သရီရေ မံသလောဟိတံ-အဝဿုဿတု၊ပေ၊ လောဟိတံ, စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးငှာ၊ ဝုတ္တံ-၏။ (၄၅)။

**အနုပ၊ပေ၊ယောဂတော**

၅၁။ အနုပဒိဋ္ဌာနံ-မပြအပ်သေးသော၊ ဥပသဂ္ဂနိပါတာနံ-ဥပသာရပုဒ် နိပါတ်ပုဒ်တို့၏၊ (ရှုပ်ရှုပ်ကို၊) သရသန္ဓိဟိ-သရသန္ဓိတို့နှင့်လည်းကောင်း၊ ဗျဉ္ဇနသန္ဓိဟိ-ဗျဉ္ဇနသန္ဓိတို့နှင့်လည်းကောင်း၊ ဝုတ္တသန္ဓိဟိစ-ဝုတ္တသန္ဓိတို့နှင့်လည်းကောင်း၊ ယထာယောဂံ-ယှဉ်တိုက်သည်အားလျော်စွာ၊ ယောဇေတဗ္ဗံ-ယှဉ်စေရာ၏၊ ပါပဏံ၊ပေ၊ ပရာမာသော-ပါပဏံ၊ပေ၊ ပရာမာသော, ဟူသည်တည်း၊ ဝေံ-ဤသို့လျှင်၊ သရေစ-သရအရာ၌လည်း၊ ဟောန္တိ-ဖြစ်ကုန်၏။

---

ဝဏ္ဏျမှ ပါဠိဖြစ်၍ ''ဩနဒ္ဓါ'' ဟု ဗဟုဝုစ်ရှိစေ၊) မေ-ငါ၏၊ သရီရေ-ကိုယ်၌၊ မံသလောဟိတံ-အသား အသွေးသည်၊ အဝသုဿတု-ခန်းခြောက်ပါစေတော့၊ ရှုပ်ကို အခြေပြု၍ တွက်ခဲ့ပြီ၊ အဝသုဿတုကို "အဝ+သုဿတု" ဟု တည်, ဩ အဝဿ သုတ်ဖြင့် နောက်ဗျည်းကြောင့် အဝကို ဩပြုသင့်သော်လည်း ကွစိသဒ္ဒါ မြင်သောကြောင့် မပြုရ, ပြီး၏။ [ကစ္စည်းနှင့် သက္ကတကျမ်းတို့၌ ဩ ဥပသာရမပါ, အဝဥပသာရသာ ပါ၏၊ထို့ကြောင့် အဝကို ဩ ပြုရသည်၊ "ဩဥပသာရရှိ၏" ဟု ယူဆသော မောဂ္ဂလ္လာန်အလို ဤသုတ် အပိုပင်။]

၅၁။ ပါပဏံ (ပ+အာပဏံ)-ရောက်ခြင်း၊ ပရာယနံ- (ပရာ+အယနံ)-လည်းလျောင်းရာ၊ ဥပါယနံ (ဥပ+အယနံ)-ကပ်ရောက်ခြင်း၊ ဥပါဟနံ (ဥပ+အာဟနံ)-ဖိနပ်၊ နျာယောဂေါ (နိ+အာယောဂေါ)-အမြဲ အလွန်အားထုတ်ခြင်း၊ ["နျာယော-နည်းလမ်း"ဟု ရှိလျှင် သာ၍ သုံးစွဲရိုးကျ၏၊ "နိ+အာယော" ဟု ဖြတ်၊] နိရုပမိ-(နိ+ဥပမိ)-ဥပမိမရှိရာ နိဗ္ဗာန်၊ အနုဗောဓော (အနု+ဗောဓော)-လျော်စွာ သိခြင်း၊ ဒုဂ္ဂုပသန္တံ (ဒု+ဥပသန္တံ)-မကောင်းသဖြင့် ငြိမ်းသည်၊ သုဂုပသန္တံ (သု+ဥပသန္တံ)-ကောင်းစွာ ငြိမ်းသည်၊ ဒွါလယော (ဒု+အာလယော)-မကောင်းသဖြင့် ငြိတွယ်ခြင်း၊ သွာလယော (သု+အာလယော)-ကောင်းစွာ ငြိတွယ်ခြင်း၊ ဒုရာချာတံ (ဒု+အာချာတံ)-မကောင်းသဖြင့် ဟောအပ်၏၊ သွာချာတော (သု+အာချာတော)-ကောင်းစွာ ဟောအပ်၏၊ ဥဒီရိတံ (ဥ+ဤရိတံ)-ဆိုအပ်၏၊ သမုဒ္ဒိဋ္ဌံ (သံ+ဥဒ္ဒိဋ္ဌံ-)ကောင်းစွာ ပြအပ်၏၊ ဝိယဂ္ဂံ (ဝိ+အဂ္ဂံ)-အထူးသဖြင့် မြတ်၏၊ ဝိဇ္ဈဂ္ဂံ (ဝိ+အဓိ+အဂ္ဂံ)-အထူးသဖြင့် အလွန်မြတ်၏။ ["ဝိဇ္ဇဂ္ဂံ=ဝိဇ္ဇာ+အဂ္ဂံ-အတတ်တို့တွင် အမြတ်ဆုံး" ဟု ပုဒ်ဖြတ်သေးသည်ကား ဥပသာရတို့ကို ပြနေသော ဤနေရာနှင့် မလျော်။]

ဗျဂ္ဂံ (ဝိ+အဂ္ဂံ)-အထူးသဖြင့် မြတ်၏၊အဝယာဂမနံ (အဝ+အာဂမနံ)-အယုတ်သဖြင့် လာခြင်း၊ အန္ဝေတိ (အနု+ဧတိ)-အစဉ်လိုက်၏၊ အနုပဃာတော (အနု+ဥပဃာတော)-အစဉ်ကပ်၍ ညှဉ်းဆဲခြင်း၊အနုစ္ဆရိယံ (အနု+အစ္ဆရိယံ)-အဖန်ဖန် အံ့ဩအပ်၏၊ ["အန်+အစ္ဆရိယံ" ဟု ပုဒ်ဖြတ်နိုင်သော်လည်း အနု ဥပသာရ၏

ပရိဂ္ဂဟော၊ပေ၊ အဘိက္ကမော - ပရိဂ္ဂဟော၊ပေ၊ အဘိက္ကမော, စသည် တည်း၊ ဧဝံ-ဤသို့လျှင်၊ ဗျဉ္ဇနေစ-ဗျည်းအရာ၌လည်း၊ (ဟောန္တိ-ကုန်၏၊) သေသာ-ကြွင်းကုန်သော၊ သဗ္ဗေ-အလုံးစုံသော ပြယုဂ်တို့ကို၊ ယောဇေတဗ္ဗာ-ယှဉ်စေထိုက်ကုန်၏။ (၅၉)။

သန္ဓိကပ္ပေ-၌၊ ပဉ္စမော-သော၊ ကဏ္ဍော-သည်၊ ဣတိ-ပြီ၊—

သန္ဓိကပ္ပေ ါ-သန္ဓိကျမ်းသည်၊ နိဋ္ဌိတော-ပြီးပြီ။

---

အရာဖြစ်၍ "အန+အန္တရိယံ" ဟု ဖြတ်သောနည်းသာ အာဘော်ကျသည်၊ ချာသဒ္ဒ ကား "အန်+အာန္တရိယံ" ဟု ဖြတ်၍ အာဥပသာရအတွက် ပုံစံဟု ဆို၏၊ အာဥပ သာရ မှန်သော်လည်း အာဘော်ကျမည်မထင်။] ပရိယေသနာ (ပရိ+ဧသနာ)-ရှာမှီးခြင်း၊ ပရာမာသော (ပရ/+အာမာသော)-မှားသောအားဖြင့် သုံးသပ်ခြင်း။ [ "ဧဝံ သရေ ဟောန္တိ" ကား သရသန္ဓိအတွက် နိဂုံး၀ါကျတည်း။]

ပရိဂ္ဂဟော (ပရိ+ဂဟော)-သိမ်းဆည်းခြင်း၊ ပဂ္ဂဟော (ပ+ဂဟော)-ချီးမြှောက် ခြင်း၊ ပက္ကမော (ပ+ကမော)-ဖဲသွားခြင်း၊ ပရက္ကမော (ပရာ+ကမော)-လုံ့လပြု ခြင်း၊ ["ပရံ+အာကမော" ဟုလည်း ပုဒ်ဖြတ်နိုင်၏၊ သို့သော် "ပ-ပရာ" ဟု ဥပ သာရအစဉ်ကျအောင် "ပရာ+ကမော" ဟု ပုဒ်ဖြတ်သည်။] နိက္ကမော (နိ+ကမော) ထွက်မြောက်ခြင်း၊ နိက္ကသာဝေါ (နိ+ကသာဝေါ)-ကိလေသာ ဖန်ရည် မရှိသူ၊ နိလ္လယနံ (နိ+လယနံ)-ပုန်းအောင်းရာ၊ ဒုလ္လယနံ (ဒု+လယနံ)-မကောင်းသဖြင့် ပုန်းအောင်းရာ၊ ဒုဗ္ဘိက္ခံ (ဒု+ဘိက္ခံ)-ငတ်မွတ် ခေါင်းပါးခြင်း ဒုဗ္ဗုတ္တံ (ဒု+ဥတ္တံ)-မကောင်းသဖြင့် ဆိုအပ်၏၊ ["ဒုဗ္ဗုဋ္ဌိ=ဒု+ဝုဋ္ဌိ-မိုးခေါင်ခြင်း" ရှိလျှင် ဒုဗ္ဘိက္ခံနှင့် သာ၍ လိုက်လျော၏။] သန္ဒိဋ္ဌံ (သံ+ဒိဋ္ဌံ)-ကောင်းစွာ မြင်အပ်၏၊ ဒုဂ္ဂဟော (ဒု+ ဂဟော)-မကောင်းသဖြင့်ယူခြင်း၊ ဝိဂ္ဂဟော (ဝိ+ဂဟော)-ငြင်းခုံခြင်း၊ နိဂ္ဂတော (နိ+ဂတော)-ထွက်မြောက်ခြင်း ["နိဂ္ဂဟော-နှိပ်ခြင်း" ဟုလည်း ရှိသင့်၏။] အဘိက္ကမော (အဘိ+ကမော)-ရှေ့တိုးခြင်း၊ ပဋိက္ကမော (ပဋိ+ကမော)-နောက် ဆုတ်ခြင်း၊ အတိက္ကမော (အတိ+ကမော)-လွန်သွားခြင်း၊ "ဧဝံ ဗျဉ္ဇနေစ" ကား ဗျဉ္ဇနသန္ဓိအတွက် နိဂုံး၀ါကျတည်း။

**သုတ္တာတိဒေသသုတ်။** ။ဤသုတ်ကို ဗာလာဝတာရ စသည်တို့က ဝိဓိသုတ်ဟု ဆိုကြ၏၊ ထို့ကြောင့် ရှေးရှေးသုတ်ဖြင့် မပြီးနိုင်သမျှ ရုပ်ကို ဤသုတ်ဖြင့် စီရင်စေလို ကြ၏။ ရူပသိဒ္ဓိ စသည်တို့ကမူ အတိဒေသသုတ် ဟု ဆို၏၊ မပြခဲ့ရသေးသော ပြယုဂ် တွေ ရှိပေသေး၏၊ ထိုပြယုဂ်များ၏ရုပ်ကို (ရုပ်ပြီးပုံကို) ဆိုခဲ့ပြီးသောနည်းကို မှီ၍ သိပါလေ၊ ဆိုခဲ့ပြီးသော သုတ်တို့ဖြင့် (စသဒ္ဒါ ဝါသဒ္ဒါ ယောဂဝိဘာဂ တို့နှင့်တကွ) စီရင်ပါလေ-ဟု ဆိုခဲ့ပြီးသောသုတ်တို့ကို ညွှန်ပြသော သုတ္တာတိဒေသသုတ် ဟု ရူပသိဒ္ဓိ က ဆိုလိုသည်၊ ချာသလည်း သုတ္တာတိဒေသသုတ် ဟုပင် ဆိုလို၏၊ ထို့ကြောင့် ပုပ္ဖံဟံစသည်ကို သရာသရေ စသော သုတ်ဖြင့် ချာသ စီရင်သည်။

**အနုပဒိဋ္ဌာနံ ဥပသဂ္ဂနိပါတာနံ**- "အနုပဒိဋ္ဌာနံ"၏ အရကို "ဥပသဂ္ဂနိပါတာနံ"ဟု ဖွင့်၏၊ ထိုသို့ ဖွင့်ပြသော ဝုတ္တိဆရာ၏ အလိုကား-ဤပဥ္စမခန်းသည် "ဝေါသရေ ပုထဿာဂမော" သုတ်မှစ၍ ဥပသာရပုဒ် နိပါတ်ပုဒ်များကိုသာ စီရင်သော အခန်း တည်း၊ ထို့ကြောင့် ဤသုတ်လည်း မပြအပ်သေးသော ဥပဘာရနိပါတ်ပုဒ်တို့၏ ရုပ်ပြီး ပုံကိုသာ ညွှန်ပြထိုက်သည်ဟု ယူလိုသည်၊ ထို့ကြောင့် "ဥပသဂ္ဂနိပါတာနံ" ဟု ဖွင့်၍ ပြယုဂ်များကိုလည်း ဥပသာရ ဆိုင်ရာကိုချည်း ထုတ်ပြလေသည်။

ရူပသိဒ္ဓိ စသည်တို့ကမူ "ဥပသာရနိပါတ်သာမက, သန္ဓိအစီအရင်နှင့် စပ်ဆိုင် သော ပုဒ်အားလုံး၏ ရုပ်ပြီးဖို့ရာ ညွှန်ပြသောသုတ်" ဟု ယူ၍, "န ဥပဒိဋ္ဌာ ဥပသဂ္ဂ နိပါတာ ဒယော" ဟု အာဒိသဒ္ဒါနှင့်တကွ ပြပြီးလျှင် "ပရိယုဒါဟာသိ-အရိယဿ" စသော ပုံစံများကို ထုတ်ပြသည်၊ အရိယဿ၌ ဥပသာရနိပါတ် မပါ, နာမ်ပုဒ်သာ တည်း၊ ထိုတွင် ရူပသိဒ္ဓိဝါဒသာ သုတ်တည်သော အရှင်ကစ္စည်းဆရာ၏ အာဘော် ကျဖွယ် ရှိ၏၊ ဘာ့ကြောင့်နည်း.... ဆိုအပ်ပြီးသော သုတ်တို့ဖြင့် တိုက်ရိုက် မပြအပ် သေးသော (တိုက်ရိုက် မပြီးနိုင်သေးသော) ပြယုဂ်တို့မှာ ဥပသာရနိပါတ်ပုဒ်သာမက, နာမ်ပုဒ်အများပင် "အရိယော,ဗဝှါဗာဓော" စသည်ဖြင့် ရှိသေးသောကြောင့်တည်း။

**သရသန္ဓိဟိ၊ပေ၊ယောဇေတဗ္ဗံ**—ဥပသဂ္ဂနိပါတာနံ၏စပ်ရာ တိုက်ရိုက် မပါ သောကြောင့် "ရူပံ" ဟု ထည့်ရသည်၊ ထိုရူပံကိုလည်း ယောဇေတဗ္ဗံ၌စပ်၊ ဥပသာရ နိပါတ်ပုဒ်တို့၏ ရုပ်ကို ယှဉ်စေရာ၏, ယှဉ်စေရမည်, ယှဉ်စပ်သုံးစွဲပါလေ-ဟူလို၊ အဘယ်တို့ဖြင့် ယှဉ်စေရမည်နည်း-ဟု မေးဖွယ်ရှိသောကြောင့် "သရသန္ဓိဟိ" စသည် ကို မိန့်၊ သရသန္ဓိ တို့ဖြင့်လည်းကောင်း, ဗျဉ္ဇနသန္ဓိတို့ဖြင့်လည်းကောင်း, ဝုတ္တသန္ဓိ တို့ဖြင့်လည်းကောင်း,ထိုက်သင့်သလို ယှဉ်စေရမည်-ဟူလို၊ သရသန္ဓိ၌ သွင်းသင့်လျှင် သရသန္ဓိ၌သွင်း၍, ဗျဉ္ဇနသန္ဓိ၌ သွင်းသင့်လျှင် ဗျဉ္ဇနသန္ဓိ၌သွင်း၍, ဝုတ္တသန္ဓိ၌ သွင်း သင့်လျှင် ဝုတ္တသန္ဓိ၌သွင်း၍ စီရင်ရမည်-ဟူလို။ [နိဂ္ဂဟိတသန္ဓိမှာ ဗျဉ္ဇနမျိုးဖြစ်၍ ဗျဉ္ဇနသန္ဓိ အရတွင် ပါဝင်လေသည်။]

**ဝုတ္တသန္ဓိ**။ ။"ဝုတ္တသန္ဓိ" ဟူသည် သီးခြား သန္ဓိတမျိုး မဟုတ်, ဂါထာအရာ၌ ဆန်းကို စောင့်ရှောက်ခြင်း, ဂရု လဟုကို စောင့်ရှောက်ခြင်း, စုဏ္ဏိယဝါကျ အရာ၌ သုခုစ္စာရဏ ဖြစ်စေခြင်းအကျိုးငှာ အက္ခရာချေခြင်း ဒီဃ ရဿ တခုခုပြုခြင်း စသည် ဖြင့် စီရင်အပ်သော သန္ဓိပင်တည်း၊ ဝုတ္တသဒ္ဒါသည် ဂါထာဟူသော အနက်ကို ဟော သော်လည်း ဤနေရာ၌ ဂါထာဖြင့် စုဏ္ဏိယကိုပါ ယူ၊ "ဝုတ္တေသု-ဂါထာစုဏ္ဏိယတို့၌+ ဝိဟိတော-စီရင်အပ်သော+သန္ဓိ-သန္ဓိသည်၊ ဝုတ္တသန္ဓိ-မည်၏" ဤစကားအရ ဝုတ္တ သန္ဓိဟူသည် ဆိုအပ်ပြီးသော သရသန္ဓိ ဗျဉ္ဇနသန္ဓိ ၂ မျိုး၌ ထိုက်သလို ပါဝင်ပြီးဖြစ် သော သန္ဓိတည်း-ဟု သိသာပြီ၊ ထို့ကြောင့် ဝုတ္တသန္ဓိအတွက် ဝုတ္တိဆရာလည်း ပုံစံ အထူး မပြတော့ချေ၊ [ဤ ဝုတ္တသန္ဓိကိုပင် မိဿကသန္ဓိ (သရ ဗျဉ္ဇန ရောသောသန္ဓိ) ဟုလည်းကောင်း, သာဓာရဏသန္ဓိ (သရ ဗျဉ္ဇန ၂ မျိုးလုံးနှင့် ဆက်ဆံသော သန္ဓိ) ဟုလည်းကောင်း ခေါ်သေး၏။]

[**သဒ္ဒနီတိ**] သော ဧဝ (ထိုမိဿကသန္ဓိ သာဓာရဏသန္ဓိကိုပင်) ဂါထာသု ဆန္ဒာနု ရက္ခဏတ္ထံ ဝုတ္တိအနုရက္ခဏတ္ထံစ စုဏ္ဏိယပဒေသု သုခုစ္စာရဏတ္ထံ လောပေါ ဂမာဒိဝသေန သာဓိတတ္တာ ဝုတ္တသန္ဓိတိစ ဝုစ္စတိ။

ရုပ်တွက်။ ။[ရုပ်တွက်ပုံ ဆိုရိုးကို ရှေးရုပ်များအတိုင်း ဆိုပါ, စီရင်မည့်သုတ်ကိုသာ ပြအံ့၊ ပုဒ်ဖြတ်ပုံကိုလည်း ပြခဲ့ပြီ၊] ပါပဏံ, ဥပါဟနံ, အနုစ္ဆရိယံ, ပရာမာသော တို့၌ သရာသရေလောပံသုတ်ဖြင့် ချေ, ကပ်၊ ပရာမာသောသည် အာ ဥပသာရ၏ ပုံစံတည်း၊ ပရာယနံ, ဥပါယနံ—သရာ သရေ လောပံ, ဒီဃံ၊ နှာယောဂေါ ဇူဝဏ္ဏော ယံ နဝါ၊ နိရူပဓိ, ဒုရာချာတံ, ဥဒီရိတံ, ဝိယဂ္ဂံ, အဝယာဂမနံ, ပရိယေသနာ—ယဝမဒန၊ အနုဗောဓောကို "အနု+ဗောဓော"ဟု တည်၍ သရာ ပကတိ ဗျဉ္ဇနေဖြင့် နု၏ ဥကို ဥ ဟု ပကတိပြု၊ ဤရုပ်ကား သရကြောင့် စီရင်သည် မဟုတ်, သရကို စီရင်သည်၊ ထို့ကြောင့် "ဧဝံ သရေစ ဟောန္တိ"၌ "သရေစ-သရကြောင့်လည်း"ဟု မပေးပဲ "သရအရာ၌လည်း"ဟု ပေးရသည်။

ဒုဂ္ဂုပသန္တံ, သုဂ္ဂုပသန္တံ-ယဝမဒန, တတိယပိုင်း ဒီဃံ၊ဒွါလယော,သွာလယော, သွာချာတော, အန္ဝေတိ—ဝမောဒုဒန္တာနံ၊ သမ္ဗုဒ္ဓိ—ဝဂ္ဂန္တိ ဝါ ဝဍ္ဎေ၊ ဝိဇ္ဈဂ္ဂံ-အဇ္ဈော အဓိ, ဝါပရောဖြင့် ဝိ၌ ဣမှ နောက်ဖြစ်သော အကို ချေ၊ ဗျဂ္ဂံ-ဇူဝဏ္ဏော ယံ နဝါ, ဒေါဓောစ၌ စသဒ္ဒါ (သို့မဟုတ်"ဗော ဝဿ"ဟူသော သုတ္တဝိဘာဂ)ဖြင့် စီရင်၊ အနုပဃာတောကို အန္ဝေတိ၏ နောက်၌ ပြသောကြောင့် "အနု+ဥပဃာတော" ပုဒ်ဖြတ်၍ အနုဥပသာရ၏ ပုံစံဟု ကြံသည်၊ ခွင်း, ချေ, ကပ်ရုံသာ။ [အနု+ဥပဃာတောဟု ပုဒ်မဖြတ်နိုင်၊ "န+ဥပဃာတော"ဟု သမာသ်တွဲပြီးသောအခါ "သရေ အန်"သုတ်ဖြင့် နကို "အန်"ပြုထားသောကြောင့် "အန်+ဥပဃာတော",ဟုသာ ပုဒ်ဖြတ်နိုင်သည်၊ အနုဥပသာရ၏ အရာဖြစ်၍ ထိုသို့လည်း ပုဒ်မဖြတ်သင့်။]

ပရက္ကမော-က ဒွေဘော်လာ,ရဿံ ဖြင့် ရာ၌ အာကို ရဿပြု၊ဒုမ္ဘူတ္တံ၌ စဒွေဘော်လာ, ဝ ၂လုံးကို ဗ ၂ လုံးပြု၊ သန္ဓိနံ၌ ဝဂ္ဂန္တပြု၊ ကြွင်းရုပ်များ၌ သဒိသဒွေဘော်ဖြစ်စေ၊ အသဒိသဒွေဘော်ဖြစ်စေ လာရုံသာ၊ "ဧဝံ သေသာ သဗ္ဗေ ယောဇေတဗ္ဗာ"ဟု ဆိုသောကြောင့် ရှေ၌ ယောဂဝိဘာဂ, စသဒ္ဒါ, ဝါသဒ္ဒါ, အန္တသဒ္ဒါ ပိုဖြင့် ပြခဲ့သော ရုပ်များကိုလည်းကောင်း, သဒ္ဒနီတိ မောဂ္ဂလ္လာန်တို့၌သာ လာသည့် ရုပ်များကိုလည်းကောင်း သန္ဓိဆိုင်ရာ၌ ဤသုတ်က ညွှန်ပြသည်ဟု မှတ်၊ ထို့ကြောင့် အခြားကျမ်းလာ သန္ဓိရုပ်များကို ပြဦးအံ့။

(က) "ပရိယုဒါဟာသိ, ကရိယာ, အယိရော, ဗဟွာဗာဓော, န အဘိနေယျ, ဝှံသ မကာသ"တို့၌ ဒေါဓောစသုတ်ဝယ် စသဒ္ဒါဖြင့် ရနှင့် ယ,ဟနှင့် ဝ,နနှင့် အ,သနှင့် ဗ တို့ကို ရှေနောက်ပြန်စေ၍ "ပယိရုဒါဟာသိ, ကယိရာ, အရိယော, ဗဝှာဗာဓော, အနဘိနေယျ, ဝှံသ မကာသ"ဟု ဖြစ်၏၊ [ပယိရုဒါဟာသိ၌ "ပရိ+ဥ+အာဟာသိ"ဟု ပုဒ်ဖြတ်၍ ယဝမဒနဖြင့် (ယ်-ဒ်) လာရသေး၏၊ဗဝှာဗာဓော၌"ဗဟု+အာဗာဓော"ဟု ဖြတ်၍ ဝမောဒုဒန္တာနံ ဖြင့် ဝ ပြုရသေးသည်။

(ခ) "စေတိယာနိ, ခတ္တိယာ, ပဒုမာနိ, သိနေဟော, ရတနံ, ကိရိယံ,ကိလေသော"တို့၌ တေသုဝုဒ္ဓိ သုတ်ကြီးဖြင့် ယ-မ-န-ရ-လ နှောင်းရာဝယ် ရှေ့ဝဏ္ဏ၏ သရကိုချေ, နောက်အက္ခရာသို့ကပ်၍ "စေတျာနိ, ခတျာ, ပဒ္မာနိ, သ္နေဟော, ရတ္နံ, ကြိယံ, က္လေသော"ဖြစ်၏။

(ဂ) ''ပရိယေသနာ''၌ တေသုဝုဒ္ဓိဖြင့် ရိ၏ ဧကိုချေ, ရကိုလည်း ယပြု, ယကို နောက်ယသို့ကပ်၍ ''ပယေျသနာ'' ဟု ဖြစ်၏၊ ပရိယတ္တိမှ ''ပယျ္ုတ္တိ'' ဖြစ်ပုံလည်း နည်းတူ၊ နာဘိယော္ဗာ၌ကား ဣချေ, ဘကို ယသို့ကပ်, (နာဘျော), ရယံသုတ်ဖြင့် နာ၌ ရဿပြု, ယဝတံဖြင့် ဘျကို ဘပြု, ဇွဘောဂ်လာ, နဗ္ဘော ဟု ဖြစ်၏၊ ဩသဘျ၌ ဩသ ဗ္ဘံ ဖြစ်ပုံလည်း ဤနည်းမှီလေ။

(ဃ) ဂေဟာသဒ္ဒါ၏ ဧကို သမာသ်အရာ၌ တေသုဝုဒ္ဓိဖြင့် (အ) ပြု၊ ''ဂဟကူဋံ, ဂဟပတိ, ဂဟဋ္ဌော'' တဒ္ဓိတ်အရာ၌ကား ဣပြု၍ ''ဂိဟိ-အိမ်ရှိသူ'' ဟု ဖြစ်၏။

(င) ''ခေတ္တာနံ-လယ်တို့၏၊ အဓိပတိ-အရှင်သခင်ဖြစ်သောမင်းသည်၊ ခတ္တိယော-မည်၏'' ၌ ''ခေတ္တိယော'' ပုဒ်ရင်းတည်း၊ တေသုဝုဒ္ဓိဖြင့် ဧကို (အ)ပြု၊ ''ဟဒယေယေ၀-သတ်အပ်ရာသည်သာ''၌ ''ဟဒယေ၀''ဟု ဂါထာအရာ၌ ဖြစ်၏။

(စ) အာသု (လျင်မြန်သော) ဝိသံ ယဿာတိ အာသုဝိသော, ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော'' တို့၌ တေသုဝုဒ္ဓိဖြင့် သု၌ ဥကို ဣပြု, သိ၌ ဣကိုဧပြု, ''အာသိဝိသော, ဝါသေဋ္ဌော ''ဟု ဖြစ်၏၊ သု၌ ဥကို ဩလည်းပြု၍''သုဝဏ္ဏမယော'' မှ ''သောဝဏ္ဏမယော'' ဟုလည်း ဖြစ်၏၊ ဒုမ္မေဓျံ၌ကား မေ၏ ဧကို ဣပြု၍ ''ဒုမ္မိဓျံ'' ဟု ဖြစ်၏၊ သကဒါဂါမိ၌မူ ''သကိ+အာဂါမိ'' တည်, ဒ်လာ, တေသုဝုဒ္ဓိဖြင့် ဣကို (အ) ပြု၊ ''ကံ+အဟံ''၌ ကွစိလောပံဖြင့် နိဂ္ဂဟိတ်ချေ၍, ကခွင်းချေ ကပ် ''ကဟံ''ဖြစ်ပြီးနောက် က၏ အကို ဧပြု၍ ''ကေဟံ'' ဟုလည်း ဖြစ်၏။

(ဆ) ''ပတိဇာတော ဗျည်းကြောင့် တေသုဝုဒ္ဓိဖြင့် ပတိကို ပစ္စပြု, ဒီဃံဖြင့် ဗျည်းကြောင့် ဒီဃပြု, ''ပစ္စာဇာတော-စွဲ၍ဖြစ်သူ'' ဟု ဖြစ်၏၊ ''ပတိ+အာဇာတော'' ဟု ပုဒ်ဖြတ်လျှင်ကား သဗ္ဗောစံတိသုတ်ဖြင့်ပင် ပြီး၏၊ မြဟ္မာကြီးသည် ရှေးဘဝ၌ ''သဟက'' မည်၏၊ ထို့ကြောင့် ''သဟကပတိ'' မှ ကကို တေသုဝုဒ္ဓိဖြင့် နိဂ္ဂဟိတ်ပြု၊ ''သဟံပတိ=သဟမ္ပတိ'' ဟု ဖြစ်၏၊

(ဇ) တေသုဝုဒ္ဓိဖြင့် အပ္ပက္ခရပုဒ်ကို ဗဟွက္ခရဖြစ်အောင်လည်းကောင်း, ဗဟွက္ခရပုဒ်ကို အပ္ပက္ခရ ဖြစ်အောင်လည်းကောင်း ပြု၊ ''အာစရိယော, ကာတိယာဝယနော, နဝနီတံ''ဟူသော ဗဟွက္ခရပုဒ်မှ ''အာစေရော, ကစ္စာယနော, နောနီတံ'' ဟု အပ္ပက္ခရပုဒ်ဖြစ်၏၊ သရတိ, သကေဟိ, သွာမိ, သွာမိနီ, သတ္တော, မဇ္ဈော, တဏှာ, ပမှံ, ဋ္ဌေ'' ဟူသော အပ္ပက္ခရပုဒ်တို့မှ ''သုရတိ, သုဝကေဟိ, သုဝါမိနီ, သတ္တဝေါ, မာတိယော, တသိနာ, ပခုမံ, ဒုဝေ'' ဟု ဗဟွက္ခရဖြစ်၏။

(ဈ) သုခုစ္စာရဏာ (ရွတ်၍ လွယ်ကူ ချောမွေ့စေခြင်း) အကျိုးငှာ တေသုဝုဒ္ဓိဖြင့် အက္ခရာတလုံးကိုလည်း ချေနိုင်၏၊ ပဋိသန္ဓိယ ယောနိသော=ပဋိသန္ဓိ ယောနိသော၊ သယံ အဘိညာယ သစ္ဆိကတွာ=သယံ အဘိညာ သစ္ဆိကတွာ၊ သဟယေစ=သယေစ၊ ဒွါသဋ္ဌိ ပဋိပဒါ၊ဒွဋ္ဌိ ပဋိပဒါ၊ ဒွါသဋ္ဌိ အန္တရကပ္ပေါ=ဒွဋ္ဌန္တရကပ္ပေါ၊ ပဋိပဒါ=ပဋိပါ၊ ဤပြခဲ့သော အစီအရင်များကား စုဏ္ဏိယဝါကျ၌ အတွေ့များ၏၊ယခုပြလတ္တံ့သော အစီအရင်တို့ကား ဂါထာ၌သာ တွေ့ရသည်။

(ဉ) "ပညာဝတံ+ဣဝ, အရဟတံ+ဣဝ, တာရာစိတံ+ဣဝ, ဥရဂံ+ဣဝ, ဘုသံ+ဣဝ" တို့၌ မဒါသရေဖြင့် နိဂ္ဂဟိတ်ကို (မ်) ပြု, ဒီဃံဖြင့် မအာဂုံဗျည်းကြောင့် ရှေ့သရကို ဒီဃပြု၍ "နယိဒံ ပညာဝတာမိဝ, မေဓာ အရဟတာမိဝ,နဘံ တာရာစိတာမိဝ, သုပဏ္ဏော ဥရဂါမိဝ, ဝရမှာကံ ဘုသာမိဝ" ဟု ဖြစ်၏၊ ["ဘုသံ+ဧဝ" ဟု ပုဒ်ဖြတ်၍ တေသုဝုဒ္ဓိဖြင့် ဧကို ဣပြုသောနည်းလည်း ရှိ၏။]

(ဋ) "ဩက္ကန္တာမသေ, ကရောမသေ, ဂိမှေသု" တို့၌ တေသုဝုဒ္ဓိသုတ်ဖြင့် ဧကို ဣပြု၍ "ဩက္ကန္တာမသိ ဘူတာနိ, ယံ ကရောမသိ ဗြဟ္မုနော, ဣဓ ဟေမန္တ ဂိမှိသု"ဟု ဖြစ်၏၊ "အဗန္ဓိ+သော, အဇ္ဈာယန္တော, အပိနော" တို့၌ကား ဩကို ဥပြုပြီ "န တေနတ္ထံ အဗန္ဓိသု, အဇ္ဈာယန္တု သုယုဒ္ဓေန, အပိနု ဟနုကာ သန္တာ" ဟု ဖြစ်၏။

(ဌ) "အဒုဿ, ဆမာယ, သောမနဿ ဒေါမနဿံ, နုန" တို့၌ တေသုဝုဒ္ဓိဖြင့် "အ-ယ-ဿ-န" တို့ကို ချေ၍ "ဒုဿ မေ ခေတ္တပါလဿ, စန္ဒောဝ ပတိ တော ဆမာ, ပုဗ္ဗေဝစ သောမန ဒေါမနဿံ, ဧဝမေဝ နုရာဇာနံ" ဟု ဖြစ်၏၊ ["လာဘူနိ သီဒန္တိ သိလာ ပလဝန္တိ" ၌လည်း "အလာဘူနိ" ဟု ဖြစ်သင့် လျက် (အ) ကိုချေသည်ဟု ဗာလာဝတာရဆို၏၊ သို့သော် "လာဗု-အလာဗု" မှာ ပရိယာယ်သာဖြစ်၍ "လာဗူနိ" လည်း ပုဒ်ရင်းဖြစ်နိုင်သည်၊ အပိစ၌ ဣကို တေသုဝုဒ္ဓိဖြင့် ချေ, ဒေါဓဿစ၌ စဖြင့် ပကို စပြု, နောက် စသို့ ကပ် "အစ္စာယံ မစ္ဆိမော ခဏ္ဍော"ဟု ဖြစ်၏။ [အစ္စ+အယံ]၊ အတိစ္စ၌ တိကို ချေလျှင်လည်း "အစ္စာယံ မစ္ဆိမော ခဏ္ဍော" ဟုပင် ဖြစ်၏။ [ယခု ပါဠိများ၌ "အထာယံ မစ္ဆိမော ခဏ္ဍော" ဟု ပျက်သည်။]

(ဍ) "အယာစိ ံသု, ဝိပဿိ ံသု" စသည်၌ "စိ ံ-ဿိ ံအရာဝယ် လဟုဖြစ်မှ ဂါထာတွဲ၏၊ ထိုကဲ့သို့ အရာ၌ နိဂ္ဂဟိတ်ကို နောက်အက္ခရာ၏ အဆုံးသို့ ပြောင်းရွှေ့နိုင်၏၊ နီတိ၌ "ဌာနန္တရဂတံ နိဂ္ဂဟီတဿ" ဟု သုတ်တည်၏၊ ကစ္စည်းအလို ကွစိခေတုသုတ်ကြီးဖြင့် ပြောင်းသင့်သည်၊ "တေ တံ အဘေ အယာစိသုံ, ယထာဘူတံ ဝိပဿိသုံ" စသည်တည်း၊ ထို့အတူ ဂါထာ၌ ဂိုဏ်းနေသင့်အောင် "အဘာသိတ္ထ" စသည်၌ ဣကို(အ)ပြု၊ ထ္ထကို ထပြု၍ "ဣမာ ဂါထာ အဘာသထ, ဥဒကေနာဘိသိဉ္စထ" ဟု ဖြစ်၏၊ [ဤ "ထ္ထ" ကို ဟိယျတ္တနီဝိဘတ် ဟု မောဂ္ဂလ္လာန်နိဿယ မိန့်၏၊ သဒ္ဒနီတိ၌ အဇ္ဇတနီ အာကို ထ္ထ-ပြုသည်ဟု ကြံ၏၊ "အဘာသိတ္ထ" မှ ဣကိုလည်း အ-ပြုသည်။]

(ဎ) "ဆန္ဒက"၌ အ ကို ဧ, "ဥပဟတမနော" ၌ အ ကို ဩ, "သုတဝ္ဘော သုတိန္တော" တို့၌ ဥကို ဩပြု၍ "နဝဆန္ဒကေဒေါဂ်ိ ဒီယျတိ, ဝိတာစုပဟတော မနော, သောတဝ္ဘော သောတိန္တော"ဟု ဖြစ်၏၊ တချို့စာ၌ "သော်သိန္တော" ဟု ရှိ၏၊ (မ) အာဂံ နှောင်းရာ၌ "မင်္ဂေါ-ကာရော" စသည်တို့၏ ဩကို "လောပဉ္စတတြာကာရော" ဖြင့် ချေ, ထို ကြေရာ၌ (အ) လာ၊ "မဂ္ဂ

မတ္ထိ ဂမကော န ဝိဇ္ဇတိ, ပစ္စယာကာရ မေဝစ'' ဟု ဖြစ်၏၊ ဗျည်းနှောင်းရာ၌လည်း ထို့အတူပင် စီရင်၍ ''တုဝံစ မနုဿေခ (သေခေါ....ပုဒ်ရင်း) ထေရ ဝါဒါန မုတ္တမော (ထေရော ...ပုဒ်ရင်း)'' ဟု ဖြစ်၏။

(ဃ) နပုံလိင်၌ တေသုဝုဒ္ဓိဖြင့် နိဂ္ဂဟိတ်ကို သရနှင့်တကွ ဒ ပြု၍ ''တံ+တေ,တော+ကိဉ္စိ'' တို့မှ ''တဒတေ, တေဒ ကိဉ္စိ'' ဟု ဖြစ်၏၊ ''ယဒိစ္ဆသေ တွံ တဒတေ သမိဇ္ဈတု, ဗြာဟ္မဏသေတဒကိဉ္စိ သေယျော'' ပုံစံ။

**မှာထားချက်။** ။များစွာသော ပြယုဂ်များသည် သဒ္ဒနီတိ သန္ဓိခန်း၌ လာသော ပြယုဂ်ချည်းတည်း၊ ထိုကျမ်းတို့က သန္ဓိခန်း၌ ပြထားသောကြောင့်ပင် ဤကျမ်း၌လည်း သန္ဓိခန်းမှာ ပြလိုက်သည်၊ သန္ဓိဟူရာ၌ ပုဒ် ၂ ခုစပ်သော ''ပဒသန္ဓိ'' သာ သန္ဓိမဟုတ်, တပုဒ်တည်း၌ ချောမောပြေပြစ်အောင် စီရင်မှုလည်း ဝဏ္ဏသန္ဓိပင်၊ ထို့ကြောင့် ၂ ပုဒ်စပ် မဟုတ်သမျှ၌ ဝဏ္ဏသန္ဓိ ဟုချည်းမှတ်၊ ကျမ်းဂန်များကို ကြည့်ရှုရာ၌ ဤ ပြခဲ့သောပုဒ်များဝယ် မိမိကိုယ်တိုင် တွေဝေ ယုံမှားခဲ့ရသောကြောင့် နောက်သားတို့ မတွေဝေစေခြင်းငှာ ထုတ်ပြလိုက်ရသည်၊ သတိပြု၍ ကြည့်ရှုလေ့လာပါကုန်။

## လေ့ကျင့်ခန်း

**မှာထားချက်။** ။သန္ဓိစပ်မှု ဟူသည် ပါဠိအဋ္ဌကထာတို့၌ လွန်စွာ အသုံးဝင်၏၊ သုဒ္ဓနာမ် သမာသ် တဒ္ဓိတ် ကိတ်ပုဒ်များနှင့် အာချာတ် ပုဒ်တို့ပင် သန္ဓိ အတွင်းသို့ ဝင်ရောက်ကြရ၏၊ ထို့ကြောင့် ''သန္ဓိကိစ္စံနာမ လောကရူပနံ ဝိယ သဗ္ဗဗျဥ္ဇနေသု'' ဟု သဒ္ဒနီတိ မိန့်သည်။ [သန္ဓိ ကိစ္စံ နာမ-ပုဒ်တို့ကို စပ်ခြင်း, ချောမောအောင် ပြုခြင်း မည်သည်၊ သဗ္ဗ ဗျဥ္ဇနေသု-အလုံးစုံသော ဟင်းကောင်း ဟင်းလျာတို့၌၊ လောဏရူပနံဝိယ-ဆား (ကရဝေး, ဇီယာ စသော) အခိုး အထုံများနှင့် တူ၏၊ မည်သည့် ဟင်းကောင်းမဆို ဆား အခိုး အထုံ မပါလျှင် အရသာ မရှိသကဲ့သို့, မည်သည့်ပုဒ်၌ မဆို သန္ဓိမပါလျှင် ဟာတာတာ ဖြစ်နေတတ်သည်—ဟူလို၊] ထို့ကြောင့် ဤနေရာ၌ ရပ်တန့်၍ ရက်ပေါင်း အတော်ကြာအောင် လေ့လာဖို့ရာ သန္ဓိရုပ်များကို လေ့ကျင့်ခန်း ထုတ်ပြဦးအံ့။

[လေ့ကျင့်ခန်း၌ ပြထားသောရုပ်များမှာ ပုဒ်ဖြတ်ပြီးဖြစ်၍ မခဲယဉ်းပါ၊ တရက်လျှင် ၃-၄-၅ သုတ် လေ့ကျင့်ပါ။ နှုတ်တက်မရသော်လည်း ရလုမတတ် ဖတ်၍, နောက်တရက် လေ့ကျင့်မည့်အခါ ဆရာကဖြစ်စေ တပည့် အချင်းချင်း ဖြစ်စေ တဦးက ပုဒ်ဖြတ်လျှင် အများက ပုဒ်စပ်ဆို တဦးက ပုဒ်စပ်လျှင် အများက ပုဒ်ဖြတ်ဆို, ရုပ်အကျဉ်းလည်းတွက်ကာ ပျော်ပျော်ကြီး လေ့ကျင့်ကြပါလေ၊ သန္ဓိကိစ္စ၌ သုတ် အဓိပ္ပာယ်ကို သိခြင်းထက် ပုဒ်စပ် ပုဒ်ဖြတ်ကို သိခြင်းက ကျမ်းဂန်၌ သာ၍ ကျေးဇူး များပါသည်။]

**သရာသရေလောပံ။** ။[ရှေ့ပုဒ်ကား ပုဒ်ဖြတ်ရုပ်, ထိုအတိုင်း ပုဒ်ဖြတ်၍ နောက်ရုပ် ပြီးအောင် တွက်ပါ၊] တတြ+ဣမေ=တတြိမေ။ ။န+အသိ=နသိ။ ။ကေန+ဦနံ=ကေနူနံ။ ။အဇ္ဇ+ဥပေါသထော = အဇ္ဇုပေါ

သထေော။ ။ယဿ + ဧတေ = ယဿေ့တေ။ ။သောတုကာမော + အဿ = သောတုကာမဿ။ ။သောတုကာမော + အမှ = သောတုကာမ-မှ။ ။မာ + အာဝုသော = မာ့ဝုသော။ ။စာတုရော + ဣတ္ထိယော = စာတုရိတ္ထိယော။ ။ သမ္ဗာ + ဤတိယော = သမ္ဗီတိယော။ ။တဒါ + ဥဋ္ဌဟိ = တဒုဋ္ဌဟိ။ ။နာဂ နာသာ + ဦရူ = နာဂနာသူရူ။ ။တဿ + ဧဝံ = တဿေ-ဝံ။ ။ဘိက္ခုနီ + ဤရိတံ = ဘိက္ခုနီ-ရိတံ။ ။ရာဇိနီ + ဦရူ = ရာဇိနူရူ။ ။ဥဿု + အဂ္ဂံ = ဥဿ-ဂ္ဂံ။ ။ အာနန္ဒ + ဧတံ = အာနန္ဒေ-တံ။ ။ဝိဇ္ဇု + ဩဘာသော = ဝိဇ္ဇောဘာ-သော။ ။ဇမ္ဗု + အာဒိနိ = ဇမ္ဗာဒိနိ။ ။သရဘူ + ဦမိ = သရဘူမိ။ ။ ယံမေ + အာသိ = ယံမာ-သိ။ ။ဂါထာမေ + ဥဒီရိတာ = ဂါထာ မုဒီရိတာ။ ။ သုတံ မေ + ဧတံ = သုတံမေတံ။ ။ဥရော + အဿ = ဥရဿ။ ။သတ္တော = ဥပလဒ္ဓတိ = သတ္တုပလဒ္ဓတိ။

**အောက်ပါပုံစံများ၌ သရ ၂ လုံး ၃ လုံး ၄ လုံးကိုချေလိမ့်မည်။** ။ယာ + အ + အန္တိ = ယန္တိ။ ။ဧ + အ + ယျ = ဧယျ။ ။ဟူ + အ + ယျ = ဟေယျ။ ။ဥပ + ဣ + အ + ယျာသိ + ဥပေယျာသိ။ ။အဇ္ဈ + ဣ + အ + ယျာသိ = အဇ္ဈေယျာသိ။ ။ဂဿေဝါ၌ အ + အာ + ဣ + ဤ + ဧ = ဧ။ [ဤ၌ သရ ၄ လုံး ကြေသည်။ ထိုသို့ ကြေရာ၌ ချာသ သဒ္ဒနီတိတို့ဝယ် တပြိုင်နက်ချေဟု ဆို၏၊ ရူပသိဒ္ဓိ၌ကား တလုံးစီ အစဉ်အတိုင်း ချေစေလိုသည်။]

**ဝါပရော အသရူပါ။** ။[မကြေလျှင် ဆိုရိုးကျအောင် ရုပ်တွက်ပါစေ-[သော + အပိ = သော့ပိ။ ။သာ + ဣဝ = သာ့ဝ။ ။တတော + ဧဝ = တတော့ဝ။ ။ လတာ + ဣဝ = လတာဝ။ ။ကဋ္ဌိ + အဋ္ဌိ = ကဋ္ဌိဋ္ဌိ။ ။ဟောတိ + အကုပ္ပ တော = ဟောတိ ကုပ္ပတော။

**ဝါပရော ယောဂဝိဘာဂ။** ။ပ + အာပံ = ပ-ပံ။ ။ပ + အာဒါတဝေ = ပဒါ တဝေ။ ။အ + အာဒယော = အာဒယော။ ။ဣ + ဣတိ = ဣတိ။

**ကွစာ့သဝဏ္ဏံ လုတ္တေ။** ။[ဆိုရိုးကြေလျှင် အကျဉ်းချုပ်မျှသာ တွက်ပါစေ။] အတိ + ဣဝ = အတေ-ဝ။ ။မာလုတ + ဤရိတံ = မာလုတေရိ-တံ။ ။စန္ဒ + ဥဒယော = စန္ဒော-ဒယော။ ။ဝိ + ဥဒကံ = ဝေါဒကံ။ ။ဘာဂီရထိ + ဥဒကံ = ဘာဂီရထော-ဒကံ။ ။ထူလ + ဦရူ = ထူလောရူ။

**လုတ္တေ ဝိုန္ဒွ် ယောဂဝိဘာဂ။** ။ဣတိ + အာလယော = ဣသေလယော။ ။ မုနိ + အာလယော = မုနေလယော။ ။ရထိ + အာသဘော = ရထေသဘော။ ။ သု + ဣတ္ထိ = သော-တ္ထိ။ ။ဗဟု + ဥဒကေ = ဗဝှော်ဒကေ။ ။ပတိ + ဥရသ္မိံ = ပစ္စောရသ္မိံ။

ဒီဃံ—**ပုဗ္ဗော စ။** ။[''ရှေ့သရချေ, နောက်သရကို ဒီဃပြု'' ဤသို့ သုတ်နာမည် မဖော်ပဲ ရုပ်တွက်ချင်းကို ရုပ်အကျဉ်းတွက်နည်းဟု ခေါ်သည်၊] နု + အယျော =

နာယျော။ ။နု + အညမညဿ = နာ့ညမညဿ။ ။နု + အဿန္တိ = နာဿန္တိ။ ။မာ+အယျော=မာယျော။ ။ကုဒါ+အဿု=ကုဒံ့ဿု။ ။သဗ္ဗဟာရကံဝါ + အဿ= သဗ္ဗာဟာရကံဝါ့ဿ။ ။ဒွိ + အာပေါ= ဒီပေါ။ [ဒွိဓာ အာပေါ သန္ဒတိ ဧတ္ထာတိ ဒီပေါ=ရေ၏ ၂ ဖြာခွဲ၍ စီးရာကျွန်း၊ ''ဒွိ+အာပ''မှ ဒွိကို ဒိ ပြုထားသည်။]

**ယမေဒန္တဿာဒေသော။** ။ကေ+အဟံ=ကျာ့ဟံ။ ။စေ+အဿ=ချ့ဿ။ [''တိ+အဟံ'' ပုဒ်ဖြတ်၍လည်း ''ကျာ့ဟံ'' ပြီးသေး၏, ဤသုတ်အရာ မဟုတ်။]

**ဝမောဒုဒန္တာနံ။** ။အဂမာနုခေါ+ဣဓ=အဂမာနုခွိဓ။ ။အနု+အာဂန္တွာန=အန္ဝာဂန္တွာန။ ။ဟေတု+အတ္ထော=ဟေတွ့တ္ထော။ ။ဓာတု+အတ္ထေ=ဓာတွ့တ္ထေ။ ။ခလု+အဘိဓာဝတိ=ခလွာဘိဓာဝတိ။ ။စိတြဂု+အာဒယော=စိတြဂွါ့ဒယော။ ။ဘူ+အာပါနလာနိလံ=ဘွာပါနလာနိလံ။ ။မဓု+ အာသဝေါ= မဓွာ့သဝေါ။ ။သမန္တပါသာဒိကာတိ+ ဧဝ= သမန္တပါသာဒိကာတွေ့ဝ။ ။ဟောတိ+ဧဝ=ဟောတွေဝ။ ။ဝိလပတိ+ဧဝ= ဝိလပတွေ့ဝ။ ။အနုသေတိ+ ဧဝ= အနုသေတွေဝ။ ။[ဤရုပ်များ၌ ရူပသိဒ္ဓိအလိုလည်း တွက်ပြပါ။]

**သဗ္ဗောစံတိ ယောဂဝိဘာဂစသည်။** ။ဇာတိ+ဗဓိရော=ဇစ္စဗဓိရော။ ။ဇာတိ+မူဂေါ=ဇစ္စမူဂေါ။ ။ဇာတိ+ဇဠော=ဇစ္စဇဠော။ ။[သဒ္ဒနီတိ တွက်ပုံ, မဏိမဉ္ဇူ ကြံပုံပါ တွက်ပြပါ။]

**ဒေါ ဓဿ စ, စသဒ္ဒါ (သို့မဟုတ်—သုတ္တဝိဘာဂရုပ်များ)။** ။ကုသီဒေါ= ကုသီတော။ ။ပဟတော=ပဟဋ္ဌော။ ။ဂေါတ္တဘူ=ဂေါတြဘူ။ ။ဒိရုပဂေါ= ဒိရုပကော။ ။ပရိပန္ထော=ပလိပန္ထော။ ။ပရိဗောဓော = ပလိဗောဓော။ ။ဇုန္ဟိယံ=ဇုဏ္ဟိယံ။ ။ဒုဒ္ဒဒါမော=ဒုဒြဒါမော။ ။ဘဒ္ဒေါ= ဘဒြော။ ။နိခလျု=နိဃလျု။ ။ပသေနဇိ=ပသေနဒိ။ ။ပညတ္တိ= ပဏ္ဏတ္တိ။ ။ပညာသံ=ပဏ္ဏာသံ။ ။ပ+နိဓာနံ=ပဏိဓာနံ။ ။ပ+နိပါတော=ပဏိပါတော၊ ။ပ+နိမိ=ပဏိမိ။ ။တရုဏော=တလုနော။ ။ကရုဏံ=ကလုနံ။ ။ကမ္ဗာသ ဒမ္မံ=ကမ္ဗာသ ဓမ္မံ။ ။အာယုဓံ=အာဝုဓံ။ ။ဒိဃာယု=ဒိဃာဝု။ ။သီဟလော=သီဟဠော။ ။ဂရုလော=ဂရုဠော။ ။ကာပညံ=ကာဝညံ။ ။ဇရာယု=ဇလာဗု။ ။သန္နိသိဒေသု=သန္နိသိဝေသု။ ။ဧဠမုခေါ=ဧဠမူဂေါ။ ။အာကာသာနန္တာယတနံ= အာကာသာနဉ္စာယတနံ။ ။အတ္ထကထာ=အဋ္ဌကထာ။ ။ပိဋ္ဌနတ္တော=ပိဋ္ဌနဋ္ဌော။ ။ကေနတ္ထေန=ကေနဋ္ဌေန။ ။အတ္တိံကတွာ=အဋ္ဋိံကတွာ။ ။ဝေါတ္ထပနံ=ဝေါဋ္ဌပနံ။ ။ဇဝံ ဝိယခေါ=ဇဝံ ဗျာခေါ။ ။ဝိယ+သိဉ္စတိ=ဗျာသိဉ္စတိ။ ဇညဇညံ ဝိယ= ဇညဇညံဗျာ။ ။ဝါစာ+ပထော=ဗျပ္ပထော။

**ဣဝဏ္ဏော ယံ နဝါ။** ။နဒီ+ အာသန္နော= နဒျာသန္နော။ ။ဒါသီ+ အဟံ– ဒါသျာဟံ။ ။ဝိ+အာကာသိ= ဗျာကာသိ။ ။ဝိ+အာကတော= ဗျာကတော။

**လောပဉ္စ တတြာကာရော။** ။ (စသဒ္ဒါ, ယောဂဝိဘာဂ) မဂ္ဂေါ+အတ္ထိ= မဂ္ဂမတ္ထိ။ ။အဂ္ဂေါ+ အက္ခာယတိ= အဂ္ဂမက္ခာယတိ။ ။ယာစကေ+ အာဂတေ=ယာစကမာဂတေ။ ။အကရမှသေ+တေ=အကရမှသတေ။ ။ သွေ+တနံ= သွာတနံ။ ။ဟိယျော+တ္တနံ= ဟိယျတ္တနံ။ ။ဧသော+ အတ္ထော= ဧသအတ္ထော။ ။ဧသော+ ဣဒါနိ=ဧသဣဒါနိ။ ။အဘိလာပ မတ္တဘေဒေါ ဧသော= အဘိလာပမတ္တဘေဒေါ ဧသ။ ။တံ+ ဣမိနာပိ= တဒိမိနာပိ။

**ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ။** ။ပုဂ္ဂံ+အံ=ပုဂ္ဂလံ၊ [နျာသအလို တွက်ပါ]။ ။ပုံ+လိင်္ဂံ= ပုလ္လိင်္ဂံ။ ။ပဋိသံ+လီနော=ပဋိသလ္လီနော။ ။သံ+လက္ခဏာ=သလ္လက္ခဏာ။

**မဒါသရေ။** ။[ယောဂဝိဘာဂ]။ ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ။ ။သံ+ဓာ=သဒ္ဓါ။ ။သံ+ဒဟနာ=သဒ္ဒဟနာ။ ။တံ+ဟိတံ= တဒ္ဓိတံ။ [ရှေးဦးစွာ ဒေါဓဿစ၌ စဖြင့် ဟကို ဒ ပြုရသေးသည်။]

**ယဝမဒန၊ တရ၊ လာစာဂမာ။** ။[စ၏ ပုံစံများ]။ ။အတိပ္ပခေါ=အတိပ္ပဂေါ ခေါ။ ။သု+ဥဇုစ= သုဟုဇုစ။ ။သု+ဥဋ္ဌိတံ= သုဟုဋ္ဌိတံ။ ။ဣက္ခသိ= သိက္ခသိ။ ။တေ+နဝါ=တေစ နဝါ။

**ဗျဉ္ဇနော စ ဝိသညောဂေါ။** ။သစေ ဘုတ္တော ဘဝေယျံ+ အဟံ+ အသ+ အာဇီဝေါ=ဘဝေယျာ-ဟံသာဇီဝေါ။ ။ပုတ္တာနံ ဟိ ဝဓော ဒုက္ခော= ဝဓော ဒုခေါ။ ။အပစ္စိဿံ=အပစ္စိသံ။ ။အာဟိတော+အဂ္ဂိနိ= အာဟိတောဂ္ဂိနိ။

**အမှာ။** ။ဤမှ နောက်၌“အနုပဒိဋ္ဌာနံ” သုတ်၏ အဆက်ဝယ် လေ့ကျင့်ဖွယ် ရုပ်များစွာ ရှိ၏၊ ထိုရုပ်များကို ပြန်၍ ကြည့်ရှုလျက် လေ့ကျင့်ကြပါလေ၊ အကြီးတန်းစသော အထက်တန်း စာမေးပွဲကို ဝင်ရောက် ဖြေဆိုမည့် ပုဂ္ဂိုလ်များကား ထိုထိုသုတ်၌ ပြခဲ့သော လင်္ကာဆောင်ပုဒ်ကို အရကျက်၍ အဓိပ္ပာယ် အားလုံးကိုပင် ဆရာက ပုစ္ဆာထုတ်၍ လေ့ကျင့်ခန်း လုပ်ကြပါကုန်။

**သန္ဓိဘာသာဋီကာ ပြီးပြီ။**

# နာမ် ဘာသာဋီကာ

**ဇိနဝစန ယုတ္တံဟိ** ၅၂။ ဇိနဝစနယုတ္တံဟိ ဣတိ-ဇိနဝစနယုတ္တံဟိ ဟူသော၊ ဝေါ-ဤသုတ်ကို၊ အဓိကာရတ္ထံ-အဓိကာရ အကျိုးရှိ၏ဟူ၍၊ ဓဝဒိတဗ္ဗံ-သိထိုက်၏။ (၆၀)။

---

**အနုသန္ဓေ**။ ။"ပဒမတော ဝိဝိစ် သုဏောယျ"ဟု တိုက်တွန်းခဲ့သည်အားလျော်စွာ သန္ဓိကျမ်းဖြင့် အက္ခရကောသလ္လဉာဏ်ကို ရင့်သန်စေပြီး၍ ယခုအခါ၌ နာမ်ကျမ်းဖြင့် ပဒကောသလ္လဉာဏ်ကို ရင့်သန်စေတော်မူလိုသော အရှင်ကစ္စည်းဆရာသည် "ဇိနဝစနယုတ္တံဟိ" စသော နာမ်ကျမ်းကို မိန့်တော်မူ၏၊ ချဲ့ဦးအံ့-သန္ဓိကျမ်း၌ ပဒသန္ဓိ ဝဏ္ဏသန္ဓိ ၂ မျိုးကို ပြထား၏၊ ထို ၂ မျိုးကိုသိလျှင် "ယသိန္ဒြိယာနိ" ဟု သနှင့် ဣကိုစပ်၍ သိဖြစ်ခြင်းသည် မှန်ကန်သော အက္ခရာပင်တည်း၊ သုဂဒေါမှ "သုဂတော" ဟု တအက္ခရာဖြစ်ခြင်းသည် မှန်ကန်သော အက္ခရာပင်တည်း၊ ဤသို့စသည်ဖြင့်သိသော အက္ခရကောသလ္လဉာဏ် ရင့်သန်၏၊ ယခုအခါ၌ "ပုရိသော" သည် မှန်သောပုဒ်တည်း၊ သိ ဝိဘတ်ဖြင့် "ပုရိသံ" ဟု ဖြစ်ခြင်းကား မမှန်သော ပုဒ်တည်း၊ ဤသို့စသည်ဖြင့် ပဒကောသလ္လဉာဏ် ရင့်သန်စေခြင်း အကျိုးငှာ ဤနာမ်ကျမ်းကို စီရင်တော်မူသည်။

**မာရ်အောင်တော်မူပုံ**။ ။"မာရေတိ-သတ်ဖြတ် နှိပ်စက်တတ်၏၊ ဣတိ-ထို့ကြောင့်၊ မာရော-မာရ်မည်၏" နှင့် အညီ, သေအောင်သော်လည်း သတ်တတ်-ဂုဏ်ကိုသော်လည်း ဖျက်ဆီးတတ်သောကြောင့် "မာရ" မည်သော မာရ်ငါးပါးကား-ဒေဝပုတ္တ, ကိလေသ, အဘိသင်္ခါရ, ခန္ဓ, မစ္စုတည်း, ပဉ္စမာရေ-မာရ်ငါးပါးတို့ကို၊ ဇိတဝါ-အောင်တော်မူပြီး၊ ဣတိ ဇိနော၊ "ဇိတဝါ" ဝယ် "အတီတေ တတဝန္တု၊ တာဝီ" ဖြင့် တဝန္တုပစ္စည်း သက်ထားသောကြောင့် "ဘုရားရှင်သည် မာရ်ငါးပါးလုံးကို ဗောဓိပင်တုန်းကပင် အောင်မြင်တော်မူခဲ့ပြီ" ဟု အတိတ်အနက် ဆိုလိုသည်၊ မှန်၏-မာရ်နတ်ကို "ဒေဝပုတ္တမာရ်" ဟု ခေါ်၏၊ ဘုရားရှင်သည် သည်းခံတော်မူခြင်းဟူသော ခန္တီဗိုလ်နှင့် ပညာဗိုလ် စသော ဗိုလ်အပေါင်းတို့ဖြင့် မာရ်နတ်၏ အစွမ်းသတ္တိ အားတက်သရောရှိမှုတွေကို ဖြိုဖျက်နှိမ်နင်းတော်မူခြင်း၊ မာရ်နတ်၏ နယ်ပယ်ဖြစ်သော ကာမဓာတ်ကို လွန်မြောက်တော်မူနိုင်ခြင်းဖြင့် "ဒေဝပုတ္တမာရ်" ကို တွန်းလှန်တော်မူနိုင်ခဲ့ပြီ။

ကိလေသာတွေကို"ကိလေသမာရ်" ဟု ခေါ်၏၊ ထိုကိလေသမာရ်ကို အရဟတ္တမဂ် ဓားဖြင့် သတ်ဖြတ်လိုက်ပြီ၊ ကုသိုလ်အကုသိုလ်သည် ဘဝသစ်ကို ပြုစီမံတတ်သောကြောင့် "အဘိသင်္ခါရမာရ်" မည်၏၊ အဝိဇ္ဇာ တဏှာကို သတ်ဖြတ်လိုက်လျှင် အဝိဇ္ဇာ တဏှာ အဖော် မပါသော ကံများလည်း နောင်တဖန် အကျိုးမပေးကြတော့သဖြင့် အဘိသင်္ခါရ မာရ်ဟူသော အမည်ပင် မရကြတော့ချေ၊ ထို့ကြောင့် ကိလေသာတို့ကို အောင်သည်နှင့် တပြိုင်နက် အဘိသင်္ခါရမာရ်ကိုလည်း အောင်ပြီးဖြစ်တော့၏၊ ဤသို့လျှင် ကိလေသာနှင့် အဘိသင်္ခါရမာရ်တို့ကို နောက်တဖန် မဖြစ်စေသောအားဖြင့် အောင်မြင်တော်မူခဲ့ပြီ။

**လိင်္ဂေ နိပစ္စတေ** ၅၃။ ယထာ ယထာ-အကြင်အကြင်သို့သော အပြားအား ဖြင့်(ပြီးစေအပ်သော်)၊ ဇိနဝစနယုတ္တံဟိ-ဘုရားပါဠိတော် အား လျော်သည်သာလျှင်ဖြစ်သော၊ လိင်္ဂံ-လိင်သည်၊ (ဟောတိ-၏၊) တထာ တထာ-ထိုထို အပြားအားဖြင့်၊ ဣဓ-ဤကစ္စည်းကျမ်း၌၊ လိင်္ဂေ-လိင်ကိုလည်း၊ နိပစ္စတေ-ပြီးစေအပ်၏၊ တံ ယထာ-ထို လိင်ဟူသည် အဘယ်နည်း၊.... သော နော သတ္ထာ၊ပေ၊ရာဇာ-သော နော သတ္ထာ၊ပေ၊ရာဇာ-စသည်တည်း၊(၆၁)။

---

ရုပ်နာမ်ခန္ဓာကို "ခန္ဓမာရ်"ဟု ခေါ်၏၊ သေခြင်းသဘောကို "မစ္စုမာရ်"ဟု ခေါ်၏၊ခန္ဓာတော်ရှိသေးသောကြောင့်လည်းကောင်း, ပရိနိဗ္ဗာန်စံရဦးမည် ဖြစ်သော ကြောင့်လည်းကောင်း, ဤမာရ် ၂ ပါးကို မုချအောင်ပြီဟုကား မဆိုသာ၊ သို့သော် ထိုခန္ဓာတော်နှင့် မစ္စု ၂ မျိုးလုံးပင် ဒုက္ခသစ္စာဖြစ်ရကား ဒုက္ခသစ္စာဖြစ်သော ခန္ဓ-မစ္စုမာရ် ၂ ခုကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နင်းနင်း သိသောအားဖြင့်လည်းကောင်း, ထို ဒုက္ခသစ္စာ ခန္ဓာ၏ အကြောင်းဖြစ်သော သမုဒယတဏှာကို ပယ်သောအားဖြင့် လည်းကောင်း အောင်မြင်တော်မူပြီဟုပင် ဆိုရတော့သည်၊ ရန်သူကို မသတ်နိုင် သေးသော်လည်း ရန်သူ၏ သဘောကို ကောင်းကောင်းသိထား၍ ထိုရန်သူ၏ အကြောင်းရင်း အခြေအမြစ်ကို ဖြတ်နိုင်လျှင် တနည်းအားဖြင့် ရန်သူကို နိုင်သည် မည်သကဲ့သို့တည်း၊ ဤစကားအစဉ်ဖြင့် ရှေ့ မာရ် ၃ ပါးကို မုချအောင်တော်မူပြီးခြင်း, နောက် မာရ် ၂ ပါးကို ပရိယာယ်အားဖြင့် အောင်တော်မူပြီးခြင်းကြောင့် ဘုရားရှင် အား "ဇိန"ဟူသော ဘွဲ့တော် တင်သရသည်—ဟူလို။

[ဆောင်] ဘုန်းတော်ထိန်းလျှမ်း, ကျွန့်ထိပ်ပန်းကား, အစွမ်းနှိမ်နင်း, နယ်ပယ် တွင်းမှ, လွတ်ကင်းထွက်ငြား, မာရ်နတ်သားတည်း၊ ထပ်ပွားအသစ်, မဖြစ်နိုင်စေ, ကိလေ-ဘိသင်, မာရ် နှစ်အင်လောင်း၊ အကြောင်း သမုဒယ, ပယ်ချပိုင်စိုင်, သိနိုင်သမှု, ခန်-မစ္စု ဟု, ၂ ခုမာရ်နှင့်၊ ပေါင်း ငါးအင်ကို,ပင်မောဓိမင်း, အောင်မြေတွင်း၌, မကြွင်းကုန်စင်,အောင်ပွဲ ယဉ်သည်,....မြတ်ရှင်ဇိန, ဘွဲ့တော် ဘုရာ့။

**အဓိကာရတ္ထံ**—အဓိကာရော အတ္ထော ယဿာတိ အဓိကာရတ္ထံ=အဓိကာရ အကျိုးရှိသောသုတ်၊ ဤသုတ်သည် ရှေ့နောက်သုတ်များသို့ လိုက်ခြင်းအကျိုးရှိသော အဓိကာရသုတ်တည်း၊ ["အဓိကာရတ္ထံ-လိုက်ခြင်းအကျိုးငှာ"ဟု ပေးကြသည်ကို ဆင်ခြင်၊ အဓိကာရ ၃ မျိုးရှိကြောင်းနှင့် ထို ၃ မျိုးတွင် သီဟဂတိက အဓိကာရ ဖြစ်ကြောင်းကို ရူပသိဒ္ဓိ၌ တိုက်ရိုက်ပြထားပြီ။]

၅၃။ [သော-ဤပုဂ္ဂိုလ်ကား၊ နော-ငါတို့၏၊ သတ္ထာ-ဆရာ၊ ဗြဟ္မာ-ဗြဟ္မာ၊ အတ္တာ-အတ္တ၊ သခါ-မိတ်ဆွေ၊ ရာဇာ-မင်း၊] ဤသုတ်သည် "လိင်ကို ဘုရား ပါဠိ တော်နှင့် လျော်အောင် အပြီးအစီး တည်ထားရမည်"ဟု ရုပ်တည်ဖို့ရန် ပရိဘာသာ ပြုသော သုတ်တည်း၊ ပရိဘာသာ ၃ မျိုးတွင်ကား "လိင်ကို အပြီးအစီး တည်ထား

ပါ''ဟု စီရင်ရာရောက်သောကြောင့် ''ဝိဓျက်ပရိဘာသာသုတ်''ဟု ဆိုကြသည်၊ [လိင်, ပါဠိပဒိက, နာမ တို့၏ အကြောင်းကို ရူပသိဒ္ဓိ အလိုကျ ထိုဘာသာဋီကာ၌ ပြထားပြီ။]

**သဒ္ဒနီတိ။** ။သက္ကတ ဗျာကရုဏ်းနှင့် ကစ္စည်းကျမ်းတို့က ဝိဘတ် မသက်ရ သေးသော ပကတိ ရုပ်ကိုသာ''လိင်''ဟု ဆိုကြသော်လည်း သဒ္ဒနီတိ၌မူ''ဝိသဒ္ဒတ္ထာဒိ သဟိတံ လိနတ္ထ ဂမကံ နိပ္ဖန္နဝစနံ လိင်ံ''ဟုလည်းကောင်း, ဓာတုပစ္စယဝိဘတ္တိ ဝဇ္ဇိတံ မတ္ထံ လိင်ံ''ဟုလည်းကောင်း ၂ သုတ်တည်၍ ''နိပ္ဖန္နလိင်-အနိပ္ဖန္နလိင်''ဟု လိင် ၂ မျိုး ခွဲလေသည်၊''ပုရိသော-တိဿော''စသည်ဖြင့် ဝိဘတ်သက်၍ ရုပ်ပြီးစေ အပ်ပြီးသော လိင်သည် နိပ္ဖန္နလိင် မည်၏၊ ''ပုရိသ-တိဿ'' စသည်ဖြင့် ဝိဘတ် မသက်ရသေးသော ပကတိရုပ်သည် အနိပ္ဖန္နလိင် မည်၏၊ ဤ၌ ''နိပ္ဖန္နလိင်''ဟူသည် ကို သက္ကတ၌ ''လိင်''ဟု မခေါ်ပဲ ''ပဒ''ဟုသာ ခေါ်သည်၊ ထို့ကြောင့် ဝိဘတ် သက်ပြီး (ရုပ်ပြီးပြီ) ပုဒ်၌ ''လိင်-နာမ''ဟု သုံးနှုန်းထားသည်ကို တွေ့ရလျှင် သက္ကတနှင့် ကစ္စည်းကျမ်းအလို ''ဘူတပုဗ္ဗဂတိကနည်း''အရ ဝိဘတ်မသက်သေးခင် ရှေး၌ပြခဲ့သော နာမည်ကို လိုက်၍ သုံးစွဲအပ်သော နာမည်ဟုလည်းကောင်း, သဒ္ဒနီတိ အလို နိပ္ဖန္နဝစနံ လိင်ံ''အရ မုချလိင်မည်၏ဟုလည်းကောင်း မှတ်ပါ။

**ယထာ၊ ပေ၊ တထာ တထာ။** ။[ယထာ ယထာ၏ စပ်ရာပုဒ်သည် တိုက်ရိုက် မပါ၊ တထာ တထာ၏စပ်ရာ နိပစ္စတေ ကြိယာကိုပင် လက္ခဏာပုဒ် ပြင်၍ထည့်မှ စပ်ပုဒ် ပေါ်လာသည်၊ ထို့ကြောင့် ''ယထာ ယထာ-အကြင်အကြင် အပြားအားဖြင့်'' ၏ နောက်၌ ''နိပါတိယမာနံ-ပြီးစေအပ်သော်'' ဟု ပါဠိထည့်၍ အနက်ပေးရမည်၊ ဤ၌ကား လွယ်ကူအောင် ပါဠိမထည့်ပဲ အနက်ကိုသာ ထည့်လိုက်သည်၊ ''ယထာ'' ပုဒ်ကို ''ကဲ့သို့'' ဟု ဥပမာအနက် မပေးရပဲ ''အကြင် အခြင်းအရာ, အကြင် အပြား အကြင် နည်းအားဖြင့်'' ဟု အာကာရအနက် ပေးရာ၌ တထာ၏စပ်ရာ ကြိယာကို ''သော်'' ဟု ပေးရသော လက္ခဏာအနက် သုံးစွဲခြင်းသည် ကျမ်းရိုး ထုံးစံတည်း၊ [သို့သော် တခါတခါ၌ကား ဥပမာ မဟုတ်ပါပဲလျက် ယထာစပ်ရာကြိယာ တိုက်ရိုက် ပါသည်ကိုလည်း တွေ့ရသေးသည်။]

[ဆောင်] ယထာ တထာ, ဥပမာ မဟုတ်, အာကာရထုတ်မူ, တထာစပ်ရာ, ကြိယာသည်, မှန်စွာ လက္ခဏာ ဖြစ်ခြဘည်း။

**ယထာ ယထာ၊ ပေ၊ နိပစ္စတေ။** ။သက္ကတ၌ ''ရာမ'' ဟု သရဆုံးသော လိင်, ''လိဟ်'' စသည်ဖြင့် ဗျည်းဆုံးသော လိင်ဟု လိင် ၂ မျိုး ပြား၏၊ ထိုတွင် သရဆုံး သော ''ဗုဒ္ဓ, ပုရိသ'' စသော အပြားသည်လည်းကောင်း, ဗျည်းဆုံးသော ''ကိံ- ဋ္ဌဒံ'' ဟူသော အပြားသည်လည်းကောင်း, ဘုရားပါဠိတော်နှင့်သင့်လျော်သော လိင် တည်း၊ ''လိဟ်'' စသည်ကား ဘုရားပါဠိတော်နှင့် မလျော်သော လိင်တည်း၊ ထို့ ကြောင့်''ဗုဒ္ဓ, ပုရိသ'' စသော အကြင်အကြင် အပြားအားဖြင့် ပြီးစီးစေရလျှင် (အပြီး အစီးတည်ထားရလျှင်) ဘုရား ပါဠိတော်နှင့် လျော်သော လိင်ဖြစ်၏၊ ထိုဇိန ဝစနယုတ္တ ဖြစ်လောက်အောင် ''ဗုဒ္ဓ, ပုရိသ'' စသော အပြားအားဖြင့် လိင်ကို အပြီး အစီးတည်ထားရမည်-ဟူလို။ [''နိပစ္စတေ'' ပုဒ်သာ မှန်ကြောင်းနှင့် ထို၏ အဓိပ္ပါယ် ကို ရူပသိဒ္ဓိဘာသာဋီကာ၌ ရှု။

"ချာသ" ၌ကား "လိင်္ဂ နိပ္ဖန္နတေ" ဟူသော ပါဌ်ကို ပြ၍ လိင်္ဂ၌ စ သဒ္ဒါကို နိပ္ဖန္နတေနောင် ထိုင်စေပြီးလျှင် ထို စသဒ္ဒါဖြင့် "ထပီယတေ" ကြိယာကို ဆည်း၏-ဟု ဖွင့်သည်၊ ထို ချာသ အလိုအားဖြင့် "ဤသုတ်သည် ဘုရားပါဠိတော်အားလျော်စွာ ရုပ်တည်ဖို့ရန်လည်းကောင်း ရုပ်ပြီးဖို့ရန်လည်းကောင်း ပရိဘာသာပြုသော သုတ်" ဟု ဆိုလိုသည်၊ [လိင်္ဂ-လိင်ကို၊ ဇိနဝစနယုတ္တံဟိ- ဘုရားပါဠိတော်အား လျော်စွာသာလျှင်၊ ထပီယတေစ-တည်လည်း တည်ထားအပ်၏၊ (ရုပ်တည်အပ်၏-ဟူလို၊) နိပ္ဖန္နတေစ-ပြီးလည်း ပြီးစေအပ်၏၊ ဤသို့ ချာသအလို သုတ်နက်ပေးရမည်၊ ဤချာသကို ရူပသိဒ္ဓိမကြိုက်, ဇိနဝစနနှင့် လျော်စွာ ရုပ်ပြီးဖို့ရန်ကို "တဒနုပရောဓေန" ဟူသော ပရိဘာသာသုတ်က စီမံသည်ဟု ရူပသိဒ္ဓိ ဆိုလိုသည်၊ အကျယ်ကို ရူပသိဒ္ဓိ ဘာသာဋီကာမှာ ရှု။]

**သမုစ္စည်း ၃ မျိုး။** ။ဤလိင်္ဂ၌ စသဒ္ဒါ၏ သမုစ္စည်းအနက်ကို "ကြိယာ သမုစ္စည်း, ကာရကသမုစ္စည်း, ဝါကျသမုစ္စည်း" ဟု ၃ မျိုးပြောလေ့ ရှိကြ၏၊ "လိင်္ဂ-လိင်ကို၊ နိပစ္စတေ-ပြီးလည်း ပြီးစေအပ်၏၊ ထပီယတေစ-တည်လည်း တည်ထား အပ်၏" ဟု အနက်ပေး၍ ဤအနက်ပေးပုံ၌ စသဒ္ဒါသည် ထပီယတေ ကြိယာကို ဆည်းသော ကြိယာ သမုစ္စည်းတည်း-ဟု ပြောကြ၏၊ ရူပသိဒ္ဓိအလို "လိင်္ဂ-လိင်ကို လည်း (စ သဒ္ဒါဖြင့်) ဓာတုစ-ဓာတ်ကိုလည်း၊ နိပစ္စတေ-ပြီးစီးစေအပ်၏" ဟု ပေး၍ ဤအနက်၌ စသဒ္ဒါသည် "ဓာတု" ဟူသော ကမ္မကာရကကို ဆည်းသော ကာရက သမုစ္စည်းတည်း၊ "လိင်္ဂ နိပစ္စတေ၊ ဓာတုစ နိပစ္စတေ" ဟု ၂ ဝါကျခွဲလျှင်ကား စသဒ္ဒါသည် "ဓာတုစ နိပစ္စတေ" ဟူသော ဝါကျကို ဆည်းသော ဝါကျသမုစ္စည်း တည်း၊ ဤသို့လျှင်...."လိင်္ဂမှာ, စသဒ္ဒါ, ၃ ဖြာ သမုစ္စည်း၊....ကြိယာဝါကျ, ကာရက, သုံးဝ သရုပ်တည်း"...ဟု ပြောလေ့ရှိသော်လည်း လိင်္ဂဟူသော ကာရကနောင် ထိုင်သော စသဒ္ဒါဖြင့် "ဓာတုစ" ဟူသော ကာရကကိုဆည်းသည်-ဟူသော ရူပသိဒ္ဓိ နည်းသာ "စပိသဒ္ဒါ, ဆည်းလေရာ, ကံမှာ ကံချင်း, ကတ္တားချင်း" ဟူသော ထုံးစံနှင့် ညီညွတ်၍ အရှင်ကစ္စည်း၏ အာဘော်ကျဖွယ် ရှိသည်။

**ယေသော နော သတ္ထာ၊ ပေ၊ ရာဇာ**—"နော" သည် ပုံစံထုတ်လိုရင်း မဟုတ်, "ငါတို့၏+ဆရာ, ငါတို့၏+ဗြဟ္မာ" စသည်ဖြင့် အနက်အဆင်ပြေအောင် အပိုထည့် ပါဌ်တည်း၊ ယေသော သတ္ထာ စသည်တို့၌လည်း သိဝိဘတ်ဆုံးသောကြောင့် "လိင်" အရ ဝိဘတ်ဆုံးသော ပုဒ်ကိုပင် ဝုတ္တိဆရာ ယူလိုသည် မဟုတ်လော-ဟု မေးဖွယ်ရှိ ၏၊ လိင်အရ ဝိဘတ်ဆုံးသော ပုဒ်ကို ယူလို၍မဟုတ်, ဝိဘတ်မပါလျှင် အနက်ပေး၍ မဖြစ်သောကြောင့် ဝိဘတ်နှင့်တကွ "ယေသော, သတ္ထာ" စသည်ဖြင့် ပုံစံထုတ်ရသည်၊ ဝိဘတ်မသက်ခင် သဒ္ဒါကို လိင်ဟု အမြဲယူလေ့ရှိသော ကလာပ်ဝုတ္တိလည်း ဝိဘတျန္တ ပုဒ်ကိုပင် ပုံစံထုတ်၏၊ လိင်သက်သက် ပုံစံထုတ်လိုလျှင် "သတ္ထု, ဗြဟ္မ, အတ္တ, သခ, ရာဇ, ပုရိသ, စိတ္တ, ကညာ" စသည်ဖြင့် ဝိဘတ်မသက်ရသေးသော ပကတိရုပ်ကိုသာ ထုတ်သင့်သည်။ [ယေသော-စသည်ကို ဤသုတ်၌ ရုပ်တွက်ဖွယ် မလိုသေး၊ "ယေသော" ကို လိင်္ဂ နိပစ္စတေ ဟူသော ပရိဘာသာနှင့် အညီ ဘုရားပါဠိတော်အား လျော်က ပတ်စွာ "တေ" လိင်တည်၊ ဤသို့ စသည်ဖြင့် ပကတိရုပ် တည်တတ်ပုံမျှကိုသာ လေ့လာခဲ့ပါ၊ နောင်ခါ အလွယ်တကူ ရုပ်ပြီးပါလိမ့်မည်။]

**တတော စ ဝိဘတ္တိယော** ၃၄။ ဇိနဝစန ယုတ္တောဟိ - ဘုရား ပါဠိတော်အား လျော်ကုန်သော၊ တတော လိင်္ဂေဟိ-ထို လိင်တို့မှ၊ ဝိဘတ္တိယော-ဝိဘတ်တို့သည်၊ ပရာ-နှောင်းကုန်သည်၊ ဝါ-နောက်၌ သက်ကုန်သည်၊ ဟောန္တိ-ကုန်၏၊ (၆၂)။

**သိယော၊ပေ၊ သ္မိံ သု** ၃၅။ တာယော ဝိဘတ္တိယော - ထို ဝိဘတ် တို့သည်၊ ကာစ ပန- အဘယ်တို့နည်း၊ သိယောဣတိ- သိ, ယော တို့သည်၊ ပဌမာ-ပဌမာ ဝိဘတ်မည်၏၊ [ဤအတိုင်းပေး] သ္မိံ သုဣတိ-သ္မိံ, သု တို့သည်၊ သတ္တမီ-သတ္တမီဝိဘတ် မည်၏၊ ဝိဘတ္တိ ဣစ္စနေန (ဝိဘတ္တိ+ဣတိ+ အနေန)-ဝိဘတ်ဟူသော ဤအမည်မှည့်ခြင်းဖြင့်၊ ကွ-၌၊ အတ္ထော, အတ္ထိ-နည်း၊ အမှုယ မမံ သဝိဘတ္တိဿ သေ-အမှုဿ၊ပေ၊ သေ သုတ်၌ ဝိဘတ်ဟု ခေါ်ဝေါ်ရခြင်း အကျိုးရှိ၏။ (၆၃)။

---

၃၄။ ရှေ့သုတ်ဖြင့် ဝိဘတ်မသက်ရသေးသော လိင်္ဂကို ပြပြီး၍ ထို လိင်နောင် ဝိဘတ်သက်ရမည်-ဟု ဝိဘတ္တိဝိဓိ (ဝိဘတ်သက်ဖို့ရန် အစီအရင်) ကို ပြလိုသော ကြောင့် "တတော စ ဝိဘတ္တိယော" သုတ်ကို မိန့်သည်၊ ရူပသိဒ္ဓိဋီကာ၌ "သိယော အံယော" သုတ်အဖွင့်ဝယ် "ဝိဘတ္တိဝိဓာနေ" ဟူသောစကားကို ထောက်၍လည်းကောင်း "တတော စ ဝိဘတ္တိယောတိ ဝိဘတျုပ္ပတ္တိံ ကတွာ"ဟူသော န្យាသစကားကို ထောက်၍လည်းကောင်း ဤသုတ်ကို ဝိဘတ်အားလုံး သက်မှုနှင့်ဆိုင်သော ဝိဘတ္တိဝိဓိ သုတ်ဟု ဆိုသင့်၏၊ အချို့ကား ဆိုင်ရာသုတ်များဖြင့် ဝိဘတ်သက်သောအခါ (လိင် နောင် သက်ရမည် ဟူသော) အစီအရင်ကို သိစေသော "ဝိဓျင်္ဂပရိဘာသာ" သုတ်ဟု လည်း ဆိုကြသေး၏။ [ဤသုတ်လာ စသဒ္ဒါ၏ အနက်ကိုလည်းကောင်း ဝိဘတ္တိပုဒ်၏ ဝစနတ္ထနှင့် အဓိပ္ပာယ်ကို လည်းကောင်း ရူပသိဒ္ဓိ၌ ပြထားပြီ။]

၃၅။ **ကာစပန တာယော ဝိဘတ္တိယော**—"တတော စ ဝိဘတ္တိယော=ထို လိင့်နောင် ဝိဘတ်သက်" ဟု ဆိုထားသော်လည်း ဝိဘတ်၏ သရုပ်သကောင်ကို မပြ ရသေးသောကြောင့် "တတော စ ဝိဘတ္တိယော" သုတ်၌ ဆိုထားသော ဝိဘတ် ဟူသည် အဘယ်အရာများ ဖြစ်ပါလိမ့်မည်နည်း-ဟု မေးလိုသော ဆန္ဒသည် သောတု အများ၌ ဖြစ်ဖွယ် ရှိ၏၊ ထို ဆန္ဒအားလျော်အောင် "ကာစ ပန တာယော ဝိဘတ္တိ ယော" ဟူသော ပုစ္ဆာဝါကျကို ဝုတ္တိဆရာကိုယ်ဘိုင် ထည့်သွင်း ပြထားသေးသည်။

**မှတ်ချက်။** ။ရူပသိဒ္ဓိ၌ ဤပုစ္ဆာဝါကျကို "သိယော၊ပေ၊သ္မိံ သု" ဟူသော သုတ်၏နောက်၌ မထားပဲ, "တတော စ ဝိဘတ္တိယော" သုတ်၏အဆုံး၌ ထား၏၊ ထိုသို့ ထားခြင်းသည် သာ၍ အဆင်ပြေ၏၊ ဘာ့ကြောင့်နည်း...."ထို ဝိဘတ်တို့သည် အဘယ်နည်း" ဟု မေးပြီးနောက်မှ "သိယော၊ပေ၊သ္မိံ သု "ဟု ဝိဘတ်တွေကို ဖော်ပြလိုက်လျှင် ထိုအမေးကို ဖြေပြီးသား ဖြစ်သောကြောင့်တည်း။

တဒနုပရောစေနု　၅၆။ ယထာ ယထာ-အကြင် အကြင်သို့သော အပြားအားဖြင့်(ပြီးစေအပ်သော်)၊ တေသံ ဇိနဝစနာနံ-ထို ဘုရားပါဠိတော်တို့အား၊ ဘနုပရောစော- မဆန့်ကျင်ခြင်းသည်၊ ဟောတိ- ဖြစ်၏၊ တထာ တထာ-ထိုထို အပြားအားဖြင့်၊ ဣဓ-ဤကစ္စည်းကျမ်း၌၊ လိင်္ဂ-လိင်ကိုလည်း၊ နိပစ္စတေ ပြီးစေအပ်၏။ (၆၄)။

---

သိယော ဋတိ ပဉ္စမာ၊ပေ၊သတ္တမီ-[''သိယောဋတိ ပဉ္စမာဝိဘတ္တိ''ဟု ရုပသိဒ္ဓိ သီဟိုဠ်မူ၌ ဝိဘတ္တိသဒ္ဒါပါ၏။] ဤစကားကား''သိယော ၂ လုံးကို ပဉ္စမာဝိဘတ်ခေါ်၏၊ပေ၊သ္မိံသု ၂လုံးကို သတ္တမီဝိဘတ်ခေါ်သည်''ဟု ပဉ္စမာစသောအမည်ကို ပြသော စကားတည်း၊ သိစ-သိ ဝိဘတ်လည်း၊ ယောစ- ယော ဝိဘတ်လည်း၊ပေ၊ သုစ-သု ဝိဘတ်လည်း၊ သိယော အံယော နာဟိ သနံ သ္မာဟိ သနံ သ္မိံသု- သိယော အံယော နာဟိ သနံ သ္မာဟိ သနံ သ္မိံသု ဝိဘတ်၊ဤသို့ သမာဟာရဒွန်တွဲ၍ နပုံကေတ်ငဲ့ထားသည်၊ ထို့နောက် ''ဝိဘတ္တိ ဌုန္တနေန'' စသော စကားကို တွေ့ရ၏၊ ထိုစကားအလိုအားဖြင့် ဤသုတ်သည် ဝိဘတ်အမည် မှည့်သော သညာသုတ်တည်း-ဟု ဆိုဖွယ်ရှိ၏၊ သို့သော်-သုတ်စဉ်စာသွားကို ထောက်လျှင်''သညာသုတ်'' မဖြစ်နိုင်၊''တတော စ ဝိဘတ္တိယော'' ဟု ဆိုပြီးနောက် ''ထို ဝိဘတ်တို့ကား အဘယ်နည်း'' ဟု မေးဖွယ်ရှိသောကြောင့် ဝိဘတ်သရုပ်ကို ထုတ်ပြသော ဝါကျတမျိုးသာ ဖြစ်ဖွယ်ရှိ၏၊ ချာသလည်း သရုပ်ပြဟုပင် ဖွင့်ပေသည်။

သဒ္ဒနီတိ၌လည်း ''သိယော၊ပေ၊သ္မိံသု'' ဟု သုတ်တည်ပြီးလျှင် ''ယာ ဝိဘတ္တိယောတိ မေ ဝုတ္တာ၊ တာ သရူပတော သိယော၊ပေ၊သ္မိံသူတိ စုဒ္ဒသ ဘဝန္တိ'' ဟု ဝုတ္တိဖွင့်၏၊ ဤ သဒ္ဒနီတိ၌ သရူပတောကို ထောက်၍လည်း သရုပ်ပြဟုပင် သိသာ၏၊ ကလာပ်၌လည်း ''တသ္မာ ပရာဝိဘတ္တိယော'' ဟု သုတ်တည်၍ ထိုသုတ်၏ ဝုတ္တိ၌ပင် သိစသော ဝိဘတ်များကို ပြ၏၊ သီးခြားသုတ်တမျိုးကို မပြတော့၊ မောဂ္ဂလ္လာန်၌လည်း ''သိယော အံယော'''' စသည်ကို သီးခြားသုတ်မတည်ပဲ ''ဒွေဒွေ ကာနေကေသု နာသ္မာသိယော၊ပေ၊ သ္မိံသု''ဟု တသုတ်တည်းသာ တည်၏၊ အာချာတ်၌လည်း ဝတ္တမာန်စသော နာမည်ကိုသာ မှည့်၍ ဝိဘတ်အမည် မှည့်သောသုတ်ကို သီးခြား မပြတော့ချေ၊ ထို့ကြောင့် ''ဝိဘတ္တိ ဌုန္တနေန ကွတ္တော'' စသော စကားသည် ချာသလက်ထက်တိုင်အောင် မရှိခဲ့သေးပဲ ရုပသိဒ္ဓိဆရာတို့ ခေတ်မှ တွေ့ရသော နောက်ပေါ် ထည့်ပါဌ်သာ ဖြစ်ဟန်တူသည်။

၅၆။ ယထာ ယထာ၊ပေ၊ နိပစ္စတေ—ကစ္စည်းသဒ္ဒါကျမ်းသည် ပါဠိသဒ္ဒါကျမ်းတို့တွင် အတော်ရှေးကျ၏၊ပါဠိသဒ္ဒါကျမ်းများ မပေါ်မီက သက္ကတ ဗျာကရုဏ်းကိုသာ လေ့လာနေသူတို့သည် ''သိ-အော်-ဇသ်'' စသည်ဖြင့် ပဉ္စမာစသည်၌ ဧကဝုစ် ဒွိဝုစ် ဗဟုဝုစ် အားဖြင့် ၃ လုံးစီရှိသော နာမ်ဝိဘတ် ၂၁ လုံးကိုသာ နားလည်နေကြသည်၊ ထိုသူတို့သည်''သိ-ယော'' စသည်ဖြင့် ဧကဝုစ် ဗဟုဝုစ် ၂ လုံးစီ (ဝိဘတ် ၁၄ လုံးကို) ကြားသိရသောအခါ များစွာ အံ့အားသင့်ကြပေလိမ့်မည်။

အာလပနေ သိ ဂသဿော

၅၇။ အာလပနတ္ထေ-ဒ္ဓ၊ သိ-သည်၊ ဂသဿော ဟောတိ၊ ဘောတိ အယျေ-အို အရှင်မ၊ ဘောတိ ကညေ-အို သတို့သမီး၊ ဘောတိ ခရာဒိယေ-အို ခရာဒိယာ၊ အာလပနေတိ-အာလပနေ ပုဒ်သည်၊ ကိမတ္ထံ-အဘယ် အကျိုးရှိသနည်း၊ သာ အယျာ-ထို အရှင်မသည်၊

---

ဆက်ဦးအံ့–သက္ကတ၌ သိ ဝိဘတ်ဖြင့် ရာမး, အော်ဝိဘတ်ဖြင့် ရာမော်, ဇသ် ဝိဘတ်နှင့် ရာမား-ဟု ရုပ်ပြီး၏၊ ထိုအတိုင်းသာ ပါဠိ၌ ပြီးစေရလျှင် "ပုရိသး, ပုရိ သော်, ပုရိသား"ဟု ပြီးစေရလိမ့်မည်၊ ထိုနည်း (ထိုအပြား) အားဖြင့် ပြီးစေခြင်း ကား ပါဠိတော်နှင့် မလျော်ချေ၊ ထို့ကြောင့် အကြင်အကြင် "ပုရိသော-ပုရိသာ" စသော အပြားအားဖြင့် ရုပ်ပြီးစေရသည်ရှိသော် ဘုရားဟောဖော် ပါဠိတော် အားလျော်၍၊ထိုထို "ပုရိသော-ပုရိသာ" စသော အပြားအားဖြင့် ဤကစ္စည်းကျမ်း၌ ရုပ်ပြီးစေရမည်-ဟု ပြလို၍ တဒနုပရောဓေန သုတ်ကို မိန့်တော်မူသည်၊ ဤစကားစဉ် အရ "ဤသုတ်သည် သက္ကတနှင့်မတူသော ရုပ်ပြီးပုံကိုလည်းကောင်း ဋီဝုစ်ကို တားမြစ် ခြင်းကိုလည်းကောင်း ပြသော ပရိဘာသာသုတ်" ဟုမှတ်။ [နိပစ္စတေအရလည်း "ပုရိသော" စသည်ဖြင့် ရုပ်ပြီးစေသော အပြီးဟု မှတ်၊ န္ယာသ၌ "နိပ္ဖဇ္ဇတေ"ဟု ရှိ၏၊ ထို နိပ္ဖဇ္ဇတေလည်း ရုပ်ပြီးစေသော အပြီးပင်။]

[ဆောင်] သက္ကတကျမ်း, ရုပ်ပြီးခန်းနှင့်, စည်းကမ်းတမူ, နည်းမတူကြောင်း, ထပ်လောင်းအသစ်, ဋီဝုစ်မြစ်ဖို့, ၄ုင်ကစ္စည်းထေရ်, မိန့်လေသည်, သုတ်မည် တဒနု။

မူကွဲ။ ။"တေသံ ဝိနဝစနာနံ အနုပရောဓေ" ဟူရာ၌ "အနုပရောဓေန" ဟု မူကွဲရှိ၏၊ "တေသံ" သည် တဒနု၌ တ၏ အဖွင့်, ဝိနဝစနာနံကား ဝိနဝစန ယုတ္တံ့ဟိမှလိုက်ပုဒ်၊ "ယထာ ယထာ တေသံ ဝိနဝစနာနံ အနုပရောဓော, တထာ တထာ" တိုင်အောင်သော စကားသည် "တဒနုပရောဓေန" ပုဒ်၏ အဖွင့်။ "တဒနု ပရောဓေန-ထို ဝိနဝစနနှင့် မဆန့်ကျင်သဖြင့်" ဟူသော စကားနှင့် "အကြင် အကြင် အပြားအားဖြင့် ပြီးစေအပ်သော် ဝိနဝစနနှင့် မဆန့်ကျင်၊ ထိုထို အပြားအားဖြင့်" ဟူသော စကား ၂ ရပ်တို့ အဓိပ္ပာယ်ထပ်နေပုံကို ကြည့်ပါ၊ ထို့ပြင်-ယထာဝါကျ, တထာဝါကျ ဟု ၂ ဝါကျ ကွဲနေရာ၌ တထာ၏ စပ်ရာ ကြိယာကိုပင် "သော်" ဟု ပေးရသော လက္ခဏာကြိယာပြင်၍ ယထာ၏စပ်ရာ ကြိယာလုပ်ရသည်၊တထာ၏စပ်ရာ ကြိယာသည် ယထာဝါကျ၌ "နိပ္ဖဇ္ဇတိ"ဟု ပဓာနကြိယာ ဖြစ်ရိုးမရှိ၊ ထို့ကြောင့် "တေသံ ဝိနဝစနာနံ အနုပရောဓေန "နိပ္ဖဇ္ဇတိ" ဟု တွေ့ရသော န္ယာသပါဌ်လည်း မူဟောင်း မဟုတ်တန်ရာ၊ "အနုပရောဓော ဟောတိ" ဟု ရှိသော ပါဌ်သာ မူဟောင်း ဖြစ်ရာ၏၊ ရူပသိဒ္ဓိ၌လည်း "ဥပရောဓော န ဟောတိ" ဟု သဘောတူပင် ရှိ၏၊ ဤ စကားစဉ်အရ ဝုတ္တိ၌ "အနုပရောဓော" သာ မှုမှန်ဟုမှတ်။ [ဥပရောဓော-ဆန့်ကျင် ခြင်းသည်၊ န-မဟုတ်၊ အနုပရောဓော-ဆန့်ကျင့်ခြင်းမဟုတ်၊ ဝါ-မဆန့်ကျင်၊ တေသံ-ထို ဝိနဝစနတို့အား+ အနုပရောဓော- မဆန့်ကျင်ခြင်းသည်၊ တဒနုပရောဓော-မည်၏။]

ဣတိ-ဤသို့စသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ သိတိ-သိ ဟူသော ပုဒ်သည်၊ ကိမတ္ထ-နည်း၊ ဘောတိယော အယျာယော-အို အရှင်မတို့၊ ဣတိ-ဤသို့စသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ ဂလ္လစ္စနေန-ဂ ဟူသော အမည်ကို မှည့်ခြင်းဖြင့်၊ ကွ-အဘယ်သုတ်၌၊ အတ္ထော-သည်၊ အတ္ထိ-နည်း၊ ဃတေစ-ဃတေစ, စသော သုတ်၌ ဂဟု ခေါ်ဝေါ်ရခြင်းအကျိုးရှိ၏။ (၇၀)။

---

၅၇။ **ဂသညော**—"အာလပနေ သိ ဝေါ်"ဟု ဆိုလျှင် "သိ-သိ ဝိဘတ်သည်၊ ဝေါ်-ဂ အပြုသည်"ဟု အပြု အစဒေသနှင့် ယုံမှားဖွယ် ရှိသောကြောင့် ဂ အမည် ဖြစ်ကြောင်း ထင်ရှားစေခြင်းငှာ "ဂသညော"ဟု သညာသဒ္ဒါထည့်၍ သုတ်တည် ရသည်၊ "ဂ ဣတိ သညာ ယဿာတိ ဂသညော"ဟု ဝိဂ္ဂဟပြု၊ နောက်၌ သညော-ဧကဝုစ်, သညာ-ဗဟုဝုစ်ဖြင့် တွေ့ရသမျှ၌ ဤကဲ့သို့ ဗဟုဗ္ဗီဟိ သမာသ်ပုဒ်ချည်းမှတ်၊ နဂိုရ် "သညာ"သဒ္ဒါသည် ဣတ္ထိလိင်သာ ဖြစ်၍ (ဗဟုဗ္ဗီဟိ သမာသ် မဟုတ်လျှင်) "သညော"ဟု မရှိနိုင်။

**ဘောတိ၊ပေ၊ခရာဒိယေ**—ချာသဒ္ဒ "ဘောတိ"ပုဒ်က စ၍ အားလုံးကို ရုပ်တွက် ပြထား၏၊ ထိုရုပ်များကို ဆိုင်ရာသုတ်သို့ မရောက်သေးပဲ တွက်စေခြင်းသည် စာသင် ငယ်များကို မနိုင်ဝန် ထမ်းစေခြင်းနှင့် တူ၏၊ ထို့ကြောင့် ဘောတိအယျေ-စသော ရုပ်များကို ဤသို့ မတွက်သေးပဲ "ဘဝတော ဘောတော-ဃာတေစ"စသော သုတ် များသို့ ရောက်မှ တွက်စေသင့်၏၊ ထိုအခါ လွယ်ကူစွာ တွက်တတ်ပါလိမ့်မည်၊ ["ခရာတိယေ, ခရာဒိယေ"ဟု ပါဌ် ၂ ထွေ ရှိသော်လည်း ဧကနိပါတ် ခရာဒိယ ဇာတ်မှ "အဠကျွရံ ခရာဒိယေ"ပါဌ်ကို ပုံစံထုတ်သောကြောင့် "ဘောတိ ခရာ ဒိယေ"သာ ပါဌ်မှန်တည်း။]

**အာလပနေတိ ကိမတ္ထံ**—"သိ ဂ သညော"ဟုသာ သုတ်မတည်ပဲ အပိုထည့် အပ်သော အာလပနေ ပုဒ်သည် အဘယ် အကျိုးရှိသနည်း....ဟု ပုစ္ဆာထုတ်သည်၊ "သာ အယျာ"၌ သိဝိဘတ် မှန်သော်လည်း အာလုပ် သိ မဟုတ်၊ ထိုကဲ့သို့ လိင်ဏ္ဍ သိကို ဤသုတ်ဖြင့် (ဂ) မမှည့်ရဟု တားမြစ်ခြင်းအကျိုးငှာ "အာလပနေ"ပုဒ်ကို ထည့်၍ သုတ်တည်ရသည်—ဟု ဖြေသည်၊ ထို့ကြောင့် "အာလပနေတိ ကိမတ္ထံ" သည် ပုစ္ဆာဝါကျ၊ "သာ အယျာ"ကား ဝိသဇ္ဇနဝါကျတည်းဟု မှတ်။

**သီတိ ကိမတ္ထံ**—"အာလပနေ ဂ သညော"ဟုသာ သုတ်မတည်ပဲ "သိ"ကို ထည့်ရခြင်းသည် အဘယ် အကျိုးရှိသနည်း... ဟု ပုစ္ဆာဝါကျထုတ်၍ "ဘောတိယော အယျာယော"စသော ပြယုဂ်များ၌ အာလုပ် ဟုတ်သော်လည်း (သိ ဝိဘတ် မဟုတ်) ယောဝိဘတ် ဖြစ်နေသောကြောင့် ဂ မမှည့်ရဟု တားမြစ်ရခြင်း အကျိုးရှိသည်—ဟု ဝိသဇ္ဇနဝါကျကို မိန့်သည်၊ နောက်၌လည်း ဤနည်းမှီး၍ ပုစ္ဆာဝါကျ ဝိသဇ္ဇနဝါကျကို ခွဲပါလေ၊ [ဤ"ကိမတ္ထံ"ဟု ပြသော ပုစ္ဆာဝါကျများ၏ အဖြေကို ကြည့်၍ ဤသုတ်၌ "အာလုပ်ဖြစ်ခြင်း, သိဖြစ်ခြင်း" ဤအင်္ဂါ ၂ ပါး ပြည့်စုံမှ "ဂ"အမည် မှည့်နိုင်သည်-ဟု မှတ်၊ နောက်၌လည်း ဤကဲ့သို့ ပုစ္ဆာဝါကျဘို့ကို ကြည့်၍ သုတ်အင်္ဂါကို သိပါလေ။]

ဣဝဏ္ဏုဝဏ္ဏာ ဈလာ

၃၈။ ဣဝဏ္ဏုဝဏ္ဏာ ဣတိ-ဣဝဏ် ဥဝဏ် ဟူကုန်သော၊ တေ-ဤသရတို့သည်၊ ယထာသင်္ချံ-သင်္ချာစဉ်အတိုင်း၊ ဈ လ သညာ-ဈ, လ အမည်ရှိကုန်သည်၊ ဟောန္တိ၊ ဣသိနော-ရသေ့အား, ရသေ့၏၊ ဒဏ္ဍိနော-တုတ်ရှိသူအား,၏၊ အဂ္ဂိနော-မီးအား,၏၊ ဂဟပတိနော-သူကြွယ်အား,၏၊ သေတုနော-တံတားအား,၏၊ ကေတုနော-မှန်ကင်းအား,၏၊ ဘိက္ခုနော-ရဟန်းအား,၏၊ သယမ္ဘုနော-ဘုရားအား,၏၊ အဘိဘုနော-လွှမ်းမိုးနိုင်သူအား,၏၊ ဈလဣစ္စနေန-ဈ လ ဟူသော အမည်ကို မှည့်ခြင်းဖြင့်၊ ကွ အတ္ထော အတ္ထိ, ဈလတော သဿ နောဝါ-၏၊ (၂၉)။

---

၃၈။ ယထာ သင်္ချံ–"(၁) ဣဝဏ္ဏ, (၂) ဥဝဏ္ဏ"ဟု မှည့်ရမည့် သညီဘက်က ၂ ခုရှိ၏၊ "(၁) ဈ, (၂) လ"ဟု သညာဘက်ကလည်း ၂ ခုရှိ၏၊ ဤသို့ သင်္ချာချင်း ညီမျှနေရာ၌ သင်္ချာအစဉ်အတိုင်း (၁) ဣဝဏ္ဏကို (၁) ဈအမည်မှည့်၍, (၂) ဥဝဏ္ဏကို (၂) လ အမည် မှည့်ရသည်၊ ဤသို့ သင်္ချာစဉ်အတိုင်း သညီနှင့် သညာကို တွဲဖက်ရသောကြောင့်"ယထာသင်္ချံ"ဟု ထည့်၍ ဖွင့်နိုင်သည်၊ ယထာက္ကမံဟု လာရာ၌လည်း ဤနည်းပင်၊ ပြယုဂ်များတွင် ဣသိ, အဂ္ဂိ, ဂဟပတိ-ဣကာရန္တ, ဒဏ္ဍီ-ဤကာရန္တ, သေတု ကေတု ဘိက္ခု-ဥကာရန္တ, သယမ္ဘူ အဘိဘူ-ဦကာရန္တ၊ ဤသို့ ကာရန်စုံအောင် ပုံစံထုတ်ထားသည်၊ ရုပ်ကိုလည်း ဆိုင်ရာသုတ်ကျလျှင် အလွယ်တကူ နားလည်ပါလိမ့်မည်။

ဂရု, လဟုသညာ။ ။သန္ဓိခန်း၌ ပြခဲ့သော သရ ရဿ ဒီဃစသော အမည်များသည် အက္ခရာ ၂ လုံး ၃ လုံးစီ ရှိသောကြောင့် ဂရုသညာ (လေးသောနာမည်) များ ဖြစ်၏၊ ဤ နာမ်ခန်း၌လာသည့် ဂ-ပ-ဈ-လ-ဃ အမည်များကား အက္ခရာ တလုံးတည်းသာ ရှိသောကြောင့် လဟုသညာ (ပေါ့သော နာမည်) များ ဖြစ်၏၊ ထို နာမည်သည်လည်း အန္ဝတ္ထသညာ (အနက်သို့ အစဉ်လိုက်သော=အနက်အတိုင်း မှန်သောအမည်), ရုဠှီသညာ (မှည့်ခေါ် တင်စားထားသော နာမည်) ဟု ၂ မျိုး ရှိ၏၊ ဤစကားစဉ်ဖြင့် ဂရုသညာသည် ခေါ်လွယ်ခြင်းအကျိုး, နာမည်နှင့် လျော်ကန်သော အနက်မှန် အန္ဝတ္ထကို သိစေခြင်း အကျိုးအားဖြင့် အကျိုး ၂ မျိုးကို ပြီးစေနိုင်၏၊ လဟုသညာကား ခေါ်လွယ်ရုံ အကျိုးတမျိုးကိုသာ ပြီးစေသည်—ဟု မှတ်။

[ဆောင်] သရ ရဿ, ဒီဃ စသည်, အလီလီကို, နာမည် ဂရု, သညာ ဟု မှတ်၊ ယင်း ပညတ်ကို, အန္ဝတ္ထသညာ, မှတ်တို့ရာ၏၊ သညာ ဂရု, နာမည်ပြု သဖြင့်, ခေါ်မှု တလီ, နာမည်နှင့်တန်, အနက်မှန်ကို, သိပြန်စေရိုး, ကျိုး ၂ မျိုးရ, မှတ်ကုန်ကြလေ၊ ဂ-ပ-ဈ-လာ, စသည်မှာမူ, သညာ လဟု, ရုဠှီရှု၍, လဟုသညာ, အကျိုးမှာကား, ခေါ်ရာကာလ, လွယ်ရုံမျှသည်, မှတ်ကြ တမျိုးသာလျှင်တည်း။

**တေဂုဏ္ဍိချာပေါ**

၅၉။ တေ ဂုဝဏ္ဏူ၊ ဝဏ္ဏာ - ထိုဂုဝဏ် ဥဝဏ် တို့သည်၊ ယဒါ၊ အကြင်အခါ၌၊ ဂုဏ္ဍိချာ-ဂုဏ္ဍိလိင်ကို ဟောကုန်၏၊ တဒါ၊ထိုအခါ၌၊ ပသညာ-ပ အမည်ရှိကုန်သည်၊ ဟောန္တိ-ကုန်၏၊ ရတ္တိယာ-ဖြင့်၊ ဂုဏ္ဍိယာ-ဖြင့်၊ ဝဓုယာ ချွေးမဖြင့်၊ ဓေနုယာ-နွားမဖြင့်၊ ဂုဏ္ဍိချာတိ-ဂုဏ္ဍိချာပုဒ်သည်၊ ကိမတ္ထံ-နည်း၊ ဂုသိနာ, ဘိက္ခုနာ....စသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ ပဂုစ္စနေန-ပ ဟု အမည်မှည့်ခြင်းဖြင့်၊ ကွ အတ္ထော အတ္ထိ၊ ပတော ယာ-၏၊ (၁၈၂)။

**အာဃော**

၆၀။ အာကာရော-အာအက္ခရာသည်၊ ယဒါ-၌၊ ဂုဏ္ဍိချော-ဂုဏ္ဍိလိင်ကို ဟော၏၊ တဒါ-၌၊ဃသညော-ဃ အမည်ရှိသည်၊ ဟောတိ၊ သဒ္ဓါယ-သဒ္ဓါဖြင့်၊ ကညာယ-သတို့သမီးဖြင့်၊ ဝီဏာယ-စောင်းဖြင့်၊ ဂင်္ဂါယ-ဂင်္ဂါမြစ်ဖြင့်၊ ဒိသာယ-အရပ်ဖြင့်၊ သာလာယ-စရပ်ဖြင့်၊ မာလာယ-ပန်းဖြင့်၊ တုလာယ-ချိန်ခွင်ဖြင့်၊ ဒေါလာယ-ယောဉ်ဖြင့်(ပုခက်ဖြင့်၊) ပဘာယ-အရောင်

---

၅၉။ ပေါ, ပ သညာ—တေ (ဂုဝဏ္ဏူ၊ ဝဏ္ဏာ) သည် သညီပုဒ်,ပေါကား သညာပုဒ်တည်း၊ သညီသည် ဂုဝဏ်-ဥဝဏ်ဟု ၂ မျိုးရှိသောကြောင့် "တေ" ဟု ဗဟုဝုစ်ဖြင့် ပြ၍, ထို ၂ မျိုးလုံးမှာ "ပ" အမည် တခုတည်းသာရှိသောကြောင့် "ပေါ" ဟု သညာပုဒ်၌ ဧကဝုစ်ဖြင့် ပြရသည်၊ ဤသို့ သုတ်၌ "ပေါ" ဟု ဧကဝုစ် သိဝိဘတ်ဖြင့် ပြထားသော်လည်း ဝုတ္တိ၌ကား "ပဇုတိ သညာ ယေသံတိ ပသညာ" ဟု ဝိဂ္ဂြိုဟ်ပြု၍ "ဂုဝဏ္ဏူ၊ ဝဏ္ဏာ" ဟူသော အဘိဓေယျပုဒ်၏ ဝုစ်နှင့်တူစွာ ဗဟုဝုစ်ဖြင့်ပင် ဖွင့်ပြရသည်။ [အချို့ကား "ပသညာ" ဟူသော ဗဟုဝုစ်ကိုထောက်၍ "ပေါ" ၌လည်း "တတော ယောနမောတု" တုသဒ္ဒါဖြင့် ယောကို ဩပြု-ဟု ကြံကြသေး၏၊ အရှင်ကစ္စည်း၏ အာဘော်ကျမည် မထင်။]

**ပုံစံများ။** ။"ရတ္တိယာ, ဂုဏ္ဍိယာ" သည် ဂုဝဏ်ကို ပမှည့်ရသောပုံစံ, "ဝဓုယာ, ဓေနုယာ" သည် ဥ ဝဏ်ကို ပမှည့်ရသော ပုံစံတည်း၊ "ဝဓူ" က ဦကာရန္တဖြစ်၍ ဥ ဦ အစဉ်ကျအောင် "ဓေနုယာ, ဝဓုယာ"ဟု, ရှေ့နောက်စဉ်လျှင် သာ၍ အဆင်ပြေမည်၊ သို့သော် ကစ္စည်းဝုတ္တိ၌ ဤကဲ့သို့ အဆင်မပြေသော ပုံစံတွေ များစွာ တွေ့ရှိရကား နောက်၌ စိစစ်တော့မည် မဟုတ်၊ ဂုသိနာ ဘိက္ခုနာတို့သည် ဂုဏ္ဍိလိင်ဟော မဟုတ်, ပုလ္လိင်ဟော ပုဒ်များတည်း၊ ထို့ကြောင့် ဤသုတ်ဖြင့် "ပ" မှည့်ရဟု တားမြစ်ခြင်းငှာ "ဂုဏ္ဍိချာ" ပုဒ်ကို (သုတ်၌) ထည့်ထားရသည်။ [ဂုဏ္ဍိချာပုဒ်၏ ဝစနတ္ထ စသည်ကို] ရူပသိဒ္ဓိ၌ တိုက်ရိုက်ပြထားပြီ။]

၆၀။ **ဂုဏ္ဍိချော**—အာချာယတိ-ဟောတတ်၏၊ဂုတိ-ထို့ကြောင့်၊အာချော-မည်၏၊ အာချော၌ အာပုဗ္ဗ ချာဓာတ်, အပစ္စည်း၊ ချာ၏ အာကိုချေ, နောက် (အ) ကပ်၍ "အာချ"ဟု ဖြစ်၏၊ နာမ်ငဲ့, သိကို ဩပြု၍ "အာချော"ဟု ဖြစ်၏၊ အဘိဓေယျပုဒ်က အာအက္ခရာဖြစ်၍ "အက္ခရ" ဟု ပုလ္လိင်ဖြစ်သောကြောင့် "အာချော" ဟု ပုလ္လိင်ဖြင့်

ဖြင့်၊ သောဘာယ·တင့်တယ်ခြင်းဖြင့်၊ ["သောတာယ"ရှိလျှင် ပါဌ်ပျက်။] ပညာယ·ပညာဖြင့်၊ ကရုဏာယ·သနားခြင်းဖြင့်၊ နာဝါယ·လှေဖြင့်၊ ကပါလိကာယ-အိုးချမ်းကွဲဖြင့်၊ အာတိ·အာပုဒ်သည်၊ ကိမတ္တံ·နည်း၊ ရတ္တိယာ ဣတ္ထိယာ-ရတ္တိယာ ဣတ္ထိယာ စသော၊ပေ၊ ၏၊ ဣတ္ထိချောတိ - သည်၊ ကိမတ္တံ- နည်း၊ သဗ္ဗာရာ ဒေသိတော အယံ ဓမ္မော·သဗ္ဗာရာ၊ပေ၊ ဓမ္မောတို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ ဃဣစ္စနေန·ဃ ဟု အမည်မှည့်ခြင်းဖြင့်၊ ကွ အတ္ထော အတ္ထိ၊ ဃတော နာဒီနံ·၏၊ (၁၇၇)။

---

ရှိစေရသည်၊ [အာပုဗ္ဗ+ချာဓာတ်နောင် ကွိပစ္စည်းသက်လျှင် "အာချာ" ဟု အာကာရန္တ ပုလ္လိင်လည်း သင့်၏၊] ဣတ္ထိံ-ဣတ္ထိလိင်ကို၊ အာချော-ဟောသော အက္ခရာသည်၊ ဣတ္ထိချော-မည်၏။

**သောဘာယ ကပါလိကာယ**–ပဘာယ၏ နောက်၌ "သောတာယ-ရေအယဉ်ဖြင့်"ဟု ရှိ၏၊သောတသဒ္ဒါသည် ဣတ္ထိလိင်မရှိ, ပုံ-န ပုံသာရှိသောကြောင့် မကောင်း၊ "ကန္တိသောဘာ ဇုတိဿဝိ" နှင့် အညီ "သောဘာယ" သာ မူရင်းဖြစ်၏၊ "ကပါလိကာယ"၌ "ကပလာယ-ကမ္ဗလာယ" ဟု ပါဌ်အမျိုးမျိုးရှိ၏၊ ကပလပုဒ်ပင် မရှိ၊ ဦးခေါင်းခွံ, အိုးခြမ်းကွဲ အနက်ဟော "ကပါလ" နှင့် ကမ္ဗလသဒ္ဒါလည်း နပုလ္လိင်သာ၊ ထို့ကြောင့် သက္ကတအဘိဓာန်ကိုမှီ၍ "ကပါလိကာယ" ဟု ဆရာတို့ ပြင်ကြသည်။

**အာတိ၊ ပေ၊ ဓမ္မော** ရတ္တိ, ဣတ္ထိတို့သည် ဣတ္ထိလိင်ကို ဟောကုန်သော်လည်း အာ အက္ခရာ မဟုတ်သောကြောင့် "ဣ-ဤ"တို့ကို ဃ မမှည့်ရ ဟု တားမြစ်ခြင်းငှာ "အာ" ဟု သုတ်၌ ထည့်ရသည်၊ "သဗ္ဗာရာ ဒေသိတော" စသည်၌ "သဗ္ဗာရာ" သာ ပုံစံတည်း၊ "ဒေသိတော အယံ ဓမ္မော" ကား တွဲဖက် ပုဒ်များတည်း၊ သဗ္ဗ၊ တည်, နာသက်, ဥကို အာရပြု၍ "သဗ္ဗာရ+နာ" ဟု ဖြစ်၏၊ ဤ"သဗ္ဗာရ၌" အာဟုတ်သော်လည်း ဣတ္ထိလိင်ကို မဟောသဖြင့် "ဣတ္ထိချော" ဟူသော လိုက်ပုဒ်က တားမြစ်၍ ဃ မမှည့်ရ။

မှတ်ချက်။ ။ကိံပုံစံတို့မည်သည် သုတ်၌လာသော သုတ်အင်္ဂါ တချို့နှင့်သာ ညီညွတ်၍ အခြားအင်္ဂါ တချို့နှင့် မညီသော ပုံစံများ ဖြစ်ရသည်၊ ဤသုတ်၌ "အာ အက္ခရာလည်းဖြစ်ခြင်း, ဣတ္ထိလိင်ကိုလည်း ဟောခြင်း" ဟု အင်္ဂါ ၂ ပါးရှိ၏၊ ရတ္တိ ဣတ္ထိတို့သည် ဣတ္ထိလိင်ကိုဟောခြင်း ဟူသော အင်္ဂါနှင့် ညီညွတ်သော်လည်း အာ အက္ခရာ ဖြစ်ခြင်းဟူသော အင်္ဂါနှင့် မပြည့်စုံသောကြောင့် "အာ" သဒ္ဒါက တားမြစ်၍ ဃ မမှည့်ရ၊ ထို "အာ" ဟူသည်လည်း သဒ္ဒါ-ကညာ စသည်ကဲ့သို့ ပုဒ်အဆုံးဖြစ်သော "အာ" တည်း၊ "သဗ္ဗာရ+နာ" ၌ [illegible]မှ အာသည် ပုဒ်အဆုံး မဟုတ်၊ ထို့ကြောင့် ဤ "သဗ္ဗာရာ" ပုံစံကို မနှစ်သက်ကြ၊ "သာ-ခွေးသည်" ဟူရာ၌ နာဒိဘတ်ဖြင့် "သာနာ" ဟု ရှိ၏၊ ထို "သာနာ" ကို ပုံစံထုတ်ရလျှင် အာ အက္ခရာ ဟုတ်သော်လည်း ဣတ္ထိလိင်ကို မဟောသောကြောင့် "ဃ" မမှည့်ရ-ဟု တားမြစ်နိုင်သည်။

**သာဂမောသေ**

၆၁။ သေ-သ ဖြစ်သော၊ ဝိဘတ္တိမှိ-ကြောင့်၊ သ ကာရာဂမော-သ အက္ခရာလာသည်၊ ဟောတိ-၏၊ ပုရိသဿ-အား၊ [အား-ဟု ပေးသမျှ၌ "၏"ဟုလည်း ပေးနိုင်သည်ချည်းမှတ်၊ ကျန်ပုဒ်များ၏ အနက် ထင်လောက်ပြီ၊ ဣဝဏ္ဏုဝဏ္ဏာ စျလာ သုတ်ကို ကြည့်၍ပေး။] သေတိ-သေဟူသော ပုဒ်သည်၊ ကိမတ္ထံ-နည်း၊ ပုရိသမှိ-ပုရိသမှိ ပြယုဂ်၌....၏၊ ["သ ဝိဘတ် မနှောင်းပဲ သို့ ဝိဘတ် နှောင်းသောကြောင့် သ မလာရ"ဟု တားမြစ်သည်-ဟူလို။] (၈၆)။

**သံသာသွေကဝစနေသုစ**

၆၂။ ကေဝစနေသု-ကုန်သော၊ ဝိဘတ္တာဒေသေသု-ဝိဘတ် အပြုဖြစ်ကုန်သော၊ သံသာသု - တို့ကြောင့် သကာရာဂမော ဟောတိ၊ တေဿံ-ထိုသူမ၌၊ တေဿာ-အား၊ ဣမိဿံ ဤသူမ၌၊ ဣမိဿာ-အား၊ တိဿံ-ထိုသူမ၌၊ တိဿာ-အား၊ ယဿံ-အကြင်သူမ၌၊ ယဿာ-အား၊ အမုဿံ-ထိုသူမ၌၊ အမုဿာ-အား၊ သံသာသွိတိ-သံသာသု ပုဒ်သည်၊ ကိမတ္ထံ-နည်း၊ အဂ္ဂိနာ ပါဏိနာ- အဂ္ဂိနာ,

---

၆၁။ **သေ ဝိဘတ္တိမှိ**—သုတ်၌"သေ" ဟု သာမည ဆိုထားသော်လည်း"ဝိဘတ်သကိုယူ" ဟု သိစေလိုသောကြောင့် "သေ ဝိဘတ္တိမှိ" ဟု ဝိဘတ္တိသဒ္ဒါ ထည့်၍ဖွင့်သည်၊ ပုရိသ-အဂ္ဂိ-ဘိက္ခု-ဇာနိ တည်၍ အခြေပြုအတိုင်း ရုပ်တွက်၊ သယမ္ဘူ။, အဘိဘူ, ဒဏ္ဍီတို့၌ကား ရဿပြုဖွယ်ရှိသေး၍ နောင်ခါမှ တွက်တတ်လိမ့်မည်၊ ဤသုတ်ဖြင့် ပုလ္လိင် နပုလ္လိင်အရာ၌သာ "သ"လာ-ဟု အများဆိုကြ၏၊ သို့သော် "ဗုဒ္ဓမာတု-သ-ဘုရားမယ်တော်အား" ဟု ဣတ္ထိလိင်အရာ၌လည်း အနည်းငယ် လာသေးသည်ဟု မှတ်။

**ဇာတ်ကိုငဲ့၍ "သေ"ဟု ဆို။** ။စတုတ္ထီ ဆဋ္ဌီ "သ" ၂ လုံးရှိ၍ "သာဂမောသေသု"ဟု ဗဟုဝုစ်ဖြင့် ထားပါတော့လား, အဘယ့်ကြောင့် "သေ" ဟု ဧကဝုစ်ဖြင့် ထားရသနည်းဟု- မေး၊ သဒ္ဒါကျမ်း၌ ဇာတ်ကိုငဲ့၍ ထားခြင်း, ဒြပ်ကိုငဲ့၍ ထားခြင်း ဟု ၂ မျိုးရှိ၏၊ ထိုတွင် သ တလုံးနှင့်တလုံး တူသောအခြင်းအရာသည် ဇာတိ(ဇာတ်)မည်၏၊ သ ဝိဘတ် ၂ လုံးကား-ဒြပ်တည်း၊ ဇာတ်ကိုငဲ့လျှင် တမျိုးတစားတည်း ဖြစ်၍ ဧကဝုစ်ဖြင့်ချည်း ထားရ၏၊ ဒြပ်ကို ငဲ့လျှင်ကား ဗဟုဝုစ်ဖြင့်ချည်း ထားရပေလိမ့်မည်၊ ဤသုတ်၌မူ ဇာတ်ကိုငဲ့၍ "သေ" ဟု ဧကဝုစ်ဖြင့် ထားရသည်။

[**ဆောင်**] ဇာတ်ကို အနေ, ဟောရိုးထွေ, ထားလေ ဧကဝုစ်။
ဒြပ်ကိုကား, ဟောနည်းပြား, ထားငြား ဗဟုဝုစ်။

၆၂။ **ရှေ့သုတ်နှင့် ဤသုတ် ခွဲရုံ။** ။[ကေဝစနေသုစ၌ (စ) သည် ရှေ့သုတ်မှ သာဂမောကို ငင်ခြင်း အနုကဍ္ဎနအနက် ရှိ၏၊] ရှေ့သုတ်သည် များသောအားဖြင့် ပုံ-နပုံလိင်အရာ၌သာ (သ) လာ၍ ဤသုတ်က ဣတ္ထိလိင်အရာ၌သာ (သ) လာသည်၊ ဤသို့ လိင်မတူသောကြောင့် ရှေ့သုတ်နှင့် တပေါင်းတည်း မတည်ပဲ (သံ) လာသော

ပါဏိနာ စသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ ကေဝစနေသွိတိ-ကေ-ဝစနေသု ပုဒ်သည်၊ ကိမတ္ထံ၊ တာသံ သဗ္ဗာသံ-တာသံ သဗ္ဗာသံ, စသော ပြယုဂ်တို့၌....၏၊ ဟာသံ-ထိုသူမတို့အား၊ သဗ္ဗာသံ-အလုံးစုံ သူမတို့အား၊ ဝိဘတ္တာဒေသေသွိတိ-ဝိဘတ္တာဒေသေသုပုဒ်သည်၊ ကိမတ္ထံ-နည်း၊ မနသာ၊ပေ၊ ထာမသာ-မနသာ၊ပေ၊ ထာမသာ စသော ပြယုဂ်တို့၌....၏၊ မနသာ-စိတ်ဖြင့်၊ဝစသာ-စကားဖြင့်၊ ထာမသာ-အစွမ်းဖြင့်။ (၂၀၆)။

---

သုတ်ကို ၂ သုတ်ခွဲ၍ တည်ရသည်-ဟု ရှေးဆရာတို့ မိန့်ကြသည်။ [“ဗုဒ္ဓမာတုသ”ဟု ဇုတ္တိလိင်အရာ၌လည်း အနည်းငယ် (သ်) လာသေးသောကြောင့် “များသောအားဖြင့်”ဟု ဆိုသည်၊] တနည်း-“ရှေ့သုတ်သည် ဝိဘတ် နှောင်းရာ၌သာ လာ၍, ဤသုတ်က ဝိဘတ်အပြု နှောင်းရာ၌ လာသောကြောင့် နိမိတ်ချင်း မတူသဖြင့် ၂ သုတ်ခွဲ၍ တည်ရသည်” ဟု ကြံလျှင် သာ၍ သင့်မည် ထင်သည်။

[ဆောင်] ပုံး နပုံးမှာ, ရှေ့သုတ်အရာတည်း၊ဤမှာ ဇုတ္တိ-လိင်ကွဲဘိ၍, သ-လာမည့်သုတ်, ၂ မျိုးထုတ်ဟု, အချုပ်ရှေးက, မိန့်ခဲ့ကြလည်း, တနည်း ခွဲမှတ်, ဝိဘတ်ကြောင့်သာ, ရှေ့သုတ်လာ၍, နောက်လာသုတ်မှ, ဝိဘတ်ပြုဟု, နှစ်ခုနိမိတ်, မတူဟိတ်ကြောင့်, ကျိတ်လိတ်ခွဲခြား, နှစ်သုတ်ထားသည်, မှတ်သား (သ) လာဖို့ရာတည်း။

ကိမတ္ထံ—သုတ်၌“သံသာသု”ပုဒ်ကို အဘယ်အကျိုးငှာ ဆိုအပ်သနည်း၊....အဂ္ဂိနာ ပါဏိနာတို့၌ (ကေဝစနေသု-အရ) ကေဝုစ်ဝိဘတ် နှောင်းသော်လည်း သံသာ အပြုမဟုတ်သောကြောင့် (သ) မလာရဟု တားမြစ်ခြင်းအကျိုးငှာ ဆိုရသည်၊ “ကေဝစနေသု” ပုဒ်သည် အဘယ်အကျိုးရှိသနည်း၊....တာသံ သဗ္ဗာသံတို့၌ သံသည် သဗ္ဗတော နံ သံသာနံသုတ်ဖြင့် နံဝိဘတ်ကိုပြုထားသော (သံ) တည်း၊ ဤသို့ ဝိဘတ္တာဒေသ (သံ) ဟုတ်သော်လည်း ကေဝုစ် (သံ) မဟုတ်, ဗဟုဝုစ် (သံ) ဖြစ်သောကြောင့် ထို သံ နှောင်းရာ၌ (သ) မလာရ-ဟု တားမြစ်ရခြင်းအကျိုး ရှိသည်။

ဝိဘတ္တာဒေသေ သွိတိ ကိမတ္ထံ—“ဝိဘတ္တာဒေသေသု” ပုဒ်ကို ဝုတ္တိ၌ အဘယ်အကျိုးငှာ ထည့်၍ ဖွင့်ရသနည်း၊...မနသာ ဝစသာ ထာမသာ-တို့၌ သာနှောင်းသော်လည်း သာသည် ဝိဘတ်ကို ပြုထားသော (သာ) မဟုတ်၊ နာ ကို အာ ပြု၍ (သ) လာထားသော (သာ) တည်း၊ ထိုသို့ ဝိဘတ်ကိုပြုသော (သာ) မနှောင်းသောကြောင့် (သ) မလာရဟု တားမြစ်ခြင်းငှာ “ဝိဘတ္တာဒေသေသု” ဟု ထည့်၍ ဖွင့်ရသည်၊ အချုပ်မှာ-ဤသုတ်၌ “သံသာသု ကေဝစနေသု, ဝိဘတ္တာဒေသေသု” ဟူသော ၃ ပုဒ်ကို ကြည့်၍ “သံသာသွိတိ ကိမတ္ထံ” စသော ကိံ ၃ ချက် ထုတ်ရသည်၊ ဤ ၃ ပုဒ်ကိုပင် ကြည့်၍ “သံသာအပြုလည်း ဖြစ်ခြင်း, ကေဝုစ်လည်းဖြစ်ခြင်း, ဝိဘတ်ကို ပြုထားသော သံသာလည်းဖြစ်ခြင်း” ဟု ဤသုတ်၏ အင်္ဂါ ၃ ပါးရှိကြောင်းကိုလည်း သိနိုင်သည်။

**ဧတိမာသ မိ**

၆၃။ ကေဝစနေသု, ဝိဘတ္တာဒေသေသု, သံသာသု-တို့ကြောင့်၊ တော ဠမာ ဠစ္စေတေသံ-တော ဠမာ ဟူသော ဤသဒ္ဒါတို့၏၊ အန္တော-အဆုံးဖြစ်သော၊ သရော-သရသည်၊ ဠကာရော-ဠအပြုသည်၊ ဟောတိ၊ ဧတိဿံ ဧတိဿာ ဠမိဿံ ဠမိဿာ (ရှေ့သုတ်အတိုင်း အနက်ဆို)၊ သံသာသွိတိ ကိမတ္ထံ၊ တောယ ဠမာယ-၊ပေ၊ ရှိ၏၊ [ရှေ့၌ ဆိုခဲ့ပြီးကို နည်းမှီး၍ဆိုပါ။] တောယ, ဠမာယ-ဤသူမဖြင့်၊ ကေဝစနေသွိတိ ကိမတ္ထံ၊ တောသံ ဠမာသံ-၊ပေ၊ (၂၁၇)။

---

ကိံရုပ်။ ။အဂ္ဂိနာကို "အဂ္ဂိ"လိင်တည်, နာ ဝိဘတ်သက်၊ သံသာသွေက ဝစနေသုစ သုတ်ဖြင့် ကေဝုစ်ဝိဘတ်နှောင်းသောကြောင့် (သ) လာသင့်သော်လည်း သံသာအပြု မနှောင်းသောကြောင့် သ-မလာရ, ပြီး၏၊ ဤသို့ စသည်ဖြင့် ကိံရုပ် များကို နောင်ခါ တွက်တတ်ပါလိမ့်မည်၊ ဧတိဿံ စသည်ကိုလည်း ဆိုင်ရာသုတ်စုံမှ တွက်ပါ။

၆၃။ **ဧတိမာသံ**—ရှေ့သုတ်မှ စကို လိုက်စေ၍ ထိုစ၏ အနက်ကို ရူပသိဒ္ဓိ၌ ဖွင့်ပြ သေး၏၊ တောစ-တောသဒ္ဒါလည်း၊ ဠမာစ-ဠမာသဒ္ဒါလည်း၊ ဧတိမာယော- တော ဠမာ သဒ္ဒါတို့၊ဤသို့ အသမာဟာရ ဒွန်တွဲ၍ "ဧတိမာယော"ဟု ပြီးပြီးနောက် နံကို သံပြု၍ "ဧတိမာသံ"ဟု ဖြစ်၏၊ ထိုသို့ ဒွန်တွဲ၍ "ဧတိမာသံ"ဖြစ်ရာ၌ နာညံ့ သဗ္ဗနာမိကံ သုတ်၏ အစီရင်နှင့် မဆန့်ကျင်ပါလော၊ [ထိုသုတ်က ဒွန်သမာသ် အရာဝယ် သံ-သာနံ ပြုခြင်းစသော သဗ္ဗနာမ် အစီအရင်များ မဖြင့်ရ-ဟု တားမြစ် ထား၏၊ ဤကား "တော ဠမာ"ဟု သဗ္ဗနာမ်ဖြစ်ပါလျက် နံကို သံပြုခြင်းဟူသော သဗ္ဗနာမ် အစီအရင် ဖြစ်နေပြန်သောကြောင့် ထိုနာညံ့ သဗ္ဗနာမိကံ သုတ်အဆိုနှင့် ဆန့်ကျင်နေရကား ထိုကဲ့သို့ မဆန့်ကျင်အောင်"ဧတိမာနံ"ဟု ထားသင့်သည် မဟုတ် ပါလော—ဟူလို။]

**အဖြေကား**—သုတ်၌ပါသော တော ဠမာတို့သည် "ဤသူမ"ဟု အနက်ပေးရ သော သဗ္ဗနာမ်အစစ်များ မဟုတ်ကြ၊ သဗ္ဗနာမ် အစစ်၏ အတုဖြစ်သော အနုကရဏ သဒ္ဒါများ ဖြစ်ကြသည်၊ ပရိစ္စတ္တတ္ထာနုကရဏ-အပရိစ္စတ္တတ္ထာနုကရဏ ၂ မျိုးတွင်ကား မူလပုဒ်၏ ရုပ်နေ ရုပ်ထားကို မစွန့်သောကြောင့် အပရိစ္စတ္တတ္ထာနုကရဏဟု ဆိုသင့်၏။ [မူလပုဒ် ဟူရာ၌ "ဧတိမာ"ဟူသော ဒွန်ပုဒ်ကို မဆိုလို၊ ဠမာဟူသော သဗ္ဗနာမ် တပုဒ်ကိုသာ ဆိုလိုသည်၊] ထိုသို့ အပရိစ္စတ္တတ္ထာနုကရဏ ဖြစ်သောကြောင့် "ဧတိ မာသံ"ဟု နံကို သံပြုယောပုဒ်ဖြင့် သုတ်တည်လေသည်။ [အနုကရဏအကျယ်ကို နောက်သုတ်၌ ပြအံ့။]

**သံသာသွိတိ၊ပေ၊ ဠမာသံ**—ဤသုတ်၌ "သံသာအပြုဖြစ်ခြင်း, ကေဝုစ် သံသာ လည်း ဖြစ်ခြင်း, တော ဠမာလည်း ရှိခြင်း"ဟု သုတ်အင်္ဂါ ၃ ပါးရှိ၏၊ ထိုတွင် သံသာသွိတိ ကိမတ္ထံဖြင့် ပဌမအင်္ဂါအတွက် ကိံထုတ်သည်၊ တောယ ဠမာယတို့၌ ကေဝုစ်ဖြစ်ခြင်း—တော ဠမာ ဖြစ်ခြင်းဟု အင်္ဂါ ၂ ပါး ညီညွတ်သော်လည်း သံသာ အပြု မနှောင်းသောကြောင့် (ဠ)မပြုရ၊ ကေဝစနေ ိတိ ကိမတ္ထံဖြင့် ဒုတိယအင်္ဂ်

တဿာ၀ါ ၆၄။ ကေ၀စနေသု, ဝိဘတ္တာဒေသေသု, သံသာသု, တဿာ- တာ သဒ္ဒါ၏၊ အန္တသာ-အဆုံးဖြစ်သော၊ ဣတ္ထိယံ-ဣတ္ထိလိင်၌၊ ဝတ္တမာနဿ ဖြစ်သော၊ အာကာရဿ - အာ အက္ခရာ၏၊ ဣကာရော, ဝါ ဟောတိ-ဝိကပ်ဖြစ်၏၊ တိဿံ - ထိုသူမ၌၊ တိဿာ - အား၊ တဿံ-၌၊ တဿာ- အား။ (၂၁၆)။

---

အတွက် ကိံ ထုတ်ပြန်၏၊ တောသံ ဣမာသံတို့၌ သံ အပြုရှိခြင်း—တော ဣမာလည်း ဖြစ်ခြင်းဟု အင်္ဂါ ၂ ပါး ညီညွတ်သော်လည်း ကေဝစ် မဟုတ်သောကြောင့် (ဣ) မပြုရဟု တားမြစ်သည်၊ ဤအစဉ်ကိုကြည့်၍ ကိံ ရုပ်များကို နောင်ခါ တွက်တတ်ပါ လိမ့်မည်။

**ကိံ တမျိုး ထုတ်ပွယ်။** ။သုတ်၌ အင်္ဂါ ၃ ပါး ပြထားသောကြောင့် "တေိမာ သဗ္ဗိတိ ကိမတ္တံ"ဟု တတိယ အင်္ဂါအတွက် ကိံ တမျိုးထုတ်၍, အဖြေပုံစံကိုလည်း "တိဿံ တိဿာ"စသည်ဖြင့် ထုတ်နိုင်၏၊ တိဿံ တိဿာတို့၌ သံသာအပြုဖြစ်ခြင်း— ကေဝစ်လည်း ဖြစ်ခြင်းဟု အင်္ဂါ ၂ ပါး ညီညွတ်သော်လည်း "တော ဣမာ"မဟုတ် သောကြောင့် ဤသုတ်ဖြင့် ဣ မပြုရဟု တားမြစ်နိုင်သည်၊ ဤနည်းကိုမှီ၍ ကိံ ဟူသမျှကို သုတ်အင်္ဂါရှိသလောက် ထုတ်နိုင်သည်—ဟု မှတ်ပါ။

၆၄။ ဝါသဒ္ဒါဖြင့် ပြသောကြောင့် ဤသုတ် အစီအရင်သည် အမြဲမဟုတ်, ဝိကပ် တည်း၊ ရှေ့သုတ် အစီအရင်ကား နိစ္စ (အမြဲ) တည်း၊ ထို့ကြောင့် ရှေ့သုတ်၌ "တေိဿံ, ဣမိဿံ, တေိဿာ, ဣမိဿာ"ဟုသာ ရုပ်ရှိ၍ "တေဿံ, ဣမဿံ" စသည်ဖြင့် ရုပ်မရှိရ၊ ဤသုတ်ကား "တိဿံ, တိဿာ"ဟု ဤသုတ်က စီရင်ထား သော ရုပ် "တဿံ တဿာ"ဟု ဤသုတ်က မစီရင်သော ရုပ်ဟု ပုံစံ ၂ မျိုး ရှိရ သည်၊ ဤသို့ သံသာ နှောင်းရာဝယ် တော ဣမာအတွက် နိစ္စဝိဓိဖြစ်၍, တာအတွက် အနိစ္စဝိဓိ ဖြစ်သောကြောင့် "တေတိမာသဗ္ဗိ"ဟု တသုတ်တည်းပေါင်း၍ မတည်း "တေိမာသဗ္ဗိ, တဿာ၀ါ"ဟု ၂ သုတ် ခွဲ၍ တည်ရသည်၊ တာ၌ အာသဒ္ဒါသည် ဣတ္ထိယမတော အာပစ္စယောသုတ်ဖြင့် သက်ရသော ဣတ္ထိဇောတက ပစ္စည်းတည်း၊ ထို့ကြောင့် "ဣတ္ထိယံ ဝတ္တမာနဿ အကာရဿ"ဟု ဖွင့်သည်၊ ရုပ်ကို "ဃပတော သ္မိံသာနံ သံသာ"သုတ်ကျမှ တွက်။

**အနုကရဏ, အနုကာရိယ။** ။သုတ်၌ပြထားသော "တဿာ"သည် ပြယုဂ် တဿာ၏ အတုဖြစ်သော အနုကရဏ သဒ္ဒါတည်း၊ ထို့ကြောင့် "တဿာ-ထို သူမ၏"ဟု အနက်မပေးပဲ "တဿာ-တာ သဒ္ဒါ၏"ဟု ပေးရသည်၊ ရှေ့ဦး အံ့—ပါဠိ အဋ္ဌကထာနှင့် ပြယုဂ်အတွင်း၌ တွေ့ရသော "တဿာ"သည် အစစ်ဖြစ်သော "အနု ကာရိယ"သဒ္ဒါတည်း၊ ဟောရိုး ဟောစဉ် "ထို သူမ-ထို မိန်းမ၏"စသော အနက် ရှိသောကြောင့် "အတ္ထပဒတ္ထကပုဒ်"ဟုလည်း ခေါ်ရ၏၊ တဿာဝါသုတ်၌ပါသော "တဿာ" ကား ထိုအစစ် တဿာ၏ အတုဖြစ်သောကြောင့် အနုကရဏ သဒ္ဒါ တည်း၊ "တဿာ-ထိုသူမ၏"ဟု မပေးပဲ "တာ သဒ္ဒါ၏"ဟု ပေးရသောကြောင့် "သဒ္ဒ ပဒတ္ထက ပုဒ်"ဟု လည်း ခေါ်ရသည်။

**တတော သဿ ဿာယ**

၆၅။ တတော တာ တော ဣမာတော-ထိုတာ, တော, ဣမာ သဒ္ဒါတို့မှ၊ ပရဿ, သဿ ဝိဘတ္တိဿ-သဝိဘတ်၏၊ ဿာယာဒေသော, ဝါ ဟောတိ-ဝိကပ်ဖြစ်၏၊ တိဿာယ-ထိုသူမအား၊ ဧတိဿာယ, ဣမိဿာယ-ဤသူမအား၊ ဝါတိကိမတ္ထံ၊ တိဿာ၊ပေ၊

---

ပရိစ္စတ္တတ္ထ-အပရိစ္စတ္တတ္ထ။ ။ထို အနုကရဏသဒ္ဒါလည်း မူလအစစ်ပုဒ်၏ လိင်-ဝုစ်-နှင့် ရုပ်နေပုံကိုစွန့်လျှင် (မူလအစစ်၏ လိင်-ဝုစ်-ရုပ်နေပုံနှင့် မတူလျှင်) ပရိစ္စတ္တတ္ထာနုကရဏ မည်၏၊ သဆဿဝါ သုတ်၌ "ဆဿ" ပုဒ်သည် မူလ အစစ် ဖြစ်သော ဆ သဉ္ဇာ၏ ဗဟုဝုစ်ကိုစွန့်၍ ဧကဝုစ်ဖြစ်နေသောကြောင့် ပရိစ္စတ္တတ္ထာနုကရဏ မည်၏၊ ယောသု ဒွိန္နံ ဒွေစ သုတ်၌ ဒွိန္နံကား မူလ ဒွိပုဒ်၏ ဗဟုဝုစ်ကို မစွန့်သောကြောင့် အပရိစ္စတ္တတ္ထာနုကရဏ မည်၏၊ ဤသုတ်၌ "တဿာ" ပုဒ်လည်း အစစ်ဖြစ်သော "တဿာ" ပုဒ်၏ ဣတ္ထိလိင်ကိုလည်းကောင်း, ဿာ အပြဲဖြင့် "တဿာ" ဟူသော ရုပ်နေပုံကိုလည်းကောင်း မစွန့်သောကြောင့် အပရိစ္စတ္တတ္ထာနုကရဏ ပင်တည်း။

ဝိဂ္ဂဟ။ ။အနုကရိယတေ-အတု ပြုအပ်၏၊ ဣတိ-ထို့ကြောင့်၊ အနုကာရိယံ-မည်၏၊ အနုကရောတိ-အတု ပြုတတ်၏၊ ဝါ-တူ၏၊ ဣတိ, အနုကရဏံ-မည်၏၊ နတ်အစစ်ကဲ့သို့ အတုပြုအပ်သော မူလ အစစ်ပုဒ်သည် အနုကာရိယ မည်၏၊ နတ်ရုပ်ကဲ့သို့ အတုပြုတတ်သော (အတု ဖြစ်သော) ပုဒ်သည် အနုကရဏ မည်၏၊ ယဿ-အကြင် အနုကရဏသဒ္ဒါ၏၊ ပရိစ္စတ္တော-စွန့်အပ်သော၊ အတ္တော-မူလပုဒ်၏သရုပ်သဘောသည်၊ အတ္ထိ-ရှိ၏၊ ဣတိ, တံ-ထို အနုကရဏသည်၊ ပရိစ္စတ္တတ္ထံ-မည်၏၊ ပရိစ္စတ္တတ္ထံ-စွန့်အပ်သော သရုပ် သဘောရှိသော အနုကရဏသည်၊ န-မဟုတ်၊ အပရိစ္စတ္တတ္ထံ-စွန့်အပ်သော သရုပ် သဘောရှိသော အနုကရဏမဟုတ်၊ မူလသဘောကို မစွန့်သော အနုကရဏ-ပဉ္စလို၊ပရိစ္စတ္တတ္ထကို ပစ္စက္ခ,အပရိစ္စတ္တတ္ထကို အပစ္စက္ခဟုလည်း ခေါ်၍ အနုကာရိယကို "အနုကရဏီယ" ဟုလည်း ခေါ်ကြသေးသည်။ [ထို့ပြင်-"အနုကရဏ-အတုပြုအပ်သော ပုဒ်၊ အနုကာရိယ-အတု ပြုရာပုဒ်" ဟုလည်း ဆိုကြသေး၏၊ ထို အဆိုကိုကား ဆင်ခြင်သင့်သည်၊ ဘာ့ကြောင့်နည်း...အတူ (အတု) ပြုလုပ်တတ်သော ဥပမာဝါစကပုဒ်ကို "အနုကရောတိ" ဟု အလက်ာ၌ ကတ္တုရုပ်ဖြင့် ပြထားသောကြောင့်တည်း] သဒ္ဒေါယေဝ ပဒတ္ထော ယဿာတိ သဒ္ဒပဒတ္ထကံ၊ "တဿာ=တာ သဒ္ဒါ၏" စသည်ကဲ့သို့ သဒ္ဒါသာလျှင် ပုဒ်အနက်ရှိသော ပုဒ်တည်း၊ အတ္ထော ပဒတ္ထော ယဿာတိ အတ္ထပဒတ္ထကံ၊ "တဿာ-ထိုသူမ၏" စသည်ကဲ့သို့ အနက် တည်းဟူသော ပုဒ်နက်ရှိသော ပုဒ်တည်း။

ကိံ ထုတ်ပွယ်။ ။ဤသုတ်၌ ကိံဝါကျများ မပါသော်လည်း "သံသာအပြဲဖြစ်ခြင်း, ဧကဝုစ်ဖြစ်ခြင်း, တာ သဒ္ဒါဖြစ်ခြင်း" ဟူသော အင်္ဂါ ၃ ပါးကိုကြည့်၍ "သံသာ သွိတိ ကိမတ္ထံ, တာယံ တာယ၊ ဧကဝစနေသွိတိ ကိမတ္ထံ, တာသံ၊ တဿာတိ ကိမတ္ထံ, ဧတိဿံ ဧတိဿာ" ဟု ကိံဝါကျထုတ်နိုင်သည်၊ နောက်နောက် သုတ်များ၌လည်း ဤကဲ့သို့ ကိံထုတ်နိုင်ပုံများကို သိပါလေ။ [တာယံ-ထိုသူမ၌၊ တာသံ-တို့အား, ဟု အနက်ပေး။]

ဣမိဿာ-အကျိုးရှိ၏၊ တိဿာ-ထိုသူမအား၊ ဧတိဿာ, ဣမိဿာ-ဤသူမအား၊ (၂၁၅)။

ဃော ရဿံ

၆၆။ ဧကဝစနေသု ဝိဘတ္တာဒေသေသု သံသာသု,ဃော ရဿံ အာပစ္စဝတော၊ ဟဿံ ထိုသူမ၌၊ တဿာ-အား၊ ယဿံ-အကြင်သူမ၌၊ ယဿာ-အား၊ သဗ္ဗဿံ-ခပ်သိမ်းသူမ၌၊ သဗ္ဗဿာ-အား၊ သံသာသွိတိ ကိံမတ္ထံ၊ တာယ သဗ္ဗာယ-၏၊ တာယ-ထိုသူမအား၊ သဗ္ဗာယ-ခပ်သိမ်းသူမအား၊ ဧကဝစနေ ိတိ ကိမတ္ထံ၊ ဟာသံ သဗ္ဗာသံ-၏၊ အနက်ပေးခဲ့ပြီ၊ (၂၀၅)။

နောစ ဒွါဒိတော နံမှိ

၆၇။ နံမှိ ဝိဘတ္တိမှိ-ကြောင့်၊ ဒွိဣစ္စေဝမာဒိတော-ဒွိ အစ ရှိသော၊ သင်္ချာတော-သင်္ချာသဒ္ဒါမှ နောက်၌၊ နကာရာ ဂမော ဟောတိ၊ ဒွိန္နံ-၂ ခုတို့အား၊ပေ၊ ဒသန္နံ-၁၀ ခုတို့အား၊ ဒွါဒိတောတိ ကိမတ္ထံ၊ သဟဿာနံ-သဟဿာနံ စသော ပြယုဂ်တို့၌

---

၆၅။ ပစ္စာသတ္တိနည်း။ ။ဧတိမာသမိသုတ်မှ တော ဣမာပုဒ်, တဿာဝါ သုတ်မှ တာပုဒ်တို့ လိုက်လာကြ၏၊ ထို့ကြောင့် "တတော" ၏ စွဲဖို့ရာ "တာတော ဣမာတော" ဟု ဖွင့်သည်၊ "ဧတိမာသမိ-တဿာဝါ" ဟု သုတ်အစဉ် ရှိသည်အား လျော်စွာ "တတော တော ဣမာ တာတော" ဟု တာသဒ္ဒါကို နောက်ထား၍ ဖွင့်သင့်သော်လည်း ပစ္စာသတ္တိနည်းအားဖြင့် အနီးဆုံးဖြစ်သော တာသဒ္ဒါကို ရှေ့ထား၍ "တာ တော ဣမာတော"ဟု ဖွင့်ရသည်။ [ပတိ+အာသတ္တိ=ပတိ–ရှေးရှုမျက်မှောက် အနက်မှစ၍+အာသတ္တိ-ကပ်ငြိခြင်း၊ "တဿာဝါ, တတော သဿ ဿာယ" ဟု ဆက်လျက် သုတ်စဉ် ရှိသောကြောင့် တဿာဝါသုတ်လာ တာသဒ္ဒါသည် တတော၏ ရှေးရှုမျက်မှောက် အနက်တည်း၊ ထို တာသဒ္ဒါ၌စ၍ "တာ တော ဣမာ"ဟု ဆိုခြင်းကို ပစ္စာသတ္တိနည်းအားဖြင့် ဆိုခြင်း-ဟု မှတ်၊ နည်း ၄၀ ၌ ပစ္စာသတ္တိနည်း ၂ မျိုးပြ၏။]

ရုပ်တွက်။ ။"တိဿာယ" စသည်ကို အခြေပြု၍ တွက်ပြခဲ့ပြီ၊ တိဿာ စသော ဝိကပ်ရုပ်များကိုကား "တာ" တည်, သသက်, ဤသုတ်ဖြင့် ဿာယ ပြုသင့်သော်လည်း ဝါသဒ္ဒါ မြစ်သောကြောင့် မပြုရ-ဟု ဆို၍ ဃပတော သ္မိံသာနံ သံသာသုတ်ဖြင့် ပြီးအောင် တွက်နိုင်လတ္တံ့။ [ဿာယ ပြုရာ၌ သံယုဂ်မပါသော "ဿာယ" ပြုနည်းလည်းရှိ၏၊ ထိုသို့ ပြုလျှင် သံသာသွေကဝစနေသုစ သုတ်ဖြင့် (သ်) လာရဦးမည်ဖြစ်၍ "သံ့ာယ" ပြုသော နည်းအတိုင်းသာ ရုပ်တွက်ပါ။]

၆၆။ ရုပ်ကို ဃပတော သ္မိံသာနံ သံသာသုတ်၌ တွက်ရလတ္တံ့၊ သံသာသွိတိ ကိမတ္ထံ-စသော ပုစ္ဆာဝါကျများ၏ အဓိပ္ပာယ်ကိုလည်း ရှေ့သုတ်များ၌ ပြခဲ့သည့်အတိုင်း နည်းမှီး၍ သိနိုင်လောက်ပြီ၊ တာယကို "တ" တည်, အာပစ္စည်းသက်, နာခင့် သသက်,အာကို ဃမှည့်, အာယပြု, ဃောရဿံသုတ်ဖြင့် ဃမည်သော အာကို ရဿ ပြုသင့်သော်လည်း သံသာ အပြု မနှောင်းသောကြောင့် မပြုရ၊ ခွင်း, ချေ, အာသို့ကပ် ဟု ဆို၍ ကိံရုပ်ကို တွက်။

တားမြစ်ရခြင်း အကျိုးရှိ၏၊ သဟာဿာနံ- တထောင်တို့အား၊ နံမှိတိ ကိမတ္ထံ၊ ဒွိသု-၂ ခု တို့၌၊ တိသု-၃ ခု တို့၌၊ စဂ္ဂဟဏေန-ဖြင့်၊ သဒ္ဓ-ဿံသည်လည်း၊

---

၆၇။ ဒွါဒိတော—ဒွါဒိ၌ အာဒိ အရ ဒသတိုင်အောင်သာ သဒ္ဒနီတိ ယူ၍ "ဒွါဒိတော ဒသန္တာ နာဂမော နံမှိ"ဟု သုတ်တည်၏၊ ဒသတိုင်အောင်ယူလျှင် "ကေဆ ဒသန္နံ၊ပေ၊အဋ္ဌာရသန္နံ"တို့၌လည်း ဒသသဒ္ဒါ ပါသောကြောင့် ထိုအဋ္ဌာရသ တိုင်အောင်ပင် ဒွါဒိ၌ အာဒိအရ ယူနိုင်ပြန်၏၊ ထို့ကြောင့် "ဒွါဒိတော-ဒွိအစ အဋ္ဌာရသ အဆုံးရှိသော သင်္ချာသဒ္ဒါတို့မှ"ဟု သုတ်နက်ပေးနိုင်သည်။

တိဏ္ဏံ—"ဇုဏ္ဏံမိဏ္ဏန္နံ တိဟိ သင်္ချာဟိ"သုတ်ဖြင့် ဇုဏ္ဏံ ဇုဏ္ဏန္နံ ပြုလတ္တံ့ ဖြစ်၏၊ "သာဝကာသဝိဓိတော တု, ဗလီ နိရဝကာသကော=ကျယ်သော အရာရှိသော ဝိဓိထက် ကျယ်သောအရာ မရှိ (ကျဉ်းသောအရာရှိ) သော ဝိဓိသည် (သူ့ဆိုင်ရာ၌) အားရှိ၏" မီးရောင်သည် အိမ်အတွင်း၌ လရောင်ထက် အားကောင်းသကဲ့သို့တည်း၊ နောစ ဒွါဒိတော နံမှိ သုတ်သည် ဒွိ အစ အဋ္ဌာရသတိုင်အောင် စီရင်နိုင်သဖြင့် အရာကျယ်၏၊ ဇုဏ္ဏ မိဏ္ဏန္နံ သုတ်ကား တိသင်္ချာ တမျိုးသာ စီရင်နိုင်သဖြင့် အရာ ကျဉ်း၏၊ ထို့ကြောင့် တိသင်္ချာ အရာ၌ နောစ ဒွါဒိတောနှင့် ဇုဏ္ဏံ မိဏ္ဏန္နံတို့ အစီအရင် ပြိုင်သော်လည်း ဇုဏ္ဏ မိဏ္ဏန္နံသုတ်က အားရှိသောကြောင့် "တိဏ္ဏံ"ရုပ်ကို ဤသုတ်ဖြင့် မစီရင်ပဲ ဇုဏ္ဏံမိဏ္ဏန္နံ သုတ်ဖြင့်သာ စီရင်သင့်သည်။

**မှတ်ချက်။** ။[တိဏ္ဏံကို ဤသုတ်ဖြင့် မစီရင်သင့်သော်လည်း သင်္ချာအစဉ် မပျက် စေလိုသောကြောင့် ဝုတ္တိဆရာ ထည့်ထားသည်၊ ဝုတ္တိဆရာကိုယ်တိုင် ဒွါဒိတော အရ၌ တိသင်္ချာကိုပါ ယူစေလိုကြောင်းကိုလည်း "ဒွိသု တိသု"ဟူသော ကိုရုပ်ကို မြင်သ ဖြင့် သိနိုင်သည်၊] ဒွိန္နံ စတုန္နံကို အခြေပြုကြည့်၍ ရုပ်တွက်၊ ပဉ္စန္နံ စသည်ကို ပဉ္စာဒီန မတ္တံ သုတ်ကျမှ တွက်၊ တိဏ္ဏံဟု မုဒ္ဒဇ (ဏ္ဏ) ဖြင့် ရှိရကြောင်းကို ဇုဏ္ဏမိဏ္ဏန္နံသုတ် ကျမှ ပြအံ့။

**ဒွါဒိတော၊ပေ၊သဟဿာနံ**—"သဟဿ" သင်္ချာသည် ဒွါဒိ အရ၌ မပါဝင် သောကြောင့် (န) မလာရဟု ပြခြင်းငှာ "ဒွါဒိတောတိ ကိမတ္ထံ" ဟူသော ပုစ္ဆာ ဝါကျနှင့် "သဟဿာနံ" ဟူသော ဝိသဇ္ဇနဝါကျကို မိန့်သည်၊ "သဟဿ" တည်, နံသက်, ဤသုတ်ဖြင့် (န်) လာသင့်သော်လည်း ဒွါဒိတော၌ အာဒိအရတွင် "သဟဿ" သဒ္ဒါ မပါဝင်သောကြောင့် (န်) မလာရ၊ သုနံဟိသုစဖြင့် ဒီဃပြု၍ "သဟဿာနံ" ဟု ပြီးစေ။

**မှတ်ချက်။** ။ဒွါဒိတောအရ ကူနဝီသတိ (၁၉) စသော သင်္ချာသဒ္ဒါတို့လည်း မပါဝင်ချေ။ ထို့ကြောင့် "ဝီသတိနံ-သတာနံ" စသော သင်္ချာတို့ကိုလည်း ကိုပုံစံ ထုတ်နိုင်၏။ သဟဿသင်္ချာသည် နဂိုရ်အတိုင်း ကေဝုစ်သာ, ဝဂ္ဂဘေဒဖြစ်မှ ဗဟုဝုစ် ဖြစ်နိုင်သကဲ့သို့ "ဝီသတိ-သတ" စသော သင်္ချာတို့လည်း ဝဂ္ဂဘေဒ ဖြစ်သည့်အခါ ဗဟုဝုစ် ဖြစ်နိုင်ကြသည်။ ဝဂ္ဂဘေဒအကြောင်းကို ရူပသိဒ္ဓိ သင်္ချာတဒ္ဓိတ်ခန်းမှာ ကြည့်။

**နံမှိတိ၊ပေ၊တိသု**—"နံဝိဘတ် နှောင်းခြင်း, ဒွါဒိသင်္ချာလည်း ဖြစ်ခြင်း, ဤ အင်္ဂါ ၂ ပါး ပြည့်စုံမှ" ဤသုတ်က (န်) လာနိုင်သည်၊ ဒွိသု တိသုတို့၌ ဒွါဒိသင်္ချာ

အာဂမော-လာသည်၊ ဟောတိ၊ စတဿန္နံ-၄ ယောက်ကုန်သော၊ ဣတ္ထီနံ-မိန်းမတို့အား၊ တိဿန္နံ-၃ ပါးကုန်သော၊ ဝေဒနာနံ-ဝေဒနာတို့အား၊ (၂၂၉)။

**အမာ ပတော သ္မိံ သ္မာနံဝါ** ၆၈။ ပတ္တစ္စေတသ္မာ(ပတ္တတိ တေသ္မာ)-ပဟူသော ဤသဒ္ဒါမှ၊ (ပရေသံ-ကုန်သော)၊ သ္မိံ သ္မာ ဣစ္စေတေသံ (သ္မိံ သ္မာ ဣတိ ဧတေသံ)-သ္မိံ သ္မာဟူသော ဤဝိဘတ်တို့၏၊ အံ အာ အာဒေသာ-အံ အာ အပြုတို့သည်၊ ယထာသင်္ချံ-တိုင်း၊ ဝါ ဟောန္တိ-ဝိကပ်ဖြစ်ကုန်၏။

---

ဟုတ်သော်လည်း နံဝိဘတ် မနှောင်းသောကြောင့် (န်) မလာရ ဟု တားမြစ်ခြင်းငှာ "နံမှိတိ ကိမတ္ထံ" စသည်ကို မိန့်သည်၊ [ဤ ကိံ ရုပ်ကိုထောက်၍ ဥဒါဟရဏ်၌ အာဒိအရဝယ် တိသန့်ချာကိုပါ ဝုတ္တိဆရာ သွင်းယူလိုကြောင်း သိသာသည်။]

**စဂ္ဂဟဏေန သဉ္ဇာဂမော**—"နော စ"၌ စသည် သမုစ္စည်းအနက် ရှိရကား ထိုစသဒ္ဒါဖြင့် "သံ" လာခြင်းကို ဆည်းယူသည်၊ သဉ္ဇာဂမောကို "သံစ+အာဂမော" ဟု ပုဒ်ဖြတ်၊ သံစ၌ စ သဒ္ဒါကား သုတ်ရင်းဖြင့် (န) လာခြင်းကို ပေါင်း၏၊ "န" လာရုံသာ မက, သံလည်းလာ-ဟူလို၊ ရုပ်ကို အခြေပြုကြည့်၍တွက်။ [ဣတ္ထီနံ ဝေဒနာနံ တို့ကား ဣတ္ထိလိင်ဖြစ်ကြောင်း ထင်ရှားအောင် တွဲဖက်ထည့်အပ်သောပုဒ်များတည်း၊] ဤပြခဲ့သော နည်းသည် ကစ္စည်းဝုတ္တိ၌ ယခုစာမူရှိပုံနှင့် ရူပသိဒ္ဓိတို့ ဆိုပုံတည်း၊ နျာသ၌ကား "သဉ္စာဂမော" ဟု ပါ၌ရှိ၏၊ သစ၌ စသဒ္ဒါဖြင့် (န်) လာခြင်းကို ဆည်း၍ "သနှင့်တကွ န အက္ခရာလာ" ဟု အဓိပ္ပာယ် ယူစေလို၏၊ ထို့ကြောင့် "တိ+နံ" ဟု ဖြစ်သောအခါ သနှင့်တကွ (န်) လာ၍ "တိဿန္နံ" ပြီးသည်။

**မှတ်ချက်။** ။များသောအားဖြင့် လာသော အက္ခရာတို့၌ "ယ်, ဝ်, မ်, ဒ်" စသည်ဖြင့် သရ မပါ၊ "သ" လာဟု ဆိုရာ၌လည်း အသရ မပါဲ သဗျည်း ၂ လုံး ချည်း လာဖွယ်ရှိ၏၊ သို့ဖြစ်လျှင် သဗျည်းကပ်ဖို့ရာ သရ လိုနေပြန်၏၊ "သံ" လာဟု ဆိုရာ၌ နိဂ္ဂဟိတ်သည် ရှေ့ သရကို မှီရသောကြောင့် ကေန် အသရပါကြောင်း ထင်ရှား၏၊ ထို့ကြောင့် ရူပသိဒ္ဓိ အလို အတိုင်း "သံ" လာဟု ဆိုခြင်းက သာ၍ သဘာဝကျသည်။ စတဿန္နံ၌လည်း နည်းတူ၊ စတု၏ ဥကိုကား တေသုဝုဋ္ဌိဖြင့် (အ) ပြု၊ [လောပဉ္စတတြာကာရောဖြင့် ဥချေ၍ ထိုကြေရာ၌ (အ) လာ ဟုလည်း တနည်းပြသေး၏။]

**စသဒ္ဒါ၏ အကျိုးတမျိုး။** ။နောစ၌ စကို ဥဒါဟရဏ် ထိုင်စေ၍"၌ အစရှိသော သန်ချာမှလည်း" ဟု ဆိုသဖြင့် အခြားသဒ္ဒါမှ နောက်၌လည်း (န်) လာဟု အဓိပ္ပာယ်ရ၏၊ ထို့ကြောင့် ဂုန္နံ၌ "ဂု+နံ" ဟု ဖြစ်သောအခါ ဤစသဒ္ဒါဖြင့် (န်) လာ၍ "ဂုန္နံ"ပြီး၏ ဟု ရူပသိဒ္ဓိ ရုပ်တွက်သည်၊ ဤ စသဒ္ဒါဖြင့် ဗဟု-ကတိနောင် (န်) လာ၍ ဗဟုန္နံ-အများတို့အား၊ ကတိန္နံ- အဘယ် နှစ်ခုတို့အား" ဟုလည်း ပြီးနိုင်၏၊ [မောဂ္ဂလ္လာန်၌ကား "ဗဟုကတိန္နံ" ဟု သုတ်တည်၍ (န်) လာသည်။]

**၆၈။ အမာ, သ္မိံ သာနံ**—အံစ-အံလည်း၊ အာစ-အာလည်း၊ အမာ-အံအာတို့၊ အမာနောင် ယောဝိဘတ်သက်၍, သမ္မာသမာဝုသော သုတ်၌ အာဒိသဒ္ဒါဖြင့်

မတျံ, မတိယံ-ပညာ၌၊ မတျာ,မတိယာ-ပညာမှ၊ နိကတျံ, နိကတိယံ-စဉ်းလဲခြင်း၌၊ နိကတျာ,နိကတိယာ-မှ၊ ဝိကတျံ, ဝိကတိယံ-အထူးပြုခြင်း၌၊ ဝိကတျာ, ဝိကတိယာ-မှ၊ ဝိရတျံ, ဝိရတိယံ-ရှောင်ကြဉ်ခြင်း၌၊ ဝိရတျာ, ဝိရတိယာ-မှ၊ ရတျံ, ရတိယံ မွေ့လျော်ခြင်း၌၊ ဝါ-ညဉ့်၌၊ ရတျာ,ရတိယာ-မှ၊ ပုထဗျံ, ပုထဝိယံ-မြေ၌၊ ပုထဗျာ, ပုထဝိယာ-မှ၊ ပဝတျံ, ပဝတ္တိယံ-ဖြစ်ခြင်း၌၊ ပဝတျာ, ပဝတ္တိယာ-မှ။ (၁၀၄)။

**အာဒိတော ဩစ** ၆၉။ အာဒိ ဣစ္စေတသ္မာ - အာဒိဟူသော ဤ သဒ္ဒါမှ၊ (ပရဿ-သော)၊ သ္မိံ ဝစနဿ, အံ ဩ အာဒေသာ-အံအပြု, ဩ အပြုတို့သည်၊ ဝါ ဟောန္တိ၊ အာဒိံ, အာဒေါ-အစ၌၊ ဝါတိ ကိမတ္ထံ-အာဒိ

---

ချေထားသည်၊ ထို့ကြောင့် ဝုတ္တိ၌လည်း "အံ အာ အာဒေသာ"ဟု ဗဟုဝုစ်ဖြင့် ဖွင့်၏၊ သ္မိံစ-သ္မိံလည်း+သ္မာစ-သ္မာလည်း၊သ္မိံသ္မာ-သ္မိံသ္မာတို့၊ ဤ၌လည်း ယောကို ချေထားသည်၊ ထို့နောက်မှ "တေသံ သ္မိံသ္မာနံ"ဟု နဂိုရ် ဝိဘတ်အတိုင်း ဆုံးစေ၊ "သ္မာသ္မိံနံဝါ" သုတ်၌ ဝိဘတ်စဉ်အတိုင်း သ္မာကို အစထားသကဲ့သို့ ဤသုတ်၌ ဝိဘတ်စဉ် မကျပဲ သ္မိံကို အစထားခြင်းသည် နောက်သုတ်သို့ သ္မိံဝိဘတ် တခုသာ လိုက်ကြောင်းကို သိစေရခြင်းအကျိုးရှိ၏—ဟု န္ယာသ ဖွင့်သည်။

**ဝါအနက်။** ။ဤသုတ်လာ ဝါသဒ္ဒါကို ဝိကပ်အနက် ရှိ၏ဟု န္ယာသ စသည်တို့ ဆိုကြ၏၊ ထို့ကြောင့် ပုံစံများ၌လည်း "မတျံ, မတျာ"ဟု ဤသုတ် စီရင်ရာ ရုပ်ကိုလည်းကောင်း, "မတိယံ, မတိယာ"ဟု ဝါသဒ္ဒါမြစ်၍ မစီရင်ရာ ရုပ်ကိုလည်းကောင်း ၂ ရုပ်စီတွဲ၍ ပြထားသည်၊ "မတိ-နိကတိ-ဝိကတိ-ဝိရတိ-ရတိ-ရတ္တိ-ပုထဝီ-ပဝတ္တိ"တည်, သ္မိံသက်, တေ ဣတ္ထိချာပေါ သုတ်ဖြင့် ဣ-ဤ တို့ကို ပ အမည်မှည့်၊ ဤသုတ်ဖြင့် သ္မိံကို အံ ပြု၊ "မတိ—+အံ"စသည်ဖြစ်၏၊ သ္မာသက်၍ အာပြုလျှင် "မတိ+အာ"စသည် ဖြစ်၏၊ ထို့နောက် ပသညဿစ သုတ်ကျမှ ဆက်၍ တွက်တတ်လိမ့်မည်၊ မတိယံ မတိယာ စသည်တို့ကား "ဝါသဒ္ဒါ မြစ်သောကြောင့် အံ အာ မပြုရ"ဟု ဆို၍ ဃပတော သ္မိံယံဝါ, ပတောယာသုတ်တို့ဖြင့် ပြီးလတ္တံ့။

**မှတ်ချက်။** ။(ဥမ္မာဒန္တီဇာတ်)စသည်၌ "မတျာ"ဟု ရုပ်ရှိ၏၊ ထိုရုပ်၌ မာတု တည်, ပမှည့်, အာပတော ယောဂဝိဘာဂဖြင့် နာကို အာပြု, ပသညဿစဖြင့် ပ အမည်ရှိသော ဥကို ယပြု, ကပ်၊ (မာတျာ) တေသုဝုဒ္ဓိဖြင့် ရဿပြု၍ "မတျာ" ပြီးသည်ဟု ဆိုရလျှင် (ရူပသိဒ္ဓိ တွက်ပုံမှ တနည်းဖြစ်သော်လည်း) သာ၍ သင့်မြတ်ဖွယ် ရှိ၏၊ ပသညဿစသုတ်၌ ထပ်၍ စိစစ်ဦးမည်။ ["အာပတော" ယောဂဝိဘာဂကို (ရူပသိဒ္ဓိ) နဒီသဒ္ဒါ၏ နဇ္ဇာရုပ်၌ ပြထား၏။]

**၆၉။ အံ ဩ အာဒေသာ**—ရှေ့သုတ်၌ "သ္မိံ, အံဝါ"တို့ လိုက်လာသောကြောင့် "သ္မိံဝစနဿ"ဟုလည်းကောင်း,"အံ ဩ အာဒေသာ"ဟု လည်းကောင်း ဖွင့်သည်၊

သွိံ, ပ္ဒ္ဓဒိပ္ပို-... တို႕၌ တားမြစ်ခြင်း အကျိုး၌၏၊ အာဒိသွိံ-အာဒိမှိ-အစ၌၊ နာထံ-မြတ်စွာဘုရားကို၊ နမဿိတ္ဝာန-ရှိခိုးပြီး၍၊ ဧဂ္ဂဟာဏေန ဖြင့်၊ အညသ္မာပိ-အာဒိမှ အခြားသဒ္ဒါမှလည်း၊ (ပရသ္မ) သွိံ ဝစနဿ, အာ ဩ အံ အာဒေသာ-အာ အပြု, ဩ အပြု, အံ အပြုတို့သည်၊ ဟောန္တိ၊ ဒိဝါ စ-နေ့၌လည်းကောင်း၊ ရတ္တော စ-ညဥ့်၌လည်းကောင်း၊ ယေ-အကြင်သူတို့သည်၊ ဗလိံ-ပူဇော်ဖွယ်ကို၊ ဟရန္တိ-ပို့ဆောင်ကြကုန်၏၊ ဗာရာဏသိံ-ဗာရာဏသီပြည်၌၊ ရာဇာ-မင်းသည်၊ အဟု-ဖြစ်ပြီ။ (၁၀၆)။

---

အာဒေါကို အခြေပြုကြည့်၍ တွက်၊ အာဒိံကို အံမောနိဂ္ဂဟီတံ ဈလပေဟိ သုတ်ကျမှ တွက်၊လိုက်လာသော ဝါသဒ္ဒါ၏ ဝိကပ်အနက် ရှိသောကြောင့် "အာဒိသ္မိံ,အာဒိမှိ" တို့၌ အံ ဩ မပြုရဟု တားမြစ်သည်။ [ရှေ့သုတ်မှ အံ လိုက်ခြင်းကို စဥ်းစားသင့်၏၊ ဘာကြောင့်နည်း.... တတိယာ သတ္တမီနဉ္စ သုတ်ဖြင့် သတ္တမီအနက်၌ ဒုတိယာ သက်လျှင် အာဒိံဟု ပြီးနိုင်သောကြောင့်တည်း။]

**စဂ္ဂဟဏေန၊ပေ၊ အာဒေသာ**—ဩစ၌ စသဒ္ဒါကို အာဒိတောနောင် ယိုင်စေ၍ "အာဒိတော စ=အာဒိသဒ္ဒါမှလည်း" ဟု ဆိုသဖြင့် စ သဒ္ဒါ၏ အခြားသဒ္ဒါကို ဆည်းယူခြင်း (အဝုတ္တ သမုစ္စည်း) အနက်ရှိကြောင်း ထင်ရှား၏၊ ယို့ကြောင့် ယိုစသဒ္ဒါဖြင့် ဆည်းယူအပ်သော သမုဒ္ဒေတဗ္ဗတ္ထကို ပြလိုရကား "စဂ္ဂဟဏေန" စသည်ကို မိန့်၊ ဒိဝါကို ဒိဝတည်, ရတ္တောကို ရတ္တိတည်, ဗာရာဏသိံကို ဗာရာဏသီတည်, သွိံသက်, အာဒိတော ဩစ၌ စသဒ္ဒါဖြင့် သွိံကို အာ, ဩ, အံပြု၊ ဝ-တ္တတို့ကို ခွင်း, ချေ, ကပ်၍ "ဒိဝါ-ရတ္တော"တို့ ပြီး၏၊ သွိံကို အံပြု၍ "ဗာရာဏသိ+အံ"ဟု ဖြစ်ရာ၌ကား "ဈလတ္ထိံ"ကဲ့သို့ အဆောရဿ သုတ်ကျမှ တွက်တတ်လတ္တံ့။

**မှတ်ချက်။** ။အဘိဓာန် အဗျယဝဂ်၌ "ဒိဝါ"ကို နိပါတ်ဟု ဆို၏၊ "ဒိဝါ-နေ့ကို၊ ကရောတိ-ပြုတတ်၏၊ ဣတိ, ဒိဝါကရော-နေမင်း" ဟူရာ၌လည်း "ဒိဝ" ပုဒ်ရင်းဖြစ်လျှင် "ဒိဝကရော"ဟု ရှိရာ၏၊ "ဒိဝါကရော"ဟု ရှိသောကြောင့်လည်း ဒိဝါ ပုဒ်ရင်းဟု သိသာပြန်၏၊ ထို့ကြောင့် ဒိဝါ ရုပ်ပြီးဖို့ရန် သွိံကို အာပြုခြင်းကို စဥ်းစားထိုက်၏၊ "ရတျာ-ညဥ့်၌" ဟု သွိံ၏ အာ အပြုရုပ်ကို ရူပသိဒ္ဓိ ပြ၏၊ ထို ရတျာလည်း အာပတော ယောဂဝိဘာဂဖြင့် အာ ပြုနိုင်သည်။ [ရူပသိဒ္ဓိ ဘာသာဋီကာ ကြည့်ပါ၊] ဗာရာဏသိံ ရုပ်၌လည်း သွိံကို အံပြုခြင်းထက် တတိယာ သတ္တမီနဉ္စ သုတ်ဖြင့် တတိယာ အနက်၌ ဒုတိယာ အံဝိဘတ် သက်ခြင်းက သာ၍ ခြေမြစ်၏၊ ထို့ကြောင့် ရူပသိဒ္ဓိ—တတိယာသတ္တမီနဉ္စ သုတ်၌ "ဣမံ ရတ္တိံ-ဤညဥ့်၌" ဟု ပုံစံထုတ်သည်၊ ဤစကားစဥ်အရ စသဒ္ဒါဖြင့် သွိံကို အာ အံ မပြုပဲ ဩပြုခြင်း တခုသာ အရာရာနှင့် သင့်လျော်သည်-ဟု ဆိုလိုသည်။ [စသဒ္ဒါကို "ဩစ-ဩလည်း ပြု"ဟု နဂိုရ်ရှိဝိုင်း ယိုင်စေ၍ ထို စ သဒ္ဒါဖြင့် ရှေ့သုတ်မှ အံကို ငင်သည်-ဟု ဆိုကြသေး၏၊ ဘာ့ကြောင့် ငင်ရသနည်း-ဟု ဆိုလျှင် "ဩဟူသော ကာရိယကို မြင်၍ ရှေ့သုတ်မှ အံ ကာရိယ မလိုက်ဝံ့သောကြောင့် ငင်ရသည်"ဟု ဆိုလိုသတတ်။]

**ဈလာနမိယုဝါ သရေဝါ**

၇၀။ ပရေ သရေ, ဈလဏ္ဍစ္စေတေသံ-ဈလ ဟူသော ဤ သဒ္ဒါတို့၏၊ ဣယ ဥဝဣတိ-ဣယ ဥဝ ဟူကုန်သော၊ ဧတေ အာဒေသာ ယထာသင်္ချံ ဝါ ဟောန္တိ၊တိယန္တံ-၃ ပါးသော အစွန်း၊ ပစ္ဆိယာဂါရေ-ချင်းတောင်းအိမ်၌၊ အဂ္ဂိယာဂါရေ-မီးတင်းကုပ်၌၊ ဘိက္ခုဝါသနေ-ရဟန်းတို့၏ နေရာ၌၊ နိသီဒတိ-ထိုင်၏၊ ပုထုဝါသနေ-သီးခြား ဖြစ်သော နေရာ၌၊ နိသီဒတိ-၏၊ သရေတိ ကိမတ္ထံ၊ တိမလံ၊ပေ၊ ပုထုဘူတံ-၏၊ တိမလံ-၃ ပါးသော အညစ်အကြေး၊ တိဖလံ-၃ လုံးသော သစ်သီး၊ တိစတုက္ကံ-၃ ခု ၄ ခု အပေါင်း၊ တိဒဏ္ဍံ-၃ ချောင်းသော တုတ်၊ တိလောကံ-၃ ပါးသော လောက၊ တိနယနံ-၃ လုံးသော မျက်စိ၊ တိပါသံ-၃ ခုသော ကြော့ကွင်း၊ တိဟံသံ-၃ ကောင်သော ဟင်္သာ၊တိဘဝံ-၃ ပါးသော ဘဝ၊ တိခန္ဓံ-၃ ပါးသော ခန္ဓာ၊ တိပိဋကံ-၃ ပုံသော ပိဋက၊ တိဝေဒနံ-၃ ပါးသော ဝေဒနာ၊ စတုဒ္ဒိသံ-၄ ပါးသော အရပ်၊ပုထုဘူတံ-များစွာဖြစ်၍ ဖြစ်၏၊ ဝါတိ,ကိမတ္ထံ၊ ပဉ္စဟင်္ဂေဟိ ၊ပေ၊ စက္ခွာယတနံ-၏၊ ပဉ္စဟိ အင်္ဂေဟိ-၅ါးပါးသော အင်္ဂါတို့ဖြင့်၊ တီဟိ အာကာရေဟိ-၃ ပါးသော အခြင်းအရာတို့ဖြင့်၊ ဝါတိ-ဝါပုဒ်သည်၊ ဝိကပ္ပ

---

၇၀။ ပစ္ဆိ-(နှီးစသည်ကိုယက်အပ်သော) ချင်း+အဂါရ-အိမ်၊ ငှက်ကလေးများ၏ နေရာအိမ်ဖြစ်သော ချင်းကို "ပစ္ဆိယာဂါရ" ဟု ခေါ်သည်၊ "တိ+အန္တံ, ပစ္ဆိ+အာဂါရေ, အဂ္ဂိ+အာဂါရေ" ဟု တည်, ဣကိုဈမှည့်, ဈလာနမိယုဝါ သရေဝါသုတ်ဖြင့် ဈမည်သော ဣကို "ဣယ" ပြု၊ ယ်ကို နောက်သရသို့ ကပ်, တိယန္တံ စသည် ပြီး၏၊ ဘိက္ခု+အာသနေ, ပုထု+အာသနေ" တည်, ဥကို လမှည့်, ဥကို ဥဝ်ပြု။

**သရေတိ၊ပေ၊ပုထုဘူတံ**—"နောက်၌ သရရှိခြင်း, ရှေ့၌ ဈ လ မည်သော ဣဝဏ် ဥဝဏ်ရှိခြင်း၊ ဤအင်္ဂါ ၂ ပါးစုံမှ ဤသုတ်က ဣယ-ဥဝပြု၏၊ တိမလံစသည်ကား နောက်၌ သရမရှိ (မ-စသော) ဗျည်းသာ ရှိသောကြောင့် ဣယ-ဥဝ မပြုရ ဟု ပြခြင်းငှာ "သရေတိ ကိမတ္ထံ" စသည်ကို မိန့်၊ "တိ+မလံ, တိ+ဖလံ, တိ+စတုက္ကံ၊ပေ၊စတု+ဒိသံ, ပုထု+ဘူတံ" တည်, ရှေ့ဣ-ဥတို့ကို ဈလမှည့်, ဈလာနမိယုဝါ သရေဝါသုတ်ဖြင့် ဣကို ဣယ, ဥကို ဥဝ် ပြုသင့်သော်လည်း သရ မနှောင်းသောကြောင့် မပြုရ, တိမလံ-စသည်ပြီး၏။

**ဝါတိ၊ပေ၊စက္ခွာယတနံ**—"ပဉ္စဟိ+အင်္ဂေဟိ, တီဟိ+ အာကာရေဟိ, စက္ခု+အာယတနံ" ဟု တည်, ဣဥ တို့ကို ဈလမှည့်, ဤသုတ်ဖြင့် ဣ-ဥ တို့ကို ဣယ ဥဝ် ပြုသင့်သော်လည်း ဝါသဒ္ဒါ ဖြစ်သောကြောင့် မပြုရ, ခွင်း, ချေ, ကပ်, ပြီး၏။

**ဝါတိ ဝိကပ္ပနတ္ထံ၊ပေ၊ဆတ္တဖြယံ**—အမာ ပတော သ္မိံသ္မာနံဝါသုတ်မှ လိုက်လာသော ဝါသဒ္ဒါတခု, သရေဝါ ဟု သုတ်၌ပါသော ဝါသဒ္ဒါတခု, ဟု ဝါ ၂ ခုရှိရာ၊ လိုက်သောဝါသဒ္ဒါက "ဝိဘာသာ" အနက်ရှိသောကြောင့် ထို ဝါသဒ္ဒါအတွက် "ဝါတိ ကိမတ္ထံ-ပဉ္စဟင်္ဂေဟိ" စသည်ကို ဆိုခဲ့၍ သုတ်၌ပါသော ဝါ၏အနက်ကို ပြလို

နတ္ထံ-သီးခြား ပြုစီရင်ခြင်းအနက် ရှိ၏၊ ဣကာရဿ-ဣ အက္ခရာ၏၊ အယာဒေသော အယ အပြုသည်၊ ဟောတိ ၏၊ ဝတ္ထုတ္တယံ-ဝတ္ထု ၃ ပါး အပေါင်း။ (၃၀)။

---

ရကား ''ဝါတိဝိကပ္ပနတ္ထံ'' စသည်ကို မိန့်သည်၊ တနည်း-''အနေကတ္ထာ ဟိ နိပါတာ'' ဟူသည်နှင့် အညီ ဤသုတ်၌ပါသော ဝါ နိပါတ်ပင် ဝိဘာသာအနက်-ဝိကပ္ပနအနက် ၂ မျိုးကို ဟောနိုင်ရကား ရှေး၌ ဝိဘာသာအနက်ကို ပြပြီး၍ ယခုအခါ ဝိကပ္ပနအနက်ကို ပြလိုသောကြောင့် ''ဝါတိ ဝိကပ္ပနတ္ထံ'' စသည်မိန့်၊ ဤနည်းအလို အမာ ပတောမှ ဝါသည် ဝိဘာသာအနက်ကိုသာ ပြနိုင်သောကြောင့် ဤသုတ်၌ ဝိဘာသာအနက် အပြင် ဝိကပ္ပနအနက်ကိုလည်း အလိုရှိရကား ထိုသုတ်မှ ဝါကို အလိုက်မခံပဲ ဝါကိုတိုက်ရိုက်ထည့်ရသည်-ဟု ကြံပါ။

**ဣကာရဿ အယာဒေသော။** ။ဝိ (ဝိသုံ) သီးခြား+ကပ္ပနံ-ပြုစီရင်ခြင်း၊ သုတ်၌ ဆိုထားသော အစီအရင်အပြင်, တမျိုးတဖုံ တသီးတခြား စီရင်ခြင်းကို ''ဝိကပ္ပန'' ဟု ဆို၏၊ ဝါသဒ္ဒါသည် ထိုကဲ့သို့ တသီးတခြား စီရင်ခြင်း ဝိကပ္ပနအနက် ရှိ၏၊ ထို ဝိကပ္ပန အနက်ဟူသည် အဘယ်နည်း-ဟု မေးဖွယ် ရှိသောကြောင့် ''ဣကာရဿအယာဒေသော'' ဟု မိန့်၊ ဤစကားအရ ''ဣကာရဿ အယာဒေသော'' ဟူသော ဝါကျလည်း ဝိကပ္ပနတ္ထ၏ အဖွင့်ဝါကျဘည်း-ဟု မှတ်။

**ဝတ္ထုတ္တယံ**—ဤ၌''တယံ''သာ လိုရင်းတည်း၊ ဝတ္ထုကား တွဲဖက်ဖြစ်၍ထည့်ရသည်၊ တယံပုဒ်လည်း ''သမူဟတ္ထေ ကဏ္ဏာ'' သုတ်ဖြင့် တိနောင် ဏပစ္စည်းသက်၍ ပြီးသော တဒ္ဓိတ်ပုဒ်တည်း၊ ဏအနုဗန်ကိုချေလျှင် ''တိ+အ''ဟု ဖြစ်၏၊ ဧလာန မိယုဝါ သရေဝါသုတ်၌ ဝါသဒ္ဒါဖြင့် တိ၏ ဣကို အယပြု၊ ယ်ကို အသို့ကပ် (တယ), နာမ်ငဲ့, သိ အံ ပြု, တယံဟု ပြီး၏။ ထို့နောက် ''ဝတ္ထုနံ+တယံ'' ဟု ဆဋ္ဌီတပ္ပုရိသ် တွဲ၍ ''ဝတ္ထုတ္တယံ'' ဟု ဖြစ်သည်၊ ဤ၌ကား လွယ်ကူအောင် ''ဝတ္ထုတိ+အံ'' ဟု တည်, ဤသုတ်၌ ဝါသဒ္ဒါဖြင့် ဣကို အယပြု၊ (ယ၌ သရမပ္ပါစေရ) ယ်ကို အံသို့ကပ်, ပရဒွေဘာဝေါသုတ်ဖြင့် (တ်) ဒွေဘော်လာ။

**မှတ်ချက်။** ။ရူပသိဒ္ဓိ-သမူဟတ္ထေ ကဏ္ဏာသုတ်၌ကား တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် ဣကို အယပြု၍ တယံကို ပြီးစေသည်၊ အံသအနက်၌ အယပစ္စည်းသက်၍ ပြီးနိုင်ပုံကိုလည်း ထိုသုတ်၏ ဘာသာဋီကာ၌ ပြထား၏၊ ထို့ပြင်-''ဝနေ ကာပိလဝတ္ထဝေ''၌ ''ကပိလဝတ္ထုဿ-ကပိလဝတ္ထုမြို့၏၊သမီပံ-အနီးတည်း''ဟု သမီပအနက်၌ ဏပစ္စည်း သက်၍ ''ကာပိလဝတ္ထု+အ'' ဟု ဖြစ်သောအခါ ဥကို လဗ္ဘည့်၊ ဧလာန မိယုဝါ သရေ ဝါ သုတ်ရင်းဖြင့်ပင် ဥကို အဝပြု၊ သ္မိံသက်, သ္မာသ္မိံနံဝါသုတ်ဖြင့် သ္မိံကို ဧပြု။

**စဉ်းစားဖွယ်။** ။ဤသုတ်မရှိသော်လည်း ''တိ+ အန္တံ, ဘိက္ခု+ အာသနေ'' စသည်၌ ယဝမဒနဖြင့် ယ-ဝ အက္ခရာလာလျှင် ''တိယန္တံ-ဘိက္ခုဝါသနေ'' တို့ ပြီးနိုင်၏၊ သို့သော် ''သယမ္ဘုဝါသနေ-အဘိဘုဝါသနေ'' တို့၌ကား ''သယမ္ဘူ+

**ယဝကာရာစ** ၇၁။ ပရေ သရေ, ဈလာနံ-ဈလ တို့၏၊ ယကာရဝကာရာ ဒေသာ-ယ အပြု, ဝ အပြုတို့သည်၊ ယထာသင်္ချံ ဟောန္တိ၊ အဂျာဂါရံ-မီးတင်းကုပ်၊ စက္ခာယတနံ-စက္ခုအာယတန၊ မဟာဝီရ-ကြီးသော လုံ့လရှိသော မင်းမြတ်၊ တေ-သင် မင်းမြတ်၏၊ သွာဂတံ-ကောင်းသော လာခြင်းပါတည်း၊ စဂ္ဂဟာဏံ-စ သဒ္ဒါသည်၊ သမ္ပိဏ္ဍနတ္ထံ-ပေါင်းခြင်းအနက် ရှိ၏။ ၂၀၆)။

---

အာသနေ, အဘိဘူ+အာသနေ''ဟု တည်၍ ဝလာရုံမျှဖြင့် မပြီးနိုင်, ကွစာဒိ မဇ္ဈေုတ္တ ရာနံဖြင့် ဦကို ရဿပြုဖို့ရာလည်း ကွစိ ပါနေသောကြောင့် မသေချာ၊ ထို့ကြောင့် ဤ၌ ဦကို ဥဝပြုခြင်းငှာ ဤသုတ်ကို တည်ရသည်-ဟု နျာသကြံလေသည်၊ သို့သော် ကွစာဒိ မဇ္ဈေုတ္တရာနံသုတ်ဖြင့် ရဿပြုခွင့်ရှိလျှင် ကွစိ သဒ္ဒါက မမြစ်နိုင်သောကြောင့် လည်းကောင်း ''သယမ္ဘူ+အာသနေ'' ၂ ပုဒ်စပ်၍ သန္ဓိအရာဖြစ်သောကြောင့် ဝ လာပြီးနောက် ရဿံ သုတ်ကလည်း ဦကို ရဿပြုနိုင်သောကြောင့် လည်းကောင်း ဤသုတ်မရှိသော်လည်း ''သယမ္ဘုဝါသနေ'' စသော ရုပ်များသည် ပြီးနိုင်၏၊ တိယန္တံမှစ၍ ပုထုဝါသနေတို့လည်း သန္ဓိရုပ်များတည်း၊ ထိုကဲ့သို့ သန္ဓိအရာ၌ ဈ-လ မှည့်ဖွယ်လည်း မလို၊ ထို့ကြောင့် ''တိယန္တံ'' စသော ပုံစံအားလုံးကိုပင် စဉ်းစား သင့်၏။

**ကလာပ်သုတ်။** ။''ဤဒူတော ရိယုဝါ သရေ=သရကြောင့် ဤဦတို့၏ ဣယ-ဥဝ ဖြစ်ကုန်၏'' နိယော်-ဆောင်သူ နှစ်ယောက်တို့သည်၊ လုဝေါ-ရိတ်သူ နှစ်ယောက်တို့ သည်၊ [အလားတူ နောက် နှစ်သုတ်၌လည်း၊ ''သုဓိယော်-ကောင်းသော ပညာရှိ သူ နှစ်ယောက်တို့သည်၊ မိတြဘုဝေါ-မိတ်ဆွေဖြစ်သူ ၂ ယောက်တို့သည်'' ဟု ပုံစံ ထုတ်၏] ''နီ-လူ, သုဓီ-မိတြဘူ'' တည်, အော် ဝိဘတ်သက်၊ ဤသုတ်ဖြင့် နီ လူတို့ ၏ ဤ ဦတို့ကို (အစဉ်အတိုင်း) ဣယ-ဥဝပြု၊ နောက် နှစ်သုတ်ဖြင့် ဓီ ဘူတို့၏ ဤဦ တို့ကို ဣယ ဥဝပြု၊ နိယော် စသည် ပြီး၏၊

**နှိုင်းယှဉ်ခြင်း။** ။ဤကလာပ်သုတ်၏ ပုံစံများသည် သန္ဓိရုပ် မဟုတ်ကြ၊ နာမ်ရုပ် များချည်းသာတည်း၊ ထို့ပြင်-ဣ ဥကို မပြုပဲ-ဤ ဦ တို့ကိုသာ ဣယ-ဥဝ ပြု၏၊ ထို ကလာပ်သုတ်ကိုပင် နည်းမှီ၍ အရှင်ကစ္စည်းလည်း ''ဈလာနမိယုဝါ သရေဝါ'' ဟု သုတ်တည်သည် ဖြစ်ရာ၏၊ သို့ဖြစ်လျှင် ကစ္စည်းဝုတ္တိလာ သန္ဓိ ပြယုဂ်များမှတပါး နာမ်ပြယုဂ်ကို ပါဠိ အဋ္ဌကထာများ၌ ရှာ၍ထုတ်မှ အရှင်ကစ္စည်း၏ အာဘော် ကျဖွယ် ရှိသည်၊ ရူပသိဒ္ဓိ၌ကား ''ဗြဟ္မုဝန္တိ (ဗြဟ္မူ+အန္တိ), ဘုဝနံ (ဘူ+အနံ)'' တို့၌ ဈလာန မိယုဝါ သရေဝါသုတ်ဖြင့် ဦကို ဥဝပြုလျက်ရှိ၏၊ အရှင်ကစ္စည်း၏ အာဘော် ကျလှပြီ.... ဟု မဆိုနိုင်သေးသော်လည်း ဘိက္ခုဝါသနေ-စသည်ထက်ကား တော်ပေသေးသည်။

၇၁။ ရုပ်တွက်ပုံကို အခြေပြု၌ ပြထားပြီ၊ ဤရုပ်များလည်း ''အဂ္ဂိ+အာဂါရံ'' စသောပုဒ် ၂ ခုကို စပ်ထားသော သန္ဓိရုပ်များပင်ဖြစ်၏၊ ထို့ကြောင့် ဤရုပ်များကို ဣဝဏ္ဏော ယံနဝါ-ဝမောဒုဒန္တာနံ သုတ်တို့ဖြင့်ပင် ပြီးနိုင်သည်၊ ထို့ကြောင့်ပင် ဝမောဒုဒန္တာနံသုတ်၌ စက္ခာယတနံနှင့်တူသော စက္ခွာပါတံရုပ်- (ရူပသိဒ္ဓိ၌) သွာဂတံ ရုပ်ကိုလည်းကောင်း, ဗျဉ္ဇနေစ ဝိသညောဂေါ သုတ်၌ ဣဝဏ္ဏောယံ နဝါဖြင့်

ဇုကို ယ ပြုဟု ချာသ တွက်ပြသော အဂျာဂါရဲ့ ရှုပ်ကိုလည်းကောင်း သန္ဓိခန်း၌ တွေ့ခဲ့ရသည်၊

ရှေးဆရာတို့ အဆို။ ။ဤပြခဲ့သည့်အတိုင်း ပုံစံချင်း ထပ်နေလောက်အောင် ဇုဝလ္လောဒယံ နဝါ-ဝမောဒုဒန္တာနံ သုတ်တို့နှင့် အစီအရင်ချင်း တူနေသောကြောင့် ဤသုတ်ကို ဘာ့ကြောင့် အရှင်ကစ္စည်းဆရာ ဆိုရသနည်း-ဟု မေးဖွယ်ရှိရကား- "သန္ဓိသုတ်တို့၌ ဇု-လ အမည်မရသော ဇုဝဏ် ဥဝဏ်တို့ကို စီရင်၍, ဤနာမ်ကျမ်းလာ (ဇုလာန မိယုဝါမှ စ၍ ပသညသာစ တိုင်အောင်) သုတ်တို့ကား ဇု လ ပ အမည်ရသော ဇုဝဏ် ဥဝဏ်တို့ကိုသာ စီရင်ရသောကြောင့် ဇု လ ပ အမည်၏ အစွမ်းဖြင့် တမျိုးပြခြင်းငှာ ဤသုတ်များကို အားထုတ်ရသည်" စသော အဖြေကို ပေးကြလေသည်၊ သို့သော် ထိုအဖြေ အားလုံးပင် (ချာသ စသည့်ဝယ် ပါသမျှ အားလုံးပင်) ကျေနပ်လောက်သော အဖြေ မဟုတ်ကြချေ၊ ထို့ကြောင့် အခြားကျမ်းရင်း အဆိုဖြင့် ထပ်မံ စဉ်းစားသင့်သေးသည်၊ [ရူပသိဒ္ဓိ၌ကား ဤသုတ်ကို အာချာတ် ဇုဟောတျာဒိခန်း၌ ပြ၍ ဓာတွန် ဥကို ဝပြုထား၏၊ ကစ္စည်းပုံစံနှင့် နှိုင်းစားလျှင် တော်ပေသေး၏၊ သို့သော် မပြည့်စုံသေးချေ။]

ကလာပ်။ ။အနေကာက္ခရယောတု အသံယောဂေါ ယဝါ၊ သရေ-ဝိဘတ်သရ ကြောင့်၊ အနေကာက္ခရယောတု-များသော အက္ခရာရှိသော လိင်တို့၏ကား၊ အသံ ယောဂေါ-သံယုဂ် အဆုံးမရှိသော မာတ်မှနောက်၌၊ ယဝါ-ဤဦတို့၏ ယ-ဝ အပြုတို့ သည်၊ ဘဝန္တိ၊ ဂါမဏျော-ရွာသူကြီး ၂ ယောက်တို့သည်၊ ယဝလ္လော-မုယောစပါး ရိတ်သူ ၂ ယောက်တို့သည်။ [ဤသုတ်သည် ယဝကာရာစသုတ်နှင့် တူ၏၊ ပုံစံများ ကား နာမ်ပုဒ်တို့ချည်းသာတည်း၊ ထို့ကြောင့် ကစ္စည်းဝုတ္တိ၌ ပြအပ်သော ပုံစံတို့သည် အရှင်ကစ္စည်း၏ အာဘော်ကျမည်, မဟုတ်၊ နာမ်ပုဒ်များကိုသာ "ဂါမဏျော ယဝ လွော" ပ, ဖြစ်စေ,ပါဠိပုံစံကိုရှာကြံ၍ဖြစ်စေ ထုတ်သင့်သည်၊ ဂါမဏီ (ပုလ္လိင်) တည်, ယောသက်, တတော ယောနမောဇု၌ တုသဒ္ဒါဖြင့် ယောကို ဩပြု, ဤကို ဇုမှည့်, ယဝကာရာစသုတ်ဖြင့် ဝိဘတ် အပြု သရကြောင့် ဤကို ယပြု, ကပ်, "ဂါမဏျော" ပြီး၏၊ယဝလွော၌"ယဝလူ"တည်၍ တွက်၊ ဦကို လ မှည့်၍ ဝ ပြုရုံသာ၊ ဂဏ္ဍိဝန္တော လည်း ဤသုတ်၏ အရာတည်း။

စဂ္ဂဟာဏံ သမ္ပိဏ္ဍနတ္ထံ—ရှေ့သုတ်၌ဆိုအပ်ပြီးသော ဇုယ ဥဝ အပြုကိုပေါင်းခြင်း သည်း သမ္ပိဏ္ဍနမည်၏၊ ဇုလ မည်သော ဇုဝဏ် ဥဝဏ်တို့ကို ရှေ့သုတ်ဖြင့် ဇုယ ဥဝ ပြုရုံ သာမက, ဤသုတ်ဖြင့် ယဝလည်း ပြုသေးသည်-ဟူလို၊ ဤသို့ သမ္ပိဏ္ဍနအနက်ရှိသော ကြောင့် ဝါသဒ္ဒါ မပါသော်လည်း ဤသုတ်၏ အစီအရင်သည် အမြဲမဟုတ်, ရှေ့သုတ် ဖြင့်လည်း ဇုယ ဥဝ ပြုရသေးသည်-ဟု သိသာရကား ဤသုတ်၌ ဝါသဒ္ဒါကို မပြ တော့ချေ။

မှတ်ချက်။ ။ဤ၌ ၂ သုတ် ကွဲနေရာဝယ် နောက်သုတ်လာ စသဒ္ဒါဖြင့် ရှေ့သုတ် အစီအရင်ကို ပေါင်းနိုင်ကြောင်း ပြထားသောကြောင့် ဝေါဒိသမိ ပုဗ္ဗောစ ရသော သုတ်ကဲ့သို့ တသုတ်တည်း၌ ၂ ဝါကျရှိရာဝယ် နောက်ဝါကျရှိသော စသဒ္ဒါက ရှေ့ဝါ ကျ အနက်ပေါ်၌ ပေါင်းခြင်းတမျိုး, ၂ သုတ် ကွဲနေရာဝယ် နောက်သုတ်ရှိ စသဒ္ဒါက ရှေ့သုတ် အနက်ပေါ်၌ ပေါင်းခြင်းတမျိုး-ဟု သမ္ပိဏ္ဍန ၂ မျိုးကို မှတ်ခဲ့ပါ။

**ပသညာဿစ** ၇၂။ ပရေ, ဝိဘတ္တာဒေသေ.ဝိဘတ် အပြုဖြစ်သော၊ သရေ, ပသညာဿ-သော၊ ဇ္ဇဝဏ္ဏဿ-၏၊ ယကာရာဒေသော ဟောတိ၊ ပုထဗျာ-မြေမှ၊ ရတျာ-ညဉ့်မှ၊ မတျာ-ပညာမှ၊ သရေတိ ကိမတ္ထံ၊ ပုထဝိယံ၊ပေ၊ ပုထဝိယံ-မြေ၌၊ (၁၇၅)။

---

၇၂။ **ဝိဘတ္တာ ဒေသေ သရေ**—''ပ အမည်ရှိသော ဇ္ဇဝဏ်'' ဟု ဆိုသဖြင့် ဣတ္ထိလိင်အရာ၌ စီရင်သောသုတ် ဖြစ်ကြောင်း သိသာ၏၊ ထို ဣတ္ထိလိင်အရာဝယ် ဝိဘတ်ကိုပြုသော သရဟူသည် တတော ယောနမော တုသုတ်၌ တုသဒ္ဒါဖြင့် ယောကို ပြုထားသော ဩသရ, နာ သ သ္မာ သ္မိံတို့ကို အမာပတောသုတ်ဖြင့် ပြုထားသော အာ အံ သရတို့တည်း၊ ထို့ကြောင့် နာမ်ဂိုဏ်း၌ ''ရတျော-ညဉ့်တို့သည်'' စသော ရုပ်များကို တွေ့ရသည်၊ ဤကစ္စည်းဝုတ္တိ၌ကား ''အမာပတော'' သုတ်၌ ပြခဲ့သော သ္မာကို အာပြု၍ပြီးသော ရုပ်လောက်ကိုသာ ပြထားသည်။

**ရုပ်ဖွက်**။ ။ပုထဗျာကို ''ပုထဝီ'' လိင်တည်, မှ ဟူ၍၊ပေ၊သက်, ဝဠင်း, ဤကို ပ မှည့်, အမာပတော သ္မာသ္မိံနံ ဝါ သုတ်ဖြင့် သ္မာကို အာပြု၊ ပသညာဿစ သုတ်ဖြင့် ပ အမည်ရှိသော (ဤ) ကို ယပြု, ကပ်, ဒေါဿေစဋ္ဌ စသဒ္ဒါဖြင့် ဝကို ဗပြု, ပုထဗျာ ပြီး၏၊ ရတျာကို အခြေပြု၍ ကွက်ထားပြီ၊ မတျာကိုလည်း မတိတည်၍ ကွက်။

**စဉ်းစားဖွယ်**။ ။''ဈလာနမိယုဝါ, ယဝကာရာစ, ပသညာဿစ'' ဤ ၃ သုတ်သည် စာသွားတူ၏၊ ရှေ ၂ သုတ်က ပုလိင် နပုလ္လိင်အရာ စီရင်၍ ဤသုတ်က ဣတ္ထိလိင် အရာ၌ စီရင်၏၊ ဤသုတ်သည် ဝိဘတ်အပြု သရနောင်းရာ၌ စီရင်သကဲ့သို့, ရှေ ၂ သုတ်လည်း ဝိဘတ်အပြု သရနောင်းရာ၌ စီရင်သောသုတ်များ ဖြစ်ရာ၏၊ ထိုသို့ ဖြစ်မှလည်း သက္ကတသုတ်နှင့် လည်းကောင်း, ပသညာဿစသုတ်နှင့် လည်းကောင်း သင့်လျော်ညီညွတ်နိုင်မည်၊ ထို့ကြောင့် ကစ္စည်းဝုတ္တိလာ ရှေ ၂ သုတ်၏ ပုံစံများသည် တွေးလေ တွေးလေ စဉ်းစားဖွယ်သာ ဖြစ်နေတော့သည်။ [အခြေပြု တဘ်ယရိုက်အထိ စာအုပ်များ၌ ''ဤကျမ်း၏ အယူ'' ဟု ခေါင်းတပ်၍ ပြထားသော အယူအဆလည်း သက္ကတနှင့် မညီမျှသေးချေ။]

**မှတ်ချက်**။ ။ဤသုတ်၌ စသဒ္ဒါကို ရှေသုတ်မှ သကိုင်ငင်သော အနုကဍ္ဍန ဟုလည်းကောင်း, ရတ္တော စသော ပုံစံများ၌ ဝိဘတ်အပြု ဩသရနောင်းလျက် ယ မပြုရဟု နစ်စေခြင်း (နိဝတ္တန) အနက်ရှိ၏ ဟုလည်းကောင်း စသဒ္ဒါဖြင့် ဝ အပြုကို တားမြစ်သည်ဟု လည်းကောင်း, အမျိုးမျိုးဖွင့်၏၊ သို့သော်''ယဝကာရာစ-ပသညာဿစ'' ဟု သုတ် ၂ ခု စဉ်နေပုံထောက်၍ စသဒ္ဒါဖြင့် ရှေသုတ်မှ ''ယဝကာရာ'' တပုဒ်လုံးကို (ယ-ဝ အပြု ၂ ခုလုံးကို) ငင်သည်ဟု ဆိုရလျှင် သာ၍ သင့်မည်ထင်၏၊ ချဲဦးအံ့-''ဓေနွာ-နွားမဖြင့်'' ဟူသော သက္ကတပုံစံ၌ ဓေနုနောင် အမာပတောသုတ်၌ အာပတော ယောဂဝိဘာဂဖြင့် နာကို အာပြု, ဤသုတ်ဖြင့် ပမည်သော ဥကို ဝပြု၊ အကယ်၍ ဤသုတ်၌ ဇ္ဇဝဏ်ကိုသာ ယူစေလိုလျှင် ''အံယမီတော ပသညတော'' သုတ်ကဲ့သို့ ''ပသညာဿ ဇ္ဇဝဏ္ဏဿစ'' ဟု ယုံမှားဖွယ်ရှိအောင် (အသန္ဒိဒ္ဓ-ဟူသော သုတ်

ဂါဝ သေ ၇၃။ သေ-သော၊ ဝိဘတ္တိမှ-ကြောင့်၊ ဂေါဣစ္စေတဿ-ဂေါ ဟူသော ဤသဒ္ဒါ၏၊ သြကာရဿ-သြအက္ခရာ၏၊ အာဝါဒေသော- အာဝ အပြုသည်၊ ဟောတိ-၏၊ ဂါဝဿ-နွားအား၊ (၁၇၄)။

---

လက္ခဏာနှင့်ညီအောင်) သုတ်တည်ပေးလိမ့်မည်၊ ထိုသို့ မတည်ဘဲ "ပဿဉ္ဇဿ စ"ဟု ဣဝဏ် ဥဝဏ် ၂ မျိုးနှင့်ဆိုင်သော ပအမည် သာမညကို ဆိုထားသော ကျမ်းဆရာ လည်း ဣဝဏ်ဥဝဏ် ၂ ပါးလုံးကိုပင် ယူစေလိုဟန်တူသည်၊ သို့သော် ဥဝဏ်ကို ပပြုရသော ပါဠိပုံစံတို့ကား ရှာကြံရလိမ့်မည်။

၇၃။ ချာသ။ ။"ဂါဝ တပုဒ်, သေ တပုဒ်" အားဖြင့် ဤသုတ်ကို ၂ ပုဒ်သာ ရှိ၏-ဟု ဆို၏၊ ဂါဝကိုလည်း "ဂေါဿ + အာဝေါ" ဟု သမာသ်ဝိဂ္ဂဟပြု၍ "ဂါဝေါ" ဟု သမာသ်ပုဒ် တပုဒ်တည်းဖြစ်သည်-ဟု ဆိုလိုသည်။ [ဂေါဿ-ဂေါသဒ္ဒါ၏ သြ၏, အာဝေါ-အာဝ အပြုတည်း၊ ဂါဝေါ-ဂေါသဒ္ဒါ၏ သြ၏ အာဝ အပြု။] ဂေါဿ၌လည်း "ဂေါဿ+သြ, ဂေါသြ" ဟု သမာသ်တွဲ၍ သရာ သရေ ဖြင့် ရှေ့ သြကိုချေ၊ ဂေါ-ဟု ဖြစ်၏၊ ထို့နောက်မှ သသက်၍ "ဂေါဿ" ဟု ဖြစ် သည်၊ ထို့ကြောင့် "ဂေါဿ" အတွက် "ဂေါဣစ္စေတဿ သြကာရဿ" ဟု ဖွင့်သည်—ဟူလို၊ ဤသုတ်၌လည်း "ဂါဝေါ သေ"ဟု ဆိုသင့်လျက် လောပဋ္ဌတကြာ ကာရောသုတ်ဖြင့် သဗျည်းကြောင့် သြကိုချေ, အ လာ၍ "ဂါဝ သေ" ဟု ဖြစ်ရသ တတ်၊ ဤချာသအလို "သေ-ကြောင့်၊ ဂါဝ-ဂေါသဒ္ဒါ သြ၏ အာဝ အပြုသည်၊ ဟောတိ-၏" ဟု သုတ်နက်ပေး၊ ရူပသိဒ္ဓိ၌ကား "ဂေါ+အာဝ+သေ" ၃ ပုဒ် ဟု ဆို၏၊ ဂါဝဿကို အခြေပြု၍ ရုပ်တွက်ခဲ့ပြီ။

**နိပ္ဖန္နဖြစ်ပြီးမှ အနိပ္ဖန္နဖြစ်ရပုံ။** ။ဂေါသဒ္ဒါသည် "ဂ ဆ္ဆ တိ-သွားတတ်၏" ဟူသော ဝိဂ္ဂြိုဟ်အရ "ဂမုဓာတ်, ကွိပစ္စည်း, ဓာတွန် (မ်) ကွိကိုချေ, နာမ်ငဲ့, သိသက်, သိကို ဧ—ါပြု၍ "ဂေါ" ဟု ရုပ်ပြီးပြီးသော-နိပ္ဖန္နသဒ္ဒါတည်း။ [ဤ၌ "နိပ္ဖါဒီယိတ္ထ- ပြီးစေအပ်ပြီ" ဟူသော ဝိဂ္ဂြိုဟ်အရ ရုပ်ပြီးပြီးကို"နိပ္ဖန္န"ဟု ခေါ်၏။] ထိုသို့ နာမ်ဝိဘတ်သက်၍ ရုပ်ပြီးပြီးဖြစ်သော်လည်း နောက်ထပ် သြကို အာဝပြုခြင်း စသည်ဖြင့် ပြီးစီရင်ဖွယ် ရှိသောကြောင့် အနိပ္ဖန္န (ရုပ်မပြီးသေးသော) သဒ္ဒါအဖြစ်ကို ပြန်ငဲ့က "ဂေါ" သု သြကာရန္တဖြင့် ရုပ်တည်ရပြန်သည်။

နိပ္ဖန္နာအပိ ဓာတူဟိ, သဒ္ဒါ ဂေါဣတိအာဒယော။
အနိပ္ဖန္နတ္တံ ပေက္ခန္တိ, ဂါဝါဒိဝိဓိဘေဒတော။

ဓာတူဟိ-ဂမုဓာတ် ကွိပစ္စည်းတို့ဖြင့်၊ နိပ္ဖန္နာအပိ-ရုပ်ပြီးပြီးဖြစ်ပါကုန်သော်လည်း၊ ဂေါဣတိအာဒယော-ဂေါ အစရှိကုန်သော၊ သဒ္ဒါ-သဒ္ဒါတို့သည်၊ ဂါဝါဒိဝိဓိဘေဒ တော-ဂေါ၏ သြကို အာဝပြုခြင်း အစရှိသော အစီအရင်၏ ထူးပြားခြင်းကြောင့်၊ အနိပ္ဖန္နတ္တံ=ရုပ် မပြီးရသေးသော ပကတိလိင် အဖြစ်ကို၊ ပေက္ခန္တိ-ငဲ့ကုန်၏၊ [ဏွာဒိ မောဂ္ဂလ္လာန်၌ကား နိပ္ဖန္နဖြစ်ပြီးမှ အနိပ္ဖန္နဖြစ်ခြင်းကို မလိုလား၍ "ဂမာရော"သုတ်ဖြင့် ဂမုဓာတ်နောင် ရ အနုဗန်ရှိသော သြပစ္စည်းသက်, ဓာတွန်နှင့်တကွ ရ အနုဗန်ချေ၍ "ဂေါ" ဟု ကိတ်ပြီးမှ ဝိဘတ်သက်၍ "ဂါဝေါ" စသည်ကို ပြီးစေသည်။]

**ယောသုစ** ၇၄။ ပရေသုံ-ကုန်သော၊ ယော ဠုစ္စေတေသုံ-ယော ဟူသော ဤ ဝိဘတ်တို့ကြောင့်၊ ဂေါ်ဠုစ္စေတဿ ဩကာရဿ အာဝေါ ဒေသော ဟောတိ၊ ဂါဝေါ-နွားတို့သည်၊ ဂစ္ဆန္တိ-သွားကုန်၏၊ ဂါဝေါ-နွားတို့ကို၊ ပဿန္တိ-မြင်ကုန်၏၊ ဂါဝီ-နွားတို့သည်၊ ဂစ္ဆန္တိ၊ ဂါဝီ-တို့ကို၊ ပဿန္တိ၊ စဂ္ဂဟဏံ-သည်၊ ကိမတ္ထံ-နည်း၊ နာသွာသိ့သု ဝစနေသုံ- နာသွာသိ့သု ဝိဘတ်တို့ကြောင့်၊ အာဝ ါဒေသော ဟောတိ၊ (ဠုတိ-ဤသို့ သိစေရခြင်း အကျိုး ရှိ၏၊) ဂါဝေန-ဖြင့်၊ ဂါဝါ-မှ၊ ဂါဝေ-၌၊ ဂါဝေသု-တို့၌။ (၁၆၉)။

**အမှိဝံစ** ၇၅။ အံမှိ ဝိဘတ္တိမှိ ဂေါ်ဠုစ္စေတဿ, ဩကာရဿ-၏၊ အာဝ အဝဠုတိ-အာဝ, အဝ ဟူကုန်သော၊ ဧတေ အာဒေသော-ဤ အာဒေသတို့သည်၊ ဟောန္တိ၊ ဂါဝံ, ဂဝံ-ကို၊ စဂ္ဂဟဏေန-ဖြင့်၊ သာဒိသေသေသုံ ကြွင်းသော သ အစရှိကုန်သော၊ ပုဗ္ဗုတ္တဝစနေသုံ-ရှေ ၂ သုတ်တို့၌ ဆိုအပ် ပြီးသော ဝိဘတ်တို့ကြောင့်၊ ဂေါ ဠုစ္စေတဿ ဩကာရဿ အာဝ ါဒေသော ဟောတိ၊ ဂဝဿ-အား,၏၊ ဂဝေါ-တို့သည်, တို့ကို၊ ဂဝေန-ဖြင့်၊ ဂဝါ-မှ၊ ဂဝေ-၌၊ ဂဝေသု-တို့၌။ (၇၀)။

---

၇၄။ ဂါဝေါတို့ကို အခြေပြု၍ ရုပ်တွက်ခဲ့ပြီ၊ ဂါဝေါ၌ ပဌမာယောဝိဘတ်ဖြစ်ကြောင်း သိသာအောင် ဂစ္ဆန္တိ ကြိယာကိုလည်းကောင်း, ဒုတိယာယော ဖြစ်ကြောင်း သိသာအောင် ပဿန္တိ ကြိယာကိုလည်းကောင်း ထည့်သည်၊ ဂါဝီကို "ဂေါ"တည်, ယောသက်, ယောသုစဖြင့် ဂေါ၏ဩကို အာဝပြု (ဂါဝ+ယော), တေသုဝုဒ္ဓိဖြင့် ယောကို ဤပြု, ဂါဝီ ပြီး၏-ဟု ချာသ ရုပ်တွက်၏၊ သဒ္ဒနီတိ၌ကား ဤ ဂါဝီကို ပြီးစေဖို့ရာ "အာဝေ ကတေ ယောနမီ=အာဝ ပြုအပ်ပြီးသော် ယောကို ဤပြု" ဟုပင် သုတ်တည်လေသည်။

**ဆက်ဦးအံ့**—ဂေါ်နောင် (ဤ) ပစ္စည်း သက်လျှင် ဤသုတ်ဖြင့် (ယော မနှောင်းသောကြောင့်) အာဝ မပြုနိုင်၊ အာဝ မပြုရလျှင် ဂါဝီသည် ဤသုတ်၏ပုံစံ မဖြစ်ထိုက်၊ ထို့ကြောင့် (ဤ) ပစ္စည်းမသက်ပဲ ယောကို (ဤ) ပြု၍ ရုပ်တွက်ကြသည်၊ ဤဂါဝီ လည်း နွားသာမန်ဟော ပုလ္လိင်သာ ဖြစ်ထိုက်၏၊ ဣတ္ထိလိင်ဖြစ်လျှင်ကား ရူပသိဒ္ဓိ မာတုလာဒိန မာနတ္တမီကာရေ သုတ်အဆက်၌ (ဤ) ပစ္စည်း သက်၍ပင် ရုပ်တွက်၏၊ စဂ္ဂဟဏံစသည်ကား လွယ်ပြီ၊ ရုပ်တွက်ပုံကိုလည်း အခြေပြု၍ ပြထားပြီ။

**၇၅။ စဂ္ဂဟဏေန၊ ပေ၊ ဝစနေသု**—"အံမှိစ-အံကြောင့်လည်း" ဟုဆိုသဖြင့် "အခြားဝိဘတ်ကြောင့်လည်း" ဟု ဆည်းခြင်း သမုစ္စည်း အနက်ထင်ရှား၏၊ ထို့ကြောင့် ထိုစသဒ္ဒါဖြင့် ဆည်းအပ်သော ဝိဘတ်တို့ကို ပြလို၍ "စဂ္ဂဟဏေန" စသည် မိန့်၊ အံဝိဘတ် တခုကြောင့်သာ အဝ ပြုရသေး၏၊ ထို့ကြောင့် သေသ၏ အပါဒါန် ကို အံဝိဘတ် ခံ၍ "သေသ-အံမှ ကြွင်းသောဝိဘတ်တို့" ဟု မှတ်၊ ထို ကြွင်းသော

အာဝသဝါ ၇၆။ အံမှိ ဝိဘတ္တိမှိ, ဂါဝါဒေသသာ-ဂေါ၏ ဩ၏ အာဝ အပြုဖြစ်သော၊ အာဝဣစ္စေတဿ-အာဝ ဟူသော ဤသဒ္ဒါ၏၊ အန္တဿဣဿ-အဆုံးသရ၏၊ ဥကာရာဒေသော ဝါ ဟောတိ၊ ဂါဝုံ ဂါဝံ-ကို၊ အာဝသောဝါ-အာဝဿပုဒ်သည်၊ ကိမတ္ထံ-နည်း၊ ဂဝံ-ကို၊ အံမှိတိ ကိမတ္ထံ၊ ဂါဝေါ-တို့သည်၊ တိဋ္ဌန္တိ ရပ်ကုန်၏။ (၁၇၁)။

ဝိဘတ်တို့ကား "သ-စသော ဝိဘတ်များတည်း" ဟု သိစေလို၍ "သာဒိ=သ+အာဒိ" ဟု မိန့်သည်၊ "ထို သ-စသော ဝိဘတ်တို့ဟူသည်" အဘယ်ဝိဘတ်များနည်း-ဟု မေးဖွယ် ရှိသောကြောင့် "ပုဗ္ဗုတ္တဝစနေသု" ဟု မိန့်ပြန်သည်၊ "ပုဗ္ဗ-ရှေ့ ၂ သုတ်တို့၌+ဥတ္တဝစန-ဆိုအပ်ပြီးသော ဝိဘတ်တို့" ဟူသည် ဂါဝသေ၌ ဆိုအပ်သော သဝိဘတ်, ယောသုစ၌ သုတ်ရင်း စသဒ္ဒါတို့ဖြင့် ဆိုအပ်ပြီးသော ယော ၂ လုံး နာ-သ္မာ-သ္မိံ-သု ဝိဘတ်တို့တည်း၊ ရှေ့ ၂ သုတ်၌ သဝိဘတ်ကို အစထားခဲ့သောကြောင့် "သာဒိ" ဟု သဝိဘတ်ကိုပင် အစပြု၍ ပြသည်၊ အချုပ်ကား-"သုတ်ရင်းဖြင့် အံကြောင့် အဝပြုပြီး၍ ထို အံမှကြွင်းသော "သ ၂ လုံး, ယော ၂ လုံး, နာ-သ္မာ-သ္မိံ-သု"ဟူသော ဝိဘတ်ရှစ်လုံးကြောင့် ဂေါ၏ ဩကို စသဒ္ဒါဖြင့် အဝပြုပါ"ဟူလို။ [အချို့ကား-သေသ၏ အပါဒါန်ကို သိ စသော ဝိဘတ်များ ခံကြ၏၊ ဆိုခဲ့ပြီး မဟုတ်၍ ထုံးစံ မကျချေ၊ "ဇရဂ္ဂဝေါ-နွားအိုသည်၊"စသော ရုပ်များ၌လည်း အချို့က "ဤသုတ်လာ စသဒ္ဒါဖြင့် ဇရဂ္ဂေါမှ ဩကို အဝပြု" ဟု ဆိုကြသေး၏၊ သို့သော် "ပဠဂဝံ" ကဲ့သို့ အပစ္စည်း သက်, ဩသရေစသုတ်ဖြင့် အဝပြု၍ ပြီးနိုင်သောကြောင့် ထိုအဆိုကို စဉ်းစားကြပါလေ။]

၆၆။ ဂါဝါဒေသဿ-အာဝဿကို "အာဝဣစ္စေတဿ" ဟု ဖွင့်၏၊ ထိုအာဝသည် အဘယ်မှဖြစ်လာသော အာဝနည်း-ဟု မေးဖွယ်ရှိသောကြောင့် "ဂါဝါဒေသဿ"ဟု ဝိသေသနထည့်ရသည်၊ ရှေ့သုတ်ဖြင့် ဂေါ၏ ဩကို ပြုထားသော "အာဝ" ဟူလို၊ ရှေ့သုတ်ဖြင့် ပြုထားသော အာဝဖြစ်လျှင် ထိုအာဝကို လိုက်စေ၍ အာဝဿ မထည့်ပဲ "ဥဝါ" ဟု သုတ်တည်ပါတော့လော-ဟု မေး၊ အဖြေကား-အာဝကို လိုက်စေလျှင် တွဲဖက်ဖြစ်သော "အဝ" လည်း လိုက်လာမည်စိုးသောကြောင့် ထို "အဝ" အပြုကို နစ်စေခြင်းငှာ "အာဝဿ" ကို ထည့်၍ သုတ်တည်ရသည်၊ အာဝဿ၌ သဝိဘတ်လည်း အန္တ (အဆုံး) ကို ငဲ့သော အန္တာပေက္ခဆဋ္ဌီတည်း-ဟု သိစေလို၍ "အန္တဿဣဿ" ဟု ထည့်ပြန်သည်။ [ဂါဝုံကို အငြေပြုကြည့်၍ ရုပ်ဘွက်၊ ဂါဝံကား ဝိကပ်ရုပ်တည်း။]

အာဝသောဝါ၊ပေ၊တိဋ္ဌန္တိ—ဂဝံ၌ကား "ဂဝ+အံ"ဟု ဖြစ်သည့်အခါ အာဝဿဝါ သုတ်ဖြင့် အဆုံးသရကို ဥ ပြုသင့်သော်လည်း အာဝအပြု မဟုတ်သောကြောင့် မပြုရ၊ ဝခွင်း, ချေ, ကပ်၊ ဂါဝေါကို ယောသုစသုတ်၌ ပြခဲ့သည့်အတိုင်း "ဂါဝ+ယော" ဟု ဖြစ်သည့်အခါ အာဝဿဝါသုတ်ဖြင့် အဆုံးသရကို ဥ ပြုသင့်သော်လည်း အံ ဝိဘတ် မနှောင်းသောကြောင့် မပြုရ၊ ယောကို ဩပြု, စသည်ဆို၊....ဤကိံ ၂ ချက်ကိုထောက်၍ "အံလည်းနှောင်းခြင်း, အာဝအပြုလည်း ဖြစ်ခြင်း" ဟု သုတ်အင်္ဂါ ၂ပါးကို သိပါ။

**တတော နှံမံ၊ပေ၊ သမာသေ**

၇၇။ အလုတ္တေ-အလုတ္တ ဖြစ်သော၊ သမာသေ-သမာသ်၌လည်း ပတိမှိ-ပတိ သဒ္ဒါကြောင့်၊ တတော ဂေါသဒ္ဒတော-ထို ဂေါသဒ္ဒါမှ၊ (ပရသ) နံ့ဝစနဿ အံအာဒေသော ဟောတိ၊ ဂေါ ဣစ္စေတဿ-ဂေါ ဟူသော ဤ သဒ္ဒါ၏၊ ဩကာရဿ-၏၊ အာဝါဒေသော ဟောတိ၊ ဂဝံပတိ-ဂဝံပတိ မည်သော ရဟန္တာ၊ အလုတ္တေတိ ကိမတ္ထံ၊ ဂေါပတိ-....၏၊ စဂ္ဂဟဏေန, အသမာသေစ-သမာသ်

---

၇၇။ **တတော ဂေါသဒ္ဒတော**—ဂါဝသေသုတ်မှ ဂေါသဒ္ဒါ လိုက်လာရကား "တတော" မပါသော်လည်း လိုက်လာသော ဂေါသဒ္ဒါဖြင့် ပြီးနိုင်သည် မဟုတ်ပါလော-ဟု မေး၊ အဖြေကား-ဂါဝသေ သုတ်မှ ဂေါသဒ္ဒါ လိုက်လာသည့်ကား မှန်ပေ၏၊ သို့သော် ထို ဂေါသဒ္ဒါသည် သျှ့ချည်းသက်သက် ထားလျှင် ပဋ္ဌမိနိမိတ် အဖြစ်ဖြင့် "ဂေါတော" ဟု မလိုက်ပဲ "ဂေါ-ဂေါ သဒ္ဒါသည်" ဟု နဂိုရ်အတိုင်း ကာရီအဖြစ်ဖြင့်သာ လိုက်ပေလိမ့်မည်၊ ထို့ကြောင့် နိမိတ်အဖြစ်ဖြင့် ဝိဘတ်ပြောင်း၍ လိုက်လာစေခြင်းငှာ "တတော" ဟု သုတ်၌ ထည့်ရသည်၊ "တတော" ဟူသော ဤနိမိတ်ကိုမြင်၍ ဂေါသဒ္ဒါလည်း ဝိဘတ်ပြောင်းလျက် "ဂေါတော" ဟု လိုက်လာသည်—ဟူလို၊ ထို "ဂေါတော" ဟူသော ပုဒ်ကိုပင် ဝုတ္တိ၌ "ဂေါသဒ္ဒတော" ဟု ချဲ့၍ ဖွင့်သည်၊ ထို့ပြင်- "နံ့ဝစနဿ အံ အာဒေသော ပတိမှိ" တို့သည် သုတ်ပုဒ်ကို ဖွင့်သော သုတ္တဝုတ္တိများတည်း၊ ဂါဝသေသုတ်မှ ဂေါသဒ္ဒါနှင့် အဝံမှိစသုတ်မှ အဝ သဒ္ဒါတို့ လိုက်လာရကား "ဂေါဣစ္စေတဿ ဩကာရဿ အဝါဒေသော" တို့သည် အနုဝတ္တနဝုတ္တိများတည်း။

**အလုတ္တေ သမာသေ**—"ဂဝံပတိကို "ဂေါ+ပတိ" ဟု တည်, ဂေါနောင် နံ့သက်, ဤသုတ်ဖြင့် နံ့ကို အံပြု, ဂေါ၏ ဩကိုလည်း အဝပြု၊ ခွင်း, ချေ, ကပ် ဂဝံ-ဟု ပြီး၏၊ ပတိနောင် သိသက်, ချေ "ဂဝံပတိ" ဟု သမာသ်ဝါကျဖြစ်၏၊ သမာသ်ဆိုင်ရာ စပ်၍ "တေသံ ဝိဘတ္တိယော လောပါစ" သုတ်ဖြင့် နံ့ဝိဘတ်ကို ချေခွင့်ရောက်သည့် အခါ-ထိုသုတ်၌ စသဒ္ဒါဖြစ်သောကြောင့် မချေရ, နာမ်ငဲ့, သိသက်, ချေ, ဂဝံပတိပြီး၏၊ ဤသို့ သမာသ်တွင်း၌ရှိသော နံ့ ဝိဘတ်၏ မကြေခြင်းကို စွဲ၍ ဤ ဂဝံပတိကို အလုတ္တသမာသ်-ဟု ခေါ်၏၊ အလုတ္တသမာသ် မှန်လျှင် တစုံ တယောက်၏ နာမည်ကို ဟောရသည်၊ ထို့ကြောင့် ဤ "ဂဝံပတိ" ပုဒ်လည်း "ဂဝံပတိ" မည်သော ရဟန္တာ၏ နာမည်, သို့မဟုတ် မင်းသားတဦး၏နာမည်-ဟု မှတ်။

**အလုတ္တေ၊ပေ၊ဂေါပတိ**—ဂေါပတိကို "ဂေါ+ပတိ" ဟု တည်, ဂေါနောင် နံ့သက်, တတောနှံမံ ပတိမှာ လုတ္တေစသုတ်ရင်းဖြင့် ပတိသဒ္ဒါကြောင့် နံ့ ကို အံ ပြု၍ ဩကို အဝပြုသင့်သော်လည်း အလုတ္တသမာသ် မဟုတ်သောကြောင့် မပြုရ, ဤသုတ်၌ စသဒ္ဒါဖြင့် နံ့ကို အံပြု, ဂေါ၏ ဩကိုလည်း အဝပြု, ခွင်း, ချေ, ကပ်, ပတိနောင် သိသက်, ချေ "ဂဝံပတိ" ဟု သမာသ်ဝါကျ ပြီး၏၊ ဆိုင်ရာသမာသ် စပ်၍ တေသံ ဝိဘတ္တိယော လောပါစသုတ်ဖြင့် ဂဝံ၌ နံ့ ဝိဘတ်ကို ချေ, ပကတိစဿသရန္တဿ

တဗ္ဗိပရိဘု ပဌေဝေ ဗျဉ္ဇနေစ

၇၉။ ပရေ ဗျဉ္ဇနေ၊ ဥပပဒေ-ဥပပဒ အဖြစ်၌၊ တိဋ္ဌမာနသ-တည်သော၊ တဿ အဝဿဒ္ဒဿ ယုံ အဝလာဒ္ဒါ၏၊ တဿ ဩကာရဿ - ထို ဩ အက္ခရာ၏၊ ဝိပရိတော-ဝိပရိဘ်ဟု ဥ အပြုသည်၊ ဟောတိ၊ သူ့ရိယေ နေသည်၊ ဥဂ္ဂတော-သက်လျော ယည့်ရှိသော၊ ဥဂ္ဂစ္ဆတိ-သက်လျော၏၊ ဥဂ္ဂဟေတွာ-အောက်ဘဲသို့ယူ၍၊ စဂ္ဂဟဏံ-

နွားဂ္ဂိမှဖြစ်သော သောက်ဖွယ်''ဟု ဖြစ်၏၊ ပုဂ်ဝေါကို သဒ္ဒနီတိ၌ ဝိဂ္ဂဟ်မပြုရ—ဟု ဆိုသော်လည်း ''ပုမာ စ+သော=ဂေါစာတိ ပုဂ်ဝေါ''ဟု ရူပသိဒ္ဓိ ''ပုန္နာဂေါ'' ကဲ့သို့ ဝိဂ္ဂဟ်ပြုနိုင်သည်ပင်၊ ပုမဂေါ—ဟု ပြီးသည့်အခါ သမာသ်အဆုံး၌ ''ကွဝိ သမာသန္တ''သုတ်ဖြင့် အပစ္စည်းသက်၍ ပြီးစေ။

၇၉။ တဿ အဝသဒ္ဒဿ၊ ပေ၊ တဿ ဩကာရဿ - [ဝုတ္တိ၌''ယဒါ''ဟု ရှိ၏၊ နိဿယ၌လည်း ဖွင့်၏၊ သို့သော်—ဓာတ်သွား စည်းကမ်းလည်း မကျ, နျာသ ရူပသိဒ္ဓိတို့၌လည်း မဖွင့်ကြသဖြင့် ယိုပါဌ်လည်း ဖျေးမူဟောင်း ဟုတ်မည် မထင်။] ''တဗ္ဗိ ပရိတော''သုတ်ပုဒ်၌ ''တတဗ္ဗိပရိတော''ဟု ဆိုလိုလျက် ဓာတ်သွား ကျယ်ဝန်းမည် စိုးသောကြောင့် ''တ''တလုံးကို ကေသေသ်ပြု၍ ''တဗ္ဗိပရိတော''ဟု ဖြစ်ရသတတ်၊ ယို့ကြောင့် တ-တလုံးဖြင့် ရှေ့သုတ်မှ အဝသဒ္ဒါကို စွဲကြောင်း သိစေလို၍ ''တဿ အဝသဒ္ဒဿ''ဟု လည်းကောင်း, တ-တလုံးဖြင့် ဩသဒ္ဒါကိုစွဲကြောင်း သိစေလို၍ ''တဿ ဩကာရဿ''ဟု လည်းကောင်း ဖွင့်သည်၊ ဤအဖွင့်နှင့်ညီအောင် ''တဗ္ဗိ ပရိတော-ယို အဝသဒ္ဒါ၏ ထို ဩ အက္ခရာ၏ ဝိပရိတ်ဟု ဥ အပြုသည်''ဟု အနက် ပေးရသည်။ [တဿ-ထိုဩ၏၊ ဝိပရိတော-ဝိပရိတ်တည်း၊ တဗ္ဗိပရိတော-ယို ဩ၏ ဝိပရိတ်၊ တဿ တဗ္ဗိပရိတော တတဗ္ဗိပရိတော-ထို အဝသဒ္ဒါ၏+ထိုဩ၏+ဝိပရိတ်၊ ''တတဗ္ဗိပရိတော''ဟု သမာသ်ပြီးမှ တ ၂ လုံးကို ''သရူပါနမေကသေသွ သကိံ'' သုတ်ဖြင့် ကေသေသ် ပြုသတတ်။] ရူပသိဒ္ဓိ၌ကား ''တ+တဗ္ဗိပရိတ''ဟု တ ၂ လုံး မကြံပဲ ရှေ့သုတ်မှ အဝကို လိုက်စေသည်။

ဥပပဒေ တိဋ္ဌမာနဿ—ဥပသဒ္ဒါသည် သမီပအနက်ကို ဟော၏၊ နာမ် အာချာတ် တို့၏ အနီးကို ''ဥပ''ဟု ဆိုသည်၊ ဥဂ္ဂတော၌ အဝသည် ''ဂတ''ဟူသော ကိတ် နာမ်၏ အနီးတည်း၊ ဥဂ္ဂစ္ဆတိ၌ ''အဝ''ကား အာချာတ်၏ အနီးတည်း၊ သမီပေ- အနီး၌+ဥဇ္ဈာရိတံ-ရွတ်ဆိုအပ်သော+ပဒံ-ပုဒ်သည်၊ ဥပပဒံ-မည်၏၊ ''နာမ် အာချာတ် တို့၏ အနီးမှ တည်နေသော အဝ''ဟု ဆိုသဖြင့် ဂေါ၏ ဩမှဖြစ်သော ''အဝ'' မဟုတ်, ''ဓာတ်နာမ်တို့၏ရှေ့၌ နေလေ့ရှိသော ဥပသာရ အဝ''ဟု သိစေသည်။

ဆက်ဦးအံ့—''ဥပပဒေ''အရလည်း အဝ ဥပသာရကိုရ၍ ''တိဋ္ဌမာနဿ''အရ လည်း (အဝ သဒ္ဒဿကို စပ်ရသောကြောင့်) အဝ ဥပသာရကိုပင် ရ၏၊ ထို့ကြောင့် ''ဥပပဒေ၌ ဘာဝပ္ပဓာနနည်းကြံ၍ ''ဥပပဒအဖြစ်၌''ဟု အနက်ပေးထားသည်၊ ''ဥပပဒအဖြစ်''ပါသည်ကား အဝဥပသာရ၏ ဖြစ်ကြောင်းဖြစ်ရာ ဥပသာရဇာတ် (ဥပသာရ အမျိုးအစား)တည်း၊ ဤသို့ ကြံမှသာ ''ဥပသာရအဖြစ်၌+တည်သော အဝသဒ္ဒါ''ဟု အဓိပ္ပာယ် ရသည်၊ တနည်း—''ဥပပဒေ-ဥပပဒ အရာ၌၊ တိဋ္ဌမာနဿ-

သည်၊ အဝဓာရဏာတ္ထံ-နိဝတ္တာ ပန အဝဓာရဏာ အနက်ရှိ၏၊ အပသာဒနေ-အဆုံး၌၊ အဝကိရဏေ-ကြဲဖြန့်ခြင်း၌၊ အဝကိရတိ-ကြဲဖြန့်၏။ (၆၄)။

---

သော''ဟု ပေးလျှင်လည်း ''ခေတ်နာမ်တို့၏ ရှေ့ဖြစ်သော ဥပပဒ နေရာ၌တည်သော အဝသဒ္ဒါ''ဟု အဓိပ္ပာယ်ရသဖြင့် ကောင်းသည်ပင်၊ သို့သော် ဌာနီ အဝသဒ္ဒါ၏ ဥပပဒ အမည်ကို ဌာန နေရာပေါ်၌ တင်စား၍ ''ဌာနျူပစာရ''ဟုကား ဆိုရလိမ့်မည်၊ ရူပသိဒ္ဓိ သီဟိုဠ်မူ၌ ''ဥပပဒေ တိဋ္ဌမာနဿ ဌာနေ''ဟု ဌာနေပုဒ်ကိုပင် တွေ့ရသည်။

**ဝိပရီတော**—ဝိ+ပရိပုဗ္ဗ ဣဓာတ်, တပစ္စည်း၊ ရှိ၌ ဣကို ချေလျှင် နောက် ဣကို ဒီဃပြု၍ ''ဝိပရီတော''ဟု သဏ္ဌာန်တ၌ ရှိသည်၊ ဝိပရိဝတ္တိတွာ-ပြောင်းပြန်ပြန်၍၊ အယတိ ပဝတ္တတိ-ဖြစ်တတ်၏၊ ဣတိ-ထို့ကြောင့်၊ ဝိပရီတော-မည်၏၊ တိုရာမှရှည်, ငယ်ရာမှ ကြီးပွားခြင်းသည် လောကထုံးစံကျ၍ ''ပြောင်းပြန်''ဟု မဆိုရ၊ ရှည်ရာမှ တိုခြင်း, ကြီးရာမှ ငယ်ခြင်းကား ထုံးစံ မဟုတ်, ပြောင်းပြန်တည်း၊ ထိုသို့ ပြောင်းပြန် ပြုမှုကိုပင် ''ဝိပရိတ်ပြုသည်''ဟု ခေါ်သည်၊ ထို့ကြောင့် အ ဣ ဥ တို့မှ အာ ဤ ဦ ဖြစ်ခြင်းသည် ဒီဃမည်၏၊ (အယုဝဏ္ဏာနဉ္စာယောဝုဒ္ဓိ-သုတ်နှင့်အညီ) အ မှ အာ, ဣဝဏ်မှ ဧ, ဥဝဏ်မှ ဩဖြစ်ခြင်းတို့သည် ဝုဒ္ဓိမည်၏၊အာ ဤ ဦ တို့မှ အ ဣ ဥ ဖြစ်ခြင်းကား ဝိပရိတ် မည်၏။ [ကွစိဓာတုသုတ်၌ ဒီဃ ဥ ခုမှ ရဿပြုခြင်းကို ဝိပရိတ၌ သွင်းထားသည်။] ဧမှ ဣ ဖြစ်ခြင်း, ဩမှ ဥ ဖြစ်ခြင်းတို့လည်း ဝိပရိတ်ပင်တည်း၊ ဤသုတ်၌ကား ဩ၏ ဝိပရိတ်ဖြစ်သော ဥကိုသာ ယူစေလိုသည်။

[ဆောင်] ငယ်ရာမှကြီး, ထုံးတမ်းနည်းဖြင့်, ခေါ်မှီးစေမှု, အ ဣ ဥကို, ပြုလေဒီဃ, ဝုဒ္ဓိရ၏၊ ဒီဃဝုဒ္ဓိ, ပြောင်းပြန် လှည့်၍, အ ဣနှင့် ဥ, တဖန်ပြုက, ခေါ်မှု ဝိပရိတ, အမည်ရသည်, မှတ်ကြနောင်လာ အချုပ်တည်း။

**ဝိပရိတ ဆိုရကျိုး**။ ။ဤသုတ်သည် အဝကို ဥပြုသော သုတ်တည်း၊ထို့ကြောင့် ''အဝဿုကာရော ဥပပဒေ ဗျဉ္ဇနေစ''ဟု သုတ်တည်လျှင် ''အဝကို ဥပြု''ဟု အဓိပ္ပာယ် ရှင်းလင်းပါလျက် အဘယ့်ကြောင့် ''တဗ္ဗိပရီတုပပဒေ ဗျဉ္ဇနေ''ဟု သုတ်တည်ရပါသနည်း—ဟု မေးဖွယ်ရှိ၏၊ အဖြေကား— ''အဝဿုကာရော ဥပပဒေ ဗျဉ္ဇနေစ''ဟု သုတ်တည်လျှင် အဝကို ဥ ပြုရခြင်းဟူသော အနက်တမျိုးသာ သိရ၏၊ တဗ္ဗိပရီတုပ—စသည်ဖြင့် သုတ်တည်ခြင်းကြောင့်ကား အဝကို ဥပြု-ဟုလည်း သိစေရ, ဥ အက္ခရာလည်း ဩ၏ ဝိပရိတ အမည်ရသည်—ဟု သိစေခြင်းအားဖြင့် တချက်ခုတ် ၂ ချက်ပြတ်ဆိုသလို အနက် ၂ မျိုးကို သိရသည်။

[ဆောင်] ဥ ဟု ခေါ်ဘိ, ရဿ၏ကား, ဩဝိပရိတ, မည်လည်းရဟု, သိကြစေမှု, ရည်ရွယ်ပြု၍, အဝဿုကာရော, သဘောပိုပိ, သုတ် မတည်ပဲ, ဝိပရိတ, ထည့်၍ပြ, ဆရာ့ အာဘော်တဲ့။

**စဂ္ဂဟဏံ အဝဓာရဏတ္ထံ**—''အဝ-ပိုင်းခြား၍+ဓာရဏံ-မှိမိ အနက်ကို ဆောင်ခြင်း'' ဤ အဝဓာရဏာသည် သန္နိဋ္ဌာနာဝဓာရဏ, နိဝတ္တာပနာဝဓာရဏ ဟု

**ဂေါဏ နံမ့်ဝါ** ၈၀။ နံမှိ ဝိဘတ္တိမှိ, သဗ္ဗဿေဝ-သော၊ ဂေါသဒ္ဒဿ-၏၊ ဂေါဏာဒေသော ဝါ ဟောတိ၊သတ္တန္နံ-၇ ကောင်ကုန်သော၊ ဂေါဏာနံ-နွားတို့အား၊ ဝါတို ကိမတ္ထံ၊ ဂေါနန္နံ-ဂေါနန္နံ စသော ပြယုဂ် တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ တရမာနာနံ-မြစ်ကို ကူးကုန်သော၊ ဂေါနံ-နွားတို့တွင်၊ ပုင်္ဂဝေါ-ရှေ့ဆောင်နွားလှားသည်၊ ဥဇုံ-ဖြောင့်စွာ၊ စေ ဂစ္ဆတိ-အကယ်၍ သွားအံ့၊ နေတ္တေ-ရှေ့ဆောင်နွားလားသည်၊ ဥဇုံ-ဖြောင့်စွာ၊ ဂစ္ဆတေ-သွားသည်၊ သတိ-ရှိသော်၊ သဗ္ဗာ-အလုံးစုံကုန်သော၊ ဂါဝီ-နွားမတို့သည်၊ ဥဇုံ-ဖြောင့်စွာ၊ ယန္တိ - လိုက်ကုန်၏၊ ယောဂဝိဘာဂေန - ဂေါဏ ဟူသော

---

၂ မျိုးရှိ၏၊ ထိုတွင် ဃတေစ သုတ်၌ (ဃနောက်၌ အမြဲပြု)ဟု ဆိုးဖြတ်သော အဝ ဓာရဏသည် သန္နိဋ္ဌာနာဝဓာရဏ မည်၏။ [သန္နိဋ္ဌာန-ဆုံးဖြတ်ချက် ချတတ်သော+ အဝဓာရဏ-အခြားအနက်တို့မှ ပိုင်းခြားကန့်သတ်၍ မိမိအနက်ကို ဆောင်တတ် သော သဒ္ဒါ၊] အခြားအနက်ကို တားမြစ်တတ် ဆုတ်နစ်စေတတ်သော အဝဓာရဏ သည် နိဝတ္တာပနာဝဓာရဏ မည်၏၊ [နိဝတ္တာပန-မလိုရာအနက်ကို ဆုတ်နစ်စေ တတ်သော+အဝဓာရဏ၊] ဤသုတ်၌ စသဒ္ဒါသည် အဝသာနေ စသည်၌ ဥ အပြုကို ဆုတ်နစ်စေတတ် (တားမြစ်တတ်) သောကြောင့် နိဝတ္တာပနာဝဓာရဏတည်း။

ရုပ်တွက်။ ။ဥဂ္ဂတေ စသည်ကို "အဝဂတေ, အဝဂစ္ဆတိ, အဝဂဟေတွာ" ဟု တည်, အခြေပြုအတိုင်း ရုပ်တွက်၊ ပါဠိတော်များ၌ "ဥဇ္ဈာယန္တိ, ဥညာတံ" စသော ရုပ်များကိုလည်း "အဝဇ္ဈာယန္တိ, အဝညာတံ" တည်၍ တွက်၊ အဝသာနေ ကိုကား "အဝသာနေ"ဟုပင် တည်၊ ဤသုတ်ဖြင့် အဝကို ဩ၏ ဝိပရိတ် ပြုသင့် သော်လည်း စသဒ္ဒါမြစ်သောကြောင့် မပြုရ၊ အဝကိရဏေ အဝကိရတိ တို့၌လည်း နည်းတူ။

၈၀။ **သဗ္ဗဿေဝ၊ပေ၊သတ္တန္နံ**—ရှေးရှေး သုတ်များ၌ ဂေါ၏ဩကိုသာ စီရင်ခဲ့ ရကား ဤသုတ်၌လည်း ဩကိုသာ စီရင်လေသလား-ဟု ယုံမှားဖွယ်ရှိသောကြောင့် "သဗ္ဗဿေဝ"ဟု မိန့်သည်၊ ဂေါ သဒ္ဒါ တခုလုံးကိုပင် "ဂေါဏ"ပြုပါ—ဟူလို၊ "ဂေါဏာနံ"သာ ပုံစံတည်း၊ "သတ္တန္နံ"ကား တွဲဖက်အပိုသာ၊ "သတ္တန္နံ"ဟူရာ ၌လည်း "သတ္တာနံ-သတ္တဝါတို့အား"ဟု ပါဠိရင်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်၊ "သတ္တန္နံ"ဟု ရှိသည့်အတွက် အဓိပ္ပာယ် အထူး မတွေ့ရ၊ ပါဠိရင်း ရှိလျှင်လည်း ပါဠိ ရင်းကို ရှာသင့်သည်၊ ရုပ်ကို အခြေပြုအတိုင်း တွက်။

**ဝါတိ၊ပေ၊သတိ**—"ဂေါနန္နံ တရမာနာနံ"စသော ဂါထာကို မှတ်သားဖွယ် ကောင်းသောကြောင့် ဇာတ်ပါဠိတော်လာတိုင်း တဂါထာလုံး အစုံအလင် ထည့်ထား ဟန် တူသည်၊ပုံစံ ပြလိုရင်းမှာ "ဂေါနန္နံ"၌ "ဂေါနံ"တပုဒ်သာတည်း။ ["သဗ္ဗာ ဂါဝီ"၌ သဗ္ဗာဟူသော ဣတ္ထိလိင်ကိုထောက်၍ "ဂါဝီ"လည်း (နွားမ) ဖြစ်ကြောင်း သိသာ၏။] ဂေါတည်, နံသက်, ဤသုတ်ဖြင့် ဂေါကို ဂေါဏ ပြုသင့်သော်လည်း စသဒ္ဒါ မြစ်သောကြောင့် မပြုရ။

ယောဂဝိဘာဂဖြင့်၊ အညတြ-ပိ-အခြားပုဒ်ကြောင့်လည်း၊ ဂေါဏာဒေသော ဟောတိ၊ ဂေါဏာဒ္ဒူတာန်-နွားဖြင့်၍ ဖြစ်ကုန်သော သတ္တဝါတို့အား။(၁၇၃)။

သုဟိနာသုစ　၇၁။ သုဟိနာ ဣတိ-သု,ဟိ,နာ ဟူကုန်သော၊ ဧတေသု-ဤ ဝိဘတ်တို့ကြောင့်၊သဗ္ဗဿ၊ပေ၊ဝါ ဟောတိ၊ ဂေါဏေသု-တို့၌၊ ဂေါဏေဟိ, ဂေါဏေဘိ-တို့ဖြင့်၊ ဂေါဏေန-ဖြင့်၊ ဝါတိ ကိမတ္ထံ၊ ဂေါသု-တို့၌၊ ဂေါဟိ, ဂေါဘိ-တို့ဖြင့်၊ ဂဝေန-ဖြင့်၊ စဂ္ဂဟာဏေန-ဖြင့်၊ သျာဒိသေသေ သု-ကြွင်းသော သိ အစရှိကုန်သော၊ ပုဗ္ဗုတ္တရဝစနေသုပိ ရှေ့နောက် ဝိဘတ်တို့ကြောင့်လည်း၊ ဂေါဏ ဂု ဂဝယာဒေသာ-ဂေါဏအပြု, ဂုအပြု, ဂဝယ အပြုတို့သည်၊ ဟောန္တိ၊ ဂေါဏော-သည်၊ ဂေါဏာ-တို့သည်၊ ဂေါဏံ-ကို၊

---

ယောဂဝိဘာဂေန—ဒေါဿေစသုတ်၌ ပြခဲ့သော ယောဂဝိဘာဂ ၃ မျိုးတွင် နံမှိကိုဖြုတ်၍ "ဂေါဏ" ဟု တသုတ်ခွဲရသော ဒွိတိယ ယောဂဝိဘာဂတည်း၊ ဂေါဏာဒ္ဒူတာန်ကို "ဂေါဒ္ဒူတာန်" တည်, နံဝိဘတ် မနှောင်းပဲ ဒ္ဒူတသဒ္ဒါ နှောင်း သောကြောင့် "ဂေါဏ" ဟူသော ယောဂဝိဘာဂဖြင့် ဂေါကို ဂေါဏာပြု, ပြီး၏။ [ချာသဒ္ဒကား-"သုဟိနာသုစ" "သုတ်နှင့်ပေါင်း၍ "ဂေါဏန် သုဟိနာသုစ" ဟု တသုတ်တည်းမတည်ပဲ "ဂေါဏ နံမှိဝါ" ဟု ခွဲ၍တည်ခြင်းကို ဤနေရာ၌ "ယောဂ ဝိဘာဂ-သုတ်ကို သီးခြားခွဲဝေခြင်း" ခေါ်သည်-ဟု ဆိုသေး၏၊ ဝုတ္တိဆရာ၏ အာဘော်ကျမည် မထင်။]

မှတ်ချက်။ ။ဂေါသဒ္ဒါသည် ဩကာ ရန္တဖြစ်သော သီးခြားသဒ္ဒါတခု ဖြစ်သကဲ့သို့ "ဂေါဏ" သဒ္ဒါလည်း အကာရန္တဖြစ်သော သီးခြားတခုပင်တည်း၊ သို့သော် ဂေါသဒ္ဒါနှင့် ဂေါဏသဒ္ဒါသည် ("ဗုဒ္ဓါနှင့် ဗိနော" ကဲ့သို့) အလဲအလှယ် ပရိယာယ်သဒ္ဒါဖြစ်ကြောင်း ထင်ရှားစေလို၍ ဂေါကို ဂေါဏာပြုသော သုတ်ကို မိန့်သည်၊ ဥပမာ တရုဏနှင့် သုသုသည် သီးခြား သဒ္ဒါတခုစီ ဖြစ်လျက် ပရိယာယ် ဖြစ်ကြောင်း ထင်ရှားစေခြင်းငှာ "တရုဏဿ သုသုစ" သုတ်ကို တည်သကဲ့သို့တည်း။

၇၁။ သုတ်ခွဲရကျိုး။ ။ဤသုတ်ကို ရှေ့သုတ်နှင့်ပေါင်း၍ "ဂေါဏ နံသုဟိနာ သုစ" ဟု မတည်ပဲ ၂ သုတ်ခွဲ၍ တည်ရခြင်းသည် ရွတ်ဆိုရာ၌ မရှည် မဈော ချောမော လွယ်ကူခြင်းအကျိုး ရှိ၏-ဟု ဆိုကြ၏၊ ထို့ပြင်-ဝိဘတ်အစဉ်ကျအောင် "နာဟိသုသု စ" ဟု မတည်ခြင်းလည်း ရွတ်ဆို၍ ချောမောခြင်းအကျိုး ရှိသည်ပင်၊ မှန်၏-"နာဟိ သုသုစ" ဟု တည်လျှင် ရွတ်၍ မချောရုံမက, ကာလကြာလျှင် သု တလုံးပင် ပျောက် ကွယ်၍ "နာဟိသုစ" ဟု ဖြစ်ဖွယ်လည်း ရှိသည်။ [ရုပ်ကို အခြေပြုမှီး၍ တွက်၊ ဝါသဒ္ဒါ၏ အကျိုးပြ "ဂေါသု ဂေါဟိ ဂေါဘိ" တို့လည်း လွယ်ပြီ၊ ဂေါတည်, ဆိုင်ရာ ဝိဘတ်သက်၍ ဝါသဒ္ဒါ မြစ်သောကြောင့် ဂေါဏ မပြုရဟု ဆိုရုံသာ၊ ဂဝေန ကိုလည်း ထိုအတိုင်းဆို၍ အဝံမှိစ၌ စသဒ္ဒါဖြင့် အဝပြု။]

ဂေါဏေ-တို့ကို၊ ဂေါဏာသ-အား, ၏၊ ဂေါဏာမှာ-မှ၊ ဂေါဏာမှိ-၌၊ ဂုန္နံ-တို့အား၊ ဂဝယေဟိ, ဂဝယေဘိ-နွားတို့ဖြင့်။ (၁၇၂)။

---

**စတ္ထုဟဓောနုပေ၊ ဂဝယာဒေသာ**—[သျာဒိ=သိ+အာဒိ၊ ပုဗ္ဗုတ္တရ=ပုဗ္ဗ+ဥတ္တရ-နောက်၊] "သေသ-အကြွင်း" ဟူရာ၌ သေသ၏ အပါဒါန်ကို ဆိုခဲ့ပြီးသော "နံ-သု-ဟိ-နာ" ဝိဘတ်များကို ခံပါ၊ ထို (နံ ၂ လုံး ဟိ ၂ လုံး သု-နာ) ဝိဘတ် ၆ လုံးမှ ကြွင်းသော သိ စသော ဝိဘတ်များကို "သျာဒိသေသ" ဟုဆိုသည်၊ ထို သိ စသော ဝိဘတ် ဟူသည်လည်း နာ စသော ဝိဘတ်တို့၏ ရှေ့ကျသော "သိ ယော အံ ယော" တို့နှင့် နာ စသော ဝိဘတ်တို့၏ နောက်ကျသော "သ သ္မာ သ သ္မိံ" ဟူသော ဝိဘတ် ရှစ်လုံးတည်း-ဟု သိစေလို၍ "ပုဗ္ဗုတ္တရဝစနေသု" ဟု မိန့်ပြန်သည်၊ ထို ဝိဘတ်ရှစ်လုံးကြောင့် "ဂေါဏ" ပြုပါ—ဟူလို၊ ဝစနေသုပိ၌ အပိသဒ္ဒါဖြင့် သိ စသော ဝိဘတ်ရှစ်လုံးအပြင် "နံ-ဟိ" ၄ လုံးကို ဆည်း၏၊ ထို့ကြောင့် "ပုဗ္ဗုတ္တရဝစနေသု-ရှေ့နောက် ဝိဘတ်တို့ကြောင့်လည်းကောင်း၊ အပိ-အကြွင်းမဟုတ် ၍ ၂-သုတ်၌ ပါသော နံဟိ (နံ ၂ လုံး ဟိ ၂ လုံး) ၄ လုံးတို့ကြောင့်လည်းကောင်း" ဟု ဆရာတို့ အနက်ပေးသည်၊ ထို နံ ဟိ ၄ လုံးကြောင့် ဂုပြု-ဂဝယပြု၍ "ဂုန္နံ--ဂဝယေဟိ" ဟု ဖြစ်သည်—ဟူလို။

**ရုပ်တွက်။** ။"ဂေါဏော ဂေါဏာ ဂေါဏံ ဂေါဏေ ဂေါဏာသ ဂေါဏာမှာ ဂေါဏာမှိ" တို့၌ ဂေါတည်, သိ စသည် သက်, သုဟိနာသုစ၌ စ သဒ္ဒါဖြင့် ဂေါသဒ္ဒါကို ဂေါဏာပြု, ထို့နောက် သိကို ဩပြု၍ "ပုရိသော" ကဲ့သို့လည်းကောင်း၊ ယော စသည်ကို အာ စသည်ပြု၍ ပုရိသာ စသည်ကဲ့သို့ လည်းကောင်း တွက်၊ ဂုန္နံကို ဂေါတည်,နံသက်, သုဟိနာသုစ၌ စသဒ္ဒါဖြင့် ဂေါကို ဂုပြု၊ ၁-ပရဒွေဘာဝေါသုတ်ဖြင့် (န်) လာ၊ တနည်း, ၂ နောစ ဒွါဒိတောနံမှိ၌ စသဒ္ဒါဖြင့် (န်) လာ။ တနည်း, ၃-နိဂ္ဂဟိတဉ္စသုတ်ဖြင့် နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တံ ဝါ ဝဂ္ဂေဖြင့် နိဂ္ဂဟိတ်ကို (န်) ပြု၊ တနည်း, ၄-တေသုဝုဒ္ဓိ, ၅-ကွစိဓာတု, ၆-ပစ္စယာဒနိဋ္ဌာ, ၇-ယဒနုပပန္နာ ဟူသော သုတ်ကြီး ၄ သုတ်ဖြင့် (န်) လာ, ဂုန္နံပြီး၏၊ ဤသို့ ဈာသဉ္ဇ ၇ နည်း တွက်ပြသည်၊ ဂဝယေဟိကိုလည်း ဂေါတည်, ဟိ သက်၍, သုဟိနာသုစ၌ စသဒ္ဒါဖြင့် ဂေါကို ဂဝယပြု, ထို့နောက် ပုရိသေဟိကဲ့သို့ တွက်။

[**ဆောင်**] ဈာသ ကြံ, ရုပ်တွက်ဟန်, ဂုန္နံ ခုနစ်နည်း။
ပရဒွေဘာ, နောစဒွါ, စပါ နိဂ္ဂဟိတ်တည်း။
သုတ်ကြီး ၄ သွယ်, ၄ နည်းခြယ်, နငယ် လာသည်ချည်း။

**မှတ်ချက်။** ။ဂေါသဒ္ဒါမှ ဂေါဏ မဖြစ်နိုင်သကဲ့သို့ ဂေါသဒ္ဒါမှ ဂဝယလည်း သာ၍ မဖြစ်နိုင်၊ ဘာ့ကြောင့်နည်း....ဂဝယသဒ္ဒါသည် ယခုမျက်မြင် နွားမျိုးကိုမဟော၊ "နွားနောက်"ဟု ခေါ်ကြသော "တောနွား" တမျိုးကို ဟောသောကြောင့်တည်း၊ ထို ဂဝယသဒ္ဒါလည်း ဟိ ဝိဘတ်ဖြင့် "ဂဝယေဟိ, ဂဝယေဘိ" ဟုသာ ရှိနိုင်သည် မဟုတ်၊ "ဂဝယော-ဂဝယာ" စသည်ဖြင့် ဝိဘတ်အားလုံးပင် ရှိနိုင်သည်၊ ဂဝယပုဒ် ဖြစ်ပုံကို ဒေါဓသေစသုတ် ပြန်ကြည့်။

**အံမော၊ပေ၊ စျလ ပေဟိ**

၀၂။ စျလပဣတိ-စျလပ ဟူကုန်သော၊ ဧတေဟိ-ဤ အက္ခရာတို့မှ၊ ပရဿ, အံ၀စနဿ - ၏လည်းကောင်း၊ မကာရဿစ-၏လည်းကောင်း၊နိဂ္ဂဟီတံ ဟောတိ၊အဂ္ဂိံ-မီးကို၊ ဤသို့ စသည်ပေး၊ မဟေသိံ-မြတ်စွာဘုရားကို၊ အဘိဘုံ-လွှမ်းမိုးတတ်သူကို၊ ပဋုံ ပညာရှိသူကို၊ ၀ခုံ-ချွေးမကို၊ ပုလ္လိင်္ဂ-ယောကျ်ား၏အသွင်၊ ပုမ္ဘာဝေါ-ယောကျ်ား၏ အဖြစ်၊ ပုကော်ကိလော-ဥဩဖို၊ အံမောတိ ကိမတ္ထံ၊ အဂ္ဂိနာ၊ပေ၊ ၀ဓုယာ-တို့၌....၏၊ အဂ္ဂိနာ-ဖြင့်၊ စသည်၊ စျလပေဟီတိ ကိမတ္ထံ၊ သုခံ, ဒုက္ခံ တို့၌....၏၊ သုခံ-ချမ်းသာကို၊ ဒုက္ခံ-ကို၊ ပုန-တဖန်၊ အာရဗ္ဘဂ္ဂဟဏံ-

---

၀၂။ ၀ုတ္တိဖွင့်ပုံ။ ။သုတ်၌ "အံမော"ဟု ပဥ္စမန္တပုဒ်ကို "အံ၀စနဿ မကာရဿ"ဟု ဒွန်၀ါကျဖြင့် ဖွင့်ခြင်းကြောင့်"အံစ မောစ အံမော"ဟု ဒွန်သမာသ် ၀ိဂြိုဟ် ပြုစေလို၏၊"အံမော"ဟူသော ပဥ္စမန္တပုဒ်ကို "အံ၀စနဿ မကာရဿ"ဟု ဆဋ္ဌီယန္တ ပြောင်း၍ ဖွင့်ခြင်းဖြင့် အာဒေသ အာဒေသီ ၂မျိုးတွင် အာဒေသီ၌ ပဥ္စမန္တဖြင့်လည်းကောင်း ဆဋ္ဌီယန္တဖြင့်လည်းကောင်း အလိုရှိသလို ထားနိုင်၏ဟု သိစေ၏။ ["အံမော, အံ၀စနဿ မကာရဿ"တို့သည် အာဒေသရှိသော "အာဒေသီ"ကို ညွှန်ပြသော ပုဒ်များတည်း၊ "နိဂ္ဂဟီတံ"ကား အာဒေသ(အပြု)ကို ညွှန်ပြသော ပုဒ်တည်း။]

ဆက်ဦးအံ့—အာဒေသီ ကာရိပုဒ်တို့ကို ရှေ့,အာဒေသ ကာရိယပုဒ်တို့ကို နောက်-ဟု မှတ်သား၍, ရှေ့၌ ပဥ္စမာဖြင့်ပြလျှင် နောက်၌ ပဥ္စမာ ဒုတိယာ ၂မျိုးလုံး နေနိုင်၏၊ ထို့ကြောင့် "အံမော နိဂ္ဂဟီတံ ဟောတိ"ဟု ရှေ့နောက် ပဥ္စမာချည်းဖြစ်စေ, "အံမော နိဂ္ဂဟီတံ ပပ္ပေါတိ"ဟု ရှေ့ပဥ္စမာ, နောက် ဒုတိယာဖြစ်စေ နေနိုင်၏၊ ရှေ့၌ ဆဋ္ဌီဖြင့် ပြလျှင်ကား နောက်၌ ပဥ္စမာဖြင့်သာ နေနိုင်၏၊ ထို့ကြောင့် ၀ုတ္တိ၌ အံ၀စနဿ မကာရဿ နိဂ္ဂဟီတံ ဟောတိ"ဟု ရှေ့၌ ဆဋ္ဌီ, နောက်၌ ပဥ္စမာဖြင့် ပြသည်၊ အချုပ်မှာ—ကာရီဘက်၌ ပဥ္စမာ ဆဋ္ဌီ, ကာရိယဘက်၌ ဒုတိယာ ပဥ္စမာ ၂မျိုးစီ နေနိုင်သည်—ဟုမှတ်။ [သမာဟာရ ဒွန်ပုဒ်ဖြစ်လျက် "အံမော"ဟု ပုလ္လိင်ဖြင့် ထားနိုင်ပုံကိုကား သမာဟာရ ဒွန်သမာသ်ခန်း၌ ပြအံ့။]

[ဆောင်] ကာရီပ-ဆ, ကာရိယ, ဒု-ပ နေသင့်စွာ။
ရှေ့ ဆ-နောက် ပ, ရှေ့က ပ, ဒု ပ နောက်နေရာ။

ရုပ်တွက်။ ။"အဂ္ဂိံ-ဘိက္ခုံ"စသည်တို့ ရုပ်တွက်ပုံကို အခြေပြု၌ ပြထားပြီ၊ ဣသိ-ပဟပတိ-ရတ္တိ တည်၍ အဂ္ဂိံအတိုင်း တွက်၊ ပဋု တည်၍ ဘိက္ခုအတိုင်း တွက်၊ ရတ္တိ၌ကား ပ အမည် မှည့်ရမည်၊ ဒဏ္ဍိံစသော ဒီဃဆုံးသော ပုဒ်များကို အဃောရဿ သုတ်၌ တွေ့ရဦးလတ္တံ့၊ ပုလ္လိင်္ဂ စသည်ကို "ပုမဿ လိင်္ဂါဒိသု သမာသေသု" သုတ်ကျမှ တွက်။

ကိံရုပ်များ။ ။အဂ္ဂိနာ စသည်ကို အဂ္ဂိ စသည် တည်, နာ သက်, ဇ ကို ရှမည့်, ဤသုတ်ဖြင့် ဈ မှ နောက်ဖြစ်သော်လည်း အံ၀ိဘတ် မဟုတ်သောကြောင့်

ဈလပေပဟိပုဒ်ကို အားထုတ်၍ ယူခြင်းသည်၊ ဝိဘာသာ နိဝတ္တနတ္ထံ-ဝါသဒ္ဒါကို နှစ်စေရခြင်းအကျိုးရှိ၏၊ အဂ္ဂိံ-ကို ပေ၊ ဗုဒ္ဓိံ-ပညာကို။ (၁၄၉)။

**သရလောပေါ၊ပေ၊ ပကတိ**

၀၃။ အမာဒေသ ပစ္စယာဒိမှိ-ကြောင့်၊ သရလောပေါ ဟောတိ၊ သရလောပေတု - ကား- ပကတိ - နောက် သရ၏ ပကတိ အဖြစ်သည်၊ ဟောတိ၊ ပုရိသံ - ကို၊ ပုရိသေ-တို့ကို၊ ပါပံ-ယုတ်မာသူကို၊ ပါပေ-တို့ကို၊ ပါပိယော, ပါပိဋ္ဌော

---

နာကို နိဂ္ဂဟိတ်မပြုရ၊ ရတ္တိယာ စသည်၌ နာကို ပတောယာဖြင့် ယာ ပြုလေ၊ သုခံ ဒုက္ခံတို့၌ကား "သုခ-ဒုက္ခ"တည်, သိသက်, ဤသုတ်ဖြင့် အံကို နိဂ္ဂဟိတ် ပြုသင့်သော်လည်း ဈ လ ပ တို့နောက် မဟုတ်သောကြောင့် မပြုရ၊ [ကိံ ၂ ချက် ထောက်၍ ဈ လ ပ နောက် ဖြစ်ခြင်း, အံ ဝိဘတ် မ အက္ခရာ တခုခုဖြစ်ခြင်း"ဟု သုတ်အင်္ဂါ ၂ ပါးကို သိပါ။]

ပုနာရမ္ဘ၊ပေ၊ နိဝတ္တနတ္ထံ—ဤသုတ်ကို "ပသညသဉ" သုတ်၏ နောက်၌ တည်၍ ဈလပတို့ကို ဈလာန မိယုဝါ စသော သုတ်မှ လိုက်စေရလျှင် သာ၍ "အပ္ပက္ခရ"ဂုဏ် ရောက်မည် မဟုတ်ပါလော၊ ဈလပေပဟိ-ဟု ထပ်၍ ယူခြင်းသည် အဘယ် အကျိုးရှိသနည်း....ဟု မေးဖွယ်ရှိသောကြောင့် "ပုနာရမ္ဘဂ္ဂဟဏံ ဝိဘာသာ နိဝတ္တနတ္ထံ"ဟု မိန့်သည်၊ ပသညသဉ သုတ်၏ နောက်၌ တည်၍ "ဈလပေပဟိ"ကို လိုက်စေလျှင် "ဈလာန မိယုဝါ"သုတ်မှ ဝါသဒ္ဒါလည်း လိုက်လာပါလိမ့်မည်၊ အံနှင့် မ ကို နိဂ္ဂဟိတ်ပြုခြင်းကား ဝိကပ် မဟုတ်, အမြဲတည်း၊ ထို့ကြောင့် ဈ လ ပ တို့နှင့် တွဲဖက်ဖြစ်သော ထို ဝါသဒ္ဒါကို တားမြစ် ဆုတ်နစ်စေခြင်းငှာ ဈ လ ပ တို့ကိုလည်း အလိုက်မခံတော့ပဲ ထပ်မံ၍ "ဈလပေပဟိ"ကို ယူရတော့သည်၊ ဤသို့ ဝိကပ် မဟုတ်ကြောင်း သိစေလိုသောကြောင့်ပင် အဂ္ဂိံစသော မူလ ပုံစံများကို ထပ်မံ၍ ထုတ်ပြသည်။ [ပုန-တဖန်, ဝါ-ထပ်၍+အာရမ္ဘ-ဈလပေပဟိဟု အားထုတ်၍+ ဂဟဏံ-ယူခြင်း။]

**၀၃။ အမာဒေသ ပစ္စယာဒိမှိ**— "ပစ္စယာဒိသု"ဟု မဆိုပဲ "ပစ္စယာဒိမှိ"ဟု ဧကဝုစ်ဖြင့် ဆိုသောကြောင့် အာဒိသဒ္ဒါဖြင့် အာဂမ်သရ တမျိုးကိုသာ ယူရမည်၊ ထို "အာဂမ်သရ"ဟူသည်လည်း အာချာတ်ကိတ်တို့၌ တွေ့ရသော (ဠကာရာဂမော အသဗ္ဗဓာတုကမှိ,ယထာဂမ မိကာရော သုတ်တို့ဖြင့် လာသော) ဣ အာဂမ်မျိုးတည်း၊ အံအတွက် ပုံစံကို "ပုရိသံ-ပါပံ"ဟု လည်းကောင်း အာဒေသအတွက် ပုံစံကို "ပုရိသေ-ပါပေ"ဟု လည်းကောင်း ပြ၏။ [ပါပံ-မကောင်းမှုသည်၊ ပါပေ-မကောင်းမှုတို့ကို"ဟု ချာသအလိုအတိုင်း ပေးလျှင် ထို ၂ မျိုးလုံး အာဒေသ၏ ပုံစံတည်း၊] ပါပိယော ပါပိဋ္ဌောတို့ကား ပစ္စယ၏ ပုံစံတည်း၊ အာဒိအတွက် ပုံစံမပါ, "အနုဘူယိတ္ထ"စသည်ကို ထုတ်၊ "အနုဘူယ+ဣတ္ထ"ဟု ဖြစ်ရာ၌ ဣအာဂမ်ကြောင့် ယ၏ အကို ချေ၊ ဒိဗ္ဗိဿတိ-သုဏိတဗ္ဗံ စသည်၌လည်း ဣ အာဂမ်ကြောင့် ရှေ့သရကို ချေရသည်၊ ပစ္စယ သဒ္ဒါဖြင့် တိ အန္တိ စသော အာချတ် ဝိဘတ်များကိုလည်း (ရူပသိဒ္ဓိ၌) ယူသည်။

အထူးသဖြင့် ယုတ်မာသူ၊ အမာဒေသ ပစ္စယာဒိမှိတိ ကိမတ္ထံ၊ အပ္ပမာဒေါ အမတံ ပဒံ တို့၌....၏၊ အပ္ပမာဒေါ-မမေ့လျော့ခြင်းသည်၊ အမတံ ပဒံ-နိဗ္ဗာန်၏ အကြောင်းတည်း၊ သရလောပေတိ ကိမတ္ထံ၊ ပုရိသဿ ဒဏ္ဍိန်-တုတ်ရှိသူကို၊

---

**ပစ္စယ၌ ဝါဒကွဲပုံ။** ။ချာသ၌ "ပစ္စယ" အရ (အ) စသော သရပစ္စည်းကို လည်းကောင်း, ဧတ္တစသော ပြယုဂ်၌ (ထ) စသော အစ၌ ဗျည်းရှိသော ပစ္စည်းကို လည်းကောင်း ယူ၏၊ ထို့ကြောင့် "ဧတ" တည်, ထပစ္စည်း သက်ပြီးနောက်, ဤ သုတ်ဖြင့် ဧတ၌ တ၏ အကို ချေသည်။ ["ဧတောထေသုစ" သုတ်မလို, (တ) ကို ထသို့ ကပ်လျှင် "ဧတ္တ" ပြီး၏။] ရူပသိဒ္ဓိ၌ကား "ပစ္စယ" အရ သရပစ္စည်းကိုသာ ယူ၏၊ ("ဏ" စသည်၌လည်း အနုဗန်ချေလျှင် သရသာ ကျန်သောကြောင့် သရ ပစ္စည်းများပင်တည်း၊) ထို့ကြောင့် "ဧတထ" ဟု ဖြစ်ရာ၌ တ ၏ အ ကို ဤသုတ်ဖြင့် မချေနိုင်၍ ဧတောထေသုစသုတ်ဖြင့် ဧတကို ဧပြု, ဒွေဘော်လည်း လာရသည်၊ ရူပသိဒ္ဓိ အလို အံ၌လည်း သရ, အာဒေသ၌လည်း (အာ အပြု ဧ အပြု စသည်ဖြင့်) သရ, ပစ္စယ၌လည်း သရ, အာဂမ်၌လည်း ဠသရ ဖြစ်၍ အားလုံး သရနှောင်းလျက်ချည်း ရှိရမည်။

**ရုပ်တွက်။** ။ပုရိသံကို အခြေပြု၍ တွက်ခဲ့ပြီ၊ ပုရိသေပါပေတို့ကို သမ္ဗယောနိနုမာဧ သုတ်၌တွက်၊ "ပါပံ-ယုတ်မာသူကို" ဟု ပေးလျှင် ပုရိသံအတိုင်းတွက်၊ "ပါပံ မကောင်းမှုသည်" ဟု ပေးလျှင် စိတ္တံကဲ့သို့ "သိ°" သုတ်၌ တွက်၊ ပါပိယော ပါပိ ဋ္ဌောတို့ကို "ပါပ+ိ ယ, ပါပ+ိ ဋ္ဌ" တည်, ဤသုတ်ဖြင့် ပ၏ အသရကို ချေ, ဝ်ကို ဠသို့ကပ်, နာမ်ငှဲ သိသက်, သြပြု။

**အမာဒေသ၊ပေ၊ဒဏ္ဍိနံ**—"အပ္ပမာဒေါ+အမတံ"သာ လိုရင်း၊ ပဒံကား တွဲဖက် ဖြစ်၍ ပါနေသည်၊ သရလောပေါ သုတ်ဖြင့် နောက်သရကြောင့် ရှေ့ ဩသရကို ချေသင့်သော်လည်း အံ ဝိဘတ်, အာဒေသ, ပစ္စည်း, အာဂမ် သရတို့တွင် တခုမျှ မဟုတ်သောကြောင့် မချေရ၊ ပုရိသဿ၌ "ပုရိသ" တည်, သသက်, သရလောပေါ သုတ်ဖြင့် နောက်သရကို ပကတိပြုသင့်သော်လည်း ရှေ့သရ မကြေသောကြောင့် မပြုရ, သာဂမော သေသုတ်ဖြင့် (သ်) လာ၊ "ဒဏ္ဍီ" တည်, အံသက်, သရလောပေါ သုတ်ဖြင့် နောက် အံကို အံဟု ပကတိ ပြုသင့်သော်လည်း ရှေ့သရ မကြေသောကြောင့် မပြုရ၊ ီကို ဈ မှည့်, ရဿပြု, အံကို နံ ပြုပုံကို နံဈတောကတရဿာ သုတ်၌ တွေ့ရ လတ္တံ့။

**မှတ်ချက်။** ။ပုရိသဿ၌ သ ဝိဘတ်သည် "အံ-အာဒေသ-အာဂမ" မဟုတ်၊ သို့သော် ချာသ၌ ပစ္စယ အရတွင် အချာတ် ဝိဘတ်သာမက, နာမ် ဝိဘတ်များကို လည်း ယူလို၏၊ ထို ပစ္စယ အရ၌ပင် (ထ ပစ္စည်းကဲ့သို့) အစ၌ ဗျည်းရှိသော ပစ္စည်း များကိုလည်း ယူလို၏၊ထို့ကြောင့် သ ဝိဘတ်ကိုလည်း ပစ္စယ၌ သွင်း၍ "ပုရိသဿ" ဟု ပုံစံပြသော ပုတ္တိဆရာသည် ချာသနှင့် သဘောတူရာ ရောက်၏၊ ရူပသိဒ္ဓိအလိုမူ နာမ်ဝိဘတ်ကိုလည်းကောင်း အစ၌ ဗျည်းရှိသော ပစ္စည်းကိုလည်းကောင်း မယူ ရကား "ပုရိသဿ" ဟု ကိ°ပုံစံ မပြထိုက်။

တုဂ္ဂဟဏံ-တုသဒ္ဒါသည်၊ အဝဓာရဏတ္တံ - နိဝတ္တာပနာဝဓာရဏ အနက်ရှိ၏၊ ဘိက္ခုနီ-ရဟန်းမသည်၊ ဂဟပတာနီ-အိမ့်ရှင်မသည်၊ ပကတိဂ္ဂဟဏသာမတ္ထေန၊-ပကတိသဒ္ဒါ၏ အစွမ်းသတ္တိကြောင့်၊ ပုန-တဖန်၊ သန္ဓိဘာဝေါ စ-သန္ဓိအဖြစ်သည်လည်း၊ ဟောတိ-၏၊ သေယျော, သေဋ္ဌော-အထူးသဖြင့် ချီးမွမ်းအပ်သူ၊ ဇေယျော, ဇေဋ္ဌော-အထူးသဖြင့် ကြီးသူ၊ (၆၇)။

---

**တုဂ္ဂဟဏ၊ပေ၊ဂဟပတာနီ**—ပြခဲ့သော အဝဓာရဏ ၂ မျိုးတွင် တု သဒ္ဒါသည် နိဝတ္တာပနာဝဓာရဏ အနက်ရှိ၏၊ ထို့ကြောင့် ထို တု သဒ္ဒါဖြင့် ရှေ့သရ ကြေခြင်းကို တားမြစ်သည်၊ ဘိက္ခုနီကို "ဘိက္ခု" တည်, ဇူနီပစ္စည်းသက်, (ဘိက္ခု+ဇူနီ) ဤသုတ်ဖြင့် နောက်ဇူနီပစ္စည်းကြောင့် ရှေ့ဥသရကို ချေသင့်သော်လည်း တုသဒ္ဒါ မြစ်သောကြောင့် မချေရ။ ဝါပရောသုတ်ဖြင့် နောက်ဇူသရချေ, နာမ်ငဲ့, သိသက်, ချေ, ပြီး၏၊ ဂဟပတာနီကိုလည်း ဤအတိုင်းဆို၍ ပတိယိနီမှ သုတ်ကျမှတ်၊ ဤသို့ တု သဒ္ဒါက ရှေ့သရကြေခြင်းကို တားမြစ်သောကြောင့် "တု-ရှေ့သရ မကြေသောအရာလည်း ရှိသေး၏" ဟု အနက်ပေးရသည်။ [ဆရာတို့ကား "တု-(ရှေ့သရကြေခြင်း, ပကတိပြုခြင်း) ၂ ပါးစုံ မဖြစ်သည်လည်း ရှိသေး၏" ဟု ပေးကြ၏၊ ရှေ့သရကြေလျှင် ပကတိမပြုရကြောင်းမှာ ဆိုဖွယ် မရှိပြီ။

**ပကတိဂ္ဂဟဏ၊ပေ၊ဇေဋ္ဌော**—ဤ သရလောပေါသုတ်ကို သရာ ပကတိ ဗျဉ္ဇနေ သုတ်၏ နောက်၌တည်၍ ပကတိသဒ္ဒါ အလိုက်ခံလျှင် ပြီးနိုင်လျက် ဤနေရာ၌တည်၍ ပကတိသဒ္ဒါ ထည့်ရခြင်းသည် အဘယ်အကျိုးရှိသနည်း-ဟု မေးဖွယ်ရှိသောကြောင့် "ပကတိဂ္ဂဟဏသာမတ္ထေန"စသည်ကိုမိန့်၊ ဆက်ဦးအံ့-"သရကြေပြီးလျှင် ပကတိပြု" ဟု ပကတိပြုဖို့ရာ အရေးတကြီး တိုက်ရိုက်မှာနေသည်ကို ထောက်လျှင် ပကတိ မပြုမည်ကို အလွန် စိုးရိမ်ရာရောက်၏၊ ထိုမျှ အရေးကြီးစွာ မှာထားနေရသဖြင့် ပကတိမပြုပဲ ဖွတ်ပေနေသော အရာလည်း ရှိသေးရာရောက်၏၊ ထို့ကြောင့် ပကတိမပြုသော အရာ ရှိသေးကြောင်းကို ပြစွမ်းနိုင်ခြင်းသည် ပကတိသဒ္ဒါ၏ သာမတ္ထပင်တည်း။ [ရှေးဆရာတို့ကမူ "မီးရှိခြင်းကြောင့် လင်း၍, မီး မရှိခြင်းကြောင့် မှောင်ရာဝယ် မီးတခုတည်းက အလင်း အမှောင် ၂ မျိုးကို ဖြစ်စေနိုင်သကဲ့သို့ ပကတိသဒ္ဒါ တခုတည်းကပင် သန္ဓိအစီအရင် မဖြစ်အောင်လည်းကောင်း, ဖြစ်အောင်လည်းကောင်း တတ်နိုင်သည်" ဟု အဓိပ္ပာယ်ပြော၍ "မီးကြောင့်လည်း ပြောင်, မီးကြောင့်မှောင်, ထုတ်ဆောင် ဥပမာ" ဟု မိန့်ကြသည်။] သေယျော သေဋ္ဌော ဇေယျော ဇေဋ္ဌော တို့ကို ပသတ္ထသဿောစ-ဝုဍ္ဎဿဇော ဇယိဋ္ဌေသု သုတ်တို့ကျမှတ်၊ ထိုရုပ်များ၌ နောက် ဣသရဝယ် ပကတိ မပြုသည်ကို တွေ့လတ္တံ့။

**ဤသုတ်ဆိုရကျိုး**။ ။"အမာဒေသ ပစ္စယာဒိမှ" ဝယ် အံ၌လည်းကောင်း, အာ ဧ စသော အာဒေသ၌လည်းကောင်း, အာ ဤ ဇူနီစသော ပစ္စည်း၌လည်းကောင်း, ဣအာဂုမ်၌လည်းကောင်း, အသီးအသီး အစ၌ သရပါရှိ၏။ [ပစ္စယ အရ၌လည်း ရူပသိဒ္ဓိ အလိုအားဖြင့် အစ၌ သရပါသော ပစ္စည်းချည်းသာတည်း၊] ထို့ကြောင့်

**အဃောရဿ၊ပေ၊ ဃောသဒ္ဓပိစ**

၇၄။ ကောဝစနဃောဣတိ, ကောဝုစ်ဝိဘတ်, ဃောဝိဘတ် ဟူကုန်သော၊ စေတေသု-ဤဝိဘတ်တို့ကြောင့်၊ အဃော-သော၊ သရော-သည်၊ ရဿံ အာပဇ္ဇတေ၊ ဣတ္ထိံ-ကို၊ ဣတ္ထိယော-တို့သည်, တို့ကို၊ ဣတ္ထိယာ-ဖြင့်၊ ဝဓုံ-ချွေးမကို၊ပေ၊ သဿုယမ္ဘုနာ-

---

ဤသုတ်သည် နောက်သရကြောင့် ရှေ့သရချေသောသုတ်ပင် ဖြစ်၏၊ သို့ဖြစ်လျှင် သရာ သရေ လောပံသုတ် ရှိပြီးဖြစ်လျက် ဤသုတ်ကို ထပ်၍ဆိုခြင်းသည် အဘယ် အကျိုးရှိသနည်း-ဟု မေးဖွယ်ရှိသည်၊ အဖြေကား—သရာ သရေ လောပံသုတ်၌ "နောက်သရကို ပကတိပြု"ဟု မဆိုသောကြောင့် ရှေ့သရ ချေပြီးသောအခါ နောက် သရကို ဒီဃပြုခြင်း, အသဝဏ်ပြုခြင်းစသော အစီအရင်များကို ခွင့်ပြုလျက် ရှိ၏၊ ဤသုတ်ကား နောက်သရကို ပကတိပြုသောကြောင့် အံ အာဒေသပစ္စယတို့၌ တစုံတခု ပြုစီရင်မှုကို တားမြစ်နိုင်၏၊ ထိုသို့ အံ အာဒေသပစ္စယတို့၌ (ရှေ့သရ ကြေပြီးနောက်) ဆက်လက်၍ ပြုစီရင်မှုကို တားမြစ်ခြင်းငှာ ဤသုတ်ကို မိန့်သည်။ [ဤသုတ် မရှိလျှင် ဝါပရော အသရူပါသုတ်ဖြင့် နောက်သရ ချေခြင်းကိုလည်း မတားမြစ်နိုင်၊ ထို့ကြောင့် "ဝါပရောသုတ်ဖြင့် နောက်သရ ချေခြင်းကို တားမြစ်ခြင်းငှာ ဤသုတ်ကို ဆိုသည်" ဟုလည်း ရူပသိဒ္ဓိ ပြသေး၏။]

[ဆောင်] သရာ သရေ, သုတ်ရှိပေလည်း, အံ အာဒေသ, ပစ္စယ၌, ပကတိမှု၊ မပြုသည့်တွက်,ဆက်၍ဒီဃ,အသဝဏ္ဏတိုင်,မမြစ်ပိုင်၍,မြစ်နိုင်စေသော၊ သရလော—ဟု, မိန့်ဟောတလီ, သုတ်ကိုတည်, မြတ်ထေရ်ကစ္စည်း အလို။

**တနည်းခွဲခြားချက်။** ။သရာ သရေ လောပံသည် သန္ဓိစပ်မှုနှင့် ဆိုင်သော ကြောင့် ၂ ပုဒ်ရှိရာ၌ ရှေ့သရကို ချေသောသုတ်တည်း၊ သရလောပေါကား သန္ဓိစပ်မှု နှင့် မဆိုင်သောကြောင့် တပုဒ်တည်းဝယ် အံ-အာဒေသ-ပစ္စယ-အာဂုမ်ဖြစ်သော သရနှောင်းရာ၌ ချေသောသုတ်တည်း၊ ဤကား ဤကျမ်းအလို ခွဲခြားချက်တည်း၊ သေယျော စသော အချို့ပုံစံများ၌ "သ+ဣယ"ဟု ဖြစ်သည့်အခါ ရှေ့သရကို နျာသ၌ သရလောပေါဖြင့် ချေ၍, ရူပသိဒ္ဓိ၌ သရာ သရေဖြင့် ချေ၏၊ ကစ္စည်းဝုတ္တိ ဝယ် "ပကတိဂ္ဂဟဏသာမတ္ထေန ပုန သန္ဓိဘာဝေါစ"ဟူသော စကားကို ထောက် လျှင် ဝုတ္တိဆရာလည်း သရလောပေါဖြင့် ချေစေလို၏၊ထို သေယျော စသော ပုံစံသည် သန္ဓိစပ်ရသော ပုံစံမဟုတ်သောကြောင့် နျာသနှင့် ကစ္စည်းဝုတ္တိတို့ ဆိုပုံက သာ၍ စည်းကမ်းကျသည်။

**၇၄။ အဃော၊ပေ၊ ဣစ္စေတေသု**—သုတ်၌ ပါသော အပိသဒ္ဒါ စ သဒ္ဒါတို့၏ အနက်ကို သီးခြားဖွင့်လတ္တံ့ဖြစ်၍ သုတ်နက်အဖွင့်၌ ထည့်၍ မဖွင့်ပဲ ထားသည်၊ န+ ဃော, အဃော၊ ဃော (အာဃောသုတ်အရ) ဃ မည်သော အာသရသည်၊ န+မဟုတ်၊အဃော-ဃမည်သော အာသရ မဟုတ်၊ဤ ဝိဂ္ဂဟအရ ဃ အမည်မရှိသော အာနှင့် ဤ ဦ ဒီဃသရများ ရ၏၊ "ဣတ္ထိံ-ဣတ္ထိယာ, ဝဓုံ-ဝဓုယာ, ဒဏ္ဍိံ-ဒဏ္ဍိနာ, သယမ္ဘုံ-သယမ္ဘုနာ"တို့ကား ကောဝုတ်ဝိဘတ်နှောင်းရာ၌ ပုံစံတည်း၊ ဣတ္ထိယော

ဖြင့်၊ အဃောသတိ ကိမတ္ထံ၊ ကညံ့,ကညာယော,ကညာယ-တို့၌....၏၊ ကေဝစန ယောသ္မိတိ-ကေဝစနယောသုပုဒ်သည်၊ ကိမတ္ထံ၊ ရတ္တိဟိ, သယမ္ဘုဟိ-တို့၌.... ၏၊ စဂ္ဂဟဏံ, အဝဓာရဏတ္ထံ-သန္နိဋ္ဌာနာဝဓာရဏ အနက်ရှိ၏၊ နဒိံ မြစ်ကို၊ပေ၊ အပိဂ္ဂဟဏေန-အပိသဒ္ဒါကြောင့်၊ ရဿံ-သို့၊ န အာပဇ္ဇတေ-မရောက်သည်လည်း ရှိသေး၏၊ ရတ္တိ-သည်၊ ဘိက္ခုနီ-သည်၊ (၁၄၄)။

---

စသည်တို့ကား ယောနှောင်းရာ၌ ပုံစံတည်း၊ ရတ္တိံ ဝဓုံတို့သည် ရတ္တိလိင်ဖြစ်၍ (ပ) မှည့်ရသောပုံစံ,“ဒဏ္ဍိံ”သည် ဈမှည့်ရသော ပုံစံ၊သယမ္ဘုံကား လ မှည့်ရသော ပုံစံတည်း၊ ရတ္တိံ သယမ္ဘုံတို့ကို အခြေပြု၍ ရုပ်တွက်ထားပြီ၊ ဝဓုံကိုလည်း “ဝဓူ” တည်၍ ရတ္တိံကဲ့သို့ တွက်၊ ဒဏ္ဍိံကို ဒဏ္ဍီတည်၊ ရတ္တိယော ဝဓုယောတို့၌ ဤသုတ်ဖြင့် ရဿပြုရုံသာ၊ ဒဏ္ဍိနောကို ယောနံနောသုတ်၌တွက်၊ သယမ္ဘုဝေါကို လတော ဝေါကာရောစသုတ်၌ တွက်၊ ရတ္တိယာ ဝဓုယာတို့ကို ပတောယာသုတ်၌ တွက်၊ ဒဏ္ဍိနာ သယမ္ဘုနာတို့၌ ဈလမှည့်, ဤသုတ်ဖြင့် ဤ ဦတို့ကို ရဿပြုရုံသာ၊ ဤပုံစံများကို ထောက်လျှင် ဃ မမှည့်ရပဲ ဈလပ မှည့်ရသော ရုပ်များကိုသာ ဤသုတ်အရ စီရင် သကဲ့သို့ ထင်ရ၏၊ သို့သော် “သာ-ခွေးတို့သည်၊ တိဋ္ဌန္တိ-တည်ကုန်၏”ဟူရာ၌ “သာ”လိင်တည်, ယောသက်, အဃောရဿ သုတ်ဖြင့် အာကို အရဿပြု, သဗ္ဗယောနီန မာဇြေဖြင့် ယောကို အာပြု၍ ရူပသိဒ္ဓိ ရုပ်တွက်သောကြောင့် ဃ အမည် မရသော ပုလ္လိင် အာဒီဃ ကိုလည်း “အာဃော”အရ၌ ယူသင့်သည်။

ကိံ ရုပ်များ။ ။“ကညံ”ကို ကညာတည်, အံသက်, အာကို ဃမှည့်, အဃော ရဿ စသော ဤသုတ်ဖြင့် ကေဝုစ် အံဝိဘတ်ကြောင့် အာကို ရဿပြုသင့်သော်လည်း ဃ အမည် ရှိသောကြောင့် မပြုရ၊ သရလောပေါ-ချေ, ကပ်, ပြီး၏၊ ကညာယော၌ ယောသက်၍ ဤအတိုင်း တားမြစ်၊ ကညာယ၌ နာသက်၍ ဤအတိုင်း တားမြစ်၊ ထို့နောက် ဃတော နာဒီနံ သုတ်ဖြင့် နာကို အာယပြု, ပြီး၏၊ ရတ္တိဟိ၌ ဤသုတ်ဖြင့် ဃ အမည် မရှိသော ဤသရကို ရဿ ပြုသင့်သော်လည်း ကေဝုစ်ဝိဘတ် ယောဝိဘတ် မနှောင်းသောကြောင့် ရဿ မပြုရ၊ သယမ္ဘုဟိလည်း နည်းတူ၊ ဤကိံ ပုစ္ဆာ ၂ ဝါကျ ကို ထောက်၍ “ဃအမည်မရှိသော ဒီဃသရဖြစ်ခြင်း, ကေဝုစ်ဝိဘတ် ယောဝိဘတ် လည်း နှောင်းခြင်း”ဟု သုတ်အင်္ဂါ ၂ ပါးကို သိပါ။

စဂ္ဂဟဏံ၊ပေ၊ နဒိယာ—ဤအဝဓာရဏကား ခိုင်မြဲအောင် ဆုံးဖြတ်ချက်ချသော သန္နိဋ္ဌာန အဝဓာရဏတည်း၊ ကေဝုစ်ဝိဘတ် ယောဝိဘတ် နှောင်းရာ၌ ဃအမည် မရှိသော ဒီဃကို အမြဲ ရဿပြုပါ—ဟူလို၊ ထို့ကြောင့် “ရဿံ-သို့၊ အာပဇ္ဇတေ-ရောက်သည်သာလျှင်တည်း”ဟု သုတ်နက်ပေးရသည်၊ “ရဿအဖြစ်သို့ မရောက် မရှိရ—ဧကန် ရောက်ရမည်—ဟူလို၊ နဒိံကို နဒီတည်၍ ရတ္တိံကဲ့သို့တွက်၊ နဒိယာကို ရတ္တိယာကဲ့သို့, နဒိယောကို ရတ္တိယောကဲ့သို့ တွက်၊ ရတ္တိံ ရတ္တိယော ရတ္တိယာတို့ ကဲ့သို့ ရဿအပြု မြဲကြောင်းကို ပြလို၍ အဂါးတူ ပုံစံများကိုပင် ထပ်၍ပြသည်။

**န သိ သွိမနုပ္ပံ သကာနိ** ၇၅။ သိသွိ, အ နုပ္ပံသကာနိ-ကုန်သော၊ လိင်္ဂါနိ-ဣတ္ထိလိင် ပုလ္လိင်တို့သည်၊ ရဿံ-သို့၊ န အာပဇ္ဇန္တေ၊ ဣတ္ထီ-သည်၊ပေ၊ သိသွိ'တိ ကိမတ္ထံ၊ ဘောတိ ဣတ္ထိ၊ပေ၊ ဘောဒဏ္ဍိ-တို့၌....၏၊ ဘောတိ ဣတ္ထိ-အို မိန်းမ၊ပေ၊ အ နုပ္ပံသကာနီတိ-သည်၊ ကိမတ္ထံ၊ သုခကာရိ၊ပေ၊

---

**အပိဂ္ဂဟဏေန၊ပေ၊ဘိက္ခုနီ**—ယောသွပိစ၌ အပိသဒ္ဒါက "ရဿံ အာပဇ္ဇတေ အပိ-ရဿအဖြစ်သို့ ရောက်သည်လည်း ရှိသေး၏" ဟု ဆိုသဖြင့် "မရောက်သည် လည်း ရှိသေး၏" ဟု မရောက်ခြင်းကို ဆည်းရာရောက်၏၊ ထိုသို့ မရောက်ဖို့ရန် ဆည်းယူ တားမြစ်ရာ၌လည်း လိင် ၃ ပါးလုံးဝယ် ဝိဘတ်အားလုံး၌ တားမြစ်သည် မဟုတ်, ဣတ္ထိလိင် ပုလ္လိင်အရာဝယ် သိဝိဘတ်နှောင်းရာ၌သာ တားမြစ်ကြောင်းကို နောက်သုတ်ဖြင့် ထင်ရှားစေလတ္တံ့၊ ထို့ကြောင့် "အပိ-သိ ဝိဘတ်ကြောင့် မရောက် သည်လည်း ရှိသေး၏" ဟု သုတ်နက် ပေးကြရသည်၊ ဣတ္ထိတည်; သိသက်, ပမည့်, ဤသုတ်ဖြင့် ကေဝုစ် သိကြောင့်ဿ အမည်မရှိသော (ဤ) ကို ဣရဿ ပြုသင့်သော် လည်း အပိသဒ္ဒါ မြစ်သောကြောင့် မပြုရ, သိချေ, ပြီး၏၊ ဘိက္ခုနီကိုလည်း နည်းတူ တွက်၊ ပုလ္လိင်ဖြစ်သော ဒဏ္ဍီ သယမ္ဘူတို့ကိုလည်း ပုံစံထုတ်နိုင်သည်။

**မှတ်ချက်။** ။အပိသဒ္ဒါက ဣတ္ထိလိင် ပုလ္လိင် အရာဝယ် သိ ဝိဘတ်ကြောင့် ရဿ မဖြစ်-ဟု တားမြစ်ထားသောကြောင့် စသဒ္ဒါက ဣတ္ထိလိင် ပုလ္လိင်အရာဝယ် သိဝိဘတ်မှ တပါး အခြား ကေဝုစ်ဝိဘတ် ယော ဝိဘတ်တို့ကြောင့်လည်းကောင်း နပုလ္လိင် အရာ ဝယ် သိနှင့်တကွ အားလုံးသော ကေဝုစ်ဝိဘတ် ယော ဝိဘတ်တို့ကြောင့်လည်း ကောင်း, အမြဲ ရဿပြု-ဟု သန္နိဋ္ဌာန်ကျ ဆုံးဖြတ်သည်-ဟုမှတ်။ [ဤနေရာဝယ် "ဝေလည်း ထိုင်, စလည်းထိုင်, လှံကိုင် ခွေးခေါ်နည်း"ကို ပြောလေ့ရှိကြ၏၊သို့သော် အပိသဒ္ဒါက လှံကိုင်ထားသကဲ့သို့ တားမြစ်သော်လည်း, စသဒ္ဒါက ခွေးခေါ်သကဲ့သို့ ခေါ်၍ ဆည်း၍မယူပဲ မြဲ့သာ မြဲစေသောကြောင့် ထိုနည်းကို ဤသုတ်၌ အသုံးပြု ထိုက်သည်-ဟု မထင်၊ ထို အဓိပ္ပာယ်ကို တယော နေဝစသုတ်အဖွင့် ရူပသိဒ္ဓိဘာသာ ဋီကာမှာ ရှု။]

၇၅။ ဤသုတ်သည် ရှေ့သုတ်လာ အပိသဒ္ဒါ၏ အနက်ကိုပင် သတ်မှတ်ပြသော နိယမသုတ်တည်း၊ မှန်၏-ရှေ့သုတ်လာ အပိသဒ္ဒါသည် "အချို့အရာ၌ ရဿ မပြုရ" ဟု တားမြစ်ခဲ့၏၊ သို့သော် "မည်သည့် လိင်အရာဝယ် မည်သည့်ဝိဘတ် နှောင်းရာ၌ ရဿ မပြုရ" ဟုကား သေချာတပ်အပ် မသတ်မှတ်နိုင်၊ ထို့ကြောင့် "ဣတ္ထိလိင် ပုလ္လိင် အရာဝယ် သိဝိဘတ်နှောင်းရာ၌ ရဿမပြုရ"ဟု ဤသုတ်က သေချာတပ်အပ် သတ်မှတ် ပေးသည်၊ ထို အပိနှင့် ဤသုတ်သည် အဓိပ္ပာယ်အားဖြင့် သဘောတူပင် ဖြစ်သည်-ဟူလို။ ["သိဒ္ဓေ သတိပိ အာရမ္ဘော နိယမာယ ဝါ ဟောတိ အတ္ထန္တရဝိညာပနာယ ဝါ" ဟူသော အကျိုး ၂ မျိုးတွင် ဤသုတ်သည် နိယမ အကျိုးရှိသော သုတ်တည်း။]

[ဆောင်] ရှေ့သုတ်၌လာ, အပိသဒ္ဒါက, နေရာဌာန, လိင်ဝိဘတ်, မသတ်မှတ်၍, သတ်မှတ်လိုဘိ, ဤ (န-သိ) ကြောင့်, ဣတ္ထိ ပုလ္လိင်, သိနှောင်း ကြိမ်သော်, နှိုင်းချိန် ရဿာ, မပြုရာ, သေချာ သိနိုင်သည်။

စိတ္တံ-တို့၌....၏၊ သုခကာရိ ချမ်းသာကို ပြုလေ့ရှိသော၊ ဒါနံ - ဒါန၊ သုခကာရိ-သော၊ သီလံ-သီလ၊ သီဃယာယိ-လျင်စွာ သွားလေ့ရှိသော၊ စိတ္တံ-စိတ်။ (၁၅၀)။

**ဥဘာဒိတော နမိန္ဒံ**

၇၆။ ဥဘ ဣစ္စေဝမာဒိတော-ဥဘ အစရှိသော၊ သင်္ချာတော-မှ၊ (ပရသ) နံဝစနဿ ဣန္နံ ဟောတိ၊ ဥဘိန္နံ, ဒုဝိန္နံ-၂ ယောက်တို့အား၊ ဥဘာဒိတောတိ ကိမတ္ထံ၊ ဥဘယေသံ- တို့၌ .... ၏၊ ဥဘယေသံ-၂ ယောက်တို့အား။ (၂၂၇)။

---

**ဇုတ္တိ၊ပေ၊သယ မ္ဘ**။—ဤရုပ်တို့ကား ကေဝုစ်ဝိဘတ် နှောင်းပါလျက် ဇုတ္တိလိင် ပုလ္လိင်အရာဝယ် သိ ဝိဘတ် ဖြစ်နေသောကြောင့် ရှေ့သုတ်လာ အပိသဒ္ဒါနှင့် ဤသုတ်၏ တားမြစ်ချက်အရ ရဿ မပြုရသော ပုံစံတည်း၊ ဇုတ္တိ ဝရု ဘိက္ခုနီတို့သည် ဇုတ္တိလိင် သိ နှောင်းပုံ, ဒဏ္ဍီသယမ္ဘူတို့ကား ပုလ္လိင် သိ နှောင်းပုံတည်း၊ ရုပ်ကို အခြေပြု၍ ပြခဲ့ပြီ၊ ဘိက္ခုနီကိုလည်း "ဘိက္ခုနီ" တည်၍ ဇုတ္တိကဲ့သို့ တွက်။

**သိ သ္မိံ၊ပေ၊ဘောသယ မ္ဘု**—လိင်အနက်၌သက်သော သိကိုသာ "သိ"ဟု ခေါ်၍ အာလုပ် သိကိုကား ဂ အမည်မှည့်ရသောကြောင့် "ဂ" ဟု ခေါ်သည်၊ ထို့ကြောင့် ဤသုတ်၌ "သိသ္မိံ"ပုဒ်ဖြင့် အာလုပ် သိကို မယူရသောကြောင့် "ဘောတိ ဇုတ္တိ—ဘောသယမ္ဘု" တို့၌ ရဿအပြုကို ဤသုတ်ဖြင့် မတားမြစ်နိုင်, ဈလပါ ရဿံသုတ်ဖြင့် ရဿပြုလိမ့်မည်၊ ဘောတိ-ဘောတို့ကား အာလုပ်အနက် ထင်ရှားအောင် အပိုထည့်ပါ၌တည်း၊ ဇုတ္တိကို "ဇုတ္တိ" တည်, အာလုပ်, သိသက်, ဂမှည့်, နသိသ္မိ မနပုံသကာနိသုတ်ဖြင့် ရဿ အပြုကို တားမြစ်သင့်သော်လည်း သိ မှနှောင်းသောကြောင့် မမြစ်ရ၊ (ဤ) ကို ပမှည့်၍ ဈလပါရဿံသုတ်ဖြင့် စီရင်လေ၊ သယမ္ဘုစသည်လည်း နည်းတူ။

**အနပုံသကာနီတိ၊ပေ၊စိတ္တံ**—ဒါနံ, သီလံ, စိတ္တံတို့သည် နပုံလိင်မြဲသော ပုဒ်များတည်း၊ ထိုပုဒ်တို့နှင့် အရတူသောကြောင့် သုခကာရိ-သီဃယာယိတို့လည်း နပုံလိင်ရှိသောပုဒ်များ ဖြစ်ကြရသည်။ [အကယ်၍ "သုခကာရီ-ဓမ္မော,သံဃယာယီ-ဇနော" ဟု ရှိလျှင်ကား ဓမ္မော ဇနောတို့နှင့် လိင်တူအောင် သုခကာရီ သီဃယာယီ တို့လည်း ပုလ္လိင်ရှိသောပုဒ်များ ဖြစ်ကြရလိမ့်မည်။] ဤသုတ်က "အ နပုံသကာနိ" ဟု ဆိုသောကြောင့် (နပုံလိင် မဟုတ်သော) ပုလ္လိင် ဇုတ္တိလိင်အရာ၌သာ ရဿ အပြုကို တားမြစ်သည်၊ နပုံလိင်ဖြစ်လျှင်ကား သိ ဝိဘတ် နှောင်းသော်လည်း ရဿ အပြုကို မတားမြစ်၊ ထို့ကြောင့် "သုခကာရိ-သီဃယာယိ" ဟု ရဿ ပြုရသည်၊ ရုပ်ကို အခြေပြု၍ ပြထားပြီ၊ ပုဒ်ရင်းက "ဂေါတြဘူ" ဟု ဦကာရန္တဖြစ်သော ပုဒ်လည်း "ဂေါတြဘုစိတ်" ဟူသောအနက်ကို ဟောရာ၌ နပုံလိင် ဖြစ်သောကြောင့် ရဿအပြုကို ဤသုတ်က မတားမြစ်နိုင်ရကား "ဂေါတြဘု-ဂေါတြဘူ မည်သော စိတ်" ဟု ရဿပြုလျက် ရှိရသည်။

၇၆။ ဥဘာဒိ၌ အာဒိသဒ္ဒါသည်"အတူ"ဟူသောအနက်ကို ဟော၏၊ထို့ကြောင့် ဥဘနှင့် အက္ခရာ ၂ လုံးချင်း ၂ ခုဟောချင်း တူသော ဒုဝိသဒ္ဒါကို ယူ-ဟု သိစေလို၍

**ဣတ္ထာ၊ ပေ၊ သင်္ချာဟိ** ၈၇။ တိဟိ သင်္ချာဟိ (ပရသ္သ) နံ ဝစနဿ ဣတ္ထံ ဣတ္ထာနံ ဣတိ-ဣတ္ထံ ဣတ္ထာနံ ဟူကုန်သော၊ ဧတေ အာဒေသာ ဟောန္တိ၊ တိဏ္ဏံ, တိဏ္ဏန္နံ-၃-ယောက်တို့အား၊ တိဟိတိ ကိမတ္ထံ၊ ဒွိန္နံ-ဒွိန္နံစသော ပြယုဂ်တို့၌....၏။ (၂၃၁)။

**ယောသု၊ ပေ၊ ဒီဃံ** ၈၈။ ကတနိကာရလောပေသု ယောသု, သဗ္ဗေ-အလုံးစုံကုန်သော၊ သရာ-တို့သည်၊ ဒီဃံ အာပဇ္ဇန္တေ၊ အဂ္ဂိ-တို့သည်, တို့ကို၊ (နောက်၌လည်း ဤနည်းအတိုင်း "တို့သည်, တို့ကို" ဟု ပေး)၊ ယာနိ-

---

"ဒွိန္နံ" ဟု ပုံစံထုတ်သည်၊ ရုပ်ကို အခြေပြု၍ ပြထားပြီ၊ "ဥဘယေသံ၌ ဥဘယပုဒ်ကား နံဝိဘတ် နှောင်းလျက် ၂ ခုသင်္ချာကို ဟောသော်လည်း အကွာရာ ၂ လုံးချင်း မတူ၍ အာဒေသဖြင့် မယူရ" ဟု သိစေလိုသောကြောင့် "ဥဘာဒိတောတိ ကိမတ္ထံ၊ ဥဘယေသံ" ဟု မိန့်သည်၊ ဥဘယတည်, နံသက်, ဤသုတ်ဖြင့် နံကို ဣန္နံ ပြုသင့်သော်လည်း ဥဘာဒိ မဟုတ်သောကြောင့် မပြုရ၊ သဗ္ဗနာမာနံ နံမှိစသုတ်ဖြင့် နံကြောင့် အ ကို ဧပြု, သဗ္ဗတော နံ သံသာနံဖြင့် နံကို သံပြု။ [ချာသ၌ ဥဘိန္နံ ဒုဝိန္နံ ဥဘယေသံ အားလုံးကို "ဒွိ"တည်, နံသက်, ယောသုဒွိန္နံ ဒွေစ၌ စသဒ္ဒါဖြင့် ဒွိကို ဥဘ-ဒုဝိ-ဥဘယပြု၍ ရုပ်တွက်၏၊ ထိုတွက်နည်းကား ယောသုဒွိန္နံ ဒွေစသုတ်၏ ဝုတ္တိဆိုပုံအတိုင်း တွက်နည်းတည်း။]

၈၇။ **တိဟိ သင်္ချာဟိ**—တိသင်္ချာတခုတည်း ဖြစ်ပါလျက် "တိဟိ" ဟု ဗဟုဝုစ်ဖြင့် ထားခြင်းမှာ အပရိစ္စတ္တဝုတ္တအနုကရဏသဒ္ဒါ ဖြစ်သောကြောင့်တည်း၊ ချာသ၌ကား "၃ ခု သင်္ချာ"ကို ဟောသော တိသဒ္ဒါ၏ အမြဲ ဗဟုဝုစ်ဖြစ်ကြောင်း သိစေခြင်းငှာ "တိဟိ" ဟု ဗဟုဝုစ်ထားကြောင်းကို ဖွင့်၏၊ အနုကရဏ အမျိုးမျိုးကို တဿာဝါ သုတ်၌ ပြခဲ့ပြီ၊ တိသင်္ချာသဒ္ဒါဖြစ်ကြောင်း ထင်ရှားစေခြင်းငှာ "ဒိဃ"မပြုပဲ "တိဟိ" ဟု ရဿဖြင့် ရှိသင့်၏၊ တီဟိ-ဟု ဒီဃဖြင့်ရှိလျှင် "တီ" သင်္ချာလေလားဟု ယုံမှားဖွယ်ရှိသည်။

တိဏ္ဏံ, တိဏ္ဏန္နံ—သက္ကတ၌ "တြဲ" ဟု ရှိ၏၊ ရနောက်၌ နငယ်ကို ဏကြီးပြန်လေ့ရှိခြင်းကား သက္ကတထုံးစံတည်း၊ ထို့ကြောင့် တိနောင် နံသက်၍ ဒေါဓဿစ၌ စသဒ္ဒါဖြင့် နကို ဏပြု, ဒွေဘော်လာလျှင် "တိဏ္ဏံ" ဟု ပြီးနိုင်၏၊ သို့သော် "တိဏ္ဏန္နံ"၌ကား ထိုနည်းအတိုင်း မပြီးနိုင်၊ ထို့ကြောင့် ရုပ် ၂ မျိုးလုံးကို လွယ်ကူစွာ ပြီးစေခြင်းငှာ ဤသုတ်ကို တည်ရသည်၊ တိဏ္ဏန္နံ၌ကား အလယ်၌ ဏ္ဏ ခြားနေသောကြောင့် နံ၌ ဏကြီး မပြန်ရတော့ပြီ၊ ရုပ်ကို အခြေပြု၍ ပြထားပြီ၊ ဒွိန္နံကား တိသဒ္ဒါမဟုတ်သောကြောင့် ဤသုတ်ဖြင့် ဣတ္ထံ-ဣတ္ထာနံ မပြုရ၊ နောစဒွါဒိတော နံမှိသုတ်ဖြင့် (န်) လာ။

၈၈။ **ယောသု ကတနိကာရလောပေသု**—ယောစ-ပဌမာယောလည်း၊ ယောစ-ဒုတိယာ ယောလည်း၊ ယော-ပဌမာယော ဒုတိယာယောတို့၊ ["ယောယော" ဟု ဖြစ်သင့်လျက် ဧကသေသပြု၍ "ယော" ဟု ဖြစ်သည်၊] ကတာ+နိကာရလောပါ+ယေသံတိ-ကတနိကာရလောပါ၊ "ယေသံ-အကြင် ယောဝိဘတ်တို့၏" ဟု ပေး၊ "ကတနိကာရ, ကတလောပ" ဟု ၂ မျိုးခွဲ၊ "ကတနိကာရ-ပြုအပ်ပြီးသော နိအက္ခရာ

အကြောင်စိတ်၊ တာနိ-ထိုစိတ်၊ ကာနိ, ကတမာနိ-အဘယ်စိတ်၊ တောနိ-ဤစိတ်၊ အမူနိ-ထိုစိတ်၊ ဣမာနိ-ဤစိတ်တို့သည်, တို့ကို၊ ယောသွိတိ ကိမတ္ထံ၊ အဂ္ဂိ၊ပေ၊ အမုကော-ဟိုဌ်....၏၊ အဂ္ဂိ-မီးသည်၊ (သည်-ဟု ချည်းပေး၊) သဗ္ဗော-အလုံးစုံ၊ ယော-အကြောင်သူ၊ ကတနိကာရလောပေသွိတိ-ကတနိကာရလောပေသု ပုဒ်သည်၊ ကိမတ္ထံ၊ ဣတ္ထိယော၊ပေ၊ သယမ္ဘုဝေါ-တို့ဌ်....၏၊ ပုန-တဖန်၊ ဝါ-အပို၊ အာရမ္ဘဂ္ဂဟဏံ - ဤသုတ်ကို ယူခြင်းသည်၊ [''အာရဗ္ဘဂ္ဂဟဏံ - ဤသုတ်ကို

---

အဖြစ်ရှိသော ယောဝိဘတ်'' ဟူသည် ယောနံ နိ နပုံသကေဟိ-အတောနိစ္စံသုတ်ဖြင့် နိ ပြုထားသော ယောဝိဘတ်တည်း၊ ''ကတလောပ-ပြုအပ်ပြီးသော ကြေခြင်းရှိသော ယောဝိဘတ်'' ဟူသည် ဃပတောစ ယောနံ လောပေါ သုတ်ဖြင့် ချေအပ်ပြီးသော ယောဝိဘတ်တည်း၊ ဆိုလိုရင်းကား-''ထိုသုတ်များဖြင့် ယောကို နိ ပြုပြီးသော်လည်းကောင်း ချေပြီးသော်လည်းကောင်း ဤသုတ်ဖြင့် ဒီဃပြု'' ဟု ဆိုလိုရင်းဖြစ်သည်။

**သဗ္ဗေသရာ** ဒီဃံ—သုတ်၌''သရာ'' မပါသော်လည်း''ဒီဃပြု''ဟု ဆိုသဖြင့် ဗျည်းကို ဒီဃ မပြုနိုင်ရကား ''သရ''ဖြစ်ကြောင်း သိသာ၏။ ထို့ကြောင့် ''သရာ''ဟု ထည့်နိုင်သည်၊ ထို သရဟူသည်လည်း ဒီဃပြုရမည့်သရ ဖြစ်သောကြောင့် ''ရဿ သရ'' ကို ယူ၊ ထို ရဿသရများလည်း လိင်အားလုံး၌ဖြစ်သော သရအားလုံးကို ယူစေလို၍ ''သဗ္ဗေ''ဟု ထည့်၍ ဖွင့်ရပြန်သည်၊အချို့ရုပ်များကို အခြေပြု၌ ပြထားပြီ၊ ပြမထားသော ရုပ်များလည်း အလွယ်ပင်၊ ''ကာနိ''ကိုကား ''ကိံ'' တည်၍ ကိဿ က ဝေစ၌ စသဒ္ဒါဖြင့် ကိံကို က ပြုရုံသာ ထူး၏။

**ယောသွိတိ၊ပေ၊အမုကော**—''အဂ္ဂိ'' တည်, သိသက်, ဤသုတ်ဖြင့် ဣကို ဒီဃ ပြုသင့်သော်လည်း ယော မနှောင်းသောကြောင့် ဒီဃ မပြုရ, သေသတော သုတ်ဖြင့် သိချေ၊ ရတ္တိ စသည်လည်း နည်းတူ၊ ကော၌ ကိံတည်,သိသက်,ရှေ့အတိုင်းဆို၊ ကိဿ ကဝေစ၌ စသဒ္ဒါဖြင့် ကိံကို ကပြု, သိကို ဩပြု၊ အမုကော၌ ''အမု'' တည်, သိသက်, သဗ္ဗတောကောသုတ်ဖြင့် (က) လာ၊ ရှေ့အတိုင်းဆို, သိကို ဩပြု၊

**ကတနိကာရ၊ပေ၊သယမ္ဘုဝေါ**—ဣတ္ထိယောကို ''ဣတ္ထိ'' တည်, ယောသက်, ဤကို ပမှည့်, အဃောရဿသုတ်ဖြင့် ဤကို ဣရဿပြု၊ ဤသုတ်ဖြင့် ယောဝိဘတ်ကြောင့် ဣကို (ဤ) ဒီဃ ပြုသင့်သော်လည်း ကတနိကာရ ကတလောပ မဟုတ်သောကြောင့် ဒီဃမပြုရ, ပြီး၏၊ ဝဓုယော သယမ္ဘုဝေါတို့၌လည်း ဝဓူ သယမ္ဘူ။ တည်၍ နည်းတူဆို၊ သယမ္ဘုဝေါ၌ကား ''ဒီဃ မပြုရ'' ဟု ဆိုပြီးနောက် လတော ဝေါကာရောစသုတ်ဖြင့် ယောကို ဝေါ ပြုရုံသာ ထူးသည်။

**မှတ်ချက်။** ။ဣတ္ထိယော စသော ပုံစံ ၃ ခု၌ ဒီဃကို ရဿပြုပြီးမှ တဖန် ''ဒီဃ မပြုရ'' ဟု တားမြစ်နေရသဖြင့် စည်းကမ်းမကျလှ၊ ထို့ကြောင့် ''ရတ္တိယော, အဂ္ဂယော, ဘိက္ခုဝေါ'' တို့ကို ထုတ်ရလျှင် သာ၍ စည်းကမ်းကျဖွယ် ရှိမည်-ထင်သည်။

အားထုတ်၍ ယူခြင်းသည်''ဟုလည်း ရှိ၏၊] ကိမတ္ထံ-နည်း၊ နိစ္ဆဒီပနတ္ထံ-နိစ္ဆဝိဝိကို ပြရခြင်း အကျိုးရှိ၏၊ အဂ္ဂိ၊ပေ၊ ကတမာနိ - အဘယ်စိတ်တို့သည်, တို့ကို။ (၁၄၇)။

**သုန်ဟိ သုစ** ၈၉။ သုန်ဟိ ဉာတိ-သု,နံ, ဟိ ဟူကုန်သော၊ ဧတေသု-ဤ ဝိဘတ်တို့ကြောင့်၊ သဗ္ဗေ သရာ ဒီဃံ အာပဇ္ဇန္တေ၊ အဂ္ဂိသု-တို့၌၊ပေ၊ ပုရိသာနံ-တို့အား၊ ဧတေသွိတိ-ဤသုန်ဟိ ဝိဘတ်တို့ကြောင့် ဟူသည်၊ ကိမတ္ထံ၊ အဂ္ဂိနာ၊ပေ၊ ဉာတိ-ဤ ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊

---

**ပုနာရမ္ဘဂ္ဂဟဏံ၊ပေ၊ကတမာနိ**—ဤသုတ် မရှိလျှင် ''ကွစာဒိ မဇ္ဈေတ္တရာနံ ဒီဃ ရဿာ ပစ္စယေသုစ'' သုတ်ဖြင့် ဒီဃပြုနိုင်၏၊ ထို့ကြောင့် ဤသုတ်ကို အပိုဆိုရခြင်း သည် အဘယ်အကျိုးရှိသနည်း....ဟု မေးဖွယ်ရှိသောကြောင့် ''ပုန၊ပေ၊နိစ္ဆဒီပနတ္ထံ'' ဟု မိန့်သည်၊ ''သိဒ္ဓေ သတိပိ အာရမ္ဘော နိယမာယ ဟောတိ'' နှင့်အညီ ဤသုတ် မရှိပဲ ပြီးနိုင်လျက် အားထုတ်အပ်သော ဤသုတ်သည် မြဲခြင်းအကျိုးရှိသည်-ဟူလို၊ မှန်၏-ကွစာဒိ မဇ္ဈုတ္တရာနံသုတ်၌ ကွစိသဒ္ဒါ ပါသောကြောင့် ထိုသုတ်၏ အစီအရင် သည် အမြဲမဟုတ်, အနည်းငယ်သာ-ဟု သိသာ၏၊ ''ကတနိကဂရယော, ကတ လောပယော နှောင်းရာ၌ကား အမြဲစီရင်ပါ'' ဟု ပြခြင်းငှာ ဤသုတ်ကို အားထုတ်ရ သည်၊ ရုပ်များမှာ ရှေ့၌ ပြပြီးသော ''အဂ္ဂိ'' စသည်ပင်တည်း၊ ဤသုတ် အစီအရင် မြဲကြောင်း သိစေလို၍ ထိုရုပ်များကိုပင် ထပ်ပြသည်။

**မှတ်ချက်။** ။''ပုန-တဖန်'' ဟူရာ၌ ရှေ့၌ ဆိုပြီးရှိ၍ ဤသုတ်ကို ''တဖန်'' ဟု ဆိုလိုသည် မဟုတ်၊ အစီအရင်ချင်း ထပ်တူရှိ၍ ဤသုတ်ကို ''အပို ထပ်သည်'' ဟု ဆိုလို သည်၊''အာရမ္ဘ, ဝစန, ပတ္တိ, လက္ခဏ, ယောဂ, လက္ခဏံ, သတ္တ, ဝါကျ, ယတန'' ဤသဒ္ဒါ ၉ မျိုးသည် ''သုတ္တ'' ၏ ပရိယာယ် သဒ္ဒါများတည်း။ [ဂါထာ၌ ''သုတ္တဿ-သုတ်၏၊ ဝါ-ကို၊ အဘိဓေယကာ-ဟောတတ်သော အမည်တို့တည်း-ဟု ပေး။] အာရမ္ဘဂ္ဂဟဏံ ရှိရာ၌ကား ''အာရမ္ဘ'' ၌ တွာပစ္စယန္တဟု မှတ်၊ သဒ္ဒါဋီကာအများ ကား ''ပုန အာရဘိတွာ'' စသည်ဖြင့် အာရမ္ဘကိုသာ ဖွင့်ကြသည်။

အာရမ္ဘော ဝစနံ ပတ္တိ, လက္ခဏံ ယောဂ လက္ခဏံ၊
သတ္တံ ဝါကျဉ္စ ယတ္နာဒိ, သုတ္တဿ အဘိဓေယကာ။

၈၉။ သုတ်ရင်း ပုံစံများ ထင်ရှားပြီး၊ ''ဧတေသွိတိ''၌ ''ဧတေသု''ဖြင့် ''သုနံ ဟိသု'' ကို ပြန်၍ညွှန်းသည်၊ သုနံဟိသွိတိ ကိမတ္ထံ'' ဟု ဆိုလိုလျှင်လည်း ဆိုနိုင်၏၊ သို့သော် ဝုတ္တိအဖွင့်၌ပင်''သုနံဟိ ဇူစ္စေတေသု=ဉာတိ ဧတေသု''ဟု ဆိုခဲ့သောကြောင့် ထို ''ဧတေသု'' နှင့် ထပ်မိအောင် ''ဧတေသွိတိ ကိမတ္ထံ''ဟု ဆိုသည်၊ အဂ္ဂိနာ စသော ပုံစံများ၌ ''အဂ္ဂိ'' တည်, နာသက်, ဤသုတ်ဖြင့် ဣကို ဒီဃ ပြုသင့်သော် လည်း သုန်ဟိဝိဘတ် မနှောင်းသောကြောင့် မပြုရ, ပြီး၏၊ ပါဏိနာ ဒဏ္ဍိနာ တို့လည်း နည်းတူ၊ ဒဏ္ဍီတည်၍ အဃော ရဿဖြင့် ရဿပြုရုံသာ ထူး၏။

စဂ္ဂဟာဏံ, အဝဓာရဏတ္ထံ-နိဝတ္တာပန အဝဓာရဏအနက် ရှိ၏၊ သုခေတ္တေသု-ကောင်းသောခေတ် ဖြစ်ကုန်သော၊ ဗြဟ္မစာရိသု-မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူတို့၌၊ဘဂဝါ-သည်၊ ဓမ္မံ-ကို၊ အက္ခာသိ-ဟောတော်မူပြီ၊ ဘိက္ခုနံ-တို့အား၊ သကေဟိပါဏိဘိ-မိမိလက်တို့ဖြင့်၊ ဒတွာ-ပေး၍၊ (၈၇)။

**ပဥ္စာဒီန မတ္တံ** ၉၀။ သုနံဟိဣတိ, ဧတေသု၊ ပဥ္စာဒီနံ, သင်္ချာနံ-သင်္ချာသဒ္ဒါတို့၏၊ အန္တော-အဆုံးသရသည်- အတ္တံ အာပဇ္ဇတေ+ပဥ္စသု-၅ ယောက်တို့၌၊ပေ၊ ဒသဟိ-ဆယ်ယောက်တို့ဖြင့်၊ ပဥ္စာဒီနံ ဣတိ-ပဥ္စာဒီနံ ပုဒ်

---

စဂ္ဂဟာဏ၊ ပေ၊ ပါဏိဘိ—ဤ၌ "အဝဓာရဏ" ဟူသည် ဒီဃအပြုကို တားမြစ်ခြင်း နိဝတ္တာပန အဝဓာရဏတည်း၊ "ဗြဟ္မစာရိ-ဘိက္ခု-ပါဏိ" တည့်, သု-နံ-ဟိ သက်, ဤသုတ်ဖြင့် ဣ ဥတို့ကို ဒီဃပြုသင့်သော်လည်း စသဒ္ဒါမြစ်သောကြောင့် မပြုရ, ပြီး၏၊ ပါဏိဘိ၌ကား ဟိကို ဘိ ပြုလေဦး၊ ချာသ၌ ဤရုပ် ၃ ခုကိုသာ ရုပ်တွက် ပြ၏၊ သုခေတ္တေသု, သကေဟိတို့ကို တွက်မပြ၊ တွဲဘက်ဖြစ်၍ အပိုပါသည်-ဟု ဆိုလိုဟန် တူသည်၊ ဤချာသကိုမှီး၍ ရူပသိဒ္ဓိ၌လည်း "စဂ္ဂဟာဏ မိကာရုကာရာနံ ဣစ္စိ နိဝတ္တနတ္ထံ" ဟု ဆိုသည်။

နိဒ္ဒေသ၌ကား (သုခေတ္တေသု သကေဟိတို့ကို ထောက်၍) "သုဟိသွကာရော ဧ သုတ်ဖြင့် သုဟိ ဝိဘတ်နှောင်းရာ၌ ဧပြုမည်ဖြစ်သောကြောင့် ထိုသုတ် အစီအရင်ကို ငဲ့၍ စသဒ္ဒါက သုဟိနှောင်းသော အကာရန္တ အရာ၌သာ ဒီဃ အပြုကို တားမြစ်သည်" ဟု ဆိုသည်၊ [နိဝတ္တနဥ္စ သုဟိသွကာရောဧတိ သုတ္တမပေက္ခာယ သုဟိပရေသု အကာရန္တေသွေဝ ဟောတိ၊] "သုခေတ္တေသု (အကာရ) ဗြဟ္မစာရိသု (ဣ) ဘိက္ခုနံ (ဥ) သကေဟိ (အ) ပါဏိဘိ (ဣကာရ)" ဟု ပုံစံထုတ်သော ဝုတ္တိဆရာကား "ဣ ဥကာရန္တ သဒ္ဒါတို့ဝယ် သု နံ ဟိ ၃ လုံး နှောင်းရာ၌ အချို့ ဒီဃအပြုကို တားမြစ်၍ အကာရန္တ၌ကား သု ဟိ ၂ လုံးနှောင်းရာ၌ အမြဲဒီဃ အပြုကို တားမြစ် လိုဟန်တူသည်၊ ထို့ကြောင့် ချာသ ရူပသိဒ္ဓိအဆိုနှင့် နိဒ္ဒေသအဆိုကို ပေါင်း၍ယူမှ ဝုတ္တိဆရာ၏အာဘော် ပြည့်စုံမည်ထင်သည်။ ["ဗြဟ္မစာရိ" ဟု ဣကာရန္တလည်း ရှိနိုင်ကြောင်းကို ရူပသိဒ္ဓိ ဤကာရန္တပုလ္လိင် အဖွင့်မှာ ရှု။]

၉၀။ ပဥ္စာဒီနံအန္တော—အန္တောသဒ္ဒါသည် သုတ်၌ မပါ, ရှေ့သုတ်မှ အလိုက်လည်း မရှိ၊ သို့သော် "ပဥ္စာဒီနံ"၌ ဆဋ္ဌီ နံဝိဘတ်သည် အန္တကို ငဲ့သောကြောင့် "အန္တော" ဟု ပက္ခိပနဝုတ္တိ ဖွင့်နိုင်သည်၊ ချဲ့ဦးအံ့-ဆဋ္ဌီဝိဘတ်သည် "၏" ဟု အနက်ထွက်၏၊ "၏" ဟု ဆိုလျှင် "သင်္ချာသဒ္ဒါတို့၏+အပြု" ဟု အာဒေသကိုသော်လည်းကောင်း, "သင်္ချာသဒ္ဒါတို့၏+ကြေခြင်း" ဟု လောပကိုသော်လည်းကောင်း, "သင်္ချာသဒ္ဒါတို့၏+အစ, သို့မဟုတ် အလယ်"ဟု အာဒိ, မဇ္ဈကိုသော်လည်းကောင်း, "သင်္ချာသဒ္ဒါတို့၏+အဆုံး"ဟု အန္တကိုသော်လည်း ငဲ့လျက် စပ်လျက် ရှိရ၏၊ ဤသုတ်၌ကား အာဒေသ စသည်ကို ငဲ့စပ်၍ မသင့်, အန္တကိုသာ ငဲ့စပ်သင့်သောကြောင့်

သည်၊ ကိမတ္တံ၊ ဒွိသု-၂ ယောက်တို့၌၊ပေ၊ ဒွိပဲ-တို့ဖြင့်၊ အတ္တံ ဣတိ-အတ္တံ ဟူ၍၊ ဘာဝနိဒ္ဒေသော- ဘော အနက်ဟော တ္တပစ္စည်းဖြင့် ညွှန်ပြခြင်းသည်၊ ဥဘယသာဂမနတ္တံ-၂ ပါးစုံသော (သ) လာရခြင်း အကျိုးရှိ၏၊ အန္တော-အဆုံးဖြစ်သော၊ဥကာရော၊ဥ အက္ခရာသည်၊အတ္တ-အ အဖြစ်သို့၊ အာပဇ္ဇတေ၊စတဿန္နံ-န်သော၊ ဣတ္ထီနံ-တို့အား၊တိဿန္နံ-န်သော၊ ဝေဒနာနံ-တို့အား။ (၂၅၂)။

**ပတိဿိနိမှိ** ၉၁။ ပရေ, ဣနိမှိ, ပစ္စယေ-ကြောင့်၊ ပတိဿ-၏၊ အန္တော-အဆုံး ဣသရသည်၊ အတ္တံ အာပဇ္ဇတေ၊ ဂဟပတာနီ-အိမ့်ရှင်မသည်၊ ဣနိမှိတိ ကိမတ္ထံ၊ ဂဟပတိ-အိမ့်ရှင် ယောကျ်ားသည်၊ ဣတိ-ဤပြယုဂ်၌ တားမြစ်ရခြင်း အကျိုးရှိ၏။ (၁၉၄)။

---

"အန္တော" ဟု ထည့်ရသည်၊ ဤအရာမျိုးကို ရူပသိဒ္ဓိ၌ "အန္တာပေက္ခဆဋ္ဌီ" ဟု ဆိုလေ့ရှိသည်။ [ရူပသိဒ္ဓိ "ကောဒိတော ဒသဿိ" သုတ်၏ဋီကာ၌ ဆဋ္ဌီယန္တပုဒ်သည် အာဂမကိုလည်း ငဲ့စပ်၏-ဟု ဖွင့်သေး၏၊ သို့သော် အာဂမကို ငဲ့စပ်ရာ၌လည်း ဝေါသရေ ပုထဿာဂမောသုတ်၌ "ပုထဿ+အန္တေ" ကဲ့သို့ အန္တသဒ္ဒါ ပါရသေးသောကြောင့် "အန္တာပေက္ခာ" ပင် ဆိုသင့်သည်။]

[ဆောင်] ဆဋ္ဌီဝိဘတ်, ရှိတုံလတ်က, အာဒေသနှင့်, လောပ-အာဒိ, ဗွေ့ျံမန္တော,
ငဲ့စပ်သောကြောင့်, သဘော ချင့်လတ်, အန္တ စပ်မှ, သင့်မြတ်ဖွယ်ရာ,
ရှိနိုင်ပါ၍, အန္တာပေက္ခ, ဖွင့်ရလေသည်, ဤဆဋ္ဌီ, မှတ်ပြီ ရူပသိဒ်။

ပုံစံ။ ။ဒသ သင်္ချာအထိသာ ပုံစံပြထားသော်လည်း ပဥ္စာဒိနံ၌ အာဒိအရ အဋ္ဌာရသတိုင်အောင် ယူနိုင်၏၊ အဋ္ဌာရသ၌လည်း "အဋ္ဌ+ဒသ" ပုဒ်ရင်းဖြစ်၍ ဒသသဒ္ဒါပင် ဖြစ်ရကား ကောဒသမှ အဋ္ဌာဒသတိုင်အောင် ဒသနှင့် တူသောကြောင့် ပုံစံမပြတော့၊ ရုပ်ကို အခြေပြု၍ တွက်ထားပြီး။ [(အ) ထပ်ပြုရကျိုးကို ရူပသိဒ္ဓိ၌ ပြထားပြီ။]

**အတ္တမိတိ ဘာဝနိဒ္ဒေသော**—"ပဥ္စာဒိန မံ" ဟု ဆိုလျှင် "အ အဖြစ်သို့"ဟု လိုအပ်သောအနက် ပြီးနိုင်လျက် "အတ္တံ" ဟု ဘာဝအနက်ဟော (တ္တ) ပစ္စည်းဖြင့် ပြခြင်းသည့် သဒ္ဒါပို၏၊ ထိုသဒ္ဒါပိုသည် အဘယ်အကျိုးရှိသနည်း....ဟု မေးဖွယ်ရှိသောကြောင့် "အတ္တမိတိ" စသည်ကို မိန့်၊ ဘာဝနိဒ္ဒေသ (တ္တ) ပစ္စည်းဖြင့် ညွှန်ပြရခြင်းသည် စတဿန္နံ တိဿန္နံတို့၌ သ ၂ လုံးလာရခြင်း, စတဿန္နံ၌ ဥကို (အ) ပြုရခြင်း အကျိုးရှိသည်-ဟူလို၊ စတဿန္နံကို စတုတည်, နံသက်, အတ္တံဟူသော ဘာဝနိဒ္ဒေသကြောင့် (သ၊) လာ, ဥကိုလည်း (အ) ပြု, ပြီး၏၊ တိဿန္နံ၌ကား ဥကို (အ) ပြုဖို့ရာ (ဥ) ပင် မရှိ၊ ဤရုပ်တို့သည် နောစဒွါဒိတောနံမှိသုတ်၏ စသဒ္ဒါဖြင့်လည်း ပြီးနိုင်၏၊ သို့သော် ဤနည်းဖြင့်လည်း ပြီးနိုင်၏-ဟု ပြီးနိုင်ပုံ တနည်းကိုပြလို၍ ဤသုတ်၌ ထပ်ပြပြန်သည်၊ ပဋ္ဌုန္နဂတိကနည်း-ဟု ဆိုကြသည်ကို ဆင်ခြင်။

၉၁။ ဤသုတ်၌ အထူးမရှိ၊ "ဂဟပတိ" တည်, ပတိ ဘိက္ခုရာဇီကာရန္တေဟိ ဣနီသုတ်ဖြင့် ဣနီပစ္စည်းသက်, သရလောပေါ စသောသုတ်ဖြင့် ဣနီပစ္စည်းကြောင့် ရှေ့သရ

**န္တုဿန္တော ယောသုစ** ၆၂။ ပရေသု, သုနံဟိယော ဣတိ - ဟူကုန်သော၊ ဧတေသု-ဤဝိဘတ်တို့ကြောင့်၊ န္တုပစ္စယဿ အန္တော အတ္တံ အာပဇ္ဇတေ၊ ဂုဏဝန္တေသု - ဂုဏ်ရှိသူတို့၌၊ပေ၊ ဂုဏဝန္တာ - တို့သည်၊ ဂုဏဝန္တေ-တို့ကို၊ န္တုဿေတိ ကိမတ္ထံ၊ ဉာသီနံ-ရသေ့တို့အား၊ ဣတိ-ဤပြယုဂ်၌....၏၊ ဧတေသွိတိ-ဤ သုနံဟိယော ဝိဘတ်တို့ကြောင့် ဟူသည်၊ ကိမတ္ထံ၊ ဂုဏဝါ - ဂုဏ်ရှိသူ၊ ဣတိ - ဤ ပြယုဂ်၌....၏၊ စဂ္ဂဟဏေန - ဖြင့်၊ အညေသု ဝစနေသု - သုနံဟိယောမှ အခြားဝိဘတ်တို့ကြောင့်၊ အတ္တဉ္စ - အ အဖြစ်သည် လည်း၊ ဟောတိ၊ ဂုဏဝန္တသ္မိံ-ဂုဏ်ရှိသူ၌၊ ဂုဏဝန္တေန-ဖြင့်၊ အန္တဂ္ဂဟဏေန-

---

ကို ချေသင့်သော်လည်း တုသဒ္ဒါမြစ်သောကြောင့် မချေရ၊ ပတိဿိနီမှိသုတ်ဖြင့် ဣနီ ပစ္စည်းကြောင့် ပတိ၏ အဆုံး ဣကို (အ) ပြု၊ ဝါပရော အသရူပါသုတ်ဖြင့် နောက် ဣကိုချေ, ပုဗ္ဗောစ သုတ်ဖြင့် ရှေ့ (အ) ကို အာဒီဃပြု, (ဂဟပတာနီ) နာမ်ငဲ့, သိသက်, ချေ, ပြီး၏၊ ဂဟပတိကို "ဂဟပတိ" တည်, ဤသုတ်ဖြင့် ပတိ၏ အဆုံး ဣကို (အ) ပြုသင့်သော်လည်း ဣနီပစ္စည်း မနှောင်းသောကြောင့် မပြုရ, သိသက်, ချေ, ပြီး၏။

၆၂။ **သုနံဟိယော ဣစ္စေတေသု**—သုတ်၌ "ယောသုစ" ဟု ယောဝိဘတ်သာ ပါသော်လည်း သုနံဟိသုစသုတ်မှ သုနံဟိသဒ္ဒါ လိုက်လာသောကြောင့် "သုနံဟိ ယော ဣစ္စေတေသု" ဟု ဖွင့်နိုင်သည်၊ ရုပ်ကို အခြေပြု၌ ပြထားပြီ၊ ဉာသိနံကို "ဉာသိ" တည်,နံသက်,န္တုဿန္တော ယောသုစ သုတ်ဖြင့် နံဝိဘတ်ကြောင့် သိ၌ ဣကို (အ) ပြု သင့်သော်လည်း န္တုသဒ္ဒါ မဟုတ်သောကြောင့် မပြုရ၊ သုနံဟိသုစသုတ်ဖြင့် ဣကို ဤ ဒီဃပြု,ပြီး၏၊ "ဧတေသွိတိ၊ပေ၊ဂုဏဝါ"၌ ဧတေသုဖြင့် "သုနံဟိယော ဣစ္စေတေသု" ကို ညွှန်ပြသည်၊ ဂုဏဝါ၌ "ဂုဏဝန္တု" တည်, သိသက်, ဤသုတ်ဖြင့် န္တု၏ ဥကို (အ) ပြုသင့်သော်လည်း သုနံဟိယောဝိဘတ် မနှောင်းသောကြောင့် မပြုရ၊ အာသိမှိ သုတ်ဖြင့် ဝိဘတ်နှင့်တကွ အာပြု။ [ဤကိ° ၂ ချက်ကိုထောက်၍ "သုနံဟိယော ဝိဘတ် နှောင်းခြင်း န္တု၏ ဥလည်းဖြစ်ခြင်း" ဟု သုတ်အင်္ဂါ ၂ ပါးကို သိပါ။]

**စဂ္ဂဟဏေန၊ပေ၊ဂုဏဝန္တေန**-စ သဒ္ဒါသည် သုနံဟိယောတို့မှတပါး အခြား ဝိဘတ်များကြောင့်လည်း န္တု၏ (ဥ) ကို အ ပြုဖို့ရန် ဆည်းယူခြင်း သမုစ္စည်းအနက် ရှိ၏၊ ထိုသို့ ဆည်းယူရာ၌ "ဂုဏဝန္တသ္မိံ, ဂုဏဝန္တေန" ဟု ပုံစံ ၂ ခုကိုသာ ပြသော ကစ္စည်းအလို သ္မိံနှင့် နာဝိဘတ် ၂ ခုကိုသာ ဆည်းယူသကဲ့သို့ ထင်ရသော်လည်း ရူပသိဒ္ဓိ၌ အံ နာ သ္မာ သ္မိံ ၄ လုံးကို ဆည်းယူသည်-ဟု ဖွင့်သည်၊ အံဖြင့် ဂုဏဝန္တံ, သ္မာဖြင့် ဂုဏဝန္တသ္မာကို ယူ၊ သုတ်ရင်းဖြင့် သုနံဟိယောကိုလည်းကောင်း, စဖြင့် အံ နာ သ္မာ သ္မိံကိုလည်းကောင်း ယူသောကြောင့် ဤသုတ်ဖြင့် မယူနိုင်သော ဝိဘတ် ကား သဝိဘတ်သာ ကျန်တော့သည်။ [ရုပ်ကို အခြေပြုမှီး၍ တွက်။]

အန္တသဒ္ဒါဖြင့်၊ န္တုပစ္စယဿ-၏၊ အန္တော-သည်၊ အတ္တံ အာပဇ္ဇတေ၊ ယောနန္ဒု-ယော ဝိဘတ်တို့၏လည်း၊ ဋကာရော - ဋ အပြုသည်၊ ဟောတိ၊ ဂုဏဝန္တု-ဂုဏ်ရှိသော အမျိုးတို့သည်, တို့ကို။ (၁၀၀)။

**သဗ္ဗဿ ဝါ အံသေသု**

၉၃။ အံသ ဣတိ-အံ,သ ဟူကုန်သော၊ ဧတေသု-၎င်း ဝိဘတ်တို့ကြောင့်၊ သဗ္ဗဿဝ န္တုပစ္စယဿ အတ္တံ, ဝါ ဟောတိ-ဝိကပ် ဖြစ်၏၊ သတိမံ-သတိရှိသော၊ ဘိက္ခုံ-ကို၊ သတိမန္တံ ဘိက္ခုံဝါ-သတိမန္တံ ဘိက္ခုံဟူလည်း ရှိ၏၊ ဗန္ဓုမံ-ဆွေမျိုးရှိသော၊ ရာဇာနံ-မင်းကို၊ ဗန္ဓုမန္တံ ရာဇာနံဝါ-လည်း ရှိ၏၊ သတိမဿ-သတိရှိသော၊ ဘိက္ခုနော-အား၊

---

မှတ်ချက်။ ။ဤသုတ်-ယောသုစ၌ စသဒ္ဒါကို သမုစ္စည်းအနက်ရှိ၏ဟု တိုက်ရိုက်ဆိုထားပြီ၊ အချို့ကား စသဒ္ဒါဖြင့် "သုနံဟိ" ကို ငင်သည်ဟု ဆိုကြသေး၏၊ သို့သော် "ယောသု" ကဲ့သို့ နိမိတ်နောင် ထိုင်သော စသဒ္ဒါက အခြားနိမိတ်ကို ငင်သည်ဟု ထုံးစံမရှိ၊ အဝံမှိစ၌ "အဝစ-အဝ အပြုသည်လည်း"ဟု ကာရိယနောင် ထိုင်သော စဖြင့် "အာဝ" ဟူသော ကာရိယကို ငင်သည်-ဟု မဆိုခဲ့၊ အာဝကား အနုဝတ္တနသဘောအားဖြင့် လိုက်ရိုးထုံးစံအတိုင်း လိုက်လာသည်-ဟု ဆိုခဲ့သည်၊ ထိုအဝံမှိစ၌ စသဒ္ဒါလည်း ဤသုတ်ကဲ့သို့ အဝုတ္တသမုစ္စည်းပင် ဖြစ်၏၊ ထို့ကြောင့် စသဒ္ဒါ၏ အနုကစ္စနတ္တဆိုခြင်းကို ဆင်ခြင်ပါ။

**အန္တဂ္ဂဟဏ၊ ပေ၊ ဂုဏဝန္တု**—ပဉ္စာဒီနမတ္တံ သုတ်၌ ဆဋ္ဌီဝိဘတ်၏ အန္တာပေက္ခ ဖြစ်သောကြောင့် အန္တသဒ္ဒါ မပါပဲ "အန္တော" ဟု ထည့်နိုင်သကဲ့သို့ ဤသုတ်၌လည်း "န္တုဿ" ၌ ဆဋ္ဌီဝိဘတ်ကို အန္တာပေက္ခကြံလျှင် "အန္တော" မပါပဲပြီးနိုင်၏၊ ထို့ကြောင့် အန္တသဒ္ဒါပိုသည်၊ "ထို အန္တ သဒ္ဒါပိုဖြင့် သိရသော အနက်ပို တမျိုးကား အဘယ်ပါနည်း" ဟု မေးဖွယ်ရှိသောကြောင့် "အန္တဂ္ဂဟဏေန" စသည်ကိုမိန့်၊ အန္တသဒ္ဒါပိုဖြင့် "န္တု၏ ဥကို အ ပြု၍ ယောဝိဘတ်ကို ဋပြုခြင်း" ဟူသော အနက်ပိုကို သိရသည်—ဟူလို၊ ဂုဏဝန္တုကို "ဂုဏဝန္တု" တည်, ယောသက်, န္တုဿန္တော ယောသုစသုတ်၌ အန္တသဒ္ဒါပိုဖြင့် န္တု၏ ဥကို (အ) ပြု, ယောကိုလည်း ဋပြု, ဋွင်း, ချေ, ကပ်, ပြီး၏။ [ရူပသိဒ္ဓိ၌ကား န္တု၏ဥကို သုတ်ရင်းဖြင့် (အ) ပြု၍, အန္တသဒ္ဒါပိုဖြင့် ယောကိုသာ ဋ ပြု၏၊ ထိုအတိုင်းက သာ၍ စည်းကမ်းကျသည်၊ ဘာ့ကြောင့်နည်း,....ယောနောင်းရာ၌ န္တု၏ ဥကို သုတ်ရင်းဖြင့်ပင် ပြုနိုင်သောကြောင့်တည်း၊ "ဂုဏဝန္တု" ရုပ်ကို နပုလ္လိင်ဟု သဒ္ဒနီတိ ဆိုကြောင်းကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထားပြီ။]

**၉၃။ သဗ္ဗဿေဝ န္တုပစ္စယဿ**—"ရှေ့သုတ်သည် န္တု၏ အဆုံး ဥ သရကိုသာ စီရင်သောကြောင့် ဤသုတ်လည်း ထိုကဲ့သို့ န္တုအဆုံးကိုသာ စီရင်လေသလား"... ဟု ယုံမှားဖွယ်ရှိရကား "သဗ္ဗဿ" ဟု သုတ်၌လည်းကောင်း "သဗ္ဗဿေဝ"ဟု ဧဝနှင့်တကွ ဝုတ္တိ၌လည်းကောင်း မိန့်သည်၊ ထို သဗ္ဗဿဖြင့် "န္တု၏အဆုံး ဥကိုသာ မပြုသင့်, န္တုတခုလုံးကိုပြု" ဟု သိစေသည်၊ "န္တုပစ္စည်း" ဟူရာ၌ "ဝန္တု၊ မန္တု၊ တဝန္တု၊

သတိမတော ဘိက္ခုနော ဝါ-သတိမတော ဘိက္ခုနော ဟုလည်း ရှိ၏၊ ဗန္ဓု မသာ-သော၊ ရညော-အား၊ ဝါ-တနည်း၊ ဗန္ဓုမတော-သော၊ ရညော-အား၊ သုက်ံ-အခွန်ကို၊ ဒေတိ-ပေး၏၊ ဧတေသ္မိတိ-ဤ အံ, သ တို့ကြောင့် ဟူသည်၊ ကိမတ္ထံ၊ သတိမာ-သော၊ ဘိက္ခု-သည်၊ ဗန္ဓုမာ သော၊ ရာဇာ-သည်၊ ဣတိ-ဤ ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏။ (၁၀၆)။

---

တာဝန္တု အာဝန္တု'' ပစ္စည်းတို့၏ တစိတ်တပိုင်းဖြစ်သော န္တု ကိုပင် အပေါင်း ''ဝန္တု'' စသည်၏ ပစ္စယ အမည်ကို အစိတ် (န္တု) ပေါ်တင်စား၍ ကေဒေသျ။ ပစာရအားဖြင့် ''န္တုပစ္စယ'' ဟု ခေါ်သည်။

ရုပ်တွက်။ ။''သတိမံ,သတိမသာ,ဗန္ဓုမံ,ဗန္ဓုမသာ'' တို့ကို အခြေပြု၍ ရုပ်တွက်ခဲ့ပြီ၊ ''သတိမန္တံ, သတိမတော, ဗန္ဓုမန္တံ ''ဗန္ဓုမတော'' တို့ကား ဝါသဒ္ဒါ၏ ဝိကပ်ရုပ်များတည်း၊ ''သတိမန္တု'' တည်, အံသက်၊ ဤသုတ်ဖြင့် အံဝိဘတ်ကြောင့် န္တုကို (အ) ပြုသင့်သော်လည်း ဝါသဒ္ဒါ တားမြစ်သောကြောင့် မပြုရ၊ ခွင်း, ချေ, ကပ်၊ ဗန္ဓုမန္တံလည်း နည်းတူ၊ သတိမတော ဗန္ဓုမတော၌ ဤအတိုင်း တားမြစ်၍ တောတိတာ သသ္မိံနာသုသုတ်ဖြင့် တောပြု။ [''ရညော သုက်ံ ဒေတိ'' တို့ကား သ ဝိဘတ်ဖြစ်ကြောင်း ထင်ရှားအောင် အပိုထည့် ပါဠိတည်း။] သတိမာ ဗန္ဓုမာ ဟူသော ကိံ ရုပ်၌လည်း သိသက် ဤသုတ်ဖြင့် န္တုကို (အ) ပြုသင့်သော်လည်း အံ သဝိဘတ် မနှောင်းသောကြောင့် မပြုရ ဟု ဆို၍ အာသိမှိသုတ်ဖြင့် တွက်။

မှတ်ချက်။ ။သတိမံ၌ န္တုကို (အ) ပြု၍ မ ကို ခွင်းပြီးသည့်အခါ ''သတိမ် အ+အ+အံ'' ဟု သရ ၃ လုံးဆက်နေ၏၊ သရလောပေါသုတ်၌ ''သဗ္ဗာနံ-ရှေ့သရတို့၏+လောပေါ-ကြေခြင်းတည်း၊ သရလောပေါ-ရှေ့သရတို့၏ ကြေခြင်း'' ဟု ဝိဂ္ဂြိုဟ်ပြုလျှင် ရှေ့သရ အများကို ချေနိုင်သောကြောင့် သရလောပေါသုတ်ဖြင့် ရှေ့သရ ၂ လုံးကို တပြိုင်နက် ချေ၊ တလုံးစီ ချေသောနည်းလည်း ရှိ၏၊ ရုပ်ပြီးသည်သာ ပဓာနတည်း၊ ထို့ပြင်=နိဒ္ဒေသ၌ ''ဤသုတ်ကို ပုလ္လိင်=နပုလ္လိင်အရာဝယ် မန္တုပစ္စည်း၏ န္တုကိုသာ စီရင်သောသုတ်'' ဟု ဆို၏၊ ''ဝဝတ္ထိတ ဝိဘာသတ္တာ နာတိပ္ပသင်္ဂေါ'' ဟု ဆိုသော ရူပသိဒ္ဓိ၌လည်း ဤအဓိပ္ပာယ်ပင် ဆို၏၊ သို့သော်-''ဟိမဝံ ပဗ္ဗတံဇူဝ (ဝိဓုရဇာတ်)'' ၌ ဟိမဝန္တံ အရာဝယ် န္တုကို အံပြု၍ ''ဟိမဝံ'' ဟု လည်းကောင်း, သန္တံ ဝါယဒိဝါ အသံ (သတ္တိကုမ္ဘဇာတ်)'' ၌ သန္တမှ န္တုကို န္တုငဲ့၍ ''အသံ'' ဟု လည်းကောင်း, ''ကီဗ္ဗာနုကုဗ္ဗသ ကရေယျ ကိစ္စံ (ဒုက, ပုဋ္ဌဘတ္တဇာတ်)''၌ ကုဗ္ဗန္တသ အရာဝယ် န္တုကို န္တုကဲ့သို့ငဲ့၍''ကုဗ္ဗသ''ဟုလည်းကောင်း ရှိသောကြောင့် မ န္တုပစ္စည်းသာမက ဝန္တု ကိုလည်း (အ) ပြုနိုင်ကြောင်းကို မော်ဂ္ဂလ္လာန် ပုံစံများဖြင့် သိနိုင်သည်။ [ပုလ္လိင် နပုလ္လိင်အရာ၌သာ စီရင်သည်-ဟူသော စကားကား သင့်ပါပေသည်၊ ဘာ့ကြောင့်နည်း....ဣတ္ထိလိင်၌ ''ဂုဏဝန္တီ-သတိဝန္တီ'' စသည်ဖြင့် (ဤ) ပစ္စည်းနှင့်တကွ ပြလေ့ရှိသောကြောင့်တည်း။]

**သိမ္ဗိ၀ါ** ၉၄။ သိမ္ဗိ ဝိဘတ္တိမှိ န္တုပစ္စယဿ, အန္တဿ-အဆုံး သရ၏၊ အတ္တံ ၀ါ ဟောတိ၊ ဟိမဝန္တော - ဆီးနှင်း ရှိသော၊ ၀ါ- ဟိမ၀န္တာ မည်သော၊ ပဗ္ဗတော-တောင်သည်၊ ၀ါတိ ကိမတ္ထံ၊ ဟိမ၀ါ-သော၊ ပဗ္ဗတော-သည်၊ ဣတိ-ဤ ပြယုဂ်တို့၌....၏။ (၁၀၅)။

**အဂ္ဂိဿိနိ** ၉၅။ သိမ္ဗိ ဝိဘတ္တိမှိ၊ အဂ္ဂိဿ - အဂ္ဂိသဒ္ဒါ၏၊ အန္တဿ - အဆုံး သရ၏၊ ဣနိ, ၀ါ ဟောတိ-၏၊ ပုရတော-ရှေ့၌၊ အဂ္ဂိနိ-မီးသည်၊ ပစ္ဆတော-နောက်၌၊ အဂ္ဂိနိ-သည်၊ ဒက္ခိဏတော-လက်ယာဘက်၌၊ အဂ္ဂိနိ-သည်၊ ၀ါမတော-လက်ဝဲဘက်၌၊ အဂ္ဂိနိ-သည်၊ ၀ါတိ ကိမတ္ထံ၊ အဂ္ဂိ-မီးသည်၊ ဣတိ-ဤ ပြယုဂ်ဝိုဒ်၌....၏။ (၁၄၅)။

**ယောသွကတရဿော ဈော** ၉၆။ ယော‌သု အကတရဿော ဈော အတ္တံ အာပဇ္ဇတေ၊ အဂ္ဂယော-မီးတို့သည်, တို့ကို၊ပေ၊ ယောသွီတိ ကိမတ္ထံ၊ အဂ္ဂိသု-တို့၌၊ ဣတိ-ဤ ပြယုဂ်တို့၌....၏၊ အကတရဿောတိ ကိမတ္ထံ၊ ဒဏ္ဍိနော-တုတ်ရှိသူတို့သည်, တို့ကို၊ ဣတိ-ဤ ပြယုဂ်တို့၌....၏၊ ဈောတိ ကိမတ္ထံ၊ ရတ္တိယော-ညဉ့်တို့သည်, တို့ကို၊ ဣတိ....၏။ (၁၄၈)။

---

၉၄။ ရုပ်ကို အခြေပြု၍ ပြထားပြီ၊ ဟိမ၀ါကိုလည်း "ဟိမဝန္တု" တည်, သိသက်, ဤသုတ်ဖြင့် သိကြောင့် န္တု၏ ဥကို (အ) ပြုသင့် သော်လည်း ၀ါသဒ္ဒါ မြစ်သော ကြောင့် မပြုရ၊ ထို့နောက် အာသိမှိသုတ်ဖြင့် စီရင်၊ ဤ ကစ္စည်းဝုတ္တိ အလိုအားဖြင့် ၀ါကို ဝိကပ္ပနတ္ထဟု ဆိုလိုသော်လည်း ရူပသိဒ္ဓိ၌ကား ၀၀တ္ထိတဝိဘာသာ-ဟု ဆို၍ ဟိမ၀န္တုသဒ္ဒါမှ အခြား သဒ္ဒါတို့၌ (အ) မပြုဖို့ရန် သတ်မှတ်သည်-ဟု ဆို၏၊ ထို စကားအတွက် စိစစ်ချက်ကို ထို ဘာသာဋီကာမှာ ရှု။

၉၅။ ရုပ်ကို အခြေပြုမိုး၍ တွက်၊ အဂ္ဂိ၌ ၀ါသဒ္ဒါ မြစ်သောကြောင့် ဣနိ မပြုရ-ဟု ဆို၊ ဤကျမ်း၌လည်းကောင်း, မောဂ္ဂလ္လာန်၌လည်းကောင်း "အဂ္ဂိ၏ ဣကို ဣနိပြု" ဟု ဆိုထားသော်လည်း သဒ္ဒနီတိ၌ကား "အဂ္ဂိ" ပုဒ်ကဲ့သို့ "အဂ္ဂိနိ" ပုဒ်ရင်းလည်း ရှိသည်-ဟု ဆိုထား၏၊ "အဂ္ဂိနိံ သမ္ပဇ္ဇလိတံ ပဝိသန္တိ" ဟူသော သုတ္တနိပါတ် ကောကာလိကသုတ်၌ "အဂ္ဂိနိံ" ဟု ဒုတိယန္တပုဒ်ကို ထောက်လျှင် သဒ္ဒနီတိ အဆို က သာ၍သင့်သည်၊ "အဂ္ဂိနိ, အဂ္ဂိနီ-အဂ္ဂိနယော" စသည်ဖြင့် အဂ္ဂိကဲ့သို့ ရုပ်စဉ်၊ "အဂ္ဂိနိ" သာမက, မီးဟူသော အနက်ကို ဟောရာ၌ "ဂိနိ" ပုဒ်လည်း ရှိ၏-ဟု ဆို၏၊ ထိုစကားလည်း "ကေတွဂ္ဂိ ဂိနိ ဘာဏုမာ" ဟူသော အဘိဓာန်နှင့် "ဆန္နာ ကုဋိ အာဟိတော ဂိနိ" (သုတ္တနိပါတ် ဓနိယသုတ်) စသည်ကို ထောက်၍ သင့်ပေ သည်သာ၊ ဂိနိ, ဂိနီ-ဂိနယော" စသည်ဖြင့် ရုပ်စဉ်။

၉၆။ **အကတရဿော ဈော**—ကတော ရဿော ယဿာတိ ကတရဿော၊ ယဿ-အကြင်သရ၏၊ ကတော-ပြုပြင်အပ်သော၊ ရဿော-ရဿအဖြစ်သည်၊ အတ္ထိ

**ဝေဝေါသုလောစ** ၉၇။ ဝေဝေါ ဣတိ-ဝေ, ဝေါ ဟူကုန်သော၊ ဧတေသု-ဤ အာဒေသတို့ကြောင့်၊ပေ၊ အာပဇ္ဇတေ၊ ဘိက္ခဝေ-ရဟန်းတို့၊ ဘိက္ခဝေါ-အို ရဟန်းတို့, ရဟန်းတို့သည်, တို့ကို၊ ဟေတဝေ-အကြောင်းတို့၊ ဟေတဝေါ-အို အကြောင်းတို့, တို့သည်, တို့ကို၊အကတရဿော-တိ ကိံမတ္ထံ၊ သယမ္ဘုဝေါ-ဘုရားတို့သည်, တို့ကို၊ ဝေဿဘုဝေါ-ဝေဿဘု ဘုရားတို့သည်, တို့ကို၊ ပရာဘိဘုဝေါ-သူတပါးကို လွှမ်းမိုးတတ်သူတို့သည်, တို့ကို၊ ဣတိ-ဤ....၏၊ ဝေဝေါသွိတိ ကိံမတ္ထံ၊ ဟေတုနာ-အကြောင်းဖြင့်၊ ကေတုနာ-မှန်ကင်းဖြင့်၊ သေတုနာ-တံတားဖြင့်၊ဣတိ-ဤ....၏၊ စဂ္ဂဟဏံ-သည်၊ အနုကစ္စနတ္ထံ-ငင်ခြင်းအနက် ရှိ၏၊ [ပဥ္စာဒီနမတ္တံသုတ်မှ အတ္တံကို ငင်သည်၊ ထိုသို့ ငင်သဖြင့် နောက်သို့ မလိုက်တော့ဟု သိစေရကျိုး ရှိ၏။ (၁၅၆)။

---

ဇူတိ, သော တတရဿော၊ ဒဏ္ဍီနော၌ နဂိုရ်က "ဒဏ္ဍီ" ဟု ဤကာရန္တတည်း၊ အဃော ရဿသုတ်ဖြင့် ဤကို ဇူရဿပြု၍ "ဒဏ္ဍိ" ဟု ရဿဖြစ်ရသည်၊ ထို ရဿ မျိုးကား ပင်ကိုယ် ရဿ မဟုတ်-ပြုပြင်ထားသော ရဿဖြစ်၍ ကတရဿ မည်၏၊ န+ကတရဿော, အကတရဿော၊ ပြုပြင်ထားအပ်သော ရဿမဟုတ်, ပင်ကိုယ် အတိုင်း ရဿ ဖြစ်နေသော "အဂ္ဂိ, မုနိ, ဇူသိ, ဂဟပတိ" တို့၌ ဇူရဿတည်း။

**ယောသွိတိ၊ပေ၊ရတ္တိယော**—"အဂ္ဂိ" တည်, သုသက်, ဈမှည့် (အကတရဿ ဖြစ်နေသောကြောင့်) ဤသုတ်ဖြင့် (အ) ပြုသင့်သော်လည်း ယော ဝိဘတ် မနောင်း သောကြောင့် မပြုရ, သုနံဟိသုစသုတ်ဖြင့် ဇူကို ဤဒီဃပြု, ပြီး၏၊ "ဒဏ္ဍီ" တည်, ယောသက်, ဈမှည့်, အဃောရဿသုတ်ဖြင့် ဤကို ဇူရဿပြု၊ (ဤအချိန်၌ ယောလည်း နောင်း ရဿလည်း ဖြစ်နေပြီ၊) ဤသုတ်ဖြင့် ယောဝိဘတ်ကြောင့် ဇူကို (အ) ပြုသင့် သော်လည်း အကတရဿ မဟုတ် (ကတရဿ ဖြစ်) သောကြောင့် မပြုရ၊ ယောနံ နောသုတ်ဖြင့် ယောကို နောပြု ပြီး၏၊ "ရတ္တိ" တည်, ယောသက်, (ဤအချိန်မှာ အကတရဿလည်း ဟုတ်, ယောလည်း နောင်း၏၊) ဤသုတ်ဖြင့် ယောဝိဘတ်ကြောင့် အကတရဿ ဖြစ်သော ဇူကို (အ) ပြုသင့်သော်လည်း ဈ အမည် မရှိသောကြောင့် (အ) မပြုရ, ပြီး၏၊ ဤကိံ ၃ ချက်အရ "အကတရဿလည်း ဖြစ်ခြင်း, ယောလည်း နောင်းခြင်း, ဈ အမည်လည်း ရှိခြင်း" ဟု သုတ်အင်္ဂါ ၃ ပါးကို သိနိုင်သည်။

၉၇။ **ဘိက္ခဝေ ဘိက္ခဝေါ**—အကတရဿာ လတော ယွာလပနဿ ဝေဝေါ သုတ်ဖြင့် အာလုပ်ယောကို ဝေဝေါပြုနိုင်သောကြောင့် "ဘိက္ခဝေ ဘိက္ခဝေါ-အို ရဟန်းတို့" ဟုလည်း ပေးနိုင်၏။ "လတော ဝေါကာရောစ" သုတ်ဖြင့် ပဌမာ ဒုတိယာ ယောတို့ကို ဝေါသာပြု၍ ဝေမပြုနိုင်သောကြောင့် "ဘိက္ခဝေ-ရဟန်းတို့ သည်, တို့ကို" ဟုကား မပေးနိုင်၊ ဘိက္ခဝေါကိုကား "တို့သည် တို့ကို" ဟုလည်း ပေးနိုင်သည်၊ ရုပ်ကို ထိုသုတ်များကျမှ တွက်။

**မာတုလာဒီန**
**မာနုတ္တမိကာရေ**

၉၀။ ပရေ, ဤကာရေ-ဤ အက္ခရာ ဖြစ်သော၊ ပစ္စယေ-ကြောင့်၊ မာတုလတ္တစ္စေဝမာဒီနံ-မာတုလ အတူရှိကုန်သော သဒ္ဒါတို့၏၊ အန္တော-အဆုံး သရသည်၊ အာနုတ္တံ အာပဇ္ဇတေ၊ မာတုလာနီ ဦးကြီး ဦးလေး၏ မယားသည်၊ ဝါ-အဒေါ်သည်၊ အယျိကာနီ-အဖွားသည်၊ ဝရုဏာနီ-ဝရုဏနတ်၏ မယားသည်၊ ဤကာရေတိ ကိမတ္ထံ၊ ဘိက္ခုနီ-ရဟန်းမ၊ ရာဇိနီ-မိဖုရား၊ ဇာလိနီ-ဇာလိနီ နတ်သမီး၊ ဂဟပတာနီ-အိမ်ရှင်မ၊ ဣတိ-ဤ....၏၊ အာနုတ္တဂ္ဂဟဏေန-အနုတ္တံဟူသော ဘာဝ

---

**ကိ°ရှင်များ**။ "သယမ္ဘူ" တည်, ယောသက်, လမှည့်, အဃောသရသုတ်ဖြင့် ဦကို ဥရဿပြု, လတော ဝေါကာရောစဖြင့် ယောကို ဝေါပြု၊ ဤသုတ်ဖြင့် ဝေါ အပြုကြောင့် လမည်သော ဥကို (အ) ပြုသင့်သော်လည်း အကတရဿမဟုတ် (ကတရဿဖြစ်) သောကြောင့် မပြုရ, ပြီး၏၊ ဝေဿဘူ, ပရာဘိဘူ တည်၍လည်း နည်းတူ တွက်၊ "ဟေတု" တည်, နာသက်, လမှည့်, ဤသုတ်ဖြင့် လမည်သော ဥကို (အ) ပြုသင့်သော်လည်း ဝေ ဝေါ အပြု မနှောင်းသောကြောင့် မပြုရ, ပြီး၏၊ ကေတု သေတု တည်၍လည်း နည်းတူ တွက်လေ။

၉၀။ **မာတုလာဒီနံ**—အာဒိသဒ္ဒါသည် "အတူ" ဟူသော အနက်ကို ဟော၏၊ အတူ ဟူရာ၌လည်း (ဤ) ပစ္စည်းနှောင်းခြင်း-အာနပြု၍ ပြီးနိုင်ခြင်းအားဖြင့် မာတုလနှင့် တူသည်ကို ယူသင့်၏၊ အက္ခရာ ၃ လုံးချင်း-မယား ဟူသော အနက်ဟောချင်း တူသည်ကို မယူသင့်၊ ဘာ့ကြောင့်နည်း....အာစရိယာနီ-ဆရာ၏ မယား၊ ဝါ-ဆရာကတော်" ဟူရာ၌ အက္ခရာ ၄ လုံးရှိသောကြောင့်လည်းကောင်း, "ခတ္တိယာနီ-မင်းသို့း"ဟူရာ၌ မယား အနက်ဟော မဟုတ်သောကြောင့် လည်းကောင်းတည်း။ [နိဒ္ဒေသ၌ကား (ဤ) ပစ္စည်းမသက်လျှင် ပုလ္လိင်အနက်ဟောချင်း တူသည်ကို "အတူ"ဟု ဆိုလိုသည်၊ သို့ရာဝယ်"ခတ္တိယော"ဟု ပုလ္လိင်ဟောသဒ္ဒါသည် ဤပစ္စည်း သက်သည့်အခါ အာန မပြုဘဲ "ခတ္တိယီ-မင်း၏ မယား" ဟု ရှိသောကြောင့် ထို နိဒ္ဒေသစကားကို စဉ်းစားသင့်၏။]

**မောဂ္ဂလ္လာန်**။ ။"မာတုလာဒီတွာနီ ဘရိယာယံ=မယား ဟူသော အနက်ကို ဟောရာ၌ မာတုလစသော သဒ္ဒါနောင် အာနီပစ္စည်းသက်" ဟု သုတ်တည်၍ "မာတုလာနီ" စသည်ကိုထုတ်၏၊ ဤ၌ "ဘရိယာ" အနက်ပဟူသည် "ဦးကြီးဦးလေး၏ မယား၊ ဝရုဏနတ်၏ မယား" ဟူသော အနက်တည်း၊ ဤကဲ့သို့ မယားအနက်ကို ဟောရာ၌ အမြဲ "အာနီ" ပစ္စည်း သက်ရမည် ဟူ၏၊ [ကစ္စည်းသုတ်ဖြင့်လည်း အမြဲ အာနပြုရမည်—ဟူလို။] မယား အနက်ကို မဟောရာ၌ကား "ခတ္တိယာနီ ခတ္တိယာ-မင်းသို့း" ဟု အာနီပစ္စည်း (အာန အပြု) မမြဲဘဲ အာ ပစ္စည်းလည်း သက်နိုင်သည်။ "ခတ္တိယ၏ မယား" ဟူသော အနက်၌ကား (ဤ) ပစ္စည်းသာ သက်၍ အာနမမြဲဘဲ "ခတ္တိယီ" ဟု ဖြစ်၏၊ ရုပ်ကို အခြေပြုမှီး၍ တွက်၊ အာစရိယာနီ, သာကိယာနီ (သာကီမင်း၏ မယား) ခတ္တိယာနီ တို့ကိုလည်း အာစရိယ-သာကိယ-ခတ္တိယ တည်၍ တွက်။

နိဒ္ဒေသဖြင့်၊ ယောနာသ ဣစ္စေတေသု-ယော, နာ, သ, ဟူသော ဤဝိဘတ်တို့ကြောင့်၊ နဒီ ဣစ္စေတဿ-နဒီ ဟူသော ဤသဒ္ဒါ၏၊ ဒီသဒ္ဒဿ-ဒီ သဒ္ဒါ၏၊ ဝိဘတ္တိယာ-ဝိဘတ်နှင့်၊ သဟ-တကွ၊ ဇ္ဇော ဇ္ဇာ အာဒေသာ-ဇ္ဇော ဇ္ဇာ အပြုတို့သည်၊ ဟောန္တိ၊ နဇ္ဇော မြစ်တို့သည်၊ သန္ဒန္တိ-စီးကုန်၏၊ နဇ္ဇာ-မြစ်သည်၊ တရင်္ဂ-လှိုင်းတံပိုးကို၊ ကတံ-ပြုအပ်၏၊ နေရဉ္ဇရာယ-နေရဉ္ဇရာမည်သော၊ နဇ္ဇာ-မြစ်၏၊ တီရေ-ကမ်း၌၊ (၁၀၉)။

**သွာ ဟိ သွိံ နံ မှာဘိမှိဝါ**

၉၉။ သဗ္ဗတော-အလုံးစုံသော၊လိင်တော-လိင်မှ၊ (ပရေသံ) သွာ ဟိ သွိံ ဣစ္စေတေသံ-သွာ,ဟိ,သွိံ ဟူသော ဤဝိဘတ်တို့၏၊ ယထာသင်္ချံ-သင်္ချာစဉ်အတိုင်း၊မှာဘိမှိ ဣတိ-မှာ,ဘိ,မှိ ဟူကုန်သော၊ ဧတေ အာဒေသာ-တို့သည်၊ ဝါ ဟောန္တိ၊ ပုရိသမှာ ပုရိသသ္မာ-

---

ဤကာရေတိ၊ပေ၊ဂဟာပတာနီ—"ဘိက္ခု, ရာဇ, ဇာလ, ဂဟပတိ" တည်, ဏ္ဍနီ သက်, ဤသုတ်ဖြင့် အဆုံး သရကို (အာန) ပြုသင့်သော်လည်း (ဤ) ပစ္စည်း မနှောင်း (ဏ္ဍနီပစ္စည်းနှောင်း) သောကြောင့် မပြုရ၊ ဇ-လ တို့ကို ခွင်း, ချေ, ကဝ်၍, ရာဇိနီ, ဇာလိနီ ပြီး၏၊ ဘိက္ခု+ဏ္ဍနီ၌ ဝါပရောဖြင့် နောက် ဏကို ချေ, နာမ်ငဲ့, သိသက်, ချေ, ပြီး၏၊ ဂဟပတာနီကို ပတိဿိနီမှိသုတ်၌ ပြခဲ့ပြီ။

အာနတ္တဂ္ဂ၊ပေ၊တိရေ—"မာတုလာဒီနံ မာန မိကာရေ" ဟု ဆိုလျှင် "အာနံ-အာနအဖြစ်သို့" ဟု လိုအပ်သောအနက်ပြည့်စုံရကား တ္တ ပစ္စည်းသည်ပို၏၊ထိုသဒ္ဒါပို၏ အနက်ပိုကို ပြလိုသောကြောင့် "အာနတ္တဂ္ဂဟဏေန" စသည်ကို မိန့်သည်၊ "အာန တ္တဂ္ဂဟဏေန" ဟု ဆိုသော်လည်း အာနတ္တသဒ္ဒါ တခုလုံးပိုသည်ဟု မမှတ်ရ, တ္တ ပစ္စည်းသာ ပိုသည်၊ ပဥ္စာဒီနမတ္တံသုတ်၌ "အတ္တမိတိ ဘာဝနိဒ္ဒေသေန" ဟု ဆိုသကဲ့သို့ "အာနတ္တမိတိ ဘာဝနိဒ္ဒေသေန" ဟု ဆိုလိုရင်းဖြစ်သည်-ဟု မှတ်။

နဇ္ဇောကို "နဒီ" တည်, ယောသက်, အာနတ္တံဟူသော ဘာဝနိဒ္ဒေသဖြင့် ယော ဝိဘတ်နှင့်တကွ ဒီသဒ္ဒါကို ဇ္ဇောပြု, ပြီး၏၊ နဇ္ဇာ၌ နာသသက်၍ ဝိဘတ်နှင့်တကွ ဇ္ဇာပြု ဟု ဆိုရုံသာ၊ ယော, နာ, သ နှောင်းရာ၌သာ မက, သွာ သွိံ နှောင်းရာ၌လည်း နဇ္ဇာ, သွိံ၌ ဇ္ဇံပြု၍ "နဇ္ဇံ" ဟုလည်း ရှိသေး၏၊ ဤရုပ်များ ပြီးပုံကို ရူပသိဒ္ဓိ၌ တမျိုးပြထားသေးသည်။ [သဒ္ဒနီတိ၌ကား ယောနှောင်းရာ၌ ဝိဘတ်နှင့်တကွ မပြုပဲ ဒီကိုသာ ဇ္ဇာပြု၍ "နဇ္ဇာယော သန္ဒန္တိ, နဇ္ဇာယော-တို့ကို၊ ပဿန္တိ" ဟုလည်း တနည်းပြသေး၏။]

၉၉။ **သဗ္ဗတော လိင်္ဂတော**—ဤ "လိင်" သဒ္ဒါသည် "လိင်္ဂ နိပစ္စတေ" သုတ်မှ လိုက်လာသော သဒ္ဒါတည်း၊ မှန်၏-"ဣတော ပရံ ဝိဘတ္တိပစ္စယာဒိဝိဓာနေ သဗ္ဗတ္ထ လိင်္ဂဂ္ဂဟဏံ မနုဝတ္တတေ" ဟု ရူပသိဒ္ဓိ၌ ဆိုသောကြောင့် ဝိဘတ်ပစ္စည်းကို စီရင်သော သုတ်တိုင်း၌ "လိင်္ဂ နိပစ္စတေ" သုတ်မှ လိင်သဒ္ဒါလိုက်နိုင်၏၊ ဤသုတ်ကား ဝိဘတ်ကို စီရင်သောသုတ်တည်း၊တို့ကြောင့်"လိင်တော"၌ လိင်သဒ္ဒါသည် ဝိဘတ်မသက်ရ

မှ၊ပေ၊ သွာ ဟိ သို့ နံတိ ကိမတ္တံ၊ ဝဏ္ဏဝန္တံ - အဆင်းရှိသော၊ အဂန္ဓကံ - အနံ့မရှိသော၊ ဝိရူဠ္ဟပုပ္ဖံ-မိုးစွေပန်းကို၊ မဟန္တံ-ကြီးသော၊ ဆတ္တံ-ထီးကို၊ မဟာဆတ္တံ-ကြီးသောထီးကို၊ မဟန္တံ-သော၊ ဓဇံ-တံခွန်ကို၊ မဟာဓဇံ-ကြီးသောတံခွန်ကို၊ ဝူတိ-ဤပြယုဂ်တို့၌....၏၊ (၁၁)။

---

သေးသော "ပုရိသ"စသည်ကို ဟောသော သဒ္ဒါဟု မှတ်၊ ထိုလိင်သည် "အကာရန္တ အာကာရန္တ ဣကာရန္တ"စသည်ဖြင့် အမျိုးမျိုးရှိရာ "ထိုအမျိုးမျိုးသော လိင်အားလုံး နောင်၌ပင် မှာ-ဘိ-မှိ-ပြုနိုင်သည်"ဟု သိစေလို၍ "သဗ္ဗတော"ဟု ထည့်ရ၏။

**နိဒ္ဒေသ စသည် ဆိုပုံ**။ ။နိဒ္ဒေသ စသည်၌ကား လိင် အရ ပုံ-နပုံ စသော လိင်များကို ယူ၍ "သဗ္ဗ ပုံ-နပုံသကလိင်ံ သင်္ဂဟိတံ ဧဝံ (ဤသို့ "သဗ္ဗတော"ဟူ၍) ဝုတ္တံ, သပ္ပဒေသော ဟေတ္ထ သဗ္ဗသဒ္ဒေါ ("ဣတ္ထိလိင် မပါ၍ သဗ္ဗတော၌ သဗ္ဗ သဒ္ဒါသည် အကြွင်းအကျန် အနက်ရှိသော သဗ္ဗသဒ္ဒါ ဖြစ်၏)"ဟု ဆို၏၊ ထိုစကား၌ လိင်အရ ပုလ္လိင်စသည်ကို ယူခြင်းကစ၍ လွဲမှားလေသည်၊ ပုံလိင်စသည်ကို ယူရာ၌ "သဗ္ဗတော" ထားရိုး မရှိ၊ "တဿဝါ နတ္တံ သဗ္ဗတ္ထ"ကဲ့သို့ သဗ္ဗတ္ထ—ဟု အာဓာရ ဖြင့်သာ ထားလေ့ရှိ၏၊ လိင် တခု ၂ ခုကို ယူလိုရာ "ဣတ္ထိယံ ဘာသိတ ပုမိတ္ထိ" စသည်၌လည်း အာဓာရဖြင့်ပင် ထားလေ့ရှိသည်။

**ပုရိသမှာ၊ပေ၊ ပုရိသသို့**—ပုရိသမှာ, ပုရိသေဘိ, ပုရိသမှိတို့သာ ပုံစံတည်း၊ ပုရိသသွာ စသည်ကား ဝိကပ်ရုပ်တည်း၊ ရုပ်တွက်လေ၊ "ဝဏ္ဏဝန္တု, အဂန္ဓက, ဝိရူဠ္ဟပုပ္ဖ, မဟန္တ, ဆတ္တ, ဓဇ, မဟာဆတ္တ, မဟာဓဇ"တည်, အံသက် ဤသုတ်ဖြင့် အံကို မှာဘိမှိ ပြုသင့်သော်လည်း သွာ-ဟိ-သို့ဝိဘတ် မဟုတ်သောကြောင့် မပြုရ၊ ("ဝဏ္ဏ ဝန္တု+အံ)၌ န္တု၊ဿန္တော ယောသုစ၌ စသဒ္ဒါဖြင့် စီရင်၊ ကျန်ရုပ်များ၌ ခွင်း, ချေ, ကပ်ရုံသာ။ [ဤသုတ်၌ တဘိယာ ဟိမှစ၍ ဝိဘတ်စဉ်ကျအောင် "ဟိသွာသို့နံ"ဟု မဆိုပဲ "သွာဟိသို့နံ"ဟု သွာကိုစ၍ ဆိုခြင်းသည် ဒိဃောရေဟိ သုတ်သို့ သွာ တလုံးသာ လိုက်ကြောင်း သိစေရကျိုးရှိ၏—ဟု နိဒ္ဒေသဖွင့်၏။]

**မှတ်ချက်**။ ။မှာ ဘိ မှိ ပြုရာ၌ နာမ်ဂိုဏ်းများဝယ် မှာ မှိ အပြုကို ပုလ္လိင် နပုလ္လိင်၌သာ သုံးစွဲ၍ ဘိ အပြုကိုကား "ရတ္တိဟိ ရတ္တိဘိ"စသည်ဖြင့် လိင် ၃ ပါးလုံး၌ပင် ရှိကြ၏၊ သို့သော်— "ကုသဝတိမှိ နဂရေ, ယထာ ဗလကယောနိမှိ"ဟု ဂါထာ အရာ၌ ဣတ္ထိလိင်ဝယ် သို့၏ မှိ အပြုကို တွေ့ရသေးသောကြောင့် ဂါထာဖြစ်လျှင် ဣတ္ထိလိင်လည်း အနည်းငယ် (မှာ,မှိ) ပြု၊ ပုံ-နပုံလိင်၌မူ ဂါထာစုဏ္ဏိယ ၂ ဌာန၌ပင် မှာ မှိ ပြု—ဟု ဥပဒေသ ထားကြသည်။

[ဆောင်] ဣတ္ထိလိင်ါ, ပါဌ်ဂါထာဝယ်, မှိ မှာ ပြုထုံး, နည်းငယ်သုံး၏၊
ပုံး နပုံးမှာ, ဂါထာ စုဏ္ဏိ, ထူး မရှိတည်း၊ ဘိ အပြုကား,
ထူး မခြားသည်, မှတ်သား သုံးလိင်ချည်းသာတည်း။

**နတိမေဟိ ကတာကာရေဟိ**

၁၀၀။ ကတာကာရေဟိ-ပြုအပ်ပြီးသော အ အဖြစ် ရှိကုန်သော၊ တ ဣမ ဣစ္စေတေဟိ-တ, ဣမ ဟူသော ဤသဒ္ဒါတို့မှ၊ (ပရေသံ) သ္မာသ္မိံနံ- တို့၏၊ မှာ မှိ ဣတိ - မှာ, မှိ ဟူကုန်သော၊ ဧတေ အာဒေသာ-တို့သည်၊ နေဝ ဟောန္တိ-မဖြစ်ကုန်သည်သာတည်း၊ အသ္မာဌာနာ - ထိုအရပ်မှ၊ (ဤအရပ်မှ)၊ ဘယံ - ဘေးသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ အသ္မိံ ဌာနေ-၌၊ ဘယံ-ဘေးသည်၊ တိဋ္ဌတိ-တည်၏၊ အသ္မာ-ထိုအရပ်မှ၊ (ဤအရပ်မှ)၊ အသ္မိံ-၌၊ ကတာကာရေဟီတိ-သည်၊ ကိမတ္ထံ၊ တမှာ-ထိုအရပ်မှ၊ တမှိ-၌၊ ဣမမှာ-ဤအရပ်မှ၊ ဣမမှိ-၌၊ ဣတိ-ဤပြယုဂ်တို့၌....၏၊ (၂၁၄)။

---

**၁၀၀။ ကတာကာရေဟိ**—ကတော အာကာရော ယေသံတိ ကတာကာရာ၊ ယေသံ-အကြင် တ, ဣမ သဒ္ဒါတို့၏၊ ကတော- ပြုအပ်ပြီးသော၊ အကာရော - အ အက္ခရာ အဖြစ်သည်၊အတ္ထိ, ဣတိ ကတာကာရာ-တို့မည်၏၊ "အကာရော"၌ ဘာဝ သဒ္ဒါ မပါပဲ ဘာဝအနက်ကို ပဓာန ယူရသော ဘာဝပ္ပဓာနနည်း ကြံ၍ "ပြုအပ်ပြီးသော အ အက္ခရာအဖြစ်"ဟု ပေးသည်၊ "အ အက္ခရာ အဖြစ်"ဟူရာ၌ (အ) ဖြစ်အောင် ပြုစီရင်ခြင်း ကြိယာရ၏၊ ထို့ကြောင့် အ အက္ခရာဖြစ်အောင် ပြုစီရင်ခြင်း ရှိသော တ-ဣမကို "ကတာကာရ"အရ ယူပါ၊ ဤသို့ ယူမှ "ကတော အကာရော" ဟူသော သမာသ်ပုဒ် အနက်နှင့် ယသ အရ အညပုဒ် အနက်တို့ အရပြား၍ သဒ္ဒါ စည်းကမ်း ကျသည်။

**အသ္မာဌာနာ၊ပေ၊ အသ္မိံ**—သ သ္မာ သ္မိံ သံသာသွတ္တံသုတ်ဖြင့် တကို (အ) ပြုခြင်းကို ရည်ရွယ်၍ "ထိုအရပ်"ဟု ပေးရသည်၊ ဣမသဒ္ဒဿဝသုတ်ဖြင့် ဣမကို(အ) ပြုခြင်းကို ရည်ရွယ်၍ "ဤအရပ်"ဟု ပေးသည်၊ "ဌာနာ ဥပ္ပဇ္ဇတိ, ဌာနေ တိဋ္ဌတိ" တို့ကား အပါဒါန်အနက်,ဩကာသအနက် ထင်ရှားအောင် တွဲဖက် ထည့်ပါ၌တည်း၊ အသ္မာ အသ္မိံသာ လိုရင်းဖြစ်သည်၊ အသ္မာကို "တ"တည်, သ္မာသက်, တကို (အ) ပြု၊ သ္မာဟိသ္မိံနံ မှာဘိမှိဝါသုတ်ဖြင့် သ္မာကို မှာ ပြုသင့်သော်လည်း ဤသုတ်ဖြင့် မြစ်သောကြောင့် မပြုရ, ပြီး၏၊ ဣမ တည်၍လည်း နည်းတူတွက်၊ အသ္မိံ၌ သ္မိံသက်၍ တွက်။

**ကတာကာရေဟီတိ၊ပေ၊ ဣမမှိ**—တ, ဣမသဒ္ဒါ ၂ မျိုးကို (အ) ပြုနိုင်သောကြောင့် (အ) မပြုရသော ပုံစံကိုလည်း တ-ဣမ ၂ မျိုးတွဲ၍ ပြသည်၊ တမှာကို "တ"တည်, သ္မာသက်, ဤသုတ်ဖြင့် သ္မာဝိဘတ်၏ မှာ အပြုကို တားမြစ်သင့်သော်လည်း ကတာကာရ မဟုတ်သောကြောင့် (အ-ပြုထားသော တ သဒ္ဒါမဟုတ်သောကြောင့်) မတားမြစ်ရ၊ သ္မာဟိသ္မိံနံ မှာဘိမှိဝါသုတ်ဖြင့် သ္မာကို မှာပြုမြဲပြု, ပြီး၏၊ တမှိ- ဣမမှာ- ဣမမှိ တို့ကိုလည်း နည်းမှီး၍ တွက်။ [မောဂ္ဂလ္လာန်၌ကား ဤကဲ့သို့ တားမြစ်သောသုတ် မရှိ၍ (သျာဒိကဏ္ဍ, ၁၃၂ သုတ်၌) "အမှာ, အမှိ"ဟု ပုံစံ ထုတ်သည်။]

**သုဟိသုကာရော။** ၁၀၁။ သုဟိ ဣတိ - သု, ဟိ ဟူ၍ နှင့်သော၊ ဧကေသု - တို့ကြောင့်၊ပေ၊ အာသဉ္စတော၊ သဗ္ဗေသုပေ၊ ဣမေသု - ဤသုတို့၌၊ကုသလေသု-ကုသိုလ်တို့၌၊ပေ၊သဗ္ဗေဟိ-တို့ဖြင့်၊ပေ၊အမေဟိ။(၈၀)။

**သဗ္ဗနာမာနံ နံမှိဝ** ၁၀၂။ နံမှိ ဝိဘတ်၌၊ သဗ္ဗေသံ - ကုန်သော၊ သဗ္ဗနာမာနံ - သဗ္ဗနာမ် တို့၏၊ အန္တော - အဆုံးဖြစ်သော၊ အကာရော ဧ ဖြစ်၏ အာသဉ္စတော၊ သဗ္ဗေသံ, သဗ္ဗေသာနံ - အလုံးစုံတို့အား၊ပေ၊ ဣတရေသံ, ဣတရေသာနံ - အခြားသူတို့အား၊ ကတမေသံ, ကတမေသာနံ - အဘယ်သူတို့အား၊ သဗ္ဗနာမာနံမှိတိ ကိမတ္ထံ၊ ဘဂဝန္တာနံ - ဘုန်းတော် မြတ်ကုန်သော၊ ဗုဒ္ဓါနံ - ဘုရားရှင်တို့၏၊ အာဝေဏိက သမာစိဏ္ဏော - အလေ့အကျက်တော်တည်း၊ ဣတိ - ဤ ပြယုဂ်တို့၌ ၏၊ အကာရောတိ ကိမတ္ထံ၊ အမူသံ, အမူသာနံ - ထိုသူတို့အား၊ ဣတိ - ၏၊ နံမှိတိ ကိမတ္ထံ၊ သဗ္ဗေ - အလုံးစုံတို့သည်၊ ဣမေ - ဤသူတို့သည်၊ ဣတိ - ၏၊ ဝဂ္ဂဟာဏံ သည်၊ အနက္ခရနုကြုံ ငင်ခြင်း အနက် ရှိ၏။(၂၀၂)။

---

၁၀၁။ သုဟိသုကာရော-"ဟိသုသုကာရော"ဟု ဝိဘတ်အစဉ်အတိုင်း မဆိုမှု၌ "သုဟိသု"ဟု ဆိုခြင်းသည် သုခုစ္စာရဏ အကျိုးရှိ၏၊ "မည်သည့် ...င်အရာ၌"ဟု မသတ်မှတ်ဘဲ "အကာရော"ဟု ဆိုထားသော်လည်း ဧရတ္တ ပိုင် အရာဝယ် အကာရ မရှိသောကြောင့် ပုံ-နပုံလိင်၏ "အကာရ"ဟု သိသာ၏၊ မှတ်တွက်ပါ။

၁၀၂။ သဗ္ဗနာမာနံ-သဗ္ဗေသံ နာမာနိ သဗ္ဗနာမာနိ၊ သဗ္ဗေသံ-အလုံးစုံသော အနက်တို့၏၊ နာမာနိ-နာမ်တို့တည်း၊ သဗ္ဗနာမာနိ-အလုံးစုံသော အနက်တို့၏ နာမ်တို့၊ သဗ္ဗသဒ္ဒါသည် အလုံးစုံသော ယောက်ျား, အလုံးစုံသော မိန်းမ, အလုံး စုံသော ဝတ်, ဤသို့ စသည်ဖြင့် အနက်အားလုံးကို ဟောနိုင်သကဲ့သို့, ယ စသည် တို့လည်း အကြင် ယောက်ျား, အကြင် မိန်းမ, အကြင် ဝတ်, အကြင် သင်္ဃင် စသည် ဖြင့် အလုံးစုံသော အနက်ကို ဟောနိုင်၏၊ ထို့ကြောင့် "သဗ္ဗေသံ-အလုံးစုံသော အနက်တို့၏"ဟု ပေးလိုက်သည်၊ ဤပေးပုံသည်—

"သဗ္ဗသာဓာရဏာ ကာနံ, နာမာနိဧဝ အတ္ထတော၊
သဗ္ဗနာမာနိ ဝုတ္တာနိ, သဗ္ဗသတ္တိ သမ္ဘတော"

ဟူသော သဒ္ဒနီတိ ပဒမာလာနှင့် ညီသကဲ့သို့ ထင်သည်။ [သဗ္ဗသာဓာရဏာကာနံ-အလုံးစုံတို့နှင့် ဆက်ဆံ ကုန်သော၊ နာမာနိ-နာမ် တို့တည်း၊ ဧဝ ... အတ္ထတော-ဤအနက်ကြောင့်ပင်၊ သဗ္ဗနာမာနိ-သဗ္ဗနာမ်တို့ ဟူ၍၊ ဝုတ္တာနိ သမ္ဘတော-အစေ့ အတွက် အားဖြင့်၊ သဒ္ဒနီတိ-၂၇ ပုဒ်တည်း။] ရှေးဆရာ တမျိုး ဆိုသေး၏၊ သဗ္ဗနာမ်ရိုက် ၌လေ၊ ဗာလာဝတာရ ဋီကာဟောင်း၌လည်း "သဗ္ဗေသံ-အလုံး စုံသော သဒ္ဒါတို့၏၊ ဒိမသသန သေနေ-ဝိသေသန၏ အစွမ်းဖြင့်၊ ဥပလဒ္ဓ မာနာနိ-

**အတောနေန** ၁၀၃။ တသ္မာ အကာရတော-ထို အ အက္ခရာမှ၊ (ပရဿ) နာဝစနဿ နောဒေသော ဟောတိ၊သဗ္ဗေန-အလုံးစုံဖြင့်၊ ယေန အကြင်သူဖြင့်၊ပေ၊ အတောတိ ကိမတ္ထံ၊မုနိနာ-ရဟန်းဖြင့်၊ပေ၊ဣတိ-ဤပြယုဂ်.... ၏၊ နာတိ ကိမတ္ထံ၊ တသ္မာ-ထိုသူမှ၊ ဣတိ-၏။ (၇၉)။

---

ရထိုက်ကုန်သော။ နာမာနိ-နာမ်တို့တည်း၊ သဗ္ဗနာမာနိ-တို့''ဟု တမျိုး အနက်ဆို၏၊ ''သဗ္ဗော ဇနော, သဗ္ဗော ရုက္ခော''စသည်ဖြင့် အလုံးစုံသော သဒ္ဒါတို့၏ ဝိသေသနဖြစ်နိုင်သော နာမ်များဟု ဆိုလိုသည်။

**သဗ္ဗနာမ်အပြား။** ။''သဗ္ဗ, ကတရ''စသည်ဖြင့် ရူပသိဒ္ဓိနှင့် သဒ္ဒနီတိတို့၌ ၂၇ ပုဒ် ပြ၏၊ မောဂ္ဂလ္လာန်၌ကား ''ဥဘ,ဒွိ,တိ,စတု'' ဤ ၄ ပါးတို့ ပယ်၍ ''တျ''ကို ထည့်လျက် ၂၄ ပါးပြ၏၊ထိုတွင် မောဂ္ဂလ္လာန်အလိုအတိုင်း ဥဘ စသည်ကို သဗ္ဗနာမ် တွင်း၌ မသွင်းခြင်းသာ ကောင်း၏၊ ဘာ့ကြောင့်နည်း...သဗ္ဗနာမ် ဟူသည် ပုရိသာဒိ ဂိုဏ်း စသည်ကဲ့သို့ ရုပ်နေ့တူသဖြင့် ''သဗ္ဗနာမ်ဂိုဏ်း''ဟု တဂိုဏ်းဖွဲ့ရသော နာမ်စု တည်း၊ သဗ္ဗနာမ်စု၏ ထူးခြား၍ အားလုံးနှင့် ဆက်ဆံသော အစီအရင်များကား ပဥ္စမာ ယောဝိဘတ်ကို ဧ ပြုရခြင်း, သ္မာသ္မိံသတို့ကို များသောအားဖြင့် အာ-ဧ-အာယ မပြုရခြင်း, သ္မိံ သ တို့ကို သံ-သာ ပြုရခြင်း, နံကို သံ-သာနံ ပြုရခြင်း, ဃ ပ နောင် သ္မိံကို အာယ-ယာ မပြုရခြင်းများတည်း၊ ဥဘ စသည်တို့၌ကား ထိုကဲ့သို့ စီရင်ဖွယ် တားမြစ်ဖွယ် မရှိ၊ ထို့ကြောင့် ဥဘ စသည်ကို သဗ္ဗနာမ်တွင်း၌ မသွင်းခြင်းသာ သင့်မြတ်သည်၊ ကေသချာ၌ကား''ကေိဿ ကေိဿံ''ဟု သဗ္ဗနာမ် အစီအရင် ရှိပေသည်။

**ရုပ်တွက်။** ။သဗ္ဗေသံ-စသည်ကို သဗ္ဗတော နံ သံသာနံ သုတ်ကျမှ ရုပ်တွက်၊ ဗုဒ္ဓါနံ စသည်၌ ''ဗုဒ္ဓ-ဘဂဝန္တု''တည်, နံသက်, န္တု၊ဿန္တော ယောသုစ သုတ်ဖြင့် န္တု၏ ဥကို (အ)ပြု၊ ဤသုတ်ဖြင့် ဒွ-န္တ တို့၏ (အ)ကို ဧ ပြုသင့်သော်လည်း သဗ္ဗနာမ် မဟုတ်သောကြောင့် မပြုရ, သုနံဟိသုစ သုတ်ဖြင့် အာဒီဃပြု၊ ဤသို့ ပြုခြင်းငှာ ''သဗ္ဗနာမာနမိတိ ကိမတ္ထံ''စသည်ကို မိန့်သည်၊ အာစိက္ခသမာစိက္ခော ကား (တို့၏+အလေ့အကျက်)ဟု နံဝိဘတ်ဖြစ်ကြောင်း ထင်ရှားဖို့ရာ တွဲဘက် ထည့်ပါ၌တည်း၊ ''အမူသံ-အမူသာနံ''တို့၌ သဗ္ဗနာမ် ဟုတ်သော်လည်း အကာရန္တ သဗ္ဗနာမ် မဟုတ်သောကြောင့် ဤသုတ်ဖြင့် ဧ မပြုရ-ဟု ပြခြင်းငှာ ''အကာရ တောတိ''စသည်ကို မိန့်၊ ''သဗ္ဗေ, ဣမေ'' ရုပ်တို့၌ကား သဗ္ဗနာမ်လည်း ဟုတ်-အကာရန္တလည်း ဟုတ်သော်လည်း နံ ဝိဘတ် မနောင်းသောကြောင့် ဧ မပြုရဟု ပြခြင်းငှာ ''နံမှိတိ''စသည်ကို မိန့်၊အမူသံ စသည်ကို သဗ္ဗတော နံ သံသာနံ သုတ်ဖြင့် ''သဗ္ဗေ-ဣမေ''ကို သဗ္ဗနာမကာရတေ ပဌမေသုတ်ဖြင့် တွက်တတ်လတ္တံ့၊ စသဒ္ဒါ ကား ရှေ့သုတ်မှ ဧကို ငင်ခြင်း အနုကဍ္ဍန အနက် ရှိ၏။

**၁၀၃။ တသ္မာ အကာရတော**—သုတ်၌ ပါသော ''အတော''ကို ပြန်၍ ပြရာ ရောက်အောင် ''တသ္မာ''ဟု ထည့်ဖွင့်ဟန်တူသည်၊''တသ္မာ-ထို အတောဟု ဆိုအပ်ခဲ့သော၊ အကာရတော-အ အက္ခရာမှ''ဟု ဆိုလိုသည်၊ ရုပ်ကို အခြေပြု၌ ပြထားပြီ၊ အနေနကို ''အနိမိ နာမှိစ''သုတ်ကျမှ တွက်။

သော ၁၀၄။ တသ္မာ အကာရတော- မှ၊ ပရဿ သိ၀စနဿ ဩကာရာ ဒေသော ဟောတိ၊ သဗ္ဗော-အလုံးစုံသည်၊ပေ၊ ကော-အဘယ်သူသည်၊ အမုကော-ထိုသူသည်၊ ပုရိသော၊ သီတိ ကိမတ္ထံ၊ ပုရိသာနံ-တို့အား၊ ဣတိ....၏၊ အတောတိ၊ပေ၊ သယမ္ဘူ-သည်၊ ဣတိ....၏။ (၆၆)။

သော၀ါ ၁၀၅။ တသ္မာ အကာရတော၊ပေ၊ ၀ါ ဟောတိ၊ အတ္တသော- အနက်အားဖြင့်၊ ခမ္မံ-ပါဠိကို၊ ဇာနာတိ-သိနိုင်၏၊ ဗျဉ္ဇနသော- သဒ္ဒါအားဖြင့်၊ အတ္ထံ-ကို၊ ဇာနာတိ-၏၊ အက္ခရသော-အက္ခရာအားဖြင့်၊ သုတ္တသော-သုတ် (ရှေ့အတိုင်းပေး)၊ ပဒသော-ပုဒ်၊ ယသသော-အခြံအရံ၊ ဥပါယသော-ဥပါယ်တမျဉ်၊ သဗ္ဗသော-အလုံးစုံ၊ ထာမသော-အစွမ်း၊ ဌာန သော- တခဏခြင်းအားဖြင့်၊ ၀ါတိ ကိမတ္ထံ၊ ပါဒေန၀ါ- တမတ်ဖြင့်လည်း ကောင်း၊ ပါဒါရဟေန၀ါ-တမတ်တန်ဖြင့်လည်းကောင်း၊ အတိရေကပါဒေန ၀ါ-တမတ်ထက် အပိုဖြင့်လည်းကောင်း၊ ယော ဘိက္ခု-အကြင် ရဟန်းသည်၊

---

၁၀၄။ သိကို လေည်းပြု။ ။မောဂ္ဂလ္လာန်၌ "ကွစေ၀ါ (ကွစိ+ဧ,၀ါ)"ဟု သုတ်တည်၍ သိကို ဧလည်း ပြု၏၊ ၀နပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ၊ ဖုဿိတဂ္ဂေ- ကောင်းစွာ ပွင့်သော အဖျားရှိသော၊ ၀နပ္ပဂုမ္ဗေ-တောအုပ်သည်၊ (သဘာသိရိကော) ယထာ-အသရေရှိသကဲ့သို့၊ "နတ္ထိ အတ္တကာရေ-နတ္ထိ ပရကာရေ, သုခေ-ဒုက္ခေ, ဇီ၀ေ, နဟေ၀ံ ၀တ္တဗ္ဗေ, တတော ၀ါတာတပေ ဃောရေ-သဉ္ဇာတေ ပဋိဟညတိ, ၀ိရတ္တေ ကာတိယာယနေ"တို့လည်း သိ ကို ဧ ပြုရာ ပုံစံများတည်း၊ ထိုတွင် "သုခေ ဒုက္ခေ တို့သည် နပုံလိင်၊ ၀ိရတ္တေ ကာတိယာယနေ (ကစ္စာယနေ) သည် ဣတ္ထိလိင်" ဟု သဒ္ဒနီတိဆို၍ "တိလိင်္ဂတော ဌာနေ သိယောန မေ"ဟု သုတ်တည်၏၊ [ပဉ္စမာ ယောကို ဧပြုရာ ပုံစံများကို သဗ္ဗယောနိနမာဧ သုတ်၌ ပြအံ့။] ရုပ်ကို အခြေပြု ကြည့်တွက်၊ ကိ ရုပ်များလည်း ထင်ရှားပြီ၊ပုရိသာနံ၌ သိ၀ိဘတ်မဟုတ်သောကြောင့်, သယမ္ဘူ၌ သိ၀ိဘတ်ဟုတ်သော်လည်း အကာရန္တနောင် မဟုတ်သောကြောင့် ဩ မပြုရဟု ဆို။

[ဆောင်] ပုလ္လိင် သိမှန်, ဩ ပြုရန်ကား, ထုံးစံ ထွေထွေ, များသိလေ၏၊
ကွစေ၀ါသုတ်, မောဂ္ဂလ္လာန်ထုတ်၍, ချို့ပုဒ်သိစု, လေည်းပြုဟု,
နည်း ဥပဒေ, တမျိုးထွေသည်, ဂုမ္ဗေ ၀နပ္ပ ပုဒ်မျိုးတည်း။

၁၀၅။ နာ၁၀စနဿ—အတော၁နေန သုတ်မှ မဏ္ဍူက ဂတိက အဓိကာရနည်းဖြင့် "နာ"ပုဒ် လိုက်လာသောကြောင့် နာ၁၀စနဿဟု ဖွင့်နိုင်သည်၊ "အတ္တ-ဗျဉ္ဇန" စသည်တည်၊ နာသက်, ဤသုတ်ဖြင့် နာကို သောပြု, ပြီး၏၊ရူပသိဒ္ဓိ၌ ဤသုတ်တို့မပြု၊ ၀ိဘာဂေ ဓာစသုတ်၌ စ သဒ္ဒါဖြင့် "သော"ပစ္စည်းသက်၍"အတ္တသော"စသည်ကို ပြီးစေသည်၊ ၀ါ ပုံစံများ၌ "ပါဒ-ပါဒါရဟ-အတိရေကပါဒ"တည်, နာသက်,

ထေယျစိတ္တေန - ခိုးသူ၏ ဖြစ်ကြောင်း စိတ်ဖြင့်၊ ပရဿ-သူတပါး၏၊ ဘဏ္ဍံ-ဘဏ္ဍာကို၊ ဂဏှာတိ-ယူ၏၊ သော ဘိက္ခု-သည်၊ ပါရာဇိကော-ပါရာဇိကကျသည်၊ အသံဝါသော-သံဝါသ မရှိသည်၊ ဟောတိ-၏၊ ဣတိ....၏။

**ဒိဃောရေဟိ** ၁၀၆။ ဒီဃ ဩရ ဣတိ-ဒီဃ, ဩရ ဟူကုန်သော၊ ဧတေဟိ-ဤ သဒ္ဒါတို့မှ၊ (ပရဿ) သွာဝစနဿ သော အာဒေသော ဝါ ဟောတိ၊ ဒီဃသော-အလျားမှ၊ ဩရသော-ဤဘက်မှ၊ ဒီဃမှာ-မှ၊ ဩရမှာ-မှ၊ ဒိဃောရေဟိတိ ကိမတ္ထံ၊ သရမှာ-သရမှ၊ ဝစနမှာ-သဒ္ဒါမှ၊ ဣတိ....၏။ (၃၁၂)။

**သဗ္ဗယောနိန မာဧ** ၁၀၇။ တသ္မာ အကာရတော (ပရေသံ) သဗ္ဗေသံ ကုန်သော၊ ယောနိနံ-ယော ဝိဘတ်, နိ အက္ခရာတို့၏၊ ယထာသင်္ချံ အာဧ အာဒေသာ ဝါ ဟောန္တိ၊ ပုရိသာ-တို့သည်၊ ပုရိသေ-တို့ကို၊ ရူပါ-ရုပ်တို့သည်၊ ရူပေ-တို့ကို၊ ဝါတိ ကိမတ္ထံ၊ အဂ္ဂယော-မီးတို့သည်, တို့ကို၊ မုနယော-ရဟန်း၊ ဣသယော-ရသေ့၊ဣတိ....၏၊ ယောနိနန္တိ ကိမတ္ထံ၊ ပုရိသဿ၊

---

ဤသုတ်ဖြင့် နာကို သော ပြုသင့်သော်လည်း ဝါမြစ်သောကြောင့် မပြုရ၊အတောနေန ဖြင့် နာကို နေပြု, ခွင်း, ချေ, ကပ်, ပြီး၏။

မှတ်ချက်။ ။ယော ဘိက္ခု စသည်ကား အပိုထည့်ပါဌ်တည်း၊ ထို ပါဌ်များ၌ "ပါဒေန"စသော ၃ ပုဒ်နှင့် ဘဏ္ဍံပုဒ်သည် အရတူ၏၊ တမတ်ဟူသည် သူတပါး၏ ဘဏ္ဍာပင်တည်း၊ ဤသို့ အရတူသော ပုဒ်တို့သည် တဝါကျအတွင်း၌ ဝိဘတ်လည်း တူကြရ၏၊ ဤ၌ကား "ပါဒေန"စသည်နှင့် ဘဏ္ဍာပုဒ်တို့ ဝိဘတ်မတူချေ၊ထို့ကြောင့် "ယောဘိက္ခု"စသော တွဲဘက်ပါဌ်များသည် ပါဠိသွား မဖြောင့်ကြ၊ ဒုတိယ ပါရာဇိက ပါဠိတော် အဋ္ဌကထာ၌လည်း ထိုဝါကျကို မတွေ့ရသောကြောင့် နောက်မှ ထည့်ပါဌ်တွေသာ ဖြစ်ပေလိမ့်မည်။

၁၀၆။ "ဒီဃတော နဝဝိဒတ္တိယော—အလျားမှ ကိုးထွာ" ဤသို့ စသည်ဖြင့် တိုင်းတာရာ၌ "ရူရန္တိက"စသော သုတ်ဖြင့် ပမာဏအနက်၌ အပါဒါန်မှည့်၍, အပါဒါနေ ပဉ္စမီသုတ်ဖြင့် သွာသက်၊ ထိုသွာကို ဤသုတ်ဖြင့် သောပြု၍ "ဒီဃသော, ဩရသော"ဟု ပြီး၏၊ ဝါသဒ္ဒါ တားမြစ်မှုကြောင့် သောမပြုပဲ "ဒီဃမှာ, ဩရမှာ" ဟုလည်း ဝိကပ်ရုပ်ရှိသည်၊ "သရမှာ, ဝစနမှာ"တို့ကား ဒီဃ,ဩရနောင် မဟုတ်၍ သော မပြုရ၊ သွာကို မှာ ပြု။

၁၀၇။ **သဗ္ဗေသံ ယောနိနံ**—ယောသည် ပဌမာယော ဒုတိယာယောဟု ၂ မျိုး ရှိသည်၊ နိလည်း ပဌမာယော၏ အာဒေသဖြစ်သော နိ, ဒုတိယာယော၏ အာဒေသ နိဟု ၂ မျိုး ရှိ၏၊ထို ယော ၂ မျိုးလုံး-နိ ၂ မျိုးလုံးကို ယူစေခြင်းငှာ "သဗ္ဗ"သဒ္ဒါကို ထည့်ရသည်၊ ဤကား ဉာသအဆိုတည်း၊ ရူပသိဒ္ဓိ၌ကား "သဗ္ဗဂ္ဂဟဏံ သဗ္ဗာဒေသတ္ထံ"ဟု မိန့်၏၊ ရူပသိဒ္ဓိဘာသာဋီကာမှာ ရှုလေ။

အား, ၏၊ ရူပဿ-အား, ၏၊ ဣဘိ....၏၊ အကာရတောတိ ကိမတ္ထံ၊ ဒဏ္ဍိနော-တို့သည်, တို့ကို၊ အဋ္ဌိနီ-အရိုးတို့သည်, တို့ကို၊ အဂ္ဂိ-မီးတို့သည်၊ ပဉ္စလန္တိ-တောက်ကုန်၏၊ မုနီ-တို့သည်၊ စရန္တိ-လှည့်လည်ကုန်၏၊ ဣတိ....၏။ (၆၉)။

သွာသို့ံနံ့ဝါ ၁၀၀။ တသ္မာ၊ပေ၊ ဝါ ဟောန္တိ၊ ပုရိသာ, ပုရိသသ္မာ-မှ၊ ပုရိသေ, ပုရိသသ္မိံ-၌၊ အကာရတောတိ ကိမတ္ထံ၊ ဒဏ္ဍိနာ-မှ၊ ဒဏ္ဍိသ္မိံ-၌၊ ဘိက္ခုနာ-မှ၊ ဘိက္ခုသ္မိံ-၌၊ ဣတိ....၏။ (၇၀)။

---

ရုပ်တွက်။ ။ပုရိသာ ပုရိသေဘို့ကို အခြေပြု၌ ပြထားပြီ၊ ရူပါနိ "ရူပ"တည်, ယောသက်, အတောနိစ္စံ သုတ်ဖြင့် ယောကို နိပြု, ဤသုတ်ဖြင့် နိကို အာပြု, ပြီး၏၊ ရူပေ၌ ဒုတိယာယောကို နိ ပြုပြီးမှ ဧ ပြု၊ အချုပ်ကား–အတောနိစ္စံ သုတ်က နပုလ္လိင် အရာ၌ အကာရန္တနောင် ယောကို အမြဲ နိ ပြုရမည်–ဟု ဆိုထားသောကြောင့် နပုလ္လိင်မှန်လျှင် ရှေးဦးစွာ နိပြုပြီးမှ အာ ဧ ပြုရမည်။

ကိံရုပ်များ။ ။အဂ္ဂိတည်, ယောသက်, ဈမှည့်, ယောသွကတရဿော ဈော သုတ်ဖြင့် ဈ မည်သော ဣကို (အ) ပြု၊ [ဤသို့ ပြုပြီးသည့်အခါ အကာရန္တဖြစ်နေပြီ၊] ဤသုတ်ဖြင့် အ အက္ခရာနောင် ဖြစ်သောကြောင့် ယောကို အာ ပြုသင့်သော်လည်း ဝါသဒ္ဒါ မြစ်သောကြောင့် မပြုရ, ပြီး၏၊ မုနီ ဇာသိတည်၍လည်း နည်းတူတွက်။ [ရူပသိဒ္ဓိ၌ကား "ဝါကို ဝဝတ္ထိတဝိဘာသာ အနက်ရှိ၏"ဟု ဆို၍ အဂ္ဂယော စသည်၌ အသန္တဝိဓိအဖြစ်ကို ဝါသဒ္ဒါက သတ်မှတ်သည်–ဟု ဆိုသည်၊ အကျယ်ကို ထို၏ ဘာသာဋီကာမှာရှု၊] ပုရိသ ရူပဿတို့၌ "ပုရိသ-ရူပတည်, သသက်, အ အက္ခရာနောင် ဖြစ်သော်လည်း ယော, နိ မဟုတ်သောကြောင့် အာ ဧ မပြုရ၊ ဒဏ္ဍီ-အဋ္ဌိ-အဂ္ဂိတည်, ယောသက်, ယော ဝိဘတ် ဟုတ်သော်လည်း (အ) နောင် မဟုတ်သောကြောင့် အာဧ မပြုရ,ဟု ဆို၍ အဃောရဿ, ဃပတောစ ယောနံ လောပေါ, ယောနံ နော, ယောသု ကတနိကာရသုတ်တို့ဖြင့် ဆက်၍ စီရင်လေ။

၁၀၀။ **သဇ္ဈေသံ**–သွာ သ္မိံကို အာ, ဧ ပြုရာ၌ သွာ တခုလုံးကို အာပြု, သ္မိံတခုလုံးကို ဧပြုဟု သိစေခြင်းငှာ "သဗ္ဗေသံ"ဟု ဝိသေသန ကူမရလေသည်။ [ရုပ်ကို အခြေပြု မှီး၍တွက်၊ ကိံရုပ်၌ "ဒဏ္ဍီ"တည်, သွာသက်, ဈမှည့်, အဃော ရဿဖြင့် ရဿပြု၊ ဤသုတ်ဖြင့် သွာကို အာပြုသင့်သော်လည်း (အ) နောင် မဟုတ်သောကြောင့် မပြုရ၊ ဈလတောစဖြင့် သွာကို နာပြု၊ ဘိက္ခုနာ-ဒဏ္ဍိသ္မိံ ဘိက္ခုသ္မိံ၌လည်း ဤနည်းမှီး။]

**မှတ်ချက်။** ။ချာသဉ္ဌ ရှေ့သုတ်ဝယ် သော ၂ လုံး-နိ ၂ လုံးကို ယူစေခြင်းငှာ "သဗ္ဗ"ဟု ဝိသေသန ကူမရကြောင်းကို ဖွင့်ခြင်းသည် ဤသုတ်လာ "သဗ္ဗေသံ" ထောက်၍ မသင့်ချေ၊ ဤသုတ်၌ ထိုကဲ့သို့ ယူဖို့ရာ သွာ ၂ လုံး မရှိ၊ ရှေ့သုတ်လာ သဗ္ဗနှင့် ဤသုတ်က သဗ္ဗလည်း စာသွားတူ၍ အဓိပ္ပာယ်လည်း အတူပင် ဖြစ်သင့်သည်၊ ထို့ကြောင့် "သဗ္ဗာ ဒေသတ္တံ"ဟူသော ရူပသိဒ္ဓိ အဖွင့်သာ သင့်ဖွယ်ရှိသည်။

**အာယစတုတ္ထေက ဝစနဿတု** ၁၀၉။ တသ္မာ အကာရတော (ပရဿ) စတုတ္ထေကဝစနဿ အာယာဒေသော ဝါ ဟောတိ၊ဒေဝမနုဿာနံ-နတ်လူတို့၏၊ အတ္ထာယ-အကျိုးငှာ၊ ဟိတာယ-စီးပွားအလို့ငှာ၊ သုခါယ- ချမ်းသာခြင်းငှာ၊ ဗုဒ္ဓေါ- သည်၊ လောကေ- ၌၊ ဥပ္ပဇ္ဇတိ- ပွင့်တော်မူ၏၊အတောတိ ကိံမတ္ထံ၊ (အတောနေနေမှုလိုက်သော အတောသည် ဘာအကျိုးရှိသနည်း၊) ဣသိဿ-ရသေ့အား၊ ဣတိ....၏၊ စတုတ္ထီတိ ကိံမတ္ထံ၊ ပုရိသဿ-၏၊ မုခံ-မျက်နှာ၊ ဣတိ....၏၊ ဧကဝစနဿေတိ ကိံမတ္ထံ၊ ပုရိသာနံ-တို့အား၊ဒဒါတိ-

---

၁၀၉။ **အတ္ထာယ၊ပေ၊ ဥပ္ပဇ္ဇတိ**—ဤသုတ်ဖြင့် အာယပြုရာ ဌာနကို ၄ ဌာနဟု သတ်မှတ်ကြ၏၊ ၁-တဒတ္ထသမ္ပဒါန်အရာ, ၂-တုမတ္ထသမ္ပဒါန်အရာ, ၃-နိဓာတ်, ဂတိ အနက်ရှိသော ဓာတ်တို့၏ ကံအရာ, ၄-ဝိဘတ္တိဝိပလ္လာသ အရာတည်း၊ ထိုတွင် တဒတ္ထ တုမတ္ထသမ္ပဒါန်တို့၏ ပုံစံကို ကာရက (သိလာဃသုတ်)၌ တွေ့ရလတ္တံ့၊ နိဓာတ်၏ ကံကား "ဒကာယ-ရေသို့၊ နေတိ-ဆောင်၏"တည်း၊ ဤ၌ "ဒက"တည်, သိလာဃစသောသုတ်၌ ဝါသဒ္ဒါဖြင့် ဒကကို သမ္ပဒါန်မှည့်, သမ္ပဒါနေ စတုတ္ထီဖြင့် သသက်, ဤသုတ်ဖြင့် အာယပြု၊ ဂတျတ္ထဓာတ်၏ ကံ၌ ပုံစံကို ထိုသိလာဃသုတ်၌ (ဂတျတ္ထကမ္မနိ အရ) ပြလတ္တံ့၊ "ဝိဘတ္တိဝိပလ္လာသ" ဟူသည် အခြားဝိဘတ်ဖြစ်သင့်လျက် စတုတ္ထီဝိဘတ် ဖောက်ပြန်နေခြင်းတည်း၊ ပုံစံကား—"အသက္ကတာစ ခနုဥ္ဇယာယ-ခနုဥ္ဇယသည် အရိုအသေ မပြုအပ်ကုန် (စတုက္ကနိပါတ်, ကာဠုမာဟု ဇာတ်) ဤ၌ "ခနုဥ္ဇနေန"ဟု တတိယာဖြစ်သင့်လျက် စတုတ္ထီ ဖောက်ပြန်နေပုံ၊ ဝိရမထာ - ယသ္မန္တော မမ ဝစနာယ = အရှင်တို့... တပည့်တော်ကို ပြောဆိုခြင်းမှ ရှောင်ကြကုန်" — ဤ ပါတိမောက်၌ ပဉ္စမီ ဝိဘတ်ဖြင့် ဝစနာ (ဝစနတော) ဟု ဖြစ်သင့်လျက် စတုတ္ထီ ဖောက်ပြန်နေပုံ၊ "မဟာ ဂဏာယ ဘတ္တာ မေ=ငါ၏ များစွာသော ဟသ်ာအပေါင်း၏ အရှင် (မဟာဟံသဇာတ်) ဤ၌ "မဟာဂဏဿ"ဟု ဆဋ္ဌီဖြစ်သင့်လျက် "မဟာဂဏာယ"ဟု စတုတ္ထီ ဖောက်ပြန်ပုံတည်း၊ သိလာဃသုတ်၌ ဝါသဒ္ဒါဖြင့် သမ္ပဒါန်မှည့်။

" တဒတ္ထေစ တုမတ္ထေစ, နီ ဂတျတ္ထာန ကမ္မနိ၊
ဝိဘတ္တိ ဝိပလ္လာသေစာ-ယာဒေသော စတုဓာ ဘဝေ"။

[တဒတ္ထေစ-တဒတ္ထသမ္ပဒါန်၌လည်းကောင်း၊ပေ၊ နီဂတျတ္ထာနံ-နီဓာတ် ဂတိ အနက်ရှိသော ဓာတ်တို့၏၊ ကမ္မနိ-ကံ၌လည်းကောင်း၊ ဝိဘတ္တိ ဝိပလ္လာသေစ-ဝိဘတ် ဖောက်ပြန်ခြင်း၌လည်းကောင်း၊ အာယာဒေသော-အာယ အပြုသည်၊ စတုဓာ ဘဝေ-၄ ပါးပြား၏။] ဤသုတ်၌ ထုတ်ထားသော အတ္ထာယ စသည်ကို တုမတ္ထသမ္ပဒါန်ခန်း၌ ပြလတ္တံ့၊ အတ္ထ-ဟိတ-သုခ တည်၍ တွက်။

**ကိံရုပ်များ**။ ။ဣသိဿ၌ စတုတ္ထီသ ဟုတ်သော်လည်း အကာရန္တနောင် မဟုတ် (ဣကာရန္တဖြစ်) သောကြောင့် အာယ မပြုရ၊ ပုရိသဿ၌ အကာရန္တလည်း ဟုတ်-သဝိဘတ်လည်း ဟုတ်၏၊သို့သော် စတုတ္ထီ မဟုတ် (ဆဋ္ဌီသဖြစ်) သောကြောင့်

ပေး၏၊ ဣတိ....၏၊ ဝါတိ ကိမတ္တံ၊ သမဏာသဝါ-ရဟန်းအားလည်းကောင်း၊ ဗြာဟ္မဏာသဝါ-ပုဏ္ဏားမအားလည်းကောင်း၊ ဒါတာ-ပေးတတ်သည်၊ ဟောတိ-၏ ဣတိ....၏၊ တုဂ္ဂဟဏေန-တုသဒ္ဒါဖြင့်၊ တ္တုဥ္-တွံအပြုလည်းလည်း၊ ဟောတိ၊ အတ္တတ္တံ - အကျိုးငှာ၊ ဟိတတ္တံ - စီးပွားအလို့ငှာ၊ သုခတ္တံ - ချမ်းသာခြင်းငှာ၊ (၃၀၄)။

**တယောဒနေဝ** **သဗ္ဗနာမေဟိ**

၁၁၀။ သဗ္ဗနာမေဟိ-ကုန်သော၊ တေဟိ အကာရန္တေဟိ-ထို အကာရန္တ လိင်တို့မှ၊ (ပရေသံ)သ္မာ သ္မိံ သ ကောဝစနု ဣစ္စေတေသံ-သ္မာ, သ္မိံ, သ ကေဝုစ်ဟူကုန်သော ဤဝိဘတ်တို့၏၊ တယော-၃ ပါးကုန်သော၊ အာ ဧ အာယာဒေသာ-တို့သည်၊ နေဝ ဟောန္တိ-မဖြစ်ကုန်သည်သာတည်း၊ သဗ္ဗသ္မာ-မှ၊ သဗ္ဗသ္မိံ-၌၊ သဗ္ဗဿ-အား၊

---

အာယ မပြုရ၊ ဆဋ္ဌီသဝိဘတ်ဖြစ်ကြောင်း ထင်ရှားစေလို၍ ''မုခံ'' ဟု တွဲဖက်ပုဒ်ကို ထည့်ထားသည်၊ ''ယောက်ျား၏+မျက်နှာ'' ဟူလို၊ သမဏာသ ဗြာဟ္မဏာသ တို့၌ ကား အကာရန္တလည်း ဟုတ်-စတုတ္ထီ သဝိဘတ်လည်း ဟုတ်၏၊ သို့သော် ဝါသဒ္ဒါ မြစ်သောကြောင့် အာယ မပြုရ၊ [''ဒါတာ ဟောတိ သမဏာသဝါ'' ဟူသော ဤ ပြယုဂ်ကိုထောက်၍ ဒါဓာတ်၏ သမ္ပဒါန်၌ အာယ အပြု မရှိ-ဟု ဥပဒေသပြုကြသည်။]

တုဂ္ဂဟဏေန၊ ပေ၊ သုခတ္တံ-''အာယတု-အာယ အပြုသည်လည်း''ဟု ပေးရသော တုသဒ္ဒါဖြင့် တ္တံ အပြုကိုဆည်း၍ ''အတ္တတ္တံ'' စသည်ဖြစ်၏၊ ''အတ္တ'' တည်, သိလာဃသုတ်ဖြင့် သမ္ပဒါန်မှည့်၊ စတုတ္ထီ သသက်၊ ဤသုတ်၌ တုသဒ္ဒါဖြင့် သကို တ္တံပြု၊ ပြီး၏၊ ဟိတတ္တံ သုခတ္တံလည်း နည်းတူ၊ တ္တုဥ္၌ စသဒ္ဒါဖြင့် အတ္တံ အပြု အံ အပြုကို လည်း သည်းယူ၍ ''ကိမတ္တံ-အဘယ်အကျိုးငှာ၊ အတ္တတ္တံ-မိမိအလို့ငှာ၊ တဒတ္တံ-ထို အကျိုးငှာ'' စသည်၌ သကို အတ္တံပြု၊ ''ဒဿနံ-ဖူးမြင်ခြင်းငှာ၊ အလဂဒ္ဒပရိယေသနံ (အလဂဒ္ဒ ပရိယေသနတ္တံ) -မြွေဆိုးကိုရှာခြင်းငှာ'' ဤ၌ သကို အံပြုသည်။

မောဂ္ဂလ္လာန်။ ။''စောဒနာ ကိမတ္ထာယ=စောဒနာခြင်းသည် အဘယ်အကျိုးငှာနည်း၊...ဒိဋ္ဌဓမ္မဟိတတ္ထာယ=ဒိဋ္ဌဓမ္မ စီးပွားအကျိုးငှာတည်း''၊ ဤသို့ စသည်ဖြင့် ''ကိမတ္ထ-ဟိတတ္ထတို့နောင် သဝိဘတ်ကို အာယ အပြု တွေ့ရသောကြောင့် ကိမတ္တံ-ဟိတတ္တံတို့၌ သ၏ တ္တံအပြု မဟုတ်၊ ''ကိဿ+အတ္ထော ကိမတ္ထော, ဟိတသ်ါတော အတ္ထော ဟိတတ္ထော''ဟု သမာသ်တွဲ၊ အတ္တတ္တံ စသည်၌လည်း''အတ္တနော+အတ္ထော, အတ္တတ္ထော'' ဟု သမာသ်တွဲ၊ ထို့နောက် တဒတ္ထသမ္ပဒါန် အနက်၌ အံဝိဘတ်သက်၍ ''ကိမတ္တံ'' စသည်ဖြစ်၏-ဟု ဆိုလိုသည်၊ ဤစကားအရ မောဂ္ဂလ္လာန်အလို ''တ္တံ အပြု-အတ္တံ-အံ အပြု'' မရှိ ဟု မှတ်။

[ဆောင်] အာယ စတုတ်, ကစ္စည်းသုတ်လာ, တုသဒ္ဒါဖြင့်, တ္တံပါ အတ္တံ, အံပြုရန် ဟု,ကျမ်းဂန်အလျောက်, ဖွင့်ပေါ်ပေါက်လည်း,ထို့နောက်မောဂ္ဂလ္လာန်, အတ္တတ္တံကို, ကြိယာသမာသ်, အံဝိဘတ်ဟု, တပ်အပ်ထင်ရှား, နည်းသစ်ထားသည်, ရှုစား နိဿယပါတည်း။

ယသ္မာ-အကြောင်းသူမှ၊ပေ၊ ဣမဿ-ဤသူအား၊ သဗ္ဗနာမေဟိပိ ကိမတ္ထံ၊ ပါပါ-မကောင်းမှုမှ၊ ပါပေ-၌၊ ပါပါယ-မကောင်းမှု အလို့ငှာ၊ ဣတိ-ဤပြယုဂ်တို့၌ မတားမြစ်ရခြင်း အကျိုးရှိ၏။ ["တားမြစ်ရခြင်း"ဟု မဆိုနိုင်၊]စဂ္ဂဟဏံ-သည်၊ အနုကစ္စနတ္ထံ ငင်ခြင်းအနက်ရှိ၏၊ [အတောနေန သုတ်မှ လိုက်သော အတောကို ငင်သည်-ဟူလို၊ ရူပသိဒ္ဓိ၌ တမျိုးဆို၏, ရှုလေ။] (၂၀၁)။

---

၁၁၀။ **တေဟိ၊ပေ၊နေဝ ဟောန္တိ**—"သ္မာသ္မိံနံဝါ"ဖြင့် သ္မာကို အာ,သ္မိံကို ဧ ပြုခဲ့၏၊ အာယ စတုတ္ထေက စသော ရှေ့သုတ်ဖြင့် စတုတ္ထီဧကဝုစ် သကို အာယပြုခဲ့၏၊ "ထို ၂ သုတ်၏ အပြုတို့သည် သဗ္ဗနာမ် အကာရန္တနောင် မဖြစ်ကြရ"ဟု တားမြစ်သည်၊ နေဝ၌ ဧဝသည် မိမိတားမြစ်ချက်ကို ခိုင်မြဲစေသော သန္နိဋ္ဌာန အဝဓာရဏ တည်း။ ["ဧဝဂ္ဂဟဏံ သဗ္ဗဒါပိ န ဟောန္တီတိ ဉာပနတ္ထံ"-န္យာသ။] ဤန္យာသ ဖွင့်ပုံလည်း သန္နိဋ္ဌာန အဝဓာရဏနှင့် သဘောတူပင်၊ မှန်၏-"သဗ္ဗဒါပိ န ဟောန္တိ= အာ, ဧ, အာယ အပြုတို့ အခါခပ်သိမ်း မဖြစ်ကုန်" ဟု ဆိုခြင်းနှင့် "နေဝ ဟောန္တိ= ကေန်မုချ မဖြစ်ကုန်"ဟု သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ခြင်းသည် သဘောတူပင်တည်း။

**ရုပ်တွက်**။ ။သဗ္ဗသ္မာကို သဗ္ဗတည်, သ္မာသက်, သ္မာသ္မိံနံဝါ သုတ်ဖြင့် သ္မာကို အာ ပြုသင့်သော်လည်း တယော နေဝစ သဗ္ဗနာမေဟိ သုတ်ဖြင့် မြစ်သောကြောင့် မပြုရ, ပြီး၏၊ သဗ္ဗသ္မိံလည်း နည်းတူ၊ သဗ္ဗဿ၌ကား အာယစတုတ္ထေက သုတ်ဖြင့် အာယ ပြုသင့်သော်လည်း-ဟု ဆိုရှုသာ၊ ဤသုတ်က သဗ္ဗနာမ် အကာရန္တနောင်သာ တားမြစ်၏၊ သုဒ္ဓနာမ် နောက်၌ကား မတားမြစ်၊ ထို့ကြောင့် "ပါပ', တည်, သ္မာ, သ္မိံ, သသက်, ဤသုတ်ဖြင့် အာ-ဧ-အာယ အပြုကို တားမြစ်သင့်သော်လည်း သဗ္ဗနာမ် မဟုတ်သောကြောင့် မမြစ်ရ၊ ထို့နောက် အာ-ဧ-အာယပြု, ပြီး၏။

**မောဂ္ဂလ္လာန်**။ ။"သဗ္ဗာဒိတောပိ သ္မာသ္မိံသာနံ ဌာနေအာယာ ဟောန္တေဝ၊ နိရုတ္တိကာနုမတ္တတာ, ဗုဒ္ဓဝစနေ သန္ဒဿနတောစ=သဗ္ဗစသော သဗ္ဗနာမ် အကာရန္တနောင် သ္မာသ္မိံသတို့၏ အာ ဧ အာယ အပြု (ကစ္စည်းကဲ့သို့ မရှိ မဟုတ်) ရှိကုန်သည်သာ၊ ဘာ့ကြောင့်နည်း...နိရုတ္တိကာရ ဆရာသည် ခွင့်ပြုအပ်-ပါဠိတော်၌လည်း တွေ့မြင်ရသောကြောင့်တည်း-ဟု မိန့်၍ "အသ္မာ လောကာ ပရမှာစ, ဥဘယာ ဓံသတေ နရော၊"-ဥဘယသဗ္ဗနာမ်နောင် သ္မာကို အာပြုပုံတည်း၊ "တျာဟံ မန္တေ ပရတ္ထဒ္ဓေါ=တေမန္တေ-ထိုမန္တာန်၌"-တ သဗ္ဗနာမ်နောင် သ္မိံကို ဧပြုပုံ၊ "ယာယေဝ ခေါ ပနတ္ထာယ အာဂစ္ဆေယျာထော၊ တမေဝတ္ထံ သာဓုကံ မနသိကရေယျာထော"-ယ သဗ္ဗနာမ်နောင် သကို အာယပြုပုံ၊ ဤသို့ ပုံစံထုတ်၏၊ ထို့ပြင်-ထို၏ နိဿယသစ်၌ "ယာယနော အနုကမ္ပာယ (ဒုက ဘာရတဇ္ဇေဂါထာ),သဗ္ဗာစ (အလုံးစုံမှလည်း) သဝတိ သဗ္ဗထာစ သဝတိ (နေတ္တိ, ပဒဝိစယာဟာရ ဝိဘင်), သမာဂန္တ္ဝာ သဗ္ဗာ (ထက်ဝန်းကျင်အလုံးစုံမှ) ဝါရေန္တိ စက္ခုမံ (သယံ ပဋိဘာနဝဏ္ဏနာပဒါန်),နော မယှံ

**ဃတော နာဒိနံ** ၁၁၁။ တသ္မာ ဃတော-ထိုဃမှ၊ (ပရေသံ) နာဒိနံ-နာအစရှိကုန်သော၊ ကေဝစနာနံ - ကေဝုစ် ဖြစ်ကုန်သော၊ ဝိဘတ္တိဂဏာနံ-ဝိဘတ် အပေါင်းတို့၏၊ အာယာဒေသော ဟောတိ၊ ကညာယ-သည်၊ ကမ္မံ-အမှုကို၊ ကတံ-ပြုအပ်၏၊ ကညာယ-အား၊ ဒီယတေ-ပေးအပ်၏၊ ကညာယ-မှ၊ နိဿဋ္ဌံ-ကျွတ်သော၊ ဝတ္ထံ-အဝတ်၊ ကညာယ-၏၊ ပရိဂ္ဂဟော-ဥစ္စာ၊ ကညာယ-၌၊ ပတိဋ္ဌိတံ-တည်သော၊ သီလံ-သီလ၊ ဃတောတိ ကိမတ္ထံ၊ ရတ္တိယာ-ညဉ့်ဖြင့်၊ပေ၊ ဝဓုယာ-ဖြင့်၊ ဤတိ....၏၊ နာဒိနမိတိ ကိမတ္ထံ၊ ဝိဇ္ဇံ-အတတ်ကို၊ ဝီဏံ-စောင်းကို၊ ဂင်္ဂံ-ဂင်္ဂါမြစ်ကို၊ ဣတိ....၏၊ ကေဝစနာနမိတိ ကိမတ္ထံ၊ သဗ္ဗာသု-အလုံးစုံသော မိန်းမတို့၌၊ ယာသု-အကြင် သူမ၊ (တို့၌-ဟု

---

ဘယံ နာဂေါ, အလံ ဒုက္ခာယ ကာယဝိ (ဘူရိဒတ်) ကေ ပုရိသေ အဘိရူဠ္ဟေ (ယောက်ျားတယောက် တက်စီးလတ်သော်၊လက္ခဏာအနက်၌ သ္မိံသက်၊မိလိန္ဒပဉ္ှာ) ဤပုံစံများကို ထုတ်ပြထားသေး၏၊ ထိုမျှလောက် အာ ဧ အာယ ပြုပုံကို တွေ့ထား သဖြင့် ဤ တယောနေဝစသုတ်၏ တားမြစ်မှုသည် အရာမရောက်သကဲ့သို့ ရှိတော့၏။

၁၁၁။ နာဒိနံ—အာဒိသဒ္ဒါ ပကာရ (အတူ) အနက်ဟောတည်း၊ နာဝိဘတ်နှင့် ကေဝုစ်ချင်းတူသော ဝိဘတ်များကို ယူ-ဟု ဖွင့်ကြ၏၊သို့သော် အာယ စတုတ္ထေကဝစနသဿတု သုတ်မှ ကေဝစနသဒ္ဒါ လိုက်လာသောကြောင့် ကေဝုစ်ချင်း တူသည် ဟု အထူးဆိုဖွယ် မရှိ၊ ထို့ကြောင့် နာဒိ၌ အာဒိကို "အစ" အနက်ဟောဟု ကြံလိုက်သည်၊ နောက်၌ မှတ်ချက်ပြုဦးမည်၊ "ကညာယ ကတံ" စသည်၌ နာ-သ-သ္မာ-သ-သ္မိံဝိဘတ်ဖြစ်ကြောင်း သိစေလို၍ ကတံ စသည်ကို အပို ထည့်ပြသည်၊ မှန်၏၊-ကတံသည် တတိယာကတ္တားကိုငဲ့သော ကြိယာတည်း၊ ထို့ကြောင့် "ကညာယ-သည်"ဟု တတိယာ ကတ္တားအနက်ပေးရသည်၊ ကညာတည့်, ကတ္တရိစသုတ်ဖြင့် နာသက်, အာကို ဃမှည့် ဤသုတ်ဖြင့် နာကို အာယပြု၊ ခွင်း, ချေ, ကပ်, ပြီး၏၊ "ဖြင့်"ဟု ပေးရာ၌လည်း ကရဏေ တတိယာ သုတ်ဖြင့် နာ သက်၊ ဒီယတေကား သမ္ပဒါန်ကို ငဲ့သော ကြိယာ၊နိဿဋ္ဌံကား အပါဒါန် ငဲ့သော ပုဒ်၊ ပရိဂ္ဂဟောကား သမ္ဗန်ကိုငဲ့သော ပုဒ်၊ ပတိဋ္ဌိတံကား အာဓာရကိုငဲ့သော ပုဒ်တည်း။

**ဃတောတိ၊ပေ၊ဝဓုယာ**—"ရတ္တိ, ဇုတ္တိ, ဓေနု ဝဓူ" ဟု ဇ ဤ ဥ ဦကာရန် အစဉ်အတိုင်းတည့်,နာသက်,ပမှည့်, ဤသုတ်ဖြင့် နာကို အာယပြုသင့်သော်လည်း ဃနောင် မဟုတ်သောကြောင့် မပြုရ၊ အဃောရဿ သုတ်ဖြင့် ဤ ဦတို့ကို ရဿပြု, ပတောယာ သုတ်ဖြင့် နာကို ယာပြု, ပြီး၏၊ သ စသော ဝိဘတ်သက်၍လည်း ရှုပ်တွက်ပါ။

**နာဒိန၊ပေ၊ဂင်္ဂံ**—"ဝိဇ္ဇာ, ဝီဏာ, ဂင်္ဂါ" တည့်, အံသက်, ဃမှည့်၊ ဤသုတ်ဖြင့် ဃနောင်လည်းဖြစ်-ကေဝုစ်လည်းဖြစ်သော အံကို အာယပြုသင့်သော်လည်း နာစသော ဝိဘတ် မဟုတ်သောကြောင့် မပြုရ, ခွင်း, ချေ, ကပ်, ပြီး၏။ [နာဒိ၌ အာဒိ

ဆက်)၊ တာသု-ထိုသူမ၊ ကာသု-အဘယ်သူမ၊ ဣမာသု-ဤသူမ၊ ပဘာသု-အရောင်တို့၌၊ ဣတိ....၍။ (၈၇၉)။

**ပတော ယာ** ၁၁၂။ တသ္မာ ပတော၊ပေ၊ အာဒေသော ဟောတိ၊ ရတ္တိယာ ညဥ့်ဖြင့်။ [အား,မှ,၏,၌, ဟုလည်း ပေးနိုင်သည်] ၊ပေ၊ ဒေဝိယာ-မိဖုရားဖြင့်၊ နာဒီနမိတိ ကိမတ္ထံ၊ ရတ္တိ-ညဥ့်သည်၊ ရတ္တိံ-ကို၊ပေ၊ ဣတ္ထိံ-ကို၊ ဣတိ....၍၊ ပတောတိ ကိမတ္ထံ၊ ကညာယ-ဖြင့်။ [အား, စသည်လည်း ပေးနိုင်၏]၊ပေ၊ ပဘာယ-အရောင်ဖြင့်၊ သောဘာယ-တင့်တယ်ခြင်းဖြင့်၊ ဣတိ....၍၊ ဧကဝစနာနမိတိ ကိမတ္ထံ၊ ရတ္တီနံ-တို့အား၊ ဣတ္ထီနံ၊ ဣတိ....၍။ (၁၈၃)။

---

အရ ဧကဝုစ်ချင်း တူသည်ကို ယူတမ်းဆိုလျှင် အံကိုလည်း ယူရလိမ့်မည်၊ ထိုသို့ မယူနိုင်သောကြောင့်လည်း "အတူ" ဟူသောအနက်ကို မယူရ, အစ အပိုင်းအခြား ဟူသော "မရိယာဒ" အနက်ကိုသာ ယူရကြောင်း (မှတ်ချက်) ထင်ရှားသည်။]

ဧကဝစနာန၊ပေ၊ပဘာသု—"သဗ္ဗာ, ယာ, တာ, (ကိံနောင် သိသက်, ကိံကို က ပြုပြီးမှ အာပစ္စည်းသက်) ကာ, ဣမာ ပဘာ" တည်, သုသက်, ဃမည့်၊ဃနောင်လည်း ဟုတ်-နာဒိလည်း ဟုတ်သောကြောင့် သုကို အာယ ပြုသင့်သော်လည်း ဧကဝုစ် မဟုတ်သောကြောင့် မပြုရ, ပြီး၏။

မှတ်ချက်။ ။ဤ ကိံပုံစံ၌ ဗဟုဝုစ်ဝိဘတ်ကို ယူထား၏၊ ကိံပုံစံ မည်သည် သုတ်အင်္ဂါရှိသမျှတွင် တပါးနှင့်သာ မညီသော ပုံစံဖြစ်ရမည်၊ဤသုတ်၌ "ဃနောင်ဖြစ်ခြင်း, နာဒ်ဖြစ်ခြင်း, ဧကဝုစ်ဖြစ်ခြင်း" ဟု အင်္ဂါ ၃ ပါးရှိရာ သဗ္ဗာသု၌ ရှေ့အင်္ဂါ ၂ ပါး ညီညွတ်လျက် ရှိသော်လည်း နောက်ဆုံးအင်္ဂါနှင့် မညီသောကြောင့် မပြုရ၊ ထို့ကြောင့် နာဒိ၌ အာဒိသဒ္ဒါဖြင့် ဧကဝုစ်ချင်း တူသည်ကို ယူရမည်-ဟု ဖွင့်ပြချက်ကို ဤ၌ ဗဟုဝုစ် ပါ ယူထားပုံဖြင့်လည်း ပယ်ဖျက်ပါလေ၊ ဧကဝစနာနံဟူသော ဝိသေသနကို မကြည့်ဘဲ နာဒိချည်း သက်သက်ဆိုလျှင် နာမှစ၍ နောက်ဝိဘတ် ဧကဝုစ် ဗဟုဝုစ် အားလုံးကို ယူနိုင်သည်—ဟူလို။

၁၁၂။ ရတ္တိယာမှစ၍ ဓေနုယာအထိ ရှေ့သုတ်၌ တွက်ပြခဲ့ပြီ၊ထို ရှေ့သုတ်ဖြင့် မမြစ်ရသည်သာ ထူး၏၊ "ယာဂု-ဒေဝီ" တည်၍လည်း ဓေနု-ဇမ္ဗူတို့ကဲ့သို့ တွက်၊ ရတ္တိ ဣတ္ထီတို့၌ သိဝိဘတ်, ရတ္တိံ ဣတ္ထိံ၌ အံ ဝိဘတ်ဖြစ်၍ နာဒိ မဟုတ်သောကြောင့် ဤသုတ်ဖြင့် မစီရင်ရ, သိချေ၊ အံကိုကား အံမော နိဂ္ဂဟီတံဖြင့် နိဂ္ဂဟိတ်ပြု၊ ဤကိုလည်း ရှေးဦးစွာ ရဿပြု, [ရဿ၌ "ရတ္တိ" ဟု ဒီဃဖြင့် ရှိတတ်၏၊ ပ နောက်လည်းဖြစ်, ဧကဝုစ် လည်း ဖြစ်သော ပုံစံကို ပြနေသောအရာဖြစ်၍ ရတ္တိဟု ဗဟုဝုစ်ပုံစံ မလို။] ကညာယ-စသည်၌ကား ဧကဝုစ်လည်းဖြစ်-နာဒိလည်း ဖြစ်သော်လည်း ပနောက်မဟုတ် (ဃနောက်)ဖြစ်သောကြောင့် ယာ မပြုရ,ရှေ့သုတ်ဖြင့် အာယပြု။ [ပဘာယနောက်၌ "သောဘာယ" ဟု ရှိသင့်၍ "သောတာယ" ဟု မရှိသင့်ပုံကို "အာ ဃော" သုတ်၌

**သခတော ဂဃော၀ါ** ၁၁၃။ တသ္မာ သခတော (ပရဿ) ဂဿ, အကာရ ၊ပေ၊ ကောရာဒေသော-အ အပြု, အာ အပြု, ဣ အပြု, ဤ အပြု, ဧ အပြုတို့သည်၊ ၀ါ ဟောန္တိ၊ ဘောသခ၊ပေ၊ ဘောသခေ-အို မိတ်ဆွေ။ (၁၃၂)

**ဃတေစ** ၁၁၄။ တသ္မာ ဃတော (ပရဿ) ဂဿ, ကောရာဒေသော ဟောတိ၊ ဘောတိအယျေ-အို အရှင်မ၊ပေ၊ စဂ္ဂဟဏံ-သည်၊ အ၀ ဓာရဏတ္ထံ-သန္နိဋ္ဌာန အ၀ဓာရဏ အနက် ရှိ၏။ [ဤ နောက်၌ "သန္နိဋ္ဌာနံ"

ပြခဲ့ပြီ။] "ရတ္တိနံ" ၌ နံသက်, ပလည်း ဟုတ်, နဒ္ဒါဒိလည်း ဟုတ်သော်လည်း ကေဝုစ် မဟုတ်သောကြောင့် ယာ မပြုရ, သုနံဟိသုစ သုတ်ဖြင့် ဒီဃပြု ပြီး၏၊ ဇုတ္တိဟု ဒီဃ အတိုင်း တည်၍လည်း နည်းတူတွက်၊ ဒီဃ မပြုရချုံသာ။

၁၁၃။ အကာရ၊ပေ၊ကောရာဒေသော—သုတ်၌ ဂဃောကို "ဂဿ+ဧ" ဟု ပုဒ်ဖြတ်၍ ဿ ခွင်း, ချေ, ကပ်လျှင် "ဂဃေ"ဟု ဖြစ်၏၊ ဧ ကိုကား "အစ+အာစ+ ဣစ+ဤစ+ဧစ၀တိ=အ အာ ဣ ဤ ဧ" ဟု ဒွန်သမာသ်တွဲ၊ အစ-အ လည်း၊ပေ၊အ အာ ဣ ဤ ဧ-တို့၊ "အ အာ ဣ ဤ ဧ" ဟု သမာသ်ဖြစ်ပြီးမှ ရှေ့သရ ၄ လုံးကို ချေ၍ "ဧ" ဟု ဖြစ်နေသည်၊ ထို့ကြောင့် "သခတော-မှ၊ ပရဿ-သော၊ ဂဿ-၏၊ ဧ-အ အာ ဣ ဤ ဧ အဖြစ်တို့သည်၊ ဟောန္တိ" ဟု သုတ်နက် ပေးစေလို၍ သုတ်၌ပါသော "ဧ" ကို "အကာရ အာကာရ ဣကာရ ဤကာရ ကောရာဒေသော" ဟု ဖွင့်သည်၊ [ရှေ့သရ ၄ လုံးကို ချေရာ၌ ချာသက တပြိုင်နက် ၄ လုံးကို ချေဟု ဆို၏၊ ရူပသိဒ္ဓိ ၌ကား တလုံးစီ အစဉ်အတိုင်း (ရှေ့ကစ၍ ဖြစ်စေ-နောက်က စ၍ဖြစ်စေ) ချေဟု ဆို၏၊ ရုပ်ပြီးသည်သာ ပဓာနတည်း၊] သခေကို အခြေပြု၍ တွက်ထား၏၊ သခေကဲ့သို့ "သခ, သခါ, သခိ, သခီ" တို့ကိုလည်း အ-အာ-ဣ-ဤ ပြု၍တွက်။

မှတ်ချက်။ ။ဤသုတ်၌ ဝုတ္တိ ဖွင့်ပုံသည် ကစ္စည်းဆရာ၏ အာဘော် မကျ၊ "ဂဃော၀ါ" ဟု ၀ါသဒ္ဒါနှင့်တကွ ပြသောကြောင့် ဧ အပြု မမြဲဟု သိသာ၏၊ ထို့ကြောင့် ဤသုတ်ဖြင့် ပြေ၍ "ဘောသခေ"ဟု ဖြစ်၏၊ ၀ါသဒ္ဒါမြစ်၍ ဧ မပြုပဲ "အကာရပိတာ ဒျန္တာနမာ-အာကာရော" တို့ဖြင့် စီရင်၍ "ဘောပုရိသ-ပုရိသာ" ကဲ့သို့ "ဘောသခ-ဘောသခါ" ဟုလည်း ဖြစ်နိုင်သည်၊ သခိ သခီတို့ကား ပုလ္လိင် မဟုတ်, ဣတ္ထိလိင်သာ ဟု မောဂ္ဂလ္လာန်ဆို၏၊ သခနောင် နဒါဒိ ဤပစ္စည်းသက်, ဈလ ပါရသံဖြင့် ဝိကပ်ရဿပြု၍ သခိ-သခီ-အို မိတ်ဆွေမ" ဟု ဖြစ်၏၊ ထို့ကြောင့် "သခတော ဂဃော၀ါ။ ။တသ္မာ သခတော ဂဿ ကောရာဒေသော ဟောတိ၀ါ၊ ဘောသခေ၊ ၀ါတိ ကိမတ္ထံ၊ ဘောသခ, ဘောသခါ" ဟု ဝုတ္တိ ဖွင့်သင့်သည်။ [ရူပသိဒ္ဓိ ၌ကား ၀ါသဒ္ဒါ အတွက် တမျိုး ဖွင့်လေသည်။]

၁၁၄။ အယျေ-ကညေ-ခရာဒိယေတို့သာ ပုံစံတည်း၊ ဘောတိကား အာလုပ် အနက်ထင်ရှားအောင် အပိုထည့်ပါ၌သာ၊ ရုပ်တွက်ရာ၌ အခြေပြုအတိုင်း "အယျာ"

ဟု ရှိသေးသည်ကား အပိုသာ၊ အဝဓာရဏတွံ၌ "သန္နိဋ္ဌာနာဝဓာရဏ" ဟု မှတ်ထားသော စာသင်သားက "သန္နိဋ္ဌာန်"ဟု မှတ်ချက် ရေးထားသည်ကို ကူးမှားလာခြင်းသာ ဖြစ်ဟန်တူ၏။] (၁၇၀)။

**န အမ္ဗာဒိတော** ၁၁၅။ တတော အမ္ဗာဒိတော-ထို "အမ္ဗ"အတူရှိသော သဒ္ဒါမှ၊ (ပရသ) ဂသ-၏၊ ကောရတ္တံ ဧ အဖြစ်သည်၊ န ဟောတိ-မဖြစ်၊ ဘောတိ အမ္ဗ, ဘောတိ အန္န, ဘောတိ အမ္ဗ, ဘောတိ တာတာ-အို အမိ၊ အမ္ဗာဒိတောတိ ကိမတ္ထံ၊ ဘောတိ ကညေ-သမီး၊ ဣတိ-၏။ (၁၈၁)။

**အကတ ရဿာ၊ပေ၊ ဝေဝေါ** ၁၁၆။ အကတရဿာ-သော၊ တသ္မာ လတော-ထို လမှ၊ (ပရသ)ယ္ဘာလပနသ-၏၊ ဝေဝေါ အာဒေသာ ဟောန္တိ၊ ဘိက္ခဝေ,ဘိက္ခဝေါ-အိုရဟန်းတို့၊ဟေတဝေ, ဟေတဝေါ-အို အကြောင်းတို့၊ အကတရဿာတိ ကိမတ္ထံ၊ သယမ္ဘုဝေါ-အို

---

ဟု တခါတည်း တည်၍ တွက်နိုင်၏၊ သို့မဟုတ် "အယျ" တည်၊ ဇုတ္တိယာမတော အာပစ္စယော သုတ်ဖြင့် အာပစ္စည်းသက်၊ ခွင်း, ချေ, ကပ်, (အယျာ) နာမ်ငဲ့, အာလုပ် သိသက်, ဤသို့လည်း တွက်နိုင်၏၊ ကညာဒိဂိုဏ်းဝင် ပုဒ်မှန်သမျှ ဤနည်း ချည်းတည်း။

ဃတောစ "ဃတော+စ"ပုဒ်ဖြတ်၊ စသဒ္ဒါသည် အေပြုကို နိုင်မြဲစေသော သန္နိဋ္ဌာန အဝဓာရဏအနက် ရှိ၏၊ "စေ-သောပြု"ဟု အေပြုကို သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက်ချ သဖြင့်လည်း မှေတပါး အခြားအပြုကို မပြုစေလိုရာရောက်၏၊ ထို့ကြောင့် "ကညေ" မှတပါး "ဘောတိကည-ဘောတိကညာ" ဟု အာလုပ်ရုပ်မရှိရဟု ဆိုရာရောက်ပြန် သည်၊ သို့သော် မောဂ္ဂလ္လာန်၌ "ဘောတိကညာ" ဟု အာလုပ်သိကို ချေသောရုပ်ကို လည်းကောင်း, နိဿယ၌ "ဥဋ္ဌေဟိ ပုတ္တိက (ချစ်သမီး) သုမေဓာ" ဟူသော ထေရီဂါထာ၌ ရဿရုပ်ကို လည်းကောင်း ပြထားသဖြင့် "ဘောတိကညေ, ဘောတိ ကည, ဘောတိကညာ" ဟု ကညာဒိဂိုဏ်း၌ အာလုပ်သိဖြင့် ၃ ရုပ်ရှိနိုင်ကြောင်း မိန့်သည်။

၁၁၅။ အမ္ဗာဒိ၌ အာဒိ သဒ္ဒါသည် "အတူ" ဟူသော အနက်ကို ဟော၏၊ အမ္ဗာသဒ္ဒါနှင့် အက္ခရာ ၂ လုံးချင်း မိခင်အနက်ဟောချင်းတူသော "အန္န-အမ္ဗ- တာတာ" သဒ္ဒါတို့ကို အာဒိသဒ္ဒါဖြင့် ယူရသည်၊ ထို အမ္ဗ အတူရှိသော သဒ္ဒါနောင် ဂသိကို ဧ မပြုနှင့်ဟု ရှေ့သုတ် အစီအရင်ကို တားမြစ်သည်။ [မုခ္ခမတ္တဒီပနီ၌ "သရ ၂ လုံးရှိချင်း-မိခင်အနက်ဟောချင်း" တူသည်ကို ယူ၍ သရ ၂ လုံးရှိသော (မိခင် အနက် ကိုလည်း ဟောသော) အတ္တာ-အလ္လာ သဒ္ဒါကိုလည်း ယူ၏၊ မိခင် အနက်ကို ဟောသော်လည်း "အမ္မာလာ, အမ္မိကာ" သဒ္ဒါကို မယူ၊ "ဟေ အမ္မာလေ, ဟေ အမ္မိကေ-အို အမိ"ဟု"ဘောတိကညေ"ကဲ့သို့ဖြစ်သည်။] ရုပ်တွက်ပုံကိုအခြေပြုမှာ၍။

ဘုရားတို့၊ ဣတိ....၏၊ လတောတိ ကိမတ္ထံ၊ နာဂိယော-အို နဂါးမတို့၊ ဓေနု ယော-အို နွားမတို့၊ ယာဂုယော-အို ယာဂုတို့၊ ဣတိ....၏၊ အာလပနသောတိ ကိမတ္ထံ၊ တေ ဟောတဝေါ-ထို အကြောင်းတို့သည်၊ တေ ဘိက္ခဝေါ-ထို ရဟန်း တို့သည်၊ ဣတိ....၏။ (၁၅၇)။

**ဈလတော သဿ နော၀ါ**

၁၁၇။ တသ္မာ ဈလတော (ပရဿ) သဿ ဝိဘတ္တိဿ နော အာဒေသော ဝါ ဟောတိ၊ အဂ္ဂိနော, အဂ္ဂိဿ-မီးအား၊ သခိနော, သခိဿ-မိတ်ဆွေအား၊ ပေါသယမ္ဘုဿ-ဘုရားအား၊ သယေတိ ကိမတ္ထံ၊ ဣသိနာ ဘိက္ခုနာ၊ ဣတိ....၏၊ ဈလတောတိ ကိမတ္ထံ၊ ပုရိသဿ-အား၊ ဣတိ....၏။ (၁၂၄)။

---

၁၁၆။ ကိံပုံစံ ၃ မျိုး။ ။၁-အကတရဿဖြစ်ခြင်း, ၂-လ အမည်ရှိခြင်း, ၃-အာလုပ်ယော ဖြစ်ခြင်း, ဤသို့ သုတ်အင်္ဂါ ၃ ပါးရှိ၍ ကိံ ၃ ချက်ထုတ်ထားသည်၊ "သယမ္ဘူ"တည်၊ အာလုပ် ယောသက်, လမှည့်, အဃော ရဿ စသော သုတ်ဖြင့် ဦကို ဥ ရဿပြု၊ ဤသုတ်ဖြင့် အာလုပ်ယောကို ဝေဝေါ ပြုသင့်သော်လည်း အကတ ရဿ မဟုတ်သောကြောင့် မပြုရ, လတော ဝေါကာရောစ သုတ်ဖြင့် ဝေါပြု ပြီး၏၊ ဤရုပ်၌ အင်္ဂါ ၂ ပါး ညီသော်လည်း အကတရဿ အင်္ဂါ ချို့ယွင်းသောကြောင့် မစီရင်နိုင်၊ နာဂိယောကို "နာဂီ"တည်, အာလုပ်ယောသက်, ပမှည့်, [အဃော ရဿဖြင့် ဤကို ဣရဿပြု၊] ဓေနု-ယာဂုတည်, အာလုပ်ယောသက်, ပမှည့်, ဤသုတ် ဖြင့် ဝေဝေါ ပြုသင့်သော်လည်း လနောင် မဟုတ်သောကြောင့် မပြုရ, ပြီး၏၊ [တေဟေတဝေါ၌ "တေ"ကား ပဌမာယောဖြစ်ကြောင်း (အာလုပ်ယော မဟုတ် ကြောင်း) ထင်ရှားအောင် ထည့်ပါ၌၊] ဟေတု တည်, ပဌမာ ယောသက်, လမှည့်, ဤသုတ်ဖြင့် (အကတရဿလည်း ဟုတ်—လ အမည်လည်း ဟုတ်သော ဟေတု နောင်) ယောကို ဝေဝေါ ပြုသင့်သော်လည်း အာလုပ်ယော မဟုတ်သောကြောင့် မပြုရ၊ လတော ဝေါကာရောစဖြင့် ဝေါပြု, ပြီး၏၊ ဘိက္ခဝေါလည်း နည်းတူ။

**မှတ်ချက်။** ။"နာဂိယော"၌ နာဂီမှ ဤကို ရဿပြုရသော ကတရဿတည်း၊ ကိံပုံစံများ၌ သုတ်အင်္ဂါ ၃ ပါးရှိလျှင် ၂ ပါးနှင့် ညီညွတ်၍ ၁ ပါးသာ ချို့ယွင်း စေရိုးတည်း၊ ဤ နာဂိယော၌ကား အကတရဿလည်း မဟုတ်—လ လည်း မမည် သောကြောင့် အင်္ဂါ ၂ ပါး ချို့ယွင်းလျက် ရှိ၏၊ ထို့ကြောင့် နာဂိယော အရာဝယ် "ရတ္တိယော"ကို ထုတ်ရလျှင် သာ၍ သင့်ဖွယ်ရှိ၏၊ "ရတ္တိယော"ကား ဓေနုယော-ယာဂုယော ကဲ့သို့ "အကတရဿ"လည်း ဟုတ်, အာလုပ်လည်း ဟုတ်သဖြင့် လအမည် မရခြင်း အင်္ဂါတပါးသာ ချို့ယွင်းသည်။

၁၁၇။ အဂ္ဂိနော အဂ္ဂိဿ—ဤသို့ ၂ ရုပ်စီပြရာ၌ "အဂ္ဂိနော"သည် ဤသုတ်ဖြင့် စီရင်အပ်သောပုံစံ၊ "အဂ္ဂိဿ"ကား ဝါသဒ္ဒါကြောင့် ဤသုတ် မစီရင်ရသော ပုံစံ တည်း၊ ရုပ်ကို အခြေပြု၌ ပြထားပြီ၊ သခိနောကိုလည်း သခန္တသိ နောနာနံ သေသု

**ဃပတောစ ယောနံ လောပေါ** ၁၁၈။ တေပဟိ ဃပစျလ ဣစ္စေတေဟိ-ထို ဃ, ပ, စျ, လ, မည်သော သရတို့မှ၊ (ပရေသံ)ယောနံ လောပေါ ဟောတိ၊ ကညာ, ကညာယော-တို့သည်, တို့ကို၊ [ဤ အတိုင်း ပေး၊] အာယု, အာယူနိ-အသက်တို့သည်, တို့ကို၊ စဂ္ဂဟဏံ-သည်၊ အနုကဍ္ဎနတ္ထံ-၏၊ (၁၄၆)။

**လတော ဝေါကာရော စ** ၁၁၉။ တသ္မာ လတော (ပရေသံ) ယောနံ ဝေါကာရော ဝါ ဟောတိ၊ ဘိက္ခဝေါ, ဘိက္ခူ-တို့သည်, တို့ကို၊ သယမ္ဘုဝေါ, သယမ္ဘူ-တို့သည်, တို့ကို၊ ကာရဂ္ဂဟဏံ-ကာရသဒ္ဒါသည်၊

---

ကျမှ တွက်၊ အဂ္ဂိဿ စသည်၌ကား ဤသုတ်ဖြင့် နေ ပြုသင့်သော်လည်း ဝါသဒ္ဒါ မြစ်သောကြောင့် မပြုရ—ဟု ဆို၍ (သ) လာ၊ ဣသိနာ ဘိက္ခုနာတို့၌ နာသက်, ဈမှည့်-လမှည့်, ဈနောက် လနောက် ဖြစ်သော်လည်း သဝိဘတ် မဟုတ်သောကြောင့် နေ မပြုရ—ဟု ဆိုရုံသာ၊ ပုရိသဿ၌ကား သဝိဘတ်ဟုတ်သော်လည်း ဈ လ နောက် မဟုတ်သောကြောင့် နေ မပြုရ ဟု ဆို။

၁၁၈။ စ သဒ္ဒါဖြင့် ရှေ့သုတ်မှ "ဈလတော"ကို ငင်၏၊ ထို့ကြောင့် "စဂ္ဂဟဏ မနုကဍ္ဎနတ္ထံ"ဟု မိန့်သည်၊ ထိုသို့ ငင်သဖြင့် နောက်သုတ်သို့ မလိုက်တော့—ဟု သိစေရခြင်း အကျိုးရှိ၏၊ ရှေ့သုတ်မှ ဝါသဒ္ဒါကိုကား စ သဒ္ဒါဖြင့် မငင် (အနုဝတ္တန သဘောအားဖြင့် လိုက်ရိုးလိုက်စဉ် လိုက်)သောကြောင့် နောက်သုတ်သို့လည်း လိုက်လိမ့်ဦးမည်၊ "ကညာ"ကား ဃနောင်, ရတ္တိ-ဣတ္ထီ-ယာဂု-ဝဓူ တို့ကား ပ နောင်, အဂ္ဂိစသည်တို့ကား ဈလနောင် ယောချေသောပုံစံများတည်း၊ ရုပ်ကို အခြေပြုကြည့်။ အဋ္ဌိကို အဋ္ဌိတည်း၍ အဂ္ဂိအတိုင်း, အာယုကို အာယုတည်း၍ ဘိက္ခု အတိုင်း တွက်၊ အဋ္ဌိ-နပုလ္လိင်၊ အာယု-ပုလ္လိင်, နပုလ္လိင်တည်း၊ အဂ္ဂိမှစ၍ သယမ္ဘူ တို့ကား ပုလ္လိင်တည်း။

ကညာယော စသည်တို့ကို ဝါမြစ်၍ ယော မချေရ-ဟု ပြခြင်းငှာ ထုတ်သည်၊ ကညာ, ရတ္တိ, ဣတ္ထိ, ယာဂု, ဝဓူတည်၊ ဃ, ပမှည့်, ဣတ္ထီ ဝဓူတို့၌ အဃောရဿ သုတ်ဖြင့် ရဿ ပြုပြီးလျှင် ဤသုတ်ဖြင့် ယောကို ချေသင့်သော်လည်း ဝါမြစ်သော ကြောင့် မချေရ—ဟု ဆို၊ ကညာယော စသည် ပြီး၏၊ အဂ္ဂယောကို ယောသွကတ ရသော ဈော၌, ဘိက္ခဝေါ သယမ္ဘုဝေါတို့ကို နောက်သုတ်၌, အဋ္ဌီနိ အာယူနိ တို့ကို ယောနံနိ နပုံသကေဟိသုတ်၌ တွက်ပါ၊ ဤသုတ်၌ကား ဝါသဒ္ဒါမြစ်သော ကြောင့် ယောကို မချေရ—ဟု အပိုဆိုရုံသာ ထုးသည်။ [ဤရုပ်အားလုံးကို အာလုပ် ယောဖြင့်လည်း တွက်နိုင်သည်။]

၁၁၉။ ဤသုတ်နှင့် အကတရဿာ လတော သုတ်တို့ စီရင်ရာ ဌာနထူးပုံကို စဉ်းစားသင့်၏၊ ရှေ့ အကတရဿာ သုတ်သည် အကတရဿလည်း ဖြစ်—အာလုပ် ယောလည်း ဖြစ်လျှင် လနောင် ဝေ-ဝေါ ၂ မျိုးလုံး ပြု၏၊ ထို့ကြောင့် "ဘောန္တော ဘိက္ခဝေ-ဘိက္ခဝေါ"ဟူသော ရုပ် ၂ မျိုးကိုသာ စီရင်နိုင်၏၊ ဤသုတ်ကား ၁-အက

ကိမတ္ထံ-နည်း၊ ယောနံ-ယောဝိဘတ်တို့၏၊ နော၀-နော ပြုရကျိုးရှိသည်လည်း၊ ဟောတိ၊ ဇန္တုနော-သတ္တဝါတို့သည်,တို့ကို၊ (အို သတ္တဝါတို့-ဟုလည်း ပေးနိုင်သည်၊) စဂ္ဂဟဏံ-သည်၊ အဝဓာရဏတ္ထံ-နိဝတ္တာပန အဝဓာရဏ အနက်ရှိ၏၊ အမူ ပုရိသာ-ထို ယောကျ်ားတို့သည်၊ တိဋ္ဌန္တိ-တည်ကုန်၏၊ အမူ ပုရိသေ-တို့ကို၊ ပဿထ-ကြည့်ကြကုန်လော။ (၁၅၅)။

ဣတိ-ဤကား၊ နာမကပ္ပေ-၌၊ ပဉ္စမော ကဏ္ဍော-ပဉ္စမခန်းတည်း။

---

တရဿလည်း ဖြစ်-ပဉ္စမာ ဒုတိယာလည်း ဖြစ်လျှင်လည်းကောင်း, ၂-ကတရဿလည်း ဖြစ်-အာလုပ် ပဉ္စမာ ဒုတိယာယောလည်း ဖြစ်လျှင်လည်းကောင်း, လ နောင် ဝေါသာ ပြု၏၊ ဝေ မပြုနိုင်၊ ထို့ကြောင့် ၁-"ဘိက္ခဝေါ-ရဟန်းတို့သည်,တို့ကို-ဟုလည်းကောင်း, ၂-သယမ္ဘုဝေါ-အို ဘုရားတို့, ဘုရားတို့သည်, တို့ကို-ဟု လည်းကောင်း" ဖြစ်နိုင်သည်၊ အချုပ်မှာ-"အကတရဿ လတောသုတ်မှ ကြွင်းသမျှ၌ ဝေါပြုခွင့်ကြုံလျှင် ဤသုတ်ကချည်း ပြုသည်"ဟူလို။

[ဆောင်] အကတရဿ်ထုတ်,ထို ရှေ့သုတ်ကား, အာလုပ် ယောတခု,ဝေဝေါပြု၏၊ ယခု လတော, ဝေါကာရောမှ, ကြွင်းယောဟူသမျှ, အကတနှင့်, ကတရဿ်စုံ, ဝေါပြုကြုံလျှင်, အကုန်သိမ်းခါ, ပြုနိုင်ရာသည်, မှတ်ပါ ၂ သုတ်အထူးတည်း။

**ကာရဂ္ဂါ၊ပေ၊ဇန္တုနော**—"လတော ဝေါစ"ဟုသာ သုတ်မတည်ပဲ "လတော ဝေါကာရောစ"ဟု ကာရသဒ္ဒါထည့်၍ ဆိုသဖြင့် ကာရသဒ္ဒါ ပို၏၊ ထို ကာရသဒ္ဒါဖြင့် ဟေတု-ဇန္တု-သဗ္ဗညူ စသော သဒ္ဒါတို့နောင် ယောကို နောပြု၍ "ဇန္တုနော-ဟေတုနော-သဗ္ဗညုနော-သဟဘုနော" စသော ပုံစံများ ဖြစ်သေး၏၊ အားလုံးရုပ်များကို အခြေပြု၍ ပြထားပြီ၊ သဗ္ဗညုနော၌ "သဗ္ဗညူ"တည်, ယောသက်,လမှည့်, အဃောရဿဖြင့် ရဿပြုရုံသာ ထူး၏၊ သဟဘုနောလည်း နည်းတူ။

**စဂ္ဂဟဏံ၊ပေ၊ အမူ**—စ သဒ္ဒါကား "အမု"နောင် ယော ဝိဘတ် သက်၍ ထိုယော၏ ဝေါအပြုကို တားမြစ်ခြင်းဟူသော နိဝတ္တာပန အဝဓာရဏ အနက်ရှိ၏။ [နိဝတ္တာပန-ဆုတ်နစ်စေသော၊ ဝါ-တားမြစ်သော၊ အဝဓာရဏ-ပိုင်းခြားသတ်မှတ်တတ်သော သဒ္ဒါ၊] အမူကို "အမု"တည်, ယောသက်, လမှည့်, ဤသုတ်ဖြင့် လ နောင် ယောကို နော ပြုသင့်သော်လည်း စ သဒ္ဒါ မြစ်သောကြောင့် မပြုရ၊ ဃပတောစ ယောနံလောပေါဖြင့် ယောကို ချေ, ယောသု ကတနိကာရ စသော သုတ်ဖြင့် ဒီဃပြု, ပြီး၏၊ ပဉ္စမာယောဖြစ်ကြောင်း ထင်ရှားအောင်"တိဋ္ဌန္တိ"ဟုလည်းကောင်း, ဒုတိယာယောဖြစ်ကြောင်း ထင်ရှားအောင် "ပဿထ"ဟု လည်းကောင်း ထည့်ပြသည်။

**အမှုဿ မမံ သဝိဘတ္တိဿ သေ**

၁၂၀။ သေ ဝိဘတ္တိမှိ-ကြောင့်၊ သဝိဘတ္တိဿ-သော၊ သဗ္ဗ ဿေဝ-အလုံးစုံ သာလျှင် ဖြစ်သော၊ အမှုဿဒ္ဒဿ မမံ အာဒေသော ဟောတိ၊ ပုရိသေန-သည်၊ မမံ-ငါ့အား၊ ဒီယတေ-ပေးအပ်၏၊ မမံ-ငါ၏၊ ပရိဂ္ဂဟော-ဥစ္စာ။ (၂၄၃)။

**မယံ ယောသွိ ပဌမေ**

၁၂၁။ ပဌမေ ယောမှိပေ၊ ဟောတိ၊ မယံ-ငါတို့သည်၊ ဂစ္ဆာမ- သွားကုန်၏၊ မယံ, ဒေမ - ပေးကုန်၏၊ အမှုဿေတိ-အမှုဿပုဒ်သည်၊ ကိမတ္ထံ၊ ပုရိသာ-တို့သည်၊ တိဋ္ဌန္တိ-တည်ကုန်၏၊ ဣတိ-၏၊ ယောမှိတိ ကိမတ္ထံ၊ အဟံ-ငါသည်၊ ဂစ္ဆာမိ-၏၊ ဣတိ-၏၊ ပဌမေတိ

---

၁၂၀။ ပဌမကဏ္ဍ၌ ဝိဘတ်နှင့်တကွ မစီရင်ပဲ ဝိဘတ်ကြောင့် ရှေ့နာမ်၏ အဆုံးကိုဖြစ်စေ, နောက်ဝိဘတ်ကိုဖြစ်စေ စီရင်ခဲ့၏၊ ဤဒုတိယကဏ္ဍ၌ကား အများအားဖြင့် ဝိဘတ်နှင့်တကွ ရှေ့အားလုံးကိုဖြစ်စေ, အဆုံးကိုဖြစ်စေ စီရင်လိမ့်မည်၊ ဤသို့ စီရင်ပုံချင်း မတူတတ်၍ ရှေ့၌ တပိုင်း ကန့်သတ်ခဲ့ရသည်။

**သဗ္ဗဿေဝ၊ပေ၊ သဝိဘတ္တိဿ**—"အမှုဿ-ငါ့အား"ဟု အနက်ပေး မှားမည်စိုး၍ "အမှုဿဒ္ဒဿ"ဟု "သဒ္ဒ"ထည့်၍ ဖွင့်၏၊ ထိုသို့ ဖွင့်သဖြင့် အမှုဿ၌ အမှုသည် "ငါ" အနက်ဟော အမှ၏ အနုကရဏသဒ္ဒါတည်း-ဟု သိရသည်၊ အမှုသဒ္ဒါကို မမံ ပြုရာ၌ မှကိုသာပြုရမည်လော-ဟု တွေးတောဖွယ် ရှိသောကြောင့် "သဗ္ဗဿေဝ" ဟု ဖွင့်ပြန်သည်၊ အမှ တခုလုံးကိုပင် မမံ ပြုရမည်—ဟူလို၊ ထိုသို့ ပြုရာ၌ ဝိဘတ်နှင့်တကွ ပြုပါ—ဟု သိစေလို၍ "သဝိဘတ္တိဿ"ဟု ဆိုရပြန်သည်၊ သဟ ဝိဘတ္တိယာ ယော ဝတ္တတီတိ သဝိဘတ္တိ၊ ယော-အကြင် အမှုသဒ္ဒါသည်၊ ဝိဘတ္တိယာ-နှင့်၊ သဟ ဝတ္တတိ, ဣတိ, သော, သဝိဘတ္တိ-မည်၏။

**သေ ဝိဘတ္တိမှိ**—"သေ"၌ သ ဟူသည် အဘယ်က "သ"ပါနည်း, သဟကို ပြုထားသော "သ"ပါလော—ဟု မေးဖွယ်ရှိ၍ "ဝိဘတ္တိမှိ"ဟု ပဏ္ဍိပနဝုတ္တိ ဖွင့်ရပြန်သည်၊ သဟမှ ဖြစ်သော သ-မဟုတ်, သဝိဘတ်-ဟူလို၊ ဝိဘတ္တိသဒ္ဒါသည် ဝိပုဗ္ဗ-ဘဇဓာတ်, ဣတ္ထိယမတိ ႏ ဝေါဝါသုတ်ဖြင့် တိပစ္စည်းသက်၍ ဣတ္ထိလိင် ရှိသော်လည်း ဣတ္ထိလိင်မှ ပုလ္လိင် ဖောက်ပြန်၍ လိင်္ဂဝိပလ္လာသအားဖြင့် "ဝိဘတ္တိမှိ"ဟု ဆိုထားသည်။ ["မမံ ဒီယတေ"၌ မမံဝယ် စတုတ္ထီ သဝိဘတ်ဖြစ်ကြောင်း သိစေလို၍ သမ္ပဒါန်ကို ငဲ့သော "ဒီယတေ"ကြိယာကို ထည့်သည်၊ ဒီယတေ၌ တေဝိဘတ်လည်း ကံဟောဖြစ်ကြောင်း ထင်ရှားအောင် "ပုရိသေန"ဟု အဝုတ္တကတ္တားကို ထည့်သည်၊ မမံ ပရိဂ္ဂဟော၌ကား မမံ၌ ဆဋ္ဌီသဖြစ်ကြောင်း ထင်ရှားအောင် သမ္ဗန်ကိုငဲ့သော "ပရိဂ္ဂဟော"ပုဒ်ကို ထည့်သည်၊ "ငါ၏+ဥစ္စာ"ဟူလို၊ ရုပ်ကိုဒြအခြေပြုအတိုင်းတွက်။]

၁၂၁။ **မယံဂစ္ဆာမ, ဒေမ**—ဂစ္ဆာမ ဒေမတို့ကား မယံ၏ ပဌမာ (ကတ္တား) ဖြစ်ကြောင်း ထင်ရှားအောင် အပိုထည့်ပါ၌တည်း၊ ရုပ်တွက်လေ၊ "ပုရိသာ"သည်

ကိမတ္ထံ၊ တံ့-သင်သည်၊ အမှာကံ-ငါတို့ကို၊ ပဿသိ-ကြည့်၏၊ ဣတိ-၏၊ (၂၃၃)။

န္တုဿဝန္တော ၁၂၂။ ၊ပေ၊ ဂုဏဝန္တော ဂုဏ်ရှိသူတို့သည်၊ တိဋ္ဌန္တိ၊ န္တုဿော တိ၊ပေ၊ သဗ္ဗေသတ္တာ- အလုံးစုံကုန်သော သတ္တဝါတို့သည်၊ ဂစ္ဆန္တိ၊ ဣတိ-၏၊ ပဋ္ဌမေတိ၊ပေ၊ ဇနာ-လူတို့သည်၊ ဂုဏဝန္တေ-ဂုဏ်ရှိသူတို့ကို၊ ပဿန္တိ-မြင်ကုန်၏၊ ဣတိ-၏။ (၉၉)။

န္တဿ သောဝါ ၁၂၃။ [သုတ်နက်ရလျှင် သုတ်အဖွင့်(ဝုတ္တိ)ကို အနက်ထင်နိုင်သည်သာ များ၏၊ ထို့ကြောင့် တချို့ ဝုတ္တိကို အနက် မပေးတော့ပြီ။] ဈာယိနော-မကောင်းမှုကို မီးရှို့လေ့ရှိသော၊ သီလဝန္တဿ-သီလရှိသူအား၊ သီလဝတော ဈာယိနောဝါ- "သီလဝတော ဈာယိနော" ဟုလည်း ရှိ၏၊ သေတိ ကိမတ္ထံ၊ သီလဝါ-သီလရှိသူသည်၊ တိဋ္ဌတိ-တည်၏၊ ဣတိ-၏။ (၁၀၃)။

---

ပဌမာယော နှောင်းသော်လည်း အမှသဒ္ဒါ မဟုတ်သောကြောင့် မဃံ မပြုရ၊ သမ္ဗုယောနိနုမာဖြင့် စီရင်၊ "အဟံ" သည် အမှလည်း ဟုတ်-ပဌမာလည်း ဟုတ်သော်လည်း ယောဝိဘတ် မဟုတ် (သိဝိဘတ်ဖြစ်) သောကြောင့် မယံ မပြုရ၊ တွမဟံ သိမ္ဟိစဖြင့် ရုပ်ပြီးလတ္တံ့၊ "အမှာကံ" ကား အမှသဒ္ဒါလည်း ဟုတ်- ယောလည်း ဟုတ်သော်လည်း ပဌမာ မဟုတ်သောကြောင့် မယံ မပြုရ၊ ဝါယောပ္ပဌမော သုတ်၌ ရုပ်ပြီးလတ္တံ့။ [မိမိတယောက်တည်း၌ "မယံ" ဟု ဗဟုဝုစ်သုံးစွဲနိုင်ကြောင်းကို ရူပသိဒ္ဓိမှာ ရှု။

၁၃၂။ န္တုဿ+ဝန္တော—"တုဿဝတော" ဟု မဖတ်ရ၊ နငယ်သံကို မတြာဝက်မျှ ထင်ရှားစေလျက် "န်တုဿ+န်တော" ဟု ဖတ်၊ ရုပ်ကို အခြေပြုကြည့်၊ သဗ္ဗေ သတ္တာ တို့ကား ပဌမာယော ဟုတ်သော်လည်း န္တု မဟုတ်သောကြောင့် "န္တော" မပြုရ၊ သဗ္ဗေကို သဗ္ဗနာမကာရတေ ပဌမော၌ တွက်၊ သတ္တာကား ပုရိသာအတိုင်း တွက်၊ ဂုဏ ဝန္တေကား န္တု ဟုတ်သော်လည်း ပဌမာယော မဟုတ် (ဒုတိယာယော ဖြစ်) သောကြောင့် န္တော မပြုရ၊ န္တုဿန္တော ယောသုစ သုတ်၌ တွက်။

၁၂၃။ "သီလဝန္တဿ" သာ လိုရင်း၊ ဈာယိနောကား တွဲဖက်ပါ၌သာ၊ ရုပ်ကို အခြေပြုကြည့်၊ "သီလဝတော" ကား ဝါသဒ္ဒါအတွက် ပြအပ်သော ရုပ်တည်း၊ တောတိတာ သသ္မိံနာသု၌ တွက်။ [သူသေကောင် မီးရှို့မှုကို "ဖုတ်ကြည်း" ဟု ရေးကခေါ်၏၊ ထိုအခေါ်အတိုင်း "ဈာယိနော-မကောင်းမှုကို ဖုတ်ကြည်းလေ့ရှိထသော" ဟု ရေးနိဿယတို့ပေးသည်။] သီလဝါကား ဝန္တုပစ္စည်း ဟုတ်သော်လည်း သ ဝိဘတ် မနှောင်းသောကြောင့် "န္တဿ" မပြုရ၊ အာသိမှိ သုတ်၌ တွက်။

**အာ သိမှိ** ၁၂၄။ ၊ပေ၊ ဂုဏဝါ-ဂုဏ်ရှိသူသည်၊ ပညဝါ-ပညာ (ရှိသူသည် ဟု ဆက်)၊ သီလဝါ-သီလ၊ ဗလဝါ-ခွန်အား၊ ဓနဝါ-ဥစ္စာ၊ မတိမာ-ပညာ၊ သတိမာ-သတိ၊ ဓိတိမာ-လုံ့လ ရှိသူသည်၊ န္တုယောတိ ကိမတ္ထံ၊ ပုရိသော တိဋ္ဌတိ၊ ဣတိ-၏၊ သိမှိတိ ကိမတ္ထံ၊ သီလဝန္တော-သီလရှိသူတို့သည်၊ တိဋ္ဌန္တိ၊ ဣတိ-၏။ (၉၈)

**အံ နပုံသကေ** ၁၂၅။ သိမှိ ဝိဘတ္တိမှိ, နပုံသကေ-နပုလ္လိင်၌၊ ဝတ္တမာနသ္မာ-သော၊ သဝိဘတ္တိဿ, သဗ္ဗဿေဝ, န္တုပစ္စယဿ, အံ အာဒေသော ဟောတိ၊ ဂုဏဝံ-ဂုဏ်ရှိသော၊ စိတ္တံ-စိတ်သည်၊ တိဋ္ဌတိ-တည်၏၊ ရုစိမံ-အရောင်အဆင်း ရှိသော၊ ပုပ္ဖံ-ပန်းသည်၊ ဝိရောစတိ-တင့်တယ်၏၊ သိမှိတိ ကိမတ္ထံ၊ တုံ့-သင်သည်၊ ဝဏ္ဏဝန္တံ-အဆင်းရှိသော၊ အဂန္ဓကံ-အနံ့ မရှိသော၊ ဝိရူဠ္ဌပုပ္ဖံ-မိုးစွေပန်းကို၊ ပဿသိ-ရှု၏၊ ဣတိ-၏။ (၁၉၈)။

---

၁၂၄။ ဂုဏဝါကို အခြေပြု၍တွက်ခဲ့ပြီ၊ပညဝန္တု-သီလဝန္တု-ဗလဝန္တု-ဓနဝန္တု-မတိမန္တု-သတိမန္တု-ဓိတိမန္တု တည်, သိ သက်၍ ဂုဏဝါအတိုင်း တွက်၊ ပုရိသော၌ သိဝိဘတ်ဟုတ်သော်လည်း န္တု မဟုတ်သောကြောင့် လည်းကောင်း, သီလဝန္တော၌ န္တု ဟုတ်သော်လည်း (ယောဝိဘတ် ဖြစ်၍) သိ မဟုတ်သောကြောင့် လည်းကောင်း အာ မပြုရ၊ သီလဝန္တုတည်, ယောသက်, န္တုဿန္တောသုတ်ဖြင့် စီရင်။ [ဤ "အာ သိမှိ" သုတ်ဖြင့် အာ ပြုခြင်းသည် နိစ္စဖြစ်၍, ဤသုတ်၌ ဝါသဒ္ဒါ အလိုက်မခံပဲ ဝုတ္တိ ဖွင့်သည်-ဟု ဆိုကြ၏၊ ကျမ်းဆရာ၏ အာဘော်ကျဟန် တူသော်လည်း "ဂတိမန္တော, သတိမန္တော, ဓိတိမန္တောစ ယော ဣသိ" ဟု ပဌမာ သိဖြင့် ဂတိမာအပြင်-ဂတိမန္တော စသည်လည်း ရှိနိုင်သောကြောင့် ဤသုတ်ဖြင့် အာ အပြုလည်း မမြဲ ဟု မှတ်၊ ဂတိမန္တော စသည်ကို သိမှိဝါသုတ်ဖြင့် စီရင်။]

**ယော နှောင်းရာ၌ အာပြုပုံ။** ။ဤ ကစ္စည်းကျမ်းအလို သိ ဝိဘတ်ဖြင့်သာ အာ အပြု ရှိနိုင်သော်လည်း "ဝဏ္ဏဝါ-အဆင်း ရှိကုန်သည်၊ အဟေသုံ-ဖြစ်ကုန်ပြီ၊ (စတုတ္ထ ပါရာဇိက)၊ သီလဝါ-သီလ ရှိသူတို့သည်၊ ဟောထ-ဖြစ်ကြကုန်၏" (ပဉ္စင်္ဂုတ္တရ ပါဠိတော်)၊ စက္ခုမာ-စက္ခု ရှိသူတို့သော်မှ၊ အန္ဓိတာ-အကာဏ်း ဖြစ်ရကုန်သည်၊ ဟောန္တိ၊ (တိကနိပါတ်ဇာတ်)၊ဤပါဠိများကို ထောက်၍ ယော နှောင်းရာ၌လည်း အာ အပြုကို မောဂ္ဂလ္လာန် စီရင်၏၊ ဤ၌ အာသိမှိဝယ် "အာ" ဟူသော ယောဂ ဝိဘာဂဖြင့် ယောနှင့်တကွ အာ ပြု။

၁၂၅။ စိတ္တံ-ပုပ္ဖံတို့ကား နပုလ္လိင်ဖြစ်ကြောင်း သိသာအောင်, တိဋ္ဌတိ-ဝိရောစတိ တို့ကား ဂုဏဝံ ရုစိမံတို့၌ ပဌမာသိ ဖြစ်ကြောင်း သိသာအောင်, ထည့်ပါဌ်များတည်း။ ရုပ်ကို အခြေပြု ကြည့်၊ ရုစိမံ၌လည်း "ရုစိမန္တု" တည်, ကိုရုပ်၌ "ဝဏ္ဏဝန္တံ" သာ လိုရင်း၊ "အဂန္ဓကံ ဝိရူဠ္ဌပုပ္ဖတို့ကား တွဲဖက်၊ "ပဿသိ" ကား ဝဏ္ဏဝန္တံ စသည်၌ ပဌမာသိ မဟုတ်, ကံပုဒ် (အံ ဝိဘတ်)ဖြစ်ကြောင်း ထင်ရှားအောင် ထည့်ပါဌ်၊ "တုံ့"ကား ပဿသိ၏ ကတ္တားအဖြစ် ထည့်ပါဌ်တည်း၊ ဝဏ္ဏဝန္တုတည်, အံသက်၍

**အဝဏ္ဏာစ ဧဝ**

၁၂၆။ အံစ-အံ အပြုသည်လည်းကောင်း၊ အဝဏ္ဏာစ-အဝဏ် အပြုတို့သည်လည်းကောင်း၊ ဟောန္တိ၊ဘောဂုဏံ,ဘောဂုဏာဝ, ဘောဂုဏာဝါ-အို ဂုဏ်ရှိသူ၊ စဂ္ဂဟဏံ-သည်၊ အနုကဍ္ဎနတ္ထံ - ငင်ခြင်း အနက် ရှိ၏။ (၁၀၁)။

**ဘော တိ တာ သမ္ဗိ နာသု**

၁၂၇။ သမ္ဗိ နာဧ္လတိ-သ, သမ္ဗိ, နာ ဟူကုန်သော၊ ဧတေသု-၌ ဝိဘတ်တို့ကြောင့်၊ သဗ္ဗသောဝ၊ပေ၊ န္တုပစ္စယဿ ယထာ သင်္ချံ ဘောတိတာ အာဒေသာ ဝါ ဟောန္တိ၊ ဂုဏဝဘော, ဂုဏဝန္တဿ-ဂုဏ်ရှိသူအား၊ ဂုဏဝတိ, ဂုဏဝန္တသ္မိံ-၌၊ ဂုဏဝတာ, ဂုဏဝန္တေန-ဖြင့်၊ သတိမဘော, သတိမန္တဿ-သတိရှိသူအား၊ပေ၊ ဧတေသွိတိ-၌ သ သမ္ဗိ နာ ဝိဘတ်တို့ကြောင့် ဟူသည်၊ ကိမတ္ထံ၊ ဂုဏဝါ- သည်၊ သတိမာ- သည်၊ ဧ္လတိ-၏။ (၁၀၂)။

---

န္တုဿန္တော ယောသုစ၌ စ သဒ္ဒါဖြင့် န္တု၏ ဥကို (အ)ပြု, ခွင်း, ချေ, ကပ်။ [ဤ နပုလ္လိင်၌လည်း အံ အပြု မမြဲ၊ ထို့ကြောင့် သဒ္ဒနီတိ၌ "နပုံသကေ အံဝါ"ဟု ဝါနှင့်တကွ သုတ်တည်သည်၊ မောဂ္ဂလ္လာန်၌လည်း "ဂုဏဝန္တံ"ဟု နပုလ္လိင် သိဖြင့် ပြ၏။ "ဂုဏဝန္တု"တည်, သိသက်, သိ မှိဝါဖြင့် ဥကို (အ)ပြု၊ သိံ သုတ်ဖြင့် သိကို အံပြုလေ။]

၁၂၆။ စ သဒ္ဒါဖြင့် ရှေ့သုတ်မှ "အံ"ကိုသာ ငင်သည်၊ ထိုသို့ ငင်သဖြင့် နောက် သုတ်သို့ မလိုက်တော့—ဟု သိစေရကျိုးရှိသည်။ [သဒ္ဒနီတိ၌ ဂသိဖြင့် "ဂုဏံ" ကဲ့သို့သော နိဂ္ဂဟိတန္တရုပ်သည် သာသနာတော် ကျမ်းဂန်တို့၌ မရှိ၊ "ယသဿိနံ ပညဝန္တံ ဝိသယှ" (စတုက္က ဇာတ်)၌ကား ဂါထာတည့်အောင် ပညဝန္တံ၌ နိဂ္ဂဟိတ် လာစေသည်၊ နံလည်း နိပါတ်မျှသာ၊ "ယသဿိ-များသောအခြံအရံ ရှိသော၊ ပညာဝန္တ-ပညာရှိသော၊ ဝိသယှ-ဝိသယှ"ဟု ဆိုလိုသည်၊ ထို့ပြင်— "ပညာဝန္တ"ဟူသော ယခင် ဇာတ်ပါဠိကိုလည်းကောင်း "ဓိတာ တုယှံ မဟာရာဇ, ပညဝန္တ ဇုတိန္ဓရ"ဟူသော ဥပ္ပလဝဏ္ဏာထေရီကာပဒါန်ကိုလည်းကောင်း ထောက်၍ "ဂုဏဝန္တ"ဟူသော ဂသိရုပ်လည်း ရှိသင့်ကြောင်းကို မိန့်ကြ၏၊ န္တုဿန္တော ယောသုစ၌ စ သဒ္ဒါဖြင့် န္တု၏ ဥကို (အ)ပြု, သိ ချေ။]

[ဆောင်] အဝဏ္ဏာစ, သုတ်အရ၌, သဒ္ဒနီတိ, အံ မရှိဟု, ပယ်ဘိတကြောင်း၊
ၚင်းအပြင်, ပညဝန္တ, ပါဠိရ၍, ဂသိနှောင်းရာ, န္တုမှာဝယ်,
(ဥ)သာ (အ)ဟု, တနည်းပြုသည်, ပြီးမှ ဂုဏဝန္တတည်း။

၁၂၇။ သတိမဘော စသည်ကို "သတိမန္တု" တည်၍ အခြေပြု နည်းမှီးတွက်၊ ဂုဏဝန္တဿ, ဂုဏဝန္တသ္မိံ, ဂုဏဝန္တေန, သတိမန္တဿ-စသည်ကား ဝိကပ်ရုပ် များတည်း၊ န္တဿ သေဝါ-န္တုဿန္တော ယောသုစ သုတ်တို့ဖြင့် စီရင်၊ ကိံ ရုပ်၌ န္တုပစ္စည်း ဟုတ်သော်လည်း သ သမ္ဗိ နာ မဟုတ်သောကြောင့် ဘော စသည် မပြုရ၊ အာသိမှိသုတ်ဖြင့် စီရင်။

နံ မှိ တံ ဝါ ၁၂၈။ ဂုဏဝတံ, ဂုဏဝန္တာနံ·တို့အား၊ သတိမတံ, သတိမန္တာနံ·တို့အား၊ နံမှိတိ ကိမတ္ထံ၊ ဂုဏဝန္တော·တို့သည်၊ တိဋ္ဌန္တိ၊ သတိမန္တော·တို့သည်၊ တိဋ္ဌန္တိ။ (၁၀၄)။

ဣမဿိဒမံသိသု နပုံသကေ ၁၂၉။ အံသိသု·တို့ကြောင့်၊ နပုံသကေ·၌၊ ဝတ္တမာနဿ·သော၊ပေ၊ဣဒံ·ဣဒံ အပြုသည်၊ ဝါ ဟောတိ၊ ဣဒံ စိတ္တံ·ဤစိတ်ကို၊ ပဿသိ·ရှုလော၊ ဣဒံ စိတ္တံ·သည်၊ တိဋ္ဌတိ၊ ဣမံ စိတ္တံ ပဿသိ၊ ဣမံ စိတ္တံ တိဋ္ဌတိ၊ နပုံသကေတိ ကိမတ္ထံ၊ ဣမံ ပုရိသံ·ကို၊ ပဿသိ၊ အယံ ပုရိသော တိဋ္ဌတိ၊ ဣတိ·၏။ (၂၂၂)။

---

၁၂၈။ ဂုဏဝတံ သတိမတံကို အခြေပြု၍ ကြည့်၊ ဂုဏဝန္တာနံ သတိမန္တာနံ တို့ကား ဝိကပ်ရုပ်၊ န္တုဿန္တော ယောသုစ သုတ်ဖြင့် စီရင်၊ ကိံ ရုပ်၌ န္တုပစ္စည်း ဟုတ်သော်လည်း နံဝိဘတ် မဟုတ်သောကြောင့် တံ မပြုရ၊ န္တုဿန္တော သုတ်ဖြင့် စီရင်၊ [န္တုဿသေဝါ သုတ်မှ တောတိတာ သုတ်သို့ ခုန်၍ (မဏ္ဍူက ဂတိက နည်းဖြင့်) လိုက်လာသော ဝါသဒ္ဒါရှိပြီးလျက် ဤသုတ်၌ ဝါကို ထပ်၍ ဆိုခြင်းသည် နောက်သုတ်သို့ ထို ဝါသဒ္ဒါကို မလိုက်နိုင်ဟု သိစေရခြင်း အကျိုးရှိ၏၊ တနည်း— န္တုပစ္စည်းတို့ကို ပြုရာ အခန်းသည် ဤတွင် ပြီးပြီ—ဟု သိစေခြင်းငှာ ဝါသဒ္ဒါကို ထပ်၍ ဆိုသည်။]

[အောင်] န္တုဿ သေရှိ, ဝါသုတိသည်, တောတိတာဆိုက်, ခုန်၍ လိုက်လည်း, နောက်၌ ထိုဝါ, မလိုက်ရာ ဟု, သိပါစေကြောင်း, ၎င်းပြင်လည်း, ပစ္စည်းနတု, စီရင်မှုကား, ယခုသုတ်တွင်, အဆုံးပင်ဟု, သိစေချင်ဘိ, စိတ်ဝယ်ရှိ၍, နံမှိ တံမှာ, သုတ်၌ဝါ, ထပ်ကာ မိန့်သတတ်။

၁၂၉။ ဟောတိဝါ၌ ဝါကား န္တုဿ သေဝါသုတ်မှ ဝါမဟုတ်၊ နံမှိ တံဝါ သုတ်မှ ဝါတည်း၊ "အံသိသု"အစဉ်အတိုင်း"ဣဒံ စိတ္တံ ပဿသိ, ဣဒံ စိတ္တံ တိဋ္ဌတိ" ဟု အံ ပုံစံကို ရှေ့, သိပုံစံကို နောက်ထား၍ အံ ဝိဘတ် ထင်ရှားအောင် "ပဿသိ" ဟုလည်းကောင်း, သိ ဝိဘတ် ထင်ရှားအောင် "တိဋ္ဌတိ"ဟု လည်းကောင်း, နပုလ္လိင် ထင်ရှားအောင် "စိတ္တံ"ဟုလည်းကောင်း, ထည့်သည်၊ ရုပ်ကို အခြေပြု ကြည့်၊ ဣမံ-စိတ္တံ တို့ကား ဝိကပ်ရုပ်များတည်း၊ ကိံ ရုပ်၌ ပုရိသံ-ပုရိသော တို့ကား "ဣမံ အယံ" တို့၏ နပုလ္လိင် မဟုတ်—ပုလ္လိင်ရုပ် ဖြစ်ကြောင်း သိသာအောင် ထည့်ပါ၏၊ ဣမ တည်, အံ သက်, ဤသုတ်ဖြင့် ဣဒံ ပြုသင့်သော်လည်း နပုလ္လိင် မဟုတ်သောကြောင့် မပြုရ— ဟု ဆို၊ အယံ ကိုကား သိ သက်၍ ဤအတိုင်းဆိုပြီးနောက် အနပုံသကဿာယံ သိမှိ သုတ်ဖြင့် စီရင်။

ဣဒံ ပုဒ်ရင်း॥ ။ကစ္စည်း မောဂ္ဂလ္လာန်တို့၌ "ဣမ"ပုဒ်ရင်းဟု ဆိုကြ၏၊ကလာပ် နာမ် (၁၇၉) သုတ်၌လည်းကောင်း, သမာသ်ရူပ (ပကတိစဿ သရန္တဿံသုတ်) အဖွင့်၌လည်းကောင်း, သဒ္ဒနီတိ၌လည်းကောင်း ဣဒံပုဒ်ဟု ဆို၏၊ ဣဒံသဒ္ဒါကို အယံ-ဣမံ ပြု၍ "အယံ ပုရိသော ဣမံ စိတ္တံ"ရုပ်များ ဖြစ်ရသတဲ့၊ ထိုကျမ်းများ၏

**အမုဿာဒုံ** ၁၃၀။ ။ပေ၊ အဒုံ ပုပ္ဖံ-ဤပန်းကို၊ ပဿသိ-ရှုလော့၊ အဒုံ ပုပ္ဖံ-သည်၊ ဝိရောစတိ - တင့်တယ်၏၊ နပုံသကေတိ ကိမတ္ထံ၊ အမုံ ရာဇာနံ-ထိုမင်းကို၊ ပဿသိ၊ အသု ရာဇာ-ထိုမင်းသည်၊ တိဋ္ဌတိ-၏၊ ဣတိ-၏။ (၂၂၅)။

**ဣတ္ထိ ပုမ နပုံသက သင်္ချံ** ၁၃၁။ ဣတ္ထိ ပုမ နပုံသကသင်္ချံ ဣတိ-ဣတ္ထိ ပုမ နပုံသက သင်္ချံ ဟူသော၊ တံ-ဤသုတ်ကို၊ အဓိကာရတ္ထံ-အဓိကာရ အကျိုး ရှိ၏ ဟူ၍၊ ဝေဒိတဗ္ဗံ-သိထိုက်၏။

---

ပုံစံကား— “ဣဒပ္ပစ္စယတာ”တည်း၊ ဣမေသံ+ပစ္စယာ” ဟု ဝိဂြိုဟ်ပြုရသော်လည်း သမာသ်စပ်ပြီး၍ ပကတိပြုသောအခါ “ဣဒံ”ဟု ပြုရသောကြောင့် “ဣဒပ္ပစ္စယတာ” ဟု ပါဠိရှိရသည်—ဟူလို။ [ဣမေသံ+ပစ္စယာ, ဣဒပ္ပစ္စယာ၊ ဣဒပ္ပစ္စယာဧဝ ဣဒပ္ပစ္စယတာ၊ သဒ္ဒနီတိ“ဣမဿိဒမံသိမှိ နပုံသကေ”စသော သုတ်များကို ကြည့်။] သီလက္ခန် ဋီကာသစ်၌မူ “ဣမပ္ပစ္စယတာ” ဟု ပြီးမှ မ ကို ဒ ပြု-ဟု ကြံ၍ “ဣမ” ပုဒ်ရင်း ဟုပင် ဆိုလေသည်။

[ဆောင်] မောဂ္ဂလ္လာန, ကစ္စာနဉ္စ, ဣမပုဒ်ရင်း, ဆိုတုံလျှင်းလည်း, မယွင်း
နောက်ထပ်, ကလာပ်နီတိ, ရှုဋီ ကြည့်သော်, ဣဒပ္ပစ္စယံ, သက်သေ
ခံကြောင့်, ဣဒံပုဒ်ကို, အရင်းဆို, သွင်းသို မှတ်ထိုက်သည်။

၁၃၀။ အဒုံပုပ္ဖံ၌ ပုပ္ဖံကို နပုလ္လိင်ထင်ရှားအောင်, ပဿသိကို အံဝိဘတ် ထင်ရှားအောင်, ဝိရောစတိကို သိ ဝိဘတ် ထင်ရှားအောင် ထည့်သည်၊ အမုံ ရာဇာနံ, အသု ရာဇာတို့၌ နပုလ္လိင် မဟုတ်-ပုလ္လိင်ဖြစ်ကြောင်း ထင်ရှားအောင် ရာဇာနံ-ရာဇာ ဟု ထည့်၏၊ အမုံကို အမုတည်, အံသက်, ဤသုတ်ဖြင့် အမုကို ဝိဘတ်နှင့်တကွ အဒုံပြုသင့်သော်လည်း နပုလ္လိင် မဟုတ်သောကြောင့် မပြုရ၊ ဥကို လ မှည့်, အံမော နိဂ္ဂဟီတံ ဈလ ပေဟိသုတ်ဖြင့် အံကို နိဂ္ဂဟိတ်ပြု, ပြီး၏၊ အသုကို ဤအတိုင်း မြစ်၍ အမုဿ မောသံသုတ်ကျမှ တွက်။ [ရူ၌ “အမုဿာဒုံ” ဟူသော ဝိနာဓိကာရ ယောဂ ဝိဘာဂ ဖြင့် စီရင်အပ်သော “အဒုဿ” ရုပ် ရှိသေး၏။]

၁၃၁။ ယောသု ဒွိန္နံ ဒွေစ-စသော နောက် ၃ သုတ်သို့ လိုက်ဖို့ အကျိုးငှာ ဤသုတ်ကို သီးခြား တည်ရသည်၊ ဆက်ဦးအံ့-ဤသုတ်ကို သီးခြားမတည်ပဲ “ယောသု ဣတ္ထိပုမ နပုံသကသင်္ချံ ဒွိန္နံ ဒွေစ” ဟု သုတ်တည်လျှင် ဖြစ်နိုင်ဖွယ်ရှိ၏၊ သို့သော် သုတ် ရှည်လျား၍ ကျက်မှတ်ဖို့ ခဲယဉ်းသောကြောင့် ထိုသုတ်၌ အက္ခရာ နည်းပါးစေခြင်းငှာ ဤသုတ်ကို အဓိကာရသုတ် ပြု၍ သီးခြား တည်ထားရသည်။

ဣတိ၊ပေ၊သင်္ချံ—ဣတ္ထီစ-ဣတ္ထိလိင်လည်း၊ပုမာစ-ပုလ္လိင်လည်း၊ နပုံသကဉ္စ-နပုလ္လိင်လည်း၊ဣတ္ထိပုမနပုံသကံ-ဣတ္ထိလိင် ပုလ္လိင် နပုလ္လိင် (သမာဟာရဒွန်)၊ဤသုတ်၌ကား ထို ဣတ္ထိလိင်စသည်ကို ဟောသော ဒွိစသော သင်္ချာသဒ္ဒါကို (အနက်အကြောင်းပြု၍ ကာရဏူပစာရအားဖြင့်) “ဣတ္ထိပုမနပုံသကံ” ဟု ခေါ်သည်၊ ၁-၂-စသော ဂဏန်း

**ယောသု ဒွိန္နံ ဒွေစ**

၁၃၂။ ယော ဣတိ-ယော ဟူကုန်သော၊ ဧတေသု-ဤဝိဘတ်တို့ကြောင့်၊ ဣတ္ထိပုမ နပုံသကေ - ဣတ္ထိလိင် ပုလ္လိင် နပုလ္လိင်၌၊ ဝတ္တမာနာနံ-ဖြစ်ကုန်သော၊ သဝိဘတ္တီနံ-ကုန်သော၊ ဒွိန္နံ-ဒွိ ဟူကုန်သော၊ သင်္ချာနံ-သင်္ချာတို့၏၊ ဒွေ-ဒွေ အပြုသည်၊ ဟောတိ-၏၊ ဒွေ-၂ ယောက်ကုန်သော၊ ဣတ္ထိယော-မိန်းမတို့သည်, တို့ကို၊ ဒွေ-၂ ပါးကုန်သော၊ ဓမ္မာ-တရားတို့သည်၊ ဒွေ-၂ ခုကုန်သော၊ ရူပါနိ-ရုပ်တို့သည်, တို့ကို၊ ယောသွိတိ ကိမတ္ထံ၊ ဒွိသု-၂ ယောက်တို့၌၊ ဣတိ-၏၊ စဂ္ဂဟဏေန-ဖြင့်၊ ယောနာအံနံဣတိ-ယော, နာ, အံ, နံ ဟူကုန်သော၊ ဧတေသု-ဤဝိဘတ်တို့ကြောင့်၊ ဒုဝေ ဒွယ ဥဘ ဥဘယ ဒုဝိစ-ဒုဝေ, ဒွယ, ဥဘ, ဥဘယ, ဒုဝိ အပြုတို့သည်လည်း၊ ဟောန္တိ၊ ဒုဝေ-၂ ပါးကုန်သော၊ သမဏာ-ရဟန်းတို့သည်၊ ဒုဝေ-၂ ယောက်ကုန်သော၊ ဗြာဟ္မဏာ-ပုဏ္ဏားတို့သည်၊ ဒုဝေ-ကုန်သော၊ ဇနာ-လူတို့သည်၊ ဒွယေန-၂ ခုဖြင့်၊ ဒွယံ-၂ခုသည်၊ ဥဘိန္နံ,ဥဘယေသံ, ဒုဝိန္နံ-၂ ယောက်တို့အား။ (၂၂၈)။

---

ကို ဟောရာ၌ ''သဒ္ဒါ'' ဟု အဘိဓာန်၌ ပုဒ်ရင်းရှိ၏၊ ဤ၌ကား ထိုသဒ္ဒါကို ပြတတ်သောကြောင့် ဒွိစသော သဒ္ဒါကိုလည်း (ကာရဏူပစာရအားဖြင့်) သဒ္ဒါဟု ခေါ်ရပြန်သည်၊ ထို့ကြောင့် ''ဣတ္ထိပုမနပုံသကဿ တံ သဒ္ဒါစာတိ ဣတ္ထိပုမနပုံသကသင်္ချံ'' ဟုပြု၊ ဣတ္ထိပုမနိုနပုံသကဿ-ဣတ္ထိလိင် ပုလ္လိင် နပုလ္လိင်ဟော သဒ္ဒါလည်း ဟုတ်၏၊ တံ-ထို သဒ္ဒါဟူသည်၊ သဒ္ဒါစ-သဒ္ဒါသဒ္ဒါလည်း ဟုတ်၏၊ ဣတိ-ကြောင့်၊ ဣတ္ထိပုမနပုံ, သကသင်္ချံ-မည်၏၊ ကမ္မဓာရ် သမာသ် ထုံးစံအတိုင်း သဒ္ဒါဟူသော နောက်ပုဒ်လိင်သို့ လိုက်၍ ''ဣတ္ထိပုမနပုံသကသဒ္ဒါ'' ဟု ဣတ္ထိလိင် အာကာရန္တဖြင့် ပြီးထိုက်သော်လည်း ဤ ''ဣတ္ထိပုမနပုံသကသင်္ချံ'' သုတ်ကိုပင် နိပါတနလုပ်၍ သဒ္ဒါသဒ္ဒါ၏ နပုလ္လိင် အဖြစ်ကိုလည်းကောင်း, ''ချ'' ဟု ယ သံယုဂ်နှင့်တကွ ပြီးခြင်းကိုလည်းကောင်း မှတ်၊ ထို့နောက် ''သဓရော ရဿော နပုံသကေ'' ဖြင့် အာကို ရဿပြု, နာမ်ငဲ့, သိအံပြု၍ ''ဣတ္ထိပုမနပုံသကသင်္ချံ'' ဟု ပြီးရကြောင်းကို ရူပဋီကာ ဖွင့်သည်။

[ရူပဋီကာ] ဣတ္ထိစ ပုမာစ၊ပေ၊သဒ္ဒါဒိပနတော သဒ္ဒါစာတိ ကမ္မဓာရယေ ကတေ ဣမိနာ နိပါတနေန (''ဣတ္ထိပုမနပုံသကသင်္ချံ'' ဟူသော ဤနိပါတနဖြင့်) ဣမေ သဒ္ဒါသဒ္ဒဿ နပုံသကတ္တံ, သ-ယကာရ သံယောဂ သိဒ္ဓိတိ ဒဋ္ဌဗ္ဗံ။ [ယခုစာအုပ်၌ ''သင်္ချာဒိပနတော သင်္ချာစ'' ဟု ပါ၍ပျက်သည်။]

၁၃၂။ ဣတ္ထိပုမနပုံသကေ—ဤ အစဉ်အတိုင်း ဒွိသဒ္ဒါ၏ ဣတ္ထိလိင်-ပုလ္လိင်-နပုလ္လိင် ဟောကြောင်းကို ထင်ရှားစေလို၍ ''ဣတ္ထိယော, ဓမ္မာ, ရူပါနိ'' ဟု ထည့်သည်၊ ရုပ်ကို အခြေပြုကြည့်၊ ဒွိသုကား ဒွိသဒ္ဒါဟုတ်သော်လည်း ယောဝိဘတ် မနှောင်းသောကြောင့် ဒွေ မပြုရ, သုနံဟိသုစဖြင့် ဒီဃပြုလေ။ [ယောသုဒွိန္နံ၌ ဒွိန္နံ၏ အပရိစ္ဆိန္နတ္တေ အနုကရဏသဒ္ဒါ ဖြစ်ကြောင်းကို တဿာဝါသုတ်၌ ပြခဲ့ပြီ။]

**တိ စတုန္နံ တိယော ၊ပေ၊စတ္တာရိ**

၁၃၃။ ယော ဣတိ, ဧတေသု, ဣတ္ထိပုမနပုံသကေ ဝတ္တမာနာနံ, သ ဝိဘတ္တိနံ, တိစတုန္နံ-တိ, စတု ဟူကုန်သော၊ သချာနံ - သချာသဒ္ဒါတို့၏၊ တိယော၊ပေ၊ စတ္တာရိ ဣတိ-တိယော, စတဿော, တယော, စတ္တာရော, တီဏိ, စတ္တာရိ

---

**စဂ္ဂဟ၊ပေ၊ဒုဝိန္နံ**–''ဒွေစ-ဒွေလည်းပြု'' ဟု ဆိုသဖြင့် အခြားအပြုကို ဆည်းသော အဝုတ္တ သမုစ္စည်းဖြစ်ကြောင်း သိသာ၏၊ ထို့ကြောင့် ထို စသဒ္ဒါဖြင့် ''ဒုဝေ'' စသည် ဖြစ်သတတ်၊ ထို အပြုများတွင် ဒုဝေ ပြုရာ၌ ဝိဘတ်နှင့်တကွပြု၍ ချာသ ရုပ်တွက်၏၊ ဒွယ စသည်၌ကား နာ စသည်ကို နေ စသည် ပြုရဦးမည်ဖြစ်၍ ဝိဘတ်နှင့်တကွ ပြု၍ မဖြစ်၊ ထို့ကြောင့် အားလုံး ကိုက်ညီအောင် ဝိဘတ်နှင့်တကွ မဟုတ်ပဲ ''ဒုဝ'' ပြု, ယောကို သဗ္ဗနာမကာရမတေပဋ္ဌမောဖြင့် ဧပြုလျှင် ''ဒုဝေ''ဟု ပြီးနိုင်သည့်ပြင်''စက္ကာနိ ပါဒေသ ဒုဝေသု ဝိန္ဒတိ (ပါထေယျ, လက္ခဏာသုတ်), နာဂဿ ဒန္တေသု ဒုဝေသု နိမ္မိတာ (ဆဒ္ဒန္တဇာတ်)'' တို့၌ ဒုဝေသု ရုပ်များလည်း ပြီးနိုင်ခြင်း အကျိုးရှိသည်၊ ထို့ပြင်-ဒုဝိန္နံလည်း ဒုဝိ မပြုတော့ပဲ ဒုဝပြု၍ နံကို ဣန္နံပြုလျှင် ပြီးနိုင်၏၊ ထို့ကြောင့် ''စဂ္ဂဟဏေန ဒုဝ ဒွယ ဥဘ ဥဘယစ၊ပေ၊ယောနာအံနံ ဧ့ဣန္နံတေသု'' ဟုလည်း ပြင်သင့်သည်။

**ရုပ်တွက်။** ။ဒုဝေကို ဒွိတည်, ယောသက်, ဤသုတ် စ သဒ္ဒါဖြင့် (ချာသအလို) ယောနှင့်တကွ ဒွိကို ဒုဝေပြု, နာ နှောင်းရာ၌ ဒွိကို ဒွယပြု, အတောနေနဖြင့် နာကို နေပြု, အံ နှောင်းရာ၌လည်း ဒွယပြု၊ ယခွင်း, ချေ, ကစ်၊ နံနှောင်းရာ၌ ဒွိကို ဥဘပြု, ဒုဝိပြု, ဥဘာဒိတောနမိန္နံ သုတ်ဖြင့် နံကို ဣန္နံပြု၊ ခွင်း, ချေ, ကပ်, ဥဘိန္နံ ဒုဝိန္နံ ပြီး၏၊ နံကြောင့် ဒွိကို ဥဘယပြု, သဗ္ဗနာမာနံ နံမှိစသုတ်ဖြင့် ယ၏ အ ကို ဧပြု၊ သဗ္ဗတောနံ သံသာနံဖြင့် နံကို သံပြု, ဥဘယေသံ ပြီး၏။

**မှတ်ချက်။** ။ဒွယပြုရာ၌ ''ဒွိန္နံ သမူဟော ဒွယံ'' ဟု သမူဟတဒ္ဓိတ်ပြုလျှင် တယံ ကဲ့သို့ ဏာပစ္စည်းသက်၍ ''ဒွယ'' ဟု ဖြစ်နိုင်၏၊ လိုရာဝိဘတ်သက်၍ ''ဒွယံ, ဒွယေန, ဒွယဿ'' စသည်ဖြင့် ရုပ်ပြီးနိုင်သည်၊ဥဘသဒ္ဒါလည်း ဒွိသဒ္ဒါ၏ ပရိယာယ်ဖြစ်သော သဒ္ဒါတမျိုးပင် (ဒွိသဒ္ဒါမှ ဖြစ်လာသောသဒ္ဒါ မဟုတ်) ဟု ရူပသိဒ္ဓိဖွင့်၏၊ ဥဘယသဒ္ဒါ ကိုလည်း သဗ္ဗနာမ်ခန်း၌ သီးခြားသဗ္ဗနာမ်ပုဒ် ဟု ပြကြ၏၊ တနည်း-ဥဘသဒ္ဒါနောင် အံသ (အဖို့အစု) အနက်၌ ''အယုဘဒွိတီဟံသေ'' ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် အယ ပစ္စည်းသက်၍ ''ဥဘယံ'' ဟု ပြီးသော ပုဒ်တည်း၊ မည်သည့်နည်းနှင့် ဖြစ်စေ ဒွိသဒ္ဒါမှဖြစ်လာသော ဥဘယ မဟုတ် ဟု ကား ဆိုလိုကြ၏၊ ထိုအဆိုသည်သာ ''ဥဘယံ တေ န သမေတိ'' ဟူသော ဇာတ်, ''ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ'' ဟူသော ပါတိမောက် ပါဠိတော်များနှင့် ညီညွတ်၏၊ ထို့ကြောင့် စသဒ္ဒါဖြင့် ဒွယ-ဥဘ-ဥဘယ အပြုတို့ကို ဆရာတို့ မနှစ်သက်ကြချေ။

ဟူကုန်သော၊ ဧတေ အာဒေသာ-တို့သည်၊ ယထာသင်္ချံ, ဟောန္တိ၊ တိသော-၃ ပါးကုန်သော၊ ဝေဒနာ-ဝေဒနာတို့သည်, တို့ကို၊ စတဿော-၄ ပါးကုန်သော၊ ဒိသာ-အရပ်တို့သည်, တို့ကို၊ တယော-၃ ယောက်ကုန်သော၊ ဇနာ-လူတို့သည်၊ ဇနေ-တို့ကို၊ စတ္တာရော-၄ ယောက်ကုန်သော၊ ပုရိသာ-တို့သည်၊ ပုရိသေ-တို့ကို၊ တီဏိ-၃ ပါးကုန်သော၊ အာယတနာနိ-အာယတနတို့သည်, တို့ကို၊ စတ္တာရိ-၄ ပါးကုန်သော၊ အရိယသစ္စာနိ-အရိယသစ္စာတို့သည်, တို့ကို၊ ယောသိတ်-ယောသုပုဒ်သည်၊ ကိမတ္ထံ၊ တိသု-၃ ပါးတို့၌၊ စတူသု-၄ ပါးတို့၌၊ ဠတိ-၏။ (၂၃၀)။

---

၁၃၃။ တိ စတုန္နံ၊ပေ၊ဣတ္ထေ၊ပေ၊ဋ္ဌာ ဝေ တ သု—တိစတုသင်္ချာသဒ္ဒါတို့သည် ဣတ္ထိလိင် ပုလ္လိင် နပုလ္လိင်ကို ဟောနိုင်၏၊ ထို့ကြောင့် "ဣတ္ထိပုမ နပုံသကေ ဝတ္တမာနာနံ တိစတုန္နံ"ဟု မိန့်သည်၊ ယထာသင်္ချံဟူသည် "၁=ဣတ္ထိ, ၂=ပုမ, ၃=နပုံသက" ဟု လိင် ၃ မျိုးနှင့် "၁=တိဿော စတဿော, ၂=တယော စတ္တာရော, ၃=တီဏိ စတ္တာရိ" ဟု-အာဒေသ ၃ ခုကို အစဉ်ကျအောင် ပြုရခြင်းတည်း၊ ထို့ပြင်-"တိစတုန္နံ"ဟု အာဒေသီ၌ ၂ ခုရှိသောကြောင့်"တိဿော စတဿော"ဟူသော အာဒေသကိုလည်း သင်္ချာ အစဉ်ကျအောင် တိကို တိဿောပြု, စတုကို စတဿောပြု, တိကို တယောပြု, စတုကို စတ္တာရောပြု, တိကို တီဏိပြု, စတုကို စတ္တာရိပြု-ဟူသော အဓိပ္ပာယ်ကိုလည်း ယထာသင်္ချံဖြင့် သိစေသည်။

တိဿော ဝေဒနာ၊ပေ၊အရိယသစ္စာနိ—ဝေဒနာဒိသာတို့ကို ဣတ္ထိလိင် ထင်ရှားအောင် ထည့်၏၊ ဝေဒနာ ဒိသာဟုံနောင် ပဌမာ ဒုတိယာ ယော ၂ မျိုးလုံး ကြေနိုင်သောကြောင့် "တို့သည်, တို့ကို" ဟု ပေးသည်၊ ဇနာ ပုရိသာတို့ကို ပုလ္လိင် ထင်ရှားအောင် ထည့်၏၊ တယော စတ္တာရောတို့၌ ပဌမာ ဒုတိယာ ယော ၂ မျိုးလုံး ပါဝင်ကြောင်း ထင်ရှားဖို့ရာ "ဇနာ ဇနေ, ပုရိသာ ပုရိသေ" ဟု ထည့်သည်၊ အာယတနာနိ အရိယသစ္စာနိတို့ကို နပုလ္လိင် ထင်ရှားအောင် ထည့်၏၊ ရုပ်ကို အခြေပြုကြည့်၊ တိသု စတူသုတို့၌ ယောမနှောင်းသောကြောင့် တိဿော စသည် မပြုရ ဒီဃပြုလေ။

မှတ်ချက်။ ။"တီဏိ" ဟူရာ၌ "တိဏိ" ဟု တိ၌ ရဿဖြင့် တချို့ ရွတ်ကြ၏။ သို့သော် အခြားသော နပုလ္လိင် နိပြုရုပ်များ၌ နိ၏ရှေ့ဝယ် ဒီဃဖြင့် "အဋ္ဌီနိ-အာယူနိ" စသည် ရှိရုံးဖြစ်၏၊ ဤရုပ်၌လည်း သက္ကတထုံးစံကိုလိုက်၍ "တြိ" ပုဒ်နောင် ယောကို နိပြု, နငယ်ကို ဏကြီးပြန်၍ တြိ၌ ဣကို ဒီဃပြုလျက် "တြီဏိ" ပြီး၏၊ ဤ၌ ရုပ်ပြီး လွယ်အောင် တခါတည်း "တီဏိ" ပြုခြင်းမျှသာ ဖြစ်သည်။

[ဆောင်] သက္ကတရှိ, တြီဏိနှင့် ပါဠိလမ်းကြောင်း, နိပြုနှောင်းက, ဒီဃရှေ့ဝယ်
ပြုရိုးနွယ်ကို, သွယ်သွယ်မှီဘိ, အညီညီ, တီဏိ ပါဌ်မှန်စေ။

**ပဋ္ဌာဒိနုမကာရော** ၁၃၄။ ယော ဣတိ ဧတေသု, ဣတ္ထိ ပုမ နပုံသကေ ဝတ္တမာနာနံ, ပဋ္ဌာဒီနံ- ပဋ္ဌ အစရှိကုန်သော၊ သင်္ချာနံ- တို့၏၊ သဝိဘတ္တိဿ-သော၊ အန္တဿ-အဆုံးဖြစ်သော၊ သရဿ-သရ၏၊ အကာရော-အ အပြုသည်၊ ဟောတိ၊ ပဉ္စ-ငါးခုတို့သည်၊ ပဉ္စ-ငါးခုတို့ကို၊ပေ၊ ဒသ-ဆယ်ခုတို့သည်၊ ဒသ-တို့ကို၊ ပဋ္ဌာဒိနုမိတိ ကိမတ္ထံ၊ ဒွေ-၂ ခုတို့သည်, တို့ကို၊ တယော-၃ ခု တို့သည်, တို့ကို၊ ဣတိ-၏။ (၂၅၁)။

**ရာဇဿ ရညော ရာဇိနော သေ** ၁၃၅။ သေ ဝိဘတ္တိမှိ သဗ္ဗဿေဝ သဝိဘတ္တိဿ,ရာဇဿ-ရာဇ သဒ္ဒါ၏၊ ရညော ရာဇိနော ဣတိ-ရညော, ရာဇိနော ဟူကုန်သော၊ ဧတေ အာဒေသာ ဟောန္တိ၊ ရညော, ရာဇိနော-မင်းအား၊ သေတိ ကိမတ္ထံ၊ ရညာ-ဖြင့်၊ ဣတိ-၏။ (၁၁၀)။

---

၁၃၄။ ပဋ္ဌာဒီနံ—အာဒိသဒ္ဒါ၏ အနက်ကို အထူး မဖွင့်ကြ၊ အာဒိဖြင့် ပဉ္စနှင့် ရုပ်ပြီးပုံချင်းတူသော အဋ္ဌာရသတိုင်အောင် သင်္ချာသဒ္ဒါတို့ကို ယူရမည် ဖြစ်သောကြောင့် အာဒိသဒ္ဒါ၏ "အတူ" ဟူသော အနက်ကို ကြံရလျှင် သင့်မည် ထင်၏၊ သို့သော် ထုံးစံအတိုင်း "ပဋ္ဌ အစရှိကုန်သော" ဟုပင် အနက် ပေးလိုက်သည်၊ နံ ဝိဘတ်လည်း အန္တ (အဆုံး) ကို ငဲ့သော အန္တာပေက္ခဆဋ္ဌီ ဖြစ်သောကြောင့် "အန္တဿ" ဟု ဝုတ္တိ၌ ထည့်၍ ဖွင့်သည်၊ ပဉ္စ၏ အဆုံးသရကို (အ) ပြုရာ၌ အဆုံး သရသက်သက် ပြုရမည် မဟုတ်, ယောဝိဘတ်နှင့်တကွ ပြုရမည်ဟု သိစေလို၍ "သဝိဘတ္တိဿ" ဟု ဖွင့်သည်၊ ယောဝိဘတ်နှင့်တကွ ဖြစ်သော အဆုံးသရကို (အ) ပြုပါ—ဟူလို။ [ဤ အဓိပ္ပာယ်အရ "သဝိဘတ္တိနံ" ဟု ဗဟုဝုစ်ဖြင့် ရှိသောပါဌ်ကို ပါဌ်ပျက်ဟု မှတ်၊ အ ကို (အ) ထပ်ပြုရကျိုးကို ရူပသိဒ္ဓိ၌ တိုက်ရိုက်ပြထားပြီ။]

**ပုံစံများ**။ ။ဒသတိုင်ရုံသာ ပုံစံပြထားသော်လည်း "ဧကာဒသ,ဒွါဒသ" မှစ၍ အဋ္ဌာရသ တိုင်အောင်သော သင်္ချာသဒ္ဒါတို့၌လည်း "ဧကာဒသ၊ပေ၊ အဋ္ဌဒသ" ဟု ဒသသဒ္ဒါ ရှိသောကြောင့် ထို အဋ္ဌာရသ တိုင်အောင်ပင် ပဋ္ဌာဒိ၌ အာဒိဖြင့် ယူနိုင်သည်၊ အဋ္ဌာရသမှ အထက်၌ကား "ဧကူနဝီသတိ-ဝီသတိ" စသည်ဖြင့် သင်္ချာတမျိုး ဖြစ်လေပြီ၊ "ပဉ္စ-ပဉ္စ" ဟု ၂ ခုစီ ပြသည်မှာလည်း ပဌမာ ယော-ဒုတိယာ ယော အတွက် ၂ မျိုး ခွဲပြလိုသောကြောင့် ဖြစ်သည်၊ "ပဉ္စ-ငါးခု တို့သည်, တို့ကို" ဟု ၂ နက်ပေးလျှင်လည်း "ပဉ္စ" တခုတည်းဖြင့် ပြီးနိုင်သည်သာ၊ ရုပ်ကို အခြေပြုကြည့်၊ ကိံရုပ်များကိုလည်း ရှေးနား၌ တွေ့ခဲ့ပြီ၊ ပဋ္ဌာဒိ၌ အာဒိအရ မယူသောကြောင့် ဤသုတ်ဖြင့် (အ) မပြုရ—ဟု မြစ်လေ။

၁၃၅။ ရုပ်ကို အခြေပြုကြည့်၊ ရညာ၌ကား သ ဝိဘတ် မနှောင်းသောကြောင့် ရညော ရာဇိနော မပြုရ၊ နာမှိ ရညာဝါသုတ်ဖြင့် စီရင်၊ ရညော ရာဇိနော ၂ ရုပ်

ရညံ နံမှိ ဝါ ၁၃၆။ “ဝါ ပဟောတိ-ဝိကပ်ဖြစ်၏”ဟု ပေး၊ အကြွင်းလှယ်ပြီ၊ ဣဒံ-ဤ တိုင်း နိုင်ငံသည်၊ ရညံ, ရာဇူနံ-မင်းတို့၏၊ ရဋ္ဌံ-နိုင်ငံ တည်း။ [နံဝိဘတ် ဖြစ်ကြောင်း ထင်ရှားအောင် “ဣဒံ ရဋ္ဌံ”ဟု ထည့်သည်၊ ရုပ်ကို အခြေပြု ကြည့်။] (၁၁၉)။

နာမှိ ရညာ ဝါ ၁၃၇။ [သုတ်၏ အဖွင့် ဝုတ္တိ လှယ်ပြီ၊] တေန ရညာ-ထို မင်းသည်၊ ကတံ-ပြုအပ်၏၊ ဝါ-တနည်း၊ ရာဇေန-သည်၊ ကတံ-၏၊ နာမှိတိ ကိမတ္ထံ၊ ရညော-၏၊ သန္တကံ ဥစ္စာ၊ ဣတိ-၏။ (၁၁၆)

သ္မိံမှိ ရညေ ရာဇိနိ ၁၃၈။ ၊ပေ၊ ရညေ, ရာဇိနိ- မင်း၌၊ သီလံ- သီလသည်၊ တိဋ္ဌတိ-တည်၏၊ (၁၂၁)။ [ရုပ်ကို အခြေပြု ကြည့်၊ သမာသ်အရာ၌ကား “ကာသိရာဇေ န ကုပ္ပါမိ”ဟု သ္မိံ ကို ပြေုရာ ရုပ်လည်း ရှိ၏။]

တုမှာ မှာကံ တယိ မယိ ၁၃၉။ သ္မိံမှိ ဝိဘတ္တိမှိ သဗ္ဗေသံ သဝိဘတ္တိနံ,တုမှ အမှသဒ္ဒါနံ-တုမှ အမှ သဒ္ဒါတို့၏၊ ယထာသင်္ချံ, တယိ မယိ ဣတိ-ဟူကုန်သော၊ ဧတေ အာဒေသာ ဟောန္တိ၊ တယိ-သင်၌၊ မယိ-ငါ၌၊ သ္မိံမှိတိ ကိမတ္ထံ၊ တွံ-သင်သည်၊ ဘဝသိ-ဖြစ်၏၊ အဟံ-သည်၊ ဘဝါမိ-၏၊ ဣတိ-၏။ (၂၄၅)။ [ရုပ်ကို အခြေပြု ကြည့်၊ တွံ အဟံ တို့ကား သ္မိံဝိဘတ် မနှောင်းသောကြောင့် ဤသုတ်ဖြင့် တယိ မယိ မပြုရ, နောက်သုတ်ဖြင့် စီရင်။]

---

အပြင် သဝိဘတ်ဖြင့် “ရညဿ”ရုပ်ကိုလည်း မောဂ္ဂလ္လာန် ပြသေး၏၊ သမာသ် မဟုတ်လျှင် “ရာဇဿ”ဟုကား မရှိနိုင်၊ ထို့ကြောင့် သုတ်၌ပါသော “ရာဇဿ”ကို ပရိစ္ဆတ္တတ္တ အနုကရဏသဒ္ဒါဟု မှတ်၊ အကျယ်ကို တဿာဝါသုတ်၌ ပြခဲ့ပြီ။

၁၃၇။ ရှေ့သုတ်၌ ဝါသဒ္ဒါရှိပြီးဖြစ်လျက် ဤသုတ်၌ ဝါသဒ္ဒါကို ထပ်၍ဆိုခြင်းသည် နောက်သုတ်များ၌ ဝါသဒ္ဒါ မလိုက်တော့-ဟု သိစေရကျိုး ရှိ၏၊ တေန ကတံ တို့ကို နာဝိဘတ် ထင်ရှားအောင် ထည့်သည်၊ ရုပ်ကို အခြေပြုကြည့်၊ “ရာဇေန ဝါ” ကား ဝိကပ်ရုပ်တည်း၊ ဤ ရာဇေန ရုပ်မျိုးလည်း သမာသ်အရာ မဟုတ်လျှင် မရှိနိုင်-ဟု ဆိုကြ၏၊ သမာသ်အရာ၌ကား “ကာသိရာဇေန” စသည်ဖြင့် ရှိနိုင်သည်၊ နာဝိဘတ်ဖြင့် “သဗ္ဗဒတ္တေန ရာဇိနာ (ကောဒသ-ယုဓဉ္စယဇာတ်)” ရှိသောကြောင့် ရာဇိနာရုပ်ကို ပြီးစေဖို့ရာ “ရာဇဿိ နာမှိ=နာကြောင့် ရာဇ၏ အ ကို ဣ ပြု” ဟု မောဂ္ဂလ္လာန်သုတ် တည်သည်။ [ကိံ ရုပ်ကို (၁၃၅) သုတ်ဖြင့် စီရင်။]

**တွမဟံ သိမှိစ** ၁၄၀။ ။ပေ၊ တွံ-သင်သည်၊ အဟံ-ငါသည်၊ သိမှိတိ ကိမတ္တံ၊ တယိ-၌၊ မယိ-၌၊ ဣတိ-၏၊ စဂ္ဂဟဏေန-ဖြင့်၊ တုဝံ-တုဝံ အပြုသည်လည်း၊ဟောတိ၊တုဝံ-အရှင်သည်၊သတ္ထာ-ဆရာပါတည်း။ (၂၇၂)။

**တဝ မမ သေ** ၁၄၁။ သေ, ဝိဘတ္တိမှိ၊ပေ၊ ယထာသင်္ချံ, တဝ မမ ဣတိ ဧတေ အာဒေသာ ဟောန္တိ- တဝ-သင်အား, သင်၏၊ မမ-ငါအား, ၏၊ သေတိ ကိမတ္တံ၊ တယိ-၌၊ မယိ-၌၊ ဣတိ-၏။ (၂၇၁)။ [ရုပ်ကို အခြေပြု ကြည့် တွက်၊ တယိ မယိ၌ သ မနှောင်းသောကြောင့် တဝ မမ မပြုရ၊ (၁၃၉) သုတ်ဖြင့် စီရင်။]

**တုယှံ မယှဉ္စ** ၁၄၂။ ။ပေ၊ တုယှံ-သင်အား၊ မယှံ-ငါအား၊ ခန့်-ဥစ္စာကို၊ ဒီယတေ-ပေးအပ်၏၊ သေတိ ကိမတ္တံ၊ တယာ-သင်ဖြင့်၊ မယာ-ငါဖြင့်၊ ဣတိ-၏။ (၂၇၂)။ [ရုပ်ကို အခြေပြု ကြည့်၍ တွက်၊ စ သဒ္ဒါကား ရှေ့သုတ်လာ "တဝ မမ"အပြုကို ပေါင်းသော သမ္ပိဏ္ဍန- ဟု ဆရာတို့ ကြံကြ၏၊ သ နှောင်းရာ၌ တဝ, မမ အပြုသာ မကသေး, တုယှံ-မယှံ အပြုလည်း ရှိသေး ၏ဟု တဝ-မမ အပေါ်၌ တုယှံ မယှံ အပြုကို ပေါင်းပေးသည် ဟူလို၊ ချာသ ၌ကား "သေ"ဟူသော နိမိတ်ကို ငင်သော အနုကဍ္ဎန-ဟု ဆိုသည်။]

**တံ မမံမှိ** ၁၄၃။ ။ပေ၊ တံ-သင့်ကို၊ မံ-ငါ့ကို၊ အံမှိတိ-အံမှိပုဒ်သည်၊ပေ၊ တယာ-သင်ဖြင့်၊ မယာ-ငါဖြင့်၊ ဣတိ-၏။ (၂၇၅)။ [ရုပ်ကို အခြေပြု ကြည့်တွက်၊ တယာ မယာ၌ အံဝိဘတ် မနှောင်းသောကြောင့် တံ-မံ မပြုရ၊ နာမှိ တယာ မယာဖြင့် စီရင်။]

---

၁၄၀။ စသဒ္ဒါကို တွံ အဟံ နောင် ထိုင်စေ၍ "တွံ အဟံလည်းပြု" ဆိုသဖြင့် တုဝံ အပြုကိုလည်း ဆည်းသော အဝုတ္တသမုစ္စည်း—ဟု သိသာ၏၊ ရုပ်ကို အခြေပြု ကြည့်၍ တွက်၊ သဒ္ဒနီတိ၌ကား "အဟ မဟကံ သိမှိ-သိကြောင့် အမှကို အဟံပြု, အဟကံပြု,"ဟု ဆို၍ "အဟကံ-ငါသည်၊ ဂစ္ဆာမိ-သွား၏"ဟု ပုံစံထုတ်၏၊ ဤ ကစ္စည်းကျမ်း၌ကား အဟကံပြုသောသုတ် မရှိရကား ဤသဒ္ဒါဖြင့်ပင် သိကြောင့် ဝိဘတ်နှင့်တကွ အမှကို အဟကံပြု-ဟုလည်း ကြံသင့်သည်။

[ဆောင်] တွ မဟံ သုတ်လာ, စ သဒ္ဒါဖြင့်, နောက်မှာလည်းသိ, ဝိဘတ်ရှိက, တုမှ အမှံ, စဉ်တိုင်းကြံ, တုဝံ-အဟကံ ပြု။

**တဝံ မမဉ္စ နဝါ** ၁၄၄။ ၊ပေ၊ နဝါ-အချို့အရာ၌၊ဟောန္တိ၊ တဝံ-သင့်ကို၊ မမံ-ငါ့ကို၊ ပဿတိ-မြင်၏၊ နဝါတိ ကိမတ္ထံ၊ တံ-သင့်ကို၊ မံ-ငါ့ကို၊ ပဿတိ-၏၊ ဣတိ-၏၊ စဂ္ဂဟဏံ-သည်၊ အနုကစ္စနတ္ထံ-အံမှိ ပုဒ်ကို ငင်ခြင်းအနက်ရှိ၏။ (၂၃၄)။ [နဝါ သဒ္ဒါသည် ကွစိ သဒ္ဒါ၏ ပရိယာယ် တည်း၊ ထို့ကြောင့် နဝါ သဒ္ဒါဖြင့် "အံ နှောင်းရာဝယ် တဝံ-မမံ အပြုကား နည်းနည်းပါးပါးသာ ပါဠိအဋ္ဌကထာ၌ ရှိ၏"ဟု ပြ၏၊ ထိုသို့ ပြသဖြင့် ရှေးသုတ်လာ "တံ-မံ"အပြုသာ များသည်-ဟုလည်း သိရပြန်သည်။]

**နာမှိ တယာ မယာ** ၁၄၅။ ၊ပေ၊ တယာ-သည်၊ မယာ-ငါသည်၊ ကတံ-ပြုအပ်၏၊ နာမှီတိ၊ပေ၊ တုမှေဟိ-သင်တို့ဖြင့်၊အမှေဟိ-ငါတို့ဖြင့်၊ ဣတိ-၏။ (၂၃၀)။ ["ကတံ" ဟူသော ကံဟော ကြိယာကို ထောက်၍ "သည်"ဟု ပေးရသော အဝုတ္တကတ္တားအနက်၌ ကတ္တုရိစသုတ်ဖြင့် သက်သော နာ ဝိဘတ်ဟု မှတ်၊ရုပ်ဘွဲ့ကပ်ပါ၊ တုမှေဟိ အမှေဟိတို့ကား နာဝိဘတ် မဟုတ်, ဗဟုဝုစ် ဟိ ဝိဘတ် ဖြစ်သောကြောင့် တယာ မယာ မပြုရ၊ သုဟိသွ ကာရောဧ သုတ်ဖြင့် စီရင်။]

**တုမှသ တုဝံ တွမ်မှိ** ၁၄၆။ ၊ပေ၊တုဝံ-နင့်ကို၊ ကဋ္ဌရံ-ထင်းနုပ် ထင်းဖွဲ လောက်၊ မညေ-မှတ်ထင်၏၊ တွံ-နင့်ကို၊ ကဋ္ဌာ-ထင်းတုံးလောက်၊ မညေ-၏။ (၂၃၆)။["နင့်လို လူစားကို ငါက ထင်း အနုပ် အဖွဲ့ကဲ့သို့ အသုံးမကျတဲ့ အကောင်လို့ မှတ်ထင်သည်"ဟု မလေးမစား ပြော သော စကားတည်း၊ သမ္ပဒါန်ခန်း၌ မညတိ သဒ္ဒါ၏ ယှဉ်ရာဝယ် လာဦးလတ္တံ့၊ တုဝံ-တွံတို့သာ ပုံစံတည်း၊ ရုပ်ကွက်ပါ။]

---

၁၄၆။ နိရတ္ထံဝ ကဋ္ဌင်ရံ—နိရုပကာရံ နိရတ္ထကံ ကဋ္ဌခဏ္ဍံဝိယ (ဓမ္မပဒ,ပူတိဂတ္တ ဝတ္ထု) နိရတ္ထံဝ ကဋ္ဌင်ရံ-ဟူသည်၊ နိရုပကာရံ-ကျေးဇူးမများသော၊ နိရတ္ထကံ-အကျိုး မရှိသော၊ ကဋ္ဌခဏ္ဍံဝိယ-ထင်း အပိုင်းအစ (အနုပ်အဖွဲ့) ကဲ့သို့၊ပေ၊ အဝသေသံ- ကွင်းသော၊ သုသိရစ္ဆ-အခေါင်းရှိသည်လည်း ဖြစ်သော၊ ပူတိကစ္ဆ-ပုပ်ဆွေး သည် လည်း ဖြစ်သော၊ ဂဏ္ဍိဇာတံ-အဖုအဆစ် ဟူသမျှကို၊ ဆိန္ဒိတွာ-ဖြတ်၍၊ တစ္ဆေဝ- ထို တောချုံ၌ပင်၊ ဆဍ္ဍေန္တိ-စွန့်ပစ်သွားကြကုန်၏၊ ဤအဋ္ဌကထာအလို အပုပ်အဆွေး ဖြစ်သော အဖု အဆစ်ကိုပင် ကဋ္ဌင်ရ (ထင်းနုပ် ထင်းဖွဲ) ဟု ခေါ်၏၊ "ကဋ္ဌင်ရော ဘုသံ ဣဝေ (ကဋ္ဌင်ရနှင့် ဘူသသည် အနက်တူ၊) ဘုသကား (နပုလ္လိင်)"ဟူသော အမရကောသ၊ ကလံ-အစိတ် အစိတ်ကို၊ ဂိရတိ-မျိုတတ်၏၊ ဣတိ ကဋ္ဌင်ရံ၊ မာသ မုဂ္ဂါဒိကဋ္ဌေ-ပဲကြီး ပဲနောက် အစရှိသည်၌ တည်သော၊ ထုသေ-အမှုန့် ဘဖွဲ (အနုပ် အဖွဲ အဖျင်း၌) ဖြစ်၏"ဟူသော ထောမနိဓိတို့ အလို ပဲရိုး ကောက်ရိုးများ၏ အမှုန့်

**ပဒတော၊ပေ၊ ဝေါနော** ၁၄၇။ ဗဟုဝစနေသု-ကုန်သော၊ဒုတိယာ စတုတ္ထီ ဆဋ္ဌီ ဣစ္စေတေသု-ဒုတိယာ စတုတ္ထီ ဆဋ္ဌီ ဟူသော ဤဝိဘတ်တို့ကြောင့်၊ ပဒသ္မာ-မှ၊ ပရေသံ သဗ္ဗေသံ သဝိဘတ္တိနံ တုမှ အမှသဒ္ဒါနံ ယထာသင်္ချံ, နဝါ-အချို့အရာ၌၊ ဝေါနော အာဒေသာ ဟောန္တိ၊ ဘိက္ခဝေ-တို့၊ ဝေါ-သင်တို့ကို၊ ပဟာယ-စွန့်၍၊ ဂမိဿာမိ-သွားတော့အံ့ရသော-မင်း၏၊ သုဒါ-စဖိုသည်တို့သည်၊ မဟာနသေ စဖိုအိမ်၌၊ အဇ္ဇ-ယနေ့၊ နော-ငါတို့ကို၊

---

အဖွဲ့အဖျင်းကိုလည်း ကင္ဒဂ်ရ-ဟု ခေါ်သည်၊ ''ကေန ဝါတေန ဇုဂ်တိ သုဒ္ဓသာလိတော အပဂန္ဓတိတိ ကင္ဒဂ်ရော'' ဟု ဝိဂြိုဟ်ပြုသော သီဟိုဠ် အဘိဓာန် ဋီကာ အလိုမှ, ''ကဋ္ဌဂ်ရော''ဟု ပါဌ်ရှိ၍ သက္ကတအလိုအားဖြင့် ''ကင္ဒဂ်ရော'' ဟု ရှိရမည်။ [သုဒ္ဓသာလိတော-သန့်သော သလေးမှ၊ ကေနဝါတေန-လေကြောင့်၊ ဇုဂ်တိ အပဂန္ဓတိ-ကင်းတတ် (လွင့်သွားတတ်) ၏၊ ကသဒ္ဒူပပဒဇုဂ်ဓာတ်, အရပစ္စည်း, ဋ္ဌ အာဂုံ။]

**၁၄၇။ (ယဒါ) ပဒသ္မာ၊ပေ၊ဗဟုဝစနေသု**—ပဒသ္မာ၏ ရှေ့၌ ယဒါပုဒ်ကို တွေ့ရ၏၊ သို့သော် ''ယဒါ'' ရှိလျှင် ''တဒါ'' ဟု ထည့်ရလိမ့်မည်၊ ထို ''ယဒါ-တဒါ'' ပုဒ်တို့လည်း ၂ ဝါကျ ကွဲနေရာ၌သာ ရှိနိုင်သည်၊ ဤ၌ ၂ ဝါကျ ခွဲ၍ မရသဖြင့် တဒါ ထည့်ခွင့်မရှိလျှင် ''ယဒါ'' လည်း မပါထိုက်၊ ရူပသိဒ္ဓိ၌လည်း မပါ, န္ယာသ မှာလည်း မရှိ၊ နဝါသဒ္ဒါလည်း တဝံမမဋ္ဌ နဝါသုတ်မှ လိုက်ပုဒ်တည်း၊ ထိုနဝါ၏ အဓိပ္ပာယ်ကို နောက်သုတ်ကျမှ ပြအံ့၊ ဤသုတ်၌ ''ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု'' ဟု (ကောဝုစ် ဗဟုဝုစ်-ဟု မခွဲခြားပဲ) သာမည ဆိုထားသော်လည်း နောက်သုတ်၌ ''ကောဝစနေသု'' ဟု ဆိုလတ္တံ့ ဖြစ်သောကြောင့် (ကြွင်းသမျှကို သိမ်းယူရသော ပါရိသေသနည်းအားဖြင့်) ဤသုတ်လာ ဒုတိယာ စတုတ္ထီ ဆဋ္ဌီဝိဘတ်တို့ကို ဗဟုဝုစ်ဟု သိအပ်၏။ ထို့ကြောင့် ''ဗဟုဝစနေသု'' ဟု ပက္ခိပနဝုတ္တိကို ထည့်ရသည်။

**ပဒသ္မာ ပရေသံ**—''ပဒတော'' ပုဒ်ကို ပရေသံ ထည့်၍ ''ပဒသ္မာ ပရေသံ'' ဟု ဖွင့်၏၊ တုမှ အမှတို့ကို ဝေါနော ပြုရာ၌ တဝါကျ တဝါကျဝယ် အစဆုံး ဖြစ်နေသော ''တုမှာကံ သတ္ထာ'' ကဲ့သို့ တုမှ အမှကို ဝေါနော မပြုရ၊ ပုဒ်မှ နောက်ဖြစ်သော (၁ ပုဒ်ဖြစ်စေ ၂ ပုဒ် ၃ ပုဒ်စသည်ဖြစ်စေ ရှေ့ကရှိနေသော) တုမှ အမှသဒ္ဒါကိုသာ ဝေါနောပြုရသည်။ ထို့ကြောင့် ပုံစံများ၌ ''ပဟာယ ဝေါ, မာနော, ဓမ္မံ ဝေါ, သံဝိဘဇေထ နော, တုဋ္ဌောသ္မိ ဝေါ (၂ ပုဒ်နောင် တုမှကို ဝေါပြု), သတ္ထာ နော'' ဟု ပုဒ်နောက်ဖြစ်သော တုမှ အမှတို့ကိုသာ ပြထားသည်၊''ဝေါ ပဟာယ ဂမိဿာမိ''ဟု လည်းကောင်း ''နော အဇ္ဇ မာ ဝိကန္တိံသု'' ဟုလည်းကောင်း ဝေါနောတို့ကို ဝါကျ အစ၌ထား၍ ပါဌ်မစီရ—ဟူလို။

**ဆက်ဦးအံ့**—ပဟာယသဒ္ဒါသည် (တစုံတရာကို+စွန့်၍) ဟု ဒုတိယန္တပုဒ်ကိုငဲ့သော ကြိယာတည်း၊ ထို့ကြောင့် ဝေါပုဒ်၏ ပဒတော ပရအဖြစ်ထင်ရှားအောင် လည်း

မာဝိကန္တိ°သု-မခုတ်ဖြတ်ပါစေကုန်လင့်၊ ဒုတိယတ္ထေ-ဒုတိယာ ဝိဘတ်၏ အနက်၌၊ ဧဝံ-ဤနည်းချည်းတည်း၊ ဘိက္ခဝေ-တို့၊ ဝေါ-သင်တို့အား၊ ဓမ္မံ-ကို၊ ဒေသေဿာမိ-ဟောပေအံ့၊ နော - ကျွန်ုပ်တို့အား၊ ရဇ္ဇေန - တိုင်းပြည်ဖြင့်၊ သံဝိဘဇေထ-ဝေပေးပါကုန်၊ စတုတ္ထျတ္ထေ-စတုတ္ထီဝိဘတ်၏ အနက်၌၊ ဧဝံ-ဤနည်းချည်းတည်း၊ ဘိက္ခဝေ-တို့၊ ဝေါ-တို့၏၊ ပကတိယာ-ပင်ကိုယ်အတိုင်းအားဖြင့်၊ တုမ္ဟေ-အားရတော်မူသည်၊ အသ္မိ-ဖြစ်၏၊ နော-ငါတို့၏၊ သတ္ထာ-ဆရာဖြစ်သော၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ အနုပ္ပတ္တော-ကြွရောက်တော်မူလာပြီ၊ ဆဋ္ဌျတ္ထေ-ဆဋ္ဌီဝိဘတ်၏ အနက်၌၊ ဧဝံ-တည်း၊ နဝါတိ-သည်၊ကိမတ္ထံ၊ ဧသော-ဤသူသည်၊ အမှာကံ-ငါတို့၏၊ သတ္ထာ-ဆရာတည်း၊ ဣတိ-၏၊ တုမှာ မှာကမိတိ-တုမှာမှာကံ ပုဒ်သည်၊ ကိမတ္ထံ၊ ဧတေ ဣသယော၊ ဤရသေ့တို့ကို၊ ပဿတိ-မြင်၏၊ ဣဘိ ၏၊ ပဒတောဘတိ ကိမတ္ထံ၊ တုမှာကံ-တို့၏၊ သတ္ထာ-ဆရာ၊ ဣတိ-၏၊ ဧတေသ္မိတိ-ဤ ဒုတိယာ စတုတ္ထီ ဆဋ္ဌီ ဝိဘတ်တို့ကြောင့် ဟူသည်၊ ကိမတ္ထံ၊ တုမှေ-တို့သည်၊ ဂစ္ဆထ-သွားကုန်လော၊ ဣတိ....၏။ (၂၄၆)။

---

ကောင်း,ဒုတိယန္တ ဖြစ်ကြောင်း ထင်ရှားအောင်လည်းကောင်း ပဟာယပုဒ်ကို ပြထား၏၊ ဂမိဿာမိကိုကား ပဟာယဝေါသည် ဝုတ္တိဆရာ စီကုံးအပ်သော လုပ်ပြယုဂ် မဟုတ်, ပါဠိတော်သုတ်တို့မှ လာသော ပြယုဂ်ဖြစ်ကြောင်း ထင်ရှားအောင် ထည့်ထားသည်၊ ထို့အတူ နောက်နောက် ပြယုဂ်များ၌လည်း ပဒတောပရ ထင်ရှားအောင် ရှေ့မှ တပုဒ် ၂ ပုဒ်ပြ၍ ပါဠိပြယုဂ် ဖြစ်ကြောင်း ထင်ရှားအောင် တွဲဖက်ပါဌ်များကိုလည်း သုတ်၏ပုံစံ မဟုတ်ပဲလျက် ထည့်စွက် ပြထားသည်-ဟု မှတ်။ [“မာ နော အဇ္ဇ ပေ၊ မဟာနသေ” ကား, မဟာပဒုမဇာတ်တော် ပြယုဂ်တည်း၊ ဝိကန္တိ°သု-၌ “ဝိပုဗ္ဗ, ကတိ=ဆေဒနေ” ဟူသော ဓာတ်ကျမ်းရှိ၍ “ခုတ်ဖြတ်ခြင်း”အနက်ဟောဟု-မှတ်။]

ရှင်းလင်း။ ။ပဟာယဝေါ၌ ဝေါကို တုမှတည်, ဒုတိယာယောသက်, ပဒတော ဒုတိယာ-စသော သုတ်ဖြင့် ပဟာယပုဒ်မှ နောက်ဖြစ်သော တုမှကို ဝိဘတ်နှင့်တကွ ဝေါပြု, ပြီး၏၊ ဤသို့စသည်ဖြင့် တွက်လေ၊ “ဧဝံ ဒုတိယတ္ထေ” ကား ဒုတိယာဝိဘတ် အတွက် ဤနည်းအတိုင်း သိလေ-ဟု ညွှန်းလည်းညွှန်း, နိဂုံးလည်းအုပ်သော စကားတည်း၊ “ဧဝံ စတုတ္ထျတ္ထေ” စသည်လည်း နည်းတူ၊ ဧသော အမှာကံ၌ အမှတည်, နံသက်, ဧသော ပုဒ်နောင်ဖြစ်၍ “ပဒတောပရ” လည်း ဟုတ်, ဆဋ္ဌီ ဗဟုဝုစ်လည်း ဟုတ်သော်လည်း နဝါမြစ်သောကြောင့် ဤသုတ်ဖြင့် နော မပြုရ၊တုမှာမှေဟိ နမာကံ ဖြင့် နံကို အာကံပြု။ [ဤသို့ နဝါမြစ်ချက်ကြောင့် သုတ်အင်္ဂါညီလျက် မစီရင်ရသော ပုံစံများကို နောက်သုတ်ကျမှ ထုတ်ပြအံ့။]

ဧတေ ဣသယော၌ ဣသယောကို ဣသိတည်, ယောသက်, ဧတေပုဒ်နောင်ဖြစ်၍ ပဒတောပရလည်း ဟုတ်, ဒုတိယာ ဗဟုဝုစ်လည်း ဟုတ်ပါသော်လည်း တုမှ အမှ

**တေမေကာဝစနေ သုစ**

၁၄၈။ ဧကဝစနေသု - ကုန်သော၊ စတုတ္ထီ ဆဋ္ဌီသု- တို့ကြောင့်၊ (ရှေ့သုတ်အတိုင်း ပေး၊) တေမေ အာဒေသော ဟောန္တိ၊ တေ-သင့်အား၊ ပဉ္စ-ငါးပါးကုန်သော၊ ဂါမ ဝရာနိ-ရွာစားဆုတို့ကို၊ ဒဒါမိ-ပေး၏၊ မေ-ကျွန်တော်မျိုးကား၊ ဂါမဝရံ- ရွာစားဆုကို၊ ဒဒါဟိ-ပေးတော်မူပါ၊ ဣဒံ-ဤနိုင်ငံသည်၊ တေ-အရှင်မင်းမြတ် ၏၊ ရဋ္ဌံ-နိုင်ငံပါတည်း၊ အယံ-ဤသူသည်၊ မေ-ငါ၏၊ ပုတ္တော သားတည်း၊ ပဒတောတိ ကိမတ္ထံ၊ တဝ-သင်၏၊ ဉာတိ-ဆွေမျိုး၊ မမ-ငါ၏၊ ဉာတိ-ဆွေမျိုး၊ ဣတိ-၏။ (၂၄၇)။

---

မဟုတ်သောကြောင့် ဤသုတ်ဖြင့် ဝေါနော မပြုရ၊ ယောသွကာတရသော ချော့ဖြင့် စီရင်၊ တုမှာကံ သဏ္ဌာန်၌ တုမှာကံကို တုမှတည်, နံသက်, တုမှလည်း ဟုတ်, ဆဋ္ဌီ ဗဟုဝုစ်လည်း ဟုတ်သော်လည်း ပုဒ်နောင်မဟုတ်သောကြောင့် ဧဝါ မပြုရ၊ တုမှာ မှေဟိ နမာကံဖြင့် စီရင်၊ ဂစ္ဆထ တုမှေ၌ တုမှေကို တုမှတည်, ပဌမာယောသက်၊ ပဒတော ပရလည်း ဟုတ်, တုမှ သဒ္ဒါလည်း ဟုတ်သော်လည်း ဒုတိယာယော မဟုတ်သောကြောင့် ဝေါ မပြုရ၊ သဗ္ဗနာမကာရတေ ပဌမောသုတ်ဖြင့် ယောကို ပြေ၊ ဤ ကိံ ၃ ချက်ကိုထောက်၍ "တုမှ အမှ သဒ္ဒါဖြစ်ခြင်း, ပဒတောပရဖြစ်ခြင်း, ဒုတိယာ စတုတ္ထီ ဆဋ္ဌီ ဗဟုဝုစ်ဖြစ်ခြင်း"ဟု သုတ်အင်္ဂါ ၃ ပါးကို သိပါ၊ ဤ အင်္ဂါ ၃ပါးလုံး ညီညွတ်ပါလျက် ဝေါနော မပြုရာ၌ကား နဝါသဒ္ဒါက တားမြစ်သည်။

၁၄၈။ **စတုတ္ထီ ဆဋ္ဌီသု**—"ဧကဝစနေသု" ဟု ဆိုထားသောကြောင့် ရှေ့သုတ်၌ လာသော "ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု" တပုဒ်လုံး လိုက်ထိုက်သော်လည်း "နအံမှိ" သုတ်က ဒုတိယာ ဧကဝုစ် အံ အတွက် တားမြစ်ထားသောကြောင့် "ဒုတိယာ" မလိုက်ဘဲ "စတုတ္ထီ ဆဋ္ဌီသု" ဟူသာ လိုက်ရတော့သည်။ [ဤသုတ်၌ ပဒသ္မာ ပရေသံ ၏ အဓိပ္ပာယ်မှာ ရှေ့သုတ်အတိုင်းပင်၊ ရုပ်ကို အခြေပြုကြည့်၍ တွက်၊ ကိံရုပ်လည်း ထင်ရှားပြီ။]

**သုစ သဒ္ဒါ**။ ။သီဟိုဠ်မူ၌ "တေမေကာဝစနေ"ဟု "သုစ"မပါဘဲ ရှိ၏၊ သို့သော် "စတုတ္ထီ ဆဋ္ဌီသု ဧကဝစနေသု" ဟု ဝုတ္တိဖွင့်သောကြောင့် "သု" မပါခြင်းကား မကောင်း၊ စသဒ္ဒါ၏ အနက်ကိုကား ချာသ ရူပသိဒ္ဓိတို့ မဖွင့်ကြသဖြင့် စသဒ္ဒါ မပါ ခြင်းသာ မူရင်းဖြစ်ကောင်း ဖြစ်ပေလိမ့်မည်၊ နောက်ဆရာတို့ကား စသဒ္ဒါအတွက် "နဝါ" ကို ငင်သော အနုကဍ္ဍန ဟု ဖွင့်ကြသည်။

**နဝါ သဒ္ဒါ**။ ။ရူပသိဒ္ဓိ၌ နဝါသဒ္ဒါ လိုက်လာ၏-ဟု ဖွင့်၍ နဝါသဒ္ဒါကြောင့် "ဂါထာပူဒ၏ အစ၌လည်းကောင်း, စသဒ္ဒါ ဧဝသဒ္ဒါ ဝါသဒ္ဒါစသည်တို့နှင့် ယှဉ်ရာ ၌လည်းကောင်း, (ရူပသိဒ္ဓိ၌လာသော အာဒိဖြင့် ဟ-အဟာတို့နှင့် ယှဉ်ရာ၌လည်း

**နအံမှိ** ၁၄၉။ အံမှိ-အံဖြစ်သော၊ဝိဘတ္တိမှိ-ကြောင့်၊ပေ၊တေမေ အာဒေသာ-တို့သည်၊ နှ ဟောန္တိ၊ တံ-သင့်ကို၊ ဝဿသတံ-အနှစ်တရာပတ်လုံး၊ အရောဂံ-ရောဂါ မရှိသည်ကို၊ ပဿေယျံ-မြင်လို၏၊ သော-ထိုသူသည်၊ မံ-ငါ့ကို၊ ဝေါ-ဤစကားကို၊ အဗြဝိ-ဆိုပြီ။ (၂၄၇)။

**ဝါ တတိယေစ** ၁၅၀။ ပရေ-သော၊တတိယေကဝစနေ-တတိယာ ဧကဝုစ်ဝိဘတ်ကြောင့်၊ပေ၊ ဝါ ဟောန္တိ၊ တေ-သင်သည်၊ ပါပံ၊ မကောင်းမှုကို၊ ကတံ-ပြုအပ်ပြီ၊ မေ-ငါသည်၊ ပါပံ ကတံ၊ တယာ-သည်၊

---

ကောင်း) ဝေါ နော တေ မေ အပြု မဖြစ်''ဟု ဆို၏၊စုဏ္ဏိယဝါကျ၏ အစ၌ ဝေါ နော တေ မေ မပြုနိုင်ကြောင်းကား သုတ်၌ရှိသော''ပဒတော ပရေသံ'' ပါဌ်ဖြင့် ပြီးဖြစ်၍ နဝါသဒ္ဒါက အထူးသတ်မှတ်ဖွယ် မလို၊ ထို့ပြင်-မောဂ္ဂလ္လာန်၌ ''အာလုပ် တပုဒ် တည်း ရှေးရှိပြန်လျှင် ရှေ့ရှိရာ မရောက်သောကြောင့် ဝါကျအစ၌ တည်သော ထို အာလုပ်ပုဒ်နောင် ဝေါ နော တေ မေ မပြုရ'' ဟု ဆိုသေး၏၊ ပုံစံကား- ''ဒေဝဒတ္တ တဝ ပရိဂ္ဂဟော=အို ဒေဝဒတ်....သင်၏ အပိုင်ဥစ္စာ'' တည်း၊ အကယ်၍ ဝိသေသန ဝိသေသျအဖြစ်ဖြင့် အာလုပ် ၂ ပုဒ် ရှေးရှိလျှင်ကား ဝေါ နော တေ မေ ပြုနိုင်သတဲ့၊ ပုံစံကား-''မာဏဝက ဇဋိလက....တေ ပရိဂ္ဂဟော=ဆံကျစ်ရှိသော လုလင်ငယ်.... သင်၏ အပိုင်ဥစ္စာ'' တည်း၊ ဤသို့လျှင် ပဒတော ပရနှင့်စပ်၍ မှတ်ဖွယ်တို့ကို သဒ္ဒတ နှင့် မောဂ္ဂလ္လာန်တို့၌လည်း များစွာ လာသည်၊ ရူပသိဒ္ဓိ၌ပြထားသော အဓိပ္ပာယ်စု ကား ကလာပ်ကျမ်းလာ စကားစုတည်း၊ [တချို့ပုံစံများကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထားပြီ။]

[ဆောင်] သုတ်ရင်းအလာ, လိုက် နဝါကြောင့်,ဂါထာပါဒ, စုဏ္ဏိယတို့, အစတိုင်းမှာ, ပနေရာတည်း၊စ-ဝါ-ဧဝ, ဟာ-အဟနှင့်, ယှဉ်ကြပလေ, မြဲ မနေပင်၊ တတွေ့ အာလုပ်, တပုဒ်တည်းတည့်, ရှေ့ဝယ် ရှိလည်း, ရှိသည် မမည့်, သို့ဖြစ်သည်ကြောင့်,ထိုဤ စစ်ကြော, တေ မေ ဝေါတို့, ပဒတောပရေသံ, အနေမှန်အောင်, ကေန်ယူတတ် စေလသေး။

၁၄၉။ ပဿေယျံ တံ, သော မံတို့၌ ''တုမှ, အမှ''တည့်, အံသက်, ပဒတော ပရဖြစ်သော တုမှ အမှတို့ကို တေ မေ ပြုသင့်သော်လည်း ''နအံမှိ'' သုတ်က မြစ်သော ကြောင့် မပြုရ, တံ မမံမှိသုတ်ဖြင့် အံဝိဘတ်နှင့်တကွ တံ-မံပြု။ [ပဿေယျ တံ စသော ပါဌ်သည် မဟာ သုတသောမဇာတ်, ဟတ္ထိပါလဇာတ်တို့၌ လာသော ပါဌ်တည်း၊ ဟတ္ထိပါလဇာတ်၌ ''သော'' ဟု ကတ္တားထည့်ရမည်ဖြစ်၍ ''ပဿေယျ'' ဟု နာမ ယောဂကြိယာ ရှိရသည်၊သုတသောမဇာတ်၌ ''အဟံ''ထည့်ရမည်ဖြစ်၍ ''ပဿယံ'' ဟု အမှယောဂကြိယာ ဖြစ်သင့်၏၊ သို့သော် ဇုန္ဒဝဇီရ ဂါထာပါဒ ဖြစ်သောကြောင့် နိဂ္ဂဟိတ်ချေ၍ ''ပဿေယျတံ'' ဟုပင် ရှိသင့်၏၊ ''အာရောဂျံ'' ဟုလည်း စာအများ ရှိ၏။ သို့သော် တံနှင့် အရတူသောကြောင့် ''အရောဂံ'' ဟု ရှိမှ သဒ္ဒါလည်းသင့် ဆန်းလည်းသင့်မည်၊ သီဟိုဠ်မူ၌လည်း ''အရောဂံ'' ဟုပင် ရှိသည်။]

ပါပံ ကတံ၊ မယာ-သည်၊ ပါပံ ကတံ၊ ပဒတောတိ၊ပေ၊ တယာ-သည်၊ ကတံ၊ မယာ-သည်၊ ကတံ၊ ဣတိ-၏။ (၂၄၉)။

**ဗဟုဝစနေသု ဝေါ နော**

၁၅၁။ ပရေသု-ကုန်သော၊ တတိယာ ဗဟုဝစနေသု-တတိယာ ဗဟုဝုစ် ဝိဘတ်တို့ကြောင့်၊ ["ပရေ တတိယာ ဗဟုဝစနေ" ဟုလည်း မူကွဲ ရှိ၏။]၊ပေ၊ ဝေါ နော အာဒေသာ ဟောန္တိ၊ ဝေါ-သင်တို့သည်၊ ကမ္မံ-ကို၊ ကတံ၊ပြီ၊ နော ကမ္မံ ကတံ၊ ပဒတောတိ၊ပေ၊ တုမှေဟိ-တို့သည်၊ ကတံ၊ အမှေဟိ ကတံ၊ ဣတိ-၏၊ ဗဟုဝစနဂ္ဂဟဏေန- "သု"ဟူသော ဗဟုဝုစ် သဒ္ဒါဖြင့်၊ ပဉ္စမ-ပဉ္စမာဖြစ်သော၊ ယောမှိ-ယော ဝိဘတ်ကြောင့်၊ ဝေါ နော အာဒေသာ ဟောန္တိ၊ ဝေါ-တို့သည်၊ ဂါမံ-ရွာသို့၊ ဂစ္ဆေယျာထ-သွားကုန်လော၊ နော-တို့သည်၊ ဂါမံ-သို့၊ ဂစ္ဆေယျာမ-သွားကုန်ရာ၏။ (၂၅၀)။

---

၁၅၀။ **တတိယေကဝစနေ**—သုတ်၌ "တတိယေ" ဟု ကေဝုစ် ဗဟုဝုစ်တို့နှင့် ဆက်ဆံသော သာမညသဒ္ဒါကို ဆိုထားသော်လည်း နောက်သုတ်၌ "ဗဟုဝစမနေသု" ဟု ပြလတ္တံ့ဖြစ်သောကြောင့် ဤသုတ်၌ ကေဝုစ်ဟု သိသာ၏၊ထို့ကြောင့် "တတိယေ ကဝစနေ" ဟု ဖွင့်သည်၊ ရှေ့မှလိုက်သော နဝါသဒ္ဒါ ရှိလျက် ဝါသဒ္ဒါကို ထပ်၍ ဆိုခြင်းကြောင့် ထို နဝါသဒ္ဒါကို ရှေ့ န အံမှိသုတ်နှင့် နောက်သုတ်များသို့ မလိုက်ဟု သိစေရကျိုး ရှိသည်။

**ပုံစံများ။** ။ကတံတေ,ကတံ မေတို့သာ ပုံစံ၊ကတံ တယာ, ကတံ မယာတို့ကား ဝါအတွက် ဝိကပ်ရုပ်များတည်း၊ အဝုတ္တကတ္တားဖြစ်၍ "သည်" ဟု အနက်ပေးရသည်၊ ကတ္တရိစသုတ်ဖြင့် နာဝိဘတ်သက်၍ တေမေကို ဤသုတ်ဖြင့် ရုပ်တွက်၊ တယာ မယာကို ဝါမြစ်သောကြောင့် တေမေ မပြုရ-ဟု ဆို၍ နာမှိတယာ မယာဖြင့် တွက်၊ စသဒ္ဒါကား တေမေကို ငင်သော အနုကဍ္ဎနတည်း၊ ထိုသို့ငင်သဖြင့် တေမေပုဒ်သည် နောက်သုတ်သို့ မလိုက်တော့-ဟု သိစေရကျိုးရှိ၏၊ တယာ ကတံ၌ တယာကိုကား ပဒတောပရ မဟုတ်သောကြောင့် ဤသုတ်ဖြင့် တေ မပြုရ၊ မယာ ကတံလည်း နည်းတူ။

၁၅၁။ သုတ်၌ "ဗဟုဝစနေသု" ဟု (မည်သည့်ဗဟုဝုစ်ဟု မသိသာစေပဲ) သာမည ဆိုထားသော်လည်း ရှေ့သုတ်၌ တတိယာဟု ဆိုထားသဖြင့် ဤသုတ်၌ တတိယာဗဟုဝုစ် ဖြစ်ကြောင်းသိသာ၏၊ ရှေ့သုတ်မှ "တတိယာ" လိုက်လာသည်-ဟူလို၊ ရုပ်ကို ကတ္တရိစဖြင့် အဝုတ္တကတ္တား အနက်၌ ဟိဝိဘတ်သက်၍ တွက်ပါ၊ တုမှေဟိ အမှေဟိတို့၌ကား ပဒတောပရ မဟုတ်သောကြောင့် ဝေါနော မပြုရ၊ သုဟိသွကာရော ဧဖြင့် စီရင်။

**ဗဟုဝစနု၊ပေ၊ဂစ္ဆေယျာမ**—တတိယာ ဗဟုဝုပ်သည် "ဟိ" တလုံးတည်းဖြစ်သောကြောင့် "ဗဟုဝစနေ+ဝေါ နော" ဟု ကေဝုစ် သမ္မိဝိဘတ်ဖြင့် ဆိုသင့်လျက် ဗဟုဝုစ် သုဝိဘတ်ဖြင့် "ဗဟုဝစနေသု" ဟု ဆိုထားရာ၌ သဒ္ဒါအဆို ပိုလွန်ရကား

ပုမန္တသာ သိမှိ

၁၅၂။ သိမှိ ဝိဘတ္တိမှိ သဝိဘတ္တိဿ ပုမ ဣစ္စေဝမန္တဿ-ပုမ သဒ္ဒါ၏ အဆုံး(အ)သရ၏၊ အာ အာဒေသော ဟောတိ၊ ပုမာ-ယောကျ်ားသည်၊ (အဖိုသည်, အထီးသည်)၊ တိင္ဆတိ-တည်၏၊ သိမှိတိ၊ပေ၊ ပုမာနော-တို့သည်၊ တိဋ္ဌန္တိ၊ ဣတိ-၏၊ အန္တဂ္ဂဟဏေန-အန္တ သဒ္ဒါပိုဖြင့်၊ သဝိဘတ္တိဿ-သော၊ မဃဝ ယုဝ ဣစ္စေဝမန္တဿ-မဃဝ ယုဝ သဒ္ဒါတို့၏ အဆုံးသရ၏၊ (မာဒီနမန္တဿ ဟုလည်း ရှိ၏၊) အာ အာဒေသော ဟောတိ၊ မဃဝါ-သိကြားသည်၊ ယုဝါ-လုလင်ပျိုသည်။ (၁၃၆)။

---

ထိုသဒ္ဒါပို၏ အနက်ပိုကို ပြလိုသောကြောင့် "ဗဟုဝစနဂ္ဂဟဏေန" ဟု မိန့်သည်၊ "သု"ဟူသော ဗဟုဝုစ်သဒ္ဒါပိုဖြင့် ပဌမာယောကြောင့် ဝေါ်နော ပြုရခြင်း ဟူသော အနက်ပိုကို သိရသည်—ဟူလို၊ ဂါမ်ဝေါ်၌ ဝေါကို တုမှ တည်, ပဌမာယောသက်, ဗဟုဝစနေသု ဝေါနောသုတ်၌ "သု" ဟူသော ဗဟုဝုစ် သဒ္ဒါပိုဖြင့် ဝိဘတ်နှင့်တကွ တုမှကို ဝေါပြု၊ နောလည်း နည်းတူ။

ဝါဒန္တရ။ ။ချာသင်္ဂ ဗဟုဝစနသဒ္ဒါ တခုလုံးကို ပိုသောနည်းကိုလည်း ပြသေး၏၊ ရှေ့သုတ်၌ တတိယာ ဧကဝုစ်ကို စီရင်ပြီးဖြစ်သောကြောင့် ဤသုတ်၌ "ဝေါနော" ဆိုရုံမျှဖြင့် တတိယာ ဗဟုဝုစ်ဖြစ်ကြောင်း သိသာရကား ဗဟုဝစနသဒ္ဒါ တခုလုံး ပိုသည်ဟု ဆိုလိုသတတ်၊ သို့သော် ဤသုတ်၌ ဗဟုဝစနသဒ္ဒါ ထောက်၍ ရှေ့သုတ်၌ ဧကဝုစ်ဖြစ်ကြောင်း, ရှေ့သုတ်၌ တတိယာသဒ္ဒါကိုထောက်၍ ဤသုတ်၌ ဗဟုဝစနသဒ္ဒါ သည် တတိယာဗဟုဝုစ်ကို ဟောကြောင်းသိနိုင်ရကား ဗဟုဝစနသဒ္ဒါ တခုလုံး ပိုနိုင်မည်မထင်, ဆင်ခြင်ကြပါကုန်။ [ရှေ့ထောက်၍ နောက်ကို သိရ, နောက်ထောက်၍ ရှေ့ကို သိရသောနည်းကို "ဧကပဿ ဒဿနနည်း (နံပါးတဖက်ကို ပြသောနည်း)" ဟု ဆိုကြသည်။]

၁၅၂။ ပုမဣစ္စေဝမန္တ—"ပုမဣတိ ဧဝံ+အန္တ" ဟု ပုဒ်ဖြတ်၊ ဧဝံသည် နိပါတ်ဖြစ်၍ ဧဝံနောက်၌ သင့်ရာဝိဘတ် ကြေနိုင်၏၊ ဤ၌ သ ဝိဘတ်အကြေကြေ၊ "ပုမဣစ္စေဝံ-ပုမဟူသောဤသဒ္ဒါ၏+အန္တဿ-အဆုံးအသရ၏"ဟုအနက်ပေးလိုက ပေးနိုင်သည်၊ ပုမာကိုရုပ်တွက်ပါ၊ ပုမာနော၌ကား ယောဝိဘတ်ဖြစ်သောကြောင့် ဤသုတ်ဖြင့် မစီရင်ရ, ယောသွာနောသုတ်ဖြင့် စီရင်လတ္တံ့။

မှတ်ချက်။ ။ဤသုတ်၌ ဝါသဒ္ဒါမပါရကား ကစ္စည်းကျမ်းအလို သိဝိဘတ်ကြောင့် အမြဲ အာပြု၍ "ပုမာ" တရုပ်သာ ရှိသင့်သကဲ့သို့ဖြစ်သော်လည်း "ယထာ ဗလာက ယောနိမှိ, နဝိဇ္ဇတိ ပုမော သဒါ=ဗျိုင်းအောက်မျိုး၌ အဖိုမရှိ (ဥပါလိထေရာပဒါန်)" "သောဠသိတ္ထိသဟဿာနံ, နဝိဇ္ဇတိ ပုမော တဒါ (တေမိယစရိယာပိဋက)" တို့၌ ပုမောဟုလည်း ရှိရကား ပုရိသောကဲ့သို့ သိဖြင့် ပုမောလည်း ရှိ၏-ဟု သဒ္ဒနီတိ မိန့်သေးသည်၊ ပုမောသာမက, ယောဝိဘတ်ဖြင့် ပုရိသာကဲ့သို့ "ပုမာ" ရုပ်ကိုလည်း မောဂ္ဂလ္လာန် နိဿယ၌ ပြသေး၏၊ "ထိယော တဿ ပဇာနန္တိ, န ပုမာ ဇာယရေ ကုလေ"ကား ပုံစံ။

**အပါလပနေက ဝစနေ**

၁၅၃။ ပရေ-သော၊ အာလပနေကဝစနေ-အာလုပ် ဧကဝုစ် ဝိဘတ်ကြောင့်၊ သ ဝိဘတ္တိုဿ-သော၊ ပုမ ဣစ္စေဝမန္တဿ-၏၊ အံ အာဒေသော-အံ အပြုသည်၊ ဟောတိ၊ ဟေပုမံ-အို ယောကျ်ား၊ ဖ္မာလပနေတိ၊ပေ၊ ပုမာ-သည်၊ ဣတိ-၏၊ ကေဝစနေတိ၊ပေ၊ ဟေ ပုမာနော-အို ယောကျ်ားတို့၊ ဣတိ-၏။ (၁၃၈)။

**သမာသေ စ ဝိဘာသာ**

၁၅၄။ သမာသေစ-သမာသ်၌လည်း၊ ပုမဣစ္စေဝမန္တဿ-၏၊ ဝိဘာသာ-ဝိကပ်အားဖြင့်-အံ အာဒေသော ဟောတိ၊[ဝိဘာသာ ၏ နောက်၌ "သမာသေ-သမာသ်ကို၊ ကတေ-ပြုအပ်ပြီးသော်" ဟု ရှိသေးသည်ကား အပိုပင်၊] ဣတ္ထိ စ-မိန်းမလည်း၊ ပုမာ စ-ယောကျ်ားလည်း၊ နပုံသကဥ္စ-နပုံးလည်း၊ [နပုံသကော စ-ဟု ရှိသည်ကား ပါဠိပျက်၊] ဣတ္ထိပုမနပုံ သကာနိ-မိန်းမ ယောကျ်ား နပုံးတို့၊ ဣတ္ထိပုမနပုံသကာနံ-မိန်းမ ယောကျ်ား

---

အန္တဂ္ဂဟ၊ပေ၊ယုဝါ—"ပုမဿ-ပုမသဒ္ဒါ၏+အ-အတည်း၊ ပုမ-ပုမ၏ အ" ဟု သမာသ်တွဲလျှင် အန္တသဒ္ဒါမပါဘဲ "ပုမဿာသိမှိ" ဟု သုတ်တည်ရုံမျှဖြင့် "ပုမ၏ အ ကို အာပြု" ဟူသောအနက် ပြီးနိုင်သောကြောင့် အန္တသဒ္ဒါပိုရ်၏၊ ထိုအန္တသဒ္ဒါ ပို၏ အနက်ပိုကို ပြလိုသောကြောင့် အန္တဂ္ဂဟဏေန-စသည်ကိုမိန့်၊ အန္တသဒ္ဒါပိုဖြင့် မဃဝ-ယုဝတို့၏ အဆုံး (အ) ကို ဝိဘတ်နှင့်တကွ အာပြု၍ "မဃဝါ-ယုဝါ" ဟု ပြီးရသည်—ဟူလို၊ ဤ ကစ္စည်းဝုတ္တိ၌ "အာဒိ" မပါသော်လည်း ရူပသိဒ္ဓိ၌ "မဃဝ ယုဝါဒိနမန္တဿ" ဟု အာဒိပါ၏၊ ထို ယုဝါဒိနံ၌ အာဒိဖြင့် (အကမ္မန္တဿစသုတ်၏ ရူပသိဒ္ဓိဋီကာ၌) အဒ္ဒသဒ္ဒါကိုယူ၏၊ "အတိတော အဒ္ဒါ" စသည်တည်း၊ မောဂ္ဂလ္လာန် ပဒသာဓန၌ကား "ဝတ္တဟာ-ဝတ္တအသုရာကို ညှဉ်းဆဲတတ်သော သိကြား" လည်း ယုဝါနှင့် အတူဆိုသည်။

မှတ်ချက်။ ။မဃဝသဒ္ဒါကား ဝန္တုပစ္စည်း သက်၍လည်း ဂုဏဝါဒိဂိုဏ်းဝင် ဖြစ်နိုင်သေး၏၊ "မဃောဣတိ နာမံ ယဿာတိ မဃဝါ" ဟု ပြု။ [မဃော ဣတိ-မဃ ဟူသော၊ နာမံ-အမည်သည်၊ အတ္ထိ။] "မဃသဒ္ဒတော ဝန္တုပစ္စယေန သိဒ္ဓေါ မဃဝါ သဒ္ဒေါပိ အတ္ထိ"--(မုဒ္ဓဗောဓ-၁၉၁ သုတ် ဋီကာ။)

၁၉၃။ အာလပနေကဝစနေ—အခြားသုတ်များ၌ အာလုပ် သိကို "ဂ" ဟုသုံးစွဲလေ့ရှိပါလျက် ဤသုတ်၌ "အာလပနေကဝစနေ" ဟု သုံးစွဲခြင်းသည် ဂသိ၏ နာမည် တမျိုးကို သိစေရခြင်းအကျိုးရှိ၏၊ ပုမ်ကို ရှုတွက်ပါ၊ ပုမာ၌ အာလုပ် သိမဟုတ် (ပဌမာ သိ ဖြစ်) သောကြောင့် အံ မပြုရ၊ ရှေ့သုတ်ဖြင့် စီရင်၊ ပုမာနော၌ကား အာလုပ် ဟုတ်သော်လည်း ဧကဝုစ်မဟုတ် (ဗဟုဝုစ်ဖြစ်) သောကြောင့် အံ မပြုရ၊ ယောသွာနော သုတ်ဖြင့် စီရင်၊ နောက်သုတ်၌ "ဝိဘာသာ" ဟု ဆိုသောကြောင့် ဤသုတ်၌ အံ အပြု အမြဲ (ဟေပုမံ-တရုပ်သာရှိ၏) ဟု ဆိုရာရောက်၏၊ သို့သော် မောဂ္ဂလ္လာန်၌ကား ဟေပုမံအပြင် ဘောပုရိသကဲ့သို့ "ဟေပုမ" ရုပ်ကိုလည်း ပြသေးသည်။

နပုံးတို့၏၊ သမူဟော-အပေါင်းတည်း၊ ဇူတ္တိပုမနပုံသက သမူဟော-မိန်းမ ယောက်ျား နပုံးတို့၏အပေါင်း၊ ဝိဘာသာတိ-ဝိဘာသာ ပုဒ်သည်၊ပေ၊ ဇူတ္တိ ပုမနပုံသကာနိ-မိန်းမ ယောက်ျား နပုံးတို့၊ ဇူတိ-၏။ [ရူပသိဒ္ဓိ ဤသုတ်ကို အထူးမဖွင့်။]

---

၁၅၄။ **သမာသေ**—ဇူတ္တိစ ပုမာစ နပုံသကဥ္စ'' ဟု သမာသ်ဝါကျ ဖြစ်ပြီးနောက် ဒွန်သမာသ် ထုံးစံအတိုင်း သမာသ်စပ်မှု စသည်ပြု, ဝိဘတ်ချေ, စ နိပါတ်တို့ကို ချေ, ''ဇူတ္တိ ပုမ နပုံသက'' ဟု ပကတိပြု၊ ဤ ''သမာသေစ ဝိဘာသာ'' သုတ်ဖြင့် ပုမ၏ အကို အ ပြု (ဇူတ္တိ ပုမ နပုံသက), ဝဂ္ဂန္တံ ဝါ ဝဂ္ဂေသုတ်ဖြင့် နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ (န်) ပြု၊ ကွစာဒိ မဇ္ဈေုတ္တရာနံသုတ်ဖြင့် ထ္တိ၏ ဤကို ဇူရဿပြု (ဇူတ္တိပုမနပုံသက), နာမ်င့်, ယောသက်, အတော နိစ္စံဖြင့် ယောကို နိပြု, ယောသုကတစသော သုတ်ဖြင့် ဒီဃပြု, ဇူတ္တိ ပုမနပုံသကာနိ ပြီး၏၊ ဤမျှသာ ပုံစံထုတ်လိုရင်းတည်း၊ ဇူတ္တိပုမနပုံသကာနံ သမူဟော စသည်ကား အဝိုထည့်ပါ၍သာ၊ ချာသ၌ မဖွင့်သောကြောင့် နောက်ထည့်အပ်သော ပါ၍သော်လည်း ဖြစ်ဟန်တူသည်။ [''ပဏ္ဍကောစ နပုံသကံ'' ဟု အဘိဓာန်၌ နပုံသကပုဒ်ကို နပုံလိင်ဟု ဆိုသောကြောင့်လည်းကောင်း, ''ဇူတ္တိပုမနပုံသကာနိ'' ဟု ရှိသောကြောင့်လည်းကောင်း ''နပုံသကော'' သည် ပါ၍ပျက် ''နပုံသကဥ္စ'' သာ ပါ၍မှန်။]

**ဝိဘာသာတိ၊ပေ၊နပုံသကာနိ**—ဝိကပ် အနက်ရှိသော ဝါ သဒ္ဒါနှင့် ဝိဘာသာ သဒ္ဒါသည် သဘောတူ၏၊ ဝိသိဋ္ဌေန-တမျိုးတဖုံအားဖြင့်၊ ဘာသာ-ဆိုခြင်းသည်၊ ဝိဘာသာ-မည်၏၊ ယမာသ်အရာဝယ် ဤသုတ်က ပုမ၏ (အ) ကို အံပြုဟု ဆိုခြင်း သည် တမျိုးတဖုံအားဖြင့် ဆိုခြင်းတည်း၊ အံ မပြုပဲလည်း ရှိနိုင်သေး၏-ဟူလို၊ သမာသ် ဆိုင်ရာ စီရင်ပြီး၍ ''ဇူတ္တိပုမနပုံသက'' ဟု ပကတိ ပြုပြီးသောအခါ ဤ ဝိဘာသာ သဒ္ဒါကြောင့် ပုမ၏ အ ကို အံ မပြုပဲ, ဤကို ရဿပြု, နာမ်င့်, ယောသက်, နိပြု, ဒီဃ ပြု၍ ''ဇူတ္တိပုမ နပုံသကာနိ'' ဟုလည်း ရှိနိုင်သည်။

**မှတ်ချက်။** ။ဤသုတ်၌ ပုံစံသည် သုတ်တည်သော အရှင် ကစ္စည်းဆရာ၏ အာဘော်မကျ-ဟု မောဂ္ဂလ္လာန်နိဿယသစ် မိန့်၏၊ ''ဇူတ္တိပုမနပုံသက'' ကဲ့သို့ သမာသ်တွင်းရှိ ပုမကို စီရင်လိုလျှင် တတော နမံ ပတိမှာ လုတ္တေစ သမာသေ သုတ်-ပုမယ လိင်္ဂါဒိသု သမာသေသု သုတ်တို့၌ကဲ့သို့ နောက်ပုဒ် နိမိတ်ကို ထည့်၍ ''သမာ သေစ ဝိဘာသာ ဥတ္တရပဒေ'' ဟု သုတ်တည်ရာ၏၊ ထိုကဲ့သို့ မတည်သဖြင့် သမာသ် အရာပင် ဖြစ်သော်လည်း သမာသ်ပုဒ်၏ အလယ်ရှိ ''ပုမ'' ကို စီရင်လိုသည် မဟုတ် ဇူတ္တိစ+ပုမာစ-ဇူတ္တိပုမံ=မိန်းမ ယောက်ျား၊ ဤပုံစံမျိုးကို စီရင်ဖို့ရာသာ ဤသုတ်ကို တည်ခြင်း ဖြစ်ရာ၏၊ ထို့ကြောင့် ရှေ့သုတ်မှ ''အံ+အာလပနေကဝစနေ'' ၂ ပုဒ်လုံး ကို စသဒ္ဒါဖြင့် ငင်၍ အာလုပ် ဧကဝုစ်ကြောင့် ဝိကပ် အံပြု၍ ''ဟေ ဇူတ္တိပုမံ'' ဟု လည်းကောင်း, ဘောပုရိသ-ပုရိသာကဲ့သို့ ''ဟေ ဇူတ္တိပုမ, ဟေ ဇူတ္တိပုမာ-အို မိန်းမ ယောက်ျား'' ဟုလည်းကောင်း အာလုပ်ဖြင့် ၃ ရုပ် ရှိနိုင်ကြောင်းကို သိပါ။ [ကစ္စည်း ဝုတ္တိပြ ''ဇူတ္တိပုမနပုံသကာနိ'' ၌ကား နကို ဒွေဘော်လာရုံမျှဖြင့် ပြီးနိုင်သည်။]

**ယောသွာနော** ၁၅၅။ ယောသု - ယော ဖြစ်ကုန်သော၊ ဝိဘတ္တီသု - ဝိဘတ် တို့ကြောင့်၊ပေ၊ အာနော အာဒေသော ဟောတိ၊ ပုမာနော-တို့သည်, တို့ကို၊ ဟေပုမာနော-အို ယောကျ်ားတို့၊ ယောသွိတိ ကိမတ္ထံ၊ ပုမာ-သည်၊ ဣတိ-၏၊ (၁၃၇)။ [ရုပ်ကို အခြေပြုအတိုင်း တွက်၊ ပုမာ၌ကား ယော မန္ဒောင်းသောကြောင့် အာနော မပြုရ၊ ပုမန္တဿာ သိမှိ သုတ်ဖြင့် အာပြု။]

**အာနေ သိမှိဝါ** ၁၅၆။ သိမှိ-သိ ဖြစ်သော၊ ဝိဘတ္တိမှိ-ကြောင့်၊ ["သိမှိ ဝိဘတ္တိမှိ-သိ ဝိဘတ်ကြောင့်"ဟုလည်း ပေးနိုင်၏၊ သုတ် တိုင်းမှာ ဤနည်းချည်း၊] ၊ပေ၊ အာနေ အာဒေသော ဝါ ဟောတိ၊ ပုမာနေ ယောကျ်ား၌၊ ပုမေဝါ-ပုမေ ဟုလည်း ရှိ၏။ (၁၄၂)။

**ဟိ ဝိဘတ္တိမှိစ** ၁၅၇။ ဟိ ဝိဘတ္တိမှိစ-လည်း၊ ပုမ ဣစ္စေဝ မန္တဿ-ပုမ၏ အဆုံး အသရ၏၊ အာနေ အာဒေသော ဟောတိ၊ ပုမာနေဟိ, ပုမာနေဘိ-တို့ဖြင့်၊ ပုန-တဖန်၊ ဝိဘတ္တိဂ္ဂဟဏံ-ဝိဘတ္တိ သဒ္ဒါသည်၊ သဝိဘတ္တိဂ္ဂ ဟဏ နိဝတ္တနတ္ထံ-သဝိဘတ္တိသဒ္ဒါကို နစ်စေရခြင်း အကျိုးရှိ၏၊ ပုမာနေဟိ-

---

၁၅၆။ ဝါသဒ္ဒါဆိုရပုံ။ ။သမာသေစ ဝိဘာသာသုတ်မှ ဝိဘာသာကို အ လိုက် မခံပဲ ဤသုတ်၌ ဝါသဒ္ဒါကို ဆိုခြင်းကြောင့် "ယောသွာနော" သုတ်သို့ ဝိဘာ သာ သဒ္ဒါ မလိုက်ဟု သိစေရခြင်းအကျိုးရှိ၏၊ ထိုသုတ်၌ ဝိဘာသာသဒ္ဒါ မလိုက်ပဲ ပြတ်နေသောကြောင့် ဤသုတ်၌ ဝါသဒ္ဒါကို ထပ်၍ ဆိုရသည်-ဟူလို၊ တနည်း အမှဿ မမံ သဝိဘတ္တိဿ သေသုတ်မှ လိုက်လာသော သဝိဘတ္တိ သဒ္ဒါသည် ဤသုတ်တွင် အဆုံးသတ်သောကြောင့် ဝိဘတ်နှင့်တကွ ဓီရင်ရာအခန်းသည် ဤတွင်ပြီးပြီ-ဟု သိစေ ခြင်းငှာ ဝါသဒ္ဒါကို ထပ်၍ မိန့်ရသည်-ဟု ကစ္စာနသံခိပ် ဆရာတော် ကြီးတော်မူသ တတ်၊ ရုပ်ကို အခြေပြုကြည့်တွက်၊ ပုမေ၌ ဝါ မြစ်သောကြောင့် အာနေမပြုရ, သွာသိ နံဝါဖြင့် သိကို ဧ ပြု။

၁၅၇။ ပုန ဝိဘတ္တိဂ္ဂဟဏံ—သုတ်တို့မည်သည် "အပ္ပက္ခရ" အင်္ဂါနှင့် ညီညွတ် အောင် အက္ခရာ နည်းနိုင်သမျှ နည်းပါးစေရိုး ဖြစ်သည်အားလျော်စွာ အခြားသုတ် များ၌"သိမှိစ, အာသိမှိ"စသည်ဖြင့် ဝိဘတ္တိသဒ္ဒါ မဟုတ်ပဲ သုတ်တည်လေ့ရှိသည့်ပြင်-တတောစ ဝိဘတ္တိယော သုတ်မှ ဝိဘတ္တိသဒ္ဒါလည်း လိုက်ပါလျက် ရှိ၏၊ထို့ကြောင့် ဤ သုတ်၌ ဝိဘတ္တိ သဒ္ဒါကို ထပ်၍ မဆိုသင့်သည် မဟုတ်ပါလော-ဟု စောဒနာဖွယ် ရှိသောကြောင့် "ပုနဝိဘတ္တိဂ္ဂဟဏံ"စသည်ကိုမိန့်၊ဝိဘတ္တိသဒ္ဒါကို ထပ်၍ဆိုခြင်းသည် အမှဿ မမံ သဝိဘတ္တိဿ သေ သုတ်မှ အစဉ်လိုက်လာသော သဝိဘတ္တိသဒ္ဒါကို ဆုတ် နစ်စေရခြင်းအကျိုး ရှိသည်-ဟူလို။

ရှုဦးအံ့—အမှဿ မမံ သဝိဘတ္တိဿ သေ သုတ်မှ သဝိဘတ္တိသဒ္ဒါသည် အစဉ် တစိုက် လိုက်လာခဲ့ရာ အာနေသိမှိဝါ တိုင်အောင်ပင် လိုက်လျက် ရှိသေး၏၊ [သမာ

တို့ဖြင့်၊ စဂ္ဂဟဏေန-ဖြင့်၊ သိယော အံယော ဣတိ-သိယော, အံယော ဟူကုန်သော၊ ဧတေသု ဝိဘတ္တီသု-တို့ကြောင့်၊ မဃဝ ယုဝ ဣစ္စေဝမန္တဿ-မဃဝ, ယုဝတို့၏ အဆုံး သရ၏၊ (မဃဝ ယုဝ ဣစ္စေဝ မာဒီနမန္တဿ-ဟုလည်း မူကွဲရှိ၏၊) အာန အာဒေသော-အာန အပြုသည်၊ ဟောတိ၊ သ သ္မာ သု-သ, သ္မာ ဟူကုန်သော၊ ဝိဘတ္တီသု-တို့ကြောင့်၊ ပုမ ကမ္မ ထာမန္တဿ စ-ပုမ, ကမ္မ, ထာမ တို့၏ အဆုံး သရ၏လည်း၊ ဥကာရော-ဥအပြုသည်၊ ဟောတိ၊ မဃဝါနော-သကြားသည်၊ မဃဝါနာ-တို့သည်၊မဃဝါနံ-ကို၊မဃဝါနေ-တို့ကို၊ ယုဝါနော-လုလင်ပျိုသည်၊ ယုဝါနာ-တို့သည်၊ ယုဝါနံ-ကို၊ ယုဝါနေ-တို့ကို၊ ပုမုနော-အား၊ ပုမုနာ-မှ၊ ကမ္မုနော-အမှုအား၊ ကမ္မုနာ-မှ၊ ထာမုနော-အစွမ်းအား၊ ထာမုနာ-မှ။ (၁၄၀)။

---

သေစ ဝိဘာသာ သုတ်၌လည်း ''ဟေ ဋ္ဌတ္ထိပုမံ'' ပုံစံပြီးဖို့ရာ ဝိဘတ်နှင့်တကွ အံပြုရသောကြောင့် သဝိဘတ္တိသဒ္ဒါ လိုက်လျက်ပင်၊] လိုက်ပုဒ်တို့ ထုံးစံမှာလည်း နောက်ကသုတ်၌ အလားတူ ပုဒ်မရှိလျှင် လိုက်မြဲ လိုက်နေရိုးတည်း၊ ဥပမာ-နောက်သုတ်၌ ကာရီမရလျှင် ကာရီလိုက်, ကာရိယ မရှိလျှင် ကာရိယလိုက်သကဲ့သို့တည်း၊ထိုသို့ အစဉ် လိုက်လာသော သဝိဘတ္တိသဒ္ဒါကို အလားတူ ဝိဘတ္တိသဒ္ဒါဖြင့် ခုခံတားမြစ်ဖို့ရာ ဝိဘတ္တိသဒ္ဒါကို ထည့်၍ ''ဟိ ဝိဘတ္တိမှိစ'' ဟု သုတ်တည်ရသည်၊ ဥပမာ-တောမီး လောင်လာသည့်အခါ မိမိ တောကျောင်းကလေးကို မီးမကူးဖို့ရာ အနီးအပါး သစ်ပင်များကို တင်ကြို၍ မီးရှို့ ရသကဲ့သို့တည်း။

[ဆောင်] ဟိမှိစသာ, မဆိုပါဘိ, ဝိဘတ္တိကား, လိုက်လာငြားလတ်, သဝိဘတ္တိ, တားမြစ်ဖို့, မီး၏အသွင်, ရှို့ကြိုတင်, အစဉ် ထုံးရှိသည်။

ပုံစံများ။ ။''ပုမာနေဟိ-ဘိ''ဟု ဆိုပြီးနောက်''သဝိဘတ္တိဂ္ဂဟဏ နိဝတ္တနတ္ထံ၊ ပုမာနေဟိ'' ဟု ဆိုပြန်ရာ၌ ဝိဘတ္တိသဒ္ဒါအတွက် ပုံစံ မထူးကြောင်း ပြဆို၍ ''ပုမာနေ ဘိ'' ကိုပင် ထည့်၍ပြသည်၊ ရုပ်ကို အခြေပြုကြည့်၍ တွက်၊ ဟိကို ဘိပြုလျှင် ပုမာနေဘိ ပြီးသည်။

စဂ္ဂဟဏေန—သုတ်၌ပါသော စသဒ္ဒါဖြင့် မဃဝ ယုဝတို့၏ အဆုံး (အ) ကို အာနပြု၊ ထိုသို့ ပြုရာ၌ ကစ္စည်းဝုတ္တိဝယ် သိယော အံယော ၄ လုံးကြောင့်သာ ပြုသော်လည်း ရူပသိဒ္ဓိ၌ ဝိဘတ်အားလုံးကြောင့်ပြု၍ ''မဃဝါနေန-ယုဝါနေန'' စသော ရုပ်များကိုလည်းကောင်း, ''အဒ္ဓါနံ-အဒ္ဓါနော'' ၌ အဒ္ဓ၏ အကို အာနပြုဟု အကမ္မန္တဿသုတ်၏ ရူပသိဒ္ဓိဘာသာဋီကာ၌ လည်းကောင်း ပြ၏၊ ထို့ပြင်-ဤ စသဒ္ဒါဖြင့်ပင် သသ္မာကြောင့် ပုမ ကမ္မ ထာမတို့၏ အဆုံး (အ) ကို ဥပြုဟု ကစ္စည်းဝုတ္တိ ဆို၏၊ ရူပသိဒ္ဓိ၌ကား ဥနာမှိစသုတ်၌ စသဒ္ဒါဖြင့် (ပုမ-ကမ္မ-ထာမ အပြင် အကမ္မန္တဿစ သုတ်ဋီကာ၌ အဒ္ဓ၏ အဆုံးသရကိုပါ) ဥပြု-ဟု ဆိုသည်၊ ရူပသိဒ္ဓိဆိုပုံက သုတ်ရင်း

**သုသ္မိမာ၀ါ**　၁၅၇။ သု ဣတိ - သုဟူသော၊ တေသ္မိံ ဝိဘတ္တိမှိ - ဤဝိဘတ်ကြောင့်၊ ပုမ ဣစ္စေ၀မန္တဿ-၏၊ အာ အာဒေသော-အာ အပြုသည်၊ ၀ါ ဟောတိ၊ ပုမာသု-တို့၌၊ ပုမေသု၀ါ-ပုမေသု ဟုလည်း ရှိသေး၏။ (၁၄၃)။ [အခြေပြုကြည့်၍ ရုပ်တွက်၊ပုမေသုကား ဝိကပ်ရုပ်တည်း၊ပုရိသေသုကဲ့သို့ တွက်။]

**ဥနာမှိစ**　၁၅၉။ နာမှိ ဝိဘတ္တိမှိ ပုမဣစ္စေ၀မန္တဿ, အာ ဥ အာဒေသာ-အာ အပြု, ဥ အပြုတို့သည်၊ ၀ါ ဟောန္တိ၊ ပုမာနာ, ပုမုနာ-ဖြင့်၊ ပုမေန၀ါ-ပုမေန ဟုလည်း ရှိ၏၊ စဂ္ဂဟဏံ-သည်၊ အနုကစ္စနတ္ထံ-အာကိုငင်ခြင်း အနက်ရှိ၏။ (၁၃၉)။

---

ဥပြုပုံနှင့် သာ၍ လိုက်လျော၏၊ သို့သော် ရုပ်ပြီးသည်သာ ပဓာန ဟု သဘောထား၍ ကစ္စည်း၌ ကစ္စည်းဝုတ္တိအတိုင်း, ရူပသိဒ္ဓိ၌ ရူပသိဒ္ဓိအတိုင်း တွက်ကြပါလေ။ [ဤစကားစဉ်အရ "စသဒ္ဒါသည် မဆိုအပ်သေးသည်ကို ဆည်းယူသော အဝုတ္တသမုစ္စည်း အနက်ရှိ၏" ဟု ဆိုလိုသည်။]

[ဆောင်]　၁။ ဟိ ဝိဘတ္တိမှိ, စ၏ တွက်ဘာ, အနက်မှာကား, မဃ၀ါယု၀, အဒ္ဓတို့၏, ဆုံးရှိ (အ) စု, အာနဟု, ပြုလေ ဝိဘတ်စုံ။

၂။ ထို့ပြင်-တခါ, သသ္မာကြောင့်, ပုမာ ကမ္မ, ထာမဒ္ဓ၏, (အ) ကို ဥလည်း, ပြုသတည်းဟု, ကစ္စည်း စာမူ, ဤသုတ် ယူလည်း, ကျမ်းရူသိဒ္ဓိ, ဥနာမှိစ, သုတ်၌ကျမှ, စဖြင့်ပြ, ဖွင့် ကြ အဖုံဖုံ။

**ရုပ်တွက်။**　။မဃ၀ါနောကို မဃ၀တည်, သိသက်, ဟိ ဝိဘတ္တိမှိစ၌ စသဒ္ဒါဖြင့် မဃ၀၏ အဆုံး (အ) ကို အာနပြု, ၀ဋ္ဋင်း, ချေ, ကပ်၊ သော သုတ်ဖြင့် သိကို ဩပြု၊ ယု၀ါနောလည်း နည်းတူ၊ ယော နှောင်းရာ၌ (အ) ကို အာနပြု၍ မဃ၀ါနာ ယု၀ါနာတို့ကို တွက်၊ အဒ္ဓနောင် အံသက်, အာနပြု, "အဒ္ဓါနံ-အဒ္ဓါနံ့ကို" ဟု ပြီး၏၊ တတောယောနမောတု၌ တုသဒ္ဒါဖြင့် ယောကို ဩပြုလျှင် "အဒ္ဓါနော-တို့သည်, တို့ကို" ဟုဖြစ်၏၊ ဤသို့ စသည်ဖြင့် သိလေ၊ ပုမတည်, သသက်, ဤသုတ်၌ စသဒ္ဒါဖြင့် ပုမ၏ အဆုံး (အ) ကို ဥပြု, လမှည့်, ဈလတော သဿ နော ၀ါဖြင့် သကို နောပြု, ပုမုနောပြီး၏, ဈလတောစသုတ်ဖြင့် သွာကို နာပြုလျှင် ပုမုနာဟု ပြီး၏၊ ကမ္မုနော ထာမုနော အဒ္ဓုနော-ကမ္မုနာ ထာမုနာ အဒ္ဓုနာတို့လည်း နည်းတူ။

၁၅၉။ စသဒ္ဒါဖြင့် ရှေ့သုတ်မှ အာကိုငင်၏-ဟု ကစ္စည်းဝုတ္တိဆို၏၊ ထိုသို့ ငင်သဖြင့် နောက်သုတ်သို့ အာဟူသော ကာရိယ မလိုက် ဟု သိစေရကျိုးရှိသည်၊ ရူပသိဒ္ဓိ၌ကား သသ္မာကြောင့် ပုမ ကမ္မ ထာမ အဒ္ဓတို့၏ အဆုံး (အ) ကို ဥပြု-ဟု ဆို၏၊

**အကမ္မန္တသဓ** ၁၆၀။ နာမှိ ဝိဘတ္တိမှိ၊ ကမ္မက္ကစေ့စ္စဝမန္တသဓ - ကမ္မဟူသော ဤသဒ္ဒါ၏ အဆုံး သရ၏လည်း၊ ဥ အ အာဒေသော - ဥ အပြု, အ အပြုတို့သည်၊ ဝါ ဟောန္တိ၊ ကမ္မုနာ ကမ္မနာ-အမှုဖြင့်၊ ကမ္မေနဝါ-ကမ္မေန ဟုလည်း ရှိ၏၊ စဂ္ဂဟဏေန-ဖြင့်၊ နာသု ဣတိ-နာ, သု ဟူကုန်သော၊ ဧတေသု ဝိဘတ္တီသု-တို့ကြောင့်၊ မဃဝ ယုဝ ဣစ္စေဝမန္တသဓ-မဃဝ ယုဝ သဒ္ဒါတို့၏ အဆုံးသရ၏၊ ကွစိ အာ အာဒေသော ဟောတိ၊ မဃဝါနာ-သကြားဖြင့်၊ မဃဝါသု-တို့၌၊ မဃဝေသု, `မဃဝေနဝါ - မဃဝေသု, မဃဝေန ဟုလည်း ရှိ၏၊ ယုဝါနာ-ဖြင့်၊ ယုဝါသု-တို့၌၊ ယုဝေသု, ယုဝေနဝါ-လည်း ရှိ၏။ (၁၉၇) ဣတိ၊ ပေ၊ ကစ္စော။

---

ရူပသိဒ္ဓိအလို စသဒ္ဒါ အဝုတ္တသမုစ္စည်း အနက်ရှိ၏၊ အခြေပြုကြည့်၍တွက်၊ ပုမေနကား ဝိကပ်ရုပ်တည်း၊ ဝါမြစ်သောကြောင့် အာ-ဥ မပြုရဟု ဆို၍ နာကို နေပြု။

[ဆောင်] ဥနာမှိလာ, စသဒ္ဒါဖြင့်, အာကို ငင်မူ, ကစ္စည်း ပြုလည်း, ပုမ ကမ္မ, ထာမဒ္ဓတို့, သနှင့် သွဲ့ာ, နှောင်းလေရာဝယ်, လျော်စွာ နှိုင်းဆ, ဥပြုရ, ရူပ သိဒ္ဓိ ဆို။

၁၆၀။ ကမ္မန္တဿစ—စ သဒ္ဒါဖြင့် ရှေ့သုတ်မှ ဥကို ငင်သည်-ဟု ကြံကြ၏။ စသဒ္ဒါဖြင့် မငင်သော်လည်း ကဏ္ဍခြားနေသောကြောင့် နောက်သုတ်သို့ မလိုက်တော့ ရကား စသဒ္ဒါဖြင့် အထူးမငင်ရပဲ အနုဝတ္တန သဘောအားဖြင့် သူ့ဘာသာ "ဥ+ နာမှိ+ ဝါ" ပုဒ်တို့ လိုက်ကြသည်-ဟု အယူရှိသောကြောင့် ဤ ကစ္စည်းဝုတ္တိနှင့် ရူပသိဒ္ဓိ တို့၌ အနုကာနုနဟု မဖွင့်ကြပဲ စသဒ္ဒါ၏ သမုစ္စည်းအနက်သာ ဖွင့်ကြသည်။

အ-ထပ်၍ ပြုရကျိုး။ ။" ကမ္မ၏ အဆုံး အသရကို အ-ထပ်ပြုခြင်းသည် ဘာ အကျိုးရှိသနည်း"ဟု မေးဖွယ်ရှိ၏၊ အဖြေကား အကို (အ) ထပ် မပြုလျှင် "ကမ္မုနာ-ကမ္မေန"ဟုသာ ရုပ်ဖြစ်၍ "ကမ္မနာ"ဟု မဖြစ်နိုင်ရကား "ကမ္မနာ" ရုပ်လည်းရှိသေးစေခြင်းငှာ အ-ထပ်ပြုရသည်၊ထို့ကြောင့် အကို (အ) ထပ်ပြုခြင်းသည် တပါးသောအစီအရင် "ဥ အပြု, ဧ အပြု"တို့ကို တားမြစ်ရခြင်း အကျိုးရှိ၏။

[ဆောင်] ဥ-နေဟု, အပြု နှစ်ဝ, တားမြစ်ချဖို့, ကမ္မဲ့ဆို, အ-နဂိုရ်, (အ) ကို ထပ်၍ပြု။

စသဒ္ဒါနှင့် အန္တသဒ္ဒါပို။ ။ကမ္မန္တဿစ၌ စကို အဝုတ္တ သမုစ္စည်းကြံ၍ နာသု နှောင်းရာ၌ မဃဝ ယုဝတို့၏ အကို အာပြု၊မဃဝါသု စသည်ဖြစ်၏။ [အန္တသဒ္ဒါပို၏ အကျိုးကို ရူပသိဒ္ဓိ၌ ရှု။] မဃဝါနာ မဃဝါသု-ယုဝါနာ ယုဝါသုတို့သာ ပုံစံတည်း၊ မဃဝေသု မဃဝေန ယုဝေသု ယုဝေနတို့ကား ကွစိအတွက် ဝိကပ်ရုပ်တည်း၊ ထို့ကြောင့် "ကွစိနာသု ဣစ္စေတေသု"၌ ကွစိသဒ္ဒါကို ဝါတ္ထ (ဝါ၏ အနက်ရှိသည်) ဟု ကြံ၍ ရုပ်လွှယ်ပြီ။

**တုမှာမေ့ဟိ နမာကံ**

၁၆၁။ တေဟိ တုမှ အမေ့ဟိ-ထို တုမှအမှသဒ္ဒါတို့မှ၊ (ပရဿ) နံ ဝစနဿ-၏၊ အာကံ ဟောတိ၊ တုမှာကံ-တို့အား၊ အမှာကံ၊ နမိတိ-နံပုဒ်သည်၊ပေ၊ တုမေ့ဟိ-တို့ဖြင့်၊ အမေ့ဟိ၊ ဣတိ-၏၊
(၂၄၄)။ [သီဟိုဠ်မူ၌ "တုမှာ-မေ့ဟိ"ဟု မှာ၌ ဒီဃဖြင့် ရှိ၏။]

**ဝါယော႔ပ္ပဋ္ဌမော**

၁၆၂။ တေဟိ တုမှ အမေ့ဟိ-တို့မှ၊ (ပရော) အပ္ပဋ္ဌမော ယော အာကံ ဝါ ဟောတိ၊ တုမှာကံ-တို့ကို၊ ပဿာမိ၊ မြင်၏၊ တုမှေ ပဿာမိဝါ-တုမှေ ပဿာမိ ဟုလည်း ရှိ၏၊ အမှာကံ-တို့ကို၊ ပဿသိ-ရှုလော့၊ အမှေ ပဿသိဝါ-လည်း ရှိ၏၊ ယောတိ၊ပေ၊ တုမေ့ဟိ, အမေ့ဟိ-တို့ဖြင့်၊ ဣတိ-၏၊ အပ္ပဋ္ဌမောတိ၊ပေ၊ တုမှေ-တို့သည်၊ ဂစ္ဆထ-သွားကုန်လော၊ မယံ-တို့သည်၊ ဂစ္ဆာမ-သွားကုန်အံ့၊ ဣတိ-၏၊ ဝိကပ္ပနတ္ထေန-ဝိကပ်

---

၁၆၁။ ရူပသိဒ္ဓိ၌ သဿံ သုတ်မှ အံပုဒ်ကို (သီဟဂတိက အဓိကာရနည်းအား ဖြင့်) လိုက်စေ၍ ဤသုတ်ဖြင့် နံကို အံလည်းပြု၍ "တုမှံ, အမှံ" ဟု ပြု၏၊ ကသ္မာနု တုမှံ ကုလေ ဒဟရာ နမိယျရေ=ဘာ့ကြောင့် သင်တို့၏ မွေ့ပါလအမျိုး၌ ငယ်ရွယ် သူတို့ မသေကြသနည်း (မဟာဓမ္မပါလဇာတ်)၊ တေသုဝုဒ္ဓိဖြင့် အမှကို အသ္မပြု၍ "အသ္မာ ကံကို" ရူပသိဒ္ဓိ၌ ပြသေး၏၊ "သော အသ္မာကံ ဓမ္မတာ=ဤကား ငါတို့၏ ထုံးစံ (ဒုက, ဒုမ္ဘိယ မက္ကဋဇာတ်)" တေသုဝုဒ္ဓိသုတ်ဖြင့်ပင် ဟိသုတ်တို့ကြောင့် အမှကို "အသ္မာ" ပြု၍ အသ္မာဟိ ပရိစိဏ္ဏောသိ, မေတ္တစိတ္တာဟိ နာယက (ဂေါတမီ ထေရီ ကာပဒါန်-ဘတ္တိရသ္မာသု ယာ တဝ (ဘတ္တိ+အသ္မာသု၊ အသီတိ, ဇူလဟံသဇာတ်)" ဒုတိယယောနှင့်တကွ အမှကို အသ္မာလည်း ပြု၏၊ "အသ္မာဘိဇပ္ပန္တိ ပဇာ အနေကာ= များစွာသော သတ္တဝါတို့သည် ငါတို့ကို တောင့်တကြကုန်၏၊" (သဂါထာဝဂ္ဂ, ဗကဗြဟ္မ သံယုတ်) အားလုံး မောဂ္ဂလ္လာန်မိန့်သည်။ အမှကို အသ္မပြု ယောကို ေပြ၍ "အသ္မေ+အဘိဇပ္ပန္တိ" ဟု ပုဒ်ဖြတ်လျှင် သာ၍ သင့်မည် ထင်၏။]

[ဆောင်] တုမှာမေ့နံ, အံလိုက်ဟန်ကြောင့်, တုမှံ မှံဟု, တဖန် ရှုလော၊ တေသုဝုဒ်ဖြင့်, ပြုလုပ်လေက, အမှသာတည့်, သုနံဟိကြောင့်, ဖြစ်ဘိ အသ္မာ, ဒုတိယာဝယ်, ယောပါ ပြုရန်, မောဂ္ဂလ္လာန်, ကျမ်းဂန် ထောက်လေသည်။

၁၆၂။ အပ္ပဋ္ဌမော—"ပဋ္ဌမာ မဟုတ်"ဟု ဆိုသဖြင့် ဒုတိယာ ယော ဖြစ်ကြောင်း သိသာ၏၊ တုမှာကံ အမှာကံတို့ကို ရုပ်တွက်ပါ၊ တုမှေ အမှေတို့ကား ဝိကပ်ရုပ် တည်း၊ ထို့ကြောင့် ဤသုတ်လာ ဝါသဒ္ဒါသည် ဤနည်းအရ "ကေဝလဝိကပ္ပ, အနက် ရှိ၏" ဟုလည်း မှတ်။ [ကေဝလဝိကပ္ပကို "သုတ္တဝိကပ္ပ" ဟုလည်း သုံးနှုန်းကြသေး ၏၊] ရုပ်ကို သဗ္ဗယောနီနမာဧ သုတ်ဖြင့် ဒုတိယာယောကို ဧ ပြု၍တွက်၊ ပဿာမိ- ပဿသိ ကြိယာတို့ကား ဒုတိယာယောဝိဘတ် ထင်ရှားအောင်ထည့်သည်။

အနက်ရှိသော၊ ဝါတိ-ဝါဟူသော ပုဒ်ဖြင့်၊ ယောနံ-ယော ဝိဘတ်တို့၏၊ အံ အာနံ-အံ အပြု, အာနံ အပြုတို့သည်၊ ဟောန္တိ၊ တုမှံ, တုမှာနံ-သင်တို့သည်, တို့ကို၊ အမှံ, အမှာနံ-ငါတို့သည်, တို့ကို။ (၂၃၇)။

သဿံ ၁၆၃။ ၊ပေ၊ တုမှံ-သင့်အား၊ ဒီယတေ-ပေးအပ်၏၊ တဝ-အား၊ ဒီယတေ၊ တုမှံ-၏၊ ပရိဂ္ဂဟော-အပိုင်ဥစ္စာ၊ အမှံ-၏၊ ပရိဂ္ဂဟော၊ မမ-၏၊ ပရိဂ္ဂဟော၊ သဿောတိ-သဿ ပုဒ်သည်၊ပေ၊ တုမှေသု, အမှေသု-တို့၌၊

---

ယောတိ၊ပေ၊မယံ—တုမှေဟိ အမှေဟိတို့၌ ယောဝိဘတ် မဟုတ်သောကြောင့် အာကံ မပြုရ၊ တုမှေ မယံတို့၌ကား ယောဝိဘတ် ဟုတ်သော်လည်း ဒုတိယာယော မဟုတ်, ပဌမာယော ဖြစ်သောကြောင့် အာကံ မပြုရ၊ သမ္ဗန္ဓာမကာရတေ ပဌမောဖြင့် ပြေ၍ တုမှေကိုလည်းကောင်း, မယံ ယောမှိ ပဌမေဖြင့် မယံကိုလည်းကောင်း တွက်လေ၊ ဂစ္ဆထ ဂစ္ဆာမတို့ကို ပဌမာယောဖြစ်ကြောင်း သိသာအောင် ထည့်သည်။

ဝါတိ၊ပေ၊အမှာနံ—ဝါသဒ္ဒါ၏ ဝိကပ္ပနတ္ထ ၂ မျိုးကို ဝဂ္ဂန္တံဝါ ဝဇ္ဇေသုတ်၌ ပြခဲ့ပြီ ထို ၂ မျိုးတွင် ဤ ဝိကပ္ပနကား (သမုစ္စည်းဟု ခေါ်ကြသည့်) အတ္ထန္တရ ဝိကပ္ပန တည်း။ [အတ္ထန္တရ-အံ အာနံပြုခြင်းဟူသော အနက်တမျိုးကို+ဝိကပ္ပန-သီးခြား စီရင်ခြင်း။] သုတ်အစီအရင်မှ တမျိုးတဖုံ စီရင်နိုင်သော ဝါသဒ္ဒါဖြင့် ပဌမာ ဒုတိယာ ယော ၂ မျိုးလုံးပင် အံ အာနံပြု၍ "တုမှံ တုမှာနံ အမှံ အမှာနံ" ဟု ဖြစ်သည်၊ တုမှ အမှ တည့်, ယောသက်, ဤသုတ်၌ ဝါသဒ္ဒါဖြင့် ယောကို အံ အာနံ ပြု, ခွင်း, ချေ, ကပ်, ပြီး၏။ [ဤ "ဝါတိ ဝိကပ္ပနတ္ထေန" စသော ဤစကားနှင့် ရှေ့၌ တုမှေ အမှေ စသော ဝိကပ်ပုံစံ များကိုထောက်၍ ဤသုတ်လာ ဝါသဒ္ဒါသည် ကေဝလ ဝိကပ္ပနတ္ထ-အတ္ထန္တရ ဝိကပ္ပနတ္ထ ၂ မျိုးလုံးကိုပင် ဟောသည်-ဟု ကစ္စည်းဝုတ္တိဆရာ ယူလိုပေသည်။]

မှတ်ချက်။ ။အံ အာနံ ပြုရာ၌ "ယောသု" ဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းကြောင့် ပဌမာ ဒုတိယာ ယော ၂ မျိုးလုံးကိုပင် ပြု၊ သဒ္ဒနီတိ၌ကား "အံအာနဥ္စ အပ္ပဌမေ ယော" ဟု သုတ်တည်၍ ဒုတိယာယောကိုသာ ပြု၏၊ မောဂ္ဂလ္လာန်၌မူ "အာနံ အပြု မပါ, "ဒုတိယေ ယောမှိ ဝါ" ဟု တည်၍ ဒုတိယာ ယောကို အံ ပြုသေး၏၊ ရူပသိဒ္ဓိ၌မူ ယော ၂ မျိုးလုံး၏ အံ အာနံ အပြုကိုပင် မပြု၊ "ယော အမှံ အနုကမ္ပကော" ကဲ့သို့ ကံအနက် ပေးဖွယ်ရာ "အမှံ-အမှာနံ-တုမှံ-တုမှာနံ" တွေ့ရလျှင် ဆဋ္ဌီကံသာ ဖြစ်ထိုက်သည်-ဟု ယူလိုဟန်တူသည်။

[ဆောင်] ကစ္စည်း ဆိုဟန်, အံ အာနံဝယ်, ၂ တန် ယောနှင့်, လျော်ကန် သင့်၏၊ တဆင့်နီတိ, ဆိုပုံကြည့်က, ဒုတိယယော၊ မှတ်လော့ တဖန်, မောဂ္ဂလ္လာန် ဝယ်, အာနံကို ချ, အံသာ ပြု၏၊ ရူပသိဒ်မှာ, ၂ဖြာ လုံးလုံး, မသုံး ဖယ် ကြဉ်, ပါဠိမြင်မူ, ဆိုချင် ဆဋ္ဌီ ကံသာတည်း။

ဣတိ-၏။ (၂၄၁)။ [ဒီယတေကို စတုတ္ထီသဂိဘတ် ထင်ရှားအောင် ထည့်၍, ပရိဂ္ဂဟောကို ဆဋ္ဌီသဝိဘတ် ထင်ရှားအောင် ထည့်သည်၊ရုပ်ဟွက်ပါ၊ တဝ မမ တို့ကား ဝိကပ်ရုပ်တည်း၊ ဤသုတ်ဖြင့် မြစ်၍ တဝ မမသေ သုတ်ဖြင့် စီရင်၊ ကိံရုပ်လည်း လွယ်ပြီ။]

**သဗ္ဗနာမကာရတေ ပဌမော**

၁၆၄။ သဗ္ဗေသံ- ကုန်သော၊ သဗ္ဗနာမာနံ- သဗ္ဗနာမ် တို့၏၊ အကာရတော-အ အက္ခရာမှ၊ (ပရော) ပဌမော- သော၊ ယော-ယော ဝိဘတ်သည်၊ ဧတ္တံ-ဧ အဖြစ်သို့၊ အာပဇ္ဇတေ-၏၊ သဗ္ဗေ-အလုံးစုံတို့သည်၊ ယေ-အကြင်သူတို့သည်၊ တေ-ထိုသူ၊ ကေ-အဘယ်သူ၊ တုမှေ-သင်၊ အမှေ-ငါ၊ ဣမေ-ဤသူ (တို့သည်,ဟု ဆက်)၊ သဗ္ဗနာမာနမိတိ - သဗ္ဗနာမာနံပုဒ်သည်၊ပေ၊ ဒေဝါ - နတ်တို့သည်၊ အသုရာ- အသုရာ (တို့သည်, ဟု ဆက်)၊ နာဂါ-နဂါး၊ ဂန္ဓဗ္ဗာ-ဂန္ဓဗ္ဗနတ်၊ မနုဿာ- လူတို့သည်၊ ဣတိ-၏၊ အကာရတောတိ-သည်၊ပေ၊ အမူပုရိသာ-ထို ယောကျာ်း တို့သည်၊ တိဋ္ဌန္တိ၊ ဣတိ-၏၊ ယောတိ-ယောပုဒ်သည်၊ပေ၊ သဗ္ဗော-အလုံးစုံသည်၊ ယော-အကြင်သူသည်၊ သော-ထိုသူ၊ ကော-အဘယ်သူသည်၊ အယံ-ဤသူ သည်၊ ဣတိ-၏၊ ပဌမဂ္ဂဟဏံ-ပဌမ သဒ္ဒါသည်၊ ဥတ္တရသုတ္တတ္ထံ-နောက်သုတ်၌ အကျိုးရှိ၏။ (၂၀၀)။

---

၁၆၄။ သဗ္ဗနာမ်ပုဒ်များကို သဗ္ဗနာမာနံ နံမှိစသုတ်၌ ပြခဲ့ပြီ၊ ထို သဗ္ဗနာမ်တို့တွင် "သဗ္ဗ" ကဲ့သို့ အကာရန္တ ဖြစ်သော သဗ္ဗနာမ်နောင် ပဌမာယောကို ဧပြု၍ "သဗ္ဗေ" စသည်ဖြစ်၏၊ ရုပ်တွက်ပါ၊ ကိံတည့်, ယောသက်, ကိဿကဝေစ၌ စသဒ္ဒါဖြင့် ကိံကို "က," ပြုပြီးသောအခါ အကာရန္တ ဖြစ်သောကြောင့် "ကေ" ဟုလည်း ပုံစံထုတ် သည်၊ ကိံရုပ်များ၌ ဒေဝ-အသုရ စသည်တို့ကား သဗ္ဗနာမ် မဟုတ်၊ သုဒ္ဓနာမ်တည်း၊ ထို့ကြောင့် ဤသုတ်ဖြင့် ဧ မပြုပဲ သဗ္ဗယောနီနမာဧ သုတ်ဖြင့် ပဌမာယောကို အာ ပြုရ သည်၊ အမူပုရိသာ၌ ပုရိသာကား တွဲဖက် ထည့်ပါ၌သာ၊ "အမု" တည့်, ပဌမာ ယောသက်, သဗ္ဗနာမ် ဟုတ်သော်လည်း အကာရန္တ မဟုတ်သောကြောင့် ဧ မပြုရ၊ လမှည့်, ယောချေ, ဒီဃပြု၊ သဗ္ဗောစသည်ကား "သဗ္ဗနာမ် အကာရန္တ" ဟုတ်သော် လည်း ပဌမာယော မဟုတ်သောကြောင့် ဧ မပြုရ၊ အယံ ကိုကား အနပုံသကဿာယံ သိမှိသုတ်ဖြင့် စီရင်။

ပဌမဂ္ဂဟဏံ၊ပေ၊တ္ထံ—"သဗ္ဗနာမ် အကာရန္တနောင် ယောကို ဧပြု" ဟု ဆိုလျှင် ဒုတိယာယောကို သဗ္ဗယောနီနမာဧသုတ်ဖြင့် ဧပြုပြီးဖြစ်သောကြောင့် ဤ ယောဝိဘတ် ၏ ပဌမာယော ဖြစ်ကြောင်း သိသာ ထင်ရှားပြီ၊ ထို့ကြောင့် ဝါယောပ္ပဌမော သုတ်မှ "ယော" ပုဒ်လည်းလိုက်စေ၍ "သဗ္ဗနာမကာရတေ" ဟုသာ သုတ်တည်သင့်သည်

ဒွန္ဒဋ္ဌာဝါ ၁၆၅။ ဒွန္ဒဋ္ဌာ-ဒွန်သမာသ်၌ တည်သော၊ တသ္မာ သဗ္ဗနာမကာရတော-မှ၊ (ပရော) ပဌမော ယော တွေ့ ဝါ အာပဇ္ဇတေ၊ ကတရ ကတမေ- အဘယ်သူ အဘယ်သူတို့နည်း၊ ကတရကတမာဝါ- ကတရကတမာဟုလည်း ရှိ၏၊ သဗ္ဗနာမာနမိတိ-သဗ္ဗနာမာနံ ပုဒ်သည်၊ ပေ၊ ဒေဝါသုရနာဂ ဂန္ဓဗ္ဗမနုဿာ-နတ်, အသုရာ, နဂါး, ဂန္ဓဗ္ဗနတ်, လူတို့၊ ဣတိ-၏၊ ဒွန္ဒဋ္ဌာတိ-ဒွန္ဒဋ္ဌာပုဒ်သည်၊ ပေ၊ တေ-ထိုသူတို့သည်၊ သဗ္ဗေ-အလုံးစုံတို့သည်၊ ဣတိ-၏။ (၂၀၈)။

---

မဟုတ်ပါလော, "သဗ္ဗနာမကာရတေ ပဌမော" ဟု ပဌမသဒ္ဒါကို ထည့်ခြင်းသည် အဘယ်အကျိုးရှိပါသနည်းဟု မေးဖွယ်ရှိသောကြောင့် "ပဌမဂ္ဂဟဏံ" စသည်ကိုမိန့်၊ ဤသုတ်၌ ပဌမသဒ္ဒါ မပါပဲ ပြီးနိုင်သော်လည်း နောက် ဒွန္ဒဋ္ဌာဝါသုတ်၌ လိုက်စေခြင်း အကျိုးငှာ ပဌမသဒ္ဒါကို ထည့်၍ဆိုရသည်—ဟူလို၊ ခွဲဦးအံ့-သဗ္ဗယောနိနမာသေုတ်ဖြင့် ဒုတိယာယောကို ဧ ပြုခဲ့ပြီးနောက် ဒွန္ဒဋ္ဌာဝါသုတ်က ယောကို ဝိကပ် ပြေုရာ၌ ဒုတိယာယောကိုပါ ဧ အပြု မမြဲကြောင်း ပြလိုလေသလား-ဟု ယုံမှားဖွယ် ရှိ၏၊ ထို့ကြောင့် ဒုတိယာယော မဟုတ်, ပဌမာယော ဖြစ်ကြောင်း သိသာအောင် ဤသုတ်မှ ပဌမာပုဒ်ကို ထို ဒွန္ဒဋ္ဌာဝါသုတ်သို့ လိုက်စေဖို့ရာ ဤသုတ်၌ ပဌမသဒ္ဒါ ထည့်၍ပြရသည်။

မေးဖွယ်။ ။သို့ဖြစ်လျှင် ထိုသုတ်ကျမှ "ဒွန္ဒဋ္ဌာဝါ ပဌမော" ဟု ထည့်ပါတော့လော၊ အဘယ်ကြောင့် ဤသုတ်၌ ထည့်ထားရသနည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-ဤသုတ်မှာလည်း ပဌမာယောအဖြစ်ကို သိသာ ထင်ရှားသည်ထက် ပို၍ သိသာစေခြင်း အကျိုးရှိသေးသောကြောင့် ဤသုတ်၌ပင် ပဌမသဒ္ဒါကို ထည့်ရပေသည်။

[ဆောင်] ဒွန္ဒဋ္ဌာသို့, လိုက်စေဖို့ရာ, ပဌမာကို, ဤမှာထည့်လျက်, ဆိုသည့်တွက်ကြောင့်, ဤဘက်သုတ်ဝယ်, နည်းငယ်တိတိ, အကျိုးရှိ မှတ်သိကြပါလေ။

၁၆၅။ ဒွန္ဒဋ္ဌာဝါ—သဗ္ဗနာမကာရတေ ပဌမောသုတ်ဖြင့် "ပဌမာယောကို ပြေု" ဟု ဆိုရာဝယ် ဒွန်သမာသ်၌လည်း အမြဲ ပြေုမည်စိုးသောကြောင့် ဤသုတ်ကို အားထုတ်ရပြန်သည်၊ သဗ္ဗနာမ်ဒွန်ပုဒ်နောက်၌ကား ဝိကပ် ပြေုပါ၊ တရံတခါ ဧ မပြုပဲ အာလည်း ပြုစေ—ဟူလို၊ ဒွန္ဒေ-ဒွန်သမာသ်၌+တိဋ္ဌတိ-တည်၏၊ ဣတိ, ဒွန္ဒဋ္ဌံ-မည်၏။ ဒွန်သမာသ်၌ ပါဝင်သောပုဒ် (ဒွန်သမာသ်ပုဒ်) သည် ဒွန္ဒဋ္ဌမည်၏၊ ထို ဒွန်သမာသ်ပုဒ်သည် သဗ္ဗနာမ် အကာရန္တပုဒ်ဖြစ်လျှင် ပဌမာ ယောကို ဧ ပြု၍ "ကတရကတမေ" ဟုလည်းကောင်း, ဝါမြစ်၍ မပြုပဲ သဗ္ဗယောနိနမာသေုတ်ဖြင့် အာ ပြု၍ "ကတရကတမာ" ဟုလည်းကောင်း ဖြစ်၏၊ ကတရောစ-အဘယ်သူလည်း၊ ကတမောစ-အဘယ်သူလည်း၊ ကတရကတမေ-အဘယ်သူ အဘယ်သူတို့၊ ရုပ်ကို ဒွန်သမာသ် ထုံးစံအတိုင်း တွက်ရမည်ဖြစ်သော်လည်း လွယ်ကူအောင် "ကတရကတမ" တည်, ယောသက်, ဤသုတ်ဖြင့် ပြေု-ဟု ဆို၍တွက်၊ ဒွန်သမာသ် အစီအစဉ်ကို နောင်ခါ သိလိမ့်မည်။

**နာညံ့ သဗ္ဗနာမိကံ**

၁၆၆။ ဒွန္ဒဋ္ဌေ-ဒွန်၌ တည်သော သဗ္ဗနာမ်၌၊ အညံ-ပဌမာယော၏ ဇ အပြုမှ တပါးသော၊သဗ္ဗနာမိကံ-သဗ္ဗနာမ်တို့၏ အစီအရင်ဖြစ်သော၊ ကာရိယံ- သံ, သာနံ စသော ကာရိယသည်၊ န ဟောတိ-မဖြစ်၊ ပုဗ္ဗာပရာနံ - အရှေ့အရပ် ဖ္ဆနောက်အရပ်တို့အား, တို့၏၊ ပုဗ္ဗုတ္တရာနံ-အရှေ့အရပ် မြောက်အရပ်တို့အား,တို့၏၊ အဓရုတ္တရာနံ-အောက်အရပ် အထက်အရပ်တို့အား, တို့၏။ (၂၀၉)။

---

**မှတ်ချက်။** ။ဒွန်သမာသ် နောင် ဇအပြုကို ဝိကပ်-ဟု ဆိုသောကြောင့် ဒွန်သမာသ် မဟုတ်သော သဗ္ဗာနမ် အကာရန္တပုဒ်များနောင် ပဌမာယောကို ၡေသုတ်ဖြင့် အမြဲ ဧပြု-ဟု ဆိုရာရောက်နေ၏၊ သို့သော် "ခတုလိင်္ဂေဟိ ပရာ ပစ္စယာ" သုတ်၌ ပရာပုဒ်ကို အရှင်ကစ္စည်းဆရာကိုယ်တိုင်မိန့်လျက်ရှိ၏၊ထို"ပရာ"ကား သဗ္ဗနာမ်လည်း ဟုတ်၏၊ ပဌမာယော၏ အာ အပြုလည်း ဟုတ်၏၊ ထို့ကြောင့် ဒွန်သမာသ် မဟုတ်ရာ၌လည်း ဧ အပြု မမြဲကြောင်းကို မှတ်ထိုက်ပြန်သည်၊ ထို့ကြောင့်ပင်-ပုဗ္ဗ-ပရစသော ပုဒ်များနောင် ပဌမာယောကို အာ ပြုသော ရုပ်များကိုလည်း နာမ်ဂိုဏ်း၌ ပြကြသည်။

**ကိံရုပ်များ။** ။"သဗ္ဗနာမာနမိတိ" ကား"သဗ္ဗနာမ ကာရတော"မှ သဗ္ဗနာမ ပုဒ်တစိတ်ကို ခွဲထုတ်သော ကိံတည်း၊ "ဒေဝါသုရနာဂ ဂန္ဓဗ္ဗ မနုဿာ" ပုဒ်သည် ဒွန်သမာသ် ဟုတ်သော်လည်း သဗ္ဗနာမ် မဟုတ်သောကြောင့် ပဌမာ ယောကို ဧ မပြုရ, သဗ္ဗယောနီနမာဧ သုတ်ဖြင့် အာ ပြုရသည်၊ "ဒေဝါသုရနာဂ ဂန္ဓဗ္ဗ မနုဿ" (ဒွန်သမာသ် တွဲပြီးအနေအားဖြင့်) တည်၍ ရုပ်တွက်ပါ၊ "တေ, သဗ္ဗေ" တို့သည် ဒွန်သမာသ် မဟုတ်၊ "တေ" တပုဒ် "သဗ္ဗေ" တပုဒ် ဖြစ်သောကြောင့် ဤသုတ်ဖြင့် ဝိကပ် ဧ မပြုရ၊ ၡေသုတ်ဖြင့် အမြဲ ဧပြုရသည်။

**၁၆၆။ နာညံ့ သဗ္ဗနာမိကံ**—ဒွန်သမာသ် အရာဝယ် ၡေသုတ်ဖြင့် ပဌမာယောကို ဧပြုခြင်းမှာ တပါး "အခြားသော သဗ္ဗနာမ် အစီအရင်များ" ဟူသည် သဗ္ဗတောနံ သံသာနံ သုတ်ဖြင့် "သံသာနံ" ပြုခြင်း, သဗ္ဗနာမာနံ နံမှိစ သုတ်ဖြင့် "ဧ" ပြုခြင်း, ဃပတော သ္မိံသာနံ သံသာသုတ်ဖြင့် "သံသာ" ပြုခြင်း, ဧတ္ထိလိင်၌ နေတာဟိသ္မိမာယယာသုတ်ဖြင့် အာယ-ယာ အပြုကို တားခြင်း, ပုံ-နပုလ္လိင်၌ တယောနေဝစ သဗ္ဗနာမေဟိဖြင့် "အာ-ဧ-အာယ" အပြုကို တားမြစ်ခြင်းများတည်း၊ ဒွန်သမာသ်အရာဝယ် ၡေသုတ်ဖြင့် ဧ ပြုခြင်းမှတပါး သဗ္ဗနာမ်နှင့်ဆိုင်သော ပြုဖွယ် ဟူသမျှကိုလည်း မပြုရ, တားမြစ်ဖွယ် ဟူသမျှကိုလည်း မတားမြစ်ရ-ဟု ကန့်ကွက်သောသုတ် ဖြစ်သည်။

**ပုံစံများ။** ။ထို့ကြောင့် နံဝိဘတ်ဖြင့် သံသာနံအပြု မရှိကြောင်း ပြလို၍ "ပုဗ္ဗာပရာနံ" စသော ပုံစံကို ထုတ်သည်၊ "ပုဗ္ဗာပရာသံ-ပုဗ္ဗာပရာသာနံ" ဟု မရှိရ-ဟူလို၊ ပုဗ္ဗာစ-အရှေ့အရပ်လည်း၊အပရာစ-အနောက်အရပ်လည်း၊ပုဗ္ဗာပရာ-တို့၊ ("ဒိသာ" ဟူသော ဣတ္ထိလိင် အဘိဓေယျသို့ လိုက်၍ ဣတ္ထိလိင် ချသည်)၊ ပုဗ္ဗာစ ဥတ္တရာစာတိ ပုဗ္ဗုတ္တရာ၊ အဓရာစ-အောက်အရပ်လည်း၊ ဥတ္တရာစ-အထက် အရပ်လည်း၊ အဓ

ဗဟုဗ္ဗီဟိမှိစ ၁၆၇။ ဗဟုဗ္ဗီဟိမှိစ သမာသေ - ဗဟုဗ္ဗီဟိ သမာသ်၌လည်း၊ [အညံ-သော၊] သဗ္ဗနာမိကံ-သဗ္ဗနာမ်တို့၏အစီအရင်ဖြစ်သော၊ ကာရိယံ-သံ, သာနံစသော ကာရိယသည်၊ န ဟောတိ၊ ပိယပုဗ္ဗာယ-ချစ်လင်ရှိဘူးသော မိန်းမအား, ၏၊ ပိယပုဗ္ဗာနံ-ချစ်လင်ရှိဘူးသော မိန်းမတို့အား, တို့၏၊ (ချစ်မယား ရှိဘူးသော ယောကျ်ား အမျိုးတို့အား, တို့၏၊) ပိယပုဗ္ဗေ-

---

ရှုတ္တရာ-တို့၊ [အဇုတ္တရာ'' ဟုရှိရာ၌ ''အဓေဝ'' နိပါတ်ဖြစ်၍ သဗ္ဗနာမ် မဟုတ်သော ကြောင့် ပါဌ်ပျက်၊ ''အဓရ'' သဒ္ဒါသာ သဗ္ဗနာမ်တည်း၊] ရုပ်ကို ''ပုဗ္ဗပရ'' တည်, ဇုတ္တိလိင်ဖြစ်၍ အာပစ္စည်းသက်, နာဝ်ငဲ့, နံသက်, သဗ္ဗတောနံသံသာနံ သုတ်ဖြင့် နံကို သံသာနံ ပြုသင့်သော်သည်း နာညံ့ သဗ္ဗနာမိကံသုတ်ဖြင့် မြစ်သောကြောင့် မပြုရ,ပြီး၏၊ [ဒိသာကို မငဲ့ပဲ''ဒေသော''ဟု ပုလ္လိင် အဘိဓေယျကို ငဲ့လျှင်လည်းကောင်း, ''ဌာနံ'' ဟု နပုလ္လိင် အဘိဓေယျကို ငဲ့လျှင်လည်းကောင်း ''ပုဗ္ဗာပရေသံ'' စသည် မဖြစ်ရ ဟု တားမြစ်ပုံကို သိပါ၊ အခြေပြု၍ ပုလ္လိင်ရုပ် အဖြစ်ဖြင့် ပြထားသည်၊ ဤ ''ပုဗ္ဗာပရာနံ'' စသည်တို့လည်း အသမာဟာရ ဒွန်များဖြစ်၍ ကေဝုစ် မရှိသောကြောင့် သဗ္ဗံသတို့၏ သံသာ အပြုကိုကား တားမြစ်ဖွယ် မရှိသေးချေ။]

ဝုတ္တိအမျိုးမျိုး။ ။ဤသုတ်၌ ဝုတ္တိဖွင့်ပုံသည် ရူပသိဒ္ဓိနှင့် မတူ၊ ရူပသိဒ္ဓိဖွင့်ပုံက သန့်ရှင်း၏၊ ဤကစ္စည်းဝုတ္တိ၌ ''သဗ္ဗနာမိကဝိဓာနံ'' ဟု ဝိဓာနံ ပါနေသော ပါဌ်ကား သာ၍ မသန့်ရှင်း၊ ထင်ရှားစေအံ့-''သဗ္ဗနာမာနံ ဝိဟိတံ သဗ္ဗနာမိကံ''ဟု ချာသဝိဂ္ဂဟ ပြု၏၊ သဗ္ဗနာမာနံ-သဗ္ဗနာမ်တို့၏၊ ဝိဟိတံ (-စီရင်အပ်သော) အစီအရင်သည်၊ သဗ္ဗနာမိကံ-မည်၏၊ ဤဝိဂ္ဂြိုဟ်နှင့်အညီ ''သဗ္ဗနာမိကံ-သဗ္ဗနာမ်တို့၏ အစီအရင်ဖြစ်သော'' ဟု အနက်ပေးလျှင် ''ဝိဓာနံ'' ဟု မရှိသင့်တော့၊ ရှိလျှင် ''သဗ္ဗနာမ်တို့၏ အစီအရင်ဖြစ်သော အစီအရင်'' ဟု စကားထပ်ဖွယ်ရှိ၊ ထို့ကြောင့် ''သဗ္ဗနာမိက ဝိဓာနံ'' ဟု ဝိဓာနံ ရှိခြင်းသည် အပိုသာ၊ ကလာပ်ဝုတ္တိ၌လည်း ''ဝိဓာနံ'' မပါ၊ ''သဗ္ဗနာမေ+ဘဝံ သဗ္ဗနာမိကံ''ဟု ဘဝတဒ္ဓိတ် ကြံနိုင်သည်၊ ''သဗ္ဗနာမ်၌ဖြစ်သော ကာရိယ'' ဟူလို။ [ရူပသိဒ္ဓိ၌ ''မာသပုဗ္ဗာ'' စသော တတိယာ တပ္ပုရိသ်သမာသ်၌ လည်း ဤသုတ်ကို ယောဂဝိဘာဂ လုပ်၍ အထူးတားမြစ်သေး၏၊ ရူပသိဒ္ဓိမှာ ရှုလေ။]

၁၆၇။ အညံ မပါသင့်။ ။ဗဟုဗ္ဗီဟိသမာသ်၌ သဗ္ဗနာမ်ပုဒ်နက်သည် ပဓာန မဟုတ်, အညံပုဒ်တို့၏ အနက်သာ ပဓာနတည်း၊ ထို့ကြောင့် ပိယပုဗ္ဗ၌ ပုဗ္ဗသဒ္ဒါကဲ့သို့ သဗ္ဗနာမ်ပုဒ် ဆုံးလျက်ရှိသော်လည်း သဗ္ဗနာမ် အစီအရင်များ လုံးဝမရှိနိုင်၊ သို့ဖြစ်၍ ''အညံ-ပဌမာယော၏ ၎ အပြုမှ တပါး ဟု ၎ အပြုကို ချွင်းချက်မထားပဲ ''သဗ္ဗနာမ် အစီအရင်ဟူသမျှ လုံးဝမဖြစ်,' ဟု ယတိပြတ် တားမြစ်ထိုက်သောကြောင့် ''အညံ'' ပုဒ်ကို မလိုက်သင့်-ဟု ဆရာတို့ မိန့်ကြသည်၊ ကာတန္တ (ကလာပ်) ဝုတ္တိ၌ လည်း ''ဗဟုဗ္ဗီဟိမှိသမာသေ သဗ္ဗနာမိကံ ကာရိယံ န ဟောတိ'' ဟု အညံကို မလိုက်စေပဲ ဖွင့်သည်။ [''သဗ္ဗနာမိကံ'' ဟု ဝိဓာနံ မပါပုံကိုလည်း သတိပြုပါ။]

ချစ်မယား ရှိဘူးသော ယောကျ်ားနှ၊ ပိယပုဗ္ဗာသ - ချစ်မယား ရှိဘူးသော ယောကျ်ား, ၏၊ စေတိ-စ ပုဒ်သည်၊ပေ၊ သဗ္ဗနာမိကဝိဓာန်-သဗ္ဗနာမ်ဖြစ်သော အစီအရင်သည်၊ ဟောတိ-ဖြစ်သေး၏၊ ဣတိ-ဤသို့ သိစေရခြင်း အကျိုးရှိ၏၊

---

ပုံစံများ။ ။ပိယသဒ္ဒါသည် ချစ်အပ်သူကို ဟော၍၊ "ချစ်အပ်သော မယား, ချစ်အပ်သော လင်"ဟု သင့်သလို ပေးနိုင်၏၊ ပိယပုဗ္ဗာယ"သည် ဃပတော သို့ သာန် သံသာသုတ်ဖြင့် သဝိဘတ်၏ သာ အပြု-ဟူသော သဗ္ဗနာမ် အစီအရင် မရှိကြောင်းကို ပြသော ဣတ္ထိလိင် ပုံစံတည်း၊ "ပိယော ပုဗ္ဗေ ဧတိဿာ (ဣတ္ထိယာ)တိ ပိယပုဗ္ဗာ"ဟု ပြု။ ["ဧတိဿာ-၏၊ ပုဗ္ဗေ-ရှေး၌၊ ပိယော-ချစ်လင်သည်"ဟု ပေး၊ ရူပသိဒ္ဓိဋီကာ ဝိဂ္ဂြဟ်ကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထား၏။] ပိယပုဗ္ဗာတည်း,သသက်, အာကို ဃမှည့်, ဃပတော သို့ သာန် သံသာသုတ်ဖြင့် သကို သာ ပြုသင့်သော်လည်း ဗဟုဗ္ဗိဟိမှိစသုတ်ဖြင့် မြစ်သောကြောင့် မပြုရ, ဃတော နာဒီနံဖြင့် အာယပြု စသည်။ [ချာသ၌ သို့သက်၍ "နေတာဟိ သ္မိမာယယာ"သုတ်ဖြင့် အာယ အပြုကို တားမြစ်သင့်သော်လည်း ဤသုတ်က မြစ်သောကြောင့် မတားမြစ်ရဟု ဆို၍လည်း တနည်း တွက်သေး၏၊] "ပိယပုဗ္ဗာနံ"ကား ကညာနံ ပုရိသာနံ တို့ကဲ့သို့ ၂ လိင် ဆက်ဆံ၏။ [အမျိုးကို အရကောက်လျှင်"ချစ်မယား ချစ်လင်ရှိသော အမျိုးတို့အား" ဟု နပုလ္လိင်လည်း ဖြစ်နိုင်၏။] သံသာန် အပြု မရှိပုံကို ပြသော ပုံစံတည်း၊ "ပိယာ ပုဗ္ဗာ ဧတဿ (ပုရိသဿ)တိ ပိယပုဗ္ဗော"ဟု ရူပသိဒ္ဓိဋီကာ၌ ပြု၏၊ "ပိယာ-ချစ်အပ်သော၊ ပုဗ္ဗာ-ရှေး၏နီးဟောင်းသည်"ဟု ပေး၊ "ပိယာ ပုဗ္ဗေ ယဿ"ဟု လည်း ပြုနိုင်၏၊"ရှေး၌ ချစ်ဇနီးရှိသော ယောကျ်ား"ဟု ပေး၊ဣတ္ထိလိင်၌ "ပိယော ပုဗ္ဗေ ယဿာ"ဟု ဝိဂ္ဂြဟ်ပြု။

ပိယပုဗ္ဗာသ—ဤရုပ်သည် ပုံ-နပုံ ရုပ်နှင့် တူ၏၊ ပုံ-နပုံအရာဝယ် သဝိဘတ်အတွက် သဗ္ဗနာမ် အစီအရင် အထူးမရှိ၊ ထို့ကြောင့် "ပိယပုဗ္ဗာသ"ကို ဆရာတို့ မနှစ်သက်ကြ, ရူပသိဒ္ဓိ၌လည်း မပါ၊ ချာသ၌ကား—"ပိယပုဗ္ဗေ, ပိယပုဗ္ဗာသ" ၂ ရုပ် လုံးပင် ဣတ္ထိလိင်ဟုကြံ၍ "ပိယပုဗ္ဗ"ဟု ဗဟုဗ္ဗိဟိသမာသ် ပြီးသည့်အခါ ဣတ္ထိယ မတော အာပစ္စယောသုတ်ဖြင့် အာပစ္စည်း သက်, နာမ်ငဲ့, သိသက်, ဃမှည့်, နေတာဟိ သ္မိမာယယာသုတ်ဖြင့် သို့၏ အာယ အပြုကို တားမြစ်သင့်သော်လည်း ဤသုတ်ဖြင့် မြစ်သောကြောင့် မတားမြစ်ရ၊ (သ သက်ရာ၌ "ဃပတော သို့သာန် သံသာ)ဖြင့် သကို (သာ) ပြုသင့်သော်လည်း ဤသုတ်ဖြင့် မြစ်သောကြောင့် မပြုရ—ဟု ဆို၊) ကွစိ သမာသန္တဂတာ နမကာရန္တေသုတ်ဖြင့် အာကို အပြု၊ သွာသို့နံဝါဖြင့် ဧပြု, "ပိယပုဗ္ဗေ-ရှေး၌ ချစ်လင်ရှိသော မိန်းမ၌"ဟုလည်းကောင်း, ပိယပုဗ္ဗာသ-ရှေး၌ ချစ်လင်ရှိသော မိန်းမအား"ဟုလည်းကောင်း ဖွင့်၏၊ ယုတ္တိ မရှိသည့်ပြင် ဤကဲ့သို့ ပါဠိသုံးလည်း ရှိမည် မဟုတ်ချေ။

စေတိ၊ပေ၊ ဝိဓာန် ဟောတိ—ဗဟုဗ္ဗိဟိမှိစ၌ စ သဒ္ဒါသည် (တဃော နေဝစ သုတ်က စသဒ္ဒါကဲ့သို့) သဗ္ဗနာမ် အစီအရင် ရှိသေးခြင်းကို ဆည်းသော သမုစ္စည်း အနက်ရှိ၏။ [သုတ်ရင်း၏ တားမြစ်ချက်ကို နှစ်စေသော နိဝတ္တာပန အနက်ရှိ၏—

ဒက္ခိဏ ပုဗ္ဗဿံ-တောင် အရှေ့ထောင့်အရပ်၌၊ (အရှေ့တောင်ထောင့် အရပ်၌)၊ ဒက္ခိဏပုဗ္ဗဿာ-အား, ၏၊ ဥတ္တမပုဗ္ဗဿံ မြောက် အရှေ့ထောင့်အရပ်၌၊ (အရှေ့မြောက်ထောင့် အရပ်၌)၊ ဥတ္တရပုဗ္ဗဿာ-အား, ၏။ (၂၁၀)။

**သဗ္ဗတောနံ သံသာနံ**

၁၆၇။ သဗ္ဗတော-အလုံးစုံသော၊ သဗ္ဗနာမတော-မှ၊(ပရဿ) နံဝစနဿ၊ သံသာနံ ဣတိ-သံ,သာနံ ဟူကုန်သော၊ ဧတေ အာဒေသာ ဟောန္တိ၊ သဗ္ဗေသံ သဗ္ဗေသာနံ-အလုံးစုံသော ယောကျ်ား, နပုံးတို့အား၊ သဗ္ဗာသံ, သဗ္ဗာသာနံ-အလုံးစုံသော မိန်းမတို့အား၊ [ဤနည်းအတိုင်း ရှေ့ ၂ ပုဒ်၌ ပုလ္လိင် နပုလ္လိင်, နောက် ၂ ပုဒ်၌ ဣတ္ထိလိင်ရအောင် ပေး၊] ၊ပေ၊ ဣမေသံ ဣမေသာနံ-ဤယောကျ်ား နပုံးတို့အား၊ ဣမာသံ-ဣမာသာနံ-ဤ မိန်းမတို့အား၊ အမူသံ အမူသာနံ-ထိုယောကျ်ား, နပုံး, မိန်းမတို့အား၊ နမိတိ-နံပုဒ်သည်၊ပေ၊ သဗ္ဗဿ-အလုံးစုံအား၊ ယဿ-အကြင်သူအား၊ တဿ-ထိုသူအား၊ ကဿ-အဘယ်သူအား၊ သဗ္ဗတ္ထ-အလုံးစုံသော သဗ္ဗနာမ်တို့၌၊ ဧဝံ-ဤအတူတည်း၊ ဣတိ-ဤပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏။ (၂၀၃)။

---

ဟုလည်း ဆိုကြသေး၏၊ ] ဒိသန္တရာဋ္ဌတ္တဗဟုဗ္ဗီဟိ သမာသ်၌ သဗ္ဗနာမ် အစီအရင်များ ရှိသေး၏—ဟူလို၊ ရူပသိဒ္ဓိ၌လည်း ဤအဓိပ္ပာယ် ဆို၏၊ ကာတန္တ၌ကား ''ဒိသံဝါ'' ဟု သီးခြားပင် သုတ်တည်လေသည်၊ ဒိသန္တရာဋ္ဌတ္တ အဓိပ္ပာယ်ကို ရူပသိဒ္ဓိ ဗဟုဗ္ဗီဟိ သမာသ်၌ ရှု၊ ဤ၌ ''ဒက္ခိဏပုဗ္ဗာ''တည်, သ္မိံသက်, အာကို ဃမှည့်, ဤသုတ်ဖြင့် သဗ္ဗနာမ် အစီအရင်ကို တားမြစ်သင့်သော်လည်း စသဒ္ဒါက ကန့်ကွက်သောကြောင့် မတားမြစ်ရ၊ ဃပတော သ္မိံသာနံ သံသာသုတ်ဖြင့် သ္မိံကို သံပြု, သံသာသွေကစသော သုတ်ဖြင့် (သ်)လာ၊ ဃောရဿံဖြင့် အာကို ရဿပြု၊ ဒက္ခိဏပုဗ္ဗဿာ၌ သ သက်၍ သာ ပြုရုံသာ၊ ဥတ္တရပုဗ္ဗဿံ စသည်၌လည်း နည်းတူ။

၁၆၇။ သဗ္ဗေသံ သဗ္ဗေသာနံ စသည်ကို အခြေပြုမှီး၍ တွက်၊ သဗ္ဗေသံ စသည်၌လည်း သဗ္ဗတည်, အာပစ္စည်း သက်, နာမ်ငဲ့, နံသက်၍ သံသာနံပြု၊ ကာသံ၌ ကိံတည်, နံသက်, ကိဿကဝေစ၌ စသဒ္ဒါဖြင့် ကိံကို က ပြုပြီးမှ အာပစ္စည်း သက်ရသည်၊ အမူသံကား လိင် ၃ ပါးလုံးပင် ရုပ်တူနေ၏၊ အမုတည်, နံသက်, သံပြု၊ သဗ္ဗဿစသည်၌ သဗ္ဗနာမ်ဟုတ်သော်လည်း နံ မဟုတ်သောကြောင့် သံ-သာနံ မပြုရ။

မှတ်ချက်။ ။သဗ္ဗတည်,နံသက်, ရူပသိဒ္ဓိ၌ သဗ္ဗနာမာနံ နံမှိစသုတ်ဖြင့် နံကြောင့် (အ)ကို ဧပြုပြီးမှ သံ-သာနံပြု၏၊ ချာသ၌ သံသာနံ ပြုပြီးမှ ဧပြု၏၊ သဗ္ဗနာမာနံ နံမှိစ—ဟု သုတ်၌ နံဝိဘတ်ကို နိမိတ် လုပ်ထားသောကြောင့် နံဝိဘတ် မပျက်ခင် ဧပြုသော ရူပသိဒ္ဓိနည်းက သာ၍ အဆင်ပြေ၏၊ သို့သော် နံ၏ ကာရိယဖြစ်သော သံ အပြုကိုပင် ကာရဏူပစာရအားဖြင့် နံ ဟု ဆိုလျှင် ဖြစ်နိုင်သောကြောင့် ချာသလည်း မမှားချေ။

ရာဇသ ရာဇု သုနံဟိသုစ　၁၆၉။ သုနံဟိ ဣတိ, ဧတေသု-တို့ကြောင့်၊ သဗ္ဗသော၀ ရာဇ သဒ္ဒသ ရာဇု အာဒေသော ဟောတိ၊ ရာဇူသု-တို့၌၊ ရာဇူနံ-တို့အား၊ ရာဇူဟိ, ဘိ-တို့ဖြင့်၊ သုနံဟိ သူတိ၊ပေ၊ ရာဇာ-သည်၊ ဣတိ-၏၊ စဂ္ဂဟဏံ၊ အ၀ဓာရဏတ္ထံ-အ၀ဓာရဏ အနက် ရှိ၏၊ ရာဇေသု-တို့၌၊ ရာဇာနံ-တို့အား၊ ရာဇေဟိ, ဘိ-တို့ဖြင့်။ (၁၁၇)။

သဗ္ဗဿိမဿေ၀ါ　၁၇၀။ ၊ပေ၊ သေ့, ဣမေသု-၌သူတို့၌၊ သံ, ဣမေသံ-၌သူတို့အား၊ ဧဟိ, ဧဘိ, ဣမေဟိ, ဣမေဘိ-တို့ဖြင့်၊ ဣမဿေတိ-ဣမဿ ပုဒ်သည်၊ပေ၊ ဧတေသု-၌သူတို့၌၊ ဧတေသံ-၌သူတို့အား၊ ဧတေဟိ, ဧတေဘိ-တို့ဖြင့်၊ ဣတိ-၏။ (၂၂၀)။ [ဣမေသု ဣမေဟိတို့သည် ၀ါအတွက် ၀ိကပ်ရုပ်များတည်း၊ ၌သုတ်သည် ပုံ-နပုလ္လိင်၌သာ စီရင်ယည် ဟု ရူပသိဒ္ဓိ၌ ဆို၏။]

အနိမိ နာမှိစ　၁၇၁။ နာမှိ ၀ိဘတ္တိမှိ၊ပေ၊ အန ဣမိ ဣတိ, ဧတေ အာဒေသာ ဟောန္တိ၊ အနေန ဓမ္မဒါနေန-၌တရား အလှူကြောင့်၊ သာပဇာ-ထိုသတ္တ၀ါအပေါင်းသည်၊ သုခိတာ-သုခရှိသည်၊ ဟောတု-ဖြစ်ပါစေသတည်း၊ ဣမိနာ ဗုဒ္ဓပူဇေန-၌ဘုရားကို ပူဇော်ရခြင်းကြောင့်၊ အမတံ ပဒံ-မသေရာ နိဗ္ဗာန်သို့၊ ပတ္တာန-ရောက်ရ၍၊ နာမှိတိ-နာမှိပုဒ်သည်၊ပေ၊ ဣမေသု-၌သူတို့၌၊ပေ၊ ဣတိ-၏။ (၂၁၉)။

---

၁၆၉။ ရုပ် လွယ်ပြီ၊ စသဒ္ဒါသည် အချို့အရာ၌ ရာဇု အပြုကို နစ်စေသော နိ၀တ္တာပန အ၀ဓာရဏအနက် ရ၏၊ ထို့ကြောင့် ရာဇေသု စသည်၌ ရာဇု မပြုပဲ သုံဟိသွကာရော-သုနံဟိသုစ သုတ်တို့ဖြင့် စီရင်ရသည်။ [ရူပသိဒ္ဓိ၌ကား ၌စသဒ္ဒါကို ၀ိကပ်အနက်ရှိ၏-ဟု ဆို၏၊ ရာဇုအပြု မမြဲခြင်းကိုချည်း ပြကြသောကြောင့် အမိပ္ပာယ် သဘောတူပင်။]

၁၇၁။ "အနေန၊ပေ၊သာပဇာ" ကား ဂါထာ ၂ ပါဒတည်း၊ ထို ဂါထာပါဒ တို့၌ "အနေန" သာ ပုံစံထုတ်လိုရင်း ဖြစ်၏၊ စကားအဆင့်သင့်၍ စိကုံးထားသော ဂါထာပါဒကို ထုတ်ပြလိုက်ဟန်တူသည်၊ "ဣမိနာ ဗုဒ္ဓ၊ပေ၊ပဒံ" လည်း ဂါထာ ၂ ပါဒ ပင်၊ "ဣမိနာ"သာ ပုံစံထုတ်လိုရင်းတည်း၊ ရုပ်ကို အခြေပြုအတိုင်း တွက်ပါ၊ ဣမေ သု-စသည်၌ နာ၀ိဘတ်မနှောင်းသောကြောင့် "အန-ဣမိ" မပြုရ-ဟု မြင်၊ ၌သုတ် လည်း ပုံ-နပုလ္လိင်ကိုသာ စီရင်သောသုတ်တည်း။ [နိရုတ္တိဒီပနီ၌ "အန" ဟူသော ယောဂ၀ိဘာဂဖြင့် သိဒ္ဓိကြောင့် ဣမကို အနပြု၍ "အနမှိ ကာလေ-၌ကာလ၌" ဟု ကြံ၏၊ သို့သော်-မိုသဒ္ဒါ၏ ပြုံးခြင်း အနက်ကို ယူ၍ "အနမှိကာလေ-မပြုံးသင့်ရာ အခါ၌၊ ၀ါ-ငိုရမည့်အခါ၌" ဟု ကြံစေလိုသောကြောင့် "အနမှိကာလေတိ-ရောဒန ကာလေ" ဟု စူဠဓနုဂ္ဂဟဇာတ် အဋ္ဌကထာဖွင့်ကြောင်းကို မောဂ္ဂလ္လာန်နိဿယ သသစ် မိန့်တော်မူ၏။]

**အနပုံသကဿာယံ သိမှိ**

၁၇၂။ သိမှိ ဝိဘတ္တိမှိ သဗ္ဗဿေ၀ အနပုံသကဿ ဣမ သဒ္ဒဿ အယံ အာဒေသော ဟောတိ၊ အယံ ပုရိသော-သည်၊ အယံ ဣတ္ထီ-သည်၊ အနပုံသကဿေတိ၊ ပေ၊ ဣဒံ စိတ္တံ-သည်၊ တိဋ္ဌတိ-၏၊ ဣတိ-၏၊ သိမှိတိ၊ ပေ၊ တံ-သင်သည်၊ ဣမံ ပုရိသံ-ကို၊ ပဿသိ-ရှုလော၊ ဣတိ-၏။ (၂၁၈)။

---

၁၇၂။ **အနပုံသကဿ**—ဣတ္ထီစ ပုမာစ ဣတ္ထိပုမံ (မိန်းမ ယောကျ်ား)၊ ဣတ္ထိပုမ ကို (ကစ္စည်းအလို-တေသုဝုဒ္ဓိဖြင့်,အခြားကျမ်းအလို အခြားသုတ်ကြီးဖြင့်) ပုံသက ပြု၊ န+ပုံသကံ, နပုံသကံ၊ ပုံသကံ-မိန်းမ ယောကျ်ားသည်၊ န-မဟုတ်၊ နပုံသကံ-မိန်းမ ယောကျ်ားမဟုတ် (နပုံးပဏ္ဍုက်-ဟူလို၊) ဤ "နပုံသကံ" ပုဒ်သည် နနိပါတ ပုဗ္ဗပဒ ကမ္မဓာရယသမာသ် ဖြစ်သော်လည်း (ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ သုတ်ကြီးဖြင့်) န၏ (အ) အဖြစ်ကို တားမြစ်၍ နပုံသကံဟု ပြီးရသည်။ [ဣတ္ထီစ ပုမာစ ဣတ္ထိပုမံ၊ န+ဣတ္ထိပုမန္တိ သမာသေ နိပါတနေနိမိနာ နပုံသကနိဒ္ဒေသောတိ ဒဿေတိ-န ဣတ္ထိစ္စာဒိနာ။.......ပဉ္စိကာဋီကာ။]

**သဒ္ဒနီတိ, မဏိဒီပ။** ။သဒ္ဒနီတိ၌ "ပုန္တ=အဘိမဒ္ဒနေ" ဟူသော ဓာတ်ဖြင့် နကို နိဂ္ဂဟိတ်ပြု, ဏွုပစ္စည်းသက်၍ "နပုံသေတိ-ယောကျ်ားကဲ့သို့ ရန်သူများကို မနှိမ်နင်းနိုင်၊ ဣတိ-ကြောင့်၊ နပုံသကော-မည်၏" ဟု ဆို၏၊ ဤ၌လည်း န သဒ္ဒါကို ဆိုခဲ့သော နိပါတနကြောင့် (အ) မပြုရ၊ မဏိဒီပ၌ကား-"ဣတ္ထီစ ပုမာစ ပုမာနော" ဟု ဝိဂ္ဂဟပေကသေသ်ပြု၊ သဿ-မိမိ၏၊ ဣဒံ-ဥစ္စာတည်း၊ သကံ-မိမိဥစ္စာ၊ ပုမာနံ-မိန်းမယောကျ်ားတို့၏၊ သကံ-ဥစ္စာဖြစ်သော အင်္ဂါဇာတ်သည်၊ ပုံသကံ-မည်၏၊ "ပုမသက" ဟု ဖြစ်သင့်လျက် "ပုလ္လိင်" ကဲ့သို့ မ၏ အ ကို ချေ, မ်ကို နိဂ္ဂဟိတ်ပြုသည်၊ နတ္ထိ ပုံသကံ ဧတဿာတိ နပုံသကော=မိန်းမ ယောကျ်ားတို့ ဥစ္စာဖြစ်သော အင်္ဂါဇာတ် ၂ မျိုးလုံး မရှိသူတည်း-ဟု ဆိုသည်၊ ထိုသို့ အမျိုးမျိုး ဆိုကြသော်လည်း "နေဝိတ္ထိ န ပုမာ အာသိံ= မိန်းမလည်းမဟုတ်- ယောကျ်ားလည်း မဟုတ်-နပုံပဏ္ဍုက် ဖြစ်ခဲ့ရပြီ" ဟူသော မဟာနာရဒဇာတ်တော်နှင့်ကား ပဉ္စိကာဋီကာက ညီညွတ်ပေသည်။

**သဒ္ဒါ၌ နပုံသကခေါ်ပုံ။** ။ပြခဲ့သော နည်းများကား လူသတ္တဝါကို ဟောသော နပုံသကသဒ္ဒါကို အရကောက်ရသော နည်းတည်း၊ နပုံးပဏ္ဍုက်တို့၏ နေဝဝိသဒနာဝိသဒါကာရ (သန့်ရှင်းသည်လည်း မဟုတ်,မသန့်ရှင်းသည်လည်း မဟုတ်သော အခြင်းအရာ) ကဲ့သို့ သဒ္ဒါတို့၌လည်း ရုပ်အနေအထား ပုလ္လိင်လောက်လည်းမသန့်ရှင်း ဣတ္ထိလိင်လောက်လည်း မရှုပ်သော သဒ္ဒါကို သဒိသူပစာရအားဖြင့် နပုံသကသဒ္ဒါ (ဝါ-နပုလ္လိင်ဟော သဒ္ဒါ) ဟု အဘိဓာန်စသည်၌ ရှေးဆရာတို့ သတ်မှတ်ထားကြသည်။

ရုပ်ကို အခြေပြုကြည့်၍တွက်၊ ဣဒံ၌ ဣမလည်း ဟုတ်, သိလည်း နှောင်းသော်လည်း နပုလ္လိင်ဖြစ်သောကြောင့် အယံ မပြုရ, ဣမဿိဒမံသိသု သုတ်ဖြင့် စီရင်၊ ဣမံ ပုရိသံ၌ကား အံ ဝိဘတ်သက်, သိ မနှောင်းသောကြောင့် အယံ မပြုရ-ဟု ဆိုရုံသာ၊ ပုရိသော ဣတ္ထီ စိတ္တံတို့ကား ပုလ္လိင်-ဣတ္ထိလိင်-နပုလ္လိင် ထင်ရှားအောင် အပိုပါ၌များသာ တည်း။

**အမုဿ မောသံ**　၁၇၃။ သိမှိ ဝိဘတ္တိမှိ အနပုံသကဿ အမုသဒ္ဒဿ, မကာရော သကာရံ ဝါ အာပဇ္ဇတေ၊ အသုရာဇာ-ထိုမင်းသည်၊ အသုက္ခတ္တိ-သည်၊ အမုကော ရာဇာ-ထိုမင်းသည်၊ အမုကာ ဣတ္ထိ၊ အနပုံသကဿေ-ဝါ၊ပေ၊ အဒုံ ပုပ္ဖံ-ထိုပန်းသည်၊ ဝိရောစတိ-တင့်တယ်၏၊ ဣတိ-၏၊ အမုဿေတိ ၊ပေ၊ အယံ ပုရိသော တိဋ္ဌတိ၊ ဣတိ-၏၊ သိမှိတိ ကိမတ္ထံ၊ အမုံ ပုရိသံ-ကို၊ ပဿသိ-လော့၊ ဣတိ-၏။ (၂၂၃)။

**တေတေသံ တော**　၁၇၄။ သိမှိ ဝိဘတ္တိမှိ အနပုံသကာနံ, တေ တ ဣတိ-တေ, တ ဟူကုန်သော၊ တေတေသံ-ဤသဒ္ဒါတို့၏၊ တကာရော သကာရံ အာပဇ္ဇတေ၊ သော ပုရိသော-သည်၊ သော ဣတ္ထိ-သည်၊ သော ပုရိသော-ထိုယောကျ်ားသည်၊ သာ ဣတ္ထိ-သည်၊ တေတေသမိတိ၊ပေ၊ ဣတရော-

---

၁၇၃။ အသုကို အခြေပြုအတိုင်း တွက်၊ ရာဇာ, ဣတ္ထိတို့ကား ပုလ္လိင် ဣတ္ထိလိင် ထင်ရှားအောင် ထည့်ပါ၍၊ သဒ္ဒနီတိ၌ သိဖြင့် "အမု" ရုပ်ကိုလည်း ပြသေး၏၊ အမုကောတို့ကား ဝိကပ်ရုပ်၊ အမုတည်, သိသက်, ဤသုတ်ဖြင့် မကို သ ပြုသင့်သော်လည်း ဝါ မြစ်သောကြောင့် မပြုရ၊ သဗ္ဗတောကော သုတ်ဖြင့် (က) လာ၊ အမုကာ၌ကား "အမု+က+သိ" ဖြစ်ပြီးမှ ဣတ္ထိယမတော သုတ်ဖြင့် က နောင်(အာပစ္စည်း သက်ရမည်-ဟု (ရူပသိဒ္ဓိ "ကာ" ဟူသော ဣတ္ထိလိင်သဒ္ဒါ ရုပ်တွက်ပုံကို နည်းမှီ၍) ကြံကြ၏၊ သို့သော်-ရူပသိဒ္ဓိ၌ သဗ္ဗတောကောသုတ်ဝယ် "သိမှိ" ဟု မဆိုသောကြောင့် "အမု" တည်, ရှေးဦးစွာ (က) လာ, အာ ပစ္စည်းသက် နာမ်ငဲ့, သိသက်, ချေ-ဟု ကြံမှ အဆင်ပြေမည်။ [ရူပသိဒ္ဓိ၌-ဝိနာဓိကာရဖြင့် စီရင်ပုံကို "သဗ္ဗတောကော" သုတ်အဆက်မှာ ရှု။]

**ကိံ ရုပ်များ။**　။အဒုံပုပ္ဖံ၌ ပုပ္ဖံကို နပုလ္လိင် ထင်ရှားအောင် ထည့်သည်၊ အဒုံကို အမုတည်, သိသက်, နပုလ္လိင်ဖြစ်သောကြောင့် ဤသုတ်ဖြင့် မကို သ မပြုရ၊ အမုဿာဒုံ သုတ်ဖြင့် စီရင်၊ အယံ ပုရိသော၌ အယံကား ပုလ္လိင်လည်း ဟုတ်-သိ ဝိဘတ်လည်း နှောင်းသော်လည်း အမုသဒ္ဒါ မဟုတ်သောကြောင့် မပြုရ၊ ရွှေသုတ်ဖြင့် စီရင်၊ အမုံ ပုရိသံ၌ကား သိမဟုတ် အံ ဖြစ်သောကြောင့် ဤသုတ်ဖြင့် မစီရင်ရ, လ မှည့်၍ အံမော နိဂ္ဂဟီတံ ဈလပေဟိ သုတ်ဖြင့် စီရင်။

၁၇၄။ သော-သော, သော-သာတို့ကို အခြေပြုအတိုင်း တွက်၊ ဣတရော ဣတရာတို့၌ အာ ပစ္စည်းလည်း သက်၊ တော် စိတ္တံ့စသည်၌ တေ-တည်,သိ ဝိဘတ် ဟုတ်သော်လည်း နပုလ္လိင် ဖြစ်သောကြောင့် သ မပြု၊ သိံ သုတ်ဖြင့် သိကို အံပြု။ [ဤသုတ်၌ ဝါသဒ္ဒါ မပါသောကြောင့် "သော=သော, သော=သာ" ဟု အမြဲ ရှိစေရမည်။]

**သဒ္ဒါနီတိ။**　။(၁၇၆) ထိယံ တော သံ နံမှိဝါ=ဣတ္ထိလိင်၌ နံ ဝိဘတ်ကြောင့် တ သဒ္ဒါသည် သ-အဖြစ်သို့ ဝိကပ်ရောက်၏၊ အတိက္ကမော+သာနံ+ပညာယတိ—

အခြားသော၊ ပုရိသော-သည်၊ ဣတရာ-သော၊ ဣတ္ထီ-သည်၊ ဣတိ-၏၊ အနုပုံ သကဿေတိ ကမ္မတ္ထံ၊ ဧတံ စိတ္တံ-ဤစိတ်သည်၊ ဧတံ ရူပံ-ဤရုပ်သည်၊ တံ စိတ္တံ-ထိုစိတ်သည်၊ တံ ရူပံ-ထိုရုပ်သည်၊ ဣတိ-၏။ (၂၁၁)။

**တဿာဝါ နုတ္တံ သဗ္ဗတ္ထ**

၁၇၅။ သဗ္ဗတ္ထ-ကုန်သော၊ လိင်္ဂေသု-လိင်တို့၌၊ သဗ္ဗနာမဿ၊ သဗ္ဗနာမ်ဖြစ်သော၊ တဿ တကာရဿ-ထို တ အက္ခရာ၏၊ နတ္တံ-န အဖြစ်သည်၊ ဝါ ဟောတိ၊ နာယ,တာယ-ထိုသူမဖြင့်-နံ,တံ-ထိုသူ့ကို၊ နေ, တေ-ထိုသူတို့ကို၊ နေသု, တေသု-ထိုသူတို့၌၊ နမှိ, တမှိ ထိုသူ၌၊ နာဟိ, တာဟိ, နာဘိ, တာဘိ-ထိုသူမတို့ဖြင့်, တို့မှ။ (၂၁၂)။

---

ထိုသူမတို့၏ ရှေ့သို့ တိုးခြင်းသည် ထင်ရှား၏၊ (၁၇၇) အာဒေ+တိလိင်္ဂေ=လိင် ၃ ပါး၌ နံကြောင့် တသည် အာ အဖြစ်သို့ ဝိကပ်ရောက်၏၊ နာသံ ကုဇ္ဈန္တိ ပဏ္ဍိ=ပညာရှိတို့သည် ထိုမိန်းမတို့အား စိတ်မဆိုးကြကုန် (န+အာသံ) ဟု ပုဒ်ဖြတ်၊ တ တည်, အာ ပစ္စည်းသက်, နံသက်, ဤသုတ်ဖြင့် တကို အာပြု ခွင်း, ချေ, ကပ်၊ နံကို သဗ္ဗတော နံ သံ သာ နံ သုတ်ဖြင့် သံပြု၊ သဗ္ဗာသံ သောကာ ဝိနဿန္တိ (သဗ္ဗ+အာသံ)= ထိုသူ နှစ်ယောက်တို့၏ သောကအားလုံးတို့သည် ကင်းကုန်၏၊ နေဝါသံ ကေသာ ဒိဿန္တိ=ထို မျောက်သတ္တဝါတို့၏ ဆံပင်တို့ကိုလည်း မတွေ့အပ်ကုန်၊ ဤသို့ ဣတ္ထိလိင် ပုလ္လိင်ပုံစံကို တွေ့ရလျှင် "အာသံ စိတ္တာနံ" ဟု နပုလ္လိင်လည်း ဖြစ်သင့်တော့သည်-ဟု နီတိမိန့်သည်။

[ဆောင်] နံဝိ နှောင်းဘိ, ဣတ္ထိလိင်, တ ကို သ ဟု, ပြုရ တဖြာ, ၃ လိင် မှာမူ,
အာလည်းဟူ, မှတ်ယူ နီတိဆို။

၁၇၅။ **သဗ္ဗနာမဿ တကာရဿ**—တေသဒ္ဒါ၏ အစိတ်အပိုင်းဖြစ်သော "တ" စသည်ကို မယူရ, နဂိုရ်မူလအတိုင်း သဗ္ဗနာမ်ဖြစ်သော တကိုသာ ယူရမည်-ဟု သိစေလိုသောကြောင့် "သဗ္ဗနာမ် တအက္ခရာ" ဟု ဖွင့်သည်၊ နာယ-စသည်သာ သုတ်ရင်း ပုံစံ၊ တာယ-စသည်ကား ဝါ၏ ပုံစံတည်း၊ နာယ တာယ, နာဟိ စသည်တို့သည် ဣတ္ထိလိင်တည်း၊ "တ"တည်, အာပစ္စည်းသက်, နာမ်ဝဲ့, နာသက်, ဤသုတ်ဖြင့် တကို နပြု၊ အာကို ဃမှည့်, ဃတော နာဒီနံဖြင့် နာကို အာယပြု, ခွင်း, ချေ, ကပ်၊ သ စသည်သက်၍လည်း "နာယ" ဟု ရှိနိုင်၏၊ နာဟိ၌ ဟိကို ဘိပြုလျှင် နာဘိ-ဟု ဖြစ်၏၊ နံကား ၃ လိင်ရကောင်း၏၊ "နေ" ကား ပုလ္လိင်, ယောသက်, သဗ္ဗနာမ ကာရတေ ပဌမောသုတ်ဖြင့် ယောကို ဧပြု၊ ကြွင်းရုပ်စု ထင်ရှားပြီ။ ["နံ-တံ" တို့၌ နပုလ္လိင်ဟု ဆိုလျှင် ပဌမာသိကို အံပြုထားသောရုပ်-ဟုလည်း ဆိုနိုင်၏။] ပုလ္လိင် ဣတ္ထိလိင်၌ကား သိနှောင်းရာ၌ "တေတေသံ တော" သုတ်ဖြင့် သ-ပြုထားသောကြောင့် "န" အပြုကို ရူပသိဒ္ဓိ မောဂ္ဂလ္လာန်တို့ မပြုကြ၊ ထို့ပြင်-ပဒတော ပရ ဖြစ်ရာ၌သာ ပါဠိတော်များ၌ န အပြုကို တွေ့ရသည်-ဟု သဒ္ဒနီတိ ဆို၏၊ "န နံ ဥမှယတေ ဒိသွာ, နစ နံ ပတိနန္ဒတိ=သူ့ကိုမြင်၍ မပြုံးရွှင်, သူ့ကိုမြင်၍ မနှစ်သက်" စသည်တည်း၊ "မည်သည့် ဝိဘတ်နှောင်းရာ၌" ဟု သတ်မှတ်၍ မပြုသောကြောင့် ဝိဘတ်အားလုံးကြောင့် (န) ပြုနိုင်သည်—ဟု သိပါ။

**သ သ္မာ သ္မိံ သံသာ သ္မတ္တံ**

၁၇၆။ သဗ္ဗတ္ထ-ကုန်သော၊ လိင်္ဂေသု-တို့၌၊သသ္မာသ္မိံ-သံသာ ဣတိ-သသ္မာ သ္မိံ သံသာ ဟူကုန်သော၊ဧတေသု-၌ ဝိဘတ်အာဒေသ တို့ကြောင့်၊ [သသ္မာသ္မိံဝိဘတ်, သံသာ အာဒေသတို့ကြောင့်—ဟူလို။] သဗ္ဗနာမဿ-သော၊ သဗ္ဗသော၀-အလုံးစုံ သာလျှင်ဖြစ်သော၊ တဿ တကာရဿ-၏၊ အတ္တံ-သည်၊ ၀ါ ဟောတိ-အဿ တဿ-ထိုသူအား၊ အသ္မာ တသ္မာ-မှ၊ အသ္မိံ တသ္မိံ-၌၊ အသံ တသံ-ထို သူမ၌၊ အဿာ တဿာ-ထိုသူမအား၊ တကာရဿေတိ၊ပေ၊ အမုသံ-ထိုသူမ၌၊ အမုဿာ - အား၊ ဣတိ - ၏၊ ဧတေသ္ဝိတိ - ၌ သသ္မာသ္မိံ သံသာတို့ကြောင့် ဟူသည်၊ပေ၊ နေသု, တေသု-ထိုသူတို့၌၊ ဣတိ-၏။ (၂၁၃)။

---

ဧတဣမကို နေပြု။ ။တသဒ္ဒါကို (န) ပြုသကဲ့သို့ မောဂ္ဂလ္လာန်၌ ဧတ-ဣမ တို့ကို လည်း နေပြု၏၊ သို့သော် နေရာတိုင်း၌ ပြုရမည်မဟုတ်, ဒုတိယာနှောင်းရာ အန္ဒာဒေသ အရာ၌သာ ပြုရသည်၊ အန္ဒာဒေသ (အနု+အာဒေသ) ဟူသည် ဆိုအပ်ပြီးသည်ကို တဖန် ထပ်၍ဆိုအပ် (နောက်ထပ် ညွှန်ပြအပ်) သော အရာတည်း၊ ဣမံ ဘိက္ခုံ ဝိနယံ အဇ္ဈာပယ, အထော ဧနံ ဓမ္မံ အဇ္ဈာပယ=ဤရဟန်းကို ဝိနည်းသရဇ္ဈာယ်စေ, ထို့ နောက် အဲနီ (အဲသည့်, အဲဒီ) ရဟန်းကို သုတ် အဘိဓမ္မာကို သရဇ္ဈာယ်စေလော၊ ဤ၌ နောက်ဝါကျဝယ် "ဧနံ"သည် ရှေ့ဝါကျ၌ ဆိုအပ်ပြီးသော ဣမံ ဘိက္ခုံကိုပင် ပြန် ညွှန်ပြသော အန္ဒာဒေသတည်း၊ "ဣမေ ဘိက္ခူ ဝိနယ မဇ္ဈာပယ, အထော ဧနေ ဓမ္မမဇ္ဈာပယ" ဟူသော ဗဟုဝုစ် ဝါကျ၌သည်း နည်းတူ၊ [ဣမေတာနဲ့မေနာဲ့န္ဒာဒေ သေ ဒုတိယာယံ (မောဂ္ဂလ္လာန်သုတ်)။] "ယတ္ထာမိကရဏာမေနံ ဘိက္ခုံ (ဓမ္မသင်္ဂဏီ, နိက္ခေပကဏ္ဍ)"တမေနံ ဘိက္ခဝေ နိရယပါလာ (ဥပရိပဏ္ဏာသ, ဗာလပဏ္ဍိတသုတ်) တို့၌လည်း အန္ဒာဒေသအရာ၌ပင် ဧန ပြုသည်။

[ဆောင်] ရှေးဝါကျဖြင့်, ညွှန်ပြပြီးလတ်, နောက်ထပ်ညွှန်ရာ, အန္ဒာဒေသ,
ဧတိမကို, ဒုတိယဝိ, နှောင်းဘိသမှု, နေပြု, ကျမ်းရှုမောဂ္ဂလ္လာန်။

၁၇၆။ အဿ၊ပေ၊အသ္မိံ တသ္မိံတို့သည် ပုံ-နပုံရုပ်တည်း၊ အသံ အဿာတို့ ကား ဣတ္ထိလိင်ရုပ်တည်း၊ ထိုတွင် အဿ-စသည်သာ ဤသုတ်၏ ပုံစံ၊ တဿ-စသည် ကား ဝိကပ်ရုပ်တည်း၊ အခြေပြုကြည့်၍ ရုပ်တွက်၊ အမုသံ အမုဿာတို့၌ သံသာအပြု နှောင်းသော်လည်း တ သဒ္ဒါမဟုတ် (အမုသဒ္ဒါ ဖြစ်) သောကြောင့် (အ) မပြုရ၊ ဃပတော သ္မိံသာနံ သံသာသုတ်၌ တွက်တတ်လတ္တံ့၊ "နေသု တေသု" တို့၌ကား တသဒ္ဒါ ဟုတ်သော်လည်း သ သ္မာ သ္မိံ သံသာ မနှောင်းသောကြောင့် (အ) မပြုရ။

ဣမသဒ္ဒဿစ ။ ၁၇၇။ သဗ္ဗတ္ထ လိင်္ဂေသု, သဗ္ဗာသွိ ံ သံသာဋ္ဌတိ ဧတေသု, သဗ္ဗဿေဝ ဣမသဒ္ဒဿ အတ္တံ ဝါ ဟောတိ၊ အဿ ဣမဿ-ဤသူအား၊ပေ၊ အသ္မိံ ဣမိသ္မိံ-ဤသူမှ၌၊ အဿ ဣမိဿာ-အား၊ ဣမသဒ္ဒဿေ တိ-ဣမသဒ္ဒါပုဒ်သည်၊ပေ၊ ဧတိသ္မိံ-ဤသူမှ၌၊ ဧတိဿာ-အား၊ ဣတိ-၏။ (၂၂၁)။

သဗ္ဗတော ကော ၁၇၈။ သိမှိ ဝိဘတ္တိမှိ၊ သဗ္ဗတော-အလုံးစုံသော၊သဗ္ဗနာမ တော-သဗ္ဗနာမ်မှ နောက်၌၊ ကကာရာဂမော-က အက္ခရာ လာသည်၊ ဝါ ဟောတိ၊ သဗ္ဗကော-အလုံးစုံသည်၊ ယကော-အကြင်သူသည်၊ သကော-ထိုသူသည်၊ အမုကော, အသုကော-ထိုသူသည်၊ ဝါတိ-သည်၊ပေ၊ သဗ္ဗော-အလုံးစုံသည်၊ ယော-အကြင်သူသည်၊ သော-ထိုသူသည်၊ ကော-အဘယ် သူသည်၊ သဗ္ဗနာမတောတိ၊ပေ၊ ပုရိသော-သည်၊ ဣတိ-၏၊ ပုန-တဖန်၊ သဗ္ဗတော ဂဟဏေန-သဗ္ဗတောသဒ္ဒါဖြင့်၊ အညသ္မာပိ-သဗ္ဗနာမ်မှ တပါးသော သုဒ္ဓနာမ်မှ လည်း၊ (ပရေ-နောက်၌၊) ကကာရာဂမော ဟောတိ၊ ဟီနကော-ယုတ်ညံ့သူ၊ ပေါတကော-သူငယ်။ (၂၂၄)။

---

၁၇၇။ ဣမသဒ္ဒဿစ—[“ဣမသဒ္ဒဿ” ဟု သဒ္ဒသဒ္ဒါထည့်၍ တည်ရကျိုးကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထား၏။] စ သဒ္ဒါဖြင့် ရှေ့သုတ်မှ “အတ္တံ” ကို ငင်သည်၊ အဿ, အသ္မာ-စသည်သာ ပုံစံ၊ ဣမဿ စသည်ကား ဝိကပ်ရုပ်တည်း၊ အခြေပြုကြည့်၍ ရုပ်တွက်၊ ဣမဿ စသည်လည်း လွယ်ပြီ၊ ဣမိသ္မိံ ဣမိဿာ စသည်ကို ဃပတော သွိံသာနံ သံသာသုတ်၌ တွက်တတ်လတ္တံ့။

၁၇၈။ သိမှိ ဝိဘတ္တိမှိ—ဤကစ္စည်းဝုတ္တိ၌ “သဗ္ဗကော-ယကော” စသော ပုံစံ လောက်ကိုကြည့်၍“သိဝိဘတ်ကြောင့်”ဟုနိမိတ်ကို ပြထား၏၊ ရူပသိဒ္ဓိ၌ကား “သိမှိ ဝိဘတ္တိမှိ”ဟု နိမိတ်ကို မပြ၊ ထိုသို့ မပြသဖြင့် “သဗ္ဗ”တည်, ဤသုတ်ဖြင့် ကလာ-ဟု ဆိုပြီးမှ သိ စသည်သက်၍ “သဗ္ဗကော-သဗ္ဗကာ” စသည်ဖြင့်လည်းကောင်း, “အမု ကော-အမုကာ-အမုကံ-အမုကေ-အမုကေန” စသည်ဖြင့်လည်းကောင်း, ဇုတ္တိလိင်၌ “အမု” နောင် (က) လာပြီးမှ အာပစ္စည်းသက်၍ “အမုကာ” စသော ကညာဒိရုပ် သည်လည်းကောင်း ဖြစ်နိုင်၏၊ ထို့ကြောင့် “သိမှိ ဝိဘတ္တိမှိ” ဟု နိမိတ်မပါသော ရူပသိဒ္ဓိသာလျှင် သာ၍ အဆင်ပြေသည်၊ ကစ္စည်းဝုတ္တိ အလိုအားဖြင့် “သဗ္ဗ”တည်, သိ သက်ပြီးမှ (က) လာ၊ “သကော”၌ “တ”တည်, သိသက်, တေတေသံ တော သုတ်ဖြင့် တကို သပြု, က-လာစသည်။ [ဤ “သကော” ပြယုဂ်ကို ပါဠိ၌ “မိမိ, မိမိ၏ဉစ္စာ” အနက်ဟောသာ တွေ့ရသည်။]

ပုနသဗ္ဗတော၊ပေ၊ပေါတကော—“သဗ္ဗတောနံ သံသာနံ”သုတ်၌“သဗ္ဗတော” သဒ္ဒါ ရှိပြီးဖြစ်သောကြောင့် ထို သဗ္ဗတောသဒ္ဒါကို အလိုက်ခံလျှင် ပြီးနိုင်လျက် ထပ်၍ ဆိုအပ်သော “သဗ္ဗတော” သဒ္ဒါကို သဒ္ဒါပိုဟု ဆို၏၊ ထိုသဗ္ဗတောသဒ္ဒါသည်“အလုံး

**ဃပတော သို့သာနံ သံသာ**

၁၇၉။ သဗ္ဗတော သော၊ဃပသညတော-ဃ,ပ အမည်ရှိသော၊ သဗ္ဗနာမတော-မှ၊ (ပရေသံ) သို့သ ဣတိ-သို့သ ဟူကုန်သော၊ တေသံ-ဤဝိဘတ်တို့၏၊ ယထာ သင်္ချံ-သံသာ အာဒေသာ ဝါ ဟောန္တိ၊ သဗ္ဗသံ-အလုံးစုံသော မိန်းမဌ္ဍ၊ သဗ္ဗသာ-အား, ၏၊ သဗ္ဗာယံ, သဗ္ဗာယ-သဗ္ဗာယံ, သဗ္ဗာယ ဟုလည်း ရှိ၏၊ ဣမိဿံ - ဤမိန်းမဌ္ဍ၊ ဣမိဿာ - အား, ၏၊ ဣမာယံ, ဣမာယ ဟုလည်း ရှိ၏၊ အမုဿံ-ထိုမိန်းမဌ္ဍ၊ အမုဿာ-အား, ၏၊ အမုယံ, အမုယာ-ဟုလည်း ရှိ၏၊ သဗ္ဗနာမတောတိ၊ပေ၊ ဣတ္ထိယံ-၌၊ ဣတ္ထိယာ-အား,၏၊ ဣတိ-၏၊ သို့သာန မိတိ၊ပေ၊ အမုယော-ထိုမိန်းမတို့သည်, တို့ကို၊ ဣတိ-၏။ (၂၀၄)။

---

စုံသော (အားလုံးသော)'' ဟု အနက်ဟောသောကြောင့် သဗ္ဗနာမ် ဟုတ်-မဟုတ် အားလုံးကို ယူနိုင်ရကား သဗ္ဗနာမ် မဟုတ်သော ဟီန-ပေါတ စသော သုဒ္ဓနာမ် နောင်လည်း (က) အက္ခရာ လာရခြင်းဟူသော အနက်ပိုကို သိစေသည်၊ ''ဟီန-ပေါတ'' တည်, သဗ္ဗတောကော သုတ်၌ သဗ္ဗတော သဒ္ဒါပိုဖြင့် (က) လာ, သိသက်, စသည့် စီရင်၊ ''ဟတ္ထိပေါတကံ-ဆင်ငယ်ကို'' စသည်ဖြင့် ပါဠိရှိသောကြောင့် လည်းကောင်း, ''ဟီနကော-ဟီနကာ'' စသည်ဖြင့် ပုရိသာဒိ-ကညာဒိ-စိတ္တာဒိ ရုပ်အားလုံး ဖြစ်နိုင်သောကြောင့် လည်းကောင်း, (က) လာပြီးမှ ဆိုင်ရာ ဝိဘတ်ပစ္စည်းများ သက်ရသောနည်းကို အတည်ပြုပါ၊ (က) လာရာ၌ အသရနှင့်တကွ လာရသည်ကို လည်း သတိပြု။ [သွတ္တတဒ္ဓိတ်၌ ကပစ္စည်းဖြင့်လည်း ''ဟီနကော'' စသည် ဖြစ်နိုင်ပုံကို အာလုတဗ္ဗဟုလေသုတ် အဆက် ကြည့်ပါဦး။]

၁၇၉။ ''သဗ္ဗဿံ, သဗ္ဗဿာ'' သည် ဤသုတ် ပုံစံ၊ ''သဗ္ဗာယံ, သဗ္ဗာယ'' ကား ဝိကပ် ပုံစံတည်း၊ သုတ်ပုံစံများကို အခြေပြု၍ တွက်ပြထားပြီ၊ ဝိကပ် ပုံစံတို့တွင် ''သဗ္ဗာယံ'' စသည်ကို ဃပတော သို့ယံဝါသုတ်၌ တွက်ရလတ္တံ့၊ သဗ္ဗာယ-စသည် ကား ဃတော နာဒီနံသုတ်ဖြင့် အမုယာကို ပတောယာသုတ်ဖြင့် တွက်ပါ၊ ''ဣတ္ထိယံ, ဣတ္ထိယာ'' တို့၌ သဗ္ဗနာမ် မဟုတ်သောကြောင့် သံသာ မပြုရ၊ ဃပတော သို့ယံဝါ-ပတောယာ သုတ်တို့ဖြင့် စီရင်၊ ''အမုယော'' ၌ကား သဗ္ဗနာမ် ဟုတ်သော်လည်း သို့သ မဟုတ်သောကြောင့် သံသာ မပြုရ-ဟု ဆို။

**သဒ္ဒနီတိ။** ။နီတိ၌ ''နာ သွာ သို့ ဣစ္စေတာနိ သေဝ'' ဟု သုတ်တည်၏၊ သဝိဘတ်ကို သာပြုသကဲ့သို့ နာ သွာ သို့ ဝိဘတ်တို့လည်း သာပြု-ဟူလို၊ ''သဗ္ဗဿာ ဣတ္ထိယာ-မှ၊ အပေတိ-ဖဲ၏၊ သဗ္ဗဿာ ဣတ္ထိသာ-၌၊ ပတိဋ္ဌိတံ-တည်၏'' တို့ကား ပုံစံ၊ ရူပသိဒ္ဓိ၌ကား သို့ကို တေသုဝုဒ္ဓိဖြင့် ''သာ'' ပြု၍ ''ဣမိဿာ-ဤသူမ၌'' ဟူသော ရုပ်ကိုပြသည်။

[ဆောင်] ကစ္စည်းကျမ်းလာ, သကို သာနှင့်, ရူမှာ သို့ဝိ, သာပြုရှိလည်း, နီတိ၌ ချိန်, နာ သွာ သို့, ကြိမ်ကြိမ် သာပြုဆို။

**နေတာဟိ သို မာယယာ**

၁၀၀။ ဃပ သညာဟိ-ဃပ အမည်ရှိကုန်သော၊ တောဟိ သဗ္ဗနာမာဟိ-ဤ သဗ္ဗနာမ်တို့မှ၊ (ပရဿ) သို ၀စနဿ-၏၊ အာယ ယာအာဒေသာ-တို့သည်၊ နေ၀ ဟောန္တိ-မဖြစ်ကုန်သည် သာတည်း၊ တေိဿံ, တောယံ, ဣမိဿံ, ဣမာယံ-ဤသူမဥ္၊ အမုဿံ, အမုယံ-ထိုသူမဥ္၊ သို တိ၊ပေ၊ တာယ ဣတ္ထိယာ-ထိုမိန်းမ၏၊ မုခံ-မျက်နှာ၊ တောဟိတိ-ဤ သဗ္ဗနာမ်တို့မှ ဟူသည်၊ ကိံ၊ပေ၊ ကညာယ-၌၊ ဝီဏာယ-စောင်း၌၊ ဂင်္ဂါယ-၌၊ ကပ လိကာယ-ခွက်ငယ်၌။ (၂၀၇)။

---

၁၀၀။ **တော ဟိ။ပေ၊နေ၀ ဟောန္တိ**—တောဟိ၌ တေသဒ္ဒါဖြင့် ရှေ့သုတ်မှ ''ဃပတော''ကို ပြန်၍ ညွှန်ပြသည်၊ ''ထို ဃ-ပ အမည်ရသော သဗ္ဗနာမ်''ဟု ဆိုလျှင် ဣတ္ထိလိင်ဖြစ်ကြောင်း သိသာ၏၊ ထို့ကြောင့်လည်း ''တောဟိ'' ဟု ဣတ္ထိလိင် ''တော'' သဒ္ဒါဖြင့် ညွှန်ပြရသည်၊ ''သဗ္ဗာ-တော'' ကဲ့သို့ ဃမည်သော ဣတ္ထိလိင် သဗ္ဗနာမ်နောင် ဃတောနာဒီနံသုတ်ဖြင့် သို ကို အာယ မပြုရ၊ ''အမု'' ကဲ့သို့ ပ-မည်သော သဗ္ဗနာမ်နောင် ပတောယာ သုတ်ဖြင့် သို ကို ယာ မပြုရ-ဟု တားမြစ်သည်၊ သို ဝိဘတ်ဖြင့် ''တောယ-အမုယာ'' ရုပ်မျိုး မရှိရ—ဟူလို၊ ထို့ကြောင့် ''တေိဿံ တောယံ'' စသည်ဖြင့် အာယ မပြုရာ ပုံစံများကို ထုတ်ပြသည်။

**မှတ်ချက်။** ။''သဗ္ဗနာမ'' သဒ္ဒါသည် နပုလ္လိင်ရှိသော သဒ္ဒါတည်း၊ ထို့ကြောင့် ''တောဟိ ဃပသညာဟိ သဗ္ဗနာမာဟိ'' ဟု မရှိသင့်၊ ''တေဟိ သဗ္ဗနာမေဟိ ဃပ သညေဟိ'' ဟု ရုပသိဒ္ဓိအတိုင်း ရှိသင့်၏၊ သုတ်၌ကား ''သဗ္ဗနာမေဟိ'' မပါသောကြောင့် ''တောဟိ'' ဟု ဆိုနိုင်သည်။

**ရှင်းချက်။** ။တေိဿံကို ''တော'' တည်, သို သက်, အာကို ဃမှည့်, ဃတောနာဒီနံ သုတ်ဖြင့် သို ကို အာယ ပြုသင့်သော်လည်း နေတာဟိ သိုမာယယာ သုတ်ဖြင့် မြစ်သောကြောင့် မပြုရ၊ ထို့နောက် ရှေ့သုတ်၌ တွက်ခဲ့သည့်အတိုင်း ဆက်၍ တွက်၊ တောယံ၌ကား ''မပြုရ'' ဟု မြစ်ပြီးနောက် ဃပတော သို ယံ၀ါ ဖြင့် ယံပြု၊ ဣမိဿံ စသည်၌ ''ပတောယာ သုတ်ဖြင့် ပ မည်သော သဗ္ဗနာမ်နောင် သို ကို ယာ ပြုသင့်သော်လည်း'' ဟု ဆိုရုံသာ၊ ကိံ ရုပ်များ၌တွင် တာယ၌ သို မဟုတ် ဆဋ္ဌီ သဝိဘတ် ဖြစ်ကြောင်း သိသာအောင် ''မုခံ'' ဟု ထည့်သည်၊ ဣတ္ထိယာကိုကား ဣတ္ထိလိင် ထင်ရှားအောင် ထည့်သည်၊ တာဘည့်, သသက်, ဃမှည့်, ဤသုတ်ဖြင့် အာယအပြုကို တားမြစ်သင့်သော်လည်း သို မဟုတ်သောကြောင့် မဖြစ်ရ၊ ဃတောနာဒီနံဖြင့် အာယပြု၊ ကညာယ-စသည်၌ကား (သို ကို တားမြစ်နေသောသုတ်ဖြစ်၍) သို သက်, ဤ သုတ်ဖြင့် တားမြစ်သင့်သော်သည်း သဗ္ဗနာမ် မဟုတ်သောကြောင့် မတားမြစ်ရ-ဟုဆို၊ ကပါလိကာယ ပုဒ်မှန်ကြောင်းကို အာဃောသုတ်၌ ပြခဲ့ပြီ။

**မနောဂဏာဒိတော သို့ နာနမိအာ**

၁၇၁။ တသ္မာ မနောဂဏာဒိတော- ထို မနောဂိုဏ်း အတူရှိသော သဒ္ဒါ အပေါင်းမှ၊ (ပရေသံ)သို့ နာ ဠာတိ ဟူကုန်သော၊ ဧတေသံ-ဤ ဝိဘတ်တို့၏၊ ဠာကာရ အာကာရာဒေသာ ယထာသင်္ချံ ဝါ ဟောန္တိ၊ မနသိ, မနသို-စိတ်၌၊ သိရသိ, သိရသို-ဦးခေါင်း၌၊ မနသာ, မနေန-ဖြင့်။ [ဤအတိုင်းပေး၊] ဝစ-စကား၊ သိရ-ဦးခေါင်း၊ သရ-ရေအိုင်၊ တပ-အကျင့်၊ ဝယ-အရွယ်၊ ယသ-အခြံအရံ (အကျော်အစော)၊ တေဇ-တန်ခိုး, မီး, အစွမ်း၊ ဥရ-ရင်ဘတ်၊ ထာမ-အစွမ်း၊ သို့ နာနမိတိ၊ပေ၊မဋနာ-စိတ်သည်၊ပေ၊ တေဇော-တန်ခိုးသည်၊ အာဒိဂ္ဂဟဏေန-ဖြင့်၊ အညသ္မာပိ-မနောဂိုဏ်းမှ တပါးသော သဒ္ဒါမှလည်း၊ (ပရေသံ) သို့ နာနံ

---

**အာယပြုသင့်ပုံ။** ။ဝုတ္တိ၌ "နေဝဟောန္တိ-အာယအပြု, ယာအပြု ကေန်မဖြစ်" ဟု သန္နိဋ္ဌာနာဝခါရဏဖြင့် ဆုံးဖြတ်ချက်ချ၍ ဖွင့်ပြသော်လည်း "တာယ-ထိုမိန်းမ၌၊ ပဋိဗဒ္ဓစိတ္တော-ဖွဲ့ငြိသောစိတ်ရှိသည်" ဟုလည်းကောင်း, "ဒက္ခိဏာယ ဒိသာယ-တောင်မျက်နှာ အရပ်၌၊ ဥတ္တရာယ ဒိသာယ-၌ နိမိတ္တံ-သိမ်နိမိတ်သည်၊ ကိံ-အဘယ် နည်း" ဟုလည်းကောင်း သို့ကို အာယပြုသောပါဠိတွေ ရှိရကား ရူပသိဒ္ဓိ၌ "တဿ ဝါ နတ္တံ" သုတ်မှ ဝါကိုလိုက်စေ၍ ထို ဝါသဒ္ဒါကိုလည်း ဗွစိအနက်ဟောကြံပြီးလျှင် "အချို့အရာ၌ ဖြစ်သေး၏" ဟု မိန့်၏၊ သဒ္ဒနီတိကား ဤ တသုတ်လုံးကိုပင် မနှစ် သက်၍ "မတန္တုရေ ဃပေဟိ သို့ နာယယာ"ဟူသော သုတ်၏ နောက်၌"ဟောန္တေ ဝ" ဟု ကန့်ကွက်သော သုတ်ကို မိန့်လေသည်။ [ဟောန္တေဝ-ငါတို့အလို၌မူ ဃပ မည်သော သဗ္ဗနာမ်နောင် သို့၏ အာယ-ယာ အပြု ရှိကုန်သည်သာ၊] ဤ အလို သို့ဖြင့် "သဗ္ဗာယ, ဣမာယ, အမုယာ" စသော ရုပ်များလည်း ရှိနိုင်သည်။

**၁၇၁။ မနောဂဏာဒိတော**—မနောပဘုတိ-မန အစရှိသော+ဂဏော-သဒ္ဒါ အပေါင်းသည်၊ မနောဂဏော-မည်၏၊ ဤ "မနောဂဏ" ပုဒ်ဖြင့် မနောနှင့် လက္ခဏာချင်း တူသော"ဝစော,ဝယော"စသည်ကို ပြ၏၊မနောဂဏော အာဒိ ယဿာတိ မနောဂဏာဒိ၊ ယဿ—အကြင် သဒ္ဒါအပေါင်း၏၊ မနောဂဏော - မနောဂိုဏ်း ဟူသော၊ အာဒိ-အတူသည်၊ အတ္ထိ, ဣတိ, မနောဂဏာဒိ၊ဤ မနောဂဏာဒိ ဟူသော ပါဌ်ဖြင့် မနောဂိုဏ်းနှင့် လုံးဝ မတူသော်လည်း တချို့တဝက်တူသော "ဗိလ, ပဒ" စသည်ကို ပြ၏၊ ထို့ကြောင့် "အာဒိဂ္ဂဟဏေန" စသော စကားရပ်၌ "ဗိလ, ပဒ" ၂ ခုကို ပုံစံပြထားသည်။ [မနောဂိုဏ်း၌ လက္ခဏာ ၃ ပါးရှိကြောင်းကိုလည်းကောင်း, ပဌမ မနောဂဏာဒိ၌ နာဝိဘတ်နှောင်းရာ၌ သာ အပြု, သ ဝိဘတ်နှောင်းရာ၌ သော အပြု, သို့ဝိဘတ် နှောင်းရာ၌ သိ အပြု ရှိခြင်းဟူသော လက္ခဏာ ၁ ပါးသာ ရှိကြောင်း ကိုလည်းကောင်း အခြေပြု နာမ်ဂိုဏ်း၌ ခွဲခြား ပြခဲ့ပြီ၊ "အာပ-သရဒ" စသည်တို့မှာ မနောဂဏာဒိ ဟုတ်ပါသော်လည်း သာ-သော-သိ အပြု မရှိသောကြောင့် ဤသုတ် များနှင့်မဆိုင်။]

ဣကာရ အာကာရာဒေသာ ဟောန္တိ၊ ဗိလသိ·တွင်း၌၊ ဝါ-အစ၌၊ ဗိလသာ-ဖြင့်၊ ပဒသိ-ပုဒ်, နိဗ္ဗာန်, ခြေရာ, ခြေ၌၊ ပဒသာ·ဖြင့်။ (၉၅)။

**သဿ စော** ၁၈၂။ တသ္မာ မနောဂဏာဒိတော·မှ၊ (ပရဿ) သဿစ ၏လည်း၊ဩကာရော-ဩ အပြုသည်၊ ဟောတိ၊ မနသော-အား, ၏၊ ထာမသော, တပသော၊ (၉၇)။ [ဤကစ္စည်းဝုတ္တိ၌ ဝါသဒ္ဒါ မလိုက်သော်လည်း ရူပသိဒ္ဓိ၌ တဿ ဝါ နတ္ထံ သဗ္ဗတ္ထသုတ်မှ ဝါသဒ္ဒါ လိုက်မြဲ လိုက်၏-ဟု ဆိုသည်၊ "မနဿ"ဟု ဝိကပ်ရုပ် ရှိသောကြောင့် ဝါ လိုက်ခြင်းသာ ကောင်း၏။]

---

ပုံစံများ။ ။ရုပ်ကို အခြေပြုကြည့်၍ တွက်၊ မနသ္မိံ-မနေန စသည်တို့ကား ဝိကပ်ရုပ်များတည်း၊ ဗိလတည်, သ္မိံသက်, မနောဂဏာဒိတော၌ အာဒိသဒ္ဒါဖြင့် သ္မိံကို ဍပြု, စသည်ဆို၊ "ဗိလ-ပဒ" ၂ ပုဒ်သာမက, ဒမ-ဝါဟ ဇရ-စသည်ကိုလည်း အာဒိဖြင့် ယူ။ [ထာမကို ဤ ကစ္စည်းဝုတ္တိဝယ် မနောဂဏ၌ သွင်းထားသော်လည်း သဒ္ဒနီတိ ပဒမာလာ၌မူ မနောဂဏ၌ မသွင်းပဲ အာဒိဖြင့် ယူရသော မနောဂဏာဒိ၌ သွင်း၏၊ "ထာမကတံ-အားဖြင့် ပြုအပ်သောအမှု၊ ထာမံ-ကို၊ ဒိသွာ-မြင်၍" စသည်၌ "ထာမောကတံ, ထာမော ဒိသွာ" ဟု မနောဂိုဏ်း လက္ခဏာ မရှိသောကြောင့် သဒ္ဒနီတိ သွင်းပုံက ကောင်းသည်၊ အခြေပြု၌ ပြထားသော မနောဂိုဏ်း သဒ္ဒါစုတို့တွင် အဟ-ရဟ ၂ ခုကို မနောဂိုဏ်း၌မသွင်းပဲ "အဟ" ကို သီးခြား နာမ်ပုဒ်တမျိုးဟုလည်းကောင်း, ရဟကို နိပါတ်ဟုလည်းကောင်း (ရဟသိကိုလည်း သတ္တမျန္တနိပါတ်ဟုလည်းကောင်း) မောဂ္ဂလ္လာန် ဆို၏။

သို့သော် "အဟောရတ္တံ"ဟု သမာသ်အလယ်၌ဩရှိသောကြောင့်လည်းကောင်း၊ "ရဟသိ" ကိုနပုလ္လိင်ဟု သက္ကတအဘိဓာန် ဆိုသောကြောင့်လည်းကောင်း ရူပသိဒ္ဓိနှင့် နီတိတို့ဝယ် မနောဂိုဏ်း၌ သွင်းပြထားကြသည်၊ ထို့ပြင်-ဩဇ (အဆီအနှစ်ဩဇာ), ဝါသ (အဝတ်ပုဆိုး) သဒ္ဒါတို့ကိုလည်း မနောဂိုဏ်း၌ မောဂ္ဂလ္လာန် သွင်းပြလေသည်။] သဒ္ဒနီတိ၌ "မနောဂဏာဒိဟိ ဝါ သ္မိံနော ဣ, နာသ္မာနမာ" ဟု သုတ်တည်၍ "အယသာဝ မလံ သမုဋ္ဌိတံ" ဟု သ္မာကို အာပြုရသော ပုံစံကို ထုတ်၏၊ အယသာ-သံမှ၊ မလံ-သံချေးသည်၊ သမုဋ္ဌိတံ ဇာဝ-ဖြစ်ပေါ်သကဲ့သို့၊ မောဂ္ဂလ္လာန်၌လည်း သ္မာကို အာပြုသည်ပင်။

[ဆောင်] မနောဂဏာ, သ္မိံနာ၌, သ္မာကိုထည့်, အာပြုဘိ, နီတိမောဂ္ဂလ္လာန်ဆို။

၁၈၂။ အံကိုလည်း ဩပြု။ ။သဿ စော၌ စသဒ္ဒါကို အဝုတ္တသမုစ္စည်း ကြံ၍ အံကိုလည်း ဩပြု၍ "အာဒါနေ ကုရုတေ မနော=ယူခြင်း၌ စိတ်ကိုပြု၏၊ ကဿပဿ ဝစော သုတွာ=ကဿပ၏စကားကို ကြားရ၍ ၊တပေါ ဣဓ ပကြုဗ္ဗတိ=ဤလောက၌ အကျင့်ကိုပြု၏၊ ယသော လဒ္ဓါန မဇ္ဇေယျ=အခြံအရံကို ရ၍ မေ့လျော့ရာ၏" ဟု ပုံစံ ထုတ်၏၊ သဒ္ဒနီတိ၌ကား "အံ ဝစနဿော (အံ ဝစနဿ+ဩ)" ဟု သီးခြား သုတ်တည်သည်၊ဤသို့ အံကို ဩပြုရာ၌"ဗိလံ-ဗလံ"စသော မနောဂဏာဒိသဒ္ဒါစုနှင့်မဆိုင်၊

တေ သမော လောပေ

၁၇၃။ ဝိဘတ္တိလောပေ- ဝိဘတ်ချေခြင်းကို၊ ကတေ- ပြုအပ်ပြီးသော်၊ တေသံ မနောဂဏာဒီနံ-ဤ မနောဂဏာဒိ သဒ္ဒါတို့၏၊ အန္တော-အဆုံး သရသည်၊ ဩတ္တံ အာပဇ္ဇတေ၊ မနော မယံ-စိတ်ကြောင့်ဖြစ်၏၊ အယောမယံ-သံဖြင့် ပြုအပ်၏၊ တေဇောသမေန-မီးနှင့် တူသဖြင့်၊ တပေါဂုဏေန - အကျင့်ဂုဏ်ဖြင့်၊ သိရော ရုဟေန - ဦးခေါင်း၌ ပေါက်သော ဆံပင်ဖြင့်၊ အာဒိဂ္ဂဟဏံ သည်၊ ကိမတ္ထံ-နည်း၊ အဉ္ဉသံ-မနော ဂိုဏ်းမှ တပါးသော သဒ္ဒါတို့၏၊ အန္တော-အဆုံး သရသည်၊ ဩတ္တံ အာပဇ္ဇတေ၊ အာပေါသမေန- ရေနှင့် တူသဖြင့်၊ ဝါယော သမေန- လေနှင့် တူသဖြင့်၊ လောပေတိ-လောပေပုဒ်သည်၊ပေ၊ ပဒသာ၊ပုဒ်ဖြင့်၊ တပသာ၊ပေ၊မနသာ-ဖြင့်၊ ဣတိ-၏၊ စံ-ဤ့အတူ၊ အညေပိ-အခြား ပြယုဂ်တို့ကိုလည်း၊ ယောဇေတဗ္ဗာ- ကုန်၏။ (၄၀, ၃၀၆)။

---

အာပေါစသော မနောဂဏာဒိတို့နှင့်ကား ဆိုင်၏။ [အမျှဂ္ဂမနသောနရော-စသည်၌ ကား "သော" သုတ်ဖြင့်ပင် သိကို ဩပြုပြီးနောက် (သ) လာ၍ ပြီးလတ္တံ့။]

[ဆောင်] သဿစောသုတ်, စ သရုပ်ကို, အဝုတ်သမုစ္စည်း, ကြီးသောနည်းဖြင့်, အံလည်း ဩပြု, တနည်းပြု, ရှုလေ ပုံစံကို။

၁၇၃။ ဤသုတ်ကား နာမ်ပုဒ်ရိုးရိုး၌ စီရင်သောသုတ် မဟုတ်, သမာသ် တဒ္ဓိတ် အရာ၌ စီရင်သောသုတ်တည်း၊ ထို့ကြောင့် မနောမယံ၌ မနတည်, နာသက်, မနသာ- ဟု ပြီးစေ၊ မနသာ-စိတ်ကြောင့်၊ နိဗ္ဗတ္တံ-ဖြစ်၏၊ ဣတိအတ္ထေ-၌၊ တပ္ပကတိဝစနေ မယောသုတ်ဖြင့် မယပစ္စည်းသက်၊ တေသံ ဝိဘတ္တိယော လောပါစသုတ်ဖြင့် မနသာ၌ နာဝိဘတ်ကိုချေ၊ ပကတိစဿ သရန္တဿသုတ်ဖြင့် မနကို မနဟု ပကတိပြု (မနမယ)၊ တေသမော လောပေသုတ်ဖြင့် ဝိဘတ် ကြေပြီးသော် မန၏ အဆုံး အသရကို ဩပြု (မနောမယ) နာမ်ငဲ့, သိသက်, အံပြု, ပြီး၏၊ ဤသို့ တဒ္ဓိတ်အရာ၌ စီရင်သည်၊ အယော မယံလည်း "အယသာ" နောင် မယပစ္စည်းသက်၍-နည်းတူတွက်၊ "တေဇ+ သမ" တည်, တေဇနောင် နာသက် နေပြု, သမနောင် သိသက်, အံပြု "တေဇေန+ သမံ" ဟု သမာသ် ဝါကျဖြစ်၏၊ တတိယာ တပ္ပုရိသ် သမာသ်စပ်, သမာသ်မှည့်, ဝိဘတ်ချေ, ပကတိပြု (တေဇသမ)၊ ဤသုတ်ဖြင့် (နာဝိဘတ် ကြေပြီးသော်) တေဇ ၏အဆုံး အသရကို ဩပြု (တေဇောသမ) နာမ်ငဲ့, နာသက်, နေပြု, တေဇောသမေန ပြီး၏၊ ဤသို့ သမာသ်အရာ၌ စီရင်သည်၊ "တပေါဂုဏ-သိရောရုဟ" ဟူသော သမာသ်ရုပ်များကိုလည်း ရှု၍ တွေ့ရလတ္တံ့၊ ဤ၌ "တပဂုဏ, သိရရုဟ" တည်၍သာ တွက်နှင့်ဦး။

**အာဒိ၊ပေ၊ဝါယောသမေန**—ဤ၌ "အာဒိ" ဟူသည် လိုက်လာသော မနော ဂဏာဒိနံပုဒ်၏ အာဒိတည်း၊ ထိုအာဒိဖြင့် "အာပေါစ သရဒေါ ဝါယော, ရဇော ရဇ်တိ အာဒယော" ဟူသော မနောဂဏာဒိပုဒ်များကို ယူပါ-ဟူလို၊ "အာပသမ,

**သ သရေဝါ ဂမော** ၁၀၄။ ပရေ-သော၊ ဝိဘတ္တာဒေသေ-ဝိဘတ် အပြုဖြစ်သော၊ သရေ-ကြောင့်၊ ဧတေဟေ၀ မနောဂဏာဒီဟိ ၊ ဤ မနောဂဏာဒိသဒ္ဒါတို့မှပင်၊ (ပရသို-နောက်၌)၊ သ ကာရာဂမော ဝါ ဟောတိ၊ မနသာ-ဖြင့်၊ ဝစသာ-ဖြင့်၊ မနသိ-၌၊ ဝစသိ-၌၊ ဝါတိ ကိမတ္ထံ၊ မနေန-ဖြင့်၊ တေဇေန, ယသေန၊ ဣတိ-၏၊ သရေတိ ကိမတ္ထံ၊ မနော-သည်၊ တေဇော, ယသော၊ ဣတိ-၏၊ ပုန အာဒိဂ္ဂဟဏေန-အာဒိသဒ္ဒါပိုဖြင့်၊ ပရေ-

---

ဝါယသမ ဟု တည်၍ ဤသုတ်၌ အာဒိသဒ္ဒါဖြင့် အာပ (ဝါယ) ၏ အဆုံး အသရကို ဩပြု, နာမ်ငဲ့, နာသက်, နေပြု၊ ပဒသာ စသည်၌ကား ပဒတည်, နာသက်, ဧတေ သမာ လောပေသုတ်ဖြင့် ပဒ၏ အဆုံး အသရကို ဩ ပြုသင့်သော်လည်း နာဝိဘတ် မကြေသောကြောင့် မပြုရ၊ ၁၀၁ သုတ်ဖြင့် နာကို အာပြု၊ နောက်သုတ်ဖြင့် (သ်) လာ၊ တပသာစသည်လည်း နည်းတူ၊ "ဧဝမဒ္ဓေပိ" ၌ အဒ္ဓေပိအရ တွေ့ကရ အားလုံးကို မယူရ, မနောဂဏာဒိတွင် ပါဝင်သော ဝယ-တေဇ-စသည်ကိုသာ ယူရမည်၊ "ဝယသာ, တေဇသာ" စသည်ဖြင့် မနောဂဏာဒိပုဒ်များကို ယှဉ်စပ်ပါလေ-ဟူလို။

မှတ်ချက်။ ။"မနောဂဏာဒိတော သ္မိံနာန မိအာ-သသာဝေ" ၂ သုတ်ကို ထောက်၍ "နာဝိဘတ်၌ သာ အပြု, သ၌ သောအပြု, သ္မိံ၌ သိအပြု" ရှိခြင်းဟူသော လက္ခဏာ ၁ ပါး၊ သဃဝေသုတ်၌ ဝ သဒ္ဒါဖြင့် အံ ဝိဘတ်ကို ဩ ပြုသောကြောင့် "မနော ကုရုတေ, ဝစော သုတွာ" ကဲ့သို့ ကြိယာ၏ ကံအရာ၌ ဩ အက္ခရာ ရှိခြင်း လက္ခဏာ ၁ ပါး၊ ဧတေသမော လောပေသုတ်ကို ထောက်၍ "မနောမယံ, တေဇော သမေန" ကဲ့သို့ သမာသ် တဒ္ဓိတ်အလယ်၌ ဩအက္ခရာရှိခြင်း လက္ခဏာ ၁ ပါး၊ ဤသို့ အားဖြင့် မနောဂိုဏ်း၏ (ပုရိသ-စိတ္တ-ကညာဒိဂိုဏ်း တို့ထက်) ထူးခြားသော လက္ခဏာ ၃ ပါးကို မှတ်သားနိုင်ပြီ၊ လက္ခဏာ ၃ ပါးလုံး မညီဝဲ ၁ ပါးသာ ဖြစ်စေ ၂ ပါးသာဖြစ်စေ ညီလျှင် အာဒိဖြင့်ယူရသော "မနောဂဏာဒိ" ဟု မှတ်။

[ဆောင်] နာ-သ-သ္မိံဝိ, သာသော-သိဆုံး, ကြိယာ ကံ, ဩခံ ဝိကပ်, သမာသ် တဒ္ဓိ, လယ် ဩရှိ, တိဝိ မနောဂိုဏ်း လက္ခဏာ။

၁၀၄။ ဝိဘတ္တာဒေသေ ပရေ—"နာဝိဘတ်ကို အာပြု, သ္မိံကို ဣပြု, သဝိဘတ် ကို ဩပြု" ဤသို့စသော ဝိဘတ်ကိုပြု၍ဖြစ်သော သရကိုသာ ယူစေလိုသောကြောင့် "ဝိဘတ္တာဒေသေ" ဟု ထည့်၍ဖွင့်သည်၊ မနေန-စသည်၌ မနနောင် နာကို နေပြု၍ ဝိဘတ်အပြု သေရ နှောင်းသော်လည်း ဝါမြစ်သောကြောင့် (သ) မလာရ ဟု ဆိုလို ၏၊ မနော စသည်၌မူ သိကို ဩပြုလျှင် ဝိဘတ်အပြု သရနှောင်းမည် စိုးသောကြောင့် "မန" တည်, သိသက်, သ သရေဝါဂမော သုတ်ဖြင့် သ လာသင့်သော်လည်း သရ မနှောင်းသောကြောင့် မလာရ-ဟု တားမြစ်ပြီးမှ, သိကို ဩပြု၍ "မနော"ဟု တွက် ကြသည်၊ ဤသို့သာ တွက်ရလျှင် မနေန၌လည်း "မန+နာ" ဖြစ်ခိုက် "သရမနှောင်း သောကြောင့်" ဟု ဆိုရလိမ့်မည်၊ ထို့ကြောင့် "သရေတိ ကိမတ္ထံ၊ မနော" စသည်

သော၊ အညသို ပိ-ဝိဘတ်အပြုမှ တပါးလည်းဖြစ်သော၊ ပစ္စယေ-ပစ္စည်း သရကြောင့်၊ သကာရာဂမော ပောတိ၊ မာနသိကံ စိတ်၌ ဖြစ်သည်၊ ဝါစသိကံ-နှုတ်၌ ဖြစ်သည်။ (၉၆)။

---

ကို ချသင့်လည်း မဖွင့်, ယုတ္တိလည်း မရှိရကား စဉ်းစားသင့်သည်၊ [သရေတိ ကိမတ္တံ'' မပါဘဲ ''ယသေန-မနော တေဇော ယသော'' ဟု တဆက်တည်းရှိလျှင် သင့်ဖွယ်ရှိ၏၊] မနသာ-စသောသုတ်ရင်းပုံစံကို အခြေပြု ကြည့်၍ ရုပ်တွက်။

ပုန အာဒိ၊ ပေ၊ ဝါစသိကံ—ဤသုတ်၌ အာဒိ သဒ္ဒါကို ထပ်၍ မဆိုသောကြောင့် ''ပုနအာဒိဂ္ဂဟဏ'' ဟူသည် မနောဂဏာဒိတောသုတ်မှ လိုက်လာသော (ဤ၌ ''မနောဂဏာဒိဟိ'' ဟု ဖွင့်ရသော) အာဒိသဒ္ဒါပင်တည်း၊ အာဒိသဒ္ဒါ မပါဘဲ ''မနောဂဏတော (တေဟိ မနောဂဏေဟိ) ဟု ဆိုလျှင် မနောဂိုဏ်း သဒ္ဒါစုကို ယူနိုင်ပါလျက် အာဒိသဒ္ဒါ ပိုသည်ကို ''ပုန အာဒိဂ္ဂဟဏ'' ဟု ဝုတ္တိဆရာ ဆိုလေသည်၊ ထို အာဒိသဒ္ဒါပိုဖြင့် မာနသိကံ၌ ဝိဘတ်အပြု သရ မဟုတ်သော ပစ္စည်းသရကြောင့် သ-လာရခြင်း ဟူသော အနက်ပိုကို သိရသည်-ဟူလို၊ ''မနသာ'' နောင် ကတ အနက်၌ တမဓိတေသုတ်ဖြင့် ဏိကပစ္စည်းသက်, ဏ အနုဗန်ချေ, ဝိဘတ်ချေ, ''မန'' ဟု ပကတိပြု (မန-ဣက) ဤသုတ်၌ အာဒိသဒ္ဒါဖြင့် ပစ္စည်းသရကြောင့် (သ) လာ, နာမ်ငဲ့, သိ-အံပြု၊ ဝါစသိကံ၌လည်း ''ဝစသာ'' နောင် ဏိကသက်၊ ဤ၌ကား လွယ်အောင် ''မန+ဣက, ဝစ+ဣက'' တည်၍ တွက်ပါ။

ရူနှင့် နီတိ။ ။ရူပသိဒ္ဓိ၌ ''ဝိဘတ္တာဒေသေ''ဟု မပါ၊ မာနသိကံ စသည်၌ ဏိကမှ ဣသရနှောင်းရာ၌လည်း သုတ်ရင်းဖြင့်ပင် (သ) လာ၏၊ သဒ္ဒနီတိ၌လည်း ''မနောဂဏတော ဝိဘတ္တာဒေသေဝါ ပစ္စယေဝါ သရေ ပရေ'' ဟု သရေ အရ ဝိဘတ္တာဒေသ ဖြစ်သော သရနှင့် ဏိကပစ္စည်းမှ ဣသရ စသည်ကို ယူ၏၊ ထို့ကြောင့် ကစ္စည်းဝုတ္တိ၌ ''ဝိဘတ္တာဒေသေသရေ''ဟု ဝိဘတ္တာဒေသသရ တမျိုးကိုသာ ယူမိသောကြောင့် မာနသိကံ စသည်၌ အာဒိသဒ္ဒါဖြင့် ယူရလေသည်၊ အမှန်မှာ-ထို အာဒိသဒ္ဒါဖြင့် မနောဂဏတွင် ပါဝင်သောပုဒ်များကို ယူလိုရင်းမဟုတ်, ဗိလ-ပဒ စသည်ကိုသာ ယူလိုရင်းတည်း၊ ထို့ကြောင့် ဤသုတ်၌ ကစ္စည်းဝုတ္တိ ဖွင့်ပုံကို ဆင်ခြင်ကြပါကုန်။

အဗျဂ္ဂမနသောစသည်။ ။''အဗျဂ္ဂမနသော-မပျံ့လွင့်သော စိတ်ရှိသော၊ နရော-လူ'' စသည်၌ ''သဿစော'' သုတ်ဝယ် စသဒ္ဒါဖြင့် သိဝိဘတ်ကို ဩပြု, ဤသုတ်ဖြင့် သ-လာဟု ဆိုကြ၏၊ သို့သော် မောဂ္ဂလ္လာန်၌ ထိုကဲ့သို့ ရုပ်များကို သကတ္တ (သွတ္တ)၌ ဏ ပစ္စည်းသက်,ဏအနုဗန်ချေ,သ သရေဝါဂမော သုတ်မျိုးဖြင့် (သ်) လာ၍ ''အစေတသော-စိတ်မရှိသော၊ ပုတ္တော-သားသည်၊ ဇာတော-ဖွားပြီ'' ဟု ပုံစံထုတ်၏၊ ထို့ကြောင့် ''အဗျဂ္ဂံ (မပျံ့လွင့်သော) မနော ယဿ'' ဟု ဝိဂ္ဂဟပြု၍''အဗျဂ္ဂမနော'' ပြီးသော သမာသ်ပုဒ်နောင် သွတ္တအနက်၌ ဏ ပစ္စည်းသက်, ဤသုတ်ဖြင့် (သ်) လာလျှင် (အဗျဂ္ဂမနသ) နာမ်ငဲ့, ပုရိသာဒိဂိုဏ်း ရုပ်ဖြစ်၏၊ ''ထိရစေတသော-

**သန္တသဒ္ဒဿ သော ဘော, ဗော စန္တေ**

၁၀၅။ ပရေ ဘကာရေ သဗ္ဗဿ သန္တသဒ္ဒဿ သကာရဒေသော ဟောတိ၊ အန္တေ-စ- သ အပြု၏ အဆုံး၌လည်း၊ဗကာရာဂမော ဟောတိ၊သဗ္ဘိရေဝ-သူတော်ကောင်းတို့နှင့်သာ၊ သမာသေထ - ပေါင်းသင်း ဆက်ဆံရာ၏၊ သဗ္ဘိ-တို့နှင့်၊ သန္ထဝံ-ပေါင်းသင်းခြင်းကို၊ ကုဗ္ဗေထ-ပြုရာ၏၊ သတံ-သူတော်ကောင်းတို့၏၊ သဒ္ဓမ္မံ-သူတော်ကောင်းတရားကို၊ အညာယ-သိရလျှင်၊ သေယျော-ချီးမွမ်းအပ် မြတ်သူသည်၊ ဟောတိ-ဖြစ်နိုင်ပါ၏၊ ပါပိယော-အထူး ယုတ်မာသူသည်၊ န ဟောတိ-မဖြစ်နိုင်၊ သုစိတ္တာ-လှန်စွာ ဆန်းကြယ်ကုန်သော၊ ရာဇရထာ-မင်း၏ ရထားတို့သည်၊ ဝေ-စင်စစ်၊ ဇီရန္တိ-ဆွေးမြေ့ရကုန်၏၊ အထော-ထိုမှ၊ သရီရမ္ပိ-ကိုယ်သည်လည်း၊ ဇရံ-ဆွေးမြေ့ခြင်းသို့၊ ဥပေတိ-ကပ်ရောက်ရ၏၊ သတံ-သူတော်ကောင်းတို့၏၊ ဓမ္မော စ-တရားသည်ကား၊ ဇရံ-သို့၊ န ဥပေတိ-မရောက်နိုင်၊ သန္တော- သူတော်ကောင်းတို့သည်၊ သဗ္ဘိ-သူတော်ကောင်းတို့နှင့်တကွ၊ ဟဝေ-စင်စစ်၊ ပဝေဒယန္တိ-ဝမ်းမြောက် နှစ်လို ပြောဆိုကြကုန်၏၊ သဗ္ဘူတော-သူတော်ကောင်းဖြစ်၍ ဖြစ်သူ၊သဗ္ဘာဝေါ-ထင်ရှားရှိသည်၏အဖြစ်၊ ဘောတိ - ဘောပုဒ်သည်၊ပေ၊ သန္တေဟိ - တို့သည်၊ ဘဂဝါ - မြတ်စွာဘုရားကို၊ ပူဇိတော-ပူဇော်အပ်ပြီ၊ ဉာတိ-၏၊ စဂ္ဂဟဏံ-သည်၊ ကွစိ-အချို့အရာ၌-သကာရဿေဝ-သ အပြု၏သာ၊ ပသိဒ္ဓတ္ထံ-ပြီးခြင်း အကျိုးရှိ၏၊ သက္ကာရော-သူတော်ကောင်းတို့ ပြုအပ်သော ပူဇော်ဖွယ်၊ သက္ကတော-သူတော်ကောင်းတို့ ပြုအပ်သော အမှု။ (၁၁၂)။

---

နိုင်မြဲသော စိတ်ရှိသူ''၊ ''သဒ္ဒေယျဝစသာ-ယုံကြည်ထိုက်သော စကားရှိသောမိန်းမ'' ကား ကညာဒိဂိုဏ်းတည်း။

၁၀၅။ သုတ်အဓိပ္ပာယ်ကို အခြေပြုအတိုင်း သိ၊ သဗ္ဘိရေဝ၊ပေ၊နပါပိယော''ကို (ဂါထာအဓိပ္ပာယ်က မှတ်သားဖွယ်ကောင်းလှ၍) တဂါထာလုံး ထုတ်ပြထားသည်၊ ပုံစံ ပြလိုရင်းမှာ ''သဗ္ဘိ'' သာတည်း၊ ''ဇီရန္တိ၊ပေ၊ပဝေဒယန္တိ'' လည်း ထို့အတူ မှတ်သားဖွယ် ကောင်းသောကြောင့် တဂါထာလုံး ထုတ်ပြထားခြင်းတည်း၊ ''သဗ္ဘိ'' သာ ပုံစံထုတ်လိုရင်းဖြစ်သည်၊ ရုပ်ကို အခြေပြုအတိုင်းတွက်၊ [သဗ္ဘိရေဝကို ''သဗ္ဘိ+ ဧဝ'' ဟု ပုဒ်ဖြတ်, ယ ဝ မ ဒ န သုတ်ဖြင့် (ရ်) လာ၊] ''သန္တော-ထင်ရှားရှိသည်၊ ဟုတ္ဝာ-ဖြစ်၍၊ ဘူတော-ဖြစ်သူတည်း'' ဟူသော ဝိဂ္ဂဟ်အရ ''သန္တဘူတ'' ဟု သမာသ်ပုဒ် ဖြစ်သည့်အခါ၌လည်းကောင်း, ''သန္တဿ-ထင်ရှားရှိသော ဝတ္ထု၏+ ဘာဝေါ-အဖြစ်တည်း'' ဟူသော ဝိဂ္ဂဟ်အရ ''သန္တ+ဘာဝ'' ဟု သမာသ်ပုဒ် ဖြစ်သည့်အခါ၌ လည်းကောင်း, ဤသုတ်ဖြင့် သန္တကို သပြု၍ (သ အပြု၏ အဆုံး၌)

ဗလာ, သဗ္ဗညုတ, သဗ္ဗာဝ-ဟု ဖြစ်၏၊ နာမ်ငဲ့, သိကို ဩပြုလေ၊ သဗ္ဗေဟိ၌ကား ဘ မနှောင်းသောကြောင့် သဗ္ဗကို သ မပြုရ။

စဂ္ဂဟဏံ၊ပေ၊သဏ္ဍတော "သကာရဿေဝ" ၌ ဧဝဖြင့် (ဗ) လာခြင်းကို ကန့်ကွက်သည်၊ သဗ္ဗကိုသာ သပြု, (ဗ) မလာနှင့်-ဟူလို၊ "ဘေစ" ၌ စသဒ္ဒါသည် (ဘ ကြောင့်လည်း (သ) ပြု-ဟု ဆိုသဖြင့် ဘ မနှောင်းပဲလည်း သပြုဟု ဆည်းခြင်း) အဝုတ္တသမုစ္စည်း အနက်ရှိ၏။ [ဗောစ၌ (စ) ကား ရှေ့ဝါကျ၌ရှိသော ယ အပြုဝယ် (ဗ) လာမှုကို ပေါင်းသော သမ္ပိဏ္ဍန ရိုးရာသာတည်း၊] သဗ္ဗေဟိ-သူတော်ကောင်းတို့သည်၊ ကာရော-ပြုအပ်သော ပူဇော်ဖွယ်တည်း၊ သက္ကရော-ဖွယ်၊ ဤဝိဂ္ဂြိုဟ်အရ "သဗ္ဗကာရ" ဟု သမာသ်ပြီးရာ အခါ၌လည်းကောင်း, "သဗ္ဗေဟိ+ကတော" ဟူသော ဝိဂ္ဂြိုဟ်အရ "သဗ္ဗကတ" ဟု သမာသ်ပြီးရာအခါ၌လည်းကောင်း, ဤသုတ်၌ စသဒ္ဒါဖြင့် သဗ္ဗကို သပြု, "သဗ္ဗကိုပြု, သ ဗျည်းစုနောက်, ဒွေးဘော်ရောက်၏" နှင့် အညီ, ပရဒွေဘာဝေါဖြင့် (က်) လာ, နာမ်ငဲ့, သိကို ဩပြု, ပြီး၏၊ "သဗ္ဗော-သူတော်ကောင်းဖြစ်သော+ပုရိသော-ယောကျာ်းတည်း၊ သပ္ပုရိသော-ကျား"၌လည်း နည်းတူ။ ["သမ္မာ+ကာရော-ကောင်းစွာပြုခြင်း ရှိသေခြင်း၊ သမ္မာ+ကတော-ကောင်းစွာပြုအပ်၏" ဟု ဝိဂ္ဂြိုဟ်ပြုရာ၌ကား "သံ+ကာရ, သံ+ကတ" ဟု တည်၍ နိဂ္ဂဟီတ်ချေ, ဒွေဘော်လာရသည်၊ ဤသုတ်နှင့် မဆိုင်။]

**သဒ္ဒနီတိ။** ။သဒ္ဒနီတိနာမ် (၁၀၉) သုတ်၌ သိ စသော ဝိဘတ်အားလုံး ကြောင့် သဗ္ဗသဒ္ဒါကို သဗ္ဗိပြု၍ "သဗ္ဗိ-သဗ္ဗိ, သဗ္ဗယော၊ ဘောသဗ္ဗိ-ဘောသဗ္ဗော သဗ္ဗိ, သဗ္ဗယော-သဗ္ဗိံ-သဗ္ဗိ, သဗ္ဗယော၊ သဗ္ဗိနာ" စသော ပုလ္လိင်ရုပ်များကို ပြသေး၏၊ (ဣတ္ထိလိင်ဖြစ်မူ "သဗ္ဗိယော, သဗ္ဗိယာ" စသည် ဖြစ်သင့်လတ္တံ့၊) ဤ ရုပ်စဉ်ကိုကြည့်လျှင် တတိယာ ပဉ္စမီ ဗဟုဝုစ် သဗ္ဗိရုပ်အပြင် အာလုပ်ပဌမာ ဧကဝုစ် ဖြစ်သော သဗ္ဗိရုပ်များကိုလည်း သိရပြန်သည်။

[ဆောင်] အာလုပ် ပဌမာ, တတိယာ ပဉ္စမီ, ဤလေးဝိ၌, သဗ္ဗိရှိကြောင်း, နီတိလောင်း, အပေါင်း မှတ်ကြဖွယ်။

[သမာသ်တွင်း၌ "အသဗ္ဘိရူပေါ-မသူတော်၏ သဘောရှိသူ (မသူတော်၏ အဖြစ်ဟူသော သဘောရှိသူ)" ဟူသော ရုပ်ကိုလည်း ထုတ်ပြသေး၏၊ မောဂ္ဂလ္လာန် နိဿယသစ်၌ကား "အသဗ္ဘရူပေါ- လူကြီးလူကောင်း မဟုတ်-လူယုတ်မာတို့၏ သဘောရှိသူ" ဟု ပါ၌မှန်ဖြစ်သင့်ကြောင်း မိန့်၏၊] "သဘာယံ-ပွဲထိုင်အခမ်းအနား, အစည်းအဝေး စသည်၌+သာဓု-ကောင်းသူ, အသုံးကျသူသည်၊ သဗ္ဘော-မည်၏" ဂုဏ်သရေရှိသူ လူကြီးလူကောင်းတည်း၊ ထို့ပြင်-သီဒေတိ-နှစ်မြုပ်စေတတ် ၏၊ ဣတိ, သဒေါ-မည်၏၊ ကိလေသာရစေ၊ သဒေ-နှစ်မြုပ်စေတတ်သော ကိလေ သာတို့ကို၊ ဘိန္ဒတိ–ဖျက်ဆီးတတ်၏၊ ဣတိ, သဗ္ဗိ-မည်၏၊ နိဗ္ဗာန် ရစေ၊ ဤသို့ သဒ သဒ္ဒူပပဒ ဘိဒဓာတ်, ကွိချေ, (သဒ ဘိ) တေသုဝုဒ္ဓိသုတ်ဖြင့် ဒ ချေ, ဒွေဘော်လာ "သဗ္ဘိ"ဟု သဒ္ဒနီတိ၌ တနည်းပြသေး၏။

**သိမှိ ဂစ္ဆန္တာဒီနံ န္တ သဒ္ဒေါအံ**

၁၀၆။ [သုတ်နက်အတိုင်း ဝုတ္တိပေး၊] ဂစ္ဆံ, ဂစ္ဆန္တော-သွားသူသည်၊ မဟံ, မဟန္တော-မြတ်သူသည်၊ စရံ, စရန္တော-လှည့်လည်သူသည်၊ ခါဒံ, ခါဒန္တော-ခဲသူသည်၊ ဂစ္ဆန္တာဒီနမိတိ - ဂစ္ဆန္တာဒီနံပုဒ်သည်၊ပေ၊ အဝန္တော - အဆုံးသည်၊ ဝါ - ကျင်နာသည်၊ ဒန္တော-ယဉ်ကျေးသည်၊ ဝန္တော-အန်ဖတ် (ပျို့အန်ထားသော အစာ) သည်၊ သန္တော-ငြိမ်သက်သည်၊ ဣတိ-၏။ (၁၀၇)။

---

၁၀၆။ **ဂစ္ဆန္တာဒီနံ**—ဂစ္ဆန္တာဒိ၌ အတူ အနက်ဟော အာဒိသဒ္ဒါဖြင့် ဂစ္ဆနှင့် ရုပ်ပြီးပုံချင်းတူသော သဒ္ဒါစုကို ယူ၊ များသောအားဖြင့် "အန္တ" ပစ္စည်း အဆုံးရှိသော သဒ္ဒါအပေါင်းသည် "ဂစ္ဆန္တာဒိဂိုဏ်း" မည်၏။ [သူတော်ကောင်း အနက်ဟော "သန္တ" သဒ္ဒါကား အန္တပစ္စည်း မဟုတ်, သမုခေတ်, တပစ္စည်းဖြစ်လျက် ဂစ္ဆန္တာဒိဂိုဏ်းဝင်ဖြစ်သောကြောင့် 'များသောအားဖြင့်" ဟု ဆိုသည်၊] ထို ဂစ္ဆန္တာဒိသဒ္ဒါစု၏ န္တကို သိနှောင်းရာ၌ ဝိကပ် အံပြု၍ "ဂစ္ဆံ, မဟံ" စသည်ဖြစ်၏၊ ဝါမြစ်၍ အံ မပြုရာ၌ ဂစ္ဆန္တတည်, သိကို ဩပြု၍ "ဂစ္ဆန္တော, မဟန္တော" စသည်ဖြစ်၏၊ ရုပ်တွက်ပါ။

**ဂစ္ဆန္တာဒီနမိတိ၊ပေ၊သန္တော**—"အမခေတ်, ဒမုခေတ်, ဝမုခေတ်, သမုခေတ်, တပစ္စည်း, ဂမ ခန ဟနာဒီနံ တုံ တဗ္ဗာဒီသုနသုတ်ဖြင့် ခေတွန် (မ်) ကို (န်) ပြု၍ ပြီးသော "အန္တော" စသည်ကား ဂစ္ဆန္တာဒိမဟုတ် (ပုရိသာဒိ ဖြစ်သောကြောင့် န္တကို အံ မပြုရ, သိ-ဩ ပြုရုံသာ။ [သူတော်ကောင်းဟော "သန္တ" နှင့် ငြိမ်သက်သူ သာမန်ဟောသော ဤ သန္တသည် ခေတ်ပစ္စည်းချင်းတူသော်လည်း သူတော်ကောင်း အနက်ကို ဟောရာ၌ "သူတော်ကောင်း" ဟူသော နာမည်ပညတ် ဖြစ်သည် ပဓာန ဖြစ်၏၊ "ငြိမ်သက်" ဟူသော အနက်ကို ဟောရာ၌ ငြိမ်သက်ခြင်းကြိယာသည် ပဓာန ဖြစ်၏၊ ထို့ကြောင့် သန္တသဒ္ဒါတခုတည်းပင် နာမည်ပညတ်ကိုဟောရာ၌ ဂစ္ဆန္တာဒိဂိုဏ်းဖြစ်၍ ကြိယာကို အကြောင်းပြု၍ ငြိမ်သက်သူသာမန် ဟောရာ၌ ပုရိသာဒိဂိုဏ်း-ဟု မှတ်၊ ထို့ကြောင့် သဒ္ဒနီတိ၌ "ပညတ္တိယံ သန္တဿ န္တော သိမှိ" ဟု သုတ်တည်လေသည်။]

**ဇူတ္တိလိင်၌ အံပြုပုံ။** ။သာ-ထိုသူမသည်၊ ဇာနံ-သိလျက်၊ "နဇာနာမိတိ-မသိပါဟူ၍" ဝေံ-ဤသို့၊ အာဟ-ပြော၏၊ သာ ပဿံ ဝေမာဟ-န ပဿာမိတိ၊ ဤ၌ "ဇာနံ, ပဿံ" တို့သည် သာနှင့် အရတူသော ပဌမန္တ ဇူတ္တိလိင်ပုဒ်များတည်း၊ ထို့ကြောင့် ဇူတ္တိလိင် သိနှောင်းရာ၌လည်း န္တကို အံပြုဟု သဒ္ဒနီတိ မိန့်၏၊ "ယာ ပန ဘိက္ခုနီ ဇာနံ စောရိံ၊ပေ၊ဝုဋ္ဌာပေယျ" ဟူသော ဘိက္ခုနီ သံဃာဒိသေသ် စသည်၌လည်း နည်းတူ။ [ထိပိယံ ဝါ (နီတိသုတ်)။] သို့သော် ဤဇာနံ ပဿံတို့၌ ဇူတ္တိဇောတက (ဤ) ပစ္စည်း မသက်ရသောကြောင့် ဇူတ္တိလိင်မှ ပုလ္လိင်ပြန်သော လိင်္ဂဝိပလ္လာသ-ဟု ကြံလျှင် သာ၍ သင့်မည်။

**ပဌမာယောကြောင့် အံပြုပုံ။** ။သဒ္ဒနီတိ၌ ပဌမာယောကြောင့် န္တကို အံပြုဖို့ရန် "အထဝါ ပုမေ ယော ပဌမေ" ဟု သုတ်တည်ပြန်၏၊ အပိန္နတုမှေ အာယသ္မန္တော

သေသေသု ၁၀၇။ သေသေသု-သိမှ ကြွင်းကုန်သော၊ ဝိဘတ္တိပစ္စယေသု-
ဣ၊ဝ တို့ကြောင့်၊ ဂစ္ဆန္တာဒီနံ-ဂစ္ဆန္တာဒိဂိုဏ်းသဒ္ဒါတို့၏၊ န္တသဒ္ဒေါ-
ကို၊ န္တုပစ္စယော၀-ကိုကဲ့သို့၊ ဒဋ္ဌဗ္ဗော-မှတ်ထိုက်၏၊ ဂစ္ဆတော-
သွားသူအား,၏၊ ဂစ္ဆတိ-၌၊ မဟတော-ကြီးသူအား,၏၊ မဟတိ-၌၊ ဂစ္ဆတာ-
ဖြင့်၊ မဟတာ-ဖြင့်၊ သေသေသူတိ-သေသေသု ပုဒ်သည်၊ပေ၊ ဂစ္ဆံ-သွားသူ
သည်၊ပေ၊ စရံ-လှည့်လည်သူသည်၊ ခါဒံ-ခဲသူသည်၊ ဣတိ-၏။ (၁၀၇)။

---

ဇာနံ ပဿံ ဝိဟရထ၊ ဤ၌ "ဇာနံ, ပဿံ" တို့သည် တုမ္ဟေနှင့် အရတူသော ပဌမာ ဗဟုဝစနန္တပုဒ်တို့တည်း၊ သို့ဖြစ်၍ ပုလ္လိင်အရာဝယ် ပဌမာယော နောင်းရာ၌ (ကစ္စည်းသုတ်ဖြင့် ပြုလိုလျှင်) သိမှိကို ဖြုတ်၍ "ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါအံ" ဟူသော ဋီကာကရဏ ယောဂဝိဘာဂဖြင့် န္တကို အံပြု၊ သဗ္ဗာသမာဝုသော သုတ်၌ အာဒိသဒ္ဒါ ဖြင့် ယောကိုချေ-ဟု စီရင်၊ "ခေတ္တံ ကသံ ဗီဇံ ဝပံ, ဓနံ ဝိန္ဒန္တိ မာဏဝါ" ဟူသော ပဋ္ဌာစာရာထေရီ ဂါထာ၌ "ကသံ ဝပံ" တို့၌လည်း နည်းတူ။ [ဤ၌လည်း ဗဟုဝုစ် "ကသန္တာ" စသည်မှ ဧကဝုစ်ပြန်နေသော ဝစနဝိပလ္လာသ-ဟု ကြံရလျှင် သင့်မည် ထင်သည်။]

[ဆောင်] ဇူတ္တိလိင်, သိဝစနနှင့်, ပုမလိင်္ဂေါ်, ပဌမာယောကြောင့်, ချို့သော (န္တ) အံပြုရဟု, သဒ္ဒနီတိ, အမှန်ရှိလည်း, ဝိပလ္လာသ, ကြံလိုက်ရလျှင်, အားလုံးပင်, အဆင်ပြေတော့သည်။

၁၀၇။ **သေသေသု န္တုဝ**—"သေသေသု"၌ သေသ၏ အပေါဒါန်ကို ရှေ့သုတ်၌ ဆိုခဲ့ပြီးသော သိ ဝိဘတ်ကို ခံရသည်၊ ထို့ကြောင့် "သိမှ+ကြွင်း" ဟု ဆိုသည်၊ "န္တကို န္တုကဲ့သို့ မှတ်" ဟူရာ၌ "န္တကို န္တုကဲ့သို့ငဲ့" ဟု ဆိုလိုသည်၊ န္တုကဲ့သို့ ငဲ့ရာ၌ တကယ့်ကို "န္တု" ဖြစ်သွားသည် မဟုတ်, န္တ နောင်းသော်လည်း န္တု နောင်းရာ၌ စီရင်သလို စီရင်ပါ-ဟု စီရင်ဖို့ရာ ညွှန်ပြသော ကာရိယာတိဒေသသုတ်တည်း၊ အကျယ် ကို ရူပသိဒ္ဓိ ဘာသာဋီကာ၌ ပြထားပြီ၊ အတိဒေသ ၆ မျိုးကို ရူပသိဒ္ဓိ (အမှ တုမှ န္တု" စသောသုတ်) မှာ ရှု။

**သေသေသု ဝိဘတ္တိပစ္စယေသု**—ဤ ကစ္စည်းဝုတ္တိ၌ သိမှ ကြွင်းသော ဝိဘတ် အားလုံးကို ယူထားသောကြောင့် ပဌမာယောဖြင့် ဂုဏဝန္တောကဲ့သို့ ဂစ္ဆန္တောရုပ်, အံဖြင့် သတိမံကဲ့ကို ဂစ္ဆံရုပ်စသည်လည်း ရှိနိုင်၏-ဟု သိသာ၏၊ ပစ္စည်းနောင်းရာ၌ န္တုငဲ့ပုံကို "န္တုဿတ မီကာရေ" သုတ်၌ "မဟတီ" ဟု တွေ့ရလတ္တံ့၊ သဒ္ဒနီတိ၌ ကား- "ဂစ္ဆန္တော မဟန္တော စရန္တော" စသော ပဌမာ ဗဟုဝုစ်ရုပ်ကို ပါဠိ၌ မတွေ့ ရ-ဟု မိန့်၍, ပဌမာယောဖြင့်"အရဟန္တော, ဘဝန္တော, သန္တော, အာယသ္မန္တော" တို့လောက်သာ ရှိနိုင်ကြောင်းကို ထုတ်ပြသည်၊ အံ ဝိဘတ်ဖြင့်ကား သန္တသဒ္ဒါ၌သာ သတိမံကဲ့သို့ "သံ-သူတော်ကောင်းကို" ဟု ရုပ်ရှိကြောင်း မိန့်သည်၊ ယံယံ ဟိ ရာဇ

ပြဟ္မတ္တ၊ပေ၊ အမဒါနံ

၁၇၇။ ပြဟ္မ အတ္တ သခ ရာဇ ဣစ္စေဝမာဒိတော-ပြဟ္မ, အတ္တ, သခ,ရာဇ အစရှိသော သဒ္ဒါတို့မှ၊ (ပရသ) အံ ဝစနဿ အာနံ ဝါ ဟောတိ၊ ပြဟ္မာနံ, ပြဟ္မံ-ဗြဟ္မာကို၊ အတ္တာနံ, အတ္တံ-အတ္တကို၊ သခါနံ, သခံ-မိတ်ဆွေကို၊ ရာဇာနံ, ရာဇံ-မင်းကို၊ အမိတိ-အံပုဒ်သည်၊ပေ၊ ရာဇာ-သည်၊ ဣတိ-၏။ (၁၁၅)။

သျ၂၀

၁၇၈။ [ဤသုတ်၌ အားလုံး ထင်ရှားပြီ၊ စ သဒ္ဒါကို (ပြဟ္မတ္တ သခ ရာဇ စသည်တို့နောင် အံ ဝိဘတ်၏ အာနံ အပြုပေါ်၌ သိ ဝိဘတ်၏ အာ အပြုကို ပေါင်းသော) သမ္ပိဏ္ဍနအနက် ရှိ၏-ဟု ကြံသင့်၏၊ ပြဟ္မတ္တ စသည်တို့က နောက်သုတ်သို့လည်း လိုက်သောကြောင့် အနုကဍ္ဎနကား မဟုတ်နိုင်၊ ရှေးဆရာတို့ကား ဝါစာသိလိဋ္ဌ (စကားပြေပြစ်ရုံ ထည့်အပ်သည်) ဟုလည်းကောင်း, ရှေ့သုတ်မှ ဝါသဒ္ဒါကို နစ်စေသော နိဝတ္တနတ္တ ဟု လည်းကောင်း မိန့်ကြသေး၏၊ ထို နိဝတ္တနတ္တ စ သဒ္ဒါဖြင့် ဤသုတ်က သိကို အာ ပြုခြင်းသည် မြဲ၏-ဟု သိစေလိုသတဲ့။] (၁၁၃)။

---

ဘဇတိ, သန္တံ ယဒိဝါ အသံ=မင်းမြတ်....သူတော်ကောင်းမူလည်းဖြစ်သော-သို့မဟုတ် သူယုတ်မာမူလည်းဖြစ်သော အကြင်အကြင်သူ့ကို ဆည်းကပ်၏၊ (ဝီသတိ-သတ္တိဂုမ္ဗဇာတ်)၊ ဤ၌ "အသံ" ဟု ရှိသဖြင့် "သံ" ဟုလည်း ရှိသင့်သည်—ဟူလို။

**မှတ်ချက်။** ။"န္တကို န္တုကဲ့သို့ငဲ့" ဟူရာ၌ မငဲ့လျှင် ရုပ်မပြီးနိုင်သော ရုပ်များ၌သာ ငဲ့ရမည်၊ "ဂစ္ဆန္တဿ" ကဲ့သို့ ဂစ္ဆန္တတည်, သသက်, (သ်) လာရုံဖြင့် ပြီးသော ရုပ်များ၌ "န္တဿသေဝါ" သုတ်ဖြင့် စီရင်လို၍ န္တကို န္တုကဲ့သို့ ငဲ့ခြင်းဖြင့် ကျေးဇူး မများသည့်ပြင် ရုပ်ထွေးသော အပြစ်ပင် မကင်းချေ၊ ဂစ္ဆတောစသော ရုပ်များကို အခြေပြု ကြည့် တွက်။

၂၇၇။ **ရာဇာဒိတော**—အာဒိဖြင့် "အာတုမ" သဒ္ဒါကိုသာ ယူမှိုးရှိသော်လည်း ရူပသိဒ္ဓိ (သျှ၁၀-သုတ်) ၌ "အာဒိသဒ္ဒေန အာတုမာဒိသဒ္ဒတော စ" ဟု အာဒိဖြင့် ပြသောကြောင့် အာတုမသဒ္ဒါသာ မက, အခြား သဒ္ဒါများကိုလည်း ယူစေလို၏၊ ထို့ကြောင့် အာတုမသဒ္ဒါ အပြင် သိကို အာပြု၍လည်းကောင်း, အံကို အာနံပြု၍ လည်းကောင်း, ဤသို့ စသည်ဖြင့် ရာဇာဒိဂိုဏ်း၌ တစိတ်တပိုင်းဝင်နိုင်သော "အဒ္ဓာ-ကျောက်ခဲ၊ ဘေဒ္ဓာ-ကြောက်ဖွယ်" စသည်ကိုပါ ယူ။ [မောဂ္ဂလ္လာန်၌ကား "ရာဇာဒိ ယုဝါဒိတ္တာ" ဟု သုတ်တည်၍ ယုဝ စသော သဒ္ဒါကိုလည်း ရာဇာဒိဂိုဏ်းကို စီရင်သော သုတ်များဖြင့် အာ-အာနံစသည်ကို ပြု၏၊ သို့ဖြစ်လျှင် "အဒ္ဓါနံ-အဓွန့်ကို" စသည်ကိုလည်း ဤသုတ်ဖြင့် စီရင်နိုင်ဖွယ် ရှိ၏၊ သို့သော် ကစ္စည်းဝုတ္တိနှင့် ရူပသိဒ္ဓိ တို့၌ကား ဟိ ဝိဘတ္တိမှိစ၏ စသဒ္ဒါဖြင့် အာနပြု၍ မဃဝါနော ယုဝါနော စသည်ကို ပြီးစေကြသည်။]

**ယောနမာနော** ၁၉၀။ [လွယ်ပြီ။] မောဂ္ဂလ္လာန်၌ "ရာဇာနော" အပြင် "ရာဇာ-မင်းတို့သည်၊ ရာဇေ-တို့ကို" ဟူသော ရုပ်ကိုလည်း ကောင်း, ထို နိဿယသစ်၌ သုတ်ကြီးဖြင့် ယောကို ဣနော ပြု၍ "ရာဇိနော-တို့သည်, တို့ကို"ဟု လည်းကောင်း ပြသေး၏၊ "သမန္တပါသာဒိကာ နာမ, ယောဋ္ဌသာ သိံသု ရာဇိနော" (တိပုပ္ဖိယထေရာပဒါန်) စသည်ကား ပုံစံ။ (၁၁၄)။

**သခတောစာယောနော** ၁၉၁။ တသ္မာ သခတောစ-ထို သခသဒ္ဒါမှလည်း၊ ၊ပေ၊ သခါယော, သခိနော-တို့သည်၊ ယောနမိတိ-ယောနံပုဒ်သည်၊ပေ၊ သခါ-သည်၊ [သခတောစ၌ စ ဖြင့် ရှေ့သုတ်မှ "ယောနံ" ပုဒ်ကို ငင်၏၊ မောဂ္ဂလ္လာန်၌ကား "သခါ-တို့သည်၊ သခေ-တို့ကို"ဟူသော ဝိကပ်ရုပ်ကိုလည်း ပြသေး၏။] (၁၃၀)။

**သ္မိံမေ** ၁၉၂။ ဤသုတ် မရှိလျှင် သ္မာသ္မိံနံဝါ သုတ်ဖြင့် "သခ"ဟူသော အကာရန္တဒနောင် သ္မိံကို ဧ ပြုနိုင်၏၊ ထို့ကြောင့် "သိဒ္ဓေ သတိပိ အာရမ္ဘော နိယမာယဝါ ဟောတိ"စသော ပရိဘာသာနှင့်အညီ ဤသုတ်ကို ဆိုခြင်းသည် သခနောင် သ္မိံကို အမြဲ ဧ ပြု၍ "သခေ"ဟူသာ ရှိစေ, "သခသ္မိံ, သခမှိ"ဟု မရှိစေရ-ဟု သိစေရခြင်း အကျိုးရှိ၏၊ ထို့ကြောင့် "နိစ္စတ္ထော ယမာရမ္ဘော"ဟု ရူပသိဒ္ဓိ၌ မိန့်သည်။] (၁၃၅)။

**ဗြဟ္မတော ဂဿစ** ၁၉၃။ [လွယ်ပြီ။] စ သဒ္ဒါဖြင့် ရှေ့သုတ်မှ ဧ သဒ္ဒါကို ငင်သည်၊ ထိုသို့ ငင်သဖြင့် နောက်သုတ်သို့ ဧ သဒ္ဒါ မလိုက်တော့-ဟု သိစေရကျိုး ရှိ၏၊ "ဟေ ဗြဟ္မေ-အို ဗြဟ္မာ"ဟု ဗြဟ္မာကို ခေါ်ရာ၌ အာလုပ်အနက် ထင်ရှားဖို့ရာ "ဟေ"နိပါတ်ကို သုံးစွဲထား၏၊ ထို့ကြောင့် "ဟေ"ကို မလေးမစားခေါ်ရာ၌သာ သုံးစွဲသည် မဟုတ်, လေးစားလောက်သူကို ခေါ်ရာ၌လည်း သုံးစွဲသည်-ဟု မှတ်။ (၁၂၂)။

**သခန္တဿိ နောနာနံသေသု** ၁၉၄။ နောနာနံသ ဣတိ-နော, နာ, နံ, သ ဟူကုန်သော၊ ဧတေသု-ဤသဒ္ဒါတို့ကြောင့်၊ တဿ သခန္တဿ-ထို သခ သဒ္ဒါ၏ အဆုံး သရ၏၊ ဣကာရော ဟောတိ၊ သခိနော-တို့သည်, တို့ကို၊ သခိနာ-ဖြင့်၊ သခီနံ-တို့အား, တို့၏၊ သခိဿ-အား, ၏၊ ဧတေသွိတိ-ဤ နော, နာ, နံ, သ တို့ကြောင့် ဟူသည်၊ပေ၊ သခါရေဟိ-တို့ဖြင့်၊ ဣတိ-၏။ (၁၃၁)။....[ရုပ်ကို အခြေပြု၍ရှု၊ ကိံရုပ်ကို ဤသုတ်ဖြင့် မြစ်၍, နောက်သုတ်ဖြင့် စီရင်။]

**အာရောဟိ မို့ဝါ** ၁၉၅။ ဟိမှိ ဝိဘတ္တိမှိ-ကြောင့်၊ပေ၊ အာရော-အာရ အပြု သည်၊ ဝါ ဟောတိ၊ သခါရေဟိ, သခေဟိ-တို့ဖြင့်, တို့မှ၊ (၁၃၄)။ [သခါရေဟိကို အခြေပြုကြည့်၊ သခေဟိကား ဝိကပ်ရုပ်တည်း၊ ဝါသဒ္ဒါမြစ်သောကြောင့် အာရ မပြုရ-ဟု ဆို၍ ပုရိသေဟိ ကဲ့သို့တွက်၊ "အာရော"ဟူသော ယောဂဝိဘာဂဖြင့် သွာကြောင့်လည်း အာရပြု၍ "သခါရမှာ"ဟု ဖြစ်၏၊ "တောဒိသာ သခါရမှာ, အာရကာ ပရိဝဇ္ဇယေ" (နဝက နိပါတ်, ပူတိမံသဇာတ်။]

**သုနမံသုဝါ** ၁၉၆။ သုနံ အံ ဣတိ-သု, နံ, အံ ဟူကုန်သော၊ ဧတေသု-ဤ ဝိဘတ်တို့ကြောင့်၊ တဿ သခန္တဿ-၏၊ အာရော, ဝါ ဟောတိ၊ သခါရေသု, သခေသု-တို့၌၊ သခါရာနံ, သခီနံ-တို့အား၊ သခါရံ, သခံ-ကို။ (၁၃၃)။ [ရုပ်ကို အခြေပြုကြည့်၊ သခေသု, သခီနံ, သခံတို့ကား ဝိကပ်ရုပ် များတည်း၊ သခီနံကို ၁၉၄ သုတ်ဖြင့်တွက်၊ ရှေ့သုတ်၌ ဝါရှိလျက် ဤသုတ်၌ ဝါကို ထပ်၍ ဆိုခြင်းသည် နောက်သုတ်သို့ ဝါမလိုက်ရ-ဟု သိစေရခြင်း အကျိုးရှိ၏။]

**ဗြဟ္မတောတု သ္မိံနိ** ၁၉၇။ တသ္မာ ဗြဟ္မတော၊ပေ၊ ဗြဟ္မနိ-၌၊ တုဂ္ဂဟဏေန-ဖြင့်၊ အဗြဟ္မတောပိ-ဗြဟ္မ မဟုတ်သော သဒ္ဒါမှလည်း၊ (ပရဿ) သ္မိံဝစနဿ-၏၊ နိ-နိ အပြုသည်၊ ဟောတိ၊ ကမ္မနိ-အမှု၌၊ စမ္မနိ-အရေ၌၊ မုဒ္ဓနိ-ဦးထိပ်၌။ (၁၂၅)။

**ဥတ္တံသနာသု** ၁၉၈။ သနာ ဣတိ-သ, နာ ဟူကုန်သော၊ ဧတေသု-ဤဝိဘတ် တို့ကြောင့်၊ တဿ ဗြဟ္မသဒ္ဒဿ-၏၊ အန္တော-အဆုံး သရသည်၊ ဥတ္တံ အာပဇ္ဇတေ၊ ဗြဟ္မုနော - အား၊ ဗြဟ္မုနာ - ဖြင့်၊ သနာသူတိ - သနာသု ပုဒ်သည်၊ပေ၊ ဗြဟ္မာ-သည်၊ ဣတိ-၏။ (၁၂၃)။

---

၁၉၇။ တုဂ္ဂဟဏေန၊ပေ၊မုဒ္ဓနိ—တုသဒ္ဒါသည် သုတ်၌ တိုက်ရိုက် မဆိုအပ် သော (ဗြဟ္မမှတပါး) အခြား သဒ္ဒါများနောင် နိအပြုကို ဆည်းယူခြင်း သမုစ္စည်း အနက်ရှိ၏၊ ကမ္မစမ္မမုဒ္ဓသဒ္ဒါအပြင် "အဒ္ဓ (အခွင့်), ဝေသ္မ (အိမ်), ဘသ္မ (ပြာ), ဃမ္မ (နွေအခါ)" တို့နောင်လည်း သ္မိံကို နိ ပြု၍ "အဒ္ဓနိ, ဝေသ္မနိ, ဘသ္မနိ, ဃမ္မနိ" ဟု ရှိသေး၏၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ "တုသဒ္ဒေန ကမ္မ စမ္မ မုဒ္ဓါဒိတော" ဟု အာဒိ နှင့်တကွ မိန့်သည်။

၁၉၈။ ဥတ္တံ။ ။ဥဿ-ဥ၏၊ ဘာဝေါ-အဖြစ်တည်း၊ ဥတ္တံ-ဥ၏အဖြစ်၊ "ဥ— သနာသု" ဟု ဆိုလျှင် လိုအပ်သောအနက် ပြီးနိုင်လျက် "ဥတ္တံ" ဟု ဘာဝနိဒ္ဒေသ (တ္တ) ပစ္စည်းပိုဖြင့် ဆိုခြင်းကြောင့် အချို့အရာ၌ သ-နာ နောင်းသော်လည်း ဥ-မပြုရ ဟု တားမြစ်ခြင်းဟူသော အနက်ပိုကို ပြရခြင်းအကျိုး ရှိသည်-ဟု ရူပသိဒ္ဓိ၌ ဆိုသည်၊

**သတ္တုပေါသိသ္မိံ သိလောပေါစ**

၁၉၉။ သိသ္မိံ-ကြောင့်၊ သတ္တုပိတု အာဒီနံ- သတ္တုပိတု အစရှိသော သဒ္ဒါတို့၏၊ အန္တော - အဆုံး ဥသရသည်၊ အာတ္တံ-အာ အဖြစ်သို့၊ အာပဇ္ဇတေ-ရောက်၏၊သိလောပေါစ ဟောတိ၊ သတ္ထာ-ဆရာ၊ ပိတာ မာတာ, ဘာတာ-အစ်ကို၊ ကတ္တာ-ပြုတတ်သူ၊ သိသ္မိံတိ-သိသ္မိံပုဒ်သည်၊ပေ၊ သတ္ထုဿ-အား၊ပေ၊ ကတ္တုဿ-အား၊ ဉာတိ-၏။ (၁၅၈)။

**အညေသွာရတ္တံ**

၂၀၀။ အညေသု- သိမှ တပါးကုန်သော၊ ဝစနေသု - ဝိဘတ် တို့ကြောင့်၊ သတ္ထုပိတာဒီနံ အန္တော အာရတ္တံ အာပဇ္ဇတေ၊ သတ္ထာရံ-ကို၊ပေ၊ ကတ္တာရံ-ကို၊ သတ္ထာရေဟိ-တို့ဖြင့်၊ပေ၊ ကတ္တာရေဟိ၊ အညေသွိတိ-အညေသု ပုဒ်သည်၊ပေ၊ သတ္ထာ-သည်၊ပေ၊ ကတ္တာ-သည်၊ ဉာတိ-၏။ (၁၅၉)။

---

သနာသုကို ဖြုတ်၍“ဥတ္တံ” ဟူသော ဒွိမာကရဏာ ယောဂဝိဘာဂဖြင့်ကား နံဝိဘတ် ကြောင့် ဥ-ပြုဟု ဆိုကြသေး၏၊ “ပြဟ္မုနံ-တို့အား” ဟူသည်တည်း။

[ဆောင်] ဥတ္တံဘာဝ, နိဒ္ဒေသကြောင့်, သ-နာ နှောင်းမှု, အ ကို ဥ, မပြု တားမြစ်လေ။

ယောဂဝိကြိ, ယင်းဥတ္တံကြောင့်, နံဝိနှောင်းမူ, ဥ ပြုဟူ, ပြဟ္မုနံ ဖို့ပေ။

၁၉၉ **သတ္ထုပိတာဒီနံ**—ပိတုမပါဝဲ “သတ္ထာဒီနမာ သိသ္မိံ” စသည်ဖြင့် ဆိုလျှင် သတ္ထုကဲ့သို့ “တ္ထု” ဆုံးသော ပုဒ်ကိုသာ ယူခွင့်ရှိ၏၊ ထိုပုဒ်မျိုးလည်း သတ္ထာဒိဂိုဏ်း၌ မရှိ၊ ထို့ကြောင့် “သတ္ထုပိတာဒီန” ဟု ပိတုသဒ္ဒါကို ထည့်ရသည်၊ ထို ပိတာဒီနံ၌ အာဒိဖြင့် ပိတုကဲ့သို့ တုလည်းဆုံးသော, သိ နှောင်းရာ၌ ဥကို အာပြု-သိ ချေ၍လည်း ပြီးကောင်းသော “မာတု-ဘာတု-ကတ္တု-ဝတ္တု-နေတ္တု” စသည်ကို ယူ၊ သတ္ထုနှင့် အလားတူကား မရှိ၊ သတ္ထာစသည်ကို အခြေပြုကြည့် တွက်၊ ကိံရုပ်လည်း ထင်ရှားပြီ။

**သိလောပေါစ**—၍ စသဒ္ဒါသည် သမ္ပိဏ္ဍနအနက် ရှိ၏၊ “သတ္ထုပိတာဒီနမာ သိသ္မိံ” သည် တဝါကျ, “သိလောပေါစ” ကား တဝါကျ၊ ၍ ၂ ဝါကျရှိရာတွင် ရှေ့ဝါကျ၏ ဥကို အာပြုခြင်းဟူသော ပဌမအနက်ပေါ်၌ သိကို ချေခြင်း ဟူသော ဒုတိယ အနက်ကို ပေါင်းပေးသော ဒုတိယတ္ထသမ္ပိဏ္ဍနအနက် ရှိသည်-ဟူလို။

**စန္ဒြကာန္တနည်း။** ။လရောင်နှင့် တွေ့လျှင် ရေထွက်သော ကျောက်တချိုးကို “စန္ဒြကာန္တကျောက်” ဟု ခေါ်၏၊ ယင်းကျောက်ကို အခြားနေရာသို့ ယူသွား၍ ကျောက်မရှိသော်လည်း ထိုကျောက်ကြောင့် ထွက်ပြီးသောရေသည် ထိုနေရာ၌ မပျောက်မပျက် တည်ရှိသကဲ့သို့, ထို့အတူ “သတ္ထု+သိ” ၌ သိကြောင့် ဥကို ပြုထားသော အာသည် သိကို ချေလိုက်သော်လည်း (အာ-အပြုမပျက်ပဲ) တည်မြဲ တည်နေသည်၊ ထို့ကြောင့် ၍သုတ်၌ စန္ဒြကာန္တနည်းကို ထည့်သွင်း ပြောပြကြလေသည်။

[ကျောက်နှင့် သိ, ကျောက်ကြောင့် ရေထွက်ခြင်းနှင့် အာ အပြု, ကျောက်ကို အခြား တနေရာ၌ ရွှေ့ခြင်းကြောင့် ရေမပျက်ခြင်းနှင့် သိကို ရချခြင်းကြောင့် အာ အပြု မပျက်ခြင်းတို့ တူကြသည်။]

၂၀၀။ **အညေသု**—[ရုပ်ကို အခြေပြုကြည့်၍ တွက်၊] ရှေ့သုတ်ဖြင့် သိ နှောင်း ရာ၌ စီရင်ပြီး ဖြစ်ရကား "အညေသု" အရ သိမှ တပါးသော ဝိဘတ်အားလုံးကို သိမ်းကျုံးထားသော်လည်း ဝါနံမှိ-ဥသည်သိ^ံသ လောပေါစ သုတ်တို့ကို ထောက်၍ နံ ကြောင့် အာရပြု မမြဲ, သ-ကြောင့် အာရ အပြု မရှိဟု ကစ္စည်းသုတ်စဉ်အလို သိသာ၏၊ ရူပသိဒ္ဓိ၌ကား အညေသွာရတ္တံ၌"အာရတ္တံ"ဟု ဘာဝနိဒ္ဒေသဖြင့် ညွှန်ပြ ထားသောကြောင့် အချို့အရာ၌ မမြဲဟု ဆို၍ "သတ္ထုနာ ပိတူဟိ ပိတူသု" ရုပ်များ ကိုလည်း ပြ၏၊ သဒ္ဒနီတိ မောဂ္ဂလ္လာန် နိဿယသစ်တို့၌ ဂသိမှစ၍ အာရ အပြု မမြဲ ပုံကိုပြ၏။

**ရှုဦးအံ့**—"ဘောသတ္ထ, သတ္ထာ" ဟု အာရ မပြုသော ရုပ်ရှိသကဲ့သို့ "ပုစ္ဆာမ ကတ္တာရ အနောမပည" ဟူသော ဝိဓူရဇာတ်၌ "ကတ္တာရ" ဟု အာရပြုရုပ်ရှိ၏၊ အံဖြင့် "ဝန္ဒိတွာ မာတုဠ ပိတုဠ ပါဒေ" ဟု အာရ မပြုရုပ် ရှိ၏၊ [ဤ၌ "မာတုစ ပိတုစ" ဆိုလိုလျက် နိဂ္ဂဟိတ်လာ၍ (ဠ) ပြုထားသည်-ဟုလည်း ကြံသင့်၏၊] ထို့ ကြောင့် "အနုကမ္ပံ ပါဏသမံပိ ဘတ္တံ" ပုံစံက သာ၍ရှင်းသည်၊ ပဋ္ဌမာယောဖြင့် "မြူဟေတာ သုညာဂါရာနံ"ဟုလည်းကောင်း "သတ္တာ တိဋ္ဌန္တိ-ဘာဝန္တော သတ္တာ" ဟု လည်းကောင်း ရှိ၏၊ မြူဟေတု တည်, ယောနှောင်းရာ၌ ဥကို အာပြု, ယောကို ချေ၊ သတ္တာလည်း နည်းတူ၊ ဒုတိယာယောဖြင့် "မာတာ ပိတူစ ဝန္ဒိတွာ"ဟူသော ဇယဒိသဇာတ်၌ ယောချေ, ဥကို ဒီဃပြု ရုပ်လည်း ရှိ၏၊ နာဝိဘတ်ဖြင့် သတ္ထုနာ ရှိလျှင် သတ္တာကို နာကဲ့သို့ ငဲ့၍လည်း ရှိနိုင်၏၊ သ္မိံဖြင့် "နေတ္တေ ဥဇုံ ဂတေ သတိ"ဝယ် "နေတ္တေ"ဟု သ္မိံကို ဧပြုရုပ်ရှိသည်။

[**ဆောင်**] အညေသွာရ, သုတ်အရကို, သဒ္ဒနီတိ, မောဂ္ဂလ္လာန်ညိက, ဝိဘတ်စုစု, နှောင်းသမှုလည်း, အပြု အာရ, မမြဲစွာ့, မှတ်ကြ အားလုံးမှာ။

**အာရ ပြုပွယ်များ**။ ။"အညေသု ဝစနေသု" ဟု ဝိဘတ်နှောင်းရာ၌သာ အာရ အပြုကို ဝုတ္တိဖွင့်ထားသော်လည်း "သတ္ထာရတော-ဆရာ တပါးမှ၊သတ္ထာရံ- သို့၊ ဂစ္ဆတိ-သွား၏"ဟူသော နိဒ္ဒေသ ပါဠိတော် "သတ္ထာရဒဿနံ-ဘုရားကို ဖူးတွေ့ရခြင်း, ကတ္တာရနိဒ္ဒေသော-ကတ္တားကို ညွှန်ပြသော သဒ္ဒါ" ဤပုံစံတို့၌ ဝိဘတ်မနှောင်းပဲ တောပစ္စည်း နှောင်းရာ-သမာသ်၏ နောက်ပုဒ် နှောင်းရာဝယ် ဥကို အာရ ပြုထား၏၊ "ကေပိတရော-တယောက်တည်းသော အဘရှိသူ"လည်း နည်းတူ၊ "အသကျမိတရာ-သာကီဝင် မင်းသမီး မဟုတ်"၌ကား သိကြောင့် အာရ ပြုပြီးမှ အာပစ္စည်းသက်, သိချေ ဤသို့လျှင် အာရပြုပွယ်တွေ များစွာ ရှိရကား "အညေသု"အရ သိမှ တပါးသော ဝိဘတ်ပစ္စည်း ပုဒ်တို့ကိုယူ၍ သိနှောင်းရာ၌မှ အာရတ္တံ ဟူသော ဘာဝနိဒ္ဒေသဖြင့် အာရပြု-ဟု ကြံသင့်သည်။

[**ဆောင်**] အညေသွာရ, အညေ အရ၌, ဝစန-ပစ္စည်း, ပုဒ်ကိုလည်းမှတ်၊ သိနှောင်းလတ်မူ, အာရတ် ဘာဝ, နိဒ္ဒေသဖြင့်, အာရ ပြုရန်, တနည်းကြံ, လျော်ကန်လိမ့်မည်ထင်။

ဝါနိမှိ ၂၀၁။ နံမှိ ဝိဘတ္တိမှိ၊ပေ၊ ဝါ အာပစ္စတေ၊ သတ္တာရာနံ-တို့အား၊ ၊ပေ၊ ဘာတရာနံ၊ ဝါတိ ကိမတ္ထံ၊ သတ္တာနံ-ဝှိုအား၊ပေ၊ ဘာတူနံ၊ ဉာတိ-၏။ (၁၆၃)။ [နံဝိဘတ် နှောင်းရာ၌ ရှေ့သုတ်ဖြင့် အမြဲ အာရပြုရမည် စိုး၍ အာရ အပြု မမြဲကြောင်းကို ပြသော သုတ်တည်း၊ ရုပ်ကို အခြေပြုအတိုင်း တွက်၊ သတ္တာနံ စသော ဝိကပ်ရုပ်များကို "ဝါ သဒ္ဒါ မြစ်သောကြောင့် အာရ မပြုရ"ဟု ဆို၍ နောက်သုတ်ဖြင့် တွက်။]

သတ္ထုနတ္တဥ ၂၀၂။ နံမှိ ဝိဘတ္တိမှိ, တဿ သတ္ထုဿ-ထို သတ္ထုသဒ္ဒါ၏၊ အန္တော-အဆုံး ဥသည်၊ အတ္တံ ဝါ အာပဇ္ဇတေ၊ သတ္တာနံ-တို့အား၊ပေ၊ ကတ္တာနံ၊ ဝါတိ ကိမတ္ထံ၊ သတ္တာရာနံ-တို့အား၊ပေ၊ မိတရာနံ-သမီးတို့အား၊ စဂ္ဂဟဏံ-သည်၊ အညေသံပိ-သတ္ထုမှ တပါး အခြား သဒ္ဒါတို့ ကိုလည်း၊ သင်္ဂဏှတ္ထံ-သိမ်းယူခြင်း အနက်ရှိ၏။ (၁၆၄)။

---

မှတ်ချက်။ ။"ကစ္စည်းသုတ်၌ ဝါနံမှိနှင့် ရူပသိဒ္ဓိလာ သတ္ထုနာကို ထောက်၍ "နံ နံ နာ" ဝိဘတ် ၃ လုံးကြောင့် အာရ အပြု ဝိကပ်, သိ သ သ ၃ လုံးကြောင့် အာရ အပြု မရှိ (လွတ်လပ်၏)၊ ကြွင်း ဝိဘတ်ရှစ်လုံးကြောင့် အာရ အပြု မြဲ၏"ဟု မှတ်ချက်ချ၍ "၃ ကြောင့် ဝိကပ်, ၃ ကြောင့်လပ်, ရှစ်ရပ် အာရမြဲ"ဟု ဆိုထားကြ သော်လည်း"သတ္ထာ တိဋ္ဌန္တိ"စသော အခြားကျမ်း၏ ပုံစံများနှင့်ကား မညီတော့ချေ။

၂၀၂။ စဂ္ဂဟဏံ၊ပေ၊ တ္ထံ— "အညေသမ္ပိ" အရ အည-ဟူသည် ပိတုကတ္တု စသော သတ္တာဒိဂိုဏ်းဝင် ပုဒ်များတည်း၊ သတ္ထုနတ္တဥ၌ စ သဒ္ဒါသည် ထို ပိတုစသော သဒ္ဒါစုကို သိမ်းဆည်းခြင်း အဝုတ္တသမုစ္စည်း အနက်ရှိသည်-ဟုဆိုလိုသည်၊ ထို့ကြောင့် သုတ်၌ "သတ္ထုနံ"ဟု သတ္ထု တပုဒ်ကိုသာ ပြထားသော်လည်း စ သဒ္ဒါ၏ ဆည်းယူ ခြင်းကြောင့် ပုံစံ၌ "ပိတာနံ"စသည်ကိုပါ ထုတ်ပြနိုင်သည်၊ ရုပ်ကို အခြေပြုအတိုင်း တွက်၊ သတ္တာရာနံ စသည်ကို ဝါသဒ္ဒါမြစ်၍ ဤသုတ်ဖြင့် အ မပြုရ, ရှေ့သုတ်ဖြင့်စီရင်။

မှတ်ချက်။ ။ဤ ကစ္စည်းဝုတ္တိ၌ စ သဒ္ဒါကို သမုစ္စည်းအနက် ဖွင့်သော်လည်း စာသွားကိုထောက်လျှင် ဟုတ်မည် မထင်၊ ဘာ့ကြောင့်နည်း—"သတ္ထုနံ"ဟု ဗဟုဝုစ် ဖြင့် ဆိုထားသည့်အတွက် ပိတု စသော သဒ္ဒါစုကို ယူလိုဟန်တူသည်၊ မှန်၏—သတ္ထု သဒ္ဒါ တခုကိုသာ ယူလိုလျှင် "သတ္ထုဿတ္တဥ"ဟု သုတ်တည်ရာ၏၊ ထိုသို့ မတည်ပဲ "သတ္ထုနတ္တဥ"ဟု တည်သောကြောင့် သတ္ထုနံဟူသော ဗဟုဝုစ်သဒ္ဒါဖြင့် သတ္တာဒိ ဂိုဏ်းဝင်အားလုံးကို ယူစေလိုကြောင်း ထင်ရှားသည်၊ ထိုသို့ သတ္ထုနံဖြင့် ပိတုစသည် ကို ယူနိုင်ပြီဖြစ်ရကား စ သဒ္ဒါဖြင့် ပိတု စသည်ကို သိမ်းယူဖွယ်လိုမည် မထင်၊ စသဒ္ဒါ သည် ရှေ့သုတ်မှ ဝါနံမှိကို ငင်ဖို့သော အနုကဍ္ဎနသာ ဖြစ်မည်ထင်သည်။ [ရှေးဆရာ တို့ကား သတ္ထုနံ ဟူသော ဗဟုဝုစ်ဖြင့် ဂိုဏ်းကို ငဲ့သည်-ဟု လည်းကောင်း, စသဒ္ဒါဖြင့် ပိတု စသည်ကို ငဲ့သည်—ဟု လည်းကောင်း ၂ မျိုးလုံးကိုပင် အတည်ပြုကြ၏၊ သတ္ထုနံ နှင့် စ သဒ္ဒါတို့ အဓိပ္ပာယ်ထပ်နေပုံကိုကား မစိစစ်ကြတော့ချေ။]

**ဥ သသ္မိံ သဒလောပေါစ** ၂၀၃။ သသ္မိံ-ကြောင့်၊ သတ္ထု ပိတု ဣစ္စေဝမာဒီနံ-သတ္ထု ပိတု ဤသို့ အစရှိကုန်သော သဒ္ဒါတို့၏၊ အန္တဿ-အဆုံး ဥ၏၊ ဥတ္တံ-ဥ အဖြစ်သည်၊ ဝါ ဟောတိ၊ သလောပေါစ-သည်လည်း၊ (ဟောတိ)၊ သတ္ထု, သတ္ထုဿ, သတ္ထုနော-ဆရာအား၊ ဒီယတေ ပေးအပ်၏၊ ဝါ-တနည်း၊ ပရိဂ္ဂဟော-ဥစ္စာ၊ ပိတုပေ၊ ဒီယတေ-၏၊ ဝါ, ပရိဂ္ဂဟော၊ ဘာတုပေ၊ ပရိဂ္ဂဟော၊ စဂ္ဂဟဏံ-သည်၊ ဒုတိယတ္ထ သမ္ပိဏ္ဍနတ္ထံ- ၂ ခုမြောက် အနက်ကို ပေါင်းခြင်းအနက် ရှိ၏။ (၁၆၂)။

---

**သတ္ထုနံ ဆိုရကျိုး။** ။ဤသုတ်ဖြင့် သတ္ထာဒိဂိုဏ်းဝင် အားလုံးကို ယူလိုလျှင် ''သတ္ထုပိတာဒီနံ''ပုဒ်ကို အလိုက်ခံ၍ ''အတ္တဉ္စ''ဟု ဆိုရုံမျှဖြင့် ပြီးနိုင်သည် မဟုတ်ပါလော, အဘယ့်ကြောင့် သတ္ထုသဒ္ဒါကို တဖန်ထပ်၍ ''သတ္ထုနတ္တဉ္စ'' မိန့်ရပါသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား—သတ္ထုသဒ္ဒါ၌ (အာရ မပြုလျှင်) အမြဲ(အ) အပြုကို စီရင်စေခြင်းအကျိုးငှာ သတ္ထုသဒ္ဒါကို တဖန် ထပ်၍ မိန့်သည်၊ မှန်၏—ပိတု စသည်တို့၌ အာရ မပြုသော်လည်း ''ပိတာနံ''အပြင် ''ပိတူနံ''ဟုလည်း ရှိသေး၏၊ သတ္ထု၌ကား အာရ မပြုလျှင် (သတ္ထူနံ ဟု မရှိစေရ) အမြဲ (အ) ပြု၍ ''သတ္ထာနံ'' ဟုသာ ရှိစေရမည်ဟု အရှင်ကစ္စည်းထေရ် မိန့်လိုသည်။ [ဤကား ရူပသိဒ္ဓိဖွင့်ပုံတည်း၊ အခြား သဒ္ဒါကျမ်းတို့၌ကား ''သတ္ထူနံ''လည်း ရှိစေလိုသည်သာ။]

[ဆောင်] သတ္ထုနတ်သုတ်, ဂိုဏ်းလုံးချုပ်၍, ဂိုဏ်းရုပ်အကုန်, စီရင်တုံလျက်,
တဖုံသတ္ထု, ထပ်၍ပြုသဖြင့်, သတ္ထု၌တွင်, မြဲစီရင်, အရှင် သိစေသည်။

၂၀၃။ **ဥ ပြုရကျိုး။** ။ဤသုတ်ဖြင့် ဥကို ဥထပ်ပြုခြင်းသည် အညေသွာရတ္တံဖြင့် အာရ အပြုကို တားမြစ်ခြင်း အကျိုးရှိ၏၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ ''အာရာဒေသာ ပဝါဒေါယံ''ဟု မိန့်သည်၊ မှန်၏—ဤသုတ်က ဥ မပြုလျှင် အညေသွာရတ္တံသုတ်ဖြင့် အာရ ပြု၍ ''သတ္ထာရဿ''ဟု ရှိရာ၏၊ ဥကို ဥ ထပ်ပြုထားလိုက်သည့်အခါ ထိုအာရ အပြု ဆုတ်နစ်သဖြင့် ''သတ္ထု''ဟု ရုပ် ရှိနိုင်တော့သည်။ [အစီအရင် တမျိုးရှိလျှင် အခြား အစီအရင်များ ဆုတ်နစ်ရိုးရှိပုံကို သတိပြု၊] သတ္ထုကို အခြေပြုကြည့်၍ တွက်ပါ။

[ဆောင်] သဝိဘတ်တွေ, နှောင်းပချေသော်, အညေသွာရ, သုတ် အရဖြင့်,
အာရ အပြုကို, တားမြစ်လို, ဥကို ဥ ထပ်ပြု။

**သတ္ထုဿ သတ္ထုနော**—ဤ ၂ ရုပ်ကား ဝါနံမှိသုတ်မှ လိုက်လာသော ဝါသဒ္ဒါ၏ ဝိကပ်ရုပ်တည်း၊ သတ္ထုတည့်, သသက်, ဤသုတ်ဖြင့် ဥကို ဥပြုသင့်သော်လည်း ဝါ မြစ်သောကြောင့် မပြုရ, သ်လာ, ပြီး၏၊ သတ္ထုနောကိုလည်း ဤအတိုင်းဆို, လမှည့်, သကို နောပြုလေ၊ ပိတု ပိတုဿ စသည်လည်း နည်းတူ၊ ''ဒီယတေ'' ကြိယာကား စတုတ္ထီ သဝိဘတ် ဖြစ်ကြောင်း သိသာအောင်, ပရိဂ္ဂဟောပုဒ် စသည်တို့ကား ဆဋ္ဌီ သ ဝိဘတ် ထင်ရှားအောင် ထည့်ပါ၌တို့တည်း။

**သကမန္တာတာဒိနည်း**

၂၀၄။ သသ္မိံ, သကမန္တာတု ဣစ္စေဝမာဒိနံ သကမန္တာတု ဣစ္စေဝမာဒိနံ
ဤသို့ အစရှိကုန်သော သဒ္ဒါတို့၏၊ အန္တော-သည်၊ ဥတ္တံ အာပဇ္ဇတေ, သ လောပေါ စ ဟောတိ၊ အဿရာဇ်နော-ဤ မင်း၏၊ သကမန္တာတုဣစ္စ-သကမန္တတ်မင်း၏ကဲ့သို့၊ ဝိဘတ္တိ-စည်းစိမ်သည်၊ (ဟောတိ-ဖြစ်၏၊) ဧဝံ-ဤအတူ၊ ကတ္တု- ပြုတတ်သူအား၊ ဂန္တု- သွားတတ်သူအား၊ ဒါတု-ပေးတတ်သူအား၊ ပုန-တဖန်၊ အာရမ္ဘဂ္ဂဟဏံ-ဤသုတ်ကို ယူခြင်းသည်၊ ကိမတ္ထံ-နည်း၊ နိစ္စဒီပနတ္ထံ-နိစ္စဝိဓိကို ပြရခြင်း အကျိုးရှိ၏၊ သကမန္တာတု - သကမန္တတ်မင်းအား, ၏၊ ဧဂ္ဂဟဏံ - စ သဒ္ဒါသည်၊ ဒုတိယ သမ္ပိဏ္ဍနတ္ထံ-၏။ (၁၆၇)။

---

စဂ္ဂဟဏံ၊ပေ၊တ္ထံ—ဤသုတ်လာ စ သဒ္ဒါလည်း (သတ္ထုပိတာဒိန-သုတ်လာ စ သဒ္ဒါကဲ့သို့) ဥ ကို ဥ ပြုခြင်းဟူသော ပဌမ အနက်ပေါ်ဝယ် သ ချေခြင်းဟူသော ဒုတိယ အနက်ကို ပေါင်းပေးသော သမ္ပိဏ္ဍနတည်း။ [သတ္ထု သတ္ထုဿကဲ့သို့ "မာတု မာတု ဿ" ဟုလည်း ရှိ၏၊ သို့သော် ပါဠိ၌ကား, နည်းပါးသည်-ဟု သဒ္ဒနီတိမိန့်သည်။]

၂၀၄။ သကမန္တာတု ဣစ္စ—"သကမန္တာတု" သာ လိုရင်း၊ ဣစ္စ အဿရာဇ်နော ဝိဘတ္တိ-တို့ကား စပ်ပုဒ်ရအောင် တွဲဖက် ထည့်အပ်သော ပုဒ်များသာ၊ "သကမန္တာ တု" တည်, သသက်, ဤသုတ်ဖြင့် ဥကို ဥပြု, သကိုလည်းချေ, ပြီး၏၊ အာဒိဖြင့် ကတ္တု-ဂန္တု-ဒါတု စသည်ကို ယူစေလိုသောကြောင့် "ဧဝံ ကတ္တု" စသည်ကို မိန့်။

ပုန၊ပေ၊နိစ္စဒီပနတ္ထံ—"သကမန္တာတု" ပုဒ်၌ ရှေ့သုတ်ဖြင့် စီရင်နိုင်သည် မဟုတ် ပါလော, ဤသုတ်ကို အဘယ့်ကြောင့် ဆိုပါသနည်း-ဟု ဝုတ္တိဆရာကိုယ်တိုင် အမေး ထုတ်၍ နိစ္စ ဒီပနတ္ထံ" ဟု ဖြေသည်၊ "သိဒ္ဓေ သတိပိ အာရမ္ဘော နိယမာယ ဝါ ဟောတိ" စသော ပရိဘာသာနှင့်အညီ ဤသုတ်ကို ထပ်၍ဆိုခြင်းသည် "သကမန္တာ တု" ၌ အမြဲဥ ထပ်ပြုရကြောင်း ပြ၏၊ (သကမန္တာတုဿ, သကမန္တာတုနော ဟု မရှိ နိုင်-ဟူလို။) ဤသို့ သ ဝိဘတ်ဖြင့် "သကမန္တာတု" တရုပ်သာ ရှိနိုင်ကြောင်း ထင်ရှား စေခြင်းငှာ နိစ္စဒီပနတ္ထံ၏ နောက်၌ "သကမန္တာတု" ဟု ထပ်၍ ပြပြန်သည်။ [သဒ္ဒနီတိ ၌ကား ဤ ကစ္စည်းအယူကို မနှစ်သက်၍ "မန္တာတု, မန္တာတုဿ, မန္တာတုနော" ဟု သတ္ထုကဲ့သို့ ၃ ရုပ်ပင် ပြသည်။]

အာဒိဖြင့်ယူပုံ။ ။ဤ ကစ္စည်းဝုတ္တိ၌ မန္တာတာဒိနံဝယ် အာဒိဖြင့် "ကတ္တု" စသည်ကို ယူထားခြင်းကိုလည်း ဆင်ခြင်သင့်၏၊ ဘာ့ကြောင့်နည်း....ကတ္တု စသည်ကို ပိတာဒိ၌ ပါဝင်သင့်၍ (၁၉၉) သုတ်၌ "ကတ္တုဿ" ပုံစံ ပြခဲ့သဖြင့် "မန္တာတု" ကဲ့သို့ "ကတ္တု" ဟု ၁ ရုပ်တည်း မပြသောကြောင့်တည်း၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ "ဧဝံ မဟာ မန္တာတု ပဘုတယော" ဟု မဟာမန္တာတု ပုဒ်တို့ကို ယူလေသည်။

စဂ္ဂဟဏံ၊ပေ၊သမ္ပိဏ္ဍနတ္ထံ—ဤ စသဒ္ဒါ၏ ဒုတိယတ္ထသမ္ပိဏ္ဍန ဟူသည် ရှေ့သုတ်၌ ကဲ့သို့ ဥပြုခြင်းအနက်ပေါ်မှာ သ ချေခြင်းအနက်ကို ပေါင်းခြင်းပင်တည်း၊ ထို့ကြောင့်

သီဟိုဠ်မူ၏ ကစ္စည်းဝုတ္တိ၌ "ဒုတိယဏ္ဍလောပသမ္ဗိဏ္ဍနတ္ထံ" ဟု လောပသဒ္ဒါနှင့်တကွ ပင် ရှိလေသည်၊ သို့သော် ဤ ဒုတိယသမ္ဗိဏ္ဍနသည် သုတ်တည်သော အရှင် ကစ္စည်း ၏ အာဘော် ကျမည်မထင်၊ အရှင်ကစ္စည်းအလိုမူ ရှေ့သုတ်မှ "ဥ-သလောပေါ" ဟူ သော ကာရိယ ၂ ခုဖြင့် "သမ္ဗိ" ဟူသော နိမိတ်ကို ငင်သော အနုကဍ္ဎန ဟုသာ ထင်၏၊ ထို့ကြောင့် "စဂ္ဂဟဏေန ဒွိကာရိယနိမိတ္တာနိ အနုကဍ္ဎတိ" ဟူသော နိဒ္ဒေသ စကားကပင် အာဘော်ကျမည် ထင်သည်။

မူကွဲ။ ။"သက္ကမန္ဒာတာဒီနဉ္စ" ဟု မူကွဲရှိသေး၏၊ ကမ္ဘာဦးက မန္ဒာတ်စကြာ မင်းသည် ဘုန်းတန်ခိုးကြီးမားသဖြင့် တာဝတိံသာသို့ တက်သွားသည့်အခါ သိကြား မင်းက စည်းစိမ်တဝက်ခွဲ၍ ဆက်သရလေသည်၊ ထို နတ်ပြည်မှာပင် သိကြားပေါင်း ၃ ကျိပ် ခြောက်ယောက် လဲသည့်တိုင်အောင် စံစားရသော မန္ဒာတ်မင်းကို သက္က မန္ဒာတ်မင်းဟု ဆိုလိုသတတ်၊ သို့သော် ထိုမင်းကို "သက္ကမန္ဒာတု" ဟု ကျမ်းဂန်၌ မသုံးစွဲ၊ မဟာမန္ဒာတု" ဟုသာ သုံးစွဲသောကြောင့် ထိုမူကို ဆရာတို့ မနှစ်သက်ကြ။

သကမန္ဓာတု သဒ္ဒါဖြစ်ပုံ။ ။ဆရာတို့ကား သကမန္ဓာတု" ပုဒ်ကို နှစ်သက် ကြ၏၊ သို့သော် ဤပုဒ်သည် ပိဋကတ်၌တွေ့ရသော ပုဒ်မဟုတ်, သကမင်းမျိုး၌ တန်ခိုး အကြီးဆုံးမင်းကို "သကမန္ဓာတု" မင်းဟု ခေါ်လိုသည်၊ ချွဲဦးအံ့-ကမ္ဘာဦး၌ တရား စောင့်သော ဘုရင်တဦးသည် လူအများကို စောင့်ရှောက်တတ်ရကား လူတိုင်းက "မံ+ဓာတိ, မံ+ဓာတိ=ငါ့ကို စောင့်ရှောက်၏, ငါ့ကို စောင့်ရှောက်၏" ဟု ချီးမွမ်းခံ ရသောကြောင့် "မံ သဒ္ဒူပပဒ, ဓာဓာတ်နောင် တုပစ္စည်းသက်၍ (မန္ဓာတု) ဥကို အာပြု သိ ချေပြီးလျှင် "မန္ဓာတာ" ဟု နာမည်ရ၏၊ ထို မူလမန္ဓာတ်မင်းကို "မဟာ မန္ဓာတာ" ဟု ခေါ်၏၊ ထို မူလမန္ဓာတ်မင်း၏ နောက်၌ သကမင်းမျိုးတွင် ပါဝင်၍ မန္ဓာတ်မင်းကဲ့သို့ တရားလည်းစောင့်သော ဘုန်းလည်းကြီးသော မင်းကို (မန္ဓာတာ ဝိယာတိ မန္ဓာတာ, သကောစ+သော+မန္ဓာတာစာတိ သကမန္ဓာတာ) နှင့်အညီ "မန္ဓာတ်မင်းနှင့်တူသော သကမင်း" ဟု ခေါ်သည်။

ဆက်ဦးအံ့—သက္ကတကျမ်းစာ ရာဇဝင်တို့၌သာ ထင်ရှားသော သကလူမျိုးတို့သည် မိမိတို့နေရင်းဖြစ်သော ယွေးတိုက် အလယ်ပိုင်းမှ ဇမ္ဗူဒီပနိုင်ငံတွင်းသို့ တိုးဝင်လာကြ ပြီးလျှင် ခရစ်မပေါ် မီအနှစ်တရာလောက်မှ စ၍ ခရစ်ပေါ်ပြီးနောက် အနှစ်လေးရာ လောက် တိုင်အောင် ဇမ္ဗူဒီပနိုင်ငံ၏ အနောက်ပိုင်း မြောက်ပိုင်းတို့၌ အသီးအသီး အုပ် ချုပ်၍ မင်းလုပ်ကြကုန်သတတ်၊ ခရစ်သကရာဇ် ၁၅၀ မြောက်လောက် ရောက်သော အခါ ထို သကမင်းမျိုး၌ ပါဝင်သော ဥဇ္ဇေနီပြည်၌ နန်းစံသော ဒုဒြဒါမ (သို့မဟုတ် "ရုဒြဒါမ") မင်းသည် ဘုန်းတန်ခိုးအကြီးဆုံး ဖြစ်၏၊ ဤ "သကမန္ဓာတာဒီနဉ္စ" သုတ်ကို တည်သော အရှင် ကစ္စည်းထေရ်လည်း ထို သကမင်းများ ထွန်းကားရာ ခရစ် သကရာဇ် ၁၀၀ ကျော်မှ ၄၀၀ အတွင်း (သာသနာသကရာဇ် ၆၀၀ ကျော်မှ ၉၀၀ အတွင်း) ၌ ဖွားမြင်သော ထေရ်ဖြစ်ရကား မိမိတို့မင်းကို ထင်ရှားစေလိုသောကြောင့် ကစ္စည်းသုတ်စဉ်ကို စီရင်ရာတွင်' သကမန္ဓာတာဒီနဉ္စ" သုတ်ကို သွင်းတော်မူသည်-ဟု မောဂ္ဂလ္လာန်နိဿယ သျာဒိကဏ္ဍ (၁၆၅) သုတ်၌ မှတ်ချက် ပြတော်မူသည်၊ ဤစကား

**တတော ယောန မောတု**

၂၀၅။ တတော အာရာဒေသတော - ထို အာရ အပြုမှ၊ (ပရေသံ) သဗ္ဗေသံ-ကုန်သော၊ ယောနံ-တို့၏၊ ဩကာရာဒေသော-ဩ အပြုသည်၊ ဟောတိ၊ သတ္ထာရော-တို့သည်, တို့ကို၊မေ၊ ဝတ္တာရော-ပြောဆိုတတ်သူတို့သည်, တို့ကို၊ တုဂ္ဂဟဏေန-တု သဒ္ဒါဖြင့်၊ အညသ္မာပိ-အာရ အပြုမှ အခြားသော သဒ္ဒါမှလည်း၊ (ပရေသံ) ယောနံ ဩကာရော ဟောတိ၊ စတုရော - ၄ ယောက် ကုန်သော၊ ဇနာ-လူတို့သည်၊ ဂါဝေါ - နွားတို့သည်၊ ဥဘော - ၂ ယောက်ကုန်သော၊ ပုရိသာ - တို့သည်။ (၁၉၀)။

**တတော သ္မိမိ**

၂၀၆။ တတော အာရာဒေသတော (ပရဿ) သ္မိံ ဝစနဿ ဣကာရာဒေသော ဟောတိ၊သတ္ထရိ-ဆရာ၌၊ပေ၊ ဓီတရိ-သမီး၌၊ ကတ္တရိ-ပြုတတ်သူ၌၊ ဝတ္တရိ-ပြောတတ်သူ၌၊ ပုန-တဖန်၊ တတော ဂဟဏေန-တတော သဒ္ဒါဖြင့်၊ အညသ္မာပိ-အာရ အပြုမှ အခြားသော သဒ္ဒါမှလည်း၊ (ပရဿ)၊ပေ၊ ဟောတိ၊ ဘုဝိ-မြေ၌။ (၁၆၅)။

---

အရ "ကစ္စည်းကျမ်းလည်း သကမင်းမျိုးတို့ လက်ထက်ကျမှ ဖြစ်ပေါ်လာသော ကျမ်း" ဟု ယူဆဖွယ် ရှိသည်။

၂၀၅။ **တတော အာရာဒေသတော** "တတော-ထိုမှ" ဟု သာမညအားဖြင့် သုတ်၌ ဆိုထားသော်လည်း အညေသွာရတ္တံသုတ်မှ အာရသဒ္ဒါ လိုက်လာသောကြောင့် "တတော အာရာဒေသတော" ဟု ဖွင့်ရသည်' ရုပ်ကို အခြေပြုကြည့်၍ တွက်။

**တုဂ္ဂဟဏေန၊ပေ၊ပုရိသာ** "တတော ယောနမော" ဟုသာ ဆိုလျှင် လိုအပ်သော အနက် ပြီးနိုင်လောက်လျက် တု သဒ္ဒါထည့်၍ ဆိုခြင်းသည် သဒ္ဒါပို၏၊ ထို တု သဒ္ဒါပိုဖြင့် အာရအပြု မဟုတ်သော "စတု-ဂဝ-ဥဘ" စသော သဒ္ဒါတို့နောင် ယောကို ဩပြုခြင်းဟူသော အနက်ပိုကို သိရသည်၊ တုသဒ္ဒါ သမုစ္စည်းအနက် ရှိသည်-ဟု ဆိုလိုကြ၏၊ သို့သော် ဝုတ္တိဆရာကမူ "သဒ္ဒါဓိကာ အတ္ထာဓိကော" နှင့်အညီ, သဒ္ဒါပိုသည့် အတွက် အနက်ပိုရခြင်းဟု ဆိုလိုဟန်တူသည်၊ ရုပ်ကို အခြေပြု၍ တွက်ပြထားပြီ၊ ["ဇနာ-ပုရိသာ" တို့ကား တွဲဖက် အပိုထည့်ပါဌ်များတည်း, ဤသုတ်နှင့် မဆိုင်၊ ရူပသိဒ္ဓိ၌ကား စတု-ဂဝ ဥဘ အပြင် နဒီနောင်လည်း ယောကို ဩ ပြုသေး၏၊ နဒါဒိ ဂိုဏ်း နဇ္ဇော ရုပ်တွက်ပုံကို ကြည့်ပါ။]

၂၀၆။ **ပုန တတော၊ပေ၊ဘုဝိ**—ရှေ့သုတ်မှ တတော သဒ္ဒါကိုလိုက်စေ၍ "သ္မိမိ" လောက်တွင် ဆိုက ပြီးနိုင်လျက် "တတောသ္မိမိ" ဟု တတော သဒ္ဒါကို ထပ်၍ဆိုခြင်းသည် သဒ္ဒါပို၏၊ ထို သဒ္ဒါပို၏ အနက်ပိုကို ပြလိုသောကြောင့် "ပုန တတော ဂဟဏေန" စသည်ကို မိန့်သည်၊ တတော သဒ္ဒါပိုဖြင့် အာရ အပြု မဟုတ်သော "ဘူ" စသော သဒ္ဒါနောင် သ္မိံကို ဣ ပြုရခြင်းဟူသော အနက်ပိုကို သိရသည်-ဟူလို၊ ရုပ်ကို အခြေပြု ကြည့်၍တွက်၊ "ဒိဝိ-နတ်ပြည်၌" လည်း နည်းတူ။

**နာ အာ** ၂၀၇။ တတော အာရာဒေသာတော (ပရဿ) နာဝစနဿ အာ အာဒေသော ဟောတိ၊ သတ္ထာရာ - ဖြင့်၊ပေ၊ ဝတ္တာရာ - ဖြင့်။ (၁၆၁)။ [ရုပ်ကို အခြေပြု ကြည့်၍တွက်၊ "တတော"ဟူသော လိုက်ပုဒ်ကို ကြည့်၍ "နာ အာ" ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် အာရ ဒပြု မဟုတ်သော အခြား သဒ္ဒါနောင် နာ ကို အာ ပြု၍ "အတ္တဝသာ-အနက်၏ အစွမ်းဖြင့်" ဟုလည်း ဖြစ်သေး၏။]

**အာရော ရဿ မိကာရေ** ၂၀၈။ ပရေ-သော၊ ဣကာရေ-ဣ အက္ခရာကြောင့်၊ အာရာဒေသော-အာရ အပြု၏ အာသည်၊ ရဿံ-သို့၊ အာပဇ္ဇတေ၊ သတ္ထရိ-၌၊ပေ၊ ဝတ္တရိ-၌။ (၁၆၆)။

**ပိတာဒီန မသိမှိ** ၂၀၉။ အသိမှိ-သိမှ တပါးသော၊ ဝိဘတ္တိမှိ-ကြောင့်၊ ပိတာဒီနံ-ပိတု အစရှိသော သဒ္ဒါတို့၏၊ အာရာဒေသော ရဿံ အာပဇ္ဇတေ၊ ပိတရာ-ဖြင့်၊ပေ၊ ပိတရော-တို့သည်, တို့ကို၊ပေ၊ အသိမှိဂ္ဂဟဏံ-အသိမှိ သဒ္ဒါပိုသည်၊ တောမှိ-တော ပစ္စည်းသည်၊ ပရေ-နှောင်းလတ်သော်၊ ဣတာရာဒေသညာပနတ္ထံ-ဣ အပြုကို သိစေရခြင်း အကျိုးရှိ၏၊ မာတိတော-အမိမှ၊ပေ၊ ဒုဟိတိတော-သမီးမှ။ (၁၆၀)။

---

၂၀၈။ **အာရာဒေသော** ရဿဟူသည် ဒီဃ၏ ပြောင်းပြန်ဖြစ်သော သရတည်း၊ ထို့ကြောင့် "အာရာဒေသော" ဟူရာ၌ အာရအပြုတခုလုံးကို ရဿပြု၍ မလျော်၊ အာရ၏ အာကိုသာ ရဿပြုရန် လျော်သည်၊ သို့ဖြစ်၍ "အာရော=အာရာဒေသော" ဟူသော စကားသည် အပေါင်း အာရ၏ အမည်ကို အစိတ် "အာ" ပေါ်၌ တင်စား ထားသော ဧကဒေသူပစာစကားတည်း-ဟုမှတ်။ [ရုပ်ကို အခြေပြုကြည့်၍ တွက်။]

[ဆောင်] အာရအပြုကို, ရဿဆိုလည်း, ထိုတွင် အာမျှ, ရဿ သဘော,
သင့်လျော်သောကြောင့်, အာရောအရ, အာကိုမျှ, ယူရ ဧကဒေသူ။

၂၀၉။ **ပိတာဒီနံ အသိမှိ**—အာဒိဖြင့် အာရ၏ အာကို ရဿပြု၍ ပြီးကောင်းသော "မာတု, ဘာတု, ဓီတု, ဒုဟိတု, ဇာမာတု (သားမက်)" စသည်တို့ကို ယူ၊ အသိမှိ အရကား "ဂ-သိ-သ" တို့၌ အာရအပြု မရှိသောကြောင့်လည်းကောင်း, သို့ံ၌ ရှေ့သုတ်ဖြင့် စီရင်ပြီးသောကြောင့်လည်းကောင်း,ယောနာ စသော ကြွင်းဝိဘတ် ဆယ်လုံးကိုသာ ယူ။ ဂနှောင်းရာ၌ အာရပြုသော ကျမ်းများ အလိုအားဖြင့်ကား (အာလုပ်သိ) ကိုလည်း "အသိမှိ" အရ၌ ယူရမည်၊ ရုပ်ကို အခြေပြုကြည့်။]

**အသိမှိ၊ပေ၊ဉာပနတ္ထံ**—အညေသ္မာရတ္တံသုတ်ဖြင့် အာရ ပြုရာ၌ သိ နှောင်းရာဝယ် အာရ မပြုခဲ့သောကြောင့် ထိုအာရ၏ အာကို ရဿပြုရာ၌ "အသိမှိ" ဟု သိ ဝိဘတ်ကို ကန့်မြစ်နေဖွယ် မလို၊ ထို့ကြောင့် သိ ဝိဘတ်ကို ကန့်မြစ်သော အသိမှိ သဒ္ဒါသည်

တယာ၊ပေ၊ တွတ္တံ၀ါ ၂၁၀။ တယာ တယိ ဣတိ-တယာ, တယိ ဟူကုန်သော၊ဧတေသံ ဤအပြုတို့၏၊ တကာရော-သည်၊ တွတ္တံ-သို၊ ၀ါ အာပဇ္ဇတေ၊ တွယာ, တယာ-ဖြင့်၊ တွယိ, တယိ-၌၊ ဧတေသမိတိ-ဤ တယာအပြု, တယိအပြုတို့၏ ဟူသည်၊ ကိမတ္ထံ၊ တုဝံ, တဝံ-သင့်ကို၊ ဣတိ-၏၊ (၂၃၆)။....ဣတိ နာမကပ္ပေ တတိယော ကဏ္ဍော။

---

အဘယ်အကျိုး ရှိသနည်း-ဟု မေးဖွယ်ရှိသောကြောင့် "အသိမှိဂ္ဂဟဏံ" စသည်ကို မိန့်၊ သိဝိဘတ်ကို ကန့်မြစ်သော အသိမှိ သဒ္ဒါသည် တောပစ္စည်း နောင်းရာ၌ ပိတု စသည်တို့၏ ဥကို ဇ ပြုရခြင်းဟူသော အနက်တမျိုးကို သိစေသည်၊-"အသိမှိသဒ္ဒါသည် အနက်တမျိုးကို သိစေနိုင်သော အဝုတ္တသိဒ္ဓိ ဉာပန အနက်ရှိသည်" ဟု ဆိုလိုသည်၊ ထို့ကြောင့် တောနောင်းရာ၌သာမက, မာတိပက္ခော-ဟူရာ၀ယ် ပက္ခသဒ္ဒါ နောင်းရာ၌လည်း ဇပြုခြင်းဟူသော အနက်ကို သိစေ၏-ဟု ရူပသိဒ္ဓိ ဆိုသည်။

**ရုပ်တွက်။** ။"မာတု-ပိတု-ဓိတု-ဒုဟိတု" တည်, ကွစိတော ပဉ္စမျတ္ထေသုတ်ဖြင့် တော ပစ္စည်းသက်၊ တွာဒယောဝိဘတ္တိသညာ သုတ်ဖြင့် ပဉ္စမီဝိဘတ် အမည်မှည့်၊ ပိတာဒီန မသိမှိ သုတ်၌ အသိမှိ သဒ္ဒါပိုဖြင့် တော ပစ္စည်းကြောင့် မာတု၏ ဥကို ဇ ပြု, ပြီး၏၊ "မာတုယာ-အမိ၏၊ ပက္ခော-အသင်းတည်း၊ ၀ါ-ဘက်သားတည်း" ဟု သမာသ်ပြု၍ "မာတု ပက္ခ" ဟု သမာသ်ပြီးသည့်အခါ, ဤ အသိမှိသဒ္ဒါပိုဖြင့် ဥကို ဇပြု။

**ဥကို အ—အာလည်းပြု။** ။"မန္တာတု- မန္ဓာတ်မင်း၏+ဇာတကံ- ဇာတ်တော်တည်း" ဟု သမာသ်ပြု၍ "မန္ဓာတုဇာတကံ" ဟု ဖြစ်သည့်အခါ ဥကို (အ) ပြု၍ "မန္ဓာတဇာတကံ"ဟု ဖြစ်၏၊ ထို့အတူ "မာတာစ+ပိတာစ" ဟု သမာသ်တွဲ၍ "မာတုပိတု" ဟု ပကတိပြီးသည့်အခါ မာတု၏ဥကို အာပြု, နာမ်ငဲ့, ယေဘွာသက်၍ "မာတာပိတရော" ဟု ဖြစ်၏၊ "မာတာပိတု ဥပဋ္ဌာနံ, မာတာဓိတရော, မာတာ ပုတ္တာ, မာတာဘဂိနီ" စသည်တို့လည်း နည်းတူ၊ ဤသို့ ဥကို (အ-အာ) ပြုရာ၌ ကစ္စည်းကျမ်း၀ယ် သုတ်မရှိ၊ ဤ အဝုတ္တသိဒ္ဓိဉာပန အနက်ရှိသော အသိမှိ သဒ္ဒါပိုဖြင့်ပင် စီရင်သင့်သည်။ [သဒ္ဒနီတိ၌ကား "မန္ဓာတုဿဇ္ဇံ သမာသေ, မာတာဒီနမာ နိစ္စံ" ဟု ၂ သုတ်တည်လေသည်။]

[ဆောင်] အသိမှိ ဆို, သဒ္ဒါပိုဖြင့်, ဥကို ဇပြု, နောင်းမှ ပက္ခ, တောပစ္စယတဲ့၊
ထိုမှ တရပ်, ကြိုကုန်လတ်မှ, သမာသ်လယ် ဥ, အ-အာပြုသည်,
ပိတု အာဒိ ပုဒ်များတည်း။

၂၁၀။ တွယာ တွယိတို့သာ သုတ်၏ပုံစံတည်း၊ တယာ တယိတို့ကား ဝါ၏ ဝိကပ် ရုပ်များတည်း၊ ရုပ်ကို အခြေပြုကြည့်၊ တုဝံ တဝံ တို့ကား တယာ တယိ အပြု မဟုတ်၍ တွ မပြုရ၊ တုမှသ တုဝံ တွမ်မှိ-တဝံ မမဋ္ဌ သုတ်တို့ဖြင့် စီရင်၊ [မောဂ္ဂလ္လာန်၌ သွာ ဝိဘတ်နောင်းရာ၌ "သွာမှိ တွမှာ"သုတ်ဖြင့် ဝိဘတ်နှင့်တကွ တုမှကို တွမှာ ပြု၍ "ပတ္တော နိဿံသယံ တွမှာ" ဟု ပုံစံထုတ်၏၊ ကစ္စည်း၌ ထိုသုတ်မျိုး မရှိ။]

**အတ္တန္တော ဟိသို မနုတ္တံ**

၂၁၁။ ဟိမှိ ဝိဘတ္တိမှိ, တသ္မာ အတ္တနော ထိုအတ္တသဒ္ဒါ၏၊ အန္တော - အဆုံး (အ) သရသည်၊ အနုတ္တံ အာပဇ္ဇတေ၊ အတ္တနေဟိ, အတ္တနေဘိ-မိမိတို့ဖြင့်၊အတ္တန္တောတိ-အတ္တန္တော ပုဒ်သည်၊ပေ၊ ရာဇေဘိ- မင်းတို့ဖြင့်၊ လ္လတိ-၏၊ ဟိသွိန္တိ- ဟိသွိ ပုဒ်သည်၊ပေ၊ အတ္တနော-အား၊ လ္လတိ-၏၊ အနုတ္တမိတိ ဘာဝနိဒ္ဒေသေန-အနုတ္တံ ဟူသော ဘာဝနိဒ္ဒေသဖြင့်၊ သဗ္ဗာသု-အလုံးစုံကုန်သော၊ ဝိဘတ္တီသု-တို့ကြောင့်၊ အတ္တ သဒ္ဒဿ-အတ္တသဒ္ဒါ၏၊ သကာဒေသော-သက အပြုသည်၊ ဟောတိ-၏၊သကော-မိမိသည်၊ သကာ-တို့သည်၊ သကံ-ကို၊ သကေ-တို့ကို။ (၁၂၆)။

---

၂၁၁။ ရုပ်ကို အခြေပြုကြည့်၊ ရာဇေဟိ, ရာဇေဘိတို့၌ အတ္တသဒ္ဒါ မဟုတ်သော ကြောင့် အန မပြုရ၊ အတ္တနော၌ကား ဟိ မနှောင်းသောကြောင့် အန မပြုရ၊ သဿ နောသုတ်ဖြင့် သကို နောပြု။ [သီမူ၌ "အတ္တနာ"ဟု ရှိ၏၊ သ္မာနာဖြင့် သ္မာကို နာပြု။]

**အနုတ္တ၊ပေ၊သကေ** "အတ္တန္တော ဟိသွိမနံ" ဟု ဆိုလျှင် ပြီးနိုင်လျက် "မနုတ္တံ" ဟု ဘောအနက်၌ ညွှန်ပြအပ်သော "တ္တ" ပစ္စည်းဖြင့် ဆိုခြင်းသည် သဒ္ဒါပို၏၊ ထို တ္တ ပစ္စည်း သဒ္ဒါပိုဖြင့် ဝိဘတ်အားလုံးကြောင့် အတ္တသဒ္ဒါ၏ သကပြုခြင်းဟူသော အနက်ပိုကို သိရသည်၊ သကောကို အတ္တတည်, သိသက်, အတ္တန္တော ဟိသွိမနုတ္တံ သုတ်၌ အနုတ္တံ ဟူသော ဘာဝနိဒ္ဒေသဖြင့် အတ္တကို သကပြု, သော သုတ်ဖြင့် သိကို ဩပြု, ပြီး၏၊ "သကာ၊ သကံ-သကေ သကေန-သကေဟိ၊ ပေ၊ သကေသု" ဟု ဝိဘတ် ၇ သွယ် ရုပ်စဉ်၍ ပုရိသာဒိဂိုဏ်းကဲ့သို့ ရုပ်ပြီးစေ။

**မှတ်ချက်**။ ။"အနုတ္တမိတိ ဘာဝနိဒ္ဒေသေန" စသော ပါဠ်ကို နျာသ ရူပသိဒ္ဓိ စသော ဋီကာများ မဖွင့်ကြ၊ "သကော-စသော ရုပ်များသည် အတ္တသဒ္ဒါမှ ဖြစ်လာ၏"ဟု ဆိုခြင်းကိုလည်း စဉ်းစားသင့်၏၊ ဘာ့ကြောင့်နည်း....သကောပုဒ်သည် "မိမိ" ဟူသော အနက်ကို မဟော၊"မိမိ၏ဥစ္စာ"ဟူသော အနက်ကိုသာ ဟောသောကြောင့် လည်းကောင်း, "မိမိ" ဟူသော အနက်ကို တရံတခါ ဟောစေကာမူ "သ" နှောင် သဗ္ဗတောကော သုတ်ဖြင့် (က) လာ၍ ပြီးနိုင်သောကြောင့် လည်းကောင်းတည်း၊ ဤသို့ ရှေးဋီကာတို့လည်း မဖွင့်ကြ, ယုတ္တိလည်း မလှသောကြောင့် ရှေးပါဠ် ဟုတ် ကောင်းမှ ဟုတ်မည်။

**အတ္တနေသု**။ ။မောဂ္ဂလ္လာန်၌ "အတ္တနေဟိ" ကဲ့သို့ အတ္တနေသု ရုပ်ကိုလည်း ကောင်း," အာတုမနေဟိ, အာတုမနေသု" ရုပ်ကိုလည်းကောင်း ပြီးစေဖို့ရာ "သုဟိ သုနက်" ဟု သုတ်တည်၏၊ ကစ္စည်းကျမ်း၌ ထိုသုတ်မျိုး မရှိရကား "အနုတ္တံ" ဟူသော ဘာဝနိဒ္ဒေသဖြင့်ပင် သုံကြောင့် အနပြု၍"အတ္တနေသု"ရုပ်ကိုလည်းကောင်း, သုဟိကြောင့် အနပြု၍ "အာတု မနေသု, အာတုမနေဟိ" ရုပ်ကိုလည်းကောင်း ပြီးစေသင့်သည်။

[ဆောင်] သု ဟိ နှောင်းကြ, အာတုမနှင့်, အတ္တနှောင်း သု, အန ပြုဖို့, မှတ်ရှု ဘာဝ-နိဒ္ဒေသ, ကြံကြ အနုတ္တံ။

**တတော သမ္ဘိန္နံ** ၂၁၂။ တတော အတ္တတော-ထို အတ္တသဒ္ဒါမှ၊ (ပရသာ) သမ္ဘိ ၀စနဿ-၏၊ နိ-နံ အပြုသည်၊ ဟောတိ၊ အတ္တနိ-၌၊ (၁၂၉)။ [အတ္တသဒ္ဒါသည် "စိတ္တေ ကာယေ သဘာဝေစ, သော အတ္တာ ပရမတ္တနိ" အဘိဓာန်နှင့် အညီ, "စိတ်, ကိုယ်, သဘော, တိတ္ထိတို့ ကြံဆအပ်သော အတ္တ" ဤအနက်များ၌ ဖြစ်၏၊ ကိုယ်-ဟူသော အနက်ကိုပင် "မိမိ"ဟု မြန်မာပြန်သည်။]

**သဿနော** ၂၁၃။ တတော အတ္တတော (ပရသာ) သဿ ဝိဘတ္တိဿ နော ဟောတိ၊ အတ္တနော-အား, ၏။ (၁၂၇)။

**သ္မာနာ** ၂၁၄။ တတော အတ္တတော(ပရသာ)သ္မာ၀စနဿ နာ ဟောတိ၊ အတ္တနာ-မှ၊ ပုနဂ္ဂဟဏေန-ဤသုတ်ကို အပိုယူခြင်းကြောင့်၊ သဗ္ဗေသု - အလုံးစုံကုန်သော၊ ဝစနေသု - ဝိဘတ်တို့ကြောင့်၊ တဿ အတ္တနော -

---

၂၁၄။ ပုနဂ္ဂဟဏေန၊ပေ၊အတြဇံ—သ္မာနာသုတ် မရှိသော်လည်း အမှ တုမှန္တ၊ စသောသုတ်ဖြင့် အတ္တနောင် သ္မာကို နာကဲ့သို့ငဲ့လျှင် သ္မာဖြင့်"အတ္တနာ" ရုပ်ပြီးနိုင်၏၊ ထို့ကြောင် ဤသုတ်သည် ပို၏၊ ဤသို့ သုတ်ပိုကိုဆိုခြင်းသည် အဘယ်အကျိုးရှိသနည်း-ဟု မေးဖွယ်ရှိသောကြောင့် "ပုနဂ္ဂဟဏေန" စသည်ကို မိန့်၊ သိဒ္ဓေ သတိပိ အာရမ္ဘော နိယမာယဝါ ဟောတိ အတ္တန္တရဝိညာပနာယဝါ" ဟူသော ပရိဘာသာနှင့်အညီ, အခြားသုတ်ဖြင့် ပြီးနိုင်လျက် ဤသုတ်ကို အပိုဆိုခြင်းကြောင့် ဝိဘတ်အားလုံး နှောင်းရာ၌ အတ္တ၏ တ တလုံးကိုသာ ရ ပြုရခြင်းဟူသော အနက်တမျိုးကို သိစေရခြင်းဟူသော အတ္တန္တရဝိညာပန အကျိုးရှိသည်-ဟူလို၊ အတြဇောကို အတ္တဇတည်, သိသက်, သ္မာနာဟူသော သုတ်ပိုဖြင့် အတ္တ၏ တကို ရပြု, သောသုတ်ဖြင့် သိကို ဩပြု, ပြီး၏၊ အတြဇံ-အတြဇေ စသည်ဖြင့် ပုရိသာဒိဂိုဏ်းရုပ် အားလုံးရှိစေ။

**မှတ်ချက်။** ။ရူပသိဒ္ဓိ၌ ဇ ကြောင့် အတ္တ၏ တကို ရပြု၏၊ ဤသို့ ဇကို နိမိတ်လုပ်သော ရူပသိဒ္ဓိ စကားသည် သာ၍ စည်းကမ်းကျ၏၊ ဘာ့ကြောင့်နည်း.... "အတ္တဇ" ဟု တည်၍ ဇကြောင့် တကို ရပြု-ဟု ဆိုလျှင် နိမိတ် (ဇ) နှင့် နိမိတ္တဝန် (တကို ရ ပြုခြင်း) တို့ ဆက်နေသောကြောင့်တည်း၊ ဝုတ္တိဆရာကား နာမ်အခန်းဖြစ်၍ ဝိဘတ်ကို နိမိတ်လုပ်ထား၏၊ သို့သော် "အတ္တဇ+သိ" ဟု နိမိတ်ဝိဘတ်နှင့် နိမိတ္တဝန် တို့ ဆက်စပ်လျက် မရှိသောကြောင့် စည်းကမ်း မကျချေ၊ ဤ အတြဇောရုပ်ကို ဒေါဓဿစ သုတ်၌လည်း တနည်းပြခဲ့သေး၏၊ ထိုသုတ်၌ ပြခဲ့သော နည်းဖြင့်သာ ပြီးသည် မဟုတ်သေး, ဤနည်းဖြင့်လည်း ပြီးနိုင်သေး၏-ဟု ရုပ်ပြီးပုံ တနည်းကို ပြခြင်းငှာ ဤသုတ်၌ ထပ်၍ဆိုသည်။

**မူကွဲ။** ။"ပုနဂ္ဂဟဏေန" အရာဝယ် "ပုနာရမ္ဘဂ္ဂဟဏေန" ဟု မူ ကွဲရှိ၏၊ အာရမ္ဘ သဒ္ဒါသည် သုတ္တသဒ္ဒါ၏ ပရိယာယ်ဖြစ်သောကြောင့် "အပို အားထုတ်အပ်

ထိုအတ္တသဒ္ဒါ၏၊ ဟကာရဿေဝ-တ အက္ခရာ၏သာ၊ ရကာရော၊ ရ အပြုသည်၊ ဟောတိ၊ အတြဇော - မိမိ၌ ဖြစ်သော သားသည်၊ အတြဇံ - မိမိ၌ ဖြစ်သော သားကို။ (၁၂၈)။

**စျလတော စ** ၂၁၅။ စျလ ဣတိ-စျ, လ ဟူကုန်သော၊ ဧတေဟိ-ဤသဒ္ဒါတို့မှ၊ (ပရဿ) သ္မာဝစနဿ နာ ဟောတိ၊ အဂ္ဂိနာ-မီးမှ၊ပေ၊ သယမ္ဘုနာ - ဘုရားမှ၊ သ္မာတိ - သ္မာ ပုဒ်သည်၊ပေ၊ အဂ္ဂယော - မီးတို့သည်၊ ဣသယော-ရသေ့တို့သည်၊ ဣတိ-၏။ (၁၄၁)။ [စသဒ္ဒါသည် ရှေ့သုတ်မှ "သ္မာနာ"ကို ငင်သော အနုကစ္စန-ဟု ဉာသ ဆို၏၊ ရူပသိဒ္ဓိ၌ကား "အဂ္ဂိသ္မာ" စသည်၌ နာ အပြုကို တားမြစ်ခြင်း အနက်ရှိ၏-ဟု ဆိုသည်၊ ကိံ ရုပ်များကို "ယောသွကတရဿော ဈော"သုတ်ကြည့်။]

**ဃပတော သ္မိံ ယံ ဝါ** ၂၁၆။ တသ္မာ ဃပတော-ထို ဃပမှ၊ (ပရဿ) သ္မိံ ဝစနဿ ယံ ဝါ ဟောတိ၊ ကညာယံ ကညာယ-၌၊ပေ၊ ဝဓုယံ ဝဓုယာ-ချွေးမ၌။ (၁၀၀)။ [ကညာယံ ရတ္တိယံ-စသည်သာ ဤသုတ်၏ ပုံစံ၊ ကညာယ စသည်တို့ကား ဝိကပ်ရုပ်များတည်း၊ ဃတောနာဒီနံ,ပတောယာ သုတ်တို့ဖြင့် စီရင်။]

**ယောနံနိ နပုံသကေဟိ** ၂၁၇။ နပုံသကေဟိ လိင်္ဂေဟိ-နပုလ္လိင်တို့မှ၊(ပရေသံ)သဗ္ဗေသံ-ကုန်သော၊ ယောနံ-တို့၏၊နိ-နိ အပြုသည်၊ ဝါ ဟောတိ၊အဋ္ဌီနိ, အဋ္ဌိ-အရိုးတို့သည်, တို့ကို၊ အာယူနိ, အာယူ-အသက်တို့သည်, တို့ကို၊ နပုံသကေဟီတိ - သည်၊ပေ၊ ဣတ္ထိယော-တို့သည်, တို့ကို၊ ဣတိ-၏။ (၁၉၉)။ [ပဌမာယော ဒုတိယာယော အားလုံးကို ယူစေလို၍ "သဗ္ဗေသံ"ဟု တည့်သည်၊ အဋ္ဌိ အာယူတို့ကား ဝါ၏ ဝိကပ်ရုပ်တည်း၊ စျ-လ မှည့်, ယောကို ချေ၍ ယောသုကတနိကာရ စသော သုတ်ဖြင့် ဒီဃပြု။]

---

သော ဤသုတ်ကို ဆိုခြင်းကြောင့်" ဟု အနက်အဓိပ္ပာယ်တူပင် ထွက်သည်၊ "ပုနာ ရမ္ဘဂ္ဂဟဏေန" ဟု မူကွဲလည်းရှိ၏၊ အဓိပ္ပာယ်ကို ယောသုကတနိကာရသုတ်၌ ရေးခဲ့ပြီ၊ "ပုန တတောဂဟဏေန" ဟုလည်း မူကွဲရှိသေး၏၊ "အတ္တန္တော ဟိသ္မိမနတ္တ" သုတ်မှ အတ္တသဒ္ဒါလိုက်လျှင် ပြီးနိုင်သောကြောင့် တတောသ္မိံနိသုတ်၌ တတောသဒ္ဒါ ဝိုခဲ့၏၊ ထို တတောသဒ္ဒါပိုသည်ပင် ဤသုတ်၏ ဝုတ္တိ၌ လိုက်လာပြန်ရကား "ဝုတ္တိ၌ အပိုလိုက်လာသော တတောသဒ္ဒါကိုပင် "ပုနတတောဂဟဏေန" ဟု ဆိုလိုသတတ်၊ အနက်အဓိပ္ပာယ် ရှုပ်ထွေးသောကြောင့် "ပုနတတောဂဟဏေန" ပါဌ်ကား သင့်မြတ်ဖွယ် မရှိချေ။

**အတောနိစ္စံ** ၂၁၇။ အကာရန္တေဟိ-အကာရန္တ ဖြစ်ကုန်သော၊ နပုံသက လိင်္ဂေဟိ-တို့မှ၊ (ပရေသံ) ယောနံ-တို့၏၊ နိစ္စံ-အမြဲ၊နိ ဟောတိ၊ ယာနိ-အကြင်စိတ်တို့သည်၊ ယာနိ-တို့ကို၊ တာနိ-ထို စိတ်တို့သည်၊ပေ၊ ကာနိ-အဘယ်စိတ်တို့သည်၊ပေ၊ ဘယာနိ-ဘေးတို့သည်၊ပေ၊ ရူပါနိ-ရုပ်တို့သည်၊ပေ။ (၁၉၆)။

**သိံ** ၂၁၈။ အကာရန္တေဟိ-အကာရန္တ ဖြစ်ကုန်သော၊ နပုံသကလိင်္ဂေဟိ-နပုလ္လိင်ရှိသော သဒ္ဒါတို့မှ၊ (ပရသ) **သိ**ဝစနဿ, နိစ္စံ-အမြဲ၊ အံ-အံ အပြုသည်၊ ဟောတိ၊ သဗ္ဗံ-အလုံးစုံသော စိတ်သည်၊ ယံ-အကြင်စိတ်သည်၊ တံ-ထိုစိတ်သည်၊ ကံ-အဘယ်စိတ်သည်၊ ရူပံ-ရုပ်သည်။ (၁၉၅)။ [သိံ ကို "သိ+အံ"ဟု ပုဒ်ခွဲ၊ ဝါပရောသုတ်ဖြင့် နောက် အ ကို ချေ, နိဂ္ဂဟိတ်သည် ရှေ့သကုနနည်းဖြင့် အလိုလို ဣသို့ ရောက်၍ "သိံ"ဟု သန္ဓိရုပ် ဖြစ်၏၊သိနောင် သိကြေ, အံ နောင်လည်း သိကြေ၊ ပုံစံများကို အခြေပြုကြည့်၍ တွက်။]

**သေသတော လောပံ ဂ-သိပိ** ၂၂၀။ နိဒ္ဒိဋ္ဌေဟိ - တိုက်ရိုက် ညွှန်ပြအပ် ကုန်သော၊ တတော လိင်္ဂေဟိ-ထိုလိင်တို့မှ၊ သေသတော-ကြွင်းသော လိင်မှ (နောက်၌)၊ ဂသိ ဣတိ-အာလုပ်သိ, လိင်္ဂတ္ထသိ ဟူကုန်သော၊ ဧတေ-ဤ ဝိဘတ်တို့သည်၊ လောပံ အာပဇ္ဇန္တေ၊ ဘောတိ ဣတ္ထိ-

---

၂၁၇။ **အတောနိစ္စံ**—ရှေ့သုတ်က "နပုံသကေဟိ" ဟု သာမညဆိုထားသော ကြောင့် အကာရန္တ စသော ကာရန်အားလုံးကို သိမ်းကြုံးနိုင် သော်လည်း အာကာ ရန္တနောင် နိ အပြု မမြဲကြောင်း (နိစ္စဝိဓိ ဖြစ်ကြောင်း) ကို ပြခြင်းငှာ ဤသုတ်ကို ထပ်၍ အားထုတ်ရသည်၊ အကာရန္တနောင် အမြဲ နိပြု-ဟု ဆိုသဖြင့်လည်း အခြား ကာရန် များနောင် နိအပြု မမြဲ-ဟု သိရပြန်သောကြောင့် ရှေ့သုတ်၌ "အဋ္ဌီနိ, အဋ္ဌီ" ဟု နိ မပြုရာ ရုပ်ကိုပါ ထုတ်ပြခဲ့ရသည်၊ ဤသုတ်ဖြင့် အကာရန္တကို ယူထားသောကြောင့် ရှေ့သုတ်ဖြင့် ကြွင်းသော ဣ-ဤ-ဥ-ဦ-ဩ ကာရန်များကိုသာ ယူကြ၏။ [အသဒ္ဒါ- စိတ္တဂေါ (အာ-ဩ ကာရန်) တို့သည် နာမ်ငဲ့ပြီးသည့်အခါ "အသဒ္ဒ, စိတ္တဂု" ဟု အကာရန္တ ဥကာရန္တ တွင် ပါဝင်နိုင်၏၊ ဤအလို ဩကာရန် သီးခြား မရပြီ။]

ပုံစံကို နာမ်ဂိုဏ်း (ရတ္တာဒိ) နပုံလိင်ရုပ်များမှာ ကြည့်၊ ယာနိ ယာနိ-စသည်ဖြင့် ၂ ထပ်ပြထားသည်ကား ပဌမာယော-ဒုတိယာယော ၂ မျိုးအတွက် ခွဲပြခြင်းတည်း၊ ကာနိကို ကိံတည်, ယောသက်, ကိဿကဝေစ သုတ်၌ စသဒ္ဒါဖြင့် ကိံကို က ပြု- စသည် စိရင်၊ "ရူပါ-တို့သည်၊ ရူပေ-တို့ကို" ကဲ့သို့သော ရုပ်များ၌လည်း ဤသုတ်က နိစ္စဝိဓိဖြစ်သောကြောင့် ဤသုတ်ဖြင့် ယောကို နိပြုပြီးမှ သဗ္ဗယောနီနမာဧဖြင့် နိကို အာ ဧ ပြုရသည်။

အိုမိန်းမ၊ သာ ဣတ္ထီ-ထိုမိန်းမသည်၊ ဘော ဒဏ္ဍီ-အို တုတ်ရှိသူ၊ သော ဒဏ္ဍီ-ထို တုတ်ရှိသူသည်၊ ဘော သတ္ထ-အို ဆရာ၊ [သော သတ္ထာ-ထိုဆရာသည်၊] ဘော ရာဇ-အိုမင်း၊ [သော ရာဇာ-ထိုမင်းသည်၊] သေသတောတိ-သေသတော ပုဒ်သည်၊ပေ၊ ပုရိသော-သည်၊ ဂစ္ဆတိ-သွား၏၊ ဣတိ-၏၊ ဂသီတိ-ဂ, သိပုဒ်သည်၊ပေ၊ ဣတ္ထိယာ-ဖြင့်၊ သတ္တုသ္သ-အား, ၏၊ ဣတိ-၏။ (၇၄)။

---

၂၂၀။ **တတော နိဒ္ဒိဋ္ဌေဟိ လိင်္ဂေဟိ**—ဤစကား ကား သေသတော၌ သေသ ဟူသော အပါဒါနိပုဒ်၏ အပါဒါန်ကို ထည့်၍ဖွင့်ပြသော ပက္ခိပနဝုတ္တိတည်း၊ ဤ၌ လိင်္ဂဟူသည် လိင်္ဂဥ္စနိပစ္စတော်၌ ပြခဲ့သော ဝိဘတ် မသက်ရသေးသော နာမ်တည်း၊ တိုက်ရိုက်ညွှန်ပြအပ်ပြီးသော ထိုလိင်တို့ ဟူသည် "သော, သိံ, သျာစ, ဃတေစ, အာသိမှိ, အံနပုံသကေ, အဝဏ္ဏာစဂေ, ပုမန္တဿာ သိမှိ, သခတော ဂဿေ ဝါ, ဗြဟ္မတော ဂဿစ, သတ္ထုပိတာဒီနမာ သိသ္မိံ သိလောပေါစ" စသော သုတ်တို့ဖြင့် စီရင်အပ်သော "ပုရိသ-စိတ္တ-ရာဇ-ကညာ-ဂုဏဝန္တ-ပုမ-မဃဝ-သခ-ဗြဟ္မ-သတ္ထု-ပိတု" စသော လိင်များတည်း၊ သေသ၏ အပါဒါန်ကို ထိုသုတ်တို့ဖြင့် စီရင်အပ်သော "ပုရိသ-စိတ္တ" စသော လိင်များကို ခံပါ-ဟူလို၊ အချို့ကား သေသ၏ အပါဒါန်ကို လိင်ရုပ်မခံပဲ "သိံ" စသော သုတ်များကို ခံကြ၏၊ သေသတောအရ သုတ်ကို မရ, လိင်ရုပ်ကို ရသောကြောင့် အပါဒါန်ကိုလည်း သုတ်ကိုမခံပဲ လိင်ရုပ်ကို ခံမှ စည်းကမ်းကျ၍ "တတော နိဒ္ဒိဋ္ဌေဟိ လိင်္ဂေဟိ" ဟူသော ဝုတ္တိဖွင့်ပုံနှင့်လည်း ညီမျှမည်၊ "ထိုလိင်တို့မှ ကြွင်းသောလိင်" ဟူသည် အာလုပ်ဖြစ်သော ပုရိသလိင်, အဂ္ဂိ-ဘိက္ခုစသော လိင်, ဤသို့ စသည်ဖြင့် နာမ်ဂိုဏ်း၌ သိချေ၍ ရုပ်ပြီးကောင်းသမျှ လိင်အားလုံးကို ယူ။ ["ဂသိဗုဒ္ဓေတေ" ကား သုတ်၌ပါသော ဂသိ၏ အဖွင့်တည်း၊ ဂ အတွက် အနက်တမျိုး, သိ အတွက် အနက်တမျိုးရသောကြောင့် "ဂသိ ဗုဒ္ဓေတေ" ဟု ဗဟုဝုစ်ဖြင့် ဖွင့်ပြသည်၊ အပိသဒ္ဒါ၏ အနက်ကိုလည်းကောင်း, ဂ-ဟု ဆိုရကျိုးကိုလည်းကောင်း ရူပသိဒ္ဓိ၌ တိုက်ရိုက် ပြထားပြီ။]

**ရုပ်များ**။ ။"ဘောတိ-သာ-ဘော-သော" တို့ကို အာလုပ်အနက်-လိင့်အနက် ထင်ရှားအောင် အပိုထည့်ပြဟန် တူ၏၊ "သို့သော် "ဘောတိ-သာ-ဘော" တို့၌ လည်း ဤသုတ်ဖြင့် ဂ-သိ တို့ကို ချေရသေးသည်၊ ဘောတိကို ဘဝတော ဘောတော သုတ်၌, ဘောကို ဘောဂေတုသုတ်၌ တွက်ရလတ္တံ့၊ သာကို တေတေသံတောသုတ်၌ တွက်ခဲ့ပြီ၊ ဣတ္ထိ ဒဏ္ဍိတို့ကို ဈလပါရဿံသုတ်၌ သတ္ထ-ရာဇတို့ကို အာကာရောဝါ သုတ်၌ တွက်ရလတ္တံ့၊ ဣတ္ထီ ဒဏ္ဍီတို့ကို ဣတ္ထီ ဒဏ္ဍီတည်, သိသက်, ဤသုတ်ဖြင့် သိချေ, ပြီး၏၊ ထို့နောက် "သော သတ္ထာ, သော ရာဇာ" ဟု ရှိ၏၊ သတ္ထုပိတာဒီနမာ သိသ္မိံ သိလောပေါစ သုတ်ဖြင့် သတ္ထာရုပ်ပြီးခဲ့၍ သျာစသုတ်ဖြင့် ရာဇာရုပ် ပြီးခဲ့သောကြောင့် (နိဒ္ဒေသ၌ ပါဌ်မှန် လုပ်၍ ရုပ်တွက် ပြထားသော်လည်း) ပါဌ်ပျက်ဖြစ်ဟန် တူသည်၊ "ဘောသတ္ထ, ဘောသတ္ထာ-အို ဆရာ၊ ဘောရာဇ, ဘောရာဇာ-အိုမင်း" ဟု ပါဌ်မှန်ဖြစ်ရာ၏၊ အကာရပိတာဒျန္တာနမာသုတ်၌ "သတ္ထာ-ရာဇာ" ရုပ်တို့ကို တွက်ရလတ္တံ့။

**သဗ္ဗာသမာဝုသော ၊ပေါဒီဟိစ** ၂၂၁။ အာဝုသော ဥပသဂ္ဂ နိပါတ ဠစ္စေဝမာဒီဟိစ-အာဝုသော ဟူသော အာလုပ်ပုဒ်, ဥပသာရပုဒ်,နိပါတ်ပုဒ် ဤသို့ အစရှိသည်တို့မှလည်း၊ (ပရာသံ) သဗ္ဗာသံ, ဧဝေစန ဗဟုဝစနာနံ-ဧဝုစ် ဗဟုဝုစ် ဖြစ်ကုန်သော၊ ပဋ္ဌမာ၊ပေ၊ သတ္တမီနံ-ပဌမာ၊ပေ၊ သတ္တမီဖြစ်ကုန်သော၊ ဝိဘတ္တီနံ-တို့၏၊ လောပေါ် ဟောတိ၊ အာဝုသော-ငါ့ရှင်၊ တွံ ပန-သင်သည်ကား၊ အာဝုသော-ငါ့ရှင်တို့၊ တုမှေပန-သင်တို့သည်ကား၊ ပဒသော-အစုစုဖြစ်သော၊ ဓမ္မံ-ပါဠိ အဋ္ဌကထာ ဓမ္မကို၊ ဝါစေယျ-ပို့ချအံ့၊ ဝိဟာရံ-ကျောင်းသို့၊ သေ့-နက်ဖြန်၌၊ ဥပဂစ္ဆေယျ-ချဉ်းကပ်ရာ၏။

---

၂၂၁။ **သဗ္ဗာသံ၊ပေ၊သတ္တမီနံ**—သဗ္ဗာသံ ဝိဘတ္တီနံ အရ ဝိဘတ် ၇ သွယ်လုံး-ဧဝုစ် ဗဟုဝုစ် ၂ ပါးလုံးကို ယူရမည်-ဟု သိစေလို၍ "ဧဝေစန၊ပေ၊သတ္တမီနံ" ဟု ဖွင့်သည်၊ အာဝုသောပုဒ် ဥပသာရပုဒ် နိပါတ်ပုဒ် စသည်နောင် ပဌမာ ဒုတိယာစသော ဝိဘတ်အားလုံး ဧဝုစ် ဗဟုဝုစ် ၂ မျိုးလုံးကို ချေသော သုတ်တည်း၊ နိပါတာဒီဟိ၌ အာဒိဖြင့် အချို့သော သုတ္တသဒ္ဒါ ပဒသဒ္ဒါစသည်ကို ယူ၊ မှန်၏-သုတ္တ, ပဒတို့နောင် ဝိဘာဂေဓာစ သုတ်၌ စ သဒ္ဒါဖြင့် "သော" ပစ္စည်းသက်, နာခဲ့, နာသက်၍ ဤသုတ်၌ အာဒိဖြင့် နာကို ချေ, "သုတ္တသော ပဒသော ဗျဥ္ဇနသော" စသည် ဖြစ်၏၊ ["အာဒိသဒ္ဒေန ကွစိ သုတ္တပဒါဒီဟိစ"-ရူ] အချို့ကား "သုတ္တပဒ" အရ ကစ္စည်းသုတ်မှာ လာသည့် "သိံ-သော-သျာစ" စသော သုတ်ပုဒ်တို့ကို ယူ၏၊ ထိုပုဒ်များနောင်၌ သိဝိဘတ် သက်လျှင် သေသတောလောပံ ဂသိပိ သုတ်ဖြင့်ပင် ချေနိုင်၏၊ အခြားဝိဘတ် လည်း သက်ဖွယ်မလို၊ အကယ်၍ သက်ခွင့်ကြုံပြန်လျှင်လည်း သုတ္တပဒါဒီဟိ၌ အာဒိဖြင့် ယူ၍ ချေနိုင်သည်ပင်၊ ထို့ကြောင့် "သုတ္တပဒ" အရ ဝိဘာဂေဓာစသုတ်၌ ရုပသိဒ္ဓိ ပြသည့် သုတ္တသော စသည်ကိုသာ ယူ။

**အာဝုသောကို သီးခြားယူပုံ။** ။"အာဝုသော"သည် နိပါတ်ပုဒ်တည်း၊ ထိုသို့ နိပါတ်ဖြစ်လျှင် နိပါတ အရ၌ ပါဝင်ပြီးဖြစ်လျက် အဘယ်အကျိုးငှာ သီးခြား ယူရပါ သနည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-အာဝုသောနိပါတ်၌ ဧဝုစ် ဗဟုဝုစ် သချာ ၂ မျိုးနှင့် ယှဉ်းကြောင်းကို ပြခြင်းငှာ အာဝုသောနိပါတ် ဖြစ်လျက် သီးခြား ခွဲရပေသည်၊ [အာဝုသောတိ ဠမဿ-ကို၊ ဝိသုံဂဟဏံ-သီးခြား ယူခြင်းသည်၊ သ သချာ ဒွိပနတ္တံ-ဧဝုစ် ဗဟုဝုစ် သချာ ရှိသည်၏အဖြစ်ကို ပြရခြင်းအကျိုး ရှိ၏။ (ရူ) ။]

**မှတ်ချက်။** ။အာဝုသော နိပါတ်ကိုသာ ဧဝုစ် ဗဟုဝုစ် သချာ ရှိကြောင်းကို ပြသဖြင့် အခြား နိပါတ်တို့နောင်၌ကား ဧဝုစ် ဗဟုဝုစ် ၂ မျိုးမရှိ, ဧဝုစ်တမျိုးသာ ရှိသည်-ဟု ဆိုလိုရာ ရောက်၏၊ မှန်၏-လောကီ သဒ္ဒါဆရာတို့သည် ဥပသာရ နိပါတ် ပုဒ်တို့နောင် ဗဟုဝုစ်ဝိဘတ် ကြေခြင်းကို အလိုမရှိကြ, ဧဝုစ်ဝိဘတ် ကြေခြင်းကိုသာ အလိုရှိကြသည်၊ ထို့ကြောင့် "အာဝုသော" ဟူသော အာလုပ်ပုဒ်၏ နောက်၌ကား

ပ-ပ လည်းကောင်း၊ ပရာ-ပရာ လည်းကောင်း၊ ပေ၊ အပ-အပ လည်းကောင်း၊ ဥပ-ဥပ လည်းကောင်း၊ (ဣတိ-ဤသို့၊ ဝီသတိ-၂၀ သော၊ ဥပသဂ္ဂါ-ဥပသာရတို့သည်၊ ဟောန္တိ၊) ပဟာရော- ပုတ်ခတ်ခြင်း၊ ပရာဘဝေါ- ပျက်စီးခြင်း၊

---

(ပါဠိ၌) ကေဝုစ် ဗဟုဝုစ် ၂ လုံးပင်ကြွေလျက်ရှိ၏-ဟု ပြလို၍ အာဝုသောနိပါတ်ကို သီးခြား ထုတ်ဆိုခြင်းဖြစ်သည်၊ သာသနာတော် (ပါဠိအဋ္ဌကထာ) ကျမ်းစာတို့၌ကား "ဧဟိ ဘန္တေ = အရှင်ဘုရား ကြွပါ၊ ဧထ ဘန္တေ = အရှင်ဘုရားတို့ကြွပါကုန်၊ အတ္ထိမန်= ဥစ္စာရှိ၏၊ ပုတ္တာ မေ အတ္ထိ = ငါ့မှာ သားသမီးတို့ ရှိကုန်၏" စသည်ဖြင့် ဘန္တေနိပါတ်-အတ္ထိနိပါတ် စသည့်တို့၌လည်း ကေဝုစ် ဗဟုဝုစ် သင်္ချာ ၂ မျိုး ရှိကြသည်သာ၊ ထိုနိပါတ်များနောင် ပဌမာ ဒုတိယာ၁စသော ဝိဘတ်များ ကြေနိုင်ပုံကို ရူပသိဒ္ဓိ နိပါတ်ခန်း၌ ရှု။

[သဒ္ဒနီတိ] သဒ္ဒသတ္တဝိဒူ အသင်္ချသဒ္ဒတ္တာ (သင်္ချာ အထူးမရှိ၍ "အသင်္ချ" မည်သော သဒ္ဒါတို့၏ အဖြစ်ကြောင့်) ဥပသဂ္ဂနိပါတေဟိ ဗဟုဝစန လောပံ န ဣစ္ဆန္တိ၊ သာသနိကာ ပန ဣစ္ဆန္တိ။

ဆက်ဦးအံ့—ဥပသာရပုဒ်နောက်၌ ပဌမာ ကေဝုစ် ကြေခြင်းကိုသာ ရူပသိဒ္ဓိ၌လည်း ပြ၏၊ ["တေသံ သင်္ချာကမ္မာဒိဘေဒါဘာဝါ တေဟိ ပဌမေကဝစနမေဝ ဘဝတိ"] ဤသို့ ရူပသိဒ္ဓိ ဆိုသော်လည်း သဒ္ဒနီတိ ပဒမာလာ၌ "ဥပသဂ္ဂ နိပါတေသု ဥပသဂ္ဂါ သဗ္ဗေပိ သဗ္ဗဝိဘတ္တိဝစနကာ = ဥပသာရ အားလုံးတို့သည် အလုံးစုံသော ဝိဘတ် ဝုစ် ရှိကုန်၏" ဟုလည်းကောင်း, သဒ္ဒနီတိနာမ် (၂၅၇) သုတ်၌ "ဝိဘတ်တို့သည် အနက် အားလျော်စွာ သက်ထိုက်ကုန်၏" ဟုလည်းကောင်း မိန့်သောကြောင့် ဥပသာရပုဒ်တို့ နောက်၌ ဝိဘတ် အားလုံး ဝုစ်အားလုံးပင် ထိုက်သင့်သလို သက်ခြင်းကို ဆရာတို့လည်း နှစ်သက်တော်မူကြသည်။

ဖွင့်၏—"ပကာရေန ဇာနနာ = ပဇာနနာ" ၌ ပကာရေနဟူသော အနက်ဖွင့်ကို ထောက်၍ ပ ဥပသာရနောင် နာဝိဘတ် ကြေ၏၊ "ပကာရေဟိ ဇာနာတီတိ ပညာ" ၌ကား ပဥပသာရနောင် ဟိဝိဘတ် ကြေသည်၊ "ဥဒ္ဓံ ခိတ္တာနိ ဥက္ခိတ္တာနိ = အထက်၌ ပစ်လွှင့်အပ်ကုန်၏" ၌ ဥ-ဥပသာရနောင် သို ဝိဘတ် ကြေ၏၊ "ဣမေ ဘိက္ခူ-တို့သည်၊ အနုသာရိပုတ္တံ-အရှင် သာရိပုတ္တရာ၏ အောက်ကျကုန်လျက်၊ ပညဝန္တော-ပညာရှိကုန်၏" ၌ ပညဝန္တောနှင့် ဝိဘတ်တူအောင် အနုနောက်၌ ပဌမာ ဗဟုဝုစ် ကြေ၏၊ "ဥပေတေန အာဒိန္နာ ဥပါဒိန္နာ"၌ ဥပေတေနအဖွင့်ကို ထောက်၍ ဥပနောင် နာ ဝိဘတ်ကြေ၏၊ ဤသို့ စသည်ဖြင့် ဥပသာရ ၂၀ နောင် ကေဝုစ် ဗဟုဝုစ် ပဌမာ ဒုတိယာ-စသော ဝိဘတ်တို့ ထိုက်သလိုကြေခြင်းကို ဆရာမြတ်နှင့် သဒ္ဒနီတိတို့ နှစ်သက်တော်မူကြသည်။

ပုံစံများ။ ။တုံ့ပန်-တုမ္ဟေပနစသည်၌ "တုံ့" သည် အာဝုသောနိပါတ်၏ ကေဝုစ် ဖြစ်ကြောင်းကိုပြ၍ "တုမှေ" ကား အာဝုသော နိပါတ်၏ ဗဟုဝုစ်ဖြစ်ကြောင်းကိုပြသည်၊ "ပဒသော"ကား အဗျယတဒ္ဓိတ်ပုဒ်တည်း၊ ထို အဗျယတဒ္ဓိတ်လည်း နိပါတ်နှင့် သဘောတူပင်၊ ထို့ကြောင့် နိပါတာဒီဟိ၌ အာဒိအရ ပုံစံကိုပြသည်-ဟုမှတ်၊ "သွေ"ကို ဂုာလသတ္တမီအနက်၌ဖြစ်သော နိပါတ်ဟု ရူပသိဒ္ဓိ၌ပြ၏၊ ရုပ်ကို အခြေပြု၌ တွက်ပြခဲ့ပြီ။

နိဟာရော-ထုတ်ဆောင်ခြင်း၊ နီဟာရော-ထုတ်ဆောင်ခြင်း၊ ဥဟာရော-အထက်သို့ ဆောင်ခြင်း၊ ဒုဟာရော-မကောင်းသဖြင့် ဆောင်ခြင်း၊ သံဟာရော-ကောင်းစွာ ဆောင်ခြင်း၊ ဝိဟာရော-အထူးသဖြင့် ဆောင်ခြင်း၊ အဝဟာရော-အယုတ်အားဖြင့် ဆောင်ခြင်း၊အနုဟာရော-အလျော် ဆောင်ခြင်း၊ပရိဟာရော-ပယ်ရှားခြင်း၊ အဓိဟာရော-လွှမ်းမိုး၍ ဆောင်ခြင်း၊ အဘိဟာရော-ရှေးရှု ဆောင်ခြင်း၊ ပဘိဟာရော-တဖန် ဆောင်ခြင်း၊ သုဟာရော-ကောင်းစွာ ဆောင်ခြင်း၊ အာဟာရော-လွန်စွာ ဆောင်ခြင်း၊ အတိဟာရော-လွန်၍ ဆောင်ခြင်း၊ အပိဟာရော-ပိတ်၍ ဆောင်ခြင်း၊ အပဟာရော-ဖဲ၍ ဆောင်ခြင်း၊ ဥပဟာရော-ကပ်၍ ဆောင်ခြင်း၊ ဧဝံ-ဤသို့လျှင်၊ ဝီသတိ ဥပသဂ္ဂေဟိစ- ၂၀ သော ဥပသဂ္ဂတို့နှင့်လည်း၊ (ယောဇေတဗ္ဗာနိ)။

ယထာ-ယထာ သဒ္ဒါ၊ တထာ-တထာ သဒ္ဒါ၊ (ဤနည်းအတိုင်း ပေး)၊ အရေ-အရေ သဒ္ဒါ၊ ဝေမာဒီဟိ-ဤသို့ အစရှိကုန်သော၊ နိပါတေဟိစ-နိပါတ်တို့နှင့်လည်း၊ ယောဇေတဗ္ဗာနိ-ယှဉ်စေထိုက်ကုန်၏၊ စဂ္ဂဟဏံ-သည်၊ အဝဓာရဏတ္ထံ-သန္နိဋ္ဌာန အဝဓာရဏ အနက် ရှိ၏။ (၂၀၂)။

---

ပ ပရာ၊ပေ၊ဥပ—ၚင်းတို့ကား ဥပသာရ ၂၀ ၏ သရုပ်ကိုပြသော စကားတည်း၊ သုတ်၏ ပုံစံ မဟုတ်သေး၊ ဤဥပသာရပုဒ်တို့၏ အနက်ကို ရူပသိဒ္ဓိ၌သည်းကောင်း အဘိဓာန် အဗျယဝဂ် စသည်၌လည်းကောင်း ရှု၊ ပဟာရော-စသည်ကား ပ-ပရာ အစဉ်အတိုင်း ပုံစံတည်း၊ "ပဟာရော" သည် ပဥပသာရနှင့် "ဟာရ"ဟူသော ကိတ်ပုဒ်ကို တွဲထားသော သမာသ်ပုဒ်တည်း၊ "ပဟာရဏံ-ပုတ်ခတ်ခြင်း+ပဟာရော-ပုတ်ခတ်ခြင်း"ဟု ဝိဂ္ဂဟပြု။

သမာသ်ရုပ်တွက်သည့်အခါ "ပပုဗ္ဗ ဟရတည်, ပနောင် သိသက်, ဤသုတ်ဖြင့်ချေ၊ ဘာဝေစသုတ်ဖြင့် ဟရနောင် ဏ ပစ္စည်းသက်, ကာရိတ်မှည့်, ဏ အနုဗန်ချေ, အသံယောဂန္တဿ-စသော သုတ်ဖြင့် ဝုဒ္ဓိပြု, နာမ်ငဲ့, သိသက်, ဩပြု၊ (ပ+ဟာရော) ပဟာရဏံ-ပုတ်ခတ်ခြင်း၊ ဇာတိအဘွေ-ဤအနက်၌၊ ဋ္ဌိပဒေ တုလျာဓိကရဏေ-စသော သုတ်ဖြင့် သမာသ်စပ်၍ ကမ္မဓာရဲ အမည်မှည့်၊သမာသ်လည်းမှည့်၊ သမာသ်၏ဝိဘတ်တို့ကို ချေ၊ ပဟာရ-ဟု ပကတိပြု, နာမ်ငဲ့, သိသက်, ဩပြု, ပဟာရော ပြီး၏၊ ပရာ ဘခေါ၊ပေ၊ ဥပဟာရောတို့ကိုလည်း ဤနည်းမှီး၍တွက်ပါ။ [ချာသ၌ကား သမာသ်စပ်ပုံကို မပြပဲ ရုပ်တွက်လေသည်၊ သမာသ်ပုဒ်ဖြစ်၍ ပြခဲ့သည့်အတိုင်း သမာသ် စပ်ရဦးမည်၊ သို့သော် ငယ်ရွယ်သူတို့ကိုကား "ပ+ဟာရ"တည်, ပနောင် သိသက်, ဤသုတ်ဖြင့် ချေ၊ ဟာရနောင် သိသက်, ဩပြု, ပြီး၏-ဟု အလွယ်သာ တွက်ပြပါ။]

ယထာ၊ပေ၊အရေ—ဤ နိပါတ်ပုဒ်များ၏ အနက်ကိုလည်း ရူပသိဒ္ဓိ စသည်၌ ရှု၊ ဝိဘတ်ကိုလည်း အနက်အားလျော်စွာ သက်စေရမည်၊ "ဟေ-အို အချင်းတို့"ဟု ပေးရာ၌ "ဟေ"တည်, အာလုပ်ယောသက်, ဤသုတ်ဖြင့် ချေ၊ "ဟေ-ဟဲ့ကောင်"ဟု ပေးရာ၌ အာလုပ်သိသက်, ချေ၊ ယထာ တထာ စသည်တို့နောင် ပဌမာသိသက်, ချေ၊

**ပုမသ္မာ လိင်္ဂါဒီသု သမာသေသု**

၂၂၂။ သမာသေသု-သမာသ်တို့၌၊ပရပဒေသု-နောက်ပုဒ်ဖြစ်ကုန်သော၊ လိင်္ဂါဒီသု-လိင်အစရှိသေ သဒ္ဒါတို့ကြောင့်၊ ပုမ ဣတိ-ပုမ ဟူသော၊ တေသ-ဤသဒ္ဒါ၏၊ အန္တော-အဆုံးသရသည်၊ လောပံ အာပဇ္ဇတေ၊ ပုလ္လိင်္ဂံ-ယောကျ်ား၏ အသွင်၊ ပုမ္ဘာဝေါ-ယောကျ်ား၏ အဖြစ်၊ ပုကော်ကိလော-ဥဩဖို၊ ပုမသောတိ-ပုမသာ ပုဒ်သည်၊ပေ၊ ဣတ္ထိလိင်္ဂံ-မိန်းမ၏ အသွင်၊ နပုံသကလိင်္ဂံ-နပုံ၏ အသွင်၊ ဣတိ-၏၊ လိင်္ဂါဒီသူတိ-လိင်္ဂါဒီသုပုဒ်သည်၊ပေ၊ ပုမိတ္ထိ-ယောကျ်ား မိန်းမတို့၊ သမာသေသူတိ-သမာသေသု ပုဒ်သည်၊ပေ၊ ပုမသာ-ယောကျ်ား၏၊ လိင်္ဂံ-အသွင်၊ ဣတိ-၏။ (၃၄၂)။

---

တတြကိုလည်း တြပစ္စယန္တဟု မယူပဲ "တတြ"နိပါတ်ဟု ယူလိုဟန်တူသည်၊တတြ၏ ရှေ၌ "ယတြ"ဟုလည်း သီဟိုဠ်မူ ရှိ၏။ ယတြ-တတြနောင် သွံ့သက်, ချေ၊ ဤသို့ စသည်ဖြင့် အနက်အားလျော်စွာ ဝိဘတ်သက်၍ ဤသုတ်ဖြင့် ချေလေ။

စဂ္ဂဟဏံ၊ပေ၊တ္တံ—စသဒ္ဒါသည် ဥပသာရနိပါတ်တို့ နောင်၌ ကေန် ချေရမည်-ဟု သန္နိဋ္ဌာန်ကျဆုံးဖြတ်သော သန္နိဋ္ဌာန အဝဓာရဏ အနက်ရှိ၏ [ဥပသဂ္ဂ နိပါတ ပုဒ်တို့၏ ဝစနတ္ထနှင့် ဝိဘတ္တိယုတ္တ-အဝိဘတ္တိယုတ္တ နိပါတ်စသည် အခွဲကို ရူပသိဒ္ဓိ၌ ရှု။]

၂၂၂။ **သမာသေသု**—ပုမသ-၏+လိင်္ဂံ-တည်း၊ ပုလ္လိင်္ဂံ-ယောကျ်ား၏အသွင်၊ ပုမသ+ဘာဝေါ, ပုမ္ဘာဝေါ၊ ပုမာစ-အဖိုလည်း ဟုတ်၏၊ သော-ထို အဖိုဟူသည်၊ ကောကိလောစ-ဥဩလည်း ဟုတ်၏၊ ဣတိ ပုကော်ကိလော-ဤသို့လျှင် သမာသ် အရာ၌ ရှေနောက် ၂ ပုဒ် ရှိရာဝယ် နောက်၌ လိင်-ဘာဝ-ကောကိလ-စသော သဒ္ဒါ ရှိလျှင် ရှေပုမ်၏ အဆုံး(အ)ကို ချေသည်၊ [၁-သမာသ်လည်း ဖြစ်ခြင်း, ၂-လိင် စသော သဒ္ဒါလည်းနောင်းခြင်း,၃-ရှေ၌ ပုမသဒ္ဒါလည်းရှိခြင်း,ဟု သုတ်အင်္ဂါ၃ပါး။]

**ပုမဣစ္စေတဿ အန္တော**—"ပုမဿ-ပုမသဒ္ဒါ၏+အ-အဆုံး အ တည်း၊ ပုမ-ပုမ်၏ အဆုံး အ" ဤသို့ ဝိဂ္ဂြိုဟ်ပြု၍ "ပုမဿ-ပုမ်၏ အဆုံး အ၏"ဟု သုတ်နက် ပေးရသည်၊ ထို့ကြောင့် "ပုမဣစ္စေတဿ အန္တော"ဟု အန္တောသဒ္ဒါထည့်၍ ဖွင့်နိုင်သည်၊တနည်း—ပုမဿ၌ (သ) သည် အန္တကိုငဲ့သော အန္တာပေက္ခ ဆဋ္ဌီတည်း၊ ထို့ကြောင့် "ပုမဣစ္စေတဿ အန္တော"ဟု ဖွင့်နိုင်သည်၊ "လိင်္ဂါဒီသု"ဟူသော နိမိတ်ဖြင့် "ဣတ္ထိ ပုမ နပုံသကံ" စသည်တို့၌ နပုံသကသဒ္ဒါစသည် နောင်းရာဝယ် ပုမ်၏ အ ကို ချေရမည်လော-ဟု တွေးတောဖွယ်ကို တားမြစ်၏၊ သမာသေ-ဟု ဧကဝုစ်ဖြင့် မဆိုပဲ "သမာသေသု"ဟု ဗဟုဝုစ်ဆိုခြင်းကြောင့် "ပုမ္ဘာဝေါ-ပုကော်ကိလော-ပုန္နာဂေါ-ပုင်္ဂဝေါ"စသည်ဖြင့် သမာသ်တွေ များစွာရှိကြောင်းကို သိစေသည်၊"ပုမာ စ သော နာဂေါစာတိ ပုန္နာဂေါ"ဟု ဝိဂ္ဂြိုဟ်ပြုရသော်လည်း သမာသ် ပြီးသည့်အခါ ဝိဂ္ဂြိုဟ်ဝါကျ၏ အနက်ကို မလိုက်ရပဲ ရုဋ္ဌီအားဖြင့် ပုန်းညက်ပင်ကို "ပုန္နာဂ"ဟု ခေါ်ရသည်၊ ပုမာစ သော ဂေါစာတိ ပုင်္ဂဝေါ-အထီးဖြစ်သော နွား၊

**အံ ယ မိ တော**
**ပသညတော**

၂၂၃။ ပသညတော - သော၊ ဤတော - မှ၊ (ပရသာ) အံဝစနသ္မ-၏၊ ယံ-ယံ အပြုသည်၊ ဝါ ဟောတိ၊ ဣတ္ထိယံ, ဣတ္ထိံ - ကို၊ ပသညတောတိ၊ပေ၊ ဒဏ္ဍိနံ - တုတ်ရှိသူကို၊ ဘောဂိနံ-စည်းစိမ်ရှိသူကို၊ ဝါ-နဂါးကို၊ ဣတိ-၏၊ အံဣတိ-အံပုဒ်သည်၊ပေ၊ ဣတ္ထိဟိ-တို့ဖြင့်၊ ဣတိ-၏။ (၁ဂဂ)။

---

ဝါ-ရှေ့ဆောင် နွားလား, "ပုမ+ဂေါ"ဟု ပကတိပြုပြီးသည့်အခါ ကွစိသမာသန္တ သုတ်ဖြင့် (အ) ပစ္စည်းသက်, ဩသရေစဖြင့် ဩကို အဝပြု၍ "ပုင်္ဂဝ"ဟု ပြီးစေ။

ရှုပ်တွက်။ ။ရုပ်တွက်ရာ၌ သမာသ်ရုပ်လုပ်၍ မတွက်ဲ အခြေပြု၍ ပြထားသည့် အတိုင်း အလွယ် တွက်နိုင်ပါ၊ သမာသ်ခန်းကျမှ အလိုလို နားလည်ပါလိမ့်မည်၊ "ဣတ္ထိ+လိင်္ဂ" တည်, ပုမဿလိင်္ဂါဒိသု သမာသေသု သုတ်ဖြင့် နောက် လိင်္ဂသဒ္ဒါ နှောင်းသော်လည်း ပုမသဒ္ဒါ မဟုတ်သောကြောင့် ဣတ္ထိ၏ အဆုံး ဣသရကို မချေရ, ပြီး၏၊ နပုံသက+လိင်္ဂ တည်၍ နည်းတူဆို၊ ပုမ+ဣတ္ထိ တည်, ပုမ၏ အဆုံး (အ) ကို ချေသင့်သော်လည်း လိင်္ဂ စသော သဒ္ဒါ မနှောင်းသောကြောင့် မချေရ, မ ခွင်း, ချေ, ကပ်, ပြီး၏၊ "ပုမဿ+လိင်္ဂ" ဟု တည်, ဤသုတ်ဖြင့် နောက်လိင်္ဂသဒ္ဒါကြောင့် ပုမ၏ (အ) ကို ချေသင့်သော်လည်း သမာသ် မဟုတ်သောကြောင့် မချေရ, ပြီး၏။

၂၂၃။ ဣတ္ထိယံကို အခြေပြုကြည့်၍ တွက်၊ ဣတ္ထိံကား ဝိကပ်ရုပ်တည်း၊ အဃော ရဿသုတ်ဖြင့် တွက်၊ ဒဏ္ဍိနံ၌ ဒဏ္ဍီတည်, အံသက်, ရှုမည့်၊ (ဤ) မှ နောက် ဖြစ်သော်လည်း ပ အမည် မရှိ, (ပုလ္လိင်ဖြစ်၍ ဈ အမည်သာရှိ) သောကြောင့် ဤသုတ်ဖြင့် ယံ မပြုရ၊ နောက်သုတ်ဖြင့် ဓိရင်၊ ဘောဂိနံလည်း ဘောဂီတည်, နည်းတူ၊ ဣတ္ထိ၌ကား ပ အမည်ရှိသော (ဤ) နောင်ဖြစ်သော်လည်း အံဝိဘတ် မဟုတ်သောကြောင့် ယံ မပြုရ။

မှတ်ချက်။ ။"အံ ယံ" ဟုသာ မဆိုဲ "ဤတော ပသညတော" ဟု ထည့်၍ ဆိုရာ၌ "ဤတော" ဖြင့် ပ အမည်ရသော (ဣတ္ထိလိင် အရာ၌) ဣနှင့် ဥ ဝဏ်ကို ပယ်၏၊ ထို့ကြောင့် အံဖြင့် "ရတ္တိယံ-ယာဂုယံ-ဝဓုယံ" ဟု မရှိရ၊ ပသညတောဖြင့် ဒဏ္ဍီကဲ့သို့ (ပုံ နပုံ အရာ၌ ဈ အမည်ရှိ၍) ပ အမည် မရှိသော ဤကို ပယ်၏၊ ထို့ကြောင့် အံဖြင့် "ဒဏ္ဍိယံ-သုခကာရိယံ" ဟု မရှိရ။ (ရှာသ အဆို)။

[ဆောင်] ပ အမည်ခံ, ဥဝဏ်နှင့် ဣ, ပယ်ရန်ရှိ၍, ဆိုဘိ ဤတော, ရှုမည်သော ဤ, ပယ်ဖို့ရည်က, ပသည-ဟု, အံယမိတော, သုတ်ဖြင့်ပြောသည်, မှတ်လော ရှာသ အဆိုတည်း။

မောဂ္ဂလ္လာန် နိဿယ။ ။ယံ-ဟူသော ယောဂဝိဘာဂဖြင့် "ဗုဒ္ဓုဿ ဇိန ဗောဓိယံ" ၌ အံကို ယံပြု-ဟု ကြံကြသေး၏၊ သို့သော် "ဇိန ဗောဓိယန္တိ-ဇိနာခံ ဗုဒ္ဓါနံ ဗောဓိယာ, သမ္ဗုဒ္ဓဗောဓိမူလေတိ အတ္ထော" ဟု သတ္တမီအနက်၌ သို့ကို ယံပြုသော (ရတ္တိယံကဲ့သို့) ရုပ်ဟု ဗုဒ္ဓဝံသ ဋ္ဌကထာ ဖွင့်သောကြောင့် ထို ယောဂ ဝိဘာဂကြံခြင်းကို မသင့်ဟု မောဂ္ဂလ္လာန်နိဿယသစ်၌ မိန့်တော်မူသည်။

**နံ့ချောတ ကာတရဿ**

၂၂၄။ ကတရဿာ-သော၊ တသ္မာ ချတော-ထိုချမှ၊ (ပရဿ) အံဝစနဿ နံ ဟောတိ၊ ဒဏ္ဍိနံ-ကို၊ ဘောဂိနံ-ကို၊ ချတောတိ ကိမတ္ထံ၊ ဝေဿဘုံ-ဝေဿဘူ ဘုရားကို၊ ဣတိ-၏၊ ကတရဿာတိ ကိမတ္ထံ၊ ကုစ္ဆိံ-ဝမ်းကို၊ ဣတိ-၏။ (၁၅၃)

---

၂၂၄။ ကတရဿာ—ဒဏ္ဍီ, အံသက်, ဤကို ချမှည့်, အဃောရဿဖြင့် ဤကို ဣရဿ ပြု၊ ဤသို့ ချမှည့်၍ ရဿ ပြုထားပြီးသော (ဣ) သရကို "ကတရဿ ချ"ဟု ခေါ်၏၊ ကတော ရဿော ယဿာတိ ကတရဿော၊ ယဿ-အကြင် ချမည်သော ဣသရ၏၊ ကတော-ပြုအပ်ပြီးသော၊ ရဿော-ရဿ အဖြစ်သည်၊ အတ္ထိ ဣတိ, ကာတ ရဿော-မည်၏၊ "ကတော ရဿော"၌ ရဿ အရ ဣသရကိုယူလျှင် ယဿ အရ လည်း ဣသရ ရသောကြောင့် သမာသ်ပုဒ်နှင့် အညပုဒ်တို့ အရ မပြားပဲ ရှိရာ၏၊ ထို့ကြောင့် ကတော ရဿော ဟူသော ဝါကျအခိုက်၌ ရဿော အရ ဣသရကို မယူပဲ ရဿ၏ အဖြစ်ဟူသော ရဿ သဘော (တိုသော သဘော)ကို ယူရမည်၊ ရဿ ဘာဝဟု ဆိုလိုလျက် ဘာဝပုဒ် အကြေကြီရသည်—ဟူလို၊ ထို့ကြောင့် "ကတရဿာ-ပြုအပ်ပြီးသော ရဿ အဖြစ်ရှိသော"ဟု အနက်ပေးသည်။

**ဝါသဒ္ဒါ ပါသင့်ပုံ။** ။ဤ ကစ္စည်းဝုတ္တိ၌ ဝါသဒ္ဒါ မပါသော်လည်း ရူပသိဒ္ဓိ၌ ဆပတော သို့ံယံဝါ သုတ်မှ ဝါသဒ္ဒါလိုက်သည်-ဟု ဆို၍ "ဒဏ္ဍိံ"ဟု ဝိကပ်ရုပ်ကို ပြ၏၊ ထို့ကြောင့် ဤကစ္စည်းဝုတ္တိ၌လည်း ဝါသဒ္ဒါ ပါသင့်သည်၊ ဒဏ္ဍိနံ-ဘောဂိနံကို အခြေပြုကြည့်၍ ရုပ်တွက်၊ ဒဏ္ဍိံကိုကား ဝါမြစ်၍ နံ မပြုရ၊ အံမော နိဂ္ဂဟီတံ ဈလ ပေဟိဖြင့် အံကို နိဂ္ဂဟိတ်ပြု၊ ဝေဿဘူ တည်, အံသက်, ဦကို လမှည့်, အဃောရဿ သုတ်ဖြင့် ရဿပြု, ဤသုတ်ဖြင့် ကတရဿဖြစ်သော ဥသရနောင် အံကို နံပြုသင့်သော်လည်း ချ မမည်သောကြောင့် မပြုရ၊ အံမော နိဂ္ဂဟီတံဖြင့် နိဂ္ဂဟိတ်ပြု၊ ကုစ္ဆိ တည်, အံသက်, ချမှည့်, ဤသုတ်ဖြင့် ချနောင် အံကို နံပြုသင့်သော်လည်း ကတရဿ မဟုတ်သောကြောင့် မပြုရ, အံကိုနိဂ္ဂဟိတ်ပြု။ [ကုစ္ဆိသဒ္ဒါသည် ဣတ္ထိလိင် ပုလ္လိင် ၂ မျိုးရှိ၏၊ ပုလ္လိင် ကုစ္ဆိကို ရည်ရွယ်၍ ဤ၌ ကိံရုပ် ထုတ်သည်။]

**ယောဂဝိဘာဂ။** ။ကတရဿာကို ဖြုတ်၍ "နံ့ချတော" ယောဂဝိဘာဂဖြင့် အကတရဿ ချနောင် အံကို နံပြု၍ "မုနိနံ, မဟေသိနံ (မဘာဇူသိနံ)" ရုပ်များ ဖြစ်၏၊ နံ-ဟူသော ယောဂဝိဘာဂဖြင့်ကား ကတရဿ အကတရဿ လနောင် အံကို နံပြု၍, "ဘိက္ခုနံ, အာဒိစ္စ ကုလကေတုနံ" ဟူသော အကတရဿ လနောင် နံပြုရုပ်, ဝေဒဂုနံ (ဝေဒဂူ တည်) ဟူသော ကတရဿ လနောင် နံပြုရုပ်များ ဖြစ်၏-ဟု မောဂ္ဂလ္လာန် သျှာဒိကဏ္ဍ (၇၄) သုတ် နိဿယကိုမှီ၍ ဆို၊ ထိုနိဿယ၌ "ဓောဂနိဋ္ဌံ ပဘင်္ဂုနံ"ဝယ် "ပဘင်္ဂုရံ"ဟုလည်း ပါဌ် ၂ ထွေ ရှိသင့်ကြောင်းကို ဆုံးဖြတ်ထားသည်။

(ဆောင်] နံ့ချတော၌, ဝိဘာဂဖြင့်, ကဘရဿံ, ချနောက် အံကို, နံပြု ဆို၏၊
ထို့ပြင် တဖြာ, နံ ဝိဘာဖြင့်, ကတာ ကတ, လ နောက်မှ အံ,
မောဂ္ဂလ္လာန်, နံလည်း ပြုလေသည်။

**ယောနံ နော** ၂၂၅။ ကတ္တရဿ စျတော (ပရေသံ) သမ္ဗန္ဓံ-ကုန်သော၊ ယောနံ-တို့၏၊ နော-နော အပြုသည်၊ ဟောတိ၊ ဒဏ္ဍီနော-တို့သည်, တို့ကို၊ ဘောဂိနော-တို့သည်, တို့ကို၊ ဟေ ဒဏ္ဍီနော-အို တုတ်ရှိသူတို့၊ ဟေ ဘောဂိနော-အို စည်းစိမ်ရှိသူတို့၊ ကတရဿာတိ၊ပေ၊ အဂ္ဂယော, မုနယော, ဣသယော၊ ဣတိ-၏၊ စျတောတိ၊ပေ၊ သယမ္ဘုဝေါ-ဘုရားတို့သည်, တို့ကို၊ ဣတိ-၏၊ ယောနန္တိ-ယောနံပုဒ်သည်၊ပေ၊ ဒဏ္ဍိနာ-ဖြင့်၊ ဘောဂိနာ-ဖြင့်၊ ဣတိ-၏။ (၁၅၁)။

**သ္မိံ နိ** ၂၂၆။ ကတရဿာ တသ္မာ စျတော (ပရဿ) သ္မိံဝစနဿ နိ ဟောတိ၊ ဒဏ္ဍိနိ-၌၊ ဘောဂိနိ-၌၊ ကတရဿာတိ၊ပေ၊ ဗျာဓိမှိ-အနာ၌၊ ဣတိ-၏။ (၁၅၄)။ [ရုပ်ကို အခြေပြု၍ ပြထားပြီ၊ ဗျာဓိမှိ၌ကား "ဗျာဓိ"ဟု ဣကာရန္တဖြစ်၍ အကတရဿ ဖြစ်သောကြောင့် သ္မိံ ကို နိ မပြုရ၊ မှိပြု။]

---

၂၂၅။ ရုပ်ကို အခြေပြု၍ ဖွက်ထားပြီ၊ အဂ္ဂယော စသည်၌ ကတရဿ မဟုတ်-အကတရဿ ဖြစ်သောကြောင့် ယောကို နော မပြုရ, ယောသ္မိကတရဿော စျော သုတ်ဖြင့် စီရင်၊ သယမ္ဘူတည့်, ယောသက် ဦကို လမှည့်, အဃောရဿဖြင့် ရဿပြု၊ ကတရဿ ဖြစ်သော်လည်း စျ မမည်သောကြောင့် ဤသုတ်ဖြင့် နော မပြုရ, လတော ဝေါကာရောစ၌ ကာရသဒ္ဒါဖြင့် ယောကို နောပြု၊ ဒဏ္ဍိနာ စသည်၌ကား ယော မဟုတ်သောကြောင့် နော မပြုရ။ ["ယောနံ နော" ယောဂဝိဘာဂဖြင့် "သာရမတိနော" စသည် ပြီးပုံကို ရူပသိဒ္ဓိမှာ တိုက်ရိုက်ဆိုထားပြီ၊ မောဂ္ဂလ္လာန်၌ ဒုတိယာယောကို နေ ပြု၍ ဒဏ္ဍိနေ-အရိယဝုတ္တိနေ-ဗြဟ္မစာရိနေ-စသော ရုပ်များကိုလည်း ပြသေး၏။]

၂၂၆။ သဒ္ဒနီတိ၌ "ဝဇ္ဇဒဿျာ ဒိနုမိနော အံယော့သ္မိံသုသု=ဒံယောသ္မိံသု ဝိဘတ်တို့ကြောင့် ဝဇ္ဇဒဿီစသော သဒ္ဒါတို့၏ အဆုံးသရကို ဣနပြု" ဟု သုတ်တည်၍ "ဝဇ္ဇဒဿိနံ-အပြစ်ကိုရှုလေ့ရှိသူကို၊ ဝဇ္ဇဒဿိနေ-တို့ကို၊ ဝဇ္ဇဒဿိနေ-၌၊ ဝဇ္ဇဒဿိနေသု-တို့၌" စသော ပုံစံများကိုပြ၏၊ ထိုတွင် "ဝဇ္ဇဒဿိနံ" သည် ဒဏ္ဍိနံနှင့် တူ၏၊ "ဝဇ္ဇဒဿိနေ" ကား ယောကို နေပြုသော "ဒဏ္ဍိနေ" နှင့် တူ၏၊ သ္မိံသုတို့ဖြင့်ကား ဤ သဒ္ဒနီတိသုတ်ဖြင့်သာ ရုပ်ပြီးနိုင်သည်၊ "မာတင်္ဂသ္မိံ ယသဿိနေ၊ ဝေရိနေသု အဝေရိနော" စသော ပါဠိပုံစံကိုထောက်၍ "ဒဏ္ဍိနေ, ဒဏ္ဍိနေသု" စသော ဤ ကာရန္တရုပ်များလည်း သ္မိံသု ဝိဘတ်ဖြင့် ရှိနိုင်ကြောင်းကို သိပါ။

သဒ္ဒနီတိ။ ။ဤနေရာဝယ် သဒ္ဒနီတိ၌ "ပုဏ္ဏမာတော သ္မိံနော အာယေ ဂါထာယံ" ဟု သုတ်တည်၍ ပုဏ္ဏမာနောင် သ္မိံကို ဂါထာအရာ၌ အာယေပြု၏၊ ပုဏ္ဏမာယေ ဥပေါသထေ-လပြည့်ဥပုသ်နေ့၌၊ ထို့ပြင် "လဋ္ဌိတော သမ္ဗဿ တဝိဘတ္တိကဿ တာယေ" ဟု သုတ်တည်၍ ဂါထာအရာ၌ သ္မိံဝိဘတ်နှင့်တကွ တမ္ဗပစ္စည်းကို တာယေ

ကိဿက ဝေစ

၂၂၇။ ပရေ- သော၊ ဝပစ္စယေ-ကြောင့်၊ ကိမိစ္စေတဿ- ကိ ဟူသော ဤသဒ္ဒါ၏၊ ကော-က အပြုသည်၊ ဟောတိ၊ ဒေဝါနံ ပိယ တိဿ-ဒေဝါနံ ပိယ တိဿမင်း၊ တွံ-သင်သည်၊ ကွ-အဘယ်အရပ် သို့၊ ဂတော-သွားသည်၊ အသိ-ဖြစ်သနည်း၊ စဂ္ဂဟဏေန-ဖြင့်၊ ပရေ-သော၊ အဝပစ္စယေပိ-ဝ ပစ္စည်းမှ အခြားသော ပစ္စည်းဝိဘတ်ကြောင့်လည်း၊ ကော-က အပြုသည်၊ ဟောတိ-၏၊ ကော-အဘယ်သူသည်၊ တံ-ထိုသူကို၊ နိန္ဒိတုံ-ကဲ့ရဲ့ ခြင်းငှာ၊ အရဟတိ-ထိုက်အံ့နည်း၊ ကထံ-အဘယ်သို့လျှင်၊ တွံ-သင်သည်၊ ဓမ္မံ-တရားကို၊ ဗောဓယိ-သိသနည်း၊ ဝေတိ- ဝေပုဒ်သည်၊ပေ၊ တွံ-သင်သည်၊ ကုတော-အဘယ်အရပ်မှ၊ အာဂတော-လာခဲ့သည်၊ အသိ-ဖြစ်သနည်း၊ ဣတိ-၏။ (၂၇၀)။

---

ပြု၏၊ အလဗ္ဘိတာဝယေ လဗ္ဘန္တိ, လဗ္ဘိတာဝယေ န လဗ္ဘရေ=မရှက်ထိုက်သောအရာဝယ် ရှက်၏, ရှက်ထိုက်သောအရာဝယ် မရှက်ကြ။

[ဖေခင်] နိတိကိုရှု, သွိံသုတ္တိ, နှောင်းမှု ဤကို, ဇာန ဆို၏၊ ထို၌ ဂါထာ, ရုံဘာခါဝယ်, ပုဏ္ဏမာနောက်, သွိံရောက်က, မဖောက် အာယေ, ပြုပြန်စေ၏၊ တထွေတဗ္ဗ, သွိံဝစနနှင့်, တကွ ပေါင်းစု, တာယေ ပြုသည့်, မှတ်ရှု နိတိမှာချည်းတည်း။

၂၂၇။ [“ကောစ” ဟု ၂ နေရာလုံး၌ စသဒ္ဒါပါနေ၏၊ သီဟိုဠ်မူ၌ကား ၂ နေရာ လုံးပင် စသဒ္ဒါ မပါ။ ထို စသဒ္ဒါဖြင့် ဆည်းဖွယ်ရာ မလိုသောကြောင့် သီဟိုဠ်မူအတိုင်း ကောင်း၏၊ ထို့ပြင် “ကထံ ဗောဓယိတုံ ဓမ္မံ” ဟု မြန်မာမူလည်း အဓိပ္ပာယ်မရ၊ “ကထံ ဗောဓေသိ (ဗောဓယိ) တွံ ဓမ္မံ” ဟု ရှိသော သီဟိုဠ်မူအတိုင်းသာ အဓိပ္ပာယ် ရသည်။]

ရုပ်တွက်။ ။ကွကို ရုပ်တွက်ရာ၌ ချာသာဝယ် ပစ္စည်းမှန်လျှင် ဝကဲ့သို့ ဗျည်း အစ၌ ရှိသော ပစ္စည်းဖြစ်စေ, အာ ဤ-စသော သရသက်သက် ပစ္စည်း, ဒ က စသော သရ အစ၌ရှိသော ပစ္စည်းဖြစ်စေ, ထို ပစ္စည်းအားလုံးကိုပင် အမာဒေသ ပစ္စယာဒိမှိ၌ ပစ္စယ အရ ယူထားသောကြောင့် က၏ အ ကို ဝပစ္စည်းနှောင်းရာ၌ သရလောပေါ် သုတ်ဖြင့် ချေ၏၊ ရူ၌ကား ပစ္စယအရ သရပစ္စည်း-သရ အစ၌ရှိသော ပစ္စည်းများကိုသာ ယူသော ကြောင့် က၏ အ ကို တေသုဝုဒ္ဓိဖြင့် ချေသည်၊ အခြေပြု-ကိဿကဝေစ၌ ရုပ်တွက်ပုံကို ကြည့်ပါ။

စဂ္ဂ၊ပေ၊မမ္မံ—ဝေစ၌ စသဒ္ဒါဖြင့် ဝ ပစ္စည်းမှ အခြားသော ပစ္စည်းဝိဘတ်များကို ဆည်း၍ ကော-ကထံ စသော ရုပ်များ ပြီး၏၊၊ ကောကို ထောက်၍ ဝိဘတ်ကို ဆည်း ကြောင်း, ကထံကိုထောက်၍ ပစ္စည်းများကိုဆည်းကြောင်း သိရသည်၊ဤကား ကစ္စည်း ဝုတ္တိအလိုတည်း၊ ရူပသိဒ္ဓိ၌ကား ဝိဘတ်ကို မဆည်းပဲ ထ-ဟ-ထံ စသော ပစ္စည်းများ ကိုသာ ဆည်း၏၊ ဝိဘတ် နှောင်းရာ၌ကား “သေသေသုစ” သုတ်ဖြင့် က-ပြုသည်၊

**ကုဟိံဟံသုစ** ၂၂၀။ ဟိံဟံ ဣတိ- ဟိံဟံ ဟူကုန်သော၊ ဧတေသုစ-ဤ ပစ္စည်းတို့ကြောင့်လည်း၊ ကိမိစ္စေတသ္မ-ကိံ ဟူသော ဤသဒ္ဒါ၏၊ ကု-ကု အပြုသည် ဟောတိ၊ ကုဟိံ-အဘယ် အရပ်သို့၊ ဂစ္ဆသိ-သွားမလို နည်း၊ ကုဟံ-အဘယ် အရပ်သို၊ ဂစ္ဆသိ၊နည်း၊ စဂ္ဂဟဏေန-ဖြင့်၊ အညတ္ထာပိ- ဟိံဟံ ပစ္စည်းမှ အခြားလည်း ဖြစ်ကုန်သော၊ ပရေသု-နောင်းကုန်သော၊ ဟိဥ္စနံ ဒါစနံ ပစ္စယေသု-ဟိဥ္စနံ ဒါစနံ ပစ္စည်းတို့ကြောင့်၊ ကု-သည်၊ ဟောတိ၊ကုဟိဥ္စနံ ကုဒါစနံ-တရုံတခါ၌။ (၂၇၂)။

**သေသေသုစ** ၂၂၉။ သေသေသု- ဝ ပစ္စည်းမှ ကြွင်းကုန်သော၊ ပရေသု-ကုန်သော၊ ဝိဘတ္တိပ္ပစ္စယေသု-ဝိဘတ်ပစ္စည်းတို့ကြောင့်၊ ကိံ ဣတိ ဧတဿ-၏၊ ကော-က အပြုသည်၊ ဟောတိ၊ ကော ပကာရော-အဘယ် အပြားသည်၊ ကဟံ-အဘယ် အပြားသည်၊ ကံ ပကာရံ-အဘယ် အပြားကို၊ ကထံ ကို၊ စဂ္ဂဟဏံ-သည်၊ အနုကဍ္ဎနတ္ထံ-ကကို ငင်ခြင်း အနက်ရှိ၏။ (၂၂၉)။

---

ကောကို ကိံတည်, သိသက်, ကိဿကဝေစ၌ စသဒ္ဒါဖြင့် ကိံကို က ပြု, သိကို သြပြု, ဍင်း, ချေ, ကပ်၊ ကထံကိုကား ကိမိမေဟိထံ သုတ်ကျမှ တွက်၊ ကုတော၌ကား ဝ ပစ္စည်း မနှောင်းသောကြောင့် ကိံကို က မပြုရ, ကွစိတော ပဉ္စမျတ္ထေ-ဣြတောဟေသု စ သုတ်တို့ဖြင့် စီရင်။

၂၂၀။ [သီမူ၌"ဟိံဟံ ဇ္စေတေသု ပရေသု"ဟု ရှိ၏၊]စ သဒ္ဒါသည် သမုစ္စည်း အနက်ရှိ၍ ဟိဥ္စနံဒါစနံ ပစ္စည်းတို့ကို ဆည်းသည်၊ ရုပ်ကို "ဟိံဟံ ဟိဥ္စနံ=ကိံသမှဒြေ ၊ပေ၊ ဒါစနံ" သုတ်တို့ကျမှ တွက်။

၂၂၉။ **သေသေသု ဝိဘတ္တိ ပစ္စယေသု**—ဤသုတ် အမိပ္ပာယ်သည် ကိဿကဝေစ သုတ်၏ စသဒ္ဒါနှင့် တူ၏၊ အဃောရဿ သုတ်၏ အပိသဒ္ဒါကို နသိသ္မိမ နပုံသကာနိ သုတ်က ထင်ရှားအောင် ဖွင့်ပြသကဲ့သို့ ကိဿကဝေစသုတ်၏ စသဒ္ဒါကိုပင် ဤသုတ် က ဖွင့်ပြသည်-ဟု ဆိုလိုသည်၊ ထို့ကြောင့် သေသေသု၌ သေသ၏ အပါဒါန်ကို ဝ ပစ္စည်း ခံပြီး ဝပစ္စည်းမှ ကြွင်းသမျှ ပစ္စည်း ဝိဘတ်တို့ကို "သေသေသု" အရ ယူစေ လို၍ "ဝိဘတ္တိ ပစ္စယေသု" ဟု ဖွင့်သည်၊ ဤကား ကစ္စည်းဝုတ္တိအလိုတည်း၊ ရူပသိဒ္ဓိ၌ တမျိုးဖွင့်သေးသည်ကိုလည်း ရှုလေဦး။

**ကောပကာရောကထံ**—"ကောပကာရော" သည် ဝိဘတ်နှောင်းရာ၌ ကိံသဒ္ဒါကို က ပြုသော ပုံစံလည်း ဟုတ်-ကထံ၏ အနက်ပြ ဝါကျလည်း ဟုတ်၏၊ နည်း ၄ဝ တွင် "အမ္ဗသေစန ဂရုပီဏာနည်း" ဟု ဆိုသည်၊ ကောကို အခြေပြု၍ တွက်ပြယားပြီ၊ ကထံ ကို တန္ဒိတ်"ကိမိမေဟိ ထံ" သုတ်၌ တွက်၊ကစ္စည်းဝုတ္တိအလိုအားဖြင့် ကိဿ က ဝေစ သုတ်၌ စ သဒ္ဒါဖြင့် ဖြစ်စေ, ဤသုတ်ဖြင့် ဖြစ်စေ ကိံကို က ပြုနိုင်သည်၊ ရူပသိဒ္ဓိ အလို

**တြတောတေသုစ**

၂၃၀။ တြတောထ ဣတိ-တြ, တော, ထ ဟူကုန်သော၊ ဧတေသုစ-ဤပစ္စည်းတို့ကြောင့်လည်း၊ ကိမိစ္စေတဿ, ကု-ကု အပြုသည်၊ ဟောတိ၊ ကုတြ-အဘယ် အရပ်၌၊ ကုတော-အဘယ် အရပ်မှ၊ ကုတ္ထ-အဘယ် အရပ်၌၊ စဂ္ဂဟဏံ-သည်၊ အနုကစ္စနတ္ထံ-ငင်ခြင်း အနက် ရှိ၏။ (၂၆၂)။

**သဗ္ဗဿေတဿာ ကာရောဝါ**

၂၃၁။ တောထ ဣတိ-တော, ထ ဟူကုန်သော၊ ဧတေသု-ဤ ပစ္စည်းတို့ကြောင့်၊ သဗ္ဗဿ ဧတသဒ္ဒဿ အကာရော ဝါ ဟောတိ၊ အတော-ထိုအရပ်မှ၊ အတ္ထ-ထိုအရပ်၌၊ ဧတ္တော-ထိုအရပ်မှ၊ ဧတ္ထ-၌။ (၂၆၃)။

**တြေနိစ္စံ**

၂၃၂။ ပရေ တြပစ္စယေ သဗ္ဗဿ ဧတသဒ္ဒဿ အကာရော နိစ္စံ ဟောတိ၊ အတြ-ဤအရပ်၌၊ (၂၆၇)။ [ရှေ့သုတ်က အနိစ္စ-ဤသုတ်က နိစ္စဝိဓိ ဖြစ်သောကြောင့် ရှေ့သုတ်နှင့် မဘဲ့ပဲ ဤသုတ်ကို ခွဲ၍ တည်ရ

---

အားဖြင့်ကား ကိဿကဝေစ၌ စသဒ္ဒါဖြင့်သာ က ပြုနိုင်သည်၊ ကံပကာရံ ကထံ၌ ကံကို အံဝိဘတ်သက်၍ တွက်၊ ကထံ နောင်လည်း အံသက်၍ သမ္ဘာသမာဝုသောဖြင့် ချေ။

ဤနည်းအတိုင်း ဝိဘတ် ၇ သွယ်လုံးသက်၍"ကေန ပကာရေန ကထံ,ကဿ ပကာရဿ ကထံ"စသည်ဖြစ်၏၊ ကထံနောင် သမ္ဘာသမာဝုသောဖြင့်ချည်း ချေ၊ဘာ့ကြောင့် နည်း....ကထံပုဒ်က အဗျယတဒ္ဓိတ်ဖြစ်သောကြောင့် လည်းကောင်း, အဗျယတဒ္ဓိတ် နှင့် နိပါတ်ပုဒ်လည်း သဘောတူသောကြောင့် လည်းကောင်းတည်း၊ [ကိံသဒ္ဒါ၏ လိင် ၃ ပါး၌ ရုပ်ငြဲပုံကိုလည်းကောင်း "ကောစိ-ယောကောစိ" စသည်ကိုလည်း ကောင်း အခြေပြုနာမ်ဂိုဏ်း၌ ပြထားပြီ၊] ဤ သေသေသုစသုတ်ကို ကိဿကဝေစ သုတ်၏ အခြားမဲ့၌ ဆက်၍ထားလျှင် ကကို ငင်လို့ကောင်းသော်လည်း မဟာ့ကဂတိက နည်းဖြင့် က အက္ခရာ ခုန်၍လိုက်ပုံကို ပြလိုသောကြောင့် "ကုဟိံဟံ သုစ" တသုတ် ခြား၍ တည်သည်-ဟု နှာသဖွင့်သည်။

၂၃၀။ [သီမူ၌"ဇုစ္စေတေသု" ဟုသာ ရှိ၏၊ စ-မပါ၊ စသဒ္ဒါအနက်ကို သီးခြား ဖွင့်ပြမည့်အရာ၌ သုတ်၏ ဝုတ္တိဝယ် စသဒ္ဒါမပါခြင်းသာ နည်းလမ်းကျ၏၊ သီမူ၌ "စဂ္ဂဟဏံ ကိံ သဒ္ဒမနုကဍ္ဎနတ္ထံ" ဟု ရှိသော်လည်း စသဒ္ဒါဖြင့် ရှေ့သုတ်မှ ကုကိုလည်း ငင်သင့်သောကြောင့်"စဂ္ဂဟဏမနုကဍ္ဎနတ္ထံ"ဟူသော မြန်မာမူကပင် ကောင်းသကဲ့သို့ ထင်၏၊ စသဒ္ဒါဖြင့် ကိဿ-ကုတို့ကို ငင်သည်-ဟူလို၊ ရုပ်ကို အခြေပြု၌ ညွှန်ပြထားပြီ၊]

၂၃၂။ တောထ ဇုစ္စေတေသု—ရှေ့သုတ်မှ "တြတောထ" ၃ ပစ္စည်းလုံး လိုက် သင့်သော်လည်း "တြေနိစ္စံ" သုတ်က တြပစ္စည်းအတွက် နိစ္စဝိဓိကို ပြလတ္တံ့ဖြစ်သော ကြောင့် "တော-ထ" ၂ ပစ္စည်းသာ လိုက်သည်၊ တော ထပစ္စည်းနှောင်းရာ၌ ဧတ၏ (အ) အပြု မမြဲသောကြောင့် "ဧတ္တော, ဧတ္ထ" ဟု ဝိကပ်ရုပ်များကိုလည်း ပြရသည်၊ ရုပ်ကို အခြေပြု၌ ညွှန်ပြထားပြီ၊ ဧတ္တော ဧတ္ထကို (၂၃၃) သုတ်၌ တွေ့ရလတ္တံ့။

သည်၊ "သဗ္ဗသာ တေသာ"ဟူသော ဆိုလျှင် "တေသာ-ထိုသူ၏" စသည်ဖြင့် အနက် ထင်မှားမည် စိုးသောကြောင့် တေသဒ္ဒါ ဖြစ်ကြောင်း ထင်ရှားစေဖို့ရာ "သဗ္ဗသာ တေသဒ္ဒသာ"ဟု သဒ္ဒထည့်၍ ဖွင့်သည်။]

**ဧ-တောထေသုစ** ၂၃၃။ တောထ ဣတိ ဧတေသု သဗ္ဗသာ တေသဒ္ဒသာ, ဧကာရော-ဧ အပြုသည်၊ ဝါ ဟောတိ၊ ဧတ္တော, အတော-ထိုအရပ်မှ၊ ဧတ္ထ, အတ္ထ-၌အရပ်၌၊ (၂၆၄)။ [အတော အတ္ထဟို့ကား ဝါ၏ ဝိကပ်ရပ်များတည်း၊ သဗ္ဗသော တသာကာရောဝါဖြင့် စီရင်။]

**ဣမဿိ၊ ဗေ၊ မေသုစ** ၂၃၄။ ထံ ဒါနိ ဟ တော ဓ ဣတိ-ထံ, ဒါနိ, ဟ, တော, ဓ ဟူကုန်သော၊ ဧတေသု-၌ပစ္စည်းတို့ကြောင့်၊ သဗ္ဗသောဝ-သာလျှင် ဖြစ်သော၊ ဣမသဒ္ဒသာ-ဣမသဒ္ဒါ၏၊ ဣကာရော ဟောတိ၊ ဣတ္ထံ -၌အပြားသည်၊ ဣဒါနိ -၌အခါ၌၊ ဣဟ -၌အရပ်၌၊ ဣတော-၌အရပ်မှ၊ ဣဓ-၌။ (၂၆၅)။

**အ-ဓုနာမှိစ** ၂၃၅။ ပရေ,ဓုနာမှိ ပစ္စယေ-ဓုနာ ပစ္စည်းကြောင့်၊သဗ္ဗသောဝ ဣမသဒ္ဒသာ အကာရာဒေသော ဟောတိ၊ အဓုနာ-၌အခါ၌၊ ဝါ- ယခုအခါ၌၊ စဂ္ဂဟဏံ-သည်၊ အဝခါရဏတ္ထံ - အဝခါရဏအနက်ရှိ၏၊

---

၂၃၃။ **ဧတောထေသုစ**—သီဟိုဠ်မူ၌ "ဧတောထေသုဝါ" ဟု ရှိ၏၊ သဗ္ဗသော တသာကာရောဝါသုတ်မှ တေသာဝါတို့ကို စသဒ္ဒါဖြင့် ငင်နိုင်သောကြောင့် "ဧတော ထေသုစ" ဟု ရှိသော မြန်မာမူက ကောင်းပေသည်၊ ချာသကား ဤသုတ် တသုတ်လုံး ကိုပင် အပိုဟု ဆို၏၊ ဘာ့ကြောင့်နည်း ..."တေ" တည်, တော, ထ ပစ္စည်းသက်, သရလောပေါသုတ်ဖြင့် (ပစ္စယအရဘွင် ဗျည်း အစရှိသော ပစ္စည်းကိုပါ ယူထားသော ကြောင့်) တ၏ အ ကို ချေ, တ်ကို တောသို့ကပ်လျှင် "ဧတ္တော, ဧတ္ထ"ဟု ပြီးနိုင်သော ကြောင့်တည်း။

**ရူပသိဒ္ဓိအလို ဤသုတ်မပို**။ ။ရူပသိဒ္ဓိအလိုကား ပစ္စယာဒိမှိ၌ "ပစ္စယ" အရ ဗျည်းပစ္စည်းကို မယူနိုင်, အစ၌ သရပါသော ဣယ, ဣမ္ဗ, ဣက စသော ပစ္စည်းနှင့် သရသက်သက် (အ-ဣ) စသော ပစ္စည်းများကိုသာ ယူသောကြောင့် တော ပစ္စည်း ထပစ္စည်း နှောင်းရာဝယ် သရလောပေါ သုတ်ဖြင့် ရှေ့သရကို မချေနိုင်၊ သို့အတွက် "ဧတ္တောကို တေတည်, တော ပစ္စည်းသက်, ဧတောထေသုစ သုတ်ဖြင့် တေကို ဧ ပြု, (ဧတော) ပရဒွေဘာဝေါ ဌာနေ သုတ်ဖြင့် သဒိသံဒွေဘော် (တ်) လာ" ပြီး၏၊ ဧတ္ထ လည်း နည်းတူ၊ ထို့ကြောင့် ရူပသိဒ္ဓိအလို ဤသုတ် မပိုချေ။

၂၃၄။ [သီဟိုဠ်မူ၌ "ဣမဓ" ဟု ပုံစံပြပြီးနောက် "စသဒ္ဒဂ္ဂဟဏမဝခါရဏတ္ထံ= ဣအပြုကို နိုင်မြဲစေခြင်း သန္နိဋ္ဌာနာဝခါရဏအနက် ရှိ၏"ဟု ပါသေး၏၊ ထိုသို့ ပါခြင်း သည် ကောင်းပေ၏၊] ရုပ်ကို ပဌမပိုင်း ပစ္စည်းသက်ရာ သုတ်များကျမှ တွက်။

[ဓုနာပစ္စည်း နှောင်းရာ၌ ဣမ၏ (အ) အပြုကို ခိုင်မြဲစေသော သန္နိဋ္ဌာနာဝဓာရဏ အနက် ရှိသည် - ဟူလို၊ ရုပ်ကို ဓုနာပစ္စည်းသက်သော သုတ်ကျမှ တွက်။] (၂၀၁)။

**တေရဟိမှိစ** ၂၃၆။ ပရေ, ရဟိပစ္စယေ-ရဟိပစ္စည်းကြောင့်၊ သဗ္ဗဿေဝ ဣမသဒ္ဒဿ တောဒေသော ဟောတိ၊ တေရဟိ-ဤအခါ၌၊ ဝါ-ယခုအခါ၌၊ (၂၀၀)။ [ဤသုတ်၌ သီဟိုဠ်မူဝယ် စ သဒ္ဒါ မပါ၊ ရူပသိဒ္ဓိ စသည်မှာလည်း မရှိ၊ သို့သော် တေ အပြု မြဲသောကြောင့် သန္နိဋ္ဌာနာဝဓာရဏ အနက်ရှိသော စသဒ္ဒါ ပါခြင်းကို ရွေးဆရာတို့ အလိုရှိကြသည်၊ ရဟိပစ္စည်း သက်သော သုတ်ကျမှ တွက်။]

**ဣတ္ထိယံ မတော အာပစ္စယော** ၂၃၇။ ဣတ္ထိယံ-ဣတ္ထိလိင်၌၊ ဝတ္တမာနာ-ဖြစ်သော၊ အကာရတော - အကာရန္တလိင်မှ၊ (နောက်၌)၊ အာပစ္စယော ဟောတိ၊ သဗ္ဗာ-အလုံးစုံသော မိန်းမ၊ ယာ-အကြင်သူမ၊ သာ-ထိုသူမ၊ [ဤနေရာ၌ တာ-ဟု အချို့စာရှိ၏၊ ဗဟုဝုစ်ဖြစ်၍ မကောင်း၊] ကာ-အဘယ်သူမ၊ ကတရာ-အဘယ်သူမ၊ [ကညာ-သတို့သမီး။] (၁၇၆)။

---

၂၃၇။ ["ဣတ္ထိယံ ဝတ္တမာနာယ" ဟု မြန်မာမူရှိ၏၊ "အကာရတော" အရ "အကာရန္တလိင်"ကို ရသောကြောင့် ထို "အကာရတော"နှင့် အရတူအောင် "ဝတ္တမာနာ" ဟု သွာကို အာပြုထားသော (သီဟိုဠ်မူအတိုင်း) သာ ရှိသင့်၏၊ နောက်၌လည်း "ဝတ္တမာနေဟိ"ဟုပင် ၂၃၉ သုတ်၌ ဖွင့်လတ္တံ့၊ ထို့ပြင်-"ကတရာ" နေရာ၌ သီမူဝယ် "ကညာ" ဟုလည်း ရှိသည်။]

ဣတ္ထိဇောတက ပစ္စည်း။ ။ဤ အာပစ္စည်းနှင့် နောက်၌လာမည့် "ဤ-ဣနီ" ပစ္စည်းများကို ဣတ္ထိလိင်ရှိကြောင်း ထွန်းပြသောကြောင့် "ဣတ္ထိဇောတကပစ္စည်း"ဟု ခေါ်၏၊ [ဣတ္ထိယာ-ဣတ္ထိလိင်ကို၊ ဇောတကော-ထွန်းပြတတ်သော ပစ္စည်းသည်၊ ဣတ္ထိဇောတကော-မည်၏၊] အကျယ်ကို ရူပသိဒ္ဓိ ဤသုတ်အဖွင့်မှာ ရှု၊ ရုပ်ကို အခြေပြု ကြည့်၍ တွက်၊ သာကို "တ" တည်, အာပစ္စည်းသက်, ဠွင်း, ချေ, ကပ်, နာမ်င့်, သိသက်, တေတေသံတော သုတ်ဖြင့် တကို သပြု, သေသတောလောပံဖြင့် သိချေ၊ ကာကိုကား ကိံတည်, (အကာရန္တ မဟုတ်သောကြောင့် ဤအခိုက်၌ အာပစ္စည်း မသက်နိုင်သေး) သိသက်, သေသေသုစသုတ်ဖြင့် ကိံကို ကပြု, ဤသုတ်ဖြင့် အာပစ္စည်း သက်, သိချေ, ပြီး၏၊ [ဝိဘတ်နှင့် နာမ် အကြား၌ အာပစ္စည်း သက်ရသောကြောင့် ရုပ်အဆန်းတမျိုး-ဟု မှတ်၊ နောက်ထပ် ဝိဘတ်သက်ခွင့် မရှိသောကြောင့် နာမ်င့်ဖွယ် လည်း မလိုတော့ပြီ၊] ကတရာကို "ကတရ"တည်၊ သီမူ၌ပါသော ကညာကို "ကည" တည်၍ တွက်၊ နာမ်င့်ရခြင်း၏ အကြောင်းကိုလည်း ရူပသိဒ္ဓိ (ဤသုတ်အဖွင့်) ၌ ရှု။

နဒါဒိတော ဝါဤ

၂၃၈။ ဣတ္ထိယံ ဝတ္တမာနာ, နဒါဒိတောဝါ-နဒ အတူရှိသော အကာရန္တလိင်မှ နောက်၌လည်းကောင်း၊ အနဒါဒိတောဝါ-နဒ အတူ မရှိသော ဥ ဩ ကာရန္တလိင်မှ နောက်၌ လည်းကောင်း၊ ဤပစ္စယော ဟောတိ၊ နဒီ-မြစ်သည်၊ မဟီ-မြေ၊ ကုမာရီ-အပျို၊ တရုဏီ-နုပျိုသူမ၊ သခီ-မိတ်ဆွေမ၊ ဣတ္ထီ-မိန်းမ၊ ဟတ္ထိ-ဆင်မ။ (၁၀၇)။

---

၂၃၈။ နဒါဒိတောဝါ—"နဒေါ အာဒိ ယဿာတိ နဒါဒိ" ယဿ-အကြင်မဟာ, ကုမာရစသော သဒ္ဒါအပေါင်း၏၊ နဒေါ-နဒဟူသော၊ အာဒိ-အတူသည်၊ အတ္ထိ ဇာတိ, သော-ထို မဟာ ကုမာရ စသော သဒ္ဒါအပေါင်းသည်၊ နဒါဒိ-နဒါဒိ မည်၏၊ နဒါဒိ၌ အာဒိသဒ္ဒါသည် ပကာရ (အတူ) အနက်ရှိ၏၊ နဒနှင့် အကာရန္တချင်းလည်း တူ, ဤပစ္စည်းသက်၍ ပြီးကောင်းချင်းလည်း တူသော သဒ္ဒါစုကို "နဒါဒိ" ဟု ခေါ်သည်၊ ဝါသဒ္ဒါသည် အနဒါဒိကို သီးခြားစီရင်ခြင်း (ပကတိဝိကပ္ပန) အနက် ရှိသည်—ဟု ရူပသိဒ္ဓိဋီကာ ဖွင့်၏။ [အနဒါဒိကို ပေါင်းခြင်း သမ္ပိဏ္ဍန, ဆည်းခြင်း သမုစ္စည်း အနက်ရှိ၏-ဟုလည်း ဖွင့်ကြသေး၏။]

အနဒါဒိဟူသည် နဒကဲ့သို့ အကာရန္တ မဟုတ်သော ပုထု-ဂေါ စသော ဥကာရန္တ ဩကာရန္တ သဒ္ဒါစုတည်း-ဟု ရူပသိဒ္ဓိဆို၏၊ နိဒ္ဒေသ၌ကား-ပုထု, ဂေါတို့၏ (ပုထဝီ, ဂါဝီ) ပုံစံကို ကစ္စည်းဝုတ္တိ၌ မတွေ့ရသောကြောင့် နဒါဒိဖြင့် နဒ-မဟာကဲ့သို့ အဝိညာဏက (သက်မဲ့အနက်ဟော) သဒ္ဒါစုကိုယူ၍, အနဒါဒိဖြင့် ကုမာရ တရုဏ စသည်ကဲ့သို့ သဝိညာဏက (သက်ရှိအနက်ဟော) သဒ္ဒါစုကို ယူထိုက်၏-ဟု ကြံလေသည်၊ ဗာလာဝတာရ၌မူ နဒါဒိဖြင့် မဟာ-ကုမာရ စသည်ကို ယူ၍, အနဒါဒိဖြင့် သခ-ဟတ္ထ တို့ကို ယူ၏၊ အားလုံးပင် ကစ္စည်းဝုတ္တိကိုမှီ၍ ကြံကြခြင်းဖြစ်သည်။

**သုတ်၏အာဘော်။** ။သုတ်တည်သော အရှင်ကစ္စည်း၏ အာဘော် (နှလုံးသွင်း) မှာ ကစ္စည်းဝုတ္တိ စသည်တို့ ဖွင့်တိုင်း ဟုတ်ဟန် မတူ၊ "နဒါဒိတော-နဒ အတူ ရှိသော လိင်တို့မှ နောက်၌၊ ဤ-ဤပစ္စည်းသည်၊ ဟောတိ-၏၊ ဝါ-အချို့အရာ၌ ဤပစ္စည်း မသက်ရ" ဤသို့ သုတ်နက်ပေး၍ ပုထု-ဂေါစသော အားလုံးကိုပင် နဒါဒိ၌ သွင်းပြီးလျှင် "နာဂီ, နာဂိနီ၊ ယက္ခီ, ယက္ခိနီ" တို့၌ နာဂ-ယက္ခတို့သည် နဒါဒိတွင် ပါဝင်ပါလျက် ဝါမြစ်၍ ဤပစ္စည်း မသက်ပဲ ရံခါ ဣနီပစ္စည်း သက်ရသည်၊ ဝါသဒ္ဒါကိုလည်း (နောက်သုတ်၌ ရူပသိဒ္ဓိဖွင့်သကဲ့သို့) ကတ္တစိ နိဝတ္တနတ္ထ-ဟု ကြံ။

**ပုံစံများ။** ။ရုပ်ကို အခြေပြု၍ ပြထားပြီ၊ "ဟတ္ထိ-ဆင်မ" ဟု အနက်ပေးခြင်းမှာ သုတ်နှင့် လျော်အောင်သာ ပေးခြင်းဖြစ်၏၊ အမှန်မှာ-"ဟတ္ထော ယဿ အတ္ထီတိ ဟတ္ထိ (နှာမောင်းတည်းဟူသော လက်ရှိသော ဆင်)" အရ ဟတ္ထိသဒ္ဒါသည် ဆင် အထီးကိုသာ ဟော၏၊ ဆင်အမကို ဟောရာ၌ ဣနီပစ္စည်းသက်၍ (ဒဏ္ဍိနီကဲ့သို့) ဟတ္ထိနီဟုသာ ရှိသည်၊ ထို့ကြောင့် "ဟတ္ထီ" ပုံစံကို ဗာလာဝတာရဋီကာဟောင်း လည်းမကြိုက်၊ ရုပ်တွက်ရာ၌ကား ဟတ္ထတည်, ဤပစ္စည်းသက်၍ ဖြစ်သလိုသာ ရုပ်တွက်ကြရတော့သည်။

ဏဝ၊ ပေ၊ န္တုဟ်ိ ၂၃၉။ ဣတ္ထိယံ ၌၊ ဝတ္တမာနေဟိ·ကုန်သော၊ ဏဝ ဏိက ဏေယျ ဏ န္တု ဣတိ·ဏဝ, ဏိက, ဏေယျ, ဏ, န္တု ဟူကုန်သော၊ ဧတေဟိ·ဤပစ္စယန္တလိင်တို့မှ နောက်၌၊ ဤပစ္စယော ဟောတိ၊ မာနဝီ·မနုမင်း၏ သမီးသည်၊ ပဏ္ဍဝီ·ပဏ္ဍု၏ သမီးသည်၊ နာဝိကီ·လှေသူကြီး ကတော်သည်၊ ဝေနတေယျီ· ဂဠုန်မသည်၊ ကုန္တေယျီ· ကုန္တီ၏ သမီးသည်၊ ဂေါတမီ· ဂေါတမီသည်၊ ဂုဏဝတီ· ဂုဏ်ရှိသော မိန်းမသည်၊ သာမာဝတီ· ရွှေအဆင်းရှိသော မိန်းမသည်။ (၁၉၀)။

ပတိ၊ ပေ၊ ဣနီ ၂၄၀။ ဣတ္ထိယံ, ဝတ္တမာနေဟိ-ဖြစ်ကုန်သော၊ ပတိ ဘိက္ခု ရာဇီကာရန္တေဟိ-ပတိ, ဘိက္ခု, ရာဇ, ဤကာရန္တ လိင်တို့မှ (နောက်၌)၊ ဣနီပစ္စယော ဟောတိ၊ ဂဟပတာနီ-အိမ်ရှင်မသည်၊ ဘိက္ခုနီ-ရဟန်းမ၊ ရာဇိနီ-မိဖုရား၊ ဟတ္ထိနီ-ဆင်မ၊ ဒဏ္ဍိနီ-တုတ်ရှိသူမ၊ မေဓာဝိနီ-ပညာရှိမ၊ တပဿိနီ-ရသေ့မသည်၊ (၁၉၃)။

---

၂၃၉။ ဏဝေါ ပဏ္ဍဝါဒိဟိ, ယေနဝါသံသဋ္ဌံ တရတိ စရတိ ဝဟတိ ဏိကော, ဏေယျော ကတ္တိကာဒိဟိ, ဝါဏပစ္စေ, ဂုဏာဒိတော ဝန္တု-စသော သုတ်တို့ဖြင့် သက်သော ဏဝစသော ပစ္စယန္တလိင်နောင် ဤပစ္စည်းသက်သောသုတ်တည်း၊ မှန်၏-ထို ပစ္စယန္တလိင်များလည်း နဒါဒိ၌ အာဒိဖြင့် မယူနိုင်၊ ဘာ့ကြောင့်နည်း…တဒ္ဓိတ်ပစ္စည်းဆုံးသော လိင်တမျိုးဖြစ်၍ နဒနှင့် မတူသောကြောင့်တည်း၊ မာနဝီ စသည်တို့၏ "မနုနော+အပစ္စံ" စသော ဝိဂ္ဂဟ်ကို တဒ္ဓိတ်သုပ်များ၌ ရှု၊ ဤ၌ကား "မာနဝ" တည်, ဤသုတ်ဖြင့် ဤပစ္စည်းသက်, နာမ်ငဲ့ သိသက်, ချေ-ဟု ဤမျှသာ နားလည်နှင့်ဖို့ တာဝန်ရှိသည်။

ပုံစံများ။ ။မာနဝီ (မာဏဝီ) ပဏ္ဍဝီ-ဏဝပစ္စယန္တ၏ ပုံစံ၊ နာဝိကီ-ဏိက ပစ္စယန္တ၊ ဝေနတေယျီ, ကုန္တေယျီ-ဏေယျပစ္စယန္တ၊ ဂေါတမီ-ဏပစ္စယန္တ။ [ဏဖြင့် အစ၌ ဏ ရှိသော ဏာယန-ဏာနပစ္စည်းပါယူ၍ "ဝစ္ဆာယနီ-ဝစ္ဆာနီ" ဟုလည်း ရှိ၏၊] ဂုဏဝတီ သာမာဝတီ-န္တုပစ္စယန္တ၏ပုံစံ၊ "သတိမတီ-သတိရှိသော မိန်းမ" စသည်ဖြင့် မန္တုပစ္စည်း၏ "န္တု" လည်း "န္တု" အရ၌ ပါဝင်သည်၊ ပဏ္ဍဝ, နာဝိက, ဝေနတေယျ, ကုန္တေယျ, ဂေါတမတည်, ဤပစ္စည်းသက်, နာမ်ငဲ့, သိသက်, ချေ၊ "ဂုဏဝန္တု, သာမာဝန္တု" နောင် ဤပစ္စည်းသက်ရာ၌ကား န္တုဿ တ မီကာရေ သုတ်ဖြင့် န္တုကို တပြု။ [ဤသုတ်၌ ရူပသိဒ္ဓိဝယ် ရှေ့သုတ်မှ ဝါသဒ္ဒါကို လိုက်စေ၏။]

၂၄၀။ ဂဟပတာနီ-ပတိနောင် ပုံစံ၊ ဘိက္ခုနီ—ဘိက္ခုနောင်, ရာဇိနီ—ရာဇနောင်, ဟတ္ထိနီ စသည်ကား ဤကာရန္တနောင် ပုံစံတည်း၊ ဂဟပတာနီ စသည်တို့၏ ရုပ်ပြီးပုံကို အခြေပြု၌ ပြထားပြီ၊ "ဟတ္ထီ, မေဓာဝီ, တပဿီ" တည်, ဣနီသက်, ဌင်း, ချေ, ကပ်, နာမ်ငဲ့, သိသက်, ချေလျှင် "ဟတ္ထိနီ" စသည် ပြီး၏။ [ရူပသိဒ္ဓိ၌ နဒါဒိတော ဝါ ဤ

သုတ်မှ ဝါကို လိုက်စေ၍ ထိုဝါသဒ္ဒါဖြင့် "ဝိဒူ–ယက္ခ"'' စသော ဦကာရန္တ ဒကာ ရန္တကို ဆည်းသည်–ဟူ၏၊ ပုံစံနှင့်တကွ ဧကာဒိဂ္ဂိမှာ ၅။] ပတိ–ဘိက္ခု–ရာဇတို့ကို ဥပလက္ခဏနည်း (မှတ်၍ ဆိုသောနည်း) ဟု ကြံလျှင် ပတ်ဖြင့် ဇူသိစသော ဇူကာရန္တ စုကို ယူ၍ "ဇူသိနီ-ရသေ့မ၊ ကဝိနီ-မျောက်မ၊ ကိမိနီ-ပိုးလောက်မ၊ အရိနီ-ရန်သူမ၊ စသောရုပ်များ ဖြစ်၏၊ ဘိက္ခုဖြင့် "ပရစိတ္တဝိဒုနီ-သူတပါးစိတ်ကို သိသော ဝိန်းမ၊ ဥတုနီ-ဥတုရှိသော မိန်းမ" တို့ကို ယူ၊ ရာဇဖြင့် "ယက္ခိနီ နာဂိနီ ခတ္တိယာနီ-မင်းသမီး၊ သာကိယာနီ-သာကီမင်းသမီး၊ အရညာနီ-တော၊ သီဟိနီ-ခြင်္သေ့မ" စသည်ကို ယူ၊ ထို့ပြင် ဇူဋ္ဌိမန္တုနောင် ဇူနီသက်၍ "ဇူဋ္ဌိမန္တိနီ-တန်ခိုးရှိသော မိန်းမ"ဟုလည်း ဖြစ်၏။

## မောဂ္ဂလ္လာန်သုတ်များ (တတိယကဏ္ဍ)

၂၆။ **ဇူတ္တိယံ ၊ မတ္တာ။** ။[ဇူတ္တိယံ+အတော+အာ=ဇူတ္တိလိင်၌ ဖြစ်သော အကာရန္တနောင် အာပစ္စည်းသက်။] ဓမ္မဒိန္နာ-မေ့ဒိန္နာမည်သော ဘိက္ခုနီမ၊ "ဇူတ္တိယ မာ" ဟူသော ယောဂဝိဘာဂဖြင့် သမာသ်၌ မာတုဓိတု စသည်နောင် အာ ပစ္စည်း သက်၊ နန္ဒမာတာ–နန္ဒ၏ မိခင်၊ အဋ္ဌရိယံ နန္ဒမာတေ (အို နန္ဒမာတာ, အံ့ဖွယ် ကောင်းလေစွ)၊ ဘောတိ ဒေဝဓိတေ-အို နတ်သမီး၊ သံဃမိတ္တာဃ ရာဇဓိတာယ-သံဃမိတ္တာ မင်းသမီး၏၊ နသက္ကာ ကုလဓိတာဟိ၊ ပေ၊ ဂန္တုံ။ ["နှ+သကျမိတရာ, အသ။ ကျမိတရာတိ ဇူဓာပိ သိမ္ပိ ပရေ ဥကာရဿ အာရာဒေသော ကတော, ဇူတ္တိလိင်္ဂဘာဝ ဿ ဇူဋ္ဌိတတ္တာ အာပစ္စယော, တတော သိလောပေါစ ဒဋ္ဌဗ္ဗော"–သဒ္ဒနီတိ။]

၂၇။ **နဒါဒိတော ဝီ။** ။နဒ အတူရှိသော သဒ္ဒါနောင် ငအေနမှန်ရှိသော ဤ ပစ္စည်းသက်၊ နဒီ, မဟီ, ကုမာရီ, တရုဏီ, ဝါရုဏီ, ဂေါတမီ၊ "ဂေါတောဝါ- ဂေါနောင် ဝိကပ် ဝီပစ္စည်းသက်" ဂါဝီ, ဂေါ-နွားမ၊ အာကတိဂဏောယံ=ဤ ပစ္စည်း သက်၍ ပြီးကောင်းသော သဒ္ဒါဟူသမျှကိုယူရသော ဂိုဏ်းတည်း။

၂၈။ **ယက္ခာဒိတွိနီ စ။** ။ယက္ခာဒိတော+ဇူနီစ-ယက္ခစသော နာမ်နောင် ဇူနီ ပစ္စည်းလည်းသက်, ရှေ့သုတ်လာ ဤပစ္စည်းလည်းသက်-ဟူလို၊ ယက္ခိနီ=ယက္ခီ, နာဂိ နီ=နာဂီ, သီဟိနီ=သီဟီ။

၂၉။ **အာရာမိကာဒီဟိ။** ။အာရာမိက စသည်နောင် ဇူနီပစ္စည်းသက်၊ အာရာ မိကိနီ–အရာမ်စောင့်၏ မယား၊ အနန္တရာယိကိနီ–အန္တရာယ် မရှိသူမ၊ ရာဇိနီ– မင်းကတော်၊ "သညာယံ မာနုသော" ဂဏသုတ်၊ သညာယံ–အမည်ကို ဟောရာ၌၊ မာနုသော-မာနုသ သဒ္ဒါကို၊ အာရာမိကာဒီသု–တို့၌၊ ဝတ္တဗ္ဗော-ဆိုထိုက်၏၊ မာနုသိ နီ-မာနုသိနီမည်သော ငှက်မ။ [လူမိန်းမကို မဆိုလို၊ လူ့ကိုယ်နှင့် တူ၍ ဆန်းကျယ် သော အတောင်ရှိသော ငှက်တမျိုးတည်း–ဟု ဆို၏၊ လူကိန္နရာမျိုး ဖြစ်ဟန်တူသည်၊ သကုနီ မာနုသိနီဝ, ဇာတာ စိတ္တပတ္တာမဟိ" ဝေဿန်၊] အမည်သညာ မဟုတ်ပဲ လူမိန်းမကို ဟောရာ၌ကား "မာနုသီ" ဟု ဤပစ္စည်း သက်ရသည်။

၃၀။ **ယုဝဏ္ဏောဟ် နီ။** ။ဣဝဏ် ဥဝဏ် ဆုံးသော နာမ်နောင် နီ ပစ္စည်းသက်၊ သဒ်ါ ပယတပါဏီနီ–အခါခပ်သိမ်း စင်ကြယ်သောလက်ရှိသူမ။ [ပယတပါဏီနောင် နီပစ္စည်းသက်, ဤကို ရဿပြု၊] ဒဏ္ဍီနီ, ဘိက္ခုနီ, ခတ္တဗန္ဓုနီ (မင်းဆွေမျိုးရှိသူမ) ခတ္တဗန္ဓုနောင် နီပစ္စည်းသက်, ဦကို ရဿပြု၊ ပရစိတ္တဝိဒုနီ၊ ဤရုပ်များကား ကစ္စည်းအလို ဣနီပစ္စည်းသက်၍ ပြီးနိုင်ကြသည်။

**မာတုစသည်နောင် ဣတ္ထိပစ္စည်း သက်ဖွယ်မလို။** ။မာတု, ဓီတု, နတ္တု (မြေးမ) ဒုဟိတု, ဓေနု (နွားမ) စသော သဒ္ဒါတို့နောင်ကား ဣတ္ထိပစ္စည်းနှင့် ကင်း၍ပင် ဣတ္ထိလိင်ကို ပြစွမ်းနိုင်သော သဒ္ဒသတ္တိ ရှိသောကြောင့် ဣတ္ထိပစ္စည်း သက်ဖွယ်မလို၊ [မာတု အာဒိတော ကသ္မာ နဟောတိ၊ ဣတ္ထိပစ္စယံ ဝိနာပိ ဣတ္ထတ္တာဘိဓာနတော (မောဂ္ဂလ္လာန်)၊ "သဒ္ဒသတ္တိ သဘာဝေန ဣတ္ထတ္တဿ ကထနတော" ပဉ္စိကာ၊] သမာသ်၌မူ အချို့ သက်ကြောင်းကို ပြခဲ့ပြီ။

၃၁။ **ဏွိမှာ ညစ္စေ။** ။အညတ္ထ (ဗဟုဗ္ဗီဟိ) သမာသ်၌ တ္တိ (တိ) ပစ္စယန္တနောင် နီ (ကစ္စည်းအလို "ဣနီ") ပစ္စည်းသက်၊ သာဟံ–ထို ငါသည်၊ အဟိံသာရတိနီ-မညှဉ်းဆဲခြင်း၌ မွေ့လျော်ခြင်းရှိသည်၊ မုဋ္ဌဿတိနီယာ-ပျောက်သော သတိရှိသော၊ တဿာ-ထိုသူမ၏၊ ဝဍ္ဎကိဋ္ဌိနီ-သားငယ်၌ မက်မောခြင်းရှိသော၊ ဂါဝီ-နွားမ၊ အညတ္ထ သမာသ် မဟုတ်လျှင် "ဓမ္မရတိ-တရား၌ မွေ့လျော်ခြင်း" ဟု နီပစ္စည်း မသက်ရ။

၃၂။ **ဃရဏျာဒယော။** ။ဃရဏျာဒယော-ဃရဏီ အတူရှိသော သဒ္ဒါတို့သည်၊ သာဓဝေါ-ကောင်းကုန်သည်၊ ဘဝန္တိ-ကုန်၏၊ "ဃရံ အဿာ အတ္ထီတိ ဃဂိရီ" ဟု ပြီးသော သဒ္ဒါနောင် နီပစ္စည်းသက် (ဃဂိရီနီ)၊ ဤသုတ်ဖြင့် ဤကို အ-ပြု, န ကို ဏ ပြု (ဃရဏီ)၊ "ပေါက္ခရံ ယဿံ အတ္ထီတိ ပေါက္ခရီ" နောင် နီပစ္စည်းသက်, ဤ၌လည်း နည်းတူ၊ ကစ္စည်းအလို "ဣနီ" သက်ခြင်းသာ ထူး၏၊ သုတ်ကြီးဖြင့် ဣကို အ ပြုခြင်းမှာ ဤ နိပါတနသုတ်ဖြင့် စီရင်ခြင်းနှင့် သဘောတူပင်တည်း၊ ပေါက္ခရဏီ-ကြာရှိသောရေကန်၊ ဝါ-ရေရှိသော ရေကန်။ ["ဃရံ-အိမ်ကို၊ နယတိ-ဆောင်တတ်၏၊ ဣတိ, ဃရဏီ-မည်၏" ဟု သာရတ္ထဋီကာဖွင့်ရာ၌ကား ဃရသဒ္ဒါပုဗ္ဗပဒ နီဓာတ်, အ ပစ္စည်းဖြင့် "ဃရဏာ" ဟု ပြီးသော ကိတ်နောင် ဤပစ္စည်းသက်၍ ပြီးနိုင်၏၊ ဃရဏီ-အိမ်ရှင်မ။]

**အာစရိယာဝါ ယလောပေါ စ။** ။အာစရိယနောင် ဝိကပ် ယကိုချေ၊ အာစရိယနောင် ဃရဏျာဒယော သုတ်ဖြင့် နီ ပစ္စည်း၊ (ကစ္စည်း, ဣနီသက်) ဤသုတ်ဖြင့် ယချေ "အာစရိနီ" ဟု ဖြစ်၏၊ ယ မချေလျှင် အာပစ္စည်းသက်၍ "အာစရိယာ" ဟု ဖြစ်၏၊ "ဝုဋ္ဌာပေဿာမီတိ ဂဏံဝါ အာစရိနိံဝါ (ဆရာမကို) ပရိယေသတိ, အာပတ္တိ ဒုက္ကဋဿ-ဘိက္ခုနီပါစိတ် ဂဏ္ဍိနိဝဂ်၊ "သံဃမိတ္တာယပိ ရာဇဓီတာယ အာစရိယာ (ဆရာမ) အာယုပါလိတ္ထေရီနာမ"-ပါရာဇိက ဋ္ဌကထာ။ [ဆရာ၏ မယား ဆရာကတော်ကိုဆိုလျှင် နောက်သုတ်ဖြင့် အာနီပစ္စည်းသက်-ဟူ၏၊ ကစ္စည်းအလို ဣနီပစ္စည်းသာ။]

၃၃။ **မာတုလာဒိတွာနီ ဘရိယာယံ။** ။မယားအနက်ကို ဆိုလိုရာ၌ မာတုလ စသော လိင်နောင် အာနီ ပစ္စည်းသက်၊ မာတုလာနီ-ဦးလေး ဦးကြီး၏ မယား၊

နန္တုဿ တမိကာရေ　၂၄၁။ ပဍရေ ဤကာရေ-ဤ အက္ခရာ ပစ္စည်းကြောင့်၊ သဗ္ဗဿေဝ-သော၊ နန္တုပစ္စယဿ-၏၊ ဟော အာဒေသော·တ အပြုသည်၊ ဝါ ဟောတိ၊ ဂုဏဝတီ, ဂုဏဝန္တီ-ဂုဏ်ရှိသူမသည်၊ ကုလဝတီ, ကုလဝန္တီ - အမျိုးရှိသူမသည်၊ သတိမတီ, သတိမန္တီ - သတိရှိသူမသည်၊ မဟတီ, မဟန္တီ-ကြီးသူမသည်၊ ဂေါတ္တမတီ, ဂေါတ္တမန္တီ-အနွယ်ရှိသူမသည်။ (၁၉၁)။

---

(အဒေါ်)၊ ဝရုဏာနီ-ဝရုဏ၏ မယား၊ ဂဟပတာနီ-သူကြွယ်၏ မယား (အိမ်ရှင်မ)၊ အာစရိယာနီ-ဆရာကတော်၊ "အာဘရိယာယံ ခတ္တိယာ ဝါ"–မယားကို မဟောရာ၌ ခတ္တိယနောင် ဝိကပ် အာနီပစ္စည်းသက်၊ ခတ္တိယာနီ, ခတ္တိယာ-မင်းမျိုးဖြစ်သော မိန်းမ၊မယားကို ဟောရာ၌ကား ဤပစ္စည်းသက်၍"ခတ္တိယီ-မင်းကတော်" ဟု ဖြစ်၏။

၃၄။ ဥပမာ သံဟိတ သဟိတသညတ သဟ သဖပေါမ လက္ခဏာဒိ တူရုတူ။ ။ ဥပမာ၊ပေ၊ လက္ခဏာဒိတော-ဥပမာသဒ္ဒါ၊ပေ၊ လက္ခဏာ အစရှိသော သဒ္ဒါမှ၊ ပရတော - နောက်ဖြစ်သော၊ ဥရုတော - ဥရုသဒ္ဒါမှ (နောက်၌၊) ဣတ္ထိယံ-၌၊ ဥ-ဥ ပစ္စည်းသက်၊ ကရဘောဝိယ+ဥရု+ယဿာတိ ကရဘောရူ-လက်ဝါးစောင်းနှင့် တူသော ပေါင်ရှိသူမ၊ နာဂနာသာဝိယ+ဥရု+ယဿာတိ နာဂနာသူရူ-ဆင်နှာမောင်းနှင့် တူသော ပေါင်ရှိသူမ၊ ရမ္ဘောရူ-ငှက်ပျောတုံးနှင့်တူသော ပေါင်ရှိသူမ၊ [ရမ္ဘသဒ္ဒါ ငှက်ပျောပင်ကို ဟော၏၊] သံဟိတော+သဟိတော+သဟော-စေ့စပ်သော၊ ဥရု+ယဿာတိ သံဟိတောရူ, သဟိတောရူ, သဟောရူ,စေ့စပ်သော ပေါင်ရှိသူမ၊ သဖော-ခွာကဲ့သို့ စေ့အပ်သော+ဝါမော- တင့်တယ်သော+သညတော+ကောင်းစွာလုံးလျက် တခဲနက်သော၊ လက္ခဏော - ကောင်းခြင်းအင်္ဂါလက္ခဏာရှိသော+ဥရု+ယဿာတိ သဖောရူ,ဝါမောရူ,သညတောရူ,လက္ခဏောရူ၊ "ဝါမူရူ, သညတူရူ, လက္ခဏူရူ"လည်း ရှိ၏၊ ဥကို ဩအသဝဏ် မပြုလိုသာတည်း၊ "ဥ"ဟူသော ယောဂဝိဘာဂဖြင့် ဗန္ဓုနောင် ဥပစ္စည်းသက်၍ "ဗြဟ္မာ+ဗန္ဓု+ယဿာတိ ဗြဟ္မဗန္ဓူ-ဗြဟ္မာမိတ်ဆွေ ရှိသော ပုဏ္ဏေးမ" ဟု ဖြစ်၏။

၃၅။ယုဝါတိ။ ။ဣတ္ထိလိင်၌ ယုဝနောင် တိပစ္စည်း သက်၍ "ယုဝတိ-မိန်းမပျို (အပျို)" ဟု ဖြစ်၏၊ "ယထာတံ ယုဝါ ယုဝတိ"-သံဃာဒိသေသ် ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်။

၂၄၁။ ဂုဏဝတီ, ကုလဝတီ စသည်သာ သုတ်၏၊ ပုံစံ၊ ဂုဏဝန္တီ, ကုလဝန္တီ-စသည်ကား ဝါအတွက် ဝိကပ်ရုပ်များတည်း၊ "ဂုဏဝန္တု, ကုလဝန္တု, သတိမန္တု, ဂေါတ္တမန္တု" တည်, အခြေပြုကြည့်၍ တွက်၊ ဂုဏဝန္တီ စသည်၌ ဝါမြစ်သောကြောင့် န္တုကို တ မပြုရ-ဟု ဆို၍, ခွင်း, ချေ, ကပ်၊ မဟတီ၌ကား မဟန္တ တည်, (န္တုပစ္စယန္တ မဟုတ်, အကာရန္တဖြစ်သောကြောင့်) နဒါဒိတော ဝါ ဤ သုတ်ဖြင့် ဤ ပစ္စည်းသက်, သေသေသုန္တုဝ သုတ်ဖြင့် န္တကို န္တုကဲ့သို့ စီရင်ဖို့ရာ ညွှန်ပြသောကြောင့် ဤသုတ်ဖြင့် န္တကို တပြု၊ခွင်း,ချေ,ကပ်၊နာမ်ငဲ့,သိသက်,ချေ၊မဟန္တီ၌ ဝါမြစ်၍

**ဘဝတော ဘော တော**

၂၄၂။ ပရေ-သော၊ ဣတ္ထိဂတေ-ဣတ္ထိလိင်၌ ဖြစ်သော၊ ဤကာရေ-ဤ အက္ခရာကြောင့်၊ သဗ္ဗသော ဝ-သော၊ ဘဝန္တသဒ္ဒဿ-ဘဝန္တသဒ္ဒါ၏၊ ဘောတာဒေသော-ဘောတအပြုသည်၊ ဝါ ဟောတိ၊ ဘောတိ အယျေ, ဘောတိ ကညေ, ဘောတိ ခရာဒိယေ။ (၁၉၂)။

**ဘောဂေတု**

၂၄၃။ ပရေ-သော၊ ဂေ-ဂသိကြောင့်၊ သဗ္ဗသော ဘဝန္တ သဒ္ဒဿ ဘော အာဒေသော ဟောတိ၊ ဘော ပုရိသ-အို ယောကျ်ား၊ ဘော အဂ္ဂိ-အို မီး၊ ဘော ရာဇ-အို မင်း၊ ဘော သတ္ထ-အို ဆရာ၊ ဘော ဒဏ္ဍိ-အို တုတ်ရှိသူ၊ ဘော သယမ္ဘူ အို ဘုရား၊ ဂေတိ-ဂေ ပုဒ်သည်၊ပေ၊ ဘဝတာ-အရှင်ဖြင့်၊ ဘဝံ-အရှင်သည်၊ ဣတိ-၏၊ တုဂ္ဂဟဏေန-တု သဒ္ဒါဖြင့်၊

---

ခွင်း ချေ ကပ်၊ "ဂစ္ဆတိ, ဂစ္ဆန္တိ-သွားသောမိန်းမ" စသည်၌လည်း မဟတီ မဟန္တီ နှင့် တူ၏။

၂၄၂။ [ပုံစံများကို အာလပနေ သိ ဂသညောသုတ်၌ အနက်ပေးခဲ့ပြီ၊] "ဘောတိ" သာ ပုံစံတည်း၊ အယျေ, ကညေ, ခရာဒိယေတို့ကို ဣတ္ထိလိင် အာလုပ်ပုဒ် ဖြစ်ကြောင်း သိသာအောင် တွဲဖက် ထည့်ထားသည်၊ ဘဝန္တ တည်, နဒါဒိတော ဝါ ဤ သုတ်ဖြင့် ဤ ပစ္စည်းသက်, ခွင်း, ချေ, ကပ်, နာမ်ငဲ့ အာလုပ် သိသက်, ဂမှည့်, ဤကို လည်း ပမှည့်, ဈလပါရဿံသုတ်ဖြင့် ဤကို ဣရဿပြု သေသတော လောပံ ဂသိပိ သုတ်ဖြင့် ဂသိကို ချေ, ပြီး၏၊ ပဉ္စမာ သိဖြင့် "ဘောတီ" ကိုလည်း အခြေပြုကြည့်၍ တွက်ပါ။

ဣတ္ထိဂတေ—သီဟိုဠ်မူဝယ် "ဣတ္ထိယံ ကတေ-ဣတ္ထိလိင်၌ပြုအပ်သော" ဟု မူကွဲရှိ၏၊ ဤ "ဣတ္ထိဂတေ" ဟူသော ပါဠ်ဖြင့် ဘဝန္တနောင် တားမြစ်ဖွယ်ရာ ဣတ္ထိလိင်၌ သက်သော ဤပစ္စည်းမှ တပါး အခြား ဤအက္ခရာ မရှိ၊ ထို့ကြောင့် "ဣတ္ထိဂတေ" ဟူသော ဝိသေသနကို "ဘူတကထန (ဟုတ်မှန်တိုင်း ထင်ရှားအောင်ပြောပြသော) ဝိသေသန" ဟုမှတ်၊ ဤသုတ်၌ ဝါသဒ္ဒါ မပါသောကြောင့် "ဘောတီ-အရှင်မသည်၊ ဘောတီ, ဘောတိယော-အရှင်မတို့သည်၊ ဟေ ဘောတိ-အို အရှင်မ" စသည်ဖြင့် "ဘောတ" အမြဲပြုလျက် "ဣတ္ထီ" ကဲ့သို့ ရုပ်စဉ်ရသည်၊ ဘဝန္တီ-စသော ရုပ်များ မရှိစေရ။

၂၄၃။ ပုရိသ, အဂ္ဂိ စသည်တို့သည် ခေါ်ဝေါ် အပ်သော အနက်များကို တွဲဖက်ပြထားသော ပုဒ်တို့တည်း၊ "ဘော" သာ ပုံစံဖြစ်သည်၊ ရုပ်ကို အခြေပြုကြည့်၍ တွက်၊ ပုရိသ-ရာဇ-သတ္ထုတို့ကို အာကာရောဝါသုတ်၌ ဒဏ္ဍိ, သယမ္ဘူ တို့ကို ဈလပါရဿံ သုတ်၌ တွေ့ရလတ္တံ့၊ အဂ္ဂိကိုကား အဂ္ဂိတည်၍ အာလုပ်သိသက်, ချေရုံသာ၊ ဘဝတာကို ဘဝန္တတည်, နာသက်, ဤသုတ်ဖြင့် ဘဝန္တကို ဘော ပြုသင့်သော်လည်း ဂသိ မနှောင်းသောကြောင့် မပြုရ, န္တကို န္တုငဲ့၍ တောတိတာ သသ္မိံနာသု သုတ်ဖြင့် စီရင်၊ ဘဝံကိုလည်း ဤအတိုင်း တားမြစ်၍ သိမှ ဂစ္ဆန္တာဒီနံ န္တုသဒ္ဒေါ အံသုတ်ဖြင့် စီရင်။

အညသ္မိံ ပိ-ဂသိမှ အခြားလည်း ဖြစ်သော၊ ဝစနေ-ဝိဘတ်ကြောင့်၊ သဗ္ဗသ္မာ ဘဝန္တ သဒ္ဒသ္မာ ၏၊ ဘောန္တ ဘန္တေ ဘောန္တော ဘဒ္ဒေ ဘောတာ ဘောတော

---

တုဂ္ဂဟာ၊ပေ၊ဘောတော "ဘောဂေ" ဟု မဆိုပဲ တုသဒ္ဒါပိုကို ထည့်၍ဆိုခြင်း ကြောင့် "သဒ္ဒါမိကာ အတ္ထာမိကော" ဟူသော ပရိဘာသာနှင့် အညီ အခြား ဝိဘတ်ကြောင့်လည်း ဘဝန္တကို ဘောန္တ စသည် ပြုခြင်းဟူသော အနက်ပိုကို သိရ သည်-ဟုသာ ဆိုလိုသည်၊ အညသ္မိံ ပိ၌ အပိ သဒ္ဒါဖြင့် ဤသုတ်လာ ဂသိကို ပေါင်း သည်၊ ထို့ကြောင့် "ဘောန္တ-ဘန္တေ=ဘောန္တော-ဘဒ္ဒေ" ဟိုသည် ဂသိနှောင်းရာ ၌ ပုံစံများတည်း-ဟု မှတ်၊ သဒ္ဒနီတိ၌လည်း "မတန္တရေ ဘဝန္တသ္မ ဘောန္တ ဘန္တေ ဘောန္တော ဘဒ္ဒေ ဂေ, ဂလောပေါစ" ဟု သုတ်တည်၏၊ "ဘောတာ" သည် နာကြောင့် ပုံစံ, "ဘောတော" ကား သကြောင့် ပုံစံတည်း၊ ဘောန္တ စသည်ကို "ဘဝန္တ" တည်, အာလုပ် သိသက်, ဂမှည့်, ဘော ဂေတု သုတ်၌ တု သဒ္ဒါဖြင့် ဂသိကြောင့် ဘဝန္တကို ဘောန္တ-ဘန္တေ-ဘောန္တော ဘဒ္ဒေပြု, သေသတောသုတ်ဖြင့် ဂသိကို ချေ, ပြီး၏၊ ဘောတာ, ဘောတော၌ ဘဝန္တတည်, နာ-သ သက်, ဤသုတ် ၌ တုသဒ္ဒါဖြင့် နာကြောင့် ဘောဘာ, သကြောင့် ဘောဘောပြု, သဗ္ဗာသမာဝုသော သုတ်၌ အာဒိသဒ္ဒါဖြင့်ဖြစ်စေ, ကွစိဓာတုဖြင့်ဖြစ်စေ နာ-သ တို့ကို ချေ—ဟု ချသ တွက်သည်။

**မှတ်ချက်။** ။ဘော ဂေတုသုတ်ဖြင့် "ဘဝန္တကို ဘောပြု" ဟု ဤကစ္စည်းကျမ်း က ဆိုသော်လည်း မောဂ္ဂလ္လာန်၌မူ "ဘောဣတိ အာမန္တနေ နိပါတော=ဘော ဟူ သည် (ဘဝန္တမှ ဖြစ်လာသောပုဒ် မဟုတ်) ခေါ်ခြင်းအနက်၌ ဖြစ်သော နိပါတ်ပုဒ်" ဟု ဖွင့်၏၊ သဒ္ဒနီတိ၌လည်း ဧကဝုစ် ဗဟုဝုစ် ၂ မျိုးရသော နိပါတ်ပုဒ်-ဟု တနည်း မိန့်သေး၏၊ ထို အမိန့်အတိုင်းပင် ပါဠိအဋ္ဌကထာတို့၌ လိင် ၃ ပါး ဝုစ် ၂ ပါးဖြင့် သုံးစွဲ ထားသည်ကို တွေ့ရ၏၊ "ဥမ္မုဇ္ဇ ဘော ပုထုသိလေ=အို ကျောက်ဖျာကြီး ...ငုပ်လော" ဤကား ဣတ္ထိလိင် ဧကဝုစ်၊ "ကုတောနု အာဂစ္ဆထ ဘော တယော ဇနာ=အို ၃ ယောက်တို့ ဘယ်ကလာခဲ့ကြသနည်း" ဤကား ပုလ္လိင် ဗဟုဝုစ်။

**ဘော၏ ၃ ဌာန။** ။ဤဘောသဒ္ဒါကို သုံးစွဲရာဌာနသည် ၃ ဌာနရှိ၏၊ ၁-ပုဂ္ဂိုလ် သတ္တဝါကို ခေါ်ရာဌာန, ၂-ဓမ္မသဘောကို ခေါ်ရာဌာန, ၃-သက်မဲ့ဝတ္ထုကို ခေါ်ရာဌာနတည်း၊ ထိုတွင် "ဘောပုရိသ" စသည်ကား ပုဂ္ဂလာလပနတည်း၊ "အစ္ဆရိယံဝတ ဘော—အံ့ဩဖွယ် ကောင်းလေစွ ဟာရို့၊အနစ္ဆာကိရ ဘော-အနစ္စဆိုကိုး" စသည်ကား-ဓမ္မသဘောကိုခေါ်သော ဓမ္မာလပနတည်း၊ ဥမ္မုဇ္ဇ ဘော ပုထုသိလေ" ကား ကျောက်ဖျာဟူသော သက်မဲ့ဝတ္ထုကို ခေါ်သော နိဇ္ဇီဝါလပနတည်း၊ ဤကား သဒ္ဒနီတိ အဆိုတည်း၊သီလက္ခန် ဋီကာသစ်၌ ဓမ္မာလပန ဘောကို "အမ္ဘော သဘာဝ ဓမ္မာ—အို သဘောတရားတို့" ဟု ဖွင့်၏၊ သဒ္ဒနီတိ၌မူ "ဓမ္မာလပနဘော ဧကဝစ နန္တော-ဓမ္မာလပနဘောသည် ဧကဝစနန္တ" ဟု ဖွင့်သည်။

[နီတိ] ပုဂ္ဂလာလပနေစေဝ, ဓမ္မသ္မာလပနေပိစ၊
နိဇ္ဇီဝါလပနေစာပိ, ဘောသဒ္ဒေါ တီသု ဒိဿတိ။

ဋ္ဌတိ-ဘောန္တိ, ဘန္တေ, ဘောန္တော, ဘဒ္ဒေ, ဘောတာ, ဘောတော ဟူကုန်သော၊ ဧတေ အာဒေသာ-တို့သည်၊ ဟောန္တိ၊ ဘောန္တိ, ဘန္တေ, ဘောန္တော, သဒ္ဒေ-အို အရှင်၊ ဘောတာ-အရှင်ဖြင့်၊ ဘောတော-အရှင်အား, ၏။(၁၁၀)။

**အကာရပိတာ ဒျန္တာနမာ**

၂၄၄။ ပရေ, ဂေ-ဂသိကြောင့်၊ အကာရော-အ အက္ခရာသည်လည်းကောင်း၊ ပိတာဒီနံ-ပိတု အစရှိသော သဒ္ဒါတို့၏၊ အန္တော-အဆုံးသရသည်လည်းကောင်း၊ အာတ္တံ-အာ အဖြစ်သို့၊ အာပဇ္ဇတေ၊ဘော ပုရိသာ-အို ယောကျာ်း၊ပေ၊ဘောသတ္ထာ-အိုဆရာ။(၇၂)။

---

ဘန္တေ ဘောန္တော ဘဒ္ဒေ။ ။"ဘောဂေတု၌ တုသဒ္ဒါဖြင့် ဘန္တေစသည်ပြု" ဟု ကစ္စည်းဝုတ္တိအဖွင့်ကို သဒ္ဒနီတိ မောဂ္ဂလ္လာန်တို့ မနှစ်သက်ကြ၊ ဘန္တေကို ဧကဝုစ် ဗဟုဝုစ် ၂ နက်ရှိ၊အာမန္တနနိပါတ်-ဟုပင် မိန့်ကြ၏၊ "သုဏာတု မေ ဘန္တေ သံဃော" ၌ သံဃာအများကို ခေါ်သောကြောင့် "ဘမန္တ"သည် ဗဟုဝစနန္တ နိပါတ်ပင်တည်း၊ ဘဒ္ဒေကိုမူ "ဘဒ္ဒါ"ပုဒ်ရင်းတည်း, ကညာပုဒ်မှ အာလုပ်ဖြင့် "ကညေ"ဖြစ်သကဲ့သို့ "ဘဒ္ဒေ" ဖြစ်ရသည်-ဟု မောဂ္ဂလ္လာန် မိန့်၏၊ ထို အမိန့်အတိုင်းပင် ဣတ္ထိလိင် အာလုပ် အရာ၌သာ ပါဠိသုံးကို တွေ့ရ၏၊ နီတိ၌မူ "ဧကဝုစ် ဗဟုဝုစ် ၂ နက်ရ နိပါတ်" ဟုပင် မိန့်၏။

ဘောန္တောကိုကား အာလုပ် ဧကဝုစ်ရုပ် ဟု ကစ္စည်းဝုတ္တိက ဆိုထားသော်လည်း ပါဠိပြယုဂ် ရှိနိုင်မည် မထင်၊ အာလုပ် ဗဟုဝုစ်သာ ဖြစ်ခွင့်ရှိသည်။ "မာ ဘောန္တော သဒ္ဒမကတ္ထ=သင်တို့သည် အသံ မပြုကုန်လင့်"၌ကား အာလုပ် ဗဟုဝုစ်၊ "အပ္ပသဒ္ဒါ ဘောန္တော နိသာမေန္တု=အရှင်တို့သည် တိုးသောအသံ ရှိကုန်သည်ဖြစ်၍ နားစိုက်ကြကုန်" ၌ကား ပဌမာ ဗဟုဝုစ်တည်း၊ ဘောတာ-ဘောတောတို့မှာ ပါဠိသုံးလည်း ရှိပေသည်၊ ရူပသိဒ္ဓိ၌ကား ဘောတာ-ဘောတောတို့ကို ရုပ်တမျိုးတွက်၏၊ ရူလေ တော့၊ [၌ "ဘောဂေတု" သုတ်၏ နောက်၌ "ဩဘာဝေါ ကွစိ ယောသု ဝကာ ရဿ,ဘဒ္ဒန္တဿ ဘဒန္တ ဘန္တေ" ဟု ၂ သုတ်ကို ချာသ လက်ထက်၌ ရှေးပါဠ်မဟုတ် ဟု ပယ်နုတ်ထားသော်လည်း ရူပသိဒ္ဓိ၌ ထည့်သွင်း ပြထား၏၊ အဓိပ္ပာယ်နှင့်တကွ ရူပသိဒ္ဓိ ဘာသာဋီကာမှာ ရှု။]

၂၄၄။ ရုပ်ကို အခြေပြုကြည့်၍ တွက်၊ သဒ္ဒနီတိ၌ကား အာ အပြုကို မနှစ်သက်၊ ဂသိ နှောင်းရာ၌ "ဘော ပုရိသာ, ဘော ရာဇာ" စသည်ဖြင့် ရုပ် မရှိနိုင်-ဟု ယူ၍ "ဘော ပုရိသ ဘော ရာဇ" စသည်ကိုသာ အလိုရှိ၏၊ ရူပသိဒ္ဓိ၌ကား အဝေးကို လှမ်းခေါ်ရာ၌ "ဘော ပုရိသာ" ဟု ဒီဃဖြင့်ရှိ၍, အနီးနေသူကို ခေါ်ရာ၌ "ဘော ပုရိသ" ဟု ရဿဖြင့် ရှိရသည်-ဟု ခွဲထား၏၊ သို့သော် ၃ မာတြာ ၃ မာတြာထက်ပင် ရှည်လျားအောင် အဝေးကို လှမ်းခေါ်ရာ-ငိုရာ—သီချင်းဆိုရာတို့၌ပင် "ဘော ဒေဝဒတ္တ—အို...ဒေဝဒတ်...."ဟု ရဿဖြင့် သက္ကတ အသုံးရှိသောကြောင့် ထို ရူပသိဒ္ဓိ ခွဲခြားချက်ကို သဒ္ဒနီတိလည်း မနှစ်သက်ချေ။

ဈလပါ ရဿံ ၂၄၅။ ပရေ ဝေ, ဈလပ ဏ္ဏတိ - ဈ, လ, ပ မည်ကုန်သော၊ ဝေ-၌ ဒီဃ သရတို့သည်၊ ရဿံ အာပဇ္ဇန္တေ၊ ဘော ဒဏ္ဍိ-အို တုတ်ရှိသူ၊ ဘော သယမ္ဘု-အို ဘုရား၊ ဘောတိ ဣတ္ထိ-အို မိန်းမ၊ ဘောတိ ဝဓု-အို ချွေးမ။ (၁၅၂)

အာကာရော ဝါ ၂၄၆။ ပရေ ဝေ, အာကာရော ရဿံ ဝါ အာပဇ္ဇတေ၊ ဘော ရာဇ, ဘော ရာဇာ-အို မင်း၊ ဘော အတ္တ, ဘော အတ္တာ-အို အတ္တ၊ ဘော သခ, ဘော သခါ-အို မိတ်ဆွေ၊ ဘော သတ္ထ, ဘော သတ္ထာ-အို ဆရာ။ (၇၃)။

ဣတိ နာမကပ္ပေ စတုတ္ထော ကဏ္ဍော။

---

၂၄၅။ ဤသုတ် ဆိုရကျိုး။ ။ဤသုတ် မရှိလျှင် အဃောရဿမေကဝစနယောသ္မပိစ သုတ်ဖြင့် ရဿ ပြုနိုင်၏၊ မှန်၏–ဈ လ ပ အမည်ရသော ဤဦဒီဃတို့သည် ဃ အမည် မရနိုင်သောကြောင့် ''အဃော''လည်း ဟုတ်၏၊ ဂသိ နှောင်းသောကြောင့် ဧကဝစ်ဝိဘတ်လည်း နှောင်းလျက် ရှိ၏၊ ထို့ကြောင့် အဃောရဿစသော သုတ်ဖြင့် ရဿပြုနိုင်သည့် ထိုသုတ် ရှိပြီးလျက် ဤသုတ်ကို ဆိုရခြင်းသည် နိယမတ္ထ (သတ်မှတ်ရခြင်း) အကျိုးရှိ၏၊ သတ်မှတ်ပုံကား–''ဂသိ နှောင်းရာ၌ ဒီဃသရစုံကို ရဿပြုလျှင် ဈ လ ပ အမည်ရသော ဒီဃတို့ကိုသာ ပြုပါ၊ ဈ လ ပ အမည် မရသော ဩဒီဃကိုကား ရဿ မပြုပါနှင့်''ဟု သတ်မှတ်သည်၊ ထို့ကြောင့် ''သိဒ္ဓေ သတိပိ အာရမ္ဘော နိယမာယဝါ ဟောတိ အတ္တန္တရဝိညာပနာယဝါ''ဟူသော ပရိဘာသာလာ အကျိုး ၂ မျိုးတွင် နိယမ အကျိုးရှိသည်–ဟု ဆိုလိုသည်။

မှတ်ချက်။ ။''နိယမ-မြဲစေခြင်း''ဟု အချို့အရာ၌ အနက်ပေးသင့်၏၊ ဤနေရာ၌ကား ''သတ်မှတ်ခြင်း''ဟူသော အနက်သာ လျော်သည်၊ မှန်၏–မြဲစေခြင်းဟူသော အနက်ကို ဤသုတ်၌ဆိုလျှင် ''ဈ လ ပ အမည်ရသော ဤဦဒီဃတို့ကို အမြဲ ရဿပြု, ဈ လ ပ အမည်မရသော ဩဒီဃကိုကား ဝိကပ် ရဿပြု''ဟု အဓိပ္ပာယ် စကား ကျ၏၊ အမှန်မှာ–ဩဒီဃကို မည်သည့်နည်းနှင့်မျှ ရဿ မပြုရ၊ ထို့ကြောင့် ''ဘောဂေါ-အိုနွား''ဟူရာ၌ ဂေါဝယ် ဒီဃသည် ဂသိ နှောင်းသော်လည်း ရဿ မပြုပဲ ပြီးရသည်၊ သို့ဖြစ်၍ ''နိယမ-မြဲခြင်း''ဟု ဤသုတ်၌ အနက် မပေးသင့်၊ ထိုသို့ သတ်မှတ်ပြသော နိယမသုတ် ဖြစ်သော်လည်း အာဒီဃအတွက် ''အာကာရော ဝါ'' ဟု ဝါသဒ္ဒါဖြင့် သတ်မှတ်လတ္တံ့ ဖြစ်သောကြောင့် ဤ ဈ လ ပ ဒီဃတို့ကို သတ်မှတ်ရာ၌ ဝါသဒ္ဒါ မပါရကား ''အမြဲ ရဿပြုရမည်''ဟူသော အဓိပ္ပာယ်ကား ထင်ရှားလျက်ပင်၊ ထို့ကြောင့် သဒ္ဒနီတိ၌ ''ပဈလာ နိစ္စံ = ဂသိနှောင်းရာ၌ ပဈလမည်သော ဤဦဒီဃတို့ကို အမြဲရဿပြု''ဟု သုတ်တည်လေသည်။

၂၄၆။ ရုပ်ကို အခြေပြုကြည့်၍တွက်၊ ဘောရာဇာ စသည်ကား ဝါအတွက် ဝိကပ်ရုပ်တည်း၊ ဝါမြစ်သောကြောင့် ရဿ မပြုရ–ဟူလို၊ ဤသုတ်လည်း သတ်မှတ်

ခြင်း အကျိုးရှိသော သုတ်ပင်ဖြစ်၏၊ မှန်၏—ဤသုတ်လာ အာ အက္ခရာသည် ဇုတ္တိလိင်ကို ထွန်းပြသော အာဒေသ မဟုတ်, အကာရပိတာဒျန္တာနမာ သုတ်ဖြင့် စီရင်ထားသော အာတည်း၊ ဇုတ္တိလိင် အာ မဟုတ်လျှင် ဃ အမည် မရသောကြောင့် အဃော ရဿ သုတ်ဖြင့် ရဿ ပြုမည်ဆိုလျှင် ပြုနိုင်၏၊ သို့သော် ဤသုတ် မရှိလျှင် အဃော ရဿ သုတ်က ဂသိကြောင့် အာဒေသကို အမြဲ ရဿပြုမည်စိုး၍ ဤသုတ်က အာဒေသကို ဝိကပ် ရဿပြုပါ—ဟု သတ်မှတ်ပေးရသည်၊ ဤသုတ်က ဝိကပ် ရဿပြု—ဟု သတ်မှတ်သဖြင့် ရှေ့သုတ်က အမြဲ ရဿပြု—ဟု သတ်မှတ်ရာရောက်၏။

ဤသို့လျှင် ဈလပါရဿံ—အာကာရောဝါ သုတ်တို့ဖြင့် အာ ဤဦ ဒေသတို့ကို ဂသိနှောင်းရာ၌ ရဿပြုဖို့ရန် သတ်မှတ်သဖြင့် ဗျတိရေက (ပြောင်းပြန်ယူရသော) နည်း, အဝုတ္တသိဒ္ဓိ (မပြောပဲပြီးသော) နည်းအားဖြင့် ''ဩဒေသကိုကား ရဿ မပြုရ'' ဟူသော သတ်မှတ်မှုလည်း ပြီးတော့သည်၊ ထို့ကြောင့် ''ဘောဂေါ'' ဟု ရဿ မပြုပဲ အာလုပ်ရုပ် ပြီးရသည်၊ ဤ၌ ''ဂေါ''သာ လိုရင်း၊ ဘောကား ဘဝန္တမှ ဖြစ်လာသောကြောင့် ဩကာရန္တ မဟုတ်၍ လိုရင်း မဟုတ်, ဂေါ၌ အာလုပ် ထင်ရှားအောင် ထည့်အပ်သော တွဲဘက်ပုဒ်သာ။

[ဆောင်] ၁။ အဃော ရဿ, သုတ် အရဖြင့်, ဂသိ နှောင်းရာ, ဈလပါနှင့်, အာကို ရဿ, ပြုနိုင်ရလျက်, ဈလပါနှော, အာကာရောထပ်, မိန့်ဆိုအပ်, သတ်မှတ်ချင်လို့ကွဲ့။

၂။ သတ်မှတ်ရာတွင်, မပါဝင်ရ, ဩဒေသမှာ, ရဿ ပြုမည့်, သုတ် မရှိ၍, ပကတိ ဩ, ပြီးရသော, ဘောဂေါ ပုံစံတဲ့။

**သဒ္ဒနီတိ။** ။ရာဇာဒိ သတ္ထာဒိတော ဂဿတ္တံ=ရာဇ စသော သတ္ထုစသော သဒ္ဒါတို့နောင် ဂသိကို အမြဲ (အ) ပြု၊ ''ဓမ္မဋ္ဌရ မဟာရာဇ, န ရာဇ ကပဏော ဟောတိ, ဘောအတ္တ, ဘောသတ္ထ, ဘောပိတ'' ပုံစံ၊ ဤသုတ်အလို ''ဘောရာဇာ, ဘောအတ္တာ-ဘောသတ္ထာ-ဘောပိတာ''ဟု ဒေသရုပ် မရှိစေရ၊ ကစ္စည်းသုတ်လာ ''အကာရ ပိတာ ဒျန္တာနမာ''ကို မနှစ်သက်—ဟူလို၊ ''ဗြဟ္မာဒိကတ္တာဒိတော ဝါ= ဗြဟ္မ စသော ကတ္တုစသော သဒ္ဒါတို့နောင် ဂသိကို ဝိကပ် (အ) ပြု၊ ဘော ဗြဟ္မ, ဘောသခ, ဘောကတ္တ-အို အမတ်၊ ဘောခတ္တ-အို အမတ်၊ ဝါတိ ကိံ၊ မမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေ၊ပေ၊ ဟရေ သခါ ကိဿနု မံ ဇဟာသိ၊ ဥဋ္ဌေဟိ ကတ္တေ, တေနဟိ ခတ္တေ''စသည်တည်း၊ ဗြဟ္မေကို ''ဗြဟ္မတော ဂဿေ''ဖြင့်, သခါကို ''အကာရ ပိတာ ဒျန္တာနမာ''ဖြင့် (ကစ္စည်းသုတ်အတိုင်း) စီရင်နိုင်၏၊ ကတ္တေ ခတ္တေ၌ကား ကတ္တု ခတ္တုတည်, (''ဇသေ-အိုရသေ့''ကဲ့သို့) သခတော ဂဿေဝါ၌ ဝါသဒ္ဒါဖြင့် ဂသိကို ဧပြု။

**တွာဒယော ဝိဘတ္တိ သညာယော**

၂၄၇။ ယေသံ ပစ္စယာနံ-အကြင်ပစ္စည်းတို့၏၊ တော-ယော ဟူသော၊ အာဒိ-အစသည်၊ ဣတ္ထိ-ရှိ၏၊ (ဣတိ-ထို့ကြောင့်၊) တေ-ထိုပစ္စည်းတို့သည်၊ တွာဒယော-တွာဒိတို့ မည်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ တွာဒယော-တော အစရှိကုန်သော၊ တေ ပစ္စယာ-ထို ပစ္စည်းတို့ကို၊ ဝိဘတ္တိသညာဝ-ဝိဘတ် အမည် ရှိကုန်၏ ဟူ၍သာ၊ ဒဋ္ဌဗ္ဗာ-မှတ်ထိုက်ကုန်၏၊ သဗ္ဗတော-အလုံးစုံမှ၊ ယတော-အကြင်အရပ်မှ၊ တတော-ထိုအရပ်မှ၊ ကုတော-အဘယ်အရပ်မှ၊ အတော-ထိုအရပ်မှ၊ ဣတော-ဤအရပ်မှ၊ သဗ္ဗဒါ-အလုံးစုံသော အခါ၌၊ ယဒါ-အကြင် အခါ၌၊ တဒါ-

---

၂၄၇။ **ဝိဘတ်အမည် မှည့်ရကျိုး။** ။ဤသုတ်သည် တောစသော ပစ္စည်းများကို ဝိဘတ်အမည်မှည့်သော သညာသုတ်တည်း၊ တော စသော ပစ္စည်းတို့ကို ဝိဘတ်ဟု နာမည်မှည့်ရခြင်းသည် အဘယ် အကျိုးရှိသနည်း....ဟု မေးဖွယ်ရှိ၏၊ အဖြေကား- "ဝိဘတျန္တံ ပဒံ-ဝိဘတ် အဆုံးရှိမှ ပုဒ်မည်၏" ဟူသော ပရိဘာသာနှင့်အညီ (အဝတ်မပါလျှင် လူထဲ မဝင်နိုင်သကဲ့သို့) ဝိဘတ်မပါလျှင် ပုဒ်အရာ မဝင်ချေ၊ ပုဒ် မဟုတ်လျှင်လည်း ဝါကျတွင်း၌ သုံးစွဲ၍မဖြစ်၊ ထို့ကြောင့် ပုဒ်ဖြစ်ခြင်းအကျိုးငှာ တော စသော ပစ္စည်းများကို ဝိဘတ်ဟု အမည်မှည့်ရသည်၊ ဤသို့ ဝိဘတ်အမည် ရသောကြောင့်လည်းကောင်း၊ "မှ-တို့မှ" စသည်ဖြင့် ဝိဘတ်၏အနက်ကို ဟော သောကြောင့်လည်းကောင်း, တော စသော ပစ္စည်းများကို "ဝိဘတ္တိပစ္စယ" ဟု နာမည်မှည့်ကြသည်၊ ဝိဘတ္တိဘူတာ- (ဝိဘတ် အနက်ကိုလည်း ဟော, ဝိဘတ်အမည် လည်း ရသောကြောင့်) ဝိဘတ်ဖြစ်၍ ဖြစ်ကုန်သော၊ ပစ္စယာ-ပစ္စည်းတို့တည်း၊ ဝိဘတ္တိ ပစ္စယာ-ဝိဘတ်ဖြစ်၍ ဖြစ်သော ပစ္စည်းတို့။

[ဆောင်] ဝိဘတျန္တံ, ဖြစ်သည် မှန်မှ, ပဒံ မည်ရိုး, ဤအကျိုးကို,
မျှော်ကိုး ရည်မှတ်, တော-စလတ်, ဝိဘတ် မှည့်ရသည်။

**မူကွဲ။** ။"တောအာဒိ ယေသံ ပစ္စယာနံ တေ ဟောန္တိ တွာဒယော၊ တေ ပစ္စယာ တွာဒယော ဝိဘတ္တိသညာဝ ဒဋ္ဌဗ္ဗာ" ဟု သီဟိုဠ်မူ ရှိ၏၊ ထိုမူအတိုင်း အနက်ပေး လိုက်သည်၊ ထိုတွင် "တော အာဒိ၊ပေ၊ဟောန္တိ တွာဒယော" ဖြင့် သုတ်၌ပါသော တွာဒယော၏ ဝိဂ္ဂြိဟ်ကိုပြ၏၊ ထိုဝါကျဖြင့် "တော+အာဒိ ယေသန္တိ တွာဒယော" ဟု ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂြိဟ်ပြပါဟု ဆိုလိုသည်၊ ထို တွာဒယောအရ ကွစိတော ပဉ္စမျတ္ထေသုတ်ဖြင့် သက်ရသော တောပစ္စည်းမှစ၍ ဒါနိပစ္စည်းတိုင်အောင် ပစ္စည်းများ ကိုရ၏၊ ထိုပစ္စည်းဆုံးသော ပုဒ်များသည် လိင် ၃ ပါး ဝိဘတ် ၇ သွယ်တို့ဖြင့် ရုပ်စဉ် ၍ မရ, လိင် ၃ ပါး ဧကဝုစ် ဗဟုဝုစ် ၂ ပါးတို့၌ "သဗ္ဗတော" စသည်ဖြင့် ရုပ် တမျိုး စီသာ ရှိသောကြောင့် နိပါတ်ပုဒ်များတွင် ပါဝင်ကြရသည်။

**ဝိဘတ္တိသညာ=သညာယော။** ။"ဝိဘတ္တိသညာ=ဝိဘတ္တိသညာယော" ဟု ပါဌ် ၂ ထွေရှိ၏၊ စာသွား ရိုးရိုးအားဖြင့် "ဝိဘတ္တိသညာ" ဟုသာ ရှိထိုက်၏၊ ရှေးဦး

ထိုအခါ၌၊ ကဒါ-အဘယ်အခါ၌၊ ဣမ-ဤအရပ်၌၊ ဣဒါနိ-ဤအခါ၌၊ (ယခု အခါ၌)။ (၂၆၁)။

**ကွစိတော ပဉ္စမျတ္ထေ** ၂၄၇။ ပဉ္စမျတ္ထေ ကွစိ တော ပစ္စယော ဟောတိ၊ သဗ္ဗတော မှ၊ပေ၊ ဣတော-မှ၊ကွစိတိ ကွစိပုဒ်သည်၊ပေ၊ ဣမသ္မာ-ဤအရပ်မှ။ (၂၆၀)။ [ရုပ်တွက်ပုံကို အခြေပြု၌ ပြထားပြီ။]

---

အံ့-ဝိဘတ္တိနှင့် သညာသည် ဗဟုဗ္ဗီဟိသမာသ် တွဲစပ်ထားသော ပုဒ်တည်း၊ ဗဟုဗ္ဗီဟိ ထုံးစံမှာလည်း အဘိဓေယျပုဒ်၏ လိင်သို့ လိုက်မြဲ ဖြစ်၏၊ ဤ၌ အဘိဓေယျပုဒ်၏ လိင်ကား "တ္ဝာဒယော" ဟူသော ပုလ္လိင်တည်း၊ ထို့ကြောင့် "ယေသံ-အကြင် တော စသော ပစ္စည်းတို့၏၊ ဝိဘတ္တိ-ဝိဘတ်ဟူသော၊ သညာ-အမည်သည်၊ အတ္ထိ-ရှိ၏" ဟု ဝိဂ္ဂြိုဟ်ပြု၍ "ဝိဘတ္တိသညာ" ဟု သမာသ်ပြီးသည့်အခါ ကွစာဒိမဇ္ဈေတ္တရာနံ စသော သုတ်ဖြင့် သညာဟူသော နောက်ပုဒ်၏ အာကို ရဿပြု (ဝိဘတ္တိသည)ဟု အကာ ရန္တ ပုလ္လိင်ဖြစ်၏၊ ထို့နောက် နာမ်ငဲ့, ယောသက်, ယောကို အာပြု၍ ပုရိသာကဲ့သို့ "ဝိဘတ္တိသညာ" ဟု ရုပ်ရိုးရှိထိုက်သည်၊ သို့သော် ရူပသိဒ္ဓိဋီကာ၌ "ဧတ္ထစ-ဤပါဌ်၌ ကား၊ကွစာဒိသုတ္တေ-ကွစာဒိမဇ္ဈေတ္တရာနံ စသော သုတ်၌၊ကွစိဂ္ဂဟဏေန-ကွစိ သဒ္ဒါ၏ တားမှုကြောင့်၊ ဥတ္တရပဒေ- (ဝိဘတ္တိ+သညာ ၂ ပုဒ်တွင်) သညာဟူသော နောက် ပုဒ်၌၊ ရဿတ္တာဘာဝေါ-ရဿ အဖြစ် မရှိခြင်းသည်၊ ဇာမိနော နိပါတနေန-ဤ (ဝိဘတ္တိသညာယော) ဟူသော နိပါတနကြောင့်၊ (ဟောတိ-၏၊)" ဟု မိန့်ရကား သညာ၌ အာကို ရဿ မပြုပဲ, ယောဝိဘတ် သက်ရုံသက်၍ "ဝိဘတ္တိသညာယော" သည် ရှေးပါဌ်, "ဝိဘတ္တိသညာ"ကား သဒ္ဒါသွားထုံးစံကျအောင် ပြင်ထားအပ်သော နောက်ပါဌ်ဟု မှတ်၊ သင့်မြတ်သည် ချည်းသာ။ [ရုပ်ကို နောက်သုတ်များ၌ တွက်ရ လတ္တံ့။]

၂၄၇။ အခြားအနက်၌လည်းသက်ပုံ။ ။ဤတောပစ္စည်းသည် ပဉ္စမီဝိဘတ်၏ အပါဒါန်အနက်ခေါ် "အဝဓိ" အနက်သာမက, ပဉ္စမျတ္ထေကို ဖြုတ်၍ "ကွစိတော" ဟူသော ဒွိခါကရဏယောဂဝိဘာဂဖြင့် လိုက်တွစသော အနက်တို့၌လည်းသက်သည်၊ ချဲ့အံ့-"သီတံ ဥဏှံ ပတိဟနတိ, တတော ဝါဠမိဂါနိစ" ဟူသော ဝုဋ္ဌဝါသေနာသန ကွန္ဓက ပါဠိ၌ "တတော-ထိုကျောင်းသည်" ဟု လိင်တွတ္တ၌ တောပစ္စည်း သက်ရသည်၊ "အနိစ္စတော" စသည်၌လည်း "အနိစ္စတော-အနိစ္စဟူ၍" ဟု အနက်ဖွင့် ရှိသေး၏၊ ထို အဖွင့်အလို တောပစ္စည်းကို "အနိစ္စ" ဟူသော လိင်တ္တ၌ သက်သည်ဟုမှတ်၊ "ဟူ၍" ဟူသော အနက်ကား တောပစ္စည်း၏ အနက်မဟုတ်, တောပစ္စည်းနောက်၌ ကြေနေသော ဣတိသဒ္ဒါ၏ အနက်တည်း။ ["ဣတိနာ နိဒ္ဒိသိတဗ္ဗေ တော" သဒ္ဒနီတိ သုတ်၊ "ဣတိနာ-ဣတိသဒ္ဒါဖြင့်၊ နိဒ္ဒိသိတဗ္ဗေ-(တိုက်ရိုက်မပါသော်လည်း) ညွှန်ပြ ထိုက်သော၊ ပဌမတ္ထေ-ပဌမာအနက်၌၊ တော-တောပစ္စည်းသက်၊ (သုတ်နက်)။]
၂-"တတော ဝါတာတပေါဃော်ရော, သဥ္စာတော ပဋိဟညတိ" ဟူသော ယခင်

**တြ၀ထ၊ပေ၊ သဗ္ဗနာမေဟိ**

၂၄၉။ သတ္တမျတ္ထေ-သတ္တမီ ဝိဘတ်၏ အနက်၌၊ သဗ္ဗနာမေဟိ-တို့မှ (နောက်၌)၊ တြ-ထ-ပ္ပစ္စယာ-တြ, ထ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ သဗ္ဗတြ, သဗ္ဗတ္ထ-အလုံးစုံ၌၊ ယတြ, ယတ္ထ-အကြင်၌၊ တတြ, တတ္ထ-ထို၌။ (၂၆၆)။

---

သေနာသနက္ခန္ဓက ပါဠိတော်၌ပင် ပတိဟညတိဟူသော ကံဟောကြိယာကိုထောက်၍ "တတော (တေန ဝိဟာရေန)-ထိုကျောင်းသည်" ဟု အဝုတ္တကတ္တား အနက်၌ တောပစ္စည်း သက်၏၊ ၃-"အန္တရာယေ အသေသတော=အကြွင်းမရှိကုန်သော+အန္တရာယ်တို့ကို" ဟူသော အဋ္ဌသာလိနီ ဂန္ထာရမ္ဘ၌ ကံအနက်ဝယ် တောပစ္စည်း သက်၏၊ ၄-"ရာဇတောဝါ-မင်းကြောင့်လည်းကောင်း" ဟူရာ၌ ဟိတ်အနက်ဝယ် သက်၏၊ ၅-အဝဓိခေါ် ပဉ္စမီအနက်ကို ပြခဲ့ပြီ၊ ၆-"ပရတော-သူတပါး၏၊ ဒါနပစ္စယာ-ဒါနဟူသော အကြောင်းကြောင့်" ဟူသော ဥဒါဒသမ မဟာပဒုမဇာတ်၊ "ဥဘတော-၂ ဘက်၏၊ အဝဿုတေ-စိုစွတ်သည်၌" ဟူသော ဘိက္ခုနီ ပါစိတ်တို့ဝယ် သာမိအနက်၌ သက်၏၊ ၇-"အနိစ္စတော-အနိစ္စအားဖြင့်" ဟု ပေးလျှင် တတိယာ ဝိသေသနအနက်၌ သက်၏၊ ၈-"အာဒိတော-အစ၌" ဟု ပေးရာဝယ် သတ္တမီ (ဘုမ္မတ္ထ) ၌ သက်၏၊ ၉-"ကာမာဝစရကုသလတော-ကာမာဝစရကုသိုလ် နာမက္ခန္ဓာ ၄ ပါးတို့တွင်၊ အဋ္ဌ-ရှစ်ပါးသော စိတ်တို့" ဟူသော အဋ္ဌသာလိနီဝယ် နိဒ္ဓါရဏအနက်၌ တောပစ္စည်းသက်၏၊ [ဤ ကုသလတောကို လိင်္ဂတ္ထ ဟုလည်း ဖွင့်သေး၏။] ဤသို့လျှင် တောပစ္စည်းသက်ရာ အနက် ၉ ချက်ရှိသည်။

လိင်္ဂတ္ထေ ကတ္တုကမ္မေသု, ဟေတွတ္ထေ့ဝဓိသာမိသု၊
ဝိသေသနေစ ဘုမ္မတ္ထေ, နိဒ္ဓါရဏေစ တော ဘဝေ။

၂၄၉။ "သဗ္ဗနာမေဟိ" ဟု ဆိုသောကြောင့် သဗ္ဗ, ကတရ-စသော သဗ္ဗနာမ်တို့နောက်၌သာ တြ ထပစ္စည်းသက်၍ ပုရိသ, အနိစ္စ-စသော သုဒ္ဓနာမ်တို့နောက်၌ မသက်၊ သဗ္ဗနာမ် ဟု ဆိုသော်လည်း တုမှ အမှ-စသော သဗ္ဗနာမ် နောက်၌ကား (ဇိနဝစနယုတ္တ မဖြစ်သောကြောင့်) မသက်ရ၊ ရှေ့သုတ်၌ကား ဤကဲ့သို့ "သဗ္ဗနာမေဟိ" မပါသောကြောင့် သဗ္ဗစသော သဗ္ဗနာမ်နောက်၌ လည်းကောင်း, ပုရိသ, အနိစ္စ-စသော သုဒ္ဓနာမ် နောက်၌လည်းကောင်း တောပစ္စည်းသက်နိုင်သည်၊ ရုပ်ကို "သဗ္ဗ-ယ-တ" တည်၍ အခြေပြုနည်းမှီး တွက်ပါ။

**အခြားအနက်၌လည်းသက်ပုံ။** ။"သတ္တမိယာ" ပုဒ်ကို ဖြုတ်၍ "တြထ" ဟူသော ယောဂဝိဘာဂဖြင့် သတ္တမီအနက်မှ အခြား အနက်၌လည်း တြ ထ ပစ္စည်း သက်၏၊ ရှဉ်းအံ့-(၁) "သန္တာဝတာယံ သမာပတ္တိ၊ ယတြဟိနာမ နတ္ထိ ဘာဝံပိ အာရမဏံ ကရိတွာ ဌဿတိ" ဟူသော မေဃိယ ပါဠိတော်၌ ယတြဟိနာမကို "ယာနာမ သမာပတ္တိ" ဟု အဋ္ဌသာလိနီဖွင့်သောကြောင့် တြပစ္စည်းသည် ပဌမာ အနက်၌သက်၏-ဟု သိရ၏၊ "တတုဒ္ဓံ နတ္ထိ အညတြ" ဟူသော ဗုဒ္ဓဝံသ၌လည်း "အညတြာတိ အညံ" ဟု အဋ္ဌကထာဖွင့်သောကြောင့် ပဌမတ္ထပင်။

သဗ္ဗတောဓိ ၂၅၀။ သတ္တမျတ္တေ-၌၊ သ ဗ္ဗ ဣတိ-သဗ္ဗဟူသော၊ တေသ္မာ-ဤလိင်မှ (နောက်၌၊ ကွစိ-၌၊ ဓိပစ္စယော ဟောတိ၊ သဗ္ဗဓိ, သဗ္ဗသ္မိံ-အလုံးစုံသော အရပ်၌။ (၂၆၇)။ ["သဗ္ဗဓိ"သာ သုတ်၏ ပုံစံ၊ သဗ္ဗသ္မိံကား ကွစိအတွက် များစွာသောအရာ၌ ဓိ ပစ္စည်းမသက်-ဟု ပြသော ပုံစံတည်း၊ ရုပ်ကို အခြေပြုအတိုင်း တွက်၊ သတ္တမိယာ-ဟူသော အလိုက်ကို ကြည့်၍ "သဗ္ဗတောဓိ"ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် ပဋ္ဌမိအနက်၌ ဓိ ပစ္စည်းသက်၍ "ဝိပ္ပမုတ္တာ သဗ္ဗဓိ"ကို ထုတ်ကြ၏၊ သို့သော် "သဗ္ဗဓိ-အလုံးစုံသော အာရုံ၌၊ ဝိပ္ပမုတ္တာ-ကိလေသာတို့မှ လွတ်တော်မူသော"ဟု ပေးလျှင် သတ္တမီ အနက်၌ပင် သက်သည်-ဟု ကြံသင့်သည်။]

ကိံ သ္မာဝေါ ၂၅၁။ သတ္တမျတ္တေ, ကိမိတိ-ကိံ ဟူသော၊ တေသ္မာ-ဤလိင်မှ (နောက်၌)၊ ကွစိ ဝပစ္စယော ဟောတိ၊ ဒေဝါနံ ပိယတိဿ....တို့ ကွဂတော အသိ (ကိဿကဝေစသုတ်၌အနက်ပေးခဲ့ပြီ၊)(၂၆၉)။ [သို့ နှောင်းရာ၌သာ "ကိဿ, ကိသ္မိံ"ဟု ကိံ၌ နိဂ္ဂဟိတ်ကို သဒ္ဒနီတိ ချေ၏၊ သို့သော် သ္မာနှောင်းရာ၌လည်း နိဂ္ဂဟိတ်ကို ချေ၍ "ကိသ္မာ ဝေါ"ဟု သီဟိုဠ်မူ ရှိ၏၊ ထို့ပြင်—"ဒေဝါနံ ပိယတိဿ"၏ နောက်၌ "ကွစီတိ ကိမတ္ထံ၊ ကသ္မိံ ဂတောသိ"ဟုလည်း သီမူရှိလေသည်၊ ရုပ်ကို အခြေပြု၌ တွက်ထား၏။]

---

(၂) "မဟိဒ္ဓိကော ခေါ မဟာသမဏော၊ ယတြဟိနာမ ဖြဟ္မာပိ သဟမ္ပတိ ဥပသင်္ကမိဿတိ မေဿယဝနာယ" ဟူသော မဟာဝဂ္ဂ ဥရုဝေလကဿပကထာ၌ "ယတြဟိနာမာတိ ယံ နာမ-အကြင်ရဟန်းကြီးသို့" ဟု သာရတ္ထဒီပနီဖွင့်သောကြောင့် ဒုတိယတ္ထ၌ တြပစ္စည်းသက်-ဟု သိသာ၏၊ (၃) "ယတြဟိနာမ ကင္ခါနိပိ ဖာလိယိဿန္တိ" ဟူသော ထိုပါဠိ၌ ယတြဟိနာမကို "ယေန နာမ" ဟု ဖွင့်သောကြောင့် တတိယတ္ထ၌ တြသက်၊ "ယတြ-အကြင်ရဟန်းကြီးသည်၊ ဖာလိယိဿန္တိနာမ-ခွဲအပ်ခွဲနိုင်ကုန်တံ့ဘိ၏" ဟု ပေး၊ (၄) "သဗ္ဗတ္တ မာနာနုသယေန နိရနုသယော" ဟူသောယမိုက်ပါဠိ၌ "သဗ္ဗတ္တာတိ တေသ ပန သဗ္ဗဋ္ဌာနတောတိ အယမတ္ထော န န သမ္ဘဝတိ၊ တ္တကာရဒ္ဒိ ဘုမ္မတော အညတ္ထာပိ သဒ္ဒဝိဒူ ဣစ္ဆန္တိ" ဟု အနုသယ ယမိုက်ဋီကာဖွင့်သောကြောင့် ပဉ္စမျတ္ထ၌ ထ ပစ္စည်းသက်-ဟု မှတ်၊ (၅) "တတြိဒံ ပမာဏံ"ဟူသော ကုဋိကာရသိက္ခာပုဒ် စသည်၌ "တဿ ကုဋိယာ ဣဒံ ပမာဏံ" စသည် ဖွင့်သောကြောင့် သာမိအနက်၌ တြပစ္စည်းသက်- ဟု မှတ်။

[ဆောင်] တြ ထဟု, ယောဂပြု၍, ပ-ဒု-တပဉ်, သာမိလျှင်, ငါးအင် အနက်, တြသက်။

**ဟိံ ဟံ ဟိဥ္စနံ** ၂၅၂။ သတ္တမျတ္တေ ကိမိတိ တေသ္မာ, ဟိံ ဟံ ဟိဥ္စနံ ဣတိ-ဟိံ, ဟံ, ဟိဥ္စနံ ဟူကုန်သော၊ တေ ပစ္စယာ ဟောန္တိ၊ ကုဟိံ, ကုဟံ-အဘယ်အရပ်၌၊ ကုဟိဥ္စနံ-တရံတခါ၌၊ (၂၇၁)။ [ရုပ်ကို အခြေပြုမှာ ရှု၊ မောဂ္ဂလ္လာန်၌ကား "ဟိဥ္စနံ" ပစ္စည်း မပါ၊ ကုဟိံ နောင် စ နံ နိပါတ် တွဲစပ်ထားလျှင် "ကုဟိဥ္စနံ"ဖြစ်သည်ဟု ဆို၏၊ ဥပမာ-ကုဟိံ နောင် စိ နိပါတ် တွဲစပ်ထားလျှင် "ကုဟိဥ္စိ"ဟု ဖြစ်သကဲ့သို့တည်း တဲ့၊ထို နိဿယသစ်၌ ဝံ ပစ္စည်း သက်၍ "ကုဝံ သတ္တော သမုပ္ပန္နော, ကုဝံ သတ္တော နိရုဇ္ဈတိ"ဟူသော သဂါထာဝဂ္ဂ ဘိက္ခုနီ သံယုတ် စသည်ကိုလည်း ပုံစံ ထုတ်ပြတော်မူသေး၏။]

**တမှာစ** ၂၅၃။ သတ္တမျတ္တေ, တမှာ- (တ) လိင်မှ နောက်၌၊ ဟိံ ဟံ ဣတိ-ဟိံ ဟံ ဟူကုန်သော၊ တေ ပစ္စယာစ-ဤပစ္စည်းတို့သည်သာ၊ ဟောန္တိ၊ တဟိံ, တဟံ-ထိုအရပ်၌၊ စဂ္ဂဟဏံ-သည်၊ ဟိဥ္စနဂ္ဂဟဏ နိဝတ္တနတ္ထံ-ဟိဥ္စနံ သဒ္ဒါကို နစ်စေခြင်း အနက်ရှိ၏။ (၂၇၃)။ [စသဒ္ဒါက ရှေ့သုတ်မှ ဟိဥ္စနံကို နစ်စေသောကြောင့် "ဟိံ ဟံ ဣစ္စေတေ ပစ္စယာစ"ဟု စ သဒ္ဒါကို နောက်သို့ ရွှေ့၍ အနက်ပေးကြသည်၊ ရုပ်ကို အခြေပြုမှာရှု။]

**ဣမ သ္မာ ဟ ဓာစ** ၂၅၄။ သတ္တမျတ္တေ ဣမသ္မာ ဟဓ ဣတိ တေ ပစ္စယာ ဟောန္တိ၊ ဣဟ, ဣဓ-ဤအရပ်၌၊ စဂ္ဂဟဏံ-သည်၊ အဝဓာရဏတ္ထံ-နိဝတ္တာပန အဝဓာရဏ အနက်ရှိ၏။ (၂၇၄)။....[ဟဓ ပစ္စည်းတို့သည် ဣမနောက်၌သာ သက်၏၊သဗ္ဗစသော အခြားသဒ္ဒါ၏ နောက်၌ မသက်၊ ဤသို့ အခြားသဒ္ဒါကို နစ်စေသောကြောင့် နိဝတ္တာပန အဝဓာရဏ အနက်ရှိ၏-ဟု ဆိုသည်၊ သုတ်နက်ကိုလည်း "ဣမသ္မာစ-ဣမသဒ္ဒါမှ (နောက်၌) သာ"ဟု အနက်ပေးရသည်၊ ဤ အဝဓာရဏကို "သန္နိဋ္ဌာနအဝဓာရဏ"ဟုလည်း ဆိုကြသေး၏၊ စဉ်းစားကြပါလေ။]

**ယတော ဟိံ** ၂၅၅။ သတ္တမျတ္တေ,တသ္မာ ယတော-ထို(ယ)လိင်မှ နောက်၌၊ ဟိံ ပစ္စယော ဟောတိ၊ ယဟိံ-အကြင် အရပ်၌၊ (၂၇၅)။ [ရုပ်ကို အခြေပြုမှာ ရှုပါ။]

**ကာလေ** ၂၅၆။ ကာလေ ဣတိ-ကာလေဟူသော၊ တံ-ဤသုတ်ကို၊ အဓိကာရတ္ထံ - အဓိကာရ အကျိုးရှိ၏ ဟူ၍၊ ဝေဒိတဗ္ဗံ - သိထိုက်၏၊ [ရူပသိဒ္ဓိ၌ ဤသုတ်ကို သီးခြား မပြ၊ "ကာလေတိ အဓိကာရောယံ"ဟု ပြ၍ အခြားသုတ်နှင့် ဆက်ထားသည်။]

**ကိံ သဗ္ဗညေက ၊ဧပ၊ ဒါစနံ**

၂၅၇။ သတ္တမျတ္ထေ-၌၊ ကာလေ-အခါဟူသော အနက်၌၊ ကိံ သဗ္ဗ အည ဧက ယ ကု ဣတိ-ကိံ, သဗ္ဗ, အည, ဧက ယ, ကု ဟူကုန်သော၊ ဧတေဟိ-ဤလိင်တို့မှ (နောက်၌)၊ ဒါ ဒါစနံ ဣတိ-ဒါ, ဒါစနံ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ ကဒါ-အဘယ်အခါ၌၊ သဗ္ဗဒါ-အလုံးစုံသော အခါ၌၊ အညဒါ-အခြားသော အခါ၌၊ ဧကဒါ-တပါးသော အခါ၌၊ ယဒါ-အကြင် အခါ၌၊ ကုဒါစနံ-တရံတခါ၌။ (၂၇၆)။

**တမှာ ဒါနိစ**

၂၅၈။ သတ္တမျတ္ထေ, ကာလေ, တ ဣတိ - တ ဟူသော၊ ဧတသ္မာ-၌၊ ဒါနိ ဒါ ဣတိ-ဒါနိ ဒါ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ တဒါနိ, တဒါ-ထိုအခါ၌၊ စဂ္ဂဟဏံ-သည်၊ အနုကၖုနတ္ထံ-ငင်ခြင်းအနက်ရှိ၏။ (၂၇၈)။ [ရှေ့က ဒါကို စသဒ္ဒါဖြင့် ငင်သည်-ဟူလို။ ရှပ်လွယ်ပြီ၊ တဒါပြယုဂ်ကား ပေါမျုး၏၊ "မဟာတာ ပရိဝါရေန, တဒါနိ သော မဟီပတိ"ဟူသော ခေမာထေရီ အပဒါန်၌"တဒါနိ"ဟု ပြယုဂ်ရှိသည်။]

---

၂၅၇။ ကုဒါစနံ—ကိံတည့်, ဒါစနံ ပစ္စည်းသက်, ဝိဘတ်မှည့်, ကုဟိံ ဟံသုစ သုတ်၌ စသဒ္ဒါဖြင့် ဒါစနံပစ္စည်းကြောင့် ကိံကို ကုပြု၊ ဤသို့လျှင် ကိံသဒ္ဒါနောင် ဒါစနံ ပစ္စည်း သက်ရပါလျက် အဘယ့်ကြောင့် "ကုဟိ"ဟု ကုသဒ္ဒါကိုထည့်၍ ဆိုပါသနည်း, ကုနောင် ဒါစနံပစ္စည်း မသက်ပါတကား-ဟု စောဒနာဖွယ်ရှိ၏၊ အဖြေကား-ဒါစနံ ပစ္စည်း နှောင်းရာ၌ ကိံကို အမြဲ ကု ပြုရသည်-ဟု သိစေခြင်း အကျိုးငှာ ကုနောင် မသက်ရပဲလျက် ကုသဒ္ဒါကိုထည့်၍ ဆိုထားသည်။ ["ကုဟိ" ၌ ကုသဒ္ဒါလည်း (ဖလူပစာရနည်းအားဖြင့်) ကိံကိုပင် ကု-ဟု ဆိုထားသည်၊ ဥပမာ-"ထမင်းချက်သည်" ဟူရာ၌ ထမင်းဖြစ်လတ္တံ့သော ဆန်ကိုပင် ဖလူပစာရနည်းအားဖြင့် "ထမင်း" ဟု သုံးစွဲထားသကဲ့သို့တည်း။]

[ဆောင်] ဒါစနံ နှောင်းက, ကိံသဒ္ဒါကို, နိစ္စ ကုပြု, သိစေမှုကြောင့်, ထည့်၍ ကုကို, အရှင် ဆိုသတဲ့၊ ထို ကုသဒ္ဒါ, ကိံမှလာ၍, ဥပစာ ဖလ, နည်းယူရသည်, မှတ်ကြ နောင်လာ အချုပ်တည်း။

မောဂ္ဂလ္လာန်။ ။ဒါစနံပစ္စည်းဟု မဆိုပဲ ဒါပစ္စည်းဖြင့်ပြီးသော ကုဒါပုဒ်နောင် စနံ နိပါတ်နှင့် တွဲစပ်၍ "ကုဒါစနံ" ဖြစ်သည်-ဟု မောဂ္ဂလ္လာန် မိန့်သေး၏၊ ထို့ပြင်-"တံ ကုဒါသု ဘဝိဿတိ" စသည်ဖြင့် "ကုဒါ" ပါဠိသည် ကုဒါစနံထက်ပင် အသုံးများ၏၊ ထို့ကြောင့် ဤသုတ်ဖြင့် ကု ပြုလတ္တံ့သော ကိံသဒ္ဒါနောင် ဒါပစ္စည်းလည်း သက်သင့်၏၊ သို့ဖြစ်လျှင် ကုဟိံဟံသုစ၌ စသဒ္ဒါဖြင့် ဟိဉ္စနံ ဒါစနံသာ မက, ဒါပစ္စည်းကိုလည်း ဆည်းယူသင့်သည်။

ဠမသ္မာ ရဟိ ဓုနာဝ — ၂၅၉။ သတ္တမျတ္ထေ, ကာလေ, ဠမသ္မာ-၌၊ ရဟိ ဓုနာ ဒါနိ ဠတိ-ရဟိ,ဓုနာ,ဒါနိ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ ဧတရဟိ, အဓုနာ, ဣဒါနိ-ဤအခါ၌၊ စဂ္ဂဟဏံ-သည်၊ အနုကစ္စနတ္ထံ-ဒါနိကို ငင်ခြင်းအနက် ရှိ၏။ (၂၇၉)။

သဗ္ဗဿ သော ဒါမှိ ဝါ — ၂၆၀။ ပရေ-သော၊ ဒါမှိပစ္စယေ-ဒါပစ္စည်းကြောင့်၊ သဗ္ဗ ဠတိ-သဗ္ဗဟူသော၊ တေဿ-ဤသဒ္ဒါ၏၊ သကာရာဒေသော-သ အပြုသည်၊ ဝါ ဟောတိ၊ သဗ္ဗဒါ, သဒါ-အလုံးစုံသော အခါ၌၊ ဝါ-အခါခပ်သိမ်း။ (၂၇၇)။ [သဒါကို အခြေပြုအတိုင်း တွက်၊ "သဗ္ဗဒါ"ကား ဝိကပ်ရုပ်တည်း။]

အဝဏ္ဏော ယေ လောပဉ္စ — ၂၆၁။ ပရေ-သော၊ ယေ ပစ္စယေ-ယ ပစ္စည်းကြောင့်၊ အဝဏ္ဏော - သည်၊ လောပံ အာပဇ္ဇတေ၊ ဗာဟုဿစ္စံ - ဗဟုဿုတ ရှိသူ၏ ဖြစ်ကြောင်း၊ ပဏ္ဍိစ္စံ - ပညာရှိ၏ ဖြစ်ကြောင်း၊ ဝေပုလ္လံ-ပြန့်ပြောသည်၏ ဖြစ်ကြောင်း၊ ကာရုညံ-သနားခြင်း၊ ကောသလ္လံ-ကျွမ်းကျင်သူ၏ ဖြစ်ကြောင်း၊ သာမညံ-ရဟန်း၏ ဖြစ်ကြောင်း၊ သောဟဇ္ဇံ-ကောင်းသော စိတ်ရှိသူ၏ ဖြစ်ကြောင်း။ (၃၆၉)။

---

၂၅၉။ ရဟိဓုနာဝ—"ရဟိစ+ဓုနာစ, ရဟိဓုနာ၊ စသဒ္ဒါ ဒါနိပစ္စယသမ္ပိဏ္ဍနတ္ထော" ဟု ရူပသိဒ္ဓိဋီကာဖွင့်သောကြောင့် "ဠမသ္မာ ရဟိဓုနာဝ" ဟု သီမူ အတိုင်းသာ ပါဌ်ရှိသင့်၏၊ ဤ၌ အနုကစ္စနကိုပင် ရူဋီကာ၌ "ဒါနိပစ္စယ သမ္ပိဏ္ဍန" ဟု တနည်းဆိုသည်။ ["ဠမသ္မာ ရဟိဓုနာ ဒါနိစ" ဟူသော ပါဌ်ကိုပင် အတည်ပြု၍ "ဒါပစ္စည်း လိုက်မည်စိုးသောကြောင့် ဒါပစ္စည်းကို နစ်စေခြင်းငှာ ဒါနိပစ္စည်းကို ယူထားသည်၊ စသဒ္ဒါကား ကာလေ သတ္တမျတ္ထေကို ငင်ခြင်းအနက်ရှိ၏" ဟု ဖွင့်သေး၏၊ ဆင်ခြင်။]

၂၆၁။ လောပဉ္စ၌ စကို အဝဏ္ဏောနောင် ထိုင်စေ၍ "အဝဏ်လည်း ချေ" ဟု ဆိုသဖြင့် ဣဝဏ်လည်းချေ-ဟု စသဒ္ဒါဖြင့် ဣဝဏ်ကြေခြင်းကိုဆည်းသည်-ဟု ရူပသိဒ္ဓိ၌ ဖွင့်၏၊ ဤ၌ "ယ" ဟူသည်လည်း တဒ္ဓိတ်၌လာမည့် ဏျပစ္စည်းမှ (ဏ အနုဗန်ချေ၍ ကျန်သော) ယပစ္စည်းတည်း၊ ထို့ကြောင့် ရုပ်ကို တဒ္ဓိတ်ကျမှ သေချာစွာတွက်သင့်၏၊ ဤ၌ကား ဤသုတ်နှင့် ယဝတံသုတ်၏ အစီအရင် သိသာရုံမျှသာ ရုပ်တွက်သင့်၏၊ တဒ္ဓိတ်ဆိုင်ရာ ရုပ်တွက်ပုံမှာလည်း ကစ္စည်းဝုတ္တိ၌ ဤရုပ်များ အပြည့်အစုံ မပါသောကြောင့် ရူပသိဒ္ဓိ (ဏျတ္တတာ ဘာဝေတုသုတ်) ၌ ရုပ်ပြီးပုံကို ကြည့်ပါ။

**ရုပ်တွက်**။ ။ဗာဟုဿစ္စံကို "ဗာဟုဿုတ+ယ" တည်, အဝဏ္ဏော ယေ လောပဉ္စသုတ်ဖြင့် တ၏ အ ကိုချေ၊ တကို ယသို့ကပ်, (ဗာဟုဿုတျ), ယဝတံ တလဏ စသော သုတ်ဖြင့် တျကို စ ပြု, ပရဒွေဘာဝေါ သုတ်ဖြင့် သဒိသဒွေဘော်(စ်)

**ဝုဍ္ဎဿ ဇော ဣယိဋ္ဌေသု**

၂၆၂။ ဣယ ဣဋ္ဌ ဣတိ-ဣယ, ဣဋ္ဌ ဟူကုန်သော၊ ဧတေသု ပစ္စယေသု - ဤပစ္စည်းတို့ကြောင့်၊ သဗ္ဗဿေဝ - သော၊ ဝုဍ္ဎ သဒ္ဒဿ-ဝုဍ္ဎသဒ္ဒါ၏၊ ဇော အာဒေသော-ဇ အပြုသည်၊ ဟောတိ၊ ဇေယျော, ဇေဋ္ဌော-အလွန်ကြီးသူ။ (၃၉၁)

**ပသတ္ထဿ သောစ**

၂၆၃။ ဣယ ဣဋ္ဌ ဣတိ ဧတေသု ပစ္စယေသု သဗ္ဗဿေဝ, ပသတ္ထ သဒ္ဒဿ-၏၊ ဇသော အာဒေသော- သ အပြုသည်လည်းကောင်း၊ ဇော အာဒေသောစ - ဇ အပြုသည်သည်းကောင်း၊ ဟောတိ၊ သေယျော, သေဋ္ဌော, ဇေယျော, ဇေဋ္ဌော-အလွန် ချီးမွမ်းအပ်သူ။ (၃၉၂)။

---

လာ, (ဗာဟုဿစ္စ) နာမ်ငဲ့, သိသက်, အံပြု, ပြီး၏။ [တဒ္ဓိတ်ပုဒ် ဖြစ်သောကြောင့် နာမ်ငဲ့ရသည်၊] ပဏ္ဍိစ္စံကို "ပဏ္ဍိတ+ယ" တည်၍ နည်းတူတွက်၊ ဝေပုလ္လံကို "ဝေပုလ+ယ"တည်, ဤသုတ်ဖြင့် လ၏ (အ) ကို ချေ၍ "ဝေပုလျ" ဟု ဖြစ်၏၊ လျကို လပြု,ဒွေဘော်လာ၊ "ကာရုဏာ+ယ" တည်, ဏာ၏ အာကိုချေ, ယဝတံဖြင့် ဏျကို ဉပြု, ဒွေဘော်လာ။ ["ကရုဏာယေဝ+ကာရုညံ" ဟု ရူပသိဒ္ဓိ၌ရှိသောကြောင့် "ကာရုညံ-သနားခြင်း"ဟု ပေးသည်၊] "ကောသလ+ယ"တည်၍ ကောသလ္လံကို လည်း နည်းတူတွက်၊ "သမဏဿ-ရဟန်း၏၊ ဘာဝေါ-သည်၊ သာမညံ-မည်၏" အရ"သာမဏော+ယ" တည်, ဏ၏ (အ) ကို ချေ, ယဝတံသုတ်ဖြင့် ဏျကို ဉပြု, ဒွေဘော်လာ၊ "သောဟဒ+ယ" တည်, ဒ၏ (အ) ကိုချေ, ဒျကို ဇပြု, ဒွေဘော်လာ, နာမ်ငဲ့, သိ-အံပြု။ [ယဝတံသုတ်သို့ မရောက်သေးသော်လည်း ထိုသုတ်၏အဓိပ္ပာယ် များသောကြောင့် ဤသုတ်၌ ရုပ်တွက် ပြထားသည်။]

မှတ်ချက်။ ။ဤသုတ်က ဗျည်းဖြစ်သော ယပစ္စည်း နှောင်းရာဝယ် အဝဏ်ကို ချေသောကြောင့် သရလောပေါသုတ်ဖြင့် မချေနိုင်ကြောင်း သိသာ၏၊ သို့ဖြစ်၍ သရ လောပေါသုတ်၌ ပစ္စယ အရ ရူပသိဒ္ဓိဝါဒကောင်း၍ ချာသ မကောင်း-ဟု မှတ်။

၂၆၂။ ဣယိဋ္ဌေသု-"ဝိသေသေ တရတမိသိကိယိဋ္ဌာ" သုတ်ဖြင့် ဝိသေသ အနက်၌ သက်သော ဣယ-ဣဋ္ဌ ပစ္စည်းများတည်း၊ ထို့ကြောင့် "အထူးသဖြင့်ကြီးသူ, အလွန်ကြီးသူ" စသည်ဖြင့် ဣယ-ဣဋ္ဌ ပစ္စည်းအတွက် "အထူး, အလွန်" ဟူသော အနက်များကို သုံးစွဲရသည်၊ တဒ္ဓိတ်ပစ္စည်းဖြစ်၍ တဒ္ဓိတ်ခန်း၌သာ သေချာစွာ ရုပ်တွက် ရာ၏၊ ဤ၌ကား ဤသုတ် ဆိုင်ရာမျှကိုသာ အခြေပြု၍ ပြခဲ့သည့်အတိုင်း တွက်ပါ။

၂၆၃။ ပသတ္ထ သဒ္ဒါကို ဇ ပြုသောနည်းသည် သဒ္ဒနီတိ မောဂ္ဂလ္လာန်တို့၌ မလာ, ပါဠိသုံးလည်း ရှိပုံ မရ၊ သို့သော် မုဒ္ဓဗောဓ၌ "ပြသသျကို ဇ" ပြုသောကြောင့် ထို သက္ကတနည်းလိုက်၍ ဤ၌ ဆိုဟန်တူသည်၊ ပသတ္ထ သဒ္ဒါမှ ဖြစ်လာသောကြောင့် "ဇေယျော,ဇေဋ္ဌော=အလွန် ချီးမွမ်းအပ်သူ"ဟု အနက်ပေးရသည်၊ ရုပ်ကို အခြေပြု ကြည့်တွက်။ [သဒ္ဒနီတိ၌ တမ ပစ္စည်းကြောင့် ချီးမွမ်းအပ်သူကို ဟောသော "သတ္တ" သဒ္ဒါကို (သ) ပြု၍ "သတ္တမော-အလွန် ချီးမွမ်းအပ်သူ" ဟု ပြယုဂ် ထုတ်သေး၏။]

**အန္တိကာယ နေဒေါ**　၂၆၄။ ဣလယ ဣဠ ဣလတိ, ဓေတော ပစ္စယေသု, သဗ္ဗသာ, အန္တိက သဒ္ဒဿ-အန္တိက သဒ္ဒါ၏၊ နေဒါဒေသော နေဒ အပြုသည်၊ ဟောတိ၊ နေဒိယော, နေဒိဋ္ဌော-အလွန်နီးကပ်သော အရပ်၊ (အလွန် နီးကပ်သူ, စသည်၊) ၃၉၃။ ရုပ်ကို အခြေပြုမှာ ရှု။

**ဗာဠှဿ သာဓော**　၂၆၅။ ဣလယ၊ပေ၊ ပစ္စယေသု သဗ္ဗသာ ဗာဠှသဒ္ဒဿ သာဓာဒေသော ဟောတိ၊ သာဓိယော, သာဓိဋ္ဌော-အလွန် ပြင်းထန်သော အရာ (အလွန် ပြင်းထန်သူ, စသည်၊) ၃၉၄။ ရုပ်ကို အခြေပြုမှာ ရှု။

**အပ္ပဿ ကဏ**　၂၆၆။ ဣလယ၊ပေ၊ ပစ္စယေသု သဗ္ဗသာ အပ္ပသဒ္ဒဿ ကဏ အာဒေသော ဟောတိ၊ ကဏိယော, ကဏိဋ္ဌော-အလွန် နည်းပါးသော အရာ၊ (၃၉၅)။ ရုပ်ကို အခြေပြုမှာ ရှု။

**ယုဝါနဉ္စ**　၂၆၇။ ဣလယ၊ပေ၊ ပစ္စယေသု သဗ္ဗသာ ယုဝသဒ္ဒဿ ကဏ အာဒေသော ဟောတိ၊ ကနိယော, ကနိဋ္ဌော-အလွန် ငယ်သူ၊ ဝါ-ညီငယ်၊ စဂ္ဂဟဏံ-သည်၊ အနုကစ္စနတ္ထံ-ကဏကို ငင်ခြင်း အနက် ရှိ၏။(၃၉၆)။

---

၂၆၇။ မောဂ္ဂလ္လာန်၌ "ကဏကနပ္ပယုဝါနံ" ဟု သုတ်တည်၍ အပ္ပကို မုဒ္ဒဇဏာ ဖြင့် ကဏပြု၍ ယုဝကို ဒန္တဇနဖြင့်"ကန်" ပြု၏၊ မုဒ္ဒဗောဓဉ္စကား အပ္ပယုဝ ၂ မျိုးလုံး ကိုပင် ဒန္တဇနဖြင့် ကန်ပြု၏၊ ဤကစ္စည်း၌ ရှေ့သုတ်မှ ကဏအပြုကိုငင်ပါလျက် ပုံစံ၌ ဒန္တဇနဖြင့် "ကနိယော" ဟု တွေ့ရ၏၊ ထို့ကြောင့် တေသုဝုဒ္ဓိဖြင့် ဏကို နပြု-ဟု ရူပသိဒ္ဓိ အမိန့်အတိုင်း ရုပ်ပြီးစေ။ ["ဒဟရောစ ယုဝါ သုသု" ဟု အဘိဓာန်ရှိသော ကြောင့် ယုဝသဒ္ဒါကို ဒဟရ၏ ပရိယာယ်ဟု ဤနေရာ၌မှတ်။]

**ယုဝါနံဟု ဗဟုဝုစ်ဆိုရကျိုး။**　။ယုဝသဒ္ဒါတခုတည်း ဖြစ်သောကြောင့် "ယုဝဿစ" ဟု ဧကဝုစ်ဝိဘတ်ဖြင့် ဆိုသင့်သည်မဟုတ်ပါလော၊ "ယုဝါနံ" ဟု ဗဟုဝုစ် ဖြင့်ဆိုခြင်းသည် အဘယ်အကျိုးရှိသနည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-ဝိပလ္လာသ နည်းကို ပြရခြင်းအကျိုးရှိ၏၊ ချဲ့ဦးအံ့-နည်းလေးဆယ်၌ ဝိပလ္လာသ (ဖောက်ပြန် သော) နည်းဟု နည်းတမျိုး ရှိ၏၊ ထို ဝိပလ္လာသသည် လိင်-ဝိဘတ္တိ-ဝစန-ကာလ-ပုရိသ-အက္ခရအားဖြင့် ၆ ပါးရှိ၏၊ အကျယ်ကို ထို နည်းလေးဆယ်မှာ ရှု၊ ထို ၆ ပါး တွင် "ယုဝဿ" ဟူသော ဧကဝုစ်မှ ဗဟုဝုစ် ဖောက်ပြန်သောကြောင့် ဤ "ယုဝါနံ" သည် ဝစနဝိပလ္လာသ နည်းမည်၏၊ ဤသို့ ကျမ်းဂန်တို့၌ ဝိပလ္လာသနည်းမျိုးရှိကြောင်း ပြလို၍ "ယုဝဿ" ဟု မထားပဲ "ယုဝါနံ" ဟု ထားသည်။

[ဆောင်]　၁။ ဗဟုဝုစ်ဖန်, ယုဝါနံ, ဝိပလ္လာသ နည်းပြတည်း။....၂။ ဝိဘတ်-လိင်, ဝစနနှင့်, ကာလ-ပုရိသံ, အက္ခရံ, ခြောက်တန် ပြားတဲ့နည်း။

**ဝန္တ|ပေ၊ လောပေါ**

၂၆၈။ ဣယ၊ပေ၊ ပစ္စယေသု, ဝန္တ| မန္တ| ဝီ ဣတိ· ဝန္တ| မန္တ| ဝီ ဟူကုန်သော၊ ဧတေသံ ပစ္စယာနံ-တို့၏၊ လောပေါ ဟောတိ၊ ဂုဏီယော, ဂုဏ်ဝွော-အလွန် ဂုဏ်ရှိသူ၊ သတိယော, သတိဝွော-အလွန် သတိရှိသူ၊ မေဓိယော, မေဓိဝွော-အလွန် ပညာရှိသူ။ (၃၉၇)။

**ယဝတံ တလန |ပေ၊ ရတ္တံ**

၂၆၉။ ယ ကာရဝန္တာနံ·ယ အက္ခရာ ရှိကုန်သော၊ တ လ ဏ ဒ ကာရာနံ-တ လ ဏ ဒ အက္ခရာတို့၏၊ ဗျဉ္ဇနာနိ-ဗျည်းတို့သည်၊ ယထာသံချံ·တိုင်း၊ စလဉ ဇကာရတ္တံ-သို့၊ အာပဇ္ဇန္တေ၊ ဗာဟုသစ္စံ၊ပေ၊ နေပုညံ-သိမ်မွေ့သူ၏ ဖြစ်ကြောင်း၊ပေ၊သာမညံ, သောဟဇ္ဇံ၊ ယဝတမိတိ·ယဝတံ ပုဒ်သည်၊ပေ၊ တိဏဒလံ·မြက်, သစ်ရွက်၊

---

၂၆၈။ ဝိနဋ္ဌ၌ စသဒ္ဒါသည် ''ဣယိဝွေသု''ကို ငင်၏၊ ထိုသို့ ငင်သဖြင့် နောက်သုတ်များသို့ မလိုက်တော့ဟု သိစေရကျိုးရှိ၏၊ ဝန္တ| မန္တ|၌ န္တ|ချင်းတူသောကြောင့် မန္တ|ကို မထည့်ပဲ ''န္တ|ဝိနဋ္ဌလောပေါ''ဟု ဆိုလျှင် အစိတ်ဖြစ်သော ''န္တ|''သာ ကြေသည်-ဟု ထင်မှားဖွယ် ရှိ၏၊ ထို့ကြောင့် အစိတ် န္တ|ကို ချေသည်မဟုတ် ''ဝန္တ| ပစ္စည်း မန္တ|ပစ္စည်း'' တခုလုံးကိုချေသည်-ဟု သိစေခြင်းငှာ ''ဝန္တ| မန္တ|'' ဟု ပစ္စည်းတခုလုံးကို နာမည်တပ်၍ ဆိုသည်။

၂၆၉။ **တလဏဒကာရာနံ**—''ကာရည့်-နေပုညံ-သာမညံကို ထောက်၍ တလဏ၌ မုဒ္ဓဇဏကို ကစ္စည်းဝုတ္တိ ဆိုလိုကြောင်း ထင်ရှား၏၊ မှန်၏-ကာရုညံ သာမညံတို့၌ ဏျ ကို ဉ ပြုကြောင်း ပြခဲ့ပြီ။ [သာမညံ၌ ရူပသိဒ္ဓိအလိုအားဖြင့် ''သမာနာနံ-တူသော အရာတို့၏၊ ဘာဝေါ-သည်၊ သာမညံ-မည်၏'' ဟု တနည်း ဝိဂ္ဂြိုဟ်ပြုရမည်။] နေပုညံ၌ ''နိပုဏဿ-သိမ်မွေ့သူ၏+ဘာဝေါ-သည်၊ နေပုညံ-မည်၏'' ဟု ဝိဂ္ဂြိုဟ်ပြု၍ ''နိပုဏ+ယ'' တည်၍ သာမညံကဲ့သို့တွက်၊ ဤသို့လျှင် ကစ္စည်းဝုတ္တိ ပုံစံများကို ထောက်လျှင် တလဏ၌ မုဒ္ဓဇဏဖြစ်ကြောင်း သိသာ၏။ [ရူပသိဒ္ဓိ၌ကား ''တလန'' ဟု ဒန္တဇနဖြင့် ပြ၍ မုဒ္ဓဇဏအတွက်မှာ ကာရ သဒ္ဒါဖြင့် ဏျကို ဉ ပြုသည်၊ အကျယ်ကို ရူပသိဒ္ဓိမှာ ရှု။]

**ဗျဉ္ဇနာနိ**—''ဗာဟုသုတ+ယ'' တည်၊ တ၏ အ ကို ချေ၍ ''တျ'' ဟု ဖြစ်သည့်အခါ သရ မပါတော့ပဲ တ ဗျည်းနှင့် ယ ဗျည်းချည်းဖြစ်၍ တျကို ''ဗျဉ္ဇနာနိ'' ဟု ဆိုသည်၊ လျ-ဏျ-ဒျတို့ ဗျည်းချည်း ဖြစ်နေပုံကိုလည်း သိပါ၊ ဗာဟုသစ္စံစသော ရုပ်များကို အဝဏ္ဏောယေ လောပဥ္စသုတ်၌ ပြခဲ့ပြီ။

**အဘေဒဘေဒူပစာ**။ ။''ယဝတံ တလဏ ဒကာရာနံ ဗျဉ္ဇနာနိ'' ဟူသော ပါဌ်၌ အဘေဒဘေဒူပစာနည်းဟုမှတ်၊ ချဲ့အံ့—''ယ ရှိသော တလဏ ဒတို့၏+ဗျည်း''ဟူသော စကား၌ ''တို့၏+ဗျည်း'' ဟု သမ္ဗန်+သမ္ဗန္ဓီခွဲ၍ ဆိုထားသောကြောင့် ယ ရှိသော

ဉာတိ-၏၊တလဏ ဒ ကာရာနမိတိ-တလဏ ဒ ကာရာနံ ပုဒ်သည်၊ပေ၊ အာလသျံ-ပျင်းရိသူ၏ ဖြစ်ကြောင်း၊ အာရောဂျ-ရောဂါ မရှိသူ၏ ဖြစ်ကြောင်း၊ ဉာတိ-၏၊ ဗျဥ္ဇနာနီတိ-ဗျဥ္ဇနာနိ ပုဒ်သည်၊ပေ၊ မစ္ဆုန္နာ-သေခြင်းဖြင့်၊ ဉာတိ-၏၊ ကာရဂ္ဂဟဏံ-ကာရ သဒ္ဒါသည်၊ပေ၊ ယ ကာရဿ-ယ အက္ခရာ၏၊မ ကာရာဒေသ

---

တလဏဒတို့က တခြား, ဗျည်းတို့က တခြားဟု ထင်မှားဖွယ်ရှိ၏၊ အမှန်မှာ-ယရှိသော တလဏနှင့် ဗျဥ္ဇနတို့၏အရမှာ "တျ-လျ-ဏျ-ဒျ" တို့ချည်း ရသောကြောင့် အရ မကွဲပြားချေ၊ ဤသို့ အရမကွဲပြားပဲလျက် "တို့၏+ဗျည်း" ဟု သမ္ဗန်+သမ္ဗန္ဓီ ခွဲ၍ ဆိုထားသောကြောင့် (မကွဲပြားပဲလျက် ကွဲပြားသလို ဆိုသော) "အဘေဒ ဘေဒူပစာ" ဟု မှတ်။ [အဘေဒဿ-မကွဲပြားသောအနက်ကို+ဘေဒဿဝိယ-ကွဲပြားသကဲ့သို့+ဥပစာရော-တင်စားပြောဆိုခြင်းသည်၊ အဘေဒဘေဒူပစာရော-မည်၏။]

**ယဝတမိတိ၊ပေ၊တိဏာဒလံ**—တိဏာဥ္စ-မြက်လည်း၊ ဒလံစ-သစ်ရွက်လည်း၊ တိဏာဒလံ-မြက်သစ်ရွက်၊ ဒွန်သမာသ်ပုံစံအတိုင်း စီရင်၍ "တိဏာဒလံ" ဟု ဖြစ်၏၊ ထို့ကြောင့် "တိဏာဒလံ" ဟု ဒွန်သမာသ် ပြီးပြီးအနေအားဖြင့် တည့်, ယဝတံ တလဏ စသောသုတ်ဖြင့် တကို စ, ဏကို ဉ, ဒကို ဇ, လကို လပြုသင့်သော်လည်း၊ ယအက္ခရာ မရှိသောကြောင့် မပြုရ, ပြီး၏၊ [တိဏာဒလန္တိ ဧတ္ထ-၌၊ သတိပိ တာဒိမှိ-တ အစ ရှိသော အက္ခရာ ရှိပါသော်လည်း၊ ယကာရဿ အဘာဝါ-ယမရှိခြင်းကြောင့်၊ ဠုဓ ဝုတ္တဝိဓာနံ န ဟောတိ-ဤသုတ်၌ ဆိုအပ်သော စ လ ဉ ဇ အစီအရင် မဖြစ်" ဟူသော နျာသကို ထောက်၍ တ ဏ ဒ လ ၄ လုံးကိုပင် စ ဉ ဇ လ မပြုရ-ဟု သိပါ။]

**တလဏ၊ပေ၊အာရောဂျ**—"အာလသျံ, အာရောဂျံ" တည့်, သျံ-ဂျံတို့ဝယ် ယ အက္ခရာ ရှိပါသော်လည်း တ လ ဏ ဒ မဟုတ်သောကြောင့် ဤသုတ်ဖြင့် စ လ ဉ ဇ မပြုရ၊ [ဤ အာလသျံ အာရောဂျံတို့၌သာ မပြုရဟု မှတ်၊ "သောမနဿျ-ဒေါဘဂျ" စသည်၌ကား ကာရသဒ္ဒါပိုဖြင့် သျကို သ, ဂျကို ဂ ပြု, ဒွေဘော်လာ၍ "သောမနဿ-ဒေါဘဂ္ဂ" စသည်ဖြင့် ရူပသိဒ္ဓိ စီရင်သည်။]

**ဗျဥ္ဇနာနီတိ၊ပေ၊မစ္ဆုန္နာ** ["ဗျဥ္ဇနာနမိတိ"ဟု ပါဠ်ပျက်၏၊သုတ်၌ "ဗျဥ္ဇနာနိ" ဟု ရှိသောကြောင့် "ဗျဥ္ဇနာနီတိ ကိမတ္ထံ" သာ ပါဠ်မှန်၊] မစ္ဆုန္နာ၌ "မရ=ပါဏစာဂေ" ဟူသော ဓာတ်နောင် ဝဇာဒီဟိ ပဗ္ဗဇ္ဇာဒယော နိပစ္စန္တေသုတ်ဖြင့် တျုပစ္စည်း သက်၍ ဓာတွန်ရ်ကိုလည်း ချေ နာမ်ငဲ့, နာဝိဘက်သက် (မတျုနာ), ယဝတံစသော သုတ်ဖြင့် တျု၌ ဥသရနှင့်တကွ စ ပြုသင့်သော်လည်း ဗျည်းချည်း မဟုတ်သောကြောင့် ဥသရနှင့်တကွ မပြုပဲ တျဗျည်းကိုသာ ခွဲ၍ စ ပြု, ဒွေဘော်လာ, ပြီး၏။ [ရူပသိဒ္ဓိ ဝဇာဒီဟိသုတ်၌ ပြယုဂ်အတိုင်း တွက်သည်၊ နျာသ၌ကား "မုသ=ပါဏစာဂေ" ဟူသော ဓာတ်နောင် တျုပစ္စည်းသက်၍ ထိုဝဇာဒီဟိသုတ်ဖြင့် ဓာန်တွန် သကို လည်းကောင်း မု၌ ဥသရကိုလည်းကောင်း ချေသည်။]

**ကာရဂ္ဂ၊ပေ၊ဩပမ္မံ**—"ယဝတံ တလဏဒါနံ ဗျဥ္ဇနာနိ စလဉ ဇတ္တံ"ဟု ဆိုလျှင် ပြီးနိုင်လျက် "ဒကာရာနံ-ဇကာရတ္တံ" ဟု ကာရသဒ္ဒါ ထည့်ခြင်းသည် ပို၏၊ ထို ကာရ

ဉာပနတ္ထံ မ အပြုကို သိစေခြင်း အကျိုးရှိ၏၊ ဩပမ္မ-ဥပမာ၏ ဖြစ်ကြောင်း။ (၄၁)။

**အမှ၊ပေ၊ သွာ နာ** ၂၇၀။ အမှ၊ပေ၊ ပိတာဒီဟိ-အမှ, တုမှ, နတ္တုပစ္စယန္တ, ရာဇ, ဗြဟ္မ, အတ္တ, သခ, သတ္ထု, ပိတု အစရှိသော လိင်တို့မှ၊ (ပရာ၊ နှောင်းသော၊) သွာ-သွာ ဝိဘတ်ကို၊ နာ၀-နာ ဝိဘတ်ကိုကဲ့သို့-ဒဋ္ဌဗ္ဗာ-မှတ်ထိုက်၏၊ မယာ-ငါမှ၊ တယာ-သင်မှ၊ ဂုဏဝတာ-မှ၊ (အားလုံး "မှ"ချည်းပေး) ဝတ္တာရော-ပြောဆိုတတ်သူမှ၊ ဧတေဟိတိ-၌ "အမှ တုမှ စသည်တို့မှ"ဟူသည်၊ပေ၊ ပုရိသာ-မှ၊ ဣတိ-၌သို့ စသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုး ရှိ၏။ (၁၂၀)။

ဣတိ နာမကပ္ပေ ပဉ္စမော ကဏ္ဍော၊....နာမကပ္ပေါ်-နာမ်ကျမ်းသည်၊ နိဋ္ဌိတော-ပြီးပြီ။

---

သဒ္ဒါပိုဖြင့် ယကို (မ) ပြုခြင်းဟူသော အနက်ပိုကို သိရသည်—ဟူလို၊ "ဩပမာ+ယ" တည့်, အဝဏ္ဏောယေ လောပဉ္စသုတ်ဖြင့် မာ၏ အာကိုချေ၊ ဤသုတ်၌ ကာရ သဒ္ဒါ ပိုဖြင့် ယကို (မ) ပြု, မ်ကို နောက်မသို့ကပ်, နာမ်ငဲ့ သိသင့်, အံပြု ပြီး၏၊ [ရူပသိဒ္ဓိ၌ကား ကာရသဒ္ဒါပိုဖြင့် မျကို (မ) ပြု, ဒွေဘော်လာ၍ စီရင်သည်၊ ရူ၌ ကာရသဒ္ဒါဖြင့် စီရင်ဖွယ်တွေ များ၏၊ ယဝတံသုတ်နှင့် ဏျတ္တတာ ဘာဝေတုသုတ်ကို စပ်ကြည့်ပါလေ။

၂၇၀။ သွာ နာ၀ ဒဋ္ဌဗ္ဗာ—"သ္မာ ဝစနဿ နာ၀ ဒဋ္ဌဗ္ဗာ"ဟု မြန်မာမှုရှိ၏၊ "သွာဝိဘတ်၏ နာဝိဘတ်ကဲ့သို့ မှတ်ထိုက်၏"ဟုအစပ်မတဲ့၊သွာဝိဘတ်၏"ဟုဆိုလျှင် "နာအပြု" ဟု ရှိမှ အစပ်တဲ့၏၊ ထို့ကြောင့် သီဟိုဠ်မူအတိုင်း "သ္မာ နာ၀ ဒဋ္ဌဗ္ဗာ" ဟု ရှိလျှင်ကောင်း၏၊ ဝိဘတ္တိ-ဟူသော ဣတ္ထိလိင်ကို ငဲ့၍ "ဒဋ္ဌဗ္ဗာ" ဟု ဣတ္ထိလိင် ထားသည်၊ ရူ၌ကား "သ္မာဝစနံ နာ၀ ဒဋ္ဌဗ္ဗံ" ဟု ဝစနံကို ငဲ့၍ "ဒဋ္ဌဗ္ဗံ" ဟု ထား၏၊ သင့်သည်ချည်း။

**နတ္တုနှင့်အာဒိ။** ။နတ္တုအရ၌လည်း နတ္တုပစ္စည်းကိုမယူပဲ နတ္တုပစ္စည်းဆုံးသော "ဂုဏဝန္တု" စသည်ကို ယူစေလို၍ "နတ္တုပစ္စယန္တ" ဟု အနက်ပေးသည်၊ ပိတာဒီဟိ၌ အာဒိဖြင့် တုပစ္စည်းဆုံးသော "မာတု-ဘာတု-ဓီတု-ကတ္တု-ဝတ္တု" စသော သတ္တာဒိဂိုဏ်းဝင် လိင်စုကို ယူ၊ ထို့ကြောင့် "မာတရာ" စသည်ဖြင့် ပုံစံထုတ်သည်၊ ["ဧတ္ထာဒိသဒ္ဒေန-ဤသုတ်၌ အာဒိသဒ္ဒါဖြင့် တုပစ္စယန္တော ဂယှတိ" ရူဋီကာ၊] ရူပ်ကို အခြေပြုကြည့်၍ တွက်။

**နာမ်ဘာသာဋီကာ ပြီးပြီ။**

# ကာရက ဘာသာဋီကာ

## မှတ်နှင့်ဖွယ် အချို

**အနုသန္ဓိ**။ ။နာမ်ဝိဘတ်တို့၏ သက်ပုံပြရာ နာမ်အခန်းကို ပြပြီး၍ ယခုအခါ၌ ထိုနာမ်ဝိဘတ်တို့၏ အနက် အမျိုးမျိုးကိုပြရာ ကာရက အခန်းကို ပြတော်မူလိုသော အရှင် ကစ္စည်းဆရာသည် "ယသ္မာ ဒပေတိ" အစရှိသော သုတ်ကို မိန့်တော်မူ၏၊ ချဉ်ဦးအံ့-နာမ်အခန်း၌ မည်သည့်နာမ်နောင် (လိင်နောင်) မည်သည့် ဝိဘတ်သက်၍ မည်ကဲ့သို့ စီရင်သည့်အခါ "နာမ်ပုဒ် တပုဒ် ဖြစ်၏ဟု ပြ၏၊ ဥပမာ-ပုရိသနောင် သိ ဝိဘတ်သက်၍ သိကို ဩ ပြုပြီးသည့်အခါ"ပုရိသော"ဟု နာမ်ပုဒ် တပုဒ်ဖြစ်၏-စသည်တည်း၊ ဤသို့လျှင် နာမ်အခန်း၌ နာမ်ဝိဘတ် အမျိုးမျိုး သက်ပုံကို ပြခဲ့၏၊ ယခု ကာရကခန်း၌ကား သိ ဝိဘတ်သည် လိင်အနက်ကို ထွန်းပြ၏၊ အာလုပ် သိသည် အာလုပ် အနက်ကို ဟော၏၊ နာဝိဘတ်သည် ကရိုဏ်းအနက် ဟိတ်အနက် ကတ္တား အနက် ဝိသေသနအနက်ကို ဟော၏, စသည်ဖြင့် နာမ်ဝိဘတ်၏ အနက် အမျိုးမျိုး ကို ပြသည်။

**ကာရက**။ ။ကရောတိ ကြိယံ အဘိနိပ္ဖါဒေတီတိ ကာရကံ၊ "ကရောတီတိ ကာရကံ" သာ လိုရင်း၊ "ကြိယံ အဘိနိပ္ဖါဒေတိ" ကား ကရောတိ၏ အဖွင့်တည်း၊ မှန်၏-"ကရောတိ-ပြုတတ်၏" ဟူရာ၌ "ပြုခြင်း-လုပ်ခြင်း" ဟူသည် တစုံတခုသော ကြိယာကို ဖြစ်စေခြင်းပင်တည်း၊ ဥပမာ-"လမ်းကို သွား၏" ဟူရာ၌ ခြေကို မြှောက်လိုက်-ရှေ့တိုးလိုက်-အောက်ချလိုက် လုပ်ခြင်းကို "သွားခြင်းကြိယာ" ဟု ခေါ်၏၊ ထို သွားခြင်း ကြိယာသည် လမ်းမရှိလျှင် မဖြစ်နိုင်, လမ်းရှိမှ ဖြစ်နိုင်၏၊ ထို့ကြောင့် "သွားခြင်းကြိယာကို လမ်းကဖြစ်စေ၏-လမ်းကပြုလုပ်၏" ဟု ဆိုရသည်။ [ကရောတိ-ပြုလုပ်တတ်၏၊ ကြိယံ-ကြိယာကို၊ အဘိနိပ္ဖါဒေတိ-ဖြစ်စေတတ်၏ ဣတိ, ကာရကံ-မည်၏၊ "ကြိယာနိမိတ္တံ-ကြိယာ၏ အကြောင်းသည် (ကြိယာဖြစ်ဖို့ရန် အကြောင်း သည်)၊ ကာရကံ-ကာရက မည်၏" နှင့် အညီ "ကြိယာနိမိတ္တံ" ဟူသော နပုလ္လိင် အဘိဓေယျပုဒ်ကိုငဲ့၍ "ကာရကံ" ဟု နပုလ္လိင်ဖြင့် ထားသည်။]

**သတ္တိ, ဒဗ္ဗ, သဒ္ဒကာရက**။ ။ထို ကာရကသည် သတ္တိကာရက ဒဗ္ဗကာရက သဒ္ဒ ကာရက ဟု ၃ မျိုး ပြား၏၊ ထိုတွင် ကြိယာကို ဖြစ်စေစွမ်းနိုင်သော သတ္တိသည် မုချ အားဖြင့် ကာရက မည်၏၊ (ကာရကအစစ် မည်၏=ဟူလို၊) ဥပမာ-"မဂ္ဂံ ဂစ္ဆတိ" ဟူရာ၌ လမ်းဖြပ်ဝယ် သွားအပ်သောသတ္တိ ရှိ၏၊ "သွား+အပ်" ဟူရာ၌ သွားခြင်း ကြိယာကို"သွား"ဟုခေါ်၍ လမ်းပေါ်၌ ထိုကြိယာအပ်လျက် ကပ်လျက် ရောက်လျက် နေသည်ကို "အပ်" ဟု ခေါ်၏၊ လမ်းဖြပ်၌ ထို သွားအပ်သောသတ္တိ ရှိ၏၊ ထိုသတ္တိ သည် မုချ (အစစ်) ဖြစ်သော ကမ္မကာရကတည်း၊ လမ်းဖြပ်ကား ထိုသတ္တိ၏ တည်ရာ ဖြစ်၍ ဥာန္ဒူပစာရအားဖြင့် ကာရက မည်၏၊ ယခုကာလ၌ မဂ္ဂံကို "ကမ္မ ကာရက"

ဟု ခေါ်ပြန်၏၊ ထိုသို့ ခေါ်ရာ၌ အနက်ဖြစ်သော လမ်းဒြပ်၏ကမ္မကာရက အမည်ကို မဂ္ဂဟူသော သဒ္ဒါပေါ်၌ တင်စား၍ ကာရကူပစာရအားဖြင့် မဂ္ဂသဒ္ဒါလည်း ကမ္မကာရကမည်၏-ဟု မှတ်၊ ဤစကားစဉ်အရ"ကာရက"ဟူသော နာမည်သည် အစစ်အမှန်အားဖြင့် သဒ္ဒါ၏နာမည် မဟုတ်-အနက် (သတ္တိ) ၏ နာမည်ဖြစ်သည်-ဟု နားလည်ပြီးလျှင် "အပါဒါနေ-အပါဒါန ကာရကၥ" ဟု အနက်ပေးသည့်အခါ "အပါဒါနသတ္တိ အနက်၌" ဟု အဓိပ္ပာယ် သိခဲ့ပါ၊ ထိုကာရက ၃ မျိုးတွင် လမ်းဒြပ်ကို မဂ္ဂသဒ္ဒါက ဟော၍, သွားအပ်သော သတ္တိနက်ကို ဒံဝိဘတ်ကဟောသည်၊ ထိုဝိဘတ်နက်ဖြစ်သော သတ္တိကိုပင် "ကို" ဟုလည်းကောင်း, "သို့" ဟုလည်းကောင်း မြန်မာပြန်ရသည်။

ကာရကတ္တာ ကြိယာယေ၀, သတ္တိ မုချေန ကာရကံ၊
ဒဗ္ဗံ ဌာနျူပစာရေန, တဒါဓာရဏဘာ၀တော၊
သဒ္ဒေါဝိ အတ္ထဒွါရေန, ကာရကောတိ ပဝုစ္စတိ။

ကြိယာယ-ကြိယာကို၊ ကာရကတ္တာ-ပြုလုပ်တတ် ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်၊ သတ္တိဧ၀-သတ္တိသည်သာ၊ မုချေန-အစစ်အမှန်အားဖြင့်၊ ကာရကံ-ကာရကမည်၏၊ ["မဂ္ဂံ ဂစ္ဆတိ" ၌ လမ်းဒြပ်က သွားခြင်းကြိယာကို ဖြစ်စေသည် မဟုတ်, အကယ်၍ လမ်းဒြပ်က သွားခြင်းကြိယာကို ဖြစ်စေလျှင် ဆူးငြောင့် ခလုတ် စသည် တူထပ်၍ သွားမဖြစ်လောက်အောင် ဆိုး၀ါးနေသော လမ်းဒြပ်လည်း လမ်းပင် ဖြစ်သောကြောင့် သွားခြင်းကြိယာကို ဖြစ်စေရလိမ့်မည်၊ အမှန်မှာ-သွား၍ မဖြစ်လောက်အောင် ဆိုး၀ါးနေသဖြင့် သွားစရာမဟုတ်-သွားအပ်သော သတ္တိမရှိသောကြောင့် သွားခြင်းကြိယာကို ထို ဆိုး၀ါးနေသောလမ်းက မဖြစ်စေနိုင်၊ ထို့ကြောင့် သွားခြင်းကြိယာကို ဖြစ်စေရာ၌ လမ်းဒြပ်မဟုတ်၊လမ်းဒြပ်၌ရှိသော သွား၍ဖြစ်လောက်သော သတ္တိသာလျှင် သွားခြင်းကြိယာကို ဖြစ်စေသည်-ဟု သိသာသည်။]

ဒဗ္ဗံ-ဒြပ်သည်၊ တဒါဓာရဏဘာ၀တော-ထိုသတ္တိ၏ တည်ရာ၏ အဖြစ်ကြောင့်၊ ဌာနျူပစာရေန-ဖြင့်၊ ကာရကံ-မည်၏၊ [သတ္တိသည် လမ်း၌တည်သောကြောင့် ဌာနီတည်း၊ လမ်းဒြပ်ကား တည်ရာဖြစ်သောကြောင့် ဌာနတည်း၊ ဌာနီဖြစ်သော သတ္တိ၏ ကာရက အမည်ကို ဌာနလမ်းပေါ်၌ တင်စား၍ ဌာနျူပစာရအားဖြင့် လမ်းဒြပ်လည်း ကာရကမည်၏၊ အစစ်အမှန်အားဖြင့်ကား လမ်းဒြပ်သည် ကာရက မမည်နိုင်-ဟူလို။] သဒ္ဒေါဝိ-သဒ္ဒါကိုလည်း အတ္ထဒွါရေန-အနက်ကို အကြောင်းပြုသဖြင့်၊ ကာရကောတိ-ကရကဟူ၍၊ ပဝုစ္စတိ-ဆိုအပ်၏။ [လမ်းစသော အနက်ဒြပ်၏ ကာရက အမည်ကို မဂ္ဂစသော သဒ္ဒါပေါ်၌ တင်စား၍ ကာရကူပစာရအားဖြင့် "ကာရက" ဟု ခေါ်ရတော့သည်-ဟူလို၊ အနက်ရှိသောကြောင့်သာ သဒ္ဒါဖြစ်နိုင်၏၊ အနက် မရှိလျှင် သဒ္ဒါ မဖြစ်နိုင်၊ ထို့ကြောင့် အနက်သည် သဒ္ဒါ၏အကြောင်း, သဒ္ဒါကား အနက်၏ အကျိုးတည်း၊ အကြောင်းအနက်၏အမည်ကို အကျိုးသဒ္ဒါ၌ တင်စားခြင်းကို ကာရကူပစာရ ဟု ခေါ်၏၊ ဤဂါထာ၏ လက်ာဆောင်ပုဒ်ကို အခြေပြု ကာရက အချိန်၌ ပြထားပြီ။]

**ကာရက, အကာရက။** ။"ကရောတိ ကြိယံ အဘိနိပ္ဖါဒေတီတိ ကာရကံ"နှင့် အညီ, ကြိယာကို ဖြစ်စေနိုင်သော သတ္တိကိုသာ "ကာရက" ဟု ခေါ်၏၊ ထို့ကြောင့်

"ကြိယာ၏ အကြောင်းဖြစ်၍ တိုက်ရိုက်အားဖြင့် ကြိယာဟူသော အကျိုးလည်းရှိသော အနက်သည် ကာရက မည်၏" ဟု ဆိုကြသည်၊ ထို ကာရကသည် ကတ္တု, ကမ္မ,ကရဏ, သမ္ပဒါန်, အပါဒါန်,ဩကာသ ဟု ၆ ပါးပြား၏။ [အပါဒါန်ကို "အဝဓိ" ဟုလည်းကောင်း, ဩကာသကို "အဓိကရဏ" ဟုလည်းကောင်း, "အာဓာရ" ဟုလည်းကောင်း ခေါ်သေး၏၊] ထိုကဲ့သို့ ကြိယာကို မဖြစ်စေနိုင်သော အနက်သည် "အကာရက" မည်၏၊ ထို့ကြောင့် ကြိယာ၏ အကြောင်းဖြစ်သော်လည်း ကြိယာဟူသောအကျိုးမရှိသော ဟိတ်-လက္ခဏ အစရှိသော အနက်သည်လည်းကောင်း, ကြိယာ၏အကြောင်းမျှပင် မဖြစ်သော သမ္ဗန်, အာလုပ်, နိဒ္ဓါရဏ အနက်သည်လည်းကောင်း အကာရကမည်၏" ဟု ဆိုကြသည်၊ ထိုကာရက အကာရက တို့၏ ပုံစံကို ဆိုင်ရာသုတ်များ၌ တွေ့ရလတ္တံ့။

[ဘေဒစိန္တာ] ကြိယာနိမိတ္တမေကန္တံ, ကြိယတ္ထံ ကာရကီရိတံ၊
ကြိယာနိမိတ္တမတ္တံတု, အကြိယတ္ထ မကာရကံ၊
သာမျာလပန နိဒ္ဓါရ-ဏ ဘာဂျာဒိ မကာရကံ၊
ကြိယာယေ၀ တဒါ ယောဂါ,ဘာ၀တော ဇျပလက္ခယေ။

ကြိယာနိမိတ္တံ—ကြိယာ၏အကြောင်းလည်းဖြစ်သော၊ ဧကန္တံ-ဧကန်အားဖြင့်၊ ၀ါ-တိုက်ရိုက်၊ ကြိယတ္ထံ-ကြိယာအကျိုးလည်းရှိသော အနက်ကို၊ ကာရကံ-ဟူ၍၊ ဤရိတံ-ဆိုအပ်၏၊ ကြိယာနိမိတ္တမတ္တံ-ကြိယာ၏ အကြောင်းမျှသာဖြစ်သော၊ အကြိယတ္ထံတု-ကြိယာ အကျိုးမရှိသော အနက်သည်ကား၊ အကာရကံ-မည်၏၊ သာမျာလပန နိဒ္ဓါရဏ ဘာဂီ အာဒိံ-သမ္ဗန်, အာလုပ်, နိဒ္ဓါရဏ အဖို့ရှိသော အနက် အစရှိသည်ကို၊ တဒါ-ထို သမ္ဗန် အစရှိသော အခိုက်အတန့်၌၊ ကြိယာယ-ကြိယာနှင့်၊ ယောဂါဘာ၀တော ဧ၀-ယှဉ်စပ်ရခြင်း၏ မရှိခြင်းကြောင့်ပင်၊ အကာရကံ-ဟူ၍၊ ဥပလက္ခယေ-မှတ်သားရာ၏။ ["ဘိက္ခုဿ ပတ္တော-ရဟန်း၏+သပိတ်၊ ဤ၌ "ရဟန်း၏" ဟူသော သာမိအနက်သည် ကြိယာ၌ မစပ်, ပတ္တော-ဟူသော ဒြပ်၌သာ စပ်၏" စသည်ဖြင့် အာလုပ် နိဒ္ဓါရဏ ဘာဂီ (နိဒ္ဓါရဏ သမုဒါယ) အခိုက်၌လည်း ကြိယာနှင့် မစပ်ရပုံကို သိပါ၊] ထို ကာရက အကာရက ၂ မျိုးလုံးကို ပြရာအခန်းကို "ကာရကခန်း" ဟု ခေါ်၏၊ ဥပလက္ခဏနည်းအားဖြင့် ကာရကကိုမှတ်၍ "ကာရကခန်း" ဟု ခေါ်ထားသည်၊ ဤအခန်း၌ အကာရကများလည်း ပါ၀င်လိမ့်မည်—ဟူလို။

**ယသ္မာ ဒပေတိ ။ပေ။ပါဒါနံ**

၂၇၁။ ယသ္မာ ဝါ- အကြောင်းကာရကမှလည်း၊ အပေတိ- ဖဲခွာ၏၊ ယသ္မာ ဝါ- လည်း၊ ဘယံ - ကြောက်ခြင်းသည်၊ ဇာယတေ-ဖြစ်၏၊ ယသ္မာဝါ- လည်း၊ အာဒတ္တေ- ယူ၏၊ တံ ကာရကံ - သည်၊ အပါဒါနသညံ - အပါဒါန် အမည်ရှိသည်၊ ဟောတိ၊

---

၂၇၁။ **ယသ္မာ၊ပေ၊တဒပါဒါနံ**—ကတ္တု, ကမ္မ, ကရဏစသော အစဉ်အားဖြင့် ကတ္တုကာရက အမည်ကို ရှေးဦးစွာ ပြသင့်သော်လည်း အပါဒါနသညာမှည့်သော သုတ်က များ၍ အရာကျယ်သောကြောင့် အပါဒါနသညာသုတ်ကို ရှေးဦးစွာ ပြတော်မူလိုသော အရှင်ကစ္စည်းဆရာသည် ယသ္မာ ဒပေတိ-စသော သုတ်ကို မိန့်တော်မူသည်။ [အပါဒါနသညာသုတ်သည် ဒူရန္တိက သုတ်တိုင်အောင် ၅ သုတ်ရှိ၍ များသည်ကို "အရာကျယ်သည်" ဟု ဆိုသည်။]

**ယသ္မာဝါ။** ။ဤ ဝါသဒ္ဒါကို "ဝါကျဘေဒတ္ထ" ဟု ကာတန္တဋီကာ၌ ဆို၏၊ ဝါကျဘေဒဟူသည် တဝါကျတည်း မဟုတ်ပဲ ဝါကျချင်းကွဲအောင် ခွဲပေးခြင်း အနက်တည်း၊ ထို့ကြောင့် "ယသ္မာ ဝါ အပေတိ, ယသ္မာ ဝါ ဘယံ ဇာယတေ, ယသ္မာဝါ အာဒတ္တေ" ဟု ၃ ဝါကျ ခွဲယူရသည်၊ အကယ်၍ ဝါသဒ္ဒါက ဝါကျကွဲအောင် မပြုလျှင် "ယသ္မာ အပေတိ ဘယံ အာဒတ္တေ" ဟု တဝါကျတည်းသာဖြစ်၍ အကြောင်းကာရက တခုမှ ဖဲလည်း ဖဲ, ကြောက်လည်း ကြောက် ယူလည်း ယူ၏၊ ထိုသို့ ဖဲရာလည်းဖြစ်, ကြောက်ရာလည်းဖြစ်, ယူရာလည်းဖြစ်သော (ထို ကြိယာ ၃ မျိုး လုံး၏ ဖြစ်ရာ) ကာရက တခုတည်းသာ အပါဒါန်မှည့်ရလိမ့်မည်၊ ယခုမှာ ဝါကျ ၃ မျိုးခွဲ၍ ဝါသဒ္ဒါက ပြသောကြောင့် "အကြောင်းကာရကမှ ဖဲ၏, ထို ဖဲရာ ကာရကာလည်း အပါဒါန်မည်၏၊ အကြောင်း ကာရကမှ ကြောက်၏, ထို ကြောက်ရာ ကာရကလည်း အပါဒါန်မည်၏၊ အကြောင်း ကာရကမှ ယူ၏, ထို ယူရာ ကာရကလည်း အပါဒါန်မည်၏" ဟု ၃ မျိုးခွဲ၍ အပါဒါန် မှည့်ကြောင်း သိသာသည်။

**[ကာတန္တဋီကာ]** ဝါသဒ္ဒေါ ဝါကျဘေဒတ္ထော၊ အညထာ (ဝါသဒ္ဒါက ဝါကျဘေဒ အနက်ကို မပြုလျှင်) ယသ္မာ အပေတိ ဘယံ အာဒတ္တေ, တဿေဝ အပါဒါနသညာ ဘဝတိ။

**တနည်း, သမုစ္စယတ္ထတ္တံ။** ။အာဒတ္တေ ဝါ၌ ဝါသဒ္ဒါကို ကာရက သမုစ္စည်း ဟုလည်းကောင်း, ဝါကျသမုစ္စည်း ဟုလည်းကောင်း နိဒ္ဒေသ ဖွင့်၏၊ ထိုတွင် အာဒတ္တေ ဝါ၌ ဝါကို ယသ္မာနောင် ထိုင်စေ၍ "ယသ္မာဝါ အပေတိ, ယသ္မာ ဘယံ, ယသ္မာ အာဒတ္တေ" ဟု ယသ္မာဟူသော ကာရက ၂ ခုကို ဆည်းယူသောကြောင့် ကာရက သမုစ္စည်းဟုလည်းကောင်း "ယသ္မာဝါ အပေတိ" စသည်ဖြင့် ဝါကျ ၃ ခုရှိရကား ထို ဝါကျ ၃ ခုကို အချင်းချင်း ဆည်းသော အညမညဝါကျ သမုစ္စည်း ဟုလည်းကောင်း ဆိုလိုဟန် တူသည်၊ သို့သော် ကာရကသမုစ္စည်း ဟူရာ၌ "လိင်္ဂ နိပစ္စတေ" ၌ စသဒ္ဒါသည် "ခတု" ဟူသော ကမ္မကာရကကို ဆည်းသကဲ့သို့, ပုဒ်ချင်းမတူသော အခြား ကာရက တမျိုးကိုသာ ဆည်းရိုးရှိ၏၊ ဤ၌ "ယသ္မာ, ယသ္မာ, ယသ္မာ" ဟု ပုဒ်ချင်း

တံ-ထိုဥဒါဟရဏ်သည်၊ ယထာ-အဘယ်နည်း၊ ဂါမာ-ရွာမှ၊ မုနယော-ရဟန်းတို့သည်၊ (ရသေ့တို့သည်၊) အပေန္တိ-ဖဲခွာကုန်၏၊ နဂရာ-မြို့မှ၊ ရာဇာ-သည်၊ နိဂ္ဂတော-ထွက်၏၊ စောရာ-ခိုးသူမှ၊ ဘယံ-ကြောက်ခြင်းသည်၊ ဇာယတေ-ဖြစ်၏၊ အာစရိယုပဇ္ဈာယေဟိ-ဆရာ, ဥပဇ္ဈာယ်တို့မှ၊ သိဿော-တပည့်သည်၊

---

တူနေသောကြောင့် ကာရကသမုစ္စည်း ဟူသည်ကို စဉ်းစားသင့်၏၊ ဝါကျသမုစ္စည်း ဟူရာ၌လည်း ''လိင်္ဂတ္ထ နိပစ္စတေ, ဓာတုစ ထပိယတေ'' ကဲ့သို့ ကာရကကြိယာတို့ မတူပဲရှိတတ်၏၊ ဤ၌ ယထာ-ဟု ကာရက တမျိုးတည်း ဖြစ်သောကြောင့် ဝါကျသမုစ္စည်း ဟူသည်ကိုလည်း စဉ်းစားသင့်၏၊ ထို့ကြောင့် ဝါသဒ္ဒါ၏ 'ဝါကျဘေဒတ္ထ'ဟူသော စကားကိုသာ မှတ်သားသင့်သည်။

**အပါဒါန်**—''ဗုတော အပနေတွာ အဒဒါတိတိ အပါဒါန်'' နှင့်အညီ ဖဲခွာခဲ့ရာ သတ္တိသည် အပါဒါန် မည်၏၊ ချဲ့အံ့-''ရွာမှ မုနိတို့ ဖဲသွားကုန်၏'' ဟူရာ၌ ရွာသည် အပါဒါန်အစစ် မဟုတ်၊ ထိုရွာ၌ မုနိတို့ နေထိုင်ခိုက်မှာလည်း ရွာ၌ အပါဒါနသတ္တိ မရှိသေး၊ထိုရွာ၌ နေထိုင်၍ မုနိတို့မှာ ပျင်းရိငြီးငွေ့သောကြောင့်ဖြစ်စေ အခြားနေရာ၌ ကိစ္စ တစုံတခု ရှိသောကြောင့်ဖြစ်စေ ထိုရွာမှ ထွက်ခွာသွားလိုသောစိတ် ဖြစ်ပေလိမ့်မည်၊ ထိုအခါကျမှ ရွာ၌ ဖဲခွာသွားဖို့ရာ သတ္တိတမျိုး ပေါ်လာသည်၊ ဤသို့လျှင် ရွာ၏ ဖဲခွာရာ သတ္တိသည်သာ အပါဒါနကာရက အစစ်တည်း၊ ရွာသည် သတ္တိ၏ တည်ရာဖြစ်၍ ဌာနျူပစာရအားဖြင့်လည်းကောင်း, ဂါမသဒ္ဒါကား အနက်ကို အကြောင်းပြု၍ ကာရကူပစာရ အားဖြင့်လည်းကောင်း အပါဒါနကာရက မည်သည်။

[ဗုတော-ဤကာရကမှ၊ (ရွာစသည်မှ-ဟူလို)၊ အပနေတွာ-ဖဲဆောင်၍၊အညံ့-အခြားတစုံတခုကို၊ အာဒဒါတိ-ယူတတ်၏၊ ဗုတိ-ထိုသို့ ဖဲခွာ၏အဖြစ်ကြောင့်၊ တံ-ထို ကာရကသည်၊ အပါဒါနံ-မည်၏၊ သဒ္ဒနီတိ၌ ''အပနေတွာ''၏ ကံကို ''အတ္တာနံ စိတ္တံဝါ''ဟု ထည့်သည်၊ ရွာမှ ဖဲရာ၌ မိမိကိုယ်ကို ရွာမှ ဖဲဆောင်၍ ကျောင်းစသော အခြားတနေရာကို ယူ၏၊ မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၌ စိတ်ကို မကောင်းမှုမှ ဖဲဆောင်၍ အခြား အာရုံကောင်းတခုကို ယူ၏-ဟု ဆိုလိုသည်၊ ''အတ္တာနံ-မိမိကိုယ်ကို'' ဟူသော ပါဌ်ဖြင့် ကာယသံယောဂပုဗ္ဗက အပါဒါန်ကို ရည်ရွယ်၏၊ ''စိတ္တံဝါ'' ဟူသောပါဌ်ဖြင့် စိတ္တသံယောဂပုဗ္ဗက အပါဒါန်ကိုရည်ရွယ်သည်၊ထို ၂ မျိုးကို နောက်၌ ပြအံ့၊ ''အပေစ္စ ဗုတော အာဒဒါတိတိ အပါဒါနံ''ဟုလည်း သဒ္ဒနီတိ၌ ဝိဂ္ဂဟတမျိုး ပြု၏၊ ''အပေစ္စ- (ကိုယ်အားဖြင့်ဖြစ်စေ စိတ်အားဖြင့်ဖြစ်စေ) ဖဲခွာ၍''ဟု အနက်ပေး၊ ပဌမနည်း၌ အပကို ''အပနေတွာ'' ဖွင့်၍ ဒုတိယနည်း၌ ''အပေစ္စ''ဟု ဖွင့်သည်။]

**သဘောမပြောင်းမှု အပါဒါန်ဖြစ်ပုံ။** ။ရွာမှ မုနိတို့ ဖဲသွားရာ၌ ရွာသည် မုနိတို့နှင့် ကွဲ၏၊ မုနိတို့လည်း ရွာနှင့်ကွဲ၏၊ ဤသို့ ၂ ဖက်လုံးပင် ကွဲကွာခြင်း တူပါလျက် အဘယ့်ကြောင့် ရွာကိုသာ အပါဒါန်ဟု ဆိုရသနည်း ဟု မေးဖွယ်ရှိ၏၊ အဖြေကား-ရွာနှင့် မုနိ ၂ ဖက်လုံးပင် ကွဲကွာခြင်း တူသော်လည်း ရွာသည် နဂိုရ် တည်မြဲတိုင်း သဘောမှမရွေ့၊မုနိတို့ကသာ နဂိုရ်အနေမှ ပြောင်းရွေ့ကြသည်၊ ထို့ကြောင့် ရွာ၌သာ

သိက္ခံ-သိက္ခာကို၊ ဝါ-အတတ်ကို၊ ဂဏှာတိ-ယူ၏၊ အပါဒါနမိတိ-အပါဒါန် ဟူသော၊ ဘာနေန-ဤအမည်ကို မှည့်ခြင်းဖြင့်၊ ကူ-အဘယ်သုတ်၌၊ အတွော-သည်၊ (အတ္တိ)၊ အပါဒါနေ ပဉ္စမီ- အပါဒါနေ ပဉ္စမီသုတ်၌ အပါဒါန်ဟု ခေါ်ဝေါ်ရခြင်း အကျိုးရှိ၏။ (၃၀၈)

---

ဖဲခွာရာသည့်ဒို ရှိသဖြင့် ရွာကိုသာ အပါဒါန် ဆိုရသည်။ [မြင်းစီးရာ၌ မြင်းပေါ်မှ လူလိမ့်ကျသည့်အခါ ''အဿယောခေ အဿာ ပတတိ=မြင်းစီးသူရဲကောင်းသည် မြင်းမှ ကျ၏'' ဟု မြင်းကို အပါဒါန် ဆိုရာ၌လည်း မြင်းသည် နဂိုရ်ပြေးမြဲ သဘောမှ မပြောင်းရွေ့ပဲ ပြေးမြဲ ပြေးသောကြောင့် မြင်းကိုသာ အပါဒါန် ဆိုရသည်။]

သမေပျပဂမေ ဒွိန္နံ, ပုဗ္ဗရူပါ ယဒစ္စုတံ၊
ဝုစ္စတေ တဒပါဒါန, မေတာဒွာဝဓိလက္ခဏံ။

ဒွိန္နံ--(ရွာနှင့် မုနိ, မြင်းနှင့် လူစသော) ၂ ဦးတို့၏၊အပဂမေ-ကင်းကွာခြင်းသည်၊ သမေပိ-ဟူပါသော်လည်း၊ ယံ-အကြင် (ရွာ, မြင်းစသော) ဝတ္ထုသည်၊ ပုဗ္ဗရူပါ-ရှေ့သဘောမှ (နဂိုရ်အနေမှ)၊ အစ္စုတံ-မရွေ့ (မပြောင်း)၊ တံ-ထိုဝတ္ထုကို၊ အပါဒါနံ-ဟူ၍၊ ဝုစ္စတေ-ဆိုအပ်၏၊ တေဒွ-ဤ အပါဒါန်သည်လည်း၊ အဝဓိလက္ခဏံ-ပိုင်းခြားခြင်း လက္ခဏာရှိ၏။

**အဝဓိလက္ခဏာ။** ။အဝဓိကို ''သီမာ=မရိယာဒ (အပိုင်းအခြား)'' ဟု ပရိယာယ် ဆိုကြ၏၊ ထို့ကြောင့် (လယ်၌ ကန်သင်းသည် လယ်ကို ပိုင်းခြားသကဲ့သို့) အဝဓိဟူသည် ဖဲခွာသွားသော ကြိယာကို ပိုင်းခြားတတ်သော အရာဝတ္ထုတည်း၊ ဥပမာ-မုနိတို့ ရွာမှ ဖဲခွာသွားကြရာ၌ မုနိတို့၏ ဖဲခွာသွားခြင်းကြိယာကို ရွာသည် (ဤရွာက ဖဲသွားကြသည်-ဟု) ပိုင်းခြားတတ် သကဲ့သို့တည်း၊ ဤသို့လျှင် အပါဒါန် ဟူသမျှ၌ ပိုင်းခြားခြင်းလက္ခဏာ ရှိ၏၊ (မုနိနှင့် ရဟန်းတို့ကဲ့သို့ မူလ ပူးပေါင်းပြီးမှ ခွဲခွာသည်ဖြစ်စေ, ပူးပေါင်းခြင်း မရှိသဖြင့် ခွဲခွာမှု မထင်ရှားသည်ဖြစ်စေ) ပိုင်းခြားခြင်း အမှတ်လက္ခဏာကို တွေ့ရလျှင် အပါဒါန် မည်သည်ချည်း ဟု မှတ်၊ အဝဒေတိ ပရိစ္ဆိန္ဒတိ-ပိုင်းခြားတတ်၏၊ ဣတိ-ထို့ကြောင့်၊ အဝဓိ-မည်၏။ [အဝပုဗ္ဗ, ဓာခေတ်, သညာယံ ဒါဓာတော ဣ သုတ်ဖြင့် ဣ ပစ္စည်းသက်၊ ဤ၌ ပိုင်းခြားတတ်သည်၏အဖြစ် ဟူသော ပိုင်းခြားခြင်းကြိယာကို ဘာဝပ္ပဓာနနည်းအားဖြင့် ယူ၍ ''အဝဓိ+လက္ခဏံ ယဿာတိ အဝဓိလက္ခဏံ'' ဟု ဝိဂ္ဂဟပြု၊ ''အဝဓိ-ပိုင်းခြားတတ်သည်၏ အဖြစ် ဟူသော+လက္ခဏံ-အမှတ်အသားသည်'' ဟု ပေး။]

**အဝဓိ အသုံးအနှုန်း။** ။အပါဒါန် ဟူသော နာမည်သည် ''ဂါမာ အပေန္တိ မုနယော'' ကဲ့သို့ တနေရာမှ ဖဲခွာ၍ အခြား တနေရာကို ယူရာ၌သာ တိုက်ရိုက် သင့်လျော်၏၊ ''ခိုးသူမှ လန့်၏'' စသည်၌ကား အခြားအာရုံတမျိုးကို မယူသောကြောင့် တိုက်ရိုက် မသက်ဆိုင်ပဲ ရုဋ္ဌိနာမည် ဖြစ်ရတော့သည်။ [အဝဓိ လက္ခဏာ ရှိချင်း တူသောကြောင့် အပါဒါန် အမည်မှည့်ရသော သဒ္ဒိသူပစာရနာမည် ဖြစ်သည်ကို ရုဋ္ဌိ နာမည်ဟု ဆိုသည်။] ထို့ကြောင့် မောဂ္ဂလ္လာန်နှင့် ထို၏မှီရာ စန်းကျမ်းတို့၌ အပါဒါန်

အမည်ကို မသုံးစွဲပဲ ''ပဥ္စမျာ ဝမိဿာ=အဝမိမှ နောက်၌ ပဥ္စမီသက်'' ဟု ''အဝမိ'' နာမည်ဖြင့် သုံးစွဲသည်၊ ထိုကျမ်းများ အလိုအားဖြင့် ''ခိုးသူမှ လန့်၏'' ဟူရာ၌လည်း ခိုးသူသည် လန့်ခြင်းကြိယာကို ပိုင်းခြားဘတ်သောကြောင့် မုချ အဝမိဖြစ်၏၊

ယဿာ ဒပေတိ- [သက္ကတ၌''ယဿာဒတ်''ဟုရှိ၏၊ သန္ဓိစပ်သည့်အခါ (တ) သည် (ဒ) ဖြစ်၏၊ ထိုနည်းကို လိုက်၍ ပါဠိ၌ ''ယဿာ+အပေတိ'' ဝယ် ဒအာဂုံရာလာ၍ သန္ဓိစပ်ထားသည်၊] ''ဂါမာ အပေန္တိ မုနယော, နဂရာ နိဂ္ဂတော ရာဇာ''တို့သည် ''ယဿာ အပေတိ'' ၏ ပုံစံများတည်း၊ ယဿာ နဂရာတို့ကို အခြေပြုမှီး၍ ရှုပ်တွက်။

ဘယ ဇာယတေ—''စောရာ ဘယံ ဇာယတေ'' သည် သုတ်၌ပါသော ''ဘယံ'' ၏ ပုံစံတည်း၊ ဤ အပါဒါန်မျိုးကို ဘယယောဂ အပါဒါန်ဟု ဆိုကြ၏၊ ''ဘယ'' အရ လည်း ဘေးအန္တရာယ်ကို မဆိုလို, စိတ်၌ဖြစ်သော ကြောက်လန့်ခြင်း ထိတ်လန့်ခြင်း ကို ဆိုလိုသည်၊ ထို့ကြောင့်''ဗျဂ္ဃာ ဗိဘေတိ=ကျားမှ ကြောက်၏၊စောရာ ဥတ္တသတေ- ခိုးသူမှ ထိတ်လန့်၏'' ဟု ကာတန္တ၌ ပုံစံကိုထုတ်၏၊ ဆရာတို့လည်း ''ဘယံ- ကြောက်ခြင်း စိတ္တုတြာသဘေးသည်'' ဟု အနက်ပေးတော်မူကြ၏။ [စိတ္တ-စိတ်၏+ ဥတြာသ-ထိတ်လန့်ခြင်း၊ ဤ ဘယယောဂ၌ အဘိ ဒုတိယာ တတိယာဖြင့် ပါဠိရှိပုံကို နောက်၌ပြသားသည်။]

စဥ်းစားဖွယ်။ ။''ဘယံ ဇယတေ, စောရာ ဘယံ ဇာယတိ'' ဟု ဇနနကြိယာ ကို ထည့်ထားခြင်းသည် စဥ်းစားဖွယ်ရှိ၏၊ ရှေ့ဦးအံ့-ဤ ''ဤယဿာ ဒပေတိ'' စသော သုတ်သည် ''ယတော.ပေတိ ဘယမာဒတ္တေ ဝါ တဒပါဒါနံ'' ဟူသော ကလာပ်သုတ် အတိုင်း တည်ထားအပ်သော သုတ်တည်း၊ ထို ကလာပ်ဝုတ္တိ၌ ''ယဿာ ဒပေတိ, ယဿာ ဘယံ ဘဝတိ (ကြောက်ခြင်း ထင်ရှား၏)'' ဟု ဖွင့်၍ ပုံစံကိုလည်း ဘယံ အတွက် ''ဗျဂ္ဃ+ဗိဘေတိ, စောရာ+ဥတ္တသတေ'' ဟု ထုတ်ပြသည်၊ ထိုကလာပ်၌ ဇနန ကြိယာကို ထည့်၍မပြချေ၊ ဇနနကြိယာ၏ ယှဥ်ရာ၌ကား ယတောသဒ္ဒါဖြင့်ယူ၍ ''သိင်္ဂါ သရော ဇာယတေ-ဦးချိုမှ မြားဖြစ်၏'' ဟု သီးခြား ထုတ်ပြလေသည်၊ ထို့ကြောင့် ကလာပ်ကိုမှီ၍ တည်သောသုတ်ကို ကလာပ်အတိုင်းသာ ဝုတ္တိဖွင့်၍ ပြယုဂ်ထုတ်မှ လျော်သည်။

ထို့ပြင်-ပါဏိနီ၌ ''ဘီတြာဿာနံ ဘယဟေတု (ကြောက်ခြင်း အနက်ရှိသော ဓာတ် တို့၏ ကြောက်ခြင်းအကြောင်းသည် အပါဒါန်ဖြစ်၏)''ဟုလည်းကောင်း''နိကတ္တု+ ပကတိ (ဇနီဓာတ်၏ ကတ္တားဧ၏+ပင်ကိုယ်မူလ အကြောင်းသည် အပါဒါန် ဖြစ်၏)'' ဟုလည်းကောင်း ၂ သုတ်ခွဲတည်၏၊ ရူပသိဒ္ဓိ၌လည်း ဓာတုနာမာနသုတ်ဝယ် ဓာတု ယောဂအရ၌ ''ဇနိယောဂေ ဇာယမာနဿ ပကတိစ'' ဟု ဖွင့်၍ ''ကာမတော ဇာယတိ သောကော'' စသည်ကို ပုံစံထုတ်၏၊ ထို့ကြောင့် ဘယယောဂအပါဒါန်၌ ဇနနကြိယာကို မပါစေပဲ ဇနနကြိယာ၏ ယှဥ်ရာ၌သာ ဇာယတေစသော ကြိယာကို ပါစေသင့်၏၊ ဘယယောဂ အပါဒါန်၌ ''ဘေး'' ဟူသည်လည်း စိတ္တုတြာသခေါ် စိတ်မှာဖြစ်သော ကြောက်ရွံ့ ထိတ်လန့်ခြင်းတည်း၊ဇနနကြိယာ၏ယှဥ်ရာ''ကာမတော ဇာယတိ ဘယံ''၌ ဘေးကား အပြင်ပ၌ဖြစ်သောဘေးရန်အန္တရာယ်နှင့် ဒုက္ခအမျိုးမျိုး တည်း၊ ထို့ကြောင့် ''စောရာ ဘယံ ဇာယတိ''၌ ဇနနကြိယာ၏ ကတ္တားဖြစ်သော ဘယသည် စောရမှဖြစ်ခဲ့သောကြောင့် ''ဘယံ-ဘေးသည်'' ဟုသာ ပေးခွင့်ရှိ၍, ကစ္စည်းပုံစံကို စဥ်းစားသင့်ကြသည်။

**အပါဒါန် ၂ မျိုး။** ။ကာယသံယောဂ ပုဗ္ဗကအပါဒါန်, စိတ္တသံယောဂ ပုဗ္ဗက အပါဒါန်ဟု အပါဒါန် ၂ မျိုးရှိ၏၊ ကာယသံယောဂေ ပုဗ္ဗံ ယဿာတိ ကာယသံယောဂ ပုဗ္ဗကံ၊ [ယဿ-အကြင် အပါဒါန်၏၊ ပုဗ္ဗံ-ရှေးဦးစွာ၊ ကာယသံယောဂေ-ကိုယ်ဖြင့် ပေါင်းစပ်ခြင်းသည်၊ အတ္ထိ-၏။] "ဂါမာ အပေန္တိ မုနယော" ၌ ဂါမနှင့် မုနိတို့သည် (ရွာထည်း၌ မုနိတို့နေကြသောကြောင့်) ရှေးဦးစွာ ပေါင်းစပ်မှုဖြစ်ကြ၏၊ ထိုပေါင်းစပ်မှုသည် မုနိတို့၏ ကိုယ်ဖြင့် ပေါင်းစပ်ခြင်း ဖြစ်သောကြောင့် ကာယသံယောဂတည်း၊ ထိုသို့ ပေါင်းစပ်ပြီးနောက် ရွာမှ မုနိတို့ ဖဲခွာခဲ့သည့်အခါ ရွာသည် အပါဒါန်ဖြစ်ရစ်၏၊ ဤ အပါဒါန်မျိုးကို ကာယသံယောဂပုဗ္ဗက အပါဒါန်ဟု ခေါ်သည်။

"စောရာ ဘာယတိ"၌ ရှေးဦးစွာ ခိုးသူကိုမြင်၏၊ ထိုသို့ မြင်ရာ၌ ခိုးသူနှင့် မြင်သူ၏ စိတ်ခြာဟ်သည် ပေါင်းစပ်မိသောကြောင့် စိတ္တသံယောဂဖြစ်၏၊ ထို့နောက် ခိုးသူသည် မကောင်းကျိုးကိုသာ ပေးတတ်၏" ဟု ကြံ၍ ခိုးသူမှ ရွံ့ကြောက်စိတ် ဖြစ်သည့်အခါ ခိုးသူကို မြင်နေရသော်လည်း စိတ်အားဖြင့် ခွဲခွာလိုစိတ် မကြည့်ချင်စိတ် ဖြစ်သောကြောင့် စိတ်ခွာ-ခွာလျက်ရှိ၏၊ ထို့ကြောင့် စောရကို စိတ္တသံယောဂပုဗ္ဗက အပါဒါန်ဟု ဆိုကြ၏။ [စိတ္တသံယောဂေ ပုဗ္ဗံ ယဿာတိ စိတ္တသံယောဂပုဗ္ဗကံ။]

[တတ္ထဗောဓိနီ] ပုဗ္ဗံ ဟိ ဗုဒ္ဓိယာ ပါပံ သမ္ပတွာ တတော ဒေါသဒဿနေန နိဝတ္တတိ တျတ္ထေ ဝါတြ ဗုဒ္ဓိကတော အပါယော၊ [ရှေးဦးစွာ စိတ်ဖြင့် မကောင်းမှု (ခိုးသူ) သို့ ရောက်၍ ထိုမှ အပြစ်မြင်သဖြင့် ဆုတ်နစ်၏၊ ထို့ကြောင့် ဤ "ပါပါ ဇိဂုစ္ဆတိ (စောရာ ဘာယတိ)" ပြယုဂ်၌ စိတ်ပြုအပ်သော ခွဲခွာမှု ရှိသည်သာ။]

**ဘယယောဂစသည်ဆိုရပုံ။** ။ထိုသို့ အပါဒါန် ၂ မျိုးရှိသော်လည်း စိတ္တသံယောဂ ပုဗ္ဗက အပါဒါန်ကို အရှင်ကစ္စည်းထေရ် စသည်တို့က အလိုမရှိကြ၊ ဘာ့ကြောင့်နည်း... ဖဲခွာပုံ မထင်ရှားသောကြောင့်တည်း၊ ဤသို့လျှင် ယသ္မာဒပေတိ အရ ကိုယ်ဖြင့် ဖဲခွာမှု (ကာယသံယောဂပုဗ္ဗက အပါဒါန်) ကိုသာ ယူ၍, စိတ်ဖြင့်ဖဲခွာမှုကို မယူနိုင်သေးသောကြောင့် ဖဲခွာမှုမထင်ရှားသော အပါဒါန်များကို ယူခြင်းအကျိုးငှာ "ဘယ-အာဒတ္တေ" စသည်ဖြင့် ကလာပ်နှင့် ဤကစ္စည်းကျမ်း၌ လည်းကောင်း "ဘီတတ္ထာနံ ဘယဟေတု" စသည်ဖြင့် ပါဏိနီ၌လည်းကောင်း အပါဒါန်အမည် မှည့်သော သုတ်များစွာကို ထုတ်ပြကြရလေသည်။

**အချို့ကျမ်း၌ ဘယယောဂစသည် မဆိုပုံ။** ။မဟာဘာဿဆရာကား စိတ်ဖြင့် ဖဲခွာရာ၌ ဖဲခွာခြင်းသဘောရှိသောကြောင့် (ယသ္မာဒပေတိနှင့် အလားတူသော) "ဓုဝမပါယေ ပါဒါနံ" သုတ်ဖြင့်ပင် အပါဒါန် အမည် မှည့်နိုင်၏၊ ထို့ကြောင့် "ဘီတတ္ထာနံ ဘယဟေတု (ဘယမာဒတ္တေဝါ)" စသော သုတ်တို့သည် အပိုသာတည်းဟု ဆို၏၊ ရှေ့၌ပြခဲ့သော တတ္ထဗောဓိနီလည်း ဤ အတိုင်းပင်တည်း၊ ထိုအယူကို သဘောတူသော မောဂ္ဂလ္လာန် အရှင်မြတ်လည်း ကစ္စည်းကျမ်းကဲ့သို့ သုတ်များစွာ မတည်ပဲ "ပဉ္စမျာဝဓိသ္မာ" ဟု တသုတ်တည်းသာ တည်လေသည်။

**ဘယယောဂ၌ ဒုတိယာစသည်လည်း သက်ပုံ။** ။ဤဘယအနက်ရှိသော ဓာတ်တို့၏ ယှဉ်ရာ၌ ဒုတိယာ တတိယာ ဆဋ္ဌီတို့လည်း ကမ္မတ္ထေ ဒုတိယာ စသော ဆိုင်ရာ

သုတ်များဖြင့် သက်သေး၏၊ ဘာယသိ မံ သမဏာ=ရဟန်း...ငါ့ကို ကြောက်သလား၊ နာဟံ တံ ဘာယာမိ=ငါသင့်ကို မကြောက်၊ (သူစိလောမ ယက္ခသံယုတ်)၊ န မံ မိဂါ ဥတ္တသန္တိ=ငါ့ကို သမင်များ မလန့်ကြပါ (သုဝဏ္ဏသာမ)၊ ဤကား ဒုတိယာ သက်ပုံတည်း၊ "ယံ ဩတ္တပ္ပတိ ဩတ္တပ္ပိတေန=လန့်ထိုက်သော ဒုစရိုက်ကြောင့် (မှ) မလန့်" (ဓမ္မသင်္ဂဏီပါဠိတော်၊တတိယာ သက်ပုံတည်း)၊"သဗ္ဗေ ဘာယထ ဒုက္ခဿ=ဒုက္ခ၏ (မှ) အကယ်၍ကြောက်ကြကုန်အံ့ (ဥဒါန်း)၊ သဗ္ဗေ တသန္တိ ဒဏ္ဍဿ, သဗ္ဗေ ဘာယန္တိ မစ္စုနော (ဓမ္မပဒ)၊ဤကား ဆဋ္ဌီ သက်ပုံတည်း၊ [ပမာဒေ ဘယဒဿိဝါ= ပမာဒ၌ ဘေးဟု ရှုလေ့ရှိသည်လည်း" ဟူသော ဓမ္မပဒ၌ သတ္တမီသက်ဟုလည်း ဆရာတို့ ပြကြသေး၏၊ သို့သော် ပမာဒေသည် ဘယ၌ စပ်ရသော သတ္တမီမဟုတ်, ဒဿီ၌ စပ်ရသော သတ္တမီဟု ထင်သည်၊ ပမာဒ၌ ရှုသည်၊ ဘာဟု ရှုသနည်း...ဟုမေးလျှင် "ဘေးဟု ရှုသည်" ဟု ဖြေ။]

**ယဿာ အာဒတ္တေ**—[အာပုဗ္ဗ ဒါဓာတ်,တေဝိဘတ်၊ (တ်) ဒွေဘော်လာ,အာကို ရဿပြု၍ "အာဒတ္တေ" ဟု ပြီး၏၊] ဤ အာဒတ္တေအရ၌ တတ်သိလိုသော ဆန္ဒဖြင့် နာယူခြင်း-သင်အံခြင်း-သိခြင်း အားလုံး ပါဝင်၏၊ ဤသို့ သင်ယူရာ၌ သင်ပြ ပြောဟောပေးသော ဆရာသည် အပါဒါန်ဖြစ်၏၊ ထို့ကြောင့် "အာစရိယုပဇ္ဈာယေဟိ သိက္ခံ ဂဏှာတိ သိဿော"ဟု ပုံစံထုတ်သည်၊ ဤသို့လျှင် တတ်သိလိုခြင်း ဟူသော အကျင့်ကောင်း ရှေ့သွားရှိ၍ သင်ယူရာ၌သာ သင်ယူသူမှာ အတတ်ပညာ ရရှိ၍ သင်ပေးသောဆရာလည်း အပါဒါန်ဖြစ်နိုင်သောကြောင့် ကချေသည်က သီချင်းဆိုသည်ကို နားထောင်ရာ၌ ရအောင် သင်ယူခြင်းမရှိရကား ကချေသည်သည် အပါဒါန် မဖြစ်ပဲ "နဋဿ ဂါထံ သုဏာတိ" ဟု သမ္ဗန်သာ ဖြစ်ရလေသည်။

**သာဓကများ။** ။အာချာတော ပယောဂေ (ပါဏိနိသုတ်)၊...ဥပယောဂေ-ဗြဟ္မစရိယကို ကျင့်ခြင်းစသော ရှေ့သွားရှိသည်ဖြစ်၍ အတတ်ပညာ သင်ယူရာ၌၊ အာချာတာ ချုပ်ို သင်ပြသောဆရာသည်၊ အပါဒါန်-အပါဒါန်ဖြစ်၏၊....ဧဝံ ပဌနံ (ရွတ်ဖတ်ခြင်း) သဝဏံ ဉာဏံ (ယမှာ ဓမ္မံ ဝိဇာနေယျ, သမ္မာသမ္ဗုဒ္ဓ ဒေသိတံ-ဟူသော ဓမ္မပဒကဲ့သို့ အကြွင် ဆရာ့အထံမှ သိ၏၊ ထိုဆရာသည် အပါဒါန်ဖြစ်၏၊) အဇ္ဈ ယနံ (သရဇ္ဈာယ်ခြင်း) ဇုစ္စာဒိ၊....အတြသုတ္တေ-ဤ အာချာတော ပယောဂေသုတ်၌၊ ဥပယောဂေ ဇုကိ-ဟူ၍၊ ကထနာတ်-ဆိုခြင်းကြောင့်၊ နဋဿ ဂါထံ သုဏာတိ-ဟူရာ၌ ဆဋ္ဌီဝိဘတ်သာ ဖြစ်၏၊ နတု နဋာတ်-"နဋာတ် ဂါထံ သုဏာတိ" ဟု ပဉ္စမီမဖြစ်၊ (မုဒ္ဓဗောဓဋီကာ)။

**မှတ်ချက်။** ။ဆရာ့အထံမှ အတတ်ကို သင်ယူရာ၌ ဆရာနှင့် အတတ်ပညာသည် ပူးပေါင်းမှု သံယောဂရှိသော်လည်း ထိုအတတ်ကို တပည့်က ယူသည့်အခါ အတတ်ပညာ၏ ဆရာ့အထံမှ ခွဲခွာလာခြင်းဟူသော အပဂမနသဘော မထင်ရှားချေ၊ ထို့ကြောင့်"ယဿာ ဒပေတိ" ဖြင့် မပြီးသေးသောကြောင့် ဤ"အာဒတ္တေ"ဟူသော စကားကိုလည်းကောင်း ပါဏိနိ၌ "အာချာတော ပယောဂေ" ဟူသော သုတ်ကိုလည်းကောင်း မိန့်ကြရသည်။ [စလ, အစလအပါဒါန်အပြား, နိဒ္ဒိဋ္ဌဝိသယစသော အပြားကို ရူပသိဒ္ဓိ၌ ရှု။]

ဓာတု၊ပေ၊ ပိစ

၂၇၂။ ဓာတုနာမာနံ-ဓာတ်နာမ်တို့၏၊ ပယောဂေစ-ယှဉ်ရာ၌လည်းကောင်း၊ ဥပသဂ္ဂ ယောဂ ဒီသွ ပိစ-ဥပသာရပုဒ်၏ ယှဉ်ရာအစရှိသည်တို့၌လည်းကောင်း၊ တံ ကာရကံ-ထိုကာရကသည်၊ အပါဒါနသညံ ဟောတိ၊ တာဝ-ရှေးဦးစွာ၊ ဓာတူနံ-ဓာတ်တို့၏၊ ပယောဂေ-၌၊ (အပါဒါနံ-အပါဒါန် ဖြစ်ပုံကား၊) ပရာပုဗ္ဗဿ-ပရာ ရှေးရှိသော၊ ဇိ ဇ္ဇတိ တေဿ ဓာတုဿ-ဇိ ဟူသော ဤဓာတ်၏၊ ပယောဂေ-၌၊ ယော-အကြင်အနက်ကို၊ အသဟော-မလွှမ်းမိုးအပ်, မလွှမ်းမိုးနိုင်၊ သော-ထိုအနက်သည်၊ အပဒါနသညော-ရှိသည်၊ ဟောတိ၊ တံ-ထို ဥဒါဟရဏ်သည်၊ ယထာ-အဘယ်နည်း၊ ဗုဒ္ဓသ္မာ ပရာဇေန္တိ အညတိတ္ထိယာ-ဟူသည်တည်း၊ [အညတိတ္ထိယာ-သာသနာ့အယူမှ တပါးသော အယူရှိသော တိတ္ထိတို့သည်၊ ဗုဒ္ဓသ္မာ-ဘုရားမှ၊ ပရာဇေန္တိ-ရှုံးကုန်၏။]

---

၂၇၂။ ဓာတူနံ ပယောဂေ တာဝ—"ဓာတု နာမာန၊ပေ၊ယောဂါဒီသွ ပိစ"၌ ယောဂသဒ္ဒါကို ဓာတုနာမာနတို့နှင့်လည်း ယှဉ်စပ်၍ "ဓာတုယောဂ, နာမယောဂ" ဟု မှတ်၊ ဤသို့ ဓာတုယောဂ-နာမယောဂ-ဥပသဂ္ဂယောဂ-နိပါတယောဂတို့တွင် ဓာတုယောဂကို ရှေးဦးစွာ ပြလိုသောကြောင့် "ဓာတူနံ ပယောဂေ တာဝ" ဟု မိန့်သည်၊ ယောဂသဒ္ဒါနှင့် ပယောဂသဒ္ဒါသည် အနက်တူ၏၊ ဤ ပယောဂ၏စပ်ဖို့ရာ တိုက်ရိုက် မပါသောကြောင့်"အပါဒါနံ"ဟု ထည့်သည်၊"ပယောဂ=ယှဉ်ခြင်း" ဟူသည်လည်း အဓိပ္ပာယ်အားဖြင့် ဆက်သွယ် စပ်ယှဉ်ခြင်းတည်း၊ ဥပမာ-"တိတ္ထိတို့သည် ရှုံးကုန်၏" ဟု ဆိုရုံမျှဖြင့် အဓိပ္ပာယ် မပြည့်စုံသေး၊ "ဘာမှ ရှုံးသနည်း" ဟု မေးဖွယ်ရှိသေး၏၊ ဤသို့ အပါဒါန်ပါမှ အဓိပ္ပာယ်ပြည့်စုံသည်ကို အပါဒါန်ငဲ့သည်ဟု ဆို၏၊ ထိုသို့ အပါဒါန်ငဲ့လျက်ရှိသော (ရှေ့သုတ်၌လည်း မပြရသေး-နောက်သုတ်တို့၌လည်း ပြမည်မဟုတ်သော) ဓာတ်တို့ကိုသာ ဤ ဓာတူနံ အရ၌ ယူ၍ ထိုဓာတ်တို့၏ စပ်ယှဉ်ရာ၌ အပါဒါန်ဖြစ်ပုံကို ပြမည်-ဟူလို၊ နာမယောဂ စသည် ဖြစ်ပုံ၌လည်း နည်းတူ၊ [ဤ ဓာတု အရ၌ အာချာတ်ဓာတ်ကိုသာ ယူလေ့ရှိ၏၊ ကိတ်ဓာတ်ဖြစ်လျှင် ကိတ်နာမ်ဖြစ်သောကြောင့် နာမယောဂ၌ ပါဝင်နိုင်သည်-ဟု ယူလိုဟန်တူ၏၊ ဤ သဘောအတိုင်းပင် ကစ္စည်းပုံစံများကို တွေ့ရပေသည်၊ သို့သော် ရှဉ်ကား ဓာတ်ဖြင့် ပြီးသမျှကို ဓာတု အရ၌ သွင်း၍ အည-ဇ္ဈတရစသော ဓာတ်ဖြင့် မပြီးသော နာမ်တို့ကိုသာ နာမ အရ၌ ယူသည်။

**ဇိဇ္ဇန္တေဿ၊ပေ၊အညတိတ္ထိယာ**—ပရာ ရှေးရှိသော ဇိဓာတ်၏ယှဉ်ရာ၌ မလွှမ်းမိုးအပ် မလွှမ်းမိုးနိုင်သောအရာသည် အပါဒါန်ဖြစ်၏၊ သာသနာပတိတ္ထိတို့သည် ဗုဒ္ဓကို မလွှမ်းမိုးနိုင်ကြ၊ ထို့ကြောင့် ပရာဇေန္တိ ဝယ် ပရာပုဗ္ဗ ဇိဓာတ်၏ယှဉ်ရာ၌ တိတ္ထိတို့ မလွှမ်းမိုးနိုင်သော ဗုဒ္ဓသည် "ဗုဒ္ဓသ္မာ"ဟု အပါဒါန်ဖြစ်၏၊-ဒေဝဒတ္တော-သည်၊ အဇ္ဈယနာ-သရဇ္ဈာယ်ခြင်း (စာအံခြင်း) မှ၊ ပရာဇယတိ-ရှုံး၏၊ ဝါ-ပင်ပန်း၏၊ မယံ-

ပပုဗ္ဗသာ-ပ ရှေးရှိသော၊ ဘူတ္တတိ ဧတဿ ဓာတုဿ-ဘူဟူသော ဤဓာတ်၏၊ ယောဂေ-၌၊ ယတော-အကြင်အရပ်မှ၊ အစ္ဆိန္န ပဘဝေါ-အဆက်မပြတ် စ၍ ဖြစ်၏၊ သော-ထိုအရပ်သည်၊ အပါဒါနသညော ဟောတိ၊ တံ-သည်၊ ယထာ-နည်း၊ ဟိမဝတာ၊ပေ၊ ကုန္နဒိယော-ဟိမဝတာ၊ပေ၊ ကုန္နဒိယော တို့တည်း။ [ပဥ္စ မဟာနဒိယော-မြစ်ကြီး ငါးသွယ်တို့သည်၊ ဟိမဝတာ-ဟိမဝန္တာတောင်မှ၊ ပဘဝန္တိ-စ၍ ဖြစ်ကုန်၏၊ မဟာသရာ - အိုင်ကြီးတို့သည်၊ အနဝတတ္တမှာ-အနဝတတ်အိုင်မှ၊ ကုန္နဒိယော - မြစ်ငယ်တို့သည်၊ အစိရဝတိယာ - အစိရဝတီမြစ်မှ၊ ပဘဝန္တိ။]

---

ငါတို့သည်၊ အမ္ဗကာယ-မိန်းမမှ၊ ပရာဇိတာ-ရှုံးရကုန်သည်၊ အမှ-ဖြစ်ကုန်၏၊ (မဟာဝါ, ဘေသဇ္ဇက္ခန္ဓက)၊ဤ ပြယုဂ်များ၌လည်း နည်းတူ၊ ဤသို့လျှင် "ပရာပုဗ္ဗ ဇိဓာတ်လည်း ရှိခြင်း, မလွှမ်းမိုးနိုင်သော အရာလည်းဖြစ်ခြင်း" အင်္ဂါ ၂ ပါးစုံလျှင် မလွှမ်းမိုးနိုင်သော အရာသည် အပါဒါန်ဖြစ်သည်-ဟု မှတ်။ ["ယော အသဟော" ၌ ယော အသယှော" ဟု သီဟိုဠ်မူ ရှိ၏၊ သက္ကတ၌လည်း "အသယှော" ဟုပင် ရှိ၏၊ "သဟိတုံ အသက္ကုဏေယျော" ဟု ဖွင့်သော ရူဋီကာအလိုလည်း အသယှောပင်၊ သဟဓာတ် ဏျပစ္စည်း။]

**ပရာဇိ ယှဉ်ရာ၌ အခြားဝိဘတ်သက်ပုံ။** ။ပရာပုဗ္ဗ ဇိဓာတ်၏ ယှဉ်ရာဖြစ်သော်လည်း လွှမ်းမိုးနိုင်သော အရာဖြစ်မှု အပါဒါန် မဖြစ်, ကံသာ ဖြစ်၏၊ ပုံစံကား-"ပဋိပက္ခေ ပရာဇေတိ-ဆန့်ကျင်ဘက် ရန်သူတို့ကို အောင်နိုင်၏" တည်း၊ ဤပုံစံ၌ ပရာပုဗ္ဗ ဇိဓာတ်၏ ယှဉ်ရာ ဖြစ်သော်လည်း အသယှ မဟုတ်, လွှမ်းမိုးအပ်သော (သယှဖြစ်သော) ကြောင့် ကံသာ ဖြစ်ရသည်၊ "သစေ ကေဝဋ္ဋဿ ပရဇ္ဇိဿာမိ" ကား ကေဝဋ္ဋသည် (အသယှ အနေအားဖြင့် ကြံစည်အပ်သောကြောင့်) အသယှ ဖြစ်၏၊ သို့သော် သမ္ဗန်ကို ဆိုလိုသောကြောင့် "ကေဝဋ္ဋဿ" ဟု ရှိ၏၊ "ကေဝဋ္ဋဿ-ကေဝဋ်ပုဏ္ဏား၏ (အထံမှ)၊ သစေ ပရဇ္ဇိဿာမိ-အကယ်၍ရှုံးအံ့" ဟု ပေး၊ "သော ဗြာဟ္မဏော သဟသေနံ ပရာဇိတော ပဏ္ဍာယိ=ထို ပုဏ္ဏားသည် တထောင်ဖြင့် ရှုံးသည်ဖြစ်၍ မှိုင်နေလေပြီ" ဟူသော ဩမသဝါဒ သိက္ခာပုဒ် ပါဠိတော်၌ကား သဟသေန ဟု တတိယာ ရှိပြန်၏၊ ဤသို့လျှင် ပရာပုဗ္ဗ ဇိဓာတ်ယှဉ်ရာ၌ အသယှ ဖြစ်လျက်လည်း အပါဒါန် မဖြစ်သည်ကို တွေ့ရသေး၏။

**မှတ်ချက်။** ။ဤပရာပုဗ္ဗ ဇိဓာတ်၏ယှဉ်ရာ၌လည်း အပဂမန (ခွဲခွာခြင်း) သဘော ရှိ၏၊ မှန်၏-ဘုရားကို တိတ္ထိတို့ ပြိုင်ကြရာ၌ ပြိုင်နေစဉ် စိတ်ဖြင့် ပူးပေါင်းမှု သံယောဂ ဖြစ်၏၊ထို့နောက် မနိုင်၍ အရှုံးပေးရသည့်အခါ စိတ်အားဖြင့် ခွဲခွာမှု အပဂမနဖြစ်၏၊ ထို့ကြောင့် စိတ္တသံယောဂပုဗ္ဗက အပါဒါန်ကို အလိုရှိသော ဆရာတို့ အလိုအားဖြင့် ဤ ပရာပုဗ္ဗ ဇိဓာတုယောဂ အပါဒါန်ကို သီးခြားဆိုဖွယ်မလို, ယသ္မာ ဒပေတိဖြင့်ပင် ပြီး၏၊ သို့သော် စိတ္တသံယောဂ အပါဒါန်ကို မလိုလားသောကြောင့် ဤ ဓာတုယောဂ အပါဒါန်ကို ပါဏိနိ စသည်တို့ သီးခြား မိန့်တော်မူပြန်သည်။

နာမပ္ပယောဂေပိ-နာမ်ပုဒ်၏ ယှဉ်ရာ၌လည်း၊ တံ ကာရကံ အပါဒါန သညံ့ ဟောတိ၊ ဥရသ္မာ-ရင်မှ၊ ဇာတော-ဖြစ်သော၊ ပုတ္တော-သား၊ ဘူမိတော-မြေမှ၊ နိဂ္ဂတော-ထွက်သော၊ ရသော-အရသာ၊ မာတိတော-အမိမှလည်း ကောင်း၊ ပိတိတော- အဘမှလည်းကောင်း၊ ဥဘတော- ၂ ပါးစုံမှ၊ သုဇာတော- ကောင်းစွာဖြစ်သော၊ ပုတ္တော-သား။

---

ဘူဇ္ဇနေ့တဿ၊ပေ၊ဟောတိ—[ပဉ္ပဝသာရသည်"အစ" အနက်ဟောတည်း၊] ပ ပုဗ္ဗ ဘူဓာတ်၏ ယှဉ်ရာ၌ အစ္ဆိန္နပဘဝဋ္ဌာနသည် အပါဒါန် ဖြစ်၏၊ "ဟိမဝတာ ပဘဝန္တိ ပဥ္စမဟာနဒိယော" ၌ ဟိမဝန္တာနှင့် မြစ်ကြီးငါးသွယ်တို့သည် လုံးဝ အဆက်ပြတ်သွားခြင်း မရှိသည်ကို "အစ္ဆိန္န" ဟု ဆိုသည်၊ ထိုသို့ အဆက်မပြတ်ဘဲ မြစ်ကြီးငါးသွယ်တို့သည် ဟိမဝန္တာတောင်မှ စ၍ စီးလာကြသောကြောင့် အစ္ဆိန္နပဘဝဋ္ဌာနဖြစ်သော ဟိမဝန္တာတောင်သည်"ဟိမဝတာ"ဟု အပါဒါန်ဖြစ်၏၊အနဝတတ္တ ဟ္ဒာ-အစိရဝတိယာတို့ အပါဒါန်ဖြစ်ပုံလည်း နည်းတူ။ [ကုဋ္ဌဒိယော၌ ကုသဋ္ဌါသည် ခုဒ္ဒက (အငယ်) အနက်ဟောတည်း၊] ဤသို့ စ၍ဖြစ်ရာ-စီးလာရာအရပ်ဖြစ်လျှင် အခြားဓာတ်၏ ယှဉ်ရာ၌လည်း အပါဒါန် ဖြစ်၏၊ ပုံစံကား-"အယံ သီတောဒကာ ဂင်္ဂါ, ဟိမဝန္တာစ သန္ဒတိ=မြေသောရေရှိသော ဤဂင်္ဂါသည် ဟိမဝန္တာမှစီးလာ၏" တည်း။

ဆက်ဦးအံ့—ပရာပုဗ္ဗ ဇိဓာတ်၏ ယှဉ်ရာ၌ "ဘုရားကို+ရှုံး၏" ဟု ကံအနက်၌ ဒုတိယာ သက်ရလေမည်လား-ဟု လျှဉ်းပါးဖွယ်ရှိသောကြောင့် အပါဒါန်မှည့်ရသည်၊ ပပုဗ္ဗ ဘူဓာတ်၏ ယှဉ်ရာ၌လည်း "မြစ်ကြီး ၅ စင်းတို့သည် ဟိမဝန္တာ၌ စ၍ဖြစ်၏"ဟု အာဓာရအနက်၌ သတ္တမီ သက်ရလေမည်လော-ဟု တွေးတောဖွယ် ရှိသောကြောင့် အပါဒါန်မှည့်ရသည်။

နာမပ္ပယောဂေပိ။ပေ၊ပိတိတော—ဓာတုယောဂ အပါဒါန်ကို ပြပြီး၍ နာမယောဂ အပါဒါန်ကို ပြလိုသောကြောင့် "နာမပ္ပယောဂေပိ" စသည်ကို မိန့်။ [ဤ နာမပ္ပယောဂ၌ နာမ အရ ကိတ်နာမ် (ကိတ်ပုဒ်ဖြစ်သောနာမ်) ကိုသာ နိဒ္ဒေသ ယူ၏၊ ကစ္စည်းပုံစံမျှလောက်ကို ကြည့်၍ ယူဟန်တူသည်၊ ရူပသိဒ္ဓိ၌မူ ကိတ်ဓာတ်မဟုတ်သော အညအနက်ရှိသော နာမ်-ဣတရစသော နာမ်တို့ကို ယူ၍, ကိတ်ဓာတ်များကို ကား ဝါဟု အရ၌ သွင်းထားသည်။] "ဇာတော" သည် ကိတ်နာမ်၊ နိဂ္ဂတော-သုဇာတောတို့က သမာသ်နာမ်တည်း၊ ထိုနာမ်တို့၏ ယှဉ်ရာ၌ "ဥရသ္မာ-ဘူမိတော-ဥဘတော-မာတိတော-ပိတိတော" ဟု အပါဒါန် ဖြစ်ရသည်၊ စာစပ်သည့်အခါ ဥရသ္မာကို ဇာတော၌ စပ်ရသောကြောင့် ဥရသ္မာကို ဇာတော၏ ယှဉ်စပ်ရာပုဒ် (နာမယောဂပုဒ်) ဟု ဆိုရသည်၊ ရုပ်ကို အခြေပြုကြည့်၍ တွက်၊ ဘူမိတော စသည်တို့၌ နာမယောဂ ဖြစ်ပုံလည်း ဤနည်းပင်၊ ဘူမိတည်, ဤသုတ်ဖြင့် အပါဒါန်မှည့် ကစ္စိတော ပဥ္စမျတ္တေသုတ်ဖြင့် အပါဒါန်အနက်၌ တောပစ္စည်းသက်, ပဥ္စမိဝိဘတ်မှည့်၊ ဥဘတော စသည်၌လည်း နည်းတူ၊ မာတိ ပိတိတို့၌ ဝိတာဒိနမသိမှ သုတ်ဝယ် အသိမှိသဒ္ဒါပိုဖြင့် တောပစ္စည်းကြောင့် ဥကို ဣပြု-ဟု ဆို။

ဥပသဂ္ဂ ယောဂ ါဒိသွ ပိစ-ဥပသာ၁ရ ပုဒ်၏ ယှဉ်ရာ အစရှိသည်တို့၌လည်း၊ တံ ကာရကံ အပါဒါနသညံ ဟောတိ၊ တံ-သည်၊ ယထာ-နည်း၊ အပသာလာယ အာယန္တိ ဝါဏိဇာ၊ပေ၊ ပတိဒဒါတိ-အစရှိသည်တည်း၊ [ဝါဏိဇာ-ကုန်သည်

စဉ်းစားဖွယ်။ ။''ဥရသ္မာ ဇာတော, ဥဘတော သုဇာတော'' တို့၌ ဇာတော ကို ကိတ်နာမ်ဟု ယူ၍ ဥရသ္မာ ဥဘတောတို့ကို နာမယောဂ ဟု ဆိုခြင်းသည် ''ဇနိ ကတ္တု ပကတိ'' ဟူသော ပါဏိနိသုတ်ကိုမှီ၍ ဆိုဟန်တူ၏။ [ဇနိကတ္တု-ဇနိဓာတ်၏ ကတ္တား၏၊ ပကတိ-မူလ အကြောင်းသည်၊ အပါဒါန်-အပါဒါန် ဖြစ်၏။] ထိုသုတ်ကို မှီ၍ ဆိုရိုးမှန်လျှင် ဓာတုယောဂ အပါဒါန်၌သာ သွင်းသင့်၏၊ နာမယောဂ ဟု မဆိုသင့်၊ ဘာ့ကြောင့်နည်း၊ ဇာတောတို့လည်း ဇနိဓာတ်ဖြစ်၍ ဥရ-ဥဘတို့သည် မူလ အကြောင်းဖြစ်သောကြောင့်တည်း၊ ထို့ပြင် ''ဘူမိတော နိဂ္ဂတော ရသော'' လည်း ''နဂရာ နိဂ္ဂတော ရာဇာ'' နှင့် ထပ်တူ ဖြစ်နေ၏၊ ထို့ကြောင့် ဤ ကစ္စည်းဝုတ္တိလာ နာမယောဂ ပြယုဂ်များကို စဉ်းစားထိုက်သည်၊မောဂ္ဂလ္လာန်၌ ''ဒေဝဒတ္တာ-ဒေဝဒတ်မှ၊ အညော-တပါးသူ၊ ဘိန္နော-ကွဲပြားသူ၊ ဣတရော-အခြားသူ'' စသည်ဖြင့် အည-ဘိန္န-ဣတရစသော နာမတို့၏ ယှဉ်ရာကိုသာ ပုံစံထုတ်၏၊ အပရစသော နာမယောဂ တို့အတွက်ကား ဒုရုန္တိကသုတ်၌ သီးခြားပြလတ္တံ့။ [''ရင်၌+ဖြစ်သောသား၊ မြေ၌+ထွက်သော အရသာ''ဟု သတ္တမီ သက်ရလေမည်လားဟု လည်းကောင်း, ''၂ ပါးစုံသော မိဘကြောင့်+ကောင်းစွာဖြစ်သောသား'' ဟု ဟိတ်အနက်၌ တတိယာသက်ရလေမည်လား ဟုလည်းကောင်း ယုံမှားဖွယ်ရှိသောကြောင့် ဥရသ္မာစသည်၌ အပါဒါန် မှည့်ရသည်။]

**ဥပသဂ္ဂယောဂါဒိသွပိစ**—နာမယောဂပုံစံကို ပြပြီး၍ ဥပသဂ္ဂယောဂပုံစံကို ပြလိုသောကြောင့် ဥပသဂ္ဂစသည်ကိုမိန့်၊ အပသာလာယ၌ အပသည် ဥပသာရတပုဒ်တည်း၊ အပနောင် သိသက်, သမ္ဗာသ မာဝုသောသုတ်ဖြင့် ချေ၊ ''သာလာယ'' ကား အပဥပသာရ၏ ယှဉ်ရာဖြစ်၍ ဤသုတ်ဖြင့် အပါဒါန်မှည့်, အပါဒါနေ ပဉ္စမီသုတ်ဖြင့် သွာသက်, အာယပြု၍ပြီးသော ပုဒ်တည်း၊ ဤ ''အပ'' ဥပသာရကို ဝဇ္ဇန (ကြဉ်ရှောင်ခြင်း) အနက်ဟောဟု ဖွင့်ကြ၏၊ ထို့ကြောင့် ''သာလာယ-ကင်းတဲကို၊ အပ-ကြဉ်ရှောင်၍'' ဟု အနက်ပေးစေလိုသည်။ [သက္ကတ၌ကား ဤ ''အပ'' ကို ကမ္မပ္ပဝစနီယ ဟု ဆိုသည်။]

**အပါဒါန် ၃ မျိုး**။ ။သဒ္ဒ အပါဒါန်, အတ္ထ အပါဒါန်, သဒ္ဒတ္ထ အပါဒါန် ဟု အပါဒါန် ၃ မျိုးရှိ၏၊ ''အပသာလာယ'' ၌ သာလာယသည် ပဉ္စမီဝိဘတ်သာ သက်၍, အပါဒါန်အနက် မပေးရသောကြောင့် သဒ္ဒ အပါဒါန် မည်၏၊ ''မာတုဇံ-သားမှ၊ ရဟိတာ-ကင်း၍'' ၌ မာတုဇံသည် အနက်သာ အပါဒါန်ဖြစ်၍ ပဉ္စမီဝိဘတ် မသက်ရသောကြောင့် အတ္ထအပါဒါန် မည်၏။ ''ဂါမာ အပေန္တိ'' ၌ ဂါမာကား ပဉ္စမီလည်းသက်-အနက်လည်း အပါဒါန်ဖြစ်သောကြောင့် သဒ္ဒတ္ထ အပါဒါန်မည်၏။

**အပဂမနအနက်ကြံပုံ**။ ။အပဥပသာရကို ''အပဂမန်-ဖဲခွာခြင်း''အနက်ရှိ၏-ဟု ကြံ၍ ''သာလာယ-မှ၊ အပ-ဖဲကြဉ်၍'' ဟု ပေးလျှင် သဒ္ဒတ္ထအပါဒါန်ဖြစ်၏-ဟု ဆိုကြသေး၏၊ ကင်းတဲသို့ရောက်ပြီးမှ ကင်းတဲက ဖဲခွာလာကြသည်-ဟု ဆိုလိုသည်၊

တို့သည်၊ အပသာလာယ-ကင်းတဲကို ရှောင်လွဲကုန်၍၊ အာယန္တိ-လာကုန်၏၊ အာဗြဟ္မလောကာ - ဗြဟ္မာ့ပြည် တိုင်အောင်၊ သဒ္ဒေါ - ကျော်စောသံသည်၊ အဗ္ဘုဂ္ဂစ္ဆတိ ပျံ့နှံ့၍ တက်၏၊ ပဗ္ဗတာ-တောင်ကို၊ ပရိ-ကြဉ်၍၊ ဒေဝေါ-မိုးသည်၊ ဝဿတိ-ရွာ၏၊ ဗုဒ္ဓသမ္ဗာပတိ-ဘုရားရှင်၏ ကိုယ်တော်စား၊သာရိပုတ္တော-

---

သို့သော် ပါဠိသက္ကတသဒ္ဒါကျမ်းတို့၌ ဤ အပကို "ဝဇ္ဇန (ရှောင်ကြဉ်ခြင်း) အနက်ရှိ၏" ဟုသာ ဖွင့်ကြသည်။ [ကင်းတဲသို့ ရောက်သွားလျှင် ကင်းကောက်ပေးရမည် စိုးသောကြောင့် ကင်းတဲကို ရှောင်သွားကြရာ၌ "ကင်းတဲကို" ဟု ကံအနက်၌ ဒုတိယာ သက်ရလေမည်လားဟု ယုံမှားဖွယ်ရှိသောကြောင့် ဤသုတ်ဖြင့် အပါဒါန် မှည့်ရသည်။]

**အာ၊ပေ၊အဗ္ဘုဂ္ဂစ္ဆတိ**—အပ ဥပသာရ၏ ယှဉ်ရာကို ပြပြီး၍ အာ ဥပသာရ၏ ယှဉ်ရာကိုပြလိုသောကြောင့် "အာ ဗြဟ္မလောကာ" စသည်မိန့်၊ အာ ဥပသာရသည် မရိယာဒါအနက် အဘိဝိဓိ အနက်ရှိ၏၊ မရိယာဒါ သဒ္ဒါသည် အပိုင်းအခြား ဟူသော အနက်ကို ဟော၏၊ လယ်ကို ကန်သင်း (ကဇင်း) ဖြင့် ပိုင်းခြားထားရာ၌ မိမိဟူသော ကန်သင်းပေါ်သို့ လယ်ကိုမရောက်စေပဲ ကန်သင်းကသာ လယ်ကို ပိုင်းခြား ကန့်သတ်ထားသကဲ့သို့ ထို့အတူ ပိုင်းခြားကန့်သတ်ခြင်း အနက်သည် မရိယာဒါအနက် မည်၏၊ ရူပသိဒ္ဓိ၌ "အာပဗ္ဗတာ ခေတ္တံ" ဟု ပုံစံပြထားသည်၊ အကျယ်ကို ထို၌ ရှုပါ။

မိမိအပေါ်သို့ ပျံ့နှံ့စေခြင်းအနက်သည် အဘိဝိဓိ မည်၏၊ အာ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ" ဤ၌ ကျော်စောသံသည် ဗြဟ္မာ့ပြည်ကို လွှမ်းမိုး ပျံ့နှံ့၍ဖြစ်သောကြောင့် ဗြဟ္မလောကသည် လွှမ်းမိုးအပ် ပျံ့နှံ့အပ်သော မုချ အဘိဝိဓိတည်း၊ အာသဒ္ဒါကား ထို အဘိဝိဓိကို ထွန်းပြသောကြောင့် အဘိဝိဓိအနက် ရှိသည် မည်၏၊ အာ-ဥပသာရနှောင် သိသက်, ချေ၊ ဗြဟ္မလောကကိုကား အာ ဥပသာရ၏ ယှဉ်ရာ ဖြစ်သောကြောင်း ဤသုတ်ဖြင့် အပါဒါန်မှည့်၍ အပါဒါနေ ပဉ္စမီဖြင့် သ္မာသက်, စသည် စီရင်၊ အာ ဗြဟ္မလောကာ-ဗြဟ္မာ့ပြည်တိုင်အောင် (ဗြဟ္မလောကာ-ကို၊ အာ-ပျံ့နှံ့၍) ဟု အနက်ပေး၍ "မှ" ဟု မပေးရသောကြောင့် သဒ္ဒအပါဒါန် ပင်တည်း။ [ဤ၌လည်း အာ ဥပသာရကို ကမ္မပ္ပဝစနီယမှည့်၍ ကမ္မပ္ပဝစနီယယောဂ၌ ဒုတိယာ သက်ရလေမည်လားဟု ယုံမှားဖွယ်ရှိသောကြောင့် အပါဒါန် မှည့်ရသည်။]

**ပရိ ပဗ္ဗတာ ဒေဝေါ ဝဿတိ**—"ဥပရိ ပဗ္ဗတာ"ဟုချည်း ပါဌ်ရှိ၏၊ ဥပရိသည် ဥပသာရမဟုတ်, နိပါတ်သာ၊ ဥပသဂ္ဂယောဂပုံစံတို့ကို ပြရာဌာနဖြစ်သောကြောင့် "ပရိပဗ္ဗတာ" ဟု ရှိရမည်၊ "အပ-ပရိဟိ ဝဇ္ဇနတ္ထေဟိ ယောဂေ" ဟူသော ရူ၌ လည်းကောင်း "အပပရိဟိဝဇ္ဇနေ" ဟူသော မောဂ္ဂလ္လာန်၌လည်းကောင်း ပရိဟုသာ ရှိကြသည်၊ အချို့ကား-ဥ ဥပသာရနှင့် ပရိဥပသာရ ၂ ပါးပေါင်းစပ်ထားသော ဥပရိ ဥပသာရဟုလည်း ဆိုကြသေး၏၊ ထိုအဆိုသည် ပြခဲ့သော ကျမ်းများအဆိုနှင့် မညီ သည့်ပြင် "ပဗ္ဗတာ-တောင်၏၊ ဥပရိ=အထက်၌" ဟု အနက်ပေးရမည် ဖြစ်သော ကြောင့် ဝဇ္ဇနတ္ထ အနက်လည်း မဖြစ်နိုင်၊ ပရိဥပသာရ၏ ယှဉ်ရာ ပဗ္ဗတကို ဤသုတ်ဖြင့် အပါဒါန်မှည့်၍ ရုပ်တွက်ပါ။ [ဤ၌လည်း "တောင်ကို+ကြဉ်၍" ဟု ကံအနက်၌

အရှင် သာရိပုတ္တရာသည်၊ တေမာသံ-ဝါတွင်း ၃ လ ပတ်လုံး၊ ဓမ္မဒေသနာယ-တရားဟောခြင်းငှာ၊ ဘိက္ခူ-တို့ကို၊ အာလပတိ-ခေါ်၏၊ အဿ-ထိုဆီကို အလို ရှိသူအား၊ တေလသ္မာပတိ-ဆီအစား၊ ဃဋံ-ထောပတ်ကို၊ ဒဒါတိ-ပေး၏၊

---

ဒုတိယာသက်ရလေမည်လားဟု ယုံမှားဖွယ် ရှိသောကြောင့် ပဗ္ဗတကို အပါဒါန် မှည့်ရသည်၊အချို့ကား-ဥပရိပါဌ်ကို အမှန်ယူ၍''တောင်၏+အထက်၌''ဟု သမ္ဗန်အနက်၌ ဆဋ္ဌီ ယုံမှားဖွယ်ရှိသောကြောင့် အပါဒါန် မှည့်ရသည်-ဟု ဆိုကြ၏။]

**သဒ္ဒနီတိ။** ။''ဝဇ္ဇနတ္ထာပပရိယောဂေ'' ဟု သုတ်တည်၍ ဝဇ္ဇနအနက်၌ ''ပရိ ပဗ္ဗတာ ဒေဝေါ ဝဿတိ'' ဟု ပုံစံထုတ်၍ ''ဥဒ္ဓံသမန္တတ္ထုပရိယောဂေ=ဥဒ္ဓံအနက် သမန္တအနက်ရှိသော ဥနှင့် ပရိ၏ယှဉ်ရာ၌၊ အပါဒါန် ဟောတိ'' ဟု သီးခြား တသုတ် တည်ပြန်၏၊ ပုံစံကိုလည်း ''ဥပရိ ပဗ္ဗတာ ဒေဝေါ ဝဿတိ'' ဟု ထုတ်၏၊ ဤ၌ ''ဥ+ ပရိ'' ဟူသော ဥပသာရ ၂ ပုဒ်ကိုပေါင်း၍ ဥပရိဟု ဆိုထားသည်၊ ဥသည် ဥဒ္ဓံ အနက် ဟော၊ ပရိကား သမန္တအနက်ဟောတည်း၊ ''ပဗ္ဗတာ-တောင်၏၊ ဥ+ပရိ-အထက်+ ပတ်ဝန်းကျင်၌၊ ဒေဝေါ-သည်၊ ဝဿတိ-၏'' ဟု အနက်ပေး၊ ရှေးရှေးကပင် ''ဥပရိ ပဗ္ဗတာ'' ဟု ရှိနေခဲ့သော ကစ္စည်းဝုတ္တိပုံစံကို မလွန်ဆန်လို၍ မိန့်ဟန်တူသည်။

**ဗုဒ္ဓသ္မာ ပတိ၊ ပေ၊ တေမာသံ**—ပတိဥပသဂ္ဂယောဂကို ပြလို၍ ''ဗုဒ္ဓသ္မာ ပတိ'' စသည်ကိုမိန့်၊ ဤပတိဥပသာရသည် ပတိနိဓိ (အတူ) အနက်, ပတိဒါန (တဖန်ပေး ခြင်း, အစားပေးခြင်း) အနက်ကို ဟော၏၊ ''ဗုဒ္ဓသ္မာ ပတိ'' စသည်ကား ပတိနိဓိ အနက်၏ ပုံစံတည်း၊ ဘုရားရှင်သည် ဝါတွင်း ၃ လပတ်လုံး အဖူးအမြော်ခံတော်မမူပဲ တပါးတည်း ကိန်းအောင်းတော်မူနေသည့်အခါ အရှင်သာရိပုတ္တရာသည် ထို ၃လပတ် လုံး ဘုရားရှင်၏ ကိုယ်တော်စားပြု၍ တရားဟောခြင်းငှာ ရဟန်းတို့ကို ခေါ်တော်မူ သည်၊ဤ၌ အရှင်သာရိပုတ္တရာသည် ဘုရားရှင်၏ကိုယ်စားဖြစ်၏၊ထိုသို့ ကိုယ်တော်စား (ကိုယ်စားလှယ်) ကိုပင် ''အတူ'' ဟု ဆို၏၊ ပတိသဒ္ဒါကား ထိုအတူ အနက်ကို ထွန်းပြသောကြောင့် အတူ အနက်ကို ဟောရာရောက်၏။ [မောဂ္ဂလ္လာန်နိဿယ၌ ''ဗုဒ္ဓသ္မာ-မှ၊ ပတိ-အတူတည်း'' ဟု ပေး၏၊ အဖွင့်ဋီကာများ၌မူ ''ဗုဒ္ဓဿ ပတိနိဓိ ဟုတ္ဝာ (ရူပသိဒ္ဓိဋီကာ), ကေသဝါတ်+ပတိ=ကေသဝဿ+တုလျော (မုဒ္ဓဗောဓဋီ ကာ)'' ဤသို့ ဆဋ္ဌီသာ ဖွင့်ကြသည်၊ ထို့ကြောင့် ဗုဒ္ဓနောင် သမ္ဗန်အနက်၌ ဆဋ္ဌီ သက်ရလေမည်လားဟု ယုံမှားဖွယ် ရှိသောကြောင့် အပါဒါန်မှည့်ရသည်ဟု- မှတ်။]

**ဃတဿ၊ ပေ၊ ပတိဒဒါတိ**—''ပတိဒါန ဟူသည် လဲ၍ ယူရာ၌ အစားပေးခြင်း- ချေးငှားထားရာ၌ အစားပေးခြင်းတည်း [ပတိဒါန်-ပတိဒါနဟူသည်၊ ဝိနိမယော= လဲလှယ်ခြင်းတည်း၊ (မုဒ္ဓဗောဓဋီကာ)၊ ဒိန္နဿ-သူတပါးက ပေးအပ်ဖူးသော ဝတ္ထု ကို၊ ပတိနိယျာတနံ-ပြန်၍ အပ်နှင်းခြင်း ပြန်၍ ဆပ်ခြင်းသည်။ ပတိဒါနံ-မည်၏၊ (တတ္တဗောဓိနီ)။] ထို့ကြောင့် ချေးငှားခြင်း၌ဖြစ်စေ လဲလှယ်ရာ၌ဖြစ်စေ ဆီ၏အစား နှထောပတ်ကို ပေးခြင်း, ပဒုမ္မာ၏ အစား ဥပ္ပလ ခေါ်သော ကြာကို ပေးခြင်း,ငွေ၏

အဿ-ထိုပဒုမ္မာ ကြာကို အလိုရှိသူအား၊ ပဒုမသ္မာပတိ- ပဒုမ္မာကြာ အစား၊ ဥပ္ပလံ-ဥပ္ပလမည်သော ကြာကို၊ ဒဒါတိ-၏၊ အဿ-ထိုငွေကို အလိုရှိသူအား၊ ဟိရညသ္မာပတိ-ငွေအစား၊ ကနကံ-ရွှေကို၊ ဒဒါတိ-၏။

အာဒိဂ္ဂဟဏေန-ဖြင့်၊ ကာရကမဇ္ဈေပိ-ကာရက အလယ်၌လည်း၊ ပဉ္စမီ ဝိဘတ္တိ-ပဉ္စမီ ဝိဘတ်သည်၊ ဟောတိ၊ လုဒ္ဒကော-မုဆိုးသည်၊ ဇ္ဇတော-ဤနေ့မှ၊ ပက္ခသ္မာ - တပက္ခ ကြာမှ၊ မိဂံ - သမင်ကို၊ ဝိဇ္ဈတိ - ပစ်ဖောက်၏၊ (ဇ္ဇတော-ဤအရပ်မှ၊) ကောသာ - တကောသ ဝေးမှ၊ ကုဉ္စရံ - ဆင်ကို၊ ဝိဇ္ဈတိ - ၏၊ (ဇ္ဇတော-ဤနေ့မှ၊) မာသသ္မာ-တလကြာမှ၊ ဘောဇနံ-ဘောဇဉ်ကို၊ ဘုဉ္ဇတိ-စား၏။

---

အစား ရွှေကို ပေးခြင်းသည် ပတိဒါန မည်၏၊ ဤ ပြယုဂ်တို့၌ ''ပတိဒဒါတိ'' ဟု တွဲဖက်ထားသော်လည်း ပတိတပုဒ် ဒဒါတိတပုဒ်ဟု မှတ်၊ [မုဒ္ဒမောဓဉ္ဇကား ''ဘတ္တေး ပတိ အမြိတံ သမ္ဘေား'' ဟု ပတိသက်သက် ပုံစံထုတ်၏၊ သမ္ဘေား-မဟာဒေဝ၏၊ ဘတ္တေး-ဆည်းကပ်ခြင်းမှ၊ ပတိ-အစားပေးသော ဝတ္ထုကား၊ အမြိတံ-အမြိုက်နိဗ္ဗာန်တည်း၊] ဤ၌လည်း ''ဆီဇ၏+အစား'' စသည်ဖြင့် သဇ္ဇန်အနက်၌ ဆဋ္ဌီ သက်ရလေမည်လားဟု ယုံမှားဖွယ် ရှိသောကြောင့် တေလ စသည်ကို အပါဒါန် မှည့်ရသည်။

**အာဒိဂ္ဂဟဏေ၊ပေ၊ဝိဘတ္တိဟောတိ**—ယောဂါဒီသ္မိ၌ အာဒိသဒ္ဒါဖြင့် ကာရက မဇ္ဈ၌ ပဉ္စမီဝိဘတ်သက်၊ ''ကာရကမဇ္ဈ'' ဟူရာ၌ ''ကာရက'' အရ အပါဒါန ကာရကနှင့် ကမ္မကာရကကို ယူသောဝါဒ ရှိ၏၊ ထိုဝါဒအတိုင်း ပုံစံများကို ရှင်းပြအံ့၊ ''ဇ္ဇတော (ပက္ခသ္မာ) ဝိဇ္ဈတိ မိဂံ လုဒ္ဒကော'' ၌ ဇ္ဇတောသည် အပါဒါနကာရက, မိဂံသည် ကမ္မကာရကတည်း၊ ထို အပါဒါနကာရက ကမ္မကာရက ၂ ခုတို့၏ အလယ်၌ အချိန်ကာလ အနက်ဟော ပက္ခနောင် ပဉ္စမီဝိဘတ်သက်သည်၊ [ဤ၌ ''ဝိဇ္ဈတိ မိဂံ'' ဟု ဝိဇ္ဈတိကြိယာ ခြားနေသော်လည်း ''ကာရကမဇ္ဈ'' ဟု ဆိုသောကြောင့် ဝိဇ္ဈာတိကို မယူပဲ မိဂံကိုသာ ယူသည်၊] ''ကောသာ ဝိဇ္ဈတိ ကုဉ္စရံ'' ဤ၌လည်း ဇ္ဇတောပုဒ်ကို လိုက်စေ၍ ဇ္ဇတော-ဤအရပ်မှ၊ (ကောသာ) ဝိဇ္ဈတိ ကုဉ္စရံ'' ဟု မှတ်၊ ဇ္ဇတော—အပါဒါနကာရက, ကုဉ္စရံ-ကမ္မကာရက၊ ထိုကာရက ၂ ခု၏အလယ်၌ ခရီးအတွန့်ကို ဟောသော ကောသနောင် ပဉ္စမီသက်သည်၊ ''မာသသ္မာ ဘုဉ္ဇတိ ဘောဇနံ'' ၌လည်း ''ဇ္ဇတော-ဤနေ့မှ'' ဟု ထည့်၊ ဇ္ဇတော, ဘောဇနံဟူသော အပါဒါန ကမ္မကာရက ၂ ခုတို့၏အလယ်၌ အချိန်ကာလကို ဟောသော မာသနောင် ပဉ္စမီသက်သည်၊ ဤကား ကာရကအရ အပါဒါန်-ကမ္မကာရကကိုယူသော ဝါဒတည်း၊ [''ဇ္ဇတော'' သည် ဤသုတ်၏အရာ မဟုတ်၊ ဒူရန္တိကသုတ်လာ အဒ္ဓနိမ္မာန ကာလနိမ္မာန အရာ တည်း။]

**ကာရကအရ ကြိယာယူပုံ။** ။နျာသ၌ ''ကာရဏံ-ပြုခြင်း၊ ကာရော-ပြုခြင်း၊ ကာရောဧဝ-ပြုခြင်းသည်ပင်၊ ကာရကော-ကာရကမည်၏'' ဟု ဝိဂ္ဂဟ်ပြု၍ ''ကာရက'' အရ ကြိယာကို ယူပြီးလျှင် ထိုကြိယာတို့၏ အလယ်ကို ကာရကမဇ္ဈ ခေါ်သည်-ဟု

အပိဂ္ဂဟာဏေန-ဖြင့်၊ နိပါတပ္ပယောဂေပိ-နိပါတ်ပုဒ်တို့၏ ယှဉ်ရာ၌လည်း၊ ပဌမိဝိဘတ္တိ-သည်၊ ဟောတိ၊ ဒုတိယာစ-ဒုတိယာဝိဘတ်သည်လည်းကောင်း၊ တတိယာစ-လည်းကောင်း၊ (ဟောတိ)၊ မာတုဇာ-သားမှ၊ ရဟိတာ၊ကင်း၍၊

---

တနည်း ဖွင့်သေး၏၊ ပုံစံကား-"လုဒ္ဒကော အဇ္ဇ ဝိဇ္ဈိတွာ ပက္ခသ္မာ ဝိဇ္ဈတိ" တည်း၊ လုဒ္ဒကော-သည်၊အဇ္ဇ-ယနေ့၌၊ဝါ-ယနေ့လိုက၊ ဝိဇ္ဈိတွာ-ပစ်ဖောက်ပြီး၍၊ ပက္ခသ္မာ-၌၊ဝါ-တပက္ခကြာမှ၊ ဝိဇ္ဈတိ-ပစ်ဖောက်ပြန်၏၊ ဤ၌ ဝိဇ္ဈိတွာ-ဝိဇ္ဈတိဟူသော ကြိယာ ၂ ခုတို့၏ အလယ်၌ အခါကာလကို ဟောသော ပက္ခနောင် ပဌမိဝိဘတ် သက်သည်၊ ဤ ကာရကမဥ္ဇူအရာ၌ ပဥ္စမိသက်ရာပုဒ်များသည် ပက္ခကဲ့သို့ အချိန်ကာလကိုဟော သောပုဒ်-ကောသကဲ့သို့ ခရီးအခွန့်ကိုဟောသောပုဒ်ချည်းသာ ဖြစ်ရသည်၊တို့ကြောင့် ကာလဘာဝေသုစ သုတ်ဖြင့် ကာလဝါစက သဒ္ဒါနောင် သတ္တမိသက်ခွင့်ကို တားမြစ်ခြင်းငှာ ဤ ပဥ္စမိဝိဘတ်သက်ပုံကို ပြရသည်။

[ဆောင်] ပါဒါန် ကံလယ်, ကြိယာလယ်ဟု, ၂ သွယ်ကာလ, အခွန့်ပြ,
ကာရက မဥ္ဇူခေါ်။

မှတ်ချက်။ ။"ပဌမိ ဝိဘတ္တိ ဟောတိ" ဟူရာ၌ ဤသုတ်လာ အာဒိ သဒ္ဒါဖြင့် တကယ့်ကို ပဌမိဝိဘတ် သက်ရမည်လော-ဟု မေးဖွယ်ရှိ၏၊ ဤသုတ်သည် ဝိဘတ် သက်သော ဝိဘတ္တိဝိဓိ မဟုတ်, အပါဒါန် အမည်မှည့်သော သညာသုတ်တည်း၊ ထို့ကြောင့် ပဌမိဝိဘတ္တိဟူသော ပါဌ်ဖြင့် အပါဒါန် အမည်မှည့်ဖို့ရန် ပြသည်၊ [အပါဒါန သညာကား ဝိဘတ်သက်ရာ ဝိသယ, ပဌမိဝိဘတ္တိကား ဝိသယီတည်း၊ ဝိသယီ၏ ပဌမိအမည်ကို အပါဒါနသညာ ဝိသယပေါ် တင်စား၍ အပါဒါနသညာကိုပင် ပဥ္စမိ ဟု ဆိုထားသည်၊ ထို့ကြောင့် ရူပသိဒ္ဓိဋီကာ၌ "ပဥ္စမီတိ ဝိသယိနိဒ္ဒေသ အပါဒါန သညာ ဝုတ္တာတိ ဒဋ္ဌဗ္ဗံ" ဟု ဖွင့်သည်၊ သဒ္ဒနီတိသဒ္ဒါကျမ်းတို့၌မူ "သတ္တမိ ပဥ္စမိယော ကာရက မဇ္ဈေ" ဟု ဝိဘတ်သက်သော သုတ်အဖြစ်ဖြင့် လာ၏၊ ထို့ကြောင့် ထိုပါဠိကို မှီ၍ဖွင့်သော ဝုတ္တိဆရာသည် တကယ်ပင် အာဒိသဒ္ဒါဖြင့် ပဥ္စမိဝိဘတ်သက်စေလို မည်ထင်သည်၊ ထို့ကြောင့် "ပက္ခ-ကောသ" တည်, ဤသုတ်၌ အာဒိသဒ္ဒါဖြင့် ကာရကမဥ္ဇူဖြစ်သော ပက္ခ-ကောသကို (ရူပသိဒ္ဓိဋီကာ အလို) အပါဒါန်မှည့်၍ အပါဒါနေ ပဥ္စမိသုတ်ဖြင့် သ္မာသက်ဟု ဆို၍ဖြစ်စေ, အာဒိသဒ္ဒါဖြင့် သ္မာသက်ဟု ဆို၍ဖြစ်စေ ရပ်တွက်၊ ဤ ကာရကမဥ္ဇူ၌ ဝါဒအမျိုးမျိုး ရှိ၏၊ ရူပသိဒ္ဓိဘာသာဋီကာ၌ ရှု။]

**အပိဂ္ဂဟဏေန၊ပေ၊တတိယာစ**—အပိသဒ္ဒါဖြင့် နိပါတပယောဂကို ဤ ကစ္စည်း ဝုတ္တိက ဆည်းယူ၍ အာဒိ သဒ္ဒါဖြင့် ကာရကမဥ္ဇူကို ယူသော်လည်း ရှဉ်မူ အာဒိဖြင့် နိပါတ ပယောဂကို ယူ၍ အပိဖြင့် ကာရကမဥ္ဇူကို ယူ၏၊ ဥပသဂ္ဂနှင့် နိပါတသည် တွဲဖက် ဖြစ်သောကြောင့် ဥပသဂ္ဂယောဂါဒိ၌ အာဒိဖြင့် နိပါတယောဂကို ယူသော ရူပသိဒ္ဓိအတိုင်းသာ ရိုးရာကျသည်-ဟု ရှေးဆရာတို့ မိန့်ကြသည်၊ ဤ၌ "ပဥ္စမိဝိဘတ္တိ ဒုတိယာစ တတိယာစ" လည်း ရှေး၌ ပြခဲ့သည့်အတိုင်း အပါဒါနသညာကို ပြသော ဥပစာ စကားသာ ဟု ယူကြ၏၊ အပိသဒ္ဒါဖြင့် အပါဒါန် မှည့်ပြီးမှ အပါဒါနေ ပဥ္စမိ

ပုည်-ကောင်းမှုကို၊ ကတ္တာ-ပြု၍၊ ဒါနံ-အလှူကို၊ ဒေတိ-ပေးလှူ၏၊ မာတုဇံ-သားကို၊ ရဟိတာ-ကြည့်၍၊ ဝါ-တနည်း၊ မာတုဇေန-သားနှင့်၊ ရဟိတာ-ကင်း၍၊ သဒ္ဓမ္မာ - သူတော်ကောင်း တရားမှ၊ ရိတေ - ကင်း၍၊ ကုတော-အဘယ်မှ၊ သုခံ-ချမ်းသာကို၊ လဘတိ-ရနိုင်အံ့နည်း၊ သဒ္ဓမ္မံ-ကို၊ ရိတေ-ကြည့်၍၊

---

သုတ်ဖြင့် ပဉ္စမီဝိဘတ်,ဒုတိယာ ပဉ္စမီနဉ္စသုတ်၌ စသဒ္ဒါဖြင့် ဒုတိယာ-တတိယာဝိဘတ် သက်ရမည်-ဟု နိဒ္ဒေသ မိန့်သည်၊ သို့သော် ပါဏိနီ၌ "ရိတေ ဒုတိယာစ, ဝိနာ တတိယာစ, ပုထုနာနာဟိ" ဟူသော ၃ သုတ်တို့ဖြင့် နိပါတ်ပုဒ် ယှဉ်ရာဝယ် ဒုတိယာ (စဖြင့် ယူအပ်သော) ပဉ္စမီ, တတိယာဝိဘတ်သက်-ဟု ဝိဘတ်သက်သောသုတ် အဖြစ်ဖြင့် လာ၏၊ ထို့ကြောင့် ထိုကျမ်းကိုမှီး၍ ဖွင့်သော ကစ္စည်းဝုတ္တိ ဆရာလည်း ပဉ္စမီ ဒုတိယာ တတိယာတို့ကို ဤသုတ်ဖြင့်ပင် သက်စေလိုမည် ထင်သည်။

**ရဟိတာ မာတုဇာ၊ ပေ၊ ဇေနဝါ**—ရဟိတာသည် နိပါတ်မဟုတ်, "ရဟ-စာဂေ" ဟူသော ဓာတ်နောင် တပစ္စည်းဖြင့်ပြီးသော ကိတ်နာမ်ပုဒ်တည်း၊ ထို့ကြောင့် "ရဟိတာ မာတုဇာ" စသော ပုံစံကို နိဒ္ဒေသဖွင့်သော်လည်း ဆရာဘို့ကား မသင့်ဟု မိန့်တော်မူကြသည်၊ ဘာ့ကြောင့်နည်း...."ရဟိတ-တြိ, ရဟ-စာဂေ, ကမ္မနိတ္တော၊ ဝတ္တိတေ" ဟု ထောမနိဓိ ရှိသောကြောင့်လည်းကောင်း, ဤ နိပါတယောဂ အရာ၌ ရိတေ စသော နိပါတ်တို့ကိုသာပြ၍ ရဟိတ ပုဒ်ကို ပါဏိနီ၌ မပြသောကြောင့်လည်းကောင်းတည်း။

**ရိတေ သဒ္ဓမ္မာ၊ ပေ၊ သဒ္ဓမ္မေနဝါ**—ရိတေသည် ဝဇ္ဇနတ္ထ (ရှောင်ကြည့်ခြင်းအနက်ရှိသော) နိပါတ်တည်း၊ "ရိတေ-ကြည့်၍" ဟု ပေးရမည်ဖြစ်သောကြောင့် သဒ္ဓမ္မာ, သဒ္ဓမ္မံ, သဒ္ဓမ္မေနတို့၌ "သူတော်ကောင်းတရားကို" ဟုချည်း အနက်ပေးရသည်၊ ထို့ကြောင့် ရူပ်ဋီကာ၌ "သဒ္ဓမ္မံ ဝိနာတျွေဘော" ဟု ဖွင့်သည်၊ သဒ္ဓမ္မတည့်, ဤသုတ်ဖြင့် ရိတေနိပါတ်၏ ယှဉ်ရာ သဒ္ဓမ္မကို အပါဒါန်မှည့်၍, ဆိုင်ရာသုတ်ဖြင့် ပဉ္စမီ ဒုတိယာ တတိယာသက်၊ တနည်း-ဤသုတ်ဖြင့်ပင် (အပါဒါန် မမှည့်ပဲ) ပဉ္စမီ ဒုတိယာ တတိယာသက်၊ ရိတေနိပါတ်က ကြည့်ခြင်း (ဝဇ္ဇန) အနက်ကို ဟောသောကြောင့် ဒုတိယာချည်း သက်ရလေမည်လား-ဟု တွေးတောဖွယ်ရှိ၍ ပဉ္စမီ ဒုတိယာ တတိယာ သက်နိုင်ကြောင်းကို ပြရသည်။

**တေ ဘိက္ခူ၊ နာနာကုလာ ပဗ္ဗဇိတာ**—ဤ နာနာနှင့် ဝိနာ နိပါတ် ၂ ခုလုံးပင် ("အသဟာယတ္ထ=အဖော် မရှိ, အသီးအခြား" ဟူသော အနက်ဟော) နိပါတ်တို့တည်း၊ ထို့ကြောင့် သဒ္ဓမ္မာကို "သဒ္ဓမ္မေန ဝိနာ" ဟု ရူပ်ဋီကာဖွင့်သည့်အတိုင်း "ကုလာ-အမျိုးနှင့်၊ နာနာ-ကင်း၍" ဟု အနက်ပေးသင့်၏၊ ဤကား "နာနာ ဇနသ္မာ, နာနာ ဒေဝဒတ္တေန, နာနာ ဒေဝဒတ္တာ" ဟု ပုံစံထုတ်ကြသော မောဂ္ဂလ္လာန် စသည်တို့နှင့် အညီတည်း၊ ထိုကျမ်းတို့အလို "နာနာ ကုလေန" ဟုလည်း ရှိသင့်၏၊

**မှတ်ချက်။** ။နာနာကုလာ ပဗ္ဗဇိတာကို "ဝိဝိဓကုလာ နိက္ခမ္မ ပဗ္ဗဇိတာ=အထူးထူးသော ခတ္တိယ ဗြာဟ္မဏ စသော အမျိုးမှ ထွက်၍ ရဟန်းပြုကြကုန်၏" ဟု ဖွင့်သော

ဝါ-တနည်း၊ သဒ္ဒမေန-နှင့်၊ ရိတေ-ကင်း၍၊ ဘော ဘိက္ခူ-ထို ရဟန်း တို့သည်၊ ကုလာ-အမျိုးမှ၊ နာနာ-အသီးအသီး ဖြစ်ကုန်၍၊ ပဗ္ဗဇိတာ-ရှင်ရဟန်း ပြုကုန်၏၊ သဒ္ဒမှာ-မှ၊ ဝိနာ-ကင်း၍၊ အညော-အခြားသော၊ နာထော-ကိုးကွယ်ရာသည်၊ လောကေ-လောက၌၊ ဝိဇ္ဇတိ-ရှိသည်ကား၊ နတ္ထိ-မရှိ၊ သဒ္ဒမံ-ကို၊ ဝိနာ-ကြဉ်၍၊ ဝါ-သဒ္ဒမေန-နှင့်၊ ဝိနာ-ကင်း၍၊ ဗုဒ္ဓသ္မာ-မှ၊ ဝိနာ-ကင်း၍၊ ဗုဒ္ဓံ-ကို၊ ဝိနာ-ကြဉ်၍၊ ဝါ, ဗုဒ္ဓေန-နှင့်၊ ဝိနာ-ကင်း၍။

စဂ္ဂဟဏေန - ဖြင့်၊ အညတ္ထာပိ - အခြား အနက်၌လည်း၊ ပဌမံ ဝိဘတ္တိ ဟောတိ၊ ဘဂိနိ-နှမ၊ အဟံ-ငါသည်၊ ယတော-အကြင်အခါမှ (စ၍)၊

---

ဝေရဉ္စကဏ္ဍ အဋ္ဌကထာအလိုအားဖြင့်ကား "နာနာကုလာ" သည် ၂ ပုဒ် မဟုတ်, ကမ္မဓာရဲ့သမာသ် တပုဒ်တည်းသာ၊ နိက္ခမ္မ ဟူသော ဥပါဒ္ဓ ကြိယာ၌ စပ်ရသော ကြောင့် ကုလာသည် နိပါတယောဂ အပါဒါန် မဟုတ်, ဥပါဒ္ဓဝိသယ (ထုတ်ဆောင် အပ်သော ကြိယာဟူသော အရာရှိသော) အပါဒါန်သာတည်း၊ ထို့ကြောင့် "နာနာ+ကုလာ ပဗ္ဗဇိတာ"ဟု ပုံစံထုတ်ခြင်းသည် သဒ္ဒါကျမ်းတို့ အလိုသာ ဟု မှတ်၊ ဤ၌လည်း နာနာ နိပါတ်သည် အသဟာယ အနက်ကို ဟောသောကြောင့် နာနာ ယှဉ်ရာ၌ တတိယာသာ သက်ရလေမည်လား-ဟု ယုံမှားဖွယ်ရှိ၍ ပဌမီလည်း သက်ရ ကြောင်းကို ပြသည်၊ သက္ကတသဒ္ဒါကျမ်းတို့ဝယ် တတိယာ ပဥ္စမီ ၂ မျိုးသာ သက် သည်။

**ပုထနိပါတ်။** ။နာနာ နိပါတ်ကဲ့သို့ အသီးအခြားဟူသော အနက်ဟော ပုထ နိပါတ်လည်းရှိသေး၏၊ "ပုထ ဒေဝဒတ္တေန, ပုထ ဒေဝဒတ္တာ" တည်း၊ ဒေဝဒတ္တေန- နှင့်၊ ဒေဝဒတ္တာ-မှ၊ ပုထ-အသီးအခြားတည်း၊ "အရိယေဟိ ပုထ ဝေဝါယံ ဇနော၊ အယံ ဇနော-ဤ ပုထုဇန် လူအပေါင်းသည်၊ အရိယေဟိ-တို့မှ၊ ပုထဝေဝ-အသီးအ ခြားသာတည်း" ဟူသော ပုံစံလည်း နည်းတူ။

[ဆောင်] ပုထ နာနာ, နိပါတာ၏, ယှဉ်ရာမှန်လှ, ယင်း ပဒဝယ်, ဇာနှင့် ပဥ္စမီ, သက်မြဲတည်း။

**ဝိနာသဒ္ဒမှာ၊ပေ၊ဗုဒ္ဓေနဝါ**—ဤ ဝိနာ နိပါတ်လည်း အသဟာယ အနက်ကိုပင် ဟော၏၊ "ဝိနာ-ကင်း၍" ဟု ပေးခြင်းသည် ထို အသဟာယ အနက်နှင့် လျော်၏၊ "ဝိနာ-ကြဉ်၍" ဟု ဝဇ္ဇနအနက် ပေးကြသည်ကိုကား စဉ်းစားဖွယ်ပင်၊ ဤ ဝိနာ၏ ယှဉ်ရာ၌ ပဥ္စမီ ဒုတိယာ တတိယာ ၃ မျိုးလုံးပင် သက်၏၊ ဝိနာ၏ ယှဉ်ရာ၌ တတိယာ တမျိုးသာ သက်ရလေမည်လားဟု ယုံမှားဖွယ်ရှိသောကြောင့် ဝိဘတ် ၃ မျိုး သက်နိုင် ကြောင်းကို ပြရသည်၊ ဝိနာနှင့် အလားတူ အညတြနိပါတ်လည်း ရှိသေး၏၊ "ဧကေန- တပါးသော၊ ဝိဏ္ဏုပါတ နီဟာရကေန-ဆွမ်းပို့မည့် ရဟန်းကို၊ အညတြ-ကြဉ်၍၊ဓမ္မာ- တရားမှ၊ အညတြ-ကင်း၍၊ ဓမ္မံ-ကို၊ အညတြ-ကြဉ်၍" စသည်တည်း။

[ဆောင်] ရိတေ ဝိနာ, အညတြာတို့, ယှဉ်ရာ မှန်လှ, ယင်း ပဒဝယ်, ဒု-တ- ပဥ္စမီ သက်မြဲတည်း။

အရိယာယ ဇာတိယာ- အရိယာ ဇာတ်ဖြင့်၊ ဇာတော- ဖြစ်၍၊ ယတော- ၍၊ အတ္တာနံ-မိမိကို၊ သရာမိ-အမှတ်ရ၏၊ ယတော-၍၊ ဝိညုတံ-နားလည်သူ၏ အဖြစ်သို့၊ ပတ္တော-ရောက်သည်၊ အသ္မိ-ဖြစ်၏၊ယတွာဓိကရဏံ (ယတော အဓိကရဏံ)- အကြင် မစောင့်စည်းအပ်သော စက္ခုန္ဒြေကြောင့်၊ စက္ခုန္ဒြိယံ-စက္ခုန္ဒြေကို၊ အသံဝုတံ - မစောင့်စည်းပဲ၊ ဝိဟရန္တံ - နေသော၊ နံ ဘိက္ခုံ - ထိုရဟန်းကို၊ အဘိဇ္ဈာဒယော- အဘိဇ္ဈာ အစရှိကုန်သော၊ ပါပကာ - ယုတ်မာကုန်သော၊ အကုသလာ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ-တို့သည်၊ အန္ဝာဿဝေယျုံ-အဖန်ဖန် နှိပ်စက်ကုန်ရာ၏။ (၃၀၉)။

---

**စက္ခုဟဓာေန အညတ္ထာပိ ပဉ္စမီဝိဘတ္တိ**—အခြားအရာ ဟူသည် ဓာတုယောဂ နာမယောဂ ဥပသဂ္ဂယောဂ နိပါတယောဂ ကာရကမဇ္ဈတို့မှ တမျိုး တခြားသော ပဘုတိသဒ္ဒါ၏ အနက်-ဟိတ်အနက် ဟူသော အရာတည်း၊ ထိုအနက်၌ စ သဒ္ဒါဖြင့် အပါဒါန်မှည့်၍ ကွစိတော ပဉ္စမဗ္ဗေဖြင့် တောပစ္စည်းသက်၊ ဤနည်းအလို ဌာနီ ဝိသယီဖြစ်သော ပဉ္စမီဝိဘတ်၏အမည်ကို ဌာနဝိသယဖြစ်သော အပါဒါနသညာ၌ တင်စား၍‘‘ပဉ္စမီဝိဘတ္တိ’’ ဆိုသည် ဟု မှတ်။ [အကျိုးဝိဘတ်၏ အမည်ကို အကြောင်း အပါဒါန သညာ၌ တင်စားသော ဖလူပစာရ ဟုလည်း နိဒ္ဒေသ စသည်၌ ပြ၏၊] တနည်း ပဉ္စမီ ဝိဘတ္တိပါဌ်ဖြင့် တကယ့်ကို ပဉ္စမီဝိဘတ်အစား တောပစ္စည်းသက်ဖို့ရန် ပြသည်-ဟု ကြံ။

**ယတောဟံ၊ပေ၊ယတော ပဋ္ဌာ**—ယတောကို ယတည်, ဤသုတ်၌ စသဒ္ဒါဖြင့် ပဘုတိ အနက်၌ ယကို အပါဒါန်မှည့်, ကွစိတော ပဉ္စမျန္တေသုတ်ဖြင့် တောပစ္စည်း သက်, ဝိဘတ်မှည့်၊ တနည်း-စသဒ္ဒါဖြင့် ပဘုတိအနက်၌ တောပစ္စည်းသက်, ပြီး၏၊ ဤ၌ ‘‘ယတော-အကြင်အခါမှ+စ၍’’ ဟူရာဝယ် ‘‘စ၍’’ ဟူသော အနက်သည် ပဘုတိ အနက်တည်း၊ ထိုအနက်၌ ပဉ္စမီဝိဘတ်၏အစား တောပစ္စည်းသက်သည်။

**ယတွာဓိ ကရဏံ**—‘‘ယတော+အဓိကရဏံ’’ ဟု ပုဒ်ဖြတ်၊ ယတွာဓိကရဏံကို ‘‘ယံ ကာရဏာ, ယဿ စက္ခုန္ဒြိယာ-သံဝရဿ ဟေတု-အကြင် စက္ခုန္ဒြေကို မစောင့် စည်းခြင်းဟူသော အကြောင်းကြောင့်’’ ဟု အဋ္ဌသာလိနီ နိက္ခေပကဏ္ဍဋ္ဌကထာ ဖွင့်၏၊ ထိုတွင် ‘‘ယံကာရဏာ’’ ဖွင့်ပုံထောက်၍ အဓိကရဏသဒ္ဒါသည် ‘‘အကြောင်း’’ အနက်ဟောတည်း၊အဓိကရဏနောင် ပဌမာသိကို အံပြု၊ထို သိလည်း ဟိတ်အနက်၌ သက်၊ ယတောလည်း အဓိကရဏံနှင့် အရတူသောကြောင့် တောပစ္စည်းလည်း ဟိတ်အနက်၌သက်၊ ထို့ကြောင့် ယတောကို ယ တည်, စ သဒ္ဒါဖြင့် ဟိတ်အနက်၌ပင် ယကို အပါဒါန်မှည့်၍ ကွစိတော ပဉ္စမျန္တေ၌ ကွစိတောဟူသော ယောဂဝိဘာဂဖြင့် တောပစ္စည်းသက်၊ တနည်း-စသဒ္ဒါဖြင့် ဟိတ်အနက်၌ တောပစ္စည်းသက်၊ ယတော တပုဒ် အဓိကရဏံ တပုဒ်တည်း၊ အဓိကရဏံကား ဤနေရာ၌ ပုံစံ မဟုတ်။

**ရက္ခဏတ္ထာန မိစ္ဆိတံ**

၂၇၃။ ရက္ခဏတ္ထာနံ-စောင့်ရှောက်ခြင်း တားမြစ်ခြင်း အနက်ရှိကုန်သော၊ ဓာတုနံ-တို့၏၊ ပယောဂေ-၌၊ ယံ-အကြင်ကာရကကို၊ ဣစ္ဆိတံ-အလိုရှိအပ်၏၊ တံ ကာရကံ-သည်၊ အပါဒါနသညံ-ရှိသည်၊ ဟောတိ၊ တဏ္ဍုလာ ဆန်မှ၊ ကာကေ-ကျီးတို့ကို၊ ရက္ခန္တိ-စောင့်ရှောက်ကုန်၏၊ ယဝါ-မုယောစပါးမှ၊ ဂါဝေါ-နွားတို့ကို၊ ပဋိသေဓေန္တိ-တားမြစ်ကုန်၏။ (၃၁၀)။

---

၂၇၃။ **ရက္ခဏတ္ထာနံ**—အနီးအပါး၌ ရောက်လာသည့်အခါ ဆန် စသည်ကို မစားရအောင် တားမြစ်ခြင်းသည် နိဝါရဏအနက်ရှိသော ရက္ခဏတည်း၊ အနီးအပါး မရောက်ခင် ကြိုတင်၍ စောင့်ရှောက်ထားခြင်းကား တာယန အနက်ရှိသော ရက္ခဏတည်း၊ ရူပသိဒ္ဓိ၌ ထို ၂မျိုးသော ရက္ခဏကိုဖွင့်ပြသည်၊ "ရက္ခဏာနံ" ဟု အတ္ထသဒ္ဒါ မပါဲဆိုလျှင် ရက္ခဓာတ် တမျိုးသာရနိုင်၏၊ "ရက္ခဏတ္ထာနံ" ဟု အတ္ထသဒ္ဒါနှင့်တကွ ဆိုခြင်းကြောင့်ကား စောင့်ရှောက် တားမြစ်ခြင်းအနက်ရှိသော ရက္ခဓာတ်-ပါလဓာတ်-တာဓာတ်- ပဋိပုဗ္ဗ သိဓုဓာတ်-ဝရဓာတ်စသော ဓာတ်အားလုံးကို ယူနိုင်၏၊ ထိုသို့ ရက္ခဏအနက်ရှိသော ဓာတ်အားလုံးကို ယူခြင်းငှာ "ရက္ခဏတ္ထာနံ" ဟု အတ္ထသဒ္ဒါနှင့်တကွ ဆိုသည်။

ဣစ္ဆိတံ--ဆန်ကို ကျီးမထိုးအောင် စောင့်ရှောက်ရာ၌ "ကာကေဟိ ရက္ခန္တိ တဏ္ဍုလာနိ=ကျီးတို့မှ ဆန်တို့ကို စောင့်ရှောက်ကုန်၏" ဟု ကျီးသည် အပါဒါန်ဖြစ်လေမည်လော-ဟု တွေးတောဖွယ်ရှိသောကြောင့် "ဣစ္ဆိတံ" ဟု မိန့်သည်၊ ကျီးနှင့် ဆန် ၂မျိုးတွင် ရက္ခဓာတ်၏ ကတ္တားဖြစ်သူ ဥစ္စာရှင်တို့ အလိုရှိအပ်သော ဝတ္ထုကား ဆန်တည်း၊ ထိုသို့ အလိုရှိအပ်သော (ဣစ္ဆိတဖြစ်သော) ဆန်သာ "တဏ္ဍုလာ"ဟု အပါဒါန် ဖြစ်ရသည်၊ တဏ္ဍုလာကို အခြေပြုကြည့်၍ ရုပ်တွက်၊ "ယဝါ ပဋိသေဓေန္တိ ဂါဝေါ" ၌လည်း ယဝသည် အလိုရှိအပ်သော ဣစ္ဆိတဝတ္ထုတည်း၊ ထို့ကြောင့် ရက္ခအနက်ရှိသော ပဋိပုဗ္ဗ သိဓုဓာတ်၏ ယှဉ်ရာ ယဝကို ဤသုတ်ဖြင့် အပါဒါန်မှည့်၊ "ကာကေ ဝါရယ မဏ္ဍမှာ=ငါးမှ ကျီးတို့ကို တားလိုက်လော"စသည်လည်းနည်းတူ။

**အနိစ္ဆိတ အပါဒါန်ဖြစ်ပုံ။** ။ဓာတုနာမာန သုတ်မှ စသဒ္ဒါကို လိုက်စေ၍ "ဣစ္ဆိတံစ" ဟု ထိုင်ပြီးလျှင် ထိုစသဒ္ဒါဖြင့် အနိစ္ဆိတဝတ္ထုကို အပါဒါန်မှည့်-ဟု ရှု၌ ဆည်းယူ၍"ပါပါ စိတ္တံ နိဝါရယေ=မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏၊ ရာဇတော ဝါ၊ပေ၊ အာရက္ခံ ဂဏှန္တု=မင်းဘေးမှလည်းကောင်း အစောင့်အရှောက် ကိုယူပါကုန်" ဟု ပုံစံထုတ်၏၊ ဤပုံစံတို့၌ ပါပ-ရာဇတို့သည် ဣစ္ဆိတ မဟုတ် အနိစ္ဆိတ ဝတ္ထုများတည်း၊ ပါပါ ဟု အပါဒါန်ဖြစ်၏၊ စိတ္တံကား နဂိရ်ကပင် အပါဒါန်မဖြစ်။

**ဤသုတ်တည်ရကျိုး။** ။ယသ္မာဒပေတိ-စသော သုတ်ဖြင့် ပူးပေါင်းပြီးမှ ခွဲခွာရာ၌လည်းကောင်း, ဘယယောဂ စသည်၌လည်းကောင်း အပါဒါန်မှည့်၏၊ ဤ၌

**ယေနဝါဒဿနံ** ၂၇၄။ ယေန-အကြင် ကာရကသည်၊ အဒဿနံ-မမြင်ခြင်းကို၊ (အန္တရဓာယန္တေန-ပုန်းကွယ်သူသည်၊) ဣစ္ဆိတံ-အလိုရှိအပ်၏၊ တံ ကာရကံ အပါဒါနသညံ ဝါ ဟောတိ၊ သိဿော-တပည့်သည်၊ ဥပဇ္ဈာယမှာ-ဥပဇ္ဈာယ်ဆရာမှ၊ အန္တရဓာယတိ-ပုန်းကွယ်၏၊ ပုတ္တော-သည်၊ မာတရာစ-မှလည်းကောင်း၊ ပိတရာစ-မှလည်းကောင်း၊ အန္တရဓာယတိ-၏၊ ဝါတိ-သည်၊ ကိမတ္ထံ-နည်း၊ သတ္တမိဝိဘတျတ္ထံ-သတ္တမိဝိဘတ် သက်ရခြင်းအကျိုး ရှိ၏၊ ဘဂဝါ-သည်၊ ဇေတဝနေ - ဇေတဝန်ကျောင်း၌ တည်သူလူအပေါင်း၌၊ အန္တရဟိတော-ကွယ်တော်မူ၏။ (၃၁၁)။

---

တဏ္ဍုလနှင့် ကာကစသည်တို့ ကာယသံယောဂအားဖြင့် မပူးပေါင်းမိခင် စောင့်ရှောက်ထားရသောကြောင့် ထိုယသ္မာဒပေတိ သုတ်ဖြင့် အပါဒါန်မမှည့်နိုင်၊ ရက္ခတ်၏ ယှဉ်ရာဖြစ်၍ ဓာတုယောဂ အပါဒါန် ဆိုဖို့ရန်လည်း ကာက တဏ္ဍုလ ၂ မျိုး ရှိနေသောကြောင့် နှပ်ထွေးဖွယ် ရှိပြန်၏၊ ဤသို့လျှင် ရှေ၂ သုတ်ဖြင့် အပါဒါန် မှည့်ဖို့ရန် မဖြစ်နိုင်သောကြောင့် ဤသုတ်ကို ထပ်၍ အရှင်ကစ္စည်းဆရာ တည်ရသည်၊ ဤကား ပူးပေါင်းမှုရှိရာ၌ ကာယသံယောဂကိုသာ လိုလားသော ဆရာတို့အလိုတည်း၊ စိတ္တသံယောဂကိုလည်း လိုလားသောဆရာတို့ အလိုအားဖြင့်ကား "ကာကနှင့် တဏ္ဍုလ" စသည်တို့ စိတ်အားဖြင့် ပူးပေါင်းနိုင်သောကြောင့် ယသ္မာဒပေတိဖြင့်ပင် ပြီးနိုင်ရကား ဤသုတ် အပိုပင်။

[**တတွဗောဓိနီ**] ယဝသံယောဂါ ပဂေဝ ဂါဝေါ နိဝါရယတီတိ "ခုဝမပါယေ" ဣစ္စနေနာ သိဒ္ဓေယံမာရမ္ဘော၊ ဗုဒ္ဓိ ကပ္ပိတာပါယ မင်္ဂီကုဗ္ဗတော ဘာသကာရဿ မတေဘု ဗျဥ္ဇတ္တမေတဿ ဖုဋ္ဌမေဝ။

မုယောစပါးနှင့် နွားတို့ မပူးပေါင်းမီ ရှေးဦးစွာ နွားတို့ကို တားမြစ်ရသောကြောင့် (ကာယသံယောဂ မရှိရကား) "ခုဝမပါယေ" စသော သုတ်ဖြင့် (ကစ္စည်း အလို "ယသ္မာ ဒပေတိ"သုတ်ဖြင့်) မပြီးနိုင်သောကြောင့် ဤသုတ်ကို အားထုတ်ရသည်၊ ဗုဒ္ဓိကပ္ပိတာပါယံ-စိတ်ဖြင့် ကြံစည်အပ်သော ပူးပေါင်းမှု (စိတ္တသံယောဂ) ရှေသွားရှိသော ခွဲခွာမှုကို၊ အင်္ဂီကုဗ္ဗတော-ဝန်ခံသော၊ ဘာသကာရဿ-မဟာဘာသကျမ်းပြု "ပံတဥ္စလိ" ရသေ့၏၊ မတေတု-အလို၌ကား၊ ဧတဿ-ဤသုတ်၏၊ ဗျဥ္ဇတ္တံ (ဝိအဥ္ဇတ္တံ)-အကျိုးမရှိသည်၏ အဖြစ်သည်၊ ဖုဋ္ဌမေဝ-ထင်ရှားသည်သာ။

၂၇၄။ **ယေနဝါဒဿနံ**–["ယေန+ဝါ+အဒဿနံ" ဟု ၃ ပုဒ်။] ယေနကို အဒဿနံ၌ ကတ္တားအဖြစ်ဖြင့် စပ်၊ ဣစ္ဆိတံ၏ ကတ္တားကို "အန္တရဓာယန္တေန" ဟု ရူပသိဒ္ဓိ၌ ထည့်သည်၊ ဥပဇ္ဈာယ်ဆရာမြင်မည်စိုး၍ (မြင်လျှင် တစုံတခုကို စေခိုင်းမည်သို့မဟုတ် အပြစ်ပေးမည်စိုး၍) တပည့်က ပုန်းကွယ်ရာ၌ ဥပဇ္ဈာယ် ဆရာသည် "ယေန" ၏ အရဖြစ်သော ကတ္တားတည်း၊ တပည့်ကား ဣစ္ဆိတံ၏ ကတ္တားတည်း၊ ထိုအဒဿနံ၏ ကတ္တားဖြစ်သော (ယေန-အရ) ဥပဇ္ဈာယ်ဆရာသည်"ဥပဇ္ဈာယမှာ"

ဟု အပါဒါန် ဖြစ်ရသည်၊ မိဘမြင်မည်စိုး၍ သားက ပုန်းကွယ်ရာ၌လည်း မိဘသည် အပါဒါန်ဖြစ်၏၊ ရုပ်ကိုအခြေပြုမှီး၍ တွက်၊ မာတရာ ပိတရာတို့၌ မာတု ပိတု တည်, အပါဒါန် မှည့်, ပဉ္စမီသွာသက်, အမှတုမှန္တ၊ဖြင့် သွာကို နာကဲ့သို့ ငဲ့၍ တွက်လေ။

**ဝါတိ၊ ၆ ၊သတ္တမီ ဝိဘတျတ္ထံ**—သတ္တမီဝိဘတ်ကို ဝါ သဒ္ဒါဖြင့် သက်ရမည်-ဟု ဆိုလိုသည်မဟုတ်, ဝါက ဝိကပ်ပြုသောကြောင့် အပါဒါန် မမြဲ၍ (ဩကာသေ သတ္တမီ သုတ်ဖြင့်) သတ္တမီ သက်ရခြင်း အကျိုးရှိသည်-ဟု ဆိုလိုသည်၊ ''ဇေတဝနေ အန္တရ ဟိတော ဘဂဝါ၊'' ၌ ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ တည်နေသူ လူအပေါင်း၏ မမြင်ခြင်းကို အလိုရှိတော်မူ၏၊ ယို့ကြောင့် ဇေတဝနသည် အဒဿနကြိယာ၏ ကတ္တားဖြစ်၍ ယေန အရလည်း ဟုတ်၏၊ ဘုရားရှင်ကလည်း ထိုဇေတဝန၏ မမြင်ခြင်း ကို အလိုရှိတော်မူ၏၊ ဤသို့ ''ယေန-အရလည်း ဖြစ်ခြင်း, မမြင်စေလိုခြင်း'' ဟု သုတ် အင်္ဂါစုံသော်လည်း ဝါသဒ္ဒါ မြစ်သောကြောင့် အပါဒါန် မမှည့်ရ၊ ဇေတဝန ဟု တည်,ဤသုတ်ဖြင့် အပါဒါန် မှည့်သင့်သော်လည်း ဝါသဒ္ဒါ မြစ်သောကြောင့် မမှည့်ရ- ဟု ဆို၍ ဩကာသမှည့်,သတ္တမီသက်၍ ရုပ်တွက်လေ။ [ဇေတဝနေကို''ဇေတဝနဋ္ဌေ- ဇေတဝန်၌ တည်သူ လူအပေါင်း၌'' ဟု ရူပသိဒ္ဓိဋီကာ ဖွင့်၏၊ ထိုသို့ ဖွင့်သဖြင့် (ဌာန ဇေတဝန်ကျောင်း၏ အမည်ကို ဌာနီ လူ အပေါင်း၌ တင်စားသော) ဌာနူပစာ ဟု သိစေသည်။]

**မှတ်ချက်။** ။မြင်မည်ကို စိုးရိမ် ကြောက်ရွံ့၍ ပုန်းရှောင်ခြင်း တမျိုး, မြင်မည်ကို မကြောက်ပဲ အကြောင်းအားလျော်စွာ မမြင်စေလိုသောကြောင့် ကွယ်ပျောက်နေခြင်း တမျိုး-ဟု အန္တရဓာန ၂ မျိုးရှိ၏၊ ထိုတွင် ပဌမကွယ်ခြင်းမျိုး၌ ပုန်းရှောင်ခြင်း ဖြစ် သောကြောင့် အပါဒါန် သဘောသက်၍ အပါဒါန် မှည့်ရသည်၊ ဘုရားရှင်၏ ကွယ် ခြင်းကဲ့သို့သော ဒုတိယ ကွယ်ခြင်းမျိုး၌ အပါဒါန်သဘော မရှိသောကြောင့် အပါဒါန် မမှည့်ရ၊ ''ယက္ခော တတ္ထေဝ အန္တရဓာယတိ=နတ်သည် ထိုနေရာ၌ပင် ကွယ်၏'' ၌လည်း ကြောက်ရွံ့၍ ကွယ်ခြင်းမျိုး မဟုတ်သောကြောင့် အပါဒါန် မမှည့်ရ။

**ဤသုတ် တည်ရကျိုး။** ။ပုန်းကွယ်ရာ၌ ဥပဇ္ဈာယ်နှင့် တပည့်သည် ပူးပေါင်းမှု ကာယသံယောဂ မရှိ၊ ထို့ကြောင့် ယသ္မာ ဒပေတိ သုတ်ဖြင့် အပါဒါန် မမှည့်နိုင်၊ ''ဥပဇ္ဈာယ-သိဿ'' ဟု ၂ ခု ရှိနေ၍ ''ဥပဇ္ဈာယော အန္တရဓာယတိ သိဿာ'' ဟု သိဿကိုပင် အပါဒါန် မှည့်ရလေမည်လား....ဟု ယုံမှားဖွယ် ရှိသောကြောင့် ဓာတု ယောဂ အပါဒါန်၌လည်း မသွင်းနိုင်၊ ထို့ကြောင့် ဤသုတ်ကို ထပ်၍ တည်ရပြန် သည်၊ စိတ္တသံယောဂ ပုဗ္ဗက အပါဒါန်ကို အလိုရှိကြသော ဆရာတို့၏ အလိုအားဖြင့် ကား ''ဥပဇ္ဈာယ'' ကို အာရုံပြုရာ၌ တပည့်နှင့် ဥပဇ္ဈာယ်ဆရာသည် စိတ်အားဖြင့် ပေါင်းမိ၍ စိတ္တသံယောဂ ဖြစ်၏၊ ထို့နောက် ကြောက်ရွံ့၍ ပုန်းကွယ်ကာ စိတ်ခွာ ခွာနေ၏၊ ထို့ကြောင့် ယသ္မာဒပေတိဖြင့် အပါဒါန် မှည့်နိုင်ရကား ဤသုတ်ကို အပို ဟု ဆိုရပေလိမ့်မည်။

ဒူရန္တိကာ၊ပေါ၊ ကတ္တု၊သုစ

၂၇၅။ ဒူရတ္ထေ-ဒူရ အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ, ဒူရ အနက်၌လည်းကောင်း၊ အန္တိကတ္ထေ-အန္တိက အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ အဒ္ဓနိမ္မာနေ-အဓ္ဓန့်အတိုင်းအရှည်ကို ပြရာ၌လည်းကောင်း၊ ကာလနိမ္မာနေ-ကာလအတိုင်းအရှည်ကို ပြရာ၌လည်းကောင်း၊ တွာလောပေ-တွာ ပစ္စယန္တပုဒ် ကြေရာ၌လည်းကောင်း၊ ဒိသာယောဂေ-ဒိသာ အနက်ရှိသော သဒ္ဒါတို့၏ယှဉ်ရာ, ဒိသာ အနက်၌လည်းကောင်း၊ ဝိဘတ္တေ-ဝေဖန်ခြင်း အနက်၌လည်းကောင်း၊ အာရပ္ပယောဂေ-ရှောင်ကြဉ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ သုဒ္ဓေ-စင်ကြယ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ ပမောစနေ - လွတ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ ဟေတွတ္ထေ-ဟိတ်အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ, ဟိတ်အနက်၌လည်းကောင်း၊ ဝိဝိတ္တတ္ထေ-ကင်းဆိတ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ ပမာဏေ-နှိုင်းယှဉ်တိုင်းတာခြင်း အနက်၌လည်းကောင်း၊ ပုဗ္ဗယောဂေ-ပုဗ္ဗစသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ ဗန္ဓနေ-နှောင်ဖွဲ့ခြင်းအနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ ဂုဏဝစနေ-ဂုဏဟိတ်ကိုဟောသော သဒ္ဒါ၌လည်းကောင်း၊ ပဥှေ-မေးခြင်း၌လည်းကောင်း၊ ကထနေ-ဖြေခြင်း၌လည်းကောင်း၊ ထောကေ-အနည်းငယ် ဟူသော အနက်၌လည်းကောင်း၊ အကတ္တရိစ-ဟေတု ကတ္တား မဟုတ်သော ဟိတ်အနက်၌လည်းကောင်း၊ ဧတေသု အတ္ထေသု-ဤအနက်တို့၌ လည်းကောင်း၊ ဧတေသု ပယောဂေသု - ဤယှဉ်ရာတို့၌ လည်းကောင်း၊ တံကာရကံ - ထိုကာရကသည်၊ အပါဒါနသညံ - ရှိသည်၊ ဟောတိ။ (၃၁၂)။

(က) တာဝ-ရှေးဦးစွာ၊ ဒူရတ္ထေ-ဒူရ အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ, ဒူရအနက်၌၊ (အပါဒါနံ-အပါဒါန် အမည်သည်၊ ဟောတိ-၏၊) ဧတော-

---

၂၇၅။ ဤဝုတ္တိကို အနက်ပေးရာ၌ သဒ္ဒါရှိတိုင်းမဟုတ်ပဲ အချို့ အနက်များကို အပိုထည့်၍ ပေးထားသည်၊ ထိုသို့ အပိုထည့်၍ ပေးခြင်းမှာလည်း ပုံစံများကိုကြည့်၍ ပေးခြင်းဖြစ်၏၊ ထို့ကြောင့် ဤဝုတ္တိအနက်ပေးပုံကို ပုံစံကျမှ ရှင်းပြမည်၊ ဒူရတ္ထေစသည်၌ အတ္ထသဒ္ဒါလည်း ရသင့်၍ အပိုထည့်အပ်သော သဒ္ဒါတည်း၊ သီဟိုဠ်မူ၌ "ဧတေသု အတ္ထေသု ပယောဂေသု" ဟု ရှိ၏၊ သဒ္ဒနီတိ၌ "ပယောဂေသုစ" ဟု စလည်းပါ၏၊ ဒိသာယောဂေ-စသည်ဖြင့် ယှဉ်ရာ ပုဒ်များကိုလည်း ပြထားသောကြောင့် "ပယောဂေသု" ပါသော သီဟိုဠ်မူသာ ပို၍ကောင်းသည်။

(က) ဒူရတ္ထေ တာဝ—တာဝသဒ္ဒါသည် ပဌမအနက်ဟော နိပါတ်ပုဒ်တည်း၊ အန္တိကတ္ထ စသည့်တို့မှ ရှေးဦးစွာ-ဟူလို၊ [နိဒ္ဒေသဥ္ဇကား တာဝကို "ဝတ္တဗ္ဗန္တရာ ပေက္ခဝစနံ-ဆိုအပ်လတ္တံ့သော အန္တိကစသည်ကို ငဲ့သောသဒ္ဒါ"ဟု ဆို၏၊] ဒူရတ္ထေ၌ "ဒူရတ္ထ ပယောဂ+ဒူရတ္ထ" ဟု ၂ ပုဒ် ဖြစ်သင့်လျက် ဒူရတ္ထပယောဂကို ချေ-ဒူရတ္ထဟု

ဤအရပ်မှ၊ နဋ္ဌကာရ ဂါမော - ကျူထရံသည်တို့၏ ရွာသည်၊ ကိဝဒူရော- ဘယ့်လောက်ဝေးသနည်း၊ ဒူရတော၀-အဝေးမှပင်၊ အာဂမ္မ-လာ၍၊ တေ မောဃပုရိသာ-ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျာ်းတို့သည်၊ ဣမသ္မာ ဓမ္မ ဝိနယာ-ဤ သာသနာတော်မှ၊ အာရကာ-ဝေးကုန်၏၊ ဒုတိယာစ-ဒုတိယာ ဝိဘတ်သည်လည်းကောင်း၊ တတိယာစ - တတိယာဝိဘတ်သည်လည်းကောင်း၊

---

ကေသေသ်ပြု၍ "ဒူရတ္ထေ" ဟု ဆိုထားသည်၊ "ဒူရတ္ထုပ္ပယောဂေ ပါစ-ဒူရအနက်ရှိ သော သဒ္ဒါတို့၏ ယှဉ်ရာလည်း၊ ဒူရတ္ထေ ၁စ-ဒူရအနက်လည်း၊ ဝါ-အဝေးဟူသော အနက်လည်း၊ ဒူရတ္ထော-ဒူရအနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ ဒူရအနက်" ဟု ပေး၊ ထိုတွင် ဒူရတ္ထုပ္ပယောဂ၌ အဝေးအနက်ကို ဟောသော ဒူရ အာရကာ သဒ္ဒါတို့ကို ယူ၊ "ဒူရဿ အတ္ထော ယေသံတိ ဒူရတ္ထာ" ဟု ဝိဂ္ဂဟပြု။

ထိုတွင် ဒူရတော၀ါဂမ္မ၌ ဒူရတောသည် ဒူရ အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ မဟုတ်, သူ့ကိုယ်တိုင် အဝေးအနက်ကို ဟောသောသဒ္ဒါတည်း၊ ထို ဒူရသဒ္ဒါ၏ အနက် (ဒူရတ္ထ) ၌ ဤသုတ်ဖြင့် အပါဒါန် မည့်သည်၊ ဒူရတောကို ဒူရ လိင်တည့်, ဒူရန္တိက စသောသုတ်ဖြင့် ဒူရအနက်၌ အပါဒါန်မည့်၊ ကွစိတော ပဉ္စမျတ္ထေသုတ်ဖြင့် အပါဒါန်အနက်၌ တောပစ္စည်းသက်၊ ကိဝဒူရော ဣတော၌ ဣမသဒ္ဒါ, အာရကာ ဣမသ္မာ ဓမ္မဝိနယာ၌ ဣမ-ဓမ္မဝိနယသဒ္ဒါတို့သည် ဒူရတ္ထုပ္ပယောဂ တို့တည်း၊ ရုပ်တွက် ရာ၌ "ဒူရတ္ထုပ္ပယောဂဖြစ်သော ဣမ-ဓမ္မဝိနယတို့ကို အပါဒါန်မည့်" ဟုဆို၊ တောပစ္စည်း နှင့် သ္မာဝိဘတ်သက်၍ တွက်လေ။ [ယခုစာတို့၌ "အာရကာ ဝေါ" ဟု တွေ့ရ၏၊ ရှုနှင့် အခြားကျမ်းတို့၌ "အာရကာ တေ" ဟု ချည်းရှိသည်၊] ဤသို့ ဒူရတ္ထုပ္ပယောဂ, ဒူရတ္ထ" ဟု ၂ မျိုးသာ ခွဲပြခြင်းသည် ရူပသိဒ္ဓိ အလိုတည်း။

နိဒ္ဒေသ၌ကား "ဒူရေစ ဒူရပယောဂေစ ဒူရတ္ထပယောဂေစ" ဟု ၃ ပုဒ် ကေ သေသ်ပြု၏၊ "ဒူရေစဖြင့် ဒူရတောကို ပြ၍, ဒူရပယောဂေစဖြင့် ဣမသ္မာ ဓမ္မဝိနယာ ကိုလည်းကောင်း, ဒူရတ္ထပယောဂေဖြင့် ဣတောကိုလည်းကောင်း ပြ၏" ဟု ဆိုသည်၊ ဒူရေစ-အဝေးအနက်၌လည်း၊ ဒူရပယောဂေစ-ဒူရသဒ္ဒါ၏ ယှဉ်ရာ၌လည်း၊ ဒူရတ္ထ ပယောဂေစ-ဒူရ အနက်ရှိသော အာရကာ နိပါတ်၏ ယှဉ်ရာ၌လည်း၊ "ဒူရတ္ထ-ဒူရ အနက်, ဒူရသဒ္ဒါ၏ ယှဉ်ရာ, ဒူရအနက်ရှိသော သဒ္ဒါ၏ ယှဉ်ရာ၌" ဟု ဆို၊ သို့သော် ဒူရတ္ထပယောဂဝယ် "ဒူရဿ အတ္ထော ယေသံတိ ဒူရတ္ထာ" ဟု ဝိဂ္ဂဟပြုလျှင် ဒူရသဒ္ဒါ အာရကာသဒ္ဒါ ၂ မျိုးလုံးကို ရသောကြောင့် ရူပသိဒ္ဓိ၌ "ဒူရတ္ထပယောဂ, ဒူရတ္ထ" ဟု ၂ မျိုးမျှခွဲရုံဖြင့် နိဒ္ဒေသ၌ပြသော ၃ မျိုးလုံးကို ခြုံနိုင်သည်-ဟု မှတ်။

**ဒုတိယာစ တတိယာစ**—ဒူရံ ဂါမံ, ဒူရေန ဂါမေနတို့၌ "ဒူရ-ဂါမ" တည်၍ ထောကာကတ္တ။သုစ၌ စ သဒ္ဒါဖြင့် ဒုတိယာ အံ ဝိဘတ် တတိယာ နာဝိဘတ် သက်ပါ၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ "စသဒ္ဒေန ယထာပယောဂံ ဒုတိယာ တတိယာ ဆဋ္ဌီစ" ဟု လည်းကောင်း ပါဏိနီသုတ် ဝုတ္တိတို့၌ "ဒူရန္တိ ကတ္ထေဟိ ဒုတိယာစ (သုတ်)၊ တေဟိ ဒုတိယာ ဘဝတိ, စကာရေန ပဉ္စမီ တတိယာ" ဟုလည်းကောင်း မိန့်ကြသည်။

(ဟောတိ)၊ ဒူရံ-ဝေးသော၊ ဂါမံ-ရွာမှ၊ အာဂတော-လာ၏၊ ဝါ-တနည်း၊ ဒူရေန-သော၊ဂါမေန-မှ၊အာဂတော-၏၊ ဣမံ ဓမ္မဝိနယံ-ဤ သာသနာတော်မှ၊ ဝါ, အနေန ဓမ္မဝိနယေန-မှ၊ အာရကာ-ကုန်၏၊ ဣစ္စေဝမာဒိ-ဤသို့ အစရှိသည်တည်း။

(ခ) အန္တိကတ္ထေ-အန္တိက အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌၊ (အပါဒါန်ႋသည်၊ ဟောတိ-၏၊) ဂါမာ-၏၊ အန္တိကံ-အနီးတည်း၊ (နောက်၌ "အာသန္နံ သမီပံ အနီးတည်း၊ သဒ္ဓမ္မာ-သူတော်ကောင်းတရား၏၊ ဂါမံ, ဂါမေန,သဒ္ဓမ္မံ, သဒ္ဓမ္မေန-၏" ဟု ပေး၊) ဣစ္စေဝမာဒိ-တည်း။

---

[နိဒ္ဒေသ၌ကား "ဒုတိယာ တတိယာစ" ဟူသော စကားသည် အကျိုးဝိဘတ်၏ အမည်ကို အကြောင်းအပါဒါနသညာ၌ တင်စားသော ဖလူပစာရစကားတည်း၊ ထို့ကြောင့် ဤသုတ်ဖြင့် အပါဒါ အမည်သာမှည့်၍, ဒုတိယာ ပဉ္စမီသုတ်၌ စသဒ္ဒါဖြင့် ဒုတိယာတတိယာသက်-ဟု ဆို၏၊ သို့သော် ကစ္စည်းဝုတ္တိဆရာသည် ပါဏိနီသုတ် ဝုတ္တိတို့ကို မှီးသောကြောင့် နိဒ္ဒေသ အဆိုသည် ကစ္စည်းဝုတ္တိဆရာ၏ အလိုကျမည် မထင်။]

**ဒူရံ ဂါမံ၊ ပေ၊ ဓမ္မဝိနယေနဝါ**—ဒူရံ ဂါမံ၌ အံဝိဘတ်သည် ရိုးရာဖြစ်သော ကံ အနက်ကို ဟောလိုလျှင် ကမ္မတ္ထေ ဒုတိယာသုတ်ဖြင့် သက်နိုင်သောကြောင့် ဤသုတ်၌ ဆိုဖွယ် မလို၊ ဒူရေန ဂါမေန၌ တတိယာဝိဘတ်လည်း ကရိုဏ်းအနက်ကို ဟောလိုလျှင် ကရဏေ တတိယာသုတ်ဖြင့် ပြီးနိုင်သောကြောင့် ဤ၌ ဆိုဖွယ် မလို၊ ဤသုတ်၌ ဆိုခြင်းကြောင့်ကား ထို ဒုတိယာ တတိယာ ဝိဘတ်များသည် "မှ" ဟူသော အပါဒါန် အနက်ကို ဟောလိုကြောင်း ထင်ရှား၏၊ ထို့ကြောင့် ရူပ၌လည်းကောင်း, သဒ္ဒနီတိ၌ လည်းကောင်း "ဒူရာ ဂါမာ (မှ) အာဂတော တျဗ္ဗော" ဟု ဖွင့်သည်၊ အာရကာ ဣမံ ဓမ္မဝိနယံ အနေန ဓမ္မဝိနယေန တို့၌လည်း နည်းတူ။ [ဝိနေတိ ဧတ္ထ တေနာတိ ဝိနယော, ဓမ္မေန ဝိနယော ဓမ္မဝိနယော=တရားသဖြင့် ဆုံးမရာဖြစ်သော သာသနာ တော်။]

(ခ) **အန္တိကတ္ထေ**—"အန္တိကတ္ထပယောဂေ" ဟု ဆိုသင့်လျက် ပယောဂကို ချေထားသည်ဟု ကြံ "အန္တိကဿ အတ္ထော ယေသံတိ အန္တိကတ္ထာ၊ ယေသံ-အကြင် အန္တိက အာသန္န သမီပ တို့၏၊ အန္တိကဿ-အန္တိကသဒ္ဒါ၏၊ အတ္ထော-အနီးဟူသော အနက်သည်၊ အတ္ထိ-၏" ဟု ပေး၊ ထိုအနီးအနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ ဖြစ်သော ဂါမ-သဒ္ဓမ္မတို့ကို အပါဒါန်မှည့်၍ ရှေးနည်းအတိုင်း ရုပ်တွက်၊ သမ္မာဝိဘတ် ဖြစ်လျက် "ဂါမာ-ရွာ၏" ဟု သာမီအနက် ပေးခြင်းကား၊ "ဂါမဿ သမီပံတိ အတ္ထော" ဟု ဖွင့်သော ရူနှင့် နီတိတို့ အလိုတည်း၊ "ဂါမာ ဒူရံ, ဂါမာ ဝိပ္ပကဋ္ဌံ, ဂါမာ အန္တိကံ, ဂါမာ နိကဋ္ဌံ, ဗဟိဂါမာ, အာရာ ဂါမာတိ ဗုဒ္ဓိကတာဝဓိတ္တာ (စိတ်သည် ပြုအပ်သော အဝဓိ၏ အဖြစ်ကြောင့်) ဟု ပဉ္စမီ" ဖွင့်သော ကာတန္တဋီကာ အလို အားဖြင့်ကား "ဂါမာ-ရွာမှ၊ အန္တိကံ-တည်း" ဟု အပါဒါန် အနက်ပင် ပေးရမည်။ [သက္ကတအဆိုနှင့်စပ်၍ အခြားမှတ်ဖွယ်များကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထားပြီ။]

(ဂ) အဒ္ဓနိမ္မာနေ-ခရီးအခွန့်ကို တိုင်းတာရာ၌၊ (အပါဒါနံ ဟောတိ)၊ ဂ္လတော မထုရာယ-ဤမထုရာပြည်မှ၊ စတူသု ယောဇနေသု- ၄ ယူဇနာတို့၌၊ သင်္ကဿံနာမ-သင်္ကဿ မည်သော၊ နဂရံ-မြို့သည်၊ အတ္ထိ-ရှိ၏၊ တတ္ထ-ထို သင်္ကဿမြို့၌၊ ဗဟူ-များစွာကုန်သော၊ ဇနာ-လူတို့သည်၊ ဝသန္တိ-နေကုန်၏၊ ဣစ္စေဝမာဒိ-ဤသို့ အစရှိသည်တည်း။

ကာလနိမ္မာနေ-ကာလကို တိုင်းတာရာ၌၊ (အပါဒါနံ ဟောတိ)၊ ဘိက္ခဝေ-တို့၊ ဣတော-ဤကမ္ဘာမှ၊ ဧကနဝုတိကပ္ပေ-၉၁ ကမ္ဘာထက်၌၊ ဝိပဿီနာမ-ဝိပဿီမည်တော်မူသော၊ ဘဂဝါ-သည်၊ လောကေ-လောက၌၊ ဥဒပါဒိ-ထင်ရှားပွင့်တော်မူပြီ၊ ဣတော-ဤနေ့မှ၊ တိဏ္ဏံမာသာနံ-၃လ တို့၏၊အစ္စယေန-လွန်ရာအခါ၌၊ ပရိနိဗ္ဗာယိဿာမိ-ပရိနိဗ္ဗာန်ပြုတော်မူအံ့၊ ဣစ္စေဝမာဒိ-တည်း။

---

(ဂ) **အဒ္ဓကာလနိမ္မာန**—သုတ်၌ "အဒ္ဓကာလနိမ္မာန" ကို အဒ္ဓနိမ္မာန-ကာလ နိမ္မာနဟု ၂မျိုးခွဲ၊ ထိုတွင် အဒ္ဓနိမ္မာနကို ရှေးဦးစွာပြလိုသောကြောင့် "အဒ္ဓနိမ္မာနေ" စသည်ကို မိန့်၊ နိမ္မာနသဒ္ဒါသည် တန်ခိုးဖန်ဆင်းခြင်း အနက်, အတိုင်းအရှည်ဟူသော အနက် စသည်ကိုဟော၏၊ ထိုတွင် ဤနေရာ၌ အတိုင်းအရှည်ကို နိမ္မာန ဟု ခေါ်သည်၊ ထို အတိုင်းအရှည်ကိုပြရာ ပါဠိရပ်ကိုကား (အနက်၏အမည်ကို သဒ္ဒါပေါ် တင်စား၍ ကာရဏူပစာရအားဖြင့်) နိမ္မာန ဟု ခေါ်သည်၊ တနည်း-"နိမ္မိယတေ ဇတေနာတိ နိမ္မာနံ" ဟု ဝိဂ္ဂြိုဟ်ပြု၍ တိုင်းတာကြောင်း စကားရပ်ကို "နိမ္မာန" ခေါ်သည်ဟု မှတ်။

**အပါဒါန်မှည့်ရာ ပုံစံ။** ။ထိုသို့ အခွန့်-ကာလကို တိုင်းတာကြောင်း ပါဠိရပ် (တဝါကျ) ၌ မူလစ၍ တိုင်းတာရာအရပ် ကာလသည် အပါဒါန်ဖြစ်၏၊ ထို မူလ ဌာန-မူလကာလနှင့် ယှဉ်ဖက်ဖြစ်သော ပုဒ်များတွင် အဒ္ဓါဟော သဒ္ဒါနောင် ပဌမာ ဝိဘတ်-သတ္တမီဝိဘတ် ၂ မျိုး သက်နိုင်၏၊ ကာလဟော သဒ္ဒါနောင်ကား သတ္တမီသာ သက်နိုင်၏-ဟု သဒ္ဒတ္ထ ဗျာကရုဏ်းတို့၌ သတ်မှတ်သည်၊ "ဣတော မထုရာယ၊ပေ၊ အတ္ထိ" ဟူသောဝါကျသည် "မထုရာပြည်နှင့် သင်္ကဿမြို့ ၄ ယူဇနာဝေးသည်" ဟု ခရီးအခွန့်ကို တိုင်းတာပြသော ဝါကျတည်း၊ ဣတော မထုရာယသည် မူလတိုင်းတာ ရာ ဌာနတည်း၊ ထို့ကြောင့် ဣမ-မထုရာတည်, ဤသုတ်ဖြင့် အပါဒါန်မှည့်၊ တော ပစ္စည်းသက်, သ္မာသက်၍ အာယပြု၊ စတူသု ယောဇနေသုကား ထိုဌာနနှင့် ယှဉ်ဖက် တည်း၊ ထို့ကြောင့် သတ္တမီဝိဘတ် သက်ထားသည်၊ ဤသတ္တမီကား ဤသုတ်နှင့် မဆိုင်, ဩကာသေသတ္တမီနှင့်သာ ဆိုင်၏၊ "ဣတော မထုရာယ သင်္ကဿံ နာမ နဂရံ စတ္တာရိ ယောဇနာနိ (၄ ယူဇနာတို့တည်း)" ဟု ပဌမာလည်း သက်နိုင်သည်၊ ကာလနိမ္မာန၌လည်း မူလတိုင်းတာရာ ဤကမ္ဘာကို "ဣတော"ဟု အပါဒါန် မှည့်ပုံ ကိုလည်းကောင်း, "ထိုနှင့် ယှဉ်ဖက်ကာလဝါစက သဒ္ဒါကို "ကပ္ပေ" ဟု သတ္တမီဖြင့် ထားပုံကိုလည်းကောင်း သိလေ၊ ဣတော တိဏ္ဏံ မာသာနံ အစ္စယေန" ၌လည်း အစ္စ

(ဃ) တ္ဘာလောပေ - တ္ဘာပစ္စယန္တပုဒ် ကြေရာ၌၊ ကမ္မာဓိကရဏောသု-ကံအနက်, အဓိကရဏ အနက်တို့၌၊ (အပါဒါန် ဟောတိ)၊ ပါသာဒါ ပြာသာဒ်သို့ (တက်၍)၊ သက်မေယျ - ပြောင်းရွှေ့ရာ၏၊ ဝါ - တနည်း၊ ပါသာဒံ-ပြာသာဒ်သို့၊ အဘိရုဟိတ္ဘာ-တက်၍၊ (သက်မေယျ-၏)၊ ပဗ္ဗတာ-

---

ယေနကို "၌" ဟု ပေးရသောကြောင့် ဩကာသအနက်၌ တတိယာသက်ရကား သတ္တမိဝိဘတ်ထားခြင်းနှင့် သဘောတူပင်။

[ဆောင်] အဒ္ဓကာလ, နိမ္မာန၌, မူလတိုင်းရာ, အပါဒါန်မှည့်၊ ထို၏ယှဉ်ရာ, အဓွန့်မှာမူ, ပဋ္ဌမာ သတ္တမီ, နှစ်လီဝိဘတ်, သက်ဖို့မှတ်၍, နောက်ထပ်ကာလ-ဝါစကဝယ်, သတ္တမီမျှ, သက်ခွင့်ရ, သက္ကတ၌ ဆို။

**မထုရာပါဌ်မှန်ကြောင်း။** ။မထုရာ, မဓုရာ ဟု ပါဌ် ၂ ထွေ ရေးသားကြရာ၌ မဓုရာသည် "သတ္တုဃနမင်း" တည်အပ်သောမြို့တည်း၊ ထို့နောက် "ယာဒဝ"မင်းသည် ထိုမြို့၏ မနီးမဝေးဖြစ်သော ယမုနာမြစ်ကမ်း၌ "မထုရာ "ဟု သမုတ်၍မြို့သစ်တည်ပြန်၏၊ ထိုအခါ မဓုရာမြို့ဟောင်းပျက်၍ တောဖြစ်လေတော့၏၊ ယခုအခါ မဓုရာမြို့နယ်၌" မဓုဝန" မည်သော တောသည် မဓုရာမြို့၏ နေရာပင်တည်း၊ ထို မထုရာမြို့သည် အိန္ဒိယတောင်ပိုင်း-မြောက်ပိုင်း ၂ နေရာ၌ ရှိ၏၊ ထို့ကြောင့် "မထုရာယန္တိ-ဥတ္တရ မထုရာယံ"ဟု မဇ္ဈိမပဏ္ဏာသ မာထုရိယသုတ် ဋီကာဖွင့်၍ "ပဏ္ဍုရာဇာတိ-ဒက္ခိဏ မထုရာဓိပတိ" ဟု ဗြဟ္မဇာလသုတ်ဋီကာဖွင့်၏၊ ထို့ကြောင့် မထုရာသာပါဌ်မှန်-ဟု မောဂ္ဂလ္လာန်နိဿယ (ဏွာဒိကဏ္ဍ) ၌ ဆုံးဖြတ်တော်မူသည်။

(ဃ) **တ္ဘာလောပေ**—အဘိရုဟိတွာကဲ့သို့ တွာပစ္စယန္တကိုပင် "တွာ" ဟု ဆို၏၊ အစိတ်တွာ၏ အမည်ကို အပေါင်းတွာ ပစ္စယန္တပုဒ်၌ တင်စားထားသော ဧကဒေသူပစာ စကားတည်း၊ လောပဟူသည် "လောပေါတိ အဒဿနံ အနုစ္စာရဏံ" နှင့် အညီ ထို တွာပစ္စယန္တပုဒ်ကို မမြင်ရ-မရွတ်ဆိုရခြင်းတည်း။ [လောပေါတိ-လောပဟူသည်၊ အဒဿနံ-မမြင်ရခြင်း၊ အနုစ္စာရဏံ-မရွတ်ဆိုရခြင်းတည်း၊] ဆိုလိုရင်းကား-ပါဌ်ကို ရှိုးရှိုးစီမည်ဆိုလျှင် "ပါသာဒံ အဘိရုဟိတွာ"သက်မေယျ-ပြာသာဒ်သို့ တက်ပြီး၍ ပြောင်းရွှေ့ရာ၏" ဟု စီရာ၏၊ သို့သော် "အဘိရုဟိတွာ" ဟူသော တွာပစ္စယန္တပုဒ်ကို မထည့်သော်လည်း အနက်အဓိပ္ပာယ် သိလောက်လျှင် မထည့်ဘဲလည်း ပါဌ်စီနိုင်၏၊ ဤသို့လျှင် တွာပစ္စယန္တပုဒ်ကို မထည့်သော်လည်း ထိုပုဒ်၏ အနက်က သိလောက်သောကြောင့် စကားကျဉ်းအောင် တွာပစ္စယန္တပုဒ်ကို မထည့်ခြင်း မရွတ်ဆိုခြင်းကို "တွာလောပ" ခေါ်သည်-ဟု မှတ်၊ တွာပစ္စယန္တပုဒ်ကို ထည့်ပြီးမှ ချေပစ်ခြင်းကို "တွာလောပ" ခေါ်သည်ဟု မမှတ်လင့်။

**သက္ကတ။** ။လျပ်လောပေ ကမ္မာဓာရဏေစ (ဝါတ္တိကသုတ်)၊ ပါသာဒါ ပေက္ခတေ, အာသနာ ပေက္ခတေ၊ ပါသာဒံ အာရုယှ, အာသနေ ဥပဝိသ ပေက္ခတေ ဣစ္စတ္ထော (သိဒ္ဓန္တကောမုဒီ ဝုတ္တိ)၊ လျပ်လောပေတိ-လျပန္တဿ ဂမျမာနတ္တတာ အပ္ပယောဂေ ဣစ္စတ္ထော (ဍင်းဋီကာ)၊ [လျပ်လောပေ-လျပ်ပစ္စည်းကြေရာ၌၊ ကမ္မနိ-

တောင်သို့ (တက်၍)၊ သက်မေယျ-၏၊ ဝါ, ပဗ္ဗတံ-သို့၊ အဘိရုဟိတွာ-၍၊ (သက်မေယျ)၊ ဟတ္ထိက္ခန္ဓာ-ဆင်ကျောက်ကုန်းသို့ (တက်၍)၊ သက်မေယျ-၏၊ ဝါ, ဟတ္ထိက္ခန္ဓံ-သို့၊ အဘိရုဟိတွာ-၍၊ (သက်မေယျ)၊ အာသနာ-နေရာ၌ (ထိုင်၍)၊သက်မေယျ-၏၊ ဝါ,အာသနေ-၌၊ နိသီဒိတွာ-ထိုင်၍၊ (သက်မေယျ)၊ ဣစ္စေဝမာဒိ-တည်း။

---

ကံ၌လည်းကောင်း အဓိကရဏ-၌လည်းကောင်း၊ အပါဒါန်-ကို၊ ဥပသင်္ချာန်-ဆိုအပ်၏၊ (သုတ်နက်)၊ လျပ်လောပေတိ-ဟူသည်ကား၊ လျပ္ပစ္စယ-လျပ်ပစ္စည်းအဆုံးရှိသော ပုဒ်၏၊ ဂမျမာနတ္တတာ-သိလောက်သော အနက်ရှိသည်၏ အဖြစ်ကြောင့် အပ္ပယောဂေ-မယှဉ်စပ် မသုံးစွဲရခြင်းတည်း၊ (လျပ်ပစ္စယန္တဖြင့် တွာပစ္စယန္တကိုလည်း ယူ)။]

[ဆောင်] တွာပစ္စယန္တ, ဖော်ထုတ်ပြဖို့, မုချစာသွား, ရှိတုံငြားလည်း,
စကားလည်း ကျဉ်း, သိလောက်ခြင်းကြောင့်, မူရင်းလျော့စေ,
မဖော်ချေ, ခေါ်လေ တွာလောပ။

ကမ္မာဓိကရဏေသု—ထိုသို့ တွာလောပ ပြုထားသည့်အခါ ပါသာဒံ ဟူသော ကံပုဒ်လည်း မရှိရတော့ပဲ ကံအနက်၌ အပါဒါန်မှည့် ပဉ္စမီသက်၍ "ပါသာဒါ"ဟု ရှိရတော့၏၊ အာသနေဟု အာဓာရလည်း မရှိရတော့ပဲ အာဓာရအနက်၌ အပါဒါန်မှည့်-ပဉ္စမီသက်၍ "အာသနာ" ဟု ရှိရတော့သည်၊ ထို့ကြောင့် အနက်ပေးသည့်အခါ"ပါသာဒါ-ပြာသာဒ်သို့"ဟု ကံအနက်ပေး၍ တွာပစ္စယန္တပုဒ်၏ အနက်ကိုကား သိလောက်သောကြောင့် (တက်၍) ဟု ထည့်ပေးရသည်၊ "အာသနာ-နေရာ၌ (ထိုင်၍)" ဟု အနက်ပေးရာ၌လည်း နည်းတူ။

**သိလောက်ပုံ။** ။"ပါသာဒါ-ပြာသာဒ်သို့၊ (....) သက်မေယျ-ပြောင်းရွှေ့ရာ၏" ဟု ဆိုလျှင် ပြာသာဒ်သို့ မတက်သေးပဲ ပြောင်းရွှေ့၍ မဖြစ်, တက်ပြီးမှသာ ပြောင်းရွှေ့ရဲဖြစ်၏၊ ကျောက်ဖျာ၏ အရှေ့စွန်း အနောက်စွန်း၌ သမင်၏ ခြေရာကို တွေ့လျှင် ကျောက်ဖျာပေါ်၌ သမင်ခြေရာမတွေ့သော်လည်း သမင်ဖြတ်သွားကြောင်းကို မှန်းဆ၍သိနိုင်၏၊ ဤသို့ မှန်းဆ၍သိနိုင်သည်ကို ဂမျမာနတ္တဟု ခေါ်သည်။ [ဟတ္ထိက္ခန္ဓာ, အာသနာတို့၌လည်း နည်းတူ။]

**အပါဒါန်အနက်ကို စဉ်းစား။** ။"ပါသာဒါ-မှ၊ သက်မေယျ-၏" ဟု အပါဒါန် အနက်ပေးစေလိုလျှင် တွာလောပ အပါဒါန်ပင် မဆိုထိုက်၊ ပြာသာဒ်သည် ပြောင်းရွှေ့ဖဲခွာရာဖြစ်သောကြောင့် "ယဿာ ဒပေတိ"!အရ ရိုးရိုး အပါဒါန်သာ ဖြစ်ထိုက်သည်၊ ဤ၌ကား "တွာလောပေ ကမ္မာဓိကရဏေသု" ဟု တွာလောပ အပါဒါန်လည်း ဆို, ကံအနက် အဓိကရဏအနက် ဟုလည်း ဆိုသောကြောင့် "ပြာသာဒ်မှ, နေရာမှ" ဟု ပေးကြသော အနက်ကို စဉ်းစားသင့်သည်။

**ပုံစံရင်းများ။** ။ပါသာဒါ, ပဗ္ဗတာ ဟတ္ထိက္ခန္ဓာ, အာသနာတို့သာ ပုံစံတည်း၊ "ပါသာဒံ အဘိရုဟိတွာ၊ပေ၊အာသနေ နိသီဒိတွာ" တို့ကား ပါသာဒါ အာသနာ

အရိယာယ ဇာတိယာ- အရိယာ ဇာတ်ဖြင့်၊ ဇာတော- ဖြစ်၏၊ ယတော- ၍၊ အတ္တာနံ-မိမိကို၊ သရာမိ-အမှတ်ရ၏၊ ယတော-၍၊ ဝိညုတံ-နားလည်သူ၏ အဖြစ်သို့၊ ပတ္တော-ရောက်သည်၊ အသို-ဖြစ်၏၊ယတ္တာဓိကရဏံ (ယတော အဓိကရဏံ)-အကြင် မစောင့်စည်းအပ်သော စက္ခုန္ဒြေကြောင့်၊ စက္ခုန္ဒြိယံ-စက္ခုန္ဒြေကို၊ အသံဝုတံ - မစောင့်စည်းပဲ၊ ဝိဟရန္တံ - နေသော၊ နံ ဘိက္ခုံ - ထိုရဟန်းကို၊ အဘိဇ္ဈာဒယော- အဘိဇ္ဈာ အစရှိကုန်သော၊ ပါပကာ - ယုတ်မာကုန်သော၊ အကုသလာ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ-တို့သည်၊အန္ဝာဿဝေယျုံ-အဖန်ဖန်နှိပ်စက်ကုန်ရာ၏။ (၃၀၉)။

---

**စက္ခုဟေတု အညတ္ထာပိ ပဉ္စမီဝိဘတ္တိ**—အခြားအရာ ဟူသည် ဓာတုယောဂ နာမယောဂ ဥပသဂ္ဂယောဂ နိပါတယောဂ ကာရကမဏ္ဍလ်တို့မှ တမျိုး တခြားသော ပဘုတိသဒ္ဒါ၏ အနက်-ဟိတ်အနက် ဟူသော အရာတည်း၊ ထိုအနက်၌ စ သဒ္ဒါဖြင့် အပါဒါန်မှည့်၍ ကွစိတော ပဉ္စမေဝ္တေဖြင့် တောပစ္စည်းသက်၊ ဤနည်းအလို ဒွာနိ ဝိသယီဖြစ်သော ပဉ္စမီဝိဘတ်၏အမည်ကို ဒွာနဝိသယဖြစ်သော အပါဒါနသညာ၌ တင်စား၍“ပဉ္စမီဝိဘတ္တိ” ဆိုသည် ဟု မှတ်။ [အကျိုးဝိဘတ်၏ အမည်ကို အကြောင်း အပါဒါန သညာ၌ တင်စားသော ဖလူပစာရ ဟုလည်း နိဒ္ဒေသ စသည်၌ ပြ၏၊] တနည်း ပဉ္စမီ ဝိဘတ္တိပါဌ်ဖြင့် တကယ့်ကို ပဉ္စမီဝိဘတ်အစား တောပစ္စည်းသက်ဖို့ရန် ပြသည်-ဟု ကြံ။

**ယတောဟံ၊ပေ၊ယတော ပတ္တော**—ယတောကို ယတည်, ဤသုတ်၌ စသဒ္ဒါဖြင့် ပဘုတိ အနက်၌ ယကို အပါဒါန်မှည့်, ကွစိတော ပဉ္စမျတ္တေသုတ်ဖြင့် တောပစ္စည်း သက်, ဝိဘတ်မှည့်၊ တနည်း-စသဒ္ဒါဖြင့် ပဘုတိအနက်၌ တောပစ္စည်းသက်, ပြီး၏၊ ဤ၌ “ယတော-အကြင်အခါမှ+စ၍” ဟူရာဝယ် “စ၍” ဟူသော အနက်သည် ပဘုတိ အနက်တည်း၊ ထိုအနက်၌ ပဉ္စမီဝိဘတ်၏အစား တောပစ္စည်းသက်သည်။

**ယတ္တာဓိ ကရဏံ**—“ယတော+အဓိကရဏံ” ဟု ပုဒ်ဖြတ်၊ ယတွာဓိကရဏံကို “ယံ ကာရဏာ, ယဿ စက္ခုန္ဒြိယာ-သံဝရဿ ဟေတု-အကြင် စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့်” ဟု အင္ဂုတ္တရဋီကာ နိကျေပကဏ္ဍဋီကာ ဖွင့်၏၊ ထိုတွင် “ယံကာရဏာ” ဖွင့်ပုံထောက်၍ အဓိကရဏသဒ္ဒါသည် “အကြောင်း” အနက်ဟောတည်း၊အဓိကရဏနောင် ပဌမာသိကို အံပြု၊ထို သိလည်း ဟိတ်အနက်၌ သက်၊ ယတောလည်း အဓိကရဏံနှင့် အရတူသောကြောင့် တောပစ္စည်းလည်း ဟိတ်အနက်၌သက်၊ ထို့ကြောင့် ယတောကို ယ တည်, စ သဒ္ဒါဖြင့် ဟိတ်အနက်၌ပင် ယကို အပါဒါန်မှည့်၍ ကွစိတော ပဉ္စမျတ္တေ၌ ကွစိတောဟူသော ယောဂဝိဘာဂဖြင့် တောပစ္စည်းသက်၊ တနည်း-စသဒ္ဒါဖြင့် ဟိတ်အနက်၌ တောပစ္စည်းသက်၊ ယတော တပုဒ် အဓိကရဏံ တပုဒ်တည်း၊ အဓိကရဏံကား ဤနေရာ၌ ပုံစံ မဟုတ်။

ရက္ခဏတ္တာန မိစ္ဆိတံ

၂၇၃။ ရက္ခဏတ္တာနံ-စောင့်ရှောက်ခြင်း တားမြစ်ခြင်း အနက်ရှိကုန်သော၊ ဓာတူနံ-တို့၏၊ ပယောဂေ-၌၊ ယံ-အကြင်ကာရကကို၊ ဣစ္ဆိတံ-အလိုရှိအပ်၏၊ တံ ကာရကံ-သည်၊ အပါဒါနသညံ-ရှိသည်၊ ဟောတိ၊ တဏ္ဍုလာ ဆန်မှ၊ ကာကေ-ကျီးတို့ကို၊ ရက္ခန္တိ-စောင့်ရှောက်ကုန်၏၊ ယဝါ-မုယောစပါးမှ၊ ဂါဝေါ-နွားတို့ကို၊ ပဋိသေဓေန္တိ-တားမြစ်ကုန်၏။ (၃၁၀)။

---

၂၇၃။ ရက္ခဏတ္ထာနံ—အနီးအပါး၌ ရောက်လာသည့်အခါ ဆန် စသည်ကို မစားရအောင် တားမြစ်ခြင်းသည် နိဝါရဏအနက်ရှိသော ရက္ခဏတည်း၊ အနီးအပါး မရောက်ခင် ကြိုတင်၍ စောင့်ရှောက်ထားခြင်းကား တာယန အနက်ရှိသော ရက္ခဏတည်း၊ ရူပသိဒ္ဓိ၌ ထို ၂မျိုးသော ရက္ခဏကိုဖွင့်ပြသည်၊ “ရက္ခဏာနံ” ဟု အတ္ထသဒ္ဒါ မပါဲဆိုလျှင် ရက္ခဓာတ် တမျိုးသာရနိုင်၏၊ “ရက္ခဏတ္ထာနံ” ဟု အတ္ထသဒ္ဒါနှင့်တကွ ဆိုခြင်းကြောင့်ကား စောင့်ရှောက် တားမြစ်ခြင်းအနက်ရှိသော ရက္ခဓာတ်-ပါလဓာတ်-တာဓာတ်- ပဋိပုဗ္ဗ သိဓုဓာတ်-ဝရဓာတ်စသော ဓာတ်အားလုံးကို ယူနိုင်၏၊ ထိုသို့ ရက္ခဏအနက်ရှိသော ဓာတ်အားလုံးကို ယူခြင်းငှာ “ရက္ခဏတ္ထာနံ” ဟု အတ္ထသဒ္ဒါနှင့်တကွ ဆိုသည်။

ဣစ္ဆိတံ—ဆန်ကို ကျီးမထိုးအောင် စောင့်ရှောက်ရာ၌ “ကာကေဟိ ရက္ခန္တိ တဏ္ဍုလာနိ=ကျီးတို့မှ ဆန်တို့ကို စောင့်ရှောက်ကုန်၏” ဟု ကျီးသည် အပါဒါန်ဖြစ်လေမည်လော-ဟု တွေးတောဖွယ်ရှိသောကြောင့် “ဣစ္ဆိတံ” ဟု မိန့်သည်၊ ကျီးနှင့် ဆန် ၂မျိုးတွင် ရက္ခဓာတ်၏ ကတ္တားဖြစ်သူ ဥစ္စာရှင်တို့ အလိုရှိအပ်သော ဝတ္ထုကား ဆန်တည်း၊ ထိုသို့ အလိုရှိအပ်သော (ဣစ္ဆိတဖြစ်သော) ဆန်သာ “တဏ္ဍုလာ”ဟု အပါဒါန် ဖြစ်ရသည်၊ တဏ္ဍုလာကို အခြေပြုကြည့်၍ ရုပ်တွက်၊ “ယဝါ ပဋိသေဓေန္တိ ဂါဝေါ” ၌လည်း ယဝသည် အလိုရှိအပ်သော ဣစ္ဆိတဝတ္ထုတည်း၊ ထို့ကြောင့် ရက္ခ အနက်ရှိသော ပဋိပုဗ္ဗ သိဓုဓာတ်၏ ယှဉ်ရာ ယဝကို ဤသုတ်ဖြင့် အပါဒါန်မှည့်၊ “ကာကေ ဝါရယ မဏ္ဍမှာ=ငါးမှ ကျီးတို့ကို တားလိုက်လော”စသည်လည်းနည်းတူ။

**အနိစ္ဆိတ အပါဒါန်ဖြစ်ပုံ။** ။ဓာတုနာမာန သုတ်မှ စသဒ္ဒါကို လိုက်စေ၍ “ဣစ္ဆိတံစ” ဟု ထိုင်ပြီးလျှင် ထိုစသဒ္ဒါဖြင့် အနိစ္ဆိတဝတ္ထုကို အပါဒါန်မှည့်-ဟု ရှု၍ ဆည်းယူ၍“ပါပါ စိတ္တံ နိဝါရယေ=မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏၊ ရာဇတော ဝါ၊ပေ၊ အာရက္ခံ ဂဏှန္တု=မင်းဘေးမှလည်းကောင်း အစောင့်အရှောက် ကိုယူပါကုန်” ဟု ပုံစံထုတ်၏၊ ဤပုံစံတို့၌ ပါပ-ရာဇတို့သည် ဣစ္ဆိတ မဟုတ် အနိစ္ဆိတ ဝတ္ထု များတည်း၊ ပါပါ ဟု အပါဒါန်ဖြစ်၏၊ စိတ္တံကား နဂိုရ်ကပင် အပါဒါန်မဖြစ်။

**ဤသုတ်တည်ရကျိုး။** ။ယသ္မာဒပေတိ-စသော သုတ်ဖြင့် ပူးပေါင်းပြီးမှ ခွဲခွာရာ၌လည်းကောင်း, ဘယယောဂ စသည်၌လည်းကောင်း အပါဒါန်မှည့်၏၊ ဤ၌

**ယေနဝါ ဒသနံ** ၂၇၄။ ယေန- အကြင် ကာရကသည်၊ အဒဿနံ-မမြင်ခြင်းကို၊ (အန္တရဓာယန္တေန-ပုန်းကွယ်သူသည်၊) ဣစ္ဆိတံ-အလိုရှိအပ်၏၊ တံ ကာရကံ အပါဒါနသညံ ဝါ ဟောတိ၊ သိသော-တပည့်သည်၊ ဥပဇ္ဈာယမှာ-ဥပဇ္ဈာယ်ဆရာမှ၊ အန္တရဓာယတိ-ပုန်းကွယ်၏၊ ပုတ္တော-သည်၊ မာတရာစ-မှလည်းကောင်း၊ ပိတရာစ-မှလည်းကောင်း၊ အန္တရဓာယတိ-၏၊ ဝါတိ-သည်၊ ကိမတ္ထံ-နည်း၊ သတ္တမိဝိဘတျတ္ထံ-သတ္တမိဝိဘတ် သက်ရခြင်းအကျိုး ရှိ၏၊ ဘဂဝါ-သည်၊ ဇေတဝနေ - ဇေတဝန်ကျောင်း၌ တည်သူလူအပေါင်း၌၊ အန္တရဟိတော-ကွယ်တော်မူ၏။ (၃၁၁)။

---

တဏ္ဍုလနှင့် ကာကစသည်တို့ ကာယသံယောဂအားဖြင့် မပူးပေါင်းမိခင် စောင့်ရှောက်ထားရသောကြောင့် ထိုယဿာဒပေတိ သုတ်ဖြင့် အပါဒါန်မမှည့်နိုင်၊ ရက္ခဓာတ်၏ ယှဉ်ရာဖြစ်၍ ဓာတုယောဂ အပါဒါန် ဆိုဖို့ရန်လည်း ကာက တဏ္ဍုလ ၂ မျိုး ရှိနေသောကြောင့် နှပ်ထွေးဖွယ် ရှိပြန်၏၊ ဤသို့လျှင် ရှေ ၂ သုတ်ဖြင့် အပါဒါန် မှည့်ဖို့ရန် မဖြစ်နိုင်သောကြောင့် ဤသုတ်ကို ထပ်၍ အရှင်ကစ္စည်းဆရာ တည်ရသည်၊ ဤကား ပူးပေါင်းမှုရှိရာ၌ ကာယသံယောဂကိုသာ လိုလားသော ဆရာတို့အလိုတည်း၊ စိတ္တသံယောဂကိုလည်း လိုလားသောဆရာတို့ အလိုအားဖြင့်ကား ''ကာကနှင့် တဏ္ဍုလ'' စသည်တို့ စိတ်အားဖြင့် ပူးပေါင်းနိုင်သောကြောင့် ယဿာဒပေတိဖြင့်ပင် ပြီးနိုင်ရကား ဤသုတ် အပိုပင်။

[တတ္ထဗောဓိနီ] ယဝသံယောဂါ ပဂေဝ ဂါဝေါ နိဝါရယတီတိ ''ခုဝမပါယေ'' ဣစ္စနေန သိဒ္ဓေယံမာရမ္ဘော၊ ဗုဒ္ဓိ ကပ္ပိတာပါယ မင်္ဂကုဗ္ဗတော ဘာသကာရဿ မတေ ဘု ဗျဿတ္တမေတဿ ဖုဋ္ဌမေဝ။

မုယောစပါးနှင့် နွားတို့ မပူးပေါင်းမိ ရှေးဦးစွာ နွားတို့ကို တားမြစ်ရသောကြောင့် (ကာ ယသံယောဂ မရှိရကား) ''ခုဝမပါယေ'' စသော သုတ်ဖြင့် (ကစ္စည်း အလို ''ယဿာ ဒပေတိ''သုတ်ဖြင့်) မပြီးနိုင်သောကြောင့် ဤသုတ်ကို အားထုတ်ရသည်၊ ဗုဒ္ဓိကပ္ပိတာပါယံ-စိတ်ဖြင့် ကြံစည်အပ်သော ပူးပေါင်းမှု (စိတ္တသံယောဂ) ရှေ့သွား ရှိသော ခွဲခွာမှုကို၊ အင်္ဂကုဗ္ဗတော-ဝန်ခံသော၊ ဘာသကာရဿ-မဟာဘာသကျမ်းပြု ''ပတဉ္စလိ'' ရသေ့၏၊ မတေတု-အလို၌ကား၊ ဧတဿ-ဤသုတ်၏၊ ဗျဿတ္တံ (ဝိအဿတ္တံ)-အကျိုးမရှိသည်၏ အဖြစ်သည်၊ ဖုဋ္ဌမေဝ-ထင်ရှားသည်သာ။

၂၇၄။ ယေနဝါဒဿနံ—[''ယေန+ဝါ+အဒဿနံ'' ဟု ၃ ပုဒ်။] ယေနကို အဒဿနံ၌ ကတ္တားအဖြစ်ဖြင့် စပ်၊ ဣစ္ဆိတံ၏ ကတ္တားကို ''အန္တရဓာယန္တေန'' ဟု ရုပသိဒ္ဓိ၌ ထည့်သည်၊ ဥပဇ္ဈာယ်ဆရာမြင်မည်စိုး၍ (မြင်လျှင် တစုံတခုကို စေခိုင်းမည် သို့မဟုတ် အပြစ်ပေးမည်စိုး၍) တပည့်က ပုန်းကွယ်ရာ၌ ဥပဇ္ဈာယ် ဆရာသည် ''ယေန'' ၏ အရဖြစ်သော ကတ္တားတည်း၊ တပည့်ကား ဣစ္ဆိတံ၏ ကတ္တားတည်း၊ ထို အဒဿနံ၏ ကတ္တားဖြစ်သော (ယေန-အရ) ဥပဇ္ဈာယ်ဆရာသည်''ဥပဇ္ဈာယမှာ''

ဟု အပါဒါန် ဖြစ်ရသည်၊ မိဘမြင်မည်စိုး၍ သားက ပုန်းကွယ်ရာ၌လည်း မိဘသည် အပါဒါန်ဖြစ်၏၊ ရုပ်ကိုအခြေပြုမှီး၍ တွက်၊ မာတရာ ပိတရာတို့၌ မာတု ပိတု တည်, အပါဒါန် မှည့်, ပဥ္စမီသွာသက်, အမှတုမှန္တ၊ဖြင့် သွာကို နာကဲ့သို့ ငဲ့၍ တွက်လေ။

ဝါတိ၊ ေ၊သတ္တမီ ဝိဘတျတ္တံ–သတ္တမီဝိဘတ်ကို ဝါ သဒ္ဒါဖြင့် သက်ရမည်-ဟု ဆိုလိုသည်မဟုတ်, ဝါက ဝိကပ်ပြုသောကြောင့် အပါဒါန် မမြဲ၍ (ဩကာသေ သတ္တမီ သုတ်ဖြင့်) သတ္တမီ သက်ရခြင်း အကျိုးရှိသည်-ဟု ဆိုလိုသည်၊ "ဇေတဝနေ အန္တရ ဟိတော ဘဂဝါ၊" ၌ ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ တည်နေသူ လူအပေါင်း၏ မမြင်ခြင်းကို အလိုရှိတော်မူ၏၊ ထို့ကြောင့် ဇေတဝနသည် အဒဿနကြိယာ၏ ကတ္တားဖြစ်၍ ယေန အရလည်း ဟုတ်၏၊ ဘုရားရှင်ကလည်း ထိုဇေတဝန၏ မမြင်ခြင်း ကို အလိုရှိတော်မူ၏၊ ဤသို့ "ယေန-အရလည်း ဖြစ်ခြင်း, မမြင်စေလိုခြင်း" ဟု သုတ် အင်္ဂါစုံသော်လည်း ဝါသဒ္ဒါ မြစ်သောကြောင့် အပါဒါန် မမှည့်ရ၊ ဇေတဝန ဟု တည်,ဤသုတ်ဖြင့် အပါဒါန် မှည့်သင့်သော်လည်း ဝါသဒ္ဒါ မြစ်သောကြောင့် မမှည့်ရ-ဟု ဆို၍ ဩကာသမှည့်,သတ္တမီသက်၍ ရုပ်တွက်လေ။ [ဇေတဝနေကို"ဇေတဝနဋ္ဌေ- ဇေတဝန်၌ တည်သူ လူအပေါင်း၌" ဟု ရူပသိဒ္ဓိဋီကာ ဖွင့်၏၊ ထိုသို့ ဖွင့်သဖြင့် (ဌာန ဇေတဝန်ကျောင်း၏ အမည်ကို ဌာနီ လူ အပေါင်း၌ တင်စားသော) ဌာနူပစာ ဟု သိစေသည်။]

**မှတ်ချက်။** ။မြင်မည်ကို စိုးရိမ် ကြောက်ရွံ့၍ ပုန်းရှောင်ခြင်း တမျိုး, မြင်မည်ကို မကြောက်ပဲ အကြောင်းအားလျော်စွာ မမြင်စေလိုသောကြောင့် ကွယ်ပျောက်နေခြင်း တမျိုး-ဟု အန္တရဓာန ၂ မျိုးရှိ၏၊ ထိုတွင် ပဌမကွယ်ခြင်းမျိုး၌ ပုန်းရှောင်ခြင်း ဖြစ် သောကြောင့် အပါဒါန် သဘောသက်၍ အပါဒါန် မှည့်ရသည်၊ ဘုရားရှင်၏ ကွယ် ခြင်းကဲ့သို့သော ဒုတိယ ကွယ်ခြင်းမျိုး၌ အပါဒါန်သဘော မရှိသောကြောင့် အပါဒါန် မမှည့်ရ၊ "ယတ္ထေ၀ တတ္ထေ၀ အန္တရဓာယတိ=နတ်သည် ထိုနေရာ၌ပင် ကွယ်၏" ၌လည်း ကြောက်ရွံ့၍ ကွယ်ခြင်းမျိုး မဟုတ်သောကြောင့် အပါဒါန် မမှည့်ရ။

**ဤသုတ် တည်ရကျိုး။** ။ပုန်းကွယ်ရာ၌ ဥပဇ္ဈာယ်နှင့် တပည့်သည် ပူးပေါင်းမှု ကာယသံယောဂ မရှိ၊ ထို့ကြောင့် ယဿာ ဒပေတိ သုတ်ဖြင့် အပါဒါန် မမှည့်နိုင်၊ "ဥပဇ္ဈာယ-သိဿ" ဟု ၂ ခု ရှိနေ၍ "ဥပဇ္ဈာယော အန္တရဓာယတိ သိဿာ" ဟု သိဿကိုပင် အပါဒါန် မှည့်ရလေမည်လား....ဟု ယုံမှားဖွယ် ရှိသောကြောင့် ဓာတု ယောဂ အပါဒါန်၌လည်း မသွင်းနိုင်၊ ထို့ကြောင့် ဤသုတ်ကို ထပ်၍ တည်ရပြန် သည်၊ စိတ္တသံယောဂ ပုဗ္ဗက အပါဒါန်ကို အလိုရှိကြသော ဆရာတို့၏ အလိုအားဖြင့် ကား "ဥပဇ္ဈာယ" ကို အာရုံပြုရာ၌ တပည့်နှင့် ဥပဇ္ဈာယ်ဆရာသည် စိတ်အားဖြင့် ပေါင်းမိ၍ စိတ္တသံယောဂ ဖြစ်၏၊ ထို့နောက် ကြောက်ရွံ့၍ ပုန်းကွယ်ကာ စိတ်ခွာ ခွာနေ၏၊ ထို့ကြောင့် ယဿာဒပေတိဖြင့် အပါဒါန် မှည့်နိုင်ရကား ဤသုတ်ကို အပို ဟု ဆိုရပေလိမ့်မည်။

ဒူရန္တိကါပေ၊ ကတ္တုသုစ ၂၇၅။ ဒူရတ္ထေ-ဒူရ အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ, ဒူရ အနက်၌လည်းကောင်း၊ အန္တိကတ္ထေ-အန္တိက အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ အဒ္ဓနိမ္မာနေ-အဓွန့်အတိုင်း အရှည်ကို ပြရာ၌လည်းကောင်း၊ ကာလနိမ္မာနေ-ကာလအတိုင်းအရှည်ကို ပြရာ၌ လည်းကောင်း၊ တွာလောပေ-တွာ ပစ္စယန္တပုဒ် ကြေရာ၌လည်းကောင်း၊ ဒိသာ ယောဂေ-ဒိသာ အနက်ရှိသော သဒ္ဒါတို့၏ယှဉ်ရာ,ဒိသာ အနက်၌လည်းကောင်း၊ ဝိဘတ္တေ-ဝေဖန်ခြင်း အနက်၌လည်းကောင်း၊ အာရပ္ပယောဂေ-ရှောင်ကြဉ် ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ သုဒ္ဓေ-စင်ကြယ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ ပမောစနေ - လွတ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ ဟေတွတ္ထေ-ဟိတ်အနက် ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ, ဟိတ်အနက်၌လည်းကောင်း၊ ဝိဝိတ္တတ္ထေ-ကင်း ဆိတ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ ပမာဏေ- နှိုင်းယှဉ်တိုင်းတာခြင်း အနက်၌လည်းကောင်း၊ ပုဗ္ဗယောဂေ-ပုဗ္ဗစသော သဒ္ဒါ တို့၏ ယှဉ်ရာ၌လည်းကောင်း၊ ဗန္ဓနေ-နှောင်ဖွဲ့ခြင်းအနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်းကောင်း၊ ဂုဏဝစနေ-ဂုဏဟိတ်ကိုဟောသော သဒ္ဒါ၌လည်း ကောင်း၊ ပဉှေ-မေးခြင်း၌လည်းကောင်း၊ ကထနေ-ပြေခြင်း၌လည်းကောင်း၊ ထောကေ-အနည်းငယ် ဟူသော အနက်၌လည်းကောင်း၊ အကတ္တရိစ-ဟေတု ကတ္တား မဟုတ်သော ဟိတ်အနက်၌လည်းကောင်း၊ ဋ္ဌစေတေသု အတ္ထေသု- ဤအနက်တို့၌ လည်းကောင်း၊ ဋ္ဌစေတေသု ပယောဂေသု - ဤယှဉ်ရာတို့၌ လည်းကောင်း၊ တံကာရကံ - ထိုကာရကသည်၊ အပါဒါနသညံ - ရှိသည်၊ ဟောတိ။ (၃၁၂)။

(က) တာဝ-ရှေးဦးစွာ၊ ဒူရတ္ထေ-ဒူရ အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ, ဒူရအနက်၌၊ (အပါဒါနံ-အပါဒါန် အမည်သည်၊ ဟောတိ-၏၊) ဋ္ဌတော-

---

၂၇၅။ ဤဝုတ္တိကို အနက်ပေးရာ၌ သဒ္ဒါရှိတိုင်းမဟုတ်ပဲ အချို့ အနက်များကို အပိုထည့်၍ ပေးထားသည်၊ ထိုသို့ အပိုထည့်၍ ပေးခြင်းမှာလည်း ပုံစံများကိုကြည့်၍ ပေးခြင်းဖြစ်၏၊ ထို့ကြောင့် ဤဝုတ္တိအနက်ပေးပုံကို ပုံစံကျမှ ရှင်းပြမည်၊ ဒူရတ္ထေစသည်၌ အတ္ထသဒ္ဒါလည်း ရသင့်၍ အပိုထည့်အပ်သော သဒ္ဒါတည်း၊ သီဟိုဠ်မူ၌ ''ဋ္ဌစေတေသု အတ္ထေသု ပယောဂေသု'' ဟု ရှိ၏၊ သဒ္ဒနီတိ၌ ''ပယောဂေသုစ'' ဟု စလည်းပါ၏၊ ဒိသာယောဂေ-စသည်ဖြင့် ယှဉ်ရာ ပုဒ်များကိုလည်း ပြထားသောကြောင့် ''ပယော ဂေသု'' ပါသော သီဟိုဠ်မူသာ ပို၍ကောင်းသည်။

(က) ဒူရတ္ထတာဝ—တာဝသဒ္ဒါသည် ပဌမအနက်ဟော နိပါတ်ပုဒ်တည်း၊ အန္တိကတ္ထ စသည့်တို့မှ ရှေးဦးစွာ-ဟူလို၊ [နိဒ္ဒေသ၌ကား တာဝကို ''ဝတ္တဗ္ဗနုက္ကမ ပေက္ခဝစနံ-ဆိုအပ်လတ္တံ့သော အန္တိကစသည်ကို ငဲ့သောသဒ္ဒါ''ဟု ဆို၏၊] ဒူရတ္ထေ၌ ''ဒူရတ္ထ ပယောဂ+ဒူရတ္ထ'' ဟု ၂ ပုဒ် ဖြစ်သင့်လျက် ဒူရတ္ထပယောဂကို ချေ-ဒူရတ္ထဟု

ဤအရပ်မှ၊ နဠကာရ ဂါမော - ကျုူထရံသည်တို့၏ ရွာသည်၊ ကီဝဒူရော-ဘယ့်လောက်ဝေးသနည်း၊ ဒူရတော၀-အဝေးမှပင်၊ အာဂမ္မ-လာ၍၊ တေမောဃပုရိသာ-ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားတို့သည်၊ ဣမသ္မာ ဓမ္မ ဝိနယာ-ဤ သာသနာတော်မှ၊ အာရကာ-ဝေးကုန်၏၊ ဒုတိယာစ-ဒုတိယာဝိဘတ်သည်လည်းကောင်း၊ တတိယာစ - တတိယာဝိဘတ်သည်လည်းကောင်း၊

---

ကေသေသ်ပြ၍ "ဒူရတ္ထေ" ဟု ဆိုထားသည်၊ "ဒူရတ္ထုပ္ပယောဂေ စ-ဒူရအနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာလည်း၊ ဒူရတ္ထေ ၁စ-ဒူရအနက်လည်း၊ ဝါ-အဝေးဟူသော အနက်လည်း၊ ဒူရတ္ထော-ဒူရအနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ ဒူရအနက်" ဟု ပေး၊ ထိုတွင် ဒူရတ္ထုပ္ပယောဂ၌ အဝေးအနက်ကို ဟောသော ဒူရ အာရကာ သဒ္ဒါတို့ကို ယူ၊ "ဒူရဿ အတ္ထော ယေသံတိ ဒူရတ္ထာ" ဟု ဝိဂ္ဂဟပြု။

ထိုတွင် ဒူရတော၀ါဂမ္မ၌ ဒူရတောသည် ဒူရ အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ မဟုတ်, သူ့ကိုယ်တိုင် အဝေးအနက်ကို ဟောသောသဒ္ဒါတည်း၊ ထို ဒူရသဒ္ဒါ၏ အနက် (ဒူရတ္ထ) ၌ ဤသုတ်ဖြင့် အပါဒါန် မည်သည်၊ ဒူရတောကို ဒူရ လိင်တည်, ဒူရန္တိက စသောသုတ်ဖြင့် ဒူရအနက်၌ အပါဒါန်မည်၊ ကွစိတော ပဉ္စမျတ္ထေသုတ်ဖြင့် အပါဒါန်အနက်၌ တောပစ္စည်းသက်၊ ကီဝဒူရော ဣတော၌ ဣမသဒ္ဒါ, အာရကာ ဣမသ္မာ ဓမ္မဝိနယာ၌ ဣမ-ဓမ္မဝိနယသဒ္ဒါတို့သည် ဒူရတ္ထုပ္ပယောဂ တို့တည်း၊ ရုပ်တွက်ရာ၌ "ဒူရတ္ထုပ္ပယောဂဖြစ်သော ဣမ-ဓမ္မဝိနယတို့ကို အပါဒါန်မည့်" ဟုဆို၊ တောပစ္စည်းနှင့် သ္မာဝိဘတ်သက်၍ တွက်လေ။ [ယခုစာတို့၌ "အာရကာ ဝေါ" ဟု တွေ့ရ၏၊ ရှုနှင့် အခြားကျမ်းတို့၌ "အာရကာ တေ" ဟု ချည်းရှိသည်၊] ဤသို့ ဒူရတ္ထုပ္ပယောဂ, ဒူရတ္ထ" ဟု ၂ မျိုးသာ ခွဲပြခြင်းသည် ရူပသိဒ္ဓိ အလိုတည်း။

နိဒ္ဒေသ၌ကား "ဒူရေစ ဒူရပယောဂေစ ဒူရတ္ထုပယောဂေစ" ဟု ၃ ပုဒ် ကေသေသ်ပြ၏၊ "ဒူရေစဖြင့် ဒူရတောကို ပြ၍, ဒူရပယောဂေစဖြင့် ဣမသ္မာ ဓမ္မဝိနယာကိုလည်းကောင်း, ဒူရတ္ထုပယောဂေဖြင့် ဣတောကိုလည်းကောင်း ပြ၏" ဟု ဆိုသည်၊ ဒူရေစ-အဝေးအနက်၌လည်း၊ ဒူရပယောဂေစ-ဒူရသဒ္ဒါ၏ ယှဉ်ရာ၌လည်း၊ ဒူရတ္ထုပယောဂေစ-ဒူရ အနက်ရှိသော အာရကာ နိပါတ်၏ ယှဉ်ရာ၌လည်း၊ "ဒူရတ္ထ-ဒူရ အနက်, ဒူရသဒ္ဒါ၏ ယှဉ်ရာ, ဒူရအနက်ရှိသော သဒ္ဒါ၏ ယှဉ်ရာ၌" ဟု ဆို၊ သို့သော် ဒူရတ္ထုပယောဂဝယ် "ဒူရဿ အတ္ထော ယေသံတိ ဒူရတ္ထာ" ဟု ဝိဂ္ဂဟပြုလျှင် ဒူရသဒ္ဒါ အာရကာသဒ္ဒါ ၂ မျိုးလုံးကို ရသောကြောင့် ရူပသိဒ္ဓိ၌ "ဒူရတ္ထုပယောဂ, ဒူရတ္ထ" ဟု ၂ မျိုးမျှခွဲရုံဖြင့် နိဒ္ဒေသ၌ပြသော ၃ မျိုးလုံးကို ခြုံနိုင်သည်-ဟု မှတ်။

**ဒုတိယာစ တတိယာစ**—ဒူရံ ဂါမံ, ဒူရေန ဂါမေနတို့၌ "ဒူရ-ဂါမ" တည်၍ ထောကာကတ္တ။သုတ်၌ စ သဒ္ဒါဖြင့် ဒုတိယာ အံ ဝိဘတ် တတိယာ နာဝိဘတ် သက်ပါ၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ "စသဒ္ဒေန ယထာပယောဂံ ဒုတိယာ တတိယာ ဆဋ္ဌီစ" ဟုလည်းကောင်း ပါဏိနီသုတ် ဝုတ္တိတို့၌ "ဒူရန္တိ ကတ္ထေဟိ ဒုတိယာစ (သုတ်)၊ တေဟိ ဒုတိယာ ဘဝတိ, စကာရေန ပဉ္စမီ တတိယာ" ဟုလည်းကောင်း မိန့်ကြသည်။

(ဟောတိ)၊ ဒူရံ-ဝေးသော၊ ဂါမံ-ရွာမှ၊ အာဂတော-လာ၏၊ ဝါ-တနည်း၊ ဒူရေန-သော၊ဂါမေန-မှ၊အာဂတော-၏၊ ဣမံ ဓမ္မဝိနယံ-ဤ သာသနာတော်မှ၊ ဝါ, အနေန ဓမ္မဝိနယေန-မှ၊ အာရကာ-ကုန်၏၊ ဣစ္စေဝမာဒိ-ဤသို့ အစရှိသည်တည်း။

(ခ) အန္တိကတ္ထေ-အန္တိက အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌၊ (အပါဒါန်သည်၊ ဟောတိ-၏၊) ဂါမာ-၏၊ အန္တိကံ-အနီးတည်း၊ (နောက်၌ "အာသန္နံ သမီပံ အနီးတည်း၊ သဒ္ဓမ္မာ-သူတော်ကောင်းတရား၏၊ ဂါမံ, ဂါမေန,သဒ္ဓမ္မံ, သဒ္ဓမ္မေန-၏"ဟု ပေး၊) ဣစ္စေဝမာဒိ-တည်း။

---

[နိဒ္ဒေသ၌ကား "ဒုတိယာ တတိယာစ" ဟူသော စကားသည် အကျိုးဝိဘတ်၏ အမည်ကို အကြောင်းအပါဒါနသညာ၌ တင်စားသော ဖလူပစာရစကားတည်း၊ ထို့ကြောင့် ဤသုတ်ဖြင့် အပါဒါ အမည်သာမှည့်၍, ဒုတိယာ ပဥ္စမီသုတ်၌ စသဒ္ဒါဖြင့် ဒုတိယာတတိယာသက်-ဟု ဆို၏၊ သို့သော် ကစ္စည်းဝုတ္တိဆရာသည် ပါဏိနီသုတ်ဝုတ္တိတို့ကို မှီးသောကြောင့် နိဒ္ဒေသ အဆိုသည် ကစ္စည်းဝုတ္တိဆရာ၏ အလိုကျမည် မထင်။]

**ဒူရံ ဂါမံ၊ ပေ၊ ဓမ္မဝိနယေန ဝါ**—ဒူရံ ဂါမံ၌ အံဝိဘတ်သည် ရိုးရာဖြစ်သော ကံအနက်ကို ဟောလိုလျှင် ကမ္မတ္ထေ ဒုတိယာသုတ်ဖြင့် သက်နိုင်သောကြောင့် ဤသုတ်၌ ဆိုဖွယ် မလို၊ ဒူရေန ဂါမေန၌ တတိယာဝိဘတ်လည်း ကရိုဏ်းအနက်ကို ဟောလိုလျှင် ကရဏေ တတိယာသုတ်ဖြင့် ပြီးနိုင်သောကြောင့် ဤ၌ ဆိုဖွယ် မလို၊ ဤသုတ်၌ ဆိုခြင်းကြောင့်ကား ထို ဒုတိယာ တတိယာ ဝိဘတ်များသည်"မှ"ဟူသော အပါဒါန် အနက်ကို ဟောလိုကြောင်း ထင်ရှား၏၊ ထို့ကြောင့် ရူ၌လည်းကောင်း, သဒ္ဒနီတိ၌ လည်းကောင်း "ဒူရာ ဂါမာ (မှ) အာဂတော တျတ္ထော"ဟု ဖွင့်သည်၊ အာရကာ ဣမံ ဓမ္မဝိနယံ အနေန ဓမ္မဝိနယေန တို့၌လည်း နည်းတူ။ [ဝိနေတိ ဧတ္ထ ဓေတေနာတိ ဝိနယော, ဓမ္မေန ဝိနယော ဓမ္မဝိနယော=တရားသဖြင့် ဆုံးမရာဖြစ်သော သာသနာတော်။]

(ခ) **အန္တိကတ္ထေ**—"အန္တိကတ္ထုပယောဂေ" ဟု ဆိုသင့်လျက် ပယောဂကို ချေထားသည်ဟု ကြံ "အန္တိကဿ အတ္ထော ယေသံတိ အန္တိကတ္ထာ၊ ယေသံ-အကြင် အန္တိက အာသန္န သမီပ တို့၏၊ အန္တိကဿ-အန္တိကသဒ္ဒါ၏၊ အတ္ထော-အနီးဟူသော အနက်သည်၊ အတ္ထိ-၏" ဟု ပေး၊ ထိုအနီးအနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာဖြစ်သော ဂါမ-သဒ္ဓမ္မတို့ကို အပါဒါန်မှည့်၍ ရှေးနည်းအတိုင်း ရုပ်တွက်၊ သမ္ဗာဝိဘတ်ဖြစ်လျက် "ဂါမာ-ရွာ၏" ဟု သာမီအနက် ပေးခြင်းကား၊ "ဂါမဿ သမီပံတိ အတ္ထော" ဟု ဖွင့်သော ရူနှင့် နီတိတို့ အလိုတည်း၊ "ဂါမာ ဒူရံ, ဂါမာ ဝိပ္ပကဋ္ဌံ, ဂါမာ အန္တိကံ, ဂါမာ နိကဋံ, ဗဟိဂါမာ, အာရာ ဂါမာတိ ဗုဒ္ဓိကတာဝဓိတ္တာ (စိတ်သည် ပိုင်းခြားအပ်သော အဝဓိ၏ အဖြစ်ကြောင့်) ဟု ပဥ္စမီ"ဖွင့်သော ကာတန္တဋီကာ အလိုအားဖြင့်ကား "ဂါမာ-ရွာမှ၊ အန္တိကံ-တည်း" ဟု အပါဒါန် အနက်ပင် ပေးရမည်။ [သက္ကတအဆိုနှင့်စပ်၍ အခြားမှတ်ဖွယ်များကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထားပြီ။]

(၈) အဒ္ဒနိမ္မာနေ-ခရီးအဝွန့်ကို တိုင်းတာရာ၌၊ (အပါဒါနံ ဟောတိ)၊ ဂ္ဂတော မထုရာယ-ဤ မထုရာပြည်မှ၊ စတူသု ယောဇနေသု- ၄ ယူဇနာတို့၌၊ သင်္ကဿံနာမ-သင်္ကဿ မည်သော၊ နဂရံ - မြို့သည်၊ အတ္ထိ-ရှိ၏၊ တတ္ထ-ထို သင်္ကဿမြို့၌၊ ဗဟူ-များစွာကုန်သော၊ ဇနာ-လူတို့သည်၊ ဝသန္တိ-နေကုန်၏၊ ဣစ္စေဝမာဒိ-ဤသို့ အစရှိသည်တည်း။

ကာလနိမ္မာနေ-ကာလကို တိုင်းတာရာ၌၊ (အပါဒါနံ ဟောတိ)၊ ဘိက္ခဝေ-တို့၊ ဣတော-ဤကမ္ဘာမှ၊ ဧကနဝုတိကပ္ပေ- ၉၁ ကမ္ဘာထက်၌၊ ဝိပဿီနာမ-ဝိပဿီမည်တော်မူသော၊ ဘဂဝါ-သည်၊ လောကေ-လောက၌၊ ဥဒပါဒိ-ထင်ရှားပွင့်တော်မူပြီ၊ ဣတော-ဤနေ့မှ၊ တိဏ္ဏံ မာသာနံ-၃လ တို့၏၊ အစ္စယေန-လွန်ရာအခါ၌၊ ပရိနိဗ္ဗာယိဿာမိ-ပရိနိဗ္ဗာန်ပြုတော်မူအံ့၊ ဣစ္စေဝမာဒိ-တည်း။

---

(၈) အဒ္ဓကာလနိမ္မာန—သုတ်၌ "အဒ္ဓကာလနိမ္မာန" ကို အဒ္ဒနိမ္မာန-ကာလ နိမ္မာနဟု ၂မျိုးခွဲ၊ ထိုတွင် အဒ္ဒနိမ္မာနကို ရှေးဦးစွာပြလိုသောကြောင့် "အဒ္ဒနိမ္မာနေ" စသည်ကို မိန့်၊ နိမ္မာနသဒ္ဒါသည် တန်ခိုးဖန်ဆင်းခြင်း အနက်, အတိုင်းအရှည်ဟူသော အနက် စသည်ကိုဟော၏၊ ထိုတွင် ဤနေရာ၌ အတိုင်းအရှည်ကို နိမ္မာန ဟု ခေါ်သည်၊ ထို အတိုင်းအရှည်ကိုပြရာ ပါဠိရပ်ကိုကား (အနက်၏အမည်ကို သဒ္ဒါပေါ် တင်စား၍ ကာရဏူပစာရအားဖြင့်) နိမ္မာန ဟု ခေါ်သည်၊ တနည်း-"နိမ္မီယတေ ဧတေနာတိ နိမ္မာနံ" ဟု ဝိဂ္ဂြိုဟ်ပြု၍ တိုင်းတာကြောင်း စကားရပ်ကို "နိမ္မာန" ခေါ်သည်ဟု မှတ်။

**အပါဒါန်မှည့်ရာ ပုံစံ။** ။ထိုသို့ အဝွန့်-ကာလကို တိုင်းတာကြောင်း ပါဠိရပ် (တဝါကျ) ၌ မူလစ၍ တိုင်းတာရာအရပ် ကာလသည် အပါဒါန်ဖြစ်၏၊ ထို မူလ ဌာန-မူလကာလနှင့် ယှဉ်ဖက်ဖြစ်သော ပုဒ်ချားတွင် အဒ္ဓါဟော သဒ္ဒါနောင် ပဉ္စမာ ဝိဘတ်-သတ္တမီဝိဘတ် ၂ မျိုး သက်နိုင်၏၊ ကာလဟော သဒ္ဒါနောင်ကား သတ္တမီသာ သက်နိုင်၏-ဟု သဒ္ဒတ ဇ္ဇာကရကျမ်းတို့၌ သတ်မှတ်သည်၊ "ဣတော မထုရာယ၊ပေ၊ အတ္ထိ" ဟူသော ဝါကျသည် "မထုရာပြည်နှင့် သင်္ကဿမြို့ ၄ ယူဇနာဝေးသည်" ဟု ခရီးအဝွန့်ကို တိုင်းတာပြသော ဝါကျတည်း၊ ဣတော မထုရာယသည် မူလတိုင်းတာ ရာ ဌာနတည်း၊ ထို့ကြောင့် ဣမ-မထုရာတည်, ဤသုတ်ဖြင့် အပါဒါန်မှည့်၊ တော ပစ္စည်းသက်, သ္မာသက်၍ အာယပြု၊ စတူသု ယောဇနေသုကား ထိုဌာနနှင့် ယှဉ်ဖက် တည်း၊ ထို့ကြောင့် သတ္တမီဝိဘတ် သက်ထားသည်၊ ဤသတ္တမီကား ဤသုတ်နှင့် မဆိုင်, ဩကာသေသတ္တမီနှင့်သာ ဆိုင်၏၊ "ဣတော မထုရာယ သင်္ကဿံ နာမ နဂရံ စတ္တာရိ ယောဇနာနိ (၄ ယူဇနာတို့တည်း)" ဟု ပဉ္စမာလည်း သက်နိုင်သည်၊ ကာလနိမ္မာန၌လည်း မူလတိုင်းတာရာ ဤကမ္ဘာကို "ဣတော"ဟု အပါဒါန် မှည့်ပုံ ကိုလည်းကောင်း, "ထိုနှင့် ယှဉ်ဖက်ကာလဝါစက သဒ္ဒါကို "ကပ္ပေ" ဟု သတ္တမီဖြင့် ထားပုံကိုလည်းကောင်း သိလေ၊ ဣတော တိဏ္ဏံ မာသာနံ အစ္စယေန" ၌လည်း အစ္စ

(ဃ) ဏ္ဍာလောပေ - တ္ဍာပစ္စယန္တပုဒ် ကြေရာ၌၊ ကမ္မာဓိကရဏာသ-ကံအနက်, အဓိကရဏာ အနက်တို့၌၊ (အပါဒါနံ ဟောတိ)၊ ပါသာဒါ ပြာသာဒ်သို့ (တက်၍)၊ သက်မေယျ - ပြောင်းရွှေ့ရာ၏၊ ဝါ - တနည်း၊ ပါသာဒံ-ပြာသာဒ်သို့၊ အဘိရုဟိတွာ-တက်၍၊ (သက်မေယျ-၏)၊ ပဗ္ဗတာ-

---

ယေနကို "၌" ဟု ပေးရသောကြောင့် ဩကာသအနက်၌ တတိယာသက်ရကား သတ္တမိဝိဘတ်ထားခြင်းနှင့် သဘောတူပင်။

[ဆောင်] အဒ္ဓကာလ, နိမ္မာနှ၌, မူလတိုင်းရာ, အပါဒါန်မှည့်၊ ထို၏ယှဉ်ရာ, အခွန့်မှာမူ, ပဌမာ သတ္တမီ, နှစ်လီဝိဘတ်, သက်ဖို့မှတ်၍, နောက်ထပ်ကာလ-ဝါစကဝယ်, သတ္တမီမျှ, သက်ခွင့်ရ, သက္ကတ၌ ဆို။

**မထုရာပါဌ်မှန်ကြောင်း**။ ။မထုရာ, မဓုရာ ဟု ပါဌ် ၂ ထွေ ရေးသားကြရာ၌ မဓုရာသည် "သတ္တုဿနမင်း" တည်အပ်သောမြို့တည်း၊ ထို့နောက် "ယာဒဝ"မင်းသည် ထိုမြို့၏ မနီးမဝေးဖြစ်သော ယမုနာမြစ်ကမ်း၌ "မထုရာ "ဟု သမုတ်၍မြို့သစ်တည်ပြန်၏၊ ထိုအခါ မဓုရာမြို့ဟောင်းပျက်၍ တောဖြစ်လေတော့၏၊ ယခုအခါ မဓုရာမြို့နယ်၌" မဓုဝန" မည်သော တောသည် မဓုရာမြို့၏ နေရာပင်တည်း၊ ထို မထုရာမြို့သည် အိန္ဒိယတောင်ပိုင်း-မြောက်ပိုင်း ၂ နေရာ၌ ရှိ၏၊ ထို့ကြောင့် "မထုရာယန္တိ-ဥတ္တရ မထုရာယံ"ဟု မဇ္ဈိမပဏ္ဏာသ မာထုရိယသုတ် ဋီကာဖွင့်၍ "ပဏ္ဍုရာဇာတိ-ဒက္ခိဏ မထုရာဓိပတိ" ဟု ဖြဟ္မဇာလသုတ်ဋီကာဖွင့်၏၊ ထို့ကြောင့် မထုရာသာ ပါဌ်မှန်-ဟု မောဂ္ဂလ္လာန်နိဿယ (ဏွာဒိကဏ္ဍ) ၌ ဆုံးဖြတ်တော်မူသည်။

(ဃ) **ဏ္ဍာလောပေ**–အဘိရုဟိတွာကဲ့သို့ ဏ္ဍာပစ္စယန္တကိုပင် "ဏ္ဍာ" ဟု ဆို၏၊ အစိတ်ဏ္ဍာ၏ အမည်ကို အပေါင်းဏ္ဍာ ပစ္စယန္တပုဒ်၌ တင်စားထားသော ဧကဒေသူပစာ စကားတည်း၊ လောပဟူသည် "လောပေါတိ အဒဿနံ အနုစ္စာရဏံ" နှင့် အညီ ထို ဏ္ဍာပစ္စယန္တပုဒ်ကို မမြင်ရ-မရွတ်ဆိုရခြင်းတည်း။ [လောပေါတိ-လောပဟူသည်၊ အဒဿနံ-မမြင်ရခြင်း၊ အနုစ္စာရဏံ-မရွတ်ဆိုရခြင်းတည်း၊] ဆိုလိုရင်းကား-ပါဠိကို ရိုးရိုးစီမည်ဆိုလျှင် "ပါသာဒံ အဘိရုဟိတွာ"သက်မေယျ-ပြာသာဒ်သို့ တက်ပြီး၍ ပြောင်းရွှေ့ရာ၏" ဟု စီရာ၏၊ သို့သော် "အဘိရုဟိတွာ" ဟူသော ဏ္ဍာပစ္စယန္တပုဒ်ကို မထည့်သော်လည်း အနက်အဓိပ္ပာယ် သိလောက်လျှင် မထည့်ဘဲလည်း ပါဠိစီနိုင်၏၊ ဤသို့လျှင် ဏ္ဍာပစ္စယန္တပုဒ်ကို မထည့်သော်လည်း ထိုပုဒ်၏ အနက်က သိလောက်သောကြောင့် စကားကျဉ်းအောင် ဏ္ဍာပစ္စယန္တပုဒ်ကို မထည့်ခြင်း မရွတ်ဆိုခြင်းကို "ဏ္ဍာလောပ" ခေါ်သည်-ဟု မှတ်၊ ဏ္ဍာပစ္စယန္တပုဒ်ကို ထည့်ပြီးမှ ချေပစ်ခြင်းကို "ဏ္ဍာလောပ" ခေါ်သည်ဟု မမှတ်လင့်။

**သက္ကတ**။ ။လျပ်လောပေ ကမ္မန္ယာဓိကရဏေစ (ဝါတ္တိကသုတ်)၊ ပါသာဒါ ပေက္ခတေ, အာသနာ ပေက္ခတေ၊ ပါသာဒံ အာရုဟျ, အာသနေ ဥပဝိဿ ပေက္ခတေ ဣစ္စတ္ထော (သိဒ္ဓန္တကောမုဒီ ဝုတ္တိ)၊ လျပ်လောပေတိ-လျဗန္တဿ ဂမျမာနတ္ထတာ အပ္ပယောဂေါ ဣစ္စတ္ထော (ဋင်းဋီကာ)၊ [လျပ်လောပေ-လျပ်ပစ္စည်းကြေရာ၌၊ ကမ္မနိ-

တောင်သို့ (တက်၍)၊ သက်မေယျ-၏၊ ဝါ, ပဗ္ဗတံ-သို့၊ အဘိရုဟိတွာ-၍၊ (သက်မေယျ)၊ ဟတ္ထိက္ခန္ဓာ-ဆင်ကျောက်ကုန်းသို့ (တက်၍)၊ သက်မေယျ-၏၊ ဝါ, ဟတ္ထိက္ခန္ဓံ-သို့၊ အဘိရုဟိတွာ-၍၊ (သက်မေယျ)၊ အာသနာ-နေရာ၌ (ထိုင်၍)၊သက်မေယျ-၏၊ ဝါ,အာသနေ-၌၊ နိသီဒိတွာ-ထိုင်၍၊ (သက်မေယျ)၊ ဋ္ဌစေ့ဝမာဒိ-တည်း။

---

ကံ၌လည်းကောင်း အဓိကရဏေစ-၌လည်းကောင်း၊ အပါဒါန်-ကို၊ ဥပသင်္ချာန်-ဆို အပ်၏၊ (သုတ်နက်)၊ လျပ်လောပေတိ-ဟူသည်ကား၊ လျဗန္တသဒ္ဒ-လျပ်ပစ္စည်း အဆုံးရှိသော ပုဒ်၏၊ ဂမျမာနတ္တတာ-သိလောက်သော အနက်ရှိသည်၏ အဖြစ် ကြောင့် အပ္ပယောဂေ-မယှဉ်စပ် မသုံးစွဲရခြင်းတည်း၊ (လျပ်ပစ္စယန္တဖြင့် တွာပစ္စ ယန္တကိုလည်း ယူ)။]

[ဆောင်] တွာပစ္စယန္တ, ဖော်ထုတ်ပြဖို့, မုချစာသွား, ရှိတုံငြားလည်း, စကားလည်း ကျဉ်း, သိလောက်ခြင်းကြောင့်, မူရင်းလျော့စေ, မဖော်ချေ, ခေါ်လေ တွာလောပ။

**ကမ္မာဓိကရဏေသု**—ထိုသို့ တွာလောပ ပြုထားသည့်အခါ ပါသာဒံ ဟူသော ကံပုဒ်လည်း မရှိရတော့ပဲ ကံအနက်၌ အပါဒါန်မှည့် ပဉ္စမီသက်၍ "ပါသာဒါ"ဟု ရှိရတော့၏၊ အာသနေဟု အာဓာရလည်း မရှိရတော့ပဲ အာဓာရအနက်၌ အပါဒါန် မှည့်-ပဉ္စမီသက်၍ "အာသနာ" ဟု ရှိရတော့သည်၊ ထို့ကြောင့် အနက်ပေးသည့် အခါ"ပါသာဒါ-ပြာသာဒ်သို့"ဟု ကံအနက်ပေး၍ တွာပစ္စယန္တပုဒ်၏ အနက်ကိုကား သိလောက်သောကြောင့် (တက်၍) ဟု ထည့်ပေးရသည်၊ "အာသနာ-နေရာ၌ (ထိုင်၍)" ဟု အနက်ပေးရာ၌လည်း နည်းတူ။

**သိလောက်ပုံ**။ ။"ပါသာဒါ-ပြာသာဒ်သို့၊ (....) သက်မေယျ-ပြောင်းရွှေ့ရာ ၏" ဟု ဆိုလျှင် ပြာသာဒ်သို့ မတက်သေးပဲ ပြောင်းရွှေ့၍ မဖြစ်, တက်ပြီးမှသာ ပြောင်းရွှေ့၍ဖြစ်၏၊ ကျောက်ဖျာ၏ အရှေ့စွန်း အနောက်စွန်း၌ သမင်၏ ခြေရာကို တွေ့လျှင် ကျောက်ဖျာပေါ်၌ သမင်ခြေရာမတွေ့သော်လည်း သမင်ဖြတ်သွားကြောင်း ကို မှန်းဆ၍သိနိုင်၏၊ ဤသို့ မှန်းဆ၍သိနိုင်သည်ကို ဂမျမာနတ္တဟု ခေါ်သည်။ [ဟတ္ထိက္ခန္ဓာ, အာသနာတို့၌လည်း နည်းတူ။]

**အပါဒါန်အနက်ကို စဉ်းစား**။ ။"ပါသာဒါ-မှ၊ သက်မေယျ-၏" ဟု အပါ ဒါန် အနက်ပေးစေလိုလျှင် တွာလောပ အပါဒါန်ပင် မဆိုထိုက်၊ ပြာသာဒ်သည် ပြောင်းရွှေ့ဖဲခွာရာဖြစ်သောကြောင့် "ယသ္မာ ဒပေတိ"အရ ရိုးရိုး အပါဒါန်သာ ဖြစ် ထိုက်သည်၊ ဤ၌ကား "တွာလောပေ ကမ္မာဓိကရဏေသု" ဟု တွာလောပ အပါဒါန် လည်း ဆို, ကံအနက် အဓိကရဏအနက် ဟုလည်း ဆိုသောကြောင့် "ပြာသာဒ်မှ, နေရာမှ" ဟု ပေးကြသော အနက်ကို စဉ်းစားသင့်သည်။

**ပုံစံရင်းများ**။ ။ပါသာဒါ, ပဗ္ဗတာ ဟတ္ထိက္ခန္ဓာ, အာသနာတို့သာ ပုံစံတည်း၊ "ပါသာဒံ အဘိရုဟိတွာ၊ပေ၊အာသနေ နိသီဒိတွာ" တို့ကား ပါသာဒါ အာသနာ

(င) ဒိသာယောဂေ-ဒိသာသဒ္ဒါ၏ ယှဉ်ရာ, ဒိသာအနက်၌၊ (အပါဒါန် ဟောတိ)၊ အဝိစိတော-အဝိစိမှ၊ ယာဝ ဥပရိဘဝဂ္ဂံ-အထက်ဘဝဂ်တိုင်အောင်၊ ဧတ္ထန္တရေ-ဤအတွင်း၌၊ ဗဟူ-များစွာကုန်သော၊ သတ္တနိကာယာ- သတ္တဝါ အပေါင်းတို့သည်၊ ဝသန္တိ- နေကုန်၏၊ ယတော - အကြွင်အရပ်၌၊ ခေမံ- ဘေးမရှိ၊ တတော-ထိုအရပ်၌၊ ဘယံ-ဘေးရှိ၏၊ ပုရတ္ထိမတော-အရှေ့အရပ်၌၊ ဒက္ခိဏတော - တောင်အရပ်၌၊ ပစ္ဆိမတော - အနောက်အရပ်၌၊ ဥတ္တရတော- မြောက်အရပ်၌၊ အဂ္ဂီ-မီးတို့သည်၊ ပဇ္ဇလန္တိ-တောက်ကုန်၏၊ [သီမူ၌ "အဂ္ဂိ ပဇ္ဇလတိ"ဟု ကေဝုစ်ရှိ၏၊] ယတော-အကြွင်အရပ်မှ၊ ဘဂဝန္တံ-မြတ်စွာဘုရားကို၊ အဿောသုံ-ကြားသိရကုန်ပြီ၊ ပါဒတလာ-ခြေဖဝါးအပြင်မှ၊ ဥဒ္ဓံ-အထက်၌၊ ကေသမတ္ထကာ-ဆံပင်ဖျားမှ၊ အဓော-အောက်၌၊ ဣစ္စေဝမာဒိ-တည်း။

---

တို့၏အစား "ပါသာဒံ အဘိရုဟိတွာ အာသနေ နိသီဒိတွာ" ဟုလည်း ပါဠိစီနိုင်ကြောင်း ပြသော ဝါကျတည်း၊ ထိုပါသာဒံ၌ ကမ္မတ္ထေ ဒုတိယာဖြင့် အံသက်၍ (ပဇ္ဇတံ-ဟတ္ထိက္ခန္ဓံ၌လည်း နည်းတူ) အာသနေပုဒ်၌ကား ဩကာသေ သတ္တမီသုတ်ဖြင့် သတ္တမီသက်ရသည်၊ ပါသာဒါ စသည်ကို အခြေပြုကြည့်၍ ရုပ်တွက်ပါ။

(င) **ဒိသာယောဂေ**—ယာဝ ဥပရိဘဝဂ္ဂံ၌ ဥပရိသည် ဒိသာသဒ္ဒါတည်း၊ အဝိစိတောကား ထိုဒိသာသဒ္ဒါ၏ယှဉ်ရာ ပုဒ်တည်း၊ယတောခေမံ၌" "ယတော" သည် ဒိသာအနက်တည်း၊ ဤသို့ ဒိသာသဒ္ဒါ၏ ယှဉ်ရာ၌လည်းကောင်း, ဒိသာအနက်၌ လည်းကောင်း အပါဒါန် မှည့်သောကြောင့် "ဒိသာစ ဒိသတ္ထောစ ဒိသာ" ဟု ကေသေသ်ပြု၊ ဒိသာစ-ဒိသာသဒ္ဒါလည်း၊ ဒိသတ္ထောစ-ဒိသာအနက်လည်း၊ ဒိသာ- ဒိသာသဒ္ဒါ, ဒိသာအနက်တို့။ [ဒိသာအနက်ကိုဟောသော သဒ္ဒါကို ဒိသာသဒ္ဒါဟု ဆိုသည်။]

**အဝိစိတော၊ပေ၊ကေသမတ္ထကာ**—အဝိစိ, ပါဒတလ, ကေသမတ္ထက တည်, ဤသုတ်ဖြင့် ဥပရိ, ဥဒ္ဓံ, အဓောဟူသော ဒိသာသဒ္ဒါတို့၏ ယှဉ်ရာ အဝိစိ စသည်ကို အပါဒါန်မှည့်, က္ခစိတော ပဉ္စမျတ္ထေဖြင့် တောပစ္စည်းသက်, ဝိဘတ်မှည့်၊ ယတော, ပုရတ္ထိမတော စသည်ကို "ယ, ပုရတ္ထိမ" စသည်တည်, ဤသုတ်ဖြင့် (အကြွင်အရပ်-အရှေ့အရပ် စသော) ဒိသာအနက်၌ အပါဒါန်မှည့်, တောပစ္စည်းသက်, ဝိဘတ်မှည့်။ [ယတောဘယံ၌ "ယတော ခေမံ, တတော ဘယံ" ဟု ဒုတိယဒုဋ္ဌဒေါသ သိက္ခာပုဒ် အတိုင်း "တတောဘယံ" ဟု ပြင်။]

**ယတောစသည်ကို အနက်ပေးပုံ။** ။ယတော ပုရတ္ထိမတော စသည်၌ အပါဒါန် မှည့်ရသော်လည်း "မှ" ဟုကား အနက်မပေးသင့်၊ ဘာ့ကြောင့်နည်း...အရပ်နှင့် ဘေးမရှိခြင်း, အရှေ့အရပ် စသည်နှင့် မီးတောက်ခြင်း စသည်တို့သည် စိတ်ဖြင့်သော်မှ ခွဲခွာ၍ မဖြစ်နိုင်သောကြောင့်တည်း၊ ထို့ကြောင့် "အကြွင်အရပ်၌ ဘေးမရှိ" စသည် ဖြင့် အဓိကရဏ အနက်ကိုသာ ပေးရသည်၊သဒ္ဒါသာ အါဒါန်ဖြစ်သော သဒ္ဒ အပါဒါန်

(စ) ဝိဘတ္တေ-ဝေဖန်ခြင်းအနက်၌၊ (အပါဒါန် ဟောတိ)၊ ယတော-အကြင် တရားတော်ထက်၊ ပဏီတ တရော ဝါ-သာလွန် မွန်မြတ်သော တရားသည်လည်းကောင်း၊ ဝိသိဋ္ဌတရော ဝါ-သာလွန် ထူးကဲသော တရားသည်လည်းကောင်း၊ နတ္ထိ-မရှိ၊ဆဋ္ဌီစ-ဆဋ္ဌီဝိဘတ်လည်း သက်၊ ယဒိဒံ သုဂတဝိနယံ-အကြင် ဘုရားရှင်၏ ဝိနည်းတရားတော်သည်၊ (အတ္ထိ-ရှိ၏၊ ဣဒံ-ဤဘုရားရှင်၏ ဝိနည်းတရားတော်သည်၊) ဆန္ဒဝုတီနံ - ၉၆ ပါးကုန်သော၊ ပါသဏ္ဍာနံ - ပါသဏ္ဍမည်ကုန်သော၊ ဓမ္မာနံ-တရားတို့ထက်၊ ပဝရံ-မြတ်၏၊ ဣစ္စေဝမာဒိ-တည်း။

---

များတည်း ဟု ဆိုလိုသည်၊ တနည်း-''ယတော ပုရတ္ထိမတော စသည်၌ အပါဒါန် မမှည့်တော့ပဲ ကုစ်တော ယောဂဝိဘာဂဖြင့် သတ္တမီ အနက်၌ တော ပစ္စည်းသက်'' ဟုလည်း ရူပသိဒ္ဓိ၌ တနည်း ကြံသေး၏၊ သဒ္ဒနီတိ၌ကား ဤနေရာဝယ် ဤအတိုင်း ဖွင့်ပြီးလျှင် ''ဘီရုတာယောဂေ'' စသော သုတ်၌ကား ''တတော-ထိုအရပ်မှ၊ ဘယံ-ဘေးသည်၊ ဥပ္ပန္နံ-ဖြစ်၏'' ဟု ဥပ္ပန္နကြိယာကို ထည့်၍ စပ်ရမည်-ဟု ဖွင့်လေသည်၊ [''ယတော အဿောသုံ ဘဂဝန္တံ'' ၌ကား ''အကြင်အရပ်၌ ဘုရားရှင် ရှိတော်မူကြောင်းကိုကြားရပြီ၊ ထိုအရပ်၌ နေ၏'' ဟု အဓိပ္ပာယ်ဆိုလျှင် ''ယတော-အကြင်အရပ်၌'' ဟု ပေးသင့်၏၊ ''အကြင်အရပ်မှ ဘုရားအကြောင်းကို ကြားရပြီ၊ ထိုအရပ်မှ ဘုရားအထံသို့ သွား၏'' ဟု အဓိပ္ပာယ်ဆိုလျှင် ဘုရားရှင်၏ သီတင်းသုံးရာ အရပ်နှင့် ကြားရသူ၏ နေရာအရပ်တို့ တခြားစီဖြစ်သောကြောင့် ''ယတော-အကြင်အရပ်မှ'' ဟု ပေးသင့်သည်၊-(သဒ္ဒနီတိ)။]

(စ) ဝိဘတ္တေ—နဂိုရ်က ကွဲပြားပြီးသော အရာဝတ္ထု၊ ၂ ခုကို ဂုဏ်အားဖြင့် ထပ်၍ ခွဲခြားခြင်းသည် ဝိဘတ္တမည်၏၊ [ဝိဘဇနံ-ခွဲခြားခြင်း၊ ဝိဘတ္တံ-ခွဲခြားခြင်း၊] ''ယတောပဏီတတရော ဝါ ဝိသိဋ္ဌတရော ဝါ'' ပုံစံ၌ ဘုရားတရားတော်နှင့် အခြားတရားများသည် နဂိုရ်ကပင် ကွဲပြားခြားနားပြီးဖြစ်၏၊ ထိုသို့ ကွဲပြားပြီးသော ဘုရားတရားတော်ကို (သာလွန် မွန်မြတ်ခြင်း, ထူးကဲခြင်း ဂုဏ်အားဖြင့်) ထပ်၍ ခွဲခြားသည်၊ ဆန္ဒဝုတီနံစသော ပုံစံ၌လည်း ပါသဏ္ဍ တရားတို့နှင့် ဘုရား၏ ဝိနည်းတရားသည် နဂိုရ်ကပင် ကွဲပြားပြီး ဖြစ်၏၊ ထိုသို့ ကွဲပြားပြီးသော သုဂတဝိနယကို ပဝရဂုဏ်အားဖြင့် ထပ်၍ ခွဲခြားပြန်သည်၊ ယတောကို အခြေပြုကြည့်၍ ရုပ်တွက်၊ ''မာထုရာ ပါဋလိပုတ္တကေဟိ အဍ္ဍတရာ (သုကုမာရတရာ)'' ဟူသော သက္ကတ ပုံစံများကိုလည်း ထုတ်။ [ဤ ဝိဘတ္တ အပါဒါန်ကို ''ဝိဘတ္တဝိဘဇန = ခွဲခြားဝေဖန်အပ်ပြီး အနက်ကို ထပ်၍ ခွဲခြားခြင်း'' ဟု ခေါ်၏၊ နောက်လာမည့် နိဒ္ဓါရဏကို ''အဝိဘတ္တ ဝိဘဇန'' ဟု ခေါ်သည်။

ဆဋ္ဌီ, ဆန္ဒဝုတီနံ—ဆန္ဒဝုတီနံ ပါသဏ္ဍာနံ တို့၌ ဆဋ္ဌီ ဝိဘတ်ကို ဤသုတ်လာ စသဒ္ဒါဖြင့် သက်၊ [စသဒ္ဒေန ယထာပယောဂံ ဒုတိယာ တတိယာ ဆဋ္ဌီစ (ရူပသိဒ္ဓိ)၊] ''ဝိသတျာဒိ, နဝုတိ, ဧတ္ထိဧကဝုစ်'' နှင့်အညီ ''ဆန္ဒဝုတိယာ'' ဟု ဧကဝုစ်ဖြင့်ရှိသင့်လျက် ဝစနဝိပလ္လာသ နည်းအားဖြင့် ဧကဝုစ်မှ ဗဟုဝုစ် ပြန်နေသည်၊ သုဂတဝိနယံ၌

(ဆ) အာရပ္ပယောဂေ-ရှောင်ကြဉ်ခြင်းအနက်ရှိသော သဒ္ဒါတို့၏ယှဉ်ရာ၌၊ (အပါဒါန် ဟောတိ၊) ဂါမဓမ္မာ-ရွာသူရွာသားတို့၏ တရားမှ၊ ဝသလဓမ္မာ-ယုတ်မာသူတို့၏တရားမှ၊ အသဒ္ဓမ္မာ-မသူတော်တို့၏တရားမှ၊ အာရတိ-ဝေးစွာ ရှောင်ကြဉ်ခြင်း၊ ဝိရတိ-အထူးရှောင်ကြဉ်ခြင်း၊ ပဋိဝိရတိ-တဖန် ရှောင်ကြဉ် ခြင်း၊ ပါဏာတိပါတာ-ပါဏာတိပါတမှ၊ ဝေရမဏီ-ရှောင်ကြဉ်ခြင်း၊ ဣစ္စေဝ မာဒိ-တည်း။

---

လည်း "သုဂတ ဝိနယော" ဟု ပုလ္လိင်ဖြင့် ရှိသင့်လျက် လိင်ဝိပလ္လာသနည်းအားဖြင့် "သုဂတဝိနယံ"ဟု (မြန်မာမူ သီဟိုဠ်မူ၌) ရှိ၏၊ ရှဉ်မူ "သုဂတဝိနယော" ပင် ရှိပေသည်၊ "ဆန္ဒဝုတိ, ပါသဏ္ဍာ" တည်, ဤသုတ်၌ စသဒ္ဒါဖြင့် ဆဋ္ဌီ (နံ) ဝိဘတ်သက်, ဒီဃပြု၍တွက်လေ၊ [တဏှာဒိဋ္ဌိပါသံ-တဏှာဒိဋ္ဌိတည်း ဟူသော ကြော့ကွင်းကို၊ ဍေန္တိ ဩဍ္ဍေန္တိ-ထောင်တတ်ကုန်၏၊ ဣတိ, ပါသဏ္ဍာ-တို့မည်၏"ဟု ဝိဂ္ဂဟပြုကြ၏၊ မူလပဏ္ဏာသ-စူဠသီဟနာဒသုတ်ဋီကာ၌မူ "တဏှာပါသေန ဍံသနတော, အရိယ မေ္မသ ဝါ ဝိဗာဓနတော ပါသဏ္ဍာ" ဟု မိန့်၏၊ ထိုအလို "ပါသေန-တဏှာ ကြော့ကွင်းဖြင့်၊ ဍံသန္တိ-ကိုက်ဖြတ်တတ် (ထောင်တတ်) ကုန်၏၊ ဝါ-အရိယမေ္မကို တားမြစ်တတ်ကုန်၏၊ ဣတိ-ပါသဏ္ဍာ" ဟု ပြု၊ ၉၆ ပါးသော ပါသဏ္ဍအယူကို အဘိဓာန် နိဿယသစ် (၄၄၁) ဂါထာမှာ ရှု၊ "အောက်"ဟူသော အနက်လည်း ဝိဘတ္တအပါဒါန်ပင်။]

(ဆ) အာရပ္ပယောဂေ—"အာရတိပ္ပယောဂေ"ဟု ဆိုသင့်လျက် သုခုစ္စာရဏ အကျိုးငှာ တိအက္ခရာကိုချေ၍ "အာရပ္ပယောဂေ" ဟုဆိုသည်၊ ဥပလက္ခဏနည်း အားဖြင့် အာရတိ တခုကို မှတ်၍ဆိုသော်လည်း အာရတိ၏ ယှဉ်ရာသာမက ရှောင် ကြဉ်ခြင်း အနက်ရှိသော ဝိရတိ စသည်၏ ယှဉ်ရာကိုပါ ယူ၊ ထို့ကြောင့် "အာရပ္ပ ယောဂေ-ရှောင်ကြဉ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌" ဟုဆိုသည်၊ "ဂါမ ဓမ္မ-ဝသလဓမ္မ-အသဒ္ဓမ္မ-ပါဏာတိပါတ" တည်, ဤသုတ်ဖြင့် အပါဒါန်မှည့် စသည် ဖြင့် ရုပ်တွက်။ ["အာရတိ ဝိရတိ ပါပါ" ဟူသော မင်္ဂလသုတ်ကိုလည်း ပုံစံထုတ်။]

သက္ကတ။ ။ဇိဂုစ္ဆာဝိရာမ ပမာဒတ္ထာန မုပသံချာနံ (ဝတ္တိကသုတ်)၊ ဇိဂုစ္ဆာ ဝိရာမ ပမာဒတ္ထာနံ-စက်ဆုပ်ခြင်း, ရှောင်ကြဉ်ခြင်း, မေ့လျော့ခြင်း အနက်ရှိသော ဓာတ်တို့၏ (ယှဉ်ရာ၌)၊ အပါဒါနံ-ကို၊ ဥပသံချာနံ ဆိုအပ်၏၊ အဓမ္မာ ဇိဂုစ္ဆတေ-မတရားမှ စက်ဆုပ်၏၊ အဓမ္မာ ဝိရမတိ-မတရားမှ ရှောင်၏၊ ဓမ္မာ ပမဇ္ဇတိ-တရားမှ မေ့လျော့၏၊ ဤသို့ ရှောင်ကြဉ်ခြင်း အနက်ရှိသော ဓာတ်နှင့် တွဲဖက်၍ ဇိဂုစ္ဆ ပမာဒ အနက်ကို ပြထားသော်လည်း ပါဠိ၌မူ ဇိဂုစ္ဆနတ္ထ၏ ယှဉ်ရာ၌ ဒုတိယာနှင့် ကံအနက်၌ တတိယာသာရှိ၍ ပမာဒတ္ထ ယှဉ်ရာ၌ ဒုတိယာနှင့် သတ္တမီသ ရှိ၏၊ [ပိယဝိပ္ပယောဂံ ဝိဇိဂုစ္ဆမာနော=ချစ်သူနှင့် ကွဲရခြင်းကို စက်ဆုပ်သည်၊ ဇိဂုစ္ဆတိ ပါပကေတိ ကမ္မေဟိ (အကုသိုလ်ကံတို့မှ)၊ မာ ဓမ္မံ ရာဇ ပါမဒေါ မင်းမြတ်....တရားကို မမေ့ပါလင့်၊ တွံ ပစ္စေကဗုဒ္ဓေသု မာပမဇ္ဇိ=သင်သည် ပစ္စေကဗုဒ္ဓါတို့၌ မမေ့ရစ်ပါလင့်၊ ဤကား ပါဠိ ပုံစံများတည်း။]

(၈) သုဒ္ဓတ္ထေ-စင်ကြယ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌၊ (အပါဒါန် ဟောတိ)၊ လောဘနီယေဟိ-လောဘ၏ အာရုံဖြစ်ကုန်သော၊ ဓမ္မေဟိ-တရားတို့မှ၊ သုဒ္ဓေါ-စင်ကြယ်၏၊ မာတိတော စ-အမိဘက်မှလည်းကောင်း၊ ပိတိတော စ-အဘဘက်မှလည်းကောင်း၊ သုဒ္ဓေါ-၏၊ အသံသဋ္ဌော- (အခြားအမျိုးနှင့်) မရောနှော၊ အနုပကုဋ္ဌော-မဆဲ ခရးအပ်၊ အဂရဟိတော-မကဲ့ရဲ့အပ်၊ ဣစ္စေဝမာဒိ-တည်း။

(၈၂) ပမောစနတ္ထေ-လွတ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌ (အပါဒါန် ဟောတိ)၊ ဒုက္ခသ္မာ-ဒုက္ခမှ၊ ပရိမုတ္တော-လွတ်၏၊ ဣတိ-ဤသို့၊ ဝဒါမိ-ဟောတော်မူ၏၊ မာရဗန္ဓနာ-မာရ်မင်း၏ အနှောင်အဖွဲ့မှ၊ မုတ္တော-လွတ်သည်၊ အသိ-ဖြစ်၏၊ တေ-ထိုသူတို့သည်၊ မစ္စုနာ-သေခြင်းမှ၊ နမုစ္စန္တိ-မလွတ်ကုန်၊ ဣစ္စေဝမာဒိ-တည်း။

(၈၃) ဟေတွတ္ထေ-ဟိတ်အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ, ဟိတ်အနက်၌၊ (အပါဒါန် ဟောတိ)၊ ကသ္မာ ဟေတုနာ-အဘယ် အကြောင်းကြောင့်၊ ကေန

---

(၈) သုဒ္ဓတ္ထေ—"လောဘနီယေဟိ ဓမ္မေဟိ သုဒ္ဓေါ" ပုံစံ၌ သုဒ္ဓေါကို အပါဒါန် မမှတ်၊ သုဒ္ဓေါ၏ ယှဉ်ရာ လောဘနီယ-ဓမ္မတို့ကိုသာ အပါဒါန် မှတ်၏၊ ထို့ကြောင့် "သုဒ္ဓတ္ထပယောဂ" ဟု ဆိုလိုလျက် ပယောဂပုဒ်ကို ချေ၍ "သုဒ္ဓတ္ထေ" ဆိုထားသည်ဟု ကြံ၊ "ပမောစနတ္ထေ" ဟု ဆိုရာ၌လည်း ဤနည်းပင်၊ ဤသုဒ္ဓတ္ထ ပုံစံများ၌ "အသံသဋ္ဌော အနုပကုဋ္ဌော အဂရဟိတော" တို့ကား တွဲဖက်ဖြစ်၍ ထည့်အပ်သော ပုဒ်များတည်း, သုဒ္ဓတ္ထ မဟုတ်ကြ၊ သုဒ္ဓ အနက်ရှိသော အခြားပုံစံများကို "ဝိသုဒ္ဓံ လောဘနီယေဟိ, သီလေန (ကိလေသ သံသာရတော) သုဒ္ဓိ" စသည်ဖြင့် ထုတ်၊ မာတိတော ပိတိတောတို့၌ မာတု-ပိတုတည်, ဤသုတ်ဖြင့် သုဒ္ဓတ္ထ ယှဉ်ရာ မာတု ပိတုကို အပါဒါန်မှတ်, စသည် ဆို၍ ဝိတာဒီနမသိမ္ဟိ၌ အသိမ္ဟိ သဒ္ဒါဖြင့် ရုပ်ပြီးစေ။

(၈၂) ပမောစနတ္ထေ—ပရိမုတ္တော, မုတ္တော, မုစ္စန္တိ ဟူသော ပမောစနတ္ထသဒ္ဒါတို့၏ ယှဉ်ရာ "ဒုက္ခ, ဗန္ဓန, မစ္စု" တို့ကို အပါဒါန် မှတ်၊ မစ္စုနာ၌ ကတ္တရိစ သုတ်၌ စသဒ္ဒါဖြင့် အပါဒါန်အနက်၌ နာဝိဘတ်သက် ["သုမုတ္တာ မယံ တေန မဟာသမဏေန" ၌ နာဝိဘတ်ကဲ့သို့တည်း။]

(၈၃) ဟေတွတ္ထေ "ဟေတွတ္ထော စ ဟေတွတ္ထပယောဂေါ စ ဟေတွတ္ထော"ဟု ဧကသေသ်ပြု၍ ဟေတွတ္ထပယောဂကိုပါ ရူပသိဒ္ဓိ၌ယူ၏၊ ကသ္မာ ဟေတုနာ၌ ဟေတုနာသည် ဟေတွတ္ထ, ကသ္မာ ကား ဟေတွတ္ထပယောဂ (ဟိတ် အနက် ရှိသော သဒ္ဒါ၏ ယှဉ်ရာ) တည်း၊ ကသ္မာကို ကိံ တည်, ဤသုတ်ဖြင့် အပါဒါန်မှတ်၍ အပါဒါနေ ပဉ္စမီ သုတ်ဖြင့် ပဉ္စမီ သ္မာသက်၊ ဟေတုနာ၌ကား နောက်လာမည့် ဟေတွတ္ထေစ သုတ်ဖြင့် နာဝိဘတ်သက်၊ ထို့နောက် "ကေနဟေတုနာ" ဟု တွေ့ရ၏ ကိံ+ဟေတု ၂ ခုလုံး

ဟေတုနာ- ကြောင့်၊ ကိသဟေတု- အဘယ် အကြောင်းကြောင့်၊ ကသ္မာ- အဘယ့်ကြောင့်၊ တုမှံ-သင်တို့၏၊ကုလေ-(မမ္မပါလ့)အမျိုး၌၊ဒဟရာ (အသက် တရာ့နှစ်ဆယ် မပြည့်သေးသော) သူငယ်တို့သည်၊ နမိယရေန္တ - မသေကုန် သနည်း၊ ကသ္မာ-အဘယ်ကြောင့်၊ ဋ္ဌဓေဝ-ဤအရပ်၌ပင်၊ မရဏံ-သေခြင်း သည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့နည်း၊ ဋ္ဌစ္စေဝမာဒိ-တည်း။

---

နောင် ဟေတွတ္ထေစ သုတ်ဖြင့်ချည်း နာဝိဘတ် သက်နိုင်သောကြောင့် ဤနေရာ၌ ပုံစံ ထုတ်ထိုက်မည် မထင်၊ ရူ၌လည်း "ကေနဟေတုနာ၊ပေ၊ တေနဝုတ္တ မိစ္စာဒိသု ဟေတွတ္ထေစာတိ တတိယာ" ဟု ဤသုတ်၌ ညွှန်ပြလျက်ရှိသည်။

**ကိဿဟေတု။** ။ဟေတုသဒ္ဒါသည် ဟေတွတ္ထေ (ဟိတ် အနက်ရှိသော သဒ္ဒါ) တည်း၊ ကိဿကား ဟေတွတ္ထသဒ္ဒါ၏ ယှဉ်ရာတည်း၊ ဤသုတ်၌ စသဒ္ဒါဖြင့် ကိံ နောင် ဆဋ္ဌီသဝိဘတ်သက်၊ မောဂ္ဂလ္လာန်၌လည်း "ဆဋ္ဌီ ဟေတွတ္ထေဟိ=ဟေတွတ္ထ သဒ္ဒါတို့ နှင့် ယှဉ်ရာ၌ ဆဋ္ဌီဝိဘတ်သက်"ဟု သုတ်တည်၍ "ဥဒရဿ ဟေတု, ဥဒရဿ ကာ- ရဏာ' ဟု ပုံစံထုတ်သည်၊ ဟေတု နောက်၌ကား ပဉ္စမာ သိဝိဘတ်သက်, ဟိတ်အ နက်၌ ပဉ္စမာသက်သော သုတ်ကို ကစ္စည်း၌ မတွေ့ရသော်လည်း သဒ္ဒနီတိ၌ "ဟေတု- မှိ-ဟိတ်အနက်၌၊ ပဉ္စမာ-သက်" ဟု သုတ်တည်၍ "န အတ္တဟေတု (မိမိအတွက် ကြောင့်) အလီကံ ဘဏန္တိ၊ ကိံ န (အဘယ်ကြောင့်) ဇာတိံ နရောစေတိ" ဟု ထုတ်သည်။

**ယတောနိဒါနံ, တတောနိဒါနံ**—စသော ပါဠိများ၌ ယတောတတောတို့လည်း ဟေတွတ္ထသဒ္ဒါတို့၏ ယှဉ်ရာတို့တည်း၊ နိဒါနံတို့၌ကား ဟေတုကဲ့သို့ ဟိတ်အနက်၌ ပဉ္စမာတည်း၊ ["တတောနိဒါနံ-ထိုမြွေကိုက်ခြင်းလျှင် အကြောင်းရှိသော၊ မရဏံဝါ- သို့သော်လည်း၊ နိဂစ္ဆေယျ-ရောက်ရာ၏" စသည်ဖြင့် အနက်ဖွင့်ရာ၌မူ တတောနိဒါ နံသည် (၂ ပုဒ်ကွဲ) ဝါကျမဟုတ်, ပဉ္စမာ အနက်၌ သက်သော တောပစ္စည်း မကြေ သော (သို့မဟုတ် ပဉ္စမာ သိကို ပြုထားသော တောသဒ္ဒါ မကြေသော) အလုတ္တ သမာသ် ပုဒ်သာတည်း-ဟု မှတ်။]

**ကသ္မာ။** ။ကသ္မာန, ကသ္မာဋ္ဌဓေဝ-တို့၌ ကသ္မာ ကား ဟေတွတ္ထ၌ အပါဒါန် မှည့်ပုံတည်း၊ ဤဟေတွတ္ထ၌ ဒုတိယာ ဆဋ္ဌီလည်း ဤသုတ်လာ စသဒ္ဒါဖြင့် သက်သေး ၏၊ ကိံ ကာရဏံ-အဘယ် အကြောင်းကြောင့်၊ ကိံ နိဒါနံ-အဘယ် အကြောင်း ကြောင့်၊ ယံနိဒါနံ-အကြင်အကြောင်းကြောင့်၊ [ဤ "ကိံ ကာရဏံ" စသည်၌ ပဉ္စမာ ဝိဘတ်လည်းဆိုနိုင်၏၊ ဘာ့ကြောင့်နည်း....မောဂ္ဂလ္လာန်၌ "သဗ္ဗာဒိတော သဗ္ဗာ"ဟု ဟေတွတ္ထ ယှဉ်ရာ၌ သဗ္ဗစသည်နောင် ဝိဘတ်အားလုံးသက် ဟု ဆိုသောကြောင့် လည်းကောင်း, ဝိဘတ်အားလုံး သက်နိုင်လျှင် သိ ဝိဘတ်သည် ဟေတွတ္ထ၌ သက်နိုင် သောကြောင့် လည်းကောင်းတည်း၊ "ကိဿ-အဘယ့်ကြောင့်၊ တုမှေ, ကိလမထ- ပင်ပန်းကုန်သနည်း" ဤကား ဆဋ္ဌီသက်ပုံတည်း။]

(၄) ဝိဝိတ္တာတ္တေ - ကင်းဆိတ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌၊ (အပါဒါနံ ဟောတိ)၊ ပါပကာ-ယုတ်မာသော၊ ဓမ္မာ-တရားမှ၊ ဝိဝိတ္တော-ကင်းဆိတ်၏၊ ကာမေဟိ-ကာမတို့မှ၊ ဝိဝိစ္စေဝ-ကင်းဆိတ်၍သာလျှင်၊ အကုသလေဟိ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မေဟိ-တရားတို့မှ၊ ဝိဝိစ္စ(ဧဝ)-ကင်းဆိတ်၍သာလျှင်၊ ဣစ္စေဝမာဒိ-တည်း။

(၅) ပမာဏတ္တေ နှိုင်းယှဉ်တိုင်းတာခြင်းအနက်၌၊ (အပါဒါနံ ဟောတိ)၊ ဒီဃသော- အလျားအားဖြင့်၊ သုဂတဝိဒတ္ထိယာ- ဘုရားအထွာတော်ဖြင့်၊ နဝ ဝိဒတ္ထိယော-၉ ထွာတို့ကို၊ မဇ္ဈိမဿ-အလယ်အလတ်ဖြစ်သော၊ ပုရိသဿ-၏၊ အဍ္ဎတေလသဟတ္ထ - တဆယ့်သုံးတောင်ထွာတို့ကို၊ ပမာဏိကာ - ပမာဏနှင့် ယှဉ်သည်တို့ကို၊ ကာရေတဗ္ဗာ-ပြုစေထိုက်ကုန်၏၊ ဣစ္စေဝမာဒိ-တည်း။

---

(၄) ဝိဝိတ္တတ္တေ—လွတ်ကင်းခြင်း, ဆိတ်ငြိမ်ခြင်းကို ''ကင်း+ဆိတ်''ဟု ခေါ်၏၊ ထိုကင်းဆိတ်ခြင်းအနက်ရှိသော ''ဝိဝိတ္တ'' သဒ္ဒါ စသည်တို့၏ယှဉ်ရာ၌ကား ''ပါပကာ-ဓမ္မ'' စသည်တည်း၊ ထိုယှဉ်ရာ၌ အပါဒါန်မှည့်၍ ''ပါပကာ-ဓမ္မာ-ကာမေဟိ-အကုသလေဟိ'' ဟု ဖြစ်သည်၊ ဤသို့လျှင် ဝိဝိတ္တအနက်၌ အပါဒါန်မှည့်ရ-ဝိဝိတ္တတ္ထ သဒ္ဒါတို့ ယှဉ်ရာတို့၌သာ အပါဒါန်မှည့်ရသောကြောင့် ''ဝိဝိတ္တတ္ထပ္ပယောဂေ'' ဟု ဆိုလိုလျက် ပယောဂပုဒ်ကိုချေ၍ ''ဝိဝိတ္တတ္တေ'' ဆိုသည်ဟု မှတ်။

(၅) **ပမာဏတ္တေ**—ကာလအဒ္ဓ တိုင်းတာမှုကို ကာလဒ္ဓါနနိမ္မာန၌ ပြခဲ့ပြီးဖြစ်၍ ဤပမာဏတ္တ၌ အရာဝတ္ထုတခုခုကို တိုင်းတာခြင်းဟု မှတ်၊ ''ဒီဃသော နဝဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ'' ကား ဘုရားရှင့်သက်န်းတော်၏ အတိုင်းအထွာ ပမာဏ တည်း၊ ဘုရားသက်န်းတော်သည် ဘုရားအထွာတော်ဖြင့် အလျား ၉ ထွာရှိသည်-ဟူလို၊ ဒီဃတည့်, ဤသုတ်ဖြင့် အပါဒါန်မှည့်, အပါဒါနေ ပဉ္စမီဖြင့် သွာသက်, ဒီဃော ရေဟိသုတ်ဖြင့် သွာကို သောပြု။ [အပါဒါန်မှည့်ရသော်လည်း ကိုယ်အားဖြင့်လည်း ကောင်း, စိတ်အားဖြင့်လည်းကောင်း ခွဲခွာမှု မထင်ရှားသောကြောင့် ''မှ''ဟု မပေး ဝဲ ''အားဖြင့်'' ဟု ဝိသေသန အနက်ပေးလိုက်သည်၊ ဆရာတို့ကား အလျားမှ'' ဟု ပင် ပေး၏၊ ''အာယာမတော စ ဝိတ္ထာရတော စ ယောဇနံ'' စသော ရူပသိဒ္ဓိပုံစံများ ကိုလည်း ဤ၌ ယူပါ။]

**မှတ်ချက်**။ ။သုဂတဝိဒတ္ထိယာ၏နောက်၌ ''ပမာဏိကာ ကာရေတဗ္ဗာ, မဇ္ဈိမဿ ပုရိသဿ အဍ္ဎတေဠသဟတ္ထာ'' ဟု ရှိ၏၊ ထိုအစီအစဉ်အတိုင်း ပါဠိမှာရှိမည် မထင်၊ စာနေပုံလည်း မကောင်း၊ ထင်ရှားစေအံ့-''ဒီဃသော နဝဝိဒတ္ထိယော'' စသည်ဖြင့်လာသော သုဂတစီဝရ (နန္ဒတ္ထေရ) သိက္ခာပုဒ်၌ ''ပမာဏိကာ ကာရေ တဗ္ဗာ'' ဟု မပါ၊ ''ဝဿိကသာဋိကာ ပန ဘိက္ခုနာ ကာရယမာနေန ပမာဏိကာ ကာရေတဗ္ဗာ'' စသည်ဖြင့် လာသော သိက္ခာပုဒ်များ၌ကား ဝဿိကသာဋိကာနှင့် ပမာဏိကာသည် အရတူသကဲ့သို့ ဤ၌ နဝဝိဒတ္ထိယောနှင့် ပမာဏိကာသည် အရတူ

(၃) ပုဗ္ဗယောဂေ-ပုဗ္ဗစသောသဒ္ဒါတို့၏ ယှဉ်ရာ၌၊ (အပါဒါန် ဟောတိ)၊ သမ္မောဓာ-သစ္စာ ၄ ပါးကို သိရာအခါမှ၊ ပုဗ္ဗေဝ-ရှေး၌ပင်၊ဣစ္စေဝမာဒိ-တည်း။

(၅) ဗန္ဓနတ္ထေ-နှောင်ဖွဲ့ခြင်းအနက်ရှိသော သဒ္ဒါတို့၏ယှဉ်ရာ၌၊ (အပါဒါန် ဟောတိ)၊ သတသ္မာ-တရာသော ကြွေးမြီကြောင့်၊ နရော-လူကို၊ ဗန္ဓော-နှောင်ဖွဲ့အပ်၏၊ တတိယာစ- တတိယာလည်းသက်၊ သတေန-တရာသော၊ ဣဏတ္ထေန-ကြွေးမြီဟူသော အကြောင်းကြောင့်၊ နရော-ကို၊ ရညာ-မင်းသည်၊ ဗန္ဓော-နှောင်ဖွဲ့အပ်၏၊ ဣစ္စေဝမာဒိ-တည်း။

---

မဖြစ်နိုင်၊ "အနုတေဠသဟတ္ထာ" လည်း ဘုရား ၉ ထွာကို ၃ ဆတက်၍ စာချဆရာတို့က ရေတွက်ပြရာမှ မှတ်သားထားဟန်တူသော ပါဌ်တည်း၊ ၉ ထွာ ၃ လီ ၁၃ တောင်ထွာရှိသည်-ဟူလို၊ သို့သော်"အနုတေဠသဟတ္ထာ=အခွဲနှင့်တကွ ၁၃ တောင် (၁၂ တောင်ထွာ)" ဟုသာ အနက်ထွက်ရကား သဒ္ဒါနေ မမှန်၊ နိဿယ၌ စာရှိတိုင်း ပေးလိုက်ရတော့သည်။

(၃) ပုဗ္ဗယောဂေ—ဤပုဗ္ဗသဒ္ဒါသည် အရှေ့အရပ်ကိုဟောသော ပုဗ္ဗ မဟုတ်၊ ရှေးဟူသော (ပဌမ အနက်ဟော) ပုဗ္ဗတည်း၊ ထို့ကြောင့် ဒိသာယောဂ၌ မသွင်းပဲ ပုဗ္ဗယောဂကိုသီးခြားဆိုရသည်။ [အရှေ့အရပ်အနက်ဟော ပုဗ္ဗသဒ္ဒါကား ဒိသာဟော၌ ပါဝင်လေပြီ-ဟူလို၊] ဤပုဗ္ဗသဒ္ဒါလည်း ဥပလက္ခဏမျှသာ, နောက်-အထက် စသော အနက်ဟောသဒ္ဒါစုကိုလည်း ဤ ပုဗ္ဗယောဂ၌ ယူရမည်ဟု ရှု၌ ဆို၏။

(၅) ဗန္ဓနတ္ထေ—"ဗန္ဓနတ္ထပယောဂေ" ဆိုလိုလျက် ပယောဂကို ဖြုတ်ထားသည်၊ သတသ္မာ၌ အပါဒါန်မည်ရသော်လည်း အနက်မှာ ဟိတ်အနက်သာ သင့်၏၊ ဘာ့ကြောင့်နည်း ...ကြွေးမြီတရာသည် အချုပ်အနှောင်ခံရခြင်း၏ အကြောင်းဖြစ်သောကြောင့်တည်း၊ ထို့ကြောင့်ပင် ပါဏိနိ၌ "အကတ္တရိဏေ ပဉ္စမီ" ဟု သုတ်တည်၍ "သတသ္မာ ဗဒ္ဓေါ" ကိုပင် ထုတ်သည်။ [အကတ္တရိ-ဟေတုကတ္တားမဟုတ်သော၊ ဣဏေ-ကြွေးမြီဟူသော ဟိတ်အနက်၌ ပဉ္စမီ-ပဉ္စမီသက်။]

တတိယာစ၊ပေ၊ရညာ—ဟိတ်အနက်ဖြစ်သောကြောင့် ပဉ္စမီအစား တတိယာလည်း သက်နိုင်၏၊ ထို တတိယာကို ဤသုတ်လာ စ သဒ္ဒါဖြင့် သက်-ဟု ဆိုကြ၏၊ ဟေတွတ္ထေစသုတ်ဖြင့် သက်လျှင်လည်း သင့်ဖွယ်ရှိသည်။ [နိဒ္ဒေသကား ရှေ့ပဉ္စမီနှင့် ဤ တတိယာ ၂ မျိုးလုံး၌ပင် "မှ" ဟု အနက်ပေးစေလို၏၊ သို့သော် "အကတ္တရိဏေ ပဉ္စမီ" ဟူသော ပါဏိနိသုတ်နှင့် ဆန့်ကျင်သောကြောင့်လည်းကောင်း အဓိပ္ပာယ် မလှသောကြောင့်လည်းကောင်း ထို နိဒ္ဒေသစကားကို စဉ်းစားသင့်သည်။]

ဣဏတ္ထေန—"တတိယာစ၊ပေ၊ရညာ"၏ နောက်၌ မြန်မာမူဝယ် "ဣဏတ္ထေန" ဟု တွေ့ရ၏၊ သီဟိုဠ်မူကား "သတသ္မာ ဗဒ္ဓေါ နရော ရညာ ဣဏတ္ထေန၊ တတိယာစ-သတေန၀ါ ဗဒ္ဓေါ နရော ရညာ၊ ဣစ္စေဝမာဒိ" ဟု တွေ့ရ၏၊ ဤသို့ မူကွဲသဖြင့် လည်း

(ဏ) ဂုဏာဝစနေ-ဂုဏဟိတ်ကိုဟောသောသဒ္ဒါ၌၊ (အပါဒါနံ ဟောတိ)၊ ပုညာယ-ကောင်းမှုကြောင့်၊ သုဂတိံ-သုဂတိသို့၊ယန္တိ-ရောက်ကုန်၏၊ စာဂါယ-စွန့်ကြဲခြင်းကြောင့်၊ ဝိပုလံ-ပြန့်ပြောသော၊ ဓနံ-ဥစ္စာသည်၊ (ဟောတိ)၊ ပညာယ-ပညာကြောင့်၊ ဝိမုတ္တိမနော-ကိလေသာမှ လွတ်သောစိတ် ရှိ၏၊ ဣဿရိယာယ-အစိုးရသူ၏ အဖြစ်ကြောင့်၊ ရာဇာ-မင်းသည်၊ ဇနံ-လူအပေါင်းကို၊ ရက္ခတိ-စောင့်ရှောက်၏၊ ဣစ္စေဝမာဒိ-တည်း။

---

ရှေးပါဌ်အတိုင်း မဟုတ်တော့ကြောင်း သိသာ၏၊ ဂုဏာဝ္ဟေနပါဌ်ကို ရူပနှင့် နီတိတို့၌ လည်း မတွေ့ရ၊ ''သတေန-သော၊ ဂုဏာဝ္ဟေန-ကြောင့်'' ဟု ယခုကာလ အနက်မျိုး ပေးစေလိုလျှင် ယခုလို ပုဒ်ချင်းဝေးစွာလည်း မထားသင့်၊ ထို့ကြောင့် ''ဂုဏာဝ္ဟေန'' ကို ပါဌ်ပိုဟု ဆိုလိုသည်၊ ''ဗန္ဓနတ္ထယောဂဝယ် ကြွေးမြီအနက်၌သာ အပါဒါန် မည့် ရသည်'' ဟု ဝါချဆရာက အဓိပ္ပာယ်ပြောသည်ကို ''ဂုဏာဝ္ဟေ'' ဟု မှတ်သားထား ရာမှ သတေနနှင့် ဝိဘတ်တူအောင် ''''ဂုဏာဝ္ဟေန'' ဟု စာပြင်ဆရာတို့ ပြင်ဆင်ကာ အပိုပါနေဟန် တူသည်။

(ဏ) ဂုဏာဝစနေ—ဂုဏ သဒ္ဒါသည် အပဓာနအနက်ကို ဟော၏၊ အပဓာန ဟူသည်လည်း ဝိသေသနပင်တည်း၊ ရွှဲဦးအံ့-ပုညဂုဏ် စာဂဂုဏ် ပညာဂုဏ် ဣဿရိယဂုဏ်သည် ထိုဂုဏ်ရှိသူကို အထူးပြုရသော ဝိသေသန အပဓာနတို့တည်း၊ ဂုဏ်ရှိ သူကား ဝိသေသျပဓာနဖြစ်သည်၊ ထိုဂုဏ်သည် အကောင်းဂုဏ်သာမက, မကောင်း ဘက်က ထူးခြားမှုလည်း ထိုသူ့ကို အထူးပြုသော ဝိသေသန အပဓာနဂုဏ်ပင်တည်း၊ ထို့ကြောင့်''ဇဠတ္တာ ဗဒ္ဓေါ=မိုက်မဲသူ၏အဖြစ် (အမိုက်ဂုဏ်) ကြောင့် အနှောင်အဖွဲ့ ခံရ၏'' ဟု သိဒ္ဓန္တကောမုဒီ၌ ပုံစံထုတ်သည်၊ ထို ဂုဏဟိတ်ကိုဟောသော သဒ္ဒါသည် ဂုဏာဝစနမည်၏၊ ထို ဂုဏာဝစနသဒ္ဒါကို အပါဒါန်မည့်ပါ-ဟူလို။

**ထင်မှတ်ဖွယ်။** ။''ပုညာယ သုဂတိံ ယန္တိ-ကောင်းမှုကြောင့် သုဂတိရောက်ကြ သည်'' စသော စကားသည် ချီးမွမ်းစကား ဂုဏ်ကျေးဇူးကို ပြောပြသော စကားများ ဖြစ်၏၊ ထို့ကြောင့် ''ဂုဏာဝစနေ-ဂုဏ်ကျေးဇူးကို ပြောဆိုရာ၌'' ဟု အနက်ထင်ဖွယ် ရှိပေသည်၊ သို့သော် သဒ္ဒတ၌ ''ဇဠတ္တာ ဗဒ္ဓေါ'' သည် ချီးမွမ်းစကား မဟုတ်, ကဲ့ရဲ့ စကားပင် ဖြစ်၏။ ထို့ကြောင့် ''ဂုဏာဝစနေ-ဂုဏဟိတ်ကို ဟောသော သဒ္ဒါ၌''ဟု အနက်ပေးလိုက်သည်၊ ပုညာယ-စာဂါယ-ဣဿရိယာယ တို့သည် လိင်္ဂဝိပလ္လာသ (ပုညံ, စာဂေါ, ဣဿရိယံ ဟူသော ပုလ္လိင် နပုလ္လိင်မှ ဣတ္ထိလိင် ဖြစ်နေသော) သဒ္ဒါ တို့တည်း၊ ပုညာ-စာဂါ-ဣဿရိယာ ဟု အာကာရန္တ ဣတ္ထိလိင်တည်, ဤသုတ်ဖြင့် အပါဒါန်မည့်၍ သ္မာကို အာယပြု။

**သဒ္ဒတ။** ။ဝိဘာသာ ဂုဏေ-ထိယံ (ပါဏိနိသုတ်)၊ အထိယံ-ဣတ္ထိလိင်မဟုတ် သော၊ ဂုဏေ-ဂုဏဟိတ်၌၊ ဝိဘာသာ-ဝိကပ်အားဖြင့်၊ ပဉ္စမီ-သက်၊ (ပဉ္စမီ မသက် ရာ၌ တတိယာသက်)၊ ဇဠတ္တာ (ဇဠတ္တေနဝါ) ဗဒ္ဓေါ၊ ''ဝိဘာသာ ဂုဏေ''

(တ) ပဥှေ- မေးခြင်းအနက်၌၊ တ္တာလောပေ- တွာပစ္စယန္တပုဒ် ကြေရာ၌၊ ကမ္မာဓိကရဏေသု-ကံအနက်, အဓိကရဏ အနက်တို့၌၊ (အပါဒါန် ဟောတိ)၊ အဘိဓမ္မာ- အဘိဓမ္မာကို (နာယူ၍)၊ ဝါ- အဘိဓမ္မာ၌ (တည်၍)၊ ပုစ္ဆန္တိ- မေးကုန်၏၊ အဘိဓမ္မံ- ကို၊ သုတွာ- နာယူ၍၊ ဝါ- တနည်း၊ အဘိဓမ္မေ-၌၊ ဌတွာ-တည်၍ (ပုစ္ဆန္တိ- မေးကုန်၏၊) ဝိနယာ- ဝိနည်းကို နာယူ၍၊ ဝါ- ဝိနည်း၌ တည်၍၊ ပုစ္ဆန္တိ-၏၊ ဝိနယံ-ကို၊ သုတွာ-၍၊ ဝါ, ဝိနယေ-၌၊ ဌတွာ-၍၊ (ပုစ္ဆန္တိ)၊ ဒုတိယာစ-ဒုတိယာလည်း သက်၊ တတိယာစ-တတိယာလည်း သက်၊ အဘိဓမ္မံ-ကို (နာယူ၍)၊ ဝါ-တနည်း၊ အဘိဓမ္မေန- အဘိဓမ္မာကို (နာယူ၍)၊ (ပုစ္ဆန္တိ-၏၊) ဝိနယံ-ကို (နာယူ၍)၊ ဝါ, ဝိနယေန-ကို (နာယူ၍)၊ ပုစ္ဆန္တိ၊ ဧဝံ-ဤအတူ၊ သုတ္တာ-သုတ်ကို (နာယူ၍)၊ ဝါ-သုတ်၌ တည်၍၊ ဂေယျာ- ဂေယျကို နာယူ၍၊ ဝါ- ဂေယျ၌ တည်၍၊ ဂါထာယ- ဂါထာကို (ရှေ့အတိုင်း ၂ နည်းစီပေး)၊ဝေယျာကရဏာ-ဝေယျာကရဏ်းကို၊ပေ၊ဥဒါနာ-ဥဒါန်းကို၊ပေ၊ ဣတိဝုတ္တကာ - ဣတိဝုတ်ကို၊ပေ၊ ဇာတကာ - ဇာတ်ကို၊ပေ၊ အဗ္ဘုတဓမ္မာ - အဗ္ဘုတဓမ္မကို၊ပေ၊ ဝေဒလ္လာ - ဝေဒလ္လကို၊ပေ၊ ဣစ္စေဝမာဒိ- တည်း။

(ထ) ကထနေ-ဖြေဆိုခြင်းအနက်၌၊(တွာလောပေ-၌၊)ကမ္မာဓိကရဏေသု- တို့၌၊ (အပါဒါန် ဟောတိ)၊ [ပုစ္ဆန္တိ၏နေရာ၌ "ကထယန္တိ-ဖြေဆိုကုန်၏" ဟု အနက်ပေးရုံသာ ထူး၏၊ အကြွင်းမှာ ပဥှ အတိုင်းသာတည်း။]

---

ဟူသော ယောဂ ဝိဘာဂဖြင့် "ဇုတ္တိလိင်၌လည်း ပဉ္စမီသက်"ဟု သိဒ္ဓန္တကောမုဒီ ဖွင့်သတတ်၊ ဤ သက္ကတ၌ "အကတ္တရိစ ကာရကေ ပဉ္စမီ " ဟု ရှေ့၌ သုတ်တည်ပြီးမှ ဤသုတ်ကို ပဉ္စမီဝိဘတ် ဝိကပ်သက်ဖို့ရာ တည်၏၊ ရှေ့သုတ်၌ "သတသ္မာ ဗဒ္ဓေါ" ဤသုတ်၌ "ဇဋ္ဌတ္တာ (ဇဋ္ဌတ္တေန ဝါ) ဗဒ္ဓေါ" ဟု ဗန္ဓနတ္ထပယောဂချည်း ပုံစံထုတ်သောကြောင့် သက္ကတအလိုအားဖြင့် ရှေ့ဟိတ်ကို ဇုဏဟိတ်, ဤဟိတ်ကို ဂုဏဟိတ်ဟု ခွဲခြားရာ၏၊ ပါဠိသဒ္ဒါကျမ်းတို့၌ကား (မောဂ္ဂလ္လာန် သဒ္ဒနီတိပါ) "ပညာယ" စသော ဟိတ်ကို လည်း ဤနေရာ၌ ပြထားသောကြောင့် ရှေ့ဟိတ်ကို ဗန္ဓနပယောဂ ဟိတ်, ဤဟိတ်ကို ဂုဏဟိတ်ဟု ခွဲခြားသင့်၏၊ သမ္ဗန္ဓစိန္တာ နိဿယ၌ ရှေ့ဟိတ်ကို ဒြပ်ဟိတ်, (တရား ဒြပ်-ငွေ စသော အထည်ဒြပ်ဟိတ်), ဤဟိတ်ကို ဂုဏဟိတ်ဟု ပြည်ဆရာတော် ခွဲခြားသတတ်။

(တ-ထ) ပဥှနှင့် တွဲဖက်၍ ပြသောအရာ ဖြစ်သောကြောင့် ကထနအရ (ပြောဆိုခြင်း သာမညကိုမယူပဲ) ဖြေဆိုခြင်းအနက်ကို ယူရသည်၊ တွာလောပေ ကမ္မာဓိကရဏေသု တို့၏ အဓိပ္ပာယ်မှာ တွာလောပ အပါဒါန်အတိုင်းသာတည်း၊ တွာပစ္စယန္တ ပုဒ်လည်းကြေ-ကံ, အဓိကရဏအနက်ကိုလည်း ဟောလိုရာ၌ အပါဒါန် မှည့်သော ကြောင့် "ကို, ၌" ဟု ကံအနက်-အဓိကရဏအနက် ၂ မျိုး ပေးပြီးလျှင် "နာယူ၍,

(ဒ) ထောကတ္တေ-အနည်းငယ်ဟူသော အနက်၌၊ (အပါဒါန် ဟောတိ၊) ထောကာ - အနည်းငယ်ဖြင့်၊ မုစ္စန္တိ - လွတ်ကုန်၏၊ အပ္ပမတ္တကာ - နည်းသော အတိုင်းအရှည်ဖြင့်၊ မုစ္စန္တိ၊ ကိစ္ဆာ-ငြိုငြင် ပင်ပန်းခြင်းဖြင့်၊ မုစ္စန္တိ၊ တတိယာ စ-တတိယာ ဝိဘတ်သည်လည်း၊ ဟောတိ၊ ဝါ-တနည်း၊ ထောကေန, အပ္ပမတ္တကေန-ဖြင့်၊ ကိစ္ဆေန-ဖြင့်၊ လ္လစ္စေဝမာဒိ-တည်း။

---

တည်၍''ဟု တွာပစ္စယန္တပုဒ်၏ အနက်ကိုလည်း ထည့်စွက် ပေးရသည်၊ ''အဘိဓမ္မံ သုတွာ, အဘိဓမ္မေ ဌတွာ ဝါ''တို့ကား ''အဘိဓမ္မာ ပုစ္ဆန္တိ'' ဟူသော ပါဠိအစား ''အဘိဓမ္မံ သုတွာ, အဘိဓမ္မေ ဌတွာ''ဟုလည်း ပါဠိစီနိုင်ကြောင်းကိုလည်းကောင်း, အဘိဓမ္မာ ပုစ္ဆန္တိ၌ ''အဘိဓမ္မာ'' ပုဒ်၏ ကံအနက် အဓိကရဏ အနက်ကိုလည်း ကောင်း ပြသော စကားတည်း၊ သုတွာ ဌတွာတို့နောက်၌ ပုစ္ဆန္တိဟူသော ကြိယာကို ထည့်၍ပေးရသည်၊ အဘိဓမ္မာ ကထယန္တိ စသည်၌လည်း နည်းတူ။

**ဝံသုတ္တာ၊ပေ၊ဝေဒလ္လာ**—ဇံဖြင့် ''သုတ္တာ ပုစ္ဆန္တိ, သုတ္တံ သုတွာ, သုတ္တေ ဌတွာ ဝါ'' စသည်ကို ညွှန်ပြသည်၊ ''သုတ္တာ ကထယန္တိ, သုတ္တံ သုတွာ, သုတ္တေ ဌတွာ ဝါ'' စသည်ဖြင့် ဝေဒလ္လတိုင်အောင် သိလေ၊ အဘိဓမ္မာကို အဘိဓမ္မတည်, ဤသုတ်ဖြင့် ပဥ္စအနက်၌ အဘိဓမ္မေကို အပါဒါန်မှည့်-စသည်ဖြင့် ရှပ်တွက်ပါ။

**မှတ်ချက်။** ။ဤ ကစ္စည်းပုံစံများကို ရူပသိဒ္ဓိ မနှစ်သက်၊ ထင်ရှားစေအံ့-ကံ, အဓိကရဏအနက်၌ တွာလောပဖြစ်လျှင် ချေ၌ပြခဲ့သော တွာလောပ အပါဒါန်ဖြင့်ပင် ပြီးနိုင်၏၊ ရှေးရှေးစကားဖြင့် (ရှေးရှေးသုတ်ဖြင့်) မပြီးနိုင်မှသာ နောက်နောက်စကား (သုတ်)ကို အားထုတ်ရသည်၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ ဤ ပဥ္စကထန အရာဝယ် ''ကုတောသိ တွံ, ကုတော ဘဝံ'' ဟု ပဥ္စပုံစံကိုလည်းကောင်း ''ပါဋလိပုတ္တတော'' ဟု ကထနပုံစံကိုလည်းကောင်း ပြလေသည်၊ ထို ရူပသိဒ္ဓိပုံစံများသည် ''ကုတော ဘဝံ (ပဥ္စ)၊ ပါဋလိပုတ္တာ (ကထန)'' ဟူသော ဝါတ္တိက ဆရာ၏စကားနှင့် ညီမျှပေသည်။ [သဒ္ဒနီတိလည်း ရူနှင့်အလားတူ ပုံစံထုတ်သည်။]

(ဒ) **ထောကတ္တ**—အပ္ပမတ္တကသဒ္ဒါသည် ''အနည်းငယ်'' ဟူသော အနက်ရှိသောကြောင့် ထောကတ္တ၌ သွင်းခြင်းသည် သင့်ပေ၏၊ ကိစ္ဆသဒ္ဒါကား အနည်းငယ် အနက်ကို မဟောသည့်ပြင် ''အားကြီး များပြား'' ဟူသော အနက်သို့ပင် ပါဝင်နေသေး၏၊ မှန်၏-''ကိစ္ဆေန မေ အဓိဂတံ-ငါဘုရားသည် ငြိုငြင်ပင်ပန်းခံသဖြင့် သိအပ်သော တရားတော်ကို'' ဟူရာ၌ ကိစ္ဆသဒ္ဒါသည် ဘုရားရှင်၏ အလောင်းတော်ဘဝ၌ အတော်များစွာ ပင်ပန်းခံတော်မူခဲ့ရခြင်းကို ဟော၏၊ ထို့ကြောင့် လောကတ္တ၌ ကိစ္ဆသဒ္ဒါကို သွင်းခြင်းသည် စဉ်းစားဖွယ်တည်း၊ ပါဏိနီ၌ ''ကရဏေစ ထောကပ္ပ ကိစ္ဆ ကတိပယဿာ,သတ္တဝစနဿ''ဟု ထောက အပ္ပတို့နှင့် တွဲဖက်၍ ကိစ္ဆကို ပြထားသောကြောင့် ကစ္စည်း၌လည်း ကိစ္ဆအတွက် သီးခြားမပါရကား ထောကတ္တ၌ ကိစ္ဆကိုပါ ဝုတ္တိဆရာ သွင်းပြထားဟန် တူသည်။

(ဓ) အကတ္တရိ·ဟေတု ကတ္တား မဟုတ်သော ဟိတ်အနက်၌၊ (အပါဒါနံ ဟောတိ)၊ ကမ္မဿ-ကံ၏၊ ဝါ-ကံကို၊ ကတတ္တာ-ပြုအပ်ပြီး၏ အဖြစ်ကြောင့်၊ ဥပစိတတ္တာ-ဆည်းပူးအပ်ပြီး၏ အဖြစ်ကြောင့်၊ ဥဿန္နတ္တာ-များသည်၏ အဖြစ်ကြောင့်၊ ဝိပုလတ္တာ- ပြန့်ပြောသည်၏ အဖြစ်ကြောင့်၊ စက္ခုဝိညာဏံ· စက္ခုဝိညာဏ်သည်၊ ဥပ္ပန္နံ-ဖြစ်၏၊ ဣစ္စေဝမာဒိ-တည်း။

---

ပါဏိနီသုတ်နက်။ ။အသတ္တဝစနဿ-ဒြပ်ကို မဟောသော၊ ထောကပ္ပကိစ္ဆကတိပယဿ-ထောက, ကိစ္ဆ, အပ္ပ,ကတိပယ သဒ္ဒါ၏၊ ကရဏေ-ကရိုဏ်းအနက်၌၊ တတိယာစ-တတိယာလည်းသက်၊ ပဉ္စမီလည်းသက်၊ ထောကေန, ထောကာ-ဖြင့်၊ မုတ္တော-လွတ်၏၊ အပ္ပေန, အပ္ပာ-ဖြင့်၊ မုတ္တော၊ ကိစ္ဆေန, ကိစ္ဆာ-ဖြင့်၊ ဝါ-အဆင်းရဲခံမှ၊ လဒ္ဓေါ-ရအပ်၏၊ ကတိပယေန, ကတိပယာ-အနည်းငယ်သောရက်ဖြင့်၊ ဂတော-သွား၏၊ ဤသုတ်၌ "အသတ္တဝစနဿ" ဟု ဆိုသောကြောင့် ထောကစသည်တို့သည် အထည်ဝတ္ထုဒြပ်တခုခုကို ဟောခိုက် မဟုတ်ရ၊ အနည်းငယ်-ဟူသော ဂုဏ်ကိုသာ ဟောခိုက် ဖြစ်ရသည်။

"**ထောကေန ဝိသေန မတော**—အနည်းငယ်သော အဆိပ်ဖြင့် သေ၏" ဟူရာ၌ ထောကသဒ္ဒါသည် အနည်းငယ် အဆိပ်တည်းဟူသော ဝတ္ထုဒြပ်ကို ဟောခိုက်ဖြစ်သောကြောင့် ပဉ္စမီသာမက "ထောကံ ဝိသံ, ထောကာနိ ဝိသာနိ" စသည်ဖြစ် စပ်ပုဒ်ကြိယာလိုက်၍ ဝိဘတ်အားလုံး သက်နိုင်၏၊ ထို့ကြောင့် "ကိစ္ဆံ ဝါ သော နိဂစ္ဆတိ= ငြိုငြင်ပင်ပန်းခြင်းသို့သော်လည်း သူသည် ရောက်ရတတ်၏" (သတ္တတိ, သောဏနန္ဒဇာတ်) စသည်၌ ပင်ပန်းခြင်း ကြိယာဒြပ်ကို ဟောသောကြောင့် နိဂစ္ဆတိ ကြိယာနှင့် စပ်ဖို့ရာ ကိစ္ဆံ ဟု ဒုတိယာရှိရသည်၊ သုတ်၌ "ကရဏေ" ဟု ဆိုသောကြောင့်လည်း ထောကာစသည်၌ ပဉ္စမီဝိဘတ်ကို ကရိုဏ်းအနက်ပေးရသည်၊ တတိယာသက်ရာ၌ကား ကရိုဏ်းအနက်ဖြစ်သောကြောင့် "ကရဏေ တတိယာ" သုတ်ဖြင့်သာ သက်၊ ထောကစသည်တို့သည် ကြိယာကို အထူးပြုသော ကြိယာဝိသေသနဖြစ်မူ "ထောကံ- အနည်းငယ်၊ စလတိ-လှုပ်၏" ဟု ဒုတိယာလည်း သက်လတ္တံ့၊ [ကမ္မတ္ထေဒုတိယာ သုတ်ဖွင့်ကြည့်။]

(န) **အကတ္တရိ**—["အကတ္တရိစ" ဟု စ ပါသည်ကား အပို၊ ထို စ အတွက် "စဂ္ဂဟဏေန" စသည်ဖြင့် သီးခြားဖွင့်လတ္တံ့၊ သီဟိုဠ်မူ၌လည်း စ-မပါ၊] ထောကာ ကတ္တုသုစ၌ အကတ္တုကို ဧကဝုစ် သမ္မိုဝိဘတ်ဖြင့် အကတ္တရိ ဟု (သတ္တရိ ပိတရိကဲ့သို့) ဆိုသည်၊ သုတ်၌ကား ဒွန္ဒာကမှစ၍ ဒွန်ပုဒ်ဖြစ်သောကြောင့် "ကတ္တုသု" ဟု ဗဟုဝုစ်ဖြင့် ဆိုထားသည်၊ ဤ "အကတ္တရိ" ကို ပါဏိနီလာ "အကတ္တရိဏေ ပဉ္စမီ" သုတ်မှ အကတ္တရိပုဒ်ကို ခွဲထုတ်၍ ဆိုထားသောကြောင့် ထို ပါဏိနီသုတ်ကို ထုတ်ပြအံ့။

**အကတ္တရိဏေ ပဉ္စမီ (သုတ်)**။ ။ကတ္တုဝဇ္ဇိတံ ယံဉာဏံ, တတော ပဉ္စမီ ဘဝတိ- သတသ္မာ ဗဒ္ဓေါ၊ အကတ္တရိကိံ၊ သတေန ဗန္ဓိတော၊ (သိဒ္ဓန္တ ကောမုဒီ။) ကတ္တုဝဇ္ဇိတံ, ကတ္တားသည် ကြဉ်အပ်သော၊ ဝါ-ကတ္တုကာရက မဟုတ်သော၊ ယံဉာဏံ-အကြင်

ကြွေးမြီသည်၊ ဝါ-ကြွေးမြီဟောသဒ္ဒါသည်၊ အတ္ထိ-၏၊ တတော-ထိုကြွေးမြီဟောသဒ္ဒါမှ နောက်၌၊ ပဉ္စမီ ဘဝတိ-သက်၊ သတသ္မာ-တရာသော ကြွေးမြီကြောင့်၊ ဗဒ္ဓေါ-နှောင်ဖွဲ့အပ်၏၊အကတ္တရိ-သဒ္ဒါသည်၊ကိံ-အဘယ်အကျိုးရှိသနည်း၊ သတေန ဗန္ဓိတော-ပြယုဂ်၌ ပဉ္စမီမသက်ရ (တတိယာသက်ရ)ခြင်း အကျိုးရှိ၏၊ [သတေန-တရာသော ကြွေးမြီသည်၊ ဝါ-ကြွေးမြီက၊ (ဟေတုကတ္တား)၊ ဥတ္တမိဏေန-မြီရှင်သည်၊ (ဓာတ်ကတ္တား)၊ အဓမိဏော-မြီစားကို၊ (ဓာတ်ကံ) ဗန္ဓိတော-နှောင်ဖွဲ့စေအပ်၏၊ ဤ၌ ကာရိတ်ကံကို မဟော, ဓာတ်ကံကို ဟောသော နည်းအရ "အဓမိဏော" ဟု ထားသည်။]

**နှိုးနှော ချက်။** ။ပါဏိနီသုတ်၌ "အကတ္တရိဏေ"ဟု ဣဏေပါသော်လည်း ထိုဣဏကို ဗန္ဓနဟေတု အပါဒါန် ဟု သီးခြားပြခဲ့ပြီး ဖြစ်သောကြောင့် ဣဏကို မထည့်ရတော့ပြီ၊ အကတ္တရိ ကိံ၏ပုံစံ၌ "သတေန ဗန္ဓိတော" ဟု ဟေတုကတ္တားကို ပြထားသောကြောင့် အကတ္တရိ-ဟေတုကတ္တား မဟုတ်သော" ဟု သိရပြီ၊ သတသ္မာ ဗဒ္ဓော-ဟု ဗန္ဓနဟေတုဟိတ်ကို ပြထားသောကြောင့် "အကတ္တရိ-ဟေတုကတ္တား မဟုတ်သော ဟိတ်အနက်၌" ဟုလည်း သိရပြန်သည်၊ ထို ဟိတ်လည်း "သတသ္မာ ဗဒ္ဓေါ"၌ သတကဲ့သို့ ဟိတ်အနက်လည်း ရနိုင်-ဟေတုကတ္တားအနက်လည်း ရနိုင်ရာ၌ ဟေတုကတ္တား အနက်ကို မဆိုလိုပဲ ဟိတ်အနက်ကို ဆိုလိုအပ်သော ဟိတ်တည်း-ဟု ဆိုလိုသည်။

**ဆက်ဦးအံ့**—"ယတ္ထ အာသက်ာ, တတ္ထ ပဋိသေဓော ကာတဗ္ဗော=အကြင်အနက်၌ ယှံမှားဖွယ်ရှိ၏၊ ထိုအနက်၌ (န, အ, သဒ္ဒါတို့ဖြင့်) တားမြစ်မှုကိုပြုထိုက်၏" ဟူသော ပရိဘာသာနှင့် အညီ, ဟိတ် အများတွင် အကြင် ဟိတ်အနက်၌ ဟေတုကတ္တားနှင့် ယှံမှားဖွယ် ရှိ၏၊ ထို ဟိတ်အနက်၌သာ "အကတ္တရိ-ဟေတုကတ္တား မဟုတ်သော (ဟေတုကတ္တားနှင့် ယှံမှားဖွယ် ရှိနေသော) ဟိတ်အနက်၌" ဟု ဆိုရသည်၊ ကမ္မဿ ကတတ္တာ-စသော ပုံစံ၌လည်း "ကမ္မဿ ကတတ္တေန ဥပစိတတ္တေန ဥဿန္နတ္တေန ဝိပုလတ္တေန စက္ခုဝိညာဏံ ဥပ္ပာဒိတံ" ဟု ဟေတုကတ္တားလည်း ဖြစ်နိုင်ရကား ထိုဟေတုကတ္တားကို မဆိုလိုသည့်အခါ "ကတတ္တာ,ဥပစိတတ္တာ, ဥဿန္နတ္တာ, ဝိပုလတ္တာ" ဟု ကတတ္တ စသည်၌ ဤသုတ်ဖြင့် အပါဒါန် မှည့်ရသည်။ [ထို့နောက်သ္မာသက်၍ အာပြုလေ၊ ကမ္မဿ-၏၊ ကတတ္တေန-ပြုအပ်သည်၏ အဖြစ်သည်၊ ပေ၊ ဝိပုလတ္တေန-ပြန့်ပြောသည်၏ အဖြစ်သည်၊ (ဟေတုကတ္တား) စက္ခုဝိညာဏံ-ကို၊ ဥပ္ပာဒိတံ-ဖြစ်စေအပ်၏။]

**ရူပသိဒ္ဓိ။** ။ရူပသိဒ္ဓိ စသည်ကား အကတ္တရိ အရ ဟေတုကတ္တား မဟုတ်သော ဉာပကဟိတ်ကို ယူ၍ ဉာပကဟိတ် ပုံစံများကိုလည်း ထုတ်ပြ၏၊ ထို အယူကို လိုက်၍ ကတတ္တာ စသည်ကို ဉာပကဟိတ် ဖြစ်အောင်လည်း နောက်ဆရာတို့ အဓိပ္ပာယ်ကြံကြ၏။ သို့သော် ကတတ္တာစသည်ကား ဉာပကဟိတ်နှင့် မလျော်, (စက္ခုဝိညာဏ်ကိုဖြစ်စေတတ်သော ကံ၏ ကမ္မသတ္တိကိုသာ ကတတ္တစသည်တို့ အရကောက်ယူရသောကြောင့်) ဇနကဟိတ်နှင့်သာ လျော်၏၊ နိဒ္ဒေသ၌ကား ဇနကဟိတ် ဉာပကဟိတ်

စဂ္ဂဟာဏေန-ဖြင့်၊ သေသေသုပိ-ဒွါရန္တိက စသည်တို့မှ ကြွင်းသော အနက်, ကြွင်းသောယှဉ်ရာတို့၌လည်း၊ မယာ-ငါသည်၊ အပါဒါန ပယောဂိကာ-အပါဒါန် ပြယုဂ် ဖြစ်ထိုက်ကုန်သော၊ ယေ - အကြင် ပြယုဂ်တို့ကို၊ နောပဒိဋ္ဌာ (န + ဥပဒိဋ္ဌာ) - မပြအပ်ကုန်၊ တေ - ထိုပြယုဂ်တို့ကို၊ ပယောဂဝိစက္ခဏေဟိ-ပြယုဂ်၌ ကျွမ်းကျင်ကုန်သော ပညာရှိတို့သည်၊ ယထာယောဂံ-ယှဉ်ထိုက်သည် အားလျော်စွာ၊ ယောဇေတဗ္ဗာ-ယှဉ်စေထိုက်ကုန်၏။

---

၂ မျိုးကို ယူ၏၊ သို့ရာဝယ် အကတ္တရိ၏ ဆိုလိုရင်းမှာ ဇနကဟိတ် ဉပက ဟိတ် ဟု သတ်မှတ်၍ ဆိုလိုရင်း မဟုတ်, ဟေတုကတ္တားနှင့် ယှံမှားဖွယ်ရှိသော ဟိတ်ကိုသာ ဆိုလိုရင်းဖြစ်ကြောင်းကို ပြခဲ့သော သဒ္ဒတသုတ် ဝုတ္တိများဖြင့် သိသာလေသည်။

**ဆိုခဲ့ပြီးဟိတ်များနှင့် ခွဲခြားချက်။** ။"သတဘိဿဗဒ္ဓေါ" ၌ "သတေန ဗန္ဓိတော" ဟု ဟေတုကတ္တားဖြစ်နိုင်သော်လည်း ဗန္ဓနဟိတ် အဖြစ်ဖြင့် ဆိုခဲ့ပြီးဖြစ်၏၊ "ပုညာယ သုဂတိံ ယန္တိ"၌လည်း "ပုညံ-ကောင်းမှုသည်၊ သုဂတိံ-သို့၊ ပါပေတိ-ရောက်စေ၏" ဟု ဟေတုကတ္တားဖြစ်နိုင်သော်လည်း ဂုဏဟိတ် အဖြစ်ဖြင့် ဆိုခဲ့ပြီး ဖြစ်၏၊ ထို့ကြောင့် ထိုဟိတ်များကို ဤ "အကတ္တရိ" အရ၌ မယူတော့ပြီ၊ ဟေတွတ္ထ အပါဒါန်၌ ပြခဲ့သော "ကဿ ဟေတုနာ" စသောပုံစံကား ဟေတုကတ္တားနှင့် ယှံမှား ဖွယ်ပင် မရှိချေ၊ ထို့ကြောင့် ထိုဟေတွတ္ထဟိတ် ဗန္ဓနဟိတ် ဂုဏဟိတ်တို့မှ ကြွင်းသော ဟေတုကတ္တားနှင့် ယှံမှားဖွယ် ရှိလောက်သော (ဟေတုကတ္တားလည်းဖြစ်, ဟိတ်လည်း ဖြစ်နိုင်သော) ဟိတ်ကိုသာ ဤ အကတ္တရိ အရ၌ ယူရမည် ဟု မှတ်။

**စဂ္ဂဟဏေန**—ဤကစ္စည်းဝုတ္တိ၌"စသဒ္ဒါကို အဝုတ္တသမုစ္စည်း အနက်ကြံ၍ ဒွါရန္တိက စသော အနက်တို့မှလည်းကောင်း-ဒွါရန္တိက စသည်တို့၏ ယှဉ်ရာတို့မှလည်းကောင်း ကြွင်းသော အပါဒါန်ပြယုဂ် ဖြစ်ထိုက်သော ပြယုဂ်စု ရှိသေးက ထို ပြယုဂ် များကို ဤသုတ်လာ (ကတ္တုသုစ၌) စသဒ္ဒါဖြင့် အပါဒါန်မှည့်ပါလေ"ဟု ဆိုလို၏၊ ရူပသိဒ္ဓိ၌ကား "ဤ စသဒ္ဒါဖြင့် ပြယုဂ်အားလျော်စွာ ဒုတိယာ-တတိယာ-ဆဋ္ဌီသက်" ဟု ဆည်းယူ၏၊ အဝုတ္တသမုစ္စည်းပင်တည်း၊ပြယုဂ်များကို"ဒူရံ ဂါမံ, ဒူရေန ဂါမေန, ဆန္န ဝုတိနံ ပါသဏ္ဍာနံ" စသည်ဖြင့် သိလေ၊ [နျာသ၌မူ "ပဉ္စမိဝိဘတ်ကိုလည်း စသဒ္ဒါဖြင့်သက်" ဟု ဆိုထားသေး၏၊ သို့သော် ဤသုတ်က အပါဒါန်မှည့်လျှင် "အပါဒါနေ ပဉ္စမီ" သုတ်ဖြင့် ပဉ္စမီသက်နိုင်သောကြောင့် စဉ်းစားသင့်သည်။]

**အမှာ။** ။ဤနေရာ၌ အပါဒါန်သညာသုတ်များ ပြီးပြီ ဖြစ်၍ "ကာယသံယောဂ ပုဗ္ဗက အပါဒါန်, စိတ္တသံယောဂ ပုဗ္ဗက အပါဒါန် ၂ မျိုးကိုလည်းကောင်း, နိဒ္ဒိဋ္ဌ ဝိသယ စသော ၃ မျိုးကိုလည်းကောင်း, စလ-အစလ-နေဝစလနာစလ ၃ မျိုးကို လည်းကောင်း မှတ်သားသင့်၏၊ ထိုတွင် ကာယသံယောဂ စသော ၂ မျိုးကို ယသ္မာဒပေတိ သုတ်အဖွင့်၌, နိဒ္ဒိဋ္ဌ စသည်ကို ရူပသိဒ္ဓိ စာကိုယ်နှင့် ဘာသာဋီကာ၌ ပြထားပြီ။

**ယဿဓာတုကာမော ၊ပေ၊သမ္ပဒါနံ**

၂၇၆။ ယဿဝါ-အကြင်ကာရကအားလည်း၊ ဒါတုကာမော-ပေးခြင်းငှာ အလိုရှိ၏၊ယဿဝါ-အားလည်း၊ ရောစတေ-နှစ်သက်၏၊ ယဿဝါ-အားလည်း၊ ဓာရယတေ-ဆောင်၏၊ တံကာရကံ-သည်၊ သမ္ပဒါနသညံ-သမ္ပဒါန် အမည်ရှိသည်၊

---

၂၇၆။ **ယဿ၊ပေ၊သမ္ပဒါနံ**—ကာရက ၆ ပါးတွင် အရာအကျယ်ဆုံးဖြစ်သော အပါဒါနသညာကိုပြပြီး၍ ကြွင်းသော ကာရက ၅ ပါးတွင် အရာကျယ်သော သမ္ပဒါန သညာကို ပြလိုသောကြောင့် "ယဿ ဓာတုကာမော" စသည်ကို မိန့်၊ မှန်၏-သမ္ပဒါန် အမည်မှည့်သောသုတ်သည် အပါဒါန်မှည့်သော သုတ်လောက် မများသော်လည်း သိလာဃစသော သုတ်ကြီးကိုထောက်လျှင် ကတ္တု-ကရဏစသော အမည်ကို မှည့်သော သုတ်တို့ထက်ကား ကျယ်ဝန်းများပြား၏၊ ထို့ကြောင့် အပါဒါနသညာ၏ အခြားမဲ့၌ သမ္ပဒါနသညာကို ပြတော်မူသည်။

**သမ္ပဒါနံ**—သမ္မာ ပဒီယတေ ယဿာတိ သမ္ပဒါနံ၊ ယဿ-အကြင် ကာရကအား၊ သမ္မာ-ကောင်းစွာ၊ ပဒီယတေ-ပေးအပ်၏၊ ဣတိ-ထိုသို့ ကောင်းစွာပေးရာ ၏အဖြစ်ကြောင့်၊ တံ-ထို ကာရကသည်၊ သမ္ပဒါနံ-မည်၏၊ ရဟန်းစသော ပုဂ္ဂိုလ်, သစ်ပင်စသော ဝတ္ထုတို့၏ ပေးဖို့ရာသတ္တိသည် မုချသမ္ပဒါန်မည်၏၊ "သမဏဿ-ရုက္ခဿ" စသည်၌ ရဟန်းဒြပ် သစ်ပင်ဒြပ် စသည်တို့သည် ထိုသတ္တိ၏တည်ရာဖြစ်၍ ဥာနျူပစာရ အားဖြင့် သမ္ပဒါန်မည်၏၊သမဏ-ရုက္ခစသော သဒ္ဒါတို့ကား အနက်ကို အကြောင်းပြု၍ ကာရဏူပစာရအားဖြင့် သမ္ပဒါန်မည်၏၊ သံ+ပုဗ္ဗ ဒါဓာတ်, ယုပစ္စည်း၊ သံဥပသာရကို "သမ္မာ" ဟု ဖွင့်၏။

ထို သမ္မာအရ ကောင်းစွာပေးခြင်းဟူသည် ငယ်သူ အောက်တန်းကျသူက ကြီးသူ အထက်တန်းကျသူအား ပူဇော်သော အနေအားဖြင့် ပေးခြင်း လှူခြင်း, ကြီးသူ အထက်တန်းကျသူက ငယ်သူ အောက်တန်းကျသူအား ချီးမြှောက်သော အနေအားဖြင့် ပေးခြင်းမျိုးတည်း၊ ထိုသို့ပေးရာ၌ ပေးအပ်သော ဝတ္ထုကိုပိုင်ဆိုင်သူ (အပိုင်ရသူ) သည် သမ္ပဒါန်ဖြစ်၏၊ ထိုသမ္ပဒါန်သည် "သမဏဿ စီဝရံ ဒဒါတိ" ၌ သင်္ကန်း တည်းဟူသော ဝတ္ထုကို ခံယူခြင်းကဲ့သို့ ဝတ္ထုကိုခံယူခြင်းလက္ခဏာ, "သမဏဿ ရောစတေ သစ္စံ" ၌ နှစ်သက်ခြင်းကြိယာကို ခံယူခြင်းကဲ့သို့ ကြိယာကို ခံယူခြင်း လက္ခဏာ ရှိ၏။

[ဘာဒစိန္တာ] သမ္မာ ပဒီယတေ ယဿ, သမ္ပဒါနံ တဒုစ္စတေ၊
ဝတ္ထုဿဝါ ပဋိဂ္ဂါဟ-လက္ခဏံ တံ ကြိယာယဝါ၊
ပူဇာနုဂ္ဂဟကာမေန, ဒိန္နံ သမ္မာတိ မညတေ၊
ဒိန္နဿ သာမိကတ္တေ၀, သမ္ပဒါနံ တဒုစ္စတေ။

ယဿ-အား၊ပေ၊တံ-ထိုကာရကကို၊ သမ္ပဒါနံ-ဟူ၍၊ ဝုစ္စတေ-ဆိုအပ်၏၊ တံ-ထို သမ္ပဒါန်သည်၊ ဝတ္ထုဿဝါ-ဝတ္ထုကိုသော်လည်းကောင်း၊ ကြိယာယဝါ-ကြိယာကို သော်လည်းကောင်း၊ ပဋိဂ္ဂါဟလက္ခဏံ-ခံယူခြင်းလက္ခဏာရှိ၏၊ ပူဇာနုဂ္ဂဟကာမေန-ပူဇော်လို ချီးမြှောက်လိုသူ၏ အဖြစ်ဖြင့်၊ ဒိန္နံ-ပေးအပ်သောဝတ္ထုကို သမ္မာတိ-

ဟောတိ-၏၊ သမဏဿ - ရဟန်းအား၊ စီဝရံ- သင်္ကန်းကို၊ ဒဒါတိ- လှူ၏၊ သမဏဿ-အား၊ သစ္စံ-မှန်သောစကားသည်၊ ရောစတေ-နှစ်သက်၏၊ ဒေဝဒတ္တဿ - ဒေဝဒတ်အား၊ သုဝဏ္ဏဆတ္တံ - ရွှေထီးကို၊ ယညဒတ္တော - ယညဒတ်

---

ကောင်းစွာဟူ၍၊ ဝါ-ကောင်းစွာပေးအပ်၏ ဟူ၍၊ မနျတေ-သိအပ်၏၊ ဒိန္နဿ-ပေးအပ်သော ဝတ္ထု၏၊ သာမိကဘွေ-အရှင်၏အဖြစ်သည်၊ ဝါ-ပိုင်ဆိုင်သူ၏ အဖြစ်သည်၊ (သတိ) ဝေ-ရှိမှသာ၊ တံ-ထိုကာရကကို၊ သမ္ပဒါန်-ဟူ၍၊ ဥစ္စတေ-၏။ [ပဌမ ၂-ပါဒဖြင့် သမ္ပဒါနပုဒ်၏ ဝိဂ္ဂြဟ်ကို, ဒုတိယ ၂-ပါဒဖြင့် သမ္ပဒါန်၏ လက္ခဏာကို, တတိယ ၂-ပါဒဖြင့် သမ္ပာ၏ အဓိပ္ပာယ်ကိုပြ၏၊ စတုတ္ထ ၂-ပါဒဖြင့် "အပိုင်ရမှ သမ္ပဒါန်ဖြစ်သည်" ဟု သမ္ပဒါန်၏ လက္ခဏာကိုပင် ထပ်၍ပြသည်။

**သမ္ပာ မဟုတ်လျှင် သမ္ပဒါန်မဖြစ် တဲ့။** ။ကဝါသည်အား အဝတ်ဖွပ်ဖို့ရန်ပေးရာ၌လည်းကောင်း, ဒင်္ဂါးငွေကို မင်းအား ပေးရာ၌လည်းကောင်း ပူဇော်ချီးမြှောက်လိုခြင်းမရှိ၍ သမ္ပာမဟုတ်သောကြောင့် သမ္ပဒါန် မဖြစ်၊ ထို့ကြောင့် "ရဇကဿ ဝတ္ထံ ဒဒါတိ၊ ရညော ဒဏ္ဍံ ဒဒါတိ" တို့၌ "ရဇကဿ-ကဝါသည်အား၊ ရညော-မင်းအား"ဟု မပေးပဲ "ရဇကဿ-ကဝါသည်၏၊ (ဟတ္ထေ-လက်၌၊) ဝတ္ထံ-အဝတ်ကို၊ ဒဒါတိ-၏" ဟုလည်းကောင်း, "ရညော-၏၊ ဒဏ္ဍံ-ဒင်္ဂါးငွေကို၊ ဒဒါတိ-၏" ဟု လည်းကောင်း သဒ္ဒါကျမ်းတို့အလို အနက်ဆိုရမည်။ [ပူဇာဒိနံ-ပူဇော်ခြင်း အစရှိသည်တို့၏၊ အဘာဝတော-မရှိခြင်းကြောင့်၊ သမ္ပဒါနတ္တံ-သမ္ပဒါန်အဖြစ် (သမ္ပဒါန်အမည်) သည်၊ န ဘဝေ-မဖြစ်ဟု ဂါထာ၌ အနက်ပေး၊ (ဘေဒစိန္တာ)။]

ရဇကဿ ဒဒေ ဝတ္ထံ, ရညော ဒဏ္ဍံတိ အာဒိသု၊
န ဘဝေ သမ္ပဒါနတ္တံ, ပူဇာဒိန မဘာဝတော။

**သမ္ပဒါန်ဖြစ်သည်ဟု ယူပုံ။** ။"ရဇကဿ ဒဒေ ဝတ္ထံ" စသော ပုံစံ၌ သက္ကတ သဒ္ဒါကျမ်းတို့အလို သမ္ပဒါန်မဖြစ်ဟု ဆိုသော်လည်း ပါဠိအဋ္ဌကထာအလိုမှာ သမ္ပဒါန် ဖြစ်သည်ပင်၊ "ဘိက္ခုဿ ပဟာရံ ဒဒေယျ=ရဟန်းအား ပုတ်ခတ်ခြင်းကို ပေးအံ့"-(ပါစိတ်ပါဠိတော်)၊ ကော ပုရိသော ကိလိဋ္ဌဝတ္ထံ ရဇကဿ အဒါသိ-ယောကျ်ားတယောက်သည် ညစ်ပေသောအဝတ်ကို ကဝါသည်အားပေး၏-(အဋ္ဌသာလိနီ), စသည်ကား ပုံစံ၊ ထိုကဲ့သို့ သမ္ပာ မဟုတ်ရာ၌ "သမ္ပာ ပဒီယတေ ယဿ" ဟူသော ဝိဂ္ဂဟနှင့် မလျော်ရကား စတုတ္ထီသဝိဘတ် သက်ရချင်းတူသောကြောင့် သဒိသူပစာ သမ္ပဒါန် ဟု မှတ်။

[ဋီကာ] သတ္တဝေ-ရန်သူအား၊ ဘယံ-ဘေးကို၊ ဒဒါတိ-ပေး၏၊ ဇူတိ အာဒိ ပယောဂေါတု-ဤသို့ အစရှိသော ပြယုဂ်သည်ကား ဥပစာရာတ်-ဥပစာအားဖြင့်၊ ဘဝေ-သမ္ပဒါန်ပြယုဂ်ဖြစ်၏။ ... (မုခ္ဓဗောဓ)။

**ဝိဂ္ဂဟတမျိုး။** ။သံ၏အတွက် သမ္ပာအနက် ကြီးရသဖြင့် (ပူဇော်လို ချီးမြှောက်လို၍) ပေးမှ သမ္ပဒါန်အမည်ရလျှင် "ဘိက္ခုဿ ပဟာရံ ဒဒေယျ" စသည်၌ သမ္ပဒါန် မဖြစ်မည်စိုးသောကြောင့် "သံ+ပ" ဥပသာရ ၂ ချက်အတွက် "သမ္မာ"

သည်၊ ဓာရယတေ-ဆောင်၏၊ ဝါဆောင်းပေး၏၊ သမ္ပဒါနံ ဉာတိ-သမ္ပဒါနံ ဟူသော၊ အနေန- ဤအမည်ဖြင့်၊ ဣဓ- ၌၊ အတ္တော- သည်၊ (အတ္ထိ- နည်း၊) သမ္ပဒါနေ စတုတ္ထီ- ၏၊ ဝါတိ-ဝါဟူသောပုဒ်သည်၊ ဝိကပ္ပနတ္ထံ- ဝိကပ်အနက် ရှိ၏၊ ဓာတုနာမာနံ-ဓာတ်, နာမ်တို့၏၊ ပယောဂေ ဝါ- ယှဉ်ခြင်းသည်လည်း ကောင်း၊ ဥပသဂ္ဂပ္ပယောဂေ ဝါ-ဥပသာရပုဒ်တို့၏ ယှဉ်ခြင်းသည်လည်းကောင်း၊ နိပါတပ္ပယောဂေ ဝါ - နိပါတ်ပုဒ်တို့၏ ယှဉ်ခြင်းသည်လည်းကောင်း၊ သတိ- ရှိလတ်သော်၊ အတ္တဝိကပ္ပနတ္တံ-အနက်တမျိုးကို စီရင်ခြင်းအကျိုးငှာ၊ ဝါတိပဒံ- ဝါဟူသော ပုဒ်ကို၊ ပယုဇ္ဇတိ-ယှဉ်အပ်၏။ (၃၀၂)။

---

ဟု ဖွင့်၍ ''သမ္ပဇ္ဇ အဿ ဒဒါတီတိ သမ္ပဒါနံ'' ဟု ချာသဉ္ဈ ဝိဂြိုဟ်ပြုသည်၊ ဤအလို ကောင်းစွာ ပေးပေး-မကောင်းသဖြင့် ပေးပေး, အပိုင် ရရ-မရရ, ပေးရာမှန်လျှင် သမ္ပဒါန် ဖြစ်သည်ချည်းတည်း။ [အဿ-ထိုသူအား၊ သမ္ပဇ္ဇ-ကပ်ရောက်၍၊ ဒဒါတိ- ပေး၏၊ (တနည်း, ဒီယတေ-ပေးအပ်၏၊) ဣတိ-ထိုသို့ ကပ်ရောက်၍ပေးရာ၏ အဖြစ် ကြောင့် သမ္ပဒါနံ-မည်၏-] (အနိရာကရဏစသော ကမ္မာဝိပ္ပေတစသော သမ္ပဒါန် အပြားကို ရူပသိဒ္ဓိနှင့် ပုဒ်စစ်တို့မှာ ရှုပါလေ။)

**သမဏဿ စီဝရံ ဒဒါတိ**—ယဿ ဒါတုကာမော၏ ပုံစံတည်း၊ ဤ''ယဿ ဒါတု ကာမော'' စသောသုတ်သည် ''ယဿဒိတ္သာ, ရောစတေ, ဓာရယတေ ဝါ၊ တတ် သမ္ပဒါနမ်'' ဟူသော ကလာပ်သုတ်ကိုမှီသောသုတ်တည်း၊ ''ဒိတ္သာ (ဒါတုံ ဣစ္ဆာ) - ပေးလိုခြင်း''ဟု အနက်ပေး၊ ထို့ကြောင့် ဒိတ္သာနှင့် ဒါတုကာမောကို အနက်တူ ဟု မှတ်၊ ထို သဒ္ဒါကျမ်းတို့၌ ပေးလို၍ ပေးမှသာ ခံယူသူ သမ္ပဒါန်ဖြစ်၏-ဟု ဆိုလို၏။

**သမဏဿ ရောစတေ သစ္စံ**—ဤကား ''ယဿ ရောစတေ'' ၏ ပုံစံတည်း၊ ဤပုံစံ သည် ပါဠိရှိရင်းပုံစံ ဟုတ်ဟန်မတူ၊ ဒေဝဒတ္တဿ ရောစတေ မောဒကော=ဒေဝဒတ် အား လဍ္ဍူးမုန့်သည် နှစ်သက်၏''ဟူသော သက္ကတပုံစံကို နည်းမှီဟန် တူသည်၊ ရုစ ဓာတ်သည် ''ရုစ ဘူ ဒိတ္တိပီတိသု''ဟူသော ဓာတွတ္ထသင်္ဂဟနှင့်အညီ ''ဒိတ္တိ-ထွန်းပ ထင်ရှားတင့်တယ်ခြင်း, ပီတိ-နှစ်သက်ခြင်း'' အနက်တို့ကို ဟော၏၊ ထိုတွင် ''သမ ဏဿ ရောစတေ''၌ တင့်တယ်ခြင်းအနက် ကြံ၍ ''ရဟန်းအား သစ္စာသည် တင့်တယ် ၏'' ဟု အနက်ဖွင့်ကြ၏၊ ထိုအတိုင်းဖြစ်လျှင် သစ္စာသည် ရဟန်း၏ သစ္စာ ဖြစ်သော ကြောင့် ရဟန်းသည် ခံယူသူ မဟုတ်ရကား သမ္ပဒါန် မဖြစ်နိုင်၊ သမ္ဗန်အနက်သာ ဖြစ်ရ လိမ့်မည်၊ ဤပုံစံ၏ ဆိုလိုရင်းမှာ ''အခြားသူ၏ သစ္စာကို ရဟန်းက နှစ်သက်၏''ဟု သာ ဆိုလိုရင်းဖြစ်သည်၊ ထို့ကြောင့် ဤပုံစံ၌ ဒိတ္တိအနက်ကိုမယူပဲ ပီတိအနက်သာ ယူသင့်သည်။

**မောဂ္ဂလ္လာန်**။ ။ဤရောစနတ္ထနှင့်ယှဉ်ရာ၌ သက္ကတကျမ်းတို့က သမ္ပဒါန်ဖြစ်သည် ဟု ဆိုကြသော်လည်း ပါဠိဝယ် သမ္ပဒါန် မဖြစ်, လိင်္ဂတ္ထ၌ ပဌမာသာ (ကတ္တားသာ) ဖြစ်သည်ဟု မောဂ္ဂလ္လာန်ဆို၏။ [ကတ္တားဖြစ်လျှင် ထို ကြိယာ၏ ကံ၌ ဒုတိယာလည်း သက်ရတော့သည်၊ ] ကဿ ဝါ တွံ ဓမ္မံ ရောစေသိ=ဘယ်သူ၏တရားကို သင် နှစ်သက်

သနည်း၊ ဤ၌ "ကာယဝါ တော" ဟု မရှိ၊ ထို့အတူ "ကိဿသု ကောမ္မသ ဝစံ ရောစေသိ ဂေါတမ=အဘယ် တခုသော တရားကို သတ်ခြင်းကို နှစ်သက်ပါသနည်း, အရှင် ဂေါတမ (ဤ၌ "တွံ" ဟု ထည့်), "ပုရိသဿ ဝစံ နရောစေယျံ" ၌ "အဟံ" ဟု ထည့်၊ ဤသို့ စသည်ဖြင့် သမ္ပဒါန် အစား ကတ္တား အဖြစ်ဖြင့်သာ ပါဠိပုံစံကို တွေ့ရသည်။ ["တဿ တေ သဂ္ဂကာမဿ, ကေတ္တ မုပရုစ္စတု" ဟူသော ဇနက ဇာတ်၌ နိတ်ဝယ် "ကေတ္တမုပရောစိတံ" ဟု တွေ့ရ၏၊ "ရုစ္စတု" သာ ပါဠိမှန် ဖြစ်သင့်သည်။]

ရုစ္စနတ္ထယှဉ်ရာ၌ကား သမ္ပဒါန်။ ။ရုစ္စတိကို သဒ္ဒနီတိ၌ ဒိဝါဒိ ရုပ်ဟု ဆို၏၊ ထို ဒိဝါဒိရုစ္စနတ္ထယှဉ်ရာ၌မူ ပါဠိ သက္ကတ ၂ ဌာန၌ပင် သမ္ပဒါန်ပြယုဂ်ကို တွေ့ရ၏၊ "န မေ ရုစ္စတိ ဘဒ္ဒန္တေ၊ ဥလူကဿာဘိသေစနံ=အရှင်တို့ .. ခင်ပုတ်ငှက်ကို ဘိသိက် သွန်းခြင်းသည် ငါ ကျီးငှက်အား မနှစ်သက်ပါ၊ "မာယသ္မာနံ့ာနံပိ သံဃဘေဒေါ ရုစ္စိတ္ထ=အရှင်တို့အားလည်း သံဃာ ကွဲခြင်းသည် မနှစ်သက်ပါလင့်၊ ကဿ သာဒ္ဓု နရုစ္စတိ=ဘယ်သူ့အား အစားကောင်းသည် မနှစ်သက်ပဲရှိအံ့နည်း၊ ခမတိ သံဃဿ ဥပသမ္ပဒါ=ပဉ္စင်းအဖြစ်သည် သံဃာအား နှစ်သက်၏၊ အဿ ဘတ္တံ နစ္ဆာဒေသိ=ထိုသူ့အား ထမင်းသည် မနှစ်သက် (မဆာ)၊ ဤ ခမု-ဆဒ (စုရာဒိဂိုဏ်း) တို့လည်း ရုစ္စနတ္ထ၌ ပါဝင်ကြသည်၊ ခမုဓာတ်၏ ယှဉ်ရာ၌ "အပရာဓံ မဟာရာဇ, တွံ နော ခမ ရထေသဘ" ဟု သမ္ပဒါန် မဖြစ်သောပါဠိလည်း ကုသဇာတ်၌ တွေ့ရသေး၏။ [ဓာတွတ္ထသင်္ဂဟ၌ ရုစ္စတိကို ကမ္မရုပ်ကြံ၍ "မေ" စသည်ကို ဆဋ္ဌီ ကတ္တား ကြံပြီးလျှင် အဘိသေစနံ စသည်ကို ဝုတ္တကံဟု ကြံသေး၏၊ အချို့ကလည်း "ခမ္မတိ"ဟု ကမ္မရုပ် ပြင်ကြ၏၊ မောဂ္ဂလ္လာန်၌မူ သံဃဿစသည်ကို ဆဋ္ဌီယန္တ ကြံ၍ "သံဃာ၏စိတ်၌"ဟု အနက်ပိုထည့်လေသည်။]

ဒေဝဒတ္တဿ၊ပေ၊ဓာရယတေ—"ယဿ ဓာရယတေ"၏ ပုံစံတည်း၊ "ဓာရ ယတေ" ၌ ဓရဓာတ်, စုရာဒိဏ,ပစ္စည်း၊ "ဆောင်၏" ဟူရာ၌ ထီးကို ဆောင်းမိုး ပေးခြင်းတည်း၊ ကာတန္တဝုတ္တိ၌မူ "ဝိဿုမိတြာယ-ဝိဿုမိတြအား၊ ဂါံ-ကြွေးမြီကို၊ ဓာရယတေ-ဆောင်၏၊ ဝါ-ဆပ်ပေး၏" ဟု ပုံစံထုတ်၏၊ ထိုပုံစံမျိုးကို သိလာဃသုတ် ဓရဓာတ် ယှဉ်ရာ၌ ပြလတ္တံ့၊ ဤ ကစ္စည်းဝုတ္တိပုံစံ၌ကား "ဇာတဿ ခေါပန ဘိက္ခဝေ ဝိပဿိဿ ကုမာရဿ သေတစ္ဆတ္တံ ဓာရယိတ္ထ (ထီးဖြူသည် ဆောင်းမိုးပြီ)၊ "မေ ဆတ္တံ အဓာရေသိ" (မဟာပဒါနသုတ်, ကေဆတ္တိက ထေရာပဒါန်) တို့နှင့် လျော် ပေသည်။

ဝါတိဝိကပ္ပနတ္ထံ၊ပေ၊ပယုဉ္ဇတိ—ဓာရယတေဝါ၌ ဝါသဒ္ဒါသည် ဝိကပ္ပနအနက် ရှိ၏၊ ဝိကပ္ပနဟူသည်လည်း ဤသုတ် အစီအရင် မမြဲကြောင်းကိုပြသော ဝိကပ် မဟုတ်, အနက်တမျိုးကို အပိုစီရင်နိုင်သော အတ္ထန္တရ ဝိကပ်တည်း၊ ထို့ကြောင့် ထို အတ္ထန္တရ ဝိကပ်အနက်ကိုပင် ထင်ရှားအောင် ပြခြင်းငှာ "ဓာတုနာမာနံ ပယောဂေဝါ"စသည် ကို မိန့်သည်၊ ဓာတုနာမာန မုပသဂ္ဂ ယောဂါဒိသွပိစ သုတ်သည် အပဒါန်ကို ငဲ့သော ဓာတ်-နာမ်-ဥပသာရ နိပါတ် တို့၏ ယှဉ်ရာ၌ အပဒါန် မည်သကဲ့သို့ ဤ ဝါသဒ္ဒါ လည်း သမ္ပဒါန်ကိုငဲ့သော ဓာတ် နာမ် ဥပသာရ နိပါတ်တို့၏ ယှဉ်ရာ၌ သမ္ပဒါန်မည် သည်—ဟူလို။

**သိလာဿ၊ပေ၊ သတ္တမျတ္တေသုစ**

၂၇၇။ သိလာဿ၊ပေ၊ ဣဿ ဣတိ-သိလာဿ, ဟန္န, ဌာ, သပ, ခာရ, ပိဟ, ကုဓ, ဒုဟ, ဣဿ ဟူကုန်သော၊ ဓေတေသံ ဓာတူနံ-ဤဓာတ်တို့၏၊ ပယောဂေ-ယှဉ်ရာ၌လည်းကောင်း၊ ဉဿူယတ္တာနံ - ဉဿူယအနက်ရှိကုန်သော ဓာတ်တို့၏၊ ပယောဂေစ - ၌လည်းကောင်း၊ရာမိက္ခပ္ပယောဂေ-ရာဓဓာတ်, ဣက္ခဓာတ်တို့၏ ယှဉ်ရာ၌လည်းကောင်း၊ ပစ္စာသုဏ အနုပတိဂိဏာနံ - ပတိရှေး အာရှေးရှိသော သုဓာတ်, အနုရှေး ပတိရှေးရှိသော ဂိဓာတ်တို့၏၊ ပုဗ္ဗကတ္တရိ-ရှေးကတ္တား၌လည်းကောင်း၊ အာရောစနတ္တေ-အာရောစန အနက်ရှိသော ဓာတ်တို့၏ ယှဉ်ရာ၌လည်းကောင်း၊တဒတ္ထေ-ထိုကြိယာ၏ အကျိုးဟူသော အနက်၌လည်းကောင်း၊ တုမတ္တေ-တုံပစ္စည်း၏ အနက်၌လည်းကောင်း၊ အလမတ္ထေ-အလံ အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌ လည်းကောင်း၊ မညတိပ္ပယောဂေ-မနဓာတ်၏ ယှဉ်ခြင်းသည်၊ (သတိ-ရှိလ သော်၊) အနာဒရေ- မလေးစားအပ်သော၊ အပ္ပာဏိနိ-သတ္တဝါမဟုတ်သော အနက်၌လည်းကောင်း၊ ဂတျတ္ထာနံ-ဂတိ အနက်ရှိသော ဓာတ်တို့၏၊ ကမ္မနိ-

---

မှတ်ချက်။ ။ဝါသဒ္ဒါဖြင့် ပြရာ၌ တိုက်ရိုက်မဆိုအပ်သော အနက်ပိုကို ယူလို လျှင် ထို ဝါသဒ္ဒါကို "အတ္တနုရဝိကပ္ပန" ခေါ်သော ဝိကပ်အနက်ရှိ၏-ဟု ဖွင့်ပြလေ့ ရှိကြ၏၊ ဤ အတ္တနုရဝိကပ်အနက်သည် စသဒ္ဒါ၏ အဝုတ္တသမုစ္စည်း အနက်မျိုးပင် တည်း၊ စသဒ္ဒါမဟုတ်သောကြောင့် သမုစ္စည်းအနက်ဟု မဆိုပဲ ဝိကပ္ပနအနက်ဟု ဆို သည်၊ ဤ ဘာသာဋီကာ အလိုအားဖြင့်ကား ဝိကပ္ပနဟု မဆိုလို၊ (ယဿွာ ဒပေတိ သုတ်၌ ဖွင့်ပြခဲ့သည့်အတိုင်း) "ယဿ ဒါတုကာမော, ယဿ ရောစတေ, ယဿ ခာရယတေ" ဟု ၃ ဝါကျခွဲပြသော ဝါကျဘေဒတ္ထ ဝါသဒ္ဒါ ဟုပင် ဆိုလိုသည်၊ [ဝါကျဘေဒ အနက်ကို ဝုတ္တသမုစ္စည်း အနက်ဟုလည်းကောင်း၊ အတ္တနုရဝိကပ္ပန အနက်ကို အဝုတ္တသမုစ္စည်းအနက်ဟု လည်းကောင်း ကြံ၍ ဤ ဝါသဒ္ဒါသည် ဝုတ္တာ ဝုတ္တသမုစ္စည်းအနက်ရှိ၏-ဟု နိဒ္ဒေသဖွင့်လေသည်။]

စဉ်းစားဖွယ်။ ။ဤ ဝါသဒ္ဒါအတွက် ဝိကပ္ပနအနက် ရှိသည်-ဟု ဆျာသရူပသိဒ္ဓိ တို့ မဖွင့်ကြ၊ ဤ ကစ္စည်းဝုတ္တိမှာလည်း ဓာတုယောဂပုံစံ, စသည်ဖြင့် ပုံစံကို ထုတ်မပြပဲ "ဝါတိ ဝိကပ္ပနတ္ထံ" စသည်ဖြင့်သာ ဆိုထား၏၊ သီဟိုဠ်မူ၌ "နိပါတ ပယောဂေ ဝါ" ၏နောက်ဝယ် "န ဝါယောဂေ-မယှဉ်ရာ၌လည်းကောင်း" ဟုလည်း အပိုတွေ့ ရ၏၊ "ဝါတိပဒံ" အရာဝယ် "ဝါသဒ္ဒေါ" ဟုလည်း မူကွဲရှိ၏၊ ထို့ကြောင့် ဤ "ဝါတိဝိကပ္ပနတ္ထံ"စသော စကားသည် မူရင်းဟုတ်မှ ဟုတ်ပါရဲ့လား ဓာတုနာမာနံ သုတ်ကို နည်းမှီး၍ ရှေးဆရာတို့ ထည့်ခဲ့သောစကားသာ ဖြစ်လေရော့သလား-ဟု စဉ်းစားဖွယ်ရှိသည်။

၂၇၇။ သိလာဿ၊ပေ၊သုစ—ဒုရန္တိကသုတ်၌ (ဒုရန္တိက မှစ၍ ကတ္တုသုတိုင် အောင်တပုဒ်, စ တပုဒ်ဟု) ၂ ပုဒ်သာရှိသကဲ့သို့ ဤ၌ ၂ ပုဒ်သာမခွဲပဲ "သိလာဿ ၊ပေ၊ပါဏိနိ+ဂတျတ္ထကမ္မနိ+အာသီသတ္ထ၊ ပေ၊ သတ္တမျတ္တေသု+စ" ဟု ၄ ပုဒ် ခွဲဝေ

ကံ၌လည်းကောင်း၊ အာသီသတ္ထေ-တောင့်တခြင်းအနက်ရှိသော ဓာတ်တို့၏ ယှဉ်ရာ၌လည်းကောင်း၊ သမ္ပုတိဘိယျသတ္တမျတ္ထေသု-သမ္ပုတိသဒ္ဒါ၏ ယှဉ်ရာ, ဘိယျသဒ္ဒါ၏ ယှဉ်ရာ, သတ္တမီဝိဘတ်၏ အနက်တို့၌လည်းကောင်း၊ တံကာရကံ-သည်၊ သမ္ပဒါနသညံ-ရှိသည်၊ ဟောတိ-၏။ (၃၀၃)။

(က) တာဝ-ရှေးဦးစွာ၊ သိလာဃပ္ပယောဂေ-သိလာဃ ဓာတ်၏ ယှဉ်ရာ၌၊ (သမ္ပဒါနံ-သည်၊ ဟောတိ)၊ ဗုဒ္ဓဿ-ဘုရားအား၊ သိလာဃတေ-ချီးမွမ်း၏၊ [နောက်၌ "ဓမ္မဿ-အား၊ တဝ-သင့်အား၊ မမ-ငါ့အား"ဟု ပေး၊] ဣစ္စေဝ မာဒိ-တည်း။

(ခ) ဟနုပ္ပယောဂေ - ဟနု ဓာတ်၏ ယှဉ်ရာ၌၊ (သမ္ပဒါနံ ဟောတိ၊) တုယှမေဝ - သင့်အားပင်လျှင်၊ ဟနုတေ - လိမ်၏၊ မယှမေဝ - ငါ့အားပင်၊ ဟနုတေ-လိမ်၏၊ ဣစ္စေဝမာဒိ-တည်း။

---

ခြင်းကား ရွတ်ဆိုရာ၌ ရပ်နားကာ ရပ်နားကာ ရွတ်ဆိုရ၍ သက်သာ ချောမောစေလိုခြင်းကြောင့်တည်း၊ ဤသိလာဃ စသော ဓာတ်တို့၏ ယှဉ်ရာ၌ (ဂတျတ္ထကမ္မနိ, သတ္တမျတ္ထေသု-တို့ကို ထောက်၍) အချို့အရာဝယ် ကံအနက် သတ္တမီ အနက်များကိုလည်း ပေးရလိမ့်မည်၊ထို့ကြောင့် သဒ္ဒ အပဒါန် အတ္ထအပဒါန် သဒ္ဒတ္ထ အပဒါန် ခွဲသကဲ့သို့ သဒ္ဒါသာ သမ္ပဒါန်ဖြစ်၍ အနက်မှာ"ကို"ဟုလည်းကောင်း "၌" ဟုလည်းကောင်း ပေးရသော သဒ္ဒသမ္ပဒါန်လည်း ရှိ၏၊ သမ္ပဒါန် အမည်ရ၍ အနက်လည်း "အား" ဟုလည်းကောင်း "၄ာ" ဟုလည်းကောင်း ပေးရသော သဒ္ဒတ္ထသမ္ပဒါန်လည်း ရှိ၏-ဟု ၂ မျိုးခွဲသင့်သည်။

(က) သိလာဃဓာတ်သည် "ကတ္ထန-ချီးမွမ်းခြင်း၊ ဝိကတ္ထန-ကြွားဝါးခြင်း"ဟု ၂ နက်ရှိ၏၊ ထိုတွင် ကတ္ထန အနက်ကိုယူ၊ သိလာဃဓာတ်၏ ယှဉ်ရာ၌ "ဗုဒ္ဓံ သိလာဃတေ" ဟု ဒုတိယာ ဝိဘတ် သက်မည်စိုးသောကြောင့် ထို ဒုတိယာကို တားမြစ်ခြင်းငှာ ဤသုတ်ဖြင့် ဗုဒ္ဓကို သမ္ပဒါန်မှည့်၍ သမ္ပဒါနေ စတုတ္ထီသုတ်ဖြင့် စတုတ္ထီသက်ရသည်၊ မုခမတ္တဒီပနီ၌ကား "ယဿ-အကြင် မိဿကိုးအား၊ ဂေါပီဂဏော-နွားကျောင်းသူမ အပေါင်းသည်၊ သိလာဃိတ္တ-ချီးမွမ်းပြီ၊ ဝါ-ချီးမွမ်းသောအားဖြင့် မိမိ အလိုကို သိစေပြီ" ဟု ပုံစံထုတ်၏၊ ထို့ကြောင့် မိမိအလိုဆန္ဒကို သိစေလိုသော အားဖြင့် သူတပါးကို ချီးမွမ်းပြောဆိုရာ၌ ဤသိလာဃဓာတ်၏ ယှဉ်ရာဝယ် သမ္ပဒါန်ဖြစ်သည်-ဟု မှတ်။

(ခ) "ဟနု-ဟနုဓာတ်သည်၊ စောရိယေ-ခိုးသူ၏ ဖြစ်ကြောင်းဖြစ်ရာ လိမ်လည်ခြင်းအနက်၌" ဟု သဒ္ဒတ္ထ ဓာတ်ကျမ်းတို့၌ရှိ၏၊ မုခမတ္တဒီ၌ "ယဿ-အကြင် မိဿကိုးအား၊ ဂေါပီဂဏော-သည်။ ဟနုတေသွ-လိမ်လည်ပြီ၊ ဝါ-လှည့်စားသောအား ဖြင့် မိမိအလိုကို သိစေပြီ" ဟု ပုံစံထုတ်၏၊ ထို့ကြောင့် မိမိဆန္ဒကို သိစေလို၍ သူတပါးကို လှည့်စားပြောဆိုရာဝယ် ဤဟနုဓာတ်၏ ယှဉ်ရာ၌ သမ္ပဒါန်ဖြစ်သည်-ဟု မှတ်။ [သဒ္ဒနီတိ၌ကား "ဟနုတေတိ အပနယတိ အပလပတိ, အလ္လာပသလ္လာပံ နကရော

(ဂ) ဌာ ပယောဂေ-ဌာခေတ်၏ ယှဉ်ရာ၌၊ (သမ္ပဒါန် ဟောတိ)၊ ဝဓုကီ-လက်သမားသည်၊ သကျပုတ္တာနံ-သာကီဝင် မင်းသားတို့အား၊ ဥပတိဋ္ဌေယျ-ပြုစု လုပ်ကျွေးရ၏၊ ဘုဉ္ဇမာနဿ-ဆွမ်းစားဆဲဖြစ်သော၊ ဘိက္ခုဿ-ရဟန်းအား၊ ပါနီယေန ဝါ-သောက်ရေဖြင့်သော်လည်းကောင်း၊ ဝိဓူပနေန ဝါ-ယပ်ခပ်သဖြင့် သော်လည်းကောင်း၊ ဥပတိဋ္ဌေယျ-ပြုစုလုပ်ကျွေးအံ့။

---

တိတိ အဘွော" ဟု ဖွင့်၏၊ "ဟနုတေ-စကား မပြောပဲနေ၏" ဟု အနက်ပေးစေလိုဟန်တူသည်၊ မောဂ္ဂလ္လာန်၌မူ "ဟနု=အပနယနေ" ဟု ခေတ်နက် ဆို၍ "ဟနု-တေ-ပယ်၏" ဟု နိဿယသစ် အနက် ပေးတော်မူသည်။]

(ဂ) ဌာခေတ်သည် တန့်ရပ် တည်နေခြင်း အနက်ကို ဟော၏၊ ထို့ကြောင့် မုဒ္ဓဗောဓ၌ "ယဿ-အကြင် မိဿဏီးအား၊ ဂေါပီဇနော-သည်၊ တိဋ္ဌတေ-ရပ်နေ၏၊ ဝါ-ရပ်နေသော အားဖြင့် မိမိအလိုကို သိစေ၏" ဟု ထုတ်၏၊ ဆိုလိုရင်းကား...... မိဿဏီးနတ်ကြီးနှင့် နွားကျောင်းသူမတို့သည် အလွန်ချစ်ကျွမ်းဝင်ရကား-မိဿဏီး နတ်ကြီး လာလျှင် နွားကျောင်းသူမတို့က ရပ်ပေးသဖြင့် မိမိတို့ ဆန္ဒကို မိဿဏီး နတ်ကြီးအား သိစေသည်-ဟု ဆိုလိုသည်၊ ကာတန္တ၌လည်း "ဆာတြာယ-တပည့်အား၊ ဝါ-တပည့် အလို့ငှာ၊ ကုမာရီ-သတို့သမီးသည်၊ တိဋ္ဌတေ-၏" ဟု ပုံစံထုတ်သည်။

**ဥပတိဋ္ဌေယျ သကျပုတ္တာနံ**—ပါဠိ၌ ဌာခေတ်ချည်း သက်သက် သမ္ပဒါန် ပြယုဂ် မရှိသောကြောင့် ဥပသာရနှင့် တွဲဖက်၍ "ဥပတိဋ္ဌေယျ" ဟု ထုတ်ပြသည်၊ သို့သော် ဥပသာရနှင့် တွဲဖက်လိုက်လျှင် "ဥပ-အနီး၌+တိဋ္ဌေယျ-တည်ရာ၏" ဟု သဒ္ဒါနက် ထွက်သောကြောင့် သကျပုတ္တာနံ-ဘိက္ခုဿတို့ဝယ် သမ္ပဒါန် အနက်ထက် "သာကီ မင်းတို့၏+အနီး၌ တည်နေရာ၏၊ ရဟန်း၏+အနီး၌ တည်နေအံ့" ဟု သမ္ဗန်အနက်က သာ၍ သင့်မြတ်ဖွယ်ရှိ၏၊ ဘိက္ခုပါစိတ် ဝိဘင်း၌လည်း "ဥပတိဋ္ဌေယျာတိ-ဟတ္ထပါသေ တိဋ္ဌေယျ=၂ တောင့်ထွာ ဟတ္ထပါသ် ဟူသော အနီး အပါး၌+တည်နေအံ့" ဟု ပင် မိန့်တော်မူသည်၊ ဤသို့ အနီး၌ တည်နေခြင်းသည်ပင် ချည်းကပ်ခြင်း ဖြစ်သော ကြောင့် "ဌေတ္တစ ဥပဋ္ဌာနံနာမ ဥပဂမနံ" ဟု ရူပသိဒ္ဓိ ဖွင့်သည်။

**ပါရိစရိယ ဥပဋ္ဌာနတမျိုး။** ။"မာတာပိတု ဥပဋ္ဌာနံ=မိဘတို့ကို လုပ်ကျွေးခြင်း (မင်္ဂလသုတ်)၊ အဟံ ဘောတိံ ဥပဋ္ဌိဿံ=ငါသည် ရှင်မကို လုပ်ကျွေးပါအံ့ (ဝေဿန်)" တို့၌ ပါရိစရိယာခေါ် ပြုစုလုပ်ကျွေးမှုကိုသာ ဥပဋ္ဌာနဟု ခေါ်၏၊ ဤသို့ ပါရိစရိယာ ဥပဋ္ဌာန ယှဉ်ရာ၌ကား သမ္ဗန် (သမ္ပဒါန်) မဖြစ်ပဲ ကံသာ ဖြစ်သည်၊ [ဘိက္ခုဿ ဘုဉ္ဇမာနဿ-စသော ပြယုဂ်၌ ဘိက္ခုနီပါစိတ်ဝယ် "ယာပန ဘိက္ခုနီ ဘိက္ခုဿ ဘုဉ္ဇန္တဿ ပါနီယေနဝါ ဝိဓူပနေနဝါ ဥပတိဋ္ဌေယျ" ဟုသာ ရှိ၏၊ ထို့ကြောင့် "အန္နေနဝါ-ဘိက္ခုနီ" တို့ကား အပို၊ ဘုဉ္ဇမာနဿလည်း ပါဠိရင်းမဟုတ်။]

(ဃ) သပပ္ပယောဂေ-သပခါတ်၏ ယှဥ်ရာ၌၊ (သမ္ပဒါန် ဟောတိ)၊တုယှံ-သင့်အား၊ သပတေ-ယုံကြည်စေလို သစ္စာဆို၏၊ မယှံ သပတေ၊ ဣစ္စေဝမာဒိ။

(င) ဓာရပ္ပယောဂေ-ဓရခါတ်၏ ယှဥ်ရာ၌၊ (သမ္ပဒါန် ဟောတိ)၊ ဒေ-သင် ကြွေးမြီရှင်အား၊ သုဝဏ္ဏံ-ရွှေကို၊ ဓာရယတေ-ဆောင်နှင်း၏၊ ဝါ-ဆပ်၏၊ ဣစ္စေဝမာဒိ။

(စ) ပိဟပ္ပယောဂေ - ပိဟခါတ်၏ ယှဥ်ရာ၌၊ (သမ္ပဒါန် ဟောတိ)-အညတိတ္ထိယာ - သာသနာပ တိတ္ထိတို့သည်၊ ဗုဒ္ဓဿ - ဘုရားအား၊ ပိဟယန္တိ၊ မြတ်နိုးကုန်၏၊ ဒေ-အရှင်မင်းမြတ်အား၊ ဒေဝါနတ်တို့သည်၊ ဒဿန ကာမာ-

---

(ဃ) သပပ္ပယောဂေ—သပခါတ်သည် ယုံကြည်စေလို နှစ်သက်စေလို၍ သစ္စာဆိုခြင်းအနက်,ကျိန်ဆဲခြင်း အနက်တို့ကိုဟော၏၊ ထိုတွင် သစ္စာဆိုရာ၌သာ သပခါတ် ယှဥ်ရာဝယ် သမ္ပဒါန်ဖြစ်သည်၊ "ဂေါပိဂဏော-သည်၊ယဿ-အကြင် မိဿကိုးအား အသဟ္တ-ယုံကြည်စေလို သစ္စာဆိုပြီ၊ ဝါ-သစ္စာဆိုသောအားဖြင့် မိမိအလိုကို သိစေ ပြီ" ဟု မုဒ္ဓဗောဓ ပုံစံထုတ်၏၊ သပဿုံ မေ ဝေပစိတ္တိ အဒ္ဒုဘာယ-အို ဝေပစိတ္တိ အသုရာ-နောင်ခါ တယောက်နှင့် တယောက် မပြစ်မှားဖို့ရာ ကျွန်ုပ်အား သစ္စာပြုပါ လော၊ (သဂါထာဝဂ္ဂ-သက္ကသံယုတ်)၊ကျိန်ဆဲခြင်း အနက္ခောသ သပထ ဖြစ်လျှင်ကား သမ္ပဒါန် မဖြစ်၊ "တေ ဗ္ဗသယော သီလဝန္တော ကလျာဏဓမ္မော သဗ္ဗရံ အသုရိန္ဒံ အဘိသပေတွာ (သမ္ဗရမည်သော အသုရိန်ကို ကျိန်ဆဲ၍)" သက္ကသံယုတ်၊ ...ယာပန ဘိက္ခုနီ အတ္တာနံဝါ ပရံဝါ နိရယေနဝါ၊ ပေ၊ အဘိသပေယျ-ကျိန်ဆဲအံ့ (ဘိက္ခုနီ ပါစိတ်)၊ ဤသို့ ကံသာ ဖြစ်သည်။

**မှတ်ချက်။** ။မိမိဆန္ဒကို သိစေလို၍ သီလာဃစသော ခါတ် ၄ မျိုးကို သုံးစွဲရာ၌ သိစေလိုအပ်သူသည် သမ္ပဒါန်ဖြစ်၏၊ မိမိဆန္ဒကို သိစေလို၍ မဟုတ်ပဲ ရိုးရိုးချီးမွမ်းမှု စသည်ကို ပြုရာ၌ကား သမ္ပဒါန် မဖြစ်၊ ["သီလာဃ ဟနုဌာ သပါနံ ဉာပ္ဆိယမာနေ" ပါဏိနိသုတ်၊ ဉာပ္ဆိယမာနော-သိစေခြင်းငှာ လိုလားအပ်သူသည်၊ သမ္ပဒါန်-ဟောတိ။]

(င) ဓာရပ္ပယောဂေ—စုရာဒိ ဓရခါတ် ဖြစ်ကြောင်း သိစေလို၍ "ဓာ"ဟု ဝုဒ္ဓိ ရောက်လျက် ပြထားသည်၊ ဤဓရခါတ်နှင့် ယဿ ဒါတုကာမောသုတ်လာ ဓရခါတ် သည် တမျိုးတည်းပင် ဖြစ်၏၊ သို့ရာတွင် ကာတန္တသုတ် အတိုင်း "ယဿ ဒါတု ကာမော" စသောသုတ်ကို တည်ပြီးနောက် ပါဏိနိ၌လာသော "သီလာဃ ဟနုဌာ သပါနံ ဉာပ္ဆိယမာနော, ဓာရိဿ ဥတ္တမိဏော, စသောသုတ်တို့ကိုပေါင်း၍ သီလာဃ စသောသုတ်ကို အရှင်ကစ္စည်းတည်ထားသောကြောင့် ၂ သုတ်တို့၌ ဓရခါတ်ပါလျက် ရှိသည်-ဟု မောဂ္ဂလ္လာန် နိဿယသစ် မိန့်တော်မူ၏၊ [ဓာရိဿ-ဓရခါတ်၏ (ယှဥ်ရာ၌)၊ ဥတ္တမိဏော-မြီရှင်သည်၊ သမ္ပဒါန် ဟောတိ၊ ဤသုတ်အရ"သုဝဏ္ဏံ တေ ဓာရ ယတေ" ဟု မြီရှင်ကို သမ္ပဒါန်ပြု၍ "တေ" ဟု ထားသည်။]

တွေ့မြင်လိုပါကုန်၏၊ ယတော-အကြင်ကြောင့်၊ ဘဒ္ဒန္တဿ-အရှင့်အား၊ ဣစ္ဆာမိ-လိုလားပါ၏၊ ဒလိဒ္ဒါ-ဆင်းရဲသူတို့သည်၊သမိဒ္ဓါနံ-ကြွယ်ဝသူတို့အား၊ပိဟယန္တိ-ချစ်ခင်ကုန်၏၊ ဣစ္စေဝမာဒိ-တည်း။

(ဆ) ကုဓ ဒုဟ ဣဿ ဥသူယပ္ပယောဂေ-ကုဓ, ဒုဟ, ဣဿ, ဥသူယ ဓာတ်တို့၏ ယှဉ်ရာ၌ (သမ္ပဒါနံ ဟောတိ)၊ ဒေဝဒတ္တဿ-အား၊ ကောဓယတိ-စိတ်ဆိုး၏၊ မဟာဝီရ-ကြီးသော လုံ့လရှိသော အရှင်ရသေ့၊ တဿ-ထို ကာလာဗုမင်းအား၊ ကုဇ္ဈ-စိတ်ဆိုးတော်မူပါ။ [ဣဒံ ရဋ္ဌံ-ဤ နိုင်ငံသည်၊ မာဝိနဿ-

---

(စ) ပိဟပ္ပယောဂေ—ပိဟဓာတ်သည် "ဣစ္ဆာ-လိုလားခြင်း နှစ်သက်မြတ်နိုးချစ်ခင်ခြင်း" အနက်ကိုဟော၏၊ စုရာဒိ ဂဏ်ကဓာတ်တည်း၊ ထို့ကြောင့် ဏယပစ္စည်းဖြင့် "ပိဟယန္တိ" ဟု ရှိရသည်၊ "ဒဿနကာမာ=တွေ့မြင်လိုခြင်း" ဟူသည်လည်း ဣစ္ဆာအနက်ပင်တည်း၊ ထို့ကြောင့် "ပိဟပ္ပယောဂေ-ပိဟအနက်ရှိသော ဓာတ်၏ယှဉ်ရာ၌" ဟု အနက်ဆိုမှ "ဒဿနကာမ" လည်း ပါဝင်နိုင်မည်၊ ဤပိဟဓာတ်၏ယှဉ်ရာ၌ လိုလားနှစ်သက်အပ်သူသာ သမ္ပဒါန်ဖြစ်၏၊ [ပိဟိဿိတ္တိတော (ပါဏိနိ)၊ ပိဟိဿ-ပိဟဓာတ်၏ (ယှဉ်ရာ၌)၊ ဣတ္ထိတော-လိုလားအပ်သူသည်၊ သမ္ပဒါနံ ဟောတိ။]

**ပါဠိ အဋ္ဌကထာ။** ။ဤ ပိဟဓာတ်၏ယှဉ်ရာ၌ သမ္ပဒါန်ဖြစ်သော်လည်း ကံအနက်၌ စတုတ္ထီသက်ရမည်-ဟု အဋ္ဌကထာဖွင့်၏၊ ပိဏ္ဍပါတိကဿာတိစ ပိဟယန္တိ-တိပဒံ အပေက္ခိတွာ သမ္ပဒါနဝစနံ၊ တံ ဥပယောဂတ္ထေ (ဒုတိယာဝိဘတ်၏ အနက်၌) ဒဋ္ဌဗ္ဗံ၊ (ဥဒါန်း၊ တတိယာဝဂ်, သတ္တမသုတ် အဋ္ဌကထာ)၊ ပါဠိတော်၌ကား ဒုတိယာ ဝိဘတ်လည်း တိုက်ရိုက်ရှိ၏၊ "သစေပိ မံ ပိဟယသိ (ဆက္ကန်ပါတ်, ပါရာဝတဇာတ်) "မာ ဘိက္ခဝေ ဒေဝဒတ္တဿ လာဘသက္ကာရံ ပိဟယိတ္ထ" (နိဒါန, လာဘသက္ကာရသံယုတ်) စသည်တည်း။

(ဆ) ကုဓ ဒုဟ ဣဿ ဥသူယဓာတ်တို့၏ ယှဉ်ရာ၌ စိတ်ဆိုးအပ်သူ-ဖျက်ဆီးအပ်သော အရာ-ငြူစူအပ် အပြစ်ပြောအပ်သူတို့သည် သမ္ပဒါန်ဖြစ်၏၊ ထိုတွင် ဖျက်ဆီးခြင်း ငြူစူခြင်း အပြစ်ပြောခြင်းတို့သည် ဒေါသအရင်းခံ၍ ဖြစ်ရကား "ကုဓဒုဟိဿောသူယတ္ထာနံ ယံ ပတိကောပေါ" ဟု ပါဏိနိသုတ် တည်သည်၊ ယံပတိ-အကြင်သူ့ကိုစွဲ၍၊ ကောပေါ-ဒေါသဖြစ်၏၊ သော-ထို ဒေါသဖြစ်ရာသည်၊ သမ္ပဒါနံ။

ကုဓပ္ပယောဂေ—"ကောဓယတိ" ကား ကုဓဓာတ်သည် စုရာဒိ မဟုတ်သောကြောင့် မကောင်း၊ နာမဓာတ်ကြံ၍ "စိတ်ဆိုးခြင်းကိုပြု၏" ဟုသော်လည်း ပေး၊ "တဿကုဇ္ဈ" ၌ "မာကုဇ္ဈ" ဟု ရှိသည်၊ ကလာဗုမင်းက ခန္တီဝါဒီရသေ့ကို နှိပ်စက်လေရာ, တိုင်းပြည်ပါ ပျက်မည်စိုးသောကြောင့် "တိုင်းသူပြည်သားကို စိတ်မဆိုးပဲ မင်းကိုသာ စိတ်ဆိုးပါ" ဟု ဆိုသောစကားတည်း၊ "မာရဋ္ဌံ ဝိနဿ ဣဒံ" ကား အဓိပ္ပာယ်ထည့်ပြောရာမှ မှတ်သားထား၍ အပိုပါနေဟန်တူသည်၊ သီဟိုဠ်မူ၌ မပါ၊ ကုဓ အနက်ရှိသော ကုပဓာတ်ကိုလည်းယူ၍ "ယဒိဟံ တဿ ကုပ္ပေယျံ" ထုတ်။

မပျက်စီးပါစေလင့်၊] မေဃော - မိုးသည်၊ ဒိသာနံ - အရပ်မျက်နှာတို့အား၊ ဒုဟာယတိ - ဖျက်ဆီး၏၊ တိတ္တိယာ - တိတ္ထိတို့သည်၊ သမဏာနံ-ရဟန်းတို့အား၊ ဂုဏ ဂိဒ္ဓေန-ဂုဏ်ကို မက်မောခြင်းကြောင့်၊ ဣဿယန္တိ-ငြူစူကုန်၏၊ (နောက်ပုံစံ၌ "လာဘဂိဒ္ဓေန-လာဘ်ကို မက်မောခြင်းကြောင့်"ဟု ပေး၊) ဒုဇ္ဇနာ-သူယုတ်မာတို့သည်၊ ဂုဏဝန္တာနံ - ဂုဏရှိသူတို့အား၊ ဂုဏဂိဒ္ဓေန - ကြောင့်၊ ဥဿူယန္တိ - အပြစ်ပြောကုန်၏၊ ဝိဇာနတံ-ပညာရှိတို့အား၊ ဥဿူယာ-အပြစ်ပြောခြင်းသည်၊ ကာ-အဘယ်အကျိုးရှိအံ့နည်း၊ ဣစ္စေဝမာဒိ-တည်း။

---

ဒုဟပ္ပယောဂေ—ဒုဟ=ဇိဃံသာယံ-ဖျက်ဆီးခြင်း၌" ဟု မောဂ္ဂလ္လာန်၌ ဓာတ်နက်ပြ၍ စုရာဒိဂိုဏ်းတွင်ပါဝင်သော ဓာတ်ကြွင်းဟုမိန့်၏၊ ဖျက်ဆီးခြင်း အနက်ဟောဒူဘ ဒူသဓာတ်တို့ကိုလည်း ဤ၌ သွင်းယူ၍ "ယော မိတ္တာနံ နဒူဘတိ-အကြင်သူသည် မိတ်ဆွေတို့အား မပြစ်မှား (မဖျက်ဆီး)၊ ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ-မပြစ်မှားထိုက်သောသူအား ပြစ်မှား၏" ဖြစ်၏။

ဣဿ,ဥဿူယပ္ပယောဂေ—"ဣဿော=ဣဿာယံ၊ ဥဿူယော=ဒေါသာ ဝိကရဏေ-(အပြစ်ကို ထင်စွာပြုခြင်း,အပြစ်ပြောခြင်း) ဟူသော ဓာတ်များတည်း၊သိဒ္ဓန္တကောမုဒိ၌ "ဣဿာ-အက္ခမာ (သည်းမခံနိုင်ခြင်း)၊ ဥဿူယာ-ဂုဏေသု ဒေါသာ ဝိကရဏံ (သူ့ဂုဏ်တို့၌ အပြစ်ပြောခြင်း)"ဟု ဖွင့်၏၊ထို့ကြောင့် နှုတ်ဖြင့်ဖွင့်၍မပြော ဝဲ စိတ်တည်း၌ သူများဂုဏ်ရှိသည်ကို သည်းမခံနိုင်ခြင်း လာဘ်လာဘ ပေါများသည်ကို မခံနိုင်ခြင်း, မခံနိုင်၍ နှုတ်ခမ်းစူခြင်း (ငြူစူခြင်း) သည် ဣဿာတည်း၊ "သူများဂုဏ်ကို အပြစ်ဖြစ်အောင် ကြံဆောင်၍ နှုတ်ဖြင့် အပြစ်ပြောခြင်း, စောင်းမြောင်းခြင်းသည် ဥဿူသာတည်း" ဟု သဒ္ဒါကျမ်းတို့အလို ခွဲပါ၊ "သမဏ ဂုဏဝန္တ-ဝိဇာနန္တ" တည်၍ သမ္ပဒါန်မှည့်၊ ဝိဇာနတံဖြစ်အောင် ဂုဏဝတံကဲ့သို့ စီရင်။

မှတ်ချက်။ ။"ခမ္မေန နယမာနာနံ,ကာ ဥဿူယာ ဝိဇာနတံ"ဟူသော မဟာဝါ ပဗ္ဗဇ္ဇက္ခန္ဓက ပါဠိတော်၏ အဋ္ဌကထာ၌ "နယမာနာနန္တိ နယမာနေသု၊ ဘုမ္မတ္ထေ သာမိဝစနံ၊ ဥပယောဂတ္ထေဝါ၊ ကာ ဥဿူယာ ဝိဇာနတန္တိ-ခမ္မေန နယန္တိတိ-ဧဝံ ဝိဇာနန္တာနံ ကာ ဣဿာ" ဟု ဖွင့်၏၊ ဤအလို "ခမ္မေန-တရားသဖြင့်၊ နယမာနာနံ-ဆောင်ယူကုန်သည်ရှိသော်၊ ဝါ-ဆောင်ယူသောရဟန်းတို့ကို၊ ဝိဇာနတံ တရားသဖြင့် ဆောင်ယူပေသည်-ဟု သိကုန်သော ပညာရှိတို့၏သန္တာန်၌၊ ကာဣဿာ-အဘယ်မှာ ငြူစူခြင်း ဖြစ်တော့အံ့နည်း" ဟု ပေးရလိမ့်မည်၊ ဤ၌ ဥဿူယာကို ဣဿာဟု ဖွင့်သဖြင့် ပါဠိအလို ဣဿာနှင့် ဥဿူသာသည် သဘောတူတည်း-ဟု ဆိုသင့်၏။

ယို့မြင်—"ဒေဝါ နဣဿန္တိ ပုရိသပရက္ကမဿ-နတ်တို့သည် ယောကျ်ား လုံ့လအား မငြူစူကုန်"ဤ၌"ဣဿန္တိ"ဟု ဘူဝါဒိရုပ်ရှိသောကြောင့် ဣဿယန္တိကို ဣဿံ ဟူသော ဒုတိယန္တနာမ်ပုဒ်နောင် ကရဓာတ်၏ အနက်၌ ဏာသပစ္စည်းသက်၍ပြီးသော နာမဓာတ် ဟု မှတ်၊ "ဣဿယန္တိ-ဣဿာကို ပြုကုန်၏" ဟုလည်း သဒ္ဒါနက် ပေးပါ၊

(၈) ရာဓ, ဣက္ခ ဣတိ-ရာဓ, ဣက္ခ ဟူကုန်သော၊ ဓာတေသံ ဓာတုန်-ဤ ဓာတ်တို့၏၊ ပယောဂေ-၌၊ အကထိတဿ-စကားမပြောပဲ နေသော၊ ယဿ-အကြင် ကာရကအား၊ ဝါ-အကြင်သူအား၊ ဝိပုစ္ဆနံ-အထူးထူး မေးခြင်းသည်၊ ကမ္မဝိချာပနတ္ထဉ္စ-အမှုကို ထင်ရှားစေခြင်း အကျိုးရှိသည်လည်း၊ (ဟောတိ-၏၊) တံ ကာရကံ-သည်၊ သမ္ပဒါနသညံ-ရှိသည်၊ ဟောတိ၊ ဒုတိယာစ-ဒုတိယာလည်း သက်၊ အဟံ-ကျွန်တော်မျိုးသည်၊ ရညော-မင်းအား၊ အာရာဓေ-နှစ်သက်ပါ၏၊ အဟံ-သည်၊ ရာဇာနံ-ကို၊ အာရာဓေ-၏၊ အဟံ-တပည့်တော်မသည်၊ အယျာနံ - အရှင်တို့အား၊ ကိံ အပရဇ္ဈာမိ - အဘယ် ချွတ်ယွင်းမိပါ

---

ဥဿူယမာတ်၏ ယှဉ်ရာ၌ကား “ဗြာဟ္မဏော ဝေဿကာရံ ဗြာဟ္မဏံ ဥဿူယတိ” ဟု ဒုတိယာလည်း ပါဠိရှိသည်၊ ကုပဓာတ်၏ ယှဉ်ရာ၌လည်း “ဘောဇပုတ္တေ န ကုပ္ပာမိ-မုဆိုးသား တို့ကို စိတ်မဆိုးပါ” ဟု ဒုတိယာလည်းကောင်း, “ကာသိရာဇေ နကုပ္ပာမိ-ကာသိမင်း၌ စိတ်မဆိုးပါ” ဟု သတ္တမီလည်းကောင်း ပါဠိရှိသည်။

(၈) **ယဿ၊ ပေ၊ ကမ္မ ဝိချာပနတ္ထံ စ၊ ပေ၊ ဒုတိယာစ**—[“ကမ္မဝိချာပနတ္ထံ” ဟု စသဒ္ဒါ မပါပဲ ရုပသိဒ္ဓိ ရှိ၏၊ ဤ၌ စ ပါသည့်အတွက် အနက်တမျိုး ပေးရသည်။] စကားမပြောပဲနေသော မင်း စသူအား အထူးထူး မေး၏၊ ထိုသို့ မေးခြင်းကား မိမိမှာ အမှုအပြစ် ရှိလျှင် ထင်ရှားစေလို (ထုတ်ဖော် ပြောဆိုစေလို) ၍ မေးခြင်းတည်း၊ ထို အမေးခံရသော မင်း စသူသည် သမ္ပဒါန်ဖြစ်၏-ဟူလို၊ ဤကား ပုံစံများကိုကြည့်၍ ယူဆရသော အဓိပ္ပာယ်တည်း၊ သက္ကတကျမ်းရင်း၏ အဓိပ္ပာယ်မှာ ဤအတိုင်း မဟုတ်သေး၊ နောက်၌ ပြအံ့၊ “ဒုတိယာစ” ဟု ဆိုသောကြောင့် ဤသုတ်ဖြင့် သမ္ပဒါန် အဖြစ်မမြဲ၊ ကမ္မတ္တေ ဒုတိယာသုတ်ဖြင့် ကံအနက်၌ ဒုတိယာလည်း သက်သေး၏-ဟူလို။ [အာယသ္မန္တံတိ-ကမ္မတ္တေ ဒုတိယာတိ ဒုတိယာ” ရူဋီကာ။] နိဒ္ဒေသ၌ကား ဤ စသဒ္ဒါဖြင့်ပင် သမ္ပဒါန် အနက်၌ ဒုတိယာသက် ဟု ဆို၏၊ ကံအနက်၌ ဒုတိယာသက်သော သုတ် တိုက်ရိုက်ရှိပါလျက် စသဒ္ဒါဖြင့် သက်ခြင်းမှာ သင့်မည် မထင်။

**အာရာဓေဟံ ရညော**—ရှင်ဘုရင်မှာ ညဉ့်အခါ၌ အိပ်မက် မက်၏၊ ထို အိပ်မက်၏ အကျိုး အပြစ်ကို ပုရောဟိတ်အား မေးမည် ဟု ကြံ၍ နံနက်စောစော၌ ပုဏ္ဏားကို မျှော်နေ၏၊ ပုဏ္ဏားလည်း ဆောင်းအခါဖြစ်၍ မီးလှုံနေသဖြင့် အချိန်ကျသော်လည်း မရောက်လာပဲ ရှိသောကြောင့် ပုဏ္ဏားအား ရှင်ဘုရင် စိတ်ဆိုးနေ၏၊ ထို့ကြောင့် ပုဏ္ဏားလာသောအခါ စကားမပြောပဲ နေလေသည်၊ ထိုသို့ မင်းအား မိမိမှာ အမှု အပြစ်ရှိလျှင် ထင်ရှားစေလိုသောကြောင့် “အာရာဓေဟံ ရညော=ကျွန်တော်မျိုးသည် အရှင်မင်းမြတ်အား နှစ်သက်ပါ၏” ဟု သံတော်ဦး တင်၏၊ ကျွန်တော်မျိုးကား နှစ်သက်ပါသည်, အရှင် မင်းမြတ်ကမူ ကျွန်တော်မျိုးအပေါ်၌ အဘယ်အပြစ်ရှိ၍ စကားပြောတော် မမူပါသနည်း” ဟု မေးလိုရင်းဖြစ်သည်၊ ဤသို့ စကားမပြောပဲ နေသော မင်းအား အထူးထူး မေးရာ၌ မှုပြစ် ထင်ရှားစေလို၍ မေးခြင်းလည်း ဖြစ်ရကား “ယဿ အကထိတဿ ဝိပုစ္ဆနံ ကမ္မဝိချာပနတ္ထံ” ဟု မိန့်သည်။

သနည်း၊ အဟံ-သည်၊ အယျေ-တို့ကို၊ ကိံ အပရဇ္ဈာမိ-နည်း၊ စက္ခုံ-မျက်စိကို၊ ဇနသ-သူအပေါင်းအား၊ ဒဿနာယ-ကြည့်ရှုခြင်းငှာ၊ တံဝိယ-သင့်ကိုကဲ့သို့၊ မဒေ-မှတ်ထင်၏၊ ဥပတိဿော-ဥပတိဿသည်၊ အာယသ္မတော ဥပါလိတ္ထေရဿ-အရှင် ဥပါလိထေရ်အား၊ ဥပသမ္ပဒါပေက္ခော- ပဥ္စင်းအဖြစ်ကို ရှင့်၏၊ ဝါ-တနည်း၊အာယသ္မန္တံ-အရှင်ဥပါလိထေရ်ကို၊ ဥပသမ္ပဒါပေက္ခော-၏၊ဣစ္စေဝမာဒိ-တည်း။

---

ဤ၌ အမေးခံရသူ ရှင်ဘုရင်သည် "ရညော" ဟု သမ္ပဒါန်ဖြစ်၏၊ ဒုတယာသက်၍ "ရာဇာနံ" ဟု ကံလည်း ဖြစ်သည်။ [ရူပသိဒ္ဓိ၌ "အာရောစေ မေ ရညော" ဟု ရှိ၏။]

**ကျာဟံ အယျာနံ အပရဇ္ဈာမိ**—အပရဇ္ဈာမိ၌ အပပုဗ္ဗ ရာဓဓာတ် ဖြစ်၍ ဤ၌ ပုံစံ ထုတ်သည်၊ မေတ္တိယဘူမဇကမည်သော ဆဗ္ဗဂ္ဂိရဟန်းတို့သည် အရှင်ဒဗ္ဗ အပေါ်၌ မကျေမနပ် ဖြစ်သောကြောင့် မျက်နှာချင်းဆိုင် မှိုင်၍ ထိုင်နေခိုက်ဝယ် "မေတ္တိယာ" မည်သော (သူတို့အသင်းဝင်) ဘိက္ခုနီရောက်လာ၏၊ ထိုဘိက္ခုနီကိုလည်း စကား မပြောပဲ နေကြသောကြောင့် ဘိက္ခုနီက "ကျာဟံ အယျာနံ အပရဇ္ဈာမိ" ဟု မေး၏၊ "တပည့်တော်မသည် အရှင်ဘုရားတို့အား ဘာကို ချွတ်ယွင်းမိပါသနည်း, တပည့် တော်မမှာ ဘာအပြစ်ရှိ၍ စကားမပြောပဲ နေကြပါသနည်း" ဟု မေးလိုရင်းဖြစ်သည်၊ ထိုသို့ မှုပြစ် ထင်ရှားအောင် မေးရာ၌ စကားမပြောပဲနေသော ရဟန်းတို့သည် "အယျာနံ" ဟု သမ္ပဒါန်ဖြစ်၏၊ ဒုတိယာသက်၍ "အယျေ" ဟု ကံလည်း ဖြစ်သည်။

**စက္ခုံ ဇနဿ ဒဿနာယ တံ ဝိယ မဒေ**—ဤ ပြယုဂ်ကား ဣက္ခ အနက်ရှိသော ဒိသဓာတ်၏ ပုံစံတည်း၊ "ဣက္ခ=ဒဿနကေ်သု" ဟု ဓာတ်ကျမ်းရှိသောကြောင့် ဣက္ခ ဓာတ်နက် ဖြစ်သော ဒဿနကြိယာကိုလည်း ထုတ်ပြသည်၊ ဤ ပြယုဂ်၌ ဇနဿ အရ ထိုသူ၏ အကထိတဖြစ်ပုံ မေးအပ်ပုံကို နိဒ္ဒေသ ဖွင့်သေး၏၊ သို့သော် ထို အဖွင့်အတိုင်း အဓိပ္ပာယ်မရချေ၊ သီဟိုဠ်မူ၌ "စက္ခုံ ဇနဿ ဒဿနာယ" ကို ပုံစံတခု, "တံ ဝိယ" ကို ပုံစံတခုဟု ၂ ခု ခွဲ၍ ထုတ်၏၊ တံကို ဒုတိယာဝိဘတ်သက်မှို ပုံစံဟု ဆိုလိုဟန် တူသည်၊ ရူပသိဒ္ဓိ ဗာလာဝတာရတို့၌ ဤပုံစံကို မပြကြ၊အဓိပ္ပာယ်လည်း အဆင်မပြေ လှသောကြောင့် စဉ်းစားဖွယ်ရှိသည်။

**အာယသ္မတော၊ပေ၊ အာယသ္မန္တံဝါ** — ဥပသမ္ပဒါပေက္ခော၌ ဥပသမ္ပဒါ+ အပေက္ခောဟု ခွဲ၊ ထို အပေက္ခောကား အပပုဗ္ဗ ဣက္ခဓာတ်ဖြစ်၍ ဤ၌ ပုံစံထုတ်သည်၊ ထို ဣက္ခဓာတ်၏ ယှဉ်ရာဖြစ်သောကြောင့် "အာယသ္မတော" ဟု သမ္ပဒါန်ဖြစ်၏၊ ဒုတိယာသက်၍ "အာယသ္မန္တံ ဥပသမ္ပဒါပေက္ခော" ဟုလည်း ရှိသေး၏-ဟူလို၊ ဤ ပြယုဂ်၌လည်း "အာယသ္မတော ဥပါလိတ္ထေရဿ-အား၊ ဥပသမ္ပဒါပေက္ခော-ပဥ္စင်း အဖြစ်ကိုငဲ့သော၊ ဥပတိဿော- သည်၊ တုဏှီဘူတံ -စကားမပြော တုဏှီဘော နေသော၊ အာယသ္မန္တံ ဥပါလိတ္ထေရံ-ကို၊ ပုစ္ဆတိ-မေး၏" ဟု "အကထိတဿ

(၈၂) ပစ္စာသုဏာ အနုပတိ ဂိဏာနံ-ပတိရှေး အာရှေးရှိသော သုခါတ်, အနုရှေး ပတိရှေးရှိသော ဂိခါတ်တို့၏၊ ပုဗ္ဗကတ္တရိ-ရှေး ကြိယာ၏ ကတ္တား၌၊ (သမ္ဘဒါနံ ဟောတိ)၊ သုဏောတိဿ-သုခါတ်၏၊ ပစ္စာယောဂေ-ပတိ, အာ

ဝိပုစ္ဆနံ'' နှင့် သင့်တင့်အောင် အပိုထည့်၍ နိဒ္ဒေသအနက် ပေး၏၊ ရဟန်းခံ ကမ္မဝါစာ ပါဠိ၌ ရှိရိုးဖြစ်သော ပြယုဂ်ကို သဒ္ဒါကျမ်းအဆိုနှင့် ကိုက်အောင် ကြံစည်လိုက်သဖြင့် ပါဠိရင်းအဓိပ္ပာယ် ပျက်ပြယ်လေတော့၏၊ အမှန်မှာ-ဤ ကစ္စည်းဝုတ္တိ ဖွင့်ပုံကိုယ်က သဒ္ဒါကျမ်းရင်းတို့ အလိုမကျခဲ့ချေ၊ ထို့ကြောင့် ကျမ်းရင်းအဆိုကို ပြဦးအံ့။

**ရာမိက္ခာနံ ယဿ ဝိပဥ္စော**။ ။(ပါဏိနီသုတ်)၊ ရာမိက္ခာနံ-ရာဓ, ဣက္ခခါတ်တို့၏၊ ပယောဂေ-၌၊ ယဿ-အကြင် သူ့အတွက်၊ ဝိပဥ္စော-အထူးထူးမေးခြင်းကို၊ ကရီယတေ-ပြုအပ်၏၊ တံ....ထို မေးခြင်းနှင့် စပ်ဆိုင်သူသည်၊ သမ္ဘဒါနံ ဟောတိ၊ (သုတ်နက်)၊ ဤသုတ်၌ အမေးခံရသူကို သမ္ဘဒါန်ဖြစ်သည်-ဟု မဆိုလို၊ မေးခြင်းနှင့် စပ်ဆိုင်သူ (မေးတတ်သူ) ကို သမ္ဘဒါန်ဟု ဆိုသည်၊ [ကစ္စည်းဝုတ္တိ၌ကား အမေးခံရသူကို သမ္ဘဒါန်ဟု ဆိုထား၏။] ပုံစံကား-ကဏှာယ ရဇ္ဈတိ ဣက္ခတေဝါ၊ ဂဂ္ဂ ရသေ့ကို ကဏှ မည်သူက ကံဇာတာ ကောင်း-မကောင်းကို မေး၏၊ ထို အမေးခံရသော ဂဂ္ဂရသေ့သည် မေးတတ်သူ ကဏှ၏ ကံဇာတာ ကောင်း-မကောင်းကို ကြည့်ရှုစစ်ဆေးရာ၌ ပုံစံတည်း၊ ထို့ကြောင့်''ဂဂ္ဂေါ-သည်၊ ကဏှာယ-ကဏှအား၊ ဝါ-ကဏှအကျိုးငှာ၊ ရဇ္ဈတိ (ဣက္ခတေဝါ) -ကံဇာတာကို ကြည့်ရှု၏''ဟု အနက်ပေး၊ ''ရာဓ သံသိဒ္ဓိယံ-ပြီးခြင်း၌'' ဟု ခါတ်ကျမ်း ရှိသော်လည်း ဤ၌ကား ရာဓခါတ်လည်း ကြည့်ရှုခြင်း အနက်ပင်။

**မှတ်ချက်**။ ။ပါဏိနီ၌ ဝိပဥ္စောကိုထောက်၍ ''ဝိပုစ္ဆနံ'' ဟုလည်းကောင်း, ကံဇာတာကောင်း မကောင်းကို ကြည့်ရှုခြင်းဟူသော ပုံစံကို ထောက်၍ ''ကမ္မဝိချာပနတ္ထံ'' ဟုလည်းကောင်း ကစ္စည်းဝုတ္တိ၌ ဖွင့်သော်လည်း ''အာရောစေ ဟံ ရညော'' စသော ပုံစံတို့မှာ ထိုသက္ကတပုံစံတို့နှင့် အသွားမတူသောကြောင့် ကစ္စည်းဝုတ္တိစကား၌ အဓိပ္ပာယ်လှအောင် ယူဆဖို့ ခဲယဉ်း၏၊ ရညော-အယျာနံ-ဇနဿတို့ကို ဆဋ္ဌီကံကြံ၍ ''ကို'' ဟု အနက်ပေးပြီးလျှင် အာယသ္မတောကိုလည်း သဗ္ဗန္ဓ ဆဋ္ဌီကြံ၍ ''အရှင်၏+ပဥ္စင်းလောင်းပါတည်း'' ဟု ဆိုမှသာ အဓိပ္ပာယ်ရသည်၊ ထို့ပြင်-''ဥပတိဿ'' ဟူသော နာမည်သည် အရှင် သာရိပုတ္တရာ၏ နာမည်တည်း၊ အရှင် သာရိပုတ္တရာက အရှင် ဥပါလိထက် ရဟန်းပြု အယင်ကျသောကြောင့် ထို ပါဠိလည်း ကျမ်းရင်းပါဠိ မဟုတ်ဟု ဆရာတို့ ယူဆတော်မူကြသည်။

(၈၃) **ပစ္စာသုဏာ၊ပေ၊ပုဗ္ဗကတ္တရိ**—ဤဝါကျသည် အကျဉ်းသခင်္ခေပဝါကျတည်း၊ ထိုအကျဉ်းကိုပင် ''သုဏောတိဿ၊ပေ၊သော သမ္ဘဒါနသညော ဟောတိ'' ဟုလည်းကောင်း, ''ဂိဏာဿ အနုပတိယောဂေ၊ပေ၊သမ္ဘဒါနသညော ဟောတိ'' ဟုလည်းကောင်း ချဲ့ပြလိမ့်မည်၊ ထို့ကြောင့် ''ပုဗ္ဗကတ္တရိ-၌ သမ္ဘဒါနံ ဟောတိ'' ဟု ထည့်၍ အနက်ပေးရသည်၊ သုဏာဂိဏာတို့၌ ဏ အက္ခရာသည် ခါတ်ကို ညွှန်ပြသော ခါတုနိဒ္ဒေသအက္ခရာတည်း၊ ခါတ်ညွှန်ပြပုံကား-သုခါတ်သည် ''သဝဏ-ယိုစီး၏'' ဟု ဘူဝါဒိဂိုဏ်းလည်းရှိ၏၊ ''သုနာတိ ညှဥ်းဆဲ၏'' ဟု ကိယာဒိဂိုဏ်းလည်း ရှိ၏၊ ထို သုခါတ်

ဥပသာရတို့နှင့် ယှဉ်ရာ၌၊ ပုဗ္ဗသ-ရှေးဖြစ်သော၊ ယသ ကမ္မုနော-အကြောင်ကံ၏၊ ယော ကတ္တာ-အကြောင် ကတ္တားသည်၊ (အတ္တိ-ရှိ၏၊ တဿ ကမ္မုနော-ထိုကံ၏၊) သော ထိုကတ္တားသည်၊ သမ္ပဒါနသညော-ရှိသည်၊ ဟောတိ-၏၊ တံ-ထိုဥဒါဟရဏ်သည်၊ ယထာ-နည်း၊ ဘဂဝါ ဘိက္ခု တေဒဝေါစ-ဘဂဝါ ဘိက္ခု တေဒဝေါစ, စသည်တည်း၊ ဘဂဝါ-သည်၊ ဘိက္ခူ-တို့ကို၊ တေံ-ဤစကားကို၊ အဝေါစ-မိန့်တော်မူပြီ။

ဘိက္ခုတိ-ဘိက္ခုဟူသော ကံသည်၊ အကထိတကမ္မံ-အကထိတ ကံတည်း၊ တေံတိ - တေံဟူသော ကံသည်၊ ကထိတကမ္မံ - ကထိတကံတည်း၊ ["ယဿ ကမ္မုနော ပုဗ္ဗဿ ယော ကတ္တာ, သော ဘဂဝါတိ၊ ယော ကရောတိ သ ကတ္တာတိ သုတ္တဝစနေန"ဟု ပါဠ်မှန်ရှိစေ၊] ပုဗ္ဗဿ-ဖြစ်သော၊ ယဿ ကမ္မုနော-အကြောင်

မျိုးကို မယူရ၊ ဏာ ပစ္စည်း ဏျပစ္စည်းသက်သော သွာဒိဂိုဏ်း သုခေတ်ကိုသာ ယူပါ-ဟု (ဏ) အက္ခရာဖြင့် ညွှန်ပြသည်၊ "ဂိ-သဒ္ဒေ" ဟူသော ခေတ်ကျမ်းတို့နှင့် အညီ ဤဂိခေတ်လည်း သွာဒိ ဏာပစ္စည်းသက်၍ ပြီးသော ခေတ်တည်း-ဟု သိစေလို၍ "ဂိဏာ"ဟု ညွှန်ပြသည်၊ [ဂိဏာ၌ "ဂေ" ခေတ်ဟု ကြံကြသေးသည်ကား "ဂိဏာ" ပုဒ်နှင့် မလျော်။]

**သုဏောတိဿ၊ပေ၊သမ္ပဒါနသညော**—ဤ သုဏောတိဿ၌ တိအက္ခရာလည်း ခေတုနိဒ္ဒိဋ္ဌပင်။ တိ အက္ခရာဖြင့် ညွှန်ပြရာ၌ ဝိကရဏ ပစ္စည်းလည်း ပါရသေးသော ကြောင့် "သုဏော"ဟု ဏျပစ္စည်းပါ ထည့်ရသည်၊ [ရူပသိဒ္ဓိ ကိတ်အဆုံးမှာ ကြည့်ပါ။] ပတိရှေးရှိသော သုခေတ်ဟူသည် "ပစ္စဿောသုံ"စသည်၌ သုခေတ်တည်း၊ အာရှေးရှိသော သုခေတ်ဟူသည် "အာသုဏန္တိ" စသည်၌ သုခေတ်တည်း၊ ရှေးဝါကျ၌ ကတ္တားဖြစ်ခဲ့သော ပုဒ်သည် ပတိ အာရှေးရှိသော သုခေတ်၏ ယှဉ်ရာ နောက်ဝါကျ၌ သမ္ပဒါန်ဖြစ်ရသည်။ [ယဿ ကမ္မုနော-စသည်၏ အဓိပ္ပာယ်ကို နောက်မှပြအံ့။]

**ဘဂဝါ ဘိက္ခု တေ ဒဝေါစ, တေ ဘိက္ခု ဘဂဝတော ပစ္စဿောသုံ**—ဤသို့ ၂ ဝါကျတွဲစပ်၍ အဓိပ္ပာယ်မှတ်၊ ထို ၂ ဝါကျတွင် ရှေးဝါကျ၌ ဘဂဝါဟူသော ကတ္တားသည် ပတိ, သုခေတ်၏ယှဉ်ရာ နောက်ဝါကျ၌ "ဘဂဝတော" ဟု သမ္ပဒါန်ဖြစ်ရသည်။

**ဘိက္ခု၊ပေ၊ကထိတကမ္မံ**—ရှေ့ဝါကျ၌ "ဘိက္ခု+တေံ" ဟု ကံ ၂ ခုရှိ၏၊ ထို့တွင် ဘိက္ခုသည် အကထိတကံဖြစ်၍, တေံကား ကထိတကံဖြစ်သည်-ဟု ခွဲပြသော အစကားတည်း၊ ဘိက္ခု+တေံ ဟူသော ကံ ၂ ခုတွင် "တေံ" အရ စကားဖြစ်သည် "အဝေါစ" အရ ဆိုခြင်းကြိယာနှင့် အလွန် ရင်းနှီးစွာ ဆက်စပ် နေသောကြောင့် ဝဒန္တုပုဂ္ဂိုလ် ဆိုလိုအပ်သော ကထိတပဓာနကံတည်း၊ "ဘိက္ခုအရ ရဟန်း ဖြစ်ကား ဆိုခြင်းကြိယာနှင့် အလွန်ရင်းနှီးစွာ ဆက်စပ်သည် မဟုတ်၊ အဓိပ္ပာယ် စုံအောင်သာ ထည့်ရ သောကြောင့် ဝဒန္တ ပုဂ္ဂိုလ်က အရေးကြီးစွာ ဆိုလိုအပ်သော ကံ မဟုတ်၊ [ကထိတ-ဆိုလိုအပ်သောကံ၊ အကထိက-ဆိုလိုအပ်သောကံ မဟုတ်။] ဤကား

ကံ၏၊ ယော ကတ္တာ-သည်၊ (အတ္ထိ-၏၊ တဿ ကမ္မုနော-ထိုကံ၏)၊ သော-ထို ကတ္တားဟူသည်၊ ဘဂဝါတိ-ဘဂဝါဟူသည်တည်း၊ (ကဿ-အဘယ့်ကြောင့် နည်း)၊ယော ကရောတိ သ ကတ္တာတိ သုတ္တဝစနေန-ယော ကရောတိ သကတ္တာ ဟူသော သုတ်စကားကြောင့်တည်း၊ [နောက်၌ "ကတ္တုသညော"မလို၊] ဧဝံ- ဤသို့လျှင်၊ ပုဗ္ဗဿ-သော၊ ယဿ ကမ္မုနော-၏၊ ယော ကတ္တာ-သည်၊ အတ္ထိ-၏၊ သော-ထိုကတ္တားသည်၊ သမ္ပဒါနသညော-ရှိသည်၊ ဟောတိ။

---

ကထိတ အကထိတ ဟု ၂ မျိုးပြသော သဒ္ဒါကျမ်းတို့နှင့် သင့်လျော်သော (ယံကရောတိ တံကမ္မံသုတ်၌ ရူပသိဒ္ဓိ ဖွင့်ပုံကိုလည်း နည်းမှီသော) အဓိပ္ပာယ်တည်း။

**သက္ကတအဆို။** ။ကမ္မုနာ ယံ ယုဉ္ဇတေဇ္ဇဟိ-ဟူသည်ကား၊ မုချကမ္မုနာ- ("ဂါဝံပယော ဒုဟတိ-နွားမကို နို့ညှစ်၏" ဟူရာ၌ ပယော စသော) ပဓာနကံနှင့်၊ သဟ-အတူတွဲဖက်၍၊ ကြိယာယ-ညှစ်ခြင်းစသော ကြိယာနှင့်၊ သမ္ဗန္ဓမာနံ-စပ်အပ် သော၊ ကာရကမေဝ-ဂေါစသော ကာရကသည်ပင်၊ အပါဒါနာဒိ ဝိသေသေဟိ— အပါဒါန်စသော ကာရက အထူးတို့ဖြင့်၊ အကထိတံ-မဆိုအပ်သည်၊ သမာနံ-ဖြစ်လတ် သော်၊ ကမ္မသညကံ-ကံ အမည်ရှိသည်၊ ဘဝတိ-ဖြစ်၏၊ ဤသို့ သိဒ္ဓန္တကောမုဒိဋီကာ ၌ "နွားမှ+နို့ရည်ကိုညှစ်၏" ဟုလည်းကောင်း၊ "နွားမ၌+နို့ရည်ကို ညှစ်၏" ဟု လည်းကောင်း၊ "နွားမ၏+နို့ရည်ကို ညှစ်၏" ဟု လည်းကောင်း အပါဒါန် စသည် ဖြင့် ဆိုလျှင်လည်း ဖြစ်နိုင်သော "ဂေါ" ကို အပါဒါန်စသည်ဖြင့် မဆိုအပ်သော ကြောင့် "အကထိတကံ" ဟု ခေါ်ကြောင်းမိန့်၏၊ သာရသ္တတ၌လည်း "အကထိ တံစ-အပါဒါနာဒိ ဝိသေသေဟိ အဝိဝက္ခိတံ ကာရကံ ကမ္မသညံ့ သျာတ်"ဟု နည်းတူ မိန့်၏၊ထိုအလို "အပါဒါန်စသော ကာရက အထူးဖြင့် မဆိုအပ်သောကံကို အကထိ တကံ ခေါ်သည်" ဟု မှတ်၊ ပယော စသည်ကို "အပါဒါန်စသော ကာရက အထူး ဖြင့် မဆိုအပ်သောကံ" ဟု ပြောင်းပြန် အဓိပ္ပာယ် မရနိုင်သောကြောင့် "ကထိတကံ" ဟု မရှိတော့။

**တဿ ကမ္မုနော ပုဗ္ဗဿ၊ပေ၊ဝစနေန**—"ယဿ ကမ္မုနော ပုဗ္ဗဿ ယော ကတ္တာ သော ဘဂဝါတိ"ဟူသော ပါဌ်ဖြင့် ရှေး၌ဆိုအပ်ပြီးသော"ယဿ ကမ္မုနော ပုဗ္ဗဿ ယော ကတ္တာ" ဟူသော စကား၌ ကတ္တား၏ သရုပ်ကိုပြ၏၊ "ဘဂဝါ ဘိက္ခူ တေဒဝေါစ"၌ ဘဂဝါ သဒ္ဒါသည် "ယော ကတ္တာ" အရ ကတ္တားဖြစ်သည်-ဟူလို၊ ဘာ့ကြောင့် ဘဂဝါပုဒ်ကို ကတ္တားခေါ် သနည်း ဟု မေးဖွယ်ရှိသောကြောင့် "ယော ကရောတိ၊ ပေ၊ ဝစနေန" ဟု မိန့်သည်၊ ယော ကရောတိ သ ကတ္တာ" ဟူသော သုတ်က "အကြင် ကာရကသည် ပြုတတ် ပြီးစေတတ်၏၊ ထို ကာရကသည် ကတ္တား မည်၏" ဟု ဆိုသောကြောင့် ဘဂဝါလည်း "အဝေါစ" အရ ဆိုခြင်းကြိယာကို ပြုတတ်ရကား ထိုသုတ်စကားနှင့် အညီ ကတ္တားအမည် ရနိုင်သည်-ဟူလို၊ [သုတ္တ ဝစနေန"၏ နောက်၌ "ကတ္တုသညော"ဟု မြန်မာမူ ရှိသေးသည်ကား စာသွား မကောင်းချေ၊ သီဟိုဠ်မူ၌လည်း မပါ။]

တံ- ထိုဥဒါဟရဏ်သည်၊ ယထာ-နည်း၊ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ-စသည်တည်း၊ တေ ဘိက္ခူ-တို့သည်၊ ဘဂဝတော-အား၊ ပစ္စဿောသုံ-ရှေးရှု နားထောင်ကုန်ပြီ၊ ဝါ-ဝန်ခံကုန်ပြီ၊ ဘိက္ခူ-တို့သည်၊ ဗုဒ္ဓဿ-အား၊ အာသုဏန္တိ ရှိသေစွာ နားထောင်ကုန်၏၊ ဝါ-ဝန်ခံကုန်၏။

---

ယဿကမ္မုနော ပုဗ္ဗဿ။ ။ဤ၌ ပုဗ္ဗဿကို နောက်ထားသော်လည်း ယဿ-ကမ္မုနော၏ ဝိသေသနသာတည်း၊ ရှု၌ "ပုဗ္ဗဿ ကမ္မုနော" ဟု ပုဗ္ဗဿကို ရှေ့ထား လျက် ဆိုသည်၊ "ပုဗ္ဗဿ" အရ "ရှေး" ဟူသည် နောက်ဝါကျရှိ သဝနကြိယာ၏ ကံကို ထောက်၍ ရှေးကျခြင်း (ရှေးဝါကျ၌ ဖြစ်ခြင်း) ဟူသော ရှေးတည်း၊ ကမ္မုနော အရ "ကံ" ဟူသည်လည်း တေဒဝေါစ၌ "တေံ" ဟူသော ကံတည်း၊ ဆိုလိုရင်း ကား-ရှေးဖြစ်သော (စကားတည်း ဟူသော) ကံကို ပြုလုပ်တတ် ဖြစ်စေတတ်သော ကတ္တားဟူသည် ဘဂဝါပင် ဖြစ်၏၊ ထို "ဘဂဝါ" ကတ္တားသည် နောက်ဝါကျသို့ ရောက်သည့်အခါ "ဘဂဝတော" ဟု သမ္ပဒါန်ဖြစ်ရသည်-ဟူလို။

[ရူဋီကာ] ဝစန ကမ္မဿာတိ-တေံ အဝေါစာတိ ဧတ္ထ ဝုတ္တမာနဿ သဝနတော ပုဗ္ဗဿ နိပ္ပတ္တနိယကမ္မဘူတဿ ဝစနဿ၊ ကတ္တာ-နိပ္ပတ္တကော။ [တေံ အဝေါစ၌ ဆိုအပ်သော နောက်ဝါကျရှိ သဝန ကြိယာမှ ရှေ့လည်း ဖြစ်သော (နိပ္ပတ္တိ ဝိကတိ ပတ္တိကံ ၃ မျိုးတွင်) နိပ္ပတ္တနိယခေါ် နိပ္ပတ္တိကံလည်း ဖြစ်သောစကားတည်းဟူသော ကံ၏၊ (ဤကား ယဿကမ္မုနော ပုဗ္ဗဿ၏ အဖွင့်)၊ ကတ္တား ဟူသည် ထို နိပ္ပတ္တိကံကို ဖြစ်စေတတ်သော ဘဂဝါ သဒ္ဒါတည်း၊ (ဤကား ယောကတ္တာ၏ အဖွင့်)။]

ဝါဒန္တရ။ ။သဒ္ဒနီတိ၌ ပစ္စာသုဏ ပြယုဂ်ကို ပြရာဝယ် "ပုဗ္ဗဿ" ဟု ဝိသေသန မပါပဲ အနုပတိ ဂိဏပြယုဂ်ကို ပြရာ၌သာ "ပုဗ္ဗဿ" ဟု ပါ၏၊ ဋီသု ကမ္မေသု ယံကမ္မံ, ပုဗ္ဗံ ကထိတကမ္မတ္တာ" ဟုလည်း မိန့်၏၊ ဆိုလိုရင်းကား "ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ" ၌ ဓမ္မံသည် ကထိတကံတည်း၊ ထိုကထိတကံကို ပုဗ္ဗဟု ဆိုလိုသည်၊ သို့ဖြစ်လျှင် ပုဗ္ဗဿ-ပဓာနဖြစ်သော"ဟု ပေးရလိမ့်မည်၊ ထို့ပြင်-"ယဿ ကမ္မုနော-အကြောင် ကြိယာ၏" ဟုလည်း အနက်ပေးကြသေး၏၊ သို့သော် "နိပ္ပတ္တနိယကမ္မ ဘူတဿ ဝစနဿ" ဟူသော ရူဋီကာနှင့်လည်းကောင်း, "အာမန္တနကြိယာဝသေန ကမ္မဘူတာနံ ဘိက္ခူနံ (ဘိက္ခူ ဟူသော ကံတို့၏) ကတ္တာ ဟုတွာ" ဟူသော သဒ္ဒနီတိနှင့်လည်းကောင်း မညီ။

ဝေံ၊ ပေ၊ သမ္ပဒါန သညာ ဟောတိ—ဝေံ စသော ဤ ဝါကျကား ဆိုခဲ့ပြီးသော စကားကို ပြန်၍ အုပ်ဖုံးသော နိဂုံးဝါကျ ဖြစ်၍ အဓိပ္ပာယ် အထူး မရှိပြီ၊ ဤသို့လျှင် ·သဒ္ဒါကျမ်းတို့က ပတိပုဗ္ဗ သုဓာတ်၏ ယှဉ်ရာ၌ ရှေ့ဝါကျရှိ ကတ္တားသည် သမ္ပဒါန် ဖြစ်၏-ဟု ဥပဒေသ ပြုကြသော်လည်း (မူလပဏ္ဏာသ-မူလပရိယာယ သုတ်စသော) အဋ္ဌကထာတို့၌ကား"ဘဂဝတော ပစ္စဿောသုန္တိ-ဘိက္ခူ ဘဂဝတော အာမန္တနံ" (ဘုရားရှင်၏ ခေါ်တော်မူခြင်းကို) "ပတိအဿောသုံ"ဟု (အာမန္တနံ) ဟူသော

(ဥ) ဂိဏာဿ-ဂိဓာတ်၏၊ အနုပတိယောဂေ-အနုပတိသဒ္ဒါတို့နှင့် ယှဉ်ရာ၌၊ ပုဗ္ဗဿ-ရှေးဖြစ်သော၊ ယဿ ကမ္မုနော-အကြင်ကံ၏၊ ယော ကတ္တာ-သည်၊ (အတ္ထ-တဿ ကမ္မုနော-၏၊) သော-ထိုကတ္တားသည်၊ သမ္ပဒါနသညော ဟောတိ၊ တံ-သည်၊ ယထာ-နည်း၊ ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ-စသည်ဘည်း၊ ဘိက္ခု-ရဟန်းသည်၊ ဇနံ-လူအပေါင်းကို၊ ဓမ္မံ-တရားကို၊ သာဝေတိ-ကြားနာစေ၏၊ ဝါ-ဟော၏၊ တဿ ဘိက္ခုနော-ထိုတရားဟောသော ရဟန်းအား၊ ဇနော-လူအပေါင်းသည်၊ အနုဂိဏာတိ-အားတက်စေလို လျော်စွာ ဆို၏၊ တဿ ဘိက္ခုနော-အား၊ ဇနော-သည်၊ ပတိဂိဏာတိ-အားတက်စေလို ခွန်းတုံ့ဆို၏။

---

သခ္ခန္ဒီပုဒ်ကို ထည့်စွက်၍ "ဘဂဝတော" ကို သမ္ဗန္ဓ ဆဋ္ဌီယန္တပုဒ်ဟု ဖွင့်ဆိုကြသည်၊ ဋီကာတို့၌ကား သဒ္ဒါနည်းကိုပင် အတည်ပြု၍ "ဘဂဝတော တိ ဗုဒ္ဓံပန ပဋိဿဝ သမ္ပန္ဓေန သမ္ပဒါနဝစနံ၊ ယထာ-ဒေဝဒတ္တဿ ပတိဿုဏောတီတိ" ဟု ဖွင့်ကြသေးသည်။

**အာသုဏန္တိ ဗုဒ္ဓဿ ဘိက္ခူ**။ ဤကား အာပုဗ္ဗ သုဓာတ်၏ ယှဉ်ရာဝယ် ရှေးဝါကျ၌ ကတ္တားဖြစ်ခဲ့သောပုဒ်၏ သမ္ပဒါန်ဖြစ်ပုံတည်း၊ ဤ၌ ရှေးဝါကျကိုသိသောက်၍ ထုတ်မပြ၊ ထို့ကြောင့် "ဗုဒ္ဓေါ ဘိက္ခူ ဝေဒဝေါစ" စသည်ဖြင့် ရှေးဝါကျ တခုခုကို ဆက်စပ်၍ ဆိုခဲ့ပြီးအတိုင်း အဓိပ္ပာယ်မှတ်ပါ။

(ည) **ဂိဏာဿ၊ ပေ၊ ပတိဂိဏာတိ**—၎င်းတို့ကား "အနုပတိဂိဏာ" ၏ အကျယ်တည်း၊ "ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ" သည် ရှေးဝါကျတည်း၊ ဤရှေးဝါကျ၌ ဘိက္ခု ဟူသော ကတ္တားသည် အနုပုဗ္ဗ ဂိဓာတ်၏ယှဉ်ရာ (နောက်ဝါကျသို့ ရောက်သည့်အခါ) တဿ ဘိက္ခုနော ဟု သမ္ပဒါန်ဖြစ်၏၊ "တဿ ဘိက္ခုနော ဇနော ပတိဂိဏာတိ" ၌လည်း "ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ" ဟု ရှေးဝါကျတခု ဆက်စပ်၍ အဓိပ္ပာယ်မှတ်ပါ။ [ရဟန်းက တရားဟောသည့်အခါ တရားနာပရိသတ်က "သာဓု သာဓု" ဟု ဆို၏၊ ထို ဆိုခြင်းသည် ထိုရဟန်းအား အားတက်လာအောင် (တရားဟောရာ၌ စိတ်ပါ လက်ပါရှိအောင်) လျော်စွာဆိုခြင်း-အတုံ့ပြန်၍ဆိုခြင်း ဖြစ်၏၊ ထို့ကြောင့် "သာဓုကာရဒါနဝ ဒိန္နာ တံ ဥဿာဟယတိ" ဟု ရူပသိဒ္ဓိဖွင့်သည်။]

**သက္ကတ**။ ။"ပစ္စာဟိ သုဏောတိဿ ပုဗ္ဗဿ ကတ္တာ (ပါဏိနိသုတ်)၊ဧတေဟိ ပရဿ သုဏောတိဿ ယောဂေ ပုဗ္ဗဿ ပဝတ္တနရူပဗျာပါရဿ ကတ္တာ သမ္ပဒါနံ ဟောတိ၊ (သိဒ္ဓန္တကော်မုဒီ)၊ ဧတေဟိ-ဤ ပတိအာ သဒ္ဒါတို့မှ၊ ပရဿ-သော၊ သုဏောတိဿ-၏၊ယောဂေ-၌၊ ပုဗ္ဗဿ-ရှေးဖြစ်သော၊ ပဝတ္တနရူပဗျာပါရဿ-န္တား ကို တောင်းခြင်းစသောသဘောရှိသော ကြိယာ၏" ဟု ပေး။ [ဤအဖွင့်အလို "ယဿ ကမ္မုနော ပုဗ္ဗဿ" ၌ "ယဿ ကမ္မုနော-အကြင်ကြိယာ၏" ဟု ပေးသော အနက်လည်း သက္ကတနှင့် လိုက်လျောပေသည်၊] **အနုပတိဂိဏာဿစ** ‡(ပါဏိနိသုတ်)

ယော - အကြင်သူသည်၊ ဝဒေတိ - ဆို၏၊ သော - ထိုဆိုသူကို၊ ကတ္တာတိ- ကတ္တားဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ဝုတ္တံ-ဆိုအပ်သောစကားကို၊ ကမ္မံတိ-ကံဟူ၍၊ ဝုစ္စတိ-၏၊ ယော- အကြင်သူသည်၊ ပဋိဂ္ဂါဟကော- ခံယူတတ်၏၊ တဿ-ထို ခံယူတတ်သူ၏၊ သမ္ပဒါနံ-သမ္ပဒါန်အဖြစ်ကို၊ ဝိဇာနိယာ-သိရာ၏၊ ဣစ္စေဝမာဒိ- တည်း။

(၄) အာရောစနတ္ထေ - ပြောဆိုခြင်း အနက်ရှိသော **ဓာတ်**တို့၏ ယှဉ်ရာ၌၊ (သမ္ပဒါနံ ဟောတိ)၊ ဘိက္ခဝေ-တို့၊ ဝေါ-သင်တို့အား၊ အာရောစယာမိ- မိန့်တော်မူအံ့၊ (“အာမန္တယာမိ-သိစေတော်မူအံ့၊ ပဋိဝေဒယာမိ - သိစေတော် မူအံ့”ဟု ပေး၊) မဟာရာဇ-မင်းမြတ်၊ တေ-အရှင်မင်းမြတ်အား၊ အာရော စယာမိ- သံတော်ဦး တင်ပါအံ့၊ (“ပဋိဝေဒယာမိ, အာမန္တယာမိ- သိစေလို ပါ၏”ဟု ပေး၊) ဣစ္စေဝမာဒိ-တည်း။

---

တေဟိ ဂိဏှာတိဿ ကာရကံ ပုဗ္ဗဗျာပါရဿ (ရှေးကြိယာ၏၊) ကတ္တုဘူတံ ဝုတ္တသညံ (ဆိုအပ်ပြီးသော သမ္ပဒါန်အမည်ရှိသည်) ဟောတိ၊ ဟောတု အနုဂိဏှာတိ, ပတိ ဂိဏှာတိ၊ ဟောတာ ပဌမံ သံသတိ၊ တံ အဓ္ဓယျု ပေါဿာဟယတိဏျွော၊ [ဟောတု-ယဇ်ပူဇော်သူအား၊ အနုဂိဏှာတိ-လျော်စွာဆို၏၊ ပတိဂိဏှာတိ-အတုံ့ ဆို၏၊ ဟောတာ-ယဇ်ပူဇော်သူသည်၊ ပဌမံ သံသတိ-ပဌမ ဆုတောင်း၏၊ တံ-ထို ယဇ်ပူဇော်သူကို၊ အဓ္ဓယျု-ယဇ်ဆရာ ပုရောဟိတ်သည်၊ ပေါဿာဟယတိ (ပ+ ဉဿာဟယတိ)-“အောထံ” စသော စကားတို့ဖြင့် အားတက်စေ၏။]

**ယောဝဒေတိ၊ ပေ၊ ဝိဇာနိယာ**—ဤဂါထာကား “ယဿ ကမ္မုနော ပုဗ္ဗဿ ယော ကတ္တာ, သော သမ္ပဒါနသညော ဟောတိ” ဟူသော စကားနှင့် ဆက်သွယ်၍ ကတ္တား-ကံ-သမ္ပဒါန်တို့၏ သဘောကိုပြသော ဂါထာတည်း၊ ထိုသို့ပြရာ၌ “ဘဂဝါ ဘိက္ခူ ဧတဒဝေါစ, တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ” ပုံစံကို အခြေခံ၍ ပြခြင်း ဖြစ်သည်၊ ဘဂဝါ အရ (ဘုရားသည်) ဆိုသော ပုဂ္ဂိုလ်ဖြစ်၏၊ ထိုဆိုတတ်သော ဘဂဝါကို ကတ္တားဟု ခေါ်၏၊ ဆိုအပ်သောစကားကို ကံဟု ခေါ်၏ သမ္ပဒါန်မှန်လျှင် ပဋိဂ္ဂါဟလက္ခဏာရှိ၏၊ ထို့ကြောင့် ရဟန်းတို့၏ ဝန်ခံခြင်းကြိယာကို ခံယူတတ်သော ဘုရားရှင်သည် သမ္ပဒါန်ဖြစ်လာရသည်-ဟူလို၊ “ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ” ပုံစံ အတွက် “ယော သာဝေတိ သကတ္တာတိ, သုတံ ကမ္မန္တိ ဝုစ္စတိ, ယော ပဋိဂ္ဂါဟကော တဿ, သမ္ပဒါနံ ဝိဇာနိယာ” ဟုလည်း ဆိုနိုင်သည်။ [ဤ ဂါထာ၌ ရူဋီကာ အဖွင့်လွဲပုံကို ရူဘာသာဋီကာမှာ ရှု။]

(၄) **အာရောစနတ္ထေ**—“အာမန္တယာမိ ပဋိဝေဒယာမိ” အရ သိစေခြင်း ဟူသည် သိအောင် ပြောပြခြင်းတည်း၊ ထို့ကြောင့် အာပုဗ္ဗ မန္တဓာတ်, ပတိပုဗ္ဗ ဝိဒ ဓာတ်၊ “ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ” ၌ ဒိသဓာတ်, “ယထာ နော ဘဂဝါ

(၅) တဒတ္ထေ-ထို၏ အကျိုးဟူသော အနက်၌၊ (သမ္ပဒါန် ဟောတိ)၊ ဥဒိနဿ - ယုတ်လျော့သော သက်န်း၏၊ ပါရိပူရိယာ-ပြည့်စုံလုံလောက်ခြင်းငှာ၊ ဝတ္ထံ-အဝတ်ကို၊ နိက္ခိပိတဗ္ဗံ-သိမ်းထားနိုင်၏၊ ဗုဒ္ဓဿ-၏၊ အတ္ထာယ-အကျိုးငှာ၊ ဓမ္မဿ၊ပေ၊ သံဃဿ၊ပေ၊ ဇီဝိတံ-အသက်ကို၊ ပရိစ္စဇာမိ-စွန့်ပါ၏၊ ဣစ္စေဝမာဒိ-တည်း။

---

ဗျာကရေယျ'' ၌ ဝိအာပုဗ္ဗ ကရဓာတ်များသည် အာရောစနတ္ထပင်၊ ထို့ကြောင့် ထိုဓာတ်တို့၏ ယှဉ်ရာ၌ ''ဝေါ-သင်တို့အား၊ နော-ငါတို့အား''ဟု သမ္ပဒါန် ဖြစ်ရသည်။

**သဒ္ဒနီတိ။** ။အာမန္တနတ္ထယှဉ်ရာ၌ သဒ္ဒနီတိဝယ် စတုတ္ထီမဟုတ်, ဒုတိယာသာဟု မိန့်၏၊ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ (သင်တို့ကို)၊ အာမန္တယဿု ဝေါ ပုတ္တေ (သင် သားတို့ကို)၊ အာမန္တ ခေါ တံ ဂစ္ဆာမိ (တံ-သင့်ကို)၊ ဘဂဝါ ဘိက္ခူ (တို့ကို) အာမန္တေသိ ဘိက္ခဝေါတိ၊ ဤသို့ စသည်ဖြင့် အာမန္တနတ္ထ ယှဉ်ရာ၌ ဒုတိယာသာ များသောကြောင့် ''အာမန္တယာမိ ဝေါ ဘိက္ခဝေ'' ၌ ဝေါလည်း ဒုတိယန္တသာ ဖြစ်သင့်၏၊ ''အာမန္တယာမိ တေ မဟာရာဇ''ကား ပါဠိရင်းမဟုတ်, လုပ်ပြယုဂ်ဖြစ်ဟန်တူသည်၊ မောဂ္ဂလ္လာန်၌ အာရောစနတ္ထ အရာဝယ် အာမန္တနတ္ထပြယုဂ်ကို မထုတ်ပြချေ။

(၅) **တဒတ္ထေ**—''တ+အတ္ထ'' ဟု ပုဒ်ခွဲ၊ တဿ+အတ္ထော တဒတ္ထော၊ တဿ-ထိုကြိယာ၏၊ ဝါ-ထိုဝတ္ထု၏၊ အတ္ထော-အကျိုးသည်၊ တဒတ္ထော-မည်၏၊ ''ဉဒိနဿ ပါရိပူရိယာ ဝတ္ထံ နိက္ခိပိတဗ္ဗံ=နောင် သက်န်းချုပ်သောအခါ မလောက်မငဖြစ်နေလျှင် ဖြည့်စွက်ဖို့ရာ အဝတ်ကို သိမ်းထားနိုင်၏'' ဟူရာ၌ အဝတ်ကို သိမ်းထားခြင်းသည် အကြောင်း, မလောက်မင ဖြစ်နေသော သက်န်း၏ ပြည့်စုံလုံလောက်ခြင်းသည် အကျိုး၊ ဤသို့ ထိုသိမ်းထားခြင်းကြိယာ၏+အကျိုးဖြစ်သော ပါရိပူရိကို တဒတ္ထ သမ္ပဒါန်မှည့်၍, သမ္ပဒါနေ စတုတ္ထီဖြင့် သ သက်, ပမှည့်, ယာ ပြု၍ ''ပါရိပူရိယာ''ဟု ဖြစ်၏။

''**ဗုဒ္ဓဿ၊ပေ၊ပရိစ္စဇာမိ**=ဘုရားအကျိုးငှာ (ဘုရားအတွက်) အသက်ကို စွန့်ပါ၏'' ဟု မိဋ္ဌာန်ပြုရာ၌ အသက်စွန့်ခြင်းသည် အကြောင်း, ဘုရား၏ အကျိုးဖြစ်ခြင်းသည် အကျိုးတည်း၊ ဤသို့ စွန့်ခြင်းကြိယာ၏ အကျိုးဖြစ်သော အတ္ထကို တဒတ္ထ သမ္ပဒါန်မှည့်,သ သက်၍ အာယစတုတ္ထေကဝစနဿဝါ သုတ်ဖြင့် အာယပြု၍ ပြီးသည်၊ ''ကထိနဿ+ဒုဿံ=ကထိန်လျှာသက်န်းအလို့ငှာ (ကထိသက်န်းဖို့) အဝတ်''ဟူရာ၌ ကထိန်သက်န်းသည် အကျိုး, အဝတ်ကား အကြောင်းတည်း၊ ဤ၌ အဝတ်တည်းဟူသော ဝတ္ထု၏ အကျိုးဖြစ်သော ကထိနကို တဒတ္ထသမ္ပဒါန် မှည့်သည်။

**မောဂ္ဂလ္လာန်။** ။''တာဒတ္ထေ၂'' ဟု သုတ်တည်၍ ''ယူပါယ ဒါရု'' ဟု ပုံစံထုတ်၏၊ ဤ၌ တဒတ္ထဟူသည် ထို ဝိကတိဟူသော အကျိုးရှိသော ပကတိတည်း၊ ''ယူပါယ-ယဇ်တိုင်အလို့ငှာ၊ ဒါရု-သစ်သားတည်း'' ဟူရာ၌ ဒါရုသည် ပကတိ (ပင်ကိုယ်မူလ ဝတ္ထု) တည်း၊ ယူပကား ထိုပကတိ၏ အကျိုးဖြစ်သော (သစ်သားမှ ပြုပြင်ပြောင်းလွဲလာသော) ဝိကတိတည်း၊ ယဇ်တိုင် ပြုလုပ်ခြင်းကြောင့် သစ်သားခုတ်ရကား

(၃) တုမတ္ထေ-တုံပစ္စည်း၏အနက်၌၊ (သမ္ပဒါနံ ဟောတိ)၊ လောကာနုကမ္ပာယ-လောကကို သနားစောင့်ရှောက်ခြင်းငှာ၊ဒေဝမနုဿာနံ-နတ် လူတို့၏၊ အတ္ထာယ-အကျိုးငှာ၊ ဟိတာယ-စီးပွားအလို့ငှာ၊ သုခါယ-ချမ်းသာခြင်းငှာ၊ ဗုဒ္ဓေါ-သည်၊ လောကေ-လောက၌၊ ဥပ္ပဇ္ဇတိ-ပွင့်တော်မူ၏၊ ဘိက္ခုနံ-တို့၏၊ ဖာသုဝိဟာရာယ-ချမ်းသာစွာ နေနိုင်ခြင်း အကျိုးငှာ၊ ဝိနယော - ဝိနည်းကို၊ ပညတ္တော-ပညတ်တော်မူအပ်ပြီ၊ ဣစ္စေဝမာဒိ။

---

ယဇ်တိုင်သည် နိမိတ္တ, ဒါရုကား နိမိတ္တီတည်း၊ ထို နိမိတ္တ နိမိတ္တီ ၂ ခုတို့၏ ဆက်သွယ်မှု သမ္ဗန်သည် တာဒတ္ထ၊ မည်၏ ထို တာဒတ္ထ၊ကို ထွန်းပြအပ်သည်ရှိသော် (သဗ္ဗန္ဓ ဆဋ္ဌီ မသက်ပဲ) စတုတ္ထီ သက်ရသည်၊ "ကထိနဿ ဒုဿံ" ကိုလည်း ဤအတိုင်း ပြောပြပါ။

(၃) တုမတ္ထေ—တုဿ—တုံ ပစ္စည်း၏+အတ္ထော—အနက်တည်း၊ တုမတ္ထော-တုံ ပစ္စည်း၏ အနက်။ [ကိဿ-ကဲ့သို့ နိဂ္ဂဟိတ်ချေ၍ "တုဿ"ဟု ဆိုသည်။] တုံပစ္စည်းဖြင့် ပါဠိစီလိုလျှင်လည်း ဖြစ်နိုင်လျက် တုံပစ္စည်းဖြင့် မစီပဲ သ ဝိဘတ်ဖြင့် ပါဠိစီရာ၌ တုမတ္ထ သမ္ပဒါန်ဟု ဆိုသည်၊ တွာလောပ အပါဒါန်၌ တွာပစ္စယန္တပုဒ်ကို မသုံးစွဲပဲ အပါဒါန် မှည့်သကဲ့သို့, ဤ၌လည်း တုံပစ္စယန္တပုဒ်ကို မသုံးစွဲပဲ ထို တုံပစ္စယန္တပုဒ် ဖြစ်ထိုက်ရာဝယ် သမ္ပဒါန် မှည့်သည်။

[သက္ကတ] တုမန္တဿ လောပေါဝါ, တက္ကမ္မဏိစ (သုတ်)။ ။တုမန္တဿ ဝါ လောပေါ ဘဝတိ, တံ လောပေစ တဿ ကမ္မဏိ စတုတ္ထီ ဘဝတိ။ ကဋံ အာနေတုံ ယာတိ=ကဋာယ ယာတိ (အာသုဗောဓ)။

တုမန္တဿ-တုံပစ္စယန္တပုဒ်၏၊ လောပေါ ဝါ-ရံခါ ကြေခြင်းလည်း ဖြစ်၏၊ တံ လောပေစ-ထို တုမန္တကြေလတ်သော်လည်း၊တက္ကမ္မဏိ-ထို တုမန္တပုဒ်၏ကံ၌၊စတုတ္ထီ-စတုတ္ထီဝိဘတ်သက်၊ (သုတ်နက်)၊ "ကဋံ အာနေတုံ-ထင်းကိုဆောင်ခြင်းငှာ" ဟု ပါဠိစီလျှင် ဖြစ်နိုင်လျက် တုံပစ္စယန္တဖြစ်သော အာနေတုံကို မသုံးစွဲပဲ တုမန္တလောပ ပြုလိုက်သည့်အခါ "ကဋာယ"ဟု ဖြစ်၏၊ ကဋာယ-ထင်းအလို့ငှာ၊ ယာတိ-သွား၏။

**လောကာနု၊ပေ၊ပညတ္တော**—"လောကံ အနုကမ္ပိတုံ, အတ္ထံ ကာတုံ, ဟိတံ ကာတုံ, သုခံ ကာတုံ, ဖာသုဝိဟရိတုံ" ဟု ပါဠိစီနိုင်လျက် တုံပစ္စယန္တပုဒ်ကို မသုံးပဲ တုမန္တလောပပြု၍ လောကာနုကမ္ပ-အတ္ထ စသည်ကို သမ္ပဒါန်မှည့်, သသက်၊ သကို အာယ စတုတ္ထေကဝစနဿတုဖြင့် အာယပြု။ [အတ္ထာယ စသည်၌ ကာတုံ ဟူသော တုမန္တပုဒ်၏ ကံဖြစ်သော အတ္ထစသည်ဝယ် (သမ္ပဒါန်မှည့်၍) စတုတ္ထီသက်သော ကြောင့်"တက္ကမ္မဏိ (စတုတ္ထီဘဝတိ)"နှင့် ညီပေ၏၊လောကာနုကမ္ပာယ၌ကား အနုကမ္ပိတုံ ဟူသော တုမန္တပုဒ်၏ ကံ၌ သမ္ပဒါန်မမှည့်ပဲ တုမန္တဖြစ်ထိုက်သော ပုဒ်ကိုပါ သမ္ပဒါန် မှည့်ထားသောကြောင့်"တက္ကမ္မဏိစ"ဟူသော စကားနှင့် မညီ၊ထို့ကြောင့် "လောကံ အနုကမ္ပိတုံ"ရူပသိဒ္ဓိအဖွင့်ဝယ် "လောကာနုကမ္ပံ ကာတုံ" ဟု ဆိုရလျှင် သက္ကတနှင့် ညီဖွယ်ရှိသည်။ [တာဒတ္ထနှင့် တုမတ္ထအထူးကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထားပြီ။]

(ဃ) အလမတ္ထပ္ပယောဂေ-အလံ အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌၊ (သမ္ပဒါန် ဟောတိ)၊ အလမိတိ-အလံ ဟူသော ဤသဒ္ဒါသည်၊ အရဟာတိ ပဋိက္ခိတ္တေသု-အရဟာတိ အနက်, ပဋိက္ခိတ္တအနက်တို့၌၊ ဝါ-ထိုက်တန်၏ ဟူသော အနက်, ပယ်မြစ်ခြင်းအနက်တို့၌၊ (ဝတ္တတိ-ဖြစ်၏၊) မေ-ငါ့အား၊ ဗုဒ္ဓေါ-ဘုရားသည်၊ အလံ- ထိုက်၏၊ တေ- အား၊ ရဇ္ဇံ- မင်းအဖြစ်သည်၊ အလံ- ၏၊ ဘိက္ခု-သည်၊ ပတ္တဿ-အား၊ အလံ-ထိုက်၏၊ မလ္လော-လက်ပမ်းသည် တယောက်သည်၊ မလ္လဿ-အား၊အလံ-၏၊ မလ္လော မလ္လဿ, အရဟာတိ-ထိုက်၏၊ပဋိက္ခိတ္တေ-ပယ်မြစ်ခြင်းအနက်၌၊ (ဥဒါဟရဏံ-ကား)၊ မေ-အား၊ ကရဏီယံ-ပြုအပ်ပြုထိုက်သော၊ရူပံ-ရူပါရုံသည်၊ အလံ၊မရှိ၊ မေ-အား၊ ဟိရညသုဝဏ္ဏေန-ငွေ ရွှေဖြင့်၊ အလံ-အကျိုးမရှိ၊ ဣစ္စေဝမာဒိ-တည်း။

(ဏ) မညတိပ္ပယောဂေ - မနခါတ်၏ ယှဉ်ရာ၌၊ အနာဒရေ-မရှိသေအပ်သော၊ အပ္ပာဏိနိ-သတ္တဝါလည်း မဟုတ်သော အနက်၌၊ (သမ္ပဒါန် ဟောတိ)၊ တုဝံ-နင့်ကို၊ ကဠိင်္ဂဿ- ထင်းတုံးလောက်၊ မညေ- မှတ်ထင်၏၊ တုဝံ- နင့်ကို၊

---

(ဃ) **အလမိတိ အရဟာတိ ပဋိက္ခိတ္တေသု**—ဤစကားကား အလံသဒ္ဒါ၏ အနက် ၂ မျိုးရှိကြောင်းကို ပြသော စကားတည်း၊ အရဟာတိအနက်၌ "ထိုက်"ဟု ပေး၍ ပဋိက္ခိတ္တအနက်၌ "မသင့်-မဟုတ်-မရှိ"ဟု ပေးနိုင်သည်၊ ရူနှင့် နီတိတို့၌ "အလံ သဒ္ဒဿ အတ္ထော (အတ္ထာ) အရဟပ္ပဋိက္ခေပါ"ဟု ရှိ၏၊ သာ၍ စာသွားကောင်းပေသည်၊ "အလံ မေ ဗုဒ္ဓေါ၊ပေ၊ အရဟာတိ မလ္လော မလ္လဿ"တို့ကား အရဟအနက်ဟော သဒ္ဒါတို့၏ ယှဉ်ရာပုံစံတည်း၊အလံသဒ္ဒါသာမက, အလံ အနက်ရှိသော အရဟာတိသဒ္ဒါကိုလည်း "အလမတ္ထ"၌ ယူရ၏၊ မေ စသည်ကို အမှ-ပတ္တ-မလ္လတည်, ဤသုတ်ဖြင့် အလံသဒ္ဒါ၏ယှဉ်ရာ အမှကို သမ္ပဒါန်မှည့်၊ အရဟာတိသဒ္ဒါ၏ ယှဉ်ရာ မလ္လကို သမ္ပဒါန်မှည့်, စသည်ဆို။

**ပဋိက္ခိတ္တေ၊ပေ၊သုဝဏ္ဏေန**—"အလံ မေ ရူပံ ကရဏီယံ"၌ ပါဠိရင်းကို သတိထားသင့်၏၊ စာသွားမကောင်း၊ ရူနှင့် နီတို့၌လည်း မပါ၊ ဟိရညသဒ္ဒါသည် ရွှေသာမညကိုလည်း ဟော၏၊ အယဉ် အရိုင်းဖြစ်သော (အထည်ဝတ္ထု လုပ်ပြီး-မလုပ်ရသေးသော) ရွှေ ငွေ ၂ မျိုးလုံးကိုလည်း ဟော၏၊ (အဘိဓာန် ၄၇၆-စသည်ကို ကြည့်)၊ဤ၌ သုဝဏ္ဏနှင့် တွဲပြသောကြောင့် ဟိရညသဒ္ဒါဖြင့် "ငွေ"ဟူသော အနက်ကို ယူ၊ အလံ တော်၌ တေကို တုမှတည်, ဤသုတ်ဖြင့် သမ္ပဒါန်မှည့်-စသည် စီရင်လေ။

(ဏ) **မညတိ၊ပေ၊ အပ္ပာဏိနိ**—မညတိ၌ တိ အက္ခရာသည် မနခါတ်ကို ညွှန်ပြသော ခါတုနိဒ္ဒေသတည်း၊ ထိုသို့ တိအက္ခရာဖြင့် ညွှန်ပြရာ၌ ဝိကရဏ ပစ္စည်းလည်း ပါရသေးသောကြောင့် ဒိဝါဒိ ယပစ္စည်းဖြင့် မညတိဟု ညွှန်ပြသည်၊ ထိုသို့ ညွှန်ပြသဖြင့် "အဖန်ဖန် ဖြစ်ခြင်း, ပူဇော်ခြင်း" အနက်ကို ဟောသော မနခါတ်

ကင္ဆုဂ်ရသ-ထင်းပုပ် ထင်းဆွေးလောက်၊ ဝါ-အနုပ်အဖွဲလောက်၊ မညေ-၏၊ အနာဒရေတိ-အနာဒရေ ပုဒ်သည်၊ ကိမတ္ထံ-နည်း၊ သုဝဏ္ဏံဝိယ တံ မညေ-သုဝဏ္ဏံဝိယ တံမညေ စသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ [တံ-သင့်ကို၊ သုဝဏ္ဏံဝိယ-ရွှေကဲ့သို့၊ မညေ-၏၊] အပ္ပာဏိနီတိ-အပ္ပာဏိနိ ပုဒ်သည်၊ ကိမတ္ထံ-နည်း၊ ဂဠြဘံ တုဝံ မညေ-ရှိ၏၊ [တုဝံ-နင့်ကို၊ ဂဠြဘံ-မြည်းသတ္တဝါကဲ့သို့၊ မညေ-၏၊] ဇုတ္တေဝမာဒိ။

---

မဟုတ်, မှတ်ထင်ခြင်း သိခြင်းအနက်ဟော ဒိဝါဒိ မနဓာတ်ကိုယူပါဟု သိစေသည်၊ အပ္ပာဏိနိကား ဒဏ္ဍီနိကဲ့သို့ သဒ္ဒိကို နိပ္ဖြုသော ပုဒ်တည်း။

**ကဠ္ဍသ တုဝံ မညေ**—မညေဝယ် မနဓာတ်လည်း ဟုတ်၏, "နင့်လိုအကောင်ကို ထင်းတုံးလောက်ထင်သည်"ဟု မလေးမစား ပြောအပ်သော အနာဒရစကားလည်း ဟုတ်၏၊ "ကဠ္ဍ" အရ ထင်းတုံးလည်း ပါဏိမဟုတ်—အပ္ပာဏိတည်း၊ ဤသို့ ၁-မနဓာတ်၏ ယှဉ်ရာဖြစ်ခြင်း, ၂-မလေးမစားခြင်း, ၃-သတ္တဝါလည်း မဟုတ်ခြင်း, ဤအင်္ဂါ ၃ ပါးစုံသောကြောင့် "ကဠ္ဍ"ကို သမ္ပဒါန်မှည့်ရသည်၊ ဤ၌ သမ္ပဒါန် မှည့်ရသော်လည်း တုဝံနှင့် အရတူသောကြောင့် ကံအနက်ကိုပင် သဝိဘတ်က ဟောရမည်၊ ကဠ္ဍသ-ထင်းတုံးကိုကဲ့သို့ ဟု ဆိုလိုသည်၊ ထို့ကြောင့် "မညတိပ္ပယောဂေ အနာဒရေ အပ္ပာဏိနိ ကမ္မနိယေဝ-ကံအနက်၌သာ"ဟု ရူဠ်မိန့်သည်၊ "ကင္ဆုဂ်ရသ တုဝံ မညေ"၌ အင်္ဂါ ၃ ပါးစုံပုံမှာ ရှေးအတိုင်းပင်၊ "နင့်လိုအကောင်ကို ထင်းပုပ် ထင်းဆွေးလောက် ထင်တယ်"ဟု မလေးမစားပြောအပ်သော စကားတည်း၊ ကင္ဆုဂ်ရ အဆုံးအဖြတ်ကို "တုမှသ တုဝံ တွမမိ"သုတ်၌ ပြခဲ့ပြီ၊ ကဠ္ဍ-ကင္ဆုဂ်ရတည်, ဤသုတ်ဖြင့် သမ္ပဒါန်မှည့်။

**အနာဒရေတိ ကိမတ္ထံ**—"သုဝဏ္ဏံဝိယ တံ မညေ"၌ သုဝဏ္ဏသည် မနဓာတ်၏ ယှဉ်ရာလည်းဟုတ်,အပ္ပာဏိလည်း ဟုတ်၏၊သို့သော် အနာဒရမဟုတ် (မင့်ကိုလေ.... ငါက ရွှေလိုမှတ်ပါတယ်-ဟု) လေးလေးစားစား ပြောအပ်သော စကားဖြစ်၍ သမ္ပဒါန်မမှည့်ရ၊ "ယံ ကရောတိ တံ ကမ္မံ"ဖြင့် ကံမှည့်။

**အပ္ပာဏိနီတိ**—"ဂဠြဘံ တုဝံ မညေ"၌ မနဓာတ်၏ ယှဉ်ရာလည်း ဟုတ်, "နင့်ကို ငါက မြည်းသတ္တဝါလို့ ထင်တယ်"ဟု အနာဒရ စကားလည်း ဟုတ်၏၊ သို့သော် "ဂဠြဘံ"ဟု သတ္တဝါ ဖြစ်နေသောကြောင့် အပ္ပာဏိ အင်္ဂါပျက်ကွက်ရကား ဤသုတ်ဖြင့် သမ္ပဒါန် မမှည့်ရ, ကံ အမည်မှည့်၍ ကံအနက်၌ ဒုတိယာ သက်ရသည်။

**ပါဏိနီ**။ ။မညကမ္မန္ဒ္ယာနာဒရေ ဝိဘာသာပ္ပာဏိသု (သုတ်)။ ။အပ္ပာဏိသု-သတ္တဝါ မဟုတ်သော အနက်တို့၌၊ အနာဒရေ-၌၊ မညကမ္မနိ-မန ဓာတ်၏ ကံ၌၊ ဝိဘာသာ-ဝိကပ်အားဖြင့်၊ စတုတ္ထီ ဘဝတိ၊ ဤသုတ်၌ စတုတ္ထီဝိကပ်ဟု ဆိုသောကြောင့် "ဇီဝိတံ တိဏာမိဝ နမညမာနော-အသက်ကို မြက်လောက်မျှ မမှတ်ထင်" ဟူရာ၌ ကံအနက်၌ ဒုတိယာလည်း သက်သည်။

(တ) ဂတျတ္ထကမ္မနိ-ဂတိ အနက်ရှိသော ဓာတ်တို့၏ ကံ အနက်၌၊ (သမ္ပဒါနံ ဟောတိ)၊ ဂါမဿ-ရွာသို့၊ ပါဒေန-ခြေဖြင့်၊ ဂတော-သွား၏၊ နဂရဿ-မြို့သို့၊ပေ၊အပ္ပော-အနည်းငယ်သော သတ္တဝါသည်၊ သဂ္ဂါယ-သုဂတိ,နိဗ္ဗာန်သို့၊ ဂစ္ဆတိ-ရောက်၏၊ [သုဂတိံ ဝါ နိဗ္ဗာနံ ဝါ ပါပုဏာတိတိ အတ္ထော၊ဓမ္မပဒ။] သဂ္ဂဿ-နတ်ပြည်သို့၊ ဂမနေန ဝါ-ရောက်ရခြင်းထက်လည်းကောင်း၊ သံဃော-သံဃာသည်၊ မူလာယ-အရင်းသို့၊ ပဋိကဿေယျ-ငင်ရာ၏၊ ဒုတိယာစ-ဒုတိယာလည်း သက်၊ ဂါမံ-ရွာသို့၊ ပါဒေန ဖြင့်၊ ဂတော-၏၊ (စသည်ဖြင့်အနက်ဆို၊) ဣစ္စေဝမာဒိ-တည်း။

(ထ) အာသိသတ္ထေ - တောင့်တခြင်း အနက်၌၊ (သမ္ပဒါနံ ဟောတိ)၊ အာယသ္မတော-အရှင်အား၊ ဒီဃာယု-ရှည်သော အသက်သည်၊ ဟောတု-ဖြစ်ပါစေ၊ ဘဝတော-အရှင့်အား၊ ဘဒ္ဒံ-ကောင်းခြင်းမင်္ဂလာသည်၊ ဟောတု-စေ၊ [“ကုသလံ-ကျန်းမာသူ၏ အဖြစ်သည်၊ အနာမယံ-အနာမရှိသူ၏ အဖြစ်သည်၊ သုခံ - ချမ်းသာခြင်းသည်၊ သွာဂတံ - ကောင်းသော လာခြင်းသည်၊ အတ္ထံ-ကောင်းကျိုးသည်၊ ဟိတံ-စီးပွားသည်”ဟု ပေး၊] ဣစ္စေဝမာဒိ-တည်း။

---

(တ) ဂတျတ္ထ ကမ္မနိ—“ဂမု=ဂတိမှိ၊ ကဿ=ဂတိမှိ” ဟု ဂတိ သဒ္ဒါဖြင့် ဓာတ်နက် ဆိုရသော ဓာတ်ဟူသမျှကို “ဂတျတ္ထ” ဟု ခေါ်၏၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ “ဝဇ=ဂတိမှိ” ဟု ဓာတ်နက် ဆိုရသော ဝဇဓာတ်ကိုလည်း ယူ၍ “နိဗ္ဗာနာယ-နိဗ္ဗာန်သို့+ဝဇန္တိယာ-သွားသော”ဟု ပုံစံ ထုတ်၏၊ ထို ဂတျတ္ထ ဓာတ်တို့၏ ကံအနက်၌ သမ္ပဒါန် မှည့်၊သဝိဘတ်သက်၍ “ဂါမဿ, နဂရဿ, သဂ္ဂါယ, သဂ္ဂဿ, မူလာယ” ဟု ရှိရသည်၊ သဂ္ဂါယ မူလာယတို့၌ အာယ စတုတ္ထေက ဝစနဿတုဖြင့် သကို အာယပြု၊ ကမ္မတ္ထေ ဒုတိယာ သုတ်ဖြင့် ကံအနက်၌ (ထုံးစံအတိုင်း) ဒုတိယာဝိဘတ် သက်၍ “ဂါမံ” စသည်လည်း ဖြစ်၏။ [ကလာပ်ကျမ်း အဆိုကို ရူပသိဒ္ဓိ ဘာသာဋီကာ၌ ရှု၊ အာယပြုရာ ဌာနများကိုကား အာယစတုတ္ထေက ဝစနဿတု သုတ်၌ ပြခဲ့ပြီ။

(ထ) **အာသိသတ္ထေ**—သီမူ၌ “အာသီသနတ္ထေ” ဟု ရှိ၏၊ သူတပါးအတွက် တောင့်တခြင်း ဆုတောင်းခြင်းကို အာသီသန ဟု ခေါ်၏၊ ထို အာသီသန အနက်၌ “အာယု ဘဒ္ဒံ” စသော သဒ္ဒါများကို ယှဉ်စပ် သုံးစွဲရမည် ဟု ဆို၏၊ ထိုတွင် ကုသလံ အနာမယံ တို့၌ ဘာဝပ္ပစ္စယန ကြံ၍ ကျန်းမာသူ၏ အဖြစ် (ကျန်းမာခြင်း) အနာ မရှိသူ၏ အဖြစ် (အနာမရှိခြင်း) ကို ယူပါ၊ ဘဒ္ဒံနှင့် သောတ္ထိတို့သည် မင်္ဂလာအနက် ဟော နိပါတ်ပုဒ်တို့ တည်း။

အာယု ဘဒ္ဒံစ ကုသလံ, အနာမယံ သုခံ အတ္ထံ၊
ဟိတံစ သွာဂတံ သောတ္ထိ, အာသီသတ္ထမှိ ယောဇယေ။

(ဒ) သမ္ဗုတိပ္ပယောဂေ-သမ္ဗုတိ သဒ္ဒါ၏ ယှဉ်ရာ၌၊ (သမ္ပဒါန် ဟောတ်)၊ ဘိက္ခုသ-အား၊ သံဃသမ္ဗုတိယာ-သံဃာ၏ သမုတ်ခြင်းကို၊ အညတြ-ကြဉ်၍၊ ဝိပ္ပဝတ္ထုံ-ကင်းနေခြင်းငှာ၊ န ဝဋ္ဋတိ-မအပ်၊ တဿ ဘဂဝတော-ထို မြတ်စွာဘုရားကို၊ ဒဿနာယ-ဖူးမြင်ခြင်းငှာ၊ မေ-တပည့်တော်အား၊ သမ္ဗုတိ-သမုတ်ခြင်းသည်၊ သာဓု-ကောင်းပါ၏၊ ဣစ္စေဝမာဒိ-တည်း။

(ဓ) ဘိယျပ္ပယောဂေ-ဘိယျ သဒ္ဒါ၏ ယှဉ်ရာ၌၊ (သမ္ပဒါန် ဟောတိ)၊ မတ္တာယ-အတိုင်းအရှည်ထက်၊ ဘိယျောသော-လွန်စွာ၊ ဣစ္စေဝမာဒိ-တည်း။

---

မှတ်ချက်။ ။"အာယသ္မတော ဒီဃာယုကော ဟောတိ" ဟု ပါဠ်ပျက်တတ်၏၊ "ဒီဃာယုကော-ရှည်သော အသက် ရှိသူသည်" ဟု ပေးရလိမ့်မည်၊ သို့ဖြစ်လျှင် "အရှင့်အားရှည်သော အသက်ရှိသူ ဖြစ်ပါစေသတည်း" ဟု သဒ္ဒါအနက် ပျက်ရာ၏၊ ဘာ့ကြောင့်နည်း....."အာယသ္မတော့နှင့် ဒီဃာယုကော" သည် အရတူနေသော ကြောင့်လည်းကောင်း အရတူလျှင် ဝိဘတ်တူမြဲ ဖြစ်၍ "အာယသ္မာ" ဟု ရှိရမည် ဖြစ်သောကြောင့် လည်းကောင်း, ဝိဘတ်တူပြန်လျှင် သမ္ပဒါန် မဟုတ်၍ ဤ၌ ပြယုဂ် မထုတ်နိုင်သောကြောင့် လည်းကောင်းတည်း၊ ထို့ကြောင့် "အာယသ္မတော ဒီဃာယု ဟောတု" ဟု သီဟိုဠ်မူ အတိုင်း ပါဠ်မှန်ရှိရမည်၊ "အရှင့်အား သက်တော် ရာကျော် ရှည်ပါစေသော်ဝ်" ဟု ဆုတောင်းသော စကားမျိုးတည်း။

(ဒ) **သမ္ဗုတိပ္ပယောဂေ**—"အညတြ၊ပေ၊နဝဋ္ဋတိ" ဤ ပုံစံ၌ သမ္ဗုတိပုဒ်ကိုငဲ့၍ "ဘိက္ခုသ-အား" ဟု ပေးရသော်လည်း ပါဠိ နေပုံမှာ "ဘိက္ခုသ" ကို နဝဋ္ဋတိ၌ သမ္ပဒါန်, ဝိပ္ပဝတ္ထုံ၌ သမ္ဗန်အဖြစ်ဖြင့် စပ်စေလိုမည် ထင်သည်၊ "ရဟန်းအား+မအပ်, ရဟန်း၏+ကင်းနေခြင်း" ဟူလို၊ ထို့ကြောင့် ရူပသိဒ္ဓိနှင့် သဒ္ဒနီတိ တို့၌ ဤ ပုံစံကို သမ္ဗုတိပယောဂပုံစံ အဖြစ်ဖြင့် မပြကြ၊ "သာဓု သမ္ဗုတိမေ" စသည်၌ "မေ" သာ သမ္ဗုတိပယောဂ သမ္ပဒါန်ဖြစ်၏၊ "တဿ ဘဂဝတော" သည် ဒဿနနှ၌ စပ်ရသော ဆဋ္ဌီကံ၊ "ဒဿနာယ" ကား သမ္ဗုတိ၌ စပ်ရသော တဒတ္ထသမ္ပဒါန်တည်း။

(ဓ) **ဘိယျပ္ပယောဂေ**—ဘိယျောနှင့် ဘိယျောသောကို သဘောတူ ဟု ယူ၍ ဘိယျပ္ပယောဂ၏ပုံစံကို "ဘိယျော သော မတ္တာယ" ဟု ထုတ်ဟန်တူသည်၊ သဒ္ဒနီတိ၌ လည်း "တတ္ထ ဘိယျောသောတိ ဣဒံ ဘိယျောသဒ္ဒေန အတိရေကတ္ထဝါစကေန နိပါတေန သမာနတ္ထံ နိပါတပဒံ" ဟု မိန့်သည်၊ ဤ စကားအရ ဘိယျောနှင့် ဘိယျောသော ၂ ပုဒ်သည် အလွန်အကဲ အနက်ဟော နိပါတ်ပုဒ်ချည်းတည်း-ဟု မှတ်။

**မတ္တာယ**—မတ္တ သဒ္ဒါလည်း အတိုင်းအရှည် ပမာဏအနက်ကို ဟောရာ၌ နပုလ္လိင်တည်း၊ ဘိယျ၏ ယှဉ်ရာ၌ မတ္တကို သမ္ပဒါန် မှည့်၍ သဝိဘတ်ကို အာယစတုတ္ထေက

သုတ်ဖြင့် အာယပြုထားသည်၊ အနက်ကား "တိဏာ ဘိယျော" = မြက်ထက်+အလွန်" ဟူရာ၌ကဲ့သို့ မတ္တာယ၌ သဝိဘတ်လည်း ပဉ္စမီအနက် (ထက်-ဟူသော ဝိဘတ္တအပါဒါန်အနက်) ကိုဟောရမည်-ဟု သဒ္ဒနီတိဆို၏၊ သို့သော် အဘိဓာန်တို့၌ "အပ္ပေဝ ခါရဏော မတ္တံ" ဟု နပုလ္လိင် မတ္တသဒ္ဒါ၏ အနက်တို့တွင် ပမာဏအနက် မပါ၊ "ပမာဏသြရိယေ မတ္တာ" ဟု ဣတ္ထိလိင် မတ္တာသဒ္ဒါသာ ပမာဏအနက်ဟော ဟု လာ၏၊ ထို့ကြောင့် မတ္တာယ၌ မတ္တာခနောင် (ကညာယကဲ့သို့) သွာကို အာယပြုထားသည်၊ ဘိယျ၏ ယှဉ်ရာ၌ သမ္ပဒါန်လည်း မဟုတ်, ဝိဘတ္တသမ္ပဒါန်အနက်၌ သတ္တမီသာ ဟု ဆရာတို့ အလိုရှိတော်မူကြသည်။

**အဋ္ဌကထာ ဋီကာဖွင့်ပုံ။** ။ဘိယျောသော မတ္တာယာတိ ပမာဏတော ဥတ္တရိ (ဥဒါနဋ္ဌကထာ, သတ္တမဝဂ်, ဒုတိယသုတ်)၊ မတ္တာယကို "ပမာဏတော" ဟု ဖွင့်သောကြောင့် မတ္တာယ၌ အာယသည် ကညာယကဲ့သို့ သွာဝိဘတ်၏ ကာရိယတည်း-ဟုလည်းကောင်း, ဘိယျောသောကို "ဥတ္တရိ" ဟု ဖွင့်သောကြောင့် ဘိယျောသောသည် အလွန်အကဲ အနက်ဟောနိပါတ်ပုဒ်တည်း-ဟုလည်းကောင်း သိသာ၏၊ သို့ဖြစ်လျှင် ဘိယျောသော၏ ယှဉ်ရာ၌ သမ္ပဒါန် မဖြစ်ထိုက်၊ "တိဏာ ဘိယျော" ကဲ့သို့ ဘိယျောသောတို့သည် အပါဒါန်ငဲ့သော ပုဒ်များတည်း-ဟု မှတ်ထိုက်သည်၊ ဘိယျောသောတိ-ဥပရိပိ၊ မတ္တာယာတိ-ပမာဏာယ" ဟူသော ဝိသုဒ္ဓိမဂ် ဋီကာဖွင့်ပုံကို ထောက်လျှင် မတ္တာယ၌ ဆဋ္ဌီသဝိဘတ်ကို ပြုထားသော အာယ ဟု ဆိုသင့်၏၊ "မတ္တာယ-အတိုင်းအရှည်၏၊ ဘိယျောသော-အထက်၌လည်း" ဟု ပေး။

**ဘိယျောသော မတ္တာယာတိ**—"အတိရေကပ္ပမာဏေန" ဟု တသမာသ်တည်းဖွင့်သော ကေဝဋ္ဋသုတ် အဋ္ဌကထာ စသည်တို့ အလိုအားဖြင့် "ဘိယျောသော-လွန်သော၊ မတ္တာယ-ဖြင့်" ဟုလည်း ပေးနိုင်၏၊ ဘိယျောသောကား နိပါတ်ပင်၊ မတ္တာယ၌ကား နာဝိဘတ်၏ ကာရိယ အာယတည်း-ဟု ကြံသင့်၏၊ ဤနည်း၌လည်း သမ္ပဒါန် မဖြစ်၊ "ပုဗ္ဗေခေါ ဂါမဏိ သတ္တာ အဝီတရာဂေါ၊ပေ၊တေ ဥပသံဟရတိ ဘိယျောသော မတ္တာယ" ဟူသော ဂါမဏိ သံယုတ်ပါဠိတော်၌ "ဘိယျောသော မတ္တာယာတိ-အဓိကပမာဏတ္တာယ (လွန်ကဲသော အတိုင်းအရှည်အလို့ငှာ၊ ဝါ-ရာဂ တိုးပွားဖို့ရာ)" ဟု ဖွင့်၏၊ ဤအလိုလည်း တဒတ္ထသမ္ပဒါန်သာ၊ ထို့ကြောင့် ဘိယျပ္ပယောဂသမ္ပဒါန် ဆိုသည်ကို စဉ်းစားသင့်သည်။

**အချို့အနက်ပေးပုံ။** ။ဘိယျောသောကို နိပါတ်ပုဒ်ဟု အများဆုံးဖြတ်ကြပြီ၊ အချို့ကား "သော-ထိုခွေးသည်၊ မတ္တာယ-ထက်၊ ဘိယျော-လွန်စွာ" ဟု ဘိယျော တပုဒ်, "သော" တပုဒ်ခွဲ၍ အနက်ပေးကြ၏၊ ထိုအနက်ကိုကား "ဧဝဉ္စ သော ဘိက္ခဝေ ကုက္ကုရော ဘိယျော သော မတ္တာယ စဏ္ဍတရော အဿ" ဟူသော သံဃဘေဒကက္ခန္ဓကပါဠိတော်၌ ဘိယျောသောအပြင် "သော ကုက္ကုရော-ထိုခွေးသည်" ဟု ကဏ္ဍားတိုက်ရိုက်ပါပုံကို ညွှန်ပြ၍ ပယ်ချပါလေ။ [မောဂ္ဂလ္လာန်၌မူ "ဘိယျောသော မတ္တာယ" ကိုပင် အတိသယတ္ထနိပါတ် ၂ ပုဒ်အပေါင်းဟု ဆိုသေး၏၊ မတ္တာယကိုလည်း နိပါတ်ပင် ဟု ဆိုလိုသည်။]

(န) သတ္တမျတ္တေ - သတ္တမီဝိဘတ်၏ အနက်၌၊ (သမ္ပဒါနံ ဟောတိ)၊ အဿတုယှံ-ထို သင့်၌၊ (ထို သင့်အထံ၌-ဟူလို)၊ အာဝိကရောမိ-ထင်စွာပြု၏၊ တဿ မေ-ထိုငါ့၌၊ (ထိုငါ့အထံ၌-ဟူလို) သက္ကော-သိကြားသည်၊ ပါတုရဟောသိ-ထင်ရှားဖြစ်ပြီ၊ ဣစ္စေဝမာဒိ-တည်း။

(ပ) အတ္ထဂ္ဂဟဏေန-အတ္ထသဒ္ဒါပိုဖြင့်၊ ဗဟူသု-များစွာကုန်သော၊ အက္ခရပ္ပယောဂေသု-အက္ခရာတို့၏ ယှဉ်ရာတို့၌၊ (သမ္ပဒါနံ-ကို၊) ဒီဿတိ-တွေ့မြင်အပ်၏၊ တံ-ထိုဉဒါဟရဏ်သည်၊ ယထာ-နည်း၊ တေ-သင့်အား၊ ဥပမံ-ဥပမာကို၊ ကရိဿာမိ-ပြုအံ့၊ ဝေါ-သင်တို့အား၊ ဓမ္မံ-ကို၊ ဒေသေဿာမိ-ဟောအံ့။

---

(န) **သတ္တမျတ္တေ**—"သတ္တမီအနက်၌ သမ္ပဒါန်မှည့်" ဟု ဆိုသောကြောင့် "ထိုသင့်၌၊ ထိုငါ့၌" ဟု သတ္တမီအနက် ပေးရသည်၊ ဤသို့ အာဝိကရဏ-ပါတုဘာဝန ကြိယာတို့၏ယှဉ်ရာဝယ် သတ္တမီအနက်၌ သမ္ပဒါန်မှည့်ဟု ဆိုထားသော်လည်း "ဂုယှံ-လျှို့ဝှက်အပ်သော စကားကို၊ ကဿ ကထေတဗ္ဗံ-ဘယ်သူ့အား+ပြောထိုက်ပါ သနည်း"ဟု မေးရာ၌ "ယုတ္တဿ အာဝိကရေယျ-သင့်တော်သူအား ထင်စွာပြုထိုက်၏" ဟု မဟာသဇ္ဇာတ်၌ အဖြေပြုသောကြောင့် အာဝိကရဏ ယှဉ်ရာဝယ် သတ္တမီ မဟုတ်ပဲ "အဿ တုယှံ-ထိုသင့်အား" ဟု အာရောစနတ္ထသမ္ပဒါန် အနက်သာဟု ထင်သည်၊ မောဂ္ဂလ္လာန်၌မူ "၏"ဟု ပေး၍ "အထံ၌" ဟု အပိုထည့်ပေးသည်၊ "ကဿ - အဘယ်သူ၏+အထံ၌၊ တဿ - ထို သိဝိမင်း၏+အထံ၌" စသည်ဖြင့် ပေးစေလိုသည်။

(ပ) **အတ္ထဂ္ဂဟဏေန၊ပေ၊ဒိဿတိ**— "ဘိယျသတ္တမီသုစ" ဟုသာ ဆိုလျှင် သတ္တမီအနက်ဖြစ်ကြောင်း သိလောက်ပါလျက် "သတ္တမျတ္တေသုစ" ဟု အတ္ထသဒ္ဒါကို ဆို၏၊ ထို အတ္ထသဒ္ဒါပိုဖြင့် အဘယ်အနက်ပိုကို သိရပါသနည်း-ဟု မေးဖွယ်ရှိသောကြောင့် "အတ္ထဂ္ဂဟဏေန" စသည်ကိုမိန့်၊ အတ္ထသဒ္ဒါဖြင့် များစွာသော အက္ခရာယှဉ်ရာတို့၌လည်း သမ္ပဒါန်ကို တွေ့မြင်အပ်၏ (များစွာသော အက္ခရာယှဉ်ရာတို့၌လည်း အတ္ထသဒ္ဒါဖြင့် သမ္ပဒါန်မှည့်ပါဟု ဆိုလိုသည်၊) ဤ၌ "အက္ခရပ္ပယောဂ"ဟု ဆိုသော်လည်း အက္ခရာတလုံးတည်း၏ယှဉ်ရာ မဟုတ်, အက္ခရာအပေါင်းဖြစ်သော နာမ်ပုဒ်-ကြိယာပုဒ်ကိုပင် (ကေဒေသူပစာရအားဖြင့်) အက္ခရပ္ပယောဂ ဟု ဆိုသည်၊ "များစွာသော ပုဒ်တို့၏ယှဉ်ရာ၌" ဟု ဆိုလိုရင်းပင်တည်း၊ ထို့ကြောင့် "ဥပမံ တေ ကရိဿာမိ" ၌ ဥပမာပုဒ်၏ယှဉ်ရာ "တေ" ဟုလည်းကောင်း, "ဓမ္မံ ဝေါ ဒေသေဿာမိ" ၌ ဒေသဿာမိ ကြိယာ၏ယှဉ်ရာ "ဝေါ" ဟုလည်းကောင်း သမ္ပဒါန်ဖြစ်ရသည်။

**မှတ်ချက်။** ။"ဥပမာကို ပြုအံ့" ဟူရာ၌ ဥပမာပြောခြင်း ဖြစ်သောကြောင့် အက္ခရပ္ပယောဂသမ္ပဒါန် မဟုတ်, အာရောစနတ္ထသမ္ပဒါန်၌ ပါဝင်နိုင်မည်ထင်သည်၊ ဗျာကရေယျ၌ ကရဓာတ်ပင်ဖြစ်သော်လည်း အာရောစနတ္ထ ဖြစ်သကဲ့သို့တည်း၊ ဓမ္မံ ဝေါ ဒေသေဿာမိကိုကား အာရောစနတ္ထ သမ္ပဒါန် ဟု တိုက်ရိုက်ဆိုထားပြီ။

သာရတ္ထေစ-မြတ်သော အနက်၌လည်း၊ ဝါ-ကြံစည်စေခြင်း အနက်၌လည်း၊ (သမ္ဗဒါန်-ကို၊ ဒိဿတိ-၏၊) ဘန္တေ-မြတ်စွာဘုရား၊ ဘဂဝါ-သည်၊ ဘိက္ခုူနံ-ဟို့အား၊ ဓမ္မံ-ကို၊ ဒေသေတု-ဟောတော်မူပါ၊ တဿ-ထိုသူ့အား၊ ဖာသု-ချမ်းသာခြင်းသည်၊ ဟောတိ-၏၊ တေဿ-ဤသူ့အား၊ ပဟိဏေယျ-စေလွှတ်ရာ၏၊ ယထာ-အကြင် အခြင်းအရာအားဖြင့်၊ ဘဂဝါ-သည်၊ နော-ငါတို့အား၊ ဗျာကရေယျ-ဖြေတော်မူ၏၊ တထာပိ-ထို အခြင်းအရာအားဖြင့်လည်း၊ တေသံ-ထိုသူတို့အား၊ ဗျာကရိဿာမိ-ဖြေဆိုအံ့၊ သမဏာနံ-တို့အား၊ အာယောဂေါ-အာယောဂပတ်သည်၊ [ဒူးနှစ်ဖက်ကို လက်ဖြင့်ဖြစ်စေ, အဝတ်ဖြင့် ဖြစ်စေ ပတ်ဖွဲ့ထားခြင်းကို "အာယောဂပတ်" ဟု ခေါ်၏၊] ကပ္ပတိ-အပ်၏၊ အမှာကံ-ငါတို့အား၊ မဏိနာ- ပတ္တမြားဖြင့်၊ အတ္ထော- အလိုသည်၊ (အတ္ထိ- ရှိ၏၊) မေ-ငါ့အား၊ ဗုဒ္ဓေန-ဖြင့်၊ ကိံ အတ္ထော-အဘယ် အကျိုးရှိအံ့နည်း၊ မေ-ငါ့အား၊ အတ္ထော-အနက်သည်၊ သေယျော-မြတ်၏၊ (သဒ္ဒါတွေ့ ဝေဿ နေသော်လည်း အသုံးမကျ, အနက်သာ လိုရင်းဖြစ်၍ ကောင်းသည်—ဟူလို)။

ဘန္တေ - ရှား၊ မဟာပဇာပတိ ဂေါတမီ - မဟာပဇာပတိ ဂေါတမီသည်၊ ဘဂဝတော-အား၊ ဗဟူပကာရာ-များသော ကျေးဇူး ရှိပါ၏၊ ဘိက္ခဝေ-တို့၊ မာတာ ပိတရော - မိဘတို့သည်၊ ပုတ္တာနံ - သား, သမီးတို့အား၊ ["ပုတ္တာစ ဓီတရောစ ပုတ္တာ" ဟု ကေဒသေသ်ပြု။] ဗဟူပကာရာ - များသော ကျေးဇူး ရှိကုန်၏၊ ဣစ္စေဝမာဒိ-ဤသို့ အစရှိသည်တည်း၊ သေသေသု-ကြွင်းကုန်သော၊ အက္ခရပ္ပယောဂေသုပိ- အက္ခရာတို့၏ ယှဉ်ရာတို့၌လည်း၊ အညေပိ-အခြားလည်း ဖြစ်ကုန်သော၊ ပယောဂါ - ပြယုဂ်တို့ကို၊ ပယောဂဝိစက္ခဏေဟိ - ပြယုဂ်၌ ကျွမ်းကျင်ကုန်သော ပညာရှိတို့သည်၊ ယောဇေတဗ္ဗာ-ယှဉ်စေထိုက်ကုန်၏။

---

**သာရတ္ထေစ**—"သာရတ္ထောနာမ ဥတ္တမတ္ထော (မြတ်သောအနက်) စိန္တာပနတ္ထောဝါ (ကြံစည်စေခြင်းအနက်)" ဟု ချာသ-သဒ္ဒနီတိတို့ ဖွင့်ကြ၏၊ "ဘယ်ပုံမြတ်သည်-ဘယ်သို့ ကြံစည်စေခြင်း" ဟုကား အကျယ်မပြကြ၊ သဒ္ဒနီတိနိဿယ၌မူ "ဒေသနာ ဖာသုပဟိဏံ,ဗျာကရော ကပ္ပနံ အတ္ထော၊ဥတ္တမတ္ထာ ဣမေ စိန္တာ-ပနတ္ထာ ဗဟူပကာရာ" ဟု မိန့်၏၊ ဒေသေတု ဘန္တေ စသောပုံစံ၌ ဒေသနာအနက်, ဖာသု-ပဟိဏ-ဗျာကရဏ-ကပ္ပန-အတ္ထ, ဤအနက်တို့သည် ဥတ္တမတ္ထတို့တည်း၊ "ဗဟူပကာရာ" ကား ကျေးဇူးဟောင်းကို ပြန်ပြောင်းကြံစေခြင်းဟူသော စိန္တာပနတ္ထတည်းဟု ဆိုလိုသည်၊ သို့ရာဝယ် "ကိမတ္ထော မေ ဗုဒ္ဓေန" ကိုကား "ငါ့မှာ ဘုရားဖြင့် အကျိုးမရှိ" ဟု ဆိုထားသောကြောင့် ဥတ္တမတ္ထဆိုဖို့ ခဲယဉ်း၏၊ သီဟိုဠ်မူရှိ "သာဒရတ္ထေ" လည်း ပါဠိပျက်ပင် ဖြစ်ဟန်တူသည်၊ "သေသေသု၊ပေ၊ယောဇေတဗ္ဗာ" ကား နိဂုံးတည်း။

စဂ္ဂဟာဏံ-စ သဒ္ဒါသည်၊ ဝိကပ္ပနတ္ထံ ဝါဂ္ဂဟာဏာနုကစ္စနတ္ထံ-ဝိကပ်အနက်ရှိ ဝါသဒ္ဒါကို ငင်ခြင်း အနက် ရှိ၏၊ သမ္ပဒါန ပယောဂိကာ- သမ္ပဒါန်ပြယုဂ် ဖြစ်ထိုက်ကုန်သော၊ ယေကေစိ-အမှတ်မရှိ အကြင် ပြယုဂ်တို့ကို၊ မယာ-သည်၊ နောပဒိဋ္ဌာ - မပြအပ်ကုန်သေး၊ တေသံ-ထို ပြယုဂ်တို့ကို၊ ဂဟဏတ္ထံ- ယူခြင်း အကျိုးငှာ၊ ဣဓ-ဤသုတ်၌၊ ဝါသဒ္ဒေါ-ဝါသဒ္ဒါသည်၊ ဝိကပ္ပယတိ-ဝိကပ် ပြု၏၊ တံ-ထို ဥဒါဟရဏံသည်၊ ယထာ-နည်း၊ အယံ ဘဂဝါ-သည်၊ ဘိက္ခု သံဃဿ-အား၊ ပဘူ-အစိုးရ၏၊ အယံ ရာဇာ-ဤမင်းသည်၊ ဒေသဿ-အရပ်

---

ဒေသေတု၊ပေ၊ပုတ္တာနံ—ရူပသိဒ္ဓိ အလိုအားဖြင့် “ဒေသေတု, ဗျာကရေယျ, ဗျာကရိဿာမိ” တို့ကို အာရောစနတ္တ၌ သွင်းသင့်၏၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ ထိုပုံစံ များကို ထုတ်မပြတော့ပဲ ပဟိဏာစသော ကြိယာ,ဖာသုစသော နာမ်ပုဒ်တို့၏ ယှဉ်ရာ၌ စ သဒ္ဒါဖြင့် သမ္ပဒါန်မှည့်-ဟုသာ ပြသည်၊ “တဿ ဖာသု ဟောတိ” ဟုသာ ရှိရ မည်၊ ဖာသု ဝိဟာရာယ ဟောတု ရှိလျှင် အာသီသတ္ထ ဖြစ်နေလိမ့်မည်၊ ပါတိမောက် ၌လည်း “အာဝိကတာဟိဿ ဖာသု ဟောတိ” ဟုပင် ရှိ၏၊ အား-ဟု ပေးရသော ပုဒ်များ၌ အတ္ထသဒ္ဒါဖြင့်ချည်း သမ္ပဒါန် မှည့်လေ။

**စဂ္ဂဟဏံ၊ပေ၊နတ္ထံ**—သတ္တမျတ္တေသုစ၌ စသဒ္ဒါသည် အနုကစ္စနအနက် ရှိ၏၊ အနု ကစ္စနဟူသည် ယဿ ဒါတုကာမောသုတ်၌ လာသော ဝိကပ္ပနတ္ထ ဝါသဒ္ဒါကို ငင်ခြင်း တည်း-ဟု သိစေလို၍ “ဝိကပ္ပနတ္ထ ဝါဂ္ဂဟဏာနုကစ္စနတ္ထံ” ဟု မိန့်သည်၊ ဤအတိုင်း သာ ပါဌ်မှန်ဖြစ်၏။ [အယံ ပနေတ္ထ အတ္ထော—“စဂ္ဂဟဏံ အတ္ထန္တရ ဗိကပ္ပတ္ထဿာ နန္တရသုတ္တေ ဝါဂ္ဂဟဏဿာနုယနတ္ထ” န္တိ (ဉာသ)။] “စဂ္ဂဟဏံ ဝိကပ္ပနတ္ထံ, ဝါဂ္ဂဟဏာနုကစ္စနတ္ထံ” ဟု အချို့စာရှိသည်ကား ပါဌ်ပျက်။

**ယေကေစိ၊ပေ၊ဝါ သဒ္ဒေါ**—ဤဝါကျကား စ သဒ္ဒါဖြင့် ငင်ယူအပ်သော ဝါ သဒ္ဒါ၏ ဝိကပ်အနက် ရှိပုံကိုပင် အကျယ်ပြသော ဝါကျတည်း၊ ထို ငင်ယူအပ်သော ဝါသဒ္ဒါဖြင့် သမ္ပဒါပြယုဂ် ဖြစ်ထိုက်လျက် မပြအပ်သေးသော ပြယုဂ်များကို ဝိကပ် ပြုသည်-ဟူလို၊ “ဝိကပ်ပြု” ဟူသည် “သီးခြားစီရင်နိုင်သည် ဝါသဒ္ဒါဖြင့် သမ္ပဒါန် မှည့်နိုင်သည်” ဟု ဆိုလိုသည်။ [“ဣဓ ဝိကပ္ပိယတိ-ဝိကပ်ပြုအပ်၏” ဟု ကြံလျှင် ပါဌ်ပျက်၊ ဝိကပ္ပဟူသော နာမ်ပုဒ်နောင် ကရဓာတ် အနက်၌ ဏယပစ္စည်းသက်-ဟု နာမဓာတ်ကြံလျှင် တော်သေး၏၊ သီမှ၌ “ဣတိ ဝိကပ္ပယတိ” ဟုသာ ရှိ၏၊ ဣဓ ဝါ- သဒ္ဒေါတို့ မပါလျှင် သာ၍ရှင်းသည်၊ “ဣတိ ဝိကပ္ပယတိ-ဤသို့ ဝိကပ်ပြု၏” ဟု ပေး၊ ဝိကပ္ပဟူသော ဒုတိယန္တ နာမ်ပုဒ်နောင် ကရဓာတ်၏ အနက်၌ ဏယပစ္စည်းသက် ထားသော နာမဓာတ်ဟု လည်းကောင်း, ကပ္ပဓာတ် စုရာဒိ ဏယပစ္စည်း ဟု လည်းကောင်း ကြံနိုင်သည်။]

**ဘိက္ခုသံဃဿ ပဘူ**—ပပုဗ္ဗ ဘူဓာတ် ကွိပစ္စည်းဖြင့်ပြီးသော “ပဘူ” သဒ္ဒါသည် အစိုးရသူ ဟူသောအနက်ကို ဟော၏၊ ဤ ပဘူသဒ္ဒါ၏ ယှဉ်ရာ၌ ဝါသဒ္ဒါဖြင့် သမ္ပဒါန်

အား၊ ပဘူ-အစိုးရ၏၊ အယံ ဂဟပတိ-ဤ သူကြွယ်သည်၊ ခေတ္တဿ-လယ်အား၊ ပဘူ-၏၊ အယံ လုဒ္ဒကော-ဤ မုဆိုးသည်၊ အရညဿ-တောအား၊ ပဘူ-၏၊ ဣစ္စေဝမာဒိ။

ကွစိ - အချို့ အရာ၌၊ ဒုတိယာ တတိယာ ပဉ္စမီ ဆဋ္ဌီ သတ္တမျတ္ထေသုစ- ဒုတိယာ, တတိယာ, ပဉ္စမီ, ဆဋ္ဌီ, သတ္တမီ အနက်တို့၌လည်း၊ (သမ္ပဒါန် ဟောတိ)၊

---

မှည့်၊ "ဘိက္ခုသံဃဿ-အား" ဟု သမ္ပဒါန်အနက်ပင် ပေး၊ "ကို" ဟု ကံအနက် လည်း ပေးကြသေး၏၊ ကံအနက် ပေးစေလိုလျှင် "ဆဋ္ဌီကံ" သာ ဖြစ်သင့်သော ကြောင့် စတုတ္ထီ သက်ဖွယ် မလို၊ ဒုတိယာ ပဉ္စမီနည်း သုတ်ဖြင့် ဆဋ္ဌီ သ ဝိဘတ်သာ သက်ခွင့်ရှိမည် ထင်သည်၊ ဒေသဿ စသည်၌လည်း နည်းတူ။

**ကွစိ ဒုတိယာ၊ပေ၊သတ္တမျတ္ထေသုစ**—ဒုတိယာ စသော ဝိဘတ်တို့၏ အနက်၌ လည်း ဤ ဝါသဒ္ဒါဖြင့် သမ္ပဒါန် မှည့်၍ စတုတ္ထီဝိဘတ် သက်ပါ-ဟူလို၊ "ဗုဒ္ဓဿ သိလာဃတေ ဝိဟာယန္တိ"တို့၌ "ဗုဒ္ဓဿ-ကို" ဟု ဒုတိယာဝိဘတ်၏ ကံ အနက်လည်း ဖြစ်သင့်၏၊ ထိုသို့ ဖြစ်သင့်ရာ၌ ဝါသဒ္ဒါဖြင့် သမ္ပဒါန်မှည့်၊ တတိယာဝိဘတ်၏ အနက် ၌ "အသက္ကတာစ သွ ခေနုဥ္ဇယာယ" ဟု သဒ္ဒနီတိ ထုတ်၏၊ မယံ-ကျေးညီနောင်ဖြစ် သော ငါတို့သည်၊ ခေနုဥ္ဇယာယ-ခေနုဥ္ဇယ မင်းသည်၊ အသက္ကတာစ-အလေးမပြုအပ် ကုန်သည်လည်း၊ အသ္မ-ဖြစ်ကုန်၏၊ (ကာလဗာဟု ဇာတ်)၊ "ဝိနယာယာတိ-ကရ ဏာတ္တေ ဟိ ဇူဒံ သမ္ပဒါနဝစနံ"ဟူသော သဂါထာဝဂ္ဂ သံယုတ် ဋီကာကိုလည်း ထို နိဿယထုတ်၏။ [ပဉ္စမီအနက်၌ကား " ဘိယျော သော မတ္တာယ"ကိုပင် နီတိထုတ် ၏၊] ဆဋ္ဌီအနက်၌ "မဟာတော ဂဏာယ ဘတ္တာ မေ" ဟု ထုတ်၏၊ မဟာတော- များစွာသော၊ ဂဏာယ-ဟသ်၅အပေါင်းသည်၊ ဘတ္တာ-အရှင်သခင်ဖြစ်သော၊ မေ-ငါ စစ်သူကြီး၏၊ (ရာဇာ-မင်းသည်၊ ကော-တယောက်ထည်း၊ ဗျသနံ-ပျက်စီးခြင်းသို့၊ မာအဂါ-မရောက်ပါစေလင့်၊) မဟာဟံသဇာတ်၊ ဤ၌ ဂဏာယသည် ဆဋ္ဌီ အနက်၌ စတုတ္ထီသကို အာယ ပြုထားပုံတည်း၊ သတ္တမီအနက်၌ သမ္ပဒါန် ဖြစ်ပုံကိုကား "တုယှ ဉ္စဿ, တဿမေ" တို့ကိုပင် ထုတ်၏၊ ထို့ကြောင့် ပဉ္စမီ သတ္တမီ အနက်များ ထပ်၍ ပါနေခြင်းကို စဉ်းစားသင့်သည်။

သီဟိုဠ်မူ။ ။သီဟိုဠ်မူ၌ကား "ကွစိ ဒုတိယာ တတိယာစ, ဆဋ္ဌီ သတ္တမျတ္ထေသု စ" ဟု မူတမျိုး ရှိသေး၏၊ ထိုပါဌ်အလို သိလာဃ စသည်တို့၌ ယှဉ်ရာဝယ် ဝါသဒ္ဒါ ကြောင့် သမ္ပဒါန် မမြဲ၍ ဒုတိယာ တတိယာလည်း သက်၏၊ ဆဋ္ဌီ သတ္တမီ အနက်တို့၌ ဝါသဒ္ဒါဖြင့် သမ္ပဒါန် မှည့်၏-ဟု အဓိပ္ပာယ် ထွက်၏၊အားလုံး ပါဌ်များ ချွတ်ချော်နေ ဟန် တူသည်။ [အတ္ထဂ္ဂဟဏေနမှစ၍ ကစ္စည်းဝုတ္တိ၌ စာသွား မကောင်းလှ။]

**ယောခါရော တ မောကာသံ**

၂၇၀။ ယော-အကြင်ကာရကသည်၊ အာခါရော-ကြိယာ၏ မှီရာဖြစ်သော ကတ္တား ကံ တို့၏ တည်ရာသည်၊ (ဟောတိ)၊ တံ-ထို ကာရကသည်၊ ဩကာသ သည့်-ဩကာသ အမည်ရှိသည်၊ ဟောတိ၊ သွာခါရော (သော+အာခါရော)- ထို အာခါရသည်၊ ဗျာပိကော- ဗျာပိကာခါရလည်းကောင်း၊ ဩပသိလေသိကော- ဩပသိလေသိကာခါရလည်းကောင်း၊ ဝေသယိကော - ဝေသယိကာခါရ လည်းကောင်း၊

---

၂၇၀။ **ယောခါရော, တမောကာသံ**—ကျန်ကာရက ၄ ပါးတို့တွင် အရာကျယ်သော (ဗျာပကောကာသ စသော အပြားအားဖြင့် ကျယ်ဝန်းများပြားသော) ဩကာသကာရကကို ပြလို သောကြောင့် "ယောခါရော တ မောကာသံ" သုတ်ကို မိန့်တော်မူသည်၊ ဤသုတ်ကား "ယောခါရော တမဓိကရဏံ" ဟူသော ကလာပ သုတ်နှင့်တူ၏၊ အဓိကရဏံနှင့် ဩကာသံသည် "တည်ရာ" ဟူသော အနက်အားဖြင့် သဘောတူဖြစ်သည်၊ ထို့ကြောင့် ဤကာရကကို အဓိကရဏ ကာရက, ဩကာသ ကာရကဟု ၂ မျိုးလုံး ခေါ်နိုင်၏၊ တချို့အရာ၌ "အာခါရ ကာရက" ဟုလည်း ခေါ်သေး၏။

"**တံ+ဩကာသံ**" ဟု နပုလ္လိင်ဖြင့်ထားပုံ။ ။"ကာရကံ" ဟူသော အဘိဓေယျ (ဟောနက်) ၏ လိင်သို့ လိုက်၍ "တံ+ဩကာသံ" ဟု နပုလ္လိင်ဖြင့် ထားသည်၊ မှန်၏-"ကြိယာနိမိတ္တံ ကာရကံ" နှင့် အညီ ကြိယာပြီးခြင်း၏ အကြောင်းကို ဟောသော ကာရက သဒ္ဒါသည် နပုလ္လိင်တည်း၊ "ဩကာသ" အရလည်း ဩကာသမည်သော ကာရကကို ရသောကြောင့် "ဩကာသံ" ဟု နပုလ္လိင်ထားရသည်၊ ဝါကျ၌ တသဒ္ဒါသည် နောက်ပုဒ်လိင်သို့ လိုက်မြဲဖြစ်သောကြောင့် ဩကာသံဟူသော နောက်ပုဒ်နှင့် လိင်တူအောင် "တံ" ဟု နပုလ္လိင်ဖြင့် ထားသည်။

**ယောခါရော**။ ။"ယော+အာခါရော" ဟု ပုဒ်ဖြတ်၊ ဤ "ယောခါရော" ဟူသော ဝါကျကား "မည်သည့်အနက်" ဟု သတ်မှတ်ချက် မရသေးသော အနိယမ ဝါကျတည်း၊ သဒ္ဒါနေအတိုင်း အနက်ပေးရလျှင် "ယော-အကြင် အရာသည်၊ အာခါရော-တည်ရာဖြစ်၏" ဟု သာမညပင် ပေးရမည်၊ ထိုသို့ "မည်သည့်အရာ မည်သည့်အနက်ဟု" သတ်မှတ်ချက်မရှိသေးသောကြောင့် အာခါရော ဟူသောပုဒ်၏ နဂိုရ် သဒ္ဒလိင်သို့လိုက်၍ "ယော+ခါရော" ဟု ပုလ္လိင်ဖြင့် ထားရသည်၊ မှန်၏- အာခါရသဒ္ဒါသည် အာပုဗ္ဗ ဓရဓာတ် ဝိသရဇ္ဇပဒါဒိတော ဏ သုတ်ဖြင့် သက်ရသော ဏ ပစ္စည်းတည်း၊ အဘိဓေယျလိင်သို့ မလိုက်ဘဲ ဏပစ္စည်း၏ သဘောအတိုင်း ဆိုလျှင် "အပစ္စယော ဏော ဒုတိယော,ဣပစ္စယော ပုမေ သိယုံ" နှင့်အညီ ပုလ္လိင်ပါဠိရှိရသည်။

**အချုပ်ကား**—မည်သည့်အနက် ဟု မသတ်မှတ်ရသေးသောကြောင့် နဂိုရ် သဒ္ဒလိင်အတိုင်း"ယော အာခါရော" ဟု ပုလ္လိင်ဖြင့် အနိယမဝါကျထားပြီးလျှင် ကာရကံ ဟူသော အဘိဓေယျလိင်သို့လိုက်၍ "တံ ဩကာသံ" ဟု နပုံလိင်ဖြင့် နိယမဝါကျကို

သာမိပိကော-သာမိပိကာဓာရလည်းကောင်း၊ ဣတိ-ဤသို့၊ စတုဗ္ဗိဓော-ရှိ၏၊ တတ္ထ-ထို ၄ ပါးတွင်၊တာဝ-ရှေးဦးစွာ၊ဗျာပိကော-ဗျာပိကာဓာရကို၊(ဝုစ္စတေ-ဆိုအပ်၏)၊ ဇလေသု-ရေတို့၌၊ ခီရံ-နို့ရည်သည်၊ [တိဋ္ဌတိ-တည်၏၊] တိလေသု-နှမ်းတို့၌၊ တေလံ-ဆီသည်၊ (အတ္ထိ-ရှိ၏၊) ဥစ္ဆူသု-ကြံတို့၌၊ ရသော-အရည်သည်၊ (အတ္ထိ-ရှိ၏၊) ဩပသိလေသိကော-ကို၊ (ဝုစ္စတေ)၊ ပရိယင်္ကေ-ပလ္လင်၌၊ ရာဇာ-မင်းသည်၊ သေတိ-အိပ်၏၊ အာသနေ-နေရာ၌၊ သံဃော-သည်၊ဥပဝိဋ္ဌော-ဝင်နေ၏။

ဝေသယိကော-ကို၊ (ဝုစ္စတေ)၊ ဘူမီသု-မြေတို့၌၊ မနုဿာ-လူတို့သည်၊ စရန္တိ - လှည့်လည်ကုန်၏၊ အန္တလိက္ခေ - ကောင်းကင်၌၊ ဝါယူ - လေတို့သည်၊ ဝါယန္တိ-လာကုန်၏၊အာကာသေ-ကောင်းကင်၌၊သကုန္တာ-ငှက်တို့သည်၊ပက္ခန္ဒန္တိ-ပျံကုန်၏၊ သာမိပိကော-ကို၊(ဝုစ္စတေ)၊ ဝနေ-တော၌၊ ဟတ္ထိနော-ဆင်တို့သည်၊ စရန္တိ-လှည့်လည်ကုန်၏၊ ဂင်္ဂါယံ-ဂင်္ဂါမြစ်၌၊ ဃောသော-နွားကျောင်းသားရွာသည်၊ တိဋ္ဌတိ-တည်၏၊ ဝဇေ-နွားခြံ၌၊ ဂါဝေါ-နွားမတို့ကို၊ ဒုဟန္တိ-

ထားသည်-ဟုမှတ်၊ [ယသဒ္ဒါဖြင့်ပြအပ်သော ဝါကျသည် အနိယမဝါကျ, တသဒ္ဒါဖြင့် ပြအပ်သော ဝါကျကား မည်သည့်အနက်ဟု သတ်မှတ်နိုင်သောကြောင့် နိယမဝါကျတည်း၊ ဤသုတ်၌ "ယောဓာရော (အနိယမဝါကျ), တမောကာသံ (နိယမဝါကျ)"ဟု ၂ ဝါကျရှိသည်၊ ဤသုတ်နေပုံကို ထောက်၍ နိယမဝါကျနှင့် အနိယမဝါကျတို့ လိုင်မတူပဲလည်း ရှိနိုင်ကြသည်-ဟု မှတ်ချက်တမျိုး ရပြန်သည်။]

[ဆောင်] နဂိုရ်လက်ရှိ, ပုလ္လိင်ကြည့်၍, အနိယမ, ဟောဝါကျ၌, ထားရ
ပေသော, ယောဓာရောဘည်း၊ မိန့်ဟော တဖန်, ကာရကံဟု,
ရပြန်နပုံး, လိင်ကိုသုံး၍ မှတ်ထုံးတမော-ကာသံဟောသည်,
မှတ်လော နိယမဝယ်တည်း။

**ကြိယာကိုဆောင်ပုံ။** ။"ကြိယံ ကရောတိ အဘိနိပ္ဖာဒေတီတိ ကာရကံ" နှင့်အညီ ကြိယာကို ပြီးစေ ဖြစ်စေနိုင်မှ ကာရက အမည်ရနိုင်၏၊ "ကဋေ နိသီဒတိ ဒေဝဒတ္တော, ထာလိယံ ဩဒနံ ပစတိ" စသော ပြယုဂ်တို့၌-"ကဋေ-ဖျာပေါ်၌၊ ဒေဝဒတ္တော-သည်၊ နိသီဒတိ-နေ၏" ဟူသော စကားအရ ဖျာပေါ်၌ ဒေဝဒတ်ထိုင်နေပုံကို မှန်းဆကြည့်ပါ၊ ဖျာသည် ဒေဝဒတ်ဟူသော ကတ္တားကိုသာ ဆောင်လျက်ရှိ၏, ထိုင်နေခြင်း ကြိယာကို တိုက်ရိုက်မဆောင်၊ "ထာလိယံ-ထမင်းအိုး၌၊ ဩဒနံ-ထမင်းကို၊ ပစတိ-ချက်၏ (ကျက်အောင်လုပ်၏)" ဟူသော စကားအရ ထမင်းအိုး၌ ထမင်းကျက်ပုံ ကိုလည်း မှန်းဆကြည့်ပါ၊ ထမင်းအိုးသည် ထမင်းကိုသာ ဆောင်လျက်ရှိ၏၊ ကျက်ခြင်း ကြိယာကို တိုက်ရိုက်မဆောင်နိုင်၊ ဤသို့ ကြိယာကို တိုက်ရိုက်မဆောင်နိုင်ရကား အဘယ်နည်းဖြင့် ကဋ-ထာလီ စသည်တို့ ဩကာသကာရက အမည် ရကြသနည်း-ဟု မေးဖွယ်ရှိသည်။

ကစ္စည်းဘာသာဋီကာ—၂၃—ခ

နိုညွှစ်ကုန်၏၊ သာဝတ္ထိယံ-သာဝတ္ထိမြို့၌၊ဇေတဝနေ-ဇေတဝန်ကျောင်းတော်၌၊ ဝိဟရတ်-နေတော်မူ၏၊ ဩကာသံ ဣစ္စနေန-ဩကာသဟူသော ဤအမည်ကို ပြုခြင်းဖြင့်၊ ကွ-၌၊ အတ္ထော-သည်၊ အတ္ထိ-ရှိသနည်း၊ ဩကာသေသတ္တမီ-၏၊ (၆၃, ၃၂၀)။

---

အမြေကား—"ဖျာပေါ်၌ ဒေဝဒတ် နေ၏" ဟူရာဝယ် နေခြင်းကြိယာသည် ကတ္တား၌ တည်၏၊ ဒေဝဒတ် တည်းဟူသော ကတ္တားကား ဖျာ၌တည်၏၊ ထို့ကြောင့် ဒေဝဒတ်ဟူသော ကတ္တားကို ဆောင်ထားနိုင်လျှင် ထို ကတ္တား၌ တည်သော နေခြင်း ကြိယာကိုလည်း ဖျာကဆောင်သည် မည်တော့၏၊ "ထမင်းအိုး၌ ထမင်းကျက်အောင် ချက်၏" ဟူရာ၌လည်း ကျက်ခြင်းကြိယာသည် ထမင်း တည်းဟူသော ကံ၌ တည်၏၊ ထမင်းတည်းဟူသော ကံကား ထမင်းအိုး၌တည်၏၊ ထို့ကြောင့် ထမင်းတည်းဟူသော ကံကို ဆောင်ထားနိုင်လျှင် ထိုကံ၌တည်သော ကျက်ခြင်းကြိယာကိုလည်း ထမင်းအိုး က ဆောင်သည်မည်တော့၏၊ ဥပမာ-ကိုယ်ဝန်ဆောင်မိန်းမကို ပွေ့ချီရာဝယ် မိန်းမကို ပွေ့လိုက်လျှင် ထိုမိန်းမ၌တည်သော ကိုယ်ဝန်သူငယ်ကိုလည်း ယူဆောင်ပြီးဖြစ်တော့ သကဲ့သို့တည်း၊ ဤသို့လျှင် ကြိယာကို တိုက်ရိုက် မဆောင်နိုင်သော်လည်း ကြိယာ၏ မှီရာ ဖြစ်သော ကတ္တားနှင့် ကံကို ဆောင်လိုက်လျှင် ကြိယာကိုလည်း ဆောင်ပြီး ဖြစ်သောကြောင့် ကဋ-ထာလီ စသည်တို့လည်း ပရမ္ပရူပစာရအားဖြင့် ကြိယာ၏ တည်ရာ ဩကာသလည်းမည်, ကတ္တား ကံနှင့် ဖက်စပ်၍ ကြိယာကို ပြီးစေတတ်ရ ကား ကာရကလည်း မည်နိုင်တော့သည်၊

[ဘာဒစိန္တာ] ကြိယာနိဿယဘူတာနိ, ကတ္တုကမ္မာနိ တိဋ္ဌရေ၊
ယတ္ထောကာသောတိ သောဃေ၀, ပရမ္ပရူပစာရတော။

ယတ္ထ-အကြင် ကာရကာ၌၊ ကြိယာ နိဿယ ဘူတာနိ-ကြိယာ၏မှီရာဖြစ်၍ ဖြစ်ကုန် သော၊ ကတ္တုကမ္မာနိ-ကတ္တားကံတို့သည်၊ တိဋ္ဌရေ-တည်ကုန်၏၊ သောဃေ-ထို ကြိယာ၏ မှီရာဖြစ်သော ကတ္တားကံတို့၏ တည်ရာကာရကကိုပင်၊ ပရမ္ပရူပစာရတော- အဆက်ဆက် တင်စားအပ်သော ဌာနျူပစာရအားဖြင့်၊ ဩကာသောတိ-ဩကာသ ဟူ၍၊ ဝုတ္တော-ဆိုအပ်၏၊ [ကြိယာသည် ကတ္တားကံ၌ တည်၏၊ ကတ္တားကံ တို့ကား ဖျာ-ထမင်းအိုး စသော အာဓာရ၌ တည်၏၊ ထို့ကြောင့် ကတ္တားကံတို့သာ ဩကာ သနာမည် မှုချရထိုက်၏၊ သို့သော် ကတ္တားကံတို့၏ ဩကာသ အမည်ကို မိမိတို့ တည် ရာဌာန အာဓာရ အပေါ်၌ တင်ပေးလိုက်၏၊ ဤသို့ ဌာနီကတ္တား ကံတို့၏ ဩကာသ အမည်ကို ဌာနအာဓာရပေါ်၌ ပြောင်းလွှဲ တင်ပေးလိုက်ခြင်းကို ပရမ္ပရူပစာရ (ပရံပရ ဥပစာ=အဆက်ဆက် တင်စားခြင်း) ဟု ဆို၏၊ ဥပစာရ ၁၂ ပါးတွင်ကား ဌာနီ၏ အမည်ကို ဌာနပေါ် တင်စားသော ဌာနျူပစာရပင်တည်း၊ ထို့ကြောင့် "ယော- အကြင် ကာရကသည်၊ အာဓာရော-ကြိယာ၏ မှီရာဖြစ်သော ကတ္တား ကံတို့၏ တည်ရာတည်း" ဟု သုတ်နက်ပေးရသည်။]

ဝိဂ္ဂဟ။ ။ဤဂါထာနှင့်အညီ ''ကြိယာနိဿယ ဘူတာနိ ကတ္တုကမ္မာနိ အဝ ကသန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဩကာသော''ဟု ဝိဂ္ဂြိဟ်ပြု၊ ဧတ္ထ-ဤကာရကဌ၊ ကြိယာ နိဿယဘူတာနိ ကတ္တုကမ္မာနိ-တို့သည်၊ အဝကသန္တိ ပတိဋ္ဌဟန္တိ- တည်ကုန်၏၊ ဣတိ သော (ထို ကာရကသည်) ဩကာသော-မည်၏၊ ''ကတ္တုကမ္မသမဝေတာ ကြိယာ အဓာရိယတိ အသ္မိံတိ အာဓာရော'' ဟု ရူပသိဒ္ဓိအလို အဓိကရဏသာဓန ဝိဂ္ဂြိဟ်ပြု။ [ကာတန္တဝုတ္တိ၌လည်း ''အာဓာရိယတိ ကြိယာ အသ္မိံတျာဓာရော'' ဟု ပြု၏၊] အသ္မိံ-ဤကာရကဌ၊ ကတ္တုကမ္မသမဝေတာ-ကတ္တားကံနှင့် တကွဖြစ်သော၊ ကြိယာ-ကို၊ အာဓာရိယတိ-ဆောင်အပ်၏၊ ဣတိ သော အာဓာရော-မည်၏။

> '' အာဓာရယတိ ယော ကတ္တု, ကမ္မေ ဗျာပါရနိဿယေ၊
> အာဓာရံ ကာရကံ အာဟု, တံ စတုဗ္ဗိဓမေဝစ''

ဟူသော ရှေးဆရာတို့အလို ''အာဓာရယတီတိ အာဓာရော'' ဟု ကတ္တုသာဓန လည်းပြု။ [ယော-အကြင် ကာရကသည်၊ ဗျာပါရနိဿယေ-ကြိယာ၏ မှီရာဖြစ်ကုန် သော၊ ကတ္တုကမ္မေ-တို့ကို၊ အာဓာရယတိ-လွန်စွာ ဆောင်တတ်၏၊ တံ-ထို ကာရက ကို၊ အာဓာရံ ကာရကံ-အာဓာရ ကာရကဟူ၍၊ အာဟု-ဆိုကုန်၏၊ တံ-ထိုကာရက သည်၊ စတုဗ္ဗိဓမေဝ-ဗျာပကာဓာရ စသည်ဖြင့် ၄ ပါးအပြားရှိသည်ပင်တည်း။]

**ကတ္တားကံတို့ ဩကာသနာမည် မခံပုံ။** ။ကြိယာ၏ တည်ရာဖြစ်သောကြောင့် ဩကာသဆိုလျှင် ကတ္တားကံတို့သည် မုချအားဖြင့် ကြိယာ၏တည်ရာ ဖြစ်ပါလျက် အဘယ့်ကြောင့် ဩကာသ ကာရကအမည်ကို မခံယူကြသနည်း-ဟု မေးဖွယ်ရှိ၏၊ ကတ္တားကံတို့ကား ကတ္တုကာရက ကမ္မကာရကဟူသော နာမည်ထူးကို ရပြီးဖြစ်သော ကြောင့် သူလဲ ရနိုင် ငါလဲ ရနိုင်သော သာမညနာမည်ကို မခံယူကြတော့ပြီ၊ မှန်၏- နာမည်ဟူသည် သူများနှင့် မရောအောင် မှည့်ခေါ်ရသော ပညတ်တမျိုးတည်း၊ ဩကာသ နာမည်ကို ယူထားလျှင် ကတ္တား ကံ ၂ မျိုးလုံးနှင့် ရောနေသောကြောင့် နာမည်မှည့်ရကျိုးမနပ်ပဲ ရှိရာ၏၊ ထို့ကြောင့် ကတ္တု-ကမ္မ နာမည်ထူးတို့က ဩကာသ ဟူသော သာမညနာမည်ကို လက်သင့်မခံဖို့ရန် ပယ်လှန် တားမြစ်လိုက်လေသည်၊ ဥပမာ-''ရဟန်း''ဟု နာမည်ရပြီးပုဂ္ဂိုလ်က''လူ''ဟူသော နာမည်ကို အခေါ်မခံတော့ သကဲ့သို့တည်း။

> [**ဘာဒစိန္တာ**] လဒ္ဓနာမ ဝိသေသတ္တာ, နေသံ နောကာသတာ သိယာ၊
> သာမညဿ ဝိသေသောဝ, ဗာဓကောတိ ဟိ ဝုစ္စတေ။

နေသံ-ထို ကတ္တုကမ္မ ကာရကတို့၏၊ လဒ္ဓနာမဝိသေသတ္တာ-ကတ္တုကမ္မ ဟု ရအပ် သော နာမည်ထူးရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဩကာသတာ-ဩကာသ၏ အဖြစ် သည်၊ ဝါ-ဩကာသ ကာရက အမည်သည်၊ န သိယာ-မဖြစ်တော့ရာ၊ ဟိ-မှန်၏၊ သာမညဿ-သာမညအမည်ကို၊ ဝိသေသောဝ-ဝိသေသအမည်ကသာ၊ ဗာဓကော- တားမြစ်နိုင်၏၊ ဣတိ-ဤသို့၊ ဝုစ္စတေ-ဆိုအပ်၏။

**ယသ္မိံအာခါရေဟု မဆိုပုံ။** ။အခြားကာရကသဒ္ဒါသုတ်များ၌ သူ့ဝိဘတ်အားလျော်စွာ ''ယဿ ဒပေတိ၊ ယဿ ခါတုကာမော၊ ယေနဝါ ကရိယတေ၊ ယံ ကရောတိ၊ ယော ကရောတိ'' ဟု သုတ်တည်သကဲ့သို့ ဤ ဩကာသ သဒ္ဒါသုတ်၌လည်း''ယသ္မိံ အာခါရေ''ဟု သတ္တမီဝိဘတ်ဖြင့် သုတ်တည်သင့်သည်မဟုတ်လော, အဘယ့်ကြောင့် ''ယော ခါရော'' ဟု ပဌမာဝိဘတ်ဖြင့် (ယော-ဟု) သုတ်တည်ရပါသနည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-ကလာပ်ကျမ်းကိုမှီ၍ ဆိုအပ်သောသုတ်ဖြစ်သောကြောင့် ကလာပ်ကျမ်းအတိုင်းပင် သုတ်တည်ရသည်၊ သို့သော် ကလာပ်ကျမ်း၌လည်း ဘာ့ကြောင့် ''ယော ခါရော'' ဟု ဆိုသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား-အာခါရသဒ္ဒါသည် တည်ရာကာရက ဟူသော အနက်ကိုပင် ဟော၏၊ ''ယသ္မိံ အာခါရေ'' ထားလျှင် ယသ္မိံအရလည်း ကာရက ရ၍ အရတူလျက်ရှိ၏၊ ထို့ကြောင့် အရတူလျှင် ဝိဘတ်တူမြဲထုံးစံအတိုင်း အာခါရေနှင့် ဝိဘတ်တူအောင် ''ယော'' ဟုပင် ထားရလေသည်။ [''ယသ္မိံ အာခါရိယတိ'' ဟု သုတ်တည်လျှင် ဖြစ်နိုင်၏၊ သို့သော် ''ယော ခါရော'' ဟု ဆိုရသလောက် စာနေ မကျဉ်းသောကြောင့် ''ယော ခါရော'' ဟုပင် ဆိုဟန်တူသည်။]

**ဗျာပကော တာဝ၊ပေ၊ရသော**—ဤဩကာသကာရကသည် ဗျာပကောကာသ စသောအားဖြင့် ၄ မျိုးရှိရာ ဗျာပကောကာသကို ဦးစွာပြလိုသောကြောင့် ''ဗျာပကောတာဝ'' စသည် မိန့်၊ ဗျာပီယတေ-နှံ့အပ်၏၊ ဣတိ-ထို့ကြောင့်၊ ဗျာပကော-မည်၏၊ ''ဆီသည် ပျံ့နှံ့အပ်သောနှမ်းသည် ဗျာပကမည်၏'' စသည်တည်း၊ ဝိပုဗ္ဗ အာပ ဓာတ်, ကံအနက်၌ ဏွုပစ္စည်းသက်၍ ''ဗျာပကံ'' ဟု ပြီးသည်၊ ဤကား ''ကထံ တိလာဒိကံ အဘိဗျာပကမုစ္စတေ၊ ကမ္မနိ ဝုဏ်ပစ္စယဿ (ဏွုပစ္စယဿ) သာဓုတ္တာတိ ဝါစ္စံ'' ဟူသော ကဝိရာဇဋီကာနှင့် အညီတည်း။

**ရူပသိဒ္ဓိ။** ။''အာခါရဗျာပကံ အာဓေယျဝတ္ထု တေဿ အတ္ထီတိ ဗျာပကော'' ဟူသော ရူပသိဒ္ဓိဋီကာ အလိုလည်း ဗျာပကပင်တည်း၊ မှန်၏-''ဗျာပေါတီတိ ဗျာပကံ'' ဟု ရှေးဦးစွာ ကတ္တုသာဓ်ပြု၍ ဆီစသော အာဓေယ်ဝတ္ထုကို အရကောက်၊ [ဗျာပေါတီ-ပျံ့နှံ့တတ်၏၊ ဣတိ ဗျာပကံ၊] ထို့နောက် ''ဗျာပကံ တေဿ အတ္ထီတိ ဗျာပကော'' ဟု အဿတ္ထိပြု၊ တေဿ-ဤ နှမ်းစသော အာခါရ၏၊ ဗျာပကံ-ပျံ့နှံ့တတ်သော အာဓေယ်ဝတ္ထုသည်၊ အတ္ထိ, ဣတိ ဗျာပကံ-မည်၏၊ ဤစကားလည်း ''အဿေသု အဘိဗျာပက သဒ္ဒဝါစ္စဿ တေလာဒိနော သမ္ဗန္ဓသာလိတ္တာ (ဆက်စပ်ခြင်းရှိသည်၏ အဖြစ်ကြောင့်) တိလာဒိကမဘိဗျာပကမုစ္စတေ ဉတွာဟု'' ဟူသော ကဝိရာဇဋီကာ အဿေဝါဒနှင့် ညီမျှသည်၊ ယခုစာများ၌ ဩပသိလေသိက စသော ပုဒ်ကို နောက်ရောင်ခံ၍ ''ဗျာပိက'' ဟု ရှိသောပါဠိကို အတည်ပြုကာ ''ဗျာပနံ ဗျာပေါ=ပျံ့နှံ့ခြင်း၊ ဗျာပေါ ယဿ အတ္ထီတိ ဗျာပိကော'' ဟု ဆိုကြသေးသည်။

**အာဓေယ်ခေါ်ပုံ။** ။အာခါရ၌ တည်သောဝတ္ထုကို ပါဠိလို ''အာဓေယျံ'' မြန်မာလို (ထေရကို ထေရ်ဟု ခေါ်သကဲ့သို့) အာဓေယ်ဟု ခေါ်၏၊ အာပုဗ္ဗ ဓာဓာတ်, ဏျကို ဓာတွန်နှင့်တကွ ဧယျပြု၍ အာဓေယျ ဟု ပြီး၏၊ အာဓီယတေတိ အာဓေယျံ၊

အာဓိယတေ-အာဓာရသည် ဆောင်ထားအပ်၏၊ ဣတိ အာဓေယျံ-မည်၏။ [အပါဒါန်=အပါဒါနိကဲ့သို့'' အာဓာရ-အာဓေယျ'' ဟု သုံးစွဲကြသည်ကား ''အာဓာရ ဗျာပကံ အာဓေယျဝတ္ထု'' စသော ပါဠိသုံးနှင့် မညီ။]

**ဇလေသု ခီရံ၊ ပေ၊ ရသော**။ ။လက်ဖက်ရည်ပုဂံ၌ ရှေးဦးစွာ လက်ဖက်ရည် ထည့်ပြီးနောက် နို့ရည်ထည့်ခတ်လိုက်သည့်အခါ ရေ၌ နို့ရည်ပျံ့နှံ့သွား၏၊ ထိုကဲ့သို့သော ရေမျိုး၌ နို့ရည် ပျံ့နှံ့သောကြောင့် ရေသည် နို့ရည် ပျံ့နှံ့အပ်သော ဗျာပက ဩကာသတည်း၊ ရူပသိဒ္ဓိ၌ကား ''ခီရေသု ဇလံ'' ဟု ပြောင်းပြန်ထုတ်၏၊ နို့ရည်၌ ရေရောလိုက်သည့်အခါ နို့ရည်သည် ရေပျံ့နှံ့အပ်သောကြောင့် ဩကာသမည်၏-ဟု ဆိုလိုသည်၊ နှမ်းစေ့တိုင်း၌ ဆီရှိ၏၊ ကြံချောင်းတိုင်း၌ အရည်ရှိ၏၊ ထို့ကြောင့် နှမ်းစေ့တို့သည် ဆီပျံ့နှံ့အပ်သော ဗျာပက, ကြံတို့သည် အရည်ပျံ့နှံ့အပ်သော ဗျာပက ဩကာသတို့တည်း၊ သကလ ဗျာပက-ဧကဒေသ ဗျာပက ၂ မျိုးအပြားကို ရူပသိဒ္ဓိ၌ ရှုပါ၊

**သဏ္ဌတ**။ ။အာဓာရာဓေယျာနံ တုလျဇာတျ ပုထဒေသဘာဂါန မဘိဗျာပိတ္ဂာ တိဋ္ဌတီတျာဘိ ဗျာပကော၊ ယထာ-တိလေသု တေလံ၊ ယဒျပျတြ တိလေ တေလဿ သံယောဂေါ, တထာပိ ဒေသာဝိဘာဂတော လောကေ သံယောဂဝေါဟာရော နတ္ထီတိ ပုထဂေ ဝုစ္စတေ၊ (ကာတန္တ ပဉ္စိကာ) ။ အပုထဒေသဘာဂါနံ-သီးခြားအရပ်အဖို့ မရှိကုန်သော၊ အာဓာရာဓေယျာနံ-အာဓာရ အာဓေယ် ၂ ခုတို့တွင်၊ (အာဓေယျေန- အာဓေယ်ဖြစ်သောဆီ စသည်နှင့်၊) တုလျဇာတိ- အတူဖြစ်သော သဘ္ဘိုထူးသည်၊ အဘိဗျာပိတ္ဂာ-နှမ်းဖြုပ် စသည်ကို ပျံ့နှံ့၍၊ တိဋ္ဌတိ-၏၊ ဣတိ, အဘိဗျာပကော-မည်၏။

ဆိုလိုရင်းကား—နှမ်းနှင့်ဆီ ဟူသော အာဓာရ အာဓေယ် ၂ မျိုးတို့သည် (ရေနှင့် နို့ရည်တို့သည် ရေကတခြား, နို့ရည်ကတခြားဟု အရပ်ဒေသ ကွဲပြားသကဲ့သို့) အရပ်ဒေသအားဖြင့် မကွဲပြားကြ၊ ထိုသို့ မကွဲပြားသော အာဓာရ အာဓေယ်တို့တွင် နှမ်းဟူသော အာဓာရ၌ အာဓေယ် ဆီနှင့် အတူတကွ အစက ဖြစ်ပေါ်ပါဝင်လာသော တည်ရာသဘ္ဘိုထူး ရှိ၏၊ ထို သဘ္ဘိုထူးသည် နှမ်းဖြုပ်တခုလုံး၌ ပျံ့နှံ့လျက်ရှိရကား ထို သဘ္ဘိုထူးကို မုချ ဗျာပကဟု ခေါ်၏၊ နှမ်းဖြုပ်ကား ထိုသဘ္ဘို၏ တည်ရာဖြစ်၍ ဥာနျူပစာရအားဖြင့် ဗျာပကခေါ်သည်—ဟူလို။

အတြ-ဤ ''တိလေသု တေလံ'' ပြယုဂ်၌၊ တိလေ-၌၊ တေလဿ-၏၊ သံယောဂေါ-ဩပသိလေသိကာဓာရကဲ့သို့ ရောနှောခြင်းသည်၊ ယဒိပိ အတ္ထိ-အကယ်၍ကား ရှိပါပေ၏၊ တထာပိ-သော်လည်း၊ ဒေသာဝိဘာဂတော-နှမ်းနှင့် ဆီတို့မှာ အရပ်ဒေသကွဲပြားမှု မရှိခြင်းကြောင့်၊ လောကေ-၌၊ သံယောဂ ဝေါဟာရော-ရောနှောခြင်း ဟူသော အခေါ်အဝေါ်သည်၊ နတ္ထိ၊ ဣတိ-ကြောင့်၊ ပုထဂေဝ-ဩပသိလေကမှ သီးခြားသာ၊ ဥစ္စတေ-(အဘိဗျာပကဟု) ဆိုအပ်သတည်း။

**မှတ်ချက်**။ ။ဤ သဏ္ဌတအလိုအားဖြင့် ဖြစ်ကတည်းက အတူဖြစ်လာ၍ အာဓာရနှင့် အာဓေယ်တို့ အရပ်ဒေသ မကွဲပြားသော ''တိလေသု တေလံ, ဥစ္ဆူသု ရသော, ဃဋေ ရူပံ=အိုး၌+အဆင်း'' စသော အာဓာရကိုသာ ဗျာပကဟု ဆိုလို၏၊ ရေတခြား နို့ရည် တခြားဟု အရပ်ဒေသကွဲပြားသော ''ဇလေသု ခီရံ, ခီရေသု ဇလံ'' စသည်

ကို ဗျာပကဟု မဆိုလို၊ နောက်မှ ရောနှောထားအပ်သောကြောင့် ဩပသိလေသိက ဟုသာ ဆိုလိုသည်၊ ဤ သက္ကတအလိုအားဖြင့် သကလဗျာပက ဧကဒေသဗျာပက ဟု ခွဲခြားခွင့် မရှိပြီ။

**ဩပသိလေသိကော**—"ဥပသိလေသနံ-ကပ်ငြိခြင်း၊ ဥပသိလေသော-ကပ်ငြိခြင်း၊ တနည်း-ဥပရိ-အထက်၌၊ သိလေသော-ကပ်ငြိခြင်း၊ ဥပသိလေသော-ခြင်း၊ ဥပသိလေသော အသာ အတ္တိတိ ဩပသိလေသိကော။ [ရူပသိဒ္ဓိဋီကာ၌ "ဥပသိလေသံ အရဟာတီတိ ဩပသိလေသိကော" ဟုလည်းကောင်း, ကာတန္တဝုတ္တိ ပဉ္စိကာ၌" ဥပ သိလေသေ ဘဝေါ (ဖြစ်သောသတ္တမီသည်) ဩပသိလေသိကော" ဟုလည်းကောင်း မိန့်၏။] နဂိုရ်က တကွဲတပြား တခြားစီနေသော အာဓာရ အာဓေယျတို့၏ ပေါင်း စပ်မိခြင်းသည် ဩပသိလေသိက၏ လက္ခဏာတည်း၊ ထို့ကြောင့်"အာဓာရာဓေယျာနံ အညတြ သိဒ္ဓါနံ (တခြားတနေရာ၌ အသီးသီးပြီးကုန် တည်နေကုန်သော) သံယော- ဂေါ ဥပသိလေသော" ဟု ကာတန္တဝုတ္တိ ပဉ္စိကာ၌ ဥပသိလေသ လက္ခဏာကို ပြသည်။

**ပရိယင်္ကေ၊ ပေ၊ သံယော**ပလ္လင်နှင့် ရှင်ဘုရင်သည် နဂိုရ်က ပေါင်းစပ်ခြင်း မရှိ, အသီးသီး တကွဲတပြားစီ တခြားစီ တည်ရှိကြ၏၊ ထို့နောက် အကြောင်းအားလျော်စွာ ရာဇပလ္လင်ပေါ်၌ ရှင်ဘုရင်နေသည့်အခါ ရာဇပလ္လင် ဟူသော အာဓာရနှင့် ရှင် ဘုရင်ဟူသော အာဓေယျတို့ ပေါင်းစပ်မိကြသည်၊ ထိုသို့ ပေါင်းစပ်ကြရာ၌ ပလ္လင် သည် ရှင်ဘုရင်၏ ကပ်ငြိခြင်း ရှိသောကြောင့် (ရှင်ဘုရင်၏ ကပ်ငြိခြင်း, အထက်၌ တည်နေခြင်းကို ထိုက်သောကြောင့်) ဩပသိလေသိက ဩကာသ မည်၏၊ အာသန နှင့် သံဃတို့ ပေါင်းစပ်ပုံကိုလည်း ဤနည်းမှီး၍ သိပါ၊ အလ္လိယန ဩပသိလေသိက, အနလ္လိယန ဩပသိလေသိက ၂ မျိုးအပြားကို ရှုမှာရှု။ [သက္ကတ၌ ရေဖနှင့် "ပရ် ယင်္က" ပုဒ်သည် ပါဠိ၌ "ပရိယင်္က" ဟု ဖြစ်၏၊ "ပရိသမန္တတော-ထက်ဝန်းကျင်+ အင်္ကီယတေ-မှတ်သားအပ်၏" ဟူသော ဝိဂ္ဂဟ်အရ "ပရိ+အင်္က" ဟု ပုဒ်ဖြတ်၊ ရိ၌ ဣကို ယပြု, ရကို လပြု, ယျကို လပြု, ဒွေဘော်လာလျှင် "ပလ္လင်္က" ဟု ပါဠိသုံးရိုး အတိုင်းဖြစ်၏၊ ထို့ကြောင့် "ပရိယင်္ကေ-ပလ္လင်၌" ဟု ပေးသည်၊ ရှေးဆရာတို့ကား "ပြတည်း၌" ဟု ပေးကြသည်။]

**ဝေသယိကော**—"ဝိသေသေန သေန္တိ ပဝတ္တန္တိ ဧတ္ထာတိ ဝိသယော" နှင့် အညီ အထူးအားဖြင့် ဖြစ်ရာဌာနကို ဝိသယဟု ခေါ်၏ "အထူးအားဖြင့် ဖြစ်ခြင်း" ဟူသည် တပါးတခြားအရပ်၌ ဖြစ်လေ့မရှိခြင်း (တခါတရံ ဖြစ်စေကာမူ ဖြစ်ရိုးဖြစ်စဉ် မဟုတ် ၿ) မိမိတို့ ဖြစ်မြဲအရပ်၌သာ ဖြစ်လေ့ရှိခြင်းတည်း၊ ထို့ကြောင့် "ဝိသယော ဟျနညတြဘာဝေါ=မှန်၏, ဝိသယဟူသည် အခြားအရပ်၌ မဖြစ်ခြင်းတည်း" ဟု ကာတန္တ ဝုတ္တိ ပဉ္စိကာ၌ ဝိသယ၏လက္ခဏာကို မိန့်သည်၊ "သေဝိတော ယေန ယော နိစ္စံ, တတ္ထာပိ ဝိသယော သိယာ" ဟူသော အဘိဓာန်လည်း ဤသဘောပင်တည်း။ [ယေန-အကြင် ငါးစသည်သည်၊ယော-အကြင် ရေစသည်ကို၊နိစ္စံ-အမြဲ၊သေဝိတော- မှီဝဲအပ်၏၊တတ္ထာပိ-ထို ငါးစသည်တို့ အမြဲနေရာ ရေစသော အရာ၌လည်း၊ဝိသယော- ဝိသယ သဒ္ဒါသည်၊ သိယာ-ဖြစ်ရာ၏။] ဝိသယောယေဝ-အထူးအားဖြင့် ဖြစ်ရာသည်

ပင်၊ဝေသယိကော-(ဏိကပစ္စည်း သွတ္တဖြစ်၍)ဝေသယိက မည်၏၊ ဤသို့ “အာဓေယျဿ ဥပ္ပတ္တိဋ္ဌာနတာယ ဝိသယဘူတော ဝေသယိကော” ဟူသော ရူဋီကာနှင့် အညီ ဝိဂ္ဂြိုဟ်ပြု။ [ကာတန္တပဉ္ဇိကာ၌ကား ဝိသယေ ဘဝေါ (ဖြစ်သောသတ္တိသည်) ဝေသယိကော” ဟု ပြု၍ သတ္တိကို မှူ၍ ဝေသယိက, သတ္တိ၏တည်ရာ ရေစသော ဒြပ်ကို ဌာနျူပစာရ ဝေသယိကဟု မှတ်။]

**ဘူမီသု၊ ပေ၊ ပက္ခန္ဒန္တိ**—မြေသည် လူတို့ အမြဲ လှည့်လည်ရာတည်း၊ ကောင်းကင်သည် လေတို့ အမြဲတိုက်ခတ်ရာတည်း၊ ကောင်းကင်သည် ငှက်တို့ အမြဲ ပျံသန်းရာတည်း၊ ထို့ကြောင့် မြေစသော အရာဌာနသည် လူစသည်တို့၏ ဝိသယဖြစ်ရကား မြေစသည်ကို ဝေသယိက ဩကာသဟု ခေါ်၏၊ နှတ်ပြည်သည် နှတ်တို့၏ဝိသယ, ရေသည် ငါးတို့၏ ဝိသယ စသည်ဖြင့်လည်း သိလေ၊ အညတ္တာဘာဝဝိသယ, ဒေသန္တရာဝဇ္ဈေဒ ဝိသယ ၂ မျိုးအပြားကို ရူဥ ရူပါ။ [“ပက္ခန္တိ” ဟု ပါဌ်ပျက်ရှိ၏၊ ပက္ခန္ဒဓာတ်ဟူသာ ဓာတ်ကျမ်း ရှိသောကြောင့် “သကုနာ ပက္ခန္ဒန္တိ” ဟု သီဟိုဠ်မူအတိုင်း ရှိစေ။]

**သာမိပိကော**-အနီးအရပ်ကို သမီပ,ထို အနီးအရပ်၌ ယှဉ်သော (အနီးရှိသော) အရပ်ကို “သာမီပိက” ဟု ခေါ်၏၊ သမီပေ-အနီး၌+နိယုတ္တော-ယှဉ်သောအရပ်တည်း၊ သာမီပိကော-အနီး၌ယှဉ်သော အရပ်၊ အနီးရှိသော အရပ်၌ အာဓေယ်တို့၏ ဆက်စပ်၍ ဖြစ်ပုံကို ပြခြင်းငှာ အနီးရှိသော အရပ်ကို အနီးအရပ်၌ တင်စား၍ပြုလုပ်ထား၏၊ ထို အာဓာရကို သာမီပိက ဩကာသဟု ခေါ်သည်။

**ဝနေ ဟတ္ထိနော၊ ပေ၊ ဇေတဝနေ**—ဝန သဒ္ဒါ၏ မှူအနက်ကား သစ်ပင် အပေါင်းဖြစ်သော တောတည်း၊ ဆင်တို့ လှည့်လည်သွားလာရာအရပ်ကား ထိုတော၏ အနီးဖြစ်သော လမ်းတည်း၊ “ဆင်တို့သည် ထိုတော၌ ဆက်စပ်၍ ဖြစ်၏ (ထိုတောကို မှီ၍နေ၏)” ဟု ပြခြင်းငှာ “ဝန သမီပေ” ဟု မဆိုပဲ “ဝနေ” ဟု ဆိုထား၏၊ “ဂင်္ဂါယံ ဃောသော တိဋ္ဌတိ”၌လည်း ဂင်္ဂါမြစ်ထည်း၌ နွားကျောင်းသားရွာ မတည်နိုင်၊ ဂင်္ဂါမြစ်၏ အနီးဖြစ်သော ကမ်းနား၌သာ တည်၏၊ သို့သော် ထို နွားကျောင်းရွာ၏ ဂင်္ဂါမြစ်၌ ဆက်စပ်နေပုံ (ဂင်္ဂါမြစ်ကို အမှီပြု၍ တည်နေပုံ) ကို ပြခြင်းငှာ နွားကျောင်းရွာ၏ တည်ရာ ကမ်းနားအရပ်ကိုပင် “ဂင်္ဂါတီရေ” ဟု မဆိုပဲ “ဂင်္ဂါယံ”ဟု ဆိုထား၏၊ “ဝဇေ ဂါဝေါ ဒုဟန္တိ” ၌လည်း နွားမတို့ကို နို့ညှစ်ရာ အရပ်သည် နွားခြံ၏အနီး (နွားခြံပြင်ဘက်) အရပ်တည်း၊ သို့သော် ထို နို့ညှစ်မှု၏ နွားခြံ၌ ဆက်စပ်နေပုံ (နွားခြံကိုချည်၍ နို့ညှစ်ပုံ) ကို ပြခြင်းငှာ “ဝဇ သမီပေ” ဟု မဆိုပဲ “ဝဇေ” ဟု ဆိုထား၏၊ “သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ” ၌လည်း ဘုရားရှင်သည် သာဝတ္ထိမြို့တွင်း၌ သီတင်းသုံးတော်မူသည် မဟုတ်၊ သို့သော် သာဝတ္ထိမြို့၌ (ဆွမ်းခံရာအရပ် အဖြစ်ဖြင့် မှီ၍) သီတင်းသုံးတော် မူပုံကို ပြခြင်းငှာ သာဝတ္ထိမြို့၏ အနီး ဇေတဝန်ဉယျာဉ်ကိုပင် “သာဝတ္ထိယံ” ဟု ဆိုသည်။

**မှတ်ချက်။** ။သိဒ္ဓန္တ ကောမုဒီ စသော ကျမ်းအချို့၌ ဤ သာမိပိကာဓာရ မပါ, အာဓာရ ၃ မျိုးသာ လာ၏၊ ထိုဆရာတို့ကား “ဂင်္ဂါယံ ဃောသော” စသည်၌ ဂင်္ဂါ သဒ္ဒါသည် အနီးဖြစ်သော ကမ်းနားဒြပ်၌ တင်စားထားသော သမီပျူပစာ (အနီးရှိ

**ယေနဝါ ကရိယတေ တံကရဏံ**

၂၇၉။ ယေနဝါ-အကြင် ကာရကဖြင့်မူလည်း၊ ကရိယတေ-ပြုအပ်၏၊ ယေနဝါ-လည်း၊ ပဿတိ-မြင်၏၊ ယေနဝါ-လည်း၊ သုဏာတိ-ကြား၏၊ တံ ကာရကံ-သည်၊ ကရဏသညံ-ကရဏ်းအမည်ရှိသည်၊ ဟောတိ၊ ဒါတ္တေန-တစဉ်ဖြင့်၊

---

သော သမီပီ၏အမည်ကို အနီးဖြစ်သော သမီပ၌ တင်စားအပ်သော) သဒ္ဒါတည်း။ အာဓာရ အားဖြင့်မူ ဂင်္ဂါယံသည် ဒေသန္တရာဝဓေ့ဒဝိသယာဓာရသာ ဖြစ်၏-ဟု ဆိုလိုကြ၏၊ အဋ္ဌကထာတို့၌ကား "သမီပတ္ထေ ဘုမ္မဝစနံ" ဟု များစွာတွေ့ရ၏၊ ဆိုလိုရင်းကား-သာဝတ္ထိယံ၌ သတ္တမီဝိဘတ်သည် အနီးအနက်ကို ဟောသော ဝိဘတ်တည်း ဟု ဆိုလို၏၊ ထို့ကြောင့် အဋ္ဌကထာနှင့် မုဒ္ဓဗောဓ စသည်တို့ အလိုအားဖြင့် အာဓာရ ၄ မျိုးရှိသောကြောင့် ဤကစ္စည်းဝုတ္တိ၌လည်း ဩကာသ ၄ မျိုးဟု ပြထားသည်။

**အနက်ပေးပုံ။** ။သာမီပိက အာဓာရကို လိုလားသော ဆရာတို့အလိုအားဖြင့် "ဝနေ-တောအနီး၌၊ သာဝတ္ထိယံ-သာဝတ္ထိ၏ အနီး၌" စသည်ဖြင့် အနီးဟူသော အနက်ကို ပါစေရမည်၊ ဘာ့ကြောင့်နည်း"သမီပတ္ထေ ဘုမ္မဝစနံ"နှင့် အညီ သတ္တမီဝိဘတ် ကိုယ်တိုင်က သမီပအနက်ကို ဟောသောကြောင့်တည်း၊သာမီပိကာဓာရကို မလိုလား၍ သမီပူပစာရ ဟု ဆိုသော ဆရာတို့ အလိုအားဖြင့် "ဝနေ-တော၌၊ သာဝတ္ထိယံ-သာဝတ္ထိမြို့၌" ဟု ပေးရမည်၊ သို့သော် အရကောက်သည့် အခါ၌ကား တောအနီး အရပ်-သာဝတ္ထိမြို့၏ အနီးအရပ်ကိုပင် ကောက်ယူရသည်။

**အာဓာရ ၆ မျိုး။** ။သိဒ္ဓန္တ စန္ဒြိကာနှင့် သာရသ္ဝတ တို့၌ကား "နေမိတ္တိကာ ဓာရနှင့် ဩပစာရိကာဓာရ" ဟု ၂ မျိုးဖြည့်၍ အာဓာရ ၆ ပါးဟု ဆိုသေး၏၊ ထိုတွင် "ယုဒ္ဓေ-စစ်တိုက်ရာ၌၊ သန္နယှတေ-ချပ်ဝတ်တန်ဆာ ဖွဲ့အပ်၏" ဤ၌ စစ်တိုက်ခြင်း သည် ချပ်ဝတ်တန်ဆာ ဖွဲ့ခြင်း၏ အကြောင်းဖြစ်သောကြောင့် ယုဒ္ဓေသည် နေမိတ္တိကာဓာရတည်း၊ အင်္ဂုလျဂ္ဂေ (အင်္ဂုလိအဂ္ဂေ)-လက်ညှိုးဖျား၌၊ ကရသတံ-ဆင်တရာ သည်၊ အတ္ထိ-ရှိ၏၊ ဤ၌ လက်ညှိုး အဖျားပေါ်ဝယ် ဆင် အကောင်တရာ မတည်နိုင်၊ လက်ညှိုးဖျားနှင့် ညွန်ပြအပ်သော အရပ်ကို လက်ညှိုးဖျား (အင်္ဂုလျဂ္ဂ) ဟု တင်စား ထားသောကြောင့် အင်္ဂုလျဂ္ဂေသည် ဩပစာရိက အာဓာရတည်း၊ ထိုတွင် နေမိတ္တိကာ ဓာရသည် နိမိတ္တသတ္တမီ၌ဝင်၏၊ "ယုဒ္ဓေ-စစ်ထိုးခြင်းကြောင့်"ဟု ပေး၊ ဩပစာရိကာ ဓာရကား ဝိဘတ်မသက်ခင် အင်္ဂုလျဂ္ဂအနိုက်၌ ဥပစာတင်၍ သတ္တမီဝိဘတ်မှာ ဝိသယာ ဓာရ၌ သက်၊ ဤသို့ ကြံလျှင် အာဓာရ ၄ ပါးဖြင့်ပင် ပြည့်စုံနိုင်သည်။

၂၇၉။ **ယေနဝါ ကရိယတေ**—ကြွင်းသော ကာရက ၃ ပါ တို့တွင် ကမ္မကာရက သည် ကံ အမျိုးမျိုးပြားလျက် အရာကျယ်၏၊ သို့သော် ဤ ကရဏ ကာရကကား ကြိယာကို အထူးသဖြင့်ပြီးစေနိုင်သော ကြိယာ သာဓကတမသတ္တိ ရှိသောကြောင့် ကရဏ ကာရကသညာကို ရှေးဦးစွာ ပြလိုရကား "ယေနဝါ ကရိယတေ" စသည်ကို မိန့်၊ [ကလာပ်၌လည်း ကရဏသညာကို ရှေးဦးစွာပြသည်၊] ဤဝါသဒ္ဒါကို ရူပသိဒ္ဓိ

ဝီဟိံ-ကောက်ပင်ကို၊ လုနာတိ-ရိတ်၏၊ ဝါသိယာ-ပဲခွပ်ဖြင့်၊ ကဋ္ဌံ-သစ်သားကို၊ တစ္ဆတိ-ရွေ၏၊ [ပါးအောင်ပြုသည်ကို "ရွေ" ဟု ခေါ်၏၊] ပရသုနာ-ပုဆိန်ဖြင့်၊ ရုက္ခံ-သစ်ပင်ကို၊ ဆိန္ဒတိ-ဖြတ်၏၊ ကုဒါလေန-ပေါက်တူးဖြင့်၊ ပထဝိံ-မြေကို၊ ခဏတိ-တူး၏၊ သတ္တေန-ဓားဖြင့်၊ ကမ္မံ-အမှုကို၊ ကရောတိ-ပြု၏၊ စက္ခုနာ-မျက်စိဖြင့်၊ ရူပံ-အဆင်းကို၊ ပဿတိ-မြင်၏၊ သောတေန-နားဖြင့်၊ သဒ္ဒံ-အသံကို၊

---

"ယံ ကရောတိ တံ ကမ္မံ" သုတ်၌ အတ္တနောရ ဝိကပ္ပန ဟု ဖွင့်၏၊ ကရိယတေ အရ "ပြုခြင်းကြိယာ" အနက်မှ တမျိုးတခြားဖြစ်သော မြင်ခြား-ကြားခြင်း အနက်တို့ကို ပြုစီရင်နိုင်သော ဝါသဒ္ဒါဟု ဆိုလိုသည်၊ ထို့ကြောင့် ယေန ပဿတိ, ယေန သုဏာတိ" ဟု ဝုတ္တိဖွင့်နိုင်သည်၊ "ယသ္မာဒပေတိ" သုတ်၌ပြခဲ့သော ဝါကျဘေဒအနက်ကား ဤသုတ်၌ မရနိုင် [နိဒ္ဒေသ၌ "ဝါသဒ္ဒါကို အဝုတ္တ သမုစ္စည်း အနက်ရှိ၏" ဟု ဆိုသေး၏၊ ကလာပ်၌ "ယေန ကြိယတေ" ဟုရှိ၏၊ ထိုအတိုင်း "ကယိရတေ-ပြုအပ်၏" ဟု မြန်မာမှု၌ရှိ၏၊ သီဟိုဠ်မူနှင့် ရူပသိဒ္ဓိ၌ကား "ယေန ဝါ ကရောတိ" ဟု ရှိ၏၊ ကရောတိ, တနာဒိ ယိရ ပစ္စည်းဖြစ်၍ "ကယိရတေ-ပြုတတ်၏" ဟု ကတ္တုရုပ်ကြံ။]

ဝိဂ္ဂဟ။ ။"ယေန ဝါ ကရိယတေ" ဟု သုတ်နေပုံကိုရှု၍ "ကရိယတေ ယေနာတိ ကရဏံ" ဟု ကရဏသာဓ် ဝိဂ္ဂိုဟ်ပြု၊ ယေန-အကြင် ကာရကဖြင့်၊ ကရိယတေ-ပြုအပ်၏၊ ဣတိ-ထိုသို့ ပြုကြောင်း၏ အဖြစ်ကြောင့်၊ တံ-ထို ကာရကသည်၊ ကရဏံ ကရိုဏ်းမည်၏၊ ပြုကြောင်းဟူသည် ကြိယာကို ပြီးစေကြောင်းတည်း၊ ထို့ကြောင့် ရိတ်ခြင်း စသော ကြိယာကို ပြုလုပ်ရာ၌ အထူးသဖြင့် ပြီးစေနိုင် (ပြီးလွယ်စေနိုင်) သော သတ္တိသည် တစဉ်စသည်၌ ရှိ၏၊ မှန်၏-ကောက်ရိတ်ရာ၌ တစဉ် မပါပဲ မပြီး၊ တစဉ် ပါမှ (တစဉ်ဖြင့် ရိတ်မှ) ပြီး၏၊ ထိုသို့ ကြိယာကို ပြီးစေနိုင်သော သတ္တိထူးကို ကြိယာ သာဓကတမသတ္တိ ဟု ခေါ်၏၊ ထို သတ္တိသည် မုချကရဏ ကာရက မည်၏၊ တစဉ် စသော ဒြပ်ကား သတ္တိ၏ တည်ရာ ဖြစ်သောကြောင့် ဥပစာရ အားဖြင့် ကရဏကာရက မည်၏၊ ဒါတ္တေနစသော သဒ္ဒါကား အနက်ကို အကြောင်းပြု၍ ကာရကူပစာရ အားဖြင့် ကရဏကာရက မည်၏။

**ကတ္တုကာရကထက်သတ္တိမသာ။** ။"ကြိယာ သာဓကတမ သတ္တိရှိသည်" ဟု ဆိုသောကြောင့် ကရဏကာရကသည် ကတ္တုကာရကထက်ပင် ကြိယာကို သာ၍ပြီး စေနိုင်သည်-ဟု ထင်မှားဖွယ်ရှိ၏၊ အမှန်မှာ-ကတ္တုကာရကထက် သာလွန်၍ ကြိယာကို ပြီးစေနိုင်သော သတ္တိရှိသည် ဟု မဆိုလို၊ ကတ္တုကာရကမှ တပါး ကျန်ကာရက ၄ ပါးထက် သာလွန်၍ ကြိယာကို ပြီးစေနိုင်သည်-ဟု ဆိုလိုသည်၊ ချဲ့ဦးအံ့-ကြိယာကို ပြီးစေရာ၌ ကတ္တုကာရကသည် သူ့ကိုယ်တိုင် ကြိယာကို ပြီးစေရ (ပြီးအောင်ပြုလုပ်ရ) သောကြောင့် ပဓာနကာရကတည်း၊ ကျန် ကာရက ၅ ပါးကား ကတ္တု ကာရက၏ အဆောက်အဦမျှသာ (အကူအညီမျှသာ) ဖြစ်၏၊ ကတ္တား၏ အကူအညီဖြစ်သော ထို ကာရက ၅ ပါးတွင်ကား ကရဏ ကာရကသည် ပိုမို၍ ကတ္တားအား ကျေးဇူး

သုဏာတိ-ကြား၏၊ ကရဏမိစ္စနေန-ကာရဏ ဟူသော ဤ အမည်ကို ပြုခြင်းဖြင့်၊ ကူ အတ္တော (အတ္ထိ)၊ ကရဏေ တတိယာ-၏၊ (၈၂,၂၉၂)။

**ယံ ကရောတိ တံကမ္မံ** ၂၇၀။ ယံဝါ-အကြင် ကာရကကို မူလည်း၊ ကရောတိ-ပြု၏၊ ယံဝါ- လည်း၊ ပဿတိ- မြင်၏၊ ယံဝါ- လည်း၊ သုဏာတိ-ကြား၏၊ တံကာရကံ - သည်၊ ကမ္မသညံ - ကံ အမည်ရှိသည်၊ ဟောတိ၊ ဆတ္တံ-ထီးကို၊ ကရောတိ-ပြု၏ (လုပ်၏၊) ရထံ-ရထားကို၊ ကရောတိ-၏၊ရူပံ-အဆင်းကို၊ ပဿတိ-မြင်၏၊ သဒ္ဒံ-အသံကို၊ သုဏာတိ-ကြား၏၊ ကဏ္ဋကံ-ဆူးကို၊မဒ္ဒတိ-နင်းချေ၏၊ ဝိသံ-အဆိပ်ကို၊ဂိလတိ-မျို၏၊ ကမ္မမိစ္စနေန-ကံဟူသော ဤအမည်ကို ပြုခြင်းဖြင့်၊ပေ၊ ကမ္မတ္ထေ ဒုတိယာ-၏။ (၇၅,၂၇၅)။

---

များ၏, ပိုမို၍ အကူအညီ ရ၏၊ မှန်၏—ကောက်ရိတ်ခြင်း ကြိယာကို ပြီးစေရာ၌ ကောက်ရိတ်သွားသည် ရိတ်ခြင်းကြိယာကို ပြီးစေသူတည်း၊ ထို ရိတ်ခြင်း ကြိယာကို ပြီးအောင် ပြုလုပ်ရာဝယ် တစဉ်သည် များစွာ အကူအညီရ၏၊ ထို့ကြောင့် ကတ္တားမှ တပါး ကျန် ကာရက ၅ ပါးတွင် ကရဏကာရကသည် ကြိယာကို အထူးသဖြင့် ပြီးစေနိုင်သော ကြိယာသာဓကတမ သတ္တိရှိသည်-ဟု ဆိုသည်။

**ဘေဒစိန္တာ။** ။ယံ ကြိယာသာဓနေ ကတ္တု-ပကာရံ တိသယေန တံ၊
ကရဏံ ကတ္တုတော ညေသံမဓိကန္တိ မုဒီရိတံ။

ယံ-အကြင် ကာရကသည်၊ ကြိယာသာဓနေ-ကြိယာကို ပြီးစေရာ၌၊ ကတ္တု—ကတ္တားအား၊ အတိသယေန-အလွန်အားဖြင့်၊ ဥပကာရံ-ကျေးဇူးများ၏၊ တံကရဏံ-ထို ကရဏ ကာရကကို၊ ကတ္တုတော-မှ၊ အညေသံ-အခြားကာရက ၄ ပါးတို့ထက်၊ အဓိကန္တိ-သတ္တိအားဖြင့် သာလွန်၏ ဟူ၍၊ ဥဒီရိတံ-ဆိုအပ်၏။

**ဒါတွေန၊ပေ၊သုဏာတိ**—"ဒါတွေန" မှ စ၍ "သတ္တေန ကမ္မံ ကရောတိ" တိုင်အောင် ယေနဝါ ကရိယတေ၏ ပုံစံတည်း၊"စက္ခုနာ ရူပံ ပဿတိ" သည် ယေနဝါ ပဿတိ၏ ပုံစံတည်း၊ "သောတေန သဒ္ဒံ သုဏာတိ" သည် ယေနဝါ သုဏာတိ၏ ပုံစံတည်း၊ ["ဒါတ္တ, ဝါသိ, ပရသု, ကုဒါလ, သတ္တ, စက္ခု, သောတ" တည်, ဤသုတ်ဖြင့် ကရိုဏ်းမှည့်၊ ကရဏေ တတိယာသုတ်ဖြင့် နာသက်၍ ရုပ်တွက်လေ၊ "ပရံ သုနန္တိ ဟိံသန္တိ ဧတေနာတိ ပရသု"ဟု ဝိဂ္ဂြိုဟ်ပြု၍ "ပရသု" ပုဒ်သာ အမှန်၊ "ဖရသု" ဟု ဒုတိယက္ခရာ ဖဖြင့် ရှိသည်ကား ပါဠိပျက် ဟု ခေတ္တတ္တ သင်္ဂဟ၌ မိန့်၏၊ ပရံ ဟူသော ကံပုဒ် ရှိသော သုခေတ်, ကွ် ပစ္စည်းဟု ကြံသည်၊ ကြွင်းသော မှတ်ဖွယ် နှင့် အဋ္ဌုတ္တိက ဗာဟိယ ကရိုဏ်းအပြားကို ရူပသိဒ္ဓိ၌ တိုက်ရိုက် ပြထားပြီ။]

၂၇၀။ **ယံကရောတိ, တံ ကမ္မံ**—ကတ္တား၏ အဆောက်အဦဖြစ်သော ကာရကတို့တွင် ကမ္မ ကာရကသာ ကျန်တော့သည် ဖြစ်၍ ထို ကမ္မကာရက သညာကိုပြခြင်းငှာ

''ယံ ကရောတိ, တံကမ္မံ'' သုတ်ကို မိန့်သည်၊ ရှေ့သုတ်မှလိုက်လာသော ဝါသဒ္ဒါကြောင့် ''ယံ ပဿတိ, ယံ သုဏာတိ'' ဟု ဝုတ္တိ ဖွင့်နိုင်၏၊ ''ယံကရောတိ, တံကမ္မံ'' ဟူသော သုတ်လည်း အဝုတ္တ ကမ္မသာဓနကို ပြသော သုတ်တည်း၊ ထို့ကြောင့် ''ယံ ကရောတီတိ တံ ကမ္မံ'' ဟု အဝုတ္တ ကမ္မသာဓန ဝိဂ္ဂြိုဟ်ပြုစေလိုသည်၊ ယံ-အကြင် ကာရကကို၊ ကရောတိ-ပြု၏၊ ဣတိ-ထိုသို့ ပြုအပ်သည်၏ အဖြစ်ကြောင့်၊ တံ-ထို ကာရကသည်၊ ကမ္မံ-ကမ္မ မည်၏။

**ဝုတ္တကမ္မသာဓန။** ။''ကရီယတေတိ ကမ္မံ'' ဟု ဝုတ္တကမ္မသာဓနလည်း ပြုနိုင်၏၊ ''ကရီယတေ=ပြုအပ်၏'' ဟု အနက်ပေး၊ ''ဆတ္တံ ကရောတိ'' ၌ ထီးဖြစ်ဝယ် ပြုလုပ်အပ်သည်၏အဖြစ် (ပြုလုပ်စရာ, ပြုလုပ်ဖွယ်) ဟူသော သတ္တိတမျိုးရှိ၏၊ ပြုလုပ်ခြင်းကြိယာသည် ထီးဖြစ်ပေါ်၌ ရောက်လျက် စပ်လျက် ကပ်လျက်ရှိသောကြောင့် ထိုသတ္တိကို ကြိယာ ပါပုဏနသတ္တိဟု ခေါ်၏။ [ကြိယာပါပုဏန-ကြိယာသည် ရောက်အပ် စပ်အပ် ကပ်အပ်သော သတ္တိ၊] ထီးဖြစ်၏ ကြိယာပါပုဏန သတ္တိသည် မုချကမ္မကာရက, ထီးဖြစ်သည် သတ္တိ၏တည်ရာဖြစ်၍ ဥဒ္ဒါနူပစာရအားဖြင့် ကမ္မကာရက ဆတ္တံသဒ္ဒါကား အနက်ကို အကြောင်းပြု၍ ကာရဏူပစာရအားဖြင့် ကမ္မကာရက မည်၏။

ယံ ကြိယာယာဘိဂန္တဗ္ဗံ, တံ ကမ္မံ ယံ ကရီယတေ၊
ဣတိ သတ္တိ တဒါကမ္မံ, ကာရဏံ့ ကြိယာ တထာ။

ယံ-အကြင်ကာရကကို၊ ကြိယာယ-ကြိယာသည်၊ အဘိဂန္တဗ္ဗံ-ရှေးရှုရောက်အပ်၏၊ တံ-ထိုကာရကသည်၊ ကမ္မံ-ကမ္မမည်၏၊ ယံ ကရီယတေ ဣတိ-ယံ ကရီယတေ ဟူ၍၊ တဒါ-ထို ကမ္မသာဓ်ဝိစနတ်ပြုရာအခါ၌၊ သတ္တိ ကြိယာပါပုဏနသတ္တိသည်၊ ကမ္မံ-ကမ္မမည်၏၊ ကာရဏံ-ပြုခြင်း၊ ဣတိ-ဤသို့ ဘာဝသာဓနပြုရာအခါ၌၊ ကြိယာ-ကြိယာသည်၊ တထာ-ထို ကမ္မမည်၏၊ (ဘေဒစိန္တာ)။

**မှတ်ချက်။** ။ဤဂါထာ၌ ''ယံ ကြိယာယာဘိဂန္တဗ္ဗံ တံ ကမ္မံ'' ပါဋ်ဖြင့် ကမ္မကာရက၏ လက္ခဏာကိုပြ၏၊ ကမ္မကာရကသည် ကြိယာပါပုဏန လက္ခဏာရှိ၏—ဟူလို။ ''ယံ ကရီယတေ ဣတိ'' ပါဋ်ဖြင့် ''ကရီယတေတိ ကမ္မံ'' ဟု ဝိဂ္ဂြိုဟ်ပြ၏၊ ''သတ္တိ တဒါ ကမ္မံ''ပါဋ်ဖြင့် ထို ကမ္မသာဓနဝိဂ္ဂြိုဟ်အရ ကြိယာပါပုဏနသတ္တိ ရ၏-ဟု အရကောက်ကို ပြ၏၊ ''ကရဏံ့''ဖြင့် ''ကရဏံ ကမ္မံ'' ဟု ဘာဝသာဓန ဝိဂ္ဂြိုဟ်ပြ၏၊ ''ကြိယာ တထာ'' ဖြင့် ဘာဝသာဓနဝိဂ္ဂြိုဟ်ပြုသည့်အခါ ''ကမ္မ'' အရ ပြုခြင်းကြိယာရသည်-ဟု ပြသည်၊ ထိုတွင် ''ဘာဝသာဓန'' ဝိဂ္ဂြိုဟ်ကား ဤ ကာရက အရာနှင့် မဆိုင်၊ အခြားနေရာ၌ ကမ္မပုဒ်ကို ဝိဂ္ဂြိုဟ်လုပ်ဖို့ပြခြင်းဖြစ်သည်၊ ကာရက အရာ၌ကား ''သတ္တိ မုချေန ကာရကံ'' နှင့် အညီ သတ္တိရအောင်သာ ဝိဂ္ဂြိုဟ်ပြုရမည်။

**ဆတ္တံ၊ ပေ၊ ဝိသံ ဂိလတိ** ဆတ္တံ, ရထံတို့သည် ယံဝါကရောတိ၏ ပုံစံတည်း၊ ရူပံသည် ယံ ဝါပဿတိ၏ ပုံစံတည်း၊ သဒ္ဒံသည် ယံ ဝါ သုဏာတိ၏ ပုံစံတည်း၊ ပါဏိနိ၌ ''တထာ ယုတ္တဉ္စာနိစ္ဆိတံ'' ဟူသော သုတ်ဖြင့် အလိုမရှိအပ်သောကံ၌ ကမ္မသညာ မှည့်သောသုတ်ကို သီးခြားပြ၏၊ ဤ ကစ္စည်း၌ကား ထိုကဲ့သို့ သီးခြားသုတ် မရှိ၊ အနိစ္ဆိတ (အလိုမရှိအပ်သော ဆိုး-အဆိပ်စသော) ကံကိုလည်း ဤသုတ်ဖြင့်ပင် ကမ္မ

**ယော ကရောတိ သ ကတ္တာ** ၂၈၁။ ယော-အကြင်ကာရကသည်၊ ကရောတိ-ကိုယ်တိုင်ပြုတတ်၏၊ သော-ထို ကာရကသည်၊ ကတ္တုသညော-ယတ္တာ အမည်ရှိသည်၊ ဟောတိ၊ အဟိနာ-မြွေသည်၊ နရော-လူကို၊ ဒဋ္ဌော-ကိုက်အပ်၏၊ ဂရုဠေန-ဂဠုန်သည်၊ နာဂေါ-နဂါးကို၊ ဟတော-သတ်အပ်၏၊ ဗုဒ္ဓေန-သည်၊ မာရော-မာရ်ကို၊ ဇိတော-အောင်တော်မူအပ်၏၊ ဥပဂုတ္တေန-ဥပဂုတ်သည်၊ မာရော-မာရ်နတ်ကို၊ ဗဒ္ဓေါ-နှောင်ဖွဲ့အပ်၏၊ ကတ္တု ကစ္စနေန-ကတ္တားဟူသော ဤအမည်ကို ပြုခြင်းဖြင့်၊ပေ၊ ကတ္တရိစ-၏။

---

သညာမှည့်နိုင်သည်-ဟု ပြခြင်းငှာ၊ ကဏ္ဍူကံ-ဝိသံဟူသော အနိဋ္ဌိတကံများကိုလည်း ထပ်၍ပြသည်၊ ထိုကံများကိုလည်း နင်းချေမှုကို ပြုအပ်, မျိုမှုကို ပြုအပ်သောကြောင့် "ယံဝါ ကရောတိ" အရ၌ ပါဝင်ကြသည်-ဟူလို၊ ဆတ္တ-ရထ စသည်တည်း၍ ဤသုတ်ဖြင့် ကံအမည်မှည့်, ကမ္မတ္ထေ ဒုတိယာဖြင့် အံဝိဘတ်သက်၍ ရုပ်တွက်လေ။

မှတ်ချက်။ ။"နိဗ္ဗတ္တိ ဝိကတိ ပတ္တိ" စသော ကံအပြားကို ရူပ၌၊ ဤသုတ်၌လည်းကောင်း, ရှေ့သုတ်၌လည်းကောင်း ရူပသိဒ္ဓိဖွင့်ပုံနှင့် ဤကစ္စည်းဝုတ္တိဖွင့်ပုံသည် မတူ၊ ရူပသိဒ္ဓိဖွင့်ပုံက သာ၍ ရှေးသဒ္ဒါကျမ်းများနှင့် လျော်သည်၊ [ဤသုတ်ဖြင့် ဝုတ္တကံကိုလည်း "ကမ္မ" အမည် မှည့်နိုင်၏၊ သို့သော် သမာသ် တဒ္ဓိတ် အာချာတ် ကိတ်တို့က ဝုတ္တကံကို ဟောပြီးဖြစ်၍ ဝိဘတ်အနက် မဟုတ်သောကြောင့် ဝုတ္တကံပုံစံကို မပြ။]

၂၈၁။ **ယော ကရောတိ, သ ကတ္တာ**—ကတ္တား၏ အဆောက်အဦ ဖြစ်သော ကာရက ၅ ပါးကိုပြပြီး၍ ယခုအခါ ပဓာနဖြစ်သော ကတ္တုကာရကကို ပြလိုသောကြောင့် "ယော ကရောတိ သ ကတ္တာ" ဟု မိန့်၊ ဤသုတ်ကိုရူ၍ "ကရောတီတိ ကတ္တာ" ဟု ဝိဂ္ဂဟပြု၊ ကရောတိအရ "ပြုခြင်း" ဟူသည်လည်း မဖြစ်သေးသော ကြိယာကိုဖြစ်အောင် ပြုလုပ်ခြင်းတည်း၊ ထို့ကြောင့် ကရောတိကို "အဘိနိပ္ဖါဒေတိ-ဖြစ်စေ (ပြီးစီးစေ) တတ်၏" ဟု ဖွင့်သည်၊ "အဟိနာ ဒဋ္ဌော" ၌ ကိုက်ခြင်းကြိယာကို ဖြစ်စေနိုင်သော ကြိယာနိပ္ဖါဒနသတ္တိသည် (မြွေ၏သတ္တိသည်) မုချကတ္တုကာရက၊ မြွေဒြပ်သည် သတ္တိ၏တည်ရာဖြစ်၍ ဌာနျူပစာရအားဖြင့် ကတ္တုကာရက၊ အဟိနာ ကား ဒြပ်နက်ကိုအကြောင်းပြု၍ ကာရဏူပစာရအားဖြင့် ကတ္တုကာရကမည်၏။

[လက္ခဏာ] "ယော ကြိယံ ဗျာပျကတ္တုဋ္ဌံ, ကုရုတေ မုချဘာဝတော၊
အပ္ပယုတ္တော ပယုတ္တော ဝါ, သော ကတ္တာနာမ ကာရကံ"

ဟု ကတ္တုကာရက၏ လက္ခဏာကို ရှေးဆရာတို့မိန့်၏။ [ယော-အကြင် ဒေဝဒတ် စသူသည်၊ အပ္ပယုတ္တော ဝါ-ယညဒတ် စသူက မစေခိုင်းအပ်ပဲလည်းကောင်း၊ ပယုတ္တော ဝါ-စေခိုင်းအပ်သည် ဖြစ်၍လည်းကောင်း၊ ဗျာပျကတ္တုဋ္ဌံ-ကံ၌လည်းတည်, ကတ္တား၌လည်း တည်သော၊ ကြိယံ-ကို၊ မုချဘာဝတော-မုချအဖြစ်ဖြင့်၊ ဝါ-မိမိပြဋ္ဌာန်းသည်၏ အဖြစ်ဖြင့်၊ ကုရုတေ-ပြုနိုင်၏၊ သော-ထိုဒေဝဒတ် စသူသည်၊ ကတ္တာနာမကာရကံ-ကတ္တုကာရက မည်၏။

ဆရာများကား တချို့ဥပသာရပုဒ်များ၏ အနက်၌ ကံစသော အနက်ထူးလည်း ပါနိုင်၏ဟု ယူ၏၊ အကျယ်ကို သမ္ဗာသမာဝုသော သုတ်အဖွင့်မှာရှု၊] ၂-အချို့ နိပါတ်ပုဒ်များ၏ အနက်၊ [အတ္ထိ, သက္ကာ လဗ္ဘာ, စ ဝါ, ဟေ စသည်တို့၏ အနက်သည် လိင်္ဂတ္ထ မျှသာတည်း၊ နမော-စသော နိပါတ်ပုဒ်များ၏ အနက်၌ကား ကံ စသော အနက်ထူးလည်း ပါသည်၊] ၃-သုဒ္ဓလိင်္ဂတ္ထ [ဝိဘတ်နက် အထူးနှင့် မရောသော ယောကျ်ား ဒြပ်စသော လိင်္ဂတ္ထများ၊] ၄-ကမ္မာဒိ သံသဋ္ဌ လိင်္ဂတ္ထ၊ [ပုရိသော ဂစ္ဆတိ, မဂ္ဂေါ ဂစ္ဆီယတေ, ပုရိသော ဂတော, စသည်တို့ကား ကတ္တား ကံ အနက်တို့နှင့် ရော၏၊ "ကရဏံ-ပြုကြောင်း"၌ ကရိုဏ်းအနက် ရော၏၊ "ဇိတိန္ဒြိယော ဗုဒ္ဓေါကို အောင်တော်မူပြီးသောဘုရား"ဟူသော သမာသ်၌ ကတ္တား အနက်နှင့် ရော၏၊ "နာဝိကော-လှေဖြင့် ကူးတတ်သော လှေသူကြီး"ဟူသော တဒ္ဓိတ်၌ (ဖြင့်) ဟူသော ကရိုဏ်းအနက်, တတ် ဟူသော ကတ္တား အနက်နှင့် ရော၏။

ပဌမာဝုပသဂ္ဂတ္ထေ, ကေသဥ္စတ္ထေ နိပါတသဒ္ဒါနံ၊
လိင်္ဂဒိကေစ သုဒ္ဓေ-ဘိဟိတေ ကမ္မာဒိ အတ္ထေပိ။

**ဝုတ္တိဖွင့်ပုံ။** ။သုတ်၌ "လိင်္ဂတ္ထေ-လိင်အနက်၌"ဟု ဆိုထားပါလျက် ဝုတ္တိ၌ "လိင်္ဂတ္ထာ ဘိဓာနမတ္တေ"ဟု သဒ္ဒါရအောင် ဖွင့်ရာဝယ် န္ယာသဆိုပုံကား-ဝိဘတ်သည် အနက်၌ သက်၍ မဖြစ်, သဒ္ဒါ၌သာ သက်၍ ဖြစ်၏၊ ထို့ကြောင့် လိင်္ဂတ္ထေ ဟူသော သုတ်ပုဒ်ကို လိင်္ဂတ္ထာဘိဓာန မတ္တေ ဟု သဒ္ဒါရအောင် ဝုတ္တိ ဖွင့်ရသည်။ [လိင်္ဂတ္ထေ ဝိဘတျုပ္ပတျာဘာဝါ လိင်္ဂတ္ထာဘိဓာနေတိ အတ္ထော ယုဇ္ဇတိ၊....န္ယာသ၊] ဤသို့ န္ယာသက ဖာထေး၍ ဖွင့်ပြသော်လည်း ဝုတ္တိဆရာကား "ပဌမာဝိဘတ္တိ လိင်္ဂတ္ထ ဝစနေ"ဟူသော ကလာပ်သုတ်ကို မှီ၍ ဖွင့်ပြဟန်တူသည်၊ မှန်၏—လိင်္ဂတ္ထဝစနကို "အဗျတိရိတ္တ လိင်္ဂတ္ထဝစနေ"ဟု ကလာပ်ဝုတ္တိ ဖွင့်၏၊ ထိုသုတ်ဝုတ္တိ ၂ မျိုးလုံးပင် သဒ္ဒါကို ရအောင် ဆိုထားကြ၏၊ ထိုကို မှီ၍ ဤကစ္စည်းဝုတ္တိဆရာလည်း "လိင်္ဂတ္ထာ ဘိဓာနမတ္တေ"ဟု သဒ္ဒါရအောင် ဖွင့်ပြဟန် တူသည်၊ [ထို၌ "အဗျတိရိတ္တ-အပို အလွန် မရှိ"ဟူသော စကားသည် ဤ၌ မတ္တနှင့် အဓိပ္ပာယ်တူ၏။]

**သာရတ္ထ အဆို။** ။"လိင်္ဂတ္ထေ ပဌမာ"ဟုပင် သုတ်တည်၍ "ဓာတုပစ္စယာ တိရိတ္တ မတ္တံ သဒ္ဒရူပံ လိင်္ဂံ၊ တဿေ၀ အတ္ထေ (သံမာတြေ) ပဌမာ ဝိဘတ္တိ ဘဝတိ" ဟု ဝုတ္တိဖွင့်၏၊ [ဓာတ်ပစ္စည်းတို့မှ ကြွင်းကျန်သော (ဓာတ်ပစ္စည်း မဟုတ်သော) ပုရိသ စသော သဒ္ဒါ အထည်ကိုယ်သည် လိင် မည်၏၊ ထိုလိင်၏ အနက်၌သာ (သဒ္ဒါ အထည်ကိုယ်ဝယ် နဂိုရ် ထင်ရှားသော အနက်မျှ၌သာ) ပဌမာ ဝိဘတ် သက်သည်။] ဤ၌ သုတ်ဝုတ္တိ ၂ မျိုးလုံးပင် အနက်ရအောင် ဆိုထားသည်၊ မောဂ္ဂလ္လာန်၌လည်း "ပဌမာတ္ထ မတ္တေ"ဟု သုတ်တည်၍ "နာမဿာဘိဓေယျမတ္တေ (နာမ်၏ ဟောအပ်သော အနက်၊ သာ၀မည်၌) ပဌမာဝိဘတ္တိ ဟောတိ"ဟု အနက် ရအောင်ပင် ဖွင့်၏၊ ဤသို့ အနက်ရအောင် ဖွင့်ပြသော်လည်း ဝိဘတ်သက်သည့်အခါ သဒ္ဒါနောင် သက်ရမည်ကိုကား အထူး ပြောနေဖွယ် မလို၊ တတော၊စ ဝိဘတ္တိယော သုတ်ဖြင့်ပင် ထင်ရှားပြီး ဖြစ်တော့သည်—ဟူလို။

**အာလပနေစ** ၂၈၅။ အာလပနတ္ထာဓိကေ - အာလုပ် အနက် အပို အလွန်ရှိသော၊ လိင်္ဂတ္ထာဘိဓာနမတ္တေစ - လိင်အနက်ကို ဟောသော သဒ္ဒါမျှ၌လည်း၊ ပဌမာဝိဘတ္တိ ဟောတိ၊ ဘောပုရိသ-အို ယောကျ်ား၊ ဘောန္တော ပုရိသာ-အို ယောကျ်ားတို့၊ ဘော ရာဇာ-အိုမင်း၊ ဘောန္တော ရာဇာနော-အိုမင်းတို့၊ ဟေ သခေ-အိုမိတ်ဆွေ၊ ဟေ သခိနော-အို မိတ်ဆွေတို့။

---

**စဉ်းစားဖွယ်။** ။ဤသို့လျှင် အခြား သဒ္ဒါကျမ်းတို့၌ သုတ်က အနက်ရအောင် ဆိုထားလျှင် ဝုတ္တိလည်း အနက်ရအောင် ဖွင့်ပြကြသောကြောင့် ဤကစ္စည်း သုတ်၌ လည်း "လိင်္ဂတ္ထေ ပဌမာ"ဟု အနက်ကို ပြထားပါလျက်"လိင်္ဂတ္ထာဘိဓာနမတ္တေ"ဟု သဒ္ဒါရအောင် ဖွင့်ခြင်းသည် အခြား ကျမ်းတို့ ဖွင့်ပုံနှင့် မတူချဲ့ မက, "ကရဏေ တတိယာ"ဟု အနက်ကို ပြထားသော သုတ်၌ "ကရဏကာရကေ တတိယာ"ဟု အနက်ရအောင်ပင် ဖွင့်ပြလတ္တံ့သော နောက်နောက် သုတ်များ၏ ဝုတ္တိဖွင့်ပုံနှင့်လည်း စာသွား မတူရကား ဤသုတ်၌ ကစ္စည်းဝုတ္တိ ဖွင့်ပုံကို စဉ်းစားထိုက်သည်။ [နိဒ္ဒေသ၌ကား ကစ္စည်းဝုတ္တိ၏ အဓိပ္ပာယ်ကို တမျိုး ပြထားသေး၏၊ ထို အဓိပ္ပာယ်ကား ဝုတ္တိဆရာ၏ အာဘော်မျှပင် ကျရောက်ဖွယ် မရှိချေ။]

၂၈၅။ **အာလပန**—အာသဒ္ဒါသည် "အဘိမုခီကရဏ=ရှေ့ရှုပြုခြင်း အနက်ရှိ၏၊ လပန သဒ္ဒါကား ပြောဆိုခြင်း အနက်ရှိ၏၊ ထို့ကြောင့် အဘိမုခံ ကတွာ—ရှေ့ရှုပြု၍+ လပနံ-ပြောဆိုခြင်းသည်၊ အာလပနံ-အာလုပ်မည်၏"ဟု ဝိဂြိုဟ်ပြု။ [ခေါ်ဝေါ် အပ်သော ဝတ္ထုရအောင် "အာလပီယတေ-ရှေ့ရှုပြု၍ ပြောဆိုအပ်၏၊ ဝါ-ခေါ်ဝေါ် အပ်၏၊ ဣတိ အာလပနံ-မည်၏"ဟု ကမ္မသာဓ်လည်း တနည်း ပြုကြသေး၏။] "ရှေ့ရှုပြု"ဟူသည် ခေါ်သူက အခေါ်ခံသူကို စိတ်အားဖြင့် ရည်မှန်းခြင်း အာရုံပြုထားခြင်းတည်း၊ ထိုသို့ ရှေ့ရှုပြု၍ ပြောခြင်းကို "ခေါ်ခြင်း-ထူးခြင်း"ဟု သုံးစွဲကြ၏၊ ထို့ကြောင့် "ဘိက္ခဝေါတိ ဘဒ္ဒန္တေတိ တေဘိက္ခူ။ ဘဂဝတော ပစ္စဿောသုံ" စသော ပါဠိတော်များ၌ "ဘိက္ခဝေါ-ရဟန်းတို့ကား ခေါ်ရာ၌ အာလုပ်တည်း၊ "ဘဒ္ဒန္တေ-အရှင်ဘုရား"ကား ပြန်၍ထူးရာ၌ အာလုပ်တည်း။

**ထင်ရှားရှိမှ ခေါ်၍—ထူး၍ဖြစ်ပုံ။** ။ထင်ရှားရှိသော ဝတ္ထု၌သာ ဤခေါ်မှု ထူးမှု ၂ ခုလုံးကို သုံးစွဲ၍ ဖြစ်၏၊ လုံးလုံး မရှိသေးသော ဝတ္ထုကိုလည်းကောင်း, ယခုမှ ဖြစ်ဖို့ရန် စီမံ နေရသော ဝတ္ထုကိုလည်းကောင်း ခေါ်၍ ထူး၍ မဖြစ်၊ နဂိုရကရှင်ဘုရင် ဖြစ်သူကိုသာ "ဘော ရာဇ"ဟု ခေါ်၍ ဖြစ်၏၊ ရှင်ဘုရင် မဟုတ်သူကိုလည်းကောင်း, ယခုမှ ရှင်ဘုရင် လုပ်ဖို့ရန် စီမံအစ်ဆဲ သူကိုလည်းကောင်း "ဘော ရာဇ"ဟု ခေါ်၍ မဖြစ်၊ "ထင်ရှားရှိ"ဟူရာ၌ အစစ်အမှန်အားဖြင့် ထင်ရှားရှိသည်ဖြစ်စေ-မိမိစိတ်ဖြင့် (ထင်ရှား ရှိသကဲ့သို့) ကြံဖန်၍ ဖြစ်စေ ပြောဆိုအပ်သော ဝတ္ထုကို "ထင်ရှားရှိ"ဟုပင် ဆိုရမည်၊ ထို့ကြောင့် ထင်ရှားမရှိသော ယုန်ချိုကို ထင်ရှားရှိသလို ကြံစည်၍ (တဒ္ဓမ္မူပစာရအားဖြင့် တင်စား၍) "ဘော သသဝိသာဏ-အို ယုန်ချို"ဟုလည်း ခေါ်နိုင်သည်။

**အာလုပ်ကို အကာရကဟု ခေါ်ရပုံ။** ။"ဘော ပုရိသ-အို ယောကျ်ား" ဟု ခေါ်တုန်း အခိုက်၌ မည်သည့်ကြိယာနှင့်မျှ စပ်၍ မဖြစ်သေး၊ "အို ယောကျ်ား" ဟု ခေါ်ပြီးနောက်မှသာ "သွားလော့, စားလော့" စသည်ဖြင့် ကြိယာတခုခုနှင့် ယှဉ်စပ်ရသည်၊ ဤသို့လျှင် ခေါ်တုန်း ထူးတုန်း အခိုက်အတန့်ဝယ် ကြိယာနှင့်မစပ်ရ၍ ကြိယာကို ပြီးစေတတ်သော သတ္တိမရှိသောကြောင့် အာလုပ်ကို အကာရက ဟု ခေါ်ရသည်။

သိဒ္ဓဿာဘိ မုခီဘာဝ-မတ္တမာမန္တဏံ သိယာ၊
အတ္တော ကတာဘိမုခေါ ဟိ, ကြိယာယံ ဝိနိယုဇ္ဇတေ။

သိဒ္ဓဿ– ထင်ရှားရှိသော ဝတ္ထုကို၊ အဘိမုခီဘာဝမတ္တံ– ရှေးရှုသည်၏အဖြစ် (ရှေးရှုပြုခြင်း) မျှသည်၊ အာမန္တဏံ-အာမန္တဏမည်သည်၊ ဝါ-အာလုပ်မည်သည်၊ သိယာ-ဖြစ်၏၊ အတ္တော-အနက်ဒြဗ်ကို၊ ကတာဘိမုခေါ-ပြုအပ်ပြီးသော ရှေးရှုခြင်း ရှိသည်၊ ဝါ-ခေါ်အပ်ပြီးသည်၊ သမာနော ဟိ-ဖြစ်သော်သာ၊ ဝါ-ဖြစ်မှသာ (ခေါ်ပြီးမှသာ—ဟူလို)၊ ကြိယာယံ-ဂစ္ဆ, ဘုဉ္ဇစသော ကြိယာ၌၊ ဝိနိယုဇ္ဇတေ-ယှဉ်စပ်အပ်၏၊ [ဟရိကာရိကာ ဂါထာတည်း၊ ရူပသိဒ္ဓိ၌လည်း ဤ အဓိပ္ပာယ်မျိုးပါသည်။]

**အာလပနတ္ထာဓိကေ၊ပေ၊မတ္တေ**–"ဘော ပုရိသ-အိုယောကျ်ား" ဟု ခေါ်ရာ၌ ယောကျ်ားဒြဗ်သည် လိင်္ဂတ္ထတည်း၊ ထို ယောကျ်ားဒြဗ်၌ သူတပါး၏ ခေါ်ဝေါ်ခြင်း ကြိယာနှင့်လည်း ဆက်သွယ်လျက်ရှိ၏၊ ထို ခေါ်ခြင်းကြိယာကား အာလပနတ္ထတည်း၊ (ဤကား အာလပနဉ္စ ဘာဝသာဓနဝိဂ္ဂဟ အလိုတည်း၊) တနည်း-ထို လိင်္ဂတ္ထ၌ ခေါ်ဝေါ်အပ်သောသဘောလည်း ပါ၏၊ ထိုခေါ်ဝေါ်အပ်သော အနက်ကား လိင်္ဂတ္ထတည်း၊ (ဤကား အာလပနဉ္စ ကမ္မသာဓနဝိဂ္ဂဟ အလိုတည်း၊) အာလုပ် မပါသော လိင်္ဂတ္ထမျှ၌ ရှေ့သုတ်ဖြင့် ပဌမာသက်ခဲ့၏၊ ဤသုတ်ဖြင့်ကား အာလုပ်အနက် အပိုပါသော လိင်္ဂတ္ထမျှ၌ ပဌမာသက်သည်၊ ထို့ကြောင့် ရှေ့သုတ်မှ လိင်္ဂတ္ထေပုဒ်ကိုလိုက်စေ၍ အာလပနေကို "အာလပနတ္ထာဓိကေ" ဟုလည်းကောင်း, လိုက်လာသော လိင်္ဂတ္ထေကို "လိင်္ဂတ္ထာဘိဓာနမတ္တေ" ဟုလည်းကောင်း, ဝုတ္တိဖွင့်သည်။ [ကလာပ်၌ကား ရှေ့သုတ်မှ မလိုက်စေပဲ "အာမန္တဏေစ" ဟု သုတ်တည်၍ "အာမန္တဏေ အတ္ထေ ပဌမာဝိဘတ္တိ ဘဝတိ= (ရှေ့သုတ်ဖြင့် လိင်္ဂတ္ထာဘိဓာန၌သာ ပဌမာဝိဘတ်သက်သည် မဟုတ်သေး၊) ခေါ်ဝေါ်ခြင်း အနက်၌လည်း ပဌမာဝိဘတ်သက်သည်" ဟု ဝုတ္တိဖွင့်သည်။]

**ဘောပုရိသ၊ပေ၊ဟေ သခိနော**–ဘော, ဘောန္တော, ဟေတို့သည် အာလုပ်အနက် ထင်ရှားအောင် အပိုထည့်အပ်သော ပုဒ်များတည်း၊ "ပုရိသ ယောကျ်ား"ဟု ခေါ်ဝေါ်ပုံ အခြင်းအရာပါလျှင် "ဘော, ဟေ" တို့ မပါပဲလည်း (မြန်မာလို "အို" ဟု မပါပဲလည်း) အာလုပ်ပင်တည်း၊ ပုရိသကို ပုရိသတည်, ယောကျ်ား ဟု အနက်ပေးသောကြောင့် အာလုပ်အနက် အပိုအလွန်ရှိသော လိင်အနက်ကို အလိုရှိရကား ပရသမညာပယောဂေ ဟူသော ပရိဘာသာအရ ပုရိသကို လိင်အမည်မှည့် အာလပနေစသုတ်ဖြင့် အာလုပ်အနက် အပိုအလွန်ရှိသော လိင်အနက်၌ (တနည်း-"အာလုပ်အနက် အပိုအလွန်ရှိသော လိင်အနက်မျှကို ဟောသောသဒ္ဒါ၌) ပဌမာဒေကဝုစ်သိဝိဘတ်သက်၊ ဤသို့ ဝိဘတ်သက်ပုံ အကျယ်ဆို၍ နာမ်ကျမ်း၌ ပြခဲ့သည့်အတိုင်း

ပုရိသ-ပုရိသာ-ရာဇ-ရာဇာနော-သခေ-သခိနော‌တို့ကို ရုပ်တွက်လေ၊ ဘောကို ဘဝန္တ တည်, အိုဟူ၍ အနက်ပေးသောကြောင့်၊ ပေ၊ ပရသမညာပယောဂေ ဟူသော ပရိဘာသာအရ လိင်အမည်မှည့်, စသည်ဆို၍ ဤသုတ်ဖြင့် သိဝိဘတ်သက်, ဂမှည့်, ဘောဂေတုသုတ်ဖြင့် စီရင်လေ၊ ဘောန္တော၌ ယောသက်၍ ဘောဂေတု၌ တုသဒ္ဒါဖြင့် စီရင်။ [ထိုသုတ်ကို ပြန်ကြည့်ပါ၊] ဟေကား နိပါတ်ပုဒ်တည်း၊ အိုဟူ၍ အနက်ပေးသောကြောင့် စသည်ဆို၍ သိ-ယော တခုခုသက်၊ သဗ္ဗာသမာဝုသောဖြင့် ချေ။

**ရှေးက ဝိဘတ်သွယ်။** ။ရှေးဝိဘတ်သွယ် ဆိုရိုး၌ "အို ဟူ၍ အနက်ပေးသောကြောင့် အာလုပ်အနက်ကို အလိုရှိရကား ပရသမညာပယောဂေ သုတ်ဖြင့် အာလုပ်အမည်မှည့်၊ လိင်တွေ့ ပဌမာသုတ်ကို လိုက်စေ၍ အာလပနေစသုတ်ဖြင့် အာလုပ်အနက်လွှန်သော လိင့်အနက်ကို ဟောကာမျှတည်သောသဒ္ဒါ၌ ပဌမာဝိဘတ် ဧကဝုစ်သိသက်, ဗဟုဝုစ် ယောသက်" ဟု တွေ့ရ၏၊ "အို" ဟူသော အနက် မပါသော်လည်း "ဘန္တေ-မြတ်စွာဘုရား" ဟု ခေါ်ရာ၌လည်း အာလုပ်အနက်ပင်၊ ဤဆိုရိုး၌ "အာလုပ် အနက်လွှန်သော" ဟူသော စကားကား "အာလပနတ္ထာဓိကေ" ၏ မြန်မာပြန်တည်း၊ ထို့ကြောင့် "အာလုပ်အနက်အပိုအလွှန်ရှိသော" ဟုအဓိပ္ပာယ်မှတ်။

**ပဌမာဝိဘတ်သက်ရာ အနက်များ။** ။၁-လိင့်အနက်, ပုံစံ-ဗုဒ္ဓေါ-ဘုရား၊ ၂-ဟေတုကတ္တားအနက်, စုံစံ-ယော ဗောဓိရုက္ခံ ရောပေတိ=အကြင်သူသည် ဗောဓိပင်ကိုပေါက်စေ၏၊ (ဤ၌ "ယော" သည် ဟေတုကတ္တားတည်း၊) ၃-သုဒ္ဓကတ္တားအနက်, ပုံစံ-ယော ပဗ္ဗဇ္ဇတိ=အကြင်သူ ရှင်ပြု၏၊ ဤ၌ "ယော" သည် သုဒ္ဓကတ္တားတည်း၊ ၄—ကံအနက်, ပုံစံ-ယော ဟတော=အကြင်သူ့ကို သတ်အပ်၏၊ ၅-ကရိုဏ်းအနက်, ပုံစံ-ထေယျစိတ္တံ အာဒိယေယျ=ခိုးသူ၏ ဖြစ်ကြောင်းစိတ်ဖြင့် ယူအံ့၊ ၆—သမ္ပဒါန်အနက်, ပုံစံ-ပါပံ တေ နရကံ ဒဒေ=မကောင်းမှုသည် ထိုသူတို့အား ငရဲကို ပေးရာ၏၊ (ဤ၌ "တေ" သည် သမ္ပဒါန်အနက်၌ ပဌမာဗဟုဝုစ်ရှိသော သဒ္ဒါတည်း။ [နရကံကား ပုလ္လိင်ဖြစ်၍ ဒုတိယာဝိဘတ်သာ၊]) ၇-အပါဒါန်အနက်, ပုံစံ-ဗုဒ္ဓေါ မိစ္ဆာဒယော ဒူရော=ဘုရားသည် မိစ္ဆာဒိဋ္ဌိ စသည်တို့မှ ဝေးတော်မူ၏၊ (ဤ၌ "မိစ္ဆာဒယော" သည် အပါဒါန်အနက်တည်း၊) ၈-သာမီအနက်, ပုံစံ-သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ=အားစွမ်းသို့ ရောက်တော်မူကုန်သော အလုံးစုံကုန်သော ဘုရားရှင်တို့၏ (ယံ ဗလံ-အကြင်အားသည်၊ အတ္ထိ-ရှိ၏" ဟု ဆက်၊) ၉-သတ္တမီအနက်, ပုံစံ-ဉာဏ်ဃရော ဘဂဝါ စိတ္တံ=ဘုရားရှင်သည် စိတ်၌ အစိုးရတော်မူ၏၊ ၁၀-အာလုပ်အနက်, ပုံစံ-ဘော ဂေါတမ=(အို အရှင်ဂေါတမ) အဘိက္ကန္တံ-အလွန် နှစ်သက်အပ်ပါပေစွ။

လိင် ဟေတု ကတ္တု ကမ္မေ, ကရဏေ သမ္ပဒါနကေ၊
အပါဒါနေ သာမိဘုမ္မာ-မန္တာဒေါ ပဌမာ ဘဝေ။

ဗုဒ္ဓေါ ယော ဗောဓိံ ရောပေတိ, ယော ပဗ္ဗဇ္ဇတိ ယော ဟတော၊
ထေယျစိတ္တံ အာဒိယေယျ, ပါပံ တေ နရကံ ဒဒေ။

ဗုဒ္ဓေါ မိစ္ဆာဒယော ဒူရော, သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊
ဉာဏ်ဃရော ဘဂဝါ စိတ္တံ, ဘော ဂေါတမ အဘိက္ကန္တံ။

ဤ အမည်ကို မှည့်ခြင်းဖြင့်၊ပေ၊ ခါတူဟိ ဓောဏယ ဏာပေ ဏာပယ ကာရိတာနိ ဟေတုဝွေ-၏။ (၂၉၅)။

**ယဿ ဝါ ပရိဂ္ဂဟော, တံ သာမိ**

၂၀၃။ ယဿ ဝါ-အကြင် ဥစ္စာရှင်၏လည်း၊ ပရိဂ္ဂဟော-ဥစ္စာတည်း၊ တံ-ထို ဥစ္စာရှင်သည်၊ သာမိသညံ-သာမိ အမည်ရှိသည်၊ ဟောတိ၊ ယဿ ဘိက္ခုနော-ထို ရဟန်း၏၊ ပတိဝီသော-အဖို့၊ [နောက်၌ "ပတ္တော-သပိတ်၊ စီဝရံ-သင်္ကန်း" ဟု ပေး၊] အတ္တနော-မိမိ၏၊ မုခံ-မျက်နှာ၊ သာမိ ဣစ္စနေန-သာမိ ဟူသော ဤ အမည်ကို ပြုခြင်းဖြင့်၊ပေ၊ သာမိသွိ ဆဋ္ဌီ-၏။ (၉၁, ၃၁၆။)

---

ညွှန်ပြ၏၊ ထို့ကြောင့် "သာမိကော ဒါသံ (ဒါသေန, ဒါသ ဿ) ဘာရံ ဟာရေတိ=သခင်သည် ကျွန်ကို ဝန်ကိုဆောင်စေ၏၊အာစရိယော သိဿံ (သိဿေန,သိဿဿ) ဓမ္မံ ပါဌေတိ=ဆရာသည် တပည့်ကို တရားကိုဖတ်စေ၏၊ သူဒဇေဋ္ဌော သူဒံ (သူဒေန, သူဒဿ) ဩဒနံ ပါစေတိ=စဖိုသည်ကြီးသည် စဖိုသည်ငယ်ကို ထမင်းကို ချက်စေ၏၊ အာစရိယော သိဿံ (သိဿေန သိဿဿ) ဂန္ထံ ဓာရေတိ=ဆရာသည် တပည့်ကို ကျမ်းစာကို ဆောင်ရွက် မှတ်သားစေ၏" ဟု သိပါ။

ပြလိုရင်း။ ။ဤ သုတ်သည် ဟေတုကတ္တား အမည်မှည့်သော သုတ်တည်း၊ ထို့ကြောင့် "သော ပုရိသော-သာမိကော-အာစရိယော-သူဒဇေဋ္ဌော" တို့၌သာ ဤ သုတ်ဖြင့် ဟေတုကတ္တား မှည့်လိုရင်းတည်း၊ "တံ ပုရိသံ တေန ပုရိသေန တဿ ပုရိသဿ" စသည်တို့မှာ ဟေတုဝါကျ၌ ပါနေကျ ဖြစ်၍ ထည့်အပ်သော ပုဒ်များတည်း၊ တံပုရိသံ၌ ကံအနက် ဖြစ်ကြောင်းကား ထင်ရှားပြီ၊ တေန ပုရိသေန-တဿ ပုရိသဿ တို့၌ကား ကံအနက်, ကတ္တားအနက် ဟု ၂-ဝါဒကွဲ၏၊ ထို ဝါဒတို့၏ အခြေအမြစ်ကို ဂတိဗုဒ္ဓိ-စသောသုတ်ကျမှ ပြအံ့၊ [သော ပုရိသော-စသော ကတ္တားပုဒ်များကို ဟေတုကတ္တားဟု အမည်မှည့်သော်လည်း ဝုတ္တကတ္တားဖြစ်၍ လိင်္ဂတ္ထကို ထွန်းပြဖို့ရာ ပဌမာဝိဘတ်သာ သက်ရသည်၊ ထို့ကြောင့် ဤသုတ်ဖြင့် ဟေတု အမည် မှည့်ရခြင်းသည် ကာတ္တရိစသုတ်ဖြင့် ဝိဘတ်သက်ရခြင်း အကျိုးရှိသည်-ဟု မဆိုပဲ "ခါတူဟိ ဏေဏယ စသော သုတ်၌ ဟေတုဟု ခေါ်ဝေါ်ရခြင်း အကျိုးရှိသည်" ဟု ဆိုထားသည်၊ "သာမိကေန ဒါသော ဂါမံ ဂမယိယတေ" ဟူသော ကံဟော ဟေတု ဝါကျ၌ကား သာမိကေနကို ဤသုတ်ဖြင့် ဟေတုကတ္တား မှည့်သဖြင့် ကတ္တရိစသုတ်ဖြင့် နာဝိဘတ် သက်ရခြင်း အကျိုးရှိသည်။

၂၀၃။ **သာမိ**—ကာရက ၆ ပါး၏ သညာသုတ်တို့ကို ပြပြီး၍ ယခုအခါ၌ သာမိ မည်သော အကာရက၏ သညာကို ပြလိုသောကြောင့် ယဿဝါ-စသည်ကိုမိန့်၊ သံ ယဿ အတ္ထီတိ သာမီ၊ ယဿ-အကြင်ဥစ္စာရှင်၏၊ သံ-ဥစ္စာသည်၊ အတ္ထိ-ရှိ၏၊ ဣတိ,

သော-ထို ဥစ္စာရှင်သည်၊ သာမီ-မည်၏၊ ဤ ဝိဂ္ဂဟ်အရ ဥစ္စာ၏ပိုင်ရှင် ဖြစ်သူသာ သာမီ အမည်ရ၏၊ သုတ်၌လည်း "ယဿ ပရိဂ္ဂဟော, တံသာမိ" ဟု ပိုင်ရှင်ဖြစ်သူ ကိုသာ "သာမိ"ဟု ဆိုထား၏၊ ပုံစံများကိုလည်း "တဿ ဘိက္ခုနော-အတ္တနော" ဟု ဥစ္စာရှင်ဖြစ်သော ဘိက္ခု-အတ္တတို့ကိုသာ သာမီမှည့်ဖို့ရန်ပြထား၏၊ ထို့ကြောင့် သုတ်အဆိုအတိုင်း ဥစ္စာရှင်ကိုသာ မုချအားဖြင့် သာမီမှည့်သည်-ဟု မှတ်၊ [သံ သဒ္ဒါ သည် "ဥစ္စာ" အနက်ဟော၊ သံနောင် အဿတ္ထိ အနက်၌ ဏီပစ္စည်းသက်, ဏ အနုဗန်ချေ၊ နိဂ္ဂဟိတ်ကို (မ်), သ၏ အကို ဒီဃပြု၍ သာမီ ဟု ပြီး၏၊ သုတ်ကြီးဖြင့် အာမိ ပစ္စည်းသက်၍လည်း "သာမိ" ဟု ပြီးစေကြ၏။]

**ဥပစာသာမီ အမည်ရပုံ။** ။"အမ္ဗဝနဿ+အဝိဒူရေ=သရက် ဥယျာဉ်၏+ အနီး"ဟူရာ၌ အမ္ဗဝနသည် ဥစ္စာရှင်မဟုတ်၍ မုချအားဖြင့် သာမီအမည် မရထိုက်၊ သို့သော် "ငါ၏+အနီး" ဟု အမ္ဗဝနက မသိမ်းပိုက် သော်လည်း သိမ်းပိုက်ထား သကဲ့သို့ ဆက်စပ်နေသောကြောင့် တကယ့် ဥစ္စာရှင်နှင့် တူရကား သဒိသူပစာရ အားဖြင့် အမ္ဗဝနကို သာမီ ဟု ဆိုရ၏၊ ဤနည်းအတိုင်း "ဘာ၏ အနီးလဲ" ဟု မေးလျှင် "သရက် ဥယျာဉ်၏+အနီး" ဟု သရက်ဥယျာဉ်က အခြားအရပ်တို့မှ ကွဲပြားအောင် ဝိသေသနပြုသောကြောင့် ဝိသေသန သမ္ဗန် ဟူသမျှ၌ သုတ်ရင်းဖြင့် ဥပစာ သာမီ အမည်မှည့်နိုင်၏-ဟု မှတ်။

**ဝါသဒ္ဒါဖြင့် သာမီမှည့်ဖွယ်။** ။ဒေဝါနံ+ဣန္ဒော=နတ်တို့၏+အရှင်ဖြစ်သော သိကြားမင်း၊ ဤ၌"ဒေဝ" သည် ဥစ္စာရှင်မဟုတ်, သိကြား၏ ဥစ္စာ "သံ" သာ ဖြစ်၍ "ဣန္ဒော" သာ သာမီ ဖြစ်၏၊ ထို့ကြောင့် ဒေဝသည် သာမီ၏ ပြောင်းပြန် (သံ) ဖြစ်နေရကား သဒိသူပစာရ အားဖြင့် သော်လည်း သာမီအမည် မရနိုင်ချေ၊ ထို ကဲ့သို့ ပုံစံမျိုး၌ သုတ်၌ပါသော "ယဿဝါ" ဝယ် အတ္တနုရ ဝိကပ္ပန ဝါသဒ္ဒါဖြင့် သာမီ အမည် မှည့်ရသည်-ဟု မှတ်၊ ရှဉ်ကား တဗ္ဗပစ္စယန္တပုဒ်တို့၏ ယှဉ်ရာ-ရုဇ စသည်တို့ ၏ ယှဉ်ရာ၌လည်း ဝါသဒ္ဒါဖြင့်ပင် သာမီမှည့်သည်၊ ဤသို့လျှင် ၁-မုချ သာမီအမည်, ၂-သဒိသူပစာရသာမီ အမည်, ၃-ဝါသဒ္ဒါဖြင့်မှည့်ရသော သာမီ အမည်-ဟု သာမီ အမည် ၃ မျိုးကို ခွဲခြားပါ။

**တဿ ဘိက္ခုနော၊ပေ၊မုခံ**—"ပတိဝိသော စ ကောဋ္ဌာသော" ဟု အဘိဓာန်၌ ပုလ္လိင်ရှိသောကြောင့် "တဿ ဘိက္ခုနော ပတိဝိသော"ဟု ရှိရမည်၊ သီဟိုဠ်မူ၌လည်း "ပတိဝိသော" ဟုပင် ရှိ၏၊ "တ-ဘိက္ခု-အတ္တ" တည်, ဤသုတ်ဖြင့် သာမီ မှည့်၍ သာမိသ္မိံ ဆဋ္ဌီသုတ်ဖြင့် ဆဋ္ဌီသက်၊ ["တံ သာမိ" ဟု ဣကာရန္တဖြင့် စာရှိ၏၊ (ဤ) ပစ္စည်း ဖြစ်သောကြောင့် "သာမီ" ဟု ဤ ကာရန္တဖြင့် ရှိရမည်၊ ဤ သာမီအနက်ကို ပင် အခြား သဒ္ဒါကျမ်းတို့၌ သမ္ဗန်အနက်ဟု ဆို၍ သမ္ဗန်၏အကြောင်းကို ကျယ်ဝန်းစွာ ပြကြ၏၊ ဤ ကျမ်း၌ကား "သာမိသ္မိံဆဋ္ဌီ" သုတ်ကျမှ သမ္ဗန်အကြောင်းကိုပြမည်။]

**အကာရက ခေါ်ပုံ။** ။ဤသာမီ (သမ္ဗန်) အနက်သည် ကြိယာနှင့်စပ်ခြင်း မရှိ၊ "ရညော+ပုရိသော=မင်း၏+အချင်းယောကျ်ား"ဟူရာ၌ရညောဟူသောသမ္ဗန်သည်

ပုရိသောဟူသော နာမ်ပုဒ်၌သာ စပ်ရ၏၊ ကြိယာနှင့်စပ်ခြင်း မရှိလျှင် "ကရောတိ ကြိယံ အတိနိပ္ဖါဒေတိ" ဟူသော ဝစနတ်နှင့် မညီရကား ကာရကအမည် မရ၊ ကာရက မဟုတ်လျှင် "အကာရက"မည်ရတော့သည်–ဟု ရူပသိဒ္ဓိ မိန့်၏၊ "သရတိ ရဇ္ဇသ=တိုင်းပြည် အမှတ်ရ၏"စသော ပြယုဂ်၌ ရဇ္ဇသသည် သရတိကြိယာ၌ စပ်လျက် ရှိပြန်ရကား "ကြိယာဘိသမ္ဗန္ဓာ-ဘာဝါ-ကြိယာနှင့်စပ်မှု မရှိခြင်းကြောင့်" ဟူသော စကားကို အဘယ်သို့ မှတ်ရမည်နည်း–ဟု မေးဖွယ်ရှိ၏၊ အဖြေကား– "ကြိယာနှင့်စပ်" ဟူရာ၌ ကြိယာဘိနိပ္ဖါဒန (ကတ္တုသတ္တိ) ကြိယာပါပုဏန (ကမ္မသတ္တိ) ဤသို့စသော သတ္တိမျိုးဖြင့် စပ်ခြင်းကို ဆိုလိုသည်၊ ကြိယာနှင့် စပ်ရုံမျှကို ဆိုလိုသည် မဟုတ်၊ ထို့ကြောင့် "ရဇ္ဇသ+သရတိ"စသည်၌ ကြိယာနှင့် စပ်သော်လည်း ကြိယာဘိနိပ္ဖါဒန စသော သတ္တိမျိုးဖြင့် စပ်ခြင်း မဟုတ်သောကြောင့် ကာရက အမည် မရနိုင်။

[ရူဋီကာ] သာမိသ္မိံ နိပ္ဖါဒနာဒိ ကြိယာဘိသမ္ဗန္ဓာဘာဝါ ကြိယာဘိ ယောဂဿ အသမ္ဘဝတော န ကာရကဘာဝေါ သမ္ဘဝတိ။

မှတ်ချက်။ ။နိပ္ဖါဒနာဒိ၌ "နိဗ္ဗတ္တနာဒိ"ဟု တွေ့ရ၏၊ ပါဌ်ပျက်ဟန် တူသည်၊ နိပ္ဖါဒနာဒိ ဟု ရှိမှ ပါပုဏန-သာဓကတမ-စသော အခြား ကာရကသတ္တိများကို အာဒိဖြင့် ယူနိုင်မည်၊ ဤသို့ ရှိမှလည်း "သောစ ဒုဝိဓော ကြိယာကာရကသမ္ဗန္ဓော ဒဗ္ဗဂုဏသမ္ဗန္ဓော စေတိ၊ အာဒိတော ဒုဝိဓော သာမညံ ဝိသေသောစ၊ ဝိသေသော ကမ္မတ္ထာဒိရူပေါ၊ တတြ ဒုတိယာဒိအပဝါဒေါ၊ သာမညေ ဆဋ္ဌီ၊ တံယထာ-နဋဿ သုဏောတိ, မာသာနံ အသ္နာတိ ပေ၊ သတံ ဂတံ, သပ္ပိဿ ဇာနာတိ, မာတု သရတိ"စသော သိဒ္ဓန္တကောမုဒီ စကားနှင့်လည်း ထပ်မိဖွယ်ရှိသည်။

**သိဒ္ဓန္တကောမုဒီ အဓိပ္ပာယ်။** ။ကြိယာကာရကသမ္ဗန်, ဒဗ္ဗဂုဏသမ္ဗန် ဟု သမ္ဗန် ၂ မျိုးရှိ၏၊ ထိုတွင် ကြိယာနှင့် ကာရကတို့၏ စပ်ခြင်းသည် ကြိယာကာရကသမ္ဗန် မည်၏၊ ဒြပ်နှင့် ဝိသေသန (ဂုဏ်) တို့၏ စပ်ခြင်းသည် ဒဗ္ဗဂုဏသမ္ဗန်မည်၏၊ အစဖြစ်သော ကြိယာကာရကသမ္ဗန်သည် သာမညအားဖြင့် ကြိယာနှင့်စပ်ခြင်း- ဝိသေသအားဖြင့် ကြိယာနှင့် စပ်ခြင်းဟု ၂ မျိုး ရှိပြန်၏၊ ဝိသေသဟူသည် ကံ အစ ရှိသည်တို့၏ အဖြစ်ဖြင့် စပ်ခြင်း သဘောတည်း၊ ပုံစံကား–"နဋဿ သုဏောတိ- ကချေသည်ကို နားထောင်၏၊ မာသာနံ အသ္နာတိ-ပဲတို့ဖြင့် စား၏"တည်း၊ ဤသို့ ကံ ကရိုဏ်းစသော ဝိသေသ အနက်ပေးရသော သမ္ဗန္ဓ၌ ဒုတိယာဝိဘတ်စသည်ကို တားမြစ်၍ ဆဋ္ဌီသာ သက်ရ၏၊ သာမညသမ္ဗန်၏ ပုံစံကား "သတံ ဂတံ-သူတော် ကောင်းတို့ သွားခြင်း၊ သပ္ပိဿ ဇာနာတိ-ထောပတ်သိ၏၊ မာတု သရတိ-အမိ အောက်မေ့၏၊ ရဇ္ဇဿ သရတိ-တိုင်းပြည် အမှတ်ရ၏" စသည်တည်း၊ ဤသို့ "ကို ဖြင့်" စသော ဝိသေသအနက် မပေးရသော သမ္ဗန်သည် သာမည ကြိယာ ကာရကသမ္ဗန်မည်၏။ [ဒဗ္ဗဂုဏသမ္ဗန်ကား "ရညော+ပုရိသော" (ပုရိသဒြပ်နှင့် ရညော ဟူသော ဝိသေသနဂုဏ်တို့၏ စပ်ခြင်း) စသော ရိုးရာသမ္ဗန်များတည်း။]

**လိင်္ဂတ္ထေ ပဌမာ** ၂၀၄။ လိင်္ဂတ္ထာဘိဓာနမတ္တေ-လိင် အနက်ကို ဟောသော သဒ္ဒါမျှ၌၊ ပဌမာဝိဘတ္တိ - သည်၊ ဟောတိ၊ ပုရိသော-ယောကျ်ား၊ ပုရိသာ-ယောကျ်ားတို့၊ ကော-တခု၊ ဒွေ- ၂ ခုတို့၊ စ-လည်း၊ ဝါ - သော်လည်း၊ ဟေ - ဟေး၊ အဟေ - အဟေး၊ ရေ-ရေး၊ အရေ-အရေး (၆၅,၂၀၃)။

---

**သဒ္ဒနီတိ။** ။''အပ္ပေ-အနည်းငယ်သောသတ္တဝါသည်၊ (သဂ္ဂါယ)-နတ်ပြည်သို့၊ ဂစ္ဆတိ-ရောက်၏''ဟူရာ၌ သဂ္ဂါယသည် စတုတ္ထီသကို အာယပြုထားသော ပြယုဂ်တည်း၊ ဤ၌ သဂ္ဂါယကို ကံအနက် ပေးရသော်လည်း ဂတျတ္ထကမ္မနိ အရ သမ္ပဒါန်မှည့်၍ သမ္ပဒါနေ စတုတ္ထီဖြင့် သမ္ပဒါန ကာရကာ၌ စတုတ္ထီ သက်ရန်၊ ထို့ကြောင့် သဂ္ဂါယသည် သမ္ပဒါနကာရက ဖြစ်သကဲ့သို့''ဝိတုသ + သရတိ-အဘကို+ အောက်မေ့၏'' စသည်၌ ''ကို'' ဟု ကံအနက်ပေးရသော်လည်း ဝိတုသသည် သာမိပင် ဖြစ်သင့်၏၊ သာမိဖြစ်လျှင် သရတိကြိယာနှင့် စပ်သောကြောင့် သာမိကာရက ဟုပင် ဖြစ်သင့်မည် ထင်သည်၊ သို့သော် ရှေးဆရာတို့က သာမိကို ချန်ထား၍ ကာရက ၆ ပါးဟု သတ်မှတ်ထားသောကြောင့် သာမိကာရကဟုကား မဆိုလိုကုန်၊ ကောင်းစွာ စိစစ်ကြပါလေဟု မှာထား၏။

**စိစစ်ချက်။** ။ဂတျတ္ထဓာတ်တို့၏ ကံ၌ သမ္ပဒါန်မှည့်ခြင်းသည် ကစ္စည်းကျမ်း အလိုသာတည်း၊ ထိုသို့ သမ္ပဒါန်မှည့်ရခြင်းမှာလည်း သက္ကတသဒ္ဒါကျမ်းတို့ကဲ့သို့ ကံအနက်၌ စတုတ္ထီဝိဘတ်သက်ဖို့ရန် သုတ်သီးခြား မတည်ပဲ သမ္ပဒါနေ စတုတ္ထီသုတ်ဖြင့်ပင် ကိစ္စပြီးအောင် သမ္ပဒါန်မှည့်ရခြင်း ဖြစ်သည်၊ ''ဂတျတ္ထကမ္မနိ ဒုတိယာ စတုတ္ထီ ယော စေဋ္ဌာယ မနဒ္ဓနိ''ဟု သီးခြားဝိဘတ်သက်မည့်သုတ် ရှိသော ပါဏိနိ အလိုအားဖြင့် သဂ္ဂါယ ပြယုဂ်မျိုးကို သမ္ပဒါန်အမည် မမှည့်၊ ကမ္မကာရက အနက်၌ စတုတ္ထီ သက်ထားခြင်းသာ ဖြစ်၏၊ ''ဝိတုသ သရတိ''စသည်၌လည်း ကံအနက် ပေးလျှင် သာမိအစစ်ပင် မဟုတ်၊ ဒုတိယာ ပဋ္ဌမိနုဥသုတ်ဖြင့် ဒုတိယာဝိဘတ်၏ အနက်၌ ဆဋ္ဌီ သက်ထားခြင်းသာ ဖြစ်၏။ [ကံအနက် မပေးလျှင်ကား သိဒ္ဓန္တကောမုဒီ၌ ပြသော ဝိသေသနကြိယာကာရက သမ္ဗန် ပင်တည်း၊] ထို့ကြောင့် သဂ္ဂါယကို ဥပမာပြု၍ ဝိတုသ စသည်ကို သာမိကာရကဟု သဒ္ဒနီတိ ဆိုလိုခြင်းသည် သဂ္ဂါယ ပါဌ်ကို သမ္ပဒါနကာရကဟု ဆိုလိုခြင်းကစ၍ ကျမ်းရင်း အာဘော်ကျမည် မထင်၊ ဆင်ခြင်ကြပါကုန်။

၂၀၄။ **လိင်္ဂတ္ထာဘိဓာနမတ္တေ** — လိင်္ဂတ္ထသ - လိင်အနက်ကို၊ အဘိဓာနံ - ဟောသောသဒ္ဒါသည်၊ လိင်္ဂတ္ထာဘိဓာနံ-မည်၏၊ လိင်္ဂတ္ထာဘိဓာနံ ဧဝ မတ္တံ လိင်္ဂတ္ထာဘိဓာနမတ္တံ၊ လိင်္ဂတ္ထာဘိဓာနံ ဧဝ-လိင်အနက်ကို ဟောသောသဒ္ဒါသည်ပင်။ မတ္တံ-သာမညတည်း၊ လိင်္ဂတ္ထာဘိဓာနမတ္တံ-လိင်အနက်ကို ဟောသော သာမညသဒ္ဒါ၊ ရှုဦးအံ့—''မတ္တသဒ္ဒါသည် သာမည အနက်ကို ဟော၏''ဟု မောဂ္ဂလ္လာန် ပဉ္စိကာ မိန့်၏၊ထို သာမညအနက်ကိုပင် မြန်မာလို''မျှ=လောက်''ဟု ပြန်ရ၏၊''သည်မျှသာ,

သည့်လောက်သာ, သည့်ထက် အပိုမပါ'' ဟူရာ၌ ''မျှ=လောက်'' ဟု သုံးစွဲသကဲ့သို့ တည်း၊ အဓိပ္ပာယ်ပြောရာ၌ မတ္တသဒ္ဒါကို ''လိင်္ဂတ္ထမတ္တ'' ဟု ရှေ့ပုဒ်နှင့်တွဲ၍ ပြောမှ ရှင်းလင်းမည်၊ ''ပါဋိပဒိကတ္ထ လိင် ပရိမာဏ ဝစနမတ္တေ'' ပါဏိနီသုတ်၊ ဤ၌ ''ပါဋိပဒိကတ္ထမတ္တေ, လိင်မတ္တေ,ပရိမာဏမတ္တေ, ဝစနမတ္တေ'' ဟု မတ္တသဒ္ဒါကို အနက်နှင့် တွဲပြ၏၊ ''ပဌမာ.တ္ထမတ္တေ'' မောဂ္ဂလ္လာန်သုတ်၊ ဤ၌ ''အတ္ထမတ္တေ'' ဟု အတ္ထကို မတ္တ နှင့် တွဲပြ၏၊ ထို့ကြောင့် ''လိင်္ဂတ္ထမတ္တာဘိဓာနေ'' ဟု မတ္တကို လိင်္ဂတ္ထနှင့် တွဲ၍ အဓိပ္ပာယ်ပြအံ့။

**လိင်္ဂ, လိင်္ဂတ္ထမတ္တ။** ။ပုရိသသဒ္ဒါသည် လိင်, ယောကျ်ားဖြစ်ဟူသော အနက်သည် လိင်္ဂတ္ထမတ္တ၊ ''ကို=ဖြင့်'' စသည်အနက်ပေးရသော ''ကံ=ကရိုဏ်း'' စသော အနက်များကား လိင်္ဂတ္ထထက် ပိုမိုလာသော ဝိဘတ်အနက်များတည်း၊ ထို့ကြောင့် ''ယောကျ်ား'' ဟူသော အနက်သည် ကံ ကရိုဏ်းစသော (ကို, ဖြင့် စသော) အနက် ထူး အပိုအမို မပါသော ''လိင်္ဂတ္ထမတ္တ=လိင့်အနက် သာမည=လိင့်အနက်မျှ=လိင် အနက်လောက်သာ'' တည်း၊ အနက်က လိင်္ဂတ္ထမတ္တ (လိင့်အနက် သာမည) ဖြစ်လျှင် ထိုအနက်ကိုဟောသော ပုရိသသဒ္ဒါလည်း သာမညသဒ္ဒါပင် ဖြစ်တော့၏၊ ပုရိသ နောင် ဝိဘတ်အမျိုးမျိုး သက်နိုင်ပုံ (ပုရိသော-ပုရိသာ-ပုရိသံ-ပုရိသေ) စသည်ဖြင့် ဖြစ်နိုင်ပုံကို ထောက်၍ ပုရိသသဒ္ဒါ၏ သာမညဖြစ်ပုံကိုလည်း သိပါ၊ ထို့ကြောင့် ''လိင်္ဂတ္ထာဘိဓာနမတ္တေ-ကို, ဖြင့် စသော အနက်ထူးအပိုမပါ လိင်အနက်မျှကိုသာ ဟောသော သာမည သဒ္ဒါ၌၊ (ဝါ-သာမညသဒ္ဒါသည်၊ သတိ-ဖြစ်လတ်သော်၊) ပဌမာဝိဘတ္တိ ဟောတိ''။

**လိင်္ဂတ္ထအမျိုးမျိုး။** ။''လိင်္ဂဿ+အတ္ထော, လိင်္ဂတ္ထော-လိင်၏အနက်'' ဟူသော ဝိဂြိုဟ်အရ ပုရိသသည် လိင်, ယောကျ်ားဖြစ်သည် လိင်္ဂတ္ထ၊ ထို့အတူ ရုက္ခသည် လိင်, သစ်ပင်ဖြစ်သည် လိင်္ဂတ္ထ၊ ကညာသည် လိင်၊ သတို့သမီးဖြစ်သည် လိင်္ဂတ္ထ၊ စိတ္တသည် လိင်, စိတ်ဟူသော သဘောတရားသည် လိင်္ဂတ္ထ၊ ပထဝီသည် လိင်, ခိုင်မာခြင်း သဘောသည် လိင်္ဂတ္ထ၊ ဤသို့ စသည်ဖြင့် ပညတ်အနက် ဖြစ်စေ, ပရမတ်အနက်ဖြစ်စေ လိင်ချည်းတည်း၊ ဤ အလုံးစုံသော လိင်္ဂတ္ထကို ''ပါဋိပဒိကတ္ထမတ္တေ'' ဟု ပါဏိနီ ဆိုသည်။ [လိင်နှင့် ပါဋိပဒိကဟူသည် သဘောတူပင်တည်း။]

ဇာတိပုမ နပုံသက—ဇာတိလိင် ပုလ္လိင် နပုလ္လိင်၊ ဤလိင်ကို ပါဏိနီ၌ ''လိင်္ဂမတ္တေ= လိင်မျှ၌'' ဟု ဆို၏၊ ဒေါဏ-တစိတ်၊ အဍ္ဎက-တပြည်၊ ဟတ္ထ-တတောင်၊ ဤအတိုင်း အရှည်ကို ''ပရိမာဏမတ္တေ=အတိုင်းအရှည်မျှ၌'' ဟု ပါဏိနီ ဆို၏၊ ဧက-တခု၊ ဒွေ- ၂ ခုတို့၊ ဤသင်္ချာကို ဝစနမတ္တေဟု ပါဏိနီဆို၏၊ ဤသို့လျှင် ပါဏိနီ၌ ''ပါဋိပဒိကတ္ထ+ လိင်္ဂ+ပရိမာဏ+ဝစနမတ္တေ'' ဟု အသီးသီး ပြထားသော်လည်း ထို ပါဋိပဒိကတ္ထ, လိင်, ပရိမာဏ,ဝစန၄ မျိုးလုံးပင် လိင်္ဂတ္ထ၌ ပါဝင်ကြသည်-ဟု နှလုံးပြု၍''လိင်္ဂတ္ထေ ပဌမာ'' ဟု အရှင်ကစ္စည်းဆရာ သုတ်တည်သည်၊ ထို့ကြောင့် ဇာတိသည် လိင်, ဇာတိလိင်ဟူသော အနက်သည် လိင်္ဂတ္ထ၊ ဒေါဏသည် လိင်, တစိတ်ဟူသော အရေ အတွက်သည် လိင်္ဂတ္ထ၊ ဧကသည် လိင်, တစ်ဟူသော သင်္ချာအနက်သည် လိင်္ဂတ္ထ၊ ဤသို့ စသည်ဖြင့် ဇာတိလိင် ပုလ္လိင် စသည်တို့ လိင်္ဂတ္ထတွင် ပါဝင်ပုံကိုလည်း သိပါ။

ဝိဘတ်သွယ်ဆိုပုံ။ ။[လိင်ဟူသော နာမည်သည် "ခါတုပစ္စယာ ဝဇ္ဇိတ မတ္ထဝံ လိင်"ဟု သက္ကတ-ကလာပ်သုတ်ဖြင့် မှည့်ထားသော ပရသမညာတည်း၊ ထို့ကြောင့် "ပရသမညာပယောဂေ" ပရိဘာသာအရ လိင်အမည် မှည့်ရမည်။] ပုရိသောကို "ပုရိသ"တည်, ယောကျ်ားဟူ၍ အနက်ပေးသောကြောင့် "ပရသမညာပယောဂေ" ဟူသော ပရိဘာသာအရ ပုရိသကို လိင်အမည်မှည့်၊ လိင်တွေ ပဌမာ သုတ်ဖြင့် လိင်အနက်၌ (တနည်း....လိင်အနက်မျှကို ဟောသောသဒ္ဒါ၌) ပဌမာဧကဝုစ် သိ ဝိဘတ်သက်၊ ဤသို့ ဝိဘတ်သက်ပုံကို ဆိုပါ၊ ပုရိသာ၌ "ပဌမာဗဟုဝုစ် ယောဝိဘတ် သက်" ဟု ဆို။

ဝိဘတ်မပါလျှင် ပုဒ်ရာမဝင်။ ။သိဝိဘတ် ယောဝိဘတ်တို့က အနက်အပိုကို မဟောလျှင် ဘာ့ကြောင့် ထိုဝိဘတ်များကို သက်စေရသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား-ဝိဘတ်မပါလျှင် ပုဒ်အရာမဝင်သောကြောင့် ထိုဝိဘတ်များကို သက်စေရသည်၊ ချိုင်းအုံ့—လူတယောက်၌ အဝတ် မဝတ်ခင် ပင်ကိုယ်ရုပ်ကဲ့သို့ ဝိဘတ် မသက်ခင် ပုရိသ သည် ပင်ကိုယ် (ပကတိ) ရုပ်တည်း၊ အဝတ်မဝတ်ပဲနေလျှင် လူပရိသတ်တွင် မပါ ဝင်နိုင်သေးသကဲ့သို့ ဝိဘတ်မပါလျှင် ဝါကျအတွင်း၌ ပုဒ်တခုအဖြစ်ဖြင့် မပါဝင်နိုင် (အဝိဘတ္တိကနိဒ္ဒေသဖြစ်သော တချို့ အရာမှတပါး ထုံးစံအားဖြင့် ဝိဘတ် မပါပဲ ရွတ်ဆိုရေးသားမျိုး မရှိ-ဟူလို၊) လူရာမဝင်နိုင်သူသည် မိမိကိုယ်တိုင် ထင်ရှားအောင် မပြနိုင်သကဲ့သို့, ရွတ်ဆို ရေးသားရာ၌ အသုံးပြု၍ မဖြစ်သေးသဖြင့် ပုဒ်ရာမဝင်သော သဒ္ဒါတခုလည်း မိမိ၏ နဂိုရ်ရှိနေသော လိင်အနက်မျှကိုပင် အများသိအောင် ထင်ရှား မပြနိုင်ချေ၊ ထို့ကြောင့် ပုဒ်ရာဝင်၍ နဂိုရ်ရှိနေသော လိင်အနက်ကို ထွန်းပြခြင်း (ကြားသိသူတို့ နားလည်အောင် ထင်ရှားပြခြင်း) အကျိုးငှာ တခုတည်းဖြစ်လျှင် သိ ဝိဘတ်, အများဖြစ်လျှင် ယောဝိဘတ် သက်ရသည်၊ ဤအဓိပ္ပာယ်အရ သိယော ဝိဘတ်တို့သည် အနက်သီးခြား မဟောတတ်၊ ထွန်းပြရုံ ထွန်းပြတတ်သည်-ဟု ပြော စမှတ် ပြုရသည်၊ ထို့ကြောင့် မိမိနာမည်ကို ပါဠိလို လက်မှတ်ထိုးရာ၌ "အာယသ္မာ တိသတ္ထေရော, သိရိရာဟုလတ္ထေရော, ဘဒန္တ ကစ္စာယနတ္ထေရော, ဘိက္ခု ဒတ္တော, ဥပသမ္ပန္နော နာဂေါ, သာမဏေရော ကုမာရော" စသည်ဖြင့် ဝိဘတ်နှင့်တကွ ရေးထိုးရမည်-ဟု မှတ်။

[သာရတ္ထဝိနီကာ] ယေ ပုလ္လိင်္ဂါဒယော ဇုတ္တိပစ္စယန္တာ ဥတ္တာ, တေ ဝိဘတ္တိံ အန္တရာ န သဒ္ဒတံ ပါပုဏန္တိ=ပုလ္လိင်အစ, ဇုတ္တိပစ္စည်း အဆုံးရှိသော အကြောင် သဒ္ဒါတို့ကို ဆိုအပ်ကုန်ပြီ၊ ထို သဒ္ဒါတို့သည် ဝိဘတ်ကို ကြဉ်၍ သဒ္ဒါအဖြစ်သို့ မရောက်ကြ၊ (ဝိဘတ်မပါလျှင် သဒ္ဒါစာရင်း မဝင်နိုင်ကြ။)

ကော ဒွေ—ပါဏိနီ၌ "ဝစနမတ္တေ—ဧကဝုစ် ဒွိဝုစ် ဗဟုဝုစ်ဟူသော သချာ အနက်မျှ၌၊ ပဌမာဝိဘတ်သက်" ဟု တစ်ခု-နှစ်ခု-၃ ခုစသော သချာအတွက် သီးခြား ဆိုထား၏၊ ဤ၌ကား ထို သချာအနက်လည်း လိင်တ္ထပင်တည်း-ဟု ပြလို၍ "ကော ဒွေ" ဟု ပြယုဂ်ထုတ်သည်၊ ဧကောကို ဧကတည်, တခုဟု အနက်ပေးသောကြောင့် "ပရသမညာပယောဂေ"ပရိဘာသာအရ ဧကကို လိင်အမည်မှည့်, စသည်ဆို၊ ဒွေကို ဒွိတည်, ၂ ခုတို့ဟု အနက်ပေးသောကြောင့်၊ပေ၊ ဒွိကို လိင်အမည်မှည့် စသည်ဆို၊ယော

သက်၍ ယောသု ဋ္ဌိန္န ဋ္ဌေစသုတ်ဖြင့် ဝိဘတ်နှင့်တကွ ဋ္ဌေပြု၍ ရုပ်တွက်လေ။ [ပရိမာဏ (အတိုင်းအရှည်) အနက်ကို ဟောသော ဒေါဏော စသည်ကိုလည်း “ဒေါဏာ, ခါရိ” တည်, တစိတ်-တတို့ဟု အနက်ပေးသောကြောင့် စသည်ဆို။]

စ ဝါ၊ပေ၊ အရေ—စ ဝါ စသော နိပါတ်ပုဒ်များသည် သမုစ္စည်းအနက်-ဝိကပ် အနက် စသော လိင်္ဂတ္ထမျှကိုသာ ဟော၏—ဟု ယူသော ဆရာတို့ဝါဒနှင့် အလားတူ ကစ္စည်းဝုတ္တိဆရာလည်း အယူရှိသောကြောင့် “စ, ဝါ”ဟု ထုတ်ပြသည်၊ [သဒ္ဒနီတိ၌ကား “စဝါ ပန္နာဒယော ပဌမာဒီနံ သတ္တန္နံပိ အတ္ထေ ဝတ္တန္တိ”ဟု တမျိုးမိန့်သည်။] စကို စ တည်,လည်းဟု အနက်ပေးသောကြောင့်၊ပေ၊ ဝါကို ဝါတည်,သော်လည်းဟု အနက်ပေးသောကြောင့်၊ပေ၊အဟေ စသည်ကို အဟေ စသည်ပင်တည်, “အဟေး-ရေး-အရေး”ဟု အနက်ပေးသောကြောင့် ပရသမညာ၊ပေ၊လိင်အမည်မှည့်,လိင်္ဂတ္ထေ ပဌမာသုတ်ဖြင့် လိင်အနက်မျှကို ဟောသော စ သဒ္ဒါနောင်၊ပေ၊အရေနောင် ပဌမာ ဧကဝုစ် သိဝိဘတ်သက်, သဗ္ဗာသမာဝုသော စသော သုတ်ဖြင့် သိကိုချေ, ပြီး၏၊ အတ္ထိ-ရှိ၏, ရှိကုန်၏၊ သက္ကာ-တတ်ကောင်း၏, တတ်ကောင်းကုန်၏၊ လဗ္ဘာ-ရနိုင်ပါ၏, ရနိုင်ပါကုန်၏”စသော နိပါတ်ပုဒ်များလည်း လိင်္ဂတ္ထမျှကိုသာ ဟောကုန်၏။

**ဥပသာရနောင်လည်း ပဌမာသက်။** ။ပ-ပရာ စသော ဥပသာရပုဒ်တို့သည် “အစ အနက်-ကွေ့ကွင်းခြင်းအနက်”စသော များစွာသော အနက်ကို ဟောကုန်၏၊ ထို ဥပသာရပုဒ်တို့နောင်လည်း ပဌမာဝိဘတ်သက်ခြင်းကိုသာ အလိုရှိကြ၏၊ [ဆရာတို့ကား ဝိဘတ်အမျိုးမျိုး သက်ခြင်းကို အလိုရှိကြသည်။] ရှေးဆရာတို့ အဆိုအတိုင်း “(ပ) ဥပသာရသည် လိင်္ဂ, အာဒိကမ္မ အနက်သည် လိင်္ဂတ္ထ”ဟု ခွဲ၍ ထို လိင်္ဂတ္ထမျှကို ဟောသော ဥပသာရနောင် ပဌမာဧကဝုစ် သိသက်၍ သဗ္ဗာသမာဝုသောဖြင့် ချေ။

**သုဒ္ဓ, သံသဋ္ဌလိင်္ဂတ္ထ ၂ မျိုး။** ။“ပုရိသ-ယောက်ျား၊ဧက-တခု၊ဒေါဏ-တစိတ်၊ စ-လည်း၊ပ-အစအနက်”စသည်၌ ပုရိသစသည်တို့၏အနက်ဖြစ်သော “ယောက်ျား” စသော အနက်သည် ကံ စသော အနက်နှင့် မရောသောကြောင့် သုဒ္ဓလိင်္ဂတ္ထမည်၏၊ ထို သုဒ္ဓလိင်္ဂတ္ထကိုဟောသော သဒ္ဒါနောင် ပဌမာဝိဘတ်သာ သက်ရ၏၊ “ယောက်ျားကို၊ ယောက်ျားဖြင့်၊ယောက်ျားသည်(ကတ္တားနက်)၊ပေ၊ ယောက်ျား၌”ဟု ပေးရသော လိင်္ဂတ္ထတို့ကား ကံ အစရှိသော အနက်နှင့် ရောသောကြောင့် သံသဋ္ဌလိင်္ဂတ္ထမည်၏၊ ထို သံသဋ္ဌလိင်္ဂတ္ထ၌ကား ဒုတိယာစသော ဝိဘတ်များ သက်ရသည်။

**သံသဋ္ဌ လိင်္ဂတ္ထ တမျိုး။** ။သမာသ် တဒ္ဓိတ် အာချာတ် ကိတ်တို့က ကတ္တား ကံ ကရိုဏ်းစသော အနက်ကို ဟောထားသော “ဇိတိန္ဒြိယော-ဣန္ဒြေတို့ကို အောင်တော်မူတတ်ပြီးသော ဘုရား၊” (ကတ္တားဟော သမာသ်)၊ နာဝိကော-လှေဖြင့် ကူးတတ်သော လှေသူကြီး(ကရိုဏ်းနှင့် ကတ္တားကိုဟောသော တဒ္ဓိတ်)၊ ပုရိသော ဂစ္ဆတိ-ယောက်ျားသွား၏၊ မဂ္ဂေါဂစ္ဆီယတေ-လမ်းသွားအပ်၏၊ (ကတ္တား-ကံကိုဟောသော အာချာတ်) ဂတော-သွားတတ်သော ယောက်ျား၊ ကတံ-ပြုအပ်သောအမှု၊ (ကတ္တား-ကံကို ဟောသော ကိတ်)၊ ဤသို့စသော သံသဋ္ဌလိင်္ဂတ္ထများ ရှိသေး၏၊

ထို သမာသ် တဒ္ဓိတ် အာချာတ် ကိတ်တို့က ကံ ကတ္တား ကရိဏ်း စသော အနက်များကို ဟောထားသော သံသဋ္ဌလိင်္ဂတ္ထများ၌ကား ဒုတိယာစသော ဝိဘတ်များ ဟောဖို့ရာ မလိုတော့ပြီဖြစ်၍ နဂိုရ်ရှိရင်း ဖြစ်သော "ဘုရားဒြဗ်"စသော လိင်္ဂတ္ထမျှကို ထွန်းပြဖို့ရာ ပဌမာဝိဘတ်သာ သက်ရသည်။ [အချုပ်မှာ—သမာသ် စသည်တို့ ဟောအပ်သော သံသဋ္ဌ လိင်္ဂတ္ထတမျိုး, ဒုတိယာစသော ဝိဘတ်တို့ ဟောအပ်သော သံသဋ္ဌ လိင်္ဂတ္ထတမျိုးဟု သံသဋ္ဌ လိင်္ဂတ္ထ ၂ မျိုးရှိကြောင်းကို သိပါ။]

**နိ္ဒယ ယနက် မလိုက်ထိုက်။** ။"ပုရိသော-ယောကျ်ားသည်၊ ဂစ္ဆတိ-သွား၏" ဟု နိဿယအနက်ရှိသော်လည်း "သည်"ဟူသော အနက်သည် ဝိဘတ်၏ အနက် မဟုတ်၊ ဂစ္ဆတိ ဟူသော အာချာတ် ကြိယာသည် ဟောအပ်သော ကတ္တားအနက်က ပုရိသော အပေါ်၌ ကူးစက်လာခြင်းသာ ဖြစ်၏၊ "ပုရိသော ဂစ္ဆတိ-ယောကျ်ား+ သွား၏"ဟု ဆိုလျှင်လည်း ပြီးနိုင်သည်သာ၊ "မဂ္ဂေါ-လမ်းကို၊ ဂစ္ဆီယတေ-သွားအပ်၏"ပဲ့ရာ၌လည်း"ကို"ဟူသော အနက်သည် သိဝိဘတ်၏ အနက်မဟုတ်၊ ဂစ္ဆီယယေ ကြိယာသည် ဟောအပ်သော ကံ အနက်က မဂ္ဂေါအပေါ်၌ ကူးစက်လာခြင်းသာ ဖြစ်၏၊ ထို့ကြောင့် ရုပ်တွက်ရာ၌ "သည် ဟူ၍, ကို ဟူ၍, အနက်ပေးရသာကြောင့်"ဟု မဆိုပဲ "ယောကျ်ားဟု လမ်းဟု အနက်ပေးသောကြောင့်"ဟုသာ ဆို၍ ဝိဘတ်သက်သင့်သည်။

**မှတ်ချက်။** ။ဆရာတို့ကား "ပုရိသောကို ပုရိသတည်, သည်ဟူ၍ အနက်ပေးသော်လည်း နောက်ဝါစကကြိုးက ဟောပြီးဖြစ်၍ ကတ္တားအနက် ဝိသေသကို မလို, လိင်အနက် သာမညကို အလိုရှိရကား, ပရသမညာ ပယောဂေ သုတ်ဖြင့် ပုရိသကို လိင်အမည်မှည့်, လိင်္ဂတ္ထေ ပဌမာ၊ပေ၊ သိဝိဘတ်သက်"ဟု လည်းကောင်း, မဂ္ဂေါကို မဂ္ဂတည်, ကို ဟူ၍ အနက်ပေးသော်လည်း နောက် ဝါစကကြိုးက ဟောပြီးဖြစ်၍ ကံ အနက် ဝိသေသကို မလို, လိင်အနက် သာမညကို အလိုရှိရကား" စသည်ဖြင့် လည်းကောင်း ဆို၍ ဝိဘတ်သက်စေတော်မူကြသည်။

**ရှေးဆရာတို့ ဝိဘတ်သက်ပုံ။** ။"ပုရိသောကို ပုရိသတည်, သည်ဟူ၍ အနက်ပေးသောကြောင့် လိင် အနက်ကို အလိုရှိရကား, ပရသမညာ ပယောဂေ သုတ်ဖြင့် လိင်အမည်မှည့်, လိင်္ဂတ္ထေ ပဌမာ သုတ်ဖြင့် လိင်အနက်ကို ဟောကာမျှ တည်သော သဒ္ဒါ၌ ပဌမာဝိဘတ် ဧကဝုစ် သိသက်"ဟု ဆိုကြ၏၊ "သည်"ဟူသော အနက်သည် လိင်အနက် မဟုတ်သောကြောင့် ထို အဆိုကို စဉ်းစားထိုက်၏၊ "လိင် အနက်ကို ဟောကာမျှတည်သော သဒ္ဒါ၌"ဟူသော စကားကား "လိင်္ဂတ္ထာဘိဓာနမတ္တေ"၏ မြန်မာပြန်တည်း၊ ထိုပါဠိအရ "လိင် အနက်ကို ဟောသော သာမညသဒ္ဒါ၌"ဟု မြန်မာပြန်ရလျှင် သာ၍ အဓိပ္ပာယ် ထင်ရှားဖွယ် ရှိသည်။

**ပဌမာသက်ရာ လိင်္ဂတ္ထများ။** ။ပြခဲ့သော အဓိပ္ပာယ်များကို အကျဉ်းချုပ်၍ ပဌမာဝိဘတ်သက်ရာ လိင်္ဂတ္ထများကို ရှေးဆရာတို့ ဂါထာဖြင့် မှတ်သားရာ၏၊ ၁-ဥပသာရပုဒ်၏ အနက်၊ [ရှေးဆရာတို့က ဥပသာရပုဒ်အားလုံး၏ "အာဒိကမ္မ, ဘုသ" စသော အနက်များ၌ ကံ စသော အနက်တူးမပါ, လိင်္ဂတ္ထမျှသာ ဖြစ်သည်-ဟု ယူ၏၊

**ဗျာပျကဗ္ဗတ္တုနှံ့**—ဗျာပိတဗ္ဗနှင့် ဗျာပျသည် အနက်တူ၏၊ ကြိယာသည် ရောက်အပ်သော ကံကို ဆိုလိုသည်။ [ဗျာပျဋ္ဌ-ကံ၌တည်သော ကြိယာ၊ ကတ္တုဋ္ဌ-ကတ္တား၌ တည်သော ကြိယာ။] ခွဲဦးအံ့-ကြိယာသည် ဖလကြိယာ ဗျာပါရကြိယာဟု ၂ မျိုးရှိ၏၊ ထမင်းချက်ရာ၌ ထမင်း၏ ကျက်ခြင်းကြိယာသည် ချက်ခြင်းကြောင့် ဖြစ်ပေါ်လာသောသော အကျိုးဖြစ်၍ ဖလကြိယာ မည်၏၊ ထမင်းအိုးတည်ခြင်း မီးထည့်ခြင်းစသော ချက်သူ၏ လှုံ့လပယောဂသည် ဗျာပါရကြိယာ မည်၏၊ ထင်း ခွဲရာ၌လည်း ထင်း၏ ကွဲခြင်းကြိယာသည် ဖလကြိယာ, ဓားကိုင်မှု ထင်းကိုင်မှု ခွဲမှုစသော လှုံ့လပယောဂသည် ဗျာပါရကြိယာ မည်၏၊ထင်းဖြတ်ရာ၌လည်း နည်းတူ၊ထိုတွင်''ပုရိသော ဩဒနံ ပစတိ'' ၌ ကျက်ခြင်း ဖလကြိယာသည် ဩဒနံဟူသော (ထမင်းဟူသော) ကံ၌ တည်၏၊ ချက်ခြင်းဟူသော ဗျာပါရကြိယာကား ပုရိသော (ယောကျ်ား) ဟူသော ကတ္တား၌ တည်၏၊ ''ပုရိသော ကဋ္ဌံ ဘိန္ဒတိ'' ၌လည်း ဤနည်းအတိုင်း သိပါ။

[**တတ္တွဗောဓိနီ**] ဖလံ ဗျာပါရောစ ကြိယာ၊ ဖလာဓာရ ကာရကံ ကမ္မံ၊ဗျာပါရာဓာရကာရကံ ကတ္တာတိ ဝိဝေကော။ [ကံသည် ဖလကြိယာ၏ တည်ရာကာရကတည်း၊ ကတ္တားသည် ဗျာပါရကြိယာ၏ တည်ရာ ကာရကတည်း-ဟု (ဝိဝေကော) ခွဲခွာခြင်း ဖြစ်၏။]

[**မုခ္ခဗောဓ**] ''ကမ္မဋ္ဌော ပစ္စတေ ဘာဝေါ, ကမ္မဋ္ဌာစ ဘိဒါဒယော၊
ကတ္တုဋ္ဌော ဗုဇ္ဈတေ ဘာဝေါ, ကတ္တုဋ္ဌာစ ဂမာဒယော''-ဋီကာ။

[ပစ္စတေ ဘာဝေါ-ကျက်ခြင်းကြိယာသည်၊ ကမ္မဋ္ဌော-ဩဒနံဟူသော ကံ၌တည်၏၊ ဘိဒါဒယော,စ-ကွဲခြင်း အစရှိသော ကြိယာတို့သည်လည်း၊ ကမ္မဋ္ဌာ-ကဋ္ဌံစသော ကံ၌ တည်ကုန်၏၊ ဗုဇ္ဈတေ ဘာဝေါ-''သိဿော ဓမ္မံ ဗုဇ္ဈတေ'' ၌ သိခြင်း ကြိယာသည်၊ ကတ္တုဋ္ဌော-သိဿောဟူသော ကတ္တား၌ တည်၏၊ ဂမာဒယော,စ- ''ပုရိသော မဂ္ဂံ ဂစ္ဆတိ'' စသည်၌ သွားခြင်းစသော ကြိယာတို့သည်လည်း ကတ္တုဋ္ဌာ-ပုရိသောစသော ကတ္တား၌ တည်ကုန်၏။] ကတ္တုကာရကသည် ကံ၌တည်သောကြိယာ, မိမိဟူသော ကတ္တား၌တည်သော ကြိယာကို ပြီးစေနိုင်၏၊ ထို့ကြောင့် ''ယော ကြိယံ ဗျာပျကတ္တုဋ္ဌံ ကုရုတေ'' ဟု ဂါထာ၌ မိန့်၏၊ ''အတ္တကမ္မဋ္ဌံ ကြိယံ ကရောတီတိ ကတ္တာ'' ဟုလည်း ဝိဂ္ဂဟပြုကြရသည်။

**မုချဘာဝတော**။ ။''ပုရိသော မဂ္ဂံ ဂစ္ဆတိ'' ၌ သွားခြင်းကြိယာကို လမ်းခြင်းကလည်း ပြီးစေနိုင်၏၊ သို့သော် ယောကျ်ားက ကိုယ်တိုင်သွားနေရသဖြင့် သွားခြင်းကြိယာကို ယောကျ်ားခြင်းကသာ ပဓာနအဖြစ်ဖြင့် ပြီးစေနိုင်၏၊ လမ်းခြင်းကမူ ယောကျ်ားက ပြီးစေရာဝယ် အကူအညီမျှသာ ဖြစ်၏၊ ''ဒတ္တေန ဝီဟိံ လုနာတိ'' ၌ တစဉ်ခြင်းက အကူအညီမျှဖြစ်၍ ရိတ်သူ ယောကျ်ားကသာ ပဓာနအားဖြင့် ရိတ်ခြင်းကြိယာကို ပြီးစေရပုံ, ''ဘိက္ခုဿ စီဝရံ ဒေတိ'' ၌ ပေးရာဖြစ်သော ရဟန်း ခြင်းသည် ပေးခြင်း ကြိယာကို ပြီးစေဖို့ရန် အကူအညီမျှသာ ဖြစ်၍ အလှူရှင်ကသာ ပေးခြင်း

ကြိယာကို ပြီးစေရပုံ, "ဂါမာ အပေန္တိ မုနယော" ၌ ဖဲခြင်းကြိယာကို ပြီးစေဖို့ရာ ရွာသည် အကူအညီမျှသာဖြစ်၍ မုနိတို့ကသာ ဖဲခြင်းကြိယာကို ပြီးစေရပုံ, "ဘူမိသု မနုဿာ စရန္တိ" ၌ လှည့်လည်ခြင်းကြိယာကို ပြီးစေဖို့ရာမြေသည် အကူအညီ မျှသာ ဖြစ်၍ မနုဿတို့ကသာ ကိုယ်တိုင် လှည့်လည်သောအားဖြင့် ပဓာနဖြစ်၍ ပြီးစေရပုံကို သိပါ။

**ကတ္တုသုညာ ကြိယာနာမ နတ္ထိ။** ။ဤစကားစဉ်အရ "ကရောတိ ကြိယံ အဘိ နိပ္ဖါဒေတီတိ ကာရကံ" ဟူသော ဝိဂ္ဂဟ၌ ကတ္တုကာရကသည် မုချအားဖြင့် ကာရက အမည် ရ၍, ကံ အစရှိသော ကာရကတို့ကား ဖလူပစာရနည်းအားဖြင့် ကာရက အမည် ရကြသည် ဟု မှတ်၊ ကတ္တုကာရက၏ အကူအညီ အဆောက်အဦ ဖြစ်သော ကြောင့် အကျိုးကတ္တား၏ ကာရကအမည်ကို အကြောင်း ကံ စသော ၅ ပါး၌ တင် စားရကား ကံ စသည်တို့၏ ကာရကနာမည်သည် ဖလူပစာရအားဖြင့် ရအပ်သော နာမည်ဖြစ်သည်-ဟူလို၊ ဤသို့လျှင် ဝါကျတိုင်း၌ ကတ္တုကာရကသာ ပဓာန ဖြစ်သော ကြောင့် ကတ္တုကာရကကို သဗ္ဗဗျာပီကာရက (ကြိယာအားလုံး၌ ပျံ့နှံ့သော-ပါဝင် သော ကာရက) ဟု ခေါ်၍, ကံ အစရှိသော ၅ ပါးကို ဝိသေသကြိယာ ဗျာပီကာရက (မိမိတို့ဆိုင်ရာ ကြိယာ အထူး၌သာ ပျံ့နှံ့သော ကာရက) ဟု ခေါ်စမှတ်ပြုကာ "ကတ္တုသုညာ ကြိယာနာမ နတ္ထိ" ဟုလည်း ပရိဘာသာ ပြုကြပေသည်။

**အပ္ပယုတ္တော ဝါ ပယုတ္တော ဝါ**—"အဟိနာ ဒဋ္ဌော နရော" ဝါကျ၌ မြွေဟူသော ကတ္တားသည် တစုံတယောက်က မစေခိုင်းအပ်ပဲ သူ့အလိုလို ကိုက်ခြင်းကြိယာကို ပြုလုပ်တတ်၏၊ "သူဒေါ ဩဒနံ ပစတိ=စဖိုသည်သည် ထမင်းကို ချက်၏" စသည် ၌လည်း "သူဒေါ" ဟူသော ကတ္တားသည် အပ္ပယုတ္တကတ္တားတည်း၊ "အလမ္ဗာယနော အဟိနာ နရံ ဍံသာပေတိ=အလမ္ဗာယ်ဆရာသည် မြွေသည် လူကို ကိုက်စေ၏ စသော ဝါကျမျိုး၌ အဟိနာဟူသော ကတ္တားသည် အလမ္ဗာယ်ဆရာက စေခိုင်းအပ်သော ပယုတ္တကတ္တားတည်း၊ "သာမိကော သူဒေန ဩဒနံ ပါစေတိ=သခင်သည် စဖိုသည် သည် ထမင်းကို ချက်စေ၏" စသည်၌လည်း "သူဒေန" ဟူသော ကတ္တားသည် ပယုတ္တပင်၊ ဤသို့လျှင် အပ္ပယုတ္တဖြစ်ဖြစ် ပယုတ္တဖြစ်ဖြစ် ကိုယ်တိုင်ကြိယာကို ပြီးစေ တတ်သော ကာရကကို ကတ္တုကာရကဟု ဆိုသည်။

**ဘာဒစိန္တာ။** ။သဗ္ဗဘာဝါဝိနာဘာဝီ, ကရဏာဒိ ပုရက္ခတော၊
ယော ကာရေတျတ္တကမ္မဋ္ဌံ, ကြိယံ ကတ္တာ သ ကာရကော။

[ယော-အကြင် ကာရကသည်၊ သဗ္ဗဘာဝါဝိနာဘာဝီ-အလုံးစုံသော ကြိယာ တို့နှင့် မကင်းမူ၍ ဖြစ်လေ့ရှိသည်၊ ကရဏာဒိပုရက္ခတော-ကရဏစတော ကရကတို့ ရှေ့သွားပြုအပ်သည်၊ (ကရဏ စသော ကာရက ၅ ပါး၏ ရှေ့သွား ခေါင်းဆောင် ဖြစ်သည်—ဟူလို၊) ဟုတ္វာ-ဖြစ်၍၊ အတ္တကမ္မဋ္ဌံ-မိမိ၌တည်, ကံ၌တည်သော၊ ကြိယာ- ကို၊ ကာရေတိ-၏၊ သ (သော) ကာရကော-ထို ကာရကသည်၊ ကတ္တာ—ကတ္တု ကာရက မည်၏။]

ယော ကာရေတိ သဟေတု

၂၀၂။ ယော-အကြင် ကာရကသည်၊ ကတ္တာရဲ့-အခြား-ကတ္တားကို၊ ကာရေတိ-ပြုစေတတ်၏၊ သော-ထို ကာရကသည်၊ ဟေတုသညော - ဟေတုအမည်ရှိသည်၊ ဟောတိ၊ ကတ္တာစ-ကတ္တားလည်း မည်၏၊ သော ပုရိသော-ထို ယောကျ်ားသည်၊ တံ ပုရိသံ ထို ယောကျ်ားကို၊ ကမ္မံ-အလုပ်ကို၊ ကာရေတိ-လုပ်စေ၏၊ သော ပုရိသော-

---

အဟိနာ၊ ပေ၊ ဗန္ဓော—ဝုတ္တ—အဝုတ္တကတ္တား ၂ မျိုးလုံးကို ဤသုတ်က ကတ္တား အမည်မှည့်နိုင်၏၊ သို့သော် ဝုတ္တကတ္တား၌ သမာသ် စသည်တို့က ကတ္တား အနက်ကို ဟောပြီးဖြစ်၍ ဝိဘတ်က ကတ္တားအနက်ကို ဟောဖွယ် မလို၊ အဝုတ္တ ကတ္တား၌သာ ဝိဘတ်က ကတ္တားအနက်ကို ဟောသောကြောင့် ဝိဘတ်အနက် ထင်ရှားအောင် ''အဟိနာ''စသော အဝုတ္တကတ္တားကိုသာ ပုံစံထုတ်ပြသည်၊ [ဝုတ္တကတ္တား၌ ဤသုတ်က ကတ္တားအမည် မှည့်နိုင်ကြောင်းကို ''သော ဘဂဝါတိ - ယော ကရောတိ သကတ္တာတိ သုတ္တဝစနေန'' ဟူသော စကားကို ထောက်၍ သိပါ။] ''အဟိ, ဂရုဠ, ဥပဂုတ္တ''တည်, ဤသုတ်ဖြင့် အဟိ စသည်ကို ကတ္တားအမည်မှည့်, ကတ္တရိစသုတ်ဖြင့် နာ ဝိဘတ်သက်၍ ရုပ်တွက်လေ။

**အရှင် ဥပဂုတ်။** ။''တိဿနာဂ'' မထေရ်ကိုပင် ''ဥပဂုတ္တ=အရှင် ဥပဂုတ်'' ဟု ခေါ်ဝေါ်ကြသတတ်၊ ထိုအရှင်သည် သမုဒ္ဒရာအတွင်း၌ ပြာသာဒ်ကိုဖန်ဆင်း၍ သမာပတ်ဝင်စားလျက် နေလေ့ရှိသော ဟူ၏၊ ဓမ္မာသောက မင်းကြီးသည် စေတီ ပူဇော်ပွဲကို ၇ လ ၇ ရက် ပတ်လုံး ကျင်းပသည့်အခါ ပူဇော်ပွဲ၏အန္တရာယ်ကို မာရ်နတ် နှောင့်ယှက်လိမ့်မည်ဟု တင်ကြို သိနှင့်ကြ၍ ထို အရှင်ဥပဂုတ်ကို ပင့်ထားနှင့်ကြရ သည်၊ ပူဇော်ပွဲ ကျင်းပသည့်အခါ နှောင့်ယှက်လာသော မာရ်နတ်၏ လည်ပင်းကို ခွေးသေပုပ်ဆွဲ၍ လွှတ်လိုက်ပြီးနောက် တောင်းပန်လာမှ ခွေးသေပုပ်ကို ချွတ်ပေး၍ တောင်နံရံ၌ ခါးပန်းကြိုးဖြင့် ချည်ထုပ်ထား၏၊ ထို့ကြောင့် ''ဥပဂုတ္တေန မာရော ဗန္ဓော'' ဟု ပြယုဂ်လုပ်ထားသည်၊ မာရ်နတ်လည်း ပူဇော်ပွဲ မပြီးမခြင်း တုပ်နှောင် ခြင်းကို ခံရစဉ် ဘုရားကို နှောင့်ယှက်စဉ်က ယခုကဲ့သို့ အနှိပ်စက် မခံခဲ့ရ, သာဝက တွေသည် မေတ္တာ ကရုဏာ နည်းပါး, ဘုရားရှင်ကား မေတ္တာ ကရုဏာ ကြီးမားပါ ပေစွ'' ဟု ဘုရားရှင်၏ ဂုဏ်တော်ကို ကြည်ညို တ-သ သတိရသဖြင့် ထိုနေရာမှာပင် ဘုရားဆုကို ပန်ဆင်လေ သတတ်။ [အကျယ်ကို မဟာဝင်မှာ ရှုပါ။]

၂၀၂။ **ယော ကာရေတိ သ ဟေတု**—''ပုရိသော ကမ္မံ ကရောတိ'' ဝါကျ၌ ပုရိသောသည် ကတ္တားတည်းဟု မှတ်ခဲ့ပါ၊ ''သော ပုရိသော တံ ပုရိသံ ကမ္မံ ကာရေ တိ''ဝါကျ၌''သော ပုရိသော'' သည် ပြုစေသူ (ခိုင်းစေသူ) ကတ္တားတည်း၊ ''တံ ပုရိသံ''ကား''ပုရိသော ကမ္မံ ကရောတိ'' ဝါကျ၌ ပြခဲ့သော ကတ္တားသည်ပင် ဤ ဝါကျ၌ အစေခိုင်း ခံအပ်သည်ဖြစ်၍ ကံဖြစ်နေပုံတည်း၊ထို့ကြောင့်''ယော-အကြင် သောပုရိသော ကဲ့သို့သော ကာရကသည်၊ ကတ္တာရဲ့ (ပုရိသော ကမ္မံ ကရောတိ၌ ပါဝင်သော

သည်၊ တေန ပုရိသေန-ထို ယောကျ်ားသည်၊ ဝါ-ကို၊ ကမ္မံ ကာရေတိ၊ သော ပုရိသော-သည်၊ တဿ ပုရိသဿ-သည်၊ ဝါ-ကို၊ ကမ္မံ ကာရေတိ၊ စေ- ဤအတူ၊ ဟာရေတိ-ဆောင်စေ၏၊ ပါဒေတိ-ရွတ်ဆိုစေ၏၊ ဝါ-ဖတ်စေ၏၊ ပါစေတိ-ချက်စေ၏၊ ဓာရေတိ-ဆောင်စေ၏၊ ဟေတုဣစ္စနေန-ဟေတု ဟူသော

---

ပုရိသော စသော) ကတ္တားကို၊ ကာရေတိ-ပြုလုပ်စေ၏၊ ဝါ-စေခိုင်း၏၊ သ-ထို စေခိုင်းတတ်သော ကာရကသည်၊ ဟေတု-ဟေတု မည်၏" ဟု အဓိပ္ပာယ် နက်ပေးပါ၊ ရှေ့သုတ်မှ "ကတ္တား"ပုဒ်လိုက်လာသောကြောင့် ထို ဟေတုသည်ပင် ကတ္တားအမည် လည်း ရ၏၊ နာမည် ၂ ခု ပေါင်းစပ်၍ "ဟေတုကတ္တား" ဟု ခေါ်စမှတ်ပြုသည်။ [ရှေ့သုတ်ဖြင့် မှည့်အပ်သော ကတ္တားကို ဟေတု-ဟူသော ဝိသေသန မဖက် သက် သက်ဖြစ်၍ သုဒ္ဓကတ္တား ဟု ခေါ်၏။]

**ကာရိတ်ဓာတ်တို့၏ ကတ္တားကံ။** ။ကာရိတ် ပစ္စည်း၌ စပ်ရသော ကတ္တားကံ ကို ကာရိတ်ကတ္တား ကာရိတ်ကံဟု ခေါ်၏၊ ဓာတ်၌စပ်ရသော ကတ္တားကံကို ဓာတ် ကတ္တား ဓာတ်ကံဟု ခေါ်၏၊ ပုရိသော ကမ္မံ ကရောတိ=ယောကျ်ားသည် အလုပ်ကို လုပ်၏၊ ဤ၌"ပုရိသော+ကမ္မံ"ဟူသော ကတ္တားကံသည် ကရောတိဝယ် ကရဓာတ်၌ စပ်ရသောကြောင့် ဓာတ်၏ကတ္တား ကံ တို့တည်း၊ သာမိကော ပုရိသံ ကမ္မံ ကာရေတိ= သခင်သည် ယောကျ်ားကို အလုပ်ကိုလုပ်စေ၏၊ ဤ၌ သာမိကောသည် ကာရေတိဝယ် ကာရိတ်ဏေပစ္စည်း၌ (သခင်သည်+စေ-ဟု) စပ်ရသောကြောင့် ကာရိတ် ကတ္တား တည်း၊ပုရိသံသည် ကာရိတ် ဏေပစ္စည်း၌ (ယောကျ်ားကို+စေ-ဟု) စပ်ရသော ကြောင့် ကာရိတ် ကံတည်း၊ ကမ္မံသည် ကာရေတိဝယ် ကရဓာတ်၌ (အလုပ်ကို+ လုပ် -ဟု) စပ်ရသောကြောင့် ဓာတ်ကံတည်း၊ အကယ်၍ "သာမိကော ပုရိသေန ကမ္မံ ကာရေတိ"ဟု ဝါကျလုပ်လျှင်"ပုရိသေန-ယောကျ်ားသည်"ဟု အနက်ပေး၍ ကာရေ တိဝယ် ကရဓာတ်၌ စပ်ရသော ကတ္တားဖြစ်သောကြောင့် ပုရိသေနသည် ဓာတ် ကတ္တား တည်း-ဟု မှတ်၊ ကာရိတ် ကတ္တားကို ဟေတုကတ္တားဟု လည်းကောင်း, ဓာတ်ကတ္တားကို သုဒ္ဓ ကတ္တားဟု လည်းကောင်း ခေါ်သည်၊ ကာရိတ်ကံ ဓာတ်ကံ ၂ မျိုးလုံးကား "ယံ ကရောတိ တံ ကမ္မံ" သုတ်ဖြင့် မှည့်ရသော ကံချည်းတည်း။

**သောပုရိသော၊ပေ၊တဿ ပုရိသဿ**—"သော ပုရိသော တံ ပုရိသံ ကမ္မံ ကာ ရေတိ" ၌ သော ပုရိသော အရ ယောကျ်ား တယောက်, တံ ပုရိသံ အရလည်း အခြား ယောကျ်ား တယောက် ဟု ၂ ယောက် ဖြစ်ကြောင်း ထင်ရှားအောင် "သော-တံ"ဟု အပိုထည့်ထားသည်၊ "သော ပုရိသော တေန ပုရိသေန ကမ္မံ ကာရေတိ" ကား တံပုရိသံနေရာဝယ် တေနပုရိသေနဟု တတိယာ နေနိုင်၏ ဟု ပြသော ဝါကျတည်း၊ "သော ပုရိသော တဿ ပုရိသဿ ကမ္မံ ကာရေတိ" ဝါကျလည်း တံပုရိသံ အစား "တဿ ပုရိသဿ" ဟု ဆဋ္ဌီလည်း နေနိုင်၏-ဟု ပြ၏။

**ဧဝံ ဟာရေတိ၊ပေ၊ဓာရေတိ**—ဧဝံဖြင့် သော ပုရိသော တံ ပုရိသံ (တေန ပုရိသေန, တဿ ပုရိသဿ ကဲ့သို့) ဟေတုကတ္တား—ကံများကို ထည့်ပါလေ-ဟု

**ကရဏေ တတိယာ** ၂၀၆။ ကရဏ ကာရကေ-ကရဏ ကာရက၌၊ တတိယာ-ဝိဘတ္တိ ဟောတိ၊ အဂ္ဂိနာ-မီးဖြင့်၊ ကုဋ္ဋိံ-တံကုဋ္ဋိကို၊ ဈာပေတိ-လောင်စေ၏၊ ဝါ-တိုက်၏၊ ပဒုဋ္ဌေန-ဖျက်ဆီးအပ်သော၊ မနသာ-စိတ်ဖြင့်၊ စေ (ဘာသတိဝါ)-အကယ်၍မူလည်း ပြောဆိုအံ့၊ ပသန္နေန-ကြည်လင်သော၊ မနသာ-ဖြင့်၊ ဓစ (ဘာသတိဝါ)-အံ့၊ ကာယေန-ကိုယ်ဖြင့်၊ ကမ္မံ-အမှုကို၊ ကရောတိ-ပြု၏။ (၁၃, ၂၉၁)။

---

**အာဒိဖြင့် ယူရန်**။ ။ဘုမ္မာ မန္တာဒေါ်ကို''ဘုမ္မ-(သတ္တမီအနက်)+အာမန္တ-(အာလုပ်အနက်)+အာဒေါ်''ဟု ပုဒ်ဖြတ်၍ အာဒိဖြင့် ''ယေန ဘဂဝါ-အကြင် အရပ်၌ ဘုရားရှင်၏''ဟူရာဝယ် ယေနသည် ဒီသာ အနက်ဟောတည်း၊ ထို ဒိသာ အနက်ဟော သဒ္ဒါ၏ ယှဉ်ရာ ဘဂဝါ၌ ပဌမာသက်ခြင်းကို ဒိသာယောဂ ပဌမာ ဟု ဆိုကြ၏၊ သို့သော် ဘဂဝါနောင် အတ္တိဟု ကြိယာကိုထည့်၍ စပ်ရသောကြောင့် ကတ္တုအရ၌ ပါဝင်ပြီဟု ထင်သည်။ [ဟေတု-ကတ္တု-ကမ္မ အနက်တို့၌ ပဌမာလည်း စင်စစ်အားဖြင့် နောက်ကြိယာတို့က ဟေတုကတ္တား သုဒ္ဓကတ္တား ကံအနက်များကို ဟောပြီးဖြစ်၍ သံသဋ္ဌလိင်္ဂတ္တများပင် ဖြစ်၏၊တိုက်ရိုက်မပါသေးသော ကရိုဏ်းအနက် စသည်၌ နျာသဝယ် မည်သည့်သုတ်ဖြင့် သက်ရမည်-ဟု မပြသော်လည်း နိဒ္ဒေ ၌ကား စ သဒ္ဒါဖြင့် ပဌမာသက်ဟု ဆိုသည်။

[ဆောင်] လိင်-ဟေ-ကတ်-ကံ, ကရဏတ် သမ်နှင့်, ပါဒါန်သာမိ, ဘုမ္မိအာလုပ်, စသည်ထုတ်တွေ့, အာလပနေစ, သုတ်၌ စဖြင့်, ကျန်သမျှနက်, ပဌမာသက်, မိန့်မြွက်ကြလေသည်။

၂၀၆။ **ကရဏ ကာရကေ**—ကာရက ဟူရာ၌ သတ္တိ-ဒြပ်-သဒ္ဒါ-၃ မျိုးလုံး ပါဝင်ကြောင်းကို နားလည်ပြီး ဖြစ်ပေလိမ့်မည်၊ ထို ၃ မျိုးတွင် သတ္တိနှင့် ဒြပ်သည် အနက်တည်း၊ ထို့ကြောင့် အဂ္ဂိနာ၌ မီး၏ လောင်ကျွမ်းခြင်းကြိယာကို ပြီးစေ နိုင်သော ကြိယာသာဓက တမ သတ္တိသည် မုချ ကရဏကာရက (ဝါ-မုချ ကရိုဏ်း အနက်)တည်း၊ ထို ကရိုဏ်းအနက်၌ အဂ္ဂိနောင် နာ ဝိဘတ်သက်။

**အဂ္ဂိနာ၊ပေ၊ ကမ္မံ ကရောတိ**—''အဂ္ဂိနာကို အဂ္ဂိလိင်တည်, ကရိုဏ်းအနက်ကို ဆိုလိုရကား ''ယေန ဝါ ကရိယတေ တံ ကရဏံ''သုတ်ဖြင့် အဂ္ဂိကို ကရိုဏ်းအမည် မှည့်, ကရဏေ တတိယာသုတ်ဖြင့် ကရိုဏ်းအနက်၌ တတိယာဝိဘတ် ဧကဝုစ် နာသက်''ဟု ဝိဘတ်သွယ် ဆိုရိုးကို သိပါ၊ မနသာ ကာယေနတို့၌လည်း ဤနည်း အတိုင်း ဝိဘတ်သွယ် ဆိုရိုးပြု၍ နာဝိဘတ် သက်, နာမ်၌ ပြခဲ့သည့်အတိုင်း နာမ်ရုပ် တွက်လေ။ [ဤ ကာရကအခန်း၌ ဝိဘတ်တို့၏ ဟောနက်ကို သိဖို့သာ လိုရင်းတည်း၊ ဝိဘတ်နက်အတိုင်း ဆိုင်ရာသုတ်ဖြင့် နာမည်မှည့်မှု ဝိဘတ်သက်မှုကို ပြုပြီးနောက် နာမ်ရုပ်ပြီးအောင် တွက်ဖို့မှာ နာမ်အခန်း၏ တာဝန်သာ ဖြစ်၏၊ ထို နာမ်ရုပ် မကြေသေးသူတို့ကို ဤအခန်းကျမှ နာမ်ရုပ် တွက်ပြနေသဖြင့် အချိန်ကုန် လူပန်းရုံသာ ရှိမည်။]

**စိစစ်ချက်။** ။ရှေးဝိဘတ်သွယ်ဆိုရိုးများ၌"ဖြင့်"ဟူ၍ အနက်ပေးသောကြောင့် ကရိုဏ်းအနက်ကို အလိုရှိရကား စသည်ဖြင့် တွေ့ရ၏၊ အမှန်မှာ ဖြင့် ဟူ၍ အနက်ပေးသောကြောင့် ကရိုဏ်းအနက်ကို ဆိုလိုသည် မဟုတ်, ဖြင့် ဟူ၍ အနက်ပေးသောကြောင့် နာဝိဘတ် သက်ရသည်လည်း မဟုတ်၊ ကရိုဏ်းအနက်ကို ဆိုလိုသောကြောင့် နာဝိဘတ် သက်ရခြင်း, နာဝိဘတ် သက်ထားသောကြောင့် "ဖြင့်"ဟု အနက်ပေးရခြင်း ဖြစ်သည်၊ "အား ဟူ၍၊ပေ၊ ၌ ဟူ၍ အနက်ပေးသောကြောင့်" ဟူရာတို့၌လည်း ဤနည်းအတိုင်း စိစစ်၍ "ကမ္မတ္ထဝစနိစ္ဆာယံ၊ပေ၊ ကမ္မသညံ့ ဟောတိ၊ပေ၊ ဒုတိယေက ဝစနံ အံ"စသော ရူပသိဒ္ဓိ ဝိဘတ်သက်ပုံကိုလည်း သတိထားကြပါလေ။

**ပဒုဒ္ဓေန, ပသန္နေန**—ဖြင့်ဟူ၍ အနက်ပေးရာ၌ ဤသုတ်ဖြင့် နာဝိဘတ်သက်လျှင် ရှိပါစေတော့၊ "သော"ဟု အနက်ပေးရသော "ပဒုဒ္ဓေန, ပသန္နေန"တို့၌ အဘယ်သုတ်ဖြင့် နာဝိဘတ် သက်ရမည်နည်း—ဟု မေးဖွယ်ရှိ၏၊ အဖြေကား—"သော"ဟူ၍ ပေးရသောအနက်သည် "တုလျာဓိကရဏ ဝိသေသန"အနက်တည်း၊ ထိုဝိသေသန အနက်တို့သည် အပဓာနဖြစ်ရကား ပဓာနဖြစ်သော ဝိသေသျတို့၏ နောက်လိုက်များသာတည်း၊ ထို့ကြောင့် "လယ်ထွန်ရာ၌ ထွန်၏နောက်သို့ ရေအနည်းငယ် လိုက်သွားသကဲ့သို့ ပဓာန ဝိသေသျတို့နောင် ဝိဘတ်သက်သောသုတ်ဖြင့်ပင် အပဓာန ဝိသေသနတို့ နောက်၌လည်း ဝိဘတ်သက်ရသည်"။

> ပဓာနမပ္ပဓာနေသု, ပဓာနေ ဂဟိတေ သတိ၊
> ဂဟိတံ အပ္ပဓာနံပိ, နင်္ဂလာနုဒကံ ယထာ။

ပဓာနမပ္ပဓာနေသု-ပဓာန အပဓာန ၂ မျိုးတို့တွင်၊ ပဓာနေ-ပဓာန အနက်ကို၊ ဂဟိတေ-ယူအပ်သော်၊ ဝါ-ယူလိုက်လျှင်၊ အပ္ပဓာနံပိ-ဝိသေသန အပ္ပဓာန အနက်ကိုလည်း၊ ဂဟိတံ-ယူအပ်တော့၏၊ နင်္ဂလာနု (နင်္ဂလံ+အနု)—ထွန်နောက်လိုက်သော၊ ဥဒကံ ယထာ-ရေကဲ့သို့တည်း။

**တနည်း။** ။"ဝိသေသန ပဒါနဉ္စ ပဌမံ ကြိယာပဒေန သမ္ဗန္ဓံ ကတွာ ပစ္ဆာ ဝိသေသျပဒေဟိ သမ္ဗန္ဓော ကာတဗ္ဗော,ဝံ ဟိ တတော ဥပယောဂဝစနံ=ဝိသေသန ပုဒ်တို့၏ ရှေးဦးစွာ ကြိယာနှင့် စပ်မှုကို ပြုပြီး၍, နောက်မှ ဝိသေသျပုဒ်တို့နှင့် စပ်မှုကို ပြုထိုက်၏၊ ဤသို့ ရှေးဦးစွာ ကြိယာနှင့်စပ်မှ ထိုဝိသေသန အပဓာနပုဒ်နောင် ဒုတိယာဝိဘတ် သက်နိုင်မည်"ဟူသော ရှေးဆရာတို့ အလိုအားဖြင့် "ပဒုဒ္ဓေန" ဟူသော ဝိသေသနပုဒ်ကို ဘာသတိဟူသော ကြိယာနှင့် ဦးစွာ စပ်၍ "ပဒုဒ္ဓေန ဘာသတိ-ဖျက်ဆီးအပ်သောအရာဖြင့်ဆို၏"ဟု အနက်မှတ်၊ထို့နောက်မှ ပဒုဒ္ဓေနကို မနသာ၌ စပ်၍ "သော"ဟု ဝိသေသန အနက် မှတ်ရသည်။

**ဝိဘတ်သက်ပုံ။** ။ပဒုဒ္ဓေနကို ပဒုဋ္ဌတည်, သော ဟူ၍ အနက်ပေးသော်လည်း မနသာ၌ စပ်ရသောကြောင့် ကရိုဏ်းအနက်ကိုပင် အလိုရှိရကား ယေနဝါ၊ပေ၊ ကရိုဏ်း အမည်မှည့်၊ကရဏေ တတိယာသုတ်ဖြင့်၊ပေ၊ နာသက်၊ ဤကား ပဌမနည်း အလိုတည်း၊ ဒုတိယနည်း အလိုသော် "ပဒုဋ္ဌ"တည်, ကရိုဏ်းအနက်ကို အလိုရှိရကား-စသည်ဖြင့် ဆိုရိုးအတိုင်း ဆိုရုံသာ။ ["ပသန္နေန"၌လည်း နည်းတူ။]

**သဟာဒိယောဂေစ** ၂၇၇။ သဟာဒိယောဂေ-သဟ အစရှိသော သဒ္ဒါတို့နှင့် ယှဉ်သော လိင်၌လည်းကောင်း၊ အတ္ထေစ-သဟ သဒ္ဒါ၏ အနက်၌လည်းကောင်း၊ တတိယာ ဝိဘတ္တိ-သည်၊ ဟောတိ-၏၊ ဂရုနေ-ရှုးနေသော ဂရု ရဟန်းနှင့်၊ သဟာပိ-တကွလည်း၊ သံဃော-သံဃာသည်၊ ဥပေါသထံ-ဥပုသ်ကို၊ ကရေယျ-ပြုနိုင်၏၊ ဂရုနေ-နှင့်၊ ဝိနာပိ-ကင်း၍လည်း၊ (သံဃော ဥပေါသထံ ကရေယျ)၊ မဟတာ-များစွာသော၊ ဘိက္ခုသံဃေန-

---

၂၇၇။ **သဟာဒိယောဂတ္ထေစ**—သဟာဒိယောဂေစ၌ စသဒ္ဒါသည် သဟတ္ထကို ဆည်းယူခြင်းဟူသော သမုစ္စည်းအနက်ရှိ၏၊ ထို့ကြောင့် ထိုစသဒ္ဒါဖြင့် ဆည်းအပ်သော သဟတ္ထကိုထည့်၍ "သဟာဒိယောဂတ္ထေ"ဟု ဝုတ္တိဖွင့်သည်၊ "သဟာဒိယောဂေ+အတ္ထေ"ဟု ပုဒ်ဖြတ်၍ အတ္ထေဖြင့် သဟတ္ထကို ပြသည်—ဟု ဆိုလိုသည်၊ [စသဒ္ဒေန သဟတ္ထေပိ (ရူ)၊ အယံ ပနေတ္ထ ပဒစ္ဆေဒေါ—"သဟာဒိယောဂေ+အတ္ထေ စာတိ" (နျာသ)၊] သဟ အာဒိ ယေသံတိ သဟာဒယော၊ ယေသံ-အကြင် သဒ္ဓိံ, သမံ, နာနာ, ဝိနာ, အလံ, ကိံ စသော သဒ္ဒါတို့၏၊ သဟ-သဟသဒ္ဒါဟူသော၊ အာဒိ-အစသည်၊ အတ္ထိ, ဇာတိ, တေ, သဟာဒယော-သဟာဒိတို့ မည်၏၊ သဟာဒီဟိ-တို့နှင့်+ယောဂေါ-ယှဉ်ခြင်းသည်၊ ဝါ-ယှဉ်သောသဒ္ဒါသည်၊ သဟာဒိယောဂေါ-မည်၏၊ "သဟာဒိ"ဟူသော သမာသ်ပုဒ်သည် (ဗုဒ္ဓပ္ပမုခေါ-ပုဒ်ကဲ့သို့) အညပဒတ္ထ တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိတည်း၊ ထို့ကြောင့် သဟာဒိအရ၌ သဟသဒ္ဒါလည်း ပါဝင်သည်။

**သဟယောဂ စသည်အခွဲ။** ။ဤ ပြခဲ့သော စကားစဉ်ဖြင့် "သဟာဒိယောဂ သဟတ္ထ" ၂ မျိုး၌ ဤသုတ်ဖြင့် တတိယာသက်ဟု သိသာ၏၊ ရှေးဆရာတို့ကား "သဟယောဂ-သဟာဒိယောဂ-သဟတ္ထ"ဟု ၃ မျိုး ခွဲကြသေး၏၊ "သဟာပိ ဂရုနေ"ကဲ့သို့ သဟသဒ္ဒါနှင့် တိုက်ရိုက်ယှဉ်သော လိင်သည် သဟယောဂ မည်၏၊ "ဘိက္ခု သံဃေန သဒ္ဓိံ၊ဝိနာပိ ဂရုနေ"စသည်ကဲ့သို့ သဒ္ဓိံ ဝိနာ စသော သဒ္ဒါတို့နှင့် ယှဉ်သော လိင်သည် သဟာဒိယောဂ မည်၏၊ ထို့ကြောင့် ဝိနာပိ ဂရုနေ စသော ပုံစံတို့သည် အာဒိ ပုံစံများတည်း၊ သဟာဒိသဒ္ဒါများနှင့် မယှဉ်ပဲလျက် သဟသဒ္ဒါ၏ အနက်ကို ထည့်စွက်၍ပေးရာ၌ကား သဟတ္ထ ဖြစ်၏၊ ပုံစံကား—ဒေဝဒတ္တော ရာဇဂဟံ ပါဝိသိ ကောကာလိကေန ပဉ္စာသမဏေန-ဒေဝဒတ်သည် နောက်လိုက် ရဟန်းဖြစ်သော ကောကာလိကနှင့် (တကွ) ရာဇဂြိုဟ်မြို့သို့ ဝင်ပြီ၊ ဤ၌ "တကွ"ဟူသော အနက်ကို ထည့်စွက်ပေးရ၏၊ သဟတ္ထဟူရာ၌ သဟသဒ္ဒတ္ထယောဂဟုလည်း ရူဋီကာဆို၏၊ ရုပ်တွက်ပုံကို အခြေပြု မှီ၍ဆို၊ "ဘိက္ခုသံဃ-မဟန္တ-သဟာယ"တည်၍ နည်းတူတွက်။

**အပဓာနနောင် တတိယာသက်။** ။သဟာပိ ဂရုနေ သံဃော ဥပေါသထံ ကရေယျ၊ ဤပုံစံ၌ ဂရုရဟန်းသည်လည်းကောင်း, သံဃာသည်လည်းကောင်း အတူတကွ ဥပုသ်ပြု၏—ဟု အဓိပ္ပာယ်ရ၏၊ ဤသို့ဖြစ်လျှင် အတူတကွ အနက်ဟော သဟသဒ္ဒါနှင့် ဂရုသံဃသဒ္ဒါ ၂ မျိုးလုံးပင် ယှဉ်ရကား ထိုဂရုသဒ္ဒါ သံဃသဒ္ဒါ ၂ မျိုးလုံး

ရဟန်းအပေါင်းနှင့်၊ သဒ္ဓိံ-တကွ၊ သဟဿေန-တထောင်နှင့်၊ သမံ-အညီအမျှ၊ မိတာ-နှိုင်းယှဉ်အပ်ကုန်၏။ (၂၉၆)။

**ကတ္တရိစ** ၂၀၀။ ကတ္တရိစ-ကတ္တု ကာရက ၌လည်း၊ တတိယာဝိဘတ္တိ ဟောတိ၊ ရညာ-မင်းသည်၊ ပေါသော၊ ယောကျ်ားကို၊ ဟတော-သတ်အပ်၏၊ ယက္ခေန-နတ်သည်၊ ဝရော-ဆုကို၊ ဒိန္နော-ပေးအပ်ပြီ၊ အဟိနာ-မြွေသည်၊ နရော-လူကို၊ ဒဋ္ဌော-ကိုက်အပ်ပြီ။ (၇၀, ၂၉၃)။

**ဟေတွတ္ထေစ** ၂၀၉။ ဟေတွတ္ထေစ-ဟိတ် အနက်၌လည်း၊ တတိယာဝိဘတ္တိ ဟောတိ၊ အန္နေန-ထမင်းကြောင့်၊ ဝသတိ-နေ၏၊ [''ဓမ္မေန-တရားကြောင့်၊ ဝိဇ္ဇာယ-အတတ် ပညာကြောင့်၊ သက္ကာရေန-ပူဇော်သက္ကာရ ကြောင့်''ဟု ပေး။] (၂၉၇)။

---

ပင် သဘာဒိယောဂ ဖြစ်နေ၏၊ ထို့ကြောင့် သဒ္ဒါ ၂ မျိုး၌ ဖြစ်စေ-ထို သဒ္ဒါ ၂ခုတွင် အမှတ်မရှိ တခုခု၌ဖြစ်စေ တတိယာ သက်သင့်သည် မဟုတ်ပါလော—ဟု မေးဖွယ် ရှိ၏၊ အဖြေကား—ဆဋ္ဌီဝိဘတ်သည် အပ္ပဓာနဝိသေသနနောင် သက်မှ သမ္ဗန် အနက်ကို ထွန်းပြနိုင်သဖြင့် အပ္ပဓာနသမ္ဗန္ဓိပုဒ်နောင် သက်ရသကဲ့သို့, ထို့အတူ အပ္ပဓာန သဒ္ဒါနောက်၌သာ သက်ရသည်၊ ထို့ကြောင့် ''တေဟိ သဟာဒိဟိ သဒ္ဒေဟိ ယောဂေ အပ္ပဓာနေ တတိယာ''ဟု ရူ၌လည်းကောင်း ''တတိယာပိ ဆဋ္ဌီဝ အပ္ပဓာနေ ဧဝ ဘဝတိ''ဟု မောဂ္ဂလ္လာန်၌လည်းကောင်း ''သဟ ယုတ္တေ-ပ္ပဓာနေ (သဟယုတ္တေ+အပ္ပဓာနေ)''ဟု ပါဏိနိ၌လည်းကောင်း မိန့်သည်။

**ပဓာန အပ္ပဓာန အခွဲ။** ။သံဃာ၏ ဥပုသ်ပြုခြင်းသည် ပဓာနတည်း၊ ဂဂ္ဂ ရဟန်းကား ရူးနေရှာသဖြင့် ဥပုသ်ပြုရာ၌ ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ အရေး မကြီးသူ အပ္ပဓာနတည်း၊ ထို့ကြောင့် ဂဂ္ဂကို အပ္ပဓာနဟု ဆိုသည်၊ ထို့အတူ ''ပုတ္တေန သဟ ထူလော ပိတာ''၌ အဘသည် ပဓာန, သားသည် အပ္ပဓာန၊ ဘဂဝါ သဒ္ဓိံ ဘိက္ခုသံဃေန''၌ ဘဂဝါသည် ပဓာန,ဘိက္ခု သံဃာသည် အပ္ပဓာန, စသည်ဖြင့် ခွဲလေ။ [မောဂ္ဂလ္လာန် ပဉ္စိကာ၌ကား ပင်ကိုယ်အတိုင်း ပဓာန ဖြစ်သော်လည်း ဝဒန္တပုဂ္ဂိုလ်က အပ္ပဓာန အနေအားဖြင့် ပြောလိုလျှင် အပ္ပဓာန ဖြစ်၏၊ ထို့ကြောင့် ဝဒန္တပုဂ္ဂိုလ်က သားကို ပဓာနထား၍ ပြောလိုရာ၌ အဘဟော သဒ္ဒါနောင် တတိယာသက်ပြီးလျှင်''ပိတရာ သဟ ဂတော ဒေဝဒတ္တော=သားဖြစ်သူ ဒေဝဒတ်သည် အဘနှင့် အတူသွား၏''ဟု ဖြစ်နိုင်ကြောင်းကို မိန့်သေးသည်။]

**ပဉ္စမီ သတ္တမီလည်း သက်။** ။သဟယောဂ၌ ပဉ္စမီ သတ္တမီ ဝိဘတ်များလည်း သက်နိုင်၏၊ သဟ+ပရိနိဗ္ဗာနာ (ပရိနိဗ္ဗာန် စံရာကာလနှင့် တပြိုင်နက်) မြဟ္မာ သဟမ္ပတိ ဂါထာယ အဇ္ဈဘာသိ (ပရိနိဗ္ဗာနသုတ်, သဟယှဉ်ရာ၌ ပဉ္စမီသက်ပုံ)၊ သဟ ဝတ္ထုဋ္ဌာစာရာတိ-ဝတ္ထုဝီတိက္ကမေန+သဟ၊ သဟယောဂေ ကရဏဝစနပ္ပ သင်္ဂေ ဇူဒံ နိသက္ကဝစနံ (ဘိက္ခုနီ ပဌမ သံဃာဒိသေသ, သာရတ္ထ)၊ သဟ သစ္စေ

ကတော မယုံ=ငါသည် သစ္စာကို ပြုအပ်သည်နှင့် တပြိုင်နက် (စရိယာပိဋက, သစ္စာမိ သက်ပုံ)၊ ဤ ဝိဘတ်များကို ကတ္တုရိစ၌ စ သဒ္ဒါဖြင့်သော်လည်းကောင်း "သဟာဒိ ယောဂေစ" ကို ဝိနာဓိကာရ ယောဂဝိဘာဂလုပ်၍သော်လည်းကောင်း သက်ဟုကြံ။

၂၀၀။ **ကတ္တုရိစ**—ကတ္တုရိစ၌ စသဒ္ဒါသည် တိုက်ရိုက် မဆိုအပ်သော အနက် တိုက်ရိုက်မဆိုအပ်သော ယှဉ်ဘက်များကို ဆည်းခြင်း (အဝုတ္တသမုစ္စည်း) အနက်ရှိ၏၊ ရှေ့ဦးအံ့-တတိယာ ဝိဘတ် သက်နိုင်သော သုတ်များသည် ကရဏေ တတိယာ သုတ်မှစ၍ ဝိသေသနေစသုတ် တိုင်အောင် ၇ သုတ်နှင့် မဏ္ဍူကတုသုတ္တေသု သုတ်ပါ ၈ သုတ်ရှိ၏၊ ထိုသုတ်များ၌ ပြထားသောအနက်နှင့် ယှဉ်ဘက်များမှတပါး အခြား သော အနက်နှင့် ယှဉ်ဘက်များ၌ တတိယာ သက်လိုလျှင် ဤသုတ်လာ စသဒ္ဒါဖြင့် သက်ရ၏၊ ရှု၌ ပုံစံနှင့်တကွ ပြထား၏၊ အချုပ်မှတ်ရန်ကား....

[ဆောင်] ကတ္တုရိစ, သုတ်၌စဖြင့်, သက်ကြဖို့ရန်, ဇုတ္တမ္ဗု။တ-လက္ခဏနှင့်,
ကြိယာ့ပဝဂ်, နောက်ဆက်ပုဗ္ဗ, သဒိသဟူ, သမူနတ္ထ, ကလဟတည်း,
နိပုဏမိဿကာ, သခိလာအတ္ထ, ယှဉ်သမျှပြင်, ကာလအဒ္ဓါ, ပဉ္စတ္တာ
ကမ္မတ်, ပဥ္စမျတ်ဟု, များလတ်ပေစွ, နက် ယောဂ, ရှုပသိဒ်၌ ဆို။

**ဝိဘတ်သွယ်ဆိုရိုး**။ ။ရညာကို ရာဇလိုင်တည်, ကတ္တားအနက်ကို အလိုရှိရကား ယောကရောတိ သကတ္တာသုတ်ဖြင့် ရာဇကို ကတ္တားအမည်မှည့်၊ ကတ္တုရိစ သုတ်ဖြင့် ကတ္တားအနက်၌ တတိယာဧကဝုစ်နာဝိဘတ်သက်၊ ထို့နောက် နာမှိ ရညာဝါသုတ်ဖြင့် စီရင်။ [ရှေးဝိဘယ်သွယ်၌ "ကရဏေ တတိယာသုတ်ကိုလိုက်စေ၍, ကတ္တုရိစသုတ် ဖြင့်" ဟု လိုက်သုတ်ကိုပါ ထည့်ပြထားသည်၊ "ယက္ခ-အဟိ" တည်၍ ယက္ခေန အဟိနာတို့၌လည်း ဝိဘတ်သက်ပုံကို သိပါ၊ "သာမိကေန ဒါသော ဂါမံ ဂစ္ဆာပီ ယတေ" စသော ကံဟော ဟေတုဝါကျ၌ "သာမိကေန" ကဲ့သို့သော ဟေတုကတ္တား ကို "ယောကာရေတိ သဟေတု" သုတ်ဖြင့် ဟေတုကတ္တားအမည်မှည့်၍ ဤသုတ်ဖြင့် နာသက်။]

၂၀၉။ **ဟေတွတ္ထေစ**—ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု၊ ဟေဘု ယေဝ အတ္ထော ဟေတွတ္ထော၊ ဧတေန-ဤ အကြောင်းကြောင့်၊ ဖလံ-အကျိုးသည်၊ ဟိနောတိ၊ပဝတ္တတိ-ဖြစ်ရ၏၊ ဣတိ, ဟေတု-ဟိတ်မည်၏၊ ဤဝိဂြိုဟ်နှင့်အညီ "အန္နေန ဝသတိ" ၌ စားရလိမ့်မည် ထမင်းကြောင့် နေခြင်းကြိယာ ဟူသော အကျိုးဖြစ်ရကား ထမင်းသည် နေခြင်းကြိယာ၏ ဖြစ်ကြောင်းတည်း၊ ထို့ကြောင့် ထမင်း ဟူသော အနက်သည် မုချဟေတု မည်၏၊ ထို ဟိတ် အနက်ကို အနွသဒ္ဒါကသာ ဟော၏၊ တတိယာ ဝိဘတ် သက်ရသည်၊ ဤကား ဝိဘတ်သည် ဝါစက မဟုတ်, ဇောတက (ထွန်းပြရုံ) မျှသာ ဟု အယူရှိသော ဆရာတို့ အလိုတည်း။ ထို့ကြောင့် ကာတန္တ ဝုတ္တိ၌ "ဟေတွတ္ထေ ဝတ္တမာနာ လိင်ဂါ တတိယာ ဘဝတိ=ဟိတ်အနက်၌ ဖြစ်သော လိင့်နောင် တတိယာသက်" ဟု ဖွင့်သည်။

**ဝါစကအယူ**။ ။ဒုတိယာစသော ဝိဘတ်များသည် ဝါစကသတ္တိရှိ၏-ဟု အယူ ရှိသော ဆရာတို့ အလိုအားဖြင့် ထမင်းဒြပ်၌ နေခြင်း ကြိယာကို ဖြစ်စေနိုင်သော

ဟေတုသတ္တိ ရှိ၏၊ ထမင်းဒြဗ်ကို အန္နသဒ္ဒါက ဟော၍ ဟေတုသတ္တိ ဟူသော ဟိတ် အနက်ကို တတိယာဝိဘတ်က ဟောသည်-ဟု ယူရသည်၊ ထိုဆရာတို့ အလိုအတိုင်း ''ဟေတွတ္ထေ တတိယာဝိဘတ္တိ=ဟိတ်အနက်၌ တတိယာဝိဘတ်သက်''ဟု ဤကစ္စည်း ဝုတ္တိဖွင့်သည်၊ ဝိဘတ်သက်သော သုတ်များ၌ ဤနည်းချည်းတည်း။

**ဟိတ်နှင့် ကရိုဏ်းအထူး။** ။ဟိတ်နှင့် ကရိုဏ်း ၂ မျိုးလုံးပင် ကြိယာ၏ အကြောင်း ဖြစ်နိုင်ရကား အဘယ်သို့ ထူးသနည်း....ဟု မေးဖွယ်ရှိ၏၊ အဖြေကား- ကရိုဏ်းသည် ကာရကတည်း, ဟိတ်ကား ကာရက မဟုတ်၊ ''ကရောတိ ကြိယံ အဘိ နိပ္ဖါဒေတိ'' နှင့်အညီ ကြိယာကို တိုက်ရိုက် ပြီးစေ နိုင်သော အကြောင်းသည်သာ ကရိုဏ်း မည်၏၊ ကြိယာကို တိုက်ရိုက် မပြီးစေနိုင်သောအကြောင်းသည် ဟိတ် မည်၏၊ ထို့ကြောင့် ''အန္နေန ဝသတိ''၌ စားရလတ္တံ့သော ထမင်းသည် နေခြင်းကြိယာ၏ အကြောင်းမျှသာဖြစ်၏၊ နေခြင်းကြိယာဟူသော အကျိုးကိုကား တိုက်ရိုက်မပြီးစေ နိုင်၊ ထမင်း၏ တိုက်ရိုက် ပြီးစေနိုင်သော အကျိုးကား စားရခြင်း ကြိယာတည်း၊ ထမင်းကြောင့် နေ၏, နေခြင်းကြောင့် စားရ၏၊ ဤသို့လျှင် ကြိယာကို တိုက်ရိုက်မပြီး စေပဲ ကြိယာ၏ အကြောင်းမျှ ဖြစ်သော အနက်သည် ဟိတ် ဖြစ်၏၊ ''ပရသုနာ ဆိန္ဒတိ=ပုဆိန်ဖြင့် ဖြတ်၏'' ဟူရာ၌ ပုဆိန်သည် ဖြတ်ခြင်း၏ အကြောင်းလည်း ဟုတ်၏၊ ဖြတ်တိုင်းဖြတ်တိုင်း ပုဆိန်နှင့်မကင်းရကား ဖြတ်ခြင်း ကြိယာဟူသော အကျိုး လည်း တိုက်ရိုက်ရှိ၏၊ ဤသို့လျှင် ကြိယာ၏ အကြောင်းလည်း ဖြစ်-တိုက်ရိုက်အားဖြင့် ကြိယာဟူသော အကျိုးလည်းရှိသော အနက်သည် ကရိုဏ်းဖြစ်၏။

**[ပါဠိဋီကာများ]** ဟေတုအတ္ထော ဟိ ကြိယာကာရဏံ, န ကရဏံဝိယ ကြိယတ္ထော၊ [ဟိတ် အနက်သည် ကြိယာ၏ အကြောင်း သာဖြစ်၏၊ ကရဏကာရက (ကရိုဏ်း အနက်) ကဲ့သို့ တိုက်ရိုက် ကြိယာဟူသော အကျိုးကား မရှိ။]

**သက္ကတ အဆို။** ။ဟိတ်သည် ဒြဗ် ဂုဏ် ကြိယာ ၃ မျိုး၌ စပ်ရသဖြင့် ထို ၃ မျိုး လုံးနှင့် ဆက်ဆံ၏၊ ကရိုဏ်းကား ကြိယာတမျိုးသာ အမြဲဆက်ဆံသည်၊ ဟိတ်သည် အကျိုးကို ပြီးစေဖို့ရန် အချို့ဗျာပါရ ရှိ၍ အချို့ကား ဗျာပါရ မရှိ၊ ကရိုဏ်းကား အကျိုးကြိယာကို ပြီးစေဖို့ရန် အမြဲဗျာပါရ ရှိသည်၊ ဋ္ဌါအံ့-ဒဏ္ဍေန ဃဋော-တုတ်ကြောင့် အိုးဖြစ်၏၊ ဤ၌ ဒဏ္ဍကို ဃဋော၌ (အိုးဒြဗ်၌) စပ်ရ၏၊ အိုးလုပ်သော တုတ် လက်ခတ်၌ အိုး ဖြစ်ဖို့ရန် ဗျာပါရကား ရှိနိုင်ပေ၏၊ သို့သော် ကြိယာ၌ မစပ်ရသဖြင့် ကာရက မဟုတ်,ဟိတ်သာ၊ [အိုးလုပ်သူ၏ဗျာပါရကို တုတ်၌ တင်စား၍ တုတ်ကိုလည်း ဗျာပါရ ရှိသည်-ဆိုထားသည်၊] ''ပုညေန ဒိဋ္ဌော ဟရိ=ရှေးကောင်းမှုကြောင့် ဗိဿဏိုးကို မြင်အပ်၏''ဟူရာ၌ ပုညေနကို ဒိဋ္ဌော ဟူသော ကြိယာ၌ စပ်ရ၏၊ ထို ရှေးကောင်း မှု၌ နဂိုရ်က ဗိဿဏိုးမြင်ဖို့ရန် ဆုတောင်း၍ပြုခဲ့လျှင် ဗျာပါရရှိ၏၊ ဆုမတောင်းပဲ မြင်ရ လျှင် ဗျာပါရမရှိ၊ ''ပုညေန ဂေါရဝဏ္ဏော=ရှေးကောင်းမှုကြောင့် ဖြူစင်သောအဆင်း ရှိ၏'' ဟူရာ၌ ပုညေနကို ဂေါရဝဏ္ဏော=ဟူသော ဂုဏ်၌စပ်ရ၏၊ ဗျာပါရ ရှိ-မရှိမှာ

ရှေးနည်းအတိုင်းတည်း၊ ''ပရသုန္နာ ဆိန္ဒတိ''စသည်၌ ပရသုကို ဆိန္ဒတိကြိယာ၌သာ စပ်ရပုံ—(ဖြတ်သူ၏ ဗျာပါရကို ပုဆိန်၌ တင်စား၍) ပုဆိန်၌ ဗျာပါရရှိပုံကို သိပါ။

[သိဒ္ဓန္တကောမုဒီ] ဒဗ္ဗာဒိသာဓာရဏံ, နိဗျာပါရသာဓာရဏဉ္စ ဟေတုတ္တံ၊ ကာရဏတ္တံ တု ကြိယာမတ္တဒိသယံ ဗျာပါရနိယတဉ္စ။ [ဒြဗ် ဂုဏ် ကြိယာတို့နှင့် ဆက်ဆံသည်လည်းဖြစ်သော, ဗျာပါရ မရှိခြင်းနှင့် ဆက်ဆံသည်လည်းဖြစ်သော အနက်သည် ဟိတ် အဖြစ်ဘည်း၊ ကြိယာမျှသာ အရာရှိသော မြဲသော ဗျာပါရရှိသော အနက်သည် ကရိုဏ်းအဖြစ် မည်၏။]

**ဒဗ္ဗာဒိ၌ အာဒိဖြင့် ဂုဏ် ကြိယာတို့ကို ယူ။** ။နိဗျာပါရသာဓာရဏဉ္စဖြင့် သဗျာပါရကိုလည်း ဆည်းယူ၊ ထို့ကြောင့် တတ္တဗောဓိနီဋီကာ၌ ''ဒဗ္ဗဂုဏကြိယာနံ ရူပိတံ-ဒြဗ် ဂုဏ် ကြိယာတို့ကို ပြတတ်သော၊ နိဗျာပါရ သဗျာပါရဝုတ္တိစ-ဗျာပါရ မရှိသူ၏ အဖြစ်, ဗျာပါရရှိသူ၏ အဖြစ်လည်းဖြစ်သော၊ ယံ-အကြင်အနက်သည်၊ (အတ္ထိ)၊ တံ ဟေတုတ္တံ''ဟု ဖွင့်သည်၊ အချုပ်မှတ်ဖွယ်ကား—ဒြဗ် ဂုဏ်တို့ကို စပ်ရာ၌ ဟိတ် သက်သက်သာဖြစ်၍ ကရိုဏ်းနှင့် ယုံမှားဖွယ် မရှိ၊ ကြိယာကို စပ်ရာ၌ကား ယုံမှားဖွယ် ရှိ၏၊ ထို့ကြောင့် အန္နေန ဝသတိ၌ နေခြင်းကြိယာသည် ထမင်းဒြဗ်နှင့် အတူတကွ သဟာစရဏ မဖြစ်, (နေခြင်းကား ရှေ့, ထမင်းကား နေပြီးနောက် အတော်ကြာမှ စားရမည်၊) ထိုသို့ အကျိုးကြိယာနှင့်တကွ မဖြစ်သော အကြောင်းသည် ဟိတ်တည်း၊ ''ပရသုနာ ဆိန္ဒတိ''၌ ဖြတ်တိုင်းဖြတ်တိုင်း ပုဆိန်ပါရ၍ အကြောင်းနှင့်အကျိုး သဟာစရဏ (တကွ) ဖြစ်၏၊ ထိုသို့ အကျိုး ကြိယာနှင့် သဟာစရဏဖြစ်သော အကြောင်းသည် ကရိုဏ်းတည်း—ဟု ခွဲခြားရာ၏။

[ဆောင်] ကြိယာ၌, စပ်ခိုက်ကြုံမှ, အကြောင်းစုကို, ဟေတု-ကရိုဏ်း, ခွဲခဝ ပိုင်းသော်, ချင့်ချိန်ဖွယ်တောင်း, ကျိုးကြောင်း နှစ်ဝ, တကွကျစ်လစ်, မဖြစ်ဟေတု, ဖြစ်မူ ကရဏ, မှတ်ချက်ရသည်, ရှုဆပုံစံ တွေ့တိုင်းတည်း။

**ဝိဘတ်သွယ် ဆိုဦး။** ။အန္နေနကို အန္နတည်, ဟိတ်အနက်ကို အလိုရှိရကား ဟေတွတ္ထေစ သုတ်ဖြင့် ဟိတ်အနက်၌ တတိယာ ဧကဝုစ် နာဝိဘတ်သက်။ [ဓမ္မ-ဝိဇ္ဇာ-သဏ္ဍာရ တည်၍လည်း နည်းတူဆို၊] ရှေးဝိဘတ်သွယ်၌ ''ဟိတ်အနက်ကို အလိုရှိရကား ပရသမညာပယောဂေသုတ်ဖြင့် ဟိတ်အမည်မှည့်''ဟု ဆိုသေး၏၊ ဟေတု-ဟူသော အမည်သည် သဒ္ဒတကျမ်းတို့က တမင်လာမှည့်အပ်သော နာမည် မဟုတ်၊ အကြောင်းအနက်ဖြစ်၍ ''ဟေတု''ဟု သူ့ဘာသာရနေသော အန္ဝတ္ထ နာမည်တည်း၊ သဒ္ဒတ၌ ကိတ္တိမဟိတ်-လောကိတဟိတ်ဟု ဟိတ် ၂ မျိုး ပြ၏၊ ကိတ္တိမ (ပြုလုပ်အပ်-မှည့်ခေါ်အပ်သော) ဟိတ်ဟူသည် ''ယော ကာရေတိ သဟေတု'' သုတ်ဖြင့် မှည့်အပ်သော ဟေတုကတ္တားတည်း၊ လောကိက (သုတ်ဖြင့် မမှည့်ရပဲ လောက၌ ထင်ရှားသော) ဟိတ်ဟူသည် ဤဟိတ်ပင်တည်း၊ ဤ လောကိကဟိတ်ကို ဖလသာဓနယောဂဟေတု (အကျိုးပြီးစေခြင်း၌ သင့်လျော်သော) ဟိတ် ဟုလည်း ခေါ်သည်။

**သတ္တမျတ္ထေစ** ၂၉၀။ သတ္တမျတ္ထေစ - **သတ္တမိဝိဘတ်၏** အနက်၌လည်း၊ တတိယာ ဝိဘတ္တိ ဟောတိ၊ တေန ကာလေန, တေန သမယေန-ထိုအခါ၌၊ ယေန ကာလေန, ယေန သမယေန-အကြင်အခါ၌၊ တေန ခေါ ပန သမယေန-ထိုအခါ၌။ (၂၉၀)။

---

**စ သဒ္ဒါ အနက်**။ ။ဟေတွတ္ထေစ၌ စသဒ္ဒါသည် သဟာဒိယောဂေ သုတ်မှ ယောဂသဒ္ဒါကိုငင်ခြင်း အနုကစ္စန အနက်ရှိ၏—ဟု ဍျာသဆို၏၊ ထို့ကြောင့် ''ကေန ဟေတုနာ - ဘယ်အကြောင်းကြောင့်'' ဟူရာ၌ ဟေတုနာ၌ နာကို သုတ်ရင်းဖြင့် ကေန၌ နာကို (ဟေတုယောဂ-ဟေတုသဒ္ဒါနှင့် ယှဉ်သောကြောင့်) စသဒ္ဒါဖြင့် သက်-ဟု ခွဲခြားစေ လိုသည်၊ ဤစကားလည်း ''သဗ္ဗနာမတော တတိယာစ (ပါဏိနီသုတ်)၊ သဗ္ဗနာမတော ဟေတုသဒ္ဒသ္သစ ပယောဂေ ဟေတုမှိ ဇောတေ တဗ္ဗေ တတိယာ သိယာ ဆဋ္ဌီ၊ ကေနဟေတုနာ ဝသတိ, ကိဿ ဟေတုဿ-အဘယ် အကြောင်းကြောင့် (ဝုတ္တိ)'' ဤ ပါဏိနီကို မှီ၍ ဆိုဟန်တူသည်။

**ဝါတ္တိကသုတ်**။ ။''နိမိတ္တပရိယာယပ္ပယောဂေ သဗ္ဗာသံ ပါယဒဿနံ'' ဟု ဆို၏၊ နိမိတ္တပရိယာယပ္ပယောဂေ-(ဟေတုသဒ္ဒါသာ မက) နိမိတ္တသဒ္ဒါ၏ ပရိယာယ် ဖြစ်သော ဟေတု, ကရဏ, ပယောဇနစသော သဒ္ဒါတို့၏ ယှဉ်ရာ၌၊ သဗ္ဗာသံ- (တတိယာ ဆဋ္ဌီ သာမက) အလုံးစုံသော ဝိဘတ်တို့ကို၊ ပါယဒဿနံ-များသော အားဖြင့် မြင်ရခြင်းသည်၊ ဟောတိ-၏။ ကိံနိမိတ္တံ-အဘယ်အကြောင်းကြောင့်၊ ဝသတိ-နေသနည်း၊ ကေနနိမိတ္တေန၊ပေ၊ ကိသ္မိံ နိမိတ္တေ-ကြောင့်၊ ကိံ ကာရဏံ ကိံ ပယောဇနံ, ကောဟေတု-အဘယ်အကြောင်းကြောင့်၊ပေ၊ ကိသ္မိံဟေတုမှိ-ကြောင့်, စသည်တည်း၊ ထို့ကြောင့် စသဒ္ဒါဖြင့် ဟေတုပယောဂ၌သာ မက, ဟေတွတ္ထပယောဂ၌လည်း တတိယာသက်-ဟု ရှု၍ဆိုသည်၊ စ သဒ္ဒါသည် ဟေတွတ္ထ ပယောဂကို ဆည်းသော သမုစ္စယတ္ထ ဟု ဆိုလိုဟန် တူ၏၊ သဏ္ဍတကျမ်းတို့ အဆိုမှု တတိယာသာ မက, ဟေတွတ္ထပယောဂ၌ ယ-တ-ကိံ စသော သဗ္ဗနာမ်ဖြစ်မှု ဝိဘတ်အားလုံးသက်၍, သဗ္ဗနာမ် မဟုတ်သော သုဒ္ဓနာမ်ဖြစ်မှု တတိယာ-ဆဋ္ဌီ ၂ မျိုးသက်ဟု မှတ်ချက်ချထိုက်သည်။

[ဆောင်] ဟေတွတ္ထေစ, သုတ်၌ စဖြင့်, ယောဂ ငင်လို, ဍျာသဆို၏၊ ရှုပသိဒ္ဓိမှု, မှတ်ယူဟေတွတ္ထ-ပယောဂဆည်း၊ တနည်း သဏ္ဍတ, ယင်း ပယောဂ ဝယ်, ယ-တ-ကိံမှန်, သဗ္ဗနာမ်သုံး, အားလုံး ဝိဘတ်, သက်အပ်မှုချ၊ သုဒ္ဓနာမ်ကား, ၂ ပါး တတိယာ, ဆဋ္ဌီလာသည်,မှတ်ပါပုံစံအရှိတည်း။

၂၉၀။ **သတ္တမျတ္ထေစ**—သတ္တမိယာ+အတ္ထော, သတ္တမျတ္ထော=သတ္တမီဝိဘတ်၏ အနက်၊ စသဒ္ဒါ၏ အနက်ကို အထူးမဆိုကြ, တတိယာသက်ရာဖြစ်သော ရှေးရှုအနက် တို့ကို ပေါင်းသော သမ္ပိဏ္ဍနတ္ထဟု ယူသင့်၏၊ နိဒ္ဒေသ၌ကား ပဥ္စမီအနက်ကို ဆည်းခြင်း အဝုတ္တသမုစ္စည်းအနက် ရှိသည်-ဟု ဆိုသေး၏၊ သို့သော် ပဥ္စမီအနက်၌ တတိယာဝိဘတ်ကို ကတ္တရိစ၌ စသဒ္ဒါဖြင့် သက်နိုင်သောကြောင့် နိဒ္ဒေသစကားကို စဉ်းစားသင့်၏။

ယေနင်္ဂဝိကာရော ၂၉၁။ ဗျာဓိမတာ-အနာရှိသော၊ ယေန အင်္ဂေန-အကြင် အစိတ် အင်္ဂါဖြင့်၊ အင်္ဂိနော-အပေါင်း တကိုယ်လုံး၏၊ ဝိကာရော-ဖောက်ပြန်ခြင်းကို၊ လက္ခီယတေ-မှတ်သားအပ်၏၊ တတ္ထ-ထိုအစိတ် အင်္ဂါ၌၊ တတိယာ ဝိဘတ္တိ ဟောတိ၊ အက္ခိနာ-မျက်စိဖြင့်၊ကာဏော-ကာဏ်းသူ၊

---

မှတ်ချက်။ ။ဤသုတ်ဖြင့် တတိယာဝိဘတ်ကို ကာလ-အဒ္ဓါ-ဒိသာ-ဒေသအနက် ဟော သဒ္ဒါတို့၌သာ သက်-ဟု သတ်မှတ်ကြ၏၊ ထို့ကြောင့် "ပုရတ္ထိမေန ဝေသာ လိက္ခ-ဝေသာလိတော အဝိဒူရေ ပုရတ္ထိမာယ ဒိသာယ-ဝေသာလီမှ မဝေးသော အရှေ့အရပ်၌" ဟု ပါဠိကသုတ် အဋ္ဌကထာဖွင့်သည်၊ ဤ အဋ္ဌကထာ၌ "ဝေသာလီ" ဟူသော ဒုတိယန္တကို "ဝေသာလိတော" ဟု ပဉ္စမျန္တဖွင့်ရာ၌ တတိယာ ပဉ္စမီနဉ္စ သုတ်ဝယ် စသဒ္ဒါဖြင့် ပဉ္စမီအနက်၌ ဒုတိယာသက်-ဟု ကြံ။ [ဈာသ (ကမ္မတ္ထေ ဒုတိယာ သုတ်အဖွင့်) ၌ကား တနည်းကြံသေး၏။] ထို့ပြင်-"အဝိဒူရေ" ဟု ထည့်၍ ဖွင့်ခြင်းလည်း "အဒူရေ ပဉ္စမျာ" ဟူသော ပါဏိနိသုတ်ကိုမှီ၍ ဖွင့်ခြင်းတည်း။ [အပဉ္စမျာ-(ရှေ့သုတ်မှ လိုက်လာသော ဝိဘတ် ၃ သွယ်တွင်) ပဉ္စမီဝိဘတ်မှ တပါး သော၊ သတ္တမီ ပဌမန္တာ-သတ္တမျန္တ ပဌမန္တဖြစ်သော၊ ဥတ္တရာဓရဒက္ခိဏာ-ဥတ္တရ, အဓရ, ဒက္ခိဏသဒ္ဒါမှနောက်၌၊ အဒူရေ-အဝေးမှ မဝေးသောအရပ်၌၊ အညတရဿံ-ဝိကပ်အားဖြင့်၊ နေပ်-ပစ္စည်းသက်၊ (သုတ်နက်)၊ နာဝိဘတ်၏ နေအပြုကို နေပ် ပစ္စည်း ဟု ဆိုသည်၊] ဋီကာများ အဖွင့်လွဲပုံနှင့် ဝိနိစ္ဆယကို မောဂ္ဂလ္လာန်နိဿယ "ဧမေ ဒုတိယာ" သုတ်အဖွင့်၌ ရှု။

၂၉၁။ **ယေန ဗျာဓိမတာ အင်္ဂေန**—"အက္ခိနာ ကာဏော"၌ အက္ခိသည် ကိုယ်အင်္ဂါ အစိတ်အပိုင်းတည်း၊ ထိုအက္ခိလည်း ရိုးရိုးမျက်စိ မဟုတ်, ကာဏ်းနေ သော မျက်စိတည်း၊ ဤ၌ ကာဏ်းခြင်း ကောက်ခြင်း ခွင်ခြင်း ကုန်ခြင်းတို့ကို "အနာ" ဟု ဆိုလိုသည်၊ ထို့ကြောင့် ကာဏ်းသော မျက်စိသည် "ဗျာဓိမန္တအင်္ဂ = အနာရှိသော ကိုယ်အင်္ဂါ မည်၏။ [ဗျာဓိ ယတ္ထာတိ ဗျာဓိမံ၊ ယတ္ထ—အကြင် မျက်စိ, လက်, ခြေ, ကျောက်ကုန်းစသော ကိုယ်အင်္ဂါ၌၊ ဗျာဓိ-ကာဏ်းခြင်း ကောက်ခြင်း ခွင်ခြင်း ကုန်းခြင်း စသော အနာသည်၊ အတ္ထိ-ရှိ၏၊ ဣတိ, တံ-ထို ကိုယ်အင်္ဂါသည်၊ ဗျာဓိမံ-ဗျာဓိမန္တမည်၏၊ ဤ "ယေန ဗျာဓိမတာ အင်္ဂေန" သည် ယေန-ဟူသော သုတ်ပုဒ် ၏အဖွင့်တည်း၊ အင်္ဂဝိကာရော၌ အင်္ဂ၏ အဖွင့်မဟုတ်၊ ဤအဖွင့်ကို ကြည့်၍ "ယေန-အကြင် အနာရှိသော အင်္ဂါဖြင့်" ဟု အနက်ပေး။]

**အင်္ဂိနော ဝိကာရော**—အင်္ဂံ ယဿ အတ္ထီတိ အင်္ဂီ၊ "အင်္ဂံ-ကိုယ်အင်္ဂါ (အစိတ် အပိုင်း) သည်" ဟု ပေး၊ ကိုယ်အင်္ဂါရှိသော တကိုယ်လုံးကို အင်္ဂီဟု ခေါ်၏၊ ကာဏောအရ ကာဏ်းနေသူ လူတကိုယ်လုံးသည် အင်္ဂီမည်၏-စသည်တည်း၊ ဝိရူပေါ-ဖောက်ပြန်သော၊ ကာရော-အခြင်းအရာသည်၊ ဝိကာရော-မည်၏၊ သူတပါး နှင့် မတူအောင် ကာဏ်းခြင်း စသည်ကို ဝိကာရ (ဖောက်ပြန်သော အခြင်းအရာ)

ဟတ္ထေန-လက်ဖြင့်၊ ကုဏီ-ကောက်သူ၊ နေတ္တေန-မျက်စိဖြင့်၊ ကာဏံ-ကာဏ်း သူကို၊ ပဿတိ-မြင်၏၊ ပါဒေန-ခြေဖြင့်၊ ခဉ္ဇော-ခွင်သူ၊ ပိဋ္ဌိယာ-ကျောက်ကုန်း ဖြင့်၊ ခုဇ္ဇော၊ကုန်းသူ။ (၂၉၉)။

---

ဟု ဆိုသည်၊ သာရတ္ထဝိကာ၌ကား သူများထက် ပိုလွန်နေသော အခြင်းအရာကို လည်း ဝိကာရဟု ယူ၍ "မုခေန-မျက်နှာဖြင့်၊ တြိလောစနော-မျက်လုံး ၃ လုံးရှိသော ဗိဿဏိုး" ဟုလည်း ပုံစံထုတ်၏၊ ထိုအလို "ဝိသိဋ္ဌော-ထူးခြားသော+ကာရော- အခြင်းအရာသည်၊ ဝိကာရော-မည်၏" ဟု ပြု၊ "ဤ"အင်္ဂိနော" သည် သုတ်၌ပါ သော အင်္ဂ၏ အဖွင့်တည်း၊ ထို့ကြောင့် သုတ်၌ပါသော အင်္ဂကို "အင်္ဂံ ယဿ အတ္ထိတိ အင်္ဂီ" ဟု အဿတ္ထိဝိဂ္ဂဟပြု၍ ဏာပစ္စည်းသက်၊ "အင်္ဂဿ+ဝိကာရော အင်္ဂဝိကာရော"ဟု သုတ်ပုဒ်ကို ဝိဂ္ဂဟပြု၊ အင်္ဂဿ-(အင်္ဂါရှိသော) တကိုယ်လုံး၏၊ ဝိကာရော-ဖောက်ပြန်သော အခြင်းအရာသည်၊ ဝါ-ထူးခြားသော အခြင်းအရာသည်၊ အင်္ဂဝိကာရော-မည်၏။ ["အင်္ဂ" အရ တကိုယ်လုံး ရသောကြောင့် အင်္ဂဝိကာရဟု ဆိုခြင်းထက် "အင်္ဂိဝိကာရ" ဟု ဆိုလျှင် သာ၍ ရှင်းသောကြောင့် "သေနင်္ဂိ ဝိကာရော"ဟု ဆရာတို့ ပြင်ကြ၏။]

လက္ခိယ တေ—အနာရှိသော ကိုယ်အင်္ဂါသည် မှတ်သားကြောင်း (လက္ခဏာ) ဖြစ်၏၊ လူတယောက်ကိုညွှန်ပြရာ၌ သူများထက် ထူးခြားသော အမှတ်အသားရှိလျှင် ထို အမှတ်အသားဖြင့် ညွှန်ပြရသည်၊ဥပမာ-"မျက်စိကာဏ်းတဲ့လူ,ခါကုန်းကြီးနဲ့လူ" စသည်ဖြင့် မှတ်သား၍ ပြောပြပုံမျိုးတည်း၊ ထိုသို့ မှတ်သားရာ၌ ယေနအရ မှတ်သား ကြောင်း အင်္ဂါအနက်ကို ဟောသော လိင့်နောင် တတိယာဝိဘတ် သက်၍ "အက္ခိနာ ဟတ္ထေန" စသည် ဖြစ်ရသည်။ ["အက္ခိ, ဟတ္ထ, နေတ္တ, ပါဒ, ပိဋ္ဌိ"တည်၍ ရုပ်တွက်၊ ဝိဘတ်သက်ပုံကို အခြေပြု၌ ပြထားပြီ။]

အင်္ဂဝိကာရလက္ခဏာ—စာစပ်သည့်အခါ "အက္ခိနာကား (ဖြင့်) ဟူ၍ အနက် ပေးသောကြောင့် ကာဏော၌ အင်္ဂဝိကာရ လက္ခဏာ, ကာဏောကား အင်္ဂဝိကာရ လက္ခ၂" ဟု စပ်၊ ဤသုတ်ကိုလည်း အင်္ဂဝိကာရလက္ခဏာအနက်၌ တတိယာသက်သော သုတ်ဟုမှတ်။ [အင်္ဂဝိကာရ လက္ခဏာနှင့် ' ဣတ္ထမ္ဘူတလက္ခဏာ အထူးကို ရူပသိဒ္ဓိ ဘာသာဋီကာမှာရှု၊ ကလာပ်၌ ဤသုတ်ကို "ကုစ္ဆိတင်္ဂေ" ဟု ဆို၏၊ "ကုစ္ဆိတင်္ဂေ- (ကာဏ်းနေခြင်း စသည်ကြောင့်) စက်ဆုပ်ဖွယ်ရာဖြစ်သော ကိုယ်အင်္ဂါအနက်၌၊ ဝတ္တမာနာ-ဖြစ်သော လိင်မှ နောက်၌၊ တတိယာ-သက်" ဟု သုတ်နက်ပေး။]

မှတ်ချက်။ ။ယေန၌ နာဝိဘတ်ကို ကရိုဏ်း အနက်ပေးခြင်းသည် "ယေနေတိစ ကရဏေ သော တတိယာ"ဟု မိန့်သော ဘာဿကာရ ဆရာ့အလိုတည်း၊ကာသိကာ ဝုတ္တိကို စီရင်သော ဇယာဒိစ္စဆရာကား "ယေနာတိစ တဒ၀ယဝေါ (ထို အပေါင်း၏ အစိတ်ကို) ဟောတုဗ္ဗေန နိဒ္ဒိဿတေ" ဟု ဟိတ်အနက်ဖွင့်၏၊ ကာတန္တ္တကဝိရာဇ ဋီကာ ဆရာကား "ယေနေတိ ကရဏေ တတိယာ, ဟေတုမှိ၀ါ"ဟု ၂ နက်လုံး ပြ၏။

**ဝိသေသနေစ** ၂၉၂။ ဝိသေသနတ္တေစ - ဝိသေသန အနက်၌လည်း၊ပေ၊ ဟောတိ၊ နာထော-မြတ်စွာဘုရားသည်၊ ဂေါတ္တေန-အနွယ်တော် အားဖြင့်၊ ဂေါတမော-ဂေါတမ မည်တော်မူ၏၊ သုဝဏ္ဏေန-ရွှေသော အဆင်းဖြင့်၊အဘိရူပေါ-လွန်ကဲသော အဆင်းရှိတော်မူ၏၊ တပသာ-အကျင့်ဖြင့်၊ ဥတ္တမော-မြတ်၏။ (၃၀၀)။

---

၂၉၂။ **ဝိသေသနေစ**—ဝိသေသီယတိ ဝိသေသိတဗ္ဗံ အနေနာတိ ဝိသေသနံ၊ အနေန-ဤ အနွယ်စသည်သည်၊ဝိသေသိတဗ္ဗံ-အထူးပြုထိုက်သောအနက်ကို၊ ဝိသေသီယတိ-အထူးပြုအပ်၏၊ ဇူတိ-ထိုသို့ အထူးပြုတတ်သည်၏ အဖြစ်ကြောင့်၊ တံ-ထို အနွယ်စသော အနက်သည်၊ ဝိသေသနံ-မည်၏၊ အဝုတ္တ ကတ္တုသာဓနဖြစ်၍ အနေန ဟူသော ကတ္တားအနက်ကို အရကောက်၊ "အနေန-ဤ အနွယ်စသည်ဖြင့်"ဟု ပေးလျှင် ကရဏသာဓနဖြစ်၍ ဝိသေသီယတိ၏ ကတ္တားကို "ဝဒန္တေန-ဝဒန္တပုဂ္ဂိုလ်သည်"ဟု ထည့်ပါ၊ ဤဝိဂ္ဂဟ်အရ "အနွယ်, အမည်, အမျိုးဇာတ်, အတတ်,အနွယ်, ဂုဏ်" ဤ အနက် ၆ မျိုးကို ဝိသေသန ခေါ်၏၊ အနက်ကို အကြောင်းပြု၍ သဒ္ဒါလည်း ကာရဏူပစာရအားဖြင့် ဝိသေသန မည်၏။ ဤဝိသေသနေစ၌ စသဒ္ဒါဖြင့် "ပကတိ"စသည်ကို ဆည်း-ဟု ရှဉ္စမိန့်၏၊ ပုံစံကို ရှဉ္စ အပြည့်အစုံ ပြထားပြီ။

[**ဆောင်**] အနွယ် နာမ်ဇာတ်, **အတတ်** **အ**ရွယ်, ဂုဏ်ခြောက်သွယ်, မှတ်ဖွယ် ဝိသေသန။

**ဂေါတ္တေန ဂေါတမော နာထော**—ဘုရားရှင်၏"ဂေါတမ"အမည်တော်သည် ဇာတ်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း ရအပ်သော အမည်တော် မဟုတ်, အနွယ်အားဖြင့် ရအပ်သော အမည်တော်တည်း၊ ဤသို့ ဂုဏ်စသည်မှ ထူးခြားအောင် ပြတတ်သောကြောင့် ဂေါတ္တေနသည် ဝိသေသန မည်၏၊ ဂေါတမ ကား အထူးပြုအပ်သောကြောင့် ဝိသေသျ မည်၏၊ အထူးပြုရာ၌ ဂေါတ္တေနအရ အနွယ်တော်ရ၍ ဂေါတမောအရ ဘုရားဒြပ်တော်ရသောကြောင့် အနက်အရ မတူရကား ဤဝိသေသနကို ဘိန္နာဓိကရဏဝိသေသနဟု ခေါ်သည်၊ဘိန္န+အဓိကရဏံ ယဿာတိ ဘိန္နာဓိကရဏံ၊ [ယဿ-အကြင်ဝိသေသန၏၊ ဘိန္နံ-ဝိသေသျနှင့် အနက် အရချင်း ကွဲပြားသော၊ အဓိကရဏံ-တည်ရာအနက်သည်၊ အတ္ထိ။]

**အနက်ပေး, စာစပ်**။ ။ဤ ဝိသေသနပုဒ်တို့၌ "ဖြင့်, အားဖြင့်"ဟု သင့်သလို အနက်ပေးနိုင်၏၊ စာစပ်ကား "ဂေါတ္တေနကား ဖြင့် ဟူ၍ အနက်ပေးသောကြောင့် ဂေါတမော၌ ဘိန္နာဓိကရဏဝိသေသန, ဂေါတမောကား ဘိန္နာဓိကရဏ ဝိသေသျ" ဟု ဆို၍စပ်၊ ရှပ်တွက်ပုံကို အခြေပြု၌ ပြထားပြီ၊ ဝိဘတ် သက်ရာ၌ "ပရသမညာ ပယောဂေ သုတ်ဖြင့် ဝိသေသန အမည်မှည့်"ဟု ဆိုကြသေး၏၊ သဒ္ဒတ၌ ဝိသေသန နာမည်ကို တမင်လာမမှည့်—နဂိုရ်အတိုင်းရသော အနွတ္ထနာမည် ဖြစ်၍ ထိုစကားကို မဆိုသင့်၊ "သုဝဏ္ဏ, တပ"တည်၍ နည်းတူဆို၊ တပသာ၌ မနသာကဲ့သို့ စီရင်၊ သုဝဏ္ဏသည် အရွေဂုဏ်, တပသည် အကျင့်ဂုဏ်ဖြစ်၍ ဂုဏဝိသေသနများတည်း။

**မောဂ္ဂလ္လာန်နှင့် သက္ကတ။** ။"ဂေါတ္တေန ဂေါတမော"ကဲ့သို့သော ပုံစံများ၌ ဘာဝတိကြိယာကို သိအပ် ရအပ်သောကြောင့် ထိုကြိယာ၌ စပ်နိုင်ရကား ဂေါတ္တေန စသော ဝိသေသန များနှင့် "ပကတိယာ အဘိရူပေါ" စသည်ကို ကရိဏ်းဟုပင် ဆိုသည်၊ "ဂေါတ္တေန-အနွယ်ဖြင့်၊ ဂေါတမော-ဂေါတမ မည်သည်၊ ဘာဝတိ-ဖြစ်၏၊ ပကတ်ယာ-ပင်ကိုယ်အားဖြင့်၊ အဘိရူပေါ-လွန်ကဲသော အဆင်းရှိသည်၊ ဘာဝတိ-၏"ဟု ပေး။

**ကာတန္တ ပဉ္စိကာ။** ။ပကတျာဒိဟိ ဥပသံချာနမိတျပိ-ပကတိ စသည်နောင် တတိယာကို သွင်းယူဟူ၍လည်း၊ နဝတ္တဗ္ဗံ-ဝါတ္တိက ဆရာ မဆိုထိုက်၊ ဘဝတိသ-ဘဝတိ ကြိယာ၏၊ ဂမ္မမာနတ္တာ-သိအပ်သည်၏ အဖြစ်ကြောင့်၊ (တိုက်ရိုက် မပါ သော်လည်း ဂမျမာနဖြစ်၍ ထည့်နိုင်သောကြောင့်-ဟူလို၊) ကရဏတ္တံ-ကရိဏ်း အဖြစ်သည်၊ အတ္ထိ၊ရှိ၏၊ တထာဟိ-ထို စကားမှန်၏၊ ပကတိယာ အဘိရူပေါတိ-(ဘဝတိ ကြိယာ မပါပဲ) ပကတိယာ အဘိရူပေါ ဟူ၍သာ၊ ဥတ္တေ-ဆိုအပ်သော်၊ ပကတိယာ အဘိရူပေါ ဘဝတီတိ-ဟူ၍၊ ဂမျတေ- (ဘဝတိ ကြိယာနှင့်တကွ) သိအပ်၏၊ အတော-ထို့ကြောင့်၊ အဘိရူပဘာဝနေ-အဘိရူပ ဖြစ်ခြင်း၌၊ ပကတိ-ပင်ကိုယ်သည်၊ ကရဏံ-ကရိဏ်းဖြစ်၏၊ တထာ ဂေါတ္တေန ဂဂ္ဂေါဣတိ-ဂေါတ္တေန ဂဂ္ဂေါ ဟူရာ၌လည်း ထို့အတူ ဘာဝတိကြိယာထည့်။

**ဝိသေသန အမျိုးမျိုး။** ။ကြိယာဝိသေသန, နာမဝိသေသန ဟု ဝိသေသန ၂ မျိုးကို ရှေးဦးစွာ မှတ်သားရာ၏၊ ထိုတွင် "သုခံ သယတိ-ချမ်းသာစွာ အိပ်ရ၏၊ သမေန ဓာဝတိ-ညီညီညာညာ ပြေး၏"စသည်၌ သုခံ-သမေနတို့သည် ကြိယာကို အထူးပြုသောကြောင့် ကြိယာ ဝိသေသနမည်၏၊ "မဟာန္တော ပုရိသော=မြတ်သော ယောကျ်ား၊ ဂေါတ္တေန ဂေါတမော=အနွယ်အားဖြင့် ဂေါတမ မည်တော်မူ၏" စသည်၌ မဟန္တော-ဂေါတ္တေန တို့သည် နာမ်ပုဒ်ကို အထူးပြုသောကြောင့် နာမ ဝိသေသနမည်၏၊ထိုနာမ ဝိသေသနကား—တုလျာဓိကရဏ ဝိသေသန,ဘိန္နာဓိကရဏ ဝိသေသန, အဘိန္နဝိသေသန, ဇာတ္ထမ္ဘူတ လက္ခဏ ဝိသေသန, အင်္ဂဝိကာရ ဝိသေသန, စသောအားဖြင့် များ၏၊ ထိုတွင် "မဟန္တော ပုရိသော"၌ မဟန္တော ကဲ့သို့သော ဝိသေသနသည် ("မြတ်သူလည်း ယောကျ်ား,ယောကျ်ားလည်းမြတ်သူ" ဟု အရတူသောကြောင့်) တုလျာဓိကရဏ ဝိသေသန မည်၏။

"ဂေါတ္တေန ဂေါတမော"၌ ဂေါတ္တေန ကဲ့သို့သော ဝိသေသနသည် (ဂေါတ္တေန အရ အနွယ်ရ၍, ဂေါတမအရ ဘုရားရှင်ရသဖြင့် အရမတူသောကြောင့်) ဘိန္နာဓိ ကရဏ ဝိသေသန မည်၏၊ "ပရမတ္ထတော စတုဓာ"၌ ပရမတ္ထတော ဝိသေသနကို (ပရမတ္ထတော အရ ပရမတ္ထတရား ရ၍ စတုဓာအရလည်း ပရမတ္ထ ၄ ပါး ရသဖြင့် အရ မပြားသောကြောင့်) အဘိန္နဝိသေသန ဟု ခေါ်ကြ၏၊ [ပဋိသန္ဓိ ဘဝင် စုတိ ဝသေန တိကိစ္စာနိနာမ=ပဋိသန္ဓေ ဘဝင် စုတိ အပြားအားဖြင့် ၃ ကိစ္စရှိသော စိတ်တို့မည်၏၊ ဤ၌ ပဋိသန္ဓိ ဘဝင် စုတိဝသေနသည် ၃ ကိစ္စ သရုပ်ကို ဖော်ပြသော ကြောင့် "သရူပချာ ဝိသေသန"မည်၏ ဟု ဆိုကြသည်။] ဇာတ္ထမ္ဘူတ လက္ခဏနှင့်

**သမ္ပဒါနေ စတုတ္ထီ** ၂၉၃။ သမ္ပဒါန ကာရကေ-သမ္ပဒါန ကာရက၌၊ စတုတ္ထီ ဝိဘတ္တိ ဟောတိ၊ ဗုဒ္ဓဿဝါ - ဘုရားအားလည်းကောင်း၊ ဓမ္မဿဝါ-လည်းကောင်း၊ သံဃဿဝါ-လည်းကောင်း၊ ဒါနံ-အလှူကို၊ ဒေတိ-ပေးလှူ၏၊ သမဏဿဝါ-ရဟန်းအားလည်းကောင်း၊ ဗြာဟ္မဏဿဝါ-ပုဏ္ဏား အားလည်းကောင်း၊ ဒါတာ-ပေးလှူတတ်သည်၊ ဟောတိ-၏။ (၃၀၁)။

**နမောယောဂါဒိ သွပိစ** ၂၉၄။ နမော ယောဂါဒီသွပိစ (ယောဂါဒီသု+အပိစ)- နမော စသော သဒ္ဒါတို့၏ ယှဉ်ရာ တို့၌လည်း၊ စတုတ္ထီ ဝိဘတ္တိ ဟောတိ၊ ဝီရ-ရဲရင့်တော်မူသော၊ ဗုဒ္ဓ-မြတ်စွာ ဘုရား၊ တေ-ရှင်တော် ဘုရားအား၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေ

---

အင်္ဂဝိကာရတို့လည်း ဝိသေသနမှ ခြား၍ ထွက်လာသော နာမည် တမျိုးတည်း၊ အရင်းခံမှာ ဝိသေသနပင်ဖြစ်သည်၊ အင်္ဂဝိကာရက ရှေ့သုတ်၌ ပြခဲ့ပြီ၊ ဇုတ္တွမ္ဘူ။တ လက္ခဏာကို ရူပသိဒ္ဓိမှာ ရှု၊ထို့ပြင်—ကြိယာကို အထူးပြုသော ကြိယာဝဂ္ဂ တမျိုးလည်း ရှိသေး၏၊ ထိုကိုလည်း ရူပသိဒ္ဓိမှာ ရှုပါလေ။

မှတ်ချက်။ ။ဤ တတိယာဝိဘတ်သက်သော သုတ်များ၌ "သဟာဒိယောဂေ" မှ စ၍ စသဒ္ဒါ ပါနေ၏၊ ထို စသဒ္ဒါ၏အနက်ကို ကြိကြိဖန်ဖန် ဋီကာတို့ ဖွင့်ကြရသည်၊ ကလာပ်၌ကား "တတိယာ သဟယောဂေ, ဟေတွတ္ထေ, ကုစ္ဆိတင်္ဂေ, ဝိသေသနေ, ကတ္တရိစ"ဟု နောက်ဆုံး တသုတ်၌သာ စသဒ္ဒါ ပါ၏၊ ထို နောက်ဆုံး စသဒ္ဒါဖြင့် တတိယာကိုလည်း ငင်နိုင်၏၊ တိုက်ရိုက် မပါသေးသော အနက်များ၌ တတိယာ သက်ဖို့ရန်လည်း ဆည်းယူနိုင်၏၊ ထို့ကြောင့် ကလာပ်သုတ်စဉ်နေပုံသာ စသွား ကောင်းပေသည်။

၂၉၃။ ယဿဒါတုကာမောသုတ်,သိလာဃသုတ်တို့ဖြင့် သမ္ပဒါန်မည်အပ်သော အရာ၌သာ ဤသုတ်ဖြင့် စတုတ္ထီသက်၊နမော စသည်တို့၏ယှဉ်ရာ၌ မသက်၊ထို့ကြောင့် နမောယောဂါဒီသွပိစ သုတ်ကို သီးခြားဆိုလိမ့်မည်၊ ရုပ်တွက်ပုံကို အခြေပြုကြည့်ပါ။

၂၉၄။ နမော ယောဂါဒီသွပိစ—"နမော အာဒိယောဂေပိစ"ဟု ဆိုသင့် လျက် စကားပြေပြစ်စေခြင်းငှာ ယောဂနှင့် အာဒိကို ရှေ့နောက်ပြန်၍ "နမော ယောဂါဒီသွပိစ"ဟု ဆိုသည်၊ ထို အာဒိသဒ္ဒါဖြင့် သွတ္ထိ=သွာဂတ စသည်ကိုယူ၊ "နမော သွတ္ထိ သွာဟ သွာဓာလံဝသ ယောဂေ စတုတ္ထီ"ဟူသော ပါဏိနိ ကလာပ် သုတ်ကို မှီ၍ ဤသုတ်ကို တည်သည်၊ သွဟာ သွဓ ဝသတို့သည် ပါဠိ၌ အသုံးမရှိ၊ အလံကား သိလာဃသုတ်၌"အလမတ္ထပ္ပယောဂ"ဟု ပါလေပြီ၊ ထိုသုတ်၌ သွာဂတံ ပုဒ် မပါသော်လည်း ပါဠိသုံးရှိ၍ ပါဠိဋီကာတို့ အာဒိအရတွင် သွင်းယူကြသည်၊ သွပိစ၌ အပိသဒ္ဒါသည် ရှေ့သုတ်ဖြင့် စတုတ္ထီသက်ခြင်းကိုပေါင်းသော သမ္ပိဏ္ဍနတည်း၊ သမ္ပဒါန ကာရကအနက်သာ စတုတ္ထီ သက်သည် မဟုတ်သေး၊ဤ နမော စသည်တို့ ယှဉ်ရာ၌လည်း (သမ္ပဒါနကာရက မဟုတ်ပဲလျက်) စတုတ္ထီသက်သည်—ဟူလို၊

သတည်း၊ ပဇာနံ-သတ္တဝါတို့အား၊ သောတ္ထိ-ကောင်းကျိုး ချမ်းသာ မင်္ဂလာ ဖြစ်ပါစေ၊ နာဂဿ-နဂါးအား၊ ဝါ-ရဟန္တာအား၊ နမော-ရှိခိုးခြင်းကို၊ ကရောဟိ-ပြုလော၊ မဟာရာဇ-မင်းမြတ်၊ တေ-အရှင်မင်းမြတ်အား၊ သွာဂတံ-ကောင်းသော လာခြင်းပါတည်း။ (၃၇၅)။

---

၈ သဒ္ဒါကား ရှေ့သုတ်မှ စတုတ္ထီပုဒ်ကို ငင်သော အနုကဍ္ဍနတည်း၊ [နမော စသည်ဘို့ ယှဉ်ရာ၌ "အား"ဟု ပေးရသော်လည်း ကြိယာ၌ မစပ်ရ, နမော သွတ္ထိနိပါတ်—သွာဂတံဟူသော နာမ်ပုဒ်၌ကား စပ်ရ၏၊ ကြိယာ၌ မစပ်ရလျှင် ကြိယာကို မပြီးစေတတ်သောကြောင့် သမ္ပဒါနကာရက မဟုတ်၊ထို့ကြောင့် သမ္ပဒါနေ စတုတ္ထီသုတ်ဖြင့် မပြီးနိုင်၍ ဤသုတ်ကို တည်ရသည်။

**နမောတေ ဗုဒ္ဓဝီရတ္ထု**—[ဝီရ+အတ္ထု] "နမတ္ထု ဗုဒ္ဓါနံ၊ပေ၊ ဝိမုတ္တိယာတိ- အယံ မမ နမက္ကာရော အတီတာနံ ပရိနိဗ္ဗုတာဂနံ ဗုဒ္ဓါနံ အတ္ထု=တပည့်တော်၏ ဤရှိခိုးခြင်းသည် လွန်လေပြီး ပရိနိဗ္ဗာန် စံတော်မူပြီးကုန်သော ဘုရားရှင်တို့အား ဖြစ်ပါစေ"ဟု ဇာနိပါတ အင်္ဂုတ္တရဋီကာ ဖွင့်၏၊ထိုအဖွင့်၌ ဗုဒ္ဓါနံကို နမော၌ မစပ်ပဲ အတ္ထု၌ စပ်ပြသောကြောင့် နမောယောဂ မဟုတ်, အာသီသနတ္ထ၌ ပါဝင်သော သမ္ပဒါန်သာ ဖြစ်သင့်၏၊ ဝီရ-သော၊ ဗုဒ္ဓ-ဘုရား၊ နမော-တပည့်တော်၏ ရှိခိုးခြင်းသည် ၊ တေ-ရှင်တော်မြတ်ဘုရားအား၊ အတ္ထု-ဖြစ်ပါစေ၊ ဘပည့်တော်၏ ရှိခိုးခြင်းသည် အခြားသူအား မဖြစ်ပါစေလင့်, ရှင်တော်ဘုရားအားသာ (ရှင်တော်ဘုရားအတွက်သာ) ဖြစ်ပါစေ—ဟူလို၊ ထို့ကြောင့် သက္ကတ၌ "နမော ဒေဝေဘျး- နတ်တို့အား ရှိခိုးပါ၏"ဟု ကြိယာမပါပဲ ပုံစံထုတ်သကဲ့သို့ "နမော တဿ ဘဂဝတော"စသော ကြိယာမပါသော ပြယုဂ်များကိုသာ နမောယောဂ ပုံစံ ထုတ်သင့်သည်။

မှတ်ချက်။ ။နမောနိပါတ်ပုဒ်၏ ယှဉ်ရာ၌သာ စတုတ္ထီသက်ရသည်၊ "နမဿတိ ရှိခိုး၏ (ရှိခိုးမှုကို ပြု၏) စသော ကြိယာ၏ ယှဉ်ရာ၌ကား စတုတ္ထီ မသက်ရ, ဒုတိယာသာ အမြဲ သက်ရမည်—ဟု သက္ကတ၌ သတ်မှတ်သည်၊ ထို့ကြောင့် ပါဠိ၌လည်း "ဇိနံ နတွာ နိရုတ္တညုံ....နမဿိတွာ တထာဂတံ,....တဿ ပါဒေ နမဿိတွာ"ဟု နမုဓာတ် နမဿဓာတ်တို့၏ ယှဉ်ရာ၌ ဒုတိယာပင် ရှိသည်။ [ဒေဝံ နမဿတီတိ အတြ နမဿ ဓာတု ကြိယာဝါစကတ္တေန ကာရကဝိဘတ္တိတ္တာ သဒါ ဒုတိယာယေ၀= ဒေဝံ နမဿတိ ဟူသော ပြယုဂ်၌ နမဿဓာတ်က ကြိယာကို ဟောသည်၏ အဖြစ်ကြောင့် ကာရကဝိဘတ် ဖြစ်သည့်အတွက် အမြဲ ဒုတိယာသာ (ကဝိရာဇဋီကာ)။]

**သောတ္ထိ ပဇာနံ**—သောတ္ထိကို"သု+အတ္ထိ"ဟု သက္ကတ အဘိဓာန်၌ ပုဒ်ဖြတ်ပြသော်လည်း ဘေးကင်းခြင်း, တောင့်တခြင်း, ဝန်ခံမှုကို ထင်ရှားပြခြင်း အနက်ဟော နိပါတ်ဟု ဆို၏၊ "သတ္တဝါတို့အား ဘေးကင်းပါစေ, ကောင်းကျိုးချမ်းသာ မင်္ဂလာ ဖြစ်ပါစေ"ဟူသော အာသီသ ၂ နက်ကို ဤနေရာ၌ဆို၊ "ဇေတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ"ဟု တောင့်တရာ၌လည်း "တေ-အား၊ သောတ္ထိ- ဘေးကင်းခြင်းသည်၊ ဟောတု-ဖြစ်ပါစေ"ဟု အနက်ပေးလျှင် တေကို သောတ္ထိ၌

**အပါဒါနေ ပဉ္စမီ** ၂၉၆။ အပါဒါန ကာရကေ-၌၊ ပဉ္စမီဝိဘတ္တိ ဟောတိ၊ ပါပါ-မကောင်းမှုမှ၊ စိတ္တံ-စိတ်ကို၊ နိဝါရယေ-တားမြစ်ရာ၏၊ အဗ္ဘာ-တိမ်တိုက်မှ၊ မုတ္တော-လွတ်သော၊ စန္ဒိမာဣဝ-လကဲ့သို့၊ သောနရော-ထိုလူသည်၊ ဘယာ-ဘေးမှ၊ မုစ္စတိ-လွတ်၏။ (၇၉)။

---

စပ်ရသောကြောင့် ဤသုတ်၏အရာတည်း၊ "သောတ္ထိ-သည်၊ တေ-သင့်အား၊ ဟောတု-စေ"ဟု ပေးလျှင် တေကို ဟောတု၌ စပ်ရသောကြောင့် အာသီသတ္တ သမ္ပဒါန်တည်း။ ["သု+အတ္ထိ" ဟု ပုဒ်ဖြတ်၍ ဝ အက္ခရာလာလျှင် "သုဝတ္ထိ" ဟု ဖြစ်၏၊ အနက်တူပင်တည်း၊ "ဧတေန သစ္စေန သုဝတ္ထိ ဟောတု" ဟူသောရတနသုတ်၌ကား သမ္ပဒါန်ပုဒ် တိုက်ရိုက်မပါ၊ "တေ-ဝေါ" ဟူ၍သင့်သလို ထည့်ရမည်။]

**နမော ကရောဟိ နာဂဿ**—ဤ၌ ကရောဟိ ဟု ကြိယာပါသော်လည်း နာဂဿကို နမော၌သာ စပ်ရသောကြောင့် နမော ယောဂပင် ဖြစ်၏၊ နမော နိပါတ်ပုဒ်ဖြစ်သောကြောင့် နမောနောင် ဒုတိယာ အံသက်, သမ္ဗာသမာဟုသောဖြင့် ချေ၍ "နမော-ရှိခိုးခြင်းကို" ဟု ပေးနိုင်၏။ [ယဒါတု နမောသဒ္ဒေါ ဧဝ နမက္ကာရဝါစီ ကရောတိ ကြိယာယ ကမ္မဘာဝံ မာပန္နော, တဒါ စတုတ္ထီ=အကြင်အခါ၌ ရှိခိုးခြင်းကိုဟောသော နမော သဒ္ဒါသည်ပင် ကရဏကြိယာ၏ ကံသဘောသို့ သက်ရောက်၏၊ ထိုအခါ နမော ယှဉ်ရာ၌ စတုတ္ထီသက် (ကဝိရာဇဋီကာ)။]

**သွာဂတံ တေ မဟာရာဇ**—ဤ စကားကား မိမိထံလာသော ရှင်ဘုရင်ကို ဝမ်းမြောက်စွာ နှုတ်ဆက်သော စကားတည်း၊ အရှင်မင်းမြတ်....အရှင်မင်းမြတ်အား ကောင်းသော လာခြင်းပါတည်း၊ အရှင်မင်းမြတ်လာခြင်းကို ဝမ်းမြောက်ပါသည်-ဟု ဆိုလိုသည်၊ သွာဂတံကို "သု+အာဂတံ" ဟု ပုဒ်ဖြတ်၊ ထေရမနိမိ၌ နပုလ္လိင်နာမ်ပုဒ် ဟု ဆို၍ "သုခေန အာဂမနေ-ချမ်းသာသဖြင့်လာခြင်း (ကောင်းသောလာခြင်း) ၌" ဟု ဖွင့်သည်၊ ရုပ်ကို အခြေပြုမိုတွက်၊ ပဇာ-နာဂတည်, သောတ္ထိ သွာဂတံ သဒ္ဒါ၏ ယှဉ်ရာဟု ဆိုရုံသာ။ [မဟာသုဒဿနသုတ် အဋ္ဌကထာ၌ကား "တဝ အာဂမနံ သု အာဂမနံ" ဟု ဖွင့်သောကြောင့် တေ၌ သမ္ပဒါန် မဟုတ်, သမ္ဗန္ဓဆဋ္ဌီသာ]။

**သွာဟာ သွဓာ ဝသဋ်**—ဘုရားစသည်ကို ရှိခိုးပူဇော်ရာ၌ "နမော"ဟု ရွတ်သကဲ့သို့ မီးနတ်အား ထောပတ်ဖြင့် ပူဇော်သောအခါ "သွာဟာ" ဟု ရွတ်ရ၏၊ ပိတရ်နတ်အား ပူဇော်သောအခါ "သွဓာ"ဟု ရွတ်ရ၏၊ နေအား ပူဇော်သောအခါ "ဝသဋ်" ဟု ရွတ်ရ၏၊ ထိုအသုံးအနှုန်းများ ပါဠိ၌ မရှိ၊ သို့သော် မန္တန်ရွတ်သည့်အခါ အဆုံးတွင် "သွာဟာ" ဟု မြန်မာတို့ရွတ်လေ့ရှိ၏၊ ယခုကာလ၌ သွာဟာ၏ အစား "သွားဟ" ဟု ရွတ်ဆိုမှားကြ၏၊ မကောင်းဆိုးဝါး နှင်ထုတ်သောအသံ ဟု မှတ်ထင်ကြဟန်တူသည်၊ တချို့အရာဝယ် "သွားဟုံဟုံ" ဟုပင် ရွတ်ကြပြန်သေးသည်။

၂၉၅။ ယဿာဒပေတိ-မှ ဒူရန္တိကတိုင်အောင် ၅ သုတ်တို့ဖြင့် အပါဒါန် မည်အပ်သော လိင်နောင် ဤသုတ်ဖြင့် ပဉ္စမီဝိဘတ်သက်သည်၊ "ပါပါ စိတ္တံ နိဝါရယေ" ၌

**ကာရဏာတ္ထေစ** ၂၉၆။ ကာရဏာတ္ထေစ-အကြောင်းဟူသော အနက်၌လည်း၊ ပဥ္စမီ ဝိဘတ္တိ ဟောတိ၊ စတုန္နံ-၄ ပါးကုန်သော၊အရိယသစ္စာနံ-အရိယသစ္စာတို့ကို၊ အနနုဗောဓာ-လျော်စွာ မသိခြင်းကြောင့်။ (သန္ဓာဝိတံ-ပြေးသွားအပ်လှလေပြီ၊ သံသရိတံ-ကျင်လည်အပ်လှလေပြီ,ဟု ဆက်)။

---

ပါပါသည် ရက္ခဏတ္ထာနမိစ္ဆိတံသုတ်၌ စသဒ္ဒါဖြင့် အပါဒါန်မှည့်ရသော ပုံစံ၊ အဇ္ဈာ-ဘယာတို့ကား ဒူရန္တိကသုတ်ဖြင့် ပမောစနတ္ထယောဂ အပါဒါန်မှည့်ရသော ပုံစံများတည်း၊ ပါပါကို ပါပတည်, မှဟူ၍ အနက်ပေးသောကြောင့် အပါဒါန်အနက်ကို အလိုရှိရကား ရက္ခဏတ္ထာနမိစ္ဆိတံ သုတ်၌ စသဒ္ဒါဖြင့် အပါဒါန်အမည်မှည့်၊ အပါဒါနေ ပဥ္စမီသုတ်ဖြင့် အပါဒါန်အနက်၌ ပဥ္စမီကေဝုစ် သွာဝိဘတ်သက်၊ သွာကို အာပြု၍ ပြီးစေ၊ အဇ္ဈ-ဘယတည်၊ပေ၊ဒူရန္တိက စသောသုတ်ဖြင့် ပမောစနတ္ထယောဂဖြစ်သော အဇ္ဈကို (ဘယကို) အပါဒါန်မှည့်, စသည်ဆို၍ ရှုပ်တွက်။

၂၉၆။ ကာရဏာတ္ထေစ—'အတ္တနော ဖလံ ကရောတီတိ ကာရဏံ'' နှင့် အညီ မိမိ၏အကျိုးကိုပြုတတ်သော အကြောင်းသည် ကာရဏမည်၏၊ အကြောင်းနှင့်ဟိတ်မှာ သဘောတူပင်၊ သို့ဖြစ်လျှင် "ဒူရန္တိကသုတ်လာ ဟေတုသဒ္ဒါဖြင့် ဟိတ် အနက်၌ အပါဒါန် မှည့်ထားသောကြောင့် အပါဒါနေ ပဥ္စမီသုတ်ဖြင့်ပင် ပဥ္စမီဝိဘတ်သက်နိုင်ပြီ မဟုတ်လော'' ဟု မေးဖွယ်ရှိ၏၊ ဤသုတ် မရှိခဲ့သော် ဒူရန္တိကသုတ်ဖြင့် ဟိတ်အနက်၌ အပါဒါန်မှည့်ထားသော်လည်း ဟိတ်အနက်ဖြစ်သောကြောင့် ဟေတွတ္ထေစသုတ်ဖြင့် တတိယာဝိဘတ် သက်လိမ့်မည်၊ ထို့ကြောင့် ဟိတ်အနက်၌ တတိယာအပြင် ပဥ္စမီဝိဘတ်ကိုလည်း ဝိကပ်ပြုခြင်း (သီးခြားစီရင်ခြင်း) ငှာ ဤသုတ်ကို ဆိုရသည်—ဟူလို။

[နိဒ္ဒေသ] နနု ဟေတွတ္ထေပိ အပါဒါနသညာယ ဝိဟိတတ္တာ ပုဗ္ဗသုတ္တေန (ရှေ့ အပါဒါနေ ပဥ္စမီသုတ်ဖြင့်) သိဇ္ဈတိ၊ ကသ္မာ ဣဒံ ပုန ဝုတ္တံတိ၊ သစ္စံ (ရှေ့သုတ်ဖြင့် ပြီးနိုင်သည်ကား မှန်ပေ၏)၊ တထာပိ ဟေတွတ္ထေ တတိယာဝိဟိတတ္တာ ဝိကပ္ပနတ္ထံ (ပဥ္စမီကို ဝိကပ်ပြုခြင်း-သီးခြားစီရင်ခြင်းငှာ) ဣဒံ ဝုတ္တံတိ၊

မှတ်ချက်။ ။ဤ နိဒ္ဒေသဆရာသည် ဤသုတ်မရှိလျှင် ရှေ့သုတ်ဖြင့် ပဥ္စမီသက်နိုင်သောကြောင့် ဤသုတ်ကို အပိုဟုပင် ဆိုလိုဟန်တူ၏၊ ဤသုတ် ရှိနေသောကြောင့် ဖာထေး၍ ဖွင့်ရဟန်တူသည်၊ ဗာလာဝတာရ စာကိုယ်၌လည်း ဤသုတ်ကို မတွေ့ရ၊ မောဂ္ဂလ္လာန်၌လည်း "ပဥ္စမီဏာဝါ'' သုတ်ဖြင့် ကစ္စည်းသုတ်လာ ဗန္ဓနဟေတုဟိတ်ကိုယူ၍ ကျန် ပဥ္စမီဟိတ်အားလုံးကို "ဂုဏေ'' ဟူသော တခုတည်းဖြင့် သိမ်းကျုံးယူသည်၊ ("ဟုတွာ အဘာဝတော'' ဟူသော "အကတ္တရိ'' အရ ဟိတ်, "သဒ်ါရ နိရောဓ'' ဟူသော ဤသုတ်အရ ဟိတ်များသည် ဂုဏဟိတ်၌ ပါသွားလေတော့၏)၊ ပါဏိနိ ကလာပ်တို့မှာလည်း ဤသုတ် မပါ၊ ထို့ကြောင့် ဤသုတ်ကိုတည်သော အရှင်

**ကမ္မတ္ထေ ဒုတိယာ** ၂၉၇။ ကမ္မတ္ထေ။ပေ၊ ဟောတိ၊ ဂါဝိံ-နွားကို၊ ဟနတိ-သတ်၏၊ ဝီဟယော- ကောက်ပင်တို့ကို၊ လုနာတိ-ရိတ်၏၊ ဆတ္တံ-ထီးကို၊ **ကရောတိ**-ပြုလုပ်၏၊ ဃဋ္ဋံ-အိုးကို၊ပေ၊ ရထံ-ရထားကို၊ ကရောတိ-

---

ကစ္စည်းဆရာ၏ အလိုမှာ (နိဒ္ဒေသဆရာကြီးသလိုပင်) ဟိတ်အနက်၌ တတိယာ သက်သွားမည် စိုးသောကြောင့် ပဉ္စမီသက်စေခြင်းငှာ ဤသုတ်ကို ဆိုရဟန်တူသည်။

**ရူပသိဒ္ဓိ**။ ။ရူပသိဒ္ဓိ၌ကား ဒူရန္တိကသုတ်လာ ဟေတုသဒ္ဒါဖြင့် "ကိံ-ယ-တ" ဟူသော သဗ္ဗနာမ်များကိုသာ အပါဒါန်မှည့်၍ ပဉ္စမီသက်၏၊ ဗန္ဓနသဒ္ဒါဖြင့် ဗန္ဓနဟိတ်ကိုသာ, ဂုဏဝစနသဒ္ဒါဖြင့် တကယ် ချီးမွမ်းခြင်း၏ အကြောင်းဖြစ်သော ဂုဏ်ကိုသာ, အကတ္တရိ သဒ္ဒါဖြင့် သဗ္ဗနာမ် မဟုတ်သော ဉာပကဟိတ်ကိုသာ, ဤ ကာရကဏ္ဍွေစ သုတ်ဖြင့် သဗ္ဗနာမ်မဟုတ်သော ဇနကဟိတ်ကိုသာ ယူ၏၊ ထိုသို့ ယူခြင်းကား ကစ္စည်း သုတ်ရင်းကပင် ဟိတ်တွေများလှ၍ ခြားနားအောင် ခွဲယူခြင်း ဖြစ်ဟန်တူသည်။

**ပုံစံများ**။ ။အနနုဗောဓ, အပ္ပဋိဝေဓ, အဒဿနတည်, ကြောင့်ဟူ၍ အနက်ပေးသောကြောင့် (နိဒ္ဒေသအလိုအားဖြင့် ဒူရန္တိကသုတ်ဖြင့် ဟေတွတ္ထ အပါဒါန် အမည်မှည့်) ကာရကဏ္ဍွေစသုတ်ဖြင့် ဟိတ်အနက်၌ ပဉ္စမီကေဝုစ် သွာ ဝိဘတ်သက်၊ သွာကို အာ ပြုလေ၊ ရူအလိုအားဖြင့် ဟေတွတ္ထအပါဒါန် မှည့်ဖွယ်မလို။ [စာပေ သင်ကြားခြင်း တဆင့်ကြားခြင်းကြောင့် သစ္စာ ၄ ပါးကိုသိခြင်းသည် ထိထိမိမိမရှိလှ၊ ပဋိဝေဓဉာဏ်နှင့် သင့်တင့် လျော်ကန်သော အနုဗောဓ (ကာမာဝစရဉာဏ်သိသာ) တည်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိခြင်းကား (အတွင်းရောက်အောင် ထွင်းဖောက်၍ သိသော) ပဋိဝေဓ အသိတည်း၊ မဂ်ဉာဏ်ဖြင့် သိခြင်းကို ဟုတ်တိုင်းမှန်စွာ မြင်သော ကြောင့် ယထာဘူတဒဿန ဟုလည်း ခေါ်၏၊ ဤ အသိမျိုးဖြင့် မသိခြင်းကြောင့်သာ သံသရာ၌ ကျင်လည် ပြေးသွားကြရလေသည်။]

၂၉၇။ "ဂါဝိံကို ဝေါလိင်တည်၊ ကိုဟူ၍ အနက်ပေးသောကြောင့် ကံအနက်ကို အလိုရှိရကား ယံ ကရောတိ တံ ကမ္မံ သုတ်ဖြင့် ဝေါကို ကံ အမည်မှည့်" စသည် ဆို၍ အဝံမှိစ သုတ်အတိုင်း ရုပ်တွက်၊ ဝီဟိတည်,ဤအတိုင်းဆို၍ ဗဟုဝုစ် ယောသက်၊ စျမည့်၍ ယောသွကတရသော ဈော သုတ်ဖြင့် စီရင်၊ ရထံစသော နောက်ရုပ်များ လွယ်ပြီ၊ ဣတ္ထိလိင်ဖြစ်သော ဝါဝိံကို "ဝါဝ" ဟု တည်။

**ဒုတိယာ ဝိဘတ်နက်များ**။ ။၁-ဤသုတ်ဖြင့် သက်ရသော ကံအနက်၊ ၂, ၃, ၄-ကွစိ ဒုတိယာ ဆဋ္ဌီနမတ္ထေ, တတိယာ သတ္တမီနဉ္စသုတ်တို့ဖြင့် သက်ရသော တတိယာ ဆဋ္ဌီ သတ္တမီဝိဘတ်တို့၏ အနက် ၃ မျိုး၊ ၅-နေ၏ ယှဉ်ရာ၊ [သုတ် သီးခြားမရှိ, သတ္တ မျတ္ထေစသုတ်၌ မှတ်ချက်ပြခဲ့သော "ပုရတ္ထိမေန ဝေဿာလီ" ၌ ဝေဿာလီကိုပင် ဆိုလိုသည်၊ အနက်မှာ ပဉ္စမီ အနက်တည်း၊] ၆-စတုတ္ထီဝိဘတ်၏အနက်၊ [ဤအနက် ၌လည်း သုတ်သီးခြား မရှိ, တတိယာ သတ္တမီနဉ္စ၌ စသဒ္ဒါဖြင့် စတုတ္ထီဝိဘတ်၏

၏၊ ဓမ္မံ-တရားကို၊ သုဏာတိ-နာ၏၊ ဗုဒ္ဓံ-ဘုရားကို၊ ပူဇေတိ-ပူဇော်၏၊ ဝါစံ-စကားကို၊ဘာသတိ-ပြော၏၊ တဏ္ဍုလံ-ဆန်ကို၊ပစတိ-ချက်၏၊ စောရံ-ခိုးသူကို၊ ဃာတေတိ-သတ်စေ၏။ (၇၆, ၂၇၄)။

---

သမ္ပဒါန်အနက်၌ ဒုတိယာသက်၍"ပစ္စာရောစေတိ တံ ဒေဝ,သမ္ဗုဒ္ဓုတာန မိဿရ"၌ "တံ-အရှင်မင်းမြတ်အား" ဟု ဖြစ်၏၊] ၇—ကာလဒ္ဓါန မစ္စန္တသံယောဂေသုတ်ဖြင့် သက်ရသော အစ္စန္တသံယောဂအနက်၊ ၈-ကမ္မပ္ပဝစနီယယုတ္တေသုတ်ဖြင့် သက်ရသော ကမ္မပ္ပဝစနီယယုတ္တ၊ ၉—"မုဒုံပစတိ" စသည်၌ မုဒုံစသော ကြိယာဝိသေသနအနက်, ဤ ၉ နက်၌ ဒုတိယာသက်၏။

[ဆောင်] ကမ္မတ္ထေ တတိယတ္ထေစ, ဆဋ္ဌိယတ္ထေစ သတ္တမျေ၊
နေယောဂေ စတုတ္ထ၂တ္ထေ, တထာ အစ္စန္တသံယုတေ၊
ကမ္မပ္ပဝစနီယေန—ယုတ္တေ ဓာတုဝိသေသနေ၊
နဝဋ္ဌာနေသု ဧတေသု, ဒုတိယာ သာဝ ဒိဿတေ။
["ကမ္မပ္ပဝစနီယ+နေ ယုတ္တေ" ဟု ပုဒ်ဖြတ်။]

**ကြိယာဝိသေသန။** ။"မုဒုံ—နူးနပ်စွာ၊ ဝါ—နူးနပ်အောင်၊ ဝါ—နူးနူးနပ်နပ်၊ ပစတိ-ချက်၏" ဟူရာ၌ မုဒုံသည် ပစတိကြိယာကို (မနူးမနပ် ချက်ခြင်းမှ) ထူးခြားအောင် ပြုတတ်သောကြောင့် ကြိယာဝိသေသန မည်၏။ [ကြိယာယ-ကြိယာ၏၊ ဝါ-ကို၊ဝိသေသနံ-အထူးပြုတတ်သော ပုဒ်၊] ထို ကြိယာဝိသေသနသည် နပုလ္လိင် ဧကဝုစ် ဒုတိယာဝိဘတ်ဆုံးသော ပုဒ်တည်း-ဟု သဒ္ဒတ္ထသဒ္ဒါကျမ်းကိုမှီ၍ ဆိုကြ၏၊ ဤဦးအံ့-အလုံးစုံသော ဓာတ်၏အနက်ကို ကရဓာတ်နက်သည် ပျံ့နှံ့အပ်၏၊ ထို့ကြောင့် ပစတိကို "ပစနံ ကရောတိ"ဟု ကရဓာတ်ဖြင့် ဖွင့်ပြနိုင်၏၊ ပစနံသည် ချက်ခြင်းကြိယာ သာမညကို ဟော၏၊ ထိုသို့ သာမညကို ဟောရာ၌ နပုလ္လိင်ဖြင့် ညွှန်ပြရိုးရှိ၏၊ သာမညဖြစ်သောကြောင့် ဧကဝုစ်ဖြင့်လည်း ညွှန်ပြရ၏၊ ဝိသေသနဖြစ်သော မုဒုံလည်း ပစနံကဲ့သို့ နပုလ္လိင်ဧကဝုစ် ဒုတိယန္တပင်။

[**ကာတန္တဋီကာ**] ကြိယာဝိသေသနာနမ္ပိ ကမ္မတာ နပုံသကတာ ဧကတာစ ဉာယတော ဘဝတိ၊ သဗ္ဗော ဟိ ဓာတွတ္ထော ကရောတျတ္ထေန ဗျာပိတော၊ ထောကံ ပစတိ=ထောကံ ပစနံ ကရောတီတျတ္ထော၊ ပေ၊ နပုံသကတ္တမေကတ္တဉ္စ ဉဿဂ္ဂတာယ ဘဝတျေဝ၊ ယထာ—ကဋံ ကရောတိ ဉဋ္ဌာရံ ဝိပုလံ ဒဿနီယမိတိ၊ ဂုဏယုတ္တဿာပိ ဗျာပျတာ သိဒ္ဓါ, ပစ္စေကံ ကရောတျာဘိသမ္ဗန္ဓာ၊ တဒဘိဗျတ္တိယာ ဒုတိယာ ယောဇေ တဗ္ဗာ။

ကြိယာဝိသေသန တို့၏လည်း ကံအဖြစ် နပုလ္လိင်အဖြစ် ဧကဝုစ်အဖြစ်သည် အသင့်ယုတ္တိအားဖြင့် ဖြစ်၏၊ ဤအံ့—အလုံးစုံသော ဓာတ်နက်ကို ကရဓာတ်နက်သည် ပျံ့နှံ့အပ်၏၊ ထောကံ ပစတိ၌, ထောကံ-အနည်းငယ်သော၊ ပစနံ-ချက်ခြင်းကို၊ကရောတိ-

ပြု၏'' ဟု အနက်ဖြစ်၏၊ ကြိယာဝိသေသန၏ နပုလ္လိင်ကေစုစ် အဖြစ်သည်လည်း (ဥဿဂ္ဂတာယ-သာမညာ၏ အဖြစ်ကြောင့်) ဖြစ်နိုင်သည်သာ၊ ဥပမာ-ဖျာကိုပြု၏, ပြန့်ကျယ်သည်ကို ပြု၏, မွန်မြတ်သည်ကို ပြု၏, ရှုချင်စဖွယ်ကို ပြု၏ ဟူရာ၌ကဲ့သို့တည်း၊ (ဂုဏယုတ္တဿာဝိ) ဂုဏ်အဖြစ်ဖြင့် ယှဉ်စပ်အပ်သော ဝိသေသန၏လည်း (ဖျာပျတာ) ကြိယာသည် ပွါးနှံ့အပ်သော ကံ၏အဖြစ်သည် ပြီး၏၊ ဘာ့ကြောင့်နည်း....ဝိပုလံ ဥဋ္ဌာရံ ဒဿနီယံတို့ကို အသီးအသီး ကရောတိကြိယာနှင့် စပ်ရခြင်းကြောင့်တည်း၊ ထိုကံအဖြစ် ထင်ရှားစေခြင်းငှာ ဒုတိယာဝိဘတ်ကို ယှဉ်စေထိုက်သည်။

'' ကြိယာ ဝိသေသနံ ယံတု, တံ သဗ္ဗမ္ပိ နပုံသကေ၊
ဒုတိယာ ယေကဝစနံ, ဂတိတဿ ဟိ တာဒိသီ''

ဟူသော သမ္ဗန္ဓစိန္တာလည်း ဤနည်းအတိုင်းပင်။ [ယံ ကြိယာဝိသေသနံ-သည်၊ အတ္ထိ-ရှိ၏၊ တံ-ထို ကြိယာဝိသေသနသည်၊ သဗ္ဗမ္ပိ-အလုံးစုံပင်၊ နပုံသကေ-နပုလ္လိင်၌၊ ဒုတိယာယ-ဒုတိယာဝိဘတ်၏၊ ဧကဝစနံ-ဧကဝုစ်အဆုံးရှိ၏၊ ဟိ-မှန်၏၊ တဿ-ထို ကြိယာဝိသေသန၏၊ ဂတိ-ဖြစ်ပုံသည်၊ တာဒိသီ-ထို ပစနံ ကရောတိဝယ် ပစနံကဲ့သို့ သဘောရှိ၏။] (ပစနံသည် နပုလ္လိင် ဒုတိယာ ဧကဝစနန္တ ဖြစ်သကဲ့သို့ မုဒုံ သောကံတို့လည်း နပုလ္လိင် ဒုတိယာ ဧကဝစနန္တဖြစ်သည်–ဟူလို။)

**ပဉ္စမာ ကြိယာဝိသေသန။** ။''ဘူကရာ သဗ္ဗဓာတုတ္ထဗျာပကာ=ဘူဓာတ် ကရဓာတ်တို့သည် ဓာတ်နက်အားလုံး၌ ပွါးနှံ့ကုန်၏'' ဟု ပရိဘာသာပြု၍ ''ပစတိ-ပစနံ ဘဝတိ-ကျက်ခြင်းသည်ဖြစ်၏''ဟု ဘေဒစိန္တာ၌ တနည်းဖွင့်သေး၏၊ ပစနံသည် ပဌမန္တဖြစ်သကဲ့သို့ မုဒုံလည်း ပဌမန္တပင်။ [စကျွံ ဥဒပါဒိကဲ့သို့ ဝါစာသိလိဋ္ဌ နိဂ္ဂဟိတ်လာ၍ ''မုဒုံ'' ဟု ဖြစ်သည်။] နပုလ္လိင်ကေဝုစ်အဖြစ်မှာ ဒုတိယာဝိသေသန အတိုင်းပင်၊ သုခံ သယတိ၌လည်း ''သုခံ-ချမ်းသာစွာ၊ သယတိ သယနံ ဘဝတိ-အိပ်ခြင်းသည် ဖြစ်၏'' ဟု ဖွင့်လျှင် သုခံသည် ပဌမန္တ ကြိယာဝိသေသန၊''သယတိ သယနံ ကရောတိ-အိပ်ခြင်းကို ပြု၏'' ဟု ဖွင့်လျှင် သုခံသည် ဒုတိယန္တ ကြိယာဝိသေသနတည်း။

ဝိသမံ-မညီမညွတ်၊ စန္ဒိမသူရိယာ-တို့သည်၊ ပရိဟရန္တိ-လှည့်လည်ကုန်၏၊ ''ပရိဟရဏံ ကရောန္တိ''ဟုဖွင့်၍ ဝိသမံ၌ ဒုတိယာကေဝုစ်သာ၊ ဤ၌ စန္ဒိမသူရိယာဟု ဗဟုဝုစ်ရှိသောကြောင့် ''ပရိဟရဏံ ဘဝတိ'' ဟု မဖြစ်နိုင်၊ လှည့်လည်ခြင်းက တမျိုးတည်း ကေဝုစ်ဖြစ်သောကြောင့် ''ပရိဟရဏာနိ ဘဝန္တိ'' ဟုလည်း မဖြစ်နိုင်၊ ထို့ကြောင့် ဒုတိယန္တဟု ဆိုသောဝါဒသာ သာ၍ ခြေမြစ်ဖွယ် ရှိသည်၊ ''သိတ္တာ တေ လဟု မေဿတိ'' ၌ ''လဟု-လျင်စွာ+ဧဿတိ-ရောက်လတ္တံ့'' ဟု ယဝမဒနသုတ်၌ (မ) အာဂမ၏ ပုံစံပြသော ကစ္စည်းဝုတ္တိ ဆရာအလိုအားဖြင့် လဟုနောင် ဒုတိယာမသက်နိုင်-ပဌမာသာ သက်နိုင်သောကြောင့် ပဌမာကြိယာ ဝိသေသနလည်း ရှိ၏ဟု ယူလိုကြ၏၊ ထို၌ လဟုံ+ဧဿတိ'' ဟု ပုဒ်ဖြတ်လျှင် ဒုတိယန္တဖြစ်၍ မဒါသရေ သုတ်၏ ပုံစံသာ ဖြစ်၏၊ ယဝမဒန သုတ်၏ပုံစံ မဖြစ်နိုင်။

**ဝိဘတ်သက်သုတ်။** ။ပစနံ ဘဝတိ၌ ပစနံသည် ကတ္တားဖြစ်သကဲ့သို့ ထို ပစနံ၏ ဝိသေသနဖြစ်သော မုဒုံလည်း ကတ္တားသဘော ရှိ၏၊ သို့ဖြစ်လျှင် ကတ္တားအနက်ကို ဘဝတိကြိယာက ဟောပြီးဖြစ်၍ လိင်္ဂတ္ထမျှကို ထွန်းပြခြင်း၌ လိင်္ဂတ္တေ ပဌမာသုတ်ဖြင့် မုဒုနောင် ပဌမာ သက်နိုင်၏၊ ပစနံ ကရောတိ၌ ပစနံသည် ကံ ဖြစ်သကဲ့သို့ ထို ပစနံ၏ ဝိသေသနဖြစ်သော မုဒုံလည်း ကံသဘော ရှိ၏၊ သို့ဖြစ်လျှင် ကမ္မတ္တေ ဒုတိယာသုတ်ဖြင့် မုဒုနောင် ဒုတိယာ သက်နိုင်သည်၊ ထို့ကြောင့် ကြိယာဝိသေသန အနက်၌ ဝိဘတ် သက်သောသုတ်ကို ကစ္စည်း၌ သီးခြား မပြတော့ပြီ။

[ဘာဒဝိနွာ] ကြိယာ ဝိသေသနံ ကတ္တု-ကမ္မတ္တေ တိဋ္ဌတေ ယတော၊
သိဒ္ဓံ ဗျာယေန တံ တသ္မာ, န တဒတ္ထံ ဝိသုံ ဝိဓိ။

ယတော-အကြင့်ကြောင့်၊ ကြိယာဝိသေသနံ-သည်၊ ကတ္တုကမ္မတ္တေ-ကတ္တားအဖြစ် ကံအဖြစ်၌၊တိဋ္ဌတေ-တည်၏၊ တတော-ထို့ကြောင့်၊ တံ-ထို ကြိယာဝိသေသနသည်၊ ဗျာယေန-လိင်္ဂတ္တေပဌမာ, ကမ္မတ္တေဒုတိယာ ဟူသော သုတ် နည်းဖြင့်၊ သိဒ္ဓံ-ပြီး၏၊ တသ္မာ-ထိုသို့ ပြီးခြင်းကြောင့်၊ တဒတ္ထံ-ထို ကြိယာဝိသေသန အကျိုးငှာ၊ ဝိဓိ-ဝိဘတ် သက်မည့် ဝိဓိသုတ်ကို၊ ဝိသုံ-သီးခြား၊ နဝုတ္တံ-မဆိုအပ်။

**နိဒ္ဒေသ။** ။နိဒ္ဒေသ၌ကား ဤကဲ့သို့ မကြံပဲ "ကမ္မတ္ထ ကမ္မတ္တောစ ကမ္မတ္တော"ကို ဧကဒေသ သရူပေကသေသ် ပြုပြီးလျှင် ကမ္မတ္တဖြင့် ကြိယာဝိသေသန အနက်ကို ယူ၍ ကမ္မတ္တေ ဒုတိယာသုတ်ဖြင့် ဒုတိယာသက်-ဟု ကြံ၏၊ ကမ္မတ္ထ—ကံလည်း။ ကမ္မတ္တောစ-ကြိယာဝိသေသန အနက်လည်း၊ ကမ္မတ္တော-ကံ, ကြိယာဝိသေသန အနက်၊ ကမ္မတ္တော စ၌ ကမ္မကို "ကရဏံ ကမ္မံ" ဟု ဝိဂ္ဂြိုဟ်ပြု၍ ကြိယာကို အရကောက်သည်၊ ကမ္မဿ-ကြိယာ၏၊ အတ္တော-ဝိသေသနအနက်သည်၊ ကမ္မတ္တော-မည်၏။ [သဒ္ဒနီတိ၌ကား စာသင်သားတို့ ကြိယာဝိသေသနအရာ၌ မတွေဝေစေခြင်းအကျိုးငှာ "ဘာဝ နပုံသကေ ဒုတိယေကဝစနံ"ဟု သီးခြား သုတ်တည်ပြသေး၏၊ ကြိယာဝီသေသနကို အဋ္ဌကထာများ၌ "ဘာဝနပုံသကံ=ကြိယာ၌ စပ်ထိုက်သော နပုလ္လိင်ရှိသောပုဒ်" ဟု သုံးလေ့ ရှိသောကြောင့် သဒ္ဒနီတိဆရာလည်း "ဘာဝနပုံသကေ" ဟု ဆိုသည်။]

**ဝိဘတ်စဉ်အတိုင်း မဆိုပုံ။** ။ဒုတိယာဝိဘတ် သက်သော ဤသုတ်ကို ပဌမာ ဝိဘတ်သက်သော အာလပနေစသုတ်၏ နောက်၌ ဝိဘတ်အစဉ်ကျအောင် ဆိုသင့်လျက် တတိယာဝိဘတ်သက်သော သုတ်တို့၏နောက်မှ ဆိုခြင်းသည် "ဤ ဒုတိယာ ဝိဘတ်သည် မိမိ၏အနက်ဖြစ်သော ကံအနက်၌သာသက်သည် မဟုတ်သေး, တတိယာ ဝိဘတ်၏ အနက်စသော အခြား ကာရကအနက်များ၌လည်းကောင်း, သာမိစသော အကာရက အနက်များ၌လည်းကောင်း သက်သေး၏" ဟု သိစေရခြင်း အကျိုးရှိ သည်။ [အယံ ဒုတိယာ ဝိဘတ္တိ န ကေဝလံ အတ္တနော အတ္တဘူတေ ကမ္မကာရကေ ယေဝ ဟောတိ၊ အထခေါ ပဉ္စသု အဝသေသကာရကေသုစ ကာရကမုတ္တာသာမျာ ဒျတ္ထေစ ဟောတီတိ ဉာပနတ္ထံ ဇုဟ (တတိယာ ဝိဘတ်သက်သော သုတ်တို့၏ နောက် ဖြစ်သော ဤနေရာ၌) ဥတ္တန္တိ ဒဋ္ဌဗ္ဗံ၊ (နိဒ္ဒေသ)။]

**ကာလဒ္ဓါန မစ္စန္တ သံယောဂေ**

၂၉၈။ ကာလဒ္ဓါနံ - ကာလ, အခွန့်တို့၏၊ အစ္စန္တ သံယောဂေ-ဒြပ်ဂုဏ် ကြိယာတို့နှင့် အဆက် မပြတ် ယှဉ်ခြင်းသည်၊ (သတိ-ရှိသော်)၊ ဒုတိယာ ဝိဘတ္တိ ဟောတိ၊ မာသံ - တလပတ်လုံး၊ မံသောဒနံ - သားပြွမ်းထမင်းကို၊ ဘုဥ္စတိ -

---

၂၉၈။ **ကာလဒ္ဓါန မစ္စန္တသံယောဂေ**—တလစသော အချိန်ကို ကာလဟုလည်းကောင်း, တယူဇနာစ စသော ခရီးကို အခွန့်ဟုလည်းကောင်း ခေါ်၏၊ အစ္စန္တကို "အတိ+အန္တ" ဟု ပုဒ်ခွဲ၊ အန္တသဒ္ဒါသည် အဘိဓာန်လာ အနက်တို့တွင် သီမာ (အပိုင်း အခြား) အနက်ကို ဟော၏၊ အတိသဒ္ဒါကား အတိက္ကန္တ အနက်ဟောတည်း၊ အန္တံ-အပိုင်းအခြားကို+အတိက္ကန္တံ-လွန်သည်တည်း၊ အစ္စန္တံ-အပိုင်းအခြားကို လွန်သည်။ "အပိုင်း အခြားကိုလွန်" ဟူသည် အကြား အကြား၌ ပိုင်းခြား ကန့်သတ်မှု ပြတ်နေမှု မရှိခြင်းတည်း၊ ထင်ရှားစေအံ့-"မာသံ မံသောဒနော- တလလုံးလုံး သားပြွမ်းထမင်း" ဟူရာ၌ တလအတွင်းဝယ် သားပြွမ်း ထမင်းချည်းဖြစ်၏၊ တရက် တလေမျှ သားပြွမ်းထမင်း လစ်လပ် ပြတ်နေခြင်း မရှိချေ၊ အစ္စန္တံကို "နိရန္တရံ=နိ+အန္တရံ-အကြား မရှိအောင်" ဟု ဖွင့်ခြင်းကား အဓိပ္ပာယ်ဖွင့်တည်း။

**သံယောဂ။** ။"ကာလ အခွန့်တို့၏ အဆက်မပြတ်ယှဉ်ခြင်း" ဟူရာ၌ "ဘာနှင့် ယှဉ်သနည်း" ဟု သံယောဂ ယှဉ်ဘက်ကို မေးဖွယ်ရှိသောကြောင့် "ဒဗ္ဗဂုဏ ကြိယာဟိ" ဟု သဟာဒိယောဂဖြစ်သော ယှဉ်ဖက်ပုဒ်ကို ထည့်စွက်၍ ဖွင့်ကြသည်၊ ကာလ အခွန့်တို့၏ (ကာလ အခွန့်တို့မှာ) ဒြပ် ဂုဏ် ကြိယာတို့နှင့် အဆက်မပြတ် ယှဉ်ကြသည်-ဟူလို၊ ထို့ကြောင့် ကာလ၏ ဒြပ်နှင့် အဆက်မပြတ်ယှဉ်ခြင်း, ဂုဏ်နှင့် အဆက်မပြတ် ယှဉ်ခြင်း, ကြိယာနှင့် အဆက်မပြတ်ယှဉ်ခြင်းဟု ကာလအတွက် ၃ မျိုး, ထို့အတူ အခွန့်အတွက် ၃ မျိုးအားဖြင့် အစ္စန္တသံယောဂ ၆ မျိုးပြားသည်။

**မာသံ မံသောဒနံ ဘုဥ္စတိ**—သားပြွမ်းထမင်း ဟူသည် အသားနှင့် ရောထားသော ဒန်ပေါက်ခေါ် ထမင်းတည်း၊ ထိုထမင်းသည် အထည်ကိုယ် ရကောင်းသော ဒြပ်တည်း၊ တလလုံးလုံး မပြတ်ပဲ သားပြွမ်းထမင်းဒြပ်နှင့် ယှဉ်သောကြောင့် မာသံဟူသော ကာလသည် ဒဗ္ဗအစ္စန္တ သံယောဂတည်း၊ ဤ၌ "ယှဉ်" ဟူသည် သားပြွမ်း ထမင်းဒြပ် ရှိနေခြင်းတည်း၊ "မာသံကား ပတ်လုံးဟူ၍ အနက်ပေးသောကြောင့် မံသောဒနံ၌ ဒဗ္ဗအစ္စန္တ သံယောဂ, မံသောဒနံကား ဒဗ္ဗအစ္စန္တ သံယောဂဝန္တ" ဟု စာစပ်၊ "တလလုံးလုံး ဒန်ပေါက် ထမင်းချည်းပဲ" ဟူသော မြန်မာစကား၌ "တလလုံးလုံး" ဟူသော စကားကို "ဒန်ပေါက်ထမင်းချည်းပဲ" ၌ ဆက်စပ်၍ ပြောရပုံကို သတိပြုပါ၊ ဘုဥ္စတိ ကြိယာ ပါနေကြောင့် ဘုဥ္စတိ၌ စပ်၍ ကြိယာ အစ္စန္တ သံယောဂဟု မှတ်မှားစရာ ရှိ၏၊ ထို့ကြောင့် ကြိယာမပါပဲ "မာသံ ဂုဠောဒနော-တလပတ်လုံး ပေါက်ပေါက်ဆုပ်ပေါ၏" ဟူသော မောဂ္ဂလ္လာန်ပုံစံကဲ့သို့ "မာသံ မံသောဒနော-တလပတ်လုံ- သားပြွမ်းထမင်း ပေါ၏" ဟု ပုံစံထုတ်ရလျှင် သာ၍ ရှင်းမည်။

ကစ္စည်းဘာသာဋီကာ—၂၇—ခ

စား၏၊ သရဒံ-သရဒ ဥတုပတ်လုံး၊ နဒီ-မြစ်ကို၊ ရမဏီယာ-မွေ့လျော်အပ်၏၊ မာသံ-တလပတ်လုံး၊ သဇ္ဈာယတိ-သရဇ္ဈာယ်၏၊ (စာအံ၏)၊ ယောဇနံ-တယူဇနာ တိုင်တိုင်၊ ဝနရာဇိ-တောတန်းဖြစ်၏၊ ယောဇနံ-တယူဇနာတိုင်တိုင်၊ ပဗ္ဗတော-တောင်သည်၊ ဒီဃော-ရှည်၏၊ ကောသံ-တကောသ တိုင်တိုင်၊ သဇ္ဈာယတိ-၏၊

---

**သရဒံ ရမဏီယာ နဒီ**—မြန်မာ အခေါ်အားဖြင့် တော်သလင်း လပြည့်မှ တန်ဆောင်မုန်းလပြည့်အထိ သရဒဥတုခေါ်၏၊ ထိုဥတု၌ လှိုင်းလေကင်းရှင်းသော မြစ်အတွင်း၌ မွေ့လျော် ပျော်ဖွယ်ကောင်း၏၊ သရဒဥတုဟူသော ကာလသည် မွေ့လျော်ဖွယ် ဂုဏ်နှင့် အဆက်မပြတ် ယှဉ်သောကြောင့် ဂုဏအစ္စန္တသံယောဂတည်း၊ "သရဒံကား ပတ်လုံးဟူ၍၊ပေ၊ကြောင့် ရမဏီယာ၌ ဂုဏအစ္စန္တ သံယောဂ, ရမဏီယာကား ဂုဏအစ္စန္တ သံယောဂဝန္တ" ဟု စာစဉ်။ [ကာလ အစ္စန္တသံယောဂ၌ "ပတ်လုံး" ဟု အနက်ပေးရိုး ပြုကြ၏၊ မြန်မာလို "တလလုံးလုံး"ဟု ဆိုလိုသည်။]

**မာသံသဇ္ဈာယတိ**—[အဓိပုဗ္ဗ ဣဓာတ်သည် စာအံခြင်း စာပြန်ခြင်း စာသင်ခြင်း အနက်ကို ဟော၏၊ အဓိကို အဇ္ဈ, ဣကို ဧဒ္ဒိ, ဧ ကို အယပြု၍ အဇ္ဈာယတိဟု ဖြစ်၏၊ သံ ရှေးရှိရာ၌ နိဂ္ဂဟိတ်ချေ၍ သဇ္ဈာယတိဟု ဖြစ်၏၊ အသံဖြင့် ရွတ်အံခြင်းကို "သရ-အသံဖြင့်+အဇ္ဈာယန-ရွတ်အံခြင်း၊ ဝါ-သရဇ္ဈာယ်ခြင်း"ဟု ခေါ်သည်။] တလလုံးလုံး ကာလသည် သရဇ္ဈာယ်ခြင်းကြိယာနှင့် အဆက်မပြတ် ယှဉ်သောကြောင့် (တလပြည့်အောင် ဆရာ့အထံ၌ စာသင်ခြင်းကြိယာ ရှိသောကြောင့်) ကြိယာ အစ္စန္တသံယောဂ မည်၏၊ မာသံကား၊ ပေ၊ ကြောင့် သဇ္ဈာယတိ၌ ကြိယာအစ္စန္တသံယောဂ ဟု ဆို၍ စာစဉ်။

**ယောဇနံ ဝနရာဇိ**—ရာဇိသဒ္ဒါသည် အကြားး အပြတ်မရှိသော အစဉ်အတန်းကို လည်းကောင်း, အရေးအသားကိုလည်းကောင်း ဟော၏၊ ဤ၌ အစဉ်အတန်း အနက်သာ သင့်၏၊တောတန်းကြီးသည် တယူဇနာတိုင်အောင် အဆက်မပြတ် တည်ရှိသည်-ဟူလို၊ ဤ၌ တယူဇနာ ဟူသော ခရီးအခွန့်သည် တောတန်းဒြပ်နှင့် အဆက်မပြတ်ယှဉ်သော (ရှိသော) ကြောင့် ဒဗ္ဗအစ္စန္တ သံယောဂတည်း။ [ခရီးအခွန့် အနက်၌ "တိုင်တိုင်" ဟု ပေးရိုးရှိ၏၊ "တိုင်အောင်" ဟူသော စကားနှင့် သဘောတူပင်၊ အားလုံးရုပ်များကို အခြေပြုမှီး၍ ဆိုရိုးပြုကာ တွက်ကြပါလေ၊ ရှေးဆရာတို့ကား "ပရ သမညာ ပယောဂေ သုတ်ဖြင့် အစ္စန္တသံယောဂ အမည်မှည့်" ဟု ဆိုကြသေး၏၊ သက္ကတ၌ အစ္စန္တသံယောဂ အမည်မှည့်သောသုတ် မရှိ၍ မဆိုသင့်။]

**ယောဇနံဒီဃော၊ပေ၊သဇ္ဈာယတိ**—ဘယူဇနာခရီးသည် အရှည်ဂုဏ်နှင့် အဆက်မပြတ် ယှဉ်သောကြောင့် ယောဇနံပုဒ်သည်ဂုဏအစ္စန္တ သံယောဂတည်း၊ တကောသ ခရီးသည် သရဇ္ဈာယ်ခြင်း ကြိယာနှင့် အဆက်မပြတ် ယှဉ်သောကြောင့် (တကောသ တိုင်အောင် စာအံ၍ သွားသောကြောင့်) ကောသံသည် ကြိယာအစ္စန္တ သံယောဂ တည်း။ ["ဓနုပဉ္စသတံ ကောသော" အရ လေးအပြန် ငါးရာဝေးသောအရပ်သည် တကောသ မည်၏၊ လေးဆရာတို့ ကိုင်နေကျဖြစ်သော လေးသည်ညှို့မတင်သည့်အခါ

အစ္စန္တသံယောဂေတိ-ပုဒ်သည်၊ ကိမတ္ထံ-နည်း၊ သံဝစ္ဆရေ-တနှစ်၌၊ ဘောဇနံ-ဘောဇဉ်ကို၊ ဘုဉ္ဇတိ-၏၊ ဣတိ-ဤသို့ စသော ပြယုဂ်တို့၌ ထားမြဲရခြင်း အကျိုးရှိ၏။ (၂၀၇)။

---

၄ တောင်ထွာရှည်၍,ညို့တင်ထားသည့်အခါ ကုပ်သွားသောကြောင့် ၄ တောင်သာ ရှည်၏၊ ထိုကဲ့သို့ ညို့တင်အပ်သောလေးကို ကုပ်နေအောင်လုပ်သောကြောင့် "ကုပ်လုပ်လေး"ဟု ခေါ်၏၊ ထို့ကြောင့် "ကုပ်လုပ်လေးတာ, ငါးရာပြည့်ညီ, တောကိုမှီ လျက်" ဟု စပ်ဆိုကြသည်၊ လောကီကျမ်းတို့၌ကား ၂၄ သစ် တတောင်, အတောင် ရှစ်ထောင်ကို တကောသ ဟု ဆို၏။]

**ယူဇနာတွက်ပုံ။** ။၇ တောင် တတာ, တာ ၂၀ တဥသဘ, ဥသဘရှစ်ဆယ် တဂါဝုတ်, ၄ ဂါဝုတ် တယူဇနာ၊ မြင်းမိုရ်တောင်သည် ထိုကဲ့သို့သော ယူဇနာပေါင်း (ရေတွင်ဝင်နေသောအရပ်ပါ) တသိန်းခြောက်သောင်းမြင့်၏-ဟု သမ္မော, ဈာန ဝိဘင်္ဂဋ္ဌကထာ မိန့်၏၊ အင်္ဂလိပ်တမိုင်သည် အတောင် ၃၅၂၀ (သုံးထောင့်ငါးရာ့ နှစ်ဆယ်) ရှိ၏၊ယခင်ပြခဲ့သော ယူဇနာသည် ထိုမိုင်ဖြင့် ၁၂ မိုင် ၅ ဖာလုံနှင့် အတောင် ၃၆၀ ရှိသောဟူ၏၊ မြန်မာတို့ကား ၆ တိုင်နှင့် တာလေးရာကို တယူဇနာ ဟု တွက်ကြသည်၊ လီလာဝတီကျမ်းအလိုအားဖြင့် တယူဇနာသည် ၉မိုင်နှင့် အတောင် ၃၂၀ ရှိ၏၊အယူ တမျိုးအားဖြင့် တယူဇနာသည် ၁မိုင် တဖာလုံနှင့် အတောင် ၄၀ ရှိ၏-ဟု ကျေးဇူးရှင် အဘယာရာမဆရာတော်၏ မောဂ္ဂလ္လာန် နိဿယသစ်၌မိန့်သည်၊ မြို့ရွာ အကွာအဝေးကို ယူဇနာဖြင့် ရေတွက်ရာ၌ နောက်နည်းများဖြင့် သင့်သလို တွက်သင့်သည်-ဟု ယူကြ၏၊ သို့မှလည်း ဘုရားရှင် ကပ္ပိလဝတ်ပြည်တော်သို့ ပဌမကြွတော်မူရာ၌ တနေ့လျှင် တယူဇနာကျ ဖြေးဖြေးသက်သာ ကြွတော်မူသည်-ဟူသော စကားနှင့် သင့်လျော်မည်။

**အစ္စန္တ သံယောဂေတိ ကိံ**—"သံဝစ္ဆရေ ဘောဇနံ ဘုဉ္ဇတိ" ၌ တနှစ်လုံးလုံး အဆက်မပြတ် စားနေသည် မဟုတ်၊ တနှစ်၌ သင့်လျော်ရာ ရက်များဝယ် စားသောကြောင့် အစ္စန္တသံယောဂ မဖြစ်ရကား ဤသုတ်ဖြင့် ဒုတိယာ မသက်ပဲ သတ္တမီသာ သက်ရတော့သည်၊ သံဝစ္ဆရတည်, ကာလအနက်ဟော သဒ္ဒါဖြစ်၍ ဤသုတ်ဖြင့် ဒုတိယာဝိဘတ် သက်သင့်သော်လည်း အစ္စန္တ သံယောဂ မဟုတ်သောကြောင့် မသက်ရ, ၌ဟူ၍ အနက်ပေးသောကြောင့် ဩကာသ အနက်ကို အလိုရှိရကား၊ပေ၊ဩကာသေ သတ္တမီသုတ်ဖြင့်၊ ပေ၊ သ္မိံဝိဘတ်သက်-ဟု ဆို၍ ရုပ်တွက်။

**ဤသုတ်တည်ရကျိုး။** ။"မာသံ-တလအချိန်ကာလကို၊ သဇ္ဈာယတိ-သရဇ္ဈာယ်ရာ ကာလကို ပြု၏" ဟု အနက်ပေးလျှင် ကြိယာနှင့်ယှဉ်၍ ကြိယာကို ပြီးစေနိုင်သော ကာရကသတ္တိရှိသောကြောင့် ကမ္မတ္ထေ ဒုတိယာသုတ်ဖြင့် ဒုတိယာသက်မည်ဆိုလျှင် သက်နိုင်ရာသေး၏၊ ဒြပ်ဂုဏ်တို့နှင့်ယှဉ်သော ဒဗ္ဗ—ဂုဏ အစ္စန္တသံယောဂတို့၌ကား ကြိယာ၌ မစပ်ရ၍ ကြိယာကို မပြီးစေနိုင်ကြသဖြင့် ကမ္မကာရက မဖြစ်နိုင်၊ထို့ကြောင့် ကမ္မတ္ထေ ဒုတိယာသုတ်ဖြင့် ဒုတိယာဝိဘတ် မသက်နိုင်၊ မာသံ သဇ္ဈာယတိ၌လည်း

**ကမ္မပ္ပဝစနီယ ယုတ္တေ**

၂၉၉။ ကမ္မပ္ပဝစနီယ ယုတ္တေ-ကမ္မပ္ပဝစနီယ အမည်ရသော ဥပသာရနိပါတ်တို့နှင့်ယှဉ်လတ်သော်၊ဒုတိယာ ဝိဘတ္တိ ဟောတိ၊ တံ ခေါ ပန ဘဝန္တံ ဂေါတမံအဘိ-ထို အရှင် ဂေါတမ၏၊ ဇဝံ-သို့၊ ကလျာဏော - ကောင်းသော၊ ကိတ္တိသဒ္ဒေါ - ကျော်စောသံသည်၊ ဥဂ္ဂတော-တက်ပြီ၊ပဗ္ဗဇိတံအနု-ဘုရားအလောင်း ရဟန်းပြုလတ်သော်၊ပဗ္ဗဇိံသု-အခြားသူတို့လည်း ရဟန်းပြုကုန်ပြီ။ (၂၀၀)။

---

''မာသံ—တလ၁တ်လုံး၊ ဂန္တံ-ကျမ်းဂန်ကို၊ သဇ္ဈာယတိ-၏''ဟု ဂန္တံသည်သာ ကံဖြစ်နိုင်၏၊ မာသံကား စင်စစ်အားဖြင့် သရဇ္ဈာယ်ခြင်းကြိယာကို ပြီးစေနိုင်သော ကမ္မသတ္တိ မရှိ, ကမ္မကာရက မဟုတ်နိုင်၊ ထို့ကြောင့် အစ္စန္တသံယောဂအနက်၌ ကမ္မတ္တေ ဒုတိယာ သုတ်ဖြင့် မပြီးနိုင်ရကား ဤသုတ်ကို အားထုတ်ရပေသည်။

[ပဉ္စိကာ] ယဒါ ကာလဒ္ဓါနံ ကြိယာယာ-စ္စန္တသံယောဂေါ၊တဒါ ကာမံ သိဇ္ဈတု ကမ္မတ္တာ ဒုတိယာ၊ ယဒါတု ဂုဏေဟိ ဒဗ္ဗေဟိဝါ သံယောဂေါ၊ တဒါ န သိဇ္ဈတီတိ သုတ္တမိဒမာရဒ္ဓံ။ [''ကမ္မတ္တာ—ကံ၏အဖြစ်ကြောင့်၊ ဒုတိယာ—သည်၊ ကာမံ သိဇ္ဈတု-အကယ်၍ကား ပြီးနိုင်ရာသေး၏'' ဟု ပေး၊ ကံဖြစ်သည်ဟု မဆိုလို, ကြံစည်၍ဆိုအပ်သော ပရိကပ္ပ စကားသာ။]

**အဘာဝ အစ္စန္တ သံယောဂ**။ ။''မာသံ ဘောဇနာဘာဝေါ-တလလုံးလုံး ဘောဇဉ်မရှိခြင်း'' စသည်၌ တလ ကာလသည် ဘောဇဉ် မရှိမှုနှင့် ယှဉ်သောကြောင့် အဘာဝ အစ္စန္တ သံယောဂတည်း။ [အစ္စန္တသံယောဂေါစ ဂုဏကြိယာဒဗ္ဗသာဓိယ အဘာဝသာဓိ၊ အတော ဧဝ ''မာသံ ဘောဇနာဘာဝေါ'' ဣတိ သိဇ္ဈတိ၊ (သိဒ္ဓန္တကောမုဒီဒပ္ပဏ)။]

၂၉၉။ **ကမ္မပ္ပဝစနီယ**။ ။''လက္ခဏိတ္ထမ္ဘူတဝချာန ဘာဂဝိစ္ဆာသု ပတိပရိ အနဝေါ-လက္ခဏ,ဣတ္ထမ္ဘူတာချာန, ဘာဂ, ဝိစ္ဆာအနက်တို့၌ ပတိ ပရိ အနုတို့သည် ကမ္မပ္ပဝစနီယမည်၏'' ဟု ပါဏိနီ၌ ဆိုသောကြောင့် ကမ္မပ္ပဝစနီယဟူသော အမည်သည် သက္ကတသဒ္ဒါကျမ်းတို့၏ နာမည်ရင်းတည်း၊ ထို့ကြောင့် သက္ကတကျမ်းတို့ အဆိုကို ဤ၌ ပြအံ့။ [ပါဠိသဒ္ဒါကျမ်းတို့ အဆိုကား ရူပသိဒ္ဓိဘာသာဋီကာ၌' ဖွင့်ပြထားသည်။] ကမ္မံ ကြိယံ ပဝုတ္တဝန္တောတိ ကမ္မပ္ပဝစနီယာ၊ ကမ္မ ကြိယံ-ကြိယာကို၊ ပဝုတ္တဝန္တော-ဥပသာရ ဖြစ်ခိုက်တုန်းက ဟောခဲ့ဖူးကုန်ပြီ၊ ဣတိ, ကမ္မပ္ပဝစနီယာ-တို့မည်၏၊ ''ကမ္မ+ပဝစနီယ''ဟု ခွဲ၍ ကမ္မံကို ကြိယံဟု ဖွင့်၏, ပဝုဗ္ဗ ဝစဓာတ် အနီယပစ္စည်းကို တဝန္တုပစ္စည်းဖြင့် ဖွင့်သောကြောင့် အနီယပစ္စည်းသည် (ဤနေရာ၌) အတိတ် ကတ္တားဟောဟု သိစေသည်။

**မှတ်ချက်**။ ။ကြိယံ ပဝုတ္တဝန္တော=ကြိယာကို ဟောဖူးကုန်ပြီ'' ဟူသော ဝိဂ္ဂြိုဟ်ဝါကျကို ကောက်ချက်ချလျှင် ''ပတိဇာနာတိ-ဝန်ခံ၏၊ ပရိဘဝတိ, အဘိဘဝတိ-

လွှမ်းမိုး၏၊ အနုဘဝတိ-ခံစား၏'' စသည်ဖြင့် ''ဓာတ်နှင့် တွဲဖက်၍ ဥပသာရအမည် ရခိုက်တုန်းက ကြိယာကို ဟောခဲ့ဖူး ထွန်းပြခဲ့ဖူးကုန်၏၊ ယခုသော် ဥပသာရမဟုတ် ကြတော့, ကမ္မပ္ပဝစနီယဟူသော နာမည်ထူးက ဥပသာရဟူသော နာမည်ရှိးကို တားမြစ်လိုက်ပြီဖြစ်၍ ဓာတ်နှင့်လည်း မတွဲနိုင်, ကြိယာကိုလည်း မဟောနိုင်တော့'' ဟု အဓိပ္ပာယ်စကား ကျလေသည်၊ ထို့ကြောင့် ကဝိရာဇဋီကာ၌ ''အတီတေတိ ဧတေန ဥပသဂ္ဂတာ ဒဿာယံ (ဥပသာရ၏ အဖြစ်ဟူသော အခိုက်အတန့်၌) အဘျာ ဒယော ကြိယာ ဇောတကာ၊ တသ္မာ သမ္ပတိ ကမ္မပ္ပဝစနီယတာဒဿာယံ န ကြိယံ ပတိပါဒယန္တီတိ (ကြိယာကို မသိစေနိုင်ကုန် ဟူ၍) ပတိပါဒိတံ'' ဟု မိန့်သည်။

**ဆက်ဦးအံ့**—သက္ကတသဒ္ဒါကျမ်းတို့၌ ကမ္မပ္ပဝစနီယ ပြယုဂ်များကို ''အနုပဗ္ဗိဳသု, အဘ္ယုဂ္ဂတော'' စသော ပါဠိသဒ္ဒါကျမ်းတို့ ပြယုဂ်များကဲ့သို့ ကြိယာနှင့် တွဲဖက်၍ မထုတ်ကြ၊ ''ရုက္ခမဘိ+ဝိဇ္ဇောတတေဝိဇ္ဇု'' စသည်ဖြင့် အဘိစသော ကမ္မပ္ပဝစနီယ နှင့် ကြိယာကို ခွဲခြား၍ ထုတ်ကြသည်၊ ကြိယာနှင့် မတွဲရလျှင် ဓာတ်နက်ကို မထွန်း ပြနိုင်သောကြောင့် ''ဓာတွတ္ထံ ဥပေစ္စ သဇ္ဇေန္တိ'' ဟူသော ဝိဂ္ဂြိုဟ်အရ ဥပသာရ အမည် မရနိုင်ကြတော့ပဲ, ''ကမ္မံ ကြိယံ ပဝုတ္တဝန္တော'' ဝိဂ္ဂြိုဟ်အရ ကမ္မပ္ပဝစနီယ အမည်သစ်သာ ရကြတော့၏၊ သက္ကတအဆိုသည် သူတို့ဝိဂ္ဂဟနှင့် သူတို့ပြယုဂ် ရှေ့ နောက် ညီညွတ်ပါပေသည်။

**သမ္ဗန်ကို ထွန်းပြ**။ ။ကမ္မပ္ပဝစနီယ အမည်ရကြသော ပတိစသော သဒ္ဒါတို့သည် ကြိယာကို မထွန်းပြလျှင် ဘာကို ထွန်းပြကုန်သနည်းဟု မေးသော် ''သမ္ဗန်ကို ထွန်းပြ ကုန်၏'' ဟု ဖြေ၊ ခွဲဦးအံ့—ရုက္ခမဘိ ဝိဇ္ဇောတတေ ဝိဇ္ဇု၊ ဝိဇ္ဇု-လျှပ်စစ်သည်၊ ရုက္ခံ အဘိ-သစ်ပင်ပေါ်၌၊ ဝိဇ္ဇောတတေ-တောက်ပ၏၊ ဤစကားသည် ''လျှပ်စစ်ရောင် ဘယ်မှာတောက်သလဲ''ဟု တစုံတယောက်ကမေးရာ၌''လျှပ်စစ်ရောင်သစ်ပင်ပေါ်မှာ (သစ်ပင်ထိပ်ဖျားမှာ) တောက်သည်''ဟု ပြောဆိုသော စကားမျိုးတည်း၊ ဤပြယုဂ် ၌ သစ်ပင်သည် တောက်ပသော လျှပ်စစ်ရောင်ကို မှတ်သားကြောင်း (ညွှန်ပြ၍ ပြောဆိုကြောင်း)ဖြစ်သောကြောင့် လက္ခဏတည်း၊ တောက်ပသော လျှပ်ရောင်ကား မှတ်သားအပ်သောကြောင့် လက္ချတည်း၊ သစ်ပင်နှင့် လျှပ်ရောင်တို့၏ လက္ခဏ+ လက္ချ အဖြစ်ဖြင့် စာစပ်ရသော ဆက်သွယ်မှုသမ္ဗန်ကို ရုက္ခနောင် သက်သော ဒုတိယာ ဝိဘတ်က ဟော၏။ [သမ္ဗန်အနက်၌ ဆဋ္ဌီ သက်သင့်သော်လည်း ကမ္မပ္ပဝစနီယ အမည်ရသော အဘိနှင့် ယှဉ်သောကြောင့် ဒုတိယာသာ သက်၍ သမ္ဗန်ကို ဒုတိယာ က ဟောသည်။] ထိုကဲ့သို့ လက္ခဏ+လက္ချအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို အဘိသဒ္ဒါ ကြောင့်သာ ထင်ရှားစွာ သိရသောကြောင့် အဘိသဒ္ဒါက ထိုသမ္ဗန်ကို ထွန်းပြသည် ဟု မှတ်။ [ရုက္ခမဘီတိ-လက္ခိယ လက္ခဏဘာဝ သမ္ဗန္ဓေ ဒုတိယာတ္တော သောစ အဘျာဒိ ဇောတိယော။ (ဗာလမနောရမာဋီကာ)]

**ကမ္မပ္ပဝစနီယနှင့် ထွန်းပြအပ်သော အနက်**။ ။ကမ္မပ္ပဝစနီယမည်သော သဒ္ဒါ သည် အနု, ပတိ, ပရိ, အဘိ, ဥပ, အပ, အဓိ စသော ဥပသာရနှင့် ဝိ, ဝိနာ ဟူသော နိပါတ်များတည်း၊ ထိုတွင် ဒုတိယာ သက်ခန်း၌ အပ-အဓိတို့ကို မပြကြ၊ အပ+

သာလာယ, အမိ+ဗြဟ္မဒတ္တ-စသော ပဌမိ သတ္တမီ သက်ခန်း၌သာ ပြကြသည်၊ ဥပကိုကား ပါဠိ သဒ္ဒါကျမ်းတို့၌ မပြသော်လည်း သက္ကတ၌ပြ၏၊ ထိုတွင် အနုပုဒ်သည် လက္ခဏအနက်, ဣတ္ထမ္ဘူတာချာနအနက်, ဝိစ္ဆာအနက်, ဘာဂအနက်, ဟီနအနက်, သဟအနက်တို့ကို ဟော၏, အချို့အရာ၌ ထွန်းပြ၏၊ ပတိ-ပရိ ၂ ပုဒ်သည် ရှေ့အနက် ၄ ပါးကို, အဘိကား ရှေ့အနက် ၃ ပါးကို ဟော၏၊ မိ ဝိနာတို့၏ အနက်မှာ ပုံစံဖြင့် ထင်ရှားလတ္တံ့၊ ထိုပုံစံကိုလည်း ရှုပသိဒ္ဓိမှာ ရှု။

[ဆောင်] အနုပဒံ, လက္ခဏံနှင့်, ဣတ္ထမ္ဘူတ-ချာန ဝိစ္ဆာ, ဘာဂါ ဟီန, သဟတ္ထ ခြောက်...., ထို့နောက် ပတိ, ပရိနှစ်မှာ, ရှေ့ ၄ ဖြာတည်း၊ အဘိမှာရှေ့တြိ,မိ-ဝိနာလျှင်, စသည်ထင်, များဖြင့် ကမ္မပ္ပဝစနီယ။ [အနုပဒံ-အနုပုဒ်သည်၊ တြိ-၃ ပါး၊ ''စသည်ထင်'' ဖြင့် ဥပ-အပ-အမိတို့ကို ပြသည်။]

**လက္ခဏပုံစံ။** ။[ဝုတ္တိ၌ လက္ခဏပုံစံကို နောက်မှ ပြထားသော်လည်း ဆောင်ပုဒ်အစဉ်အတိုင်း လက္ခဏအဓိပ္ပာယ်ကို ဦးစွာပြမည်။] လက္ခဏဟူသည် အမှတ်အသားတည်း၊ ထို အမှတ်အသားသည်လည်း သိစေတတ်သော ဉာပကဟိတ် (ဉာပက အမှတ်အသား), ဖြစ်စေတတ်သော ဇနကဟိတ် (ဇနက အမှတ်အသား) ဟု ၂ မျိုးပြား၏။ [လက္ခဏံ ဥပလက္ခဏံ ဇနကဥ္စ (ကာတန္တ ဝုတ္တိဋီကာ)။] ''ရုက္ခံမတိ+ဝိဇ္ဇောတတေ ဝိဇ္ဇု'' ၌ ပြခဲ့သော လက္ခဏသည် တောက်ပသော လျှပ်စစ်ရောင်ကို သိစေတတ်သော ဉာပကဟိတ် အမှတ်အသားတည်း၊ ဇပမနု-မန္တန်စုတ်ခြင်းကြောင့်+ပါဝဿိ၊ မန္တန်စုတ်ခြင်းသည် မိုးရွာခြင်းကို ဖြစ်စေတတ်သော ဇနကဟေတု လက္ခဏတည်း၊ မိုးရွာခြင်းသည် ထိုမန္တန်စုတ်ခြင်းဖြင့် မှတ်သားအပ်သော လက္ချတည်း၊ ထို လက္ခဏ လက္ချ ၂ မျိုးတို့၏ ဆက်သွယ်မှုသည် သမ္ဗန်တည်း၊ ထိုသမ္ဗန်ကို ဒုတိယာဝိဘတ်က ဟော၍ အနုဟူသော ကမ္မပ္ပဝစနီယပုဒ်က ထွန်းပြ၏၊ ဟိတ်အနက် ပေးရသော ဇပနောင် တတိယာဝိဘတ်သက်သင့်သော်လည်း ကမ္မပ္ပဝစနီယ အနုနှင့် ယှဉ်သောကြောင့် ဒုတိယာသာ သက်ရ၏၊ အနုသည် လက္ခဏပုဒ်ဖြစ်သော ဇပနှင့်ယှဉ်၍ သမ္ဗန်ကို ထွန်းပြသောကြောင့် မိမိယှဉ်ရာပုဒ်၏ လက္ခဏအနက်ကို မိမိလည်း ထွန်းပြရာရောက်သည်။ [ဇပမနု ပါဝဿိ၊ ဟေတုဘူတဇပေါပလက္ခိတံ ဝဿနမိစ္စတ္ထော (သိဒ္ဓန္တကော မုဒီ)။]

**လက္ခဏ တမျိုး။** ။ပဗ္ဗဇိတ မနု+ပဗ္ဗဇိံသု၊ (အနက်နိဿယ ကြည့်)၊ ဤပုံစံ၌ ''တသ္မိံ ပဗ္ဗဇိတေ အပရေ ပဗ္ဗဇိံသု'' ဟု ဋီကာကြီးများဖွင့်ပုံနှင့် ညီညွတ်အောင် အနက်ပေးထားသည်၊ ထိုဋီကာတို့၌ ပဗ္ဗဇိတံ အနုကို ''တသ္မိံ ပဗ္ဗဇိတေ''ဟု လက္ခဏ ရိုးရိုးဖြင့် ဖွင့်ပြထား၏၊ ဤ၌ ဘုရားအလောင်း ရဟန်းပြုခြင်းသည် (အခြားသူတို့ ရဟန်းပြုခြင်းကို မှတ်သားကြောင်းဖြစ်၍) လက္ခဏတည်း၊ အခြားသူတို့ ရဟန်းပြုခြင်းကား လက္ချတည်း၊ လက္ခဏ လက္ချအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဒုတိယာဝိဘတ်က ဟော၍ အနုသဒ္ဒါက ထွန်းပြ၏၊ ထိုသို့ သမ္ဗန်ကို ထွန်းပြရသော်လည်း ရှေ့လက္ခဏပုဒ်နှင့် တွဲဖက်နေမှသာ သမ္ဗန်ကိုထွန်းပြနိုင်သောကြောင့် မိမိတွဲဖက်ပုဒ်၏ လက္ခဏာအနက်ကိုလည်း

ထွန်းပြရာရောက်၏၊ ထိုလက္ခဏာ အနက်ကို ထွန်းပြသောကြောင့် အနုကို ကမ္မပ္ပဝစနီယ အမည်မှည့်၊ သော်-ဟု အနက်ပေးရသော်လည်း သတ္တမီဝိဘတ် မသက်ရ, ကမ္မပ္ပဝစနီယနှင့် ယှဉ်သောကြောင့် ပဉ္စမီတနောင် ဒုတိယာသာ သက်ရသည်။

**အဋ္ဌကထာနှင့် ညီပုံ။** ။ပဉ္စမီတ မနု စသည်၌ ပြခဲ့သော အယူအဆသည် "တံ မံ ပဓာန ပဟိတတ္တံ, နဒိံ နေရဉ္ဇရံ ပတိ"ဟူသော သုတ္တနိပါတ် ပဓာနသုတ် ပါဠိတော်၏ အဖွင့်ဖြစ်သော "နဒိံ နေရဉ္ဇရံ ပတိတိ လက္ခဏံ နိဒ္ဒိသတိ၊ လက္ခဏံ ဟိ ပဓာနပဟိတတ္တတာယ နေရဉ္ဇရာ နဒီ၊ တေနေဝ စေတ္ထ ဥပယောဂဝစနံ၊ အယမှနတ္ထော-နဒိယာ နေရဉ္ဇရာယာတိ၊ နေရဉ္ဇရာယ တီရေတိ ဝုတ္တံ ဟောတိ" ဟူသော အဋ္ဌကထာနှင့် ညီသည်။ [နေရဉ္ဇရံ နဒိံ ပတိ-နေရဉ္ဇရာမြစ်ကမ်း၌၊ ပဓာန ပဟိတတ္တံ-ကမ္မဋ္ဌာန်းသို့ စေလွှတ်အပ်သော စိတ်ရှိသော၊ တံ မံ-ထိုငါ့ကို၊ နမုစိ-မာရ်နတ်သည်၊ ဥပဂမိ-ချဉ်းကပ်လာပြီ။] ပဉ္စမီတ မနုသည် အခြားသူတို့ တောထွက်ခြင်းကို ဖြစ်စေတတ်သော ဇနကဟေတု လက္ခဏာတည်း၊ ဤပုံစံ၌ကား ပဓာနသို့ စိတ်စေလွှတ်ထားခြင်းကို မှတ်သားရုံမျှဖြစ်သော ဥပလက္ခဏာတည်း၊ ထို့ကြောင့် လက္ခဏာအနက်ဟူရာ၌ "သော်, ၌, ကြောင့်"ဟု သင့်သလို အနက်ပေးနိုင်ကြောင်း (ပြခဲ့သော အဓိပ္ပာယ်အရ) သိပါ၊ "ရုက္ခံအဘိ"ကဲ့သို့ အဘိနေရာ၌ အနု ပတိ ပရိထည့်၍ "ရုက္ခ မနု ဝိဇ္ဇောတတေ စန္ဒော"စသော ပုံစံများကိုလည်း သိလေ။

**ဣတ္ထမ္ဘူတာချာန။** ။ထူးခြားသော ဂုဏ်တမျိုးမျိုးသို့ ရောက်သူကို ထွန်းပြခြင်း အနက်သည် ဣတ္ထမ္ဘူတာချာနအနက် မည်၏၊ ချဲ့ဦးအံ့—ဣတ္ထံ၌ ကိမိမေဟိ ထံ သုတ်ဖြင့် ပကာရအနက်၌ သက်သော ထံ ပစ္စည်းတည်း၊ ပကာရဟူသည်လည်း ထူးခြားသော အပြား (ထူးခြားသောဂုဏ်)တည်း၊ ထို့ကြောင့် "အယံ ပကာရော ဣတ္ထံ"ဟု ဝိဂ္ဂဟပြု၊ အယံ ပကာရော-ဤ အထူးအပြားသည်၊ ဝါ-ဤ ဂုဏ်အထူးသည်၊ ဣတ္ထံ-ဣတ္ထံ မည်၏၊ ဘူတ၌ ဘူဓာတ်သည် "ဘူ=ပတ္တိယံ"ဟူသော ဓာတ်နက်အရ ရောက်ခြင်းအနက်ဟောတည်း၊ ဣတ္ထံ (ကဉ္စိ ပကာရံ)-တစုံတခုသော အထူးအပြားသို့+ဘူတော (ပတ္တော)-ရောက်သူတည်း၊ဣတ္ထမ္ဘူတော-တစုံတခုသောအထူးအပြားသို့ ရောက်သူ။ ["ဣတ္ထံ-ဤ အထူးအပြား"ဟူရာဝယ်"မည်သည့်ဂုဏ်"ဟု တိုက်ရိုက်ပြ၍ မဖြစ်သေးသောကြောင့် အများနှင့် ဆက်ဆံအောင် ဣတ္ထံကို"ကဉ္စိ ပကာရံ"ဟု ဖွင့်၏၊ သို့သော် ပြောဆိုသူ၏ စိတ်၌ကား ထိုဂုဏ်ကို မျက်မြင်ထင်ရှားပြီး ဖြစ်သောကြောင့် "ဣတ္ထံ-ဤအပြား"ဟု ဣမသဒ္ဒါဖြင့် ညွှန်ပြနိုင်သည်၊ ဥပမာ—"သာဓု ဒေဝဒတ္တော မာတရမဘိ"ဟု ပြောသူ၏ စိတ်၌ ဒေဝဒတ်၏ ကောင်းခြင်းဂုဏ်သည် မျက်မြင်ထင်ရှား ဖြစ်သကဲ့သို့တည်း။] ဣတ္ထမ္ဘူတဿ-တစုံတခု ထူးခြားသောဂုဏ်သို့ ရောက်သူကို၊ အာချာနံ-ဟောတတ် ထွန်းပြတတ်သောအနက်သည်၊ ဣတ္ထမ္ဘူတာချာနံ-မည်၏။ ["သွာချာတ = သွက္ချာတ" ဟူရာ၌ကဲ့သို့, က ဒွေဘော်လာ၍ "ဣတ္ထမ္ဘူတက္ချာန"ဟုလည်းကောင်း, ချာဓာတ်=ခါဓာတ် ၂ မျိုးလုံး အနက်တူ ဟောသောကြောင့် "ဣတ္ထမ္ဘူတက္ခာန"ဟု လည်းကောင်း ပါဠိအမျိုးမျိုး ရှိနိုင်သည်။]

ပုံစံ။ ။[သက္ကတသဒ္ဒါကျမ်းတို့ ပုံစံကို ဦးစွာပြ၍ ကစ္စည်းဝုတ္တိပုံစံကို နောက်မှ ပြအံ့၊] သာဓု ဒေဝဒတ္တော မာတရမဘိ၊ ဒေဝဒတ္တော-ဒေဝဒတ်သည်၊ မာတရံ+ အဘိ-အမိ၌၊ သာဓု-ကောင်းသူတည်း၊ ဝါ-ကောင်းခြင်းဂုဏ်သို့ ရောက်သူတည်း၊ ဤ၌ "ကောင်း"ဟူသည် အမိအပေါ်၌ ပြုစုလုပ်ကျွေးခြင်း စသည်ဖြင့် အကျင့်စာရိတ္တ ကောင်းခြင်း ဂုဏ်ထူးတည်း၊ ထို ကောင်းခြင်း ဂုဏ်ထူးသည် ဣတ္ထံ မည်၏။ [ဣတ္ထံဟု အဗျယတဒ္ဓိတ် ပုဒ်ရင်းအတိုင်း နိဂ္ဂဟိတ်နှင့်တကွ ဆို။] ထို ဂုဏ်ထူးသို့ ရောက်သော ဒေဝဒတ်သည် ဣတ္ထမ္ဘူတ မည်၏။

**အာချာန အဓိပ္ပာယ်။** ။အာချာန၌ အာပုဗ္ဗ ချာဓာတ်ဖြစ်၍"ချာ=ကထနေ" ဟူသော ဓာတ်နှင့်အညီ ပြောဆိုခြင်းအနက်ကို ဟော၏၊ သဒ္ဒါကျမ်းတို့၌ "ပြောဆို ခြင်း"ဟူရာဝယ် ကြားနာသူတို့ သိသာအောင် ထင်ရှားပြခြင်း ထွန်းပြခြင်းပင်ဖြစ်၏၊ "သာဓု ဒေဝဒတ္တော-ဒေဝဒတ်သည် အကျင့်ကောင်း၏"ဟု ဆိုရုံမျှဖြင့် မနိုင်လုံသေး၊ "မည်သူ့အပေါ်၌ (မည်သူ့အတွက် (ကောင်းသည်"ဟု ကောင်းရာ ဝိသယကို ထုတ်ပြဦးမှ နိုင်လုံသည်၊ထို့ကြောင့် မာတုသည် ကောင်းရာဖြစ်သော ဝိသယတည်း၊ သာဓုကား ထို ဝိသယရှိသော ဝိသယီတည်း၊ မာတုနှင့် သာဓုတို့၏ ဝိသယ+ဝိသယီ အဖြစ်ဖြင့် စပ်ခြင်းသည် သမ္ဗန်တည်း၊ ဆက်စပ်မှု သမ္ဗန်ကြောင့်သာ ဒေဝဒတ်၏ ကောင်းခြင်းဂုဏ် ထင်ရှား၏၊ အမိကလည်း အမိတခြား အကောင်းဂုဏ်ကလည်း အကောင်းဂုဏ်တခြား ဖြစ်နေလျှင် ဆက်သွယ်မှုသမ္ဗန် မရှိသောကြောင့် ဒေဝဒတ်၏ အကောင်းဂုဏ် မထင်ရှားနိုင်၊ ထို့ကြောင့် အမိ၏+ကောင်းခြင်း ဂုဏ်သို့ ရောက်ခြင်း ကြိယာနှင့် ဝိသယ=ဝိသယီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဣတ္ထမ္ဘူတာချာန မည်၏။

ဣတ္ထမ္ဘူတာချာနမည်သောသမ္ဗန်ကို အဘိသဒ္ဒါသည် ထွန်းပြ၏၊ ထို အဘိသဒ္ဒါနှင့် ယှဉ်သောကြောင့် "မာတရံ" ဝယ် "၌"ဟု သတ္တမီအနက် ပေးရသော်လည်း သတ္တမီ ဝိဘတ် မသက်မူ၍ (တနည်း-"မာတရ မဘိ-အမိ၏၊ ဝါ-အမိအတွက်" ဟု သာမိ အနက်-ပေးရသော်လည်း ဆဋ္ဌီဝိဘတ် မသက်မူ၍) ကမ္မပ္ပဝစနီယယုတ္တေ သုတ်ဖြင့် ဒုတိယာဝိဘတ်သာ သက်ရ၏၊ ထို ဣတ္ထမ္ဘူတာချာန မည်သော သမ္ဗန် အနက်ကိုပင် ဒုတိယာ ဝိဘတ်ကလည်း ဟောသည်၊ ဤဣတ္ထမ္ဘူတာချာနနှင့် စပ်၍ ဝါဒန္တရကို ရူဘာသာဋီကာမှာ ရှု။

**[ကာတန္တပဉ္စိကာ]** သာဓု ဒေဝဒတ္တော မာတရံပတိဘိ-ပတိနာ ဒေဝဒတ္တဿ မာတုဝိသယာ သာဓုဘာဝါပတ္တိ အာချာယတိ၊ အတြာပိ မာတရံ ပတ္တာ သာဓုဘာဝါပတ္တိတိ ပတ္တိကြိယာဇနိတော ဧဝ မာတုသာ သာဓု ဘာဝါပတ္တိယာ ဝိသယဝိသယီဘာဝလက္ခဏော သမ္ဗန္ဓော ပတိနာ အာချာယတိ။ [အတြာပိ စသော ဝါကျသည် ရှေ့ဝါကျ ကို ထင်ရှားပြသော ဝါကျတည်း။]

**ကစ္စည်းဝုတ္တိပုံစံ။** ။တံခေါပန ဘဝန္တံ၊ပေ၊အဗ္ဘုဂ္ဂတော=ထို အရှင်ဂေါတမ၏ ဤသို့ ကောင်းသော ကျော်စောသံသည် တက်ပြီ၊ဥဂ္ဂတအရ ကျော်စောသံ၏ တက်ခြင်း

ကျော်ကြားခြင်းသည် (ထူးခြားသော ဂုဏ်ဖြစ်သောကြောင့်) ဇုတ္တံ မည်၏၊ ထို ဂုဏ်သို့ရောက်သော ကိတ္တိသဒ္ဒ (ကျော်စောသံ) သည် ဇုတ္တမ္ဘူတမည်၏၊ တံ ဘဝန္တံ ဂေါတမံကား ထို ကိတ္တိသဒ္ဒဥဂ္ဂတ၏ အရှင် (သာမီ) တည်း၊ တံ ဘဝန္တံ ဂေါတမံ အရ ထို အရှင်ဂေါတမ၏+ကျော်ကြားခြင်း ဂုဏ်နှင့် သာမီ+သံ အဖြစ်ဖြင့်လည်းကောင်း၊ ဂုဏီ+ဂုဏ အဖြစ်ဖြင့်လည်းကောင်း စပ်ခြင်း သမ္ဗန်သည် ဇုတ္တမ္ဘူတာချာန မည်၏၊ ထို သမ္ဗန်ကို အဘိ ဟူသော ကမ္မပ္ပဝစနီယသည် ထွန်းပြ၏၊ ထို အဘိသဒ္ဒါနှင့် ယှဉ်သောကြောင့် တံ ဘဝန္တံ ဂေါတမံပုဒ်တို့၌ "၏"ဟု သာမီအနက် ပေးရသော်လည်း ဆဋ္ဌီဝိဘတ် မသက်ပဲ ဒုတိယာ ဝိဘတ်သာ ဤသုတ်ဖြင့် သက်ရသည်၊ ဒုတိယာ ဝိဘတ်သည် ဇုတ္တမ္ဘူတာချာန မည်သော သမ္ဗန်အနက်ကိုပင် ဟော၏၊ ထို့ကြောင့် "တံ ခေါ ပန ဘဝန္တံ ဂေါတမန္တိ—ဇုတ္တမ္ဘူတာချာနတ္ထေ ဥပယောဂဝစနံ"ဟု ပါရာဇိကဏ် စသော အဋ္ဌကထာတို့ ဖွင့်ကြသည်။ [တံ ဘဝန္တံ ဂေါတမံသည် မာတရံနှင့်, ကိတ္တိသဒ္ဒေါသည် ဒေဝဒတ္တောနှင့်, ဥဂ္ဂတောသည် သာဓုနှင့် တူ၏၊ အဘိချင်း တူပုံကား ထင်ရှားပြီ။]

[နိရုတ္တိသင်္ဂဟ] တံ ခေါပနာတိ အာဒိမှိ, ဒေဝဒတ္တောဝ ကိတ္တိစ၊
မာတရံ ဝိယ ဂေါတမံ, သာဓုဘာဝေါဝ ဥဂ္ဂတော။

**အဋ္ဌကထာဖွင့်ပုံ။** ။တံ ခေါပန ဘဝန္တန္တိ—ဇုတ္တမ္ဘူတာချာနတ္ထေ ဥပယောဂဝစနံ၊ တဿ ခေါ ပန ဘဝတောတိ အတ္ထော၊ပေ၊ အဗ္ဘုဂ္ဂတောတိ သဒေဝကံ လောကံ အဇ္ဈောတ္ထရိတွာ ဥဂ္ဂတော၊ (သာမညဖလသုတ် အဋ္ဌကထာ)၊ အဗ္ဘုဂ္ဂတော၌ အဘိသဒ္ဒါသည် အဇ္ဈောတ္ထရဏ ကြိယာအနက်ကို ဟော၏၊ထိုအဘိသဒ္ဒါ၏ ကံကို သဒေဝကံ လောကံဟု ထည့်သည်၊ ဤသို့ အဘိသဒ္ဒါသည် သဒ္ဒါကျမ်း၌ ဆိုသကဲ့သို့ သမ္ဗန်ကို မထွန်းပြပဲ ကြိယာကို ဟောသောကြောင့် "ကမ္မံ ကြိယံ ပဝုတ္တဝန္တော—ကြိယာကို ယခုမဟော, ရှေးက ဟောဖူးကုန်ပြီ"ဟူသော ဝိဂ္ဂဟနှင့် မထပ်မိ၊ ထို့ကြောင့် အဋ္ဌကထာ အလိုအားဖြင့် အဘိကို ကမ္မပ္ပဝစနီယ ဟု မဆိုလို၊ တံ ဘဂဝန္တံ၌လည်း ကမ္မပ္ပဝစနီယနှင့် ယှဉ်သောကြောင့် ဒုတိယာ သက်ရသည် မဟုတ်,ဒုတိယာ ဝိဘတ်ကိုယ်တိုင်ကို ဇုတ္တမ္ဘူတာချာန အနက်ကို ဟောသောကြောင့် ဒုတိယာ သက်ရသည်၊ အဋ္ဌကထာ အလို "တံ ဘဂဝန္တံ-ထိုမြတ်စွာဘုရား၏၊ (တံ ဘဝန္တံ ဂေါတမံ-ထို အရှင်ဂေါတမ၏,) ကလျာဏော-သော၊ ကိတ္တိသဒ္ဒေါ-သည်၊ ဧဝံ-သို့၊ အဗ္ဘုဂ္ဂတော-နတ်နှင့်တကွ လောကဉဿံ အလုံးစုံကို လွှမ်းခြုံ၍ တက်ပြီ"ဟု အနက်ပေး။

ဤသို့လျှင် အဋ္ဌကထာ၌ သဒ္ဒါကျမ်းနှင့် တိုက်ရိုက်မတူသော အဖွင့်ကို တရံတခါ တွေ့ရသည်၊ဥပမာ—"ဘဂဝတော ပစ္စဿောသုံ"၌ သဒ္ဒါကျမ်းတို့ဝယ် ဘဂဝတောကို ပတိအာပုဗ္ဗ သုဓာတ်၏ ယှဉ်ရာ သမ္ပဒါန် ဟု ဆိုထားသော်လည်း အဋ္ဌကထာ၌ ဘဂဝတော ဝစနံဟု ထည့်၍ သမ္ဗန်ဖွင့်သကဲ့သို့ တည်း၊ ဤစကားအရ အဋ္ဌကထာ၌ ကမ္မပ္ပဝစနီယ ဟူသော နာမည်ကို အသုံးပြုလေ့ မရှိ—ဟုလည်း သတိပြုဖွယ် ရှိသည်၊ ဗာလာဝတာရ၌ တံ ခေါပန ဘဂဝန္တံကို ဤသုတ်၌ ပုံစံမထုတ်ပဲ ကွစိ ဒုတိယာ ဆဋ္ဌီနမတ္ထေ သုတ်ကျမှ ထုတ်ပြခြင်းလည်း ဤအဋ္ဌကထာနှင့် ညီညွတ်ပါပေသည်။

ဋီကာဖွင့်ပုံ။ ။ယထာ “သာစု ဒေဝဒတ္တော မာတရမဘိ”တိ ဧတ္ထ အဘိသဒ္ဒ ယောဂတော ဇုတ္တမ္ပုတာချာနေ ဥပယောဂဝစနံ ကတံ၊ ဧဝမိဓာပိ တံ ခေါ ပန ဘဝန္တံ ဂေါတမံ အဘိ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ ဥဂ္ဂတောတိ အဘိသဒ္ဒ ယောဂတော ဇုတ္တမ္ပုတာချာနေ ဥပယောဂဝစနန္တိ။ (သာရတ္ထ ဋီကာ)—၊ဤ နေရာ၌အဘိကို “ဂေါတမံ အဘိ”ဟု တွဲဖက်ဖွင့်ပုံသည် သဒ္ဒါကျမ်းတို့ ဆိုပုံနှင့် တထပ်တည်း ကျ၏၊ သို့သော် ထိုစကားနှင့်စပ်၍ နောက်နား၌ “ယထာစေတ္ထ ဒေဝဒတ္တော မာတုဝိသယေ (မာတု သမ္ဗန္ဓိ) ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော အဘိဘဝိတွာ ဥဂ္ဂမနပ္ပကာရပ္ပတ္တောတိ အယမတ္ထော ဝိညာယတိ”ဟု အဋ္ဌကထာ အတိုင်း အဘိကို အဘိဘဝန ကြိယာအနက်ဟော ကြံ၍ ဖွင့်ပြန်သည်၊ ထို့ကြောင့် ဋီကာဆရာသည် ဗျာကရုဏ်းဆရာတို့ အဆိုနှင့်လည်း မဆန့်ကျင်စေလို, အဋ္ဌကထာ အဆိုကိုလည်း မလွန်ဆန်ဝံ့၍ လျှော်နံ ၂ ဘက်နင်း၊ ဖွင့်ဟန်တူ၏၊ သို့သော် အဋ္ဌကထာနှင့် သဒ္ဒါကျမ်း အဆိုသည် ကိုယ့်နည်းနှင့်ကိုယ် တမျိုးစီပင်—ဟု ထင်၏၊ဆရာတို့ကမူ “တံ ဘဂဝန္တံ” နှင့် စပ်ဖို့ရာ ဇုတ္တမ္ပုတာချာနဇောတကဖြစ်သော ကမ္မပ္ပဝစနီယအဘိသဒ္ဒါ တခု, အဘိဘဝနကြိယာဟော ဥပသဂ္ဂအဘိသဒ္ဒါ တခု, ဟု အဘိသဒ္ဒါ ၂ ခုရှိရာ တခုကို ချေ၍ “အဗ္ဘုဂ္ဂတော”ဆိုထားသည်—ဟု မောဂ္ဂလ္လာန် “လက္ခဏိတ္ထမ္ပုတဝိစ္ဆာသွ ဘိနာ”သုတ် နိဿယသစ်၌ ကြံတော်မူကြသည်။

ရုပ်တွက်, စာစပ်။ ။တံ ဘဝန္တံ ဂေါတမံကို “တ, ဘဝန္တ, ဂေါတမ” လိင်တည်, ၏ဟူ၍ အနက်ပေးသောကြောင့် ကမ္မပ္ပဝစနီယအနက်ကို အလိုရှိရကား ပရသမညာပယောဂေ သုတ်ဖြင့် အဘိကို ကမ္မပ္ပဝစနီယ အမည်မှည့်၊ ကမ္မပ္ပဝစနီယ ယုတ္တေသုတ်ဖြင့် ကမ္မပ္ပဝစနီယနှင့် ယှဉ်သော တ-ဘဝန္တ-ဂေါတမလိင်နောင် ဒုတိယာ ဧကဝုစ် အံ ဝိဘတ်သက်,ဟု ဆို၍ ရုပ်တွက်၊ ပဗ္ဗဇိတံ အနုဥ္စလည်း “ပဗ္ဗဇိတ”တည်, အနုကို ကမ္မပ္ပဝစနီယ”မှည့်ရုံသာ၊“တံ ဘဝန္တံ ဂေါတမံ ကား အဘိ၌ ကမ္မပ္ပဝစနီယ ယုတ္တ, အဘိကား ကမ္မပ္ပဝစနီယ”ဟု ဆို၍ စာစပ်၊“ပဗ္ဗဇိတံ+အနု”လည်း.နည်းတူ၊ [တံ ဘဝန္တံ ဂေါတမံ တို့နှင့် အဗ္ဘုဂ္ဂတောဝယ် အဘိ သဒ္ဒါသည် စာနေအားဖြင့် ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ ခြားနေ၍ ဝေးသော်လည်း အနက်အားဖြင့် ယှဉ်စပ် လျက် ရှိသော (ယှဉ်စပ်၍ အနက်ပေးရသော) ကြောင့် အဘိနှင့် ယှဉ်သည် ဟုပင် (သဒ္ဒါကျမ်းတို့ အလို) ဆိုနိုင်သည်၊ “ယောဂေါတု အတ္ထနေဝ, နတုသဒ္ဒေန”.... မုဒ္ဓဗောဓဋီကာ။]

မှတ်ချက်။ ။“ဓိ, ဝိနာ” နိပါတ်တို့ကို ကမ္မပ္ပဝစနီယအမည် မှည့်ခြင်းသည် ပါဠိသဒ္ဒါကျမ်းတို့အလိုသာ ဖြစ်ဟန်တူ၏၊ သက္ကတ ဗျာကရုဏ်းတို့ အလိုမှာ“ကြိယာကို ရှေးက ဟောဘူး၍ ယခု ကြိယာကို ဟောဆဲ မဟုတ်သော ဥပသဂ္ဂအမည် ရဘူး သော အဘိစသည်ကိုသာ ကမ္မပ္ပဝစနီယ အမည် မှည့်လို၏၊ “ဓိ-စက်ဆုပ်ဖွယ်၊ဝိနာ-ကြဉ်၍”တို့မှာ ယခုလည်း စက်ဆုပ်ခြင်း ကြဉ်ခြင်း ကြိယာကို ဟောဆဲ ဖြစ်၍ ကမ္မပ္ပဝစနီယ အမည် မရနိုင် ဟု ယူဆသင့်သည်။ [ဝိစ္ဆာ ဘာဂ စသော အနက်များ၏ ပုံစံနှင့် အဓိပ္ပာယ်ကိုလည်းကောင်း၊ ကြွင်းသော မှတ်ဖွယ်ကိုလည်းကောင်း ရူပသိဒ္ဓိ စာကိုယ်နှင့် ဘာသာဋီကာတို့မှာ ရှု။]

**ဂတိဗုဓိပေ၊ ကာရိတေဝါ**

၃၀၀။ ဂတိ ဗုဓိ၊ ပေ၊ သယာဒီနံ-ဂမုဓာတ်, ဗုဓဓာတ်, ဘုဇ ဓာတ်, ပဌဓာတ်, ဟရဓာတ်, ကရဓာတ်, သီ အစရှိသော ဓာတ်တို့၏၊ ပယောဂေ - ယှဉ်ရာလိင်၌၊ ကာရိတေ - ကာရိတ် ပစ္စည်းသည်၊ (သတိ-ရှိလတ်သော်၊) ဒုတိယာဝိဘတ္တိ-သည်၊ ဝါ ဟောတိ-

---

**၃၀၀။ ဂတိ ဗုဓိ၊ ပေ၊ သယာဒီနံ**—ဂတိ၌ တိပစ္စည်း, ဗုဓိ၌ ဣပစ္စည်းများသည် ဓာတ်ကိုညွှန်ပြသော ဓာတုနိဒ္ဒေသ ပစ္စည်းများတည်း၊ ထိုပစ္စည်းများကို မောဂ္ဂလ္လာန်၌ ''ဣတိတိ သရူပေ'' ဟူသော ခါဒိကဏ္ဍ ၅၂ သုတ်ဖြင့် သက်၏၊ ကစ္စည်း၌ ထိုသုတ်မျိုး မရှိရကား ဣတ္ထိယ မတိယ ဝေါဝါ, သညာယံ ဒါဓာတောဣ သုတ်တို့ဖြင့်ပင် သက်သင့်တော့သည်။ [ဂတိတိ တိပစ္စယဝသေန ဂမုဓာတု ဝုတ္တာ, ဗုဓိတိ ဣပစ္စယဝသေန ဗုဓ ဓာတုဝုတ္တာ....ရူပိကာ၊] ဂတိ၌ ဂမုတည့်, ဓာတွန်ချေ, တိပစ္စည်းသက်, ဂမ ခန ဟန ရမာဒီနမန္တော သုတ်ဖြင့် ဓာတွန် (မ်) ကိုချေ၊ ဗုဓတည့်, ဓာတွန်ချေ, ဣပစ္စည်းသက်၊ များစွာသော စာတို့၌ ''ဗုဒ္ဓိ'' ဟု ရှိ၏၊ ဗုဒ္ဓိဆိုလျှင် ဣပစ္စည်း မဟုတ်, တိပစ္စည်းဖြစ်၍ ရူပိကာနှင့် မညီသော်လည်း သင့်သည်သာ၊ ''ဂတိစ ဗုဓိစ ဘုဇောစ ပဌောစ ဟရောစ သယောစ ဂတိဗုဓိဘုဇပဌဟရကရသယာ''ဟု အသမာဟာရဒွန် ဝိဂ္ဂဟပြု၊ ဂတိ၊ပေ၊ သယာ+အာဒယော ယေသံတိ ဂတိ၊ပေ၊ သယာဒယော။

**ဥပလက္ခဏာနည်း။** ။ဂတိ ဗုဓိ၊ပေ၊ သယတို့ကို ဥပလက္ခဏာနည်းဖြင့် ဓာတ်တခု စီကို မှတ်၍ပြသောစကား ဟု ယူသင့်၏၊ ထို့ကြောင့် ဂတိဖြင့် သွားခြင်းအနက်ရှိသော ဂမုဓာတ်—ယာဓာတ် စသည်ကိုလည်းကောင်း, ဗုဓိဖြင့် သိခြင်းအနက်ရှိသော ဗုဓ-ဝိဒဓာတ် စသည်ကိုလည်းကောင်း, ဘုဇဖြင့် ဘုဇ-အသဓာတ် စသည်ကိုလည်း ကောင်း, ပဌဖြင့် ရွတ်ဆိုခြင်းအနက်ရှိသော ပဌ-အဓိပုဗ္ဗ ဣဓာတ် စသည်ကိုလည်း ကောင်း, ဟရဖြင့် ဟရဓာတ်-အဓိအဝပုဗ္ဗ ဟရဓာတ် စသည်ကိုလည်းကောင်း, ကရ ဖြင့်ကား ကရဓာတ်တခုကိုသာ လည်းကောင်း, (ဤဓာတ်၌ ဥပလက္ခဏာ နည်းမလို)၊ သယဖြင့် သီ-အာသဓာတ် စသည်ကိုလည်းကောင်း ယူ။

**ပါဏိနီ။** ။''ဂတိဗုဓိ ပစ္စဝသာနတ္ထ သဒ္ဒကမ္မာႉကမ္မကာနမဏိကတ္တာ သ ဏိမှိ'' ပါဏိနီသုတ်၊ ဤသုတ်၌ ''ဂတိအတ္ထ-ဂတိ အနက်ရှိသောဓာတ်''ဟု ဆိုလျှင် ဂမု-ယာစသော ဓာတ်များကို ယူရသည်။ [ဂတိ၊ပေ၊ကမ္မကာနံ-သွားခြင်းအနက်ရှိသော ဓာတ်, သိခြင်းအနက်ရှိသောဓာတ်, စားခြင်းအနက်ရှိသေဓာတ်, အသံဟူသော ကံရှိ သောဓာတ် (''ဂန္ထံ ပဌတိ-ကျမ်းဂန်ကိုရွတ်၏''စသည်ဖြင့် ရွတ်ဖတ်အပ် အသံပြုအပ် သော ကံရှိသောဓာတ်-ဟူလို) အကမ္မကဓာတ်တို့၏၊ ယော အဏိကတ္တာ-အကြင် ကာရိတ်ကတ္တား မဟုတ်သော သုဒ္ဓကတ္တားသည်၊ အတ္ထိ-ရှိ၏၊ သ-ထိုသုဒ္ဓကတ္တား သည်၊ ဏိမှိ-ကာရိတ်ပစ္စည်းနှင့် ယှဉ်ရာ၌၊ ကမ္မသညော- ကံအမည်ရှိသည်၊ ဘဝတိ-၏၊ (ပါဏိနီသုတ်နက်)၊''ဂတိ ဗောဓဟာရသဒ္ဒတ္ထာ-ကမ္မကဘဇ္ဇာဒီနံ ပယောဇ္ဇေ'' မောဂ္ဂလ္လာန်လည်း နည်းတူ။]

ဝိကပ်ဖြစ်၏၊ ပုရိသော-ယောကျ်ားသည်၊ ပုရိသံ-အခြားယောကျ်ားကို၊ ဂါမံ-ရွာသို့၊ ဂမယတိ-သွားစေ၏၊ ပုရိသော-သည်၊ ပုရိသေန-အခြားယောကျ်ားသည်၊ ဝါ-ကို၊ (ဂါမံ ဂမယတိ)၊ ပုရိသော-သည်၊ ပုရိသဿ- အခြားယောကျ်ားသည်၊ ဝါ-ကို၊ (ဂါမံ ဂမယတိ)၊ဧဝံ-ဤအတူ၊ ဗောဓယတိ-သိစေ

---

**အာဒိဝဏ္ဏဓာတ်။** ။သယာဒီနံ၌ အာဒိသဒ္ဒါဖြင့် အာသ စသော အကမ္မက ဓာတ်များကိုသာ ယူကြ၏၊ သို့သော် မောဂ္ဂလ္လာန်၌ "ဟရာဒီနံဝါ" သုတ်ဝယ် အာဒိဖြင့် ကရဓာတ် ဒိသဓာတ် အဘိပုဗ္ဗ ဝဒဓာတ် (တနည်း "အဘိဝါဒိ" ဟူသောနာမဓာတ်) ကိုလည်းကောင်း ရှေ့သုတ်ဖြင့် ဘက္ခဓာတ် စသည်ကိုလည်းကောင်း ယူ၍၊ ထို့ကြောင့် ဤသုတ်လာ သယာဒီနံ၌ အာဒိဖြင့်လည်း ဒိသစသော ဓာတ်များကိုပင် ယူမှသင့်မည်ထင်သည်။

**ပယောဂေ ကာရိတေ၊ပေ၊ဝါ**—ပယောဂေကို ဒုတိယာဝိဘတ္တိ ဟောတိ၌ စပ်၊ "ဂမုစသော ဓာတ်များ၏ယှဉ်ရာလိင်၌ ဒုတိယာဝိဘတ်သက်" ဟူလို၊ ကာရိတေနောင် "သတိ"ဟု ရှုပသိဒ္ဓိ၌ထည့်၏၊ ဂမုစသော ဓာတ်တို့၌ "ဂမယတိ"စသည်ဖြင့် ကာရိတ်ပစ္စည်း ရှိလတ်သော် ထိုဓာတ်တို့၏ယှဉ်ရာလိင်၌ ဒုတိယာဝိဘတ်သက်-ဟူလို၊ "ကာရိတေဝါ" ဟု သုတ်၌ ဝါသဒ္ဒါ ပါ၏၊ ထိုဝါသဒ္ဒါဖြင့် ဒုတိယာဝိဘတ် အမြဲသက်ရမည်မဟုတ်, တရံတခါသာ သက်ရမည်ဟု ပြ၏၊ ထို့ကြောင့် ဤသုတ်သည် "ကမ္မတ္ထေ ဒုတိယာ" သုတ်ဖြင့် ဒုတိယာဝိဘတ် အမြဲသက်မည်စိုးသောကြောင့် ဒုတိယာဝိဘတ် ဝိကပ်သက်ခြင်း အကျိုးရှိသောသုတ်-ဟု မှတ်။ ["နိစ္စသမ္ပတ္တေ ဝိကပ္ပတ္ထောယံ" ရှုပသိဒ္ဓိ။] မှန်၏-ဤသုတ်ဖြင့်သက်ရသော ဒုတိယာသည် ကာရိတ်ပစ္စည်း၏ ကံအနက်၌ သက်၏၊ ကံအနက်ဖြစ်၍ ကမ္မတ္ထေ ဒုတိယာသုတ်ဖြင့်သက်လျှင် အမြဲ ဒုတိယာချည်း နေရလိမ့်မည်၊ ကာရိတ်ကံအရာ၌ကား ယိုကဲ့သို့ ဒုတိယာချည်း အမြဲ မနေရ, တတိယာ ဆဋ္ဌီဝိဘတ်များလည်း ရှိရသည်၊ ထို့ကြောင့် ဤသုတ်ဖြင့် ဒုတိယာ ဝိဘတ်ကို ဝိကပ် (တရံတခါ) သက်စေရမည်၊ ထို့ကြောင့်ပင် ပုံစံ၌ "ပုရိသံ" အရာဝယ် "ပုရိသေန, ပုရိသဿ" ဟု ပြထားသည်။

**တတိယာ ဆဋ္ဌီဝိဘတ်၏အနက်။** ။"ပုရိသော ပုရိသေန ဂါမံ ဂမယတိ" ၌ ပုရိသေနဝယ် နာဝိဘတ်သည် ကံအနက်ကိုဟော၏ ဟုလည်းကောင်း, ကတ္တား အနက်ကိုဟော၏ ဟုလည်းကောင်း ဝါဒကွဲပြား၏၊ ထိုတွင် ကံအနက် ဟု ယူသော ဆရာတို့သည် "နိစ္စသမ္ပတ္တေ ဝိကပ္ပတ္ထောယံ=ကံအနက်၌ ဒုတိယာ အမြဲရောက်မည်စိုးသောကြောင့် ဤသုတ်သည် ကံအနက်၌ ဒုတိယာကို ဝိကပ်အားဖြင့် စီရင်သော သုတ်တည်း၊ တေန ဒုတိယာပက္ခေ တတိယာ ဟောတိ၊ တေန-ထိုသို့ ဝိကပ်အားဖြင့် ဒုတိယာ သက်သောကြောင့်၊ ဒုတိယာပက္ခေ ဒုတိယာယ အဘာဝပက္ခေ (ဋီကာ)-ဒုတိယာဝိဘတ် မသက်ရာ အဖို့၌၊ တတိယာ ဟောတိ-တတိယာသက်" ဟူသော ရှုပသိဒ္ဓိစကားကို သာဓကပြု၍ ပြောကြသည်၊ သို့သော် ဤ ရှုပသိဒ္ဓိစကားသည် ဒုတိယာမသက်လျှင် တတိယာသက် ဟုသာ အဓိပ္ပာယ်ထွက်၏၊ ကံအနက်၌ တတိယာ

၏၊ ဘောဇယတိ-စားစေ၏၊ ဝါ-ကျွေး၏၊ ပါဌယတိ-ရွတ်စေ၏၊ ဝါ-ဖတ်စေ၏၊ ဟာရယတိ-ဆောင်စေ၏၊ ကာရယတိ-ပြုစေ၏၊ သယာပယတိ-အိပ်စေ၏၊ သဗ္ဗတ္ထ-အလုံးစုံသော အဝုတ္တကံ၌၊ ကာရိတေ-ကာရိတ်ပစ္စည်းသည်၊ (သတိ-သော်၊) ဝေ-ဤအတူတည်း။ (၂၇၆)။

---

သက်-ဟု အဓိပ္ပာယ် မထွက်။ [နိဒ္ဒေသ၌ "တေန ဒုတိယတ္ထေ တတိယာ ဟောတိ" ဟူသော ပါဌ်ပျက်ကိုတွေ့၍ အဓိပ္ပာယ် ယူမှားလေသည်။] ထို့ပြင် ဘေဒစိန္တာ....

"ဟေတု ကြိယာယ သမ္ဗန္ဓိ-ဘာဝါ ကမ္မန္တိ မနျတေ၊
ဖလကြိယာယ ကတ္တာပိ, အညထာနုပပတ္တိတော။
ဖလကြိယာယ သမ္ဗန္ဓိ, ကတ္တုတာ ဝါ ဝိဓာနတော၊
ဒုတိယာယ ဝိကပ္ပေန, ဉာတရေသု ပတိယတေ"

ဟူသော စကား၌ "ဂမယတိ-သွား+စေ၏"ဟူရာဝယ် စေခြင်းကြိယာသည် ဟေတုကြိယာ (အကြောင်းကြိယာ) တည်း၊ ထို စေခိုင်းခြင်းကြောင့် သွားရသဖြင့် သွားခြင်းကြိယာသည် ဖလကြိယာ (အကျိုးကြိယာ) တည်းဟု ခွဲ၍ အကြောင်းကြိယာ၌ စပ်ခိုက်"ယောကျ်ားကို+စေခိုင်း"ဟု ကံဖြစ်၍ အကျိုးကြိယာ၌ စပ်ခိုက် "ယောကျ်ားသည်+သွား"ဟု ကတ္တားဖြစ်ကြောင်းကိုသာ ဆို၏၊ ဤစကားဖြင့် တတိယာဝိဘတ်က ကံအနက်ကို ဟောသည်—ဟု မဆိုလို။

**နိဒ္ဒေသ**။ ။"ကာရိတေ ပန သတိ သပရဗျာပါရေသု ပရဗျာပါရဿ ပဓာနတ္တာ ပရဗျာပါရံ ပဋိစ္စ ကမ္မသညာ ယဒိ လဗ္ဘတိ၊ ပုရိသေနာတိ ဣတ္တာပိ ကတ္တုသညာ ကထံ သိယာ=သူတပါး၏ စေခိုင်းမှု ဗျာပါရက ပဓာနဖြစ်သောကြောင့် သူတပါး၏ ဗျာပါရကို စွဲ၍ (စေခိုင်းခံရ၍) ကံ အမည် အကယ်၍ ရအပ်လို့ရှိလျှင် ပုရိသေန၌လည်း အဘယ်မှာ ကတ္တားအမည် ရနိုင်တော့မည်နည်း, ကံအမည်သာ ရသင့်သည်—ဟူလို"ဟူသော နိဒ္ဒေသစကားလည်း သူ့အထင်မျှသာ ဖြစ်၍ ခိုင်လုံလှသေးသည် မဟုတ်၊ သို့ရာဝယ် မြန်မာဆရာတော် အဆက်ဆက်တို့ "ပုရိသေန-ယောကျ်ားကို"ဟု နှုတ်တက်နေကြသဖြင့် ကံအနက်ကိုလည်း ပေးလိုက်ရသည်။

**ကတ္တားဟောဝါဒ**။ ။ပုရိသေန၌ နာဝိဘတ်သည် ကတ္တားဟောဟု ယူကြသော ဝါဒ၌ ထောက်ထားဖွယ်ကား—"ပုရိသေန ဝါ လေခံ လေခယတီတိ ဧဝံ သဗ္ဗတ္ထ အနဘိဟိတေ ကတ္တရိ ပဌမ္ဘ တတိယာပိ ယောဇေတဗ္ဗာ" (ရူပ်ဋီကာ), "ပစိဿ ပယောဇ္ဇေ ကတ္တရိ တတိယာဝ ဟောတိ" (မောဂ္ဂလ္လာန် ပဉ္စိကာ)၊ "တဿ ပုရိသဿာတိ ဓွေ ဆဋ္ဌီစေတိ တတိယတ္ထေ ဆဋ္ဌီ" (ချာသ) ယောကာရေတိ သဟေတု သုတ်အဖွင့်။ [ဆဋ္ဌီ ဝိဘတ်သည် ကံအနက်၌ သက်လျှင် ဒုတိယာပဋ္ဌိနိဒ္ဒသုတ်ဖြင့် ဒုတိယာဝိဘတ်၏ အနက်၌ သက်သင့်၏၊ ယခုမူ တတိယတ္တ၌ သက်ဟု ချာသ ဆိုသောကြောင့် ပုရိသဿ၌ သ ဝိဘတ်လည်း ကတ္တားဟောဖြစ်ကြောင်း, ပုရိသေန၌ နာဝိဘတ်လည်း ကတ္တားဟောဖြစ်ကြောင်း သိသာပြန်သည်။]

**ပုရိသော ပုရိသံ ဂါမံ ဂမယတိ**—ဤဝါကျ၌ ပုရိသောသည် ဂမယတိဝယ် ကာရိတ် ဏာယပစ္စည်း၌ စပ်ရသော ကာရိတ်ကတ္တားတည်း၊ "ယောကျ်ားသည်+စေခိုင်း=ယောကျ်ားက+စေခိုင်း" ဟူသော စကားသုံးကို ထောက်၊ ပုရိသံသည် ထို ဏာယပစ္စည်း၌ စပ်ရသော ကာရိတ်ကံတည်း၊ "ယောကျ်ားကို+စေခိုင်း"ဟူသော စကားသုံးကို ထောက်၊ ဂါမံသည် ဂမုဓာတ်၌ စပ်ရသော ဓာတ်ကံတည်း၊ "ရွာသို့+သွား"ဟူသော စကားသုံးကို ထောက်ပါ၊ "ယောကာရေတိ, သဟေတု"သုတ်၌လည်း ခွဲပြခဲ့ပြီ၊ ပုရိသံကို ပုရိသတည်, ကို ဟူ၍၊ပေ၊ ယံ ကရောတိ တံ ကမ္မံသုတ်ဖြင့် ကံ အမည်မှည့်၊ ဂတိ၊ပေ၊ ကာရိတေဝါသုတ်ဖြင့် ကံ အနက်၌ ဒုတိယာဧကဝုစ်အံဝိဘတ်သက်ဟု ဆို၊ ဂါမံ၌ကား ဓာတ်ကံဖြစ်၍ ကမ္မတ္ထေ ဒုတိယာသုတ်ဖြင့် အံဝိဘတ်သက်။

**ပုရိသော ပုရိသေနဝါ၊ပေ၊ ပုရိသဿဝါ**—"ပုရိသော ပုရိသေန ဂါမံ ဂမယတိ, ပုရိသော ပုရိသဿ ဂါမံ ဂမယတိ"ဟု ဆိုလိုလျက် စာနေကျဉ်းအောင် "ဂါမံ ဂမယတိ"ကို ချုံးထားသည်၊ ပုရိသေန၌ "ယောကျ်ားသည်"ဟု ကတ္တားအနက် ပေးလျှင် ဂမယတိ၌ ဂမုဓာတ်တွင်စပ်၍ ဓာတ်ကတ္တားဟု မှတ်၊ ဓာတ်တို့မည်သည် ကြိယာကိုသာ ဟော၍ ကတ္တားကံကို မဟောသောကြောင့် အဝုတ္တကတ္တားဖြစ်ရကား တတိယာဖြင့် နေရသည်၊ ယော ကရောတိ သကတ္တာသုတ်ဖြင့် ကတ္တားအမည်မှည့်၍, ကတ္တရိစ သုတ်ဖြင့် နာ ဝိဘတ်သက်၊ "ပုရိသေန-ယောကျ်ားကို"ဟု ကံအနက်ပေးလိုသော ဆရာတို့အလိုမူ "ယံ ကရောတိ တံ ကမ္မံ"သုတ်ဖြင့် ကံအမည်မှည့်၍ ကတ္တရိစသုတ်၌ စသဒ္ဒါဖြင့် နာသက်၊ "ပုရိသဿ"ကား "ဆဋ္ဌီ ကတ္တား, ရံခါပြားမူ, ကတ္တား တတိယာနှင့် တူမြဲတည်း"နှင့်အညီ ပုရိသေန၏ ကိုယ်စားလှယ်တည်း၊ ကတ္တားအနက်ပေးသော ဆရာတို့အလို ယော ကရောတိ သကတ္တာသုတ်ဖြင့် ကတ္တားအမည်မှည့်၍ ဆဋ္ဌီစသုတ်ဖြင့် သ သက်၊ ကံ အနက်ပေးလိုသော ဆရာတို့ဝါဒ၌ကား ကံအမည်မှည့်၍ ဒုတိယာ ပဉ္စမီနဉ္စသုတ်ဖြင့် သ သက်၊ မောဂ္ဂလ္လာန် သဒ္ဒနီတိတို့၌ ကာရိတ်ကံအရာဝယ် ဒုတိယာမသက်လျှင် ကတ္တားအနက်၌ တတိယာသက်၏၊ ဆဋ္ဌီသက်သောပုံစံကို မပြကြ၊ ဤသုတ်၌ ဒုတိယာ တတိယာ ဆဋ္ဌီ သက်ထားသော ပြယုဂ်ကို ကြည့်၍....

"ကာရိတ်ကံမှာ, ဒုတိယာနှင့်, တတိယာ-ဆဋ္ဌီ, သုံးလီ
ဝိဘတ်, သက်တုံလတ်ဟု, ကျမ်းမြတ် ဤသို့မိန့်သတည်း၊....
ထို ၃ ပါးမှာ, တတိယာ, ကျမ်းလာအရှိ များသတည်း"ဟု

ရှေးဆရာတို့ နိယာမ် စပ်ဆိုတော်မူကြသည်၊ထိုနိယာမ်ဖြင့် ထိုဝိဘတ် ၃ မျိုးလုံးပင် ကံအနက်၌ သက်ရမည်-ဟု ဆိုလိုသည် မဟုတ်၊ ထို့ပြင်—ဂတိဗုဓိစသော အနည်းငယ် ဓာတ်တို့၏ ယှဉ်ရာ၌သာ ဒုတိယာ သက်ရသောကြောင့် ကာရိတ်ကံ နေရာ၌ တတိယာ ဝိဘတ်သာ အရှိများ၏၊ ဒုတိယာဝိဘတ်မှာ နည်းပါး၏၊ ဆဋ္ဌီကား တတိယာ၏ ကိုယ်စားဖြစ်၍ အလွန်နည်းသည်။

**ကာရိတ် ၂ ဆင့် ၃ ဆင့် သက်ပုံ။** ။"သာမိကော ဒါသံ (ဒါသေန,ဒါသဿဝါ) ဂါမံ ဂမယတိ"ဤကဲ့သို့ ကာရိတ်ပစ္စည်းတချက်သာ သက်ရာ ဓာတ်၌ "ဒါသံ,

ဒါသေန, ဒါသဿ''ဟု ဝိဘတ် ၃ မျိုးသက်လျှင် ရှိပါစေတော့၊ ဂမုခတ် နောင် ဏာယ ပစ္စည်း ၂ ချက်သက်၍ ရှေပစ္စည်းကို တေသုဝုဒ္ဓိ သုတ်ကြီးဖြင့် ချေလျှင် ''ဂမယတိ-သွားပစေဟု စေခိုင်း၏''ဟု ဖြစ်၏၊ ထိုသို့ ဖြစ်ရာ၌ ဒုတိယာ ကာရိတ်ကံ နေရာဝယ် ဝိဘတ် ဘယ်နှစ်မျိုး သက်မည်နည်း—ဟု မေးဖွယ်ရှိ၏၊ အဖြေကား— မောဂ္ဂလ္လာန်၌ ''ဂတိဗုဒ္ဓိ''စသော ဓာတ်များ၏ ယှဉ်ရာ၌သာ ဒုတိယာ သက်ရသည်၊ ဒုတိယ ကာရိတ် ပစ္စည်းသည် ဂတိ ဗုဒ္ဓိ စသော အနက်ကို မဟော, စေခိုင်းခြင်း အနက်ကိုသာ ဟော၏၊ ထို့ကြောင့် ထို ဒုတိယ ကာရိတ်ပစ္စည်း၏ ယှဉ်စပ်ရာဝယ် ဒုတိယာဝိဘတ် မသက်ရ, တတိယာသာ သက်ရမည်''ဟု မိန့်၏။ [ယဒါ စရတိ ဂမယတိ ဒေဝဒတ္တံ ယညဒတ္တော (တဆင့်သက်)၊ တမပရော (တံ+အပရော-ထို ယညဒတ်ကို အခြားသော အဂ္ဂိဒတ္တသည်) ပယောဇေတိ (ကာရိတ် ၂ ဆင့်သက်)၊ တဒါ ''ဂမယတိ ဒေဝဒတ္တံ ယညဒတ္တေနေတိ ဘဝိတဗ္ဗံ,ဂမယတိဿာ ဂမနတ္ထာဘာ= ဘာ့ကြောင့်နည်း....ဂမိ ဟူသော ဏိ ပစ္စယန္တဓာတ် (ကာရိတ် ဏေပစ္စည်းဆုံးသော ဓာတ်)၏ ဂမနအနက် မရှိသောကြောင့်တည်း။]

[ဘေဒစိန္တာ] သူဒေါ ပစတိ ပါစေတိ, သူဒဇေဋ္ဌောပိ တေနဝါ၊
တံ ပိဝါ တဿဝါမစ္စော, တထာ ရာဇာ တထာပိဝါ။

သူဒေါပစတိ=စဖိုသည် ချက်၏၊ (သုဒ္ဓကတ္တု၊ဝါကျ)၊ သူဒဇေဋ္ဌော တေန သူဒေန, တံ သူဒံ, တဿ သူဒဿ ပါစေတိ (ကာရိတ်တဆင့်သက် ဝါကျ၊ ''သူဒဇေဋ္ဌော-စဖိုသည် ကြီးသည်''ဟု ပေး၊) ''အမစ္စော တထာ''ဖြင့် ''အမစ္စော သူဒဇေဋ္ဌေန သူဒဇေဋ္ဌံ သူဒဇေဋ္ဌဿ, သူဒေန သူဒံ သူဒဿ ပါစေတိ=အမတ်သည် ချက်ပစေဟု စေခိုင်း''ဟု ကာရိတ် ၂ ဆင့်သက်ပုံ, ဒုတိယ ကာရိတ်ပစ္စည်း၏ ကံ၌ ''တေန-တံ-တဿ''ကဲ့သို့ ဝိဘတ် ၃ မျိုး သက်ရပုံကို ပြ၏၊ ''တထာ ရာဇာ''ဖြင့် ''ရာဇာ အမစ္စေန အမစ္စံ အမစ္စဿ သူဒဇေဋ္ဌေန သူဒဇေဋ္ဌံ သူဒဇေဋ္ဌဿ သူဒေန သူဒံ သူဒဿ ပါစေတိ''ဟု ကာရိတ် ၃ ဆင့်သက်ပုံ, တတိယာကာရိတ်၏ ကံ၌ ဝိဘတ် ၃ မျိုး သက်ရပုံကို ပြသည်၊''မင်းသည်....ချက်ပစေဟု စေခိုင်းစေ၏''ဟု ပေး၊ သူဒံ သူဒေန, သူဒဿ စသည်ကိုကား ပုရိသံ ပုရိသေန ပုရိသဿကဲ့သို့ ပေး။

သော-ထို ကာရိတ်ပစ္စည်းကို၊ လောကပ္ပမာဏေန-လူတို့ သုံးစွဲရိုးပမာဏအားဖြင့်၊ တိက္ခတ္တုံ-၃ ဆင့်၊ ပတိပဇ္ဇတေ-သိအပ်၏၊ ဟိ-မှန်၏၊ အတြ-ဤ ကာရိတ်ပစ္စည်း ၃ ဆင့်တွင်၊ ပုရိမော ကာရိတောစ-ရှေ့ ကာရိတ်ပစ္စည်းကိုလည်း၊ နိပါတနာ-သုတ်ကြီးဖြင့်၊ လုဗ္ဘော-ချေအပ်၏၊ (ဘေဒစိန္တာ)။ [''ကာရိတ်ပစ္စည်း ၃ ဆင့် သက်နိုင်၏''ဟူသော စကားသည် လောကပ္ပမာဏ (လူတို့ သုံးစွဲရိုး) လိုက်၍ ဆိုအပ်သော စကားတည်း၊ မင်း စသူကိုပင် သူ့ထက် အထက်တန်းကျသူ မင်းကြီး များက အဆင့်ဆင့်ခိုင်းရာ စသည်၌ ၄-၅-၆ ဆင့် မက အရာ အထောင်ပင် သက် နိုင်၏၊ ''ရှေးရှေး ကာရိတ်ကို သုတ်ကြီးဖြင့် ချေ''ဟူသော စကားလည်း များသော အားဖြင့် ဆိုအပ်သော စကားတည်း၊ ''မာလာဝစ္ဆံ-ပန်းပင်ငယ်ကို၊ ရောပေန္တိပိ- ကိုယ်တိုင်လည်း ပေါက်စေကုန်၏ (ကာရိတ်တဆင့်)၊ ရောပါပေန္တိပိ-သူတပါး

ကိုလည်း ပေါက်ပစေဟု စေခိုင်းကုန်၏ (၂ ဆင့်သက်)၊ ရှုဟခေတ် ဏာပေ ပစ္စည်း ၂ ဆင့်သက်၍ ထို ၂ ဆင့်ကိုပင် မချေပဲ ထားသည်။]

**ကံဟော ဝါကျ။** ။"ကာရိတေ သုဒ္ဓကတ္တာစ, ကမ္မ မာချာတဝေါစရံ= ကာရိတ်ပစ္စည်းနှင့် ယှဉ်ရာ၌ သုဒ္ဓကတ္တားသည် အာချာတ်ဝိဘတ်၏ ကျက်စားရာ တည်း"နှင့် အညီ "ဒါသော ဂါမံ ဂစ္ဆတိ"ဟူသော သုဒ္ဓကတ္တုဝါကျ၌ "ဒါသော" ဟူသော သုဒ္ဓကတ္တားသည် ကာရိတ်ပစ္စည်း တဆင့်နှင့် ယှဉ်ရာ ကံဟော ဝါကျ၌ အာချာတ် ဝိဘတ် ဟောအပ်သော ဝုတ္တကံ ဖြစ်လာသည်—ဟု ဆိုလိုသည်၊ ထို့ကြောင့် "သာမိကေန ဒါသော ဂါမံ ဂမယီယတေ=သခင်သည် ကျွန်ကို ရွာသို့ သွားစေ အပ်၏"ဟု ဖြစ်၏၊ ကာရိတ်ပစ္စည်း ၂ ဆင့် သက်ရာ၌ကား ဒုတိယကာရိတ်၏ ကံသည် ဝုတ္တကံဖြစ်၍ ပဌမကာရိတ်၏ ကံနှင့် ဓာတ်ကံတို့မှာ အဝုတ္တကံချည်းတည်း၊ "အမစ္စေန သာမိကော ဒါသံ ဂါမံ ဂမယီယတေ=အမတ်သည် သခင်ကို ကျွန်ကို ရွာသို့ သွားပစေဟု စေခိုင်းအပ်၏"တည်း၊ မြန်မာလို "အမတ်က သခင်ကို ခိုင်း၏, သခင်သည် အခိုင်းခံရ၏"ဟူသော စကားကို ထောက်၍လည်း သခင်သည် ခိုင်းအပ်သူ ဖြစ်ကြောင်း ဝုတ္တကံဖြစ်ကြောင်း ထင်ရှားသည်၊ ကာရိတ် ၃ ဆင့် သက်ရာ၌လည်း တတိယကာရိတ်၏ ကံသည် ဝုတ္တကံဖြစ်၏၊ "ရညာ အမစ္စော သာမိကံ ဒါသံ ဂါမံ ဂမယီယတေ=မင်းသည် အမတ်ကို သခင်ကို ကျွန်ကို ရွာသို့ သွားပစေ ဟု စေခိုင်း အပ်၏"တည်း၊ ဤစကားကို ရည်ရွယ်၍....

> "ကာရိတ် ၄ ရပ်, ယှဉ်သည့် ဓာတ်မှာ, ကံ ဟောရာ,
> ယင်း ကံကိုသာ, ဟောစမြဲ"ဟု—

နိယာမ် စပ်ဆိုကြသည်။ [ဏေ ဏယ ဏာပေ ဏာပယ-ဟူသော ကာရိတ် ၄ ပစ္စည်းတွင် တခုခုနှင့်ယှဉ်နေသောဓာတ်မှာ ကံဟောရာ၌ ယင်းကံ (ဟူသော ကာရိတ် ပစ္စည်း၏ ကံ) ကို ဟောစမြဲ-ဟူလို၊ ဤစကားလည်း အများအားဖြင့် မှန်၏၊ အချို့ အရာ၌ကား ကာရိတ်ကံသည် ဝုတ္တကံ မဖြစ်ပဲ ဓာတ်ကံသာ ဝုတ္တကံ ဖြစ်၏၊ ထို့ကြောင့် "သာမိကေန ဒါသံ ဂါမော ဂမယီယတေ"စသော ဝါကျလည်း ဖြစ်နိုင်သည်။]

**[မောဂ္ဂလ္လာန် ပဉ္စိကာ]** ဂမနာဒျတ္တာနံ ပယောဂါနုသာရေန (ပြယုဂ်ကို အစဉ်လျှောက်သဖြင့်, ပြယုဂ် ရှိသလို) ဉဘယတ္တာပိ (ကာရိတ်ကံ ဓာတ်ကံ ၂ မျိုး၌လည်း၊) တျာဒိပဘုတယော-တိ အစရှိသော ဝိဘတ်တို့ ဖြစ်ကုန်၏၊....ဒုတိယကဏ္ဍ, ၄ နံပါတ်သုတ် ဖွင့်။

**အဝုတ္တကံ ကတ္တားများ။** ။ကာရိတ် ပစ္စည်းတို့ မဟောအပ်သော အဝုတ္တကံဝယ် "မဟောသမျှ, အဝုတ္တ၌, သဒ္ဒ ၃ သွယ်, ဝုစ် ၂ သွယ်, လဲလှယ် သွင်း၍ဆင့်" နှင့် အညီ "ဂါမံ, ဂါမေ-တံ, တုမှေ-မံ, အမှေ"ဟု ဖြစ်နိုင်ပုံကိုလည်းကောင်း, အဝုတ္တဖြစ်သော ကာရိတ်ကံ အရာ၌ "ဒါသံ, ဒါသေ, တံ, တုမှေ, မံ, အမှေ"ဟု လည်းကောင်း တတိယာ ဆဋ္ဌီဖြင့် "ဒါသေန, ဒါသေဟိ, တယာ, တုမှေဟိ, မယာ, အမှေဟိ, ဒါသဿ, ဒါသာနံ, တဝ, တုမှာကံ, မမ, အမှာကံ"ဟု လည်းကောင်း နေနိုင်ပုံကို သိပါ၊ ကာရိတ် အဝုတ္တကံနေရာ၌ ဝိဘတ် ၃ မျိုးတည်, ဝုစ် ၂ မျိုးဖြင့်

မြောက် ၆ မျိုး၊ နာမ တုမ္ပ အမ္ပ သဒ္ဒါ ၃ မျိုးဖြင့် ထပ်၍မြောက် ၁၈ ဖြစ်၏၊ သို့ရာဝယ် မောဂ္ဂလ္လာန် အလိုအားဖြင့် ဂမနတ္ထဓာတ် စသည်နှင့် မယှဉ်လျှင် ဒုတိယာ မသက်နိုင်ကြောင်း ကိုလည်း သတိပြု၊ အဝုတ္တ ကတ္တားဌလည်း သဒ္ဒါ ၃ မျိုး ဝုစ် ၂ မျိုး နေနိုင်ကြောင်းကို သိလေ။

**ကာရိတ်ကံနှင့်ဓာတ်ကတ္တား။** ။"ဒါသော ဂါမံ ဂစ္ဆတိ" ဂမုဓာတ်၏ ကတ္တားဖြစ်သော "ဒါသော" သည် ကာရိတ် ကတ္တားဟော ဝါကျ၌"သာမိကော ဒါသံ ဂါမံ ဂမယတိ" ဝယ် ဒါသံ ဟု အဝုတ္တကံ ဖြစ်လာ၏၊ ထို့ကြောင့် "ကာရိတ်ကံကား,ဓာတ်ကတ္တား,မပြားဝုတ္တ အဝုတ္တတည်း"ဟု စပ်ဆိုကြသည်၊ ကာရိတ်ကံ အရလည်း ကျွန်ရ၍ ဓာတ်ကတ္တား အရလည်း ကျွန်ပင် ရသောကြောင့် အနက်အားဖြင့် မကွဲပြားသည်ကို "မပြား"ဟု ဆို၍ ဓာတ်ကတ္တား အခိုက်၌ "ဒါသော"ဟု ဝုတ္တ, ကာရိတ်ကံ အခိုက်၌ "ဒါသံ" ဟု အဝုတ္တ ဖြစ်၍ ကွဲပြားသောကြောင့် ဝုတ္တ-အဝုတ္တတည်း ဟု ဆိုသည်၊ တနည်း-"သာမိကေန ဒါသော ဂါမံ ဂမယီယတေ" ဟု ကာရိတ် ကံဟော ဝါကျလုပ်လျှင် ဒါသောဟု ဝုတ္တကံ ဖြစ်သောကြောင့် အနက်အရလည်း မပြား,ဝုတ္တ အဝုတ္တအားဖြင့်လည်း မပြား "ဝုတ္တချည်း ဖြစ်သည်" ဟူလို၊ ဤသို့ စသည်ဖြင့် အဓိပ္ပာယ်အမျိုးမျိုး ကြံဟန်တူ၏၊ အချုပ် မှတ်ဖွယ်မှာ –"ဓာတ်ကတ္တားသည် ကာရိတ်ကံဖြစ်လာ၏" ဟု သာတည်း။

**ယာဓာတ်။** ။ဂမုဓာတ်ကဲ့သို့ ယာဓာတ်သည်"ယာ-ဂတိမှိ" နှင့် အညီ ဂတိအနက်ကို ဟော၏၊ထို့ကြောင့်"ဒေဝဒတ္တော မာဏဝကံ ဂါမံ ယာပယတိ=ဒေဝဒတ်သည် လုလင်ငယ်ကို ရွာသို့ သွားစေ၏"ဟု ဖြစ်၏၊ မာဏဝကံသည် ပုရိသံနှင့် တူ၏၊ ထို့ကြောင့်"မာဏဝကေန, မာဏဝကဿ" ဟု ကစ္စည်းဝုတ္တိ ကျမ်းအလို တတိယာဆဋ္ဌီဖြစ်နိုင်ပုံနှင့် "ဒေဝဒတ္တေန မာဏဝကော ဂါမံ ယာပယီယတေ" စသောကံဟော ဝါကျကိုလည်း သိပါ။

**ဝေဓေဓယတိ။** ။ဝေဖြင့် "ပုရိသံ ပုရိသေန ပုရိသဿ" ကဲ့သို့ ဒုတိယာ တတိယာ ဆဋ္ဌီ ၃လီ ဝိဘတ် သက်နိုင်ကြောင်းကို ညွှန်ပြ၏၊ ဒေဝဒတ္တော မာဏဝကံ (မာဏဝကေန, မာဏဝကဿဝါ) ဓမ္မံ ဗောဓယတိ=တရားကို သိစေ၏၊ ဗုဓနှင့် အနက်တူ ဝိဒဓာတ်ဖြင့်လည်း "ဒေဝဒတ္တော၊ပေ၊ဝေဒယတိ=သိစေ၏"ဟု ဖြစ်၏။

**ဘုဇပဋ္ဌဓာတ်။** ။ဒေဝဒတ္တော မာဏဝကံ (မာဏဝကေန,တဿဝါ) မောဒကံ ဘောဇယတိ=လဒ္ဒူးမုန့်ကို စားစေ၏၊ ဘုဇနှင့် အနက်တူ အသဓာတ်ဖြင့်လည်း "ဒေဝဒတ္တော၊ပေ၊ မောဒကံ အာသယတိ=စားစေ၏" ဟု ဖြစ်၏၊ ဒေဝဒတ္တော မာဏဝကံ (ကေန ကဿဝါ) ဝေဒံ ပါဋ္ဌယတိ=ဝေဒကို ဖတ်စေ၏၊ ပဋ္ဌဓာတ်နှင့် အနက်တူ အဓိပုဗ္ဗ ဣဓာတ်ဖြင့်လည်း "ဒေဝဒတ္တော၊ ပေ၊ အဇ္ဈာပယတိ=ဝေဒကို သရဇ္ဈာယ်စေ၏" ဟု ဖြစ်၏။ [မောဂ္ဂလ္လာန်၌ ဘုဇဓာတ်ကို"အာဟာရတ္ထ=စားမျိုခြင်း အနက်ရှိသောဓာတ်"ဟု လည်းကောင်း, ပဋ္ဌဓာတ်ကို "သဒ္ဒတ္ထ=အသံပြုခြင်း အနက်ရှိသောဓာတ်,(ပါဏိနိ၌) -အသံလျှင် ကံရှိသောဓာတ်"ဟုလည်းကောင်း ဆိုသည်။]

**ဟရ, ကရဓာတ်။** ။ဒေဝဒတ္တော မာဏဝကံ (ကေန, ကဿဝါ) ဘာရံ ဟာရေတိ= ဝန်ကိုဆောင်စေ၏၊ ဒေဝဒတ္တော၊ပေ၊သတ္တုံ အဇ္ဈောဟာရေတိ=မုန့်မှုန့်ကို

မျိုစေ၏၊ ဝါ-စားစေ၏၊ [မောဂ္ဂလ္လာန်၌ ဘုဇ-အသခေတ်၏ ယှဉ်ရာဝယ် ဒုတိယာသာ သက်၍, ဟရ အစိပုဗ္ဗ ဟရခေတ် ယှဉ်ရာဝယ် ဒုတိယာ တတိယာ ၂ မျိုးသက်ဟု လာသည်။] ဒေဝဒတ္တော မာဏဝကံ (ကေန, ကဿဝါ) ကမ္မံ ကာရေတိ=အမှုကို ပြုစေ၏၊ [ဟရ, ကရခေတ် ကဲ့သို့ ဒိသခေတ် အဘိဝါဒိ ဟူသော နာမခေတ်ကိုလည်း မောဂ္ဂလ္လာန်၌ ပြသေး၏၊ ဒေဝဒတ္တော ဇနံ (ဇနေန, ဇနဿ ဝါ) ရာဇံ ဒဿယတေ= လူအပေါင်းကို မင်းကို ကြည့်စေ၏၊ ဒေဝဒတ္တော မာဏဝကံ (ကေန, ကဿဝါ) ဂုရုံ အဘိဝါဒယတေ=ဆရာကို ရှိခိုးစေ၏။]

**အကမ္မကခေတ်။** ။ဒေဝဒတ္တော မာဏဝကံ (ကေန ကဿဝါ) သာယယတိ= အိပ်စေ၏၊ ဝါ-သိပ်၏၊ ဒေဝဒတ္တော၊ ပေ၊ အာသယတိ=နေစေ၏၊ အကမ္မကခေတ် ဖြစ်သောကြောင့် ခေတ်ကံ မထည့်ရတော့ပြီ၊ [မောဂ္ဂလ္လာန်၌ ဘဇ္ဇ, ကောဋ္ဋ, သံပုဗ္ဗ ထရ ခေတ်များကိုလည်း ပြသေး၏၊ ဒေဝဒတ္တော မာဏဝကံ စသည်ထည့်၍ "ခြဲ ဘဇ္ဇာပေတိ ကောဋ္ဋာပေတိ=စပါးကို လှော်စေ၏၊ စပါးကို ထောင်းစေ၏၊ သေယျံ သန္ထရာပေတိ=အိပ်ရာကို ခင်းစေ၏" ဟု ဖြစ်၏၊] ဗုဓစသော ခေတ်များ၏ ယှဉ်ရာ၌ ကာရိတ်ကံဟော ဝါကျများကိုလည်း ဂမုခေတ် ယှဉ်ရာကို နည်းမှီး၍ "ဒေဝဒတ္တေန မာဏဝကော ဓမ္မံ ဗောဓယီယတေ" ဟု လည်းကောင်း ခေတ်ကံကို ဟောလျှင် "ဒေဝဒတ္တေန မာဏဝကံ ဓမ္မော ဗောဓယီယတေ" ဟု လည်းကောင်း ဖြစ်နိုင်ပုံကို သိရာ၏။

**ဝေ သဗ္ဗတ္ထ ကာရိတေ**—"သဗ္ဗတ္ထာတိ-ပုရိသံ လေခံ လေခယတိ (ယောကျ်ားကို စာကို ရေးစေ၏) ပုရိသေန ဝါ လေခံ လေခယတီတိ ဝေ သဗ္ဗတ္ထ အနဘိဟိတေ" ဟု ရူဋီကာ ဖွင့်သောကြောင့် "သဗ္ဗတ္ထ-အလုံးစုံသော အဝုတ္တကံ၌" ဟု ပေးလိုက်သည်၊ ဆက်ဦးအံ့—ထို ဋီကာ၌ လိခခေတ်ကို ပြသောကြောင့် တိုက်ရိုက် ပြအပ်သော ဂမု စသောခေတ်မှ တပါး အခြားခေတ် အားလုံး၏ အဝုတ္တကံကို သဗ္ဗတ္ထဖြင့် ပြသည်-ဟု ဆိုလိုသည်၊ သို့ရာဝယ် များစွာသော သဒ္ဒါကျမ်းတို့၌ ဂမု ဗုဓ စသော တိုက်ရိုက် ပြထားသည့် ခေတ်များ၌သာ ကာရိတ် ယှဉ်ရာဝယ် ဒုတိယာသက်စေ၍, အခြား ခေတ်များ ၌ကား ဒုတိယာ မသက်စေပဲ တတိယာ တမျိုးသာ သက်စေကြ၏၊ ထို့ကြောင့် လိခစသော (တိုက်ရိုက် မပြအပ်သည့်) ခေတ်များ၌လည်း ဒုတိယာ တတိယာ (တတိယာ၏ ကိုယ်စား ဆဋ္ဌီပါ) သက်ဟု ဖွင့်ပြသော ရူဋီကာ စကားသည် ဂတိ ဗုဓိစသည်ဖြင့် ဒုတိယာ သက်ဖို့ရန် အနည်းငယ်သော ခေတ်သာ သတ်မှတ် ပြသော အရှင်ကစ္စည်းဆရာ၏ အာဘော်ကျမည် မထင်၊ သို့သော် ရူဋီကာဖွင့်ပုံမှတပါး အခြားနည်းဖြင့်လည်း "သဗ္ဗတ္ထ ကာရိတေ" ပါဌ်၌ အဓိပ္ပာယ် မရသောကြောင့် ရူဋီကာအဖွင့် အတိုင်းပင် အနက်ပေးရတော့သည်။

**မောဂ္ဂလ္လာန်သုတ်များ။** ။ ၁—ဂတိဗောဓာဟာရသဒ္ဒတ္ထာ-ကမ္မက ဘဇ္ဇာဒီနံ ပယောဇ္ဇေ၊ ဤသုတ်ဖြင့် "ကာရိတ်ကံ ဟု ခေါ်ကြသော ပယောဇ္ဇ ကတ္တား၌ ဒုတိယာ အမြဲ သက်ရမည့် ခေတ်များကို ပြ၏။ [ကစ္စည်း၌ "ကာရိတေဝါ"ဟု ဒုတိယာ ဝိကပ် သက်ရမည် ဆိုသော စကားနှင့် တမျိုးစီ ဖြစ်နေကြောင်းကို သတိပြု။] ဘဇ္ဇာဒိ၌ အာဒိဖြင့် ကောဋ္ဋ,သံပုဗ္ဗ ထရ ခေတ်များကို ယူ။

၂—ဟရာဒီနံဝါ။ ။ဤသုတ်ဖြင့် ဒုတိယာဝိဘတ် ဝိကပ်သက်ရမည့် ဓာတ်များကို ပြ၏၊ ဒုတိယာ မသက်လျှင် တတိယာ သက်၏၊ ဆဋ္ဌီသက်ခြင်းကို မလိုလား၊ ဟရာဒီနံ၌ အာဒိဖြင့် အဓိပုဗ္ဗ ဟရ-ကရ-ဒိသ-အဘိဝါဒိ (နာမဓာတ်) ဓာတ်များကိုယူ။

၃—န ခါဒါဒီနံဝါ။ ။စားခြင်းအနက်ရှိသော ဓာတ်များ၏ ကံ၌ ဒုတိယာ သက်-ဟု (၁-နံပါတ်သုတ်၌) ဆိုခဲ့သော်လည်း ''ခါဒဓာတ် (အာဒိဖြင့်) အဒ= ဘက္ခဓာ''ဟူသော ဓာတ်များ၌ စားခြင်းအနက်ရှိစေကာမူ ဒုတိယာ မသက်ရဟု လည်းကောင်း, ခါဒါဒိနံ၌ အာဒိဖြင့် အသံပြုခြင်းအနက်ရှိသော အာပုဗ္ဗ ဝှေဓာတ်- သဒ္ဒါယဟူသော နာမဓာတ်, ကန္ဒဓာတ်များကိုလည်းကောင်း, ဆောင်ခြင်း အနက် ရှိသော နီဓာတ်ကိုလည်းကောင်း ယူ၍ (၁) နံပါတ်သုတ်၌ အသံပြုခြင်းအနက်ရှိသော ဓာတ်တို့၏ ကံ၌ ဒုတိယာသက်၏ဟု ဆိုခဲ့သော်လည်း အာပုဗ္ဗ ဝှေဓာတ် စသည်တို့၏ ပဓာနကံဖြစ်သော ဥပဝိုဓ္ဒ မသက်ရ, တတိယာသာ သက်ရမည်ဟုလည်းကောင်း, ပြန်၍ နှုတ်သိမ်းသည်။

၄—ဝဟိဿာ'နိယန္တုကေ၊ (ဝဟိဿ+အနိယန္တုကေ)။ ။လှေလှော်သူကို ''နိယန္တာ''ဟု ခေါ်၏၊ လှေလှော်သူသည် လှေကို အမြဲပဲ့၍ လှော်၍ ပေးရသကဲ့သို့, အမြဲလိုက်၍ တိုက်တွန်းပေးရခြင်းရှိသော စေခိုင်းအပ်သူသည် သနိယန္တုက မည်၏၊ ထိုကဲ့သို့ လိုက်၍ ပဲ့ပြင် မနေရ (တခါခိုင်းရုံနှင့် ပြီးလောက်) သော စေခိုင်းအပ်သူသည် အနိယန္တုက မည်၏၊ ဝဟဓာတ်၏ အနိယန္တုကဖြစ်သော ပယောဇ္ဇကတ္တားဝ၌ ကတ္တု သတ္တိက ဝိုမိုနေသောကြောင့် တတိယာသာသက်၊ ပုံစံ—''သညဒတ္တော ဒေဝဒတ္တေန (သည်) ဘာရံ ဝါဟယတိ''တည်း၊ သနိယန္တုကဖြစ်သော ပယောဇ္ဇကတ္တား၌ ကမ္မသတ္တိက ဝိုမိုသောကြောင့် ဒုတိယာသာသက်၊ ပုံစံကား—''ဒေဝဒတ္တော ဗလိဗဒ္ဒေ (နွားလားတို့ကို) ဘာရံ ဝါဟယတိ''တည်း။ [ဤသုတ်အရ ''ကမ္မသတ္တိ ထင်ရှားရာ၌ ဒုတိယာသက်၍, ကတ္တုသတ္တိ ထင်ရှားရာ၌ တတိယာသက်''ဟု မှတ်ချက် တမျိုးရသည်။

၅—ဘက္ခိဿာ ဟိံသာယံ (အဟိံသာယံ)။ ။မုန့်စားခြင်းသည် ညှဉ်းဆဲသော စားခြင်း မဟုတ်၍ အဟိံသာတည်း၊ နွားက ကောက်ကို စားခြင်းသည် ကောက်ပင် အရှင်ကို ညှဉ်းဆဲရာရောက်သောကြောင့် သဟိံသာတည်း၊ ၁-သုတ်၌ စားမျိုခြင်း အနက်ရှိသော ဓာတ်ကို ပြခဲ့ရာဝယ် ဘက္ခဓာတ်၏ ယှဉ်ရာ၌ အဟိံသာ ဖြစ်မူ တတိယာသာသက်၊ ပုံစံ—''ယညဒတ္တော ဒေဝဒတ္တေန မောဒကေ ဘက္ခယတိ'' တည်း၊ သဟိံသာ ဖြစ်မူ ဒုတိယာသာ၊ ပုံစံ—''ဒေဝဒတ္တော ဗလိဗဒ္ဒေ သဿံ ဘက္ခယတိ''တည်း။

''ဂတိ ဗုဒ္ဓျသနသဒ္ဒါ—ကမ္မကာနဥ္စ ကာရိတေ၊
ဘဉ္ဇာဒီနဉ္စ ယောကတ္တာ, ကမ္မသညော သဓာတုနံ။
ဟရက္ကရာဘိဝါဒီနံ, ဒိသဇ္ဈောဟရတိဿ ဝါ၊
နီခါဒါဝှါဒ သဒ္ဒါယ—ကန္ဒာနံ သမ္ဘဝေ န သာ၊
ဝဟာနိယန္တုဟေတုမှိ, ဘက္ခိဿာ-ဟိံသနေ ဝိစ''

ဟူသော ကစ္စာယနသာရလည်း ဤမောဂ္ဂလ္လာန်သုတ်များကို မှီ၍ ဆိုသည်၊ (အနက်ကို ထိုကျမ်း၏ နိဿယများမှ ယူ၊ အရှင်မောဂ္ဂလ္လာန်နှင့် ကစ္စာယနသာရ ကျမ်းဆရာ

**သာမိသ္မိံ ဆဋ္ဌီ** ၃၀၁။ သာမိသ္မိံ-သာမိအနက်၌၊ ဆဋ္ဌီ ဝိဘတ္တိ ဟောတိ၊ [ပုံစံနက်များကို ''ယဿ ဝါ ပရိဂ္ဂဟော တံ သာမီ''သုတ်၌ ပေးခဲ့ပြီ၊ ဒဏ္ဍိသ္မိံကဲ့သို့ သာမိသ္မိံဟု ရှိရသည်။] (၉၂,၃၁၅။)

---

အရှင် သံဃရက္ခိတတို့သည် ဆရာတပည့် ဖြစ်ကုန်သတတ်၊) [ဒုဟ, ယာစ-နီ, ဝဟ-စသော ဒွိကမ္မကဓာတ်တို့၏ သုဒ္ဓကံ ကတ္တားဟော ဝါကျ, ကာရိတ်ကံ ကတ္တားဟော ဝါကျများကို ဓာတုပ္ပဒီ ဏောဏာယ-စသော သုတ်ကျမှ ပြဦးမည်။] ဤသို့လျှင် သဒ္ဒါကျမ်း ဆရာတို့သည် ဂတိဗုဒ္ဓိ စသော ဓာတ်များ၏ ယှဉ်ရာ၌သာ ဒုတိယာ သက်ရမည်ဟု သတ်မှတ်၍ ပြထားသော်လည်း ပါဠိ အဋ္ဌကထာတို့၌ကား သဒ္ဒါဆရာတို့ သတ်မှတ်သလို မဟုတ်ပဲ ဒုတိယာ-တတိယာ ၂ မျိုးလုံးပင် သင့်သလို သက်ထားသည်ကို တွေ့ရသည်။ [ရူပသာရဋီကာနှင့် တွဲကြည့်ပါ။]

၃၀၁။ **သာမိသ္မိံ ဆဋ္ဌီ**—ရှေ့၌ ''ယဿ ဝါ ပရိဂ္ဂဟော, တံ သာမီ'' သုတ်ဖြင့် သာမိဟု အမည်မှည့်ခဲ့သောကြောင့် ဤ၌ ''သာမိသ္မိံ ဆဋ္ဌီ''ဟု သုတ်တည်သည်၊ သို့သော် ဆဋ္ဌီဝိဘတ်သည် သာမိအနက်ကို ဟောသည် မဟုတ်၊ (၏) ဟု အနက်ပေးရသော သမ္ဗန်အနက်ကိုသာ ဟော၏၊ ထို့ကြောင့် ''သာမိသ္မိံ''ဟူသော စကားသည် ဌာနူပစာရ စကားတည်း။ [''ရာဇ+ပုရိသ''ဟူရာ၌ ရာဇသည် သာမီတည်း၊ မင်းနှင့် အချင်းယောက်ျားတို့၏''သခင်+ကျွန်''အဖြစ်ဖြင့် စပ်ခြင်းသည် သမ္ဗန်တည်း၊ ထို သမ္ဗန်အနက်သည် မင်းနှင့် ယောက်ျား ၂ ဦးလုံး အပေါ်မှာ တည်၏၊ သာမီဖြစ်သော ရာဇသည် ဌာန, သမ္ဗန်ကား ဌာနီတည်း၊ ဌာန၏ သာမီ အမည်ကို ဌာနီ သမ္ဗန်၌ တင်စားထားသောကြောင့် သာမိသ္မိံကို ''ဌာနူပစာရ''ဟု ဆိုသည်။]

**ဝိဘတ်သက်ပုံ ဆိုရိုး။** ။''ရညော-မင်း၏''ဟူရာ၌ ရညောကို ရာဇလိင်တည်, ''၏''ဟူ၍ အနက်ပေးသောကြောင့် သာမီ အနက်ကို အလိုရှိရကား ယဿ ဝါ ပရိဂ္ဂဟော တံ သာမီသုတ်ဖြင့် ရာဇကို သာမီအမည်မှည့်, သာမိသ္မိံ ဆဋ္ဌီသုတ်ဖြင့် သာမီအနက်၌ ဆဋ္ဌီ ကေဝုစ် သဝိဘတ်သက်၊ တဿ ဘိက္ခုနော အတ္တနောတို့ကိုလည်း ဤနည်းအတိုင်း အကျယ်ဆို၍ ဝိဘတ်သက်ပုံကို သိပါ။

**ဆဋ္ဌီ သမ္ဗန္ဓေ။** ။ဆဋ္ဌီ ဝိဘတ်သည် သမ္ဗန်အနက်ကို ဟောသောကြောင့် ''ဆဋ္ဌီ သမ္ဗန္ဓေ''ဟု သုတ်တည်သော သဒ္ဒါကျမ်းတို့၌ (၁) သမ္ဗန်ဟူသည် အဘယ်နည်း, (၂) ထိုသမ္ဗန်ကို အဘယ်သို့ သိနိုင်သနည်း, (၃) ထိုသမ္ဗန်သည် အဘယ်သို့ ဖြစ်လာသနည်း, (၄) ထိုသမ္ဗန်သည် အဘယ် လက္ခဏာ (အမှတ်အသား) ရှိသနည်း, (၅) အဘယ်လိင်နောင် ဆဋ္ဌီဝိဘတ် သက်ရသနည်း, (၆) ထိုသမ္ဗန် အမျိုးအစားကား အဘယ်မျှ ပြားသနည်း-ဟု မေးဖွယ်ရှိ၏၊ ထိုတွင်....

(၁) **နံပါတ် အဖြေကား**—ရှင်ဘုရင်၌ စေးသူ ယောက်ျားတယောက် ရှိ၏၊ ထို ယောက်ျားကို ''ရညော+ပုရိသော=မင်း၏+အချင်းယောက်ျား'' ဟု ခေါ်၏၊ မင်းနှင့် ယောက်ျား ၂ ဦးတို့သည် ''အရှင်+ကျွန်''အဖြစ်ဖြင့် တော်ကြ စပ်ကြ၏၊

ထိုအရှင်+ကျွန်အဖြစ်ဖြင့် တော်မှု စပ်မှုသည် သမ္ဗန်ပင်တည်း၊ ယခုကာလ၌ ''ဆရာ+တပည့်, ညီ+အကို, သား+အမိ, သွီး+ခဲပွန်း'' စသည်ဖြင့် တော်မှု စပ်မှု ဟူသမျှသည် သမ္ဗန်ချည်းတည်း၊ ထိုသမ္ဗန်သည် ကာရက ၆ ပါးတွင် မပါဝင်၊ ''အရှင်+ကျွန်'' ဟု တော်စပ်မှု သမ္ဗန်သည် ရှင်ဘုရင်ဒြပ် ယောကျ်ားဒြပ် ဟူသော ဒြပ် ၂ ခုကို မှီ၏၊ ဥပမာ—ပျဉ်တချပ်တည်း၌ အစပ်သမ္ဗန် မရှိ, ပျဉ် ၂ ချပ် တွေ့မိမှ အစပ်သမ္ဗန် ပေါ်လာ၏, ထို အစပ်သမ္ဗန်သည် ပျဉ် ၂ ချပ်လုံး၌ မှီနေသကဲ့သို့တည်း။

ဆက်ဦးအံ့—အချို့ သမ္ဗန်သည် ကြိယာနှင့် ကာရက ရှေ့သွားရှိ၏၊ ရဉ္ဇော+ပုရိသောဟူသော သမ္ဗန်မျိုး၌ မင်းသည် လစာရိက္ခာကို ပေး၏, ယောကျ်ားသည် ထိုရိက္ခာကို ယူ၏၊ ဤ၌ ပေးခြင်း ယူခြင်း ကြိယာ-မင်းယောကျ်ားဟူသော ကာရကတို့ကြောင့် ''မင်း၏+အချင်း ယောကျ်ား'' ဟု တော်စပ်မှုသမ္ဗန် ဖြစ်ပေါ်လာရသည်၊ အကယ်၍ မင်းက ရိက္ခာကို မပေးလျှင်လည်းကောင်း-ယောကျ်ားက ရိက္ခာကို မယူလျှင် လည်းကောင်း ထိုသူသည် မင်းချင်းယောကျ်ား မဖြစ်နိုင်၊ မင်းချင်းယောကျ်ား မဖြစ်သေးလျှင် ''အရှင်+ကျွန်'' ဟု တော်စပ်မှု, ပါဠိလို ''ရဉ္ဇော+ပုရိသော'' ဟု သမ္ဗန်မဖြစ်နိုင်၊ ထို့ကြောင့် ရဉ္ဇော+ပုရိသောကဲ့သို့သော အချို့သမ္ဗန်မျိုး၌ ကြိယာနှင့် ကာရကတို့ ရှေ့သွားရှိကြရသည်၊ ''အမ္ဗဝနဿ+အဝိဒူရေ=သရက် ဥယျာဉ်၏+အနီး၌'' အဝိဒူရေသည် သမီပ, အမ္ဗဝနကား အနီးရှိသောကြောင့် သမီပီတည်း၊ ဤသမီပ+သမီပီအဖြစ်ဖြင့် တော်စပ်မှု သမ္ဗန်မျိုး၌ ကြိယာနှင့် ကာရကတို့ ရှေ့သွား မရှိကြ။

ထို့ပြင်—မည်သည့်သမ္ဗန်မဆို သမ္ဗန္ဓိဒြပ် ၂ ခုကို သိအောင် ပြုတတ်၏၊ ရှုဦးအံ့—မင်းသည် ရိက္ခာကိုပေး၏, ယောကျ်ားသည် ယူ၏၊ ဤ ပေးမှု ယူမှုကို ကိုယ်တိုင်သော်လည်း မြင်ရ၏, သူတပါး ပြောရ၍သော်သည်း ကြားသိရ၏၊ ဤ မြင်မှု ကြားမှုကို စက္ခုဒွါရ-သောတဒွါရ ဝီထိတို့၏ အရာ ဟု မှတ်၊ ဤ မြင်ခိုက် ကြားခိုက်၌ ဤသူတို့သည် ''မည်သို့ တော်စပ်ကြသည်'' ဟု မသိသေး၊ ထို မြင်မှု ကြားမှုကြောင့် ထိုသူ ၂ ဦးတို့၏ ''အရှင်+ကျွန်'' အဖြစ်ဖြင့် တော်စပ်မှုကို မှန်းဆ၍ သိရ၏၊ ဤ သိခြင်းသည် မနောဒွါရ ဝီထိ၏ အရာတည်း၊ ထို တော်စပ်မှု သမ္ဗန်ကို သိပြီးမှ ''ဤသူကား အရှင်သခင်+ဤသူကား ကျေးကျွန်'' ဟု သမ္ဗန္ဓိဒြပ် ၂ ခုကို ခွဲခြား၍ သိရသည်၊ သမ္ဗန္ဓိဒြပ် ၂ ခုကို ခွဲခြား၍ သိခြင်းသည် တော်စပ်မှုကိုသိပြီးမှ ဖြစ်ရကား တော်စပ်မှုက သမ္ဗန္ဓိဒြပ် ၂ ခုကို သိအောင် ပြုတတ်သည်ဟု ဆိုလိုသည်။ [အမ္ဗဝနဿ အဝိဒူရေ၌လည်း ဤနည်းအတိုင်း ခွဲပါ။]

[ဘောဓိနီ] သမ္ဗန္ဓော ကာရကေဟညော, ကြိယာကာရက ပုဗ္ဗကော၊
သမ္ဗန္ဓိ ဗုဒ္ဓိဇနကော, သမ္ဗန္ဓိဒ္ဒယ နိဿိတော။

သမ္ဗန္ဓော-သည်၊ ကာရကေဟိ- တို့မှ အညော- တပါး ဟခြားတည်း၊ ကြိယာကာရက ပုဗ္ဗကော-ကြိယာနှင့် ကာရက ရှေ့သွားရှိ၏၊ သမ္ဗန္ဓိဗုဒ္ဓိဇနကော-သမ္ဗန္ဓိဒြပ် ၂ ပါးကို သိခြင်းကို ဖြစ်စေတတ်၏၊ သမ္ဗန္ဓိဒ္ဒယ နိဿိတော-သမ္ဗန္ဓိဒြပ် ၂ ပါးကို မှီ၏။

**သမ္မန်ကို သိရပုံ။** ။သမ္မန်ကို အဘယ်သို့ သိရမည်နည်း-ဟူသော ၂ နံပါတ် အမေး၏ အဖြေကား-မင်းဒြပ်ကိုလည်းကောင်း ယောကျ်ားဒြပ်ကိုလည်းကောင်း မြင်ရသကဲ့သို့ တော်စပ်မှု သမ္မန်ကိုကား တိုက်ရိုက်မြင်နိုင်သည် မဟုတ်၊ ပါးနပ်သူတို့ မှန်းဆ၍သာ သိနိုင်၏၊ သိပုံကား—မင်းနှင့် ယောကျ်ားတို့၏ ရိက္ခာပေးခြင်း ရိက္ခာယူခြင်းကို သိရသဖြင့် ဤ မင်းနှင့် ဤယောကျ်ားသည် "အရှင်+ကျွန်" အဖြစ်ဖြင့် တော်စပ်၏-ဟု မှန်းဆ၍သိနိုင်၏၊ ယောကျ်ားနှင့် မိန်းမတို့ နေပုံ ထိုင်ပုံ ပြောပုံ ဆိုပုံကို မြင်ရသဖြင့် သူတို့ ၂ ဦး၏ တော်စပ်ပုံကို မှန်းဆ၍ သိနိုင်၏၊ ပါးနပ်သူ မဟုတ်လျှင်ကား မေးကြည့်မှ သိရပေလိမ့်မည်။

[ဘာဒစိန္တာ] သမ္ဗန္ဓိဝိယ သမ္ဗန္ဓော, ရူပတော န ကုဒါစနံ၊
ဒဋ္ဌုံ သက္ကာတိ ဝိညူဟိ, မနျတေ သော နုမာနတော။

သမ္ဗန္ဓိဝိယ-သမ္ဗန္ဓိဒြပ်ကဲ့သို့ (သမ္ဗန္ဓိဒြပ်ကို တိုက်ရိုက် မြင်ရသကဲ့သို့)၊ သမ္ဗန္ဓော—သမ္မန်သည်၊ ဝါ-ကို၊ ရူပတော- သရုပ်သကောင်အားဖြင့်၊ ကုဒါစနံ- တရံတဆစ်မျှ၊ ဒဋ္ဌုံ-မြင်ခြင်းငှာ၊ န သက္ကာ-မတတ်ကောင်း၊ ဣတိ-ထို့ကြောင့်၊ ဝိညူဟိ-ပညာရှိတို့သည်၊ ဝါ-ပါးနပ်သူတို့သည်၊ သော-ထို တော်စပ်မှုသမ္မန်ကို၊ အနုမာနတော—သင့်လျော်အောင် မှန်းဆတတ်သော ဉာဏ်ဖြင့်၊ မနျတေ-သိအပ် သိနိုင်၏။

**သမ္မန်ဖြစ်ပုံနှင့် လက္ခဏာ။** ။သမ္မန်သည် အဘယ်သို့ ဖြစ်သနည်း, အဘယ် လက္ခဏာ ရှိသနည်းဟူသော အမေး ၂ ရပ်၏ အဖြေကား—မင်းသည် ရိက္ခာကို ပေးခြင်း, ယောကျ်ားသည် ရိက္ခာကို ယူခြင်းကို အကြောင်းပြု၍ "ကျွန်+အရှင်" အဖြစ်ဖြင့် တော်စပ်မှု သမ္မန် ဖြစ်ပေါ်လာသည်၊ ပေးလည်း မပေး, ယူလည်း မယူလျှင် ကျွန်+အရှင် အဖြစ်ဖြင့် တော်စပ်မှု သမ္မန် မဖြစ်နိုင်၊ "အမ္ဗဝနဿ+အဝိဒူရေ"၌လည်း သရက် ဥယျာဉ်၏+အနီးအပါးဖြစ်ခြင်း ဟူသော ကြိယာကို စွဲ၍ "သမီပ+သမီပီ" အဖြစ်ဖြင့် တော်စပ်မှုသမ္မန် ဖြစ်ပေါ်လာသည်၊ ထိုသမ္မန်သည် သမ္ဗန္ဓိဒြပ် ၂ ခုတို့၏ အပြန်အလှန် ငဲ့ခြင်းဟူသော လက္ခဏာရှိ၏၊ မှန်၏—မင်းသည် ယောကျ်ားအပေါ်၌ ငါ၏ ကျွန်ဟု ငဲ့မှု ရှိ၏၊ ယောကျ်ားကလည်း ငါ၏ သခင်ဟု ငဲ့မှုရှိ၏၊ ထိုသို့ အပြန်အလှန် ငဲ့ခြင်းသည် သမ္မန်၏ အမှတ်လက္ခဏာပင်တည်း၊ အမ္ဗဝနဿ+အဝိဒူရေ ၌လည်း (စိတ်မရှိစေကာမူ) တခြားအရပ်၏ အနီးမဟုတ်, အမ္ဗဝနဟူသော ငါ၏ အနီးဟု အမ္ဗဝနက ဝိသေသန အဖြစ်ဖြင့် ငဲ့လျက် ရှိ၏၊ အဝိဒူရေကလည်း ငါသည် အမ္ဗဝန၏ အနီးဖြစ်သည်-ဟု ဝိသေသျ အဖြစ်ဖြင့် ငဲ့လျက် ရှိ၏၊ ဤသို့ စိတ်စေတနာ မရှိရာ၌လည်း သဒ္ဒါသဘောအားဖြင့် ငဲ့လျက် ရှိသည်သာ။

[ဘာဒစိန္တာ] ရာဇာ ဒဒါတိ ဂဏှာတိ, ပုရိသောတိ ပဝတ္တတိ၊
ကြိယံ နိဿာယ သမ္ဗန္ဓော, အညောညာပေက္ခလက္ခဏော။

ရာဇာ-မင်းသည်၊ ဒဒါတိ-ရိက္ခာကို ပေး၏၊ ပုရိသော-သည်၊ ဂဏှာတိ-ယူ၏၊ ဣတိ-ဤသို့၊ ကြိယံ-ပေးခြင်း ယူခြင်း ကြိယာကို၊ နိဿာယ-မှီ၍၊ အညောညာပေက္ခလက္ခဏော-အချင်းချင်းငဲ့ခြင်း လက္ခဏာရှိသော၊ သမ္ဗန္ဓော-သည်၊ ပဝတ္တတိ-ဖြစ်၏။

**ဝိသေသန လိင်နောင် ဆဋ္ဌီသက်။** ။သမ္ဗန်သည် သမ္ဗန္ဓီဒြပ် ၂ ပါး၌ တည်နေလျှင် ထို သမ္ဗန်ကိုပြသော ဆဋ္ဌီဝိဘတ်သည် အဘယ် လိင့်နောင် သက်ရမည်နည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား—ဝိသေသန ဖြစ်သော လိင်နောင် ဆဋ္ဌီဝိဘတ် သက်ရ၏၊ ချဉ်းအံ့—''ရညော+ပုရိသော''ဟူရာ၌ မင်းသည် ယောကျ်ားကို (အခြားသူ၏ အချင်း ယောကျ်ားမဟုတ်, မင်း တည်းဟူသော ငါ၏ အချင်းယောကျ်ားဟု) အခြား အရှင်သခင်မှ ကွဲပြားအောင် အထူးပြုတတ်၏၊ ထို့ကြောင့် မင်းတည်းဟူသော အနက်သည် လည်းကောင်း ထိုအနက်ကို အကြောင်းပြု၍ ရာဇ ဟူသော သဒ္ဒါသည်လည်းကောင်း ဝိသေသနတည်း၊ ယောကျ်ားဟူသော အနက်သည် လည်းကောင်း ထိုအနက်ကို အကြောင်းပြု၍ ပုရိသသဒ္ဒါသည် လည်းကောင်း အထူးပြုအပ်သော ဝိသေသျတည်း၊ ထို ဝိသေသန ဝိသေသျဖြစ်သော (ရာဇ+ပုရိသ) လိင် ၂ မျိုးတွင် ဝိသေသန (ရာဇ-စသော) လိင်နောင် ဆဋ္ဌီဝိဘတ်သက်မှသာ ထို ဆဋ္ဌီဝိဘတ်က ရာဇနှင့် ပုရိသ တော်စပ်မှုသမ္ဗန်ကို ထွန်းပြနိုင်၏၊ ဝိသေသျ (ပုရိသ-စသော) လိင့်နောင် သက်လျှင် သမ္ဗန်ကို မထွန်းပြနိုင်၊ မြန်မာစကား၌လည်း ''မင်း (၏) ယောကျ်ား'' စသည်ဖြင့် ဆဋ္ဌီဝိဘတ်၏ အနက်ကို ဝိသေသနဖြစ်သော ရှေ့စကားနှင့် တွဲဖက်၍ သုံးစွဲလေ့ရှိသည်။

[ဘေဒစိန္တာ] ဝိသေသျသာ ဝိသေသေဝါ, သမ္ဗန္ဓိဒွယဇောတိတံ၊
သမ္ဗန္ဓံ ဇောတိတုံ ဆဋ္ဌီ, သဒ္ဒသတ္တိသဘာဝတော။

ဝါ- (ဘေဒစိန္တာ၌ ၂ နည်းပြရာတွင် ရှေ့နည်းမှ) တမျိုးကား၊ သမ္ဗန္ဓိဒွယဇောတိတံ-သမ္ဗန္ဓီဒြပ် ၂ ပါးအပေါင်းသည် ထွန်းပြအပ်သော၊ [သမ္ဗန္ဓီဒြပ် ၂ ခုပေါင်းမိမှ သမ္ဗန်ထင်ရှားသဖြင့် သမ္ဗန္ဓီဒြပ် ၂ ပါးက ထွန်းပြထားသကဲ့သို့ဖြစ်သော] သမ္ဗန္ဓံ-သမ္ဗန်ကို၊ ဇောတိတုံ— ထွန်းပြခြင်းငှာ၊ ဝိသေသျသာ-ဝိသေသျသမ္ဗန္ဓီ၏၊ ဝိသေသေ-ဝိသေသန ဖြစ်သော သမ္ဗန္ဓီလိင်၌ (လိင်မှနောက်၌)၊ ဆဋ္ဌီ-ဆဋ္ဌီ ဝိဘတ်သည်၊ ဇာယတိ-ဖြစ်၏၊ ကသ္မာ-နည်း၊ ဆဋ္ဌီသဒ္ဒသတ္တိ သဘာဝတော-ဆဋ္ဌီဝိဘတ် တည်းဟူသော သဒ္ဒါ၏ (ဝိသေသန လိင်နောင်သက်မှ သမ္ဗန်ကို ထွန်းပြနိုင်သော) အစွမ်းသတ္တိ ထုံးစံရှိသ ည်၏ အဖြစ်ကြောင့်တည်း။

**သမ္ဗန်၏ အရာမက များပုံ။** ။ထိုသမ္ဗန်သည် အဘယ်မျှများပြားသနည်း-ဟူသော အမေး၏ အဖြေကား—ထိုသမ္ဗန်သည် အရာမက များ၏၊ ဝိသေသန ဝိသေသျ ၂ မျိုးတွင် ဝိသေသျဖြစ်သော လိင်ကို ကြည့်၍ သမ္ဗန်နာမည် အမျိုးမျိုး ဖြစ်၏၊ ရညော+ပုရိသော၌ ပုရိသောသည် သံ (ဥစ္စာ) တည်း၊ ထို့ကြောင့် ရညောသည် သံသမ္ဗန် (သံ၌စပ်ရသော သမ္ဗန်) မည်၏၊ မေ+ခန့်လည်း နည်းတူ၊ အမ္ဗဝနဿ+အဝိဒူရေသည် သမီပတည်း၊ ထို့ကြောင့် အမ္ဗဝနဿသည် သမီပသမ္ဗန် မည်၏၊ [သမီပ၌စပ်ရသော သမ္ဗန်-ဟူလို၊] ဤသို့ စသည်ဖြင့် ဝိသေသျ၏နာမည်ကို လိုက်၍ သမ္ဗန်နာမည် အမျိုးမျိုး ရ၏၊ ထိုသမ္ဗန်အချို့သည် ရူပသိဒ္ဓိ၌ တိုက်ရိုက်ပါရှိသည်။

**ဩကာသေ သတ္တမီ** ၃၀၂။ ဩကာသ ကာရကေ-ဩကာသ ကာရက၌၊ သတ္တမီ ဝိဘတ္တိ ဟောတိ၊ ဂမ္ဘီရေ-နက်သော၊ ဩဒကန္တိကေ-ရေ၏ အဆုံး ဖြစ်သော အရပ်၌၊ (နိဓိံ-ရွှေအိုးကို၊ နိဓေတိ-မြှုပ်၏ ဟုဆက်၊) ပါပသ္မိံ-မကောင်းမှု၌၊ မနော-စိတ်သည်၊ ရမတိ-မွေ့လျော်၏၊ ကုလပုတ္တော-အမျိုးကောင်းသားသည်၊ ဘဂဝတိ-မြတ်စွာဘုရား၌၊ (ဘုရားအထံတော်၌၊) ဗြဟ္မစရိယံ - မြတ်သောအကျင့်ကို၊ ဝုသတိ - ကျင့်သုံး၏။ (၉၄, ၃၁၉)

---

၃၀၂။ ဂမ္ဘီရေ, ဩဒကန္တိကေ—သည် ခုဒ္ဒကပါဌ—နိဓိကဏ္ဍပါဠိနှင့် တူ၏၊ ထို့ကြောင့် ဒုတိယရိုက် စာအုပ်၌ တမျိုးအနက်ပေးလိုက်သည်။ [ဝိသေသန ပုဒ်များကို ရှေးဦးစွာ ဆိုင်ရာကြိယာ၌ စပ်ရကြောင်းကို ရှေ့၌ ပြခဲ့ပြီ။] ဂမ္ဘီရေကို ဂမ္ဘီရတည်, ၌ ဟူ၍ အနက်ပေး သောကြောင့် ဩကာသ အနက်ကို အလိုရှိရကား "ယောဓာရော တမောကာသံ"သုတ်ဖြင့် ဩကာသ အမည်မှည့်, ဩကာသေ သတ္တမီသုတ်ဖြင့် ဩကာသ အနက်၌ သတ္တမီ ကေဝုစ် သို့ံဝိဘတ်သက်, စသည်ဆို၍ တွက်၊ ဩဒကန္တိက ပါပ တည်၍လည်း တွက်၊ ဘဂဝတိကိုကား ဘဂဝန္တုတည်, နည်းတူဆို၍ ဝိဘတ် သက်ပြီးနောက် တောတိတာ သသ္မိံနာသု သုတ်ဖြင့် (ဂုဏဝတိကဲ့သို့) စီရင်။

**သတ္တမီ အနက်များ။** ။၁—၅၌သုတ်ဖြင့် သက်ရသော ဩကာသအနက် (ဘုမ္မအနက် လည်း ခေါ်၏)၊ ၂-သာမိဿရာ ဓိပတိစသော သုတ်ဖြင့် သက်ရသော သာမိစသည်တို့၏ ယှဉ်ရာအနက်၊ ၃—နိဒ္ဓါရဏေစ သုတ်ဖြင့်သက်ရသော နိဒ္ဓါရဏအနက်၊ ၄-အနာဒရေစဖြင့် သက်ရသော အနာဒရအနက်၊ ၅,၆,၇-ကမ္မကရဏ နိမိတ္တတ္ထေသု သတ္တမီသုတ်ဖြင့် သက်ရသော ကမ္မ, ကရဏ, နိမိတ် အနက်၊ ၈-သမ္ပဒါနေစ သုတ်ဖြင့် သက်ရသော သမ္ပဒါန် အနက်၊ ၉-ပဉ္စမျတ္ထေစသုတ်ဖြင့် သက်ရသော အပါဒါန်အနက်၊ ၁၀, ၁၁-ကာလဘာဝေသုစ သုတ်ဖြင့် သက်ရသော ကာလ, ဘာဝလက္ခဏ ၂ နက်၊ ၁၂, ၁၃-ဥပဇ္ဈာဓိကိဿရဝစနေ သုတ်ဖြင့်သက်ရသော ဥပ, အဓိယှဉ်ရာ အဓိကဣဿရ ၂ နက်၊ ၁၄, ၁၅-မဏ္ဍိတုဿုက္ကေသုစ သုတ်ဖြင့် သက်ရသော မဏ္ဍိတဥဿုက္ကယှဉ်ရာအနက်၊ ၁၆-နိဒ္ဓါရဏေစ၌ စ ဖြင့် သက်ရသော ပဋမာ အနက်။ ("ဣဒံပိဿ ဟောတိ သီလသ္မိံ၊ ဣဒံပိ-ဤ ရှောင်ကြဉ်မှုသည်လည်း၊ အဿ-ထို ဘုရားရှင်၏၊ သီလသ္မိံ-သီလ တပါးသည်၊ ဟောတိ-၏၊) [သာမိ ဣဿရ ရှစ်ဌာနကို အသီးသီး ယူလျှင် ၂၃ နက် ရှိ၏။]

[ဆောင်] သာမိဿရ, ရှစ်ဌာနနှင့်, ဘုမ္မ-နိဒ္ဓါ, အနာဒရံ, သမ်-ပါဒါန်လျှင်,
ကမ်-ကရဏတ်, ပစ္စတ်-နိမိတ်, ဓိ ကိဿရာ, ဥပါဓိယှဉ်, ထို့ပြင်
မဏ္ဍိတ, ဥဿုက္ကနှင့်, ဘာဝ လက္ခဏ, ကာလ ပေါင်းခုံး, နှစ်ဆယ့်
သုံး, သက်ထုံး သတ္တမီ။

**သာမိဿရာ၊ပေ၊ ကုသလေဟိစ** ၃၀၃။ သာမိဿရာ၊ပေ၊ ကုသလ ဌဗ္ဗေတေဟိ-သာမိ, ဣဿရ, အဓိပတိ, ဒါယာဒ, သက္ခိ, ပတိဘူ, ပသုတ, ကုသလ ဟူကုန်သော ဤသဒ္ဒါတို့နှင့်၊ ပယောဂေ- ယှဉ်ရာ လိင်၌၊ ဆဋ္ဌီ ဝိဘတ္တိ - သည်လည်းကောင်း၊ သတ္တမီစ- သည်လည်းကောင်း၊ ဟောတိ-၏၊ ဂေါဏာနံ-နွားတို့၏၊ သာမီ-အရှင်တည်း၊ ဂေါဏေသု-နွားတို့၌၊ သာမီ-တည်း၊ပေ၊ ဣဿရော-အစိုးရသူတည်း၊ အဓိပတိ-အကြီး အကဲတည်း၊ ဒါယာဒေါ-အမွေခံတည်း၊ ဝါ-ဆွေမျိုးတည်း၊ သက္ခိ-မျက်မြင်တည်း၊ ပတိဘူ- တာဝန်ခံတည်း၊ ပသုတော-မွေးဖွားသူတည်း၊ ကုသလော-ကျွမ်းကျင်သူတည်း။ (၄၂၁)။

**နိဒ္ဓါရဏေစ** ၃၀၄။ နိဒ္ဓါရဏေ တွေစ - နိဒ္ဓါရဏ အနက်၌၊ ဆဋ္ဌီ ဝိဘတ္တိ, သတ္တမီစ ဟောတိ၊ ဂါဝီနံ-နွားမတို့တွင်၊ ကဏှာ-နွားနက်မ သည်၊ သမ္ပန္နခီရတမာ-သာ၍ ပြည့်စုံသော နို့ရည်ရှိ၏၊ ဝါ-အလွန် ချိုသော နို့ရည်ရှိ၏၊ ဂါဝီသု-တို့တွင်၊ပေ၊နာရီနံ-မိန်းမတို့တွင်၊ သာမာ-ရွှေအဆင်းရှိသော မိန်းမသည်၊ ဒဿနီယတမာ-သာ၍ ရှုချင်စဖွယ် တင့်တယ်၏၊နာရီသု-တို့တွင်၊ပေ၊ မနုဿာနံ-လူတို့တွင်၊ ခတ္တိယော-မင်းသည်၊ သူရတမော-သာလွန်၍ ရဲရင့်၏၊

---

၃၀၃။ ဤသုတ်ကို ဆိုရကျိုး။ ။"ဂေါဏာနံ သာမီ" စသည်၌ "၏"ဟု ပေးရသောကြောင့် သာမိသို့ ဆဋ္ဌီသုတ်ဖြင့် ဆဋ္ဌီသက်နိုင်၍ "ဂေါဏေသု သာမီ" စသည်၌ ဩကာသေ သတ္တမီ သုတ်ဖြင့် သတ္တမီ သက်နိုင်သည် မဟုတ်ပါလော, ဤ သုတ်ကို ဆိုရခြင်းသည် အဘယ် အကျိုးရှိသနည်းဟု မေး၊ အဖြေကား—သာမီ စသော သဒ္ဒါတို့၏ ယှဉ်ရာလိင်၌ ဆဋ္ဌီ သတ္တမီ ၂ မျိုးလုံး သက်နိုင်ကြောင်းကို သိစေခြင်း အကျိုးရှိ၏၊ ထို့ကြောင့် ရူ၌"ဥဘယတ္ထံ ဝစနံ"ဟု မိန့်သည်။ [ဝစနံ- သီးခြားဆိုအပ်သော ဤသုတ်သည်၊ ဥဘယတ္ထံ-ဆဋ္ဌီ သတ္တမီ ၂ မျိုးလုံး သက်ရခြင်း အကျိုးရှိ၏။]

ချဲ့အံ့—ဤသုတ် မရှိလျှင် သာမိဣဿရ စသည် ယှဉ်ရာတို့၌ "နွားတို့၏ အရှင်, နွားတို့၏ အစိုးရ, နွားတို့၏ အကြီးအကဲ, နွားတို့၏ အမွေခံ, နွားတို့၏ သက်သေ, နွားတို့၏ အာမခံ, နွားတို့၏ အတွက် မွေးဖွားသူ, နွားတို့အတွက် ကျွမ်းကျင်သူ"ဟု အနက်တမျိုးကိုသာ ယူ၍ ဆဋ္ဌီတမျိုးသာ သက်ရမည်ဟု ထင်ဖွယ်ရှိ၏၊ သို့မဟုတ် "နွားတို့၌ အရှင်သခင်ဖြစ်သူ, အစိုးရသူ, အကြီးအကဲဖြစ်သူ, အမွေခံဖြစ်သူ, မျက်မြင်ဖြစ်သူ, အာမခံ ဖြစ်သူ, မွေးဖွားသူ, နွားတို့၌ ကျွမ်းကျင် နားလည်သူ"ဟု အနက် တမျိုးကိုသာယူ၍ သတ္တမီတမျိုးသာ သက်နိုင်၏ ဟု ထင်ဖွယ်ရှိ၏၊ ထို့ကြောင့် သာမီ စသည်တို့ ယှဉ်ရာ၌ သူ့အနက်နှင့် သူ အဓိပ္ပာယ် အားလျော်စွာ ဆဋ္ဌီ သတ္တမီ ၂ မျိုး လုံးပင် သက်နိုင်သည်—ဟု သိစေခြင်းငှာ ဤသုတ်ကို ဆိုရသည်၊ [ရုပ်တွက်ပုံမှာ အခြေပြုအတိုင်းပင်၊ ကြွင်းသော မှတ်ဖွယ်ကို ရူဘာသာဋီကာမှာ ရှု။]

မနုဿေသု-တို့တွင်၊ပေ၊ ပထိကာနံ-ခရီးသွားသူတို့တွင်၊ ဓာဝန္တော-ပြေးသူသည်၊ သီဃတမော-သာ၍ လျင်မြန်၏၊ ပထိကေသု-တို့တွင်၊ပေ၊ (၃၂၂)။

---

၃၀၄။ နိဒ္ဓါရဏေစ—"နိဟရိတွာ-အပေါင်း အစုမှ ထုတ်၍+ဓာရဏံ-ဆောင်ခြင်းသည်၊ နိဒ္ဓါရဏံ-မည်၏"နှင့်အညီ အပေါင်းအစုတည်းမှ တစိတ် တချို့ကို ခွဲ၍ ထုတ်ယူခြင်းသည် နိဒ္ဓါရဏံ-မည်၏။ ["နိ+ဓာရဏ"ဟု ခွဲ၍ နိဥပသာရသည် နိဟရဏ (ခွဲခြား၍ ထုတ်ခြင်း) အနက်ဟောတည်း၊ ဓာရဏ-ဆောင်ခြင်း ဟူသည်လည်း တစိတ် တချို့ကို ဆောင်ယူခြင်းတည်း၊ ထို ထုတ်ဆောင်ခြင်းကိုပင် အပေါင်းအများတည်းမှ တစိတ် တချို့ကို "ပုထက္ကရဏံ-သီးခြားပြုခြင်း"ဟု အဓိပ္ပာယ် ဖွင့်ကြသည်၊နိဒ္ဓါရဏေစသုံ စ သဒ္ဒါသည် ပဌမာ အနက်၌ သတ္တမီ သက်ခြင်းကို ဆည်းသော အဝုတ္တသမုစ္စည်း အနက်ရှိ၏—ဟု န္ယာသ၌ ဖွင့်၏၊ ပုံစံကို ရှေ့သုတ်၌ ပြခဲ့ပြီ။

**သမုဒါယဝါစိလိင်နောင်သက်**။ ။ဒြဗ် ၂ ခုတို့၏ စပ်မှုသမ္ဗန်သည် အထည်ဒြဗ် အထင်အရှား မရှိသကဲ့သို့ အပေါင်းအစုမှ တစိတ်တခုကို သီးခြား ထုတ်ယူခြင်း ဟူသော နိဒ္ဓါရဏလည်း အထည်ဒြဗ် မထင်ရှားချေ၊ သမ္ဗန် အနက်၌ သက်ရသော ဆဋ္ဌီဝိဘတ်သည် ဝိသေသန လိင်နောင် သက်ရသကဲ့သို့ နိဒ္ဓါရဏအနက်၌ သက်ရသော ဝိဘတ်များလည်း အပေါင်းအနက်ကို ဟောသော သမုဒါယ ဝါစိလိင် နောင်သာ သက်ရသည်၊ မြန်မာလို ပြောဆိုရာ၌လည်း "လူတို့တွင်+မင်းသည် ရဲ၏" ဟု "လူတို့"ဟူသော အပေါင်းလိင်နှင့်တွဲ၍ "တွင်"ဟူသော နိဒ္ဓါရဏ အနက်ကို သုံးစွဲရသည်၊ ထိုသို့ သုံးစွဲမှလည်း ဆဋ္ဌီ သတ္တမီ ဝိဘတ် ဟူသော သဒ္ဒါ၌ နိဒ္ဓါရဏ အနက်ကို ပြစွမ်းနိုင်သော သတ္တိရှိသည်၊ အကယ်၍ "လူတို့+မင်းတွင်"ဟု အစိတ် ပုဒ်နှင့်တွဲ၍ သုံးစွဲလျှင် တွင်ဟူသော သဒ္ဒါ၌ အပေါင်းမှ အစိတ်ကို ထုတ်ယူခြင်း ဟူသော နိဒ္ဓါရဏအနက်ကို ပြစွမ်းနိုင်သော သတ္တိ မရှိချေ။

**နိဒ္ဓါရဏ အပြား**။ ။ဇာတိနိဒ္ဓါရဏ, ဂုဏ, ကြိယာ နိဒ္ဓါရဏ ဟု သဒ္ဒနီတိ-ကလာပ်နှင့် ကစ္စည်းဝုတ္တိတို့၌ ၃ မျိုးသာ ပြ၏၊ ရူ၌ နာမနိဒ္ဓါရဏ ထည့်၍ ၄ မျိုး ပြ၏၊ သိဒ္ဓန္တကောမုဒီ၌"ဇာတိ ဂုဏ ကြိယာ သဉ္ဇာဟိ သမုဒါယတော ဧကဒေသဿ ပုထက္ကရဏံ"ဟု သဉ္ဇာနိဒ္ဓါရဏကို ထည့်၏၊ အဖေဂ္ဂုသာရ၌ကား ဒဗ္ဗသဉ္ဇာ ၂မျိုးကို ထည့်၏၊ အားလုံးပေါင်းသော် နိဒ္ဓါရဏ ၆ မျိုး ပြား၏၊ ထိုတွင် "ဇာတ်အားဖြင့် သီးခြားထုတ်ယူခြင်းသည် ဇာတိနိဒ္ဓါရဏ မည်၏" စသည်ဖြင့် သိလေ။

ဇာတိယာ ဂုဏကြိယာဟိ, ဒဗ္ဗနာမေဟိ သဉ္ဇယာ၊
သမူဟတော ဝယဝဿ, နိဒ္ဓါရဏံ ဆဓာ ဘဝေ။

ဇာတိယာ-ဇာတ်အားဖြင့်လည်းကောင်း၊ပေ၊ (သဉ္ဇာယ-ဟု ဆိုလိုလျက် ဆန်းနေသင့်အောင် အက္ခရာပြောင်းရွှေ့၍ "သဉ္ဇယာ"ဟု ဆိုသည်၊) သဉ္ဇယာ-သဉ္ဇာ အားဖြင့်လည်းကောင်း၊ သမူဟတော-အပေါင်းအစုမှ၊ အဝယဝဿ-တစိတ်တချို့ကို၊ နိဒ္ဓါရဏံ-ထုတ်ဆောင်ခြင်း နိဒ္ဓါရဏသည်၊ ဆဓာဘဝေ-၆ မျိုး ပြား၏။

**ကဏ္ဍာ၊ ပေ၊ သမ္ဗန္ဓနိရတမာ**—သဒ္ဒါကျမ်းတို့၌ "ဖြူ,နီ,ကြောင်,ကျား,အနက်" စသည်များကို (အတ္တနော ဒဗ္ဗံ ဂုဏေတိ ပကာသေတီတိ ဂုဏော=မိမိ၏ တည်ရာ ဒြပ်ကို ထင်ရှားပြတတ်သောကြောင့်) "ဂုဏ်"ဟု ခေါ်၏၊ ဂါဝိနံ အရ၌ ဖြူသော နွားမ-နီသော-ကြောင်သော-နက်သော နွားမ စသည်ဖြင့် နွားမအားလုံး ပါဝင်၏၊ ထို နွားမ အပေါင်းတည်းမှ အနက်ဂုဏ်အားဖြင့် နက်သော နွားမကို ခွဲခြား ထုတ်ယူခြင်းသည် ဂုဏနိဒ္ဓါရဏတည်း။ [သမ္ဗန္ဓ-ပြည့်စုံ"ဟူသည် များပြားခြင်းတည်း၊ တခြားနွားမများ၏ နို့ရည်ထက် ချိုမြိန်ခြင်းကိုလည်း "သမ္ဗန္ဓ"ဟု ဆိုကြသေး၏၊] ဂါဝိသုကား သတ္တမီ သက်ပုံတည်း၊ သာမာ နာဠိနံလည်း ဖြူသော-မဲသော-ရွှေသော မိန်းမ အားလုံးတည်းမှ အရွှေဂုဏ်အားဖြင့် သီးခြား ထုတ်ယူခြင်းကြောင့် ဂုဏနိဒ္ဓါရဏပင်တည်း။

**မနုဿာနံ ခတ္တိယော သူရတမော**—မနုဿာနံ အရ၌ ခတ္တိယ, ဗြာဟ္မဏ, ဝေဿ, သုဒ္ဒ ဟု ဇာတ် ၄ မျိုးလုံး ပါဝင်၏၊ထို လူအပေါင်းတည်းမှ ခတ္တိယလူမျိုးကို သီးခြားခွဲထုတ်ခြင်းသည် ဇာတ်အားဖြင့် ထုတ်ခြင်းဖြစ်သောကြောင့် ဇာတိနိဒ္ဓါရဏ တည်း၊ [နိဒ္ဓါရဏ အမျိုးမျိုးခွဲရာ၌ ခွဲထုတ်အပ်သော အစိတ်ကိုကြည့်၍ ခွဲရသည်၊ သူရတမော-စသည်ကိုကြည့်၍ မခွဲရ၊ သူရတမော-စသည်ကို ကြည့်၍ခွဲလျှင် ရဲခြင်း ဂုဏ်ကို ကောက်ယူ၍ ဂုဏနိဒ္ဓါရဏ-ဟု ထင်မှားဖွယ်ရှိသည်၊ ထို့ကြောင့် ခွဲထုတ် အပ်သော အစိတ်က ဇာတိသဒ္ဒါဖြစ်လျှင် ဇာတိနိဒ္ဓါရဏ, ဂုဏသဒ္ဒါဖြစ်လျှင် ဂုဏ နိဒ္ဓါရဏ, ကြိယာသဒ္ဒါဖြစ်လျှင် ကြိယာနိဒ္ဓါရဏ—စသည်ဖြင့် သိပါ။]

**ပထိကာနံ ဓာဝန္တော သီဃတမော**—ပထိကာနံ အရ၌ ဖြေးဖြေးသွားသူ, မှန်မှန်သွားသူ, မြန်မြန်သွားသူတို့ ပါဝင် စုပေါင်းနေ၏၊ ထို အပေါင်းအစုတည်းမှ အပြေးသွားသူကို ခွဲခြားထုတ်ယူခြင်းသည် သွားခြင်းကြိယာအားဖြင့် ထုတ်ယူခြင်း ဖြစ်သောကြောင့် ကြိယာနိဒ္ဓါရဏတည်း။ [သီဃတမောကိုကြည့်၍ နာမည်တပ်လျှင် လျင်မြန်ခြင်းဂုဏ်ဖြစ်၍ ဂုဏနိဒ္ဓါရဏ ဟု ဆိုရလိမ့်မည်၊ ထို့ကြောင့် သီဃတမောကို ကြည့်၍ နာမည် မတပ်ရ။ ဓာဝန္တောသည် ပြေးသွားခြင်းကြိယာကို အကြောင်းပြု၍ ဖြစ်သော ကြိယာသဒ္ဒါတည်း၊ ဤပုံစံများကိုထောက်၍ ကစ္စည်းဝုတ္တိ၌ ၃ မျိုးသာ ပြထားသည်ဟုမှတ်။]

**နာမနိဒ္ဓါရဏ**။ ။**အရဟတံ အာနန္ဒော အညတရော**၊ အရဟတံ အရ၌ အရှင် သာရိပုတ္တရာ အရှင် မဟာမောဂ္ဂလ္လာန် အရှင် မဟာကဿပ အရှင် အာနန္ဒာ စသော နာမည် အမျိုးမျိုးရှိသော ရဟန္တာများ ပါဝင် စုပေါင်းနေ၏၊ထို ရဟန္တာများတည်းမှ အရှင် အာနန္ဒာကို ထုတ်ယူခြင်းသည် နာမည်အားဖြင့် ထုတ်ယူခြင်းဖြစ်သောကြောင့် နာမနိဒ္ဓါရဏ မည်၏။ [အရဟတံ-ရဟန္တာတို့တွင်၊ အာနန္ဒော-အရှင်အာနန္ဒာသည်၊ အညတရော-တပါး အပါအဝင်တည်း။]

**ဒဗ္ဗနိဒ္ဓါရဏ**။ ။ယောဓာနံ-သူရဲကောင်းတို့တွင်၊ဝမ္မီကော-စစ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသူသည်၊ သူရတမော-သာ၍ ရဲရင့်၏၊ ဤ၌ "ချပ်မိန်ညို"ဟု ခေါ်ကြသော စစ်ဝတ်တန်ဆာသည် အထည်ဒြပ်တည်း၊ စစ်ဝတ် ဝတ်ထားသူ, မဝတ်သူ

အနာဒရေစ ၃၀၅။ အနာဒရေ - မရိုသေခြင်း ကြိယာကို၊ (ဂမျမာနေ၊ သိအပ်သော်၊ အနာဒရိယတော-အနာဒရိယလိင်မှ နောက်၌)-ဆဋ္ဌီ ဝိဘတ္တိ ဟောတိ၊ သတ္တမီစ-သတ္တမီလည်းသက်၊ ဒါရကဿ-သူငယ်သည်၊ ရုဒတော-ငိုစဉ်၊ (ပိတာ-အဘသည်၊) ပဗ္ဗဇိ-ရဟန်းပြုပြီ၊ ဒါရကေ-သည်၊ ရုဒန္တသ္မိံ-စဉ်၊ (ပိတာ) ပဗ္ဗဇိ-ပြီ။ (၃၂၉)။

---

အများတည်းမှ ဝတ်ထားသူကို ထုတ်ယူခြင်းသည် ဒြဗ်အားဖြင့် ထုတ်ယူခြင်းဖြစ်သော ကြောင့် ဒဗ္ဗနိဒ္ဓါရဏ မည်၏။ [ ဝမ္မိကော အရာ၌ "ဝမ္မိတော"ဟု အဘိဓာန်ရှိ၏။ ]

**သမုဒါယနိဒ္ဓါရဏ**။ ။ဘိက္ခူနံ-ရဟန်းတို့တွင်၊ ဒွေ တယော-၂ ပါး ၃ ပါးတို့ကို၊ သမ္မန်နိတဗ္ဗာ-သမုတ်ထိုက်ကုန်၏၊ ရဟန်းအများတည်းမှ ၂ ပါး ၃ ပါးကို ခွဲခြား ထုတ်ယူခြင်းသည် ၂-၃ ဟူသော သမုဒါယအားဖြင့် ထုတ်ယူခြင်းဖြစ်သောကြောင့် သမုဒါယနိဒ္ဓါရဏ မည်၏၊ ရှစ်တွက် စာစပ်ကို အခြေပြုအတိုင်း မှတ်၊ ဝိဘတ်သက်ရာ၌ ပရသမညာသုတ်ဖြင့် နိဒ္ဓါရဏ အမည်မှည့်ကြသေး၏၊ သဂ္ဂတ၌ တမဂ်လာ နိဒ္ဓါရဏ မမှည့်, သူ့အနက်အားလျော်စွာ ရအပ်သော အန္တတ္ထနာမည် ဖြစ်သောကြောင့် ပရသမညာသုတ်ဖြင့် မှည့်ဖွယ်မလို၊ အခြား မှတ်ဖွယ်များကို ရူဘာသာဋီကာမှာ ရှု။

**ဤသုတ် ဆိုရကျိုး**။ ။"ရုက္ခဿ + သာခါ=သစ်ပင်၏ + သစ်ခက်" ဟူရာ၌ အဝယဝီ+အဝယဝ(အပေါင်း+အစိတ်)အဖြစ်ဖြင့်စပ်ခြင်း၊သမ္ဗန်အနက်ဖြစ်သကဲ့သို့, "မနုဿာနံ+ခတ္တိယော"၌ "လူတို့၏+မင်း"ဟု သမ္ဗန်အနက် မဖြစ်နိုင်၊ထို့ကြောင့် မနုဿာနံဝယ် ဆဋ္ဌီဝိဘတ် မသက်နိုင်။ "ရုက္ခေ+သာခါ=သစ်ပင်၌+သစ်ခက်" ဟူရာဝယ် အပေါင်း အာဓာရ+အစိတ် အာဓေယျ အဖြစ်ဖြင့် ဖြစ်နိုင်သကဲ့သို့ "မနုဿေသု+ခတ္တိယော"ဝယ် လူတို့၌+မင်း ဟု အပေါင်း အာဓာရ အစိတ် အာဓေယျလည်း မဖြစ်နိုင်၊ ထို့ကြောင့် သတ္တမီဝိဘတ်လည်း မသက်နိုင်၊ ထို့ကြောင့် နိဒ္ဓါရဏအနက်၌ ဝိဘတ်သက်သော ဤသုတ်ကို သီးခြားဆိုရသည်။ ["မုဒ္ဓိပ္ပသာဒနီ" ဋီကာနည်းတည်း၊ ထိုဋီကာ၌ "သာလယော သူကဓညာနံ (သူကဓညေသု) ပဌမာ=အမြီးမွေး (အချွန် အဖျား) ရှိသော စပါးတို့တွင် သလေးစပါးတို့သည် သာ၍ ကျေကျက်လွယ်ကုန်၏"ဟု ပုံစံထုတ်သည်၊ ဇိနိန္ဒဗုဒ္ဓိ နျာသဋီကာ၌မူ "သမ္ဗန်အနက် အာဓာရအနက် ဖြစ်နိုင်သောကြောင့် ရှေ့သုတ်များဖြင့်ပင် ပြီးသော်လည်း သာ၍ ထင်ရှားအောင် ပြခြင်းငှာ ဤသုတ်ကို **ဆိုရသည်**—ဟု ဆို၏။]

၃၀၅။ **အနာဒရေစ**—အာဒရဏံ-ရိုသေခြင်း လေးစားခြင်း၊ အာဒရော-ခြင်း၊ န+အာဒရော, အနာဒရော-ရိုသေလေးစားခြင်း မဟုတ်၊ ဝါ-မရိုသေ မလေးစား ခြင်း၊ ရုဒတော ဒါရကဿ ပဗ္ဗဇိ (ပိတာ-ဟု ထည့်)၊ "အဘ ရဟန်းပြုခြင်းကို မလို လားသော သားကလေး ငိုနေစဉ် အဘသည် ရဟန်းပြု၏" ဟူရာ၌ ရဟန်းပြုခြင်း ကြိယာသည် သား၏ ငိုခြင်းကို မလေးစားရာရောက်သောကြောင့် အနာဒရတည်း၊ သားကလေး၏ ငိုခြင်းကြိယာကား မလေးစားအပ်သောကြောင့် အနာဒရိယတည်း၊

[န အာဒရိယတေ-မလေးစားအပ်၊ ဣတိ, အနာဒရိယော-မည်၏၊] ပဗ္ဗဇိသည် အနာဒရကြိယာ၊ ရုဒတော, ရုဒန္တသ္မိံ တို့သည် အနာဒရိယကြိယာတည်း၊ ဆဋ္ဌီ သတ္တမီဝိဘတ်သည် ပဗ္ဗဇိကဲ့သို့သော အနာဒရ ကြိယာနောင် မသက်၊ ရုဒတော, ရုဒန္တသ္မိံ ကဲ့သို့သော အနာဒရိယ လိင်နောင်သာ သက်၏၊ထို့ကြောင့် ''အနာဒရေ-ကို၊ ဂမျမာနေ-သော်၊ အနာဒရိယတော-မှ နောက်၌''ဟု ထည့်၍ ပေးသည်၊ ရူပသိဒ္ဓိ-မောဂ္ဂလ္လာန်တို့၌လည်း ''ဂမျမာနေ''ဟု ထည့်ကြသည်ပင်၊ ဆိုလိုရင်းကား+ ''အနာဒရ ကြိယာကို ကြားနာသူတို့ သိအပ်-သိအောင် ပြောပြအပ်ရာဝယ် အနာဒရိယ လိင်နောင် ဆဋ္ဌီ သတ္တမီဝိဘတ်သက်''ဟူလို၊ စသဒ္ဒါဖြင့် သာမိသ္မိံ ဆဋ္ဌီ-ဩကာသေ သတ္တမီသုတ်တို့မှ ဆဋ္ဌီ သတ္တမီကိုင်။

**လက္ခဏပေါ် အနာဒရတက်။** ။သားကလေး၏ ငိုခြင်းသည် အဘ၏ ရဟန်းပြုခြင်း ကြိယာကို မှတ်သားကြောင်း ဖြစ်၍ ဘာဝလက္ခဏလည်း ဟုတ်၏၊ မလေးစားအပ်သောကြောင့် အနာဒရလည်း ဟုတ်၏။ [ဤ၌ ''န အာဒရိယတေ အနာဒရော-မလေးစားအပ်''ဟု ပြု၊] လိင့်အနက်ပေါ်တွင် အာလုပ်အနက် အပိုဝင်လာသော အခါ ပဌမာကို လိင်တ္ထေပဌမာသုတ်ဖြင့် မသက်ပဲ အာလပနေစသုတ်ဖြင့် သက်ရသကဲ့သို့, ဘာဝလက္ခဏအနက်ပေါ်တွင် အနာဒရအနက် အပိုဝင်လာသောအခါ ကာလဘာဝေသုစသုတ်ဖြင့် သတ္တမီမသက်ပဲ ဤသုတ်ဖြင့် ဆဋ္ဌီ သတ္တမီ သက်ရသည်၊ အကယ်၍ အနာဒရအနက် အပိုမပါပဲ ကြိယာတပါးကို မှတ်သားကြောင်း ဘာဝလက္ခဏ အနက်မျှသာဖြစ်လျှင် ''စဉ်''ဟု ပေးရသော်လည်း ကာလဘာဝေသုစသုတ်ဖြင့်သာ သတ္တမီ သက်ရသည်၊ ထို့ကြောင့် ''ဖြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော ပဗ္ဗဇိ'' ဂဏှိ=ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားအလောင်း ပဗ္ဗဇ္ဇသန္တေ ယူပြီ'' စသည်၌ ကာရေန္တေဝယ် ''စဉ်''ဟု ပေးရသော်လည်း ဘာဝလက္ခဏသာဟု မှတ်။

**ပါဏိနီ။** ။**ဆဋ္ဌီစာနာဒရေ။** ။အနာဒရာဓိကေ ဘာဝလက္ခဏေ ဆဋ္ဌီ သတ္တမိယော ဟောန္တိ၊ ရုဒတိ, ရုဒတောဝါ ပဗ္ဗဇိ၊ ရုဒန္တံ ပုတ္တာဒိကံ အနာဒရိတွာ ပဗ္ဗဇိတျဿော (သိဒ္ဓန္တကောမုဒီ)။ [အနာဒရာဓိကေ ဣတိ ကေဝလဘာဝလက္ခဏေ သတ္တမျေဝ၊ အနာဒရာဓိကေ တု ဆဋ္ဌီ သတ္တမိယောတိ ဘာဝေါ။ (ဋင်းဋီကာ)။]

မှတ်ချက်။ ။''ရုဒန္တံ ပုတ္တာဒိကံ အနာဒရိတွာ''ကို ထောက်၍ တကယ့်ကို မလေးစားမှု ပါရာ၌သာ အနာဒရ ဖြစ်နိုင်သည်-ဟု သဒ္ဒါကျမ်းတို့က ဆိုလို၏၊ ပိတာ ပဗ္ဗဇိ၌ အဘ၏ မလေးစားမှုစိတ်သည် မုချ အနာဒရတည်း၊ သားသည် မလေးစားအပ်သောကြောင့် မုချ အနာဒရိယတည်း၊ သို့သော် မလေးစားမှုစိတ်ကြောင့် ရဟန်းပြုခြင်း ကြိယာ ဖြစ်ရကား အကြောင်း စိတ်၏ အမည်ကို အကျိုးရဟန်းပြုခြင်း ကြိယာပေါ်၌ တင်စား၍ ကာရဏူပစာရအားဖြင့် ရဟန်းပြုခြင်း ကြိယာကို အနာဒရဟုလည်းကောင်း, ဌာန သား၏အမည်ကို ငိုခြင်းကြိယာ၌ တင်စား၍ ဌာနူပစာရ အားဖြင့် ငိုခြင်းကြိယာကို အနာဒရိယဟုလည်းကောင်း ခေါ်ရသည်။

ကစ္စည်းဘာသာဋီကာ—၂၀—ဣ

**နိဒ္ဒေသ။** ။''ရှင်မပြုချင်၍ ငိုနေသော သားကလေးကို အဘလုပ်သူက အတင်း ရှင်ပြုပေး၏''ဟု အဓိပ္ပာယ်ပြု၍ ရှုဒတောကိုလည်း ကံအနက်ပေးရမည်-ဟု နိဒ္ဒေသ ဖွင့်၏၊ ''ပဗ္ဗဇိ ဟု လာသမျှ၌ ကိုယ်တိုင် ရှင်ရဟန်းပြုခြင်းသာ၊ သူတပါးကို ရှင်ပြု ပေးရာ၌ကား ''ပဗ္ဗာဇေသိ-ရှင်အဖြစ်သို့ ရောက်စေ၏၊ ဝါ-ရှင်ပြုပေး၏''ဟု ကာရိတ် ပစ္စည်း ဝင်စေရသည်၊ ထို့ကြောင့် နိဒ္ဒေသအကြံသည် သဒ္ဒါအနက် ၂ မျိုးလုံး မမှန်၊ ထိုသို့ မမှန်ကြောင်းကိုလည်း ''မဇ္ဈ ဂစ္ဆတိ အာဒါယ, ပေက္ခမာနေ မဟာ ဇနေ''ဟူသော အလားတူ ပုံစံဖြင့် သာ၍ သိသာ၏၊ ထိုပုံစံ၌ ''လူအများကြည့်စဉ် အခြားလူတယောက်ကို သေမင်း ယူသွား၏''ဟု ဆိုလို၏၊ နိဒ္ဒေသဖွင့်သလိုကြံလျှင် ''ကြည့်နေသော လူအများကို သေမင်း ယူသွား၏''ဟု အဓိပ္ပာယ် ထွက်လိမ့်မည်။ ။

**ကြိယာပြိုင်လျှင် အနာဒရတဲ့။** ။ပြခဲ့သော သဏ္ဌာတ ပါဠိသဒ္ဒါ ကျမ်းတို့၌ ၁-ကြိယာ ၂ ခု ပြိုင်လျက်ရှိခြင်း, ၂ ရှေ့ကြိယာဖြင့် နောက်ကြိယာကို မှတ်သားမှု ဘာဝလက္ခဏာလည်း ဖြစ်ခြင်း, ၃ ထို လက္ခဏာအနက်ပေါ်တွင် မလေးစားမှု အနာဒရ အဝို ပါဝင်လာခြင်း, ဤ အင်္ဂါ ၃ ပါး စုံရာ၌သာ အနာဒရိယ-အနာဒရ ဖြစ်သည်ဟု ဆိုလို၏၊ ယခုခေတ်၌ကား လေးစားမှု ရှိသည်ဖြစ်စေ-မရှိသည်ဖြစ်စေ ကြိယာ ၂ ခု ပြိုင်နေလျှင် နောက်ကြိယာသည် ရှေ့ကြိယာကို မလေးစားသည် မည်သောကြောင့် အနာဒရ ဖြစ်သည်ဟု ယူ၍''မနာပံ ဘာသမာနဿ, ဂရုံ ဘာရံ ဥဒဗ္ဗဟိ=နှစ်သက်ဖွယ် စကားကို ဆိုစဉ် လေးလံသောဝန်ကို ထုတ်ဆောင်ပြီ''ဟူသော ပါဠိ၌ အနာဒရ ဖြစ်သည်—ဟု ယူကြ၏၊ ထင်ရှားစေအံ့—နှစ်သက်ဖွယ်ကိုဆိုခြင်း ကြိယာ, ဝန်ကို ဆောင်ခြင်း ကြိယာဟု ကြိယာ ၂ ခု ပြိုင်နေရကား ဥဒဗ္ဗဟိသည် အနာဒရ, ဘာသ မာနဿသည် အနာဒရိယဟု ခွဲ၍ ဝန်ကို ဆောင်ခြင်းသည် မလေးမစား မဟုတ် သည့်ပြင် လေးစားမှု သာရဒပင် ဖြစ်သေး၏၊ ထို့ကြောင့် လေးစားမှု-မလေးစားမှုမှာ ပဓာနမဟုတ်, ကောင်းကောင်း ဆိုးဆိုး ကြိယာ ၂ မျိုး ပြိုင်နေလျှင် အနာဒရပင်ဟု ဆိုလိုသတတ်၊ သို့သော် နန္ဒိဝိသာလဇာတ် အဋ္ဌကထာ၌ ''ဘာသမာနဿ ဗြာဟ္မ ဏဿ-ပြောဆိုသော ပုဏ္ဏား၏''ဟု ဖွင့်သောကြောင့် ''ဘာသမာနဿ-ဆိုစဉ်''ဟု ပေးခြင်းသည်ပင် အဋ္ဌကထာနှင့် ဆန့်ကျင်နေ၏၊ ''နှစ်သက်ဖွယ်ပြောသော ပုဏ္ဏား၏ လေးလံသော ဝန်ကို ဆောင်ပြီ''ဟုသာ ဆိုလိုသည်။

**သီလက္ခန် ဋီကာသစ်။** ။''သန္တေ္တသ္မိံ ဣသာတိ—ပရိမဒ္ဒိတွာ ပိဏ္ဍံ ကရောန္တသ္မိံ ယေဝ ဘိဇ္ဇတိ၊ပေ၊ အနာဒရလက္ခဏေ စေတံ သာမိဝစနံ၊ ကြိယာန္တရဿ ပဝတ္တနက္ခဏေ ယေဝ ကြိယာန္တရဿ ပဝတ္တနဒီပ အနာဒရလက္ခဏံ''ဟူသော သာမညဖလသုတ်ဖွင့် ဋီကာသစ်၌လည်း ''သန္တေ္တသ္မိံ-အခဲပြုစဉ်၊ ဘိဇ္ဇတိ-ကွဲ၏''ဟူရာ၌ သန္ထယနကြိယာ ဘိဇ္ဇနကြိယာ ၂ ခု ပြိုင်နေသောကြောင့် သန္တေ္တသ္မိံသည် ဘိဇ္ဇန ကြိယာကို မှတ်သားကြောင်း အနာဒရလက္ခဏာတည်းဟု ဆို၍, ကြိယာ တခု ဖြစ်ဆဲခဏ၌ အခြား ကြိယာတခု၏ ဖြစ်ခြင်းသည် အနာဒရ၏ အမှတ်လက္ခဏာတည်း-ဟု မှတ်ချက် ချလေသည်၊ ဆပ်ပြာခဲ ပြုလုပ်သူသည် မကွဲတန်ဖူးဟု အထင်ရှိ၍ မြေခွက်၌ နယ်၍ အခဲ ပြုလုပ်စဉ် ကွဲသွားရာ၌ ကွဲခြင်းကြိယာသည် ပြုလုပ်သူ၏ အလိုဆန္ဒကို မရိုသေ-

**ကွစိ ဒုတိယာ ဆင့်နှုမတ္တေ**

၃၀၆။ ဆင့်နှံ အတ္တေ ကွစိ ဒုတိယာ ဝိဘတ္တိ ဟောတိ၊ အဂ္ဂိဝေဿနဲ - အဂ္ဂိဝေဿနဲ၊ အပိဿု - စင်စစ်၊ တယော ဥပမာ-ဥပမာ ၃ မျိုးတို့သည်၊ မံ-ငါ၏၊ ပဋိဘံသု-ဉာဏ်၏ အာရုံ ဖြစ်လာကုန်ပြီ။ (၂၀၆)။

---

မလေးစားရာ ရောက်သောကြောင့် အနာဒရ ဖြစ်နိုင်သည်၊ ထို့ကြောင့် ဤ "သန္တေနှ္တဿ ဘိဇ္ဇတိ"၌ ကြိယာ ၂ ခု ပြိုင်နေရုံမက, မလေး မစားမှုလည်း ပါသောကြောင့် သန္တေနှ္တဿကို အနာဒရလက္ခဏာဟု ဆိုထိုက်သည်၊ ဤပါဠိကိုထောက်၍ ကြိယာတပါးဖြစ်ခိုက် အခြား ကြိယာတမျိုး ဖြစ်ခြင်းမျှသည် အနာဒရ၏ လက္ခဏာ တည်း ဟုကား ဆိုသင့်မည်မထင်၊ လုံလောက်သောသာဓကကို ရှာသင့်သေး၏။

**အမှာ။** ။"အနာဒရ,အနာဒရဝန္တ,အနာဒရိယ, အနာဒရိယဝန္တ"ဟု အနက် ၄ ပါး ခွဲခြားပုံ, ရုပ်တွက်, စာစပ်ပုံများကို အခြေပြု၍ ပြထားပြီ၊ ရုဒန္တသို့ နေရာဝယ် သို့ံကို တ်ပြု၍ "ရုဒတိ"ဟု ရုပ်ရှိ၏၊ဝိဘတ်သက်ရာ၌ "ပရ သမညာပယောဂေသုတ်ဖြင့် ရုဒန္တကို အနာဒရ အမည်မှည့်" ဟု ဆိုကြသေး၏၊ အနာဒရအမည်သည် ပရသမညာ မဟုတ်, အန္ဝတ္ထအမည်သာ၊ ရုဒန္တလည်း အနာဒရမဟုတ်, အနာဒရိယသာ၊ ထို့ကြောင့် ထို ဝိဘတ်သက် ဆိုရိုးကို ဆင်ခြင်ကြပါလေ၊ ထို့ပြင်-ဤ အနာဒရိယ ကြိယာသည် ပစ္စုပ္ပန်ကာလကို ဟောသော မာန အန္တပစ္စည်းတို့ဖြင့် ရှိရသောကြောင့် အနက်ကိုလည်း "ငိုစဉ်, ငိုတုန်း, ငိုခိုက်"ဟု ပစ္စုပ္ပန်သံပါအောင် ပေးရသည်။ [ရုဒန္တ ပေက္ခသဒ္ဒါ ပစ္စုပ္ပန္နကာလိကာ ဟောန္တိ၊ ပစ္စုပ္ပန္နကာလေစ အနာဒရတ္တော ဒိဿတိ၊ ....မဏိဒီပ။]

၃၀၆။ အန္တရာ အဘိတော ပရိတော ပတိ ပဋိဘာသဒ္ဒါတို့၏ ယှဉ်ရာသာ ဆဋ္ဌီ အနက်၌ ဒုတိယာသက်-ဟု ရှု၍ သတ်မှတ်၏၊ သက္ကတ၌ကား သမယာ နိကသာဟာ တို့၏ ယှဉ်ရာ၌လည်း ဆဋ္ဌီအနက်၌ ဒုတိယာသက်၏၊ "သမယာ ဂါမံ, နိကသာလင်္ကံ, ဟာ ကဏှော ဘတ္တံ"တည်း၊ ပါဠိ၌ကား ထိုပုံစံမျိုး မရှိ၊ အန္တောတိရောတို့၏ ယှဉ်ရာ ၌လည်း ဤသုတ်ဖြင့် ဒုတိယာသက်-ဟု ဆို၍ "အန္တော ရင္ဓံ, တိရော ရင္ဓံ"ဟု ပုံစံပြ ကြသေး၏၊ သို့သော် ထိုပုံစံများ၌ကား "ရင္ဓဿ+အန္တော, အန္တောရင္ဓံ" စသည်ဖြင့် ပြီးသော အဗျယီဘာဝသမာသ် ထင်သည်။

[ဆောင်] အန္တရာနှော, အဘိတောနှင့်, ပရိတော ပဋိဘာ, ဤမျှသာလျှင်, ယှဉ်ရာလိင်တွက်, ဆဋ္ဌီနက်၌, သက် ဒုတိယာ, ရှု၍လာ, ကြွင်းမှာ ပါဠိမရှိ။ [ကြွင်းသောသဒ္ဒါတို့၏ ယှဉ်ရာ၌ ပါဠိသုံးမရှိ—ဟူလို။]

**အပိဿုမံ၊** ပေ၊ **ပဋိဘံသု**—ဤ၌ မံသဒ္ဒါသည် ပဋိပုဗ္ဗဘာဓာတ်၏ ယှဉ်ရာဖြစ်၍ သာမိအနက်၌ ဒုတိယာသက်ပုံတည်း။ [ပတိ ဥပသာရကို ပဋိပြုလျှင် "ပဋိဘာ" ဟု ဖြစ်၏။] မံကို သာမိအနက် ပေးရာ၌ "ပတိဘံသု-ဉာဏ်၏အာရုံ ဖြစ်လာကုန်ပြီ"ဟု

**တတိယာ သတ္တမီနဉ္စ** ၃၀၇။ တတိယာ သတ္တမိနံစ-တတိယာ သတ္တမီ ဝိဘတ်တို့၏လည်း၊ အတ္ထေ-အနက်၌၊ပေ၊ ဟောတိ၊ သမဏော ဂေါတမော-ရဟန်းဂေါတမသည်၊ မံ-ငါနှင့်တကွ၊ သစေ နာလ ပိဿတိ-အကယ်၍ စကားမပြောအံ့၊ တွဉ္စ-အရှင်မင်းမြတ်သည်လည်း၊ မံ-ကျွန်မ နှင့် တကွ၊ နာဘိဘာသသိ - စကားပြောတော်မမူ၊ တတိယတ္ထေ - တတိယာ ဝိဘတ်၏ အနက်၌၊ ဧဝံ - ဤသို့အတူတည်း၊ ပုဗ္ဗဏှသမယံ - နံနက်အခါ၌၊

---

ဖွင့်လေ့ရှိကြ၏၊ "ငါ၏+ညာဏ်"ဟု မံကို ညာဏ်တွင် စပ်စေလိုဟန်တူသည်၊ ပတိဘံသု (ဥပဋ္ဌဟံသု)- ထင်လာကုန်ပြီ" ဟု ပေးလျှင် "မံ-ငါ့အား" ဟု သမ္ပဒါန်အနက် ဖွင့်လေ့ရှိ၏၊ "ငါ့အား+ထင်လာ" ဟု စပ်စေလိုဟန် တူသည်။

[မူလပံ] မန္တိ–မမ၊ ပတိဘံသူတိ-ပတိဘာနသင်္ခါတဿ ညာဏဿ ဂေါစရာ အဟေသုံ၊ (ပါသရာသိ သုတ္တဋ္ဌကထာ) ......မန္တိ– ပတိယောဂေ သာမိအတ္တေ ဥပယောဂဝစနံတိ အာဟ-မမာတိ၊ (ဋီကာ)။

[မူလပံ] ဥပမာ မံ၊ ပေ၊ ပတိဘာတီတိ-မယှံ အာဝုသော သာရိပုတ္တ—ဥပမာ ဥပဋ္ဌာတိ (ထင်လာ၏) ပတိဘာတု တန္တိ-တုယှံ ပတိဘာတု ဥပဋ္ဌာတု၊ (အနင်္ဂဏသုတ္တဋ္ဌ)....မံတန္တိစ ဥပယောဂဝစနံ ပတိသဒ္ဒယောဂေန၊ အတ္တော ပန သမ္ပဒါနမေဝါတိ အာဟ-မယှံ တုယှန္တိစ (ဋီကာ)။

တနည်း–"မံ- ငါ၏၊ ပဋိဘံသု- ညာဏ်အား ထင်လာကုန်ပြီ" ဟု ပေး၊ ဤသို့ ပေးလျှင်လည်း "ဘဂဝန္တညေဝ ပတိဘာတူတိ-ဘဂဝတောဝေ တေဿ ဘာသိ တဿ အတ္တော ဥပဋ္ဌာတု= မြတ်စွာဘုရား၏သာ ဤဟောအပ်သော ပါဠိတော်၏ အနက်သည် ညာဏ်အား ထင်ပါစေလော" ဟူသော မူလပဏ္ဏာသ, မဟာသမာဒါန သုတ် အဋ္ဌကထာ၊ "ဥပဋ္ဌာတူတိစ-ညာဏဿ ပစ္စုပဋ္ဌာတု" ဟု တနည်းဖွင့်သော ဋီကာ တို့နှင့် ညီသည်၊ ရှုပ်တွက် အခြေပြုမှာ။

**ဗဟုဝုစ် သဒ္ဒါလွန်**။ ။ဆဋ္ဌီဝိဘတ် တမျိုးတည်းရှိပါလျက် "ဆဋ္ဌီနံ"ဟု ဗဟုဝုစ် ဖြင့် ဆိုခြင်းသည်"ပုဗ္ဗေန+ဂါမံ=ရွာမှ+အရှေ့၌၊ပုရတ္ထိမေန+ဝေသာလိံ=ဝေသာလီ ပြည်မှ+အနီးအရှေ့၌" စသော ပုံစံများဝယ် အပါဒါန်အနက်၌လည်း ဒုတိယာသက်- ဟု သိစေရခြင်း အကျိုးရှိ၏၊ တနည်း-ဆဋ္ဌီဝိဘတ်၏ ဟောနက်ဖြစ်သော သမ္ဗန်တွေ က များလွန်းလှ၍ "ဆဋ္ဌီနံ" ဟု ဗဟုဝုစ်ဖြင့် ဆို၏၊ အပါဒါန် အနက်၌ ဒုတိယာကား နောက်၌ စ သဒ္ဒါဖြင့်သက်။ (ကမ္မတ္ထေဒုတိယာသုတ်ဖွင့် ရှုသ)။

၃၀၇။ **တတိယာ သတ္တမီနဉ္စ**—သဟတ္ထဝယ် လပဓာတ် ဘာသဓာတ်တို့ ယှဉ်ရာ၌ လည်းကောင်း, ဝိနာ အန္တရေန နိပါတ်တို့၏ ယှဉ်ရာ၌လည်းကောင်း တတိယာ အနက်၌ ဒုတိယာသက်၏၊ ကာလ အနက်၌လည်းကောင်း, ဥပ-အနု **အဓိ**-အာ

နိဝါသေတွာ-သင်းပိုင်ကို ပြင်ဝတ်တော်မူပြီး၍၊ ဧကံ သမယံ-အခါတပါး၌၊ ဘဂဝါ-သည်၊ သတ္တမျတ္ထေ-သတ္တမီဝိဘတ်၏ အနက်၌၊ ဧဝံ-တည်း။ (၂၉၀)။

**ဆဋ္ဌီစ** ၃၀၀။ တတိယာ၊ပေ၊ ဟောတိ၊ မေ-ငါသည်၊ ကလျာဏော ကောင်းမှုကို၊ ကတော-ပြုအပ်ပြီ၊ မေ-သည်၊ ပါပံ-မကောင်းမှုကို- ကတံ-ပြီ၊ တတိယတ္ထေ - တတိယာ ဝိဘတ်၏ အနက်၌၊ ဧဝံ - ဤအတူတည်း၊

---

ရှေ့ရှိသော ဝသခေတ်၏ ယှဉ်ရာ၌လည်းကောင်း, အမိ ရှေးရှိသော သီခေတ်ဌာခေတ် အာသခေတ်တို့၏ ယှဉ်ရာ၌လည်းကောင်း, ထို၌ သောက်ခြင်း, ထို၌ လှည့်လည်ခြင်း အနက်တို့၌ လည်းကောင်း, သတ္တမီ အနက်ဝယ် ဒုတိယာသက်၏—ဟု ရှု၌ သတ် မှတ်သည်၊ ပုံစံကို ထိုမှာရှု။

[ဆောင်] သဟတ္ထ၌, လပ-ဘာသတ်, ခေတ် ၂ ရပ်နှင့်, ယှဉ်လတ် တဖြာ, ဝိနာ-အန္တရေန, နိပါတတို့, ယှဉ်ကြ လေဘိ၊ နက်တတိမှာ, ဒုတိယာတည်း၊ တဖြာကာလ, ဉပါန္ဗမိ, အာရှေးရှိလတ်, ဝသ ခေတ်တည့်, အမိရှေ့လာ, သီဌာ အာသ, ခေတ်သုံးဝနှင့်, တတ္ထ ပါန, တစ္စာရ၌, သတ္တမျတ္ထာ - ဒုတိယာ ဟု, ရှု—မှတ်ပြုသည်, သောတုမှတ်ဖွယ် အချုပ်တည်း။

**သစေမံ၊ပေ၊ နာလပိဿတိ**—လပခေတ်၏ ယှဉ်ရာ၌ သဟတ္ထဝယ် ''မံ'' ဟု ဒုတိယာ သက်ပုံတည်း၊ သဂါထာဝဂ္ဂ မာနတ္ထဒ္ဓမြာဟ္မဏ သံယုတ် ပါဠိတော်ရင်း၌ကား ''သစေ မံ သမဏော ဂေါတမော အာလပိဿတိ, အဟမ္ပိ အာလပိဿာမိ, သစေ သမဏော ဂေါတမော နာလပိဿတိ, အဟမ္ပိ နာလပိဿာမိ''ဟု ရှိသည်၊ ထို့ကြောင့် ''သစေ မံ''ဟု မံ ပါသော ဝါကျ၌ န သဒ္ဒါ မပါမှ ပါဠိတော်နှင့် ညီမည်၊ သဟတ္ထ ဖြစ်သောကြောင့် ''မံ-ငါနှင့်တကွ''ဟု ပေးသည်၊ ရုပ်ကို အခြေပြု အတိုင်း တွက်။

**တွင္ထ မံ နာဘိဘာသသိ**—ဝေဿံ ဇာတ်တော်၌ မဒ္ဒီမိဖုရားက ဝေဿံမင်းမြတ် အား သံတော်ဦးတင်ပုံတည်း၊ ထို အဋ္ဌကထာ၌ ''ဣဒံ တဝ မယာ သဒ္ဓိံ အကထနံ'' ဟု အဖြောင့်ဖွင့်ရာ၌ ''မယာ သဒ္ဓိံ''ဟု ဖွင့်သောကြောင့် ''မံ-ကျွန်မနှင့်တကွ, ကျွန်မနှင့်အတူ''ဟု သဟတ္ထ၌ ဒုတိယာ သက်ကြောင်း ထင်ရှားပြီ၊ မောဂ္ဂလ္လာန်၌ကား ''မံ-ငါကို''ဟု ရှေ့ပြယုဂ်၌ အနက်ပေး၍ ကမ္မတ္ထ၌ပင် ဒုတိယာသက်-ဟု မိန့်သည်။

**ပုဗ္ဗဏှသမယံ, ဧကံ သမယံ**—ကာလ အနက်၌ သတ္တမီ အနက်ဝယ် ဒုတိယာ သက်ပုံတည်း၊ ထို့ကြောင့် ''၌''ဟု ချည်း ပေးရသည်၊ ''ဣမံ ရတ္တိံ-ဤညဉ့်၌'' စသော ပုံစံများလည်း နည်းတူ။ [အဋ္ဌကထာတို့၌ကား သတ္တမျတ္ထဝယ် ဒုတိယာ သက်ခြင်းကို ခွင့်ပြု၍ ''ပုဗ္ဗဏှသမယံ-နံနက်တွင် တခုသော အခါပတ်လုံး၊ ဧကံ သမယံ-များစွာသော အခါတွင် တခုသော တရားဟောရာ အခါပတ်လုံး၊ ဣမံရတ္တိံ- ဤ ညဉ့်သန်းခေါင်ပတ်လုံး''ဟု အစ္စန္တ သံယောဂ အနက်၌ ဒုတိယာသက်ခြင်း ကိုလည်း မိန့်တော်မူကြသည်။]

နစ္စ ဂီတဿ-ကခြင်း သီဆိုခြင်း၌၊ ကုသလာ-ကျွမ်းကျင်ကုန်သော၊ စာတုရာ-တင့်တယ်ကုန်သော၊ ဣတ္ထိယော-မိန်းမတို့သည် (ပရိဝါရေန္တိ-ခြံရံကုန်၏ ဟု ထည့်)၊ တံ - သည်၊ ရထဿ-ရထား၏၊ အင်္ဂပစ္စင်္ဂါနံ - အင်္ဂါကြီးငယ်တို့၌၊ ကုသလော-ကျွမ်းကျင်သည် မဟုတ်လော၊ သတ္တမျတ္တေ-သတ္တမီ ဝိဘတ်၏ အနက်၌၊ ဝေ-တည်း၊ ကုစိတိ ကိမတ္ထံ၊ ဒေသိတော၊ပေ၊ ဝိစက္ခဏော-ဒေသိတော၊ပေ၊ ဝိစက္ခဏော စသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏။ [အာနန္ဒ - အာနန္ဒာ၊ မယာ - ငါသည်၊ ဓမ္မောစ - သုတ် အဘိဓမ္မာကိုလည်း၊ ဒေသိတော-ဟောတော်မူအပ်ပြီ၊ ဝိနယောစ - ဝိနည်းကိုလည်း၊ ပညတ္တော-

---

၃၀၈။ တတိယာ သတ္တမီနံ—ဆဋ္ဌီစဉ်၌ စ ဖြင့် တတိယာ သတ္တမီကို ငင်၏၊ တတိယာဝိဘတ်၏ အနက်ဟူသည် ကရိုဏ်းအနက် ၂သဟာဒိယောဂအနက် အဝုတ္တ ကတ္တား အနက်များတည်း၊ ပူဇော်ခြင်း အနက်ဟော ယဇဓာတ်-ဟုဓာတ် ဒွေဘော် ပြုလျှင် (၄ ဟု) ဓာတ်တို့၏ ယှဉ်ရာ၌လည်းကောင်း, ပြည့်စုံလုံလောက်ခြင်း အနက်ဟော ပူရဓာတ်တို့၏ ယှဉ်ရာ၌လည်းကောင်း ကရိုဏ်းအနက်၌ ဆဋ္ဌီသက်၊ တုလျ အနက်ရှိသော သဒ္ဒါ ကိံ အလံ သဒ္ဒါတို့၏ ယှဉ်ရာဝယ် သဟာဒိ ယောဂအနက် ဆဋ္ဌီသက်။ [ကိံ အလံ ယှဉ်ရာ၌ "နှင့်"ဟု မပေးရသော်လည်း သဟာဒိယောဂေစ သုတ်၌ ရူပသိဒ္ဓိ သွင်းထားသည်။] ကိ တပစ္စည်းဟု ရှေးဆရာတို့ သတ်မှတ်အပ်သော (တ)စသော ပစ္စည်း၏ ယှဉ်ရာဝယ် ကတ္တားအနက်၌ ဆဋ္ဌီသက်၊ ကုသလ-ပသန္န-ဝါရအနက်ဟော ကွတ္တုံ ပစ္စည်း စသည်တို့၏ ယှဉ်ရာဝယ် သတ္တမီ အနက်၌ ဆဋ္ဌီ သက်သည်။

[ဆောင်] ပူဇနတ္ထ,ယဇ-ဇုဟု, ယင်းဓာတ်စုနှင့်, ပူရဏဓာတ်, ယှဉ်စပ်ရာတွက်, ကရိုဏ်းနက်တည့်၊ အနက်တုလျံ, ကိံအလံနှင့်, ယှဉ်ပြန်လေသော, သဟာဒိယောတဲ့၊ ရှေးသောကာလ, ကိတက ဟု, မှည့်ကြလေပြီး, ပစ္စည်း တ-တိ, စသည်ရှိက, ထိုသည့်ယှဉ်ရာ, ကတ္တားသာရှု၊ ကုသလတ္ထ, ပသန္နတဖုံ,ကွတ္တုံတရပ်, ယှဉ်ကုန်လတ်မူ, သတ္တမျတ်နက်, ဆဋ္ဌီ သက်ဟု, မှတ်ချက်ရှုမှာ, ပုံစံလာသည်, သက်ပါဆဋ္ဌီ စ ဖြင့်တည်း။

ကတော မေ၊ပေ၊ ဉ်အင်္ဂပစ္စင်္ဂါနံ—ကတော ကတံတို့၌ တပစ္စည်းသည် ကိတက အမည်ရ၏၊ ထိုပစ္စည်းတို့၏ယှဉ်ရာ မေ၌ ကတ္တားအနက်ဝယ် ဆဋ္ဌီဝိဘတ် သက်ထား ၏၊ ကုသလ၏ ယှဉ်ရာ နစ္စဂီတဿ-အင်္ဂပစ္စင်္ဂါနံတို့၌ သတ္တမီအနက်ဝယ် ဆဋ္ဌီ သက်ထားသည်၊ ကြွင်းပုံစံများကို ရှုမှာရှု၊ ရုပ်ကို အခြေပြုအတိုင်းတွက်။ [ဝါ တတိ ယေစ-သုတ်၌ "ကတံ မေ ပါပံ"ဝယ် မေ၌ တတိယာ ဝိဘတ်သက်ဟု ဆိုခဲ့၏၊ ထို့ကြောင့် "ကတော မေ" စသည်ကို ဆဋ္ဌီထုတ်ခြင်းသည် မကောင်း၊ ရူပသိဒ္ဓိ၌ ပြသော "ရညော သမ္မတော" စသော ပုံစံများသာ ကောင်းသည်၊ "သိက္ခိတာ စာတုရိတ္ထိယော"ကား ကုသလာ နစ္စဂီတဿနှင့် တွဲဖက် ဂါထာပါဒ ဖြစ်၍ ပါနေသည်။]

ပညတ်တော်မူအပ်ပြီ၊ (အလှယ် ပေးသည်)၊ အာနန္ဒော-သည်၊ အတ္တေသု-အနက်တို့၌၊ ဝိစက္ခဏော-စူးစမ်း စိစစ်တတ်ပေ၏။] (၃၁၇)။

**ဒုတိယာ ပဥ္စမီနဋ္ဌ**

၃၀၉။ ဒုတိယာ ပဥ္စမီနဋ္ဌ-ဒုတိယာ ပဥ္စမီ ဝိဘတ်တို့၏ လည်း၊ပေ၊ ဟောတိ၊ တဿ-ထိုသူ့ကို၊ ဝတ္တာရော- ပြော ဆိုမည့် သူတို့သည်၊ ဘဝန္တိ-ဖြစ်ကုန်၏၊ သဟာသာ-အဆောတလျင်၊ ကမ္မဿ-အမှုကို၊ ကတ္တာရော-ပြုလုပ်တတ်ကုန်၏၊ ဒုတိယတ္ထေ-ဒုတိယာဝိဘတ်၏ အနက်၌၊ ဝေ-တည်း၊ ဓမ္မဿ-တရားတော်ကို၊ အဿဝဏတာ-နာရခြင်း မရှိသည်၏ အဖြစ်ကြောင့်၊ ဓမ္မဿ - အကျင့်တရားမှ၊ ပရိဟာယန္တိ - ဆုတ်ယုတ်ကုန်၏၊ ကိံ နုခေါ-အဘယ်ကြောင့်၊ အဟံ-ငါသည်၊ တဿ သုခဿ-ထိုချမ်းသာမှ၊ ဘာယာမိ-ကြောက်ရအံ့နည်း၊ သဗ္ဗေ-အလုံးစုံသော သတ္တဝါတို့သည်၊ ဒဏ္ဍဿ-ဒဏ်မှ၊ တသန္တိ-ထိတ်လန့်ကုန်၏၊ သဗ္ဗေ-တို့သည်၊ မစ္စုနော-သေခြင်းမှ၊ ဘာယန္တိ-ကုန်၏၊ အာသီဝိသာနံ-လျင်သော အဆိပ်ရှိကုန်သော၊ ဃောရဝိသာနံ-ကြမ်းတမ်းသော အဆိပ်ရှိကုန်သော၊ စတုန္နံ-မြွေလေးမျိုးတို့မှ၊ ဘီတော-ကြောက်၏၊ ဃောရဝိသဿ-သော၊ နာဂဿ-နဂါးမှ၊ ဘာယာမိ-ကြောက်၏၊ ပဥ္စမျတ္ထေ-၌၊ ဝေ-တည်း။ (၃၁၈)။

---

**ကွစိတိ၊ပေ၊ဝိစက္ခဏော**—ဒေသိတော ပညတ္တောတို့၌ တပစ္စည်းသည် ကတော ကဲ့သို့ ကိတက အမည်ရသော်လည်း ထို၏ယှဉ်ရာ မယာ၌ ကွစိသဒ္ဒါ မြစ်သောကြောင့် ဆဋ္ဌီ မသက်ရ,တတိယာသက်ရသည်၊ဝိစက္ခဏောသည် ကုသလအနက် ရှိသော်လည်း ထို၏ယှဉ်ရာ အတ္ထေသု၌ ကွစိသဒ္ဒါမြစ်သောကြောင့် ဆဋ္ဌီမသက်ရ, ဩကာသသတ္တမီ ဖြင့် သတ္တမီသာ သက်ရမည်။

**၃၀၉။ ဒုတိယာ ပဥ္စမီနဋ္ဌ**—စသဒ္ဒါဖြင့် ကွစိ, အတ္ထေ, ဆဋ္ဌီတို့ကိုင်၏၊ ကတ္တား အနက်ဟောသော တုပစ္စည်း ဏွုပစ္စည်းတို့၏ ယှဉ်ရာ၌လည်းကောင်း, ဘောအနက်ကို ဟောသော ယုပစ္စည်း ဏပစ္စည်းတို့၏ ယှဉ်ရာ၌လည်းကောင်း, သရဓာတ် ဇုသုဓာတ် ပြုခြင်းအနက်ဟော ကရဓာတ်တို့၏ ကံ၌လည်းကောင်း ဆဋ္ဌီသက်၏။ [ဥပါဒါယ-နိဿာယဟူသော တွာပစ္စယန္တပုဒ်၏ ကံ၌လည်း ဆဋ္ဌီသက်သေး၏၊] ဆုတ်ယုတ်ခြင်း ပရိဟာနိအနက်, ကြောက်ခြင်း ဘယအနက်ရှိသော သဒ္ဒါတို့၏ယှဉ်ရာဝယ် ပဥ္စမီ အနက်၌ ဆဋ္ဌီသက်၊ ဤကား ရူပသိဒ္ဓိ ပုံစံကိုကြည့်၍ သတ်မှတ်ခြင်းတည်း။

[ဆောင်] ကတ္တားနက်ဟု, တုဏွုပြု, ယုနှင့်ဏမှာ, ဘောဟောသာတည်း,
ထိုပစ္စည်းတို့, ယှဉ်မှီးလေရာ, သရိဇ္ဈာလျှင်း, ပြုပြင်ခြင်းမှတ်,
ကရဓာတ်ကံ, တဖန်မှတ်ရာ, ပရိဟာန, ဘယတ္ထတွင်, ပဥ္စမီနက်,
ဆဋ္ဌီသက်သည်, မှတ်ချက် ရူပသိဒ်မှာတည်း။

**ကမ္မကရဏ နိမိတ္တတ္ထေသု သတ္တမီ**

၃၁၀။ ကမ္မ၊ ပေ၊ ဟောတိ၊ အာဝုသော-ငါ့ရှင်တို့၊ ဣမေ အာဇီဝကာ-ဤ တက္ကဒွန်းတို့သည်၊ သုန္ဒရာ-တော်ပါပေကုန်၏၊ ဘိက္ခူသု-ရဟန်းတို့ကို၊ အဘိဝါဒေန္တိ-ရှိခိုးကုန်၏၊ ကမ္မတ္ထေ-၌၊ ဝေ-ဤအတူပင်တည်း၊ ဟတ္ထေသု-လက်တို့ဖြင့်၊

---

**တသ၊ ပေ၊ နာဂသ**—ဝတ္တာရော ဝတုခေတ်, တုပစ္စည်း, ကတ္တာရော၌ သရခေတ် တုပစ္စည်း၊ ထို တုပစ္စည်းတို့၏ယှဥ်ရာ၌ "တဿ, ကမ္မဿ" ဟု ဒုတိယာအနက်၌ ဆဋ္ဌီ သက်သားသည်၊ ဆုတ်ယုတ်ခြင်းအနက်ဟော ပရိဟာနိ၏ယှဥ်ရာ၌ "ဓမ္မဿ" ဟု လည်းကောင်း, ကြောက်ခြင်းအနက်ရှိသော ဘာယန္တိ- ဘီတော- ဘာယာမိတို့၏ ယှဥ်ရာ၌ "ဒဏ္ဍဿ-မစ္စုနော, စတုန္နံ, အာသီဝိသာနံ ဃောရဝိသာနံ" ဟုလည်း ကောင်း ပဉ္စမီအနက်၌ ဆဋ္ဌီသက်ထားသည်၊ ကြွင်းပုံစံများကို ရှုမှာ ရှု၊ ရုပ်ကို အခြေပြု မှီး၍တွက်။ ["ဓမ္မဿ" ကား အဿဝဏ်၌စပ်ခိုက် ဒုတိယာအနက်၌ ဆဋ္ဌီသက်နိုင် သေး၏၊ ထို့ကြောင့် ရှေ့လည်းစပ် နောက်လည်းစပ်ဖို့ရာ ကာကောလောကန နည်းဖြင့် အလယ်၌ထားသည်။]

**မောဂ္ဂလ္လာန်။** ။ဆဋ္ဌီစ-ဒုတိယာ ပဉ္စမီနဥ္စ ၂-သုတ်တို့ဖြင့် တတိယာ သတ္တမီ ဒုတိယာ ပဉ္စမီဝိဘတ်တို့၏ အနက်၌ ဆဋ္ဌီသက်ရသော ပုံစံများဝယ် သမ္ပန်အနက်၌ သက်သော ဆဋ္ဌီဟုချည်း မောဂ္ဂလ္လာန်ဆို၏၊ ထို့ကြောင့်"ရညော-မင်း၏၊ သမ္မတော-သမုတ်အပ်သူ၊ နစ္စ ဂီတဿ-ကခြင်း သီဆိုခြင်း၏ (အမှုအရာအထူးတို့၌)၊ ကုသလာ-ကျွမ်းကျင်ကုန်သော၊ တဿ-ထိုသူ၏၊ ဝါ-ကို၊ ဝတ္တာရော-တို့သည် ဘဝန္တိ-ကုန်၏၊ ဓမ္မဿ-၏၊ ပရိဟာယန္တိ-ဆုတ်ယုတ်ကုန်၏၊ ဒဏ္ဍဿ-ဒဏ်၏၊ တသန္တိ-ထိတ်လန့် ကုန်၏" စသည်ဖြင့် မောဂ္ဂလ္လာန်အလို အနက်ပေးရလိမ့်မည်။

**သဒ္ဒနီတိ။** ။ကြောက်ခြင်းအနက်ရှိသော ဓာတ်တို့၏ယှဥ်ရာ၌ ပဉ္စမီသက်ခြင်းကို အလိုမရှိ၊ ဆဋ္ဌီ-ဒုတိယာနှင့် တတိယာသက်ခြင်းကိုသာ အလိုရှိ၏။ [ဆဋ္ဌီပုံစံ ဤသုတ်မှာ, ဒုတိယာ တတိယာပုံစံများကို ယသ္မာဒပေတ်၌ ပြခဲ့ပြီ၊] "တတော ဘယံ" စသည်၌ ဥပ္ပန္နံဟု ထည့်၍ "တတော-ထိုအရပ်မှ၊ ဘယံ-သည်၊ ဥပ္ပန္နံ-ဖြစ်၏" ဟု တတောကို ဥပ္ပန္နံ၌စပ်၊ "စောရာ ဘယံ ဇာယတိ"၌လည်း ဇာယတိကြိယာကြောင့် စောရောဟု ပဉ္စမီရှိရသည်၊ ဘယံကြောင့် ပဉ္စမီ မဟုတ်-ဟု အကျယ်ချဲ့၍ အောက်ပါ ဂါထာကို သဒ္ဒနီတိမိန့်သည်။ ["ယတော ခေမံ, တတော ဘယံ"၌ကား ယတော-အကြင်အရပ်၌၊ ခေမံ-ဘေးမရှိ၊ တတော-ထိုအရပ်၌၊ ဘယံ-ဘေးသည်၊ အတ္ထိ-ယခု ရှိ၏, ဟု အာဓာရအနက်လည်း ဖွင့်ကြသည်။

ဆဋ္ဌီစ ဘီရုတာယောဂေ, ဒုတိယာ တတိယာ ပိစ၊
တီဏောဝ ပါဠိယံ ဟောတိ, နတု, သမ္ဘောတိ ပဉ္စမီ။

၃၁၀။ **ကမ္မကရဏတ္ထ။** ။ဤကစ္စည်းသုတ် အလိုအားဖြင့်သာ "ဘိက္ခူသု-တို့၌" ဟု ကံအနက်, "ဟတ္ထေသု-တို့ဖြင့်" ဟု ကရိုဏ်းအနက်ပေးရ၏၊ မောဂ္ဂလ္လာန် ကား "တို့၌"ဟု အာဓာရအနက်ပင် ပေး၏၊ ထိုတွင် "ပါဒေသု ဂဟေတွာတိ-ပါဒေ

ပိ ဏ္ဍာယ-ဆွမ်းအလို့ငှာ၊ စရန္တိ-လှည့်လည်ကုန်၏၊ ပတ္တေသု-သပိတ်တို့ဖြင့်၊ပေ၊ စရန္တိ၊ ပထေသု လမ်းတို့ဖြင့်၊ ဂစ္ဆန္တိ-သွားကုန်၏၊ ကရဏတ္ထေ-၌၊ ဝေ-တည်း၊ ဒီပိ-သစ်ကို၊ စမ္မေသု-အရေတို့ကြောင့်၊ ဟညတေ-သတ်အပ်၏၊ ကုဉ္ဇရော-ဆင်ကို၊ ဒန္တေသု-အစွယ်တို့ကြောင့်၊ ဟညတေ-၏၊ နိမိတ္တတ္ထေ-၌၊ ဝေ-တည်း။ (၃၂၄)။

---

(ခြေတို့ကို) ဂဟေတွာ၊ ဥပယောဂတ္ထေ ဘုမ္မဝစနံ''ဟု သုဒ္ဒိနကဏ္ဍ အဋ္ဌကထာ ဖွင့်သောကြောင့် ဂဟဓာတ်၏ ရှေ့ဖြစ်သော သတ္တမျန္တပုဒ်များ၌ ကံ အနက်ပေးခြင်း သည် အဋ္ဌကထာနှင့် ညီ၏၊ ''ဟတ္ထေသု ပိဏ္ဍာယ စရတီတိ ပါဠိပဒဿ ဟတ္ထေသု လဘိတဗ္ဗပိဏ္ဍတ္ထာယ စရတီတိ အတ္ထော''ဟု မဟာဝဂ္ဂဋီကာနှင့်သာရတ္ထ ဖွင့်သော ကြောင့် ''ဟတ္ထေသု-လက်တို့၌၊ ပိဏ္ဍာယ-ရထိုက်သော ဆွမ်းအလို့ငှာ၊ စရတိ-လှည့်လည်၏''ဟု မောဂ္ဂလ္လာန်အလို အာဓာရအနက်ပေးခြင်းလည်း ဋီကာဖွင့်နှင့် ညီပေသည်။

**နိမိတ္တတ္ထ**။ ။ဤ၌ ''နိမိတ်''ဟူသည် ရအပ်လတ္တံ့သော အကျိုးတည်း၊ ထို ရအပ်လတ္တံ့သော အကျိုးကိုပင် သတ်ခြင်း၏ အကြောင်းလည်း ဖြစ်သောကြောင့် နိမိတ် (အကြောင်း)ဟု ဆိုသည်၊ သစ်ကိုသတ်လျှင် အရေ ရမည်၊ ထိုရအပ်လတ္တံ့ သော အရေအတွက်ကြောင့် သစ်ကို သတ်ရ၏၊ ဆင်ကိုသတ်လျှင် အစွယ်ရမည်၊ ထို ရအပ်လတ္တံ့သော အစွယ်ကြောင့် ဆင်ကို သတ်ရသည်—ဟူလို။

**ပါဏိနီ**။ ။နိမိတ္တာ ကမ္မသံယောဂေ (သုတ်)၊ကမ္မသံယောဂေ-ကံနှင့် စပ်ယှဉ် ရာ၌၊နိမိတ္တာ-နိမိတ်ဟောသဒ္ဒါမှနောက်၌၊သတ္တမီ-သတ္တမီဝိဘတ်သက်၊ (သုတ်နက်)၊ ''ဒီပိ စမ္မေသု ဟညတေ''၌ ဒီပိသည် ကံတည်း၊ ထိုကံနှင့် အရေသည် တွဲယှဉ် နေသောကြောင့် သံယောဂဖြစ်၏၊ထိုကဲ့သို့ ကံနှင့် သံယောဂဖြစ်ရာ၌သာ နိမိတ်ဟော သဒ္ဒါနောင် သတ္တမီသက်ဟု ဆိုသည်၊ ''နိမိတ္တံ မိဟ ဖလံ၊ ဣဟ-ဤသုတ်၌၊ နိမိတ္တံ-ဟူသည်၊ ဖလံ-အကျိုးတည်း၊ (သိဒ္ဓန္တကောမုဒီ) ''နိမိတ္တံ မိဟဖလ မိတိ-ယဒိတု ကာရဏမိတိ ဝုစ္စေယျ၊ တဒါ ဇဋ္ဌတ္တာ ဗဒ္ဓေါ ဣစ္စာဒေါ-တိပ္ပသင်္ဂေါ ဘဝတီတိ ဘာဝေါ=အကျိုးကို နိမိတ်ဟု မဆိုပဲ အကြောင်းကို နိမိတ်ဟု ဆိုလျှင် ''ဇဋ္ဌတ္တာ ဗဒ္ဓေါ''စသော ဟိတ်တို့နှင့် ရောနှောဖွယ် ရှိသည်၊ (တတ္တဗောဓိနီ) ဤသို့ ဖွင့်၍....

''စမ္မနိ ဒီပိနံ ဟန္တိ, ဒန္တေသု ဟန္တိ ကုဉ္ဇရံ၊
ကေသေသု စမရိံ ဟန္တိ၊ သီမနိ ပုက္ခလော ဟတော''ဟု

သိဒ္ဓန္တကောမုဒီ ပုံစံထုတ်သည်၊ [စမ္မနိ-အရေကြောင့်၊ ဒီပိနံ-သစ်ကို၊ ဟန္တိ (ဟနတိ)-သတ်၏၊ပေ၊ ကေသေသု-မြီးဆံတို့ကြောင့်၊ စမရိံ-စမရီမည်သော တိဗက် နွားကို၊ ဟန္တိ-၏၊ (''စမရီ''ဟူသည် တိဗက်ပြည်၌ရှိသော နွားတမျိုးဖြစ်သတတ်၊) သီမနိ-ဝေးစေ့ကြောင့်၊ပုက္ခလော-ကတိုးကောင်ကို၊ဟတော-သတ်အပ်၏၊တနည်း— သီမနိ-နယ်ပယ်ကြောင့်၊ ပုက္ခလော-နယ်ခြား မှတ်တိုင်ကို၊ ဟတော-သတ်အပ်၏၊ တနည်း—သီမနိ-နယ်ပယ်ကြောင့်၊ ပုက္ခလော-နယ်ခြားမှတ်တိုင်ကို၊ ဟတော-စိုက် အပ်၏။] ''ကမ္မသံယောဂ''အရ ယှဉ်စပ်မှုသည် သမဝါယသမ္ဗန္ဓ, သံယောဂသမ္ဗန္ဓ

**သမ္ပဒါနေစ** ၃၁၁။ သမ္ပဒါနေစ-သမ္ပဒါန်အနက်၌လည်း၊ပေ၊ ဟောတိ၊ သံဃေ-သံဃာအား၊ ဒိန္နံ-ပေးလှူကြောင်း စေတနာသည်၊ မဟပ္ဖလံ-များသော အကျိုးရှိ၏၊ ဂေါတမိ-ဂေါတမီ၊ တွံ-သင်သည်၊ သံဃေ-အား၊ဒေဟိ-လှူလော၊ သံဃေ-အား၊ ဒိန္နေ-လှူအပ်သော်၊ အဟဉ္စေဝ-ငါဘုရားသည်လည်း၊ ဝါ-ကိုလည်း၊ ပူဇိတော-ပူဇော်အပ်သည်၊ ဘဝိဿာမိ-ဖြစ်လိမ့်မည်။ (၃၂၅)။

**ပဉ္စမျတ္ထေစ** ၃၁၂။ ပဉ္စမျတ္ထေစ-ပဉ္စမီဝိဘတ်၏ အနက်၌လည်း၊ သတ္တမီ-သတ္တမီဝိဘတ်သည်၊ ဟောတိ-၏၊ ကဒလီသု-ငှက်ပျောပင်တို့မှ၊ ဂဇေ-ဆင်တို့ကို၊ ရက္ခန္တိ-စောင့်ရှောက်ကုန်၏။ (၃၂၆)။

---

ဟု ၂ မျိုးရှိရာ "သစ်နှင့် အရေ" စသည်သည် နဂိုရ်က အမြဲ ယှဥ်စပ်နေသော သမဝါယသမ္ဗန္ဓတည်း၊ နယ်ပယ်နှင့် မှတ်တိုင်ကား နဂိုရ် မစပ်—နောက်မှ စပ်သော သံယောဂသမ္ဗန္ဓတည်း။

**မှတ်ချက်။** ။ကံနှင့် သံယောဂ ဖြစ်ရာဝယ် နိမိတ်နှောင် သတ္တမီသက်-ဟူသော ပါဏိနိသုတ်ကိုလိုက်၍ "တတြ ဝတ မန္တိ-တသ္မိံ အနိယျာနိက ဓမ္မေ မံ"ဟူသော မူလပံ မဟာသီဟနာဒသုတ် အဋ္ဌကထာဝယ် "တသ္မိံ အနိယျာနိကဓမ္မေတိ-တသ္မိံ ပရေဟိ ပရိကပ္ပိတ အနိယျာနိက ဓမ္မနိမိတ္တံ။ နိမိတ္တတ္ထေဟိ ဣဒံ ကမ္မသံယောဂေ ဘုမ္မံ"ဟု ဋီကာဖွင့်သည်၊ သို့သော် "သမ္မဇာနုမုသာဝါဒေ ပါစိတ္တိယံ" ဟူသော ပါဠိတော်၏ အဋ္ဌကထာ၌ကား "နိမိတ္တတ္ထေ ဘုမ္မဝစနံ"ဟု ကမ္မသံယောဂ မဟုတ်သော နိမိတ်သက်သက်ကိုလည်း ဖွင့်၏၊ ဤ "မုသာဝါဒေ" ကား ဖလဖြစ်သော နိမိတ်လည်း မဟုတ်။ ကာရဏဖြစ်သော နိမိတ်ပင်၊ "မုသာဝါဒသည် အကြောင်း, ပါစိတ် အာပတ် သင့်ခြင်းကား အကျိုး"ဟူလို။ [ဟိတ် ၃ မျိုးနှင့် စိစစ်ချက်ကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု။]

၃၁၁။ စ သဒ္ဒါသည် ရှေ့သုတ်လာ ကမ္မ ကရဏ နိမိတ္တ အနက်ကို ပေါင်းဆည်းသော (သမ္ပိဏ္ဍနခေါ်) ဝုတ္တသမုစ္စည်း အနက် ရှိ၏-ဟု ကြံသင့်၏၊ "ကံ ကရိုဏ်း နိမိတ် အနက်တို့၌သာ သတ္တမီ သက်သည် မဟုတ်သေး, သမ္ပဒါန်အနက်၌လည်း သတ္တမီ သက်သေး၏"ဟု ပေါင်းပါ၊နိဒ္ဒေသ၌ကား "စ သဒ္ဒါသည် ကတ္တားအနက်ကို ဆည်းသော အဝုတ္တသမုစ္စည်း အနက်ရှိ၏"ဟု ဆို၍ 'မဏိမှိ ပဿ နိမ္မိတံ=ပတ္တမြားသည် ဖန်ဆင်းအပ်သော စည်းစိမ်ကို ကြည့်ပါလော"ဟု ဝိဓုရဇာတ်ကို ပုံစံထုတ်၏၊ သမ္ပဒါန်အနက် ဖြစ်သောကြောင့် "သံဃာအား"ဟုချည်း ပေး၏၊ မောဂ္ဂလ္လာန်၌မူ ဘုရားရှင် ကိုယ်တော်တိုင်ပင် အာဓာရ အနက်ကို အလိုရှိတော်မူသောကြောင့် "သံဃေ ဒိန္နံ"စသည်ကို မိန့်တော်မူရကား ဘုရားစကားတော် အတိုင်းပင် အာဓာရ အနက်သာ ဖြစ်သင့်ရကား "သံဃေ-သံဃာ၌"ဟုသာ ပေး—ဟု မိန့်သည်။

၃၁၂။ စသဒ္ဒါသည် "ရှေ့ ၂ သုတ်တို့ဖြင့် သက်ရသော ကံ ကရိုဏ်း နိမိတ် သမ္ပဒါန် အနက်၌သာမက, ပဉ္စမီအနက်၌လည်း သတ္တမီသက်သည်"ဟု ပေါင်းသော

**ကာလဘာဝေသုစ** ၃၁၃။ ကာလဘာဝေသုစ - ကာလအနက်, ဘာဝလက္ခဏ အနက်တို့၌လည်း- ကတ္တရိ-ကတ္တားကို၊ ပယုဇ္ဇမာနေ-ယှဉ်အပ်သော်၊ သတ္တမီ ဝိဘတ္တိ ဟောတိ၊ ပုဗ္ဗဏှသမယေ-နံနက်အခါ၌၊ ဂတော-သွား၏၊ သာယနှသမယေ-ညချမ်းအခါ၌၊ အာဂတော-ပြန်လာ၏၊ ဘိက္ခူသု- တို့ကို၊ ဘောဇိယမာနေသု- ဆွမ်းကျွေးအပ်ကုန်သော်၊ ပုရိသော-

---

(သမ္ဗိတ္တာန ခေါ်) ဝုတ္တသမုစ္စည်း-ဟု နိဒ္ဒေသဖွင့်၏၊ ပဋ္ဌမီအနက်ဟု ဆိုသောကြောင့် "ကဒလီသု-တို့မှ" ဟု ပေးရသည်၊ မောဂ္ဂလ္လာန်၌ကား ၄က်ပျောပင်သည် စောင့်ရှောက်ခြင်း ရက္ခဏကြိယာ၏ ဝိသယ (အရာ) ဖြစ်သောကြောင့် "တို့၌" ဟု ပေးသည်။

**၃၁၃။ ကတ္တရိပယုဇ္ဇမာနေ**—ဤ "ကတ္တရိပယုဇ္ဇမာနေ" သည် ရူပသိဒ္ဓိစသည်တို့၌ မပါသောကြောင့် ကစ္စည်းဝုတ္တိဆရာ၏ အာဘော်ကို သိဖို့ခဲယဉ်းလှ၏၊ နိဒ္ဒေသ၌ကား "ကတ္တရိလက္ခဏကြိယာယ ကတ္တုဘာဝေန ပယုဇ္ဇမာနေ= လက္ခဏကြိယာ၏ ကတ္တားအဖြစ်ဖြင့် ကတ္တားကိုယှဉ်အပ်သော်"ဟု ဖွင့်၏၊ "ဘိက္ခူသု ဘောဇိယမာနေသု ဂတော ပုရိသော" ၌ ဂတောသည် လက္ခဏကြိယာတည်း၊ ပုရိသောသည် လက္ခဏကြိယာ၏ ကတ္တားတည်း၊ ဤ၌ လက္ခဏကြိယာ၏ ကတ္တားကို ယှဉ်အပ်သည်ဖြစ်စေ-မယှဉ်အပ်သည်ဖြစ်စေ "ဘိက္ခူသု ဘောဇိယမာနေသု" တို့၌ သတ္တမီ သက်ရမည်သာ၊ ထို့ကြောင့် နိဒ္ဒေသ ဖွင့်ပုံသည် အကျိုးမရှိလှ၊ သို့မဟုတ် နိဒ္ဒေသ၌ ပါ၍သော်လည်း ပျက်နေတန်ရာသည်၊ "ကတ္တရိ ပယုဇ္ဇမာနေ" ဟူသောပါဌ်သည် မပါလျှင် သာ၍ရှင်း၏၊ ပါသည့်အတွက် ဖြစ်သင့်သော အဓိပ္ပာယ်ကား....

"ဘိက္ခူသု ဘုဉ္ဇမာနေသု ဂတော ပုရိသော"၌ ဘုဉ္ဇမာနေသုသည် လက္ခဏကြိယာတည်း၊ ဘိက္ခူသုကား လက္ခဏကြိယာ၏ ကတ္တားတည်း၊ ကာလဘာဝေသု၌ ဘာဝ အရဖြင့် ဘာဝလက္ခဏ (လက္ခဏကြိယာ) ၌ သတ္တမီသက်ခဲ့သော် ထို လက္ခဏကြိယာ၏ ကတ္တား၌လည်း ဤသုတ်ဖြင့် သတ္တမီသက်နိုင်၏၊ ဘာ့ကြောင့်နည်း....ပဓာနကြိယာကို ယူလျှင် အပဓာနကတ္တားလည်း (ထွန်နှောက် ရေပါသကဲ့သို့) ပါပြီး ဖြစ်သောကြောင့်တည်း၊ ထို့ကြောင့် "ကာလဘာဝေသုစ-ကာလအနက်, ဘာဝအနက်တို့၌လည်းကောင်း၊ ပယုဇ္ဇမာနေ-ယှဉ်စပ်အပ်သော၊ ကတ္တရိ-ကတ္တား၌လည်းကောင်း၊ သတ္တမီ ဝိဘတ္တိ ဟောတိ" ဟု သုတ်နက်ပေးသင့်၏။ [နိဿယ၌ကား ပေးရိုးအတိုင်း ပေးထား၏။] နိဒ္ဒေသ၌လည်း "ကတ္တရိ" လက္ခဏကြိယာယ ကတ္တုဘာဝေန ပယုဇ္ဇမာနေ" ဟု ပါ၍ရှိသင့်သည်။ [ဤ၌ "ကတ္တရိ" ဟူသော စကားလည်း ဥပလက္ခဏနည်းသာ၊ ဘိက္ခူသု-တို့ကို" ဟူသော ကံ၌လည်း ဤသုတ်ဖြင့်ပင် သတ္တမီသက်နိုင်သည်။]

**ကာလအနက်**။ ။ပုဗ္ဗဏှသမယေ-သာယနှသမယေတို့ကား ကာလ အနက်၌ သတ္တမီ သက်ပုံတည်း၊ ဤ ကာလအနက်၌ သတ္တမီသည် ဝိသယအာဓာရ ဖြစ်သောကြောင့် "ဩကာသေ သတ္တမီ" ကဲ့သို့သော သုတ်ဖြင့်ပင် သက်နိုင်၏၊ ထို့ကြောင့်

သည်၊ ဂတော - သွား၏၊ (ဘိက္ခူသု - တို့သည်၊) ဘုတ္တေသု - ဆွမ်းစားကုန်ပြီးသော်၊ အာဂတော-ပြန်လာ၏၊ ဂေါသု-နွားတို့ကို၊ ဒုယှမာနာသု-နို့ညှစ်အပ်ကုန်သော်၊ ဂတော-၏၊ (ဂေါသု-တို့ကို၊)ဒုဒ္ဓါသု-နို့ညှစ်အပ်ကုန်ပြီးသော်၊ အာဂတော-၏။ (၃၂၇)။

---

ဤသုတ်၌ ကာလသဒ္ဒါကို ဆိုခြင်းသည် အကျိုးမရှိ-ဟု ဆိုကြ၏။ [ဤအဆိုကို သဘောတူ၍ မောဂ္ဂလ္လာန်၌လည်း သတ္တမျာခရေ သုတ်ဖြင့်ပင် ဝိသယာခရ၌ သတ္တမီသက်၍ "အကာလေ ဝဿတိ တဿ, ကာလေ တဿ နဝဿတိ=ထိုမတရားမင်း၏ နိုင်ငံဝယ် မရွာသင့်ချိန်၌ မိုးရွာ၏, ရွာသင့်ချိန်၌ မရွာ" ဟု ပုံစံထုတ်သည်။]

သို့သော် "ပုဗ္ဗဏှသမယေ ဂတော" ဝယ် ပုဗ္ဗဏှသမယကို အာခရ, ဂတောကို အာဓေယ် အဖြစ်ဖြင့် ပြလိုရင်း မဟုတ်၊ "ယောကျ်ားသည် နံနက်အချိန်၌ သွား၏, ညနေအချိန်၌ ပြန်လာ၏" ဟု ယောကျ်ား၏ သွားခြင်း ပြန်လာခြင်း၏ အချိန်ကို သတ်မှတ်သော ဝိသေသနကိုပင် ဆိုလို၏။] ထိုသို့ ဝိသေသနဖြစ်လျှင် တတိယာသက်ရလေမည်လား-ဟု ယုံမှားဖွယ် ရှိသောကြောင့် ကာလသဒ္ဒါကို ဆိုရကား အကျိုးမရှိမဟုတ်, အကျိုးရှိသည်သာ-ဟူလို။ [ကာတန္တ၌လည်း "ကာလဘာဝေသု သတ္တမီ" ဟု သုတ်ရှိ၏။]

> [ကာတန္တဋီကာ] ကောစိ အာဟ-ကာလဂ္ဂဟဏာ မနတ္ထကံ၊ ဝိသယသတ္တမိယာဝ သိဒ္ဓတ္တာတိ၊ နေဒ မာခရာဓေယျဝိဝက္ခာယံ သုတ္တံ၊ ကိန္တု၊ ဝိသေသနဝိသေသျဘာဝေ တတိယာ သိယာတိ။ [ဤသုတ်သည် အာခရ အဓေယျကို ဆိုလိုရာ၌ တည်အပ်သော သုတ်မဟုတ်, စင်စစ်မှာ ဝိသေသန ဝိသေသျအဖြစ်၌ တတိယာ ဖြစ်ရာ၏-ဟု ယုံမှားဖွယ် ရှိသောကြောင့် တည်အပ်သော သုတ်တည်း။]

ဘာဝအနက်။ ။"ဘဝနံ-ဖြစ်ခြင်း၊ ဘာဝေါ-ဖြစ်ခြင်း"နှင့်အညီ ဘူဓာတ်သည် ကြိယာအားလုံးနှင့် ဆက်ဆံသောကြောင့် သွားခြင်း စားခြင်း စသော ကြိယာအားလုံးကိုပင် ဘာဝအနက် ဟု ခေါ်သည်၊ ထိုကြိယာသည် လက္ခဏကြိယာ လက္ချကြိယာ-ဟု ၂ မျိုးရှိ၏၊ ထိုတွင် မှတ်သားကြောင်း-မှတ်သား၍ ပြောဆိုကြောင်း ကြိယာသည် လက္ခဏကြိယာမည်၏၊ ဤလက္ခဏကြိယာသည် အခြားကြိယာတခုကို မှတ်သားရမည် ဖြစ်သောကြောင့် ထင်ရှားသော (အများသိဖြစ်သော) ကြိယာဖြစ်ရမည်၊ ထို လက္ခဏကြိယာဖြင့် မှတ်သားအပ်သော (မထင်ရှားသော အများသိမဟုတ်သော) ကြိယာသည် လက္ချကြိယာ မည်၏။ ["လက္ခီယတိ အနေနာတိ လက္ခဏံ၊ လက္ခိတဗ္ဗံတိ လက္ချံ၊ ဤ၌လက္ခဓာတ် ဏျပစ္စည်း။] ဤသုတ်၌ ဘာဝအရ လက္ခဏကြိယာကို ယူ၊ ဤ လက္ခဏကို ကျမ်းစာတို့၌ "ဘာဝေန ဘာဝလက္ခဏ" ဟု သုံးစွဲ၏၊ ဘာဝေန-ကြိယာတခုဖြင့်၊ ဘာဝ လက္ခဏံ-အခြားကြိယာတခုကို မှတ်ခြင်းသည်၊ဘာဝေနဘာဝလက္ခဏံ-မည်၏။

ဘိက္ခူသု၊ ပေ၊ ဂတော ပုရိသော—ရဟန်းတို့ကို ဆွမ်းကျွေးခြင်း ကြိယာသည် (တရပ်လုံး အမြင် ဖြစ်သောကြောင့်) ထင်ရှားသော ကြိယာတည်း၊ ထို အချိန်၌ပင် သွားဖို့ကိစ္စရှိ၍ ယောက်ျားတယောက်သည် အရပ်တပါးသို့ သွား၏၊ ထိုယောက်ျား၏ သွားခြင်းကား မထင်ရှား (အများသိမဟုတ်)၊ ထို့ကြောင့် ထိုယောက်ျား ဘယ်အချိန် သွားသလဲ ဟု မေးလာလျှင် ထင်ရှားသော ဆွမ်းကျွေးခြင်း ကြိယာဖြင့် မှတ်သား၍ "ဘိက္ခူသု၊ ပေ၊ ပုရိသော" ဟု ပြောရသည် ထို ပါဠိ၌ ဘောဇီယမာနေသုသည် လက္ခဏကြိယာ တည်း၊ ထို လက္ခဏကြိယာ နောင် ၌ သုတ်ဖြင့် တိုက်ရိုက် သတ္တမီ သက်နိုင်၏၊ ဘိက္ခူသုသည် ဘောဇီယမာနေသု ဟူသော လက္ခဏကြိယာ၏ ကံတည်း (လက္ခဏ ရှိသော-ဝုတ္တကံလည်း ဖြစ်သောကြောင့်) လက္ခဏဝန္တ ဝုတ္တကံ ဟု ခေါ်သည်၊ ထိုဘိက္ခူသု၌ကား ဘောဇီယမာနေသုနှင့် တုလျာဓိကရဏ ဖြစ်သော ကြောင့် ၌ သုတ်ဖြင့်ပင် သတ္တမီ သက်ရသည်။ ["ပဓာနမပ္ပဓာနေသု, ပဓာနေ ဂဟိတေ သတိ၊ ဂဟိတံ အပဓာနံပိ, နဂ်လာနုဒကံ ယထာ" နှင့် အညီတည်း။]

[အနုဝါဒ ဋီကာ] သမာနာဓိကရဏနာန မေကာဝ ဝိဘတ္တိ ဇုန္တိယတီတိ ဝုတ္တတ္တာ "နာမမှိ ပယုဇ္ဇမာနေ" တိ ဉာပကသာမတ္ထိယာစ သမာနာ ဓိကရဏသဒ္ဒါနံ သမာနလိင်္ဂသမာနဝိဘတ္တိတာ သိယာတိ ဝေါသဒ္ဒ တောပိ (ဝေါသု၌ ဝေါသဒ္ဒါမှ နောက်၌လည်း) သတ္တမီ ဘဝတိ။ (ကာတန္တဝုတ္တိ ဋီကာ၏ အနုဝါဒ ဋီကာ)။

သဒ္ဒနီတိ။ ။"ဘိက္ခူသု ဘောဇီယမာနေသု" ၌ ဘောဇနကြိယာသည် ဘာဝ မည်၏၊ ထိုဘာဝ၏ အစွမ်းကြောင့် ရအပ်သော ဘိက္ခူသု၌ သတ္တမီဝိဘတ်ကို "ဘာဝ သတ္တမီ" ဟု ခေါ်၍ ထို ဘိက္ခူသု၌ သတ္တမီဝိဘတ်ကို ၌ သုတ်ဖြင့် တိုက်ရိုက်သက်၏၊ ဘောဇီယမာနေသု၌ကား တုလျာဓိကရဏ ဖြစ်သောကြောင့် ၌ သုတ်ဖြင့် သက်ရ သည်-ဟု သဒ္ဒနီတိ၌ ပြောင်းပြန်ဆိုသည်။ [ဘိက္ခူသူတိ အယံ ဘာဝဝသေန လဒ္ဓ သတ္တမီတိ ဘာဝသတ္တမီနာမ သိယာ၊ ဘောဇီယမာနေသူတိ သော ပန ကတရာနာမ သတ္တမီ သိယာ၊ ကတရေနေစ လက္ခဏေန သာဓေတဗ္ဗာတိ၊ တုလျာဓိကရဏသတ္တမီ နာမ၊ သော အနေနေဝစ လက္ခဏေန သာဓေတဗ္ဗာတိ။]

ဘုဥ္စ္စသု အာဂတော—"ဘိက္ခူသု ဘုဥ္စ္စသု အာဂတော ပုရိသော" ဟု စုံအောင် ထည့်၍ ရှေ့အတိုင်း လက္ခဏ စသည်ခွဲ၊ ရှေ့ ဝါကျသည် ဘောဇီယမာနေသု ဟု ကံဟော လက္ခဏကို ပြသော ဝါကျတည်း၊ ဤ၌ကား ဘုဥ္စ္စသု ဟု ကတ္တားဟော လက္ခဏကို ပြ၏၊ ထို့ကြောင့် ဘုဥ္စ္စသုဟူသော လက္ခဏကြိယာ၏ ကတ္တားဖြစ်သော ဘိက္ခူသုကို လက္ခဏဝန္တ ဝုတ္တကတ္တားဟု မှတ်၊ "ဂတော-အာဂတော" ဟူသော ကြိယာ၏ ကတ္တား ဖြစ်သော ပုရိသောသည် လက္ချဝန္တ ဝုတ္တကတ္တား မည်၏၊ "ဥပါ သကေဟိ ဘိက္ခူသု ဘောဇီယမာနေသု ဂါမံ ဂတော ပုရိသော" ဟု သာ၍ စုံလင် အောင် ဝါကျစီလျှင် ဥပါသကေဟိသည် ဘောဇီယမာနေသု၏ လက္ခဏဝန္တ အဝုတ္တ ကတ္တား တည်း၊ ဂါမံသည် ဂတော ဟူသော လက္ချ ကြိယာ၏ လက္ချဝန္တ အဝုတ္တ

ဥပါဒျာ မိကိဿရ ဝစနေ

၁၁၄။ ဥပ အမိ ဣစ္စေတေသံ-ဥပ, အမိ ဟူသော ဤ သဒ္ဒါတို့၏၊ ပယောဂေ-ယှဉ်ရာ လိင်၌၊ အမိက ဣဿရ ဝစနေ-အမိက အနက်, ဣဿရ အနက်ကို ဟောသော သဒ္ဒါသည်၊ (သုတ်-ရှိလတ်သော်၊) သတ္တမီဝိဘတ္တိ ဟောတိ၊ ခါရိယံ-တို့၌၊ ဝါ-တို့၏၊ ဥပ-ပိုလွန်သော၊ ဒေါဏော-တစိတ်၊ နိက္ခေ-တနိက္ခ၌၊ ဝါ-တနိက္ခ၏၊ ဥပ-ပိုလွန်သော၊ ကဟာပဏံ- တကျပ်၊ ပဉ္စာလာ- ပဉ္စာလ တိုင်းသားတို့သည်၊ ဗြဟ္မဒတ္တေ-ဗြဟ္မဒတ်မင်း၏၊ အဓိ-ဥစ္စာတို့တည်း၊ ဝါ- ကျေးကျွန်တို့တည်း၊ ဂေါတမီ-ဂေါတမီသည်၊ နစ္စေသု-ကခြေသည် တို့၌၊ ဝါ-ကခြေသည်တို့၏၊ အဓိ-အရှင်သခင်တည်း၊ ဗုဒ္ဓေါ-ဘုရားသည်၊ဒေဝေသု- နတ်တို့၌၊ ဝါ-နတ်တို့၏၊ အဓိ-အရှင်သခင်တည်း။ (၃၂၀)။

---

က်တည်း-ဟု ခွဲရာ၏၊ ဤတွင် "လက္ခဏ-လက္ခဏဝန္တ, လက္ချ-လက္ချဝန္တ, ဤ လေး၀, တကွရှိစမြဲ" ဟူသည့်အတိုင်း အနာဒရ၌ အနက် ၄ ပါး ခွဲခြားသကဲ့သို့ လက္ခဏစသောအနက် ၄ ပါးလည်း နားလည်လောက်ပြီ၊ "ဂေါသု၊ပေါ၊အာဂတော" လည်း ထင်ရှားသော နို့ညှစ်ခြင်းကြိယာဖြင့် မထင်ရှားသော သွားခြင်းကြိယာကို မှတ်သား၍ ပြောသော စကားတည်း၊ "ဂေါသု ဒုယှမာနာသု ဂတော နွားမတို့ကို နို့ညှစ်နေတုန်း သွားသည်၊ ဒုဒ္ဓါသု အာဂတော=နို့ညှစ်ပြီးချိန် ပြန်လာသည်" ဟူလို။ [ကြွင်းသော မှတ်ဖွယ်များကို ရူဘာသာဋီကာမှာ ရှု။]

၁၁၄။ ဥပအဓိဣစ္စေတေသံ—"ဥပါဓိ+အဓိကိဿရဝစနေ" ဟု ၂ ပုဒ်ခွဲ၊ "ဥပါဓိန်" ဟု ဆိုလိုလျက် သုတ်ကြီးဖြင့် နံဝိဘတ်ကို ချေထား၏၊ ထို့ကြောင့် ဝုတ္တိ၌ "ဥပ အဓိဣစ္စေတေသံ" ဟု ဆဋ္ဌီဖြင့် ဖွင့်၍ ပယောဂေကိုလည်း ထည့်၍ဖွင့်သည်၊ ရူဋီကာ၌မူ "ဥပအဓိ ဣစ္စေတေဟိ" ဟူသော ဝုတ္တိကို ထောက်၍ ဟိကျေသည်—ဟု ဖွင့်သည်၊ ဥပနှင့် အဓိကိုလည်း "ဥပေါစ အဓိစ ဥပါဓိ" ဟု ဋ္ဌန်သမာသ်တွဲ၊ ဥပသည် အနုကရဏ သဒ္ဒါတည်း၊ ထို့ကြောင့် အတိဿစန္တသဠ္ဌ "အတိဿ" ကဲ့သို့ ဝိဘတ်မချေပဲ "ဥပေါ" ဟု ထားနိုင်သည်။ [ဥပေါစ-ဥပလည်း၊ အဓိစ-အဓိလည်း၊ ဥပါဓိ-ဥပ အဓိတို့၊] ဤ ဥပအဓိဣစ္စေတေသံ ပယောဂေကို သတ္တမီ ဝိဘတ္တိ ဟောတိ၌စပ်၊ "ဥပ အဓိတို့၏ ယှဉ်ရာ လိန်၌ သတ္တမီ ဝိဘတ်သက်" ဟူလို။

အဓိက ဣဿရ ဝစနေ—အဓိက ဝစန ဟု ဆိုလိုလျက် အဓိကနောင် ဝစနကို ချေထားသည်၊ တနည်း...ဣဿရ ဝစနေမှ ဝစနသဒ္ဒါ လိုက်၍ စပ်သည်၊ အဓိကသဒ္ဒါ သည် အဇ္ဈာရုဠှ သဒ္ဒါ၏ ပရိယာယ်တည်း၊ အဇ္ဈာရုဠှ=အဓိ+အာရုဠှ၊ "အဓိ- လွန်၍ +အာရုဠှ- တက်သည်" နှင့်အညီ လွန်တက်ပိုလျှံသော အရာဝတ္ထုသည် အဇ္ဈာရုဠှ မည်၏၊ ဣဿရ သဒ္ဒါသည် (လက်ခတ် တကြိမ်ခတ်လျှင် ချည် ၂ ထပ်ဖြစ်ရသော တန္တ

နည်းခေါ် ယက်ကန်းရက် နည်းအားဖြင့်) အစိုးရသူ အရှင်သခင် (သာမိ) ကိုလည်းကောင်း, မိမိအပေါ်၌ အစိုးရသူရှိသော ကျေးကျွန် (သံ) ကိုလည်းကောင်း ဟော၏။ ဣဿရဿ-အစိုးရသူ, အစိုးရရှိသူကို၊ ဝစနံ-ဟောသောသဒ္ဒါသည်၊ ဣဿရဝစနံ-မည်၏၊ ဥပ+အဓိနှင့် အဓိက+ဣဿရတို့ကို အစဉ်အတိုင်းတပ်၍ ဥပသဒ္ဒါသည် အဓိက အနက်ကို ဟော၏၊ အဓိသဒ္ဒါသည် ဣဿရအနက်ကိုဟော၏-ဟု မှတ်၊ ဤအဓိပ္ပာယ်သည် "အဓိကေဿရဝစနေ ပါဓိဟိ" ဟု သုတ်တည်သော မုဒ္ဓဗောဓနေ့ပ်ည၏၊ အဓိကေဿရဝစနေ ပါဓိဟိ-အဓိကအနက်,ဣဿရအနက်ရှိသော ဥပ အဓိသဒ္ဒါတို့နှင့်၊ ယောဂေ-၌၊ သတ္တမီ-သက်" ဟု သုတ်နက်ပေး။ [ရူပသိဒ္ဓိ၌ကား ဝုတ္တိအဖွင့်တမျိုးဖြင့် အဓိက ဣဿရဝစနေကို အဓိပ္ပာယ်တမျိုး မှတ်ရလိမ့်မည်။]

**ဥပခါရိယံ ဒေါဏော**—ဥပသဒ္ဒါသည် အဓိကအနက်ကိုဟော၏၊ ထို အဓိက အနက်ဟော ဥပနှင့်ယှဉ်ရာလိင်ကား ခါရိတည်း၊ ထို့ကြောင့် ခါရိနောင် သတ္တမီ သက်၍ (ဇုတ္တိယံကဲ့သို့) ခါရိယံဟု ဖြစ်သည်၊ "တို၌+ပိုလွန်သော တစိတ်" ဟူသည် တတို့နှင့် တစိတ်တည်း၊ ဤစပါး ဘယ့်သောက်ရှိသလဲ ဟု မေးရာဝယ် "တတို့နှင့် တစိတ်" ဟု ဖြေသောစကားမျိုးတည်း၊ ရောင်းဝယ်ရာ၌ တတို့ပေးပြီးနောက် တစိတ်ကို ထပ်၍ပေးရာ၌ "တတို၏+အပိုအလွန်ဖြစ်သော တစိတ်" ဟု အဓိပ္ပာယ်ရနိုင်သောကြောင့် "ခါရိယံ-တို၏" ဟု သမ္ဗန်အနက်လည်း ပေးကြသေး၏၊ သမ္ဗန်အနက်ပေးသော်လည်း ဥပနှင့်ယှဉ်သောကြောင့် သတ္တမီပင် သက်ရသည်။ ["တိုထက်+ပိုလွန်သောတစိတ်" ဟု ခါရိယံ၌ ဝိဘတ္တအပါဒါန်အနက် ပေးကြသေး၏၊ ထိုအနက်ကား ရူပသိဒ္ဓိဖွင့်ပုံနှင့်ညီမျှ၍ ရူပသိဒ္ဓိမှာ အဓိပ္ပာယ်ပြထားသည်။]

**စာစပ်, ဝိဘတ်သက်။** ။ခါရိယံကား ၌ဟူ၍ (၏ဟူ၍) အနက်ပေးသောကြောင့် ဥပ၌ အဓိကီ, ဥပကား အဓိကတည်း။ [အဓိကရှိသောသဒ္ဒါကို အဓိကီဟု ခေါ်သည်၊] ဥပကား "သော" ဟူ၍ အနက်ပေးသောကြောင့် ဒေါဏော၌ တုလျာဓိကရဏ ဝိသေသန, ဒေါဏောကား တုလျာဓိကရဏ ဝိသေသျ၊ တနည်း-ဒေါဏော-တစိတ်သည်၊ ခါရိယံ-၌၊ ဥပ-ပိုလွန်၏" ဟု ပေးလျှင် ဒေါဏောကား (သည်) ဟူ၍ အနက်ပေးသောကြောင့် ဥပ၌ တုလျတ်, ဥပကား လိင်္ဂတ်" ဟု စပ်၊ ခါရိယံကို ခါရိတည်, အဓိက အနက်ဟော ဥပသဒ္ဒါနှင့် ယှဉ်သောကြောင့် ဥပါဓျာဓိကိဿရဝစနေ သုတ်ဖြင့် ခါရိနောင် သတ္တမီဧကဝုစ် သ္မိံသက်၊ ဇုတ္တိယံကဲ့သို့ ရုပ်တွက်။ [၄ ပြည်သည် တစိတ်, ၁၆ စိတ်သည် တတို=၄ တင်းတည်း၊ တို ၂၀ ကား လှည်းတစီးတိုက်ရသော တဝါဟတည်း။]

**ဥပနိက္ခေ ကဟာပဏံ**—"ဟနိက္ခ၌+ပိုလွန်သော တကျပ်=တနိက္ခ၏+အပိုအလွန်ဖြစ်သော တကျပ်" ဟူသည် "တနိက္ခနှင့် တကျပ်, ဝါ-တနိက္ခအပြင် အပိုတကျပ်" တည်း၊ နိက္ခဟူသည် ကျပ်ချိန်တရာ (တပိဿာ) တည်း။ ["စတ္တာရော ဝီဟယော ဂုဉ္ဇာ၊ ပေါ်နိက္ခံတွနိက္ခံ ပဉ္စ တေ" ဟူသော ၄၀၀ အဘိဓာန်ကိုကြည့်။] စာစပ်-ဝိဘတ်သက်ပုံမှာ ရှေးအတိုင်းတည်း၊ ရူပသိဒ္ဓိဝါဒကို ရူဘာသာ၌ကာ၌ ပြထားသည်၊ ဤ အဓိပ္ပာယ်များမှာ မောဂ္ဂလ္လာန်နှင့် သက္ကတတို့ ဖွင့်ပုံအတိုင်းတည်း။

**မင်္ဂလိတဥဿုက္ကဿ တတိယာဝစ**

၃၁၅၊ မင်္ဂလိတ ဥဿုက္က ဣတိ-မင်္ဂလိတ ဥဿုက္က ဟူကုန်သော၊ ဧတေသု အတ္ထေသု-ဤအနက်တို့ကို၊ (ဂမျမာနေသု-သိအပ်ကုန်သော်၊) တတိယာ ဝိဘတ္တိ-သည်၊ ဟောတိ-၏၊ သတ္တမီစ-သတ္တမီလည်းသက်၊ တထာဂတေနဝါ-ဘုရားရှင်သည်လည်းကောင်း၊ တထာဂတေဝါတ္ထောဝါ - ဘုရားအန္တယ်တော်သည်လည်းကောင်း၊ ဉာဏေန-ဉာဏ်ဖြင့်၊ ပသီဒိတော-ကြည်လင်၏၊ ဝါ-တနည်း၊ ဉာဏသ္မိံ-ဉာဏ်၌၊ ပသီဒိတော-၏၊ နောက်၌ "ဥဿုက္ကော-အားထုတ်ခြင်း ရှိ၏" ဟုပေး၊ [တထာဂတဂေါတ္တော ဝါ၏ နောက်၌ "တထာဂတ သာဝကောဝါ" ဟုလည်း သီဟိုဠ်မူ၌ ရှိသေး၏။] (၃၂၉)။

---

**အမိဖြဟ္မဒတ္တေပဉ္စာလာ**—အမိသဒ္ဒါသည် ဣဿရ (အစိုးရရှိသူ-ကျေးကျွန်) အနက်ဟောတည်း၊ မဟာသဇာတ်တော်၌ ပဉ္စာလတိုင်းကို စူဠနီဖြဟ္မဒတ်မင်း အုပ်စိုးသည်-ဟု လာ၏၊ ထို့ကြောင့် ပဉ္စာလတိုင်းသူ တိုင်းသားတို့သည် ဖြဟ္မဒတ်မင်း၏ ကျေးကျွန်-ဖြဟ္မဒတ်မင်း၏ ဥစ္စာတို့တည်း၊ အမိ+နှင့် ဖြဟ္မဒတ္တေကိုလည်း "သံ+သာမီ" အဖြစ်ဖြင့် စပ်ရသောကြောင့် "ဖြဟ္မဒတ္တေ-ဖြဟ္မဒတ်မင်း၏" ဟု သာမီ အနက်ပေးရသည်၊ ဖြဟ္မဒတ္တေကား "၏" ဟူ၍ အနက်ပေးသောကြောင့် အမိ၌ သာမီ, အမိကား သံ (ဥစ္စာ) တည်း-ဟု စာစပ်၊ ပဉ္စာလာနှင့် အမိကား တုလျတ် လိင်တ်စပ်၊ ဝိဘတ်သက်ရာ၌ "ဣဿရ အနက်ရှိသော အမိသဒ္ဒါနှင့် ယှဉ်သော ကြောင့်" ဟု ဆိုရိုးသာ။

**အမိနစ္ဆေသု၊ပေ၊ဗုဒ္ဓေါ**—ဂေါတမီသည် ကချေသည်အပေါင်း၌ အစိုးရသူတည်း၊ ဝါ-ကချေသည်အပေါင်း၏ အရှင်သခင်တည်း၊ ဘုရားရှင်သည် သမ္မုတိနတ် ဥပပတ္တိနတ် ဝိသုဒ္ဓိနတ်ဟူသော နတ်သုံးမျိုးတို့၌ အစိုးရတော်မူ, နတ်သုံးမျိုးတို့၏ အရှင်သခင် ဖြစ်တော်မူ၏၊ ဤပုံစံ ၂ ခု၌ အမိသဒ္ဒါသည် ဣဿရ (အစိုးရသူ, အရှင်သခင်, သာမိ) အနက်ကိုဟော၏၊ "ဂေါဏာနံ ဂေါဏေသု ဣဿရော" ဟု သာမိဿရာ မိပတိသုတ်၌ ပြခဲ့သည့်အတိုင်း သာမီအနက်, အာဓာရအနက် ၂ ချက်ငဲ့သော ဣဿရ အနက်ဟော အမိသဒ္ဒါ၏ ယှဉ်ဘက်ဖြစ်သောကြောင့် နစ္ဆေသု ဒေဝေသုတို့ကိုလည်း အာဓာရ-သာမီ ၂ နက်ပေးရသည်၊ ဤသို့လျှင် အမိဖြဟ္မဒတ္တေ၌ အမိသဒ္ဒါသည် အစိုးရ ရှိသူ (သံ) အနက်ကိုဟော၍ ဤ ၂ ပုံစံ၌ အစိုးရသူ (သာမိ) အနက်ကို ဟောသော ကြောင့် သုတ်၌ပါသော ဣဿရဝစနေဝယ် ဣဿရသဒ္ဒါသည် တန္တနည်းအားဖြင့် အနက် ၂ မျိုး ကိုဟော၏-ဟု ဆိုခဲ့သည်၊ အမိဒေဝေသု ဗုဒ္ဓေါဝယ် ရူပသိဒ္ဓိ၌ အမိပ္ပာယ်တမျိုး ပြသေး၏, ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု၊ စာစပ် ဝိဘတ်သက်ပုံမှာ ရှေးအတိုင်းတည်း။

၃၁၅။ မင်္ဂလိ၊ ပေ၊ သွတ္တေသု—မင်္ဂလာ ယဿ အတ္ထိတိ မင်္ဂလိတော၊ "မင်္ဂလာ-ကြည်လင်ခြင်းသည်" ဟုပေး၊ ပညာရှိသူကို "ပဏ္ဍိတ" ဟု ခေါ်သကဲ့သို့, ကြည်လင်ခြင်း ရှိသူကို မင်္ဂလိတဟုခေါ်၏၊ ဥဿုက္ကသဒ္ဒါသည် အားထုတ်တတ်သူကို ဟော၏၊

နာမကပ္ပေ-နာမ်ကျမ်း၌၊ ကာရကကပ္ပေါ-ကာရကကျမ်း မည်သော၊ ဆဋ္ဌော ကဏ္ဍော-ဆဋ္ဌအခန်းသည်၊ ဠတိ-ပြီးပြီ။

---

"ဉဿုကာဿ ဘာဝေါ ဉဿုက္ကံ" ဟု ပြုလျှင် အားထုတ်တတ်သူ၏ အဖြစ် (အားထုတ်ခြင်းကြီယာ လုံ့လ ဝီရိယ) ကိုရ၏၊ "ဉဿုက္ကံ ယဿ အတ္ထိတိ ဉဿုက္ကော" ဟု ပြုလျှင် အားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်ရသည်၊ ပဿိဒ်တောသည် မဏ္ဍိတအနက်တည်း၊ ထိုမဏ္ဍိတ ဉဿုက္ကအနက်၌ တတိယာ မသက်ပဲ, ထိုအနက်၏ယှဉ်ရာ ဉာဏနှောင် သက်သောကြောင့် "ဧတေသု အတ္ထေသု-ဤအနက်တို့ကို၊ ဂမျမာနေသု-ကုန်သော်" ဟု ရူပသိဒ္ဓိအတိုင်း ပေးသည်၊ မဏ္ဍိတ ဉဿုက္ကအနက်တို့ကို သိအပ်ကုန်သော် (ဝါကျ အတွင်း၌ သိအပ်လို့ရှိလျှင်) ထိုအနက်တို့၏ ယှဉ်ရာလိင်နောင် တတိယာသက်၊ စသဒ္ဒါဖြင့် သတ္တမီလည်း သက်ပါ—ဟူလို။ [သီဟိုဠ်မူ၌ စသဒ္ဒါပါသည်။]

ဉာဏေန၊ပေ၊ဉာဏသ္မိံ ဝါ—"ဉာဏေန-ဖြင့်၊ ဉာဏသ္မိံ-၌" ဟု တတိယာ သတ္တမီ ဝိဘတ်တို့၏ ဟောရိုးအတိုင်း ကရိုဏ်းအနက် အာဓာရအနက်တို့သာ ဆရာတို့ ပေးစေလိုကြ၏၊ ဘုရားရှင်နှင့် ဘုရားအန္တယ်တော်သည် ဉာဏ်ဖြင့် ကြည်လင်-ထိုထို ကိစ္စဝယ် ဉာဏ်ဖြင့် အားထုတ်၏၊ ဉာဏ်အရာ၌ (ဉာဏ်နှင့် ဆိုင်ရာ ရောက်လျှင်) ကြည်လင်-ဉာဏ်အရာ၌ (ဉာဏ်၏အာရုံ-ဉာဏ်ဖြင့် လုပ်ရမည့်ကိစ္စ၌) အားထုတ်၏- ဟူလို၊ တတိယာ သတ္တမီတို့၏ ဟောရိုးအနက်ကို ပေးစေလိုလျှင် ကရဏေ တတိယာ- ဩကာသေ သတ္တမီသုတ်ဖြင့် ပြီးနိုင်သည် မဟုတ်လော၊ ဤသုတ်ကို ဆိုရခြင်းသည် အဘယ် အကျိုးရှိသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား-ဤသုတ်မရှိလျှင် မဏ္ဍိတဿ ဉဿုက္ကဿ သဒ္ဒါတို့၏ ယှဉ်ရာ၌ တတိယာဖြစ်စေ သတ္တမီဖြစ်စေ တမျိုးသာသက်နိုင်၏- ဟု ယူမှားဖွယ်ရှိ၏၊ ဤသုတ်ကို ဆိုရခြင်းကြောင့် ထိုသဒ္ဒါတို့၏ ယှဉ်ရာဝယ် တတိယာ သတ္တမီ ၂ မျိုးလုံးပင် သက်နိုင်၏-ဟု သိစေရခြင်းအကျိုး ရှိသည်။ [သာမိဿရာဓိပတိ သုတ်၌ "ဉဘယတ္ထံ ဝစနံ" ဟူသော ရူပသိဒ္ဓိအဆိုကို နည်းမှီး၍ ဖြေခြင်းဖြစ်သည်။] နိဒ္ဒေသဥ္စမှု တတိယာ သတ္တမီ ၂ မျိုးလုံးပင် နိမိတ်အနက်၌ သက်၏" ဟု ဆို၏၊ ဉာဏ်ကြောင့် ကြည်လင်၍ ဉာဏ်ကြောင့် အားထုတ်သည်—ဟူလို။

ဠတိ၊ပေ၊ကဏ္ဍော—နာမကပ္ပ (နာမ်ကျမ်း) ဟူသော အပိုင်းကြီးဝယ် ကာရကကပ္ပဟူသောအပိုင်းလည်း ပါဝင်၏၊ ထို ကာရကကပ္ပသည် နာမ် ပဋ္ဌမကဏ္ဍကို ထောက်၍ ၆ ခန်းမြောက်လည်း ဖြစ်၏၊ ထို့ကြောင့် "ကာရကကပ္ပေါ ဆဋ္ဌော ကဏ္ဍော" ဟု မိန့်သည်၊ သီဟိုဠ်မူ၌ကား "နာမကပ္ပေ" မပါ၊ "ဠတိ ကာရကကပ္ပေါ ဆဋ္ဌော ကဏ္ဍော" ဟုသာ ရှိ၏၊ အဓိပ္ပာယ် မထူးလှချေ။

**ဤကား ကာရက ဘာသာဋီကာ။**

---

# သမာသ် ဘာသာဋီကာ

## အချိနိဒါန်း

**သမာသ် ခေါ်ရကြောင်း။** ။သမသနံ - ချုံးခြင်း၊ သမာသော - ချုံးခြင်း၊ ကျဉ်းအောင် ကြုံ့အောင်ပြုခြင်းကို "ချုံးခြင်း" ဟု ခေါ်၏။ [သံပုဗ္ဗ အသုဓာတ်သည် သခေ်ပအနက်ကို ဟော၏၊ ဏ ပစ္စည်းသက်, အာဝုဒ္ဓိပြု။] ချဲ့ဦးအံ့–"ရညော+ပုရိသော" ဝါကျအခိုက်၌ ရညောတပုဒ် ပုရိသောတပုဒ် ဖြစ်၍ သဒ္ဒါလည်း ကျယ်၏၊ ရညောအရ မင်းဖြပ်ရ၍, ပုရိသောအရ ယောကျာ်းဖြပ်ရသောကြောင့် အနက်အရလည်း ကျယ်နေ၏၊ "ရာဇပုရိသော" ဟု သမာသ်ပြုလိုက်သောအခါ တဝိဘတ်ဆုံး၍ တပုဒ်တည်း ဖြစ်သွားသောကြောင့် သဒ္ဒါလည်း ကျဉ်း၏၊ "မင်းသား" ဟု အနက်တခုတည်းသာ ရသောကြောင့် အနက်လည်း ကျဉ်းလာ၏၊ ဤသို့လျှင် ကျယ်နေသောသဒ္ဒါကို လည်းကောင်း, ထိုသဒ္ဒါ၏ အနက်ကို လည်းကောင်း, ကြုံ့အောင် ချုံးခြင်း ကျဉ်းအောင် ချဉ်းခြင်းကို "သမာသ်" ဟု ခေါ်သည်။ ["သမာသော ပဒသခေ်ပေါ= ၂ပုဒ် ၃ ပုဒ်စသည်တို့ကို ချုံးခြင်းသည် သမာသ်မည်၏" (ရူပသိဒ္ဓိ)။]

**နိစ္စဝါဒီ ဝစနတ်။** ။"သဒ္ဒါဟူသည် အစဉ်အဆက် ခေါ်ဝေါ် ပညတ်အပ်သော ပညတ်တည်း၊ ပညတ်ဖြစ်၍ ဖောက်ပြန် ပျက်စီးခြင်းမရှိ, မြဲ၏" ဟု ပြောလေ့ရှိသော ဆရာသည် နိစ္စဝါဒီမည်၏၊ ထိုဆရာကား "ရူပံ ဇီရတိ မစ္စာနံ, နာမဂေါတ္တံ န ဇီရတိ" နှင့်အညီ "သတ္တဝါတို့၏ ရုပ်တရားသည် ဆွေးမြေ့ ပျက်စီး၏၊ အမည် အနွယ် ပညတ်ကား မပျက်စီး" ဟု ဆိုလိုသည်၊ ထိုဆရာ့ အလိုအားဖြင့် "ရာဇ ပုရိသော" ဖြစ်အောင် မည်သူမျှ စပ်ဟပ်၍ ပေးရသည်မဟုတ်, သူ့နဂိုရ်အတိုင်း စပ်ပြီးဖြစ်ရကား "သမသ္သတေ-ပေါင်းစပ်တတ်၏၊ ဣတိ သမာသော" ဟု ကတ္တုသာဓ် ဝစနတ် ပြုရသည်။ ["ပေါင်းစပ်ခြင်း အနက်ဟော" အသုဓာတ်သည် သွာဒိဂိုဏ်း, ဏာ ကို န ပြု၍ "အသ္သ" ဟု ဖြစ်သည်။]

အနိစ္စ ဝစနတ်။ ။"သဒ္ဒါဟူသည် ရုပ် ၂၈ ပါးတွင် ပါဝင်သော သဒ္ဒရုပ်ပရမတ်တည်း၊ ပရမတ်ဖြစ်သောကြောင့် မမြဲ" ဟု ပြောလေ့ရှိသော ဆရာသည် အနိစ္စဝါဒီမည်၏၊ ထိုဆရာ့အလိုအားဖြင့် "ရာဇပုရိသော" ဟု ပြောဆိုသောအခါ ဝဒန္တပုဂ္ဂိုလ်က စပ်ဟပ်၍ ပြောဆိုအပ်သောကြောင့် "သမသ္သတေ-စပ်အပ်၏၊ ဣတိ သမာသော" ဟု ကမ္မသာဓ်ဝစနတ် ပြုရသည်၊ "သမသနံ သမာသော" ဟူသော ဘာဝသာဓ် ဝစနတ်ကိုကား ဆရာ ၂ ဦးလုံးပင် ခွင့်ပြု၏၊ ဘာ့ကြောင့်နည်း....စပ်တတ်သည်ဖြစ်စေ, စပ်အပ်သည်ဖြစ်စေ ရာဇနှင့် ပုရိသတို့ စပ်နေခြင်းကြိယာသာ အစစ်အမှန် ဖြစ်သောကြောင့်တည်း။

[ဆောင်] သမာသ် ဝစနတ်, ကတ္တုသာဓ်ကို, နိစ္စဝါဒီ, ဆရာဆို၏၊
ကမ္မသာဓ်ကို, အနိစ္စဝါဒီ, ဆရာဆို၏၊ ဘော ဆိုသည်ကား,
၂ ပါး ဆရာ့ အလိုတည်း။

ဆက်ဦးအံ့—ပုရိသောစသော သဒ္ဒါအားလုံး၌ပင် ဤကဲ့သို့ ပညတ်-ပရမတ် ၂ မျိုး ကွဲ၏၊ "ပု" ဟုလည်းကောင်း "ရိ" ဟုလည်းကောင်း ရွတ်ဆိုခိုက် အသံသည် သဒ္ဒရုပ် (ပရမတ်) တည်း၊ ဤ သဒ္ဒရုပ်ကိုပင် "သဒ္ဒါ" ဟု ခေါ်ရကား "ပုရိသော" စသော သဒ္ဒါသည် မမြဲသော အနိစ္စတရားတည်း-ဟု အနိစ္စဝါဒီ ဆရာတို့က ယူကြသည်၊ နိစ္စဝါဒီ ဆရာတို့ကမူ ထို ရွတ်ဆိုခိုက် သဒ္ဒရုပ်တရားသည် "ယောက်ျား" ဟူသော အနက်ကို မပြနိုင်သေး၊ "ပုရိသော" ဟု အက္ခရာ ၃ လုံး ပေါင်းမိမှ "ယောက်ျား" ဟူသော အနက်ကို ပြနိုင်၏၊ ထို အက္ခရာ ၃ လုံးပေါင်းမိသောအခါ ပရမတ်မဟုတ်တော့, သမူဟပညတ် ဖြစ်လေပြီ၊ ထိုပညတ်ကား ပျောက်ကွယ် ပျက်သွားခြင်း မရှိ, ကမ္ဘာစဉ်ဆက် မြဲလျက်တည်သည်-ဟု ယူသည်၊ ဤအဓိပ္ပာယ်အရ သမာသဝစနတ်ကို ၃ မျိုး ပြုရသကဲ့သို့ "သန္ဓဟတီတိ သန္ဓိ=စပ်တတ်သောကြောင့် သန္ဓိ၊ သန္ဓိယတီတိ သန္ဓိ=စပ်အပ်သောကြောင့် သန္ဓိ၊ သန္ဓဟနံ သန္ဓိ=စပ်ခြင်းသည် သန္ဓိ" ဟု သန္ဓိဝစနတ်ကိုလည်း ၃ မျိုးပင် ပြုကြရသည်။

**သန္ဓိစပ်နှင့် သမာသ်စပ် အထူး။** ။"ယဿ+ဣန္ဒြိယာနိ" ၌ ယဿဝယ် သဝိဘတ် မကြေပဲ နောက်ပုဒ်နှင့် "ယဿိန္ဒြိယာနိ" ဟု စပ်၏၊ "ယဿ-အကြင်သူ၏၊ ဣန္ဒြိယာနိ-ဣန္ဒြေတို့" ဟု အနက်လည်းမစပ်ပဲ ခွဲ၍ အနက်ပေးရ၏၊ ဤသို့ အနက်လည်း မစပ် ဝိဘတ်လည်း မကြေပဲ ရွတ်ဆိုရာ၌ ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့ ချောမောပြေပြစ်ရုံမျှ စပ်ခြင်းသည် သန္ဓိစပ်တည်း၊ ရာဇပုရိသောကဲ့သို့ ရှေ့ပုဒ်၏ ဝိဘတ်ကြေ၍ တပုဒ်တည်း ဖြစ်အောင်လည်းကောင်း, "မင်း၏+ယောက်ျား"ဟု မင်းဒြပ်တခြား ယောက်ျား ဒြပ်တခြား-ဟု အနက် ၂ မျိုး မပြားစေပဲ "မင်းချင်းယောက်ျား" ဟု (ယောက်ျား) တနက်တည်းရအောင်လည်းကောင်း စပ်ခြင်းသည် သမာသ်စပ်တည်း၊ ဤသို့ သမာသ်စပ် သန္ဓိစပ် အထူးကို မှတ်ရာ၏။ [ ဂဝံပတိ-စသော အလုတ္တသမာသ်၌ ဝိဘတ်မကြေသော်လည်း အနက်ကား စပ်လျက်ပင်၊ ¡ ထို့ကြောင့် သမာသ်စပ်၌ အနက်စပ်ခြင်းသည် သာ၍ လိုရင်း ဖြစ်၏၊ ထို့ကြောင့် "ဧကတ္ထီဘာဝေါ သမာသလက္ခဏံ" ဟု မိန့်ကြလေသည်။ ]

[ ဆောင် ] ဝိဘတ်ကြေပျက်, ပုဒ်အနက်, စပ်ချက် သမာသ်ထုံး။
အနက်မစပ်, ဝိဘတ်မကြေ, ပုဒ်သာပြေ, မှတ်လေ သန္ဓိသုံး။

**သမာသ် ၂ မျိုး။** ။သဒ္ဒသမာသ် အတ္ထသမာသ်ဟုလည်းကောင်း, လုတ္တသမာသ် အလုတ္တသမာသ် ဟုလည်းကောင်း, ယုတ္တသမာသ် အယုတ္တသမာသ်ဟု လည်းကောင်း, နိစ္စသမာသ် အနိစ္စသမာသ်ဟု လည်းကောင်း ၂ မျိုးစီပြား၏၊ ထိုတွင် "ရညော+ပုရိသော" ဟု ၂ ဝိဘတ် ဆုံးသော သဒ္ဒါ ၂ ပုဒ်ကို "ရာဇပုရိသော" ဟု တပုဒ်တည်းဖြစ်အောင် ချုံးခြင်းသည် သဒ္ဒါကိုချုံးခြင်းဖြစ်သောကြောင့် သဒ္ဒသမာသ်မည်၏၊ "ရညော+ပုရိသော" ဟူသော ဝါကျအခိုက်၌ မင်းဒြပ် ယောက်ျားဒြပ်ဟု အနက် ၂ ရပ်ရ၍ "ရာဇပုရိသောဟု သမာသ်ဖြစ်လာသည့်အခါ "ယောက်ျား" ဟူသော အနက်တခုကိုသာ ရခြင်းသည် အနက်ကို ချုံးခြင်း ဖြစ်သောကြောင့် အတ္ထသမာသ် မည်၏၊ ရာဇပုရိသောဝယ် ရာဇနောင် သဝိဘတ်ကြေသောကြောင့် လုတ္တသမာသ် မည်၏၊ "ဂဝံပတိ"စသည်၌ကား ဂဝံနောင် နံဝိဘတ် မကြေသောကြောင့် အလုတ္တ

သမာသ်မည်၏၊ ရာဇနှင့်ပုရိသသည် စပ်သင့်သောအနက်ရှိသောကြောင့် ရာဇပုရိသော သည် ယုတ္တသမာသ် မည်၏။ (ယုတ္တတ္ထသမသ်ဟုလည်း ခေါ်၏၊) အသဒ္ဓဘောဇီ စသော ပြယုဂ်၌ "န+သဒ္ဓံ အသဒ္ဓံ" ဟု သမာသ် စပ်ထားသော်လည်း စပ်သင့်သော အနက်မရှိသောကြောင့် အတ္ထ (အယုတ္တတ္ထ) သမာသ်မည်၏။ [အကျယ်ကို ရူပသိဒ္ဓိ ကမ္မဓာရဲသမာသ် အဆုံးနားမှာ ရှု။] ကုမ္ဘကာရော၌ "ကုမ္ဘံ+ကာရော" ဟု ဝါကျ မရှိရ, ကုမ္ဘကာရော ဟု အမြဲသမာသ်သာ ဖြစ်ရသောကြောင့် နိစ္စသမာသ် မည်၏၊ "ရာဇပုရိသော" ကား ရညော+ပုရိသော" ဟု ဝါကျလည်း ရှိနိုင်၍ သမာသ် မမြဲသောကြောင့် အနိစ္စသမာသ်မည်၏၊

သမာသ် ၃ မျိုး။ ။သဒ္ဒသမာသ် အတ္ထသမာသ် သဒ္ဒတ္ထသမာသ် ဟုလည်း ကောင်း, အာဒိ ပဒလောပ- မဇ္ဈေပဒလောပ- ဥတ္တရပဒလောပဟု လည်းကောင်း ၃ မျိုးစီပြား၏၊ အသဒ္ဓဘောဇီ၌ "န+သဒ္ဓံ, အသဒ္ဓံ" ဝယ် နနှင့် သဒ္ဓတို့သည် သဒ္ဒါ သာစပ်၍ အနက်မစပ်သောကြောင့် သဒ္ဒသမာသ်မည်၏၊ ဒိပက်ရောသည် ဒိပ်၌ အံဝိဘတ်မကြေသောကြောင့် သဒ္ဒါမစပ်ပဲ ဒိပက်ရာဘုရား" ဟု အနက်အားဖြင့်သာ စပ်သောကြောင့် အတ္ထသမာသ် မည်၏၊ ရာဇပုရိသော စသည်ကား သဒ္ဒါအနက် ၂ မျိုးလုံး စပ်သောကြောင့် သဒ္ဒတ္ထသမာသ် မည်၏၊ "ဒေဝေန+ဒတ္တော, ဒတ္တော- ဒေဝဒတ်" ဟူရာ၌ ဒေဝဟူသော အစပုဒ်ကြေသောကြောင့် အာဒိပဒလောပသမာသ် မည်၏၊ "အဇေယျန+ယုတ္တော+ရထော-အဿရထော" ဟူရာ၌ (ယုတ္တော ဟူသော အလယ်ပုဒ်ကြေသောကြောင့်) မဇ္ဈေပဒလောပသမာသ် မည်၏၊ "ရူပဿ ဘဝေါ ရူပံ-ရူပဘဝ" ဟူရာ၌ (ဘဝေါ ဟူသော နောက်ပုဒ်ကြေသောကြောင့်) ဥတ္တရပဒ လောပသမာသ် မည်၏။

သမာသ် ၄ မျိုး။ ။ပုဗ္ဗပဒတ္ထပဓာန-ဥတ္တရပဒတ္ထပဓာန-ဥဘယပဒတ္ထပဓာန- အညပဒတ္ထပဓာနသမာသ်ဟု သမာသ် ၄ မျိုးရှိ၏၊ အဗျယီဘာဝသမာသ်သည် ရှေ့ပုဒ် အနက် ပြဓာန်းသောကြောင့် ပုဗ္ဗပဒတ္ထပဓာနသမာသ် မည်၏၊ တပ္ပုရိသ် ကမ္မဓာရဲ ဒိဂုသမာသ် တို့သည် နောက်ပုဒ် အနက် ပြဓာန်းသောကြောင့် ဥတ္တရ ပဒတ္ထပဓာန သမာသ်မည်၏၊ ဒွန်သမာသ်သည် ၂ ပုဒ်အနက် ပြဓာန်းသောကြောင့် ဥဘယပဒတ္ထ ပဓာနသမာသ် မည်၏၊ ဗဟုဗ္ဗီဟိသမာသ်သည် အညပုဒ်အနက် ပြဓာန်းသောကြောင့် အညပဒတ္ထ ပဓာနသမာသ် မည်၏၊ ထို ၄ မျိုးသည်ပင် ကမ္မဓာရဲ ဒိဂုကို သီးခြားယူလျှင် "ဗျ-ကမ်-ဒီ-တပ်, ဗ-ဒွန္ဒတ်, ခြောက်ရပ် သမာသာ" ဟု သမာသ် ၆ မျိုး ဖြစ်၏။

သမာသ် လက္ခဏာ။ ။"ဘိန္နတ္ထာနံ-ကွဲပြားသော အနက်ရှိသော ပုဒ်တို့၏ ဧကတ္ထီဘာဝေါ-တခုတည်းသော အနက်ရှိကုန်သည်၏ အဖြစ်သည်၊ သမာသလက္ခဏံ- သမာသ်၏လက္ခဏာတည်း" နှင့်အညီ နုဂိုရ်က အနက်အရချင်း ကွဲပြားသောပုဒ်တို့၏ အနက်တမျိုးတည်းကိုသာ ပိုင်းဝန်း၍ ဟောရခြင်းသည် သမာသ်မည်၏ အမှတ် အသားတည်း၊ ရှုဦးအံ့-လက္ခဏာ ဟူသည် ထူးခြားသော အမှတ် အသားတည်း၊ လူအများ စုနေရာ၌ လူတယောက်ကို အခေါ်ခိုင်းလိုလျှင် ထိုသူ၏ ထူးခြားသော အမှတ်အသားကို ညွှန်ပြ၍ "မျက်နှာ၌ အမာရွတ်ရှိတဲ့လူကို ခေါ်ချေ" စသည်ဖြင့် ခိုင်းရသည်၊ ထိုသို့ခိုင်းရာ၌ အမာရွတ်သည် အခြား လူတို့နှင့်မတူ ထူးခြား ကွဲပြားသော

အမှတ် အသား ဖြစ်သကဲ့သို့, ထို့အတူ နဂိုရှိက အနက်ချင်း မတူသော ပုဒ်တို့၏ အနက်တူ ဖြစ်လာခြင်းသည် တခွိတ် အချာတ် ကိတ်တို့မှ ထူးခြားသော အမှတ် အသားတည်း၊ မှန်၏-တခွိတ်သည် နာမ်ပုဒ်နှင့် ပစ္စည်းတို့ ချဉ်းကပ်၍ ကိတ်သည် ဓာတ်နှင့် ပစ္စည်းတို့ ချဉ်းကပ်၏၊ အာချာတ်လည်း ဓာတ်နှင့် ဝိဘတ် ချဉ်းကပ်ခြင်း ဖြစ်၏၊ ထိုအားလုံးပင် ၂ ပုဒ် ၃ ပုဒ် စသည့်တို့၏ ပေါင်းစပ်ခြင်း မဟုတ်ရကား ကွဲပြား သော အနက် ရှိသော ၂ ပုဒ် ၃ ပုဒ် စသည့်တို့၏ အနက် တမျိုးတည်းကို အတူတကွ ဟောခြင်း'' ဟူသော အမှတ် လက္ခဏာ မပါကြချေ၊ သမာသ်၌သာ'' ထို လက္ခဏာ ပါရှိ၏၊ ထို့ကြောင့် ''ဘိန္နတ္ထာနံ ဧကတ္ထီဘာဝေါ သမာသ လက္ခဏံ'' ဟု ရှေးဆရာ တို့ မိန့်တော်မူကြသည်။

**ဆက်ဦးအံ့**—''ရသော+ပုရိသော'' ဟု သမာသ်မစပ်ခင် အခိုက် အတန့်၌ ရသော အရ မင်းဖြစ်ရ၍, ပုရိသော အရ ယောကျ်ားဖြစ်ရ၏၊ ထို့ကြောင့် ရသော+ပုရိသော ၂ ပုဒ်တို့ အနက်အားဖြင့် ကွဲပြား၍ ဘိန္နတ္ထဖြစ်ကြသည်၊ ''ရာဇပုရိသော''ဟု သမာသ် စပ်လိုက်သောအခါ ''မင်းချင်း ယောကျ်ား (မင်းကို ခစားသော ယောကျ်ား)''ဟု အနက်တခုတည်းသာ ရတော့သည်။ [ဧကော အတ္ထော ယေသံတိ ဧကတ္ထာ၊ ယေသံ- အကြင် ပုဒ်တို့၏၊ ဧကော-တခုတည်းသော၊ ဝါ-တူသော၊ အတ္ထော-သည်၊ အတ္ထိ- ၏၊ ဧကတ္ထာနံ-တခုတည်းသော (တူသော) အနက် ရှိသော ပုဒ်တို့၏၊ ဘာဝေါ- ဖြစ်ကြောင်းဖြစ်ရာသည်၊ ဧကတ္ထီဘာဝေါ-မည်၏။]

**မှတ်ချက်။** ။သီဟိုဠ်မူ၌''ဧကတ္ထဘာဝေါ''ဟု ရှိ၏၊ မြန်မာမူ၌ သကတ်အနက်၌ (ဤ) ပစ္စည်းသက်၍ ဧကတ္ထီဘာဝေါဟုရှိ၏၊ ဧကတ္ထီဘာဝေါကဲ့သို့ ''ဧကတ္ထီဘာဝေါ'' ဟု ရသည်ရှိစေ၊ ဧကတ္ထီဘာဝေါကို ''ဧကသ္မိံ အတ္ထေ ဝုတ္တိ'' ဟု ဋီကာဖွင့်ပုံကို ထောက်လျှင်''ဧကော-တခုသောဟု ပေးသင့်၏၊ ''သဒ္ဒေရဏာတ္တဘာ-ဆက်ဆံသော အနက်ရှိကုန်သည်၏ အဖြစ်''ဟု မောဂ္ဂလ္လာန် ပဋိကာဖွင့်ပုံကို ထောက်လျှင်''ဧကော= တူသော''ဟု အနက်ပေးသင့်၏၊ ဘိန္နတ္ထ၏ ပြောင်းပြန် ဖြစ်သောကြောင့် ''ဧကတ္ထ= တူသော အနက်ရှိ'' ဟု ဆိုခြင်းက သာ၍သင့်ဖွယ် ရှိသည်။

**သဒ္ဒနီတိ။** ။''နာနာပဒါနံ ဧကပဒတ္တူပဂမနံ သမာသလက္ခဏံ''—ဟု ဆို၍ ပြခဲ့သောလက္ခဏာကို ဧကဇိဝါဒ ဟု ဆိုသည်၊ နာနာပဒါနံ-အမျိုးမျိုးသော ၂ ပုဒ် ၃ ပုဒ် စသည်တို့၏၊ ဧကပဒတ္တူပဂမနံ-တပုဒ်တည်း အဖြစ်သို့ ကပ်ရောက်ရခြင်းသည်၊ သမာသ လက္ခဏံ-တည်း၊ ''ရသော+ပုရိသော'' ဟု ၂ ပုဒ် ကွဲပြားနေရာမှ ''ရာဇ ပုရိသော'' တပုဒ်တည်း ဖြစ်လာရခြင်း, ဒွန်၌ ''ပဝရ သုရာ သုရ ဂရုဠ မနုဇ ဘုဇဂ ဂန္ဓဗ္ဗာ'' စသည်ဖြင့်တပုဒ်တည်း ဖြစ်လာရခြင်းသည် တခွိတ် စသည်၌ မရှိ, သမာသ် ၌သာရှိသော ထူးခြားသော လက္ခဏာတည်း ဟု ဆိုလိုသည်၊ ဤ သဒ္ဒနီတိ ဆရာသည် ဒွန်သမာသ်၌ အနက် အများကို ရသဖြင့် ဧကတ္ထ မဟုတ်နိုင်သောကြောင့် ''ဧကတ္ထီ ဘာဝေါ သမာသလက္ခဏံ'' ကို ဧကဇိဝါဒ ဟု ဆိုဟန်တူ၏၊ သို့သော် ဒွန်၌လည်း ရူပသိဒ္ဓိ ပြထားသည့်အတိုင်း ဧကတ္ထီဘာဝ ဖြစ်နိုင်ပါသည်။

**မူလအနက် စွန့်–မစွန့်။** ။“ရာဇပုရိသော”ဟု သမာသ်ဖြစ်သည့်အခါ “ရာဇ ကဲ့သို့သော အပ္ပဓာန ပုဒ်တို့သည် မိမိ၏ မူလအနက်ကို စွန့်လွှတ်၍ ပဓာန ပုဒ်နှင့် စပ်ကုန်၏” ဟု ယူသော ဇဟမာန သကတ္ထဝါဒ, “မိမိ၏ မူလ အနက်ကို မစွန့်ပဲ စပ်ကုန်၏” ဟု ဆိုသော အဇဟမာနသကတ္ထ ဝါဒ ဟု ၂ ဝါဒ ကွဲ၏၊ ဇဟမာနာနိ သကတ္ထံ ယဿာတိ ဇဟမာနသကတ္ထာ၊ ယဿာ ဝုတ္တိယာ-အကြင် သမာသ်၏၊ သကတ္ထံ-မိမိအနက်ကို၊ ဇဟမာနာနိ-စွန့်သော ပုဒ်တို့သည်၊ သန္တိ ဇှတိ, သာဝုတ္တိ-ထို သမာသ်သည်၊ ဇဟမာနသကတ္ထာ-မည်၏။

**ဇဟမာန သကတ္ထဝါဒ။** ။ရာဇသဒ္ဒါသည် မင်း ဒြပ်တည်း ဟူသော အနက်ကို မစွန့်လျှင် “ရာဇ ပုရိသော” ဟူသော သမာသ်၌ မင်းဒြပ်-မင်းချင်း ယောကျ်ား ဒြပ်ဟု အနက် ၂ မျိုးရှိသောကြောင့် ဧကတ္ထီဘာဝ မဖြစ်နိုင်၊ ဧကတ္ထီဘာဝ မဖြစ်လျှင်လည်း သမာသ်လက္ခဏာ မရှိ၍ သမာသ်မဖြစ်နိုင်၊ ထို့ကြောင့် ရာဇသဒ္ဒါသည် မင်းဒြပ်တည်း ဟူသော မိမိအနက် (သကတ္ထ) ကို စွန့်လွှတ်၍သာ ပုရိသောနှင့်စပ်၏၊ ထိုသို့ စွန့်လွှတ် သော်လည်း ပုရိသောနှင့် သဘောတူသော ဝိသေသန အနက်ကိုကား မစွန့်၊ ဥပမာ- လက်သွားသည် မင်း၏ ကိစ္စ၌ ရှက်ဆောင်နိုက်ဝယ် မင်းကိစ္စနှင့် မသက်ဆိုင်သော လက်သွား အလုပ်ကိုသာ စွန့်ထား၍ မင်းမှုကိစ္စနှင့် ဆန့်ကျင်ဘက် မဖြစ်သော ပြုံးရယ် ခြင်း အယားဖျောက်ခြင်း စသော ကိစ္စကိုကား အခါအားလျော်စွာ စွန့်ဖို့ မလို သကဲ့သို့တည်း၊ ထို့ကြောင့် ရာဇပုရိသော ဟူသော သမာသ်၌ မင်းဒြပ်တည်း ဟူသော အနက်ကို စွန့်လွှတ်ပြီး ဖြစ်သောကြောင့် မင်းဒြပ်-ယောကျ်ားဒြပ် ဟု အနက် ၂ မျိုး မရ၊ ရာဇ သဒ္ဒါဖြင့် အထူးပြုထားသောကြောင့် ယောကျ်ား သာမန်ကိုလည်း မရ, မင်းချင်း ယောကျ်ားကိုသာ ရသည်။

> [ဗုဒ္ဓိပ္ပသာဒနီ] ထပတိ (လက်သွားသည်) ရာဇကမ္မေ ပဝတ္တမာနော သက တတ္ထ ကမ္မံ (လက်သွား အလုပ်ကို) ရာဇကမ္မဝိရုဒ္ဓံ (မင်းမှုနှင့် ဆန့်ကျင်ဘက် ဖြစ်၍) ဇဟာတိ၊ နာ-ဝိရုဒ္ဓံ (န+အဝိရုဒ္ဓံ) ဟသိတ ကဏ္ဍူယနာဒိံ၊ တထာ ရာဇသဒ္ဒေါပိ ဝိသေသျတ္ထဝုတ္တိဝိရုဒ္ဓမတ္တံ (ဝိသေသျ အနက်၌ ဖြစ်ခြင်းနှင့် ဆန့်ကျင်သော အနက်ကို) ဇဟာတိ၊ န တု ဝိသေသနံ။

**ဇဟမာန သကတ္ထ ဖြစ်ပုံ တနည်း။** ။စကားပန်း ထည့်ထားသော ခွက်၌ စကားပန်း တို့ကို မှောက်သွန် ပစ်လိုက်သော်လည်း စကားပန်း ထည့်ထားစဉ်ကနှင့် ဆက်သွယ်၍ “စကားပန်းခွက်” ဟူသော အသုံးအနှုန်း မပျက်သကဲ့သို့, ထို့အတူ “ရညော+ပုရိသော” ဟူသော ဝါကျ အခိုက်၌ မြင်အပ်သော ရာဇသဒ္ဒါနှင့် “ရာဇ ပုရိသော” ဟူသော သမာသ်အခိုက်၌ ရာဇသဒ္ဒါသည် တခုတည်းပင် ဟု ပြောဆိုသူ့ ဉာဏ်၌ ဆုံးဖြတ်ထားသောကြောင့် ရာဇပုရိသောဝယ် ရာဇသဒ္ဒါ၏အနက် (မင်းဒြပ် တည်းဟူသော အနက်) ကို စွန့်လွှတ်လိုက်ရ သော်လည်း ရညောတုန်းက ရခဲ့သော ဝိသေသနအနက်မှာ ဆက်နွယ်လျက် ရှိရကား “ရာဇပုရိသံ အာနယ=ရာဇပုရိသကို

ခေါ်ခဲ့'' ဟု ဆိုရာ၌ ယောကျ်ားသာမန်ကို မခေါ်ရ, ရာဇသဒ္ဒါဖြင့် အထူးပြုအပ်သော မင်းချင်းယောကျ်ားကိုသာ ခေါ်ဆောင်ရ၏။

[ဗုဒ္ဓိပ္ပသာဒနီ] အထဝါ-နွယ်တော (ဆက်နွယ်သောအားဖြင့်) ရာဇဝိသိဋ္ဌဿ ဂဟဏံ၊ တံ ယထာ (ဥပမာ ဘယ်လိုနည်း)၊ စမ္ပကပုဋ္ဌော မလ္လိကာပုဋ္ဌောတိ (စကားပန်းခွက် စမွယ်ပန်းခွက်ဟူရာ၌) နိဋ္ဌုဘောသု ကုသုမေသု (ပန်းတို့ကို မှောက်သွန်အပ်ကုန်ပြီးသော်လည်း) ဗျာပဒေသော (စကားပန်းခွက်, စမွယ်ပန်းခွက်ဟူသော အမည်သည်) အန္ဝယတော ဘဝတိ၊ တထေဟာပိ (ဤ၌လည်း ထို့အတူပင်)၊ တေန ရာဇဝိသိဋ္ဌဿ အာနယနံ, န တု ပုရိသမတ္တဿ။

**နည်း ၂ ပါးအထူး။** ။ပဌမနည်း၌ ''ရာဇသဒ္ဒါသည် မိမိအနက်ကိုစွန့်၏'' ဟု ဆိုသော်လည်း အကုန်အစင်စွန့်သည် မဟုတ်, ပုရိသောအား ကျေးဇူးများသော ဝိသေသန အနက်ကို ချန်ထားသေး၏၊ သို့သော် စွန့်အပ်သောအနက်ကို ရည်ရွယ်၍ ''ဇဟမာနသကတ္ထ''ဟု ဆိုသည်၊ ဒုတိယနည်း၌ကား ပန်းတွေကို သွန်လိုက်သကဲ့သို့ ရာဇသဒ္ဒါသည် အနက်အားလုံးကိုပင် စွန့်လိုက်၏၊ ရာဇပုရိသော ဟု သမာသ်ဖြစ်သည့်အခါ၌ကား ဝါကျတုန်းက ရာဇသဒ္ဒါနှင့် ဆက်နွယ်သောအားဖြင့် ဝိသေသနအနက်ကို ပြန်၍သိရသည်ဟု ဆိုလိုသည်၊ ဤကား ဇဟမာနသကတ္ထဝါဒ၌ အဓိပ္ပါယ်တည်း။

**အဇဟမာန သကတ္ထဝါဒ။** ။''အပ္ပဓာန ဝိသေသနပုဒ်သည် မိမိ၏ မူလအနက်ကို မစွန့်မူ၍ ပဓာနပုဒ်နှင့် သမာသ်စပ်၏'' ဟူသော ဝါဒ၌ ''မိမိ၏အနက်ကို မစွန့်'' ဟူရာဝယ် ''ရာဇပုရိသော'' ၌ ရာဇသဒ္ဒါသည် ''ရညော+ပုရိသော''ဟူသော ဝါကျအခိုက်တုန်းက မိမိမှာရှိသော ဝိသေသနအနက်ကို မစွန့်ခြင်း ဟု မှတ်သင့်၏၊ ဤသို့ ဝိသေသနအနက်ဟူသော သကတ္ထကို မစွန့်ပဲ ပုရိသနှင့် ပေါင်းစပ်၍ ''မင်းချင်းယောကျ်ား'' ဟူသော အနက်ကိုဟောသည်၊ ဥပမာ-ဆွမ်းခံသောရဟန်းသည် နောက်တအိမ်၌ ဆွမ်းရသော်လည်း ပဌမရခဲ့သောဆွမ်းကို စွန့်မပစ်ပဲ ဆွမ်းများအောင်သာ အားထုတ်သကဲ့သို့, ထို့အတူ ရာဇသဒ္ဒါလည်း ပုရိသောနှင့်ပေါင်းစပ်၍ ယောကျ်ားဖြစ်ဟူသော အနက်ကိုရသော်လည်း မူလရှိသော ဝိသေသနအနက်ကို မစွန့်ပဲ''မင်းချင်းယောကျ်ား'' ဟူသော အနက်အပေါင်းရအောင်သာ အားထုတ်သည်—ဟူလို။

[ကာတန္တ ဝုတ္တိဋီကာ] အဇဟမာနသကတ္ထာ ဝုတ္တိဗျော၊ အဇဟန္တော သကတ္ထမုပသဇ္ဇနံ ပဓာနတ္ထ မာဟောတိ ဘာဝေါ၊ ယထာ ဘိက္ခကော အပရံ ဘိက္ခမာသဇ္ဇ ပုဗ္ဗံ န ဇဟာတိ,သဉ္စယာယဧဝ ယတတီတိ၊ ပေ၊ တထာပိ ပဓာနောပသဇ္ဇနာ ပဓာနတ္ထံ သဟ ဗြုဝန္တီတိ။

ဝုတ္တိ-သမာသ်သည်၊ အဇဟမာန သကတ္ထာ-မစွန့်အပ်သော မိမိအနက်ရှိ၏၊ ဣတိ-ဤသို့၊ ကေ-အချို့ဆရာတို့ ဆိုကုန်၏၊ သကတ္ထံ-ကို၊ အဇဟန္တံ-သော၊ ဥပသဇ္ဇနံစ-ဝိသေသနသည်လည်း၊ ပဓာနတ္ထံ-ပဓာနအနက်ကို (ပုရိသောဟူသော ပဓာနပုဒ်၏

အနက်ကို)၊ အာဟ-ဟော၏၊ ဇွတိ ဘာဝေါ-ဤကား ဆိုလိုရင်း အဓိပ္ပာယ်တည်း၊ ဘိက္ခကော - ဆွမ်းခံသူသည်၊ အပရံ ဘိက္ခံ- အခြားဆွမ်းကို၊ အာသဇ္ဇ- ရ၍၊ ပုဗ္ဗ-ရှေ့ဆွမ်းကို၊ နှ ဇဟာတိ-မစွန့်၊ သဒ္ဓယာယ ဝေ-စုဆောင်း များပြားခြင်း ငှာသာ၊ ယတတိ-အားထုတ်၏၊ ဇွတိ-ဤဥပမာကဲ့သို့တည်း၊ ပေ၊ တထာဟိ-ထိုစကား မှန်၏၊ ပဓာနော့ပသဇ္ဇနာ-ပဓာန အပ္ပဓာန (ရညောနှင့် ပုရိသောကဲ့သို့သော) ပုဒ်တို့သည်၊ ပဓာနတ္တံ-ပဓာနပုဒ်၏အနက်ကို၊ သဟ-အတူ၊ မြဲဝန္တိ-ဟောကုန်၏။

မှတ်ချက်။ ။ဇဟမာနသကတ္တဝါဒ၌ ပဌမနည်းနှင့် ဤ အဇဟမာနသကတ္တဝါဒ သည် စကားဆိုပုံချင်း ကွဲသော်လည်း ဝိသေသနအနက်ကို မစွန့်ခြင်းကား သဘောတူ လျက်ပင် ရှိသည်၊ သမဏာဗြာဟ္မဏာစသော ဒွန်သမာသ်၌ သမဏာသဒ္ဒါသည် မိမိ၏ ရဟန်းဖြစ်တည်းဟူသော အနက်ကို လုံးလုံးမစွန့်မှသာ ရဟန်း ပုဏ္ဏား ၂ ပါးစုံကို ရနိုင်၏၊ ရာဇပုရိသော စသည့်၌ကား ရာဇသဒ္ဒါသည် မင်းဖြစ်အနက်ကို စွန့်မှသာ သမာသ်စပ်ရကျိုးရှိ၏၊ ထို့ကြောင့် ထို ဝါဒ ၂ မျိုးလုံးကို သမာသ်တမျိုးတည်း၌ မသုံးပဲ သူ့နေရာနှင့်သူ သင့်အောင်သုံးလျှင် ၂ ဝါဒလုံးပင် သင့်မြတ်ဖွယ်ရှိသည်။

သမာသ်စပ်ရကျိုး။ ။ဝိဘတ်ဆုံးသောပုဒ်များကို တကွဲစီမထားပဲ သမာသ်စပ်၍ ရွတ်ဖတ် ရေးသားရာ၌ ရထိုက်သောအကျိုးကို ရှာသ၌ ၁-ဝိဘတ်ကြေခြင်း, ၂-ပုဒ် တပါးတို့ သမာသ်အကြား၌ မဝင်နိုင်ခြင်း, ၃-စပ်ချင်တိုင်းစပ်၍ မဖြစ်ခြင်း, ၄-သင်္ချာ အထူးအထွေ မရှိခြင်း, ၅-ရှေ့ပုဒ်၏ ဝိသေသန မရှိခြင်း, ၆-စနိပါတ် ကြေပျောက်ခြင်း ဟု ၆ မျိုးပြ၏၊ ချဲဦးအံ့—

၁။ ဝါကျအခိုက်၌ ''ရညော+ပုရိသော'' ဟု ရညောဝယ် ဝိဘတ် မကြေနိုင်၊ သမာသ်ဖြစ်သည့်အခါ၌ကား ရညော၌ ဝိဘတ်ကြေ၍ ''ရာဇပုရိသော'' ဟု ဖြစ်၏၊ ဤသို့ ဝိဘတ်ကြေခြင်းသည် သမာသ်စပ်သည့်အတွက် ရအပ်သောအကျိုးတမျိုးတည်း။

၂။ ဝါကျ၌ ''ရညော မာဂဓဿ ပုရိသော-မဂဓတိုင်းကို အစိုးရသောမင်း၏ အချင်းယောကျ်ား'' ဟု စပ်ကြား၌ ပုဒ်တပါး ဝင်နိုင်သော်လည်း ''ရာဇပုရိသော'' ဟူသော သမာသ်၌ကား ပုဒ်တပါး မဝင်နိုင်။

၃။ ဝါကျ၌ ''ရညော ပုရိသော'' ဟု ရညောကို ပုရိသော၌လည်း စပ်နိုင်, ''ပုရိသော ရညော သန္တကော=ယောကျ်ားသည် မင်း၏ဥစ္စာ'' ဟု ရညောကို သန္တကော၌လည်း စပ်နိုင်၏၊ ဤသို့ ဝါကျတွင်းဝယ် စပ်လိုရာပုဒ်နှင့် စပ်နိုင်သော်လည်း ''ရာဇပုရိသော'' ဟူသော သမာသ်၌ကား စပ်ချင်တိုင်းစပ်၍ မရ, ရာဇကို ပုရိသော နှင့်သာ စပ်ရသည်၊ ဤသို့ စပ်ရပုံသန့်ရှင်းခြင်းလည်း သမာသ်စပ်ရကျိုး တမျိုးပင်တည်း။

၄။ ဝါကျ၌ ''ရညော+ပုရိသော'' ဟုလည်းကောင်း ''ရညံ ပုရိသော'' ဟု လည်းကောင်း ဧကဝုစ် ဗဟုဝုစ် သင်္ချာ ၂ မျိုးရှိနိုင်သော်လည်း သမာသ်၌ ထိုကဲ့သို့ သင်္ချာအထူးအထွေ မရှိ၊ ''ရာဇ ပုရိသော'' ဟုချည်းသာ ရှိသည်၊ ဤသို့ သင်္ချာ အမျိုးမျိုး မရှုပ်ထွေးခြင်းလည်း သမာသ် စပ်ရကျိုးပင်တည်း။

၅။ ဝါကျ၌ "ကောသလဿ ရညော ပုရိသော"ဟု ရှေ့ပုဒ်၏ ဝိသေသန ရှိနိုင်သော်လည်း သမာသ်၌ ကောသလဿ စသော ဝိသေသန မရှိခြင်းလည်း သမာသ်စပ်ရကျိုး တမျိုးတည်း။

၆။ ဝါကျ၌ "ပုရိသော စ ဂါဝေါ စ အဿော စ"ဟု စနိပါတ် မကြေသော်လည်း သမာသ်၌ "ပုရိသ ဂဝဿာ" ဟု စ နိပါတ် ကြေခြင်းလည်း သမာသ်စပ်ရကျိုး တမျိုးတည်း။

ယေဘုယျနည်း။ ။ဤ ၆ မျိုးလည်း များသောအားဖြင့် ရှိတတ်သောအကျိုးတည်း၊ အလုတ္တသမာသ်၌ ဝိဘတ်မကြေခြင်း, "အ ပုန ဂေယျာ-နောင်တဖန် မသီဆိုအပ်သော ဂါထာ" ၌ (အ) ကို ဂေယျာ၌ စပ်ပါလျက် "ပုန" ဟူသော ပုဒ်တပါး အကြားဝင်ခြင်း, "အာဟိတဂ္ဂိ= အဂျာဟိတော- ပူဇော်အပ်သော မီး" ဟူရာ၌ "အဂျာဟိတော မြာဟ္မဏော-မီးပူဇော်တတ်သော ပုဏ္ဏား" ဟု အာဟိတပုဒ်ကို စပ်လိုရာ ပုဒ်တပါးနှင့် စပ်နိုင်ခြင်း, ဒေဝဒတ္တဿ ဂုရုကုလံ" ကဲ့သို့သော ဂမက သမာသ်၌ ရှေ့ပုဒ်၏ ဝိသေသနရှိခြင်း, ဤ အကြောင်းများကြောင့် နှာသ၌ပြသော အကျိုး ၆ ပါးသည် ယေဘုယျအားဖြင့် ရနိုင်သောအကျိုးသာ ဖြစ်၍ ရူပသိဒ္ဓိဆရာ မနှစ်သက်သောကြောင့် "ဒွေဟိ သမာသဿ ပယောဇနာနိ ဧကပဒတ္တံ့မေက ဝိဘတ္တိတ္တဥ္စ" အကျိုး ၂ မျိုးကိုသာ ပြသည်၊ ၁-ဧကပဒတ္တဟူသည် ဝါကျအခိုက်၌ "ရညော+ပုရိသော" စသည်ဖြင့် ၂ ပုဒ် ၃ ပုဒ် စသည်ရှိ၍ သမာသ်အခိုက်၌ "ရာဇ ပုရိသော-ပုရိသဂဝဿာ" စသည်ဖြင့် တပုဒ်တည်း ဖြစ်ခြင်းတည်း၊ ၂-ဧကဝိဘတ္တိတ္တ ဟူသည် "ရာဇပုရိသော" စသည်ဖြင့် တဝိဘတ်တည်း ရှိခြင်းတည်း။

[ဆောင်] ထိုထို သမာသ်, စပ်ကျိုးမှတ်လော, ဝိဘတ်ကြေပြား, ပုဒ်တပါးတို့, ကြားမဝင်နိုင်, စပ်လို ပိုင်ရာ, မစပ်ပါတည်း, သချာအထူး မရှိဖူး မှတ်,ရှေ့ပါ၌ ဝိသေ, မရှိလေသား, စ-ကြေပျောက်မှု, ယေဘုယျနည်း, ဆရာပြသည်, နှာသမူ, ၆ ပါးဟူ၏၊ ရူပသိဒ္ဓိ, အမိန့်ရှိကား, တဝိဘတ်တည်း, တပုဒ်တည်းဟု, ၂ နည်းကျိုးမျှ ယူပါရသည်, မှတ်ကြ လွယ်ဖို့ ကဗျာတည်း။

မှတ်ဖွယ်။ ။သမာသ်စပ်ရခြင်းအကျိုးကိုပြရာ၌ "တပုဒ်တည်းဖြစ်ခြင်း"ဟူသော အကျိုးကို ထောက်၍ အနက် မြန်မာ ပြန်ရာ၌လည်း တနက်တည်း ဖြစ်အောင် ပြန်မှ သမာသ်စပ်ရကျိုး နပ်မည်၊ "ရာဇပုရိသော-မင်း၏+အချင်းယောက်ျား" ဟု မြန်မာပြန်လျှင် ရညော+ပုရိသော ဝါကျကို မြန်မာပြန်ပုံနှင့် တူနေ၍ သမာသ်စပ်ရကျိုး မနပ်၊ "မင်းချင်းယောက်ျား-မင်းခယောက်ျား" ဟု ပြန်မှ မြန်မာသမာသ်သံလည်း ဖြစ်မည်၊ မြန်မာ၌လည်း "မင်းသား-မွေ့အနီး-ယောက်ျားမြတ်" စသည်ဖြင့် သမာသ်တွေ ရှိ၏၊ ထို့ကြောင့် သမာသ်ပုဒ်ကို အနက်ပေးရာ၌ ဝါကျအတိုင်းကျအောင် အနက်ပေးခြင်းထက် မြန်မာလို ချုံးနိုင်သမျှ ချုံး၍ ပေးမှသာ သမာသ်စပ်ရကျိုး နပ်မည်ဖြစ်၍ ကျဉ်းနိုင်သမျှ ကျဉ်းအောင် မြန်မာပြန်နည်းကို လေ့လာကြပါကုန်။

နာမာနံ သမာသော ယုတ္တတ္ထော

၃၁၆။ ပယုဇ္ဇမာန ပဒတ္ထာနံ - ယှဉ်စပ် ထိုက်သော ပုဒ်နက်ရှိကုန်သော၊ တေသံ နာမာနံ-ထို နာမ်ပုဒ်တို့၏၊ ယော ယုတ္တတ္ထော-အကြင် ပေါင်းအပ် စပ်အပ်သော အနက်သည်၊ (အတ္ထိ-ရှိ၏၊) သော-ထိုပေါင်းအပ် စပ်အပ်သော အနက်သည်၊ သမာသသညော-သမာသ် အမည်ရှိသည်၊ ဟောတိ၊ ကထိန ဒုဿံ-ကထိန်လျာ

---

၃၁၆။ ကာရကအခန်းဖြင့် နာမ်ဝိဘတ်တို့၏ သတ္တိနက်ကို ပြပြီး၍ ယခုအခါ၌ ထို နာမ်ပုဒ်တို့၏ ပေါင်းစပ်ပုံကို ပြလိုသောကြောင့် "နာမာနံ သမာသော ယုတ္တတ္ထော" ဟူသောသုတ်ကို မိန့်တော်မူသည်။ [နာမာနံပုဒ် ယုတ္တတ္ထောပုဒ်တို့ကို ဆိုရခြင်း၏အကျိုးကို "နာမာန မိတိ ကိမတ္ထံ" စသည်ဖြင့် နောက်၌ ပြလတ္တံ့။]

တေသံ၊ပေ၊ပယုဇ္ဇမာန ပဒတ္ထာနံ—"ယှဉ်စပ်ထိုက်သော ပုဒ်နက်ရှိသော နာမ်" ဟူသည် အနက်အဓိပ္ပာယ်အားဖြင့် တပုဒ်နှင့်တပုဒ် ငဲ့စပ်နေသော နာမ်ပုဒ်များတည်း၊ ချဲ့ဦးအံ့—"ယုတ္တတ္ထောတိ ကိမတ္ထံ" စသော ဝါကျ၌ ပြလတ္တံ့အတိုင်း "ဘဋော ရညော, ပုတ္တော ဒေဝဒတ္တဿ" ဟူသော ပြယုဂ်၌ ရညောနှင့် ပုတ္တောသည် ပုဒ်နေပုံ နီးကပ်သော်လည်း အနက်အဓိပ္ပာယ်အားဖြင့် ငဲ့မှု စပ်မှု မရှိချေ၊ ရညောသည် ဘဋောကို ငဲ့စပ်၍ ပုတ္တောကား ဒေဝဒတ္တဿကို ငဲ့စပ်၏၊ "မင်း၏ ကျေးကျွန်, ဒေဝဒတ်၏ သား" ဟူလို၊ ထို့ကြောင့် ဤ၌ ပြအပ်သော ရညောနှင့် ပုတ္တောကဲ့သို့ အချင်းချင်း လုံးလုံး မငဲ့ မစပ်သော ပုဒ်များသည် "ပယုဇ္ဇမာနပဒတ္ထ- ယှဉ်စပ်ထိုက်သော ပုဒ်နက်ရှိသော နာမ်များ မဟုတ်ကြ။

ထို့ပြင် "ဒေဝဒတ္တဿ ကဏှာ ဒန္တာ=ဒေဝဒတ်၏ မည်းနက်ကုန်သော သွားတို့" ဟူရာ၌ ဒေဝဒတ္တဿသည် ကဏှာကိုလည်း ငဲ့, ဒန္တာကိုလည်း ငဲ့နေသောကြောင့် "ဒေဝဒတ္တဿ+ကဏှာ ဒေဝဒတ္တကဏှာ" ဟု ယှဉ်စပ်၍ မဖြစ်၊ ["ဒေဝဒတ္တဿ ကဏှာ ဒန္တာ"၌ အနက်အမျိုးမျိုးကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု။] ဤသို့ သမာသ် စပ်ရမည့်ပုဒ်မှ တပါး အခြားပုဒ်ကို ငဲ့လျက်ရှိသော ပုဒ်များလည်း ပယုဇ္ဇမာန ပဒတ္ထ မဟုတ်ကြ၊ "ရာဇပုရိသော" ကဲ့သို့ သမာသ်စပ်ရမည့် ပုဒ်အချင်းချင်း ငဲ့မှု စပ်မှု ရှိသော ရညောနှင့် ပုရိသောစသော နာမ်ပုဒ်များသာ ယှဉ်စပ်သင့် ယှဉ်စပ်ထိုက် ယှဉ်စပ်ဖို့ သင့်လျော်သော ပယုဇ္ဇမာန ပဒတ္ထနာမ်များ ဖြစ်ကြသည်။ [ပယုဇ္ဇမာနော ပဒတ္ထော ယေသံ တိ ပယုဇ္ဇမာန ပဒတ္ထာနိ၊ ယေသံ-အကြင် နာမ်ပုဒ်တို့၏၊ ပယုဇ္ဇမာနော-ယှဉ်ထိုက်သော၊ ပဒတ္ထော-ပုဒ်နက်သည်၊ အတ္ထိ။]

တေသံ နာမာနံ။ ။နာမာနံ သမာသော၌ နာမာနံအရ နာမ်ခန်း၌ ပြခဲ့သော ထို နာမ်များပင်ဖြစ်သည်-ဟု သိစေလို၍ "တေသံ" ဟု တသဒ္ဒါဖြင့် ညွှန်ပြသည်၊ "တေသံ နာမာနံ-ထို နာမ်အခန်း၌ပြခဲ့သော နာမ်" ဟု ဆိုလိုသည်၊ ထို့ကြောင့် နာမ်ဝိဘတ် သက်ရသော ဥပသာရ-နိပါတ်ပုဒ်များနှင့် သမာသ်နာမ် တဒ္ဓိတ်နာမ် ကိတ်နာမ် အားလုံးပင် နာမာနံအရတွင် ပါဝင်ကြပြီ-ဟု မှတ်။

အဝတ်၊ အာကန္တုကဘတ္တံ-ဧည့်သည်ဖို့ ထမင်း၊ ဇီဝိတိန္ဒြိယံ-ဇီဝိတိန္ဒြေ၊ သမဏ ဗြာဟ္မဏာ - ရဟန်း ပုဏ္ဏားတို့၊ သာရိပုတ္တ မောဂ္ဂလ္လာနာ - သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့၊ ဗြာဟ္မဏ ဂဟပတိကာ-ပုဏ္ဏား သူကြွယ်တို့၊ နာမာနမိတိ-

---

ဆက်ဦးအံ့–''လိင်္ဂံ နာမံ ဩမံ'' ဟူသော စကားရပ်၌ ဝိဘတ်မသက်ရသေးသော ပုရိသ-စိတ္တ စသည်ကိုသာ ''နာမ်'' ဟု ခေါ်ဝေါ်ရိုး ရှိသော်လည်း ဤသုတ်၌ကား ဝိဘတ်သက်ပြီးသော ''ရညော+ပုရိသော'' စသည်ကိုသာ ''နာမ'' ဟု ဆိုလိုသည်၊ ဘာ့ကြောင့်နည်း–''တေသံ ဝိဘတ္တိယော လောပါစ'' သုတ်က ''နာမ်တို့၏ ဝိဘတ် တို့ကိုချေ'' ဟု ဆိုသဖြင့် နာမာနံအရ ဝိဘတ်ဆုံးသော ဝိဘတျန္တနာမ်ပုဒ် ဖြစ်ကြောင်း သိသာသောကြောင့်တည်း။

**ယော ယုတ္တတ္ထော**–ယုတ္တော-ပေါင်းအပ် စပ်အပ်သော၊ အတ္ထော-အနက်တည်း၊ ယုတ္တတ္ထော-ပေါင်းအပ် စပ်အပ်သော အနက်၊ ဤကား ကမ္မဓာရဲ သမာသ်တည်း၊ ''ယုတ္တော အတ္ထော ယဿာတိ ယုတ္တတ္ထော'' ဟု ဗဟုဗ္ဗီဟိသမာသ်လည်း တနည်း ပြုသေး၏၊ ထိုတွင် ပဌမနည်း၌ ''နာမ်တို့၏ ပေါင်းအပ် စပ်အပ်သော အနက်သည် သမာသ် မည်၏'' ဟု ဆိုရကား ဤသုတ်သည် ''မင်း၏=အချင်းယောကျ်ား'' စသော အနက်ဒြပ်ကို သမာသ်မှည့်သောသုတ် ဟု ထင်မှားဖွယ် ရှိ၏၊ သို့သော် အနက်ကို သမာသ်မှည့်၍ မဖြစ်, ရညော+ပုရိသော'' စသော သဒ္ဒါကိုသာ သမာသ်မှည့်၍ ဖြစ်သောကြောင့် ''ယုတ္တော အတ္ထော ယုတ္တတ္ထော'' ဟူသော ဝိဂ္ဂြိုဟ်အရ ''ရညော+ ပုရိသော'' စသော နာမ်ပုဒ်အပေါင်းကိုသာ သမာသ်မှည့်ရသည်။

[ချာသ] အတ္ထေ အသမ္ဘဝတော သဒ္ဒေ ဝုတ္တိဝိဓာနံ ဟောတိ=အနက်၌ သမာသ် အမည် မဖြစ်သင့်သောကြောင့် သဒ္ဒါ၌ ဆိုအပ်သောသမာသ် အစီအရင် သည် ဖြစ်၏၊ ကဒါစိ ဟိ သဒ္ဒေ အသမ္ဘဝတော အတ္ထေ ဝုတ္တိဝိဓာနံ ဟောတိ-အဂ္ဂိဿ ဇုဟောတိ တျာဒိသု၊ [''အဂ္ဂိဿ'' ဟု ဆိုသော် လည်း အဂ္ဂိသဒ္ဒါကို ယူ၍မသင့်၊ ''မီးဖြင့် ပူဇော်၏'' ဟု မီးဟူသော အနက်၌သာ ဖြစ်သကဲ့သို့တည်း။] ကဒါစိ အတ္ထေ အသမ္ဘဝတော သဒ္ဒေ ဝုတ္တိဝိဓာနံ ဟောတိ-အဂ္ဂိဿိနိတျာဒိသု၊ [အဂ္ဂိဿိနိသုတ်၌ ''အဂ္ဂိဿ-မီး၏၊ ဣနိ-ဣနိပြု'' ဟု မီး တည်းဟူသော အနက်၌ မဖြစ်သင့် ရကား ''အဂ္ဂိသဒ္ဒါ၏'' ဟု သဒ္ဒါ၌ဖြစ်ရသည်။]

[ကာတန္တ ပဉ္စိကာ] နာမာနံ ယုတ္တတ္ထော သမာသော ဘဝတိ၊ ယဒိပိ ကမ္မဓာရ ယေ၊ (''ယုတ္တော အတ္ထော ယုတ္တတ္ထော'' ဟူသော ကမ္မဓာရဲသမာသ်၌) အတ္ထော ပဓာနံ၊ တထာပိ တတြ ကာရိယာႉသမ္ဘဝတော (သို့သော်လည်း ထိုအနက်၌ သမာသ် အစီအရင် မဖြစ်သင့်ခြင်းကြောင့်) တဗ္ဗာစကာ သဒ္ဒါ ဧဝ သမာသသညာဖလံ ပပ္ပေါန္တိ (ထိုအနက်ကို ဟောသော သဒ္ဒါတို့သာ

နာမာနံ ဟူသော ပုဒ်သည်၊ ကိမတ္ထံ၊ ဖဒဝဒတ္တော-သည်၊ ပစတိ-ချက်၏၊ ယညဒတ္တော-ယညဒတ်သည်၊ ပစတိ-၏၊ (ဣတိ-ဤ ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊) ယုတ္တတ္ထောတိ-ယုတ္တတ္ထော ဟူသော ပုဒ်သည်၊ ကိမတ္ထံ၊ ရညော-မင်း၏၊ ဘဏ္ဍော-အခစား၊ ဒေဝဒတ္တဿ-၏၊ ပုတ္တော-သား (ဣတိ-ဤပြယုဂ်

---

သမာသ် အမည် ဟူသော အကျိုးကို ရကြသည်၊) ဘာ့ကြောင့်နည်း… သဒ္ဒတ္ထာနံ ဝစ္စဝါစကသမ္ဗန္ဓိ လက္ခဏာဿ ဝိဇ္ဇမာနတ္တာ (သဒ္ဒါနှင့် အနက်တို့မှာ ဝါစ္စ ဝါစကအဖြစ်ဖြင့် စပ်ခြင်းလက္ခဏာ ရှိသောကြောင့်တည်း)၊ ဝါစ္စဖြစ်သော အနက်က ယုတ္တတ္ထဖြစ်လျှင် ''ရညော ပုရိသော'' စသော သဒ္ဒါလည်း ယုတ္တတ္ထ ဖြစ်တော့သည်—ဟူလို။

ဤကား ''ပေါင်းအပ် စပ်အပ်သော အနက်သည်'' ဟု ပေးအပ်သော အနက်၏ အဓိပ္ပာယ်တည်း၊ ''ပေါင်းအပ် စပ်အပ်သော အနက်ရှိသော ပုဒ်အပေါင်းသည်''ဟု ပေးအပ်သော အနက်နှင့် အဓိပ္ပာယ်ကို ရှုပသိဒ္ဓိ၌ ပြထားပြီ။

**ပေါင်း—အဓိပ္ပာယ်။** ။ယုတ္တတ္ထော၌ ယုတ္တ သဒ္ဒါသည် သင်္ဂတ (ပေါင်းအပ်) အနက်, သမ္ဗန္ဓ (စပ်အပ်) အနက်ဟု ရှုပသိဒ္ဓိ၌ ၂ နက်ပြ၏၊ ထိုတွင်''ပေါင်း''ဟူသည် ''ရညော ပုရိသော'' ၌ မင်းဒြပ်+ယောကျ်ားဒြပ်ဟု နဂိုရ်က ၂ နက် ရှိသော်လည်း ''မင်းချင်းယောကျ်ား'' ဟု တနက်တည်း ရအောင် ပေါင်းလိုက်ခြင်းတည်း၊ ဥပမာ—နဂိုရ်က ၂ ပုံခွဲထားသော အရာဝတ္ထုကို ပေါင်းလိုက်လျှင် တပုံတည်း တခုတည်း ဖြစ်သွားတော့သကဲ့သို့တည်း၊ ဤသို့ သင်္ဂတအနက်ရှိသော ယုတ္တတ္ထသဒ္ဒါကို ထောက်၍ ''ဧကတ္ထီဘာဝေါ သမာသလက္ခဏံ'' ၌ ဧကတ္ထီဘာဝေါ-တခုတည်းသော အနက် ရှိကုန်သည်၏ အဖြစ်သည်'' ဟု ဧက အရ ''တခု'' ဟူသော အနက်ကိုလည်း ယူရသည်။

**စပ်—အဓိပ္ပာယ်။** ။လောက၌ သုံးစွဲရိုး ပြောဆိုရိုး ကျအောင် တနက်နှင့် တနက် အချင်းချင်း ငဲ့စပ် ဆက်သွယ်လျက် ရှိခြင်းကို ''စပ်'' ဟု ဆိုသည်၊ ဤသို့ အချင်းချင်း ငဲ့စပ်မှ ယုတ္တတ္ထ ဖြစ်ရကား ဤသမ္ဗန္ဓအနက်ရှိသော ယုတ္တတ္ထသဒ္ဒါဖြင့် ''ဘဏ္ဍော ရညော, ပုတ္တော ဒေဝဒတ္တဿ'' ဟူသော ဝါကျ၌ ရညောနှင့် ပုတ္တောကဲ့သို့ သမာသ်စပ်ရမည့် ပုဒ်အချင်းချင်း (အနက်အချင်းချင်း) အလျဉ်း မငဲ့စပ်သော် လည်းကောင်း, ''ဒေဝဒတ္တဿ ကဏှော ဒန္တာ'' ကဲ့သို့ သမာသ်စပ်ရမည့် ပုဒ်မှတပါး အခြားပုဒ်ကို ငဲ့လျက် စပ်လျက် ရှိနေသော်လည်းကောင်း, ယုတ္တတ္ထမဖြစ်ရကား ''ရာဇပုတ္တော, ဒေဝဒတ္တဒန္တာ'' စသည်ဖြင့် သမာသ်မဖြစ်-ဟု ပြသည်။ [ဘဏ္ဍော ရညော စသည်တို့၏ အဓိပ္ပာယ်အကျယ်ကို ရှေ့၌ ပြခဲ့ပြီ။]

**အချုပ်ကား**—နာမ်ပုဒ်တို့၏ အနက်များကို တနက်တည်း ဖြစ်အောင် ပေါင်းလိုက်ခြင်း ထိုအနက်များလည်း အချင်းချင်း ငဲ့စပ်လျက်ရှိခြင်းကို ယုတ္တတ္ထ ဟု ခေါ်၏၊ ထိုသို့ ပေါင်းအပ် စပ်အပ်သော အနက်ဟော ပုဒ်အပေါင်းကို ဤသုတ်က သမာသ် အမည်

တို့၌ ၊ပေ၊ ၏၊) သမာသတ္တစ္စနေန-သမာသ်ဟူသော အမည်ကို းဖြင့်၊ ကွ-၌၊ အတ္ထော-သည်၊ အတ္ထိ-နည်း၊ ကွစိ သမာသန္တ ဂတာန မကာရန္တော-ကွစိ၊ပေ၊ ရန္တော စသော သုတ်တို့၌ သမာသ်ဟု ခေါ်ဝေါ်ရခြင်း အကျိုး ရှိ၏။ (၃၃၁)။

---

မှည့်၏၊ထို့ကြောင့်ဤသုတ်သည် သမာသ် ၆ ပါးလုံးအတွက်သမာသ်အမည်မှည့်သော သာမညသညာသုတ် ဟု မှတ်၊ အဗျယီဘော အမည်စသော ဝိသေသ သညာပြုမည့် သုတ်တို့ကိုကား နောက်၌ အသီး အသီး လာလိမ့်မည်။

**ပုံစံများ။** ။ကထိနဿ ဒုဿံ ကထိနဒုဿံ၊ ကထိနဿ-ကထိန်အလို့ငှာ၊ ဝါ-ကထိန်ခင်းဖို့ရာ၊ ဒုဿံ-အဝတ်တည်း၊ ကထိနဒုဿံ-ဝတ်၊ အဂန္တုကာနံ-ဧည့်သည်တို့ အလို့ငှာ၊ ဝါ-ဧည့်သည်တို့ ကျွေးဖို့ရာ၊ ဘတ္တံ-ထမင်းတည်း၊ အာဂန္တုက ဘတ္တံ-မင်း၊ ဤဝိဂ္ဂြိုဟ်များ၌ သဝိဘတ်သည်၊ တဒတ္ထသမ္ပဒါန် အနက်ဟောဖြစ်၍ "ကထိနဒုဿံ အဂန္တုကဘတ္တံ" တို့လည်း စတုတ္ထီတပ္ပုရိသ်ဟု မှတ်၊အချို့ကား "ကထိနဿ-ကထိန် အလို့ငှာ၊ အာဘတံ-ဆောင်ယူအပ်သော၊ ဒုဿံ-တည်း" ဟု အာဘတံပုဒ်ကို ထည့်၍ ဝိဂ္ဂြိုဟ်ပြုကြ၏၊ ထိုကဲ့သို့ မပြုသင့်ကြောင်းကို ရူပသိဒ္ဓိ တပ္ပုရိသ် သမာသ်ခန်းကြည့်၍ သိပါလေ၊ ဓိဝိဘဇ္ဇ တံ ဇုန္ဒိယဥ္စာတိ ဓိဝိတိန္ဒြိယံ, သမဏောစ ဗြာဟ္မဏောစ သမဏ ဗြာဟ္မဏာ,သာရိပုတ္တောစ မောဂ္ဂလ္လာနောစ သာရိပုတ္တ မောဂ္ဂလ္လာနာ, ဗြာဟ္မဏောစ ဂဟပတိကောစ ဗြာဟ္မဏဂဟပတိကာ" တို့ကား ကမ္မဓာရဲနှင့် ဒွန်သမာသ်တို့တည်း၊ [ဤသုတ်၌ ရုပ်တွက်ဖွယ် မလိုသေး၊ ကမ္မဓာရဲ တပ္ပုရိသ် ဒွန်အမည် မှည့်သော သုတ်များသို့ရောက်လျှင် အလွယ်နှင့် ပြီးပါလိမ့်မည်။]

**ဝိဂ္ဂြိုဟ်ဝါကျ။** ။ဝိသေသေန အတ္ထော ဂယှတိ ဧတေနာတိ ဝိဂ္ဂဟော၊ ဧတေန-ဤဝါကျဖြင့်၊အတ္ထော-နိပ္ဖပုဒ်၏ (သမာသ်ပုဒ်၏) အနက်ကို၊ဝိသေသေန-မလိုရာအနက်တို့မှ ထူးခြားသောအားဖြင့်၊ ဂယှတိ-ယူအပ် သိအပ်၏၊ ဇုတိ ဝိဂ္ဂဟော-မည်၏၊ "ကထိနဒုဿံ-ကထိန်သည် အဝတ်၊ ဝါ-ကထိန်နှင့် စသော အဝတ်၊ ဝါ-ကထိန် အလို့ငှာ အဝတ်၊ ဝါ-ကထိန်၏ အဝတ်၊ ဝါ-ကထိန်၌ အဝတ်၊" ဤသို့ စသည်ဖြင့် အနက် အမျိုးမျိုး ယူဖွယ်ရှိ၏၊ "ကထိနဿ+ဒုဿံ" ဟု ဝါကျခင်း၍ အနက် ဖွင့်ပြလိုက်သည့်အခါ ထိုအနက် အမျိုးမျိုးနှင့် မရောစပ်ပဲ "ကထိန်အလို့ငှာ (ကထိန်ခင်းဖို့) အဝတ်" ဟူသော အနက်ကိုသာ သိရ၏၊ ဤသို့ မလိုရာအနက်တို့မှ ထူးခြား၍ လိုရာ အနက်ကို သိကြောင်းဖြစ်သော ဝါကျအတိုစားကို ဝိဂ္ဂြိုဟ် ဟု ခေါ်၏။

**ဝိဂ္ဂြိုဟ် ၂ မျိုး။** ။ဝိဂ္ဂြိုဟ်ဟု ခေါ်အပ်သော ထို ဝါကျသည် လောကိက ဝါကျ အလောကိက ဝါကျ ဟု ၂ မျိုးရှိ၏၊ လောကိက ဟူသည် လောက၌ ထင်ရှား၍ အများသိဖြစ်သော "ရညော+ပုရိသော, ကထိနဿ+ဒုဿံ" စသော ဝါကျမျိုးတည်း၊ လောကေ-လောက၌၊ ဝိဒိတံ-ထင်ရှားသော ဝါကျတည်း၊ လောကိကံ-ကျ၊ အလော ကိက ဟူသည် လောက၌ မထင်ရှားသော သုံးစွဲရိုး မဟုတ်သော (သမာသ် ရုပ်တွက်

သည့်အခါမှ တည်ထားရသော) "ရာဇ-သ+ပုရိသ-သိ" စသော ဝါကျတည်း၊ ထို ၂ မျိုးတွင် လောကိက ဝါကျသည် "ရညော" စသည်ဖြင့် ပြယုဂ် ပုံစံ ဖြစ်ထိုက်၍ ကောင်း၏၊ အလောကိက ဝါကျကား ရုပ်တွက်ရာ၌သာ အသုံးပြုရ၍ ပြယုဂ် ပုံစံ မဖြစ်ထိုက်၊ သမာသ် အမည် စသည်ကိုလည်း ထို အလောကိက ဝါကျ၌ပင် စီရင်ရ လိမ့်မည်။

[**လဃုဘာသ**] တံဝါကျံဒွိဓာ-လောကိက,မလောကိကဥ္စ၊ အာဒိမံ ပယောဂါရဟံ ပရိနိဋ္ဌိတံ သာဓု (အစ လောကိကဝါကျသည် ပြယုဂ်ဖြစ်ထိုက်၏, ရုပ် ပြီးပြီဖြစ်၍ သဒ္ဒါကောင်းတည်း)၊ ယထာ-ရညော+ပုရိသောတိ၊ ဒုတိယံ အပရိနိဋ္ဌိတံ ပယောဂါ'နာရဟံ သာဓု (ပြယုဂ် မထုတ်ထိုက်သော်လည်း သဒ္ဒါ ကောင်းပင်)၊ယထာ-ရာဇ-သ+ပုရိသ-သိ,ဣတိ၊ သမာသသညာဒိကဥ္စ တသ္မိံ ယေဝ ပဝတ္တတိ။

**နာမာနမိတိ၊ပေ၊ပစတိ**—ဝိဘတ် သက်ပြီးသော "ရညော+ပုရိသော" စသော ပုဒ်များကို သမာသ်စပ်ရသောကြောင့် "ပဒါနံ သမာသော ယုတ္တတ္ထော"ဟု သုတ်တည် သင့်လျက် မတည်ပဲ "နာမာနံ သမာသော ယုတ္တတ္ထော"ဟု နာမာနံကို ဆိုရခြင်းသည် အဘယ်အကျိုး ရှိသနည်း၊ နာမာနံ ဟူသောပါဌ်ဖြင့် "ဒေဝဒတ္တော ပစတိ" စသော ဝါကျမျိုး၌ ပစတိစသော အာချာတ်ပုဒ်တို့နှင့် သမာသ်မဖြစ်ဟု တားမြစ်ရခြင်း အကျိုး ရှိသည်၊ ထိုသို့ နာမာနံ ပါဌ်ဖြင့် အာချာတ်ကို တားမြစ်ထားသောကြောင့် "ဒေဝဒတ္တော ပစတိ" ၌ ဒေဝဒတ်သည်+ချက်၏" ဟု အနက်အားဖြင့် ငဲ့စပ်၍ ယုတ္တတ္ထ ဖြစ်သော်လည်း "ဒေဝဒတ္တ ပစတိ" ဟု သမာသ်ကား မဖြစ်နိုင်-ဟူလို၊ "ယညဒတ္တော ပစတိ" ၌ လည်း နည်းတူ။

**ဣတိနိပါတ်နှင့် သမာသ်ဖြစ်ပုံ။** ။အနညာတံ-မသိအပ်ဖူးသော သစ္စာ ၄ ပါးကို၊ ဥ္ဉာသမိ-သိအံ့၊ ဣတိ-ဤသို့ နှလုံးသွင်း၍ ပဋိပန္နဿ-ကျင့်သော ပုဂ္ဂိုလ်၏ (သန္တာန်၌၊) ပဝတ္တံ-ဖြစ်သော၊ ဣန္ဒြိယံ-ဣန္ဒြေသည်၊ အနညာတညဿာမီတိန္ဒြိယံ-မည်၏၊ ဤပုဒ်၌ "ဥ္ဉာသမိ" ဟု အာချာတ်ပုဒ် ပါနေသော်လည်း ထို အာချာတ်ပုဒ်နှင့် သမာသ်ဖြစ်သည် မဟုတ်၊ "အနညာတံ+ဥ္ဉာသမိ+ဣတိ" ၃ ပုဒ်ကို သန္ဓိစပ်၍ "အနညာ တညဿာမီတိ" ဟု ဖြစ်၏၊ ထို့နောက် နာမာနံ အရတွင် ပါဝင်သော ဣတိနိပါတ်နှင့် ဣန္ဒြိယံကို ကမ္မဓာရဲတွဲစပ်၍ အနညာတညဿာမီတိန္ဒြိယံ ဟု သမာသ် ဖြစ်ရသည်၊ "ဟောတိကျွ၊ဣတိ ဥပသမ္ပဒါ-ဟောတိကျွပသမ္ပဒါ" ၌ကား ဣတိနိပါတ် ကြေလျက်ပင် သမာသ်ဖြစ်၏၊ ဟောတိကျွ၊တိ-ဟူသော၊ ဝစနေန-စကားတော်ကြောင့်၊ ဥပသမ္ပဒါ-ပဉ္စင်းအဖြစ်သို့ ရောက်ခြင်းသည်၊ ဟောတိကျွပသမ္ပဒါ-မည်၏၊ ဟော်-လာလော၊ သွာဂတံ (သု+အာဂတံ)-ကောင်းသော လာခြင်းပါတည်း၊ ဣတိ-ဤသို့၊ ဝါဒီ-ဆိုလေ့ရှိသူသည်၊ ဟောသွာဂတဝါဒီ-မည်၏၊ ဤ၌လည်း ဣတိနိပါတ် ကြေသည်။

**ရုဋ္ဌိနာမ်နှင့် သမာသ်ဖြစ်။** ။"ဂစ္ဆတိဓာတု-ဂမုဓာတ်၊ ပစတိဓာတု-ပစဓာတ်" စသည်၌ ဂစ္ဆတိ-ပစတိတို့လည်း အာချာတ်ပုဒ် အစစ် မဟုတ်ကြ၊ အာချာတ်

နှင့်တူသော နာမ်ပုဒ်တမျိုးတည်း၊ ထိုနာမ်ပုဒ်မျိုးကို ဂမုဓာတ်စသည်အပေါ်၌ ထင်ရှားနေသော အထင်ရုဋ္ဌီနာမ်ပုဒ် ဟု ခေါ်သည်၊ ထို အထင်ရုဋ္ဌီနာမ်ပုဒ်များလည်း နာမာနံ အရတွင် ပါဝင်ရကား "ဂစ္ဆတိ စ+သော+ဓာတုစာတိ-ဂစ္ဆတိဓာတု"* ဟု သမာသ်ဖြစ်၏၊ ထို့အတူ "ယေဝါပနကာ-ယေဝါပနကမည်ကုန်သော၊ ဓမ္မာ-တရားတို့တည်း၊ ယေဝါပနကဓမ္မာ-တို့၊ ဂမိ စ+သော+ဓာတုစာတိ-ဂမိဓာတု (ဂမုဓာတ်)၊ သိစ+သာ+ဝိဘတ္တိ စာတိ- သိ ဝိဘတ္တိ (သိဝိဘတ်)၊ အာစ+သော+ပစ္စယောစာတိ- အာပစ္စယော (အာပစ္စည်း)၊ အညာသိကောဏ္ဍညော, မာခလိဂေါသာလောတို့၌ အညာသိ မာခလိတို့လည်း ရုဋ္ဌီနာမ်များပင်၊ ဤသို့စသည်ဖြင့် သိလေ။ ["ယေဝါပန သဒ္ဒေန- ယေဝါပနသဒ္ဒါဖြင့်၊ ကီယန္တိ-ဟောအပ်ကုန်၏၊ ဣတိ-ယေဝါပနကာ" ဟု ဝိဂ္ဂြိုဟ်ပြုလျှင် "ယေဝါပနက" ပုဒ်သည် ရုဋ္ဌီနာမ် မဟုတ်, အန္ဒတ္ထနာမ်ပင်။]

**ယုတ္တတ္ထော တိ၊ပေ၊တ္တသ—**"ဘဋ္ဋော ရညော, ပုတ္တော ဒေဝဒတ္တဿ" ၌ ရညောနှင့် ပုတ္တောသည် နာမ်ပုဒ်များ ဖြစ်သော်လည်း အချင်းချင်း ငဲ့စပ်ခြင်း မရှိကြ၊ "ငဲ့စပ်" ဟူသည် ယခုကာလ စာစပ်သကဲ့သို့ စာစပ်၍ဖြစ်နိုင်လောက်အောင် တပုဒ်နှင့် တပုဒ် အနက်အဓိပ္ပာယ် ဆက်သွယ်ခြင်းတည်း၊ ရညောနှင့် ပုတ္တောကား ထိုကဲ့သို့ မငဲ့ မစပ်ကြ၍ ယုတ္တတ္ထ မဖြစ်, ရညောကို ဘဋ္ဋော၌ စာစပ်ရ၍ ပုတ္တောကား ဒေဝဒတ္တဿ၏ စာစပ်ရာဖြစ်သည်၊ ထို့ကြောင့် ယုတ္တတ္ထသဒ္ဒါဖြင့် "ရာဇပုတ္တော" ဟု သမာသ်ဖြစ်မှုကို တားမြစ်ရခြင်း အကျိုးရှိသည်။ ["ဘဋ္ဋော ရညော, ပုတ္တော ဒေဝဒတ္တဿ-ဟူသော ဝါကျမျိုး၌သာ "ဘဋ္ဋော ရာဇပုတ္တော ဒေဝဒတ္တဿ" ဟု သမာသ်မဖြစ်ပဲ ရှိရသည်၊ "တဒါ ဗောဓိသတ္တော ရညော ပုတ္တော အဟောသိ" ဟူသော ဝါကျမျိုး၌ကား ရညောသည် ပုတ္တော၌ စပ်၍ ယုတ္တတ္ထဖြစ်သောကြောင့် "တဒါ ဗောဓိသတ္တော ရာဇပုတ္တော အဟောသိ" ဟု သမာသ်ဖြစ်နိုင်သည်သာ။] ဤသုတ်၌ "နာမာနန္တိ ကိမတ္ထံ, ယုတ္တတ္ထောတိ ကိမတ္ထံ" ဟု ကိံ ဝါကျ ၂ ချက် ထုတ်ပုံကိုကြည့်၍ "နာမ်ပုဒ်လည်း ဖြစ်ခြင်း, ယုတတ္ထလည်းဖြစ်ခြင်း" ဟု သုတ်အင်္ဂါ ၂ ပါးကို သိနိုင်သည်။

**သဒ္ဒါစဉ်အတိုင်း အနက်မပေးပုံ။** ။"နာမာနံ သမာသော ယုတ္တတ္ထော" ဟူသော သဒ္ဒါအစဉ် ရှိသည့်အတိုင်း "နာမာနံ-နာမ်တို့၏၊ သမာသော-သမာသ်သည်၊ ယုတ္တတ္ထော-ပေါင်းအပ် စပ်အပ်သော အနက်ရှိ၏" ဟု အနက်ပေးပါတော့လော၊ အဘယ့်ကြောင့် "နာမာနံ-တို့၏၊ ယုတ္တတ္ထောသည်၊ သမာသော-၏" ဟု အနက်ပေးရသနည်း၊ အဖြေကား-ဤသုတ်မှတပါး သမာသ် အမည်မှည့်သောသုတ် မရှိသောကြောင့် ဤသုတ်သည် သမာသ် အမည်မှည့်သော သညာသုတ်တည်း၊ ထိုသို့ သညာသုတ်ဖြစ်သောကြောင့် သဒ္ဒါစဉ်ရှိတိုင်း အနက်မပေးပဲ "နာမာနံ ယုတ္တတ္ထော သမာသော-မည်၏" ဟု သညာသုတ်မှန်းသိသာအောင် အနက်ပေးရသည်။ [တံ န-အညဿ သမာသသညာ ဉာပကဿ ယောဂဿာဘာဝတော၊ တသ္မာ နာမာနဂ္ဂဟဏဿ ယုတ္တတ္ထဂ္ဂဟဏေနာနန္တရိကေနာပိ သမ္ဗန္ဓော ဟောတိ=ထို သဒ္ဒါစဉ်အတိုင်း အနက်ပေးရခြင်းသည် မသင့်၊ ဘာ့ကြောင့်နည်း....အခြားသော သမာသ်အမည်ကို သိစေသောသုတ် မရှိသောကြောင့်တည်း၊ ထို့ကြောင့် နာမာနံ သဒ္ဒါ၏ သမာသော သဒ္ဒါ ခြားကွယ်အပ်သည်လည်းဖြစ်သော ယုတ္တတ္ထသဒ္ဒါနှင့် စပ်ခြင်းဖြစ်သည်။

**တေသံ ဝိဘတ္တိယော လောပါ စ**

၃၁၇။ ယုတ္တတ္ထာနံ-ပေါင်းအပ် စပ်အပ်သော အနက်ရှိကုန်သော၊ တေသံ သမာသာနံ - ထိုသမာသ် တို့၏၊ ဝိဘတ္တိယော-တို့သည်၊ လောပါ စ-ချေအပ်ကုန်သည်လည်း၊ဟောန္တိ၊ ကထိနဒုဿံ, အာဂန္တုကဘတ္တံ, (ရှေ့အတိုင်းပေး၊) တေသံ ဂဟဏေန-တေသံသဒ္ဒါဖြင့်၊သမာသ တဒ္ဓိတာချာတ ကိတကာနံ-သမာသ် တဒ္ဓိတ် အာချာတ် ကိတ်တို့၏၊ ဝိဘတ္တိပစ္စယ ပဒက္ခရာဂမာစ - ဝိဘတ်, ပစ္စည်း, ပုဒ်, အက္ခရာ, အာဂုံတို့ သည်လည်း၊ လောပါ - ချေအပ်ကုန်သည်၊ ဟောန္တိ-

---

အနက်စဉ်အတိုင်း သုတ်မတည်ရကျိုး။ ။သဒ္ဒါစဉ်အတိုင်း အနက်မပေးလျှင် ရှုပ်ပါစေတော့၊ အနက်စဉ်ကျအောင် နာမာနံ ယုတ္တတ္ထော သမာသော'' ဟု သုတ်မတည်ပဲ ကလာပ်၌လည်းကောင်း, ဤကစ္စည်း၌လည်းကောင်း ''နာမာနံ သမာသော ယုတ္တတ္ထော''ဟု သုတ်တည်ခြင်းသည် အဘယ်အကျိုး ရှိသနည်း-ဟု မေး၊ အဖြေကား-အနက်စဉ်အတိုင်း သုတ်မတည်ခြင်းသည် ယောဂဝိဘာဂ ပြုလုပ်ရခြင်း အကျိုးရှိ၏၊ ရွှဲဦးအံ့-''အစန္ဒမုလ္လောကိကာနိ-လကို မော်၍မကြည့်ကုန်သော မျက်နှာတို့'' ဟူရာ၌ ''နှ+စန္ဒ+ဥလ္လောကိကာနိ-အ စန္ဒမုလ္လောကိကာနိ''ဟု သမာသ်တွဲရာ၌ နသည် စန္ဒနှင့် သမာသ်တွဲသော်လည်း ယုတ္တတ္ထ မဟုတ်, (စပ်အပ်သောအနက် မရှိ) ၍ အယုတ္တတ္ထ တည်း၊ ထိုကဲ့သို့ အယုတ္တတ္ထ နာမ်များကို ''နာမာနံ သမာသော'' ဟူသော ယောဂ ဝိဘာဂဖြင့် သမာသ်မှည့်ရသည်၊ထိုသို့ ယောဂဝိဘာဂအကျိုးငှာ အနက်အစဉ်အတိုင်း သုတ်မတည်မူ၍ ''နာမာနံ သမာသော ယုတ္တတ္ထော'' ဟု သုတ်တည်ရပေသည်။ [''အတ္ထာနုက္ကမဝသေန အဝစနံ ယောဂဝိဘာဂတ္ထံ''-န်ျာသ။]

၃၁၇။ ဝိဘတ္တိယော လောပါ – ရူပသိဒ္ဓိ၌ ''ဝိဘတ္တိယော လောပနိယာ ဟောန္တိ'' ဟု လောပါကို ကံဟော အနီယပစ္စည်းဖြင့် ဖွင့်သောကြောင့် ''လုပ္ပန္တေတိ လောပါ'' ဟု ဝိဂ္ဂဟပြု၍ ''ချေအပ်ကုန်သည်'' ဟု အနက်ပေးသည်၊ လုပဓာတ်, ကံဟော ဏပစ္စည်းတည်း၊ လောပေါ-ဟု ဧကဝုစ်ဖြင့် မဆိုပဲ ''လောပါ''ဟု ဗဟုဝုစ် ဖြင့်ဆိုခြင်းကြောင့်လည်း ရူပသိဒ္ဓိဖွင့်တိုင်း ''ချေအပ်'' ဟု ကံအနက်ဆိုခြင်းသာ သင့်မြတ်ပေသည်၊ မှန်၏-''ချေအပ်'' ဟု ဆိုလျှင် ချေအပ်သော ဝိဘတ်တွေကများ သောကြောင့် ဗဟုဝုစ်ဖြင့် ဆိုရ၏၊ ''ကြေ'' ဟု ဆိုလျှင်ကား ဝိဘတ်တွေ မည်မျှပင် များသော်လည်း ''ကြေခြင်း'' ကြိယာတမျိုးသာ ဖြစ်သောကြောင့် ဧကဝုစ်ဖြင့် ''လောပေါ'' ဟု ထားရလိမ့်မည်။ [ဤသုတ်ဖြင့် ဝိဘတ်ချေပုံမှာ ရှုပ်တွက်သည့်အခါ ထင်ရှားပါလိမ့်မည်၊ ဤပုံစံများ၏ ရုပ်ကိုလည်း နောက်မှတွက်၊ ''ဝိဘတ်ကို ချေ''ဟူရာ၌လည်း ဝိဘတ်အတိုင်းသာ မက, ဝိဘတ်၏ ကာရိယ (သိကို ပြုထားသော ဩစသည်) ကိုလည်း ချေရသောကြောင့် ဝိဘတ္တိယော အရ၌ ထို အပြု ကာရိယတို့ကိုလည်း ကာရ ဏူပစာရအားဖြင့် ယူပါ]။

ဝါသိဋ္ဌော-ဝသိဋ္ဌသား၊ ဝေနတေယျော-ဝိနတာ့သား၊ စက္ကဟာဏံ-သည်၊ အဝ ခါရဏာတ္ထံ-နိဝတ္တာပနအဝခါရဏအနက် ရှိ၏၊ ပဘင်္ကရော-အရောင် ပြုတတ် သော နေ၊ အမတံဒဒေါ-အမြိုက်နိဗ္ဗာန် ပေးတတ်သော ဘုရား၊ မေဓင်္ကရော-ပညာပြုတတ်သော ဘုရား၊ ဒီပင်္ကရော-ဆီမီးပြုတတ်သော ဘုရား။ (၃၁၂)။

---

**တေသံ ဂဟေဏာနုပေ၊ ဟောန္တိ**—ရှေ့သုတ်မှ "သမာသော ယုတ္တတ္ထော" ပုဒ်တို့ ကို လိုက်စေလျှင် "ယုတ္တတ္ထသ-ပေါင်းစပ်အပ်သော အနက်ရှိသော၊ သမာသဿ-၏၊ ဝိဘတ္တိယော-တို့သည်၊ လောပါ-ကုန်သည်၊ ဟောန္တိ" ဟု တေသံသဒ္ဒါမပါပဲ ပြီးနိုင်ရကား ထို တေသံသဒ္ဒါပို၏ အနက်ပိုကို ပြလိုသောကြောင့် တေသံ ဂဟဏေန-စသည်ကို မိန့်၊ တေသံ သဒ္ဒါပိုဖြင့် သမာသ် တဒ္ဓိတ် အာချာတ် ကိတ်တို့၏ ဝိဘတ် ပစ္စည်း ပုဒ်အက္ခရာ အာဂုတ်တို့ကို ချေနိုင်သည်-ဟူလို၊ ရှဲ့အံ့-သမာသ်၌ တေသံသဒ္ဒါဖြင့် သအာဂုံ စနိပါတ်ပုဒ် စသည်ကို ချေရ၏၊ ဟိမဝတော-ဟိမဝန္တာ၏၊ ပဿံ-နံပါး တည်း၊ ဟိမဝန္တပဿံ-ပါး၊ ဤ၌ "ဟိမဝန္တပဿံ" ဟု ဖြစ်သင့်လျက် ဥ အက္ခရာကို ချေရ၏၊ (သဒ္ဒနီတိပုံစံ)၊ ဝါသိဋ္ဌောစသော တဒ္ဓိတ်၌ ချေပုံကို တွေ့ရလတ္တံ့၊ ပဗ္ဗဘာ ယတိ ပဗ္ဗတာယန္တော-စသော နာမဓာတ် (အာချာတ် ကိတ်) တို့၌ "ပဗ္ဗတော ဣဝ" ဝယ် သိဝိဘတ် ဣဝပုဒ်တို့ကို ချေရ၏၊ ဝါသိဋ္ဌော ဝေနတေယျောတို့ကို တဒ္ဓိတ် ကျမှ ရှုပ်တွက်၊ အာချာတ်ကိတ် ပုံစံများကို "အာယ နာမတော ကတ္တုပမာနာ ဒါစာရေ" စသောသုတ်၌ တွေ့ရလတ္တံ့။

မူကွဲ။ ။"သမာသ တဒ္ဓိတာချာတ ကိတကပ္ပာနံ ဝိဘတ္တိ ပစ္စယ ပဒက္ခရာဂမာနဉ္စ လောပါ ဟောန္တိ" ဟု မူကွဲရှိ၏၊ ထို၌ "သမာသ၊ပေ၊ ကိတကပ္ပာနံ-သမာသ်ကျမ်း တဒ္ဓိတ်ကျမ်း အာချာတ်ကျမ်း ကိတ်ကျမ်းတို့၏" ဟု အနက်ပေးနိုင် အဓိပ္ပာယ်လည်း ရနိုင်သောကြောင့် မထောင့်သာ၊ "ဂမာနဉ္စ" ဟု ဆဋ္ဌီယန္တရှိသည်ကား မကောင်း၊ "ဝိဘတ္တိ၊ပေ၊ ဂမာနဉ္စ-တို့၏လည်း၊ လောပါ-ကြေကုန်သည်" ဟု အနက်ပေးနိုင် စေကာမူ ကြေခြင်းကြိယာတမျိုးသာဖြစ်၍ "လောပေါ" ဟု ဧကဝုစ်ဖြင့် ရှိမှ စာသွား ရိုးရာကျ၏၊ ထို့ကြောင့် "ဝိဘတ္တိ၊ပေ၊ ဂမာနဉ္စ လောပေါ ဟောတိ" ဟု ဖြစ်စေ "ဝိဘတ္တိ၊ပေ၊ ဂမာစ လောပါ ဟောန္တိ" ဟု ဖြစ်စေ ရှိမှ စာသွားကောင်းသည်။

**စက္ကဟာဏံ၊ပေ၊ဒီပင်္ကရော**—"လောပါစ" ၌ စ သဒ္ဒါသည် အဝခါရဏ အနက် ရှိ၏-ဟု ပြလို၍ စက္ကဟာဏံ စသည်ကို မိန့်၊ အဝခါရဏဟူသည်လည်း ဝိဘတ်ချေခြင်း ကို တားမြစ်သော နိဝတ္တာပနာဝခါရဏတည်း၊ ထို့ကြောင့် လောပါ-ချေအပ်ကုန် သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ စ-မချေအပ်သည်လည်း ရှိသေး၏" ဟု အနက်ပေးစေလို သည်၊ "ပဘင်္ကရော" ၌ ပဘာသဒ္ဒါပုဗ္ဗပဒ ကရတည့်, ခါတ်မှည့် စသည်၊ ပဘာနောင် အံသက် ခွင်း, ချေ, ကပ် "ပဘံ" ဖြစ်၏၊ ကရဓာတ်နောင် သဗ္ဗတော ဏွုတွာဝိဝါ သုတ်ဖြင့် အ ပစ္စည်းသက်၊ နာမ်ငဲ့, သိသက်, ဩပြု၊ ပဘံ-အရောင်ကို၊ ကရောတိ-

**ပကတိ စသ သရန္တသ**

၃၁၇။ ဝိဘတ္တိသု- ဝိဘတ်တို့ကို၊ လုတ္တာသု- ချေအပ်ကုန်ပြီးသော်၊ သရန္တသ-သရ အဆုံးရှိသော၊ အသ လိင်္ဂသ-ထိုလိင်၏၊ ပကတိရူပါနိ-ပကတိ ရုပ်တို့သည်၊ ဟောန္တိ၊ စက္ခု သောတံ-မျက်စိ နား၊ မုခ နာသိကံ-ခံတွင်း နှာခေါင်း၊ ရာဇပုတ္တော-မင်းသား၊ ရာဇပုရိသော-ကျွန်း။ (၃၄၃)။

---

ပြုတတ်၏၊ ဇုတိအတ္တော-ဌ၊ အမာဒယော ပရပဒေဘိ သုတ်ဖြင့် သမာသ်စပ်၍ ဒုတိယာ တပ္ပုရိသ် မှည့်, နာမာနံ သမာသော ယုတ္တတ္ထော သုတ်ဖြင့် သမာမှည့်, တေသံ ဝိဘတ္တိယော လောပါစ သုတ်ဖြင့် ကနေနောင် သိကိုချေ, ပဘံ၌ အံကိုကား ဤ စသဒ္ဒါဖြင့် တားမြစ်၍ မချေရ, နာမင့်, သိသက် ဩပြု၊ ကဝဂ္ဂန္တ (၆) ပြု ပဘာက်ရော ပြီး၏၊ ဤ ပဘာက်ရော စသည်တို့ကို ရုပ်မတွက်ပါစေသေးနှင့်၊ ဝိဘတ်မချေရပုံ နားလည်ရုံမျှသာ ပြောပြကြပါ။

၃၁၇။ **လုတ္တာသု၊ ပေ၊ ဟောန္တိ**–လုတ္တာသု ဝိဘတ္တီသုတို့သည် ရှေ့သုတ်မှ ဝိဘတ္တိယော လောပါစတို့ ဝိဘတ်ပြင်၍ လိုက်လာသော အနုဝတ္တနဝုတ္တိ များတည်း၊ လိင်္ဂသကား အသ၏ အစွဲကို ပြလို၍ ထည့်ရသော ပက္ခိပနဝုတ္တိတည်း၊ ဟောန္တိ လည်း ပက္ခိပနပင် ကြွင်းပုဒ်များကား သုတ္တဝုတ္တိချည်းတည်း၊ ဤ ကစ္စည်းဝုတ္တိ၌ စ သဒ္ဒါ ၏ အနက်ကို မပြ၊ ရူပသိဒ္ဓိ၌ကား "စ သဒ္ဒါဖြင့် ဗျဉ္ဇနန္တ လိင်များကို ပကတိပြုဖို့ရန် ဆည်းယူသည်" ဟု ဆိုသည်၊ ဤသုတ်သည် သန္ဓိကျမ်းက ပကတိပြုပုံမျိုးကို ပြသော သုတ်မဟုတ်, ပျောက်ကွယ်နေသော သရ စသည်ကို ပြန်ပေါ်အောင် ပကတိပြုသော တံ ရူပတာ အတိဒေသသုတ်တည်း။

**ပကတိပြုပုံနှင့် လိင်္ဂထည့်ပုံ။** ။စက္ခုသောတံကို "စက္ခု+သောတ" တည်၊ [ရုပ်တည်ထားခိုက် ဝိဘတ် မသက်သေးသော "စက္ခု+သောတ" တို့ကို လိင်္ဂဟု ခေါ်သည်။] စက္ခုနောင် သိသက်, ချေ၊ သောတနောင် သိသက်, အံပြု၊ "စက္ခု+ သောတံ"ဟု သမာသ်ဝါကျဖြစ်၏၊ ထို့နောက် သမာသ်စပ်၍ ဒွန်မှည့်, သမာသ်မှည့်, ဝိဘတ်ကိုချေ။ [စက္ခုနောင် နဂိုရ်က ချေပြီးဖြစ်၍ ချေဖွယ်မလို၊ သောတံ၌ သိ၏ ကာရိယဖြစ်သော အံကိုသာ ချေရသည်၊] ထို့နောက် ဤသုတ်ဖြင့် စက္ခုကို စက္ခုဟု လည်းကောင်း သောတကို သောတဟုလည်းကောင်း ပကတိပြု၊ ဤသို့ မူလရုပ်တည် စဉ်ကအတိုင်း နဂိုရ်ပကတိဖြစ်အောင် ပြုခြင်းကို "ပကတိပြု"ဟု ဆိုသည်၊ ထို့ကြောင့် ပကတိပြုရာ၌ မူလရုပ်တည်ထားစဉ်က လိင် ၂ ခုဖြစ်လျှင် စက္ခုကို စက္ခုဟုလည်း ကောင်း, သောတကို သောတဟုလည်းကောင်း ၂ ကြိမ်ခွဲ၍ ဆို၊ ဤသို့ နဂိုရ် ရုပ်တည် စဉ်က ဝိဘတ် မသက်ရသေးသော လိင်အတိုင်း ပြန်ဖြစ်အောင် ပကတိ ပြုရသော ကြောင့် "အသ လိင်္ဂသ" ဟု လိင်္ဂသဒ္ဒါကို ထည့်၍ ဖွင့်ရသည်။

**ပကတိပြုရကျိုး။** ။"သောတံ" ကဲ့သို့သော ပုဒ်များ၌ သိ ဝိဘတ်၏ ကာရိယ ဖြစ်သော အံကို ချေလိုက်သည့်အခါ "တ" ၌ သရ မရှိတော့, "သောတ်" ဟု

ဖြစ်လျက် ကျန်ရစ်၏၊ ထို့ကြောင့် မူလရုပ်တည်စဉ်က သရဆုံးလျက်ရှိသော (သရန္တ ဖြစ်သော) သောတကို သောတအတိုင်း ပြန်၍ဖြစ်အောင် ''တ''၌ သရအစား ပြန်ရဖို့ အကျိုးငှာ ပကတိပြုရသည်၊ ထို့ကြောင့် ''သရန္တဿ-သော၊ အဿ လိင်္ဂဿ-၏၊ ပကတိရူပါနိ ဟောန္တိ''ဟု မိန့်သည်၊ ကိံ သမုဒယောဌ်ကား ''ကိံ+သမုဒယ+ယ'' တည်၊ ကော သမုဒယော ယဿ—ဟု ဝါကျဖြစ်ပြီးနောက် သမာသ်ဆိုင်ရာ စီရင်၍ ဝိဘတ်စသည် ချေပြီးသည့်အခါ ''ကိ်+သမုဒယ်''ဟု ကျန်ရစ်၏၊ ထို့ကြောင့် ကိံ၌ နိဂ္ဂဟိတ်ဗျည်း ဆုံးလျက်ရှိအောင် ဇူသရနှင့် နိဂ္ဂဟိတ် ဗျည်းကို အစား ပြန်ပေါ် လာစေခြင်းငှာ ဤသုတ်လာ စ သဒ္ဒါဖြင့် ပကတိပြုရသည်၊ စက္ခုဋ္ဌ်ကား နဂိုရ်ကပင် သရမပျောက်၊ သို့သော် နဂိုရ် သရန္တအတိုင်း စက္ခုဟု ရှိကြောင်း ထင်ရှားစေခြင်းငှာ စက္ခုဟု ပကတိ ပြုရသည်။

**ပစ္စုန္နဂတိကနည်း။** ။ပစ္စုန္နသဒ္ဒါသည် မိုးတိမ်ဟူသော အနက်ကို ဟော၏၊ မိုးတိမ်သည် ရေမရှိရာ၌လည်း ရေရှိအောင် ရွာချ၍ ရေရှိပြီး သမုဒြာ၌လည်း ရွာချ သကဲ့သို့ ဤသုတ်သည် သရဗျည်းတို့ ကွယ်ပျောက်နေရာ၌ သရဗျည်းတို့ ပြန်၍ ပေါ်လာအောင်လည်း ပကတိပြု၏၊ ထို့ပြင်—ရာဇပုတ္တောကဲ့သို့ သမာသ်များ၌ ''ရညော+ပုတ္တော''ဟု ဝါကျခင်း၍ ဝိဘတ်ချေသည့်အခါ ရညော၌ သဝိဘတ် ချေလျှင် ရညဟု ကျန်လေမည်လားဟု ယုံမှားဖွယ် ရှိ၏၊ ထိုကဲ့သို့ ရာဇမှ ရညော ဖြစ်အောင် စီရင်ထားရာ၌လည်း ရာဇအတိုင်း ပြန်ဖြစ်အောင် ပကတိပြု၏၊ နဂိုရ်ကပင် စက္ခုစသည်ကဲ့သို့ သရမပျောက်ကွယ်ရာ၌လည်း ပကတိပြု၏၊ ထို့ကြောင့် ဤသုတ်ကို ပစ္စုန္နဂတိကနည်းဟု ဆရာတို့ မိန့်ကြသည်။ [ပစ္စုန္န-မိုးတိမ်၏+ဂတိက-ဖြစ်ပုံနှင့် တူသော နည်း။]

[ဆောင်] ပျောက်သည့်သရ, ဗျည်းဟူသမျှကို, မူလအနေ, ပြန်ပေါ်စေ၍,
တထွေထူးခြား, စီရင်များလည်း, မခြားနဂိုရ်, တည်စေလို၏၊ နဂိုရ်
တိုင်းတုံ, တည်လျက်ကြုံသော်, ပစ္စုန္နနည်း, မြဲအောင်တည်းသို့,
ကစ္စည်း စာတော်, သုတ်ညွှန်း ဖော်သည်—ရှုမြော် ပကတိ
တွေ့တိုင်းတည်း။

**သူရိယကာန္တနည်းအရ သုတ်တည်ရသည်။** ။သောတံ၌ ''သောတ''တည်, သိကို အံပြု၊ ''သောတ+အံ'' သရလောပေါ်သုတ်ဖြင့် အံ အပြုကြောင့် တ၏ အကို ချေ၊ (တ်)ကို အံသို့ကပ်၊ ဤ၌ အံ အပြုသည် နိမိတ္တ (အကြောင်း)၊ တ၏ အသရ ကြေခြင်းကား နေမိတ္တိက (နိမိတ်ကြောင့်ဖြစ်သော အကျိုး)တည်း၊ သူရိယကာန္တ ကျောက်ကြောင့် မီးဖြစ်၏၊ အကြောင်း ကျောက်ကို ဖယ်ထုတ်လိုက်သော်လည်း အကျိုး မီးကား မပျောက်ပဲ တည်မြဲ တည်နေသကဲ့သို့, ထို့အတူ အံ အပြုကြောင့် တ၏ အသရကြေခြင်း အကျိုးဖြစ်၏၊ အကြောင်းနိမိတ် အံကို ချေလိုက်သော်လည်း အကျိုးဖြစ်သော အသရ ကြေခြင်းကား မပြောင်းလွဲပဲ ကြေမြဲ ကြေနေ၏၊ ဤသို့ အကြောင်း မရှိသော်လည်း အကျိုးမှာမူ ရှိမြဲရှိနေသောနည်းကို သူရိယကာန္တနည်းဟု ခေါ်၏၊ စန္ဒကာန္တ ကျောက်ကြောင့် ရေထွက်ရာ၌လည်း နည်းတူ၊ ထို သူရိယကာန္တ-စန္ဒကာန္တနည်းအရ ကြေမြဲ ကြေနေသော သရဗျည်းတို့ ပြန်ပေါ်လာစေခြင်းငှာ

**ဥပသဂ္ဂနိပါတ၊ပေ၊ အဗျယီဘာဝေ ါ**

၃၁၉။ ဥပသဂ္ဂ နိပါတပုဗ္ဗကော-ဥပသာရ နိပါတ် ပြဋ္ဌာန်း ရှေးရှိသော၊ သမာသော - သမာသ်သည်၊ အဗျယီဘာဝ သညော-အဗျယီဘော အမည်ရှိသည်၊ ဟောတိ၊ ကထာ-စကားသည်၊ နဂရဿ-မြို့၏၊ သမီပေ၊ အနီး၌၊ ပဝတ္တတိ-

---

၌ ပကတိစဿသရန္တဿ သုတ်ကို တည်ရသည်ဟု ရူပသိဒ္ဓိ ဗာလာဝတာရ စသည် တို့ ယူကြသည်၊ ပြခဲ့သော အမိပ္ပာယ်များသည် ရူပသိဒ္ဓိဝါဒကို မှီသော အမိပ္ပာယ် များတည်း။

မဟိရုဟနည်းအရ တည်ရသည်။ ။သစ်ပင်ကို''မဟီရှုဟ''ဟု ခေါ်၏၊သစ်ပင် ကြောင့် သစ်ရိပ်ထွက်၏၊ သစ်ပင်သည် အကြောင်း နိမိတ်၊ သစ်ရိပ်ကား အကျိုး နေမိတ္တိက တည်း၊ အကြောင်း သစ်ပင်ကို ခုတ်လှဲလိုက်လျှင် အကျိုး သစ်ရိပ်လည်း ပျောက်ရသကဲ့သို့ အကြောင်းမရှိလျှင် အကျိုးလည်း မရှိသော နည်းသည် မဟီရုဟ နည်း မည်၏၊ ထို မဟီရုဟနည်းအရ သောတ၌ အံ အပြုကြောင့် ကြေနေသော အသရသည် အံ အပြုကို ချေလိုက်သည်နှင့် တပြိုင်နက် ကြေနေရသော အဖြစ်မှ ကွယ်ပျောက်လေတော့၏၊ ကြေမြဲ ကြေမနေပဲ အလိုလို ပြန်ပေါ်လာသည်၊ ''ပြန်ပေါ် လာအောင် သုတ်ဖြင့် စီရင်ဖွယ် မလို''ဟူလို၊ သို့သော် သတ္တာကို ရုပ်တွက်သည့်အခါ သိကြောင့် ဩုဒ္ဓ ဥကို ချေ၍, သိကြေသည့်အခါ ဥကား ပြန်၍ ပေါ်မလာပဲ ကြေမြဲ ကြေနေသကဲ့သို့ သောတံ၌ အံ အပြုကို ချေသည့်အခါ အံကြောင့် ကြေခဲ့ရသော အသရသည် ပေါ်မလာပဲ ကြေမြဲ ကြေနေသည်ဟု ထင်မှားမည် စိုးသောကြောင့် ၌ ပကတိစဿ စသော သုတ်ကို တည်ရသည်ဟု ကာတန္တဋီကာ-ကစ္စာယနဝဏ္ဏနာ စသော ကျမ်းတို့က ယူဆသည်။ [''ကထိနုဒုဿံ တျာဒယော ပယောဂါ မဟီရုဟ နယ နိဿိတာ''—(ကစ္စာယန ဝဏ္ဏနာ)။] မောဂ္ဂလ္လာန်စသော အခြား ပါဠိ သဒ္ဒတသဒ္ဒါကျမ်းတို့၌ကား ပကတိပြုသောသုတ် မပါ၊ပျောက်ကွယ်နေသော သရ ဗျည်းတို့ မဟီရုဟ နည်းအားဖြင့် အလိုလို ပြန်ပေါ်ကြသည်—ဟု ယူကြသည်၊ ၌သုတ် ၌လည်း ရုပ်တွက်ဖို့ မလိုသေး။

၃၁၉။ ဥပသဂ္ဂနိပါတ ပုဗ္ဗကော— ''ပုဗ္ဗက'' သဒ္ဒါသည် ပုဗ္ဗက ၂ ပုဒ်ကို ကေသေသ်ပြုထားသော သဒ္ဒါတည်း၊ ပုဗ္ဗက တခုသည် ''ရှေ''ဟူသော အနက်ကို ဟော၍ အခြားတခုကား ''ပြဋ္ဌာန်း''ဟူသော အနက်ကို ဟော၏၊ ပဌမ ပုဗ္ဗကကို ''ပုဗ္ဗေ-ရှေ၌၊ ပဝတ္တာ-ဖြစ်သော သဒ္ဒါတို့သည်၊ ပုဗ္ဗကာ-တို့ မည်၏''ဟု ပြု၊ ပြဋ္ဌာန်း အနက်ဟော ပုဗ္ဗကသဒ္ဒါကား ''ပုဗ္ဗေ-ရှေ၌၊ ဝါ-ပဓာနအဖြစ်၌၊ ဂစ္ဆန္တိ ပဝတ္တန္တိ- ဖြစ်ကုန်၏၊ ဣတိ ပုဗ္ဗဂါ''ဟု ပြု၊ မနော ပုဗ္ဗင်္ဂမာ၌ ပုဗ္ဗင်္ဂမသဒ္ဒါသည် ပဓာနအနက်ကို ဟောသကဲ့သို့ ၌ ပုဗ္ဗဂသဒ္ဒါလည်း ပဓာန အနက်ဟောတည်း၊ ထို့နောက် ''ကုလူပဂေါ=ကုလူပကော''ကဲ့သို့ ဂကို ကပြု၍ ပုဗ္ဗက ဖြစ်၏၊ ''ပုဗ္ဗကာစ-ရှေဖြစ် သော ဥပသာရနိပါတ်တို့လည်း၊ ပုဗ္ဗကာစ-ပြဋ္ဌာန်းသော ဥပသာရနိပါတ်တို့လည်း၊ ပုဗ္ဗကာ-တို့''ဟု ကေသေသ် ပြုပါ၊ ဥပသဂ္ဂနိပါတာ+ပုဗ္ဗကာ ယဿာတိ ဥပသဂ္ဂ နိပါတပုဗ္ဗကော၊ ယဿ-အကြင်သမာသ်၏၊ ပုဗ္ဗကာ-ရှေ၌လည်းဖြစ်, ပြဋ္ဌာန်းလည်း

ဖြစ်၏၊ ဣတိ-ထို့ကြောင့်၊ ဥပနဂရံ-ဥပနဂရမည်၏၊ ဒရထာနံ-ပူလောင်မှုတို့၏၊ အဘာဝေါ-မရှိခြင်းတည်း၊ နိဒ္ဒရထံ-ပူလောင်မှု မရှိခြင်း၊ မသကာနံ-ခြင်တို့၏၊ အဘာဝေါ-မရှိခြင်းတည်း၊ နိမ္မသကံ-ခြင် မရှိခြင်း၊ ဝုဍ္ဎာနံ-ကြီးသူတို့၏၊ ပဋိပါဋိ-အစဉ်တည်း၊ ယထာဝုဍ္ဎံ-ကြီးသူတို့ အစဉ်၊ ဝါ-ကြီးစဉ်ငယ်လိုက်၊ ဝါ-တနည်း၊ ယေယေ-အကြင် အကြင် သူတို့သည်၊ ဝုဍ္ဎာ-ကြီးသူတို့တည်း၊ ယထာဝုဍ္ဎံ၊ကြီးသူတို့ ကြီးသူတို့၊ ဗိဝသ-အသက်၏၊ ယတ္တကော-

---

ပြဋ္ဌာန်းကုန်သော၊ ဥပသဂ္ဂနိပါတာ-တို့သည်၊ သန္တိ၊ ဣတိ, သော သမာသော, ဥပသဂ္ဂနိပါတပုဗ္ဗကော-မည်၏၊ ဤဝိဂ္ဂဟနှင့်အညီ ကျနစွာ ပေးလိုလျှင် "ဥပသဂ္ဂနိပါတပုဗ္ဗကော-ရှေ့၌လည်းဖြစ်, ပြဋ္ဌာန်းလည်း ပြဋ္ဌာန်းသော ဥပသာရနိပါတ် ရှိသော"ဟု အနက်ပေးသင့်၏၊ သို့သော် လွယ်ကူအောင် ရိုးရာအတိုင်း ပေးရတော့သည်။

[ရူပသ] ကထံ ဥပသဂ္ဂနိပါတ ပုဗ္ဗကောတိ ဝစနေန နိပါတောပသဂ္ဂ ပုဗ္ဗကတာ နိပါတောပသဂ္ဂ ပုဗ္ဗင်္ဂမတာစ ဝိညာယတီတိ စေ၊ ကတေ ကသေ သတ္တာ၊ တတ္ထ စေကော ဥပသဂ္ဂနိပါတ ပုဗ္ဗဝေါတိ ဝတ္တဗ္ဗေ ကုလူပကောတိ အာဒိသုဝိယ ဥပသဂ္ဂနိပါတပုဗ္ဗကောတိ ဝုတ္တော။

ဤသို့ **ကြံရကျိုးနှင့် လက္ခဏာ**။ ။ပုဗ္ဗကောကို "ရှေ့" ဟုလည်းကောင်း "ပြဋ္ဌာန်း" ဟုလည်းကောင်း ၂ နက် ရအောင် ဧသေသ် ကြံလိုက်ရသဖြင့် "သုဂန္ဓော-ကောင်းသော အနံ့ရှိသူ၊ အ သမော-အတူမရှိသော ဘုရား" စသော သမာသ်များ၌ သုဥပသာရ န နိပါတ်တို့ ရှေ့ကျသော်လည်း ထို ဥပသာရနိပါတ်၏ အနက်များ မပြဋ္ဌာန်းသောကြောင့် "အဗျယီဘော မည်လေသလား" ဟု လျှဉ်းပါးဖွယ် မရှိရခြင်း အကျိုးရှိ၏၊ ထို့ပြင်-အဗျယီဘော သမာသ်၌ "၁-ဥပါသာရ နိပါတ်တို့ ရှေ့ရှိခြင်း, ၂-ထို ဥပသာရနိပါတ်တို့၏ အနက်သာ ပြဋ္ဌာန်းခြင်း"ဟု လက္ခဏာ ၂ ပါးရှိကြောင်းကိုလည်း သိရသည်၊ "ပြဋ္ဌာန်း"ဟူရာ၌ ထို ဥပသာရ နိပါတ်တို့၏ အနက်သာ ရသည်-ဟု ဆိုလိုသည်၊ ဥပမာ-"ဥပနဂရံ-မြို့အနီး" ဟူရာ၌ နဂရ၏ အနက်ဖြစ်သော "မြို့" မရပဲ ဥပ၏ အနက် ဖြစ်သော "အနီး" သာ ရသကဲ့သို့တည်း၊ ဤ အဗျယီဘော သမာသ်ကို ရှုပ်တွက်သော အခါ ရှေ့ပုဒ်ဝယ် (များသောအားဖြင့်) ပဌမာ ဝိဘတ် ကြေ၍ နောက်ပုဒ်၌ ဝိဘတ် ၇ သွယ်တွင် သင့်ရာ ဝိဘတ်များ ကြေနိုင်သည် ဟုလည်း မှတ်။

**အဗျယီဘာဝေါ**—"အဗျယ" ဟူသော အမည်သည် ဥပသာရပုဒ် နိပါတ်ပုဒ်တို့၏ အမည်တည်း၊ ရွှေဦးအံ့-ဥဒယဝယ၌ ပျက်ခြင်း အနက်ဟော ဝယသဒ္ဒါသည် ဝိ+အယကို သန္ဓိ စပ်ထားသကဲ့သို့ ဗျယ သဒ္ဒါလည်း ဝိ+အယကို သန္ဓိ စပ်ထားသော သဒ္ဒါတည်း၊ ဝိသဒ္ဒါလည်း "န" နှင့် အနက်တူ၏၊ န အယတိ-မဖြစ်တတ်၊ ဝါ-ပျက်တတ်၏၊ ဣတိ-ထို့ကြောင့်၊ ဗျယော-ဗျယ မည်၏၊ "န+ဗျယော, အဗျယော-ပျက်တတ်သော သဒ္ဒါမဟုတ်" ဟူသော ဝိဂ္ဂြိဟ်အရ ဝိဘတ် ၇ သွယ် ဝုစ် ၂ ပါးတို့

အကြဲင်မျှလောက် အတိုင်းအရှည်ရှိသော၊ ပရိစ္ဆေဒေါ-အပိုင်းအခြားတည်း၊ ယာဝဇီဝံ-အသက် ရှည်သမျှ၊ တေဓမ္မာ-ထို တရားတို့သည်၊ စိတ္တံ-စိတ်ကို၊ အဓိကိစ္စ-စွဲမှီ၍၊ ပဝတ္တန္တိ-ဖြစ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ အဓိစိတ္တံ-မည်၏၊ ပဗ္ဗတဿ-တောင်၏၊ တိရော-တဘက်တည်း၊ တိရောပဗ္ဗတံ-တောင့် တဘက်၊ နာဝါ- လှေသည်၊ သောတဿ - ရေအယဉ်၏၊ ပတိ ဝတ္တတိ - ဆန့်ကျင်ဘက် ဖြစ်၏၊ ဣတိ, ပတိသောတံ-ပတိသောတ မည်၏၊ ပါသာဒဿ-ပြာသာဒ်၏၊

---

ကြောင့် ရုပ်အနေအထား မပြောင်းလွဲ မပျက်ပြားရကား ဥပသာရနိပါတ်များကို "အဗျယ" ဟု ခေါ်သည်၊ မှန်၏-"ပသတ္ထော" ဟု ပုလ္လိင်ဖြစ်စေ, "ပဏီတံ" ဟု နပုလ္လိင်ဖြစ်စေ, "ပဇာ" ဟု ဣတ္ထိလိင်ဖြစ်စေ ပဥပသာရ အတွက်မှာ ရုပ်နေ မပြောင်း တော့၊ ထို့အတူ "ပသတ္ထာ, ပသတ္ထံ, ပသတ္ထေန" စသည် ဝိဘတ် အမျိုးမျိုး ဝုစ် အမျိုးမျိုး ကွဲပြားသော်လည်း ရုပ်နေ မပြောင်း၊ နိပါတ်များလည်း နည်းတူ။

သဒိသံ တီသု လိင်္ဂေသု, သဗ္ဗာသု စ ဝိဘတ္တိသု၊
ဝစနေသု စ သဗ္ဗေသု, ယံ န ဗျေတိ တဒဗျယံ။

[ယံ-အကြင်ပုဒ်သည်၊ တီသု လိင်္ဂေသု-လိင် ၃ ပါးတို့၌လည်းကောင်း၊ သဗ္ဗာသု ဝိဘတ္တိသု စ-ဝိဘတ် အားလုံးတို့၌လည်းကောင်း၊ သဗ္ဗေသု ဝစနေသု စ-ဝုစ် အားလုံး တို့၌လည်းကောင်း၊ န ဗျေတိ-(န ဝိ+ဧတိ)-မပျက်တတ်၊ ဝါ-ရုပ်နေ မပြောင်းတတ်၊ တံ-ထို ပုဒ်သည်၊ အဗျယံ-အဗျယ ပုဒ်မည်၏။]

အဗျယာနံ-အဗျယ ပုဒ်တို့၏၊ အတ္ထံ-အနက်ကို၊ ဘာဝေတိ-ထင်ရှားစေတတ်၏၊ ဣတိ-ကြောင့်၊ အဗျယီဘာဝေါ-မည်၏၊ "ဥပနဂရံ" ပုဒ်၌ မြို့ဟူသော အနက်ကိုမရ, ဥပ ဥပသာရ၏ အနက်သာ ရသောကြောင့် "ဥပနဂရံ" ဟူသော သမာသ်သည် အဗျယမည်သော ဥပ၏အနက်ကို ထင်ရှားစေ၏၊ "ထင်ရှားစေ" ဟူရာ၌ ကြားနာ သူတို့ကို သိစေသည်-သိအောင် ပြောတတ်သည်-ဟု ဆိုလိုသည်။ [အဗျယတ္ထ သဒ္ဒူပ ပဒ ဘူဓာတ်, ကာရိတ် ဏေပစ္စည်း, ဏာပစ္စည်း၊ ဏ အနုဗန်ချေ, ကာရိတ် ဧကိုလည်း သုတ်ကြီးဖြင့် ချေ၊ ဘူ၏ ဦကို ဩဝုဒ္ဓိ, ဩကို အာဝ ပြု၍ "အဗျယတ္ထဘာဝ" ဟု ဖြစ်သင့်လျက် တေသုဝုဒ္ဓိ သုတ်ကြီးဖြင့် အတ္ထပုဒ်ကို ချေ "ပစ္စယာ ဒနိဋ္ဌာ နိပါတနာ" သုတ်ဖြင့် အဗျယနောင် (ဤ) ပစ္စည်း သက်၍ "အဗျယီဘာဝ" ဟု ပြီးသည်၊ အခြား နည်းများကို ရူဘာသာဋီကာမှာ ရှု]

ချာသဝါဒ။ ။"ဗျယံ-ရုပ်နေ ပျက်ပြားလျက်၊ ဘဝန္တိ-ဖြစ်တတ်ကုန်၏" ဟု ဝိဂ္ဂြိုဟ်ပြု၍ လိင်ဝိဘတ် ဝုစ် အမျိုးမျိုး၌ ရုပ်နေ ပျက်ပြား တတ်သော ဒွန်-ဒိဂု စသော သမာသ်များကို "ဗျယီဘာဝ" ဟု ဆိုထိုက်၏၊ ဤ သမာသ်ကား "အံဝိဘတ္တီနံ့ မကာရန္တာ, အညသ္မာလောပေါစ" ၂ သုတ်ကို ထောက်၍ "ဥပနဂရံ" ဟု နိဂ္ဂဟိတန္တ ရုပ်တမျိုး, "အဓိတ္ထိ" ဟု ဝိဘတ်ချေထားသော ရုပ်တမျိုး, ဤရုပ် ၂ မျိုးမှတပါး များသော အားဖြင့် ရုပ်အနေ မပြောင်းတတ်သောကြောင့် "န+ဗျယီဘာဝေါ, အဗျယီဘာဝေါ" အရ အဗျယီဘာဝ မည်၏၊ ဤသို့ ရုပ်နေ မပျက်ပြား တတ်ခြင်း

အန္တော - အတွင်းတည်း၊ အန္တောပါသာဒံ - ပြာသာဒ်တွင်း၊ အဗျယီဘာဝ လ္လစ္စနေနှ-အဗျယီဘာဝ ဟူသော ဤအမည်ကို ပြုခြင်းဖြင့်၊ပေ၊ အံဝိဘတ္တိနှ မကာရန္တာ-ဗျယီဘာဝါ-၌....၏။ (၃၃၀)။

---

ဟူသော မိမိသဘောကို ထင်ရှားပြခြင်းငှာ ဃ-ပ-ဈ-လ အမည်တို့ကဲ့သို့ အက္ခရာ တလုံးတည်းဖြင့် လဟုသညာ မပြုပဲ "အဗျယီဘာဝ" ဟု ဂရုသညာ ပြုရသတတ်။

[န္ယာသ] ဂရုသညာကရဏမသ သဘာဝဒိပနတ္ထံ၊ အယံဟိ အံဝိဘတ္တိန မကာ ရန္တာ ဗျယီဘာဝါ-အညသ္မာ လောပေါစာတိ ဝုတ္တတ္တာ ယေဘုယျေန တတ္ထ ဝုတ္တ ရူပဒွယံ ထပေတွာ ရူပန္တရာနာပဇ္ဇနတော "ဗျယံ ဘဝန္တီတိ ဗျယီ ဘာဝါ" တိ ဝတ္တဗ္ဗာနံ ဥန္နသမာသာဒိနံ ပဋိပက္ခသဘာဝတ္တာ "န ဗျယံ ဘဝ တီတိ အဗျယီဘာဝေါ" တိ ဝတ္တဗ္ဗော။

**သုတ်နက်ဖွင့်ပုံ။** ။ဤသုတ်၌ ဝုတ္တိ (သုတ်နက်) ဖွင့်ပုံသည် ရူပသိဒ္ဓိ ပဉ္စမနည်း ဖွင့်ပုံနှင့် မတူ၊ ယုတ္တတ္တော-သမာသော ၂ ပုဒ်ကို လိုက်စေ၍ "ဤသုတ်သည် သမာသ် စပ်ပေးသော (သမာသ်စီရင်သော) ဝိဓိသုတ်လည်း ဟုတ်၏, အဗျယီဘော အမည် မှည့်သော သညာသုတ်လည်း ဟုတ်၏" ဟု ရူပသိဒ္ဓိ ဆိုလို၏၊ (အကျယ်ကို ရူပသိဒ္ဓိ မှာ ရှု)၊ ဤကစ္စည်း ဝုတ္တိ၌ကား ယုတ္တတ္တောပုဒ်ကို မလိုက်စေပဲ "ဥပသဂ္ဂ နိပါတပုဗ္ဗ ကော သမာသော အဗျယီဘာဝသညော ဟောတိ" ဟု သမာသော တပုဒ်ကိုသာ လိုက်စေသည်၊ ဤ ကစ္စည်းဝုတ္တိ အလိုအားဖြင့် ဤသုတ်သည် အဗျယီဘော အမည် မှည့်သော သညာသုတ်သာတည်း၊ သမာသ်စပ်မှု အစီအရင်ကိုကား ဤသုတ်က တမင်လာ မပြတော့ပဲ အညထာနုပပတ္တိ နည်းအားဖြင့်ပြသည်။

**ရှုဦးအံ့**—နာမာနံ သမာသော ယုတ္တတ္တောသည် သမာသ်စပ်ပေးသော ဝိဓိသုတ် မဟုတ်, သမာသ်အမည်မှည့်သော သာမညသညာသုတ်တည်း-ဟု ဆိုခဲ့ပြီ၊ ဤသုတ် ကလည်း (ကစ္စည်းဝုတ္တိအလိုအားဖြင့်) အဗျယီဘာဝအမည်မှည့်သော ဝိသေသ သညာသုတ်သာ ဖြစ်၏၊ သို့ဖြစ်လျှင် ဥပနှင့် နဂရဿ စသည်တို့ကို အဘယ်နည်းဖြင့် ပေါင်းစပ်၍ သမာသ်စီရင်မည်နည်း-ဟု မေးဖွယ်ရှိသည်၊ အဖြေကား-အဗျယီဘော အမည်, ကမ္မဓာရည်းအမည်စသည်ဖြင့် ဝိသေသအမည်မှည့်သော ဤသုတ်နှင့် "ဒွိပဒေ တုလျာဓိ ကရဏေ ကမ္မဓာရယော" စသော သုတ်များသည် သညာစီရင်မှုကို ပဓာန ပြု၍ အညထာနုပပတ္တိအစွမ်းဖြင့် သမာသ်စပ်မှုကိုလည်း စီရင်ပြီးဖြစ်တော့သည်၊ ဆက်ပါဦးအံ့-ဥပနှင့် နဂရဿတို့ကို အဗျယီဘော ဟု နာမည်မှည့်လိုက်လျှင်လည်း ကောင်း, မဟန္တောနှင့် ပုရိသောကို ကမ္မဓာရဲဟု နာမည်မှည့်လိုက်လျှင်လည်းကောင်း ထို အဗျယီဘော ကမ္မဓာရဲစသော နာမည်ကိုရရှိသော ပုဒ်အပေါင်း၏ ဝါကျမဖြစ်သင့် ခြင်း, သမာသ်သာ ဖြစ်သင့်ခြင်းကို "အညထာနုပပတ္တိနည်း" ဟု ခေါ်သည်။ [အညထာ-အခြားတမျိုး၏+အနုပပတ္တိ-မဖြစ်သင့်ခြင်း၊] ထို့ကြောင့် ရှစ်တွက်သည့် အခါ "ဥပနှင့် နဂရဿကို သမာသ်စပ်၍ အဗျယီဘော အမည်မှည့်" ဟု ဆိုရိုး ပြုလိမ့်မည်။

[ရူဋီကာ] ဇုဓ အဗျယီဘာဝါဒိ သညာဝိဓာယကသုတ္တာနေဝ ဝါ သညာဝိဓာန မုခေန သမာသ ဝိဓာယကာနီတိ ဒဋ္ဌဗ္ဗာနိ၊ ယေဟိ ပန ကေဝါကျတာယ ယောဇေတုံ (ရူပသိဒ္ဓိဆရာကဲ့သို့ ၂ ဝါကျ မခွဲပဲ တဝါကျတည်း ယောဇနာ ခြင်းငှာ) ယုတ္တတ္တဂ္ဂဟဏာဓိကာရော အနိစ္စိတော၊ တေသံ (ထိုကစ္စည်း ဝုတ္တိဆရာတို့၏) မတေ တဿ တဿ သမာသဿ အဗျယီဘာဝတာပ္ပုရိ သာဒိသညာနံ မုချတော ဝိဟိတတ္တာ အညထာနုပပတ္တိဝသေန တံတံ သညာဝိဓာယကသုတ္တာနေဝ အတ္ထတော သမာသဝိဓာယကာနိ။

ကလာပ်ဝုတ္တိ။ ။ယခုပြခဲ့သော အဓိပ္ပာယ်သည် ချာသကိုမှီးသော အဓိပ္ပာယ် တည်း၊ ဤ ချာသအဓိပ္ပာယ်ကိုပင် ရူပသိဒ္ဓိ၌ ဒုတိယတနည်း အဖြစ်ဖြင့် ပြထားသည်၊ ကလာပ်ဝုတ္တိ၌ကား "နာမာနံ သမာသော ယုတ္တတ္ထော" သုတ်ဖြင့် မှည့်အပ်သော သမာသ်အမည်သည် "သမသနံ-စပ်ခြင်း၊ ဝါ-တနည်း၊ သမသီယတိ-စပ်အပ်၏" ဟူသော ဝိဂ္ဂဟ်ဝါကျသို့ အစဉ်လိုက်သော အန္တတ္ထအမည် ဖြစ်သောကြောင့် ထို "သမာသ" ဟူသော နာမည်သည်ပင် ဥပနှင့် နဂရဿ စသည်ကို စပ်ပေးခြင်း ဟူသော အစီအရင်ကိုလည်း ပြုအပ်၏-ဟု ဆိုသည်၊ ဤ ကလာပ်ဝုတ္တိ အလိုအားဖြင့် "နာမာနံ သမာသော ယုတ္တတ္ထော" သုတ်ဖြင့် ဥပ+နဂရဿကို သမာသ်အမည်မှည့်-ဟု ဆိုထိုက်သည်နှင့် တပြိုင်နက် သမာသ်စပ်ပြီးလည်း ဖြစ်တော့သည်-ဟု ဆိုလိုသည်၊ သို့ဖြစ်လျှင် ဥပသဂ္ဂနိပါတပုဗ္ဗကော စသော ဝိသေသသညာ သုတ်တို့ဖြင့် အဗျယီဘော စသော အမည်ကိုသာ မှည့်ရတော့၏, သမာသ်စီရင်ဖွယ်ကား မလိုတော့ချေ။ [သညာယဧဝါဝိဓိ အန္တာချာတော၊ သညာယဧဝ-သမာသဟူသော အမည်သည် ပင်၊ ဝိဓိ-စပ်ပေးခြင်း အစီအရင်ကို၊ အန္တာချာတော-အန္တတ္ထအားဖြင့် ဆိုအပ်၏ (ကလာပ်ဝုတ္တိ)။]

နိစ္စသမာသ်ဖြစ်ပုံ။ ။ရညော ပုတ္တော (ဝါကျ), ရာဇပုတ္တော (သမာသ်)၊ ဤသို့ ဝါကျအတိုင်းဖြစ်စေ, သမာသ်အဖြစ်ဖြင့်ဖြစ်စေ ၂ မျိုးလုံး ပါဠိအသုံး ရှိနိုင် သော သမာသ်သည် အနိစ္စသမာသ်ဖြစ်၏၊ အနိစ္စ-သမာသ်အဖြစ်ဖြင့် မမြဲသော (ဝါကျလည်း ရှိနိုင်သော) သမာသ်-ဟူလို၊ ထိုကဲ့သို့ ၂ မျိုးလုံး ပါဠိသုံးမရှိပဲ သမာသ် အဖြစ် တမျိုးတည်းသာ (ဝါကျမရှိနိုင်သော) သမာသ်-ဟူလို၊ ဤ "ဥပနဂရံ" စသော အဗျယီဘော သမာသ်သည် "ဥပနဂရံ" ဟု သမာသ်အဖြစ်ဖြင့်သာ ပါဠိစီနိုင်၍ "နဂရဿ-မြို့၏+ဥပ+အနီး" ဟု ဝါကျအနေအားဖြင့် ပါဠိမစီနိုင်၊ ထို့ကြောင့် အဗျယီဘောသမာသ်ကို များသောအားဖြင့် "နိစ္စသမာသ်" ဟု မှတ်။

[နိယာမ်] အဗျယီဘာဝ, သမာသမှာ, နိစ္စကေန်, စင်စစ်မှန်၍, ပြုရန်ဝိဂ္ဂဟ်, မရှိဆို၏၊ ဝိဂ္ဂဟ်ဝါကျ, ပြုလိုကမူ, တပါးကပုဒ်, ဆောင်ကာထုတ်၍, လုပ်လေဝိဂ္ဂဟ် ဝါကျတည်း။

မှတ်ချက်။ ။"ပြုရန်ဝိဂ္ဂဟ်, မရှိဆို၏" ဟူရာ၌ "နဂရဿ+ဥပ" ဟု မိမိပုဒ်ရင်း အတိုင်း ဝိဂ္ဂဟ်ပြု၍ မဖြစ်ဟု ဆိုလိုသည်၊ ဘာ့ကြောင့်နည်း-ဥပသဒ္ဒါသည် ပုဒ်တပါးနှင့်

မတွဲပဲ သူ့ချည်းသက်သက် တဝိဘတ်ဆုံးသော တပုဒ် အဖြစ်ဖြင့် ပါဌ်သုံး မရှိသောကြောင့်တည်း၊ သမာသ်ပုဒ်၏ အနက်မှန်ကို နားလည်စေရန် ဝိဂြိုဟ်ပြုလုပ်လိုသေးလျှင် ဥပ၏ ပရိယာယ်ဖြစ်သော "သမီပ"ပုဒ်, အဓိ၏ ပရိယာယ်ဖြစ်သော "အဓိကိစ္စပဝတ္တာ"ပုဒ်, ဤကဲ့သို့ ပရိယာယ်ဖြစ်သော တပါးပုဒ်ကို ဆောင်ယူ၍ "နဂရဿ+သမီပံ, စိတ္တံ အဓိကိစ္စ ပဝတ္တန္တိ"စသည်ဖြင့် ဝိဂြိုဟ်လုပ်ပါလေ—ဟူလို။

မှတ်ချက်။ ။"အဗျယီဘော သမာသ်၌ မိမိပုဒ်ရင်းဖြင့် ဝိဂြိုဟ်မပြုရ, ပရိယာယ်ပုဒ်တပါးကို ဆောင်ယူ၍ ပြုရမည်"ဟူသော စကားလည်း ယေဘုယျအားဖြင့် များရာကို လိုက်၍ ဆိုအပ်သော စကားတည်း၊ "အန္တော ပါသာဒံ" စသည်၌ "ပါသာဒဿ+အန္တော"ဟုလည်းကောင်း အဇ္ဈတ္တံ၌လည်း "အတ္တာနံ+အဓိ"ဟုလည်းကောင်း မိမိပုဒ်ရင်းဖြင့် ဝိဂြိုဟ်ပြုထားသော အဗျယီဘောများလည်း တွေ့ရသေးသည်၊ ဤ၌ အန္တောသည် နိပါတ် အဗျယ, အဓိကား ဥပသာရအဗျယတည်း။ [သော စ ခေါ (ထို အခြားပုဒ်ဖြင့် ဝိဂ္ဂဟ ပြုရခြင်းသည်လည်း) ယေဘုယျေနေဝ နိပါတပုဗ္ဗကေသု အန္တောပါသာဒါဒီသု ပန သကပဒေနာပိ ကွစိ ဝိဂ္ဂဟဝါကျံ သမ္ဘဝတော၊....ရူပသိဒ္ဓိဋီကာ၊ ဤ၌ "နိပါတ်ရှေးရှိရာဝယ် မိမိပုဒ်ဖြင့်လည်း တချို့ ဝိဂြိုဟ်ဝါကျ ဖြစ်နိုင်"ဟူသော စကားလည်း မနှံ့သေး၊ ဘာ့ကြောင့်နည်း....ဥပသာရ ရှေးရှိရာမှာလည်း မိမိပုဒ်ဖြင့် ဝိဂြိုဟ်ဝါကျ ဖြစ်နိုင်ပုံကို "အတ္တာနံ+အဓိ, အဇ္ဈတ္တံ၊ အတိသယေန အတ္တာနံ အဓိကိစ္စ ဥဒ္ဒိဿ ပဝတ္တာဓမ္မာ အဇ္ဈတ္တံ"ဟု ကောသလသံယုတ်ဋီကာ စသည်၌ ပြထားသောကြောင့်တည်း။]

နဂရဿ၊ပေ၊ ဥပနဂရံ—"ယထာ ဇုတ္တိသု ပဝတ္တာ ကထာ အဓိတ္ထိတိ ဝုစ္စတိ" စသည်ဖြင့် (ကောင်္ဂတ္တရ, ကေဓမ္မဝဂ္ဂဋီကာ)စသည်တို့ ဖွင့်ပုံကို နည်းမှီး၍ "နဂရဿ သမီပေ ပဝတ္တတိ ကထာ"ကို "ဥပနဂရံ"ဟူသော သမာသ်ပုဒ်၏ ဝိဂြိုဟ်ဝါကျ အဖြစ်ဖြင့် ကစ္စည်းဝုတ္တိဆရာ ဆိုထားဟန် တူ၏၊ သို့သော် ရူပသိဒ္ဓိဆရာကား ဥပသဒ္ဒါသည် "သမီပေ ပဝတ္တတိ ကထာ"ဟူသော အနက်ကို မပြနိုင်၊ သမီပ အနက်ကိုသာ ပြနိုင်၏-ဟု ယူ၍ "နဂရဿ သမီပံ"ဟု ဝိဂြိုဟ်ပြုသည်၊ ထို ရူပသိဒ္ဓိဆရာ၏ ဝိဂြိုဟ်သာ "ဥပကုမ္ဘံ"ကို "ကုမ္ဘဿ....သမီပံ"ဟု ဝိဂြိုဟ်ပြုကြသော ကာတန္တဋီကာ မောဂ္ဂလ္လာန် ပဉ္စိကာဋီကာတို့နှင့် ညီညွတ်သည်။

တနည်းကြံကြပုံ။ ။"နဂရဿ သမီပေ ပဝတ္တတိ ကထာ"သည် ဝိဂြိုဟ်စစ် မဟုတ်သေး၊ "နဂရဿ သမီပံ"ဟုသာ ဝိဂြိုဟ်ပြုလိုရင်း ဖြစ်၏၊ "ပဝတ္တတိ ကထာ" ကား "မြို့အနီး၌"ဟူသော အာဓာရ၏ အာဓေယျကို အပိုထည့်ပြသော စကားသာတည်း—ဟု တနည်း ကြံကြသေး၏၊ ထိုအကြံသည် "ဇုတ္တိသုတိ အညပဒဝါကျံ ဝုတ္တံ, ကထာ ပဝတ္တာတိ အာဓေယျောပဒဿနံ"ဟူသော ပဉ္စိကာဋီကာကို နည်းမှီဟန် ရှိသော်လည်း ထိုအကြံအတိုင်း မဖြစ်နိုင်၊ ထင်ရှားစေအံ့—အဓိတ္ထိသည် ဝိဘတျတ္ထ အဗျယီဘောသမာသ်တည်း၊ ထို့ကြောင့် အဓိအတွက် သတ္တမီဝိဘတ်အနက် ထင်ရှားအောင် အဓိတ္ထိကို "ဇုတ္တိသု"ဟု ဝိဂြိုဟ်ပြု၍ "အဓိတ္ထိ-မိန်းမတို့၌"ဟု အနက်ပေးရ၏၊ "မိန်းမတို့၌"ဟု အာဓာရချည်း ဖြစ်နေပြန်သောကြောင့် "ကထာ ပဝတ္တာ"ဟု

အာဓေယ်ကို အပိုသက်သက် ထည့်စွက်ရသည်၊ ဤ ဥပနဂရံကား သမီပတ္ထ အဗျယီဘောတည်း၊ ထို့ကြောင့် "နဂရဿ+သမီပံ"ဟု ဥပ၏ကိုယ်စား "သမီပံ"ဟု ပရိယာယ်ပုဒ်တပါး ထည့်၍ ဝိဂ္ဂြိုဟ်ပြုရ၏၊ "ဥပနဂရံ-မြို့အနီး"ဟု ဆိုလျှင် အာဓေယျ မပါသောကြောင့် "ပဝတ္တတိ ကထာ"ဟူသော အာဓေယ်လည်း ထည့်ခွင့်မရှိ။

**ဆက်ဦးအံ့။** ။"ဥပ"ဟူသော အဗျယပုဒ်သည် သမီပ (အနီးဂုဏ်) ကိုလည်းကောင်း,သမီပိ (အနီး၌ဖြစ်သော အရာဝတ္ထုဒြပ်-စကား စသည်) ကိုလည်းကောင်း ဟော၏၊ ထိုတွင် သမီပအနက်ကို ဟောရာ၌သာ အဗျယီဘော ဖြစ်၏၊ သမီပိကို ဟောရာ၌ကား "နဂရဿ သမီပေ ယာ ကထာ ပဝတ္တတီတိ ဥပနဂရာ ယံ ဝစနံ ပဝတ္တတီတိ ဥပနဂရံ, ယော ရုက္ခော ပဝတ္တတီတိ ဥပနဂရော"ဟု လိင်အားလျော်စွာ အညပုဒ်အနက် ပြဋ္ဌာန်းသော ဗဟုဗ္ဗီဟိ သမာသ်သာ ဖြစ်၏-ဟု သဒ္ဒတ္ထဋီကာတို့ မိန့်ကြ၏၊ ထို့ကြောင့် "နဂရဿ သမီပေ ပဝတ္တတိ ကထာ"ဝါကျလည်း အရာရာ ထောက်လျှင် ဥပနဂရံ၏ ဝိဂ္ဂြိုဟ်ဝါကျ အစစ် မဆိုထားဘိ, အတုမျှဖြစ်နိုင် ခဲယဉ်း လေသည်။

> [တတ္ထဗောဓိနီ] အဗျယီဘာဝဋ္ဌတျန္တတ္ထသညာနိယိတတ္တာ သမီပတ္ထဝါစိ ဥပါဗျယတ္တပါခါဒေနျွေဝါယံ သမာသော၊ သမီပဝတ္တိပါခါဒေနျွေတု "သင်္ချာယာဗျယာသန္နာ" ဣတိ ဗဟုဗ္ဗီဟိံ ဝက္ခတိ—ဥပဒသာတိ ယထာ၊ ဥပသဒ္ဒေါ သမီပေ သမီပိနိစ ဝတ္တတေ၊ အာဒိမေ အဗျယီဘာဝေါ၊ ဒုတိယေတု ဗဟုဗ္ဗီဟီတိ ဝိဝေကော။

[ဥပသာရ အဗျယပုဒ်သည် ဒြပ်အနက်ကို မဟော, ဤ သမာသ်ကလည်း အဗျယီဘာဝ (အဗျယအနက်ကို ထင်ရှားပြ၏) ဟူသော အန္တတ္ထသညာကို မှီသောကြောင့် သမီပ အနက်ဟော ဥပ အဗျယအနက် ပြဋ္ဌာန်းရာ၌သာ အဗျယီဘောသမာသ် ဖြစ်၏၊ သမီပ၌ဖြစ်သော ဒြပ်အနက် ပြဋ္ဌာန်းရာ၌ကား ဥပဒသာပုဒ်ကဲ့သို့ "သင်္ချာယာဗျယာ သန္နာ"သုတ်ဖြင့် ဗဟုဗ္ဗီဟိသမာသ်ကို ဆိုလိမ့်မည်။]

**ဒရထာနံ အဘာဝေါ နိဒ္ဒရထံ**—"နိ+ဒရထ"ဟု ပုဒ်ခွဲ၊ "တပါးက ပုဒ်, ဆောင်ကာထုတ်၍, လုပ်လေ ဝိဂ္ဂြိုဟ်ဝါကျတည်း"နှင့်အညီ နိဥပသာရပုဒ်၏ကိုယ်စား "အဘာဝ" ပုဒ်ကို ဆောင်ယူ၍ "ဒရထာနံ + အဘာဝေါ" ဟု ဝိဂ္ဂြိုဟ်ပြုသည်၊ "မသကာနံ+အဘာဝေါ နိမ္မသကံ"လည်း နည်းတူ၊ "နိ+မသက"ဟု ပုဒ်ခွဲ၊ အဘာဝ (မရှိခြင်း) အနက်၌ နိနှင့် ဒရထ, နိနှင့် မသကတို့ကို သမာသ် စပ်ထားသောကြောင့် ဤသမာသ်ကို "အဘာဝ အဗျယီဘော"ဟု ခေါ်၏၊ နိဥပသာရပုဒ် အနက် ပြဋ္ဌာန်းသောကြောင့် ဤသမာသ်၏ အရလည်း အဘာဝပင် ရ၏၊ ထို အဘာဝသည် အတ္တာဘာဝ - ဣဒ္ဓါဘာဝ - ပဓံသာဘာဝ - ဥပဘောဂါဘာဝ ဟု ၄ မျိုး ရှိ၏၊ အကျယ်ကို ရူ ဘာသာဋီကာမှာ ရှု။

**ဝုဍ္ဎာနံ၊ပေ၊ ယထာဝုဍ္ဎံ**—"ဝုဍ္ဎာနံ ပဋိပါဋိ"ဖြင့် ယထာ သဒ္ဒါသည် အာနုပုဗ္ဗိယ (အစဉ်အတိုင်း) အနက်ကို ဟော၏-ဟု ပြ၏၊ "ယေယေ"ဖြင့် ယထာ သဒ္ဒါသည်

ဝိဿဇ္ဇာအနက်ဟောဟု ပြ၏၊ မည်သို့ပင် ပြစေကာမူ ပဋိပါဋိနှင့် ယေယေတို့သည် ယထာ နိပါတ်၏ ကိုယ်စားချည်းတည်း၊ ထို့ကြောင့် ဤ ''ယထာဝုန္နံ'' ဟူသော သမာသ်သည် ယထာသဒ္ဒါ၏ အနက်၌ ယထာနှင့် ဝုန္နပုဒ်တို့ စပ်ထား၍ ယထာ၏ အနက်ကိုပင် အရကောက်ရသောကြောင့် ''ယထာတ္ထ အဗျယီဘော''ဟု ခေါ်၏၊ တနည်း–''ဝုန္နာနံ+ပဋိပါဋိ''ဟု ဝိဂြိုဟ်ပြုလျှင် ယထာဝုန္နံသည် အာနုပုဗ္ဗိယ အဗျယီဘောတည်း၊ ''ယေယေ+ဝုန္နာ''ဟု ဝိဂြိုဟ်ပြုလျှင် ယထာဝုန္နံသည် ဝိဿဇ္ဇတ္ထ အဗျယီဘောတည်း။ [ယထာ၏ အနက်များကို ရူပကိုယ်နှင့် ဘာသာဋီကာမှာ ရှု။]

**ဇီဝ ဿ၊ ပေ၊ ယာဝဇီဝံ**–''ယတ္တကော ပရိစ္ဆေဒေါ''သည် ယာဝနိပါတ်၏ ပရိယာယ် ကိုယ်စား ပုဒ်များတည်း၊ ''အသက်၏ အကြင်မျှ အတိုင်းအရှည်ရှိသော အပိုင်းအခြား''ဟူသည် ''အသက် တရာရှည်သူ''ဖြစ်လျှင် ထိုတရာမျှလောက်သော အပိုင်းအခြားတည်း၊ မြန်မာလို ''အသက်ရှည်သမျှ, အသက်ထက်ဆုံး''ဟု ဆိုလိုသည်၊ ဤ ယာဝသဒ္ဒါသည် အဝဓာရဏ အနက်ရှိ၏၊ ထို့ကြောင့် ဤသမာသ်ကို ''အဝဓာရဏ အဗျယီဘော''ဟု ခေါ်သည်။ [သန္နိဋ္ဌာန-သန္နိဋ္ဌာ အစရှိသည်ဖြင့်၊ တ္တကတာ ပရိစ္ဆေဒေါ-ဤမျှ အတိုင်းအရှည်ရှိသည်၏ အဖြစ်ကို ပိုင်းခြားခြင်းသည်၊ အဝဓာရဏံ-မည်၏၊ တဗ္ဗောဓကံ ယာဝတ္ထျဗျယံ-ယာဝ ဟူသော အဗျယသည် ထို အဝဓာရဏအနက်ကို သိစေတတ်၏။ (သိဒ္ဓန္တကောမုဒိဋီကာ) ] မောဂ္ဂလ္လာန်၌ ယာဝန္တာဝနိ-အကြင်မျှ အတိုင်းအရှည်ရှိကုန်သော+အမတ္တာနိ-ခွက်တို့တည်း၊ ယာဝ ါ မတ္တံ-ခွက်ရှိသလောက်''ဟု ယာဝ၏ ကိုယ်စား ''ယာဝန္တာဝနိ''ဟု ပြ၏၊ ဤ ယတ္တကောနှင့် ထို ယာဝန္တာဝနိသည် ပရိစ္ဆေဒ အနက်ဟောချင်း သဘောတူပင်။

**စိတ္တံ၊ ပေ၊ အဓိစိတ္တံ**–အဓိစိတ္တံပုဒ်ကို ဖွင့်သော အဋ္ဌကထာဋီကာတို့ကို နည်းမှီး၍ ''အဓိစိတ္တံ''ကို ဝိဂြိုဟ်ပြုဟန် တူသည်၊ ထို့ကြောင့် အဇ္ဈတ္တံပုဒ်ဖွင့်ပုံကို ရှေးဦးစွာ ပြအံ့–အတ္တာနံ အဓိကာရံ ကတ္တာ ပဝတ္တာတိ အဇ္ဈတ္တာ (အဋ္ဌသာလိနီ)၊ အတ္တာနံ-အတ္တကို၊ အဓိကာရံ-စွဲမှီ ရည်စူးမှုကို၊ ကတ္တာ-ပြု၍၊ ပဝတ္တာ-ဖြစ်သောတရားတို့တည်း၊ ဣတိ, အဇ္ဈတ္တာ-တို့ မည်၏၊ အဇ္ဈတ္တာကို ''အဓိ+အတ္တ''ဟုခွဲ၊ အဓိသဒ္ဒါသည် သမာသ်အတွင်း၌ အဓိကာရအနက်နှင့် ပဝတ္တိအနက် ၂ မျိုးကို ဟောနိုင်၏၊ (ဝါကျ ရိုးရိုး၌ကား ထိုကဲ့သို့ မဟောနိုင်၊) ထို့ကြောင့် အဓိ၏ကိုယ်စား ''အဓိကာရံ ကတ္တာ ပဝတ္တာ''ဟု ပရိယာယ်ပုဒ်များကို ဆောင်ယူ၍ ဝိဂြိုဟ်ပြုသည်၊ ''အံ အပြ မမြဲသော ကြောင့် ယောကို အာပြု၍ အဇ္ဈတ္တာဟုလည်း ရှိသည်၊ ဤ အဓိစိတ္တံ၌လည်း အဓိ သဒ္ဒါ၏ အဓိကိစ္စအနက် ပဝတ္တိအနက်ကို ယူ၍ ''စိတ္တံ အဓိကိစ္စ ပဝတ္တန္တိ''ဟု ဝိဂြိုဟ်ပြုသည်၊ ''တေ ဓမ္မာ''ဟု ဆိုသောကြောင့် အဓိစိတ္တံအရ စိတ်ကို မှီ၍ဖြစ်သော စေတသိက် အားလုံးကို ယူ။

[**မူလဋီကာ**] အတ္တာနံ+အဓိ, အဇ္ဈတ္တာတိ-အဓိသဒ္ဒေါ သမာသဝိသယေ အဓိကာရတ္ထံ ပဝတ္တိအတ္ထဉ္စ ဂဟေတွာ ပဝတ္တတီတိ အတ္တာနံ အဓိကိစ္စ ဥဒ္ဒိဿ ပဝတ္တာ အဇ္ဈတ္တာ။

**သဒ္ဒနိတိ။** ။သဒ္ဒနီတိ၌ကား "အဓိကိစ္စ ပဝတ္တိယံ—အတ္တာနံ အဓိကိစ္စ ပဝတ္တံ အဇ္ဈတ္တံ, စက္ခွာဒိ၊ စိတ္တမဓိကိစ္စ ပဝတ္တံ ဓမ္မဇာတံ အဓိစိတ္တံ သာမညနိဒ္ဒေသောပိ သမာဓိယေဝ ဝုစ္စတိ သင်္ကေတဝသေန အတ္တသာ ဂဟေတဗ္ဗတ္တာ, သာမည ဇောတနာပိ ဝိသေသေ အဝတိဋ္ဌတီတိ ဝစနတောစ"ဟု မိန့်၏၊ အဓိစိတ္တံအရ စိတ်ကို စွဲမှီ၍ဖြစ်သော စေတသိက်အားလုံးကို ယူသင့်သော်လည်း လောကသင်္ကေတ အတိုင်း အနက်ယူထိုက်သောကြောင့်လည်းကောင်း "အများနှင့် ဆက်ဆံ၍ သာမန် အနက်ကို ထွန်းပြသောသဒ္ဒါပင် ဖြစ်လင့်ကစား ဝဒန္တပုဂ္ဂိုလ် ဆိုလိုရာ အနက်အထူး၌ တည်နိုင်၏"ဟု ပရိဘာသာရှိသောကြောင့်လည်းကောင်း အဓိစိတ္တံအရ သမာဓိ ကိုသာ ယူဟု ဆိုသည်၊ "အဓိကိစ္စ ပဝတ္တိယံ"ကို ထောက်၍ "အဓိကိစ္စ ပဝတ္တေ အဗျယီဘော"ဟု နာမည် တပ်သင့်သည်။

**တနည်း ဝိဂ္ဂဟ။** ။"အဓိသီလံ-လွန်ကဲသော စတုပါရိသုဒ္ဓိ သီလ၊ အဓိစိတ္တံ-လွန်ကဲသော သမထ ဝိပဿနာစိတ်၊ ဝါ- သမာဓိ၊ အဓိပညာ - လွန်ကဲသော လောကုတ္တရာ ပညာ"ဟု လာရာ၌ အဓိစိတ္တံပုဒ်ကား အဗျယီဘော မဟုတ်၊ အဓိ သဒ္ဒါသည် အဓိက အနက်ကို ဟော၏၊ "အဓိကံ-လွန်ကဲသော၊ စိတ္တံ-တည်း၊ အဓိ စိတ္တံ-စိတ်"ဟု ဝိဂ္ဂဟပြု၍ ကမ္မဓာရယသမာသ် ဟု မှတ်။ [အဓိစိတ္တန္တိ-သမထဝိပဿနာ စိတ္တံ (အင်္ဂုတ္တရဋ္ဌ)၊အဓိစိတ္တေတိ အဋ္ဌသမာပတ္တိသင်္ခါတေ အဓိကစိတ္တေ (ဓမ္မပဒဋ္ဌ) ။]

**ပဋ္ဌတဿ၊ဧပ၊ အန္တော ပါသာဒံ**— "ပဗ္ဗတဿ + တိရော, ပါသာဒဿ + အန္တော"ဟု မိမိပုဒ်ရင်း အတိုင်းပင် ဝိဂ္ဂြိုဟ်ပြုရသောကြောင့် "တပါးက ပုဒ်, ဆောင်ကာ ထုတ်၍"စသော စကားကို ယေဘုယျဟု ဆိုခဲ့ရသည်၊ ဤသို့ ပုဒ်ရင်းဖြင့် ဝိဂ္ဂြိုဟ် ပြုနိုင်ခြင်းမှာလည်း "တိရော-အန္တော"တို့က အခြားတပုဒ်နှင့် မတွဲပဲ အနက် တခုကို ဟောနိုင်သောကြောင့်တည်း၊ ဥပ-စသည်တို့ကား အခြားပုဒ်နှင့် မတွဲပဲ သူတို့ ချည်း သက်သက် အနက်တခုကို မဟောနိုင်။

**ပတိသောတံ**—"သောတဿ+ပတိ"ဟုသာ ဝိဂ္ဂြိုဟ်ပြုလိုရင်းတည်း၊ "ပဝတ္တတိ နာဝါ"ကား အဓိပ္ပာယ် စုံလင်အောင် အပိုထည့်ပါဠိများတည်း၊ မှန်၏—ဤသို့ အဓိပ္ပာယ် မယူလျှင် "ပတိသောတဂါမိ နိပုဏံ"စသော ပါဠိတော်၌"ပတိသောတံ" အရ ရေအယဉ်၏ ရှေးရှုဖြစ်သော လှေကို ရဖွယ်ရှိသောကြောင့်"ပတိသောတဂါမိ-ရေအယဉ်၏ ရှေးရှုဖြစ်သော လှေသို့ သွားသော"ဟု မဆီမဆိုင် အနက်များကို ယူရ လိမ့်မည်၊ "ပတိသောတံ"အရ "သောတဿ+ပတိ"ဟုသာ ဝိဂ္ဂြိုဟ် ပြုလျှင်ကား "ပတိသောတဂါမိ-ရေညာသို့ ဆန်တက်သော"ဟု အနက်မှန်ယူနိုင်သည်၊ ရူပသိဒ္ဓိ၌ "သောတဿ+ပဋိလောမံ၊ ပတိသောတံ-ရေအယဉ်၏ ဆန့်ကျင်ဘက်၊ ဝါ-ရေညာ" ဟု ဝိဂ္ဂြိုဟ်ပြုသောကြောင့် သာ၍ ရှင်းပေသည်၊ ပတိ ဥပသာရလည်း ပတိလောမ အနက် ဟောတည်း။

**ကြွင်း အဗျယီဘောများ။** ။"အသင်္ချံ ဝိဘတ္တိသမီပါ ဘာဝပစ္ဆာယထာ ယုဂပဒသမ္ပတ္တိသာကလျေသွေ"ဟု သုတ်တည်၍ ဝိဘတ္တိ အနက်, သမီပ အနက်, အဘာဝ အနက်, ပစ္ဆာအနက်, ယထာအနက်, ယုဂပဒအနက်, သမ္ပတ္တိအနက်,သာ ကလျအနက်တို့၌ဖြစ်သော အသင်္ချမည်သော ဥပသာရ နိပါတ်သည် သျာဒျန္တ(နာမ်)

**သော နပုံသက လိင်္ဂေါ**

၃၂၀။ သော အဗျယီဘာဝ သမာသော-ကို၊ နပုံသက လိင်္ဂေါ၀-နပုလ္လိင်ရှိ၏ ဟူ၍သာ၊ ဒဋ္ဌဗ္ဗော-၏၊ ကုမာရီသု-သတို့ သမီးတို့၌၊ အဓိကိစ္စ-စွဲမှီ၍၊ ကထာ-စကားသည်၊ ပဝတ္တတိ-ဖြစ်၏၊ ဣတိ, အဓိကုမာရ်-အဓိကုမာရိ မည်၏၊ ဝဓုယာ-ချွေးမ၏၊

---

ပုဒ်နှင့် အဗျယီဘောသမာသ်ဖြစ်၏-ဟု စန္ဒဝုတ္တိ စသောကျမ်းတို့၌ ဆိုသတတ်။ [“နတ္ထိ သဇ္ဈာ ယသ္မာတိ အသဇ္ဈံ”အရ ကေဝုစ် ဗဟုဝုစ်အားဖြင့် သဇ္ဈာ အကွဲအပြား မရှိသော အဗျယ ပုဒ်စုကို “အသဇ္ဈံ” ဟုခေါ်၍ အဗျယီဘောသမာသ်ကိုလည်း “အသဇ္ဈံ သမာသ်” ဟု ခေါ်သည်။] ထို အနက် ရှစ်မျိုးတွင် သမီပတ္ထ အဘာဝတ္ထ ယထာတ္ထ အဗျယီဘောတို့ကိုသာ ပြခဲ့ရသေး၏၊ ကြွင်း အဗျယီဘော အချို့ကို အညသ္မာ လောပေါစ သုတ်ကျမှ ပြမည်၊ ရုပ်တွက်ပုံကိုကား အဗျယီဘောဆိုင်ရာ သုတ်စုံမှ ပြအံ့။

၃၂၁။ နပုံသက လိင်္ဂေါ၀- “နပုံသကံ လိင်္ဂံ ဧတဿာတိ နပုံသကလိင်္ဂေါ ဧဝ” ဟု ရှင်္ဂကာဖွင့် အတိုင်း, “နပုလ္လိင်ရှိ၏ ဟူ၍သာ” ဟု အနက်ပေးရ၏။ [ဧတဿ-ဤ သမာသ်၏၊ နပုံသကံ-နပုံဟူသော၊ လိင်္ဂံ-သည်၊ အတ္ထိ, ဣတိ နပုံသကလိင်္ဂေါ၊] နပုံသကလိင်္ဂေါ၀ကို “နပုံသကလိင်္ဂေါ ဧ၀”ဟု ပုဒ်ဖြတ်မည် စိုးသောကြောင့်“နပုံသက လိင်္ဂေါ ဧဝ” ဟု ရှင်္ဂကာ၌ဖွင့်၏၊ ထိုသို့ ဖွင့်သဖြင့် (နပုလ္လိင်ကဲ့သို့ ငဲ့ညွှန်းသော) အတိဒေသသုတ် မဟုတ်ဟု သိစေသည်၊ မှန်၏-အတိဒေသ သုတ်ဖြစ်လျှင် အခြား အတိဒေသ သုတ်များကဲ့သို့ အတိဒေသ အထိမ်းအမှတ် တခုခုပါရာ၏။ [“တဒ္ဓိတ သမာသ ၊ပေ၊ နာမံ ဝါ ဧတဝေတု နာဒီသုစ” သုတ်၌ နာမံ ဝ (နာမံ ဣ၀) ဟု ဣ၀သဒ္ဒါ ပါ၏၊ “တထာ ကတ္တရိစ” သုတ်၌လည်း တထာသဒ္ဒါပါ၏၊ “အနုပဒိဋ္ဌာနံ ဝုတ္တယောဂ တော” သုတ်၌လည်း “ဝုတ္တယောဂတော” ဟု သာ၍ ထင်ရှားသော အထိမ်း အမှတ်ပါ၏။] ဤ သုတ်ကား ထိုကဲ့သို့ အတိဒေသ အထိမ်း အမှတ် မပါသဖြင့် ဤ သုတ်သည် အတိဒေသသုတ် မဟုတ်။

ဆက်ဦးအံ့—ဝုတ္တိ ဖွင့်အပ်သော လိင်္ဂေါ၀၌ ဧဝကား အခြား လိင်များကို တားမြစ်သော နိဝတ္တာပနာ၀ဓာရဏသာတည်း၊ မှန်၏-ဤ အဗျယီဘော သမာသ် သည် ဥပသာရပုဒ် နိပါတ်ပုဒ် အနက် ပြဋ္ဌာန်း၏၊ ထို့ကြောင့် ဥပသာရ နိပါတ်သည် အလိင် ဖြစ်သကဲ့သို့ ဤ သမာသ်လည်း အလိင် ဖြစ်လေသလား ဟု ယုံမှားဖွယ် ရှိ၏၊ “ဥမ္မတ္တာ ဂင်္ဂါ ယသ္မိံ ကာလေ (ဒေသေ ဝါ) ဥမ္မတ္တဂင်္ဂံ” ဤ ပုဒ်ကိုလည်း အည ပဒတ္ထ အဗျယီဘော ဟု သက္ကတ၌ဆို၏၊ သို့ဖြစ်လျှင် အညပုဒ်အရ ကာလဒေသကိုရ၍ ပုလ္လိင် ဖြစ်သင့်သောကြောင့် အချို့ အဗျယီဘောများ အဘိဓေယျလိင် ရှိလေရော့ သလားဟု ယုံမှားဖွယ်ရှိ၏၊ ထိုသို့ ယုံမှားဖွယ် ရှိသောကြောင့် “နပုလ္လိင်သာ” ဟု သိစေဖို့ရာ ဤသုတ်ကို အရှင် ကစ္စည်းဆရာ တည်ရကား ဝုတ္တိဆရာလည်း ဧဝသဒ္ဒါ ထည့်၍ ဖွင့်ပြလေသည်၊ ထိုသို့ ဖွင့်ပြသဖြင့် နဂိုရ်က ဣတ္ထိလိင် ရှိသော ကုမာရီစသော ပုဒ်, ပုလ္လိင်ရှိသော ဒရထော စသော ပုဒ်များသည် ဤ အဗျယီဘော သမာသ် ဖြစ်သည့်

သမီပေ-၌၊ ကထာ ပဝတ္တတိ ဣတိ ဥပဝဒ-မည်၏၊ ဂင်္ဂါယ-ဂင်္ဂါမြစ်၏၊ပေ၊ ဥပဂင်္ဂံ-ဂင်မည်၏၊ မဏိကာယ-မဏိကာ မည်သော မိန်းမ၏၊ပေ၊ ဥပမဏိကံ-မည်၏။ (၃၃၅)။

---

ဤ ခါ "အဓိကုမာရိ, နိဒ္ဒရထံ" စသည်ဖြင့် နပုလ္လိင် ရှိရတော့၏၊ "ဥပနဂရံ" စသည် နပုလ္လိင်၌ ဖြစ်ရကြောင်းမှာ အထူးပြောဖွယ်မလို၊ **အချုပ်ကား**—ဤသုတ်သည် အတိဒေသသုတ်မဟုတ်, နပုလ္လိင် ဖြစ်အောင် စီရင်သော ဝိဓိသုတ် တမျိုးတည်း-ဟု မှတ်။ [သရောရသော နပုံသကေသုတ်ဖြင့် စီရင်ဖို့ရာ အစီအရင်ကို သိစေသော ဝိဓျင် ပရိဘာသာသုတ်ဟုလည်း ဆိုကြသေး၏၊ သို့သော် ဝိဓျင် ပရိဘာသာ ဟူသည် နယေပရံ ယုတ္တေသုတ်ကဲ့သို့ သူ့ကိုယ်သူ စီရင်လေ့ ရှိသောကြောင့် ထို အဆိုကို စဉ်းစားပါကုန်။]

[**ကာသိကာ ဝုတ္တိ**] ပုဗ္ဗပဒတ္ထ ပဓာနသ အလိင်္ဂတာ ပတ္တာ၊ အညပဒတ္ထ ပဓာနသ အဘိဓေယျလိင်္ဂတာ၊ အတော ဣဒမုစ္စတေ၊ [အဓိတ္ထိကဲ့သို့ ရှေ့ပုဒ်အနက် ပြဋ္ဌာန်းသော အဗျယီဘော၏ အလိင် အဖြစ်, ဥမ္မတ္တဂင်္ဂံကဲ့သို့ အညပုဒ်အနက်ပြဋ္ဌာန်းသော အဗျယီဘော၏ အဘိဓေယျလိင်ရှိသည်၏ အဖြစ် ရောက်ရာ၏၊ ထို့ကြောင့် ဤသုတ်ကို တည်ရသည်။]

**နပုလ္လိင် မမြဲ**။ ။"နပုံသကလိင်္ဂေ ဝါ"ဟု ဝေ သဒ္ဒါဖြင့် ကစ္စည်းဝုတ္တိဆရာ ဖွင့်ပြထားသော်လည်း "ယထာပရိသာယ ပါတိမောက္ခံ ဥဒ္ဒိသန္တိ"ဟူသော မဟာဝါ ဥပေါသထက္ခန္ဓက၌ "ယထာပရိသာယ" ဟု ဣတ္ထိလိင် ရှိသောကြောင့် နပုလ္လိင် ရှိရမည်သာဟု တထစ်ချ မဖြစ်နိုင်၊ "ယာယာ+ပရိသာ, ယထာ ပရိသံ၊ ယထာပရိသာဝါ" ဟု ဝိဂြိုဟ်ပြု၊ "ယထာသမာဒိဋ္ဌာယ (ဆောက်တည်အပ်တိုင်းဖြင့်) အကရဏဴပစ္စယာ ဝုတ္တံ"-ကင်္ခါဋီကာရ သိက္ခာပဒ္ဒ၊ "ယထာပဋိညာယ (ဝန်ခံအပ်တိုင်းဖြင့်) အာပတ္တိံ အာရောပေတ္ဗာ"-ကုလဒူသက သိက္ခာပဒ္ဒ၊ ထိုသို့ နပုလ္လိင် မမြဲသောကြောင့် "အဗျယီဘာဝ သမာသော နပုံသကလိင်္ဂံ သျာတ်" ဟု ဝေ သဒ္ဒါ မပါပဲ ကလာပ်ဝုတ္တိ၌ ဖွင့်ပြသည်။

**ချာသအဆို**။ ။ဤသုတ်ကို ကာရိယာတိဒေသသုတ် ဟု ချာသဆို၏၊ "နပုံသကလိင်္ဂေ" ဟူသော သဒ္ဒါလည်း ဌာနူပစာ သဒ္ဒါတည်း၊ ရွှဦးအံ့-"မဉ္စာ ဥက္ကုဋ္ဌိံ ကရောန္တိ" ဟူရာဝယ် လင့်စဉ်၌ တည်နေသူ (မဉ္စဋ္ဌ) ကို မဉ္စာဟု ခေါ်သကဲ့သို့ သရော ရသော နပုံသကေသုတ်ဖြင့် နပုလ္လိင်အရာ၌ စီရင်အပ်သော ကာရိယကို "နပုံသကလိင်္ဂေ" ဟု ခေါ်ထားသည်၊ ထို့ကြောင့် ဤသုတ်သည် နပုလ္လိင်အရာ၌ စီရင်ဖွယ် ကာရိယကို ညွှန်ပြသော ကာရိယာ တိဒေသသုတ်တည်းဟု ချာသဆို၏၊ထို အဆိုကိုကား ရှုပသိဒ္ဓိ ပယ်သည်။

[**ချာသ**] နပုံသကလိင်္ဂေတိ ကာရိယာတိဒေသော၊ မဉ္စဋ္ဌာ မဉ္စာတိ ဝုစ္စန္တိ၊ တထာ နပုံသကလိင်ဋ္ဌကာရိယံ နပုံသကလိင်္ဂန္တိ ဝုစ္စတိ၊ တေနေဝ ဝိညာယတိသော နပုံသကလိင်္ဂကာရိယဘာဝေါ ဟောတီတိ အတ္ထော။

**အမိကုမာရိ စသည်။** ။အမိကုမာရိ ဝိဂ္ဂြိုဟ်၏ အမိပ္ပာယ်ကို အညသွာ လောပေါစ သုတ် အမိတ္တိပုဒ်ကျမှ စိစစ်အံ့။ ဥပနုဂရုံပုဒ်၌ ပြခဲ့သည့်အတိုင်း ဥပသဒ္ဒါသည် အနီးဂုဏ်ကို ဟောရာ၌သာ အဗျယီဘော ဖြစ်သင့်၍ "ဝဓုယာ သမီပေ ပဝတ္တတိ ကထာ"စသော ဝိဂ္ဂြိုဟ်သည် ဝိဂ္ဂြိုဟ်စစ် ဝိဂ္ဂြိုဟ်ပြ ၂ မျိုးလုံးပင် မဖြစ်သင့်သောကြောင့် "ဝဓုယာ+သမီပံ, ဥပဝဓု-ချွေးမအနီး၊ ဂင်္ဂါယ+သမီပံ, ဥပဂင်္ဂံ-ဂင်္ဂါမြစ်အနီး၊ မဏိကာယ+သမီပံ, ဥပမဏိကံ-မဏိကာမည်သော မိန်းမအနီး"ဟု ရူပသိဒ္ဓိ အလိုအတိုင်း ဝိဂ္ဂြိုဟ်ပြုခြင်းသာ သင့်မြတ်ဖွယ် ရှိသည်။ ["မဏိကာတိ ဥဒကစာဋိ-မဏိကာ ဟူသည် ရေအိုး စရည်း"ဟု ရူပသိဒ္ဓိဋီကာဖွင့်သော်လည်း "အိုးစရည်း" အနက်ဟော မဏိကသဒ္ဒါက "ကောလမ္ဗော စာထမဏိကံ, ဘာဇာကောစ အရဉ္ဇရော"ဟု အဘိဓာန်၌ "မဏိကံ" ရှိသောကြောင့် လည်းကောင်း, ထိုမဏိကံ၏ ပရိယာယ် အရဉ္ဇရကို "အရဉ္ဇရောတိ ဗဟုဥဒကဂဏှကာ ဟာစာဋိ"ဟု သာရတ္ထ (သေနာသနက္ခန္ဓက) ဋီကာ ဖွင့်သောကြောင့် လည်းကောင်း ဤ၌ပါသော ဣတ္ထိလိင် မဏိကာသဒ္ဒါသည် အိုးစရည်းအနက်ကို မဟောသင့်၊ ဝါစပ္ပတိ အဘိဓာန်၌ မဏိနောင် အမည်သညာ အနက်၌ ကပစ္စည်းသက်၍ "မဏိကာ"ဟု ရှိ၏၊ ထို့ကြောင့် "မဏိကာမည်သော မိန်းမ"ဟု သပြေကန့်နိသယ အနက်ပေးသည်။]

**အဗျယီဘောသမာသ် ရုပ်တည်ပုံ။** ။"နဂရဿ သမီပေ ပဝတ္တတိ ကထာ" စသည်ဖြင့် ရှည်လျားစွာ ဝိဂ္ဂြိုဟ်ပြုထားသောကြောင့် ရုပ်တွက်သည့်အခါ "နဂရ+သမီပ+ပဝတ္တတိ+ကထာ" ဟု တည်ရမည်ကဲ့သို့ ထင်တတ်၏၊ အမှန်မှာ-ထို ဝိဂ္ဂြိုဟ်ဝါကျရှိတိုင်း ရုပ်မတည်ရ၊ မူလပုဒ်ရင်းအတိုင်းသာ ရုပ်တည်ရသည်၊ ဥပမာ-ဥပပုဒ်နှင့် နဂရဿပုဒ်ကို စပ်ထားသော ဥပနဂရံကို "ဥပလိင်, နဂရလိင်" တည်၊ ဤသို့ စသည်ဖြင့် ရုပ်တည်ရမည်-ဟူလို၊ ထိုကဲ့သို့ ရုပ်တည်ပြီးနောက် ဆိုင်ရာဝိဘတ်သက်၍ "ဥပ+နဂရဿ" စသည်ဖြင့် နာမ်ပုဒ်ပြီးသည့်အခါ "နဂရဿ-မြို့၏+သမီပံ-အနီးတည်း" ဟု ရူပသိဒ္ဓိအတိုင်း ဖြစ်စေ "နဂရဿ-မြို့၏၊ သမီပေ-၌၊ ကထာ-သည်၊ ပဝတ္တတိ-၏" ဟု ကစ္စည်းဝုတ္တိအတိုင်းဖြစ်စေ (သင်ပုန်း၌ မရေးပဲ နှုတ်ဖြင့်သာ) ဆို၍ "ဣတိအတ္ထေ-ဤအနက်၌၊ ဥပသဂ္ဂါပေ၊ အဗျယီဘာဝေါသုတ်ဖြင့် ဥပနှင့် နဂရဿကို သမာသ်စပ်၍ အဗျယီဘော အမည်မှည့်, ဤသို့ စသည်ဆို၍ ရုပ်တွက်ရလိမ့်မည်၊

**သာရသွတ။** ။"အမိ+ဣတ္ထိ"ဣတိ ဌိတေ (ရုပ်တည်ပြီးသော်) ဣတ္ထိသဒ္ဒါ ဒုတိယေကဝစနံ၊ ဣတ္ထိံ အမိကိစ္စ ဘဝတီတိ ဝိဂ္ဂဟော၊ (စာကိုယ်)....."အမိ+ဣတ္ထိ" ဣတိ တာဝ လိချတေ၊ ပေ၊ အမိကိစ္စသဒ္ဒေါ အလိခိတောဝေ အတ္ထေ ဥစ္စာရိယတေ။ [အမိ+ဣတ္ထိ ဟု ရှေးဦးစွာ သင်ပုန်း၌ ရေးပါ၊ (ဣတ္ထိနောင် အံသက်၍) "အမိ+ဣတ္ထိံ" ဟု ဖြစ်သောအခါ အမိသဒ္ဒါကို မရွတ်အပ်, အမိ၏အနက်ကို ဟောသော အမိကိစ္စသဒ္ဒါကို သင်ပုန်း၌ မရေးအန်ပဲပင် ဣတ္ထိံ၏အဆုံး၌ ရွတ်အပ်၏၊ ("ဣတ္ထိံ-ကို၊ အမိကိစ္စ-၍၊ ဘဝတိ-ဖြစ်၏" ဟု) ရွတ်အပ်၏-ဟူလို၊....ရင်းဋီကာ။] ဤရုပ်တည်ပုံ အစဉ်ကို ရူပသိဒ္ဓိ၌လည်း ပြထားသည်။

**သမာသ်အားလုံး ရုပ်တွက်စဉ်။** ။ရုပ်တွက်ရာ၌ ဆိုရိုးအစဉ်ကို အခြေပြု၍ မှာထားပြီဖြစ်သော်လည်း ဤ၌ အကျယ်ထပ်၍ ပြဦးအံ့၊ ၁-"နာမာနံ သမာသော" နှင့်အညီ ဝိဘတ်ကျန့်နာမ်ပုဒ်များကို ပေါင်းစပ်လိုက်မှ သမာသ်ပုဒ် ဖြစ်ရသောကြောင့် ရှေးဦးစွာ ဝိဘတ်ဆုံးသော နာမ်ပုဒ်ဖြစ်အောင် နာမ်ရုပ်တွက်ရ၏၊ ထို နာမ်ရုပ်တွက်ပြီးသောအခါ "မဟန္တော စ+သော+ပုရိသော စ" ဤသို့စသည်ဖြင့် သမာသ်၏ ဝိဂ္ဂြိုဟ် ဝါကျဖြစ်လာရသည်၊ ထို့ကြောင့် "ဝိဂ္ဂြိုဟ်ဝါကျ, ဖြစ်အောင်ပြ, မူလနာမ်ရုပ်တွက်"ဟု အခြေပြု၍ ဆိုခဲ့သည်။ [အဗျယီဘာဝသမာသ်၌ကား "ဥပ+နဂရဿ"ဟု နာမ်ရုပ်တွက်ပြီးသော်လည်း ဝိဂ္ဂြိုဟ်ဝါကျ မဟုတ်သောကြောင့် "နဂရဿ+သမီပံ+ နဂရဿ သမီပေ ပဝတ္တတိ ကထာ"ဟု ဝိဂ္ဂြိုဟ်ဝါကျတမျိုး ပြုရကြောင်းကိုလည်း ချွင်းချက်မှတ်။]

၂။ ထိုသို့ ဝိဂ္ဂြိုဟ်ဝါကျဖြစ်ပြီးနောက် "မဟန္တော စ-မြတ်သူလည်း ဟုတ်၏၊ သော-ထိုမြတ်သူဟူသည်၊ ပုရိသော စ-၏၊ဇာတိအဆွေ-၌" ဟု ဝိဂ္ဂြိုဟ်နက်ကို ဖော်ပေးရသည်၊ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ "ဇာတိအဆွေ, ဆိုရိုးပေ, ဖော်လေ ဝိဂ္ဂြိုဟ်နက်" ဟု (ဗဟုတ္တအကြိမ်ရိုက်) အခြေပြု၍ ဆိုထားသည်၊ "ဘာ့ကြောင့် ဤ ဝိဂ္ဂြိုဟ်နက်ကို ဖော်ပြရသနည်း" ဟူမူ...ဥပနှင့် နဂရံကို အဗျယီဘာဝသမာသ် စပ်လိုလျှင် "မြို့၏+ အနီး" ဟူသော အနက်, သို့မဟုတ် "မြို့၏အနီး၌ ဖြစ်၏" ဟူသော အနက်၌သာ စပ်နိုင်၏၊ "ဥပ-နီးကပ်သော+နဂရံ-မြို့ (နီးသောမြို့)" ဟူသော အနက်ဖြစ်လျှင် ("ဥပ- မြို့အနီးဖြစ်သော၊ ဝနံ-ဥယျာဉ်၊ ဥပဝနံ- မြို့အနီးဥယျာဉ်" ၌ ကမ္မဓာရဲ ဖြစ်သကဲ့သို့) အဗျယီဘာဝသမာသ် မဖြစ်နိုင်ပဲ ကမ္မဓာရဲသမာသ်သာ ဖြစ်ပေလိမ့်မည်၊ ဤသို့လျှင် ဆိုင်ရာအနက်၌သာ ဆိုင်ရာသမာသ် ဖြစ်နိုင်သောကြောင့် "ဇာတိအဆွေ-ဤ အနက်၌ ဟု ဝိဂ္ဂြိုဟ်နက်ကို ဖော်ပြရသည်၊ မှန်၏-ဝိဂ္ဂြိုဟ်ဟူသည် ထိုသမာသ်ပုဒ်၏ ဟောလိုရင်း အနက်ကို (အခြားအနက်နှင့် မရောရအောင်) စိစစ်၍ ဖွင့်ပြသော ဝါကျ တမျိုးတည်း၊ သကပဒေဟိ ဝါ အညပဒေဟိ ဝါ ဝိဝိစ္စ+ဂဟဏံ-ဝိဂ္ဂဟော၊ သက ပဒေဟိ ဝါ-"မဟန္တော+ပုရိသော" ကဲ့သို့ မိမိပုဒ်တို့ဖြင့်ဖြစ်စေ၊ အညပဒေဟိဝါ- "နဂရဿ+သမီပံ" ကဲ့သို့ အခြားပုဒ်တို့ဖြင့်ဖြစ်စေ၊ ဝိဝိစ္စ-လိုရာအနက်ကို ရွေးချယ် စိစစ်၍၊ ဂဟဏံ-ယူကြောင်းဝါကျသည်၊ ဝိဂ္ဂဟော-ဝိဂ္ဂြိုဟ်မည်၏၊ [ဝိဂ္ဂဟပုဒ်၏ အနက်တမျိုးကို နာမာနံ သမာသောသုတ်ဖွင့်၌ ပြခဲ့သေးသည်။]

၃။ "ဇာတိ အဆွေ-ဤအနက်၌" ဟု ဆိုပြီးနောက် "ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါသုတ်ဖြင့် ဥပနှင့် နဂရဿကို သမာသ်စပ်၍ အဗျယီဘော အမည်မှည့် ဟု ဆိုရသည်၊ ဆိုလိုရင်းကား-"မြို့၏အနီး" ဟူသော အနက်၌ ဥပနှင့် နဂရဿ ဟူသော နာမ်ပုဒ် ၂ ခုကို သမာသ်လည်းစပ်, အဗျယီဘောလည်းမှည့်သည်။ "အနီး ဖြစ်သော+မြို့" ဟူသော အနက်ဖြစ်လျှင်ကား အဗျယီဘော မမှည့်နိုင်-ဟူလို၊ ဤ "အဗျယီဘော" ဟူသော အမည်သည် (ကမ္မဓာရဲစသော နာမည်များနှင့် မရော သော) ဝိသေသ နာမည်တည်း၊ ဤသို့ ဝိသေသ နာမည်မှည့်ခြင်းကို ရည်ရွယ်၍ သမာသ်စပ်ကာ, ဆိုင်သင့်ရာ, သညာ အထူးမြွက်" ဟု ဆိုခဲ့သည်။

၄။ ထို့နောက် နာမာနံ သမာသော ယုတ္တတ္ထော သုတ်ဖြင့် ဥပ+နဂရဿကို "သမာသ်"အမည် မှည့်ရသည်၊ ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ[illegible]သုတ်ဖြ

ဥပ+နဂရဿကို သမာသ်စပ်ပေးခြင်းဟူသော အစီအရင်ကိုသာ ပြခဲ့၏၊ ''သမာသ်'' ဟူသော နာမည်ကို မပေးခဲ့ရသေး၊ ထို့ကြောင့် ဤသုတ်ဖြင့် ''သမာသ် နာမံ, သာမည်, တဖန် ထပ်၍ဆက်'' ဟု ဆိုခဲ့သည်။

၅။ ''တေသံ ဝိဘတ္တိယော လောပေါစ''ဟု ဆိုသောကြောင့် ''ဥပ+နဂရဿ'' ငယ် သဝိဘတ် ''မဟာဝေါစ'' စသည်၌ သိဝိဘတ်၏ ကာရိယဖြစ်သော ''ဿ'' တို့ကို ချေပစ်ရမည်၊ ဥပနှင့် စတ္ထိနောင် သိကား နာမ်ရုပ် တွက်စဉ်ဘုန်းကပင် ချေပြီးဖြစ်သည်၊ ထို့ကြောင့် ''ဝါကျတွင်းဆို, ဝိဘတ်ကို, မလို ရှင်းအောင်ဖျက်'' ဟု ဆိုခဲ့သည်၊ ဆက်ဦးအံ့-နဂိုရ်က ၂ ပုဒ် ၃ ပုဒ်စသည် ကွဲပြားနေသော ပုဒ်တွေကို တပုဒ်တည်း ဖြစ်အောင် ပေါင်းစပ်လိုက်မှုကို ''သမာသ်စပ်ခြင်း''ဟု ခေါ်၏၊ ဝိဘတ်တွေ မချေပဲ ထားလျှင် ပုဒ်တွေ ကွဲပြားမြဲ ကွဲပြားနေသဖြင့် သမာသ်စပ်ရကျိုးမနပ်ပဲ ရှိမည်။

၆။ ဝိဘတ်မှ ကြွင်းကျန်သော စ နိပါတ်ပုဒ် သ အာဂုံ ယ-တ စသော ပုဒ်များကို ကား ချာသနှင့် ရူပသိဒ္ဓိတို့၌ ''ဝုတ္တတ္ထာနမပ္ပယောဂေါ'' ဟူသော ပရိဘာသာဖြင့် ချေ၏၊ ထို့ကြောင့် ''ပရိဘာသာ, သူ့တွက်တာ, ကြွင်းရာ အားလုံးပျက်'' ဟု ဆိုခဲ့ သည်။ [''ဝုတ္တတ္ထာနံ-ဟောအပ်ပြီးသော အနက်ရှိသော ပုဒ်တို့ကို၊ ဝါ-အနက်ကို ဟောပြီးဖြစ်၍ မလိုအပ်သော ပုဒ်တို့ကို၊ အပ္ပယောဂေါ- မသုံးစွဲရတော့ခြင်းသည်၊ ဟောတိ'' နှင့်အညီ ဝါကျတွင်း၌ စနိပါတ် ယ-တ စသော ပုဒ်များသည် သူတို့ဆိုင်ရာ အနက်များကို ဟောပြီးဖြစ်၍ သမာသ်ပုဒ်က သူတို့အနက်တွေကို အမွေခံယူလိုက် လေပြီ။] ကစ္စည်းဝုတ္တိ၌ ထို စနိပါတ် စသည်ကို ''တေသံ ဝိဘတ္တိယော'' သုတ်လာ တေသံ သဒ္ဒါပိုဖြင့် ချေသည်ကိုလည်း သတိပြု။

၇။ ထိုသို့ ဝိဘတ်နှင့် စ နိပါတ် စသည်ကို ချေပြီးသည့်အခါ ပကတိ ခတ်ရသည်၊ နာမ်ရုပ်တည်စဉ်က ''နဂရ'' ကဲ့သို့ သရဆုံးနေလျှင်လည်းကောင်း ''ကိံ'' ကဲ့သို့ ဗျည်းဆုံးနေလျှင် လည်းကောင်း နဂိုရ် ပကတိရှိသည့်အတိုင်း ပြခြင်းကို ''ပကတိ ခတ်''ဟုဆိုသည်။ [ပကတိခတ်သည့်အခါလည်း ''ဥပကို ဥပဟု, နဂရကို နဂရဟု ပကတိပြု'' ဟုဆို၍ ရုပ်တည်စဉ်က''ဥပ+နဂရ''ဟု ၂မျိုးခွဲ၍ တည်ခြင်းနှင့် ရှေ့နောက် အဆင်သင့်မည်၊ ''ဥပနဂရကို ဥပနဂရဟု ပကတိပြု'' ဟု လုံး၍ ဆိုရာ၌ကား ပြီးစလွယ်ဆိုခြင်းဟုသာ မှတ်။] ထို့နောက် နာမ်ပုဒ်အများကို ပေါင်းထားသော ''သမာသ်'' ဖြစ်နေရကား နာမ်ဝိဘတ်သက်ဖွယ် မလိုတော့ဟု ယင်မှားဖွယ် ရှိသော ကြောင့် (အခြားအကြောင်း လည်း ရှိသေး၏, ထိုအကြောင်းကို တဒ္ဓိတ သမာသ သုတ်မှာ ရှု၊) နာမ်ပုဒ်ဖြစ်ကြောင်း ထင်ရှားအောင် နာမ်ငှဲရ၏၊ ထိုသို့ နာမ်ငှဲပြီးမှ ကေဝုစ် ဗဟုဝုစ် ပဥ္စမာ ဒုတိယာစသည်ဖြင့် ဆိုင်ရာဝိဘတ်များ သက်ရသည်၊ ''မဟာ ပုရိသံ-ယောကျ်ားမြတ်ကို'' ဟု ဆိုလျှင် ဒုတိယာ ကေဝုစ်သက်, စသည်ဖြင့် သိလေ၊ ထို့ကြောင့် ''ပကတိခတ်, နာမ် ငှဲလတ်, ဝိဘတ် သင့်ရာသက်'' ဟုဆိုခဲ့သည်။

၈။ ဤပြခဲ့သော သမာသ်ရုပ်တွက်စဉ်ကို ချာသ-ရူပသိဒ္ဓိတို့ ဖွင့်ကြ၏၊ သို့သော် ချာသ၌ ''နာမာနံ သမာသော ယုတ္တတ္ထောတိ အဓိကိစ္စ အနေန (ဤ ဥပသဂ္ဂနိပါတ

ဒိဂုဿေ ကတ္တံ

၃၂၁။ ဒိဂုဿ-သမာဟာရဒိဂု မည်သော၊ သမာသဿ-သမာသ်၏၊ ဧကတ္တံ-လည်းကောင်း၊ နပုံသက လိင်္ဂတ္တဉ္စ-လည်းကောင်း၊ ဟောတိ၊ တယော-၃ ပါးကုန်သော၊ လောကာ-လောက

---

ပုဗ္ဗကော စသောသုတ်ဖြင့်) သမာသံ ကတွာ အဗျယီဘာဝသညဉ္စ, နာမာနံ သမာ သော ယုတ္တတ္ထောတိ သမာသသညဉ္စ ကတွာ'' ဟု သမာသ်စပ်မှုနှင့် အဗျယီဘော အမည်မှည့်မှုကို တဆက်တည်း ပြ၍ ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယောသုတ်၌ ''ဇုမိနာ သမာသံ ကတွာ နာမာနံ သမာသော ယုတ္တတ္ထောတိ သမာသသညံ ကတွာ ဇုမိနာ (ဤ ဒွိပဒေစသော သုတ်ဖြင့်) ကမ္မဓာရယသညံ ကတွာ'' ဟု သမာသ်စပ်မှု ပြုပြီးနောက် သမာသ်အမည် မှည့်မှုကို, ထို့နောက်မှ ကမ္မဓာရဲအမည် မှည့်မှုကို ပြသဖြင့် ရှေ့နောက် မညီပဲ ရှိ၏၊ ရှဉ်ကား ရှေ့နောက် ညီပေသည်၊ မှန်၏-အဗျယီဘော သမာသ်ခန်း၌ ''ဥပ+နဂရံ ဇုတိဓ ဥပသဒ္ဒတော ပဌမေကဝစနံ'' စသည်ဖြင့် နာမ်ရုပ် တွက်ပြီးနောက် ''နဂရဿ+သမီပံတိ အညပဒေန ဝိဂ္ဂဟေ'' ဟု ဝိဂ္ဂြိုဟ်နက်ကိုပြ၍ ဥပသဂ္ဂနိပါတ ပုဗ္ဗကော စသောသုတ်ဖြင့် သမာသ်စပ်မှု အဗျယီဘော အမည်မှည့်မှုကို ပြုပြီးမှ နာမာနံ သမာသော သုတ်ဖြင့် သမာသ်သာမည အမည်ကို ပြသကဲ့သို့, ကမ္မဓာရဲ သမာသ်ခန်း၌လည်း သမာသ်စပ်မှု ကမ္မဓာရဲအမည် မှည့်မှုကို ပြုပြီးမှ ''ပုရေဝိယ သမာ သသညာ ဝိဘတ္တိလောပ ပကတိဘာဝေါ'' ဟု မိန့်သည်။

အမှာ။ ။''ဥပနောင် သိသက်, ချေ, နဂရနောင် သသက်, သလာ'' စသည်ဖြင့် နာမ်ရုပ်တွက်မှုသည် နာမ်အခန်း၏ တာဝန်သာတည်း၊ ဤ သမာသ်ခန်း၌ နာမ်ရုပ် တွက်နေသဖြင့် နာမ်ရုပ်ပြီးပြီးသူမှာ အချိန်ကုန်ရုံသာ၊ နာမ်ရုပ်ရိုးရိုးမျှ မပြီးသေးသူကို သမာသ်ရုပ် တွက်ပေးနေသဖြင့်လည်း ခရီးရောက်မည် မဟုတ်၊ သို့ဖြစ်၍ ''ဥပ+နဂ ရဿ'' ဟု သမာသ်ဝါကျ ပြီးပြီးသော အနေမှစ၍ သမာသ်ရုပ်ကို တွက်ပြသင့်သည်၊ ''ဥပ+နဂရ''ဟု ရုပ်တည်ရကြောင်းကိုကား ပြောပြသင့်၏၊ သို့မှ ပကတိပြုသည့်အခါ နဂိုရ် တည်ရင်းအတိုင်း ပြုရကြောင်း နားလည်ပေလိမ့်မည်။ [ဤသုတ် အပြီးတွင် အံဝိဘတ္တီန မကာရန္တာ ဗျယီဘာဝါစသော ၃ သုတ်ကို ခုန်ကျော် လေ့လာမှ အဗျ ယီဘော သမာသ်ရုပ်များကို လွယ်ကူစွာ နားလည်မည်။

၃၂၁။ ဒိဂုဿ—သမာဟာရဒိဂု, အသမာဟာရဒိဂု ဟု ၂ မျိုး ရှိ၏။ [သံ+ အာဟာရ] သမာဟရဏံ- တပေါင်းတည်း ဆောင်ခြင်း၊ သမာဟာရော- ခြင်း၊ ''တပေါင်းတည်းဆောင်ခြင်း''ဟူသည်လည်း စိတ်ဖြင့် မှန်း၍ ပေါင်းစုထားခြင်းတည်း၊ ခွဲ့အံ့-သတ္တဝါအပေါင်းကို ''လောက'' ဟု ခေါ်၏၊ သတ္တလောက ဟု ဆိုလိုသည်၊ ထို လောကသည် လူ, နတ်, ဗြဟ္မာဟု ၃ မျိုးပြား၍ များ၏၊ ထို ၃ မျိုးကို စိတ်ဖြင့်မှန်း၍ ပေါင်းလိုက်သောအခါ ''တိလောကံ-၃ လောက'' ဟု တစုတည်းဖြစ်၏၊ ထို ပေါင်းစု ပုံကိုပြသော သမာသ်သည်''သမာဟာရဒိဂု''မည်၏၊ ထိုသို့ မပေါင်းစုပဲ နဂိုရ်ကွဲပြားမြဲ

တို့တည်း၊ တိလောကံ-၃ လောက၊ ဝါ-လောက ၃ ပါး၊ တယော-၃ ချောင်း ကုန်သော၊ဒဏ္ဍာ-တုတ်တို့တည်း၊တိဒဏ္ဍံ-၃ ချောင်းတုတ်၊ ဝါ-တုတ် ၃ချောင်း၊ တိကာ-၃ လုံးကုန်သော၊ နယနာနိ-မျက်လုံးတို့တည်း၊ တိနယနံ-၃ မျက်လုံး၊ ဝါ-မျက်လုံး ၃ လုံး၊ **တယော**-၃ ချောင်းကုန်သော၊ သိင်္ဂါ-ဦးချိုတို့ဘည်း၊

---

အတိုင်းပြသော "ပဥ္စိန္ဒြိယာနိ-၅ ဣန္ဒြေတို့" စသော သမာသ်သည် "အသမာဟာရ ဒိဂု" မည်၏၊ ဤသုတ်သည် သမာဟာရဒိဂုကို စီရင်သောသုတ်တည်း။

**ကေတ္တံ**—ကေသ-တခုတည်းသော (ဝါ-တပေါင်း တစုတည်းသော) အနက်၏၊ ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ ပေါင်းစုခြင်းသည်၊ ကေတ္တံ-မည်၏၊ လောက ၃ ပါးကို စိတ်ဖြင့် ပေါင်းစုလိုက်ခြင်းကြောင့် ကေ (တခုဘည်း) ဖြစ်လာ၏၊ ထို့ကြောင့် ကေ၏ ဖြစ်ကြောင်းဟူသည် စိတ်ဖြင့် ပေါင်းစုခြင်း ကြိယာပင်တည်း၊ ဥပမာ-ငွေတဆယ်ပုံ ဆယ်ပုံ ပုံထား၍ များနေသော်လည်း တစုဘည်း ပေါင်းစုလိုက်လျှင် တခုတစုသာ ဖြစ်၏၊ ထိုသို့ တစုတည်းဖြစ်ရခြင်း၏ အကြောင်းကား ပေါင်းစုခြင်းပင်တည်း၊ အနက်က ကေတ္တဖြစ်လျှင် ထိုအနက်ကိုဟောသော သဒ္ဒါလည်း ကေဝစန (ကေဝုစ်) ဖြစ်တော့၏၊ ဤသို့ တနက်တည်း တစုတည်းကို ဟောသော သဒ္ဒါကိုလည်း အနက်ကို အကြောင်းပြု၍ ကာရဏူပစာရအားဖြင့် ကေအရ၌ ယူနိုင်သောကြောင့် "ကေတ္တံ- ကေဝုစ်၏အဖြစ်" ဟု အနက်ပေးကြရသည်၊ ရုပ်စဉ်သောအခါလည်း "တိလောကံ, တိလောကံ, တိလောကေနု" စသည်ဖြင့် ဧကဝစနန္တရုပ်ချည်း စဉ်ရသည်။

**နပုံသက လိင်္ဂတ္တဥ္စ**—"သော နပုံသကလိင်္ဂေ" သုတ်မှ "နပုံသကလိင်္ဂေ" ပုဒ်လိုက်လာ၏၊ သို့သော် "ဒိဂုဿ" ဟု သုတ်၌ရှိသော ဆဋ္ဌီယန္တပုဒ်၏ စပ်ဖို့ရာ "နပုံသက လိင်္ဂတ္တံ" ဟု တ္တ ပစ္စည်းဖြင့် ဖွင့်ပြသည်၊ ထို တ္တ ပစ္စည်းလည်း ကေတ္တံမှရသော ပစ္စည်းတည်း၊ နပုံသကလိင်္ဂံ ယဿာတိ နပုံသကလိင်္ဂေါ (ဒိဂုသမာသ်ရ)၊ နပုံသက လိင်္ဂဿ ဘာဝေါ နပုံသကလိင်္ဂတ္တံ၊ "နပုလ္လိင်ရှိသည်၏ အဖြစ်" ဟုပေး၊ ဤသုတ်အရ "သမာဟာရ ဒိဂု၌ နပုလ္လိင် ကေဝုစ်ချည်းသာ" ဟု သိရ၏။

**အတိဒေသသုတ် ဟုတ်—မဟုတ်။** ။ဤသုတ်ကို အတိဒေသသုတ်ဟု နိဒ္ဒေသ ဆို၏၊ သော နပုံသကလိင်္ဂေ သုတ်ကိုလည်း ကာရိယာတိဒေသသုတ်ဟု နိဒ္ဒေသ ဆိုခဲ့၏၊ သို့သော် သော နပုံသကလိင်္ဂေ သုတ်ကို အတိဒေသသုတ် မဟုတ် ဟု ရူပသိဒ္ဓိ ပယ်ချသကဲ့သို့ ဤသုတ်လည်း အတိဒေသသုတ် မဟုတ် ဟု ပယ်ချသင့်၏၊ ဝဒန္တ ပုဂ္ဂိုလ်က တခုတည်း တစုတည်းဖြစ်အောင် ပေါင်းစပ်၍ "တိလောက" ဟု ရွတ်ဆိုထားလျှင် ထို တပေါင်းတစု တခုအနက်ကို ကေတ္တဖြစ်အောင် ညွှန်ပြနေဖွယ် မလို၊ နဂိုရ် သဘောအတိုင်းပင် ကေတ္တဖြစ်နေသောကြောင့် လည်းကောင်း, ဣဝ တဗ္ဗာ စသော အတိဒေသ အထိမ်းအမှတ်လည်း မပါ, ဝုတ္တိဆရာလည်း မဖွင့်ပြ သောကြောင့်လည်းကောင်း, ကေတ္တ-နပုံသကတ္တ အဖြစ်ကို စီရင်သော ဝိဓိသုတ်ဘမျိုး သာဟု မှတ်သင့်သည်။

တိသိဂံ-၃ ဦးချို၊ ဝါ-ဦးချို ၃ ချောင်း၊ စတဿော-၄ ပါးကုန်သော-ဒိသာ-အရပ်တို့တည်း၊ စတုဒ္ဒိသံ-၄ ရပ်၊ ဝါ-အရပ် ၄ ပါး၊ ပဉ္စ-၅ ပါးကုန်သော၊ ဣန္ဒြိယာနိ-ဣန္ဒြေတို့တည်း၊ ပဉ္စိန္ဒြိယံ-၅ ဣန္ဒြေ၊ ဝါ-ဣန္ဒြေ ၅ ပါး။ (၃၄၉)။

---

ကာသိကာဝုတ္တိနှင့် ဋီကာ။ ။"ဒိဂု ကေဝစနံ" ပါဏိနီသုတ် (၂-၄-၁)၊ "ဒိဂုသမာသော ကေဝစနံ ဘဝတိ၊ပေ၊တဒနေနပကာရေနဒိဂွတ္ထဿကေတ္တဘာဝေါ ဝိဓိယတေ, ဒိဂွတ္ထော ကေတ္တံ ဘဝတီတိ"....(ကာသိကာဝုတ္တိ)၊ ဤဝုတ္တိ၌ "ကေတ္တဘာဝေါ ဝိဓိယတေ" ကို ထောက်လျှင် ဝိဓိသုတ်ဟုပင် ဆိုထိုက်၏၊ သို့ပါလျက် "နစာနေကတ္တာ ဘိဓေယိနော သဒ္ဒဿ ဝစနသတေနာဝိ ကေတ္တာဘိဓိယိတ္တံ သက္ကတေ ကတ္တုံ, သဒ္ဒါနံ အတ္ထာဘိဓေယိတ္တာဿ သာဘာဝိကတ္တာ၊ ဥစ္စတေ စေဒံ ဝစနံ၊ တတော သာမတ္ထိယာ အတိဒေသောယံ ဝိညာယတိ၊ အတော အာဟ-"ဒိဂွတ္ထဿ ကေတ္တဘာဝေါ ဝိဓိယတေ ဣတိ" ဟု အတိဒေသသုတ်ဖြစ်အောင် ဇိနိန္ဒဗုဒ္ဓိ ဖွင့်လေသည်။ [အနက်အများကို ဟောလေ့ရှိသော သဒ္ဒါ၏ တနက်ကို ဟောလေ့ ရှိသော သဒ္ဒါဖြစ်အောင် သုတ်ပေါင်း တရာသော်လည်း မပြုစွမ်းနိုင်၊ (ဘာ့ကြောင့်နည်း) သဒ္ဒါတို့၏ အနက်ကို ဟောလေ့ ရှိသည်၏ အဖြစ်က ပင်ကိုယ် သဘောအတိုင်း ဖြစ်ရသောကြောင့်တည်း၊ ဤ သုတ်ကိုလည်း ဆိုထား၏၊ သို့ ဆိုထားသောကြောင့် ဤ သုတ်ကို အညထာနုပပတ္တိ အစွမ်းအားဖြင့် အတိဒေသသုတ်တည်း ဟု သိနိုင်သည်။]

နပုလ္လိင် မဖြ။ ။ပါဏိနီစသော များကရိုဏ်းတို့၌"ပဉ္စပူလီ-ဒသရထီ-တြိလောကီ-ဒသဂါမီ" စသော အကာရန္တဒိဂုနောင် (ဤ) ပစ္စည်းသက်၍ ဣတ္ထိလိင်လည်း ရှိကြောင်း ဆိုကြသေး၏၊ ပဉ္စန္နံ+ပူလာနံ သမာဟာရော, ပဉ္စပူလီ၊ ပဉ္စန္နံ-ငါးခုကုန်သော၊ ပူလာနံ-အထုပ်တို့၏၊ ဝါ-အခိုင်တို့၏၊ သမာဟာရော-အပေါင်းတည်း၊ ပဉ္စပူလီ-ငါးထုပ်၊ ဝါ-ငါးခိုင်၊ ဝိဘတ်ချေ, သမာဟာရပုဒ်ကိုချေ၍ "ပဉ္စပူလ" ဟု ဖြစ်သည့်အခါ နဒါဒိတော ဝါ ဤ သုတ်ဖြင့် (ဤ) ပစ္စည်းသက်, နာမ်ငဲ့ စသည် စီရင်၊ "ဒသရထီ-ဆယ်စင်းသော ရထားတို့၏ အပေါင်း၊ ဝါ-ရထားဆယ်စင်း၊ တြိလောကီ-၃ ပါးသော လောကတို့၏ အပေါင်း၊ ဝါ-၃ လောက၊ ဒသဂါမီ-ဆယ်ခုသော ရွာတို့၏ အပေါင်း၊ ဝါ-ဆယ်ရွာ၊" တို့လည်း နည်းတူ၊ [ပဉ္စပူလီ ပါဌ်၌ "ပူလ" ဟူသော နာမ်ပုဒ်ကို မတွေ့ရ၊ "ပူလ=သံဟတေ-ပေါင်းစပ်ခြင်း၌" ဟု ဓာတ်ကိုသာ တွေ့ရ၏၊ ရှေးနိဿယများ၌ "ငါးထုပ်" ဟုလည်းကောင်း ကလာပ် စသော နိဿယ၌ "ငါးခုသော အခိုင်တို့၏ အပေါင်း"ဟု လည်းကောင်း ပေးသည်၊ သာရတ္ထဝိဋီကာ၌ကား "ပဉ္စပူလီ-ငါးခုသော အမြစ်တို့၏ အပေါင်း" ဟု တွေ့ရ၏။]

ပတ္တာဒိတို့ ဣတ္ထိလိင် မဟုတ်။ ။အကာရန္တ ဒိဂုနောင် ဤ ပစ္စည်း သက်၍ ဣတ္ထိလိင်ဟု ဆိုသော်လည်း ပတ္တစသော အကာရန္တနောင်ကား ဤ ပစ္စည်း မသက်ရ၍ ပုလ္လိင်သာ ဖြစ်၏၊ "ဒွေ+ပတ္တာ, ဒွိပတ္တံ-၂ ခွက်၊ တိဘုဝနံ-၃ လောက၊ စတုယုဂံ-ယုဂ် ၄ ကြိမ်" စသည်တည်း၊ ဤသို့ပတ္တစသော အကာရန္တဒိဂုများ၌ ဣတ္ထိလိင်မဖြစ်ပဲ

**တထာဒွန္ဒေ၊ပေ၊ ဝိသဘာဂအာဒိနည္ဗ**

၃၂၂။ တထာ-တူ၊ ဒွန္ဒေ သမာသေ-၌၊ ပါဏိတူရိယ၊ပေ၊ ဝိသဘာဂတ္ထ ဠစ္စေဝမာဒီနံ-တို့၏၊ ကေ....-လည်းကောင်း၊ နပုံသက လိင်္ဂတ္တ္ဆ - သည်လည်းကောင်း၊ ဟောတိ၊ [အခြေပြုအတိုင်း အနက်ဆို၊] တံ-ထို ဥဒါဟရဏ်သည်၊ ယထာ-နည်း၊

---

နပုလ္လိင်မြဲသောကြောင့် "ပဏ္ဍာဒိပက္ခေပေန ဟိဿ နဇ္ဇတ္တိလိင်္ဂတာ၊ ယထာ-ပဉ္စပတ္တံ စတုယုဂံ တိဘုဝနံတိ"ဟု သစ္စဝိဘင်း အနုဋီကာဖွင့်သည်။ [အဿ-ထို စတုသစ္စ ပုဒ်၏၊ ပဏ္ဍာဒိပက္ခေပေန-ပဏ္ဍာဒိဂိုဏ်း၌ သွင်းခြင်းကြောင့်၊ ဇတ္တိလိင်္ဂတာ-(ပဉ္စပုလီ စသည်ကဲ့သို့) ဇတ္တိလိင်၏ အဖြစ်သည်၊နှ-မဖြစ်၊] မဓုဋီကာ၌ကား "ပဏ္ဍာဒိပက္ခေနေန ဟိဿ န ဇတ္တိလိင်္ဂတာ န ပုလ္လိင်္ဂတာ တိ ဝတ္တဗ္ဗံ" ဟု န ပုလ္လိင်္ဂတာ ထည့်သင့်ကြောင်း ကို ဆို၏၊ အကာရန္တ ဒိဂုနောင် ပုလ္လိင်လားဟု ယုံမှားဖွယ် မရှိ-ဤ ပစ္စည်း သက်၍ ဇတ္တိလိင်နှင့်သာ ရောထွေးဖွယ်ရှိ၏၊ ထို့ကြောင့် "န ပုလ္လိင်္ဂတာ" မထည့်သော အနုဋီကာ အတိုင်းသာ ဗျာကရဏ်း၏ ထုံးစံကျသည်။

**ဝိဂ္ဂြိုဟ်ပြုပုံ။** ။"စတ္တာရိ သစ္စာနိ သမာဟဋာနီတိ စတုသစ္စံ, စတုန္နံ သစ္စာနံ သမာဟာရော စတုသစ္စံ"ဟု သမာဟဋ-သမာဟာရ ပုဒ်တို့ကို ထည့်၍ ဝိဂ္ဂြိုဟ်ပြုခြင်းသည် သမာဟာရဒိဂု ဖြစ်ကြောင်းကို ပြ၏။ [သမာဟဋာနီတိ ဧတေန သမာဟာရောယံ သမာသောတိ ဒဿေတိ" အနုဋီကာ။] သမာသ်ရုပ် တွက်သည့်အခါ "စတု+သစ္စ+သမာဟဋ=စတု+သစ္စ+သမာဟာရ"ဟု ကြိုက်ရာတည်၍ ထို ဝိဂ္ဂြိုဟ် ဝါကျဖြစ်အောင် တွက်၊ ဝိဘတ်များချေပြီးလျှင် ထို သမာဟဋ-သမာဟာရ ပုဒ်များ ကိုလည်း "ဝုတ္တတ္ထာနမပ္ပယောဂေါ"ဟူသော ပရိဘာသာအရ ချေရမည်၊ထို ပုဒ်များ မပါပဲ "တီဏိ+မလာနိ တိမလံ"ဟုလည်း ဖြစ်နိုင်သည်ပင်၊ သင်္ချာပုဗ္ဗောဒိဂု သုတ် ကျမှ သမာဟာရဒိဂုကို ပြမည်, ရုပ်ကိုလည်း ထိုသုတ်ကျမှ တွက်။ ["သမာဟဋာနိ-ပေါင်းအပ်ကုန်သော၊ စတ္တာရိ-ကုန်သော၊ သစ္စာနိ-တို့တည်း၊ စတုန္နံ+သစ္စာနံ-တို့၏၊ သမာဟာရော-အပေါင်းတည်း"ဟု ပေး။]

၃၂၂။ **တထာဒွန္ဒေ**—ဒိဂုသောကတ္တံသုတ်၏ အခြားမဲ့၌ ဤသုတ်ကို ဆိုသောကြောင့် တထာသဒ္ဒါသည် ကေတ္တံနှင့် နပုံသကလိင်္ဂတ္တဉ္စကို ပြန်၍ ညွှန်ပြခြင်း (အတိဒေသ) အနက်ရှိ၏-ဟု မှတ်၊ ထို သမာဟာရ ဒိဂုသမာသ် အတိုင်းပင် ဤ ဒွန်သမာသ် ၌လည်း ကေတ္တ နပုံသကတ္တဖြစ်သည်—ဟူလို၊ ဒိဂုကဲ့သို့ သမာဟာရဒွန် အသမာဟာရ ဒွန်ဟု ၂ မျိုးရှိ၏၊ ထို့ကြောင့် "တထာဒွန္ဒေ"၌ ဒွန္ဒေအရ သမာဟာရဒွန်ကို ယူ၊ ချဲ့ဦးအံ့—သမာဟာရ ဒိဂု ဒွန်တို့၌ အပေါင်းအစုအနက်သာ ပဓာန ဖြစ်၏၊ထို့ကြောင့် "စက္ခု သောတ"အရ မျက်စိနှင့် နားဟု အထည်ဒြပ် ၂ ခု ဖြစ်၍ များသော်လည်း မျက်စိနှင့် နားကို ပေါင်းစုလိုက်သည့်အခါ တစုတည်းဖြစ်သောကြောင့် "စက္ခု သောတံ"ဟု ကေတ္တ (ဧကဝုစ်)ဖြင့် ရှိရသည်၊ အထည်ဒြပ်ကို ပဓာနမဟောပဲ အပေါင်းအစုကို ဟောသောကြောင့် စက္ခု+သောတ ၂ ပါးလုံးနှင့် ဆက်ဆံ၍ သာမည ဖြစ်နေ၏၊ ထိုကဲ့သို့ သာမည သဒ္ဒါမျိုး၌ အများအားဖြင့် နပုလ္လိင်ဖြင့် သုံးစွဲရိုး

စက္ခုံ၊ စ-မျက်စိလည်း၊ သောတဉ္စ-နားလည်း၊ စက္ခုသောတံ-မျက်စိ နား၊ မုခဉ္စ-ခံတွင်းလည်း၊ နာသိကာစ-နှာခေါင်းလည်း၊ မုခနာသိကံ-ခံတွင်း နှာခေါင်း၊ ဆဝိစ-အရေလည်း၊ မံသဉ္စ- အသားလည်း၊ လောဟိတဉ္စ - အသွေးလည်း၊ ဆဝိမံသလောဟိတံ-အရေ အသား အသွေး၊ ပါဏျင်္ဂတွေ-သတ္တဝါ အင်္ဂါ အနက်ဟော သဒ္ဒါ၌၊ ဧဝံ-ဤ့အတူတည်း။

---

ရှိသည်။ [နပုလ္လိင် မဖြစ်ကြောင်းကို နောက်၌ ပြအံ့၊] အသမာဟာရ ဒွန်၌ကား အစိတ် အစိတ် ခြပ်နက်တွေ့ ပဓာန ဖြစ်နေသောကြောင့် ဗဟုဝုစ်ချည်းလည်းကောင်း, နောက် ပုဒ်၏ လိင်သို့ လိုက်၍ ပုံ-နပုံ-ဣတ္ထိလိင် ၃ မျိုးလည်းကောဝး ရှိနိုင်သည်။

**ပါဏိ၊ပေ၊ ဍူဇ္ဇွ၀ မာဒီနံ**—သမာဟာရဒွန်တွဲရာ၌ ဝဒန္တ ပုဂ္ဂိုလ်က ဆိုလိုတိုင်း ရောစပ်လိုတိုင်း တွေ့ကရပုဒ်စုကို သမာဟာရဒွန် ပြုရိုးမရှိ, ပါဏီ အင်္ဂ စသည်ဟော ပုဒ်စုကိုသာ သမာဟာရ ပြုရိုးထုံး ရှိသည်ဟု ပြလို၍ "ပါဏိ တူရိယ"စသည်ကို မိန့်ရသည်၊ ဤပါဏိတူရိယစသည်၌ "ပါဏိ တူရိယ ယောဂ္ဂ သေနင်္ဂ+ခုဒ္ဒဇန္တုက+ ဝိဝိဓ ဝိရုဒ္ဓ+ဝိသဘာဂ"ဟု ၄ ပါးခွဲ၊ ထို့နောက် သေနင်္ဂမှ အင်္ဂသဒ္ဒါကို ရှေ့သို့ လိုက် စေ၍ "ပါဏိ အင်္ဂ (ပါဏျင်္ဂ) +တူရိယင်္ဂ+ယောဂ္ဂင်္ဂ+သေနင်္ဂ"ဟု တွဲစပ်ပါ၊ ခုဒ္ဒဇန္တုက စသည်ကား အင်္ဂါ (အစိတ် အပိုင်း) မဟုတ်၊ ထို့ကြောင့် ခုဒ္ဒဇန္တုကင်္ဂ စသည်ဖြင့် မတွဲရ၊ ထိုသို့ နောက် ခုဒ္ဒဇန္တုက စသည်တို့နှင့် မတွဲစေလိုသောကြောင့်ပင် အင်္ဂ သဒ္ဒါကို သေနာ၏ နောက်၌ ထားသည်၊ ဝိသဘာဂတ္တမှ အတ္တ သဒ္ဒါကိုကား ရှေ့ပုဒ် အားလုံးနှင့်တွဲ၍ "ပါဏျင်္ဂတ္တ, တူရိယင်္ဂတ္တ, ယောဂ္ဂင်္ဂတ္တ, သေနင်္ဂတ္တ, ခုဒ္ဒဇန္တုကတ္တ, ဝိဝိဓ ဝိရုဒ္ဓတ္တ, ဝိသဘာဂတ္တ"ဟု တွဲစပ်ပါ၊ ဤသို့ ရှေ့ပုဒ်အားလုံးနှင့် တွဲစပ် စေလိုသောကြောင့်ပင် အတ္တသဒ္ဒါကို နောက်ဆုံး၌ ထားသည်။

**ဒွန်၏နောက်၌ ရှိသောပုဒ်။** ။ထို ပုဒ်များကို "ပါဏိနောစ+တူရိယာနိစ+ ယောဂ္ဂါနိစ+သေနာစ, ပါဏိ တူရိယ ယောဂ္ဂ သေနာယော"ဟု အသမာဟာရ ဒွန် ဝိဂ္ဂဟပြု၊ ထို့နောက် "ပါဏိတူရိယယောဂ္ဂသေနာနံ+အင်္ဂါနိ, ပါဏိတူရိယ ယောဂ္ဂ သေနင်္ဂါနိ"ဟု ဆဋ္ဌီ တပ္ပုရိသ် ဝိဂ္ဂြိုဟ်ပြု၊ "ပါဏိ တူရိယ ယောဂ္ဂသေနာ" ဟူသော ဒွန်ပုဒ်၏ နောက်၌ရှိသော အင်္ဂပုဒ်ကို ရှေ့ပုဒ်အားလုံး၌ လိုက်စေ၍ "ပါဏိ အင်္ဂ"စသည်ဖြင့် အနက်ပေးသည့်အခါ တွဲစပ်ရိုး ထုံးစံ ရှိသောကြောင့် "ဒွန္ဒတော ပရံ ယံ သုယျမာနံ, တံ ပစ္စေကမဘိသမ္ဗဇ္ဈတေ"ဟုလည်းကောင်း "ဒွန်၏နောက်၌, ရှိသောပုဒ်, ယှဉ်လိုက် ပုဒ်တိုင်းသာ"ဟု လည်းကောင်း ရှေးဆရာတို့ ပရိဘာသာ ပြုတော်မူခဲ့ကြသည်။ [ဒွန္ဒတော- ဒွန်ပုဒ်မှ၊ ပရံ- နောက်၌၊ ယံ-အကြင်ပုဒ်ကို၊ သုယျမာနံ-ကြားသိ တွေ့မြင်အပ်၏၊ တံ-ထို ဒွန်၏ နောက်၌ရှိသောပုဒ်ကို၊ ပစ္စေကံ- ရှေ့ပုဒ် အသီးသီးနှင့်၊ အဘိသမ္ဗဇ္ဈတေ-စပ်အပ်၏၊] ခုဒ္ဒဇန္တုက စသည်တို့နှင့် သမာသ်တွဲပုံကို ရူပသိဒ္ဓိ၌ ကြည့်ရှုပါ၊ ပါဏိယင်္ဂ အချင်းချင်း, တူရိယင်္ဂ အချင်းချင်း စသည်သာ ဒွန်တွဲရ၏, ပါဏိယင်္ဂနှင့် တူရိယင်္ဂ စသည်ကား ဒွန်မတွဲရ, စသော မှတ်ချက်ကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု။

**နပုလ္လိင် မဖြ**။ ။သမာဟာရဒွန်မှန်လျှင် ကေဝလသည် ဖြ၏၊ နပုံသကတွာကား မဖြ၊ သဘာပရိသာယ-သဘာပရိသာ သဒ္ဒါမှ (နောက်၌၊ သွိ-သွိကို၊) တိ-တ်ပြု၊ ဤ၌ ''ပရိသာယ'' ဟု ကေဝလဖြင့် ထားသောကြောင့် သမာဟာရဒွန်ဖြစ်ကြောင်း သိသာ၏၊ သမာဟာရဒွန်ဖြစ်လျှင်လည်း ''သဘာ စ+ပရိသာ စ'' ဟု ဝိဂ္ဂဟပြု၍ ''သဘာ ပရိသံ'' ဟုလည်းကောင်း သွာဝိဘတ်ဖြင့် ''သဘာပရိသသွာ'' ဟုလည်း ကောင်း နပုံကေတ် ဖြစ်သင့်လျက် ''ပရိသာယ'' ဟု ကေဝလ ဣတ္ထိလိင်ဖြင့် ပြထား၏၊ ထိုပါဠိကိုထောက်၍ သမာဟာရဒွန်၌ နပုလ္လိင် မဖြကြောင်း ပုလ္လိင် ဣတ္ထိလိင်လည်း ရှိနိုင်ကြောင်း သိသာသည်။ [''ကစ္စာဝိ နှ ဟောတိ-သဘာပရိသာယာ တိ ဉပကာ= တိ သဘာပရိသာယသုတ်၌ ''သဘာပရိသာယ'' ဟု ဣတ္ထိလိင်ရှိကြောင်းကို သိစေ တတ်သော သာဓကကြောင့် အချို့အရာ၌ နပုလ္လိင် မဖြစ်ဟု သိရသည်။ [မောဂ္ဂလ္လာန်)] ရူ၌လည်း ဤအဓိပ္ပာယ်မျိုး ပါသည်၊ သမာဟာရဒွန်မှာ ရှု။

**စက္ခုစ၊ ပေ၊ ပါဏျင်္ဂရွေ**—ပါဏိ တူရိယ- စသော အစဉ်အတိုင်း ရှေးဦးစွာ ပါဏျင်္ဂသဒ္ဒါတို့၏ ဒွန်ပုံစံကို ပြလို၍ ''စက္ခုစ+သောတဉ္စ စက္ခုသောတံ'' စသည် ကိုမိန့်၊ ပါဏီနံ- သတ္တဝါတို့၏+အင်္ဂံ- အင်္ဂါတည်း၊ ပါဏျင်္ဂံ- သတ္တဝါတို့၏အင်္ဂါ၊ တကိုယ်လုံး၏ အစိတ်အပိုင်းဖြစ်သော မျက်စိ-နားစသည်ကို ''ကိုယ်အင်္ဂါ''ဟုလည်း ခေါ်၏၊ [ပါဏိ+အင်္ဂ= (ဣကို ယပြု သန္ဓိစပ်၍) ပါဏျင်္ဂ။] ပါဏျင်္ဂံ=အရွေ ယဿာတိ ပါဏျင်္ဂရွေ၊ ယဿ-အကြင်သဒ္ဒါ၏၊ ပါဏျင်္ဂံ-သတ္တဝါတို့ အင်္ဂါ ဟူသော၊ အရွေ-အနက်သည်၊ အတ္ထိ, ဟုတိ, သော (ထို ''စက္ခုသောတံ''စသော သဒ္ဒါသည်)၊ ပါဏင်္ဂရွေ-မည်၏၊ ဤစကားအရ စက္ခုသဒ္ဒါ သောတံသဒ္ဒါစသည် ကို ပါဏင်္ဂတ္တ ဟုမှတ်၊ ဧဝံ ပါဏင်္ဂရွေ၌ ဧဝံဖြင့် ပါဏင်္ဂတ္တသဒ္ဒါစုကို ''စက္ခုသောတံ'' စသည်ဖြင့် ဒွန်တွဲရ သကဲ့သို့ ဒွန်တွဲပါလေ-ဟု ညွှန်ပြသည်၊ နောက် ''ဧဝံ တူရိယင်္ဂရွေ'' စသည်၌လည်း ဤနည်းတည်း။

**ရုပ်တွက်ပုံ**။ ။ရုပ်တွက်ပုံကို နောက်မှညွှန်ပြလျှင် ရှုပ်ထွေးဖွယ် ရှိသောကြောင့် ဤသုတ်မှာပင် သူ့အခန်းနှင့်သူ ညွှန်ပြအံ့၊ စက္ခုသောတံတွက်ပုံကို အခြေပြု ''နာမာနံ သမုစ္စယော ဒွန္ဒော'' သုတ်မှာ ရှု၊ ''မုခ+စ+နာသိကာ+စ'' တည်, သိ ၄ လုံးသက်၍ ''မုခဉ္စ+နာသိကာစ'' ဟု ပြီးအောင် နာမ်ရုပ် သန္ဓိစပ်တွက်၊ မုခဉ္စ-လည်း၊ နာသိ ကာစ-လည်း၊ ဣတိအရွေ-၌, စသည်ဖြင့် စက္ခုသောတံ နည်းမှီ၍ဆို၊ ပကတိပြုသည့် အခါ ''မုခ''ဟု လည်းကောင်း ''နာသိကာ''ဟု ဣတ္ထိလိင် အာကာရန္တအတိုင်း လည်းကောင်းပြု, (မုခနာသိကာ)၊နပုံကေတ် စီရင်၊သရော ရဿော နပုံသကေသုတ် ဖြင့် နာသိကာ၌ အာကို ရဿပြု၊ (မုခနာသိက) နာမ်င့်, သိ အံပြု, ပြီး၏၊ ''ဆဝိ+စ+ မံသ+စ+လောဟိတ+စ''ဟု တည်၍ သိ ၆ လုံး သက်ရုံသာ၊အကြွင်းကို စက္ခုသောတံ နည်းမှီးလေ။

**မှတ်ချက်**။ ။ဤသုတ်သည် သက္ကတဋီကာ့အလို (ဒိဂုသောကတ္တုံ၌ ပြခဲ့သည့် အတိုင်း) ကေဝလငဲ့သော အတိဒေသသုတ်တည်း၊ နပုံအဖြစ်ကိုကား မငဲ့ကြောင်း ပြခဲ့ ပြီ၊ ကစ္စည်း ရူပသိဒ္ဓိတို့အလို အတိဒေသမဟုတ်, ဝိဓိတမျိုးသာ၊ ထို့ကြောင့် ''နပုံ

သခေ်ါစ - ခရုသင်းလည်း၊ ပဏဝေါစ - ထက်စည်လည်း၊ သခ်ပဏဝံ- ခရုသင်း ထက်စည်၊ ဂီတဥ္စ-သီချင်းလည်း၊ ဝါဒိတ္တဥ္စ-တီးမှုတ်ခြင်းလည်း၊ ဂီတဝါဒိတ္တံ-သီချင်း တီးမှုတ်ခြင်း၊ ဒဒ္ဒရိစ-ဘားစည်လည်း၊ ဍိဏ္ဍိမောစ-ပတ်သာ လည်း၊ ဝါ-စည်တိုလည်း၊ ဒဒ္ဒရိဍိဏ္ဍိမံ-ဘားစည် စည်တို၊ တူရိယင်္ဂေ-တူရိယာ့ အင်္ဂါ အနက်ဟော သဒ္ဒါ၌၊ ဧဝံ-တည်း၊ ဖာလောစ - ထွန်သွား (ထယ်သွား)လည်း၊ ပါဇနဥ္စ-နှင်တံ(တပြာ)လည်း၊ ဖာလပါဇနံ-ထွန်သွား နှင်တံ၊ ယုဂဥ္စ-ထမ်းပိုးလည်း၊ နင်္ဂလဥ္စ-ထွန်တုံး (ထယ်တုံး)လည်း၊ ယုဂနင်္ဂလံ- ထမ်းပိုး ထွန်တုံး၊ ယောဂ္ဂင်္ဂေ-လယ်ထွန်ဘဏ္ဍာ အနက်ဟောသဒ္ဒါ၌၊ ဧဝံ- တည်း။

---

ကေဟ်ငဲ့'' ဟု ရိုးရာအတိုင်းမဆိုပဲ ''နပုံကေတ်စီရင်'' ဟု ဆိုလိုက်သည်၊ ထို့ပြင်- နာသိကာ၌ သရော ရသော နပုံသကေသုတ်ဖြင့် ရဿပြုခြင်းလည်း ရူပသိဒ္ဓိ အလို အတိုင်းသာ၊ ''အဗျယီဘာဝ သမာသဿ''ဟု (သရော ရဿောသုတ်ကို) ဖွင့်သော ကစ္စည်းဝုတ္တိအလိုမှ အဗျယီဘော မဟုတ်သောကြောင့် ကွစာဒိမဇ္ဈုတ္တရာန်ဖြင့် ရဿ ပြုသင့်ကြောင်းကိုလည်း သတိပြုပါ။

**သခေ်ါစ၊ပေ၊ဧဝံ တူရိယင်္ဂေ**—တူရိယသဒ္ဒါသည် တီးမှုတ်အစ်သော တူရိယာ မျိုးကို ဟောသော်လည်း သဟစရဏ (တကွတွဲဖက်) နည်းအားဖြင့် သီးချင်းဆိုမှုကို လည်းကောင်း, ဌာနတူရိယာ၏ အမည်ကို ဌာနီတီးခြင်း၌ တင်စားသော ဌာနူပစာရ အားဖြင့် တီးမှုတ်ခြင်းကြိယာကိုလည်းကောင်း ယူ၊ ထို့ကြောင့် ''ဂီတ ဝါဒိတ္တံ'' ဟု တူရိယင်္ဂ၌ပြနိုင်သည်၊ပဏဝမည်သော စည်သည် အလယ် (ခါး) ၌ သေး၍ အရင်း အဖျား၌ တုတ်၏၊ဒဒ္ဒရိမည်သော စည်သည် စစ်ထွက်သည့်အခါ တီးရသော စစ်စည် (ဘားစည်) တည်း၊ အဘိဓာန်၌ ''ဒဒ္ဒရိ ပဋဟော'' ဟု ပရိယာယ်ဆို၏၊ ပဋဟော ကိုကား ''ပဋယတိ ဂမယတိ ယောဓေ ယုဒ္ဓါယ ဥဿာဟ ဝဒ္ဓကတ္တာတိ ပဋဟော'' ဟု ဘာရတဋီကာ၌ ဝိဂ္ဂြဟ်ပြုသတတ်၊ သူ့အသံကို ကြားရသူတို့အတွက် အားတက် စေတတ်သောကြောင့် စစ်တိုက်ဖို့ရာ စစ်သည်တို့ကို သွားစေတတ်သော စည်မျိုးဖြစ် သည်။

ဍိဏ္ဍိမ (ဒေဏ္ဍိမ) မည်သော စည်ကား၊ စည်ငယ် (စည်တို) တည်း။ [''ဍိဏ္ဍိ မာတိ-တိဏဝါ (တိဏဝလည်းမည်ကုန်သော) ခုဒ္ဒကဘေရိယော ဝုစ္စန္တိ၊ပဏဝါတိ- တနုမဇ္ဈာ (ခါးသေးကုန်သော) တူရိယ ဝိသေသာ'' ဗုဒ္ဓဝံသဋ္ဌ)။] ဒဒ္ဒရိ ဟု ဤဒီဃ ဆုံးလျက်လည်းကောင်း ''ဒိန္ဒိမံ'' ဟုလည်းကောင်း မူကွဲတွေ့ရ၏၊ ဒဒ္ဒတိ သဒ္ဒဝိသေ သေန ပရိဏမတီတိ ဒဒ္ဒရီ (ရိ) = အသံ အထူးဖြင့် ညွတ်တတ်သောကြောင့် ဒဒ္ဒခတ် နောင် ရိပစ္စည်းသက်၍ ''ဒဒ္ဒရိ''ဟု အဘိဓာန်ဋီကာ ဆို၏၊ ဍိဏ္ဍိမ-ပု၊ ဍိဏ္ဍိဤတိ သဒ္ဒံ မိနောတိ ပကာသယတိ, မိ-ဥ၊ ဍိဏ္ဍိ သဒ္ဒူပပဒ မိဓာတ်,ဥအနုဗန်ရှိသော အပစ္စည်း, ပုလ္လိင် ဟု ထောမနိဓိ၌ ဆို၏၊ ထို့ကြောင့်''ဒိန္ဒိမံ''ဟု ရှိသည်ကား ပါဠ်ပျက်၊ ရုပ်တွက် ရာ၌ သူ့ဝါကျရှိတိုင်းဖြစ်အောင် နာမ်ရုပ်တွက်, စကျသောတံ နည်းမှီး၍ ပြီးစေ။

အသိစ - သန်လျက်လည်း၊ စမ္မဋ္ဌ-မြားကာလည်း၊ အသိစမ္မံ - သန်လျက် မြားကာ၊ ဓနုစ-လေးလည်း၊ ကလာပေါ စ-တောင့်လည်း၊ ဝါ-မြားပုံးလည်း၊ ဓနုကလာပံ-လေး, တောင့်၊ ဟတ္ထိနော စ-ဆင်တို့လည်း၊ အဿာစ-မြင်းတို့လည်း၊ ဟတ္ထိအဿံ-ဆင် မြင်း၊ ရထာစ-ရထားတို့လည်း၊ ပတ္တိကာစ-ခြေလျင်တို့လည်း၊ ရထပတ္တိကံ-ရထား ခြေလျင်၊ သေနင်္ဂတ္တေ-စစ်အင်္ဂါ အနက်ဟော သဒ္ဒါ၌၊ ဧဝံ-တည်း။

---

**ဖာလဥ္စ၊ ပေ၊ ယောဂ္ဂင်္ဂတ္တေ**—ယောဂ္ဂသဒ္ဒါသည် "လှည်း, ရထား" စသော ယာဉ်မျိုးကို ဟောရိုးရှိသော်လည်း ဤနေရာ၌ "လယ်ထွန်ဘဏ္ဍာ" ဟူသော အနက်ကို မောဂ္ဂလ္လာန်ပဉ္စိကာ၌ ဆို၏၊ ဖာလ စသည်ကို ထောက်၍ ထိုစကား သင့်ပေသည်၊ [ယုဂဿ-ထမ်းပိုး၏၊ ဟိတာ-စီးပွားဖြစ်သော နွားတို့သည်၊ ယောဂ္ဂါ-တို့ မည်၏၊ ယောဂ္ဂါနံ-နွားတို့၏၊ ဣဒံ-ဥစ္စာသည်၊ ယောဂ္ဂံ-မည်၏၊ ကသိကမ္မံ-လယ်ထွန်မှုရ၏၊ ယောဂ္ဂဿ-လယ်ထွန်မှု၏၊ အင်္ဂံ-အကြောင်း အင်္ဂါဖြစ်သော လယ်ထွန်ဘဏ္ဍာသည်၊ ယောဂ္ဂင်္ဂံ-မည်၏။ (သာရတ္ထ ဝိကာသိနီဝိဂြိုဟ်များ) ] ရုပ်ကို "ဖာလ+စ+ပါဇန+စ" စသည် တည်၍ တွက်။

**ဖာလ, နင်္ဂလ။** ။ထွန်သွား ထယ်သွား ၂ မျိုးလုံးကို ဖာလ ဟု ခေါ်၏၊ "ဖလံ, နိဂ္ဂိသံ, ကုဋ္ဋကံ, ဖာလော, ကသကောတိ ပဉ္စ လာင်္ဂလဿ (ပါဠိလို နင်္ဂလဿ-ထွန်တုံး ထယ်တုံး၏) အခေါ်ဝေါ် ကဗွေ၊ယဿ-ယင်းထွန်အောက် ထယ်အောက်ရှိ သစ်သား၏၊ အဂ္ဂံ-အဖျားကို၊ လောဟေန-သံဖြင့်၊ ပဗ္ဗဇ္ဇတေ-ဖွဲ့ (စွပ်) ထားအပ်၏၊ (အမရကောသဋီကာ)၊ ဤသို့ ထယ်သွား အဖျား၌ သံ စွပ်ထားသောကြောင့် ဂန္ဓတိတ္ထာကြဇာတ်ဝယ် "သာလိယော နာမ ဗလိဗဒ္ဒေါ ဖာလေန ပဟဋ္ဌော သေတိ= သာလိယနွားလားကြီးသည် ထယ်သွားဖြင့် ထိုးမိ၍ လဲ၏" ဟု မိန့်သည်၊ထို အဖျားစွပ် သံကို ရည်ရွယ်၍ပင် "တတ္တဖာလေ-လောလောပူသော ထယ်သွား၌" ဟု ထိုထို နေရာ၌ တွေ့ရ၏၊ ထို ထယ်သွားကိုပင် "ဖရင်း" ဟု ရှေးနိဿယတို့ မိန့်သည်။

**ပါဇန။** ။"ပပုဗ္ဗ အဇဓာတ် ယုပစ္စည်းဖြင့် သဏ္ဍာတ်၌ရှိသောကြောင့် "ပါဇနံ" ဟု တတိယက္ခရာ ဇဖြင့် ပြင်ရိုး ပြုကြသော်လည်း, "ပါဇေတိ ဧတေနာတိ ပါဇနံ= နွားတို့ကို သွားစေကြောင်း (မောင်းနှင်ကြောင်း) ဖြစ်သော နှင်တံ၊ တံ ဣဓ ပါစနံ (ဇ ကို စ ပြု-ဟူလို)၊ ပတောဒသေတံ အဓိဝစနံ" ဟု သုတ္တနိပါတ အဋ္ဌကထာ ရှိသောကြောင့် "ပါစနံ" ဟု ပဌမက္ခရာ စဖြင့်လည်း ရှေးပါဌ်ရှိသည်ဟု မှတ်။

**အသိ စ၊ပေ၊ သေနင်္ဂတ္တေ**—ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်, ဤ ၄ ရပ်ကို စစ်အင်္ဂါဟု ခေါ်၏၊ ထို စစ်အင်္ဂါတို့၏ အသုံးအဆောင်ဖြစ်သော သန်လျက် စသည်ကိုလည်း သဟစရဏ (တကွဖြစ်ဘက်) နည်းအားဖြင့် သေနင်္ဂအရ၌ သွင်းယူ၊ ဆင် မြင်း ရထား ခြေလျင်များကို ဒွန်တွဲရာဝယ် "ဆင်အများ-မြင်းအများ-ရထား အများ-ခြေလျင်စစ်သား အများဖြစ်မှ သမာဟာရ ဒွန်ဖြစ်သည်၊ ဆင်တစီး မြင်းတစီး

ဒွံသာစ-မှက်တို့လည်း၊ မကသာစ-ခြင်တို့လည်း၊ ဒွံသ မကသံ-မှက်, ခြင်၊ ကုန္ထာစ-ပိုးရွတို့လည်း၊ ကိပိလ္လိကာစ-ခြပုံးတို့လည်း၊ ကုန္ထ ကိပိလ္လိကံ-ပိုးရွ, ခြပုံး၊ ကီဋာစ- ပေါက်ဖတ်တို့လည်း၊ သရီသပါစ- ကင်းတို့လည်း၊ ကီဋသရီသပံ- ပေါက်ဖတ်, ကင်း၊ ခုဒ္ဒဇန္တုကတ္ထေ-ငယ်သော သတ္တဝါ အနက်ဟောသဒ္ဒါ၌၊ ဧဝံ-တည်း။

---

မျှသာ ဖြစ်လျှင် ဋတၳရီတရယောဂတည်း''ဟု သက္ကတ၌ ခွဲခြား၏၊ ထို့ကြောင့် ''ဟတ္ထိနောစ အဿာစ'' ဟု ဗဟုဝုစ်ဝိဂြိုဟ်ပြုသည်၊ ဆင်တစီး မြင်းတစီးသာဖြစ်မူ ''ဟတ္ထီစ အဿောစ ဟတ္ထိအဿာ''ဟု ဋုရီတရ ယောဂဒွန်ပြုပါ-ဟူလို။ [သေနင်္ဂါနံ ဗဟုတ္တေ- ''ဟတ္ထိနောစ အဿာစ ဟတ္ထိအဿံ''၊ ဗဟုတ္တေတိ ကိံ-''ဟတ္ထီစ အဿောစ ဟတ္ထိ အဿာ'' မုဒ္ဓဗောဓဋီကာ။]

ထို စစ်တပ်၏ အသုံးအဆောင်များ အတွက်ကား ''အသိစ စမ္မဥ္စ'' ဟု ဧကဝုစ်ပင် ဝိဂြိုဟ်ဝါကျ ပြုရမည်၊ ထိုတွင် ''စမ္မ'' ဟူသည် တဘက် စစ်တပ်မှ ပစ်အပ်သောမြားကို ကွယ်ကာသော လက်ကိုင် သားရေပြားတည်း၊ ထို့ကြောင့် ''စမ္မန္တိ-သရဝါရဏ ဖလကံ''ဟု မိန့်သည်၊ ဤ၌ ''ဖလကံ''ဆိုသော်လည်း ''ပျဉ်ချပ်'' မဟုတ်၊ ထို့ကြောင့် ဖလ (ဖလက) ကို ''စမ္မမယေ သတ္တပဋိဃာတနိဝါရဏေ'' ဟုလည်းကောင်း, ''ဖလကပါဏိ'' ၌လည်း ''ဖလကော+ပါဏိမှိ ယဿ-စမ္မိနိ (မြားကာ ရှိသူ၌)'' ဟုလည်းကောင်း ထောမနိဓိ ဆို၏၊ မြားထည့်ရာ မြားပုံကို ''တောင့်'' ဟု ရှေးက သုံးသည်၊ ကလာပနှင့် တူဏီရသဒ္ဒါတို့ကား ''တောင့်''ဟု ခေါ်သော မြားပုံ၏ ပရိယာယ်တည်း။

ရုပ်တွက်။ ။''အသိစ စမ္မဉ္စ'' စသော ဧကဝုစ် ဝါကျများ၌ စက္ခုသောတံ အတိုင်းတည်း။''ဟတ္ထိနောစ''စသော ဗဟုဝုစ် ဝါကျများ၌ကား''ဟတ္ထိ+စ+အဿ+စ'' တည်၊ ဟတ္ထိနှင့် အဿနောင် ယော ၂ လုံးသက်, နာမ်ရုပ်တွက်၊ စ နှောင်ကား ဆရာတို့က လိင်္ဂတ္တကို ထွန်းပြရုံမျှ အကျိုးငှာ ဧကဝုစ် သိကိုသာ သက်စေလိုကြ၏၊ ရှေးကမူ ဟတ္ထိနောစသော တွဲဖက်ပုဒ်နှင့်အတူ ယောဝိဘတ်ပင် သက်စေလို၏၊ ထို ဝိဘတ်များကို သဗ္ဗာသမာဝုသောဖြင့် ချေ၊ ပကတိပြုသည့်အခါ နဂိုရ်တည်ရင်းအတိုင်း (ဤ) ကာရန္တဖြင့် ''ဟတ္ထိ'' ဟု ပကတိပြု၊ (ဟတ္ထိ အဿ) ကွစာဒိမဇ္ဈေတ္တာချာနံဖြင့် ဤကို ဋရဿပြုပါ၊ ပတ္တိကာသည် ဋတ္ထိလိင် အာကာရန္တဖြစ်၍ ''ရထ+စ+ပတ္တိကာ+စ'' ဟု တည်၊ ရထပတ္တိကာဟု ပကတိပြု၊ နာသိကာကဲ့သို့ အာကိုလည်း ရဿပြု။

ဒွံသာစ၊ ပေ၊ ခုဒ္ဒဇန္တုကတ္ထေ—သက္ကတ သဒ္ဒါကျမ်းတို့၌ ''၁-အရိုး လုံးလုံး မပါသော သတ္တဝါသည် ခုဒ္ဒဇန္တုက မည်၏၊ တနည်း-''ကမျဉ်းနီ'' ကဲ့သို့ အလွန် သေးငယ်၍ ရုတ်တရက် မမြင်ရ, အားစိုက်၍ကြည့်မှ မြင်ရသော သတ္တဝါသည် ခုဒ္ဒဇန္တုကမည်၏၊ တနည်း-တလက်ဖက် အတွင်း၌ အကောင်ရေ တရာလောက် ဝင်နိုင်သော ပိုးကောင်ကလေးများသည် ခုဒ္ဒဇန္တုကမည်၏၊ တနည်း-အကြီးဆုံး

မြေပါ၊ ထို့အောက် သေးငယ်သော သတ္တဝါကလေးများသည် ခုဒ္ဒဇန္တုကမည်၏၊ ဤသို့ အမျိုးမျိုး သတ်မှတ်ကြသည်၊ ဂါထာကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု။

**ဗဟုဝုစ် ဝိဂြိုဟ်ပြု။** ။ဤ ခုဒ္ဒဇန္တုကတို့လည်း ဟတ္ထိအဿံ-ရထ ပတ္တိကံတို့ကဲ့သို့ သတ္တဝါအများချင်း ဒွန်တွဲရာ၌သာ သမာဟာရဒွန် ဖြစ်၏၊ တကောင်ချင်း ဒွန်တွဲရာ၌ကား ဇာတိဂြိတရယောဂခေါ် အသမာဟာရဒွန်သာ ဖြစ်၏-ဟု သက္ကတသဒ္ဒါကျမ်းတို့၌ ဆို၏၊ [ခုဒ္ဒဇန္တုကာနံ အတြပိ ဗဟုတ္တမေဝ-ဍံသာစ မသကာစ ဍံသမသကံ၊ ဗဟုတ္တေတိ ကိံ-ဍံသောစ မသကောစ ဍံသမကသာ....မုဒ္ဓဗောဓဋီကာ၊] ဤ အဆို အတိုင်း "ဍံသာစ" စသည်ဖြင့် သီဟိုဠ်မူ၌လည်းကောင်း ရှု၌လည်းကောင်း ဗဟုဝုစ် ဝိဂြိုဟ်ဝါကျကိုသာ တွေ့ရ၏၊ မြန်မာမူ၌ကား "ကုန္ထောစ ကိပိလ္လိကောစ, ကီဋောစ သရီသပဥ္စ" ဟု ဧကဝုစ်ဝါကျကို တွေ့ရ၏၊ နိရုတ္တိဒီပနီက၌လည်း သေနက် ခုဒ္ဒဇန္တုက တို့အတွက် ဧကဝုစ် ဝါကျကိုသာ ပြ၏-ဟု မောဂ္ဂလ္လာန်နိဿယ မိန့်၏၊ ထို့ကြောင့် ဧကဝုစ်ဝါကျလည်း ရှေးနည်းတမျိုးဟု မှတ်။ ["သရီသပဥ္စ" ဟု နပုလ္လိင်ကား မရှိရ၊ အထိး ဟောရာ၌ ပုလ္လိင်, အမ ဟောရာ၌ ဣတ္ထိလိင်သာ။] ဝိဂြိုဟ်ဝါကျ ဖြစ်အောင် မှစ၍ ရုပ်တွက်ပုံ လွယ်ပြီ။

**ဍံသ, မကသ။** ။ဍံသကို "ဝနမက္ခိကာ-တောမှက်" ဟု ထောမနိဓိ ဖွင့်၏၊ ဍံသ (ဒံသ) ဓာတ်သည် ကိုက်ခြင်းအနက်ကို ဟောရကား ကိုက်တတ်သော မှက်သတ္တဝါကို ဍံသဟု ဆိုခြင်းသည် သင့်၏၊ "မကသ" ပုဒ်ကား သက္ကတ၌ မသဓာတ် ဝုန် ပစ္စည်း (ဏွု ပစ္စည်းမျိုး) ဖြင့် ရှိ၏၊ ဏွုကို အက ပြု၍ "မသက" ဟု ရှိရာမှ ရှေ့နောက် ပြန်၍ ပါဠိ၌ "မကသ" ဟု ဖြစ်၏၊ ထို့ကြောင့် သဒ္ဒနီတိ၌ "မကသောတိ မသကော" ဟု ပရိယာယ်ဖွင့်သည်၊ "သူစိမုခေါ စ မကသော" ဟု အဘိဓာန်ဆိုသောကြောင့် နှုတ်ခမ်း၌ အပ်နှင့်တူစွာ ထိုးစရာပါသော "ခြင်" သတ္တဝါကို မကသ ခေါ်၏၊ ပါဠိ၌ လည်း "မကသကုဋိ-ခြင်ထောင်" ဟု ရှိသည်။

**ကုန္ထ, ကိပိလ္လိက။** ။"ကုန္ထာ-သုခုမကိပိလ္လိကာ" ဟု ရူပသိဒ္ဓိဖွင့်၏၊ ကိပိလ္လိက သဒ္ဒါသည် "ခြ" ကဲ့သို့ ငယ်သော သတ္တဝါကို ဟောလျှင် "သုခုမ ကိပိလ္လိက" ဟု ဖွင့်သော ကုန္ထသဒ္ဒါသည် ခြ ထက်ပင် ငယ်သင့်၏-ဟု နှလုံးပိုက်၍ "ကုန္ထ-ပိုးရွ" ဟု ရှေးဆရာတို့ ပေးဟန်တူသည်၊ မောဂ္ဂလ္လာန် နိဿယသစ်၌မူ "ခြ, ပရွက်" ဟု ပေးသည်။

**ကီဋ။** ။ကီဋကို ရူပသိဒ္ဓိ၌ "ကပါလပိဋ္ဌိက ပါဏာ-အိုးခြမ်း ကျောက်ကုန်းနှင့် တူသော ကျောက်ကုန်းရှိသော ပိုးကောင်" ဟု ဖွင့်၏၊ ရှေးဆရာတို့က "ပေါက်ဖတ်" ဟု အနက်ပေးကြသည်၊ သပြေကန် နိဿယ၌ကား "သူ့အမွေးဖြင့် လူကို ထိလျှင် နာကျင်စေတတ်-သစ်ရွက်၌ ကပ်နေသော ကြက်မောက်ဆူးကဲ့သို့ အမွေး ရှိသော ပိုးစိမ်းကောင်တမျိုး" ဟု အဓိပ္ပာယ် ဆို၏၊ အဘိဓာန်၌မူ "ကီဋောတု ပုဠဝေါ ကိမိ" ဟု လာသောကြောင့် "ပိုးလောက်" ကိုပင် ကီဋ ခေါ်သည် ဟု ယူရလျှင် သာ၍ ရှင်းလင်းမည်ထင်သည်၊ သရီသပ (သီဟိုဠ်မူ၌ သိရိံသပ) သဒ္ဒါကား မြွေ ကင်း ၂ မျိုးလုံးကို ဟောသော်လည်း မြွေသည် ခုဒ္ဒဇန္တုက မဖြစ်နိုင်သောကြောင့် လည်းကောင်း နောက်၌ သီးခြား လာလတ္တံ့ဖြစ်သောကြောင့်လည်းကောင်း "ကင်း" ကိုသာ ယူလိုက်သည်။

အဟိတ-မြွေလည်း၊ နကုလော စ-မြွေပါလည်း၊ အဟိ နကုလံ-မြွေ့မြွေပါ၊ ဗိဠာရော စ-ကြောင်လည်း၊ မူသိကော စ-ကြွက်လည်း၊ ဗိဠာရမူသိကံ-ကြောင်ကြွက်၊ ကာကော စ-ကျီးလည်း၊ ဥလူကော စ-ခင်ပုတ်လည်း၊ ကာကောလူကံ-ကျီး ခင်ပုတ်၊ ဝိဝိဓဝိရုဒ္ဓတ္တေ-အထူးထူး ဆန့်ကျင်ဘက် အနက်ရှိသော သဒ္ဒါ၌၊ ဧဝံ-တည်း၊ သီလဉ္စ-သီလလည်း၊ ပညာဏဉ္စ-ပညာလည်း၊ သီလပညာဏံ-သီလ ပညာ၊ သမထော စ-လည်း၊ ဝိပဿနာ စ-လည်း၊ သမထ ဝိပဿနံ-သမထ ဝိပဿနာ၊ ဝိဇ္ဇာ စ- ဝိဇ္ဇာလည်း၊ စရဏဉ္စ- လည်း၊ ဝိဇ္ဇာစရဏံ- ဝိဇ္ဇာစရဏ၊ ဝိသဘာဂတ္တေ-လက္ခဏာကွဲလျက် ကိစ္စတူ အနက်ဟော သဒ္ဒါ၌၊ ဧဝံ-တည်း။

---

**အဟိ စ၊ပေ၊ ဝိရုဒ္ဓတ္တေ**—"ဝိရုဒ္ဓ=ဆန့်ကျင်ဘက်" ဟူရာ၌ အပူနှင့် အအေး, နေရိပ်နှင့် နေပူကဲ့သို့ သဘောမတူရုံမျှ မဟုတ်၊ ကမ္ဘာရန်ဘက် ဖြစ်နေသော ဆန့်ကျင်မှုကို ယူစေလိုသည်၊ ထို့ကြောင့် "ဝိဝိဓ" ဟု ဝိသေသန ကူမ၍ ပုံစံကိုလည်း ကမ္ဘာရန်ဖြစ်ကြသော အဟိနှင့် နကုလ စသည်ကို ထုတ်ပြသည်၊ ဤ၌ "အများ (ဗဟုတ္တ) ဖြစ်မှ ဒွန်တွဲနိုင်သည်" ဟု သတ်မှတ်ချက် မရှိရကား "အဟိစ+နကုလော စ" ဟု ဧကဝုစ် လည်းကောင်း "အဟီ စ+နကုလာ စ" ဟု ဗဟုဝုစ်လည်းကောင်း ဝိဂ္ဂြိုဟ်ပြုနိုင်၏၊ ရုပ်တွက်ပုံ လွယ်ပြီ။

**သီလဉ္စ၊ ပေ၊ ဝိသဘာဂတ္တေ**—သီလသည် မြေခြင်း လက္ခဏာရှိ၏၊ ပညာကား သိခြင်း လက္ခဏာရှိ၏၊ ဤသို့ လက္ခဏာခြင်း မတူသည်ကို "ဝိ-ထူးခြား ကွဲလွဲသည်" ဟု ဆိုသည်၊ ဤသို့ လက္ခဏာချင်း ကွဲလွဲသော်လည်း ကိလေသာတို့ကို ဆန့်ကျင်ဘက်ပြုခြင်း ဟူသော လုပ်ငန်းကိစ္စအားဖြင့်ကား သဘောတူကြသောကြောင့် "သဘာဂ" ဟု ဆိုသည်၊ ဝိဝိဓေ စ-လက္ခဏာအားဖြင့် ကွဲလွဲထူးခြားကုန်သော တရားတို့လည်း ဟုတ်၏၊ တေ-ထို တရားတို့ ဟူသည်၊ သဘာဂါ စ-ကိစ္စအားဖြင့် သဘောတူသော တရားတို့လည်း၊ ဟုတ်၏၊ ဣတိ-ထို့ကြောင့်၊ ဝိသဘာဂါ-တို့ မည်၏၊ ဝိသဘာဂါ အတ္ထာ ယဿာတိ ဝိသဘာဂတ္တော၊ "ယဿ-အကြင်သဒ္ဒါ အပေါင်း၏" ဟု ပေး၊ ဤသို့ လက္ခဏာကွဲလျက် ကိစ္စတူအနက်ရှိသော သဒ္ဒါအပေါင်းကို ဒွန်တွဲရာ၌ ဝိသဘာဂတ္တဒွန် ဟု ဆိုသည်။ [ပပုဗ္ဗ ဉာဓာတ် ယု ပစ္စည်းဖြင့် "ပညာဏံ" ဟု နပုလ္လိင် ရှိနိုင်သည်။]

သမထသည် နီဝရဏတို့ကို ငြိမ်းစေခြင်း လက္ခဏာရှိ၏၊ ဝိပဿနာကား အထူးထူး ရှုခြင်းလက္ခဏာ ရှိ၏၊ ဤသို့ လက္ခဏာအားဖြင့် ကွဲသော်လည်း ကိလေသာကို ပယ်ခြင်း ကိစ္စအားဖြင့်ကား တူကြ၏၊ ["ဝိပဿနာ" သည် အာကာရန္တ ဣတ္ထိလိင် ဖြစ်၍ ပကတိပြုသည့် အခါ "ဝိပဿနာ" ဟု ပြု, ရဿပြု၊] ဝိဇ္ဇာသည် သိခြင်း လက္ခဏာရှိ၏၊ စရဏကား ကျင့်ခြင်း လက္ခဏာ ရှိ၏၊ ဤသို့ လက္ခဏာ ကွဲသော်လည်း နိဗ္ဗာန်ရောက်ကြောင်း ကိစ္စအားဖြင့် သဘောတူကြသည်။ ["ဝိဇ္ဇာ" ဟု အာကာရန္တ အတိုင်း ပကတိပြု၊ အာကိုလည်း ကွစာဒိမဇ္ဈုတ္တရာနံ၌ ကွစိသဒ္ဒါဖြင့် ရဿ မပြုဖို့ရာ တားမြစ်၊] ဤ ဝိသဘာဂတ္တကိုပင် မောဂ္ဂလ္လာန်၌ "စရဏ-သာဓာရဏ-စရဏအဖြစ်ဖြင့် တူသော သဒ္ဒါတို့၏ ဒွန်" ဟု ဆိုသည်။

အာဒိဂ္ဂဟဏံ-သည်၊ ကိမတ္ထံ-နည်း၊ ဒါသိစ-ကျွန်မလည်း၊ ဒါသောစ-ကျွန်ထီးလည်း၊ ဒါသိ ဒါသံ-ကျွန်မ ကျွန်ထီး၊ ဧတ္ထိစ-လည်း၊ ပုမာစ-လည်း၊ ဣတ္ထိပုမံ-မိန်းမ ယောကျ်ား၊ ပတ္တောစ-လည်း၊ စီဝရဉ္စ-လည်း၊ ပတ္တစီဝရံ-သပိတ် သင်္ကန်း၊ ဆတ္တဉ္စ, ဥပါဟနာစ-လည်း၊ ဆတ္တုပါဟနံ-ထီး, ဖိနပ်၊ တိကဉ္စ-၃ ခု အပေါင်းလည်း၊ စတုက္ကဉ္စ-လည်း၊ တိကစတုက္ကံ-၃ ခု အပေါင်း ၄ ခု အပေါင်း၊ ဝေနေယျောစ-နီးရွေသမားလည်း၊ ရထကာရောစ-ရထားလုပ်သမားလည်း၊ ဝေနရထကာရံ-နီးရွေ သမား ရထား လုပ်သမား၊ သာကုဏိကောစ - ငှက် မုဆိုးလည်း၊ မာဂဝိကောစ - သားမုဆိုးလည်း၊ သာကုဏိကမာဂဝိကံ-ငှက်မုဆိုး သားမုဆိုး၊ ဒီဃောစ-အရှည်လည်း၊ မဇ္ဈိမောစ-အလတ်လည်း၊ ဒီဃမဇ္ဈိမံ-အရှည် အလတ်၊ ဣစ္စေဝမာဒိ-ဤသို့ အစရှိသည်တည်း၊ (ဣတိ ဤသို့ အစရှိသော ပြယုဂ်တို့ကို ယူရခြင်း အကျိုးရှိ၏၊) [အာဒိဂ္ဂဟဏံ ကိမတ္ထံ-အမေးကို ပြန်၍ ဖြေဖို့ရန် "ဣတိ"ဟု ထည့်သည်။] (၃၄၉)။

---

**အာဒိဂ္ဂဟဏံ၊ပေ၊ဣစ္စေဝမာဒိ**–ဝိဘာသာဂဏ္ဍာဒီနံ၌ အာဒိအရ ရူပသိဒ္ဓိကို မှီ၍ "၁-လိင်အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်သော သဒ္ဒါ, ၂-သချာသဒ္ဒါ, ၃-အတိုင်း အရှည်ဟော ပရိမာဏသဒ္ဒါ, ၄-ပစန အနက်ဟောသဒ္ဒါ, ၅-စဏ္ဍာလ အနက်ဟောသဒ္ဒါ, ၆-အရပ်မျက်နှာ (ဒိသာ) အနက်ဟောသဒ္ဒါ" များကိုယူ၊ ထိုတွင် "ဒါသိ ဒါသံ၊ပေ၊ ဆတ္တုပါဟနံ" တို့ကား ၁ ၏ ပုံစံတည်း၊ "တိက စတုက္ကံ"ကား ၂ ၏ ပုံစံတည်း၊ "ဒီဃမဇ္ဈိမံ" ကား ၃ ၏ ပုံစံတည်း၊ "ဝေနရထကာရံ, သာကုဏိကမာဂဝိကံ" တို့ကား ၄ ၏ ပုံစံတည်း၊ ၅-၆ ပုံစံများ မပါ၊ ဤသို့ ပုံစံစုံအောင် မပြနိုင်သောကြောင့် "ဣစ္စေဝမာဒိ" ဟု သုတ်ဆရာ၏ အာဒိအပေါ်ထပ်၍ ဋီကာဆရာက အာဒိဆင့်ပြန်သည်၊ ထိုကြွင်း ပုံစံများနှင့် အမိပ္ပာယ် ရှုပ်ပြီးပုံများကို ရူနှင့် ရူဘာသာဋီကာမှာ ရှု။

**မောဂ္ဂလ္လာန်**။ ။မောဂ္ဂလ္လာန်၌ "ကေဗ္ဗယန ပါဝစန-တနေရာတည်း၌ ရှုတ်ဖတ်အပ်သော ပါဌ်" ကိုလည်းကောင်း နဒီဝါစကသဒ္ဒါစုကိုလည်းကောင်း ယူသေး၏၊ ဒီဃမဇ္ဈိမံ-ဒီဃနိကာယ် မဇ္ဈိမနိကာယ်၊ အင်္ဂုတ္တရသံယုတ္တကံ-ကာယ်၊ ခန္ဓကဝိဘင်္ဂံ-ခန္ဓက, ဝိဘင်း၊ ဂင်္ဂါယမုနံ-ဂင်္ဂါမြစ် ယမုနာမြစ်, စသည်တည်း၊ ဗာလာဝတာရ၌ကား "အပ္ပာဏိယဇာတီနံ-သတ္တဝါဇာတ် မဟုတ်သော အနက်ဟောသော သဒ္ဒါတို့၏" ဟု ဆို၍ "အာရသတ္တံ-စူး, လက်နက်၊ ဝါ-စူး, ဓားလွယ်" ဟု ပုံစံထုတ်သေး၏။

[ဆောင်] လိင်ချင်း ဆန့်ကျင်, သချာသဒ္ဒါ, ပရိမာဏ, ပစနနှင့်, စဏ္ဍာလမှ, ပေါင်းစုရှုတ်ဖွယ်, ပါဌ် သွယ်သွယ်ဆက်, မြစ်နက်ဟောဘိ, အပ္ပာဏိဇာတ်, ဒွန်သမာသ်, ကေတ် နပုံငဲ့သတည်း။

ဝိဘာသာ၊ပေ၊ ဇနပဒါဒီနဥ

၃၂၃။ ဒွန္ဒေ-သော၊ သမာသေ-၌၊ ရုက္ခ တိဏ ပသု ဓန ဓည ဇနပဒဣစ္စေဝမာဒီနံ-သစ်ပင်, မြက်, သားကောင်, ဥစ္စာ, စပါး, ဇနပုဒ် အနက်ဟော သဒ္ဒါအစရှိသော သဒ္ဒါတို့၏၊ ဝိဘာသာ-ဖြင့်၊ ဧကတ္တံ နပုံသကလိင်္ဂတ္တဥ္စ ဟောတိ၊ အဿတ္ထော ဒ-ညောင်ဗုဒ္ဓဟေလည်း၊ ကပီတနော စ-ညောင်ချဉ်လည်း၊ အဿတ္ထ ကပီတနံ-ညောင်ဗုဒ္ဓဟေ, ညောင်ချဉ်၊ အဿတ္ထ ကပီတနာ ဝါ-အဿထ ကပီတနာဟု

---

နပုံကေတ်မမြဲပုံ။ ။မောဂ္ဂလ္လာန်စာကိုယ်-နိဿယသစ်တို့၌ "ပါဏျာဂ်တ္တ,စသည် ဖြစ်သော်လည်း ဧကတ္တမမြဲဟု မိန့်သေး၏၊ "ဟတ္ထပါဒါစ ဝါနရ"-သိဂ်ါလ သကုန ဇာတ်၊ "ဟတ္ထပါဒါအနုဿဝါ"....ဓမ္မပဒဋ္ဌ၊ ဤ၌ ပါဏျာဂ်တ္တဖြစ်လျက် "ဟတ္ထပါဒါ" ဟု ဗဟုဝုစ်ရှိ၏၊ "တတော ကိဋ္ဋေ ပဋ္ဋကော်စ, ယာဝ ကုန္တကိပိလ္လိကေ"-သုတ္တနိပါတ်, ဝါသေဋ္ဌသုတ်၊ ဤ၌ ခုဒ္ဒဇန္တုကတ္တဖြစ်လျက် "ကုန္တကိပိလ္လိကေ"ဟု ဒုတိယာ ဗဟုဝုစ် ဖြင့်ရှိ၏၊ ထို့ပြင်-"စီဝရဥ္စ+ပိဏ္ဍပါတောစ သေနာသနဥ္စ ဂိလာန ပစ္စယဘေသဇ္ဇ ပရိက္ခာရောစ" ဟု လိင်ချင်း ဆန့်ကျင်ရာ၌လည်း "ယဒိဒံ စီဝရပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ" ဟု စတုတ္ထ သံဃာဒိသေသ်၌ သမာဟာရဒွန် အဖြစ် ဖြင့်လည်းကောင်း "လာဘီ ဟောတိ စီဝရ၊ ပေ၊ ပရိက္ခာရာနံ" ဟု စတုတ္ထ ပါရာဇိက ၌ ဣတရီတရယောဂ အဖြစ်ဖြင့်လည်းကောင်း ပါဠိတော်ရှိ၏ ["သမ္ဘောဂဟိ ဒွန္ဒော ဝိဘာသာယေကတ္တံ ဘဝတိ"-မုဒ္ဓဗောဓဋီကာ။] ဗဟုဝုစ်ချသမျှ အသမာဟာရဒွန်၌ ဝင်သည် ဟု မှတ်။

၃၂၃။ ဝိဘာသာ၊ပေ၊ဒီနဥ္စ—ဤသုတ်ကို အတိဒေသသုတ် ဟု သဒ္ဒတဋီကာတို့ ဆိုလို၏၊ သို့သော် ဒိဂုဿေကတ္တံ သုတ်၌ ပြခဲ့သည့် အတိုင်း အတိဒေသ ဖြစ်ထိုက် မဖြစ်ထိုက် စိစစ်ပါလေ၊ ဤသုတ်၌ "ဝိဘာသာ" ဟု ဆိုသောကြောင့် ရှေ့သုတ်လာ ပါဏျာဂ်တ္တ စသောသဒ္ဒါတို့၌ ကေတ်နပုံမြဲ၏, ဤသုတ်လာ ရုက္ခစသော သဒ္ဒါတို့၌ နပုံ ကေတ် မမြဲ ("အဿတ္ထကပီတနံ" "အဿတ္ထ ကပီတနာ" ဟု ၂ မျိုးရှိ၏) ဟူလို၊ ဤ ၂ သုတ်၏ သုတ်ရင်း အာဒိ သဒ္ဒါတို့ဖြင့် မယူအပ်သော"သာရိပုတ္တ မောဂ္ဂလ္လာနာ" စသော သဒ္ဒါစုံ၌ကား အမြဲ ဗဟုဝုစ်ချည်း ဟုလည်း ဆိုလိုရာရောက်၏၊ သို့သော် ရှေ့သုတ်ဖြင့် နပုံ ကေတ် မမြဲကြောင်းကို ပြခဲ့ပြီ၊ ဤသုတ် ရှေ့ သုတ် တို့တွင် မပါဝင် သော်လည်း ဗဟုဝုစ် မြဲသည်ဟု ကေန် မမှတ်ထိုက်၊...."သာရိပုတ္တ မောဂ္ဂလ္လာနံ" ဟု လည်းကောင်း "အဘိဘူစ-အဘိဘူထေရ်လည်း၊ သမ္ဘဝေါစ-လည်း၊ အဘိဘူ သမ္ဘဝံ" ဟုလည်းကောင်း "ခဏ္ဍောစ-ခဏ္ဍထေရ်လည်း၊ တိဿောစ-လည်း၊ ခဏ္ဍ တိဿံ" ဟုလည်းကောင်း နပုံကေတ် ရှိပြန်သည်။

[မဟာပဒါနသုတ်] ခဏ္ဍတိဿံ နာမ သာဝကယုဂံ၊ပေ၊အဘိဘူသမ္ဘဝံနာမ၊ပေ၊ သာရိပုတ္တ မောဂ္ဂလ္လာနံ နာမ သာဝကယုဂံ အဟောသိ၊ (ပါဠိတော်)၊ ခဏ္ဍ တိဿန္တိ ဒွေပိ ဧကဥ္စံ ကတွာ ဧကတ္တဝသေန ဝုတ္တန္တိ အာဟ-ခဏ္ဍောစ တိဿော စာတိ။ (ဋ္ဌင်းဋီကာ)။

ဗဟုဝုစ်လည်းရှိ၏၊ [“ညောင်ဗုဒ္ဓဟေ, ညောင်ချဉ်တို့”ဟု ပေး၊] ဥသိရဋ္ဌ-ပန်းရင်းလည်း၊ ဗီရဏဋ္ဌ - ဖြိတ်မြက်လည်း၊ ဝါ - မြက်မွှေးလည်း၊ ဥသိရဗီရဏံ-ပန်းရင်း ဖြိတ်မြက်၊ ဥသိရဗီရဏာဝါ-ဥသိရဗီရဏာဟုလည်း ရှိ၏၊ အဇောစ-

---

မှတ်ချက်။ ။ဤ၌“သာဝကယုဂံ” ဟူသော နပုလ္လိင်ကိုလည်းကောင်း သာဝက ၂ ပါးမှ တစုံသာဖြစ်၍ ကေတ္တာဖြစ်ရပုံကိုလည်းကောင်း လိင် ဝုစ် တူအောင် သာဝက ၂ ပါးကို စိတ်ဖြင့် ပေါင်းစု၍ “ခဏ္ဍတိဿံ” ဟု သမာဟာရဒွန် ပြုနိုင်သည်၊ ထိုကဲ့သို့ နောက်ငဲ့စရာပုဒ် မရှိလျှင် “ခဏ္ဍတိဿာ, သာရိပုတ္တမောဂ္ဂလ္လာနာ” ဟုသာ ဣတရီတရယောဂဒွန် ပြုရမည်ဟု မှတ်၊ ထို့ပြင်-“ဝိဘာသာ ကေတ္တံ နပုံသကလိင်္ဂတ္တံ” အရ ဤသုတ်ဖြင့် နပုံကေတ် ရံခါစီရင်၍, ဤသုတ်ဖြင့် မစီရင်သည့်အခါ ဗဟုဝုစ်ချည်းသာ ဖြစ်၏၊ လိင်အားဖြင့်လည်း နောက်ပုဒ်၏ ရိုးရာလိင်သို့လိုက်၍ “သာရိပုတ္တမောဂ္ဂလ္လာနာ” ဟု ပုလ္လိင် လည်းကောင်း, “ဥသီရ ဗီရဏာနိ” ဟု နပုလ္လိင်လည်းကောင်း (ဗီရဏာ၌ နိကို အာပြုထားသည်) ရှိစေရမည်၊ ထိုသို့ ဗဟုဝုစ်နှင့် နောက်ပုဒ် လိင်ရှိအောင်ကား သုတ်ဖြင့် အထူးစီရင်ဖွယ် မလို၊ သဒ္ဒထုံးစံအတိုင်းပင် ဖြစ်သည်-ဟု မှတ်။ [“ကေတ္တာဘာဝေ (ဤသုတ်ဖြင့် ကေတ္တ မဖြစ်ရာ၌) ဗဟုဝစနံ ပရဿေဝ လိင်္ဂဉ္စ” -ရူ၊ ဤစကားအရ “ဒိဂု ဒွန္ဒာ, အသမာ, ဆုံးရာ လိင်နှင့်တိုက်”ဟုလည်း ဆိုခဲ့သည်။]

**သစ်ပင်စသည် အနက်ဟောသဒ္ဒါ။** ။ရုက္ခ တိဏ စသည်၌ “သစ်ပင် အနက်ဟောသဒ္ဒါ” ဟူရာဝယ် ရုက္ခသဒ္ဒါ၏ အနက်ဟောဖြစ်သော သစ်ပင်သာမန်ကို ဆိုလိုသည် မဟုတ်၊ “ညောင်ပင်-မန်ကျည်းပင်” စသည်ဖြင့် နာမည်ထူးရှိသော သစ်ပင်ကို ဆိုလိုသည်၊ ထို့ကြောင့် “ရုက္ခော စ အဿတ္ထော စ” စသည်ဖြင့် သစ်ပင်သာမန် (သစ်ပင်အားလုံး) ကို ဟောသော ရုက္ခသဒ္ဒါမျိုးနှင့် ဒွန်မတွဲရ၊ တိဏ စသော ဒွန်၌လည်း “တိဏဉ္စ ဗီရဏဉ္စ” စသည်ဖြင့် မြက်သာမန်ဟော သဒ္ဒါနှင့်လည်းကောင်း, “ပသုစ ဟတ္ထိစ” စသည်ဖြင့် သားကောင် သာမန်ကိုဟောသော ပသုသဒ္ဒါနှင့်လည်းကောင်း ဒွန်မတွဲရ၊ ခန ဓညာ စသည်လည်း နည်းတူ။ [ရုက္ခာဒိဂ္ဂဟဏေန-ရုက္ခ အစရှိသော သဒ္ဒါဖြင့် (တိဏ ပသု စသည်ကိုယူ)၊ ဣဟ-ဤသုတ်၌၊ ရုက္ခာဒိ ဝိသေသဝါစိနံ-သစ်ပင်နာမည်အထူး မြက်နာမည်အထူး စသည်ကိုဟောသော သဒ္ဒါတို့ကို၊ ဂဟဏံ-ယူရခြင်းသည်၊ (ဟောတိ)၊ (ဇိနိန္ဒဗုဒ္ဓိနျာသ)။]

**ရုက္ခချင်း တိဏချင်း စသည်သာ ဒွန်တွဲ။** ။ရုက္ခ တိဏ စသည်ဖြင့် ခွဲခြား၍ ပြထားသောကြောင့် သစ်ပင်ဟော သဒ္ဒါချင်းသာ “အဿတ္ထကပိတ္ထံ” စသည်ဖြင့် ဒွန်တွဲရ၏၊ သစ်ပင်ဟော သဒ္ဒါနှင့် မြက်ဟော သဒ္ဒါစသည်ကို “အဿတ္ထဗီရဏံ” စသည်ဖြင့် ဒွန်မတွဲရ၊ ထို့အတူ တိဏသဒ္ဒါနှင့် ပသုသဒ္ဒါ စသည်ကိုလည်း ဒွန်မတွဲရ၊ ဤသို့လျှင် သစ်ပင်ဇာတ် မြက်ဇာတ် စသည်ဖြင့် ဇာတ်တူသဒ္ဒါချင်းသာ ဒွန်တွဲရသည်ဟု မှတ်၊ ထိုဇာတ်တူချင်း ဒွန်တွဲရာ၌လည်း သုတီတူသဒ္ဒါချင်း မတွဲရ၊ ဥပမာ-ညောင်ဗုဒ္ဓဟေပင် အများကို ပြလိုရာ၌ “အဿတ္ထော စ အဿတ္ထော စ အဿတ္ထ အဿတ္ထာ”

ဆိတ်လည်း၊ ငွေကောစ-သိုးလည်း၊ အဇေဠကံ-ဆိတ်,သိုး၊ အဇေဠကာဝါ-အဇေဠကာ ဟုလည်း ရှိ၏၊ ဟိရညဥ္စ-ငွေလည်း၊ သုဝဏ္ဏဥ္စ-ရွှေလည်း၊ ဟိရည သုဝဏ္ဏံ-ငွေ ရွှေ၊ ဟိရည သုဝဏ္ဏာ ဝါ-ဟိရည သုဝဏ္ဏာဟုလည်းရှိ၏၊ သာလိစ သလေးလည်း၊ ယဝေါစ-မုယောလည်း၊ သာလိယဝံ-သလေး မုယော၊

---

စသည်ဖြင့် ဒွန်မတွဲရ၊ ဘာ့ကြောင့်နည်း....သုတိဘူ ပုဒ်များကို "အဿဗွောစ အဿဗ္ဗောစ အဿဗ္ဗာ" စသည်ဖြင့် ကေသေသ် လုပ်ရသောကြောင့်တည်း၊ ဇာတ်တူ သဒ္ဒါပင် ဖြစ်သော်လည်း ပရိယာယ်သဒ္ဒါချင်းကား ဒွန်မတွဲရ၊ ဥပမာ-အဘိဓာန်၌ "ပိလက္ခော ပိပ္ပလိတ္ထိယံ" ဟု ပြထားသော ပိလက္ခနှင့် ပိပ္ပလိကို "ပိလ က္ခောစ-ညောင်ကြတ်လည်း၊ ပိပ္ပလိစ-ညောင်ကြတ်လည်း၊ ပိလက္ခပိပ္ပလီ-ညောင် ကြတ် ညောင်ကြတ်တို့"ဟုဒွန်မတွဲရ၊ဘာ့ကြောင့်နည်း...."အရကွဲဒွန်တွဲ"ဟူသည်နှင့် အညီ အနက်အရ မတူမှသာ ဒွန်တွဲနိုင်သောကြောင့်တည်း။

[ဓာန်န္တဗုဒ္ဓိ] အတြဟိ ရုက္ခာဒီဟိ ဒွန္ဒော ပဋ္ဌောက် ဝိသေသီယတေ၊ တေနေသံ ဝိဘာသာ တုလျဇာတိယေသွဝါ-ဝတိဋ္ဌတေ၊ ဝိရူပေသု တုလျဇာတိယေ သွေဝပိ၊ န သရူပေသု၊ တေသံ ဒွန္ဒော နတ္ထိ, ကေသေသဝိဓာနတော၊ ဝိရူ ပေသုပိ န ပရိယာယေသု၊ တေသံ ဒွန္ဒာဘာဝတော၊ပေ၊ ဘိန္နာဓိဋ္ဌာနာ ဟိ စတ္ထတာ၊ န ပရိယာယာနံ ဘိန္နတ္ထတာ သမ္ဘဝတိ။

အဿဗ္ဗော၊ပေ၊ကပိတနာဝါ—"ဤကား ရုက္ခ"အရ ဒွန်တည်း၊ "အဿဗ္ဗော ဗောဓိစ ဒွိသု" အဘိဓာန်နှင့်အညီ ဘုရားပွင့်တော်မူရာ ညောင်ပင်မျိုးကို "ဗုဒ္ဓဟေတု-ဘုရားဖြစ်ခြင်း၏ အကြောင်း" ဟု ကြံ၍ အဿတ္ထကို "ညောင်ဗုဒ္ဓဟေ = ဗောဓိ ညောင်" ဟု အနက်ပေးကြ၏။ ["အဿံ (စိရံ) ကြာရှည်စွာ+ဌာတိ (တိဋ္ဌတိ)-တည်တတ်၏၊ ဣတိ အဿဗ္ဗော"ဟု ထေရမနိဗိဂြိုဟ်ပြု၏၊ "အဿံ (ဗောဓိဉာဏံ) တိဋ္ဌတိ ဥာတိ အဿဗ္ဗော=ဗောဓိဉာဏ်၏ တည်ရာဖြစ်သောသစ်ပင်"ဟုလည်း ဝိဂြိုဟ်ကြံကြ၏၊ဤသို့သော်"အဿတ္ထ"ဟူသောအမည်သည် ဘုရားမပွင့်မီကဖြစ်ခဲ့သော ကြောင့် ထို ဝိဂြိုဟ်သည် နောက်ဆရာတို့ အကြံမျှသာတည်း၊] အဘိဓာန်၌ "ဂဒ္ဒ ဘဏ္ဍော, ကပိတနော-ညောင်ချဉ်" ဟု ပေးကြသောကြောင့် ဤ၌လည်း ထိုအတိုင်း ပေးလိုက်သည်၊ ထေရမနိဗိ၌ကား "ကပိ+ဤ+တန်" ဟု ခွဲ၍ "ကပိန်-မျောက်တို့၏၊ ဤံ (လက္ခိံ)-အသရေကို၊ တနောတိ-ချဲ့တတ်၏၊ ဣတိ ကပိတနော" ဟု ဝိဂ္ဂဟပြု၍ "အာမြာတက-ဝေးပင် (ဝွေးပင်)၊ သဒ္ဒီသ-ကုက္ကိုပင်" ဟု အနက်ဖွင့်သည်။

မှတ်ချက်။ ။ကပိတနကို "ကပိတ္တန"ဟု ပြင်၍ "ကပိတ္တန-ညောင်ကြတ်ပင်"ဟု ပေးကြ၏၊ "ကပိတ္တန" ပါဠ်ကို ပါဠိသက္ကတ အဘိဓာန်တို့၌မတွေ့ရ၊ ကပိတ္ထ-ပါဠ်ကို သာ တွေ့ရ၏၊ ထို ကပိတ္ထကို "ကပိ တိဋ္ဌတိ အတြာတိ" ဟု ဝိဂြိုဟ်ပြု၍ ထိုအသီးကို စားသောမျောက်များ၏ တည်ရာသစ်ပင် (သီးပင်)ဟု အနက်ဆိုကြသည်၊ ပကို ဗပြု၍

သာလိယဝါ ဝါ-သာလိယဝါဟုလည်း ရှိ၏၊ ကာသိစ-ကာသိတိုင်းတို့လည်း၊ ကောသလာစ - ကောသလတိုင်းတို့လည်း၊ ကာသိကောသလံ - ကာသိတိုင်း ကောသလတိုင်း၊ ကာသိ ကောသလာဝါ-ကာသိ ကောသလာဟုလည်း ရှိ၏၊ အာဒိဂ္ဂဟဏံ ကိမတ္ထံ၊ သာဝဇ္ဇဥ္စ-အပြစ်ရှိသော တရားလည်း၊ အနဝဇ္ဇဥ္စ-အပြစ်မရှိသော တရားလည်း၊ သာဝဇ္ဇာ နဝဇ္ဇံ-အပြစ်ရှိသော တရား, အပြစ်မရှိသော တရား၊ သာဝဇ္ဇာ-န ဝဇ္ဇာဝါ-ဟုလည်း ရှိ၏၊ ဟီနဥ္စ-အယုတ်လည်း၊

---

''ကမိတ္တ''ဟုလည်း ရှိ၏၊ထို့ကြောင့်''အဿတ္တောစ ကပိတ္တောစ အဿတ္တကပိတ္တံ'' ဟု ရှိမည်ဆိုလျှင် ရှိနိုင်သေး၏၊ ''အဿတ္တကပိတ္တန်''ဟုကား မရှိသင့်၊ ''အဿတ္ထ ကပိတန်''သည် ဤသုတ်ဖြင့် နပုံကေတ် စီရင်ထားသော ပုံစံတည်း၊ ''အဿတ္ထ ကပိတနာ''ကား ဝိဘာသာသဒ္ဒါမြစ်၍ နပုံကေတ် မစီရင်ရသော ပုံစံတည်း၊ နောက်၌ ဝါနှင့်လာသမျှ ဤနည်းချည်းသာ၊ နပုံကေတ်ရုပ်များကို စကွဲသောတံ နည်းမှီး၍တွက်၊ ဤသုတ်ဖြင့် နပုံကေတ် စီရင်ရုံသာ၊ နပုံကေတ် မစီရင်ရသော ရုပ်များကို သမဏာဗြာဟ္မဏာ နည်းမှီး၍ တွက်၊ ထိုရုပ်များကို အခြေပြု ''နာမာနံ သမုစ္စယော ဒွန္ဒော''သုတ်၌ ပြထားပြီ။

ဥသိရဥ္စ၊ပေ၊ ဗီရဏာ ဝါ။ ။ဤကား ''တိဏ''အရ ဒွန်တည်း၊ ''သျာဒ္ဒီရဏံ ဗီရတရံ, မူလေ့သျောသီရ[ဒ္ဓိယာမ်''ဟု အမရကောသနှင့် ပါဠိအဘိဓာန် အတိုင်း ဗီရဏာခေါ်သော မြက်၏ အမြစ်ကိုပင်''ဥသိရ''ဟု ခေါ်၏၊ ဓမ္မပဒ ကလိလမဏ္ဍဝတ္ထု၌လည်း ''ဥသိရတ္ထောဝ ဗီရဏံ=ဥသိရကို အလိုရှိသူသည် ဗီရဏာကို တူးသကဲ့သို့''ဟု ဟောတော်မူ၏၊ ''ဥသိရံ-ပန်းရင်း''ဟု ပေးရိုးရှိ၍ ထို အတိုင်း ပေးရသည်၊ သို့သော် အမရကောသ၌ ''ပန်းရင်း''အနက်ဟော သဒ္ဒါစုတွင် ''အဘယံ နလဒံ သေဗျံ'' စသည်သာ ပါ၍ ''ဥသိရ''သဒ္ဒါ မပါချေ၊ ဝိသုဒ္ဓိမဂ်ဒ, ဤရဓာတ် ယုပစ္စည်းဖြင့် ''ဗီရဏ''ဟု ရှိသော ဗီရဏသဒ္ဒါကို အမရကောသ အဘိဓာန် နိဿယသစ်၌ ''မြတ်မြက်, ရှင်မွေးလွန်းမြက်, မြက်မွေး''ဟု အနက် ၃ မျိုးပေး၏၊ ထို ဗီရဏာ မြက်သည် ချုံမျိုးဖြစ်၍ ''ဗီရဏထမ္ဘ''ဟု ချုံဟော ထမ္ဘသဒ္ဒါနှင့် တွဲလေ့ရှိသည်။

**အဇောဝစ၊ပေ၊ကာသိကောသလာဝါ**—[အဇေဠကနှင့် တွဲသော အဇသဒ္ဒါကို ''သားကောင်''အနက်ဟောဟု ဖုဿထေရဂါထာ အဋ္ဌကထာ ဆို၏၊ ဤ၌ ရိုးရာ အတိုင်း အနက်ပေးသည်။] ''အဇေဠကံ''သည် ပသုဒွန်၊ ''ဟိရည သုဝဏ္ဏံ''သည် ဓနဒွန် ''သာလိယဝံ''သည် ဓညဒွန်၊ ''ကာသိကောသလာ''သည် ဇနပဒဒွန်တည်း၊ ဟိရည သဒ္ဒါသည် အယဉ် အရိုင်းဖြစ်သော ရွှေငွေ ၂ မျိုးလုံးကို ဟောသော်လည်း သုဝဏ္ဏ (ရွှေ) နှင့် တွဲ၍ပြသောကြောင့် ငွေကိုသာ ဟောသည်၊ ဇနပုဒ်ကိုပိုင်သော မင်းသား အများကို ဇနပုဒ်တခုပေါ်၌ တင်စား၍ ဌာနျူပစာရအားဖြင့် ဇနပုဒ်တခု ကိုပင် ဗဟုဝုစ်ဖြင့် သုံးစွဲရ၏၊ ထို့ကြောင့် ''ကာသိစ ကောသလာစ''ဟု ဗဟုဝုစ် ဝိဂ္ဂြိုဟ်ပြသည်။ [''ဇနပဒ''ဟူသည် ယခုခေတ်၌ မြို့နယ် (ဒိစတြိတ်) တခုလုံးတည်း။]

ပဏီတဥ္စ-အမြတ်လည်း၊ ဟီန ပဏီတံ-အယုတ် အမြတ်၊ ဟီနပဏီတာဝ ါ-ဟီနပဏီတာဟုလည်း ရှိ၏၊ ကဏှောစ-အမဲလည်း၊ သုက္ကောစ-အဖြူလည်း၊ ကဏှ သုက္ကံ-အမဲ အဖြူ၊ ကဏှ သုက္ကာဝ ါ-ကဏှသုက္ကာဟုလည်း ရှိ၏၊ (ဉတိ-ဤသို့ စသော ပြယုဂ်တို့ကို ယူရခြင်း အကျိုးရှိ၏)။ (၃၆၀)။

---

အာဒိဂ္ဂဟဏံ၊ပေ၊ ကဏှသုက္ကာဝ ါ– ''ဇနပဒါဒီနံ''၌ အာဒိဖြင့် ဂဏ်အားဖြင့် ဆန့်ကျင်ဘက်ဖြစ်သော အနက်များနှင့် ၄က်မျိုးကို ယူ-ဟု ရှဉ္ဆ ဆို၏၊ ရှေးသုတ်၌ ဝိဝိဓ ဝိရုဒ္ဓတ္ထ အဖြစ်ဖြင့် ဆန့်ကျင်ဘက် အနက်များကို ယူခဲ့ပြီ၊သို့သော် ''ဝိဝိဓ ဝိရုဒ္ဓ'' အရ ဆန့်ကျင်ဘက်များသည် ''အဟိနကုလံ=မြွေဒြပ် မြွေပါဒြပ်''စသည်ဖြင့် ဒြပ် အနက်များတည်း၊ ဤသုတ်လာ အာဒိသဒ္ဒါဖြင့် ယူရသော ဆန့်ကျင်ဘက်ကား ''အပြစ်ရှိခြင်း ဂုဏ်-အပြစ်မရှိခြင်းဂုဏ်, မည်းနက်ခြင်းဂုဏ်,ဖြူစင်ခြင်းဂုဏ်,ကုသိုလ်၏ ကောင်းကျိုးပေးခြင်း ဂုဏ်-အကုသိုလ်၏ မကောင်းကျိုးပေးခြင်း ဂုဏ်''ဤသို့ ဂုဏ် အားဖြင့် ဆန့်ကျင်ဘက်တည်း၊ ထို့ကြောင့် ဒြပ်ချင်း အမြဲ ရန်ဘက်ဖြစ်ရာ၌ ရှေ့ သုတ်ဖြင့် အမြဲ ဧကတ် နပုံ စီရင်၊ ဒွန်တွဲရာ၌ ရှေ့နောက် ထားရပုံဥပဒေကို ရူ ဒွန် သမာသ် အဆုံး၌ ဆို၏၊ ပုံစံများနှင့် ရုပ်စီရင်ပုံကို ရှုမှာရှု။

ဗာလာဝတာရ။ ။ဗာလာဝတာရ၌လည်း ''နိစ္စဝိရောဓီနံ – (ကုသိုလ်+အကုသိုလ်, အမည်း+အဖြူ,နေ့+ညဥ့်,အရိပ်+နေပူ စသည်ဖြင့်) အမြဲ ဆန့်ကျင်ဘက် ဖြစ်ကုန်သော၊ အဒဗ္ဗာနံ-(အဟိနကုလကဲ့သို့) ဒြပ်လည်း မဟုတ်ကုန်သော သဒ္ဒါတို့၏''ဟု အာဒိအတွက် ဆို၍ ''ကုသလာ ကုသလံ,ကုသလာ ကုသလာနိ''ဟု ပုံစံထုတ်၏၊ ရူပသိဒ္ဓိကဲ့သို့ ၄က်များကိုလည်း ယူ၏၊ထို့ပြင်–''ဗျဥ္ဇနာနံ-ဒမိဃတံ (နို့ဓမ်းသောပတ်), ဒမိဃတာနိ၊ ဒိသာနံ-ပုဗ္ဗာ ပရံ, ပုဗ္ဗာပရာ ဇုစ္စာဒိ''ဟု (ဗျဥ္ဇန) ဟင်းလျာ အနက်ဟော သဒ္ဒါ-အရပ် ဒိသာဟောသဒ္ဒါစုကိုလည်း ယူသေးသည်၊ ထိုတွင် ဒိသာဟော ဒွန်ကို ရူပသိဒ္ဓိ၌ ရှေ့သုတ်လာ အာဒိသဒ္ဒါဖြင့် ယူခဲ့၏၊ သို့သော် ''နာညံ သဗ္ဗနာမိကံ''သုတ်၌ ''ပုဗ္ဗာပရာနံ''စသည်ဖြင့် ဒိသာဟော ဒွန်ပုဒ်တို့၏ ဗဟုဝုစ်ကို ပြခဲ့သောကြောင့်လည်းကောင်း ပါဏိနီ၌ ''ဝိဘာသာ ရုက္ခ မိဂ တိဏ ဓည ဗျဥ္ဇန ပသု သကုန အဿ ဝဠဝ ပုဗ္ဗာပရာ-ဓရောတ္တရာနံ''ဟု ပုဗ္ဗာပရစသော ဒိသာဟော သဒ္ဒါစုကို ဤသုတ်၌ ယူထားသောကြောင့်လည်းကောင်း ဤသုတ်လာ အာဒိဖြင့် ဗာလာဝတာရ ယူပုံသာလျှင် ရူပသိဒ္ဓိထက် စုံလင် သင့်မြတ်၏ဟု မှတ်။

[ဆောင်] ဒြပ် မဖက်, ဆန့်ကျင်ဖက် ဂုဏ်, ၄က်မျိုးစုံနှင့်, တဖုံ ဟင်းလျာ,
နက်ဒိသာဟု, ဝိဘာသာသုတ်, အာဒိပုဒ်, ဖွင့်ထုတ် ဗာလာဝတာ။

ဒွိပဒေ၊ပေ၊ ကမ္မဓာရယော ၃၂၄။ တုလျာဓိကရဏာနိ - တူသော တည်ရာ အနက် ရှိကုန်သော၊ ဒွေ ပဒါနိ-၂ ပုဒ်တို့ကို၊ယဒါ-အကြင်အခါ၌၊ သမသျန္တေ - သမာသ် စပ်အပ်ကုန်၏၊ တဒါ- ထိုအခါ၌၊ သော သမာသော-သည်၊ ကမ္မဓာရယ သညော-ကမ္မဓာရဲ အမည် ရှိသည်၊ ဟောတိ-၏၊ မဟန္တော ၁စ-မြတ်သူလည်း ဟုတ်၏၊ သော-ထို မြတ်သူ ဟူသည်၊

---

၃၂၄။ **ဒွေ ပဒါနိ တုလျာဓိကရဏာနိ**—"တုလျံ + အဓိကရဏံ ယေသံတိ တုလျာဓိကရဏာနိ၊ ယေသံ-အကြင် ("မဟန္တော+ပုရိသော"စသော) ၂ ပုဒ်တို့၏၊ တုလျံ-တူသော၊ အဓိကရဏံ-တည်ရာအနက်သည်၊ အတ္ထိ ဝတ္တတိ, တာနိ-ထို ၂ ပုဒ် တို့သည်၊ တုလျာဓိကရဏာနိ-တို့ မည်၏၊ ဘုရားအလောင်းတော်သည် အခြားသူတို့ ထက် မြင့်မြတ်သောဂုဏ်ထူးရှိ၏၊ ထို့ကြောင့် "မဟန္တ" မည်၏၊ ယောကျ်ားဇာတ် လည်း ရှိ၏၊ ထို့ကြောင့် "ပုရိသ" လည်း မည်၏၊ ဤသို့လျှင် "ဘုရားအလောင်း တော်" ဟူသော အနက်တပါးအပေါ်၌ "မဟန္တော+ပုရိသော" ဟူသော ပုဒ် ၂ ခုတို့ တည်ကြသည်။ [အနက်ရှိမှ သဒ္ဒါဖြစ်ပေါ်နိုင်ရကား အနက်သည် တည်ရာ (အဓိက ရဏ) ဖြစ်၍ သဒ္ဒါကား တည်ရာရှိသော (အဓိကရဏီ) ဖြစ်သည်၊ "ဒွိ ပဒါနိ" ဟု ပါဌ်ရှိသည်ကားမကောင်း၊ "ဒွေ+ပဒါနိ" ဟု ရူပသိဒ္ဓိ ဗာလာဝတာရတို့ ရှိတိုင်းသာ ကောင်း၏၊ ဘာကြောင့်နည်း၊....."ဒွိပဒေ" ဟူသော သုတ်ပုဒ်ကို "ဒွေ+ပဒါနိ"ဟု ဝါကျဖြင့်သာ ဖွင့်ပြထိုက်သောကြောင့်လည်းကောင်, "အသမာဟာရဒိဂု" ဆိုဖို့ရာ လည်း "ဒွိပဒါနိ" ဟု ပါဌ်သုံး မရှိသောကြောင့် လည်းကောင်းတည်း။]

**ယဒါ သမသျန္တေ, တဒါ၊ ပေ၊ ဟောတိ**—သတ္တမီ ဝိဘတ်ဆုံးလျက်ရှိသော "တုလျာဓိကရဏေ" ကဲ့သို့သော ပုဒ်များသည် လက္ခဏာအနက်ကိုဟောလျှင် ယဒါ+ တဒါထည့်၍ ဖွင့်ရိုးရှိ၏၊ ဘာ့ကြောင့်နည်း....အချို့အရာဝယ် လက္ခဏာ အနက်သည် အာဓာရသဘော သက်သောကြောင့်တည်း၊ ဥပမာ-"ဂေါသု ဒုယှမာနာသု ဂတော ပုရိသော"၌ "ဒုယှမာနာသု" ဟူသော လက္ခဏာသည် "နွားမတို့ကို နို့ညှစ်ချိန်၌+ ယောကျ်ား သွားသည်" ဟု ကာလာဓာရအနက် သက်ရောက် သကဲ့သို့တည်း၊ "တုလျာဓိကရဏဖြစ်သော ၂ ပုဒ်တို့ကို သမာသ်စပ်ရာ အခါ၌+ထိုသမာသ်သည် ကမ္မ ဓာရဲ မည်သည်" ဟူလို၊ ကမ္မဓာရဲ မည်ခြင်းအကြောင်းနှင့် ဝစနတ္ထကို ရှု၍ ရှု။

**ဤသုတ်ဖြင့် သမာသ်လည်းစပ်။** ။ဤ ဝုတ္တိဖွင့်ပုံကို ထောက်လျှင် ဤသုတ်သည် ကမ္မဓာရဲ အမည်မှည့်သောသုတ် ဟုသာ သိရ၏၊ မဟန္တောနှင့် ပုရိသော ၂ ပုဒ်ကို သမာသ်စပ်ပေးသော သုတ် ဟု မသိရသေး၊ သို့သော် ကမ္မဓာရဲ အမည်ရသော ၂ ပုဒ် သည် ဝိဘတ်ကွဲနေသောဝါကျ မဖြစ်နိုင်၊ တ ဝိဘတ်တည်းရှိရမည့် သမာသ်သာ ဖြစ်ထိုက်၏၊ ထို့ကြောင့် ကမ္မဓာရဲဟူသော နာမည်မှည့်မှုကို ပဓာနပြု၍ ဤသုတ်သည် အညတ္ထာနုဗပတ္တိ နည်းဖြင့် သမာသ် စပ်ပေးမှုကိုလည်း စီရင်ဖသောသုတ်ဟု မှတ်။ [ဥပသဂ္ဂနိပါတ ပုဗ္ဗကော သုတ်၌လည်း ဤ အဓိပ္ပာယ်ကို ရေးခဲ့ပြီ၊ သာ၍ နားလည် အောင် ဤသုတ်၌ ထပ်၍ရေးသည်၊ နောက်နောက် အမာဒိတပ္ပုရိသ်-ဗဟုဗ္ဗီဟိ-ဒွန်

ပုရိသော၀-ယောကျ်ားလည်း ဟုတ်၏၊ ဣတိ-ထို့ကြောင့်၊ မဟာ ပုရိသော-မဟာ ပုရိသ မည်၏၊ ကဏှော၀- အနက်လည်း ဟုတ်၏၊ သော -ထိုအနက်ဟူသည်၊ သပ္ပော၀-မြွေလည်း ဟုတ်၏၊ ဣတိ ကဏှသပ္ပော-မည်၏၊ နီလဉ္စ-အညိုလည်း ဟုတ်၏၊ တံ-ထို အညိုဟူသည်၊ ဥပ္ပလဉ္စ-ကြာလည်း ဟုတ်၏၊ ဣတိ နီလုပ္ပလံ-နီလုပ္ပလ မည်၏၊ လောဟိတဉ္စ-အနီလည်း ဟုတ်၏၊ တံ-ထို အနီ

---

အမည် ပေးသော သုတ်များ၌လည်း ဤနည်းချည်း မှတ်ပါ၊ ဒိဂု-ဥဘောတပ္ပုရိသ် အမည် မှည့်သော သုတ်များ၌ကား ကမ္မဓာရယ်၏ နောက်လိုက် ဖြစ်၍ သမာသ် စပ်ပေးဖွယ် မလို၊ ဤသုတ်က စပ်ပေးပြီး ဖြစ်သည်။

**တိပဒ ကမ္မဓာရဲမရှိ ဝါဒ။** ။"ဒွိပဒေ တုလျာဓိကရဏေ"ဟု ဆိုသောကြောင့် ကမ္မဓာရဲ သမာသ်၌ ၂ ပုဒ်သာ တွဲစပ်ရမည် ဟုလည်းကောင်း, ဒွိပဒေဟူသော စကားသည် ၂ ပုဒ်တွဲ များသောကြောင့် ယေဘုယျအားဖြင့် ဆိုအပ်သော စကားတည်း, တိပဒ ကမ္မဓာရဲလည်း ရှိနိုင်သည် ဟုလည်းကောင်း ဝါဒကွဲ၏၊ ထိုတွင် ၂ ပုဒ်သာ စပ်ရမည် ဟူသော ဆရာတို့သည် "ဒွန်နှင့် ဗဟုဗ္ဗီဟိမှတပါး အခြားသမာသ်များ၌ ၂ ပုဒ်သာ တွဲစပ်ရမည်" ဟု ဆိုကြ၏၊ အကယ်၍ တိပဒ ကမ္မဓာရဲ ရှိခဲ့လျှင် "မဟတံ မဟာ တုလျာဓိကရဏေပဒေ, ကမ္မဓာရယသညေ စ" စသော သုတ်များဖြင့် ဥတ္တရပဒ ကြောင့် မဟန္တကို မဟာပြုရာ၌လည်းကောင်း ဥတ္တရပဒကြောင့် ရှေ့ပုဒ်ကို ပုမ္ဘောင်ရာ၌လည်းကောင်း အခက်အခဲ တွေ့ဖွယ်ရှိ၏၊ ထင်ရှားစေအံ့- "မဟန္တဉ္စ+တံ+နီလဉ္စ+တံ+ဥပ္ပလဉ္စ" ဟု တိပဒတွဲလျှင် နောက်ဆုံးပုဒ်ကို ဥတ္တရပဒဟု ခေါ်သောကြောင့် ဥပ္ပလံသည် ဥတ္တရပဒဖြစ်၏၊ ထိုဥတ္တရပဒဖြစ်သော ဥပ္ပလံကြောင့် နီလံခြားသော မဟန္တကို မဟာမပြုနိုင်တော့ချေ၊ ဤသို့ စသည် အခက်အခဲ ရှိသောကြောင့် တိပဒမတွဲပဲ "နီလဉ္စ တံ ဥပ္ပလဉ္စ-နီလုပ္ပလံ" ဟု ပဌမ တွဲ၍ "မဟန္တဉ္စ+တံ+နီလုပ္ပလဉ္စ, မဟာနီလုပ္ပလံ" ဟုထပ်၍ တွဲရမည်၊ ဤကား တိပဒ ကမ္မဓာရဲမရှိ ဟူသော ဝါဒတည်း။

[**သံနိဋ္ဌာသာရ**] ဒွန္ဒဗဟုဗ္ဗီဟိဝဇ္ဇံ ပဒဗဟုတ္တေစ၊....ဒွန္ဒသမာသံ ဗဟုဗ္ဗီဟိသမာသဉ္စ ဝဇ္ဇယိတွာ ပဒဗဟုတ္တေ သမာသော နဘဝတိ၊ ပေ၊ မဟန္တဉ္စ တံ နီလဉ္စတံ ဥပ္ပလဉ္စာတိ- ပဌမ(လိမ္မာသူ)+သာ+သာမာ၀+သာ+ကညာ၀ာတိ ပဒဗဟုတ္တေ န ဘဝတိ ကမ္မဓာရယော၊ ပေ၊ သမာသေ သမ္ဗန္ဓပဒ မုတ္တရပဒ မုစ္စတေ (သမာသ်၌ အားလုံး၏ အဆုံးပုဒ်ကို ဥတ္တရ ပဒ ဟု ဆိုအပ်၏)၊-ၚငင်းဋီကာ။

**တိပဒ ကမ္မဓာရဲ အရှိဝါဒ။** ။မုဒ္ဒဗောဓ၌ကား တိပဒ ကမ္မဓာရဲမရှိ ဟူသော ရှေးဝါဒကို ဝန်မခံလိုသောကြောင့်"သံ၀+သော+စိတ္တ+သော+အာနန္ဒော၀ာတိ သစိတ္တာနန္ဒော" ဟု တိပဒ ကမ္မဓာရဲပြုလေသည်၊ သံ၀-မြဲလည်း မြဲ၏၊ သော- ထိုမြဲသူဟူသည်၊ စိတ္တ- တကိုယ်လုံး ဉာဏ်တုံးလည်း ဟုတ်၏၊ သော- ထို ဉာဏ်တုံးမှာသည်၊

ဟူသည်၊ **စန္ဒနဥ္စ**-စန္ဒကူးလည်း ဟုတ်၏၊ ဣတိ လောဟိတစန္ဒနံ - မည်၏၊ ဗြာဟ္မဏီစ-ပုဏ္ဏားမလည်း ဟုတ်၏၊ သာ-ထိုပုဏ္ဏားမ ဟူသည်၊ ဒါရိကာစ-သူငယ်မလည်း ဟုတ်၏၊ ဣတိ ဗြာဟ္မဏဒါရိကာ-မည်၏၊ ခတ္တိယာစ-မင်းသမီးလည်း ဟုတ်၏၊ သာ-သည်၊ ကညာစ-သတို့သမီးလည်း ဟုတ်၏၊ ဣတိ, ခတ္တိယကညာ-မည်၏၊ ကမ္မဓာရယဣစ္စေနေန-ကမ္မဓာရယဟူသော ဤ အမည်ကို ပြုခြင်းဖြင့်၊ က္ခ, အတွေ၊ ကမ္မဓာရယသညာစ-ရှိ၏။ (၃၃၉)။

---

အာနန္ဒောစ-တကိုယ်လုံး ချမ်းသာတုံးလည်း ဟုတ်၏၊ ဣတိ သစ္စိဒါနန္ဒော-မည်၏၊ သစ္စိဒါနန္ဒော-မြဲသောဉာဏ် ချမ်းသာတုံးဖြစ်သော ဗိဿဏိုး၊ ဤအလို "မဟာ နီလုပ္ပလံ, ပဒ္မသာမာ ကညာ (လိမ်မာသော ရွှေအဆင်းရှိသော သတို့သမီး)" တို့လည်း တိပဒကမ္မဓာရဲတည်း၊ ဥတ္တရပဒ ဟူရာ၌လည်း မဟာပဒ္မတို့၏ နောက်၌ ကပ်လျက်ရှိသော "နီလ—သာမာ" တို့တည်း ဟု မှတ်။ [စိတ္တသံသဋ္ဌာစ+တေ+ စိတ္တသမုဋ္ဌာနာစ+စိတ္တသဟဘုနော ဧဝ စာတိ စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော (အဋ္ဌသာလိနီ)။]

[မုဥ္စဓောခနီ] ဥတ္တရပဒဒိဂု ဒွန္ဒ ဗဟုဗ္ဗီဟိဝဇ္ဇံ ပဒဗဟုတ္တေ သမာသော နတ္ထိတိ ဒုဂ္ဂသိံဟ ကြမဒီသွရး၊ တမ္မတာ-မသ္သိကုဗ္ဗံ (ထို အယူကို လက်မခံလိုသည် ဖြစ်၍) တီဟိ ပဒေဟိ ကမ္မဓာရယ-မာဟ-သစ္စိဒါနန္ဒော ဣတိ။ [ဥတ္တရပဒ ဒိဂုကို သဉ္ဇာပုဗ္ဗော ဒိဂုသုတ်၌ ပြအံ့၊စ-တသဒ္ဒါထည့်၍ ဝိဂ္ဂြိုဟ်ပြုရခြင်းနှင့် တသဒ္ဒါ၏ လိင်ဝုစ်ကို ရူဘာသာဋီကာမှာ ရှု။]

**နောက်ပုဒ် လိင်သာ ပဓာန**။ ။"အဝိဇ္ဇာ ပစ္စယော-ဝိသတိစိတ္တာနိ"စသည် ဖြင့် ရှေ့နောက် ၂ ပုဒ် လိင်ဝုစ် မတူလျှင် နောက်ပုဒ် လိင်ဝုစ် လိုက်ရမည်။ [နောက်ပုဒ်၏ လိင်ဝုစ်အတိုင်း နာမ်ရုပ် ပဒမာလာ ရှိစေရမည်—ဟူလို၊] ထို့ကြောင့် အဝိဇ္ဇာ ပစ္စယောကို ပုလ္လိင် ပုရိသာဒိဂိုဏ်း သွင်း၊ ဝိသတိစိတ္တာနိကို စိတ္တာဒိဂိုဏ်း သွင်း၍ ဗဟုဝုစ်ချည်း ရုပ်စဉ်၊ မဟာန္တကဲ့သို့ ၃ လိင် ဆက်ဆံသော ဝိသေသန ပုဒ်များလည်း ဝိသေသျ နောက်ပုဒ် လိင်လိုက်၍ "မဟန္တော-စ+သော+ပုရိသောစ, မဟန္တံစ တံ ဓနံစ, မဟန္တီစ သာဒေဝီစ"စသည်ဖြင့် ဝိဂ္ဂြိုဟ်တွင်း၌ ရှိစေရမည်၊ ပုရိသော-ဓနံ-ဒေဝီ ဟူသော နောက်ပုဒ်လိင်အတိုင်း ပုရိသာဒိ စိတ္တာဒိ နဒါဒိဂိုဏ်း သွင်း၍ ရုပ်စဉ်၊ ထို့ကြောင့် "ကမ်-တပ်ထုံး, အဆုံးလိင်နှင့် တိုက်"ဟု အခြေပြု၍ ဆိုခဲ့သည်။

**အနက်ပေးပုံ**။ ။နိဿယ၌ "မဟန္တော-စ-မြတ်သူလည်း ဟုတ်၏၊ သော-ထို မြတ်သူ ဟူသည်"စသည်ဖြင့် "သော"ကို သူ့နေရာရှိတိုင်း အလယ်ထား၍ အနက်ပေးခြင်းသည် ပေးရိုးပေးစဉ် အနက်တည်း၊ မောဂ္ဂလ္လာန် နိဿယသစ်၌ကား "ဆိန္နဥ္စတံ-ဖြတ်အပ်သည်လည်း ထိုဝတ္ထုပင်၊ ပရူဠ္ဍဥ္စ-စည်ပင်သည်လည်း ထိုဝတ္ထု၊

**သင်္ချာပုဗ္ဗော ဒိဂု**

၃၂၅။ သင်္ချာပုဗ္ဗော-သော၊ ကမ္မဓာရယ သမာသော-သည်၊ ဒိဂုသညော - ဒိဂု အမည်ရှိသည်၊ ဟောတိ၊ တီဏိ - ၃ လုံး ကုန်သော၊ ဖလာနိ-သစ်သီးတို့တည်း၊ တိဖလံ-၃ လုံး သစ်သီး၊ ဝါ-သစ်သီး ၃ လုံး၊ တယောလောကာ၊ပေ၊ ပဉ္စိန္ဒြိယံ၊ [ဒိဂုသောကတ္တံ သုတ်၌

---

ပင်''ဟု တမျိုးပေးပုံ တွေ့ရ၏၊ ဥေ ယျာစ တော ဓမ္မာစာတိ ဥေ ယျဓမ္မာ''ဟူသော မူလဋီကာကို ''တောပဒဋ္ဌာ ဥေ ယျာစ ဓမ္မာစ ဟောန္တီတိ အတ္ထော''ဟု ဖွင့်ပြသော မဓုဋီကာကို ထောက်၍ ''သော-ထိုသူသည်၊ မဟန္တော၁စ-မြတ်သူလည်း၊ ဟောတိ-ဟုတ်၏၊ ပုရိသော၁စ-လည်း၊ဟောတိ-၏၊ ဟု တသဒ္ဒါကို ရှေးဦးစွာ အနက်ပေးသော နည်းလည်းရှိ၏၊သို့သော် တ သဒ္ဒါသည် ရှေ့ပုဒ်အရကို ပြန်၍ (လက်ညှိုးညွှန်သကဲ့သို့) ညွှန်ပြသောကြောင့် ''မဟန္တော၁စ-၏၊ သော-သည်၊ ပုရိသော၁စ-၏''ပေးသော နည်းသာလျှင် သင့်မည်ထင်သည်။ [''ဟုတ်၏''ဟု ထည့်ပေးခြင်းကား''ဟောတိ'' ကို မြုပ်၍ ပေးခြင်းတည်း။]

အချုပ် မှတ်ဖွယ်။ ။''ဒွိပဒေ တုလျာဓိကရဏေ''ဟူသော သုတ်စကား၌ ''တုလျာဓိကရဏေ''ကို ထောက်၍ သမာသ်ပုဒ်ချင်း အရတူလျှင် ကမ္မဓာရဲ သမာသ်၏ လက္ခဏာဟု မှတ်။ [''ပဒ နှစ်ဆူ, အရတူ, မှတ်ယူ ကမ္မဓာရဲ''] ဝိဂ္ဂြိုဟ်တွင်းက ပုဒ်များသည် နောက်ကြိယာကို ငဲ့သော ပုဒ်များမဟုတ်၊ နိပ္ဖန္နပုဒ်၏ အနက်ကို ထင်ရှားစေဖို့ရာ အနက်ဖွင့်ပုဒ်များတည်း၊ ထို့ကြောင့် မည်သည့် ကြိယာကိုမျှ မငဲ့ မစပ်ပဲ လိင်္ဂတ္ထကို ထွန်းပြခြင်းငှာ ပဌမာ ဝိဘတ်သာ သက်ရသည်။ [''၂ ပုဒ်လုံးမှာ, ပဌမာ, သက်ပါ ဝိဂ္ဂြိုဟ်ထဲ''] ''မဟန္တော၁စ+သော+ပုရိသော၁စ''ဟု ဖြစ်စေ ''မဟန္တော+ပုရိသော''ဟု ဖြစ်စေ ပြုနိုင်သည်ချည်း မှတ်။] [''စ-တ သဒ္ဒါ, ပါ-မပါ, နှစ်ဖြာ သင့်ချည်းပဲ''] လိင်ဝုစ် မတူလျှင် ရှေ့ပုဒ်၏ လိင်ဝုစ်နှင့် တူအောင် ဝိဂ္ဂြိုဟ်ဝါကျဘွင်း၌ တ သဒ္ဒါ, ထားရမည်၊ [''မတူလိင်ဝုစ်, ရှေ့နောက် ပုဒ်တွင်, ရှေ့ပုဒ် တူစွာ, တ သဒ္ဒါ, ထားပေါ ဝိဂ္ဂြိုဟ်ထဲ''ဟု အခြေပြု၌ ဆိုခဲ့သည်။] ဝိသေသန ပုဗ္ဗပဒ စသော ကမ္မဓာရဲ အပြားကို ရူပသိဒ္ဓိမှာရှု၊ ရုပ်ကို ဤသုတ်-မဟတံ မဟာ တုလျာဓိကရဏေ ပဒေသုတ်နှင့် ကမ္မဓာရယ သညောစ သုတ်၌ အခြေပြု တွက်ပုံတို့ကို နည်းမှီး၍ တွက်ပါ။

၃၂၅။ သင်္ချာပုဗ္ဗော—''သင်္ချာပုဗ္ဗော ကမ္မဓာရယ သမာသော''ဟု ဖွင့်သောကြောင့် ဤဒိဂုသမာသ်သည် ကမ္မဓာရဲသမာသ်မျိုးပင်တည်းဟု သိသာ၏၊ထို့ကြောင့် ''၁-ရှေ့ပုဒ် နောက်ပုဒ် အရတူခြင်း, ၂-သင်္ချာပုဒ် ရှေ့ရှိခြင်း''အားဖြင့် ဒိဂုသမာသ် လက္ခဏာ ၂ ပါး ရှိသည်မှတ်၊ ဒိဂုအမည်ရခြင်း၏ အကြောင်းနှင့် ဝိဂ္ဂြိုဟ်ကို ရူပသိဒ္ဓိ၌ ရှု။ [ကမ္မဓာရယ, သမာသပင်, ရှေ့ကသင်္ချာ, ရှိလေရာ, ဆင့်ကာ ဒိဂုခေါ်။] ''သင်္ချာပုဗ္ဗော''ဟု ဆိုသောကြောင့် ရှေ့ပုဒ်က သင်္ချာပုဒ် ဖြစ်ခြင်းသာ လိုရင်းတည်း၊ နောက်ပုဒ်မှာ''တိဖလံ''စသည်ကဲ့သို့ သင်္ချာမဟုတ်သည်ဖြစ်စေ ''တိ သဟဿံ-၃ ထောင်'' စသည်ဖြင့် သင်္ချာ ဟုတ်သည်ဖြစ်စေ လိုရင်း မဟုတ်။

အနက်ပေးခဲ့ပြီ၊] သတ္တ- ခုနစ်စင်းကုန်သော၊ ဂေါဒါဝရိယော- ဂေါဒါဝရီ မြစ်တို့တည်း၊ သတ္တ ဂေါဒါဝရံ-၇ စင်း ဂေါဒါဝရီမြစ်၊ ဝါ-ဂေါဒါဝရီမြစ် ၇ စင်း၊ ဒိဂု၊ ပေ၊ ဒိဂုသောကတ္တံ။ (၃၄၇)။

---

**တိကာ၊ ပေ၊ သတ္တဂေါဒါဝရံ**—"တိကာ+ဖလာနိ" ၌ တိကာ အရ ၃ လုံးဟူသည် သစ်သီးတည်း၊ ဤသို့ တိကာနှင့် ဖလတို့ အရတူကြသောကြောင့် ကမ္မဓာရဲလက္ခဏာ လည်းရှိ၏၊ တိ-ဟူသော သင်္ချာသဒ္ဒါလည်း ရှေးရှိ၏၊ ထို့ကြောင့် "တိဖလံ" သည် ကမ္မဓာရဲအမည်သာ မက, ဒိဂုအမည်လည်း ရပြန်သည်၊ သတ္တဂေါဒါဝရံလည်း နည်းတူ၊ ["ဂေါဒါဝရီ-ထိ, နဒိဘေဒေ" ဟု ထောမနိဓိ၌ ဣတ္ထိလိင် ဟု ဆိုသော ကြောင့် "ဂေါဒါဝရိယော" ဟု ရူပသိဒ္ဓိအတိုင်း ရှိရမည်၊ "ဂေါဒါဝရာနိ" ကား ပါဠိပျက်။]

ရုပ်တွက်သည့်အခါ၌ "သတ္တ+ဂေါဒါဝရီ" တည်, ယောသက်၍ နာမ်ရုပ်တွက်၊ "သတ္တ+ဂေါဒါဝရိယော"ဟု သမာသ်ဝါကျပြီးစေ, ဝိဂ္ဂဟ်နက်ဆို, ကမ္မဓာရဲသမာသ် စသည် စီရင်၍ "သတ္တ+ဂေါဒါဝရီ" ဟု ပကတိပြု၊ ဤသုတ်ဖြင့် ဒိဂုမှည့်, နောက်သုတ် ဖြင့် တပ္ပုရိသ်လည်း မှည့်, နပုံကောတ် စီရင်, ကွစိသမာသန္တဂတာန မကာရန္တော သုတ်ဖြင့် သမာသ်၏အဆုံး (ဤ) ကို (အ) ပြု။ [တနည်း-အပစ္စည်းသက်၍, ရဠင်း, ချေ, ကပ်၊] "သတ္တဂေါဒါဝရ" ဟု ဖြစ်၏၊ နာမ်ငဲ့, သိသက်, အံပြု၍ "သတ္တဂေါဒါ ဝရံ" ဟု ပြီးသည်၊ စိတ္တာဒိဂိုဏ်းသွင်း၍ ကောဝုစ်ချည်း ရုပ်စဉ်၊ ရုပ်များက အခြေပြု ကြည့်၍တွက်။

**ရုပ်တွက်ရာ၌ မှတ်ချက်။** ။ကမ္မဓာရည်းသမာသ်တွင် ဒိဂုထပ်၍ ဝင်သောကြောင့် "တိကာ+ဖလာနိ" ဟု သမာသ်ဝါကျပြီး၍ ဝိဂ္ဂဟ်နက် (ဧတိ အတွေဟု) ဆိုပြီး နောက် ရှေးဦးစွာ "ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော" သုတ်ဖြင့် သမာသ် စပ်၍ ကမ္မဓာရဲ အမည်မှည့်ရမည်၊ ထို့နောက် နာမာနံ သမာသောသုတ်ဖြင့် သမာသ် အမည်မှည့်, ဝိဘတ်ချေ, ပကတိပြု (တိဖလ)၊ ဤသို့ ပကတိ ဖြစ်ပြီးမှ ဤ သုတ်ဖြင့် ဒိဂု အမည်မှည့်ရမည်။ [ဤသုတ်ဖြင့် သမာသ်စပ်နေဖွယ် မလို၊ ဒွိပဒေသုတ်တုန်းက စပ်ခဲ့ ပြီ၊] ဥဘောတပ္ပုရိသာ ဟု ဆိုလတ္တံ့ ဖြစ်သောကြောင့် ထိုသုတ်ဖြင့် တပ္ပုရိသ်လည်း မှည့်ရဦးမည်၊ ထို့နောက်မှ သမာဟာရဖြစ်လျှင် ဒိဂုဿေကတ္တံ သုတ်ဖြင့် နပုံးကောတ် စီရင်၊ နာမ်ငဲ့, သိ အံ စသော ကောဝုစ်ချည်းသက်၍ စိတ္တာဒိဂိုဏ်း ရုပ်စဉ်ရမည်၊ ဤ အစဉ်ကို ချာသနှင့် ရူတ္တိ၌ ပြထားသော်လည်း သတိမပြုမိဲ ရှိတတ်သည်။

[ဆောင်] ဒိဂုသမာသ, ရုပ်တွက်ကြမူ, ကမ္မဓာရည်း, ရိုးရာနည်းဖြင့်, ပကတိမှ,
တိုင်အောင် ပြုလော၊ ဒိဂု-ထို့နောက်, တပ္ပုရိသ်လျှောက်၍, ထို့
နောက် ဆက်လတ်, ကောတ်နပုံး, သုံးသင့် သုံးပါ, နာမ်ငဲ့ကာ,
ဆိုင်ရာ ဂိုဏ်းသွင်းလေ။

**အသမာဟာရဒိဂု။** ။သမာဟာရဒိဂု အကြောင်းကို ဒိဂုသောကတ္တံသုတ်၌ ပြခဲ့ပြီ၊ ပုံစံကား-ဧကော စ+သော+ပုဂ္ဂလော စာတိ-ဧက ပုဂ္ဂလော=တယောက်တည်းသော ပုဂ္ဂိုလ်၊ ဤ၌ ဧကဟူသော သချျာပုဒ် ရှေးရှိသော်လည်း သမာဟာရဒိဂု ကဲ့သို့ ပေါင်းစုခြင်း, မပြုရ, နပုံဧကတ်လည်း မစီရင်ရ၊ နဂိုရ်လိင်ဝုစ်အတိုင်း ပုလ္လိင်ဧကဝုစ် ရှိရသည်၊ ပုလ္လိင် ပုရိသာဒိဂိုဏ်း ဧကဝုစ်ချည်း ရုပ်စဉ်၊ ထို့အတူ "ဧကာ စ+သာ+ဣတ္ထီ စာတိ-ဧကိတ္ထိ=တယောက်တည်းသော မိန်းမ" ဣတ္ထီရုပ် အတိုင်း ဣတ္ထိလိင် ဧကဝုစ်ချည်း စဉ်၊ "ဧကကုလံ-တဦးသောအမျိုး" လည်း စိတ္တာဒိ ဧကဝုစ်ချည်း စဉ်၊ တယော+ဘဝါ တိဘဝါ-၃ ဘဝတို့၊ ပုရိသာဒိဂိုဏ်း ပုလ္လိင်ဗဟုဝုစ်ချည်းစဉ်။ [ရူပသိဒ္ဓိနှင့် သဒ္ဒနီတိတို့၌ "တိ ဘဝ"ဟု အသမာဟာရဒိဂု၌ သွင်း၏၊ ကစ္စည်းဝုတ္တိ "ဈလာနံ မိယုဝါ" သုတ်၌ "တိဘဝံ" ဟု သမာဟာရပုံစံကို တွေ့ရ၏။]

စတဿော+ဒိသာ, စတုဒ္ဒိသာ-အရပ် ၄ မျက်နှာတို့၊ ကညာဒိ ဗဟုဝုစ်ချည်းရုပ်စဉ်၊ [သမာဟာရ၌လည်း ဤရုပ်ပေါ်၏၊ ထို့ကြောင့် တချို့ရုပ်များသည် ဝဒန္တပုဂ္ဂိုလ် ဆိုလိုသည့်အတိုင်း သမာဟာရလည်း ဖြစ်- အသမာဟာရလည်း ဖြစ်နိုင်ဟန်တူသည်၊] ဒသသဟဿံစ-တသောင်းလည်း ဟုတ်၏၊ တံ-ထို တသောင်းဟူသည်၊ စက္ကဝါဠာနိစ-စကြာဝဠာတို့လည်း ဟုတ်ကုန်၏၊ ဣတိ, ဒသသဟဿ စက္ကဝါဠာနိ-တသောင်း စကြာဝဠာတို့၊ စိတ္တာဒိဂိုဏ်း ဗဟုဝုစ်ချည်း ရုပ်စဉ်၊ ဤသို့လျှင် အသမာဟာရဒိဂု၌ နပုံဧကတ် မစီရင်ရပဲ နောက်ပုဒ်လိင်သို့ လိုက်၍ (ဧကဝုစ်ချည်းဖြစ်စေ, ဗဟုဝုစ်ချည်း ဖြစ်စေ ရုပ်စဉ်ရမည်၊ ထို့ကြောင့် "ဒိဂု ဒွန္ဒ, အသမာ, ဆုံးရာလိင်နှင့် တိုက်" ဟု ဆိုခဲ့သည်၊ အသမာဟာရ ဖြစ်သောကြောင့်လည်း"သမာဟာရ" ပုဒ်ကို ဝိဂြိုဟ်တွင်း၌ မသွင်းရ၊ စ, တ သဒ္ဒါကား ပါ-မပါ ၂ မျိုး သင့်ပင်၊ ရုပ်တွက်ပုံမှာ သမာဟာရဒိဂု အတိုင်းတွင် နပုံဧကတ် မစီရင်ရသည်သာ ထူး၏၊ တွက်ပြပါလေ။

**ဒိဂုသမာသ် အပြား။** ။တဒ္ဓိတတ္ထဒိဂု-သမာဟာရဒိဂု-ဥတ္တရပဒပရဒိဂု ဟု ဒိဂု အပြား ၃ ပါးကို သက္ကတဗျာကရုဏ်းတို့၌ ဆိုသေး၏၊ ထိုတွင် တဒ္ဓိတတ္ထဒိဂုသည်လည်း တဒ္ဓိတ်ပစ္စည်း၏ အနက် (တဒ္ဓိတ်ပစ္စည်းသက်ရာ) ဖြစ်သော ဒိဂု, တဒ္ဓိတ်ပစ္စည်း ဟောအပ်သောအနက်၌ ဖြစ်သော (ပစ္စည်းမသက်ပဲ ထိုပစ္စည်းအနက်ကို အမွေခံ၍ ဟောနိုင်သော) ဒိဂုဟု ၂ မျိုးပြားပြန်၏၊ သမာဟာရဒိဂုကား ပါဠိ၌ သုံးစွဲရိုးဖြစ်သော "တိလောကံ" စသော ဒိဂုပင်တည်း၊ ဥတ္တရပဒပရဒိဂုမှာ ပုံစံ၌ ထင်ရှားလတ္တံ့၊ တဒ္ဓိတတ္ထ-ဥတ္တရပဒဒိဂုတို့၌ နပုံဧကတ် ငဲ့ဖွယ်မလို၊ အသမာဟာရဒိဂုမျိုးတွင် ပါဝင်သွားလိမ့်မည်။ [တဒ္ဓိတ်ပစ္စည်း မသက်ရသော ဒိဂု၌ အပစ္စ အနက်ရှိသော ဏိ စသော ပစ္စည်း၏ အနက်မဟုတ်, (ထိုပစ္စည်းကိုစွန့်၍) အစ၌ သရရှိသော ဏိကစသော ပစ္စည်းများ၏ အနက်၌ ဖြစ်သည်-ဟုလည်း ဆိုသည်၊]

[မုဒ္ဓဗောဓ] တဿံ့တ္ထေ ဝိသယေ ဝါဠွေ, အပစ္စ ဌဏိကာဒိကံ၊
ဟိတ္ဘွာ့ဇာဒေး သမာဟာရေ, ဝေါ တိဓော့တ္တရပဒေ ပရေ။

တဿ - တဒ္ဓိတ်ပစ္စည်း၏၊ အန္တေ - အနက်ဖြစ်သော၊ ဝိသယေ - အရာ၌လည်းကောင်း၊ အပစ္စတ္တဏိကာဒိကံ-အပစ္စအနက်ဟော ဏိစသော ပစ္စည်းကို၊ [ဏိကဉ် "က"သည် ဆန္ဒာနုရက္ခဏာ၊] ဟိတွာ-စွန့်၍။ [ကျမ်းရင်း၌ "ပြောဇ်တျ"ဟု ရှိ၊] အဇာဒေး-သရ အစ ရှိသော၊ တဿ-တဒ္ဓိတ်ပစ္စည်း၏၊ ဝါဒ္ဓေ-ဟောနက်၌လည်းကောင်း၊ [ဤစကားဖြင့် တဒ္ဓိတတ္တ ၂ မျိုးပြားကြောင်းကို ပြ၏၊] သမာဟာရေ-အပေါင်းအစု ပဓာနပြုရာ သမာဟာရဒိဂုလည်းကောင်း၊ ဥတ္တရပဒေ-နောက်ပုဒ်သည်၊ ပရေ - နှောင်းလတ်သော်လည်းကောင်း၊ ဝါ - နှောင်းရာ၌လည်းကောင်း၊ (ဘဝန်-ဖြစ်သည်ဖြစ်၍၊) ဝေါ-ဒိဂုသမာသ်သည်၊ တိဓာ-၃ မျိုးပြား၏။ ["တဒ္ဓိတတ္ထေ သမာဟာရေ, ဥတ္တရသ္မိံ ပဒေ ပရေ"—ကစ္စာယနသာရ။]

**ပစ္စည်းသက်ရသော တဒ္ဓိတတ္တ ပုံစံ။** ။ဒွိန္နံ မာတရာနံ အပစ္စံ ဒွေမာတုရော-မိခင် ၂ ယောက်တို့၏သား၊ "ဒွိ+မာတု+အပစ္စ"တည်၍ "ဒွိန္နံ မာတရာနံ+အပစ္စံ"ဟု သမာသ် ဝါကျ ပြီးစေ၊ ဆိုင်ရာ သမာသ်စပ်, ဒိဂုမှည့် (ကမ္မဓာရဲ တပ္ပုရိသ်မမှည့်လင့်), ဝိဘတ် အပစ္စပုဒ်တို့ကို ချေ၊ "ဒွိ+မာတု"ပကတိပြု။ [တဒ္ဓိတ်ပစ္စည်း ထပ်၍ မသက်တော့ပဲ ဝိဘတ်သက်လျှင်"ဒွိမာတာ"ဟုသာ ဖြစ်ဖွယ်ရှိ၏၊] ထို့ကြောင့် အပစ္စ အနက်၌ ဏ ပစ္စည်းသက်, ဏ် အနုဗန်ချေ, ဒွိ၌ ဝုဒ္ဓိပြု (ဒွေမာတု) နာမ်ငံ့, သိသက်, ဥကို ဥရ်ပြု၍ "ဒွေမာတုရော"ဟု ပြီး၏။ ["ဒွိန္နံ မာတရာနံ အပစ္စံ ဍ္ဍတျတြ၊ပေ၊ ဒွိမာတြိ (ဒွိမာတု) ယဒါကတေ ဒွိဍ္ဍတျဿ ဝုဒ္ဓိ" မုခ္ခမတ္တဒီပနီ။] [ဤ၌ သင်္ချာရှေးရှိသော ၂ ပုဒ်ဖြစ်၍ ဒိဂုသမာသ်လည်း ဟုတ်,တဒ္ဓိတ်ပစ္စည်း၏အနက်ရောစွက် ပါဝင်ရသောကြောင့် တဒ္ဓိတတ္တလည်း ဟုတ်ရကား "တဒ္ဓိတတ္တဒိဂု"ဟု ဆိုသည်။

**ပစ္စည်းမသက်ရသော တဒ္ဓိတတ္တ ပုံစံ။** ။ပဉ္စဟိ ဂေါဟိ ကီတော ပဉ္စဂု-နွားငါးကောင်တို့ဖြင့် ဝယ်အပ်သော ဥစ္စာ၊ ဤ၌ "ပဉ္စ+ဂေါ+ကီတ"တည်၍ "ပဉ္စဟိ+ဂေါဟိ+ကီတော"ဟု ဝါကျ ပြီးစေ, သမာသ်စီရင်၊ ဝိဘတ်နှင့် ကီတပုဒ်တို့ကို ချေ, "ပဉ္စဂေါ"ဟု ပကတိပြု၊သမာသ်သည်ပင် ကီတပုဒ်၏ အနက်ကို အမွေခံ၍ ဟောနိုင်သောကြောင့် ကီတပုဒ်၏ အနက်၌ တဒ္ဓိတ်ပစ္စည်း မသက်ရ။ [သမာသေနေဝ တဒ္ဓိတဿ ဥတ္တတ္တတ္တေ-ဝုတ္တတ္တာန မပ္ပယောဂေါတိ ချာယတော တဒ္ဓိတ ပစ္စယဿ အနုပ္ပတ္တိ"....ဋီကာ။] ဤ၌ နပုံကေတ် မစီရင်ရသဖြင့် နပုလ္လိင် မဟုတ်, ပုလ္လိင်ပင်ဖြစ်သော်လည်း ဂေါ၌ ဩကို ဥရယဿပြု, နာမ်ငံ့ စသည် စီရင် "ပဉ္စဂု" ပြီး၏။

ကစ္စာယနသာရဋီကာ၌ "ပဉ္စသု ကပါလေသု သင်္ခတံ ဩဒနံ ပဉ္စကပါလံ"ဟု ရှိသောကြောင့် "သမာဟာရဒိဂု"ဟု ထင်မှားဖွယ် ရှိ၏၊အမှန်မှာ အသမာဟာရပင်၊ "ပဉ္စသုံ ကပါလေသု သင်္ခတော ပဉ္စကပါလော-ဩဒနော"ဟုလည်း ဖြစ်နိုင်သည်ပင်၊ [ဩဒနသဒ္ဒါပုံ-နပုံ ၂ လိင်တည်း၊] မောဂ္ဂလ္လာန်၌ကား "ပဉ္စကာပါလော ပူဝေါ"ကာ၌ ဝုဒ္ဓိရောက်၍ ဏ ပစ္စည်းလည်း သက်သေး၏။ [ပဉ္စသု ကပါလေသု သင်္ခတောတိ ဝိသေသနသမာသေ အညသ္မိံတိ ဏော၊ လောပေါတိ ဏ လောပေါ၊ နာယံ သမာဟာရေကတ္တော-သမာဟာရ ကေတ္တသမာသ် မဟုတ်, အသမာဟာရ ကေတ္တ ဖြစ်သည်—ဟူလို၊....မောဂ္ဂလ္လာန် ပဉ္စိကာ။]

**ဥဘေ တပ္ပုရိသာ** ၃၂၆။ ဥဘော-၂ ပါးကုန်သော၊ ဒိဂု ကမ္မဓာရယ သမာသာ-ဒိဂု ကမ္မဓာရဲ သမာသ်တို့တည်း၊ တပ္ပုရိသ သညာ-တပ္ပုရိသ် အမည်ရှိကုန်သည်၊ ဟောန္တိ၊ ဖြာဟူဗြောာ-ပုဏ္ဏားသည်၊ န-မဟုတ်၊

---

တဒ္ဓိတတ္ထ မလိုပုံ။ ။မောဂ္ဂလ္လာန်၌ "တယော ပုတ္တာ အဿေတိ တိပုတ္တော သား ၃ ယောက်ရှိသော အဘ"ကိုလည်း ကာလာပေါ် နည်းတူ ပြ၏၊ သင်္ချာ ရှေးရှိသောကြောင့် ဗဟုဗ္ဗီဟိသမာသ်ဟု မဆိုလိုပဲ အဿတ္ထိအနက်၌ (အ) ပစ္စည်း သက်ထားသော တဒ္ဓိတတ္ထဒိဂုဟု ဆိုလိုဟန် တူသည်၊ သို့ဖြစ်လျှင် "စာတုဒ္ဒိသော-အရပ် ၄ မျက်နှာရှိသော ရဟန်း"လည်း ဤနည်းပင် ဖြစ်ရာ၏၊ သို့သော် ပါဠိကျမ်းဂန်တို့၌မူ "စတူသု ဒိသာသု သုခ ဝိဟာရဋ္ဌာနဘူတာ စတဿော ဒိသာ ဧတဿာတိ စတုဒ္ဒိသော"ဟု ဗဟုဗ္ဗီဟိ သမာသ် သတ်သတ် ရှေးဦးစွာ ပြုပြီးမှ "စတုဒ္ဒိသော ဧဝ စာတုဒ္ဒိသော"ဟု သကတ္ထ၌ ဏပစ္စည်းသက်ဖို့ရာ တဒ္ဓိတ်ဆက်ပြလေသည်၊ (သာမည ဖလသုတ် ဋီကာဟောင်း, သစ်)၊ ထို့ကြောင့် ပါဠိကျမ်းဂန်သုံးအားဖြင့် "ပဉ္စ+ကပါလာနိ ပဉ္စကပါလံ-အိုးကွဲ ငါးခု (အိုးခြင်း ငါးခု), တယော+ပုတ္တာ တိပုတ္တံ-သား ၃ ယောက်"ဟု သမာဟာရဒိဂု ရိုးရာပြု၍ "ပဉ္စကပါလေ သင်္ခတော ပဉ္စကပါလော" ဟု သင်္ခတတဒ္ဓိတ်လည်းကောင်း "တိပုတ္တံ ယဿာတိ တိပုတ္တော"ဟု အဿတ္ထိလည်းကောင်း ဆင့်သင့်သည်၊ သို့ဖြစ်လျှင် ပါဠိအားဖြင့် တဒ္ဓိတတ္ထဒိဂု မလိုတော့ချေ။

ဥတ္တရပဒပရ ပုံစံ။ ။ပဉ္စ+ဂါဝေါ+ဓနံ ယဿာတိ ပဉ္စဂဝဓနော (ပုရိသော) ပဉ္စဂဝဓနံ (ကုလံ) =နွားငါးကောင် ဥစ္စာရှိသူ၊ ဤ၌ ဓနံဟု နောက်ပုဒ်ရှိသောကြောင့် ဥတ္တရပဒပရ, သင်္ချာ ရှေးရှိသောပုဒ်လည်း ပါသောကြောင့် ဒိဂု အမည်ရသည်၊ ပါဠိ ထုံးစံအတိုင်းအားဖြင့် "ပဉ္စ+ဂါဝေါ, ပဉ္စဂဝံ"ဟု ရှေးဦးစွာ သမာဟာရဒိဂု သတ်သတ်ပြု၍ "ပဉ္စဂဝံ ဓနံ ယဿာတိ ပဉ္စဂဝဓနော" ဟု ဗဟုဗ္ဗီဟိပြုလျှင် ပြီးနိုင်၏၊ သို့သော် သင်္ချာရှေးရှိလျှင် ဗဟုဗ္ဗီဟိဟု မဆိုလိုသော ဗျာကရဏ်းတို့ အလိုအားဖြင့်သာ "ဥတ္တရပဒဒိဂု" တမျိုး ဖြစ်ရသည်၊ ဤသို့လျှင် တဒ္ဓိတတ္ထ-ဥတ္တရပဒပရ ဒိဂုတို့ ပါဠိ အသုံးဝယ် မလိုသောကြောင့် ဤ ကစ္စည်းဝုတ္တိနှင့် ရူပသိဒ္ဓိတို့ မပြသော်လည်း ကစ္စာယနသာရ၌ တွေ့ရသောကြောင့် အဓိပ္ပာယ်ထင်ရှားအောင် ထည့်သွင်း ပြလိုက်ရသည်။

၃၂၆။ **ဥဘောဒိဂု၊ပေ၊သမာသာ**—ဥဘာသဒ္ဒါသည် (စွဲဖို့ရာအနက်) ယှဉ်ဘက် ရှိရသော ပဌမာဂဝန္တခေါ် သဗ္ဗနာမ်တည်း၊ ထို့ကြောင့် ဥဘာသဒ္ဒါ၏ စွဲရာအနက်ကို ပြလို၍ "ဒိဂုကမ္မဓာရယ သမာသာ" ဟု ဖွင့်သည်၊ ထိုသို့ စွဲရာ၌ "ဒွိပဒေ၊ ပေ၊ ကမ္မ ရယော, သင်္ချာပုဗ္ဗောဒိဂု" ဟု သုတ်စဉ်အတိုင်း ကမ္မဓာရဲကို ရှေ့ကမထားပဲ ဒိဂုကို ရှေ့ထား၍ "ဒိဂုကမ္မဓာရယ သမာသာ" ဟု စွဲခြင်းကား လွန်ခဲ့သော ရှေ့လူများကို လက်ညှိုးညွှန်၍ ပြောသည့်အခါ အနီးဆုံးလူကို ပဌမ ညွှန်မိလျက်သား ဖြစ်သကဲ့သို့ အနီးဖြစ်သော ဒိဂုကို ပဌမ စွဲမိလျက်သား ဖြစ်တော့၏၊ ဤနည်းကို ပစ္စာသတ္တိနည်းဟု ဆိုသည်၊ ထို့ပြင်-သရနည်းသောပုဒ်ကို ဌာန်၌ ရှေ့က ထားရိုးရှိသောကြောင့်လည်း ဒိဂု ကို ကမ္မဓာရယ၏ ရှေ့ကထားသည်ဟု မှတ်။

(နောက်၌ ဤနည်းချည်း ပေး၊) အဗြာဟ္မဏော-ပုဏ္ဏားမဟုတ်၊ ဝသလော-သူယုတ်သည်၊ နှ, အဝသလော-သူယုတ် မဟုတ်၊ ဘိက္ခု-သည်၊ နှ, အဘိက္ခု၊ ရဟန်း မဟုတ်၊ ပဉ္စဝဿံ-ငါးနှစ်သည်၊ နှ, အပဉ္စဝဿံ-ငါးနှစ် မဟုတ်-ပဉ္စပူလီ-ငါးခုသော အထုပ်သည်၊ နှ, အပဉ္စပူလီ-ငါးထုပ် မဟုတ်၊ သတ္တဂေါဒါဝရံ-ဂေါဒါဝရီမြစ် ၇ စင်းသည်၊ နှ, အသတ္တဂေါဒါဝရံ - ဂေါဒါဝရီမြစ် ၇ စင်း မဟုတ်၊ ဒသဂဝံ-နွား ဆယ်ကောင်သည်၊ နှ, အဒသဂဝံ-နွား ဆယ်ကောင် မဟုတ်၊ ပဉ္စဂဝံ-နွား ငါးကောင်သည်၊ နှ, အပဉ္စဂဝံ-တပ္ပုရိသ ဣစ္စေနေန-တပ္ပုရိသ်ဟူသော ဤအမည်ကို ပြုခြင်းဖြင့်၊ပေ၊ အတ္တနံ့ဃ တပ္ပုရိသေ-၏။ (၃၅၁)။

---

**တပ္ပုရိသ သညာ**—ဤသုတ်ဖြင့် ကမ္မဓာရဲနှင့် ဒိဂုတို့ကို တပ္ပုရိသ်ဟု အမည်တမျိုး တိုး၍ မှည့်ပြန်သည်၊ သင်္ချာပုဗ္ဗောဒိဂုဖြင့် ကမ္မဓာရဲကို ဒိဂုလည်းမှည့်ခဲ့ပြီ၊ ဤတပ္ပုရိသ်၏ လက္ခဏာကား နောက်ပုဒ်အနက် ပြဓာန်းခြင်းတည်း။ [တပ္ပုရိသနာမည် ဖြစ်ခြင်း၏ အကြောင်းကို ရူပသိဒ္ဓိ၌ တိုက်ရိုက်ပြထားပြီ။] "မဟာပုရိသော- မြတ်သော ယောကျ်ား ဟူရာ၌ မဟန္တနှင့် ပုရိသတို့ အရတူသောကြောင့် ကမ္မဓာရဲလည်း ဟုတ်, ယောကျ်ား ဟူသောအနက်သာ လိုရင်းပဓာနရ၍ ပုရိသဟူသော နောက်ပုဒ်၏ အနက် ပြဓာန်းသောကြောင့် တပ္ပုရိသ်လည်း ဟုတ်၏၊ ထို့ကြောင့် မဟာပုရိသောသည် ကမ္မဓာရယ မိဿက တပ္ပုရိသ် မည်၏။

"တိလောကံ-၃ လောက" ဟူရာ၌ တိနှင့် လောကတို့ အရတူသောကြောင့် ကမ္မဓာရဲလက္ခဏာ, သင်္ချာ ရှေးရှိသောကြောင့် ဒိဂုလက္ခဏာ, လောကဟူသော နောက်ပုဒ် အနက်ပြဓာန်းသောကြောင့် တပ္ပုရိသ်လက္ခဏာတို့ ပါဝင်ကြ၏၊ ထို့ကြောင့် တိလောကံသည် ကမ္မဓာရယ ဒိဂုမိဿက တပ္ပုရိသ်တည်း၊ ဤသို့လျှင် ကမ္မဓာရယ မိဿက တပ္ပုရိသ်, ကမ္မဓာရယ ဒိဂုမိဿက တပ္ပုရိသ်ဟု မိဿကတပ္ပုရိသ် ၂ မျိုးရှိသည်ဟု မှတ်။

**ရုပ်တွက် သတိပြုဖွယ်။** ။ကမ္မဓာရဲသတ်သတ်, ဒိဂုသတ်သတ် မရှိ-တပ္ပုရိသ်နှင့် ရောလျက်ချည်း ရှိသောကြောင့် ရုပ်တွက်ရာ၌ သမာသ်စပ်၍ ကမ္မဓာရည်း အမည်မှည့်ပြီးနောက် (ဒိဂုပါလျှင် ဒိဂုလည်း မှည့်ပြီးနောက်) ဤသုတ်ဖြင့် တပ္ပုရိသ် ထပ်၍ မှည့်ရသေးသည်၊ ဒိဂုအမည် တပ္ပုရိသ်အမည် မှည့်ရာ၌ကား "သမာသ်စပ်၍" ဆိုသော စကားကို ထည့်ဖွယ်မလို၊ ဘာ့ကြောင့်နည်း....သမာသ်စပ်မှုကိစ္စကို ဋ္ဌပဒေ တုလျာဓိကရဏေသုတ်က ပြုခဲ့ပြီး ဖြစ်သောကြောင့်တည်း၊ ထို့ကြောင့် ဋ္ဌပဒေသုတ်၏ ဝုတ္တိ၌ "ယဒါ သမသျန္တေ" ဟု သမာသ်စပ်မှုနှင့် ဆိုင်သောစကား ပါ၍, တပ္ပုရိသ်မှည့်သော နောက် ၂ သုတ်၌ "သမသျန္တေ" ဟု စကားမသုံးတော့ပဲ ဒိဂုမှည့်ရုံ-တပ္ပုရိသ် မှည့်ရုံသာ ပြတော့သည်၊ ရူပသိဒ္ဓိဝုတ္တိ၌လည်း ဤအဓိပ္ပာယ်အတိုင်း "ဋ္ဌပဒေ-သင်္ချာပုဗ္ဗော-ဥဘော" ၃ သုတ်၌ ဖွင့်ပြထားသည်ကို သတိပြုပါ။

**သဒ္ဒနီတိ။** ။သုဒ္ဓ တပ္ပုရိသ်-ကမ္မဓာရယ တပ္ပုရိသ်-ဒိဂု တပ္ပုရိသ် ဟု ၃ မျိုးခွဲ၍ နောက်သုတ်၌ ဒုတိယာတပ္ပုရိသ် စသည်ကို သုဒ္ဓတပ္ပုရိသ် (ကမ္မဓာရဲဒိဂုနှင့် မရောသော တပ္ပုရိသ်) ဟုလည်းကောင်း,ပြခဲ့သော ကမ္မဓာရယမိဿက တပ္ပုရိသ်ကို ကမ္မဓာရယတပ္ပုရိသ် ဟုလည်းကောင်း,ကမ္မဓာရယဒိဂု မိဿကတပ္ပုရိသ်ကို ဒိဂုတပ္ပုရိသ် ဟုလည်းကောင်း သဒ္ဒနီတိ အမည်ပေး၏၊ ဤ၌ ဒိဂုတပ္ပုရိသ်ဟု (ကမ္မဓာရယ မပါဝဲ) အမည်ပေးခြင်းကို စဉ်းစားဖွယ် ရှိ၏၊ ကစ္စည်းကျမ်း၌ "သင်္ချာပုဗ္ဗော ကမ္မဓာရယ သမာသော ဒိဂုသညော ဟောတိ"ဟု ဝုတ္တိဖွင့်သည့်အတိုင်း ဒိဂုမှန်လျှင် ကမ္မဓာရယ အရင်းခံသောကြောင့် ကမ္မဓာရယဒိဂု တပ္ပုရိသ် ဟုသာ အမည် ပေးသင့်၏၊ခေါ်ဝေါ် လွယ်စေခြင်း အကျိုးငှာ ကမ္မဓာရယ သဒ္ဒါကိုချေ၍ ပေးထားသော နာမည်ဖြစ်သည်ဟု သော်လည်း ကြံသင့်သည်။

န+ဗြာဟ္မဏော–န နိပါတ်ပုဒ်သည် ပဋိသေဓ (တားမြစ်ခြင်း) အနက် ရှိ၏၊ ထိုပဋိသေဓလည်း ပသဇ္ဇပဋိသေဓ-ပရိယုဒါသ ပဋိသေဓအားဖြင့် ၂ ပါးပြား၏၊ ထိုတွင် "ပသဇ္ဇ- (တားမြစ်ထိုက်သော အနက်ကို) ကပ်ငြိ ထိရောက်၍၊ ပဋိသေဓော-သည်၊ ပသဇ္ဇပဋိသေဓော-မည်၏"နှင့် အညီ တားမြစ်ရမည့်အနက်ကို မသွယ်မဝိုက် တိုက်ရိုက် ကပ်ငြိ၍ (ထိထိ မိမိ ရောက်၍) တားမြစ်ခြင်းသည် ပသဇ္ဇပဋိသေဓမည်၏၊ ပုံစံကား- "အကတွာ-မပြုမူ၍" တည်း၊ ဤ၌ ပြုခြင်း ကြိယာသည် တားမြစ်ထိုက်သော အနက်တည်း၊ ထို ပြုခြင်း ကြိယာကို ကပ်ငြိ ထိရောက်၍ "မပြု" ဟု တားမြစ်သောကြောင့် အကတွာ၌ နသဒ္ဒါသည် ပသဇ္ဇပဋိသေဓ မည်၏။

ပရိ (တုလိတံ)-အလားတူ အနက်ကို၊ ဥဂ္ဂယှ-မြှောက်ယူ၍၊ အသန်-နောက်ပုဒ် အနက်ကို တားမြစ်ခြင်းသည်၊ ပရိယုဒါသော-မည်၏၊ ပုံစံကား–"အဗြာဟ္မဏော-ပုဏ္ဏားမဟုတ်" တည်း၊ ဤ၌ ဗြာဟ္မဏသဒ္ဒါ၏ ဟောရင်းအနက်သည် "ပုဏ္ဏားစစ်" အနက်တည်း၊ အသဒ္ဒါသည် ဗြာဟ္မဏဟူသော နောက်ပုဒ်၏ ပုဏ္ဏားအစစ်ဟူသော အနက်ကို တားမြစ် သော်လည်း ပုဏ္ဏားတု ဟူသော အနက်ကိုကား ငွဲကွက်ယူငင်လျက် ရှိသေး၏၊ ထို့ကြောင့် "အဗြာဟ္မဏော-ပုဏ္ဏား မဟုတ်" ဟူရာ၌ ပုဏ္ဏားစစ်ကို မရသော်လည်း ပုဏ္ဏားနှင့်တူသော (စလွယ်ကြိုးနှင့် ကြေးအိုးသုံးစွဲပုံကို မြင်ရ၍ ပုဏ္ဏားဟု ထင်ရသော ပုဏ္ဏားတု) ချစ်တီးကို ရသည်၊ အဗြာဟ္မဏော-ပုဏ္ဏား မဟုတ်၊ ဝါ-ပုဏ္ဏားတု၊ ပဋိသေဓ ၂ မျိုး၏ ဂါထာနှင့် အကျယ်ကို ရူနှင့်ဘာသာဋီကာမှာ ရှု။

**နနှင့် သမာသ်မစပ်သင့်ဟု စောဒနာပုံ။** ။"အဗြာဟ္မဏော-ပုဏ္ဏားမဟုတ်" ဆိုရာ၌ ပုဏ္ဏားဟုတ်သူကို (ပုဏ္ဏား အစစ်ကို) ပုဏ္ဏားမဟုတ် ဟု နသဒ္ဒါဖြင့် မတားမြစ်နိုင်၊ ဘာ့ကြောင့်နည်း....ပုဏ္ဏားဟုတ်သူကို "ပုဏ္ဏား မဟုတ်" ဟု တားမြစ်ရုံမျှဖြင့် ပုဏ္ဏား မဟုတ်အောင် မတတ်နိုင်သောကြောင့်တည်း၊ [တကယ်ရှိနေသော အရာကို န သဒ္ဒါဖြင့် တားမြစ်သည့် အတွက် မရှိအောင် တတ်စွမ်း နိုင်ပါလျှင် မည်သည့် ရှင်ဘုရင်မျှ ရန်သူကို နှိမ်နင်း ကာကွယ်ဖို့ရန် ဆင် မြင်း စသော စစ်အင်္ဂါများကို မွေးမြူ မထားတော့တန်ရာ, "ငါ့မှာ ရန်သူများ မရှိကြ" ဟု တားမြစ်ရုံမျှဖြင့် ရန်သူမင်းတွေ ကင်းရှင်းလေကုန်ရာ၏]၊ ထို့ကြောင့် န သဒ္ဒါသည် တကယ်

ရှိနေသော အရာကို မတားမြစ်နိုင်၊ ထင်ရှားမရှိသူ (ပုန်ကဘား မဟုတ်သူ) ကိုလည်း "အမြာဟ္မဏော" ဟု ပြောဆို တားမြစ်နေဖွယ်မလို၊ ဘာ့ကြောင့်နည်း…သူ့နဂိုရ် အတိုင်းပင် (မရှိ၍) တားမြစ်ပြီး ဖြစ်သောကြောင့်တည်း၊ ရှိ-မရှိ ၂ မျိုးအပြင် တတိယ တမျိုးတစားလည်း မရှိတော့ချေ၊ ထို့ကြောင့် န နိပါတ်နှင့်တကွ "အမြာဟ္မဏော"ဟု သမာသ်မစပ်ထိုက်သည် မဟုတ်ပါလော၊ ဤကား စောဒနာပုံတည်း။

**ကာတန္တ ပဉ္စိကာ။** ။အမြာဟ္မဏောတိ အထာ့ယံနဉ် ပဋိသေဓဝစနော၊ [သက္ကတ၌ "နဉ်" ကိုပင် ပါဠိ၌ "န" ဟု သုံးစွဲသည်၊] သော ကိံ သတော ပဋိသေဓံ ပဋိပါဒယတိ, ဥဒါဟု အသတော၊ န တာဝ သတော၊ တဿာ့ကတ္တုသာဓနတ္တာ (ထို ထင်ရှားရှိနေသောအရာကို မရှိအောင် ပြီးစေခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် တည်း)၊ ယဇ္ဇေတံ နဉ်သ (နသ) သာမတ္ထိယံ သိယာ၊ (ထင်ရှားရှိသော အရာကို မရှိအောင် ပြီးစေခြင်းသည် နသဒ္ဒါ၏ အစွမ်းသတ္တိဖြစ်လျှင်) တဒါ န ကေစိ ရာဇာနော ဟတ္ထိအဿာဒယော ဝိဟရေယျုံ "န သန္တိ မေ သတ္တဝေါ" ဇ္ဇေဝံ မြုဝေယျုံ၊ နာပိ အသတော, တဿ သယမေဝ ပဋိသိဒ္ဓတ္တာ၊ နစသန္တာ့သန္တေဟိ အပရော ပကာရော အတ္ထိ၊ ယတြ (အကြင် တတိယ ပကာရ၌) နဉ်သ ဗျာပါရော၊ တဒုတ္တံ....

"န သတံ ပဋိသေဓော‌တ္ထိ, သော့သန္တေသု နဝိဇ္ဇတိ၊
လောကသ္မိံ မနေနဉာယေန, နဉ တ္တော ပလယံ ဂတော" တိ။

**ဂါထာနက်။** ။သတံ-ထင်ရှားရှိသော အရာဝတ္ထုကို ("ပုန်ကဘားအစစ်ကို)၊ ပဋိ သေဓော- တားမြစ်ခြင်းသည်၊ န အတ္ထိ-မရှိနိုင်၊ အသန္တေသု-နဂိုရ်ကပင် မရှိသော အရာတို့၌၊ သော-ထို တားမြစ်ခြင်းသည်၊ န ဝိဇ္ဇတိ-မရှိ၊ ဝါ-မလိုတော့၊ လောကသ္မိံ-လောက၌၊ အနေန ဉာယေန- ဤနည်းဖြင့်၊ နတ္တော-နဉ်ပဋိသေဓ၏ အနက်သည်၊ ပလယံ-ပျောက်ပြယ်ခြင်းသို့၊ ဂတော-ရောက်လေတော့၏၊ [န ပဋိသေဓဖြင့် တားမြစ် နေဖွယ်မလို, န ပဋိသေဓ၏ အနက် မရှိ၊ ထို့ကြောင့် "အမြာဟ္မဏော"ဟု သမာသ် မစပ်သင့်-ဟူလို၊] စုဏ္ဏိယအနက်ကိုကား ပြခဲ့သော စကားပြေကို ကြည့်၍ သိကြလေ။

**ထို စောဒနာကို ချေပပုံ။** ။"အမြာဟ္မဏော"ဟူသော ဤ သဒ္ဒါကို စောဒက တင်ထားသော အပြစ်များကြောင့် သမာသ်မစပ်သင့်ဟု မမှတ်ထိုက်၊ ချွဦးအံ့-ဝဒန္တ ပုဂ္ဂိုလ်သည် (မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ) မိမိ သိပြီးသော အနက်ကို သူတပါး လည်း သိစေခြင်း ငှာ ထိုထို သဒ္ဒါများကို သုံးစွဲ ပြောဆို၏၊ ထို့ကြောင့် သဒ္ဒါဟူသမျှ ဝဒန္တပုဂ္ဂိုလ်၏ အသိဉာဏ်ကို လိုက်၍ ဆိုင်ရာ အနက်၌ ဖြစ်ရ ဟောရသည်၊ ဝဒန္တ ပုဂ္ဂိုလ်၏ အသိဉာဏ် မှန်လျှင် သဒ္ဒါကလည်း အနက်မှန်ကို ဟောရလိမ့်မည်၊ ဝဒန္တ ပုဂ္ဂိုလ်က အသိဉာဏ်မှားလျှင် ထိုသူ ရွတ်ဆိုအပ်သော သဒ္ဒါလည်း အနက်မှားကိုပင် ဟောရလိမ့်မည်၊ ဤသို့ ဝဒန္တပုဂ္ဂိုလ် ဉာဏ်၏ အမှား အမှန် ၂ မျိုးရှိနေခြင်းသည် ဤ အမြာဟ္မဏော၌ မြာဟ္မဏသဒ္ဒါကို သုံးစွဲဖို့ရန်အကြောင်း အခြေခံဖြစ်၏၊ ပုန်ကဘား အစစ်ကိုသိ၍ "မြာဟ္မဏော"ဟု ပြောဆိုလိုက်လျှင် ထို မြာဟ္မဏ သဒ္ဒါသည် ပုန်ကဘား စစ်ကို ဟောသောကြောင့် နသဒ္ဒါဖြင့် တားမြစ်၍ မဖြစ်တော့ချေ၊ ပုန်ကဘားနှင့်တူသော ချစ်တီးကို ပုန်ကဘားထင်နေသူက "မြာဟ္မဏော"ဟု ပြောဆိုရာ၌မူ ထို မြာဟ္မဏသဒ္ဒါ

ပုန်ဏ္ဏားတု ချစ်တီးကိုပင် ဟောနေရကား "န+ဗြာဟ္မဏော=ပုန်ဏ္ဏား မဟုတ်" ဟု န သဒ္ဒါဖြင့် တားမြစ်နိုင်သည်၊ ထိုသို့ တားမြစ်ရာ၀ယ် ဗြာဟ္မဏ သဒ္ဒါသည် ထိုသူ၏ အထင်မှားမှုကြောင့် ဖြစ်ပေါ်လာသော သဒ္ဒါ ဖြစ်ကြောင်းကို န သဒ္ဒါက ထင်ရှား ပြလေသည်၊ [သင်က ပုန်ဏ္ဏားထင်၍"ဗြာဟ္မဏော"ဟု ပြောနေသော်လည်း, န+ ဗြာဟ္မဏော-သင် ထင်နေသည့်အတိုင်း ဗြာဟ္မဏမဟုတ်ဖူး-ဟူလို။]

ထို့ကြောင့်"န+ဗြာဟ္မဏော"ဟု နသဒ္ဒါဖြင့် တားမြစ်ရာ၌ ၁-ထင်ရှားရှိနေသော ပုန်ဏ္ဏားစစ်ကို တားမြစ်ခြင်းလည်း မဟုတ်၊ ၂-လုံးလုံးမရှိသောအရာကို တားမြစ်ခြင်းလည်းမဟုတ်၊ ပုန်ဏ္ဏား မဟုတ်သူကို ပုန်ဏ္ဏားဟု ထင်မှား၍ ပြောဆိုအပ်သော ဗြာဟ္မဏသဒ္ဒါ၏ အနက်ကို တားမြစ်ခြင်းတည်း၊ ထို တားမြစ်အပ်သော အနက်ကား ပုန်ဏ္ဏားနှင့်တူသူ ချစ်တီးဟူသော အနက်ဖြစ်၍ (ပုန်ဏ္ဏား အစစ်အမှန်အားဖြင့် ထင်ရှားရှိသော အနက်လည်းမဟုတ်, လုံးလုံးမရှိဟုလည်း မဆိုနိုင်) ထို ထင်ရှားရှိ- လုံးလုံးမရှိ ၂ မျိုးမှ ကွဲပြားသော တတိယ အမျိုးအစားပင်တည်း။ [ဤစကားဖြင့် "စောဒကပုဂ္ဂိုလ်၏ တတိယ အမျိုးအစားမရှိနိုင်" ဟူသော စကားကို ချေပသည်။] ဤသို့လျှင် ပုန်ဏ္ဏားစစ် အနက်ကို တားမြစ်နိုင်သောကြောင့် နနှင့် ဗြာဟ္မဏောကို တွဲစပ်၍ "အဗြာဟ္မဏော" ဟု သမာသ်လည်း ဖြစ်နိုင်၏၊ နသဒ္ဒါသည် အစစ်ကို တားမြစ်၍ ပုန်ဏ္ဏားတုကို ထွန်းပြ၏၊ ဗြာဟ္မဏသဒ္ဒါကလည်း ၀ဒန္တပုဂ္ဂိုလ် ရွတ်ဆို သည့်အတိုင်း ပုန်ဏ္ဏားတုကိုပင် ဟောပြသဖြင့် တုလျာဓိကရဏ ဖြစ်သောကြောင့် ကမ္မဓာရဲ့လည်း ဖြစ်နိုင်သည်၊ (ကမ္မဓာရယ မိဿကတပ္ပုရိသ်လည်း ဖြစ်နိုင်သည်- ဟူလို၊) ဤစကားဖြင့် "နနှင့် ဗြာဟ္မဏောကို သမာသ်မစပ်သင့်"ဟူသော စောဒက၏ စကားကို ချေပသည်။

**ကာတန္တ ပဉ္စိကာ**။ ။နေတ မေဝံ၊ သဒ္ဒော ဟိ သဒ္ဒေါ ပယောဂံပတိ သကတ္ထေ ပယောတ္တ (သုံးစွဲသူ၏) ဉာဏ မပေက္ခတိ၊ သယံ ဟိ ဉာတ မတ္ထံ ပရံ ပတိပါဒယိတု ကာမေန (သိစေလိုသူသည်) သဒ္ဒေါ ပယုဇ္ဇတေ (သုံးစွဲပြောဆိုအပ်၏)၊ တစ္ထ ဉာဏံ ဒုဝိဓံ-သမ္မာ, မိစ္ဆာ စ၊ ဥယမပျေတံ ဗြာဟ္မဏသဒ္ဒပယောဂေ ကာရဏံ၊ တတြ သမ္မာ ဉာဏပုဗ္ဗကေ ဗြာဟ္မဏ သဒ္ဒပယောဂေ နတ္ထိ နဉ်သ ဗျာပါရော၊ နဟိ တေန တတြ ကိဉ္စိကရိယတေ, ဗြာဟ္မဏ သဒ္ဒဿ ယထာတ္ထဝိသယတ္တေန တဒတ္ထဿ ပဋိသေဓိတု မသက္ကုဏေယျတ္တာ၊ မိစ္ဆာဉာဏပုဗ္ဗကေတု အတ္ထိ နဉ်သ ဗျာပါရော၊ တတြဟိ တေန ဗြာဟ္မဏသဒ္ဒဿ မိစ္ဆာဉာဏပ္ပဘ၀တ္တ မာချာယတေ၊ ပေ၊ ဝေဠုသတိ န သတော ပဋိ သေဓော, နာပျသတော၊ ကိန္တု ဘမေနာ ံတသ္မိ ံတမိတိ ပယုတ္တဿ (အထင်မှားသဖြင့် ထို ဗြာဟ္မဏမဟုတ်သူ၌ ထို ဗြာဟ္မဏ အစစ် ဟု သုံးစွဲအပ်သော) ဗြာဟ္မဏသဒ္ဒဿ အတ္ထော ပဋိသေဓိယတီတိ ကထံ တတိယပ္ပကာရော ဘာ၀ေါ (အဘယ်မှာ တတိယ အမျိုးအစား မဖြစ်နိုင်ပဲ ရှိအံ့နည်း, တတိယ အမျိုး အစားလည်း ရှိနိုင်သေးသည်- ဟူလို၊) ယုတ္တတ္တတာ တေနေ၀ (ထို န နိပါတ်နှင့်ပင်) သမာသော, တုလျာဓိကရ ဏတ္တာစ အနေန ကမ္မဓာရယော။ [အနက်ကို ဆိုခဲ့ပြီး စကားပြင်ကြည့်၍ သိပါလေ၊ ဤ ပြခဲ့သော သောဓနာ မျိုးသည် ရူပသိဒ္ဓိ၌လည်း ပါ၏၊ စကား သုံးစွဲ ပုံသာ ကွဲပြားသည်။]

ပုဗ္ဗပဒတ္ထ ပဓာန ဝါဒ။ ။ဤ အပြာဟ္မဏော ဟူသော သမာသ်ကို ကာတန္တ ပဋိကာ-ပဒသာဓနဋီကာ စသော ဆရာတို့က ပုဗ္ဗပဒတ္ထပဓာန (န-ဟူသော ရှေ့ပုဒ် အနက်ကို ပဓာနယူရသော) သမာသ်ဟု ဆိုကုန်၏၊ ဆိုပုံကား— [န သဒ္ဒါသည် ပရိယုဒါသ-ပသဇ္ဇ ပဋိသေဓဟု အနက် ၂ မျိုး ရှိကြောင်းကို ပြခဲ့ပြီ၊] "အပြာဟ္မ ဏော-ပုဏ္ဏား မဟုတ်သူ၊ ဝါ-ပုဏ္ဏားတု" ဤသို့ အနက်ပေးလျှင် န သဒ္ဒါသည် ပရိယုဒါသ ပဋိသေဓအနက်ကို ဟော၏၊ ထိုသို့ဟောရာ၌ ဗြာဟ္မဏသဒ္ဒါ၏ (ပုဏ္ဏား) ဟူသော အနက်ကို မရ, န သဒ္ဒါ၏ အနက်ဖြစ်သော ပုဏ္ဏားတုကို ရ၏။ [န သဒ္ဒါက ပုဏ္ဏားစစ်ကို တားမြစ်၍ ပုဏ္ဏားတုကို ထွန်းပြသောကြောင့် န၏ အနက်ကို ရသည်— ဟူလို၊] ထို့ကြောင့် နသဒ္ဒါက ပရိယုဒါသအနက်ကို ဟောရာ၌ အပြာဟ္မဏောသည် ပုဗ္ဗပဒတ္ထပဓာန ကမ္မဓာရည်း သမာသ်တည်း၊ န သဒ္ဒါက ပသဇ္ဇပဋိသေဓအနက်ကို ဟောရာ၌လည်း "အပြာဟ္မဏော- (ဤသူကား) ပုဏ္ဏားမဟုတ်"ဟု ပုဏ္ဏားဖြစ်ခြင်း ကြိယာကို တားမြစ်သောကြောင့် န သဒ္ဒါ၏ အနက်ပင် ပဓာနရ၍ ပုဗ္ဗပဒတ္ထ ပဓာန ပင်တည်း။

ဆက်ဦးအံ့—ပသဇ္ဇ ပဋိသေဓ အနက်ဖြစ်သော ဒုတိယနည်း၌ "ပုဏ္ဏားမဟုတ်" ဟု ဆိုလျှင် မဟုတ်ခြင်း အဘာဝမျှကို ရ၍ အဗျယီဘာဝသမာသ် (နိဒ္ဒရထံ-စသည်) ကဲ့သို့ နပုလ္လိင် ဧကဝုစ် သချာချည်း ဖြစ်ရာသလောဟု မေးဖွယ် ရှိ၏၊ အဖြေကား— လူတယောက်က ချစ်တီးကို ပုဏ္ဏားဟု အထင်မှား၍ မိစ္ဆာဉာဏ် ဖြစ်သောကြောင့် "အပြာဟ္မဏော-ပုဏ္ဏား မဟုတ်"ဟု ပြော၍ ထိုသူ၏ မိစ္ဆာဉာဏ်ကို တားမြစ်၏၊ ထိုမိစ္ဆာဉာဏ် (အထင်မှားမှု) ဖြစ်ရခြင်းလည်း စက္ခုန္ဒြေနှင့် (မျက်စိဖြင့်) မြင်ရခြင်းကို အကြောင်းပြု၍ ဖြစ်၏ (အတုကို မမြင်ရလျှင် အထင်မမှားနိုင်—ဟူလို) ဤသို့လျှင် ပုဏ္ဏားတုကို မြင်ရသောကြောင့်သာ မိစ္ဆာဉာဏ် ဖြစ်နိုင်ရကား အရင်းစစ်၍ တရား ကိုယ် ကောက်လိုက်လျှင် အပြာဟ္မဏော အရ "ပုဏ္ဏားတု"ပင် ရ၏၊ ("ပုဏ္ဏား မဟုတ်"ဟု ဆိုသော်လည်း မဟုတ်ခြင်း (အဘာဝ) ကို မရ, ပဌမနည်းကဲ့သို့ ပုဏ္ဏား တုပင် ရ၏—ဟူလို၊) ထို့ကြောင့် ပုဏ္ဏားတု၌ ရှိသော ပုလ္လိင် ဧကဝုစ်သချာဖြင့် အပြာဟ္မဏော (ဗဟုဝုစ်ဖြင့်) အပြာဟ္မဏာ စသည် ရှိနိုင်သည်၊ "အပြာဟ္မဏီ- ပုဏ္ဏားမ မဟုတ်"ဟူရာ၌ ဣတ္ထိလိင် ဖြစ်ပုံကိုလည်း သိလေ။

ကာတန္တ ပဋိကာ။ ။သ စ နဉ် ဒုဝိဓော ပရိယုဒါသဝုတ္တိ ပသဇ္ဇဝုတ္တိစ၊ တတြာ ဒိမှိ ပက္ခေ ဗြာဟ္မဏသဒ္ဒေါ ဧဝ ခတ္တိယာဒိ အပြာဟ္မဏောတိ ဝုတ္တေ ပတီယတေ၊ ဒုတိယေတု မိစ္ဆာဉာဏနိဝတ္တိယေဝ (ပတီယတေ), ဗြာဟ္မဏော-ယံ န ဘဝတီတိ၊ အပြာဟ္မဏောတိ ဗြာဟ္မဏတ္တေနာ-ဇ္ဈာသိတော န ဘဝတီတျတ္ထော၊ တတ္ထ မိစ္ဆာဉာဏ မိန္ဒြိယပေတုကံ သာဒိသံမန္တရေန န သမ္ဘဝတီတိ အတ္ထတော သဒိသ ပဋိပတ္တိ, တဂ္ဂတာစ လိင်္ဂသချာ ဘဝန္တိ၊ပေ၊ တဒေဝ မုဘယပက္ခေပိ ပုဗ္ဗပဒတ္ထဿ ပဓာနတ္တံ၊ တဗ္ဗသေန (ထို ရှေ့ပုဒ်အစွမ်းကြောင့်) သဒိသဿ နိဝတ္တိယာ ပတီယမာနတ္တာ၊ သ စ နဉ်-ထို နဉ် (န) ပဋိသေဓသည်လည်း၊ဒုဝိဓော၊ ပရိယုဒါသဝုတ္တိ-အလားတူကို မြောက်ယူထား၍ အခြားအနက်ကို ပစ်ပယ်ခြင်းဖြင့် အထူးပြုအပ်သော အနက်၌ ဖြစ်ခြင်းရှိသော ပဋိသေဓလည်းကောင်း၊ ပသဇ္ဇဝုတ္တိစ-တားမြစ်ထိုက်သောအနက်ကို

တိုက်ရိုက်ရောက်ထိ ကပ်ငြိ၍ ဖြစ်ခြင်းရှိသော ပဋိသေဓလည်းကောင်းတည်း၊ တတြ- တွင်၊ အာဒိမှိပက္ခေ-၌၊ အပြာဟ္မဏောတိ ဝုတ္တေ-ရွတ်ဆိုအပ်သော်၊ ပြာဟ္မဏသဒိသော ဧဝ-သော၊ ခတ္တိယာဒိ-ချတ်တြိး (ချစ်တီး) စသူကို၊ ပတီယတေ-သိအပ်၏၊ ဒုတိယေတု-ဒုတိယ ပသဇ္ဇပဋိသေဓပက္ခ၌ကား၊ အယံ-ဤသူကား၊ ပြာဟ္မဏော-သည်၊ န ဘဝတိ-မဟုတ်၊ ဣတိ-သို့၊ မိစ္ဆာဉာဏနိဝတ္တိယေဝ-အထင်မှားမှု တားမြစ်ခြင်း ကိုသာ၊ ပတီယတေ-၏၊ အပြာဟ္မဏောတိ-ဟူရာ၌၊ ပြာဟ္မဏတ္တေန-ပြာဟ္မဏအစစ်၏ ဖြစ်ကြောင်းဖြစ်ရာ ပုဏ္ဏား အကျင့်, ဝေဒအတတ်, ပုဏ္ဏား အမျိုးဇာတ် ဤ ၃ ရပ် သည်၊ အဇ္ဈာသိတော (အမိ+အာသိတော)-စွဲမှီ တည်နေအပ်သူသည်၊ ဝါ- ထို ၃ မျိုးနှင့် ပြည့်စုံသူသည်၊ န ဘဝတိ ဣတိ အတ္တော၊ (မိစ္ဆာဉာဏ်ကိုသာ တားမြစ်လျှင် နိဒ္ဒရထံ စသော အဖျယီဘောကဲ့သို့ နပုလ္လိင် ဧကဝုစ်သချာချည်း ရှိရမည်သော—ဟု မေးဖွယ်ရှိ၍ ''တဒ္ဓ''စသည် မိန့်၊) တဒ္ဓ မိစ္ဆာဉာဏံ-လည်း၊ ဣန္ဒြိယဟေတုကံ - စက္ခုန္ဒြေဖြင့် မြင်ရခြင်းလျှင် အကြောင်းရှိသည်၊ (ဟုတ္တာ)၊ သာဒိသံ-ကို၊ အန္တရေန-ကြဉ်၍၊ န သမ္ဘဝတိ-မဖြစ်နိုင်၊ ဣတိ - ထို့ကြောင့်၊ အတ္တတော-လိုရင်းအနက်အားဖြင့်၊ သဒိသ ပဋိပတ္တိ-တူသူဖြပ်၌ (မိစ္ဆာဉာဏ်၏) ဖြစ်ခြင်းသည်လည်းကောင်း၊ တဂ္ဂတာ-ထိုဖြပ်၌ တည်ကုန်သော၊ လိင်သချာ-တို့သည် လည်းကောင်း၊ ဘဝန္တိ၊ ဧဝံ-ဤသို့လျှင်၊ (တံ-အနက်မရှိ၊) ဥဘယပက္ခေပိ-ပရိယု ဒါသပက္ခ ပသဇ္ဇပက္ခ ၂ မျိုး၌လည်း၊ ပုဗ္ဗပဒတ္ထဿ-နဉ် ဟူသော ရှေ့ပုဒ်အနက်၏၊ ပဓာနတ္တံ ဟောတိ။

ဥတ္တရပဒတ္ထပဓာန ဝါဒ။ ။အပြာဟ္မဏောကို မဟာဘာဿ, ပြေ်ာဝ မနောရမာ ဋီကာ, တတ္တဗောဓိနီဋီကာ စသည်တို့၌ ဥတ္တရပဒတ္ထပဓာန (ပြာဟ္မဏ ဟူသော နောက်ပုဒ်အနက် ပြဋ္ဌာန်းသော) သမာသ်ဟု ဆိုကုန်၏၊ ဆိုပုံကား— ပြာဟ္မဏသဒ္ဒါသည် ပုဏ္ဏားစစ်ကို ဟောရိုးတည်း၊ သို့သော် တရံတခါ အထင်မှား သူက ချစ်တီးကို ''ပြာဟ္မဏော''ဟု ပြောဆိုမိရာ၌ ပြာဟ္မဏသဒ္ဒါသည် ပုဏ္ဏားတုကို သဒိသူပစာရ နည်းအားဖြင့် ဟော၏၊ ''ပုဏ္ဏားစစ် မဟုတ်''ဟု တားမြစ်သော န သဒ္ဒါသည် ပုဏ္ဏားတု ဖြစ်ကြောင်းကို ထင်ရှားအောင် ထွန်းပြလျက် ရှိ၏၊ ထို့ကြောင့် န သည် ပြာဟ္မဏဟူသော နောက်ပုဒ်အနက်ကို ထွန်းပြရုံသာ ထွန်းပြ၍ ပြာဟ္မဏကိုယ်တိုင်ကသာ ပုဏ္ဏားတု အနက်ကို ဟောရသောကြောင့် အပြာဟ္မဏော သည် (ပြာဟ္မဏဟူသော နောက်ပုဒ်အနက်ကို လိုရင်း အရကောက်ရသော) ဥတ္တရ ပဒတ္ထပဓာန သမာသ်တည်း၊ ဤသို့ ဥတ္တရပဒတ္ထပဓာန ဟု ယူလိုက်ရသဖြင့် ''တပ္ပုရိသ် သမာသ်သည် နောက်ပုဒ်အနက် ပြဋ္ဌာန်း၏''ဟူသော စကားနှင့်လည်း အတား အမြစ် မရှိ—ထိုစကားနှင့် ညီညွတ်ခြင်း အကျိုး ရှိသည်၊ ''ပုဗ္ဗပဒတ္ထဟု ယူလျှင် ထိုစကားနှင့် ဆန့်ကျင်လိမ့်မည်''ဟူလို။

တတ္တဗောဓိနီ။ ။ဥတ္တရပဒတ္ထပဓာနောယံ သမာသော၊ တထာဟိ အာရောပိ တတ္တံ (တင်စားအပ်သော ပုဏ္ဏားတုအနက်ကို) နေန-(န ပဋိသေဓသည်၊) ဇောတီယတေ၊ တထာစ အပြာဟ္မဏသဒ္ဒတော (အပြာဟ္မဏသဒ္ဒါကြောင့်) အာရော ပိတော ပြာဟ္မဏောတိ ဗောဓေ (တင်စားအပ်သော ပုဏ္ဏားတု အနက်ကို သိအပ်

သော်) အတ္တတော (လိုရင်းအနက်အားဖြင့်) ''ဗြာဟ္မဏဘိန္နော'' ဇာတ္တပ္တော-ပရိယောသတိ (''ပုဏ္ဏားမှ ကွဲပြားသူ'' ဟူသော အနက်သည် အဆုံးသတ်၏)၊ ၊ပေ၊ တပ္ပုရိသဿ ဥဿဂ္ဂိကံ-မုတ္တရပဒတ္ထပဓာနတ္တမပျေဝံသတိ နိဗ္ဗာဓံ (ဤသို့ဖြစ်လျှင် တပ္ပုရိသ်၏ သာမညဖြစ်သော ဥတ္တရပဒတ္ထပဓာန အဖြစ်လည်း အတားအမြစ် မရှိ, လွတ်လပ်သည်)။

**မှတ်ချက်။** ။ဥတ္တရပဒတ္ထပဓာန ဟု ယူကြသော ဆရာတို့သည် ဗြာဟ္မဏပုဒ်၏ အနက်ကပ ဓာနဖြစ်အောင် ကြံဆောင်၍ ဗြာဟ္မဏသဒ္ဒါ၏ ဟောရင်း ရိုးရာအနက်မှ အခြားသော (အတု) အနက်ကို တင်စားကြရသေး၏၊ ပုဗ္ဗပဒတ္ထပဓာနဟု ယူကြသော ဆရာတို့ကား ထိုသို့ မတင်စားရပဲ ဗြာဟ္မဏသဒ္ဒါ၏ ဟောရိုး ပုဏ္ဏားစစ် အနက်ကို နသဒ္ဒါက တားမြစ်သည်ဟု ဆိုကြ၏၊ ''အဗြာဟ္မဏော-ပုဏ္ဏား မဟုတ်'' ဟူသော အနက်သံ မြန်မာပြန်မှာလည်း န သဒ္ဒါ၏အနက်က ပဓာနဖြစ်လျက် ရှိ၏၊ ထို့ကြောင့် ''ပုဗ္ဗပဒတ္ထ ပဓာန'' ဟူသော ဝါဒသည် သာ၍ အားရှိသကဲ့သို့ ထင်ပေသည်၊ ချဲ့၍ လာသော အမာဒိပရတပ္ပုရိသ်များသည် ရှေ့ပုဒ်အနက် ပြဋ္ဌာန်းသည်ချည်းတည်း။

**တချို့ အနက်ပေးပုံ။** ။နသဒ္ဒါ၏ သဒိသ အနက်လည်း ထင်ရှားအောင် နောက်ပုဒ်အနက်လည်း ပဓာနဖြစ်အောင် ကြံ၍ ''န-အတုဖြစ်သော+ဗြာဟ္မဏော-ပုဏ္ဏားတည်း၊ အဗြာဟ္မဏော-အတုဖြစ်သော ပုဏ္ဏား၊ ဝါ-ပုဏ္ဏားတု''ဟုလည်း ကောင်း, န၏ ဝိရုဒ္ဓအနက်ကို ယူရာ၌ ''န-ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော+ကုသလာ- အကုသိုလ်တို့တည်း၊ အကုသလာ- ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တို့၊ န-မိတ်ဆွေ၏ ဆန့်ကျင်ဘက်ဖြစ်သော+ မိတ္တော- ရန်သူတည်း၊ အမိတ္တော-သူ''ဟုလည်းကောင်း, န၏ အညအနက်ကိုယူ၍ ''န-ကုသိုလ် အကုသိုလ် တို့မှ တခြားကုန်သော+ဗျာကတာ-ဟောအပ်သော တရားတို့တည်း၊ အဗျာကတာ-တို့'' ဟုလည်းကောင်း, အနက်ပေးကြသေး၏၊ ထိုသို့ ပေးရာ၌ န၏ ဟောရင်းဖြစ်သော ပဋိသေဓအနက် မပါသဖြင့် စဉ်းစားသင့်၏၊ မှန်၏-န သဒ္ဒါ၏ မူလ ဟောရင်း အနက်မှာ တားမြစ်ခြင်း ပဋိသေဓအနက်သာတည်း၊ ထိုသို့ တားမြစ်ရင်းပင် ''တံ သဒိသ-ထို တားမြစ်အပ်သော အနက်နှင့် အလားတူ'' စသော အနက်များကို ထွန်းပြ ရုံသာ ထွန်းပြသည်၊ ထို့ကြောင့် ''ပုဏ္ဏားမဟုတ်'' စသည်ဖြင့် ပဋိသေဓသံပါအောင် မြန်မာပြန် (အနက်ပေး) ၍ အရကောက်သည့် အခါ၌သာ န၏ ထွန်းပြရာဖြစ်သော သဒိသ (ပုဏ္ဏားတု) စသော အနက်ကို ကောက်ယူသင့်သည်။

**ဝိသုဒ္ဓိမဂ် ဋီကာ။** ။အမနုဿောတိ ဧတ္ထ (အကာရော) တဒ္ဒာဝမတ္တနိဝတ္တိယံ၊ မနုဿမတ္တံ နတ္ထိ, အညံ့ သမာနန္တိ သဒိသတာပဧတ္ထ သူစိယတိ=အမနုဿော ဟူရာ၌ ''အ''သည် ထိုလူ့အဖြစ်မျှကို တားမြစ်ခြင်း (ပဋိသေဓ) အနက်၌ ဖြစ်၏၊ (နတ်ဘီလူး စသူတို့၌) လူ့အဖြစ်- လူ့ဇာတ်သာ မရှိသည်၊ အခြားသော လက် ခြေ အင်္ဂါ ပေါက်ရောက်ပုံကား လူနှင့် တူသည် ဟု သဒိသ အဖြစ်ကို ထွန်းပြအပ်သည်။ [''အမ နုဿော-လူ မဟုတ်'' ဟု ပဋိသေဓသံပါအောင် အနက်ပေး၍ အရကောက်သည့် အခါ လူနှင့် တူသူ နတ်-ဘီလူးကို ကောက်ပါ-ဟူလို။ (ပညာဘူမိနိဒ္ဒေသ အဝိဇ္ဇာပုဒ် အဖွင့်)။]

**န ဝသလော၊ ပေ၊ အပဋ္ဌဂဝံ**–အပြာပဗ္ဗဏော, အဝသလော, အဘိက္ခုတို့ကို သဉ္ဇာသဒ္ဒါ မပါသောကြောင့် ကမ္မဓာရယမိဿက တပ္ပုရိသ်ဟု မှတ်၊ အပဋ္ဌဝဿံမှ စ၍ အပဋ္ဌဂဝံ တိုင်အောင်ကား သဉ္ဇာသဒ္ဒါ ပါသောကြောင့် ကမ္မဓာရယဒိဂု မိဿက တပ္ပုရိသ်ဟု ဝုတ္တိဆရာ ဆိုလိုဟန်တူသည်၊ သို့သော် "ပဋ္ဌ+ဝဿာနိ, ပဋ္ဌဝဿံ-ငါးနှစ်"ဤသို့ နနှင့်မတွဲမှီ သဉ္ဇာပုဒ် ရှေးရှိနိုက်၌သာ ဒိဂုလက္ခဏာပါဝင်သည်၊ "သဉ္ဇာပုဗ္ဗော ဒိဂု -သဉ္ဇာရှေးရှိမှ ဒိဂု"ဟု ဆိုထားသောသုတ်ကို ထောက်ပါ၊ တိလောကံကို ရုပ်တွက်ရာ၌ ကမ္မဓာရဲအမည် ဒိဂုအမည် တပ္ပုရိသ်အမည် ၃ မျိုးမှည့်၍ ရူပသိဒ္ဓိ ရုပ်တွက်ပြသကဲ့သို့ သတ္တဂေါဒါဝရံ-ပဋ္ဌဂဝံပုံစံများကိုလည်း တိလောကံနှင့် အလားတူ သွင်း၍ ရူဉ် ရုပ်တွက်ပြသည်၊ ထို့ကြောင့် နနှင့် မတွဲမှီ "ပဋ္ဌဝဿံ, ပဋ္ဌပူလိ, သတ္တဂေါဒါဝရံ, ဒသဂဝံ, ပဋ္ဌဂဝံ" တို့သာ ကမ္မဓာရယဒိဂုမိဿက တပ္ပုရိသ်ဖြစ်သည်၊ နနှင့် တွဲ၍ "အပဋ္ဌဂဝံ" စသည်ဖြစ်သော အခါ၌ကား သဉ္ဇာပုဒ် ရှေးမရှိပဲ န နိပါတ်ပုဒ် ရှေးရှိသောကြောင့် ဒိဂုလက္ခဏာမပါ, ကမ္မဓာရယမိဿကတပ္ပုရိသ်သာတည်း၊ ထို့ကြောင့် အပဋ္ဌဝဿံ စသည်၌ န နိပါတ်ပုဒ် ရှေးရှိလျက်ပင် ဒိဂု ပါဝင်သည်ဟု ထင်မှားဖွယ်ရှိရကား ထိုပုံစံများကို စဉ်းစားသင့်သည်။

**ရုပ်တွက်ပုံ။** ။အပြာပဗ္ဗဏောကို အခြေပြု အတွဲနသ တပ္ပုရိသ်သုတ်၌ တွက်ပြထားပြီ၊ ထိုနည်းမှီ၍ အဝသလော အဘိက္ခုတို့ကို တွက်၊ နနှင့် မတွဲသေးပဲ "ပဋ္ဌဝဿံ" စသည်ကို သီးခြား ရုပ်တွက်ရမည်၊ "ပဋ္ဌ+ဝဿ, ဒသ+ဂေါ, ပဋ္ဌ+ဂေါ" တည်, ယော ၂ လုံးစီသက်၍ "ပဋ္ဌ+ဝဿာနိ, ဒသ+ဂါဝေါ, ပဋ္ဌ+ဂါဝေါ"ဟု ဝါကျပြီးစေ၊ ဝိဂ္ဂိုဟ်နက်ပေး၊ ဋ္ဌတိ အတ္တော-၌၊ ဒွိပဒေ စသောသုတ်ဖြင့် သမာသ်စပ်၍ ကမ္မဓာရဲမှည့်, သမာသ်မှည့်, ဝိဘတ်ချေ, ဒသဂေါ, ပဋ္ဌဂေါ-ဟု ပကတိပြု၊ ထို့နောက် သဉ္ဇာပုဗ္ဗော ဒိဂုသုတ်ဖြင့် ဒိဂုမှည့်, ဥဘော တပ္ပုရိသာသုတ်ဖြင့် တပ္ပုရိသ်မှည့် ဒိဂု ဿေကတ္တံသုတ်ဖြင့် နပုံကေတ်စီရင်၊ ကွစိသမာသန္တသုတ်ဖြင့် အ ပစ္စည်း သက်၍ ဩ အဝ သရေသုတ်ဖြင့် ဩကို အဝပြု (ဒသဂဝ, ပဋ္ဌဂဝ) နာမ်ငဲ့၍ သိအံပြု, ပဋ္ဌဝဿံ ဒသဂဝံ ပဋ္ဌဂဝံဟု ပြီး၏၊ ဤသို့ ပဋ္ဌဝဿံစသည် ပြီးပြီးနောက်မှ "န+ပဋ္ဌဝဿံ" စသည်ဖြင့် ကမ္မဓာရယမိဿက တပ္ပုရိသ်ရုပ် ထုံးစံအတိုင်း တွက်ပါ၊ ထိုရုပ်များကိုကား အပြာပဗ္ဗဏောနည်းမှီ၍ တွက်တတ်လောက်ပြီ။

**အပဋ္ဌပူလီ**–ပဋ္ဌ+ပူလာ, ပဋ္ဌပူလီ၊ ပဋ္ဌ-ငါးခုကုန်သော+ပူလာ-အထုပ် (အပြွတ်အခိုင်) တို့တည်း၊ ပဋ္ဌပူလီ-ငါးထုပ် (ငါးခိုင်)၊ "ပဋ္ဌ+ပူလ" တည်, ထုံးစံအတိုင်း ဝါကျပြီးစေ, ဝိဂ္ဂိုဟ်နက်ပေး၊ သမာသ်စပ်၍ ကမ္မဓာရဲမှည့်, သမာသ်မှည့်, ဝိဘတ်ချေ၊ ပကတိပြု, ဒိဂုမှည့်, တပ္ပုရိသ်မှည့်, (ပဋ္ဌပူလ)၊ နဒါဒိတောဝါ ဤ သုတ်ဖြင့် ဤပစ္စည်း သက် (ပဋ္ဌပူလီ)၊ ဒိဂုဿေကတ္တံသုတ်ဖြင့် ကေတ်သာ စီရင်၊ [နပုလ္လိင် မငဲ့ရ, ဣတ္ထိလိင်ဖြစ်သည်၊] နာမ်ငဲ့ သိသက် ချေ၊ ဣတ္ထီ ဣတ္ထိံ စသည်ကဲ့သို့ ကေဝုစ် ဣတ္ထိလိင်ရုပ်ချည်းစဉ်၊ မုဒ္ဒဗောဓ၌ "တြိလောကီ-၃ လောက"ဟု အလားတူရုပ်ကို ပြ၍ (၃၆၉ သုတ်ဖြင့်) "ဤပ်" (ပ အနုဗန်ရှိသော ဤပစ္စည်း) သက်၏၊ ဋီကာ၌လည်း "သမာဟာရဒိဂွန်-တို့၏၊ ဝတ္တိတွေ - နပုလ္လိင်အဖြစ်သည်၊ (သတိဝိ-သော်လည်း)၊ ဤပဿ-

**အမာဒယော ပရပဒေဘိ**

၃၂၇။ အမာဒယော-အံ အစရှိကုန်သော၊ တေ-ထို ဝိဘတ် အပေါင်းတို့ကို၊ ပရပဒေဘိ-နောက်ပုဒ် ဖြစ်ကုန်သော နာမေဟိ-နာမ်တို့နှင့်၊ ယဒါ-အကြင် အခါ၌၊ သမဿန္တေ - သမာသ် စပ်အပ်ကုန်၏၊ တဒါ-ထိုအခါ၌၊ သော သမာသော-သည်၊ တပ္ပုရိသသညော-တပ္ပုရိသ် အမည်ရှိသည်၊ ဟောတိ၊ ဘူမိံ-မြေသို့၊ ဂတော-သွားသူတည်း၊ ဘူမိဂတော-မြေသို့ သွားသူ၊ သဗ္ဗရတ္တိံ-အလုံးစုံ ညဉ့်ပတ်လုံး၊ (ဝါ-ညဉ့် ၃ ယာမ် ပတ်လုံး)၊ သောဘနော - တင့်တယ်သူတည်း၊ သဗ္ဗရတ္တိသောဘနော - သူ၊

---

ဤပ်ပစ္စည်းကို၊ ဝိဓာနာ-စီရင်ခြင်းကြောင့်၊ နိစ္စတိ တွံ-နိစ္စဇုတ္တိလိင် အဖြစ်ကို၊ သူစိတံ-ပြအပ်၏''ဟု မိန့်သည်၊ ထို့နောက် အပဉ္စပူလီကို ကမ္မဓာရယမိဿကတပ္ပုရိသ် ရှပ်တွက်ပါ။ [ပူလပုဒ်ကို သက္ကတ အဘိဓာန်၌ မတွေ့ရသဖြင့် ''ပဉ္စ+ပူလာ''ဟု ပုလ္လိင် အနေ မှန်း၍ ဝိဂ္ဂြိုဟ်ပြုလိုက်သည်၊ ကာတန္တ၌ကား ''ပဉ္စန္နံ+ပူလာနံ+သမာဟာရော, ပဉ္စပူလီ''ဟု ဝိဂ္ဂြိုဟ်ပြုသည်၊] သတ္တဂေါဒါဝရံကို ရှေ့သုတ်၌ ပြခဲ့ပြီ၊ ထို့နောက်မှ ''န+သတ္တဂေါဒါဝရံ,အသတ္တဂေါဒါဝရံ'' ဟု ပြု။

**တပ္ပုရိသ ၊ပေ၊ အတ္တံ နယ တပ္ပုရိသေ**''ကမ္မဓာရဲဒိဂု ၂ ခု တို့ကို ဤသုတ်ဖြင့် တပ္ပုရိသ်အမည်မှည့်ရခြင်းသည် အတ္တံ နယ တပ္ပုရိသေ သုတ်၌ တပ္ပုရိသဟု ဧဝေါ ရခြင်းအကျိုးရှိ၏'' ဟု ဝုတ္တိဆရာ ဆိုထားသော်လည်း ထို အတ္တံ နယ တပ္ပုရိသေ သုတ်နှင့် ဆိုင်သော ပါဠိဟူသမျှသည် ဒိဂုမဟုတ်, ကမ္မဓာရယ တပ္ပုရိသ်ချည်းတည်း၊ ထို့ကြောင့် ကမ္မဓာရဲဒိဂုတို့ကို တပ္ပုရိသ်ဟု နာမည်မှည့်ခြင်းသည် ကမ္မဓာရဲဒိဂု မှန်လျှင် နောက်ပုဒ်အရ ပြဋ္ဌာန်းခြင်းဟူသော တပ္ပုရိသ်လက္ခဏာ ပါဝင်သည်ချည်းဟု သိစေ ရခြင်းအကျိုး ရှိ၏ဟု တနည်း ကြံသင့်၏၊ မှန်၏-ပုဗ္ဗပဒတ္ထပဓာန သမာသ် စသည်ဖြင့် သမာသ် ၄ မျိုး ခွဲနည်း၌ ဤ ကမ္မဓာရဲနှင့် ဒိဂုတို့ တပ္ပုရိသ်လက္ခဏာ ခေါင်းတပ်လျက် ဥတ္တရ ပဒတ္ထ ပဓာနသမာသ် ဟု အမည်ရကြသည်။ [ကလာပ ဝုတ္တိကား တပ္ပုရိသ အမည်ကို မှည့်ရခြင်းသည် (တပ္ပုရိသသဒ္ဒါ လိုက်ရာဖြစ်သော) ''ကဒ်ကုဿ''ကဲ့သို့သော ဗဟုဗ္ဗီဟိသမာသ်ဝယ် ကဒ် မပြုရခြင်းအကျိုးရှိ၏ဟု ဆိုသည်။]

၃၂၇။ **တေ အမာဒယော**—မြန်မာမှု၌ ''တာ အမာဒယော''ဟု ရှိ၏၊ အံ+အာဒိ ယေသံ တိ အမာဒယော၊ ယေသံ-အကြင် ဝိဘတ်အပေါင်းတို့၏၊ အံ-အံဝိဘတ် ဟူသော၊ အာဒိ အတ္တိ ဇုတိ, တေ-ထို ဝိဘတ်အပေါင်းတို့သည်၊ အမာဒယော-အမာဒိ တို့မည်၏၊ ဤသို့ ဝိဂ္ဂြိုဟ်ပြုရသော ''အမာဒယော'' ပုဒ်သည် ပုလ္လိင်သာ ရှိ၍ ''တာ'' ဟူသော ဣတ္ထိလိင်ပုဒ်နှင့် လိင် မတူနိုင်၊ ထို့ကြောင့် ''တာ'' ဟု ရှိသောမူနှင့် ''တာ ဝိဘတ္တိယော'' ဟု ဖွင့်ကြသော အဖွင့်တို့ကိုပါ စဉ်းစားကြပါကုန်၊ သီဟိုဠ်မူ၌ ''တေ+အမာဒယော'' ဟု ရှိ၏၊ ပုလ္လိင်ချည်းဖြစ်၍ ကောင်းပေသည်၊ ''ဘူဝါဒယော ဓာတဝေါ'' သုတ်၌ ''ဘူ ဣစ္စေဝ မာဒယော ယေ သဒ္ဒဂဏာ'' ဟု ဝုတ္တိဖွင့်ပုံကို နည်းမှီ၍ ''တေ (ဝိဘတ္တိဂဏာ) -ထို ဝိဘတ်အပေါင်းတို့သည်'' ဟု ပေးလိုက်သည်။

[ဝိဂ္ဂိုဟ်အတိုင်း ဖော်၍ဆို၊] အပါယံ-အပါယ်သို့၊ ဂတော-ရောက်သူတည်း၊ အပါယဂတော-သူ၊ ဣလ္လသရေနေ-ဣလ္လသရ မည်သော ပြဟ္မာသည်၊ ကတံ-ပြုလုပ်ဖန်ဆင်းအပ်သော အကျိုးတည်း၊ ဣလ္လသရကတံ-ကျိုး၊ သလ္လေန-မြားဖြင့်၊ ဝိဒ္ဓေါ-ပစ်ဖောက်အပ်သော သမင်တည်း၊ သလ္လဝိဒ္ဓေါ-သမင်၊ ကထိနဿ-ကထိန်အလှူငှာ (ကထိန်ခင်းဖို့ရာ)၊ ဒုဿံ-အဝတ်တည်း၊ ကထိနဒုဿံ-ကထိန်ဖို့၊

---

**အမာဒယောဟု ဆိုပုံ။** ။"ဘူမိ + ဂတော"၌ ဘူမိသည် အံဝိဘတ် ဆုံးသော ပုဒ်တည်း၊ ဂတော ဟူသော နောက်ပုဒ်သည် အံ ဝိဘတ်နှင့် သမာသ်စပ်သည် မဟုတ်, အံဝိဘတ် ဆုံးသော ပုဒ်နှင့်သာ သမာသ်စပ်၏၊ ထို့ကြောင့် "အမာဒယော-အံ အစ ရှိသော ဝိဘတ်တို့ကို" ဟု ဆိုသော်လည်း ဝိဘတ်ချည်း မယူပဲ ဝိဘတ်၏ တည်ရာ နာမ်ပုဒ် တပုဒ်လုံးကို အဝိနာဘာဝ (ဝိဘတ် မှန်သမျှ ပကတိလိင်နှင့် ကင်း၍ မဖြစ်နိုင်သော) နည်း, သဟာစရဏ (တကွတွဲဘက်) နည်းအားဖြင့် ရှုပသိဒ္ဓိ၌ "အမာဒိ ဝိဘတျန္တာနိ-အံ အစရှိသော ဝိဘတ် အဆုံးရှိသော နာမ်တို့ကို" ဟု ဖွင့်သည်။

သို့ဖြစ်လျှင် "အမာဒျန္တာ ပရပဒေတိ" ဟု သုတ်တည်ပါတော့လော, အဘယ့်ကြောင့် "အမာဒယော ပရပဒေတိ" ဟု တည်ရသနည်းဟု မေးဖွယ်ရှိ၏၊ အံ စသော ဝိဘတ်နှင့် သမာသ်စပ်၍ မဖြစ်, ဝိဘတ်ဆုံးသော ပုဒ်နှင့်သာ စပ်ရကြောင်းကို အများ နားလည်ပြီး ဖြစ်သောကြောင့် လည်းကောင်း "အမာဒေါ် တပ္ပုရိသား" (သာရ သ္ဘတ)၊ ဝိဘတ္တိယော ဒွိ ယောဒျာ" စသော ကလာပ်သုတ်များ၌လည်း ဝိဘတျန္တ ပုဒ်ကို မပြ-ဝိဘတ်ကိုသာ ပြသဖြင့် ထိုသုတ်များကို မှီရသောကြောင့် လည်းကောင်း "အမာဒျန္တာ" ဟု မတည်ပဲ "အမာဒယော" ဟု သုတ်တည်ရသည်၊ အာဒိဖြင့် တတိယာ စသော နောက်ဝိဘတ် ၅ သွယ်ကိုယူ။ [ဤ သုတ်သည် သမာသ်စပ်မှု တပ္ပုရိသ်မှည့်မှု ၂ မျိုးလုံးပြ၏၊ ထို့ကြောင့် "ယဒါသမသျန္တေ" ဟုလည်းကောင်း "တပ္ပုရိသသညော" ဟုလည်းကောင်း ဖွင့်သည်။]

**တပ္ပုရိသ် အမျိုးမျိုး။** ။ဥဘော တပ္ပုရိသာသုတ်၌ ပြခဲ့သော တပ္ပုရိသ်သည် ကမ္မဓာရဲ-ဒိဂုတို့နှင့် ရောသောကြောင့် မိဿကတပ္ပုရိသ် မည်၏၊ "န+ဗြာဟ္မဏော" စသည်သည် ရှေ့ပုဒ်၌ ပဌမာ ကြေသောကြောင့် ပဌမာ တပ္ပုရိသ်လည်း မည်၏၊ ဤ တပ္ပုရိသ်ကား ကမ္မဓာရယ-ဒိဂုနှင့် မရောသောကြောင့် သုဒ္ဓတပ္ပုရိသ်လည်း မည်၏၊ ရှေ့ပုဒ်၌ အံ စသော ဝိဘတ် ၆ မျိုး (တမျိုးမျိုး) ကြေသောကြောင့် အမာဒိတပ္ပုရိသ် လည်း မည်၏၊ "သုဒ္ဓတပ္ပုရိသ်-မိဿကတပ္ပုရိသ်, တနည်း-ပဌမာတပ္ပုရိသ်,အမာဒိ တပ္ပုရိသ်"ဟု ၂ မျိုးစီပြား၏-ဟူလို၊ အမာဒိတပ္ပုရိသ်လည်း ရှေ့ပုဒ်၌ ကြေသော ဝိဘတ်ကိုစွဲ၍ "ဒုတိယာတပ္ပုရိသ်၊ပေ၊သတ္တမီတပ္ပုရိသ်" ဟု ၆ မျိုးပြားသည်၊ "ဘူမိ ဂတော, သဗ္ဗရတ္တိံသောဘနော, အပါယဂတော" သည် ရှေ့ပုဒ်၌ ဒုတိယာကြေသော ဒုတိယာ တပ္ပုရိသ်တည်း၊ ဤသို့ စသည်ဖြင့် "ဣဿရ ကတံ" စသည် တို့ကိုလည်း နာမည် တပ်ပါလေ၊ ဤ အမာဒိ တပ္ပုရိသ်၏ လက္ခဏာကား "၁-ရှေ့ပုဒ်၌ ဒုတိယာစသော ဝိဘတ်တမျိုးမျိုးကြေခြင်း ၂- နောက်ပုဒ်၌ ပဌမာ ဝိဘတ်သာ ကြေခြင်း တည်း။

အဝတ်၊ ဝါ-ကထိန်လျှာ အဝတ်၊ အာဂန္တုကဿ-ဧည့်သည် အလို့ငှာ၊ ဝါ-ဧည့်သည် ကျွေးဖို့ရာ၊ ဘတ္တံ-ထမင်းတည်း၊ အာဂန္တုကဘတ္တံ- ဧည့်သည့်ဖို့ ထမင်း၊မေထုနာ-မေထုန်မှ၊ အပေတော-ကင်းသူတည်း၊ မေထုနာပေတော-သူ၊ စောရာ-ခိုးသူမှ၊ ဘယံ-ဘေးတည်း၊ စောရဘယံ-ဘေး၊ ရညော ပုတ္တော

---

**အဘိဓေယျ လိင်ဝုစ်လိုက်ပုံ**။ ။သမာသ်ပုဒ်က ဟောအပ်သော အနက်ကို "အဘိဓေယျ" ဟု ခေါ်၏၊ "မြေသို့သွားသော ယောက်ျား" ဟု ဟောအပ်သော အနက်က ပုလ္လိင် ဧကဝုစ် အနက်ဖြစ်လျှင် "ဘူမိဂတော" ဟု ပုလ္လိင် ဧကဝုစ် သဒ္ဒါ ဖြစ်၏၊ "ယောက်ျားတို့" ဟု ဗဟုဝုစ်အနက်ဖြစ်လျှင် "ဘူမိဂတာ" ဟု ဗဟုဝုစ်သဒ္ဒါ ဖြစ်၏၊ပုရိသာဒိသွင်း၍ရုပ်စဉ်၊မိန်းမတယောက်ဖြစ်လျှင်"ဘူမိဂတာ-မြေသို့သွားသော မိန်းမ" ဟု လည်းကောင်း, မိန်းမအများဖြစ်လျှင် "ဘူမိဂတာယော" ဟုလည်း ကောင်း ဖြစ်၏၊ ကညာဒိဂိုဏ်း ရုပ်စဉ်၊ အမျိုးတခု ဖြစ်လျှင် (ကုလံ) ပုဒ်၏ လိင်ဝုစ်နှင့် တူစွာ "ဘူမိဂတံ-မြေသို့သွားသော အမျိုး" ဟု လည်းကောင်း, အမျိုးများဖြစ်လျှင် "ဘူမိဂတာနိ" ဟု လည်းကောင်း ဖြစ်၏၊ စိတ္တာဒိရုပ်စဉ်၊ ဤသို့ အဘိဓေယျ၏ လိင်ဝုစ်ကို လိုက်ရခြင်းဟူသည်လည်း နောက်ပုဒ်၏ လိင်ဝုစ်သို့ လိုက်ရခြင်းနှင့် သဘော တူပင် ဖြစ်၏၊ ဥပမာ-"အာဂန္တုကဘတ္တံ" ပုံစံ၌ ဘတ္တပုဒ်သည် နပုလ္လိင်မြဲ၏၊ ထို့ ကြောင့် "အာဂန္တုကဘတ္တံ, အာဂန္တုကဘတ္တာနိ" ဟု စိတ္တာဒိဂိုဏ်းသာ ဖြစ်နိုင်၏၊ ထို့ကြောင့် "ကမ်, တပ်ထုံး, အဆုံးလိင်နှင့် တိုက်" ဟု အခြေပြု၍ ဆိုခဲ့ပြီ။

**မဇ္ဈေလောပီ တပ္ပုရိသ်**။ ။ဂုဠောဒနော-တင်လဲနှင့်+သံသဋ္ဌော-ရောနှောအပ်သော+ ဩဒနော-ထမင်းတည်း၊ ဂုဠောဒနော-တင်လဲနှင့် ရောအပ်သော ထမင်း၊ "ဂုဠ+ သံသဋ္ဌ+ဩဒန" တည်, နာ+သိ ၂ လုံးသက်၍"ဂုဠေန+သံသဋ္ဌော+ဩဒနော" ဟု ဝါကျဖြစ်၏၊ (ဝိဂ္ဂိုဟ်နက်ပေး၊) ဇုတိအတ္ထေ-၌၊ သမာသ်စပ်၍ တပ္ပုရိသ်မှည့်, သမာသ်မှည့်, ဝိဘတ်ချေ၊ တေသံ ဝိဘတ္တိယော လောပါစ သုတ်၌ စ သဒ္ဒါဖြင့် (တနည်း-ဝုတ္တတ္ထာနမပ္ပယောဂေါ ဟူသော ပရိဘာသာဖြင့်) သံသဋ္ဌဟူသော အလယ် ပုဒ်ကိုချေ "ဂုဠ+ဩဒန" ဟု ပကတိပြု၊ နာမ်ငဲ့ စသည်, ဂုဠောဒနော ပြီး၏၊ မဇ္ဈေန+ သမ္ပယုတ္တံ+ စိတ္တံ, မဂ္ဂစိတ္တံ- (သံမ္ပယုတ္တ အလယ်ပုဒ်ကြေ)၊ အဿေန+ ယုတ္တော+ ရထော အဿရထော-မြင်းနှင့် ကပ်ယှဉ်အပ်သော ရထား (မြင်းရထား)၊ ယုတ္တ ကြေ၊ ဇမ္ဗုယာ+သညာတော (မှတ်အပ်သော) +ဒီပေါ, ဇမ္ဗုဒီပေါ-သညာတကြေ၊ ဤသို့ စသည်ဖြင့် မဇ္ဈေလောပီတပ္ပုရိသ် ရှိသေးသည်။

**မဇ္ဈေလောပီ၏ သဘော**။ ။"ဂုဠောဒနော" ၌ "ဂုဠ- တင်လဲ+ ဩဒန- ထမင်း" ဟု အနက် ထွက်၏၊ ထို့ကြောင့် ထို အနက် ၂ ခုအတိုင်းသာ ဆိုလျှင် တင်လဲလည်းတခြား ထမင်းလည်း တခြားဖြစ်၍ ယုတ္တတ္ထ မဖြစ်နိုင်၊ ယုတ္တတ္ထ မဟုတ်၍ အချင်းချင်း ငဲ့စပ်မှု မရှိလျှင် သမာသ်လည်း မဖြစ်နိုင်၊ ဂုဠနှင့် ဩဒနအကြား၌ လုတ္တ နိဒ္ဒိဋ္ဌ (ကြေနေသော ပုဒ်အဖြစ်ဖြင့် ညွှန်ပြအပ်သော) ဂမျမာန (တိုက်ရိုက်မဆိုအပ်ပဲ

ရာဇပုတ္တော-မင်းသား၊ သံသာရေ-သံသရာ၌၊ ဒုက္ခံ-ဆင်းရဲတည်း၊ သံသာရဒုက္ခံ-သံသရာဆင်းရဲ။ (၃၅၁)။

---

သိလောက်သော "သံသဋ္ဌ" ဟူသော ကြိယာတပုဒ်ရှိ၏၊ ထို ပုဒ်က ဂုဠနှင့် ဩဒနကို ယုတ္တတ္ထဖြစ်အောင် "တင်လဲနှင့် (ရောစပ်အပ်သော) ထမင်း" ဟု ဆက်သွယ်ပေးသည်၊ ဤသို့လျှင် ရှေ့ပုဒ် နောက်ပုဒ်တို့ ယုတ္တတ္ထ မဖြစ်ကြ၍ ဆက်သွယ် ပေးရမည့် ပုဒ်တမျိုး ပါမှ ယုတ္တတ္ထဖြစ်သော ပုဒ်များ၌ "မဇ္ဈေလောပီ" သမာသ် ပြုကြရသည်။

**သာကပတ္ထိဝဂိုဏ်း**။ ။သာကော ပိယော ယဿာတိ သာကပ္ပိယော၊ ယဿ-အကြင်သူ၏၊ ပိယော-နှစ်သက်အပ်သော၊ သာကော (သတ္တိ) အစွမ်းသည်၊ အတ္ထိ-ရှိ၏၊ ဣတိ သာကပ္ပိယော-ပထဝိယာ-မြေကို။ ဣဿရော-အစိုးရမင်းသည်၊ ပတ္ထိဝေါ-မည်၏၊ ["ရာဇာ ဘူပတိ ဘူပါလော, ပတ္ထိဝေါစ နရာဓိပေါ" အဘိဓာန်၊] သာကပ္ပိယော+ပတ္ထိဝေါ, သာကပတ္ထိဝေါ-နှစ်သက်အပ်သော အစွမ်းသတ္တိရှိသောမင်း၊ ဝါ-အစွမ်းသတ္တိကို အားကိုးသောမင်း၊ ဤ သာကပတ္ထိဝ ပုဒ်၌ "သာကပ္ပိယပတ္ထိဝ" ဟု ဖြစ်သင့်လျက် "ပိယ" ဟူသော အလယ်ပုဒ် ကြေသောကြောင့် (ဗဟုဗ္ဗီဟိ အတွင်း ဝင်သော) မဇ္ဈေလောပီ ကမ္မဓာရဲဘည်း၊ တနည်း-"သာကပ္ပိယ" ဟူသော ရှေ့ပုဒ် ဝယ် "ပိယ" ဟူသော နောက်ပုဒ်ကို ချေထားသောကြောင့် ဥတ္တရပဒလောပီ ကမ္မဓာရဲဘည်း၊ ဤသို့ မဇ္ဈလောပ-ဥတ္တရလောပ ၂ နည်း ရနိုင်သောကြောင့် "ဂိဇ္ဈသဒိ-သော ကူဋ္ဌောဘိ ဂိဇ္ဈကူဋ္ဌောတိဝါ မဇ္ဈေပဒလောပီ သမာသော, ယထာ-သာကပတ္ထဝေါတိ" ဟု သာရတ္ထဋီကာ၌ ၎င်း၊.... "တိဏာဘက္ခောသီဟောတိ တိဏာသီဟော ဥတ္တရပဒလောပေန, ယထာ-သာကပတ္ထိဝေါတိ" ဟု သံယုတ်ဋီကာ၌လည်းကောင်း မိန့်ကြသည်။

မှတ်ချက်။ ။"သာကပ္ပဓာနော ပတ္ထိဝေါ သာကပတ္ထိဝေါ-အစွမ်းသတ္တိ ပဓာန ရှိသောမင်း" ဟု ပဓာနပုဒ် ကြေရာ၌လည်းကောင်း, "သာကဘက္ခော ပတ္ထိဝေါ သာကပတ္ထိဝေါ-ဟင်းရွက်ကို စားသောမင်း = ဟင်းရွက်ကြိုက်သော မင်း" ဟု ဘက္ခပုဒ် ကြေရာ၌ လည်းကောင်း ဤနည်းပင်၊ နောက်နည်း၌ သာကသဒ္ဒါ ဟင်းရွက်ဟော တည်း၊ "ပတ္တဝေါ" ဟုလည်း ရှိ၏၊ "ပုထုနော အပစ္စံ" ဟုလည်း ဝိဂ္ဂြိုဟ်ပြုကြသည်၊ သက္ကတ၌ "ပြိထာ" ပါဠိလို "ပတ္ထာ" ဟု ခေါ်သော ကုန္တီနယ်စား မင်းသမီးရှိ၏၊ ထို မင်းသမီး၏ သားဖြစ်သော "ယုဓိဋ္ဌိ" စသောမင်းကို ဆိုလိုလျှင် "ပတ္ထာယ အပစ္စံ ပတ္ထဝေါ" ဟု ဝိဂ္ဂြိုဟ်ပြုသင့်၏၊ မည်သို့ပင် ရှိစေ, ထိုသာကပတ္ထိဝ (ပတ္ထဝ) နှင့် မဇ္ဈေလောပ ဥတ္တရလောပချင်း တူသော "ဂုဠောဒနော, အဿရထော" စသော သဒ္ဒါများကို သာကပတ္ထိဝ (သာကပတ္ထဝ) ဂိုဏ်းဟု မှတ်။

**ကထိနဿ ဒုဿံ**—ကထိနဿ၌ သဝိဘတ်သည် တဒတ္ထသမ္ပဒါန် အနက်၌သက်၏၊ ထို့ကြောင့် "ကထိနစီဝရတ္ထာယ" ဟု ရူပသိဒ္ဓိဖွင့်သည်၊ "ကထိနဿ-ကထိန်သက်န်း အလို့ငှာ" ဟု ပေးပါ-ဟူလို၊ "အလို့ငှာ" ဟု ဆိုခြင်းနှင့် "အကျိုးငှာ" ဟု ဆိုခြင်း

အညပဒတ္ထေသု ဗဟုဗ္ဗီဟိ

၃၂၀။ အညေသံ-သမာသ်ပုဒ်မှ တပါးကုန်သော၊ ပဒါနံ-ပုဒ်တို့၏၊ အတ္ထေသု-အနက်တို့၌၊ ဒွေ့နာမာနိ-၂ ပုဒ်ကုန်သော နာမ်တို့ကိုလည်းကောင်း၊ ဗဟူနိ နာမာနိ-များစွာကုန်သော နာမ်တို့ကိုလည်းကောင်း၊ ယဒါ သမသျန္တေ၊ တဒါ, သောသမာသော ဗဟုဗ္ဗီဟိ သညော-ဗဟုဗ္ဗီဟိ အမည်ရှိသည်၊ ဟောတိ၊ ယံ သံဃာရာမံ-အကြင် သံဃာ့အာရာမ်သို့၊ သမဏာ-ရဟန်းတို့သည်၊ အာဂတာ-လာရောက်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ သော-ယံ (သော+အယံ) သံဃာရာမော-ထိုသို့သော ဤသံဃာ့

---

သည် အဓိပ္ပာယ်တူပင်တည်း၊ အချုပ်မှာ "ကထိနဒုဿံ -ကထိန်သင်္ကန်းဖို့ အဝတ်, ကထိန်သင်္ကန်းချုပ်ဖို့ အဝတ်"ဟု ဆိုလိုသည်၊ အချို့ကား "ကထိနဿ-ကထိန် အလို့ငှာ၊ အာဘတံ-ဆောင်ယူအပ်သော၊ တနည်း, ပဋိယတ္တံ-စီရင်အပ်သော၊ ဒုဿံ-တည်း"ဟု အာဘတံ, ပဋိယတ္တံပုဒ်တို့ကို ထည့်၍ အနက်ပေးကြ၏၊ ယိုအနက်မှာ အဓိပ္ပာယ် ပေါ်လွင်ရုံ ထည့်ပေးရသော အဓိပ္ပာယ်နက်သာတည်း, သဒ္ဒါနက် မဟုတ်၊ ထို့ကြောင့် သဒ္ဒနီတိ၌ "ကထိနစီဝရတ္ထာယ ပဋိယတ္တံ အာဘတံ ဝါ ဒုဿန္တိ အဓိပ္ပာယော"ဟု အဓိပ္ပါယသဒ္ဒါနှင့်တကွ ဖွင့်ပြလေသည်၊ အာဂန္တုကဘတ္တံ၌လည်း နည်းတူ။ [ဤ အမာဒိတပ္ပုရိသ်အကျယ်ကို ရူပသိဒ္ဓိနှင့် ဘာသာဋီကာမှာ ရှုပါလေဦး။]

၃၂၀။ **အညေသံ၊ ပေ၊ သမသျန္တေ**—"အညေသံ ပဒါနံ အတ္ထေသု သမသျန္တေ-သမာသ်ပုဒ်မှ အခြားပုဒ်တို့၏ အနက်တို့၌ သမာသ်စပ်အပ်ကုန်၏"ဟူသော စကားအရ "အာဂတာ+သမဏာ (ဣမံ သံဃာရာမံ) တိ အာဂတသမဏော"ဟူသော သမာသ်၌ "သမာသ်ပုဒ်မှတပါး တခြားပုဒ်"ဟူသည် "သံဃာရာမံ"ဟူသော ပုဒ်တည်း၊ ရှေ့ဦးအံ့—"အာဂတသမဏော-လာရောက်သော ရဟန်းရှိသော သံဃာ့အာရာမ်"ဟူရာ၌ သူ့အနက်အားလျော်စွာ "အာဂတသမဏသံဃာရာမော"ဟု သမာသ်ဖြစ်သင့်လျက်"သံဃာရာမ"သဒ္ဒါသည် သမာသ်တွင်း၌ မပါဝင်သောကြောင့် အညပဒ ဖြစ်ရလေသည်။ [အည-သမာသ်ပုဒ်မှတပါးသော, သမာသ်ပုဒ်တွင် မပါဝင်သော+ပဒ-ပုဒ်။]

**အညပုဒ်အနက်၌ သမာသ်ဖြစ်ရပုံ။** ။အာဂတာနှင့် သမဏာတို့သည် သမာသ် စပ်ကြသော်လည်း "လာရောက်ကုန်သော+ရဟန်းတို့" ဟူသော မိမိတို့ အနက်ကို ပဓာနအားဖြင့် မဟောနိုင်ကြ, မိမိတို့အနက်၌ သမာသ်မစပ်ကြ၊ သံဃာရာမဟူသော အညပုဒ်၏ အနက်၌သာ သမာသ်စပ်ကြရသည်၊ ထို့ကြောင့် "အာဂတ သမဏော-လာရောက်သော ရဟန်း"ဟု အနက် မထွက်ပဲ "လာရောက်သော ရဟန်းရှိသော သံဃာ့အာရာမ်"ဟု အနက်ထွက်လာသည်၊ ဤသို့ အညပဒ၏ အနက်၌ သမာသ် စပ်ရသောကြောင့် "အညေသံ ပဒါနံ အတ္ထေသု သမသျန္တေ"ဟု မိန့်သည်၊ ဤ **စကားအရ** အညပဒ (အညပုဒ်) ဟူသည် ယခုကာလမှ မှတ်ထင်ကြသော

အာရာမ်သည်၊ အာဂတ သမဏော-အာဂတ သမဏောမည်၏၊ယေန သမဏေန-အကြင် ရဟန်းသည်၊ ဣန္ဒြိယာနိ-တို့ကို၊ ဇိတာနိ-အောင်အပ်ကုန်ပြီ၊ ဣတိ, သောယံ သမဏော-ထိုသို့သော ဤရဟန်းသည်၊ ဇိတိန္ဒြိယော-မည်၏၊ ယဿ

---

“ယ-တ-ဧတ-ဣမ”ဟူသော သဗ္ဗနာမ် ၄ ပုဒ်ကို ဆိုလိုရင်း မဟုတ်, သံဃာရာမံ, (ဇိတိန္ဒြိယော စသည်တို့အတွက်) သမဏေန, ရညော, ဂါမာ, ပုရိသဿ,ဇနပဒေ ကဲ့သို့သော ဝိဘတ်ဆုံးသော နာမ်ပုဒ်များတည်း၊ ဝါသဒ္ဒါ၏ အနက်၌ စပ်ရသော သမာသ်၌ကား ဝါသဒ္ဒါသည်ပင် အညပုဒ်တည်း၊ ဣမံ, အနေန, ယေန စသည်ဖြင့် ဝိဂြိုဟ်တွင်း၌ ပါဝင်သော သဗ္ဗနာမ်ပုဒ်များကိုကား “သံဃာရာမံ”စသော ပဓာန ပုဒ်များ၏ ဝိသေသနဖြစ်သောကြောင့် အပဓာနအားဖြင့်“အညပုဒ်”ဟု ခေါ်လိုလျှင် ခေါ်လေဦးတော့၊ အစစ်အမှန်မှာ—သံဃာရာမံ စသည်ကိုသာ အညပုဒ်ဟု မှတ်။ [ဧတ္ထစ အာဂတသဒ္ဒေါ သမဏသဒ္ဒေါစ အတ္တနော အတ္ထေ အဋ္ဌတွာ ဒုတိယာ-ဝိဘတျတ္ထဘူတေ သံဃာရာမသင်္ခါတေ အညပဒတ္ထေ ဝတ္တန္တိ။] အနက် အဓိပ္ပာယ်ကို ရူပသာဋီကာမှာ ရှု။

ဗာသာဝတာရဋီကာ။ ။ဗဟုဗ္ဗိဟိသဒ္ဒေန အနေကဓညာဒိယုတ္တော မဟာ ဘာဂေါ ပုရိသော ဝုစ္စတိ၊တထာဒိ ပုရိသဝါစကော အထဝါ ပါဏိဝါစကော သဒ္ဒေါ တဒ္ဓ နုပိဇ္ဇတိ၊ပေ၊ အသ္မိံ သမာသေ ဗဟုသဒ္ဒဝီဟိသဒ္ဒါနံ သမဝါယော ဒိဿတိ၊ နော ပါဏိဝါစကဿ ယဿ ကဿစိ သဒ္ဒဿ သင်္ဂမော၊ အညဿ သဒ္ဒဿ အဇ္ဈေ သမာသော ဇာတော၊ တသ္မာ ဗဟဝေါ ဝီဟယော ယဿ သန္တိ, သော တိဿောဝါ ဖေဿာတု ဖုဿော ဝါ ခတ္တိယော ဝါ ဗြာဟ္မဏော ဝါ သုဒ္ဒေါ ဝါ ဗဟုဗ္ဗိဟိ နာမ ဇာတော။ [ဗဟုဗ္ဗိဟိသဒ္ဒါသည် များသော ကောက်စပါးရှိသူ ယောကျ်ားဟူသော အနက်ကို ဟော၏၊ သို့သော်“ဗဟုဗ္ဗိဟိ”ဟူသော သမာသ်ပုဒ်၌ ပုရိသသဒ္ဒါလည်း မပါ, သတ္တဝါ သာမန်ကိုဟောသော ပါဏိသဒ္ဒါလည်း မပါ၊ ဗဟုနှင့် ဝီဟိကိုသာ တွေ့ရ၏၊ “ဗဟုဗ္ဗိဟိ ပုရိသော, (တနည်း) ဗဟုဗ္ဗိဟိပါဏိ”ဟု မတွေ့ရချေ၊ သမာသ်ပုဒ်မှ အခြားဖြစ်သော ပုရိသ-ပါဏိ စသည်၏ အနက်၌ သမာသ်စပ်ထားခြင်းဖြစ်သောကြောင့် အကြင် သူ့မှာ များသော ကောက်စပါးရှိ၏၊ ထိုသူသည် တိဿမည်သူဖြစ်စေ, ဖုဿမည်သူ ဖြစ်စေ, မင်းဖြစ်စေ, ပုဏ္ဏားဖြစ်စေ, သုဒ္ဒလူမျိုး ဖြစ်စေ, ဝေဿလူမျိုးဖြစ်စေ ဗဟုဗ္ဗိဟိ အမည် ရနိုင်သည်။]

ဤဋီကာ၌ တိဿမည်သူကို ဗဟုဗ္ဗိဟိဟု ခေါ်လိုလျှင်“တိဿသ”ပုဒ်သည် အည ပုဒ်မည်၏၊ ဖုဿကို ဗဟုဗ္ဗိဟိဟု ခေါ်လိုလျှင် “ဖုဿဿ”ပုဒ်သည် အညပုဒ်မည်၏၊ ဤသို့ စသည်ဖြင့် သိလေ၊ အချုပ်မှာ—အခြားသမာသ်များ၌ ထိုထိုအနက်ကို ဟော လိုရင်းဖြစ်သော ပဓာနပုဒ်သည် သမာသ်ပုဒ်တွင် ပါဝင်လျက်ရှိ၏၊ ဥပမာ—မြို့အနီးကို ဟောလိုရာ၌ “ဥပနဂရံ”ဟု ဥပပုဒ်သည် ပါဝင်၏၊ ယောကျ်ားမြတ်ကို ဟောလိုရာ၌ “မဟာပုရိသော”ဟု ပုရိသောပုဒ် ပါဝင်၏၊ဤဗဟုဗ္ဗိဟိ၌ကား ဟောလိုရင်းဖြစ်သော ပဓာနပုဒ်သည် သမာသ်ပုဒ်တွင်း၌ မပါ၊ ထိုသို့ သမာသ်ပုဒ်တွင်း၌ ပါဝင်သင့်လျက်

ရုဠော-အကြြင်မင်းအား၊ သုကော-အခွန်ကို၊ ဒိန္နော-ပေးအပ်ပြီ၊ ဉာတိ, သောယံ ရာဇာ-ထိုသို့သော ဤမင်းသည်၊ ဒိန္နသုကော-မည်၏၊ ယသ္မာ ဂါမာ-အကြြင် ရွာမှ၊ ဇနာ-လူတို့သည်၊နိဂ္ဂတာ-ထွက်ကုန်ပြီ၊ (ဉာတ်)သောယံ ဂါမော-

---

မပါသော "သံဃာရာမံ"စသော ပဓာနပုဒ်များကို အညပဒ ခေါ်ရသည်ဟု ဆိုလို သည်၊ ဝိဂ္ဂြိုဟ်တွင်း၌ "သံဃာရာမံ"မပါဲ "အာဂတာ သမဏာ ယံတိ"ဟု ဝိဂ္ဂြိုဟ် ပြုလျှင်လည်း ယံ၏ ဖွဲ့နက်ပြသော ဝိသေသျပုဒ်မှာ "သံဃာရာမံ"သာတည်း၊ ထို့ကြောင့် ယံသည် အစစ်အမှန် အညပုဒ်မဟုတ်, သံဃာရာမံသာ အစစ် အမှန် အညပုဒ်တည်း။

[ဆောင်] ယ တေ·တိမ, ဤလေးဝကို, အညပုဒ်ဟု, ခေါ်လေ့ပြုလည်း, အနု စိတ်ကာ, မိပ္ပာယ်ရှာမူ, သံဃာရာမ, စသည်ပြလျက်, ပဓာနထုတ်, ထိုသည့်ပုဒ်သာ, အညပုဒ်ခေါ်, သင့်လျော်သည်, ချင့်မြော် သူတို့ မှတ်ဖွယ်ကို့။ [ယတေတိမ=ယ+တ+ဧတ+ဣမ။]

ဒွေ နာမာနိ ဗဟု နာမာနိ—ဤ ဗဟုဗ္ဗီဟိသမာသ်၌ "အာဂတာ+သမဏာ" ကဲ့သို့ နာမ် ၂ ပုဒ်ကိုလည်း စပ်နိုင်၏၊ "မတ္တာ+ဗဟဝေါ+မာတင်္ဂါ အသ္မိံတိ မတ္တ ဗဟုမာတင်္ဂံ=အမုန်ယစ်ကုန်သော များကုန်သော ဆင်တို့ရှိရာတော "ဤသို့ ၃ ပုဒ် ဖြစ်၍ များသော နာမ်ပုဒ်တို့ကိုလည်း စပ်နိုင်၏၊ ("ဗဟု"နေရာ၌ "ဗဟူနိ"ဟု အခြားကျမ်းများဝယ် ရှိ၏၊) ဗဟုဗ္ဗီဟိ မည်ခြင်း၏ အကြောင်းကိုလည်းကောင်း တဂ္ဂုဏသံဝိညာဏ အတဂ္ဂုဏသံဝိညာဏ အခွဲကိုလည်းကောင်း ရူပသိဒ္ဓိ၌ ဟိုက်မှိုက် ပြထားပြီ၊ ဤသမာသ်ကို အညပုဒ် အနက်သာ ပဓာနရသောကြောင့် "အညတ္ထ သမာသ်"-"အညပဒတ္ထသမာသ်"ဟု နာမည်တပ်ကြသေး၏။

အညပုဒ်၏ လိင်ဝုစ်လိုက်ပုံ။ ။"အာဂတာ+သမဏာ ဣမံ သံဃာရာမံ တိ အာဂတ သမဏော" သံဃာရာမသဒ္ဒါသည် ပုလ္လိင်ရှိသော သဒ္ဒါတည်း၊ "သံဃာ ရာမံ"ဟု ဆိုထားသောကြောင့် "ဧကဝုစ်လည်း ရှိ၏၊ ဤသို့ သံဃာရာမံဟူသော အညပုဒ်၏ လိင်ဝုစ်ကို လိုက်၍ "အာဂတ သမဏော"ဟု ပုလ္လိင်ဧကဝုစ်ထားရသည်၊ "အာဂတာ+သမဏာ"ဟု သမာသ်ပုဒ်က ဗဟုဝုစ်ရှိသော်လည်း ထိုသမာသ်ပုဒ်၏ ဝုစ်ကို မလိုက်ရ၊ "ဇိတာနိ ဣန္ဒြိယာနိ ယေန သမဏေန"၌လည်း သမဏဟူသော အညပုဒ်၏ ပုလ္လိင် ဧကဝုစ်ကိုလိုက်၍ "ဇိတိန္ဒြိယော"ဟု ထားရသည်၊ "ဇိတာနိ+ ဣန္ဒြိယာနိ"ဟူသော သမာသ်ပုဒ်က နပုလ္လိင် ဗဟုဝုစ်ရှိသော်လည်း ထို သမာသ်ပုဒ်၏ လိင်ဝုစ်ကို မလိုက်ရ၊ အကယ်၍ "ဇိတာနိ ဣန္ဒြိယာနိ (ယာယ ဘိက္ခုနိယာတိ)"ဟု အညပုဒ်က ဘိက္ခုနီဟု ဖြစ်လျှင် "ဇိတိန္ဒြိယာ"ဟု ဣတ္ထိလိင် ဧကဝုစ် ထားရမည်၊ ဤသို့ စသည်ဖြင့် အညပုဒ်၏ လိင်ဝုစ်လိုက်ပုံကို သိပါ။

[နိယာမ်] အညပဒတ္ထ, သမာသမှာ, လိင်သင်္ချာကို, မြဲစွာမယုတ်, အညပုဒ်၏, လိင်ဝုစ်ယူလတ်, တူမြဲမှတ်။

ထိုသို့သော ဤရွာသည်၊ နိဂ္ဂတဇနေ့ာ-မည်၏၊ ယဿ ပုရိသဿ-အကြင် ယောကျ်ား၏၊ ဟတ္ထော-လက်သည်၊ ဆိန္နော-ပြတ်ပြီ၊ (ဣတိ) သောယံ ပုရိသော-ထိုသို့သော ဤယောကျ်ားသည်၊ဆိန္နဟတ္ထော-မည်၏၊ ယသ္မိံ ဇနပဒေ-အကြင် ဇနပုဒ်၌၊ သဿာနိ-ကောက်တို့သည်၊ သမ္ပန္နာနိ-ပြည့်စုံကုန်၏၊ (ဣတိ) သောယံ ဇနပဒေါ-ထိုသို့သော ဤဇနပုဒ်သည်၊ သမ္ပန္နသဿော-သမ္ပန္နသဿ မည်၏။

---

မှတ်ချက်။ ။''ဗဟုဗ္ဗီဟိ စာယံ အဘိဓေယျလိင်္ဂ ဝစနော=အဘိဓေယျပုဒ်၏ လိင်ဝုစ်နှင့်တူသော လိင်ဝုစ်ရှိ၏၊ ဝါ-အဘိဓေယျပုဒ်၏ လိင်ဝုစ်သို့ လိုက်၏''ဟူသော ရူပသိဒ္ဓိ၌ အဘိဓေယျဟူသည်လည်း အာဂတသမဏော၏ ဟောနက်ဖြစ်သော ''သံဃာ့အာရာမ်'' အနက်တည်း၊ ထို သံဃာ့အာရာမ်ဟူသော အနက်သည် သဒ္ဒါ ဆရာတို့ သတ်မှတ်အပ်သော ပုလ္လိင်ရှိ၏၊ အာရာမ်တခုကိုသာ ပြသော အရာဌာန ဖြစ်၍ ဧကဝုစ်လည်းရှိ၏၊ထိုအဘိဓေယျ လိင်ဝုစ်တို့ကို လိုက်၍''အာဂတ သမဏော'' ဟု ပုလ္လိင် ဧကဝုစ် ထားရသည်၊ ဤသို့ စသည်ဖြင့် အညပုဒ်၏ လိင်ဝုစ်လိုက်ပုံနှင့် သဘောတူပင်ဟု မှတ်၊ ဆက်ဦးအံ့—ယ, တ, ဧတ, ဣမဟူသော သဗ္ဗနာမ်တို့ကိုသာ အညပုဒ်ဟု ယူလျှင် ထို သဗ္ဗနာမ်တို့သည် လိင်သုံးပါးလုံးနှင့် ဆက်ဆံနေကြသော ကြောင့် အညပုဒ်၏ လိင်ကို အတိကျယူဖို့ မဖြစ်နိုင်၊ ထို့ကြောင့် ဤ သမာသ်အရာ၌ အညပုဒ်နှင့် အဘိဓေယျပုဒ်ကို သဘောတူဟုသာ မှတ်။

အာဂတာ ၊ပေ၊ သံဃာရာမော—''ယံ သံဃာရာမံ''ဟု အညပုဒ်၌ ဒုတိယာ ဝိဘတ်ဆုံးသောကြောင့် ဒုတိယာ ဗဟုဗ္ဗီဟိသမာသ်မည်၏၊ ဤသို့ အညပုဒ်၌ဆုံးသော ဝိဘတ်ကို အကြောင်းပြု၍ တတိယာ ဗဟုဗ္ဗီဟိ-စတုတ္ထီ-ပဉ္စမီ-ဆဋ္ဌီ-သတ္တမီ ဗဟုဗ္ဗီဟိဟု ကွဲပြားသည်၊ ထို ဗဟုဗ္ဗီဟိတို့ကို ''ဇိတာနိ ဣန္ဒြိယာနိ ယေန''စသည်ဖြင့် အစဉ် အတိုင်းပြ၍ ပဌမာဗဟုဗ္ဗီဟိကိုလည်း နောက်၌ ပြလတ္တံ့၊ ''အာဂတာ သမဏာ ဣမံ သံဃာရာမံ သော ယံ အာဂတ သမဏော သံဃာရာမော''ဟု မြန်မာမှု၌ တွေ့ရ၏၊ ''ဣမံ''ဟု အနီးကို ညွှန်ပြသော ဣမသဒ္ဒါဖြင့် ရှေးဦးစွာ သုံးစွဲပြီးနောက် ''သော+ အယံ''၌ ''သော''ဟု အဝေးကို ညွှန်ပြသော ဣမသဒ္ဒါဖြင့် သုံးစွဲခြင်းသည် သဒ္ဒါ ထုံးစံ မကျ၊ ထို့ကြောင့် ''အာဂတာ သမဏာ ယံ''ဟု သီဟိုဠ်မူအတိုင်း အနိယမဝါစက ယသဒ္ဒါဖြင့် ညွှန်ပြပြီးနောက် ''သော့ယံ''ဟု တ သဒ္ဒါဖြင့် ထပ်၍ ပြခြင်းသာ ထုံးစံကျ၏၊ သို့မဟုတ်ပဲ ''အာဂတာ သမဏာ ဣမံတိ အယံ အာဂတ သမဏော'' ဟု ဣမချည်း ဆက်၍ ဖြစ်စေ, အယံ မပါပဲပင်ဖြစ်စေ ပြလျှင်လည်း ထုံးစံကျသေး၏၊ နောက်၌လည်း သီဟိုဠ်မူအတိုင်း''ယေန-ယဿ''စသည်ဖြင့် အနက်ပေးထားသည်။

ခွဲနက် ၂ ထပ် စဉ်းစားဖွယ်။ ။''ယံ သံဃာရာမံ''ဟု သံဃာရာမံကို တိုက် ရိုက် ပြထားခြင်းသည် စဉ်းစားဖွယ် ရှိ၏၊ ဘာ့ကြောင့်နည်း....အာဂတ သမဏော၏ နောက်၌ ''သံဃာရာမော''ဟု အဘိဓေယျကို တိုက်ရိုက်ပြထားလျှင် ရှေ့၌ ''သံဃာ ရာမံ''ဟု အပိုထည့်ဖွယ် မလိုသောကြောင့်လည်းကောင်း, အခြားဝိဂ္ဂြိုဟ်များ၌

ဤကဲ့သို့ အဘိဓေယျကို ၂ ထပ် ပြလေ့မရှိ၊ "သမ္ဗဓမ္မေ ဗုဒ္ဓါတီတိ ဗုဒ္ဓေါ-ဇိနော" စသည်ဖြင့် တထပ်သာ ပြလေ့ရှိသောကြောင့်လည်းကောင်း, ဗာလာဝတာရ၌ "အာဂတာ သမဏာ ယံ, သော အာဂတ သမဏော-ဝိဟာရော" ဟု အဘိဓေယျ တခုသာ ပြထားသောကြောင့်လည်းကောင်း ကလာပ် ဤသုတ်၌ "အာရုဠှာ ဝါနရာ ယံ, သော အာရုဠှ ဝါနရော ရုက္ခော" ဟု နောက်ဆုံးမှ အဘိဓေယျ တခုသာ ပြသောကြောင့်လည်းကောင်းတည်း၊ ထို့ကြောင့် ဗုမံ သံဃာရာမံ၌ သံဃာရာမံသည် နိဿယတို့ ထည့်စွက်၍ စွဲရာမှ ကူးယူ ထည့်မှားသော ပါဌ်ပိုဖြစ်မည် ထင်သည်၊ ဝိဂ္ဂဟ်တွင်း၌ စွဲနက်ကို တိုက်ရိုက် ပြထားသော အရာလည်း အဋ္ဌကထာ ဋီကာဘ်ု၌ တွေ့ရပါ၏၊ ထိုသို့ စွဲနက်ကို တိုက်ရိုက် ပြထားလျှင် နိဂ္ဂမနပုဒ် အဆုံးမှာ အဘိဓေယျကို ထပ်၍ ပြလေ့မရှိ၊ ဆိုလိုရင်းကာ-ဝိဂ္ဂဟ်တွင်း၌ စွဲနက်ကို တိုက်ရိုက် ပြလျှင် အဆုံး၌ အဘိဓေယျ မထည့်ရ, အဆုံး၌ အဘိဓေယျ ထည့်လျှင် ဝိဂ္ဂဟ်တွင်း၌ စွဲနက်ကို ပြဖွယ်မလို-ဟု ဆိုလိုသည်။

**သော.ယံဟု ၂ ထပ်ဆိုရပုံ။** ။ဗာလာဝတာရ, ကလာပ်တို့၌ "သော" ဟု နိယမပုဒ်ကို တခုတည်းသာဆိုသော်လည်း ဤကစ္စည်း၌ "သော ယံ"(သော+အယံ) ဟု နိယမဝါစက တသဒ္ဒါ ဣမသဒ္ဒါ ၂ ထပ်ပါနေသည်ကို တွေ့ရ၏၊ ထိုသို့ ထပ်နေရာ၌ ရှေးဆရာတော်တို့သည် "သမ္ဗန္ဓာမ်ပုဒ်, ဆင့်၍ထုတ်မူ, နောက်ပုဒ်တခု, အနက်မဲ့သာ များသတည်း" ဟု မိန့်တော်မူကြ၏၊ "အနက်မဲ့သာများ" ဟု ဆိုသဖြင့် အနည်းငယ် သော အရာဝယ် "အနက်ရှိသေးရဲ့" ဟု ခွင့်ပြုရာရောက်၏၊ ထို့ကြောင့် ယံသဒ္ဒါ စွဲအပ်သော အရပ်ကို "ဘယ်အရပ်"ဟု အတိအကျ မပြနိုင်ပဲ "ရဟန်းများ လာရောက် အပ်သော ထိုကဲ့သို့သော အရပ်" ဟု တသဒ္ဒါဖြင့် မျက်ကွယ်အနေ ညွှန်ပြရလေသည်၊ ထိုကဲ့သို့ "သော" ဟု ညွှန်ပြပြီးသည့်အခါ စိတ်တည်းမှာ အတော် ထင်ရှားလာ သဖြင့် စိတ်၌ နီးကပ်လာသောကြောင့် "အယံ" ဟု ဣမသဒ္ဒါဖြင့် ထပ်၍ ညွှန်ပြပြန် သည်၊ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ "သော+အယံ-ထိုကဲ့သို့သော ဤ အာရာမ်သည်" ဟု အနက်ပေးလိုက်သည်၊ နောက်၌လည်း ဤနည်းချည်းတည်း၊ ရှေးနိယာမ် အတိုင်း ပေးလျှင် အယံအတွက် အနက်မရှိ ကြံ၍ "သော အယံ+ထို သံဃာ့အာရာမ်သည်" ဟုသာ ပေးပါ။

**ဒုတိယာ ဗဟုဗ္ဗီဟိ ဖြစ်ရပုံ။** ။"လာရောက်သော ရဟန်းရှိသော အာရာမ်" ဟု မြန်မာလို ဆိုရိုးရှိသောကြောင့် "အာဂတာ+သမဏာ ယဿ" ဟု ဝိဂ္ဂဟ်ပြု၍ စတုတ္ထီ ဗဟုဗ္ဗီဟိဖြစ်သင့်သည် မဟုတ်ပါလော, အဘယ့်ကြောင့် ဒုတိယာဗဟုဗ္ဗီဟိ ဖြစ်ရသနည်း ဟု မေးဖွယ်ရှိ၏၊ အဖြေကား "အာဂတ-လာရောက်" ဟူသော ကြိယာသည် ကံကို ငဲ့နေသော ကြိယာတည်း၊ "အဘယ်သို့+လာရောက်သနည်း"ဟု မေးဖွယ်ရှိပုံကို ကြည့်၍ ကံကို ငဲ့နေကြောင်း သိပါ၊ ဤသို့လျှင် အာဂတ ကဲ့သို့သော သမာသ်ပုဒ် တစိတ်သည် ကံကို ငဲ့နေရာ၌ (အညပုဒ်နှင့် သမာသ်ပုဒ် တစိတ်တို့ ကမ္မ+ ကမ္မီစပ်၍ နေရာ၌) ဒုတိယာ ဗဟုဗ္ဗီဟိသာ ဖြစ်ရသည်၊ "ယံ သံဃာရာမံ" ကား သို့ဟူ၍ အနက်ပေးသောကြောင့် အာဂတာ၌ ကံ, အာဂတာကား ကံရှိသော ကမ္မီ ကြိယာ၊ ဤသို့ စပ်ရသည်ကို "ကမ္မ+ကမ္မီ" စပ်သည်ဟု ဆိုသည်၊ ရူပသိဒ္ဓိ၌ ပြအပ် သော ဒုတိယာ ဗဟုဗ္ဗီဟိ အားလုံးပင် ဤသို့ စပ်ရပုံကို သိလေ၊ "အကြင်သို့+

လာရောက်'' ဟု ဆိုလျှင် ထို အရပ်၌ ''လာရောက်အပ်သည်၏ အဖြစ်'' ဟူသော ကမ္မသတ္တိရှိ၏၊ သို့ဖြစ်၍ ''ဇာတိ-ထိုသို့ ရဟန်းတို့ လာရောက် (အပ်) သည်၏ အဖြစ်ကြောင့်'' ဟု ကမ္မသတ္တိသံပါအောင် ''အပ်'' ဟု ပေးမှ သာ၍ကျနသည်။

**ဇိတာနိ၊ပေ၊ဇိတိန္ဒြိယော**—ဇိတာနိ ဣန္ဒြိယာနိ ယေန, သောယံ ဇိတိန္ဒြိယော-သမဏော'' ဟု ပါဠ်မှန်ရှိစေ၊ ယေနကိုဇိတာနိ၌ ကတ္တား+ကြိယာ အဖြစ်ဖြင့် စပ်ရသောကြောင့် တတိယာ ဗဟုဗ္ဗီဟိ၊ ''ဇိတိန္ဒြိယော'' အရ စက္ခု စသော ဣန္ဒြေတို့ကို အောင်ပြီးသော (နိုင်နင်းပြီးသော) ရဟန္တာရ၏၊ အနက်ပေးရာ၌ ''ယေန-အကြင်ပုဂ္ဂိုလ်သည်၊ ဇိတာနိ- ကုန်သော၊ ဣန္ဒြိယာနိ- တို့သည်၊ (သန္တိ - ရှိကုန်၏၊)'' ဟု သန္တိ ကြိယာကို ထည့်၍ ပေးလေ့ရှိကြ၏၊ ''ဇာတိ-ထိုသို့ အောင်အပ်သော ဣန္ဒြေရှိသည်၏ အဖြစ်ကြောင့်''ဟု ''ရှိ'' ဟူသော စကားကို သုံးခြင်းလည်း ''သန္တိ-အတ္ထိ'' ကြိယာကို ထည့်ခြင်းကြောင့် ဖြစ်၏၊ အတ္ထိ-သန္တိ ကြိယာတို့ကိုလည်း မထည့်ပဲ''ဇာတိ-ထိုသို့ ဣန္ဒြေတို့ကို အောင်ပြီး၏ အဖြစ်ကြောင့်'' ဟု ကတ္တုသတ္တိ ပေါ်အောင် ပေးသင့်၏၊ ''ဇိတိန္ဒြိယော-ဣန္ဒြေတို့ကို အောင်ပြီးသော ရဟန်း'' ဟုလည်း အနက်မှန်ပေးပါ။

**အညပုဒ်၏ လိင်ဝုစ်လိုက်ပုံ။** ။''သမဏော'' ဟု ဗဟုဝုစ်ဖြစ်လျှင် ''ဇိတာနိ ဣန္ဒြိယာနိ ယေဟိ, တေ ဇိတိန္ဒြိယာ'' ဟု ဗဟုဝုစ်ရှိ၏၊ ''သမဏီ-ရဟန်းမ''ဟု ဣတ္ထိလိင် ဧကဝုစ်ဖြစ်လျှင် ''ယာယ'' ဟုလည်းကောင်း ''ဇိတိန္ဒြိယာ- ဣန္ဒြေတို့ကို အောင်ပြီးသော ရဟန်းမ'' ဟုလည်းကောင်း ဖြစ်၏၊ ''သမဏိယော''-ဟု ဗဟုဝုစ်ဖြစ်လျှင် ''ယာဟိ-ဇိတိန္ဒြိယာယော'' ဟု ဖြစ်၏၊ ''စိတ္တံ'' ဟု နပုလ္လိင်ဧကဝုစ် ဖြစ်လျှင် ''ယေန-ဇိတိန္ဒြိယံ'' ဟု နပုလ္လိင် ဖြစ်၏၊ ''ဇိတိန္ဒြိယံ-ဣန္ဒြေတို့ကို အောင်ပြီးသော အရဟတ္တဖိုလ်စိတ်'' ဟု ပေး၊ ဗဟုဝုစ်ဖြစ်လျှင် ''ယေဟိ-ဇိတိန္ဒြိယာနိ'' ဟု ရှိစေ။ [ဗဟုဗ္ဗီဟိထုတ်, အညပုဒ်, လိင်ဝုစ်ကြည့်၍ ကိုက်၊]

**ကရဏတ္တ သဟာဒိယောဂတ္တ။** ။''ဆိန္နော ရုက္ခော ယေန, သော ဆိန္နရုက္ခော-ပရသု၊ ယေန-အကြင် လက်နက်ဖြင့်၊ ရုက္ခော-သစ်ပင်ကို၊ ဆိန္နော-ဖြတ်အပ်၏၊ ဇာတိ-ထိုသို့ သစ်ပင်ကို ဖြတ်ကြောင်း၏ အဖြစ်ကြောင့်၊ သော, ဆိန္နရုက္ခော-မည်၏၊ ပရသု-ပုဆိန်တည်း၊ ယေနနှင့် ဆိန္နောတို့သည် ကရိုဏ်း+ကရိုဏ်း၏ ကြိယာအဖြစ်ဖြင့် စပ်ရသောကြောင့် ကရဏတ္တ တတိယာ ဗဟုဗ္ဗီဟိ အဖြစ်ဖြင့် ဗာလာဝတာရ ဋီကာ ပြ၏၊ ''သုခေါ+သံ ဝါသော ယေန, သော သုခသံဝါသော-ဓီရော၊ ယေန-အကြင်သူနှင့်၊ သံဝါသော-ပေါင်းသင်းရခြင်းသည်၊ သုခေါ-ချမ်းသာ၏၊ ဇာတိ-ထိုသို့ ပေါင်းသင်းရခြင်း၏ ချမ်းသာကြောင်း၏ အဖြစ်ကြောင့်၊ သော, သုခသံဝါသော-မည်၏၊ ဓီရော-ပညာရှိ သူတော်ကောင်းတည်း၊ ဤ၌ ယေနနှင့် သံဝါသောတို့ သဟာဒိယောဂ+သဟာဒိယောဂဝန္တ စပ်ရ၍ သဟာဒိယောဂတ္တ ဗဟုဗ္ဗီဟု သဒ္ဒနီတိဆိုသည်။

**အသံဝါသော။** ။နတ္ထိ သံဝါသော ယေနာတိ အသံဝါသော- ဟုလည်းကောင်း, နတ္ထိ သံဝါသော ယသ္မိံတိ အသံဝါသော-ဟုလည်းကောင်း, တတိယာ-သတ္တမီ ဗဟုဗ္ဗီဟိ သမာသ်ပြု၊ [တတိယာ ပြုရာဝယ် ''သော တေန သဒ္ဓိံ'' ဟူသော ပါဠိတော်နှင့် သတ္တမီပြုရာဝယ် ''သံဝါသောပိ တဟိံ နတ္ထိ'' ဟူသော ဂါထာကို ထောက်။]

ဒိန္နော ၊ ပေ၊ ဒိန္နသုင်္ကော, ရာဇာ—''ဒိန္နော သုင်္ကော ယဿ, သောယံ ဒိန္နသုင်္ကော ရာဇာ''ဟု ပါဠိမှန်ရှိစေ၊ ယဿနှင့် ဒိန္နောတို့ သမ္ပဒါန်+သမ္ပဒါနီ အဖြစ်ဖြင့် စပ်ရသောကြောင့် စတုတ္ထီ ဗဟုဗ္ဗီဟိသာ ဖြစ်၏၊ ''ဋတိ-ထိုသို့ အခွန်ကို ပေးရာ၏ အဖြစ်ကြောင့်''ဟု အနက်ဆိုမှန်၏—မင်းသည် အခွန်ကို လက်ခံသူတည်း၊ ထို့ကြောင့် ပေးခြင်းကြိယာသည် မင်းအပေါ်၌ တည်ရကား မင်းသည် ''ပေးရာ= ပေးခြင်း၏ တည်ရာ''ဖြစ်၏၊ ''ဋတိ-ထိုသို့ ပေးအပ်သော အခွန်ရှိသည်၏ အဖြစ် ကြောင့်''ဟု ပေးကြသော အနက်မှာ ဒိန္နသုင်္ကော ပါဠိ၏ ဆိုလိုရင်း မဟုတ်၊ မှန်၏— တိုင်းသူပြည်သားက ပေးထားသော အခွန်တွေရှိနေသော မင်းကို ''ဒိန္နသုင်္ကော''ဟု ဆိုလိုလျှင် ဆဋ္ဌီဗဟုဗ္ဗီဟိ ပြု၍ ''ယဿ-အကြင်မင်း၏၊ ဒိန္နော-ပေးအပ်ပြီးသော၊ သုင်္ကော-အခွန်သည်၊ အတ္ထိ-ရှိ၏''ဟု ဖြစ်ရလိမ့်မည်၊ အမှန်မှာ—အခွန် ပေးဆက်ရာ ဖြစ်သောကြောင့်သာ ''ဒိန္နသုင်္က''ဟု ဆိုလိုရင်းတည်း၊ ဗာလာဝတာရ ဋီကာ၌မူ ''မင်း၏+အခွန်''ဟု သုင်္ကောကို ငဲ့လျှင် ဆဋ္ဌီ ဗဟုဗ္ဗီဟိလည်း ဖြစ်၏—ဟု ဆို၏၊ စဉ်းစားကြပါလေ။

နိဂ္ဂတာ၊ ပေ၊ နိဂ္ဂတဇနော, ဂါမော—''နိဂ္ဂတာဇနာ ယသ္မာ,သောယံ နိဂ္ဂတ ဇနော-ဂါမော''ဟု ပါဠိမှန်ရှိစေ၊ ယသ္မာနှင့် နိဂ္ဂတာတို့ အပါဒါန်+အပါဒါနီ အဖြစ်ဖြင့် စပ်ရသောကြောင့် ပဉ္စမီ ဗဟုဗ္ဗီဟိသာ ဖြစ်သည်၊ အညပုဒ်နှင့် သမာသ်ပုဒ် တစိတ်တို့ အပါဒါန်+အပါဒါနီ စပ်၍ ရသမျှ၌ ပဉ္စမီ ဗဟုဗ္ဗီဟိ ဟု ချည်းမှတ်၊ အဘိဓေယျကို''ဂါမော''ဟု နောက်ဆုံးမှ ပြမည်ဖြစ်သောကြောင့် ''ယသ္မာ-အကြင် ရွာမှ''ဟု မပေးသေးပဲ ရွာဟူသော အနက်ကို မသိသေးဟန် ဆောင်၍ ''ယသ္မာ- အကြင် အရပ်မှဟု သာမညစွဲမှ ပါဠိသွား၏ အာဘော်ကျမည်၊ထို့ကြောင့်''ယသ္မာ- အကြင်အရပ်မှ၊ဇနာ-လူတို့သည်၊ နိဂ္ဂတာ-ထွက်ကုန်ပြီ၊ ဋတိ-ထိုသို့ လူတို့ ထွက်ခွါ ရာ၏ အဖြစ်ကြောင့်၊ သော အယံ-ထိုသို့သော ဤအရပ်သည်၊ နိဂ္ဂတဇနော-မည်၏၊ ဂါမော-ရွာတည်း၊ ဝါ-ရွာကိုရ၏''ဟု ပေးပါ၊ ''ယံ-အကြင်အရပ်သို့၊ ယေန- အကြင်ပုဂ္ဂိုလ်သည်၊ ယဿ-အကြင်သူအား''စသည်ဖြင့် ရှေးနောက် ဝိဂြိုဟ်များ၌ အနက်ပေးပါ၊ နိဿယ၌ကား ''သံဿရာမံ''စသည် ရှိနေ၍ ထိုပါဠိရှိ အတိုင်းပင် ပေးထားသည်။

ဆိန္နော၊ ပေ၊ ပုရိသော—''ဆိန္နော+ဟတ္ထော ယဿ,သောယံ ဆိန္နဟတ္ထော- ပုရိသော''ဟု ရှိစေ၊ ယဿကို ဟတ္ထော၌''အကြင်သူ၏+လက်''ဟု သာမီ+သံအဖြစ် ဖြင့် စပ်ရသောကြောင့် ဆဋ္ဌီဗဟုဗ္ဗီဟိသာ ဖြစ်၏၊ ဆဋ္ဌီဗဟုဗ္ဗီဟိ ဟူသမျှ၌ အညပုဒ်နှင့် သမာသ်ပုဒ် တစိတ်တို့ သာမီ+သံ, အဖြစ်ဖြင့် စပ်ရပုံကို သိပါ၊ လူတယောက်မှာ ဓားခုတ်မိ၍ လက်ပြတ်နေ၏၊ ထိုသူကို ''ဆိန္န ဟတ္ထော''ဟု ခေါ်၏၊ ထိုသူသည် လက်ပြတ်ရှိနေသူ ဖြစ်ရကား ဤ ဆဋ္ဌီ ဗဟုဗ္ဗီဟိ၌ ''အတ္ထိ-သန္တိ'' ကြိယာထည့်၍ အနက်ပေးလိုက ပေးနိုင်သည်၊ ''ယဿ-အကြင်သူ၏၊ ဆိန္နော-သော၊ ဟတ္ထော- သည်၊ အတ္ထိ-ရှိ၏၊ ဋတိ-ထိုသို့ ပြတ်သော လက်ရှိသူ၏ အဖြစ်ကြောင့်''ဟု ဥဒ္ဒါရှင် ဖြစ်ကြောင်း ထင်ရှားဖို့ရာ ''ရှိ''ဟူသော စကားလုံးကို သုံးစွဲရသည်။

နိဂြောဓဿ-ပညောင်ပင်၏၊ (ညောင်ပိန်းနဲ၏၊) ပရိမဏ္ဍလော-ထက်ဝန်းကျင် အဝန်းအဝိုင်း တည်း၊ နိဂြောဓ ပရိမဏ္ဍလော-ပညောင်ပင်၏ ထက်ဝန်းကျင် အဝန်းအဝိုင်း၊ ယော ရာဇကုမာရော-အကြင် မင်းသားသည်၊ နိဂြောဓ ပရိမဏ္ဍလော ဣဝ - ပညောင်ပင်၏ ထက်ဝန်းကျင် အဝန်းအဝိုင်း ကဲ့သို့၊ ပရိမဏ္ဍလော-ထက်ဝန်းကျင် ဝန်းဝိုင်း၏၊ (ဣတိ-ကြောင့်)၊ သော အယံ-

---

သမ္ပန္နာနိ ၊ပေ၊ ဇနပဒေါ—"သမ္ပန္နာနိ+သဿာနိ ယသ္မိံ, သောယံ သမ္ပန္နသဿော, ဇနပဒေါ"ဟု ပါဌ်မှန်ရှိစေ၊ ဇနပုဒ်သည် ကောက်စပါးများ ပြည့်စုံရာဌာန ဖြစ်၏၊ ထို့ကြောင့် "ယသ္မိံ"ဟု တည်ရာဌာန အာဓာရဖြင့် ထားရသည်၊ သတ္တမီ ဗဟုဗ္ဗီဟိဟူသမျှ၌ ဤနည်းချည်းတည်း၊ ဤသို့လျှင် အညပုဒ်နှင့် သမာသ်ပုဒ် တစိတ်တို့ အာဓာရ+အာဓေယ်အဖြစ်ဖြင့် စပ်၍ ရကောင်းရာ၌ သတ္တမီဗဟုဗ္ဗီဟိသာ ဖြစ်ရသည်၊ ဇနပဒ ဟူသော အဘိဓေယျပုဒ်ကို မသိသေးဟန် ဆောင်၍"ယသ္မိံ-အကြင်အရပ်၌" ဟု သာမညစွဲ၊ "ဣတိ-ထိုသို့ ကောက်စပါးတို့ ပြည့်စုံရာ၏ အဖြစ်ကြောင့်"ဟု "ရာ" ဟူသော စကားလုံးကို သုံးစွဲပါ။ [တချို့နေရာ၌ နိဿယ ပေးပုံနှင့် အဓိပ္ပာယ်ရေးပုံမှာ မတူပဲ ရှိ၏၊ ထိုသို့ မတူခြင်းမှာ နိဿယ၌ ပါဌ်ရှိတိုင်း ပေးထားခြင်းဖြစ်၍ အဓိပ္ပာယ်၌ မိမိသဘောကျ ပါဌ်ကို ပြင်၍ ရေးထားခြင်းကြောင့် ဖြစ်သည်။]

အချုပ်မှတ်ဖွယ်။ ။ဗဟုဗ္ဗီဟိ သမာသ်၌ "ယံ သံဃာရာမံ"စသည်ဖြင့် သံဃာရာမံကဲ့သို့ အဘိဓေယျကို တိုက်ရိုက် ပြထားခြင်းသည် မကောင်း၊ နောက်ဆုံး၌သာ "သံဃာရာမော"ဟု အဘိဓေယျကို ဖော်ပြသင့်သည်၊ ယံ-ယေန စသည်တို့၏ စွဲနက်ကိုလည်း အဘိဓေယျကို မသိသေးဟန်ဆောင်၍ "အကြင် အရပ်သို့, အကြင်ပုဂ္ဂိုလ်သည်"စသည်ဖြင့် သာမညသာ စွဲထားသင့်သည်၊ "ဣတိ-ထို့ကြောင့်"ဟု ဣတိ သဒ္ဒါထည့်၍ အနက်ပေးရာ၌ အနက်ကျယ် ပေးလိုလျှင် ဒုတိယာ၌ "အပ်"သံ ပါအောင်, တတိယာ စသည်၌လည်း "တတ်"သံ-"ကြောင်း"သံ စသည် ပါအောင် ပေးပါ၊ သံဃာရာမော ကဲ့သို့သော အညပုဒ်နှင့် သမာသ်ပုဒ် (၂ ပုဒ်တွင် တစိတ် တပိုင်း ဖြစ်သော) တပုဒ်နှင့် ကမ္မ+ကမ္မီ စပ်ရလျှင် ဒုတိယာ ဗဟုဗ္ဗီဟိ ဖြစ်၏၊ ဤသို့ စသည်ဖြင့် အကျယ်ပြခဲ့သည့်အတိုင်း မှတ်ပါ။

အမှာ။ ။ရှေးတုန်းက "ဧဥ္စ ယျမ္မွ"မည်သော ရဟန်းကို ဆရာတော်တပါးက ဝိဂ္ဂြိုဟ် လုပ်ခိုင်းရာ သဒ္ဒါ အတော်တတ်ပြီဟု ထင်မှတ်နေသော ကိုယ်တော်က "ဧဥ္စော ယျော ဓမ္မော ယဿ"ဟု ပြုမိသဖြင့် အပြစ်တင် ခံရဘူးသတတ်၊ ဧဥ္စ ယျဟူသော ပုဒ်က ကတ္တားကို ငဲ့နေသောပုဒ် ဖြစ်သောကြောင့် "ဧဥ္စော ယျော ဓမ္မော ယေန"ဟု တတိယာ ဗဟုဗ္ဗီဟိ ပြုစေလိုသတတ်၊ ရုပ်ကိုကား အခြေပြု၌ "သဝိတက္ကာ"တွက်ပုံကို နည်းမှီ၍ "အာဂတ+သမဏ+ယ"တည်,ယော ၂ လုံးနှင့် အံ သက်၍ "အဂတာ+သမဏာ+ယံ+"ဟု ဝါကျပြီးစေ, ဤသို့ စသည်ဖြင့် တွက်ပါလေ၊ ["ဣမံ သံဃာရာမံ"ဟု ရှိရာ၌ "ဣမ"တည်ရုံသာ၊ သံဃာရာမံကား ဣမံ၏ စွဲနက်ကို ထည့်၍ ပြခြင်းသာဖြစ်၍ ရုပ်တွက်ရာ၌ ထည့်ဖွယ် မလို။]

ထိုကဲ့သို့သော ဤမင်းသားသည်၊ နိဂြောဓ ပရိမဏ္ဍလော၊မည်၏၊ အထဝါ-တနည်းကား၊ယဿ (ရာဇကုမာရဿ)-၏၊နိဂြောဓ ပရိမဏ္ဍလော ဣဝ-ပညောင်ပင်၏ ထက်ဝန်းကျင် အဝန်းအဝိုင်းကဲ့သို့သော၊ ပရိမဏ္ဍလော-ထက်ဝန်းကျင်အဝန်း အဝိုင်းသည်၊ (အတ္ထိ-၏၊) ဣတိ, သောယံ-သည်၊ နိဂြောဓပရိမဏ္ဍလော-မည်၏၊ ရာဇကုမာရော-မင်းသားတည်း၊ စက္ခုနော-မျက်စိ၏၊ ဘူတော-ဖြစ်ခြင်းတည်း၊ စက္ခုဘူတော-ခြင်း၊ ယော (ဘဂဝါ)-အကြင် ဘုရားရှင်သည်၊ စက္ခု-ဘူတော ဣဝ-မျက်စိ၏ ဖြစ်ခြင်းကဲ့သို့၊ ဘူတော-ဖြစ်တော်မူ၏၊ (ဣတိ)သော အယံ-သည်၊ စက္ခုဘူတော-မည်၏၊ ဘဂဝါ-တည်း။

---

နိဂြောဓဿ၊ ပေ၊ ဖြဟ္မဿရော—ဒုတိယာ ဗဟုဗ္ဗီဟိမှစ၍ သတ္တမီ ဗဟုဗ္ဗီဟိတိုင်အောင် ပုံစံများကိုပြပြီး၍ ဥပမာနပုဗ္ဗပဒ (ဥပမာနပုဒ် ရှေးရှိသော) ဗဟုဗ္ဗီဟိတမျိုးကို ပြပြန်လိုသောကြောင့် "နိဂြောဓဿ" စသည်ကို မိန့်၊ ဤ ဥပမာန ပုဗ္ဗပဒ ဗဟုဗ္ဗီဟိလည်း "ယော ရာဇကုမာရော" စသည်ဖြင့် အညပုဒ်၌ ပဌမာကြေသော ပဌမတ္ထ ဗဟုဗ္ဗီဟိ, "ယဿ ရာဇကုမာရဿ" စသည်ဖြင့် ဆဋ္ဌီကြေသော ဆဋ္ဌိယတ္ထ ဗဟုဗ္ဗီဟိ ဟု (ဤကစ္စည်းဝုတ္တိအလို) ၂ မျိုးရှိ၏။

နိဂြောဓ ပရိမဏ္ဍလော—"နိဂြောဓဿ + ပရိမဏ္ဍလော, နိဂြောဓ ပရိမဏ္ဍလော" ကား ဆဋ္ဌီတပ္ပုရိသ်သာ၊ ဥပမာနပုဗ္ဗပဒ ဗဟုဗ္ဗီဟိမျိုး၌ ရှေးဦးစွာ တပ္ပုရိသ်စသော အခြားသမာသ်များ တွဲစပ်ရကြောင်းကို သိစေလို၍ အပိုသက်သက် ထည့်ဟန်တူသည်၊ "နိဂြောဓပရိမဏ္ဍလော ဣဝ ပရိမဏ္ဍလော ယော (ရာဇကုမာရော) သောယံ နိဂြောဓ ပရိမဏ္ဍလော" ကား ပဌမတ္ထ ဗဟုဗ္ဗီဟိတည်း၊ ဆဋ္ဌိယတ္ထ တနည်းပြလိုသောကြောင့် "အထဝါ" စသည်ကို မိန့်သည်၊ နိဂြောဓ ပရိမဏ္ဍလော ဣဝ + ပရိမဏ္ဍလော ယဿ, သောယံ နိဂြောဓ ပရိမဏ္ဍလော" တို့သာ လိုရင်းတည်း၊ ရာဇကုမာရဿ, ရာဇကုမာရောတို့ကား အဘိဓေယျပုဒ်များတည်း၊ ရုပ်တွက်ရာ၌ ထိုအဘိဓေယျနှင့် သောယံတို့ကို ထည့်ဖွယ်မလို။

ရုပ်တွက်။ ။ပဌမတ္ထ၌ "နိဂြောဓ ပရိမဏ္ဍလ + ဣဝ + ပရိမဏ္ဍလ + ယ" တည်, သိ ၄ လုံးသက်, "နိဂြောဓပရိမဏ္ဍလော + ဣဝ + ပရိမဏ္ဍလော + ယော" ဟု သမာသ်ဝါကျပြီးစေ (အနက်ပေး)၊ ဣတိအတွေ-၌၊ ဤသုတ်ဖြင့် သမာသ်စပ်၍ ဗဟုဗ္ဗီဟိမှည့်, သမာသ်မှည့်, ဝိဘတ်ချေ, တေသံဝိဘတ္တိယောလောပါစ သုတ်၌ တေသံသဒ္ဒါဖြင့် (ရူပသိဒ္ဓိအလို "ဝုတ္တတ္တာန မပ္ပယောဂေါ" ဟူသော ပရိဘာသာဖြင့်) ဣဝ-ယတို့ကို ချေ၊ "နိဂြောဓပရိမဏ္ဍလ ပရိမဏ္ဍလ" ဟု ပကတိပြု၊ ထို့နောက် နိဂြောဓ ပရိမဏ္ဍလ၌ပါသော ပရိမဏ္ဍလပုဒ်ကို တေသုဝုဒ္ဓိသုတ်ကြီးဖြင့်ချေ၍ "နိဂြောဓပရိမဏ္ဍလ" ဟု ဖြစ်၏၊ နာမ်ငယ်, သိ ဩပြု၊ ဆဋ္ဌိယတ္ထ၌ "နိဂြောဓပရိမဏ္ဍလော + ဣဝ + ပရိမဏ္ဍလော + ယဿ" ဟု ဝါကျဖြစ်စေရုံသာ ထူးသည်။

**စက္ခုနော၊ ဓပ၊ စက္ခုဘူတော**—"စက္ခုနော+ဘူတော, စက္ခုဘူတော" ကား ဆင္ဂီတပ္ပုရိသ်သာတည်း၊ "စက္ခုဘူတော+ ဣဝ+ဘူတော+ယော, သောယံ စက္ခုဘူတော" ဖြင့် ပဌမတ္ထဗဟုဗ္ဗီဟိကိုပြ၏၊ ဘုရားပွင့်တော်မူလာမှ အသိဉာဏ်မျက်စိကို ရကြသောကြောင့် ဘုရားရှင်သည် သတ္တဝါအပေါင်း၏ ဉာဏ်စက္ခုသဖွယ် ဖြစ်တော်မူပါပေသည်၊ တနည်း-အလွန်သိမ်မွေ့သော ပရမတ္ထတရားတို့ကိုပင် မြင်တော်မူနိုင်ခြင်းကြောင့် ဘုရားရှင်သည် ဉာဏ်စက္ခုတုံးကြီးသဖွယ် ဖြစ်တော်မူပါပေသည်-ဟူလို၊ ဤပုဒ်၌ ဆင္ဂီယတ္ထကို မရနိုင်၍ မပြကြ၊ ရုပ်ကို ရှေးနည်းမှီး၍တွက်၊ "စက္ခုဘူတဘူတ" ဟု ဆိုလိုလျက် အလယ်ဘူတကို ချေထားသည်။

**ပါဠိအမျိုးမျိုး ရှိပုံ။** ။နိဗ္ဗြောဓဿ ပရိမဏ္ဍလော နိဗ္ဗြောဓပရိမဏ္ဍလော၊ နိဗြောဓ ပရိမဏ္ဍလော ဣဝ ပရိမဏ္ဍလော ရာဇကုမာရော သောယံ နိဗြောဓ ပရိမဏ္ဍလော၊ အထဝါ-နိဗြောဓ ပရိမဏ္ဍလော ဣဝ ပရိမဏ္ဍလော ယဿ ရာဇကုမာရဿ သောယံ နိဗြောဓ ပရိမဏ္ဍလော-ရာဇကုမာရော၊ စက္ခုနော (စက္ခုဿ) ဘူတော စက္ခုဘူတော၊ စက္ခုဘူတော ဣဝ ဘူတော ယောဘဂဝါ သောယံ စက္ခုဘူတော-ဘဂဝါ။ ဤကား ယခုတွေ့ရသော ပါဠိတည်း၊ ဤပါဠိအတိုင်း နိဿယပေး၍ ရုပ်တွက်ခဲ့သည်၊ ရူပသိဒ္ဓိ သဒ္ဒနီတိတို့၌ကား "နိဗြောဓော ဣဝ ပရိမဏ္ဍလော ယော ရာဇကုမာရော သောယံ နိဗြောဓ ပရိမဏ္ဍလော-ရာဇကုမာရော" ဟုလည်းကောင်း, "စက္ခုဣဝ ဘူတော အယံ ပရမတ္ထဒဿနတောတိ စက္ခုဘူတော-ဘဂဝါ" ဟုလည်းကောင်း ရှိ၏၊ နိဗြောဓပရိမဏ္ဍလော၌ ဆင္ဂီယတ္ထ မပါခြင်း, "နိဗြောဓောဣဝ-စက္ခုဣဝ" ဟု ပရိမဏ္ဍလ တပုဒ်-ဘူတ တပုဒ် အပိုမပါခြင်းသည် ကစ္စည်းဝုတ္တိမှ ထူးခြား၏။

**နိဗြောဓပရိမဏ္ဍလော စိစစ်ချက်။** ။နိဗြောဓပရိမဏ္ဍလောတိ-နိဗြောဓော ဝိယ ပရိမဏ္ဍလော (မဟာပဒါနသုတ္တဋ္ဌကထာ)၊နိဗြောဓော ဝိယ ပရိမဏ္ဍလောတိ-ပရိမဏ္ဍလနိဗြောဓောဝိယ ပရိမဏ္ဍလော၊နိဗြောဓပရိမဏ္ဍလ ပရိမဏ္ဍလောတိ ဝတ္တဗ္ဗေ ဧကဿ ပရိမဏ္ဍလသဒ္ဒဿ လောပံ ကတွာ နိဗြောဓ ပရိမဏ္ဍလောတိ ဝုတ္တော၊ ၊ပေ၊ ပရိမဏ္ဍလ သဒ္ဒသန္နိဓာနေနဝါ ပရိမဏ္ဍလောဝ နိဗြောဓော ဂယှတီတိ ဧကဿ ပရိမဏ္ဍလသဒ္ဒဿလောပေန ဝိနာပိ အယမတ္ထော လဗ္ဘတီတိ အာဟ-နိဗြောဓော ဝိယ ပရိမဏ္ဍလောတိ (ဋဋင်းဋီကာ)၊ ဤအဋ္ဌကထာအလို ဥပမာနပုဗ္ဗပဒကမ္မဓာရဲသာ ပြုစေလို၏၊ ထိုသို့ပြုရာ၌ ဋီကာ ပဌမနည်းအလို "နိဗြောဓပရိမဏ္ဍလောဝိယ ပရိမဏ္ဍလော (နိဗြောဓပရိမဏ္ဍလ ပရိမဏ္ဍလော-ဟု ဖြစ်သင့်လျက် ပရိမဏ္ဍလ တပုဒ်ကို ချေ၍) နိဗြောဓပရိမဏ္ဍလော" ဟု ဖြစ်၏၊ နိဗြောဓပရိမဏ္ဍလောဝိယ-ထက်ဝန်းကျင် ဝန်းဝိုင်းသော ပညောင်ပင်ကဲ့သို့၊ ပရိမဏ္ဍလော- ထက်ဝန်းကျင် ဝန်းဝိုင်းသော မင်းသားတည်း၊ နိဗြောဓ ပရိမဏ္ဍလော-မင်းသား။ [အထက်၌ ယူဇနာ ၅ဝ မြင့်၍ အောက်၌လည်း အရှေ့ အနောက် တောင် မြောက်၌လည်း ယူဇနာ ၅ဝ ကျယ်ပြန့်သော ညောင်ပင်ကို "နိဗြောဓ ပရိမဏ္ဍလ" ဟု ခေါ်၏၊ ထို့အတူ မိမိအတောင်ဖြင့် အထက်၌ ၄ တောင် မြင့်၍ လက် ၂ ဘက်ဆန့်အပ်သော အလယ်၌လည်း ၄ တောင် ရှိသော မင်းသားသည် နိဗြောဓပရိမဏ္ဍလ မည်၏။]

ဋီကာ ဒုတိယနည်းအလို ပရိမဏ္ဍလသဒ္ဒါနှင့် တွဲနေသော နိဂြောဓဟူသည် အမြင့်-အဝိုင်း ညီမျှသော နိဂြောဓဖြစ်ကြောင်း သိသာပြီ၊ ထို့ကြောင့် ပရိမဏ္ဍလပုဒ်ကို ချေဖွယ်မလို၊ "နိဂြောဓောဝိယ+ပရိမဏ္ဍလော, နိဂြောဓပရိမဏ္ဍလော" ဟုသာ ပြုစေလိုသည်၊ ဤသို့လျှင် အဋ္ဌကထာ ဋီကာတို့၌ ပရိမဏ္ဍလောအရ ရာဇကုမာရနှင့် အရတူအောင် ဖွင့်ကြသဖြင့် (ဝန်းဝိုင်းသော ပုံသဏ္ဌာန်သာမက) အဝန်း အဝိုင်း ညီမျှသော မင်းသား ရသောကြောင့် အညပုဒ်အနက် သီးခြား ရှာနေဖွယ် မလိုရကား "နိဂြောဓ ပရိမဏ္ဍလော" ပုဒ်၌ ဗဟုဗ္ဗီဟိသမာသ် ကြံစည် ပြုလုပ်ခြင်းသည် အဋ္ဌကထာ ဋီကာတို့နှင့် မညီရုံသာမက သဒ္ဒထုံးလည်း မကျချေ။

**စာနေပုံလည်း မကောင်း။** ။မဟာနိရုတ္တိဆရာ စသော ရှေးဆရာ အချို့က ဤဥပမာပုဗ္ဗပဒကမ္မဓာရဲကိုပင် "ယော"ဟု အညပုဒ်ထည့်၍ ပဋ္ဌမာဗဟုဗ္ဗီဟိဟု ဆိုကြသေး၏၊ ထိုသို့ဆိုလိုလျှင် "နိဂြောဓဿ+ပရိမဏ္ဍလော, နိဂြောဓပရိမဏ္ဍလော" ဟု တပ္ပုရိသ်ကို ရှေ့၌ ပြထားခြင်းသည် မကောင်း၊ ဘာ့ကြောင့်နည်း ‥ဤ တပ္ပုရိသ် အခိုက်၌ "ပညောင်ပင်၏+ထက်ဝန်းကျင် အဝန်းအဝိုင်း" ဟု ဝိုင်းဝန်းသောပုံသဏ္ဌာန်သာ ရ၍ ပုံသဏ္ဌာန်ရှိသော မင်းသားတိုင်အောင် မရနိုင်၊ ထိုသို့ မရနိုင်လျှင် "နိဂြောဓော ဣဝ ပရိမဏ္ဍလော (နိဂြောဓပရိမဏ္ဍလော ဣဝ ပရိမဏ္ဍလော) ယော ရာဇကုမာရော"၌ ပရိမဏ္ဍလောနှင့် ရာဇကုမာရောတို့ အရမတူသဖြင့် "အကြင်မင်းသားသည် ပညောင်ပင်ကဲ့သို့ ဝန်းဝိုင်းသော ပုံသဏ္ဌာန်တည်း" ဟု အနက်ထွက်၍ အဓိပ္ပာယ်မသင့်သောကြောင့်တည်း၊ ထို့ကြောင့် ပဋ္ဌမာ ဗဟုဗ္ဗီဟိ ဆိုလိုလျှင် "နိဂြောဓဿ+ပရိမဏ္ဍလော နိဂြောဓ ပရိမဏ္ဍလော" ဟု ရှေ့၌ တပ္ပုရိသ်မရှိစေပဲ "နိဂြောဓော ဣဝ (နိဂြောဓ ပရိမဏ္ဍလော ဣဝ) ပရိမဏ္ဍလော ယော ရာဇကုမာရော သောယံ နိဂြောဓပရိမဏ္ဍလော-ရာဇကုမာရော" ဟုသာ ရှိစေသင့်သည်။

**အထဝါ**–"နိဂြောဓဿ+ပရိမဏ္ဍလော, နိဂြောဓ ပရိမဏ္ဍလော၊ နိဂြောဓ မရိမဏ္ဍလော ဣဝ ပရိမဏ္ဍလော ယဿ ရာဇကုမာရဿ သောယံ နိဂြောဓပရိမဏ္ဍလော-ရာဇကုမာရော" ဤသို့ စာရှိစေ၍ ပရိမဏ္ဍလောအရ ဝန်းဝိုင်းသော ပုံသဏ္ဌာန်ကိုသာ ယူလျှင် "ပညောင်ပင်၏ ထက်ဝန်းကျင် ဝန်းဝိုင်းပုံနှင့်တူသော ထက်ဝန်းကျင် ဝန်းဝိုင်းသော ပုံသဏ္ဌာန်ရှိသော မင်းသားသည် နိဂြောဓပရိမဏ္ဍလမည်၏" ဟု အနက်အဓိပ္ပာယ်မှန် ရ၏၊ ထို့ကြောင့် ဤ ဆဋ္ဌီယတ္ထဗဟုဗ္ဗီဟိသည် အဋ္ဌကထာဋီကာတို့ ဖွင့်ပုံနှင့် မညီမျှသော်လည်း တနည်းအားဖြင့် သင့်ပေသေး၏။

**စက္ခုဘူတော စိစစ်ချက်။** ။"စက္ခုနော+ ဘူတော, စက္ခုဘူတော" ဤ တပ္ပုရိသ် ဝိဂ္ဂိုဟ်အရ မျက်စိ၏ ဖြစ်ခြင်းကြီးသာ ရ၏၊ "စက္ခုဘူတော ဣဝ+ဘူတော ယောဘဂဝါ" ၌လည်း "အကြင် မြတ်စွာဘုရားသည် မျက်စိ၏ ဖြစ်ခြင်းနှင့်တူသော ဖြစ်ခြင်းတည်း" ဟု အနက်ထွက်သဖြင့် သင့်မြတ်သောအဓိပ္ပာယ် မရနိုင်၊ ထို့ကြောင့် ယခုလက်ရှိ ပါဌ်သည် မကောင်းစင်စစ်တည်း၊ ထို့ကြောင့် ရူနှင့် နီတိတို့ပါဌ်ကို နည်းမှီး၍ "စက္ခု ဣဝ+ဘူတော ယော ဘဂဝါ စက္ခုဘူတော"ဟု ရှိစေလျက် "ယော

သုဝဏ္ဏာဿ-ရွှေ၏၊ ဝဏ္ဏော-အဆင်းတည်း၊ သုဝဏ္ဏဝဏ္ဏော-ရွှေအဆင်း၊ ယဿ (ဘဂဝတော)-၏၊ သုဝဏ္ဏဝဏ္ဏောဝိယ-ရွှေအဆင်းကဲ့သို့သော၊ ဝဏ္ဏော-အဆင်းတော်သည်၊ (အတ္ထိ, ဠတိ)သော-ယံ-သည်၊ သုဝဏ္ဏဝဏ္ဏော-မည်တော်

---

ဘဂဝါ-သည်၊ စက္ခုဇုဝ-သတ္တဝါအပေါင်း၏ မျက်လုံးသဖွယ်၊ ဘူတော-ဖြစ်တော်မူ၏'' ဟု အနက်ပေးရလျှင်''အဓိပ္ပာယ်မှန်လည်း ထွက်၏၊''စက္ခု ဘူတောတိ ပညာစက္ခု မယတ္တာ (ပညာ စက္ခုအတိ ပြီးသည်၏ အဖြစ်ကြောင့်) သတ္တေသုစ တဒုပ္ပါဒနတော (သတ္တဝါတို့၌လည်း ထို ပညာစက္ခုကို ဖြစ်စေတော်မူခြင်းကြောင့်) လောကဿ စက္ခုဘူတော (သတ္တဝါအပေါင်း၏ ပညာစက္ခုသဖွယ် ဖြစ်တော်မူပါပေ၏)'' ဟူသော မူလဋီကာနှင့်လည်း ညီပေသည်၊ အနုဋီကာ၌ကား ''ပညာစက္ခုနာ ဥပ္ပန္နတ္တာ ဝါ စက္ခုဘူတော'' ဟုလည်းကောင်း, ''အထဝါ ဒိဗ္ဗစက္ခု အာဒိကံ ပဉ္စဝိဓံပိ စက္ခုံ ဘူတော ပတ္တောတိ စက္ခုဘူတော'' ဟုလည်းကောင်း မူလဋီကာနည်းမှ တမျိုး ဖွင့်ပြလေသေး၏၊ ထိုအလို ''စက္ခုနာ-ပညာစက္ခုကြောင့်+ဘူတော-ဖြစ်တော်မူသည် တည်း၊ စက္ခုဘူတော-သည်''ဟု တတိယာ တပ္ပုရိသ် လည်းကောင်း ''စက္ခုံ-ဒိဗ္ဗစက္ခု စသော ငါးပါးသောစက္ခုသို့+ဘူတော- ရောက်တော်မူသည်တည်း၊ စက္ခုဘူတော-သည်'' ဟု ဒုတိယာတပ္ပုရိသ်လည်းကောင်းပြု။

**ဥပမာန ပုဗ္ဗပဒ္ဒမဇ္ဈ ဗဟုဗ္ဗီဟိကို မနှစ်သက်။** ။နိဂြောဓ ပရိမဏ္ဍလော၌ ပရိမဏ္ဍလောအရ မင်းသားရလျှင် နောက်ပုဒ်အနက် ပဓာန ဖြစ်သောကြောင့် ဥပမာန ပုဗ္ဗပဒကမ္မဓာရဲသမာသ်သာဖြစ်ထိုက်၏။ [''ဥပမာပုဗ္ဗပဒကမ္မဓာရဲကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထားသည်၊] စက္ခုဘူတောလည်း ''စက္ခုဇုဝ+ဘူတော''ဟုလည်းကောင်း ''စက္ခု ဟုတွာ ဘူတော'' ဟုလည်းကောင်း ပြုရာ၌ ကမ္မဓာရဲသာတည်း၊ ''ယော'' ဟု ထည့်ရ၍ ဗဟုဗ္ဗီဟိ ဆိုလိုလျှင် ''မုနိ+သီဟော ယော ဘဂဝါ သောယံ မုနိသီဟော= အကြင် မြတ်စွာဘုရားသည် မုနိလည်း မည်တော်မူ၏၊ ခြင်္သေ့နှင့်လည်း တူတော်မူ၏၊ ထို မြတ်စွာဘုရားသည် မုနိသီဟ မည်တော်မူ၏''-''ဘူမိံ ဂတော၊ ယောတိ ဘူမိဂတော'' စသည်ဖြင့် ပဋ္ဌမဇ္ဈ ဗဟုဗ္ဗီဟိတွေ အများပင် ရှိလေရာ၏၊ ထို့ကြောင့် နိဂြောဓ ပရိမဏ္ဍလော, စက္ခုဘူတောတို့၌ ဗဟုဗ္ဗီဟိဆိုခြင်းကို မဏိဒီပ စသော နောက်ဆရာတို့ ထောက်ခံကြသော်လည်း ဆရာတို့ မနှစ်သက်ကြ။

ရူပသိဒ္ဓိဋီကာလည်း မနှစ်သက်သောကြောင့် ''အယံ ပဌမတ္တော ဥပမာပုဗ္ဗပဒေါ, မဟာနိရုတ္တိယံ အညပဒတ္ထဝသေန ဒဿိတတ္တာ ဇာဓာပိ အညပဒတ္တေယေဝ ဝုတ္တော= မဟာနိရုတ္တိကျမ်း၌ ဆိုသောကြောင့် ဤရူပသိဒ္ဓိ၌ ပြရသည်''ဟု မဟာနိရုတ္တိကျမ်းပေါ် တာဝန် လွှဲခဲ့လေသည်၊ သို့ဖြစ်၍ ရူပသိဒ္ဓိ၌ပါသော ဥပမာနပုဗ္ဗပဒ ဗဟုဗ္ဗီဟိ အားလုံးသည် မဟာနိရုတ္တိကျမ်း အဆိုကို မှီး၍ ဆိုအပ်သော ဗဟုဗ္ဗီဟိများ ဟု မှတ်၊ အားလုံး ဆရာတို့သဘောကျဖြစ်သော ပဋ္ဌမဇ္ဈ ဗဟုဗ္ဗီဟိမှာ ''သဟ+ဟေတုနာ ယော ဝတ္တတီတိ သဟေတုကော, သဟ+ဝိတက္ကေန ယေ ဝတ္တန္တီတိ သဝိတက္ကာ'' စသည်တို့သာတည်း၊ ၎င်းတို့ကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု။

မူ၏၊ ဘဂဝါ-တည်း၊ ဗြဟ္မုနော-ဗြဟ္မာမင်း၏၊ သရော-အသံတည်း၊ ဗြဟ္မဿရော-သံ၊ ယဿ (ဘဂဝတော)-၏၊ ဗြဟ္မဿရောဝိယ-ဗြဟ္မာမင်း၏ အသံကဲ့သို့သော၊ သရော-အသံတော်သည်၊ (အတ္ထိ, ဏ္ဍတိ) သောယံ-သည်၊ ဗြဟ္မဿရော-မည်တော်မူ၏၊ ဘဂဝါ-ဘုရားတည်း။

---

**သုဝဏ္ဏ ဝဏ္ဏော**—"သုဝဏ္ဏဿ+ဝဏ္ဏော, သုဝဏ္ဏဝဏ္ဏော" သည် ဗဟုဗ္ဗီဟိသမာသ်၏ ရှေ့တော်ပြေးဖြစ်သော တပ္ပုရိသ်တည်း၊ "သုဝဏ္ဏဿ၊ ပေ၊ သုဝဏ္ဏဝဏ္ဏော" ၌ "သုဝဏ္ဏဝဏ္ဏ+ ဝဏ္ဏ+ ယ" ဟု တည်၍ ဆိုင်ရာ စီရင်ပြီးနောက် "သုဝဏ္ဏဝဏ္ဏ ဝဏ္ဏ" ဟု ပကတိပြုရသောကြောင့် ဝဏ္ဏတပုဒ်ကို ချေရသည်၊ ထိုသို့ ချေရာ၌ သုဝဏ္ဏဝဏ္ဏ၌ပါသော"ဝဏ္ဏ"သည် ရွှေအဆင်းကိုဟောသော ဝိသေသနပုဒ် ဖြစ်သောကြောင့် ပဓာနမဟုတ်၊ နောက်ဆုံး "ဝဏ္ဏ" ကား ဘုရားအဆင်းတော်ကို ဟောသောကြောင့် ပဓာနတည်း၊ ထို့ကြောင့် အပဓာနဖြစ်သော ရှေ့ဝဏ္ဏ တသုကို ဝုဒ္ဓိ သုတ်ကြီးဖြင့် ဖြစ်စေ, တေသံ ဝိဘတ္တိယောသုတ်၌ တေသံသဒ္ဒါဖြင့် ဖြစ်စေ (ရူပသိဒ္ဓိအလို "ဝုတ္တတ္ထာန မပ္ပယောဂေါ" ဖြင့် ဖြစ်စေ) ချေရမည်။ [ရူပသိဒ္ဓိဝယ် "ဥတ္တရပဒလောပေါ" ၏ ဆိုလိုရင်းလည်း- သုဝဏ္ဏဝဏ္ဏော၌ပါသော နောက်ဝဏ္ဏ ပုဒ်ကို ချေဟု ဆိုလိုသည်။]

**သဏ္ဌတကျမ်း အဆို။** ။ဤ သုဝဏ္ဏဝဏ္ဏော ပုဒ်သည် သဏ္ဌတကျမ်းတို့၌ ပြလေ့ရှိသော ဩဋ္ဌမုခေါပုဒ်နှင့် တူ၏၊ ဩဋ္ဌမုခမိဝ+မုခံ ယဿာတိ ဩဋ္ဌမုခေါ၊ ယဿ-အကြင်သူ၏၊ ဩဋ္ဌမုခမိဝ-ကုလားအုတ်၏ မျက်နှာကဲ့သို့သော၊ မုခံ-သည်၊ အတ္ထိ, ဏ္ဍတိ ဩဋ္ဌမုခေါ=ကုလားအုတ်၏ မျက်နှာနှင့်တူသော မျက်နှာရှိသူ။ [ဥပမာနံ ပုဗ္ဗပဒံ ယဿ ဥတ္တရပဒဿ, တံ ပဒန္တ ရေန သမဿတေ, တဿ ဥပမာနပုဗ္ဗပဒဿ ဥတ္တရပဒလောပေါ ဝိဓိယတေ၊ ဩဋ္ဌမုခမိဝ+မုခံ+အဿ, ဩဋ္ဌမုခေါ၊ အတြ ဩဋ္ဌော ဥပမာနံ ပုဗ္ဗပဒံ, မုခံ အဿ၊ နနု ဩဋ္ဌမုခံ ဥပမာနံ ဒေဝဒတ္တမုခဿ၊ နတု ဩဋ္ဌော၊ ဥပမာနာဝယဝတ္တာ ဩဋ္ဌောပိ ဥပမာန မုစ္စ တေ ဏ္ဍတျံ့ဒေါသော၊ (ကာသိကာ ဝိဝရဏ ပဉ္စိကာ)၊ "ဩဋ္ဌမုခ မုခ" ဟု ရှိရာ၌ ဥပမာနပုဒ် အစစ်မှာ "ဩဋ္ဌမုခ" တည်း၊ သို့သော် ဥပမာန၏ အစိတ်ဖြစ်သော ဩဋ္ဌကိုသာ ဥပမာနပုဒ် ဟု (ကေဒေသျူပစာရ အားဖြင့်) ခေါ်ထားသည်၊ ထို ဥပမာနပုဗ္ဗပဒဖြစ်သော ဩဋ္ဌ၏ ဥတ္တရပဒဟူသည် "ဩဋ္ဌမုခ" ဟု တွဲနေသော "မုခ" ပုဒ်တည်း၊ ထိုဩဋ္ဌ၏ နောက်ဖြစ်တော မုခကို (ယခု မျက်မြင်အားဖြင့် အလည်ဖြစ်သော မုခကို) ချေပါ-ဟူလို။]

**သာရသွတ။** ။ဝေယမိကရဏော ဗဟုဗ္ဗီဟိမှိ မဇ္ဈပဒလောပေါ၊ ကုမုဒဿ ဂန္ဓော ဣဝ ဂန္ဓော ယဿ, သော ကုမုဒဂန္ဓိ=ကုမုဒြာ ကြာပန်းအနံ့နှင့် တူသော အနံ့ရှိသူ၊ [ဝေယမိသရဏော- ဘိန္နာဓိကရဏဖြစ်သော (ကုမုဒဿနှင့် ဂန္ဓောကဲ့သို့ အရမတူသော) ဗဟုဗ္ဗီဟိမှိ-၌၊ မဇ္ဈပဒလောပေါ-အလယ်ပုဒ်ကို ချေ၊ "ကုမုဒ+ဂန္ဓ+ဂန္ဓ" ဟု

သယံပတိတ ပဏ္ဏ ပုပ္ဖ ဖလ ဝါယု တောယာဟာရာတိ - သယံ၊ပေ၊ ဟာရာ ဟူသော သမာသ်၌၊ (အဝယဝဝိဂ္ဂဟော-အစိတ် အစိတ် ဝိဂ္ဂြိုဟ်ကား)၊ ပဏ္ဏဉ္စ-အရွက်လည်း၊ ပုပ္ဖဉ္စ-အပွင့်လည်း၊ ဖလဉ္စ-အသီးလည်း၊ ပဏ္ဏပုပ္ဖဖလာ-အရွက် အပွင့် အသီးတို့၊ သယမေဝ-အလိုလိုသာလျှင်၊ ပတိတာနိ-ကြွေကျကုန်သည်တည်း၊သယံ ပတိတာနိ-အလိုလို ကြွေကျကုန်သည်၊ သယံပတိတာနိစ-အလိုလို ကြွေကျကုန်သည်လည်း ဟုတ်ကုန်၏၊ တာနိ-ထို အလိုလို ကြွေကျကုန်သည်တို့ ဟူသည်၊ ပဏ္ဏပုပ္ဖဖလာနိစ-အရွက် အပွင့် အသီးတို့လည်း ဟုတ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ သယံ၊ပေ၊ ဖလာနိ-သယံ၊ပေ၊ ဖလတို့ မည်၏၊ ဝါယုစ-လေလည်း၊ တောယဉ္စ-ရေလည်း၊ ဝါယုတောယာနိ-ရေလေတို့၊ သယံ၊ပေ၊ ဖလာနိစ-အလိုလို ကြွေကျကုန်သော အရွက် အပွင့် အသီး တို့လည်း၊ ဝါယုတောယာနိစ-လေ ရေတို့လည်း၊ သယံ၊ပေ၊ တောယာနိ-အလိုလို ကြွေကျကုန်သော အရွက် အပွင့် အသီး လေ ရေတို့၊ ယေသံ-အကြင်သူတို့၏၊ သယံပတိတ ပဏ္ဏပုပ္ဖဖလ ဝါယုတောယာနိ-အလိုလို ကြွေကျကုန်သော အရွက် အပွင့် အသီး လေ ရေ ဟူကုန်သော၊ အာဟာရာ-အာဟာရတို့သည်၊ (သန္တိ-ရှိကုန်၏၊ ဣတိ) တေ-ထိုသူတို့သည်၊ သယံ၊ပေ၊ ဟာရာ-သယံ၊ပေ၊ ဟာရတို့ မည်၏၊ ဣသယော-ရသေ့တို့တည်း၊ [ထွေ-ဤ သမာသ်၌၊ ယံ-အကြင်စကားကို၊ ဝတ္တဗ္ဗံ-ဆိုထိုက်၏၊ တံ-ထိုစကားကို၊ ဟေဋ္ဌာ-အောက်၌၊ ဝုတ္တမေဝ-ဆိုအပ်

---

၃ ပုဒ် ပကတိ ပြုပြီးသည့်အခါ အလယ် ဂန္ထပုဒ်ကို ချေပါ-ဟူလို၊ အချုပ်မှာ-"သုဝဏ္ဏဿ+ ဝဏ္ဏော ဝိယ+ဝဏ္ဏော ယဿ" ဟု ဝိဂ္ဂြိုဟ်ပြုလျှင် ပကတိပြုရာ၌ "သုဝဏ္ဏ+ဝဏ္ဏ+ဝဏ္ဏ" ဟု ၃ ပုဒ် ရှိသောကြောင့် အလယ် ဝဏ္ဏပုဒ်ကို ချေဟု ဆိုလို၏၊ "သုဝဏ္ဏဝဏ္ဏော ဝိယ ဝဏ္ဏောယဿ" ဟု ဝိဂ္ဂြိုဟ်ပြုလျှင် ပကတိပြုရာ၌ "သုဝဏ္ဏဝဏ္ဏ+ဝဏ္ဏ" ဟု ၂ ပုဒ်သာရှိ၏၊ ထို ၂ ပုဒ်တွင် ဥတ္တရပဒလောပ ဟု ဆိုရာ၌ သုဝဏ္ဏဝဏ္ဏ ဟူသော ရှေ့ပုဒ်တွင် နောက်ဖြစ်သော ဝဏ္ဏကို ချေပါ-ဟု ဆိုလိုသည်၊ ဗြဟ္မဿ-ရော ၌လည်း ဤနည်းမှီ၍ သိလောက်ပြီ။ ["သွရ" ဟု ရှိသောကြောင့် ပါဠိ၌ ပျောက်သော ဝဆွဲအစား ဒွေဘော် ရောက်လာရသည်၊]

**သယံ၊ ပေ၊ တုလျာဓိကရဏ ဗဟုဗ္ဗီဟိ။** ။"သယံပတိတပဏ္ဏ ပုပ္ဖဖလဝါယု တောယာဟာရာတိ" ကား အစိတ်အစိတ် သမာသ်တွဲ၍ နောက်ဆုံး၌ ဗဟုဗ္ဗီဟိတွဲရပုံကို ပြဖို့ရန် အခြေတည်ထားသော စကားတည်း၊ အဋ္ဌကထာတို့၌ ဇာတိသဒ္ဒါဖြင့် တည်ရသော သံဝဏ္ဏေတဗ္ဗမျိုး ဖြစ်၏၊ ထို့ကြောင့် "ဟာရာတိ" ဟု ဇာတိရှိစေရမည်၊ "အဝယဝ ဝိဂ္ဂဟော" ကား အပိုထည့်ပါဌ်တည်း၊ "ပဏ္ဏဉ္စ၊ ပေ၊ ပဏ္ဏပုပ္ဖဖလာနိ" သည် ဒွန်သမာသ်၊ "သယမေဝ+ပတိတာနိ သယံပတိတာနိ" သည် ကမ္မဓာရဲ၊

ပြီးသည့်သာ၊] ပန-ဆက်ဦးအံ့၊ အယံ-ဤ သမာသ်သည်၊ ဒွန္ဒကမ္မဓာရယ ဂဗ္ဘော-အတွင်း၌ ဒွန် ကမ္မဓာရဲ ရှိသော၊ ဝါ-ဒွန် ကမ္မဓာရဲ အတွင်းငုပ်သော၊ တုလျာဓိကရဏ ဗဟုဗ္ဗီဟိ-တုလျာဓိကရဏ ဗဟုဗ္ဗီဟိ သမာသ်တည်း။

အထဝါ - တနည်းကား၊ ယေသံ အကြင် ရသေ့တို့၏၊ သယံပတိတ ပဏ္ဏပုပ္ဖဖလ ဝါယုတောယေဟိ-အလိုလို ကြွေကျကုန်သော အရွက် အပွင့် အသီး လေ ရေတို့ဖြင့်၊ အာဟာရော-အာဟာရတို့သည်၊ (သန္တိ, ဠတိ) တေ-

---

“သယံပတိတာနိစ+တာနိ+ပဏ္ဏပုပ္ဖဖလာနိ စာတိ, သယံပတိတ ပဏ္ဏပုပ္ဖဖလာနိ” လည်း ကမ္မဓာရဲပင်၊ “ဝါယုစ၊ ပေ၊ တောယာနိ” သည် ဒွန်၊ “သသံ၊ ပေ၊ ပတိဘာ နိစ+ဝါယုတောယာနိစာတိ သယံ၊ပေ၊ တောယာနိ” လည်း ဒွန်ပင်၊ ထို့နောက်မှ “သယံ၊ပေ၊ တောယာနိ+အာဟာရာ+ယေသံ, တေ သယံ၊ပေ၊ ဟာရာ” ဟု ဗဟုဗ္ဗီဟိ ပြုရသည်၊ ဤသို့လျှင် ဤ ဗဟုဗ္ဗီဟိ သမာသ်တွင်း၌ ဒွန် ကမ္မဓာရဲ ၂ မျိုး ပါဝင်လျက် (အတွင်း၌ ဝှပ်လျက် မြုပ်လျက်) ရှိသောကြောင့် “ဒွန္ဒကမ္မဓာရယ ဂဗ္ဘော” ဟုလည်းကောင်း, “သယံပတိတပဏ္ဏပုပ္ဖဖလ ဝါယု တောယာနိ” နှင့် “အာဟာရာ” ဟူသော သမာသ်ပုဒ် ၂ ခုတို့ အရတူသောကြောင့် “တုလျာဓိကရဏ ဗဟုဗ္ဗီဟိ” ဟုလည်းကောင်း နိဂုံးစကားကို ဆိုသည်။ [ဒွန္ဒကမ္မဓာရယာ+ဂဗ္ဘေ ယဿာတိ ဒွန္ဒကမ္မဓာရယဂဗ္ဘော၊ ယဿ-အကြင် ဗဟုဗ္ဗီဟိ သမာသ်ကြီး၏၊ ဂဗ္ဘေ-ဝမ်းတွင်းန၌၊ ဒွန္ဒကမ္မဓာရယာ-ဒွန်ကမ္မဓာရဲတို့သည်၊ သန္တိ ဠတိ, သော-ထို ဗဟုဗ္ဗီဟိ သမာသ်ကြီးသည်၊ ဒွန္ဒကမ္မဓာရယဂဗ္ဘော- မည်၏။]

**ယမေတ္ထ၊ပေ၊ ဝုတ္တမေဝ**—“ဣသယော” သည် သမာသ်ပုဒ်၏ ဟောအပ်သော အနက်ကို ပြသော (အရကောက်ကို ပြသော) အဘိဓေယျ ပုဒ်တည်း၊ ဤ အဘိဓေယျ ပုဒ်၏ နောက်၌ “ယမေတ္ထ” စသော စကားကို တွေ့ရ၏၊ ထိုစကားသည် သီဟိုဠ်မူ၌ မပါ၊ ချာသ၌ ပြသော စကားကို ဤကစ္စည်း ဝုတ္တိ၌ ကူးယူ ထည့်ထားသော စကား ဖြစ်သောကြောင့် မြန်မာမူ၌ ချာသရှိတိုင်း ပါနေခြင်း ဖြစ်ဟန်တူသည်၊ ချာသ၌ ဆိုလို ရင်းကား-“ပဏ္ဏဉ္စ ပုပ္ဖဉ္စ” မှ စ၍ ဒွန် ကမ္မဓာရဲ သမာသ်များကိုလည်းကောင်း ဗဟုဗ္ဗီဟိ သမာသ်ကိုလည်းကောင်း ပြထားရာ၌ ရုပ်တွက်ပုံကို အသီးအသီး ပြဆိုသိုက်၏၊ ထို ဆိုတိုက်သမျှကို အောက်အောက် သုတ်များ၌လည်းကောင်း ဤ သုတ်ဝယ် အာဂတ သမဏော ရုပ်တွက်ပုံ၌လည်းကောင်း ပြဆိုခဲ့ပြီ ဟု ညွှန်ပြသော အမှာစကားတည်း၊ ထိုစကားမျိုးကို ချာသ၌သာ ဆိုထိုက်၏၊ ဤ ကစ္စည်းဝုတ္တိ၌ကား ရုပ်တွက်ပုံကို မပြခဲ့သဖြင့် မဆိုထိုက်။

**ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ**— “သယံပတိတပဏ္ဏပုပ္ဖဖလဝါယုတောယေဟိ+ အာဟာရာ”ဟု သမာသ်ပုဒ် ၂ ခုတို့ ဝိဘတ် မတူကြ၊ “သယံ ပတိတ ပဏ္ဏပုပ္ဖဖလ ဝါယုတောယ” တို့အရ အလိုလို ကြွေကျနေသော အရွက် အပွင့် အသီးများနှင့် လေ

ထို ရသေ့တို့သည်၊ သယံ၊ပေ၊ ဟာရာ-သယံ၊ပေ၊ ဟာရတို့ မည်၏၊ [ဣသယော-ဟု အဘိဓေယျ မပါသဖြင့် "ယေသံ-တေ" အရ "ရသေ့"ဟု တိုက်ရိုက် စွဲသည်၊] အယံ ပန-ဤ သမာသ်သည်ကား၊ ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ-ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ သမာသ်တည်း။

နာနာဒုမပတိတပုပ္ဖ ဝါသိတသာနုတိ-နာနာဒုမ ၊ပေ၊ သာနု ဟူသော သမာသ်ပုဒ်၏၊ (အဝယဝဝိဂ္ဂဟော - ကား၊) နာနပ္ပကာရော - အထူးထူး အပြားပြား ကုန်သော (အမျိုးမျိုးကုန်သော)၊ ဒုမာ - သစ်ပင်တို့တည်း၊ နာနာဒုမာ-အမျိုးမျိုးသော သစ်ပင်တို့၊ နာနာဒုမေဟိ-အမျိုးမျိုး သစ်ပင်တို့မှ၊ ပတိတာနိ-ကြွေကျကုန်သည်တည်း၊ နာနာဒုမ ပတိတာနိ-အမျိုးမျိုး သစ်ပင်

---

ရေ အားလုံးရ၍ "အာဟာရာ အရ ရသေ့တို့ စားအပ်သမျှသော အစာ တချို့သာ ရသောကြောင့် အနက်အရ မတူကြသဖြင့် ဝိဘတ်လည်း မတူပဲ ရှိရသည်၊ ထိုသို့ သမာသ်ပုဒ် ၂ ခု၏ တည်ရာဖြစ်သော အနက်က မတူကြသောကြောင့် ဘိန္နာဓိကရဏ (ကွဲပြားသော တည်ရာ အနက်ရှိသော) ဗဟုဗ္ဗီဟိ ဖြစ်ရသည်၊ ရှေ့ တုလျာဓိကရဏ ဗဟုဗ္ဗီဟိ အခိုက်၌မူ "သယံ၊ ပေ၊ တောယ" တို့ အရ ရသေ့တို့ စားသောက်ကောင်းသော အရွက် အပွင့် အသီးနှင့် လေ ရေ ကိုသာ ယူရသောကြောင့် အရတူကြသည်။ [လေကောင်း လေသန့်ရ၍ အားပြည့်သောကြောင့် လေကိုလည်း "အာဟာရ" ဟု ဆိုထားသည်။] နောက်နောက်၌ တုလျာဓိကရဏ-ဘိန္နာဓိကရဏ ၂ မျိုး ကွဲသမျှ ဤ နည်းချည်း ကြံပါ၊ ဤ သမာသ်ကြီး၌ အသီးသီးသော သမာသ်များ၏ ရုပ်ကို နောင်ခါ အလိုလို နားလည်ပါလိမ့်မည်။

**စဉ်းစားဖွယ်။** ။"သယံ ပတိတ ပဏ္ဏ" စသော ဤသမာသ်မှစ၍ "နာနာမုသလဖလ" စသော သမာသ် တိုင်အောင် ကစ္စည်း ဝုတ္တိနှင့် ညာသတို့၌ အများအားဖြင့် စာနေပုံ ထပ်တူကျလျက်ရှိ၏၊ ကစ္စည်းဝုတ္တိ၌ ဗဟုဗ္ဗီဟိ သက်သက် အကျဉ်းမျှ ပြထားသည်ကို ညာသ၌ အစိတ်အစိတ် ဝိဂ္ဂြိုဟ်ပြု၍ အကျယ်ဖွင့်ပြခြင်း ဖြစ်ဟန်တူ၏၊ နောက်နောက် ဆရာတို့ လက်ထက်ကျမှ ညာသ၌ရှိသော အကျယ်ကို ကစ္စည်းဝုတ္တိ၌ ကူးယူသွင်းထားသဖြင့် ကစ္စည်းဝုတ္တိမှာ (ညာသအတိုင်း) ကျယ်ဝန်းစွာ ရှိနေရလေသည်၊ ထို့ကြောင့် "ယမေတ္ထ ဝတ္တဗ္ဗံ, တံ ဟေဋ္ဌာ ဝုတ္တမေဝ" ဟူသော စကားလည်း ညာသ၌ အသုံးပြုလေ့ရှိသော စကားဖြစ်ပါလျက် ဤ ကစ္စည်းဝုတ္တိမှာ ပါဝင်နေရသည်၊ ဤသို့ စဉ်းစားမိပါသည်၊ ထို့ကြောင့် "ပဏ္ဏဥ္စပုပ္ဖဥ္စ" စသော အစိတ်အစိတ် ဝိဂ္ဂြိုဟ် များကို ရုပ်မတွက်စေပဲ အနက်မျှကိုသာ ချပေးပါ၊ အနက်မျှပင် ဝန်လေးသည်ဟု ထင်ရသော စာသင်သားတို့ အတွက်မှာ "သယံပတိတပဏ္ဏပုပ္ဖဖလ ဝါယုတောယာဟာရာ" စသည်တို့၏ အနက်ကိုမျှ မချပဲ (ဤသုတ်ကုန်သည့်တိုင်အောင်) ခန်ကျော် ပို့ချကြပါလေ၊ နောင် အနက်ဉာဏ် ကြီးလာသောအခါ အလိုလို နားလည် ကြပါလိမ့်မည်။

တို့မှ ကြွေကျကုန်သည်၊ နာနာဒုမ ပတိတာနိစ-အမျိုးမျိုးသော သစ်ပင်တို့မှ ကြွေကျကုန်သည်လည်း ဟုတ်ကုန်၏၊ တာနိ-ထို အမျိုးမျိုးသော သစ်ပင်တို့မှ ကြွေကျကုန်သည်တို့ ဟူသည်၊ ပုပ္ဖါနိစ-ပန်းတို့လည်း ဟုတ်ကုန်၏၊ ဣတိ, နာနာဒုမ ပတိတပုပ္ဖါနိ-နာနာ ၊ပေ၊ ပုပ္ဖတို့ မည်၏၊ နာနာဒုမ ပတိတပုပ္ဖေဟိ-အမျိုးမျိုးသော သစ်ပင်တို့မှ ကြွေကျကုန်သော ပန်းတို့ဖြင့်၊ ဝါသိတာ-ထုံအပ်ကုန်သည်တည်း၊နာနာဒုမ ပတိတပုပ္ဖဝါသိတာ-အမျိုးမျိုးသစ်ပင်တို့မှ ကြွေကျကုန်သော ပန်းတို့ဖြင့် ထုံအပ်ကုန်သည်၊ယဿ ပဗ္ဗတရာဇဿ-အကြင် ဟိမဝန္တာ တောင်မင်း၏၊နာနာ၊ပေ၊ ဝါသိတာ-အမျိုးမျိုး သစ်ပင်တို့မှ ကြွေကျကုန်သော ပန်းတို့ဖြင့် ထုံအပ်ကုန်သော၊ သာနူ-တောင်အပြင်တို့သည်၊ (သန္တိ, ဣတိ) သောယံ-ထို ဟိမဝန္တာတောင် မင်းသည်၊ နာနာဒုမ ပတိတပုပ္ဖဝါသိတသာနု-နာနာ ၊ပေ၊ သာနု မည်၏၊ ပဗ္ဗတရာဇာ-ဟိမဝန္တာတောင်မင်းတည်း၊ ပန-ဆက်ဦးအံ့၊ အယံ-ဤ သမာသ်သည်၊ ကမ္မဓာရယ တပ္ပုရိသဂဗ္ဘော-အတွင်း၌ ကမ္မဓာရဲတပ္ပုရိသ်သမာသ်ရှိသော၊ ဝါ - ကမ္မဓာရဲ တပ္ပုရိသ်သမာသ် အတွင်း ငုပ်သော၊ တုလျာဓိကရဏဗဟုဗ္ဗီဟိ-တည်း။

အထဝါ- ကား၊ ဝါသိတာ-ထုံအပ်ကုန်သော၊ သာနူ- တောင်အပြင်တို့ တည်း၊ ဝါသိတသာနူ-ထုံအပ်ကုန်သော တောင်အပြင်တို့၊ သာပေက္ခတ္တေ-ပုဒ်တပါးကို ငဲ့ခြင်းရှိသည်၏ အဖြစ်သည်၊ သတိပိ-ရှိပါသော်လည်း၊ ဂမကတ္တာ-သိစေနိုင်သော သတ္တိ ရှိသည်၏ အဖြစ်ကြောင့်၊ သမာသော-ဝါသိတသည်

---

**နာနာ၊ပေ၊သာနုတိ**—[“သာနူတိ” ဟု ဋီကာသဒ္ဒါ ပါစေ၊ ပဗ္ဗတဿ သမဘူမိ ဒေသေ (တောင်၌တည်သော ညီမျှသော မြေအရပ်)” ဟု ထောမနိဓိဖွင့်သော ကြောင့် “တောင်အပြင်” ဟု ပေးသည်၊ ထိုတောင်အပြင်တွေ များစွာရှိသောကြောင့် “သာနူ” ဟု ဘိက္ခူကဲ့သို့ ဗဟုဝုစ်လည်း ရှိစေ၊ ယဿကိုလည်း သာနူ၌စပ်၍ “၏” ဟု ဆဋ္ဌီအနက်ပေး၊ “ဟိမဝန္တာ၏+တောင်အပြင်” ဟူလို၊ “အား” ပေးခြင်းကား မကောင်း။] နာနာဟူသော နိပါတ်ပုဒ်သည် “နာနာ နေကတ္တဝဇ္ဇနေ” ဟူသော အဘိဓာန်နှင့်အညီ အနေကတ္တ အနက်ဟောဟု ပြလို၍ “နာနပ္ပကာရာ”ဟု ပရိယာယ် ပုဒ်ဖြင့် ဝိဂ္ဂြိုဟ်ပြုသည်၊ ရှုပ်တွက်ရာ၌မူ “နာနာ+ဒုမ” တည်, ယော ၂ လုံးသက်၊ ဤကား ကမ္မဓာရဲတည်း၊ “နာနာဒုမေဟိ+ ပတိတာနိ” တပ္ပုရိသ်တည်း၊ နောက် ၂ မျိုးလည်း ကမ္မဓာရဲနှင့် တပ္ပုရိသ်ပင်၊ ဤသို့လျှင် “နာနာဒုမ ပတိတပုပ္ဖဝါသိတ သာနု” ဟူသော ဗဟုဗ္ဗီဟိတွင်း၌ ကမ္မဓာရဲနှင့် တပ္ပုရိသ် ငုပ်လျက်ရှိသောကြောင့် လည်းကောင်း, “နာနာဒုမ ပတိတပုပ္ဖဝါသိတာ+သာနု” ဟု သမာသ်ပုဒ် ၂ ခု အရ တူသောကြောင့်လည်းကောင်း “အယံပန ကမ္မဓာရယတပ္ပုရိသဂဗ္ဘော တုလျာဓိ ကရဏဗဟုဗ္ဗီဟိ” ဟု မိန့်သည်။

သာနုနှင့် သမာသ် ဖြစ်နိုင်၏၊ ယသ္မာ ပဗ္ဗတရာဇဿ-၏၊ နာနာဒုမ ပတိတပုပ္ဖေဟိ-အမျိုးမျိုး သစ်ပင်တို့မှ ကြွေကျကုန်သော ပန်းတို့ဖြင့်၊ ဝါသိတသာနု-ထုံအပ်သော တောင်အပြင်တို့သည်၊ (သန္တိ, ဌာတိ) သောယံ-သည်၊ နာနာဒုမ ပတိတပုပ္ဖဝါသိတသာနု-မည်၏၊ ပဗ္ဗတရာဇာ-တည်း၊ အယံ ပန-ဤသမာသ်သည်ကား၊ ဘိန္နာဓိကရဏဗဟုဗ္ဗီဟိ-တည်း။

---

အထဝါ၊ပေ၊ဘိန္နာဓိကရဏ—"နာနာဒုမ ပတိတပုပ္ဖေဟိ+ဝါသိတသာနု" ဟု သမာသ်ပုဒ် ၂ ခုတွင် ရှေ့ပုဒ်အရ ပန်းများရ၍, နောက်ပုဒ်အရ ထုံအပ်သော တောင်အပြင်ရသော ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိကို တနည်းပြလို၍ "အထဝါ" ဟု တက်သည်၊ ဤသို့ ဘိန္နာဓိကရဏဖြစ်အောင် ကြံရာ၌ "ဝါသိတာ+သာနူ"ဟု သမာသ် တွဲသည့်အခါ "ဝါသိတ-ထုံအပ်" ဟူရာ၌ ဝါသိတသဒ္ဒါသည် ရှေ့ "ပုပ္ဖ"ကို ငဲ့လျက် ရှိ၏။ ["ပန်းတို့ဖြင့်+ထုံအပ်" ဟု ရှေ့ပုဒ်ကို ငဲ့နေပုံ-ရှေ့ပုဒ်နှင့်တွဲမှ အဓိပ္ပာယ်ပြည့်စုံပုံကို သိပါ၊] ဤသို့လျှင် ဝါသိတသဒ္ဒါသည် မိမိနှင့် တွဲစပ်နေသော သာနုသဒ္ဒါအပြင် ရှေ့ပုပ္ဖကိုလည်း ငဲ့လျက်ရှိသောကြောင့် ဝါသိတသဒ္ဒါသည် သာနုသဒ္ဒါနှင့် သမာသ် မဖြစ်သင့်သည် မဟုတ်ပါလော-ဟု စောဒနာဖွယ် ရှိရကား "သာပေက္ခတ္တေ သတိပိ ဂမကတ္တာ သမာသော" ဟု မိန့်သည်၊ "မိမိနှင့်တွဲစပ်နေသော သာနုပုဒ်မှတပါး ရှေ့ပုဒ်ကို ငဲ့ခြင်းရှိသော်လည်း ဂမကသတ္တိရှိသောကြောင့် ဝါသိတသည် သာနုနှင့် သမာသ် ဖြစ်နိုင်ပါ၏-ဟူလို။

သာပေက္ခတ္တေ သတိပိ။ ။သံဝိဇ္ဇတိ အပေက္ခာ ယဿာတိ သာပေက္ခော၊ ယဿ- အကြင်ဝါသိတသဒ္ဒါ၏၊ အပေက္ခာ- ရှေ့ပုပ္ဖသဒ္ဒါကိုငဲ့ခြင်းသည်၊ သံဝိဇ္ဇတိ-ရှိ၏၊ ဣတိ, သော ထို ဝါသိတသဒ္ဒါသည်၊ သာပေက္ခော-မည်၏၊ သာပေက္ခဿ+ဘာဝေါ, သာပေက္ခတ္တံ-ငဲ့ခြင်းရှိသည်၏အဖြစ်၊ "နာမာနံ သမာသော ယုတ္တတ္ထော" သုတ်၌ ယုတ္တတ္ထသဒ္ဒါကို ဆိုခြင်းကြောင့် သမာသ်စပ်နေခိုက် ပုဒ်မှတပါး အခြားပုဒ်ကို ငဲ့နေသေးလျှင် သမာသ်ဖြစ်ရိုးထုံးစံ မရှိရကား ဤ ဝါသိတသဒ္ဒါလည်း ပုပ္ဖသဒ္ဒါကို ငဲ့လျက် ရှိသောကြောင့် သာနုသဒ္ဒါနှင့် သမာသ်မဖြစ်သင့်" ဟု စောဒကပုဂ္ဂိုလ်က စောဒနာ၏၊ ပရိဟာရ ဆရာကမူ ပုဒ်တပါးကို ငဲ့နေသော်လည်း (ငဲ့နေပေမယ်လို့) ဝါသိတသဒ္ဒါသည် သာနုသဒ္ဒါနှင့် သမာသ်ဖြစ်နိုင်၏-ဟု စောဒက၏ အကြောင်းပြ သာပေက္ခတ္တာကို ပယ်ချလိုသောကြောင့် "သတိပိ" ဟု ကဲ့ရဲ့ရှုတ်ချခြင်းအနက်ပြသော အပိသဒ္ဒါနှင့်တကွ ဆိုသည်။

ဂမကတ္တာ။ ။"ပုဒ်တပါးကို ငဲ့နေပါလျက် အဘယ့်ကြောင့် (ဘယ်နည်းဖြင့်) သမာသ်ဖြစ်နိုင်ရသနည်း"....ဟု စောဒကပုဂ္ဂိုလ်က အကြောင်းကို တဆင့်မေးဖွယ် ရှိသောကြောင့် "ဂမကတ္တာ" ဟု အကြောင်းပြရပြန်သည်၊ "နာနာဒုမ ပတိတ

ဗျာလမ္ဗမ္ဗုမှရေပိန္ဒုစုမ္ဗိတကူဋ္ဌောတိ - ဗျာလမ္ဗမ္ဗု၊ပေ၊ ကူဋ္ဌော ဟူသော သမာသ်ပုဒ်၏၊ (အဝယဝဝိဂ္ဂဟော-ကား၊) အမ္ဗုံ-ရေကို၊ ဓာရေတိ-ဆောင်တတ်၏၊ ဣတိ, အမ္ဗုဓရော-အမ္ဗုဓရ မည်၏၊ သော-ထို အမ္ဗုဓရ ဟူသည်၊ ကော - အဘယ်သူနည်း၊ ပဇ္ဇုန္နော - မိုးတိမ်တည်း၊ ဝိဝိဓာ-အထူးထူးအားဖြင့် (အမျိုးမျိုးအားဖြင့်)၊ အာလမ္ဗော-တွဲရရွဲ ဆွဲအပ်သည်တည်း၊ ဗျာလမ္ဗော-

---

ပုဗ္ဗေဟိ+ဝါသိတာ+သာနူ''ဟု ဝါကျပြုလျှင် ပုဗ္ဗေဟိကို ဝါသိတ၌သာ စပ်၍ ''ပန်းတို့ဖြင့် ထုံအပ်''ဟူသော အနက်အဓိပ္ပာယ်ကို သိရသကဲ့သို့''ဝါသိတသာနူ''ဟု သာနုနှင့် သမာသ် တွဲလိုက်သော်လည်း ဝါသိတ သဒ္ဒါသည် ပုဗ္ဗေဟိကို မိမိမှာစပ်၍ ''ပန်းတို့ဖြင့် ထုံအပ်''ဟူသော အနက်ကို (ဝါကျတုန်းကကဲ့သို့) သိစေနိုင်၏၊ ဤသို့ သိစေနိုင်သော သတ္တိကို ''ဂမကသတ္တိ''ဟု ခေါ်သည်။ [ဂမယတိ ဗောဓေတိ-သိစေတတ် သိစေနိုင်၏၊ ဣတိ,ဂမကော-မည်၏၊ ဂမကဿ-သိစေနိုင်သော ဝါသိတ သဒ္ဒါ၏+ဘာဝေါ-ဖြစ်ကြောင်း သတ္တိသည်၊ ဂမကတ္တံ-ဂမကတ္တ မည်၏။] ဤသို့ ဂမကသတ္တိ ရှိသောပုဒ်များသည် သမာသ်ဇပ်ခိုက်ပုဒ်မှ အခြားပုဒ်ကို ငဲ့နေသော်လည်း သမာသ်ဖြစ်နိုင်ရကား ပုဗ္ဗေဟိကို ငဲ့နေသော ဝါသိတ သဒ္ဒါသည် သာနူနှင့် သမာသ် ဖြစ်နိုင်ပါ၏-ဟူလို။ [နောက်သမာသ်၌ ထပ်၍ ဤအဓိပ္ပာယ် ပြဦးမည်။]

**ဗျာလမ္ဗ၊ပေ၊ကူဋ္ဌော**—''ဗျာလမ္ဗ+အမ္ဗုဓရ''ဟု ခွဲ၊ ''အမ္ဗုဓရ''အရ မည်သူ့ကို ရသနည်း—ဟု ကျမ်းဆရာကိုယ်တိုင် ပုစ္ဆာထုတ်၍ ''ပဇ္ဇုန္နော''ဟု ကိုယ်တိုင်ပင် ဖြေ၏၊ ဤသို့ အမေး အဖြေ မလုပ်ဘဲ ''အမ္ဗုံ+ဓာရေတီတိ အမ္ဗုဓရော-ပဇ္ဇုန္နော''ဟု ဆိုလျှင်လည်း ပြီးနိုင်သည်ပင်၊ ''အမ္ဗုဓရော''ကား ကိတန္တတပ္ပုရိသ် သမာသ်တည်း၊ ဤသမာသ်၏သဘောကို ကိတ်-ဓာတုယာ ကမ္မာဒိမှိဏော စသော သုတ်များ၌ သိရလတ္တံ့၊ ''ပဇ္ဇုန္နော-မိုးနတ်၊ ဝါ-ပဇ္ဇုန္နနတ်''ဟု ပေးရိုးရှိသော်လည်း ''မေဃော ဝလာဟကော ဒေဝေါ, ပဇ္ဇုန္နောမ္ဗုဓရော ဃနော''စသည်ဖြင့် ''မိုးတိမ်''အနက်ဟောဟု အဘိဓာန် ဆိုသည်။

**ဗျာလမ္ဗမ္ဗုဓရော**။ ။[''ဝိ+အာလမ္ဗ''ဟု ပုဒ်ဖြတ်၍ ဝိ၏အနက်ကို ဟောသော ''ဝိဝိဓာ''ပရိယာယ်ပုဒ်ဖြင့် ဝိဂ္ဂြိုဟ်လုပ်သည်၊ ရုပ်တွက်ရာ၌ကား ''ဝိ+အာလမ္ဗ''တည်၍ပင် တွက်ရမည်၊ အာပုမ္ဗ+လဗိဓာတ်, ကံဟော (အ) ပစ္စည်း (သဏ္ဍာတ်၌ ဃန် ပစ္စည်း)ဖြင့် ပြီးသော အာလမ္ဗသဒ္ဒါသည် ''တွဲရရွဲ ဆွဲအပ်'' ဟူသော အဝလမ္ဗအနက်, ''မှီအပ်''ဟူသော အာသယအနက် ဤ ၂ ချက်ကို ဟော၏ဟု ထောမနိဓိ၌ ဖွင့်၏၊ မိုးတိမ်မှ မိုးပေါက်များ ကျနေခြင်းသည် ညိုမဲသော မျက်နှာကျက်မှ ပန်းကုံးကလေးတွေ တွဲရရွဲ ဆွဲနေသကဲ့သို့ ဖြစ်ရကား မိုးတိမ်သည် ''အာလမ္ဗိယတေ-တွဲရရွဲ ဆွဲအပ်၏''နှင့် အညီ အာလမ္ဗမည်၏၊ အချို့ကား 'အာလမ္ဗော-ကောင်းကင်၌ မှီသည်တည်း''ဟု အနက်ပေး၏, ဆင်ခြင်။]

အထူးထူး တွဲရရွဲ ဆွဲအပ်သည်လည်း ဟုတ်၏၊သော-ထို အထူးထူး တွဲရရွဲဆွဲအပ်သော အရာ ဟူသည်၊ အမ္ဗုမရောစ-မိုးတိမ်လည်း ဟုတ်၏၊ ဣတိ, ဗျာလမ္ဗမ္ဗုမရော-မည်၏၊ ဗျာလမ္ဗမ္ဗုဓရဿ-အထူးထူး တွဲရရွဲ ဆွဲအပ်သော မိုးတိမ်၏၊ ဗိန္ဒု-မိုးပေါက်တို့တည်း၊ ဗျာလမ္ဗမ္ဗုဓရဗိန္ဒု-အထူးထူး ၊ပေ၊ မိုးပေါက်တို့၊ ဗျာလမ္ဗမ္ဗုဓရ ဗိန္ဒုဟိ-အထူးထူး တွဲရရွဲဆွဲအပ်သော မိုးတိမ်၏မိုးပေါက်တို့သည်၊ စုမ္ဗိတော-စုတ်အပ် (စိမ့်ဝင်အပ်) သည်တည်း၊ ဗျာလမ္ဗမ္ဗုဓရဗိန္ဒု စုမ္ဗိတော-အထူးထူး ၊ပေ၊ မိုးပေါက်တို့ စိမ့်ဝင်အပ်သည်၊ ယဿ ပဗ္ဗတရာဇဿ-အကြင် ဟိမဝန္တာတောင်မင်း၏၊ ဗျာလမ္ဗမ္ဗုဓရဗိန္ဒု စုမ္ဗိတော-အထူးထူး တွဲရရွဲ ဆွဲအပ်သော မိုးတိမ်၏ မိုးပေါက်တို့ စိမ့်ဝင်အပ်သော၊ ကူဋော-တောင်ထွဋ်သည်၊ (အတ္ထိ ဣတိ) သောယံ ပဗ္ဗတရာဇာ-သည်၊ ဗျာလမ္ဗမ္ဗုဓရဗိန္ဒု စုမ္ဗိတကူဋော-ဗျာလမ္ဗမ္ဗု ၊ပေ၊ ကူဋော မည်၏။ [“ပဗ္ဗတရာဇာ” ဟု နျာသဌ် အဘိဓေယျ ပါသေး၏၊] ပန-ဆက်ဦးအံ့၊ အယံ-ဤသမာသ်သည် ကမ္မဓာရယ တပ္ပုရိသ-ဂဗ္ဘော-သော၊ တုလျာဓိကရဏ ဗဟုဗ္ဗိဟိ-တည်း။

အထဝါ-ကား၊ စုမ္ဗိတော-စုပ်အပ် (စိမ့်အပ်) သော၊ ကူဋော-တောင်ထွဋ်သည်၊ စုမ္ဗိတကူဋော-ထွဋ်၊ သာပေက္ခတ္တော-ပုဒ်တပါးကို ငဲ့ခြင်းရှိသည်၏ အဖြစ်သည်၊ သတိပိ-သော်လည်း၊ ဂမကတ္တာ-သိစေတတ်သော သတ္တိ ရှိသည်၏ အဖြစ်ကြောင့်၊ သမာသော-စုမ္ဗိတသဒ္ဒါသည် ကူဋသဒ္ဒါနှင့် သမာသ်ဖြစ်နိုင်၏၊

---

စုမ္ဗိတ ကူဋော။ ။စုဗိဓာတ်,[?] တနည်း စုမ္ဗဓာတ်သည် စုပ်ခြင်းအနက်ကို ဟော၏၊ “ပုတ္တံ စုမ္ဗတိ-သားကို စုပ်၏” ဟူရာ၌ သားကို ချစ်၍ ပါးစပ်ဖြင့် နှုတ်ဖူးစသည်ကို စုတ်ခြင်းတည်း။ [မြန်မာတို့က နမ်းရှုပ်လေ့ ရှိသော်လည်း အချို့ လူမျိုးများမှာ စုပ်လေ့ရှိသည်၊] ဤနေရာ၌ “စုမ္ဗိတ” ဟု ကံဟော တ ပစ္စည်းဖြင့် ပြသောကြောင့် စုပ်အပ် (အစုပ်ခံရ) သော တောင်ထွဋ်များ ရှိ၏၊ မိုးပေါက်တို့က “စုပ်”ဟူရာ၌ “မိုးပေါက်တို့ စိမ့်ဝင်အပ်” ဟု အဓိပ္ပာယ် ထွက်သည်၊ “တောင်ထွဋ်၌ မိုးရေ မိုးပေါက်များ စိမ့်ဝင်လျက်ရှိသည်”ဟူလို၊ [အချို့ကား “စုပ်မှုတ်အပ်” ဟု ပေး၏၊ ဆင်ခြင်၊] ဟိမဝန္တာတောင်၌ အထူးထူး အထွေထွေ (အမျိုးမျိုးအဖုံဖုံ) တွဲရရွဲဆွဲအပ်သော မိုးတိမ်များ၏ မိုးပေါက်တို့ စိမ့်ဝင်အပ်သော တောင်ထွဋ်ရှိသည်—ဟူလို၊ ဤ သမာသ်အတွင်း၌ ကမ္မဓာရဲ တပ္ပုရိသ်တို့ ပါဝင်ပုံကိုလည်း “ဝိဝိဓာ-‘အာလမ္ဗော ဗျာလမ္ဗော” သည် ကမ္မဓာရဲ, ဤသို့ စသည်ဖြင့် ခွဲခြား သိလေ။

ယဿ ပဗ္ဗတရာဇဿ-၏၊ ဗျာလမ္ဗမ္ဗုဓရ ဗိန္ဒုဟိ-အထူးထူး၊ ပေ၊ မိုးပေါက်တို့သည်၊ စုမ္ဗိတကူဋ္ဌော-စိမ့်ဝင်အပ်သော တောင်ထွဋ်သည်၊ (အတ္တိ, ဣတိ) သောယံ-သည်၊ ဗျာလမ္ဗမ္ဗုဓရေ ဗိန္ဒုစုမ္ဗိတကူဋ္ဌော-ဗျာ၊ပေ၊' ဋ္ဌော မည်၏၊ အယံ ပန-ကား၊ ဘိန္နာဓိကရဏဗဟုဗ္ဗီဟိ-တည်း။

---

**သာပေက္ခတ္တေ၊ ပေ၊ သမာသော**—"စုမ္ဗိတော+ ကူဋ္ဌော, စုမ္ဗိတကူဋ္ဌော" ဟု သမာသ်တွဲရာ၌ စုမ္ဗိတသဒ္ဒါသည် မိမိနှင့် တွဲဘက်ဖြစ်သော ကူဋ္ဌမှတပါး အခြားသော ဗိန္ဒုကို ငဲ့လျက်ရှိ၏၊ ဤသို့ ငဲ့လျက်ရှိသည်ကို "သာပေက္ခတ္တ" ဟု ဆိုသည်၊ ဤသို့ သမာသ် စပ်ဖက်ပုဒ်မှ အခြားပုဒ်ကို ငဲ့နေလျှင် (ထို ပုဒ်တပါးကို ငဲ့နေမှုကြောင့်) စုမ္ဗိတသည် ကူဋ္ဌနှင့် သမာသ် မစပ်ထိုက်သည် မဟုတ်ပါလော ဟု စောဒနာဖွယ် ရှိသောကြောင့် "သာပေက္ခတ္တေ သတိပိ သမာသော" ဟု မိန့်သည်၊ ပုဒ်တပါးကို ငဲ့နေသော်လည်း (ငဲ့နေပေမယ်လို့) သမာသ်ဖြစ်နိုင်သည်-ဟူလို၊ ပုဒ်တပါးကို ငဲ့နေလျက် အဘယ့်ကြောင့် သမာသ်ဖြစ်နိုင်သနည်း-ဟု အကြောင်းကို မေးဖွယ်ရှိသောကြောင့် "ဂမကတ္တာ" ဟုမိန့်သည်။

ရှေ့ဦးအံ့—ဂမကန္တိ ဂမုဓာတ် ကာရိတ်ဏောပစ္စည်းကြေ, ဏွုပစ္စည်း၊ "သိစေတတ်" ဟု အနက်ထွက်၏၊ "ဘာကို သိစေတတ်သနည်း" ဟု မေး၊ အနက်အဓိပ္ပာယ်ကို သိစေတတ်၏" ဟု ဖြေ၊ ဘယ်ကဲ့သို့ သိစေတတ်သနည်း, သမာသ်မစပ်ခင် ဝါကျတုန်းက ကဲ့သို့ သိစေတတ်သည်၊ "ဗိန္ဒုဟိ+စုမ္ဗိတော+ကူဋ္ဌော" ဟူသော ဝါကျဝယ် ဗိန္ဒုဟိကို စုမ္ဗိတော၌စပ်၍ "မိုးပေါက်တို့သည်+စိမ့်ဝင်အပ်" ဟူသော အနက်ကို သိစေတတ်သကဲ့သို့" စုမ္ဗိတကူဋ္ဌော" ဟု သမာသ်ဖြစ်သည့်အခါလည်း ထို အနက်အဓိပ္ပာယ်ကိုပင် သိစေနိုင်သည်—ဟူလို၊ "ဤကဲ့သို့ သိစေနိုင်သော သတ္တိသည် အဘယ်မှာရှိသနည်း"....စုမ္ဗိတသဒ္ဒါမှာ ရှိသည်၊ "စုမ္ဗိတသဒ္ဒါက ထို အနက်အဓိပ္ပာယ်ကို မည်သူ့အား သိစေသနည်း"...."ဗျာလမ္ဗ မ္ဗုဓရ ဗိန္ဒုဟိ+စုမ္ဗိတကူဋ္ဌော ယဿ" ဟူသော ပါဠိကို ကြည့်ရှု ကြားနာသော ဆရာနှင့် တပည့်တို့ကို သိစေနိုင်သည်။

ရှေးဆရာတို့က ဝါကျ၌ကဲ့သို့ ဗိန္ဒုဟိကို မိမိ၌သာ စပ်ရခြင်းဟူသော အစပ်သမ္ဗန်ကို သိစေခြင်း" ဟု အဓိပ္ပာယ် ပြောကြ၏၊ အမှန်မှာ-စုမ္ဗိတကူဋ္ဌောဝယ် စုမ္ဗိတပုဒ် တစိတ်၌ စပ်ရခြင်းကိုလည်းကောင်း, ထိုကဲ့သို့ ၌စပ်၍ "မိုးပေါက်တို့+စိမ့်ဝင်အပ်" ဟူသော အနက်အဓိပ္ပါယ်ကိုလည်းကောင်း သိစေတတ်သည်-ဟု မှတ်၊ ဤကဲ့သို့ ဂမကသတ္တိရှိသော ပုဒ်များကား မိမိနှင့် သမာသ်စပ်ခိုက်ပုဒ်မှ အခြားပုဒ်ကို ငဲ့လျက်ရှိသော်လည်း သမာသ်ဖြစ်ကောင်း၏၊ ဘာ့ကြောင့်နည်း.... သမာသ် စပ်သောလည်း အဓိပ္ပာယ်မှန်ကို သိစေနိုင်သောကြောင့် လည်းကောင်း, အဓိပ္ပာယ်မှန်ကို သိစေနိုင်ခြင်းသာ သဒ္ဒါဟူသမျှ၏ လိုရင်းဖြစ်သောကြောင့် လည်းကောင်းတည်း။

[ဘာဝစိန္တာ] သာပေက္ခတ္တာ သမာသဿာ-ဘာဝေပိ ဂမကေ သတိ၊
ဝါကျေပိယ သမာသေပိ, ဘဝတျေဝ သမာသတာ။

အမိတဗလပရက္ကမဇုတိတိ-အမိတ ဗလပရက္ကမဇုတိ ဟူသော သမာသ်၏၊ (အဝယဝဝိဂ္ဂဟော-ကား၊) မိတာ-နှိုင်းယှဉ်အပ်ကုန်သည်၊ န-မဟုတ်ကုန်၊ အမိတာ-မနှိုင်းယှဉ်အပ်ကုန်၊ ဗလဉ္စ-အားလည်း၊ ပရက္ကမောစ-လုံ့လလည်း၊ ဇုတိစ-တန်ခိုးလည်း၊ ဗလပရက္ကမဇုတိယော-တို့၊ ယဿ-အကြင် မြတ်စွာဘုရား ၏၊ အမိတာ-မနှိုင်းယှဉ် အပ်ကုန်သော၊ ဗလပရက္ကမဇုတိယော-အား လုံ့လ တန်ခိုးတို့သည်၊ (သန္တိ, ဠတိ) သောယံ-ထိုမြတ်စွာဘုရားသည်၊ အမိတဗလ ပရက္ကမဇုတိ-မည်တော်မူ၏၊ ပန-ဆက်၊ အယံ-သည်၊ ကမ္မဓာရယဒွန္ဒဂဗ္ဘော-သော၊ တုလျာဓိကရဏ ဗဟုဗ္ဗီဟိ-တည်း။

ပီဏောရက္ခံသဗာဟူတိ-ပီဏော ၊ပေ၊ ဗာဟု ဟူသော သမာသ်၏ (အဝယဝ ဝိဂ္ဂဟော-ကား၊) ဥရောစ-ရင်လည်း၊ အက္ခဉ္စ-ညှပ်ရိုးလည်း၊ အံသောစ-ပခုံးလည်း၊ ဗာဟုစ လက်မောင်းလည်း၊ ဥရက္ခံသ ဗာဟဝေါ-တို့၊ ယဿ ဘဂဝတော-၏၊ ပီဏာ-ပြည့်ဖြိုးကုန်သော၊ ဥရက္ခံသဗာဟဝေါ-ရင်, ညှပ်ရိုး, ပခုံး, လက်မောင်းတို့သည်၊ (သန္တိ, ဠတိ) သောယံ-သည်၊ ပီဏောရက္ခံ သဗာဟု-မည်တော်မူ၏၊ ပန-ဆက်၊ အယံ-သည်၊ ဒွန္ဒဂဗ္ဘော-အတွင်း၌ ဒွန် သမာသ်ရှိသော၊ ဝါ-ဒွန်သမာသ်အတွင်း၌ ငုပ်သော၊ တုလျာဓိကရဏဗဟုဗ္ဗီဟိ-တည်း။

---

သာပေက္ခတ္တာ-သမာသ်ပုဒ်မှ အခြားပုဒ်ကို ငဲ့ခြင်းရှိသည်၏ အဖြစ်ကြောင့်၊ သမာသဿ-၏၊အဘာဝေ-မဖြစ်သင့်ခြင်းသည်၊သမ္ဘဝေပိ-ရောက်ပါသော်လည်း၊ ဝါကျေ ဝိယ-ဝါကျ၌ကဲ့သို့၊ သမာသေပိ- ၌လည်း၊ ဂမကေ-ဆိုလိုရင်းအနက်ကို သိစေနိုင် သည်၊ သတိ-ရှိသော်၊ သမာသတာ-သမာသ် အဖြစ်သည်၊ ဘဝတျေဝ-ဖြစ်နိုင်သည် သာ၊ [“ဂမကေ- ဒေဝဒတ္တဿ+ ဂရုနော+ ကုလံတိ အတ္တဿ ဇာနနကေ သတိ” (ဘေဒစိန္တာဒီပနီ)၊ ဤ၌ ဂမကေကို “အတ္ထဿ ဇာနနကေ” ဟု ဖွင့်ပုံကို သတိ ပြုပါ။]

အမိတ၊ ပေ၊ ဇုတီ—၌ “သံဝဏ္ဏေတဗ္ဗ” တည်ပါဠ်များ၌ ကစ္စည်းဝုတ္တိဝယ် “ဇုတိ” မပါဝဲ ချာသဉ္ဇသာ “ဇုတိ” ပါ၏၊ ထိုသို့ ကွဲပြားပုံကို ထောက်၍လည်း ရှေးကစ္စည်းဝုတ္တိ၌ “န+မိတာ, အမိတာ” စသော ဝိဂ္ဂဟ်များဖြင့် အကျယ်ဖွင့်ပြခြင်း မရှိကြောင်း, ချာသဉ္ဇသာ ထို ဝိဂ္ဂဟ်များရှိကြောင်း သိရပြန်သည်၊ “န+မိတာ, အမိတာ” သည် ကမ္မဓာရဲတည်း၊ ဇုတိယောနှင့် အရတူသောကြောင့် မိတာ၌ ဣတ္ထိ လိင် ယော ဝိဘတ်ဟု မှတ်။

ပီဏောရက္ခံသဗာဟူ—“ပီဏ+ ဥရ+ အက္ခ+ အံသ” ဟု ပုဒ်ဖြတ်၊ အက္ခနှင့် အက္ခကကို ဤနေရာ၌ ပရိယာယ်ဟုမှတ်၊ “ဂလန္တဋ္ဌိတု အက္ခကော” အဘိဓာန်နှင့်အညီ လည်ချောင်း၏ အောက်အစွန်း၌ တည်သော အရိုးသည် “ညှပ်ရိုး” မည်၏၊ ဘုရား

ပီဏ ဂဏ္ဍ ဝဒန ထန္နူရုဇဃနာတိ-ပီဏ၊ပေ၊ ဇဃနာ ဟူသော သမာသ်၏၊ (အဝယဝ ဝိဂ္ဂဟော-ကား၊) ဂဏ္ဍောစ-ပါးလည်း၊ ဝဒနဉ္စ-နှုတ်ခမ်း (ပါးစပ်) လည်း၊ ထနောစ-သားမြတ်လည်း၊ ဥရုစ-ပေါင်လည်း၊ ဇဃနဉ္စ-တင်ပါးလည်း၊ ပီဏ ဂဏ္ဍ ဝဒန ထန္နူ-ရုဇဃနာ-တို့၊ ယဿာ-အကြင် (ယသော်ဓရာ)မိဖုရား၏၊ ပီဏာ-ပြည့်ဖြိုးကုန်သော၊ ဂဏ္ဍဝဒနထန္နူ-ရုဇဃနာ-ပါး, နှုတ်ခမ်း, သားမြတ်, ပေါင်, တင်ပါးတို့သည်၊ (သန္တိ, ဠတိ) သာယံ-သည်၊ ပီဏ၊ပေ၊ ဇဃနာ-မည်၏၊ ပန-ဆက်၊ အယံ-သည်၊ ဒွန္ဒဂဗ္ဘော-သော၊ တုလျာဓိကရဏဗဟုဗ္ဗိဟိ-တည်း။

ပဝရသုရာသုရ၊ပေ၊ စရဏောတိ-ပဝရ၊ပေ၊ စရဏော ဟူသော သမာသ်၏၊ (အဝယဝ ဝိဂ္ဂဟော-ကား၊) သုရာစ-နတ်တို့လည်း၊ အသုရာစ-အသုရာတို့လည်း၊ ဂရုဠာစ-ဂဠုန်တို့လည်း၊ [သက္ကတ၌ "ဂရုဍ"ဟု ရှိသော်လည်း ပါဠိ၌ ဍကို ဠ ပြု၍ "ဂရုဠ"ဟု ရှိသည်၊] မနုဇာစ-လူတို့လည်း၊ ဘုဇဂါစ-နဂါးတို့လည်း၊ ဂန္ဓဗ္ဗာစ-ဂန္ဓဗ္ဗ နတ်တို့လည်း၊ သုရာ-သုရ၊ပေ၊ ဂန္ဓဗ္ဗာ-တို့၊ ပဝရာစ-မြတ်သူ

---

ရှင်မှာ ပြည့်ဖြိုးသော ရင်- ညှပ်ရိုး- ပခုံး - လက်မောင်းတော်များရှိသည်၊ သက္ကတ၌ ပြီဓာတ် ယုပစ္စည်းကို အနုပြု,နကို ဏပြန်၍"ပြီဏ"ဟုရှိ၏၊ထို့ကြောင့်"ပီဏောရက္ခ" စသည်ဖြင့် သက္ကတနည်းလိုက်၍ ဏကြီးဖြင့် ရှိရသည်၊ ပီဓာတ်သည် တပ္ပန (နှစ်သက်ခြင်း) အနက်၌ ကံရှိ၏၊ ဘူဝါဒိ, စုရာဒိ, ကိယာဒိ ၃ ဂိုဏ်းတည်း၊ ပီတိ, ပါန-ချစ်ခြင်း, သောက်ခြင်း အနက်၌လည်း ကံရှိ၏၊ ဒိဝါဒိဂိုဏ်းတည်း၊ ကန္တိ (တင့်တယ်ခြင်း) တိတ္တိ (ရောင့်ရဲခြင်း) အနက်၌ ကံမရှိ, ဒိဝါဒိ, ကိယာဒိတည်း၊ ထိုတွင် သောက်ခြင်းမှတပါး အခြားအနက်၌ ပြီဓာတ်မှ ဖြစ်လာသည်၊ ပီယန္တေတိ ပီဏာ၊ ပီယန္တေ-နှစ်သက်အပ်ကုန်၏၊ ဝါ-တင့်တယ် ကုန်၏၊ ဣတိ ပီဏာ၊ ပီဏာ-နှစ်သက်စဖွယ် တင့်တယ် ပြည့်ဖြိုးသော ရင် စသည်တို့၊ "ဥရောစ+အကၡန္ဓ" စသည်ဖြင့် ဒွန်တမျိုးသာ အတွင်းငုပ်သော ဗဟုဗ္ဗိဟိတည်း။

ပီဏ၊ပေ၊ဇဃနာ—"ဂဏ္ဍ-ပါးစောင်" ဟု ပေးကြ၏၊ ပါးကိုပင် "ပါးစောင်" ဟု ခေါ်သည်၊ "ဇဃန-ခါးစောင်"ဟု ပေးကြ၏၊ "ခါးစောင်၏ ပြည့်ဖြိုး တုတ်ထွားခြင်းသည် ချီးမွမ်းဖွယ်မဟုတ်၊ "တနုမဇ္ဈိမာ-သေးသောခါးရှိ" သူ ခါးသေးခြင်းကိုသာ ချီးမွမ်းကြရ၏၊"ဇဃနံ တု နိတမ္ဗောစ" ဟု အဘိဓာန်၌ နိတမ္ဗနှင့် ပရိယာယ်ဟု ဆို၏၊ နိတမ္ဗသဒ္ဒါကား "နိဘရိတံ- ရက်ရက် စက်စက် (မက်မက် မောမော)+ တမျတေ-လိုလားအပ်၏" ဟူသော ဝိဂြိုဟ် အရ "ထိနံ ပစ္ဆာ ကဋိတဋေ-မိန်းမတို့၏ နောက်တင်ပါးဆုံ၌" ဟု ထောမနိဓိ ဖွင့်၏၊ အမရကောသ၌ကား "ထိကဋိယာ-မိန်းမတင်ပါး၏၊ ပစ္ဆာ-နောက်အတို့ (တင်ပါးဆုံ) သည်၊ နိတမ္ဗ-မည်၏၊ ပုရာ-ရှေ့အဘို့သည်၊ ဇဃနံ-မည်၏" ဟု ဆိုသည်။

တို့လည်း ဟုတ်ကုန်၏၊ [မကိုဋ်သရဖူ ဆောင်းနိုင်သူများဖြစ်၍ မြင့်မြတ် အထက်တန်းကျသူများ=ဟူလို၊] တေ·ထို မြတ်သူတို့ ဟူသည်၊ သုရာ-သုရ ဂရုဠ မနုဇ ဘုဇဂ ဂန္ဓဗ္ဗာစ-နတ်, အသုရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့လည်း ဟုတ်ကုန်၏၊ ဣတိ, ပဝရ သုရာ သုရ ဂရုဠ မနုဇ ဘုဇဂ ဂန္ဓဗ္ဗာ-တို့ မည်၏၊ ပဝရာ၊ပေ၊ ဂန္ဓဗ္ဗာနံ-တို့၏၊ မကုဋာနိ-မကိုဋ်တို့တည်း၊ ပဝရ၊ပေ၊ မကုဋာနိ-တို့၊ ပဝရ၊ပေ၊ မကုဋာနံ-မြတ်ကုန်သော နတ် အသုရာ ဂဠုန် လူ နဂါး ဂန္ဓဗ္ဗနတ်တို့၏ မကိုဋ်တို့၏၊ ကူဋာနိ-အထွဋ်တို့တည်း၊ ပဝရ၊ပေ၊ ကူဋာနိ-မြတ်ကုန်သော၊ပေ၊ အထွဋ်တို့၊ ပဝရ၊ပေ၊ ကူဋေသု-မြတ်ကုန်သော နတ်၊ပေ၊ အထွဋ်တို့၌၊ စုမ္ဗိတာ-စုပ်အပ်ကုန်သည်တည်း၊ ဝါ-တပ်ထားအပ်ကုန်သည်တည်း၊ ပဝရ၊ပေ၊ စုမ္ဗိတာ-မြတ်ကုန်သော နတ် အသုရာ ဂဠုန် လူ နဂါး ဂန္ဓဗ္ဗနတ်တို့၏ မကိုဋ်တို့၏ အထွဋ်တို့၌ တပ်ထားအပ်ကုန်သည်၊ ပဝရ၊ပေ၊ စုမ္ဗိတာစ-မြတ်ကုန်သော၊ပေ၊ တပ်ထားအပ်ကုန်သည်လည်း ဟုတ်ကုန်၏၊ တေ·ထို တပ်ထားအပ်သော အရာဝတ္ထုတို့ ဟူသည်၊ သေလာစ-ကျောက်ပတ္တမြားတို့လည်း ဟုတ်ကုန်၏၊ ဣတိ-ကြောင့်၊ ပဝရ၊ပေ၊ သေလာ-တို့မည်၏၊ ပဝရ၊ပေ၊ သေလေဟိ-မြတ်ကုန်သော၊ပေ၊ တပ်ထားအပ်ကုန်သော ကျောက် ပတ္တမြားတို့သည်၊ သံဃဋ္ဋိတာ-ထိခိုက်အပ်ကုန်သည်တည်း၊ ပဝရ၊ပေ၊ သံဃဋ္ဋိတာ-မြတ်ကုန်သော၊ပေ၊ ကျောက် ပတ္တမြားတို့ ထိခိုက်အပ်ကုန်သည်-ယဿ တထာဂတဿ-အကြင် မြတ်စွာဘုရား၏၊ ပဝရ၊ပေ၊ သံဃဋ္ဋိတာ၊ မြတ်ကုန်သော နတ် အသုရာ ဂဠုန် လူ နဂါး ဂန္ဓဗ္ဗနတ်တို့၏ မကိုဋ်တို့၏ အထွဋ်တို့၌ တပ်ထားအပ်ကုန်သော ကျောက်ပတ္တမြားတို့သည် ထိခိုက်အပ်ကုန်သော၊ စရဏာ-ခြေတော်တို့သည်၊ (သန္တိ, ဣတိ)၊ သောယံ-သည်၊ပဝရ၊ပေ၊ စရဏော-မည်တော်မူ၏၊ တထာဂတော - မြတ်စွာဘုရားတည်း၊ ပန - ဆက်၊ အယံ·ဤသမာသ်သည်၊ ဒွန္ဒကမ္မဓာရယ တပ္ပုရိသဂဗ္ဘော-သော၊ တုလျာဓိကရဏ ဗဟုဗ္ဗီဟိ-တည်း။

---

ပဝရ၊ပေ၊စရဏော—သကြားမင်းသည် မကိုဋ်ဆောင်း၍ ဘုရားရှင့် ခြေတော်ကို ဦးခိုက်လာသည့် အခါ မကိုဋ် အထွဋ် အဖျား၌ တပ်ထားအပ်သော ပဒ္မြားသည် ဘုရားခြေတော် ထိခိုက်မိလေ၏၊ဘုရားရှင့်ခြေတော်ကို နတ်မင်း၊အသုရာမင်းစသည်တို့ ဦးခိုက်လာကြရသည်ကို "မြတ်ကုန်သော နတ်စသည်တို့၏ မကိုဋ်ထွဋ်တို့၌ တပ်ထား အပ်သော ပဒ္မြားသည် ထိခိုက်အပ်သော ခြေတော်ရှိသည်" ဟု အလင်္ကာ နည်းဖြင့်

အထဝ ါ-ကား၊ သံဃဋိတာ - ထိခိုက်အပ်ကုန်သော၊ စရဏာ - ခြေတော်တို့တည်း၊ သံဃဋိတစရဏာ-ထိခိုက်အပ်ကုန်သော ခြေတော်တို့၊ [သာပေက္ခတ္တေ-သည်၊ သတိပိ-လည်း၊ ဂမကတ္တာ-ကြောင့်၊ သမာသော-သမာသ် ဖြစ်၏၊ (ဤဝါကျကား သီဟိုဠ်မူနှင့် ချာသတို့၌ မရှိ)၊ ] ယဿ တထာဂတဿ-၏၊ ပဝရါပေ၊ သေလေဟိ-မြတ်ကုန်သော နတ် အသုရာ ဂဠုန် လူ နဂါး ဂန္ဓဗ္ဗ နတ်တို့၏ မကိုဋ်တို့၏ အထွဋ်တို့၌ တပ်ထားအပ်ကုန်သော ကျောက် ပတ္တမြားတို့သည်၊ သံဃဋိတစရဏာ-ထိခိုက်အပ်ကုန်သော ခြေတော်တို့သည်၊ (သန္တိ,ဌတိ) သောယံ-ထိုမြတ်စွာဘုရားသည်၊ ပဝရါပေ၊ စရဏော-မည်တော်မူ၏၊ အယံပန-ကား၊ ဘိန္နာဓိကရဏဗဟုဗ္ဗီဟိ-တည်း။

ယဿ-အကြင်ပုဂ္ဂိုလ်၏၊ စတဿော - ၄ ပါးကုန်သော၊ ဒိသာ-အရပ်တို့သည်၊ (သန္တိ,ဌတိ) သောယံ-ထိုပုဂ္ဂိုလ်သည်၊ စတုဒ္ဒိသော မည်၏၊ ဘဂဝ ါ-တည်း၊ ယဿ တထာဂတဿ-၏၊ ပဉ္စ-ငါးပါးကုန်သော၊ စက္ခူနိ-စက္ခုတို့ဘည်း၊ (သန္တိ, ဌတိ) သောယံ - သည်၊ ပဉ္စစက္ခု-ပဉ္စစက္ခုမည်တော်မူ၏၊ တထာဂတော - တည်း၊ ယဿ - အကြင်ပုဂ္ဂိုလ်၏၊ ဒသ - ဆယ်ပါးကုန်သော၊ ဗလာနိ (သန္တိ,ဌတိ) သောယံ-သည်၊ ဒသဗလော-မည်တော်မူ၏၊ ဘဂဝ ါ-တည်း။

---

တန်ဆာဆင်လျက် သွယ်ဝိုက်၍ သုံးစွဲအပ်သော စကားဖြစ်သည်၊ စုမ္ဘိတသဒ္ဒါသည် "စုတ်အပ်" ဟု အနက်ထွက်သော်လည်း ("ဝက်အူစုတ်ထားသည်" ဟူသကဲ့သို့) "တပ်ထားအပ်" ဟု အဓိပ္ပာယ်မှတ်ပါ၊ "သံဃဋိတ=သံဃဋ္ဋိတ" ဟု ပါဌ် ၂ ထွေ ရှိ၏၊ ဃဋဓာတ်သည် အားထုတ်ခြင်း, ညှဉ်းဆဲခြင်း, တောက်ပခြင်း, ပေါင်းစုခြင်း များကို ဟော၏၊ ဃဋ္ဋဓာတ်ကား ပုတ်ခတ်ထိခိုက်ခြင်း, အားထုတ်ခြင်း, တုန်လှုပ်ခြင်း အနက်ကို ဟော၏၊ ထို့ကြောင့် ဃဋ္ဋဓာတ်ဖြင့် "သံဃဋ္ဋိတာ" ပါဌ်သာ အမှန်တည်း။

**စတုဒ္ဒိသော၊ ပေ၊ ဒသဗလော**—ဘုရားရှင်သည် အရပ် ၄ မျက်နှာ၌ အဆီးအတား မရှိ လှည့်လည် ကြွသွားနိုင်သောကြောင့်လည်းကောင်း,အရပ် ၄ မျက်နှာတို့၌ မေတ္တာစိတ် ဖြန့်လျက်ရှိသောကြောင့် လည်းကောင်း, စတုဒ္ဒိသ မည်တော်မူ၏၊ "စတဿော ဒိသာ+ယဿ" ဟု ဝါကျဖြစ်စေ၍ "စတု+ဒိသာ" ဟု ပကတိပြု၊ က္ခစာဒိမဇ္ဈုတ္တရာနံသုတ်ဖြင့်သာဂ္ဂ ရဿပြု၊ ဒွေဘော်လာ, နာမ်ငဲ့၊ "ဗုဒ္ဓ-ဓမ္မ, သမန္တနှင့် ဒိဗ္ဗ-ပညာ" ငါးဖြာသော စက္ခုရှိတော်မူသောကြောင့် ဘုရားရှင်သည် "ပဉ္စစက္ခု" မည်တော်မူ၏၊ ဆယ်ပါးသော ကိုယ်တော်အား ဉာဏ်တော်အား ရှိတော်မူသောကြောင့် "ဒသဗလ" လည်း မည်တော်မူ၏။ [ပကတိဆင်ကို "ဂေါစရီ" ဟု ခေါ်၏, ထိုဆင်၏အားကို ဆယ်ဆတိုးလျှင် ကဠာဝဆင်တစီး၏ အားဖြစ်၏၊ ဤသို့

အနန္တညာဏောတိ-အနန္တညာဏောဟူသောသမာသ်၏၊ (အ၀ယ၀ဝိဂ္ဂဟော-ကား၊) အသ-ထိုဉာဏ်၏၊ အန္တော-အဆုံးသည်၊ န-မရှိ၊ (ဣတိ) အနန္တံ-အနန္တမည်၏၊ ယဿ တထာဂတဿ-၏၊ အနန္တံ-အဆုံးမရှိသော၊ ဉာဏံ-ဉာဏ်တော်သည်၊ (အတ္ထိ,ဣတိ) သောယံ-သည်၊အနန္တညာဏော-၏၊ တထာဂတော-တည်း၊ အမိတဃနသရီရောတိ-၏၊ (အ၀ယ၀ ဝိဂ္ဂဟော-ကား၊) မိတံ-နှိုင်းယှဉ်အပ်သည်၊ န-မဟုတ်၊ အမိတံ-မနှိုင်းယှဉ်အပ်၊ ဃနံဧ၀-တခဲနက်သာလျှင်ဖြစ်သော၊ သရီရံ-ကိုယ်တော်တည်း၊ ဃနသရီရံ-တခဲနက် ကိုယ်တော်၊ ယဿ တထာဂတဿ-၏၊ အမိတံ-မနှိုင်းယှဉ်အပ်သော၊ ဃနသရီရံ-တခဲနက် ကိုယ်တော်သည်၊ (အတ္ထိ, ဣတိ) သောယံ-သည်၊ အမိတဃနသရီရော-မည်တော်မူ၏၊ တထာဂတော-တည်း၊ အမိတဗလပရက္ကမ ပတ္တောတိ-၏၊ (အ၀ယ၀ ဝိဂ္ဂဟော-ကား၊) မိတာ - ကုန်သည်- န - မဟုတ်ကုန်၊ အမိတာ - မနှိုင်းယှဉ်အပ်ကုန်၊ ဗလဥ္စ-အားလည်း၊ ပရက္ကမောစ-လုံ့လလည်း၊ ဗလပရက္ကမာ-အား, လုံ့လတို့၊ အမိတာဧ၀-မနှိုင်းယှဉ်အပ်ကုန်သည်သာလျှင်ဖြစ်ကုန်သော၊ ဗလပရက္ကမာ-အား, လုံ့လတို့တည်း၊ အမိတဗလပရက္ကမာ-မနှိုင်းယှဉ်အပ်ကုန်သော အား, လုံ့လတို့၊ ယေန-အကြင်ပုဂ္ဂိုလ်သည်၊ အမိတဗလပရက္ကမာ-မနှိုင်းယှဉ်အပ်ကုန်သော အား, လုံ့လတို့ကို၊ ပတ္တာ-ရောက်အပ် ရအပ်ကုန်၏၊ (ဣတိ) သောယံ-သည်၊ အမိတဗလပရက္ကမပတ္တော-မည်တော်မူ၏၊ ဘဂ၀ါ-တည်း၊ ပန-ဆက်၊ အယံ-သည်၊ ဒွန္ဒကမ္မဓာရယဂဗ္ဘော-ဒွန် ကမ္မဓာရဲ အတွင်းငုပ်သော၊ တုလျာဓိကရဏ ဗဟုဗ္ဗီဟိ-တည်း။

---

စသည်ဖြင့် ဆင်ဆယ်မျိုးရှိရကား တမျိုး၏အားကို ဆယ်ဆတိုင်းလျှင် အထက်တမျိုး၏အားဖြစ်၏၊ နောက်ဆုံး "ဆဒ္ဒန်" ဆင်မျိုး၏အားသည် ပကတိဆင် ကုဋေတထောင်၏အားဖြင့် ညီမျှ၏၊ ဘုရားရှင်၏ နာရာယနဗလသည် ပကတိဆင်၏အားကို ဆင့်ကာဆင့်ကာ ဆယ်ဆတိုးထားသော အားနှင့် ညီမျှ၏၊ "ပကတိဆင် ကုဋေတထောင်၏အားနှင့် ညီမျှ၏" ဟူလို၊ ဉာဏဗလဆယ်ပါးကို ဒသအင်္ဂုတ္တိုရ်မှာ ရှု။

အနန္တ၊ ပေ၊ ပတ္တော—အဆုံးမရှိသော သဗ္ဗညုတ ဉာဏ်တော်ရှိသောကြောင့် အနန္တညာဏ မည်တော်မူ၏။ ["နာသ အန္တော အနန္တံ" ဟူရာ၌ သီဟိုဠ်မူနှင့် ချာသတို့၀ယ် "န+အန္တံ,°အနန္တံ" ဟု ရှိပြန်၏၊ မြန်မာမူ၌ကား ရှေးကပင် "နာသ အန္တော အနန္တံ" ဟု ရှိခဲ့ဟန်တူသည်၊ ထို့ကြောင့် "အာဒိ-မဇ္ဈ-အန္တ အညပဒ" ဟု ၃မျိုး ခွဲပြီးလျှင် ဤပုဒ်ကို မဇ္ဈေအညပဒဟု ဆိုခဲ့ကြသည်၊ အကျယ်ကို ပုဒ်စစ်မှာ ရှု။]

မတ္တဘမရ၊ပေ၊ ကန္ဒရောတိ-မတ္တ၊ပေ- ကန္ဒရော ဟူသော သမာသ်၏၊ (အ၀ယ၀ ဝိဂ္ဂဟော-ကား၊) မတ္တာ၀ေ-ယစ်မူးသည်သာလျှင် ဖြစ်ကုန်သော၊ ဘမရာ-ပိတုန်းတို့တည်း၊ မတ္တဘမရာ-ယစ်မူးသော ပိတုန်းတို့၊ မတ္တဘမရာနံ-ယစ်မူးသော ပိတုန်းတို့၏၊ ဂဏာ-အပေါင်းတို့တည်း၊ မတ္တဘမရဂဏာ-တို့၊ မတ္တဘမရဂဏောဟိ - ယစ်မူးကုန်သော ပိတုန်းအပေါင်းတို့သည်၊ စုမ္ဗိတာနိ-စုပ်အပ်ကုန်သည်တို့တည်း၊ မတ္တဘမရဂဏစုမ္ဗိတာနိ-ယစ်မူးကုန်သော ပိတုန်းအပေါင်းတို့သည် စုပ်အပ်ကုန်သည်၊ ဝိကသိတာနိ ဧ၀-ပွင့်သည်သာလျှင် ဖြစ်ကုန်သော၊ ပုပ္ဖါနိ-ပန်းတို့တည်း၊ ဝိကသိတပုပ္ဖါနိ-တို့၊ ယေသံ-အကြင် နွယ်, ကံ့ကော်ပင်တို့၏၊ မတ္တဘမရဂဏ စုမ္ဗိတာနိ-ယစ်မူးကုန်သော ပိတုန်း အပေါင်းတို့သည် စုပ်အပ်ကုန်သော၊ ဝိကသိတပုပ္ဖါနိ-ပွင့်ကုန်သော ပန်းတို့ သည်၊ (သန္တိ,ဣတိ) တေ-ထိုနွယ်, ကံ့ကော်ပင်တို့သည်၊ မတ္တဘမရဂဏ စုမ္ဗိတ ဝိကသိတပုပ္ဖါနိ-တို့ မည်၏၊ ဝလ္လိစ-နွယ်လည်း၊ နာဂရုက္ခာစ-ကံ့ကော် ပင်လည်း၊ ဝလ္လိနာဂရုက္ခာ-တို့၊ မတ္တဘမရဂဏ စုမ္ဗိတ ဝိကသိတ ပုပ္ဖါစ-ယစ်မူးကုန်သော ပိတုန်းအပေါင်းတို့ စုပ်အပ်ကုန်သော ပွင့်သောပန်းရှိသည် လည်း ဟုတ်ကုန်၏၊ တေ-ထို ယစ်မူး၊ပေ၊ ပန်းရှိကုန်သော အရာတို့ ဟူသည်၊ ဝလ္လိနာဂရုက္ခာစ-နွယ်, ကံ့ကော်ပင်တို့လည်း ဟုတ်ကုန်၏၊ ဣတိ-ကြောင့်၊ မတ္တ၊ပေ၊ နာဂရုက္ခာ-တို့ မည်၏၊ မတ္တ၊ပေ၊ နာဂရုက္ခေဟိ-ယစ်မူးကုန်သော ပိတုန်းအပေါင်းတို့ စုပ်အပ်ကုန်သော ပွင့်သောပန်းရှိကုန်သော နွယ်, ကံ့ကော် ပင် တို့ဖြင့်၊ ဥပသောဘိတာနိ-တင့်တယ်ကုန်သည်တည်း၊ မတ္တ၊ပေ၊ ရုက္ခောပ သောဘိတာနိ - ယစ်မူးကုန်သော ပိတုန်း အပေါင်းတို့ စုပ်အပ်ကုန်သော

---

ဘုရားရှင်၏ ကိုယ်တော်သည် ခွဲ၍ ဖျက်ဆီး၍ မရနိုင်အောင် တခဲနက် စည်းလုံး၏၊ ထိုသို့ စည်းလုံးသော ကိုယ်တော်ရှိသောကြောင့် "အမိတ ဃနသရီရ" မည်တော် မူ၏၊ ဘုရားရှင်သည် မနှိုင်းယှဉ်အပ်သော အားတော် လုံ့လတော်ကို ရရှိတော်မူရ ကား "အမိတဗလ ပရက္ကမပတ္တ"လည်း မည်တော်မူ၏၊ ဤ၌ "အယံ ပန ဒွန္ဒ ကမ္မဓာရယ တပ္ပုရိသဂဗ္ဘော"ဟု စာအများရှိ၏၊ "နမိတာ-အမိတာ, အမိတာ ဧ၀+ဗလပရက္ကမာ"တို့သည် ကမ္မဓာရဲဖြစ်၍ "ဗလဥ္စ၊ပေ၊ ဗလပရက္ကမာ"သည် ဒွန် ဖြစ်ရကား တပ္ပုရိသ် မပါ၊ ထို့ကြောင့် "ဒွန္ဒကမ္မဓာရယ ဂဗ္ဘော"ဟုသာ ရှိသင့်၏။

မတ္တ၊ပေ၊ကန္ဒရော—ဟိမ၀န္တာတောင်၌ ချောက်များသည် နွယ် ကံ့ကော်ပင်များ ပေါက်နေသဖြင့် တင့်တယ်ကြ၏၊ ထို နွယ် ကံ့ကော်ပင်တို့မှာလည်း ပန်းပွင့်များ ရှိကြသည်၊ ထို ပန်းပွင့်များကို (အရက်မူး၍ ယစ်နေသူများကဲ့သို့) ပန်းအရက်ကို သောက်ရသဖြင့် မူးယစ်နေကြသော ပိတုန်းတို့ စုပ်နေကြသည်။

ပွင့်ကုန်သော ပန်းရှိကုန်သော နွယ်, ကံ့ကော်ပင်တို့ဖြင့် တင့်တယ် ကုန်သည်၊ ယဿ ပဗ္ဗတရာဇဿ-အကြင် ဟိမဝန္တာတောင်မင်း၏၊ မတ္တ၊ပေ၊ ရုက္ခော ပသောဘိတာနိ-ယစ်မူးကုန်သော ပိတုန်းအပေါင်းတို့ စုပ်အပ်ကုန်သော ပွင့်ကုန်သောပန်း ရှိကုန်သော နွယ်, ကံ့ကော်ပင်တို့ဖြင့် တင့်တယ်ကုန်သော၊ ကန္ဒရာနိ-ချောက်တို့သည်၊ (သန္တိ, ဣတိ) သောယံ-သည်၊ မတ္တ၊ပေ၊ ကန္ဒရော-မည်၏၊ ပဗ္ဗတရာဇာ-တည်း၊ ပန-ဆက်၊အယံ-သည်၊ ဒ္ဒန္ဒ ကမ္မဓာရယ တပ္ပုရိသ ဂဗ္ဘော-သော၊ တုလျာဓိကရဏ ဗဟုဗ္ဗီဟိ-တည်း။

အထဝါ-ကား၊ ဥပသောဘိတာနိ-တင့်တယ်ကုန်သော၊ ကန္ဒရာနိ-ချောက်တို့တည်း၊ ဥပသောဘိတ ကန္ဒရာနိ-ဘို၊ သာပေက္ခတ္တေ-ပုဒ်တပါးကို ငဲ့ခြင်းရှိသည်၏ အဖြစ်သည်၊ သတိပိ-လည်း၊ ဂမကတ္တာ-ကြောင့်၊ သမာသော-ဥပသောဘိတသဒ္ဒါသည် ကန္ဒရသဒ္ဒါနှင့် သမာသ်ဖြစ်၏၊ ယဿ ပဗ္ဗတရာဇဿ-၏၊ မတ္တ၊ပေ၊ ပုပ္ဖေဟိ-ယစ်မူးကုန်သော ပိတုန်းအပေါင်းတို့ စုပ်အပ်ကုန်သော ပွင့်သောပန်း ရှိကုန်သော နွယ်, ကံ့ကော်ပင်တို့ဖြင့်၊ ဥပသောဘိတ ကန္ဒရာနိ-တင့်တယ်ကုန်သော ချောက်တို့သည်၊ (သန္တိ,ဣတိ)၊ သောယံ-သည်၊ မတ္တဘမရ၊ပေ၊ ကန္ဒရော-မည်၏၊ ပဗ္ဗတရာဇာ-တည်း၊ အယံ ပန-ကား၊ ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ-တည်း။

နာနာရုက္ခတိဏ၊ပေ၊ ကန္ဒရေတိ-နာနာ၊ပေ၊ ကန္ဒရေဟူသော သမာသ်၏၊ (အဝယဝဝိဂ္ဂဟော-ကား၊) ရုက္ခောစ-သစ်ပင်တည်း၊ တိဏဥ္စ-မြက်လည်း၊ ရုက္ခတိဏာဘိ - သစ်ပင်မြက်တို့၊ နာနပ္ပကာရာနိ ဝေ - အထူးထူးအပြားပြား သာလျှင် ဖြစ်ကုန်သော၊ ရုက္ခတိဏာနိ-သစ်ပင် မြက်တို့တည်း၊ နာနာရုက္ခတိဏာနိ-အထူးထူး အပြားပြားကုန်သော သစ်ပင် မြက်တို့၊နာနာရုက္ခတိဏေဟိ-တို့မှ၊ ပတိတာနိ-ကြွေကျ ကုန်သည်တည်း၊ နာနာရုက္ခတိဏပတိတာနိ-အထူးထူး အပြားပြားကုန်သော သစ်ပင် မြက်တို့မှ ကြွေကျကုန်သည်၊ နာနာရုက္ခဘိဏ ပတိဘာနိစ-အထူးထူး၊ပေ၊ ကြွေကျကုန်သည်လည်း ဟုတ်ကုန်၏၊ တာနိ-

---

နာနာရုက္ခ၊ပေ၊ ကန္ဒရေတိ—''ဟိမဝန္တာတောင်၌ ရှိသော ချောက်တို့သည် အမျိုးမျိုးသော သစ်ပင် မြက်ပင်တို့မှ ကြွေကျကုန်သော ပန်းများဖြင့် တင့်တယ် သာယာကြပေသည်''ဟု ချီးကြူးသော သမာသ်ပုဒ်တည်း၊ နာနာ၏ အနက်ကို ''နာနပ္ပကာရာနိ ဝေ''ဟု ဖွင့်၏၊ ရုပ်တွက်ရာ၌ ''နာနာ+ရုက္ခတိဏ''ဟု တည်၊ ကန္ဒရသဒ္ဒါကို''ကန္ဒရော ဒွိသု''ဟု မာဂဓအဘိဓာန်ဆိုသောကြောင့်''ကန္ဒရာနိ''ဟု နပုလ္လိင်ထားသည်၊ သက္ကတအဘိဓာန်၌မူ ''ကန္ဒရောရှိလျှင် ပုလ္လိင်, ကန္ဒရီရှိလျှင် ဣတ္ထိလိင်''ဟုသာ တွေ့ရ၏။

ထို အထူးထူး၊ပေ၊ ကြွေကျကုန်သည်တို့ဟူသည်၊ ပုပ္ဖါနိစ-ပန်းတို့လည်း ဟုတ်ကုန်၏၊ (ဣတိ) နာနာရုက္ခါ၊ပေ၊ မုပ္ဖါနိ-တို့ မည်၏၊ နာနာ၊ပေ၊ ပုပ္ဖေဟိ-အထူးထူး အပြားပြားကုန်သော သစ်ပင် မြက်တို့မှ ကြွေကျကုန်သော ပန်းတို့ဖြင့်၊ ဥဘသောဘိတာနိ-တင့်တယ်ကုန်သည်တည်း၊ နာနာရုက္ခါ၊ပေ၊ ပုပ္ဖေါပသောဘိတာနိ-အထူးထူး၊ပေ၊ ပန်းတို့ဖြင့် တင့်တယ်ကုန်သည်၊ ယဿ ပဗ္ဗတရာဇဿ-၏၊ နာနာ၊ပေ၊ သောဘိတာနိ-အထူးထူး အပြားပြား ကုန်သော သစ်ပင် မြက်တို့မှ ကြွေကျကုန်သော ပန်းတို့ဖြင့် တင့်တယ်ကုန်သော၊ကန္ဒရာနိ-ချောက်တို့သည်၊ (သန္တိ,ဣတိ) သောယံ-သည်၊ နာနာရုက္ခါ၊ပေ၊ ကန္ဒရော-မည်၏၊ ပဗ္ဗတရာဇာ-တည်း၊ ပန, အယံ ဒွန္ဒကမ္မဓာရယတပ္ပုရိသဂဗ္ဘော တုလျာဓိကရဏ ဗဟုဗ္ဗီဟိ။

အထဝါ-ကား၊ ဥပသောဘိတာနိ ဝေ - တင့်တယ်ကုန်သည်သာလျှင် ဖြစ်ကုန်သော၊ ကန္ဒရာနိ - ချောက်တို့တည်း၊ ဥပသောဘိတကန္ဒရာနိ - တို့၊ သာပေက္ခတ္တေ-သည်၊ သတိပိ-သော်လည်း၊ ဂမကတ္တာ-ကြောင့်၊ သမာသော-၏၊ ယဿ ပဗ္ဗတရာဇဿ-၏၊ နာနာရုက္ခါ၊ပေ၊ ပုပ္ဖေဟိ-အထူးထူး အပြားပြား ကုန်သော သစ်ပင် မြက်တို့မှ ကြွေကျကုန်သော ပန်းတို့ဖြင့်၊ ဥပသောဘိတကန္ဒရာနိ-တင့်တယ်သော ချောက်တို့သည်၊ (သန္တိ, ဣတိ) သောယံ-သည်၊ နာနာ၊ပေ၊ ကန္ဒရော-မည်၏၊ ပဗ္ဗတရာဇာ-တည်း၊ အယံ ပန ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ။

နာနာ မုသလ၊ ပေ၊ တောမရဟတ္ထာတိ - နာနာ၊ပေ၊ တောမရဟတ္ထာ ဟူသော သမာသ်၏၊ (အဝယဝ ဝိဂ္ဂဟော-ကား၊) မုသလောစ-ကျည်ပွေ့လည်း၊ ဖာလောစ - ထယ်သွားလည်း၊ ပဗ္ဗတောစ - တောင်လည်း၊ တရုစ-သစ်ပင်လည်း၊ ကလိင်္ဂရောစ-ထင်းတုံးလည်း၊ သရောစ-မြားလည်း၊ ဓနုစ-လေးလည်း၊ ဂဒါစ-ချွန်းလည်း၊ အသိစ-သန်လျက်လည်း၊ တောမရောစ-

---

နာနာ မုသလ၊ပေ၊ ဟတ္ထာ — ဘုရား ဖြစ်ကာနီးဝယ် မာရ်နတ် စစ်သည်တို့ လာရောက်ကြသည့်အခါ ထိုစစ်သည်တို့၏ လက်တို့၌ ကျည်ပွေ့စသော လက်နက်များ ပါလာကြကြောင်းကိုပြသော သမာသ်ကြီးတည်း၊သက္ကတအဘိဓာန်တို့၌“ဗလရာမ” မည်သော နတ်ကို “မုသလီ-ကျည်ပွေ့ (ဂျပွေ့) လက်နက်ရှိသူ”ဟုလည်းကောင်း, “ဟလီ (ဟလာယုဓ)-ထွန်တုံးလက်နက်ရှိသူ”ဟု လည်းကောင်း ဆို၏၊ထို့ကြောင့် “မုသလဖာလ”ဟု စာအများ ရှိသော်လည်း “မုသလ ဟလ”ဖြစ်ကောင်း ဖြစ်လိမ့်မည် ထင်သည်၊ ကဠိင်္ဂရ သဒ္ဒါသည် “နိရတ္ထံဝ ကဠိင်္ဂရံ”စသည်၌ အသုံးမကျသော ထင်း အနုပ်အဖွဲ့ကို ဟောသော်လည်း ဤနေရာ၌မူ ထင်းတုံး သာမန်ကို ယူသင့်၏။

လုံလည်း၊ မုသလ၊ပေ၊ တောမရာ-တို့၊ နာနပ္ပကာရာ ဧဝ-အထူးထူးအပြားပြား သာလျှင် ဖြစ်ကုန်သော၊ မုသလ၊ပေ၊ တောမရာ-ကျည်ပွေ့, ထယ်သွား, တောင်, သစ်ပင်, ထင်းတုံး, မြား, လေး, ချွန်း၊ သန်လျက်, လုံတို့တည်း၊ နာနာ မုသလ၊ပေ၊ တောမရာ-အထူးထူးအပြားပြားကုန်သော ကျည်ပွေ့၊ပေ၊ လုံတို့၊ ယေသံ-အကြင် မာရ်နတ်စစ်သည်အပေါင်းတို့၏၊ ဟတ္ထေသု-လက်တို့၌၊ နာနာ မုသလ၊ပေ၊ တောမရာ-တို့သည်၊ (သန္တိ,ဂုတိ) တေ-ထို မာရ်နတ်စစ်သည် အပေါင်းတို့သည်၊ နာနာမုသလ၊ပေ၊ တောမရဟတ္ထာ-တို့ မည်၏၊ ပန-ဆက်၊ အယံ-သည်၊ ဒွန္ဒကမ္မဓာရယဂဗ္ဘော-သော၊ ဘိန္နာဓိကရဏဗဟုဗ္ဗီဟိ - တည်း၊ ဗဟုဗ္ဗီဟိ ဂူဠ္စနေန-ဗဟုဗ္ဗီဟိ ဟူသော ဤအမည်ကို ပြုခြင်းဖြင့်၊ ကွ-၌၊ အတ္တော-သည်၊ အတ္ထ-နည်း၊ ဗဟုဗ္ဗီဟိမို့စ-ဗဟုဗ္ဗီဟိမို့စ သုတ်၌ ဗဟုဗ္ဗီဟိ ဟု ခေါ်ဝေါ် ရခြင်း အကျိုးရှိ၏။ (၃၅၂)။

---

အဘိဓာန်၌ "တောမရော နိတ္တိယံ ပါဒေ, သိယာ ဝိဇ္ဇုန ကဏ္ဍကော-ဆင်၏ ခြေထောက်ကို ထိုးဆွကြောင်းလက်နက်ကို တောမရ"ဟု ဆို၏၊ ထို့ကြောင့်"လုံ"ဟု ပေးသည်၊ "မှိန်း"ဟုလည်း ပေးကြ၏၊ "ဖဏောဝ သီသဒေသောဿ တောမရော တွာ့ယသော တထာ=ယဿ - အကြွင်လက်နက်၏၊ သီသဒေသော - ဦးခေါင်း (အဖျား) အရပ်သည်၊ ဖဏောဝ-မြွေပါးပျဉ်းနှင့် တူ၏၊ အာယသော-သံအထည် ကိုယ် ဖြစ်၏၊ သော-ထိုသည်၊ တောမရော-မည်၏" ဟူသော သာရတ်ရကျမ်းကို ထောက်၍ ယခုခေတ်၌ "လုံ-မှိန်းမျိုး"ပင်တည်း၊ အခြားကျမ်းများ၌မူ "ပုဆိန်ငယ်-ရဲတင်း"ကိုလည်း "တောမရ"ဟု ဖွင့်သေးသတတ်၊ ရုပ်များကို နောင်ခါ အလိုလို တွက်တတ်ပါလိမ့်မည်။

ဤတွင် ပထမအုပ် တခန်းရပ်။

491.35,5-5
A1MMGB016380

## အရှင်ဇနကာဘိဝံသ-၏ ပြန်လည်ရိုက်နှိပ်ပြီး ကျမ်းစာများ


| | | |
|---|---|---|
| ၁။ | ရတနာ့ဂုဏ်ရည် (အထူး) | ၁၃-ကျပ် |
| ၂။ | ကိုယ်ကျင့်အဘိဓမ္မာ | ၁၂- ။ |
| ၃။ | အနာဂတ်သာသနာရေးကျမ်း (အထူးထုတ်) ကတ်ထူ | ၂၀- ။ |
| ၄။ | ဗုဒ္ဓဘာသာသင်ခန်းစာ (အနာဂတ်သာသနာအတွက်) | ၁၅- ။ |
| ၅။ | ဗုဒ္ဓါနုဿတိ ဘာဝနာ ၃-အုပ်တွဲ | ၁၅- ။ |
| ၆။ | ရှပ်ပုံရှင်ကျင့်စတ် | ၈- ။ |
| ၇။ | ပါတိမောက်ဘာသာဋီကာ | ၁၈- ။ |
| ၈။ | မမ္ဘစကြာနှင့် အနတ္တလက္ခဏာသုတ်တရားတော် | ၁၈- ။ |
| ၉။ | အဋ္ဌကထာအခြေပြု | ၁၈- ။ |
| ၁၀။ | သင်္ဂြိုဟ်ဘာသာဋီကာ | ၄၀- ။ |
| ၁၁။ | ဘာသာသွေးနှင့် ဘာသာရေးပြဿနာများ စစ်တပ်တရားတော် | ၁၀ိ |
| ၁၂။ | ရှုပသိဒ္ဓိဘာသာဋီကာ | ၂၇- ။ |
| ၁၃။ | အခြေပြု ပဋ္ဌာန်းတရားတော် | ၂၅- ။ |
| ၁၄။ | ဘုရားဥပဒေတော်ကြီး | ၃၀- ။ |
| ၁၅။ | ကထာသလ္လာပ | ၇- ။ |
| ၁၆။ | နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ | ၈- ။ |
| ၁၇။ | အခြေပြုသဒ္ဒါ | ၁၈ - ၂၀ိ |
| ၁၈။ | သုတ်မဟာဝါဘာသာဋီကာ (ပ) (ဒု) | ၃၀- ။ |
| ၁၉။ | ဗုဒ္ဓဝင်အမေးအဖြေ | ၆- ။ |
| ၂၀။ | ယမိုက်ဘာသာဋီကာနှင့် မူလဋီကာနိဿယ | ၂၅- ။ |
| ၂၁။ | သူတော်ကောင်းလက္ခဏာ | ဒိ/၅ဝါး |
| ၂၂။ | ကထာဝတ္ထုအဋ္ဌကထာဘာသာဋီကာနှင့် မူလဋီကာနိဿယ ပတွဲ | ၄၂-။ |
| ၂၃။ | ပဋ္ဌာနအဋ္ဌကထာဘာသာဋီကာနှင့် မူလဋီကာနိဿယ | ၄၅-။ |
| ၂၄။ | ခုဒ္ဒသိက္ခာဘာသာဋီကာ | ၂၈-။ |
| ၂၅။ | အခြေပြုသင်္ဂြိုဟ် | ၂၅-။ |
| ၂၆။ | တဘာဝသံသရာ | ၄၀ိ/- |
| ၂၇။ | ဓာတုကထာနှင့် ပုဂ္ဂလပညတ် အဋ္ဌကထာဘာသာဋီကာနှင့် မူလဋီကာ ပါဠိတော်နိဿယ | |
| ၂၈။ | ကင်္ခါဘာသာဋီကာ (ပ) (ဒု) | ၂၇/၂၅ |
| ၂၉။ | ရှုပသိဒ္ဓိဘာသာကာဋီကာ (ဒု) | ၃၆- |
| ၃၀။ | မြောင်းမြဆရာတော် | ၃၀ိ/- |